www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ



BURMESE CLASSIC

# ဗိုလ်ချုပ်အောင်ဆန်း

## နှစ် ၁၀၀၊ စာ ၁၀၀

အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းရာပြည့်
(၁၉၁၅–၂၀၁၅)သို့ အကြိုဂုဏ်ပြုလျက် စုစည်းသည်။

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၈၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - မောင်ဒီ၊ အတွင်းသရုပ်ဖော် - မှတ်သုန်
၂၀၁၄၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၀၀၀၀ ကျပ်

၈၀၈·၈၄

ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀၊ စာ ၁၀၀
သခင်ကိုယ်တော်မှိုင်းနှင့်အခြား ။ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၆၁၇ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀၊ စာ ၁၀၀

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# ဗိုလ်ချုပ်အောင်ဆန်း
# နှစ် ၁၀၀၊ စာ ၁၀၀

အမျိုးသားခေါင်းဆောင်ကြီး
ဗိုလ်ချုပ်အောင်ဆန်းရာပြည့်
(၁၉၁၅–၂၀၁၅)သို့ အကြို
ဂုဏ်ပြုလျက် စုစည်းသည်။

BURMESE CLASSIC

ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားခေါင်းဆောင်ကြီး၏ ရာပြည့်အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ယခုစာအုပ်သည် စိတ်ကူးချိုချို၏ *တက္ကသိုလ်နေဝင်း* ရေး *ဗိုလ်ချုပ်အောင်ဆန်း၊ အတိတ်မှအရိပ်များ* ပြီးနောက် ဒုတိယမြောက်စာအုပ်ဖြစ်ပါသည်။ ဗိုလ်ချုပ်အကြောင်း ဖွဲ့သီ လွမ်းဆွတ် ဂုဏ်ပြု ပုံဖော်ခဲ့ကြသော ကဗျာမှန် စာကောင်းများကို ရွေးထုတ်စုစည်းထားပါသည်။ နှစ် ၁၀၀၊ စာ ၁၀၀ ကို ကလောင် ၁၀၀ ဖြင့် ရွေးချယ်ကြသည်ဆိုသော်လည်း ချန်မထားရစ်လိုသော စာများကို နောက်ဆက်တွဲများအဖြစ် ဖော်ပြပါသည်။ စာအုပ်အဖြစ် စုစည်းခဲ့ကြပြီးသော စာအများစုကို ချန်ထားနိုင်ခဲ့သော်လည်း စာရေးဆရာ၏ဂုဏ်အင်အရှိန်နှင့် အကြောင်းအရာလိုအင်အရ ပါဝင်စေလိုသောစာများကိုမူ ပြန်လည်ထည့်သွင်းထားပါသည်။ ဖြတ်သန်းခဲ့ကြဖူးသော နိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ ဆိုရှယ်လစ်ရေးအယူအဆ ဆက်စပ်အကောက်အယူများပါဝင်နေသော စာများအတွက် စာရေးသူ၏ အာဘော်မပျက် ကောက်နုတ်ချက်သဘောအဖြစ် လိုအပ်သမျှသာ ဖော်ပြပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းခဲ့ကြသော ဆရာမြတ်သက်၊ ဆရာကျော်စိုးဝင်း၊ ဆရာစိုးမြင့်လတ်၊ ဆရာသိမ်းတင်သာနှင့် ကိုသန်းထွန်းအောင်၊ အကောင်းဆုံးပန်းချီပုံများ ဖန်တီးပေးခဲ့ကြသည့် ဆရာမောင်ဒီ၊ ဆရာမှတ်သုန်တို့အား ကျေးဇူးမှတ်တမ်းပြုအပ်ပါသည်။

စိတ်ကူးချိုချိုစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ အာဇာနည်လေးချိုးကြီး | သခင်ကိုယ်တော်မှိုင်း | ၁ |
| ၂။ ဗိုလ်ချုပ်အား တမ်းတသော 'သံချိုကဗျာ' | ဟံသာဝတီ ဦးဘရင် | ၃ |
| ၃။ ပြောလိုက်ပါဘိ ဟောပါဘိ | ဇော်ဂျီ | ၅ |
| ၄။ ခေါင်းဆောင်ကောင်း | ဗန်းမော်ညိုနွဲ့ | ၇ |
| ၅။ အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့ | တင်မိုး | ၉ |
| ၆။ ဗိုလ်ချုပ်အောင်ဆန်းသို့ | မင်းယုဝေ | ၁၁ |
| ၇။ သူ | ထွဋ်ဆောင်းနေနွယ် | ၁၃ |
| ၈။ နှမြောမိ ဗိုလ်ချုပ်ကို | ငွေတာရီ (ကဗျာ) | ၁၅ |
| ၉။ ဇာနည်ဖွား | နုယဉ် | ၁၇ |
| ၁၀။ ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးဘဝနေ့ရက်များ | တက္ကသိုလ်မောင်မြင့်သိန်း | ၁၉ |
| ၁၁။ ဗိုလ်ချုပ်အောင်ဆန်း | မိုးမင်း | ၂၂ |
| ၁၂။ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း | ဇေယျာစိုး | ၂၈ |
| ၁၃။ တက္ကသိုလ်ကျောင်းသားဘဝ အောင်ဆန်း | ဦးအောင်သန်း | ၃၅ |
| ၁၄။ မှတ်မိသမျှ ကိုအောင်ဆန်း၏ ကျောင်းသားဘဝ | သခင်ကျော်စိန် | ၄၃ |
| ၁၅။ ကျွန်တော် ငရဲခွေးဆောင်းပါး ရေးစဉ်က | ညိုမြ | ၄၆ |
| ၁၆။ အောင်ဆန်းနှင့် အောင်ကျော် | ကိုသိန်းအောင် | ၅၅ |
| ၁၇။ ပဲခူးဆောင်ကျောင်းသားဟောင်း ဦးကိုကိုနှင့် တွေ့ဆုံမေးမြန်းခြင်း | ပဲခူးဆောင်မဂ္ဂဇင်းကော်မတီ | ၅၇ |
| ၁၈။ ကိုအောင်ဆန်း၏ အာပတ်ဖြေမှတ်တမ်း | ဗိုလ်ခင်မောင်ကလေး | ၆၀ |
| ၁၉။ ဗိုလ်ချုပ်နှင့် ကျွန်တော် | ဗိုလ်တာရာ | ၆၅ |
| ၂၀။ ကျွန်တော်သိသော သခင်အောင်ဆန်း | ဗိုလ်ခွန်ဖြူ | ၈၁ |
| ၂၁။ ဗိုလ်ချုပ်အောင်ဆန်း၏ ထွက်ရပ်လမ်း | ရွှေဂူစိုးမြင့်ခင် | ၈၈ |
| ၂၂။ ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်ခဲ့သော လယ်သမားအရေးတော်ပုံကြီး | ပြည်သူ့ကြယ် | ၉၃ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၂၃။ အိမ်နိမ့်စံ ကိုအောင်ဆန်း | မြကေတု | ၉၆ |
| ၂၄။ အဲဒါအောင်ဆန်း၊ အောင်ဆန်း၏ တကယ့်တိုက်ပွဲနှင့် သူ့စရိုက် သူ့စိတ်ထား | နတ်မောက်ဘုန်းကျော် | ၁၀၃ |
| ၂၅။ သဘောကောင်းသူ | မြဝတီရဲခေါင် | ၁၂၃ |
| ၂၆။ အောင်ဆန်းနှင့် ဘာသာရေး | ဗိုလ်ဥတ္တမကျော် | ၁၃၁ |
| ၂၇။ ကျွန်တော်သိသော ဦးနောင်ချို | ရွှေမိုး | ၁၃၆ |
| ၂၈။ ဗိုလ်ချုပ်နှင့် အသုတ် | မောင်ကျော်လှိုင်(အသုတ်) | ၁၄၃ |
| ၂၉။ အောင်ဆန်း = ချာချီ + ဝယ်လင်တန် | ဗမိုး | ၁၄၆ |
| ၃၀။ အောင်ဆန်းနှင့် လမ်းနှစ်သွယ် | စံလွင် | ၁၄၉ |
| ၃၁။ တော်လှန်ရေးပန်းခြံတွင် အောင်မြေနင်းခဲ့စဉ်က | ဗိုလ်တိုက်စိုး(အောင်ဆန်းမြို့) | ၁၅၅ |
| ၃၂။ ဗိုလ်ချုပ်အောင်ဆန်းမိသားစုနှင့် ကျွန်တော် | ဦးဖေသိန်း (အောင်ဆန်းမြို့) | ၁၆၀ |
| ၃၃။ တော်လှန်ရေး၏ ရင်ဖိုစရာကလေးများနှင့် ဗိုလ်ချုပ်အပေါ် သူတို့သဘောထား | အထောက်တော် မင်းအောင် | ၁၆၆ |
| ၃၄။ ဖက်ဆစ်တော်လှန်ရေးခရီးကြမ်း | ထိန်လင်း | ၁၇၂ |
| ၃၅။ စစ်ဝန်ကြီးရုံးဝယ် | ဗိုလ်သံတိုင် | ၁၇၇ |
| ၃၆။ ကျွန်တော် ဗိုလ်ချုပ်ဆက်သား | ရဲဘော်နေဒွန်း | ၁၈၅ |
| ၃၇။ အောင်ဆန်းရှိတယ်ကား | ရွှေကို (တပ်ကြပ်ကြီးဟောင်း) | ၁၉၃ |
| ၃၈။ ဗိုလ်ချုပ်နှင့်ကျွန်တော် | ဖေချစ် (စိတ်ပညာ) | ၁၉၈ |
| ၃၉။ ဗိုလ်ချုပ်၏ တော်လှန်ရေးအဆင့်ဆင့် | ရဲဘော်သုံးကျိပ်ဝင်တစ်ဦး | ၂၀၃ |
| ၄၀။ ဗိုလ်ချုပ်အောင်ဆန်း ဆင်နွှဲခဲ့သည့် ပြည်သူ့ဆန္ဒပြပွဲကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် မြန်မာတိုင်းရင်းပြည်သူများ၏အမြင် | ရဲထွန်း (စစ်ပညာ) | ၂၀၈ |
| ၄၁။ ဗဟိုနှင့် နယ်ခေါင်းဆောင် အပြန်အလှန်လေးစားချစ်ကြည်မှု ဗိုလ်ချုပ်က လက်တွေ့ပြသွားသည် | ဗိုလ်အောင်နိုင် | ၂၁၆ |
| ၄၂။ ဗိုလ်ချုပ်အောင်ဆန်းသာ မကျဆုံးခဲ့လျှင် | ဗိုလ်ဘုန်းမြင့် (ရဲဘော်သုံးကျိပ်) | ၂၁၉ |
| ၄၃။ ဗိုလ်ချုပ် ထောင်ထဲလာရောက်တွေ့စဉ်က | ရဲဘော်နေအောင် | ၂၂၃ |
| ၄၄။ ဘဝတစ်ကွေ့ | မုန်တိုင်း ဗိုလ်ရဲဒင် | ၂၃၂ |
| ၄၅။ ကိုယ်ကျိုးမမက် တိုင်းပြည်အတွက် ကြိုးပမ်းခဲ့သူ သူလိုလူနှင့် ဗမာ့တပ်မတော်၏ အုတ်မြစ် | ဗိုလ်မှူး ဗိုလ်မင်းခေါင် (ရွှေတူ) | ၂၃၆ |
| ၄၆။ ဗိုလ်ချုပ်အောင်ဆန်း၏ မှာတမ်း၊ သခင်အောင်ဆံန်း၏လွတ်လပ်သော မြန်မာပြည် | မောင်နေဝင်း | ၂၄၆ |
| ၄၇။ စိုးမိုးလျက်ရှိသော ဝိညာဉ် | ညောင်တုန်း သခင်ချစ် | ၂၅၂ |
| ၄၈။ လူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း | တက္ကသိုလ် နေဝင်း | ၂၅၆ |
| ၄၉။ ရင်တမမနေရသော ဘိလပ်ဆွေးနွေးပွဲ | ဦးဗဆွေ | ၂၅၉ |
| ၅၀။ ဖအေတူသား | ပြည်သူ့ဟစ်တိုင် တင့်ဆွေ | ၂၆၅ |
| ၅၁။ အော် ... ဗိုလ်ချုပ် ... ဗိုလ်ချုပ် | မောင့်ဘက်တန် | ၂၆၉ |
| ၅၂။ ဗိုလ်ချုပ်ကတော်၏ ပထမဆုံး တိုင်းပြည်သို့ မှာကြားချက် | သူထုသတင်းစာ | ၂၇၀ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၅၃။ သေနာပတိ | ရွှေတူဂျာနယ် | ၂၇၂ |
| ၅၄။ ပြန်လည်ထူထောင်ရေးနှင့် အမျိုးသားခေါင်းဆောင်ကြီး | ဒေါ်ရီရီကြိန် | ၂၇၅ |
| ၅၅။ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအမြင် | မောင်ညွန့်အုံး | ၂၇၈ |
| ၅၆။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝနှင့်အမြင် | မြဝတီမဂ္ဂဇင်းအယ်ဒီတာအဖွဲ့ | ၂၈၂ |
| ၅၇။ ဗိုလ်ချုပ်အောင်ဆန်းကို မှတ်မိကြသေးရဲ့လား | မောင်ထင် | ၂၈၄ |
| ၅၈။ ဗိုလ်ချုပ်လမ်းစဉ် | ဇဝန | ၂၈၉ |
| ၅၉။ ဗိုလ်ချုပ်လမ်းစဉ်မှ ဒီမိုကရေစီသို့ | ဦးထွန်းဖေ | ၂၉၀ |
| ၆၀။ ဗိုလ်ချုပ်၏ နည်းပရိယာယ်ခေါ် ဗိုလ်ချုပ်၏ ဒိပလိုမေစီ | ဦးယုမောင် | ၂၉၃ |
| ၆၁။ ဗိုလ်ချုပ်လမ်းစဉ် ကျွန်ုပ်အမြင် | ဦးဘသန်း | ၂၉၆ |
| ၆၂။ သခင်လို နေချင်လို့ | တက္ကသိုလ်ထင်ရှား | ၂၉၈ |
| ၆၃။ ဗိုလ်ချုပ်၏ နိုင်ငံရေးသဘောတရား | ဗိုလ်သိမ်းဆွေ | ၃၀၃ |
| ၆၄။ စီးပွားရေးသတင်းစာခေါင်းကြီး | ဦးစံမြင့်(ဘီအေ) | ၃၀၆ |
| ၆၅။ တိုးတက်ရေးသတင်းစာခေါင်းကြီး | ဦးဘတင် | ၃၀၈ |
| ၆၆။ ကျန်နေသေးသော တော်လှန်ရေး | ဗိုလ်အောင်နိုင် | ၃၁၀ |
| ၆၇။ လူထုအကျိုး | လှသမိန် | ၃၁၃ |
| ၆၈။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြည်ထောင်စုညီညွတ်ရေး၏ အခြေခံတရားများ | ဝိဓူရ သခင်ချစ်မောင် | ၃၁၅ |
| ၆၉။ တပ်မတော် | တပ်မတော်သမိုင်းစာစောင် | ၃၂၀ |
| ၇၀။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော် | အယ်ဒီတာအဖွဲ့ဝင်တစ်ဦး | ၃၃၀ |
| ၇၁။ တစ်နှစ်တစ်ခါ ဆုံကြရာဝယ် | ကျောက်ဆည် မောင်မောင် | ၃၃၄ |
| ၇၂။ ဗိုလ်ချုပ်၏ စိတ်ထား | မောင်သုတ | ၃၄၀ |
| ၇၃။ ကိုင်း–ကျွန်းမှီ ကျွန်း–ကိုင်းမှီ | မိုးကြိုး ဦးအုန်းခင် | ၃၄၃ |
| ၇၄။ အောင်ဆန်းနှင့်တွေ့စဉ်က | ဟယုဂျင်းကင်း | ၃၄၇ |
| ၇၅။ ဗိုလ်ချုပ် | သခင်နု | ၃၅၀ |
| ၇၆။ လွတ်လပ်ရေး နောက်ခံကား | ဒဂုန်တာရာ | ၃၅၂ |
| ၇၇။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ခဲ့တုန်းက | အဘိုးကြီး | ၃၅၆ |
| ၇၈။ စာရေးဆရာ ဦးအောင်ဆန်း | လှမြင့် (ရန်ကုန်တက္ကသိုလ်) | ၃၅၉ |
| ၇၉။ စာရေးဆရာ ဦးအောင်ဆန်း | မောင်ကျော်သာ | ၃၆၃ |
| ၈၀။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဓာတ်သဘင် | ရွှေမောင် | ၃၆၈ |
| ၈၁။ ဖေဖေမှတ်မိသေးတဲ့ မနူးမနပ် ကိုအောင်ဆန်း | လူထုဦးလှ | ၃၇၂ |
| ၈၂။ ရိုးရိုးကုပ်ကုပ်နေတတ်တဲ့ ဗိုလ်ချုပ် | ဗလာရီကူဒီနော့ | ၃၇၆ |
| ၈၃။ သူတို့မြင်သော ဗိုလ်ချုပ်အောင်ဆန်း | မောင်နေညွန့် | ၃၇၈ |
| ၈၄။ တော်လှန်ရေးဗိုလ်ချုပ် | ဂျာနယ်ကျော် ဦးချစ်မောင် | ၃၈၂ |
| ၈၅။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည် | ဒေါက်တာမြင့်ဆွေ | ၃၈၅ |
| ၈၆။ ဗိုလ်ချုပ်မင်္ဂလာဆောင် | သခင်အောင်ကြီး (ပေါင်းတည်) | ၃၉၃ |
| ၈၇။ ကျွန်တော်မသိသော ဗိုလ်ချုပ် | ငွေဥဒေါင်း | ၃၉၉ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၈၈။ ဗိုလ်ချုပ်အောင်ဆန်း | ဗိုလ်အေးမောင် | ၄၀၄ |
| ၈၉။ ဗိုလ်ချုပ်ဆန္ဒနှင့် ဆရာ့ဝါသနာ | မင်းသုဝဏ် | ၄၁၄ |
| ၉၀။ ဗိုလ်ချုပ်နှင့် ဗိုလ်ချုပ် | တက္ကသိုလ် ဘေ | ၄၁၉ |
| ၉၁။ သူ့အကြောင်း ကျွန်တော်မှတ်မိသမျှကလေး | တက်တိုး | ၄၂၃ |
| ၉၂။ ဝါရိဝေဂဏ္ဍုပြာ | တက္ကသိုလ်မောင်မောင်ကြီး | ၄၂၆ |
| ၉၃။ ဗိုလ်ချုပ်ဆုံးဖြတ်သော ရဲဘော်၏တန်ဖိုး | မောင်ယဉ်ခန့် | ၄၂၉ |
| ၉၄။ အောင်ဆန်း၏ ကမ္ဘာ့အမြင် | မင်းနွယ်ဆွေ | ၄၃၂ |
| ၉၅။ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံတော်တရား | မောင်မောင်ကျော် | ၄၃၈ |
| ၉၆။ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအတွေးအခေါ်များ | ထက်ဇော် | ၄၄၁ |
| ၉၇။ Is Aung San a Genius? | Theippan Soe Yin | ၄၄၆ |
| ၉၈။ Aung San: Hero of Burma's Victory | Dr. Maung Maung | ၄၄၉ |
| ၉၉။ A Humble Act of Memory to Aung San The Wild | Thakin Hla Kun | ၄၅၃ |
| ၁၀၀။ Thakin Aung San-Commander-in-Chief, Burma Defence Army | Mya Doung Nyo | ၄၅၉ |


## နောက်ဆက်တွဲများ


| | | |
|---|---|---|
| ၁၀၁။ Aung San's efforts: To build a New Burma in the New World | Ye Htun (Sitpyinnya) | ၄၆၉ |
| ၁၀၂။ Aung San's Way to National Unity | Ye Htun (Sitpyinnya) | ၄၇၂ |
| ၁၀၃။ BOGYOKE | Maung Aung | ၄၇၅ |
| ၁၀၄။ လွတ်လပ်မှုအရသာ ဗိုလ်ချုပ်နှင့် ကျွန်တော် မဂိုလမ်း ပလာတာဆိုင်မှာ | ရဲဘော်သုံးကျိပ်ဝင် ရွှေတု | ၄၇၆ |
| ၁၀၅။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဓနသဟာယ | ဗိုလ်ဥတ္တမကျော် | ၄၈၁ |
| ၁၀၆။ အောင်ဆန်း၏ ခေါင်းဆောင်မှု | ဗိုလ်ဥတ္တမကျော် | ၄၈၆ |
| ၁၀၇။ မျက်ရည်မိုးဖွဲ မစဲသောနေ့ | ဗိုလ်ဥတ္တမကျော် | ၄၉၀ |
| ၁၀၈။ ကျွန်ုပ်တို့ မမေ့နိုင်သော ခေါင်းဆောင်ကြီးများ | ပြည်သူ့ကြယ် | ၄၉၅ |
| ၁၀၉။ မိုးသက်မုန်တိုင်း ကျသည့်နေ့ | ဦးဗဆွေ | ၅၀၀ |
| ၁၁၀။ ဗိုလ်ချုပ်နှင့် ဆုငွေ ၅ ကျပ် | သခင်တင်မြ | ၅၀၇ |
| ၁၁၁။ တော်လှန်ရေးသို့ | နတ်မောက်ဘုန်းကျော် | ၅၁၁ |
| ၁၁၂။ အာရှနှင့် အောင်ဆန်း | မောင်ထင် | ၅၁၉ |
| ၁၁၃။ ဗိုလ်ချုပ်၏ စိတ်ကူးနှင့် လက်တွေ့ | မောင်ထင် | ၅၂၃ |
| ၁၁၄။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ လက်ထပ်ပွဲ | ဒေါက်တာမြင့်ဆွေ | ၅၂၈ |
| ၁၁၅။ ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအခေါ်များ | မြတ်မော် | ၅၃၂ |
| ၁၁၆။ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံအထွေထွေ | | ၅၈၃ |
| ၁၁၇။ ဂန္ဓီမြင်သော ဂျင်နရယ်အောင်ဆန်း | ပါရဂူ | ၅၃၈ |


♦

www.burmeseclassic.com

www.burmeseclassic.com

# အာဇာနည်လေးချိုးကြီး

## သခင်ကိုယ်တော်မှိုင်း

ဩော် ... အဆောင်ဆောင်နန်းတွေ ကြငှန်းတွေနှင့်နှော၊ အခေါင်မမြန်းခင်က၊ အောင်စာတမ်းချို့စေဖို့၊ အောင်ပန်းညို့ရရှာတဲ့၊ တောင်တမန်းတို့ဗမာမှာ အပေါင်းသံသရာ အငှတ်တွေနှင့်၊ အောင်ဆန်းတို့ မသာမယာဟာ ငင်းကြမ္မာ အလုပ်ပေထင့်၊ သောင်းမြန်မရဏာစမုတ်မှာတော့ ချုပ်သနဲ့ ယင်းအလိုတွင်၊ ဒေါင်းလံပဝါအုပ်ပါလို့ ကျုပ်ဖြင့် သဂြိုဟ်ချင်။

ဩော် ... တပည့်အရင်းတွေမို့၊ ကဝိမတင်းနိုင်ဘုကွဲ့၊ သတိကင်းကာ မျက်ရည်ကျကျပြီး၊ ခက်ကပြီ လက်ဆည်လို့ မရနိုင်ဘု၊ သောကဗလောင်ဆူတော့၊ တောင်ဇမ္ဗူ ပုဂံခေတ်ဆီက ယခေါင်မူ ယမန်သနစ်တွေပေါ့၊ ရန်အဖြစ်မကွဲ မနှေးသနော် တစ်သောင်းဒီဇမ္ဗူရမ်းနေကြ၊ ကျန်ရစ်ခဲ့မြေးတော် အလောင်းစည်သူရဲ့နန်းကိုဖြင့်၊ လူကြမ်းဓားပြတွေ ကြမ်းလာ ရမ်းလာတဲ့အရေးတွင်မှ၊ ဆေးအပေါင်းကြီးစွာ ဝေဒနာအစုံနဲ့၊ သွေးချောင်းစီးကာ သေရှာပုံရဲ့ပြင်၊ ရွှေမြန်မာဘုံမှ အမင်းမင်းသမ္မတတွေနဲ့၊ သတင်းလှတဲ့ အင်းဝရာဇာအမွန် သာလွန်မင်းကိုမှ၊ သားရင်း ရှင်တရုပ်ကယ်က၊ ရှင်ဘုရင် လုပ်မယ်အကျယ်ဇယားတွင်ဖြင့်၊ ထားဝယ်သားတွေ ဗိုလ်ဝင်ခံလို့မို့၊ ဟိုအရင် ယမန်နန်းတော်စီးစဉ်က၊ အပျက်ကြီးပျက်ကာ အသက်ခန္ဓာတွေဆုံးပုံနဲ့၊ တထုံးနောက် တနဲမှာတော့၊ မင်းရဲနန္ဒမိတ်ခမျာမှာ ညီသနင်းပေပေါ့၊ ပြည်မင်း ဂုဏ်ခံလို့၊ မှုန်မှုန်ဆန်ဆန် ပုန်ကန်တဲ့တိုင်းရဲ့ပြင်၊ တလိုင်းနယ် ရွှေပြည်တခွင်မတော့၊ မမ္မစေတီဘုရင် လက်ထက်တုန်းဆီက၊ လက်ရုံးရည် တသိန်လျှမ်းပေတဲ့၊ သမိန်ဘရမ်းဆိုသူ စစ်ဗိုလ်ချုပ်ကိုဖြင့်၊ မဟုတ်တရုတ်အကောင် တေလေ တစ္ဆေကိုက်တာနဲ့၊ ဩော် ... ဖွေဖွေရှာရှာ မကျေစရာပေပေါ့နှော၊ မရေမရာ သေရွာဆိုက်သလိုပ့်၊ အခိုက်အခါတူလို့ မို့၊ ဆရာတမူ မကြာမကြာ လွမ်းရပါတဲ့၊ ဘမရာ အဆူဆူ ကြာကြငှန်းတွေနှင့်၊



www.burmeseclassic.com



မြန်မာဇမ္ဗူ အညာမန်းတွေဖြင့်၊ ငါတလူ ငါသရမ်းရှော့မဟဲ့လို့၊ သာခန်းပလ္လင် ညွန်းပြီး၊ မြင်ကွန်းပိုင် သူပုန်ထစဉ်က၊ ကြုံရသူ မသာတော်နှင့်၊ ပမာတော်တူ တယ်လို့ နှိုင်းမိတယ်၊ ရိုင်းသနဲ့ အတိတ်ယခင်လိုနော်ကွယ်၊ စစ်ကိုင်းတပည့် ဂိုဏ်းအဖွဲ့တွေနဲ့၊ မှိုင်းရဲ့စိတ်ထင်။

နန်းမြို့တည်ရန်၊ မှန်းလို့ရည်ကာသန်နဲ့၊ ညီလာခံဗိုလ်ရှုပွဲတွင်မှ၊ ထိုထို လူခပဲကို မကြည်ညိုတဲ့၊ ဝသီအလို တဖြည်းဖြည်း ရူးမဟဲ့လို့၊ တနွေးနွေးမူးပြီး ခွေးဘီလူးလို အကောင်မိုက်တွေက၊ သြော် ... အမှောင်စရိုက်ကယ်နှင့်၊ ပြောင် ပြောင်ပဲ မိုက်မပေါ့လို့၊ ဖြောင်ကိုက်သဟာမှာ ယာယီယတြာ အချိန်နဲ့ဇာတာ မှိန်လို့မို့၊ ဂနာမငြိမ် တာဝတိံ ယွန်းကြပေါ့၊ ဖြေမကြည် နေရီတော့ လွမ်းစေဖို့၊ မြန်မာပြည်ပေါ်ကို ခမ္ဗစည်တော်ရှမ်းချိန်မို့၊ အစွမ်းကုန်သည် တစ်ခါဖြင့်၊ ပြည်ရွာ ညီညာဖို့အလုပ်ပေပေါ့၊ သုသန်တံခွန်စောင်းရရှာတဲ့၊ ရုပ်အကျန် ခုနစ်လောင်း ရယ်နှင့်၊ အလွန်ကောင်းစွာ ကမ္ဘာတည်မည့်၊ အာဏာနည်ဗိမာန်ပုထိုးကိုဖြင့်၊ ပါရမီအဓိဋ္ဌာန်တစ်မျိုးရယ်နှင့်၊ ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့၊ မြန်မာမတော့ ပူစရာဖို့၊ တဇ္ဇူဟာအောင်ခမန်းတွင်မှ၊ လူမသမာ အမှောင်သန်းချိန်မို့၊ သောင် ကမ်းမို့မို့ဆီက၊ ဖောင် နန်းကူးတို့နှင့်၊ အကြေဒဂုန်တည်းဟူသော ရေစုန်မျော လေရဲ့၊ သြော် ... တောင်နန်းမြောက်နန်း၊ အဆောင်ဆောင် ကြငှန်းနဲ့၊ အခေါင် မမြန်းရခင်က အောင်ပန်းညို့ရရှာတဲ့၊ အောင်ဆန်းတို့သေပုံနမြော။ ။

**[မှုရင်းသတ်ပုံအတိုင်း]**

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အား တမ်းတသော ‘သံချိုကဗျာ’

## ဟံသာဝတီ ဦးဘရင်

ပင်ရှကျွေ ဇမ္ဗူမှတ်ရယ်နှင့်၊ ကျွန်းမြတ် ပါကာဝင်တဲ့၊ တိုင်းရပ်မြန်ပြည်ကြီးမှာလ၊ ရှစ်ထီးက ဒဏ်ထူလို့၊ ယမန်မူ မြို့ကြငှန်းတွေနှင့်၊ ရွှေနန်းရွှေတောင်ပ၊ ထွတ်ဘုန်းခေါင် ဘုရင်တို့ စိုးစဉ်က၊ ရေအိုး ရင်မှာပွေ့သည်သို့၊ မွေ့ကြပေ့မျှားဗိုလ်ပုံ။ ။

ကိန်းအရမှာတော့၊ ဧက–ဒွယာနှင့်၊ ဧ–အလာသတ္တာစွန်းပါလို့ (၁၂၄၇ ခု)၊ ခေါ်ညွှန်း–ဗြိတ္တာထောင်တဲ့၊ လ–တန်ဆောင် ရှစ်ရက်စွန်းသောခါ၊ စာညွှန်းသိုက်အမျိုးတွေနှင့်၊ မုဆိုး–စနေထီးရယ်က၊ အပြီးတိုင် ရိုက်ကာမှုန်းသော်ကြောင့်၊ သာသနာ–ဘာသာဆုံးတဲ့ပြင်၊ လူမျိုးပါ မကြာပြုန်းတော့မယ်၊ နှုန်း ... မချိကြဲ။ ။

မြန်အလုံးမှာဖြင့်၊ မီးအုံးကြိမ်အသွင်သို့ မဆင်ခြင် တစ်ကိုယ်ကောင်းတွေတို့၊ ငဲ့စောင်းဟန်ဆောင်လို့၊ မြန်တိုင်းဘောင်အခေါင်လင်းစေဟု၊ ခပင်း–အပါဆွယ်၍၊ အသွယ်သွယ်ပြုကာ နွဲ့ပေမဲ့၊ သဲထဲရေသွန်သို့၊ ပုံတသွင် အမှန်ကျတာကြောင့်၊ ကပ်ဦးသူ လ–နေ–တသည်သို့၊ ကိုးရန်ပရှာကြတုံ၊ ပြောင်မုန်သို့တဝဲ။ ။



www.burmeseclassic.com

www.burmeseclassic.com



သွေ့မဖီ၊ မျိုးချစ်တစ်ခါညီလို့၊ အတည်တည်သျှင်လူများငယ်တို့၊
လိုလားအာသီကြောင့်၊ ရဲဇာနည်ခေါင် ကြွင်နှန်းပါတဲ့၊ မိုက်မှောင်ကို
တန်ဆောင် ထွန်းသည့်နှယ်၊ အောင်ဆန်း အမည်ပြောင်လို့၊ ဗိုလ်မင်းရောင်
သူ့အဘိုးလိုပဲ၊ မြန်ပြည်ကို ပြန်လည်ကြိုးသော်ကြောင့်၊ လူဆိုးမသမာမှန်တဲ့၊
ဖိန်းမညာဏ် တစ်ခါမှီးပါလို့၊ ဝန်ကြီးတွေ အသက်ဆုံးခဲ့ရ၊ မြန်ပြည်သူ
လူအလုံးမှာဖြင့်၊ ယူကျုံးဘယ်မရသည့်ပြင်၊ သည်းဆွဗလောင်ဆူ၍၊
ကိုးစားသူ လူအများမှာ ဖြင့်၊ နွမ်းခွေကာ မှန်းခြေနှင့်မကြွားနိုင်ဘူး၊ မ
တစ်ထောင် တစ်ကောင်ဘွား တို့ကြောင့်၊ ဂုဏ်ရောင်ကို ပုံဆောင်ငြားပေမဲ့၊
ရှည်လျားဘယ်မဆုံးမှာကြောင့်၊ မြန်ဗဟို သံချိုနှင့်နှုန်းလိုက်ရတယ် (ကွယ်...)
ချုံးချကြေကွဲ။ ။

မြဝတီ (ဇူလိုင် ၁၉၅၄)

www.burmeseclassic.com

www.burmeseclassic.com



# ပြောလိုက်ပါဘိ ဟောပါဘိ

ဇော်ဂျီ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သက်လှယ်၊ မင့်သားငယ်သည်
သက်နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ။
သုံးနှစ်သူ့သား၊ ဖော်ချင်းများနှင့်
အူရားဖားရား
ကစားရာမှ၊ နွားရုပ်ချ၍
နတ်ကျသည့်သွင်၊ မင်းရင်ခွင်သို့
ပြေးဝင်ပုန်းလာ၊ သူ့မူရာကို
ငါမြင်ခဲ့၏၊ မှတ်မိ၏။
မိုးကစိုစို၊ ကျိုးအုပ်ပြို၍
ထိုမှဤမှ၊ တို့လမ်းမတွင်
ပျံကြဲကြဲ၊ ငရဲထသို့
အုံကြွမြည်အာ၊ မသာယာကို
ငါကြားခဲ့၏၊ မှတ်မိ၏။



www.burmeseclassic.com




ထိုနေ့၌ပင်၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏
မြေခသတင်း၊ မိုးကြိုးခွင်းသို့
အိမ်တွင်းအိမ်ပြင်၊ ဒို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနည်းခံခက်
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်
ရွာဦးပိုင်းမှ၊ သချိုင်းထိ။
ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်
သူတို့ခေတ်၌၊ တိုင်းချစ်ပြည်ခင်
မြတ်စေချင်၏၊ မင်းမြင်ငါကြား
စကားဥဒါန်း၊ ဆန်း ၏သတ္တိ
ဆန်း ၏သမာဓိ၊ ဆန်း၏ ပညာ
ဆန်းမှာဆုံပေါင်း၊ ယောကျ်ားကောင်းတို့
ခေါင်းဆောင်သဘော၊ မင့်သားချောကို
ပြောလိုက်ပါဘိ၊ ဟောပါဘိ။ ။

ဗိုလ်ချုပ်အောင်ဆန်းကဗျာများ (၁၉၆၄ ခုနှစ်)

www.burmeseclassic.com








# ခေါင်းဆောင်ကောင်း

ဗန်းမော်ညိုနွဲ့

ငါလုပ်ဆောင်၍
အောင်ပွဲထပ်ထပ်၊ ဆင့်ဆင့်ဖြတ်ကာ
လွတ်လပ်ရေးရ၊ တိုင်းပြည်လှဟု
ကြုံးပဟစ်ကြွေး၊ ကိုယ်ရည်သွေးသည်
ခွင့်ရေးမယူခဲ့ဘူးချေ။
ငါကြိုးစား၍
ငါ့မားဖွေးဖွေး၊ သူမြတ်လေးတည့်
သွေးရေးသမိုင်း၊ ဤသည့်တိုင်းဝယ်
နှိုင်းမရှိရာ၊ ငါမှငါဟု
အာဏာလက်ရ၊ စုန့်စုန့်ကြွသည်
မာနမတက်ခဲ့ဖူးချေ။



www.burmeseclassic.com

www.burmeseclassic.com



ဤချင်းရည်တွက်
ချစ်ကြည်လေးမြတ်၊ တိုင်းလုံးအပ်၍
ရပ်ရာတည်ရာ၊ သူ့နောက်ပါကြ။
ကိုးကွယ်ရာဖြစ်၊ ခေါင်းဆောင်စစ်မှူး
ခေတ်ကြောင့်မတိမ်၊ တထိန်ထိန်တည့်
ဂုဏ်သိရ်ပွင့်လန်း၊ ကမ္ဘာကန်းစေ
အောင်ဆန်းမသေနိုင်တဲ့ပါပြီတည်း။ ။

မြဝတီမဂ္ဂဇင်း (ဇူလိုင်လ၊ ၁၉၆၆ ခုနှစ်)

www.burmeseclassic.com


www.burmeseclassic.com

# အောင်ဆန်းစသော
# မျိုးချစ်သူရဲကောင်းများသို့

### တင်မိုး

သူသာရှိလျှင်
သူ၏နိုင်ငံ၊ ကြမ္မာကံကို
စီမံလိမ့်မည်၊ ဖန်တီးမည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်ဖွား၊ ဆင်းရဲသားတို့
စားဝတ်နေမှု၊ ကျန်းမာမှုနှင့်
သိမှုတတ်မှု၊ ယဉ်ကျေးမှုကို
ဂရုစိုက်မည်၊ စောင့်ရှောက်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသာရှိလျှင်
သူ၏ဉာဏ်စွမ်း၊ ကိုယ့်အစွမ်းသည်
သူ့ဝမ်းသူ့ခါး၊ သူ့မယားနှင့်
သူ့သားတွက်ပေ၊ မဟုတ်လေဘဲ
သူနေထိုင်သည့်၊ သူ့တိုင်းပြည်တွက်
သူ့ပြည်နေရာ၊ သူ့ကမ္ဘာတွက်
မေတ္တာဓာတ်ခံ၊ အပင်သန်လျက်
အားမာန်ထုတ်မည်၊ ဦးဆောင်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်အား၊ ကျူးစော်ကားက
အသားအသွေး၊ သက်စတေးလျက်
ပြည်ရေးဆောင်မည်၊ ကာကွယ်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်တွင်း၊ တသွေးချင်းတို့
စစ်ခင်းသည့်ပွဲ၊ ပြီးပြတ်စဲလို့
လက်တွဲလက်ချိတ်၊ ညီနောင်စိတ်ဖြင့်
ပွဲတိတ်စေမည်၊ ဖြေရှင်းမည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

အရဏ်တက်တွင်၊ တိုက်ပွဲဝင်ခိုက်
သူလျှင်ကျဆုံး၊ တစ်ပြည်လုံးက
ယူကျုံးမရ၊ ဖြစ်ခဲ့ရလည်း
သူကရှေ့ဆောင်၊ မီးတန်ဆောင်သည်
ထွန်းပြောင်နေဘိ၊ လင်းတုန်းရှိ၍
သူ၏ကိုယ်စား၊ သူ့စိတ်ထားက
ညွှန်ကြားလိမ့်မည်၊ ခေါင်းဆောင်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။ ။

ပန်းဈေးခင်း (၁၉၆၇ ခုနှစ်) မှ

www.burmeseclassic.com

www.burmeseclassic.com



# ပိုလ်ချုပ်အောင်ဆန်းသို့

မင်းယုဝေ

သင့်ကိုယ်ကျိုးတွက်၊ ငဲ့မကွက်ဘဲ
ပြည်တွက်ကောင်းအောင်
ကြိုးစားဆောင်သည်
ခေါင်းဆောင်အသင် ပီသည်တကား။

စေတနာလည်းရှိ၊ ဉာဏ်လည်းရှိ၍
သတ္တိလည်းကောင်း
စိတ်ဓာတ်ကောင်းသည်
ခေါင်းဆောင်အသင် ပီသည်တကား။

စည်းစိမ်မမက်၊ မာန်မတက်ဘဲ
လက်တွဲပြည်သူ၊ များရှင်လူနှင့်
အေးတူပူမျှ၊ သင်နေပြ၍
လောကကောင်းအောင်
ပြည်ကျိုးဆောင်သည်
ခေါင်းဆောင်အသင် ပီသည်တကား။




www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပြည်သူ၊ များရှင်လူတို့
ကြည်ဖြူချစ်ခင်၊ မေတ္တာဝင်၍
သင်သွားလေရာ၊ အတူပါလျက်
ညီညာလက်တွဲ၊ အပွဲပွဲကို
ဆင်နွှဲအောင်ခဲ့သည်တကား။

ယခုခါတွင်
အသင်ကွယ်ပြီ၊ ကာလရှည်လည်း
ပြည်သူအပေါင်း၊ သင့်အကြောင်းကို
ပြန်ပြောင်းပြောဆို၊ ချစ်ကြည်ညိုလျက်
သင့်ကိုလွမ်းရ၊ တသသနှင့်
တမ်းတမဆုံးရှိသည်တကား။ ။

ငွေတာရီမဂ္ဂဇင်း (အောက်တိုဘာလ၊ ၁၉၆၇ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com





# သူ
## ထွဏ်းနေနွယ်

သူသေသည်မှာ၊ အမှန်ပါတည့်
သေချာသိထား၊ ရှိသော်ငြားလည်း
သူကားမသေ၊ တို့ယုံနေသည်
တို့ပြေ–တို့မြေတစ်ဝန်းတည်း။
သူ့ဖွဲ့သူ့မာန်၊ သူ့အကြံနှင့်
ရည်သန်ပြည်တွက်၊ ထမ်းဆောင်ချက်လည်း
တစ်သက်တစ်ဘဝ၊ မေ့မရတည့်။
ဦးတည်ရာထား၊ မိန့်စကားနှင့်
ပြတ်သားမယွင်း၊ စွမ်းဆောင်ခြင်းလည်း
ပြည်တွင်းပြည်ပ၊ ကျော်ကြားလှ၏။
သူ့ယုံကြည်ချက်၊ စည်းရုံးဖက်၍
တို့တွက်ယူပေး၊ လွတ်လပ်ရေးလည်း
သက်သွေးပမာ၊ ရခဲ့ပါ၏။





www.burmeseclassic.com

www.burmeseclassic.com



သူပင်သေသွား၊ မှန်လေငြားလည်း
မိန့်ကြားသူမြွက်၊ ချက်အလက်နှင့်
လိုက်ဖက်လမ်းစဉ်၊ သူ့လိုအိပ်မူ
တသွင်ပြောင်းလာ၊ ပြည်မြန်မာ၏
သာယာဆန်းသစ်၊ မျက်မှောက်ခေတ်ထိ
တည်ရစ်ခိုင်မာ၊ မငြင်းသာမို့
သေကာသူသွား၊ မှန်ပေငြားမင့်
သူကားမသေ၊ တို့ယုံနေသည်
တို့ပြေ တို့မြေ တဝန်းတည်း။ ။

မြဝတီမဂ္ဂဇင်း (ဇူလိုင်လ၊ ၁၉၆၆ ခုနှစ်)

www.burmeseclassic.com


www.burmeseclassic.com



# နှမြောမိ ပိုလ်ချုပ်ကို

ငွေတာရီ

မ, တစ်ထောင် တစ်ကောင်ဖွားပါတဲ့
ဘ, သားလူရည်ချွန်မို့
ပြည်မွန်မှာ သေလွန်စောပြန်တော့
နှမြောမိ ပိုလ်ချုပ်ကို . . .။
အတိတ်ထူးပုံက
စိတ်ကူးနော် တယဉ်ယဉ်နဲ့
'မြန်နယ်ခွင် ငါပင် သိမ်းမယ်'တဲ့
ကြံရွယ်ဆင် မာန်တင်ဟိန်းကာပ
ကြိမ်းခဲ့ အဟို . . .။
လွတ်လမ်းကို ဖွေရှာရင်းသာပ
ဩ– ကျွတ်တန်းကို သေချာနင်းရော့ထင့်
လွတ်ကင်းချိန် မတိုင်ခင်က
ကံယိုင်လျှင် ခန္ဓာငြိမ်းပါလို့
တိမ်းခဲ့ပေါ့ ဇာတာညို
နှပျိုတဲ့ ရွယ်ကောင်း . . .။



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကြွေးငယ်စင်
လွတ်ရေးရယ် တကယ်ထင်တော့
မြတ်ဂုဏ်အင် ဘယ်တွင်မေ့နိုင်ဘု
နွမ်းမြေ့ပြီ တခွေခွေပ
အော် – စိမ့်မျက်ရည်တထွေထွေနဲ့
အမျှဝေ – အောင်မြေကျွန်းဆီက
ဗိုလ်ချုပ်ဆီ ရည်ခွေခွေညွှန်းလို့ရယ်
သွန်းရေစက်လောင်း . . .။

ဗိုလ်ချုပ်လယ်းစဉ် (၁)

www.burmeseclassic.com

www.burmeseclassic.com



# ဇာနည်ဖွား

**နုယဉ်**

အမိမြေမှ၊ ဆင့်ဆင့်ကြရာ
သူကထူးခြား၊ ဇာနည်ဖွား၏။
သူငယ်ဘာဝ၊ ဆော့မြူးကြလျှင်
သူကငေးကာ၊ တစ်နေရာမှ
မျက်လွှာမယှက်၊ အတွေးနက်၏။
ကျောင်းသားတကာ၊ ဖွေရှာသိပ္ပ
ဆည်းပူးကြခိုက်၊ သူကထူးချွန်
ဇာတိမာန်ဖြင့်၊ ထက်သန်လုံ့လ
ရဲသွေးကြွ၏။
အသက်သုံးဆယ်၊ ဝန်းကျယ်ဝယ်၌
အရွယ် စက၊ ခေါ်တုံကြလည်း
သူကသတ္တိ၊ ရဲရဲငြိလျက်
အမိမြန်မာ၊ ရတနာသား
ဇာနည်ဖွားဟု၊ ထင်ရှားပီပီ
ရှေ့သို့ချီ၏။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဇာနည်သတ္တိ၊ တိုင်းမရှိ၍
သူ၏မေတ္တာ၊ အထုမှာလည်း
နှိုင်းရာမရ၊ ကြီးမားစွာကို
ကြုံရဘေားရန်၊ အတန်တန်၌
နောက်ပြန်မတွန့်၊ ရဲရဲဝံ့သည်
သက်စွန့်ခန္ဓာ ကြွေသည့်တိုင်။ ။

ဗိုလ်ချုပ်အောင်ဆန်းကဗျာများ (၁၉၆၄ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးဘဝ နေ့ရက်များ

## တက္ကသိုလ်မောင်မြင့်သိန်း

ရန်ကုန်–သာစည် အမြန်ရထားသည် အရှိန်ပြင်းစွာ လယ်ကွင်းကြီးများကို ဖြတ်သန်း ပြေးဆွဲလျက်ရှိသည်။ လယ်ကွင်းကြီးများမှာ ရှုမဆုံးအောင် ကျယ်ပြန့်သော လယ်ကွင်းကြီးများ ဖြစ်၏။ ကျွန်တော်တို့ စီးလာသော ရထားသည် ပျဉ်းမနားမြို့တွင် ညအိပ်ရပ်နား၍ နောက်တစ်နေ့နံနက် နတ်မောက်သို့ ဆက်လက် ထွက်ခွာခဲ့ပေသည်။

"ဟောဟိုက လှမ်းမြင်ရတဲ့ ချောင်းကြီးက ယင်းချောင်းကြီးလို့ခေါ်တယ်။ အဲဒီချောင်းကြီး ဖြတ်ကျော်လိုက်ရင် နတ်မောက်မြို့ကို ရောက်တော့တာပါပဲ" ကျွန်တော်နှင့် ပါလာသော ရဲဘော်တစ်ယောက်က ပြောလိုက်ခြင်းဖြစ်သည်။ နတ်မောက်မြို့နား နီးလာလေလေ ကျွန်တော့်စိတ်များ လှုပ်ရှားတက်ကြွလာလေလေ ဖြစ်သည်။ ကြံ့တောင့်ကြံ့ခံ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးဘဝကို လေ့လာရမည်ဖြစ်၍ ကျွန်တော့်စိတ်များ လှုပ်ရှားတက်ကြွနေခြင်း ဖြစ်သည်။

နတ်မောက်မြို့သည် ပျဉ်းမနား၊ ကျောက်ပန်းတောင်း မီးရထားလမ်းပေါ်တွင် တည်ရှိပေသည်။ မကွေးခရိုင်အတွင်း ပါဝင်သော မြို့တစ်မြို့တည်း။ နတ်မောက်မြို့သည် မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်းဒေသတွင် တည်ရှိသည်။ မိုးခေါင်ရေရှား ရပ်ဝန်းဒေသတွင် တည်ရှိသော်လည်း ယင်းချောင်း၏ တောတောင်ရေမြေသဘာဝကြောင့် နတ်မောက်မြို့မှာ လှပနေပေသည်။ ဤလှပသော ပတ်ဝန်းကျင်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို မွေးဖွားပေးခဲ့သည်။

ကျွန်တော်တို့အဖွဲ့သည် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့ပိုင်ကြီး ဦးကျော်စိန်၏ အိမ်တွင် တည်းခိုကြသည်။ ဦးကျော်စိန် မိသားစုက ကျွန်တော်တို့ကို အစွမ်းကုန်ပြုစု စောင့်ရှောက်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးဘဝကို လေ့လာနိုင်အောင် စီစဉ်ပေးသည်။ ပထမနေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်သူငယ်ချင်းလည်းဖြစ်၊ ဆရာတစ်ဆူလည်း ဖြစ်သော ဦးရွှေထိုက်နှင့် တွေ့ရသည်။

"မောင်အောင်ဆန်းဟာ ငယ်စဉ်က စာ သိပ်တော်တယ်၊ ကျောင်း စအပ်တဲ့ နေ့တစ်နေ့တည်းနဲ့ ကကြီးခခွေး အစအဆုံး ရတယ်ကွ"

ဆရာကြီး ဦးရွှေထိုက်က သူ့အတွေ့အကြုံကို အားပါးတရ ပြောပြပါသည်။ ဆရာထိုက် ပြောပြချက်သည် အပို မပါပါ။ အမှန်ချည်း ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ပင်ကိုဉာဏ် ထက်မြက်သည့်အတွက် စာေ



www.burmeseclassic.com

www.burmeseclassic.com



လားရှစ် ဆုများ ရရှိခဲ့ခြင်းက ဆရာထိုက် ပြောပြချက် မှန်ကန်ကြောင်း သက်သေပြလျက်ရှိနေသည်။ မောင်အောင်ဆန်းသည် စာတော်သူဖြစ်သည်။ ဦးသောဘိတကျောင်းတွင် မောင်အောင်ဆန်းကလေးသည် အမြဲတမ်း ပထမ စွဲသည်။ မောင်အောင်ဆန်းသည် ကျောင်းအုပ်ဆရာကြီး ဦးသောဘိတနှင့် ကျောင်းရှိ ဆရာများကို ကြောက်ရွံ့ရိုသေသည်။ စည်းကမ်းလည်း အလွန်ကြီးသည်။ အမြဲတမ်း အချိန်မှန်မှန် ကျောင်းတက်သည်။ စည်းကမ်းသေဝပ်ခြင်း၊ တာဝန်သိတတ်ခြင်း၊ လုံ့လဝီရိယ ရှိခြင်း၊ စာကြိုးစားခြင်းတို့မှာ သူ၏ ငယ်ဗီဇများ ဖြစ်ပေသည်။

မောင်အောင်ဆန်းတွင် ထူးခြားချက်တစ်ခု ရှိသေးသည်။ ကလေးဘာဝ ကျောင်းသားငယ်တို့ဘာဝ ကျောင်းဆင်းချိန်၊ ကျောင်းအားလပ်ချိန်တို့ကို အခြားကလေးများ စိတ်စောနေကြသော်လည်း သူကား ကျောင်းအားလပ်ချိန်ကို မမျှော်သူ ဖြစ်သည်။ ကျောင်းအားလပ်ချိန်ဟူသည် သူ့အတွက် မထူးဆန်းသောအချိန်တည်း။ သူသည် အားလပ်ချိန်များတွင် အမြဲတမ်းလိုလို တွေးတောနေတတ်သည်။

ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဘက်၊ ကစားဘက်ဖြစ်သူ ဦးဘိုးကံနှင့် တွေ့ပြန်သည်။ ဦးဘိုးကံက ပြောပြသည်။

"မောင်အောင်ဆန်းဟာ ငယ်ငယ်က အားကစားလည်း ဝါသနာပါတယ်။ တစ်နေ့ ငါတို့ ကစားကြတယ်။ အဲဒီတုန်းက မောင်အောင်ဆန်းရယ်၊ ငါရယ်၊ မောင်တင်လေးရယ် ကစားကြတယ်။ ငါနဲ့ မောင်တင်လေးက နပန်း သတ်ရတယ်။ မောင်အောင်ဆန်းက ဒိုင်လူကြီး လုပ်တယ်။ ငါတို့ကစားတိုင်း သူက ခေါင်းဆောင် လုပ်တာပဲ။ တစ်ခါတစ်ခါ ငါက မကစားချင်ဘူး။ မောင်အောင်ဆန်းက အတင်း ကစားခိုင်းတယ်။ ပိုက်ဆံတစ်မတ်ပေးပြီး အတင်းကစား ခိုင်းတာပဲ။ နောက်ပြီး သူ ကစားလေ့ ကစားထရှိတာ တစ်မျိုးရှိသေးတယ်။ အဲဒါက စစ်တိုက် ကစားတာပဲ။ စစ်တိုက်တမ်း ကစားတာကို သူ အင်မတန် ခုံမင်တယ်။ တို့အုပ်စုခွဲပြီး စစ်တိုက်တမ်း ကစားတော့လည်း သူ အမြဲတမ်း စစ်ဗိုလ်လုပ်တယ်။ ဦးသောဘိတ ကျောင်းဝင်းအတွင်းက တမာပင်ကြီးတွေဟာ အောင်ဆန်းတို့ ငါတို့ရဲ့ တိုက်ပွဲလေ့ကျင့်ရာဌာနတွေပေါ့"

"မောင်အောင်ဆန်းဟာ စစ်တိုက် ဝါသနာပါပေမဲ့ သီချင်းဆိုလည်း ဝါသနာပါတာပဲ။ ကဗျာလင်္ကာတွေဆို ကျက်လိုက်ရတာ အမောပေါ့။ အနန္တသူရိယရဲ့ သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ ဆိုတဲ့ ကဗျာတို့၊ မဲဇာတောင်ခြေ ရတုတို့ကို ငယ်ငယ်ကတည်းက အလွတ်ရတယ်ကွဲ့"

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကပင် အနုပညာကို မြတ်နိုးသူတစ်ယောက်ဖြစ်၏။ ကြီးပြင်းလာသော အခါလည်း အနုပညာကို မပစ်ပယ်ခဲ့ပေ။

၁၉၄၆–၄၇ လွတ်လပ်ရေးအတွက် နေ့မအား၊ ညမအား အပြင်းအထန် ကြိုးပမ်းနေရသည့်ကြားက အချိန်ရလျှင် သူ့အပါးတော်မြဲ ဗိုလ်ထွန်းလှကို စန္ဒရားတီးခိုင်းသည်။ ကဗျာဆိုခိုင်းသည်။ သီချင်းဆိုခိုင်းလေ့ရှိသည်ဟု ကျွန်တော် ကြားဖူးပါသည်။ ဗိုလ်ချုပ်သည် တစ်ခါတစ်ရံ စိတ်လက်ရွှင်ပျချိန်တွင် သူ အကြိုက်ဆုံး သီချင်းဖြစ်သည့် ဘိလပ်ပြန်သန်း သီဆိုသော 'မြပန်းခွေ' သီချင်းကလေးကို အမြဲသီဆိုတတ်သည်ဟု ကျွန်တော်တို့ ကြားခဲ့ရဖူးသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ခေါင်းဆောင် အင်္ဂါရပ်နှင့် ပြည့်စုံ၏။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၍၊ ငယ်သူကို သနားတတ်သည်။ သဘောထား ကြီးကြီးထားတတ်သည်။ သည်းခံစိတ်၊ ခွင့်လွှတ်စိတ်ရှိသူ ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ငယ်စဉ်က ကစားဘက်ဖြစ်သူ နတ်မောက်မြို့ ရွှေဟသ်ာ ဆေးလိပ်ရုံပိုင်ရှင် ဦးအေးမောင်က မောင်အောင်ဆန်း၏ ကလေးဘာဝ အရွယ်က စိတ်ထားမြင့်မြတ်ပုံ၊ သဘောထားကြီးပုံ၊ သည်းခံစိတ်ရှိပုံတို့ကို တဖျစ်တောက်တောက် ပြောမဆုံးနိုင်လောက်အောင် ယနေ့ထိ ပြောလျက်ရှိသေးသည်။

"တစ်နေ့မှာ ငါနဲ့ မောင်အောင်ဆန်း ရန်ဖြစ်ကြတယ်ဟေ့။ ငါက မောင်အောင်ဆန်းထက် အသက်နည်းနည်း ကြီးတာကိုး။ ဒီတော့ ရန်ဖြစ်တဲ့အခါ မောင်အောင်ဆန်းကို ထိုးကြိတ် ရိုက်နှက်မိတယ်ကွာ။ ဒါပေမဲ့ မောင်အောင်ဆန်းက ငါ့ကို ကလဲ့စား မချေရှာဘူး။ အမှတ်လည်း မထားဘူး။ ဖွေလည်း မယူဘူး။ နောက်ရက်တွေမှာ ငါနဲ့ ကစားမြဲ ကစားတာပဲကွာ။ အင်မတန်ကို

www.burmeseclassic.com



သဘောထားကြီးရှာတဲ့ ကလေးပါပဲ”

ကျွန်တော်သည် မောင်အောင်ဆန်း၏ ငယ်ဆရာများ၊ ကျောင်းနေဖက်သူငယ်ချင်းများ၊ ကစားဖော် ကစားဘက် ပုဂ္ဂိုလ်ကြီးများ၊ ဗိုလ်ချုပ်၏ ဆွေမျိုးသားချင်းများ ရှင်းပြသော မောင်အောင်ဆန်း၏ ကလေးဘဝ နေ့ရက်များကို ကြားနာခဲ့ရသည်။ ဗိုလ်ချုပ်၏ ကလေးဘဝ နေ့ရက်များသည် စိတ်ဝင်စားဖွယ် ကောင်းလှသည်။ မှတ်သားမကုန်နိုင်အောင် ရှိရသည်။ ပြောပြသူများကလည်း ကလေးဘဝ အတွေ့အကြုံများကို အားပါးတရ ပြောပြရှာသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူတို့ အတူစာသင်ခဲ့၊ ကစားခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း သူတို့၏စိတ်ထဲတွင် မနေ့တစ်နေ့ကပင် ပူပူနွေးနွေး ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ပြန်ပြောနေရသလို စိတ်တွင် ထင်မြင်နေကြဟန် ရှိသည်။ ပြောမဝနိုင်အောင်လည်း ရှိနေသည်။ နားထောင်ရသူအဖို့လည်း နားထောင်မဝ ဖြစ်ရသည်။ သူတို့သည် အတိတ်က မောင်အောင်ဆန်း၏ဖြစ်ရပ်များကို ပြောရမည်ဆိုလျှင် ဘယ်သောအခါမှ မောနိုင်ပန်းနိုင်မည် မဟုတ်ပေ။ သူတို့၏ မျက်နှာများမှာ ငယ်သွေးငယ်မူများ တက်ကြွနေသည်။ မျက်လုံးများကလည်း အရောင် တောက်နေသည်။ နားထောင်ရသူအဖို့လည်း သူတို့၏ ခံစားချက်များ၏ စိတ်ဓာတ် ကူးစက်ရိုက်ခတ်ကာ ဗိုလ်ချုပ်ငယ်စဉ်က အဖြစ်အပျက်များကို ကိုယ်တိုင်တွေ့ကြုံရသည့် ပမာ မျက်စိထဲတွင် မြင်ယောင်လာသည်။ စိတ်ထဲတွင် ခံစားမိလာစေပါသည်။

နတ်မောက်မြို့မှ ပြန်လည် ထွက်ခွာလာသော မီးရထားသည် တဂျုံးဂျုံး တဒိုင်းဒိုင်းဖြင့် အချိန်မှန်မှန် ခုတ်မောင်းလျက်ရှိသည်။ ကျယ်ပြန့်သော လယ်ကွင်းကြီးများနှင့်အတူ နတ်မောက်မြို့သည် တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့သည်။ နတ်မောက်မြို့သည် တဖြည်းဖြည်း ဝေး၍ နောက်ဆုံးတွင် ကျန်ရစ်ပျောက်ကွယ်ခဲ့ပေပြီ။ နတ်မောက်မြို့မှ ဝေး၍သွားသော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးဘဝ နေ့ရက်များသည် ကျွန်တော့်နှလုံးသားနှင့် ဦးနှောက်နှင့် တဖြည်းဖြည်း ပို၍ နီးကပ်လာခဲ့သည်။ သူ၏ ကလေးဘဝနေ့ရက်များသည် ကျွန်တော်၏ နှလုံးသားထဲတွင် ထာဝစဉ် စွဲထင်လျက် ရှိနေမည်ဖြစ်ပါသည်။ ။


ရွှေသွေး အမှတ် ၄ အတွဲ ၁၇ (ဇူလိုင်-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း

မိုးမင်း



နံနက်လင်း၍ အိမ်ပြတင်းတံခါးကို ဖွင့်လိုက်သည် ဆိုလျှင်ပင် ဆင်မလိုက် ဘတ်စ်ကားလမ်းဘက်မှ တစ်သုတ်ပြီး တစ်သုတ်၊ တစ်သိုက်ပြီး တစ်သိုက်ဆိုသလို ကျောင်းတက်ရန် လာနေကြသော ကျောင်းသား အမြောက်အမြားကို မြင်တွေ့ရပါသည်။ ကျောင်းသွားသည်ဖြစ်စေ၊ ကျောင်းပြန်သည်ဖြစ်စေ ကျွန်တော်၏ အိမ်ရှေ့လမ်းကိုသာ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုကြသည့်အတွက် သူတို့ကို နေ့တိုင်းပင် အာရုံစိုက်မိပါသည်။ သူတို့တစ် တွေကိုကြည့်ရင်း ရှုလို့မဆုံး၊ ကြည့်လို့မမုန်း ဆိုသလိုလည်း စိတ်တွင်းဝယ် အမြဲတစေ ခံစားမိပါသည်။

တစ်သက်တာအတွင်း ကျောင်းသားဘဝတည်းဟူသော အပိုင်းအခြားကာလသည် သာယာမှုနှင့်အတိပြီးသလို မျှော်လင့်ချက်လည်း အဆုံး မထင်အောင် ရှိနေသည့်ကာလပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျောင်းမှ ထွက်ခဲ့ပြီးနောက် ဆင်းရဲဒုက္ခအဖုံဖုံကို မျိုးစုံအောင် ထွေးလုံးရစ်ပတ်နှင့် အဆက်မပြတ် ခံစားနေရသူများကို မဆိုထားဘိ၊ လူ့လောကအလယ်တွင် တင့်ချင်တိုင်း တင့်၍ ဝင့်ချင်တိုင်းဝင့်နေနိုင်သူများပင် ဝေးလံစွာ ကျန်ရစ်ခဲ့ပြီးသော အတိတ်က ကျောင်းသားဘဝကို မမေ့နိုင်၊ မမေ့တတ်ကြောင်း ထုံးဟောင်းသာဓက အနတက္ကမ ရှိနေပေသည်။ ဤရွေ့ဤမျှအထိ ကျောင်းသားဘဝ၏ သာယာမှုသည် လေးနက်လှပါ၏။

ဤမျှလောက် အရေအတွက် များပြားလှသည့် ကျောင်းသားများအတွင်းမှ တိုင်းပြည်နှင့် လူမျိုး အသရေ မညှိုးအောင် မစ စောင့်ရှောက်မည့် ခေါင်းဆောင်ကြီးတွေ ဘယ်နှယောက်လောက် ပေါ်ထွက်လာမည်ကိုကား ခန့်မှန်း၍ မရနိုင်ပါ။ တွေးတော၍ မသိနိုင်ပါ။ သို့သော် ခေါင်းဆောင်လောင်းများတော့ ပါရှိနေမည်မှာ မလွဲဧကန် ဖြစ်ပါ၏။

သူတို့ကိုကြည့်ရင်းမှ အနှစ်နှစ်ဆယ်ကျော် ကာလက ကျောင်းသားဘဝကို ပြန်လည်သတိရမိပါသည်။ မိဘ၏အရိပ်ကို ခိုလှုံကာ မကြောင့်မကြ မတောင့်မတ နေခဲ့ရသည့် ဟိုတုန်းက ရွှေထီးဆောင်းဘဝကို မိုးကလေးက ညှိုညှိုတွင် လွမ်းစိတ်တွေပိုရင်းဖြင့် စားမြုံ့ပြန်နေမိပါသည်။

ကျောင်းသားအချင်းချင်း အတူတူနှင့် အနှုနှုမို့ ဘယ်သူက ဘယ်သူ့ထက် သာသည်ဟူ၍ ပြောရန် မဖြစ်သေးသည့်အချိန်၊ မိမိတို့ ရှိရင်းစွဲ အရောင်အသွေးကို ကြည့်၍ အကဲခတ်ရန် လုံးဝမဖြစ်နိုင်သည့် အချိန်ကာလမျိုးတွင် နောင်အခါ၌ ဗမာတစ်မျိုးသားလုံး၏ ခေါင်းဆောင်ကြီးအဖြစ်နှင့် လူတိုင်း၏ ချစ်ကြည်လေးစား အားကိုးအားထားပြုခြင်းခံရသည့် ပြည်တော်ချစ် ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် အောင်ဆန်းသည်လည်း ကျွန်တော်တို့နှင့်အတူ ရှိနေခဲ့ပါသည်။

ထိုစဉ်တုန်းက အောင်ဆန်း၏အရောင်အသွေးကိုသာ ကြည့်ရှု အကဲဖြတ်ရမည် ဆိုသော် စာတော်သူ တစ်ယောက်အဖြစ်နှင့် အင်္ဂလိပ်အစိုးရ၏ လက်အောက်တွင် မြို့အုပ် ဝန်ထောက်လောက်တော့ သေချာပေါက် ဖြစ်နိုင်မည်ဟု ဆိုရပေမည်။

ကျွန်တော်နှင့် အောင်ဆန်း၊ တစ်မြို့တည်းသားချင်း ဖြစ်ကြ၍ ဆွေမျိုးနီးစပ်လည်း တော်သည်။ တစ်ကျောင်းတည်းနေ၊ တစ်တန်းတည်း ပညာသင်ဖက်လည်း ဖြစ်ခဲ့သည်။ တစ်အိမ်တည်းနေ၊ ထမင်းတစ်ပွဲတည်းတွင် လက်ဆုံစား၊ စားပွဲတစ်လုံးတည်းတွင် စာကျက်၊ ကျောင်းတက်ကျောင်းဆင်း အတူတူ၊ လမ်းလျှောက်လျှင် မခွဲ၊ ဤသို့အားဖြင့် ကျောင်းနေချိန်မှ ကျောင်းထွက်ချိန်အထိ ဒွန်တွဲလျက်သာ ရှိခဲ့ကြသည်။ ဤသို့လျှင် ပင်ကိုက ရင်းနှီးခဲ့သူချင်းဖြစ်သည့်အလျောက် ဟိုက်စကူးကျောင်းသား အောင်ဆန်း၊ ကောလိပ်ကျောင်းသား ကိုအောင်ဆန်း၊ နိုင်ငံရေးသမား သခင်အောင်ဆန်း၊ ဂျပန်ခေတ် တပ်မတော်မှူးချုပ် ဗိုလ်ချုပ်အောင်ဆန်း၊ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်းဟူ၍ တစ်ဖြစ်ပြီးတစ်ဖြစ်၊ တစ်ဘဝပြီးတစ်ဘဝ ပြောင်းလဲတိုးတက်သွားသည့် အောင်ဆန်းအား နောက်မှနေ၍ လှမ်းမျှော်ကြည့်မိပါတော့သည်။

× × ×

**စာနင်းကန်ဖတ်သော အောင်ဆန်း**

၁၉၂၈ ခုနှစ်တွင် အောင်ဆန်းသည် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ၄ တန်းမှစ၍ ပညာသင်ကြားခဲ့သည်။ သို့သော် သူ၏ အင်္ဂလိပ်စာ အခံမှာ ၄ တန်း မကပါ။ နတ်မောက်တွင်ရှိစဉ်က အစ်ကိုဖြစ်သူများ၏ သင်ပြချက်ကို ခံယူခဲ့သောကြောင့်ဟု သိရပါသည်။

ထိုစဉ်က Candidate, qualify, distinguish, distinction, ehibition, honours, စသည့် စကားကြီး စကားကျယ်များကို အသက်အရွယ်၊ အတန်းနှင့် မလိုက်အောင် သိပြီးဖြစ်နေပါသည်။ ယူနီဗာစီတီကောလိပ်မှ

www.burmeseclassic.com

www.burmeseclassic.com



ဆရာများအမည်၊ နာမည်ကြီးကျောင်းသား ကျောင်းသူများ၏အမည်၊ ဒီနှစ် ဘီအေ အောင်သူ ဘယ်နှယောက်၊ အိုင်အေ အောင်သူ ဘယ်နှယောက်ဆိုသည်တို့ကိုလည်း ဒိုးခနဲ ဒက်ခနဲ ပြောနိုင်ပါသည်။

အောင်ဆန်းသည် ၁၉၃၀ ပြည့်နှစ်တွင် နောက်ဆုံးကျင်းပသည့် အစိုးရစစ် အင်္ဂလိပ်–မြန်မာ အလယ်တန်းစာမေးပွဲကို စကောလားရှစ်နှင့် အောင်မြင်ခဲ့သည်။ ၈တန်းသို့ ရောက်သည့်အခါ အစ်ကိုဖြစ်သူ ဆရာကိုဘဝင်း (ကွယ်လွန်သူဝန်ကြီးဦးဘဝင်း)က (Ivanhoe, Prisoner of Zenda) စသည့် စာမျက်နှာ ၉၀–၁၀၀ ခန့်ရှိ စာအုပ်ပါးကလေး ၁၀ အုပ်လောက်ကို အလွတ်သဘော လေ့လာရန် ဝယ်ပေးခဲ့သောကြောင့် အောင်ဆန်းသည် ရှိသမျှ စာအုပ်များကို တစ်လုံးမကျန် အကုန်ဖတ်ပြီး လေ့လာပြီးသည်အထိ အားထုတ်ခဲ့သည်။ စာဖတ်လျှင် အသံကိုဖွင့်၍ ပါးစပ်ကို မဲ့ကာရွဲ့ကာ ဖတ်တတ်သည်။

၁၉၃၂ ခုနှစ်၊ ကျွန်တော်တို့တစ်တွေ အမျိုးသားကျောင်း ၁၀ တန်းတွင် ရှိခဲ့စဉ်က ကျောင်းအုပ်ကြီး ဦးပု (ယခု Chief Inspector of Mines and Explosives) သည် အင်္ဂလိပ်စာပြချိန်တစ်ခု၌ Treasure Island (ရတနာသိုက်)စာအုပ်ကို သင်ကြားစဉ်ဖြစ်ပါသည်။ ထိုနေ့က အချီအချ စကားပြောခန်းများများ ပါသည့် အပိုင်းကို သင်ပြခြင်းဖြစ်၍ ဆရာကြီးဦးပု က ကျောင်းသားအချို့ကို မတ်တတ်ရပ်စေကာ သူ့အပိုင်းနှင့်သူ သတ်မှတ်ချက်ပေးပြီး ဖတ်စေပါသည်။ အသွင်အားဖြင့် အတန်းထဲတွင် ပြဇာတ်ခင်းပြနေသကဲ့သို့ ရှိပါသည်။ ဤအထဲတွင် အောင်ဆန်းနှင့် ကိုမော်သန်း(အင်းစိန် အင်ဂျင်နီယာကျောင်းမှ မြို့ပြ အင်ဂျင်နီယာစာမေးပွဲကို အောင်မြင်ပြီးနောက် အင်္ဂလိပ်လက်ထက်က ရေနံချောင်းမြို့တွင်ပင် အလုပ်လုပ်ရင်း ကွယ်လွန်ခဲ့သူ)တို့ ပါရှိပါသည်။

အောင်ဆန်းနှင့် ကိုမော်သန်းတို့က အပြန်အလှန် စကားပြောနေသည့်ပမာ တစ်လှည့်စီ ဖတ်ကြရာ၌ အောင်ဆန်းစာဖတ်ပုံကို ဆရာနှင့်တကွ ကျောင်းသားအားလုံး စိတ်ဝင်စားကြပြီး မကြာခဏ သူ့အား လှမ်းကြည့်မိကြပါသည်။ အောင်ဆန်းကား အားလုံးက သူ့ကို အာရုံစိုက်နေကြောင်း မသိဘဲ ပါးစပ်ကို မဲ့ကာ ရွဲ့ကာ သံနေသံထားနှင့် ဖတ်နေရင်းက "That's all what you are to hear my son" (ငါ့သား မင်းသိထားဖို့က ဒါတွေပဲကွဲ့) ဟူသော စာပိုဒ်သို့အရောက်တွင် တစ်တန်းလုံး တဟားဟားနှင့် ပွဲကျသွားခဲ့ပါသည်။ ပွဲကျသွားခြင်းမှာ အောင်ဆန်းက ကိုမော်သန်းကို ငါ့သားဟု တကယ်ခေါ်ပြီး တကယ်ပြောနေသလိုဖြစ်သွားသည့်အတွက်ပင် ဖြစ်ပါသည်။ ဤဖြစ်ရပ်ကို ထိုစဉ်က တစ်တန်းတည်းသားချင်းဖြစ်ခဲ့သည့် သခင် ခင်ဇော်နှင့် စစ်ရုံးချုပ် အင်ဂျင်နီယာဌာနမှ ဗိုလ်မှူးရီစ တို့ မှတ်မိကြမည်ဟု ယူဆပါသည်။

ဒီအကျင့်၊ ဒီဝါသနာမှာ ငယ်စဉ်ကပင် ရှိခဲ့သည့်အတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးနှင့် တူချင်တူနေမည်ဖြစ်သော်လည်း အတုခိုးခြင်းကား မဟုတ်ဟူ၍ ရဲဝံ့စွာပြောလိုပါသည်။ စာဖတ်ရာ၌ ခွဲကြီးလှသော အောင်ဆန်းသည် စာဖတ်နေခိုက်တွင် ခြင်ကိုက်သည်၊ ကြမ်းပိုးထိုးသည်တို့ကို အာရုံမပြုမိအောင်ပင် ဖြစ်တတ်သည်။ ဖတ်သည့်စာအုပ်တစ်အုပ်လုံး ဆုံးသွားသည်အထိ ထိုင်ရာမှ မထတတ်သည့် သူ့သဘောကို ကောလိပ်တွင် ကျောင်းနေဖက်ဖြစ်ခဲ့ဖူးသူအချို့က ဖော်ထုတ်ရေးသားခဲ့ဖူးပါပြီ။

အင်္ဂလိပ်စာ အရေးအသားနှင့်ပတ်သက်၍ "ဒီလူက နေရှယ်နယ်ကျောင်းက ထွက်လို့သာ...စိန်ပေါလ်ကများဆိုရင် အင်္ဂလိပ်တွေကိုတောင် ပြန်သင်မှာပဲ" ဟု အချို့က အောင်ဆန်းအပေါ်တွင် မှတ်ချက်ချကြသည်။

× × ×

## ထူးချွန်သူ လူတော်များ နှင့် ခေါင်းဆောင်ကြီးများကို ကြည်ညို လေးစားတတ်သူ အောင်ဆန်း

ထိုခေတ်အတွင်းက အခြားကျောင်းသားများနည်းတူပင် အောင်ဆန်းသည် ပညာဘက်တွင် ထူးချွန်သူ ဒေါက်တာဘမော်နှင့် ဒေါက်တာဘဟန် ညီအစ်ကို နှစ်ယောက်တို့ကို စိတ်ဝင်စားခဲ့ဖူး၏။ ဤညီအစ်ကို နှစ်ယောက်မှာ စာဖတ်ရန်အတွက် ရသမျှသော အချိန်တိုင်းကို လက်လွတ်မခံတတ်ပုံ၊ ဓာတ်ရထားစောင့်နေရင်း ဓာတ်ရထား မလာမီအချိန်အတွင်း စာအုပ်ကို ဖတ်နေတတ်ပုံ၊ ဓာတ်ရထားပေါ်တွင် စီးနင်းလိုက်ပါနေခိုက်မှာပင် စာအုပ်ကိုပင် အာရုံစူးစိုက်နေတတ်ပုံတို့ကို အောင်ဆန်း များစွာ သဘောကျခဲ့၏။ သို့သော် ရေနံချောင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် အောင်ဆန်း စာသင်နေဆဲကာလတွင် ဒေါက်တာဘမော်တို့လည်း ရေနံချောင်းသို့ မလာဘူး၊ အောင်ဆန်းလည်း ရန်ကုန်သို့ မရောက်ဘူးသဖြင့် ဒေါက်တာဘမော်၊ ဒေါက်တာဘဟန်တို့မှာ ဖြူလေသလား မည်းလေသလားဟုပင် အောင်ဆန်း မသိခဲ့ချေ။

ထိုကဲ့သို့ မသိမမြင် မတွေ့ဖူးသော ပုဂ္ဂိုလ်ကြီးများအပေါ်၌ အားကျလေးစားကာ တတ်နိုင်သမျှ စိတ်ဝင်စားခဲ့သော အောင်ဆန်းသည် ၁၉၄၆ ခုနှစ်က ရွှေတိဂုံဘုရား အနောက်မုခ်တွင် လူထုအစည်းအဝေးပွဲကြီးခေါ်ကာ ကွန်မြူနစ်ပါတီကို ဖဆပလအတွင်းမှ ဘာကြောင့် ထုတ်ပယ်လိုက်ရကြောင်း ရှင်းလင်းပြခဲ့ရာ၌ လူတစ်သိန်းကျော် တက်ရောက်ခဲ့သော်လည်း တစ်ချိန်တည်းတွင် ကန်တိုမင် ဥယျာဉ်အတွင်း ကျင်းပသော တစ်ကြိမ်က သူကိုယ်တိုင် လေးစားခဲ့သည့် ဒေါက်တာဘမော်၏ တရားပွဲသို့ လူအနည်းငယ်မျှသာ တက်ရောက်၍ ပွဲမစည်ခဲ့ကြောင်း တွေ့ခဲ့ရပေသည်။

× × ×

## ဦးဘဖေနှင့်အောင်ဆန်း

၁၉၃၂ ခုနှစ်တွင် ကျွန်တော်ရော၊ အောင်ဆန်းပါ ၁၀ တန်းတွင် သင်ကြားနေကြစဉ်၌ အိန္ဒိယနှင့် ဗမာခွဲရေး တွဲရေး ပြဿနာမှာလည်း အထွတ်အထိပ်သို့ ရောက်နေဆဲအချိန်ဖြစ်လေသည်။

၂၁ ဦးပါတီခေါင်းဆောင် ဦးဘဖေမှာ ခွဲရေးဘက်မှ လုံးပန်းနေခဲ့၏။ ဤကိစ္စအတွက် ဝါဒဖြန့်ရန် ရေနံချောင်းသို့ ဦးဘဖေ ဆိုက်ရောက်လာသည့်အခါ ကျွန်တော်တို့ တစ်ကျောင်းလုံး သွား၍ ကြိုဆိုခဲ့ကြပါသည်။ ဦးဘဖေမှာ ထိုစဉ်ကာလက ဗမာပြည်တွင် နာမည် အကျော်ကြားဆုံး၊ လူကြည်ညိုအများဆုံးသော ခေါင်းဆောင်ကြီးဖြစ်သည့်အတိုင်း ကျွန်တော်တို့ကဲ့သို့ ကြိုဆိုသူ အသင်းအပင်း အဖွဲ့အစည်းများမှာ မြို့ပေါ်တွင် မကျန်သလောက် များပြားလှပါသည်။

ကြိုဆိုရာတွင် မပါဝင်သော်လည်း နာမည်ကြီးသည့် ပုဂ္ဂိုလ်ကြီးအား မြင်ဖူးပါသည်ဟု ပြောဆိုနိုင်ရန် အရပ်ထဲမှ ထွက်၍ ကြည့်ကြသူများကလည်း ဒုနဲ့ဒေးဖြစ်ပါသည်။ လမ်းတွေပင် ပိတ်နေပါသည်။ သို့နှင့် ဦးဘဖေ၏ကားမှာ ရွှေကြာငုံရပ်ကွက် လမ်းထိပ်တွင် ရှေ့မဆက်နိုင်ဘဲ ရပ်နေရပါသည်။

ဦးဘဖေ၏ကားနောက်မှ လူအုပ်ကြီးနှင့်အတူ ၂ယောက်တစ်တွဲ စီတန်း၍ လိုက်ပါခဲ့ကြသည့် ကျွန်တော်နှင့် အောင်ဆန်းသည် စီတန်းနေရာမှ ထွက်ခဲ့ကြပြီး ဦးဘဖေ၏ ကားပတ်ဝန်းကျင်တွင် ကြိတ်ခဲနေသော လူအုပ်ထဲသို့ အတင်း တိုးဝင်ခဲ့ကြသည်။ ကားနားသို့ရောက်မှ နာမည်ကြီးသလောက်၊ ဂုဏ်သတင်းမွှေးပျံ့သလောက်၊ ဥပဓိရုပ်ကောင်းသော ဦးဘဖေမှာ အသားဖြူဖြူ၊ နှုတ်ခမ်းမွေးကျင်စွယ်နှင့် နံ့သာရောင် ခေါင်းပေါင်းကို အုပ်ပေါင်း ပေါင်းထားပြီး နံ့သာရောင် ပိုးရင်ဖုံးအင်္ကျီ၊ ငှက်ပျောနုသွေး ဘန်ကောက်လုံချည်တို့ကို သားနား သပ်ရပ်စွာ ဝတ်စား ဆင်ယင်လျက်ရှိသည်ကို တွေ့ရသည့်အတွက် ငေးစိုက်၍ နေခဲ့ကြပါ၏။

ထိုသို့ဖြစ်ပျက်ခဲ့ပြီး၍ ၁၃ နှစ်မျှသော အချိန်ကာလတို့ကို လွန်မြောက်ခဲ့ပြီးသည်တွင် ...

အောင်ဆန်းသည် ဗိုလ်ချုပ်အောင်ဆန်းဟူသော အမည်ဖြင့် ဗမာပြည်တွင်း၌သာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ပင် ဂုဏ်သတင်း ပျံ့သင်းလျက်ရှိနေချိန်၊ ဦးဘဖေမှာလည်း ဘဝဟောင်းမှ တစ်ဖြစ်ပြောင်းကာ ဘကြီးဘဖေဟူ၍ အားလုံးက ခေါ်ဝေါ်ပညတ် ဆိုစမှတ်ပြုလာသည့်အချိန်ဖြစ်သော ၁၉၄၅ ခုနှစ်တွင် ...

ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလ စည်းရုံးရေးအတွက် နယ်လှည့်တရားဟောထွက်ခဲ့စဉ် ဗိုလ်ချုပ်သွားလေရာသို့ ဒူးနာကြီးကြောင့် ထော့နဲ့ထော့နဲ့နှင့် ဖြစ်နေရှာသော ဘကြီးဘဖေသည် ပြောင်းဖူးပြုတ်၊ ငှက်ပျောသီးနှင့် ကန်စွန်းဥတို့ကိုသာ အာဟာရအဖြစ် မှီဝဲသုံးဆောင်ရင်း လိုက်ပါနေသည်ကို ကျောက်ဆည်မြို့ အရေးပိုင်ရုံးတွင် စာရေးအလုပ်နှင့် အရိုးထုတ်နေရသူ ကျွန်တော်က မြင်လိုက်ရ တွေ့လိုက်ရပါသည်။

× × ×

## နိုင်ငံရေးတွင် စိတ်ဝင်စားခဲ့သည့် အောင်ဆန်း

ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းရှိ ဆရာအားလုံးမှာ ၂၁ ဦးပါတီကို လိုလား ထောက်ခံနေကြသူများ ဖြစ်ခဲ့ကြ၏။ တစ်ခါတစ်ရံ အလျဉ်းသင့်သည့်

www.burmeseclassic.com

www.burmeseclassic.com



အခါ ၁၀ တန်းကျောင်းသားများအား ၂၁ ဦးပါတီ အကြောင်း ဦးဘဖေ၏ အရည်အချင်းနှင့် စပ်လျဉ်းသည် တို့ကို ဆရာများက ပြောပြလေ့ရှိသဖြင့် အတော်အသင့် သိထားခဲ့ကြ၏။

ကျောင်းသားသမဂ္ဂကို ဆရာများက ကမကထပြု၍ ဖွဲ့စည်းပေး၏။ ကျောင်းသားများ၏ အရည်အချင်း တိုးတက်ရာ တိုးတက်ကြောင်းလုပ်ငန်းများကို ဆောင်ရွက်စေခဲ့၏။ ဆရာများက ဖေးမ ကူညီခဲ့၏။

အမျိုးသားကျောင်းတွင် ပညာရင်နို့ သောက်စို့ခဲ့ကြသူများဖြစ်သည်နှင့်အညီ အမျိုးသားစိတ် ရှိခဲ့ကြ၏။

မြို့ပေါ်ရှိ သမ္မတ ဦးစိုးသိမ်းစသည့် ဝံသာနု နိုင်ငံရေးခေါင်းဆောင်ကြီးများ၏ တရားပွဲများကလည်း မြို့လယ်ရှိ လယ်ပေါ် ကျောင်းဝိုင်းအတွင်း တစ်ခါတစ်ရံ မြို့မဈေးမြောက်ဘက်ရှိ ရတနာမဥ္ဇူ ဘုရားကုန်းတော်ပေါ်တွင် အပတ်စဉ် ရှိနေခဲ့သည်။ ဤသို့သော ပတ်ဝန်းကျင်များအတွင်း ရောက်ရှိတွေ့ထိနေခဲ့သည့် အောင်ဆန်းသည် နိုင်ငံရေးကိစ္စများတွင် စိတ်ပါဝင်စားခဲ့၏။ အဖွဲ့အစည်းစိတ် ရှိခဲ့၏။

ထိုသို့ အခြေခံ ပါရှိခဲ့ခြင်းကြောင့်လည်း ကောလိပ်သပိတ် စသော ကျောင်းသားလှုပ်ရှားမှုများအတွင်း ပါဝင်ကာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရပေသည်။ အထူးခြားဆုံးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ အရည်အချင်းမှာ တစ်သက်တာ ပတ်လုံး ညီညွတ်ရေးစိတ်ဓာတ် ကိန်းအောင်းခဲ့ခြင်းဖြစ်၏။ သူ၏ ခေါင်းဆောင်မှုအောက်တွင် ကျောင်းသားသမဂ္ဂအတွင်း အက်ကြောင်းမထင်ခြင်းမှာ သူ၏ ကြီးမားကြွခိုင်သော နှလုံးရည်ကို ဖော်ပြရာ ပထမဆုံး မှတ်ကျောက်ပင် ဖြစ်တော့သည်။

ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂကို ကျောင်းသားဘဝနှင့်ပင် အကောင်အထည်ဖော်ခဲ့၏။ နောက်မှ ကျွန်ဘဝတွင် ကျောင်းသားလောက၏ ဖွံ့ဖြိုး တိုးတက်မှုကို မျှော်လင့်၍ ကျောင်းသားဘဝနှင့် လုပ်ငန်းဆောင်ရွက်ခြင်းကား အချည်းနှီးသာ ဖြစ်သည်။ နိုင်ငံရေးလောကထဲသို့ ခြေစုံပစ်ဝင်ပြီး တိုင်းပြည်နှင့် လူမျိုး လွတ်လပ်သည်အထိ အသက်ပေး ဆောင်ရွက်မှသာ ကျောင်းသားအရေးလည်း ပြီးမြောက်နိုင်တော့မည်ဟု ကျောင်းမှ ထွက်လိုက်သည်။

နိုင်ငံရေးသမားဘဝသို့ ကူးပြောင်းခဲ့ရာ၌ ညီညွတ်ရေး စိတ်ဓာတ် ကိန်းအောင်းနေသူ ဖြစ်သည့်အတိုင်း ညီညွတ်ရေး၏ အန္တရာယ်ဖြစ်သော ကိုယ်ကျိုးရှာမှု၊ တစ်ကိုယ်ကောင်းကြံမှု၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှု၊ ငါ့ပါတီမှငါ့ပါတီဟူသော အယူအဆပြင်းထန်မှု၊ လိမ်လည်မှု၊ ကောက်ကျစ်မှု၊ စဉ်းလဲမှု၊ လျှို့ဝှက်မှု၊ ဟန်ဆောင်မှု စသည်တို့ကို အကြွင်းမဲ့ သုတ်သင် ပယ်ရှားနိုင်ခဲ့သည်။

ထို့ကြောင့်လည်း အဖွဲ့အစည်းတိုင်းကို အသိအမှတ်ပြုသည်။ ဦးဘဖေ၊ ဂဠုန်ဦးစော၊ သခင်စိုး၊ သခင်သန်းထွန်း စသည့် ခေါင်းဆောင်ကြီးများကိုလည်း တန်ဖိုးထား၍ ဖဆပလအတွင်း နေရာပေးခဲ့သည်။ ဖဆပလ အဖွဲ့ချုပ်ကို စတင်တည်ထောင်သည့်အခါ၌ ငါသာ ခေါင်းဆောင်လုပ်မည်ဟူသော သဘောမျိုးကင်းမဲ့စွာဖြင့် သခင်စိုးကြီးကိုပင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ထောက်ခံခဲ့၏။ ကိုယ်တိုင်အဆိုသွင်းခဲ့သည်၊ တိုက်တွန်းခဲ့သည်။

ဂိုဏ်းဂဏစိတ်နှင့် ဟိုတစ်ကွဲ၊ သည်တစ်ကွဲ ဆိုသလို အင်အားစုတွေ ဖရိုဖရဲ ဖြစ်မသွားရေးမှာ ဗိုလ်ချုပ်အောင်ဆန်း ၏အဓိကဆန္ဒဖြစ်မည်။ ထိုဆန္ဒနှင့်အညီ အကောင်အထည်ပေါ်ပေါက်လာရန်လည်း ကြိုးစားခဲ့သည်။

ပုလိပ်အရာရှိတစ်ဦးက အောက်ပါအတိုင်း ပြောခဲ့ဖူးသည်ကို အမှတ်ရမိလာသည်။

*"ကျွန်တော် အရင်က ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်လိုကြည်ညိုရမှန်း မသိခဲ့ဘူး။ သာစည်မှာတုန်းက သူ့တရား သွား နာကြည့်တယ် ... ဟာ ... ဒီတော့မှ တကယ်ကြည်ညိုစရာကောင်းတဲ့လူမှန်း သိတော့တယ်ဗျာ ... သူက သူ့ဖဆပလမှ ကောင်းတယ်ဆိုတဲ့ သဘောမဟုတ်ဘူး .. အဲဒီနေ့က သူ ပြောတာက 'ဖဆပလကို ကြည်ညိုရင် ဖဆပလထဲ ဝင်လုပ်၊ ကွန်မြူနစ်ကို ကြည်ညိုရင် ကွန်မြူနစ်ပါတီထဲ ဝင်လုပ်၊ ဗမာပြည်ဟာ ကျွန်ဘဝက မလွတ်သေးဘူး ... အားလုံး အလုပ်လုပ်ဖို့ လိုတယ်။ ဘယ်အထဲ ဝင်လုပ်လုပ်၊ ကောင်းတာချည်းပဲ၊ ဘေးတော့ ထွက်ထိုင် မနေကြနဲ့ ... ဗမာပြည် လွတ်လပ်ရေး ရအောင် ဖဆပလ ကသာ လုပ်နိုင်တယ်ဆိုတဲ့ သဘောထား ကျုပ်မှာမရှိဘူး။ ကွန်မြူနစ်တွေလုပ်လို့ လွတ်လပ်*

www.burmeseclassic.com

www.burmeseclassic.com



*ရေးရရင်လည်း ဝမ်းသာတာပဲ။ အဓိကဖြစ်တာက ကျုပ်တို့ရဲ့ လွတ်လပ်ရေးပဲ' တဲ့။ ဒါကြောင့် အခု သူ့ကို ကျွန် တော် ကြည်ညိုလာပြီလေ"*

ပင်လုံကွန်ဖရင့်တွင် တစ်ကြိမ် တစ်ခါတည်းနှင့် ပင်လုံစာချုပ်ကို အကောင်အထည်ဖော်ကာ တိုင်းရင်းသားလူမျိုးစု အားလုံးအား ဗမာပြည်မကြီးနှင့် တစ်သားတည်းဖြစ်အောင် ဆက်စပ်နိုင်ခဲ့ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်းသည် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေး၏ တန်ဖိုးကို အဆုံးအဆမရှိ သိမြင်ကြောင်းကို ဖော်ပြသည့် အခြားသာဓကတစ်ခုပင် ဖြစ်၏။

× × ×

**တကယ့်ခေါင်းဆောင်ကြီးဦးအောင်ဆန်း**

"သူကြီးဖြစ်မယ့်ကောင် သျှောင်ကလေးပြောင်လို့" ဟူသော စကားအတိုင်း ဗမာ့ရာဇဝင် အခန်းကဏ္ဍသစ်ကို ရေးသူအဖြစ် ပေါ်ထွက်လာမည့် အောင်ဆန်းသည် ငယ်စဉ်မှစ၍ မဖြစ်ညစ်ကျယ်လုပ်တတ်သည့်သဘောကင်း၏။ မရောင်ရာ ဆီလိမ်းခြင်းမျိုးကိုလည်း စက်ဆုပ်၏။ ဘာမဟုတ်သည့်အရာတွင် အသားယူခြင်း၊ ဂုဏ်ယူခြင်းမျိုး လုပ်တတ်ဖို့ဝေးစွ ... တကယ့် ကြီးကျယ်မြင့်မြတ်သော အောင်မြင်မှုများအတွက်ပင် ဟိတ်ကြီးဟန်ကြီးမလုပ်၊ ခပ်ကုပ်ကုပ်ပင် နေခဲ့၏။

ပတ်ဝန်းကျင်ကို အလေးမမူသည့် ဟိုက်စကူးကျောင်းသား အောင်ဆန်းသည် တစ်နေ့ရာရာတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရင်းက ရုတ်တရက် ခါးထောက်ကာ ရပ်ပြီး ဦးခေါင်းကို တစ်ဖက်သို့ ခပ်စောင်းစောင်း ထားလိုက်ကာ အဝေးမှ သဲ့သဲ့မျှသာ ကြားနေရသော အသံတစ်ခုကို နားစွင့်သည့်ပမာ ငိုင်နေတတ်သည်။

တစ်စုံတစ်ယောက်က အောင်ဆန်းဟု လှမ်းခေါ်လိုက်သော် ရုတ်တရက် မကြားတတ်၊ ကြား၍ လှည့်ကြည့်ပြန်လျှင်လည်း မေးသည်ကို ပြန်မပြောတတ်၊ ပြောပြန်သော် စကားပလ္လင်မခံဘဲ လိုရင်းကို တဲ့တိုးပြောတတ်သည်။ တစ်ခါတစ်ရံ မေးသူကို ကျောပေး၍ ခေါင်းယမ်းပြတတ်သေးသည်။

ဤသို့ပင် အူကြောင်ကြောင် အလုပ်မျိုးကိုသာ လုပ်ခဲ့သည့် အောင်ဆန်းကို ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသည့်အခါ လူတွေက ကြောက်ကြသည်။ တိုတောင်းသော်လည်း အမှန်ကိုသာ ပြောပြတတ်သည့်အတွက် သူ့အား ယုံကြည်ကြသည်၊ အားကိုးကြသည်။ နောက်ဆုံးတော့ အူကြောင်ကြောင် လုပ်တာကိုပင် သဘောကျနေကြတော့သည်။

တကယ်တော့ အူကြောင်ကြောင် လုပ်သည်မဟုတ်ပါ။ ဗမာ့လွတ်လပ်ရေးတာဝန်ကြီးမားသည့်အလျောက် နည်းကောင်း လမ်းကောင်းတွေကို ရှာဖွေကြံဆနေခြင်းဖြစ်သည့်အတွက် ပေါ့ပေါ့တန်တန်နှင့် အမှတ်မထင် ကြည်လင်ရွှင်ပျနေကြသူများလို မနေနိုင်ခြင်းသာ ဖြစ်ပါသည်။

တိုင်းပြည်နှင့် လူမျိုးအကျိုးကိုသာ အစဉ်သဖြင့် စိတ်ဝင်စားသူဖြစ်ခြင်းကြောင့် တစ်စုံတစ်ဦးအား အငြိုးထား၍ မျက်မာန်တင်းသည့် သဘောမျိုးဖြင့် တမင်ကြည့်ခြင်းမျိုး မဟုတ်နိုင်ပါ။ သူ့အိမ်တွင် အဆင့်အတန်းမရွေး လူတွေ ခြေချင်းထပ်အောင် ဝင်ထွက်နေကြသည့် အချက်က ဗိုလ်ချုပ်သည် ကြောက်စရာမဟုတ်ကြောင်း ထင်ရှားစေပေသတည်း။ ။

မြဝတီ၊ အတွဲ ၄၊ အမှတ် ၉ (ဇူလိုင်-၁၉၅၅)

www.burmeseclassic.com



# ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း

## ဇေယျာစိုး

[၁]

ရတနာပုံနေပြည်တော်ဟု ခေါ်တွင်သော မန္တလေးမြို့သည် နွေရာသီတပေါင်းလတွင် ပူအိုက်လှသလောက် ဆောင်းရာသီ ပြာသိုတွင် မေးချင်းရိုက်၍ အရိုးခိုက်အောင် အေး၏။ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ၊ မြန်မာလို ပြာသိုလ၏ တစ်နေ့သောနံနက်မိုးသောက်ချိန် နှင်းတစ်ပေါက်ပေါက်ကျလျက်ရှိစဉ် ကျွန်တော်သည် အိမ်တော်ရာ ဘုရားတန်ဆောင်းထဲ၌ သပိတ်မှောက် ကျောင်းသားခေါင်းဆောင်များနှင့် ခေါင်းချင်းရိုက်၍ ဆွေးနွေးနေကြ၏။ သပိတ်မှောက်ကျောင်းသားများမှာ အစိုးရဆရာဖြစ်သင်ကျောင်း၊ နော်မန်ကျောင်းဟု ခေါ်သော မူလတန်းဆရာဖြစ်သင်ကျောင်းမှ ဖြစ်လေသည်။ ကျောင်းသားတစ်ရာ့ငါးဆယ်ခန့်တို့သည် ကျောင်းဆရာများ၏ ဘက်လိုက်မှုကို မကျေနပ်၍ သက်ဆိုင်ရာသို့ တိုင်ကြားသော်လည်း အရေးမယူသဖြင့် သပိတ်လက်နက် စွဲကိုင်၍ သပိတ်မှောက်လာပြီး အိမ်တော်ရာဘုရားအတွင်း သပိတ်စခန်းချနေစဉ်ဖြစ်ပေသည်။

ကျွန်တော့်မှာ ထိုအချိန်က မန္တလေးဥပစာ ကောလိပ်ကျောင်းသားသမဂ္ဂ၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ မန္တလေး မြို့လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေရ၏။ တာဝန်ရှိသည့်အတိုင်း နော်မန်ကျောင်းသားများ၏ သပိတ်စခန်းသို့ ရောက်ရှိနေပြီးလျှင် ပြာသိုလ၏ အေးချမ်းလှသည့် နံနက် ဝေလီဝေလင်းအချိန်တွင် ကျောင်းသားခေါင်းဆောင်များနှင့် ဆွေးနွေးနေရခြင်းဖြစ်ပေသည်။ ဆွေးနွေးပွဲမှာ မနေ့ညကတည်းက ဆွေးနွေးခဲ့ရာ မပြီးပြတ်သေးသဖြင့် မိုးလင်းလုဆဲ ဝေလီဝေလင်းအချိန်အထိ ဆက်လက်ဆွေးနွေးနေခြင်းဖြစ်သည်။ သပိတ်အရေးကိစ္စများ အပူတပြင်းဖြစ်နေသဖြင့် ဆောင်း၏အအေးကိုပင် ကျွန်တော်တို့ သတိမထားမိလိုက်ပေ။ လွန်ခဲ့သည့်နေ့က ကျွန်တော်သည် ကျောင်းသားခေါင်းဆောင်များနှင့်အတူ နော်မန်ကျောင်း ကျောင်းအုပ်ကြီး ဦးတင့်ဆွေထံသို့ သွားရောက်ခဲ့၏။ ကျောင်းသားများ၏ မကျေနပ်ချက်ကို တင်ပြ၏။ သက်ဆိုင်ရာ ကျောင်းဆရာများကို အရေးယူပေးရန် တောင်းဆို၏။ သို့သော် ကျောင်းအုပ်ကြီး ဦးတင့်ဆွေ၏ အဖြေကား ... "သပိတ်လှန်ပါ၊ ကျောင်းပြန်တက်ပါ၊ ကျောင်းသားများ လိုအပ်ချက်အတိုင်း သက်ဆိုင်ရာ ဆရာများကို စုံစမ်းစစ်ဆေး အရေးယူပေးပါမည်" ဟု ထပ်တလဲလဲ ပြောနေပေ၏။ သူ၏အဖြေကား ရှင်း၍



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ထိုအဖြေကို ကျောင်းသားများက လက်မခံ၊ ကျောင်းဆရာတွေကို အရေးယူပြမှသာ သပိတ်လှန်မည် ဖြစ်နေကြ၏။

ကျောင်းသားများသည် ဗြိတိသျှနယ်ချဲ့ကို သပိတ်လက်နက်ကိုင်စွဲကာ အာဏာဖီဆန်ခဲ့၏။ ၁၉၃၅–၃၆ ခုနှစ် အထွေထွေကျောင်းသားသပိတ်တွင် ဗြိတိသျှနယ်ချဲ့တို့ ဒူးတုန်ခဲ့၏။ ထိုသပိတ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ထုတ်ပြန်သော အိုးဝေမဂ္ဂဇင်းပါ ဆောင်းပါးရှင် ကိုညိုမြ၏ ရေးသားချက်ကို ရန်ကုန်တက္ကသိုလ် ကျောင်းအာဏာပိုင်များ မကျေနပ်သည်မှ အစ၊ အယ်ဒီတာ ကိုအောင်ဆန်းအား ကျောင်းမှ ထုတ်ပယ်သည်ကို အကြောင်းပြု၍ သပိတ်မှောက်ခဲ့၏။ ယခုမူ ကိုအောင်ဆန်းသည် မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဖြစ်နေပေသည်။ သို့သော် ၁၉၃၈ ခုနှစ်အတွက် ဥက္ကဋ္ဌ ကိုအောင်ဆန်း၏ လမ်းစဉ်မှာ သပိတ်မှောက်ခြင်းများကို ခေတ္တ ရပ်ဆိုင်းထားရန်ဖြစ်သည်။ ကျွန်တော်တို့ကိုလည်း သပိတ်လက်နက်ကို အရမ်း မသုံးစွဲရန် ညွှန်ကြားထားပြီးဖြစ်သည်။

ယခု မန္တလေးနော်မန်ကျောင်းသပိတ်ကား အထက်ပါလမ်းစဉ်နှင့် မညီသော သပိတ်ဖြစ်၍ စေ့စပ် ပြေငြိမ်းရန် ဥက္ကဋ္ဌထံမှ ညွှန်ကြားထားချက်ရှိသဖြင့် ကျွန်တော့်မှာ မည်သို့လုပ်ဆောင်ရမည်ကိုပင် မသိအောင် အခက်အခဲနှင့် ကြုံနေရပေသည်။ ကျောင်းသားခေါင်းဆောင်များနှင့် ထိုနေ့ညတစ်ညလုံး ဆွေးနွေးရာ နောက်တစ်နေ့နံနက်သို့ပင် ရောက်ရှိခဲ့သော်လည်း ဆုံးဖြတ်ချက်ဘာမျှချ၍မရသေးချေ။ ဦးတင့်ဆွေ၏ကတိကို အတွင်းရေးမှူးက တာဝန်ယူနိုင်ပါမလားဟု ကျောင်းသားသပိတ်ခေါင်းဆောင်၏အမေးကို ကျွန်တော် မဖြေနိုင်။ သို့နှင့် နောက်ဆုံး မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်းနှင့်တွေ့ဆုံ၍ သူ၏အကူအညီကို တောင်းရန်ဟူသော လမ်းစဉ်ကို ကျွန်တော်တို့ ဆုံးဖြတ်ချက် ချမှတ်လိုက်ရပေသည်။

[၂]

ကျွန်တော်သည် ထိုနေ့တွင် သမဂ္ဂအဖွဲ့ဝင်များအား အရေးပေါ် အစည်းအဝေးခေါ်၍ အစီရင်ခံပြီး ညနေ ၄နာရီ ရထားဖြင့် ရန်ကုန်သို့ လိုက်လာခဲ့သည်။

နောက်တစ်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် သထုံကျောင်းဆောင်အတွင်းရှိ ကိုအောင်ဆန်း၏အခန်းသို့ ရောက်လာခဲ့၏။ ကိုအောင်ဆန်း၏အခန်းတံခါးပိတ်နေသဖြင့် အခန်းဘေးက ကျောင်းသားကြီးကိုမေးရာ "ဩ ... ကိုအောင်ဆန်းလား ... အခန်းမှာ မရှိရင် သမဂ္ဂရုံးခန်းကိုသွား၊ အဲဒီမှာ အမြဲရှိတယ်" ဆို၍ ကျွန်တော် လိုက်သွားရာ ကိုအောင်ဆန်းမှာ သမဂ္ဂကျောင်းဆောင်အပေါ်ထပ် ဥက္ကဋ္ဌစားပွဲတွင် စာရေးနေသည်ကို တွေ့ရပေသည်။ ကျွန်တော့်အား တွေ့လျှင် အတန်ကြာ ကြည့်နေပြီ ... "ခင်ဗျား ကိုတင်စိုး မဟုတ်လား" ဟု နှုတ်ဆက်၍ "ထိုင်ပါ" ဟု နေရာပေးသဖြင့် ကျွန်တော်သည် ထိုင်ရင်း ခရီးရောက်မဆိုက် လာခဲ့သည့်ကိစ္စကို အစအဆုံး သူ့ကို ရှင်းပြနေမိသည်။ ကိုအောင်ဆန်းသည် ဖောင်တိန်ကိုချ၍ စကားတစ်ခွန်းမှ မပြောဘဲ ကျွန်တော်ပြောပြသမျှကို နားထောင်နေလေတော့၏။ ကျွန်တော်လည်း သူ့အကဲကိုခတ်ရင်း သူ မန္တလေးကို လိုက်ပြီးဖြေရှင်းမှ ပြီးနိုင်မည့်အကြောင်းကို သဘောပေါက်လာအောင် တင်ပြရပေတော့သည်။

ကျွန်တော်၏ရည်ရွယ်ချက်မှာ ရန်ကုန်ရောက်လျှင် ဥက္ကဋ္ဌနဲ့ ဆွေးနွေးအကျိုးအကြောင်းပြောဆိုတင်ပြပြီးလျှင် မိတ်ဆွေများထံ ခေတ္တ လည်ပတ်၍ နက်ဖြန်ညနေရထားနှင့် မန္တလေးသို့ ကိုအောင်ဆန်းကိုပါ ခေါ်ပြီးပြန်မည်ဟု မိမိ လုပ်ငန်းစဉ်ကို သတ်မှတ်ခဲ့၏။ သို့သော် မတုန်မလှုပ်နှင့် နားထောင်နေသော ဥက္ကဋ္ဌကြီး ကိုအောင်ဆန်းသည် ကျွန်တော့်စကား ဆုံးလိုက်သည်နှင့် "ကိုင်း ဒါဖြင့် ညနေ (၄)နာရီ ရထားနဲ့လိုက်မယ်ဗျာ ... ခင်ဗျား ကျွန်တော်နဲ့ လိုက်ပြီး ထမင်းစား" ဟု ပြောပြောဆိုဆို ထ၍ ကျွန်တော့်ကိုမကြည့်ဘဲ ထွက်သွားပါတော့သည်။ ကျွန်တော် မမျှော်လင့်သော စကားကို ကြား၍ ကျွန်တော့်မှာ ကြက်သေ သေနေမိ၏။ ထို့နောက် ကျွန်တော်သည် သူ့နောက်သို့ ကပျာကယာလိုက်ရပါတော့သည်။ "ကျွန်တော်နဲ့ ထမင်းစား လိုက်ခဲ့ပေတော့" ဆိုသဖြင့် သမဂ္ဂဆိုင်တွင် ကျွန်တော့်အား ထမင်းကျွေးမည်ဟု ထင်မိသမျှ တက်တက်စင်အောင် လွဲပေတော့သည်။ သူသည် ကျွန်တော့်အား သထုံကျောင်းဆောင်

www.burmeseclassic.com



ကို ပြန်၍ ထမင်းစားဆောင် အပေါ်ထပ်ကို ခေါ်သွားပြီး လျှင် သူ့ထမင်းစားပွဲမှ ကျောင်းထမင်းကို ကျွေးပါတော့သည်။ ထမင်းစားအဆောင်အထိ သွားသောခရီးတစ်ထောက်တွင် သူသည် ကျွန်တော့်အား စကားတစ်ခွန်းမှ မပြောပါ။ မည်သူ့ကိုမျှ စကားမပြောဘဲ လမ်း၏အလယ် တည့်တည့်မှ ရှေ့တည့်တည့် ကြည့်ပြီး ထမင်းစားဆောင် အရောက် လမ်းလျှောက်လာခဲ့ပေသည်။ လမ်းတွင် မည်သူ့ကိုမှ လမ်းဖယ်မပေးခဲ့ပါ။ တခြားသူများကသာ သူ့ကို ဖယ်ပေးပြီး သွားကြပါသည်။ ကျွန်တော်လည်း လမ်းဖယ်၍ သွားသော ကျောင်းသားများကို များစွာ အားနာမိပါသည်။

သူနှင့်အတူ ထမင်းစားပြီးနောက် ကျွန်တော်က "ညနေမီးရထားကို ခင်ဗျားဘာသာ ဆင်းလာမလား၊ ကျွန်တော် လာခေါ်ရမလား၊ ခင်ဗျားအတွက် ရထား လက်မှတ် ကျွန်တော် ဝယ်ထားရမလား" ဟု မေးရာ "ကျွန်တော့်အတွက် လက်မှတ်လည်း မဝယ်ပါနဲ့။ ကျွန်တော့်ဘာသာ လာခဲ့ပါ့မယ်။ ကိုဘဟိန်းကို လိုက်ပို့ ခိုင်းမယ်"ဟု ပြောပါသည်။ နောက်ထပ် မပြောတော့ပါ။ ဤသို့ဖြင့် စကားပြီးဆုံးသွားပေသည်။ ကျွန်တော်လည်း "သွားတော့မယ်၊ ရထားမှာ ဆုံမယ်" ဟု ပြောပြီး ထွက်လာခဲ့ပါသည်။

နက်ဖြန်မှ မန္တလေးပြန်ရန် အစီအစဉ်ပျက်ပြီး လည်ပတ်ချိန်မရသဖြင့် ကျွန်တော်သည် စိတ်ပျက်ပျက်နှင့် သူငယ်ချင်းတွေ လိုက်နှုတ်ဆက်ပြီး မြို့ထဲသွား၍ ဂလုပ်ရုံတွင် ရုပ်ရှင်ဝင်ကြည့်ပါသည်။ ရုပ်ရှင်မှထွက်လျှင် ကွမ်းခြံဘူတာသို့ လာပြီးစောင့်နေပါသည်။ ကိုအောင်ဆန်း မပေါ်လာသေးပါ။ မီးရထားတွဲ ထိုးသဖြင့် ကျွန်တော်သည် တတိယတန်းတွင် နေရာယူထားလိုက်ပါသည်။ မျက်နှာချင်းဆိုင် ခုံတန်းနှစ်ခုကို အိပ်ရာလိပ်ဖြင့် ခင်းထား၍ နေရာဦးထားလိုက်ပါသည်။ ကိုအောင်ဆန်းမှာ မီးရထားမထွက်ခင် ၁၀ မိနစ်အလိုတွင် ဘူတာရုံသို့ ဝင်လာသည်။ ကိုဘဟိန်းက လိုက်ပို့သည်။ ကိုဘဟိန်းက ကျွန်တော့်အား "ကိုယ့်ဆရာရေ ... ကြည့်ခေါ်သွားပေတော့" ဟု ပြောပြီး နှုတ်ဆက်ထွက်သွားပါသည်။ သူထွက်မသွားမီ ကိုအောင်ဆန်းလက်ထဲသို့ ငွေငါးကျပ်ထည့်လိုက်သည်ကိုလည်း မြင်လိုက်ရပါသည်။ "အင်း ... ဒီလူ မန္တလေးကို လိုက်လာတာ ဒီငွေ ငါးကျပ်ဟာ အရေးကုန်ပဲထင်တယ်" ဟု ယူဆမိပါသည်။

မီးရထားပေါ်ရောက်၍ မျက်နှာချင်းဆိုင် ထိုင်မိလျှင် ကျွန်တော်က ကိုအောင်ဆန်းကို အကဲခတ်မိပါသည်။ သူ့တွင် ဘာပစ္စည်းမှ ပါလာသည်ကို မတွေ့ရပါ။ သူ့မှာ ပင်နီအပေါ်အင်္ကျီကိုဝတ်၍ ယောလုံချည်နှင့် လွယ်အိတ်တစ်လုံး၊ ဖောင်တိန်တစ်ချောင်း၊ ဖိနပ်တစ်ရန်သာ ပါလာသည်ကို တွေ့ရှိရပါသည်။ "ခင်ဗျား အိပ်ရာလိပ် မပါခဲ့ဘူးပေါ့" ဟု မေးရာ "မပါဘူးဗျာ ... ကိစ္စမရှိပါဘူး ... ကျွန်တော် မအိပ်ဘူး၊ မန္တလေးရောက်မှ အိပ်မယ်" ဟု ပြောပါသည်။ ကျွန်တော်က အနွေးထည် မပါဘူးလား ... စောင် မပါဘူးလားဟု မေးရာ "ကိစ္စမရှိပါဘူး ... ပင်နီအင်္ကျီက နွေးပါတယ်" ဟု ပြောပါသည်။ ကျွန်တော့်မှာ သူ့အတွက် အတော်စိတ်အိုက်မိပါသည်။ ရထားမှာ မန္တလေးသို့ နံနက်ဝေလီဝေလင်း အချိန်တွင် ရောက်လေ့ရှိသဖြင့် "ဒီလူတော့ အေးတာနဲ့ မေးချင်းရိုက်တော့မယ်" ဟု တွေး၍ သနားမိပါသည်။

မီးရထားထွက်လျှင် ကိုအောင်ဆန်းသည် သူ၏ လွယ်အိတ်ထဲမှ စာတွဲကို ထုတ်၍ စာရေးပါတော့သည်။ ဘာတွေရေးသည်ကို ကျွန်တော် မကြည့်တော့ပါ။ ကျွန်တော်လည်း အိပ်ရေးပျက်သဖြင့် အိပ်လိုက်လာခဲ့ပါသည်။ ပဲခူးသို့ ရထားဆိုက်သဖြင့် ထမင်းထုပ်ဝယ်ရန် ကိုအောင်ဆန်းကို လှမ်း၍ "ဘာဟင်းစားမလဲ" ဟု မေးရာ ဘာဟင်းဖြစ်ဖြစ်ဟု ပြောသဖြင့် ကြက်သားဟင်း၊ ဘဲဥပြုတ်ပါသော ထမင်းနှစ်ထုပ် ဝယ်လိုက်သည်။ ငါးကြော်တွေ့၍ ကျွန်တော်က "ခင်ဗျား ငါးကြော် စားသလား" ဟု မေးရာ "ကောင်းသားပဲ" ဟု ဆိုသဖြင့် ဝယ်ရပြန်ပါသည်။ ကျွန်တော်က ငါးကြော်တစ်ကောင် စား၍ ကိုအောင်ဆန်းကို ငါးကြော်စားရန်ပြောရာ ခေါင်းညိတ်သော်လည်း ငါးကြော်ကိုမူ ယူမစားပေ။ ကျွန်တော်တို့ ထမင်းစားပြီးနောက် ငါးကြော်များ ကျန်နေသဖြင့် လွှင့်ပစ်ရလျှင်ကောင်းမည်ဟု လွှင့်ပစ်မည်လုပ်နေစဉ် "လွှင့်မပစ်ပါနဲ့ဗျာ ... ကျွန်တော့်ကိုပေး" ဆိုပြီး ဖက်ဖြင့်ထုပ်ထားသော ငါးကြော်ကိုယူ၍ ခေါင်းရင်းပိုင်းထောင့် အနီးတွင် တင်ထားလိုက်သည်ကို တွေ့ရပါသည်။ ကျွန်တော်လည်း ထမင်းစားပြီး၍ ဆေးလိပ်သောက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဆန်းအကြောင်းစဉ်းစားနေမိပါသည်။ "အင်း... ငါးကြော်ကျွေးတုန်းက မစား၊ နောက်မှ တောင်းပြီး သိမ်းထားတာ ဘယ်လိုများလဲ" ဟု စဉ်းစားနေမိပါသည်။ ကိုအောင်ဆန်းမှာ ထမင်းစားပြီး၍ လက်သုတ်ပြီးနောက် စာတွဲကိုင်၍ စာကို ဆက်ရေးနေပြန်ပါသည်။ ကျွန်တော့်ကိုမူကား စကားတစ်ခွန်းမှ မပြောချေ။ ကျွန်တော်လည်း စကားပြောစရာလူမရှိ၍ ပြန်အိပ်နေလိုက်ပါသည်။

မီးရထားသည် တောင်ငူသို့ ဆိုက်လာသောအခါ အနည်းငယ် အေးစပြုလာပါသည်။ ကျွန်တော် အိပ်ရာမှ ထလာချိန်တွင် ကိုအောင်ဆန်းသည် စာမရေးတော့ချေ။ ငါးကြော်ကို တဖြည်းဖြည်း စားနေသည်ကို တွေ့ရပါသည်။ "ငါးကြော် စားဦးမလား" ဟု ကျွန်တော့်ထံ ငါးကြော်ထုပ်ကို ထိုးပေးနေတော့၏။ ကျွန်တော်က စကားမပြောဘဲ ခေါင်းခါပြလိုက်၏။ ကိုအောင်ဆန်းမှာ ငါးကြော်ကို တချွတ်ချွတ် ဝါးနေပေတော့သည်။ မီးရထားထွက်သဖြင့် စကားပြောစရာ မရှိ၍ ပြန်အိပ်လိုက်၏။

အတန်ကြာသော် ကျွန်တော့်ကို "ဟေ့လူ ... ထစမ်းပါဦးဗျ" ဟု သူက နှုတ်နိုးပါသည်။ ကျွန်တော် ထထိုင်သောအခါ ကိုအောင်ဆန်းသည် ၁၉၃၆ ခုနှစ် သူတို့ သပိတ်မှောက်စဉ်အကြောင်းများကို ကရားရေလွှတ်သလို ပြောနေပေတော့သည်။ "အင်္ဂလိပ်နယ်ချဲ့သမားဟာ မုချ တစ်နေ့ ကျဆုံးရမယ်။ အင်္ဂလိပ်နယ်ချဲ့ကို တိုက်တဲ့နေရာမှာ လိမ္မာပါးနပ်ဖို့လိုတယ်။ အင်္ဂလိပ်နယ်ချဲ့ဟာ ဉာဏ်များတယ်၊ ဒါကြောင့် အချိန်ကာလကိုကြည့်ပြီး ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးကို လုပ်ရမယ်။ ဥပဒေအတွင်း တိုက်ပွဲလုပ်သင့်တဲ့အချိန်လုပ်ပြီး ဥပဒေအတွင်းတိုက်ပွဲ အချိန်ကုန်လျှင် လက်နက်ကိုင် တော်လှန်တဲ့အပိုင်း ရောက်ချင်ရောက်မယ်။ ဒါကြောင့် ကျွန်တော်တို့ လူငယ်တွေဟာ အလဟဿ အင်အား မကုန်စေရဘူး။ ဒီနှစ်မှာ သပိတ်မှောက်ဖို့မကောင်းဘူး၊ ဒီနှစ်ဟာ ကျွန်တော်တို့ အရှိန်ယူ စည်းရုံးရမယ့်အချိန်ဖြစ်တယ် ..." စသည်ဖြင့် မီးရထားလည်း မရပ်ဘဲ ခုတ်နေသလို သူကလည်း တစ်ချက်ကလေးမှ မရပ်ဘဲ တရစပ် ပြောနေပေတော့သည်။ ဤသို့ လေပန်းရင်းဖြင့်ပင်လျှင် သာစည်ဘူတာသို့ မီးရထားဆိုက်ပါလေသည်။ ဆောင်းတွင်းညဖြစ်၍ အတော်ချမ်းအေးလှပါသည်။

"ကဲ ကဲ ... ဒီမှာ ခင်ဗျား ချမ်းလာပြီ၊ ဒီစောင်ခြုံအိပ်" ဟု ကျွန်တော်ခြုံထားသောစောင်ကို သူ့အား ကမ်းပေးလိုက်၏။ "ခင်ဗျားတော့ ဘာနဲ့ခြုံမလဲ" ဟု သူက ပြုံးပြီး မေးပါသည်။ ကျွန်တော်က "ကျွန်တော့်မှာ ဂွမ်းမွေ့ရာပါတယ်၊ ကော်ဇောပါတယ်။ ဂွမ်းမွေ့ရာကို ခြုံအိပ်မယ်။ ခင်ဗျား ဒီစောင်နဲ့ ကွေးပေတော့" ဟု ဆိုပြီး စကားကိုဖြတ်၍ ကျွန်တော်လည်း အိပ်ရာထဲ လှဲပြီး မှိန်းနေပါသည်။

နံနက် ၅ နာရီခွဲအချိန်တွင် မန္တလေးသို့ မီးရထား ဆိုက်ပါသည်။ နှင်းတွေက ပိတ်နေ၏။ ဘူတာရုံ၌ မန္တလေးကျောင်းသား သမဂ္ဂဥက္ကဋ္ဌက လာကြိုနေသည်ကို တွေ့ရှိရ၏။ ကိုအောင်ဆန်း ပါလာသည်ကို မြင်လျှင် သူ့မျက်နှာမှာ ပြုံး၍ဝမ်းသာနေ၏။ ပျာပျာသလဲ ကြိုပေတော့သည်။ မန္တလေး ကျောင်းသား ဥက္ကဋ္ဌသည် ကျွန်တော်နှင့် ကိုအောင်ဆန်းကို ဘူတာကြီးအပြင်မှာ ထားသော အငှားယာဉ်ပေါ်သို့ ခေါ်ဆောင်သွား၏။ မော်တော်ယာဉ်မှာ မန္တလေးတွင် အဆင့်အတန်းအားဖြင့် အကောင်းဆုံး အငှားမော်တော်ယာဉ်ဖြစ်သော ဗီအိပ်ဖို့ဒ် မော်တော်ကားအသစ်ဖြစ်၏။ ထိုခေတ်က မှန်ကားမပေါ်သေး၍ တာလပတ်အမိုး မိုးထားရသောကြောင့် အေးကဟာလာဟင်းလင်းဖြစ်နေ၏။ ကိုအောင်ဆန်းမှာ ချမ်းလာသဖြင့် ကားပေါ်တွင် လက်နှစ်ဖက်ကို ပိုက်ပြီး ကုပ်ကုပ်ကလေး ထိုင်နေပေတော့သည်။ သူ စကားမပြောနိုင်၊ မေးတုန်၍နေပေသည်။ ဗီအိပ်ဖို့ဒ်ကားသည် မြို့နှင်းအတိဖုံးနေသော လမ်းမကြီးတွင် ရုံးတော်ကြီးဘက်သို့ မောင်း၍ ထိုမှ ဇောတိကုန်းဘက်ချိုးပြီး မန္တလေးကောလိပ်ကျောင်းသို့ တစ်နာရီ မိုင်(၄၀)နှုန်းနှင့် မောင်းနှင်၍နေပေတော့သည်။ ကိုအောင်ဆန်းမှာ အနွေးထည် မပါ၍ ဆတ်ဆတ်တုန်နေရှာပေသည်။ သို့သော် သူသည် စကားတစ်ခွန်းမျှ မပြောပါ။ မန္တလေးဥပစာကောလိပ်သို့ ရောက်ပြန်သောအခါ သူ့တစ်ကိုယ်လုံးမှာ ချမ်းလွန်း၍ ဆတ်ဆတ်တုန်နေသဖြင့် အိပ်ခန်းထဲသွင်းကာ အနွေးထည်၊ ဂွမ်းကပ်စောင်များကိုခြုံပြီး သူ့ကို နှပ်အအိပ်ခိုင်းရ၏။ ဆရာဇော်ဂျီနှင့် တွေ့ချင်သည်ဟု ပြောရာ ကျွန်တော်တို့က "စောပါသေးတယ် ... အိပ်သာအိပ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဦး။ အိပ်ရာကနိုးတော့ တွေ့တာပေါ့" ဟု ပြော၍ ဖွတ်အအိပ်ခိုင်းမှ အိပ်နေပါလေသည်။

နံနက် ၉ နာရီထိုးလျှင် ကိုအောင်ဆန်းကိုနှိုး၍ မျက်နှာသစ်စေပြီး ထမင်းပွဲသို့ ခေါ်လာခဲ့၏။ ဆရာဇော်ဂျီနှင့် ကျွန်တော်တို့ပါ အတူထမင်းစားရင်း ပြုံးပြုံးရွှင်ရွှင် အာလာပသလ္လာပ ပြောနေကြပါသည်။ ကျွန်တော်နှင့် ရန်ကုန်မှာ စတွေ့သည့်အချိန်မှ မန္တလေးရောက်သည်အထိ ကိုအောင်ဆန်းပြုံးသည်ကို တစ်ခါမှ မတွေ့ရပါ။ ယခု ထမင်းစားပွဲတွင်မှ သူ ပြုံးသည်ကို ပထမဆုံး တွေ့ရပါသည်။

ထမင်းစားပြီးနောက် ကျွန်တော်တို့ ကားပေါ်တက်ကြပါသည်။ ကျွန်တော်တို့နှင့်အတူ မန္တလေး ကျောင်းသားသမဂ္ဂဥက္ကဋ္ဌလည်း ပါလာပါသည်။ အိမ်တော်ရာဘုရားဝင်းအတွင်း သပိတ်စခန်းသို့ သွားကြပါသည်။

သပိတ်မှောက်ကျောင်းသားများလည်း ရန်ကုန်တက္ကသိုလ် ကျောင်းကြီးမှ မြန်မာပြည်လုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်း လာရောက်မည်ဆိုသဖြင့် ဘုရားတန်ဆောင်းအတွင်း အားလုံး စုဝေးရောက်ရှိနေကြတော့သည်။ ကိုအောင်ဆန်းသည် ကျောင်းသားထုကို အတန်ကြာအောင် စူးစူးစိုက်စိုက်ကြည့်နေစဉ် ကျွန်တော်က ကျောင်းသားသပိတ်ခေါင်းဆောင်များ တစ်ယောက်စီကို ကိုအောင်ဆန်းနှင့် မိတ်ဆက်ပေးပါသည်။ ကိုအောင်ဆန်းက ခေါင်းတညိတ်ညိတ်ဖြင့် နှုတ်ဆက်သည်။ မိတ်ဆက်ပေးရာ၌ "ဝမ်းသာပါသည်၊ ကျေးဇူးတင်ပါသည်၊ အသိမိတ်ဆွေဖြစ်ရတာ ဝမ်းသာပါသည်" စသည့် စကားများကို သူ့ထံမှ ကျွန်တော် မကြားရပေ။ ကိုအောင်ဆန်းသည် ခေါင်းညိတ်၍ နှုတ်ဆက်ခြင်းမှလွဲ၍ စကားတစ်ခွန်းမှမပြော၊ ကျွန်တော်က ကိုအောင်ဆန်း ဘယ်လိုလုပ်ချင်သည်ကို မေးတော့မည်အပြုတွင် ကိုအောင်ဆန်းက "ကျွန်တော် ခဏ စကားပြောမယ်ဗျာ" ဟု ပြောလာပါသည်။ ကျွန်တော်က "အခမ်းအနားနဲ့ စရမလား" ဟု ကိုအောင်ဆန်းသဘောကို မေးရာ ... "ကိစ္စမရှိဘူး ကြာနေမယ်။ ကျွန်တော် တစ်ခါတည်း ပြောမယ်" ဟု ပြောပြောဆိုဆို သပိတ်မှောက်ကျောင်းသား ပရိသတ်ကို စ၍ ပြောနေပေတော့သည်။ ကျွန်တော်လည်း သူ့အား ပရိသတ်နှင့် သူသည် မည်သူမည်ဝါဖြစ်သည်ဟုလည်း မိတ်ဆက်မပေးရသဖြင့် ကိုအောင်ဆန်းက သူ့ဘာသာသူ မည်သူမည်ဝါဖြစ်သည်ကို တစ်ခွန်းတစ်ပါဒမျှ မပြော။ သူ့အတွက် ပြောစရာ မလိုဟု ယူဆလေသလားမသိ၊ သို့မဟုတ် စကားအပိုတွေ မပြောချင်၍လားမသိ၊ နှုတ်ခွန်းဆက်စကားမပြောဘဲ သပိတ်ကိစ္စကို တစ်ခါတည်းပြောပါတော့သည်။ သူက "ကျွန်တော် ခင်ဗျားတို့ သပိတ်ကိစ္စကို ဈေးစပ်ဖို့ လာခဲ့တယ်။ သပိတ်မှောက် ကျောင်းသားများရဲ့ နစ်နာမှုကို ကျွန်တော် နားလည်ပြီးဖြစ်တယ်။ ကျွန်တော်ဟာ ခင်ဗျားတို့အတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ပါ့မယ်။ ခင်ဗျားတို့အားလုံး ယုံကြည်စေချင်တယ်၊ ဒါပဲ"ဟုပြောပြီး ကျွန်တော့်ဘက်လှည့်၍"ကဲ– ဦးတင့်ဆွေဆီကို သွားမယ်" ဟု တစ်ဆက်တည်း ပြောပါသည်။ ကျွန်တော်လည်း ကျောင်းသားခေါင်းဆောင် နှစ်ယောက်နှင့် မန္တလေးကျောင်းသားသမဂ္ဂဥက္ကဋ္ဌကိုပါ ခေါ်ခဲ့ပါသည်။ ကျွန်တော်နှင့် ကိုအောင်ဆန်းပါ စုစုပေါင်း ငါးယောက်တို့သည် ကားပေါ်တက်၍ နော်မန်ကျောင်းသို့ ထွက်ခဲ့လေသည်။

နော်မန်ကျောင်းအုပ်ကြီးထံသို့ ရောက်ရှိခဲ့ရာတွင် နော်မန်ကျောင်းအုပ်ကြီး ဦးတင့်ဆွေသည် ကိုအောင်ဆန်းကို ပျာပျာသလဲ ခရီးဦးကြိုပြုပေသည်။ ကိုအောင်ဆန်းနှင့် ကျွန်တော်တို့သည် ကျောင်းအုပ်ကြီးဧည့်ခန်းအတွင်းတွင် ထိုင်ကြပါသည်။

ကျောင်းအုပ်ကြီးကပင် စ၍ "ကိုအောင်ဆန်း ဒီသပိတ်ကိစ္စတွက် လိုက်လာသလား၊ သပိတ်ကတော့ ဒီလိုဗျာ" ဟု စကားစ၍ ဖြစ်ကြောင်းရယ်တဲ့ကုန်စင် တင်ပြပါလေသည်။ ကျောင်းအုပ်ကြီးဦးတင့်ဆွေမှာ စကားကို စီကာပတ်ကုံး ပြောတတ်သည့်အလျောက် သူပြောပြနေသည်မှာ အလွန်နားထောင်ကောင်းလှပေသည်။ သူပြောသမျှ စကားအားလုံး၏အချုပ်မှာ ကျောင်းသားများ၏ တောင်းဆိုချက်ကို သူ ကောင်းစွာသိပါသည်။ အရေးယူမည်ဟု စီစဉ်နေဆဲ ကျောင်းသားများ စိတ်နောက်ကိုယ်ပါ သပိတ်မှောက်သွားကြခြင်းသာဖြစ်သည်။ ကျောင်းသားများ၏ တောင်းဆိုချက်အတိုင်း အပြစ်ရှိသော ဆရာများအပေါ် စုံစမ်းစစ်ဆေး အရေးယူပေးပါမည်ဟု ကျွန်တော်တို့ကို ပြောသည့်အတိုင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြနေပေသည်။ ကိုအောင်ဆန်းမှာမူကား ကုလားထိုင်ပေါ်တွင် ခေါင်းငိုက်စိုက်ချ၍ နားထောင်လေသလားမသိ၊ ဘာတစ်ခွန်းမှ ပြန်၍မပြော၊ မေးခွန်းလည်း မထုတ်၊ တုံဏှိဘာဝေလုပ်နေသဖြင့် ကျွန်တော့်မှာ အားမလို အားမရဖြစ်ခဲ့ပါသည်။ အဖြစ်မှန်ကို ပြောပြရရင် ဦးတင့်ဆွေစကားပြောကောင်းလှသဖြင့် ကျွန်တော်တို့က နိုင်အောင်ပြန်၍မပြောနိုင်။ ဦးတင့်ဆွေစကားကသာ လွှမ်းမိုးနေခဲ့သဖြင့် ဥက္ကဋ္ဌကြီး ကိုအောင်ဆန်းကို တအားကိုး၍ ရန်ကုန်ဆင်းပြီးခေါ်လာခဲ့ရာ ယခု ဥက္ကဋ္ဌကြီး ကိုအောင်ဆန်းကလည်း ဦးတင့်ဆွေကို စကားတစ်ခွန်းမှ ပြန်မပြောသဖြင့် ကျွန်တော်တို့ စိတ်ဓာတ် ကျဆင်းစ ပြုလာပါသည်။ ဒီတစ်ပွဲမှာ ကျွန်တော်တို့ မျက်နှာပန်း လှမှ လှပါမလားဟု စိုးရိမ်နေမိပါသည်။ ကျွန်တော်တို့အားလုံး ကိုအောင်ဆန်း၏ တုံဏှိဘော နေပုံကို အာရုံစိုက်၍ ကြည့်နေကြပါသည်။ ဦးတင့်ဆွေ၏စကားမှာလည်း ကရားရေသွန်သလို မရပ်ဘဲရှိတော့၏။ အတော်ကြီးကြာတော့မှ ဦးတင့်ဆွေလည်း စကားရပ်ရန် ဟန်ပြင်တော့၏။ ကိုအောင်ဆန်းကလည်း စကားတစ်ခွန်းမှ ပြန်လှန်မပြော၊ ဆင်ခြေမကန်၊ ဇောဒက မဝင်သဖြင့် ဦးတင့်ဆွေသည် မိမိစကား အောင်ပြီဟူသော မျက်နှာဖြင့် "ကဲ ဒါပါပဲ ကိုအောင်ဆန်း" ဟု သူ့စကားကို အဆုံးဖြတ်လိုက်ပါသည်။ ထိုအခါကျမှ ကိုအောင်ဆန်းလည်း ခေါင်းကိုမော့၍ "ခင်ဗျား ပြောစရာကုန်ပြီလား" ဟု ဦးတင့်ဆွေအား တဲ့တိုးကြီးမေးရာ ဦးတင့်ဆွေက "ဒါပါပဲဗျာ ... ဒါပါပဲ" ဟု ပျာပျာသလဲ ဖြေပါသည်။ ဤတွင်မှ ကိုအောင်ဆန်းက "ခင်ဗျားက သပိတ်လှန်ရင် ကျောင်းသားတွေ တောင်းဆိုချက်အတိုင်း သက်ဆိုင်သူတွေအားလုံး စစ်ဆေး အရေးယူပေးပါ့မယ်လို့ ဆိုတယ်။ ဒီတော့ ဒီမကျေနပ်ချက်ကို ကျေနပ်အောင် လုပ်ပေးမယ်ဆိုရင် သပိတ်ဆက်မှောက်လို့လည်း အဓိပ္ပာယ်မရှိဘူး။ ဒီတော့ ခင်ဗျားပြောသလို ကျောင်းသားတွေရဲ့ တောင်းဆိုချက်အတိုင်း သက်ဆိုင်ရာ ဆရာတွေကို အရေးယူပေးပေါ့။ ကျွန်တော် သပိတ်ကို လှန်ခိုင်းလိုက်မယ်။ သို့သော် ခင်ဗျား ကတိတည်ဖို့လိုတယ်။ ခင်ဗျား ကတိတည်နိုင်ပါ့မလား" ဟု တဲ့တိုးမေးလိုက်ရာ ဦးတင့်ဆွေက သူသည် ကိုအောင်ဆန်းနှင့် ကျောင်းနေစဉ်က လုပ်ဖော်လုပ်ဖက်ဖြစ်ကြောင်း စသည်ဖြင့် အရှည်ကြီးပြောပြပြီးလျှင် သူက ကိုအောင်ဆန်းအပေါ် ကတိဖျက်မည်မဟုတ်ကြောင်း ထပ်မံ ကတိပေးပါသည်။ ကိုအောင်ဆန်းက "ဒီကိစ္စဟာ ကျောင်းသားအရေးကိစ္စဖြစ်တယ်။ ကျွန်တော်က ကျောင်းသားတွေရဲ့ ခေါင်းဆောင်ဖြစ်တယ်။ ခင်ဗျား အခုပေးတဲ့ကတိကိုဖျက်ရင် ကျွန်တော့်အနေနဲ့ ဒီကျောင်းသားတွေကို သစ္စာဖောက်သလို ဖြစ်နေမယ်။ ကျွန်တော့်အကြောင်းလည်း အသိသားပဲ။ ခင်ဗျား ကတိဖျက်လျှင် ကျွန်တော်ကတော့ ခင်ဗျားအပေါ် ကမ္ဘာကြေတောင်မှ မကျေနိုင်ဘူး ... ခင်ဗျားကတိအတိုင်း မတည်ဘူးလို့ သိရတာနဲ့တစ်ပြိုင်နက် ခင်ဗျားဟာ ကတိဖျက်သူတစ်ယောက်အနေနဲ့ တိုင်းပြည်ကို ကြေညာရမယ်" ဟု တစ်ဖွတ်ထိုး ပြောပါတော့သည်။ ဦးတင့်ဆွေက "ဒီလိုမဟုတ်ပါဘူးဗျာ ... ကျွန်တော် ကတိတည်ပါတယ်၊ မဟုတ်တာဗျာ ... မလုပ်ဝံ့ပါဘူးဗျာ" ဟု စုတ်တသတ်သတ် ရင်တမမနှင့် ပြော၍အဆုံး သပိတ်လှန်မည်ကို သိရှိသော ဦးတင့်ဆွေခမျာမှာ ကျေးဇူးတင်၍လားမသိ၊ ကျွန်တော်တို့အားလုံးကို ခေါက်ဆွဲကျွေး၍ ကော်ဖီတိုက်လိုက်ပါသည်။ ခေါင်းအတော် အေးသွား၍ ကျေးဇူးတင်ပုံရပါသည်။ ကျွန်တော့်မှာ ခေါက်ဆွဲနှင့်ကော်ဖီမသောက်ခင်ကပင် ရင်ပူလှ၍ ရေဖန်ခွက်တစ်ခွက် တောင်းသောက်ရသေး၏။ ကျွန်တော့်ရင်ပူခြင်းမှာ ဦးတင့်ဆွေအတွက် တွေး၍ တွေး၍ ရင်ပူခြင်းသာ ဖြစ်ပါသည်။

ခေါက်ဆွဲစားပြီး ကျွန်တော်က ဦးတင့်ဆွေကို ယခုကျောင်းသားများနှင့်အတူ ကျောင်းသို့ ပြန်လာမည့်အကြောင်းပြော၍ ကိုအောင်ဆန်းနှင့်အတူ သပိတ်စခန်းသို့ ပြန်ခဲ့ကြပါသည်။

ဘုရားသို့ ရောက်လျှင် မျှော်တလင့်လင့်ဖြင့် စောင့်နေကြသော ကျောင်းသားများကို ကိုအောင်ဆန်းက စုဝေးခိုင်းစေပြီး သပိတ်ကိစ္စပြီးပြီဖြစ်ကြောင်း၊ ကျောင်းအုပ်ကြီးက ကျောင်းသားများ၏ တောင်းဆိုချက်အတိုင်း ဆရာများကို အရေးယူပေးမည်ဟု ကတိပေးကြောင်း၊ ဦးတင့်ဆွေက သက်ဆိုင်ရာ ဆရာများအားလုံးကို အရေးယူမည်ဖြစ်၍ ကျောင်းသားများ ကျောင်းပြန်ဝင်ကြရမည်ဖြစ်ကြောင်း၊ ယခုကိစ္စမှာ မိမိက ဦးတင့်ဆွေကို အာမခံကြောင်း၊ မိမိကို ကျောင်းသားအားလုံးက ယုံကြည်စေလို

ကြောင်း၊ ကျောင်းသားများ၏ တောင်းဆိုချက်အတိုင်း မအောင်မြင်သည့်ကိစ္စဆိုလျှင် မိမိ ကတိပြုမည်မဟုတ်ကြောင်း၊ ယခုကိစ္စမှာ ကျောင်းသားများ တောင်းဆိုချက်အတိုင်း အားလုံးဖြစ်လာနိုင်မည်ဟု မိမိယုံကြည်သောကြောင့် တာဝန်ယူကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားပါသည်။ ထိုသို့ ရှင်းလင်းပြောပြပြီးလျှင်ပြီးချင်း သူ၏ရှေ့တည့်တည့်မှထိုင်၍ လက်ရေးတိုနှင့် လိုက်နေသော ရဲစုံထောက်အား "ကဲ– ကျွန်တော် ညနေရထားနဲ့ ရန်ကုန်ပြန်မယ်၊ ဗျို့ ... ဆရာကြီး" ဟု ရယ်သွမ်းသွေးသလို ပြော၍ နိဂုံးချုပ်လိုက်ပါသည်။ ရဲစုံထောက်ခမျာမှာလည်း အံ့အားသင့်၍ ထိုင်ရမလို ထရမလိုဖြစ်၍ ကျန်ရစ်ခဲ့ပါသည်။

ကျောင်းသားများကို ဘတ်စ်ကားပေါ် အားလုံးတက်စေပြီး ကျွန်တော်တို့က ရှေ့ဆောင်၍ နော်မန်ကျောင်းသို့ ဝင်လာခဲ့၏။ ကျောင်းသားများအားလုံးကို ဘတ်စ်ကားပေါ်မှ ဆင်းစေ၍ တစ်နေရာတည်းတွင် စုဝေးထားပါသည်။ ကျောင်းအုပ်ကြီးဦးတင့်ဆွေက "ကျွန်တော်ဟာ ကျောင်းသားများရဲ့ တောင်းဆိုချက်အတိုင်း လုပ်ဆောင်ပါမယ်လို့ မြန်မာပြည်လုံးဆိုင်ရာကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်းကို ကတိပြုပြီးဖြစ်ပါတယ်။ ကျွန်တော်ထားတဲ့ ကတိအတိုင်း တည်အောင် ဆောင်ရွက်မည့်အကြောင်း ထပ်လောင်းပြီး ဥက္ကဋ္ဌ ကိုအောင်ဆန်းရှေ့မှာ ပြောပါတယ်" ဟု ပြောကြားပါသည်။ ထို့နောက် ကျောင်းသားများအားလုံး လူစုခွဲပြီး သပိတ်ကိစ္စပြီးသဖြင့် ကျွန်တော်တို့သည် ကျောင်းသားအားလုံးကို နှုတ်ဆက်၍ ဥပစာကောလိပ်ကျောင်းသို့ ပြန်ခဲ့ကြလေသည်။ ကိုအောင်ဆန်းကို ဘယ်များ သွားချင်သေးသလဲဟုမေးရာ ဘယ်မှမသွားလိုကြောင်း၊ ညနေမီးရထားကို ပို့ရန်သာ ပြောပါသည်။

နေ့လယ်စာကို ကျောင်းမှာပင် စား၍ ခေတ္တအိပ်ကြပါသည်။ ညနေ သုံးနာရီတွင် ဘူတာရုံသို့ သွား၍ ကိုအောင်ဆန်းအတွက် ဒုတိယတန်းမှ လက်မှတ်ဝယ်၍ ဒုတိယတန်းမှတွဲတွင် ထည့်ပေးလိုက်ပါသည်။ မီးရထားထွက်ခါနီးတွင် လမ်း၌သုံးရန် ငွေတစ်ဆယ်တန် စက္ကူတစ်ချပ်ကို ကျွန်တော်က ထုတ်ပေးမည်ပြုရာ သူက လက်ကာ၍ သူ့အိတ်ထဲမှ ကိုဘဟိန်း ပေးလိုက်သော ငွေငါးကျပ်ကို ထုတ်ပြပါသည်။ မီးရထားလည်း ထွက်ရန် ဥသြမှုတ်နေပြီဖြစ်၏။ ကိုအောင်ဆန်း စီးသွားသော ဒုတိယတန်း တွဲထဲတွင် အထက်တန်းလွှာမှဟုထင်ရသော ချောမောလှပသည့် မိန်းမပျိုတစ်ဦး ရောက်ရှိနေသည်ကို ကျွန်တော်တို့ သတိထားမိပါသည်။ မိန်းကလေး၏မိခင်ကြီးက ကိုအောင်ဆန်းကို မှာနေသည်ကို တွေ့ရ၏။ မည်သည့်ကိစ္စမှာကြားနေသည်ကိုကား မသိပါ။ ကိုအောင်ဆန်းကား သူ၏ထုံးစံအတိုင်း ခေါင်းသာညိတ်နေ၏။ စကားပြန်၍မပြော။ အဒေါ်ကြီးက သူ့သမီးကို စောင့်ရှောက်ရန် မှာနေဟန် တူပါသည်။ ကိုအောင်ဆန်းက တာဝန်ယူမည့်အနေနှင့် ခေါင်းညိတ်နေသလား၊ သို့မဟုတ် အထက်တန်းလွှာ လူတန်းစားအကြောင်း နိုင်ငံရေးအမြင်နှင့် သုံးသပ်ရင်း ခေါင်းညိတ်နေသလား ကျွန်တော်တော့ မပြောတတ်ပါ။ နိုင်ငံရေးမှအပ ဘာကိုမျှ စိတ်မဝင်စားသော သူ့လိုလူကို အားကိုးတကြီး မှာကြားနေခြင်းမှာ နွား၏ဦးချိုတွင် ဆီညှစ်သကဲ့သို့သာရှိမည်ကို ထိုအဒေါ်ကြီး သိပုံမရပါ။

မီးရထားလည်း ထွက်စပြုသဖြင့် အဒေါ်ကြီးလည်း ရထားပေါ်ကအဆင်း၊ ကျွန်တော်လည်း အသွင်မတူသော ထိုခရီးသည်နှစ်ဦး၏ တစ်ညတာခရီးစဉ်ကို စဉ်းစားရင်း သက်ပြင်းချမိပါတော့သည်။ သူ၏ ရိုးသားဖြောင့်မတ်၍ ဘွင်းဘွင်းရှင်းရှင်း စိတ်ထားကို ကျွန်တော်တို့ ယနေ့တိုင် မေ့ပျောက်၍မရနိုင်သေးပါ။ ။

မေ့ပျောက်၍မရသော အောင်ဆန်း၊ ဇူလိုင်-၁၉၆၆

www.burmeseclassic.com



# တက္ကသိုလ်ကျောင်းသားဘဝ အောင်ဆန်း

## ဦးအောင်သန်း

၁၉၃၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်ရောက်လာသော အောင်ဆန်းမှာ လူထူးလူဆန်းတစ်ယောက် ဖြစ်နေလေသည်။ ထိုခေတ်က တက္ကသိုလ်ကျောင်းသားများမှာ များသောအားဖြင့် အထက်လွှာမှ လာကြပြီး အလွန်ရှိုးထုတ်ကြသည်။ ဝတ်စားဆင်ယင်ရာတွင် ကောင်းပေ့ ညွန့်ပေ့ဆိုသည့် အဝတ်များကို ဝတ်ဆင်ကြလျက် အများစု၏ ရည်ရွယ်ချက်မှာလည်း တက္ကသိုလ်ဘွဲ့များယူလျက် မြို့အုပ်၊ ဝန်ထောက်စသော ရာထူးကြီးများ ရရေးဖြစ်လေသည်။

အောင်ဆန်းမူကား အဝတ်ကိုလည်း ဂရုမစိုက်၊ အစားကိုလည်း ဂရုမစိုက်၊ အနေအထိုင်ကိုလည်း ဂရုမစိုက် ဖြစ်သလိုနေသည်။ အခြားကျောင်းသားများ ဘိုကေပြောင်နေအောင် ဖီးလိမ်းပြင်ဆင်သဲလောက် အောင်ဆန်းမှာ ဆံပင်စုတ်ဖွားဖြင့် ဖြစ်နေတတ်သည်။ အခြားကျောင်းသားများ ပိုး၊ ဖဲ၊ ကတ္တီပါ၊ ဘန်ကောက်စသော အကောင်းစားအထည်များ ဝတ်ဆင်ကြသော်လည်း အောင်ဆန်းမှာ မန္တလေးလုံချည်တစ်ပတ်နွမ်း၊ ပင်နီတိုက်ပုံအင်္ကျီ၊ တစ်ခါတစ်ရံ သက္ကလပ်အင်္ကျီတစ်ထည်နွမ်း စသည်တို့ကိုသာ ဝတ်ဆင်လေ့ရှိသည်။ အခြားကျောင်းသားများ ပြောင်လက်နေသော အကောင်းစား ရှူးဖိနပ်များ စီးကြသော်လည်း အောင်ဆန်းမှာ များသောအားဖြင့် ခြေညှပ်ဖိနပ်သာ စီးလေ့ရှိသည်။ ကျွန်တော်ကိုယ်တိုင် တောင်တွင်းကြီး ရိုးကုမ္ပဏီမှ လိုက်ဝယ်ပေးသော ရှူးဖိနပ်တစ်ရံ ရှိသော်လည်း ထိုဖိနပ်ကို စီးခဲသည်။ စီးသောအခါလည်း ခြေအိတ်မပါဘဲ စီးသည်။ ကျွန်တော်က 'ခြေအိတ်ဘယ်ရောက်သွားသလဲ' ဟု မေးသောအခါ ဖိနပ်သုတ်ပြီး ချောင်ထဲပစ်ထားကြောင်း ပြောသည်။ ဖိနပ်ကို ဝက်မှင်ဘီးဖြင့် မဖြီးဘဲ ခြေအိတ်ဖြင့် သုတ်သော အောင်ဆန်းပါပေ။ ကျွန်တော့်အဖို့ သက်ပြင်းချရုံမှတစ်ပါး ဘာများကော တတ်နိုင်ဦးမည်နည်း (ဗန်းမော်တင်အောင့် လေအတိုင်း)။

အခြားကျောင်းသားများ မိမိတို့အခန်းကို လှပအောင် မွမ်းမံခြယ်လှယ်ထားကြသလောက် အောင်ဆန်း၏အခန်းမှာ ရှုပ်ပွနေသည်။ တစ်ခန်းလုံး စာအုပ်များ ပြန့်ကြဲနေလျက် အင်္ကျီ၊ လုံချည်တို့မှာလည်း နေရာအနှံ့ရောက်နေသည်။ အိပ်ရာကို မည်သည့်အခါမှ မသိမ်းဘဲ ခြင်ထောင်ကိုလည်း အမြဲထောင်ထားသည်။ အတိုချုပ်ဆိုရလျှင် အောင်ဆန်း၏ အခန်းမှာ အလွန် စိတ်ပျက်ဖွယ်ကောင်းသည်။

အဝတ်အစား၊ အနေအထိုင် ဂရုမစိုက်သော်လည်း

www.burmeseclassic.com



အောင်ဆန်းသည် စာအလွန်ဖတ်သည်။ ကျောင်းစာအုပ်များသာမက နိုင်ငံရေးစာအုပ်များပါ ဖတ်သည်။ ဖတ်ရာတွင်လည်း အခန်းနီးချင်းများအား အနှောင့်အယှက်ဖြစ်မည် မဖြစ်မည် ဂရုမထား၊ အော်ဖတ်လိုက ဖတ်တတ်သည်။ လောကွတ်မလုပ်တတ်။ သူ့အား ဖော်ရွေစွာ နှုတ်ဆက်သည့် ကျောင်းသားများကိုလည်း ပြန်လည်နှုတ်ဆက်ချင်မှ နှုတ်ဆက်သည်။ ထိုသို့သော အောင်ဆန်းအား ကျောင်းသားအများက 'လူ့ခွစာ' ဟု ကင်ပွန်းတပ်ကြသည်မှာ မဆန်းလှပေ။ သို့သော်လည်း သူနှင့် ရင်းရင်းနှီးနှီး ဆက်ဆံဖူးသူများကမူ သူ့ကို တစ်သက်လုံး စွဲသွားတော့သည်။

အောင်ဆန်းမှာ အမြဲစဉ်းစားနေရကား ပတ်ဝန်းကျင်လောကကို မေ့နေဟန်တူသည်။ ထို့ကြောင့်ပင် အင်္ဂလိပ်စာ ပါမောက္ခ မစ္စတာရိုဒ်စ် (F.W.W. Rhodes) က 'မင့်ညီ မိုးပေါ်ခဏ ခဏ တက်နေလို့၊ ငါက ပြန်ပြန်ချပေးနေရတယ်' ဟု ကျွန်တော့်အား ရယ်မော ပြောဆိုဖူးပါသည်။

လူပျိုရွယ်ကလေး ဖြစ်နေပြီဖြစ်သော်လည်း အောင်ဆန်းသည် မိန်းကလေး၊ မိန်းမငယ်များကို စိတ်မဝင်စား၊ နိုင်ငံရေးတစ်ခုတည်းကိုသာ စိတ်ဝင်စားပုံပေါ်သည်။ လူကြီးသူမများ မကြာခဏပြောဖူးသည့် အဘိုးဦးမင်းယောင်ကို အားကျပုံပေါ်သည်။ အဖနိုင်ငံကို လုယူသိမ်းပိုက်ထားသော အင်္ဂလိပ်များကို တိုက်ထုတ် မောင်းနှင်ပစ်ချင်ပုံပေါ်သည်။ ငယ်စဉ်ကစ၍ အဘွား ဒေါ်သုဇာနှင့် အမိဒေါ်စုတို့၏ အင်္ဂလိပ်များက မြန်မာပြည်ကို အဓမ္မ သိမ်းပိုက်ထားပုံ၊ ဦးမင်းယောင်က အနိုင်မခံ အရှုံးမပေးဘဲ အသက်စွန့်တိုက်ခိုက်ပုံ စသည့် ပြောကြားချက်များကို ကြားနေရကား အောင်ဆန်းတွင် တော်လှန်ရေးစိတ်ဓာတ်များ တဖွားဖွားဖြစ်ပေါ်နေပုံပေါ်သည်။

အောင်ဆန်း တက္ကသိုလ်ရောက်စ ၁၉၃၂ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ) က ကြီးမှူးလျက် အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပွဲတစ်ခု ကျင်းပသည်။ ထို စကားရည်လုပွဲတွင် ကျွန်တော်က 'ဘုန်းတော်ကြီးများ နိုင်ငံရေးမလုပ်သင့်' ဟူသော အဆိုကို တင်သွင်းလျက် ကိုအေးချို့ဆိုသူက ကန့်ကွက်သည်။ အဆိုပါ နိုင်ငံရေးဆံနေရကား အပြင်မှ နိုင်ငံရေးသမားများလည်း တက်ရောက်ကြသဖြင့် 'တကသ' ခန်းမတစ်ခုလုံး ပြည့်လျှံသွားသည်။

အောင်ဆန်းသည် ပရိသတ်ထဲမှထ၍ အဆိုကို ထောက်ခံပြောဆိုသည်။ အဆိုကို ထောက်ခံခြင်းမှာ ကျွန်တော် အဆိုရှင်ဖြစ်နေ၍မဟုတ်၊ သူ၏ ယုံကြည်ချက်အတိုင်း ထောက်ခံခြင်းဖြစ်သည်။ ထိုအရွယ်ကပင် (၁၈ နှစ်သား) အောင်ဆန်းသည် နိုင်ငံရေးနှင့် ဘာသာရေးကို မရောထွေးသင့်ဟု ပြတ်ပြတ်သားသား မြင်သူဖြစ်သည်။ အင်္ဂလိပ်စကားကို ရေရေလည်လည် မပြောတတ်သေးသည့်ပြင် လူဂိုက်ကလည်း ခွကျတတ ဖြစ်နေရကား ပရိသတ်၏ အော်ဟစ်လှောင်ပြောင်ခြင်း ခံရသည်။ ကျွန်တော်ပင် အတော်ကြောင်သွားသည်။ သို့သော် အောင်ဆန်းသည် မိမိပြောချင်သည်တို့ကို ပါဠိစကားလုံးများပါ ညှပ်လျက် ပြောပြီးမှသာ ထိုင်သည်။ အောင်ဆန်း၏ ပွဲဦးထွက် နိုင်ငံရေးခြေစမ်းပွဲဟု ဆိုနိုင်ပေသည်။

၁၉၃၄ ခုတွင် အင်္ဂလိပ်စာ၊ အပိုအင်္ဂလိပ်စာ၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာနှင့် ပါဠိဘာသာတို့ ယူလျက် အိုင်အေစာမေးပွဲ အောင်ပြီးနောက် အောင်ဆန်းသည် ကျောင်းသားနိုင်ငံရေး စတင်ဆောင်ရွက်သည်။ ထိုနှစ် တကသ အမှုဆောင်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရာ အောင်ဆန်း အရွေးမခံရပေ။ ကျောင်းသားအများကပင် သူ့ကို လူ့ခွစာဟာ သတ်မှတ်ထားကြဆဲဖြစ်သည်။

သို့သော် အောင်ဆန်း စိတ်ပျက်မသွားပေ။ သူ့အား မဲမပေးသူများကိုလည်း စိတ်ခုမသွားပေ။ နောက်နှစ် (၁၉၃၅–၃၆) တွင် အရွေးခံရလျက် တကသအာဘော်ဖြစ်သော 'အိုးဝေ' မဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်ရသည်။ ဥက္ကဋ္ဌမှာ ကိုနု (ဝန်ကြီးချုပ်ဟောင်း)ဖြစ်၍ အထွေထွေအတွင်းရေးမှူးမှာ ကိုသိန်းဟန် (ဝန်ကြီးဟောင်း၊ စစ်ပစ္စည်းဝယ်ယူရေးဌာန ညွှန်ကြားရေးဝန်) ဖြစ်သည်။ ထိုနှစ် တကသအမှုဆောင်အဖွဲ့မှာ အတက်ကြွဆုံးဖြစ်၍ တက္ကသိုလ်အာဏာပိုင် မျက်နှာဖြူများ၏ အငြိုးအငြင်ခံရဆုံးလည်းဖြစ်သည်။

မြန်မာကျောင်းသားများအား ကျွန်စိတ်သွင်းပေးလိုသော တက္ကသိုလ်အာဏာပိုင်များနှင့် မျိုးချစ်စိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော တကသ အမှုဆောင်တို့သည် မကြာခဏ ပဋိပက္ခဖြစ်ရသည်။ ထိုအတောအတွင်း ဥက္ကဋ္ဌ ကိုနုက အစည်းအဝေးတစ်ခုတွင် 'သမဂ္ဂအပေါ်တွင်လည်းကောင်း၊ မျိုးချစ်စိတ်ရှိသော ကျောင်းသားများအပေါ်တွင်လည်းကောင်း အစိုးရက နှိမ်လိမ့်မည်' ဟု ဟောမိသဖြင့် တက္ကသိုလ်အာဏာပိုင်များသည် ကိုနုကို ကျောင်းထုတ်ပစ်လိုက်ကြသည်။ ကျောင်းသားများ၏ မကျေနပ်မှုမှာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။

တစ်ဆက်တည်းလိုပင် 'အိုးဝေ' မဂ္ဂဇင်းတွင် (A Hell Hound at Large) 'လွတ်နေသော ငရဲခွေးကြီးတစ်ကောင်' ဟူသော ဆောင်းပါးတစ်ခု ပါလာသည်။ ထိုဆောင်းပါးတွင် အကျင့်စာရိတ္တ ပျက်ပြားနေသော တက္ကသိုလ်အရာရှိတစ်ယောက်အကြောင်းကို စောင်းပါးရိပ်ခြည် ဖော်ပြထားသည်။

အာဏာမာန်ယစ်နေသော တက္ကသိုလ်အာဏာပိုင်များသည် မိမိတို့ 'လူ' ကို ပုတ်ခတ်ထားသော ဆောင်းပါးတော်ရသောအခါ ဆတ်ဆတ်ခါ နာလျက် အယ်ဒီတာ အောင်ဆန်းကိုခေါ်၍ ဆောင်းပါးရေးသူကို ထုတ်ဖော်ပြောဆိုရမည်ဟု တောင်းဆိုကြလေသည်။ ဆောင်းပါးရေးသူ၏ နာမည်ကို ထုတ်ဖော်ပြောဆိုက ၎င်းအား မည်သို့မျှ အရေးမယူဟုလည်း ပြောလိုက်သေးသည်။

အမှန်မှာ တက္ကသိုလ်အာဏာပိုင်များသည် ဆောင်းပါးရေးသူသည် မည်သူမည်ဝါဖြစ်သည်ကို ရိပ်မိတန်သလောက် ရိပ်မိသည်။ ဆောင်းပါးရေးသူမှာ နောက်ပိုင်း 'အိုးဝေညိုမြ' ဟု လူသိများလာသော 'သိန်းတင်' ဖြစ်သည်။ သို့သော်လည်း ထိရောက်စွာ အရေးယူနိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ခံအယ်ဒီတာ၏ အတည်ပြုချက် ရယူလိုဟန်တူသည်။

တက္ကသိုလ်အာဏာပိုင်များသည် အောင်ဆန်းကို လျှော့တွက်ပုံပေါ်သည်။ ချော့လိုက်၊ ချောက်လိုက်လျှင် အောင်ဆန်းထံမှ မိမိတို့ လိုချင်တာ ရလိမ့်မည်ဟု မျှော်လင့်ကြဟန်တူသည်။ မှားလေစွ၊ ချော့၍လည်း မပျော့၊ ချောက်၍လည်း မကြောက်တတ်သော အောင်ဆန်းက 'အယ်ဒီတာတို့မည်သည် ဆောင်းပါးရှင်၏ နာမည်ကို ထုတ်ဖော်ပြောဆိုရိုး ထုံးစံမရှိ၊ ခင်ဗျားတို့ လုပ်ချင်သလို လုပ်ကြ၊ ထုတ်ဖော်မပြောနိုင်' ဟု ပြောကာ ကျောင်းအုပ်ကြီးအခန်းမှ ထွက်လာလေသည်။

(ထိုအချိန်က အောင်ဆန်းမှာ အသက် ၂၁ နှစ်မျှသာ ရှိသေးသည်။)

၁၉၃၆ ခု၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တ–က–သ ခန်းမဆောင်၌ ကျောင်းသားထုအစည်းအဝေး ကျင်းပသည်။ ကျောင်းထွက်ပြီးဖြစ်သော်လည်း ကျွန်တော်သည် ထိုအစည်းအဝေး ရောက်သွားသည်။ ရောက်သွားပုံမှာ ထိုနေ့ထုတ် သတင်းစာများတွင် 'ကိုအောင်ဆန်းကိုလည်း ကျောင်းထုတ်ဦးမည်လော' ဟူသော သတင်းဖတ်ရသဖြင့် အောင်ဆန်းနှင့်တွေ့ရန် သွားခြင်းဖြစ်သည်။

အစည်းအဝေးတွင် ကျောင်းသားတစ်ယောက် နှစ်ယောက် စကားပြောပြီး အောင်ဆန်း ထသည်။ ပရိသတ်၏ သြဘာသံမှာ နားကွဲလုမတတ် ဆူညံသွားသည်။ ကျောင်းသားထုက အောင်ဆန်းကို 'လူ့ခွစာ' ဟု သဘောမထားတော့ဘဲ ခေါင်းဆောင်တစ်ယောက်ဟု အသိအမှတ်ပြုစ ပြုကြဟန်တူသည်။ မြန်မာလိုပြောရန် စလိုက်ရာ ကုလားလူမျိုး ကျောင်းသားတစ်ယောက်က 'အင်္ဂလိပ်လိုပြောပါ၊ ကျွန်တော်တို့ မြန်မာစကား ကောင်းကောင်း နားမလည်ဘူး' ဟု ပြောသဖြင့် အောင်ဆန်း အင်္ဂလိပ်လို ပြောရတော့သည်။ ထိုနေ့က အောင်ဆန်း၏ ပြောကြားချက်မှာ စောစောပိုင်း (၁၉၃၂) ခုနှစ်က ပြောကြားချက်နှင့် ဆီနှင့်ရေပမာ ကွာခြားနေသည်။ အင်္ဂလိပ်စကားကို ရေရေလည်လည် နိုင်နိုင်နင်းနင်း ပြောနိုင်သည့်ပြင် အချက်အလက်များမှာလည်း ထိလှ၊ မိလှရကား ကြားရသူများအဖို့ ကြက်သီးမွေးညင်းထစရာပင်။

လေးနှစ် (၁၉၃၂ မှ ၁၉၃၆) အတွင်း အောင်ဆန်း၏တိုးတက်မှုမှာ အံ့သြစရာဖြစ်ပေသည်။ ထိုသို့ တိုးတက်လာသည်မှာ အောင်ဆန်းသည် ကျောင်းစာအုပ်များသာမကဘဲ ရာဇဝင်တွင် ကျော်ကြားသည့် အင်္ဂလိပ်နိုင်ငံရေးခေါင်းဆောင်များ၏ မိန့်ခွန်းများကို အလွတ်ရလောက်နီးနီး ဖတ်ထားသောကြောင့် ဖြစ်ဟန်တူသည်။

ကျောင်းသား လေးငါးယောက်ခန့် စကားပြောပြီးနောက် ကျောင်းသားထုက သပိတ်မှောက်ရန် ဆုံးဖြတ်ပြီး အသင့်စောင့်နေသော ဘတ်စ်ကားဖြင့် ရွှေတိဂုံဘုရားသို့ ချီတက်ကြသည်။ ကျွန်တော်လည်း ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



များနှင့် အတူရောရောနှောနှောကာ ရွှေတိဂုံဘုရားထိ ပါသွားသည်။

(အချို့စာအုပ်များတွင် သပိတ်မှောက်သည့်နေ့ကို ၁၉၃၆ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်ဟု ဖော်ပြထားသည်ကို တွေ့ရသည်)

အလိုတော်ရိ ကျောင်းသားအချို့မှာ ချန်နေခဲ့ရုံသာမကဘဲ ကျောင်းသားခေါင်းဆောင်များကိုပင် ရန်ပြုရန်ကြိုးစားကြသည်။ သို့သော်လည်း ၎င်းတို့ဦးရေမှာ မပြောပလောက်ပေ။ (နောက်ပိုင်း အာဏာရလာသောအခါ အောင်ဆန်းသည် ထိုကျောင်းသားများထဲမှ အချို့ကို ရာထူးကြီးများပေးကာ အသုံးချသည်ကို တွေ့ရသည်။ အောင်ဆန်း၏ သဘောထားကြီးမှုတစ်ရပ်ပင်။ အခြား သဘောထားကြီးမှုများကို နောက်ပိုင်းတွင် တွေ့ရပါလိမ့်ဦးမည်။)

အလုပ်လုပ်ဆုံး၊ အတက်ကြွဆုံး သပိတ်ခေါင်းဆောင်များတွင် အောင်ဆန်း ပါဝင်သည်ကို အထူးဖော်ပြရန် လိုမည်မထင်ပါ။ ဥက္ကဋ္ဌ ကိုနုမှာ စကားပြော ကောင်းသော်လည်း လုပ်ငန်းစဉ်ချမှတ်ရေး၊ လုပ်ငန်းများအကောင်အထည်ဖော်ရေးတွင် စိတ်မဝင်စားသဖြင့် ထိုတာဝန်များကို အောင်ဆန်း၊ ကိုကျော်ငြိမ်း (ဒု–ဝန်ကြီးချုပ်ဟောင်း)၊ ရာရှစ် (ဝန်ကြီးဟောင်း) စသူတို့က ထမ်းဆောင်ရလေသည်။

ကိုနုသည် ထိုအရွယ် (၂၉) နှစ်သားကပင် အင်းအိုင် ဂါထာမန္တယား စသည်ကို ယုံကြည်ဟန်တူသည်။ ကျောင်းသားမဟုတ်တော့သော်လည်း ကျွန်တော်သည် သပိတ်စခန်းဖြစ်သော ရွှေတိဂုံဘုရားသို့ နေ့စဉ်လောက်ရောက်ရာ တစ်နေ့တွင် ကိုကျော်ငြိမ်းက 'ဟေ့ ... ကိုနု၊ အိပ်ရာပေါ် မထိုင်နဲ့၊ အင်းချထားတယ်' ဟု ရယ်မောပြောဆိုသည်ကို မှတ်မိပါသေးသည်။

ကိုနုတွင် အခြားသူများတွင်မရှိသော အရည်အချင်းတစ်ခု ရှိသည်။ ထိုအရည်အချင်းမှာ ကျောင်းသားထု (နောက်ပိုင်းတွင် ပြည်သူလူထု)ကို လှုံ့ဆော်ရေး (ဝါ) မိမိဘက် ပါလာအောင် ဟောပြောနိုင်ရေးပင်ဖြစ်သည်။

ထိုအရည်အချင်းကြောင့် ကိုနုသည် ကျောင်းသားခေါင်းဆောင်ဘဝမှစ၍ ဝန်ကြီးချုပ်အဖြစ် တက်ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

ထိုအရည်အချင်းကို အင်္ဂလိပ်ဘာသာဖြင့် (Demagogy)၊ ထိုအရည်အချင်းရှိသူကို (Demagogue) ဟု ခေါ်သည်။ ဤစာအုပ်ရေးနေရင်း ငယ်စဉ်က ဖတ်ဖူးသော စာအုပ်တစ်အုပ်၌ ပါသည့် 'ပါလီမန်ဒီမိုကရေစီ၏ ချွတ်ယွင်းချက်တစ်ခုမှာ (Demagogue) များ စားသာခြင်းပင်ဖြစ်သည်' ဟူသော အပိုဒ်ကို ပြန်လည်သတိရမိသည်။

သပိတ်လုပ်ငန်းများကို အချိန်ပြည့် ဆောင်ရွက်နေရကား အောင်ဆန်းသည် ထိုနှစ် ၁၉၃၆ ခုတွင် ကျင်းပသည့် ဘီအေစာမေးပွဲကို မဖြေရတော့ချေ။

တစ်နည်းအားဖြင့်ဆိုလျှင် အောင်ဆန်းအဖို့ တစ်နှစ်ပုပ်၍သွားလေသည်။ အောင်ဆန်းသည် မည်သည့်အခါမျှ လုပ်ငန်းအပေါ်တွင်လည်းကောင်း၊ ရဲဘော်များ အပေါ်တွင်လည်းကောင်း သစ္စာမဖောက်ပေ။

အချို့ကျောင်းသားခေါင်းဆောင်များသည် ကျောင်းသားထုရှေ့တွင် လက်သီးလက်မောင်းတန်းကာ အာပေါင်အာရင်းသန်သန်ဖြင့် ဟောပြောကြသော်လည်း စာခိုးကျက်သဖြင့် ထိုနှစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်သွားကြသည်ဟု ကြားသိရသည်။

ကျောင်းသားသပိတ်တိုက်ပွဲ ပြီးသည့်နောက် အောင်ဆန်း တက္ကသိုလ်ပြန်သွားသည်။ ထိုနှစ် (၁၉၃၆–၃၇) တွင် အောင်ဆန်းသည် တကသ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗကသ)၏ ဒုဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်သည်။

ဥက္ကဋ္ဌမှာ ရာရှစ်ဖြစ်သည်။ ကျဉ်းမြောင်းသော အမျိုးသားရေးစိတ်ဓာတ်ရှိသည့် ကျောင်းသားအချို့က ကုလားလူမျိုးဖြစ်သော ရာရှစ်အား ဥက္ကဋ္ဌမတင်လိုကြပေ။ အောင်ဆန်းမူကား 'ထိုက်သင့်သူကို ထိုက်သင့်သော နေရာပေးရမည်'ဆိုသည့်မူကို လက်ခံထားသည့်အတိုင်း ရာရှစ်ကို ထောက်ခံခဲ့လေသည်။

အောင်ဆန်းသည် ဤ မှန်ကန်သော 'မူ' ကို ငယ်စဉ်မှစ၍ ကျဆုံးသည့်နေ့အထိ လက်ခံကျင့်သုံးသည်။ တစ်နည်းအားဖြင့်ဆိုလျှင် သူ့တွင် ကျဉ်းမြောင်းသော မနာလိုစိတ်၊ ကုလားထိုင်လုလိုစိတ် မရှိပေ။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



င် သူ၏လုပ်ငန်းများ အောင်မြင်သည်ဟု ထင်ပါသည်။

အောင်ဆန်းသည် အချိန်ပြည့် ကျောင်းသားနိုင်ငံရေး လုပ်နေသည့်ကြားမှ ၁၉၃၇ ခု၊ မတ်လတွင် ကျင်းပသော ဘီအေစာမေးပွဲကို အင်္ဂလိပ်စာပေ၊ ခေတ်သစ်ရာဇဝင်၊ နိုင်ငံရေးဗေဒဘာသာများ ယူလျက် ချောမောစွာ အောင်မြင်သည်။ ထိုအချိန်ထိ အောင်ဆန်း တစ်ခါမျှ စာမေးပွဲ မကျဖူးပေ။

မှတ်မိပါသေးသည်။

ထိုနှစ် ဧပြီလကုန်လောက်တွင် ကျွန်တော် မင်းဘူး၌ အလုပ်သင်မြို့အုပ်လုပ်နေစဉ် အောင်ဆန်း ကျွန်တော့်အိမ်သို့ ရောက်လာသည်။ သူ့တွင် လွယ်အိတ်တစ်လုံးနှင့် ထည့်လျက် လုံချည်နှစ်ထည်သာ ပါလာသည်။ နှစ်ရက် သုံးရက်ခန့် နေလျက် နယ်ကျောင်းသား ခေါင်းဆောင်များနှင့် လုပ်ဖွယ်ကိစ္စများ ပြီး၍ ပြန်သွားသောအခါ လုံချည်တစ်ထည် မေ့ကျန်ရစ်သဖြင့် ကျွန်တော်က ပါဆယ်လုပ်၍ စာတိုက်မှ ပို့လိုက်ရသည်။

ထိုနှစ် ဇွန်လတွင် အောင်ဆန်း တက္ကသိုလ်ပြန်သွားပြီး ဥပဒေတန်းတက်လျက် ကျောင်းသားနိုင်ငံရေး ဆက်လုပ်နေသည်။ တကသဥက္ကဋ္ဌ ဖြစ်သင့်သော်လည်း ဥက္ကဋ္ဌအဖြစ်သာ ဆက်တင်ကြလျက် အပြင်မှ ကျောင်းသားကြီးတစ်ယောက် ကိုဗဂျမ်း (ဝန်ကြီးဟောင်း ပုဂံဦးဗဂျမ်း) ကို ဥက္ကဋ္ဌအဖြစ် တင်လိုက်ကြသည်။

ဥက္ကဋ္ဌ မလုပ်ရသော်လည်း အောင်ဆန်း စိတ်ဓာတ်ကျ၍မသွားဘဲ ကျရာတာဝန်ကို သစ္စာရှိရှိ ရွတ်ရွတ်ချွံချွံ ဆောင်ရွက်သည်။ ကုလားထိုင် (ဝါ) ရာထူး အဆင့်အတန်းကို မမက်ကြောင်း ပြသည့် သာဓကပင်။

(အောင်ဆန်းကို ဥက္ကဋ္ဌ မတင်သည်မှာ သူ၏ ဆက်ဆံရေးကို မကျေနပ်သေး၍ဟု အချို့က အကြောင်းပြကြသည်။ အချို့ကမူ တစ်ယောက်တည်း ဗကသဥက္ကဋ္ဌနှင့် တကသဥက္ကဋ္ဌ မလုပ်သင့်သောကြောင့်ဟု အကြောင်းပြသည်။ ဒဂုန်တာရာ စသည်တို့က ထိုအကြောင်းပြချက်ကို နိုင်လုံသည်ဟု မယူဆကြပေ။ အောင်ဆန်း ခြေထိုးခံရသည်ဟု ယူဆကြသည်။)

၁၉၃၇–၃၈ ခုနှစ်တွင် အောင်ဆန်းသည် ကျောင်းသား နိုင်ငံရေးသာမက တိုင်းပြည်လွတ်လပ်ရေးအတွက်ပါ ဆောင်ရွက်နေရကား ဥပဒေဝိဇ္ဇာ ပထမနှစ် စာမေးပွဲ ရှုံးလေသည်။

သူ၏ ပထမဆုံးနှင့် နောက်ဆုံးစာမေးပွဲ ရှုံးခြင်း ပေတည်း။

အောင်ဆန်းကား တက္ကသိုလ်ဘွဲ့များ ဂရုစိုက်သူ မဟုတ်ပေ။ အောင်ထားပြီးသော ဘီအေဘွဲ့ကိုပင် ဘွဲ့နှင်းသဘင်၌ တက်မယူခဲ့ပေ။

ထို့ကြောင့်ပင် တက္ကသိုလ်ဘွဲ့ရသူများ ဝတ်စုံဖြင့် ရိုက်ထားသော အောင်ဆန်း၏ ဓာတ်ပုံများ မတွေ့ရခြင်း ဖြစ်ပေသည်။

၁၉၃၈ ခု၊ ဇွန်လ ရန်ကုန်တက္ကသိုလ် ပြန်ဖွင့်သောအခါ အောင်ဆန်းသည် တကသ ဥက္ကဋ္ဌအဖြစ်ရော၊ ဗကသ ဥက္ကဋ္ဌအဖြစ်ပါ ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ တက္ကသိုလ်ကျောင်းသားများသာမက ဗမာတစ်နိုင်ငံလုံးရှိ ကျောင်းသားများကပါ သူ့အား ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုကြလေပြီ။

ကျောင်းသားခေါင်းဆောင်ဖြစ်နေစဉ် အောင်ဆန်းသည် တကသ အဆောက်အအုံ၌သာ အိပ်စားနေလေ့ရှိသည်။ အိပ်ရာတွင် အခင်း၊ အခြုံ အလျှင်းမပါဘဲ ခုံတန်းလျားများပေါ်တွင် ကြမ်းပိုးအကိုက်ခံ၊ ခြင်အကိုက်ခံ၍ အိပ်လေ့ရှိသည်။

သူ့ဖြစ်အင်ကို မကြည့်ရက်သော တကသ၏ ဖွားဖက်တော်အစောင့် ဦးကံသိန်းက စောင်၊ ခြင်ထောင် စသည်တို့ ထုတ်ပေးသောအခါ 'ကျုပ်က နိုင်ငံရေးလုပ်မယ့်လူ၊ ထောင်ထဲက ထွက်ရမှာမဟုတ်ဘူး။ ဒါကြောင့် ခုကတည်းက ကျင့်နေတာ' ဟု ပြန်ပြောလေ့ရှိသည်ဟု ဦးကံသိန်းက ကျွန်တော့်အား ပြောဖူးပါသည်။

အောင်ဆန်းသည် ကျောင်းသားဘဝကပင် ဆင်နွှဲလတ္တံ့သော တိုင်းပြည်လွတ်လပ်ရေးတိုက်ပွဲအတွက် ပညာအရည်အချင်းနှင့် ပြည့်စုံစေရန်သာမက လွတ်လပ်ရေးတိုက်ပွဲတစ်လျှောက်တွင် တွေ့ကြုံခံစားရမည့် ဒုက္ခသုက္ခများကို ကြံ့ကြံ့ခံနိုင်ရန် ပြင်ဆင်နေကြောင်း သိသာထင်ရှားပေသည်။

တိုင်းပြည်လွတ်လပ်ရေးရရန်အတွက် ကျောင်းသားနိုင်ငံရေးလုပ်နေရုံဖြင့်မပြီး၊ ကြမ်းတမ်းသော နိုင်ငံရေးကို ကိုယ်ထိလက်ရောက် ဆောင်ရွက်မှ ဖြစ်မည်ဟု သဘောပေါက်သည့်အတိုင်း အောင်ဆန်းသည် ထိုနှစ်

www.burmeseclassic.com

www.burmeseclassic.com



မကုန်မီပင် ကျောင်းမှထွက်ကာ ထိုစဉ်က အတိုးတက်ဆုံး၊ အတက်ကြွဆုံးဖြစ်သော 'တို့ဗမာအစည်းအရုံး' (သခင်ပါတီ) ဝင်လေသည်။

× × ×

အောင်ဆန်း တို့ဗမာအစည်းအရုံး ရောက်လာပုံနှင့် ပတ်သက်၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပြောဖူးသည်ကို တစ်ဆင့် ဖောက်သည်ချလိုက်ပါသည်။ နယ်ထွက် တရားဟောရင်း ဆရာကြီးသည် တောင်တွင်းကြီးရောက်၍ ဦးဥတ္တမ္မကျောင်းတွင် အိပ်ရင်း ဦးမင်းယောင်၏ တပ်သားဟောင်းကြီးအချို့နှင့် စကားလက်ဆုံကျလေသည်။

နယ်ချဲ့ဆန့်ကျင်ရေးတပ်သားဟောင်းကြီးများက ဆရာကြီးအား သူတို့ခေါင်းဆောင် ဦးမင်းယောင် အကြောင်း ပြောပြရင်း 'ဆရာတို့ ရန်ကုန်ကောလိပ်မှာ သူ့မြေးကလေးတစ်ယောက်ရှိတယ်' ဟု ပြောလိုက်လေသည်။

ထိုအချိန်လောက်တွင် အောင်ဆန်းသည် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအိမ်သို့ မကြာခဏ ရောက်ဟန်တူသည်။

တောင်တွင်းကြီးမှ ပြန်ရောက်သောတစ်နေ့တွင် အောင်ဆန်း ပေါက်လာရာ ဆရာကြီးက 'နေပါဦး အောင်ဆန်းရ ... မင်းအမျိုးအနွယ် ပြောစမ်းပါဦး' ဟု မေးသဖြင့် အောင်ဆန်းက ပြောပြလေသည်။

ထိုအခါ ဆရာကြီးက 'ဟိုဟာကြီးတွေ ပြောလိုက်တာ ဒီဟာကလေးကို' ဟု သဘောပေါက်လေသည်။ ထို့နောက် 'ကျောင်းထွက် နိုင်ငံရေးလုပ်တော့ကွာ' ဟု ပြောလိုက်ရာ အောင်ဆန်းသည် နောက်နေ့တွင် ရိုစုမဲ့စု အထုပ်အပိုးယူလျက် တို့ဗမာအစည်းအရုံး ရောက်လာလေတော့သတည်း။

သခင်ကိုယ်တော်မှိုင်းမှတစ်ပါး တို့ဗမာအစည်းအရုံးခေါင်းဆောင်များမှာ လူငယ်များဖြစ်လေသည်။ ထိုခေတ်က တို့ဗမာအစည်းအရုံးသည် အတိုးတက်ဆုံး၊ အတက်ကြွဆုံး နိုင်ငံရေးပါတီဖြစ်သည်နှင့်အမျှ နယ်ချဲ့ဗြိတိသျှအစိုးရ၏ အဖိနှိပ်အခံရဆုံးလည်း ဖြစ်သည်။

'သခင်ပေါက်စ ထောင်ခြောက်လ' ဟုပင် ပြောစမှတ်ပြုကြသည်။ 'နောင်လာနောက်သား ကောင်းစားဖို့ရာ တို့ကိုယ်ကျိုး လုံးလုံးမပါ' ဟု တို့ဗမာသီချင်းတွင် ပါသည့်အတိုင်း သခင်ခေါင်းဆောင်များသည် ကိုယ်ကျိုးလုံးဝမဖက်၊ တိုင်းပြည်လွတ်လပ်ရေးအတွက်သာ ဇောက်ချ ဆောင်ရွက်ကြလေသည်။

လူကြီး နိုင်ငံရေးသမားများက 'ဟုမ္မရူး' ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလောက်သာ ပန်းတိုင်အဖြစ် သတ်မှတ်ကြသော်လည်း သခင်ခေါင်းဆောင်များကမူ 'လုံးဝလွတ်လပ်ရေး'၊ သို့မဟုတ် 'ကိုယ့်မင်းကိုယ့်ချင်း' ဖြစ်ရေးကို ပန်းတိုင်အဖြစ် သတ်မှတ်ကြလေသည်။

× × ×

တို့ဗမာအစည်းအရုံးရောက်ပြီး နောက်များမကြာမီ အောင်ဆန်းသည် အထွေထွေအတွင်းရေးမှူး ဖြစ်လာလေသည်။

ထိုစဉ်က သခင်များမှာ အလွန်ဆင်းရဲကြသည်။ 'ထမင်းရက်ချန်၊ ရေရက်မှန်' ဆိုသကဲ့သို့ တို့ဗမာအစည်းအရုံးဌာနချုပ်တွင် တာဝန်ယူနေကြသော သခင်များမှာ ထမင်းနပ်မှန်အောင် မစားရပေ။

တစ်ခါတစ်ရံ နှစ်ရက်သုံးရက် ထမင်းမစားရ။ တစ်ခါတစ်ရံ ဘယာကြော်လောက်နှင့်ပင် ပြီးလိုက်ရသည်။ မည်မျှပင် ငတ်ပြတ်နေစေကာမူ အောင်ဆန်းသည် မည်သည့်အခါမျှ မညည်းညူ၊ စားရလျှင်စား၊ မစားရလျှင် စာဖတ်၍သာ နေလေ့ရှိသည်ဟု တိုင်းပြုပြည်ပြုလွှတ်တော်တွင် 'ကြေကွဲဝမ်းနည်းကြောင်းအဆို' တင်သွင်းရင်း ဝန်ကြီးချုပ်ဟောင်း ဦးနု ထည့်သွင်းပြောသွားလေသည်။

အောင်ဆန်းအိပ်သော အခန်းမှာလည်း အလွန်ကြမ်းပိုးကိုက်သဖြင့် သူမှတစ်ပါး မည်သူမျှ မအိပ်နိုင်ချေ။ အောင်ဆန်းမူကား ငတ်ပြတ်သည်ကိုလည်း မမှု၊ ကြမ်းပိုးကိုက်သည်ကိုလည်း မမှုပေ။ လွတ်လပ်ရေးတိုက်ပွဲ ခရီးကြမ်းတစ်လျှောက်တွင် ထိုဒုက္ခများထက် အဆပေါင်းများစွာ ကြီးကျယ်သော ဒုက္ခများနှင့် ရင်ဆိုင်ရဦးမည်ကို အောင်ဆန်း သဘောပေါက်ပုံပေါ်သည်။

ဤနေရာတွင် သနားစရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်းသည့် အဖြစ်အပျက်တစ်ခုကို ဖော်ပြလို

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

တစ်နေ့တွင် သခင်အောင်ဆန်းနှင့် သခင်လှကျွေ တို့သည် အနီးအနားရှိ အဒေါ်ကြီးတစ်ယောက်၏ ထမင်း ဆိုင်တွင် ထမင်းဝင်စားကြသည်။

ထမင်းစားပြီးသောအခါ ပေးရန်ပိုက်ဆံ မရှိရကား အောင်ဆန်းက 'အဒေါ်ကြီး ကျုပ်တို့တော့ ခင်ဗျားထမင်း စားပြီးပြီ။ ပေးစရာ ပိုက်ဆံမရှိဘူး။ ကျုပ်ပါးကို ရိုက်ပေ တော့' ဟု ပြောကာ ပါးထိုးပေးလေသည်။

ထမင်းဆိုင်ရှင်အဒေါ်ကြီးက 'ပြောရက်ပလေ ... သခင်အောင်ဆန်းရယ်။ အဒေါ်က မင်းတို့ကို ကြည်ညို ပြီးသားပါ။ ဘာဖြစ်လို့ ပါးရိုက်ရမှာတုန်း' ဟု ပြန်ပြော သည်ဟု သခင်လှကျွေက ကျွန်တော့်အား ပြောဖူးပါ သည်။

ဤအဖြစ်အပျက်ကလေးသည် တစ်နည်းအားဖြင့် အောင်ဆန်း၏ စိတ်နေသဘောထားကို ဖော်ပြသလို ရှိ သည်။ အောင်ဆန်းသည် သူတစ်ပါး၏ ပစ္စည်းကို အလကားမယူလို၊ တန်ရာတန်ဖိုးပေး၍သာ ယူလို ကြောင်း ထင်ရှားသည်။

အောင်ဆန်း အထွေထွေအတွင်းရေးမှူးဖြစ်လာ သည့်အချိန်မှစ၍ တို့ဗမာအစည်းအရုံး၏ ပေါ်လစီ လမ်း စဉ်တို့မှာ တိုးတက်သည်ထက် တိုးတက်လာသည်။ အောင်ဆန်းတို့ မရောက်မီက တို့ဗမာအစည်းအရုံးသည် အမျိုးသားရေးကို အဓိကထားဟန်တူသည်။ အောင်ဆန်း တို့ ရောက်ပြီးနောက် အမျိုးသားရေးသာမက ပစ္စည်းမဲ့ ကျောမွဲတို့၏ ဘဝလွတ်မြောက်ရေးကိုလည်း အလေးပေး လာသည်ကို တွေ့ရသည်။

တစ်နည်းအားဖြင့်ဆိုလျှင် တို့ဗမာအစည်းအရုံး သည် လက်ဝဲဆန်လာသည်ကို ထိုစဉ်က ထုတ်ပြန်သော ကြေညာချက်များ၊ ဆုံးဖြတ်ချက်များ၊ ညီလာခံမိန့်ခွန်း များအရ သိသာနိုင်ပေသည်။

အောင်ဆန်းသည် သခင်ဖြစ်လာသည့် အချိန်မှစ၍ ရန်ကုန်မြို့ ရေကျော်ရပ်ရှိ ပါတီဌာနချုပ်တွင်နေလျက် အချိန်ပြည့် အလုပ်လုပ်လေသည်။ နတ်မောက်ရှိ မိခင် ကြီးထံမှလည်းကောင်း၊ ကျွန်တော်တို့ အစ်ကိုတွေထံမှ လည်းကောင်း ငွေကြေးအကူအညီမတောင်းခံဘဲ ဖြစ် သလို စား၊ ဖြစ်သလိုနေလျက် ငတ်တစ်လှည့် ပြတ်တစ် လှည့်ဖြင့် နိုင်ငံရေးတစ်ခုတည်းကိုသာ ဖောက်ချ ဆောင် ရွက်လေသည်။

သို့ ဆောင်ရွက်သည်နှင့်အမျှ သူသည် နာမည် ကြီးလာသည်။ ထိုအချိန်တွင် ကျွန်တော်သည် ပခုက္ကူ ခရိုင်၊ ရေစကြိုနယ် မြို့အုပ်လုပ်နေရာ ပြည်ထဲရေးဝန်ကြီး ဆာပေါ်ထွန်းသည် တိုင်းခန်းလှည့်လည်လာရင်း (His brother is a big Thakin) 'သူ့ညီဟာ သခင်ကြီးပေါ့' ဟု ပြောကာ ကျွန်တော့်အား သူ့ဇနီး အမေရိကန်သူနှင့် မိတ်ဆက်၍ပေးသည်ကို မှတ်မိပါသေးသည်။ စာရေး ဆရာ ဒဂုန်တာရာရေးသကဲ့သို့ အောင်ဆန်းသည် 'တစ်ခု တည်းသော ယုံကြည်ချက်နှင့် တစ်ခုတည်းကိုသာလုပ် သော နိုင်ငံရေးသတ္တဝါ' ဖြစ်သည်။ စားဝတ်နေရေးကို ဂရုမစိုက်ရုံမက မွေးရပ်ဌာနီ နတ်မောက်သို့ ခေတ္တမျှပင် မပြန်တော့ပေ။ သူ အလွန်ချစ်သော၊ သူ့ကိုလည်း အလွန် ချစ်သော မိခင်ကြီးနှင့်ပင် အဆက်ပြတ်နေသည်။ မိခင် ကြီးသည် မနေနိုင်တော့ရကား တစ်နေ့ ရန်ကုန်သို့ ဆင်း လာသည်။ မိခင်ကြီး တည်းခိုနေရာ ကြည့်မြင်တိုင်သို့ အောင်ဆန်းသည် သခင်လှဖေ(ဗိုလ်လက်ျာ)နှင့်အတူ လာရောက်တွေ့ဆုံသော်လည်း ခေတ္တခဏမျှသာနေပြီး ပါတီဌာနချုပ်သို့ ပြန်လာလေသည်။ မိခင်ကြီးက သူ့ အား သနားကြင်နာစွာကြည့်လျက် မေးသည့် မေးခွန်း များကိုလည်း တိုတိုပြတ်ပြတ်ပင် ဖြေသည်။ ငယ်စဉ်က မိခင်ကို အမြဲဖက်အိပ်လေ့ရှိသော၊ 'အမ ကျောင်းနေမှ နေမယ်' ဟု ပြောခဲ့သော အောင်ဆန်းသည် တိုင်းပြည် အတွက် မိခင်ကိုပင် သံယောဇဉ်ဖြတ်လိုက်ပုံပေါ်သည်။

အမေစု နတ်မောက်ပြန်သောအခါ မီးရထားပေါ် တွင် ရသေ့ဦးစံသိန်းနှင့် တွေ့သည်။ ဦးစံသိန်းက အမေစု ကို ရှိခိုးကန်တော့လျက် 'ခင်ဗျားကို ရှိခိုးတာမဟုတ်၊ သခင်အောင်ဆန်း ကိန်းဝပ်ခဲ့တဲ့ဗိုက်ကို ရှိခိုးတာ' ဟု ပြောသည်ဟု အမေစုက ပြောဖူးပါသည်။ ရသေ့ ဦးစံသိန်းသည် လူကဲခတ် အလွန်တော်သူဖြစ်သည်။ အာဝဇ္ဇန်းလည်း အလွန်ရွှင်သည်။ ထို့ကြောင့်ပင် လူ အများက သူ့အား 'ရသေ့ထူး ဦးစံသိန်း' ဟု ခေါ်ကြ သည်။

အောင်ဆန်း၏ စိတ်အာရုံတွင် တိုင်းပြည်လွတ် လပ်ရေးတစ်ခုတည်း ရှိပုံပေါ်သည်။ ထို့ကြောင့်ပင် ချစ်

www.burmeseclassic.com

www.burmeseclassic.com



လှစွာသော မိခင်နှင့်တကွ မွေးချင်းပေါက်ဖော်များ အပေါ်တွင်ပင် သံယောဇဉ်ပြတ်နေပုံပေါ်သည်။ ၁၉၄၆ ခုတွင် ကျွန်တော်တို့ အစ်မကြီး ဒေါ်ခင်ညွန့် ဆုံးသွားသည်။ ထိုအချိန်တွင် ကျွန်တော်လည်း နိုင်ငံရေးနယ်ထဲ ရောက်နေပြီဖြစ်ရာ ရန်ကုန်ဆင်းလာရင်း သူ့အိမ်တွင် တည်းခိုနေသည်။ ကျွန်တော်က 'မမတော့ ဆုံးပြီ' ဟု ပြောလိုက်ရာ အောင်ဆန်းက 'ဟုတ်လား' ဟု တစ်ခွန်းတည်း ပြောပြီး နိုင်ငံရေးစကားများကိုသာ ဆက်ပြောသည်။

နိုင်ငံရေးပြောရာတွင် အောင်ဆန်းသည် မည်သည့်အခါမှ ရောင့်ရဲတင်းတိမ်ဟန်မတူ၊ အမျှင်မပြတ် ပြောလေ့ရှိသည်။ ကျွန်တော် သူ့အိမ်မှာ တည်းခိုနေစဉ် တစ်ခါတစ်ရံ ကျွန်တော့်အခန်းလာပြီး နိုင်ငံရေးပြောနေရာ ည ၁၂ နာရီထိုးသည့်တိုင် မပြီးပေ။ နိုင်ငံရေးစာအုပ် ကြီးငယ်များမှ ကောက်နုတ်ချက်များ ဖတ်ပြလျက် မည်သူတွေ၏ လမ်းစဉ်တွေ မည်သို့မှားနေသည် စသည်ဖြင့် ရှင်းပြလေ့ရှိသည်။ အထူးသဖြင့် မော်စီတုန်း ရေးသားချက်များကို ဖတ်ပြပြီး ဗမာပြည်ကွန်မြူနစ်ပါတီ မည်သို့မှားနေသည် စသည်ဖြင့် ရှင်းပြလေ့ရှိသည်။ ကျွန်တော်က 'အိပ်ချင်ပြီကွာ' ဟု ပြောမှ သူ့အခန်းပြန်တော့သည်။ သခင်ဘဝက ဟသ်ာတခရိုင်၊ ဇလွန်တွင် တစ်ညလုံး မအိပ်ဘဲ နိုင်ငံရေးပြောသည်ဟု သခင်ချစ်မောင် (ဝိဇ္ဇူရ) ကလည်း ကျွန်တော့်အား ပြောဖူးပါသည်။

(အောင်ဆန်းသည် ကွန်မြူနစ်ပါတီအပေါ်တွင် အတော်သံယောဇဉ်ရှိပုံပေါ်သည်။ ကွန်မြူနစ်ပါတီ၏ အမှားများကို ထောက်ပြရာတွင် အာဃာတဖြင့် မဟုတ်ဘဲ ကရုဏာဒေါသောဖြင့် ထောက်ပြသည်ကို သတိချပ်မိပါသည်။)

သူ့အရည်အချင်းနှင့် စိတ်ဓာတ်ကို ကောင်းစွာသိသော ဗြိတိသျှအစိုးရသည် သူ့ကို အလွန်ကြောက်ပုံပေါ်သည်။

၁၉၃၉ ခုနှစ်ဦးလောက်တွင် ဗြိတိသျှအစိုးရသည် အောင်ဆန်းကို ဖမ်းဆီးလျက် ရန်ကုန်ထောင်တွင် အကျဉ်းချထားလေသည်။ သို့သော် ရုံးတင် တရားစွဲနိုင်လောက်အောင် သက်သေခံအထောက်အထား မရနိုင်ရကား ရက်ပိုင်းအတွင်း ပြန်လွှတ်ရသည်။ (ထိုစဉ်က ပုဒ်မ ၅ မပေါ်သေးပါ။ အပေါ်ဝတ ကောင်းလေစွ)။

ဦးအောင်သန်းရေး အောင်ဆန်းမိသားစုမှ ကောက်နုတ်ချက်

www.burmeseclassic.com

www.burmeseclassic.com

# မှတ်မိသမျှ ကိုအောင်ဆန်း၏ ကျောင်းသားဘ၀

## သခင်ကျော်စိန်



ဗိုလ်ချုပ်အောင်ဆန်း (ဝါ) သခင်အောင်ဆန်း (ဝါ) ကိုအောင်ဆန်းနှင့် ကျောင်းနေဖက် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ခဲ့၍ ကျောင်း၌နေစဉ်က မှတ်မိသမျှကို မှတ်တမ်းတင်လိုက်ပါသည်။

ကိုအောင်ဆန်းသည် ကျွန်တော်တို့ထက် ၂ နှစ်စော ၍ တက္ကသိုလ်သို့ ရောက်ရှိနေပါသည်။ ကိုအောင်ဆန်းကို ကျွန်တော်တို့ အတန်းဆင်းချိန်နှင့် သူ့အတန်းတက်ရန် သုတ်သီးသုတ်ပျာ လာချိန်တို့တွင် 'အင်းဝ' ဆောင်ရှေ့တွင် မကြာခဏ ဆုံစည်းမိတတ်ကြပါသည်။ နောက် ကိုအောင်ဆန်းနှင့်ကျွန်တော်တို့ ခင်မင်ရင်းနှီးလာခဲ့ကြပါသည်။

ကိုအောင်ဆန်း၏ ကျောင်းသားဘ၀ ဝတ်ပုံ၊ ဆင်ပုံမှာ ကျွန်တော်တို့အဖို့ အထူးအဆန်းမဟုတ်သော်လည်း အများအဖို့ အတော်ကြီးထူးဆန်းနေသလို ဖြစ်ခဲ့ပါသည်။ ရှပ်အင်္ကျီကို ကြယ်သီးအပြည့်မတတ်ဘဲ ပင်နီအပေါ်အင်္ကျီကို ထပိုကရိုဝတ်၍ မန္တလေးလုံချည်အနွမ်းကိုပင် ဆင်မြန်းကာ ဆံပင်စုတ်ဖွားနှင့် သင်ကြားပို့ချချက်များလိုက်ရန် မှတ်စုစာအုပ် လက်တွင်ကိုင်ပြီး စိုက်စိုက်စိုက်စိုက် သွားတတ်သည်ကို ယခုတိုင်ပင် မှတ်မိလျက်ရှိပါသည်။ ကျွန်တော်တို့ အသိမိတ်ဆွေ သူငယ်ချင်းများနှင့်တွေ့လျှင် ကိုအောင်ဆန်းသည် ပြုံး၍သာ နှုတ်ဆက်ပြီး ရှေ့ဆက် စိုက်စိုက်စိုက်စိုက် သွားလေ့ရှိပါသည်။ တစ်ခုခုကို အစဉ်အာရုံစိုက်ပြီးနေသော အသွင်မှာ အမြဲထင်ရှား၍ နေပါသည်။ ကိုအောင်ဆန်းသည် ကျောင်းတွင် သူငယ်ချင်းများနှင့် 'ဟေးလားဝါးလား' စကားဖွဲ့လေ့မရှိပါ။ သင်ကြားပို့ချသမျှကို အမြဲ အာရုံစိုက်ပြီး နားထောင်မှတ်သား လေ့ရှိပါသည်။ ထို့ကြောင့်လည်း ကိုအောင်ဆန်း စာမေးပွဲတိုင်း ကောင်းစွာအောင်မြင်သည်ချည်း ဖြစ်ပါသည်။ ကိုအောင်ဆန်းနှင့် ခင်မင်ရင်းနှီးလာပြီး သူ၏ အခန်းသို့ သွားရောက်လည်ပတ်သောအခါ

www.burmeseclassic.com



သူ၏ အခန်းမှာ မသေသပ်ဆုံးအခန်းတစ်ခု အမြဲဖြစ်နေသည်ကို ကောင်းစွာ သတိပြုမိသည်။

တစ်ခါတစ်ရံ ကိုအောင်ဆန်းသည် ညလုံးပေါက် စာဖတ်လေ့ရှိပါသည်။ စာသင်ခန်းတွင် နှုတ်ဆိတ်သလောက် သူ၏အခန်းရောက်၍ စကားစမိလျှင် ကိုအောင်ဆန်းသည် အာပေါင်အာရင်းသန်သန်နှင့် စိတ်ပါလက်ပါ ပြောလေ့ရှိပါသည်။ မည်သည်ကို လေ့လာလေ့လာ နိုက်နိုက်ချွတ်ချွတ် အပင်ပန်းခံပြီး လေ့လာတတ်ပါသည်။ ထို့ကြောင့် ကိုအောင်ဆန်း စကားပြောလျှင် ပိုင်ပိုင်နိုင်နိုင် ပြောလည်း ပြောနိုင်ပါသည်။ သူ၏ ပြောဟန်ထဲမှ 'ဒီမယ်–ဒီမယ်' ဟု ပြောပုံများ 'ကိုယ့်လူ–ကိုယ့်လူ' ဟု ပြောပုံများမှာ နားထဲတွင် စွဲ၍ ယနေ့တိုင် ရှိနေပါသေးသည်။

တစ်ညနေတွင် သထုံဆောင်၌နေသော ကိုကျော်ငြိမ်း (ယခု ဒုဝန်ကြီးချုပ်)၊ ကိုအောင်ဆန်းနှင့် ကျွန်တော်တို့သုံးဦးသား တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းထောင့် (ယခု ကုလားလက်ဖက်ရည်ဆိုင်နား) တွင် ရောင်းနေသော အကြော်ဆိုင်၌ တဝစားကြပြီး အင်းလျားကန်ဘက်ကို လျှောက်ကြပါသည်။ ဘင်္ဂါလီလူငယ်များ၏ ခြောက်လှန့်သတ်ဖြတ်ရေးဝါဒ (Terrorism) ကို သူ ရှုံ့ရှာမုန်းတီးပုံ အားရပါးရပြောပြီးလျှင် သူသည် တစ်ဦးချင်း လူစွမ်းကောင်းဝါဒကို မုန်းတီးကြောင်း၊ စုပေါင်းစည်းရုံးလုပ်ကိုင်ခြင်း (Organised Action) ကိုသာ ယုံကြည်ကြောင်း တစ်နာရီကျော်ကျော်ခန့် ပြောနိုင်ခဲ့ပါသည်။

ကိုအောင်ဆန်း စာဖတ်ပုံမှာ အတော်ကြီး စနစ်ကျလှပါသည်။ ပထမ စာအုပ်၏မာတိကာကို ကောင်းစွာ မှတ်သားပါသည်။ နောက် တစ်ခန်းစီဖတ်လျက် ဖတ်ပြီးသားအခန်းများ၏ အချုပ်သဘောကို မှတ်စုစာအုပ်ဖြစ်စေ၊ စာရွက်လွတ်၌ဖြစ်စေ မာတိကာခေါင်းစဉ်ချ၍ အတိုချုပ် (summary) မိမိဘာသာမိမိ ရေးသားလေ့ရှိပါသည်။ ကိုအောင်ဆန်းသည် ကျောင်းစာနှင့် အပြင်စာ နှစ်ခုလုံးကို ကျေလည်အောင် ဖတ်နိုင်သောသတ္တိရှိသူဖြစ်လေသည်။

ထိုခေတ်အခါက ပေါ်ပေါက်နေသော ပြဿနာများ၊ အခြေအနေများကို မကြာခဏဆိုသလို ကိုအောင်ဆန်းနှင့် ဆွေးနွေးကြပါသည်။ ကိုအောင်ဆန်းသည် အဖြီးအဖြန်းမပါဘဲ လိုရင်းအချက်များကို ပြတ်ပြတ်သားသား တစ်တစ်ခွခွ ဖော်ထုတ်လေ့ရှိပါသည်။ စာရေးရာတွင်လည်း အင်္ဂလိပ်ဘာသာနှင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်ဖြစ်စေ ထိထိမိမိ ထင်ရှားပေါ်လွင်အောင် ရေးသားနိုင်ပါသည်။ နှစ်ဘာသာစလုံးကို ကောင်းကောင်းကြီး ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်သူများ နည်းပါးသော်လည်း ကိုအောင်ဆန်းမှာ ထိုသို့ရေးနိုင်သူတစ်ဦး ဖြစ်ပါသည်။

ကိုအောင်ဆန်း ဥပဒေတန်းပထမနှစ် သင်ကြားနေခိုက် ထိုစဉ်က ကွယ်လွန်သူ ဒေါက်တာသိန်းမောင်ဦးစီးသော မြန်မာပိုင် အင်္ဂလိပ်သတင်းစာ 'နယူးဘားမား' တွင် အချိန်ပိုင်းအယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ကျွန်တော်လည်း ထိုသတင်းစာတွင်ပင် အချိန်ပိုင်း သတင်းအယ်ဒီတာအဖြစ် လုပ်လျက်ရှိပါသည်။ ကျွန်တော်တို့ နှစ်ဦးစလုံးသည် ညနေ ၃ နာရီခွဲကျော်မှ သတင်းစာတိုက်သို့ ရောက်ကြပါသည်။ သတင်းစာတိုက်ရောက်လျှင် ကိုအောင်ဆန်းသည် နောက်တစ်နေ့အတွက် သတင်းခေါင်းကြီးကို ကြိုတင်စဉ်းစားလာခဲ့သည့်အတိုင်း ထိုင်ရာမထ ဆိုသလို တစ်ထိုင်တည်းနှင့်အပြီး ရေးလေ့ရှိပါသည်။ ကိုအောင်ဆန်းရေးခဲ့သော သတင်းစာခေါင်းကြီးပိုင်းများမှာ နယ်ချဲ့ဆန့်ကျင်ရေးများသာ ဖြစ်ကြပါသည်။ အင်္ဂလိပ်စာကို ရေးရာ၌ နိုင်နင်းသည်နှင့်အမျှ ခက်ခဲလှသော ပြဿနာတို့ကို ရှင်းလင်းပီသစွာ ဖော်ထုတ်နိုင်ခဲ့သဖြင့် နယ်ချဲ့အစိုးရနှင့် နိုင်ငံရေးရပ်ကွက်တို့တွင် ကိုအောင်ဆန်း၏ 'ခေါင်းကြီးပိုင်း' များကို လေးလေးစားစား ရှိခဲ့ကြရလေသည်။

မြန်မာဆောင်းပါးများကိုမူ 'မဟာဒဂုန်' မဂ္ဂဇင်းကြီး၌ ရေးလေ့ရှိခဲ့ပါသည်။ မြန်မာဆောင်းပါးများ ရေးသောအခါတွင်လည်း ကိုအောင်ဆန်းသည် မြန်မာသံ ပီပီသသနှင့်သာ ရေးလေ့ရှိခဲ့ပါသည်။

ဟောပြောရာ၌မူ ကိုအောင်ဆန်းသည် 'ဒေါ' များများပါပြီး ပြောချင်ဇောကြီးနေသည်ကို မကြာခဏ ကြုံရတတ်ပါသည်။

'အိုးဝေ' မဂ္ဂဇင်းစာတည်းအဖြစ် ကိုအောင်ဆန်း ဆောင်ရွက်နေစဉ်က 'ငရဲခွေးကြီးလွတ်လာလေပြီ' ဟူ

www.burmeseclassic.com

www.burmeseclassic.com



သော အင်္ဂလိပ်စာကဏ္ဍပါ ဆောင်းပါးမှာ တက္ကသိုလ်နယ်မြေသာမက တစ်နိုင်ငံလုံး သိမ့်သိမ့်တုန်သွားခဲ့ပါသည်။ ထိုဆောင်းပါးတွင် ဖွင့်ချလိုက်သော အချက်များကို အကြောင်းပြု၍ ကျောင်းသားအရေးတော်ပုံ ပေါ်ခဲ့ရလေသည်။ ဗမာ့နိုင်ငံရေးဖြစ်စဉ်တွင် မှတ်တိုင်ကြီးတစ်ခုဟု ဆိုနိုင်ပါသည်။

သမဂ္ဂကိစ္စများကို ဆောင်ရွက်ရာတွင်လည်း ကိုအောင်ဆန်းသည် အပင်ပန်းခံကာ အစားအသောက် အအိပ်အနေကို ပမာမပြုဘဲ လုပ်လေ့ရှိပါသည်။ အလုပ်လုပ်ရမှာကို ဘယ်သောအခါမျှ ကြောက်ရွံ့ခြင်းမရှိသူများတွင် ကိုအောင်ဆန်းသည် ထိပ်ဆုံးက အမြဲရှိပါသည်။ ဖွဲလည်း အလွန်ပြင်းထန်ပါသည်။ ဘာလုပ်လုပ် ခိတ်ရောကိုယ်ပါ လုပ်တတ်၍လည်း သူလုပ်သမျှမှာ ခရီးရောက်လေ့ရှိပါသည်။

ကျောင်းသားဘဝ၌ ဟန်ရေးပြခြင်းကို စက်ဆုပ်ပြီး ထိထိမိမိ လေ့လာမှတ်သားကာ ဇွဲရှိရှိနှင့် လုပ်သားကိုင်သားကျသော ကိုအောင်ဆန်းသည် သခင်အောင်ဆန်းအနေနှင့်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအနေနှင့်လည်းကောင်း နိုင်ငံ့တာဝန်တို့ကို မမောနိုင် မပန်းနိုင် ဆက်လက်ထမ်းဆောင်ပြီး နိုင်ငံလွတ်လပ်ရေးမုခ်ဦးသို့ အရောက်ပို့ဆောင်နိုင်ခဲ့ခြင်းမှာ ကျောင်းသားကျောင်းသူတိုင်း အားကျနည်းယူဖွယ်ပင် ဖြစ်တော့သည်။

ကျောင်းသားကျောင်းသူတိုင်း ကိုအောင်ဆန်း နည်းတူ နိုင်ငံအတွက် ကြိုးပမ်းအားထုတ်နိုင်ကြပါစေ။ ။

ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ် (၁၉၂၀-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော် "ငရဲခွေး" ဆောင်းပါးရေးစဉ်က
## ညိုမြ

၁၃၃၀ ခုနှစ်၊ လပြည့်နေ့ထုတ် အိုးဝေဂျာနယ်မှာ ဦးနုရဲ့ သဝဏ်လွှာတစ်ခု ပါရှိခဲ့တယ်။ အောက်ပါအတိုင်း ..

ညီလေး ညိုမြ

စာနယ်ဇင်းလုပ်ငန်းဟာ မင်းကို သိပ်အကျိုးပေးတယ်။ ကျောင်းသားဘဝက "Hell hound at large" ဆိုတဲ့ ဆောင်းပါးတိုကလေးတစ်ခုတည်းနဲ့ တက္ကသိုလ်လောကမှာ အညတြဘဝက ကျော်ဇောထင်ရှားတဲ့ဘဝကို မင်း ရောက်ခဲ့ရတယ်။ သတင်းစာထောင်ပြန်တော့လည်း မရပ်မနား ရိုက်နေတဲ့ စက်တွေဟာ ကျိုးရတဲ့အထိ မင်းသတင်းစာဟာ လူကြိုက်များခဲ့ရတယ်။ အခု ဂျာနယ်ထုတ်ပြန်တော့လည်း နိုပ်သမျှ ရောင်းမလောက်ဘူးလို့ ကြားရတယ်။ အများကြီး ဝမ်းသာတယ်။ မင်းနဲ့ ငါဟာ တက္ကသိုလ်မှာ ရင်းရင်းနှီးနှီး ပေါင်းခဲ့တယ်။ ၁၉၃၆ ခုနှစ်၊ တက္ကသိုလ်သပိတ်အတွင်းကလည်း အတော် ရင်းရင်းနှီးနှီး ပေါင်းသင်းခဲ့ရတယ်။ အဲဒီအခါတွေတုန်းက မင်းကိုတွေ့ရတိုင်း ငါကြားဖူးတဲ့ ဒဏ္ဍာရီကလေးကို ငါပြေးပြီးသတိရတယ်။ ဒီဒဏ္ဍာရီက ဒီလို ... အရပ်တစ်ရပ်မှာ သိပ်ပျင်းတဲ့ သူဌေးသားတစ်ဦးရှိတယ်။ ဖခင် သူဌေးကြီးဟာ တစ်နေ့ကျတော့ သူ့သားနဲ့ အပျင်းပြိုင်လို့ နိုင်တဲ့လူကို ဆုငွေတစ်ထောင်ပေးမယ်လို့ ကြေညာလိုက်တယ်။ ဒီသတင်းကြားရတဲ့ မောင်ပျင်း မယ်ပျင်းတွေဟာ သူဌေးသားနှင့်အပျင်းပြိုင်ရအောင် အများကြီး လာကြတယ်။ သူဌေးကြီးဟာ ရောက်လာကြတဲ့လူတွေနှင့် အပျင်းပြိုင်ရအောင် သူ့သားကိုခေါ်တဲ့အခါ သူ့သားဟာ အိပ်ရာပေါ်က မထဘဲ 'အပျင်းပြိုင်ရမှာ ပျင်းတယ် ဖေဖေ' လို့ ပြောပြီး ပြန်အိပ်သွားတယ်။

ဒါပေမဲ့ မင်းနဲ့ငါ အလှမ်းဝေးသွားတာ အတော်ကြာပြီ။ အဲဒီအလှမ်းဝေးနေတဲ့ အချိန်အတွင်းမှာ မင်းဟာ အများကြီး ပြုပြင်ပြောင်းလဲသွားပြီလို့ ငါမျှော်လင့်တယ်။ ပြုပြင်ပြောင်းလဲပါစေလို့လည်း ငါ အများကြီး ဆုတောင်းပါတယ်။ အခုလို ဂျာနယ်မှာသာ ရပ်မနေဘဲ မင်း အင်မတန်စိတ်ဝင်စားတဲ့ အိုးဝေဂျာနယ်သတင်းစာကြီး ထွက်ပေါ်လာတဲ့အထိ ဆောင်ရွက်ပါစေလို့ အထူး ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

(ပုံ) မောင်နု ၁၊ ၁၀၊ ၆၀။

အထက်ပါ ဦးနုရဲ့ သဝဏ်လွှာနှင့် ပတ်သက်ပြီး ကျွန်တော် (အယ်ဒီတာ၏မှတ်ချက်) အနေနှင့် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကွန့်ရာမှာ အောက်ပါအချက် ပါရှိခဲ့တယ်။ ကိုကြီးနု ရေးခဲ့တဲ့ (ငါးနှစ်ရာသီ မြန်မာပြည်) စာအုပ်မှာ အစိုးရ လျှို့ဝှက်ချက်များနှင့် ပတ်သက်လို့ အင်မတန် နှုတ်လုံရ တယ်။ ဒါကြောင့် ဝန်ကြီးများ စည်းဝေးပွဲမှာ ကြားသိ ခဲ့ရတဲ့ (ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီ) ဆိုတဲ့ သတင်းကိုတောင် အိမ်က ဇနီးသည် ဒေါ်မြရီသို့ ပြော သင့် မပြောသင့် ချီတုံချတုံ ဖြစ်မိပုံများ ရေးသားပါရှိ တယ်။ ယခု ကိုကြီးနုက အိုးဝေကို ချီးမြှင့်ဆောင်းပါးမှာ ဘောလိပ်သပိတ်မှောက်ချိန်က ငရဲခွေးကိစ္စကို ရေးသူဟာ ညိုမြလို့ ထုတ်ဖော်ထားတယ်။ ဟိုတုန်းက ဗိုလ်ချုပ် အောင်ဆန်းက ဖွင့်မပြောဘဲ ရေငုံခဲ့တဲ့ကိစ္စမှာ ကိုကြီးနု က ခုတော့ ဖွင့်ပြောနေပြီကိုး။ ဟဲဟဲ။ အခုလို ကိုကြီးနု ကို ကလိတာကတော့ အခြားမဟုတ်ဘူး။ နှစ်ပရိစ္ဆေဒ များ ကြာညောင်းခဲ့ပြီမို့ ဖွင့်ပြောရင်လည်း အရေးမကြီး တော့တဲ့ ကိစ္စတွေ၊ အစိုးရလျှို့ဝှက်ချက်တွေကို အိုးဝေ ကွာနယ်မှာ (ငါးနှစ်ရာသီ နောက်ဆက်တွဲ) အနေနှင့် အပတ်စဉ် ရေးသားပေးစေချင်လို့ပါပဲ။ ကိုကြီးနု ကျန်းမာ ချမ်းသာပါစေ။

(ပုံ) ညိုမြ

ဗိုလ်ချုပ်အောင်ဆန်းက ဖွင့်မပြောဘဲ ရေငုံခဲ့တဲ့ ကိစ္စမှာ ကိုကြီးနုက ခုတော့ ဖွင့်ပြောနေပြီကိုး ဟဲဟဲ ဆိုတဲ့ ကလိချက်ဟာ အမှန်မှာ ၁၉၃၆ ခုနှစ်၊ တက္ကသိုလ် သပိတ်ဖြစ်ရပ်တစ်ခုရဲ့ သမိုင်းအတိုချုပ်လို ဖြစ်နေပါ တယ်။ ထိုအချိန်တုန်းက တက္ကသိုလ်သမဂ္ဂအမှုဆောင် အဖွဲ့မှာ ဥက္ကဋ္ဌက ဦးနု၊ ဒုဥက္ကဋ္ဌက ဦးရာရှစ်၊ ဝါဒဖြန့် ချိရေးဌာနမှာ အယ်ဒီတာက ကိုအောင်ဆန်း (ဗိုလ်ချုပ်)၊ အတွင်းရေးမှူးက ကျွန်တော် ညိုမြတို့ ဖြစ်ကြပေတယ်။ ၁၉၃၆ ခု၊ သပိတ်ဖြစ်ပေါ်စေတဲ့ အဓိကတရားခံ ၄ ဦး ဟာ အဲဒီလူတွေပါပဲ။

မိုး ဘာကြောင့် ရွာရတယ်၊ ဖားအော်လို့ ရွာရတယ်' ဆိုသလို အကျိုးနှင့်အကြောင်း ကွင်းဆက်တွေ ရှိစမြဲ ပေါ့။

အကြောင်း (၁)ကတော့ အဲဒီနှစ်က ဦးနုကို ကျောင်းထုတ်ပစ်လိုက်တယ်။ ကျောင်းသားအနေနှင့် ကျောင်းကိစ္စတွေမှာ ဦးဆောင်ရုံသာမဟုတ်ဘဲ နိုင်ငံရေး မိန့်ခွန်းတွေပြောလို့တဲ့။ ပြင်ပ ဆန္ဒပြပွဲတွေမှာ ပါဝင်လို့ တဲ့။ ဦးနုကို ဒါမျိုးတွေ ဘာကြောင့် လုပ်လဲမေးရင် 'လွတ်လပ်ရေး လိုချင်လို့ပါ' လို့ ပြောမှာပဲ။ မိုးရွာအောင် ဖားအော်တယ်ပေါ့။

အကြောင်း (၂)ကတော့ အဲဒီနှစ်က 'အိုးဝေ'လို့ စတင်နာမည်ပြောင်းပြီး ထုတ်ဝေတဲ့ တက္ကသိုလ် သမဂ္ဂ မဂ္ဂဇင်းမှာ ကျွန်တော်က 'ငရဲခွေးကြီး လွတ်ပြေးနေ သည်'ဆိုတဲ့ ဆောင်းပါးကို ရေးထည့်လိုက်တယ်။ အဝီစိ အာဏာပိုင် (ယမမင်း)ရဲ့ ထုတ်ပြန်ကြေညာချက်တစ်ရပ် အနေနှင့် ရေးလိုက်ခြင်းပဲ။ အင်္ဂလိပ်လိုရေးတဲ့ အဲဒီ ဆောင်းပါးတိုကလေးရဲ့ အဓိပ္ပာယ်ကတော့ 'နယ်ချဲ့ လက်ကိုင်တုတ်အဖြစ်နှင့် အဝီစိကို ကျရောက်လာတဲ့ ခွေးနက်ကြီးတစ်ကောင်ဟာ ငရဲပြည်က လွတ်ပြေးသွား တယ်။ အဲဒါ သတိပြုကြပါ။ အထူးသဖြင့် တက္ကသိုလ် နယ်မြေမှာ သောင်းကျန်းနေတယ်။ သူ့ကိုတွေ့ရင် ငရဲ ပြည်ကို ပြန်ပို့လိုက်ကြပါ' တဲ့။ အတိုချုပ်ကတော့ ဒါပါပဲ။ အဖွဲ့အစွဲ့ အစောင်းအထေ့များနှင့် တန်ဆာ ဆင်ပြီး တက္ကသိုလ်အာဏာပိုင်များကို တအားပစ်ထု လိုက်တဲ့ နာနတ်သီးကလေးလိုပါပဲ။ နာနတ်သီးနှင့် ဘာကြောင့်ထုရသလဲလို့ မေးရင် သမဂ္ဂဥက္ကဋ္ဌကို ကျောင်းထုတ်ပစ်လို့ပေါ့။ အသင်းအဖွဲ့ တစ်စုံတစ်ရာ ထိပါးရင် အဲဒီအဖွဲ့ရဲ့ ပြန်ကြားရေးဌာနက ဖြေရှင်းခြင်း၊ ပြန်အုပ်ခြင်းများကို လိုအပ်သလို ဆောင်ရွက်ရတယ် မဟုတ်လား။ ကျွန်တော်ကလည်း ဟိုတစ်ချိန်က တက္ကသိုလ်သမဂ္ဂ ပြန်ကြားရေးဌာနမှာ အတွင်းရေးမှူး မဟုတ်ပါလား။ အဖွဲ့မှာ ကျွန်တော်က ကလောင်ကိုင် ဖြစ်နေတော့ ရေးစရာရှိရင် ကိုယ့်တာဝန်ပဲပေါ့။ ဘယ်သူ့ ကိုမှ လွှဲချလို့မရဘူး။ နှာစေးနေလို့ မဖြစ်ဘူး။ သမဂ္ဂ အဖွဲ့မှာ ဥက္ကဋ္ဌတစ်ယောက်လုံးကို ကျောင်းထုတ်ခံရပြီး နောက် သမဂ္ဂပြန်ကြားရေးဌာနက ဘာမှ ပြန်ရေးဖော်မရ ဘဲ တုံဏှိဘာဝေ နေမယ်ဆိုရင် မခက်ပါလား။ မခေပါ လား။

အကြောင်း (၃)ကတော့ ကျွန်တော့် လက်ရာပါရှိ တဲ့ အိုးဝေမဂ္ဂဇင်း ထွက်ပေါ်လာချိန်မှာ ကျောင်းအုပ် ကြီး မစ္စတာစလော့က ကိုအောင်ဆန်း (ဗိုလ်ချုပ်)ကို ခေါ်ပြီး ငရဲခွေးကြီးဆောင်းပါးရှင် 'ယမမင်း' ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲလို့ မေးတယ်။ ကိုအောင်ဆန်းက တာဝန်ခံ အယ်ဒီတာပေကိုး။ ဒီတော့ ကိုအောင်ဆန်းက 'စာနယ်ဇင်းလောကမှာ ထုံးတမ်းစဉ်လာအရ အဲဒီလိုမေးခွန်းမျိုးကို ဖြေရှင်းလေ့မရှိဘူး။ အရေးယူချင်ရင် ကျွန်တော့်ကိုပဲ အရေးယူပါ'လို့ ပြန်ပြောခဲ့တယ်။ ဒါကြောင့် မကြာမီ သူ့ကိုလည်း ကျောင်းထုတ်ပစ်ပြန်ရော။

အကြောင်း(၄)က အဲဒီလို ဦးနှောက်ရော၊ ကိုအောင်ဆန်းရော ကျောင်းထုတ်ပြီးချိန်မှာ တစ်ဗိုလ်ကျ တစ်ဗိုလ်တက် ဆိုသလို သမဂ္ဂ ဒုဥက္ကဋ္ဌဖြစ်သူ ဦးရာရှစ်က ခေါင်းဆောင်တာဝန်များကို ခံယူတယ်။ ကျောင်းသားထု စည်းဝေးပွဲကြီး ကျင်းပတယ်။ သပိတ်မှောက်ဖို့ လှုံ့ဆော်တယ်။ သပိတ်မှောက်တော့လည်း ရှုပ်ရှုပ်ချွံချွံ ခေါင်းဆောင်မှုပေးခဲ့တယ်။ အဲဒီ အဓိက သပိတ်တရားခံ ၄ ဦးဟာ ၁၉၃၆ ခုနှစ်၊ တက္ကသိုလ်သပိတ်အရေးတော်ပုံရဲ့ လျှမ်းလျှမ်းတောက် ဇာတ်လိုက်ကြီးတွေလို့ မဆိုလိုပါဘူးခင်ဗျာ။ ရင်ဘတ်စည်တီး ဝါကြွားခြင်းမဟုတ်ပါခင်ဗျာ။ ဖြစ်ပုံဖြစ်ရပ်ကို အရှင်းဆုံး နားလည်နိုင်အောင်သာ တင်ပြခြင်းပါ။ အမှန်မှာ အဲဒီတရားခံ ၄ ဦးဟာ စစ်ဦးဘီလူးဆိုသလို ပွဲဦးထွက် ဇာတ်ကောင်များသာ ဖြစ်ပါတယ်။

ဒီပြင်သပိတ်ဆိုရင် သပိတ်မှောက်ကောင်စီမှာ ပါဝင်တဲ့ ကိုကျော်ငြိမ်း (အတွင်းရေးမှူး)၊ ကိုအုန်း၊ ကိုသီဟန်၊ ကိုလှဖေ(ဗိုလ်လက်ျာ)၊ ကိုထွန်းအုန်၊ ကိုထွန်းတင်၊ တီကေ ဘွန်း၊ ကိုအေးချို၊ ကိုသန်းတင်၊ ကိုသာလှ စသည်ဖြင့် ကောလိပ်ဇာတ်ကောင်တွေ အများကြီးပါပဲ။ စွန့်စားခန်းမှာဆိုရင်လည်း ကျွန်တော်တို့ထက် ပြန်ပိုပြီး အဆင်းရဲခံရတဲ့ ကျောင်းသားတွေ တစ်ပုံကြီးပါပဲ။ သူတို့က နေပူကျဲကျဲ ကတ္တရာစေးလမ်းပေါ်မှာ လှဲအိပ်ပြီး သပိတ်တားတယ်။ ဟိုခေတ်က ဆော်ကျော့တွေလို့ ယူဆကြတဲ့ တက္ကသိုလ်ကျောင်းသားတွေဟာ အဲသလို ပလက်ဖောင်း သူတောင်းစားများနှင့်မခြား ဆန္ဒပြခဲ့ကြသဗျ။ ဒီပြင်လည်း အမြို့မြို့အနယ်နယ်မှာ ပြိုင်တူ သပိတ်မှောက် ဆန္ဒပြတဲ့ ဟိုက်စကူးကျောင်းသား ညီငယ်များလည်း ထောင်သောင်းပါပဲ။ သူတို့အားလုံးဟာ အလေးပြုထိုက်တဲ့ ၁၉၃၆ ခု၊ ကျောင်းသားသပိတ် ဇာတ်လိုက်တွေချည်းပါပဲခင်ဗျား။

ဒီပြင်လည်း တက္ကသိုလ်ကျောင်းသူတွေ အများကြီးပါကြသဗျ။ မအုံးတို့၊ မအမာတို့၊ မခင်မြတို့၊ မမကြီးတို့ စသည်ဖြင့်ပေါ့။ ဟိုအချိန်က ကျွန်တော်တို့ သီဆိုခဲ့ကြတဲ့ သပိတ်သီချင်းဟာ သူတို့ ကျောင်းသူများရဲ့ လက်ရာပေပဲ။ 'ကျွန်စိတ်မွေးတဲ့ တက္ကသိုလ်ပါ။ မနေလိုလို့ ထွက်ခဲ့တာ။ တို့တစ်တွေ ညီညာရုံးစုကာ ရွှေတိဂုံပေါ်မှာ'

× × ×

[ ၂ ]

ဟိုခေတ်က သပိတ်မှောက်ရာမှာ ပါဝင်ခဲ့သူ စာရေးဆရာ ကိုဌေးမြိုင်ခေါ် ဒဂုန်တာရာက ကိုအောင်ဆန်းနှင့် ကျွန်တော့်အကြောင်းကို စစ်ပြီးခေတ်မှာ သရုပ်ဖော်ဆောင်းပါး စာရေးဖူးပါတယ်။ ကိုအောင်ဆန်းကိုတော့ 'အောင်ဆန်း သို့မဟုတ် အရိုင်း'တဲ့။ ကျွန်တော့်အကြောင်းကိုတော့ 'ညိုမြ ခေါ် မတုန်မလှုပ် ကျောက်ရုပ်'တဲ့ဗျ။ သခင်ကိုယ်တော်မှိုင်း ပြောဖူးတဲ့ ပုံပြင်တစ်ခုမှာ ဆိတ်နှင့်ခွေး အဆွေခင်ပွန်းဖွဲ့ပြီး အစာရှာထွက်ကြသတဲ့။ အဲသလိုပဲ ရန်ကုန်တက္ကသိုလ်မှာ အရိုင်း အောင်ဆန်းနှင့် ကျောက်ရုပ် ညိုမြတို့ ဆုံတွေ့ကြပြီး အိုးဝေမဂ္ဂဇင်းလုပ်ကြရာမှာ သပိတ်မှောက် (ဝါ) ငါးပါးမှောက်ကုန်တယ်လို့ ဆိုချင်ဆိုနိုင်ပါတယ်။

ကိုအောင်ဆန်းဟာ အရိုင်းခွစာ ကျောင်းသားတစ်ဦးပါပဲ။ ဒါပေမဲ့ "There is method in his madness" ဆိုသလို သူ့အရိုင်းဘာဝဟာ ရည်ရွယ်ချက်နှင့်မို့ မခေပါဘူး။ ကျွန်တော် ၁၉၃၄ ခုနှစ်လောက်က သူနှင့် စတင်သိရှိချိန်မှာ သူက သမဂ္ဂအမှုဆောင်အဖွဲ့ဝင်ဖြစ်နေပြီး သူက ဘီအေအောက်တန်းမှာ၊ ကျွန်တော်က အိုင်အေ အထက်တန်း။ ထိုအချိန်က ကျွန်တော်ဟာ ချာတိတ်ကျောင်းသားဖြစ်သော်လည်း ထမင်းစားရာမှာတော့ ကျူတာကြီးများဖြစ်တဲ့ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့နှင့် တစ်စားပွဲတည်း စားတယ်။ အဲဒီဆရာတွေက ကျွန်တော့်အစ်ကို တင်ထွတ်၊ ကိုစိုးတင့်တို့ရဲ့ မိတ်ဆွေတွေမို့ပါ။

တစ်ခါက ကျွန်တော်တို့ ညစာထမင်းစားအပြီးမှာ မင်းသုဝဏ်ရဲ့ အခန်းထဲမှာ လေပန်းနေကြတယ်။ အဲဒီမှာ ကိုအောင်ဆန်း ရုတ်တရက်ဝင်လာပြီး

www.burmeseclassic.com



'ဒီနှစ် သမဂ္ဂမဂ္ဂဇင်းကို ကိုညိုမြက အယ်ဒီတာ လုပ်စေချင်တယ်'

'ဟောဗျ ... ဘယ့်နှယ်ဟာတုံး ... ကျွန်တော် ငယ်ပါသေးတယ်၊ မလုပ်ပါနှင့်'

'ဂန္ထလောက မဂ္ဂဇင်းမှာ ခင်ဗျားရေးတာတွေကို ကျွန်တော် အမြဲဖတ်ပါတယ်။ ခင်ဗျား အယ်ဒီတာလုပ်ရင် ကောင်းမယ်'

'အယ်ဒီတာဆိုတာ ကျောင်းသားကြီးတွေကသာ လုပ်စမြဲပါ။ ကျွန်တော်က အိုင်အေတောင် မအောင်သေးဘူး'

'ခက်တယ်ဗျ ... ဒီနှစ် သမဂ္ဂအဖွဲ့က ကျွန်တော့်ကို ဝါဒဖြန့်ချိရေးမှူးတာဝန် ပေးထားတယ်။ မဂ္ဂဇင်းကို လည်း ကျွန်တော်ပဲ ကိုင်ရမယ်။ ကျွန်တော်က မိန့်ခွန်းတို့၊ ပြန်တမ်းတို့ ရေးတတ်ပါရဲ့။ ဒါပေမဲ့ အနုစာပေတော့ မလုပ်တတ်ဘူး။ ခင်ဗျားနှင့် ပိုကိုက်တယ်'

'ချာတိတ်ကို အယ်ဒီတာမြှောက်တော့ သမဂ္ဂမှာ ဂုဏ်ငယ်မှာပေါ့။ ကောလိပ်မဂ္ဂဇင်းနှင့် ပြိုင်ရာမှာ အပြကောင်းဘူးပေါ့'

'ကြီးတာ ငယ်တာထက် ကောင်းတာ လိုရင်းပါ'

'ကိုင်း ... ခင်ဗျား ဒီလိုလုပ်ပါ။ ကိုအောင်ဆန်းက ဘီအေတန်း ရောက်နေပြီမို့ ဒီနှစ်တော့ ခင်ဗျားပဲ အယ်ဒီတာလုပ်ပါ။ ကျွန်တော်က မဂ္ဂဇင်းအဖွဲ့မှာ အတွင်းရေးမှူးလုပ်မယ်။ အယ်ဒီတာလုပ်စေချင်တယ်ဆို ရှေ့နှစ်ခါ လုပ်တာပေါ့'

အဲသလိုနှင့် ကျွန်တော်နှင့် ကိုအောင်ဆန်းတို့ အပေးအယူ ဖြောင့်သွားတယ်။

'အရိုင်း သို့မဟုတ် အောင်ဆန်း' ဟာ စည်းရုံးရေးမှာ သူ့နည်းသူ့ဟန်နှင့် မခေပါဘူး။ ကျွန်တော်လည်း အဲသလို သူက လာပြီး ချော့ဆွဲတာနှင့် သမဂ္ဂအဖွဲ့ထဲကို တောင်ရောက်သွားတယ်။ အဲသလို လုပ်ဖော်ကိုင်ဖက် ဖြစ်ရာက နောက်တော့ ကိုအောင်ဆန်းဟာ ကျွန်တော်တို့ ထမင်းစားပွဲကို ပြောင်းလာပြီး အတူစားကြတယ်။

ရန်ကုန်တက္ကသိုလ်မှာ မဂ္ဂဇင်းနှစ်စောင် ရှိခဲ့တယ်။ ကောလိပ်မဂ္ဂဇင်းနဲ့ သမဂ္ဂမဂ္ဂဇင်းပါပဲ။ ကောလိပ်မဂ္ဂဇင်းက ငွေအားပိုကောင်းတယ်။ တစ်ကျောင်းလုံးနှင့်ဆိုင်လို့ အစောင်ရေ ၃၀၀၀ လောက် ထုတ်ရတယ်။ ရန်ပုံငွေလည်း ၃၀၀၀ ကျပ် ရှိတယ်။ အယ်ဒီတာကို ကျောင်းအုပ်ကြီး ရွေးချယ်ခန့်တယ်။ ဒါကြောင့် အလိုတော်ရိမဂ္ဂဇင်းပေါ့။ သမဂ္ဂမဂ္ဂဇင်းကတော့ အသင်းဝင်ရှိသလောက်ပဲ ထုတ်ဝေတယ်။ သမဂ္ဂအဖွဲ့ထဲကို တစ်ကျောင်းလုံး ဝင်လေ့မရှိဘူး။ ဒါကြောင့် အသင်းဝင် ၅၀၀ ရှိတယ်ဆိုရင် မဂ္ဂဇင်းရန်ပုံငွေ ၅၀၀ ပဲ ရှိတယ်။ အယ်ဒီတာကို သမဂ္ဂအမှုဆောင်အဖွဲ့က ခန့်တယ်။

သမဂ္ဂအသင်းဆိုတာ လူဆူတွေ၊ ခွစာတွေ စုရုံးရာ အရပ်မို့ သူတို့မဂ္ဂဇင်းကတော့ အတိုက်အခံအာဘော်ပေါ့။ ဥပမာဆိုရင် ကောလိပ်မဂ္ဂဇင်းက ပညာရေးဝန်ကြီး အတ္တုပ္ပတ္တိကို ဦးစားပေးပြီး ထည့်မယ်။ ကိုအောင်ဆန်းနှင့် ကျွန်တော်တို့ ပူးတွဲလုပ်တဲ့နှစ်မှာတော့ 'တက္ကသိုလ်နယ်မြေ၏ လေးစားထိုက်သော ပုဂ္ဂိုလ်ကြီးများ' ဆိုတဲ့ ခေါင်းစဉ်နှင့် (၁)မြက်ရိတ်တဲ့ မာလီကုလားကြီးပုံ၊ (၂) သမဂ္ဂဒလဝမ် ဦးကံသိန်းပုံတွေကို သမဂ္ဂစာစောင်က ဦးထိပ်ထားတယ်။ ဒါကြောင့် သမဂ္ဂမဂ္ဂဇင်းဟာ အစိုးရက အာမခံငွေတောင်းတဲ့ အတိုက်အခံစာနယ်ဇင်း စာရင်းမှာ ပါဝင်တယ်။

ကိုအောင်ဆန်းက သမဂ္ဂမဂ္ဂဇင်းကို နာမည်ပြောင်းချင်တယ်။ မျက်နှာဖုံးမှာ အမြဲသုံးခဲ့တဲ့ အမည်က 'ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂအသင်း မဂ္ဂဇင်း' လို့ ဆိုတော့ အဲဒါကို သူက အင်မတန် ရှည်လျားလွန်းတယ် ထင်တယ်။ ဒါကြောင့် ကျောင်းသားများက နာမည်သစ် ပေးကြဖို့ ဖိတ်ခေါ်လိုက်တယ်။ ရောင်နီတို့၊ ရောင်ဖြူတို့၊ ရောင်ခြည်သစ်တို့ စသည်ဖြင့် အမျိုးမျိုး အကြံပေးကြတာကိုး။ သူက တစ်ခုမှ မကြိုက်ဘူး။ ဒါကြောင့် နောက်ဆုံးမှာ ကျွန်တော်က အသည်းထဲမှာ လျှို့ဝှက်သိမ်းဆည်းထားတဲ့ နာမည်တစ်ခုကို သူ့ထံ ဖွင့်ပြောခဲ့တယ်။

× × ×

'ဒီမှာ ကိုအောင်ဆန်း၊ ကျွန်တော် မန္တလေးမှာ ကျောင်းနေတုန်းက 'ဒေါင်းယာဉ်ပျံ' ဆိုတဲ့ ဇာတ်မင်းသမီးကလေးတစ်ယောက်ကို သဘောကျဖူးတယ်။ သူက တော့ ကျွန်တော်တို့နှင့် ရွယ်တူလောက်ပါပဲ။ လေဘာတီ မမြရင်လို အစ်မကြီးအရွယ်လို မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဆိုစမ်းပါဦး ... ခင်ဗျားက စွန့်ခဲ့ရဲ့လား'

'ဒီလိုလည်း မဟုတ်ပါဘူး။ အဲဒါ ဒေါင်းယာဉ်ပျံက သီချင်းဆိုတယ်။ 'အိုးဝေ ... အိုးဝေ' တဲ့။ အဲဒီ အိုးဝေကိုပဲ ခုနစ်သံပြောင်းလဲပြီးဆိုတာ နားထောင်လို့ မငြီးဘူး'

'ဒီတော့ ဘာဖြစ်လဲ'

'ဒီတော့ နောင်အခါမှာ ကျွန်တော့်ရဲ့ ဝါသနာအတိုင်း စာနယ်ဇင်းလောကကို ရောက်ရင် 'အိုးဝေ' ဆိုတဲ့ နာမည်နဲ့ ထုတ်မယ်လို့ စိတ်ကူးယဉ်မိတယ်။ သဘောကတော့ 'မြန်မာပြည်သည် ဥဒေါင်းနိုင်ငံ၊ အိုးဝေသည် ဥဒေါင်းအသံ' ပေါ့။ အဲဒါပါပဲ'

'ဟဲ ဟဲ ... ကောင်းသားပဲဗျ။ အဲဒီအတိုင်း ကျွန်တော်တို့ တက္ကသိုလ်သမဂ္ဂမဂ္ဂဇင်းကို 'အိုးဝေလို့' နာမည်မှည့်လိုက်ရုံပေါ့။ သဘောတရားချင်း အတူတူပါပဲ'

'အလို ဘုရား ... ဘုရား .. ဒီလိုဆိုတော့လည်း ကျွန်တော့်မှာ 'အရင်းဆုံးပြီး ဆားလင်းကုန်းရောက်' သလို ဖြစ်နေပြီ။ ကျွန်တော် ကျောင်းထွက်ပြီး သတင်းစာထောင်တော့ ဘာနာမည်သုံးရမလဲ'

'အိုးဝေလို့ပဲ ခေါ်ပေါ့ဗျာ။ သတင်းစာက နေ့စဉ်ထုတ်ပဲ။ ကျွန်တော်တို့ သမဂ္ဂအသင်းက တစ်နှစ်မှ တစ်ကြိမ်ထုတ်ဆိုတော့ စီးပွားရေးချင်း တခြားစီပဲ'

'ကျွန်တော်ပေးတဲ့ ဒီနာမည်ကို ကျွန်တော်ကပဲ ခိုးချသလို ဖြစ်မနေပါလား'

'ဒါတော့ မပူပါနှင့်။ အကြောင်းရှိရင် ကျွန်တော်က သက်သေလိုက်မှာပေါ့'

× × ×

ကိုအောင်ဆန်းက အဲသလိုပြောပြီး သမဂ္ဂမဂ္ဂဇင်းကိုလည်း အဲဒီနှစ်ကစပြီး 'အိုးဝေ'လို့ ပြောင်းလဲ အမည်တွင်စေခဲ့ပါတယ်။ 'ဒီနာမည်ကို ကိုသိန်းတင်ခေါ် ညိုမြက ပေးခဲ့တာပါ'လို့လည်း အင်္ဂလိပ်စာကဏ္ဍမှာ သူက ရေးသား မှတ်တမ်းတင်ခဲ့ပါတယ်။

× × ×

အဲဒီနှစ် အမျိုးသားနေ့မှာ ဥက္ကဋ္ဌ ကိုနုက တက်ရောက်မိန့်ခွန်းပြောတာနှင့်ပတ်သက်ပြီး သူ့ကို ကျောင်းထုတ်ခံရတယ်။ အမှန်မှာ ကျောင်းထုတ်ခံရတာ ကိုနုသာမက ကိုစိုးမြင့်ဆိုသူလည်း 'ဆာ' မထူးလို့ဆိုပြီး စောစောပိုင်းက ကျောင်းထုတ်ခဲ့တယ်။ ကျောင်းသင်ပုန်းပေါ်က ကြော်ငြာစာ စက္ကူကို ခွာမိတဲ့ ကိုအောင်မြင့် တစ်ယောက်လည်း ကျောင်းထုတ်ခံရတယ်။ အဲဒါတွေကြောင့် ကျောင်းသားလောကမှာ မခံချိမခံသာ ဖြစ်နေတယ်။

အလိုတော်ရိ ကျောင်းသားများကို အခွင့်အရေးပေးပြီး ရိုးရိုးမှန်မှန်နေသူများ အနှိမ်ခံရ၊ ဒဏ်ရိုက်ခံရဆိုတဲ့ ကိစ္စမျိုးတွေက မခံချင်စရာ မကြာခဏ ပေါ်ပေါက်နေတယ်။ အပြင်လောကမှာ 'သခင်ပေါက်စ ထောင် ဖြလ'ဆိုတဲ့ ဖိနှိပ်မှုမျိုး ကြုံတွေ့နေချိန်မှာ တက္ကသိုလ်နယ်မြေတွင်းမှာလည်း အာဏာပိုင်များက ကျောင်းသားများသမဂ္ဂများကို မျက်မုန်းကျိုးနေချိန်ဖြစ်တယ်။

ကိုနုကို ကျောင်းထုတ်ပြီးနောက်မှာ ကိုကျော်ငြိမ်းက ကျောင်းအုပ်ကြီး မစ္စတာစလော့နှင့် သွားရောက်စေ့စပ်တယ်။ တင်းမာမှု လျော့ပါးမသွားဘဲ 'မင်းတို့လုပ်ချင်ရာလုပ်ကွာ ... ငါလည်း မလျှော့နိုင်ဘူး' ဆိုတဲ့ အပေါက်မျိုး ပြောလွှတ်လိုက်တယ်။

ကျောင်းမှာ ခပ်အေးအေး စာကျက်ဖို့၊ စာသင်ဖို့ စိတ်ရင်းကောင်းနှင့် လာသူတွေဟာ ဆရာဝတ်၊ တပည့်ဝတ် ကျေပွန်ကြတဲ့ ရင်းရင်းနှီးနှီး မေတ္တာ စေတနာ လောကမျိုး မတွေ့ရဘဲ သခင်နှင့် ကျွန် ဆက်ဆံရေးတွေ၊ မမျှော်လင့်တဲ့ ကသိကအောက်တွေသာ ကြုံတွေ့နေရတယ်။ အာဏာပိုင်အဖွဲ့မှာ ပါဝင်တဲ့ မြန်မာများကလည်း ပြေလည်ရေးကို အားမပေးဘဲ ကိုယ့်အမျိုးသားတပည့်လူငယ်များကို ရန်လုပ်ဖို့၊ အရေးယူဖို့၊ ချောက်တွန်းဖို့ စိတ်ထားမျိုးသာ အံ့သြစရာ ကြုံတွေ့နေရတယ်။ တက္ကသိုလ်နယ်မြေဟာ 'တက္ကသီလာအေးရိပ်သာ' ဒေသမျိုးမဟုတ်တော့ဘဲ ဖုတ်ပြိတ္တာများ ကြီးစိုးရာ တစ္ဆေသုသာန်ကျတ်ရွာလို ဖြစ်လာတယ်။

[ ၃ ]

ရှေးခေတ် ဂရိပြည်က ပြဇာတ်စာရေးဆရာကြီး ယူရီပီဒီး၏ အဆိုမှာ 'နတ်ဒေဝါများက သူတို့အလိုရှိသူများကို ဖျက်ဆီးချင်သောအခါ ပထမအဆင့်အနေဖြင့်

www.burmeseclassic.com



ထိုသူများကို ရှုးအောင်လုပ်၏’တဲ့။ တက္ကသိုလ်အာဏာပိုင်များကို တန်ပြန်တိုက်ပွဲဆင်ဖို့ ဆုံးဖြတ်မိချိန်မှာ ကျွန်တော်ဟာ အထက်ပါ ထိုးနှက်နည်းကို သတိရမိတယ်။ အာဏာပိုင်များ ဒေါသထွက်ပြီး အလွဲလွဲအချော်ချော်တွေ လုပ်မိကုန်အောင်၊ အိုးနင်းခွက်နင်းဖြစ်ကုန်အောင် ခပ်ရိုင်းရိုင်းစာပေမျိုး အိုးဝေမဂ္ဂဇင်းမှာ ရေးပြီး အုပ်ထည့်လိုက်မှပဲလို့ သဘောပိုက်မိတယ်။ ခါတိုင်း ကျွန်တော်ရေးသမျှ စာတိုပေစကို နီးစပ်ရာ ဆရာသမားများ၊ မိတ်ဆွေများ၊ သူငယ်ချင်းများကို ပြသတိုင်ပင်လေ့ရှိသော်လည်း ‘ငရဲခွေးကြီး’ဆောင်းပါးကိုတော့ ဘယ်သူ့မှ တိုင်ပင်တော့၊ မပြောတော့ဘူး။ သန်းခေါင်ကျော်မှာ အခန်းတံခါးပိတ်ပြီး ရေးတယ်။ နောက်တစ်နေ့မှာ စာပုံနှိပ်တိုက်ကို ပို့လိုက်တယ်။ ကိုအောင်ဆန်းလည်း ပုံနှိပ်တိုက် ရောက်လာပြီး အဲဒီစာကို အလွယ်တကူ ခွင့်ပြုလိုက်တယ်။

ငရဲခွေးဆောင်းပါးကို အင်္ဂလိပ်လို ရေးလိုက်ခြင်းတလည်း အကြောင်းရှိပါတယ်။ သမဂ္ဂမှာ ပါဝင်တဲ့ ကျောင်းသားတွေဟာ အပြင်လောကမှာ သခင်တွေကို ကြမ်းပိုးဆန်ဆန် သတ္တဝါတွေလို အထင်သေးပြီး ‘ကိုဘီအေမြို့အုပ်လောင်းများ’ သာ အထင်ကြီးတဲ့ခေတ်မျိုးပေပဲ။ စာမေးပွဲ တဖုန်းဖုန်းကျသူများသာ သမဂ္ဂမှာ စုဝေးပြီး ဆူလားပူလားလုပ်တတ်တယ်ထင်ကြတယ်။ အဲဒါကြောင့် ‘သမဂ္ဂအဖွဲ့ဝင်များ အင်္ဂလိပ်လိုလည်း ရေးတတ်ပါတယ်။ မယုံလျှင် ကျောင်းအုပ်ကြီး စလေ့ကိုယ်တိုင်သာ ဖတ်ကြည့်ပါတော့’ ဆိုတဲ့ ရည်ရွယ်ချက်နှင့် ရေးလိုက်ခြင်းပါပဲ။

ဖေဖော်ဝါရီလမှာ အိုးဝေမဂ္ဂဇင်း ပုံနှိပ်ပြီးစီးတယ်။ အိုးဝေထုတ်လုပ်ရေးအတွက် သမဂ္ဂမှ အမှုတော်ငွေ ၅၀ ကျပ် ထုတ်ပေးတယ်။ အဲဒီငွေနှင့် တစ်နှစ်လုံး ဖူလုံအောင် သုံးစွဲရပါတယ်။ ကိုအောင်ဆန်းနှင့် ကျွန်တော့်အဖို့ အတိစ်ကားခလောက်သာ ရကြပါတယ်။ မဂ္ဂဇင်းစာအုပ်တွေ ချုပ်လုပ်ပြီးတဲ့နေ့မှာတော့ ကျွန်တော်တို့လည်း ဝမ်းသာအားရနှင့် တက္ကစီမော်တော်ကား မငှားစဖူး ငှားပြီး ကျောင်းကို ပြန်ကြတယ်။ မဂ္ဂဇင်းစာအုပ်တွေ ကားပေါ်တင်ပြီး ပြည်လမ်းတစ်လျှောက်က ပြန်ခဲ့ကြတယ်။ မော်တော်ကားစီးရင်း လေညှင်းခံရတာက ဇိမ်ပါပဲ။ ကျွန်တော်တို့အဖို့ မကြုံစဖူး အမောပြေစေပါတယ်။ တစ်နှစ်လုံး လုံးပန်းခဲ့သမျှ ပြီးမြောက်ချိန်ပေပဲ။

ကားပေါ်မှာ အိုးဝေစာအုပ်ထုပ်တွေကလည်း လေကစားလို့ တဖျတ်ဖျတ် တလွင့်လွင့် လှုပ်ရှားလိုက်ပါလာကြတယ်။ ငရဲခွေး ဆောင်းပါးပါရှိတဲ့ စာစောင်ဖြစ်လို့မို့ အမှန်မှာ ကျွန်တော်တို့နှစ်ယောက်ဟာ တက္ကသိုလ်ကို မကြာမီ ပေါက်ကွဲစေမည့် မိုင်းဗုံးများကို သယ်ဆောင်လာသလို ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အဖို့ ဘာမျှ စိုးရိမ်စိတ်မရှိပါ။ နောင်ခါလာ နောင်ခါချေးပေါ့။ သစ္စာတရားကို အခြေခံထားသူများအဖို့ ‘အသောကာ ဝိရဇ္ဇံ ခေမံ’ဆိုတဲ့ မင်္ဂလာတရားတော်အတိုင်း ဘာမှ ကြောင့်ကြစရာ မလိုပါဘူး။ ကားစီးရင်း မျက်လုံးမှေးပြီး လေနုအေးကလေးကို တဝ ရှူရှိုက်ဖို့က ပိုအရေးကြီးပါတယ်။

[ ၄ ]

‘စိတ္တံတမ္ပိ အစိတ္တံတမ္ပိ’ ဂါထာမှာ လာတဲ့အတိုင်း ‘လောကမှာ မကြံစည်ဘဲနှင့်လည်း ဖြစ်မြောက်အောင်မြင်တတ်တယ်။ ကြံစည်လျက်နှင့်လည်း မဖြစ်မြောက်တတ်ဘူး’တဲ့။ ကျောင်းသားတရားခံတစ်ဦးအနေနှင့် ကျွန်တော် ပြန်လည်သုံးသပ်ကြည့်ရာမှာ ၁၉၃၆ ခု၊ ကောလိပ်သပိတ်ဟာ ကြိုတင် ကြံစည်ခြင်း မရှိဘဲ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး ‘စည်းလုံးညီညာအောင်ကြောင်းဖြာ’ ဆိုသလို ကျောင်းသားထုရဲ့ ညီညွတ်စွာ ရပ်တည်မှုကြောင့် ရာခိုင်နှုန်းအပြည့် အောင်မြင်သွားတဲ့ကိစ္စတစ်ရပ်ပါပဲ။ အရေးကြုံချိန်မှာ မိမိနှင့် သက်ဆိုင်ရာ တာဝန်များကို မဆိုင်းမတွ အလုပ်ည့်ကျ ဆောင်ရွက်ပြသခဲ့ကြလို့ အားလုံး ဘေးမသီ ရန်မခဘဲ ချောချောရှူရှူ အောင်မြင်ပြီးဆုံးသွားတဲ့ စံပြအရေးတော်ပုံတစ်ခုပေပဲ။

သမဂ္ဂဥက္ကဋ္ဌ ကိုနုက သူ့ကို ကျောင်းထုတ်တော့ ဘယ်သူ့ကိုမှ ကယ်ပါယူပါလို့ အကူအညီမတောင်းခဲ့ပါဘူး။ သူ့အတွက် ဆန္ဒပြဖို့ ကျောင်းသားတွေကို မလှုံ့ဆော်ဘဲ သူ့အဖြစ်ကို ငြိမ်ငြိမ်ကလေးခံယူခဲ့တယ်။ သမဂ္ဂပြန်ကြားရေးဌာနကိုလည်း ဘာမျှ အရေးမခိုင်းပါဘူး။

ကျွန်တော်က ငရဲခွေးဆောင်းပါးနှင့် အာဏာပိုင်များရဲ့ ပျော့ကွက်ကိုရှာပြီး ပြန်လည်ထိုးနှက်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ သေဖော်မညှိပါဘူး။ ဒီကိစ္စက အန္တရာယ်ရှိပြီး ကျောင်းထုတ်ခံရဖို့များလို့ အယ်ဒီတာ ကိုအောင်ဆန်းကလွဲလို့ ဘယ်သူ့ကိုမှ အသိမပေးဘဲ ရေးထည့်ခြင်းဖြစ်တယ်။

ဒီကိစ္စနှင့်ပတ်သက်ပြီး ကိုအောင်ဆန်းက 'ကိုယ့်လူ အေးအေးနေပေါ' လို့ ကျွန်တော့်ကို တစ်ခွန်းတည်း ပြောခဲ့ဖူးတယ်။ ကျောင်းအုပ်ကြီးနှင့် ရင်ဆိုင်စရာတွေကို သူ့ဟာသူ တစ်ယောက်တည်း ကြည့်လုပ်သွားတယ်။

အဲဒီလို ကိုနုရယ်၊ ကိုအောင်ဆန်းရယ်၊ ကျွန်တော်ရယ် သုံးဦးသားတို့က တစ်ယောက် တစ်မျိုးစီ မိမိကောင်းတယ်ထင်သလို စခန်းထပြီးချိန်မှာ အခြားကျောင်းသားများက ကျန်တဲ့တာဝန်များကို ခပ်အေးအေးပဲ ဝေခွဲထမ်းဆောင်သွားကြတယ်။ ၁၉၃၆ ခု သပိတ်ဟာ အဲသလောက် ရှင်းလင်းသိမ်မွေ့ပါတယ်။

× × ×

အလားတူ ထုံးဟောင်းသာဓကကို ရှာဖွေပြသမယ်ဆိုရင် ဇကနိပါတ်တော်ထဲက နိဂြောဓ သမင်မင်း ဇာတ်ထုပ်နှင့် ခပ်ဆင်ဆင်ပါပဲ။

အဲဒီမှာ ဗြဟ္မဒတ်မင်းကြီးက သမင်သားစားချင်တယ်ဆိုတော့ သမင်တွေကို အမြဲတမ်း ရှာဖွေပစ်ခတ်ရတဲ့ တထိတ်ထိတ်တလန့်လန့် အခြေအနေမျိုးက လွတ်ကင်းအောင် သမင်ချင်း ခေါင်းချင်းဆိုင်၊ ချိုချင်းထိ တိုင်ပင်ကြတယ်။ စားဖို့မှူးရဲ့ ခုတ်တုံးမှာ နေစဉ် တစ်ကောင်ကျ အလှည့်ကျ သွားရောက်ပြီး လည်ပင်းကို လှဲပေးဖို့ ဆုံးဖြတ်ကြတယ်။ ဒါနဲ့ ကိုယ်ဝန်ဆောင် သမင်မ အလှည့်ကို ရောက်တော့ တစ်ချိန်တည်းမှာ အသက် နှစ်ခု ဆုံးရှုံးရမှာကြောင့် မီးဖွားပြီးမှ သေပါရစေလို့ တောင်းပန်တယ်။ အဲဒီတော့ ခေါင်းဆောင်ဖြစ်တဲ့ နိဂြောဓ သမင်ကြီးကိုယ်တိုင် သမင်မရဲ့ နေရာကို ယူလိုက်တယ်။

အဲဒီအကြောင်းတွေကို ဗြဟ္မဒတ်မင်းကြီးက အချိန်မီ ကြားသွားလို့ မသတ်ဖြစ်တော့ပါဘူး။ တိရစ္ဆာန်လောကမှာတောင် အဲသလောက် စိတ်ထားနှင့် စည်းကမ်း ကောင်းမွန်ပုံတွေ ချီးကျူးပြီး မင်းကြီးက သမင်အားလုံးကို ဘေးမဲ့ပေးတော်မူခဲ့တယ်။

× × ×

[ ၅ ]

ကျွန်တော်ဟာ 'ငရဲခွေးကြီး' ဆောင်းပါးရေးသူ တရားခံအဖြစ်နှင့် ဘာမှ အထူးတလည် ထုချေစရာ မရှိပါ။ အဲဒီ စာတိုကလေးဟာ အတော်ပဲ ကြမ်းပါတယ်။ ကြမ်းတာကလည်း အထက်ပါ ဆရာကြီး 'ယူရိပိုးဒီး' ရဲ့ ဆောင်ပုဒ်ကို မှတ်ဖွယ် စာပေအဖြစ်သာမက စစ်ပရိယာယ်တစ်ခုအနေနှင့် အသုံးပြုလိုက်ခြင်းကြောင့် ဖြစ်ပါတယ်။ အယူခံစရာ တစ်ချက်တော့ ရှိပါတယ်။ အဲဒါကတော့ ကျွန်တော့် ရေးသားချက်ဟာ ပုဂံခေတ် ကျောက်စာတွေထဲက ကျိန်ဆဲချက်တွေထက် ပိုမဆိုးပါဘူးလို့ ထင်မိတာပဲ။

× × ×

အဲဒီဆောင်းပါးရဲ့ ဂယက်ကလေးများကို တစ်ဆင့်ဖောက်သည်ချချင်ပါတယ်။

(၁) ဒီဆောင်းပါးဟာ ညစ်ညမ်းချက် ပါစေကာမူ လက်ရှိ အခြေအနေနှင့် ကိုက်ညီတယ်။ ရေးတာ နည်းသေးတယ်လို့ သပိတ်မှောက် အင်းလျားကျောင်းသူများက မှတ်ချက်ချခဲ့တယ်။

(၂) အဲဒီဆောင်းပါးတိုကလေးကို ရန်ကုန်နှင့် မန္တလေး ကျောင်းသားများက ဟိုတုန်းက အန္တရာယ်ကင်း ဂါထာတစ်ခုလို အရကျက်မှတ် ရွတ်ဆိုသူများ ရှိခဲ့တယ်။

(၃) အဲဒီဆောင်းပါး ပါရှိတဲ့ သမဂ္ဂအသင်းရဲ့ အိုးဝေ မဂ္ဂဇင်းဟာ စောင်ရေ ၅၀၀ သာ ထုတ်ဝေလို့မို့ မလောက်မငဖြစ်ခဲ့တယ်။ ဒါကြောင့် တက္ကသိုလ် အာဏာပိုင်များက ကျွန်တော် လွန်ကျူးပုံကို အစိုးရဌာနအသီးသီးရှိကြဖို့ ဝါဒဖြန့်ရန် လက်နှိပ်စက်ဖြင့် နောက်ထပ် စောင်ရေများစွာ ဖြန့်ဖြူးကြတယ်။ ဒုတိယပုံနှိပ်ခြင်းလို့ပဲ ဆိုကြပါစို့။

(၄) တစ်နေ့က ပခုက္ကူအမတ်ဟောင်း ဦးညွန့်က အဲဒီကျွန်တော့်လက်ရာကို အိုးဝေ ဂျာနယ်မှာ ထပ်မံပုံနှိပ်ပေးပါလို့ အမှာစာ ပေးပို့တယ်။ ကျွန်တော်က မလိုက်လျောလိုပါ။ တစ်ချိန်က မလွှဲမရှောင်သာလို့ ရေးခဲ့ရတဲ့ အကြမ်းစာပေဖြစ်ပါတယ်။ အနုစာပေ မဟုတ်တော့ပါ။ 'ဆူးနှင့်မာလာ' ဆိုသလို ပဒိုင်း

www.burmeseclassic.com

www.burmeseclassic.com



သီး စာပေမျိုး ဖြစ်ပါတယ်။ ခုချိန်မှာတော့ တက္ကသိုလ်မှာ နှစ် ၅၀ မြောက် ပွဲတော် ကျင်းပနေတယ်။ အဲဒီမှာ 'ငရဲခွေး' ဆောင်းပါးကို သမိုင်းဝင်အဖြစ် ဓာတ်ပုံရိုက်ကူးပြသမယ်လို့ ကြားသိရတယ်။ အမတ်မင်း ဦးညွန့်လည်း အဲဒီပွဲ သွားကြည့်ပါ။ ဒါမှမဟုတ်လည်း ကောလိပ်ပိဋကတ်တိုက်နှင့် အစိုးရသမိုင်းဌာနကို သွားကြည့်ပါ။

ကျွန်တော့်အဖို့မှာတော့ 'တရားခံတစ်ဦးဟာ သေွးစွန်းခဲ့တဲ့ သူ့လက်နက်ကို ပြန်မကြည့်ချင်တော့'သလို ဖြစ်မိတာပဲ။ မေ့ပစ်ချင်ပြီ။

(၅) ငရဲခွေးဆောင်းပါးရေးသူအဖြစ်နှင့် ကျွန်တော် နှစ်သိမ့်စရာတစ်ကွက်တော့ ရှိပါတယ်။ ကျွန်တော်တို့ သပိတ်သမားတွေ ရွှေတိဂုံဇရပ်မှာ ရှိနေတုန်းက လာရောက်အားပေးကြသူများမှာ ဂျီစီဘီအေ သမ္မတကြီး ဦးစိုးသိမ်းလည်း ပါဝင်တယ်။ သူ့ကို ကျွန်တော် မတွေ့ဖူးပါ။ ဒါပေတဲ့ သူဟာ ဂျီစီဘီအေ ခေတ်မှာ အပြင်းထန်ဆုံးခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဘာရာထူးမှမယူဘဲ အားလုံး အတိုက်အခံလုပ်ခဲ့သူဆိုတာတော့ ကြားဖူးပါတယ်။ သူက သပိတ်စခန်းမှာ ကျွန်တော့်ကို အထူးမေးမြန်းရှာဖွေတယ်။ တွေ့ကြတော့ 'ဟော့ … ညိုမြ မင်းလို ရေးရမယ်ကွ။ မင်းတို့၊ အောင်ဆန်းတို့လို လုပ်ရမယ်။ ဒါမှ ငါတို့ကောင်းမယ်၊ တိုးတက်မယ်'တဲ့။ ကျွန်တော့်လက်ကို သမ္မတကြီး ဦးစိုးသိမ်းက အားပါးတရ ဆုပ်ကိုင်ခြင်းဟာ တစ်နည်းအားဖြင့် ဂျီစီဘီအေ လက်ထက်က မြန်မာခေါင်းဆောင်ကြီးတွေ တီထွင်ခဲ့တဲ့ ဝံသာနုစိတ်ဓာတ် လျှပ်စစ်ဓာတ်အားတွေကို နောင်တစ်ခေတ်အတွက် မီးကြိုးဆက်သွယ်ပေးခဲ့ဟန် တူပါတယ်။ ကျွန်တော် တုန်လှုပ်မိပါတယ်။

[ ၆ ]

ခုချိန်မှာ အဲဒီ ဒုတိယတက္ကသိုလ်သပိတ် ပေါ်ပေါက်ခဲ့တာ ၃၄ နှစ်တောင် ကြာရှိခဲ့ပါပြီ။ ဒီအချိန်ကာလအတွင်းမှာ ဟိုတုန်းက ဖြစ်ပေါ်ခဲ့တဲ့ အာဃာတများလည်း အားလုံး ပြေပျောက်သင်ပုန်းချေခဲ့ကြပါပြီ။

ဥပမာဆိုရင် ကျောင်းအုပ်ကြီး ဒီဂျေစလော့ကို စစ်ပြီးခေတ်မှာ သူ့တပည့်ဟောင်း ဦးနုက ဝန်ကြီးချုပ်အနေနှင့် မြန်မာပြည်ကို အလည်ဖိတ်ခဲ့ပါတယ်။ သူ မလာနိုင်သော်လည်း ခရီးကြုံကြိုက်လို့ ရန်ကုန်လေဆိပ်မှာ ဦးနုက သူ့ကို ဧည့်ခံပြုစုခဲ့ပေတယ်။

ဆရာကြီးစလော့ဟာ ကျွန်တော်တို့ သပိတ်ကိစ္စပြီးတော့ ဟောင်ကောင်တက္ကသိုလ်ကို ပြောင်းရွှေ့သွားတယ်။

အဲဒီမှာ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်များက ဖမ်းချုပ်ထားကာ စစ်ပြီးမှ လွတ်မြောက်တယ်။ ရန်ကုန်ကို ခေတ္တဝင်ရောက်တော့ အင်မတန် ပိန်ချုံးနေသတဲ့။ မြန်မာပြည်ကို ချစ်မြတ်နိုးတဲ့စိတ်ကတော့ အပြည့်အဝပဲ ရှိနေပါသတဲ့။

ကျွန်တော်က ငရဲခွေးဆောင်းပါးကို ရေးရာမှာ ဟိုတုန်းက ဆရာကြီးစလော့ရဲ့ လက်ထောက်အဖြစ်နှင့် ရွက်ဆောင်သူ မြန်အောင် ဦးတင်ကို စောင်းချိတ်ရေးသားတယ် ဆိုကြတယ်။ အမှန်ကတော့ ပုဂ္ဂလမိဋ္ဌာန် မဟုတ်ပါ။ နယ်ချဲ့ကို အဓိကရည်စူးရာမှာ သူတို့အနီးအပါးကို ရောက်နေသူ မြန်မာများလည်း မလွှဲမရှောင်သာ ရောနှောထိခိုက်သွားခြင်း ဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုး ရေးခေတ်က မင်းကြီး ဦးကောင်းတို့ခေတ်မှာ ကြုံခဲ့ဖူးပါတယ်။

မြန်အောင် ဦးတင်ကို ဗိုလ်ချုပ်အောင်ဆန်း ရှိစဉ်ကပဲ ဖဆပလ အဖွဲ့ချုပ်မှာ ယုံကြည်စွာ အမှုဆောင်တာဝန် ပေးအပ်ခဲ့ပါတယ်။ ဦးနုလက်ထက်မှာလည်း သူ့ ကို ဝန်ကြီးတစ်ဦးအနေနှင့် မြောက်စား ချီးမြှင့်ခဲ့ပုံများကို ကျွန်တော်က အထူးဝမ်းသာမိပါတယ်။

အများသိချင်မှ သိမည်ဖြစ်သော်လည်း တစ်ကြိမ်က မြန်အောင် ဦးတင်ကို အိုးဝေတိုက်မှာ ပင့်ဖိတ်ပြီး ကျွန်တော် ကန်တော့ခဲ့ပါတယ်။ 'ဆရာ့ကို ကျွန်တော် ရှိခိုးဝတ်ချပါရစေ။ တစ်ချိန်က လွန်သမျှကို ခွင့်လွှတ်ပါ' ဆိုတော့ သူ့ခမျာမှာ မျက်ရည်မဆည်နိုင်ရှာဘူး။ 'ကျွန်တော် ဒီလိုဝတ်ချရတာကို အားမရသေးဘူး။ အမှတ်တရဖြစ်အောင် ဓာတ်ပုံရိုက်ထားချင်ပါတယ်။ ဓာတ်ပုံဆိုင်ကို သွားချင်ပါတယ်'ဆိုလို့လည်း မြေနီကုန်း ဓာတ်ပုံဆိုင်ကို လိုက်လာပါတယ်။ ကျွန်တော်က သူ့ခြေဦးခိုက်ဝန်ချတဲ့ ဓာတ်ပုံတွေကို လိုအပ်သလို သုံးစွဲနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com





သူ့လက်ကို အပ်နှံခဲ့ပါတယ်။

သံသရာမှာ ရေစက်မကင်းလို့ ဆုံတွေ့သူများဟာ အခိုက်မသင့်ချိန်မှာ တစ်ဖက်တစ်လမ်းစီ ဖြစ်တတ်ကြစမြဲပဲ။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်အချင်းချင်းအဖို့မှာဆို ဓာတ်ကြီး ၁၀ ဘွဲ့ထဲက ဓာတ်ပေါင်းခန်းတွေကို နမူနာယူကျင့်သုံးနိုင်ရင် အကောင်းဆုံးပဲ မဟုတ်ပါလား။

သတ္တဝါအများ ချမ်းသာကြပါစေ ...။ ။

အိုးဝေ၏ ရွှေရတုသဘင် လက်ရွေးစင်
(၁၉၇၁ ခု နိုဝင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com



# အောင်ဆန်းနှင့် အောင်ကျော်

## ကျောင်းသားခေါင်းဆောင်ဟောင်း ကိုသိန်းအောင်

သမဂ္ဂအသင်း ငွေထိန်းလုပ်ရခြင်းသည် အတော်မျက်နှာပူစရာကောင်း၏။ အသင်းဝင်ကြေး ငွေသုံးကျပ်ကို မျှော်လင့်ကာ ရှိသမျှကျောင်းသူကျောင်းသားများကို သကာပေါ် ပျားရည်လောင်းထားသော မျက်နှာပေးဖြင့် မျက်နှာချိုသွေးရ၏။ မြင်သမျှ ကျောင်းသူကျောင်းသားများကို မရှက်မကြောက် လိုက်၍ မိတ်ဖွဲ့ရ၏။ စကားကို အောင်လောက်အောင်ပြောကာ တွေ့သည့်ကျောင်းသားအိတ်ထဲမှ ငွေသုံးကျပ်ကို ရအောင်နှိုက်ယူရ၏။ သို့ရာတွင် ထို မျက်နှာပူစရာကောင်းသော အလုပ်ကပင် ကျွန်တော်အား ရဲဘော်ကိုအောင်ကျော်နှင့် မိတ်ဖွဲ့ပေးခဲ့၏။ တစ်နေ့တွင် သမဂ္ဂအသင်း အလုပ်ခန်းထဲ၌ အသင်းသားဦးရေစာရင်းလုပ်ရန် စီစဉ်နေမိ၏။ ထိုစဉ် ယုဒသန်ကျောင်းသား ၂ ဦးသည် အလုပ်ခန်းထဲသို့ ဝင်လာ၏။ တစ်ယောက်က

'ကိုသိန်းအောင် ... အသင်းဝင်ကြေး ကောက်ထားတဲ့ငွေ ပေးချင်လို့ ဘယ်ကိုပေးခဲ့ရမလဲ'

'ကျွန်တော့်ကိုပဲ ပေးခဲ့လေ၊ ဘယ်လောက်လဲ'

'အများကြီးတော့ မဟုတ်ပါဘူး။ ငွေ ၂၀ ကျပ်လည်းပါ'

'အသင်းဝင်လက်မှတ်တွေတော့ ခုမှ စီစဉ်ရတုန်းရှိသေးတယ်။ ထုတ်မပေးနိုင်သေးဘူး။ ငွေလက်ခံဖြတ်ပိုင်းကို ခင်ဗျားကို ပေးလိုက်မယ်။ ဘယ်သူလို့ ရေးလိုက်ရမလဲ'

'အောင်ကျော်'

'ခင်ဗျားတို့ဘက်က သမဂ္ဂအသင်းကိုယ်စားလှယ်တစ်ယောက်ယောက်ကို ပေးလိုက်ရင် အပြီးသားပဲ။ ထိုင်ပါဦး ဘာသောက်မလဲ။ လက်ဖက်ရည်သောက် မှာလိုက်မယ်။ ခင်ဗျားသူငယ်ချင်းနဲ့လည်း မိတ်ဖွဲ့ပေးပါဦး'

'ဪ ... ဪ ... မေ့နေလို့။ ဒါက ကိုထွန်းရှိန်တဲ့။ ကျွန်တော်နဲ့ ကျောင်းဆောင်အတူတူပဲ။ ခင်ဗျားတော့ သူက သိပါတယ်။ လွန်ခဲ့တဲ့အပတ်က (Hostellers' Commonwealth) ကျောင်းအိပ်ကျောင်းစားအသင်းမှာ ခင်ဗျား လာတရားဟောတုန်းက မြင်ဖူးပြီးသားပဲ။ ကျွန်တော်တို့ကျောင်းက လူတွေက မေးနေကြတယ်။ သမဂ္ဂအသင်းဝင်ရင် ဘာအကျိုးထူး ခံစားရမလဲတဲ့'

'ကျွန်တော်တို့လည်း လာမယ့်ဗုဒ္ဓဟူးနေ့ကျရင် ကျွန်တော်တို့ ကျောင်းခန်းကြီးထဲမှာ သမဂ္ဂအသင်းအကြောင်း လာပြောမယ်လို့ စီစဉ်ထားတယ်။ ကိုအောင်ဆန်းရယ်၊ ကျွန်တော်ရယ် နှစ်ယောက် ပြောမှာပဲ။ (Stu-

www.burmeseclassic.com

www.burmeseclassic.com



dent Body Association) ကျောင်းသားအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုစံထွန်းက လက်သင့်ခံပြီးပြီ'

'ခင်ဗျားတို့ အဆွဲကောင်းရင်တော့ တစ်ကျောင်းလုံး အသင်းသားတွေ ဖြစ်ကုန်မှာပါပဲ။ ကောင်းကောင်းသာ ရှင်းပြပါ။ နားထောင်ဖို့ ကျောင်းသားတွေတော့ ကျွန်တော် လိုက်ဆော်ပြီး စုထားလိုက်ပါမယ်။ ကိုင်း– သွားလိုက်ဦးမယ်'

ဗုဒ္ဓဟူးနေ့တိုင်း ယုဒသန်ကျောင်း ခန်းမကြီးတွင် ကျောင်းသူကျောင်းသားအားလုံးသည် နေ့လယ် ၁၂ နာရီ မှ ၁ နာရီအထိ စုဝေးလေ့ရှိကြ၏။ ကထိကဆရာများက အလှည့်ကျစီ ဩဝါဒပေးလေ့ရှိ၏။ ချိန်းထားသော ဗုဒ္ဓဟူးနေ့တွင် ကိုအောင်ဆန်းနှင့် ကျွန်တော်တို့သည် တရားဟောရန် ယုဒသန်ခန်းမကြီးဆီသို့ ထွက်ခဲ့၏။ ထိုနေ့ကား အစီအစဉ်မှာ (Dr.Hillman) ဒေါက်တာ ဟင်လမင် ဆိုသူက ပထမနာရီဝက်၊ ကျွန်တော်တို့က ဒုတိယနာရီဝက် ပြောရန်ဖြစ်၏။ ကျွန်တော်တို့ ရောက်သောအခါ ကိုစံထွန်းနှင့် အမှုဆောင်အချို့က ခရီးဦးကြို ထွက်၍နှုတ်ဆက်ကြ၏။ ကိုအောင်ကျော်လည်း ကျွန်တော်တို့ကိုမြင်၍ ပြုံးပြနှုတ်ဆက်ကာ ကျွန်တော့်ဆီသို့လာ၍ စကားပြောနေရာ ကျွန်တော်က ...

'ဟော့ ... ဘိုးအောင်ဆန်း၊ ခင်ဗျား အားကျပြီး ကတုံး ဗိုလ်ကေထားတဲ့ လူနှစ်ယောက်တော့ ရှိပြီ။ ကိုလှရွှေရယ်၊ ခု ကိုအောင်ကျော်ရယ်လေ'

**အောင်ဆန်း ။** ။'လွတ်လပ်တဲ့ ဗမာပြည်ကြီးမှာ ကျွန်တော် အာဏာရှင်ဖြစ်ရင် အကုန်လုံး ကတုံးဗိုလ်ကေထားဖို့ အမိန့်ပေးမယ်'

**အောင်ကျော်။** ။'ကတုံးဗိုလ်ကေချင်း ထားတာတူပေမယ့် ရှူးတာချင်းတော့ ကိုအောင်ဆန်းက သာပါတယ်'

**အောင်ဆန်း ။** ။'မိုက်တဲ့နေရာကျတော့ ခင်ဗျားက သာပါတယ်။ ခင်ဗျားရုပ်ကိုက မှုန်ကုပ်ကုပ် ပုကွကွနဲ့'

ထိုစဉ် ခေါင်းလောင်းတီးသံကြား၍ ကြည့်လိုက်ရာ ကျောင်းသားအသီးသီး လက်ဖက်ရည်သောက်ရန် ပြန်နေကြသည်ကို မြင်ရ၏။ ဒေါက်တာ ဟင်လမင်မှာ ထိုနေ့က စကားပြောလို့ အတော်အရသာတွေ့ဟန်ရှိ၏။ နာရီဝက် ပြောရမည်ကို သတိမရဘဲ တစ်နာရီကြာမှ အဆုံးသတ်တော့၏။ ကျွန်တော်တို့လည်း ကြောင်တက်တက်နှင့် ငေးနေစဉ် ကိုအောင်ကျော်က ရှူးရှူးရှဲရှဲဖြင့် ...

'ဒါ ဒီကောင်တွေ တမင်လုပ်တာဗျ။ ခင်ဗျားတို့ မဟောရအောင် အချိန်ဆွဲသွားတာ။ နောက်လည်း တော်တော်နဲ့ ချိန်းလို့မလွယ်ဘူး။ ဒါပေမဲ့ မခံဘူးဗျ။ နောက် ဗုဒ္ဓဟူးနေ့ ခင်ဗျားတို့ ပြောရအောင် ကျွန်တော်တို့ ဆရာကြီးနဲ့ သွားပြောမယ်။ ကိုစံထွန်းကလည်း ပြောဗျာ၊ မခံနဲ့'

နောက်ဗုဒ္ဓဟူးနေ့၌ကား ကိုအောင်ဆန်းနှင့် ကျွန်တော် အားရပါးရ အတိုးနှင့် တရားဟောခဲ့ရ၏။ ။

(ဗိုလ်အောင်ကျော် အမှတ်တရဆောင်းပါးမှ ကောက်နုတ်ချက်)
ဒိုးဝေမဂ္ဂဇင်း အတွဲ (ဂ) အမှတ် (၁)၊ ၁၉၄၀-၄၁

www.burmeseclassic.com

www.burmeseclassic.com



# ပဲခူးဆောင်ကျောင်းသားဟောင်း ဦးကိုကိုနှင့် တွေ့ဆုံမေးမြန်းခြင်း

## ပဲခူးဆောင်မဂ္ဂဇင်းကော်မတီ

➤ ရန်ကုန် တက္ကသိုလ်ကို အန်ကယ် စတင် ...ရောက် ပညာသင်ကြားခဲ့ပုံကို ပြောပြပေး ...လိုပါတယ်။

... ကျွန်တော် ဒေလီမှာ ဘွဲ့ယူဖို့ တက်ပါသေးတယ်။ ...အခါတုန်းက အိန္ဒိယနိုင်ငံရဲ့ တက္ကသိုလ်ပညာရေး ...နိုင်ငံတကာ အဆင့်အတန်းတော့ ရှိတယ်။ နိမ့်တာ ...မဟုတ်ဘူး။ စာမှန်မှန်ကျက်သွားရင် ဘွဲ့ရနိုင်ပြီး ...အေ ရဖို့လည်း မခက်ဘူး။ ရန်ကုန်တက္ကသိုလ်ရဲ့ ...အတန်းကတော့ သိပ်မြင့်တယ်။ ကျွန်တော် မြန်မာ ... ပြန်ဖို့စိတ်ကူးတော့ ဟိုမှာ အိုင်စီအက်စ် ဦးတင် ...ရှိနေတယ်။ ဦးတင်ထွဋ်ကို တိုင်ပင်တဲ့အခါ "မင်း ...နိုင်ငံကို ပြန်ကွာ ... မင်း စာကျက်ပုံမျိုးနဲ့ဆိုရင် ...မှာ အောင်မှာပါ" တဲ့။ အဲဒါနဲ့ ပြန်လာဖြစ်တယ်။

၁၉၃၄–၃၅ ခုနှစ်လောက်မှာ အိန္ဒိယက ကျွန်တော် ...လာတဲ့အခါ ပဲခူးဆောင်မှာ နေပါတယ်။ ကျွန်တော့် ... ကိုအောင်ဆန်းနဲ့ မိတ်ဆက်ပေးတယ်။ ခေတ်သစ် ... နိုင်ငံရေး သိပ္ပံနဲ့ အင်္ဂလိပ်စာပေ ဘာသာရပ်အတွဲ ...တော့ ကိုအောင်ဆန်းနဲ့ တူပါတယ်။ နောက်တော့ ...တော်နဲ့ ကိုအောင်ဆန်း ရင်းရင်းနှီးနှီး ခင်မင်သွား ...။

➤ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အန်ကယ် ရင်းနှီးတယ် ဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း နည်းနည်း လောက် ပြောပြပါ။

♦ ကျောင်း ရောက်စမှာလည်း ကိုအောင်ဆန်းက ကျွန်တော့်ကို "ခင်ဗျား နိုင်ငံရေး ဝါသနာပါသလား" လို့ မေးတယ်။ ကျွန်တော်က "ခင်ဗျားသိတဲ့အတိုင်း ဒီကျောင်းကို ရောက်ရတာက လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ။ ဘွဲ့ရအောင်တော့ ပထမ လုပ်ရဦးမှာပေါ့ဗျာ" လို့ ဖြေတယ်။ ကိုအောင်ဆန်းက "ကျွန်တော်ကတော့ လွတ်လပ်ရေးရအောင် လုပ်ရမှာပဲ" လို့ ပြောတယ်။ ကျွန်တော်က 'ခင်ဗျား ... ကျွန်တော့်ကို မျိုးချစ်စိတ် မရှိဘူးလို့ မထင်ပါနဲ့။ ကိုယ့်နိုင်ငံကို တိုင်းတစ်ပါးက သိမ်းထားတာ ဘယ်ခံချင်မလဲ၊ မတတ်သာလို့ ကြည့်နေရတာပေါ့။ ရည်မှန်းချက်အတိုင်း ဘွဲ့ရအောင်တော့ လုပ်ရဦးမှာပေါ့ ဗျာ" လို့ ကျွန်တော်က ပြန်ပြောပြလိုက်ရတယ်။

တစ်ညနေမှာ ကိုအောင်ဆန်းက ကျွန်တော့်ရဲ့ အခန်းထဲ ရောက်လာပြီး ဘာတွေသင်သလဲဆိုပြီး Lecture Notes လာကြည့်တယ်။ "ခင်ဗျားကလည်း ခင်ဗျား အိပ်ရာပေါ်ထိုင်လည်း ကြိုက်တဲ့လူမဟုတ်ဘူး၊ ပက်လက် ကုလားထိုင်လည်း မထားဘူး။ ဒီတော့ဗျာ ... ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်မှာပဲ ထိုင်မယ်" တဲ့။ အဲဒီနောက် Lecture Notes ကို ယူသွားဦးမယ်တဲ့။ ကျွန်တော်က "ညမှာ ပြန်ရေးဦးမှာ ... ပြန်ပေးဦးနော် ... ပျောက်တော့ မပျောက်စေပါနဲ့" လို့ပြောတော့ ကိုအောင်ဆန်းက "ရပါတယ်" တဲ့။ ကိုအောင်ဆန်းဟာ မှတ်ဉာဏ် တကယ်ကောင်းတယ်ဗျာ။ တစ်ခေါက်ဖတ်ရင် အကုန် မှတ်မိတယ်။ စာမေးပွဲနားနီးလို့ ဆွေးနွေးကြတဲ့အခါ ကျွန်တော်တို့ တစ်ခါတလေ မမှတ်မိတာရှိရင် သူက ထောက်ပြတယ်။ ပြီးတော့ ပွင့်ပွင့်လင်းလင်းလည်း ပြောတတ်တဲ့လူပါ။

➢ **ရန်ကုန် တက္ကသိုလ်ရဲ့ ပညာရေးအဆင့် သိပ် မြင့်တယ်လို့ ရှေ့ပိုင်းမှာ အန်ကယ် ပြောခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြစေလိုပါတယ်။**

♦ ရန်ကုန်တက္ကသိုလ်မှာ အောင်ဖို့က သိပ်ခက်တယ်။ တော်ရုံတန်ရုံ မရဘူး။ သမိုင်း(ဂုဏ်ထူးတန်း)တက်တာ ပထမဆုံး စာမေးပွဲမှာတင် ပြုတ်သွားတယ်။ ပါမောက္ခ ဟောက နည်းနည်းလေးမှ စာ အမှား မခံဘူး။ ခြစ်ချပစ်လိုက်တယ်။ သမိုင်း(ဂုဏ်ထူးတန်း)မှာ (4-) (4+) ပေးတော့ သေရောဗျာ။ အင်္ဂလိပ်စာမှာတော့ (5+) ရသေးတယ်။ ကျွန်တော်တို့ အဆောင်မှူး မစ္စတာဘရစ်ခ်စ် (ကထိက) အကြံပေးတဲ့အတိုင်း ကျွန်တော် ဘီအေ ရိုးရိုးတန်းကို ပြောင်းလိုက်ပါတယ်။

➢ **အန်ကယ်တို့ ခေတ်က တက္ကသိုလ်ကျောင်းသားတွေ အချင်းချင်း နေထိုင်ဆက်ဆံကြပုံ ဘယ်လိုများ ရှိပါသလဲ။**

♦ ကျွန်တော်တို့ ခေတ်တုန်းက တက္ကသိုလ်ကျောင်းသားတွေဟာ စာကြိုးစားတယ်။ စာကျက်နေရင် တစ်ယောက်နဲ့တစ်ယောက် မနှောင့်ယှက်ကြဘူး။ သူတို့ရဲ့ ခံယူချက်ကိုက မိဘရဲ့ ငွေကြေးနဲ့ ခဲခဲယဉ်းယဉ်း တို့ကျောင်းလာတက်နေကြတာ၊ မိဘပိုက်ဆံ တို့ မဖြုန်းဆိုတဲ့ အသိစိတ် ရှိကြတယ်။ ဦးအုန်းဖေတို့၊ ကိုလှဖေတို့၊ ကိုသိန်းမောင်တို့လို ကျောင်းသားကြီးတွေကလည်း ကျောင်းသားငယ်တွေကို ထိန်းသိမ်းစောင့်ရှောက်တယ်၊ ကူညီတယ်။ မိဘပိုက်ဆံ မဖြုန်းဖို့၊ အပျော်အပါး သွားတဲ့အခါလည်း သွား၊ အပျော်မကြူးဖို့ အမြဲ သွန်သင် ဆုံးမကြတယ်။ အချင်းချင်းလည်း ကူညီစောင့်ရှောက်မှု ရှိကြတယ်။

➢ **အန်ကယ်တို့ ခေတ်မှာ ပဲခူးဆောင် မဂ္ဂဇင်း ထုတ်ဖူးပါသလား။**

♦ ၁၉၃၄–၃၅ ခုနှစ်မှာ ကျွန်တော်တို့ ပဲခူးဆောင်မှာ ဟံသာကြေးမုံ (Pegu Mirror) ဆိုတဲ့ လက်ရေးမဂ္ဂဇင်း ထုတ်ခဲ့တယ်။ ၁၉၃၅–၃၆ ခုနှစ်မှာလည်း မောင်ဘို (ဗိုလ်မှူးကြီး မောင်ဘို)တို့ ဆက်ပြီး ထုတ်တယ်။ လက်ရေးစာမူ စာအုပ်ထုတ်ပြီး အဆောင်မှာ လှည့်ဖတ်ကြတယ်။ ကျွန်တော်က အင်္ဂလိပ်စာ အယ်ဒီတာ လုပ်တယ်။ မဂ္ဂဇင်းမှာ ကိုအောင်ဆန်း၊ ကိုနု၊ ကိုကျော်ရင်ရဲ့ သားကေလင်း (စာပေဗိမာန်ကျော်လင်း)၊ ကိုဖေခင် (သံအမတ်ကြီး)၊ ကိုစိန်လင်း (တရားသူကြီးချုပ်)၊ ထားဝယ်က ကိုသန်းမောင်(ကိုဒိုးပတ်)၊ ကိုသက်တင် (ကထိက)၊ ကိုလှရွှေ (ပါမောက္ခ)စတဲ့ ကျောင်းသားကြီးတွေ ပါဝင်လုပ်ဆောင်ကြတော့ မဂ္ဂဇင်းဖြစ်လာတယ်။ ပဲခူးဆောင်သား ကေလင်းဟာ ကာတွန်းဆွဲတာ အလွန်တော်တယ်။ ကေလင်းဟာ မဂ္ဂဇင်းမျက်နှာဖုံးအတွက် ဟသ်ာရုပ်ကြီး ဆွဲပေးတယ်။

ကျွန်တော်တို့ ပဲခူးဆောင် သဟာယနဲ့ စာဖတ်အသင်း ဥက္ကဋ္ဌ ကိုဝင်း (ဘောလုံးနာမည်ကျော်)က ခင်ဗျား ကိုအောင်ဆန်းကို ရေးခိုင်းဗျာ... တခြားလူပြောရင် ဘုပြောနေဦးမယ်။ ခင်ဗျား ကိုအောင်ဆန်းနဲ့ အလွမ်းသင့်တယ်တဲ့။ ပြောတာဆိုတာမှာ ကိုအောင်ဆန်းက တစ်ခါတလေ သိပ် ဘုနှိပ်တယ်။ ကျွန်တော့်ကိုလည်း ဘုနှိပ်တာပဲ။ ဒါပေမဲ့ သူငယ်ချင်း... ငါ နောက်တာပါကွာ၊ ကျီစားတာ မခံနိုင်ဘူးလားဆိုပြီး ပြန်ချော့လေ့ရှိတယ်။

အဲဒီလို ကိုအောင်ဆန်းက ဟသ်ာကြေးမုံမှာ အင်္ဂလိပ်လို ရေးပေးတော့ ... အမှန်အတိုင်းပြောရရင် သူ့ရဲ့ အင်္ဂလိပ်အဆင့်အတန်းက သိပ်မြင့်နေတော့ ကျွန်တော် မပြင်တတ်လို့ ဒီအတိုင်းပဲ ထည့်ပေးလိုက်တယ်။

➢ **ပဲခူးဆောင် ကျောင်းသားဘဝမှာ ဘာသာရေး၊ လူမှုရေးကိစ္စတွေကို ဘယ်လိုဘယ်ပုံ လုပ်ကြကိုင်ကြတယ်ဆိုတာကို အန်ကယ် ပြောပြပေးစေလိုပါတယ်။**

♦ ပဲခူးဆောင်မှာ တန်ဆောင်တိုင်ပွဲတော်ချိန် ရောက်ရင် ဆီမီးထွန်းတဲ့ အစဉ်အလာရှိတယ်။ ဆီမီးခွက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆီမီးထွန်းကြတယ်။ ဆီလောင်းထည့်ပေးကြရတယ်။ အကျေးအမွေးတွေလည်း ပါတယ်။ ဆီမီးထွန်းတာကို အဆောင်ချင်း အပြိုင်အဆိုင်လုပ်ကြတယ်။ ရှေ့ ပေါ်တီကိုမှာ ဘာလုပ်ကြမလဲ တိုင်ပင်ကြတဲ့အခါ ကိုသက်တင်က ပန်းချီဆွဲတတ်တော့ ဘုရားပုံ ဆွဲမယ်လို့ ပြောတယ်။ ကိုသက်တင် ခင်ဗျား ... ဘုရားပုံဆွဲရင် တူအောင် ဆွဲရတယ်နော် ... ကြည့်လုပ်ဦးလို့ ကျွန်တော်က ပြောတယ်။ ကိုသက်တင် ဆွဲပေးတဲ့ မတ်တတ်ရပ် ဘုရားပုံတော်ကြီးကို ရှေ့ ပေါ်တီကိုမှာ ထားပြီး ပူဇော်ကြတာ အမှတ်ရမိပါသေးတယ်။

အင်းလျားဆောင်ကို စတိုင်ကျကျ၊ ရှိုးကျကျ သွားလည်တဲ့လူတွေ ရှိပါတယ်။ တစ်ခါ ကျွန်တော် ဘင်တန်အဆောင်ကို သွားတယ်။ ရင်ရင် (စောမုံညင်း)က အဲဒီတုန်းက ဘင်တန်အဆောင်မှာ နေတယ်။ ကျွန်တော်နဲ့ ဆွေမျိုးတော်တယ်။ သူတို့အဆောင်မှူး မစ်စ်ဟန့်က လာရင် သိပ်ကျေနပ်တာ မဟုတ်ဘူးဗျ။ ဟာ ... မေးတာ စမ်းတာပါပဲဗျာ၊ ဘာလို့လာသလဲ၊ ဘာလဲ ညာလဲ မေးတယ်။ ကျွန်တော်တို့က မိန်းမသာ ရရော၊ ဒါမျိုး စိတ်ကူးတဲ့လူက အလွန် နည်းပါတယ်။ ကျွန်တော်တို့ခေတ် ကျောင်းသားတွေဟာ ရည်မှန်းချက်ကို ပန်းတိုင်ထားပြီး လုပ်ကြ ကိုင်ကြတာ များတယ်။

အဆောင်မှူးက အဲသည်လို ဟိုမေး ဒီမေး မေးနေတော့ ကျွန်တော်က "I'm not like other fellows. I come here with my purpose dispatching one packet from my sister. She is my cousin" လို့ ခပ်မာမာပဲ ပြန်ပြောလိုက်တယ်။ အဲဒါနဲ့ ရင်ရင်ကို ခေါ်တယ်။ ရင်ရင်ကို ဘာတော်သလဲလို့ မေးသေးတယ်။ ရင်ရင်က ကျွန်မနဲ့ ဘာတော်ပါတယ်လို့ ပြောတယ်။ ကျွန်တော်လည်း ရင်ရင်ကို အထုပ်ပေးလိုက်တယ်။ ပေးပြီး ပြန်တော့မယ်ပြောတော့ 'မြန်လှချည်လား' လို့ ရင်ရင်က ပြောတယ်။ ကျွန်တော်က 'ဟာ... တော်ပါပြီ။ နောက် ဘယ်တော့မှလည်း မလာတော့ဘူး' လို့ ပြောလိုက်တယ်။ ။

ပဲခူးဆောင်မဂ္ဂဇင်း (ဒီဇင်ဘာ-၁၉၉၅)

www.burmeseclassic.com

www.burmeseclassic.com



# ကိုအောင်ဆန်း၏ အာပတ်ဖြေမှတ်တမ်း

## ဗိုလ်ခင်မောင်ကလေး

**စွန့်ရဲကြပါ့မလား**

၁၉၃၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တစ်နေ့ခင်းက ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် သမဂ္ဂအသင်းတိုက်သို့ ဘိလိယက်ထိုးရန် သွားခဲ့သည်။ ဘိလိယက်ထိုးဖက် မရှိ၍ အသင်းတိုက် အပေါ်ထပ်သို့ တက်သွားသည်။ အသင်းတိုက် စာကြည့်ခန်း၌ ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)သည် စာအုပ်တစ်အုပ် ဖတ်နေသည်ကို တွေ့ရသည်။ ကျွန်တော်လည်း သူနှင့် မျက်နှာချင်းဆိုင်၌ ထိုင်လျက် စားပွဲပေါ်ရှိ မဂ္ဂဇင်းစာအုပ်များကို လှန်လှောနေသည်။ တစ်အောင့်လောက်ကြာသည့်အခါ၌ ကိုအောင်ဆန်းသည် စာရွက်စတစ်စနှင့် စာမျက်နှာကို မှတ်လိုက်ပြီးလျှင် စာအုပ်ကို ချထားလိုက်သည်။ သူသည် ခဏမျှ တွေးနေသည်။ ထို့နောက် သူက "ကိုခင်မောင်ကလေး"ဟု ကျွန်တော့်အား လှမ်းခေါ်လိုက်ပြီးလျှင် "ကျွန်တော်တို့ ကောလိပ်ကျောင်းသူတွေဟာ တိုင်းပြည်အတွက် စွန့်ရဲကြပါ့မလား"ဟု မေးသည်။ "ခင်ဗျားက ဘာများတွေးပြီး မေးလိုက်တာလဲ"ဟု ကျွန်တော်က ပြန်မေးလိုက်သည်။

**ကာတော်ဖြစ်ချင်လို့**

ကိုအောင်ဆန်းက "ကျောင်းသူတွေကြည့်ရတာတယ် မျိုးချစ်စိတ်ရှိပုံ မရဘူး။ သူတို့ဟာ စာတတ်ချင်လို့ လာကြတာမဟုတ်ဘူး ... ဘွဲ့လိုချင်လို့ လာကြတာဗျာ။ ပြောရရင် ပကာသန စာသင်တာ၊ ကာတော်ဖြစ်ချင်ကြလို့" ဟု ပြောနေစဉ် ကျွန်တော်က သူ့စကားကိုဖြတ်ပြီး .. "အားလုံးတော့ ဒီလို ဘယ်ဟုတ်ပါ့မလဲ၊ သက်သက်ဘွဲ့လိုချင်တာလည်းရှိမယ်၊ ဒီပညာနဲ့ လုပ်စားမှာလည်းရှိမယ်။ ခင်ဗျားပြောသလို ကာတော်ဖြစ်ချင်လို့လည်း ဖြစ်မယ်။ တစ်ခုတော့ ရှိတယ်။ ဒီခေတ်မှာ မိန်းကလေးတွေ ကာတော်ဖြစ်ချင်တာကိုတော့ ပြောကြတယ် ... ယောကျ်ားကလေးတွေကကော အိုင်စီအက်စ်၊ ဘီစီအက်စ်၊ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင် ဖြစ်ချင်နေကြတာပဲ မဟုတ်လား။ ကဲဗျာ ... ပြောကြစို့ဆိုရင် ခင်ဗျားတောင် ဘီအေ အောင်ချင်သေးတာ" ဟု ကျွန်တော်က ပြောလိုက်သည်။

ကိုအောင်ဆန်းက "ဟုတ်တယ်ဗျာ" ဟု ဝန်ခံလိုက်ပြီးလျှင် သူက ဆက်၍ "ဒါပေမဲ့ ယောကျ်ားကလေးတွေထက် မိန်းကလေးတွေက ပိုပြီးကဲတယ် ... ကာတော်ဆုပ်ချင်ကြတာက များတယ်" ဟု ထပ်၍ စွဲချက်တင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

### အရေးကြုံလာမှ

“ဒါနဲ့ ကိုအောင်ဆန်း ... ခင်ဗျား ရည်းစားစာ ဆေးတဲ့ မိန်းကလေးက အိုင်စီအက်စ် ရမှ လက်ခံမယ်လို့ များ စာပြန်လိုက်လို့ ခင်ဗျားက ကောလိပ်ကျောင်းသူ တွေကို ဝါးလုံးနဲ့ သိမ်းပြီး မျက်မုန်းကျိုးနေတာလား” ဟု ကျွန်တော်က ကိုအောင်ဆန်းကို နောက်လိုက်သည်။

ကိုအောင်ဆန်းက “ကိုယ့်လူရာ ... စကားကောင်း ပြောနေတာ မနောက်စမ်းပါနဲ့။ ကျွန်တော် ဒါလောက် သတ္တိ မရှိဘူး ... မျက်စိကျနေတာလည်း မရှိဘူး။ ကျွန် တော်က သူတို့ကိုကြည့်ပြီး အားမလို အားမရဖြစ်နေတာ ပါ၊ ဆိုပါတော့ဗျာ ... အမျိုးသားရေးကိစ္စ တစ်ခုခုလုပ်ကြ ရင် ယောကျ်ားတွေချည်းပဲ လုပ်လို့ မဖြစ်ဘူး။ မိန်းမတွေ လည်း ပါသင့်သလောက် ပါရမယ်၊ ဒါမှ အောင်မြင်မှာ။ မိန်းမတွေပါလာရင် မိန်းမတွေထဲမှာ ခေါင်းဆောင်ရှိရ မယ်၊ ခေတ်ပညာတတ်တွေဆိုရင် ပို မကောင်းဘူးလား” ဟု ပြောသည်။

“ယောကျ်ားရင့်မကြီးတွေကကော ဘယ်လောက် များ စွန့်စွန့်စားစားလုပ်ကြလို့ မိန်းမတွေကို ဒါလောက် အထင်သေးနေရတာလဲ။ မနှစ်တုန်းက သပိတ်မှောက်ဖို့ စီစဉ်ကြတယ်၊ စိုင်းပြင်းကြတယ်၊ ခင်ဗျားတို့ ဘာဖြစ် သလဲ၊ ဘာမှ မဖြစ်ခဲ့ဘူးလို့ သိရတယ်။ ဒါလည်း သတင်း သိုးသိုးသန့်သန့် ကြားရတာပါ။ ကျွန်တော်တို့ က မန္တလေးမှာဆိုတော့ အတိအကျတော့ ဘာသိမလဲ ဗျာ — အဲဒါမဟုတ်ဘူးလား”လို့ ကျွန်တော်က မေးလိုက် တော့ ကိုအောင်ဆန်းက “ဟုတ်တယ်ဗျာ” ဟု ဝန်ခံ သည်။

“ဒီမယ် ကိုအောင်ဆန်း ... လူဆိုတာ သူ့အခြေ အနေနဲ့သူ၊ သူ့အချိန်အခါနဲ့သူ စွန့်တာပဲ။ လုပ်ဝံ့တာပဲ၊ ကိုယ်က ထင်နေသလောက်လည်း လုပ်နိုင်ချင်မှ လုပ်နိုင် ကြမယ် ... ကိုယ်က ထင်ထားတာထက်လည်း လုပ်ချင် လုပ်ကြမယ်။ ဒါက အရေးကြုံလာမှ သိရမှာပါ”

“အင်း... ဆိုပါတော့” ဟု ကိုအောင်ဆန်းခမျာ အောင့်သက်သက်နှင့် ဝန်ခံလိုက်ရပြန်သည်။

### ဒါလောက်ကလေးနဲ့များ

“အင်းလျားကျောင်းဆောင်က ဒီနှစ် သမဂ္ဂ ကိုယ် စားလှယ်တွေဟာ တော်တော် တက်ကြွတာပဲလို့ ပြောကြ တယ်။ ကြည့်ရတာတော့ သူတို့ဟာ ပေမီတယ်လို့ ထင် တာပဲ။ ဒါလည်း ကျွန်တော့်ပေကို မီတာပြောတာ။ ခင်ဗျားပေကို မီသလားတော့ မပြောတတ်ဘူး” ဟု ကျွန် တော်က သူ့အား ပြောသည်။ ကိုအောင်ဆန်းက “ခင်ဗျား ပေက ဘာလဲ” ဟု မေးသည်။

“ရွှေတိဂုံဘုရားအနောက်မုခ်မှာ ကျင်းပတဲ့ ဒီနှစ် အမျိုးသားနေ့ အစည်းအဝေးကို ကောလိပ်ကျောင်းသူ တွေ ပထမဆုံးအကြိမ် တက်ကြတယ်။ သူတို့ အခုလို တက်ကြတာဟာ မမကြီး၊ မခင်မြ၊ မအမာနဲ့ မသိန်းကြည် တို့ကြောင့် ဆိုတာကိုတော့ အသိအမှတ် ပြုရမှာပဲ။ မမကြီး (ခြင်းကြား မြူနီစီပယ်မင်းကြီးဟောင်း ဦးထွန်းအုံ ၏ဇနီး)၊ မခင်မြ (ပဲခူး ပီအိပ်ချ်ဒီ ကထိက၊ ပညာရေး တက္ကသိုလ်)၊ မအမာ (လူထု)၊ မသိန်းကြည် (ပုသိမ်၊ ယခု ဟသ်ာအစိုးရအလယ်တန်းကျောင်းအုပ်)၊ မအုန်း (ပါဠိပါမောက္ခဟောင်း၊ မန္တလေး)၊ မခင်ခင် (ပဲခူး၊ ကွယ် လွန်)၊ မရီရီ (ပဲခူး၊ အမ်အေ)၊ မစောညွန့် (အိ၊ သထုံ)၊ မသန်းစိန် (ဦးလေးကြီး၊ ပြည်)၊ မဝံကြူ (ကျော်၊ ဗန်း မော်)၊ မအေးချစ်စိန် (ဖျာပုံ)၊ မစိုးမြင့် (ပုသိမ် လှဲ့လှဲ့ဝင်း၊ ယုဒသန်ကောလိပ်)၊ မအုန်းတင့် (ယုဒသန်ကောလိပ်) တို့နဲ့ ကျောင်းသူတော်တော်များများဟာဆိုရင် မြို့ထဲ လှည့်တော့လည်း လိုက်ကြသေးတယ်။ ဒါဆိုရင် သူတို့ တစ်ဆင့်တက်လာကြတာပဲ မဟုတ်လား” ဟု ကျွန်တော် က ရှင်းပြနေစဉ် ကိုအောင်ဆန်းက “ဒါလောက်ကလေး နဲ့များဗျာ ...” ဟု ငေါ့တော့တော့နှင့် ဝင်ထောက်လိုက် သည်။

“ခင်ဗျားအနေကတော့ ဒါလောက်ကလေးပဲပေါ့။ သူတို့လောကထဲမှာဆိုရင် သူတို့ကို ခပ်ဖယ်ဖယ်၊ ခပ် ပယ်ပယ်နဲ့ သူတို့နောက်ကွယ်မှာ နှုတ်ခမ်းရွဲ့၊ မျက်နှာ ရှုံ့မဲ့ပြီး အတင်းနက်ကြတာကို သူတို့ဟာ ငုံ့ခံနေကြရ တယ်။ ခင်ဗျားပြောသလို ‘ကတော်လောင်း’ တွေအတွက် ကတော့ တကယ့်စွန့်စားခြင်းပဲဗျ။ ဒါလောက်ဆိုရင် ကျွန်တော့်ပေကို သူတို့မီကြတယ်” ဟု ကျွန်တော်က အဖြေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## လိပ်ပြာလေးလိုပဲ

"ကိုခင်မောင်ကလေး ခင်ဗျား ပြောမယ့်အထဲက မခင်မြ တစ်ယောက်ကိုတော့ ကျွန်တော်က သိပ်ပြီး အထင်မကြီးဘူး၊ ကြည့်လို့လည်း မရဘူး။ သူက တယ် လှချင် ပချင်တာပဲ။ လိပ်ပြာကလေးလိုပဲ"ဟု ကိုအောင် ဆန်းက ပြောသည်။ "လှချင်ပချင်တာနဲ့ လိပ်ပြာကလေး နဲ့ တူတာနဲ့ စိတ်ထက်တာနဲ့ မျိုးချစ်စိတ်ရှိတာနဲ့ ဘာဆိုင် သလဲဗျာ။ အချိန်အခါ၊ အခြေအနေတန်တော့သာ လုပ် မလုပ်၊ မျိုးချစ်စိတ် ရှိ မရှိကို သိရမှာပါ။ ကျွန်တော် ဒီလောက်တော့ လူကဲခတ် မညံ့ဘူးလို့ ထင်တယ်"ဟု ကျွန်တော်က ပြန်ပြောသည်။

"ကဲဗျာ ... စောင့်ကြည့်ကြသေးတာပေါ့"ဟု ပြောရင်းက သူ ဖတ်လက်စ စာအုပ်ကို ကောက်ယူလိုက် ပြီးလျှင် "ဆာတယ်ဗျာ ... တစ်ခုခု ဝယ်ကျွေးစမ်းပါ။ ဗိုက်ပြည့်တဲ့ဟာမှ စားချင်တယ်"ဟု ကိုအောင်ဆန်းက ပြောသည်။ ကျွန်တော်တို့နှစ်ယောက်လည်း ကျောင်းဝင်း အတွင်းရှိ တရုတ်ဆိုင်သို့သွား၍ ခေါက်ဆွဲကြော် စားကြ ပြီးနောက် လူချင်းခွဲလိုက်ကြသည်။

## လူကဲခတ်မှားမိပြီ

၁၉၃၆ ခုနှစ်၊ ကျောင်းသားသပိတ်ကို လှန်ရန် အတွက် ၁၉၃၆ ခုနှစ်၊ မေလ ပထမအပတ်အတွင်း လောက်၌ ကျောင်းသားခေါင်းဆောင်များသည် လက် သိပ်ထိုး ဆွေးနွေးကြသည်။ တစ်နေ့ညနေခင်း၌ ကို အောင်ဆန်းသည် ကျွန်တော့်အား ရွှေတိဂုံဘုရား ရင်ပြင် တော်ပေါ်သို့ လက်တို့၍ ခေါ်သွားသည်။ ဘုရားရင်ပြင် တော် စနေထောင့်ရှိ ဗောဓိညောင်ပင်အောက်၌ ထိုင်ကြ ပြီးနောက် ကိုအောင်ဆန်းက သပိတ်လှန်မှုဖြစ်တော့မည့် အကြောင်းကို စ၍ ပြောပြီးလျှင် "ခင်ဗျား ... မခင်မြက သပိတ် မလှန်ဖို့ လိုက်စည်းရုံးနေတယ်လို့ ကြားရတယ်။ သူက စိတ်လည်း ထက်တယ်၊ စကားပြောလည်း ကောင်း တယ်၊ သူ့ကို ထိန်းပေးမှဖြစ်မယ်" ဟု ပြောသည်။ "ဟုတ်ရဲ့လား ကိုအောင်ဆန်း"ဟု ကျွန်တော်က မေး လိုက်သည့်အခါ၌ ကိုအောင်ဆန်းက "ကျွန်တော် လူ ကဲခတ် မှားတယ်ဗျ၊ မြန်မာမိန်းကလေးတွေကို အထင် သေးမိတာလည်း မှားတယ်ဗျ"ဟု သူ့ဘာသာသူ ပြော နေသည်။

"ဟင် ... ခင်ဗျားက သူ့ကို စိတ်ဝင်စားနေပါလား၊ ဘယ်လိုလဲ"ဟု ကျွန်တော်က ထပ်မေးလိုက်သည်။

"အေးဗျာ ... စိတ်ဝင်စားတာကတော့ ရိုးရိုးပါ။ သပိတ်မှောက်တဲ့ ညနေက သူက ထဘီနီကြီးဝတ်လာပြီး သမဂ္ဂရှေ့မှာ ကျောင်းသူတွေကို ကြပ်ကြပ်မတ်မတ်နဲ့ ကားပေါ်တင်နေတာကို သတိထားမိလိုက်တယ်။ နောက် ပြီးတော့ အင်းလျားဆောင်ထဲကို ဝင်သွားပြီး ကျောင်း သူတွေကို သူ ခေါ်ချလာတယ်လို့ သူများပြောသံကြားရ ပြန်တော့ ဟန်ပဲလား၊ တကယ်ပဲလားလို့ သူလုပ်တာတွေ ကို ကျွန်တော် မဝေခွဲနိုင်ဘူး။ သို့လော သို့လောပဲ ... နောက် ရွှေတိဂုံဘုရား ရောက်တော့လည်း သူ့ရော၊ ကျောင်းသူတွေရော သတိထားတယ်"

## ရင်ပေါင်တန်း

"သပိတ်မှောက်တဲ့ညက မော်လမြိုင်ဇရပ်မှာ ငါး သေတ္တာတွေ ဖောက်၊ ကြက်သွန်တွေ လှီး၊ ပေါင်မုန့်တွေ လှီးပြီး ကျောင်းသားတွေကို ကျွေးလိုက်ကြတာ၊ သူတို့ တစ်တွေဟာ အခိုင်းအစေတွေ ကျနေတာပဲ။ နောက်ပြီး တော့ သူတို့ ကျောင်းသူတွေဟာ နောက်ဆုံးကျမှ မလောက်မငေ၊ မဝတဝ စားကြရတာကို မြင်ရပြန်တော့ ကျွန်တော် စိတ် အတော်ထိခိုက်တယ်။ အဲဒီညကဆိုရင် သူတို့ဟာ ပုံပျက်ပန်းပျက်ပဲ၊ အိပ်ရတော့လည်း ဖြစ်သလို အိပ်ကြရတာကိုး။ သူတို့တစ်တွေ အင်းဝကျောင်းဆောင် ရှေ့မှာ သပိတ်တားကြတဲ့အဖြစ်အပျက်ကို ပြန်ကြားရ တော့ ကျွန်တော် ယုံတောင်မယုံဘူး။ သတင်းစာထဲမှာ ဓာတ်ပုံတွေကို မြင်ရတော့ ကျွန်တော့်စိတ်ဟာ တုန်လှုပ် သွားတယ်။ သူတို့တစ်တွေ နေပူကျဲကျဲမှာ ယောက်ျား ကလေးတွေနဲ့ ရင်ပေါင်တန်းပြီး သပိတ်တားကြတယ်။ အလိုတော်ရိတွေက မကြားတကြား သရော်ကြတာတွေ ကို သူတို့ ခေါင်းငုံ့ခံနေကြတယ်။ ပရိုဖက်ဆာ ပီးကော့ က ကုလားထိုင် ထိုးပေးတော့ မခင်မြက 'ကျေးဇူးတင် ပါတယ် ဆရာကြီး ... ကျွန်မတို့ မောင်ကြီးတွေနဲ့ပဲ အတူတူ မတ်တတ်ရပ်နေပါ့မယ်'လို့ စကားချိုချိုနဲ့ သတ္တိ ပြလိုက်တယ်။ အလိုတော်ရိတွေနဲ့ ဘောင်းဘီတို ကပြားတွေက သူတို့ကို အတင်း တိုးသွားမယ်လုပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာတွေကို ကြားရတော့ ငါထင်တာတွေဟာ အမှားချည်းပဲလို့ မြင်လာတယ်ဗျာ" ဟု ကိုအောင်ဆန်းသည် သူ၏စိတ်ဖြစ်စဉ်ကို ပြန်၍ ပြောပြသည်။

"အထင်နဲ့အမြင်ဟာ တူတာလည်းရှိတယ်၊ ကွဲတာလည်း ရှိတယ်။ အခု ခင်ဗျားအထင်နဲ့ ခင်ဗျားအမြင် ဟာ တခြားစီဖြစ်နေတာပေါ့" ဟု ကျွန်တော်က ကိုအောင် ဆန်းကို စကားထောက်လိုက်သည်။

ကိုအောင်ဆန်းသည် သူ့စကားကို ပြန်၍ ဆက်ပြန်သည်။ "မမကြီးရယ်၊ မအမာရယ်၊ မခင်မြရယ် သပိတ်မှောက်တဲ့ညက ဘုရားရင်ပြင်ပေါ်မှာ ပြောကြတဲ့ စကားတွေဟာ ကျွန်တော်တို့ယောကျ်ားကလေးတွေကို ရဲဆေးထိုးပေးလိုက်တာပဲ။ 'ရှင်တို့ယောကျ်ားတွေ ကျွန်မတို့လို ကတော်လောင်းတွေလောက်မှ လိုက် မလုပ်နိုင်ကြရင် ရှင်တို့ဟာ မိန်းမလျာတွေပဲ ... ထဘီဝတ်ထားကြ' လို့ မမကြီးပြောတာကို ကျွန်တော် နားထဲက မထွက်ဘူး။ ကျောင်းသားတွေကို နေ့စဉ် ထမင်းကျွေး၊ ကော်ဖီတိုက်ကြတော့လည်း သူတို့ဟာ ဖတ်ဖတ်ကိုမောလို့၊ ဒါလည်း သူတို့ကို ခိုင်းလို့ဝင်လုပ်ကြတာမဟုတ်ဘူးလို့ မစ္စတာဘွန်း(မစ္စတာ တီကေဘွန်း၊ လွှတ်တော်ရှေ့နေကြီး၊ ကွယ်လွန်)က ပြောတယ်။ ဒီအထဲ စောက်မှန်းကမ်းမှန်းမသိတဲ့ ကျောင်းသားအချို့က ခနဲ့တဲ့တဲ့ ပြောကြသေးတယ်။ သူတို့ဟာ ပေါကြော့ နေကြတဲ့ မိန်းကလေးတွေပဲ။ အခုလို စိတ်ထက်သန်သန်၊ စေတနာကောင်းကောင်းနဲ့ လုပ်ကြ၊ ကိုင်ကြတာတွေကို မြင်ရပြန်တော့ ... အေးဗျာ သူတို့ကို ကျွန်တော် အထင်ကြီးလာတယ်။ ဒီထက် အရေးကြီးတဲ့ အမျိုးသားရေး ကိစ္စမှာဆိုရင်လည်း တို့မြန်မာအမျိုးသမီးများဟာ တကယ် အားထားနိုင်ပါတလားလို့လည်း မြင်လာတယ်"

## အထင်သေးမိလေခြင်း

"တက္ကသိုလ်စုံစမ်းရေးကော်မတီမှာ အစစ်ခံကြတုန်းက မခင်မြ အစစ်ခံချက်ဟာ ရေပက် မဝင်ဘူး၊ အထိခိုက်ဆုံးပဲလို့ ဘိုင်ရှစ်(ကိုရာရှစ်)က ပြောတယ်။ အဲဒီစုံစမ်းရေးကော်မတီမှာ မခင်မြ၊ မမကြီး၊ မအုန်း၊ မသန်းစိန်၊ မအမာ၊ မရီရီ စတဲ့ သူတို့ကျောင်းသူတွေသာ အစစ်ခံရင်၊ သတ္တိ မကောင်းရင်၊ တစ်ခါတည်း အရှုက်ကွဲမှာပဲ။ ကျွန်တော်တို့လည်း မျက်နှာအိုးမည်းသုတ်ထားကြရမှာ။ ဟုတ်တယ်ဗျာ ... ကျွန်တော် မခင်မြကို လူကဲခတ် မှားတယ်။ မြန်မာမိန်းကလေးတွေကိုလည်း အထင်သေးမိတာ မှားတယ်" ဟု ကိုအောင်ဆန်းသည် သူ့အမှားကို ဝန်ခံရင်းက ရွှေတိဂုံဆံတော်ရှင်ကြီးကို တွေ၍ ကြည့်နေသည်။

ကိုအောင်ဆန်းသည် သူ့ကိုယ်သူ အတော် မကျေမနပ်ဖြစ်နေပုံရသည်။ အပြစ်တစ်ခုခုကို ကျူးလွန်ခဲ့မိ၍ နောင်တရနေသကဲ့သို့လည်း ဖြစ်နေသည်။ ဟင်း... ဟု သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီးနောက် "ကိုခင်မောင်ကလေး အောက်ဆင်းကြစို့" ဟု ကိုအောင်ဆန်းက ပြောသည်။

## သက်လုံကောင်းပါဦးလော့

၁၉၃၆ ခုနှစ်၊ မေလ ၈ ရက်နေ့၌ ဂျူဗလီခန်းမတွင် မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားများကွန်ဖရင့်ကို ပထမဆုံးအကြိမ် ကျင်းပသည်။ ထိုကွန်ဖရင့်၌ မခင်မြ စကားပြောသည်ကို ကျောင်းသား ကျောင်းသူများသည် အံ့အားသင့်ကြသည်၊ အံ့သြကြသည်၊ နှစ်သက်ကြသည်၊ ပီတိဖြစ်ကြသည်။

သပိတ်မှောက်ကျောင်းသား ကျောင်းသူတို့သည် မခင်မြ၏ သပိတ်မှောက် မှတ်တမ်းစာအုပ်၌ သရဲကိုဘအေး (သရက် ဗကပ လူထွက်)က "မခင်မြ၏ ရဲစွမ်းသတ္တိကို စုံစမ်းရေးတွင် ပြလိုက်ကြောင်းကို တစ်ဆင့်စကား ကြားသဖြင့် များစွာ ချီးမွမ်းပါ၏" ဟူ၍လည်းကောင်း၊ သမဂ္ဂဥက္ကဋ္ဌ ကိုနုက "လွတ်လပ်ရေးအလုပ်ကြီးကို မြမြတို့လူစု စပြီးလုပ်ခဲ့ချေပြီ၊ နောက်နောင် အရေးကြုံတဲ့အခါ သက်လုံကောင်းပါဦးလော့" ဟူ၍လည်းကောင်း၊ အဘိုးကြီး ကိုသိန်းဖေ (စစ်တွေ၊ ကွယ်လွန်)က "သင်နှင့် သင်၏ရဲမေတစ်စုကို ချီးကျူးလိုသည်။ သင်တို့တစ်စု၏ လုပ်ရည်ကိုင်ရည် စိတ်ထားကို မြင်ရ၍ ကျွန်တော်သည် မြန်မာအမျိုးသမီးများအား လေးစားလာသည်" ဟူ၍လည်းကောင်း၊ သမဂ္ဂပိဋကတ်တိုက်မှူး ကိုထွန်းအုံ (မြို့နီစီပယ်မင်းကြီးဟောင်း)က "အဆွေကား တိုင်းပြည်ကို အသက်ပေး၍ ချစ်၏၊ အသင့်အားလည်း တိုင်းပြည်က အသက်ပေး၍ ချစ်ရိုးအမှန်ပင်၊ တိုင်းပြည်အတွက်

www.burmeseclassic.com



သင့်အသက်ကို လှူလော့" ဟူ၍လည်းကောင်း၊ ကိုကျော်ငြိမ်း (ဒုတိယဝန်ကြီးချုပ်ဟောင်း)က "၁၉၃၆ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့ နံနက်တွင် စုံစမ်းရေး ကော်မတီ ရှေ့၌ မောင်ဆက် ကဲ့သို့သော ရန်သူကြီးပင် ပါးစပ်ဟ နေရလောက်အောင် သွက်သွက်လက်လက်၊ ရေရေလည်လည်၊ ရဲရဲရင့်ရင့် ပြောခဲ့သော မခင်မြ၏ စကားများကို ကျွန်တော်၏နားထဲတွင် အမြဲ ကြားယောင်မိတော့၏" ဟူ၍လည်းကောင်း၊ ပုသိမ်မြို့မှ အထက်တန်းကျောင်းသူ မခင်ညွန့်က "မြရတနာ(ဝါ)မြ သည် တက္ကသိုလ် သပိတ်မှောက်ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်ကိုလည်းကောင်း၊ အထက်တန်းကျောင်း သပိတ်မှောက် ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်ကိုလည်းကောင်း ကြည်လင်အေး'မြ' စေနိုင်သူ ရှင်မကြီးဖြစ်ပါသည်" ဟူ၍လည်းကောင်း၊ သမဂ္ဂ ဒုတိယ ဥက္ကဋ္ဌ ကိုရာရှစ်က "နောင်တစ်ခေတ်တွင် မြန်မာပြည်၌ ထူးချွန်သည့် အမျိုးသမီးကြီး တစ်ဦးဖြစ်လာမည်ဟု မျှော်လင့်ရသည့် သူမထံသို့" ဟူ၍လည်းကောင်း၊ မအမာ (လူထု)က "တို့ဗမာ မခင်မြ၊ မြန်မာ တန်ခိုးပြမည့် မခင်မြလို့ ယူဆပါရစေတော့" ဟူ၍လည်းကောင်း၊ ကိုစိန်ဘွား(စစ်ကိုင်း၊ သံအမတ်ဟောင်း) က "ကွန်ဖရင့်ကြီး၌ ဟောပြောသော စကားများ ကြားရ၍ မခင်မြသည် အမိမြန်မာပြည်ကြီး၏ သမီးကောင်းရတနာတစ်ယောက် ဖြစ်ပေမည်ဟု ဆိုစမှတ်ပြုသင့်၏" ဟူ၍လည်းကောင်း၊ မမကြီး (ခြင်းကြား၊ မြူနီစီပယ်မင်းကြီးဟောင်း ဦးထွန်းအုံ၏ဇနီး)က "မြမြရေ ... ခြင်းကြားကို ဘယ်တော့မှ မမေ့နဲ့နော်။ မြမြရဲ့ ရဲရင့်ခြင်း၊ စိတ်ရှည်ခြင်း၊ ဖွဲသန်ခြင်းကိုကား ခြင်းကြား အစဉ်ပဲ သတိရမယ်။ တွေ့သမျှ လူအပေါင်းကိုလည်း မြမြရဲ့သတ္တိနဲ့ အာဇာနည်သွေး၊ အာဇာနည်စိတ်ကို အတုယူဖို့ ပြောပြမယ်နော်။ ခြင်းကြားလည်း စိတ်နည်းနည်း အားငယ်တဲ့အခါမှာ မြမြ ကိုပဲ သတိရပြီး ကိုယ့်ကိုယ်ကိုယ် ဆုံးမမယ် မြမြရေ" ဟူ၍လည်းကောင်း ရေးသားလိုက်ကြသည်။

## မှတ်တမ်းစာစောင်ဝယ်

သပိတ်လှန်ရန် အစည်းအဝေး လုပ်မည့်နေ့က ကိုအောင်ဆန်းသည် မခင်မြ၏ သပိတ်မှောက် မှတ်တမ်း၌ ဤသို့ ရေးသားလိုက်သည်။

"သပိတ်အတွင်း၌ သပိတ်မှောက် ကျောင်းသူများ၏ လုပ်ရည်ကိုင်ရည် အစွမ်းသတ္တိနှင့် ဖွဲကို တွေ့မြင်ခဲ့ရသဖြင့် မြန်မာအမျိုးသမီးများသည် မြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲ၌ တစ်တပ်တစ်အား စွမ်းစွမ်းတမံ ပါဝင်နိုင်ကြမည်ဟု ကျွန်တော် ယုံကြည်သည်"

အောင်ဆန်း

၁၀-၅-၃၆

× × ×

ကိုအောင်ဆန်းသည် မခင်မြနှင့်တကွ ကောလိပ်ကျောင်းသူများ၊ မြန်မာအမျိုးသမီးများအား ဝစီကံဖြင့်လည်းကောင်း၊ မနောကံဖြင့်လည်းကောင်း ပြစ်မှားမိခဲ့သည်ကို ဤကဲ့သို့ မှတ်တမ်းရေးသားလျက် အာပတ်ဖြေလိုက်လေသည်။ ကိုအောင်ဆန်းသည် သူ၏ အစွဲများကြီးမှလည်း ကျွတ်သွားသည်။

ကိုအောင်ဆန်းသည် ပြောရဲသည်၊ အမှားကိုလည်း ဝန်ခံရဲသည်၊ ထို့ကြောင့် ယောကျ်ားပီသသည်။

ရဲဘော်ကြီးကိုအောင်ဆန်း ... ကျွန်တော်သည် ရဲဘော်ကြီးအား ဤဆောင်းပါးဖြင့် ဂါရဝပြုလိုက်ပါသည်။ ။

ရွှေတူဂျာနယ်၊ အတွဲ ၁၊ အမှတ် ၁၁ (၁၅-၇-၁၉၅၁)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်နှင့် ကျွန်တော်

## ဗိုလ်တာရာ

**ဘဝ၏ အစ**

ကျောင်းခန်းတစ်ခန်းလုံး တိတ်ဆိတ်နေ၏။

ကျောင်းအုပ်ကြီး ဦးလှမောင်၏ ထက်မြက် ပိုင်နိုင်သော စကားပြေ ရှင်းလင်းချက် အသံသာလျှင် လွှမ်းမိုးနေတော့၏။ ကျွန်တော်တို့ ပျဉ်းမနားမြို့ရှိ ကေအီအမ်အထက်တန်းကျောင်းကြီး၏ ရှစ်တန်းသင်တန်းကျောင်းခန်းတွင် ညနေပိုင်း နောက်ဆုံး အင်္ဂလိပ်ဘာသာ သင်တန်းပေးနေခိုက်ဖြစ်တော့သည်။

ဆရာကြီးဦးလှမောင် (ဗိုလ်စကြာ၏ ဦးလေး ရွှေတာ ဂလူ.စမင်း)က ကမ္ဘာကျော် ကဗျာဆရာကြီး ရှိတ်စပီးယား ရေးသားသည့် ရိုမီယိုနှင့် ဂျူးလီယက်ပြဇာတ်ကို စကားပြေအဓိပ္ပာယ်ရှင်းပြ၍ ကောင်းနေခိုက်ဖြစ်ပါသည်။

ကျွန်တော်၏စိတ်ထဲ၀ယ် တစ်ချီတစ်ချီ ရှိတ်စပီးယား၏ကဗျာဂုဏ်နက်နဲမှု လှိုင်းဂယက်ထဲတွင် မျောကာ နစ်ကာ ပြဇာတ်၏အရသာကို ခံစားရင်း တစ်ခါတစ်ခါ ကျောင်းခန်းထိပ်ရှိ နာရီကြီးကို ကြည့်မိ၊ မြင်မိသည်တွင် ညနေ လေးနာရီထိုးရန် နာရီ၀က်သာ လိုတော့သည် ကြောင့် ကျောင်းဆင်းလျှင် ကျွန်တော်၏ အလွန်ဝါသနာကြီးလှသည့် အလေးမ၊ လက်ဝှေ့ထိုး လေ့ကျင့်မှုတို့ကို ပြေး၍ စိတ်စောပြီး ပညာနှင့် ကစားခုန်စားမှုတို့ လွန်ဆွဲမှုအကြား၌ လူးလာတုံ့ပြန် ပါရှိနေလေသည်။

ရိုမီယို၏ ကြေကွဲဝမ်းနည်းဖွယ်ရာ မှာတမ်းတစ်ပုဒ်ကို စိတ်ဝင်စားစွာ လေ့လာ၍ အလွမ်း၏အရသာကလေးကို ခံစားနေခိုက်တွင် မမျှော်လင့်သော ခြေသံပြင်းပြင်းကြောင့် စာအုပ်မှ မျက်နှာကို အသာခွာ၍ ကြည့်လိုက်မိသည်။

အရပ်ငါးပေ သုံးလက်မခန့် မြင့်၍ ဘိုကေတိုတိုတွင် ဖိုးရိုးဖားရားနှင့် ဖြီးလိမ်းပြုပြင်မှု ကင်းဝေးခဲ့ကြောင်းကို နီကြောင်ကြောင်အရောင်နှင့် ထိုးထိုးထောင်ထောင်ဖြစ်ပျက်နေသည့်အဖြစ်က အတိုင်းသား ဝန်ခံနေသော အသားနီစပ်စပ် လူတစ်ယောက်ကို စာသင်ခန်းဝတွင် မပြုံးတပြုံးနှင့် တွေ့ရပါတော့သည်။

ပင်နီကြမ်း အပေါ်ဖုံးအင်္ကျီကို ကပိုကရိုဝတ်၍ အောက်ခံ ပေါ်ပလင်အဖြူအင်္ကျီမှာလည်း အရောင်သိပ်မပေါ်ပါ။ အောက်ပိုင်းမှ ယောလုံချည်အနက်သာလျှင် အနက်ရောင်မပျက်ကောင်း၍ တော်တော်ဟောင်းနေသည့်အဖြစ်နှင့် ခြေဖဝါးနှစ်ဖက်တွင် လေယာဉ်ပျံဖိနပ်ကို စီးထားသည့် ဧည့်သည်တစ်ယောက်ကို ခပ်ကြောင်ကြောင်နှင့် တွေ့ရတော့၏။ ထိုဧည့်သည်၏ ညာဘက်



www.burmeseclassic.com

www.burmeseclassic.com



လက်တွင် ရှမ်းလွယ်အိတ်တစ်လုံးကို ဆွဲကိုင်ထားသည်ကို တွေ့ရပြီး ၎င်း၏မျက်နှာမှာ ကရင်လိုလို၊ ချင်းလိုလိုနှင့် သူကလွဲလျှင် အခြားလူများကို ဂရုမစိုက်သည့် မျက်နှာပေါက်မျိုးကို အကဲခတ်၍ "ကေန္တ ဒီလူဟာ လယ်တီစံကျောင်း (ကျွန်တော်တို့ကျောင်းအနောက်ဘက်၌ ကပ်လျက်တည်ရှိသည်)ကို လာဖူးရင်း တို့ကျောင်းသားတွေကို စာသင်ပုံ မမြင်ဘူး၍ ခေတ္တဝင်ကြည့်သည့် တောနယ်က ညှော်သည်တစ်ယောက်ပဲ" ဟု မှတ်ချက်ချကာ ခပ်အေးအေးနေလိုက်ပါသည်။

ကျောင်းအုပ်ကြီး ဦးလှမောင်က စိတ်ပါလက်ပါ သင်ကြားနေသော အင်္ဂလိပ်ဘာသာကို ခေတ္တရပ်နားလိုက်ပြီး မျက်မှန်ကို နေသားတကျ ပြန်လည်၍ နှာခေါင်းရိုးပေါ်သို့တပ်ကာ အခန်းဝသို့ ခြေသံပြင်းပြင်းနှင့် ရဲရဲဝံ့ဝံ့လာရပ်ဝံ့သည့် ထိုညှော်သည် လူထူးကို စူးစူးစိုက်စိုက် လှည့်ကြည့်လိုက်တော့သည်။

ဆယ်စက္ကန့်လောက်ကြာမှ ကျောင်းအုပ်ကြီးက ဗြုန်းခနဲ သတိရဟန်ဖြင့် အားရပါးရ ပြုံးလိုက်ပြီး အခန်းဝဆီသို့ ခပ်သွက်သွက် လှမ်းသွားကာ ထိုညှော်သည်၏ ပခုံးကို ခပ်ဆတ်ဆတ်ကလေး ပုတ်လျက် ...

"မင်း ဘယ်တုန်းက ရောက်နေသလဲဟေ့ ... အမယ်လေးကွာ ... ဘာသံမကြား၊ ညာသံမကြားနဲ့"

"ခုပဲ"

မျက်နှာနီစပ်စပ်နှင့် အခန်းဝရှိ ညှော်သည်က ခပ်တိုတို မပွင့်တပွင့်နှင့် ဖြေဆိုလိုက်သည်။

ဤတွင် ဆရာကြီးဦးလှမောင်က "အေးအေး ... နေဦး ... မင်းကို ငါ့တပည့်တွေနဲ့ မိတ်ဆက်ပေးရဦးမယ် ... ကိုင်း အထဲလာစမ်း"

သူ၏ဝါသနာအတိုင်း ကျောင်းအုပ်ကြီးက ဝမ်းသာအားရနှင့် ထိုညှော်သည်၏ ဘယ်ဘက်လက်ကို ဆွဲကိုင်၍ အခန်း၏အလယ်သို့ ဆွဲခေါ်ခဲ့ပြီး ...

"ဟေ့ ... ငါ့တပည့်တို့၊ ဒီဟာပေါ့ကွ ... သေသေချာချာမှတ်ထား၊ မင်းတို့ ကျောင်းသားတွေရဲ့ ခေါင်းဆောင် သခင်အောင်ဆန်း ဆိုတာပေါ့ကွ .. ဟဲဟဲ ဟဲဟဲ"

ထိုအခါကျမှ ထို ကရင်လိုလို၊ ချင်းလိုလို မျက်နှာနီစပ်စပ် တောကျကျညှော်သည်မှာ ကျွန်တော်တို့ခေါင်းဆောင် သခင်အောင်ဆန်းမှန်း သိလိုက်ရတော့သည်။

သခင်အောင်ဆန်းကလည်း ကျွန်တော်တို့ ကျောင်းသားတစ်သိုက်ကို ဘယ်ပြန်ညာပြန်ကြည့်၍ မပြုံးတပြုံးနှင့် တဟဲဟဲ အရယ်ကလေး ရယ်လိုက်တော့သည်။ ကျောင်းသားတွေကလည်း ဘာသဘောမှန်းမသိ တဟဲဟဲနှင့် ပြန်၍ ရယ်သူရယ်၊ တခွီးခွီးနှင့် ပါးစပ်ပိတ်၍ ရယ်သူများ၏အသံများပါ ထွက်ပေါ်လာတော့သည်။ အနားရှိ ကျောင်းသားတစ်ယောက်က "ဒါလားကွ .. ကျောင်းသားခေါင်းဆောင်၊ ကြည့်ရတာ ဘယ့်နှာကြီးမှန်းမသိဘူး ... အချိုးအစားမကျ ခွကျကျကြီး" ဟု မှတ်ချက်ချလိုက်သည်။

ကျွန်တော့်အဖို့မှာတော့ သခင်အောင်ဆန်းအား လူထဲမှ လူတစ်ယောက်အနေနှင့်တွေ့ရပြီး ဆက်ဆံပုံ၊ ဝတ်ပုံ၊ စားပုံ ထူးခြားချက် ခွကျကျအမူအရာတွေကို လက်ဦးဆုံး ပထမ မှတ်သားမိလိုက်၍ "ဩော် ... နိုင်ငံရေး ခေါင်းဆောင်ဆိုတာ ဒီလိုပါလား" ဟူ၍ မှတ်ချက်ချလိုက်ပါတော့သည်။

× × ×

**နိုင်ငံရေးသံသရာ၏လမ်းကူး**

ကျွန်တော်ကား ... နိုင်ငံရေးရောဂါ ရခဲ့ပေပြီ ..။

ကျောင်းသားခေါင်းဆောင် တစ်ယောက်လည်း ဖြစ်ခဲ့လေပြီ။

ထိုမှတစ်ဆင့် ခရိုင် တို့ဗမာအစည်းအရုံး၌လည်း အမှုဆောင်တစ်ဦးအဖြစ် နိုင်ငံရေးဇာတ်ခုံသို့ တက်ရောက်မိတော့သည်။ ဗမာ့လက်ရုံးတပ် ခရိုင် ရဲစည်းအုပ် တာဝန်ကိုလည်း သဘောတွေ့တွေ့ မနောခွေ့၍ ကျောင်းစာတွေ မေ့ခမန်း တာဝန်ယူမိခဲ့ပြန်သည်။

ထို့ကြောင့် ယခုအခါ၌ ရန်ကုန်ဗဟို တို့ဗမာအစည်းအရုံးသို့ သာယာဝတီမြို့တွင် ကျင်းပမည့် ညီလာခံကျင်းပရေးစီစဉ်မှု အစည်းအဝေးသို့ တက်ရောက်ရန် ပျဉ်းမနားအပိုင်မှ ကိုယ်စားလှယ်အဖြစ်နှင့် သခင်သိန်းမောင်(ဖြူတ်ခွဲ)နှင့် ကျွန်တော် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်ခဲ့ပြန်သည်။

မီးရထားက ကျပ်၊ ခရီးကလည်းရှည်၍ ကျွန်တော်တို့နှစ်ယောက်စလုံး ပင်ပန်း နွမ်းနယ်နေကြသည်။ ရေကျော်ဘက်သို့ ကျွန်တော်တို့နှစ်ယောက်ကို ခွပြေးနေ

www.burmeseclassic.com

www.burmeseclassic.com



သော လန်ချားကုလားကား ခြေကုန်နေပုံရအောင် နှေးသည့်အတွက် ထမင်းဆာနေသည်ကြောင့် ဒေါသထွက်နေသူ သခင်သိန်းမောင်က "ဂျာလတီး ဂျာလတီး" ဟု အတင်းနှင်နေသည်။ ဘေးမှ ကျွန်တော်က "ဗျို့ ဆရာသိပ် ဂျာလတီး မနေနဲ့၊ ဘေးက ကားတွေကိုလည်း ကြည့်ဦး" ဟု ဝင်ရောက်ဖျောင်းဖျရင်း ရေကျော်ရှိ ဗဟိုအစည်းအရုံးသို့ ဟောဟောဒိုင်းဒိုင်း ဆိုက်ရောက်ခဲ့သည်။ ရုံးကြီးပေါ်၌ ပုပုကွကွ၊ ရှည်ရှည် မည်းမည်း၊ ဖြူဖြူပုံသဏ္ဌာန်အမျိုးမျိုးနှင့် ဗမာတစ်ပြည်လုံးရှိ သခင်ကိုယ်စားလှယ်တွေ ဆင်းချီတက်ချီနှင့် ခြေရှုပ်နေကြလေသည်။

ကျွန်တော်တို့နှစ်ယောက်က ကိုယ့်သားရေအိတ်ကိုယ်ဆွဲ၍ ရုံးကြီးပေါ်သို့ တက်ရောက်ခဲ့ပြီး စုံစမ်းရေးဌာနဧည့်ခံကော်မတီ ဟူသော ဆိုင်းဘုတ်များရှိရာသို့ ခပ်သွက်သွက်ခြေလှမ်းခဲ့ပြီး ကျွန်တော်တို့၏ သက်ဆိုင်ရာလက်မှတ်နှင့် အစီရင်ခံစာများကို တင်ပြလေသည်။ ချက်မှန်တဝင့်ဝင့်နှင့် အသက် သုံးဆယ်တွင်းရှိ ဆံပင်တိုတိုညှပ်ထားသည့် စုံစမ်းရေးဌာနတာဝန်ခံက ကျွန်တော်တို့လက်မှတ်များကို စစ်ဆေးပြီး ဧည့်ခံရေးဌာနသို့ ပို့သည်။ ထိုဌာန တာဝန်ခံက ကျွန်တော်တို့ကိုကြည့်၍ "ကောင်းပြီလေ" ဟု ပါးစပ်မှ တစ်ခွန်းတည်း မှတ်ချက်ချလိုက်သည်။ ကျွန်တော်တို့က နေရာထိုင်ခင်း ချပေးထိမ့်မည်ဟူသော တွေးလုံးနှင့် အသာစောင့်နေသည်။ သို့ရာတွင် ဘာမှ နောက်ထပ် နောက်ဆက်တွဲမှတ်ချက်ပေါ်လာ။

ဆယ်မိနစ်ခန့်တိုင် သားရေအိတ်ကြီးတွေကိုင်ကာ စောင့်နေရသော်လည်း ဘာမှ စကားပြန်မရသည့်အဆုံးတွင် ကျွန်တော်က ဧည့်ခံကော်မတီရဲဘော်ထံသို့ "ဘယ့်နှယ်လဲဗျို့ ... လုပ်စမ်းပါဦး ... ကျုပ်တို့ ဘယ်မှာတည်းရမှာလဲ"

ဤတွင် ဧည့်ခံရဲဘော်ကြီးက ဘိုရှုးတိုတိုကလေးကို အသာကုပ်ကာ စုံစမ်းရေးရဲဘော်ထံသို့ "ဟောဒီမှာ သခင်လေးမောင် ... ပျဉ်းမနားရဲဘော်တွေက နေရာစေနေပြန်ပြီဗျ။ ဟဲ ဟဲ ... သူတို့ သခင်ဆိုတဲ့အဓိပ္ပာယ် သိကြသေးဘူးထင်တယ်၊ ပြောရမှာ ခက်တယ်ဗျာ" ဟု ညည်းညည်းညူညူ ရယ်မောရင်း လှမ်းပြောလိုက်ပြီး "ဟောဟိုဘက်ခန်းမှာ ကံကောင်းရင် နေရာလွတ်ကလေး ရှိပါလိမ့်မယ်။ ဒီလိုပေါ့ဗျာ... ကြည့်ပြီးနေကြပေါ့" ဟု တစ်ဖက်ခန်းသို့ လက်ညှိုးထိုးပြသောကြောင့် ကျွန်တော်တို့က ထွက်ခွာသွားရန် ခြေလှမ်း ပြင်လိုက်စဉ် သခင်လေးမောင်က "ခင်ဗျားတို့ပစ္စည်းတွေ နေရာချထားပြီးရင် အထွေထွေအတွင်းရေးမှူးဆီ သွားပြီး တစ်ဆိတ် အစီရင်ခံလိုက်ကြဦးဗျို့" ဟု လှမ်းပြောလိုက်သေး၏။

ကျွန်တော်တို့နှစ်ယောက် စိတ်တိုတိုနှင့် အလုပ်အမှုဆောင်များ အလုပ်လုပ်နေရာ ခန်းမကြီးသို့ ခပ်တင်းတင်း ဝင်ရောက်ခဲ့သည်။ ထောင့်တစ်ထောင့်ရှိ စားပွဲရှည်ကြီးတွင် မျက်မှန်ဝိုင်းကြီးနှင့် သခင်စိုး၊ စာကုန်းရေးနေသော သခင်သန်းထွန်း၊ သခင်စံထွန်းလှ စသည့် ဧရာမခေါင်းဆောင်ကြီးများကို တွေ့ရပြီး စားပွဲတစ်လုံးတွင် ရေးမှတ်နေသည့် သခင်အောင်ဆန်းနှင့် အခြားရဲဘော်နှစ်ယောက်ကိုတွေ့ရကာ အထွေထွေအတွင်းရေးမှူး ဟူသော စာတမ်းကြောင့် သူတို့စားပွဲရှိရာသို့ ချဉ်းကပ်မိခဲ့သည်။ ပြီးလျှင် ကျွန်တော်တို့က အစီရင်ခံစာများကို ထုတ်၍ သခင်အောင်ဆန်းရှေ့မှောက် တင်ပြလိုက်သည်။ တစ်ခဏတွင် သူက စာကုန်းရေးနေရာမှ ဖျတ်ခနဲ မော့ကာကြည့်လိုက်ပြီး ...

"ခင်ဗျားတို့ ဘယ်ကလဲ ဆိုစမ်း ..." ဟု ပုလိပ်စစ်စစ်နေပြန်ပါသည်။

"ကျွန်တော်က ပျဉ်းမနားခရိုင်ကလေဗျာ .. ကဲ အစီရင်ခံစာ ဖတ်ကြည့်ပေတော့"

"ခင်ဗျားတို့ ရုံးဆင်းခါနီးမှ ဘာလို့လာသလဲ။ သိပ်ခွကျတဲ့လူတွေ"

မဆိုမဆိုင် သခင်အောင်ဆန်းက စ၍ ဆူပါတော့သည်။ သခင်သိန်းမောင်ကလည်း နဂိုကပင် ကျွဲမြီးတိုနေရာ ပိုမိုဒေါပွလာပြီး "ခုမှ မီးရထားဆိုက်တယ်၊ ခု ခင်ဗျားတို့ဆီ ရောက်တယ်။ ခုလို ခင်ဗျားက အခြောက်တိုက် နောက်ကျတယ်လို့ ဆူနေတာ ဘာကောင်းသလဲဗျ" ဟု မခံမရပ်နိုင် ပြန်ပက်လေတော့၏။ သခင်အောင်ဆန်းကလည်း ရှူးရှူးရှဲရှဲဖြစ်လာပြီး ...

"ဘာဖြစ်လို့ ခင်ဗျားတို့ ရက်စောစော ကြိုမလာသလဲ၊ ဒီမှာ ကျုပ်တို့တစ်တွေ ဘယ်လောက် ခင်ဗျားတို့အတွက် ခေါင်းရှုပ်နေရသလဲ သိရဲ့လား" ဟု ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



မောင်းတင်လာပြန်တော့သည်။ ကျွန်တော်တို့လည်း "ဘယ်လို လူစားတွေနဲ့ တွေ့ရပြန်ပြီလဲ" ဟု နိုင်ငံရေးသမားမဟုတ်ဘဲ လူမိုက်ကန်းကန်းတွေလို လူစားဟူသော အတွေးနှင့် ရှေ့စခန်းကို စဉ်းစားခိုက်တွင် စားပွဲကြီးမှ သခင်စိုးက ကြားဝင်၍ "ဒီမှာ သခင်အောင်ဆန်း ဖြည်းဖြည်းမှ စကားပြောပါ ... ဒီလူတွေ ခရီးပန်းလာကြတယ်ထင်တယ်။ ရဲဘော်တို့ ထမင်းသွားစားကြဦး ပြီးမှ အေးအေးဆေးဆေး ပြောကြပေါ့ဗျာ ..." ဟု ဖျန်ဖြေလိုက်သည်တွင် အားလုံးသဘောတူ ပြေအေးသွားတော့၏။ ကျွန်တော်တို့နှစ်ယောက်လည်း ကိုယ့်ပစ္စည်းများကို စနစ်တကျ ပြန်လည်ထားရှိရန် တည်းခိုခန်းလုပ်ထားသော အခန်းထဲသို့ စိတ်ဆိုးဆိုးနှင့် ပြန်ဝင်ခဲ့သည်။

ကျွန်တော်တို့နှစ်ယောက်က ရေမိုးချိုးပြီး အဝတ်အစားလဲကာ ရေကျော်ရပ်ရှိ အစည်းအရုံးနှင့် ခပ်နီးနီး ဗမာထမင်းဆိုင်ရှိရာသို့ ခပ်သွက်သွက် ခြေလှမ်းတင်ခဲ့၏။ သပ်သပ်ရပ်ရပ် ခင်းကျင်းထားသော လေးယောက်စား စားပွဲများဖြင့် သန့်ရှင်းပုံရသည့် ရုပ်ချောချော မိန်းမသုံးဦးတို့ ရောင်းချနေသော ထမင်းဆိုင်ဝသို့ ခြေစုံရပ်ကာ နေရာထိုင်ခင်း ရှာမိသည်။ သို့ရာတွင် နေရာကွက်လပ် မရှိသလောက် ထမင်းစားချိန်ဖြစ်၍ လူကျပ်နေသည့်အတွက် နောက်ပိုင်းသို့ ပြန်လှည့်မည်အလုပ်တွင် ...

"ဟော့လူတွေ လာကြ ... ဒီမှာ နှစ်ယောက်စာ နေရာရှိတယ်"

ထမင်း ပလုတ်ပလောင်းစားနေသည့် လူအုပ်ထဲမှ အသံတစ်သံကြောင့် ခြေလှမ်းတုံ့သွားရာမှ ဂရုတစိုက် ဖိတ်ခေါ်ရာသို့ ပြန်ကြည့်မိသည်တွင် ကျွန်တော်တို့နှစ်ယောက်ကို တမင်တကာ ခေါ်နေသူမှာ ဗဟို တို့ဗမာအစည်းအရုံးကြီးမှ အထွေထွေ အတွင်းရေးမှူး သောက်ဆရာကြီး သခင်အောင်ဆန်း ဖြစ်နေတော့သည်။ သူက ပါးစပ်က ခေါ်ရုံတွင်မကသေး သူနှင့် ထမင်းလွေးနေသော သခင်စိုးကပါ ကမန်းကတန်း ထကာ အခန်းထောင့်ကျကျ သူတို့ထိုင်နေရာတွင် ကုလားထိုင်နှစ်ခု ပြင်ဆင်ပေးနေမှုကြောင့် ကျွန်တော်တို့နှစ်ယောက်မှာ အားနာစွာနှင့်ပင် ထမင်းဆိုင်ထဲသို့ စွတ်ဝင်ခဲ့မိသည်။ သခင်အောင်ဆန်းက ထမင်းရောင်းသူ မိန်းမငယ်ကို ထမင်းနှစ်ပွဲ၊ ဝက်သားဟင်း စသည်တို့ကို လှမ်းမှာရင်း ရယ်ရယ်မောမောနှင့် ကျွန်တော်တို့နှစ်ဦးအား နှုတ်ဆက်၍ အာလာပ သလ္လာပ စကားပြောတော့၏။

ထိုအခါကျမှ သခင်သိန်းမောင် ပြုံးလာဖော်ရ၏။ ကျွန်တော့်အဖို့ ယခင် သခင်အောင်ဆန်းကို တွေ့စက တော်တော် အပေါက်ဆိုးသော လူတစ်ယောက်ဟု သဘောထားခဲ့သည့်နောက် ယခု ထမင်းဆိုင်တွင် တော်တော် ဖော်ဖော်ရွေရွေတွေ့ရပြန်သဖြင့် အစဉ်းစားရ ကျပ်ရလေ၏။

သခင်အောင်ဆန်းက ကျွန်တော့်ကို ဂရုတစိုက် ခြေဆုံးခေါင်းဆုံး ကြည့်ကာ "နေပါဦးဗျ ... ခင်ဗျားကို ကျုပ် ဘယ်တုန်းကလဲမသိဘူး ... မြင်ဖူးပါတယ်"

"ခင်ဗျား ကျုပ်တို့ ကေအီအမ်ကျောင်း လာတုန်းက ဖြစ်မှာပေါ့။ ဆရာကြီးဦးလှမောင်နဲ့ လာတွေ့တုန်းကလေ" ကျွန်တော်က ကူညီထောက်ပေးမှ ...

"ဟား ဟား ... ဟုတ်တယ်၊ ဟုတ်တယ် ... ခုမှ အမှတ်ရတယ် .. ဒါနဲ့ နေပါဦး ... ခု ခင်ဗျား ကျောင်းနေတုန်းလား"

"ခု ၁၀ တန်းမှာပေါ့ဗျ ... တစ်ဖက်က နိုင်ငံရေးလုပ်ပြီး တစ်ဖက်က ကျောင်းနေသေးတယ် .. ဆိုစမ်းပါဦး ... ဘယ်လိုဝေဖန်ဦးမလို့လဲ"

"ကျုပ်က ဒီလိုလူမျိုးတွေ ရှာနေတာ ... နေပါဦး... ခု ခင်ဗျားအသက် ဘယ်လောက်လဲ ... လူကောင်ကထွားသလောက် မျက်နှာက နုနေလို့ပဲ"

စူးစူးစိုက်စိုက်နှင့် ကျွန်တော့်ကိုကြည့်ကာ စစ်တမ်းထုတ်ပြန်တော့သည်။

ကျွန်တော်က လက်ဆေးခွက်တွင် လက်ကိုနှစ်ကာ ဆေးရင်း ... "ဆယ့်ရှစ်နှစ်ထဲမှာပဲ" ဟု ထမင်းဆာနေသည်ကြောင့် ခပ်တိုတို ဖြေလိုက်ပါသည်။

သို့ရာတွင် သခင်အောင်ဆန်းကား အလိုက်ကမ်းဆိုးမသိပါ။ သူက ထမင်းစားနေသော ဇွန်းခက်ရင်းကို ပစ်ချလိုက်ပြီး ဝမ်းသာအားရနှင့် ...

"ဟော့ ... သခင့် ခင်မောင်ဦး ... ခင်ဗျား ကျုပ်ကို ကတိပေးရမယ်၊ မပေးရင် မနေရဘူး သိလား။ ခင်ဗျား နိုင်ငံရေးကို ကျုပ်နဲ့ အတူ မခွဲတမ်းလုပ်ရမယ် ... ကျုပ် လုပ်သမျှ ခင်ဗျား လိုက်လုပ်ရမယ် ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူ၏ညာဘက်လက်ကို ကျွန်တော့်ဆီသို့ ကမ်းပေးရင်း အတင်း ကတိတောင်းသည်ကြောင့် ကျွန်တော့်မှာ မတတ်သာသည့်အဆုံးတွင် လက်ဆေးနေသော ကျွန်တော်၏ ညာဘက်လက်ကို ပြန်၍ သူ့လက်တွင်းသို့ ပေးလိုက်ပြီး ...

"ကောင်းပါပြီဗျာ ... ခင်ဗျားဆန္ဒအတိုင်း ပြည့်စုံပါစေမယ် ... ကျွန်တော့်ကတိပေးအပ်ပါပြီ"

ဘေးမှ ထမင်းလွေးနေသော သခင်စိုး၊ အလုပ်အမှုဆောင်အချို့နှင့် နယ်မှ သခင်အပေါင်းတို့က ထမင်းစားပွဲများကို ပုတ်ကာ လက်သီးလက်မောင်းတန်း၍ "တို့ဗမာတွေ ... အောင်ရမယ်" ဟူသော ဆူညံစွာ ကြွေးကြော်ချီးကျူးသံများက ထမင်းဆိုင်ကလေးကို တစ်ခဏအတွင်း ဖုံးလွှမ်းလိုက်ပါသည်။

အငွေ့တထောင်းထောင်းနှင့် ကျွန်တော့်ရှေ့ လာချသော ထမင်းပန်းကန်ကို ကျွန်တော်က ဆာလောင်စွာနှင့်ကြည့်၍ ဟင်းပန်းကန်အလာကို စောင့်မျှော်နေမိသည်။ ဖြုန်းခနဲ သခင်အောင်ဆန်းက သူ့ထမင်းပန်းကန်ထဲက ဝက်သားတုံးကြီးတစ်တုံးကို မပြောမဆိုနှင့် ကျွန်တော်၏ထမင်းပန်းကန်ထဲသို့ ထည့်ပေးရင်း ...

"စားဗျာ ... စားဗျာ ... ခင်ဗျား ဆာနေရှာမယ်"

သို့ရာတွင် ကျွန်တော် မှန်သည့်အတိုင်း ဝန်ခံရလျှင် ထမင်းစားချင်စိတ် ပျောက်သွားပါပြီ။ အကြောင်းမှာ သခင်အောင်ဆန်း အနည်းငယ်ဖဲ့စားပြီးသား ဝက်သားတုံးကို ကျွန်တော် စားလိုသည့်ဆန္ဒ မရှိပါ။ ကျွန်တော် ငယ်ငယ်ကတည်းက ကြောင်တတ်သောဗီဇ (ဝါ) ရွံတတ်မှုက ကျွန်တော့်ကို ကောင်းကောင်းကြီး ဒုက္ခပေးလေ၏။ ဤကား သခင်အောင်ဆန်း၏ ဒုတိယမြောက် အလိုက်ကမ်းဆိုးမသိမှုပင်။ ထို့ကြောင့် ဟင်းပန်းကန်လာချသည်တွင် ကမန်းကတန်း ကျွန်တော်က ဟင်းတုံးတစ်တုံးဆင်ကာ သူပေးထားသော ဟင်းတုံးလိုလို အမှတ်တမဲ့တောင်စားသောက်ရင်း သခင်အောင်ဆန်း၏ ထမင်းစားရင်း နားမငြီးတမ်း ပြောနေသော ဗမာ့နိုင်ငံရေး သဘောတရားကို နားစွင့်မိပါတော့သည်။

× × ×

**သခင်ဝါဒလှိုင်းယဉ်သာမှာ**

"ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ"

တို့ဗမာအစည်းအရုံး၏ ဆောင်ပုဒ်ကြွေးကြော်သံကား ဗမာပြည်တစ်ဝှန်းလုံးလိုလို ပျံ့နှံ့မြူးကွန့်လျက် နိုင်ငံရေးလှိုင်းတက်ကြွနေခိုက်ဖြစ်တော့သည်။ ထိုလှိုင်းယဉ်သာ၌ ကျွန်တော်လည်း ဗမာ့လွတ်လပ်ရေးကို လိုချင်ရမ္မက် အားကြီးသူပီပီ သခင်တစ်ယောက်အနေဖြင့်လည်းကောင်း၊ ဗမာ့လက်ရုံးတပ်သားတစ်ယောက်အနေဖြင့်လည်းကောင်း၊ ကျောင်းသားသမဂ္ဂ ရဲဘော်တစ်ယောက်အနေဖြင့်တစ်ဖုံ ကူးသန်းကာ မြူးတူးရင်း အထက်ပါ တို့ဗမာဆောင်ပုဒ်ကို အနှလုံးပဋိလုံ နှလုံးသွင်းလျက် သာယာဝတီညီလာခံကြီးသို့ သခင်အောင်ဆန်းတို့နောက်မှ တက်ရောက်ခဲ့လေသည်။

တို့ဗမာသီချင်းကို ဝိုင်းအမ်တီသခင်တင်က တရားစင်ထိပ်မှ အာပေါင်အာရင်းသန်သန်နှင့် တိုင်ကာပေးလျက် တရားစင်ရှေ့၌ ပင်နီအင်္ကျီ အုန်းခွံရောင်နီဝါဝါနှင့် ပါးစပ်တွင် ကွမ်းသွေးကြောင်းများနှင့် အလွန် ထင်ရှားသော သခင်စိုးက ဒေါပါမာန်ပါနှင့် လက်သီးလက်မောင်းတန်းကာ လိုက်ဆိုလျက် သခင်အောင်ဆန်းက ခပ်မှန်မှန်မျက်လုံးမှေးကာ စာရွတ်သလို သီချင်းလိုက်ဆိုနေသည်ကို မှတ်သားလိုက်မိပါ၏။ သူတို့နောက်တွင် ကျဲကော်ကိုင်းမျက်မှန်ဖြင့် သခင်လှဖေ (ဗိုလ်လကျာ်)၊ ပင်နီအင်္ကျီခပ်နုနုဖြင့် သခင်အောင်သန်း (ဗိုလ်စကြာ)တို့အပြင် သခင်သန်းဖေ၊ သခင်ဗဟိန်းကြီးတို့တစ်သိုက် သီချင်းသံပြိုင်လိုက်နေသည်ကိုကြည့်ရင်း ကျွန်တော်သည် ဗမာပြည်ကြီးလွတ်လပ်ရေးကို မရမနေလုပ်တော့မည်ဟူသော အဓိဋ္ဌာန်ဆုံးဖြတ်ချက်ချလိုက်မိပါတော့သည်။

ညီလာခံ ဒုတိယနေ့တွင် ဟောဟောဒိုင်းဒိုင်းနှင့် မိုးကြီးက ရွာချလိုက်သည်ကြောင့် မဏ္ဍပ်တွေ မလုံဘဲ မိုးယို၍ တရားပွဲကို ခေတ္တရပ်နားလျက် တို့ဗမာ ဗဟိုအမှုဆောင်ရဲဘော်ကြီးများမှာ ပြင်းထန်လှသော မိုးပေါက်များ၏ဒဏ်ကို အမြန်ဆုံး သင်ဖြူးဖျာများဖြင့် ခေါင်းပေါ်တင်ကာ ကာကွယ်ရင်း ဒုက္ခစရိယာကျင့်နေသည်။

ထိုအခိုက်တွင် ခပ်နောက်နောက် သခင်တစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ... ရဲဘော်တို့ မိုးတိတ်အောင် တို့ဗမာ ကမ္ဘဝါစာ ဖတ်သလို ဌာန်ကရိုဏ်းကျကျနဲ့ 'တကောင်းအဘိရာဇာ' အစချီ၍ တို့ဗမာကမ္ဘဝါစာဖတ်သည်တွင် သခင်အပေါင်း တို့လည်း ခေါင်းမြီးခြုံ သင်ဖျာများအောက်မှ တညီ တညွတ်တည်း တို့ဗမာကမ္ဘဝါကို မာန်ပါပါ ဌာန်ကရိုဏ်း ကျကျ ဝိုင်းဖတ်ကြသည်တွင် မဏ္ဍပ်တစ်ခုလုံး တဟား ဟား ပွဲကျနေတော့၏။

တစ်ညဦး ဆွေးနွေးပွဲတွင် ကျွန်တော် ဝင်ရောက် ဆွေးနွေးရန် အလှည့်ကျလေ၏။ လက်ရုံးတပ်သားတွေ အစောင့်ချထားသော ဆွေးနွေးခန်းထဲတွင် ကိစ္စတစ်ခုကို အကြောက်အကန် ငြင်းနေကြသော အမှုဆောင် လူကြီး များနှင့် နယ်ကိုယ်စားလှယ်တစ်သိုက်ကို တွေ့ရသည်။ ကျွန်တော်က သူတို့အုပ်စုထဲသို့ ဝင်ရောက်ထိုင်မိသော အခါ ဆွေးနွေးပွဲအလယ်ကောင်တွင် မှောက်လျက်အိပ် ကာ တစ်စုံတစ်ခု စဉ်းစားလွန်နေသော သခင်အောင်ဆန်း ကို တွေ့ရပါတော့သည်။

အမှုဆောင်တစ်ဦးက သခင်လှဖေသို့ လှမ်း၍ "ဘယ်နဲ့လဲ သခင်လှဖေ ... သခင်အောင်ဆန်းရဲ့ အကြမ်း ဖက်မှု လုပ်ငန်းစဉ်ကို လက်ခံနိုင်ပါ့မလား" ဟု တွေဝေ စဉ်းစားနေသော သခင်လှဖေသို့ စကား စပေးလိုက်ပါ သည်။

သခင်လှဖေက မျက်ခုံးကလေးနှစ်ခု အသာပင့်ကာ ကျွန်တော့်အား ကြည့်လိုက်ပြီး "ဒီမှာ သခင် ခင်မောင်ဦး ကျုပ်တို့ အတွင်းရေးမှူးလုပ်သူ သခင်အောင်ဆန်းက ဗမာ့လွတ်လပ်မှုမှာ လက်နက်ကိုင် တော်လှန်ရေးဟာ အဓိကဖြစ်လို့ သခင်မှန်သမျှ လက်နက်ကိုင်တပ်သဘော မျိုးဖြစ်အောင် ကြိုးပမ်းကြဖို့အဆိုကို သူကိုယ်တိုင် သွင်း မယ်လို့တဲ့။ သခင် ခင်မောင်ဦးသဘောကော ဘယ်လိုရ သလဲ"

"ဒီနည်းဟာ ဗမာ့လွတ်လပ်ရေးရဖို့ သေချာတယ် ဗျို့ ... လက်နက်ကို လက်နက်ချင်း ယှဉ်ပြိုင်ဖို့ပဲရှိတယ်။ ဗမာ့လွတ်လပ်ရေးမှာ အကြမ်းမဖက်ဘဲ အောင်မြင်ဖို့ စိတ်မကူးလေနဲ့"

ကျွန်တော်က ဖြေလိုက်သည်တွင် ဘေးက အမှု ဆောင်တစ်သိုက်က ဩဘာပေးလိုက်သည်။

"လုပ်ကွာ ... ဘိုးအောင်ဆန်း ... လူတစ်ယောက် လာပြန်ပြီဟေ့"

သို့ရာတွင် ဝမ်းလျားမှောက်နေသော သခင်အောင် ဆန်းက မတုန်မလှုပ်၊ ဘေးက ပရိသတ်ကို သူ့စိတ်ထဲ၌ ရှိသည်ဟူ၍ပင် ထင်ဟန်မတူ။

မနေနိုင်သော သခင်ပုကြီးက သခင်အောင်ဆန်း ၏လက်မောင်းကို တို့ကာ "ဟေ့ ... ရဲဘော်ရဲ့ ... မင်း အဆိုကို ထပြီး တစ်ခါ ရှင်းပြစမ်းပါဦးကွ"

မျက်လုံးပေကလပ်ပေကလပ်နှင့် စဉ်းစားနေသော သခင်အောင်ဆန်းကား နကမွတီ အရေးမစိုက်၊ သူ့ဘာ သာ စဉ်းစား၍ကောင်းတုန်းပင်။ ဘေးက အမှုဆောင် တစ်သိုက်ကသာ သူ့အဆိုကို ဝေဖန်ကာ ကုလားတိုက် ကျားကိုက်ခမန်း အချေအတင် ဆွေးနွေးနေတော့သည်။

ည ၉ နာရီထိုးသည်အထိ သခင်အောင်ဆန်းကား ဝမ်းလျားမှောက်လျက် စကားကား နတ္ထိ၊ ဆွေးနွေးပွဲသာ အချိန်ကုန်၍ ရုပ်သိမ်းလိုက်ရသည်။ သခင်အောင်ဆန်း ကား မှောက်လျက် မလှုပ်မယှက်။

တစ်ခါက ဌာနချုပ်တွင် သခင်အောင်ဆန်းနှင့် မျက်နှာချင်း ဆုံမိပြန်သည်။ ဒီတစ်ချီတွင် သူက စကား သွက်လှတော့၏။ သူက ကျွန်တော့်ကို တော်တော်ချစ် နေသည်။ သူ့ညီကလေးလို သဘောထား၍ သခင် ခင်မောင်ဦးအစား "ဟေ့ကောင်လေး" ဟု နာမ်စားတပ် ကာ ကျွန်တော့်ကို ခေါ်ဝေါ်နေပြန်သည်။

တွေ့တွေ့ချင်း "ဟေ့ကောင်လေး ... ငါ့ကို လက် ဖက်ရည်တိုက်စမ်း" ဟု ခပ်တည်တည် အမိန့်ပေးသည် ကြောင့် ကျွန်တော်ကလည်း စေတနာ မတွန့်တိုဘဲ "လာလေဗျာ ... ခင်ဗျား အဝနှိပ်ရမယ်နော် ... အလှ မလုပ်နဲ့"

သူက ဟန်ဇားလုံချည် တစ်ပတ်နွမ်းကလေးကို ကပျာကယာပြင်ဝတ်လိုက်ပြီး တဟီးဟီး ပြုံးပြုံးကြီးနှင့် ကျွန်တော့်တို့နှင့်အတူ လက်ဖက်ရည်ဆိုင်သို့ တစ်ပြုံကြီး ဝင်ရောက်ခဲ့ကြသည်။

ကျွန်တော်လည်း အစားကြီးသူ ဖြစ်ပါသည်။ ကာယဗလ တောင့်တင်း လှေ့လာသူဖြစ်၍ အစားကို အရှုံးမပေးသလောက် ဒီပြင် ကျွန်တော့်ရဲဘော်များကို လည်း စားစေလိုလှသည်။ ထို့ကြောင့် သခင်အောင်ဆန်း တို့ကို မုန့်၊ လက်ဖက်ရည်တို့ကို ခွက်ဆင့် ချေ့ခဲ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ ကျွန်တော်နှင့် မိတ်ဆွေတစ်ယောက် သခင်အောင်ဆန်းနှင့် ရုံးအမှုဆောင်နှစ်ယောက် ပေါင်း ငါးယောက်ထေတမ်း အဝစား၊ အဝသောက်ကြသည်မှာ နောက်ဆုံးကျွန်တော် ငွေနှစ်ဆယ်ကျော် စာရင်းတွင် ပေးလိုက်ရတော့၏။ ဤတွင် ကိုယ်တော်မြတ်က မကျေနပ်သေး။ သူ့ရုံးခန်းထဲသို့ ခေါ်ကာ တော်လှန်ရေး အဘိဓမ္မာကို ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေကို အတင်းနားထောင်စေ၏။ ဆွေးနွေးပွဲတုန်းက တေမိလက်သစ် သခင်အောင်ဆန်းနှင့် ယခုလေဖောနေသော အောင်ဆန်းတို့၏ အဖြစ်ဘဝကား ကွာခြားလှ၏။ သူ၏တော်လှန်ရေးလမ်းသည်ကား မဆုံးတော့ပြီ။ ဗမာပြည်တော်လှန်ရေး၊ အိန္ဒိယတော်လှန်ရေးတို့ကို မူတည်၍ ကမ္ဘာတော်လှန်ရေးကြီးပါကျေနှံ့ အတင်းနားထောင်စေ၏။ ကျွန်တော်တို့တစ်တွေလက်ဖက်ရည်ခွက် ဆင့်ချခဲ့သည့်ဒဏ်ကြောင့် ဆီးကြောတွေတင်းနေ၍ အပြင် တပိုတပါးသွားလိုသဖြင့် ... ခတ္တ မတ်တတ်ရပ်သည်ကိုပင် သခင်အောင်ဆန်းကခွင့်မပေး၊ "ဟော့ .. ကောင်လေး ထိုင်စမ်း ... နားထောင်ကွ၊ ဒီ တိုင်းပြည်က တော်လှန်ရေးခေါင်းဆောင်ဟာ" ဟု အစချီ၍ တော်လှန်ရေး ငှီကာကြီး ဖွင့်နေပြန်တော့၏။ ကျွန်တော်၏ မိတ်ဆွေကိုလည်း သူက ချမ်းသာမပေး။ သူ့ခမျာ သခင်အောင်ဆန်းကို အားနာ၍ အပေါ့အလေးပင် စွန့်ခွင့်မရ။ ကြာတော့ စားပွဲအောက်မှနေ၍ ကျွန်တော့်မိတ်ဆွေက ကျွန်တော့်ကို လက်ကုတ်၍ "ခက်ပြီလကွာ" ဟူသော အချက်ပေးတော့၏။ မည်မျှကြာအောင် တော်လှန်ရေးတရားတော် နားဆင်ရသည်မသိ။ တစ်ဖက်ခန်းမှ သခင်တင်မောင်က "ဗျို့ ... သခင်အောင်ဆန်း ဒီပြင်အိပ်နေတဲ့လူတွေကို တစ်ဆိတ် အားနာပါဦးဗျ... အိပ်ချိန်လွန်သွားပြီ ဟီး ..."

မတတ်သာသည့်အဆုံးတွင် ဘေးက အိပ်ချင်နေသော သခင်တစ်စုက ထကာ ပွက်တော့မှ သခင်အောင်ဆန်းက မကျေမနပ်ပုံဖြင့် "သိပ်ခက်တဲ့လူတွေ ... အိပ်ဖို့လောက် အားထားနေတဲ့လူတွေ" ဟု မြည်တွန်ရင်း ကျွန်တော်တို့ကို လူစုခွဲလိုက်ရတော့၏။ သူစကားပြောချိန်မှာ သိပ်မကြာ။ ညနေ လက်ဖက်ရည်သောက်ပြီး ၄ နာရီမှ ည ၁၁ နာရီလေးဆယ်မိနစ်အထိသာ ဖြစ်ပါသည်။

ကျွန်တော်၏ရဲဘော်မှာ ဆီးစပ်သို့ ရှုံ့ရှုံ့မဲ့မဲ့နှင့် နှိပ်ရင်း 'သောက်ကျိုးနည်းလူဗျာ ... သူဖြင့် မမောမပန်း တစ်ခါတလေမှ မထဘဲ စကားပြောနိုင်တယ်၊ ခု ကျုပ်ဖြင့် ဆီးအောင့်နေပြီ' ဟု သခင်အောင်ဆန်း၏ဇွဲကြီးပုံကို ရှုံ့ရှုံ့မဲ့မဲ့နှင့် ချီးကျူးသံ ထွက်ပေါ်လာပြန်၏။

× × ×

## ဘဝ၏အလယ်မှဟိုင်နန်ကျွန်း

"ရဲရဲတောက် တို့ဗမာပြေ ... သတ္တိခဲတွေ ... ရာဇဝင် ထိုးလောက်အောင် စွန့်ပေ"

ဗမာ့လက်ရုံးတပ် စစ်ချီစစ်တပ် သီချင်းသံကား ဂျပန်တို့၏ စစ်ချီသီချင်း "မိရိတိုခိုင်နော်" နှင့် နပန်းလုံးနေကြတော့၏။ ဟိုင်နန်ကျွန်း "ဆန်းင" စစ်စခန်းတစ်နေရာ၌ကား ဗမာစကား၊ ဂျပန်စကား၊ သဒ္ဒါမမှန်သော အင်္ဂလိပ်စကားသံများဖြင့် မိုးမွှန်နေတော့သည်။

"လူတွေကြည့်တော့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်ဖားဖား၊ အသားနက်မှောင်၍ ကုလားရုပ်၊ ပြောတော့ ဗမာစကား၊ ဂျပန်စကားကို အင်္ဂလိပ်ဘာသာ စွက်၍ ဘယ်လိုလူမျိုးတွေလဲ မသိရအောင် ဝတ်ဆင်ထားတော့ ဂျပန်စစ်ဝတ်စစ်စားတွေမို့ တို့ကို မြင်ရတဲ့ လူတွေကတော့ လူတစ်မျိုးတွေ ... လူမျိုးတစ်ရာ့တစ်ပါးမှာ တို့ပါ တစ်ရာ့နှစ်ပါးလူမျိုးကွ"

တစ်ခါက ကျွန်တော်တို့အဖြစ်အပျက်ကို လေ့ကျင့်ခန်းဆင်းရာ၌ ဝေဖန်မိကြရင်း ဗိုလ်မြဒင်၏မှတ်ချက်မှာ ကျွန်တော်တို့၏ဘဝမှန်ကို မှန်ထဲ၌ အကွင်းသား ပြနေသည်နှင့် တူတော့၏။

သခင်အောင်ဆန်းဦးစီးသည့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး၏ အမြုတေတို့ စုဝေး ပေါက်ဖွားရာ ဟိုင်နန်ကျွန်းစစ်စခန်းတစ်နေရာမှ ရဲဘော်သုံးကျိပ်တို့ကို စိတ်ဓာတ် မကျဆင်းစေရန် သခင်အောင်ဆန်း၊ သခင်အောင်သန်း၊ သခင်လှဖေတို့က ကွပ်ကဲအားပေးနေခိုက်ပင်။

ကျွဲနှင့် နွားနှင့် ပြိုင်ကာ စစ်ပညာတတ်မြောက်မှုအတွက် အရှယ်နှင့်မလိုက်အောင် ပင်ပန်းနေကြသည်။ ဒိုင်းအိပန်၊ ဒိုင်းနီဟန်၊ ဒိုင်းစံပန် (အမှတ် ၁၊ အမှတ် ၂၊ အမှတ် ၃ တပ်ခွဲ) များအနက် သခင်အောင်ဆန်းက

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းစံပန် အမှတ် ၃ တပ်ခွဲ၌ စစ်ပညာသင်ယူရင်း တစ်ဖက်က ဗမာ့လွတ်လပ်ရေးစီမံကိန်းကို ရေးဆွဲကာ တစ်ဖက်က ဂျပန်စစ်ဘက်နိုင်ငံရေး ထိပ်တန်းပုဂ္ဂိုလ်ကြီးများနှင့် နိုင်ငံရေး ပရိယာယ်လွန်ပွဲ ကျင်းပရသေး၏။ တစ်ချိတစ်ချိ သူက ဤချောင်ကျကျ အညတရစစ်စခန်းမှ ဂျပန်ပြည် တိုကျိုမြို့ပေါ်သို့ စစ်ရေးဆွေးနွေးပွဲအတွက် ခရီးထွက်ရသေး၏။ ကျွန်တော်တို့တစ်တွေသာ ဟိုင်နန်ကျွန်း၏ ငှက်ဖျားတောထဲ၌ ခြင်ကိုက်၊ မှက်ကိုက်ခံရင်း ရွှံ့နွံဆူးရစ်ချုံများကြားမှနေ၍ အမြောက်ကြီး အမြောက်လေးတွေကို ကျောပိုးကာ ဗမာ့လွတ်လပ်မှုဒဏ်ကို မချိတင်ကဲ ခံနေကြရ၏။

(ဗိုလ်စကြာ) သခင်အောင်သန်း၊ ဗိုလ်လင်းယုန်၊ ဗိုလ်အောင်ဆန်းနှင့် ကျွန်တော်တို့လေးယောက်မှာ ဂျပန်နှစ်ယောက်နှင့် တစ်ခြင်ထောင်ထဲတွင် စုအိပ်ခဲ့ရသည်။ ကျွန်တော်နှင့် ဗိုလ်လင်းယုန်သာ ခြင်ထောင်သိမ်း၊ အိပ်ရာခင်း တာဝန်ယူရ၍ သူတို့လူကြီးနှစ်ယောက်က ကျွန်တော်တို့ကို "ကောင်ကလေးတွေ ဒါတွေလုပ်ဦးကွ" ဟု အတွင်သာ ခိုင်းလေ့ရှိသည်။ တစ်ချိတစ်ချိတွင် ကျွန်တော်တို့ ထမင်းချက်အလှည့်တွင် သခင်အောင်ဆန်းမှာ ကန့်လန့်ကန့်လန့် ပါလာသည့်အတွက် ဂျပန်ဆရာတွေကို ကျွန်တော်တို့ခေါင်းဆောင်ကြီးအား ဤသို့ ထမင်းချက်မခိုင်းရန် သွားရောက်တောင်းဆိုမိသည်။ ဂျပန်ဆရာများက ရှုံ့ရှုံ့ရှဲ့ရှဲ့ ဒေါပွကာ "ခေါင်းဆောင်ကောဘာကော နားမလည်ဘူး၊ ခုအချိန်ဟာ စစ်သားတွေပဲ။ စစ်သားမှန်ရင် စစ်တပ်တာဝန်ကို လုပ်ရမယ်" ဟု ပြတ်တောင်းစွာ ပြောဆိုသည်တွင် ဗိုလ်ချုပ်အောင်ဆန်းက ကြားဝင်၍ "မင်းတို့ ဘာမှမပြောကြနဲ့ .. ဟုတ်တယ်၊ စစ်သားဟာ စစ်သားပဲကွ" ဟု အတင်းဖြေရှင်းလိုက်သည်။

ထို့ကြောင့် သူ့ကို ကျွန်တော်တို့တစ်တွေက ထမင်းချက် လုပ်ငန်းတွင် ဣန္ဒြေအရဆုံး၊ အသက်သာဆုံးဖြစ်သော ပန်းကန်ဆေး၊ စားပွဲခင်းတာဝန်ကို ပေးအပ်ကာ ကျွန်တော်တို့လူတစ်စုမှာ ချွေးတစ်လုံးလုံးနှင့် ထင်းပေါက်ရေခပ်၊ ထမင်းအိုးတည်နှင့် အတော်ကလေး ပင်ပန်းလိုက်ရ၏။

လူနာတင်ထမ်းစင်လိုလို စင်ကလေးတစ်ခုပေါ်တွင် ဆရာကြီးတွေအတွက် ထမင်းဟင်းပန်းကန်၊ တူ၊ လက်သုတ်ပဝါအစုံဖြင့် ပြည့်နှက်နေအောင် ဆင်ပြီး အရှေ့မှ လန်ကွတ်တီမှတစ်ပါး အခြားမဲ့ ကိုယ်တုံးလုံးနှင့် သခင်အောင်ဆန်း၊ နောက်က ဗိုလ်စောအောင်က စင်ကလေးကို ထိန်းရင်း စစ်မြေပြင် လူနာကောက်သလို ဂျပန်ဆရာကြီးတွေ (ဗိုလ်ကြီးတွေ) ရှိရာသို့ ထမင်းပို့ သွားသည်ကို သတိရမိ၏။ ဗိုလ်စောအောင်မှာ လေ့ကျင့်ခန်းက ပင်ပန်း၊ စိတ်က ဆင်းရဲသည်ကြောင့် ဆရာကြီးတွေထံ ထမင်းပို့သွားသည့်လုပ်ငန်းကို ဗမာပြည် အညာရပ်က မသာ ကစားသလို ထမ်းစင်ကလေးကို မြှင့်လိုက်၊ ဆွဲလိုက် ကစားပြီး ပါးစပ်က မသာဆိုင်း တီးကာ စိတ်ထင်ရာလုပ်နေသည်ကြောင့် ရှေ့မှ သခင်အောင်ဆန်းခမျာမှာ အနေရ အသွားရခက်ပြီး "ဟေ့ ... တော်ပါတော့ကွ ... တော်တော်ကြာ မှောက်ကျကုန်လို့ သောက်စကားများကုန်မယ်" ဟု တောင်းပန်သည်ကို ကျွန်တော်တို့တစ်တွေ မီးဖိုထဲမှ မြင်ရ၍ အူနှိပ်နေအောင် ရယ်မိကြပါသည်။

ဂျပန်ဆရာတွေမှစ၍ ဂျပန်စစ်ကျောင်းသားတွေကပါ ကျွန်တော်တို့ ရဲဘော်သုံးကျိပ် ဗမာကျောင်းသားတွေကို နည်းအမျိုးမျိုး၊ ပုံအမျိုးမျိုးနှင့် နှိမ့်ချ ညှဉ်းဆဲကြလေသည်။ အစားအသောက်က ဝက်စာကျွေးသလောက်မှ မဟန်သည့်အထဲတွင် လေ့ကျင့်ခန်းက အဆမတန် ပြင်းထန်မှုအဆုံးတွင် ရဲဘော်တိုင်း၏မျက်နှာမှာ မခံမရပ်နိုင်။ တစ်စုံတစ်ခု ပြတ်ပြတ်သားသား လုပ်ချင်စိတ်များ အထင်းသား ပေါ်လွင်နေတော့၏။ ဤအချိန်တွင် သခင်အောင်ဆန်းက ဗမာရဲဘော်အားလုံး အားလပ်ချိန်တွင် စုရုံးစေပြီး "ငါ့ညီတို့ သတိထားကြပါကွာ ... တို့ အကြံအစည် အထမြောက်တော့မှာ သိပ် မဝေးတော့ပါဘူး။ သေမြေကြီး ... ရှင်ရင်ရွှေထီးပေါ့ ... သည်းခံကြပါ၊ ဒီတစ်ချီ တို့တစ်တွေ စွမ်းဆောင်မှုသတ္တိဂုဏ်ထူးနဲ့ ဗမာ့ရာဇဝင်တစ်ခေတ်ပြောင်းလိုက်ကြရအောင်" ဟု ပြုံးပြုံးရွှင်ရွှင်နှင့် ဩဝါဒအားပေးမှုကြောင့် ကျွန်တော်တို့တစ်တွေ၏ ဒေါသတွေ၊ မကျေနပ်မှုတွေမှာ သခင်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် အရည်ပျော်ကုန်တော့သည်။ ဂျပန်ကျောင်းသားတွေက ကျွန်တော်တို့အပေါ် စော်ကားမောက်မာမှု တိုး၍ တိုး၍လာသည်။

www.burmeseclassic.com



ကျွန်တော်တို့လူငယ်ပိုင်းက သခင်အောင်ဆန်းတို့ လူကြီးတွေ့အသိမပေးဘဲ တိတ်တဆိတ် စည်းဝေးကြပြီး ဂျပန်ကျောင်းသားထဲက အစွာဆုံး "နော်ဟာရား၊ နမ်ဘ" ဤနှစ်ကောင်ကို ဗိုလ်မင်းခေါင်၊ ဗိုလ်ဇင်ယော်တို့နှင့် အစချီ ရန်ဖြစ်စေတော့၏။ ဗလုံးဗထွေးဖြစ်နေခိုက်တွင် ကျွန်တော်တို့ဗမာကျောင်းသားတွေက ဘေးမှ ဖျဉ်သလိုလုပ်ပြီး ဂျပန်နှစ်ကောင်ကို ဝိုင်းချုပ်ကိုင်ပေးလိုက်၏။

မကြာမီ ကျောင်းအုပ်ကြီး ကာဝါရှီးမား ရှေ့မှောက်တွင် ဗမာကျောင်းသားတွေ အတန်းစီ ရောက်ရလေ၏။ ကျောင်းအုပ်ကြီးက သိပ်အရှည်မပြောဘဲ ဂျပန်–ဗမာကျောင်းသားများ ညီအစ်ကိုဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး သည်းခံရန် ဆုံးမကာ သခင်အောင်ဆန်းတို့ကို ချန်လှပ်ပြီး ကျွန်တော်တို့ကို တန်းဖြုတ်လွှတ်လိုက်သည်။

တစ်ခဏမျှကြာလျှင် ဗမာကျောင်းသားများကို သခင်အောင်ဆန်းက စုပြီး လူငယ်ပိုင်းခေါင်းဆောင် ဗိုလ်အောင်၊ ဗိုလ်ရန်နိုင်နှင့် ကျွန်တော်တို့ကို မဲတင်းကာ "မင်းတို့ညံ့လို့ ဒီလိုရန်ဖြစ်ရတာ" ဟု စွပ်စွဲ၍ သဲသဲမဲမဲ ကြိမ်းပါတော့သည်။ ဗိုလ်အောင်နှင့် ဗိုလ်ရန်နိုင်တို့ကား ခေါင်းကြီးတွေ ငိုက်စိုက်နှင့် ဘာမှ ပြန်ရှင်းဖော်မရ။ ကြာသော် မနေနိုင်သည့်အဆုံးတွင် ကျွန်တော်က "ကျွန်တော်တို့ကို စော်ကားလွန်းလို့ ကျွန်တော်တို့ စီစဉ်ပြီး ပြန်ချလွှတ်လိုက်တယ်။ ခင်ဗျားတို့လူကြီးတွေ မကျေနပ်ရင် ကျွန်တော်တို့ကို ကြိုက်သလိုတီးပေတော့" ဟု အတီအနေနှင့် ရင်ကော့ကာ ခပ်ပြုံးပြုံး ဖြေလိုက်မိပါတော့၏။ ဤတွင်မှ သခင်အောင်ဆန်းနှင့် သခင်လှဖေတို့က စိတ်ဆိုးရာက ဖြုန်းခနဲ ပြုံးပြုံးကလေးတွေ ဖြစ်လာပြီး "မင်းတို့ အတော်ရှုပ်တဲ့အကောင်လေးတွေ၊ အချိန်ကျသေးဘူးကွ ... သူတို့ကို မလုပ်နဲ့ဦး" ဟု ဂျပန်–ဗမာ ရန်းရင်းဆန်ခတ်မှုကြီး ပလပ်ခဲ့ကြလေသည်။

စစ်လောကတစ်ခုလုံးတွင် ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော် အမှတ်မိဆုံးအချိန်မှာ ဟိုင်နန်ကျွန်း၏ ကျွန်တော်တို့ နောက်ဆုံးပိတ် စစ်လေ့ကျင့်ခန်းဆင်းသည့် နေ့တည်း။ ဂျပန်ဆရာကြီး ဆရာလေး လုပ်သူများက ကျွန်ုပ်ဗမာကျောင်းသားတို့ စိတ်ဓာတ်စစ်ပညာလေ့ကျင့်မှု ကို ချိုးစမ်းရန် အထူးတလည် စီစဉ်ကာထားသော ချီတက်တိုက်ပွဲကြီးဖြစ်လေသည်။ နံနက် ငါးနာရီမှ တပ်ခွဲသုံးခွဲ ခွဲကာ ကျောင်းအုပ်ကြီးကိုယ်တိုင် မြင်းများ စီး၍ ကွပ်ကဲအုပ်ချုပ်ကြပြီး ဟိုင်နန်ကျွန်း၏ အရှေ့ပိုင်း ရေတပ်စခန်းမှစ၍ တိုက်စစ်ဆင်စေ၏။ ဗိုလ်မင်းခေါင်နှင့် ဗိုလ်ဘုန်းမြင့်တို့က ရှေ့ဖျားကင်းထောက်၊ ကျွန်တော်က ရှေ့ဖျားတပ်ခွဲ၊ တပ်စိတ်မှူးအဖြစ်နှင့် တပ်ခွဲမှူးအဖြစ် သခင်အောင်ဆန်းက အုပ်ချုပ်၍ ချီတက်တိုက်ခိုက်ကြသည်။ ဆရာတွေပြောပုံဆိုပုံအရ စစ်ကြောင်းခရီးမှာ မိုင်လေးဆယ်ဟု သိလိုက်ရ၍ ကျွန်တော် မျက်လုံးပြူးသွားပါသည်။

ရှေ့ဦးဆုံး ရန်သူကင်းနှင့် ကျွန်တော်တို့တပ်ဖွဲ့များ စတင်တွေ့ရှိ၍ တိုက်ခိုက်ကြပြီးနောက် ဗိုလ်မင်းခေါင်နှင့် ရှေ့ဖျားကင်းတပ် ဂျပန်ဆရာတို့ ရန်ဖြစ်ကြတော့၏။ ဂျပန်ဆရာက သူထင်တိုင်း ခိုင်းမရ၍ ဗိုလ်မင်းခေါင်ကို ဆဲသည်။ ဗိုလ်မင်းခေါင်က မောပန်းနေရာတွင် ဆဲရမည်လားဟု ဆရာကို ဆဲရုံမက သေနတ်နှင့်ရိုက်မည်ပြုသည် ကြောင့် ၎င်းကို ကျွန်တော့်နေရာသို့ပြန်ပို့ပြီး ကျွန်တော်မှာ အခြောက်တိုက် အရှေ့ဖျားကင်းတာဝန်ကို ယူလိုက်ရ၏။

ခရီးကား ဆယ့်ငါးမိုင်လောက် ပေါက်ခဲ့ပေပြီ။ ထုံးစံအတိုင်း ဟိုင်နန်ကျွန်း၏နေသည် မညှာမတာ ပူတော့၏။ တစ်ချီတွင် နောက်ပိုင်း တပ်မသို့ ပြန်၍ သတင်းပို့ရောက်ခဲ့သည်။ ဗိုလ်လကျာ်တစ်ယောက် ၁၀ မိုင်အလွန်တွင် အမောဆို့၍ မေ့မြောကျန်ရစ်ကြောင်း သိရသည်။ ဂျပန် လေးယောက်လည်း ထိုနည်းတူစွာပင် ... သခင်အောင်ဆန်းကို မြင်ရသည်မှာ မသက်သာ၊ ဟန်သာ ရှိတော့သည်။ လက်တစ်ဖက်က ဓားလွတ်ကိုကိုင်ကာ ပါးစပ်မှ အမြှုပ်ထွက်နေအောင် စစ်မိန့်ပေးနေ၏။ ကျွန်တော်လည်း မောနေပါ၏၊ သို့ရာတွင် ကျွန်တော်ကား ကာယဗလသမား လူကြမ်းတစ်ယောက်ဖြစ်၍ ခံနိုင်စွမ်းရှိ၏။ သခင်အောင်ဆန်းခမျာ ရှေ့သို့ တအားလွှား၍ ကိုက် အစိတ် အတင်းတက်လိုက်ရာ ခလုတ်တိုက်ကာ ကျွမ်းထိုးမှောက်ခုံနှင့် လဲကျပြီး မထနိုင်တော့ပါ။ ဤတွင် ကျွန်တော့်မှာ မနေသာဘဲ သူ လဲကျနေရာသို့ အပြေးရောက်သွားမိပြီး သူ့ကို ထူမကာ ယပ်ခတ်ပေးမိ၏။ ကျွန်တော့်နောက်ကျောသို့ တစ်စုံတစ်ယောက်က ခပ်ဆတ်ဆတ်ကလေး တစ်စုံတစ်ခုနှင့် ရိုက်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သခင်အောင်ဆန်းကို ပွေ့ထားရာမှ မော့ကြည့်လိုက်သည်။ မျက်နှာဆိုးဆိုးနှင့် စိတ်မန့်တန့်နှင့် ဂျပန်ဆရာ နော်ဆေးဆိုသူက အပြစ်တင်သည့် အမူအရာဖြင့်
"မကောင်းဘူး ... မင်းဒီကိုလာပြီး ကူညီတာ မကောင်းဘူး ... ရှေ့တက်ပါ ... မင်း တာဝန်မဟုတ်ဘူး၊ သူသေရင်လည်း ဘာဖြစ်သလဲ ခုထွက် ခုတက်"

ကျွန်တော် ထူပူသွားသည်။ လှံစွပ်တပ်ထားသော ရိုင်ဖယ်ကို ဆုပ်ကိုင်ကာ ဗိုလ်မင်းရောင်ထက်ဆိုးသော အလုပ်ကို ရှေ့ရှုလိုက်သည်။ တုန်ရီနေသော လက်တစ်ဖက်က ကျွန်တော့်လက်မောင်းကို ဆွဲလိုက်တော့သည်။ မှေးမှိန်ရီဝေနေသော မျက်လုံးများဖြင့် သခင်အောင်ဆန်းက ကျွန်တော့်ကို အပြစ်တင် တားဆီးသည့်ဟန်နှင့် ကြည့်၍ ခေါင်းခါပြတော့သည်။ ဤတွင် ဂျပန်ဆရာကိုရော သူ့ကိုရော ဒီလောက် သည်းခံရပါမလားဟု ရောနှော အပြစ်တင်ကာ စိတ်ဆိုးလွန်းသဖြင့် ဂုန်းခနဲ ထ၍ ရှေ့သို့ အပြေးတက်ခဲ့သည်။

ထိုနေ့ ခရီးရှည်တိုက်ပွဲသည် ည ၉ နာရီမှ ပြီးဆုံးသည်။ တပ်စခန်းသို့ ပြန်ရောက်နိုင်သူ ဗမာကျောင်းသား ဗိုလ်လင်းယုန်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်တာရာ၊ ဗိုလ်ညာဏ၊ ဗိုလ်မြင့်အောင်နှင့် ဂျပန်ကျောင်းသား လေးယောက်၊ ပေါင်း ၁၀ ယောက်သာ ရှိသည်။ ခေတ္တသတင်းပို့စဉ်၊ သတိအနေ မပျက်အောင် မနည်း ဒုက္ခခံကာ ချုပ်တည်းထားလိုက်ရ၏။ ကျန်စစ်ကျောင်းသားများကို ကားနှင့် ပြန်တိုက်ယူခဲ့ရသည်။ လေ့ကျင့်ခန်း သုံးရက် အနားပေးယူရသည်။ မပေး၍လည်းမဖြစ်ပါ။ ကျောင်းသားအားလုံး ဆေးရုံတက်ယူရသောကြောင့်တည်း။ သခင်အောင်ဆန်းက ဆေးရုံထဲ၌ ကျွန်တော်ဝင်လာစဉ်

"ဟော့ ကောင်လေး ... သတိထားနော် ... သည်းခံစမ်းပါကွာ ..." ဟု ခပ်ပြုံးပြုံးကြီးပြောရင်း သူ့ကို နှိပ်ခိုင်းတော့သည်။

× × ×

### စစ်လောကခရီးကြမ်းဝယ်

ဘန်ကောက်တစ်မြို့လုံး ဂျပန်စစ်တပ်တွေ တင်းကျမ်းနှင့် ယိုးဒယားပြည်တစ်ခုလုံး နိပ္ပန်အလံများ လွှမ်းမိုးလျက် ကမ္ဘာအရှေ့ပိုင်းတစ်ခုလုံး ဂျပန်စစ်ဘီလူးကြီးက ဝါးမျိုထားခိုက်ဖြစ်တော့သည်။

ဗိုလ်အောင်ဆန်းခေါ် ဗိုလ်တေဇ၊ တစ်ချိန်တစ်ခါက အညာတရ သခင်အောင်ဆန်းဖြစ်ခဲ့သူ ဦးစီးသည့် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနကြီးကား ဘန်ကောက်မြို့အရှေ့တောင်ထောင့်ရှိ ဇရပ်နီရပ်ကွက်ခေါ် ဆာလာဒင်ရပ်၊ နိုင်ငံခြားသားများ သံရုံးတစ်ခုလုံး၌ ခံ့ညားစွာ စခန်းချလျက် စစ်ရေးပြင်နေတော့သည်။ ဗိုလ်အောင်ဆန်းကား ဒုတိယ စစ်သေနာပတိအဖြစ်နှင့် တိုက်ရေးခိုက်ရေးက စ၍ တပ်မတော် ဖွဲ့စည်းရေးပါမကျန် တာဝန်ခံယူရသည်ဖြစ်သဖြင့် စိတ်ပန်းလူပန်း ဖြစ်နေပုံရလေသည်။

ကျွန်တော် စခန်းချသော အမေရိကန် သံအမတ်အိမ်၌ ကြီးကျယ်လှသည့် စာဖတ်ခန်းမကြီးထဲမှ စစ်နှင့်ပတ်သက်သော စာအုပ်များကို အားလပ်ခွင့်ရတိုင်း မွှေနှောက်အမြတ်ထုတ်၍ ကျွန်တော်က စာကြမ်းပိုးလုပ်နေမိ၏။ တစ်နေ့တွင် အခန်း တစ်ခန်းထဲမှ ကျွန်တော့်ခြေထောက်နှင့် တိုင်းချုပ်ထားသလို အံကိုက်နေသော Top boots ဒူးဆစ်အထိရှည်၍ ပထမတန်း သားရေနှင့် ချုပ်ထားသည့် စစ်ဖိနပ်ရှည် အနက်တစ်ရန်ကို ကျွန်တော်တွေ့ရှိ၍ ကျကျနန ဆေးတိုက်ပြီး အိပ်ရာခြေရင်း၌ စနစ်တကျ ထောင်ထား၏။ ညနေ စစ်လေ့ကျင့်ခန်းမှ အပြင်တွင် ကျွန်တော်အလွန် နှစ်သက်လှသော ဖိနပ်ရှည်ကြီး ကြက်ပျောက်ငှက်ပျောက် ပျောက်နေတော့၏။ အိမ်ခန်းစောင့် ရဲဘော်တစ်ဦးကို ခေါ်ယူ စစ်ဆေးသည်တွင် ဗိုလ်ချုပ်အောင်ဆန်းက အိမ်ခန်းများကို လာရောက်စစ်ဆေးသည်တွင် ကျွန်တော့်ဖိနပ်ကို တွေ့သွားသဖြင့် ဘာမပြော ညာမပြောနှင့် အသင့် စီးထွက်သွားကြောင်း အစစ် ခံလေတော့သည်။

သူ့ဌာနချုပ်ရုံးခန်းထဲ၌ စမတ်ကျကျ ကျွန်တော့်ဖိနပ်ကို အခံ့သားစီးကာ မြေပုံတွေကြည့်နေသော ဗိုလ်ချုပ်အောင်ဆန်းကို တွေ့ရ၍ ဒေါသဖြစ်နေသော ကျွန်တော်က အလေးပြုလိုက်ပြီး ...

"ခင်ဗျား ... ဒီဖိနပ်ကို ဘာလို့ မပြောဆိုဘဲ ယူသွားသလဲ"

"ငါစီးချင်လို့ကွ"

သူက ခပ်တည်တည် ခပ်အေးအေး အမှုမထား

www.burmeseclassic.com

www.burmeseclassic.com



သလို ပြန်ဖြေသည်တွင် ...

"ခင်ဗျားတို့ လူကြီးတွေ ဘာမှ စည်းကမ်း မရှိဘူး၊ သိပ်ခက်တယ် ..."

ဒေါ်ပွပွနှင့် ကျွန်တော်က နင်းဆူပါတော့သည်။

သူက စိတ်ဆိုးသည့်အခါ စီးကရက်ကို အားရပါးရ ရှူလိုက်ပြီး ပြုံးဖြဲဖြဲကြီးနှင့် ကျွန်တော့်ဆီသို့ ဆေးလိပ်ငွေ့များ မှုတ်ထုတ်လျက် ...

"ကွာ ... ငါ့ညီကလည်း ... ငါ့ညီဖိနပ်ကို စီးစရာရှိလို့ ငါ ယူစီးတယ် ... မင့်ဖိနပ်ဟာ ငါ့ဖိနပ်ပဲကွ၊ ပြီးတော့ ခု ငါနေရတာက စစ်သေနာပတိရာထူး ယူထားရတော့ တကယ်လို့ ငပုတွေ(ဂျပန်စစ်ဌာနချုပ်)နဲ့ တွေ့ဆုံစကားပြောတဲ့အခါမှာ ငါ့ကို အထင်သေးခံရရင် မင်းတို့ကို အထင်သေးခံရတာနဲ့ အတူတူပဲ မဟုတ်လား၊ ပြီးတော့ ငါ့ညီဖိနပ် ပြန်ယူပေါ့ကွာ ... စိတ်ချပါ ... ငါပြောဆိုတဲ့ အဓိပ္ပာယ် ရှင်းရဲ့မဟုတ်လား .. လူကြီးစိတ်ထားစမ်း ဟေ့ .. ကောင်ကလေး"

ဤတွင် ကျွန်တော့်မှာ သူ၏အဖြစ်ကို ဒေါသဖြစ်ရာမှ သနားလာပြီး သူပြောဆိုသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်သေနာပတိကို ဂျပန်တွေ အထင်သေးခံစေရမှုရည်ရွယ်ချက် အကြောင်းပြချက် ခိုင်လုံနေသောကြောင့် အဆုံးတွင် "ကောင်းပါပြီဗျား ... ခင်ဗျားစီးပြီးတော့ ပြန်ပေးနော်"

"အင်း ..."

သူက ကျေနပ်စွာ တစ်ခွန်းတည်း ဖြေဆိုလျက် .. ကျွန်တော့်ကို သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်အကြောင်း တိုင်ပင်ဆွေးနွေးစေပါသည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်ကြီး တစ်ခုလုံး တိတ်ဆိတ်နေပါသည်။ ထိန်ထိန်သာသော ယိုးဒယားပြည်၏ ညနေခင်းက ကျွန်တော်တို့ ရဲဘော်သုံးကျိပ်ဝင်တို့ကို သာယာမှုရင်ခွင်ဆီသို့ ညို့ယူခေါ်ဆောင်သွားပါသည်။ တိုက်ကြီးအထက်ထပ်၊ အောက်ထပ်တွင် မီးတွေ လင်းနေသလောက် ကင်းစောင့်ရဲဘော်များနှင့် ကျွန်တော်သာ ကျန်ရစ်ခဲ့သည်။ စစ်လောကတွင်းက စစ်သားတွေပီပီ မသေမီ ပျော်သလိုသာ နေထိုက် ကိုယ့်လူရေ ဆိုသလို ရဲဘော်သုံးကျိပ်ဝင်တို့သည် မြင်းပ ယိုးဒယားညနန်းသို့ ခပ်မူးမူးနှင့် ခြေကုန်သုတ်သွားကြသည်။ ကျွန်တော်သာ လက်ရွေးစင် ရှာဖွေထားသော စစ်သေနင်္ဂဗျူဟာအခြေခံများစာအုပ်ကို အလွန်စိတ်ဝင်စားစွာ လေ့လာနေခိုက်ဖြစ်လေသည်။

"ဟေ့ကောင်လေး ... ဘာတွေဖတ်နေသလဲကွ"

လန့်ဖျပ်သွားအောင် အသံသြသြကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းက မေးရင်း ကျွန်တော့်အနား ဝင်ထိုင်လိုက်သည်။ သို့ရာတွင် ကျွန်တော်က ဖတ်ကောင်းတုန်းမို့ စကားပြန်မပြောလိုက်ပါ။

သူက "ပြစမ်းပါဦးကွ ... မင့်စာအုပ် ခဏကလေး" ပြောပြောဆိုဆိုနှင့် ကျွန်တော်ဖတ်နေသော စာအုပ်ကို အတင်းဆွဲယူပါတော့သည်။

ကျွန်တော်က သတိရပြီး "ဟင် ... အစ်ကိုကြီးတစ်ယောက်လည်း ကျန်ရစ်ခဲ့သကိုး"

"အေးပေါ့ကွာ ... အလကားဟာတွေ ... ပိုနေတာပဲ"

သူက သိပ် အရေးမကြီးပုံနှင့် ပါးစပ်ကသာဖြေ၍ မျက်စိက စာမျက်နှာတွေနှင့် ကမန်းကတန်း မိတ်ဖွဲ့နေပါသည်။

"သိပ်ကောင်းတဲ့စာအုပ်ဗျ ... ကျွန်တော်တော့ ပွတာပဲ"

သို့ရာတွင် သူ့ဆီက လုံးဝ စကားပြန်မရတော့ချေ။ ဆယ့်ငါးမိနစ်ခန့်ကြာအောင် သူက စာသားများကို ဖတ်နေပြီး ..

"ဒီစာအုပ်ကို ငါ့ပေးလိုက်လကွာ ... သိပ်ကောင်းတယ်ဟေ့"

"ဟာဗျာ ... ခင်ဗျားကြီးကလည်း တစ်ခါလာဖိနပ်ယူ၊ စာအုပ်ယူနဲ့ သိပ်ဗိုလ်ကျနေတာပဲ"

"မင်း ဘာနားလည်လို့လဲ ... မင်းတို့က ရှေ့ဆုံးချီတက်ရမယ့် တပ်မှူးတွေက ... စစ်မြေပြင်မှာ ဒီစာအုပ်ဟာ တိုက်ရင်းခိုက်ရင်းနဲ့ ပျောက်သွားရင် တို့အဖို့ ဘယ်လောက်နစ်နာမလဲ ... ငါက စစ်ဌာနချုပ်ကို အုပ်စီးပြီးလိုက်ရမှာမို့ ငါယူခဲ့မယ်။ ဗမာပြည်ရောက်တော့ ဆက်ဆက် မင့်စာအုပ်ကို ပြန်ရစေ့မယ်"

ဤသို့နှင့်ပင် ဗိုလ်ချုပ်အောင်ဆန်းထံသို့ ကျွန်တော်၏ စစ်ဖိနပ်ရော၊ အလွန်မြတ်နိုးလှသော စစ်ကျမ်းစာအုပ်ရော ပေးလိုက်ရ၏။ ရန်ကုန်တွင် ဆုံမိကြသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အကြွေးတောင်းသလို အတင်းပူဆာသည်တွင် သူက ... "ငါ ဘယ်နှား သိမ်းမိမှန်း မသိဘူးကွ... နောက်မှ ငါရှာပေးမယ် ... စိတ်ချနေ" ဟု ခြေရာဖျောက်ပြောကာ ခေါင်းရှောင်ခဲ့၏။ ယခုအထိ ဖိနပ်နှင့် စာအုပ်ဇာတ်ဆုံးခဲ့ရတော့၏။

"လူနီနီ ဘောင်းဘီဝတ်ပါလို့ ဓားစလွယ်ငွေကွပ်လို့ ပြည်ညွတ်အောင် လာချီသေးရဲ့ ဘိုးတော်ကြီးမြေး"

ဤတဘောင်ကား မှန် မမှန် မပြောတတ်ချေ။ ကျွန်တော်တို့ ဗိုလ်ချုပ်ကြီး ဗိုလ်တေဇနှင့် ဗိုလ်ချုပ်ဗိုလ်မိုးကြိုးတို့ ဦးစီးကာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးအား နိပ္ပွန်စစ်တပ်များနှင့်အတူ ဗမာပြည်တွင်းသို့ ဗြိတိသျှနယ်ချဲ့သမားများကို ဓားလုံ့စွပ်၊ ကျည်ဆန်၊ ဗုံးဆန်၊ အမြောက်ဆန်တို့ဖြင့် လမ်းရှင်းပြီး ဝင်ရောက်ခဲ့နိုင်၏။ ဘန်ကောက်မြို့တော်ကို ဗြိတိသျှလေကြောင်းဘက်မှ တန်ပြန်ထိုးစစ်ဆင်သည့် ပထမညဦးပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဝတ်စစ်စား အစုံဖြင့် ဂျပန်ဓားရှည်ကို ခါးတွင်ပတ်ကာ ပုန်းရ ရှောင်ရမှန်းမသိသည့်အလား နေရာအနှံ့အပြားပြေးလွှား၍ တပ်ဖွဲ့ဝင်ရဲဘော်များကို ရှောင်ရှား အကာအကွယ်ယူရန် အမိန့်ပေးနေ၏။ ရန်သူလေယာဉ်ပျံများက ချထားသော မီးကျည်အလင်းရောင်တွင် သူက ဘိုင်စကုပ် အရိုက်ခံရမည့် ဇာတ်လိုက်မင်းသားပမာ ဆလိုက်ထိုးထားသည့် အလင်းရောင်အောက်တွင် မကြောက်မရွံ့တပ်များကို ကွပ်ကဲအမိန့်ပေးသည်ကို ဘေးက မြင်ရသော ဂျပန်အရာရှိများက နေရာမယူရကောင်းလားဟု အပြစ်တင်နေကြသည်။ အမှန်မှာ ရန်သူလေယာဉ်ပျံများက ဗုံးချရုံသာမဟုတ်သေး .. စက်သေနတ်နှင့် ထင်ရာမြင်ရာ ပစ်ခတ်နေသောကြောင့်တည်း။

× × ×

## လောကီဇာတ်ခုံပေါ်ကဗိုလ်ချုပ်

"ရာဇဝင် အတ္ထုပ္ပတ္တိလည်း ရှိရမယ် ... မော်ကွန်းလည်း ထိုးလောက်တဲ့ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်"

ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်ချုပ်အောင်ဆန်း၏ မင်္ဂလာအခမ်းအနားတွင်းမှ ပွဲတင်ထွက်လာသော ဗိုလ်ချုပ်အောင်ဆန်းအား ချီးကျူးထားသည့် သီချင်းသံမှာ ဗမာပြည်တစ်ဝှန်းလုံးသို့ တစ်ခဏချင်း ဝဲပျံလွှမ်းမိုးပြီးသားဖြစ်သွား၏။ တစ်ခါက ဗြိတိသျှနယ်ချဲ့သမား၏လက်ပါးစေ မျက်နှာဖြူ အရေးပိုင်တစ်ဦး၏ ဆုတော်ငွေငါးကျပ်တိတိ ထုတ်ကာ ဖမ်းဆီး သတင်းပေးရန် အရေးကြီးခဲ့သော တရားခံအောင်ဆန်းကား ယခုအခါ၌ ဗမာ့ကာကွယ်ရေးတပ်မတော် (သို့မဟုတ်)ကျွန်ခေတ်မှ သခင်ခေတ်သို့ ပို့ဆောင်ခဲ့နိုင်သူ ဗမာ့လွတ်လပ်ရေး၏ ခေါင်းဆောင် လွတ်လပ်သော ဗမာ့ လက်နက်ကိုင်တပ်ဖွဲ့၏ဖခင်ကြီးအဖြစ် ကောင်းမြတ်သော ဘိသိက်မင်္ဂလာအခါတော်ယူခိုက်ဖြစ်၍ လောကီဇာတ်လမ်းတစ်ခုကို ကပြရန်လောကဇာတ်ခုံပေါ်၌ သူ၏ချစ်သူ ဒေါ်ခင်ကြည်နှင့်စုလျားရစ်ပတ် လက်ထပ်ချိန်ကြီးပင် ဖြစ်တော့သည်။

ဗိုလ်ချုပ်အောင်ဆန်းက သူ မိန်းမ ယူသည့်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ထံ ဝေဖန်ချက်များ တောင်း၏။ သူက သူ့ညီငယ်များ၏ဆန္ဒကို အထူး သိလိုသည့်အတွက် ကြိုးစားခဲ့၏။ ကျွန်တော့်အလှည့်တွင် "ခင်ဗျားသဘောကျလို့၊ ခင်ဗျားကြိုက်လို့ ခင်ဗျား ယူတယ် ... ခင်ဗျားကျေနပ်ရင် ပြီးတာပဲ" ဟု ဝေဖန်ချက်ပေးပြီးနောက်ပိုင်းတွင် ခပ်နောက်နောက် "ဝွတ်တယ်ထင်ရင်ဒူးသာဒူးပေါ့" ဟု အဆုံးသတ် အဖြေပေးလိုက်၏။

မိန်းမယူဖို့၊ အချစ်ကိစ္စလက်ခံဖို့ တစ်ခါကမှ စိတ်မကူး မစဉ်းစားခဲ့နိုင်သော ကျွန်တော့်မှာ ချစ်သူ သက်လယ်နှင့် တွေ့မိတော့သည်။ တစ်နေ့တွင် ဗိုလ်မှူးကြီးစကြာ၏ စေတနာ့ဝန်ထမ်း သတင်းပို့ချက်ကြောင့်ကျွန်တော့် အချစ်ရေးကိစ္စသတင်းကို ဗိုလ်ချုပ်အောင်ဆန်းထံ ပေါက်ရောက်သွားတော့၏။ သူက မဆိုင်းမတွနှင့်ကျွန်တော့်ကို ခေါ်ကာ မေးမြန်းသည်တွင် ဝါသနာအတိုင်း ကျွန်တော်ကလည်း ဘွင်းဘွင်းပင် ဟုတ်မှန်ကြောင်း အစစ်ခံလိုက်သည်။

ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ "ဟေ့ကောင်လေး တာရာ ... ဒီကိစ္စကို မင့်သဘောအရ အရမ်းလုပ်လို့ ဘယ်ဖြစ်နိုင်မလဲ ... တို့နဲ့တိုင်ပင်မှပေါ့ကွ"

"ဗျာ ... လူ့အခွင့်အရေးကို ခင်ဗျားက ဘာလို့ဝင်ပြီး ချုပ်ချယ်ချင်သလဲ ... ခင်ဗျားလည်း ဝွတ်တယ်ထင်လို့ ဒူးလိုက်တယ်မဟုတ်လား ... ဗိုလ်ချုပ်"

"အံမယ် မင်းက နိုင်ငံရေးစကားတွေဘာတွေနဲ့ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဟေ့ကွာ ... ဘာပဲဖြစ်ဖြစ် တို့လူကြီးတွေခေါ်ပြီး မင့်ဇနီးလောင်းကို စစ်ဆေးဦးမယ် ... မင်း တို့စကား နားထောင်ရမယ်။ ဒါဟာ ငါ့အမိန့်ပဲ"

ခပ်တင်းတင်းပြောပြီး ကျွန်တော်၏ဇနီးလောင်းဗဟိုစစ်ဆေးရုံကြီးမှ ဆရာမ စောချစ်ဦးကို စစ်ဦးစီးအဖွဲ့ဝင် ဗိုလ်ချုပ်တို့ ခေါ်ယူ၍ နောက်ပိုင်းရာဇဝင်နှင့် ကျွန်တော့်အပေါ် သဘောထားပုံများကို စစ်ဆေးလျက်မေးခွန်းအမျိုးမျိုး ထုတ်လိုက်ပါသေး၏။ နောက်မှ ကျွန်တော်တို့ လက်ထပ်ခွင့် အမိန့်ပြန်တမ်းကို တစ်ပါတည်း ထုတ်ပေးလိုက်ပြီး သူတို့ကိုယ်တိုင် အိမ်ကိုလာကြ၍ တဟားဟား ပွဲကျအောင် ဟိုကနောက် ဒီကနောက် နှင့် လုပ်ကြတော့၏။

ဆိုင်းသံ ဗုံသံတို့ ဆူညံနေသော သီတင်းကျွတ်ပွဲတော်သို့ ဆိုက်ရောက်ခဲ့သည်။ ဗိုလ်ရဲထွဋ်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်မင်းရောင် အစချီ၍ ကျွန်တော်ကပါ ကန်တော့စရာလက်ဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်၊ ယခုဗျူဟာမြို့ ရှမ်းကန်အနောက်မြောက်ထောင့်သို့ နံနက်စောစော ဝင်သွားတော့သည်။ သူက ဆိုဖာပေါ်တွင် စာအုပ်တစ်အုပ်ကို အခန့်သား ဖတ်နေ၏။

ကျွန်တော်တို့က သူ့ကို တန်းစီ အလေးပြုလိုက်ကြသည်။ သူက ဖတ်နေသောစာအုပ်ကို အသာဘေးဖယ်လိုက်ပြီးနောက် ကျွန်တော်တို့တစ်တွေကို စူးစူးဝါးဝါးကြီး မျက်နှာထားတင်းတင်းနှင့် ကြည့်နေပါတော့၏။ ပြီးမှ...

"ဟေ့ကောင်တွေ ... မင်းတို့ကိုမင်းတို့ ပြန်ကြည့်စမ်း" ဟု ငေါက်လိုက်သည်။ ကျွန်တော်တို့မှာ ဗမာ့အခါတော်ဖြစ်၍ ယူနီဖောင်းအစား ဗမာပီပီ ပိုးလုံချည်တိုက်ပုံအင်္ကျီတွေနှင့် အတော် စတိုင်ထုတ်ပြီး ကန်တော့သခိုက်ဖြစ်သည်။ ပြီးမှ "ထိ" ဟု ဆောင့်ကြီးအောင့်ကြီးနှင့် တံတွေးထွေးလိုက်ပြီး "မင်းတို့ တပ်မှူးကြီးတွေ ထုပ်နေတယ် .. ဘာမှ မစဉ်းစားဘူး ... ရဲဘော်လေးတွေမှာတော့ ယူနီဖောင်းအစုတ်စုတ်၊ မင်းတို့ကတော့ ပိုးလုံချည်တပြောင်ပြောင် သူတို့စိတ်ထဲ ဘယ်လိုနေကြမလဲ ... စဉ်းစားကြည့်စမ်း"

ဤတွင်မှ ကျွန်တော်တို့မှာ ကိုယ့်ချွတ်ယွင်းချက်အမှားကို သိရသဖြင့် မျက်နှာ မထားတတ်အောင် ဖြစ်သွားကြ၏။

"ခုသွား ... ငါ့အိမ်ခန်းထဲမှာ ငါ့ယူနီဖောင်းတွေ သွားဝတ်ပြီးမှ ငါ့ကို လာကန်တော့ ... ကိုင်း ... ခုသွားလဲကြ။ မင်းတို့လုံချည်အင်္ကျီတွေ အကုန်ချွတ်ပစ်ခဲ့"

ဗိုလ်ချုပ်အမိန့်ကြောင့် အခန်းထဲသို့ အမြန်လစ်ခဲ့ရတော့၏။ သူ၏ ဘီရိုသေတ္တာကို အမြန်ဖွင့်၍နေသော ဗိုလ်မင်းရောင်က နှာခေါင်း တရှုံ့ရှုံ့နှင့်ဖြစ်နေပြီး "ဟေ့ ချဉ်စော်ကြီး နံနေတယ်ကွ"

ဗီရိုထဲမှ စုပုံထားသော ဖြစ်ကတတ်ဆန်း ဗိုလ်ချုပ်၏ ယူနီဖောင်းများကို အနံ့ဆိုးစွာဖြင့် ဗိုလ်မင်းရောင်က ဆွဲယူ၍ ကျွန်တော်တို့ဆီသို့ ပစ်ပေးလိုက်ပြီးနောက် "ဟီးဟီး ... ကြည့်သာဝတ်ကြပေတော့ကွာ ... ချဉ်စော်နံတာလက်စသတ်တော့ ငမိုး အဝတ်အစားတွေကကိုး"

ကျွန်တော်တို့ ဘာမှ မတတ်နိုင်၊ သူ့သဘော အတိုင်း မလျှော်မဖွပ်ဘဲ ဂရုမစိုက်ထားသည့် "ချဉ်စော်နံ" ယူနီဖောင်းများကို မတန့်တတန် ဝတ်ကာ ကြာလျှင် နောက်ပိုင်းက မီးတောက်မည့် နိမိတ်လက္ခဏာကြောင့် ဝတ်ဆင်ပြီး ဗိုလ်ချုပ်ရှေ့မှာ တန်းစီခဲ့သည်။

သူက မျက်မှောင်ကုတ်ရာမှ ခပ်ပြုံးပြုံးကြီးဖြစ်လာပြီး "အေး ... ကန်တော့ကြ၊ ကန်တော့ကြ ... ပြီးရင် ဒီအတိုင်းပြန်၊ မင်းတို့ သောက်သုံးမကျတဲ့ လုံချည်တွေ တစ်ခုမှ ပြန်မယူနဲ့ ကြားလား ..."

ကန်တော့ကောင်းလွန်း၍ ကျွန်တော်တို့ ပိုးလုံချည် အင်္ကျီတွေ ဆုံးခဲ့ရတော့၏။ အချိုးမကျ ကွတတ ... မတန့်တတန် ယူနီဖောင်းတွေကြောင့် ဗိုလ်ချုပ်ကားကို ကမန်းကတန်း စီးကာ ကိုယ့်အိမ်အရောက် လေ၏ လျင်မြန်ခြင်းနှင့်အတူ သုတ်ခြေတင်ခဲ့ရလေသည်။

ကျွန်တော့်အား အထက်ဗမာပြည်သို့ ဗိုလ်ဧယျတပ်ရင်းနှင့် ပို့လိုက်သည်။ ယခင်က ကျွန်တော် အလုပ်အထူးကြိုးစားခဲ့သည်နှင့်အမျှ ဗိုလ်ချုပ်က နှုတ်ဖြင့်၊ စာဖြင့် ချီးမွမ်း၏။ အားပေးခြင်းခံရ၏။ ယခုမှာမူ ခါတိုင်းထက် ကျွန်တော် အလုပ်ကြိုးစားခဲ့သည်။ သို့ရာတွင် သူ့ဆီက "ဟေ့ ကောင်လေး ... မင်းအလုပ် ဂရုစိုက်စမ်း ... သိပ်နေရာမကျဘူး" ဟု တွေ့တိုင်း ဆူနေတော့၏။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ ခဏခဏဆူလွန်းသည့်အဆုံးတွင် ကျွန်တော်က သူ့ဆီ စာရေးလိုက်၏။ ခင်ဗျား ဒီလောက် ဆူနေရင် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမလုပ်တော့ဘူး ထိုင်နေမယ်” ဘုကျကျ အစီရင်ခံလိုက်သည်။ စစ်ဌာနချုပ်မှူး ဗိုလ်မှူးကြီးလကျာ် က ကျွန်တော့်ကို ခေါ်ပြီး “မင်းစာကို ဗိုလ်ချုပ် ရတယ်လို့ပြောတယ် ... မင်း သူ့ကို ဘုရေးတယ်ပြောတယ်။ သူက မင့်ကို ခဏခဏဆူတာ မင်းကောင်းဖို့ပဲကွာ ... အရင်တုန်းက မင်း လူပျိုဘဝဆိုတော့ မင်းကို မြှောက်ပေးတယ်။ မင်း မိန်းမရပြီးတော့ သူက မင်း စိတ်ပေါ့သွားမှာစိုးလို့ ခဏခဏ ဆူပေးတာပါတဲ့ ... တကယ်ဆိုတော့ မင်းရဲ့ဆောင်ရွက်မှုတွေဟာ အတော်တိုးတက်နေတယ်” ဟု ဗိုလ်ချုပ်၏ ကျွန်တော့်အပေါ် သံယောဇဉ်ကြီးမှု အမှန်ကို သိရပါတော့၏။

ဗမာပြည်တွင်းသို့ လက်ဝဲဝါဒ မုန်တိုင်းသည် တဟောဟော ကျဆင်းဆိုက်ရောက်လာတော့၏။ ဤတွင် တပ်မတော်အတွင်းမှ ဗိုလ်များ၊ အကြပ်များ၊ တပ်သားများမှာ ထိုလက်ဝဲမုန်တိုင်းဒဏ်သင့်ကာ မာ့(ခ်)ဝါဒမြူမှုန်တွေ လူးကပ်လျက် လက်ဝဲဝါဒတွင်းသို့ ဝင်ရောက်ခဲ့၏။ ကျွန်တော်လည်း ထိုအထဲတွင် တစ်ယောက် အပါအဝင်ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စကားပြောတိုင်း၌ လက်ဝဲစကားလုံးများ ပါနေမှုကြောင့် ကျွန်တော်က ဗိုလ်ချုပ်ကို ကျွန်တော်ကဲ့သို့ လက်ဝဲဝါဒသမားတစ်ဦးဖြစ်နေပြီဟု ထင်မိ၏။ ဒါကြောင့်လည်း ကျွန်တော်က သူလုပ်သလို၊ သူယူဆသလို လိုက်နာမိတော့၏။

“စံပြလည်း မသွားနှင့် မံသလည်း မစားနှင့်” ဟူသော စကားအတိုင်း ကျွန်တော်မှာ စံပြတပ်ရင်းသို့ ခြေလျင်တပ်ခွဲမှူးတာဝန်နှင့် ကူးပြောင်းခဲ့ရ၏။ ဗိုလ်ကျော်ဇောက တပ်ရင်းမှူး၊ ဗိုလ်ဘုန်းမြင့်က စိန်ပြောင်းတပ်ခွဲမှူး၊ ကျွန်တော်က ခြေလျင်တပ်ခွဲမှူး၊ ဗိုလ်ဗလက အရာရှိသင်တန်းတပ်ခွဲမှူးများအဖြစ် တာဝန်ယူရင်း ကျွန်တော် လက်ဝဲဝါဒကို အတော်လေ့လာလိုက်စားရာမှ သက်ဝင်ယုံကြည်ခဲ့၏။ “စံပြသွားလျှင် ဖားတတ်သည်၊ မံသစားလျှင် ယားတတ်သည်” ဟူသော စကားပုံအဖြေအတိုင်း ကျွန်တော်က စစ်တာဝန်များကို တစ်ဖက်က အထူးကျေပွန်စွာ လုပ်ဆောင်ကာ တစ်ဖက်က ရဲဘော်များကို တပ်ရင်းမှူးလုပ်သူနှင့် နားလည်မှုယူ၍ ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းစဉ်များ ချမှတ်ပေးအပ်ခဲ့ကာ ဖက်ဆစ်တော်လှန်ရေးကြီးဆီသို့ တရိပ်ရိပ်ကူးပြောင်းခဲ့တော့၏။ ဗိုလ်ချုပ်အောင်ဆန်းထံ မကြာခဏ သွားတွေ့စဉ် ကျွန်တော့်ကို သူက လက်ဝဲဝါဒကို အလွန်အကြူးမလိုက်စားရန်နှင့် တစ်ဖက်သက် သက်ဝင်ယုံကြည်မှုမရှိရန် သတိပေးခဲ့၏။

× × ×

**ဘဝ၏ အဆုံး**

ကျွန်တော်သည် လက်ဝဲဝါဒ ကျွန်မြူနစ်တစ်ယောက်ဖြစ်လာခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းအားလည်း ကွန်မြူနစ်တစ်ယောက်ဖြစ်လာလိမ့်မည်ဟု ထင်ခဲ့၏။ သည်လို သူ့အနေနှင့် အမျိုးသားတပ်ပေါင်းစု ဖဆပလ အဖွဲ့တွင် ကျန်ရစ်ခဲ့၏။ ထိုအခိုက်တွင် ဝါဒ လှိုင်းဂယက်ပြင်းထန်စွာ ပုတ်ခတ်ဝေဖန်မှုဒဏ်ကြောင့် ဖဆပလနှင့် ကွန်မြူနစ်ပါတီတို့ ကွဲခဲ့ရ၏။ အခါကောင်း ယူနေသော ဗြိတိသျှနယ်ချဲ့သမားများက ကွန်မြူနစ်ပါတီ ကို ဖိနှိပ်၍ နိုင်ငံရေးသမားများကို ရက်ရက်စက်စက် သတ်ဖြတ်ကြလေ၏။ ဖဆပလအဖွဲ့ကြီးသည်လည်း ဗမာပြည်လွတ်လပ်မှုကို အကောင်အထည် ဖော်နိုင်ရန် ရွေးကောက်ပွဲကြီး ကျင်းပဖို့ ကြိုးပမ်းနေကြလေသည်။

တစ်နေ့တွင် ကွန်မြူနစ်တို့၏ အခြေခံစခန်း ပျဉ်းမနားနယ်သို့ ဗိုလ်ချုပ်အောင်ဆန်း မဲတရားဟောလာလိမ့်မည်ဟူသော သတင်းရောက်ရှိခဲ့၏။ ထိုအချိန်က ဗမာပြည်အုပ်ချုပ်ရေးမှာ ဗြိတိသျှလက်တွင်း၌ ရှိနေသေးသ၍ သူတို့၏ ဖိနှိပ်သတ်ဖြတ်မှု မခံနိုင်ကြသည့် ရဲဘော်ဟောင်းများ၊ ကွန်မြူနစ်များမှာ တောခိုကာ လက်နက်ကိုင်၍ နယ်ချဲ့သမား ဗြိတိသျှတပ်များနှင့် တိုက်ခိုက်နေခိုက်ဖြစ်သည်။ ထိုဗိုလ်ချုပ် လာမည့်သတင်းရသည့်အတွက် ကျွန်တော်က တောတွင်းရှိ လက်နက်ကိုင်တပ်များကို မော်တော်ကားလမ်းနှင့် ဝေးသည်ထက်ဝေးအောင် စီမံလျက် ဗိုလ်ချုပ်လာမည့်လမ်းခရီး သာယာအေးကင်းမှုကို တာဝန်ယူမိသည်။ သူသည် ဗဟိုဖဆပလ ဥက္ကဋ္ဌ ဖြစ်၍ ကျွန်တော်က ကွန်မြူနစ်တစ်ဦးဖြစ်သော်လည်း ကျွန်တော့်အနေနှင့် စိတ်ထားမပြောင်း၊ ဗိုလ်ချုပ်သည် ကျွန်တော့်ဗိုလ်ချုပ်၊ ကျွန်တော့်အစ်ကိုကြီးဟု အစဉ် အောက်မေ့ယုံကြည်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်တို့ကားများ တောင်ငူမှ ပျဉ်းမနားနယ်စပ်သို့ ကူးလာစဉ် မော်တော်ကားဒရိုင်ဘာလုပ်သူက တောတွင်းဝယ် အန္တရာယ်ကို ကြောက်ရွံ့၍ မျက်နှာပျက်နေစဉ် နောက်ပိုင်း ကားတွင်းရှိ ဗိုလ်ချုပ်က ဒရိုင်ဘာ ရဲဘော်သို့ "ဟေ့ .. စိတ်ချလက်ချ မောင်းပါကွ။ တို့ကို တောထဲက အကောင်တွေ ဘာမှ မလုပ်ပါဘူး ... တာရာဟာ ငါ့ကို သစ္စာမဖောက်ပါဘူး" ဟု ရယ်မောရင်း ပြောလိုက်ကြောင်းကို ကားမောင်းသူမှတစ်ဆင့် ကျွန်တော့်သို့ သတင်းပို့၍ ကျွန်တော် ထခုန်ခမန်း ဝမ်းသာသွားတော့၏။

သို့ရာတွင် ပျဉ်းမနားမြို့မဲတရားပွဲတွင် ဗိုလ်ချုပ်က ပရိသတ်အလယ်တွင် "တာရာ ဟာ ကျုပ် တပည့်၊ ဒီကောင်ဟာ ကျုပ် မပြည့်ဘူး" ဟု ကျွန်တော့်ကို ဆော်ထည့်ပါသည်။ ကျွန်တော့်အဖို့ မတုန်လှုပ်ပါ၊ တဟားဟားသာ ရယ်ပြီး "အဘက ဆဲလှချည့်လားကွ" ဟု ဆဖန်ချက်ပေးမိ၏။ ဖဆပလအဖွဲ့သို့ အာဏာလွှဲပြောင်းခါနီး စပ်ကူးမပ်ကူး အချိန်တွင် ဗြိတိသျှအစိုးရက ကျွန်တော်တို့ လွတ်လပ်သော ပြင်ပလောကတွင် မနေနိုင်အောင် နိုင်ငံရေးဥပဒေနှင့် ဖမ်းကာ လက်စတုံးဖျောက်ညှိ့သတင်းကို ခိုင်လုံစွာရရှိသည်ကြောင့် ကျွန်တော်တို့ တောခိုခဲ့ရတော့၏။

ထိုအချိန်မှစ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်တော်တို့ကြားဝယ် အကန့်အသတ်မရှိသော တံတိုင်းကြီးက တားဆီးခြားနားနေတော့သည်။ သို့ရာတွင် သတင်းစာကို တောတွင်းသို့ ကောင်းကောင်းမွန်မွန် ရောက်အောင် ယူစေပြီး သူ့သတင်းတွေကို အာရုံစိုက်၏။ လုပ်ငန်းစဉ်ကို ဝေဖန်၏။ ဆွေးနွေး၏။ သူ့ခါတ်ပုံကို တရိုတသေ ခေါင်းရင်းတွင် ချိတ်ထားမှုကြောင့် ကွန်မြူနစ်ဆရာကြီးများနှင့် ကျွန်တော် မကြာခဏ စကားစစ်ထိုးရလေသည်။

တောပြင်ကို ကျောတင်၍ အိပ်ခဲ့၏။ တောင်လွှာကို ရှောင်ကာဖြတ်ကူးရင်း စစ်ရေးဆင်ခဲ့၏။ ဗြိတိသျှနယ်ချဲ့သမား တပ်များကို အချက်ပိုင်ပိုင် အနိုင်စီး၍ ကျွန်တော်၏တပ်ဖွဲ့များကို လက်နက်တပ်ဆင်ခဲ့နိုင်၏။ သို့ရာတွင် ကျွန်တော်၏ ညီအစ်ကို ရဲဘော်များပါသော ဗမာ့တပ်မတော် တပ်ရင်း(၄)နှင့် ရင်ဆိုင်ရမည့်အလှည့်တွင် စစ်ရေးရှောင်ကာ တိုက်ပွဲလွှဲခဲ့၏။ တပ်ရင်း(၄)ကလည်း ကျွန်တော့်အပေါ် သံယောဇဉ်ကြီးလှစွာနှင့် ငြိမ်းချမ်းရေးကို မကြာခဏ လက်ကမ်းနေတော့၏။

တစ်နေ့သောအခါ သခင်တင်ထွန်း စခန်းသို့ ရောက်လာ၏။ သူက ရန်ကုန်က ပြန်လာသည်မှာ ၂ရက်၊ ၃ရက်သာ ရှိသေး၍ ရန်ကုန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ခဲ့ကြသည်။ ဗိုလ်ချုပ်က ကျွန်တော့်အစ်ကို သခင်တင်ထွန်းကို ကျွန်တော့်အကြောင်းမေးပြီး တောခိုနေမှုမှ ပြန်လည်၍ အလင်းသို့ဝင်ခဲ့ရန် မှာကြားသည်မှာ

"ကျုပ်တော့ ဒီကောင်လေးကြောင့် ခက်နေတယ်။ တာရာကလည်း ကျုပ်လိုပဲ တစ်ယူသန်မို့ အင်းလေ... ကျုပ်ကလည်း ကျုပ်ရဲ့ရဲဘော်ရဲဘက်တွေကို မေ့နေခဲ့တာ၊ သူ့အပြစ်ချည်းလည်း မဟုတ်ဘူး၊ ကောင်းပြီ ... ကွဲပြားနေတဲ့ ကျုပ်ညီ ရဲဘော်တွေကို အမြန်ဆုံး ပြန်စုမယ်၊ တာရာကို ဆက်ဆက် ပြောလိုက်ပါတဲ့"

အစ်ကိုကြီးအောင်ဆန်း၏ မျက်နှာနှင့် ကျွန်တော့်အပေါ် အလိုလို ခင်ပုံကို ချက်ချင်းလိုလို မြင်လာပြီး "ဘာပဲဖြစ်ဖြစ် ငါသွားပြီး အတွေ့ခံမယ်၊ ငါ့ကို လုပ်ချင်သလိုလုပ်၊ သူ့ရှေ့မှာ ရဲဘော်ပီပီ လည်စင်းပေးလိုက်မယ်၊ သူ အဓိပ္ပာယ်ရှင်းတော့မှ သူနဲ့အတူ ဗမာပြည်သစ် တည်ဆောက်မယ်" ဟု အဓိဋ္ဌာန်ပြုလိုက်၏။

ဗိုလ်ချုပ်နှင့် ကျွန်တော်တို့ နှစ်ဦးစလုံး နှောင်တရကြပေပြီ။

ပျဉ်းမနားအနောက်ဘက် ၁၀ မိုင်ကွာ ကျင်းမြောင်းစခန်းကား ... နေ့ ၁၀နာရီခန့်ရှိ၍ နေ အတော်ပူပြင်းနေပေပြီ။ ချိုးကူသံများသည် တစ်စခန်းလုံး ဆူညံနေပါသည်။ ထိုအခိုက်တွင် မြို့ခြေစခန်းရှိ ဗိုလ်ကြီးလှကြည်က ရဲဘော်တစ်သိုက်နှင့် ကျွန်တော့်စခန်းသို့ မျက်နှာပျက်ပျက်ဖြင့် ရောက်လာကြသည်။ ကျွန်တော်က သူတို့ စခန်း၌ အကြီးအကျယ်နစ်နာချက်ကြီးတစ်ခု ဖြစ်ပြီဟု တွက်ချက်မိ၏။ ကျွန်တော်နှင့် နှစ်ကိုယ်ချင်းဆုံမိသောအခါ လေသံကလေးမှာ လည်ချောင်းထဲမှ မထွက်နိုင်ရှာဘဲ...

"ဗိုလ်ချုပ်တို့ ဆုံးပြီဗျ ..."

ကျွန်တော်က ရုတ်တရက် နားမလည်လိုက်၍

"ဘာတုံးဗျ ... ကျယ်ကျယ်ပြောစမ်းပါ ..."

**"ဗိုလ်ချုပ်တို့အသတ်ခံရပြီ"**

"ဗျာ ... အမယ်လေး" ဟု ကျွန်တော့်မှာ နားရင်း

www.burmeseclassic.com



နှစ်ဖက်ကို လက်ဖဝါးများဖြင့်ပိတ်ကာ နားတွင်းသို့ မိုးကြိုးစက်ကျသည် ထင်လိုက်မိ၍ ကျွန်တော့်လက်ချောင်းတွေမှာလည်း ဆတ်ဆတ်တုန်နေသည်ကို တစ်ခဏကြာမှ သတိပြုလိုက်မိသည်။ ကျွန်တော် သတ္တိမကြောင်ပါ။ စစ်ပွဲတိုင်းနွှဲခဲ့သော လက်နက်ဘေး၊ ရန်သူ့ဘေးမှ မသေ၍ ယခု စာရေးသည်အထိ အသက်ရှင်နိုင်ခဲ့သော ကျွန်တော့်အဖို့မှာ ပူဆွေးခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်းတို့က ချယ်လှယ်နေကြသည်။

ကျွန်တော်က ချက်ချင်းအသေခံရဲသော ဗမာ့တပ်မတော် ရဲဘော်ဟောင်းကြီး နှစ်ဦးကို တိတ်တဆိတ်ရန်ကုန်သို့ စုံစမ်းရန် လွှတ်လိုက်၏။

သုံးရက်ကြာသည့်နောက်တွင် မျက်ရည်ပေါက်ကြီးတွေနှင့် ကျွန်တော့်ရဲဘော်နှစ်ယောက် ပြန်ရောက်လာပြီး

"ဗိုလ်ချုပ်တို့ အသတ်ခံရပြီ ဗိုလ်မှူး ... ဗမာပြည် အဖို့တော့ သွားပြီဗျ" ဟု သတင်းလည်းပို့၊ ချုံးချ၍လည်း ငိုကြွေးလိုက်ပါသည်။ ကျွန်တော်လည်း မရှက်နိုင်တော့ပါ။ စွဲကိုင်ထားသော မားရှည်ကို မြေပေါ်သို့ပင် ချလိုက်ပြီး ... ကျွန်တော်တို့၏ ဖခင်ကြီး၊ အစ်ကိုကြီးအတွက် အားရပါးရ ငိုကြွေးလိုက်သည်။ မင်္ဂလာဆောင်စဉ် သတို့သမီး၏ အဖအနေနှင့်လည်းကောင်း၊ အစ်ကိုကြီးအနေနှင့်လည်းကောင်း ဦးဆောင်မှုပေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအတွက် ကျွန်တော်၏ဇနီး မစာချစ်ဦးလည်း မြေ၌ လူးလိမ့်ကာ ငိုကြွေးနေသည်ကြောင့် သွားရောက်ဖျောင်းဖျလိုက်ရပါသည်။

အလင်းသို့ ထွက်လာခဲ့သော ကျွန်တော့်အဖို့ ကျွန်တော်၏အဖေ၊ အသက်ရှင်နေသော ဗိုလ်ချုပ်အောင်ဆန်းအစား သူ ပြုစု ဦးဆောင်ခဲ့သော လွတ်လပ်ရေးကျောက်တိုင်ကြီးနှင့် သူ၏လွတ်လပ်ရေး ဆုလာဘ်ကြီးအာဇာနည်ဗိမာန်တို့ကသာ ကျွန်တော့်ကို ဝမ်းနည်းကြေကွဲစွာဖြင့် ဆီးကြိုနှုတ်ဆက်နေသယောင်ရှိတော့၏။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်တော်တို့ နောင်တမှာကား ... ခရီးလွန် ဘဝခြားမှ သေကွဲကွဲ၍ ယခုဘဝတွင် ပြန်လည် မဆုံစည်းနိုင်အောင် ရာဇဝင်ဆောင်စေသည့် နောင်အခါမှ တမ်းတပူဆွေးစေသည့် နောင်တများသာ လျှင် ဖြစ်တော့သတည်း။ ။

မေ့မပျောက်၍မရသော အောင်ဆန်း။ ဇူလိုင်-၁၉၆၆

www.burmeseclassic.com



# ကျွန်တော်သိသော သခင်အောင်ဆန်း

## ဗိုလ်ခွန်ဖြူ

အချိန်မှာ အင်္ဂလိပ်ခေတ်မပျက်မီ ၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဖြစ်သည်။

ရန်ကုန်မြို့ရှိ ရပ်ကွက်အချို့တွင် ကျောက်ရောဂါ ဖြစ်ပွားနေသဖြင့် ကျန်းမာရေးဌာနမှ ကျောက်ကြီးရောဂါ ကာကွယ်ဆေးကို ကျောင်း အသီးသီးရှိ ကျောင်းသူ ကျောင်းသားများအား အလျင်အမြန် ထိုးပေးနေရသော အခါလည်း ဖြစ်သည်။

ကျွန်တော်သည် ထိုအချိန်၌ ရန်ကုန်မြို့ ဆရာဖြစ် သင်ကောလိပ် (ပြည်လမ်း)တွင် ဆရာလောင်းအဖြစ် သင်ကြားနေဆဲဖြစ်သည့်အလျောက် ဆရာ ဆရာမလောင်းများအားလုံး ကျောက်ဆေးထိုးပြီးကြလင့်ကစား ကျွန်တော်တစ်ယောက်မှာမူ ကံမကောင်း အကြောင်းမလှသဖြင့် ကျောက်ဆေးထိုးပြီးသည့်ကြားမှ (Chicken pox) ခေါ် ရေကျောက်ရောဂါ ရုတ်တရက် ကပ်ရောက်လာပါတော့၏။

ကျွန်တော့်တစ်ကိုယ်လုံးမှာလည်း ရောဂါအရှိန်ဖြင့် များသကဲ့သို့ ပူနွေးလျက်ရှိသည်ဖြစ်ရာ ကျောင်းမှ အာဏာပိုင်များက ရောဂါပြန့်ပွားကူးစက်မည်စိုးသောကြောင့် ကျွန်တော့်အား ကန်တော်လေးအနီး ယခု အောင်ဆန်းကွင်းအရှေ့မြောက်ဘက် ကပ်လျက်ရှိ (C.D.H) ခေါ် ကူးစက်တတ်သောရောဂါကုဆေးရုံသို့ သူနာတင်ကားနှင့် ချက်ချင်းပို့လေတော့သည်။

ထိုအချိန်က ထိုဆေးရုံရှိ အခန်းအမှတ် ၂မှာ ကျောက်ရောဂါသည်များ သတ်သတ်ထားသော အခန်းဖြစ်သည့်အားလျော်စွာ ကျွန်တော့်ကို ဆိုင်ရာမှ ထိုအခန်းရှိ လစ်လပ်နေသော ခုတင် တစ်လုံးပေါ်သို့ ပို့လိုက်ပါသည်။ ကျွန်တော်လည်း အပူရှိန်ရှိနေသေးသဖြင့် ကိုယ်လက် မအီမသာဖြစ်ကာ စောင်ကို ခေါင်းမြီးခြုံ၍သာ မှိန်းနေရပါသည်။

ထိုအချိန်၌ပင် ကျွန်တော်၏ ဘယ်ဘက်ဘေး ခုတင်တစ်လုံးပေါ်မှ လူတစ်ယောက်သည် "ဝေဝေစီစီ ရွှေငွေအလီလီ၊ သာကီဇာနည် မင်းလုပ်ခဲ့တဲ့နေပြည်" အစချီသော အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ ရွှေညာမောင် စပ်ဆိုထားသည့် "ခေတ်ဆန်းချိန်" သီချင်းကို ဂီတမဆန်၊ ကာရန်မညီ ဆောင့်ကြီးအောင့်ကြီးနှင့် အားပါးတရ ဟစ်အော်သီဆိုနေရာ ကျွန်တော့်မှာ အလန့်တကြားဖြင့် ခြုံထားသော စောင်ကို ရုတ်တရက် ပင့်ကာ ကြည့်လိုက်မိပါသည်။

မြင်ရပုံကား အသက်အစိတ်ခန့်ရှိ လူတစ်ယောက်သည် ခုတင်ပေါ်တွင် ဘယ်ဘက်ဒူးကို ထောင်ထားလျက်

www.burmeseclassic.com



ညာဘက်ခြေထောက်က ထောင်ထားသော ဒူးပေါ်တွင် ပြန်ချိတ်ကာ အဆိုပါ နိုင်ငံရေးနှင့် စပ်ဆိုင်သော သီချင်းကို လွတ်လပ်စွာ အော်ဆိုနေခြင်းပင် ဖြစ်သတည်း။ ထို့ကြောင့်လည်း ဆောင်းက လူနာအားလုံးမှာ သူ့အား အထူးအဆန်း အရူးအနှမ်းသဖွယ် စိုက်၍ကြည့်နေကြသည်။ သို့သော် သူက မည်သူ့ကိုမျှ ဂရုစိုက်ပုံမရ။

ကျွန်တော့်မှာလည်း သူ့အား အကဲခတ်ကြည့်ရင်းကပင် ဤပုဂ္ဂိုလ်သည် စိတ်မနှံ့သူတစ်ယောက်ဖြစ်နေမည်လောဟု သံသယဖြစ်နေသည်။ ထိုအတောအတွင်း သူသည် သီချင်း၏ နောက်ဆုံးအပိုဒ်ဖြစ်သော "အမျိုးသားတွေ၊ နိုးကြားလာကြသည်၊ ကြိုးစားလာကြသည်၊ ကူညီညာဝိုင်း၊ တို့တိုင်း တို့ပြည်၊ တို့တိုင်း တို့ပြည် သာယာပေတော့မည်" စသည်တို့ကို 'လှေကားအဆင်းလင်းကွင်းလွတ်ကျသော အသံမျိုးဖြင့်' သူတစ်ဦးတည်း အရသာခံကာ မြိန်ရေရှက်ရေ သီဆို၍ ရပ်ဆိုင်းလိုက်တော့သည်။ ကျွန်တော်မှတ်မိသလောက်မှာ ၎င်းသီချင်းသည် နိုင်ငံရေးသီချင်းဖြစ်၍ အင်္ဂလိပ်အစိုးရက ပိတ်ပင်ထားသော သီချင်းများအနက် တစ်ပုဒ်အပါအဝင်ဖြစ်ပေသည်။

သို့နှင့် ကျွန်တော်လည်း သူ့အား စိတ်မနှံ့သူ ဟု ယူဆထားသည့်အလျောက် ဂရုမစိုက်တော့ဘဲ မျက်စိကို ဖွတ်မှိတ်၍ တရေးတမော အိပ်လိုက်ပါသည်။ တရေးနိုးပြီးချိန် ညနေ ၅ နာရီခန့်တွင် အဖျား မရှိသူများကို ဆေးရုံမှ ထမင်းကျွေးပြီး အပူရှိန်ရှိသူ ကျွန်တော့်ကိုမူ ကော်ဖီနှင့် ပေါင်မုန့်တစ်ချပ် လာကျွေးပါသည်။ ထိုသို့စားသောက်ပြီးသောအခါ ဘင်္ဂါလီကုလားတစ်ယောက်သည် အပြင်မှရောက်လာကာ စိတ်မနှံ့သူ ဟု ထင်ရသော စောစောကပုဂ္ဂိုလ်နှင့် အင်္ဂလိပ်လို နိုင်ငံရေးဆွေးနွေးနေသံကို ကြားရလျှင် ကျွန်တော်လည်း ထိုပုဂ္ဂိုလ်အား စိတ်မနှံ့သူဟု ယူဆမိရာမှ သံသယဖြစ်လာ၏။ သူတို့နှစ်ဦး တစ်နာရီခန့် ဆွေးနွေးပြီးနောက် ဘင်္ဂါလီကုလားလည်း ဆေးရုံမှ ပြန်ထွက်သွားလေသည်။

ထိုအခါ စိတ်မနှံ့သူ ဟု ထင်ရသော ပုဂ္ဂိုလ်မှာ စာအုပ်တစ်အုပ်ကို ကောက်ကိုင်လျက် ဆေးပြင်းလိပ်သောက်ရင်း စာဖတ်နေသည်။ သူ့ကြည့်ရပုံမှာ သပ်သပ်ရပ်ရပ်နေတတ်ဟန်မရှိ၊ မညှပ်ရသေးသော ဆံပင်ရှည်များကိုလည်း ဖြီးလိမ်းမထား၊ စားပွဲပေါ်၌ တင်ထားသော ပစ္စည်းများမှာ ဖရိုဖရဲဖြင့် ပြန့်ကျဲလျက်နေသည်။ စာအုပ်များမှာ အချို့မှောက်လျက်၊ အချို့လှန်လျက်၊ အချို့မှာ စားပွဲပေါ်တွင် စုပုံလျက်ရှိသည်။ ချွတ်ထားသော ခုံဖိနပ်မှာ ခြေရင်းတွင် တစ်ဖက်တွေ့ရပြီး အခြားတစ်ဖက်မှာ စားပွဲအနီးတွင် မြင်ရသည်။ ဆေးရုံမှပေးထားသော အင်္ကျီကျားနှင့် ဘောင်းဘီကျားတို့သည် ဖားဖားလျားလျားဖြစ်နေသည့်ပြင် ဝတ်ထားပုံမှာလည်း ကပိုကရိုရှိလှ သည်။

ည ၈ နာရီအချိန်လောက်ကစပြီး ကျွန်တော် အိပ်လိုက်သည်။ တစ်ရေးနိုးချိန် ၁၁ နာရီခန့်တွင် ဆေးရုံမှ မြန်မာအမျိုးသား လက်ထောက် ဆရာဝန်တစ်ဦးနှင့် အဆိုပါပုဂ္ဂိုလ်တို့ နိုင်ငံရေး ဆွေးနွေးနေသံများ ကြားရပြန်သည်။ ထို့နောက် ဆရာဝန်လည်း ဘယ်အချိန်က ထွက်သွားသည်မသိ၊ ကျွန်တော်လည်း ထပ်မံ၍ အိပ်လိုက်ပြန်လေသည်။

နောက်တစ်ရက် နေ့လယ် အချိန်လောက်တွင် အသက် ၁၄ နှစ်ခန့်ရှိ ပန်ချာပီ ကုလားကလေးတစ်ယောက် ရေကျောက်ရောဂါဖြင့် ကျွန်တော်တို့နေသော အခန်းသို့ ရောက်လာသည်။ ၎င်းကုလားလေးမှတစ်ပါး တစ်ခန်းလုံးရှိ အားလုံးသောလူနာများမှာ လူကြီးများသာ ဖြစ်သည်။

ထို ကပိုကရိုပုဂ္ဂိုလ်သည် တစ်ခန်းလုံးရှိ လူကြီးများကို မည်သူ့အားမျှ စကားမပြောဘဲနေခဲ့ရာက အဆိုပါ ကုလားကလေးကိုမူ စတင်၍ "မင်း ကျောင်းနေသလား" ဟု မေးသံကို ကြားရသည်။ ကုလားလေးက နေကြောင်း၊ ၈ တန်းရောက်ပြီဖြစ်ကြောင်း ပြန်ပြောသောအခါ ...

ကပိုကရိုပုဂ္ဂိုလ်က ...

"မင်း ၁၀ တန်းအောင်ပြီးရင် ဘာလုပ်မလဲ"

"ကျွန်တော် ၁၀ တန်းအောင်ပြီး အစိုးရလခစားလုပ်မယ်"

"မင့်အဖေ ဘာလုပ်သလဲ"

"ကျွန်တော့်အဖေ ဈေးဆိုင်ဖွင့်ထားပါတယ်"

"မင့်အဖေလို ဈေးရောင်းပါလားကွ ... လခစားအလုပ်ကို ဘာလို့လုပ်ချင်တာလဲ"

"လခစားအလုပ်ဟာ စတိုင်ကျတယ်၊ လူများက

www.burmeseclassic.com

www.burmeseclassic.com



ရရှိစိုက်တယ်ဗျ"

ထိုအခါ ကပိုကရိုပုဂ္ဂိုလ်သည် ကျွန်တော်တို့ဘက်သို့ လှည့်ကာ "ကြည့်ပါဦးဗျာ .. အင်္ဂလိပ်အစိုးရပညာရေးဟာ လူတိုင်းကို 'Slavish Mentality' ကျွန်စိတ်သွင်းထားတယ်ဗျ။ ဒါကြောင့်လည်း လူတွေဟာ ယေဘုယျအားဖြင့် ကျောင်းသားအရွယ်ကအစ ကိုယ်ပိုင်အလုပ် မလုပ်ချင်ကြတော့ဘူး" ဟု ညည်းညူပြောဆိုလေသည်။

ထိုအခါ ကျွန်တော်လည်း မနေသာတော့ဘဲ ထိုကပိုကရိုပုဂ္ဂိုလ်အား "နေပါဦး ... ခင်ဗျားက ဘာအလုပ်လုပ်သလဲ" ဟု မေးလိုက်မိသည်။

ထိုအခါ ကပိုကရိုပုဂ္ဂိုလ်က "ကျွန်တော်လား နိုင်ငံရေးသမားပါ၊ နာမည်က သခင်အောင်ဆန်း ခေါ်တယ်။ ရေကျော်ရပ်ကွက် တို့ဗမာအစည်းအရုံးမှာ အတွင်းရေးမှူးလုပ်နေတယ်။ ခင်ဗျားကော ဘာလုပ်သလဲ" ဟု ကျွန်တော့်အမေးကိုဖြေကာ ကျွန်တော့်ကိုလည်း တုံ့ပြန်မေးခွန်းထုတ်ပါတော့သည်။ ထိုအခါကျမှ ကျွန်တော်လည်း သူ့အား တစ်ချိန်က နာမည်သာ ကြားဖူးသည့် တက္ကသိုလ် သပိတ်မှောက် ခေါင်းဆောင်ဟောင်း ကိုအောင်ဆန်းဖြစ်သည်ကို သိလိုက်ရသောအခါ နဂိုက ကြည်ညိုရင်းစွဲရှိသည့်အလျောက် ရင်းနှီးပြီးသား ဖြစ်သွားပါသည်။ ထို့ကြောင့်လည်း ကျွန်တော်က ဝမ်းသာအယ်လဲပင် ...

"ကျွန်တော်က ဆရာဖြစ်သင် ကောလိပ်ကျောင်းသားပါ"

"ခင်ဗျားက ကရင်လူမျိုးလား ..."

"မဟုတ်ပါဘူး ... ရှမ်းလူမျိုးပါ .."

"ကျွန်တော်က ခင်ဗျားလို့ ကရင် လို့ ထင်မိတယ်။ ရှမ်းဆိုတော့ တောင်ကြီးက ကိုဘစံ တစ်ယောက် သိမှာပေါ့။ သူ ဘာလုပ်နေသလဲ"

"ကိုဘစံ (တောခိုပြီးကျဆုံး)ဟာ P.H.I ကျန်းမာရေးအင်စပိတ်တော် သင်တန်းတက်ပြီး အခု ဘာလုပ်နေတယ်ဆိုတာ ကျွန်တော်မသိဘူး။ ၁၉၃၆ ခုနှစ် ကိုအောင်ဆန်းတို့ တက္ကသိုလ်က သပိတ်မှောက်တော့ ကိုဘစံကို ကျွန်တော်တို့ ခေါင်းဆောင်တင်ပြီး တောင်ကြီးမြို့ အေဘီအမ်ကျောင်းက သပိတ်မှောက်ကြပါတယ်။ သူ့ကို ကျွန်တော်တို့ ကိုယ်စားလှယ်အနေနဲ့ ရန်ကုန်တက္ကသိုလ်ကို လွှတ်ခဲ့သေးတာပဲ"

သခင်အောင်ဆန်းသည် တစ်နေရာသို့ ငေးနေပြီး ဆက်ပြောပြန်သည်။

"ဟုတ်ကဲ့၊ အဲဒီတုန်းကစပြီး သူ့ကို သိပါတယ်။ ရှမ်းပြည်က ကိုတင်အေးကိုရော သိသလား"

"သိပါတယ် ... သူဟာ ညောင်ရွှေကပဲ၊ ကျွန်တော်နဲ့ တစ်မြို့တည်းသားဖြစ်ပါတယ်"

"ခင်ဗျားတို့ ရှမ်းပြည်မှာဗျာ အင်္ဂလိပ်တွေဟာ ပုဒ်မ (၁၀)ကို အမြဲတမ်းထုတ်ထားပြီး ကျွန်တော်တို့ နိုင်ငံရေးသမားတွေကို ၂၄ နာရီအတွင်း မောင်းထုတ်လေ့ရှိတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ရှမ်းပြည်ကို သွားလို့မရဖြစ်နေတယ်။ အင်္ဂလိပ်အစိုးရဟာ ခင်ဗျားတို့ကို သက်သက် မျက်စိမပွင့်အောင် လုပ်ထားတာဗျ"

ဤနေရာ၌ ကျွန်တော်သည် သခင်အောင်ဆန်းနှင့် တစ်သဘောတည်းဖြစ်နေသည်။ ထို့ကြောင့် ...

"ဟုတ်ကဲ့ ... မှန်ပါတယ်၊ ကျွန်တော်တို့ အခုထက်ထိ နိုင်ငံရေးဆိုတာ ဘာမှန်းတောင် မသိရသေးဘူး။ ခင်ဗျားတော့ နိုင်ငံရေးသမားဆိုတော့ အတော်နားလည်မှာပဲ ... ခင်ဗျား နိုင်ငံရေး လုပ်လာတာ ဘယ်လောက်ကြာပြီလဲ"

"ကျွန်တော် နိုင်ငံရေးကို စပြီး လေ့လာလိုက်စားတာဟာ အသက် ၁၆ နှစ်ကတည်းကပဲ။ ခု ကျွန်တော် အသက် ၂၅ နှစ်ရှိပြီ။ ဘီအေ အောင်ပြီး ဘီအယ်လ်ကို ဆက်တက်ခဲ့တယ်။ ၁၉၃၉ ခုနှစ် ဘီအယ်လ် ဒုတိယနှစ်မှာ ကျောင်းက သပိတ်ကိစ္စနဲ့ စာမေးပွဲ မဖြေနိုင်ဘဲ ထွက်ခဲ့တယ်။ ကျောင်းထွက်ပြီးကတည်းက တို့ဗမာအစည်းအရုံးမှာ သခင်နုတို့နဲ့အတူ နိုင်ငံရေးပဲ ဆက်လုပ်နေတယ်"

ထိုအခါ ကျွန်တော်က တိုက်ဆိုင်လာသော အခွင့်အလမ်းကို လက်ကမ်း၍ ယူသည့်အနေဖြင့် ...

"ကျွန်တော်တော့ နိုင်ငံရေးသဘောတရား ကောင်းကောင်း နားမလည်ဘူး။ ကျွန်တော့်ကို နိုင်ငံရေးတရားဟောပါဗျာ ..." ဟု တောင်းပန်ရတော့သည်။

သို့နှင့် သခင်အောင်ဆန်းသည် ထိုနေ့ညနေ ထမင်းစားပြီးချိန် ၅ နာရီခွဲလောက်ကစပြီး ကမ္ဘာ့သမိုင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



စပ်လျဉ်း၍ နိုင်ငံရေးသိပ္ပံကို ဟောလေတော့သည်။ ည ၁၁ နာရီအချိန်ရောက်သော်လည်း တရားဟော၍ မပြီးသေးချေ။ ၅ နာရီခန့်အကြာ ဆက်တိုက် မရပ်မနား ပြောနိုင်သည်ကို ကျွန်တော့်မှာ မအံ့သြဘဲ မနေနိုင်ပါ။ ကျွန်တော် အတော်အိပ်ချင်ကြောင်းကို သူသိသဖြင့် သူက "ခင်ဗျားအိပ်ချင်ပြီ ... အိပ်ဦး ... နက်ဖြန်မှ ဆက်ဟောဦးမယ်" ဟု ပြောပြီး နှစ်ယောက်သား အိပ်လိုက်ကြသည်။

နောက်တစ်နေ့မနက်ပိုင်း လက်ဖက်ရည်သောက်ပြီး ဆက်ဟောပြန်တော့သည်။ နေ့လယ်အချိန်ကျရောက်မှ ယခု သူဟောသမျှမှာ အခြေခံသာဖြစ်ကြောင်း ပြောပြသည်။ နားထောင်ရသူ ကျွန်တော်မှာကား မသက်သာလှပါ။

ထိုသို့ တရားနာပြီးနောက် သူ့ကို ပိုမို၍ ကြည်ညိုလေးစားလာသောစိတ်သည် ကျွန်တော်၏နှလုံးသားတွင် တဖွားဖွား ဖြစ်ပေါ်နေပါတော့သည်။

ထို့ကြောင့်လည်း မည်သည့်ပုဂ္ဂိုလ်မဆို သာမန်လူနှင့်မတူလျှင် ထိုပုဂ္ဂိုလ်သည် ထူးလျှင်လည်း ထူးရမည်။ ရူးလျှင်လည်း ရူးရမည်ဟု ဆိုရိုးစကားရှိသည့်အလျောက် ပထမသော် တွေ့တွေ့ချင်း သာမန်လူနှင့်မတူ တစ်မူထူးခြားသောကြောင့် ရူးသည်ဟု ကျွန်တော် ထင်မိသောပုဂ္ဂိုလ်မှာ အရူးမဟုတ်၊ တကယ်ထူးသော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ထင်ရှားစွာ တွေ့ရပါတော့သည်။

× × ×

နောက်တစ်နေ့ နေ့လယ်အချိန်တွင် ဆေးရုံကြီးမှ (Matron) ခေါ် သူနာပြုဆရာမကြီးတစ်ယောက်သည် ဦးခေါင်းတွင် အဝတ်ဖြူခေါင်းလျက် ကျွန်တော်တို့ အခန်းထဲ ဝင်လာပါသည်။

သူသည် လူနာများကို တစ်ယောက်စီ တစ်ယောက်စီ လိုက်လံစစ်ဆေးရာမှ သခင်အောင်ဆန်း ခုတင်နားသို့ ရောက်သောအခါ စားပွဲပေါ်ရှိ ရေသောက်ခွက်ထဲ၌ ထည့်ထားသော ပိုက်ဆံ အကြွေများကိုတွေ့လျှင် အင်္ဂလိပ်ဘာသာဖြင့် "ဘာကြောင့် ပိုက်ဆံကို ရေခွက်ထဲမှာ ထည့်ထားသလဲ၊ လူနာများ ပိုက်ဆံ မကိုင်ရဘူးဆိုတာ မသိဘူးလား"

"ခင်ဗျာ ... ဥပဒေ ထုတ်ထားတာ ကျုပ် မတွေ့ရသေးဘူး ... ဖတ်လည်း မဖတ်ဖူးသေးဘူး၊ ဒီဥပဒေ ဘယ်သူထုတ်ထားသလဲ"

"တို့ ထုတ်ထားတယ်"

"ဥပဒေကို ခင်ဗျားထုတ်တယ်၊ ခင်ဗျားလည်း လူပဲ၊ ကျုပ်လည်းလူပဲ၊ လူလုပ်တဲ့ဥပဒေကို လူဖျက်တယ်၊ ကျုပ် ဖျက်တယ်။ ကျုပ်မှ မဖတ်ရဘဲ ... ဘာတတ်နိုင်မလဲ" ဟု ဘုမှုတ်လိုက်ရာ ဆရာမကြီးမှာ ဒေါသ အမျက်ခြောင်းခြောင်းထွက်ကာ ရှူးရှူးရှဲရှဲမြည်တွန်တောက်တီးပြီး မျက်နှာတစ်ခုလုံး နီမြန်းလျက် ဆောင့်အောင့် ထွက်သွားတော့၏။ နောက်တစ်နေ့တွင်မူ ဆေးရုံမှ ဆရာ ဆရာမများသည် သန့်ရှင်းရေးကို အားကြိုးမာန်တက် လုပ်ကိုင်နေကြသည်ကို ထူးခြားစွာ တွေ့မြင်ရသောကြောင့် စုံစမ်းကြည့်ရာ မြို့တော်ဝန် လာရောက်စစ်ဆေးမည်ဟု သိရပေသည်။

သို့နှင့် မကြာမီ မြို့တော်ဝန်သည် ကူးစက်တတ်သောရောဂါဆေးရုံသို့ စစ်ဆေးရန် ရောက်လာတော့သည်။

မြို့တော်ဝန်သည် ရှိသမျှလူနာခန်းများကို အကုန်လုံး လိုက်လံစစ်ဆေးပြီးနောက် ကျွန်တော်တို့အခန်းကိုမူ နောက်ဆုံးမှ လာရောက်စစ်ဆေးကြည့်ရှုပါသည်။

မြို့တော်ဝန်မှာ အင်္ဂလိပ်ကပြားဖြစ်သည်။ အခန်းထဲသို့ရောက်ပြီး လူနာများကို တစ်ယောက်ချင်း လိုက်လံကြည့်ရှုသည်။ သခင်အောင်ဆန်းကို တွေ့တွေ့ချင်း ... "ဟဲလို...သခင်အောင်ဆန်း...ဂွတ်မောနင်း" ဟု နှုတ်ခွန်းဆက်လေသည်။

သခင်အောင်ဆန်းမှာ အိပ်ရာမှမထ၊ ဒူးတစ်ဖက်ကိုထောင်လျက် အခြားတစ်ဖက်မှာ ထောင်ထားသော ဒူးပေါ်တွင် တင်ပျဉ်ချိတ်တင်ကာ မလှုပ်မရှက်နှင့် "ဂွတ်မောနင်း" ဟု ပြန်၍ နှုတ်ဆက်သည်။

ထိုအခါ မြို့တော်ဝန်သည် အင်္ဂလိပ် ဘာသာဖြင့်

"ခင်ဗျား ဆေးရုံမှာနေတာ အစားအသောက် ဆင်းရဲသလား..."

သခင်အောင်ဆန်းက အင်္ဂလိပ်လို ပြန်ပြောသည်။

"ခံသာပါတယ်"

"အစားအသောက်နဲ့ပတ်သက်ပြီး ဟင်း ထမင်းနှု

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရင် ဆရာဝန်ကိုပြောပါ။ သူက ကောင်းအောင် စီစဉ်ပေးဖို့ ကျွန်တော် ပြောခဲ့မယ်"

"ကိစ္စမရှိပါဘူး ... စားနိုင်ပါတယ်"

"ကောင်းပြီ ... ဒါဖြင့် သွားလိုက်ဦးမယ်"

ထိုသို့နှုတ်ဆက်ပြီး အခန်းပြင်သို့အထွက်တွင် သခင်အောင်ဆန်းက ကျွန်တော်တို့ဘက်သို့လှည့်ကာ "မြို့တော်ဝန် လာစစ်ဆေးတာ တခြားအကြောင်းကြောင့် မဟုတ်ဘူး ... မနေ့က ဆရာမကြီးကို ကျွန်တော် ဘုဆောက်ပြောလိုက်တာနဲ့ သူတို့တိုင်တန်းလို့ အကြောင်းရှာပြီး လာတာပါ" ဟု မှတ်ချက်ချလိုက်သည်။ သူထင်သည့်အတိုင်းလည်း မှန်ပေသည်။ အဘယ်ကြောင့်ဟူမူ ညအချိန် နိုင်ငံရေးဆွေးနွေးနေကျ လက်ထောက်ဆရာဝန်ထံမှ ထိုအတိုင်း ဟုတ်မှန်ကြောင်း ကြားရခြင်းကြောင့် ဖြစ်သည်။

သခင်အောင်ဆန်း၏စရိုက်မှာ အစဉ်လိုလို စာဖတ်လျက်နေသည်။ တစ်ခါတလေ စာရေးနေတတ်သည်။ သူ ဖတ်သော စာအုပ်များမှာ များသောအားဖြင့် ဒေါက်တာဘမော်ထံမှ ငှားထားသော စာအုပ်များဖြစ်သည်။ တစ်ခါတစ်ရံလည်း ဝါးခမောက် ဆောင်းထားသော သခင်များ သူ့ထံသို့လာပြီး နိုင်ငံရေး ဆွေးနွေးကြ၏။ လွှတ်တော်မှအမတ်များ မည်သို့မည်ပုံ ဆွေးနွေးကြကြောင်း ပြောကြသည်။ အထူးသဖြင့် ဂဠုန်ဦးစောကို ပြင်းပြင်းထန်ထန် ဝေဖန်သံ ကြားရ၏။

ထိုအခါက နန်းရင်းဝန်မှာ ဂဠုန်ဦးစောဖြစ်သည်။ ဝါးခမောက်ဆောင်းထားသော သခင်များ ပြန်သွားကြပြီးနောက် သခင်အောင်ဆန်းသည် ကျွန်တော့်ဘက်သို့လှည့်ကာ "ဦးစောဟာ ဆင်ကြည့်ကြည့်လေ့ရှိတယ်။ ဒီလူဟာ ဆင်ကြံကြံတတ်တယ်" ဟု လှမ်းပြောလေသည်။

ထိုမှတ်ချက် မည်မျှ တိကျ မှန်ကန်သနည်းဟူမူ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဦးစော၏ ဆင်ကြံကြံမှုကြောင့် ကြိုတင်၍ မှတ်ချက်ချထားခဲ့ဖူးသူ ဗိုလ်ချုပ်အောင်ဆန်း (ယခင် သခင်အောင်ဆန်း)ကိုယ်တိုင် ရေတိမ်တွင် နစ်ခဲ့ရရှာပေသည်။

သခင်အောင်ဆန်းကား ပြောသလို လုပ်၍ လုပ်သလိုပြောသူတည်း။ ထိုစဉ်က သူသည် ဆေးပြင်းလိပ်သောက်၏။ တစ်နေ့တွင် ဆေးပြင်းလိပ်ကုန်သွားရာ သူ၏ ခုတင်ဘေးမှ လူနာတစ်ယောက်ဖြစ်သော ကိုကိုလေး ဆိုသူ ပုလိပ်တစ်ယောက်က စီးကရက်တစ်လိပ် ထုတ်ပေးသည်။ သခင်အောင်ဆန်းက လက်မခံဘဲ "ဟာ... သခင်နဲ့ စီးကရက် ဘယ်အပ်စပ်မလဲဗျာ ... မသောက်တော့ပါဘူး" ဟုဆိုကာ တစ်နေ့လုံး အငတ်ခံ၍ နေသည်။ ညနေပိုင်း သူ့နိုင်ငံရေးမိတ်ဆွေများ ရောက်လာတော့မှ ဆေးပြင်းလိပ် ဝယ်ခိုင်းပြီး အားပါးတရ ရှူရှိုက်နေသည်ကို တွေ့ရ၏။

× × ×

ထို့ပြင်လည်း သူ၏အကြောင်းကို အမှတ်တရ ရေးလိုက်ရပေဦးမည်။ ထိုအခါက ကျွန်တော်တို့အခန်းတွင် တာဝန်ကျသော အမျိုးသမီးဆရာဝန်မတစ်ယောက် ရှိသည်။ သူမ၏အသက်မှာ ၂၅ နှစ်ခန့်ရှိပြီဖြစ်၍ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းပြီး သူမ၏မျက်နှာမှာ လက်ခါရအောက်အောင်ပင် ချောမောလှပသူဖြစ်၏။ နေ့စဉ် ဘန်ကောက်ထဘီ တစ်ထည်ကျကို ပြောင်း၍ ပြောင်း၍ ဝတ်လာတတ်သေး၏။

တစ်နေ့သောအခါ ကျွန်တော်နှင့် သခင်အောင်ဆန်း ထိုင်၍စကားပြောနေစဉ် အဆိုပါဆရာဝန်မသည် အခန်းထဲသို့ လာရောက်စစ်ဆေးပြီးနောက် ပြန်ထွက်သွား၏။ ကျွန်တော်နှင့် သခင်အောင်ဆန်းမှာ ဆရာဝန်မလေးကို အမှတ်မထင်ကြည့်မိရာမှ သခင်အောင်ဆန်းက "အင်း .. ကျုပ်တို့လည်း နောင်တစ်နေ့ မိန်းမယူရင် ဆရာမ ယူမှ ကောင်းမယ်ထင်တယ်။ သူတို့မှ လင်သားကို ပြုစုယုယတတ်တယ်" ဟု ရယ်မောသလိုနှင့် မှတ်ချက် ချလိုက်လေသည်။

ထိုသို့ပြောလိုက်သည့် သခင်အောင်ဆန်း၏ စကားသံကို ကြားယောင်နေသော ကျွန်တော်သည် ဂျပန်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းက သူနာပြုဆရာမ ဒေါ်ခင်ကြည်ကို လက်ထပ်လိုက်ကြောင်း ကြားသိရသောအခါ မည်သို့မျှ မအံ့ဩမိတော့ပေ။

× × ×

ထို့ပြင် မိုးကုတ်မြို့မှ သူဌေးများက သီဟိုဠ်မှ ဘုရားတစ်ဆူအတွက် လှူဒါန်းသော စိန်ဖူးနှင့် ငှက်မြတ်နား

www.burmeseclassic.com



မှာ ရွှေတိဂုံဘုရားကုန်းတော်ပေါ်မှ သီဟိုဠ်သို့ မပို့မီ ဗုဒ္ဓဘာသာဝင်များအတွက် စံပယ်လျက်ရှိနေ၏။

၎င်းစိန်ဖူးကိုလည်း ရန်ကုန်မြို့တွင်းသို့လည်း ဒေသစာရီလှည့်လည်ရန် စီစဉ်ထား၏။ အကြောင်းအားလျော်စွာ တိုက်ဆိုင်နေသည်မှာ ရေကျော်မှ တို့ဗမာအစည်းအရုံးကလည်း ထိုနေ့၌ပင် အင်အားပြ လမ်းလျှောက်ရန် စီစဉ်ထားခြင်းပေတည်း။

အင်အားမပြမီတစ်ရက်၌ ညနေပိုင်းတွင် အစည်းအရုံးဥက္ကဋ္ဌဖြစ်သူ သခင်နုသည် ကန်တော်ကလေးကူးစက်တတ်သောဆေးရုံ အခန်းအမှတ် (၂)ရှိ သခင်အောင်ဆန်းထံသို့ ရောက်လာသည်။ ထိုစဉ်က သခင်နု၏ကိုယ်လုံးကိုယ်ပေါက်မှာ မပိန်မဝ၊ ဆံပင်မှာ မတိုမရှည် ညှပ်ထားသည်။ လမ်းလျှောက်လျှင် ခေါင်းအနည်းငယ်ငုံ့၍ လျှောက်တတ်သည်။ မြို့တော်ဝန် လာစဉ်က ဂရုမစိုက်ဘဲ အေးစက်စက်နေခဲ့သော သခင်အောင်ဆန်းသည် သခင်နု လာသောအခါ ခုတင်ပေါ်မှ ဖျတ်လတ်စွာဆင်းလျက် သခင်နုကို ဆီးကြိုလေသည်။

သခင်နုက "သခင်အောင်ဆန်း ... မနက်ဖြန် ကျွန်တော်တို့ အစည်းအရုံးက အင်အားပြ လမ်းလျှောက်မလို့၊ ဒါကြောင့် ခင်ဗျား ဆေးရုံက ဆင်းနိုင်ရင်လည်း ဆင်းဖို့လာစုံစမ်းတာပါ"

"ကျွန်တော့် ဆင်းရက်တော့ သန်ဘက်ခါပဲ။ နက်ဖြန်ခါ ကျွန်တော်မပါရင် မပြီးဘူးလား"

"ရတော့ ရတာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ လူမစုံတော့ အားလျော့တာပေါ့"

"ဆင်းရက်က သန်ဘက်ခါဆိုတော့ တစ်ရက် ကြိုတင်ဆင်းရရင် ဆေးရုံအနေနဲ့ သိပ် အရေးမကြီးဘူးလို့ ကျွန်တော်ထင်ပါတယ်။ သခင်နုအနေနဲ့ ဆရာဝန်ကြီးဆီ အခွင့်တောင်းကြည့်ပါ။ ကျွန်တော် စောင့်နေမယ်"

ထိုအခါ သခင်နုသည် ဟိုတုန်းက လျှောက်နေကျအတိုင်း ခေါင်းအနည်းငယ်ငုံ့လျက် ဆရာဝန်ကြီးထံ သွားလေသည်။

ဆရာဝန်ကြီးမှာ ကုလားလူမျိုးဖြစ်သည်။ မကြာသေးမီက မေထရ္ချန်တစ်ဦးကို ဘုဘောက်လုပ်ခဲ့သော သခင်အောင်ဆန်းအား စိတ်မကျေသေးဟန်ဖြင့် ချက်ကောင်းယူကာ ဆင်းခွင့်မပြုချေ။ သူ့အကြောင်းပြချက်ကို သခင်နုမှတစ်ဆင့် သခင်အောင်ဆန်း သိရသည်မှာ...

လူနာများကို ဆေးရုံမှ ရက်မစေ့ဘဲ လွှတ်လိုက်ခြင်းကြောင့် ရောဂါပြန့်ပွားကူးစက်လာလျှင် ဆရာဝန်ကြီး၏တာဝန်ဖြစ်လိမ့်မည်။ ထို့ကြောင့် ဘူက ခွင့်မပြုနိုင်ကြောင်းပင် ဖြစ်သည်။

ထိုအခါ သခင်အောင်ဆန်းက ချက်ချင်းပင် သခင်နုကို "ကျွန်တော် လိုက်ဖို့ ဆုံးဖြတ်ပြီးပြီ၊ ဘာပဲဖြစ်ဖြစ် လိုက်မယ်" ဟု ဖွတ်တရွတ် ကတိပေးလိုက်၏။

သို့သော် ထိုအချိန်တွင် လူနာများကို ၃ နာရီတစ်ကြိမ်ခန့် လဲလှယ်စောင့်ရှောက်၍ တာဝန်ကျနေသော ဆိုခဲ့ပြီးသည့် အမျိုးသမီးဆရာဝန်မက ထိုအကြောင်းကို ကြားသဖြင့် "သခင်အောင်ဆန်း ... ခုဆင်းသွားရင် ကျွန်မအချိန်တွင် ဖြစ်နေပါတယ်၊ ကျွန်မမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်မအချိန်က ညနေ ၆ နာရီအထိ ဖြစ်ပါတယ်။ ထွက်သွားချင်ရင် ၆ နာရီထိုးပြီးမှ ထွက်ဖို့ ကျွန်မ တောင်းပန်ပါတယ်" ဟု မေတ္တာရပ်ခံလေရာ သခင်အောင်ဆန်းမှာ မှုန်ကုပ်စွာ ခေတ္တမျှစဉ်းစားနေပြီး ...

"ကောင်းပြီလေ ... ဗမာအမျိုးသမီးတစ်ယောက် ထိခိုက်နစ်နာမယ်ဆိုရင် ခင်ဗျားပြောတဲ့အတိုင်း ၆ နာရီအထိ စောင့်မယ်။ ဒါပေမဲ့ ၆ နာရီထိုးပြီးရင်တော့ ထွက်ရလိမ့်မယ်" ဟု ပြောလိုက်လေသည်။

ထို့နောက် သခင်အောင်ဆန်းသည် အခန်းစောင့်ကုလားလေးတစ်ယောက်ကို ဆေးရုံက သိမ်းဆည်းထားသော သူ့အင်္ကျီနှင့် လုံချည်များ ယူခိုင်းရာ ကုလားလေးမှာ အထက်လူကြီးများသိပြီး သူ့ကို အလုပ်ဖြုတ်မည်စိုးသည့်အတွက် မယူပေးဝံ့ကြောင်း တောင်းပန်ခယပြောတော့သည်။

သခင်အောင်ဆန်းလည်း ကုလားလေး၏ အခက်အခဲကို သနားသွားပြီး "ဒါဖြင့်နေပေစေ ... ရော့ ... မင်းဖို့ ဘောက်ဆူး" ဟုဆိုကာ ရေသောက်ခွက်ထဲရှိ ပိုက်ဆံအကြွေအားလုံးကို သွန်၍ပေးလိုက်၏။

ဆေးရုံရောက်ကတည်းက လူနာများ ဝတ်လာကြသော အရပ်ဝတ်အရပ်စားများကို ဆေးရုံမှ သိမ်းဆည်းထားပြီး လူနာအမှတ်အသား မြင်းကျားအင်္ကျီ၊ ဘောင်းဘီကိုသာ ပေးဝတ်ထားရာ သခင်အောင်ဆန်းမှာ ခေါင်းခေါင် စသည်ဖြင့် ၆ နာရီထိုးသည်နှင့်တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံ မှ အဝတ်အစားများကို ဝတ်မြဲဝတ်လျက်ကပင် ကျွန် လူနာအားလုံးကို စတင်နှုတ်ဆက်တော့သည်။

ကျွန်တော်၏လိပ်စာကိုလည်း တောင်းသည်။ ကျွန်တော်ကလည်း ပေးလိုက်၏။ သူ့လိပ်စာကို တောင်းသောအခါ၌မူ သူက လိပ်စာအတည်တကျမရှိ "အောင်ဆန်း မြန်မာပြည်" ဟု ရေးမှုရမည်၊ သူ ဘယ်အချုပ်ထောင်မှာ ကျရောက်ပြီး နေမည်ကိုတောင် မသိသေးဟု ပြောလေသည်။

ထို့နောက် စာအုပ်များကိုပိုက်လျက် သခင်နုနှင့်အတူ ဂိတ်ပေါက်တူရူသို့ လျှောက်သွားကြသည်။ ဂိတ်ပေါက်စောင့်ကုလားမှာ မြင်းကျားအကျႌနှင့် ဘောင်းဘီကို ဝတ်လာသော သခင်အောင်ဆန်းအား မြင်သည်နှင့်တစ်ပြိုင်နက် လူနာဖြစ်ကြောင်း တပ်အပ်သိသည့်အလျောက် အတင်းတားကာ ဂိတ်ပေါက်ကို ပိတ်ထားလေသည်။

သခင်အောင်ဆန်းမှာလည်း သွားရန် သန္နိဋ္ဌာန်ချထားသည့်အတိုင်း သူ့အား အတင်းအကျပ် ဟန့်တားထားသော ဂိတ်ပေါက်စောင့် ကုလားကို လက်သီးဖြင့်တအား ကျုံးထိုးလိုက်ကာ ခပ်တည်တည် ထွက်သွားတော့သည်။ ဂိတ်စောင့်ကုလားမှာ'အပါးပါး'ဟု မချိမဆံ့အော်လျက်သာ ကျန်ရစ်နေခဲ့၏။

နောက် ၂ ရက်ကြာသောအခါ သခင်အောင်ဆန်းနှင့် နိုင်ငံရေးဆွေးနွေးနေကျဖြစ်သော ဆရာဝန်သည် ကျွန်တော်တို့အခန်းထဲသို့ သတင်းစာတစ်စောင်ကို ကိုင်လျက် ပြုံးပြုံးကြီး ဝင်လာလေသည်။ ထို့နောက် ကျွန်တော်တို့အား 'ဖတ်ကြည့်ပါဦး ... တစ်နေ့ညက ဂိတ်ပေါက်မှာ ဆူဆူညံညံလုပ်သွားတဲ့ သခင်အောင်ဆန်းရဲ့ သတင်းကို' ဟု ပြောလိုက်သဖြင့် ကျွန်တော်တို့လူနာတစ်စု သတင်းစာကို အလုအယက်ဖတ်ကြရာ လူထုအင်အားကြီးမားလှသော ဗမာအစည်းအရုံး၏ အင်အားပြပွဲခတ်ပုံနှင့်တကွ ဗိုလ်တထောင်တရားပွဲ၌ သခင်အောင်ဆန်း တကယ်ရောက် ဟောပြောသော သတင်းကို ဝမ်းသာအားရ ဖတ်ရှုကြရပေသတည်း။ ။


မေ့ပျောက်၍မရသော အောင်ဆန်း။ ဇူလိုင်-၁၉၆၆

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ ထွက်ရပ်လမ်း

ရွှေဂူစိုးမြင့်ခင်



ကမ္ဘာ့သမိုင်းဝင် နိုင်ငံခေါင်းဆောင် အသီးသီးတို့သည် မိမိတို့တိုင်းပြည်ကောင်းစားရေးအတွက် နေရာအသီးသီးမှ ကျရာတာဝန်ကို ထမ်းဆောင်ရင်း အချို့လည်း လမ်းခုလတ်တွင် တစ်ပိုင်းတစ်စနှင့် ကွယ်လွန် ကျဆုံးရရှာသည်။ အချို့မှာ တာဝန်ကို အစအဆုံး ကျေနပ်စွာ ထမ်းဆောင်ပြီးမှ ကွယ်လွန်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တိုင်းပြည်ခေါင်းဆောင်ကြီးများမှာ လူပင်သေသော်လည်း နာမည် မသေကြပါ။ သမိုင်းဝင် မှတ်တမ်းအနေဖြင့် ၎င်းတို့၏အတ္ထုပ္ပတ္တိ၊ ၎င်းတို့၏ လုပ်ဆောင်ချက်များကို ရင်းနှီးသူများက မှတ်တမ်းတင်ထားခဲ့ကြသည်မှာ အထင်အရှားပင်။

ဤသို့ မှတ်တမ်းတင် သမိုင်းရေးထိုးရာ၌ အချို့က မွေးဖွားသည်မှ သေလွန်သည်အထိ အဖြစ်အပျက်များကို အမှန်အတိုင်း လေ့လာမှတ်သား၍ စာတစ်စောင်စာတစ်ဖွဲ့ ရေးသားသလို အချို့ကလည်း ပုဂ္ဂိုလ်ရေးရာအရ လှုပ်ရှားသွားလာနေထိုင်မှု၊ ဟောပြော မိန့်ကြားမှုများကို တစေ့တစောင်း လေ့လာမှတ်သားမှုကို ရှုထောင့်အမျိုးမျိုးမှ စာနယ်ဇင်းများတွင် တင်ပြခဲ့ကြသည်။

ဗမာပြည်၏ လွတ်လပ်ရေး ဗိသုကာကြီး၊ ဗမာ့အမျိုးသားတို့၏ ပွဲကိုင်ကြီး၊ အာရှသူရဲကောင်းကြီးဟု အမျိုးမျိုး ချီးကျူးကင်ပွန်းတပ်ခဲ့သော ဗမာ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာ ဗမာ တစ်မျိုးသားလုံး လွတ်မြောက်ရေး၊ ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံတည်ဆောက်ရေးကို လုံးပန်း ဆောင်ရွက်ရင်း လမ်းခုလတ်တွင် လူသေမာတို့၏လက်ချက်ဖြင့် ကျဆုံးခဲ့သည်မှာ ယခုအချိန်တွင် ၂၆ နှစ်တင်းတင်း ပြည့်ခဲ့လေပြီ။

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ခဲ့သည်မှာ အနှစ် ၂၉ ကျော်ခဲ့သော်လည်း နာမည်မှာ မသေသေးပါ။ ဗိုလ်ချုပ်၏ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်း ရောင်းရင်းများ၊ ဗိုလ်ချုပ်နှင့်အတူ တိုက်ပွဲအမျိုးမျိုး ဝင်ရောက်ဆင်နွှဲခဲ့ကြသော ရဲဘော်များ၏ ကိုယ်တွေ့မှတ်သားချက်များကို တင်ပြရေးသားခြင်း၊ ဗိုလ်ချုပ်၏ မိန့်ခွန်းများကို စာနယ်ဇင်းများ၌လည်းကောင်း၊ ဗမာ့အသံမှလည်းကောင်း မကြာခဏ ဖတ်ရှုကြားနာနေရသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မသေသေးဘဲ ယနေ့တိုင် ပြန်ရှင်သင်ရှားရှိနေပါကလားဟု ထင်မှတ်နေရသည်။

သို့သော် အတ္ထုပ္ပတ္တိရေးသား မှတ်တမ်းတင်ရာ၌များသောအားဖြင့် မျက်မြင်ကိုယ်တွေ့ လှုပ်ရှားမှု၊ ဆောင်ရွက်မှုများကိုသာ အမွှမ်းတင် ချီးကျူးရေးသားကြသည်သာ များပါသည်။ တစ်ခါတစ်ရံ လူမသိသူမသိသော လုပ်ဆောင်မှုကလေးများမှာ ချောင်ကပ်ကာ မထင်မရှား ကျန်ရစ်ခဲ့သည်များလည်း ရှိတတ်ပါသည်။

ယခု တင်ပြမည့်ကဏ္ဍမှာ စာရေးသူကိုယ်တိုင် ဗိုလ်ချုပ်အား သခင်အောင်ဆန်းဘဝဖြင့် တွေ့ဆုံရပုံကို လွန်ခဲ့သော ၂၂-၁-၇၄ နေ့ထုတ် လုပ်သားပြည်သူ့ သတင်းစာတွင် ဖော်ပြထားသော တရုတ်နှင့် တောင်ဗီယက်နမ်တို့ အငြင်းပွားလျက်ရှိသော "ပါရာဆဲလ်" ကျွန်းမြေပုံကို တွေ့မြင်ရသဖြင့် တစ်ချိန်က ဗိုလ်ချုပ်အောင်ဆန်း စိတ်ဝင်စားခဲ့သော၊ ထပ်တလဲလဲ ကြည့်ရှုလေ့လာခဲ့သော တရုတ်ပြည် တစ်စိတ်တစ်ဒေသမြေပုံကို တွေ့မြင်ရသဖြင့် ဤဆောင်းပါးကို ရေးသားမိပါတော့သည်။

သခင်အောင်ဆန်းကို ဌာနချုပ် တို့ဗမာအစည်းအရုံးမှ အထွေထွေ အတွင်းရေးမှူး တစ်ယောက်အနေဖြင့် သိထားသည်။ ကျွန်တော်တို့ မြို့နယ်အစည်းအရုံးများသို့ ဌာနချုပ်မှ ပေးပို့သော ညွှန်ကြားလွှာများတွင် ရေးထိုးထားသည့် လက်မှတ် ဖြည့်စွက်ထားသည့် လက်ရေးစာများကိုကြည့်၍ သခင်အောင်ဆန်း၏ဆိုင်း(လက်မှတ်)နှင့် လက်ရေးကို ကောင်းစွာ မှတ်မိနေသည်။ သခင်အောင်ဆန်းကိုမူ တစ်ခါဖူးမှ မမြင်ဖူး၊ မတွေ့ဆုံဖူးပါ။

သို့သော် ၁၉၃၉ ခုနှစ်၊ ဧပြီလ၌ မော်လမြိုင်မြို့တွင် ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ညီလာခံကျင်းပစဉ်က ကျွန်တော်သည် ရွှေဂူမြို့မှ ကွယ်လွန်သူ သခင်ကျော်ရနှင့်အတူ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရသဖြင့် ဌာနချုပ်အတွင်းရေးမှူး သခင်အောင်ဆန်းကို အနီးကပ် တွေ့မြင်ဖူးသည်။ စကားတစ်ခွန်းမှ မပြောဖူးခဲ့ပါချေ။

အကြောင်းတိုက်ဆိုင်လာပါသည်။

၁၉၄၀ ခု၊ နွေဦးတု ကျောင်းပိတ်ချိန်ဖြစ်ပါသည်။ တစ်နေ့တွင် ကသာ သခင်ကံဆက် (မြသီတာဆေးတိုက်၊ ဟိုပင်)ထံမှ သခင်အောင်ဆန်း ကသာသို့ ရောက်နေသည်။ ရွှေလုပ်ငန်းစဉ်များ ဆွေးနွေးတိုင်ပင်ရန် လာသင့်ကြောင်း အကြောင်းကြားစာရ၍ ဥက္ကဋ္ဌ သခင်ကျော်ရအား အကျိုးအကြောင်း သွားရောက်ပြောပြီး သခင်အောင်ဆန်းနှင့် သွားရောက်တွေ့ဆုံရန် စိတ်စဉ်ကြတော့သည်။

သို့သော် ကျွန်တော်တို့ ခရီးသွားမှုအတွက် အခက်ကြုံရပြန်သည်။ ထိုအချိန်က ကျွန်တော်တို့သည် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ၌ ကျောင်းသားသပိတ် ဦးဆောင်မှု၊ တောင်သူလယ်သမားကြီးများ မြေခွန်တော် မပေးရေး

www.burmeseclassic.com



အတွက် သပိတ်မှောက်လှုံ့ဆော် ဦးဆောင်မှုများကြောင့် အရေးတော်ပုံ ပြီးချိန်တွင် ပုလိပ်ဌာနာ မှတ်တမ်းဝင် နိုင်ငံရေးသမား လူဆိုးများဖြစ်နေသောကြောင့် ကျွန်တော်တို့ သွားလာလှုပ်ရှားလေတိုင်း နောက်မှ လူဆိုးစုံထောက်များ တစေ့တစောင်း ချောင်းမြောင်းစုံထောက်နေခြင်း ခံရ ပါသည်။

အထူးသဖြင့် တရုတ်–ဗမာ လမ်းမကြီး ဖောက်လုပ်ပြီးစီးပြီဖြစ်၍ တရုတ်ပြည်အတွက် အင်္ဂလိပ်–အမေရိကန်က ထောက်ပံ့သော စစ်လက်နက်ပစ္စည်း၊ ဓာတ်ဆီ၊ ရေနံဆီများကို ဗန်းမော်တွင် သိုလှောင်ပြီးလျှင် တရုတ်ပြည် ကူမင်းသို့ ပို့ဆောင်နေပြီဖြစ်သဖြင့် ဗန်းမော်ကဲ့သို့ နယ်ခြားဒေသတွင် အရေးကြီးသော စစ်ပစ္စည်းများကြောင့် အထူးစုံထောက်များ လွှတ်ထားသည်ဖြစ်ရာ နိုင်ငံရေးသမားများကို မျက်ခြည်ပြတ်မခံတော့ချေ။

ရွှေဂူမှ ကသာသို့ အစုံကူးတို့သင်္ဘော စီးသွားရသဖြင့် ကျွန်တော်တို့ ထင်ထင်ရှားရှား သွားရန်မလွယ်ကူပါ။ အကယ်၍ စုံထောက်ဘက်က တွေ့မြင်လျှင် နောက်မှ တကောက်ကောက်လိုက်နေဦးမည်ကို သိထားသဖြင့် ကျွန်တော်နှင့် သခင်ကျော်ရသည် တစ်ယောက် တခြားစီ စက်ဘီးကိုယ်စီ စီးကာ ရွှေဂူ၏အောက်ဘက် ၁၀ မိုင်ခန့်ဝေးသော သင်္ဘောထင်းတင်သည့် ကျောက်ကြီးရွာဆိပ် အရောက်လာကာ ၎င်းဆိပ်ကမ်းမှ ကသာအရောက် သင်္ဘောဖြင့် သုတ်ခြေတင်ရပါတော့သည်။

ကသာသို့ ရောက်သောအခါ သခင်ကံဆက်အိမ်၌ တည်းခိုပြီး သခင်အောင်ဆန်းနှင့်တွေ့ရန် စီစဉ်ပါတော့သည်။ သခင်အောင်ဆန်းမှာ ဇရပ်ချောင်းရွာ (ယခု ဇေယျာချောင်ကွက်သစ်)တွင် တည်းခိုပြီး လူစိမ်းများနှင့် အတွေ့မခံဟု သိရသည်။

နောက်တစ်နေ့ညနေတွင် သခင်ကံဆက်၏ စီစဉ်ပေးချက်အရ ကသာမြို့ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုတင်အောင် (ယခုကုန်သည်)၏အိမ်တွင် သွားရောက်တွေ့ဆုံကြပါသည်။ ထိုစဉ်က သခင်အောင်ဆန်းသည် ထိုခေတ်အခေါ်အားဖြင့် ဆံပင်ကို နယူးဖက်ရှင်ခေါ် မတိုမရှည် ညှပ်ထားသည်။ ပင်နီချော ရှပ်လက်ရှည်စတစ်ကော်လာ၊ မန္တလေး ဘန်ကောက်ညွှန့် ပိုးလုံချည် စကားဝါရောင်ဝတ်ထားသည်။ သူ့အမြဲဆောင်းသော ဦးထုပ်မှာ တို့ဗမာဝါးဖတ်ဦးထုပ်ဖြစ်သည်။ သခင်အောင်ဆန်း၏ လက်ထဲ၌ ထိုနေ့ထုတ် ဆယ်သန်းသတင်းစာ၊ ဂျာနယ်ကျော်နှင့် ဗန္ဓုလဂျာနယ်များ ကိုင်လာခဲ့သည်။

ကိုတင်အောင်၏အိမ်အပေါ်ထပ်တွင် ကျွန်တော်တို့နှင့် တွေ့ဆုံမိသောအခါ သခင်ကံဆက်က ကျွန်တော်တို့နှင့် သခင်အောင်ဆန်းကို မိတ်ဆက်ပေးသည်။ သို့သော် သခင်အောင်ဆန်းက ဘာစကားမှ မပြောသေးဘဲ သူ၏လက်ထဲ၌ပါလာသော သတင်းစာ၊ ဂျာနယ်များကို တစ်ရွက်စီလှန်ကြည့်လိုက်၊ ကျွန်တော်တို့ကို ကြည့်လိုက်နှင့် အကဲခတ်နေသည်။

သခင်အောင်ဆန်း ကြည့်နေသော ဆယ်သန်းသတင်းစာ မျက်နှာဖုံးတွင် တရုတ်ပြည် ကန်တုံနယ်၊ အမွိုင်မြို့ကို ဂျပန်များ သိမ်းပိုက်မိပြီဖြစ်၍ ကန်တုံမြို့ကိုလည်း ယခုအချိန်၌ ဂျပန်များ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်နေပြီဖြစ်၍ မကြာမီ ဂျပန်များ သိမ်းပိုက်မိမည်ဖြစ်ကြောင်း ရေးထားသည်။

ဗန္ဓုလဂျာနယ် မျက်နှာဖုံးတွင်မူ တရုတ်ပြည် အရှေ့တောင်ပိုင်း ဟိုင်နန်ကျွန်းအပါအဝင် အမွိုင်မြို့၊ ကန်တုံမြို့ တည်နေရာ အနေအထားမြေပုံကို ၂၂–၁–၇၄ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာပါ ပုံအတိုင်း ဖော်ပြထားသည်။ ထို့အပြင် ကန်တုံမှ ကုန်းလမ်းအတိုင်း ယူနန်ပြည် ချုံကင်းသို့ ဆက်သွယ်ထားသော လမ်းကြောင်းကိုလည်း ရေးဆွဲဖော်ပြထားသည်။ ဂျာနယ်၏ အာဘော်သတင်းဝေဖန်ချက်တွင် "အမွိုင်ဂျပန်လက်ဝယ် ရောက်ရှိသဖြင့် တရုတ်ဗမာ လမ်းမကြီးကို စိုးရိမ်ရပြီ" ဟု ရေးသားဖော်ပြထားသည်။

ဂျာနယ်၏လက်ယာဘက်ထောင့်မှာမူ ဂဠုန်ငှက်ခေါင်းစွပ်ထားသော ဦးစောသည် သူနာပြုဆရာမအဝတ်ကို ဝတ်ကာ ကြက်ခြေနီဆေးသေတ္တာကို ကိုင်ပြီး ရှေ့တွင် ဒဏ်ရာပြင်းထန်စွာဖြင့် လဲနေသော လင်းတဦးဘေးအား "ရှင့်ဒဏ်ရာတွေက ပြင်းလွန်းလို့ ကျွန်မတော့ မထူနိုင်တော့ဘူး" ဟု ပြောနေသော ရုပ်ပြောင်ကို ကာတွန်းဦးဟိန်စွန်းက ရေးဆွဲသရော်ထားသည်။ ထိုအချိန်က မျိုးချစ်ပါတီခေါင်းဆောင် နန်းရင်းဝန် ဦးစော ခေါင်းဆောင်သည့် အစိုးရဖွဲ့ပြီးစဖြစ်သည်။

သခင်အောင်ဆန်းသည် သတင်းစာ၊ ဂျာနယ်များ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လှန်မြောက်လှန် ကြည့်ရှုပြီးနောက် ကျွန်တော်တို့ အရပ်မှ အခြေအနေလှုပ်ရှားမှုများကို မေးသည်။ ကျွန်တော်တို့ကလည်း မျိုးချစ်လူငယ်များနှင့် ကျောင်းသားများကို စည်းရုံးသိမ်းသွင်းကာ အင်္ဂလိပ်မုန်းတီးရေးနှင့် ကိုလိုနီစနစ်တိုက်ဖျက်ရေး၊ ကျွန်ဘဝလွတ်မြောက်ရေး အရေးများပေါကာ နဂါးနီစာအုပ်များ ဖတ်ရှုလေ့လာနေကြောင်းကို ပြောပြပါသည်။

သခင်အောင်ဆန်းက "အရေးတော်ပုံကြီး နီးကပ်လာပြီဖြစ်၍ မကြာမီ ဆင်နွှဲရတော့မည်ဖြစ်သည်။ ယခုအချိန်၌ နှစ်ခြမ်းကွဲနေသော တို့ဗမာအစည်းအရုံးမှ သခင်များ(နှစ်ခြမ်းကွဲ တို့ဗမာမှာ သခင်ဗစိန်အဖွဲ့နှင့် သခင်ကိုယ်တော်မှိုင်းအဖွဲ့) ပြည်သူ့အရေးတော်ပုံပါတီ (ဖဆပလခေတ်၊ ဆိုရှယ်လစ်ပါတီ) ဆင်းရဲသားအဖွဲ့ (ဒေါက်တာ ဘမော် ခေါင်းဆောင်သည့် ဓားမပါတီ)များ ပူးပေါင်းကာ ဗမာ့ထွက်ရပ်ဂိုဏ်းအဖွဲ့ ဖွဲ့စည်းပြီး ဥရောပတွင် အင်္ဂလိပ်များ စစ်မီးဝိုင်းနေစဉ် ဗမာပြည်မှ အရှိုက်ကို ထိုးရတော့မည်။ ထို့ကြောင့် ယခုအချိန်ကစ၍ မိမိတို့ မြို့ရွာတွင် မီးနှင့် ခိုးသား ဓားပြကို အကြောင်းပြုပြီး ဗမာ့လက်ရုံးတပ်များဖွဲ့ကာ စစ်ပညာများ တိတ်တဆိတ် သို့ဝှက်စွာ သင်ရမည်ဖြစ်ကြောင်း၊ မြို့ကြီးများတွင် မျိုးချစ်ပါတီက ဂဠုန်တပ်များဖွဲ့ကာ သခင်များနှင့် အမြဲညှိနေကြောင်းများကို အကျယ်တဝင့် ပြောပြသဖြင့် ကျွန်တော်တို့မှာ ငြိမ်သက်စွာ နားထောင်နေမိပါ၏။

"စစ်ပညာဆိုတာက ဘယ်သူ့ကို သင်ခိုင်းရမှာလဲ"

ကျွန်တော်က မသိရောင့်ရဲဖြင့် မေးလိုက်သောအခါ သခင်အောင်ဆန်းက ခပ်ယဲ့ယဲ့ကလေးပြုံးကာ "စစ်ပညာဆိုတော့ မတတ်ကြဘူးပေါ့။ တတ်တဲ့လူဆီမှာ သင်၊ ဘယ်သူဆီမှာ သင်ရမလဲဆိုတော့ ခင်ဗျားတို့အရပ်မှာ ပထမကမ္ဘာစစ်တုန်းက လိုက်သွားတဲ့ ဗမာစစ်ပြန်ကြီးတွေ မရှိဘူးလား ... ရှိရင် သူတို့ကို စည်းရုံးသိမ်းသွင်းပြီး တပ်သင်ပေါ့"ဟု ပွင့်လင်းစွာ ရှင်းပြသည်။

သခင်ကျော်ရကလည်း အင်္ဂလိပ်များကို အိုင်ယာလန် ဆင်ဖိန်းအဖွဲ့၏ လုပ်ရပ်အတိုင်း ချောင်းမြောင်းပစ်ခတ်သတ်ဖြတ်လိုကြောင်း ပြောပြသောအခါ သခင်အောင်ဆန်းက ဒီလိုသတ်ဖြတ်မှုမျိုး ယခုအချိန်၌ မလုပ်သင့်ကြောင်း၊ အင်္ဂလိပ်တစ်ယောက် သေရုံမျှဖြင့် တစ်ဖွဲ့လုံး မပျက်စီးနိုင်ကြောင်းကို ရှင်းပြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ထိုအချိန်အခါကပင် ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်မှုများ ဝါသနာ မပါကြောင်းမှာ ထင်ရှားလှတော့၏။

သို့ဖြင့် သခင်အောင်ဆန်းက မိမိတို့ရပ်ရွာရောက်လျှင် ဗမာ့လက်ရုံးတပ်များ ဖွဲ့စည်းပြီး ဗမာ့ထွက်ရပ်ဂိုဏ်း တည်ထောင်လှုပ်ရှားရန် အသေးစိတ် ညွှန်ကြားပြီးနောက် တရုတ်-ဗမာ လမ်းမကြီးအကြောင်းကို မေးသည်။ ကျွန်တော်က ဗန်းမော်မှ တရုတ်ပြည် ဝမ်တိမ်အထိ ဓာတ်ဆီပို့သောကားဖြင့် လိုက်ဖူးကြောင်း၊ မြန်မာ့နယ်စပ်အလွန် တရုတ်ပိုင်နယ်မြေသို့ ရောက်သောအခါ ချန်ကေရှိတ် စစ်သားများ ရမ်းကားသဖြင့် တရုတ်ပြည် ဝမ်တိမ်တွင် ဗမာကားသမားများအဖို့ အတော်ပင် အနေအထိုင် အသွားအလာ ခက်ကြောင်းကို ပြောပြမိသည်။

ဤတွင် သခင်အောင်ဆန်းက ဂျာနယ်တွင်ပါသော တရုတ်ပြည်မြေပုံကို စူးစိုက်ကြည့်ပြီး "ဝမ်တိမ်က ကူမင်းကို ဗမာကားတွေ ဓာတ်ဆီသွားပို့သလား" ဟုမေးရာ ကျွန်တော်က ဗမာလက်ရွေးစင် ဒရိုင်ဘာတွေကို တရုတ်ဒရိုင်ဘာ စစ်သားများနှင့် ပူးတွဲပို့ရကြောင်း ပြောလျှင် သခင်အောင်ဆန်းက "ခင်ဗျားတို့ အဆက်အသွယ်နဲ့ ကျုပ် တရုတ်ပြည်ထဲ ဝင်ချင်တယ်၊ ဖြစ်နိုင်ပါ့မလား" ဟု ရုတ်တရက် မေးလိုက်သည်။

သခင်အောင်ဆန်း၏ အမေးကြောင့် သခင်ကျော်ရမှာ ကြောင်ငေးငေးဖြစ်နေသည်။

"ကျုပ် ... ခင်ဗျားတို့ပြောတဲ့ ဝမ်တိမ် ရောက်ရင်တော်ပြီ"

သခင်အောင်ဆန်းက ဗန္ဓုလဂျာနယ်တွင်ပါသော တရုတ်ပြည်မြေပုံကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြောပြန်သည်။ ကျွန်တော့်အနေဖြင့် သခင်အောင်ဆန်းသည် အဘယ်ကြောင့် တရုတ်ပြည်သို့ အရေးတကြီး သွားလိုသနည်း။ ယခု ဗမာပြည်တွင် ဖွဲ့စည်းထားသော ဗမာ့ထွက်ရပ်ဂိုဏ်းနှင့် တရုတ် မည်သို့များ ဆက်သွယ်မည်နည်းဟု သခင်အောင်ဆန်း၏ ထွက်ရပ်လမ်းအတွက် နိုင်ငံရေးသဘောတရားကို မသိတတ်၊ နားမလည်သူပီပီ ရှည်ရှည်ဝေးဝေး စဉ်းစားနေမိသည်။ အတန်ကြာ ငြိမ်သက်နေကြပြီးမှ "သခင်အောင်ဆန်းအနေနဲ့ သွားဖို့က

www.burmeseclassic.com

www.burmeseclassic.com



သိပ် မလွယ်ဘူးထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အရပ်က ဖရန့်တီယာအက် ဆိုတဲ့ နယ်ခြားဥပဒေရှိတယ်။ မသင်္ကာလျှင် ချက်ချင်း ဖမ်းချုပ်ပြီး ချက်ချင်း နယ်နှင်နိုင်သဗျ။ ပြီးတော့ ကျွန်တော်တို့ကိုလည်း အစိုးရကို အကြည်ညိုပျက်အောင် လှုံ့ဆော်သူတွေဆိုပြီး ဂတ်မှာ နာမည်ပျက်စာရင်းသွင်းထားပြီး ကျွန်တော်တို့နောက်ကို စုံထောက်က တစေ့တစောင်း အမြဲလိုက်နေတာဗျ။ အဲဒီတော့ သခင်အောင်ဆန်းနဲ့ ကျွန်တော်တို့တွဲပြီး ဗန်းမော်ကို ရောက်မယ်ဆိုရင်တော့ တရုတ်ပြည်မရောက်ဘဲ အဆွဲခံရမှာ သေချာတယ်ဗျ။ ဗန်းမော်က တရုတ်ပြည်ကို ခာတ်ဆီ ပို့တဲ့ ကားသမားတွေကတော့ ကျွန်တော်တို့နဲ့ အဖွဲ့ကျပါတယ်။ တစ်ကားကားနဲ့တော့ ပြေလည်အောင်ပြောပြီး လိုက်ရမှာတော့ သေချာပါတယ်။ အခု ကျွန်တော် ပြောသလို စုံထောက်စက်ကွင်းက မလွတ်မှာဘဲ စိုးရိမ်ပါတယ်"

ကျွန်တော်က နယ်ခြားတွင် နိုင်ငံရေးသမားများ သွားလာမှု မလွယ်ကူကြောင်း တင်ပြသည်တွင် သခင်အောင်ဆန်းက ခပ်ယဲ့ယဲ့ပြုံးပြီး "ခင်ဗျားကလည်း အိုင်ယာလန်ဆင်ဖိန်းကို သဘောကျတယ်လဲဆိုရဲ့၊ ဆင်ဖိန်းလိုမှ မကျင့်သုံးတတ်ဘဲ" ဟုပြောပြီး ဆယ်သန်း သတင်းစာကို လှန်နေပြန်သည်။

"သခင်နုတို့တောင်မှ တရုတ်ပြည်ကို လေယာဉ်ပျံနဲ့သွားလို့အပြန်မှာ ဂန္ဓာလရာဇ်စာအုပ်တွေ ဘာတွေတောင် ရေးပြီးလို့ ထွက်လာပြီ၊ သခင်အောင်ဆန်းလည်း သူတို့လို လေယာဉ်ပျံနဲ့သွားပေါ့"

ကျွန်တော်က မသိရောင့်ရဲ့စွာဖြင့် အကြံပေးလိုက်ရာ သခင်အောင်ဆန်းက ဆတ်ခနဲ ခေါင်းကိုမော့ပြီး "သူတို့သွားတာကတစ်မျိုး၊ ကျုပ်က တစ်မျိုးပဲ။ သွားတာချင်းတူပေမဲ့ အလုပ်ချင်းက မတူကြဘဲ" သခင်အောင်ဆန်းက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။ အမှန်အားဖြင့် သခင်အောင်ဆန်းသည် တရုတ်ပြည်သို့ နေ့ချင်း၊ ညချင်း ထသွားလိုစိတ် အတော်ပြင်းပြဟန်တူသည်။

"အဲလေ ... သခင်အောင်ဆန်းအနေနဲ့ တကယ့်တကယ်သွားချင်တဲ့ဆန္ဒရှိရင် တစ်မျိုးတစ်ဖုံကြံစည်ပြီး သွားကြတာပေါ့။ ကျွန်တော်တို့ပါ လိုက်မယ်ဗျာ" သခင်ကျော်ရက စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သောအခါ သခင်အောင်ဆန်းမှာ လမ်းမဘက်သို့ စိုက်ကြည့်ပြီး တွေဝေနေသည်။ အတန်ကြာမှ သခင်အောင်ဆန်းသည် သက်ပြင်းတစ်ချက်ချပြီး "အင်း ... ကျုပ်တို့ထွက်ရပ်ဂိုဏ်းက ဗမာ့ထွက်ရပ်လမ်းဆိုတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ အနေးနဲ့အမြန် စီစဉ်ရမှာပဲလေ။ ခင်ဗျားတို့လည်း အရပ်ကိုရောက်သွားရင် ကျုပ်ပြောသလို လက်ရုံးတပ်တွေ ဖွဲ့ကြပါ။ လူငယ်တွေကိုလည်း စည်းရုံးထားပေါ့။ ကျုပ် ရန်ကုန်ရောက်မှ လုပ်ရပ်ကို အကြောင်းကြားမယ်။ တက်ဘုန်းကြီး သိန်းဖေ (သိန်းဖေမြင့်)လည်း ဗန်းမော်ကို လာလိမ့်မယ်။ ဘယ်တော့လာမယ်တော့ မပြောနိုင်ဘူး။ သတင်းလေးဘာလေး နားထောင်ပြီး သွားတွေ့ကြပေါ့" ဟု သခင်အောင်ဆန်းက ဗမာ့ထွက်ရပ်လမ်းအတွက် ခပ်တိုတိုပင် ပြောပြီးနောက် ဂျာမနီနာဇီများ စစ်ရေးအရ ဥရောပ၌ ဝင့်ကြွားပုံကို ပြောပြပြီး တရုတ်ဗမာလမ်းမကြီးအကြောင်းကို ကျွန်တော်တို့နှင့် မေးမြန်း ဆွေးနွေးပြီး တော်တော်ကလေးမှောင်မှ လူချင်းခွဲကြပါတော့သည်။

အမှန်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့ထွက်ရပ်လမ်းအတွက် တရုတ်ပြည်သို့သွားရန် ကျွန်တော်တို့ နယ်ခြားမြေမှ ထွက်ခွာရန် ပထမစီစဉ်စိတ်ကူးခြင်းဖြစ်သည်။ မအောင်မြင်ချေ။ တရုတ်ပြည် အမွိုင်မြို့သို့ ပင်လယ်ကူးသင်္ဘောဖြင့် ရုပ်ဖျက်ကာ ဗမာ့လွတ်လပ်ရေးအတွက် အောင်မြင်စွာ ထွက်ခွာသွားခြင်းသည် ဒုတိယအကြိမ် အဆက်အသွယ်ကောင်းများဖြင့် ထွက်ခွာသွားခြင်းဖြစ်သည်ဟု ထင်မြင်မိပါသတည်း။

ဤသည်ကား ... ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့လွတ်လပ်ရေးဆောင်ရွက်ချက်သမိုင်းတွင် မထင်မရှား လူမသိဘဲ ထင်ကျန်ရစ်သော ဖြစ်ရပ်ကလေးတစ်ရပ်ဖြစ်ပါသည်။ ။

မြဝတီ၊ အတွဲ ၂၂၊ အမှတ် ၉ (ဇူလိုင်-၁၉၇၄)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်ခဲ့သော လယ်သမားအရေးတော်ပုံကြီး

## ပြည်သူ့ကြယ်

ဒုတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားညီလာခံကြီးကို ၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလ ၁၃–၁၄ ရက်နေ့များ၌ တောင်ငူမြို့ နေရှင်နယ်ကျောင်းဆောင်ကြီးမြေကွက်လပ်တွင် ဆောက်လုပ် ပြင်ဆင်ထားသော မဏ္ဍပ်ကြီးအတွင်း၌ ကျင်းပသည်။ ညီလာခံသို့ တောင်သူလယ်သမားမြောက်မြားစွာတို့သည် ခြေလျင်ခရီးဖြင့်လည်းကောင်း၊ မီးရထား၊ မော်တော်ကား၊ နွားလှည်းယာဉ်များဖြင့်လည်းကောင်း တက်ရောက်လာကြသည်။

ဆန်းတပင်မြို့နယ်မှ တောင်သူလယ်သမားအစည်းအရုံးဥက္ကဋ္ဌ၊ သခင်ထွန်းမြိုင်၊ တွဲဖက်ဥက္ကဋ္ဌ သခင်[illegible] အတွင်းရေးမှူး သခင်ဘဟိန်း၊ တွဲဖက်အတွင်းရေးမှူး သခင်ချစ်စိန်၊ သခင်ချန်ထွန်း၊ သခင်တင်မြ၊ သခင်လှမောင်၊ သခင်လှစိန်တို့ ခေါင်းဆောင်သော တောင်သူလယ်သမား ၃၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရေတာရှည်မြို့နယ် တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင်၍ တောင်သူလယ်သမားတစ်ထောင်ကျော်တို့သည် ခြေလျင်ခရီးဖြင့် တက်ရောက်သည်။ ဇေယျဝတီ အိန္ဒိယအမျိုးသား ၁၀၀၀ တို့လည်း တက်ရောက်သည်။ ဒေါ်ရီ တာဝန်ယူဦးဆောင်သော အမျိုးသမီး ၂၀၀၀ ကျော်တို့လည်း တက်ရောက်သည်။ မြို့နယ်တိုင်းမှ တောင်သူလယ်သမားများ တက်ရောက်သည်။ ညီလာခံကြီးအောင်မြင်ရေးအတွက် ဒေါ်ရီ၊ ဒေါ်ငွေးငွေး၊ ဒေါ်ညွန့်ညွန့်၊ ဒေါ်မြညွန့်၊ ဒေါ်သန်း၊ ဒေါ်ခင်ခင်၊ ဒေါ်ဖွားသင်၊ ဒေါ်ရှင် (သခင်လှမြိုင်၏မိခင်)၊ မအုန်းတင် (သခင်လှမြိုင်၏အစ်မ)၊ သခင်အောင်၏ဇနီး ရေတာရှည်မြို့မှ ဒေါ်စိန်ရင်၊ ဒေါ်ခင်မေ၊ ဒေါ်ခင်ရွှေ စသော အမျိုးသမီးကြီးများသည် ညီလာခံကြီး အောင်မြင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြသည်။

သခင်ဗညွန့်ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များက ညီလာခံကိုယ်စားလှယ်များ ကျွေးမွေးရေးအတွက် ထမင်းထုပ်များ ကောက်ခံစုဆောင်း၍ သယ်ပိုးပေးကြသည်။ ညီလာခံသို့ ဗမာတစ်နိုင်ငံလုံးမှ ကိုယ်စားလှယ် ၃၀၀ ကျော်နှင့် လေ့လာသူ တောင်သူလယ်သမားကြီး တစ်သောင်းကျော်တို့ တက်ရောက်ကြသည်။ ညီလာခံ ကျင်းပနေသည့် ကာလတစ်လျှောက်လုံးတွင် စိန်ပွန်းသူနာပြုတပ်၊ အမျိုးသားသူနာပြုတပ်၊ မီးသတ်အဖွဲ့၊ ရဲတပ် ဗမာလက်ရုံးတပ်များက စောင့်ရှောက်အကူအညီပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗမာ့လက်ရုံးတပ်၊ ရဲတပ်များက ထမင်းထုပ်များ ကောက်ခံပေးပို့ရာ မြို့လူထုကြီးသည် ညီလာခံသို့ တက်ရောက်လာသော လူထုကြီးတစ်ရပ်လုံးအတွက် လုံလောက်စွာ ထမင်းထုပ်များဖြင့် ကူညီအားပေးကြသည်။ ညီလာခံမဏ္ဍာပ်အနီးတွင် ပုလိပ်အရာရှိများ၊ စစ်ပုလိပ်များ ကြိုတင်၍ ရွက်ထည်တဲများထိုးကာ နေ့ရောညပါ ညီလာခံအား စောင့်ကြည့်အကဲခတ်နေကြသည်။ ညီလာခံသို့ တက်ရောက်သောလူထုအား ခြိမ်းခြောက်နေသည့် သဘောပင်ဖြစ်သည်။

ညီလာခံသို့ ဗဟို တို့ဗမာအစည်းအရုံးမှ တက်ရောက်လာကြသော ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ သခင်တင်၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)၊ သခင်လှမောင် စသော ခေါင်းဆောင်ကြီးများသည် ညီလာခံမဏ္ဍာပ်သို့ ရောက်ရှိလာသောအခါ ညီလာခံကိုယ်စားလှယ်များအားလုံးက ရပ်၍ တို့ဗမာဟု ကြွေးကြော် နှုတ်ဆက်ကြသည်မှာ တစ်ခဲနက် ဆူညံသွားတော့သည်။

ခေါင်းဆောင်ကြီးများအား အထက်တန်းလွှာ သားသမီးများက အမိအဘများ၏ဆန္ဒနှင့် ဆန့်ကျင်၍ ပန်းစည်းများ ဆက်ကာ ဂုဏ်ပြုကြသည်။ ညီလာခံမဏ္ဍာပ်ကြီးတစ်ခုလုံးသည် တို့ဗမာ သုံးရောင်ခြယ် တူတံစဉ်အလံများ လွှင့်ထူထားသည်။ ရဲရဲတောက်နေသည့် ညီလာခံကြီးကို ၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ ၁၂ နာရီအချိန် စတင်၍ တို့ဗမာသီချင်းကို သီဆိုဖွင့်လှစ်သည်။ ဧည့်ခံအဖွဲ့ဥက္ကဋ္ဌသခင်ဝင်းစူ "တောင်ငူ မြူနီစီပါယ်အဖွဲ့ဥက္ကဋ္ဌ" က နှုတ်ဆက်မိန့်ခွန်းပြောကြားသည်။ သခင်ဝင်းစူး၏ မိန့်ခွန်းအစအဆုံးကို သခင်ကြွယ် တောင်ငူက ဖတ်ကြားတင်ပြသည် ညီလာခံ ကိုယ်စားလှယ်စာရင်းကို ကြေညာသည်။

ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးကြီး၏ နာယက ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မိန့်ခွန်းပြောရန် ထလိုက်သည်နှင့်တစ်ပြိုင်နက် ညီလာခံကိုယ်စားလှယ်များ၊ လေ့လာသူများ၊ လူထုများက ဩဘာလက်ခုပ်ပေး၍ တို့ဗမာဟု ကြွေးကြော်ကာ ကောင်းချီးပေးကြသည်မှာ ညီလာခံကြီးတစ်ခုလုံး ဟိန်းသွားသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဆက်လက်မိန့်ခွန်း ပြောကြားသည်။ ညီလာခံဥက္ကဋ္ဌအဖြစ် သခင်မြ၊ အတွင်းရေးမှူးအဖြစ် သခင် ခင်အောင် (သာယာဝတီ)တို့က ဆောင်ရွက်သည်။ ညီလာခံမှ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ကြလေတော့သည်။

၁။ လယ်သီးစားများအပေါ်၌ မကျေကျန်ရှိသော လယ်သီးစားခများကို လျှော်ပစ်ရန်။

၂။ လယ်သီးစားများ ချေးယူသော လယ်ကစိပတ် ကြွေးများကို တစ်ကြိမ်တည်း အပြေမပေးနိုင်သူများအား အရစ်ကျဆပ်ပေးခွင့်ပြုရန်။

၃။ လယ် သီးစားခဥပဒနှင့်အညီ လယ်သီးစားခများပေးကြရန်။

၄။ လယ်ယာလက်မဲ့များကို အစိုးရက မြေရိုင်းများနှင့် အချို့သော ကြိုးဝိုင်းများတွင် လယ်လုပ်နိုင်သည့် မြေလွတ်များကို တီထွင်တိုးချဲ့ပိုင်ခွင့်ပြုရန်။

၅။ လယ်လုပ်သားများ၊ လယ်ကူလီများက ချေးယူထားသော စပါးတိုး၊ ငွေတိုးများကို သင့်တင့် လျှော့ပေါ့ပတ်၍ မျှတသော အတိုးနှုန်းများ ထားရှိရန်။

၆။ လယ် သီးစားခ မကျေသော်လည်း လယ်သမား အလုပ်လက်မဲ့ပြဿနာကို ထောက်ထားသောအားဖြင့် လက်ငုတ်လယ်ကို စနစ်သစ်တစ်ခုတီထွင်၍ ပြန်လည်ချထားရန်။

၇။ လယ်လုပ်စားသူ မဟုတ်သော သူတို့ထံမှ လယ်ယာများကို အစိုးရက သိမ်းယူပြီး နောက် တကယ် လယ်လုပ် စားသူများအား အဖိုးအခမရှိ အလကား ဝေငှပေးရန်စသော ဆုံးဖြတ်ချက်များကို ချမှတ်ကြလေတော့သည်။

သခင်ဖေသိန်း

× × ×

ထိုအချိန်မှာ မြန်မာပြည်သည် အင်္ဂလိပ်လက်အောက်ခံဘဝနှင့် နေရစဉ် လွတ်လပ်သော လူမျိုးမဟုတ်သဖြင့် ယခုအခါကဲ့သို့ တောင်သူလယ်သမားနေ့ဟူသော

www.burmeseclassic.com

www.burmeseclassic.com



နေ့ရက်မျိုးမရှိခဲ့သော်လည်း မြန်မာတောင်သူလယ်သမားကြီးများသည် အုပ်စိုးသူ အင်္ဂလိပ်လူမျိုးများ မျက်လုံးချောက်ဆန်ပြူး၍ အထိတ်တလန့်ဖြစ်အောင် ပြည်လုံးကျွတ်တောင်သူလယ်သမားညီလာခံကြီးများကို ပြောင်မြောက်သော သတ္တိများဖြင့် ပြုလုပ်နိုင်ခဲ့ကြသည်မှာ အံ့သြချီးမွမ်းဖွယ်ရာ သမိုင်းဝင်စွန့်စားမှုလုပ်ရပ်ကြီးများ ဖြစ်လေသည်။ ။

ပြည်သူ့ကြယ်၊ အမှတ် ၁၆ (၁-၃-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# အိမ်နိမ့်စံ ကိုအောင်ဆန်း

## မြကေတု

စစ်ပြီး တက္ကသိုလ်သို့ ကျွန်တော် ခြေဦး မလှည့်နိုင်ခဲ့သည်မှာ အတော်ကြာမြင့်လှပါပြီ။ ဤတစ်ကြိမ်တွင်ကား တက္ကသိုလ်အဆောက်အဦများရှိရာဘက်သို့ မလှည့်လျှင် မဖြစ်သလောက် အလုပ်ကိစ္စတစ်ခုပေါ်ပေါက်လာသဖြင့် နဂါး ဘတ်စ်ကားကြီး၏ ပို့ဆောင်ရာသို့ ကျွန်တော် လိုက်ခဲ့ပါသည်။ သထုံကျောင်းဆောင်ရှေ့ရှိလမ်းမှ ဗဟိုကျောင်းဆောင်များရှိရာသို့ ကျွန်တော်တစ်လှမ်းချင်း ဝင်လာခဲ့ရာ (၁၀)နှစ်ပတ်လုံး ကျွန်တော် မခွဲမခွာ နေလာခဲ့ဖူးသည့် သထုံကျောင်းဆောင်ကြီးမှာ မားမားမတ်မတ် ကျွန်တော့်အား ဆီးကြိုနှုတ်ဆက်နေသည့်အယောင် ထင်ရပါတော့သည်။ စင်စစ်အားဖြင့် “စစ်ရှေ့–တက္ကသိုလ်” နှင့် “စစ်နောင်း–တက္ကသိုလ်” တို့မှာ အတော်ပင် ကွာခြားနေသည်ကို တွေ့ရပါသည်။ သထုံကျောင်းဆောင် နာမည်ကို စာလုံးဖြူကြီးဖြင့် ကင်ပွန်းတပ်ထားသည်ကိုလည်း တွေ့ရပါသည်။

သထုံကျောင်းဆောင်ရှေ့တွင် ကျွန်တော်သည် မည်မျှကြာအောင် တွေဝေငေးမောနေမိသည်မသိ၊ ရှေးဖြစ်ဟောင်းတို့သည် အောက်မေ့ဖွယ်ကြီးပင် မျက်စိရှေ့၌ ပေါ်လာကြတော့သည်။ ယခင် (၁၅)နှစ်လောက်က ဤသထုံကျောင်းဆောင်သည် ဂျူနီနာမည်ကိုခံယူလျက် “ဂျူနီကျောင်းဆောင်” ဟူ၍လည်းကောင်း၊ သထုံ “ဂျူနီ”ဟူ၍လည်းကောင်း၊ တက္ကသိုလ် နယ်တစ်ဝိုက်တွင် ထူးချွန်စွာ ပေါ်ထွက်လာခဲ့သည်။ သထုံကျောင်းဆောင်မှ ထုတ်ဝေသည့် မဂ္ဂဇင်းကိုလည်း “သထုံလက်သီး” ဟူ၍ အမည်ပေးကာ တက္ကသိုလ် အနီးအဝေးတွင် သတင်းမွှေးခဲ့သည်မဟုတ်ပါလော။ ဘောလုံးပွဲများတွင်လည်း သထုံသည် ဗိုလ်စွဲခဲ့ရာ နှစ်စဉ်နှစ်တိုင်းလိုပင် ပြည်ကျောင်းဆောင်နှင့် သထုံကျောင်းဆောင်တို့သည် ဗိုလ်လုပွဲ ကျင်းပကြရလေတော့သည်။ ပြည်ကျောင်းဆောင်ကလည်း “မြွေ” ဟူသော အတိတ်နိမိတ်ကို ယူ၍ နဂါးဟူသော အောင်သံဖြင့် “ဂျူနီသထုံ” ကို နိုင်အောင်ချမည်ဟူ၍ ကြိမ်းဝါးခဲ့ကြပေရာ ကျောင်းဆောင်အချင်းချင်း ဗိုလ်လုပွဲတိုင်းလိုပင် သထုံနှင့် ပြည်သည် ရန်ပွဲမဖြစ်ရဘဲ မည်သည့်အခါမျှ အဆုံးမသတ်နိုင်ခဲ့ကြပေ။ ပြည်ကျောင်းဆောင်မှူး ဆရာခြူးမှာလည်း ဒူးပင်နာသော်လည်း ထော့နဲ့ထော့နဲ့နှင့်ပင် ကျောင်းသားများကို အုပ်ထိန်းနိုင်ရန် ကွင်းထဲသို့ ဆင်းရသည်။ သထုံကျောင်းဆောင်မှူး ဆရာ ဦးကာစင်မှာလည်း “ဂျူနီ” များကို ထိန်းမရမှာစိုးသဖြင့် ကွင်းထဲသို့ အစောကြီး ရောက်နေရရှာတော့သည်။

www.burmeseclassic.com



ကျွန်တော်သည် သထုံကျောင်းဆောင်ရှေ့တွင် မည်မျှကြာအောင် ရပ်နေမိသည်မသိ။ ကျွန်တော် သတိရသောအခါတွင်မူကား ကျွန်တော်၏ခြေထောက်များသည် ကျောင်းဆောင်လှေကားသို့ တဖြည်းဖြည်းတက်နေမိသည်ကိုသာ တွေ့ရတော့သည်။ ရှေးဖြစ်ဟောင်းသည် အောက်မေ့ဖွယ်ပင် စိတ်မျက်စိ၌ ထင်မြင်လာပြန်ပါသည်။ ယခင် (၁၅)နှစ် (၂၀)နှစ်ခန့်က ဤ သထုံကျောင်းဆောင်တွင် လူပေါင်းစုံဝင်လာနေထိုင်ခဲ့ဖူးသည်။ လူငယ် လူတောများပေါ်သလောက် လူလိမ္မာများကိုလည်း နှင့်ဒေး မွေးပေးခဲ့သည်မဟုတ်ပါလော။ အိုင်စီအက်အောင်ပန်းကို ဆွတ်လှမ်းခဲ့သူများအနက် သထုံကျောင်းဆောင်မှ ဦးစိန်တင်၊ ဦးဘတင့် စသော ပုဂ္ဂိုလ်ကြီးတို့သည်လည်း(၁၀)ယောက်ထက်နည်းမည်မဟုတ်။ ယခင်ယခု ဤပုဂ္ဂိုလ်ကြီးတို့၏ ဓာတ်ပုံများကို သထုံဆောင်သဟာယနှင့် စာဖတ်အသင်းက အောက်ထပ်ရှိ စာဖတ်ခန်းတွင် ချိတ်ဆွဲထားကြသည်။ စစ်ဘေး စစ်ဒဏ်ကြောင့် ဤဓာတ်ပုံကြီးတို့သည်လည်း ပျက်စီးယိုယွင်းကြလေကုန်ပြီ။ ထိုပုဂ္ဂိုလ်များတွင်မက ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ကွယ်လွန်သူ ကိုဘဟိန်း၊ ကိုသိန်းမောင်တို့သည်လည်း ဤကျောင်းဆောင်သားများပင်။ ဗိုလ်ရန်နိုင်၊ ဗိုလ်ဇေယျတို့သည်လည်း ဤကျောင်းဆောင်သားများပင် ဖြစ်တော့သည်။

စာရေးဆရာများထဲမှာလည်း ညိုမြနှင့်သိုးမှာ ဤကျောင်းဆောင်ထွက်ပင်ဖြစ်၍ မြကေတု၊ မိုးနက်၊ မောင်ထင်၊ ကုသ၊ ဇော်ဂျီတို့မှာလည်း ဤသထုံကျောင်းဆောင်သားများပင် ဖြစ်တော့သည်။ ညိုမြနှင့်သိုးသည် ပေါ့တိုကိုခဲ၍ "နှင်းကြာညို" နှစ်ပြားတန်ဝတ္ထုကို ရေးသည်မှာလည်း ဤ သထုံကျောင်းဆောင်ပင် မဟုတ်ပါလော။ ဤမျှလောက် လူစုံပေါက်ဖွားပေးသော သထုံကျောင်းဆောင်အား ကျွန်တော်သည် မေ့နိုင်ပါတော့အံ့လော။

ရှေးဖြစ်ဟောင်းကို အောက်မေ့ရင်းပင် ကျွန်ုပ်သည် အပေါ်ဆုံးအထပ်သို့ ရောက်ရှိလာတော့သည်။ ဤကျောင်းဆောင်၌ပင်လျှင် ကျွန်ုပ်သည် နည်းပြဆရာကလေးအဖြစ်ဖြင့် (၃)နှစ်၊ ဒုတိယအဆောင်မှူးအဖြစ်ဖြင့် (၄)နှစ် အုပ်ချုပ်ခဲ့ဖူးလေသည်။ ကျွန်ုပ် အဆောင်မှူးဖြစ်သည့်နှစ် ၁၉၃၆ ခုနှစ်၊ ဇွန်လကစ၍ ဖြစ်ပါသည်။ ကျွန်ုပ်၏အပေါ်တွင်ကား အဆောင်မှူးကြီးအဖြစ် ဆရာဦးကာစင်က အုပ်ချုပ်ပါသည်။

အဆောင်မှူးကလေးအဖြစ် လုပ်ကိုင်နေသော (၄) နှစ်တာအတွင်း ကျွန်ုပ်သည် အဆောင်မှူးကလေးတို့ ခံစားအပ်သော ဒုက္ခအမျိုးမျိုးကို ဒုနဲ့ဒေး တွေ့ခဲ့ပေသည်။ ကျွန်ုပ် အဆောင်မှူးလုပ်သည့်နေ့မှစ၍ပင် ကျောင်း၏ ပတ်ဝန်းကျင်၌ လူပ်ရှားမှုများ အနည်းနှင့်အများ ဖြစ်ပေါ်စ ပြုပါတော့သည်။ ကျောင်းသည် မကြာခဏ သပိတ်မှောက်ခဲ့သည်။ အတွင်းဝန်ရုံးသို့ ဝိုင်း၍လည်း ကျောင်းသားများ သွေးမြေကျခဲ့ရသည်။ ဗိုလ်အောင်ကျော်လည်း သေဆုံးခဲ့ရသည်။ အဆောင်မှူးကလေးအဖြစ် (၄)နှစ်တာ ကာလပတ်လုံး အထိတ်ထိတ် အလန့်လန့်နှင့်သာ အချိန် ကုန်လွန်ခဲ့ရတော့သည်။ ကျောင်းသားများ ဆူပူသပိတ်မှောက်ကြစဉ်ကလည်း သထုံကျောင်းဆောင်ကို ကျောင်းသားများ ဝိုင်း၍ အဆောင်မှူးကလေး၊ အဆောင်မှူးကြီးတို့၏ နာမည်များကို ထုတ်ဖော်ပြီး ဆဲကြသည်ကိုလည်း ခံခဲ့ရဖူးပြီ။ မှန်း၍ မဟုတ်၊ ပျော်လွန်း၍ဖြစ်ဟန်တူသည်။ တေပေသော ကျောင်းသားအပေါင်းတို့၏ အနှံ့အတာကို ခံခဲ့ရပြီး မူးလာသော ကျောင်းသားကိုလည်း ချော့၍ ရေချိုးပေးခဲ့ရသည်။ ဘိုင်ကျ၍ အိမ် မပြန်နိုင်သော ကျောင်းသားကိုလည်း ပြန်စရိတ်ပေးကာ ကျောင်းဆောင်မှ မောင်းထုတ်ခဲ့ရဖူးပြီ။

ဤမျှ မချမ်းသာသော သထုံကျောင်းဆောင်ကို ကျွန်ုပ်သည် ရှေးရှေးအခါက ဆုတောင်းဖက်ဖြစ်လေရော့သလားမသိ။ ရိုးမြေကျပေါင်းရန် သစ္စာဆိုလျက် မပစ်မခွာရက်နိုင်ဘဲ ပေပေတေတေနှင့်သာ အုပ်ချုပ်ခမရသော ကျောင်းဆောင်မှူးကလေး၏ဘဝ၌ အခမဲ့နေရခြင်းကိုပင် တင်းတိမ်ရောင့်ရဲလျက် သာယာသလိုလို ထင်မိယောင်မှားတော့သည်။

၁၉၄၀–၄၁ ခုနှစ်သည်ကား ကျောင်းဆောင်မှူးကလေးဖြစ်သော ကျွန်ုပ်အား အနီ သထုံကျောင်းဆောင်သည် ဒုက္ခအများဆုံး ပေးသောနှစ်ပင် ဖြစ်ပါတော့သည်။ အခန်းနံပါတ်(၈၂)တွင် နေသော ကိုထွန်းရှိန်(ယခု ဗိုလ်ရန်နိုင်)သည်လည်း ကျွန်ုပ်အား ပြုံးပြုံး ပြုံးပြုံးနှင့်ပင် ဒုက္ခပေးခဲ့သည်။ ကွယ်လွန်လေပြီးသော သခင်ဘဟိန်း

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း အခန်းနံပါတ် (၁၀၅)တွင်နေ၍ မကြာခဏ ပင် ကျွန်တော့အား ခေါင်းနားပန်းကြီးစေသည်။ မျက်လုံး မျက်ဆန်ပြူးစေသည်၊ ကျားဘမ်းပရုတ်ဆီနှင့် နယ်ရ အောင်လည်း ခေါင်းကိုက်စေသည်။ ဗိုလ်ဇေယျသည် လည်း ဤနည်းနှင်နှင်ပင်။ ကျောင်းသားဆိုးကလေးတွေ ဖြစ်၍ ဤရွှေကိုယ်တော်မြတ်ကလေးတစ်တွေကို ကျွန်ုပ် သည် မျက်ခြည်မပြတ်အောင် ကြည့်နေရတော့သည်။

သူတို့ ဒုက္ခပေးပုံကား သူတို့၏အိပ်ရာပေါ်တွင် ခေါင်းအုံးနှစ်လုံးကို အရှည်လိုက်ထား၊ စောင်ခြုံ၊ မီးဖွင့်၊ အတွင်းက ကလန့်ထိုး၍ (အခန်းတွင်း၌ အိပ်နေလေ ဟန်)နှစ်ကိုယ်ခွဲပြီးလျှင် မြို့ထဲသို့ တစ်ညလုံး ပြန်မလာ ဘဲ လစ်တတ်ကြသည်။ အလဟဿ လစ်သည်ကား မဟုတ်၊ ကျောင်းသား သမဂ္ဂလုပ်ငန်း၊ အစိုးရဆန့်ကျင် ရေးလုပ်ငန်းများကို တွင်ကျယ်အောင် လုပ်နေရခြင်း ကြောင့် သူတို့ တစ်ခါတစ်ရံ ကျောင်းဆောင်သို့ ပြန်၍ မအိပ်နိုင်ကြခြင်းဖြစ်သည်ကို ကျွန်တော် သိပါသည်။ သို့သော် အဆောင်မှူး၏ တာဝန်ကား ကြီးလှဘိတောင်း။ ဤကျောင်းသားများကို ဤသို့ နှစ်ကိုယ်ခွဲကာ လစ်နေ စေခြင်းဖြင့် နောင် အပြင်ဘက်၌ တစ်ခုခုဖြစ်လာသော် အဆောင်မှူးကလေးအပေါ်၌သာ အပြစ်သည် ပုံကျရ တော့မည်ပင်။

များမကြာမီ နှစ်ကိုယ်ခွဲဆရာ ရွှေကိုယ်တော်မြတ် တို့သည် တဖြည်းဖြည်း နယ်ချဲ့လာကြသည်။ နှစ်ကိုယ် ခွဲ၍ ရန်ကုန်မြို့တွင်းသို့သာ ထွက်သည်သာမက ဗမာ ပြည်အရပ်ရပ် အနှံ့အပြားသို့ ခြေစကြာလှည့်ကြသည်။ ည (၁၁)နာရီထိုး၍ မီးပိတ်ချိန်တွင်ကား ရွှေကိုယ်တော် မြတ်တို့၏ မိတ်ဆွေများက ကိုယ်တော်မြတ်တို့၏ အခန်း တံခါးများကို အပြင်မှ သော့ခတ်၍ ပါရမီဖြည့်ကြတော့ သည်။

အဆောင်မှူးကလေးဖြစ်သော အကျွန်ုပ်တို့အဖို့ ဤကဲ့သို့ ကျောင်းဆောင်စည်းကမ်းကို ဖောက်ဖျက်၍ ညစဉ်လိုပင် နှစ်ကိုယ်ခွဲကာ အလည် ကြူးကြသော ကိုဘဟိန်း၊ ကိုထွန်းရှိန်တို့၏အကြောင်းကို သိပါသော် လည်း နံနက် သူတို့ပြန်ရောက်လာကြသည့်အခါတွင် ကား မျက်နှာချိုသွေးကာ ပြုံးစိစိနှင့် လူလိမ္မာကလေး များသဏ္ဌာန် ပေါက်နေကြပြန်သဖြင့် ကျွန်ုပ်အဖို့ မသိ ချင်ဟန်ဆောင်နေရခြင်းက ပိုကောင်းလိမ့်မည်ဟူ၍ ထင် မိတော့သည်။

ဤရွှေကိုယ်တော်မြတ်တို့၏အကြောင်းကို အဆောင် မှူးကြီး ဆရာကာစင်က မကြာခဏ မေးမြန်းစုံစမ်းလေ့ ရှိရာ ကျွန်ုပ်ကပင် ကိုဘဟိန်းနှင့် ကိုထွန်းရှိန်တို့မှာ ယခု အခါ လူကောင်းကလေးဖြစ်နေတော့သဖြင့် အလည် မကြူးကြတော့ဘဲ ညစဉ်ညတိုင်း အခန်းတွင်းအောင်း၍ စာကျက်နေတတ်ကြောင်းတို့ကို ပြောပြသဖြင့် အဆောင် မှူးကြီးသည် အတော်ကျေနပ်နေပုံရပါသည်။

ထိုအချိန်အခါက ၁၉၄၀ ခုနှစ်အတွင်း ဖြစ်ဟန်တူ သည်။ ရေနံမြေအလုပ်သမားတို့သည် ချောက်မြို့ ရေနံ ချောင်းမြို့များတွင် ဘီအိုစီကုမ္ပဏီကို သပိတ်မှောက်ကာ ဗိုလ်အာဋ္ဌဝကကြီး ခေါင်းဆောင်၍ ရန်ကုန်မြို့အထိ ချီတက်လာကြသောအခါ ဖြစ်ပေသည်။ ထိုအချိန်အခါ တွင် သထုံကျောင်းဆောင်မှ ရွှေကိုယ်တော်မြတ်ကလေး နှစ်ဦးတို့သည် ဘယ်နေ့ ဘယ်ရက်က ရေနံမြေသို့ ရောက်သွားသည်ကို ကျွန်ုပ်လည်း မသိ၊ သတိလည်း မထား၊ သူတို့၏အခန်းများကိုကား ပိတ်မြဲပိတ်၊ အိပ်မြဲ အိပ် နှစ်ကိုယ်ခွဲ၍ အတော်ပင် စာကြိုးစားနေကြလေဟန် အိပ်ရာခေါင်းအုံးနံဘေးတွင် စာအုပ်ကလေးများကိုပင် ဖွင့်၍ ထားခဲ့ကြလေသည်။ သို့နှင့်ပင် နံနက်တိုင်း အဆောင်မှူးထံသို့ ကျောင်းစည်းကမ်းအရ လွန်ခဲ့သည့် ညက ကျောင်းသားစစ်တမ်းကို ပေးပို့ရာတွင် ကိုဘဟိန်း နှင့် ကိုထွန်းရှိန်တို့ ထိုထိုသော ညများ၌ လူလိမ္မာကလေး များပီပီ ကျောင်းဆောင်မှ တစ်ဖဝါးမခွာ၊ သနားစရာ စာကြိုးစားနေကြလျက် မီး မပိတ်မီ ပုတီးစိပ်နေကြ ကြောင်းကို အစီရင်ခံခဲ့ပါသည်။

ရေနံမြေအလုပ်သမားတို့ ချီတက်လာကြ၍ မကွေး မင်းဘူးလောက် အရောက်တွင် ရွှေကိုယ်တော်မြတ် ကလေးတို့သည် အစိုးရ ဆန့်ကျင်ဘက် တရားရေအေး များကို ကျောင်းသားတစ်သိုက်နှင့် တိုက်ကျွေးရင်း လိုက် ပါလာကြရာ အစိုးရက ပုဒ်မ ၁၄၄ နှင့် ၎င်းတို့အား ဖမ်းချုပ်၍ တက္ကသိုလ်အာဏာပိုင်များထံသို့လည်း ၎င်း တို့အား ချုပ်ထားကြောင်းကို ကြေးနန်းရိုက်ကြားလိုက် လေတော့သည်။ အဆောင်မှူး ဆရာကာစင်သည် ဤ ကြေးနန်းကို ရရချင်း အတော်ပင် မျက်လုံးပြူးသွားပါ

www.burmeseclassic.com



တော့သည်။ သောက်နေသော ဆေးပြင်းလိပ်ကြီးသည်သည်း လွတ်ကျသွားပါတော့သည်။ လွန်ခဲ့သောညကပင် ရွှေကိုယ်တော်မြတ်ကလေးတို့ 'စောစောအိပ်ထ၊ ပြုကျင့်ဘ၊ တွင်းပ ကိုယ်ခန္ဓာ" ဟူသော ကျင့်ထုံးကို နှလုံးသွင်း၍ စောစောအိပ်ရာဝင်ကြသည်မဟုတ်ပါလော။

ညနေစောင်းတွင် မလာစဖူး အလာ ထူးသော အဆောင်မှူးကို ကျောင်းဆောင်ဝတွင် ကျွန်ုပ် တွေ့လိုက်ရသဖြင့် ရင် အတော်တုန်လှုပ်မိသည်။ သို့နှင့်ပင် ကိုဘဟိန်းနှင့် ကိုထွန်းရှိန်တို့ကို ရှိ မရှိ မေးလေတော့သည်။ သူတို့၏ ညညထွက်တတ်သည့် ဇီးကွက်ဝါဒကို ကျွန်တော်သိသော်လည်း ညက နှစ်ဦးလုံး ရှိကြကြောင်း ခပ်သွက်သွက် ပြောပြရာတွင် အဆောင်မှူးကြီး၏ ခြေထောက်များမှာ အခန်းနံပါတ် (၈၂)သို့လည်းကောင်း၊ အခန်းနံပါတ် (၁၀၅)သို့ လည်းကောင်း လှမ်းနေပါတော့သည်။ အပြင်မှ သော့ခတ်ထားသော အခန်းတွင်းသို့ တရုတ်ကတ်ကြားမှ ကြည့်ရာတွင် ခြင်ထောင်တွင်း၌ ခေါင်းမြီးခြုံ၍ အိပ်ပျော်နေကြဟန်တူသော ရွှေကိုယ်တော်မြတ်တို့၏ ကိုယ်ခွဲ ကို တွေ့ကြရသည်။ သော့ကို ရိုက်ချိုး၍ တံခါးကို ဖွင့်ကြည့်စေရာတွင် ရွှေကိုယ်တော်တို့၏ ကိုယ်ခွဲတို့သည် စောင်ကို ဆွဲလိုက်သည်နှင့်တစ်ပြိုင်နက် ဓာတ်ရုပ် ပေါ်လာကြသဖြင့် အဆောင်မှူးကြီးသည် စုတ်တသပ်သပ်နှင့်ပင် ၎င်း ရထားသော ကြေးနန်းစာကို ကျွန်ုပ်အား လှမ်း၍ပေးလေတော့သည်။ ဖတ်ကြည့်ရာတွင် အချုပ်နန်းစံရသော ကျွန်ုပ်၏ ကျောင်းဆောင်သားနှစ်ယောက်ကို ပြေး၍ ဒေါသလည်း ထွက်မိတော့သည်။ တဖြည်းဖြည်း သနားလည်း သနားမိသည်။

ထို ကိုယ်တော်မြတ်ကလေးတို့ လစ်နေခဲ့သည်မှာ ကြာပြီ။ ကျွန်ုပ်လည်း သိခဲ့သည်။ သူတို့၏ ကျောင်းသားသမဂ္ဂလုပ်ငန်းများကို လေးစားမိသဖြင့်လည်း ကျွန်ုပ် မသိချင်ဟန် ဆောင်နေမိခြင်းကြောင့် ကျွန်ုပ်သည် ကျောင်းဆောင်မှူးကလေးအဖြစ် တာဝန် ဝတ္တရား ပေါ့လျော့ရာရောက်တော့သည်။ တာဝန် မကျေပွန်မှု အစည်းကွက်မှာ အစွန်းထင်၍ ပေကျံနေတော့သည်။

ဤသို့ဖြစ်ရခြင်းကို ရွှေကိုယ်တော်မြတ်ကလေး နှစ်ဦးလုံးပင် ကျွန်ုပ်ထံသို့ အချုပ်မှ လွတ်လျှင်လွတ်ချင်း လာရောက်တောင်းပန်သဖြင့် ပြုံးဖြဲဖြဲလုပ်နေသော သူတို့၏မျက်နှာကလေးများသည် ကျွန်ုပ်၏ အသည်းနှလုံးကို အရည်ပျော်စေတော့သည်။ ကျေနပ်လိုက်ရပေတော့သည်။ ယခုအခါ ကိုယ်တော်မြတ်ကလေးတို့သည် ကိုယ်တော်မြတ်ကြီးတွေ ဖြစ်နေပြီ။

သို့နှင့်ပင် ၁၉၄၁ ခုနှစ်သို့ ဝင်ရောက်ခဲ့လေပြီ။ ထို ၁၉၄၁ ခုနှစ်သည်လည်း ကျွန်ုပ်အား အဆောင်မှူးဘဝနှင့်ပင် "ဂြိုဟ်" မွေလျက်ရှိတော့သည်။ သထုံကျောင်းဆောင်ကို အစိုးရစစ်ရုံးအဖြစ် ထားရှိရန် စစ်ဌာနချုပ်က တောင်းဆိုသဖြင့် တက္ကသိုလ်က ထိုးအပ်လိုက်ရပေတော့သည်။

ကျွန်ုပ်အားလည်း သထုံကျောင်းဆောင်မှ ဧပြီလ ဆန်း(၁)ရက်နေ့ကို နောက်ဆုံးထား၍ ထွက်ခွာပေးရန် နို့တစ် ပေးထားလေပြီ။ သို့သော် ထိုစာရသည့်အချိန်မှာ မတ်လ (၁၅)ရက်ခန့်ဖြစ်၍ အနည်းဆုံး (၁၅)ရက်တော့ နေနိုင်သေးသည်ဟု အားတင်းရတော့သည်။ ကျောင်းတွင်လည်း စာမေးပွဲများ ပြီးဆုံးပြီဖြစ်၍ ကျောင်းသားအသီးသီးတို့ အိမ်ပြန်ကြလေပြီ။ သထုံကျောင်းဆောင်တွင်ကား ကျောင်းသားတစ်ယောက်မျှ မကျန်တော့ပေ။ ကျောင်းသားများ အကုန်ပြန်ကြလျှင် ကျောင်း ပရိဘောဂကို ကျွန်ုပ်စစ်ဆေးရသေးသဖြင့် ကျောင်းသားများ ပြန်အပ်ကြသော ဗီရို၊ စားပွဲ၊ ကုလားထိုင်၊ ဓာတ်မီးဖန်သီး၊ စလောင်း၊ စာအုပ်တင်ခုံ၊ ကုလားအုပ် မွေ့ရာခင်း၊ တရပတ်ထည် စသည်တို့ကို ကျွန်ုပ် သိမ်းဆည်း၍ အခန်းနံပါတ် (၁၁၀)တွင် ထားသည်။ ၎င်းနံပါတ် (၁၁၀) သည် (Dark Room) ခေါ် အမှောင်ခန်းဖြစ်၍ ကျောင်းသားများကို ၎င်းအခန်းတွင် နေထိုင်ဖို့ အခွင့်မပြုပေ။ ကျောင်းဆောင်တွင် အခန်းပေါင်း (၁၃၄)ခန်းရှိ၍ နံပါတ် (၁၃၄) အခန်းကိုမူ ဒုတိယအဆောင်မှူး၏ ရုံးခန်း အဖြစ်ထား၍ အခန်းနံပါတ် (၁၁၀) ကိုလည်း အမှောင်ခန်းအဖြစ် ထားကြသည်သာ များသည်။ ကျွန်ုပ်သည် ပစ္စည်းများဖြစ်သော အိပ်ရာခင်းများကို စုပေါင်း၍ ၎င်းအခန်းနံပါတ်(၁၁၀)အမှောင်ခန်းတွင် ထည့်ထားပါသည်။

ထိုအချိန်တွင် မြန်မာပြည်မှ ကိုအောင်ဆန်းကို စုံထောက်များ မျက်ခြည်ပြတ်သွားသဖြင့် ဒေါင်ချာစိုင်းနေသောအချိန်ဖြစ်သည်။ ကိုအောင်ဆန်းသည် ယိုးဒယား



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ကူးသွားပြီဟူ၍လည်းကောင်း၊ ဗမာပြည်တွင်းမှာပင် ပုန်းအောင်းနေသေးသည်ဟူ၍လည်းကောင်း အမျိုးမျိုး ပြောဆိုဝေဖန်နေကြ၍ ရှိန်းဆာယာ ပိုမောက်၍ ကိုယ်ပျောက်သော ကိုအောင်ဆန်းကို ဘိုးဘိုးအောင် မနေပြီဟူ၍ ထင်ကြေးပေးနေကြသည်။ ထိုခေတ်ကား ဘိုးဘိုးအောင်ခေတ် ဖြစ်သည်။ နောက်များမကြာမီ အင်္ဂလိပ်အစိုးရသည် ကိုအောင်ဆန်းကို တွေ့ရှိ သတင်းပေးပို့နိုင်သူအား ဆုငွေ ၅ိ– ပေးမည့်အကြောင်း သတင်းစာများတွင် ပါလာလေတော့သည်။ ကိုအောင်ဆန်းသည် နာနာဘာဝရုပ် မဖန်ဆင်းနိုင်သူဖြစ်၍ "ငါ့တိုင်းပြည်က ဒင်း ဘယ်လို လွတ်အောင်ပြေးမည်နည်း" ဟူ၍ အင်္ဂလိပ်အစိုးရက ကြိမ်းဝါးလေတော့သည်။

ထိုအချိန်တွင် ကျောင်းဆောင်တိုင်းလိုလိုပင် ကျောင်းသားများ ကုန်လုပြီ။ သို့သော် ညစဉ် ညတိုင်းလိုပင် ကျွန်ုပ်ကျောင်းဆောင်ဘက်သို့ ကူးလာသော ခုံဖိနပ်သံတစ်ခုကို ကျွန်ုပ် ကြားယောင်ယောင်ရှိလှတော့သည်။ ပဲခူးကျောင်းဆောင်မှ မောင်မောင်ခင်သည်လည်း ယခုထက်တိုင် မပြန်သေး၊ မောင်မောင်ခင်သည် ကျွန်ုပ်၏ သထုံကျောင်းဆောင်ကို ဖြတ်၍ ပဲခူးကျောင်းဆောင်ဘက်သို့ အမြဲကူး သွားလာနေသည်ကိုလည်း သတိထားမိသည်။ ညစဉ်ညတိုင်း (၇)နာရီခန့်တွင် မြို့တွင်းမှ ပြန်လာ၍ လက်ထဲတွင်လည်း အထုပ်ကလေး တစ်ထုပ် အမြဲပါလာသည်ကို တွေ့ရသည်။

တစ်နေ့သော် မောင်မောင်ခင် ကျွန်ုပ်တို့ဘက်သို့ ကူးလာသဖြင့် ကျောင်းဆောင်အောက်တွင် ကျွန်ုပ်နှင့် ပက်ပင်းတွေ့ရသည်။

"မောင်မောင်ခင် ... မပြန်သေးဘူးလား" ဟု ကျွန်ုပ်က မေးသည်။

"ပြန်မယ်ဆရာ ... ကိစ္စလေးတွေ မပြီးသေးလို့" ဟူ၍ မောင်မောင်ခင်က ဖြေသည်။ ဤသို့ စကားပြောရင်းပင် ကိုအောင်ဆန်းအကြောင်းသို့ ရောက်သွား၍ ကျွန်ုပ်ကပင် ...

"ကိုအောင်ဆန်းတစ်ယောက်တော့ ဘယ်ရောက်နေပြီလဲ ... ယိုးဒယားရောက်နေပြီထင်တယ်" ဟု မေးရာ မောင်မောင်ခင်သည် အနည်းငယ် မျက်နှာပျက်သွားဟန်တူသည်။

ထို့နောက် မောင်မောင်ခင်က "ရှိမှာပေါ့ ဆရာ"

ကျွန်ုပ်။ ။ "ဟာ .. ရှိရင် မိမှာပေါ့၊ ဆုငွေတောင် ထုတ်ထားတာပဲ"

ခင်။ ။ "ဆုငွေထုတ်ထားတာက အလကားပါ ဆရာ၊ ကိုအောင်ဆန်းကို နာမည် မကြီး ကြီးအောင် လုပ်နေတာပါ"

ကျွန်ုပ်။ ။ "ဒါဖြင့် ပုန်းနေတယ်ဆိုရမှာပေါ့"

ခင်။ ။ "ကျွန်တော် ဘယ်သိပါ့မလဲ ဆရာ"

ကျွန်ုပ်။ ။ "ပုန်းနေမယ်ဆိုရင်လည်း ဂုဏ်မငယ်ပါဘူး။ အကြံမှ အထမမြောက်သေးတဲ့ အခါဆိုတော့ မဟော်သဓာတောင်မှ အိုးဖိုသို့ပြေးပြီး အရေးသစ်ကြံနေရသေးတာပဲ"

သို့နှင့်ပင် မောင်မောင်ခင်နှင့် စကားပြတ်သွားပါသည်။ ကျွန်ုပ်လည်း ကျောင်းသားအားလုံး ပြန်ကြပြီဖြစ်၍ ကျောင်းသားများအား အုပ်ထိန်းရန် တာဝန်မရှိတော့လေရကား နေ့တိုင်းလိုလိုပင် မြို့သို့ထွက်၍ လည်မိပေသည်။ ညည ပြန်လာသည့်အခါတွင်မူကား နံပါတ် (၁၁၀)ရှေ့ရှိ ဓာတ်မီးသည် ငြိမ်း၍ မည်းမှောင်နေသည်ကိုသာ တွေ့ရသည်။ ကျွန်တော် မှတ်မိသည်၊ ဤဓာတ်မီးကို ကျွန်ုပ်ကိုယ်တိုင် ဖွင့်ထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နံပါတ် (၁၁၀)ခန်းထဲတွင် အဖိုးတန် အိပ်ရာခင်းများ ရှိသည် မဟုတ်ပါလော။

ထိုညတွင် မောင်မောင်ခင်၏ဖိနပ်သံကို (၇)နာရီလောက်အချိန်တွင် ကျောင်းဆောင်အောက်ထပ်မှ ကြားလိုက်ရပြီး ပျောက်သွားသည်။ ကျောင်းဆောင် အောက်ဆုံးထပ် ရေချိုးခန်းများရှိရာ အခန်းအရှေ့ဘက် မြေကွက်လပ်တွင် ဖက်ရွက်စိမ်းများ ပြန့်ကြဲလျက် နံနက်တိုင်း ခွေးများ ၎င်းနေရာတွင် အစာ လာရောက်ရှာဖွေနေကြသည်ကို တွေ့ရသည်။ ထိုအချိန်အခါကား ၁၉၄၀ ခုနှစ်၊ မတ်လကုန်လုနီးရှိပြီဟု ကျွန်ုပ် ထင်သည်။ အတိအကျ ပြန်လှန် တွေးဆ၍ မခန့်မှန်းနိုင်အောင် ဖြစ်တော့သည်။

ထိုနေ့တွင် ကျွန်ုပ်သည် ကုလား အဘိုးကြီး၏ ထမင်းဆိုင်တွင် နံနက်စာ ထမင်းများ စားသောက်ပြီး၍ ကျောင်းဆောင်ပေါ်သို့ အရှေ့ဘက် လှေကားမှ တက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏စိတ်တွင် ကျောင်းဆောင်မှူးကလေး၏ တာဝန်တစ်ခု ကျန်နေသေးသည်ဟု ထင်မြင်မိနေသည်။ ထိုတာဝန်မှာကား အမှောင်ခန်းဖြစ်သော အခန်းနံပါတ် (၁၁၀)တွင် ထားသည့် အိပ်ရာခင်း၊ ခါတ်မီး၊ ဖန်သီး သည်တို့ကို သူခိုးများ ယူချသွားမည်ကို စိုးရိမ်မိသည်။ တစ်နေ့ကပင် ၎င်းအမှောင်ခန်းရှေ့ရှိ မီးခလုတ်ကို ကျွန်ုပ် ဖွင့်ထားခဲ့ပါလျက် ညအချိန် ကျွန်ုပ် မြို့တွင်းမှ ပြန်လာ သည့်အခါ မည်သူပိတ်ထားသည်ကို မသိ၊ ထိုနေရာတွင် မှောင်ကျနေတော့သည်။ ကျောင်းဆောင်သို့လည်း ဧည့်သူမျှ မလာပါတကား။

သို့နှင့်ပင် အခန်းနံပါတ်(၁၁၀)ကို သော့ခလောက် ဆွဲကြည့်မည်စိတ်ကူးနှင့် အရှေ့ဘက်လှေကားမှ ကျွန်ုပ် ဖြည်းညင်းစွာ တက်လာသည်။ ကျွန်ုပ်၏ ရာဘာခံ ဖိနပ်တန်းဖိနပ်မှာ ချွတ်နင်း လာဘိသကဲ့သို့ တိတ်ဆိတ် စွာ ရှိလှသည်။

ကျွန်ုပ်သည် ညည်းသံလိုလို တစ်ချက်ကြားလိုက် သည့်အတွက် လိပ်ပြာလန့်သွားသည်။ နေ့လယ်ကြီး ဖြစ် ၍ တစ္ဆေကား မခြောက်နိုင်ဟု အောက်မေ့သည်။ ကျွန်ုပ် အခန်းနံပါတ် (၁၁၀)ရှေ့သို့ ရောက်သောအခါ ညည်းသံမှာ တိတ်သွားသည်ဟု ထင်ရသည်။ သို့သော် သက်ပြင်းရှူသကဲ့သို့ကြားရပြန်သည်။ ကျွန်ုပ်စိတ်ထင် မှာ ကျောင်းစောင့် ဒရဝမ်ကုလားသည် အချောင်ခို၍ တစ်ဖက်ခန်းတွင် လာအိပ်နေပြီဟု အောက်မေ့မိသဖြင့် "ဒရဝမ်၊ ဟေ့ ဒရဝမ်" ဟု ကျွန်ုပ် ခေါ်ကြည့်သည်။ အသံမှာ အိပ်ပျော်နေသူတစ်ဦး၏ဟောက်သံမဟုတ်၊ အဖျားတက် နေသူတစ်ဦး၏ အသံဖြစ်သည်ဟု ကျွန်ုပ် ယူဆသည်။ ထိုအသံမှာလည်း အခန်းနံပါတ် (၁၁၀) အမှောင်ခန်းမှ ဖြစ်တော့သည်။ ကျွန်ုပ်သော့ကို ကျွန်ုပ် ပြန်ကြည့်မိသည်။ ဤသော့မျိုးမှာ သော့တူမရှားသဖြင့် အပြင်လူများ ဖွင့်မည် ဆိုက ဖွင့်နိုင်သည်။ ထိုအတောအတွင်း စာအုပ်တစ်အုပ် ကြမ်းပေါ်သို့ လွတ်ချသည့်အသံကို ကြားရသည်။ ၎င်း အသံမှာ အမှောင်ခန်းထဲမှပင် ဖြစ်သည်။ ကျွန်ုပ်သည် အိပ်ကပ်ထဲတွင် အဆင်သင့်ပါလာသော အမှောင်ခန်း၏ သော့ကို ဆွဲထုတ်၍ ထိုအခန်းကို ဖွင့်လိုက်သည်။

ကျွန်ုပ်သည် အံ့သြတွေဝေ၍ ကြက်သေသေနေမိ တော့သည်။ များစွာလည်း အားနာမိသလိုလို ရှိသည်။ ကျွန်ုပ် ပြန်လည်သိမ်းဆည်းထားသော ကျောင်းသား များ၏ ခင်းနှီးထပ်ကြီးအပေါ်တွင် ကိုအောင်ဆန်း အဖျား တက်နေသည်ကို ကျွန်ုပ် တွေ့ရသည်။ စာဖတ်သူတို့ ယုံချင်မှ ယုံမည်။ ယုံနိုင်ဖွယ်ရာအကြောင်းလည်း မရှိ။ ဤအဖြစ်အပျက်တို့ကို ကျွန်ုပ်သည် ကိုအောင်ဆန်းကို လေးစားမိသည့် အားလျော်စွာ နှုတ်လုံခဲ့သည်မှာလည်း ယခု စာရေးနေသည့်အချိန်အထိပင် ဖြစ်တော့သည်။

"ကိုအောင်ဆန်း ... အဖျားတက်နေသလား" ဟု ကျွန်ုပ် မေးမိသည်။

"ကျုပ် ဘာလုပ်ပေးရမလဲ ... အဖျားကျဆေးတစ် ခွက်လောက် ..."

ကိုအောင်ဆန်းသည် ဘာမျှ ပြန်မပြောသေး ... ချွေးများကိုသာ စောင်ဖြင့် တို့၍နေပါသည်။

"ကျုပ် ဒီည သွားမှာပဲ။ ကျုပ်ကိုတွေ့တာ မပြော နဲ့ ... ဒါပဲလိုချင်တယ်"

ဘူ့စကားသည် တုံးတိတိ ရှိလှသည်။ အောက်ကျ နေသော စာအုပ်ကို ကျွန်ုပ် ကောက်တင်ပေးခဲ့သည်။ သူ့မျက်စိတွင် ကျွန်ုပ်အား အခန်းထဲ၌ ကြာရှည်နေစေ လိုဟန်မတူ။ အပြင်ဘက်သို့ ကဲ၍ကြည့်နေသဖြင့် ကျွန်ုပ် ပြန်ထွက်လာခဲ့သည်။

ထိုညတွင် တက္ကစီတစ်စီး ကျောင်းဆောင်အောက် တွင် ရပ်လာသည်ကို တွေ့ရပြီးလျှင် ဆင်ဝင်အောက်ရှိ မီးမှာ ငြိမ်းသွားသည်။ ကျွန်ုပ်လည်း ကျွန်ုပ်အခန်း ဝရန် တာမှ အောက်သို့ ကဲကြည့်လိုက်ရာတွင် မောင်မောင်ခင် နှင့်တူသော လူရိပ်မည်းမည်းကို တွေ့ရသည်။ များမကြာ မီ ကားစက်နှိုးသံကြား၍ အောက်သို့ပြန်ကြည့်ရာတွင် လူမမာ တစ်ဦးအား လူနှစ်ယောက်က တွဲ၍ ကားပေါ် တက်သွားသည်ကို တွေ့ရပြီး ကားလည်း ခပ်မြန်မြန် ထွက်သွားသည်။

ကိုအောင်ဆန်းအပေါ်၌ ဤအချိန်အထိ နှုတ်လုံ ကာ နေရခြင်းကို ကျွန်ုပ် ဂုဏ်ယူမိသည်။ ကိုအောင် ဆန်းသည် စစ်အပြီးတွင် ဤအကြောင်းကို မေ့ပျောက် ဟန်မတူပေ။ ကျွန်ုပ်အားလည်း ကျေးဇူးတင်ဟန်တူ သည်။ ဖဆပလ အဖွဲ့ချုပ်ကြီးကို ရွှေဦးစွာ ရွှေတိဂုံ ဘုရားခြေရင်းတွင် ဖွဲ့စည်းပြီး ကွန်ဖရင့်ကြီးပြုလုပ်စဉ် က ကျွန်ုပ်သည် ကိုအောင်ဆန်းနှင့်တွေ့ရာ စစ်မဖြစ်မီ

www.burmeseclassic.com

www.burmeseclassic.com



က တွေ့ရသော ကိုအောင်ဆန်းမဟုတ်တော့ဘဲ ဖော်ဖော်ရွေရွေ၊ သွက်သွက်လက်လက်နှင့် ကျွန်ုပ်အား နှုတ်ဆက်ပေသည်။ ကျွန်ုပ်သည် တောင်ငူခရိုင်မှ ကိုယ်စားလှယ်တစ်ဦးအဖြစ်ဖြင့် ထိုကွန်ဖရင့်သို့ တက်ရောက်ရာတွင် ကိုအောင်ဆန်းသည် ကျွန်တော်နှင့် တွေ့လျှင်တွေ့ချင်း

"ဆရာ ... အခု နိုင်ငံရေး လိုက်နေပြီလား။ နိုင်ငံရေးဆိုတာ ကျောင်းသားတုန်းကလို အေးနေလို့တော့ မဖြစ်ဘူးဆရာ" ဟူ၍ ရယ်မောပြောဆိုလျက် လူကြားထဲတွင် အလုပ်များသဖြင့် ပျောက်သွားပြန်ပါတော့သည်။ ဤသို့အားဖြင့် တစ်နှစ်ခန့်ကြာပြီးနောက် တောင်ငူမြို့သို့ ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလ အဖွဲ့ကြီး၏ အကြောင်းနှင့်ပတ်သက်၍ ပထမဆုံးအကြိမ် တရားလာရောက်ဟောရာတွင် ကျွန်ုပ်ပိုင် "ရင်စီနီမာရုံ"၌ တရားပွဲကို ကျင်းပပေးလေသည်။ ကျွန်ုပ်သည် တရားပွဲအတွက် ပြုလုပ်ဆောင်ရွက်စရာရှိသည်တို့ကို ပြုလုပ်ဆောင်ရွက်နေခိုက် မော်တော်ကားဖြင့် ဗိုလ်ချုပ်တို့ တောင်ငူမြို့သို့ ရောက်လာကြပြီးလျှင် တရားပွဲ ကျင်းပမည့် ရင် စီနီမာရုံသို့ မသွားသေးဘဲ ...

"တောင်ငူက ကိုချမ်းမြ ဆိုတာ သိသလား။ ကျုပ်ကို သူ့အိမ်ကို အရင်ပို့စမ်းပါ။ နောက်မှ တရားပွဲ သွားတာပေါ့" ဟု ဆိုသဖြင့် မြို့ခံလူကြီးများက ကျွန်ုပ်အိမ်သို့ လိုက်ပို့သည်။ ကျွန်ုပ်၏ စစ်ပြီး ဆောက်ရသောအိမ်မှာ သပ်သပ်ရပ်ရပ် မရှိသော်လည်း ဗိုလ်ချုပ်တို့ကားကြီး ထိုးရပ်တော့သဖြင့် ကျွန်ုပ်၏ တူမကလေးနှင့် အဘွားအို တို့မှာ ပျာပျာသလဲဖြစ်နေကြသည်။ ဗိုလ်ချုပ်သည် အိမ်ထဲသို့ တောက်လျှောက်ဝင်ပြီး မျက်နှာသစ်ချင်သည် ဆိုသောကြောင့် ကျွန်ုပ်အိမ်သားများက ရေနှင့် မျက်နှာသုတ်ပဝါများ ပေးကြသည်။ ကျွန်ုပ်အိမ်တွင် နာရီဝက်ခန့် နားနေပြီးနောက် တရားဟောရာဌာနသို့ ရောက်ကြသည်။ ကျွန်ုပ်နှင့် တွေ့တွေ့ချင်းပင် ...

"ကိုချမ်းမြ ... ခင်ဗျားအိမ်မှာ ကျုပ် နားခဲ့ပြီ။ တောင်ငူရောက်ရောက်ချင်း ခင်ဗျားဆီကို ကျုပ် အရင်ဝင်တယ်နော်"

ကျွန်ုပ်က "ဟုတ်ကဲ့ ဗိုလ်ချုပ် ... ကျေးဇူးတင်ပါတယ်" ဟု ခေါင်းညိတ်ပြီးလျှင် ပြန်ပြောလိုက်ပါသည်။ သူ့စိတ်ထဲတွင် အခန်းနံပါတ် (၁၁၀)ကို သတိရနေလေဦးမည်လောမသိ။ ။

မြဝတီ၊ အတွဲ ၈၊ အမှတ် ၇ (မေ-၁၉၅၇)

www.burmeseclassic.com

www.burmeseclassic.com



# အဲဒီ အောင်ဆန်း၊ အောင်ဆန်း၏ တကယ့်တိုက်ပွဲနှင့် သူ့စရိုက် သူ့စိတ်ထား

## နတ်မောက်ဘုန်းကျော်

### အဲဒီ အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းကို မမီလိုက်၊ မသိလိုက်ကြရသော လူငယ်ကလေးများသာ…“ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ဘယ်သူလဲ၊ ဘယ်လိုလူလဲ” ဟု မေးလာခဲ့သည်ဖြစ်အံ့၊ “ဗိုလ်ချုပ်အောင်ဆန်းဆိုတာ အဲ့ဒါပဲ” ဟု ဖြေရန်မှတစ်ပါး အခြားစကား မရှိ။ တိုင်းပြည်၏ အညွန့်အဖူး လူငယ်ကလေးများသည် ဗိုလ်ချုပ်အောင်ဆန်း၏ အမွေကို ဆက်ခံနိုင်ကြပါစေ။

[ ၁ ]

ဩော် … ဘာလိုလိုနှင့် သူ ကွယ်လွန်ခဲ့သည်မှာ အနှစ် ၂၀ ပင် ပြည့်လေပြီ။ နှစ်တွေ ကြာသော်လည်း သူ့ကို အစဉ်သတိရမိသည်။ မေ့လို့ ဖျောက်လို့မရ။ သူ ကွယ်လွန်သွားသော်လည်း သူသည် ကျွန်တော်တို့ ကြားထဲဝယ် ရှိနေသေးသလို ထင်ယောင်မြင်ယောင် ဖြစ်ရသည်မှာလည်း မကြာခဏပင်။

“သေသူကို ရှင်သူက တရပါလိမ့်”…. ဟူသော ခေါင်းထောင်ဦးကျော်လှ၏ သံချိုသည် အခြားကိစ္စများတွင် မည်သို့ အကျိုးပတ်သက် ဟပ်စပ်လေမည်ကိုမသိ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်လျှင်မူကား များစွာမှန်ကန်နေပါသည်။ နိုင်ငံရေးကိစ္စကို ဆွေးနွေးကြသူတိုင်းသည် “ဒီအချက်မျိုးမှာ ငမိုး (ဗိုလ်ချုပ်အောင်ဆန်း) သာရှိရင် ဘယ်လိုပြောမှာပဲ”ဟု တမ်းတကြရသည်ချည်း ဖြစ်ပါသည်။

သူ့ကို တမ်းတချင်၍သာ တမ်းတကြသည်။ တမ်းတ ယူကြရလောက်အောင် သူသည် ရုပ်လည်း မချော၊ အပြောလည်း မချို၊ လောကွတ်လည်းမပို၊ အဝတ်အစား ကပိုကရိုနှင့် အလွန်ခွကျသူတည်း။ လူယဉ်ကျေးဆိုသူတို့ သတ်မှတ်ထားအပ်ကုန်သော လောကတံထွာ ပကာသန ထုံးတမ်းစဉ်လာမှုများကိုလည်း အသိအမှတ်ပြုချင်မှ ပြုသူတည်း။ သို့သော် မြန်မာပြည်သား ပြည်သူလူထုကြီးသည် သူ့ကို အလွန်ချစ်ခင်ကြ၏။ သူက ဘာခိုင်းခိုင်း လိုက်နာလုပ်ကိုင်ရန် အသင့်ရှိနေကြ၏။ လူထုကြီးသည် ဘာကြောင့် သူ့ကို တမ်းတမ်းစွဲ ချစ်ခင်ကြရသနည်း။ အပြောမချို လောကွတ်မပိုသည့် ခွကျကျသူဖြစ်သော်လည်း လူထုက ချစ်ခင်စရာအကွက်ကလေးတော့ ရှိပါလိမ့်မည်။ အဘယ်ကြောင့် တမ်းတမ်းစွဲ ချစ်

www.burmeseclassic.com

www.burmeseclassic.com



ခင်ကြွရှေ့အညီကို သူ့အရေးကြောင့် အသင့်အတင့် ဖော်ပြမှသာ တစ်စွန်းတစ်စ ရိပ်မိနိုင်တန်၏။ သို့သည် မည်သို့သောသူနည်း။

ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၁၇ နှစ်တွင် ဆယ်တန်းအောင်ပြီး တက္ကသိုလ်ကျောင်းသို့ ရောက်ရှိလာ၏။ အသက်၂၀တွင် တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၏ ကြွေးကြော်သံဖြစ်သော"အိုးဝေ" မဂ္ဂဇင်း၏ တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်ရသည်။ ၁၉၃၆ ခုနှစ်၊ တက္ကသိုလ်ကျောင်းသား သပိတ်ကြီး၌ သပိတ်မှောက်ခေါင်းဆောင်တစ်ဦးအဖြစ် ဗြိတိသျှအစိုးရကို ဥပဒေအတွင်းမှ စတင်ပုန်ကန်စဉ်က သူ့အသက်မှာ ၂၁ နှစ်သာရှိသေး၏။ အသက် ၂၂ နှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအသင်း၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရ၏။ အသက် ၂၃ နှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ဒို့ဗမာ(သခင်)အစည်းအရုံး၌ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်၏။ သာယာဝတီ ညီလာခံ၌ ဗြိတိသျှအစိုးရကို လက်နက်ဖြင့် တော်လှန်ပုန်ကန်ရန် အစီအစဉ်ရေးဆွဲ ချမှတ်စဉ်က သူ၏အသက်မှာ ၂၅ နှစ် မျှသာ ရှိသေး၏။ အသက်၂၅ နှစ်နောက်ပိုင်းတွင် နိုင်ငံခြားအဆက်အသွယ်ရရှိစေရန် နိုင်ငံခြားသို့ ထွက်သွားသည်။ ဗြိတိသျှတို့ကို တိုက်ခိုက်ရန် ဗမာ့လွတ်လပ်ရေး တပ်မတော်၏ ဗိုလ်ချုပ်အဖြစ်နှင့် မြန်မာပြည်သို့ ချီတက်စဉ်က သူ့ အသက်၂၆ နှစ် ရှိပြီ။ ဖက်ဆစ်ဂျပန်ကို သူ့တပ်မတော်နှင့်ပြန်၍ တော်လှန်တိုက်ခိုက်စဉ်က သူ့အသက် ၃၀ ရှိပြီ။ "တစ်နှစ်အတွင်း လုံးဝ လွတ်လပ်ရေး ရရမယ်" ဟု ကြုံးဝါးစဉ်က သူ့အသက် ၃၂ နှစ်။ ပထမဆုံး တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ယူကျင်းပပြီးလျှင် သမ္မတနိုင်ငံထူထောင်ခဲ့စဉ်က သူ့အသက် ၃၂ နှစ်သာ ရှိသေးသည်။ လွတ်လပ်ရေးဗိမာန်ကြီးကို တည်ဆောက်ပေးပြီး၍ သူကျဆုံးသွားသောအခါ၌ သူ့အသက် ၃၃ နှစ်မျှသာ ရှိသေး၏။ ဤအသက်ပိုင်းမျှနှင့် သူလုပ်သွားခဲ့သော လုပ်ငန်းများကိုကြည့်ပါ။ သူ ဘယ်လိုလူဖြစ်ကြောင်း ရိပ်မိကောင်းပါသည်။ ဤမျှသော အသက်အရွယ်ငယ်ငယ်ဖြင့် ဤမျှကြီးလေးသော တာဝန်များကို ထမ်းဆောင်သွားနိုင်သည့် သူ၏ စွမ်းရည်များကား အဘယ်နည်း။

[၂]

ဗိုလ်ချုပ်အောင်ဆန်းတွင် ထူးခြားသော ဗီဇစွမ်းရည်များ ရှိပါသည်။ ဆန်းစစ်ကြည့်လျှင် မြင်နိုင်ပါသည်။ သူ့စွမ်းရည်များဆိုသည်မှာ အဘယ်နည်း။ သူ့အပြော၊ သူ့စရိုက်၊ သူ့ဝေ့လ၊ သူ့စိတ်ထား၊ သူ့လုပ်ဟန်များသည် သူ၏ စွမ်းရည်များတည်း။

အချိန်မှာ ၁၉၄၀ ခုနှစ် အတွင်းဝယ်။

အောင်ဆန်းသည် ထိုအချိန်အခါ၌ တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးဖြစ်၏။ တစ်နေ့ အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးအပြီးတွင် ဗြိတိသျှစစ်တပ်မှ အရန်ဗိုလ်မှူးကလေးလည်းဖြစ်၊ ထက်မြက်သော ပညာမင်းကြီးလည်းဖြစ်သူ မေဂျာကင်းဘဲလ်သည် အောင်ဆန်းကို သူ၏ကားပေါ်တွင် တင်ဆောင်ခဲ့ပြီး မြို့ထဲသို့ ပြန်လာကြ၏။ ဗြိတိသျှ ကိုလိုနီယန္တရားအတွင်း၌ ထက်မြက်သူတစ်ဦးဖြစ်သည့် ကင်းဘဲလ်နှင့် ဗြိတိသျှကိုလိုနီစနစ်ကြီးတစ်ခုလုံးကို အမြစ်မှ တူးဖြိုနေသော အောင်ဆန်းတို့ကား တစ်စီးတည်း အတူ စီးလာကြခြင်းမှာ ထူးဆန်းပေစွ။ မေဂျာကင်းဘဲလ်က ယခု ဖြစ်ပွားနေသော ကမ္ဘာစစ်ကြီးတွင် ဗြိတိသျှတို့အား အကူအညီ ပေးပါမည့်အကြောင်း သနားစဖွယ် တုန်ရီသောအသံဖြင့် အောင်ဆန်းထံ အကူအညီတောင်း၏။ တခြားသူတစ်ဦးသာဖြစ်ပါမူ သူ့မော်တော်ကားတွင် စီးလာမိသဖြင့် ကတိ မပေးသည့်တိုင် ဝိနည်းရှောင်ပြီး အဖြေပေးပေလိမ့်မည်။ သို့ရာတွင် စကားကို လိမ်လည်မပြော၊ ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သော အောင်ဆန်းသည် မိမိမှာ ဗြိတိသျှ ကိုလိုနီစနစ်ကို ဖြိုဖျက်ရန် တာဝန်ရှိသူဖြစ်သောကြောင့် မေဂျာကင်းဘဲလ် တောင်းပန်သကဲ့သို့ မကူညီနိုင်ခြင်းကို ဝမ်းနည်းကြောင်း ဖြောင့်ဖွင့်ပြောလိုက်လေသည်။ ပြောင်ပါပေ့၊ ရှင်းပါပေ့။

တော်လှန်ရေးကာလအတွင်းဝယ် အချို့အရာရှိများ အတွေးအခေါ်လွဲပြီး အင်္ဂလိပ်အုပ်ချုပ်ရေးကို မျှော်နေကြသည်။ အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ်များနှင့် အခြားတော်လှန်ရေးအစဉ်အလာကို ထိန်းသိမ်းထားလိုသူ အရာရှိများ အချင်းချင်း ကြည့်၍မရ ဖြစ်စပြုလာသည်။ အခြေအနေကို သိထားသော ဗိုလ်ချုပ်အောင်ဆန်းက ရှေ့တန်းစစ်မျက်နှာ သရက်ချောင်းရွာစခန်း၌ အရာရှိများကို တန်းစီ

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အောက်ပါအတိုင်း စကားပြောလေတော့သည်။

"..... စောင့်ကြည့်ကြသေးတာပေါ့။ ရဲဘော်တို့ သလို အင်္ဂလိပ်ပြန်လာရင် ရာထူးပဲ တိုးကြမလား၊ နတ်မောင်းပဲ ထပ်ချိုးကြရမှာလားဆိုတာ၊ ဟိုအခါ တော့ သိရပါလိမ့်မယ်။ အင်္ဂလိပ်အုပ်ချုပ်ရေးကို မျှော် အတွေးလွန်မနေကြနဲ့။ နားအလည်လွယ်ဆုံး ပြော တ်မယ်။ အခု ဂျပန်က ကျုပ်တို့တစ်တွေနဲ့ တိုင်း သား အားလုံးကို '...' သွားပေမယ့် ဆီဆွတ်လို့ သေးတယ်။ အင်္ဂလိပ်ပြန်လာရင် ဆီမဆွတ်ဘဲ '—' လိမ့်မယ်။ ဒါပဲ ကျုပ်ပြောခဲ့မယ်။'

ဂျပန်ခေတ်အတွင်း မည်သူမျှမလှုပ်ရဲသော အချိန် "လွတ်လပ်ရေးရပေမဲ့ စာပေါ်က လွတ်လပ်ရေး ခင်ဗျားတို့က ဒုက္ခရောက်လှတယ်ဆိုပြီး ငြီးတွားနေ တယ်။ ဒါအစရှိသေးတာပဲ၊ နောက် လာစရာဒုက္ခတွေ သေးတယ်"ဟု ဖွင့်ပြောရဲသူမှာ အောင်ဆန်းဖြစ်၏။ အောင်ဆန်းသည် လောကွတ်မနေ၊ ပြောစရာရှိလျှင် ဘွင်းရှင်းရှင်း ပြောတတ်၏။ လိမ်လည်ညာဝါး၍ ပြောတတ်။ ဝေ့လည်ကြောင်ပတ် ပြောနေလေ့မရှိ။ သည်ထင်လျှင် မည်သူ့မျက်နှာကိုမျှမထောက် ပြောင် တတ်၏။ ဤသည်တို့ကား အောင်ဆန်း၏အပြော။

[၃]

ဂျပန်ခေတ် (၁၉၄၂–၄၅) အတွင်းက ဗမာ့တပ် တော်၏ စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဖြစ်သော ချုပ်အောင်ဆန်း၌ စစ်အင်္ကျီ နှစ်ထည်၊ ဘောင်းဘီ ထည်သာရှိ၏။ သူ ဂျပန်က ယူလာသော ခပ်လတ် တ် သက္ကလတ်အစိမ်း ယူနီဖောင်း တစ်စုံကို ဤ သူအားပေးပြီး၊ သူကမူ အပေါက်အပြဲများ ဖာထား သည့် စစ်ဝတ်စုံတစ်စုံကို ဖက်ဆစ်တော်လှန်ရေးပြီးသည် ထိ ဝတ်ဆင်သွားခဲ့သည်။ သူ့တွင် အောက်ခံစွပ်ကျယ် ကျီ တစ်ထည်မျှပင် ကောင်းကောင်းမရှိ။ ရှိသည့် စွပ် ကျယ်မှာလည်း ဇာပေါက် ဖောက်ထားသလို အပေါက် စရပွနှင့်။ အမျိုးသားခေါင်းဆောင်ကြီး ဖြစ်နေသော ခုနှစ်၌ သူ့တွင် လုံချည် ၂ ထည်၊ ရှပ် ၃ ထည်၊ အင်္ကျီ ၁ ထည်သာ ရှိလေသည်။

"ကျုပ် ဘိလပ်ကပြန်လာတာ ဘာပါသလဲ မေးရင် ယူနီဖောင်းတစ်စုံပဲ ပါလာတယ်"ဟု ပြောပြသေးသည်။ သူနှင့် နီးနီးကပ်ကပ် နေခဲ့ဖူးသူတိုင်း ဤကိစ္စများကို သိကြမည်ထင်သည်။ အောင်ဆန်းသည် ပလွှား ကြွား ဝါမှုမရှိ။ ဖြစ်သလိုဝတ်၊ ဖြစ်သလိုနေ၊ ကြုံသလိုစား၏။ ဤကား အောင်ဆန်း၏စရိုက်။

[၄]

အောင်ဆန်းသည် လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို ပြောလေ့လုပ်လေ့မရှိ။ ရှသိုးသိုး ပုံသဏ္ဌာန် တွင် စကားနည်းသည်။ စကားမပြောသော်လည်း လူ့ သဘောကို သိတတ်၏။ သူ့ကို ကပ်၍ သာပေါင်းညာ စားလုပ်မည့်သူများကို လက်မခံ။ သတ္တိကြောင်သူ၊ စိတ် သဘောထား သေးသိမ်သူများသည် ဓမ္မတာအားဖြင့် ကိုယ်က အပေါ်စီးရသည့်အခါ ဆောင့်ကြွားကြွားနိုင် တတ်၏။

ဆောင့်ကြွားကြွားနိုင်တတ်သူတို့သည် မိမိတို့ အရေးမလှသည့်အခါ အမြီးကုတ်သွားလေ့ရှိတတ်၏။ အာဃာတ တစ်ခွဲသား ထားတတ်၏။ အောင်ဆန်းသည် အာဏာမရှိသဖြင့် မည်သူ့ကိုမျှမကြောက်၊ အာဏာရှိလာ သောအခါတွင်လည်း မည်သူ့ကိုမျှ မတရားမလုပ်။ အာ ဃာတလည်းမထားတတ်။ အောင်ဆန်းက လက်စားချေ သောကြောင့် ထောင်ကျသူ၊ ဒုက္ခရောက်ရသူ တစ်ဦးမျှ မရှိ၊ ဤကား အောင်ဆန်း၏ စိတ်ထား။

[၅]

ဗိုလ်ချုပ်အောင်ဆန်းသည် စစ်အတွင်းက သူလျှို တစ်ဦးကို သူကိုယ်တိုင် သေဒဏ် ပေးဖူး၏။ လုပ်ဖော် ကိုင်ဖက် ရဲဘော်တစ်ဦးက အင်္ဂလိပ်ပြန်လာသောအခါ သတင်းပေး စွဲချက်တင်၏။ ထို့ကြောင့် သူ့ကိုဖမ်းရန် အင်္ဂလိပ်တို့က စီစဉ်နေသည်။ ဘုရင်ခံ ဆာဒေါ်မန်စမစ် က သူ့ကို ထိုအကြောင်း ဟုတ်၊ မဟုတ် နှစ်ကိုယ်ကြား မေးပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက အေးဆေးတည် ငြိမ်စွာဖြင့် ထိုကိစ္စမှန်ကြောင်း၊ အားလုံးအတွက် သူ တာဝန်ခံယူကြောင်း ပြောပြရာ ဆာဒေါ်မန်စမစ် ကိုယ် တိုင်ကပင်လျှင် သူ၏နှလုံးရည်ကို ချီးကျူးလေးစား

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဖွင့်ပြောခဲ့သည်။ ဂျပန်တို့နှင့် ပူးပေါင်းမိခြင်း အတွက် အမှားကို နောက်လိုက်များအပေါ် လွှဲမချ။ ကိုယ်တိုင် မှားကြောင်းဝန်ခံ၏။ တာဝန်ယူ၏။ အနစ်နာ ခံစရာရှိလျှင် ခေါင်းဆောင်ပီပီသူသာလျှင် တာဝန်ယူ၍ အနာခံသည်။ မှားလျှင်မှားကြောင်း ဝန်ခံသည်။ အမှားကို ကိုယ်လွတ်ရုန်းပြီး နောက်လိုက်များအပေါ် လွှဲမချ။ လုပ်ဖော်ကိုင်ဖက် အချင်းချင်းအပေါ် မည်သည့်အခါမျှ အကောက်မကြံ၊ ချောက်မတွန်း၊ ဤသည်တို့ကား အောင်ဆန်း၏ဝလေ့နှင့် အောင်ဆန်း၏ခေါင်းဆောင်မှု။

[၆]

၁၉၄၆ ခု၊ အောက်တိုဘာလအတွင်းက ပြုလုပ်သော လူထုရှင်းလင်းပွဲတစ်ခုကို အမှတ်ရမိပါသေးသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော (ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီး) ကို ကွန်မြူနစ်များက သွားပုပ်လေလွင့် ပြောနေလေသည်။ ကွန်မြူနစ်များ လွန်လာသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ထပြီး အရင်းအမြစ်က စ၍ ရှင်းလင်းရလေသည်။ သူ့ခမျာ မပြောချင်ပါဘဲ လျက် ပြောခဲ့ရသည်။

"ကျုပ်ကတော့ ခင်ဗျားတို့(လူထု)ကို မလိမ်ဘူး။ ရှေးကလည်း မလိမ်ခဲ့ဘူး။ ယခုလည်း မလိမ်ဘူး၊ နောက်လည်း မလိမ်ဘူး၊ သခင်စိုးတို့လို ဘုရားငဆောင်း ကျင့်နည်း၊ သူများ သားပျိုသမီးပျိုတွေလည်း မဖျက်ဆီးဘူး၊ ရွှေငွေ စိန်ကျောက်တွေလည်း ရအောင် ကျုပ်တို့ မလုပ်ဘူး၊ နိုင်ငံရေးနဲ့ စီးပွားမရှာဘူး၊ လုပ်ဖော်ကိုင်ဖက် အချင်းချင်းကိုလည်း ရန်သူ့လက် ဘယ်တော့မှ မအပ်ဘူး"

"ဂျပန်ခေတ် တစ်ခေတ်လုံးမှာလည်း စစ်ဝန်ကြီးဆိုပေမဲ့ ကျွန်တော့်မှာ အဝတ် နှစ်ထည် သုံးထည်ကလွဲပြီး အပို မရှိခဲ့ပါဘူး။ ယခုခေတ် ရောက်ပြန်တော့ ဒါတွေကို ဝတ်နေရတာပဲ။ အခု 'ဝတ်နေတဲ့ ဘောင်းဘီနဲ့ အင်္ကျီ တောင် ယခုဝန်ကြီး ရာထူးဝင်ယူပြီးမှ မိတ်ဆွေတွေက ကြည့်မကောင်းလို့ အတင်းအချုပ်ခိုင်း ဝတ်ပေးလို့ ဝတ်နေရတာပဲ"

**(မှတ်ချက်။** ။ "ဘုရားငဆောင်း"ဆိုသည်မှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက မြေလတ်တွင် ပေါ်ပေါက်ခဲ့ဖူးသည်။ ရင်ငွေ့လှုံဂိုဏ်း ခေါင်းဆောင်ဖြစ်သည်)

ဤစကားများကိုထောက်၍ အောင်ဆန်းအကြောင်း ပို၍သိနိုင်ပါသည်။ အောင်ဆန်းသည် သူများသားပျိုသမီးပျိုကို မဖျက်ဆီး၊ ဘုရားငဆောင်းအကျင့်မျိုးမကျင့်၊ မိန်းမမှု မပွေ၊ နိုင်ငံရေးလုပ်ငန်းတွင် သန့်ရှင်း၏။ ဆင်းရဲသား ပြည်သူလူထုကို သနားလှချည့်ရဲ့ဟု စင်မြင့်ပေါ်မှ လှုသိနတ်ကြား အော်ဟစ်ပြီးနောက် နိုင်ငံခြားသို့ ဖွဲနခိုးရောင်းစားသော နိုင်ငံရေးသမားမျိုး မဟုတ်ပါ။ အောင်ဆန်းသည် စိန်ရွှေ မစု၊ အောင်ဆန်းသည် နိုင်ငံရေးဖြင့် အမြတ်မထုတ်၊ သူသေသွားသောအခါ သူပိုင်ပစ္စည်းဆို၍ ပုဆိုးသုံးထည်၊ ရှပ်နှစ်ထည်၊ အပေါ်အင်္ကျီ နှစ်ထည်သာ ကျန်ရစ်ခဲ့၏။ သူပိုင် မော်တော်ကား၊ တိုက်အိမ်၊ မြေယာ၊ ရွှေငွေပစ္စည်း ဘာမျှမကျန်ရှိ။ နတ္ထိ။ ဤကား အောင်ဆန်း၏ ကိုယ်ကျင့်တရား၊ အောင်ဆန်း၏ ရိုးဖြောင့်မှု။

[၇]

ဂျပန်များကို တော်လှန်နေစဉ် အချိန်အတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှအမှတ် ၁၄ တပ်မတော်၏ စစ်သေနာပတိ စစ်သူကြီးဆလင်းတို့ တွေ့ဆုံစကားပြောဆိုကြပါသည်။ တွေ့ဆုံပုံနှင့် ဆွေးနွေးပုံများကို စစ်သူကြီးဆလင်းက သူ၏ "အရှုံးမှ အနိုင်သို့" စာအုပ်တွင် ပြည့်စုံစွာ ဖော်ပြထားလေသည်။ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးဆလင်းက "ကျွန်ုပ် အောင်ဆန်းကို စွဲမှတ်မိသည်။ သူသည် ကိုယ်ကျိုးရှာသမား မဟုတ်၊ ကျွန်ုပ် ယူဆထားမိသကဲ့သို့ မယုံကြည် မလေးစားအပ်သည့် ပြောက်ကျား ခေါင်းဆောင်မျိုးလည်းမဟုတ်။ သူ့တွင် မျှော်မှန်းချက်တစ်ခုတော့ ရှိသည်။ ယင်းမျှော်မှန်းချက်မှာ စစ်ပြီး မြန်မာပြည်ကို ကယ်တင်သူတစ်ဦး ဖြစ်လိုခြင်းပင် ဖြစ်သည်။ ကျွန်ုပ်အယူအားဖြင့် အောင်ဆန်းသည် တကယ့်မျိုးချစ် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်ပြင် စိတ်ကူးယဉ်သမားမဟုတ်၊ အမှားအမှန်ကိုချင့် ချိန်နိုင်စွမ်းရှိသူဖြစ်သည်။ သူသည် အလွန်ရိုးသားဖြောင့်မတ်သည်။ ကတိတစ်လုံးပေးမိလျှင် ယင်းကတိကို တည်ကြည်စွာစောင့်ထိန်းသူဖြစ်သည်။ အောင်ဆန်းသည် ကတိတည်သည်။ ကျွန်ုပ် အောင်ဆန်းနှင့် အလုပ်လုပ်ဖြစ်နိုင်ပါသည်။ ကျွန်ုပ်သည် သူကို မြန်မာပြည်

www.burmeseclassic.com

၏ ဗိုလ်ချုပ်စမတ်အဖြစ် သဘောထားကာ လေးလေးစားစားဆက်ဆံပါသည်"ဟု ထုတ်ဖော် ရေးသားသွားလေသည်။

အောင်ဆန်းသည် အပြောနှင့်အလုပ်တွင် ပြတ်သား၏။ ရှင်း၏။ သူသည် ပြောသလို လုပ်၍ လုပ်သလို ပြော၏။ သူ တာဝန်မယူနိုင်သည်ကို ဝါကြွား၍ လုပ်နိုင်သည်၊ လုပ်ပေးမည်ဟု မပြော။ စကားကို လိမ်၍ ညာ၍ ပြောသလို အလုပ်ကိုလည်း လိမ်၍ညာ၍ မပြတ်မသား ဘယ်တော့မှမလုပ်။ "တစ်နှစ်အတွင်း လွတ်လပ်ရေး ရရမယ်" ပြော၏။ ပြောသလို တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင် လုပ်ပြသွား၏။ တိုင်းပြည်နှင့် လူမျိုးအတွက် ဆင်းရဲခံနိုင်လွန်း၏။ အငတ်ခံနိုင်၏။ မည်သည့် ဒုက္ခအခက်အခဲတွေ့တွေ့ မညည်းညူ။ အောင်ဆန်းသည် အလုပ်ရှိလျှင် အိပ်ရမှန်းမသိ၊ စားရမှန်းမသိ လုပ်လေ့ရှိ၏။ အောင်ဆန်းသည် ကတိတစ်လုံးပေးပြီးလျှင် ထိုကတိကို ပြောသည့်အတိုင်း တည်အောင် စောင့်ထိန်း၏။ ဤကား အောင်ဆန်း၏ လုပ်ဟန်။

[၈]

အောင်ဆန်းသည် သဘောထားကြီးမား၏။ လူကြီးစိတ်ထားရှိ၏။ ဆရာမင်းသုဝဏ်က စာရေးသူအား ပြောပြဖူးသည်မှာ အောင်ဆန်း တက္ကသိုလ်ကောင်စီ အဖွဲ့ဝင် ဖြစ်နေချိန်၌ ဦးတင်ထွတ်က ဒုတိယအဓိပတိ ဖြစ်နေသည်။ အောင်ဆန်းလုပ်သမျှ ဦးတင်ထွတ်က အမြဲနှိမ်လေ့ရှိ၏။ ဦးတင်ထွတ် လုပ်သမျှ အောင်ဆန်းက အမြဲခန့်တွက်လေ့ရှိ၏။ တစ်ယောက်နှင့်တစ်ယောက် ဘယ်အရာမျှ တည့်ရှုသင့်မြတ်သည်မရှိ၊ ဆေးချေးနှင့် တောက်တဲ့တို့လို သူတို့ နှစ်ဦးမှာ ပနံမစားကြ။ အောင်ဆန်းသည် အစိုးရအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌဖြစ်နေချိန်၌ ဦးတင်ထွတ်ကို ကလဲ့စားချေမည်ဆိုပါက ဦးတင်ထွတ်ခမျာ ဒုက္ခ ရောက်ဖို့သာရှိ၏။ အောင်ဆန်းက လက်စားချေသလား။ ဝေးသေး။ "ဦးတင်ထွတ်ဟာ လူတော် တစ်ယောက်ဗျ။ သူ့ကို ကျုပ်တို့အထဲရောက်အောင် ဆွဲယူပြီး သုံးရမယ်" ဟု ပြော၏။ ပြောသည့်အတိုင်း သူ့ကို နှိမ်လေ့ရှိသော ဦးတင်ထွတ်ကို သူ့လူဖြစ်အောင် လုပ်သွား၏။ သင့်မြတ်သွားကြတဲ့ဖြစ်ခြင်း၊ သိကြသည့်အတိုင်းပင်။

နောက်တစ်ခု သူ့ကို လူသတ်မှုဖြင့် အင်္ဂလိပ်တို့ထံ စွဲချက်တင်ခဲ့သော သူ၏ရဲဘော်တစ်ဦးကို ကလဲ့စားချေခဲ့သလား။ ဝေးမွ။ "သူလည်း သူ့အကြောင်းနဲ့သူမို့ ပြောရတာ ဖြစ်မှာပါကွာ" ဟု ခွင့်လွှတ်သွား၏။ သာမန်လူတစ်ဦးအဖို့ သည်းခံနိုင်စွမ်း မရှိနိုင်သည်ကို သည်းခံပြီးလျှင် ခွင့်လွှတ်လေ့ရှိ၏။ ဤကား လူပင်ငယ်သော်လည်း ရင့်ကျက်သော အောင်ဆန်း၏ သဘောထား။

[၉]

ဂျပန်နှင့်ဗြိတိသျှတို့သည် မိမိတို့ရန်သူဖြစ်ခဲ့သော အောင်ဆန်းကို အစိမ်းလိုက်ဝါးစားချင်မည်မှာ ဗေဒင်မေးဖို့မလို။ သို့ရာတွင် သူတို့သည် အောင်ဆန်းကို တကယ်မုန်းခဲ့ကြသလား။ ပွင့်လင်းဖြောင့်မတ်၍ နိုင်ငံရေးကို ယုံကြည်ချက် သန့်ရှင်းစွာဖြင့် လုပ်နေသော အောင်ဆန်း၏ ဖြောင့်မတ်မှုကို သူတို့ အလွန် တန်ဖိုးထားကြ၏။ လေးစားကြ၏။ လန်ဒန်မြို့၊ အိန္ဒိယ မဟာမင်းကြီးရုံးတွင် ကျင်းပသော အိန္ဒိယပြည် လွတ်လပ်ရေးနေ့ အခမ်းအနား၌ မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က "ဒီလိုနေ့မှာ ဗိုလ်ချုပ်အောင်ဆန်း မရှိတာ ဝမ်းနည်းမိတယ်။ သူသာရှိရင် ဘယ်လောက် ဝမ်းသာမည်လဲ"ဟု တမ်းတရှာ၏။ သူနှင့် နိုင်ငံရေး ကျားကစားဘက်တစ်ဦးဖြစ်သူ မြန်မာပြည်ဘုရင်ခံ(ဟောင်း) ဆာဒေါ်မန်စမစ်မှာ မကျန်းမာ၍ အင်္ဂလန်သို့ ပြန်သွားရလေသည်။ သူ မပြန်မီ ကလေးတွင် နောက်ဆက်ခံမည့်ဘုရင်ခံအတွက် အခြေအနေ မှတ်တမ်းကို ရေးခဲ့၏။ ယင်းမှတ်တမ်း၌ "အောင်ဆန်းသည် မြန်မာပြည်၏ ပေါ်လွင်သော အမျိုးသားခေါင်းဆောင်ဖြစ်သည်။ ထို့ပြင် ဤတိုင်းပြည်ရှိ နိုင်ငံရေးခေါင်းဆောင်တို့တွင် နောက်လိုက်အများဆုံးရှိသူဖြစ်သည်ကို ယုံမှားသံသယရှိဖို့မလို။ ကျွန်ုပ်အမြင်ဖြင့် ပြောရလျှင် သူသည် အလွန်ရိုးသားဖြောင့်မတ်သူ ဖြစ်သည်။ သူ၏ အမျိုးသားတပ်ပေါင်းစုအဖွဲ့ကြီးသည် တစ်မျိုးသားလုံးကို ကျယ်ပြန့်စွာ စုစည်းထားသော အဖွဲ့ဖြစ်သည်" ဟု ရေးသားခဲ့ရှာသည်။ အသစ်ရောက်ရှိလာသော ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်ကလည်း 'အောင်ဆန်းသည် ထိပ်တန်းခေါင်းဆောင်ဖြစ်သည်။ ဗမာပြည်ကို အခြေတကျဖြစ်အောင်လုပ်ရန် သူ၏ ပူးပေါင်းကူညီမှု

www.burmeseclassic.com

www.burmeseclassic.com



မပါရှိဘဲနှင့် လုပ်၍ မဖြစ်နိုင်"ဟု ယုံကြည်ကြောင်း ဖွင့်ဟပြောဖူးသည်။ မြန်မာပြည် စစ်ကြောင်း၏ ပြည်သိမ်း တပ်မတော် ဂျပန်စစ်သေနာပတိ ဗိုလ်ချုပ်ကြီး အီးဒါးကလည်း "အောင်ဆန်းသည် ငွေကိုလည်း မမက်၊ တစ်ကိုယ်ကောင်းလည်း မဆန်၊ ဒါ့ကြောင့် ဂျပန်တွေက သူ့ကိုလေးစားသည်"ဟု ပြော၏။ ဤသည်ကို ကြည့်ပါ။ အောင်ဆန်းကို သူ၏စစ်ပြိုင်ဘက် ရန်သူများကပင် တန်ဖိုးထားကြသည်။ လေးစားကြလေသည်။ ဤကား အောင်ဆန်း၏ ဂုဏ်သိက္ခာ။

[၁၀]

အောင်ဆန်းသည် မိုးပေါ်ကကျလာသူ မဟုတ်။ လူထုထဲက လူတစ်ဦးဖြစ်သည်။ သူ့ကို ပုဂ္ဂိုလ်စွဲ ကိုးကွယ်မှုပြုလို၍ ဤစာကို မရေး။ လူထုထဲမှ တစ်ဦးဖြစ်သည့် သူ၏ ကောင်းမွန်သော အမူအကျင့်၊ စရိုက်ဓလေ့၊ စိတ်ထား စသည်တို့ကို အတုယူလိုသူတို့ အတုယူနိုင်စေခြင်းငှာသာ ရေးသားတင်ပြရခြင်းဖြစ်သည်။

သူ့ခေတ်က သူ မည်သို့ တိုင်းပြည်အတွက် အလုပ်လုပ်သည်၊ မည်သို့စည်းရုံးသည်၊ မည်သို့ ခေါင်းဆောင်မှုပေးသွားသည်တို့ကို သင်ခန်းစာယူ၍ ယခုခေတ်လူငယ်တွေက အလုပ်လုပ်လျှင် တိုင်းပြည်အတွက် အကျိုးကျေးဇူးရှိမည်ဟုလည်း ယူမှတ်ပါသည်။

လူထုကြီးသည် သူ့အပြော၊ သူ့စရိုက်၊ သူ့ စိတ်ထား၊ သူ့ဓလေ့၊ သူ့စာရိတ္တ၊ သူ့လုပ်ဟန်၊ သူ့သဘောထားများကြောင့် သူ့ကိုချစ်ကြ၊ မြတ်နိုးကြ၊ ခင်တွယ်ကြသည်။ လူထုကြီးနှင့် အောင်ဆန်း၊ အောင်ဆန်းနှင့် လူထု တစ်သားတည်းကျနေလေသည်။ ခွဲ၍မရ။

အောင်ဆန်းကို မသိလိုက်၊ မမီလိုက်ကြသူ လူငယ်များက "ဗိုလ်ချုပ်အောင်ဆန်း ဆိုတာ ဘယ်သူလဲ၊ ဘယ်လိုလူလဲ" ဟုမေးခဲ့သည်ဖြစ်အံ့၊ "ဗိုလ်ချုပ်အောင်ဆန်းဆိုတာ အဲဒါပဲ" ဟု ဖြေလိုက်ပါရစေ။ တိုင်းပြည်၏ အညွန့်အဖူး လူငယ်လူရွယ်ကလေးများသည် ဗိုလ်ချုပ်အောင်ဆန်း၏ အမွေကို ဆက်ခံနိုင်ကြပါစေ၊ အတုယူနိုင်ကြပါစေ။ ။

သမိုင်းဝင်ဆောင်းပါးများနှင့် ကိုယ်တွေ့ဝတ္ထုများစာအုပ်မှ

## အောင်ဆန်း၏ တကာယ့်တိုက်ပွဲ

[၁]

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ခေတ်အလိုက် ခေါင်းဆောင်အမျိုးမျိုး၊ ပြည်သူတည်းဟူသော နောက်လိုက်အင်အားအမျိုးမျိုး၊ နည်းပရိယာယ်လုပ်ငန်းစဉ်အမျိုးမျိုးတို့ဖြင့် လွတ်လပ်ရေးတိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးပြီ၊ လွတ်လပ်ရေးကား မရခဲ့။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ခေတ်ကျကာမှ လွတ်လပ်ရေးတိုက်ပွဲ အပြင်းထန်ဆုံး၊ အလေးနက်ဆုံး ဆင်နွှဲရပြီး လုံးဝ လွတ်လပ်ရေးကို ရရှိခဲ့လေသည်။ ထို့ကြောင့်လည်း ဗိုလ် ချုပ်အောင်ဆန်းအား လွတ်လပ်ရေးရရှိအောင် ဦးစီးခေါင်းဆောင်ပြုခဲ့သော သူ၏ဂုဏ်ရည်ကြောင့် ပြည်သူပြည်သားများက "လွတ်လပ်ရေးဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး" ဟု ချီးကျူးဂုဏ်ပြုခဲ့ကြခြင်းဖြစ်၏။

အောင်ဆန်းသည် စကားပြောလျှင် ပရိယာယ်မာယာမနှော၊ ဘွင်းဘွင်းနှင့် ရှင်းရှင်းပြောတတ်၏။ သူဘာပြောပြော လူတိုင်း စဉ်းစားလက်ခံ၏။ သူသွားလေရာ လူအုပ်ကြီးအမြဲရှိတတ်၏။ လူထုနှင့် အောင်ဆန်း၊ အောင်ဆန်းနှင့်လူထု ခွဲ မရခဲ့။ လူထု၏အသံသည် အောင်ဆန်း၏အသံဖြစ်၏။ လွတ်လပ်ရေးတိုက်ပွဲ၏ နောက်ဆုံးတိုက်ပွဲကာလတွင် ပြည်သူလူထုနှင့် အောင်ဆန်းကို ခွဲမရ။ ထို့ကြောင့် ယင်းနောက်ဆုံးတိုက်ပွဲသည် ပြည်သူတို့တိုက်ပွဲ(ဝါ) အောင်ဆန်း၏တိုက်ပွဲပင်ဟု ဆိုချင်၏။ ဘာကြောင့် ဤသို့ဆိုချင်ရသနည်း။ တိုတိုပြောရလျှင် အောင်ဆန်းနှင့်လူထု ခွဲမရ၊ တစ်သားတည်းကျနေသောကြောင့်တည်း။

လွတ်လပ်ရေးတိုက်ပွဲကို ဦးစီးကွပ်ကဲလျက်ရှိသော အောင်ဆန်းသည် တိုက်ပွဲများစွာ ဝင်ခဲ့ဖူးပါ၏။ လွတ်ရပ်ဂိုဏ်းအထွေထွေအတွင်းရေးမှူးဘဝဖြင့် ဗြိတိသျှတို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆင်နွှဲရသောတိုက်ပွဲ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်သေနာပတိအဖြစ်ဖြင့် ဆင်နွှဲခဲ့ရသော နိုင်ငံရေး၊ စစ်ရေးတိုက်ပွဲများ၊ မျိုးချစ်ဗမာ့တပ်မတော် စစ်သေနာပတိအနေဖြင့် ဆင်နွှဲခဲ့ရသော နိုင်ငံရေး၊ စစ်ရေးတိုက်ပွဲများ၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌအနေဖြင့် ရင်ဆိုင်ခဲ့ရသော နိုင်ငံရေးတိုက်ပွဲများ၊ ယင်းတိုက်ပွဲများစွာတွင် (ဖဆပလ)ဥက္ကဋ္ဌအနေဖြင့် ဦးစီးကွပ်ကဲ ဆင်နွှဲခဲ့သော နလုံးရည်တိုက်ပွဲသည် လွတ်လပ်ရေးတိုက်ပွဲများစွာတို့အနက် အချိန်အတိုဆုံးနှင့် အပြင်းထန်ဆုံးတိုက်ပွဲဖြစ်သည်။ ထိုပွဲသည် အောင်ဆန်း၏တကာယ့်တိုက်ပွဲဖြစ်၏။ အောင်ဆန်း၏ တကယ့်တိုက်ပွဲမှာ ၁၉၄၅ ခု၊ နိုဝင်ဘာလမှ စတင်၍ ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၀ ရက်တွင် ပြီးဆုံးသွား၏။ အချိန်ကား တစ်ဆယ့်ရှစ်လမျှသာ ကြာလေသည်။

× × ×

[၂]

ဖက်ဆစ်ဂျပန်ကို တော်လှန်ပြီး မေလ (၁)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ မျိုးချစ်ဗမာ့တပ်မတော်က ရန်ကုန်မြို့ကို သိမ်းယူခဲ့၏။ ဗြိတိသျှနှင့် မဟာမိတ်တပ်များသည် မေလ (၃)ရက်နေ့ကျမှ ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ဗြိတိသျှအာဏာပိုင်များရပ်ကွက်တွင် မျိုးချစ်ဗမာ့တပ်မတော်ကို ဆက်လက်ထားရှိရေး၊ မထားရှိရေးပြဿနာ ဖြစ်ပွားလာ၏။ ၁၉၄၅ ခု၊ မေလ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှ (၁၄) တပ်မတော် တပ်မှူးကြီး ဗိုလ်ချုပ်ဆလင်းတို့ တွေ့ဆုံကြရာ ဗိုလ်ချုပ်အောင်ဆန်းက မိမိတို့သည် မြန်မာပြည် ယာယီအမျိုးသားအစိုးရအဖွဲ့ကို တည်ထောင်ခဲ့ပြီးဖြစ်ကြောင်း အရိပ်အမြွက် ပြောကြားခဲ့ဖူးသည်။ ထိုအချိန်မှစ၍ ဗြိတိသျှတို့မှာ အောင်ဆန်း၏မျိုးချစ်ဗမာ့တပ်မတော်နှင့် ယာယီအမျိုးသားအစိုးရအဖွဲ့ ပုံသဏ္ဍာန်ဆောင်နေသော (ဖဆပလ)အဖွဲ့ချုပ်ကြီးတို့အတွက် ခေါင်းခဲစပြုလာခဲ့လေသည်။ ထိုစကားမှာ ဗိုလ်ချုပ်အောင်ဆန်းက သူ၏ ရှေ့လာမည့်တိုက်ပွဲများအတွက် လမ်းရှင်းကျည်ဆန်များ စစ်လွှတ်ထားလိုက်ခြင်းသာဖြစ်၏။ တစ်ဖက်နှင့် တစ်ဖက် အပေးအယူလုပ်ကြရသော တိုက်ပွဲများဖြင့် မျိုးချစ်ဗမာ့တပ်မတော်ကို နှောင်ဖွဲ့မည့် ဗမာ့တပ်မတော်တွင် ပါဝင်ခွင့်ရစေရေး၊ ရပ်ရွာငြိမ်ဝပ်ပိပြားရေး၊ စက္ကူဖြူစာတမ်းပါ အချက်များကို လျှော့လာအောင်ပြင်ဆင်စေရေး ကိစ္စများကို ရရှိအောင်မြင်သည်အထိ ဆောင်ရွက်ခဲ့လေသည်။ ၁၉၄၅ ခု၊ ဇူလိုင်လနှင့် ဩဂုတ်လသို့ ရောက်ရှိလာသောအခါ ဗြိတိန်ပါလီမန်ရွေးကောက်ပွဲ၌ ချာချီ၏ ကွန်ဆာဗေးတစ်ပါတီကို လေဘာပါတီက အနိုင်ရရှိပြီးလျှင် မစ္စတာအက်တလီ ခေါင်းဆောင်သော လေဘာအစိုးရအဖွဲ့တက်ရောက်လာခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းသည် တိုက်ပွဲ၏ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ပြင်ဆင်ပြောင်းလဲထားလိုက်လေ၏။ ယင်းပြောင်းလဲမှုမှာ နလုံးရည်ကို အဓိကထားသော မဟာဗျူဟာကို သုံးစွဲရေးပင်ဖြစ်၏။ သူ၏မိန့်ခွန်းများကို ဆန်းစစ်လေ့လာလျှင် ယင်းမဟာဗျူဟာအပြောင်းအလဲကို တွေ့ကြရပေမည်။ အောင်ဆန်းသည် မဟာဗျူဟာ ပြောင်းလဲမှုအတိုင်း နည်းဗျူဟာများကို ချမှတ်ပေးရာ ဖွဲ့စည်းနေရာချထားပေးရာများတွင်လည်း အံ့ဖွယ်ကောင်းလောက်အောင် တိုက်ပွဲအချိန်ကာလနှင့် လျော်ညီတိကျစေသည်ကို တွေ့ကြရ၏။ သူ၏ ထူးခြားသောနည်းဗျူဟာတစ်ခုမှာ ဗြိတိသျှအစိုးရက ဒိုမီနီယံပေးမည်ဆိုခြင်းတို့ကို ပြတ်ပြတ်သားသား ငြင်းပယ်လိုက်ပြီးလျှင် အမျိုးသားအစိုးရတည်ထောင်ရေး၊ တိုင်းပြုပြည်ပြုလွှတ်တော် ကျင်းပရေး၊ လုံးဝ လွတ်လပ်ရေး ရရှိစေရေးတို့အတွက် ကြိုတင်ပြီး လုပ်ငန်းစဉ်များ ချမှတ်ပေးထားနိုင်ခြင်းဖြစ်ကြောင်း၊ ၁၉၄၅ ဩဂုတ်လ၊ ခေါင်းဆောင်များအစည်းအဝေးတွင် ပြောကြားသော သူ့မိန့်ခွန်းအရ သိကြရ၏။ ဤခြေလှမ်းများသည် အောင်ဆန်း၏ တကယ့်တိုက်ပွဲများအတွက် ပဏာမလုပ်ငန်းများသာဖြစ်ကြောင်း တွေ့ကြရ၏။

တကယ့် တိုက်ပွဲ စတင်သော နေ့မှာ ၁၉၄၅ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့ဖြစ်သည်။ မြန်မာပြည် ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်သည် အောက်တိုဘာလ ၁၆ ရက်နေ့၊ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်သို့ ရောက်ရှိခဲ့၏။ ၁၇ ရက်နေ့တွင် မြူနီစီပယ် မြို့တော်ခန်းမ၌ မြို့မိမြို့ဖများက ဆာဒေါ်မန်စမစ်ကို ဂုဏ်ပြု ညည့်ခံ အခမ်းအနားကျင်းပရာ ဆာဒေါ်မန်စမစ်က ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်စကားပြောရင်း မြန်မာပြည်အတွက် စီမံလျာထားသည့်အုပ်ချုပ်ရေးအကြောင်း ထည့်သွင်းပြောကြားသွားလေသည်။ ဆာဒေါမန်စမစ်က

"ဘယ်သင်း ဘယ်ဟာကို ဦးစားပေး ဆောင်ရွက်ရမယ်ဆိုတာ အတွေ့အကြုံများက သင်ပေးထားလို့ သိရပါပြီ။ လွတ်လပ်ရေးဆိုတာ ဘာကိုဆိုလိုတာလဲဆိုတဲ့ နားလည်မှုအသစ်လည်း ရရှိထားပြီ။ ကျွန်တော် မြန်မာပြည်ကို ပြန်လာခဲ့တာ ယခင်တုန်းက အတွေးအခေါ်ဟောင်း၊ စိတ်ထားဟောင်းနဲ့ ပြန်လာတာမဟုတ်ပါ။ အစီအစဉ် လုပ်ငန်းစဉ် တိတိကျကျရှိပြီးသားနဲ့ လာတာပါ။ မြန်မာပြည်ဟာ မကြာမီ အခြား လွတ်လပ်တဲ့ တိုင်းပြည်တွေရဲ့ကြားမှ လွတ်လပ်တဲ့ နိုင်ငံတစ်ခုအဖြစ်နဲ့ သူ့နေရာသူ ယူပါတော့မယ်။ ဗမာပြည်ရဲ့ လွတ်လပ်ရေးတိုက်ပွဲဟာ ပြီးနေပါပြီ"

ဟု နိဒါန်းပျိုးလိုက်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေး၏ တကယ့်တိုက်ပွဲကို တိုက်ရန်ပြင်ဆင်နေချိန်တွင် ဆာဒေါမန်စမစ်က မြန်မာတို့ မျက်စိလည်သွားစေရန် 'တိုက်ပွဲပြီးနေပြီ' ဟု လမ်းလွှဲပေးလိုက်၏။

ဤတွင်မျှမကသေး။ ဆာဒေါမန်စမစ်က "ရွေးကောက်ပွဲလုပ်ငန်းကို အမြန်ဆုံး လုပ်ပေးပါမယ်။ ဘုရင်ခံရဲ့ သဘောကျ အမှုဆောင်ကောင်စီအဖွဲ့ တစ်ခုလည်း ဖွဲ့ပြီး အုပ်ချုပ်ပါမယ်" ဟု ထပ်ကွန့်လိုက်လေရာ လွတ်လပ်ရေးတိုက်ပွဲအတွက် မဟာဗျူဟာ အဆင့်ဆင့်နှင့် နည်းဗျူဟာများကို စနစ်တကျ ချထားပြီးသော အောင်ဆန်းအဖို့ ပစ်ကွင်းကောင်းကို အလိုလိုရရှိသွား၏။

မကြာမီ ဘုရင်ခံ ဆာဒေါမန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော (ဖဆပလ) အဖွဲ့ကြီးအား သူ၏ အမှုဆောင်ကောင်စီတွင် နေရာဝင်ယူပါဟု ဖိတ်ခေါ်၏။ (ဖဆပလ) အဖွဲ့ချုပ်က ဘုရင်ခံနှင့် ပူးပေါင်းဆောင်ရွက်မည်။ အမှုဆောင်ကောင်စီတာဝန်ခံလူကြီး ၁၁ နေရာတွင် ဘုရင်ခံက (၄)နေရာ ကြိုက်သူကို ရွေးပါ။ (ဖဆပလ)အဖွဲ့ကို (၇)နေရာ ပေးပါ။ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး စသည်တို့တွင် ဘုရင်ခံကိုင်ထားခြင်းကို ရှိစေတော့၊ (ဖဆပလ)မှ ရွေးသူများအား ပြည်ထဲရေးကို ခွင့်ပေးရမည်ဟု တောင်းဆိုသောအခါ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော (ဖဆပလ) အဖွဲ့ချုပ်ကြီးနှင့် ဘုရင်ခံမှာ သဘောကွဲလွဲသွားလေသည်။ (ဖဆပလ) သည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီသို့ ဝင်ရောက်ခြင်း မပြုချေ။ ဘုရင်ခံကလည်း မိမိကြိုးဆွဲရာ က,မည့် မည်သည့်ပါတီ၊ မည်သည့် လူတန်းစားကိုမျှ ကိုယ်စားမပြုသော နိုင်ငံရေး ကျားသေများကို အမှုဆောင် ကောင်စီလူကြီးများအဖြစ် ခန့်ထားပြလိုက်ခြင်းဖြင့် အောင်ဆန်းကို ရန်စလိုက်လေသည်။ ဘုရင်ခံသည် ဤတွင်မျှ မကသေး စစ်ပြီးဆုံးသွားသော်လည်း မြန်မာပြည် ကာကွယ်ရေးဥပဒေကို မရုပ်သိမ်းဘဲ ထားရှိခြင်း။ ချောက်၊ ရေနံချောင်း စသော ဗြိတိသျှအရင်းရှင် ရေနံလုပ်ငန်း အချက်အချာနေရာများနှင့် တနင်္သာရီတိုင်းတွင် စစ်အုပ်ချုပ်ရေးကို ဆက်လက်ထားရှိခြင်း။ ၁၉၄၃ အထူး တရားရုံးအက်ဥပဒေအရ မျိုးချစ် နိုင်ငံရေးသမားများကို အရမ်းကာရော ဖမ်းဆီးနှိပ်စက်ခဲ့ခြင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်း ခြေလှမ်းမှားစေရန် 'ဆွ' ပေးလေ၏။ အလိုလေး ... လေး ... အောင်ဆန်းကို ဒီလိုလုပ်လို့ ရပါ့မလား။

ဤမျှအခြေအနေအထိ ပမာမခန့် လုပ်လာသောအခါ အောင်ဆန်းသည် တစ်စခန်းထရပြန်၏။ ၁၉၄၅၊ နိုဝင်ဘာ ၁၈ ရက်နေ့တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ၌ ပြည်သူ့အစည်းအဝေးကြီးတစ်ခု ကျင်းပပြီးလျှင် အောင်ဆန်းက ဘုရင်ခံကို သတိပေး၍ ဗြိတိသျှအစိုးရတစ်ဖွဲ့လုံးကို စိန်ခေါ်လိုက်၏။

ဗိုလ်ချုပ်အောင်ဆန်းက–

"ဘုရင်ခံသည် ၁၉၃၅ ခုနှစ်၊ အက်ဥပဒေပုဒ်မ ၁၃၉ အရ တိုင်းပြည်ကို အုပ်ချုပ်ရာတွင် တစ်ဦးတည်းသဘောနှင့် ထင်ရာလုပ်ကြောင်း၊ ဖက်ဆစ် ဆန့်ကြောင်း၊ ဖက်ဆစ်ဆန့်ကျင်ရေးသမား မျိုးချစ်များကို မတရား ဖမ်းဆီးနေကြောင်း၊ အမှုဆောင်အဖွဲ့ထဲသို့ (ဖဆပလ)က ဝင်ရောက်ဆောင်ရွက်ခြင်း မပြုသည်မှာ ဘုရင်ခံနှင့် ပုဂ္ဂိုလ်ရေး ကွဲပြားမှုမဟုတ်၊ ပေါ်လစီ ကွဲပြား၍ဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရသည် စစ်အပြီးတွင် လူမမာ နာလန်ထကြီးလို အသည်းကြေ ကြေနေပြီး အင်အား မရှိတော့ကြောင်း၊ လွတ်လပ်ရေးလုပ်ငန်းကို ဤအခါ ဒီမို

www.burmeseclassic.com

www.burmeseclassic.com



ကရေစီနိုင်ငံများ အကူအညီယူ၍ တိုက်ပွဲဝင်မည်၊ ဤသို့ အေးဆေးစွာ ဆောင်ရွက်နေခြင်းမှာ စစ်ဒဏ် နှစ်ကြိမ် ခံထားရသော တိုင်းပြည်ကို သနားညှာတာ၍သာဖြစ်ပြီး မည်သူကိုမျှ ကြောက်ရွံ့၍ မဟုတ်ကြောင်း၊ သတ္တိရှိလျှင် လွတ်လပ်သော ရွေးကောက်ပွဲ ကျင်းပပေးရန် ဗြိတိသျှအစိုးရကို အရေးဆိုကြောင်း ...”

စသည်ဖြင့် တိုက်ပွဲအရှိန်ကို တိုးမြှင့်ပေးလိုက်လေသည်။

အောင်ဆန်းသည် ဖြောင့်ကျကျပြောလေ့၊ လုပ်လေ့ရှိ၏။ ပွင့်လင်းသည်။ ထိုအစည်းအဝေးတွင် တင်သွင်းဆုံးဖြတ်မည့်အဆိုတစ်ခုကို အစည်းအဝေး မကျင်းပမီ ရက်အနည်းငယ်ကပင် ဆာဒေါ်မန်စမစ်ကို အသိပေးထား၏။ ထိုအစီအစဉ်တစ်ခုမှာ ဤသို့ဖြစ်၏။ ပုဒ်မ ၁၉ အရ မိမိထင်သလို ဖက်ဆစ်ဆန်ဆန် တိုင်းပြည်ကို နှိပ်ကွပ်နေသော “ဤသို့သော ဘုရင်ခံမျိုးအား ဗြိတိန်ကဲ့သို့သော ဒီမိုကရေစီနိုင်ငံတစ်ခုက ကိုယ်စားမပြုထိုက်” ဟူသောအဆိုပြုချက်ဖြစ်၏။ ယင်း အဆိုပြုချက်ကို တွေ့ရသောအခါ ဆာဒေါ်မန်စမစ်က မျက်လုံးပြူးသွားပြီးလျှင် “ကိုယ့်လူ ... ခင်ဗျား သိပ် မရမ်းပါနဲ့ဗျာ၊ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးလည်း ကြည့်ပါဦး” ဟု တောင်းပန်ရလေသည်။ အဆိုပါအစည်းအဝေးတွင် လူထုကြီး၏ စည်းကမ်းရှိခြင်း၊ တက်ကြွခြင်းတို့နှင့် အောင်ဆန်း၏ ဩဇာအရှိန်ကြီးမားပုံကို သိရှိသွားပြီးနောက် ဆာဒေါ်မန်စမစ်က ဗြိတိသျှအစိုးရအဖွဲ့ထံ စာရေးအစီရင်ခံရာတွင် “အောင်ဆန်းနဲ့ သူ့ရဲဘော်ရဲဘက်တွေဟာ နိုင်ငံရေးနယ်မှာ ပြိုင်ဘက်မရှိ၊ ဘယ်နိုင်ငံရေးပါတီမှလည်း သူတို့ဘက် စည်းရုံးရေးအင်အား မကောင်း၊ ဘယ်သူမှ သူတို့နဲ့ ယှဉ်မရပ်နိုင်ပါ” ဟု ထည့်သွင်းရေးသားရလေတော့၏။ ဤကား အောင်ဆန်း၏ထိုးစစ်အရှိန် တက်ကြွ ထိရောက်လာခြင်းကို ဖော်ပြရာရောက်လေ၏။

ဆာဒေါ်မန်စမစ်ခမျာမှာလည်း ဤမျှ‘အ’သည့် လူစားမျိုးမဟုတ်။ အောင်ဆန်းနှင့် အဆင်မပြေလျှင် အလုပ်ဖြစ်ရန်ခက်ခဲမည်ကို သူသိပါသည်။ သို့သော် သူ့အား ၁၉၄၅ ခုနှစ်၊ အုပ်ချုပ်ရေးအက်ဥပဒေနှင့် စက္ကူဖြူစာတမ်း အခွင့်အာဏာများကို အပ်နှင်း၍ မြန်မာပြည်သို့ ဗွေဆော်ဦး စေလွှတ်လိုက်သော ချာချီ၏ ကွန်ဆာဗေးတစ်အစိုးရက ခိုင်းစေသမျှ သူ ဆောင်ရွက်ကြည့်ရခြင်းသာ ဖြစ်၏။ လေဘာအစိုးရတက်လာသည့်အခါ တိုင်အောင် ဗြိတိန်အစိုးရအဖွဲ့က စက္ကူဖြူသေနင်္ဂဗျူဟာ အစုတ်ကြီးကို ဆက်လက် ကိုင်စွဲ စစ်ဆင်ခိုင်းနေခြင်းကြောင့် တစ်ဖန် ဆက်လက်ပြီး စက္ကူဖြူတိုက်ပွဲကို ခင်းနေရခြင်းဖြစ်၏။ သူသည် ဤတိုက်ပွဲဇာတ်လမ်းတွင် လူကြမ်း မလုပ်လို။ မင်းသားအောင်ဆန်းကို နှိပ်စက်၍ ရလိမ့်မည်ဟုလည်း သူမထင်၊ လူထုက မင်းသားနောက်မှာ အလုံးလိုက် အခဲလိုက်။ ထို့ကြောင့် ဒီဇင်ဘာလ ၁၆ ရက်နေ့က ဘိလပ်အစိုးရထံ အစီရင်ခံသောအခါ “(ဖဆပလ)အဖွဲ့ကြီးဟာတစ်ခုလုံးရဲ့ အင်အားဟာ အောင်ဆန်းအပေါ် လုံးလုံးတည်နေတယ်။ အဖွဲ့ရဲ့ အင်အားဟာ အောင်ဆန်းရဲ့ အင်အားပဲ” ဟု ဆာဒေါ်မန်စမစ်က သူ့ လူကြမ်းဘဝကိုအဆုံးသတ်ဖို့ သွေးတိုးစမ်းပြီး အစီရင်ခံလိုက်၏။ သို့သော် ပေါ်လစီက ပြောင်းလဲ၍မလာသေး၊ နေမြဲ။ ဤကြားထဲ ထစ်ခနဲဆိုလျှင် မြန်မာတို့ကို ပြင်းပြင်းထန်ထန် နှိမ်ချင်သော “ပီးယားစ်” တို့ကဲ့သို့သော ကွန်ဆာဗေးတစ် လက်ဝေခံ မြို့ပြအုပ်ချုပ်ရေးအရာရှိတွေကလည်း တစ်မှောင့်။ အိမ်တော်ပါ အလိုတော်ရိ ဆာပေါ်ထွန်းတို့ကလည်း တစ်မျိုး။ ဆာဒေါ်မန်စမစ်မှာ ကိုယ့်တပ်ဖွဲ့ကိုယ် မနိုင်ချင်။ စက္ကူဖြူတိုက်ပွဲဇာတ်လမ်းကလည်း ချုနာပါတေး၊ ဇာတ်ဆရာတပ်မှူး ဆာဒေါ်မန်စမစ် အရှုံးဆေးမစားမိရုံတမယ်သာ ရှိရာလေ၏။

ဆာဒေါ်မန်စမစ်မှာ အောင်ဆန်းနှင့် ပုဂ္ဂိုလ်ရေးအရ အလွန်ခင်မင်ပါ၏။ သို့သော် အောင်ဆန်းက မဟာဗျူဟာ၊ နည်းဗျူဟာနဲ့ အလုပ်ကို အလုပ်နှင့်တူအောင် လုပ်သော လူစားမျိုး၊ ပုဂ္ဂိုလ်ချင်းခင်တာက တခြား၊ လုပ်ငန်းက တသန့်။

× × ×

## [၂]

ဤကြားထဲတွင် ဆာဒေါ်မန်စမစ်၏ ရုပ်သေးအမှူးဆောင်အဖွဲ့မှ ကောင်စီဝင်လူကြီး သခင်ထွန်းအုပ်က ၁၉၄၆ ခု၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ကျင်းပသော အစည်းအဝေးတွင် “အောင်ဆန်း ဘီအိုင်အေခေတ်တုန်း

www.burmeseclassic.com



က လူသတ်ခဲ့တယ်” ဟု သွေးရူးသွေးတန်း ပြောလိုက်၏။ သခင်ထွန်းအုပ်က ဤသို့ စွဲချက်တင်လိုက်သော အခါ ပုလိပ်က စုံစမ်းရေးလုပ်လာ၏။ ထုံးစံအတိုင်း ဥပဒေအရ အရေးယူကြမည်။ ပီးယားစ် (Pearce) တို့ လူသိုက်ကလည်း အောင်ဆန်းကို ဖမ်းချင်ကြ၏။ ဤ နည်းဖြင့် လူကြမ်း မလုပ်လိုပါဟုဆိုသော ဆာဒေါ်မန် စမစ်က အောင်ဆန်းအား လိုအပ်လျှင် ဖမ်းဆီးခွင့်ပြုပါ ဟု ဘိလပ်အစိုးရထံ သံကြိုးရိုက်ပြီး ခွင့်တောင်းရလေ သည်။ ဘိလပ်မှ ညွှန်ကြားချက် ပြန်လာ၏။ “ဒီ ထွန်း အုပ်ဆိုတဲ့ ငနဲသားဟာ နာမည်သိပ်ကောင်းသူမဟုတ်၊ သူလည်း အဲဒီတုန်းက အကြမ်းပတမ်းတွေ လုပ်လာတာ ပဲ။ အောင်ဆန်းကို ခုချက်ချင်း ဖမ်းဖို့မသေချာဘဲနဲ့ သွား မလုပ်နဲ့”

သို့သော် ပီးယားစ် ကဲ့သို့သော မြို့ပြအုပ်ချုပ်ရေး အရာရှိများက အောင်ဆန်းကို ဖမ်းချင်၏။ ၁၉၄၆ ခု၊ မတ်လ ၂၇ ရက်နေ့တွင် ဘုရင်ခံအိမ်၌ အောင်ဆန်းကို ဖမ်းဆီးရန် ဆွေးနွေးပွဲ ကျင်းပကြသည်။ ဆာဒေါ်မန် စမစ် မေမြို့ရောက်နေသဖြင့် ထိုအစည်းအဝေးဘွင် ခေတ္တ ဘုရင်ခံ ဆာဂျွန်ဝိုက်စ်က သဘာပတိအဖြစ် ဆောင်ရွက် ၏။ အစည်းအဝေးသို့ မြန်မာပြည်စစ်နယ်၏ ဗြိတိသျှ စစ်သေနာပတိဖြစ်သူ ဗိုလ်ချုပ်ကြီး ဘရစ်ဂ်နှင့် စစ်ဦးစီး အရာရှိများလည်း တက်ရောက်လာကြ၏။ ဆာဂျွန် ဝိုက်စ်က အခြေအနေများကို တင်ပြပြီးနောက် “အောင် ဆန်းဖမ်းဖို့ကိစ္စနဲ့ပတ်သက်ပြီး အရှေ့တောင်အာရှ စစ် သေနာပတိချုပ် (လော့ဒ်မောင့်ဘက်တန်)ဆီက စကား လုံး ပြင်းပြင်းထန်ထန် သုံးထားတဲ့ ကြိုးမဲ့ကြေးနန်းတစ် စောင် ကနေ့ပဲရပါတယ်။ စစ်သေနာပတိချုပ်က သေသေ ချာချာ မစုံစမ်းရသေးမီ အောင်ဆန်း ဖမ်းဆီးထားဖို့ကိစ္စ ကို သူ မနှစ်သက်ဘူး။ ဒီအတိုင်းပဲ အိမ်ဖြူတော် (ဝန် ကြီးချုပ်)ဆီလည်း သူ အကြောင်းကြားထားတယ်လို့ ပါရှိတယ်။ ခင်ဗျားတို့သဘောကကော ဘယ်လိုလဲ။ ဘုရင်ခံ မနက်ဖြန်ပြန်လာရင် အားလုံးသဘောထား သူ သိချင်မှာမို့ ပြောကြပါ” ဟု ဆို၏။

အစည်းအဝေး လာရောက်သူများက မိမိတို့ သဘောထားများကို အသီးသီးတင်ပြကြ၏။ ပုလိပ်မင်း ကြီး မစ္စတာချက်တယ်လ်က ဒီမောင့်ကို ဖမ်းလျှင်တော့ သူပုန်ထမှုတစ်ခုတော့ ဖြစ်တော့မယ်ဟု ဆို၏။ မြန်မာ ပြည် စုံထောက်မင်းကြီး မစ္စတာအောကလည်း ပုလိပ် မင်းကြီးအယူအဆအတိုင်း တင်ပြ၏။ မစ္စတာဝိုက်စ်က အသတ်ခံရသော သူကြီး၏ ဇနီးက တိုင်ချက်ဖွင့်ပြီး ပုလိပ်က ဖမ်းထားလျှင် မကောင်းဘူးလားဟု ဆို၏။ ပုလိပ်မင်းကြီးကမူကား ဤကိစ္စမှာ ပဒ္ဒအုံ တုတ်နှင့်ထိုး သလို သူ့အား အထိုးခိုင်းမှန်းသိသဖြင့် စစ်အတွင်းက ဤသို့သော ပြစ်မှုမျိုး ကျူးလွန်ခဲ့သူမှန်သမျှ ချမ်းသာခွင့် ပေးဖို့ ဒီအစည်းအဝေးက ခွင့်ပြုလိုက်ဖို့ကောင်းတယ်ဟု ပြော၏။ မြန်မာပြည်စစ်နယ် စစ်သေနာပတိ ဗိုလ်ချုပ် ကြီး ဘရစ်ဂ်နှင့် သူ၏စစ်ဦးစီးအရာရှိများကမူ “အောင် ဆန်းကိုဖမ်းလျှင် ဗမာ့တပ်မတော်ပုန်ကန်မှုဖြစ်နိုင်တယ်။ တပ်ထဲမှာ အောင်ဆန်းတပ်သား (မျိုးချစ်ဗမာ့တပ်မတော် မှ ဝင်လာသူများ) လေးထောင်လောက်ရှိတယ်။ သူတို့က ပုန်ကန်လိမ့်မည်။ ကျေးရွာတိုင်းအထိ အောင်ဆန်းရဲ့ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်တွေရှိတယ်။ သူတို့ကလည်း အောင်ဆန်းအတွက် လက်တုံ့ပြန်လိမ့်မယ်။ အောင်ဆန်း ကိုသာ ဖမ်းလိုက်ရင်တော့ အမှားကြီး မှားမယ်။ အောင် ဆန်းကို နှိမ်နင်းဖို့ တပ်ဖွဲ့များ မပေးနိုင်။ ဒါကြောင့် ဒီကိစ္စကို ရှောင်ဖြစ်အောင် ရှောင်ကြပါ” ဟု ရှင်းရှင်း ဖွင့်ပြောသည့်အပြင် လေဘာအစိုးရက စက္ကူဖြူစာတမ်း ကို ထပ်မံ ဆန်းစစ်ပြီး မြန်မာတွေကို သူတို့တိုင်းပြည် သူတို့လက်ထဲပြန်လွှဲပေးလိုက်ဖို့ နေ့ရက်သတ်မှတ်ပေး သင့်ပြီဟု ဆို၏။ ဤမျှနှင့်ပင် အစည်းအဝေး ရွှေ့ဆိုင်း ရပြန်လေသည်။

ဆာဒေါ်မန်စမစ်က ဤလူသတ်မှုနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းကို ဟုတ်၊ မဟုတ် နှစ်ကိုယ်ကြား မေးကြည့်၏။ ဗိုလ်ချုပ်အောင်ဆန်းက “ဒီကိစ္စ ဟုတ် သားပဲ၊ ကျုပ်တာဝန်ပဲ” ဟု တည်ငြိမ်အေးဆေးစွာ ပြန် ပြောလိုက်ရာ ... အောင်ဆန်း၏ ပွင့်လင်းဖြောင့်မှန်၍ ဗျတ္တိရှိမှုကို ဆာဒေါ်မန်စမစ်က အံ့ဩချီးကျူးရလေ၏။ နောက်ဆုံးတွင် အောင်ဆန်းကို “ဖမ်းတော့” “မဖမ်းနဲ့” ဟူသည့်ကိစ္စနှင့်စပ်လျဉ်း၍ စစ်သေနာပတိချုပ် လော့ဒ် မောင့်ဘက်တန်က “စစ်ပြီးကာစ မြန်မာပြည်တွင် နောက် ထပ်စစ်ပွဲတစ်ပွဲ ဖြစ်ရဦးမည်ကို ကျွန်ုပ် မလိုလားပါ။ ဗိုလ်ချုပ်ကြီး လိစ်၏ ခန့်မှန်းချက်အရ မြန်မာပြည်တွင်

www.burmeseclassic.com



သူပုန်ထမှုဖြစ်ခဲ့သော် တပ်မနှစ်တပ်ဖြင့် နှိမ်နင်းရန် လိုသည် ဆိုပါသည်။ တပ်မ နှစ်တပ်ဆိုသည်မှာ မြန်မာပြည်စစ်ဆိုင်ရေးတွင် ကျွန်ုပ်တို့ အသုံးပြုနေသော အင်အားအတ်ပင် ကြီးမားနေသောကြောင့် မျိုးချစ်ဗမာ့တပ်မတော် (အောင်ဆန်း)ကို နှိမ်နင်းရန် မလွယ်ပါ" ဟု ဆိုလေသည်။ ဗြိတိသျှစစ်ဘက်ထိပ်တန်းအရာရှိကြီးမှန်သမျှက အောင်ဆန်းကို မနှိမ်လိုကြချေ။ တစ်ကမ္ဘာလုံးက ဗြိတိသျှတို့ကို နှစ်ပြားမျှ တစ်ဖိုးထားကြတော့မည်မဟုတ်။

× × ×

[၄]

ဗြိတိသျှ မြို့ပြရေးရာ အရာရှိပိုင်းက ဤသို့ မိမိအား ဖမ်းမည်ဆီးမည် လုပ်နေခြင်းကို အောင်ဆန်း မသိသူလား။ ဤကိစ္စများကို အောင်ဆန်း ကောင်းကောင်းကြီး သိပါသည်။ "မင်းတို့ ငါ့ကို ဒီလိုစမ်းသလားကွ" ဟု အောင်ဆန်းက တေးထားကာ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်တပ်ပြီးတစ်တပ် အသုံးပြုကာ သူ၏ထိုးစစ်ကို ဆက်တိုက် ဆင်နွှဲပါလေသည်။

တိုင်းပြည်အုပ်ချုပ်ရေးတွင် အခွန်ဘဏ္ဍာ မရရှိကဘာမျှမလုပ်နိုင်။ အောင်ဆန်းသည် လူဦးရေ ၁၀၀ လျှင် ၈၅ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားများကို ရှေ့တန်းတင်၍ တိုက်ပွဲ စတင်လိုက်ပြန်၏။ မြေခွန်တော်မဆောင်ရေးနှင့် သီးစားခ မပေးရေး တိုက်ပွဲကို တစ်တိုင်းပြည်လုံးတွင် ဆင်နွှဲစေ၏။ ထို့နောက် အလုပ်သမားများကို တပ်လှန့်ချီတက်စေ၏။ ဘီအိုစီအလုပ်သမားသပိတ်၊ ...ရေးများသပိတ်၊ စာတိုက်အမှုထမ်းများသပိတ်၊ ...ရထား၊ သင်္ဘောမှစ၍ ပုလိပ်အမှုထမ်းများသပိတ်၊ ...တော်ယာဉ်သပိတ်၊ ဈေးပေါင်းစုံသပိတ် စသဖြင့် သပိတ်တစ်လုံးပြီးတစ်လုံး မှောက်စေခြင်းဖြင့် လယ်သမား၊ အလုပ်သမား၊ မြို့နေလူတန်းစား စသည့် လူတန်းစားပေါင်းစုံ တပ်ဖွဲ့များဖြင့် ထိုးစစ်အရှိန်ကို မြှင့်တင်သွားလေ၏။ တစ်တိုင်းပြည်လုံး ဗြိတိသျှအုပ်ချုပ်ရေးစက်ယန္တရားကြီးကို မီးခိုးတိတ် ရပ်တန့်သွားအောင် ချွန်းပစ်လိုက်၏။ ဒီကြားထဲတွင် (Mass Disobedience) အာဏာဖီဆန်ရေး စီတန်းလမ်းလျှောက်ပွဲများ ဆန္ဒပြပွဲများကို ထပ်ဆင့် စစ်ကူတင်ပေးလိုက်သေး၏။

အောင်ဆန်းသည် လက်တံ့ရှည်လှ၏။ သူ၏ထိုးစစ်သည် မြန်မာပြည်တွင်း၌သာမက ဗြိတိသျှပါလီမန်အထိ ရောက်ရှိသွား၏။ ဗြိတိသျှပါလီမန်၌ မစ္စတာ တွန်ဒရိုင်းဘတ်တို့လို ပုဂ္ဂိုလ်များက စက္ကူဖြူစာတမ်းကို ပြန်လည်ပြုပြင်ပြီး အောင်ဆန်းလက်ထဲ အာဏာအပ်ရန် ဆူပူတိုက်တွန်းလာကြ၏။ တိုက်ပွဲနောက်ဆုံးအဆင့်နီးလာပြီ။ အောင်ဆန်းသည် မဟာမိတ်အင်အားများကို သုံးစွဲ၍ မြို့သိမ်းအမြောက်ကြီးတွေကို တန်းစီပြီး ပစ်ဖောက်နေလေပြီ။ စစ်နယ်ဝှန်းတစ်ခုလုံးတွင် အောင်ဆန်းတပ်များက သပိတ်သံပေးပြီး အလံများ တလူလူဖြင့် ကွပ်ကဲအုပ်စီး၍ နေ၏။

ဧပြီလ (၂၂) ရက်နေ့တွင် ဆာဒေါ်မန်စမစ်က အတွင်းဝန် မစ္စတာ အာသာ ဟင်ဒါဆင် ထံသို့ သတင်းပို့၏။ သူ့အစီရင်ခံစာ သတင်းပို့ချက်မှာ ဤသို့ဖြစ်၏။

"စက္ကူဖြူစီမံကိန်းကို ပြန်စစ်ဆေးပြုပြင်ပေးပါ။ ယာယီအမျိုးသားအစိုးရအဖွဲ့ အာဏာ(ဖဆပလ)ကို လွှဲပေးခွင့်ပြုရန်မလွယ်" ဗြိတိသျှဂုဏ်သိက္ခာ ထိခိုက်မည်။ နိုင်ငံရေးအခြေ ပြင်းထန်ဆဲ။ ၄၇ ခုနှစ် ရွေးကောက်ပွဲလုပ်ပေး။ ၄၈ ခုနှစ် အာဏာလွှဲပေး။ ဒါတွေလုပ်ပေးလျှင် အောင်ဆန်းက လက်ခံမှာပါ" ဟု ဆို၏။ "ကျုပ် လက်မြှောက်ပါပြီ။ အောင်ဆန်း နိုင်သွားပါပြီ။ အောင်ဆန်းကို အာဏာလွှဲလျှင် ကျုပ်ဂုဏ်သိက္ခာလေးစားသောအားဖြင့် ကျုပ်နေရာအတွက် ဘုရင်ခံအသစ်တစ်ယောက် လွှတ်ပေးပါ" ဟုလည်း ဆာဒေါ်မန်စမစ်က တောင်းပန်လိုက်၏။ ဤတွင် ဘေးမှ တိုက်ပွဲအခြေအနေကို အကဲခတ်နေသော လော့ဒ်မောင့်ဘက်တန်က "ကဲ ... မင်းကို ငါအစက မပြောလား" ဟု ပြောမည်ဆိုလျှင် ပြောနိုင်သွားလေ၏။ ဤသို့ဖြင့်ပင် ဆာဒေါ်မန်စမစ်ခမျာ ကျန်းမာရေး မကောင်းဟု အကြောင်းပြပြီးလျှင် မေလ ၂၇ ရက်နေ့တွင် ဘိလပ်သို့ ပြန်သွားရှာလေ၏။

ဆာဒေါ်မန်စမစ် နေရာမှာ ဘယ်သူပို့မည်လဲ။ လော့ဒ်မောင့်ဘက်တန်က "ဗိုလ်ချုပ်ရန့်စ် ကို ပို့ပါ။ သူနဲ့ အောင်ဆန်းနဲ့ အတော် ခင်မင် ရင်းနှီးကြတယ်" ဟု ဝန်ကြီးချုပ် မစ္စတာအက်တလီကို ပြောလိုက်၏။ အက်တလီက ဇူလိုင် ၃၁ ရက်နေ့တွင် ရန့်စ်ကို မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံအဖြစ် ခန့်ထားလိုက်သည်။ Rance ရန့်စ်က မြန်မာပြည်လာခါနီး မစ္စတာအက်တလီကို နှုတ်ဆက်ရာမှာ "အောင်ဆန်းမပါဘဲ ဘာမျှလုပ်လို့ရမှာမဟုတ်။ ခင်ဗျားတို့ စက္ကူဖြူစာတမ်း ချောင်ထိုးထားလိုက်ပါ။ "အစီအစဉ်သစ်"တစ်ခုခု အမြန်လုပ်၊ ကျူပ် သွားမယ်" ဟု ပြောခဲ့၏။ မစ္စတာ အက်တလီကလည်း လျှင်ပါသည်။ ရန့်စ် ပြောသော "အစီအစဉ်သစ်" ဆိုသည်မှာ ဆာပေါ်ထွန်းတို့လူသိုက်ကို ဖယ်ရှားပြီး မြို့သိမ်းအောင်ပွဲအတွက် အောင်ဆန်းကို အာဏာလွှဲလိုက်ဖို့ဆိုလိုကြောင်း သိပြီး၊ ရိပ်မိပြီး ဖြစ်ပါသည်။ ဒါနဲ့ မစ္စတာအက်တလီက "မင်းပဲ တော်သလို ကြည့်လုပ်တော့ကွာ" ဟု လွှဲပေးလိုက်၏။ ဗိုလ်ချုပ် ရန့်စ်သည် ဩဂုတ်လထဲတွင် ရန်ကုန်သို့ ရောက်လာလေသည်။ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ရန့်စ်က အောင်ဆန်းကိုခေါ်၍ အာဏာလွှဲအပ်လိုက်၏။ အောင်ဆန်းက ယာယီအမှုဆောင်ကောင်စီအစိုးရအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လေသည်။ မြို့သိမ်းရန် မြို့တံခါးဝသို့ အောင်ဆန်းတပ်များ ရောက်သွားလေပြီ။

× × ×

[၅]

စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့ကို ဖွဲ့စည်း၏။ စက်တင်ဘာလ ၂၉ ရက်နေ့တွင် စက္ကူဖြူအုပ်ချုပ်ရေး ကန့်ကွက်ပွဲ ကျင်းပပြန်၏။ တိုက်ပွဲကို ဆက်တိုက်နေတုန်းပင်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် အောင်ဆန်းက "မြို့ကို အပ်မှာလား၊ မအပ်ဘူးလား"ဟု ရာဇသံပေးပြန်၏။ လွတ်လပ်ရေးနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရက ကြေညာပါ၊ မကြေညာလျှင် အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်မည်ဟူ၏။ မစ္စတာအက်တလီတို့လူစုကလည်း မပေးလျှင် အေးမည်မဟုတ်ကြောင်း သိထားရကား မြန်မာပြည်ကို ဗြိတိသျှနေသဟာယထဲ နေနေ၊ မနေနေ လွတ်လပ်သော နိုင်ငံအဖြစ် အသိအမှတ်ပြုပါမည်ဟု ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ကြေညာလိုက်၏။ လွတ်လပ်ရေးကိစ္စ ဆွေးနွေးကြရအောင် အောင်ဆန်းလာပါဟု ဖိတ်ခေါ်လိုက်ရပြန်သည်။ ဤနည်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းတို့လူစု ဘိလပ်သွားပြီးလျှင် "အောင်ဆန်း–အက်တလီ" စာချုပ် ချုပ်ဆိုခဲ့လေသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုခဲ့ပြီး ဧပြီလ ၇ ရက် ရွေးကောက်ပွဲတွင် (ဖဆပလ) မဲအများဆုံး၊ နေရာအများဆုံးရအောင် ဆောင်ရွက်ခဲ့၏။ ဇွန်လ ၁၀ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်မှနေ၍ အောင်ဆန်းက မြန်မာပြည်ကို လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် တည်ထောင်ကြောင်း ကြေညာလိုက်ရာ ဗိုလ်ချုပ်အောင်ဆန်း၏ တကယ့်တိုက်ပွဲ၊ နောက်ဆုံးတိုက်ပွဲမှာ ဤတွင် ပြီးဆုံးသွားလေသတည်း။ တစ်ဆယ့်ရှစ်လမျှသော အချိန်အတွင်း အောင်ပွဲရအောင် တိုက်သွားသော အောင်ဆန်း၏ တကယ့်တိုက်ပွဲမှာ နည်းယူလောက်ပါဘိ။ ။

ရှုမဝ အတွဲ ၂၀၊ အမှတ် ၃ (၁-၁-၁၉၇၂)

## သူ့စရိုက် သူ့စိတ်ထား

(၁)

ဗိုလ်ချုပ်အောင်ဆန်းဆိုသည်မှာ အခြားသူမဟုတ်။ ဗြိတိသျှ လက်အောက်ကျရောက်ခဲ့ရသော မြန်မာပြည်၏ လွတ်လပ်ရေးကို ရရှိအောင် ဦးဆောင်ကြိုးပမ်းပေးခဲ့သည့် လွတ်လပ်ရေး ဗိသုကာကြီးတည်း။

သူကွယ်လွန်သွားသည်မှာ ယခုအချိန်ဆိုလျှင် ၂၃ နှစ် ရှိခဲ့လေပြီ။ သူသေသွားသည်မှာ ကြာပြီ။ သို့သော် သူ့ကို မြန်မာပြည်သူပြည်သားတိုင်းက ယနေ့အထိ မမေ့ကြ။ သူ့တိုင်းပြည်အတွက် သူ၏ဆောင်ရွက်ပုံ ဆောင်ရွက်ဟန်များကို စကားစပ်မိ ပြောမိကြလျှင် အားတက်ကြရသည်။ နည်းယူကြရသည်။ သူ၏ရိုးသားဖြူစင်သော စာရိတ္တနှင့် စရိုက်ခလေ့ကလေးတွေကို အမှတ်ရပြီး သူ့ကိုချစ်မြဲ ချစ်ကြရသည်။ သူကျဆုံးရသော အကြောင်းကို ပြောပြီး မျက်ရည်မစဲ ငိုပွဲဆင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သေနေ့အထိ အမှတ်တရ လွမ်းဆွတ်နေရ၊ တမ်းတနေကြရဆဲပင်ဖြစ်သည်။

သူ့ကို တမ်းတချင်ကြ၍သာ တမ်းတကြရသည်။ တမ်းတယူရလောက်အောင် ရုပ်လည်း မချော၊ အပြောလည်း မချိုသာ။ အဝတ်အစား ကပိုကရိုနှင့် အလွန်ခကျသူတည်း။ လောကတွင် အများတကာ သုံးစွဲလိုက်ကြနေကြသော ဟန်ဆောင် ပကာသန၊ လောကွတ်အပိုအမိုတွေကိုလည်း သူ အလွန်မုန်း၏။ အသားလတ်လတ်၊ အရပ်က ၅ ပေ၊ ၄ လက်မခန့်၊ စူးရှကြည်လင်သော မျက်လုံး၊ လူပုံက ပိန်ပိန်ပါးပါး၊ လမ်းသွားလျှင် စကားပြော၊ ခေါင်းငိုက်စိုက်နှင့် စဉ်းစားရင်း သွားလေ့ရှိ၏။ အဝတ်အစားကလည်း သပ်သပ်ရပ်ရပ် ဘယ်တော့မှ မဝတ်၊ စကားပြောလည်း မှန်တယ်ထင်လျှင် ပိဿာလေးနဲ့ ဆေားပစ်သလို ပြောတတ်၏။ ဤမျှဘုခွကလန့်ကျသူတည်း။

သို့သော် မြန်မာပြည်သူပြည်သားများသည် သူ့ကို အလွန်ချစ်မြတ်နိုးကြ၏။ သူက ထိုင်ဆို ထိုင်ကြပြီး၊ ထဆိုလျှင် ထကြ၏။ သူက ဘာခိုင်းခိုင်း လိုက်နာရန်၊ လုပ်ကိုင်ကြရန် အဆင်သင့်။ ကျေးတောမှ အဘိုးအို အဘွားအိုများသည် သူ့ကို တကူးတကလာရောက်ကြည့်ကြရ၏။ သူနှင့် လူထု၊ လူထုနှင့်သူ့ကို ခွဲခြားသတ်မှတ်ရခဲ့ချေ။ အောင်ဆန်းသွားလေရာ လူထုရှိသည်ချည်းတည်း၊ လူထုကြီးသည် ဘာကြောင့် သူ့ကိုဤမျှ တမ်းတမ်းစွဲမြတ်နိုးချစ်ခင်ကြရသနည်း။ အထက်က ပြောခဲ့သလို သူသည် အလွန်ခွကျသူဖြစ်ခဲ့သော်လည်း သူ့အား လူထုကြီးက ချစ်စရာ၊ ခင်စရာ အကွက်ကလေးများတော့ ရှိပါလိမ့်မည်။ သူ့ကို လူထုကြီးက ဘာ့ကြောင့် ဤမျှ ချစ်ခင်ကြသည်ကို သူ့အကြောင်း အနည်းအကျဉ်း ပြောပြမှသာလျှင် တစ်စွန်းတစ်စလောက် ရိပ်မိနိုင်ပါလိမ့်မည်။ သူသည် လူထဲက လူတစ်ယောက်ဖြစ်သည် မှန်၏။ သို့သော် သူ့တွင် အများနှင့်မတူ တစ်မူထူးခြားသော စိတ်စွမ်းရည်ရှိပါသည်။ သေသေချာချာ ဆန်းစစ်ကြည့်လျှင် သူ့ဗီဇစွမ်းရည်များကို တွေ့မြင်နိုင်ပါသည်။ သူ့စွမ်းရည်များဆိုသည်မှာ အဘယ်အရာများပေနည်း။ သူ့အပြော၊ သူ့ဓလေ့၊ သူ့စရိုက်၊ သူ့စိတ်ထား၊ သူ့လုပ်ဟန်များသည် သူ့စွမ်းရည်များတည်း။

(၂)

အောင်ဆန်းသည် ငယ်ငယ်ကတည်းက ဖြောင့်မတ်သူဖြစ်၏။ စကားပြောရာ၌ လိမ်ညာပြောခြင်းကို သူ မကြိုက်မှန်သည့်အတိုင်းပြောလေ့ရှိ၏။

သူငယ်စဉ်က နတ်မောက်မြို့ ဦးသောဘိတကျောင်းတွင်နေရ၏။ ထိုစဉ်က သူ၏အကြောင်း သူပြန်လည် ရေးသားထားရာ အောက်ပါအတိုင်းဖြစ်၏။

“ကျွန်တော်တို့ နေရသည့် ဘုန်းကြီးကျောင်းမှာ ဥပုသ်နေ့တိုင်းပိတ်၏။ သို့သော် ယောကျ်ားကလေးများမှာ ဥပုသ်နေ့ပင် ဖြစ်သော်လည်း ကျောင်းသို့သွားမြဲ သွားကြ၍ ရေခပ်၊ မြက်နုတ်လုပ်ရသည်။ တစ်နေ့သော် နေ့ခင်းတွင် ကျောင်းသားများ အလုပ်မရှိ၍ “အလုပ်မရှိရင် အိပ်နေကြ၊ မကစားကြနဲ့” ဟု ဘုန်းကြီးက အမိန့်ရှိလေသည်။ အားလုံး ကျောင်းသားများအား မအိပ်ချင်ဘူးလားဟု မေးသောအခါ မအိပ်ချင်ကြသော်လည်း ဘုန်းတော်ကြီး စိတ်ကြိုက်လိုက်ပြီး အိပ်ချင်ကြသည်ဟု ဘုန်းကြီးအလိုကျ လျှောက်ကြသည်။ ကျွန်တော့်အား ဘုန်းကြီးက “အောင်ဆန်းကော မအိပ်ချင်ဘူးလား” ဟု အထူးတလည် မေး၏။ ကျွန်တော်က “မအိပ်ချင်ပါဘူးဘုရား” ဟု ပြန်လျှောက်ရာ ဘုန်းတော်ကြီးမှာ ပြုံး၍နေလေသည်။

အောင်ဆန်းသည် ထိုမျှအရွယ်ငယ်စဉ်ဘဝကပင်လျှင် လိမ်လည်ပြောဆိုခြင်းကို မနှစ်မြို့က်၊ ကြီးလာသောအခါ၌လည်းမှသားမပါ၊ လက်ံမချောဆိုသောအများ၏ အပြောကို သူ လက်မခံ မကျင့်သုံး။

အမေစု၏ ပြောပြခဲ့ဖူးသော အဖြစ်ကလေးတစ်ခုမှာ ဤသို့ဖြစ်၏။ တစ်နေ့၌ အောင်ဆန်းသည် အိမ်အောက်ထပ်တွင်တစ်ယောက်တည်း ကစားနေရင်း သူ၏အစ်မတစ်ဦးရက်လုပ်ထားသော ရက်ကန်းစင်မှ ပိုးရော ချည်ပါလုံချည်စကိုချည်ဖြတ်သောဓားငယ်ကလေးဖြင့်ထိုးဖောက်ကစားပစ်၏။ ရက်ပြီးသား ချည်စမှာ အသုံးပြုမရလောက်အောင် ဓားဖောက်ရာ ဗရပွနှင့် ပျက်စီးသွား၏။ အမေစု သိသောအခါ စိတ်ဆိုးပြီး ဘယ်သူ လုပ်သွားသည်ကို ဟိုလူမေး ဒီလူမေးနှင့် လူစုံအောင်မေး၏။ လက်သည်ကို ရှာမတွေ့။ တစ်နေရာတွင် တစ်ယောက်တည်း ကစားနေ

www.burmeseclassic.com

www.burmeseclassic.com



သော အောင်ဆန်းကို မသက်ာ၍ခေါ်ရိုက်၏။ ကြောက်ပါပြီဟုလည်း မပြော၊ ဘာမျှပြန်မပြောချေ။ အမေစုက "အောင်ဆန်း... ဒါ မင်းလုပ်တာလား"ဟု မေးသောအခါ ဟုတ်တယ်ဟု ဝန်ခံ၏။ အောင်ဆန်းသည် အရိုက်ခံရမည်ကို သိလျက်နှင့် လိမ်ညာမပြောတတ်ခြင်းကို အမေစုက သဘောကျလှသဖြင့် ဆက်လက်မရိုက်တော့ဘဲ နောက်မလုပ်ရန်ကိုသာ ပြောပြလေ၏။

ငယ်စဉ်က လိမ်ညာ၍ မပြောသော အောင်ဆန်းသည် အရွယ်ရောက်လာသောအခါ၌လည်း လိမ်ခြင်း၊ ညာခြင်းကို စက်ဆုပ်လေ့ရှိ၏။ မှန်ရာကို ပြော၏။ ပကာသနလောကွတ် အပိုအမို ပြောခြင်းကိုလည်း စက်ဆုပ်၏။

## အချိန်မှာ ၁၉၄၀ ခုနှစ်

ထိုအချိန်၌ အောင်ဆန်းသည် တက္ကသိုလ်မှ ဒီဂရီရပြီး တို့ဗမာအစည်းအရုံးကြီးတွင် အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေ၏။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွင်လည်း အဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်၏။ တစ်နေ့အုပ်ချုပ်ရေး အဖွဲ့အစည်းအဝေး အပြီးတွင် ထက်မြက်သော ပညာမင်းကြီးလည်းဖြစ်၊ ဗြိတိသျှအရန်တပ်မှ ဗိုလ်မှူးကလေးလည်းဖြစ်သူ မေဂျာ ကင်းဘဲ(လ်)သည် အောင်ဆန်းကို သူ၏မော်တော်ကားပေါ် ခေါ်တင်ခဲ့ပြီး မြို့ထဲသို့ ပြန်လာကြ၏။ ဗြိတိသျှကိုလိုနီ စက်ယန္တရားအတွင်း၌ ထက်မြက်သူတစ်ဦးဖြစ်သည့် အင်္ဂလိပ်လူမျိုး မေဂျာကင်းဘဲ(လ်)နှင့် ဗြိတိသျှကိုလိုနီ စနစ်တစ်ခုလုံးကို အမြစ်မှ တူးဖြို ဖျက်ဆီးနေသော အောင်ဆန်းတို့ကားတစ်စီးတည်း အတူစီးလာကြခြင်းမှာ အံ့ဖွယ်ကောင်းလေစွ။ ကားပေါ်တွင်ပင် မေဂျာကင်းဘဲ(လ်)က ယခု ဗြိတိသျှနှင့် ဂျာမနီတို့ဖြစ်ပွားနေသော စစ်ကြီးတွင် မြန်မာတို့ ဗြိတိသျှတို့ဘက်မှ ပါဝင် ကူညီလာအောင် ဆောင်ရွက်ပေးပါမည့်အကြောင်း မေတ္တာရပ်ခံတောင်းပန်လေ၏။ အောင်ဆန်းသည် ထိုအချိန်က တို့ဗမာအစည်းအရုံးကြီး၏ အထွေထွေ အတွင်းရေးမှူးဖြစ်သည့်အပြင် နိုင်ငံရေးအဖွဲ့များကို စုပေါင်းထားပြီး ဗြိတိသျှတို့ထံ လွတ်လပ်ရေး တောင်းဆိုနေသော ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ အတွင်းရေးမှူးလည်းဖြစ်၏။ မေဂျာကင်းဘဲလ်သည် မြန်မာ့နိုင်ငံရေးအဖွဲ့များတွင် လူထု၏လေးစားကြည်ညိုမှုရရှိထားသော အောင်ဆန်းနှင့် နားလည်မှု ရလျှင် ဗြိတိသျှတို့အဖို့ အသက်ရှူချောင်မည်ကို သိခြင်းကြောင့် အောင်ဆန်းအား မေတ္တာရပ်ခံနေခြင်းဖြစ်၏။ အောင်ဆန်း၏ စရိုက်ကို သိဟန်မတူ။ အောင်ဆန်းနေရာတွင် အခြားသူတစ်ဦးသာ ဖြစ်ပါဘိမူ သူ့မော်တော်ကားပေါ် စီးလာမိခြင်းကြောင့် ကတိမပေးနိုင်၍ မပေးနိုင်သည့်တိုင် ဝိနည်းရှောင်ပြီး နားခံသာအောင် အဖြေပေးပေလိမ့်မည်။ သို့ရာတွင် စကားကို လိမ်၍မပြော၊ ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သော အောင်ဆန်းက မိမိမှာ ဗြိတိသျှကိုလိုနီ စနစ်ကို ဖြိုဖျက်ရန် တာဝန်ရှိသူတစ်ဦးဖြစ်နေခြင်းကြောင့် မေဂျာကင်းလဲ(လ်) တောင်းပန်သကဲ့သို့ အကူအညီ မပေးနိုင်ခြင်းအတွက် ဝမ်းနည်းကြောင်း ဖြောင့်ဖွင့်ပြော လိုက်လေသည်။ ရှင်းပါဘိ။

တစ်ခါကလည်း အောင်ဆန်းသည် ၁၉၄၂ ခုနှစ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဦးစီးချီတက်လာစဉ်က သထုံခရိုင်အတွင်းရှိ ကျေးရွာတစ်ရွာမှ သူကြီးတစ်ဦးကို သူလျှိုမှုဖြင့် သေဒဏ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် အောင်ဆန်းကို လူသတ်မှုဖြင့် စွဲချက် တင်သင့်ကြောင်း မလိုသူ ရဲဘော် ရဲဘက်တစ်ဦးက ဥပဒေပြုကောင်စီတွင် ဖွင့်ပြော၏။ ထိုစကားအရ ဘုရင်ခံ ဒေါ်မန်စမစ်က အောင်ဆန်းကို ခေါ်ယူ တွေ့ဆုံပြီးလျှင် ဟုတ် မဟုတ် မေးမြန်း၏။ အောင်ဆန်းက ငြင်းဆိုမည်ဆိုလျှင် ငြင်းဆိုနိုင်သော်လည်း မငြင်းဆို၊ ဟုတ်ကြောင်း ဝန်ခံလေ၏။ ဆာဒေါ်မန်စမစ်သည် ထိုကိစ္စကြောင့် အောင်ဆန်း၏ မှန်ကန်သော နှလုံးရည်ကို လေးစားသွားကြောင်း ထုတ်ဖော်ပြောကြားခဲ့ရ၏။

လွတ်လွတ်လပ်လပ် မည်သူမျှစကား မပြောရဲကြသော ဂျပန်ခေတ်၌ ဂျပန်ပေးသော လွတ်လပ်ရေးမှာ လွတ်လပ်ရေးအစစ် မဟုတ်ဟု ဂျပန်၏ မားအောက်က ဖြောင့်ဖွင့်ပြောရဲဝံ့သူမှာလည်း အောင်ဆန်းပင်။ အောင်ဆန်းသည် လောကွတ်မနှော၊ မပြောမချို ပြောစရာရှိလျှင် ဘွင်းဘွင်းရှင်းရှင်း ပြောတတ်၏။ လိမ်လည် ညာဝါး၍ မပြောတတ်။ ဤကား အောင်ဆန်း၏အပြော၊ အောင်ဆန်း၏ ပွင့်လင်းဖြောင့်မှန်မှု၊ အောင်ဆန်း၏စရိုက်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

အောင်ဆန်းသည် စကားကို လိမ်လည် ညာဝါး၍ ပြောတတ်သလို နေမှုထိုင်မှုတွင်လည်း အဆောင် အယောင် ပကာသန လွှမ်းမိုးမှုများကို မနှစ်သက်။ စိတ်ရင်း စေတနာကောင်းလျှင် ပြီးစတမ်း။ အပိုအမို ပလွှားကြွား ဝါမှုများကို စက်ဆုပ်၏။

အောင်ဆန်းသည် ငယ်စဉ်ကျောင်းသားဘဝက ထည်းကပင် အဝတ်အစား ဖိတ်ဖိတ် ပြောင်ပြောင် ဝတ်စားပလွှားမှုကို ရွံမုန်း၏။ စုတ်ပြတ်နေစေကာမူ ဖြူဖြူစင်စင်ရှိလျှင် ဘာဖြစ်ဖြစ်သူဝတ်ဆင်၏။ အထက် တန်းကျောင်းသားဘဝ၊ ရေနံချောင်း အမျိုးသားကျောင်း တွင် နေစဉ်ကလည်း အဝတ်အစား ဝတ်ဆင်ရာ၌ ဖြစ်သလို ဝတ်လေ့ရှိ၏။ လုံချည်အောက်နှုတ်ခမ်းသား ကွဲနေလျှင် အစချင်း ဆွဲထုံးထား၏။ တက္ကသိုလ် ကျောင်းသားဘဝရောက်သောအခါတွင်လည်း အများနှင့် မတူ ဖြစ်သလိုဝတ်၊ ဖြစ်သလိုနေလေ့ရှိ၏။ ၁၉၃၂ ခုနှစ် အောင်ဆန်းတက္ကသိုလ်ကျောင်းသို့ရောက်လာသောအခါ အောင်ဆန်းသည် အများတကာနှင့်မတူ တစ်မူထူးနေ၏။ ထိုခေတ်က တက္ကသိုလ်ကျောင်းသားဆိုသူများမှာ ငွေရှင် ကြေးရှင်များ၏ သားသမီးများက များပြား၏။ ဝတ်စား ဆင်ယင်ရာတွင် ဟော်လံဒီယာပင်မင်းပြန် သက္ကလပ်တိုက်ပုံ အင်္ကျီ ပိုးလုံချည် တရွှမ်းရွှမ်း၊ ရှူးဖိနပ်အရောင် တပြောင် ပြောင်၊ ရေမွှေးပေါင်ဒါနံ့ တထောင်းထောင်း၊ တလိုင်လိုင် နှင့် စတိုင်အလွန်ပေးနေကြသော အချိန်တည်း။ ဤ အချိန်၌ ဆံပင်မဖြီး၊ ခေါင်းမွေးစုတ်ဖွား၊ ပင်နီအင်္ကျီ အလျား၊ ဘန်ကောက်လုံချည်တစ်ပတ်နွမ်းကို ခြေသလုံး ပေါ်အောင်ဝတ်၊ ဘုံဘိုင်ရေ သားရေခြေညှပ်ဖိနပ်စီးလျက် လက်ထဲတွင် အိမ်တော်ရာ ထီးတစ်လက်ကိုင်၍ နေပူ မိုးရွာမရှောင်သွားလာနေသူတစ်ဦးကို အဆိုပါတက္ကသိုလ် ကျောင်းသားများအကြား၌ တွေ့ရပေလိမ့်မည်။ သူကား အခြားသူမဟုတ်။ ဖြစ်သလိုဝတ်၊ ဖြစ်သလိုစား၊ ဖြစ် သလို သွားလာနေသော အောင်ဆန်းတည်း။

ဒီလိုနှင့် အောင်ဆန်းကို လူ့ခွစာဟု ပြောလာကြ ၏။ သို့သော် သူနှင့် ကြာကြာပေါင်းသင်းမိလာသော အခါ သူ၏ပကာသန မဖက်၊ ဖြူစင်သော စိတ်ရင်း စေတနာသက်သက်ကို သိရှိလာကြ၏။ ထိုသူတို့သည် အောင်ဆန်းမှ အောင်ဆန်းဟု ခင်မင်လာကြ၏။ သူ့စိတ် ရင်းစေတနာနှင့် သူ့လုပ်ရပ်များကြောင့် သူ့ကို ကျောင်း သား ခေါင်းဆောင်တစ်ဦးအဖြစ် တင်မြှောက်လာကြရ ၏။ ကျောင်းသားခေါင်းဆောင်အနေဖြင့် ကျောင်းသား တိုင်း သူ့ကို လေးစားကြ၏။ ထိုနောက် တို့ဗမာ အစည်း အရုံးဝင် သခင်တစ်ဦးဖြစ်လာပြန်၏။ သူ့စိတ်ထား၊ သူ့ စေတနာ၊ သူ့လုပ်ဟန်များကြောင့် သူသည် အစည်းအရုံး ကြီး၏ အရေးပါသော အထွေထွေ အတွင်းရေးမှူးနေရာ သို့ သူ့ရဲဘော်များ၏ ရွေးကောက်တင်မြှောက်ခြင်းခံရ ပြန်၏။ တို့ဗမာအစည်းအရုံးဝင် သခင်လူငယ်များသည် တိုင်းပြည်အကျိုးဆောင်ရွက်ရာတွင် အလွန်အဆင်းရဲခံ နိုင်ကြ၏။ ထိုလူစုထဲ၌ အဆင်းရဲခံသည့်ဘက်တွင်လည်း အောင်ဆန်းသည် ထိပ်ဆုံးကဖြစ်၏။ အောင်ဆန်းသည် တစ်ခါတစ်ရံ ထမင်း သုံးလေးရက် မစားရဘဲနှင့် အလုပ် ကို ဖိလုပ်နေတတ်၏။ အောင်ဆန်းအိပ်သော အိပ်ရာ တွင် ကြမ်းပိုးပေါလွန်းသဖြင့် မည်သူမျှ ဝင်မအိပ်နိုင်။ အဝတ်အစားဆိုလျှင်လည်း အောင်ဆန်းသည် လုံချည် အင်္ကျီနှစ်ထည်စီမျှဖြင့် ဖြစ်သလို ဝတ်နေတတ်၏။

ထိုနောက် ဗြိတိသျှတို့ကို မောင်းထုတ်ရန် ဗမာ့ လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းပြီးလျှင် အောင်ဆန်း ခေါင်းဆောင်လျက် မြန်မာပြည်အတွင်းသို့ ချီတက်လာ ကြ၏။ အောင်ဆန်းသည် အဆိုပါ ဗမာ့လွတ်လပ်ရေး တပ်မတော်၏ စစ်သေနာပတိဖြစ်၏။ ဗမာ့လွတ်လပ် ရေး တပ်မတော် စစ်သေနာပတိကြီး စစ်ချီနေစဉ် သူ၏ အဆောင်အယောင် ဝတ်ပုံစားပုံကို ကြည့်ပါဦး။ သူ၏ စာရွက်စာတမ်း ဖိုင်တွဲများနှင့် စုပေါင်းထားသော ဘောင်းဘီအပို၊ အင်္ကျီအပို တစ်ထည်စီကို လုံချည် ဟောင်းတစ်ထည်ဖြင့် ထောင့်စွန်းချင်း ချည်ထုပ်လျက် သူ့ရဲဘော်တစ်ယောက်က အမြဲ တယုတယ ယူလာရ၏။ ထိုသို့ အပိုယူလာသော ဘောင်းဘီနှင့် အင်္ကျီမှာလည်း ရန်ကုန်မှထွက် ကသာမြို့နား ရောက်သည်အထိ ဒီအတိုင်း ပင်။ တစ်ခါမျှ ထုတ်ပြီးဝတ်ခဲ့ရတာမဟုတ်။ အောင်ဆန်း သည် ဝတ်ထားသော ဘောင်းဘီဒူးပြဲ အင်္ကျီပခုံးပြဲနှင့် ပင် အထက် မြန်မာပြည်အထိ စစ်ချီသွားခဲ့၏။ ဤမျှ အထိ အောင်ဆန်းသည် အဝတ်ကို ဖြစ်သလို ဝတ်တတ် ၏။ ပကာသန ရှိုးထုတ်ခြင်းကို ဘယ်တော့မှ သူ လုပ်

www.burmeseclassic.com

www.burmeseclassic.com



လေ့လုပ်ထမရှိ။ သူ့တာဝန်၊ သူ့လုပ်ငန်းမှ လွဲ၍ အဝတ်အစား အနေအထိုင်များကို ဇီဇာမကြောင်။

၁၉၄၂ ခုနှစ်၊မေလထဲတွင် ဗမာ့လွတ်လပ်ရေး တပ်မတော် ဖျက်သိမ်းရေးနှင့် ပတ်သက်သော အစည်းအဝေးတစ်ခုကို မေမြို့ရှိ မြန်မာပြည်၊ ဂျပန်ကြည်းတပ်စစ်ဌာနချုပ်၌ ကျင်းပကြ၏။ ထိုအစည်းအဝေးသို့ "ဘီအိုင်အေ" စစ်သေနာပတိ အောင်ဆန်းသည် ဒေါက်တာဘမော်နှင့်အတူ တက်ရောက်၏။ ထိုအစည်းအဝေး၌ ဂျပန်တို့က ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖျက်သိမ်းလျှင် ဗမာ့ကာကွယ်ရေးတပ်မတော်၊ ပြည်စောင့်တပ်ဖွဲ့စည်းထားရှိရန် အောင်ဆန်းနှင့် ဒေါက်တာဘမော်တို့က စစ်ဌာနချုပ်ရှိ စစ်သေနာပတိ ဂျင်နရယ်အီဒါ၊ လက်ထောက်စစ်ဦးစီးချုပ်၊ ဂျင်နရယ်နာစုစသော ဂျပန်စစ်ဘက် ထိပ်တန်းအရာရှိများထံ တင်ပြပြောဆိုကြ၏။ အစည်းအဝေးတွင်အောင်ဆန်းသည် သူ့ဆန္ဒအတိုင်း နောက်ထပ် အမြဲတမ်း စစ်တပ်တစ်တပ် ဖွဲ့စည်းခွင့်ရရေးအတွက်သာ ပြော၏။ အခြား အပိုစကားများ တစ်လုံးမျှ မပြောဘဲ သူ့နဂို အမူအကျင့်အတိုင်း နှုတ်ငြိမ်တိတ်ဆိတ်နေလေ၏။

ဂျပန်စစ်ဘက်မှ ထိပ်တန်း အရာရှိကြီးများသည် နာမည်ကြီးလှသော အောင်ဆန်းနှင့် တွေ့ကြရာ၌ ဤအကြိမ်သည်ပထမဆုံးအကြိမ်ဖြစ်ကြ၏။ သူတို့ကလည်း အောင်ဆန်းကို တစ်ခါမျှ မတွေ့ခဲ့ဖူး။ အောင်ဆန်းကလည်း သူတို့ကို ဤတစ်ကြိမ်သာ တွေ့ဆုံဖူး၏။ ဤပထမအကြိမ် တွေ့ဆုံပွဲ၌ အောင်ဆန်းသည် သူ့ဝသီအတိုင်း ကြေမွ၍ အဆင်းအရောင်ပျက်ကာ စုတ်ပြဲနေသော ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်သေနာပတိ စစ်ဝတ်အကျီဖြင့် တက်ရောက်လာ၏။ ဆံပင်ကလည်း ဆီ မလိမ်း၊ ဖြီးမထားသဖြင့် ဗိုသီဗတ်သီနှင့် ...။ ဂျပန်စစ်ဦးစီးအရာရှိများသည်၊ထိုအခါက ဘီအိုင်အေ စစ်ဗိုလ်အချို့၏ ဆောင့်ကြွားကြွားနိုင်မှုများကို ယေဘုယျအားဖြင့် ကြားသိခဲ့ရာ အောင်ဆန်းမှာ ထိုကြားခဲ့ဖူးသော စစ်ဗိုလ်မျိုးနှင့် သိသိသာသာ ခြားနားနေသည်ကို တွေ့ကြလေ၏။ အောင်ဆန်း၏ စကား နည်းပါးမှုနှင့် ဟိတ်ဟန်မလုပ်မှုများသည် ဂျပန်စစ်ဦးစီးအရာရှိများက သူ့ကို စွဲလမ်းသွားစေရ၏။ နောင်သောအခါ ထိုအစည်းအဝေးတွင် ပါဝင်ခဲ့သူ ဂျပန်အရာရှိ ဗိုလ်မှူးကြီး ဟီရာအိုကာ က ဒေါက်တာဘမော်အား ...

"အောင်ဆန်း ဝတ်လာတဲ့ ကြေမွနေတဲ့ စစ်အကျီ အစုတ်ကို တွေ့ရတော့ ဂျပန် အရာရှိကြီးတွေက သူ့ကို လေးစားသွားကြတယ်။ ဒီလိုအဝတ်အစား ယူနီဖောင်းကို ဖြစ်သလိုဝတ်ထားပုံက ကျုပ်တို့ ဂျပန်စစ်သားတွေနဲ့ တူနေတယ်။ ပြီးတော့ အောင်ဆန်းဟာ စကားပြောရာမှာ ပြောသင့်သလောက် နည်းနည်းပါးပါး ပြောပြီး နှုတ်ဆိတ်နေတာကိုလည်း သဘောကျကြတယ်။ ဒီလိုယူနီဖောင်း အစုတ်အပြဲဝတ်ထားတာနဲ့ စကားနည်းတာကတော့ စိတ်သဘောထားဖြူစင်တဲ့ ကျုပ်တို့ ဆာမူရိုင်းသူရဲကောင်းတွေရဲ့ အမှတ်လက္ခဏာတစ်ခုမို့ ဒါတွေကို ကျုပ်တို့ ဂျပန်တွေက အလွန်တန်ဖိုးထားကြတယ်။ ဒါတွေ ထောက်ပြီး 'အောင်ဆန်းဟာ တို့အထဲက လူပါ။ တို့လိုပါပဲ' သူဟာ တို့ကို ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ဘူးလို့ ပြောကြတယ်"

ဟု ပြန်ပြောသည်ဆို၏။ ထိုပွဲသည် အောင်ဆန်း၏ အောင်ပွဲဖြစ်လေ၏။ ဂျပန်စစ်ဌာနချုပ်သည် အောင်ဆန်းကို သဘောကျလေးစားသည့်အတိုင်း အောင်ဆန်းအား ဗမာ့ကာကွယ်ရေး တပ်မတော်၏ စစ်သေနာပတိအဖြစ် ခန့်ထားလိုက်၏။ ဂျပန်အရာရှိကြီးများသည်အောင်ဆန်း၏ ဝတ်ပုံစားပုံနှင့် နေထိုင်ပုံကြောင့် သူ့ကို များစွာ ယုံကြည်စိတ်ချသွားကြ၏။ နောက်ပိုင်း ဂျပန်တို့ကို တော်လှန်ရခြင်းမှာမူကား ဂျပန်တို့၏ ချွတ်ယွင်းချက်နှင့် မြန်မာတို့၏ အမျိုးသား လွတ်လပ်ရေးပြဿနာကြောင့်သာ ဖြစ်ရခြင်းကို ဂျပန်တို့ ကိုယ်တိုင်ကလည်း သဘောပေါက်နားလည်သွားကြပါသည်။

မြန်မာပြည်စစ်နယ်ဝှမ်းရှိ ဂျပန်တပ်များ၏ စစ်သေနာပတိဖြစ်သူ ဂျင်နရယ်အီဒါးက "အောင်ဆန်းသည် ငွေကို မမက်၊ အာဏာတန်ခိုးကို မမက်မော၊ တစ်ကိုယ်ကောင်းမဆန်၊ ထိုကြောင့် မြန်မာပြည်ရှိ ဂျပန်တပ်မတော်တစ်ခုလုံးက အောင်ဆန်းကို လေးစားကြတယ်"ဟု ပြောပြဖူးလေသည်။

"ဂျပန်ခေတ်တစ်နေ့မှာ ဂျပန်သံအမတ်က ဗိုလ်ချုပ် အောင်ဆန်းနဲ့ကျွန်တော်တို့ကို နေ့လယ်စာ စားရန်

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ပါသည်။ ထိုနေ့မှာ နေအတော်ပူပြင်းပါသည်။ ကျွန်တော်တို့ ဝတ်ထားတဲ့ ယူနီဖောင်းများမှာ အတော် ထူသဖြင့် ရေနွေးအိုးထဲ ပြုတ်ထားသလို ချွေးတလုံးလုံး ဖြစ်နေကြရပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ဝတ်ထားတဲ့ ယူနီဖောင်းက ဂျပန်တပ်မတော်က သက္ကလတ်အထူစားဆိုတော့ ပိုထူပြီး ပိုပူကာ ရေနွေးနဲ့ပြုတ်ထားသလို ဖြစ်နေပါသည်။ ကျွန်တော်တို့တစ်တွေ အိုက်စပ်စပ် ဖြစ်နေကာ၊ အခံရခက်တာ မြင်နေတော့ ဂျပန် သံအမတ်က အပေါ်အင်္ကျီများ ချွတ်ချင်ချွတ်ထားဖို့ အလိုက်သိစွာ အကြံပေးပါသည်။ ကျွန်တော်တို့လည်း သူ့အကြံအတိုင်း မဆိုင်းမတွ အပေါ်က စစ်အင်္ကျီကြီးတွေကို ချွတ်လိုက်ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ အင်္ကျီကိုတော်တော်နှင့် မချွတ်သေးဘဲ စဉ်းစားနေပါသည်။ နောက်ဆုံး ဗိုလ်ချုပ်လည်း ပူအိုက်လွန်းလို့ သူ့အင်္ကျီကို ချွတ်လိုက်ပါရော၊ ဂျပန်သံအမတ်နဲ့ ကျွန်တော်တို့ပါ သိပ်အံ့သြသွားကြပါသည်။အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်း၏ စွပ်ကျယ်မှာ ရစရာမရှိအောင် ဆန်ခါပေါက်တွေလို ပေါက်ပြဲနေပါသည်။ အစတစ်ခုနှင့်တစ်ခု ဆွဲချည်ပြီးထားသလားဟုပင် ထင်ရပါသည်"

ဟု အောင်ဆန်းနှင့် လုပ်ဖော်ကိုင်ဖက် ဗိုလ်မှူးကြီး (ဟောင်း)တစ်ဦးက ရေးသားခဲ့ဖူး၏။ ဗမာ့ကာကွယ်ရေးတပ်မတော်၏ စစ်သေနာပတိဖြစ်နေသော အောင်ဆန်းသည် အဝတ်အစားကို ဤမျှအထိ လျစ်လျူပြုခဲ့၏။ သူ့ အလေ့အထ စရိုက်မှာ ယခင်အတိုင်းပင်။ သူသည် ဝတ်မှု၊ စားမှုတွင် ကြေးမများ။ ကမ္ဘာတွင် အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲ စသည်ဖြင့် အဆင်းရဲ အခံနိုင်ဆုံး ဂျပန်တပ်မတော်မှ စစ်သားများပင် သူ့လို အဆင်းရဲ မခံခဲ့နိုင်။ ထို့ကြောင့် သူ့ကို ဂျပန်တို့က လေးစားကြသည်မှာ မဆန်းပါချေ။

ဂျပန်ခေတ်အတွင်း ဗမာ့တပ်မတော်၏ စစ်သေနာပတိနှင့် စစ်ဝန်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၌ စစ်အင်္ကျီ ၂ ထည်၊ ဘောင်းဘီ ၂ထည်သာရှိ၏။ စွပ်ကျယ်အင်္ကျီပင် ကောင်းကောင်းမရှိခဲ့။ အပေါက်အပြဲများကို ဖာထေးထားသည့် စစ်ဝတ်စုံတစ်စုံတည်းကိုပင် ဖက်ဆစ်တော်လှန်ရေးပြီးသည့်အထိ ဝတ်ဆင်သွားခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ထင်ရှားနေသော ၁၉၄၆– ၄၇ ခုနှစ်၌ သူ့တွင် ချည်လုံချည် ၂ ထည်နှင့် ပိုးလုံချည် ၁ ထည်သာ ရှိ၏။ အပေါ်အင်္ကျီ တစ်ထည်သာရှိ၏။

(၂၀–၁၀–၄၆) ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် တရားပွဲ၌ "အခု ဝန်ကြီးဖြစ်နေရပေမဲ့ ကျွန်တော့်မှာ ဘာမှ ထူးခြားခြား မရှိဘူး။ ဂျပန်ခေတ်တုန်းကလည်း စစ်ဝန်ကြီးဆိုပြီး ကျွန်တော့်မှာ အဝတ်နှစ်ထည်၊ သုံးထည်က လွဲပြီး အပိုမရှိခဲ့ပါဘူး။ ယခုခေတ် ရောက်ပြန်တော့ ဒါတွေကိုပဲ ဝတ်နေရတာပါပဲ။ အခုဝတ်နေတဲ့ဘောင်းဘီနဲ့ အင်္ကျီတောင် အခု ဝန်ကြီးရာထူးကို ဝင်ယူပြီးမှ ကြည့်မကောင်းလို့ မိတ်ဆွေတွေက အတင်းအချုပ်ခိုင်းတာနဲ့ ကြံဖန်ပြီးချုပ်လိုက်ရတာပါ"ဟု ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ဖွင့်ပြောခဲ့လေသည်။ ဘယ်လို ကြံဖန်ချုပ်ရသည်ကိုကား ရင်းနှီးသူများသာ သိပေမည်။

ဤမျှအထိ ဟိတ်ဟန်မရှိ ဖြစ်သလိုနေ၍ ခါးဝတ်နှင့်သာ ရောင့်ရဲသော အောင်ဆန်းပါပေ။ သူသာ အဝတ်အစားကို ကြွားကြွားလွှားလွှား ဝတ်မည်ဆိုက ဝတ်နိုင်သော အခြေအနေရှိပါလျက် ထောင်လွှားကြွားဝါမှု မပြုလိုသော သူ့စိတ်ထားကို တွေ့ဖူးသူတိုင်းက သတိပြုမိ၊ လေးစားမိကြ၏။ ဤသည်ကား အောင်ဆန်း၏ စရိုက်ဓလေ့၊အောင်ဆန်း၏ ရိုးသားမှု။

(၄)

အောင်ဆန်းသည် နိုင်ငံရေးနှင့် ကိုယ်ကျိုးမရှာ၊ အမြတ် မထုတ်၊ စိန်ရွှေ မစု၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်လှချည့်ရဲ့ဟု ပါးစပ်က အော်ပြီး၊ တိုက်ဆောက်၊ မော်တော်ကား ဝယ်၊ မယားငယ်ယူလေ့ရှိသော နိုင်ငံရေးသမားမျိုးမဟုတ်။ သူသေသွားသောအခါ သူ့ပိုင်ပစ္စည်းဆို၍ ပုဆိုးသုံးထည်၊ ရှပ်အင်္ကျီနှစ်ထည်၊ အပေါ်အင်္ကျီနှစ်ထည်သာ ကျန်ရစ်ခဲ့၏။ တိုက်အိမ်၊ မြေရာ၊ ရွှေ၊ ငွေ၊ ပစ္စည်းဘာမျှ မကျန်ရှိ။ နိုင်ငံရေးဖြင့် ကိုယ်ကျိုးမရှာခဲ့ကြောင်း အစစ်အဆေးခံနိုင်ကြောင်းကို လူထုတရားပွဲတွင် "စိန်"ခေါ်ခဲ့သော အောင်ဆန်း။ ဤကား အောင်ဆန်း၏ ရိုးသားမှု။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ခေတ်တွင် နှမ်းဆီ၊ ပဲဆီ ရှားလှ၏။

ချက်ပြုတ်ရာတွင် ဝက်ဆီကို အသုံးပြုကြရ၏။

စစ်ဝန်ကြီးနှင့် စစ်သေနာပတိဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ထမင်းစားရပုံကို ကြည့်ပါဦး။ ပြောင်လက်ကျယ်ပြန့်သော လေးတောင့်စားပွဲရှည်ကြီးပေါ်တွင် ထမင်းကလည်း ခူးပြီးသည်မှာ နည်းနည်းကြာလာသဖြင့် အေးစက်နေ၏။ ဟင်းရည်သောက်ပန်းကန်စောက်ကြီးနှင့် ထည့်ထားသော ချဉ်ပေါင်ဟင်း အရည်ကျဲကျဲမှာ ငုံ့ကြည့်လျှင် မျက်နှာအရိပ်ကိုပင် မြင်လောက်ပါသည်။ အာလူးနိုင်းချင်း၊ ဝက်သားတုံး သေးသေးကလေးများပါလေရုံ၊ ဝက်ဆီဖြင့် ချက်ထားသောကြောင့် အေးစက်ပြီး အပေါ်ယံတွင် ဝက်ဆီတွေ ခဲနေသော ဟင်းတစ်ခွက်။ ငံပြာရည်ကြည်လောင်လောင်ထဲသို့ ငရုတ်သီးမှုန့် သင့်ရုံထည့်ဖျော်ထားသော ဟင်းတစ်ခွက်၊ တို့မြုပ်စားစရာ ကန်စွန်းနွယ် တစ်ပန်းကန်။

ဗိုလ်ချုပ်အောင်ဆန်း အိမ်ပေါ်ထပ်မှ ဆင်းအလာကို စောင့်နေရင်း စာရေးသူ၊ ဗိုလ်မှူးရဲထွဋ် (ယခုပါတီဌာနချုပ်)၊ ဗိုလ်ကျော် (ယခုမှတ်တမ်းရုံး)၊ ကျွန်တော်တို့ သုံးဦးသားမှာ အေးစက်နေသော ထမင်းစားပွဲတွင် ထိုင်၍ဖော်ပြပါ ဟင်းများကိုကြည့်ပြီးလျှင် စိတ်ပျက်သက်ပြင်းချမိကြလေသည်။ လောကဓံကို အမှုမထား၊ ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျ ပျော်ပျော်ရွှင်ရွှင် နေလေ့ရှိသော ဗိုလ်မှူးရဲထွဋ်၏ မျက်နှာမှာ ဝက်ဆီဟင်းကို ကြည့်ပြီး မချိုမချဉ်ဖြစ်နေ၏။ မကြာမီ ဗိုလ်ချုပ်အောင်ဆန်း အိမ်ပေါ်ထပ်မှ ဆင်းလာသော ခြေသံကြားရပြီးလျှင် ထမင်းစားခန်းအတွင်းသို့ ဝင်လာလေသည်။ သူသည် ရှပ်အင်္ကျီလက်တိုကလေးဝတ်ထား၏။ ဦးခေါင်းငိုက်စိုက်စဉ်းစားလာရာမှ ဒေါ်ခင်ကြည်၏ ဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်ပြီး မည်သူ့ကိုမျှ ငုံ့စောင်း၍လည်းမကြည့်၊ စကားတစ်ခွန်းမှလည်းမပြော လက်ဆေးကာ ထမင်းကိုတန်းစားလေ၏။ သူသည် ဝက်ဆီတွေ ခဲနေသော 'ဝက်သားအာလူးဟင်းဆိုသည့်'ဟင်းကို ထမင်းပန်းကန်ထဲ ခပ်ထည့်ပြီး အားရပါးရ စားလိုက်၊ မှန်ရောင်ထနေသော ချဉ်ပေါင်ဟင်း အေးစက်စက်ကို သောက်လိုက်ဖြင့် မြိန်ရှက်စွာစားနေ၏။ ဗိုလ်မှူးရဲထွဋ်၊ဗိုလ်ကျော်နှင့် ကျွန်တော်တို့မှာ ဝက်ဆီတွေ ခဲပျစ်နေသော ဟင်းကို တစ်လုတ်မျှဝါးစားမိကြရာ ပါးစပ်ထဲ နံ့ချွဲချွဲဖြစ်နေသဖြင့် ထွေးထုတ်မပစ်မိရန် အတွင်းသာမျိုချနေကြရ၏။ ငံပြာရည်ကြည်လောင်လောင်နှင့် ကန်စွန်းနွယ်များကို တို့မြုပ်စားနေသော ဗိုလ်ချုပ်အောင်ဆန်းမှာမူကား အစားမပျက် မြိန်ရေရှက်ရေ စားနေလေသည်။ ကျွန်တော်တို့ ထမင်းလေးငါးလုတ်မျှ ဆုတ်ဆိုင်းဆိုင်း စားနေစဉ်တွင်ပင် ဗိုလ်ချုပ်မှာ ထမင်းစားပြီး၊ လက်ဆေးပြီး၊ ရေသောက်ပြီး သူ့ ဝသီအတိုင်း မည်သူ့ကိုမျှ နှုတ်ဆက်မနေ၊ အိမ်ပေါ်ထပ်သို့ ပြန်တက်သွားလေ၏။ ကျွန်တော်တို့က ထမင်းလေးလုတ် ငါးလုတ် စားရရုံရှိသေး၊ သူ့မှာ ထမင်းနှစ်ပန်းကန်ပြား ကုန်အောင် စားပြီးသွားလေပြီ။

သူနှင့်အတူ တစ်အိမ်တည်းနေကြရစဉ်အတွင်း သုံ့နှင့်ကျွန်တော်တို့ စားသောက်ရသည်မှာ အထက်ပါ ရေချိန်အတိုင်း ဖော်စပ်ချက်ပြုတ်ထားသော ထမင်းဟင်းများပင်ဖြစ်၏။ တစ်ခါတစ်ခါ ကံကောင်းသဖြင့် ကြက်ဥ၊ ဘဲဥကြော်၊ အာလူးကြော်၊ ပဲဟင်း၊ ငါးဟင်း စသည်များကိုလည်း စားရပါသေး၏။ ဝက်ဆီကတော့ ဓာတ်လိုက်မို့ပါမြဲပင်။ ကြာလာသောအခါ သူ့လောက် ခံနိုင်ရည်မရှိသော ကျွန်တော်တို့မှာ တစ်ခါတစ်ခါ အိမ်က ထမင်းဟင်းစား မကောင်းလျှင် ဗဟန်းထိပ်ရှိ ခေါက်ဆွဲကြော်ဆိုင်သို့ သွားစားမိပါသည်။ တစ်ခါ တစ်ခါတွင်မူ ကျွန်တော်က ကျွန်တော် အုပ်ချုပ်သော စစ်ဝန်ကြီး ကိုယ်ရံတော်တပ်မှ ရဲဘော်များထံ ပြောင်းရွှေ့စား၏။ ရဲဘော်များစားရသော ထမင်းဟင်းမှာ ဗိုလ်ချုပ်အောင်ဆန်းစားနေသော ထမင်းဟင်းထက် အတော်ပင် ပို၍ကောင်းပါသည်။ ဗိုလ်မှူး ရဲထွဋ်လည်း တစ်ခါတစ်ရံ တာဝါလိန်းတွင်နေသော အာရှလူငယ်အသင်းမှ မလှိုင်လှိုင် (နောင်သောအခါ ဗိုလ်မှူးရန်အောင်၏ဇနီး)တို့ အိမ် သွားစား၏။ ဗိုလ်ကျော်က တာမွေဘက် လမ်းလျှောက်ထွက်ရင်းကြုံသလိုစား၏။ ကျွန်တော်တို့တစ်တွေ သူ့ထမင်း သူ့စားသလို မစားနိုင်ကြောင်းကို သူလည်း လူပါးတစ်ဦးမို့သိပါသည်။ သိရှိ ရိပ်မိသော်လည်း သူသည် ကျွန်တော်တို့ကို လုံးဝ မမေးခဲ့ပေ။ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်မှာလည်း တပ်က ပေးသမျှရိက္ခာဖြင့် ထမင်းချက်ကုလားမအား ချက်စေရခြင်းဖြစ်ရာ ဤထက် ပိုကောင်းလာရန် မလွယ်လှပါ။ ဒေါ်ခင်ကြည်ကိုယ်တိုင် ဤသို့

www.burmeseclassic.com

www.burmeseclassic.com



အဆင်းရဲခံ၍ စားနေနိုင်ခြင်းကိုလည်း ကျွန်တော်တို့က ချီးကျူးမိကြပါသေးသည်။ ဗိုလ်ချုပ်နှင့် လိုက်လည်း လိုက်ကြပါပေသည်။ သူသည် အသက်အရွယ် ငယ်ငယ် ဖြင့် ကွယ်လွန်သွားရချိန်အထိ ဇိမ်ရှိရှိ ဇိမ်ခံပြီး စားခဲ့၊ မနေခဲ့သည်တို့ကို စဉ်းစားမိတိုင်း ယခုအထိ ကျွန်တော်တို့ စိတ်မကောင်း ဖြစ်ကြရပါသည်။

သူစားကောင်းခြင်း မစား၊ အိပ်ကောင်းခြင်း မအိပ်၊ ဝတ်ကောင်းစားလှ မဝတ်၊ ‘ဇိမ်ရှိသည်’ဆိုသော စကား အဓိပ္ပာယ်ကိုပြည့်ပြည့်ဝဝ ခံစား မသွားရရှာသည့်အတွက် ကျွန်တော်တို့တစ်တွေကသာ တွေးမိတိုင်း စိတ်မကောင်း ဖြစ်ရသော်လည်း စင်စစ်သူ့မှာ တိုင်းပြည်လွတ်လပ်ရေး တာဝန်ကြီးကို အချိန်ပြည့် စဉ်းစားတွေးတောပြီး မအိပ်တမ်း၊ မနားတမ်း လုပ်ကိုင်နေရခြင်းကြောင့် အစား အသောက်၊ အနေအထိုင်၊ အဝတ်အစားမှစ၍ ဟန်လုပ် ခြိုးထုတ်မှုများကို ခေါင်းထဲထည့် စိတ်ကူးစဉ်းစားချိန်ပင် ရှိဟန်မတူပေ။ သူသည် အများထဲမှ လူတစ်ဦးတစ်ယောက်ဖြစ်သော်လည်း သူ့နိုင်ငံလွတ်လပ်ရေးအတွက် အမင်သက်သက် လူ့ဘဝသို့ ခေတ္တခဏ ရောက်လာခဲ့ရသော “လွတ်လပ်ရေးသတ္တဝါ”တစ်ဦးဖြစ်ဟန်ရှိပါသည်။

သူသည် ကျေးလျှင်စား၍ မကျေးလျှင် နားမပူဘဲ လုပ်စရာရှိသော အလုပ်ကို ကုန်းကျုံးလုပ်နေလေ့ရှိ၏။ သူ၏စစ်ဝန်ကြီး လစာမှာ သူ့အိမ်က သုံးစွဲရသည်မရှိ။ ဆင်းရဲညှိုးနွမ်းနေသောသူ၏ နိုင်ငံရေးရဲဘော်များကို ထောက်ပံ့ကမ်းရသည်က များပါသည်။ တစ်ခါတစ်ခါ အိမ်တွင် ကော်ဖီမှုန့်နှင့် သကြားအစား၊ ကော်ဖီဖျော်ရန် ကြိုသကာ ပြတ်လပ်သွားသောကြောင့် အိမ်နီးနားချင်း များထံမှလည်းကောင်း၊ ကျွန်တော်တို့နှင့် ခင်မင်ရင်းနှီးသော ဦးခင်မောင်လတ် (ယခင် ပြည်သူ့ထောက်ပံ့ရေး ဝန်ကြီး) တို့ထံမှလည်းကောင်း၊ နီးစပ်ရာများထံမှ မကြာခဏ စာရေးသူက လိုက်လံချေးငှားပေးရ၏။ တစ်ခါ တစ်ရံ မော်တော်ကားစင်းလိုက် တင်၍ နှမ်းဆီများလာ ရောင်းချတတ်သော တောင်တွင်းကြီးမှ မိတ်ဆွေ သူငယ်ချင်းများဖြစ်သူ ကိုအောင်မြတ်၊ ကိုရွှေ၊ ကိုညီဒွေးတို့ သူ့ရောက်လာလျှင် ဗိုလ်ချုပ်အောင်ဆန်း စားရန် နှမ်းဆီ တစ်ပုံး သုံးပုံး ယူထားလိုက်ရသည်လည်း ကြုံရ၏။ နှမ်းဆီဖြင့် ဟင်းချက်စားနေရပြန်သော်လည်း “ဘယ်က ရသလဲ၊ ဘာလဲ” တစ်ခွန်းမျှ မမေး။ သူသည် သူ့အား နှမ်းဆီဖြင့် ချက်ကျွေးနေမှန်းပင် သိဟန် မရှိပါ။ ထမင်းဟင်းကို အရသာခံ စားပုံမရချေ။ အံ့ဖွယ်လူပါပေ။ ဤကား အောင်ဆန်း၏ ခံနိုင်ရည်ရှိမှုတည်း။

အောင်ဆန်းအား သူနှင့် ရန်သူဖြစ်ခဲ့ရသော စင်ပြိုင်ဘက်များကပင် လေးစား ချီးကျူးရ၏။ သူတို့သည် အောင်ဆန်း၏ ဟိတ်ဟန်မလုပ်၊ ရိုးသားပွင့်လင်းမှုကို အထူးလေးစားကြလေသည်။ တန်ဖိုးထားကြသည်။ အိန္ဒိယမဟာမင်းကြီးရုံးတွင် ကျင်းပသော အိန္ဒိယပြည် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် မြန်မာပြည်ဘုရင်ခံ ဆာဟူးဘရန့် (စ်)က “ဒီလိုနေ့မှာ ဗိုလ်ချုပ်အောင်ဆန်း မရှိတာ သိပ်ဝမ်းနည်းမိပါတယ်။ သူသာရှိရင် အိမ်နီးချင်း နိုင်ငံတစ်ခု လွတ်လပ်ရေးရတာကို ဘယ်လောက်ဝမ်းသာ ရှာမလဲ” ဟု တမ်းတရှာ၏။

မြန်မာပြည် ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေး အင်အားပြိုင်ဘက်ဖြစ်သော်လည်း ဗိုလ်ချုပ်၏ စွမ်းရည်ကို သံသယမရှိ ချီးကျူးခဲ့၏။ ဆာဒေါ်မန်စမစ်သည် သူနေရာတွင် ခေတ္တဆက်ခံမည့် ဆာဟင်နရီနိုက်အတွက် အခြေအနေ မှတ်တမ်းရေးပေးခဲ့ရာ၌ “အောင်ဆန်းသည် မြန်မာပြည်၏ပေါ်လွင်သော အမျိုးသားခေါင်းဆောင်ဖြစ်သည်။ ထို့ပြင် ဤတိုင်းပြည်ရှိ နိုင်ငံရေးခေါင်းဆောင်တို့တွင် အောင်ဆန်း၌ နောက်လိုက် အများဆုံးရှိသည်ကို ယုံမှား သံသယရှိရန် မလို။ ကျွန်ုပ်အမြင်ဖြင့် ပြောရလျှင် သူသည် အလွန်ရိုးသား ဖြောင့်မတ်သူဖြစ်သည်။ သူ၏ အမျိုးသား တပ်ပေါင်းစုကြီးသည် တစ်မျိုးသားလုံးကို ကျယ်ပြန့်စွာ စုစည်းထားသော အဖွဲ့ဖြစ်သည်” ဟု ရေးသားခဲ့လေသည်။ ဂျပန် စစ်မှူးကြီးများဖြစ်ကြသော ဂျင်နရယ်အီဒါး၊ ဂျင်နရယ်ကီမူရာတို့ကလည်း အောင်ဆန်းရိုးဖြောင့်တည်ကြည်ပုံကို ပြောကြပါသည်။ ဗြိတိသျှစစ်မှူး၊ စစ်သေနာပတိများဖြစ်ကြသော ဂျင်နရယ်ဆလင်း၊ လော့ဒ်မောင့်ဘက်တန်တို့ကလည်း အောင်ဆန်း၏ စိတ်ထားဖြူစင်ပုံ တစ်ကိုယ်ကောင်းမဆန်ပုံ၊ ရှာမှရှားသော မျိုးချစ်ခေါင်းဆောင်တစ်ယောက်ဖြစ်ကြောင်း စသည်များကို ပြောပြကြပါသည်။ ဤမျှအထိ အောင်ဆန်းကို လေးစားကြသည်။ ဤကားအောင်ဆန်း၏ ဂုဏ်သိက္ခာ။အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



၏စိတ်ထား။အောင်ဆန်း၏တန်ဖိုး။

(၅)


အောင်ဆန်းသည် လူထုထဲက လူတစ်ဦးဖြစ်၏။ သူသည် မိုးပေါ်က ကျလာသူ မဟုတ်။ လူတစ်ဦးဖြစ်သောသူ၏ကောင်းမွန်သော အမူအကျင့်၊ စရိုက်ဓလေ့၊ စိတ်နေစိတ်ထားတို့ကို အတုယူလိုသူတို့ အတုယူနိုင်စေခြင်းငှာ ရေးသားတင်ပြခြင်း ဖြစ်၏။ သူ့ကို မသိလိုက်မမီလိုက်ကြသော လူငယ်များက "ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ဘယ်သူလဲ" ဟု မေးလာအံ့။ "အဲဒါ အောင်ဆန်း" ဟု ဖြေလိုက်ပါသည်။

သူ့တိုင်းပြည်အတွက် သူဘယ်လို အလုပ်လုပ်သည်။ မည်သို့ကိုယ်ကျိုးစွန့်သည်။ မည်သို့ရိုးဖြောင့်စွာဦးဆောင်မှုပေးသွားသည်များကို သင်ခန်းစာယူလျက် ယခုခေတ်လူငယ်တွေက အလုပ်လုပ်ကြလျှင် လူမျိုးနှင့် တိုင်းပြည်ကို ချစ်မြတ်နိုးကြလျှင်၊ ဗမာပြည်သည် ကျွန်နိုင်ငံပြန်၍ မဖြစ်နိုင်ပါ။ ။

ရှေ့သို့ အတွဲ ၁၇ အမှတ်၄ (၁၅-၇-၁၉၈၀)

www.burmeseclassic.com

www.burmeseclassic.com



# သဘောကောင်းသူ

## မြဝတီ ရဲခေါင်

အတိတ်၌ ကျန်ရစ်ခဲ့ပြီးဖြစ်သော ကမ္ဘာ့နိုင်ငံရေး ...ိုင်းအစီအစဉ်တွင် အထူးထူးအပြားပြားသော ဂုဏ် ...များကြောင့် ပြည်သူတို့၏ ချစ်၊ ကြောက်၊ ရိုသေခြင်း ...သော ခေါင်းဆောင်များကား ကမ္ဘာနှင့်အဝန်း တိုင်း ...ည်တိုင်း၌ပင်လျှင် အခြေအနေအရ ပေါ်ထွက်ခဲ့ဖူးကြ ...ဖြစ်၏။ ယင်းသို့သော ခေါင်းဆောင်များအနက် အချို့ ...အပြောကောင်း၏၊ အချို့မှာ သဘောကောင်း၏၊ ...မှာ သတ္တိကောင်း၏၊ အချို့မှာ ကိုယ့်ကျင့်တရား ...င်း၏၊ အချို့မှာ မှတ်ဉာဏ်ကောင်း၏၊ အချို့မှာ ...ရေးကောင်း၏၊ အချို့မှာ အစီအမံကောင်း၏၊ အချို့ ...ညာဉာဏ် ကြီးကျယ်၏။

ဤသို့လျှင် ကာလ၊ ဒေသ၊ ပယောဂအားလျော်စွာ ...င်းခေတ်တွင် ပေါ်ထွက်ခဲ့ဖူးသော ခေါင်းဆောင်ထူး ...အနက် ယခု ကျွန်တော်ရေးလတ္တံ့သော သခင်အောင် ...န်း ခေါ်၊ ငမိုး ခေါ်၊ အိုမိုတ ခေါ်၊ ဗိုလ်တေဇ ခေါ်၊ ...ောင်ချို ခေါ်၊ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း အပါ ...င်ဖြစ်၏။

တခြားသူများအဖို့ ဗိုလ်ချုပ်အောင်ဆန်းအား ...ည်သို့ရှုမြင်မည်ကို မသိသော်လည်း ကျွန်တော်ကမူ ...ရုံရောအခါက ဗိုလ်ချုပ်အောင်ဆန်းအပေါ်၌ "သဘောကောင်းသူ" တစ်ဦးအဖြစ် ရိုးသားစွာ မြင်တွေ့သိရှိခဲ့ရဖူးပါ၏။

× × ×

အချိန်ကား ၁၉၄၂ ခုနှစ်၊ ဇွန်လအတွင်း၌ ဖြစ်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် နိပ္ပွန်တပ်မတော်သည် ရန်ကုန်မှ ဗြိတိသျှနယ်ချဲ့စစ်တပ်များအား မောင်းနှင်ထုတ်ပြီးသည့်နောက် မြို့ပြအုပ်ချုပ်ရေးကို အုတ်မြစ်ချစ အချိန်တွင် တပ်မတော်မှ ရဲဘော်သုံးကျိပ် ဝင် ထိပ်တန်းအရာရှိကြီးအချို့နှင့် တို့ဗမာအစည်းအရုံး ဝင် အုပ်ချုပ်ရေးဘက်ဆိုင်ရာ တာဝန်ခံအချို့မှာ ရွှေတောင်ကြားလမ်းအတွင်း၌ နေထိုင်ကြ၏။

ထိုအခါက (ယခု အလံပြဘုရားလမ်းရှိ အင်္ဂလိပ်မက်သဒစ်ကျောင်း၌) ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရုံးထိုင်သော စစ်သေနာပတိချုပ်ရုံး G.S.O ဖွင့်လှစ်ထားရာ ထိုရုံးမှနေ၍ ရန်ကုန်မြို့တွင်း၌ တပ်စွဲထားသော တပ်အသီးသီးနှင့်တကွ မြန်မာပြည်အနှံ့အပြားသို့ ရောက်ရှိနေသော ဗမာ့လွတ်လပ်ရေးတပ်မတော် တစ်ခုလုံး၏ စစ်ဆင်ရေးနှင့် တာဝန်ဝတ္တရားများကို ခွဲဝေ ချမှတ်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ပင် ကျွန်တော်အပါအဝင်ဖြစ်သော ယိုးဒယားဗိုလ်လှဖေဦးစီးသည့်တပ်သည် မြစ်ဝကျွန်းပေါ်ရှိ သူပုန်သူကန်များအား နှိမ်နင်း၍ ရန်ကုန်မြို့၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၌ အနားယူဆဲဖြစ်ရာ ထိုနေ့က အထက်အမိန့်အရ ထားဝယ်သား ဗိုလ်ကျော်ဒင် (ထိုခေတ်က တပ်စိပ်မှူးကို တပ်စိပ်ဗိုလ်ဟု ခေါ်သည်) တိုက်ရိုက်အုပ်ချုပ်သော ကျွန်တော်တို့ ကင်းတပ်စိပ် တစ်စိပ်အား ရွှေတောင်ကြားလမ်းရှိ တပ်မတော်အရာရှိကြီးတစ်ဦး၏အိမ်၌ စောင့်ရှောက်စေလွှတ်သောကြောင့် ဝတ္တရားအလျောက် နေရင်းတပ်စခန်းမှ ထွက်လာခဲ့ရလေသည်။

အမှန်ကို ဝန်ခံရမည်ဆိုသော် ထိုအချိန်အထိ ကျွန်တော်သည် တပ်သားသစ်တို့ဘာဝ စိတ်အားတက်ကြွနေချိန်ဖြစ်သောကြောင့် အရာရာ၌ ထောင့်မကျိုးသေးဘဲ ဆတ်ကော့ လတ်ကော့ဖြစ်နေ၏။ စစ်ပညာဟူ၍လည်း သေနတ်ထမ်း၊ သေနတ်ချ၊ အလေးပြု၊ ချီတက်၊ သေနတ်ပစ်မှလွဲ၍ ဘာကိုမျှ စနစ်တကျ မယ်မယ်ရရ မတတ်သေး။ စစ်စည်းကမ်းဆိုသည်မှာလည်း ဝေလာဝေး။

ထိုအချိန်က ကျွန်တော်၏ ခံယူချက်မှာ အထက်လူကြီးများ တားမြစ်သော အချက်မှန်သမျှကို ရှောင်ကြဉ်၍ အထက်လူကြီးများက စေခိုင်း၊ တိုက်တွန်းသော အရာမှန်သမျှကို ဘာပဲဖြစ်ဖြစ် အမှားအမှန် ဝေဖန်ရန်မလို၊ အရှုံးအမြတ် တွက်နေရန်မလို၊ ရှေ့ရေးနောက်ရေးတွေးနေရန်မလိုဘဲ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရေးသာလျှင် ဖြစ်၏။

ဆိုခဲ့သည့်အတိုင်း ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှသည် ရွှေတောင်ကြားလမ်းသို့ ခြေလျင်ချီတက်လာကြရင်း တာဝန်ထမ်းဆောင်ရမည့် နေအိမ်သို့ရောက်သောအခါ ကျွန်တော်တို့သည် ရှိရင်းစွဲတပ်စိပ်နှင့် ကင်းချင်းလဲလှယ်၍ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရလေသည်။

ထိုအိမ်ကား "ဗိုလ်အောင်၊ ခြံအမှတ် ၂၆" (ယခု အီတလီသံအမတ်အိမ်နှင့်ကပ်လျက်) ဖြစ်၏။

ကျွန်တော်စောင့်ရမည့် ကင်းအလှည့်သို့ ရောက်သည်ဆိုလျှင်ပင် နေအိမ်အတွင်း ကျွန်တော်တို့အတွက် ပေးထားသော သီးသန့်ခန်းမှ အိမ်ဝရှိ ကင်းဂိတ်သို့ ထွက်လာခဲ့ရသော ကျွန်တော့်အဖို့ တာဝန်ချိန်အတွင်း သက်ပြင်းတချချ၊ ရင်တမမဖြင့် ဆက်ဆံရဦးမည့် ဧည့်သည် အမျိုးမျိုး၏အကြောင်းကို စဉ်းစား မျှော်တွေး၊ ရင်လေး၍ နေမိပေသည်။

ထိုခေတ်က ဗိုလ်မှူးအောင် (ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဟောင်း)မှာ အိမ်ထောင်မကျသေး၊ လူပျိုကြီးဖြစ်၏။ ထို့ကြောင့်လည်း အိမ်သို့လာသော ဧည့်သည်များ အနက် စစ်ဘက်ဆိုင်ရာ အရာရှိများ၊ နိုင်ငံရေးသမားများ၊ အုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ဆွေမျိုး မိတ်ဆွေများနှင့် အမျိုးအစား များပြားလှသော အရပ်သားဧည့်သည်များအပြင် ဆွေမျိုးတော်ချင်သူများလည်း ပါ၏။ လာရောက်သူများကို ကြည့်ပါဦး ... လေသံ အမျိုးမျိုးဖြစ်သည်ကို တွေ့ရမည်။

"ဟေ့ ... မင်းတို့ ဗိုလ်အောင်ဒင် ရှိလားကွ၊ ငါ သူ့ ဦးလေးပဲ သူနဲ့တွေ့ချင်လို့"

ဤသို့ အမျိုးမာန်ဝင့်၍ လာသူများ ...။

"ကျုပ် သခင်စံလှိုင်နဲ့တွေ့ချင်လို့၊ ကိစ္စအရေးကြီး တယ်"

ဤသို့ ကမူးရှူးထိုးနှင့်လာသူများ ...။

"ဒီမယ် ဒကာလေး ... မင်းတို့ ဗိုလ်မှူးကို သွား ပြောချေစမ်း၊ မန္တလေးက အာဇာနည် အသျှင်ဓမ္မိသရ ကိုယ်တော် ကြွလာတယ်လို့၊ သွား ... သွား ... အမြန် သွား။ ငါ သူနဲ့မတွေ့လို့မဖြစ်ဘူး"

ဤသို့ လူမြင်သမျှ ကပ္ပိယကဲ့သို့ သဘောထား သော ဘုန်းဘုန်းများ ...။

"ဒါ မောင်စံလှိုင်နေတဲ့အိမ် မဟုတ်လား။ ပြော လိုက်ပါ။ ကျုပ်နာမည်က (     ) တဲ့၊ သူသိပါတယ်"

ဤသို့ အလွန်တရာ ရင်းနှီးဟန်နှင့် ဘာကောင် မှန်း မသိရသော(ဝါ) လူလော၊ နတ်လော ခွဲခြား၍မရ သော သူတို့သည် တစ်နေ့တစ်နေ့ ဝင်၍ဝင်၍သာ သွား ကြပြီး ပြန်ထွက်ကြသည်မရှိသောကြောင့် ဧည့်ခန်းမဆံ့ မခံ့မညားဖြစ်လာသောအခါ ကင်းဗိုလ်ဖြစ်သူမှာ မနေသာ တော့ဘဲ ကျွန်တော့်ထံသို့ ပြေးလာ၍ ...

"ဟေ့ ... ရဲခေါင်၊ ကြည့်လည်းလုပ်ပါဦးကွာ ... မင်းဥစ္စာကလည်း ငါ့လခွေးမှပဲ။ လူတွေကို အရှင် မလွှတ်ပါနဲ့ကွ။ အခု ဟိုမှာ ဧည့်ခန်းမဆံ့တော့ဘူး။ ဒါထ ထားဦး ... တို့ဗိုလ်မှူး ခုထက်ထိ ထမင်းမစားရသေးဘူး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ဘယ်အချိန်ရှိနေပလဲ၊ နမ်းမေဂရီး ...ဒီလိုသာ လူတိုင်း လက်ခံ စကားပြောရရင် သေးတောင်ပေါက်ရမှာမဟုတ်ဘူး" ဟု ဆိုပါလေတော့သည်။

ပြောမည်ဆိုလည်း ပြောစရာပင်၊ လာရောက်သောဧည့်သည်များတွင် အလည်အပတ်သက်သက်၊ သားရေးသမီးရေးကိစ္စနှင့် အချိန်ဖြုန်းရန် လာသောသူများ၊ အောက်လက်ငယ်သား ပုလိပ်၊ ဆယ်အိမ်ခေါင်းမှူးနှင့်ပြီးစီးနိုင်သောကိစ္စများကိုပင် မြစ်ချောင်းအသွယ်သွယ်၊ မြို့နယ်အစုစု၊ လူမှုအဆင့်ဆင့်ကို ဖြတ်ကျော်၍ တကူးတကန့် ဒုက္ခပေးရန်အတွက် လာသူများ၊ မိမိတို့၏အရေးကိစ္စကို တိုတိုတုတ်တုတ်နှင့် လိုရင်းမပြောဘဲအတိတ်ကိုဆောင်၍ နိပါတ်တော်ခင်းပြီး "မီးတလင်း" ပြောမည့်သူများမှာ အဆိုးဆုံးဖြစ်လေသည်။ ထိုသူများသည် အလိုက်ကမ်းဆိုး လုံးဝမသိတတ်သူများဖြစ်၍သူတို့၏အပြုအမူများကိုလည်း တားမြစ်၊ တိမ်းဖယ်၊ ပြုပြင်ရ လွယ်သူများမဟုတ်ကြ။

ထို့ကြောင့် ဧည့်သည်များ လာလျှင် ဧည့်သည်၏အရေးကိစ္စကို အမျိုးအစားခွဲခြား၍ ရုံးကိစ္စဖြစ်လျှင် ရုံးသို့လွှတ်လိုက်ရန်နှင့် အိမ်ကိစ္စဖြစ်ပါမူလည်း သူ့အားရှေဦးစွာ အသိပေး အကြောင်းကြားရန် မှာထားသောကြောင့် နောင်သောအခါ၌ ကျွန်တော်သည် ဗိုလ်မှူးအောင်ဒင်နှင့် တွေ့လိုသော ဧည့်သည်များကို တပ်စိပ်ဗိုလ်၏ဩဝါဒအမိန့်တော်အတိုင်း ဦးထိပ်ရွက် ပန်ဆင်ရန် ဟန်ပြင်ရလေတော့သည်။

ဤသို့ပြုလုပ်လိုက်ပြန်ပါသော်လည်း ကျွန်တော်၏တပ်စစ်ဗိုလ်ခများမှာ သက်သာလှသည်တော့မဟုတ်၊ ကျွန်တော်တို့က ဘယ်လိုပင် လူဝင် ကန့်သတ်ရေးအတွက် "မူ" ပြောင်းထားပေမဲ့ လာရောက်သောသူများမှာ "လူ" မပြောင်းသောကြောင့် လာလာသမျှအားအတိယာစက စကားမြွက်ကြားပြောဆိုနေရသည်ကပင်လျှင် တံတွေးမျိုချချိန်မရ၊ တစ်ယောက်ပြီးတစ်ယောက်ရှိုက်မပျောက်အောင် သူတို့ပဲ လာနိုင်လွန်းကြသည်။

ဤတွင် ကျွန်တော်တို့ တပ်စိပ်ဗိုလ်မှာ အိမ်ကိစ္စအတွက် လူလာတိုင်း သူပါရသည်ဖြစ်သောကြောင့် မီတာ ၂၀ ခန့်မှ ဝေးသောအိမ်ဝနှင့် ကင်းဂိတ်ကို တောင်ပြေးမြောက်ပြေး ရွာဆော်ကြီးခွေးကဲ့သို့ လျှာထွက်မတတ်ပြေးရဖန်များသောအခါ ဖဝါးနာပြီး မစားသာသောအခြေသို့ ဆိုက်ရောက်လာလေရကား ... ချမှတ်ပြီးသောလမ်းစဉ်ကို နောက်ထပ်တစ်ဖန် ပြင်ရပြန်၏။

"ကဲ ... ရဲခေါင်ရေ .. ဒီတစ်ခါတော့ ဒီလိုလုပ်ကြမှ ထင်တယ်၊ အိမ်ကိစ္စနဲ့ လူလာတိုင်းလည်း မင်း ငါ့ကိုမခေါ်နဲ့တော့ကွာ ... မင်းဘာသာမင်း လူရိပ်လူကဲကိုကြည့်ပြီး အထဲကို လွှတ်သင့်တယ်ထင်မှ လွှတ်တော့ဟုတ်လား ... တော်ရုံတန်ရုံတော့ကွာ ... မင်းသဘောနဲ့မင်းကြည့်ပြီး ကောင်းသလိုသာ ရှင်းလိုက်ပေတော့နားလည်လား ..."

"ဟုတ်ကဲ့ ဗိုဂ်လေး .. စိတ်ချပါ၊ ဒီလိုဆို ကျွန်တော် ကြည့်လုပ်လိုက်မယ်"

× × ×

ထိုသို့ လူဝင်ကန့်သတ်ရေးအတွက် အချုပ်အခြာအာဏာ ကျွန်တော့်လက်တွင်းသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ကျွန်တော်နှင့် လူ့ခွစာများ၊ လူ့ကတ်ဖဲ့များ၊ စိတ်ကြီးဝင်နေသောသူများမှာ ခွေးနှင့်ကြောင်ကဲ့သို့တစောင်စောင်ဖြစ်ရုံမျှမက မီးခဲနှင့် ဖြောက်အိုးကဲ့သို့ဝင်တိုးတိုင်း မီးပွင့်လေတော့သည်။

နုနုနှင့် ပြောမရသူများကို ခပ်ထန်ထန်ပြောရ၏။ ပြောရင်းက ကဲတက်လာသောသူများကိုမူ လက်မောင်းရင်းကို ဆွဲ၍လည်းကောင်း၊ ရင်ဘတ်ကို တွန်း၍လည်းကောင်း ထုတ်ရတော့သည်။ ဤသို့မှ မလုပ်လျှင်လည်းမရ၊ လူလူချင်း ဆက်ဆံရသည်မှာလည်း အတော်ခက်လှပေသည်။ လက်နက်ရုံတစ်ရုံကို စောင့်ရှောက်ရခြင်းထက် လူတစ်ယောက်ကို ထိန်းသိမ်းရသည်မှာ အလွန်တရာ တာဝန်ကြီးလှပါ၏။ လက်နက်နှင့် လူမှာ ပေါက်ကွဲထိရှပုံချင်း တူသော်လည်း တုံ့ပြန်ပုံ၌ မတူချေ။ လူသည် လက်နက်ထက် နည်းပရိယာယ်များ၏။ အချို့သော သူများမှာ အလိုက်လည်းမသိ၊ ကိုယ်ချင်းစာတရားလည်းမရှိပေ။ ထိုသူများသည် တစ်ဖက်သားအား စကားဖြင့် မခံချင်အောင် ပြော၏။ အမူအရာဖြင့် မသိမသာစော်ကား၏။ ထိုအခါ စစ်သားများက မခံနိုင်လွန်းသဖြင့်စိတ်လိုက်မာန်ပါ ပြန်၍လုပ်လိုက်သောအခါ ကာလပျက်ခမန်း "စစ်သားတွေ ကြမ်းသည်၊ ရမ်းသည်၊ ရိုင်း

www.burmeseclassic.com

www.burmeseclassic.com



သည်" ဟု ဆိုရိုးပြုကြတော့သည်။ "ကဲ ဒီတော့ မခက်ပါလား"။

သို့နှင့်ပင် ကျွန်တော်၏ကင်းတာဝန်ချိန် ၂ နာရီကား ပြီးဆုံးခဲ့ပါပြီ။ ကျွန်တော်သည် စိတ်ရောကိုယ်ပါ အနားရပါမည်ဖြစ်၍ လေကလေးတချွန်ချွန်ဖြင့် အလွန်ပင် ပျော်နေမိသည်။ သို့ရာတွင် ကျွန်တော်၏ ပျော်ရွှင်မှုကား ရေပွက်ပမာ ခဏသာတည်း။ အကြောင်းကို ဆိုသော် ...

"ရဲခေါင်ရေ ... ကျင်မောင် တစ်ယောက်ကွာ ... အဖျားတက်နေလို့ မင်း သူ့အစား နောက် ၂ နာရီ စောင့်ပေးလိုက်ပါဦးကွာ .."

ကျွန်တော်တို့ တပ်စိတ်ဗိုလ်၏ စကား မဆုံးမီပင် ကျွန်တော်သည် လွတ်ခါနီးမှ နောက်မှုပေါ်လာသော အကျဉ်းသားနှင့်မခြား စိတ်တွင်းမှ ဘုရားတ၍ သက်ပြင်းကို ချလိုက်မိသည်။

"အင်း ... နောက် ၂ နာရီ၊ နောက် ၂ နာရီ"

ကျွန်တော်သည် စိတ်ထဲမှ ရေရွတ်ရင်း နောက် ၂နာရီအတွင်း ထပ်မံတွေ့ဆုံရဦးမည့် လူသတ္တဝါများ အကြောင်းကို တဖြည်းဖြည်းတွေး၍ ရင်လေးနေမိသည်။ သို့သော် ယခုကိစ္စမှာ နာမကျန်းဖြစ်နေသော ရဲဘော်တစ်ဦးအတွက် ကူညီရမည့်ကိစ္စဖြစ်သောကြောင့် (ကမ္ဘာသကာ ဖြစ်ချင်တိုင်းဖြစ်၊ နစ်ချင်တိုင်းနစ်ကရော၊ စိတ်မညစ်သာပီဘူး၊ ပဥ္စာဝုဓ မင်းသားထုံး မလွဲသာ၍ ရန်သူတွေ ခြသေ့်ခံ ခံရအောင်) ဟူသော ဝိဇယပြဇာတ်ထဲမှ ဦးပုညစာချိုးအတိုင်း ကိုယ့်ကိုယ်ကိုယ် ပြန်၍ အားပေးရပါတော့သည်။

× × ×

ကျွန်တော်သည် သေနတ်ကိုပိုက်၍ ထိုမှ ဤမှ လမ်းသလားနေရသည်နှင့်အမျှ ကျွန်တော်၏စိတ်များမှာလည်း ဂနာမငြိမ်ဖြစ်နေသည်။ ကျွန်တော်၏ မျက်လုံးများမှာမူ ရွှေတောင်ကြားလမ်းတစ်လျှောက် နောက်ရောက်မည့် ခွင်နဲကိုသာ စိတ်ထဲမှ ကျိန်ဆဲရင်း စောင့်မျှော်နေမိ၏။

ထိုအချိန်တွင် လူတစ်ယောက်သည် ချင်းချောင်းအဲဗင်းနယူးဘက်မှသည် ရွှေတောင်ကြားလမ်းအတိုင်း ကျွန်တော်ရှိရာဘက်သို့ နှေးကွေးစွာ လျှောက်လာနေ၏။ အချိန်မှာ ညနေ ၅ နာရီနှင့် ၆ နာရီကြား လူလုံးလှချိန်ဖြစ်သော်လည်း ဝဿန်ကာလ၏ သဘာဝစုတ်ချက်များက မီးခိုးရောင် မှုန်း၍ လူလုံး မှိန်ထားသောကြောင့်လည်းကောင်း၊ မိုးရတု ဇာဌေမျှင်များက သူ့ပတ်ဝန်းကျင်တွင် တဖွဲဖွဲကျနေသောကြောင့်တစ်ကြောင်း မည်သူမည်ဝါဖြစ်သည်ကို မသိနိုင်။

သို့သော် တစ်ခုတော့ပြောနိုင်သည်။ ဤသို့ မိုးဖွဲဖွဲရွာနေသည့်ကြားထဲ၌ ထီးမပါ၊ အကာမရှိ၊ ဘယ်ကိုဆိုဘယ်ကိုမျှမကြည့်ဘဲ ဦးခေါင်းငုံ့ကာ စဉ်းစား၍ လာနေသူသည် ဧကန္တ စိတ္တဇရောဂါသည် တစ်ဦးသာဖြစ်ရပေမည်။ ဤသို့ ကျွန်တော်က ထင်၏။

သူသည် တဖြည်းဖြည်း ကျွန်တော်နှင့် နီးကပ်လာရာမှ လွန်၍သွား၏။ ထိုအချိန်အထိ သူသည် ဘယ်ကိုမျှမကြည့်သေး။ လမ်းထိပ်ကွေ့သို့ ရောက်သောအခါမှ သူသည် ရုတ်တရက် သတိရဟန်ဖြင့် ဖျတ်ခနဲခေါင်းထောင်၍ ဗိုလ်မှူးအောင် အိမ်ဘက်သို့ တစ်ချက် မျှော်ကြည့်လိုက်ပြီး ကျေနပ်ပြုံး ပြုံးကာ ပြန်လှည့်လာပြန်၏။ သို့သော် သူ၏ခေါင်းမှာမူ ငုံ့မြဲငုံ့လျက် ...

"ရော ... ဘယ်ကိုများ .. လာဦးမလို့ပါလိမ့်"

ကျွန်တော်သည် ဤသို့တွေးရင်း သူ့အား ပို၍ပို၍ စိတ်ဝင်စားလာမိသည်။ သူသည် ခြံပေါက်အတွင်းသို့ တန်းတန်းမတ်မတ် ဝင်လာသော်လည်း ဘာကိုမျှ ဂရုမပြု၊ ဘယ်သူ့ကိုမျှ စစ်မေးခြင်းမရှိ။

သူသည် ကျွန်တော့်ရှေ့မှ ဖြတ်၍ တက်ရန်ပြင်လိုက်သည်နှင့်တစ်ပြိုင်နက် လုံ့စွပ်တပ်ထားသော ကျွန်တော်၏ ရိုင်ဖယ်သေနတ်သည် သူ၏ရင်ဘတ်သို့ ကန့်လန့်ဖြတ် တားထားလိုက်ရပါတော့သည်။ ထိုအခါ သူသည် သေနတ်ကိုတစ်လှည့် ကျွန်တော့်ကိုတစ်လှည့် အေးစက်သော အမူအရာဖြင့် ကြည့်ပြီးမှ ...

"ဩ ... ရဲဘော် ခင်ဗျားကို ကျုပ်မမြင်မိဘူး"

အလို ... ဘုရားရေ ... လူတစ်ယောက်လုံး ရပ်နေတာတောင် မမြင်မိဘူးတဲ့၊ ကဲ ... ကျွန်တော်က သူ့ကို အံ့ဩစွာပင် ကြည့်လိုက်ရင်း စိတ်တွင်းမှလည်း သူ့အပေါ်၌ တစ်မျိုးတစ်မည် ထင်မှတ်မိပြန်သည်။

"တန်တော့၊ဒီလူဟာ ကြောင်တောင်ကန်းများလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဤသို့ တွေးတောရင်း သူ၏ပုံပန်းသဏ္ဌာန်ကို တစ်ရစ်စီ ခြေဆုံးခေါင်းဆုံး လေ့လာလိုက်မိ၏။

ကြည့်ပါ ... ခေါင်းမွေးစုတ်ဖွား၊ မေးရိုးကားကား၊ မျက်ပေါက်ကျဉ်းကျဉ်း၊ စွပ်ကျယ်လက်တို၊ တစ်ပတ်ရစ်ယောပုဆိုး၊ သဲကြိုးနီ လေယာဉ်ပျံဖိနပ်နှင့် ပိန်ကပ်မွဲခြောက်ခြောက် လူတစ်ယောက်။

"ခင်ဗျား ဘယ်သူလဲ၊ ဘယ်သူလဲ၊ ဘယ်သွားမလို့လဲ ..."

ကျွန်တော်က သူ့အား သိလိုသော မေးခွန်းများကို ဆက်တိုက် တစ်သွန်တည်း မေးချလိုက်၏။ သို့ရာတွင် သူသည် ကျွန်တော်၏မေးခွန်းများကို ပြည့်စုံစွာ မဖြေ၊ ကျွန်တော်က သူ့ကို စိတ်ဝင်စားနေသော်လည်း သူက ကျွန်တော့်အား ပြန်လှည့်၍ စိတ်ဝင်စားဟန်မတူ၊ သူ့ကြည့်ရသည်မှာ ခပ်ကြောင်ကြောင်ပင်ဖြစ်၏။ သူသည် ကျွန်တော့်အား မကြည့်ဘဲ ဗိုလ်မှူးအောင်ဘက်သို့သာ ကြည့်ရင်း ကျွန်တော့်မေးခွန်းကို ဖြေ၏။

"ဒီကိုပါပဲ၊ ကျုပ်နေတာ ဒီနားမှာပဲ"

ကဲ ကြည့် ... ဖြေပုံကိုက ငုံးတိတိနှင့် ဘယ်လောက်များ ခွကျသော လူစားထဲကပါလဲ။ ဒီလို ခွင်နဲမျိုးပေါင်းများစွာကို လွန်ခဲ့သောအချိန်များက ကျွန်တော်သည် လက်မောင်းကို ဆွဲ၍လည်းကောင်း၊ ရင်ဘတ်ကို တွန်း၍လည်းကောင်း၊ နားရင်းကို အုပ်၍လည်းကောင်း ထုတ်ခဲ့ဖူးပြီ မဟုတ်ပါလား။ ယခုလည်း လာပြန်ပြီတစ်ယောက်၊ ကျွန်တော်သည် စိတ်နောက်နောက်ဖြင့် သူ့အား ကြည့်၍ ...

"ဒီမှာဗျို့ ... ဆရာ၊ ခင်ဗျား ဒီကိုလာတဲ့ကိစ္စ ပြောစမ်းပါ"

"ကျုပ် ဗိုလ်အောင်ဒင်နဲ့ တွေ့ချင်လို့"

"ရုံးကိစ္စလား၊ အိမ်ကိစ္စလား"

"အိမ်မှာတွေ့ပြီး ပြောမှဖြစ်မယ့် ရုံးကိစ္စပဲ"

"ဟင် ..."

သူပြောသောစကားကြောင့် ကျွန်တော့်မှာ ကြောင်အမ်းအမ်းဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ကျွန်တော်က ဘာကိုမျှ ပြန်၍မပြောနိုင်မီ သူသည် သူပြောလိုသော စကားများကို ဆက်ပြောသွား၏။

"ကျုပ်အဖို့ရာ အိမ်ဟာလည်း ရုံး၊ ရုံးဟာလည်း အိမ်ပဲ။ အိမ်နဲ့ ရုံးကို ခွဲခြားနေဖို့ရာ အချိန်မရဘူး ရဲဘော်။ ဒါကြောင့် အခု ကျုပ် ..."

သူသည် စကားကိုပင် အဆုံးမသတ်ဘဲ ခြံတွင်းသို့ ပြောပြောဆိုဆိုဖြင့် တစ်လှမ်းချင်း ဝင်သွား၏။ ကျွန်တော်သည် စက္ကန့်ပိုင်းမျှ သူ၏အပြုအမူကို အံ့အားသင့်ကာ ကြည့်နေပြီးမှ ကပျာကယာ သူ၏လက်မောင်းကို ပြေးကိုင်ပြီး ခြံဝသို့ ဆွဲထုတ်ခဲ့၏။ သူသည် ကျွန်တော်၏လက်တွင်းဝယ် ယက်ကန်ယက်ကန်ဖြင့် ပါလာရင်း ခြံပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်၏ မာန်မဲကြိမ်းမောင်းခြင်းကို ခံရရှာတော့သည်။ သို့ရာတွင် သူက အပြုံးမပျက်ပါ။ ထိုသို့ အပြုံး မပျက်လေလေ ကျွန်တော်က ဒေါပွလေလေ။

"ခင်ဗျား ဘယ်လိုလူလဲဟင် ... ခင်ဗျား ဘာကောင်လဲ။ ဒီလို ဗိုလ်မှူးတစ်ယောက်အိမ်ထဲကို အရမ်းဝင်ချင်တိုင်း ဝင်လို့ရလား ... ခင်ဗျား တယ်ဇွတ်တရွတ်နိုင်တဲ့လူပါလား ... ခင်ဗျားကို ဘယ်သူက ဝင်ခွင့်ပေးလို့လဲ"

ကျွန်တော်က ဒေါပွပွဖြင့် သူ့အား ကြိမ်းမောင်းနေစဉ်ပင် သူသည် ကျွန်တော် ကြိမ်းမောင်းသမျှကို စိတ်ရှည်လက်ရှည် နားထောင်နေပြီးခါမှ စကားတစ်ခွန်းကို လေးကန်စွာ ပြောလိုက်လေသည်။

"မဟုတ်ဘူး ရဲဘော် ... ကျုပ်ဟာ အောင်ဆန်းပဲ၊ ရဲဘော် ကျုပ်ကို မသိလို့ဖြစ်ပါလိမ့်မယ်။ ရဲဘော်တို့ ကင်းဗိုလ်ကို ခေါ်လိုက်ပါလေ ... ကျုပ် သူနဲ့တွေ့ပါ့မယ်"

ထိုအခါကျမှ ကျွန်တော်၏ခေါင်းထဲသို့ အကြောင်းတစ်ရပ်သည် ဖျတ်ခနဲ ဝင်လာ၏။ (ဗိုလ်တေဇခေါ် သခင်အောင်ဆန်း)

ထို အတွေးနှင့်အတူပင် ကျွန်တော်၏ ပါးစပ်မှာ အဟောင်းသားပွင့်ကာ သူ့အား ခြေဆုံးခေါင်းဆုံး ပြန်၍ စေ့စပ်စွာကြည့်ရင်း မယုံရအခက်၊ ယုံရအခက် ဖြစ်နေ၏။ ဝေခွဲမရသော ကျွန်တော်၏မျက်လုံးများမှာလည်း သူ့အား အချိန်ကြာမြင့်စွာ တွေဝေငေးငိုင်၍ ကြည့်နေမိသည်။ သူသည် ကျွန်တော်၏ ဝမ်းတွင်းသဏ္ဌာန်ကို ဝေဖန် ရိပ်စားမိ၍လား မပြောတတ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ ... ကင်းဗိုလ် ကိုသာ ခေါ်လိုက်ပါ ရဲဘော် ... ကျုပ် ချမ်းလှပြီ" ဟု ဆိုရှာပါသည်။ သူက ထိုသို့ပြောလိုက်မှ ကျွန်တော်သည် သတိရ၍ ဤကိစ္စတွင် ကျွန်တော့်အနေဖြင့် ဘုမသိ ဘမသိ ဆုံးဖြတ် လုပ်ကိုင်ခြင်းသည်သာလျှင် ကျွန်တော့်အဖို့ အကောင်းဆုံးဖြစ်မည်ကို တွေးမိ၏။ ဗိုလ်ကျော်ဒင်မှာ ကျွန်တော့်ထက် စစ်ဝါရင့်သူလည်းဖြစ်သည်။ တပ်မတော်မှ အရာရှိကြီးများကို အတော်များများ သိမြင်ထားသူလည်း ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် ကင်းဗိုလ်အား ခွန်းဆင့်၍ ခေါ်လိုက်ရတော့သည်။ ကျွန်တော်၏ခေါ်သံကြောင့် ဗိုလ်ကျော်ဒင်သည် ကင်းဂိတ်သို့ ဒရောသောပါး ပြေးလာကာ သူ့ကိုယ်သူ "အောင်ဆန်း" ပါဟု ဆို၍နေသော လူကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဖျတ်ခနဲ အလေးပြုလိုက်ရင်း ...

"ဟာ ... ဗိုလ်ချုပ် ရေတွေစိုလို့ပါလား ... ကြွပါ ဗိုလ်ချုပ် အထဲကိုကြွပါ" ဟု ပြောပြောဆိုဆို ခရီးဦးကြိုပြုပါတော့သည်။

ဤဖြစ်ရပ်ကို မြင်ရသော ကျွန်တော့်မှာမူ ကောင်းကင်အတက် ပြဒါးရှင်လုံး ထွက်ကျသော ပဋ္ဌိခယားမင်းသားကဲ့သို့ ထွက်သက် ဝင်သက်တို့သည် ရပ်တန့်ကုန်၏။ ၂၀ ရာစုနှစ်သမီးပျို၏ ခါး၌တင်၍ မွေ့အပ်သော ဖင်လိမ်ကွင်း ကဲ့သို့လည်း မြင်ကွင်း အားလုံးတို့သည် ချာလပတ်လည်နေ၏။ ကျွန်တော်၏နှုတ်ဖျားမှလည်း ချုပ်ထားသကဲ့သို့ ဖွင့်ဟ၍မရတော့။ နားထင် နားရင်းများမှာလည်း ဒေါက်ဖိနပ်ဖြင့် အရိုက်ခံရသူကဲ့သို့ ထူပူ၍လာ၏။ ကိုင်ထားအပ်သော သေနတ်မှာလည်း အရက်ဖြတ်ထားသော စာရေးဆရာလက်မှ ဖောင်တိန်ကဲ့သို့ တဆတ်ဆတ်တုန်၏။ ရင်တွင်း၌မူ သန့်ရှင်းနှင့် တည်မြဲမဲ့ခဲ့သောနေ့က ပြည်သူလူထု၏ နှလုံးသားကို ကျွန်တော် တစ်ဦးတည်း မျိုထားရသကဲ့သို့ စိုးရိမ်ပူပန်မှုများ ပြင်းစွာဖြစ်၏။

"သြော် ... ငါ မှားလေခြင်း ... ငါ မိုက်လေခြင်း" ဟု မသိတတ်သား ဆိုးရွားလှသော ကျွန်တော့်ကိုယ်ကိုလည်း ကျွန်တော် ပြန်၍အပြစ်တင်မဆုံးတော့။

"ပြောမယုံ၊ ကြုံဖူးမှသိ" ဆိုသကဲ့သို့ နယ်ချဲ့ စစ်တပ်များမှ ကြေးစားအရာရှိကြီးများနှင့် လွတ်လပ်ရေးတပ်မတော်မှ မျိုးချစ်အရာရှိကြီးများ၏ ခြားနားမှုကိုလည်း စံပြု၍နှိုင်းယှဉ်မိတော့သည်။

သူတို့ထွက်သွားပြီးနောက် အချိန်ကား မကြာမြင့်လှပါ။ ဗိုလ်ကျော်ဒင်ခမျာ သုတ်သီးသုတ်ပျာဖြင့် ပြေးလာ၏။ သူ့နောက်၌လည်း ရဲဘော်တစ်ယောက် အဖိုပါလာသည်။

"ဟော့ ... ရဲခေါင်၊ မင်း ဗိုလ်ချုပ်ကို ဘာလုပ်လိုက်သလဲ ... ဟင်"

"အာ ... ဗိုလ်ချုပ်မှန်း ဘယ်သိမလဲဗျ၊ ယူနီဖောင်းမပါ၊ ဘာမပါနဲ့ ... သူ့ကိုလည်း ကျွန်တော်က သိတာမှ မဟုတ်ဘဲ။ နောက်ပြီး သူကလည်း အစက ဘာမှ ပြောတာမဟုတ်ဘူး ... အပြင်ကို ဆွဲထုတ်ပြီးမှ သူက ပြောတာ၊ အဲဒီတော့မှ ကျွန်တော်လည်း ဗိုလ်လေးကို ခေါ်လိုက်တာ"

"အဲဒါမှ သောက်ခွပဲကွာ ... အစက ဘာလို့ ငါ့ကို မပြောတာလဲ ဟကောင်ရ"

"နို့ ... ဗိုလ်လေးက လူကဲခတ်ပြီး ကြည့်လုပ်ရမယ်ဆို"

"အားပါး ... ကျွတ်ကျွတ် နမ်းမေဂလိုလီရေး — အိုး ... ဟိုး ... ဟိုး .."

သူသည် သူ၏နဖူးကို လက်ဝါးဖြင့်ရိုက်၍ ငရုတ်သီး စပ်သကဲ့သို့ စုတ်သပ်ညည်းညူလိုက်ကာ ဘာမှ မပြောတော့ချေ။

"ကဲ ... ဒါဖြင့် မင်းလိုက်ခဲ့ဦး ... ဗိုလ်ချုပ်က မင်းကို ခေါ်ခိုင်းလို့၊ ငါတော့ သေသာ သေချင်တော့တာပဲ ရဲခေါင်ရာ"

ထို့နောက် ပါလာသော ရဲဘော်အား ကျွန်တော့်နေရာ၌ ခေတ္တအစားထားပြီး ဗိုလ်ချုပ်ရှိရာ ဧည့်ခန်းသို့ ကျွန်တော်တို့နှစ်ဦးသား ထွက်ခဲ့ကြပါသည်။ အတွေးများ ကိုယ်စီနှင့်။

အိမ်၏ ဘယ်ဘက် အဆောင်ရှိ ဧည့်ခန်းအတွင်း စန္ဒရားခုံကို ဖင်တစ်ဝက်မှေးကာ မတ်တတ်ရပ် လက်ပိုက်၍ ခေါင်းငုံ့ရင်း တစ်စုံတစ်ခု စဉ်းစားနေသော သခင်အောင်ဆန်း။

အနီး၌မူ ဗိုလ်မှူးအောင်သည် တည်ငြိမ်သော အပြုံးဖြင့် ဆိုဖာတစ်လုံးပေါ်တွင် ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူမှာ ဧည့်ခန်းဝသို့ ရောက်နေသော်လည်း အထဲသို့ ဝင်ရန် မရွံ့မရဲဖြင့် ခြေဆွဲ၍နေသူကား ကျွန်တော် ...။

ဗိုလ်ကျော်ဒင်၏ စစ်သံပါပါ အော်ကာဟစ်ကာ သတင်းပို့လိုက်သော အသံကြောင့် ကျောက်ရုပ်ပမာ ငြိမ်ချက်သားကောင်းနေသော ဗိုလ်ချုပ်သည် တဖြည်းဖြည်း ခေါင်းမော့လာကာ စောစောက ကျွန်တော် သူ့ကို ကြည့်နည်းမျိုးဖြင့် သူက ကျွန်တော့်ကို ပြန်ကြည့်၏။ ခင်ဗျာသည်ကား မသေမီက လိုက်သည်ကို ကျွန်တော် ချက်ချင်း နားလည်လိုက်ပါ၏။ ထို့နောက် သူသည် သူ၏ မေးဖျားကို လက်ဖြင့်ပွတ်သပ်နေရင်း ...

"အင်း ... ရဲဘော်နာမည်"

"ရဲခေါင်"

"တပ်ထဲဝင်တာ မကြာသေးဘူးထင်တယ်"

"ဟုတ်ကဲ့"

"အင်း"

(သူသည် ရှေ့သို့ စကားမဆက်ဘဲ စဉ်းစားနေရာက)

"အင်းပေါ့ကွာ ... ရဲဘော်တို့ တာဝန်ကျေပွန်မှုကို ချီးကျူးပါတယ် ... ဟုတ်လား၊ စောစောက ကိစ္စကို အမှု ခေါင်းထဲထည့်ပြီး စဉ်းစားမနေနဲ့ ဟုတ်လား။ ဒီအချိန်မှာ ဒီလိုလုပ်ရမှာပဲ ... အဲဒါ ရဲဘော် မှန်တယ် ဟုတ်လား ... ကဲ ... ကဲ သွားနိုင်ပါပြီ"

ထိုအချိန်၌ ဗိုလ်ချုပ်ပါးစပ်ဖျားမှ ထွက်လာသော စကားများကို ကျွန်တော့်နားက သံသယဖြစ်နေသည်။ "ဟုတ်မှ ဟုတ်ပါ့မလား" ဟူ၍လည်း ဝမ်းမသာဝံ့အောင် ဖြစ်နေသေးသည်။ ထို့ကြောင့်လည်း "ခင်ဗျာ" ဟု နားမရှင်းဟန်ဖြင့် ထပ်မေးလိုက်တော့မှ ...

"ဩော် ... ရဲဘော် မမှားဘူး။ အဲဒါကိုပြောတာ၊ ဒီတော့ လုပ်စရာသာ ဆက်လုပ် ဟုတ်လား။ အေး ... တစ်ခု သတိထား၊ စိတ်လိုက်မာန်ပါမလုပ်နဲ့ ...အဲဒါပဲ"

ကျွန်တော်သည် ဗိုလ်ချုပ်စကားဆုံးသည်နှင့်တစ်ပြိုင်နက် မူလ တာဝန်ကျရာအရပ်သို့ ကလေးငယ်ပမာ ခုန်ပေါက်မြူးတူးကာ ပြန်လာမိသည်။ စောစောက ရင်တွင်း၌ ပူလောင်လှစွာ ရေငတ်လွန်းသော ဝေဒနာမှာလည်း အဘယ်သို့ ပျောက်သွားသည်မသိ။

ကျွန်တော်၏ ဦးနှောက်တွင်း၌မူ "သဘောကောင်းသူ" ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်းကိုသာ ထပ်လောင်းခါခါ စဉ်းစား၍နေမိပါ၏။

ယနေ့မှစ၍ ရက်သတ္တ ၂ပတ်ကျော်လျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှေ့တန်းခေါင်းဆောင်ကြီးများ ကုန်သလောက်နီးနီး ကျဆုံးပြီးသော ဇူလိုင်လ ၁၉ ရက် (အာဇာနည်နေ့)သို့ ရောက်ပြန်လေဦးတော့မည်။

ရှေးအခါကဆိုမူ ကျွန်တော်သည် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ အာဇာနည်နေ့အထိမ်းအမှတ်သဘင် ဆင်ယင်ကျင်းပရာ တရားပွဲဥပစာများသို့ သွား၍လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သိကောင်းစရာအဖြာဖြာကို ပုဂ္ဂိုလ်အသီးသီး ရှာမှီးတင်ပြကြသော သတင်းဆောင်းပါးဖြစ်ရပ်များကိုလည်းကောင်း၊ ကြားနာမှတ်သား ကျေးဇူးပွားခြင်းဖြင့်သာ နေလာခဲ့ရသော်လည်း ယခုအခါ၌ဆိုလျှင် အိမ်ထောင်ရှင်အဖြစ်သို့ ရောက်၍နေသော ကျွန်တော့်ပတ်ဝန်းကျင်တွင် တရားနာပုဂ္ဂိုလ်အဖြစ် ကျွန်တော်၏ သားငယ်များသည် ကျွန်တော်ပြောပြမည့် "သဘောကောင်းသူ" ခေါင်းဆောင်ကြီးတစ်ဦး၏ အကြောင်းကို စုတ်သပ်အံ့သြ နှမြောတမ်းတကာ ကြားနာနေရှာပေလိမ့်မည်။ ထိုအခါ၌ ကျွန်တော်သည် ...

"သားရေ ... ဟောဒီလောကမှာလေ ... လူသတ္တဝါတွေရဲ့ အကျိုးအတွက် ပေါ်ထွက်ခဲ့ကြတဲ့ ဘာသာရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ ခေါင်းဆောင်အမျိုးမျိုးအနက် ဖေဖေတို့ပြည်ထောင်စု ဗမာနိုင်ငံမှာ တစ်ခါက ပေါ်ထွက်ခဲ့ဖူးတဲ့ ဗိုလ်ချုပ်အောင်ဆန်း ဆိုတာဟာလေ ဖေဖေသိရသလောက်တော့ အလွန်ကို သဘောကောင်းတဲ့ ခေါင်းဆောင်ကြီးတစ်ယောက်ပေါ့ကွယ်။ သူနဲ့ ဖေဖေ စပြီးတွေ့ခဲ့တဲ့အချိန်ကတော့ ..."

ဤသို့ အစချီကာ ဗမာ့လွတ်လပ်ရေးသမိုင်း၏ ကွေ့ တစ်ကွေ့တွင် အမှတ်မထင် ကျွန်တော်နှင့် ရှေ့ဦးပထမ တိုက်ဆိုင်ဆုံစည်းခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်းကို ထပ်လောင်းပြောပြရပေလတ္တံ့။

သို့သော် ထိုဖြစ်ရပ်သည် ကျွန်တော် ငယ်ငယ်က ကျွန်တော့်ဖေဖေပြောပြသည့် "ရွှေယုန်နှင့် ရွှေကျား"

www.burmeseclassic.com



သက်ငယ်ရိတ်သွားသော ဒဏ္ဍာရီပုံပြင်စကားမဟုတ်။

စင်စစ် ကျွန်တော်ပြောပြမည့် ရဲဘော်ဓလေ့ ကိုယ်တွေ့ဖြစ်စဉ်များသည် ကျွန်တော့်သားငယ်များ၏ နှလုံးသားတွင် ရာသက်ပန် စွဲဝင်သွားစေရုံသာမက သူတို့၏ ပတ်ဝန်းကျင် ကစားဖော်များရှေ့တွင်လည်း "အဲဒီ ဗိုလ်ချုပ်အောင်ဆန်း ဆိုတာဟာလေ ... တစ်ခါက ငါတို့ရဲ့ ဖေဖေနဲ့ တွေ့ခဲ့ရဖူးသတဲ့" ဟူ၍လည်းကောင်း။

သို့မဟုတ် သူတို့ပတ်ဝန်းကျင်၊ သူတို့သားငယ်များရှေ့တွင်လည်း "အဲဒီဗိုလ်ချုပ်အောင်ဆန်းဆိုတာဟာလေ ... တစ်ခါတုန်းက သားသားရဲ့ဘိုးဘိုးနဲ့ တွေ့ခဲ့ရဖူးသတဲ့" ဟူ၍လည်းကောင်း။

ထိုသို့ ထိုသို့ အစချီကာ သားစဉ်မြေးဆက် ဂုဏ်ယူစရာမှတ်တမ်းတစ်ကွက်ဖြစ်လိမ့်ဦးမည်သာတည်း။ ။

မေ့ပျောက်၍မရသော အောင်ဆန်း။ ရှုလိုင်-၁၉၆၆

www.burmeseclassic.com

www.burmeseclassic.com

# အောင်ဆန်းနှင့် ဘာသာရေး

## ဗိုလ်ဥတ္တမကျော်



အချိန်မှာ ညနေစောင်းအချိန်ဖြစ်၏။

သက်တော် ၅၀ နီးပါး၊ အသားလတ်လတ်၊ ခပ်[illegible]န်၊ အရပ်မြင့်မြင့်၊ ကြည်လင်သော ဥပမိရုပ်[illegible]သည့် ဆရာတော်တစ်ပါးသည် ဦးခေါင်း[illegible]စိုက်ပြုကာ မတ်တတ်ရပ် အုန်းတံမြက်[illegible]ဖြင့် မန်ကျည်းပင်ကြီးနှစ်ပင် အနီးရှိ[illegible]ထပ်ကျောင်းရှေ့တွင် တံမြက်စည်းလှည်း[illegible] ရှိနေလေသည်။

ဒီပင်္ကရာ ဘုရားတန်ဆောင်းထိပ်မှ ဆည်း[illegible]ည်းများအသံသည် လေပြည်ထဲတွင် တချွင်ချွင်[illegible]င်ဒင် မြည်၍နေ၏။ ထိုအခိုက်တွင် အသက်[illegible]နှစ်ခန့်၊ အသားလတ်လတ်၊ မေးရိုး[illegible]ား၊ ကြည်လင်စူးရှသောမျက်လုံး၊[illegible]လိမ်းထားသဖြင့် ဆံပင်ရှုပ်ပွနေ[illegible] ဗိုလ်ဆံတောက်ဖြင့် လူငယ်[illegible]ဦးသည် ဖိနပ် နှစ်ဖက်ကို[illegible]တစ်ဖက်မှ စု၍ကိုင်ကာ[illegible]င်းဝင်း ပေါက်မှ ဝင်လာ[illegible]ည်။ လူငယ်သည် ဘေးဘီ[illegible] ကြည့်၊ မြေကြီးကို ငုံ့ကြည့်စဉ်းစားရင်း လျှောက်လာရာ ကျောင်းရှေ့သို့ ရောက်ရှိလာလေ၏။ ထိုအခါကျမှ တံမြက်လှည်းနေသော ဆရာတော် ဦးသောဘိတကို ဗြုန်းခနဲ တွေ့မြင်မိပြီး ပြောင်နေသော မြေတလင်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ ဆရာတော်ကို ရှိခိုးဦးချနေလေသည်။ ဆရာတော်သည်လည်း လူငယ်ကို တွေ့မြင်သွားလေ၏။

"အိမ်း .. အောင်ဆန်းလား ... ဘယ်တုန်းက ရောက်သလဲ" ဟု ဆရာတော်က မေးလေ၏။

လူငယ်သည် ဆရာတော် နားသီသီလေးကြောင်း သိပြီးဖြစ်၍ ခပ်ကျယ်ကျယ် လျှောက်ထားလိုက်ရာ မနီးမဝေးတွင် အစာရှာစားနေသော ခိုကလေးများ သည်လန့်၍ ပျံသွားကြလေသည်။

"တပည့်တော် မနေ့က ရောက်ပါတယ်ဘုရား"

"သြ ... ရက်အတော်ကြာမှကိုး"

ဤမျှ အော်ဟစ်လျှောက်ထား

www.burmeseclassic.com



စေကာမူ ဆရာတော်မှာ နားလေးတော်မူ၍ ကြားဟန် မတူကြောင်း ပြန်လည် မိန့်ကြားတော်မူသော စကားအရ သိသာနိုင်လေသည်။ အောင်ဆန်းဟု အခေါ်ခံရသော လူငယ်၏မျက်နှာမှာ ရှုံ့၍သွားလေ၏။ ဆရာတော်သည် တံမြက်စည်းကို မန်ကျည်းပင်ခြေရင်းတွင် ထောင်ထားခဲ့ပြီး ရှေ့မှဦးဆောင်၍ တစ်ထပ်ကျောင်းပေါ်သို့ ကြွသွားရာ လူငယ်လည်း ထ၍ နောက်မှ လိုက်ပါသွားလေသည်။ ဆရာတော်သည် ကျောင်းဝရန်တာမှ ရေအိုးစင်တွင် လက်ဆေးသုတ်သင်ပြီးနောက် သင်ဖြူးများခင်းထားသော နေရာတွင် ထိုင်တော်မူလေရာ လူငယ်လည်း ဆရာတော်ကို ဦးချရှိခိုးပြီးလျှင် အနီးတွင် ကြုံ့ကြုံ့ထိုင်နေ၏။ ဆရာတော်က ကျောက်သင်ပုန်းကလေးတစ်ချပ်နှင့် ကျောက်တံတစ်ချောင်းကို လူငယ်၏ အနီးတွင် ချပေးလိုက်၏။ ပြီးလျှင် ဆရာတော်က စတင် မိန့်ကြားတော်မူသည်။

"ကျောင်းပိတ်သလား"

လူငယ်က ကျောက်သင်ပုန်းတွင် လက်ရေး ခပ်သော့သော့ဖြင့် "တင်ပါ့ဘုရား" ဟု ရေးပြလေ၏။

"မင်းတို့ ကျောင်းသားသမဂ္ဂညီလာခံအကြောင်း သတင်းစာမှာ ဖတ်ရတယ်။ မင်းတို့ လုပ်တာတွေ ကောင်းပါရဲ့"

လူငယ်က ခေါင်းညိတ်ရှိခိုးလျက် "တင်ပါ့" ဟု လျှောက်ထားလေသည်။ ဆရာတော် ကြား မကြား သူ မသိချေ။ လူငယ်က စာရေးပြီး ကျောက်သင်ပုန်းကို ဆရာတော်ရှေ့ ချပြပြန်၏။

"တပည့်တော် ဘီအယ်လ် မဖြေချင်တော့ဘူး ... သခင်အဖွဲ့ထဲ ဝင်ပြီး နိုင်ငံရေးလုပ်တော့မယ် ဘုရာ့"

ဆရာတော်သည် ဦးခေါင်းညိတ်ကာ ညိတ်ကာဖြင့် အောင်ဆန်းကို ခပ်ပြုံးပြုံးကြည့်နေပြီးလျှင် မိန့်တော်မူပြန်၏။ "သခင်အဖွဲ့ဆိုတာ ဟို ... ဒွေးချိုက ဘသောင်းတို့အဖွဲ့ ပြောတာလား"

"တင်ပါ့ဘုရား"

ဆရာတော်နှင့် လူငယ်တို့သည် သခင်အဖွဲ့ အကြောင်း၊ ငါးပွင့်ဆိုင် အဖွဲ့အကြောင်း၊ နယ်များတွင် ဆိုးဝါးညံ့ဖျင်းလှသော ဒုစရိုက်ကောင်စီ(ခေါ်) ဒိစတြိတ်ကောင်စီအဖွဲ့များအကြောင်း၊ ပညာရေးစနစ် ညံ့ဖျင်းပုံများအကြောင်းများကို ကျောက်သင်ပုန်းကလေးနည်းဖြင့် ဆွေးနွေးနေကြလေသည်။ နောက်ဆုံးတွင် လူငယ်က ဗမာပြည်တွင် အချို့ဘုန်းတော်ကြီးများ နိုင်ငံရေးထဲ ဝင်ဆောင်ရွက်မည့်အစား နယ်ခြားဒေသများတွင် သွားရောက်သာသနာပြုဖို့ကောင်းကြောင်း ရေးသားလျှောက်ထားလေသည်။ ဆရာတော်က ...

"အိမ်း ...အဲဒါလည်း လိုတာပဲ။ တို့ ရှေးက သုဓမ္မာ ဂိုဏ်း မှတ်တမ်းတွေထဲမှာတော့ တွေ့ဖူးတယ်။ ကရင်နီ နယ်နဲ့ ကလေး၊ မိုးညှင်းဘက်ကို ဆရာတော်တွေ သွားပြီး သာသနာပြုတာ။ ဒါပေမဲ့ အခုအခါ အင်္ဂလိပ်အစိုးရ က အားပေးမယ် မထင်ဘူး"

လူငယ်က ခရစ်ယာန်သာသနာပြု ဘုန်းကြီးတွေ ဆင်းဆင်းရဲရဲဖြင့် ချင်းတောင်တန်း၊ ကချင်တောင်တန်း များတွင် သွားရောက်သာသနာပြုပုံ၊ ဗမာဘုန်းကြီးတွေ လည်း စွန့်စားသွားရောက်ပြီး သာသနာပြုဖို့ကောင်းပုံ များကို ရေးသား လျှောက်ထားပြန်သည်။ ဆရာတော် က စာကိုဖတ်ပြီးလျှင် ခေါင်းငုံ့စဉ်းစားနေတော်မူပြီးမှ ပြန်လည်မိန့်ကြားတော်မူ၏။

"အိမ်း ... ဒါက မင်း စိတ်စောနေတာကို ...။ ချင်းတောင်တန်း၊ ကချင်တောင်တန်းသွား သာသနာပြု ဖို့ဆိုတာက ဒီအင်္ဂလိပ်ကောင်တွေရှိနေသမျှ မဖြစ်နိုင်ဘူး။ ကိုယ့်မင်းကိုယ့်ချင်းနေနိုင်မှ ဖြစ်မှာ။ တို့တစ်တွေ အရာရာ တိုင်းမှာ ခံဘက်ကချည်းပဲ ... မင်း စဉ်းစားကြည့်၊ မြန်မာ ပြည်မှာ ကုလားဗလီနဲ့ အင်္ဂလိပ် ဘုရားရှိခိုးကျောင်း မရှိတဲ့မြို့ ဘယ်နမြို့ရှိသလဲ။ ငါ့ ရေတွက်ပြခဲ့စမ်းပါ။ အဲဒါကိုသာ မင်း နက်နက်နဲနဲ စဉ်းစား"

နေလုံး ဝင်သွားပြီဖြစ်၍ ကျောင်းဝရန်တာတွင် အလင်းရောင် ဖျော့၍သွားလေ၏။ ဆရာတပည့်နှစ်ဦး မှာ အတွေးကိုယ်စီဖြင့် ငြိမ်၍နေကြလေသည်။

တစ်ချိန်က "တပည့်တော် နိုင်ငံရေးလုပ်တော့မယ် ဘုရား" ဟု ဆရာတော် ဦးသောဘိတကို လျှောက်ထား ခဲ့သော အောင်ဆန်းသည် ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ် လပ်ရေးတပ်မတော်ကို ဦးစီးလျက် အင်္ဂလိပ်တို့ကို တိုက် ထုတ်လိုက်လေသည်။ ၁၉၄၄ ခုနှစ်၊ သူ၏အသက် နှစ်တွင် သူသည် ဗမာ့တပ်မတော်၏ စစ်သေနာပတိနှင့် စစ်ဝန်ကြီးအဖြစ် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးသောဘိတ မေးခဲ့သော မေးခွန်းကို အစဉ် သတိရနေဟန်တူလေသည်။ ဂျပန်ခေတ် အရှေ့အာရှ လူငယ်များ အစည်းအရုံးဌာနချုပ်တွင် စည်းရုံးရေးမှူး ညီလာခံတစ်ခု ကျင်းပခဲ့သည်။ ယင်းညီလာခံတွင် နိုဝင်ဘာလ ၁၈ ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းက "ဗမာ့ အလားအလာနှင့် လူငယ့်တာဝန်" ဟူသော ခေါင်းစဉ် နှင့် ဟောပြောချက်တစ်ခု ဟောပြော၏။ ထိုဟောပြော ချက်တွင် ဆရာတော်နှင့် ဆွေးနွေးခဲ့သော အချက်အချို့ ကိုဝင် ပုံကြမ်းပြန်လည်ဖော်ခဲ့ကြောင်း တွေ့ရလေသည်။ သူ့ဟောပြောချက်ထဲမှ ကောက်နုတ်ချက်ကိုကြည့်လျှင် သိနိုင်ပါ၏။

*"အင်္ဂလိပ်ဘုန်းကြီးတွေဟာ အစာတော်၊ ရေတော်ခံပြီး ကချင်နယ်၊ ချင်းနယ်တွေမှာ သွားပြီးတော့ သူတို့ ဘက်ပါလာအောင် စိတ်ဓာတ်သွင်းပေးကြတယ်။ ကျုပ်တို့ ဗမာဘုန်းကြီးတွေကတော့ ဘာမှ မလုပ်ကြဘူး ... ဘုန်းကြီးအချို့ဟာလည်း ပုထုဇဉ်တွေ ဖြစ်တယ်။ ဆွမ်းခံတဲ့အခါမှာလည်း ရသမျှနဲ့ မတင်းတိမ်တာရှိမယ်၊ မင်းဆရာ ဖြစ်ချင်ကြ တာကလည်း ရှိသေးတယ်"*

ဟု သူ့စိတ်ထဲတွင် တအုံနွေးနွေးရှိသော ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးအတွက် ခံယူချက်များ နှင့်အံ၍ ထွက်ပေါ်လာလေသည်။ ယင်း ဟောပြောချက် တွင် ဆက်လက်၍ အာရှလူငယ်စည်းရုံးရေးမှူးများကို တောကြိုတောင်ကြားသွားပြီး အဆင်းရဲခံ ဆောင်ရွက်ရန် တိုက်တွန်းထားသည်ကိုလည်း တွေ့ရှိရလေသည်။ သူ့ စေတနာမှာ ဘာသာ သာသနာအတွက် စိတ်စောနေခြင်း ကြောင့် သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်အချို့အတွက် အား ပေးလို အားမရ ရှိခဲ့ပုံရလေသည်။ သူသည် သာသနာ့ဝန် ထမ်း ပုဂ္ဂိုလ်များကို ထိခိုက်သော အဂါရဝမှုမျိုး ပြုမူ ပြောဆိုခဲ့ခြင်းကား မဟုတ်ပေ။

သူသည် ဘာသာရေးကို ခုတုံးလုပ်၍ နိုင်ငံရေး အတွက်ကောင်းယူခြင်း၊ မိမိကိုယ်ကျိုးအတွက် အလွဲ သုံးစားလုပ်ခြင်းများကို စက်ဆုပ်ရွံရှာပုံရလေသည်။ ထိုသို့ ဘာသာရေးကို ခုတုံးပြုလုပ်သူများကိုလည်း အလွဲသုံး စား လုပ်နိုင်အောင် ဆိုင်ရာပုဂ္ဂိုလ်တို့အား အမြဲ သတိ ပေးခဲ့လေသည်။ ဘာသာရေးနှင့် စပ်လျဉ်းသော သူ၏ စေတနာနှင့် ခံယူချက်ကို ဂိုဏ်းပေါင်းစုံ သံဃာ့ဦးစီး နာယကဆရာတော်ကြီးများနှင့် တွေ့ဆုံလျှောက်ထား ချက်များတွင် ထင်ရှားပေါ်လွင်လာသည်။

× × ×

၁၉၄၆ ခု၊ မေလ ၃၁ ရက်နေ့ကတည်းက အစပြု၍ ရွှေဂုံတိုင်လမ်း၊ ဘုရားကြီးကျောင်းတိုက်တွင် ဂိုဏ်းပေါင်း စုံ သံဃာအဖွဲ့ချုပ်ကြီး၏ ဦးစီးနာယက၊ ဩဝါဒ စရိယ မဟာနာယက ဆရာတော်ကြီးများ နှစ်ပတ်လည်အစည်း အဝေးကြီးကို ကျင်းပနေသည်။ အဆိုပါ နာယက ဆရာ တော်ကြီးများသည် မြန်မာပြည်တစ်ပြည်လုံး နေရာအသီး သီးမှ သာသနာရေးအတွက် တပင်တပန်း ကြွရောက် လာကြရခြင်းဖြစ်၏။ မြို့ပေါ်မှ ဒကာ၊ ဒကာမများ၊ နိုင်ငံရေးအဖွဲ့အသီးသီးတို့မှ ခေါင်းဆောင်များသည် ဖော်ပြပါ ဩဇာတိက္ကမ ထက်မြက်တော်မူသည့် နာယက ဆရာတော်ကြီးများကို လာရောက်ဖူးမျှော်ကြလေသည်။ ဆရာတော်ကြီးများကို လာရောက်ဖူးမျှော်ရာ၌ အချို့ နိုင်ငံရေးခေါင်းဆောင်များသည် ရိုးရိုးသားသား ဖူးမျှော် သွားသည်မဟုတ်၊ မိမိတို့ နိုင်ငံရေးအဖွဲ့အတွက် အမြတ် ထုတ်သွားကြလေသည်။ သူတို့သာလျှင် သာသနာကို အလေးစားဆုံးသူများဖြစ်ပြီး ကျန် (ဖဆပလ)နှင့် အခြား အဖွဲ့များသည် သာသနာ့ရန်သူ ကွန်မြူနစ်ဝါဒသမား များသာဖြစ်ကြောင်း မလိမ့်တပတ် လျှောက်ထားကာ ဆရာတော်ကြီးများနှင့် (ဖဆပလ)ကို မသိမသာ တွန်း ခဲ့၊ တိုက်ခဲ့ကြခြင်းသာ ဖြစ်လေသည်။

ဇွန်လ ၂ ရက်၊ တနင်္ဂနွေနေ့တွင် ဗိုလ်ချုပ်အောင် ဆန်းနှင့် (ဖဆပလ)ကို အတိုက်အခံ ပြုလုပ်နေသော ရှေးခေတ် နိုင်ငံရေးသမားကြီးများဖြစ်ကြသည့် ဆာပေါ် ထွန်း၊ ဦးမြတ်သာထွန်းနှင့် ဂဠုန်ဦးစောတို့ ဇနီးမောင်နှံ တို့သည် ဆရာတော်ကြီးကို လာရောက် ဖူးမျှော်သွားကြ ၏။ ဇွန်လ ၃ ရက်နေ့တွင် သခင်ဗစိန် ရောက်လာပြန် ပြီး ... "တပည့်တော်သည် ဆရာတော်ဘုရားကြီးများကို လေးစား ကြည်ညိုပါတယ်။ သာသနာရေးကိုလည်း အစဉ်အားပေးရန် အသင့်ရှိပါတယ်။ တပည့်တော်ကို ခိုင်းချင်ရာခိုင်းပါ" ဟု စာအုပ်ကြီးအတိုင်း လျှောက်ထား သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်သို့ ရောက်ရှိသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဘာသာရေးကို ခုတုံးလုပ်၍ ကိုယ်ကျိုးရှာသူများ ရန်ကို ခုခံကာကွယ်ရန် အချိန်တန်ပြီဟု ဆုံးဖြတ်လိုက်လေသည်။ ဇွန်လ ၄ ရက် (နယုန်လဆန်း ၅ရက်) နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အရပ်ဝတ်အရပ်စားဖြင့် ကုပ်ကုပ်ကလေး ဆရာတော်ကြီးများထံ ရောက်ရှိလာခဲ့ပေသည်။ ထိုအခါ မကွေးဆရာတော် ဦးနာရဒက "ဆရာတော်ကြီးအား ဖူးမျှော်ရန် ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိလာပါတယ်။ အဖူးမျှော်ခံ ကြွတော်မူကြပါဘုရား" ဟု ပင့်ဖိတ်ပေးလေသည်။ သက်တော် ဝါတော်ကြီးမားသော ဆရာတော်ကြီးများသည် အဖူးမျှော်ခံနေရာသို့ ကြွရောက်လာပြီးလျှင် ဝမ်းသာအားရ "ပြီးဟဲ့ ... ဘယ်မလဲ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ" ဟု သက်ရွယ်ကြီးသူတို့၏အမူအတိုင်း မျက်မှောင်ကို လက်ဝါးကာပြီး ဝိုင်းဝန်းကြည့်ရှုကြလေ၏။ အချို့ဆရာတော်ကြီးများက "ဟ ... ဗိုလ်ချုပ်အောင်ဆန်း ... ဗိုလ်ချုပ်အောင်ဆန်းနဲ့ နာမည်က ကြီးလိုက်တာ လွန်ပါရော ... ပြီးတော့ အငယ်သာ ရှိပါသေးကလား" ဟု မိန့်တော်မူကြလေသည်။ ဘုရားကြီးဆရာတော်က ဗိုလ်ချုပ်အောင်ဆန်းအား ယခုဆရာတော်ကြီးများကို ဘာများ လျှောက်ထားချင်သေးသလဲ၊ လျှောက်ထားလိုက လျှောက်ထားရန် တိုက်တွန်းလေ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ဆရာတော်ကြီးများ၏ ခွင့်ပြုချက်အရ အောက်ပါအတိုင်း ဘွင်းဘွင်းရှင်းရှင်း လျှောက်ထားလေရာ ဆရာတော်ကြီးများက များစွာ သဘောကျပြီး ရယ်မောကြလေ၏။

*"တပည့်တော် ဘာမျှ အထူး မလျှောက်ထားလိုပါ။ သက်တော်ဝါတော်ကြီးသော ဆရာတော်ကြီးများကို မင်္ဂလာတရားအရ လာရောက်ဖူးမျှော်ကန်တော့တာပါဘုရား ... တပည့်တော်တို့ ဗမာပြည် လွတ်လပ်ရေးအတွက် ဆောင်ရွက်နေတဲ့ကိစ္စမှာ ဆရာတော်ကြီးများကို မဲဆွယ်ဖို့နဲ့ ဆရာတော်ကြီးများကို နိုင်ငံရေးထဲ ဆွဲသွင်းဖို့ လာခြင်းမဟုတ်ပါ။ တပည့်တော်မှာ အခြားနိုင်ငံရေးခေါင်းဆောင်ကြီးများလို မဲရလိုမှုအတွက် ရည်ရွယ်ပြီး ဆွမ်းကျွေးခြင်း၊ သင်္ကန်းလှူခြင်းတွေလည်း မပြုလုပ်နိုင်ပါ။ လှူဒါန်းဖို့လည်း တပည့်တော်မှာ ငွေ မရှိပါ။ အလွန် ဆင်းရဲပါတယ်။ တတ်နိုင်လို့လှူတောင်မှ နိုင်ငံရေး မျှော်မှန်းချက်အတွက် မဟုတ်ဘဲ စေတနာ သန့်သန့်ရှင်းရှင်းနဲ့သာ လှူမှာပါ။ အခုလည်း မတတ်နိုင်သေးပါဘုရား"*

ဆရာတော်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်း၏ လျှောက်ထားချက်ကို များစွာ သဘောကျတော်မူကြ၍ ရယ်မောတော်မူကြ၏။ "အေး ... တယ်လည်း ဖြောင့်ကျတာကိုး ... ကြိုက်သကွဲ့" ဟု ရယ်မော မိန့်တော်မူကြလေ၏။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက ဆရာတော်ကြီးများ၏ ခွင့်ပြုချက်အရ ...

*"ဆရာတော်ကြီးများသည် ပရိယတ်၊ ပဋိပတ်ဖြင့် ရိုးရိုးကြီး နေထိုင်ပြီး သာသနာတော် ကြီးပွားရေးကို ရွက်ဆောင်နေတယ်ဆိုတာ တပည့်တော် ယုံကြည်ပါတယ်။ နိုင်ငံရေးသမားတွေဟာ နည်းပရိယာယ်များပါတယ်။ သူတို့ရဲ့ မကောင်းတဲ့ နည်းပရိယာယ်ထဲ မကျရအောင် ပညာသိက္ခာကြီးမားသော ပုဂ္ဂိုလ်ကြီးများပီပီ သတိထားတော်မူဖို့ တပည့်တော် လျှောက်ထားပါရစေ။ တပည့်တော်တို့တော့ ဗမာပြည်လွတ်လပ်ရေးအတွက် မီးကုန်ယမ်းကုန် ဆောင်ရွက်နေကြပါတယ်။ ဒီနိုင်ငံရေးကိစ္စထဲကို တပည့်တော်အနေနဲ့ ဆရာတော်ကြီးများကို ဆွဲ မသွင်းလိုပါ၊ ဒုက္ခ မပေးလိုပါ၊ လူထုအားနဲ့ ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်သွားပါမယ် ဘုရား။ သာသနာတော်ကို အလွဲသုံးစား မပြုလိုပါဘုရား"*

ဟု ရှင်းလင်းလျှောက်ထားလိုက်၏။ ဆရာတော်ကြီးများသည် ဗိုလ်ချုပ်၏ ရှင်းရှင်းလျှောက်ထားချက်ကို သဘောကျပြီးလျှင် အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူလေသည်။

"အေး ... လွတ်လပ်ရေးရအောင် ကြိုးစားကွဲ့ — ဆရာတော်တို့အနေနဲ့ ဘယ်သူ့ရှောင်းအစားမှ မခံပါဘူးမင်း စိတ်ချသွားပေတော့"

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့ကား ဗိုလ်ချုပ်အောင်ဆန်း၏ ဘာသာရေးအပေါ် ခံယူချက်နှင့် ကျင့်သုံးချက်များပင် ဖြစ်လေသည်။ သူသည် ဘာသာရေးကို အခြေပြု၍ နိုင်ငံရေးလုပ်လို၊ ဘာသာရေးနှင့် နိုင်ငံရေးကိုလည်း ထွေးရောယှက်တင် မလုပ်၊ ဘာသာရေးက သတ်သတ်၊ နိုင်ငံရေးက သတ်သတ်၊ သူ့စည်းနှင့်သူ ရှိစေချင်ကြောင်း ထင်ရှား၏။ လူတစ်ယောက်တည်းက နိုင်ငံရေးခေါင်းဆောင်လိုလို၊ ဘုရားအလောင်းလိုလို လုပ်ကိုင်ပုံကိုလည်း သူမကြိုက်။

သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် သူ့ဘာသာ သာသနာ ကြီးပွားထွန်းကားစေလိုစိတ်ရှိမည်မှာ အထူးမပြောလို။ ပုထုဇဉ်ပီပီ သူ့ဘာသာတရား ကြီးပွားစေချင်မည်မှာ သေချာပါ၏။ သို့သော် သူသည် သူ့ဘာသာ သာသနာသာလျှင် ကြီးပွားစေပြီး တခြားဘာသာတရားကို ခြေဖြင့် နင်းလိုသော ဆန္ဒမရှိ။ ထိုအချက်ကို သူ တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံလမ်းညွှန်ချက်များတွင် "လူတိုင်း လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ညီမျှစွာ ခံစားခွင့်ရှိရမည်" ဟူသော ဖော်ပြထားချက်က ထင်ရှားစွာ ထောက်ခံထားလေသည်။

ဤအကြောင်းတွေရေးလျှင် ကုန်ဆုံးနိုင်ဖို့မရှိ။ ဤအကျဉ်းဖော်ပြချက်များကို ကြည့်ရှုဆင်ခြင်၍သာလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ ဘာသာရေးတရားအပေါ် ခံယူချက်၊ ကျင့်သုံးချက်များကို ရိပ်စားမိကြစေသတည်း။ ။

ရှုမဝ အတွဲ ၁၅ အမှတ် ၄ (၁၅-၇-၁၉၆၂)

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်သိသော ဦးနောင်ချို

ရွှေမိုး

ဦးနောင်ချိုသည် ...

* မိမိ၏ ကိုယ်ရေးကိုယ်တာကို လုံး၀ ဂရုမထားသူ နိုင်ငံရေးသမားအစစ်ဖြစ်သည်။
* စိတ်ရင်းစေတနာ အဖြူစင်ဆုံးနှင့် အသန့်ရှင်းဆုံး ခေါင်းဆောင်ဖြစ်သည်။
* မြန်မာတိုင်းရင်းသား ပြည်သူလူထုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားကို မိမိ၏အကျိုးနှင့် ထပ်တူထပ်မျှထားသူဖြစ်သည်။
* ယနေ့ အချို့သော ကွန်မြူနစ်အမည်ခံများနှင့် အချို့သော ဆိုရှယ်လစ်အမည်ခံများလို ယောင်တောင်တောင်ဖြစ်နေခြင်းထက် တကယ့် ဆိုရှယ်လစ်သဘောတရားများကို နက်ရှိုင်းပိုင်နိုင်စွာ သိမြင်နားလည်သူ၊ အခြေအနေကို မှန်ကန်စွာ အသုံးချတတ်သူ၊ ဆိုရှယ်လစ်အမြင်ကို ကြည်လင်စွာ ထားရှိသူ၊ တကယ့်ခေတ်ပြောင်းတော်လှန်ရေးသဘောကို နားလည်သူ ခေါင်းဆောင်ကြီးဖြစ်ပေသည်။

× × ×

[၁]

ကျွန်တော်သည် ဦးနောင်ချိုနှင့် ရင်းရင်းနှီးနှီး သိကျွမ်းခဲ့ရလိမ့်မည်၊ ဆွေးဆွေးနွေးနွေး ဆက်ဆံခဲ့ရလိမ့်မည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ပေ။

သို့သော် ထိုနေ့တွင် ဦးနောင်ချို၏ ရှေ့မှောက်သို့ မမျှော်လင့်ဘဲ ရောက်ခဲ့ရပေ၏။

ကန်တော်ကြီးကို ဖြတ်၍ တိုက်လာသော လေနုအေးသည် ပတ်လမ်းရှိ ဦးနောင်ချို၏ အိမ်ဖြူပြတင်းမှ ဝင်ရောက်ကာ အဖြူနုရောင် စားပွဲခင်းစကို တော့၍ တော့၍ ဆော့နေပေ၏။ စားပွဲပေါ်ရှိ ကော်ဖီပန်းကန်များလည်း အေးစက်၍နေပြီဖြစ်ရာ ကစီနှစ်များပင် တက်နေပေပြီ။ နံနက် ၁၁ နာရီမှစ၍ စားပွဲပေါ်သို့ ရောက်လာသော ကော်ဖီပန်းကန်များကို ယခု ညနေစောင်း ၃ နာရီထိအောင် မသောက်ရသေး။ သောက်၍လည်း ကောင်းတော့မည်မဟုတ်။

"အဲဒါပဲကွ ... အလုပ်ကို နည်းမှန်အောင်လုပ်ကြဖို့ပဲလိုတယ်။ ကမ္ဘာ့အခြေအနေက ကောင်းနေပြီ — ဒီတစ်ခါတော့ တို့ရဲ့ (Revolution) ဟာ အောင်ရမှာ အမှန်ပဲ ... ကဲ ... ကော်ဖီသောက်ကြဦးကွာ"

လေးနာရီလုံးလုံး မရပ်မနားဘဲ ကြီးစွာသော အား

www.burmeseclassic.com



ိုက်ခြင်းဖြင့် ကျွန်တော်တို့ ကွန်မြူနစ်ပါတီဝင် ရဲဘော်စုအား ကမ္ဘာ့နိုင်ငံရေးနှင့် ဗမာ့နိုင်ငံရေးများကို ရှင်းင်းပြောဆိုနေသော ဦးနောင်ချိုသည် သူ့ရှေ့မှ ကော်ဖီန်းကန်ကို ကောက်ယူ၍ သောက်လိုက်ပေသည်။ အခါကျမှပင် ကျွန်တော်တို့လည်း ကော်ဖီပန်းကန်များ အသီးသီး ကိုင်ယူမိကြပေတော့သည်။

ထိုနေ့ကိုကား ဘယ်တော့မှ မေ့နိုင်တော့မည် တ်။

အဘယ်ကြောင့်ဆိုသော် ဦးနောင်ချိုအပေါ်ဝယ် ထင်လွဲ အမြင်မှားဖြစ်လာခဲ့သမျှသည် ထိုနေ့တွင် ပျောက်လွင့်ကုန်သောကြောင့်ပေတည်း။ ဦးနောင်ချိုနှင့် တွေ့သေးမီက ဦးနောင်ချိုနှင့်ပတ်သက်၍ ဦးထွန်းဝေ လူတစ်သိုက်ထံမှ ကြားသိခဲ့ရသည်မှာ တစ်မျိုးဖြစ်ခဲ့ ၏။ ဦးနောင်ချိုအကြောင်း မကောင်းတာများကိုသာ ကြားသိခဲ့ရ၏။ ဦးနောင်ချိုအပေါ်တွင် အထင်လွဲ အမြင် ဖြစ်ခဲ့၏။

ယခုမူကား ထိုသည့်အထင်အမြင် လွဲမှားခြင်းများ ည် မရှိကြတော့ပြီ။ ဦးနောင်ချိုအပေါ်ဝယ် ယုံကြည် ကိုးသော စိတ်တို့သည် တထောင်းထောင်း ဖြစ်ပေါ် ပြီ။ ဦးနောင်ချိုကို အားကိုးရာခေါင်းဆောင်ကြီးဟူ၍ ထစ်ချ ယူဆလိုက်ပေပြီ။

ထို့ကြောင့် ... ထိုနေ့ကို မမေ့နိုင်တော့ ...။

× × ×

[၂]

မမေ့နိုင်သော ထိုနေ့ကား အခြားမဟုတ် ၁၉၄၄ခု၊ ကျက်တိုဘာလ ၃ ရက်နေ့ပင်ဖြစ်၏။

အေးဒရဲမြို့ရှိ ကွန်မြူနစ်ပါတီ (ဗမာပြည်)ဌာနချုပ် ဆရာကြီးဦးထွန်းဝေထံမှ ပြန်ရောက်ခါစ ရှိသေး၏။ ထွန်းဝေနှင့် ဒုတိယအကြိမ်မြောက် တွေ့ဆုံဖူးခြင်း ည်း ဖြစ်၏။ ဦးထွန်းဝေရေးခဲ့သော ဆိုရှယ်လစ်ဝါဒ ကို ဖတ်ဖူးခဲ့သည့်အချိန်မှစ၍ မာ့စ်လီနင်ဝါဒ၏ ကျောင်းတော်သားဖြစ်ခဲ့သော ကျွန်တော်သည် ဦးထွန်း ကို အဝေးမှ ကြည်ညို၍ နေခဲ့၏။ ဘုရားရှိခိုးတိုင်း ဦးထွန်းဝေနှင့်တကွ ဆိုရှယ်လစ်ဝါဒအကြောင်းကို သားဖူးကြသော သခင်ဗဟိန်း၊ သခင်သန်းထွန်း၊ တက်ဘုန်းကြီး ကိုသိန်းဖေ၊ သခင်ဗိုလ် အစရှိသော ပုဂ္ဂိုလ်ကြီးများ သက်တော်ရာကျော်ရှည်ကြပါစေမည့် အကြောင်း အကြိမ်ကြိမ် ထပ်လောင်း၍ ဆုတောင်းခဲ့ပေ၏။ ဘီအိုင်အေကာလကို လွန်၍ ဘီဒီအေခေတ်တွင်းသို့ ဝင်လာသောအခါ ဆရာကြီးဦးထွန်းဝေ ဦးစီးသော ကွန်မြူနစ်ပါတီနှင့် ကျွန်တော်သည် အဆက်အသွယ် ရခဲ့ပေ၏။ တပ်နီဗိုလ်ချုပ်ဟောင်း ဗိုလ်သိန်းတန်မှတစ်ဆင့် ကွန်မြူနစ်ပါတီ (ဗမာပြည်)၏ဗဟိုကော်မတီဝင် လူကြီးဖြစ်သူ ကိုတင်မြ (သခင်တင်မြ)နှင့် ရှေးဦးစွာ တွေ့ဆုံခဲ့ရ၏။ ထို့နောက် ကိုတင်မြမှတစ်ဆင့် ဆရာကြီး ဦးထွန်းဝေထံ လူကိုယ်တိုင် ရောက်ခဲ့ပေတော့၏။

ဦးထွန်းဝေကို မြင်လျှင်မြင်ချင်း ရင်ဖိုခဲ့၏။ ဦးထွန်းဝေ၏ ဖော်ရွေမှုနှင့် သဘောတရားစာပေများကို အံ့သြလောက်အောင် ကိုးကား၍ ပြောဆိုနိုင်မှုတို့ကို တွေ့ရသောအခါ ကျွန်တော့်ကိုယ်ကို ကျွန်တော် ဦးထွန်းဝေ အတွက်ဟူ၍ ရည်စူးကာ လှူထားလိုက်တော့၏။ ဦးထွန်းဝေ၏ ပြောစကားကို တစ်လုံးမကျန် နားထောင်မိ၏။ တရားမင်၍ ပုဂ္ဂိုလ်ကို ခင်လေရာ ထိုမှတစ်ဖန် သူ့တရားသည် ကျွန်တော်၏ဦးနှောက်ဝယ် နက်နဲစွာပင် ဝင်လာပေတော့၏။

ထို့ကြောင့်လည်း ဦးထွန်းဝေက "သခင်အောင်ဆန်းဟာ စစ်ဝါဒသမားကြီးပါ ... မျက်ကန်းမျိုးချစ်ကြီး တစ်ယောက်ပါ" ဟု ဆိုသောအခါ ကျွန်တော်သည် မစဉ်းစားတော့ဘဲ မျက်စိမှိတ်၍ ယုံခဲ့လေတော့၏။

၁၉၄၄ ခု၊ အောက်တိုဘာလ ၃ ရက်နေ့သို့ ရောက်သောအခါမှသာ ကျွန်တော်သည် ဦးထွန်းဝေ၏ သြဇာအောက်မှ လွတ်မြောက်ရန် လူးလွန့်စ ပြုခဲ့ရလေသည်။

"ကိုယ့်လူတို့ ဦးနောင်ချိုနဲ့ နက်ဖြန်ခါ သွားတွေ့ကြရမယ် ... မေ့မနေကြနဲ့ဦး"

ရဲဘော် ကိုတင်မြက ကျွန်တော်တို့ရဲဘော်တစ်စုအား လိုက်လံ၍ အကြောင်းကြားထား၏။ ဦးနောင်ချို အပေါ်ဝယ် အထင်မကြီးလှသော ကျွန်တော်သည် ကိုတင်မြ၏စကားကြောင့် ကြောင်၍နေမိ၏။ ဘာကိစ္စကြောင့် ဦးနောင်ချိုနှင့် သွားတွေ့ကြရဦးမှာပါလိမ့်။

ရဲဘော် ဗိုလ်သိန်းတန်ကမူ "ဗိုလ်ချုပ်ကိုတော့ အထင်မသေးနဲ့ဗျာ ... သူလည်းပဲ ဆိုရှယ်လစ်ဖင်သားများ

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ သူ့စေတနာဟာ တိုင်းပြည်အတွက်ပါပဲ။ ဒါတော့ သံသယဖြစ်စရာမရှိပါဘူး" ဟု မှတ်သောအမြင်ဖြင့် ပြောဆိုပါသေးသည်။

သို့သော်လည်း ကျွန်တော်သည် ဆရာကြီးဦးထွန်းဝေ ဟု အမည်တွင်ခဲ့သော "ဆရာကြီး" သခင်စိုးနှင့် ကိုစံညွန့် (ကွယ်လွန်သူ)တို့၏ တစ်ဖက်နားသွင်းစကားများကြောင့် ဗမာ့ကာကွယ်ရေးတပ်မတော်ကြီး၏ သေနာပတိဖြစ်သော သခင်အောင်ဆန်းအပေါ်၊ ဦးနောင်ချိုအပေါ်ဝယ် အထင်မကြီးနိုင်အောင် ဖြစ်နေပေသေး၏။ ထို့ကြောင့် "ဂျပန်နဲ့ပေါင်းခဲ့တာ မှားခဲ့တာပဲမဟုတ်လား" ဟု ပြောခဲ့ပေ၏။

ယခုတော့ ဗိုလ်ချုပ်ကြီး ဦးနောင်ချိုနှင့်တွေ့၍ ဩဝါဒပေးခြင်းကို ခံရပေဦးတော့မည်။ စိတ်ထဲတွင်ကား လှိုက်လှိုက်လှဲလှဲ မရှိသေး။

ဦးထွန်းဝေ ဦးစီးသော ကွန်မြူနစ်ပါတီဝင် ရဲဘော်များဖြစ်ကြသည့် ဗိုလ်သိန်းတန်၊ ဗိုလ်စိုးမောင် (ယခုကိုချစ်ကောင်း) ဗိုလ်လှမော် (တောခိုကွယ်လွန်သူ)၊ ကိုထွန်း၊ ကိုစိုးတင့်၊ ကိုစိန်လှိုင်၊ ကိုစံညွန့်၊ ကိုတင်မြနှင့် မောင်စန်းငွေ(ခေါ်) ကျွန်တော်တို့သည် ကွန်မြူနစ်ပါတီ၏လုပ်ငန်းများကို ဗမာ့ကာကွယ်ရေးတပ်မတော်ထဲတွင် လုပ်ဆောင်ကြတော့မည်ဖြစ်ရာ ကွန်မြူနစ်ပါတီနှင့် နားလည်မှု ရပြီးခါစဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဗိုလ်ချုပ်နေဝင်း၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့၏ ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်များနှင့် တိုင်ပင်စီစဉ်ကြရမည်ဖြစ်၏။ စစ်ထဲတွင် နိုင်ငံရေးသင်တန်းပေးကြရမည့် ကျွန်တော်တို့လူစုအား ဦးနောင်ချို(ခေါ်) ဗိုလ်ချုပ်အောင်ဆန်းနှင့် မိတ်ဆက် တွေ့ဆုံပေးရန် ကိုတင်မြက စီစဉ်ပေ၏။

လျှို့ဝှက်ရေးကာလ၏ ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်တို့က ဦးနောင်ချိုဟူ၍လည်းကောင်း၊ သခင်စိုးကို ဦးထွန်းဝေ(သို့မဟုတ်)ကိုဦးဟူ၍လည်းကောင်း၊ သခင်သန်းထွန်းကို ဦးဘမောင်ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြပေ၏။

ဦးနောင်ချို(ခေါ်)ငမိုး(ခေါ်) ဗိုလ်ချုပ်အောင်ဆန်းကို ပထမဆုံး မြင်ဖူးခဲ့သည်မှာ မင်္ဂလာဒုံ ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းဖွင့်ပွဲဖြစ်၏။ ထိုစဉ်က ကျွန်တော်သည် ဒုတိယပတ် ဗိုလ်သင်တန်းကို တက်ရောက်ရန် ပျဉ်းမနားစခန်းရှိ တပ်ရင်း(၃)မှ ရောက်လာခဲ့ခြင်းဖြစ်၏။

ပေါ်လွင်ခံ့ညားသော စစ်ဝတ်စုံဖြင့် ပထမဆုံးအကြိမ် မြင်ရသော ဗိုလ်ချုပ်အောင်ဆန်းကို မျက်စိထဲတွင် မြင်ယောင်နေသေး၏။ ထိုစဉ်က "ပညာရှာ ပမာ သူဖုန်းစားဆိုတဲ့စကားလို မင်းတို့ သင်ရမယ်၊ ပညာကို ကောင်းကောင်းတတ်ကျွမ်းအောင် သင်ကြ၊ ဒါပဲ ငါ ပြောချင်တယ်" ဟု တိုတောင်းစွာ ပြောကြားခဲ့သောအခါ သူ့စကားများ၏ အတိမ်အနက်ကို ဝိုးတိုးဝါးတားသာလျှင် ခန့်မှန်းနိုင်ခဲ့ပေ၏။ ကြည်ကြည်လင်လင်တော့ဖြင့် မထင်မြင်နိုင်ခဲ့။ ထင်မြင်နိုင်စွမ်းလည်း မရှိခဲ့။ မှောင်အတိကျ၍ နေသေးသော ကာလကြီးပင် ဖြစ်၏။

မင်္ဂလာဒုံမှ ဆင်းခဲ့၍ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီနှစ်ရပ်၏ လှုပ်ရှားမှုများနှင့် အဆက်ရပြီးသောအခါမှသာ မဟာမိတ်နှင့်ပေါင်း၍ ဖက်ဆစ်ဂျပန်များကို တော်လှန်ရဦးမှာပါတကားဟူသော အသိဉာဏ်အလင်းရောင်ကို ရရှိခဲ့ပေ၏။ ယခု ထိုအလင်းရောင်ကို ပို၍ ဝင်းပြောင်စေမည့် ပုဂ္ဂိုလ်ကြီး ဦးနောင်ချိုကို တွေ့ရပြန်တော့မည်ဖြစ်ပေ၏။ စိတ်ထဲတွင် လှိုက်လှဲမှု မရှိသေးဟုဆိုသော်လည်း မဝေခွဲတတ်သော လှုပ်ရှားမှုကလေးများကိုတော့ ခံစားရပေသေးသည်။

၁၉၄၄ ခု၊ အောက်တိုဘာလ ၃ ရက်နေ့၊ နံနက် ၁၀ နာရီလောက်တွင် ဗိုလ်သိန်းတန်အစရှိသော ကျွန်တော်တို့လူစုသည် နှစ်ယောက်စီခွဲ၍ ဦးနောင်ချို၏ အိမ်ဝင်းတွင်းသို့ ဝင်ရောက်ကြ၏။ ဂျပန်ကင်ပေတိုင်သူလျှိုတို့ မရိပ်မိဖို့က အရေးကြီးသောကြောင့် ဖြစ်ပေသည်။

အိမ်အောက်ထပ်မှ အိမ်ပေါ်သို့ တက်သွားကြရ၏။ လှေကားထိပ်ရှိ ဧည့်ခန်းတွင် ဒေါ်ခင်ကြည်က နေရာထိုင်ခင်းပေးပြီး အိပ်ခန်းထဲရှိ ဗိုလ်ချုပ်ကြီး ဦးနောင်ချိုအား သွားရောက်၍ပြော၏။ ချည်ကြမ်းလုံချည် အဖြူကွက်နှင့် စွပ်ကျယ် လက်တိုကို ဝတ်ဆင်ထားသော ဦးနောင်ချိုသည် အခန်းဝတွင် ပေါ်လာကာ ကျွန်တော်တို့အား တစ်ချက်မျှကြည့်ပြီး ပြတင်းပေါက်အနီးတွင် ထိုင်၏။

"မင်းတို့ ဘယ်တော့သွားကြမှာလဲ"

ဦးနောင်ချိုက ကိုတင်မြနှင့် ဗိုလ်သိန်းတန်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ မေးလိုက်၏။

"တစ်ရက်နှစ်ရက်အတွင်း ထွက်ဖြစ်ကြမှာပဲ။ အဲဒါ ဦးနောင်ချို မှာချင်တာ မှာဖို့ပဲ ..."

ကိုတင်မြက ပြန်၍ဖြေ၏။ ဦးနောင်ချိုသည် ကျွန်တော်တို့အား တစ်ယောက်စီ ကြည့်လိုက်သေးသည်။ ဒေါ်ခင်ကြည်၏ ညီမနှင့်တူသည့် အမျိုးသမီးတစ်ဦးသည် ကော်ဖီပန်းကန်များကို တည်ခင်းနေသည်။

ဦးနောင်ချိုသည် ဘာမျှမပြောသေးဘဲ သူ၏ အိပ်ခန်းတွင်းသို့ ဝင်သွား၏။ ခဏကြာမှ ထွက်လာပေသည်။ ဖိုင်တွဲတစ်ခုမှ လက်နှိပ်စက်နှင့် ရိုက်ထားသော စာမူတစ်ခုကို ဆွဲထုတ်ကာ ...

"ဟောဒီမှာ ... ညီညွတ်ရေးတပ်ဦးနဲ့ပတ်သက်လို့ ကိုယ် ရေးထားတာရှိတယ် ... ပြီးရင် ကိုထွန်းဝေဆီ ပို့ပေးဦးမယ်" ဟု ပြောဆို၏။ စာမူကို အင်္ဂလိပ်လို ရေးထားရာ အရေးကြီးသော စာပိုဒ်များကို အနည်းငယ် ကောက်နုတ်၍ ဖတ်ပြပေ၏။

"မင်းတို့ သင်တန်းတက်တာ ဘယ်လောက်ကြာခဲ့ကြသလဲ"

ဦးနောင်ချိုသည် ကျွန်တော်တို့အား အကဲခတ်သော မျက်စိဖြင့် ကြည့်၍ မေးလေသည်။

"တစ်လကျော်ကျော်လောက် ကြာခဲ့ပါတယ်"

"ခု ဘယ်လို အစီအစဉ်ရှိထားကြသလဲ"

ကိုတင်မြက ...

"တိုင်းအလိုက်ခွဲပြီး တပ်တွေနဲ့ နယ်တွေမှာ စည်းရုံးခဲ့ ... သင်တန်းတွေလည်း ပေးဖို့ပဲ" ဟု ရှင်းပြပေသည်။

"ဒါပေမဲ့ ဒီလိုလုပ်ရုံနဲ့ မပြီးသေးဘူးကွ"

ဦးနောင်ချိုသည် ဘယ်လက်ကို ကုလားထိုင် လက်ရန်းပေါ်တွင် တင်ကာ ညာလက်တံကို သူ၏ညာဘက် ပါးပေါ်တွင်ထောက်၍ သူ၏စကားကို နိဒါန်းပျိုးပါလေတော့သည်။ ကျွန်တော်တို့သည် သူ့ပါးစပ်မှ ထွက်ပေါ်လာသည့် စကားများကို နားစွင့်၍နေကြကုန်၏။ သူသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီးလျှင်..

"မင်းတို့သင်တန်းပေးထားတဲ့ ကေဒါ(တပ်သား) တွေကို ရွာတိုင်းလွှတ်ပြီး Anti-Fascist ကော်မတီတွေ ဖွဲ့ရမယ်။ ဂျပန်ဆန့်ကျင်ရေးအင်အားစုမှန်သမျှကို နေရာတိုင်းမှာ စည်းရုံးရမယ်၊ ဒါမှလည်း တို့လုပ်ငန်းရဲ့ အခြေခံဟာ ကျယ်ပြန့်မယ်။ ဒီမိတရေစ်ဖိုရေးတွဲ The Working Class Against Fascism စာအုပ်ထဲမှာပါတဲ့ ညီညွတ်ရေးတပ်ဦးဖွဲ့စည်းပုံနည်းလမ်းတွေဟာ အတော်ပဲ ကောင်းတာကွ။ အဲဒါတွေ သေသေချာချာ လေ့လာကြဦး ...။ မင်းတို့ချည်းပဲ ရှေ့ရောက်လွန်းရင် လူထုနဲ့ ကင်းကွာသွားနိုင်တယ်။ လီနင်ပြောသလို ရှေ့လည်း မရောက်လွန်း၊ နောက်လည်း မကျစေဘဲ ချိတ်ဆက်နိုင်ရမယ် မဟုတ်လား။ ဒါလည်း သဘောတရားမြင်မှပဲ လုပ်နိုင်ကြမယ်။ စတာလင်ပြောသလို အကန်းလည်း မဖြစ်စေရဘူး၊ အမြုံလည်း မဖြစ်စေရဘူး။ ဒါကို နားလည်ပြီး Alert (နိုးနိုးကြားကြား) ဖြစ်နေဖို့ လိုတယ်"

ကျွန်တော်တို့သည် ဗိုလ်ချုပ်ကြီး ဦးနောင်ချို၏ စကားလုံးများဝယ် ငြိတွယ်မိကြလေပြီ။ ကျွန်တော့်အဖို့မှာကား အံ့အားသင့်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့သည် ရောယှက်၍နေတော့သည်။ ကျွန်တော်၏စိတ်ကို ဦးနောင်ချို၏စကားများက ညို့သွားလေပြီ။ ကွန်မြူနစ် ပေါက်စဖြစ်သော ကျွန်တော်သည် စာအုပ်ကြီးထဲတွင် ပါသော ကွန်မြူနစ် ဝေါဟာရ အသုံးအနှုန်းများတွင် မွေ့လျော်၍နေတုန်းအခါဖြစ်ပေရာ ဦးနောင်ချို၏ လီနင်၊ စတာလင်၊ ဒီမိတရော့ဖ်တို့အား ကိုးကား၍ ပြောဆိုနေသော စကားများကို ကြားနာရသည်တွင် ဖရဏာပီတိ ဂွမ်းဆီထိဘိအလား အကျေနပ်ကြီး ကျေနပ်မိပါတော့၏။ ဦးနောင်ချိုသည် သိပ္ပံနည်းကျသော ဆိုရှယ်လစ်ဝါဒအမြင်ကို ဦးထွန်းဝေလောက် ပြောနိုင်မည်ဟု မထင်ထားခဲ့။ ယခုတော့မှ ဦးနောင်ချိုအား စိတ်ဝင်စားလာရပေပြီ။ ဦးနောင်ချိုသည် လက်နှစ်ဖက်ကိုလှုပ်ကာ ယမ်းကာ စိတ်ထက်သန်စွာ ပြောပြနေလေသည်။

"အမှန်ကတော့ သဘောတရားဆိုတာ မရှိလို့ မဖြစ်ဘူး။ ဒါကြောင့်မို့ ခုလို မင်းတို့ ဆွေးနွေးလေ့လာခဲ့ကြတာ ကောင်းတာပဲ။ အေး... လေ့နံ့ခံထစ် မယူဖို့ အရေးကြီးတယ်။ Marx တို့၊ Engels တို့က ပြောတာလည်း ရှင်းသားပဲ။ Our theory is not a dogma, but a guide to action. ဒီနေရာမှာ ဒီစကားရဲ့အဓိပ္ပာယ်ကို သဘောပေါက်ဖို့လိုတယ်။ ဖြစ်ပျက်နေတဲ့ Phenomena တွေကို သေသေချာချာ လေ့လာပြီး အခြေအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ညီအောင် လုပ်တတ်ဖို့လိုတယ်။ ပညာဆိုတာ ဒါပဲကွ"

ဦးနောင်ချို၏စကားလုံးတိုင်းသည် ကျွန်တော်၏ ဦးနှောက်ထဲသို့ ဝင်၍ ဝင်၍ နေတော့၏။ တစ်သက် တွင် မမေ့နိုင်တော့မည့် စကားလုံးများပင် ဖြစ်ပါပေ၏။

သူသည် မမောနိုင်၊ မပန်းနိုင် ဆက်တိုက်ပြောနေ ပေ၏။ ခေတ်ကြီးများ အတောမသတ် ပြောင်းလဲခဲ့ပုံ၊ စီးပွားရေးစနစ်များ မတည်မြဲကြပုံ၊ အရင်းရှင်ခေတ်သို့ ရောက်ခဲ့ရပုံ၊ ကုန်ထုတ်စွမ်းအားစုနှင့် ကုန်လုပ်ဆက်ဆံ ရေးများ အဆင်မပြေကြသဖြင့် စီးပွားပျက်ကပ်များ၊ စစ်ပွဲကြီးများ ဖြစ်ပွားခဲ့ကြရပုံ၊ ဖက်ဆစ်ဝါဒ ပေါ်ပေါက် လာရပုံ၊ ဒုတိယကမ္ဘာစစ်ကြီး၏အသွင်အပြင်များ ပြောင်း လဲလာပုံ၊ ကမ္ဘာ့ပြည်သူ့စစ်ပွဲကြီးအသွင် ဆောင်လာပုံ၊ စစ်ပြီးသွားလျှင် ဗမာ့လွတ်လပ်ရေးအလားအလာ ပွင့် လန်းလာမည့်ပုံ၊ အမျိုးသားညီညွတ်ရေးကို အခြေခိုင် အောင် မည်သို့လုပ်ရပုံ၊ အဓိက လုပ်ငန်း၏ အချိန်အခါ ကို ရွေးချယ်တတ်ဖို့လိုပုံ။

နံရံမှ နာရီသည် သုံးချက် ထိုးသွားလေပြီ။ သို့သော် ဦးနောင်ချို၏ ပြင်းပြသောစိတ်ဓာတ်ရှိန်သည် ပျော့မလာ သေး။ ကျွန်တော်တို့ကလည်း နားမငြောင်းသေး။ တစ်ခန်းလုံးတွင် ဦးနောင်ချို၏ စိတ်တန်ခိုးပါသောအသံ သည် ဝဲပျံ၍နေပေ၏။

"အရေးကြီးတာက ဒါပဲ ... တော်လှန်ရေးဆိုတာ လူထုအင်အားနဲ့လှုပ်ရှားပြီး အခြေခံကနေပြီး ပြောင်းလဲ နေတာကို ပြောတာပဲ။ ဒါလည်းပဲ (Emotional) စိတ် လိုက်မာန်ပါဖြစ်လို့ မရဘူး။ (Transformation of Quantity into Quality) အရေအတွက်သဘော ပြောင်း လဲရာက အရည်အချင်းသဘောကို ကူးပြောင်းရတာပဲ။ ဒါကို နားလည်ပြီး စည်းရုံးတတ်ဖို့လိုတယ်။ တို့ရဲ့ (Anti Japanese Front) ကိုလည်း ဒီသဘောနဲ့ယှဉ်ပြီး လုပ် သွားရမှာပဲ။ အဲဒါပဲကွ ... အလုပ်ကို နည်းမှန်အောင် လုပ်ကြဖို့ပဲလိုတယ်။ ကမ္ဘာ့အခြေအနေက ကောင်းနေပြီ။ ဒီတစ်ခါတော့ တို့ရဲ့ Revolution ဟာ အောင်ရမှာ အမှန် ပဲ။ ကဲ .. ကော်ဖီသောက်ကြဦးကွာ ..."

ထိုအခါကြမှပင် ကျွန်တော်၏ အေးစက်၍ ကစီ နှစ်တက်သော ကော်ဖီပန်းကန်များကို သောက်ကြတော့ သည်။ လေတိုက်နေသဖြင့် ကော်ဖီပန်းကန်များတွင် ယင်ကောင်များ ခိုနားခြင်းမရှိ၍ တော်ပါသေး၏။

ကိုတင်မြက ...

"တပ်ထဲမှာ ကျွန်တော်တို့ လုပ်လို့ရအောင် ဆိုင်ရာ တပ်မှူးတွေနဲ့ Understanding ရဖို့တော့ ဗိုလ်ချုပ်တို့ စီစဉ်ပေးမှပဲထင်တယ်" ဟု ပြောရာ ဦးနောင်ချိုက ကျွန် တော်တို့အား ကြည့်ပြီး ...

"ဒါတော့ တို့စီစဉ်ပေးပါ့မယ် ... မင်းတို့ရဲ့ Ini- tiative ကိုလည်း သုံးကြရမှာပဲ" ဟု အားပေးလေ၏။

ကျွန်တော်တို့သည် ဦးနောင်ချို၏ ဩဝါဒများကို နာခံကြပြီးနောက် လုပ်ငန်း၏ လက်တွေ့ကိစ္စများကို အနည်းငယ် ဆွေးနွေးကြသည်။ ဦးနောင်ချိုသည် ဘုကျ တတ်သည်၊ စိတ်တိုတတ်သည်ဆိုသော ကြိုတင် ကြား နာထားရခြင်းများမှာ မှားသည်ဟု ကျွန်တော် ဆိုချင်၏။ ဦးနောင်ချိုသည် ကျွန်တော်တို့ရဲဘော်များအား စိတ်ရှည် လက်ရှည် ရှင်းလင်း၍ ညွှန်ကြားနေခဲ့ပေ၏။

ဦးနောင်ချို၏အိမ်မှ စမ်းချောင်းရှိ တပ်တွင်းသို့ ပြန်ရောက်သောအခါ ကျွန်တော်၏ ဦးနောင်ချိုအပေါ် တွင် အထင်အမြင်လွဲမှားခဲ့ခြင်းများသည် လွင့်၍ ပျောက် ကွယ်သွားကုန်၏။ ဦးနောင်ချိုနှင့် မတွေ့သေးမီက ဦးနောင်ချိုကို စစ်ဝါဒီကြီးဟု နားလည်ခဲ့၏။ ယခုမူ ဦးနောင်ချိုသည် တကယ့်ဆိုရှယ်လစ် ဒီမိုကရေစီသမား ကြီးဟု ယုံကြည်မိပေပြီ။ ဦးနောင်ချို၏စကားများကို မကြားနာရသေးမီက သူ့အား သိပ္ပံနည်းကျသော ဆိုရှယ် လစ်ဝါဒ၏ ရန်သူကြီးဟူ၍ ထင်ခဲ့၏။ ယခုမူ ဦးနောင် ချိုသည် တကယ်မှုမှန်သော တော်လှန်ရေးဆိုရှယ်လစ် ဝါဒသမားကြီးဖြစ်သည်ဟု ကြည်ညိုမိလေပြီ။

ကျွန်တော်သည် ဗိုလ်ချုပ်ကြီးဦးနောင်ချိုနှင့် ထပ် သက်သော ဆရာကြီးဦးထွန်းဝေ၏ ထင်မြင်ချက်များ အပေါ်ဝယ် သံသယများ ရှိစပြုလာပေတော့သည်။

× × ×

[၃]

ဦးနောင်ချိုနှင့် တွေ့ဆုံပြီးသည့်နောက် နှစ်ရက် အကြာတွင် ဦးနောင်ချိုထံသို့ ဗိုလ်မှူးရန်အောင် (... သုံးကျိပ်ဝင်)နှင့်အတူ သွားရပြန်၏။ သူ့ထံမှ စာ...

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ယူရန် ဖြစ်သည်။ ကျွန်တော်နှင့် ဗိုလ်မှူးရန်အောင် (ယခု တောခိုကွန်မြူနစ်)သည် အနောက်တိုင်း စစ်ဌာနချုပ်၏နယ်ပယ်များတွင် ကွန်မြူနစ်ပါတီနှင့် ဖက်ဆစ်ဆန့်ကျင်ရေးညီညွတ်ရေးတပ်ဦးတို့၏ စည်းရုံးရေးနှင့်ဆိုင်သောကိစ္စများကို အတူတူတိုင်ပင်၍ ဆောင်ရွက်သွားရန် ပါတီက တာဝန်လွှဲအပ်ခဲ့ပေ၏။ ဌာနချုပ်၏အနောက်တိုင်းစစ်လက်အောက်ခံ တပ်အသီးသီးတွင် နိုင်ငံရေးသဘောတရား သင်တန်းများကို ပေးကာ စည်းရုံးရေးကေဒါ (တပ်သား)များကို ဖွဲ့စည်းရမည်ဖြစ်၏။ ထိုကေဒါများကို တောလက် ကျေးရွာများသို့ လွှတ်ကာ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများကို ဆောင်ရွက်စေရန်ဖြစ်၏။

ဦးနောင်ချိုသည် ကျွန်တော်၏လုပ်ငန်းတွင် အခက်အခဲ မတွေ့စေရန် "ယခု သင်တန်းပေးရန် စေလွှတ်ထားသူသည် ငါ၏ရဲဘော်ဖြစ်၍ ဆိုင်ရာတပ်မှူးများက ကူညီကြရမည်။ အောင်ဆန်း" ဟူသော စာတိုလေးတစ်စောင်ကို ကျွန်တော့်အား ရေးပေးလိုက်သည်။

အနောက်တိုင်းစစ်ဌာနချုပ်သို့ မသွားရောက်ရသေးမီ ကျွန်တော့်ကို စစ်ဝန်ကြီးရုံးရှိ ဦးစီးဗိုလ်ချုပ်ဖြစ်သူ ဗိုလ်ချုပ်နေဝင်း (ယခုတော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး) က ခေါ်ယူသဖြင့် သတင်းသွားပို့ရာ ဗိုလ်ချုပ်နေဝင်းက ကျွန်တော့်အား အလုပ်လုပ်ရာတွင် ဂျပန် မရိပ်မိအောင် ဆောင်ရွက်ရန် သတိပေးပါ၏။ ထို့နောက် ကိုစံညွှန့်က သွားတွေ့လိုက်ပါဟုဆိုသဖြင့် ဗိုလ်လကျ်ာထံသို့လည်း သတင်းပို့ရပါသေး၏။ ဗိုလ်လကျ်ာသည် အသက် ၁၈ နှစ်ပြည့်သေးသော ကျွန်တော်၏ ငယ်ရွယ်လွန်းပုံကို ကြည့်ကာ "ငယ်လှချည်လား ... ဖြစ်မှ ဖြစ်ပါ့မလား" ဟု ကိုစံညွှန့်ကို ပြောလေ၏။ ထိုအခါတွင် ကျွန်တော်သည် ကျွန်တော်ထမ်းဆောင်ရမည့်တာဝန်အတွက် မိမိကိုယ်မိမိ စိတ်အားငယ်သလို ဖြစ်ရပါသေး၏။ သို့သော်လည်း ဦးနောင်ချို၏စာရွက်ကို အားကိုးကာ ကျွန်တော့်ကိုယ်ကျွန်တော် အားပေးရတော့သည်။

အနောက်တိုင်းစစ်ဌာနချုပ်သို့ ရောက်သောအခါ ဗိုလ်မှူးရန်အောင်နှင့် ဗိုလ်မှူးအောင် (ရဲဘော်သုံးကျိပ်ဝင်)၊ ဗိုလ်မှူးစိန်မှန်(ကွယ်လွန်သူ)၊ ဗိုလ်မှူးစိန်ဝင်း၊ ဗိုလ်မှူးစန်းယု (ယခုတော်လှန်ရေးကောင်စီဝင်များ) စသော ပုဂ္ဂိုလ်ကြီးများ၏ အကူအညီဖြင့် ကျွန်တော်၏ လုပ်ငန်းတာဝန်များကို အခက်အခဲများစွာ မတွေ့လှဘဲ ဆောင်ရွက်နိုင်ခဲ့ပေသည်။

ထိုအချိန်မှစ၍ ၁၉၄၅ ခု၊ မတ်လ ၁၅ ရက်ထိအောင် အနောက်တိုင်းစစ်ဌာနချုပ်တည်ရှိရာ (ပြလို့ရွာစခန်း)မှသည် ဆရာကြီးဦးထွန်းဝေခေါ် သခင်စိုး၏ ဒေးဒရဲဌာနချုပ်စခန်းသို့လည်းကောင်း၊ ဦးထွန်းဝေ စခန်းမှသည် ဦးနောင်ချို(ခေါ်) ဗိုလ်ချုပ်အောင်ဆန်း၏ စခန်းသို့လည်းကောင်း၊ ရုံဖန်ရုံခါ ဦးဘမောင်(ခေါ်) သခင်သန်းထွန်းထံသို့လည်းကောင်း၊ ကျွန်တော်သည် တာဝန်အမျိုးမျိုးအတွက် အမျိုးမျိုးအဖုံဖုံ လှည့်လည်၍ ကျက်စားခဲ့ရပေ၏။ ထိုသို့ လှည့်လည်၍ ကျက်စားနေခဲ့ရစဉ်အတွင်း ကျွန်တော် မောင်စန်းငွေခေါ် မောင်ချစ်လှိုင်ဆိုသူ နိုင်ငံရေးသမား ကွန်မြူနစ်ပေါက်စနကလေးသည် ဦးထွန်းဝေ၊ ဦးနောင်ချို၊ ဦးဘမောင် အစရှိသည့် နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့် မမျှော်လင့်ဘဲ ရင်းနှီးခွင့်ရခဲ့ပေသည်။

တစ်နည်းအားဖြင့် ကျွန်တော်သည် နိုင်ငံရေး နယ်ပယ်သို့ ဝင်လာခဲ့ကတည်းက အောက်သက် မကျေခဲ့။ သို့သော် အထက်သက်ကား အလွန်ပင် ကျေခဲ့ရပါ၏။ နိုင်ငံရေးခေါင်းဆောင်ဆိုသူများကို နီးကပ်စွာ လေ့လာခွင့်ရခဲ့သောကြောင့် ဖြစ်ပေသည်။ (ယခု လွတ်လပ်ရေးခေတ်တွင် အာဏာရခဲ့သော ဖဆပလ၊ ပထစ ခေါင်းဆောင်များကိုလည်း လေ့လာဖူးပါ၏)

အခြားသောခေါင်းဆောင်များ၏တန်ဖိုးကို ထိခိုက်ရာ မရောက်စေရအောင် ရေးသားဖော်ပြရမည်ဆိုလျှင် ...

ဗိုလ်ချုပ်အောင်ဆန်း(သို့မဟုတ်) ဦးနောင်ချိုသည် မိမိ၏ ကိုယ်ရေးကိုယ်တာကို လုံးဝ ဂရုမထားသူ နိုင်ငံရေးသမားအစစ်ဖြစ်သည်ဟု ဆိုချင်၏။

ဦးနောင်ချိုသည် စိတ်ရင်းစေတနာ အဖြူစင်ဆုံးနှင့် အသန့်ရှင်းဆုံးခေါင်းဆောင်ဖြစ်သည်ဟု ဆိုချင်၏။

ဦးနောင်ချိုသည် မြန်မာတိုင်းရင်းသားပြည်သူလူထုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားကို မိမိ၏အကျိုးနှင့် ထပ်တူထပ်မျှထားသူဖြစ်သည်ဟု ဆိုချင်၏။

ဦးနောင်ချိုသည် ယနေ့ အချို့သော ကွန်မြူနစ်အမည်ခံများနှင့် အချို့သော ဆိုရှယ်လစ်အမည်ခံများလို



www.burmeseclassic.com

www.burmeseclassic.com



ယောင်တောင်တောင်ဖြစ်နေခြင်းထက် တကယ် ဆိုရှယ်လစ် သဘောတရားများကို နက်ရှိုင်းပိုင်နိုင်စွာ သိမြင်နားလည်သူ၊ အခြေအနေကို မှန်ကန်စွာ အသုံးချတတ်သူ၊ ဆိုရှယ်လစ်အမြင်ကို ကြည်လင်စွာ ထားရှိသူ၊ တကယ့် ခေတ်ပြောင်းတော်လှန်ရေးသဘောကို နားလည်သူ ခေါင်းဆောင်ကြီးဖြစ်သည်ဟု ဆိုချင်၏။ (ယနေ့အဖို့ဆိုလျှင် ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးနောင်ချို၏ မပြီးဆုံးသေးသော တော်လှန်ရေးကြီးကို မတိမ်းမစောင်းရအောင် ထိန်းကျောင်းလျက်ရှိပြီ)

ဦးနောင်ချိုနှင့်ပတ်သက်၍ မမေ့နိုင်သော စကားတစ်ခွန်းနှင့် ယောကိန်းတစ်ခုကို ဖော်ပြလိုပါသေး၏။

၁၉၄၅ ခု၊ ဧပြီလ ကုန်ခါနီးတွင် သရက်ခရိုင်၊ မင်းတုန်း၊ ကမ္ဘနယ်၊ သရက်ချောင်းရွာကလေးတွင် စခန်းချနေခိုက် နိုင်ငံရေးသဘောတရားများကို ဆွေးနွေးကြစဉ် ဦးနောင်ချိုက ရုတ်တရက် ညာလက်ကိုမြှောက်ကာ ...

"ဟော့ ... မော်စီတုန်းတို့လည်း ဆိုရှယ်ဝါဒကို တရုတ်ဇာတ်သွင်းတာပဲ၊ တို့လည်း ဗမာဇာတ်သွင်းထားတဲ့ ဆိုရှယ်လစ်ကို လုပ်ကြရမှာပဲ" ဟု ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်ကို ဗိုလ်မှူးဗလ (ရဲဘော်သုံးကျိပ်ဝင်)နှင့် ကျွန်တော်တို့၏နားဝယ် ကြားယောင်နေမိပေသည်။

လက်နက်ကိုင်တော်လှန်ရေးအလုပ်များ ပြီးစီးပြီးနောက် ကျွန်တော်သည် ပြည်သူ့ရဲဘော်ကိစ္စနှင့် ဗိုလ်ချုပ် ဦးနောင်ချိုအိမ်သို့ နှစ်ကြိမ်မျှ ရောက်ရပေသည်။ ထိုအတွင်း ကွန်မြူနစ်ပါတီ၏ ဒုတိယ ကွန်ဂရက်တွင် ကွန်မြူနစ်ခေါင်းဆောင်များက မလိမ့်တပတ် လုပ်၍ ဗိုလ်ချုပ်ကြီးနေဝင်းအပါအဝင် ပြည်သူ့အရေးတော်ပုံ ပါတီခေါင်းဆောင်များနှင့် ဗိုလ်ချုပ် ဦးနောင်ချိုတို့ကို ကွန်မြူနစ်ပါတီဝင်များအဖြစ်မှ ချန်လှပ်ထားခဲ့ကြ၏။ ထိုအချက်ကြောင့် ဦးနောင်ချိုသည် ကွန်မြူနစ်ခေါင်းဆောင်တို့အပေါ်ဝယ် အတော်ပင် စိတ်နာခဲ့၏။

ကွန်မြူနစ်ပါတီ၏ ကွန်ဂရက် ကျင်းပပြီး ရက်သတ္တ တစ်ပတ်ခန့် ကြာလေသော် ကျွန်တော်သည် ပဲခူးမှ ရန်ကုန်သို့ ပြန်ရောက်၏။ ကွန်မြူနစ်ပါတီ၏ သဘောထားနှင့် ပတ်သက်၍ ဦးနောင်ချိုထံ သွားတွေ့သောအခါ ဦးနောင်ချိုသည် ပါတီအပေါ် စိတ်နာစကား ပြောဆိုပါ၏။ သူသည် ဗမာ့လွတ်လပ်ရေး၏ ရှေ့စခန်းများကို ရှင်းပြပြီးနောက် ရုတ်တရက် စားပွဲကို ထုလိုက်လေသည်။ ကျွန်တော်သည် အံ့အားသင့်သွား၏။

"ဒီလူတွေ ငါ့ကို ပါတီက ထုတ်တာမှားတယ်။ ငါလည်း မာ့စ်ဝါဒသမားပါပဲကွ။ ဟော့ ... ကြည့်ပါကွာ ငါလည်း မာ့စ်အဖွဲ့တစ်ခု ဖွဲ့ပြပါဦးမယ်။ အမျိုးသားညီညွတ်ရေးကိုသာ အဓိကထားပြီးလုပ်ရင် ရပါတယ်ကွာ။ တစ်နေ့ကျရင် တစ်ပြည်လုံး ငါ့နောက်လိုက်ရမယ်။ အဲဒီတော့မှ ဒီငနဲတွေ သူတို့မှားကြောင်း ဝန်ခံမှာပဲ"

ဦးနောင်ချိုသည် စိတ်နာသော မျက်နှာဖြင့် ပြောခဲ့ပေ၏။ ယနေ့တိုင် မြင်ယောင်နေပေ၏။

ယခုမူကား အများပြည်သူတို့ သိကြသည့်အတိုင်းပင် ဗိုလ်ချုပ် ဦးနောင်ချို (ဝါ) ဗိုလ်ချုပ်အောင်ဆန်းနောက်သို့ မြန်မာပြည်ထောင်စုကြီးတစ်ခုလုံး လိုက်ပါခဲ့ကြပြီမဟုတ်ပါလား။

သို့သော် ဦးနောင်ချို၏ မှုမှန်သော မာ့(ခ်)ဝါဒအသင်းကိုကား မမြင်ရနိုင်တော့။

ဗိုလ်ချုပ်တို့ အစိုးရအဖွဲ့ ဖွဲ့သောအခါ ကျွန်တော်သည် ဇာတိချက်ကြွေ ရပ်ဌာနေသို့ ပြန်ခဲ့လေသည်။

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ညတွင် ကျွန်တော်သည် အဆိုကျော်မေရှင်၏ နန်းကေသီ သီချင်းကို လေချွန်၍နေစဉ် ကျွန်တော့်အစ်မဖြစ်သူသည် မျက်စိမျက်နှာပျက်၍ ရောက်လာ၏။

"ဟဲ့ ... နင်ကြားပြီးပလား"

"ဘာလဲ မမ"

"ဗိုလ်ချုပ်သေပြီတဲ့"

"ဘာ"

ကျွန်တော်၏ရှေ့တွင် မြန်မာပြည်ကြီးသည် သွက်သွက်ခါ၍ ပြိုကျသွားပြီဟု ထင်လိုက်ပါတော့၏။

ကျွန်တော်၏ မျှော်လင့်ချက်တောင်ကြီးနှင့်တူသော ဦးနောင်ချိုသည် ကျွန်တော်တို့နှင့်အတူ မရှိတော့လေပြီ ဟူသော အသိတရား၏ ထိုးဆွချက်ကိုတွေးမိတိုင်း မချိ အောင်ပင် ခံစားနေရပေပြီ။

ကျေးဇူးရှင်ကြီး ဦးနောင်ချိုသည် ကောင်းရာသုဂတိသို့ လားပါစေသတည်း။ ။

မေ့မပျောက်နိုင်မရသော အောင်ဆန်း ဇူလိုင်-၁၉၅၅

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်နှင့် အသုတ်

## မောင်ကျော်လှိုင်(အသုတ်)

၁၉၄၄ ခု၊ စက်တင်ဘာလ(၈)ရက်၊ သောကြာနေ့။ အသုတ်မြို့ရှိ ဘူတာလမ်းနှင့် အရှေ့လမ်းမတော် ဆုံရာတစ်ဝိုက်တွင် ခါတိုင်းနှင့်မတူ လူစည်ကားနေသည်။ ထိုနေ့က ဗိုလ်ချုပ်အောင်ဆန်းရောက်မည့်သတင်း ကြား၍ အနီးအနားရှိ သုံးခွ၊ ငှက်ပျောတောကွင်း၊ ဒေါင့်ကြီးရိုး၊ ဒေါင့်ကြီး၊ ဆိပ်သာ၊ တန်ဖောင်းရိုး၊ ဝက်ရုပ်၊ ရေသိုး စသော ရွာများမှ လူများသည် အသုတ်မြို့သို့ အုံဖွဲ့ဖွဲ့ရောက်ရှိလာကြသည်။ အသုတ်မြို့ပေါ်ရှိ လူကြီးသူငယ်များလည်း ဗိုလ်ချုပ်လာမည့် ကျောင်းကုန်းလမ်းကိုသာ မျှော်မှန်းလည်ဆန့်နေကြသည်။

ထိုစဉ်က မြန်မာပြည်၏ အခြေအနေမှာ ဖက်ဆစ်ဂျပန်တို့၏ နှိပ်စက်ညှဉ်းပန်းခြင်းဒဏ်ကို ကောင်းကောင်းကြီး ခံနေရချိန်ဖြစ်၏။ ဂျပန်တို့၏ နှိပ်စက်ညှဉ်းပန်းမှုကို ပထမဆုံး ခံရသူများမှာ ၁၉၄၁ ခုနှစ်တွင် ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတို့တွင် စစ်ပညာသင်ခဲ့ရသော ရဲဘော်သုံးကျိပ်တို့ဖြစ်၏။ စစ်သင်တန်းတွင် ဂျပန်တို့၏ ညှဉ်းပန်းမှုကို ဦးစွာခံရပြီး မြန်မာ့လွတ်လပ်ရေးအတွက် သည်းခံလာခဲ့သူများဖြစ်သည်။

ဂျပန်တို့သည် ၁၉၄၂ ခုတွင် မြန်မာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)နှင့်အတူ မြန်မာပြည်သိမ်းစဉ်က မော်လမြိုင်ကို သိမ်းပြီးလျှင် လွတ်လပ်ရေးကြေညာပါမည်ဟု ပြောသော်လည်း ၁၉၄၂ ခု၊ ဇန်နဝါရီ ၃၁ ရက်တွင် မော်လမြိုင်ကို သိမ်းပြီးသောအခါ ကတိကို ဖျက်တော့သည်။ မြန်မာပြည်တစ်လုံး သိမ်းပြီးသော်လည်း လွတ်လပ်ရေးမပေးချေ။ ဂျပန်တို့သည် တစ်နေ့တခြား မြန်မာတိုင်းရင်းသား ရဟန်းရှင်လူများအပေါ် ညှဉ်းပန်းရက်စက်လာကြသည်။ ၁၉၄၃ ခု၊ ဩဂုတ်လ (၁)ရက်တွင်မှ မြန်မာတို့အား အတုအယောင် ရွှေရည်စိမ် လွတ်လပ်ရေးကို ပေးခဲ့သည်။

ထိုစဉ်က ဗိုလ်ချုပ်သည် ဂျပန်တို့၏ ရွှေရည်စိမ် လွတ်လပ်ရေးကို ကောင်းစွာသိ၏။ လွတ်လပ်ရေး အခမ်းအနား၌ ဗိုလ်ချုပ်က သွယ်ဝိုက်ပြီး လွတ်လပ်ရေး အစစ်ကို တိုက်ယူမှ ရနိုင်ကြောင်း ပြောခဲ့သည်။ ၁၉၄၄ခု၊ ဩဂုတ်လ (၁)ရက်၊ လွတ်လပ်ရေး တစ်နှစ်ပြည့် အခမ်းအနား၌မူ ဗိုလ်ချုပ်က ဂျပန်စစ်ဗိုလ်ချုပ်ကြီး ကဝါဘီ ရှေ့မှောက်၌ လွတ်လပ်ရေးဆိုသည်မှာ စာရွက်ထဲတွင် ရှိကြောင်း၊ ရှေ့ဆက်ပြီး စခန်းသွားနိုင်၊ စွန့်စားနိုင်မှ ရမည် ဖြစ်ကြောင်း ပြောင်ဖွင့်ပြောခဲ့သည်။

ထို့နောက် ဖက်ဆစ်ဂျပန် တို့ကို တော်လှန်ရန် ၁၉၄၄ ခု ဩဂုတ်လ(၄)ရက်နေ့တွင် ပဲခူးမြို့၌ ဖက်ဆစ်



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖဆပလ)ကို ဖွဲ့စည်းခဲ့သည်။ ယင်းသို့ ဖွဲ့စည်းပြီးနောက် ဂျပန်တော်လှန်ရေးအတွက် အမျိုးသား သွေးစည်း ညီညွတ်ရေး အထူး လိုအပ်ကြောင်း ဗိုလ်ချုပ် ကောင်းစွာ သိသည်။ ဗိုလ်ချုပ်သည် မြစ်ဝကျွန်းပေါ်မှ ကရင်တိုင်းရင်းသားများနှင့် အမျိုးသားညီညွတ်ရေး ဖက်ဆစ်တော်လှန်ရေးတို့အတွက် မြစ်ဝကျွန်းပေါ်သို့ ခရီးထွက်ခဲ့သည်။ ဗိုလ်ချုပ်ခရီးထွက်စဉ်က ဗိုလ်ချုပ်မှာ စစ်ဝန်ကြီးတာဝန် ထမ်းရွက်ချိန်ဖြစ်သည်။ မဟာမိတ်တပ်များလည်း ရခိုင်နှင့် မြန်မာနိုင်ငံမြောက်ပိုင်းကို တစိမ့်စိမ့် ထိုးဖောက် ဝင်ရောက်လာကြပြီ။

နေ့လယ် ၁ နာရီလောက်တွင် အသုတ်မြို့ပေါ်၌ လူကြီးလူငယ်၊ အမျိုးသား အမျိုးသမီးများ၊ အာရှလူငယ်များ၊ ကာကွယ်ရေး တပ်သားများနှင့် အနီးအနား ရွာများမှ လူများသည် တဖြည်းဖြည်း စုဝေးများပြားလာကြသည်။ ဗိုလ်ချုပ် လာ၍ တရားဟောမည်ဆိုသော ဦးအောင်သာ (ဗြိတိသျှခေတ် ငါးပွင့်ဆိုင်အမတ်ဟောင်း) အိမ်ရှိရာ အရှေ့လမ်းမတော်နှင့် ဘူတာလမ်းဆုံရာ တစ်ဝိုက်တွင် လူထုကြီးမှာ အထူး စည်ကားနေပါသည်။

နေ့လယ် ၂ နာရီလောက်တွင် ကျောင်းကုန်းမြို့မှ ဗိုလ်ချုပ်တို့ ကားသုံးစီးဖြင့် ရောက်လာကြသည်။ ရှေ့ဆုံးကားနှင့် နောက်ဆုံးကားများတွင် လက်နက်ကိုင်တပ်သားများ ပါ၍ အလယ်ကားတွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီး စောကြာဒိုး၊ ဗိုလ်မှူးကြီး ဇေယျ၊ ဗိုလ်မှူးရဲထွဋ်၊ ဗိုလ်ရန်အောင်၊ သခင်ဝတင် စသူတို့ လိုက်ပါလာကြသည်။ ဗိုလ်ချုပ်တို့ကားသည် ဦးအောင်သာအိမ်ရောက်ခါနီးတွင် ရပ်၍ ဆင်းလျှောက်လာသောအခါ အသုတ် ကာကွယ်ရေးအဖွဲ့က လမ်းဘေးဝဲယာမှ အလေး ပြု၍ အာရှလူငယ်အဖွဲ့က ကြိုဆိုကြပါသည်။

ဗိုလ်ချုပ်တို့ကို အသုတ်သူကြီး ဦးဖူးညို၊ ဦးအောင်သာ၊ ဦးသန်းဦးနှင့် လူကြီးများက ကြိုဆို၍ ဦးအောင်သာ အိမ်ပေါ်သို့ ခေါ်ဆောင်သွားကြသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်ကို တွေ့မြင်လိုသော ပရိသတ်ကြီးသည် အိမ်ရှေ့၊ အိမ်ဘေး၊ တာလမ်းများပေါ်မှ တိုးဝှေ့၍ မေးတမော့မော့ ဖြစ်နေကြသည်။ မကြာခင် ဗိုလ်ချုပ်သည် တရားဟောရန် ဖိနပ်ချွတ်သို့ ဆင်းလာပါသည်။ ဖိနပ်ချွတ်တွင် ကုလားထိုင် ခုံမြင့်ချထား၍ ကော်ဇောခင်းထားပါသည်။ ဗိုလ်ချုပ်က ကုလားထိုင်၊ ကော်ဇော မလိုကြောင်း ဦးအောင်သာနှင့် လူကြီးများအား ပြောဆိုငြင်းပယ်၍ မတ်တတ်ရပ်ပြီး တရားဟောပါသည်။ ဗိုလ်ချုပ်က ပြောရာတွင် ...

"မိမိကို တခမ်းတနားကြိုဆိုစေလို၍ လာခြင်း မဟုတ်ကြောင်း၊ ယခုအခါ စစ်သည် အလွန်အရေးကြီးသော အချိန်ဖြစ်ကြောင်း၊ စစ်ဖြစ်ချိန်တွင် မြန်မာတိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ ပြည်တွင်းပြည်ပ ရန်သူများကို အသက်ပေး၍ တွန်းလှန်စေလိုကြောင်း၊ မြန်မာတိုင်းရင်းသားမှန်လျှင် သတ္တိ မညှိုးကြကြောင်း၊ သီပေါမင်း ပါတော်မူပြီးသောအခါတွင် မြန်မာတိုင်းရင်းသားများ သူ့ကျွန်မခံ တော်လှန်ခဲ့သော သမိုင်းသက်သေရှိကြောင်း၊ မိမိ၏အဘိုး ဦးမင်းရောင်မှာ တောင်တွင်းကြီး နယ်တစ်ဝိုက်တွင် ဗြိတိသျှတို့ကို ရှုပ်ရှုပ်ချုံချုံ အသက်ပေး တိုက်ခိုက်ခဲ့ကြောင်း၊ ဒါကြောင့် စစ်တွင် မြန်မာတိုင်းရင်းသားတို့အနေဖြင့် တိုင်းရင်းသား စည်းလုံးဖို့လိုကြောင်း၊ မြန်မာ ကရင် စသည့် တိုင်းရင်းသားများမှာ အစားအသောက် အနေအထိုင်ချင်း မတူကြ သော်လည်း တခြား တစ်နေရာ တစ်အေသို့ ကုန်ရောင်းကုန်ဝယ်သွားကြရာတွင် အစားအသောက် စံမရွေးဘဲ စားကြရသကဲ့သို့ မြန်မာတိုင်းရင်းသားတို့၏ ရည်ရွယ်ချက်ပန်းတိုင် လွတ်လပ်ရေးကို အရယူရန်အတွက် စည်းလုံးဖို့လိုကြောင်း" ပြောပါသည်။

ထိုသို့ ဟောနေစဉ် မိုးတဖွဲဖွဲ ရွာလာပါသည်။ ပရိသတ်ကြီးမှာ ဘယ်မှ မခိုနားဘဲ ဖွဲဖြင့် ရပ်ပြီး နားထောင်နေပါသည်။ ဗိုလ်ချုပ်က "... မိမိက အိမ်ထဲမှာ နေ၍ တရားဟောရသည်မှာ မတရား၊ ပရိသတ်များနှင့် အတူ မိုးရွာထဲမှာ ဟောမည်" ဟု ပြောပြီး အိမ်အောက် မိုးရွာထဲသို့ ဆင်းလာပါသည်။ ဤတွင် ပရိသတ်များက ဗိုလ်ချုပ်ကို ပြန်တက်ရန် ဝိုင်း၍ တောင်းပန်ကြသဖြင့် ဗိုလ်ချုပ်က အိမ်ပေါ်သို့ ပြန်တက်ပြီး တရားဆက်ဟောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယခုအချိန်တွင် မြန်မာပြည်၏ အခြေအနေမှာ လယ်ထွန်နေသော လယ်ထွန်ယောက်ျားအနီးတွင် ခွပ်နေသော တောကြက်နှစ်ကောင်နှင့်တူကြောင်း၊ ကြက်နှစ်ကောင် မမောဘဲ ဖမ်းလျှင် မရနိုင်ဘဲ မောမှဖမ်းလျှင် လယ်ထွန်လည်း ညက်၊ ကြက်လည်း မောမည်ဖြစ်ကြောင်း" ဖြင့် ဗြိတိသျှနှင့် ဂျပန်တို့ကို သွယ်ဝိုက်၍ ပြောခဲ့ပါသည်။

ဗိုလ်ချုပ်က ဆက်လက်ပြီး ပြောရာတွင် ...

"ရှေးမြန်မာဘုရင်လက်ထက်အခါက တစ်ဦးကိုတစ်ဦး မနာလို မသင့်မြတ်သော ဦးချက်ကြီးနှင့် ဦးရွှေပန်းတို့ရှိကြောင်း၊ တစ်နေ့မှာ ဦးချက်ကြီး မြို့စားဖြစ်သောအခါ ဦးရွှေပန်းကို မတ်တတ်ရပ်ခိုင်းပြီး "ချက်ကြီးနဲ့ရွှေပန်း ဘယ်သူက အထက်၊ ဘယ်သူက အောက်လဲ" ဟု မေးပြီး နှိပ်စက်ကြောင်း၊ နောက်တစ်ခါ ဦးရွှေပန်း မြို့စားဖြစ်သောအခါ ဦးချက်ကြီးကိုခေါ်၍ ကင်းမြီးကောက်ထောင် ခိုင်းပြီး "ရွှေပန်းနဲ့ ချက်ကြီး ဘယ်သူက အထက်၊ ဘယ်သူက အောက်လဲ" ဟု မေး၍ နှိပ်စက်ကြောင်း၊ ရပ်ရွာကိစ္စတွေ မလုပ်အားဘဲ အချင်းချင်း ပဋိပက္ခနှင့်ပင် အချိန်ကုန်ကြောင်း၊ ယခုအခါတွင် ချက်ကြီးနှင့် ရွှေပန်းတို့လို ရာထူးလုဖို့၊ ပဋိပက္ခဖြစ်ဖို့မဟုတ်ကြောင်း၊ မြန်မာပြည်၏ လွတ်လပ်ရေးအတွက် ရန်သူဟူသမျှကို တိုက်ရန် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား စသည်ဖြင့် မြန်မာတိုင်းရင်းသားတို့ သွေးစည်းညီညွတ်ရေး အထူးလိုအပ်ကြောင်း" ရှည်လျားစွာ ဟောပြောပြီး တရားပွဲကို ညနေ ၄ နာရီလောက်တွင် ရပ်သိမ်းလိုက်ပါသည်။

ဗိုလ်ချုပ်တရားဟောစဉ်က အသုတ်တွင် ဂျပန်များရှိပါသည်။ ဂျပန်ကင်ပေတိုင်ရုံးကို ရွှေရေစည်လမ်း၊ ဒေါ်လှခင်၏အိမ်တွင် ဖွင့်လှစ်ထားပါသည်။ ဂျပန်တို့၏ရှေ့မှောက်တွင် ဂျပန်တို့ကို တော်လှန်ရေးလုပ်မည့်အကြောင်း သွယ်ဝိုက်ပြောခဲ့ပါသည်။ ညအချိန်တွင် အာရှလူငယ်များနှင့် ဦးအောင်သာအိမ်၌ ဆွေးနွေးပြီး နောက်တစ်နေ့ စက်တင်ဘာ ၉ ရက်နေ့ မနက်တွင် အသုတ်မှ ဟင်္သာတသို့ ထွက်ခွာသွားပါသည်။

မြဝတီ အတွဲ ၁၉၊ အမှတ် ၉ (ဇူလိုင်-၁၉၇၁)

www.burmeseclassic.com

www.burmeseclassic.com



# အောင်ဆန်း = ချာချီ+ဝယ်လင်တန်

## ဗမိုး

[၁]

မြန်မာနိုင်ငံသမိုင်းတွင် မည်သည့်အခါမှ နာမည်ကွယ်ပျောက်နိုင်မည်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်ပုဒ်တို့ကို ဖော်ထုတ်ချီးကျူးခြင်းသည် ယင်းပုဂ္ဂိုလ်အဖို့ များစွာထူးခြားလှမည် မဟုတ်ပါချေ။ သို့သော် သူ့စွမ်းဆောင်ချက်၊ သူ့အရည်အသွေးတို့ကို မိမိမြင်ရာရှုထောင့်မှ သုံးသပ်ဆင်ခြင်သည့်အခါတွင်ကား မိမိ၏ဇာတိမြေကို ပိုမိုနားလည်လာသော အကျိုးကျေးဇူးများကို ရရှိလေသည်။

ဤဇာတိမြေမှ မွေးဖွားပေးလိုက်သော အာဇာနည်သားကောင်းတို့၏ ထူးကဲသောစွမ်းရည်ကိုလည်း သိမြင်လာ၏။ သည်အခါ မိမိကိုယ်တိုင်ပင် တစ်မုဟုတ်ချင်း ခွန်အား၊ ဉာဏ်အား တိုးပွားလာသည်ဟုပင် ထင်မှတ်မိတော့သည်။ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော မျိုးချစ်ပုဂ္ဂိုလ်တို့သည် ကွယ်လွန်ပြီးသည်၏ နောက်ပိုင်းမှာပင် နိုင်ငံနှင့်လူမျိုး၏ အကျိုးကို ဖြည့်စွမ်းလျက်ရှိနေတော့၏။

[၂]

၁၉၄၅ ခု၊ စက်တင်ဘာလ ၄–၅ ရက်များက ဖြစ်သည်။

ဗြိတိသျှ အာဏာပိုင်တို့၏ ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ် အောင်ဆန်းအမှူးပြုသော မြန်မာအဖွဲ့သည် သီဟိုဠ်(သီရိလင်္ကာ)ကျွန်း ကန္ဒီမြို့၌ မဟာမိတ် စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်နှင့် တိုင်ပင်ဆွေးနွေးရန် သွားရောက်ခဲ့ကြသည်။ ဆွေးနွေးရန်အဓိကအကြောင်းမှာ ဗမာ့တပ်မတော်ကိစ္စ ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှ စစ်အာဏာပိုင်တို့က သူ့ရဲဘော်များအား ဆက်ဆံရေးနှင့် ပတ်သက်ပြီး များစွာ ခံပြင်းလျက်ရှိသည်။ ထို့ကြောင့် ဗမာ့တပ်မတော်အား ထိုက်သင့်သော လေးစားမှုဖြင့် ဆက်ဆံရေး၊ ရသင့်သော အခွင့်အရေးများ ရရှိရေးတို့အတွက် အရေးဆိုရန် လာခဲ့ခြင်းဖြစ်သည်။ တောင်းဆိုချက်တွေ ရလျှင်ရ မရလျှင် အညံ့တော့မခံ၊ 'ချ' သင့်က 'ချ' မည်ဟူ၍လည်း ဆုံးဖြတ်ပြီးဖြစ်သည်။

သို့နှင့် ၁၉၄၅ ခု၊ စက်တင်ဘာလ ၆ ရက်နှင့် ၇ ရက် နေ့များတွင် မဟာမိတ် စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်နှင့် မြန်မာနိုင်ငံ ကိုယ်စားလှယ်များ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲအပြီးမှာ 'ကန္ဒီစာချုပ်'ဟူ၍ အောက်ပါ သဘောတူညီချက်များ ပါဝင်သော စာချုပ်တစ်ရပ် ပေါ်ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဦးသန့်၏ ပြည်တော်သာခရီး–ပ)

(က) မျိုးချစ် ဗမာ့တပ်မတော်ကို တစ်ကွဲ တစ်ပြားစီ ဖျက်သိမ်း၍ တစ်ဦးစီ စစ်တပ်အတွင်းသို့ သိမ်းသွင်းရန် ဟူသော ဗြိတိသျှအစိုးရ၏ မူလရည်ရွယ်ချက်ကို ရပ်ဆိုင်းထားမည်။

(ခ) ဗမာ့တပ်မတော်အား မြန်မာနိုင်ငံ စစ်တပ်အတွင်းသို့ ပူးပေါင်းလိုက်ရန် သဘောတူသည်။

(ဂ) ဗမာ့တပ်မတော်အတွင်း၌ ဆက်လက်အမှု ထမ်းရွက်လိုသူ ကျန်းမာရေးနှင့် ပြည့်စုံသည့် တပ်သား ၅၂၀၀ နှင့်အရန် ၃၀၀၀ ကိုလက်ခံရန် သဘောတူသည်။

(ဃ)တပ်မတော်ဗိုလ် ၂၀၀ နှင့် အရန်ဗိုလ် ၂၀၀ ကို လက်ခံရန် သဘောတူသည်။

(င) တပ်မတော်သားများနှင့် သက်ဆိုင်သော ကိစ္စအဝဝကို စုံစမ်းရန်အတွက် မဟာမိတ် ကိုယ်စားလှယ်၊ တပ်မတော် ကိုယ်စားလှယ်တို့ ပူးတွဲကာ အဖွဲ့ဖွဲ့စည်း၍ ဆောင် ရွက်ရန် သဘောတူသည်။

(စ) တပ်မတော်သားများသည် လစာ၊ ခွင့်ရက်၊ ဆေးဝါးကုသခွင့် စသော ရသင့်ရထိုက်သည့် အခွင့်အရေးများကိုလည်း ရရှိစေရန် သဘောတူသည်။

ဤသို့သော လိုလားချက်များကို ရရှိခဲ့ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်းအဖို့ ကြီးမားလှသော အောင်မြင်မှုထင် ဖြစ်သည်။ လိုလားချက်တွေကို လိုက်လျောရပြီးနောက် လူချင်းခွဲခါနီးတွင် လော့ဒ်မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းအား .. "ခင်ဗျား အနေနဲ့ ချာချီဖြစ်ချင်သလား၊ ဒါမှမဟုတ် ဝယ်လင်တန်ဖြစ်ချင်သလား ဆိုတာ ဆုံးဖြတ်ရလိမ့်မယ်။ လူတစ်ကိုယ်ထဲက တစ်ချိန်တည်း စစ်သားရော၊ နိုင်ငံရေးခေါင်းဆောင်ရော မဖြစ်နိုင်ဘူး" ဟု ပြောကြားလိုက်လေသည်။

*(ဒေါက်တာမောင်မောင်၏ Aung San of Burma တွင် ပါရှိသော ဦးတင်ထွဋ်၏ A Churchill or A Wellingtonမှ)*

မောင့်ဘက်တန်အနေနှင့် မည်သည်ကို ရည်ရွယ်၍ ပြောလိုက်သည်ကိုမူ သူကိုယ်တိုင်သာ သိပေမည်။ သို့သော် ဤစကားကို ပြောဆိုရာတွင် သူသည် မြန်မာနိုင်ငံ သဘာဝကို လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်ချက်တို့ကိုလည်းကောင်း မျက်ကွယ်ပြုထားခဲ့သည်ဟုဆိုချင်ပါသည်။

[၃]

သမိုင်းကြောင်းတစ်လျှောက် ကြုံတွေ့ခဲ့သော အဖြစ်များကြောင့်လည်းကောင်း၊ နယ်ချဲ့ အရင်းရှင်လက်အောက်တွင် နေခဲ့ရ၍လည်းကောင်း မြန်မာနိုင်ငံသည် 'ဖွံ့ဖြိုးဆဲ' နိုင်ငံအဆင့်မှာပင် ရှိနေရသည်။ 'ဖွံ့ဖြိုးဆဲ' နိုင်ငံဆိုသည်ကိုပင် မကြာလှသေးသော နှစ်များကမှ စတင်ခေါ် ဝေါ်ကြခြင်းဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကဆိုလျှင် မြန်မာနိုင်ငံအပါအဝင် အာရှ နိုင်ငံများစွာတို့ကို 'မဖွံ့ဖြိုးသေးသော' နိုင်ငံများဟု ပေါင်းရုံး သတ်မှတ်ထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြန်မာ၊ တရုတ်၊ ယိုးဒယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ သီဟိုဠ် စသော အာရှနိုင်ငံများ ပါဝင်သည်။ အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီနှင့် ဂျပန် အမှူးပြုသော နိုင်ငံတို့ကို တိုးတက်သော နိုင်ငံများဟု သတ်မှတ်ထားသည်။ ဤသို့ သတ်မှတ်ရာတွင် စံချိန်မှာ စီးပွားရေးနှင့် သိပ္ပံပညာတိုးတက်မှုကို အခြေပြုထားလေသည်။

တိုးတက်သောနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ခြားနားချက်ကို စီးပွားရေးရှုထောင့်မှကြည့်လျှင် ကုန်ပစ္စည်း ထုတ်လုပ်မှုဘက်တွင် ထင်ရှားစွာ တွေ့မြင်နိုင်သည်။ အလွယ်ဆုံးပုံစံတစ်ခုမှာ တွယ်အပ် ထုတ်လုပ်ခြင်းဖြစ်သည်။ တိုးတက်သော နိုင်ငံတွင် တွယ်အပ်တစ်ချောင်း အဖြစ်သို့ ရောက်ရှိရေးအတွက် သံအရည်ကျိုခြင်း၊ တွယ်အပ်အရွယ် သံချောင်းများ ပြုလုပ်ခြင်း၊ ဖြတ်ခြင်း၊ အဖျားချွန်ခြင်း၊ ထိပ်ဖူးပြုလုပ်ခြင်း၊ ငွေရည်အရောင်တင်ခြင်း၊ ဘူးသွပ်ခြင်း စသည့် အဆင့်ဆင့်သော အလုပ်များကို အလုပ်သမား တစ်ဦးစီ၊ သို့မဟုတ် ဌာနတစ်ခုစီက တာဝန်ယူ၍ လုပ်ကိုင်ရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွင်ကား ဤအလုပ်တွေ အားလုံးကို တစ်ဦးတည်း၊ သို့မဟုတ် အများဆုံး နှစ်ဦးလောက်က အစမှအဆုံး လုပ်ကိုင်ကြရသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံအဖို့တွင် တွယ်အပ် ထုတ်လုပ်ခြင်းကဲ့သို့သော ကာယလုပ်အား၌သာမက ဉာဏလုပ်အား အသုံးပြုရသည့် အလုပ်များ၌ပင် လေး ငါးဦးအနည်းဆုံးခွဲ၍ လုပ်ကိုင်ရမည့် အလုပ်ကို တစ်ဦးတည်းက အောက်ခြေမှ ပြီးစီးသည်အထိ တာဝန်ယူရသည်။

www.burmeseclassic.com





စက်မှုတိုးတက်သော နိုင်ငံမှ ဘတ်စ်ကားမောင်းသူသည်ကား မောင်းကျွမ်းကျင်ရုံမျှဖြင့် အသက်မွေးမှုအတွက် ဖူလုံသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွင်ကား ကားမောင်းသူ များစွာတို့မှာ ကားပျက်လျှင် ပြင်ဆင်တတ်ရန် လိုအပ်နေ၏။ ဤမှာဘက်တွင် မြန်မာနိုင်ငံ၌လည်း စက်မှုတိုးတက်သော နိုင်ငံများအတိုင်း ပြောင်းလဲလျက်ရှိသည်ကို ယနေ့တွေ့မြင်နိုင်ပေသော်လည်း ဤသည်မှာ မြို့ကြီးများ၌သာ ဖြစ်သေးသည်။ ဉာဏအားများစွာပါဝင်သော... ပုံစံအားဖြင့် ... ရုပ်ရှင်လုပ်ငန်းတွင်ကား စက်မှုတိုးတက်နေသော နိုင်ငံမှ ပုဂ္ဂိုလ်များ လက်ဖျားခါရလောက်အောင်ပင် မြန်မာဒါရိုက်တာ တစ်ဦးတည်းက ဇာတ်လမ်းရေး၊ ဇာတ်ညွှန်းခွဲ၊ သင်ကြားပြသမှုနဲ့ အချို့ဆိုလျှင် ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းအားလုံးကို တစ်ဦးတည်း ဒိုင်ခံ၍ လုပ်ကိုင်ရလေသည်။ ဤသို့ နိုင်ငံ၏ သဘာဝအခြေအနေအရ လုပ်ကိုင်ခဲ့ရာတွင် တစ်ခါတစ်ခါ ကမ္ဘာနှင့် ယှဉ်လောက်သော အဆင့်သို့ ရောက်နိုင်ခဲ့သည်။

ထို့ထက် တစ်ဆင့်ကျော်၍ ဆင်ခြင်ကြပါဦးစို့။ အခြားအခြားသော အာရှနိုင်ငံများနည်းတူပင် မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်တွင် ကျွန်သပေါက်အဖြစ်နေထိုင်ခဲ့ရသဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရာတွင် ကျောင်းသားတို့သည် ကျောင်းစာအုပ်အပြင် နိုင်ငံရေးကိုပါ စိတ်ဝင်စားခဲ့သည်။ ကျောင်းသားဘဝနှင့် နယ်ချဲ့အား တိုက်ထုတ်ရေးကို ဆင်နွှဲခဲ့ရသည်။ လယ်သမား၊ အလုပ်သမားတွေလည်း ထို့နည်းတူ။ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့စဉ်ကဆိုလျှင် တောင်သူလယ်သမားဦးကြီးတွေမှာ တံစဉ်နှင့် ဓားရှည်ကို ပူးတွဲ၍ လွယ်ထားခဲ့ကြရသည်။ ဤသို့သော အခြေအနေအားလုံးကို ဖြတ်သန်းခဲ့ရပြီး လွတ်လပ်ရေးတိုက်ပွဲ၏ ထိပ်ပိုင်းမှနေခဲ့ရသူ ဗိုလ်ချုပ်အောင်ဆန်းအဖို့မှာကား ကျောင်းသား ခေါင်းဆောင်၊ သခင်အဖွဲ့ဝင်၊ ရဲဘော်သုံးကျိပ်ဝင်၊ ထိုမှသည် ဗိုလ်ချုပ်၊ ထို့နောက် နိုင်ငံရေးခေါင်းဆောင် စသဖြင့် တစ်ဦးတည်းက တစ်ချိန်တည်း ဆောင်ရွက်ခဲ့ရခြင်းမှာ မြန်မာနိုင်ငံ၏ သဘာဝအခြေအနေက ပေးအပ်ခဲ့ခြင်းကြောင့် မဟုတ်လော။

ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ့ရဲဘော်များ၏ ဖက်ဆစ်တော်လှန်ရေး၌ စက်မက်ရေးရာ ကျွမ်းကျင်မှုမှာ ကမ္ဘာ့ စစ်ရေးဆိုင်ရာ ပါရဂူများက အသိအမှတ်ပြုခြင်းကို ခံခဲ့ ပြီးဖြစ်သည်။ ယင်းကို မောင့်ဘက်တန် ကိုယ်တိုင် ထု ဖော် ချီးမွမ်းဖူးသည်။

[၄]

ဝယ်လင်တန်၏ အမည်အပြည့်အစုံမှာ 'အာသ ဝယ်လစ်စလီ ဝယ်လင်တန်' ဖြစ်သည်။ သူသည်လည် စိတ်ဝင်စားဖွယ်၊ အားကျဖွယ် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည် ၁၉ ရာစုနှစ် ဥရောပ တစ်လွှားတွင် များစွာ နာမည်ကျေ ကြားခဲ့သည်။ သူသည် ပထမ မြို့စား၊ ထိုမှသည် စ ဗိုလ်ချုပ်ဖြစ်ပြီး နာမည်ကျော် ဝါတာလူးစစ်ပွဲကို ဦးဆော ဆင်နွှဲခဲ့သူတစ်ဦး ဖြစ်သည်။ ထိုစစ်ပွဲ ပြီးသည့်နောက်ပို တွင် ၁၈၂၈ မှ ၁၈၃၀ ခုအထိ ဗြိတိသျှဝန်ကြီးချုပ် ဖြစ် သည်။ ၁၈၄၂ ခုနှစ်မှ ကွယ်လွန်သည်အထိ စစ်သေနာ ပတိဖြစ်သည်။

'ဆာဝင်စတန်ချာချီ' ကား နိုင်ငံရေးခေါင်းဆော နှင့် ဒုတိယကမ္ဘာစစ်သမိုင်း ရေးသားခဲ့သူအဖြစ် ထင်ရှာ ခဲ့သည်။ ဝယ်လင်တန်နှင့် ချာချီတို့ နှစ်ဦးစလုံးမှ အသက် ၈၀ ကျော်အထိ နေသွားသည်။

ဗိုလ်ချုပ်အောင်ဆန်းကား လုပ်ကြံခံရစဉ်က အသ ၃၃ နှစ်မျှသာ ရှိသေးသည်။ ဤ အသက်အရွယ်မျှနှင့် ဗိုလ်ချုပ်မှာ နိုင်ငံရေးခေါင်းဆောင်၊ စစ်သေနာပတိနှင့် ရေးသားမှုအတတ်ပညာဘက်တွင် ပြောင်မြောက်ထူး သော အရည်အသွေးများရှိသည်ကို သူ၏ဆောင်ရွက်ချ များနှင့်အရေးအသားများက သက်သေပြလျက်ရှိပေသည်

နိုင်ငံရေး ခေါင်းဆောင်မှုဆိုသည်မှာ မိမိနိုင် လက်ရှိအခြေမှ ရောက်သင့်၊ ဖြစ်သင့်သော အခြေ ပို့ဆောင်သော စွမ်းရည်ဖြစ်သည်ဟူ၍ 'အတွေးအခေ အဘိဓာန်တွင်' 'ဒဗလျူ၊ အာ၊ အယ်လ်ဂျာ'ဆိုသူ ရေးသားချက်ကို တွေ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းကား မြန်မာနိုင်ငံကို ကျွန်အ မှ လွတ်လပ်သောနိုင်ငံအဖြစ်သို့ ပို့ ဆောင်ပေးခဲ့သူတို့ ခေါင်းဆောင်ပင်မဟုတ်လော။ ဤသို့ဆိုလျှင် သူ နိုင်ငံရေးခေါင်းဆောင်မှု အရည်အသွေးမှာ သ တော့ မဟုတ်တန်ရာ။ ။

မြဝတီမဂ္ဂဇင်း အတွဲ ၁၇၊ အမှတ် ၃၊ (ဇူလိုင်လ-၁

www.burmeseclassic.com

www.burmeseclassic.com



# အောင်ဆန်းနှင့် လမ်းနှစ်သွယ်

## စံလွင်

အကြောင်း။ ။ မြဝတီ၊ အတွဲ-၁၇၊ အမှတ်-၉၊ ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ၊ မျက်နှာ ၃၂-၃၄ တို့၌ "အောင်ဆန်း=ချာချီ+ဝယ်လင်တန်" ပါ၏။ ဗမိုး ရေးသည်။ ဆောင်းပါး နဖူးစည်းပါ လူနာမည် သုံးရပ်စလုံးကို [illegible]သိက စိတ်ဝင်စားမှုကြောင့် တွေ့လျှင်တွေ့ချင်း ဖတ်ဖြစ်သည်။

ဆောင်းပါး၏ အခန်း(၂) အဆုံး၌ အတန်ငယ် ငြိုငြင်မိ၏။ ဗမိုးကား အမျိုးချစ်သောဖေဖြင့်တစ်တန်၊ ဗိုလ်ချုပ်အောင်ဆန်းအား ကြည်ညို တမ်းတသော စာဖြင့် တစ်ဖုံ၊ အဂ္ဂမဟာသေနာပတိ ဗိုလ်ချုပ်မှူး မောင့်ဘက်တန်၏ စကားအတိမ်အနက်ကို စဉ်းငယ် ကောက်ယူလွဲပေပြီ။ သူ၏ဆောင်းပါးအဆုံးထိ ဖတ်ပြီးရာကား ဤယူဆချက် မြဲမြဲသွားရ၏။

ကျွန်ုပ်တို့ဗိုလ်ချုပ်က "ကျုပ်ထက်ပိုပြီး တိုင်းပြည်ချစ်တဲ့လူ မရှိ" ဆင်ဆင်စကားမျိုး ပြောခဲ့ဖူးပါ၏။ ထို့ကြောင့်ယောင်ယောင်ဆိုရလျှင် မြန်မာပြည်သားတိုင်း ဗိုလ်ချုပ်အောင်ဆန်းကို ချစ်သူချည့်တည့်။ သို့ရာတွင် ပုဂ္ဂိုလ်ချစ်လွန်းသဖြင့် တရားကို ခင်လွယ်လွန်းခြင်းကား မဖြစ်အပ်ပေ။ အတည့်ကို အတည့်သာ ဖြစ်စေလိုသည်။ အနည်းငယ်မျှပင် တစောင်းမဖြစ်စေလိုပေ။

ဆောင်းပါးဆရာ ဗမိုး ထင်သကဲ့သို့ မောင့်ဘက်တန်က "မြန်မာနိုင်ငံသဘာဝကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းဆောင်ချက် တို့ကိုလည်းကောင်း "မျက်ကွယ်ပြုထားခဲ့သည်" ဟု ကျွန်တော်မထင်ပါ။ (စာလုံးများ မည်းနေခြင်းမှာ လေးနက်စေလိုသော ကျွန်ုပ်၏ဆန္ဒကြောင့် ဖြစ်ပါသည်) ဗမိုး ဆိုသော အနှီ ဤမြန်မာပြည်မှာ 'ဖွံ့ဖြိုးဆဲ' သာဖြစ်၏။ မဖွံ့ဖြိုးသေးပါ။ တစ်နည်း တိုင်းပြည်ငယ်မျှသာဖြစ်သည်။ တိုင်းငယ်လူမျိုးငယ်တို့သဘာဝ ဇာတိမာန် တက်ကြွလွန်မြဲ ဖြစ်သည်။ ယနေ့ ကမ္ဘာ၌ 'ရှိ'သော နိုင်ငံများနှင့် 'မရှိ'သော နိုင်ငံများ ကွဲပြားလျက်နေရာ မြန်မာပြည်ကို မရှိသော နိုင်ငံမျိုးက တစ်ခါတစ်ရံ 'မသိ' ဘဲ ဖြစ်လေ့ရှိပါသည်။ မရှိမှန်းကို 'သိ' ပါမှ ရှိလာအောင် မှန်ကန်စွာ ကြိုးစားနိုင်ပေလိမ့်မည်။ တစ်ထွာကို တစ်ညို မြင်တတ်ပါမှ တန်ကာကျမည်။ သို့မှသာ တစ်တောင်ကို မြန်စွာရမည်။

ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်မြန်မာနှင့် အမျိုးသားတို့အား ဆရာဗမိုး ထားရှိအပ်သော စေတနာတွင် ကျွန်ုပ်၏ စေတနာနှင့် အတ္တနောမတိကို ဖြည့်စွက်လိုပေသည်။

ဤကား အကြောင်းတည်း။ အကျိုးအားဖြင့်မူ အောက်ပါစာကို ရေးအပ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘက်တန် က "အောင်ဆန်း" ကို စစ်တပ်မှ အနားယူခိုင်းခဲ့ခြင်းပါ။

မောင့်ဘက်တန်နှင့် အောင်ဆန်း သီဟိုဠ်ပြည်၊ ကန္ဒီမြို့၌ တွေ့ကြရာဝယ် ဗိုလ်ချုပ်နှစ်ဦး တွေ့ဆုံကြခြင်းအဖြစ် စတင်၏။ "၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ" အတွင်း တွေ့ကြ၏။ သမိုင်းဝင် ကန္ဒီစာချုပ်ကို လက်မှတ်ရေးထိုးကြပြီးနောက် လူချင်းခွဲကြရာ၌ကား မိတ်ဆွေနှစ်ယောက် ခွဲကြခန်းဖြစ်လေသည်။

မိတ်ဆွေရောင်းရင်းချင်းဟူဘိ တစ်ဦးနှင့်တစ်ဦး အတွင်းသဘောကို စင်းစင်းသိကြမြဲဖြစ်သည်။ အောင်ဆန်း တည်းဟူသော ယောကျ်ားဘသားတစ်ဦး၏ အရည်အသွေးကို မောင့်ဘက်တန် တည်းဟူသော ယောကျ်ားဘသားတစ်ယောက်သည် ပြက်ပြက်ထင်ထင် သိမြင်ရလေပြီ။ ယောကျ်ား ရင့်မကြီးနှစ်ယောက် ခွဲခွာကြရာ အောက်ပါအမှာစကားကို လေးစားချစ်ကြည်စွာ မောင့်ဘက်တန်က အောင်ဆန်းအား ပြောကြားခဲ့လေသည်။

"ခင်ဗျား ... ချာချီ(တစ်ယောက်) ဖြစ်ချင်သလား၊ ဒါမှမဟုတ် ဝယ်လင်တန်(တစ်ယောက်)ဖြစ်ချင်သလား ဆိုတာ ဆုံးဖြတ်ရလိမ့်မယ်။ လူတစ်ကိုယ်တည်းက တစ်ချိန်တည်းမှာ စစ်သားရော၊ နိုင်ငံရေးခေါင်းဆောင်ရော မဖြစ်နိုင်ဘူး"

ထိုအခါ ဘုကျသော အောင်ဆန်းက အသို့လျှင် ဖြေကြားခဲ့ဘိသနည်း။ ဒေါက်တာမောင်မောင် ရေး "မြန်မာပြည်မှ အောင်ဆန်း"စာအုပ်ပါ ဦးတင်ထွဋ်ရေး "ချာချီလို၊ ဒါမှမဟုတ် ဝယ်လင်တန်လို" စာပုဒ်၌ အောင်ဆန်း၏အဖြေကို ခြွင်းချန်ခဲ့လေသလော မသိရချေ။

ထိုအခါ အတည့် ကို အတည့်မြင်တတ်သော ဗိုလ်ချုပ်အောင်ဆန်းသည် အသို့လျှင် တွေးဘိသနည်း။ ဤတစ်ကွက် မြန်မာပြည်၏သမိုင်းတွင် လစ်လပ်နေ၏။ မောင့်ဘက်တန်၏စကားမှာ အမှန်အားဖြင့် ကမ္ဘာ့ရာဇဝင်သမိုင်းကို အောက်မေ့စေသော စကားဖြစ်သည်။ သူ၏စကားနောက်ကွယ်၌ ရှေးလူ မျက်မှောက်ခေတ်လူတို့၏ စံနမူနာများ တည်ရှိ၏။ နက်နဲသော စကားတစ်ခွန်းဖြစ်သည်။ တိုတိုဖြင့် လိုရင်းကို ရောက်စေသော စကားဖြစ်သည့်ပြင် ဥပါယ်တံမျဉ်ဖြင့် ပြောသောစကားလည်း ဖြစ်စွာ၏။

ထိုစကား၏အတိမ်အနက်ကို ဗိုလ်ချုပ်အောင်ဆန်းက ကောင်းစွာ နားလည်သည်မှာကား ယုံမှားဖွယ်ရာမရှိချေ။ ဗိုလ်ချုပ်အောင်ဆန်း၏ လူရည်လူသွေးကို သိ၍လည်း ဗိုလ်ချုပ်မှူး မောင်ဘက်တန်က "ချာချီ" နှင့် "ဝယ်လင်တန်" သာဓကများဖြင့် အောင်ဆန်းကို အရိပ်ပြအကောင်ထင်စေခဲ့ခြင်းဖြစ်သည်။ အောင်ဆန်း အဘယ်လူစားမှန်း သိ၍ပင် မောင့်ဘက်တန် က အောင်ဆန်းကို ခင်မင်ခဲ့သည်။ အပြန်အလှန် ထားရှိခဲ့ကြသော ခင်မင်မှုဖြစ်ပေ၏။ 'ကျုပ် ခင်မင်သော လော့ဒ်မောင့်ဘက်တန် (မိုင်ဒီးယား လော့ဒ် မောင်ဘက်တန်)' အစချီကာ ဗိုလ်ချုပ်အောင်ဆန်းက ရင်းနှီးစွာ ဗိုလ်ချုပ်မောင့်ဘက်တန်ထံ စာရေးခဲ့သည်။ 'မိုင်' ကျုပ် တစ်လုံးပိုရုံဖြင့် ထိုစာမှာ ထုံးတမ်းစဉ်လာ ရှေးရိုးရေးစဉ်စာမျိုးထက် ပို၏။ ရင်းနှီးခင်မင်သူချင်း ပေးသောစာအဖြစ်သို့ ရောက်ရ၏။

ခင်မင်သူချင်း ကန္ဒီ၌ တွေ့ဆုံနီးနှောကြရခြင်းလည်း မှန်၏။ လူပွင့်လင်းနှစ်ယောက် ဘွင်းဘွင်း ပြောဆိုကြခြင်းလည်း မှန်ပေသည်။ အောင်ဆန်းရော၊ မောင့်ဘက်တန်ပါ နှစ်ဦးစလုံး ဗိုးဗိုးဇတ်ဇတ် လုပ်တတ်၊ ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်ကြသူများ ဖြစ်ကြ၏။ ထိုအခါက မောင့်ဘက်တန်၏ ဂုဏ်သိက္ခာ အလွန်ကြီး၏။ "ဆီးအက်" ခေါ် အရှေ့တောင် အာရှ စစ်တိုင်းကြီးတစ်တိုင်းလုံးကို ဦးစီးခန့်ခွဲရသော "ဆုပရီမို" ခေါ် အဂ္ဂမဟာသေနာပတိ စစ်ဗိုလ်ချုပ် အခေါင်တစ်ဦးဖြစ်လေသည်။ ထိုအချိန်ရှိ ဗြိတိသျှအင်ပိုင်ယာကိုယ်စား မဟာမိတ်တပ်ပေါင်း စစ်ခေါင်းဆောင် အရှေ့တောင်အာရှ စစ်တိုင်းကြီးတစ်ခွင်လုံး အာဏာပိုင်ဖြစ်လေသည်။ ဗြိတိသျှအစိုးရတို့အမြင်တွင် အောင်ဆန်းကား "သူ့ကိုယ်သူ ဗိုလ်ချုပ်ခေါ်တွင်နေလည်း" ငွေငါးကျပ် ဆုငွေထုတ်ထားသော "ဝရမ်းပြေး သခင်ဟောင်း သူပုန်ငယ်တစ်ဦး" မျှသာဖြစ်သည်။

ဤကား ထိုအချိန်က ဗြိတိသျှအင်ပိုင်ယာရှင်တို့၏ အမြင်အသိ အတိအကျဖြစ်သည်။ "ဂျပန်အလိုတော်ရိ" အောင်ဆန်းကဲ့သို့ လူတစ်ယောက် ခေါင်းဆောင်သော ဂျပန်ကို တော်လှန်မည်ဆိုလာသည့် "သူပုန်အဖွဲ့" ကို ဗြိတိသျှအင်ပိုင်ယာ အာဏာရှင်တို့က မလော်လေး မလော်က်စား သဘောထား ရှိခဲ့ကြသည်။ မောင့်ဘက်

www.burmeseclassic.com



…ကိုယ်တိုင်ကသာ ဤ "ဂျပန်အလိုတော်ရိ သူပုန်အဖွဲ့"၏ အမျိုးချစ်စိတ် ထက်သန်မှုကို နားလည်စွမ်းရှိသည်။ မြန်မာပြည်မှ တော်လှန်ရေးအဖွဲ့သည် မိမိအမျိုး သားများနှင့် မိမိတိုင်းနိုင်ငံ လွတ်လပ်စေအံ့ဟု …ကြည် ရင်းစွဲဖြင့်သာ ဂျပန်ကို "ခေါ်" လာခဲ့၏။ …ဖန် ဤ ယုံကြည်မှုဖြင့်ပင် ဂျပန်ကို "ဆော်" မည် …ပြန်သည်။ အမျိုးနှင့်နိုင်ငံ အကျိုးရှိမည်ထင်သော …နာ အစစ်အမှန်ဖြင့် ပြုလုပ်ခဲ့ကြမှန်း လော့မောင့် …တန်က ကောင်းစွာ သိမြင်၏။ သို့ သူက သိမြင် …တ်ခံခဲ့သည့် အဆုံး၌သာ မြန်မာပြည်မှ ဂျပန်တော် …န်ရေးအဖွဲ့ကို မဟာမိတ်တပ်က လက်ခံသိမ်းသွင်း၊ …နက်ရိက္ခာ၊ လူသူ၊ အကြံဉာဏ် အစစ ထောက်ပံ့ခဲ့ …ဖြစ်သည်။ ဤကား သမိုင်းဝင်အချက်ပင် ဖြစ်ချေ …၏ တန္တိမတိုင်မီက အဖြစ်အပျက်ဖြစ်ပေသည်။

တန္တိမတိုင်မီက ဗြိတိသျှ ဗိုလ်ချုပ်တစ်ဦးသည် …ဆန်းခေါ် မြန်မာ"ဗိုလ်ချုပ်"ကို တွေ့မြင်သိကျွမ်း …လေပြီ။ ဗိုလ်ချုပ်ဆလင်းသည် "ကျုပ် ဗိုလ်ချုပ်အောင် …ဆဲ" ဆိုကာ နောက်ပါခြွေရံကင်းစွာ ဝင်လာသောသူ …တွေ့မြင်အံ့အားသင့်သွားခဲ့ဖူးသည်။ ထိုအချိန်ကား …ပြီးအညီ အောင်ဆန်းနှင့်တကွ ရဲဘော်ရဲဘက်များ …ဗြိတိသျှအာဏာပိုင်အချို့က သူပုန်သူကန်အဖြစ်သာ …မြင်ကြသည်။ ပြည်မြန်မာ လူထုတစ်ရပ်လုံး၏ …လွတ်လပ်လိုသောဆန္ဒ၊ ပြည်မြန်မာ တစ်တိုင်းလုံး၏ …လုံးညီညွတ်မှုတို့ကို "စက္ကူဖြူကက်စဘီ" အာဏာ …တို့ နောင်မှသာ မြင်ကြရပေမည်။ ဆလင်းနှင့် အောင် …ဆန်း နှစ်ဦးသား တွေ့ကြချိန်မှာ "အောင်ဆန်းကို ပုန် …ခံ့၊ လူသတ်ရာဇဝတ်မှုတို့ဖြင့် စွဲရန်၊ ချုပ်ရန်ပင် …ရွယ်သောအချိန်ဖြစ်သည်။ (ရဲဘော်သုံးကျိပ် သမိုင်း …ဂျပန်ပြည်၌ဖြစ်၏။ ဗိုလ်မိုးကြိုးက ပထမကမ္ဘာစစ် …တွင်း ရှုရားအရပ်သားတစ်စုအား သူ သတ်ဖြတ်ခဲ့ပုံ …အောင်ဆန်းအား ပြောပြသောဟူ၏။ "အဲဒီအတိုင်း …မင်းလည်း မိန်းမရော၊ ကလေးရော မချန်နဲ့။ …သျှတွေကို အကုန်သတ်ရမယ်ကွ" ဟု ပြောလေ …သည်။ "ကျွန်ုပ်သည် ထိုအချိန်က ဗြိတိသျှဆန့်ကျင်စိတ် …နိုပြင်းထန်နေဆဲပင် ဖြစ်သော်လည်း ထိုမျှ ရိုင်းစိုင်း …ကြုတ်ရက်သည် မဟုတ်ချေ" ဟု အောင်ဆန်းက တော်လှန်ရေးကိုယ်တွေ့စာ၌ ရေးခဲ့၏။ (ဂျူနီဘင်ဂမ်ရေး'ဦးသန့်၊ ငြိမ်းချမ်းရေးရှာပုံတော်' စာအုပ်၊ မျက်နှာ ၁၄၀ တွင် အဆိုပါ ကိုးကားချက်ကို အလွယ်တွေ့နိုင်သည်)

အောင်ဆန်း။ ဗြိတိသျှအင်္ဂလိပ်အမျိုးကို မမုန်း။ ထို အမျိုးသားအစိုးရ အာဏာစက်မှ မြန်မာပြည် လွတ်မြောက်ရေးသာ အဓိက အရေးဖြစ်ကြောင်း အသက်အစိတ် ကျော်ခါကပင် မှန်ကန်စွာ မြင်တတ်သော အောင်ဆန်း။ ထိုအောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုအလယ်၌ အသက်သုံးဆယ်ပြည့်ခါရှိသေး၏။ လူရွယ်တစ်ဦးသာ ရှိသေး၊ လူဦးရေသန်းနှစ်ဆယ်မျှ၏ ခေါင်းဆောင်အဂ္ဂစ် ဖြစ်ချေပြီ။ ခေါင်းဆောင်ပီပီ ခြင်္သေ့မင်း ခံတွင်း ဆင်းသကဲ့သို့ ဗြိတိသျှတို့၏ အမှတ်(၁၄) တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်ဆလင်းထံမှောက် အခြံအရံကင်းစွာ သွားရောက်ခဲ့လေသည်။

ဗိုလ်ချုပ်ဆလင်းက "မင်းကို တို့က ဖမ်းချုပ်မှာ မကြောက်ဘူးလား" အစရှိစွာ မေး၏။ "ကျုပ် ဘာလို့ ကြောက်ရမှာလဲ။ ဗြိတိသျှလူမျိုးတွေ ဖြောင့်မှန်သစ္စာရှိ တာကို ကျုပ် အသိသားပဲ" အစရှိသည်ဖြင့် မြန်မာဗိုလ်ချုပ်က ပြန်ပြောခဲ့၏။ တရားသိသော အောင်ဆန်း။ အတည့်ကို အတည့် မြင်တတ်သောသူ၊ သဘောဖြူ အူစင်း "အရိုင်း"အောင်ဆန်းတကား။ (ရှုံးပွဲမှ အောင်ပွဲသို့" မည်သော ဗိုလ်ချုပ်ဆလင်း၏ စာအုပ်တွင် ဤ တွေ့ဆုံခန်းကို ကြည့်နိုင်ပါ၏။)

ဗိုလ်ချုပ်ဆလင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တွေ့ကြချိန်က မြန်မာပြည်စစ်ပွဲကား မပြီးသေး။ ဗိုလ်ချုပ်အောင်ဆန်း ကန္ဒီမြို့သို့ သွားသောအခါတွင်မှ မြန်မာပြည် စစ်ပွဲမှာ ပြီးလုပြီ။ ဂျပန် ရန်ကြွင်း ရန်ကျန် တို့ကို ရှင်းလင်းနေရဆဲ အခြေမျှသို့ ရောက်ပေပြီ။ ကမ္ဘာ၏ အနောက်ဘက်ခြမ်းတွင် ဂျာမန်က လက်နက်ချ၍ ကမ္ဘာစစ်ကား ပြီးနှင့်လေပြီ။ ကမ္ဘာ၏ အရှေ့ဘက်ခြမ်းမှာလည်း ကမ္ဘာစစ်မှာ ပြီးလုအချိန်ဖြစ်သည်။ ယူအက်စ်အက်စ် မစ်ဇူးရီး စစ်သင်္ဘောကြီး ကုန်းပတ်ပေါ်၌ ဂျပန်က လက်နက်ချသည့် အခမ်းအနားမှာ ရက်ပိုင်းမျှသာ လို၏။ (၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့၌ အမေရိကန် ဗိုလ်ချုပ်မှူး မက်အာသာ က ဂျပန်ပြည်၏

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ချခြင်းကို အခမ်းအနားဖြင့် ခံယူ၏။) ဂျပန်သည် ဩဂုတ်လ ၆ ရက်နှင့် ၉ ရက်၊ ဟီရိုရှီးမားနှင့် နာဂစကီးတို့နောက် လုံးဝဥဿုံ စစ်ရှုံးပြီးဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ၌လည်းကောင်း၊ မြန်မာနိုင်ငံ၌လည်းကောင်း စစ်ရန်ငြိမ်းပေပြီ။

ထိုသို့ စစ်ရန်ငြိမ်းပြီးမှ ကန္ဒီမြို့၌ ဗိုလ်ချုပ်နှစ်ဦး မြန်မာနိုင်ငံ၏ ရှေ့ရေးကြမ္မာ တစ်စိတ်တစ်ဒေသကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဗြိတိသျှ အာဏာစက်မှ လွတ်လပ်ရေးကို ပစ်ခတ်တိုက်ခိုက်ယူရ အံ့လော။ အနုနည်း၊ နိုင်ငံရေးလမ်းအားဖြင့် အရေးဆိုကာ ပြန်လည်ယူရအံ့လော။ ထိုကြမ္မာနှစ်ရပ်အနက် အဘယ်ကြမ္မာဖြင့် ဆုံကြုံရအံ့သည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကွပ်ကဲသော မြန်မာလူထုက ဆုံးဖြတ်ရမည့်အခါဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်မောင့်ဘက်တန်တို့ ဆွေးနွေးပွဲမှ အကျိုးသည် မြန်မာနိုင်ငံ၏ အကြမ်းအနု လွတ်လပ်ရေး အောင်ပွဲလမ်းနှစ်သွယ်ကို တစ်နည်းတစ်ဖုံ ရွေးချယ်ပေးခဲ့သည်။

ဤနည်းနှင်နှင် မြန်မာနိုင်ငံသမိုင်း အဘယ်ကြမ္မာဆိုက်အံ့ကို ကိုယ်တိုင်ဆုံးဖြတ်နေကြရကြောင်း ကန္ဒီ၌ ဗိုလ်ချုပ်နှစ်ဦးစလုံး သတိရှိနေကြပေမည်။ ထိုအခါ ကိုယ်တိုင် ပစ္စုပ္ပန်သမိုင်းကို ပြုနေကြသူနှစ်ဦးမှာ အနာဂတ်သမိုင်းကိုလည်း မျှော်မြင်ခဲ့ကြပေလိမ့်မည်။ ပစ္စုပ္ပန်သမိုင်းကိုလည်း သတိချပ်မိကြပေလိမ့်မည်။ အတိတ်သမိုင်းကိုပင် အောက်မေ့ခဲ့ကြလေသည်။

အတိတ်သမိုင်းကို အောက်မေ့သဖြင့်ပင် ဝယ်လင်တန်ကို မောင့်ဘက်တန်က အောက်မေ့မိ၏။ စစ်ဗိုလ်ချုပ်တစ်ဦးဖြစ်သူ ဝယ်လင်တန်ကား ဗြိတိသျှတို့အဖို့ အခါအခွင့်သင့်တိုင်း အောက်မေ့ထိုက်သူတစ်ဦး ဖြစ်သည်။ ဗိုလ်ချုပ်ဝယ်လင်တန်နှင့် မတွေ့မီ ပြင်သစ် စစ်ကေရာဇ် နပိုလီယံသည် ဥရောပအလုံးတမျှ အောင်မြင်ပြီး၏။ ရုရှားပြည်ကြီးအတွင်း မော်စကို ရောက်တိုင်ချင်းနင်း တိုက်ခိုက်ခဲ့ပြီးလည်း ဖြစ်၏။ ဥရောပတစ်ခွင် နပိုလီယံကို နှိမ်နင်းနိုင်သသူ ရှိသေးအံ့လော။ ဗိုလ်ချုပ်ဝယ်လင်တန် ရှိခဲ့ပါပေသကော။ ဗိုလ်ချုပ်ဝယ်လင်တန်သည် နပိုလီယံကို ဝါတာလူးတိုက်ပွဲ၌ အပြတ်အသတ်နိုင်ခဲ့သည်။ ဝါတာလူးနောက်၌ကား နပိုလီယံခေတ်ကွယ်လေသည်။ နပိုလီယံစစ်လည်း ဖယ်လေ၏။

ကျွန်ုပ်တို့ ဗိုလ်ချုပ်အောင်ဆန်းပိုင် ဝါတာလူး ကား ဗိုလ်ချုပ်ဆလင်းနှင့် တွေ့ပွဲ၌ စတင်ခဲ့ယူသော် သင့်နိုးထင် ပေသည်။ ယူနိုင်သည်ဆိုပါသော် ကန္ဒီ၌ မောင့်ဘက်တန်နှင့် တွေ့သောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ ဝါတာလူးပွဲသည် အောင်မြင် ပြီးပြည့်စုံလုတမျှ ရှိသည်။ အကယ်၍သာ ကန္ဒီ၌ ချုပ်ဆိုခဲ့သော စာချုပ်ကို မချုပ်ဆိုဖြစ်အံ့။ ဗိုလ်ချုပ်အောင်ဆန်းအဖို့ ဝါတာလူး တိုက်ပွဲဆက်ရချေဦးမည်။ သမိုင်းကြောင်းပြောင်း၍ ဗြိတိသျှတို့ကို "ချ" ရပေဦးမည်။ ယခုမူ ကန္ဒီစာချုပ် အောင်မြင်ထမြောက်ခဲ့ပြီးရကား ဗိုလ်ချုပ်အောင်ဆန်းအဖို့ ဝါတာလူးပွဲကို အောင်မြင်ပြီ။ အတိတ်က ကြုံခဲ့ဖူးသော ဝယ်လင်တန်အောင်ပွဲမျိုးကို ဗိုလ်ချုပ်သည် ပစ္စုပ္ပန်၌ ဂျပန်ရော၊ ဗြိတိသျှတို့အပေါ်ပါ ရပြီးလေပြီ။

ပစ္စုပ္ပန်၌ ကမ္ဘာတွင် မိုးမိုးမားမား အောင်ပွဲရနေသူကား ဝင်စတန်ချာချီဖြစ်သည်။ ထိုအခါက ချာချီသည် ဗြိတိသျှ ကြည်း–ရေ–လေ တပ်ပေါင်း ဗိုလ်ချုပ်မှူးဖြစ်သည်။ သို့သော် ချာချီသည် စစ်သားကား မဟုတ်ချေ။ လူထုကိုယ်စားလှယ်အစိုးရက တိုင်းရေးပြည်ရာများကို ခန့်ခွဲသော နိုင်ငံထုံးအညီ အရပ်သားနိုင်ငံဝန်ထမ်း အမှူးအချုပ်ဖြစ်သူ ချာချီသည် စစ်အတွင်း ဗြိတိန်နိုင်ငံ၏ စစ်ရေးစစ်ရာများကို ခန့်ခွဲရာ၌လည်း အမှူးအချုပ်ဖြစ်ရ သည်။

ဗြိတိန်နိုင်ငံသည် ချာချီ၏ ကွပ်ကဲဦးဆောင်ကောင်းမှုဖြင့် ဒုတိယကမ္ဘာစစ်ပွဲကြီးကို အောင်နိုင်၏။ မဟာမိတ် အမေရိကန်၊ ရုရှား၊ ပြင်သစ် စသောနိုင်ငံများနှင့်အတူ အောင်နိုင်ရခြင်းဖြစ်သည်။ နာဇီဂျာမန်၊ ဖက်ဆစ်အီတလျံနှင့် ဂျပန်တို့၏ ကမ္ဘာကို အဓမ္မ နိုင်လိုမင်းထက် စိုးအုပ်လိုသော စစ်ပွဲကို မဟာမိတ်တို့က စစ်လက်နက်ဖြင့်လည်း အောင်သည်မှန်၏။ ကမ္ဘာပေါ်တွင် ဒီမိုကရေစီတည်းဟူသော လူထုအပေါင်း လွတ်လပ်ခွင့်ဝါဒ ကို အမြေ စစ်ဝါဒီတို့က ပက်စက်စွာ တိုက်ဖျက်မည်ကြံခြင်းကို အောင်ရာမှာကား မဟာမိတ်တို့၏ ဒီမိုကရေစီစိတ်အောင်ပွဲဖြစ်သည်။ မဟာမိတ်တို့၏ နိုင်ငံရေးအောင်ပွဲဖြစ် သည်။ မောင့်ဘက်တန်အလို ဒီမိုကရေစီဘက်တော်သား တို့ကို သွေးစည်းလှုံ့ဆော် ခေါင်းဆောင်နိုင်ခဲ့သော ချာချီ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးအောင်ပွဲဖြစ်သည်။ မြန်မာပြည်ကို လွတ်လပ်ခွင့်ပေးရန် တွန့်တိုသော ချာချီသည် မြန်မာတို့အမြင်မှာ ည်ချို့သမားတစ်ဦးသာ ဖြစ်၏။ ကမ္ဘာတစ်လွှားကို လွတ်လပ်ခွင့်ပေးရန်၊ ကမ္ဘာကုလသမဂ္ဂအဖွဲ့ကြီးကို တစ်ဘက်တစ်ဖက် ကူညီတည်ထောင်ခဲ့သော ချာချီကြီးကား ကမ္ဘာ့နိုင်ငံရေးအမြင်တွင် ရောမလူကြီးတစ်ယောက်ဖြစ်နေသည်။

ကမ္ဘာ့နိုင်ငံရေးတွင် ချာချီမှာ ရောမလူကြီးတစ်ယောက်ဖြစ်သည်နှင့်မခြား မြန်မာ့နိုင်ငံရေးတွင် ဗိုလ်ချုပ်အောင်ဆန်းသည်ပင် ရောမလူကြီးတစ်ယောက်ဖြစ်မှန်း မောင့်ဘက်တန်သည် တပ်အပ် ထိုးထွင်းသိမြင်၏။ န်အရာ၌ မြန်မာပြည်တွင် စစ်ကုန်ပြီ။ အောင်ဆန်းအတွက်ကား ဝယ်လင်တန် စခန်းသိမ်းခဲ့ပြီ။ အနာဂတ် ရှည်မျှော်ပါက အောင်ဆန်းအဖို့ ချာချီလမ်းကို လိုက် မြင်သာသည်။ အဘယ်ကြောင့်ဆိုသော် သူသာ စစ်ဘက်၌ ဆက်လက် တာဝန်ယူခဲ့ပါက ဗြိတိသျှတို့၏ စစ်တပ်ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် စစ်စည်းကမ်းဥပဒေအရ စစ်သားဘဝဖြင့် နိုင်ငံရေးကို ဆက်လက်လုပ်ကိုင်ပိုင်ခွင့် မရှိခြင်းကြောင့် ဖြစ်၏။ ထို့ပြင် နိုင်ငံရေးအသိ၊ နိုင်ငံရေး အားဖြင့် ကမ္ဘာကို လွတ်လပ်ရေးအောင်ပွဲတိုင် ချာချီ (စတာလင်၊ ရုစဗဲ့၊ ထရူးမင်း စသူတို့နှင့် လက်တွဲ) ခေါင်းဆောင်ပြီးစ ဖြစ်၏။ ထို့အတူ နိုင်ငံရေးအသိ နိုင်ငံရေးတရားအားဖြင့် မြန်မာပြည်ကို လွတ်လပ်ရေး အောင်ပွဲတိုင် အောင်ဆန်း ခေါင်းဆောင်ရအံ့သည်ကို မောင့်ဘက်တန်က မြင်ခဲ့သည် ထင်ပါ၏။

မောင့်ဘက်တန်သည် စစ်သားဖြစ်သည်။ စစ်သားကောင်းတစ်ဦးဖြစ်၏။ နိုင်ငံရေးခေါင်းဆောင် ချာချီ၏ တာဝန်လွှဲအပ်မှုကို ခံယူ၍ အရှေ့တောင်အာရှစစ်တိုင်း သေနင်္ဂဗျူဟာ ပြောင်မြောက်စွာဖြင့် အနိုင်တိုက်ခဲ့ အင်ပိုင်ယာနိုင်ငံရေးကား သူ့နှင့်မဆိုင်။ သူ၏ အမိ ဒီမိုကရေစီထုံးနှင့်အညီ အနာဂတ် နိုင်ငံရေးရာတို့ နိုင်ငံရေးတာဝန်ရှိသူတို့က ခန့်ခွဲကြလေမည်။

သို့သော် သူ၏ထံ၌ နိုင်ငံရေးအမြင်ကျယ်စွာ ရှိ၏။ သမိုင်းကို ကိုယ်တိုင် တစ်စိတ်တစ်ဒေသ ပြုသူပီပီ အမြင်လည်း ကျယ်စွာရှိသည်။ ကမ္ဘာ၏ တစ်စိတ် စစ်သေနာပတိချုပ် ဝန်ထမ်းခဲ့သူပီပီ ဗြိတိသျှစစ်အင်အား၏ အကဲအလျော့ကို သိပေမည်။ ဤအရှေ့တောင်အာရှဒေသကြီးတစ်ဝန်းလုံး၏ စစ်ရေး၊ နိုင်ငံရေး၊ အတွင်းရေး သတင်းများကိုပါ ပိုင်ပိုင်သိထားသူဖြစ်၏။ မြန်မာပြည် နိုင်ငံရေးဒီရေကို ကောင်းစွာ အကဲခတ်နိုင်သူသာ ဖြစ်ရပေမည်။ စစ်တကာကို ပြတ်စေမည့် (ဒုတိယကမ္ဘာ)စစ်ပွဲ၊ ကိုလိုနီနိုင်ငံတို့၏ လွတ်လပ်ခွင့် (မိမိနိုင်ငံကြမ္မာ မိမိကိုယ်ပိုင်ဆုံးဖြတ်ခွင့်)ကို အရယူ တိုက်ပေးသော စစ်ပွဲဟူသော ကြွေးကြော်သံ၏ သဘောကိုလည်း ရေလည်စွာ စောကြောမိသူဖြစ်ရာသည်။

ထို့ထက်ကား မောင့်ဘက်တန်ဟူသော ယောကျ်ားရင့်မကြီးသည် အောင်ဆန်းဟူသော ယောကျ်ားရင့်မကြီး၏ ဖွဲ့နပဲ၊ စစ်ရေးထက် နိုင်ငံရေးစိတ်ဓာတ် အလေးသာမှု၊ တော်တည့်မှန်ကန်သော စိတ်ထား၊ မိမိနိုင်ငံ၏ ခေါင်းဆောင် စင်စစ်ဖြစ်ရုံမက ခေါင်းဆောင်အင်္ဂါဖြင့် ပြည့်စုံကုံလုံစွာရှိခြင်းအဖြစ်ကို ကိုယ်တွေ့ အကဲခတ်မိသူဖြစ်သည်။ အနာဂတ် မြန်မာနိုင်ငံ၌ အဘယ်နေရာမှ အောင်ဆန်း ခေါင်းဆောင်ရရှိမည်ကို ကန္ဒီ၌ ဤ အတိုင်း သူမြင်သည် ယူအပ်၏။ ဝါတာလူးတိုက်ပွဲပြီးပြီ အညီ အောင်ဆန်းအတွက် ဝယ်လင်တန် နေရာကို ဆက်ယူနေရန် မလိုပြီ။

ထို့ကြောင့် စစ်တပ်ရေးရာများကို ထိုက်တန်သူအားသာ လွှဲအပ်လေလော့။ အောင်ဆန်းအား မြန်မာပြည်က နိုင်ငံရေး ခေါင်းဆောင်အဖြစ်သာ အချိန်ပြည့် လိုအပ်လျက်ရှိပြီ။ စစ်တပ်မှ အနားယူလေလော့။ အနာဂတ် မြန်မာနိုင်ငံ၌ ချာချီ၏နေရာမျိုးကို အောင်ဆန်းယူပါလေလော့။ သို့လျှင် မောင့်ဘက်တန်သည် အောင်ဆန်းကို ခင်မင်ကြည်ညိုစိတ်ဖြင့် ကန္ဒီ၌ စစ်သားပီပီ ဘွင်းဘွင်း ပြောခဲ့သည် ယူအပ်၏။

အောင်ဆန်းသည် မိတ်ဆွေကြီး မောင့်ဘက်တန်၏ စကားဆို နာခံခဲ့သော၊ မနာခံခဲ့သော ဟူသည်မှာမူ ဤနေရာ၌ အရာမဟုတ်။ (အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်လျှင် နိုင်ငံရေးမှ အနားယူအံ့။ ပြည်သူ၏ မျက်ကွယ်ရာမှ စာရေးသားအံ့ဟု အတိအလင်း ပြောဖူးသည်သာ) သူသည် ဖြစ်တန်ချိန်ဖြစ်တန်ခိုက် တက္ကသိုလ်ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ စာရေးဆရာ၊ တို့ဗမာသခင်၊ မြေအောက်တော်လှန်ရေးသမား၊ ရဲဘော်သုံးကျိပ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်၊ ဗိုလ်တေဇ ခေါ် 'ငမိုး'၊ စစ်ဝန်ကြီး၊ ဂျပန်တော်လှန်ရေးအတွင်း 'ဦးနောင်ချို'၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဖဆပလဥက္ကဋ္ဌ ဦးအောင်ဆန်း ဘဝအမျိုးမျိုး ကြုံကြိုက်ကျင်လည်သွားခဲ့လေသည်။

အောင်ဆန်း၏ ကံကြမ္မာနှင့် မြန်မာနိုင်ငံ၏ ကံကြမ္မာအလျောက်ပင် အောင်ဆန်း၏ လူလားမြောက်ရှယ်ဘဝဖြစ်စဉ်နှင့် မြန်မာနိုင်ငံ လွတ်လပ်ရေး အရေးတော်ပုံ၏ အောင်မြင်စွာ ဇာတ်သိမ်းခန်းသမိုင်းတို့မှာ တစ်ထ တည်း၊ တစ်သားတည်း ဖြစ်လျက်ရှိရပြီ။ နောက်ဆုံးဖြ ချိန်တန်သည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်အောင်ဆန်းသည် ဦးအောင်ဆန်းဘဝဖြင့် ကျွန်ုပ်တို့၏ လွတ်လပ်ရေးလမ်း ကို ခင်းပေးသွားခဲ့ခြင်းကား သမိုင်းတွင် ကျန်ရစ်ခဲ့ပေ သာတည်း။

မြဝတီ အတွဲ ၊ အမှတ် (စက်တင်ဘာ-ဒီဇ

www.burmeseclassic.com



# တော်လှန်ရေးပန်းခြံတွင် အောင်မြေနင်းခဲ့စဉ်က
## ဗိုလ်တိုက်စိုး (အောင်ဆန်းမြို့)

လွန်ခဲ့သော ၂၅ နှစ်က နောက်ကြောင်းကို ပြန်ပြောင်း၍ သတိရမိပါတော့သည်။ ထိုနေ့ကား ၁၉၄၅ ခု ဓတ်လ (၁၇) ရက်နေ့၊ ရန်ကုန်မြို့ ဦးဝိစာရလမ်းနှင့် အောင်ဒရီလမ်းထောင့်ရှိ ကစားကွင်းကြီးကား စိမ်းလန်းသော မြက်ခင်းပင်များ ဖုံးအုပ်နေ၏။ ဆောင်းရာသီ မြက်ခင်း၏ နှင်းငွေ့များ မှုန်မှိုင်းမှိုင်းရှိ၏။ နှင်းမှုံတဖွဲဖွဲ ကျနေ၍ အထက်ကောင်းကင်၌ အုံ့အုံ့ဆိုင်းဆိုင်းဖြင့် ရှုခင်းရှုကွက်ကို တရေးရေးမျှသာ မြင်ရ၏။

ကွင်းကြီးထဲမှာကား ရန်ကုန်နေပြည်တော် အတွင်းရှိ ဗော့တပ်မတော်များ စုရုံး တန်းစီရန် နေရာများ၊ အကန့်အကန့် မှတ်သားမျဉ်းများ၊ မှတ်တိုင်များ ဆိုင်ရာဆိုင်ရာ တပ်ရင်းအလံများ အစီအရီဖြင့် တွေ့ရ၏။ ကွင်းကြီး၏ အလယ်၊ ဦးဝိစာရလမ်းဘက် ခပ်ယွန်းယွန်း ပေ ၄၀ ခန့်အကွာ တစ်နေရာတွင် စင်မြင့်တစ်ခု တွေ့ရ၏။

၁၂ ပေပတ်လည် အကျယ်အဝန်း၊ အမြင့် ၃ပေ ရှိသော စင်မြင့်ခုံတစ်ခုရှိ၏။ ကြမ်းခင်းမှအထက် ၂ ပေ ဆင့်၍ လက်တန်း လက်ရန်း ဝရန်တာတိုင်ငယ်များ ဆေးဖြူသုတ်၍ စိုက်ထား၏။ ပိုးကျစ်ကြိုးဖြူကလေးများလည်း သွယ်တန်းထား၏။ စင်မြင့်၏ အရှေ့ဘက် ပေကျယ် လှေကားငယ်တစ်ခု တပ်ဆင်ထား၏။ လှေကားလက်တန်းများလည်း ဆေးဖြူသုတ်ထား၏။ လှေကားနေရာမှသာ ဝရန်တာ လက်တန်း မရှိဘဲ စင်မြင့်ခုံတက်လမ်းအဖြစ် ဖွင့်လှစ်ထား၏။

စင်မြင့်ကြမ်းခင်း ပျဉ်ပေါ်တွင်လည်း ခန်းလုံးပြည့် ကော်ဇောနီကြီး ခင်းထား၏။ စင်မြင့်အလယ်ရှိ စားပွဲကြီး တစ်လုံးပေါ်မှာလည်း ငွေဖလားကြီး ၃ လုံးဖြင့် နှင်းဆီပွင့်နီနီရဲရဲကြီး အခိုင်လိုက်အတွဲလိုက် စိုက်ထူထားသဖြင့် စိမ်းရောင်များကလည်း တလွင့်လွင့်ရှိနေတော့၏။ ဖန်ရေချိုင့် ၂ ခုနှင့် ရွှေဖလားထည့်ထားသော ငွေလင်ပန်းများကလည်း စားပွဲပေါ်တွင် အစီအရီဖြင့် ရှိ၏။ စားပွဲကြီးနှင့် ယှဉ်လျက် ကုလားထိုင်ကြီး ၃ လုံးကို တစ်တန်းတည်းချထား၏။ နောက်နားမှာကား စကားပြန်ထိုင်ရန် ကုလားထိုင်ငယ်တစ်လုံး ခွဲခြား၍ထားရှိ၏။ အသီးသီးသော ကုလားထိုင်များမှာကား စကားပြောခွက်များ အသင့်ပြောရန် တပ်ဆင်ထားလေသည်။ စင်မြင့်နှင့် ၆ ပေအကွာ၌ အလံတိုင်တစ်ခု စိုက်ထူထား၏။

အလံတိုင်အမြင့် ၁၅ ပေရှိ၏။ ထိပ်ဖျားတွင် ပွတ်လုံးဆင့်ထားပြီး တစ်တိုင်လုံး ဆေးဖြူသုတ်ထား၏။ တိုင်ထိပ်တွင် ဆေးနီ သုတ်ထားသော အချင်း ၃ လက်မရှိ စက်သီးငယ်တစ်ခု တပ်ဆင်ထား၏။ စက်သီး၌

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တစ်ချက်တွင် ငါးပဲ လုံးခန့်ရှိ ပိုးကျစ်ကြိုး အစိမ်းရောင်ရင့်ရင့် တစ်ဖက်ကြိုးစ တစ်စစီ၊ စက်သီးငယ်နှင့် ကပ်လျက်ရှိသည့် ကြိုးစတွင် နိုင်ငံတော်အလံကို အလိုက်သင့်ခေါက်၍ ချည်ထား၏။ အခြားကြိုးစ ကားတိုင်ခြေ မြေပြင်မှ ၆ ပေအမြင့်၌ အသင့်ကြိုးစကို ဆွဲ၍ အလံတော်လွှင့်ရန် အသင့် 'ကွင်းလျှော'ချည်ထား၏။

အလံတိုင်နှင့် စင်မြင့်အား မျက်နှာမူ၍ နောက်ဘက် ၆ ပေ အကွာတွင် အမိုးမပါ အကာကို ရာဇမတ်ဝါးကပ်လေးထောင့်ကွက်များဖြင့် မဏ္ဍာပ်ငယ် တစ်ခုရှိ၏။ ဆေးဖြူများသုတ်ထား၏။ ဦးဝိစာရလမ်း အဝင်ပေါက်မှ အလံတိုင်နှင့် စင်မြင့်အထိ သဲဖြူလမ်းခင်းထား၏။ ရာဇမတ်ဝါးကပ်လေးထောင့်ကွက်များကိုလည်း ၃ ပေမြင့်ထိ သဲလမ်းကို ကာရံထား၏။ သတ်မှတ်လမ်း၊ သီးသန့်လူဝင်လမ်းအဖြစ် ဖွင့်လှစ်ထားရှိ၏။

အလံတိုင်၏ တစ်ဖက်တစ်ချက် ၃ ပေအကွာ တိုင်ခြေရင်း၌ စစ်ယူနီဖောင်းဝတ်စုံ ဝတ်ထားသော ရဲဘော်ကြီး နှစ်ယောက်သည် စစ်သားပီပီ ခံ့ခံ့ညားညား မားမားမတ်မတ်ရပ်လျက်ရှိ၏။ ရဲဘော်တို့ကား အနီးရှိစကားပြောခွက်မှ သတ်မှတ်သောအချိန်ရောက်သည်နှင့် အစီအစဉ်များ ပြောသွားရန်နှင့် အလံတော်လွှင့်ရန် အသင့်စောင့်မျှော်လျက်ရှိကြတော့၏။

ထိုနေ့ ဆောင်းရာသီ နံနက်ခင်းသည် တဖြည်းဖြည်းနှင့် နံနက် ၇နာရီခန့်သို့ ရောက်သောအခါ တက်လာသော နေရောင်ဖြင့် နှင်းဖွဲနှင်းငွေ့များ တရွေ့ရွေ့ လွင့်ပျောက်စ ပြုလေပြီ။ ထိုအချိန်တွင် ကစားကွင်းကြီးသို့ ရှေ့ရှူ၍ချီတက်လာကြသော တပ်အသီးသီးတို့သည် ဘောင်ဒရီလမ်းနှင့် ဦးဝိစာရလမ်း နှစ်ဖက် သတ်မှတ်ထားသော ဝင်ပေါက်များမှ ဝင်လာကြ၏။ နေရာယူကြ၏။ ထိုစဉ်က ချီတက်လာသော ရန်ကုန်၌ရှိ တပ်ပေါင်းစုကား ...'

၁။ ခြေလျင်တပ်ရင်းများ
၂။ စက်မှုလက်မှုတပ်ရင်း
၃။ လေ့ကျင့်ရေးတပ်
၄။ သယ်ယူပို့ဆောင်ရေးတပ်
၅။ ရိက္ခာဖြည့်တင်းရေးတပ်
၆။ အချက်ပြ ဆက်သွယ်ရေးတပ်
၇။ စက်အမြောက်တပ်
၈။ အမြောက်ကြီးတပ်
၉။ စစ်ဝန်ကြီး ကင်းတပ်
၁၀။ စစ်သမီးတပ်ဖွဲ့များ ပါဝင်ကြ၏။

ထိုသို့ချီတက်ကြ၊ စုရုံးကြ၊ အမိန့်ပေးကြသည့် အသံများဖြင့် သတ်မှတ်နေရာများတွင် နေရာယူကြ၏။ စစ်သံပေး၍ စစ်ရေးပြကြသည့်အတိုင်း မြင်ရသူများပင် စစ်သွေးတကြွကြွရှိကြသည်ကို မြင်ယောင်ကြားယောင် ဖြစ်ပါတော့သည်။

တပ်များ၏ ရှေ့မျက်နှာစာ မျက်နှာမူရာဘက်တွင် တစ်စတစ်စတက်လာသော နေရောင်အားဖြင့် ကွဲသွားသော နှင်းငွေ့တဝေဝေကြားမှ ရွှေတိဂုံဘုရားကြီးအား စိတ်အာရုံပြုလျက် ဖူးမျှော်ကြ၏။ ကန်တော့ကြ၏။

ထိုအချိန်ကပင် စတင်၍ တပ်ပေါင်းအား ဦးစီး ချီတက်မည့် ဦးစီးဗိုလ်မှူးသည် တပ်များကို တပ်ဖွဲ့ အလိုက် တစ်တပ်စီ အလေးပြုခြင်း၊ တပ်အပ်ခြင်း သတင်းပို့ခြင်း အားဖြင့် တပ်များကို လက်ခံပြီး မိမိဆော ရှိ စကားပြောခွက်မှ စစ်ထွက်အခမ်းအနား အစီအစဉ်ကို ပြောကြားပါသည်။

**စစ်ထွက်အခမ်းအနား အစီစဉ်**

၁။ ၈ နာရီ စစ်သေနာပတိချုပ်နှင့် အဖွဲ့ ကြွလာမည်။
(ကြိုဆိုရေးအဖွဲ့မှ ကြိုဆိုမည်)
၂။ ဆက်၍ အဖွဲ့အလံတိုင်သို့ ရှေးရှုလာမည်။
(ကောင်းကင်ယံ လေတပ်မှ အလေးပြုမည်)
၃။ အလံတော်လွှင့်တင်မည်။
၄။ အလံတော်အလေးပြုရန် အမိန့်ပေးမည်။
(တပ်မတော် တီးဝိုင်းဖြင့် တီးမှုတ်အလေးပြုမည်)
(ဗိုလ်များ ဓားထုတ်၊ ရဲဘော်များ လုံ့စွပ်တပ် သေနတ်နှင့် အလေးပြုရမည်)
၅။ အဖွဲ့စင်မြင့်သို့လာမည်။
၆။ စစ်သေနာပတိချုပ်အား အလေးပြုမည်၊ တပ်အ မည်။
၇။ မိန့်ခွန်းမြွက်ကြားမည်။
ပထမစစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း
. စစ်သေနာပတိချုပ် ဒေါက်တာဘမော်

www.burmeseclassic.com

www.burmeseclassic.com





ဂျပန် စစ်သေနာပတိမေဂျာဂျင်နရယ်ဆာကူရိုင်း တပ်ပေါင်းချီတက်ခွင့် တောင်းမည်။ အလေးပြုမည်။

တပ်ပေါင်းချီတက်မည်။

အခမ်းအနား ရုပ်သိမ်းမည်။

သို့ အခမ်းအနား အစီအစဉ် ပြောကြားစဉ်မှာ ပင် စာရ လမ်းဘက်မှလည်းကောင်း၊ ဘောင်ဒရီ ဘက်မှလည်းကောင်း၊ အလံနီ၊ အလံပြာ တပ်ဆင် သော ကားငယ်များတစ်စီးပြီးတစ်စီး ဖြည်းညင်းစွာ လာကြ၏။ ကြိုဆိုကြ၏။ မဏ္ဍပ်သို့ ဖိတ်ခေါ်ကြ နေရာချထားကြ၏။

စားကွင်းကြီး ဘေးပတ်ဝန်းကျင်မှာကား နမြို့တော် ပြည်သူလူထုကြီးသည် တလှုပ်လှုပ် အရပ်လေးမျက်နှာမှ စုရုံးရောက်ရှိလာကြ၏။ ထို အထဲမှ အမျိုးသမီးထုကား အောင်သပြေပန်း၊ ရေချမ်းအိုးများကို အသင့်ကိုင်ဆောင်ထားကြ၏။ လည်း ငွေဖလား၊ ရွှေဖလားကြီးများတွင် အောင် ခက်များဖြင့် အသင့်စောင့်ကြ၏။ အချို့မှာလည်း ရသာ စားမြိန်ထုပ်များ၊ ခြင်းကြီး ခြင်းငယ်ဖြင့် ၍ အသင့်စောင့်လင့်ကြ၏။

## တလူလူနှင့် ကားကြီးများ

နံနက် ၈ နာရီထိုးရန် ၁၁ မိနစ်ခန့်အလိုတွင် ဒရီလမ်းဘက်မှ ဘယ်ကွေ့ပြီး ဦးဝိစာရလမ်းဘက် ရှု၍ အဆက်မပြတ် တီးလာသော ဟွန်းသံနှင့် နှောင်းဝင်လာသော ရှေ့ပြေးမော်တော်ဆိုင်ကယ် နောက်မှ

ရှေ့ပြေးစစ်ဌာနချုပ် ဦးစီးအရာရှိ၏ အလံပြာ တပ်ဆင်ထားသောကား

မာနိုင်ငံ ဗမာ့တပ်မတော် စစ်သေနာပတိ၏ကား။ (သုံးရောင်ခြယ်အလံနှင့် ငှင်းအလံအထက်မှ ကြိုဂံ မှ သုံးရောင်ခြယ်အလယ်တွင် ဒေါင်းရုပ်ပါသော ဒေါင်းအလံ) အလံ ၂ ဆင့်တပ်ထားသည်။

မာနိုင်ငံ၊ ဗမာ့တပ်မတော် စစ်သေနာပတိချုပ်၏ ကား (အစိုးရအဖွဲ့ဒေါင်းလံ၊ ကြိုဂံသုံးရောင်ခြယ် အလံ၊ အလယ်တွင် ဒေါင်းရုပ်ပါသော ဒေါင်းလံနှင့် ငှင်းအလံ (၂)ဆင့်အောက်မှ သုံးရောင်ခြယ်အလံ ရိုးရိုးအားဖြင့် အလံ (၃)ဆင့်တပ်ထားသည်)

ထိုကား ၄စီးနှင့် နောက်မှ ကိုယ်ရံတော်ကားများ အလံတလူလူ တလွင့်လွင့်ဖြင့် တစ်စီးပြီး တစ်စီး ဖြည်းညင်းစွာ မောင်းနှင်၍ ဝင်လာသည်။

အသင့်စောင့်ကြိုနေကြသော စစ်ဝန်ကြီးရုံး၊ စစ်ဌာနချုပ်ရုံး၊ ဂျပန်စစ်ဌာနချုပ်ရုံးများမှ ဗမာနှင့် ဂျပန် စစ်ဦးစီး အရာရှိချုပ်များ ဗိုလ်မှူးကြီးများက အလေးပြုကြ၏။ ကြိုဆိုကြ၏။ နှုတ်ဆက်ကြ၏။ ထိုမှ ဆက်၍အဖွဲ့သည် ရာဇမတ်ကာ သဲလမ်းမှ အလံတိုင်သို့လျှောက်လာကြ၏။ အလံတိုင်အနီးတွင် မတ်တတ်ရပ်ကြ၏။

ထိုစဉ်ခဏတွင် ကောင်းကင်ယံ လေတပ်မှ အလေးပြုကြ၏။

## လေကြောင်းအလေးပြုပုံ

အထက်ကောင်းကင်မှ လေ တပ်မတော် တိုက်လေယာဉ် ၁၆ စင်းသည် တဝီဝီတစီစီဖြင့် ရွှေတိဂုံဘုရားကြီးကို ဦးတည်၍အနောက်မှ အရှေ့သို့လည်းကောင်း၊ တောင်မှ မြောက်သို့လည်းကောင်း၊ အထက်မှ အောက် အနိမ့် ဆင်း၍လည်းကောင်း၊စတုရန်းကွက် ပုံသဏ္ဍာန်၊ နန္ဒင်းမကင်းကွက်ပုံသဏ္ဍာန်၊ မြားဦးပုံသဏ္ဍာန်၊ မြား ၁စင်း၊ မြား ၂စင်း စသည်ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲ၍ ပျံဝဲပြီး စစ်မြေပြင်ထွက်မည့် တပ်ပေါင်းအား အလေးပြုကြပါသည်။ လေယာဉ်သံရပ်စဲသွားသည်နှင့် တပ်ပေါင်း၏ ညာဘက်အစွန်ဆုံးရှိ ဦးစီးဗိုလ်မှူးသည် ဓားအိမ်မှ ဓား ထုတ်၍ ...

"ဗမာနိုင်ငံတော် တပ်ပေါင်း၊ သတိ ... လုံ့စွပ်တပ်" ဟူ၍ အမိန့်ပေးလိုက်သည်တွင် ...

အလံတိုင်မှ ရဲဘော် ၂ ဦးသည် ကြိုးစကို ဆွဲဖွင့်၍ အလံတော်ကို လွှင့်လိုက်ပါသည်။

တပ်ဗိုလ်များက ဓားအိမ်မှ ဓားထုတ်၍ အသင့်ရှိကြပါသည်။ တပ်သားများကလည်း လုံ့စွပ်အိမ်မှ လုံ့စွပ် ထုတ်၍ အသင့်ရှိကြပါသည်။ တပ်ဗိုလ်များ၏ ခါးပန်း မွှားကြိုး အပြာရောင် အနီရောင်ကလေးများကလည်း တလွင့်လွင့်၊ ဓားရောင်လုံ့စွပ်ရောင်တို့ကလည်း တက်လာသော နေရောင်ဖြင့် တပြောင်ပြောင် တလက်လက်

www.burmeseclassic.com

www.burmeseclassic.com



အရှောင်ထွက်နေသည်မှာ စစ်ချီတက်မည့် အရေးစစ်သွေး စစ်မာန်တကြွကြွဖြစ်စေပါတော့သည်။

## ထိုခေတ်အလေးပြုပုံ

"ဗမာနိုင်ငံတော်တပ်ပေါင်း... နိုင်ငံတော်အလံကို အလေးပြု" ဟု အမိန့်ပေးလိုက်သည်နှင့် နိုင်ငံတော်သီချင်း တီးမှုတ်၍ တစ်ကွင်းလုံး အလေးပြုလိုက်ကြပါသည်။ အသံရပ်စဲသည်နှင့် ...

'တပ်ပေါင်းနေမြဲ' ဟူ၍ အမိန့်ပေးလိုက်ပါသည်။ အဖွဲ့သည် စင်မြင့်သို့သွား၍ မတ်မတ်ရပ်လိုက်သည်နှင့် ဗမာနိုင်ငံတပ်ပေါင်း စစ်သေနာပတိချုပ်အား အလေးပြုရန် ညာ ...ကြည့်' ဟူ၍ အမိန့်ပေးလိုက်ရာ တပ်ဗိုလ်များက ဓားဝင့်၍လည်းကောင်း၊ တပ်သားများက လှံစွပ်တပ်သေနတ်ဖြင့်လည်းကောင်း၊ မဏ္ဍပ်တွင်းမှလည်း ထုံးတမ်းစဉ်လာအရလည်းကောင်း တညီတညွတ်တည်း အလေးပြုလိုက်ကြပါသည်။ အလေးပြုပြီးနောက် ...

'တပ်ပေါင်း ... နေမြဲ'

'ရန်အောင်ဗိုလ်မှူး၊ ဒုစစ်ဦးစီးဗိုလ်ချုပ်၊ ဗမာနိုင်ငံတော်တပ်ပေါင်း အောင်မြေနင်းရန် အသင့်'ဟူ၍ တစ်ဆက်တည်း တပ်အပ် သတင်းပို့လိုက်ပါသည်။

ထိုမှဆက်လျက် ... 'တပ်ပေါင်း...သက်သာ'ဟူ၍ ထပ်ဆင့် အမိန့်ပေးလိုက်သည်နှင့် စစ်သေနာပတိချုပ်နှင့် အဖွဲ့သည် စစ်မြင့်ပေါ်ရှိ ကုလားထိုင်များတွင် ထိုင်ကြ၏။ ထိုင်နေသူများမှ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်သေနာပတိချုပ်အား အလေးပြု ခွင့်ပန်၍ စစ်ထွက် မိန့်ခွန်းမြွက် ကြားပါသည်။

## စစ်ထွက်မိန့်ခွန်း

ရဲဘော်တို့ ...

"ကျုပ်အကျယ်ချဲ့ပြီး ရှည်ရှည် မပြောလိုဘူး၊ ခုဒီနေရာမှာလာပြီး အောင်မြေရယ်လို့ နင်းကြတယ်။ အောင်မြင်မယ့်နိမိတ်လို့ဆိုရမယ်။ အောင်မြေနင်းတာ ဘာအတွက်လဲဆိုရင် ရန်သူကို တိုက်ဖို့၊ ရန်သူကို အောင်မြင်အောင်တိုက်ဖို့ နင်းတယ်ဆိုတာ နားလည်ပြီး ဖြစ်ကြမှာပါပဲ။

အောင်မြေနင်းပြီး စစ်မြေပြင်ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အအိပ်အစား၊ အသွားအလာ အစစ အရာရာ ဆင်းရဲမယ်။ ဒီဆင်းရဲတွေ ခံနိုင်မှ ကျော်လွှားနိုင်မှ စစ်မြေပြင်ထွက် စစ်တိုက်တာဟာ အောင်မြင်နိုင်မယ်ဆိုတာ သတိပြုရမယ်။

ဒီတော့ အဲဒီအဆင်းရဲတွေကို ဂရုမစိုက်ဘဲ ရင်မြဲ ကတုတ်ထားပြီး ဗမာပီပီ ဗမာသွေးပြပြီး၊ ဒီအောင်ပွဲကို ရအောင် ကြိုးစားတိုက်ကြ။ အထက်ဗိုလ်များရဲ့ အမိန့်နာခံကြ၊ အထက်ဗိုလ်များကလည်း သာသာညီညီ မျှမျှတတ ဆင်းရဲအတူတူ ငတ်အတူတူ ရဲဘော်စိတ်နဲ့ အောင်မြင်အောင်ကြိုးစားကြဖို့ ကျုပ်တိုက်တွန်းလိုတယ်။ ကျုပ်ကိုယ်တိုင်လည်း စစ်မြေပြင်ထွက်တိုက်မယ်၊ ရဲဘော်တို့နဲ့အတူ အဆင်းရဲခံမယ် ဒါပဲ"

ဟူ၍ မိန့်ခွန်းပြောပြီးနောက် ဆက်လက်၍

စစ်သေနာပတိချုပ်နှင့် ဂျပန်စစ်သေနာပတိတို့လည်း မိန့်ခွန်းပြောကြားကြပါသည်။

မှတ်ချက် ။။ (ဂျပန်စစ်သေနာပတိ မိန့်ခွန်းကို စကားပြန်မှ တစ်ဆက်တည်း ဗမာလို ပြန်ကြားပါသည်)

ထိုသို့ မိန့်ခွန်းပြောကြားပြီးနောက် နိုင်ငံတော် စစ်သေနာပတိချုပ်သည် နေရာမှ စင်မြင့်ရှေ့ မတ်တပ်ရပ်လိုက်သည်နှင့် တစ်ကွင်းလုံး သတိပြု မတ်တတ်ရပ်လျက်ရှိစဉ် ဦးစီး ဗိုလ်မှူးမှ

ဗမာနိုင်ငံတော် တပ်ပေါင်း သတိ၊ စစ်သေနာပတိချုပ်အား အလေးပြုရန် ညာကြည့်' ဟု အမိန့်ပေးလိုက်သည်နှင့် တပ်များနှင့်တကွ အားလုံးမှာ အလေးပြုကြပါသည်။ ထိုနောက် 'နေ ... မြဲ'ဟူသော အသံနှင့် တစ်ဆက်တည်းပင် တပ်ပေါင်း ဦးစီး ဗိုလ်မှူးမှ အလေးပြုလျက် ...

တပ်ပေါင်းစစ်မြေပြင် ချီတက်ခွင့် ပြုပါဟူ၍ ခွင့်တောင်း အလေးပြုပြီးနောက် အဖွဲ့သည် စင်မြင့်မှ လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားကြပါသည်။

ထိုနောက် ဗိုလ်မှူးရန်အောင်သည် မြင်းစီး၍ စင်မြင့်ဘေးရှိ အလံတိုင်အနီးမှ ...

'ဗမာနိုင်ငံတော် တပ်ပေါင်း သတိ၊ မြို့လှည့် ချီတက်' ဟူ၍ အမိန့်ပေးပြီးလျှင် မိမိကိုယ်တိုင် ဓား ဓားအိမ်တွင်း သွင်းပြီး ရှေ့မှ ချီတက်ပါသည်။ နေ တပ်ပေါင်းသည် အစီအစဉ်ကြေညာသည့်အတိုင်း လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ ချီတက်ကြပါသည်။

မြို့တော်လူထုကြီးမှ ဆန်ပန်းပေါက်ပေါက် ကြဲဖြန့်၍လည်းကောင်း၊ အောင်သပြေပန်း၊ အောင်ရေချမ်းပက်ဖျန်း၍လည်းကောင်း၊ စားရိက္ခာထုပ်များ ဝေငှကမ်းလှမ်း၍လည်းကောင်း အားပေးကြ၏။ ချီးမြှောက်ကြ၏။ ဝမ်းသာစွာ နှုတ်ဆက်ကြ၏။ နောက်ဆုံး လူထုကြီးမှ လက်ရုံး လက်မောင်းတန်း၍ 'ဗမာ့တပ်မတော် အောင်ရမည်၊ ဗမာ့တပ်မတော် အောင်ရမည်' ဟူ၍ ဗမာ့သွေးအာဇာနည်ဖြင့် ဟစ်အော်ကြွေးကြော်ပြီး အားပေးလိုက်ကြပါသည်။

လွန်ခဲ့သော ၂၅ နှစ်က ထိုအဖြစ်ကို ယနေ့ပြန်လည်မြင်ယောင်မိပါတော့သည်။ တပ်မတော်နဲ့ လူထု၊ လူထုနဲ့ တပ်မတော် တစ်သွေးတည်း တစ်သားတည်း စည်းလုံးခဲ့၊ ညီညွတ်ခဲ့၊ သွေးစည်းခဲ့ကြပါသည်။ တစ်နိုင်ငံလုံး စည်းလုံးညီညွတ်မှုဖြင့် အောင်ပွဲရခဲ့ကြပါသည်။ ထို့အတူပင် တော်လှန်ရေးအစိုးရမှ ယခုချီတက်လျက်ရှိသည့် ဆိုရှယ်လစ်ဘဝသစ်ခရီးကိုလည်း ဟိုယခင်က စည်းလုံးခဲ့၊ ညီညွတ်ခဲ့၊ သွေးစည်းခဲ့တဲ့ တိုင်းရင်းသား စိတ်ရင်းဖြင့်လည်းကောင်း၊ ဇွဲစိတ်ဓာတ်၊ သတ္တိ၊ သစ္စာ၊ ဝိရိယတို့ဖြင့်လည်းကောင်း တစ်နိုင်ငံလုံး စည်းလုံးညီညွတ်စွာဖြင့် ချီတက်ကြပါစို့။ ။

သင်တို့နှင့်အတူ

ဗိုလ်တိုက်စိုး(အောင်ဆန်းမြို့)

၁၇-၃-၇၀

ပြည်သူ့ကြယ်၊ အမှတ် ၁၇ (၁-၄-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းမိသားစုနှင့် ကျွန်တော်

## ဦးဖေသိန်း (အောင်ဆန်းမြို့)

တိုင်းပြည်လွတ်လပ်ရေးရဖို့အတွက် ကြိုးပမ်းကြရာမှာ ကိုယ်တိုင်ပါဝင်လှုပ်ရှားခဲ့ကြသည့် ပုဂ္ဂိုလ်တော်တော်များများတို့သည် မိမိတို့၏ အတွေ့အကြုံများကို အခြေခံပြီး ဆောင်းပါးရှည်များ၊ သို့မဟုတ် ဝတ္ထုရှည်များ ရေးသားခဲ့ကြပြီးဖြစ်ပါသည်။ ရေးသားကြဆဲလည်း ရှိပါသည်။ ဤသို့ မှတ်တမ်းတင် ရေးသားကြသူတွေ ရှိကြသဖြင့် လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်မှာ ပါဝင်ဆင်နွှဲခဲ့ကြပြီး အသက်မသေဘဲ ကျန်ရစ်နေခဲ့သော ရဲဘော်ရဲဘက်များအနေဖြင့် မိမိတို့၏ တိုင်းပြည်အတွက် အနစ်နာခံမှုနှင့် စွန့်လွှတ်ရမှုများကို ပြန်ပြောင်းသတိရရင်း ပီတိဖြစ်ကြရသည့်နည်းတူ နောင်းလူများအနေနှင့်လည်း မိမိတို့၏ဖခင်များ၊ ဦးကြီး၊ ဦးလေးများ၊ အစ်ကိုကြီးများသည် တိုင်းပြည်လွတ်လပ်ရေးအတွက် အိုးပစ်အိမ်ပစ်၊ သားပစ်၊ မယားပစ်၊ စည်းစိမ်ပစ်၊ အစာငတ်ခံ၊ အနှိပ်စက်ခံ စသည့် ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ပြီး ကြိုးပမ်းခဲ့ကြပုံတွေကို သိရှိခွင့်ရကြပါသည်။ အကျိုးဆက်အားဖြင့် အားကျဂုဏ်ယူလိုစိတ်၊ လွတ်လပ်ရေးကြီးအစွန့်ရှည်စွာ တည်မြဲနေအောင် ထိန်းသိမ်းလိုစိတ်၊ အာဇာနည်စိတ်တွေ ပွားများလာနိုင်ကြမည်ဖြစ်ပါသည်။ လွန်စွာ ကောင်းပါ၏။ ထိုသို့သော စာပေများကို အမြဲ ကြိုဆိုနေပါ၏။

သမိုင်းကြောင်းဖြစ်ရပ်များကို ပြန်ပြောင်းသတိရပြီး ရေးသားကြရာတွင် လွန်ခဲ့သည့် နှစ်ပေါင်း (၃၀)ဝတ် ဝန်းကျင်မှ အဖြစ်အပျက်များဖြစ်ခဲ့လေရာ အသေးစိတ် ရေးသားသည့်အခါတွင် နှစ်ကြာညောင်းသည်နှင့်အညီ သတိချွတ်ယွင်း၍ တိမ်းစောင်းမှု၊ ချွတ်ချော်လွဲမှား တချို့တလေရှိမည်မှာ သေချာပါသည်။ ခံယူသုံးသပ် ပိုင်းကို ဆိုရလျှင်လည်း အတူတကွ လက်တွဲဆောင်ရွက် ခဲ့ကြသူအချင်းချင်းအတွင်းမှာပင် သဘောချင်း မတိုက် ဆိုင်မှုတွေ ရှိကြမှာ မုချပင်ဖြစ်ပါသည်။

အထူးသဖြင့် နိုင်ငံရေးအမြင်တွင် တစ်ဖက်တစ် လမ်းစီဖြစ်နေကြသူများ ကြားမှာမူကား ဆိုဖွယ်မရှိတော့ ချေ။ သူ့ဘက်ကိုယ့်ဘက် တင်ပြစရာများ ရှိကြမှာ အမှန် ပင်ဖြစ်ပါသည်။ ကျွန်တော်သည် စာဖတ်ပရိသတ်တစ်ဦး အဖြစ်နှင့် ဆန္ဒပြုရလျှင် မပြောပလောက်သည့် ချွတ် ချော်တိမ်းပါးမှုတို့ကို ခွင့်လွှတ်သင့်သည်ထင်ပါသည်။

ဤဆောင်းပါးသည် ထိုသို့ ကွဲလွဲချက်ရှိသည့် အရေးအသားပေါ် အခြေပြုဖြစ်ပေါ်လာသည့် ဆောင်း ဖြစ်ပါသည်။ တစ်နေ့တွင် အလုပ်ခွင်တစ်ခုထဲ၌ နှစ် ပေါင်းများစွာ အတူလုပ်ကိုင်နေဖက် သင်တန်းဆရာချင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ရဲဘော်ကိုဖေသည် ဩဂုတ်လထုတ် မြဝတီ မဂ္ဂဇင်းကို ကိုင်လာပြီး စာရေးဆရာမြလှိုင် ရေးသားသည့် “ဘဝတစ်ကွေ့မှ အတွေ့အကြုံများ” တွင် ပါဝင်သည့် အချက်အချို့ကို ဘဝင်မကျ၊ မကျေနပ်ကြောင်း ဖွင့်ဟ ပါသည်။

ရဲဘော်ကိုဖေမှာ ဖက်ဆစ်တော်လှန်ရေး မတိုင်မီ (၁) ရက်အလိုတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်နှင့်အဖွဲ့ ဖျာပုံဘက်သို့ တိမ်းရှောင်ခရီး ထွက်ရာ၌ တာဝန်ယူဆောင်ရွက်ခဲ့ရသူ ဗိုလ်ချုပ်အောင်ဆန်း၏ လက်စွဲတော်ကြီးဖြစ်ပါသည်။

ရဲဘော်ကိုဖေက “ကြည့်ပါဦး ဆရာရယ် ... ဂျပန် တော်လှန်ရေးလုပ်လုဆဲဆဲမှာ ဗိုလ်ချုပ်ကတော် ဒေါ်ခင် ကြည်တို့ ဖျာပုံဘက် ခရီးထွက်ကြရာမှာ အိမ်ထောင် ပြောင်းတမျှ ပစ္စည်းတွေပါသတဲ့၊ လူလေးငါးယောက် သယ်ရတာ ပခုံးသားနီလန်သတဲ့။ သနပ်ခါးတောင်း၊ သေတ္တာ၊ ကလေးကစားစရာတွေ ပါတယ်တဲ့” ဟု ပြောကြားပါသည်။

ထိုအခါ ဆောင်းပါးရှင်က “အဲဒါ ဘာဖြစ်တုံး... နေရာက တစ်နေရာကို ပြောင်းရွှေ့ရင် ဒါတွေ ပါရမှာ တခြားပရိဘောဂတွေ ပါသေးသတဲ့လား” ဟု ပြန် လိုက်မိသည်။

“ဘယ်ပါပါ့မလဲဆရာရယ် ... သွားကြရတာက သိပ်သိပ် လျှို့ဝှက်သွားကြရတာပါ။ ခရီးသွားတွေ နိုင်တစ်ရွက်စီပဲ ပါကြတာပါ။ မြောင်းမြကို ခဏ ဖြတ် အလည်အပတ်သွားဟန်မျိုး သွားခဲ့ကြတာပါ” ဟု ရဲဘော်ကိုဖေက ဆက်လက်ပြောကြားပါသည်။

ထိုစဉ်က ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်တို့ ခရီး ရုံနှင့်ပတ်သက်၍ ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူ ကြသူ ရဲဘော်ကိုဖေ၏ ပြောပြချက်အသေးစိတ်ကို ပါအတိုင်း တစ်ဆင့် ဖော်သည်ချလိုက်ရပါ သည်။

× × ×

နေ့ရက်ကတော့ ၁၉၄၅ ခု၊ မတ်လ ၁၆ ရက်နေ့ ပါသည်။ ညနေပိုင်းလောက်မှာ ဗိုလ်ချုပ်အောင်ဆန်း ကျွန်တော့်ကိုခေါ်ပြီး ...

“မင်း ဆောင်ရွက်ရမယ့်တာဝန်တွေ အသင့်ဖြစ်ပြီ လား” ဟု မေးပါသည်။

“ပြီးပါပြီ ဗိုလ်ချုပ်” ကျွန်တော်က ခြေစုံရပ်ပြီး ဖြေ လိုက်ပါသည်။

“အေး .. နောက်ထပ်ပေးမယ့် တာဝန်ကို မင်းခေါင် ပြောလိမ့်မယ်။ သူနဲ့သွားတွေ့” ဟု ခပ်ပြတ်ပြတ်ပင် အမိန့်ပေး ပြောဆိုပါသည်။

ဗိုလ်ချုပ်ကို အလေးပြုပြီး ဗိုလ်မင်းခေါင်ဆီ လှည့် ထွက်ခဲ့ပါသည်။ ဗိုလ်ချုပ်မေးသော (မင်း ဆောင်ရွက်ရ မယ့် တာဝန်တွေဆိုသည်မှာ) ဗိုလ်ချုပ်တို့ ၁၇ ရက်နေ့ မှာ ရန်သူတွေကိုတိုက်ဖို့ စစ်ထွက်ကြတော့မည်ဖြစ်ရာ အိမ်စောင့်အဖြစ် ကျန်ရစ်နေခဲ့ကြရမည့် ရဲဘော်များ အတွက် ရိက္ခာစုဆောင်းရေးတာဝန် ဖြစ်ပါသည်။

ဗိုလ်မင်းခေါင်ထံ သွားနေစဉ် ကျွန်တော့်စိတ်ထဲ မရှင်းလင်းသည့် ခံစားမှုတစ်ရပ် ဖြစ်နေပါသည်။ ဗိုလ် ချုပ်က သူ စစ်ထွက်သည့်အခါ ကျွန်တော့်ကိုပါ ခေါ်သွား မည်ဟု ပြောဖူးသည့်အတွက် ထိုအစီအစဉ် ပျက်သွား မည်လားဟု စိုးရိမ်ခြင်းဖြစ်ပါသည်။ ဗိုလ်မင်းခေါင်ထံ သတင်းပို့ရသည့်အခါတွင် ကျွန်တော်စိုးရိမ်သည့်အတိုင်း ပင် ဖြစ်ပါတော့သည်။

ဗိုလ်မင်းခေါင်က “တို့ ဒီအိမ်မှာရှိတဲ့ ရဲဘော်တွေနဲ့ ပတ်သက်တဲ့ နောက်ဆုံးအစီအစဉ်ကတော့ (၃)စုခွဲမယ်။ တစ်စုက ဗိုလ်ချုပ်နဲ့ လိုက်ရမယ်။ တစ်စုက ဒီအိမ်ကို စောင့်ကြပ်ဖို့ တာဝန်ယူရမယ်။ နောက်တစ်စုက ဗိုလ်ချုပ် ကတော် ဒေါ်ခင်ကြည်တို့ ဖျာပုံဘက် ခရီးထွက်တာ လိုက်ပို့ရမယ်။ မင်းရယ်၊ ဗိုလ်ကျော်ရယ်၊ ကိုသာဆန်း ရယ်၊ မောင်ဘမောင်ရယ်က ဗိုလ်ချုပ်ကတော်တို့ကို စောင့်ကြပ်ဖို့ တာဝန်ယူရမယ်။ လုပ်ငန်းစဉ် အသေးစိတ် ဗိုလ်ကျော့်ကို ပြောပြီးပြီ” ဟု စစ်မိန့်ပေးသလို ရှင်းပြ ပါသည်။ တစ်ဆက်တည်းမှာလည်း “သတိရှိဖို့၊ ပိပိရိရိ ဖြစ်ဖို့နဲ့၊ ရဲဘော်ဆိုတာ ကျရာတာဝန်မှာ ကျေကျေပွန်ပွန် ရှိဖို့လိုကြောင်း” ဩဝါဒပေးပါသည်။ ပြီးတော့ ဗိုလ်ချုပ် ရှိရာဘက်သို့ ထွက်သွားပါသည်။

ကျွန်တော့်မှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းကို တစ်ပြိုင်တည်းလို ခံစားလိုက်ရပါသည်။ ဗိုလ်ချုပ်နှင့် သေအတူ ရှင်မကွာ လိုက်ပါခွင့် မရသည့်အတွက် ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



နည်းရပြီး ဗိုလ်ချုပ်ကတော်နှင့် သားသမီးများ၏ လုံခြုံရေးကို ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်ခြင်း ခံရသည့်အတွက် ဝမ်းသာရပါသည်။

မတ်လ ၁၇ ရက်နေ့တွင် ကျွန်တော်တို့ ၄ဦးသားမှာ လုပ်ငန်းများကို စတင် အကောင်အထည်ဖော်ကြရပါသည်။ ရဲဘော်တစ်ဦးလျှင် ဂျပန်မြင်းစီး ရိုင်ဖယ်တစ်လက်စီ ရွေးချယ်ကြပါသည်။ လက်နက်များကို စင်ကြယ်အောင် တိုက်ချွတ်ပြီး သေနတ်ဒင်ကိုဖြုတ်ကာ အိပ်ရာလိပ်များအတွင်းမှာ လိပ်ထည့်ကြပါသည်။ လက်ပစ်ဗုံးများနှင့် စနက်တံများ၊ ကျည်ဆန်များကိုတော့ ခွဲဝင်တောင်းများထဲမှာထည့်ပြီး အပေါ်ကနေ ကြက်သွန်၊ ငရုတ်သီး၊ အာလူး၊ ဆန်တို့နှင့် ဖုံးအုပ်ကာ အသင့် ပြုလုပ်ကြပါသည်။

နောက်တစ်နေ့ မတ်လ ၁၈ ရက်နေ့ ညနေ ၅ နာရီခန့်တွင် ဗိုလ်ချုပ်နေရာ ကန်တော်ကြီးပတ်လမ်းနှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ နေအိမ်ကြီးမှနေ၍ မြင်းလှည်းတစ်စီးဖြင့် ပစ္စည်းများတင်ပြီး ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ထွက်လာခဲ့ကြပါသည်။

လမ်းခရီးတွင် ဗိုလ်ကျော်က ရှေ့လုပ်ငန်းစဉ်များကို စဉ်းစားနေပုံရပါသည်။ အရိပ်အခြေကိုလည်း အကင်းပါးပါးနှင့် အကဲခတ်နေဟန်တူပါသည်။ ရဲဘော်သာဆန်းက မြစ်ဝကျွန်းပေါ်ဘက်မှာ အစားအသောက်ပေါမည့်အကြောင်း အားရဝမ်းသာ ပြောနေပါသည်။ ကိုဘမောင်က "ဆရာကလည်း စားဖို့ပဲ စဉ်းစားနေ၊ ရှေ့လျှောက် ဘာလုပ်ရမှန်းဖြင့် မသိဘဲ" ဟု ပြောဆိုသံကြားလိုက်ရပါသည်။ ရဲဘော်သာဆန်းက "ဟေ့ .. ဘမောင်ရ၊ ရဲဘော်ဆိုတာ သေလည်းပျော်ပျော်၊ ရှင်လည်း ပျော်ပျော်ပေါ့ကွ။ မသေခင် အစာဝထားဖို့က အရေးကြီးတယ်မဟုတ်လား" ဟု အချီအချပြောဆိုနေကြပါသည်။ ရဲဘော်သာဆန်းတို့ ပြောဆိုနေသံကြားရတော့ ကျွန်တော့်ခေါင်းထဲမှာ တစ်ကြိမ်က ဗိုလ်ချုပ်ဆုံးမဖူးသည်ကို သွား အမှတ်ရလိုက်ပါသည်။

ဗိုလ်ချုပ်အိမ်ရှေ့ မြက်ခင်းပြင်ပေါ်မှာ ဗိုလ်ချုပ်က အလယ်မှာ ထိုင်နေပြီး ရဲဘော်သာဆန်း၊ ရဲဘော်ပန်းမြိုင်နှင့် ကျွန်တော်တို့ရဲဘော်တစ်စုက ဗိုလ်ချုပ်ကို ဝိုင်းထိုင်နေကြပါသည်။ ထိုစဉ် ဗိုလ်ချုပ်က "ရဲဘော်တို့ မင်းတို့ တပ်မတော်ထဲဝင်ကြတာ ဘာရည်ရွယ်ချက်တွေ ပါကြ သလဲကွ" ဟု ရင်းရင်းနှီးနှီး မေးကြပါသည်။ ထိုအခါ ရဲဘော်ပန်းမြိုင်က "လွတ်လပ်ရေး လိုချင်လို့ပေါ့ ဗိုလ်ချုပ်" ဟု ပြန်ဖြေပါတယ်။ ဗိုလ်ချုပ်က "အေး ... လွတ်လပ်ရေးကို တကယ်လိုချင်ရင် အဆင်းရဲခံနိုင်ရမယ်၊ အငတ်ခံနိုင်ရမယ်၊ တိုင်းပြည်နဲ့ တပ်မတော်အပေါ်မှာ သစ္စာရှိရမယ်၊ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမယ်" စသည်ဖြင့် ဩဝါဒ ပေးဖူးပါသည်။ ထိုဩဝါဒကို ရဲဘော်သာဆန်းလည်း ကောင်းစွာ ခံယူ သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ သူ့ဆန္ဒက ရတုန်းရခိုက် စားထား၊ ငတ်တော့လည်း ငတ်တဲ့ အလျောက်ပေါ့" ဆိုသည့် သဘောထားဟု ကျွန်တော် က တွေးကြည့်နေမိပါသည်။

ညနေ ၆ နာရီခန့်တွင် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ရောက်ကြသည့်အခါ ကြိုတင်စီစဉ်ထားသည့်အတိုင်း သမ္ဗန်ကြီးတစ်စီးနှင့်အတူ တော်လှန်ရေးရဲဘော် ကိုမောင် ကြွယ်ကို အသင့်တွေ့ရပါသည်။ စပါး ၂၀၀ ဆံ့ခန့် သမ္ဗန်ကြီးတစ်စီးနှင့် စပါး ၂၅ တင်းဆံ့ခန့် သမ္ဗန် ၂စီးတို့ ဖြစ်ကြပါသည်။ ကျွန်တော်တို့တွင် ပါလာကြသော အိပ်ရာလိပ်များကို သမ္ဗန်ငယ်ပေါ်မှာ တင်ပြီး တောင်း သုံးလုံးကို သမ္ဗန်ကြီးပေါ်မှာ နေရာချထားလိုက်ကြပါ သည်။

ကျွန်တော်မှာ ဖျာပုံခရိုင် သမိန်ထောရွာဇာတိဖြစ် ပြီး ကိုမောင်ကြွယ်မှာ ဖျာပုံခရိုင် ကြက်ဖမွေးဖောင်းရွာ သားဖြစ်သဖြင့် ခင်မင်ကြသူများ ဖြစ်ကြပါသည်။ ကို မောင်ကြွယ်၏အစ်ကိုမှာ ထိုခေတ်က ကြက်ဖမွေးဖောင်း ရွာနှင့် အနီးတစ်ဝိုက်တွင် အလွန်တရာ ဩဇာညောင်း သော သူကြီး ဦးစိန်ကြီးဖြစ်ပါသည်။ ၎င်းတို့၏ စောင့် ရှောက်မှုဖြင့် ဒေါ်ခင်ကြည်တို့မိသားစုကို ကြက်ဖမွေး ဖောင်းရွာတွင် ထားရှိရန် စီစဉ်ထားခြင်းဖြစ်ပါသည်။

ရဲဘော်သာဆန်းမှာ ရုပ်ရည်ချောချော၊ အရပ်မြင့် မြင့်၊ အသားဖြူဖြူ ဖြစ်သည့်အပြင် ဂျပန်စစ်ဝတ်စုံ အပြည့်နှင့် ခါးတွင် ဂျပန်ဓားရှည်ကြီးလည်း ချိတ်ထား ပါသည်။ ကိုမောင်ကြွယ်က တစေ့တစောင်းကြည့်ပြီး မသင်္ကာစိတ်ဖြင့် အကဲခတ်နေသည်ကို ကျွန်တော် သတိ ထားလိုက်မိသဖြင့် သူတို့နှစ်ဦးကို မိတ်ဆက်ပေးလိုက်

www.burmeseclassic.com



ပါသည်။ ဒီတော့မှ တစ်ဦးနှင့်တစ်ဦး သိကျွမ်းသွားကြပြီး စိတ်ချလက်ချ စကားပြောကြပါတော့သည်။

မကြာမီမှာပင် မော်တော်ကား အနက်ကလေးတစ်စီး ဆိုက်ရောက်လာပါသည်။ ကျွန်တော်နှင့် ကိုမောင်ကြွယ်တို့က တံခါးများ ဖွင့်ပေးလိုက်သည့်အခါတွင်မှ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် (ကိုယ်လေးကာတ်ဝန်)နှင့် ညီမအရင်း ဒေါ်အမာ၊ ဒေါ်ကျော့တင် (ဗိုလ်ရန်အောင်၏မရီး)၊ ဗိုလ်ချုပ်၏သားများဖြစ်ကြသည့် အောင်ဆန်းဦး၊ အောင်ဆန်းလင်းနှင့် အိမ်ဖော်မကလေး မစိန်ကြည်တို့ ဆင်းလာကြပါသည်။ အားလုံးပင် ယူစရာရှိတာယူပြီး သမ္ဗန်များဆီသို့ ခပ်သုတ်သုတ်ဆင်းကြပါသည်။ ဒေါ်ကျော့တင်က လွယ်အိတ်တစ်လုံးလွယ်ပြီး ဆွဲခြင်းတစ်ခု ဆွဲကာ ရှေ့မှ လျင်မြန်စွာဦးဆောင်ဆင်းသွားပါသည်။ ကျွန်တော်နှင့် ဒေါ်အမာတို့က ကလေးတစ်ယောက်စီကိုချီပြီး ဆင်းကြပါသည်။ ကိုမောင်ကြွယ်နှင့် ကိုဘမောင်တို့က ထန်းခေါက်ဖာတစ်လုံး အိပ်ရာလိပ်တစ်ခုနှင့် နို့ဘူးခြင်းတောင်းတို့ကို မှုပြီး ဆွဲလာကြပါသည်။ ရဲဘော်သာဆန်းကတော့ နောက်မှနေ၍ ယူနီဖောင်းအပြည့်၊ ရိုင်းအပြည့်နှင့် စောင့်ကြပ်လိုက်လာပါသည်။

သမ္ဗန်ငယ်ပေါ်မှာ ဗိုလ်ကျော်၊ ရဲဘော်သာဆန်းနှင့် ကိုဘမောင်တို့က လိုက်ပါကြပါသည်။ သမ္ဗန်အကြီးပေါ်မှာ အမျိုးသမီးတစ်စုနှင့် ကလေးတွေကို သမ္ဗန်ဝမ်းဗိုက်ထဲမှာ နေရာချထားပြီး ကိုမောင်ကြွယ်က ပဲ့ပိုင်းမှာ နေရာယူပါသည်။ ကျွန်တော်က ဦးပိုင်းမှာ ထိုင်ပါသည်။ ည ၈ နာရီခန့်မှာ ကြည့်မြင်တိုင်ဆိပ်ကမ်းကနေ စတင်ထွက်ခွာခဲ့ကြပါသည်။

သမ္ဗန် ၂စီး ရှေ့နောက်ကပ်ပြီး လှော်ခတ်လာခဲ့ကြရာ တွံတေး၀ ခနိတောအရောက်မှာ ရေလယ်တည့်တည့် ဆိပ်ခံဇောက်ကို ကျောက်ချထားသည့် ဂျပန်ကင်းစခန်းက ဂျပန်လို လှမ်းအော်မေးမြန်းပါတော့သည်။ ရဲဘော်သာဆန်းက မတ်မတ်ရပ်လိုက်ပြီး “ဘိရုမာဟေတိုက်–ဘိရုမာဟေတိုက်” ဟု မြန်မာစစ်သားများဖြစ်ကြောင်း ဂျပန်လို ပြန်အော်လိုက်မှ ဆက်လက်သွားခွင့်ရပါသည်။

ဆက်လက်သွားခွင့်ရသော်ငြားလည်း ရေကျလာပြီဖြစ်သဖြင့် ခရီး မတွင်တော့ပါ။ ဂျပန်များနှင့် မြန်မြန်ဝေးအောင်သာ ကြိုးစားလှော်ခတ်ကြပြီး ခနောင်တိုချောင်းထဲဝင်ကာ ရေတက်ချိန်ကို စောင့်ကြပါသည်။

သိပ်မကြာလိုက်ပါ။ သမ္ဗန်ဆရာတို့မှာ မောမောနှင့် အိပ်မောကျကုန်ကြပါသည်။ ကျွန်တော်တို့မှာ မအိပ်နိုင်ကြသေးပါ။ သမ္ဗန်ဆရာတို့၏ လက်ဖက်ရည်ကြမ်းအိုးကို သုံးပြီး သမ္ဗန်ပဲ့ပိုင်းမှာ ဝိုင်းဖွဲ့ကြကာ ရှေ့အစီအစဉ်များအတွက် ဆွေးနွေးညှိနှိုင်းကြပါသည်။ မူလက စီစဉ်ထားသည့်အတိုင်း ယခုအသုံးပြုလာခဲ့သည့် သမ္ဗန်များကို တွံတေးမှာပင် ထားခဲ့ပြီး သမ္ဗန်အသစ်များ ထပ်ငှားရေးကို စီစဉ်ကြပါသည်။ သမ္ဗန်များ ရပ်ထားလိုက်သည်နှင့် ဝမ်းဗိုက်ထဲမှာ လေမရတော့သည့်အတွက် ပူအိုက်လာသဖြင့် ကလေးနှစ်ယောက်လုံး အိပ်ရာမှ နိုးကြပြီး ငိုကြပါတော့သည်။ အမျိုးသမီးများလည်း ဖယောင်းတိုင် ထွန်းသူထွန်း၊ နို့ဘူးဖျော်သူဖျော်၊ ယပ်ခတ်သူခတ် စသည်ဖြင့် အလုပ်ရှုပ်ကုန်ပါသည်။ သမ္ဗန်ပေါင်းမိုး တစ်ချပ်ကို နောက်ဆွဲချလိုက်မှ လေအေးကလေးများ ဝင်လာပြီး ကလေးငယ်တို့မှာ တိတ်ငြိမ်သွားပါသည်။

ည ၁၀ နာရီကျော်ကျော်တွင် ရေတက်လာသဖြင့် သမ္ဗန်များကို တွံတေးမြို့ဆီသို့ လှော်ခတ်ကြပါသည်။ ဈေးဆိပ်မှာ ဆိုက်ကပ်ထားပြီး မိုးလင်းအောင် စောင့်ဆိုင်းနေကြပါသည်။ နံနက်လင်းသည့်အခါ ဒေါ်ခင်ကြည်၊ ဒေါ်အမာ၊ ကလေးနှစ်ယောက်နှင့် ကျွန်တော်တို့သာ သမ္ဗန်ပေါ်မှာ နေရစ်ခဲ့ပြီး အားလုံး ကုန်းပေါ်သို့ တက်သွားကြပါသည်။ နာရီဝက်ခန့်အကြာတွင် ရဲဘော်သာဆန်းနှင့် ကိုမောင်ကြွယ်၊ ကိုဘမောင်တို့ သမ္ဗန် ၂စင်းငှားလာကြသည်ကို တွေ့ရပါသည်။ ပစ္စည်းများ ပြောင်းရွှေ့ပြီးသောအခါ အခြားသူများလည်း ပြန်ရောက်လာကြပြီဖြစ်သဖြင့် တစ်ဖက်ကမ်းရှိ ချောင်းငယ်တစ်ခုအတွင်းဆီသို့ လှော်ခတ်သွားကြပြီး နေခိုကြပါသည်။ ကျွန်တော်တို့လည်း ထိုအခါကျမှ အိပ်ကြရပါတော့သည်။

မတ်လ ၁၉ ရက်နေ့ နံနက်၊ နေ ထန်းတစ်ဖျားသာသာခန့်တွင် သမ္ဗန်ဆရာကြီးက “ဟေ့ .. ကိုရင်တို့ ... ကိုရင်တို့ .. ထကြလေကွာ၊ ထမင်းစားကြရအောင်” ဟု အော်ဟစ်နှိုးတော့မှ အိပ်ရာမှ ကပျာကယာ ထကြရပါသည်။ ကျွန်တော်တို့သည် မူလကတည်းက ဆန်၊ ဆီ၊

www.burmeseclassic.com

www.burmeseclassic.com



ငရုတ်၊ ကြက်သွန်တို့ကို ယူလာသည်ဖြစ်ရာ နံနက်က တွံတေးဈေးထဲက ဝယ်ခြမ်းလာခဲ့သော သားငါးများနှင့် ချက်ပြုတ်ကြခြင်းဖြစ်ပါသည်။

ထမင်းစားသောက်ပြီး အတန်ကြာသောအခါ နေအတော် ပြင်းလာပြီဖြစ်သဖြင့် ဗိုလ်ချုပ်ကတော်က "ကလေးတွေလည်း ပူအိုက်လှပြီ၊ တို့တစ်တွေ ကုန်းပေါ်တက်ပြီး သစ်ပင်ရိပ်မှာ နေကြရရင် ကောင်းမယ်ကွယ်" ဟု ပြောသဖြင့် ရဲဘော်များက ကုန်းဘောင်ထိုးပြီး ထိုးဝါးတွေကိုစိုက်ကာ လက်တန်းလုပ်ပေးကြပါသည်။ လမုပင်ကြီးတစ်ပင်အောက်မှာ နေရာထိုင်ခင်းပြုလုပ်ပြီး အေးအေးလူလူ နေကြစဉ် ကလေး ၂ဦးသည် ပထမတွင် ပျော်ပျော်ရွှင်ရွှင် ရှိကြသော်လည်း မကြာမီ ငိုယိုကြပါတော့သည်။ သစ်ပင်ပေါ်မှ ကျသော ပုရွက်ဆိတ်များ ကိုက်သည့်အတွက်ဖြစ်ကြောင်း တွေ့ရသဖြင့် ထိုးဝါးများကိုပင် အသုံးပြုပြီး စောင်များနှင့် အမိုး မိုးပေးလိုက်တော့မှ အဆင်ပြေသွားပါတော့သည်။

မကြာမီမှာပင် ကိစ္စတစ်ခု ပေါ်လာပြန်ပါသည်။ ကလေးများအတွက် နို့ကုန်ပြီဖြစ်ကြောင်း ဒေါ်အမာက ပြောပါသည်။ ကျွန်တော့်မှာ ကလေးများအတွက် နို့ရှာဖို့ စီစဉ်ရပါသည်။ သမ္ဗန်ထဲဆင်းပြီး ယူနီဖောင်း လဲရပါသည်။ ကျွန်တော်လဲသည့် ယူနီဖောင်းမှာ စစ်ယူနီဖောင်းမဟုတ်ပါ။ ရှာနီစောင်ကို ချုပ်ထားသည့် လက်တိုအင်္ကျီအစုတ်နှင့် ကရင်လုံချည်ဟောင်းတို့ ဖြစ်ပါသည်။ ကရင်အမျိုးသားတစ်ဦးနှင့်တူအောင် ရုပ်ပြောင်းရခြင်းဖြစ်ပါသည်။ နို့ပုလင်းနှစ်လုံးဆွဲပြီး လယ်တဲများဆီသို့ နို့ရှာထွက်ရပါသည်။ နွားနို့မရ၊ ကျွဲနို့သာရသဖြင့် ကျွဲနို့ကိုပဲ ဝယ်ရပါသည်။ ကျွဲနို့ ၂ ပုလင်းအတွက် ၅ကျပ်တန် ထုတ်ပေးလိုက်ရာ ရိုးသားသော ကျွဲပိုင်ရှင်ကြီးက နို့တစ်ပုလင်း ၁ ကျပ်သာဖြစ်၍ ၅ ကျပ် မယူလိုကြောင်းနှင့် နောက်ထပ် နို့ ၃ပုလင်းစာကို အိုးနှင့်ထည့်ပြီး လိုက်ပို့ပေးကြပါသည်။ သူတို့၏ ရိုးသားမှုကို ကျွန်တော့်အနေဖြင့် စိတ်ထဲမှ ကျိတ်ပြီး ချီးကျူးမိရပါသည်။

ညစာထမင်းကို စောစောပင် ချက်ပြုတ်စားကြပြီးနောက် ၄ နာရီကျော်ကျော်ခန့်တွင် ရေတက်လာပြီဖြစ်၍ ချောင်းငယ်မှထွက်ကာ တွံတေးတူးမြောင်းအတွင်း ခရီးဆက်ကြပါသည်။ မကြာမီမှာပင် ထိုခေတ်က အထူးနာမည်ကြီးခဲ့သည့် ဘတ်ဖဲလိုးခေါ် ကျွဲညီနောင် အနီမှ ပျံလေယာဉ်နှစ်စီးက ချောင်းရိုးတစ်လျှောက် စက်သေနတ်ဖြင့် ဝင်မွှေသွားပါသည်။ ကိုယ့်နေရာမှာ ကိုယ်ဝပ်ပြီး ဘုရားကိုသာ တနေကြရပါသည်။ သမ္ဗန်အချို့မှာ မီးလောင်ပျက်စီးသွားကြသော်လည်း ကျွန်တော်တို့မှာ ကံကောင်းထောက်မသဖြင့် ဘေးမသီ ရန်မခခဲ့ကြပါ။

ကျွန်တော်တို့သည် ညခရီးကို တစ်လှည့်စီ ကင်းစောင့်၍ ဆက်လက်လှော်ခတ်လာကြရာ ၂၀ ရက်နေ့ နံနက် ၉ နာရီတွင် ကျိုက်ထော်ရွာကို ရောက်ကြပါသည်။ ကျိုက်ထော်ရွာရှိ ဗိုလ်မှူး ဖိုးကွန်း၏အိမ်မှာပင် နံနက်စာ ထမင်းများ စားသောက်ကြပြီး နေခိုကြပါသည်။ ညနေ ၄ နာရီသာသာခန့်တွင် အခြားသမ္ဗန်နှစ်စီးနှင့် ပြောင်းလဲ ခရီးဆက်ကြပြန်ပါသည်။ ယခု သမ္ဗန်ဆရာတို့မှာ အထူး ယုံကြည်စိတ်ချရသော တော်လှန်ရေးရဲဘော်များဖြစ်ကြ သည်ဟု သိရပါသည်။ ရဲဘော်များသည် ဖျာပုံအရောက် ကြိုးစားအားထုတ်ပြီး ပို့ပေးခဲ့ကြပါသည်။ ၂၁ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် ဖိုးတုတ်ရွာကို ရောက်ကြပြီး ထိုရွာရှိ အာရှအမျိုးသမီးကြီး ဒေါ်တင်၏နေအိမ်၌ နေခို ကြပါသည်။ ၎င်းမှတစ်ဆင့် ခရီးဆက်ကြရာ ရေက လည်း စုန်ရေဖြစ်ပြန်၊ သမ္ဗန်ရဲဘော်ကြီးများကလည်း အထူး အားကြိုးမာန်တက် လှော်ခတ်ကြသဖြင့် ဖျာပုံမြို့ ကို ၂၁ ရက်နေ့ ည ၁၀ နာရီခန့်တွင် ချောမောစွာ ဆိုက် ရောက်ကြပါသည်။ သမ္ဗန်များကို ဖျာပုံမြို့၏ အစွန်ဆုံး ဖြစ်သော စာတိုက်လမ်းဆိပ်တွင် ဆိုက်ကပ်စေပါသည်။ လက်တွန်းလှည်းတစ်စီးနှင့် ပစ္စည်းများ တင်ပြီး ၄ လမ်း မှာ နေထိုင်သည့် ဦးခင်မောင်၏ဇနီး အာရှအမျိုးသမီး ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါ်ဖွား၏တိုက်တွင် ခေတ္တ နားနေကြပါသည်။ ည ၂ နာရီခွဲခန့်တွင် အပြောင်လမ်း ဆိပ်ကမ်းမှနေ၍ သမ္ဗန်ငယ်များငှားပြီး ကြက်ဖမွေးဖောင်း ရွာဘက်သို့ အတွင်းလမ်းမှ ခရီးဆက်ကြပါသည်။

ကျွန်တော်သည် ဖျာပုံနယ်မှ လူသိများနေသူဖြစ်၍ ဗိုလ်ချုပ်ကတော်တို့နှင့် အတူ မလိုက်သင့်ဟု ယူဆပြီး ဖျာပုံမြို့ပေါ်မှာပင် ပုန်းလျှိုးနေခဲ့ပါသည်။

၂၄ ရက်နေ့တွင် မော်တော်ကားစီးပြီး ကြက်ဖမွေး ဖောင်းရွာသို့ လိုက်သွားပါသည်။

ကျွန်တော်တို့ ခရီးမထွက်မီက ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com



ကိုယ်တိုင် လက်မှတ်ရေးထိုးထားပြီး ကျွန်တော့်ကို ပေးထားသော စာနှစ်စောင် အတူပါလာပါသည်။ စာတစ်စောင်မှာ (ရဲဘော်ဖေ အား ၂၇.၃.၄၅ နေ့အထိသာ နေရပ်သို့ ပြန်ခွင့်ပေးလိုက်သည်)ဟု ရေးထားပါသည်။ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၊ ဒေါ်ကျော့တင်တို့အပါအဝင် ကျွန်ရဲဘော်များနှင့် တိုင်ပင်ပြီး ထိုစာကို ရပ်ရွာမှ ဩဇာရှိသူ လူကြီးများထံ ပြသ အသိပေးလိုက်ပြီး ၂၅ ရက်နေ့ ညနေ ၅ နာရီသာသာခန့်တွင် ကျွန်တော်လည်း ထိုရွာမှ ထွက်ခွာလာခဲ့ပြီး ကိုယ်ယောင်ဖျောက်ကာ ရှေ့လုပ်ငန်းစဉ်များကို ဆက်ရပါတော့သည်။

ထိုနေရာမှာပင် ဆရာဖေက ဇာတ်လမ်းအဆုံးသတ်ထိုက်ပါသည်။

"ခင်ဗျားကို ဗိုလ်ချုပ်ပေးလိုက်တဲ့ နောက်ထပ်စာတစ်စောင်ဆိုတာကရော" ဟု ကျွန်တော်က အထူးစိတ်ဝင်စားပြီး မေးလိုက်ပါသည်။

သူက ခပ်ပြုံးပြုံးလုပ်ပြီး "ဒါတွေက နောက်ဆက်ရဦးမယ် ဆရာရဲ့ … တကယ်ဆိုတော့ ကျွန်တော်ဟာ ဗိုလ်ချုပ်ဆီမှာ ၁၉၄၃ ခုနှစ်ကတည်းက ၁၉၄၇ ခုနှစ်အထိ အောက်ခြေသိမ်းလုပ်ကိုင်ပြီး နေတာဆိုတော့ ပြောရမယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းမိသားစုနဲ့ ကျွန်တော်ဆိုပြီး စာတစ်စောင်တစ်ဖွဲ့လောက်ကို ရနိုင်တယ်"

"အင်း .. ကောင်းတယ်ဗျာ၊ ကောင်းတယ်။ ခင်ဗျားတို့လို ဗိုလ်ချုပ်အိမ်မှာ နေလာပြီး အနီးကပ် လေ့လာသိရှိခွင့်ရတဲ့ အညတရရဲဘော်ကြီးတွေဆီက ထွက်လာတဲ့ ဗိုလ်ချုပ်အကြောင်းတွေ လူအများ သိထိုက်ပါတယ်ဗျာ" ဟု ကျွန်တော်က နိဂုံးစကား ပြောလိုက်မိပါတော့သည်။ ။

မြဝတီ၊ အတွဲ ၂၃၊ အမှတ် ၃ (ဇန်နဝါရီ-၁၉၇၅)

www.burmeseclassic.com

www.burmeseclassic.com



# တော်လှန်ရေး၏ ရင်ဖိုစရာကလေးများနှင့် ဗိုလ်ချုပ်အပေါ် သူတို့သဘောထား

## အထောက်တော် မင်းအောင်

### တော်လှန်ရေး၏ ရင်ဖိုစရာကလေးများ

ဂျပန်တော်လှန်ရေးပြုလုပ်ရန်မှာ အချိန်နီးကပ်လာပြီဖြစ်သောကြောင့် တပ်များဖျောက်ဖျက်ရန်အတွက် သက်ဆိုင်ရာတပ်မှူးများသည် နေ့ရောညပါ အလုပ်မအားနိုင်အောင် ဖြစ်နေကြသည်။

တပ်အသီးသီးတွင် တွဲဖက်ထားရှိသော ဂျပန်အကြံပေးအရာရှိများမှာ ဗမာ့တပ်မတော်၏ လှုပ်ရှားမှုကို မျက်ခြည်ပြတ်မခံဘဲ ဂရုတစိုက် စောင့်ကြည့်နေသည်ဖြစ်သောကြောင့် ထိုအချိန်က ခြေလှမ်းတစ်ချက်မှားသွားလျှင် တော်လှန်ရေးကြီးတစ်ခုလုံး ပျက်ပြားသွားနိုင်သည်ဖြစ်၍ အစစအရာရာတွင် လွန်စွာ သတိထားနေရသည်။

### ဗိုလ်ချုပ်လှုပ်ရှားမှု

ဂျပန်အကြံပေးအဖွဲ့အရာရှိချုပ်ဖြစ်သော မေဂျာဂျင်နရယ်(ဆာကူရိုင်း)သည် ဗိုလ်ချုပ်အောင်ဆန်း၏ သွားလာလှုပ်ရှားမှုများကို အထူးဂရုစိုက်၍ စောင့်ကြည့်နေသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ထိုအကြောင်းကို သိထားသည်။ ထို့ကြောင့်ပင် တစ်ဖက်၌ ဂျပန်တော်လှန်ရေးကိစ္စများကို စစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်များနှင့် လျှို့ဝှက်သိပ်သည်းစွာ စီစဉ်ဆောင်ရွက်၍ တစ်ဖ[illegible] တွင်လည်း ဂျပန်များနှင့် မှုမှန်အတိုင်း ဆက်ဆံနေသည[illegible]

ဗိုလ်ချုပ်အောင်ဆန်း၏ ဆက်ဆံရေး မှန်ကန်[illegible] ကြောင့် ၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့၌ ([illegible] တော်လှန်ရေးပန်းခြံနေရာတွင်)ပြုလုပ်သော တပ်တွ[illegible] အခမ်းအနားသို့ မေဂျာဂျင်နယ်(ဆကူရိုင်း)သည် ဗို[illegible] ချုပ်အောင်ဆန်းနှင့်အတူ တက်ရောက်ပြီး မိန့်ခွန်း[illegible] ပြောလိုက်သေးသည်။

### မဟာမိတ်ဆက်ဆံရေး

ဂျပန်နှင့် ဆက်ဆံရေးတွင် ဤကဲ့သို့ အခြေအ[illegible] မျိုးရှိသလို မဟာမိတ်တို့နှင့် ဆက်ဆံရေးတွင်လ[illegible] စိတ်ဝင်စားဖွယ်ရာ အခြေအနေများကို တွေ့ရသ[illegible] ဂျပန်တော်လှန်ရေးပြုလုပ်ရန်အတွက် ဗမာ့ကာကွယ်[illegible] တပ်မတော်ကို မဟာမိတ်တို့က လက်နက်ခဲယမ်[illegible] ကျောက် ထိုက်သင့်သလို ထောက်ပံ့နေသည်။ သို့[illegible] ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် [illegible] ကာကွယ်ရေးတပ်မတော်သို့ လက်နက်ပို့ပေးပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းရန် အရှေ့တောင်အာရှကုန်းတပ်များ၏ သဘာပတိ ဆက်ဖနင် ဂျင်နရယ်လီးစ်က အမိန့်ထုတ်လိုက်သည်။

ဗမာပြည်တွင်းရှိ တော်လှန်ရေးအင်အားစုများနှင့်လည်းကောင်း၊ ဖဆပလအဖွဲ့ကြီးနှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နေသော အမှတ် ၁၃၆ တပ်ဖွဲ့ဟု ခေါ်သော အက်စ်အိုအီးခေါ် Special Operations Executive အဖွဲ့က မဟာမိတ်တပ်ပေါင်းစု သေနာပတိချုပ် မောင့်ဘက်တန်ထံသို့ လက်ဖတင်နင်ဂျင်နရယ်လီးစ်၏ အမိန့်ကို တင်ပြလိုက်သောအခါ ဗမာ့ကာကွယ်ရေးတပ်မတော်ကို သင့်တင့်သောကာကွယ်မှုများ၊ လက်နက်များဆက်လက် ထောက်ပံ့တင်ပို့ရန် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မောင့်ဘက်တန်က အမိန့်ချမှတ်လိုက်သည်။

## မောင့်ဘက်တန်ပြန်တမ်း

ထိုကိစ္စနှင့်ပတ်သက်ပြီး သေနာပတိချုပ် မောင့်ဘက်တန်က ၎င်း၏ပြန်တမ်း၌ ဖော်ပြထားပုံမှာ (အကယ်၍ မိမိသည် ဗမာပြည်မှ တော်လှန်ရေးအင်အားစုများကို ယခုအချိန်တွင်မှ ကူညီအားပေးရန် ငြင်းဆန်ရမည်ဆိုလျှင် ဗမာ့တော်လှန်ရေးအင်အားစုများက ပေးနိုင်သော အကူအညီများအား ငြင်းပယ်ရာရောက်မည့်အပြင် ဂျပန်တပ်များကို ထတိုက်ရန် အဆင်သင့်ရှိနေကြသည့် ဗမာ့ကာကွယ်ရေးတပ်မတော်ကိုလည်း မိမိ၏ တပ်များက တိုက်ခိုက်နှိမ်နင်းနေရသည့် အခက်အခဲကြီးကို တွေ့လာရပေမည်)ဟူ၍ ဖော်ပြထားသည်။

## ဒီးကုန်းသို့

အခြေအနေအရပ်ရပ်မှာ ထိုကဲ့သို့ ပြုပြင်ပြောင်းလဲနေသည့် ထိုအချိန်တွင် ကျွန်တော်တို့၏ တပ်ဖွဲ့ကို ပြောင်းရွှေ့ရန် အမိန့်ကျလာသည်။ တော်လှန်ရေးအတွက် တပ်ရောက်ရာတွင် ပြေပြစ်ချောမောစေရန် အစီအစဉ်ဖြင့် သာယာဝတီတွင်ရှိနေသော ကျွန်တော်တို့၏တပ်ဖွဲ့ကို ဒီးကုန်းမြို့သို့ ပြောင်းရွှေ့ရမည်ဖြစ်သည်။

ကျွန်တော်တို့၏တပ်ဖွဲ့ကို အုပ်ချုပ်သူမှာ ဗိုလ်ကြီး ချစ်မြိုင် (ယခု ယူဂိုဆလပ်ပြည်ရှိ မြန်မာသံအမတ်ကြီး ဗိုလ်မှူးကြီးဟောင်း ဦးချစ်မြိုင်)ဖြစ်သည်။ ကျွန်တော်တို့တပ်ဖွဲ့သည် ဂျပန်ခေတ်ထုံးစံအတိုင်း မီးပေါင်းကျလျှင် ရပ်နေပြီး မီးပေါင်တက်လျှင် တရွေ့ရွေ့ခုတ်မောင်းနေသောရထားဖြင့် သာယာဝတီမှ ဒီးကုန်းသို့ ပြောင်းရွှေ့ကြသည်။

တပ်ပြောင်းရွှေ့သောနေ့က လဆုတ် မွန်းလွဲ (၁) နာရီအချိန်ခန့်တွင် ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော မီးရထားသည် စစ်ကွင်းနှင့် ဝက်လှကလေးဘူတာကြား၌ မီးပေါင်ကျသဖြင့် ခေတ္တရပ်နေသည်။ ထိုအချိန်မှာပင် မြောက်ဘက်မှနေ၍ မဟာမိတ်တို့၏ လေယာဉ်ပျံကြီးတစ်စင်း ပေါ်လာသည်။

ကျွန်တော်တို့တပ်ဖွဲ့သားများသည် မီးရထားလမ်း တစ်ဖက်တစ်ချက်ရှိ လယ်ကွင်းထဲသို့ ဆင်းပြီး ရှောင်တိမ်းကြသည်။ ထိုအချိန်က ကျွန်တော်တို့၏ကိုယ်ပေါ်တွင် ဂျပန်ယူနီဖောင်းများကို ဝတ်ဆင်ထားကြသည်။ လေယာဉ်ပျံကြီးသည် ကျွန်တော်တို့စီးလာသော ရထားကို နှစ်ကြိမ်သုံးကြိမ် လှည့်ပတ်ပျံဝဲပြီး စက်သေနတ်နှင့် ပစ်ခတ်တော့သည်။

## လေယာဉ်ထိုးကျ

တစ်ကြိမ်တွင် လေယာဉ်ပျံကြီးတစ်အုပ် မီးရထားစက်ခေါင်းဘက်မှ ခပ်နိမ့်နိမ့် ပျံဝဲလာခိုက် မီးရထားလမ်းအရှေ့ဘက်လယ်ကွက်ထဲတွင် ရှောင်တိမ်းနေသော တပ်ကြပ်ကလေး ကိုဖလသည် ၎င်း၏လက်ထဲတွင်ရှိသော ဘရင်းဂန်းနှင့် ပစ်ခတ်လိုက်ရာ လေယာဉ်ပျံကြီးမှာ မထိန်းနိုင် မသိမ်းနိုင်ဖြစ်ပြီး ၂မိုင်ခန့်အကွာတွင် ထိုးကျသွားသည်။

စက်ခေါင်း၌ မီးပေါင်တက်လာသောအခါ ကျွန်တော်တို့သည် ဒီးကုန်းသို့ အရောက်ဆက်လက်ထွက်ခွာလာကြသည်။ နောက်တစ်နေ့တွင် သာယာဝတီမှ ဂျပန်စစ်ဗိုလ်များသည် ဒီးကုန်းသို့ လိုက်ပါလာသည်။ ထို့နောက် ရာထူးတစ်ဆင့် တိုးပေးကြသည်။ ကျွန်တော်တို့မှာ (ငိုအားထက် ရယ်အားသန်)ဆိုသလို ဖြစ်နေကြသည်။

## မတ်လ ၂၇ ရက်

မတ်လ ၂၇ ရက်နေ့ မတိုင်မီ ကျွန်တော်တို့သည် တပ်ဖျောက်ကြသည်။ စောစောပိုင်းက အစီအစဉ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ ၂ ရက်နေ့တွင် တော်လှန်ရေးလုပ်ရန်ဖြစ်သည်။ သို့သော် ပြောင်းလဲလာသော အခြေအနေအရ မတ်လ ၂၇ ရက်နေ့တွင် တော်လှန်ရေးပြုလုပ်ရန် ညွှန်ကြားချက် ရောက်ရှိလာသဖြင့် ဂျပန်တော်လှန်ရေးကို မတ်လ ၂၇ ရက်နေ့တွင် တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြသည်။

တော်လှန်ရေးအစတွင် ကျွန်တော်တို့တပ်ဖွဲ့သည် ရန်ကုန်ပြည်လမ်းရှိ မြို့အသီးသီးတွင် တပ်စွဲထားသော ဂျပန်များကို ပြောက်ကျားနည်းဖြင့် တိုက်ခိုက်သည်။ နောက်ပိုင်းတွင် ပဲခူးရိုးမကို ဖြတ်ကျော်ဆုတ်ခွာသော ဂျပန်များအား လိုက်လံတိုက်ရင်းခိုက်ရင်းနှင့်ပင် ပဲခူးရိုးမ တောင်ခြေသို့ ရောက်သွားသည်။

## ဆက်သွယ်ရေးအရာရှိ

ဧပြီလသို့ ရောက်သောအခါ ကျွန်တော်တို့ တပ်ဖွဲ့သို့ လေထီးဖြင့် ဆင်းလာသော မဟာမိတ်တို့ဘက်မှ ဆက်သွယ်ရေးအရာရှိတစ်ဦးရောက်လာသည်။ သူ့တွင် ဝါယာလက်စက်တစ်လုံးပါလာပြီး လိုအပ်သော လက်နက်နှင့် ဆေးဝါးများကို မကြာခဏ မှာယူပေးသည်။ သူ၏အမည်အုပ်မှာ (မေဂျာဝုဒ်)ဖြစ်သည်။

တစ်နေ့တွင် အလွန် အင်အားကောင်းသော ဂျပန် တပ်ကြီးတစ်တပ် ပဲခူးရိုးမတောင်ခြေသို့ ဆိုက်ရောက်လာသည်။ အဆိုပါ ဂျပန်တပ်ကြီးမှာ လူရော လက်နက်ပါ အင်အားကောင်းလှသဖြင့် ရုတ်တရက် ပြိုကွဲသွားအောင် တိုက်ခိုက်ရန် မလွယ်ကူပါ။ ဤတွင် မေဂျာဝုဒ်က အလွယ်တကူအနိုင်ရရှိရေးအတွက် နည်းလမ်းတစ်ခု တီထွင်လုပ်ကိုင်သည်။

မေဂျာဝုဒ်က သူကိုယ်တိုင် စာတစ်စောင်ရေးသည်။ (ဤနေရာ ဒေသတွင် မဟာမိတ် လေထီးဆင်း ပြောက် ကျားတပ်သားတွေ အများအပြား ရောက်နေသည်။ ဗမာ့တပ်မတော်မှ တပ်ဖွဲ့များလည်းရှိသည်၊ သို့ဖြစ်၍ အကြောင်းမဲ့ အသေမခံဘဲ လက်နက်ချပါ)စသည်ဖြင့် စာထဲတွင် ပါရှိသည်။

## အောင်ဆန်းရှာရန်

ထိုစာကို ရွာသားတစ်ယောက်အား ဂျပန်တပ်ရှိရာ သို့ အပို့ခိုင်းသည်။ ညနေ နေဝင်ရီတရောတွင် ရွာသား ပြန်လာသည်။ ဂျပန်တပ်မှူး၏ ပြန်စာလည်း ပါလာ သည်။ (မိမိတပ်ရင်းသည် ဗမာ့တပ်မတော်ကိုလည်း ကောင်း၊ မဟာမိတ်တပ်ကိုလည်းကောင်း တိုက်ရ ရောက်လာခြင်းမဟုတ်ပါ။ အောင်ဆန်းကို ရှာရမည်ဟု အထက်က အမိန့်ပေးထားသဖြင့် အောင်ဆန်းကို ရှာ နေခြင်းဖြစ်သည်။ လက်နက်ချရန် ဆန္ဒမရှိပါ။ ယခုအခါ အောင်ဆန်းကို ရှာဖွေတွေ့ရှိရန် အခြေအနေမရှိသဖြင့် စစ်တောင်းမြစ်ကို ဖြတ်ကျော်၍ မော်လမြိုင်ဘက်သို့ ဆက်လက်ချီတက်မည်) စသည်ဖြင့် စာထဲတွင် ဖော် ထားသည်။

အဆိုပါ ဂျပန်တပ်မှ ဗိုလ်ချုပ်တနခါး၏ အမှတ် ၃၃ ဂျပန်တပ်မမှ တပ်ရင်းတစ်ခုဖြစ်ကြောင်း သိရသည်။ ကျွန်တော်တို့သည် အဆိုပါ ဂျပန်တပ်ရင်းကြီး စစ်တောင်း မြစ်သို့ အမြန်ဆုံးရောက်အောင် နောက်မှနေ၍ ခပ်သွက် သွက်ကလေး တွန်းပို့လိုက်ပါသတည်း။ ။

အိုးဝေ၊ အမှတ် ၄၀ (၂၇-၃-...

## ဗိုလ်ချုပ်အပေါ် သူတို့သဘောထား

ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ခေါင်းဆောင်ပြီး နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ထုတ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပီဘီအက်ဖ်ခေါ် မျိုးချစ်ဗမာ့တပ်မတော်ကို ခေါင်းဆောင်ပြီး ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး(ဖဆပလ)အဖွဲ့ချုပ်ကြီးကို ခေါင်း ဆောင်ပြီး ပြည်ထောင်စုသားအားလုံးတို့၏ ညီညွတ်ရေး အင်အားဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုက် ဝင်ခဲ့သည်။

• ဗိုလ်ချုပ်အောင်ဆန်းသည် မည်ကဲ့သို့သော ...

www.burmeseclassic.com

www.burmeseclassic.com



ဆောင်မျိုးဖြစ်သနည်း၊ ဗိုလ်ချုပ်အောင်ဆန်းအပေါ် သူတို့ မည်ကဲ့သို့မြင်သနည်း။ ဤအချက်ကို ကျွန်တော်တို့သည် အလေးအနက်ထား၍ လေ့လာသုံးသပ်ရပေမည်။ သူတို့အဆင့်မှနေ၍ ဗိုလ်ချုပ်အောင်ဆန်းအပေါ် မြင်သမျှကို ကွယ်ဝှက်မထားနိုင်ဘဲ သူတို့ကိုယ်တိုင် ထုတ်ဖော်ပြောကြားခြင်းသည်ပင်လျှင် အံ့သြဖွယ်ရာ ထူးခြားချက်ပင် ဖြစ်ပါသည်။

"အောင်ဆန်းမှာ ယနေ့ ဗမာပြည်တွင် အရေးပါ အရာရောက်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်နေသည်ကို ကျွန်ုပ်တို့အနေဖြင့် လက်ခံရမည်သာဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ လူတိုင်းက သူ့အား ယုံကြည်လေးစားကြသည်။ သူ့စစ်တပ်များကလည်း သူ့အား ချစ်ခင်ကြည်ညိုကြသည်။ သူခိုင်းသမျှ လုပ်ကြမည်ဖြစ်သည်။ သူ(အောင်ဆန်း)သည် ဗမာပြည်အတွင်းသို့ ကျွန်ုပ်တို့ ဤမျှမြန်မြန် ပြန်ဝင်မလာသည့်တိုင် ဂျပန်များအား ထကြွပုန်ကန်ရန် အစီအစဉ်များ လုပ်ထားခဲ့ပြီးဖြစ်သည်။ သူသည် ကိုယ်ကျိုးအတွက် ရည်မှန်းချက်ကြီး ထားသူလည်း မဟုတ်ပေ"

ဤသည်တို့မှာ ဒုတိယကမ္ဘာစစ်ပြီးစဖြစ်သော အချိန်တွင် ဗမာပြည်ဘုရင်ခံဒေါ်မန်စမစ်က ဗြိတိသျှ အစိုးရအဖွဲ့ ဗမာပြည်ဆိုင်ရာအတွင်းဝန် ဖရက်ဒရစ်ဝီလျံ ဟင်သစ်လောရင့်(စ်)ထံသို့ အစီရင်ခံစာ တင်သွင်းရာ တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ ထည့်သွင်း ဆိုပြလိုက်သော စာပိုဒ်တစ်ခုဖြစ်ပါသည်။

ရဲဘော်သုံးကျိပ်ခေါင်းဆောင်ဖြစ်ခဲ့သော ဗိုလ်မိုးကြိုး က "အောင်ဆန်းဟာ သိပ် ရိုးသားတယ်၊ သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့ စစ်သားခေါင်းဆောင်လည်း ဖြစ်တယ်၊ မျိုးချစ် စိတ်လည်း ပြင်းထန်တယ်။ ဒါကြောင့် ဂျပန်တွေက သူ့ အပေါ် လေးစားကြရတာပဲ"ဟု အမှန်အတိုင်း ထုတ်ဖော် ပြောဆိုလေသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဗမာပြည်ရှိ ဂျပန် အင်ပီရီရဲ(လ်)တပ်မတော်ကြီး၏ သေနာပတိဖြစ်သော ဂျင်နရယ် အီးဒါးကလည်း "အောင်ဆန်းဟာ ငွေလည်း မက်၊ အာဏာလည်း မမက်၊ တစ်ကိုယ်ကောင်းလည်း မဟုတ်ဘူး။ ဒါကြောင့်မို့ သူ့ကို ဂျပန်တွေက လေးစားတယ်" ဟူ၍လည်း ထုတ်ဖော်ပြောကြားခြင်းပြုလေသည်။

ဂျပန်စစ်ဘက် အရာရှိကြီးများသည် စည်းကမ်း အလွန်ကြီးပြီး နေမျိုးနွယ်များကို အလွန်အထင်ကြီးသူ များဖြစ်သည်။ နိုင်ငံခြားသားတစ်ဦးတစ်ယောက်အပေါ်၌ တော်ရုံမျှဖြင့် ချီးမွမ်းပြောဆိုရန် ခဲယဉ်းသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းကိုမူ သူတို့၏အမြင်တွင် အလွန် ထူးခြားနေသောကြောင့် ထုတ်ဖော် ချီးကျူးကြခြင်းဖြစ် လေသည်။

ဗမာပြည်ကို ပြန်လည် တိုက်ခိုက်ရာတွင် ခေါင်း ဆောင်ခဲ့သော အမှတ် ၁၄ တပ်မတော် ဗိုလ်ချုပ်ကြီးဖြစ် သူ ဖီးမာရှယ် ဆာဝီလျံ ဆလင်းကလည်း "ကျွန်ုပ်သည် အောင်ဆန်းကို လေးစားရတော့သည်။ သူသည် ကိုယ် ကျိုးရှာပြောက်ကျားခေါင်းဆောင်မဟုတ်၊ စိတ်ကူးယဉ် သံမားမဟုတ်၊ လက်တွေ့သမားဖြစ်သည်။ မျိုးချစ်ပုဂ္ဂိုလ် အစစ်ဖြစ်သည်။ ရိုးသား၍ ကတိတည်သည်။ ကျွန်ုပ် သည် အောင်ဆန်းနှင့် အလုပ်လုပ်၍ဖြစ်သည်"ဟု အတိ အလင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

## မောင့်ဘက်တန်

ဗိုလ်ချုပ်အောင်ဆန်းကို အကြောင်းပြု၍ ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မဟာမိတ် တပ်ပေါင်းစု အတွင်း၌ ထိပ်ပိုင်း အရာရှိကြီးနှစ်ဦး သဘောကွဲလွဲမှု ပေါ်ပေါက်ခဲ့သည်။ အရှေ့တောင်အာရှ ကြည်းတပ်များ ၏သေနာပတိဖြစ်သော ဂျင်နရယ်လီး(စ်)က ဗမာ့ ကာကွယ်ရေး (ဘီဒီအေ)တပ်မတော်သို့ လက်နက်များ ထောက်ပံ့ခြင်းမပြုရ၊ ပို့ပေးခြင်းမပြုရဟု အမိန့်တစ်ရပ် ထုတ်ပြန်လိုက်သည်။ ထိုအမိန့်ကို အရှေ့တောင်အာရှ (ကြည်းရေလေ)မဟာမိတ်တပ်ပေါင်းစု စစ်သေနာပတိ ဖြစ်သော ဗိုလ်ချုပ်ကြီး လော့ဒ် မောင့်ဘက်တန်ထံသို့ တင်ပြလိုက်သောအခါ ဂျင်နရယ်လီး(စ်)၏အမိန့်ကို ပယ်ဖျက်ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်အား လက် နက်များ သင့်လျော်သလို ထောက်ပံ့ရန် ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်က အမိန့်ချမှတ်လိုက်သည်။

## ကွဲလွဲမှု

ထိုအကြောင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီး မောင့်

www.burmeseclassic.com

www.burmeseclassic.com



ဘက်တန်က ရေးသားရာတွင် "ကျွန်ုပ်တို့က ထောက်ခံသည်ဖြစ်စေ၊ မထောက်ခံသည်ဖြစ်စေ ဗမာတပ်များသည် ထကြွပုန်ကန်တော့မည်မှာ ထင်ရှားသည်၊ သေချာစွာ စဉ်းစားဝေဖန်ပြီးသည့်နောက်တွင် ဗမာတပ်များ၏ ပုန်ကန်မှုကို အစွမ်းကုန်အားပေးကူညီရမည်ဟု ကျွန်ုပ် အမိန့်ထုတ်လိုက်ပါသည်" ဟု ဖော်ပြထားလေသည်။ ထို့အပြင် စစ်အုပ်ချုပ်ရေးအဖွဲ့မှ အကြံပေးအရာရှိများက (အောင်ဆန်းနှင့် ပူးပေါင်းခြင်းသည် နိုင်ငံရေးအရ ဥပါဒ်ပေးနိုင်သည်)ဟု အကြံပေးသည်။ မောင့်ဘက်တန်က (အောင်ဆန်းနှင့် မပူးပေါင်းခြင်းသည် ပို၍ ဥပါဒ်ဖြစ်နိုင်သည်)ဟု အဖြေပေးခဲ့သည်။

## ဖိတ်ခေါ်ဆွေးနွေးခြင်း

အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစုံ စစ်သေနာပတိဗိုလ်ချုပ်ကြီး မောင့်ဘက်တန်သည် ဗိုလ်ချုပ်အောင်ဆန်းအား လေးစားသည်၊ ဗိုလ်ချုပ်အောင်ဆန်း၏လုပ်ရပ်ကို ယုံကြည်သည်။ ထို့ကြောင့်ပင် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ၌ ဗိုလ်ချုပ်အောင်ဆန်းအား ကန္ဒီမြို့သို့ ဖိတ်ခေါ်ဆွေးနွေးရာတွင် ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းအား (အင်စပက်တာဂျင်နရယ်)ရာထူးဖြင့် အမြဲတမ်း ဗမာ့တပ်မတော်သို့ ဝင်ရောက်ဆောင်ရွက်ပါရန် တိုက်တွန်းပြောကြားသည်။

## နှုတ်ဆက်စာ

ဗမာပြည်သို့ ပြန်ရောက်ပြီးနောက် များမကြာမီ အတွင်းမှာပင် ဗိုလ်ချုပ်အောင်ဆန်းသည် "ကျွန်ုပ်၏ ချစ်စွာသော ဟော့ဒ်လူးဝစ်" ဟု အစချီပြီး ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ထံသို့ စာတစ်စောင် ရေးသားပေးပို့လိုက်သည်။ စာထဲတွင် ဖော်ပြထားသည်တို့မှာ "ကျွန်ုပ်အနေဖြင့် စစ်ဘက်တွင် အမှုထမ်းရခြင်းကို အခြားအလုပ်များထက် ပို၍နှစ်ခြိုက်ပါသည်။ ကျွန်ုပ်၏အသည်းနှလုံးတွင် အမြဲတမ်း ခင်မင်မှုရှိနေမည်ဖြစ်သော ပုဂ္ဂိုလ်တစ်ယောက်ကို တုံ့ပြန်ကျေးဇူးဆပ်သောအားဖြင့် ကျွန်ုပ်သည် မိတ်ဆွေကြီးပြောသည့်အတိုင်း တပ်မတော်ထဲသို့ ဝင်ချင်ပါသည်။ သို့သော် နိုင်ငံရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်၍ တပ်မတော်တွင် အမှုမထမ်းနိုင်တော့ခြင်းကို အထူးဝမ်းနည်းမိပါသည်။ စစ်တပ်မှ မထွက်မီ မိတ်ဆွေကြီးကို နှုတ်ဆက်ခဲ့ပါသည်" စသည်ဖြင့် ပါရှိသည်။

တစ်ဦးနှင့်တစ်ဦး ထာဝစဉ်ခင်မင်မှုရှိနေမည်ဖြစ်သောအကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းက ဆက်လက်ရေးသားလိုက်ပုံမှာ "ကျွန်ုပ်တို့ကြားဝယ် အနာဂတ်၌ ဘယ်လိုအကြောင်းအရာ ပေါ်ပေါက်လာသည်ဖြစ်စေ ယခု ကျွန်ုပ်နှင့် မိတ်ဆွေကြီးအား ချည်နှောင်ထားသည့် ခင်မင်မှုနှောင်ကြိုးကို ဆက်လက်ထားရှိနိုင်မည်ဟုလည်း ကျွန်ုပ် မျှော်လင့်ပါသည်။ မိတ်ဆွေကြီးအား ကျွန်ုပ် လက်ဆောင်ပေးခဲ့သည့် ဂျပန်ဆာမူရိုင်းဓားကိုလည်း ယခု ပြီးဆုံးခဲ့ပြီဖြစ်သော အရှေ့တောင်အာရှ စစ်ပွဲကြီး အတွင်း၌ မိတ်ဆွေကြီးက ကျွန်ုပ်တို့အတွက် ပြုလုပ် ဆောင်ရွက်ချက်များအား လှိုက်လှဲစွာ ကျေးဇူးတင်ခြင်း အထိမ်းအမှတ်အဖြစ် ထာဝစဉ်ထားရှိပါမည့်အကြောင်း မေတ္တာရပ်ခံပါသည်" ဟု ဖော်ပြပါရှိလေသည်။

## အဓိကစာတမ်း

ထိုစာနှင့်ပတ်သက်၍ အင်္ဂလိပ် မြန်မာ ပထမနှ[illegible] နောက်ဆုံးတိုက်ပွဲစာအုပ်ကို ရေးသားသော ရန်ကု[illegible] အရေးပိုင်ဟောင်း မောရစ်ကောလစ်က ဝေဖန်ချက်[illegible] ထားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ "အသက် [illegible] ပင် မပြည့်သေးဘဲ ထိုအချိန်တိုင် မထင်ရှားလှသေးသ[illegible] လူငယ်ကလေးသည် ထိုစဉ်က အာရှတွင် တန်ခိုးအ[illegible] ထွားဆုံးဖြစ်နေသည့်သူအား တန်းတူအနေဖြင့် ဆက်[illegible] နှုတ်ဆက်ခဲ့လေသည်။ ဗမာပြည်၏ဖြစ်ရပ်များတွ[illegible] အဓိကစာတမ်းတစ်စောင်အဖြစ် တည်ရှိနေသည်" ဟု[illegible] ဝေဖန်မှု ပြုထားသည်။

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗြိတိသျှအစိုးရ[illegible] ဗမာကိုယ်စားလှယ်အဖွဲ့တစ်ခု လန်ဒန်မြို့သို့ လာရော[illegible] ပါရန် ဖိတ်ကြားသည်။ ဤသို့ဖိတ်ကြားချက်အရ လို[illegible] သော ပြင်ဆင်မှုများကို ပြုလုပ်ပြီး ဗိုလ်ချုပ်အောင်ဆ[illegible] ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သ[illegible] ၁၉၄၇ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် လန်ဒန်မြို့[illegible] ထွက်ခွာသွားသည်။ ဤသို့မထွက်ခွာမီ ဗိုလ်ချုပ်[illegible] ဆန်းက (အကောင်းဆုံးကို မျှော်လင့်ကာ အဆိုးအတွ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခြင်ထားကြပါ)ဟူ၍ တိုင်းသူပြည်သားများအား မှာကြားသွားသည်။

## အပြောင်းမြောက်ဆုံး

အောင်ဆန်းအက်တလီစာချုပ် လက်မှတ်ရေးထိုးပြီးနောက် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် လန်ဒန်မြို့ ဒေါ်ချက်စတာဟိုတယ်၌ သံအမတ်ကြီးများနှင့် အမတ်များအား ဗိုလ်ချုပ်အောင်ဆန်းက ဧည့်ခံပွဲကြီးတစ်ခုဖြင့် တည်ခင်းဧည့်ခံသည်။ သံအမတ်ကြီးများနှင့် အမတ်များသည် အကဲခတ်ကြသည်။ ထိုဧည့်ခံပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အပြောင်မြောက်ဆုံးပုဂ္ဂိုလ်တစ်ယောက်ဖြစ်ခဲ့သည်။ နောက်တစ်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့မှ မြန်မာနိုင်ငံသို့ ပြန်လည် ထွက်ခွာလာသည်။

## လူသတ်သမားလက်ချက်

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သူချစ်သော တိုင်းသူပြည်သားများနှင့်လည်းကောင်း၊ သူချစ်သော ရဲဘော်များနှင့်လည်းကောင်း ကြာရှည်စွာ မနေလိုက်ရပေ။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ရက်စက်သော လူသတ်သမားများ၏လက်ချက်ဖြင့် သေွးအိုင်ထွန်းကာ အခြားခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ရရှာသည်။

"သေသောသူ ကြာလျှင်မေ့သည်" ဟူ၍ဆိုရိုးစကားရှိသော်လည်း ဗိုလ်ချုပ်အောင်ဆန်းကိုမူ ကျွန်တော်တို့သည် ဘယ်သောအခါမှ မမေ့နိုင်ကြပါ။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အသက်ပေး၍ ဆောင်ရွက်သွားခဲ့သည်။ ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းချမှတ်သွားသော လမ်းစဉ်အတိုင်း လိုက်နာ၍ ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံသို့ ချီတက်ရပေမည်။ သာယာဝပြောသော ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ပေးခြင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးတရားကို တုံ့ပြန်ရန်မှာ ကျွန်တော်တို့၏ ကြီးမားသော တာဝန်တစ်ရပ်ပင် ဖြစ်ပါတော့သည်။ ။

ရွှေတူကျွန်ယံ၊ အတွဲ ၁၊ အမှတ် ၁၁ (၁၅-၇-၁၉၇၁)

www.burmeseclassic.com

www.burmeseclassic.com



# ဖက်ဆစ်တော်လှန်ရေး ခရီးကြမ်း
## ထိန်လင်း

ဒို့ဗမာအစည်းရုံးဝင် သခင်များသည် အလွန်ဆင်းရဲ ပင်ပန်းသည်။ ကျောင်းသားခေါင်းဆောင်ကိုအောင်ဆန်းဘဝမှ နိုင်ငံရေးနယ် ခြေစုံပစ်ဝင်လာသော သခင်အောင်ဆန်းသည် ဒို့ဗမာအစည်းအရုံး စားပွဲပေါ်တွင် ပုဆိုးခြုံ ကွေးရသည်။ နယ်မှလာသော သခင်များက လက်ဖက်ရည်တိုက်မှ သောက်ရသည်။ ထမင်းကျွေးမှ စားရသည်။ တစ်ခါတစ်ရံ ထမင်းငတ်သည်။ တစ်နပ်မဟုတ်၊ နှစ်နပ်သုံးနပ်အထိ ငတ်သည်များ ရှိသည်။

### ဆင်းရဲချမ်းသာ ဒဏ်ခံနိုင်

ဗိုလ်ချုပ်အောင်ဆန်းသည် စည်းစိမ်မခံတတ်။ စား၊ ဝတ်၊ နေထိုင်မှုတွင် ဇီဇာမကြောင်။ ယင်းသို့ ဆင်းရဲဒဏ်ခံနိုင်သလို ချမ်းသာဒဏ်ကိုလည်း ခံနိုင်သူဖြစ်သည်။ ၁၉၄၆ ဘုရင်ခံ အမှုဆောင်အဖွဲ့ ဒုတိယ သဘာပတိရာထူးကို လက်ခံပြီးနောက်မှာပင် 'ကြည်ရေ ... ပဲပြုတ်နှင့် နံပြား စားချင်တယ်' (ဇနီးသည် ဒေါ်ခင်ကြည်ထံပေးစာ) ဟူသော သမိုင်းဝင် စာတိုကလေးက ဗိုလ်ချုပ်၏ရိုးသားစွာ နေထိုင်စားသောက်ပုံကို တွေ့နိုင်သည်။

### အကြီးဆုံးရလဒ်

ဗမာ့လွတ်လပ်ရေး တပ်မတော် စတင်ဖွဲ့စည်းသော ဘန်ကောက် သွေးသောက်ပွဲ အထက်ပါ မိန့်ခွန်းတွင် "ငါတို့ စစ်တိုက်ရင်း စားသောက်ကြရင် စားနပ်ရိက္ခာ အစားအစာဆိုလို့ လုံးဝ မရှိ။ ဝတ်စရာဆိုလို့ တစ်ထည် တစ်ပိုင်းမျှမရှိ။ ဒါကြောင့်မို့ ရဲဘော်တို့သည် စစ်... တစ်လျှောက် အိပ်ဖို့ မြေကြီး၊ စားသောက်စရာဆိုလို့ ကျောက်ခဲနဲ့ သလဲ ပဲရှိတယ်။ ဒါပဲတတ်နိုင်တယ်။ ဒီဗမာ့ လွတ်လပ်ရေးတပ်မတော်အတွင်း ဝင်ရောက်စစ်မှုထမ်း ခြင်းဖြင့် ရာထူး စသည် အခွင့်အရေးများ ရကြလိမ့်မည် သူဌေး သူကြွယ်ကြီးများ ဖြစ်ကြလိမ့်မည်ဟု မမျှော်လင့် ကြပါနဲ့။ အကြီးဆုံးရလဒ်ကတော့ သေမင်းပဲ" အခွင့် အရေး မျှော်သူတို့အတွက် မမှားကြရန် ကြိုတင်သတိ ပေးခဲ့သည်။

ဗိုလ်ချုပ်သည် အခွင့်အရေး မျှော်လင့်ချက်ဖြင့် တပ်မတော်ကို ထူထောင်ခဲ့ခြင်းမဟုတ်ဘဲ မျိုးချစ်စိတ် အခြေခံဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံ နိုင်သူတို့ကို အခြေခံ၍ ထူထောင်ခဲ့သည်။

ဗိုလ်ချုပ်သည် အသိ၊ အပြော၊ အလုပ်တို့ ... အောင်ကျင့်ကြံသူဖြစ်၏။ ဂျပန်ခေတ် စစ်ဝန်ကြီးရုံး...



www.burmeseclassic.com

www.burmeseclassic.com



အကြပ်တပ်သားများနှင့်အတူ တစ်စားပွဲတည်း စားသည့် ထမင်းကိုသာ စားသည်။ အဝတ်မှာ ဖောင်းနှစ်စုံ သာရှိရာတွင် တစ်စုံမှာ ဘောင်းဘီက နေသည်။ စွပ်ကျယ်နှစ်ထည်မျှ ရှိရာတွင် ဒါသည်ပင် ပေါက်အပြဲများ ဖြစ်၏။

## ဘီအိုင်အေခေတ်

ဘီအိုင်အေခေတ်တွင် ဗိုလ်၊ အကြပ်၊ တပ်သား လုံး လစာတစ်ပြားမှမရ။ ယူနီဖောင်း မပေး။ ကိုယ့်ပါ အဝတ်ဝတ်။ ရိက္ခာမရှိ။ လူထုပေးသော ထမင်းထုပ် သာ ကြုံရာ ဖြစ်သလို စားရသည်။ ချီတက်ရင်း စစ် သင်လေ့ကျင့်၊ လေ့ကျင့်ရင်း တိုက်ကြရသည်။

## ဘီဒီအေခေတ်

ဘီဒီအေကျတော့ ယူနီဖောင်းရသည်။ သို့သော် ဖြစ် ဖျင်ကြမ်းအင်္ကျီ၊ ဖျင်ကြမ်းဘောင်းဘီသာ ဖြစ်၏။ စနစ်ရှိသည်။ တပ်က ထမင်းကျွေးသည်။ လစာရ သို့သော် စစ်သားတစ်ဦး ဂျပန်ငွေစက္ကူ ခုနစ်ကျပ်၊ ခေတ် ဆေးလိပ်ဖိုးပင်မရှိ။ လခထုတ်သည့်နေ့ လက် ရည်ဆိုင်တစ်ခါထိုင် ကုန်ကြ၏။

ဗမာ့ကာကွယ်ရေး တပ်မတော်သည် ဂျပန်စစ်တပ် သက်ဝေခံသာဖြစ်လေရာ ဂျပန်စစ်တပ်သည် အတော် ရဲသောတပ်ဖြစ်၏။ ဗမာ့တပ်ကို လက်နက်တပ်ဆင် နိုင်၏။ စစ်ဝတ် မဖြစ်စလောက်သာ ရ၏။ ပြည် ဖြစ် ဖျင်ကြမ်းသာ ဝတ်ရ၏။ ရိက္ခာကို ကိုယ့်ဘာသာ တီးရ၏။ ဂျပန်တို့သည်ပင် မြန်မာ့ရိက္ခာ ရယူ၏။

## အတူ ငတ်အတူ မျှမျှတတ

ဖက်ဆစ် တော်လှန်ရေး စစ်ထွက်ကာလကား င်းရဲဆုံးဖြစ်၏။ ဗိုလ်ချုပ်သည် တပ်မတော်သား အား စား၊ ဝတ်၊ နေရေးကိစ္စ၌ သံမဏိသားကျအောင် သားတင် လေ့ကျင့်ထားလေရာ စစ်မြေပြင်ထွက်ခါ ၁၉၄၅၊ မတ်လ ၁၇ ရက်နေ့ နံနက် ရွှေတိဂုံစေတီ ကဘက်၊ စစ်ရေးပြကွင်း ယခု တော်လှန်ရေးပန်းခြံ ကမိန့်ခွန်းတွင် "အောင်မြေနင်းပြီး စစ်မြေပြင်ထွက် ဆင်းရဲမယ်၊ ငတ်မယ်။ အအိပ်၊ အစား အသွား အလာ၊ အစစအရာရာ ဆင်းရဲမယ်။ ဒီဆင်းရဲတွေကို ကျော်နိုင်မှ စစ်ထွက်ခြင်းဟာ အောင်မြင်နိုင်မယ်ဆိုတာ သတိပြုပါ။ ဒီတော့ ဆင်းရဲတွေကို ဂရုမစိုက်ဘဲ ရင်မြေက တုတ်ထားပြီး ဗမာပီပီ ဗမာ့သွေးပြပြီး အောင်ပွဲကို ရအောင် ကြိုးစားကြ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံ ကြ။ အထက်ဗိုလ်များကလည်း သာသာညီညီ၊ မျှမျှတတ၊ ဆင်းရဲအတူ သေအတူတူ ရဲဘော်အစစ်အဖြစ်ဖြင့် အောင် မြင်အောင် ကြိုးစားရန် တိုက်တွန်းလိုတယ်။ ကျုပ် ကိုယ် တိုင်လည်း စစ်မြေပြင် ထွက်တိုက်မယ်။ ရဲဘော်တို့နှင့် အတူ ဆင်းရဲခံမယ်၊ ဒါပဲ" ဟု စစ်မြေပြင်တွင် တွေ့ကြုံ ရမည့် ဒုက္ခအဝဝအတွက် ကြံ့ကြံ့ခံနိုင်ရန် သတိပေး လိုက်၏။

## မတ်လ ၂၇ ရက် စစ်ထွက်ည

ကျွန်တော်သည် ဖက်ဆစ်တော်လှန်ရေးကာလက မင်းလှစည်သူတပ်ဖွဲ့၊ တိုင်း ၁ စစ်ဌာနချုပ်တွင် တာဝန်ကျ ၏။ တိုင်း ၁ စစ်ဌာနချုပ်သည် ရန်ကုန်မှ မတ်လ ၁၉ ရက်နေ့က ကားများဖြင့် စစ်ထွက်ခဲ့ရပြီး မတ်လ ၂၄ ရက်တွင် ပေါင်းတည်မြို့သို့ ရောက်၏။ ပေါင်းတည် သည် ကျွန်တော်တို့၏ ကားလမ်းခရီးဆုံးဖြစ်၏။ ပေါင်း တည်တွင် စခန်းချ ရပ်နားနေစဉ်အတွင်း ချီတက်ရေး ပြင်ဆင်မှု၊ စစ်ရေးပြင်ဆင်မှုများ စီစဉ်၏။

ပေါင်းတည်မှ မတ်လ ၂၇ ရက်နေ့ညတွင် တပ် ဖျောက်တပ်ထွက်ခဲ့သည်။ လက်နက်များကိုဝှက်၍ လှည်း ပေါ်တင်ကာ စစ်သားများက အရပ်ဝတ်ဖြင့် လှည်း နောက်လိုက်ရ၏။ တိုင်း ၁ တိုင်းမှူးမှာ ဗိုလ်မှူးမောင် မောင် (ဗိုလ်မှူးချုပ်၊ သံအမတ်ကြီးငြိမ်း) ဖြစ်၏။ စစ် ဌာနချုပ်နှင့်အတူ ဗိုလ်မှူးသိန်းမောင် (ဗိုလ်မှူးကြီး သံ အမတ်ကြီး ကွယ်လွန်)၏ တပ်ရင်း ၁၀၄ မှ တပ်ခွဲအချို့ နှင့်အတူ ချီတက်ရ၏။ တစ်ညလုံး ချီတက်ကြရလေရာ မအိပ်ရခြင်း၊ ရေငတ်ခြင်း၊ ခရီးကြမ်းစသော စစ်ချီခြင်း၏ ပင်ပန်းဆင်းရဲမှုတို့ကို ကိုယ်တွေ့ကြုံရတော့သည်။

## အတွေ့အကြုံမရှိသေးလို့

ယင်းသို့ဖြင့် ညချီတက်၊ နေ့နား၊ ၁၀ ရက်ခန့် ဆက် တိုက် ခရီးကြမ်းချီရ၏။ အတူချီတက်လိုက်ပါလာသည့်

www.burmeseclassic.com

www.burmeseclassic.com





ဘီဒီအေတပ်ရင်း ၄ (တပ်ရင်း ၁၀၄) သည် စ ဖွဲ့စက ဗိုလ်မှူးကျော်ဇော တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ပြီး ဂျပန်တပ်နှင့် တွဲဖက်၍ မြန်မာပြည်မြောက်ဖျား အင်းတော်၊ ကသာနယ်၊ မဇ္ဈိမပူရ နယ်စပ်အတွင်း လမ်းများဖောက်ရခြင်း၊ အင်္ဂလိပ်ဗိုလ်ချုပ် ဝင်းဂိတ်တပ်များနှင့် တိုက်ရခြင်းစသော ချီတက်ရေး အတွေ့အကြုံ၊ စစ်ရေး အတွေ့အကြုံရှိ၏။ ခံနိုင်ရည်မရှိ၊ စစ်ရုံးမှာသာ တာဝန်ထမ်းဆောင်ခဲ့ရသော ကျွန်တော်တို့ ရုံးအဖွဲ့သားများအဖို့ အလွန်ပင်ပန်းလှ၏။

ရိက္ခာအတွက် ဆန်ကြမ်း၊ ဆား၊ ငါးပိ၊ ငါးခြောက် အနည်းငယ်၊ ဆီ အသင့်အတင့်သာ ပါလာရာ အကောင်းဆုံးအစာမှာ ငါးခြောက်ဖုတ် ၃ လက်မခန့်ဖြစ်၏။ များသောအားဖြင့် ငါးပိဖုတ်နှင့် ပြီးရ၏။ တစ်ခါတစ်ရံ ဆန်ပြုတ်သာ သောက်ရ၏။

သို့သော် ဗိုလ်အကြပ်တပ်သား ခွဲခြားခြင်းမရှိ။ ဗိုလ်ချုပ်အောင်ဆန်း၏ သာသာညီညီ မျှမျှတတ ဆင်းရဲအတူတူ ရဲဘော်စစ်အဖြစ် အောင်မြင်အောင် ကြိုးစားဟူသော စစ်ထွက်မိန့်ခွန်းအတိုင်း လိုက်နာကျင့်ကြံကြသဖြင့် တပ်တွင်း စည်းလုံးညီညွတ်၏။ ဗိုလ်၊ အကြပ်၊ တပ်သား အားလုံး စိတ်ဝမ်းမကွဲ၊ တစ်သားတည်းဖြစ်၏။

## ရပ်ဆိုင်စခန်း

ဆယ်ရက်ခန့် ကြိုးဝိုင်းအတွင်း ချီတက်ပြီး ဧပြီ ၅ ရက်နေ့တွင် ရပ်ဆိုင်ရွာ ဗိုလ်တဲသို့ ရောက်ရှိ၏။ တိုင်းစစ်ဌာနချုပ်၌ စခန်းချ၏။ တပ်အချို့ ရပ်ဆိုင်ရွာထဲတွင် အိမ်များ၌ ဖြန့်ထား၏။ ဗိုလ်တဲပေါ်နှင့် အိမ်များတွင် နေရသဖြင့် မြေကြီးပေါ် အိပ်ခဲ့ရသည်နှင့်စာလျှင် အနေအထိုင် ကောင်းသော်လည်း အစားမှုကား ဆင်းရဲမြဲ။

ရပ်ဆိုင်ရွာမှာ အိမ်ခြေ ၅၀ ခန့်ရှိပြီး ပေါင်းတည်နှင့် မိုင် ၂၀ ကျော်တွင် တည်ရှိ၏။ သစ် ထုတ်လုပ်သားများနှင့် တောင်ယာသမားများနေသော သစ်တောကြိုးဝိုင်းအတွင်း အလွန်ခေါင်သောရွာဖြစ်၏။ ရွာသူရွာသားများမှာ ဆင်းရဲ နွမ်းပါးလှ၏။ တပ်မတော်နှင့် ရဲဘော်များအပေါ် သဒ္ဓါတရားရှိသော်လည်း ရိက္ခာအကူအညီမရ။ ဟင်းအဖြစ် ဆူးပုပ်ရွက်၊ ထိကရုံး၊ မန်ကျည်းရွက်ကိုသာ ငါးပိနှင့် ရောကျိုပြုတ်ထားသော ဟင်းချိုကို နေ့စဉ်လိုလို စားရ၏။ ဒါသည်ပင် ဖောဖောသီသီ မဟုတ်။ ဟင်းရွက် ပါလေဟန် ရေကျဲကျဲသာဖြစ်၏။

## ဟင်းခွက်လက်ဆေး

ပန်းကန်ခွက်ယောက်မှာလည်း မလုံလောက် ထမင်းပန်းကန်အဖြစ် လေယာဉ်သတ္တုပန်းကန်မှာ နည်း နည်းသာရှိသဖြင့် အလှည့်ကျ စားရ၏။ ဟင်းခွက်မရှိ သဖြင့် ဝါးပိုးဆစ်များကို ဖြတ်တောက်ဟင်းခွက်လုပ်ရ ၏။ ဇွန်း မလုံလောက်လို့ ဝါးဆစ်များကို ဇွန်းလုပ်သုံး ရ၏။

တစ်ခါသော် တောရွာများမှ ရိက္ခာလာပို့သူများအား ဝါးပိုးခွက်နှင့် ထည့်ထားသော မန်ကျည်းရွက်ဟင်းချိုဖြင့် ထမင်းကျွေးရာ ဟင်းချိုခွက်ကို လက်ဆေးခွက်အထင် ဖြင့် လက်နှိုက်ဆေး၏။ အချိုးကျ ရသော ဟင်းချို အသုံး မခံနိုင်သဖြင့် ရဲဘော်များက လက်ဆေးလိုက်သော ဟင်းချိုကို သောက်ပြလိုက်ရာ သူတို့ခမျာ အားတော အားနာ ဖြစ်သွားရှာ၏။

## ဗိုလ်ချုပ်မိန့်ဆိုချက် သတိရ

ယင်းသို့ အစား ဆင်းရဲ၊ အနေ ဆင်းရဲမှုများနှ တွေ့ကြုံရတော့မှ ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ထွ မိန့်ခွန်းသည် ရဲဘော်တို့အတွက် ခံနိုင်ရည်ရှိစေသော အားဆေးသဖွယ်ဖြစ်၏။ လွတ်လပ်ရေးကြိုးပမ်းမှုသည် ပန်းခင်းလမ်းမဟုတ်၊ သွေးချွေးတို့ဖြင့် ရင်းရသော လု ငန်းဖြစ်ကြောင်း ကိုယ်တွေ့သိနားလည်ရ၏။

ရပ်ဆိုင်စခန်းတွင် စခန်းချနေစဉ် ရွာများတွင် ပြ သူ့စစ်များဖွဲ့ခြင်း၊ စစ်ပညာသင်ပေးခြင်း၊ ရိက္ခာစုဆော ခြင်း၊ နိုင်ငံရေး သင်တန်းပို့ချခြင်း၊ ဖက်ဆစ်ဂျပန်သတင် များ စုဆောင်းခြင်း စသော အင်အားတည်ဆောက်သ လုပ်ငန်းများလုပ်ရင်း ဆင်းရဲပင်ပန်းမှုကို ကြိတ်မှိတ် ရ၏။

## ဖက်ဆစ်တို့ ရှုံးပြီ

နိုင်ငံတကာဖက်ဆစ်ဆန့်ကျင်ရေး သတင်းများ မြန်မာပြည် စစ်မျက်နှာသတင်းများကို ခက်ခ ရေဒီယိုသတင်းများ ဖမ်းယူရရှိ၏။ ကျွန်တော်တို့တ

www.burmeseclassic.com



ရေဒီယိုတစ်လုံးပါ၏။ သို့သော် ဘက်ထရီအားသွင်းစက် မရှိ၊ ဗိုလ်ကြီးသီဟန် (နောင် နိုင်ငံခြားရေးဝန်ကြီး) ဦးဆောင်၍ ဒုဗိုလ်သိန်းမောင်တို့သည် လှည်းဘီးကြီးများကို လူအားဖြင့် လည်စေပြီး ဘက်ထရီအားသွင်းကာ ရေဒီယို နားထောင်ရ၏။ အီတလီအာဏာရှင် မူဆိုလိုနီအား ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူများက ဖောက်ထိုးဆွဲကာ စက်သေနတ်နှင့် ပစ်သတ်၊ အလောင်းကို လူနှစ်သောင်းခန့် ခြေထောက်ဖြင့် ကန်ကြောက်သည့်သတင်း။ ဂျာမနီ အာဏာရှင် ဟစ်တလာ သတ်သေသောသတင်း။ ဘာလင်ကို မဟာမိတ်တပ်များသိမ်းသည့်သတင်း။ ဂျာမနီ လက်နက်ချသည့် သတင်းများနှင့် မိတ္ထီလာဘက်မှ မဟာမိတ်စစ်ကြောင်းများ ချီတက်လာပုံ။ ရခိုင်ဖက်ဆစ်ဆန့်ကျင်ရေး သတင်းများ၊ မျိုးချစ်ဗမာတပ် တိုက်ပွဲများ သတင်းများကို အားတက်ဖွယ် ကြားရ၏။

## ဆင်ဆိုး ဖိုးစိန်

ဧပြီလအတွင်း နေ့တစ်နေ့ နံနက်ခင်းတွင် အရပ်သား လေးငါးဦး တိုင်းရုံးရောက်လာ၏။ သူတို့က ဤရုံးနှင့် တစ်မိုင်ခန့်အကွာ တောတွင်းတွင် ဖိုးစိန် အမည်ရှိ ဆင် တွေ့ခဲ့ကြောင်း၊ ဖိုးစိန်သည် ယခင် စတီးဘရားသား ပိုင်ဖြစ်ပြီး ဆင်ဦးစီးနှစ်ယောက်အား ထိုးသတ်ပြီး တောထဲ ဝင်သွားကြောင်း သတင်းပို့၏။

ထိုပုဂ္ဂိုလ်များသည် သွားလာရင်း အမှတ်မထင် ဆင်ဖိုးစိန်ကို တွေ့သဖြင့် လာပြောခြင်းသာဖြစ်၏။

ကျွန်တော်တို့သည် ထိုသတင်းကို တိုင်းမှူး ဗိုလ်မှူး အောင်မောင်အား ဆင်ဦးစီး နှစ်ယောက်သတ်ပြီး တောထဲနေသော ဆင်ဖိုးစိန်သည် တိုင်းရုံးနား ရောက်လာကြောင်း၊ လူတွေကို လိုက်သဖြင့် ထွက်ပြေးလာကြောင်း ဆိုသော ချဲ့ကားပြီး သတင်းပို့လိုက်၏။

## ဆင်ဆိုးကို သတ်စေ

တိုင်းမှူးက "လူတွေကို အန္တရာယ်ပေးနေရင် ပစ်သတ်" ဟု အမိန့်ပေးပါလေတော့သည်။ ကျွန်တော်တို့ လိုချင်တာ သည်အမိန့်ပဲဖြစ်၏။

ဝါသနာကြီးကြသော ရဲဘော်ငါးဦး သေနတ် ကိုယ်စီဆွဲကာ ဆင်ပစ်ထွက်ခဲ့ကြ၏။ မှတ်မိသည်မှာ ရဲဘော်သောင်းညွန့် (ဘုန်းဝင်း၊ မူလတန်း)ပါ၏။ ဒုဗိုလ်ထွန်းလွင် (ကွယ်လွန်)သည် လိုက်လာပြီး "အရမ်းတစ်ယောက်တစ်ပေါက် မလုပ်နဲ့။ မင်းတို့ ဆင်လိုက်နှင်း အစွယ်နဲ့ထိုးရင် သေကုန်မယ်" ပြောပြောဆိုဆို သူ ဦးဆောင် ချီတက်၏။ သူက တော်မီဂန်းကို သောင်းညွန့်အား ပေးလိုက်ပြီး ဂျပန်မြင်းစီးရိုင်ဖယ်ကို ယူလိုက်၏။ ဂျပန်မြင်းစီးရိုင်ဖယ်သည် ပေါ့ပါးပြီး စက်သေနတ်ကြီး ကျည်ဆန်ဖြင့် ပစ်ရသဖြင့် ယမ်းအား ကောင်း၏။

## ကံဆိုးသူ ဆင်ဖိုးစိန်

ကျွန်တော်တို့သည် ဆင်ရှိရာ တောတွင်းသို့ ဝင်ရောက်သွားရာ ကိုက်နှင့်ရာခန့်တွင် ရပ်ပြီးတွေနေသော ဖိုးစိန်ကို တွေ့၏။ ဆင်နှင့် နီးရာသို့ သေနတ်နှင့်ချိန်ရင်း ချဉ်းကပ်သွားပြီး ပစ်ရန်ပြုစဉ် ဆင်သည် ဝေါခနဲ အသံပေးကာ ကျွန်တော်တို့၏ ဘယ်ဘက်မှ ညာဘက်သို့ ထွက်သွား၏။ အဝေးသို့မသွား။ ဗိုလ်ထွန်းလွင်သည် သူ ပစ်မည်ဖြစ်ကြောင်း လက်ဟန်ပြ၍ ဆင်ရှိရာ ကပ်သွား၏။ ကျွန်တော်တို့က ရင်ပေါင်တန်းလိုက်၏။ ဆင်သည် ကံဆိုးလှ၏။ လူတစ်ရပ်သာသာ ကမူပေါ်တွင် ကျွန်တော်တို့နှင့် ဘေးတိုက်အနေအထား ပစ်ကွင်းပေါ် ရပ်နေ၏။ ဗိုလ်ထွန်းလွင်က သူပစ်မည်ဟု အချက်ပြပြီး ဆင်၏ ဘယ်ဘက် နားတွင် ချိန်ကာ သေနတ်မောင်းဖြုတ်လိုက်၏။ 'ဒိုင်း' ခနဲ သေနတ်သံနှင့် ဆင်သည် ကမူပေါ်မှ ချိုင့်ထဲကျသွား၏။ ဆင်နားကပ်သွားရာ လုံးဝ မလှုပ်တော့။ ဆင်ဖိုးစိန် သေရှာလေပြီ။

## ဆင်တစ်ကောင်လုံး အသုံးချကြ

တပ်သားများ၊ ရွာသားများ ရောက်လာကြပြီး ဆင်သေကောင်ကို ဖျက်ကြ၏။ နံနက် ၁၀ နာရီခွဲမှ စတင်သော ဆင်ဖျက်လုပ်ငန်းသည် ညနေ ၄ နာရီ မတိုင်မီ လုံးဝပြီး၏။

ဆင်မှာ အသုံးဝင်လှ၏။ ဘာကိုမှ ပစ်ရသည်မရှိ။ အစွယ်၊ အရိုး၊ အရေ၊ ဆင်ခွာ၊ ဆင်မြီး အားလုံး အသုံးဝင်၏။ ငတ်နေတုန်းမို့လားမသိ။ ဆင်သားစားလို့ မဆိုး။ နည်းနည်းကြမ်းတာကလွဲလို့ ကျွဲသား၊ နွားသား အရသာမျိုး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နှာမောင်းကြီးကို ရွှံ့မံပြီး ကောက်ရိုးမီးမြိုက် အပေါ် လွှာများကို ခြစ်ထုတ်ပြီး ချက်စားရာ ထုတ်ထုတ်နှင့် စားကောင်း၏။ ဆင်သားကို အမြွှာများ ပြုလုပ်ပြီး အခြောက်လှမ်း၏။ ဆင်သားခြောက်သည် အစိုထက် ပိုစားလို့ရ၏။

## စစ်တောင်း စစ်မျက်နှာသို့

ကျွန်တော်တို့ တိုင်း ၁ သည် ပြည်၊ အင်းစိန် စစ် မျက်နှာမှ ၁၉၄၅၊ ဇူလိုင် ၁၄ ရက်နေ့တွင် မဟာမိတ် မော်တော်ယာဉ်များ အကူအညီဖြင့် စစ်တောင်းစစ်မျက် နှာတွင် တိုက်ရန် ပဲနွယ်ကုန်းမြို့လေးသို့ ပြောင်းရွှေ့ ခဲ့ရ၏။

ဤစစ်မျက်နှာကား ဂျပန်တပ်များသည် အလယ် ရိုးမမှ မန္တလေး–ရန်ကုန် ကားလမ်းဖြတ်၊ စစ်တောင်း မြစ်ကူး ဆုတ်ခွာလေရာ မျိုးချစ်တပ်မတော်နှင့် မဟာ မိတ်တပ်များက တိုက်ရ၏။ တိုက်ပွဲ ပြင်းထန်လှ၏။ မိနစ်၊ စက္ကန့်မစဲ၊ အမြောက်သံ၊ သေနတ်သံ၊ လေယာဉ် ပစ် စက်သေနတ်သံများ ကြားနေရ၏။

## မဟာမိတ် အကူအညီ

မဟာမိတ်တပ်များ၏ အကူအညီရပြီဖြစ်သဖြင့် လက်နက်ကျည်ဆန်၊ ရိက္ခာ၊ ယူနီဖောင်း ရ၏။ လက် ဖက်ရည်၊ ကော်ဖီ၊ ဘီစကစ်၊ ထောပတ်၊ ချိစ်၊ ငါး သေတ္တာ၊ ဝက်သား၊ အမဲသားဘူးများ၊ အာလူးခြောက်၊ သစ်သီးဘူးများ၊ စီးကရက်၊ အရက်၊ နို့ဆီ၊ နို့စိမ်း ဖောဖောသီသီရ၏။

နေ့စဉ် စားရတော့ မြန်မာ့ခံတွင်းနှင့် မတွေ့ကြတော့ မစားနိုင်။ ငါးသေတ္တာနှင့် အသားဘူးများကို ငါးပိ၊ ချဉ်ပေါင်ဟင်းတို့နှင့် ရွာသားများထံ လဲစားကြ၏။

## ခက်ခဲသော အလုပ်

ဂျပန်တို့ ဩဂုတ်လ ၁၅ ရက်တွင် လက်နက်ချ၏။ သို့သော် ကျွန်တော်တို့ မနားရသေး။ ဂျပန်ဘုရင့် လက်နက်ချအမိန့်ကို မသိကြသော ဂျပန်တို့သည် တော ထဲတွင် သွားလာလှုပ်ရှားနေ၏။ သူတို့ကို တောတွင်း လိုက်လံရှာဖွေ၊ ဂျပန်ဘုရင့်အမိန့်ကို သိအောင်လုပ်ရ၏ ဤအလုပ်သည် စစ်တိုက်ရသည်ထက် ခက်ခဲလှ၏ ဂျပန်စစ်သားတွေ့သော်လည်း ကိုယ်က မပစ်ရ။ သူတို့ က ပစ်သော်လည်း ခံမပစ်ရ။ အကာအကွယ်ယူပြီး ဂျပ ဘုရင့်လက်နက်ချအမိန့်ကို နားလည်အောင် ပြောရ၏ နောက်ပိုင်းတွင် ဂျပန်တပ်မှ အရာရှိများ မဟာမိတ်တပ် အရာရှိများနှင့် တွဲဖက်လုပ်ဆောင်ရ၏။

ဂျပန်စစ်အရာရှိက တောတွင်းဂျပန်များကို ဂျပန် စစ်မိန့်ပေး ခေါ်ယူ တန်းစီစေကာ ဘုရင့် လက်နက် အမိန့်ကို ဖတ်ပြ၏။ အချို့ဂျပန်အရာရှိနှင့် စစ်သား သည် ရန်သူ့ထံ လက်နက်ချရသည်ထက် အသေခံ ဟူသော ဓာတ်မာန်ဖြင့် လက်ပစ်ဗုံး၊ သေနတ်များဖြ မိမိကိုယ်ကို အဆုံးစီရင်ကြသည်များ ရှိ၏။

ဂျပန်ဖက်ဆစ်တော်လှန်ရေးတွင် တပ်မတော်သည် ချီတက်ရေး ပင်ပန်းဆင်းရဲမှု၊ အစားအသောက် ငတ်ပြ ဆင်းရဲမှုများကို ဗိုလ်ချုပ်အောင်ဆန်း မိန့်မှာချက် ဦးထိပ်ပန်ဆင်ကာ ကြံ့ကြံ့ခံခဲ့၏။ တစ်ခုတည်းသော လွ လပ်ရေး ရည်မှန်းချက်အတွက် စွန့်လွှတ်စွန့်စားခဲ့၏

မြန်မာ့ ဖက်ဆစ်တော်လှန်ရေးသည် ကမ္ဘာ ဆိုင်ရာ ဖက်ဆစ်တော်လှန်ရေး၏ အစိတ်အပိုင်းဖြစ် ဖက်ဆစ်ဂျာမန်၊ အီတလီ၊ ဂျပန်တို့ကို မဟာမိတ်နိုင်ငံ နှင့် ကမ္ဘာ့ဖက်ဆစ် ဆန့်ကျင်ရေး ပြည်သူ့အင်အားစု က အနိုင် တိုက်နိုင်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဗို ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ အဖွဲ့ ကြီး၏ ရှေ့ဆောင်မှုအောက်တွင် တပ်မတော်၊ ကွန်မြူ ပါတီ၊ ပြည်သူ့အရေးတော်ပုံ ပါတီတို့က မဟာမိတ် ၏ အကူအညီ၊ ပြည်သူတို့၏ ပူးပေါင်းမှုဖြင့် အောင် ခဲ့၏။ ဖက်ဆစ်တော်လှန်ရေးသည် လွတ်လပ်ရေး လ တစ်ကမ်းအရောက်ပို့ခဲ့ပြီး နှစ်နှစ်ခန့်အကြာတွင် လုံ လွတ်လပ်ရေးရခဲ့ပါသတည်း။ ။

မိုးကျာနယ် (ဧပြီလ၊ ၁၉၉၉

www.burmeseclassic.com



# စစ်ဝန်ကြီးရုံးဝယ်

## ဗိုလ်သံတိုင်

အနောက်မြောက်တိုင်းမှ အနောက်တိုင်း မြစ်ဝ ကျွန်းပေါ်တစ်လျှောက် ဒေသအတွင်း၌ တော်လှန်ရေး အတွက် နိုင်ငံရေး၊ စစ်ရေးအရ အစီအစဉ်များ အလွန် အရာမှ တောင့်တောင့်တင်းတင်းနှင့် အားကောင်းလျက် ရှိနေလေသည်။

စစ်ဝန်ကြီးရုံးများ တိုးချဲ့လာသည်နှင့်အမျှ တပ် ပေါင်း တပ်ရင်းများ၊ ဌာနကြီးများတွင် လူဦးရေ တိုး တက်ခန့်ထားခဲ့ရပြန်ပါသည်။ တိုးတက်ခန့်ထားရာ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တက္ကသိုလ်ကျောင်းသားဘဝက လုပ်ဖော်ကိုင်ဖက် ကျောင်းသားရဲဘော်များကို ရွေးချယ် ကြ၏။ ထိုကဲ့သို့သော ရဲဘော်အများအပြားကို စစ်ဝန် ကြီးရုံးသို့ ခေါ်ယူပြီး တာဝန်များ ဖွတ်ထမ်းဆောင်စေ ပါသည်။ ကျွန်တော်မှတ်မိသမျှ ဦးသီဟန် (ယခု တော် လှန်ရေးကောင်စီအစိုးရ နိုင်ငံခြားရေးတာဝန်ခံ)၊ ဦးလှ အောင် (ယခု ဗိုလ်မှူးကြီး လှအောင်)၊ ဦးဘို (ယခု ဗိုလ်မှူးကြီးဘို)၊ ဦးသိန်းအောင် (ယခု ဗိုလ်မှူးကြီး သိန်းအောင်)၊ ဦးဘသန်း (ယခု အငြိမ်းစားဗိုလ်မှူးကြီး ဘသန်း)၊ ဦးထွန်းလှ ခေါ် တက္ကသိုလ်နေဝင်း (ဗိုလ်ကြီး ထွန်းလှ၊ ဗိုလ်ချုပ်အောင်ဆန်း အပေါင်းတော်မြဲ)၊ ဦးတင် ...ရေနယ်ဌာန တွဲတေး)၊ ဦးလှ (သားရေနယ်လုပ် ငန်းဌာန)၊ ဦးထွန်းစိန်(အဆောက်အဦဌာန)၊ ဦးအုန်းကြိုင် (စာရင်းကိုင် အဆောက်အဦဌာန)တို့ ဖြစ်ကြပါသည်။

ကျွန်တော်တို့ စစ်ဝန်ကြီးရုံးကို တိုးချဲ့ပြီးနောက် နံနက်စာ ကို စစ်ဝန်ကြီးရုံး၏ အလယ်ဗဟို၌ အလျားပေ ၁၅၀၊ အနံပေ ၁၅၀ ခန့်ရှိ ထမင်းစားရုံကြီးတစ်ရုံကို ဆောက် လုပ်ထားပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းမှ ရဲဘော်ပေါက်စ ကလေးအထိ ၁၁ နာရီခွဲ မောင်းတီးလိုက်သည်နှင့် ဌာန တိုင်း ရာထူးအကြီးအသေးမကျန် အားလုံး မပျက်မကွက် လာကြရပါသည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက အလယ် ဗဟို စားပွဲကြီး၏ထိပ်ဆုံးကုလားထိုင်တွင် ထိုင်ပါသည်။ ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးများ၊ ဗိုလ်ကြီးများ၊ ဗိုလ်၊ ဒုဗိုလ်၊ အရာခံဗိုလ်၊ အကြပ်ကြီး၊ အကြပ်၊ ဒုအကြပ်၊ ရဲဘော် အားလုံး မတ်တပ်ထ၍ တိုင်း ပြည်က ကျွေးသော ထမင်းကို အလေးပြုကြရပါသည်။ ထို့နောက် ထိုင်၊ စားဟု အမိန့်ရမှ အားလုံး ဖွန်းသံ၊ ပန်းကန် သံတွေ တချွင်ချွင် မြည်စပြုပြီး စားကြရပါတော့သည်။

ကျွန်တော် မှတ်မိသမျှ ဗိုလ်မှူးဝင်း (ယခု ဗိုလ်မှူး ကြီးဝင်း)က အမြဲလိုလို ထမင်းရေး၊ ဟင်းရေး အစီအစဉ် ဖန်တီးရရေး ထမင်းစားအမိန့်ကိုလည်း အမြဲလိုလိုပင် သူ ပေးရသည့်အလုည့်က များခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်လိုလို ရုံးပိတ်ရက်မှအပ နံနက်စာကို ထမင်းစားရုံကြီးထဲတွင် စားကြရတိုင်း ဗိုလ်ချုပ်အောင်ဆန်းသည် ထမင်းမစားခင် ရောက်ရှိလာကြသော အရာရှိ အကြပ်တပ်သားများကို တစ်ယောက်စီ စစ်ဆေးလေ့ရှိပါသည်။ မရောက်လာသေးသည့် အရာရှိ အကြပ်တပ်သားများကိုလည်း တမော့မော့နှင့် မိဘက သားသမီးများအား ထမင်းစားချိန်မတွေ့လျှင် တစောင့်စောင့်နှင့် နေသလို ကရုဏာအပြည့်အဝ မျက်နှာထားဖြင့် ထမင်းကို တဖြည်းဖြည်းချင်း တစ်ဇွန်းချင်း လေးလေး ယူစား နေတတ်ပါသည်။ ကြောင့်ကြလှရှာပါသည်။ အနီးရှိ အရာရှိများအား တဖွဖွနှင့် ထို မလာသေးသောသူများအား 'ဘယ်ခိုင်းထားသလဲ ဗိုလ်လက်ျာ၊ အပြင်သွားနေလို့လား။ ကနေ့ ရုံးတက်သလား၊ နေကောင်းရဲ့လား' စသည်ဖြင့် ခဏခဏ မေးမေးပြီး လူဝင်ပေါက်ကိုလည်း အမြဲတစေ မျှော်ကြည့်ကာ ထမင်းစားတတ်ပါသည်။ ကျွန်တော်တို့ ထိုခေတ် ထိုအချိန်က ဘယ်ကစာအုပ် အဟောင်းအဆွေးတွေကိုမှ ခိုးမချခဲ့ပါ။ သူ့အချိန်မှာ သူဖြစ်ချင်သလို အလိုအလျောက် ဉာဏ်စွမ်းဉာဏ်စ ကလေးများဖြင့် စစ်စည်းကမ်း၊ လူ့ကျင့်ဝတ်များ၏ ဘောင်အတွင်းရောက်အောင် စီမံဖန်တီးပြီး နေထိုင်ကြရပါသည်။

စစ်ဝန်ကြီးရုံးကြီးကို ချဲ့ထွင်ဖွဲ့စည်းရာ၌လည်း မျက်နှာမလိုက်ဘဲ သင့်တော်သလိုနေရာချထားခဲ့ကြောင်း တွေ့ရပါသည်။ ရဲဘော်သည် တိုင်းပြည်နှင့် လူမျိုးအတွက်ဟူသော ဆောင်ပုဒ်ကို ဦးထိပ်ရွက်၍ တပ်မတော်တွင်းရှိ အရာရှိနှင့် အကြပ်တပ်သားများမှာ ရဲဘော်စိတ် မွေးလျက် စည်းလုံးညီညွတ်စွာ ရှိခဲ့ကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ညွှန်ကြားချက်များကိုလည်း ကျန်အရာရှိနှင့် တပ်ကြပ်တပ်သားများက လေးလေးနက်နက် တစ်စည်းတစ်လုံးတည်း အားကြိုးမာန်တက် လိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ကျွန်တော်တို့ ရဲဘော်တွေကို တစ်အိုးတစ်အိုးထောင် တစ်မိပေါက်များကဲ့သို့ ကြင်နာယုယသည့် ကရုဏာတရားဖြင့် ကွပ်ကဲအုပ်ချုပ်ခဲ့လေသည်။ သို့သော် ဗိုလ်ချုပ်သည် ကျောင်းသားဘဝမှ ဗိုလ်ချုပ်ဘဝသို့ တစ်ရှိန်ထိုးတက်ခဲ့ရသဖြင့် လောကကြီး၏ ဆန်းကြယ်မှုများနှင့် တွေ့ကြုံရသည့်အချိန် နည်းခဲ့လေသည်။ အိမ်ထောင်ရေးမှာလည်း သက်တမ်းမရင့်သေးပါ။ ထို့ကြောင့် ရဲဘော်တိုင်း၏ လောကီ အိမ်ထောင်ရေး ပြဿနာများကို ခေါင်းထဲ မသွင်းနိုင်ခဲ့ပေ။ ဗိုလ်ချုပ်သည် သူ့စိတ်တွင် ရည်မှန်းဦးတည်ထားသော လွတ်မြောက်ရေး ပန်းတိုင်ရောက်ရှိရန်သာ တွေးတော ပူပင်လျက်ရှိနေပါသည်။ ဤအရေးမှ ထိုအရေးသို့ ခေါင်းမလှည့်ခဲ့ပါ။ ဤအရေးကိုသာလျှင် စိတ်ရောကိုယ်ပါ အားသွန်ပြီး စူးစိုက်နေခဲ့ပါသည်။ အစစအရာရာတွင် သူကိုယ်တိုင် ဝင်မပါဘဲ တပ်မတော်၏ ဖခင်သဖွယ် သိတန်မှသိ၊ မြင်တန်မှ မြင်ရပါသည်။

ဗိုလ်မှူးကြီး လက်ျာက စစ်ဝန်ကြီးရုံးသို့ ဌာနကြီးများကို တပ်မတော်၏ မိခင်သဖွယ် အစစ တိုင်ပင်ပြောဆို စီမံရလေသည်။

စစ်ရေးအရဆိုလျှင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းက ဗမာပြည်တစ်ပြည်လုံး အနှံ့အပြားရောက်ရှိနေကြသည့် တပ်ရင်းများကို စစ်ရေးအရ ပြဿနာအသေးအကြီးပါမကျန် တာဝန်ယူ ကွပ်ကဲအုပ်ချုပ်နေရလေသည်။ ဗိုလ်ချုပ်နေဝင်း၏ စစ်ဦးစီးဌာနချုပ်မှာ ရန်ကုန်မြို့ ဦးဝိစာရလမ်းနှင့် ဘောင်ဒရီလမ်းထောင့်ရှိ စစ်ဦးစီးရုံးတွင် တည်ရှိပါသည်။ အနောက်တိုင်း စစ်ရုံး၌ ဗိုလ်မှူး ရန်အောင်က တိုင်းမှူး၊ ဗိုလ်မှူးအောင်က ဒုတိုင်းမှူးအဖြစ် ဦးစီးကွပ်ကဲလျက်ရှိနေကြပါသည်။

တပ်မတော် စစ်ဝန်ကြီးရုံးရှိ ထမင်းစားရုံကြီးအတွင်း မည်သည့်ရဲဘော်၊ အကြပ်၊ အရာရှိမဆို မိမိတို့ ထမင်းစားပန်းကန်၊ ဟင်းထည့်ပန်းကန်လုံး၊ ဇွန်းဟူ၍ ခွဲခြားထားမှုမရှိ။ ဗိုလ်ချုပ်စားသည့်ဇွန်းကိုလည်း ခွဲခြားပြီး သီးသန့်မထားခဲ့ကြပါ။ ယနေ့လိုနေ့တွင် ဗိုလ်ချုပ်နှင့် ဗိုလ်မှူးကြီးများ၊ ဗိုလ်မှူးများ စားသော ပန်းကန်ပြားများ၊ ဇွန်းများသည်လည်း မနက်ဖန် ရဲဘော်အကြပ်တွေလက် ရောက်ချင်ရောက်ပါသည်။ (ငွေစက္ကူနှင့် ငွေအကြွေများ သူဌေးလက်၊ အရာရှိလက်၊ ဆင်းရဲသားလက်များသို့ ပြောင်းလွဲရောက်ရှိသလို ဖြစ်ပါသည်။) ဗိုလ်ချုပ်အောင်ဆန်းကလည်း ဒီဇွန်း ဒီပန်းကန် ငါ့အတွက် သီးသန့်ထားဟူ၍ ခွဲခြားထားရန် အမိန့်မပေးခဲ့ဖူးပါ။ အားလုံး ကြွေရည်သုတ် သံပန်းကန်ပြား ပန်းကန်

www.burmeseclassic.com

များဖြစ်ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အချို့က သလိုလို လောကွတ်လုပ်ပြီး ဆီရွှဲရွှဲနှင့် ဟင်းကောင်း ကောင်း သီးခြားပွဲ ပြင်ပေးချင်ကြသည်။ ဗိုလ်ချုပ်က မျိုးတွေမကြိုက်၊ လက်မခံမှန်းသိသဖြင့် မလုပ်ရဲကြပါ။

ဟန်ကြီးပန်ကြီးလုပ်ရမှန်းမသိရှာသော ဗိုလ်ချုပ်ကို အသေသဘောမျိုးနှင့် ဖြူရိုကရက်သဘော အရိပ် ဆောင်များဖြင့် ပရိယာယ်လုပ်ပြီး ပုံသွင်း၍ ရခဲ့သည် ပါ။ အချို့က ဗိုလ်ချုပ်ကို မျက်နှာချိုသွေးပြီး ကပ်ပြီး ချင်ကြသည်။ ဗိုလ်ချုပ်က ဒီလိုအပြုအမူမျိုး ပြုတတ် များ၏ ခြေလှမ်းကို ကြိုတင်မြင်ပြီး ဖြောင်ပြောလွှတ် တတ်ပါသည်။

ဗိုလ်ချုပ်က ရိုးသည်၊ ညီအစ်ကိုပြော ပြောတတ် သည်။ ရဲဘော်ရဲဘက်အနေနှင့် ပရိယာယ်မသုံးတတ်ပါ။ ဖြောင်ပြော ရိုးရိုးပြော၊ ရှင်းရှင်းဘွင်းဘွင်းပြော၊ တိုတို ပြောတတ်ပါသည်။ သူကိုယ်တိုင်က ရိုးလွန်းသည်။ များကိုလည်း သူလို လူရိုးတွေပဲဟု သူ ယူဆသည်။ လုံး ရဲဘော်တွေကို သူချစ်သည်။ သူယုံကြည်သည်။ အားကိုးသည်။ စားအတူ၊ သွားအတူ၊ လာအတူ၊ အတူ၊ ရှင်အတူ၊ သဘောပိုက်ထားသည်။

တပ်မတော်သားတစ်ယောက်အနေနှင့် (လုပ်ရဲလျှင် ရမည်)ဆိုသည့် ဆောင်ပုဒ်အရ ဘာပဲလုပ်လုပ် မလုပ် စဉ်းစားခိုင်းပါသည်။ ‘လုပ်ပြီဆိုမှတော့ မကြောက် လမ်းဆုံးအောင် ထိပ်ဆုံးသို့ တိုးပါ၊ တက်ပါ၊ မဆုတ်ပါနှင့်။ ခြေဆုံးခေါင်းဆုံးအောင် မိုးဆုံး ဆုံးအောင် တက်ပါ’ ဟု အားပေးတတ်ပါသည်။ သည့်ကိစ္စမဆို လိမ်မပြောစေချင်။ လိမ်တာကို သူ ရွံရှာစက်ဆုပ်ပါသည်။ လိမ်မပြောရန် အတန် ဆုံးမသည်။ ခိုးတာကိုလည်း သူ မုန်းသည်။ ဖြစ် သည့် ကိစ္စမှန်သမျှ အမှန်ကို ဝန်ခံမှကြိုက်သည်။ ပတ်ပြောဆိုနေလျှင် သူက ဇာတ်ကြောင်း လျှောက် သဘောတရားပါ ပြောပြဖော်ထုတ်တတ်ပါသည်။ သူဖြစ်စေ ဘာလုပ်လုပ် မှန်တာကို ဝန်ခံမှ ကြိုက် ဗိုလ်ချုပ်ဖြစ်ပါသည်။ ဗိုလ်ချုပ် ပြုံးတာတော့ ခဲလှပါသည်။ ဗိုလ်ချုပ်စိတ်တိုတာတော့ ကျွန်တော် လိုလို မြင်မိသည်။ စိတ်အေးလက်အေးနှင့် ပြုံးကာ ကာ နေထိုင်သည်ကို မတွေ့ရဖူးပါ။ တစ်ခုခုကို သူ အမြဲ စဉ်းစားနေသည်ကို မြင်ကြရပါသည်။

တစ်ခါတစ်ရံ ကျွန်တော်တို့နှင့် စကားစပ်မိလျှင် သတ္တုတွင်းအကြောင်းတွေ စမေးသည်။ ‘ကျုပ်တို့ တိုင်းပြည်က သိပ်ဆင်းရဲတယ်ဗျာ။ ကျုပ်တို့ ရွှေတွင်းတွေ တူးမှ ကျုပ်တို့ထင်သလို တိုင်းပြည်ကို ချမ်းသာအောင် လုပ်နိုင်မယ်။ ကျုပ်တို့ လွတ်လပ်ရေးရရင် သတ္တုတွင်း လုပ်ငန်းတွေ စလုပ်မှဖြစ်မယ်’ ဟု ပြောခဲ့ဖူးပါသည်။ အမေရိကန်ပြည်ဟာ အစက ဘာမှရှိတာမဟုတ်ဘူးဗျ။ သူတို့သတ္တုတွင်းလုပ်ငန်းက စပြီး တိုးတက်ကြီးပွားလာ တာပဲဗျဟု ပြောပါသည်။ ဗမာပြည် လွတ်လပ်ရေးရ အောင် မည်သို့လုပ်မည်၊ လွတ်လပ်ရေးရလျှင် တိုင်းပြည်ကို တိုးတက်ချမ်းသာအောင် မည်သို့လုပ်ရမည်ဟု သူ့စိတ်တွင် အမြဲစဉ်းစားစိတ်ကူးနေကြောင်း တွေ့ကြရပါသည်။ ဗိုလ်ချုပ်နှင့်တွေ့တိုင်း တပ်မတော်မှ ပေးသည့် ထောက်ပံ့ကြေးနှင့် လောက်အောင် စားသုံးနိုင်ရမည်၊ တင်းတိမ်ရောင့်ရဲရမည်ဟု အမြဲပြောလေ့ရှိပါသည်။ သူကိုယ်တိုင်လည်း ချွေတာသုံးစွဲလျက်ရှိကြောင်းကို ကျွန်တော်တို့အားလုံး သိကြပါသည်။ သူ့တွင် စွပ်ကျယ်အင်္ကျီနှစ်ထည်သာ ရှိ၏။ ရှိသော ယင်းစွပ်ကျယ်နှစ်ထည်မှာလည်း အပေါက်အပြဲ ဇရပွဖြင့် ပြည့်နှက်နေပါသည်။ စစ်ဝတ်စုံနှစ်စုံသာရှိပြီး တစ်စုံမှာ ဘောင်းဘီက စုတ်ပြဲနေပါသေးသည်။

ရဲဘော်တွေကလည်း ဗိုလ်ချုပ်ကို ချစ်ကြသည်၊ ရိုသေကြသည်၊ ကြောက်ကြသည်။ ဗိုလ်ချုပ်ကလည်း ရဲဘော်တွေကို ချစ်သည်၊ ကြင်နာသည်။ ထို့ကြောင့် ဗိုလ်ချုပ် ကြံသမျှ စည်သမျှ မဖြစ်လျှင် ဖြစ်အောင် ရဲဘော်တွေက အသက်ပေးကာ ရှေ့က အသေခံသွားကြသည်။ ထိုခေတ် ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်း၏ အမည်ကြားရုံနှင့် လူထုက ဗိုလ်ချုပ်အောင်ဆန်းကို ကြည်ညိုလေးစားကြသည်။ သူ့ခေတ်နှင့်သူဆိုလျှင် မမှားနိုင်အောင် တကယ်ပင် ဗိုလ်ချုပ်အောင်ဆန်းကို အသက်ပေး လေးစားကြပေသည်။

ဗိုလ်ချုပ်မပါလျှင် မပြီးသလောက် ဗမာပြည်နှင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာပြည် မှာ ခွဲခြား၍မရခဲ့ပေ။ ဤသို့ဆိုသဖြင့် ကျွန်တော်တို့ကို သူ့ရဲကောင်းဝါဒ ကိုးကွယ်သူများဟုဆိုလျှင် အမှားကြီး

www.burmeseclassic.com

www.burmeseclassic.com



များပါလိမ့်မည်။ ဗိုလ်ချုပ်အောင်ဆန်းကို သိမှီလိုက်သည့်
ယခုတိုင် အသက်ထင်ရှား ရှိသူများကို မေးမြန်းကြည့်
လျှင် ကျွန်တော်တို့ ဆိုသကဲ့သို့ ဟုတ် မဟုတ် သိနိုင်
ကြပါသည်။ အရေးတော်ပုံတိုင်းတွင် ခေါင်းဆောင်
ကောင်း ရှိရမည်ကား အငြင်းပွားနေရန် မလိုပါ။ သို့
သော် ဗိုလ်ချုပ်သည် သူတစ်ဦးတည်းသဘောဖြင့်
ဘာကိုမျှ ဖွတ်မလုပ်၊ စုပေါင်း ခေါင်းဆောင်မှုဖြင့် အရာ
ရာတွင် ဆောင်ရွက်သွားကြောင်းကို သတိပြုမိကြရန်
လိုမည်ထင်ပါသည်။ တပ်ကို အုပ်ချုပ်ရာ၌ အရင်း
အဖျား မခွဲခြားဘဲ ကျောသားရင်သား တစ်သားတည်း
ထားခဲ့သည်။ သေတူရှင်ဘက် ရဲဘော်ရဲဘက်များကို
အဆင့်အတန်း မခွဲခြားဘဲ ဆက်ဆံခဲ့လေသည်။ ထို့
နောက် တပ်မတော် စစ်ဝန်ကြီးရုံးကို တိုးချဲ့ဖွဲ့စည်းကြ
ရသဖြင့် အရပ်သားများကို တပ်မတော်ထဲသို့ ဖွတ်ခေါ်
ယူ နားချ သွတ်သွင်းခဲ့ကြရပါသည်။ အချို့ကလည်း
တပ်မတော်ထဲ မဝင်လို၊ တပ်မတော် စစ်ဝတ်ကို မဝတ်
လိုသည်ကတစ်ကြောင်း၊ အချို့မှာ တပ်မတော်သားတစ်
ဦးဖြစ်ရန် ဖွဲ့စည်းပုံစစ်စည်းကမ်းများနှင့် မကိုက်ညီသည်
ကတစ်ကြောင်းများကြောင့် ကျွန်တော်တို့ တပ်မတော်
ပြန်တမ်းဝင် အရာရှိများနှင့် အဆင့်အတန်း တူညီသည့်
အခြားရာထူးများပေးပြီး ခန့်ထားခြင်း ပြုကြရပါသည်။
ထိုပုဂ္ဂိုလ်များကို အရပ်သား တွဲဘက်စစ်အရာရှိများ
အဖြစ်ဖြင့် ဒုဗိုလ်မှ ဗိုလ်ကြီးအထိ (အပြာရောင် မြား
ခေါင်း) ဗိုလ်မှူးမှ ဗိုလ်မှူးကြီးအထိ (အနီရောင် မြား
ခေါင်း) တံဆိပ်များကို လက်ဝဲရင်ဘတ်တွင် တပ်ဆင်
စေကြရပါသည်။

သို့သော် တပ်မတော်သားများသည် ထို တွဲဘက်
အရာရှိများကို အလေးပြုခြင်းမရှိကြပေ။ ထိုသို့ အလေး
မပြုကြခြင်းမှာ ယင်းအရပ်သား အရာရှိများမှာ တပ်
စည်းကမ်းကိုလည်း ရဲဘော်များကဲ့သို့ အပြည့်အဝ လိုက်
နာကြရခြင်းမရှိ။ တိုက်ခိုက်ရေး တာဝန်များကိုလည်း
မထမ်းဆောင်ကြသောကြောင့် ထိုသူများအပေါ် ရိုသေ
လေးစားမှု ပေါ့ခြင်းသာဖြစ်၏။ နောင်သောအခါ စစ်ဝန်
ကြီးရုံးမှ ထိုအရပ်သား အရာရှိများကိုလည်း ရာထူး
အလျောက် တပ်သားများက လေးစားရန် ပြန်တမ်းထုတ်
ဆင့်ခဲ့ပါသည်။ တပ်မတော်ထဲတွင် (ပြန်တမ်းဝင်)
အရာရှိတစ်ဦးဦးသည် တစ်ခါတစ်ရံ အရေးပေါ် အရပ်
ဝတ်ဖြင့် တွေ့ရှိပါက ရဲဘော်အကြပ်များသည် စစ် စည်း
ကမ်းအရ အလေးပြုကြရပါသည်။ မသိသော အရာရှိ
များကို မဆိုလိုပါ။ တပ်မတော်ထဲတွင် တစ်ဦးနှင့်တစ်ဦး
(အလေးပြု)ခြင်းသည် တပ်မတော်အတွက် အလွန် အဖိုး
မဖြတ်နိုင်သော တိုးတက်မှု၊ စည်းလုံးညီညွတ်မှု၊ ခိုင်မာ
မှု၊ တောင့်တင်းမှု၊ သစ္စာရှိမှုကိုပြလျက်ရှိနေသည့်
အင်အားတစ်ရပ်ပင် ဖြစ်ပါသည်။ ထိုခေတ် ထိုအချိန်
က တစ်ဦးနှင့်တစ်ဦး အရာရှိနှင့်ရဲဘော် ဘယ်နေရာ
ဘယ်နခါတွေ့တွေ့၊ တွေ့တိုင်း(အလေးပြု)ကြရပါသည်။

ဌာနဆိုင်ရာရုံးများ၊ တပ်ဖွဲ့ဆိုင်ရာရုံးများ၊ ကင်းခုံ
များနှင့် တပ်ဖွဲ့အဆောက်အဦထဲ ဝင်မိလျှင် လက်ဆ
ရော၊ နှုတ်ကပါ လှုပ်ရှားပြီး (လေးစားပါတယ် ရဲဘော်)
ဟု ဆိုလေ့ရှိကြပါသည်။ လက်နှင့် မပြနိုင်လျှင်လည်း
နှုတ်အားဖြင့် (လေးစားပါတယ် ရဲဘော်)ဟု ပြန်၍
အလေးပြုခြင်းနှင့်မခြား ပြောဆိုကြပါသည်။ ယင်း အပြု
အမူနှင့် ယဉ်ကျေးသော ထိုစကားလုံးမှာ အရာရှိတိုင်း
တွင် အကျင့်ပါခဲ့ကြပါသည်။ (လေးစားမှု) ဆိုရာမှာ
လည်း တကယ် စိတ်ရောမာန်ပါ လှိုက်လှိုက်လှဲလှဲ လေး
စားလေ့ရှိကြပါသည်။ လေးလေးစားစားနှင့် တစ်ဦးနှင့်
တစ်ဦး ဆက်ဆံကြခြင်း၊ ရိုသေကြခြင်း၊ သစ္စာအဓိဋ္ဌာန်
ပြုကြခြင်း၊ ကတိပြုကြခြင်း၊ နှုတ်ဆက်ကြခြင်းများမှာ
တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး သေတူ
ရှင်ဖက်ဟောနေ့်လို့ ပြောလိုက်ကြသလို စိတ်ထဲစွဲသွားခဲ့
ကြပါသည်။ အမှန်တရားမှာမူကား ရဲဘော်ပါရွှား
ကလေးဖြစ်စေ၊ ရဲဘော်ပေါက်စကလေးဖြစ်စေ ထိုရဲ
ဘော်များက ဗိုလ်ချုပ်၊ ဗိုလ်မှူးကြီး၊ ဗိုလ်မှူး၊ ဗိုလ်ကြီး
များဖြစ်ကြသော အရာရှိတစ်ဦးဦးအား စတင်အလေးပြု
သည်ကို မြင်လိုက်သည်နှင့် ချက်ချင်း ထိုရဲဘော်လေး
ပေးသော ရိုသေမှုကို ထိုအရာရှိတစ်ဦးဦးသည် တုံ့ပြန်
လှုပ်ရှား၍ ထိုရဲဘော်နည်းတူ (အလေးပြု)ကြရပါသည်။
အကယ်၍ မထိမဲ့မြင် ဂရုမစိုက်လိုက်ပါက တပ်မတော်
၏ သိက္ခာတစ်ဝက် ချက်ချင်း ကျဆင်းပြီဟု မှတ်ယူခဲ့
ကြပါသည်။ ထိုမျှမကသေး ရဲဘော်တစ်ဦးဦးက အရာရှိ
တစ်ဦးဦးအား ရိုသေမှုကင်းမဲ့ပြီး အမူမဲ့အမှတ်မဲ့ လုပ်
လိုက်ပြန်လျှင်လည်း တပ်မတော်သည် အရေးတော်ပုံ

www.burmeseclassic.com

www.burmeseclassic.com





ခဲ့သော် (ဝါးအစည်းပြေ)သကဲ့သို့ ကွပ်ကဲနိုင်စွမ်း
င်းမှ ကင်းဝေးတတ်ပါသည်။

ထို့ကြောင့် ထိုခေတ်က တပ်မတော်သားများသည် ာ်ပေါက်စကလေးမှ ဗိုလ်ချုပ်ကြီးအထိ တစ်ဦးနှင့် ဦး အလေးပြုကြရာဝယ် မွန်မွန်မြတ်မြတ် အူလှိုက် သည်းလှိုက် အလေးပြုခြင်းကို အထူးဂရုစိုက် ပြုလုပ်ခဲ့ ရပါသည်။

ထို့မျှမက တာဝန်တစ်ရပ်အနေနှင့် မိမိကိုင်ဆောင် တိုင်းပြည်မှ ပေးအပ်ထားသော လက်နက်နှင့် ခဲယမ်း ာက်များကို သတိရှိရှိဖြင့် တန်ဖိုးထားပြီး ကိုင် င်ကြလေ့ရှိကြပါသည်။

ကျွန်တော် မှတ်မိလိုက်ပါသေးသည်။ တစ်နေ့ အခါတွင် စစ်ဝန်ကြီးရုံးရှိ ဗိုလ်မှူးကြီးလက်ျာ၏ တည်ရှိရာ ရုံးခန်းရှေ့တွင် ဗိုလ်ရွေးပွဲဝင်ရန် ခါး င်းများကျိုက်ပြီး တန်းစီလျက်ရှိသော အရပ်သား ကို တွေ့ရပါသည်။ အသက်နှင့် ကိုယ်ခန္ဓာကို းခံလိုသည့် တိုင်းပြည်၏ သားကောင်းရတနာများ န်စ်ပြီးတစ်နှစ် တပ်မတော်ထဲသို့ တဖွဲဖွဲ ဝင်ရောက် လျက်ရှိခြင်းအတွက် ကျွန်တော်တို့မှာ အထူး ဝမ်း မြောက်ကြပါသည်။ ထိုစဉ်အခါက တပ်မတော်ထဲသို့ ောင်းကျိုက်ပြီး ဝင်လာသော မျိုးချစ်အရပ်သား ယ်ပညာတတ်များသည် ပစ္စုပ္ပန် ယခုမျက်မှောက် ာ်တွင် တိုင်းပြည်၏ တာဝန်ကြီးများကို ထမ်းဆောင် ကြရလေပြီ။ ထိုခေတ် ထိုအချိန်က ဤ စတုတ္ထအပတ် သင်တန်းကျောင်းအတွက် သင်တန်းသားများ ခေါ် ခြင်းမှာ ဗမာ့ကာကွယ်ရေးတပ်မတော်၏ ရာဇဝင် နောက်ဆုံးပိတ် ခေါ်ယူခဲ့သော ဗိုလ်သင်တန်းပင် လသည်။ ထိုရဲဘော်အသစ်များမှာ နှုတ်အားဖြင့် ကောင်း၊ စာပေပညာများအားဖြင့်လည်းကောင်း း စစ်ဆေးခံပြီး အောင်မြင်မှ မင်္ဂလာဒုံ ဗိုလ်သင် ကျောင်းသို့ အပို့ခံရခြင်း ဖြစ်ပါသည်။ ပေါ့ပေါ့ လွယ်နှင့် ဝင်ရောက်သင်ကြားခွင့် မရခဲ့ကြပါ။ ဒုံ ဗိုလ်သင်တန်းသို့ တက်ရောက်သင်ကြားနိုင် ရန် အလွန်တရာမှ ခဲယဉ်းခဲ့ကြပါသည်။

ထိုအချိန်က တော်ရုံမျိုးချစ်စိတ် အနုညာတ ာတ် ရှိရုံနှင့် တပ်မတော်ထဲဝင်နိုင်ရန် မဖြစ်နိုင်သော အချိန်ကာလမျိုးလည်း ဖြစ်ပါသည်။ ဘယ်သောင် ဘယ်ကမ်းသို့ ဆိုက်မည်ဟု မည်သူမျှ မပြောနိုင်ပေ။ အခွင့်အရေး ရရှိရန်မှုကား အလွန်ဝေးပါသည်။ လောလောဆယ် ခံစားရမည့် ဆင်းရဲခြင်း ငါးမျိုးကို လက်ဦး ခံစားကြရပေမည်။ ထိုဆင်းရဲကြီးငါးမျိုးမှာ – တပ်မတော်ဝင်းအတွင်း ခြေတစ်လှမ်းဝင်လိုက်ပြီးလျှင် လက်မှတ်ထိုးလိုက်သည်နှင့် (၁) **အစား၏ဆင်းရဲခြင်း၊** (၂) **အနေအထိုင် ဆင်းရဲခြင်း၊** (၃) **နေ့စဉ် နံနက်လင်းအားကြီးထပြီး ညအချိန်အထိ မအားမလပ်အောင် လေ့ကျင့်သင်ကြားရမည့် စစ်ပညာများအတွက် အလုပ်အကိုင်၏ ဆင်းရဲခြင်း၊** (၄) **အဂတ်အစား၏ ဆင်းရဲခြင်း၊** (၅) **နေ့မအား ညမအား ထမ်းဆောင်ရသော တာဝန် ဝတ္တရားများကြောင့် အအိပ်ဆင်းရဲခြင်း ...** စသည်တို့ ဖြစ်ပါသည်။ ဤ ကြားထဲတွင် အဆင်မသင့်ပါက ရန်သူ လေယာဉ်ပျံမှ ပစ်ခတ်သော စစ်သေနတ်ဒဏ်၊ ဗုံးဒဏ်ဖြင့် အချိန်မရွေး သေဆုံးနိုင်ပါသည်။

ဤသို့ တွေ့ကြုံရမည့် ဆင်းရဲဒုက္ခဘေးဥပဒ်များကိုပင် ဂရုမစိုက်ဘဲ တိုင်းပြည်နှင့် လူမျိုးအတွက် မိမိတို့၏ အသက်နှင့် ခန္ဓာကို ပေးအပ်နေကြသော ထိုလူငယ်များ၏ စိတ်ဓာတ်မှာ ရှာမှရှားသော မျိုးချစ်စိတ်ဓာတ်ဖြစ်ပါသည်။ ထိုလူငယ် မျိုးချစ်များမှာ ဆင်ကန်းတောတိုးခြင်းကဲ့သို့ မဟုတ်ပါ။ အပြင်လောကတွင် ဆင်းရဲဒုက္ခရောက်နေ၍လည်း မဟုတ်ပါ။ မိကောင်းဖခင် သားသမီး လူရွယ်လူငယ် မျိုးချစ်ကလေးများ ဖြစ်ကြပါသည်။ မိုက်ရူးရဲများ မဟုတ်ကြပါ။ ထိုလူငယ်များမှာ ခေတ်ပညာများ တတ်မြောက်ကြပြီး အချို့မှာ တက္ကသိုလ်များမှ ဒီဂရီရပြီးသူများလည်း အမြောက်အမြား ပါဝင်ခဲ့ကြပါသည်။

ထို မင်္ဂလာဒုံ စစ်ကျောင်းကြီးနှင့် တွဲဖက်၍ အသက်အရွယ်အားဖြင့် ငယ်ရွယ်သည့် မျိုးချစ်ကျောင်းသားကလေးများနှင့် အရပ်အမောင်း ခွန်အားဗလ မပြည့်ဝကြသည့် မျိုးချစ်လူငယ်ကလေးများအတွက် သီးသန့် (ကလေးစစ်ကျောင်း) ဖွင့်ပြီး သင်ကြားလျက်ရှိနေချိန်လည်း ဖြစ်ပါသည်။ ထို ကလေးစစ်ကျောင်းကို 'မူလတန်း စစ်တက္ကသိုလ်' ဟု ခေါ်ပါသည်။ ထိုလူရွယ် မရောက်တရောက် ကျောင်းသားကလေးငယ်များမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မိဘမျိုးရိုး မျိုးချစ်စိတ်ဓာတ်မှစ၍ အစစ ထူးချွန်သော လူငယ်ကလေးများ များပြားပါသည်။ ထိုလူငယ်ကလေးများမှာ ယခုခေတ်တွင် အရာရှိကြီးများဘဝသို့ ရောက်သူရောက်ရှိခဲ့ကြပြီးလျှင် ဂျပန်တော်လှန်ရေးခေတ်တွင်လည်း တကယ့်သူရဲကောင်းကလေးများ ဖြစ်ခဲ့ကြပါသည်။ အချို့အချို့မှာ လွတ်လပ်ရေးခေတ်တွင် တက္ကသိုလ်ကျောင်းများအထိ တက်ရောက်ပြီး ခေတ်ပညာများကို ဒီဂရီဘွဲ့ရသည်အထိ ဆက်လက်သင်ကြားခဲ့ကြကြောင်း သိရလေသည်။

ယင်းမူလတန်း စစ်တက္ကသိုလ် ကျောင်းသားတို့၏ စစ်ဝတ်ပစ္စည်းများမှာ သူတို့ကိုယ်နှင့် ကိုက်ညီသော စစ်ဝတ်စုံများကို သီးခြားချုပ်လုပ်ပေးကြရပါသည်။ ထိုငယ်ရွယ်သော စစ်ကျောင်းသားကလေးများသည် ဖက်ဆစ်တော်လှန်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲများ၌ အရွယ်နှင့် မမျှတအောင် စွန့်စားတိုက်ခိုက်ခဲ့ကြပါသည်။ အချို့မှာ အသက်ကို စွန့်လှူသွားကြပါသည်။

ပညာအရည်အချင်း ဒီဂရီလက်မှတ်ထက် လုပ်ရည်ကိုင်ရည်ကို ပို၍ လေးစားခဲ့ကြသော ထိုခေတ် ထိုအချိန်က မြန်မာစာကိုသာ တဟုန်တည်း ကူးပြောင်း သုံးနှုန်းခဲ့ကြရသဖြင့် အင်္ဂလိပ်လိုရေးခြင်း ပြောခြင်းကို မေ့လောက်အောင် ရှိခဲ့ကြပါသည်။ အင်္ဂလိပ်လို တတ်မှ ရာထူးလုပ်ငန်းတာဝန်ပေးမည်ဟု မသတ်မှတ်ခဲ့ပါ။ အင်္ဂလိပ်တို့၏ စာနှင့် စကားကို မသုံးမဖြစ်သော နေရာများမှအပ လုပ်ငန်းတွင် ထည့်မသုံးလိုကြပါ။ အသည်းနာစိတ်နာနေကြသောအချိန် ဖြစ်ပါသည်။ အင်္ဂလိပ် အသုံးအနှုန်းတွေ အားလုံးကိုပင် အင်္ဂလန်သို့ ပြန်ပို့လိုက်ကြသလားဟု ထင်ကြရပါသည်။ အင်္ဂလိပ်လို ပြောရမှာမရဲကြပါ။ ရှက်ကိုးရှက်ကန်းဖြစ်ကုန်ကြပါသည်။ အင်္ဂလိပ်စာတတ်ဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် မပြောချင်၊ မဖော်ချင်ကြပါ။ ကျွန်တော် အင်္ဂလိပ်လို ဘယ်နှတန်း အောင်ပါသည်၊ တက္ကသိုလ်က ဘာဒီဂရီ ရခဲ့ပါသည်ဟု ဘယ်သူမှ ပြောပြလေ့လည်း မရှိကြပါ။ အင်္ဂလိပ်တို့၏ အသုံးအနှုန်း ဓလေ့ထုံးစံတွေ ဘာတွေ ဘယ်ရောက်ကုန်မှန်း မသိတော့ပါ။ အချို့လည်း အင်္ဂလိပ်ကို မျှော်မှန်းတမ်းတနေရှာပေမည်။ သို့သော် ပြောင်တော့မဟုတ်ပါ။ အိမ်အတွင်းမှာ တစ်ကိုယ်တည်း

သူများ မကြားအောင် လေသံကလေးများဖြင့် ညည်းမိ... ချင် ညည်းမိကြပေမည်။ ကျွန်တော်တို့၏ အလံတော်... ကတော့ ဒေါင်းအလံပဲ သုံးလျက် ရှိနေကြပါသေးသည်... အဓိပတိ အစိုးရကလည်း (ကဒေါင်း) တံဆိပ်ကိုပဲ... အသုံးပြုပါသည်။ အနောက်တောင်ပင်လယ်ပြင် အဝေး... မှ တိုက်ခတ်လာသော လေပြေလေညှင်းများဖြင့် စစ်ဝ... ကြီးရုံး အလံတိုင်ပေါ်သို့ ဆွဲတင်ထားသော အလံကြီး... မှာလည်း တစ်မိနစ်မှ မနားဘဲ လေထဲတွင် တဖျတ်... ဖျတ် ဝင့်ကြွားလှုပ်ရှားလျက် ရှိခဲ့ပါသည်။ ထိုမျှမက... ကျွန်တော်တို့ တပ်မတော်သားများမှာလည်း နားချိန်... မရအောင် တစ်နေ့ထက်တစ်နေ့ လှုပ်လှုပ်ရွရွနှင့် အ... သစ်လောင်းပြီး အလုပ်လုပ်လျက် ရှိနေကြပါသည်... တော်လှန်ရေးအချိန်သို့ နီးကပ်လာလေလေ တပ်မတော်... သားများမှာ အလုပ်များလေလေ ဖြစ်နေကြပါသည်... တွေ့ကြုံရမည့် အရေးတော်ပုံအတွက် အားလုံး အသ... ဖြစ်နေရန် ကြိုးစားကြရပါသည်။ ရန်ကုန်မြို့နေ လူ... ကြီးတစ်ရပ်လုံးကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် တ... မတော်တစ်ခုလုံးက ဂျပန်ကို မကျေနပ်ကြကြောင်... ရိပ်မိဟန် ရှိကြပါသည်။

မျိုးချစ်စိတ်ရှိကြသော အချို့ လူငယ်လူရွယ်များ... ကလည်း တော်လှန်ရေးအရေးတော် မုချဖြစ်မည်ကို ရိပ်... သိရှိပြီး အရေးတော်ပုံတွင် ပါဝင်ဆင်နွှဲနိုင်ရန် တပ်မတော်... ထဲသို့ ဝင်နေကြပါသည်။ စာရင်းပေးနေကြပါသည်... အင်္ဂလိပ်အလိုတော်ရိ အချို့ကလည်း အင်္ဂလိပ် ပြန်... လာရင် ဗိုလ်ချုပ်နှင့် တပ်မတော်သားတွေတော့ ခ... ကောင်းကောင်းရောက်ကြတော့မှာပဲဟု ထင်မှတ်နေ... ပါသည်။ အချို့ကလည်း ဂျပန်ကို ဘယ်တော့မှ ပြ... မည်မဟုတ်ဟု ထင်ခဲ့ကြပါသည်။ အချို့အချို့ သ... နိုင်ငံရေးသမားများကလည်း ဘာသိဘာသာ ရှေ... ဘုရားပေါ်ရှိ ဇရပ်များတွင် ကိုယ့်အတွေးနှင့်ကို... ဆွေးနွေးနေကြပါသည်။ အချို့ သခင်နိုင်ငံရေးအဖွဲ့... လည်း တပ်မတော်ထဲ ရောက်သူရောက်ကြပြီးလျှင် အ... မှာ လူမှုဝန်ထမ်းအဖွဲ့များနှင့် အစိုးရအဖွဲ့တွင် ... ဆောင်ရွက်နေကြလေသည်။

ထိုအချိန်တွင် တော်လှန်ရေးအတွက် စည်း... လုံးလုံး မရှိကြသေး။ ကိုယ့်လူနှင့်ကိုယ် တိတ်တ...

www.burmeseclassic.com

www.burmeseclassic.com



ခန်းသွားနေကြဟန်တူပါသည်။ တပ်ထဲတွင်လည်း ပြည်သူ့အရေးတော်ပုံပါတီကို လိုလားသူ၊ ကွန်မြူနစ်ပါတီကို လိုလားသူ၊ ဗိုလ်ချုပ်အောင်ဆန်း အမိန့်အတိုင်း လုပ်မည့်သူများဟူ၍ သုံးစုကွဲပြားနေလေသည်။ အချို့မှာ ဝါဒသဘောတရားတွေ သက်ဝင်လာပြီးနောက် စစ်သေနာပတိဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကိုပင် ဝေဖန်ပြစ်တင်လိုသူများ ရှိလာခဲ့ကြသည်။ သို့သော် ထိုသူများသည် ဗိုလ်ချုပ်နှင့် ဖြောင်ဆွေးနွေးခြင်း မပြုဝံ့ကြပါ။

တော်လှန်ရေးအတွက် စုစုစည်းစည်း မရှိကြသည့်အထဲ တပ်တွင်း၌ နိုင်ငံရေးကွဲပြားမှုများ ဝင်ရောက်လာသောကြောင့် စိတ်မချမ်းသာမိခဲ့ကြပါ။ ဂျပန်ကလည်း ခြေရာအမြဲခံနေသည့်အပြင် ဂျပန်သူလျှိုများကလည်း တပ်မတော်၏ လှုပ်ရှားမှုကို သတိနှင့် စောင့်ကြည့်နေမြဲ ဖြစ်ပါသည်။ တစ်နေ့သောအခါတွင် ဗိုလ်မှူးကြီး ဆတ်ကျာ၏ ရုံးမှ ကျွန်တော်တို့ စစ်ဝန်ကြီးရုံးသို့ ဌာနအသီးသီးရှိ အရာရှိများအားလုံး ညီလာခံ ခန်းမဆောင်ကြီးထဲသို့ ယခု အမြန်လာရောက် သတင်းပို့ကြရမည်ဟူသော နှုတ်မိန့်ကို ရရှိကြပါသည်။ စစ်ဝန်ကြီးရုံးရှိ အရာရှိများအားလုံးက ဘာကိစ္စကြောင့် ခေါ်သည်ကို စဉ်းစားရင်း ညွှန်ကြားထားသော ခန်းမဆောင်အတွင်းသို့ သွားရောက်သတင်းပို့ပြီး ကုလားထိုင်များတွင် အသီးသီး နေရာယူ ထိုင်နေကြရပါသည်။

နာရီဝက်ခန့် အကြာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ခန်းမကြီးအတွင်းသို့ ဝင်လာပြီးနောက် သုန်မှုန်ကုတ်ဆိုးလျက်ရှိနေသော မျက်နှာထားဖြင့် ထိပ်ဆုံး စားပွဲကြီး၏အလယ် ကုလားထိုင်ကြီးအနီးတွင် ရပ်နေပြီးနောက် ရောက်ရှိလာကြသော အရာရှိအားလုံးကို ကြည့်ရှုသာနေသည်။ ကျွန်တော်တို့က စစ်ထုံးစံအတိုင်း အလေးပြုလိုက်သည်နှင့် ဗိုလ်ချုပ်ကပင် (ထိုင်)ဟု အမိန့်ပေးလိုက်ပါသည်။ နောက် ,ဆက်လက်၍ ထိုနေရာမှ လှမ်းကြည့်ရင်း ဘယ်အရာရှိ လာပြီလား၊ ရောက်ပြီလား။ ဘယ်သွားနေကြတုန်း၊ စည်းကမ်းတွေ ပျက်နေကြတုန်ပြီ။ လူတွေက နည်းနည်းကလေးမှ စည်းကမ်းကို မလေးစားချင်ကြဘူးဟူ၍ စတင်ပြီး ဆူပါတော့သည်။ ထို့နောက် ဆက်လက်ပြီး ဗိုလ်ဝေလင်းကောဟု ခေါ်လိုက်သည်။ ဗိုလ်မှူးဝေလင်း (မြိတ်–ကျဆုံး)က ရောက်ရှိပါပြီ ဗိုလ်ချုပ်ဟု ထ၍ ပြောလိုက်သည်နှင့် 'အေး မနေ့ညက ဘာဖြစ်တာလဲ။ ဒီလို လူတစ်ယောက်ကို မင်းတို့ သွားရိုက်လို့ ဘာများ အကျိုးထူးကြမှာလဲ။ ဖိုးတုတ်ဆိုတဲ့လူနဲ့မှ မင်းတို့ သွားရန်ဖြစ်ရသလား။ မင်းတို့ရဲ့ ဣန္ဒြေသိက္ခာကို မင်းတို့ မစောင့်ထိန်းနိုင်ကြဘူးလား။ မင်းတို့ အရက်သောက်ရင် ကိုယ့်သိက္ခာနဲ့ကိုယ် သောက်ကြဖို့ မင်းတို့မှာ သတိရှိရမယ်' စသည်ဖြင့် ပြောပြောဆိုဆို ဘီလူးကြိမ်း ကြိမ်းပါတော့သည်။ ကျွန်တော်တို့ မျက်နှာတွေကိုလည်း တစ်ဦးစီ လှမ်းကြည့်ကြည့်ပြီး ကြိမ်းမောင်းနေပါတော့သည်။ ဆက်လက်၍ 'စစ်မဖြစ်ခင် မြားမကုန်စေနဲ့။ မြားမကုန်စေရဘူး။ နားလည်လား။ နွားရှေ့ထွန်မကျူးရဘူး။ ဘယ်သူတွေ အခုကတည်းက ငါမသိအောင် ဘာတွေ ကြိုတင်လုပ်နေကြတယ်ဆိုတာတွေ၊ ဘယ်သူ့ခြေ ဘယ်လောက်ပြေးနေသလဲဆိုတာတွေကို ငါ အားလုံးသိတယ်။ ငါ မပြောချင်လို့ နေခဲ့တာ။ အခုမှ အားလုံးပြောတော့မယ်' ဟု ပြောပြောဆိုဆို တပ်တွင်းတွင် သူ့ကို အသိမပေးဘဲ နိုင်ငံရေးပါတီ ကလာပ်စည်းများဖွဲ့ပုံ၊ အုပ်စုကလေးများ ကွဲနေပုံ၊ တစ်တိုင်းပြည်လုံး၏ သေရေးရှင်ရေးကိစ္စကို စိတ်ရောက်မာန်ပါ တစ်ဖွဲ့ကောင်းနှင့်လုပ်လျှင် ဒုက္ခရောက်မည့် အကြောင်းများနှင့် ဂျပန်တို့ အခြေအနေများကိုပါ ရှင်းလင်းပြောပြပါသည်။ 'နောက်ကို ငါမသိဘဲ တပ်ထဲမှာ ထင်ရာတွေ လျှောက်လုပ်နေရင် ငါနဲ့အတွေ့ပဲ' ဟု ကြိမ်းမောင်းပါတော့သည်။

ကျွန်တော်တို့လည်း ထို ကြိမ်းပုံ၊ ဆူပုံများ ဘာမှ နားမလည်ခဲ့ပါ။ ဘယ်သူ့ကို ကြိမ်းသည်ဟုလည်း ကွဲကွဲပြားပြား မသိခဲ့ပါ။ ဗိုလ်ချုပ်အောင်ဆန်းမှာမူ အရာရှိများ၏ မျက်နှာများကို တစ်ဦးချင်း ကြည့်ပြီး ဆူမြဲ ဆူနေလေသည်။ ထိုအခါမှ ကျွန်တော်တို့မှာ ရိပ်မိရုံ ရိပ်မိပါသည်။ ကျွန်တော်တို့ (အ) ခဲ့ပါသည်။ အမှန်မှာ ကျွန်တော်တို့လို တပ်တွင်းကိစ္စများတွင် အလုပ်များနေသူများအဖို့ ယင်း နိုင်ငံရေးလုပ်ငန်းများတွင် လှည့်မကြည့်အားသဖြင့် အခြေအနေကို အသေးစိတ် မသိရချေ။ ထို့ကြောင့် ကွဲကွဲပြားပြား မသိဘဲ (အ)ခဲ့ပါသည်။ ကျွန်တော်တို့မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူတကွ အမြဲတွဲပြီး လွတ်လပ်ရေး တိုက်ပွဲတစ်လျှောက် သေ

www.burmeseclassic.com

www.burmeseclassic.com



အတူ ရှင်အမျှ တစ်ဦးနှင့်တစ်ဦး သစ္စာရှိရှိ အားကိုးကြကာ လုပ်ကိုင်ရန် စိတ်ဆုံးဖြတ်ထားကြပါသည်။ အထက်အရာရှိများကို ရှိသေလေးစားခဲ့ခြင်းကြောင့် သစ္စာရှိရမည်ဆိုသည့်အချက်ကလွဲပြီး ဘာမျှ မစဉ်းစားခဲ့ပါ။

မည်သည့်အခါမှ မိမိဆရာ (ဝါ) အထက်အရာရှိများကို ဝေဖန်ခြင်း၊ အပြစ်တင်စကားများ ရှေ့တွင်လည်း မပြော၊ နောက်ကွယ်ရာမှာလည်း ဆင်ခြင်ခဲ့ပါသည်။ သေသည်အထိ မိမိတို့၏ ဆရာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကို တော်လှန်ပုန်ကန်ရန် အိပ်မက်ထဲပင် ထည့် မမက်ပါ။ အမြဲတစေ ကိုယ့်ထက်ကြီးသူက ပေးအပ်သော အမိန့်နှင့် တာဝန်ကို ထူးထူးချွန်ချွန် ဆောင်ရွက်ရန်သာ စိတ်စောခဲ့ကြပါသည်။ ဘယ်သောအခါမှလည်း စိတ်ထားမပြောင်းခဲ့ပါ။ စိတ်ရှည်ရှည်နှင့်သာ လက်ခံခဲ့ကြပါသည်။

ထိုကဲ့သို့ အရာရှိများအားလုံး ဗိုလ်ဝေလင်းနှင့် ရန်ကုန်အနောက်ပိုင်း အင်္ဂလိပ်ခေတ်က မိုက်ဂုဏ်ကျော်ကြားခဲ့ဖူးသော (လမ်းမတော် ဖိုးတုတ်)အား ရိုက်ခဲ့ကြသည့် သတင်းနှင့်ပတ်သက်၍လည်းကောင်း၊ တပ်တွင်းနိုင်ငံရေးများနှင့် ပတ်သက်၍လည်းကောင်း ဆူပူခံခဲ့ကြရသော်လည်း ကျွန်တော်တို့မှာ စိတ်မညစ်နိုင်ကြပါ။ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်နှင့်ပင် ညီလာခံ ခန်းမဆောင်ကြီးမှ ထွက်ခဲ့ကြပါသည်။ ထို့နောက် ထိုတစ်နေ့လုံး ဌာနအသီးသီးရှိ အရာရှိများမှာ ကိုယ့်ဌာနမှ အခြားဌာနသို့ အကြောင်းပြတစ်ခုနှင့် ကူးလူးသွားလာကြပြီးလျှင် ဗိုလ်ချုပ်ကြိမ်းလိုက်သည့် အကြောင်းများကို တီးတိုးတီးတိုးဖြင့် ခေါင်းချင်းဆိုင် ဆွေးနွေးမေးမြန်းနေကြပါသည်။ ဆူလိုက်သည့် ကြိမ်းလိုက်သည့် စကားရပ်များကို ပြေး၍ ပြေး၍ ကြည့်လိုက်ဘိသည့်အလား မည်သူတွေ မည်မျှ ခြေပြေးနေကြသည်ကို ထိုအခါကျမှ မြင်လိုက်ပါသည်။ သို့သော် ကျွန်တော်တို့မှာ အဘယ်ပါတီမှ အားကိုးမရှိ၍ အနေကျပ် အဖြေကျပ်ဖြင့် စိတ်ကို ခိုင်ခိုင်မာမာထားပြီး တာဝန် ဝတ္တရားများကို ထမ်းဆောင်ခဲ့ကြရပါသည်။ ထိုကဲ့သို့ တိုင်းပြည်က ယုန်ထင်ကြောင်ထင်ဖြစ်အောင် ဗိုလ်ချုပ်အောင်ဆန်းအား တီးတိုး ဝါဒဖြန့်ဝေဖန်ကဲ့ရဲ့လိုက်ကြသူများကိုလည်း ကျွန်တော်တို့ ရိပ်စားမိပါသည်။ သို့သော် ပြောမကောင်းသဖြင့် မပြော

ဘဲ နေခဲ့ကြပါသည်။ အဆူအပူခံရသော တစ်ဖက်သ
များကိုလည်း ဤကိစ္စများနှင့် ပတ်သက်ပြီး မေးခြင်း
ခြင်းမပြုလုပ်ခဲ့ပါ။ အမြင်မှန်ကို ဘေးမှ စုံစမ်းရပါသ

အမှန်မှာ ဂိုဏ်းကွဲခြင်း၊ ဝါဒကွဲခြင်း၊ နွားရှေ့
ကျူးခြင်းမျိုးလည်း ဟုတ်မည်မထင်ပါ။ မလုပ်တ
အကြိမ်းခံရခြင်း ဖြစ်တန်ပါသည်။ ထိုအချိန်က ထို
က ဂျပန်ခေတ်တစ်ခေတ်လုံး ဂျပန်ကို ပြန်တော်လှန်
ခေါင်းကြီးပိုင်းမှ အောက်ငယ်သားပိုင်းအထိ ကို
အစွမ်း ကိုယ့်ဉာဏ်စွမ်း၊ ကိုယ်ကျွမ်းကျင်သည့်
နယ်မြေများတွင် စည်းရုံးရေး လုပ်ကြပါသည်။ ထို
လက်သီးပုန်းခုတ်ပြီး မြေအောက်အစီအစဉ်များကို
ဆောင်ကြရာတွင် တပ်တွင်းမှ အချို့အရာရှိမျာ
အပြင်လောကတွင် ရှိနေကြသော သခင်နိုင်ငံရေး သ
များ၊ အာရှလူငယ်အစည်းအရုံးများနှင့် လက်တွဲ
ပါသည်။ အချို့လည်း ပြည်သူ့အရေးတော်ပုံပါ
ကွန်မြူနစ်ပါတီတို့နှင့် လက်တွဲခဲ့ကြပါသည်။
လည်း လုပ်ရပေမည်။ မလုပ်ဘဲလည်း နေ၍မရခဲ့
ထိုလုပ်ငန်း အစီအစဉ်လုပ်ကြရာမှာလည်း လွယ်
သော အရေးမဟုတ်။ အဘက်ဘက်မှ သတိရှိ
သည်။ အရာရာမှာ ပုန်းလျှိုးကွယ်လျှိုးနှင့် ဖုံးရ ဖိ
သည်။ သစ္စာရှိရှိ တာဝန်များကို သိရပေမည်။ ဂျပ
ကြားမှာကလည်း ပူရလေသည်။ မပြီးခင် လူသိမှာ
စိုးရလေသည်။ လျှို့ဝှက်စွာဖြင့် ကိုယ့်နယ် ကိုယ့်
များတွင် လူအင်အား၊ လက်နက်အင်အား၊ အုပ်ချု
ကဲနိုင်မှု အင်အားတွေ ပို၍ ပို၍ လိုအပ်ကြောင်း ကြ
သိမြင်ထားခဲ့ကြသည့်အလျောက် သူ့ထက်ငါ ကြိ
စီစဉ်ကြပါသည်။ သို့သော် တပ်မတော်သား အ
များအနေဖြင့်ကား တပ်စည်းကမ်း ပထမဦးစား
မိမိတို့ လုပ်ချင်သည်များကို ဗိုလ်ချုပ်အောင်ဆ
တင်ပြ၍ လုပ်ဆောင်ခွင့်တောင်းကြရမည့် တာဝ
သည်။ ယခုမူ ဤသို့ မိမိတို့လုပ်ငန်းကို ဗိုလ်ချုပ်
အသိမပေးရုံသာမက၊ ဗိုလ်ချုပ်ကိုပင် အလကား အ
သမားလိုလို ပြန်လည်ဝေဖန်ကြသည်အထိ ဆိုး
သဖြင့် အကြိမ်းခံကြရခြင်း ဖြစ်ဟန်တူပါသည်။

လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော် ဗိုလ်ချုပ်ဆက်သား

## ရဲဘော် နေဒွန်း

### မိတ်ဆက်

ဤဆောင်းပါးရေးသူမှာ ဂျပန်ခေတ်၊ တိုင်း (၇) အနောက်တိုင်းမှ ဗိုလ်တင်ဦးဖြစ်ပါသည်။

ဖက်ဆစ်တော်လှန်ရေးအတွက် တာဝန်သတ်မှတ်ရာတွင် မြေထဲမြို့နယ်ကို တိုက်ခိုက်သိမ်းပိုက်ရန် ဗိုလ်မင်းလွင် (ယခုပြည်သူ့အိုးအိမ်)နှင့်အတူ တပ်တွင်း နိုင်ငံရေးခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးလည်း ဖြစ်ပါသည်။

ဖက်ဆစ်ဂျပန်များအား တော်လှန်မည့်ဆဲဆဲ၊ ပြင်ဆင်နေချိန်ကာလတွင် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်း(၇) စစ်ဌာနချုပ်စခန်းရှိရာ "ပြလို့" စခန်းသို့ ရောက်ရှိလာပြီး အရေးကြီးသော တိုင်းစစ်ဌာနချုပ်များသို့ အထူးဆက်သားများ စေလွှတ်ကာ စစ်ဆင်ရေးကိစ္စအဝဝကို စီစဉ်ကွပ်ကဲနေသော ကာလဖြစ်သည်။

ဗိုလ်တင်ဦးသည် တိုင်း(၂)မြစ်ဝကျွန်းပေါ်တိုင်းရှိ ဗိုလ်မှူးကြီးနေဝင်းနှင့် သခင်စိုးတို့ရှိရာ စစ်ဌာနချုပ်စခန်းသို့ စစ်သေနာပတိ ဗိုလ်ချုပ် အောင်ဆန်းမှ အထူးဆက်သားအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသူ တပ်ဗိုလ်တစ်ဦးဖြစ်ပါသည်။

တိုင်း (၂) မြစ်ဝကျွန်းပေါ်သို့ ရောက်ရှိပြီးနောက် စစ်ဌာနချုပ်တွင် တွဲဖက်တာဝန်ယူရပြီး ဖက်ဆစ်ဂျပန်များအား တိုက်ခိုက်ရာတွင် ခေါင်းဆောင်ခဲ့သူ တပ်ဗိုလ်တစ်ဦးလည်း ဖြစ်ပါသည်။

ဗိုလ်တင်ဦးမှာ ယခု ကုန်သွယ်ရေးကော်ပိုရေးရှင်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဦးနေဒွန်းဖြစ်ပါသည်။

*အယ်ဒီတာ*

### ၁၉၄၅ ခု၊ မတ်လ တတိယပတ်နောက်ပိုင်း ပြလို့စခန်းမှထွက်လာခြင်း

ဗိုလ်စိန်မှန်၊ ရန်ကုန် စစ်ဝန်ကြီးရုံးမှ သတင်းစုံနှင့် ပြန်ရောက်လာပြီးအချိန် ဖြစ်ပါသည်။

တိုင်း(၇)စစ်ဌာနချုပ် ရုံးစိုက်ရာ ပြလို့စခန်းတွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ဖတပလ ဆုံးဖြတ်ချက်နှင့် စစ်သေနာပတိချုပ်၏ ညွှန်ကြားချက်များအတိုင်း စီစဉ်ပြင်ဆင်နေကြရ၍ အလုပ်များနေကြသော်လည်း ရဲဘော်အားလုံး ပျော်ရွှင်၍ နေကြပါသည်။

ကျွန်တော်မှာ အုပ်ချုပ်မှုပြန်တမ်းအမှတ်(၁) ၁၉–၃–၄၅ ပါ တာဝန်ပေးချက်အရ မြေထဲမြို့နယ်ရှိ ဂျပန်

www.burmeseclassic.com



များအား တိုက်ခိုက်ရေးအတွက် ဗိုလ်မင်းလွင် (ယခု ပြည်သူ့အိုးအိမ်)နှင့်အတူ ဟပ်ဖွဲ့များအား ပြင်ဆင်ခြင်း၊ အသေခံတပ်သား ရွေးချယ်ခြင်း၊ စစ်လှုပ်ရှားရန် ဒေသ များသတ်မှတ်ခြင်း စသည့်အစီအစဉ်များကို ဆောင်ရွက် နေပါသည်။

တစ်ရက်သောနံနက်ခင်းတွင် ဗိုလ်သန်းနိုင်နှင့်အတူ စားသောက်ဆိုင်လေးများရှိရာ ကားဆိပ်ဘက်သို့ ထွက် ခဲ့ပါသည်။

လမ်းကြားဘက်ဆီမှ လက်ဖက်ရည်ပွဲယူလာသည့် ရဲဘော်လေးတစ်ယောက်ကို တွေ့ရ၍

"ဟေ့ ... ရဲဘော် ဘယ်လဲကွ"

"ဘုန်းကြီးကျောင်းကို"

"အမ်မာ ... ဘုန်းကြီးတွေဖြင့်မရှိဘဲ မင်းက ဘယ် သူ့ သွားပို့မလို့လဲ"

"အာဂန္တုရောက်လို့ပါ"

(ပြလို့ကျောင်းမှ ဘုန်းတော်ကြီးများနှင့် ကျောင်း သားများပါမက ကျေးရွာရှိ ယောကျ်ား မိန်းမ ကလေး မကျန် မဟာမိတ်လေယာဉ်တို့ နေ့စဉ်ပစ်ခတ်သည့် ရန် ကြောင့် ရွာလုံးကျွတ် တခြားရွှေ့ပြောင်းနေကြ၍ တပ် မတော်သာ ရွာမှာရှိသည့်အချိန်ဖြစ်ပါသည်)

ထိုရဲဘော်လေးအား ကျွန်တော်တို့က

"ဘာရမလဲ ချ" ဟုပြောပြီး

လက်ဖက်ရည်ပွဲတွင် ပါလာသည့် ကျောက်ကျော ပန်းကန်ထဲမှ မုန့်တစ်ဝက်ယူ၍ စားလိုက်ကြပါသည်။ ရဲဘော်လေးက "ဗိုလ်လေးတို့ပဲ စားလိုက်ကြပါ" ပြော ရင်း ကျောက်ကျောပန်းကန်ကို ယူမသွားတော့ဘဲ ဖုံးခို ကျင်းနှုတ်ခမ်းတွင် တင်ထားခဲ့ပြီး လက်ဖက်ရည်ပွဲနှင့် ရဲဘော်လေး ထွက်သွားပါသည်။

ကျွန်တော်တို့လည်း ရဲဘော်လေးစေတနာ သဘော ကျစွာနှင့် ထားခဲ့သည့် မုန့်များအား အကုန်လွေးလိုက် ကြပါသည်။

ကားဆိပ်မှအပြန် ဗိုလ်မှူးအောင်အိမ်သို့ ဘုန်းကြီး ကျောင်းဘက်မှ လှည့်ဝင်လိုက်ကြရာ

ဗိုလ်သန်းနိုင်က "ဟေ့ .. ကင်ပေ၊ ကင်ပေ"ဟု လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်မှ စွပ်ကျယ်အကျႌ လက်ရှည်အဖြူ၊ ပလေကပ်လုံချည်အဖြူနှင့် အနက် ကွက်ကျဲဝတ်ထားပြီး ဂျပန်စစ်ဦးထုပ်ဆောင်းထားသည့် ဂျပန်ကြီးကို တွေ့လိုက်ရသည်။

၎င်းဂျပန်မှာ ထိပ်က ထိုင်ရင်း ဗိုလ်မှူးအောင်နှင့် အပြန်အလှန်စကားပြောနေကြသည်ကို တွေ့ရသည်။ ဘေးမှလည်း လူတွေဝိုင်းလို့။

"ဟော့ ... လစ်မှ" ဆိုပြီး ကျွန်တော်တို့နှစ်ဦး လစ် ပြေးကြပါသည်။

ဘုန်းကြီးကျောင်းဝင်း ဘုရားကြားအတွင်းမှ စောင့် နေသောကင်းမှ ပြေးထွက်လာသော ကျွန်တော်တို့နှစ်ဦး ကို အလစ်မပေးပါ။ ဖမ်းတားထားပြီး ဗိုလ်မှူးအောင် အိမ်သို့ပင် အပ်ပေးသည်။

ကျွန်တော် အံ့အားသင့်နေစဉ်မှာပင်

"အား ... ဗိုလ်ချုပ်" ဟူသော ဗိုလ်သန်းနိုင် အသံ ထွက်လာပြီး ကျွန်တော်တို့နှစ်ဦးစလုံး သတိအနေအထား နှင့် အလေးပြုပြီးသားဖြစ်သွားပါသည်။

ဗိုလ်ချုပ်က "မင်းတို့ ဘာလို့ပြေးကြတာလဲ"

ကျွန်တော်တို့ "(ဗိုလ်ချုပ်ကို) ကင်ပေကြီးထင်လို့" (သံပြိုင်) ဗိုလ်ချုပ်မှာ ကျွန်တော်တို့က သူ့အား ဂျပန် ကင်ပေတိုင်လို့ဆိုသည့်အဖြေကို ကြားရပြီး အားရပါး ရယ်ပါတော့သည်။

"အေး ... ထိုင်ကြ" ဆိုမှ ကျွန်တော်တို့ ဝင်ထိုင် ကြပါသည်။

ဗိုလ်ချုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသော ဗိုလ်မှူး အောင်အပြင် ဗိုလ်မှူးထွန်းအုံ (မြို့မင်းကြီးဟောင်း ဦးထွန်းအုံ)အပါအဝင် အရပ်ဝတ်နှင့် ၃-၄ဦးမှာ ဗိုလ်မှူး အောင်အိမ် မီးတင်းကုပ်ဘေးနှင့် မန်ကျည်းပင်အကွယ် ဘက်တွင် ထိုင်နေကြသည်ကို တွေ့ရပါသည်။

စောစောက ကျွန်တော်တို့ဖြတ်'အုပ်'လိုက်သော လက်ဖက်ရည်ပွဲမှာ ဗိုလ်ချုပ်တည်းခိုရာသို့ ရဲဘော်လေး တစ်ဦးသွားပို့သည့် ဗိုလ်ချုပ်အတွက် လက်ဖက်ရည် ဖြစ်ပါသည်။

ကျွန်တော်တို့ အနိုင်ကျင့်သည်ကို စေတနာဖြင့် နှင့် ကျွေးရင်း ပန်းကန်ပြားပါ ထားခဲ့သည့် ရဲဘော်လေး တစ်ဦးမှာ ဗိုလ်ချုပ်ရောက်နေသည်ကို ကျွန်တော်တို့ သိသွားမည်စိုး၍ အစာခွံ့ပြီး ခပ်မြန်မြန် ထွက်သွား သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မှာ ရဲဘော်လေး၏ လှည့်ကွက်ကို ...ဒီကျမှပင် ရိပ်မိပါတော့သည်။

ဗိုလ်ချုပ်သည် ဆောင်းထားသည့် ဦးထုပ်ကိုချွတ် ...စားပွဲပေါ်သို့ တင်လိုက်ပါသည်။

ဧရာဝတီမြစ်ကမ်းနဖူးပေါ်ရှိ ဗိုလ်မှူးအောင်အိမ်မှာ ...ငြင်ပန်းအားဖြင့် ငြိမ်သက်၍နေပါသည်။

ဆင်ဦးကင်းသဏ္ဌာန် ချွန်မောက်သည့် ကတုံး (...ခေါင်းတုံး)၊ တောက်ပသည့် မျက်လုံးအစုံနှင့် တစ်မူ ...ခြားသော ဗိုလ်ချုပ်သွင်ပြင်ကိုကြည့်နေရင်း ဗိုလ်ချုပ် ...ပြောမည့်စကားကိုသာ အားလုံး နားစွင့်နေကြပါသည်။

"မြစ်ကြီးနားမှာဆို ဒီနေ့ မဟာမိတ်တပ်က မြို့ ...သိမ်းလိုက်၊ နောက်ရက် ဂျပန်က မြို့ပြန်သိမ်းလိုက်နဲ့ ...တစ်ပြန် ကျားတစ်ပြန်ဖြစ်နေတယ်။ အဲဒီမှာ တို့ဆီက ...တွေ (အာရှလူငယ်များကို ဆိုလိုသည်) ဂျပန်က မြို့ ...ပြန်သိမ်းထားရင် အာရှလူငယ်ဆိုင်းဘုတ် ပြန်တင် ...လိုက်ရပြန်၊ မဟာမိတ်(အင်္ဂလိပ်)က မြို့ပြန်သိမ်းပြန်၊ ...ဆိုင်းဘုတ်ပြောင်းပြန်လှန်လိုက်နဲ့ မှောက်ချီလှန်ချီ ...ဖြစ်နေရတယ်"ဟု မြစ်ကြီးနားက ရဲဘော်များအကြောင်း ...ပြောရင်း ဗိုလ်ချုပ် သဘောကျစွာ ရယ်လိုက်ပြန်ပါသည်။

ဧရာဝတီမြစ်ရေအယဉ်မှ တသွင်သွင် ငြိမ်သက်စွာ ...စီးဆင်းနေပါသည်။

ကျွန်တော်တို့အားလုံး ငြိမ်သက်စွာပင် နားထောင် ...နေကြပါသည်။

"ဂရိတ်မှာ ဖက်ဆစ်ဂျာမန်တွေကို ဂရိတ်မျိုးချစ် ...တွေက တိုက်ထုတ်လိုက်တယ်။ တိုက်ထုတ်ပြီးနောက် ...အင်္ဂလိပ်တပ်တွေ ဝင်လာတယ်။ အင်္ဂလိပ်တပ်တွေ ပြန် ...ရောက်လာတော့ အရင် ဂျာမန်နှင့် ပေါင်းခဲ့သူတွေဟာ ...အင်္ဂလိပ်တွေနဲ့ ပြန်ပလူးကြပြန်တယ်။"

"ဂရိတ် မျိုးချစ်လူငယ်တွေက ဂျာမန်ဖက်ဆစ်နဲ့ ...ပေါင်းသူတွေရော၊ ဂျာမန်သူလျှိုတွေကိုပါ 'ဖြောင်' ...သုတ်သင်ပစ်ခဲ့ကြတယ်။

အခု အင်္ဂလိပ်ပြန်ဝင်တော့ လက်ဝဲမျိုးချစ်လူငယ် ...တစ်ယောက်ကို (အမည်ပါပြောသည်) လူ ၈၀ ကျော် ...သေဒဏ်ပေးပစ်တယ်။ အမှန်ကတော့ သူလျှိုတွေ ...ဖက်ဆစ်နဲ့ ပေါင်းခဲ့တဲ့လူတွေကို သုတ်သင်တာပဲ။

"အဲဒါမျိုး ငါတို့လူတွေက သင်ခန်းစာယူတတ် ရမယ်။

စစ်ဝန်ကြီးရုံးက ပို့ထားတဲ့ စာစောင်တွေထဲမှာ ပြည့်စုံအောင် ညွှန်ကြားပြီးဖြစ်တယ်"

ဗိုလ်ချုပ်စကားဆက်အပြတ်တွင် အလိုက်သိစွာ ကျွန်တော်တို့ အလေးပြုပြီး ဗိုလ်မှူးအောင်အိမ်မှ ထွက်ခဲ့ကြပါသည်။

(စစ်ဝန်ကြီးရုံးမှ တော်လှန်ရေးပြင်ဆင်ချိန်ကာလ ပို့ပေးထားသည့် (International Law)ဘာသာပြန်တွင် စစ်မြေပြင်ဦးစီးသူ (Captain)အဆင့်ရှိသူ၏အမိန့်နှင့် သူလျှိုသုတ်သင်က လူသတ်မှုဖြင့် အမှုမဖွင့်နိုင်ကြောင်း တွေ့ရသည်ဟု အမှတ်ထားမိသည်)

ကျွန်တော်တို့၏ စုပေါင်းရိပ်သာဖြစ်သော ဗိုလ်စိန်မှန်အိမ်ရှိ ပစ္စည်းများကို သိမ်းဆည်းနေကြပါသည်။

ဗိုလ်စိန်မှန် ခပ်သုတ်သုတ် အိမ်ပြန်လာသည်ကို တွေ့ရပါသည်။ ဗိုလ်စိန်မှန်က "တို့ဆီမှာ အရက်ဘယ်နှလုံး ရှိသလဲ"

တစ်ယောက်က "ဘရန်ဒီ ၂၇ လုံးရှိတယ်"

"အဲဒါအားလုံး ဖျက်ဆီးပစ်ရမယ်"

အရက်အားလုံး ဖျက်ဆီးပစ်ရမည်ဟု ဗိုလ်စိန်မှန် ပြောသောစကားကို ကျွန်တော်တို့အားလုံး ငိုင်ကြည့်နေကြပါသည်။

ဗိုလ်စိန်မှန်က "ငါက ဗိုလ်ချုပ်ကို တော်လှန်ရေး အတွက် ရဲဘော်တွေ စိတ်တက်ကြွပြီး စိတ်အားထက်သန်နေပုံ ပြောပြတယ်။ ဘယ်လောက်စိတ်ထက်သန်နေသလဲဆို တချို့ရဲဘော်တွေ တော်လှန်ရေး ရက်ရွှေ့တော့ (ပထမ မတ်လ ၂၅ ရက်နေ့မှ ဧပြီလ ၂ ရက်သို့ ရွှေ့လိုက်ခြင်းကို ဆိုလိုသည်)အရက်သောက်တာတို့ ဘာတို့တောင် ဖြစ်ကုန်ကြတယ်လို့ ငါလည်း ပြောပြီးရော ဗိုလ်ချုပ်က ဘာ သွားသတိရတယ်မသိဘူး 'အရက်တိုက်ပြီးလုပ်ရမယ့် တော်လှန်ရေးဆို မလုပ်ပါစေနဲ့၊ အရက်တွေရှိနေရင် အားလုံး ဖျက်ဆီးပစ်လိုက်ဖို့ပြောတယ်" ဆိုမှ ဗိုလ်ချုပ်ပေးလိုက်သည့် အမိန့်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပြောအပြီးတွင် ရှိနေသည့် အရက်ပုလင်းအားလုံးကို ဗိုလ်စိန်မှန်ကိုယ်တိုင် ကျွန်တော်တို့ရှေ့မှာ ဖျက်ဆီးပစ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းနှင့် စစ်ဦးစီး အဖွဲ့ဝင်အချို့တို့ ပြလို့စခန်းသို့ ရောက်ရှိနေကြောင်း သိရပါပြီ။ ဗိုလ်ချုပ်ရောက်လာသည့်အတွက် ဝမ်းသာကြရသလောက် တစ်ဖက်က တာဝန်ပိုကြီးပြီး လျှို့ဝှက်ရေးကို ခါတိုင်းထက် ပိုကျင့်သုံးပြီး ပိုဂရုစိုက်နေရပါသည်။

တစ်နေ့သောနံနက်ပိုင်းတွင် ဗိုလ်မှူးအောင်နှင့် ဗိုလ်ဘသိန်း(သခင်တင်မြ)တို့မှ ဗိုလ်တင်ဦးကို မြစ်ဝကျွန်းပေါ် ဖျာပုံဘက် တာဝန်ပေးစရာရှိတယ်၊ ဗိုလ်မှူးကြီး နေဝင်းနှင့် သခင်စိုးတို့ကို ရှာဖွေဆက်သွယ်ရမှာဖြစ်တယ်။ ဒီကိစ္စ ဗိုလ်ချုပ်ကိုယ်တိုင် ညွှန်ကြားမှာဖြစ်လို့ အသင့်ပြင်ဆင်ပြီး အိမ်သို့လာခဲ့ရန် ဗိုလ်မှူးအောင်က အချိန်အခါ သတ်မှတ်ပေးပါသည်။

လျှို့ဝှက် ဆောင်ရွက်ရမည့် တာဝန်ဖြစ်သည့်အတွက် ကျွန်တော်နှင့်အတူ တွဲဖက်တာဝန်ထမ်းဆောင်ရသူ ဗိုလ်မင်းလွင်အား "တိုင်းရုံးမှ ခေါ်ထား၍ သတင်းသွားပို့ရမည့်အကြောင်း"ကိုသာပြောပြီး ရှိစုမဲ့စု အကောင်းဆုံး စစ်ဝတ်တန်ဆာများဝတ်ကာ ဖျင်ကြမ်းကျောပိုးအိတ်ပါ ပြင်ဆင်ပြီး ဧရာဝတီမြစ်ကမ်းနဖူးရှိ ဗိုလ်မှူးအောင်နေအိမ်သို့ သွား၍ သတင်းပို့ပါသည်။

ဗိုလ်ချုပ်နှင့်မတွေ့ရမီ ဗိုလ်မှူးအောင်က ခရီးသွားရာတွင် လိုအပ်မည့် ခြောက်လုံးပူး၊ လက်ပစ်ဗုံးနှင့် လမ်းတွင် သုံးရန်ငွေ၊ အခက်အခဲကြုံလျှင် သုံးရန်ငွေများကိုပါ ကြိုတင်ထုတ်ပေးထားနှင့်ပါသည်။

တိုင်းစစ်ဌာနချုပ်တစ်ခုလုံး ပြောင်းရွှေ့ရေးတာဝန်နှင့် အလုပ်များနေသော ဗိုလ်စိန်မှန်က ခရီးသွားရာတွင် လူချင်းသူချင်းတူစေရန် အကျီကို ဗိုလ်သန်းနိုင် (သခင်ဗဟိန်းညီ)ထံမှ ဆွဲပေးပြီး ဖိနပ်အတွက်ကို သူစီးသည့် တော့ဘွတ်ကို ယူသွားရန် ပြောပါသည်။ ဗိုလ်စိန်မှန် အစီးခိုင်း၍ တော့ဘွတ်ကို စီးကြည့်လိုက်ခါမှ ခြေသလုံး တစ်ဝက်တွင် တစ်နေ၍ "ရှီးမှပဲ ... မင်းခြေသလုံးကလည်း ကရင်ခြေသလုံးကျနေတာပဲ" ဟု ဗိုလ်စိန်မှန်က ပြောရင်းဆိုရင်း ရိက္ခာရုံရှေ့တွင် ဘယ်သူချွတ်ထားမှန်း မသိသော ဖိနပ်တစ်စုံ ဆွဲပေးလိုက်ပါသည်။

ဗိုလ်ဘသိန်းအား သရက်ဘက်ကမ်းရှိ လက်ရွေးစင်ကင်းဖွဲ့စည်းထားသည့်ရွာများ အောက် မနိမ့်၊ အောက်မမြင့် ဆင်ကော်၊ မြို့လှ၊ အထူးသဖြင့် ဘန်းကုန်း ပုဏ္ဏားကျေးရွာများရှိ အမာခံကင်းအဖွဲ့ စာရင်းများနှင့် ပြည်၊ ရွှေတောင်၊ ဝက်ထီးကန်၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ငါးခူအိုင်ကျေးရွာ စသည့်နယ်မြေအခြေအနေ၊ စည်းရုံးရေးမှတ်စုများကိုပါ ပေးခဲ့ပါသည်။

၂၄-၃-၄၅ နေ့ဝင်ဖျိုးဖျအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ကျွန်တော့်အား တွေ့ဆုံ ညွှန်ကြားပါသည်။ ဗိုလ်ချုပ် ညွှန်ကြားနေချိန်တွင် ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်ဝင်)၊ ဗိုလ်မှူးထွန်းအုံ (မြို့နီစီပယ်မင်းကြီးဟောင်း ဦးထွန်းအုံ)၊ ဗိုလ်ဘသိန်း (သခင်တင်မြ) တို့မှာ ဗိုလ်ချုပ်အနီးတွင် ရှိနေကြပါသည်။

ဗိုလ်ချုပ်မှ ဗိုလ်မှူးကြီးနေဝင်းနှင့် သခင်စိုးတို့ထံ ပေးရမည့်စာများကို ကိုယ်တိုင်ပေးပြီး ...

"ရဲဘော်အား ပေးမယ့်တာဝန် သိပြီးဖြစ်တယ်။ ပေးအပ်တဲ့တာဝန်ကို အသက်နဲ့လဲပြီး ဆောင်ရွက်ပါ။ လမ်းမှာ ဘယ်လိုအခက်အခဲနဲ့တွေ့တွေ့ အခက်အခဲကို ကျော်လွှန်ပြီး လိုရာခရီးကို မရောက်ရောက်အောင် သွားပါ။ လမ်းတွေ့တဲ့အခက်အခဲများကို တပ်ဖွဲ့များနဲ့ ငါတို့အဖွဲ့အစည်းများထံ ဝင်အကူအညီတောင်းပါ။

ဒီက ညွှန်ကြားချက်တွေကို ရန်သူလက် ဘယ်နည်းနှင့်မျှ မကျရောက်ပါစေနဲ့။

ဗိုလ်မှူးကြီးနေဝင်းနှင့် သခင်စိုးဆီ အထူးမှာချင်တာတော့ အဆက်မပြတ်ရေးအတွက်ပဲ။ အဆက်မပြတ်ရေးအတွက် လူဆက်သားရော၊ ဝိုင်ယာလက်ပါ ၂ မျိုးစလုံး အသုံးပြုရမယ်။ တိုင်း (၇)မှတစ်ဆင့် ဆက်သွယ်ရန် ပြောပါ"

*"ငါတို့အခု ဖက်ဆစ်တော်လှန်ရေးမှာ ဘီလူးစည်း လူစည်း ခွဲခြားရတာ လွယ်တယ်။ ရှုပ်ထွေးမှု သိပ်မရှိနိုင်ဘူး။ စစ်ရေးကျွမ်းကျင်မှု၊ လူထုအကူအညီနဲ့ အောင်ပွဲရဖို့ သေချာတယ်။ ဒါကြောင့် ဒီဖက်ဆစ်တော်လှန်ရေးမှာ ရှုပ်ထွေးမှုမရှိနိုင်ဘူး"*

"ရဲဘော်တို့ဟာ ရှေ့လာမယ့် ဒီမိုကရေစီဆိုတဲ့ခေတ်မယ် ရှုပ်ထွေးပွေလီတဲ့လမ်းကို လျှောက်ရလိမ့်ဦးမယ်။ သတ္တိရှိရုံမက နိုင်ငံရေးပရိယာယ်ပါ နားလည်ထားရမယ်။

အဲဒီအခါမျိုးမယ် ရဲဘော်တို့ မျက်စိမလည်ဘဲ ကိုယ့်ရည်မှန်းချက်အတိုင်း သွားနိုင်ရမယ်"

www.burmeseclassic.com



ဆိုသည့် သတိပေးသည့်အချက်များအပါအဝင် ဗိုလ်ချုပ်မှ ၄၅ မိနစ်ခန့်ကြာ နှုတ်ဖြင့် အမိန့်ပေးပါသည်။

ဗိုလ်ချုပ်ညွှန်ကြားနေချိန်မှာပင် ဗိုလ်စိန်မှန် ကျွန်တော့်အား အစီးခိုင်း၍မတော်သော 'တော့ဘွတ်'ကို ဗိုလ်ချုပ်လွှန်းအုံအတွက် ရဲဘော်တစ်ယောက် လာပို့သည်ကို တွေ့ရ၍ သံသရာလည်သော တော့ဘွတ်ကိုကြည့်ပြီး ပြုံးမိပါသေးသည်။

ဗိုလ်ချုပ်၏ သွန်သင်ညွှန်ကြားချက်များပြီးနောက် ခရီးထွက်ရန် တွဲဖက်ပေးထားသည့် ကားမောင်းရဲဘော် ဘယ်ကြပ်ညွှန့်ခင်နှင့်အတူ သီးသန့်ပေးသည့် အော်စတင်ကားနှင့် ပြလို့စခန်းမှ စတင်ခရီးထွက်ခဲ့ပါသည်။

× × ×

**ထင်ခရီးဝယ်**

ပြလို့စခန်းမှ ခရီးထွက်ခဲ့၍ ပြည်ဘက်သို့ နီးကပ်လာသောအချိန်တွင် သစ်ခက်၊ အုန်းလက်များနှင့် စနစ်တကျဖုံးပြီး ရုပ်ဖျက်ထားသော ဗိုလ်ချုပ်တို့ကားမှာ ကျွန်တော်တို့ ကားရှေ့သို့ ကျော်တက်သွားပါသည်။ ရွှေတောင်အရောက်တွင် ရှေ့သို့ ခရီးမဆက်တော့ဘဲ စခန်းချနေသော ဗဟိုဦးစီးအဖွဲ့ရုံးရှိရာသို့ သတင်းပို့ပြီး ညအတွက် ရပ်နားလိုက်ပါသည်။

ရွှေတောင်တွင် ခေတ္တစခန်းချထားသော ဗဟိုစစ်ဦးစီး အဖွဲ့ရုံးနှင့် တပ်များအပြင် ဗိုလ်မှူးရန်အောင် (ရဲဘော် ၃ကျိပ်ဝင်၊ ယခုတောတွင်းကျဆုံး)ထံသို့ သတင်းပို့ပြီး ရွှေတောင်မှ စတင်ခရီးထွက်ခဲ့ပါသည်။

ညဦးပိုင်း ပေါင်းတည်မြို့တွင်းသို့ ကားဖြတ်အဝင် လမ်းဘေး ရဲဘော်တစ်ဦးက ကားကို ရှေ့မှ ဖမ်းတားထားပြီး "ဗိုလ်ချုပ်ရှိတဲ့နေရာသိရင် ပြောပါ ... အရေးကြီးလို့ပါ၊ ပြောင်းဖို့ အရေးကြီးလို့ပါ၊ ရက်မပြောင်းရင် ကျုပ်တို့ တွေ ခံရတော့မှာမို့ပါ" ဟု တစ်ဆက်တည်းပြောနေသော "မီနာရှီဂမ်း" တံဆိပ်ပါသည့် ဗိုလ်တစ်ဦးကို တွေ့ရပါသည်။

ကားကို လက်ပြပြီး ဖမ်းတားလိုက်သည်မှစပြီး ထိုရဲဘော်၏အမူအရာကို မသင်္ကာစိတ် ဝင်လာပါသည်။ ဗိုလ်ချုပ်သွားသည့်နေရာ ခြေရာခံလိုက်နေတဲ့သူများ ဖြစ်နေမလားဟုတွေးပြီး ပိုမသင်္ကာလည်းဖြစ်သွားပါသည်။

ဗိုလ်ချုပ် ဘယ်ရှိတယ်ဆိုတာ ငါမသိကြောင်း၊ ငါက တာဝန်နှင့် ခရီးထွက်လာရသည်ဖြစ်ကြောင်း စကားဖြတ်လိုက်ပြီး မိမိလမ်းအတိုင်း ခရီးဆက်ထွက်ခဲ့ပါသည်။

(၎င်းရဲဘော်မှာ တိုင်း(၄) စစ်ဌာနချုပ် ဗိုလ်မှူးကျော်ဇော၏ထံမှ အရေးတကြီးလွှတ်လိုက်သော ဆက်သားဗိုလ်တင်ဦး(ယခု မကွေးမြို့နယ် ကုန်သွယ်ရေးဦးစီးမန်နေဂျာ)ဖြစ်ကြောင်း နောက်ပိုင်းမှ သိရသည်)

ညလုံးပေါက် ကားမောင်းခဲ့ပြီး နောက်နေ့နံနက်တွင် သာယာဝတီသို့ ရောက်ပါသည်။ သာယာဝတီအရောက်တွင် ဓိုးကုန်းမှ ဗိုလ်ချစ်မြိုင်တို့ တပ်စခန်းချထားရာ ကျောင်းသို့ သတင်းပို့ပါသည်။ ထိုနေရာမှာပင် ဗိုလ်ချစ်မြိုင် (ဗိုလ်မှူးကြီးဟောင်း၊ သံအမတ်ကြီး ဦးချစ်မြိုင်)နှင့် အဆင်သင့်တွေ့ရပြီး ရှေ့ခရီးအခြေအနေပါ စုံစမ်းရင်း ခရီးတစ်ထောက်နားလိုက်ပါသည်။

ကျွန်တော် နားနေချိန်မှာပင် ဗိုလ်ချစ်မြိုင်က တပ်အတွက် စီစဉ်စရာများစီစဉ်ရန် ကားတောင်း၍ ဗိုလ်ချစ်မြိုင်သို့ ကားပေးလိုက်ပါသည်။

ဗိုလ်ချစ်မြိုင်အား ကားပေးလိုက်ပြီးခါမှ စိတ်မောနေရပါသည်။ ကားတစ်ခုခုဖြစ်၍ ရှေ့သို့ ခရီးမဆက်နိုင်လျှင် မိမိတာဝန်ပျက်ကွက်မည်ကို တွေးမိရင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ကာ စိတ်မောလူမော စောင့်ရပါသည်။ ဗိုလ်ချစ်မြိုင် ညနေပိုင်း ပြန်ရောက်လာမှ စိတ်အေးသွားရပါသည်။

သာယာဝတီမှ ထိုနေ့ညနေပိုင်း ခပ်စောစောပင် ခရီးဆက်ထွက်ခဲ့ပါသည်။

မြို့ပြင် ခပ်လှမ်းလှမ်း ကားလမ်းလက်ယာဘက်အား သစ်ပင်အုပ်ကောင်းကောင်းနေရာများတွင် (သချိုင်းဟုထင်ပါသည်) ဂျပန်များ နေရာယူတပ်ချထားသည်ကို တွေ့ရသည့်အတွက် ဂျပန်က စ ချမလားဟု စိုးရိမ်သွားပါသည်။ တပ်ချထားသည့် ဂျပန်များက ကားပဲအရပ်ခိုင်းမလား၊ သေနတ်နဲ့ပဲ စ ပစ်မလား စသော စိုးရိမ်စိတ်နှင့် ဣန္ဒြေမပျက် ကားကို ခပ်မြန်မြန် အမောင်းခိုင်း၍ ပါလာသည့် ရှိစုမဲ့စု လက်နက်များကိုသာ အသင့်ပြင်ဆင်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ကင်းများမှ ဂရုစိုက်ကြည့်သည့် သဘောမျိုး သာရှိပြီး တားမြစ်ခြင်းမရှိဘဲ ၎င်းတို့ကို ကျော်လာမှ စိတ်ချလက်ချဖြစ်သွားသည်။

သာယာဝတီမှ ထွက်ခဲ့၍ တစ်နာရီခွဲကျော်မျှ ကား မောင်းမိသောအခါ ရှေ့ခပ်လှမ်းလှမ်းတွင် ကားလမ်း ဘေးနှင့် ယှဉ်နေသော လှည်းလမ်းအတိုင်း ချီတက်လာ သော တပ်မတော်သားများကို လှမ်းမြင်နေရသည်။ အချို့ တပ်သားများမှာ လက်နက်ခဲယမ်းမီးကျောက်နှင့် ပစ္စည်း အချို့တင်ထားသော မြင်းလှည်းနောက်က ကပ်၍ လိုက် လာကြပါသည်။ အကာအကွယ် သစ်စိမ်းခက်များ ဝေဝေဆာဆာထိုးပြီး တပျော်တပါးကြီး ချီတက်လာ သည့် တပ်မတော်ကို တွေ့နေရပါသည်။

ချီတက်လာသည့် တပ်မတော်သားများနှင့် ကျွန် တော်တို့ကား ထိပ်တိုက်ဆုံမိရာတွင် တပ်သားများက လက်ပြ၍တားသည့်အတွက် သတင်းထူးလိမ့်မည် ထင်ပြီး စိတ်ထင့်သွားပါသည်။ ကားရပ်ပြီး "ဘာလဲကွ" မေးမှ ရဲဘော်များ ဝိုင်းအုံလာပြီး ထုံးစံအတိုင်း "ဗိုလ်လေး မုန့်ဖိုး"ဟု ပြောပြီး မုန့်ဖိုးတောင်းကြသည်။

လမ်းခရီးတွင်သုံးရန် ပေးလိုက်သည့်ငွေထဲမှ ဝိုင်း လာသည့်ရဲဘော်များအား မုန့်ဖိုး ဖွဲ့ပေးခဲ့ရပါသည်။

(ထိုစဉ်က ရဲဘော်များသည် ဤနည်းအတိုင်းပင် တပ်မတော်ဗိုလ်များကိုတွေ့လျှင် မိမိတို့အစ်ကိုကြီးများ သဖွယ် ရင်းရင်းနှီးနှီးပင် မုန့်ဖိုးတောင်းကြသည်။ ဗိုလ် များကလည်း ရှိစုမဲ့စုဖွဲ့၍ ပေးကြရသည်)

သာယာဝတီအတွင်း တွေ့ခဲ့ရသော ဂျပန်တပ်များ ကင်းချထားသည့်သတင်းကို ၎င်းရဲဘော်တို့အား ပြောပြ လိုက်ပါသည်။

ရှေ့ ဆက်လက် ခရီးထွက်ရင်း ခပ်လှမ်းလှမ်းမှ ပြန်ကြည့်လိုက်ရာ ကားလမ်းဘေးအတိုင်း ငြိမ်သက် တည်ငြိမ်စွာ လှုပ်ရှားချီတက်နေသော တပ်မတော်ကြီး မှာ နေဝင်ဖျိုးဖျ ရောင်ခြည်အောက်ဝယ် ပဏာရလှပြီး စိတ်တွင်းခံစားမှုတစ်မျိုး ပေါ်နေပါသည်။

## ဆရာကြီး သခင်ကိုယ်တော်မှိုင်း

ချီတက်သွားသော တပ်မတော်ထံမှ 'ဆရာကြီး (သခင်ကိုယ်တော်မှိုင်း) ရန်ကုန်ဘက်ကို ကုန်တင်ကား ကြီးတစ်စီးနှင့် သွားနေတယ်။ တွေ့ရာမှာ ရှာခေါ်သွား ပါ" ဆိုသည့် လက်ဆင့်ကမ်းသတင်း အဆက်မပြတ် ရောက်လာပါသည်။ ထိုသတင်းကြောင့် တွေ့သမျှ ကုန် တင်ကားများကို ကျော်တက်ပြီး ဆရာကြီး သခင်ကိုယ် တော်မှိုင်း ပါ မပါသတင်းမေးရင်း ရှာရပါသည်။

ပေါက်ကွဲရန် တာစူနေသည့် ခုချိန်ခါမျိုးဝယ် အန္တရာယ်များလှသည့် လမ်းမကြီးပေါ်တွင် အေးအေး ဆေးဆေး ခရီးသွားနေသော ဆရာကြီးအတွက် ပူပင် သောကရောက်စွာနှင့် တွေ့ရာ ကုန်တင်ကားတိုင်းသို့ ဆရာကြီး ပါ မပါမေးရင်း ရှာရပါသည်။

ခရီးတစ်ထောက်နားနေရင်း စခန်းချနေသော ကား များဆီသို့ "ဆရာကြီးပါသလား" ဟု လှမ်းမေးလိုက်ရာ "ပါတယ်" "ပါတယ်" ဟု သံပြိုင်ထွက်လာပြီး ဆရာကြီး က "လာပြီဟေ့ တပည့်ရ ..." ပြောပြောဆိုဆို လွယ်အိတ် နှင့် ပုသိမ်ထီးကိုင်ကာ ထွက်လာသည့် ဆရာကြီးထံ ကိုယ်တိုင် သွားရောက်ကြိုဆိုပြီး ကားအရောက် ခေါ်ခဲ့ ပါသည်။

ယခင် သခင်တရားပွဲများတွင် စင်မြင့်မှ တရား ဟောသည်ကို ဆရာကြီးအား အဝေးမှ မြင်ရတွေ့ရ၍ အရပ်ခပ်ပြတ်ပြတ်ဟု တွေးထင်ခဲ့ပါသည်။ အနီးကပ် တွေ့ရတော့မှ ထောင်ထောင်မောင်းမောင်းနှင့် ယခု မြန်မာပီသသည့် ဥပမိရုပ်ကိုကြည့်ပြီး ပီတိဖြစ်မိရင်း ကျန်းမာစွာတွေ့ရသော ဆရာကြီးအတွက် တစ်ဖက် ကလည်း စိတ်အေးသွားပါသည်။

နေမျိုးနွယ်တို့၏ကားများပင် စက်ပျက်လွန်း၍ "တွန်းစတပ်"ဘဝမှ လွတ်ကင်းခဲ့လှသော ဤအချိန်မျိုး ဝယ် စက်ကောင်း၊ တာယာကောင်းနှင့် ခုချိန်ထိ ဒု မပေးသေးသော ကားကလေးဆွဲရာသို့ ဆရာကြီးကို တော်မှိုင်းအပါအဝင် ခရီးဆက်နှင်ခဲ့ပါသည်။

ဆရာကြီးမှာ ကားနောက်ခန်းမှ ရှေ့ထိုင်ခုံ လ တန်းကိုင်ကာ "တပည့်ရ .. ဘမော် ဆိုတဲ့အကောင် တော့ လူမပြောနဲ့ နွားတောင် ဥပဒေလုပ်ပေးနိုင်တဲ့ မဟုတ်ဘူး။ ခုလည်း လူရောနွားပါ ချွေးတပ်ဆွဲနေ ပြီကွ" ဟု အစချီပြီး ဂျပန်တပ်များအတွက် ဒေါက် ဘမော်အစိုးရက လူပါမက နွားများပါ ချွေးတပ်ဆွဲ နေရပြီး 'ဘာဥပဒေ'မှ လုပ်မပေးနိုင်သည်များကို ပို

www.burmeseclassic.com

www.burmeseclassic.com



တ်စများနှင့် ပြောပြနေပါသည်။ တစ်ဆက်တည်း ...

"အခုလည်း တပည့်တို့ကို အထက်ဘက် စစ်မျက် တွေအတိုက်လွှတ်တယ်ဆိုပြီး အင်္ဂလိပ်ကတစ်ဖက်၊ န်ကတစ်ဖက် ညှပ်အချခံရမှာစိုးရတယ်"

စသည့် စကားများကို စိတ်ပါလက်ပါနှင့် ပြောရင်း တ်ပါလာပါသည်။

ဆရာကြီးပြောသမျှ စကားများကို 'ဟုတ်ကဲ့' 'ဟုတ် ကဲ့' ဟု လေးလေးစားစား ခွန်းတုံ့ပြန်ကာ အဖြေ ပေးရင်း လေးဆွဲဆောင်ရာသို့ လိုက်ပါခဲ့ကြပါသည်။

## တိုက်ကြီးအရောက်တွင်

ညဘက် ၈ နာရီခွဲကျော် ၉ နာရီခန့်အချိန်တွင် င်ချထားသည့် တိုက်ကြီးမြို့သို့ ရောက်ပါသည်။

စခန်းထောက်သဖွယ်ဖြစ်သည့် ကားဆိပ် လက် ရည်ဆိုင်များရောက်မှ တိုက်ကြီးဘူတာရုံကို နေ့ခင်း င် အင်္ဂလိပ်လေယာဉ်ပျံများက ဗုံးကြဲစက်သေနတ် စ်၍ တပ်မတော်မှ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များ တ မီးရထားတွဲအချို့ပါ မီးလောင်ပျက်စီးကြောင်း င်းရရှိသည်။

ၚင်းလက်ဖက်ရည်ဆိုင်မှာပင် ပြည်မြို့သို့ ရာဇဝတ် အဖြစ် ပြောင်းရွှေ့မည့်သခင် ခင်မောင် (ကမာရွတ်) ဆွေးများနှင့်အတူ ကြိုတင်ရောက်နေသော သခင် ကျော်စိန် (ယခုကော်ပိုရေးရှင်း ၉ အဖွဲ့ဝင်လူကြီး)ကို ရသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှ "ဒါ သခင် ကျော်စိန်" ဟု မိတ်ဖွဲ့ပေး၍ သခင်ကျော်စိန်ရော ကျွန် တော်ပါ ထူးထူးထွေထွေ ဘာမှမပြောကြဘဲ တစ်ဦး ဦး ပြုံးပြီး နှုတ်ဆက်လိုက်ကြပါသည်။

တိုက်ကြီးတွင် စခန်းချနေသော ဗိုလ်လွန်းတင်တပ် ဂင်္လာဒုံ မူလတန်း စစ်ပညာသင်ကျောင်းမှ ကျောင်း အားလုံး ၂၃ ရက် (မတ်လ ၂၃ ရက်)နေ့က တပ် ပျောက်သွားကြကြောင်း သတင်းရရှိပါသည်။

ထိုသတင်းကြောင့် မင်္ဂလာဒုံမှ ဖြတ်၍ ရန်ကုန်မြို့ င်း ဝင်ရန်အခြေအနေဆိုးမှာ သေချာနေပါသည်။

တိုက်ကြီးတွင် တစ်ညနားပြီးမှ ခရီးလမ်းစုံစမ်းနေ ပါက နောက်ရက်များတွင် အခြေအနေ ပိုဆိုးလာနိုင် ပြီး အချိန်နောက်ကျသည်နှင့်အမျှ ဒီထက်အခြေအနေ ပိုဆိုးမှာ သေချာနေပါသည်။

ဤအခြေအနေတွင် ကျွန်တော်တို့အဖို့ ရှေ့သို့ ခရီး ဆက်မလား၊ ရန်ကုန်သတင်းစုံစမ်းရေးအတွက် တိုက် ကြီးတွင် နားမလားဆိုသည်ကို ယတိပြတ် ဆုံးဖြတ်ရမည့် အချိန်ဖြစ်ပါသည်။

ခရီးမထွက်မီအချိန် ပြလို့ စခန်းတွင် စိတ်အား ထက်သန်စွာနှင့်

"ရဲဘော်အား ပေးအပ်တဲ့တာဝန် အသက်နဲ့လဲ ဆောင်ရွက်ပါ" ဆိုသည့် ဘူးရှသည့် ဗိုလ်ချုပ်၏အမိန့် သံကို ကြားယောင်နေပါသည်။

"ငါ့ကိုစိတ်ချပြီး ပေးအပ်လိုက်တဲ့တာဝန် မကျေပွန် မှဖြင့် ဆိုသည့်" ရက်စိတ်ဝင်လာပြီး မင်္ဂလာဒုံမှပင် ညချင်းဖြတ်ဝင်ရန် စိတ်ပိုင်းဖြတ်လိုက်ပါသည်။

## မင်္ဂလာဒုံမှ ဖြတ်ဝင်ခြင်း

မှောင်ရိပ်တစ်နေရာသို့ သွားပြီး ဗိုလ်ချုပ်ပေးလိုက် သည့် စာများကို ရှာဖွေ၍မလွယ်မည့် ကိုယ်တွင်းနေရာ များတွင် စနစ်တကျ ပြင်ဆင်ထည့်လိုက်ပါသည်။

ပါလာသည့် လက်ပစ်ဗုံးများကိုလည်း အရေးရှိက အလွယ်တကူသုံးနိုင်ရန် ကျောပိုးအိတ်ထိပ်ကို ကြိုးဖြတ် ထားပြီး အသင့်ပြင်ထားပါသည်။

စိတ်ချလက်ချပြင်ဆင်ပြီးမှ တိုက်ကြီးမှ ည ၉နာရီခွဲ ခန့်တွင် စတင်ခရီးထွက်ခဲ့ပါသည်။

"မင်္ဂလာဒုံ မူလတန်း စစ်ပညာသင်ကျောင်းမှ ကျောင်း သားများ ၂၃ ရက်နေ့က တပ်ပျောက်သွားတယ်"ဆိုသည့် သတင်းကို ဆရာကြီးပါ ကြားသဖြင့် ဒီကိစ္စအတွက် ဆရာကြီးပြောမည့်စကားကိုသာ နားစွင့်နေပါသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှာ စောစောကလို စကားမပြောတော့ဘဲ တစ်ခုခုအာရုံပြု၍လိုက်ပါလာပါ သည်။ "ဆရာကြီး ကားနောက်ပိုင်းက အေးအေးဆေး ဆေး အိပ်သာလိုက်ခဲ့ပါ" လို့ပြောမှ ကျွန်တော်ပြောသည့် အတိုင်း အိပ်လိုက်လာပါသည်။

ညအချိန်တွင် ကင်းဝပ်ပြီး အငိုက်ဖမ်းတတ်သည့် ဂျပန်များနှင့် ဘယ်နေရာ ရင်ဆိုင်တိုးမလဲဟု တိုက်ကြီးမှ ထွက်ကတည်းက စိတ်တထင့်ထင့် ဖြစ်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံစစ်နယ်နိမိတ်သို့ တဖြည်းဖြည်း နီးကပ်လာ၍ ပိုသတိထားရပါသည်။ ကင်းဂိတ်ရောက်ခါနီး လမ်းများပေါ်တွင် ခုံတန်းလျားများကို ရှေ့တိုးနောက်ဆုတ်ထားပြီး စနစ်တကျ ကွေ့ကောက်ပိတ်ထားသည့် လမ်းအတိုင်း ခက်ခက်ခဲခဲ ဖြတ်ဝင်ခဲ့ပါသည်။

ဂျပန်ကင်းအရောက်တွင် ကင်းမှ အရပ်မခိုင်းမီပင် ကားစက်ရှိန်သတ်ပြီး ရပ်ပေးလိုက်ပါသည်။

ဂျပန်ကင်းမှူးမှာကား ရှေ့ပိုင်းရော၊ နောက်ပိုင်းပါ ကိုယ်တိုင် လက်နှိပ်ဓာတ်မီးထိုးကြည့်ရင်း ရှာဖွေသည့်အသွင်ဖြင့် ဇေ့ဇေ့စပ်စပ်ကြည့်ရင်း စတင်စစ်ဆေးပါတော့သည်။

ကျွန်တော်က "ငါတို့ အရေးကြီးလို့ လာတယ်" လို့သာ အဖြေပေးလိုက်ပါသည်။

ဂျပန်ကင်းမှူးမှာကား ရဲဘော်ကိုသာ ဖိစစ်နေပါသည်။ ဂျပန်ကင်းတပ်သားများမှာ ကားဘေးမှ ဝိုင်းထားကြပါသည်။

တပ်ကြပ်ညွှန့်ခင်မှာ ဂျပန်စစ်မေးသမျှကို ပြန်၍ပြန်၍ ဖြေနေရပါသည်။

ကျွန်တော်မှာ "ငါတို့ အရေးကြီးလို့လာတယ်" ဟု ပြောပြီး တခြားဘာစကားမှ ဝင်မပြောဘဲ ခပ်တည်တည် ထိုင်နေပါသည်။

ကားရှေ့ခန်းတွင် ဣန္ဒြေမပျက် ထိုင်နေရသော်လည်း အရေးကြုံက ကားအပြင် အမြန်ရောက်ရေး၊ ပထမဆုံး ကိုယ်က လက်ဦးရေး၊ နောက်ဆုံး လက်ပစ်ဗုံးခွဲပြီး ခရီးဆက်နိုင်ရေးသာ စဉ်းစားနေရပါသည်။

အမေးအစစ်ထူလှသော ဂျပန်ကင်းမှူး၏ လေသံမှာ ပြောင်းလဲခြင်းမရှိသေးဘဲ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအိပ်နေရာ ကားနောက်ခန်းသို့ မီးရောင် ရောက်သွားပြန်ပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှန်း သိသွားရင် ဘယ်လိုနေမလဲဆိုသည့်အတွေးပေါ်လာပြီး ကျွန်တော် ခေါင်းကြီးသွားပါသည်။

မလှုပ်မယှက် ငြိမ်သက်စွာအိပ်နေသော ဆရာကြီး သခင်ကိုယ်တော်မှိုင်းကိုသာ ဂျပန်ကင်းမှူးက မီးနှင့်ထိုးပြပြီးရင်း၊ ထိုးပြရင်းနဲ့ အထပ်ထပ် စစ်မေးနေပြန်ပါသည်

တပ်ကြပ်ညွှန့်ခင်က "ငါ့အဖေ လူမမာ ဆေးကု ခေါ်လာတာ" ဟု ရှင်းပြနေသည်။

ဂျပန်ကင်းမှူးက စစ်လိုက်၊ ရဲဘော်ညွှန့်ခင်က ဖြေလိုက်နှင့် အပြန်အလှန် အမေးအဖြေလုပ်နေကြသည်

ကျွန်တော်မှာ ဂျပန်ကင်းမှူး၏ အမူအရာကိုသာ ဂရုစိုက်နေရပါသည်။

ဂျပန်ကင်းမှူးမှာ အပြန်အလှန်စစ်ဆေး၍ ရဲဘော် ညွှန့်ခင်၏ အဖြေများကို ကျေနပ်ပုံရသွားပါသည်။

နောက်ဆုံးတွင် ဂျပန်ကင်းမှူးက ကျွန်တော် တပ်မတော်အဆင့်ကို မီးနှင့်ထိုးကြည့်ပြီး ကင်းသားများ ပါ တန်းစီအလေးပြုမှ စိတ်အေးသွားပါသည်။

ရဲဘော်ညွှန့်ခင်မှာ ကားဂရုစိုက်မောင်းခြင်း၊ ကား မောင်းရင်း လေယာဉ်ပျံသံကြားလျှင်၊ လေယာဉ် တွေ့လျှင် လမ်းဘေးအကာအကွယ်ကောင်းသည့်နေ ရွေးချယ်ရပ်ခြင်း၊ ကားရပ်တိုင်း ရေ၊ ဆီ၊ ကားစက်များ ဂရုစိုက်စစ်ဆေးခြင်း စသည့် တာဝန်များကို ကျေပွန် လေးစားစိတ်ချရသော်လည်း စကားနည်းလွန်းလှသည်

တပ်ကြပ်ညွှန့်ခင်၏ ဂျပန်စစ်ဆေးသမျှ တည် တည်ငြိမ်ငြိမ်နှင့် ဂျပန်လို ရေရေလည်လည် ပြန်ဖြေ ပြီး အကင်းပါးခြင်းမှာ တာသွားပြီး တန်ဖိုးကြီးလှ သည်။

အလေးပြန်ပြုပြီးချိန်မှာပင် ကျွန်တော်၏ လက် ရဲဘော်ညွှန့်ခင်၏ တင်ပါးကို နှစ်ချက်ဆက်ပြီး ပုတ် သား ဖြစ်သွားပါသည်။ "မြန်မြန်ထွက်" ဆိုသည့် အချ ပေးလိုက်သည်ကိုသိသည့် ရဲဘော်ညွှန့်ခင်မှာ ကား တစ်ရှိန်ထိုး မောင်းထွက်လိုက်ပါသည်။

ကားတစ်ရှိန်ထိုးထွက်၍ ဒုတိယဂီယာသံမစဲမီမှာ နောက်ခန်းတွင် မလှုပ်မယှက် အိပ်နေသော ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှာ ထထိုင်သည်ကို တွေ့ရပါသည်

ဆရာကြီးမှာ ကျွန်တော်တို့အား ဂျပန်က အကြိမ် ကြိမ် အထပ်ထပ်စစ်ဆေးနေသည်တို့ကို အကျိုးအကြောင်း ပင် မမေးဘဲ ငြိမ်၍ လိုက်ပါလာပါတော့သည်။

ပြည်သူ့ကြယ်၊ အတွဲ ၁၊ အမှတ် ၂၉ (၁-၅-

www.burmeseclassic.com

www.burmeseclassic.com



# အောင်ဆန်းရှိတယ်ကား

## ရွှေကို(တင်ကြပ်ကြီးဟောင်း)

အချိန်မှာ တော်လှန်ရေးဖြစ်ခါနီးတွင် ဖြစ်သည်။ ထိုအချိန်တွင် ဥရောပရှေ့တန်း စစ်မျက်နှာ၌လည်း ကောင်း၊ နောက်တန်းစစ်မျက်နှာ၌လည်းကောင်း၊ ဖက်ဆစ်နာဇီ ဟစ်တလာ၏ တပ်များသည် မဟာမိတ်တပ်များအား အရှုံးကြီး ရှုံးနေချိန်ဖြစ်သကဲ့သို့ အာရှအရှေ့တောင်ဘက်ရှိ ဖက်ဆစ်ဂျပန်တို့သည်လည်း တပ်လန်ချိန်ဖြစ်လေသည်။

ဤကဲ့သို့သော အချိန်တွင် စာရေးသူမှာ ကြံခင်းမြို့နယ်အသင်းတွင် ကျရာတာဝန်ကို ကိုယ်စွမ်းရှိသမျှ ဆောင်ရွက်နေရပါသည်။ ဂျပန်တပ်များနှင့်အတူ လွတ်လပ်ရေးတပ်မတော်မှာ မြန်မာပြည်မှ အင်္ဂလိပ်များကို မောင်းထုတ်ပြီးနောက် ဗမာ့ကာကွယ်ရေးတပ်မတော်ဟူ၍ အမည်ပြောင်းလိုက်ပါသည်။ ဗမာ့ကာကွယ်ရေးတပ်မတော် ရန်ပုံငွေအတွက် ကြံခင်း အာရှလူငယ်အဖွဲ့မှ ဦးဆောင်ကာ ပြဇာတ်များ ကပြ၍ ရန်ပုံငွေရှာဖွေခဲ့ရာ ဗိုလ်ချောကြီး (ဗဟိုရ်ပြသရေးမှူး)၊ ဒုတင်ကြပ်ကြီးဟောင်း တင်ထွန်း (ယခု ပလက)နှင့် ဦးပါ (အလင်းသတင်းစာ)တို့၏ တိုက်တွန်းဇေခိုင်းချက်အရ ယင်းပြဇာတ်များ၌ ပါဝင်သရုပ်ဆောင်ခဲ့ရသည့် စာရေးသူမှာ "ဗိုလ်ချုပ်အောင်ဆန်း" တေးသီချင်း သီဆို၍ ရန်ပုံငွေရှာဖွေရာ၌လည်း ပါဝင်ခဲ့ရပါသည်။

"အနုပညာသည် ပြည်သူ့အတွက်ဖြစ်ရမည်" ဆိုသည့် ဆောင်ပုဒ် မှန်၏။ စာရေးသူမှာ အနုပညာအနွယ်ဝင် မဟုတ်ပေ။ သို့သော် ယနေ့ အနုပညာသည်တစ်ဦးဖြစ်ပါ၏။ အထက်ပါ ဆောင်ပုဒ်သည် ထိုခေတ် ထိုအခါကတည်းက ပေါ်ထွက်ဖို့ ကောင်းခဲ့ပါသည်။ အဘယ်ကြောင့်ဟူမူ ယင်းခေတ်က ကဖြစ်ခဲ့သည့် "ဗမာ့သွေးခဲ" ပြဇာတ်သည်လည်းကောင်း၊ စာရေးသူတို့ ပါဝင်ခဲ့ရသည့် ဗမာ့ကာကွယ်ရေးတပ်မတော် ရန်ပုံငွေပြဇာတ်များသည်လည်းကောင်း သီဆိုခဲ့သည့် တေးသီချင်းများသည်လည်းကောင်း ဇာတိသွေး ဇာတိမာန်ကို တက်ကြွစေခဲ့ပြီး ဖက်ဆစ်ဂျပန်တို့အား တိုက်ထုတ်ရန် ပြည်သူလူထုတစ်ရပ်လုံးကို တပ်လှန့်နိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။

အနုပညာသည်များနှင့် ပတ်သက်၍ ပြောဆိုလျှင် တစ်ကြိမ်က နာမည်ကျော်ကြားလှသော မင်းသား ချစ်ဆွေ(လွတ်လပ်ရေးတိုက်ပွဲကျဆုံး)၊ မင်းသား မောင်မောင်အေး၊ မင်းသား တင်ငွေ၊ လူရွှင်တော် ဦးသာဂေါင်၊ ဒါရိုက်တာ ဦးချင်းစိန်၊ အေဝမ်းဦးတင်မောင်နှင့် ယနေ့လူကြိုက်များနေသည့် ရုပ်ရှင်မင်းသား ကိုကျော်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း တစ်ချိန်က ဘီအိုင်အေ တပ်မတော်တွင် တပ်ဗိုလ်၊ တပ်သားများ ဖြစ်ခဲ့ကြပါသည်။ အခြား အနုပညာသည် အများအပြား တိုင်းပြည်နှင့် လူမျိုးအတွက် ကျရာ တာဝန်ကို ထမ်းဆောင်ခဲ့ကြပါသည်။ သို့သော် စာရှည်မည်စိုး၍ လက်လှမ်းမီသမျှလောက်သာလျှင် ဖော်ပြလိုက်ရပါသည်။

ကွယ်လွန်သူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်ပင် အနုပညာသမား တစ်ယောက် မဟုတ်ပါလော။ သူ အနုပညာသမားဟု ဖော်၍ မပြောခဲ့ရုံသာ ရှိခဲ့သော်လည်း သူကိုယ်တိုင် ရေးသားသည့် သူ့အကြောင်းစာ (ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိမှ) တွင် "ငယ်ငယ်တုန်းက ကျွန်တော် အတီး၊ အမှုတ်၊ အက၊ အခုန် အတော်ဝါသနာပါ၏။ အထူးသဖြင့် ဆိုင်းတီး အတော်ဝါသနာပါသည်။ စားပွဲဖြစ်စေ၊ ခေါက်စရာတွေ့လျှင် အမြဲခေါက်လေ့ရှိရာ ကျွန်တော်၏လက်မှာ ယနေ့တိုင် အချိန်မှန်မှန် လက်ရေကွဲကျခဲ့လေသည်။ သို့သော် ကျွန်တော် ကြီးပြင်းလာသည်နှင့် လူကြီးမိဘများက ကျွန်တော့်အား အတီးအမှုတ် ဝါသနာကို ခွင့်မပြု။ နဂို ဝါသနာမဟုတ်၍လားမသိ။ ယခု ဤစိတ်မျိုး ပျောက်သလောက်ရှိခဲ့သည်" ဟု ရေးသားခဲ့သည့်အပြင် "ကျွန်တော် လွတ်လပ်ရေးရပြီးရင်တော့ နိုင်ငံရေး မလုပ်တော့ဘူး။ သူများ လုပ်တာကိုပဲ ကြည့်ပြီး စာရေးဆရာပဲ လုပ်တော့မယ်" ဟု ပြောခဲ့ပါသည်။ စာရေးဆရာသည် အနုပညာသမားပင် မဟုတ်ပါလော။

ထို့ကြောင့် အနုပညာသမားသည် အခြေအနေအရ လက်နက်ကိုင်၍ တိုင်းပြည်နှင့် လူမျိုးအတွက် တိုက်ပွဲဝင်တတ်သကဲ့သို့ ကလောင်တစ်ချောင်း၊ တယောတစ်လက်ထမ်း၍ တိုင်းကျိုးပြည်ကျိုးကို ရွက်ဆောင်တတ်လေသည်။

စာရေးသူ၏ ဖြစ်ရပ်ကလေးမှာ အညတရသာမန် ဖြစ်ရပ်ကလေးမျှသာ ဖြစ်သော်လည်း ဤဖြစ်ရပ်ကလေးနှင့် ဆက်နွယ်၍ စာရေးသူတွင် မကြာခဏဆိုသလို ခံစားမှုတစ်ရပ် ဖြစ်ပေါ်နေခဲ့ရပါသည်။ ဤခံစားချက်မှာ စာရေးသူသည် ရဲဘော်ဟောင်း အနုပညာသည်တစ်ဦး ဖြစ်သော်လည်း ရဲဘော်ရဲဘက်များနှင့် ပတ်သက်၍ လည်းကောင်း၊ ဗိုလ်ချုပ်နှင့် ပတ်သက်၍လည်းကောင်း ရဲဘော်ဟောင်းများ စုပေါင်းထုတ်ဝေသည့် "ပြည်သူ့ကြယ်" ကဲ့သို့ စာစောင်မျိုး ပေါ်ပေါက်နေသော်လည်း စာတစ်စောင် ပေတစ်ဖွဲ့ မိမိတတ်နိုင်သလောက် မရေးသားနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအား အရှေ့တောင်အာရှ စစ်သေနာပတိချုပ်၊ လူဝီ မောင့်ဘက်တန်ကလည်းကောင်း၊ မြန်မာတို့နှင့် ရင်းနှီးသည့် စာရေးဆရာ မောရစ်(စ်)ကော လစ်ကလည်းကောင်း၊ အိန္ဒိယ ရှေ့တန်းစစ်မျက်နှာတို တာဝန်ယူရသည့် ဖီးမာရှယ် ဝီလျံဆလင်း စသည့် အနောက်တိုင်းသားတို့က ချီးကျူးဂုဏ်ပြုစာများ အများအပြား ထုတ်ဖော်ကြသကဲ့သို့ အရှေ့တိုင်းသားများ ဖြစ်သည့် အိန္ဒိယဝန်ကြီးချုပ် နေရူး(ကွယ်လွန်)နှင့် ဂန္ဒီကြီးတို့ကလည်း ဗိုလ်ချုပ်ကွယ်လွန်သောအခါ ဗိုလ်ချုပ်၏ ဂုဏ်ပုဒ်များကို ချီးကျူးဖော်ထုတ်ခဲ့ကြပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အား မိတ်ဆွေများက လေးစားချစ်ခင်သလို ရန်သူများကလည်း ကြည်ညိုခဲ့ကြပါသည်။ ယင်းတို့အနက် ဂျပန်များလည်း အပါအဝင်ပင် ဖြစ်ပါသည်။ ယင်းဂျပန်တို့ ဗိုလ်ချုပ်အား မည်မျှကြည်ညိုကြောင်းကို စာရေးသူ၏ဖြစ်ရပ်ကလေးက ဖော်ဆောင်နိုင်လိမ့်မည်ဟု ယူဆပါသည်။

အထက်က ဆိုခဲ့သည့်အတိုင်း စာရေးသူ ကြံခင်း အာရှလူငယ်အဖွဲ့တွင် ပါဝင်ဆောင်ရွက်နေစဉ် ဖက်ဆစ် ဂျပန်တော်လှန်ရေးကြီးမှာလည်း နီးကပ်လျက်ရှိပါတော့သည်။ ထိုအချိန်တွင် မြန်မာပြည်အရပ်ရပ်ရှိ အဖွဲ့အစည်းများအား ဂျပန်ကင်ပေတိုင်မှ စုံထောက်များက မျက်ခြည်မပြတ် စောင့်ကြည့်နေကြပါသည်။ စာရေးသူတို့ ကြံခင်းဘက်တွင်လည်း အာရှလူငယ် အသင်းသားများသည် ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် ပူးပေါင်းကာ ဂျပန်တို့အား တော်လှန်မည်ဟု သတင်းရ၍ အာရှအဖွဲ့ဝင်များအား ဂျပန်ကင်ပေတိုင်များက လိုက်လံရှာဖွေ ဖမ်းဆီးကာ နည်းမျိုးစုံနှင့် နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်လျက် ရှိပါသည်။

သို့ဖြစ်၍ စာရေးသူတို့ အင်းလပ်ပိုင်း အာရှလူငယ် အဖွဲ့ဝင်များမှာ တပ်ဖျောက်နေကြရပါသည်။ ထိုအတွင်း ဗိုလ် ဝယ် ရန်ကုန်ဌာနချုပ်မှ စေလွှတ်လိုက်သော ဗိုလ် ကြံခင်းမြို့သို့ ရောက်ရှိလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဝဏ္ဏသည် စာရေးသူအပါအဝင် ကြံခင်းမြို့ အင်းလပ်ပိုင်းရှိ အာရှလူငယ်အသင်းသား ၁၀ ဦးခန့်ကို သူကြီးအိမ်၌ စုဝေးစေပါသည်။ ထို့နောက် ဖက်ဆစ်ဂျပန်တို့အား ဗိုလ်ချုပ်က တော်လှန်မည်ဖြစ်ကြောင်း၊ ပြောက်ကျားစနစ်ဖြင့် ရန်သူကို တိုက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျည်ဆန်ကို အရမ်းမဖြုန်းကြစေလိုကြောင်း၊ ရန်သူအားလည်း တတ်နိုင်ပါက အရှင် ဖမ်းရမည်ဖြစ်ကြောင်း စသည်ဖြင့် ခေါ်ယူကာ ဩဝါဒပေးပါသည်။ ယင်းနောက် အထက်မှ ညွှန်ကြားချက်များကို ပြောပြပြီး စာရေးသူတို့ကလည်း မရှင်းသည့်အချက်များကို မေးမြန်းဆွေးနွေးကြပါသည်။ ဆွေးနွေးပွဲပြီးသည့်အခါ ကြံခင်းမြို့သူမြို့သားများပင် မသိစေဘဲ ပြန်လည်ကာ တပ်ဖျောက်နေခဲ့ကြပါသည်။

ဂျပန်တပ်များမှာလည်း မြောက်ဘက်ရှိ မဟာမိတ်တပ်များနှင့် တိုက်ခိုက်ရာတွင်လည်းကောင်း၊ ရခိုင်ပြည်ဘက်ရှိ မဟာမိတ်တပ်များနှင့် တိုက်ခိုက်ရာတွင်လည်းကောင်း၊ အရှုံးကြီးရှုံးကာ ကစဉ့်ကလျားနှင့် အောက်မြန်မာနိုင်ငံသို့ ဆုတ်ခွာနေကြရပါသည်။

စာရေးသူတို့ ကြံခင်းမြို့သို့လည်း ရခိုင်ပြည်ဘက်မှ ဆုတ်ခွာလာသော ဂျပန်တပ်များသည် ဖိုးဦးတောင်၊ နန်းတောင်၊ ဆိတ်သား၊ ပေါက်တိုင်း မြို့ရွာများကို ဖြတ်ကျော်လျက် ရန်ကုန်ဘက်သို့ သွားရန် ရောက်ရှိလာခဲ့ကြပါသည်။ ဤသို့ တောင်ကုတ်ဘက်မှ ဆင်းလာရာ၌ ရိက္ခာများကိုသာ မြင်းများနှင့် တင်ဆောင်ခဲ့ကြပြီး လူချည်းသက်သက် ပင်ပန်းနွမ်းနယ်စွာနှင့် ဆုတ်လာခဲ့ကြပါသည်။ မြို့တွင်းသို့ ရောက်သောအခါ ဈေး၌လည်းကောင်း၊ ရပ်ရွာထဲ၌လည်းကောင်း အစားအစာများကို လုယက်စားသောက်ကာ အချေမငံဆက်ဆံသူများကို သတ်ဖြတ်ပြီး ထွက်ခွာသွားကြပါသည်။

ယင်း ဂျပန်တို့ ထွက်ခွာသွားသောအခါ ကြံခင်းဈေးသို့ အသက်အရွယ်ကြီးရင့်သော ဂျပန်ဗိုလ်မှူးအဆင့်ရှိသူ သုံးဦး ရောက်လာကာ အစားအသောက်များကို ကောင်းမွန်စွာ လာရောက် တောင်းစားကြပါသည်။ ယင်း ဂျပန် စစ်ဗိုလ်မှူး သုံးဦးမှာ အသက်အရွယ်ကလည်း ကြီး၍ အသားများမှာလည်း ဖြူဖပ်ဖြူရော်နှင့် ဝါထိန်နေပြီး ဖျားနာလာကြဟန် တူပါသည်။ ထို့ကြောင့် ကြံခင်းမြို့ကို ဖြတ်နှောက်သွားသော ဂျပန်တပ်များကို အမီမလိုက်နိုင်ဘဲ နောက်ကျ၍ ကြံခင်းမြို့သို့ ရောက်လာကြခြင်း ဖြစ်ဟန်တူပါသည်။

ထိုအချိန်တွင် စာရေးသူအပါအဝင် အင်းလပ်ပိုင်း အာရှလူငယ်အဖွဲ့ဝင်များသည် ဈေးအတွင်းသို့ ရောက်နှင့်နေပြီးဖြစ်သည်။ ဂျပန်သုံးဦးအား အရှင်ဖမ်းရန် ဈေးဆိုင်များတွင် မယောင်မလည်လုပ်နေကြပါသည်။ ဈေးသူဈေးသားများကလည်း ဂျပန် ဗိုလ်မှူး အဖိုးကြီး သုံးဦးအား စေတနာထက်သန်စွာနှင့် ကျွေးမွေးနေခဲ့ကြပါသည်။

စာရေးသူအပါအဝင် ဈေးအတွင်းသို့ ရောက်နေသည့် အာရှလူငယ်အဖွဲ့ဝင်များမှာ ဦးစိန်ဝင်း(ဟသံာတ ကျောင်းဆရာ) တာကလေးရပ်၊ ကိုစံရွှေ (ကျောင်းဆရာ၊ ကြံခင်းမြို့)၊ မောင်ခင်သောင်း(ခေါ်) ဘသန်း–၂(ယခု အတွင်းဝန်များရုံး ထောက်လှမ်းရေးရဲ)၊ ဒုဗိုလ်မှူးကြီး တင်ထွန်း(ပလက)၊ ကိုစန်းမောင် (ကျောင်းဆရာ၊ ကြံခင်းမြို့)၊ ဗိုလ်ချောကြီး (ပြည်သူ့ရေးမှူး ဗဟိုရဲ)၊ ကိုကြည်မောင်ကြီး(သခင်နု ကိုယ်ရံတော်ဟောင်း၊ ရဲဘော်ဖြူများ တောခိုရာတွင် တောတွင်း၌ ကျဆုံးသည်)တို့ ဖြစ်ကြပါသည်။

ဂျပန်ဗိုလ်မှူးများမှာ ဈေးအတွင်းရှိ ဖရဲသီး၊ စိမ်းစား၌ စသည်များကို ဆာလောင်မွတ်သိပ်စွာနှင့် အားရပါးရ စားသောက်ပြီး ၎င်းတို့ စားသောက်ရာအနီး၌ မယောင်မလည် ရပ်ကြည့်နေသည့် မောင်ခင်သောင်း (ဘသန်း–၂)အား ရေပေးရန် တောင်းပါတော့သည်။ ထိုအခါ ဘသန်း(၂)က မနီးမဝေးရှိ ဈေးဆိုင်များ၌ ဂျပန်များအား အရှင်ဖမ်းရန် စောင့်နေကြသည့် ကျွန်တော်တို့အား မျက်ရိပ်ပြကာ ရေ သွားယူပါသည်။

စာရေးသူတို့သည် ရေတွင် အဆိပ်ခတ်၍ ဂျပန်များအား သတ်ရန်ကြံလျှင် ရနိုင်သော်လည်း ရန်ကုန်ဌာနချုပ်မှ ရောက်လာသည့် ဗိုလ်ဝဏ္ဏ၏ ညွှန်ကြားချက်အရ တတ်နိုင်ပါက ရန်သူအား အရှင် ဖမ်းရမည်ဖြစ်၍ တစ်ကြောင်း၊ နဂိုကလည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဖြစ်သဖြင့် မိမိတို့အပေါ် မည်မျှပင် နှိပ်စက် သတ်ဖြတ်ခဲ့သည့် ဂျပန်များပင် ဖြစ်သော်လည်း ဤသို့ ဒုက္ခရောက်လာသည့်အခါ မသတ်ရက်သည်က တစ်ကြောင်းတို့ကြောင့် အခြေအနေကိုသာ စောင့်ကြည့်နေကြပါတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေသွားယူသော ဘသန်း(၂)သည် ရေအိုးကို ပိုက်၍ ပြန်ရောက်လာကာ ဂျပန်များရှေ့သို့ ချပေးလိုက်ပါသည်။ ထိုအခါမှပင် မမျှော်လင့်သောကိစ္စ ပေါ်လာရပါတော့၏။

ဘသန်း(၂) ရေအိုးချပေးလိုက်စဉ်တွင် ၎င်းခါးပုံစနှင့် အုပ်ထားသည့် ခြောက်လုံးပူးသေနတ်မှာ ပေါ်သွားပါတော့သည်။ ဤသည်ကို ဂျပန်များကလည်း ချက်ချင်းတွေ့သွားတော့ရာ ဂျပန်ဗိုလ်မှူးအိုတစ်ဦးက မျက်လုံးမျက်ဆန်ပြူးပြူးနှင့် "ကြံခင်း အောင်ဆန်းရှိတယ်ကား" "မြန်အောင် အောင်ဆန်းရှိတယ်ကား" ဟု အော်ရင်းပြောရင်းဖြင့်ပင် ၎င်း၏ ပေါင်ရင်း၌ ဝှက်၍ချည်ထားသည့် လက်ပစ်ဗုံးကို ဖြုတ်လိုက်ပါတော့သည်။

ထိုအခါ ဘသန်း(၂)လည်း ခပ်ကြောင်ကြောင်နှင့် ဖြစ်နေရာမှ ၎င်းဂျပန်ဗိုလ်မှူး၏ ရင်အုံသို့ သေနတ်ဖြင့် သုံးချက် ဆက်ပစ်ရင်း ပြေးပါတော့သည်။ စာရေးသူတို့မှာလည်း ကြောက်လန့်တကြားနှင့် ဗုံးလွတ်လိုလွတ်ကြောင်း ပြေးသူပြေး၊ မှောက်သူက မှောက်၊ သစ်ပင်ကို ကွယ်သူက ကွယ်နှင့် နေရာယူလိုက်ကြရပါသည်။

ကျန် ဂျပန်ဗိုလ်မှူး ၂ဦးမှာလည်း ပါးစပ်မှ ဝူးဝူး ဝါးဝါးအော်ကာ အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသဖြင့် သေနတ်ထိမှန်သွားသော ဂျပန်ဗိုလ်မှူးအား ကြောင်တက်တက်နှင့် ကြည့်နေကြပါသည်။ ထိုအခါ သေနတ်ထိမှန်ထားသော ဂျပန်သည် လက်ပစ်ဗုံးပင်ကို ဖြုတ်ပြီးသည်နှင့်တစ်ပြိုင်နက် ကျန်ဗိုလ်မှူး ၂ဦး၏ ခြေသလုံးများကို အတင်းဖက်လိုက်သည်တွင် လက်ပစ်ဗုံးမှာလည်း ပေါက် ကွဲသွားပါတော့သည်။

ဗုံးသံကြောင့် ဈေးအတွင်းရှိ ဈေးသူဈေးသားများသည်လည်း ကြောက်လန့်စွာ ထွက်ပြေးသွားကြပါတော့သည်။

လက်ပစ်ဗုံးပေါက်ပြီး၍ ခဏအကြာတွင် စာရေးသူတို့ အာရှလူငယ်အဖွဲ့သားများ သွားရောက်ကြည့်ရှုသောအခါ ဂျပန်ဗိုလ်မှူး ၃ ဦးမှာ မြင်မကောင်း၊ ရှုမကောင်း သေကျေနေကြပါတော့သည်။ ယင်းနောက် စာရေးသူတို့လည်း ဂျပန် ၃ ဦးအလောင်းကို ကောင်းမွန်စွာပင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြပါသည်။

"အောင်ဆန်းရှိတယ်ကား" ဟု ဟစ်အော်သွားသော ဂျပန်ဗိုလ်မှူး၏စကားမှာ အဓိပ္ပာယ်ရှိသည်ဟု ထင်ပါသည်။ ယင်းအနက်အဓိပ္ပာယ်မှာ မြန်အောင်သွား သွား၊ ကြံခင်း သွား သွား၊ မြန်မာပြည်မှာရှိတဲ့ ဘယ်ဒေသ၊ ဘယ်အရပ်ကိုပဲသွားသွား အောင်ဆန်းသည် ရှိသည်။ အောင်ဆန်း၏ လူများသည် ရှိသည်။ ဘယ်နေရာသို့ သွားသွား မိမိတို့မှာ သေရမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့မှာ မြန်မာပြည်အား လွတ်လပ်ရေးပေးမည်ဟူသည် ကတိကို ပေးခဲ့သော်လည်း ကတိမတည်ဘဲ လွတ်လပ်ရေး အတုကိုသာ ပေးခဲ့ပြီး စစ်ဖိနပ်အောက်သို့ မြန်မာပြည်သူတို့အား ဖွတ်သွင်းခဲ့သဖြင့် ကတိတည်ပြီး သစ္စာရှိသော အောင်ဆန်းအား မိမိတို့ အရှုံးခံရတော့မည်ဟု ဆိုလိုပြီး ကြံခင်း၌ပင် သေတော့မည်ဟု ဆုံးဖြတ်ကာ "ဟာရာကီရီ" လုပ်သွားခြင်း ဖြစ်ဟန်တူပေသည်။

အောင်ဆန်းသည် ကတိ တည်သူဖြစ်ကြောင်း၊ ရိုးသားဖြောင့်မတ်ကြောင်း၊ အလုပ်လုပ်ရာ၌ ပြတ်ပြတ်သားသားလုပ်တတ်ကြောင်းကို ဂျပန်များသည် သေသေချာချာ သိထားကြပေလိမ့်မည်။ သို့ဖြစ်၍လည်း "အောင်ဆန်းရှိတယ်ကား"၊ "အောင်ဆန်း ရှိတယ်ကား" ဟု အော်သွားခြင်းဖြစ်ပေမည်။

စာရေးဆရာ မောင်ထင်ရေးသည့် "ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်အင်္ဂါ" တွင် ဗိုလ်ချုပ်၏ ဂုဏ်ထူးဝိသေသ ငါးရပ်ကို ပြန်လှန်စစ်ဆေးကြည့်လျှင် ဗိုလ်ချုပ်သည် အများထက် ပို၍ ထူးခြားအောင် လုပ်သော အချက်တစ်ချက်ရှိသည်။ ထိုအချက်ကား သတ္တိရှိခြင်း၊ သန့်ရှင်းခြင်း၊ အလုပ်ပိုလုပ်ခြင်း၊ ကိုယ်ကျိုးကိုလျှော့၍ ခံစားခြင်းဟူသော ဂုဏ်နှင့်သာ ပြည့်စုံရုံမက သူနှင့် အပေါင်းပါတို့သည် သူကဲ့သို့ပင် ထိုဂုဏ်နှင့် ပြည့်စုံလာအောင် ဆွဲဆောင်နိုင်သော အစွမ်းပင်ဖြစ်၏" ဟု ဖော်ပြထားပေသည်။

ဤ မောင်ထင်ရေးသားသည့် "ဗိုလ်ချုပ်၏ ခေါင်းဆောင်အင်္ဂါ" တို့ကို ဂျပန်များ ကောင်းကောင်း သိကြရပေမည်။ သိ၍သာ ထိုသို့ အော်သွားခြင်းဖြစ်သည်ဟု စာရေးသူက ထင်ပါသည်။ အထူးသဖြင့် ဗိုလ်ချုပ်နှင့် အတူတူအလုပ်လုပ်ပြီး တိုက်ပွဲဝင်ခဲ့သည့် ဂျပန်စစ်ကြီး ဗိုလ်မိုးကြိုးက ပို၍ သိပေမည်။ အဘယ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူမှ "အောင်သန်း၏ အောင်ဆန်း" စာအုပ်တွင် ရန်ကုန်ဆောင်ကြီး၌ စစ်ရုံး၍ အကျဉ်းချထားခြင်းခံရသော ဗိုလ်မိုးကြိုးအား ဗိုလ်ချုပ်က ဤသို့ဖြစ်ရ၍ စိတ်မကောင်းကြောင်း၊ မိမိ နက်ဖြန်ကျလျှင် လာတွေ့ပါဦးမည်ဟု ပြောသွားကြောင်း၊ သို့သော် အောင်ဆန်းမှာ ကတိတည်သူဖြစ်သဖြင့် ထိုနေ့က မလာသောအခါ များစွာ အံ့သြခဲ့ကြောင်း၊ သို့သော် ယင်းနေ့တွင်ပင် အောင်ဆန်းအသတ်ခံရကြောင်း ကြားသိရပါသည်ဟု ဗိုလ်မိုးကြိုး(ဓမ္မတာ ဆူဇူကီ)က ပြောသွားခဲ့ပါသည်။ မြန်မာပြည်ဘယ်အရပ်သို့ သွားသွား အောင်ဆန်းရှိသည်မှာလည်း နှစ်၏။ အောင်ဆန်းသည် "သူနှင့် အပေါင်းပါတို့သည် သူကဲ့သို့ပင် ဂုဏ်သတ္တိတို့နှင့် ပြည့်စုံလာအောင် စွမ်းဆောင်နိုင်သော အစွမ်း" ရှိသည်မှာ မမှားကြောင်းကို အတိတ် ဖက်ဆစ်ဂျပန်တော်လှန်ရေးကလည်းကောင်း၊ ယနေ့ ခေတ်ပြောင်းကာလကလည်းကောင်း ဖော်ပြလျက်ရှိနေပါသည်။ ထို့ကြောင့် ယနေ့လည်း "အောင်ဆန်းရှိတယ်ကား"

(ဤအညတရဖြစ်ရပ်ကလေးဖြင့် ဗိုလ်ချုပ်အား ကန်တော့အပ်ပါကြောင်း)

**မှတ်ချက်။** ။ ဤကိုယ်တွေ့အဖြစ်အပျက်ရေးသူ 'ရွှေကို' မှာ ရုပ်ရှင်မင်းသား 'ရွှေကို'ပင် ဖြစ်သည်။

**ပြည်သူ့ကြယ်၊ အမှတ် ၂၁ (၁၉-၇-၁၉၇၀)**

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်နှင့် ကျွန်တော်

## ဖေချစ် (စိတ်ပညာ)

အချိန်မှာ ၁၉၄၅ ခု၊ ဖက်ဆစ်တော်လှန်ရေး ပြီးဆုံးခါနီးကာလဖြစ်သည်။

မိတ္ထီလာကန်တော်ကြီးပတ်ပတ်လည်တွင် မိုးဦးကျအခါ မှိုကျင်းမှ မှိုပွင့်များ ပေါက်လာသကဲ့သို့ ရွက်ဖျင်တဲများသည် မျက်စိတစ်ဆုံး ပြည့်နှက်လျက်ရှိတော့၏။ ဗြိတိသျှ ၁၄ နံပါတ် တပ်မတော်ဌာနချုပ်သည် မိတ္ထီလာတွင် ခေတ္တစခန်းချလျက် ရှိနေပေသည်။

ကျွန်တော်သည် ကန်စပ်ရှိ ရွက်ဖျင်တဲတစ်ခုအနီးမှ ကုက္ကိုပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ ကျွန်တော်၏ကိုယ်တွင် ဗြိတိသျှတပ်မတော်စစ်ဝတ်စုံကို ဆင်မြန်းထားပြီး ဂျပန်ခေတ်တစ်ခေတ်လုံး မတွေ့ခဲ့ရသည့် ကပ်စတန်ဆေးတံသောက်ဆေးထည့်ထားသော ဆေးတံကို စိမ်ပြေနပြေ ဖိမ်ခံ၍ဖွာလျက်ရှိ၏။

မိတ္ထီလာကန်တော်ကြီး၏ ရေပြင်သည် မထိတထိ တိုက်ခတ်နေသည့် လေပြည်လေညင်း၏ ပယောဂကြောင့် လှိုင်းကလေးများဖြင့် လှုပ်ရှားလျက်ရှိ၏။ နောက်ခံ မိုးပြာရောင် ကောင်းကင်နှင့် မိတ္ထီလာကန်တော်ကြီး၏ စိမ်းလဲ့လဲ့ရေရောင်မှာ ပဏ္ဏာရလှပေသည်။ ဤသာယာလှသည့် သဘာဝရှုခင်းကို ကန်တော်ကြီးပတ်လည်ရှိ စိမ်းပုပ်ပုပ်အရောင် ရွက်ဖျင်တဲများက ဖျက်ဆီးနေသ

စိတ်ထဲတွင် ထင်မိရင်း မချင့်မရဲဖြစ်နေမိသည်။ ပတ်ဝ

ကျင်သဘာဝ၏ရိုက်ခတ်မှုကို ခံစားရင်း မှတ်ထုတ်လို

သည့် မီးခိုးဝိုင်းကလေးများကြားမှ ဗြိတိသျှ ၁၄ နံပါ

တပ်မတော်သို့ ကျွန်တော်ရောက်ရှိလာပုံကို ပြန်ပြော

စဉ်းစားမိကာ ခပ်ယဲ့ယဲ့ ပြုံးလိုက်မိလေသည်။

× × ×

မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်မှ ဖက်ဆစ်တော်လှ

ရေးပြောက်ကျားရဲဘော်များနှင့် ဗမာ့တပ်မတော်မှ ရဲဘေ

များ ပူးပေါင်းထားသည့် ဖက်ဆစ်တော်လှန်ရေး ပြော

ကျား တပ်ဖွဲ့တစ်ခုသည် စစ်ကိုင်းခရိုင်နှင့် မုံရွာခရ

အကြားရှိ ချောင်းဦး၊ ခင်မွန်၊ ကျီကုန်းရွာတစ်ဝိုက်တ

စခန်းချလျက်ရှိ၏။ ယင်း ပြောက်ကျားတပ်ဖွဲ့တ

စုစုပေါင်း ၂၅ ယောက်ခန့်ရှိ၍ စစ်ကိုင်းခရိုင် အမြော

တပ် ဗိုလ်သိန်းဦးထံမှ စေလွှတ်လိုက်သည့် တပ်ကြ

ကြီးတစ်ဦးက စစ်ရေးကို ဦးဆောင်၏။ နိုင်ငံရေးခေါ

ဆောင်မှာ ရေဦးမှ ရဲဘော်တင်ငွေဖြစ်၏။ ယင်းပြော

ကျားတပ်ဖွဲ့တွင် ကျွန်တော်သည်လည်း အ

ပြောက်ကျားရဲဘော်တစ်ယောက်အဖြစ် ပါဝင်ခဲ့

www.burmeseclassic.com



ကျွန်တော်တို့တပ်ဖွဲ့တွင် ရဲဘော်လှရွှေ (ယခုဗိုလ်ကြီးလှရွှေ)နှင့် အငယ်ဆုံးရဲဘော်ဖြစ်သည့် ရဲဘော်တင်ညွန့် (လွှတ်တော်ရှေ့နေ ဦးတင်ညွန့်)တို့လည်း ပါဝင်လေသည်။

ကျွန်တော်တို့သည် တပ်မကြီးမှ ကွဲထွက်လာသည့် ဂျပန်တပ်ဖွဲ့ကလေးများကို လစ်လျှင်လစ်သလို ပြောက်ကျား ဝင်ရောက်တိုက်ခိုက်ခဲ့ကြ၏။ တစ်နေ့တွင် ကျွန်တော်တို့သည် တပ်မကြီးမှ ကွဲလာသည့် ဂျပန်တပ်ဖွဲ့ငယ်တစ်ခုကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့၍ လက်နက်အနည်းငယ်ရရှိခဲ့ရာ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေသည်။ ညဘက်တွင် တိုက်ပွဲမှ ရရှိခဲ့သည့် ရိုင်ဖယ်သေနတ်များ၊ ပစ္စတိုများနှင့် လက်ပစ်ဗုံးများကို ရွာအနီးရှိ ဘုန်းကြီးကျောင်းခေါင်းရင်းတွင် စီ၍ ထောင်ထားကာ အောင်ပွဲခံရင်း ညဥ့်နက်မှ အိပ်ကြတော့သည်။

နံနက်လင်းအားကြီးတွင် ရွာထဲမှ ကျွန်တော်တို့၏ အဆက် ရွာသားတစ်ယောက် ကျွန်တော်တို့နေသည့် ဘုန်းကြီးကျောင်းဆီသို့ ပြေးလာ၏။

“ညက ဂျပန်တပ်ဖွဲ့တစ်ခု ရွာထဲဝင်လာတယ်။ ကျွန်တော်တို့နဲ့တွေ့လို့ တိုက်ပွဲဖြစ်ရော အောက်မေ့တယ်” ဟု ထိုသူက ပြော၏။

“ဒီဘက်မလာလို့ မတွေ့လိုက်ရလို့သာပေါ့ ... တွေ့များ တွေ့လိုက်ရရင် ဘယ် ချမ်းသာပေးလိမ့်မလဲ။ ဒီလူတွေကို အတီးပေါ့” ဟု ကျွန်တော်တို့က အားပါးတရ ပြန်ပြောလိုက်၏။

ထို့နောက် ကျောင်းအောက်သို့ ဆင်းခဲ့ရာ ကျောင်းအောက် မြေကြီးတွင် ဂျပန်စစ်ဖိနပ်ရာများနှင့် စီးကရက်အတိုများ ရှုပ်ယှက်ခတ်နေသည်ကို တွေ့ရမှ ကျွန်တော် ရဲဘော်တစ်စုမှာ မျက်လုံးပြူးပြီး ရင်ဖိုသွားကြတော့သည်။

“ဂျပန်တွေ ကျောင်းပေါ်ကို တက်လာခဲ့ရင် ... ကျွန်တော်တို့ရဲဘော်တစ်ဦးဦး ကျောင်းအောက်ကို အခင်းကြီး အခင်းလေးသွားဖို့ ဆင်းလိုက်မိခဲ့ရင်” ဟူသော အတွေးများက ကျွန်တော်တို့ကို ရန်ခုန်စေခဲ့ပါသည်။ ကျွန်တော်တို့၏ ကံကြမ္မာကို မတွေးဝံ့အောင် ရှိပါတော့သည်။ ကင်းချ၍ မအိပ်မိသည်ကို ထိုအခါကျမှ နောင်တရကြသည်။ ယင်းဖြစ်ရပ်ကို နောင်တွင် ပြန်လည်စဉ်းစားမိတိုင်း ရင်ခုန်မိ၏။ ပြုံးမိ၏။

ဗိုလ်ချုပ်စလင်း၏ ဗြိတိသျှ ၁၄ နံပါတ်တပ်မတော် ကျွန်တော်တို့နယ်မြေသို့ ဝင်ရောက်လာသောအခါတွင်မူ ကျွန်တော်တို့ ပြောက်ကျားတပ်ဖွဲ့ကို ဖျက်သိမ်းရန် အမိန့်ရ၏။ ထို့ကြောင့် ပြောက်ကျားရဲဘော်များသည် စွဲကိုင်ထားသည့် လက်နက်များကို ခေါင်းဆောင်များထံ အပ်နှံပြီး ကိုယ့်မြို့ကိုယ့်ရွာသို့ မပြန်ချင့်ပြန်ချင်ဖြင့် ပြန်လာခဲ့ကြရတော့သည်။

**ဖက်ဆစ်တော်လှန်ရေးရဲဘော်များသည် ဗြိတိသျှ၏ ရန်သူဖြစ်သည့် ဖက်ဆစ်ဂျပန်ကို အသက်စွန့်ကာ ရင်မြေကတုတ်လုပ်၍ တိုက်ခိုက်ခဲ့ကြသော်လည်း ဗြိတိသျှ တပ်မတော်ကမူ သံသယမျက်စိဖြင့် ကြည့်ခဲ့ကြ၏။** ဗြိတိသျှထောက်လှမ်းရေးအဖွဲ့တို့သည် ဖက်ဆစ်တော်လှန်ရေးရဲဘော်များကို လိုက်လံစုံစမ်းကာ ဖမ်းဆီးရန် ကြိုးစားလာသည်ကို တွေ့လာရသည်။ ထို့ကြောင့် ရဲဘော်များသည် လွတ်ရာကင်းရာသို့ ရှောင်တိမ်းနေကြရတော့သည်။

ကျွန်တော့်မှာမူ “လက်ရင်းနာနာကပ်လျှင် သက်သာမည်” ဟူသောမူကို နှလုံးသွင်းမိ၍ ဗြိတိသျှ ၁၄ နံပါတ် တပ်မတော်မှ တပ်ဖွဲ့တစ်ခုတွင် တပ်ကြပ်ကြီး စာရေးအဖြစ် ဝင်ရောက်လိုက်တော့သည်။ သူတို့အထဲ ရောက်သွားသည့်အတွက် သူတို့ မျက်ခြည်ပြတ်သွားပြီး သူတို့လူ ဖြစ်သွားတော့၏။ သို့သော် ကျွန်တော်တို့ ဗမာများ လက်နက်ကိုင်ခွင့်ပေးရန်အတွက်မူ ဝန်လေးနေသည်ကို တွေ့ရလေသည်။ ရုံးအလုပ်များကိုသာ လုပ်ကိုင်စေပါသည်။ ဤသို့ဖြင့် ကျွန်တော်၏ကိုယ်တွင် ဗြိတိသျှစစ်ဝတ်စုံကို စမတ်ကျကျ ဆင်မြန်းလျက်ရှိပါတော့သည်။ ကျွန်တော်သည် ကိုယ့်အဖြစ်ကိုယ် စဉ်းစားမိရင်း ဝတ်ဆင်ထားသည့် စစ်ဝတ်စုံကို ငုံ့ကြည့်ကာ ပြုံးနေမိစဉ် ... “ရဲဘော် ... ရဲဘော် ဗမာလား” ဟု ကျွန်တော်၏နောက်ဘက်မှ မေးလိုက်သောအသံကို ဗြုန်းခနဲ ကြားလိုက်ရမှ လန့်ဖျပ်သွားကာ ကျွန်တော်၏ အတွေးသံသရာမှ သတိပြန်လည်ရရှိလာတော့၏။

ကျွန်တော်လှည့်ကြည့်လိုက်ရာ ဗမာ့တပ်မတော် အရာရှိစစ်ဝတ်စုံနှင့် ရာထူးကြယ်များကို ဝတ်ဆင်ထားသည့် ဗမာစစ်ဗိုလ်တစ်ယောက်ကို မြင်တွေ့လိုက်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်ကာ "ဟုတ်ပါတယ်ခင်ဗျာ" ဟု ဖြေလိုက်မိ၏။

"ကိုယ့်လူက စတိုင်ထွားလှချည်လား"

ကျွန်တော် ဆေးတံခဲထားသည်ကို မျက်စောင်းတစ်ချက်ထိုးရင်း ထို ဗမာစစ်ဗိုလ်က ပြောလိုက်၏။ တစ်ဆက်တည်းလိုလိုပင် "ဗမာအချင်းချင်း နှုတ်တောင်မဆက်နိုင်တော့ဘူးလား" ဟု ပြောလိုက်ပြန်ပါသည်။

ဤတွင်မှ ကျွန်တော်သည် သတိထားစဉ်းစားလိုက်မိ၏။ ကျွန်တော်၏တဲနှင့် မနီးမဝေးရှိ တဲတစ်ခုတွင် ယမန်နေ့က ဂျပန်စစ်ဝတ်စုံဟု ထင်ရသော စစ်ဝတ်စုံကို ဝတ်ထားသည့် လူတစ်စုကို ဗြိတိသျှစစ်တပ်များကြားတွင် အမှတ်မထင် မြင်လိုက်မိသည်ကို ပြန်လည်သတိရမိ၏။ ဂျပန်စစ်ဗိုလ်တွေလား၊ ဗမာစစ်ဗိုလ်တွေလားဟုတော့ သဲသဲကွဲကွဲ မသိလိုက်ချေ။ စစ်စည်းကမ်းအရ လျှို့ဝှက်ကိစ္စများကို မသိသင့်။ သိအောင်လည်း မပြုလုပ်ရလေရာ ကျွန်တော်သည် ခပ်မဆိတ်ပင် နေခဲ့၏။

ကျွန်တော်က ထိုဗမာစစ်ဗိုလ်အား ...

"ကျွန်တော်က သာမန်ရဲဘော်ကလေးတစ်ဦးပါ။ ဗိုလ်မှူးတို့က ဘာကိစ္စနဲ့ လာမှန်းမသိတော့ လျှို့ဝှက်တဲ့ကိစ္စတွေဖြစ်နေရင် မခက်ပါလားခင်ဗျာ။ ဒါကြောင့် ကျွန်တော်က ဗိုလ်မှူးတို့ဆီကို လာနှုတ်မဆက်တာပါ။ ပြီးတော့ ဗမာစစ်ဗိုလ်တွေဆိုတာကိုလည်း သဲသဲကွဲကွဲ မသိပါဘူး။ ဂျပန်စစ်ဗိုလ်တွေလား၊ ဒါမှမဟုတ် ဗမာစစ်ဗိုလ်တွေလားလို့တော့ တွေးမိပါတယ်" ဟု ပြန်ဖြေလိုက်ပါသည်။

"ဗမာအချင်းချင်းပဲဗျာ ... ကိစ္စမရှိပါဘူး။ လာသာလာပါ" ဟု ယင်းဗမာစစ်ဗိုလ်ကပြောပြီး သူနှင့်အတူ လိုက်ရန်ခေါ်သဖြင့် သူတို့တဲဘက်သို့ လျှောက်သွားကြပါသည်။ တဲထဲသို့ ရောက်သောအခါ အခြားဗမာစစ်ဗိုလ် လေးငါးယောက်ကိုလည်း တွေ့ပါသည်။ တချို့က အဝတ်ခုတင်များအပေါ်တွင် လဲလျောင်းလျက်ရှိကြ၏။ ကျွန်တော်နှင့်အတူ ပါလာသည့် ဗိုလ်က ထိုင်ခိုင်းသဖြင့် ခုတင်တစ်ခုပေါ်တွင် အသာထိုင်လိုက်ပါသည်။

ထိုဗိုလ်ကပင် "ရဲဘော် ... ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ကြားဖူးသလား" ဟု မေးလိုက်၏။

"ဘယ် မကြားဖူးဘဲ ရှိပါ့မလဲ။ ကျွန်တော်တို့ ဗိုလ်ချုပ်ကို" ဟု ကျွန်တော်က ဖြေလိုက်၏။

"ဒါဖြင့် မြင်ရင် မှတ်မိပါ့မလား"

"ဟာ ... ဘယ်မမှတ်မိဘဲ ရှိပါ့မလဲ" ဟု ကျွ တော်က ဖြေလိုက်ရာ တဲအတွင်းရှိ ဗမာစစ်ဗိုလ်မျ အားလုံး ဝါးခနဲ ရယ်လိုက်ကြသဖြင့် ကျွန်တော် ကြောင်တက်တက်ဖြစ်သွားပါသည်။

ကျွန်တော်နှင့်ပါလာသည့်ဗိုလ်က မျက်နှာပိုးသ ကာ အဝတ်ခုတင်တစ်ခုကို ညွှန်ပြရင်း ...

"ဟို ခုတင်ပေါ်ကလူ ဘယ်သူလဲ သိသလား" မေးလိုက်၏။

ကျွန်တော်သည် ထိုဗိုလ်ညွှန်ပြသည့် ခုတင်ပေါ် သေသေချာချာ ကြည့်လိုက်တော့မှ ကျွန်တော်တို့ ဗိုလ်ချုပ် ... ဗိုလ်ချုပ်အောင်ဆန်းဖြစ်နေသည်ကို လိုက်ရ၍ အံ့အားသင့်ပြီး ပါးစပ်ဟလျက်သား ဖြစ်သွ ပါတော့သည်။

ဗိုလ်ချုပ်သည် ခပ်ပြုံးပြုံးမျက်နှာထားနှင့် လျောင်း နေရာမှ ထထိုင်ပါသည်။ ထို့နောက် "ရဲဘေ ဒီတပ်နဲ့ ပါလာသလား၊ ဘီအိုအာ (B.O.R) ရသလ ဟု မေးလိုက်၏။

ဘီအိုအာ (B.O.R) မှာ အရှည်အားဖြင့် (Bri ish Other Ranks) ဗြိတိသျှစစ်သားအဆင့်ကို ဆို ၏။ ဗြိတိသျှစစ်တပ်တွင် အိန္ဒိယစစ်သား အဆင့် I.O (Indian Other Ranks) နှင့် ဗြိတိသျှစစ်သားအဆ ဟူ၍ ခွဲခြားထား၏။ အိန္ဒိယစစ်သား အဆင့်ရ သာမန်စစ်သားမှ ဆူဗေဒါ မေဂျာ အဆင့်အထိရှိ "ဂျမဒါဆပ်" (ဂျမဒါအဆင့်ကို တံမြက်လှည်းသ ဂျမဒါနှင့် မမှားစေရန် "ဆပ်" ဟု နောက်က ထည့် "ဂျမဒါဆပ်" ဟု ခေါ်ရန် အမိန့် ထုတ်ဆင့်ထား ဆူဗေဒါ၊ ဆူဗေဒါမေဂျာအဆင့်များကို အိန္ဒိယဘုရင်ခံ ခန့်အပ်သည့် အရာရှိများ V.C.O (Viceroy Co missioned Officers) ဟု ခေါ်၏။ ဗြိတိသျှစစ်ဗို များမှာ ဘုရင်က တိုက်ရိုက်ခန့်သည့် အရာရှိမျ ခေါ်၏။

ရရှိသည့် အခွင့်အရေးများမှာလည်း အင်မ ကွာခြားလှပါသည်။ အိန္ဒိယအဆင့် စစ်ဗိုလ် ဂျမ ၏လခသည် ဗြိတိသျှသာမန်စစ်သား၏လခ ပင်

www.burmeseclassic.com



အစားအသောက်နှင့် အခြားအခွင့်အရေးများမှာ ည်း ဆိနှင့်ရေကဲ့သို့ ကွာလှ၏။ အိန္ဒိယအဆင့် ရဲဘော် မှာ ချာပါတီ၊ ထမင်းနှင့် ဟင်းညှံ့များကိုသာ ရ၏။ တိသျှအဆင့် ရဲဘော်များမှာ ပေါင်မုန့်၊ ထောပတ်၊ ကြက်ဥ၊ ဝက်ပေါင်ခြောက်၊ ဒိန်ခဲမှစ၍ အစား သောက်ကောင်းများ စားရ၏။ စီးကရက်တွင်လည်း ကျွန်း" စီးကရက်အညံ့နှင့် "ပလေးယား" စီးကရက် ကောင်းစား စသည်ဖြင့် ကွာခြား၏။ ရုပ်ရှင်ကြည့်ရာ သည်း ခွဲခြားထား၏။ ဗြိတိသျှအဆင့် စစ်သားများ တ် ပြသသော ရုပ်ရှင်များကို အိန္ဒိယအဆင့်စစ်သား ကြည့်ခွင့်မရှိပေ။ ယုတ်စွအဆုံး အိမ်သာတက်ရာ င် ခွဲခြားထားလေသည်။ အိန္ဒိယစစ်သား စစ်ဗိုလ် သည် ဗြိတိသျှစစ်သား စစ်ဗိုလ်အတွက် အိမ်သာများ တက်ရချေ။ ဗြိတိသျှစစ်သား စစ်ဗိုလ်များကို အိန္ဒိယ များက မဖမ်းနိုင်ချေ။ သို့သော် ဗြိတိသျှစစ်ရဲများ အားလုံးကို ဖမ်းနိုင်၏။ ကျွန်တော်တို့ ဗမာရဲဘော် သည် (များသောအားဖြင့်) ဗြိတိသျှအဆင့်ရကြလေ အိန္ဒိယစစ်ရဲများကို မှုစရာမလိုခဲ့ချေ။

ထို့ကြောင့်ပင် ဗိုလ်ချုပ်က ယခုလို ဘီအိုအာအဆင့် ားဟု မေးလိုက်ခြင်းဖြစ်ပေသည်။ "ရပါတယ်" ကျွန်တော်က ဖြေလိုက်၏။

"ရရမှာပေါ့၊ ဗမာ့တပ်မတော်က ဒီလောက်တောင် တွေကို တိုက်ထားတာပဲ" ဟု ဗိုလ်ချုပ်က ဆက် သည်။

ထိုအခါမှပင် ကျွန်တော်တို့ဗမာရဲဘော်များ ဗြိတိသျှ အဆင့်ရခြင်းနှင့် အခြားအခွင့်အရေးများ ရခြင်း ဗိုလ်ချုပ်နှင့်တကွ ဗမာ့တပ်မတော်၏ ဂုဏ်သိက္ခာ ဟု သိရပါတော့သည်။

ထို့နောက် ဟိုရောက်သည်ရောက် စကားများပြော ကျွန်တော်လည်း ကျွန်တော်၏တဲသို့ ပြန်ခဲ့ပါ ကျွန်တော်၏ရင်ထဲတွင် ဗိုလ်ချုပ်ပြောလိုက်သော နှင့် ဗိုလ်ချုပ်၏စေတနာကို တမြုံ့မြုံ့ခံစားရင်း နေမိပါတော့သည်။

နောက်ရက်တွင် ကျွန်တော်တို့တပ်တွင်းသို့ အတူ ည့် စစ်ကိုင်းမှ ရဲဘော်မောင်ကလေးနှင့် မုံရွာမှ အောင်ကျော် (ယခု ဈေးတာစုဆောင်းရေးမင်းကြီး ဦးအောင်ကျော်)တို့ကိုခေါ်၍ ဗိုလ်ချုပ်နှင့် သွားတွေ့ကြ ပါသည်။ ဗြိတိသျှစစ်တပ်သည် ကျွန်တော်တို့အပေါ် မည်သို့ဆက်ဆံသည်၊ သဘောထားသည် စသည်တို့ကို မေးမြန်းရင်း ဗိုလ်ချုပ်နှင့် ကျွန်တော်တို့ စကားလက်ဆုံ ကျလျက်ရှိပါတော့သည်။ ဗိုလ်ချုပ်တို့ ဗြိတိသျှ ၁၄ နံပါတ် တပ်မတော်ဌာနချုပ်သို့ ရောက်လာသောကိစ္စမှာ ဗိုလ်ချုပ်စလင်းနှင့် တွေ့ဆုံဆွေးနွေးရန် ရောက်လာခြင်း ဖြစ်သည်ဟူ၍ အကြမ်းဖျင်းမျှသာ စကားပြောရင်း အကဲ ခတ်မိပါသည်။

ထိုသို့ဖြင့် နှစ်ရက်သုံးရက်အကြာတွင် ကျွန်တော် တို့ ဗြိတိသျှ ၁၄ နံပါတ် တပ်မတော်ဌာနချုပ် စခန်း သည် ရန်ကုန်သို့ ပြောင်းရွှေ့ရတော့မည်ဟု သိရသည်။ ရန်ကုန်ကို ဂျပန့်လက်မှ ပြန်လည်သိမ်းပိုက်ပြီးခါစ ဖြစ် သည်။

စစ်ဥပဒေအရ တပ်အပြောင်းအရွှေ့ကို မည်သူ့ကိုမျှ ပြောပြခွင့်မရှိပေ။ ကျွန်တော်တို့ ဗမာရဲဘော်များမှာလည်း ဗိုလ်ချုပ်ကို ထိုသတင်းပေးချင်ကြ၏။ သို့သော် ဖြောင့် မပြောရဲကြပေ။ ထို့ကြောင့် ကျွန်တော်တို့က စကား အရိပ်အမြွက်ဖြင့် မကြာမီ တပ်ပြောင်းရလိမ့်မည်ထင် ကြောင်း ဗိုလ်ချုပ်အား စောင်းပါးရိပ်ခြည် ပြောပြကြ သည်။

ဗိုလ်ချုပ်က "မပြောင်းနိုင်သေးပါဘူး။ လမ်းမှာ မအေးသေးဘူး ... တောင်ငူတစ်ဝိုက်မှာ တိုက်ကြတုန်း ရှိသေးတယ်။ ပဲခူးရိုးမဘက်ကိုတက်ဖို့ ဂျပန်တွေ ကြိုးစား နေတယ်"ဟု ပြောပါသည်။

ကျွန်တော်တို့မှာ နောက်တစ်နေ့နံနက်လင်းအား ကြီးတွင် တပ်ပြောင်းရမည်ကို အသေအချာ သိသော် လည်း မပြောဝံ့၍ နှုတ်ပိတ်ကာ ပြန်လာခဲ့ကြပါသည်။ နောက်တစ်နေ့နံနက်စောစောတွင် ထရပ်ကားကြီးများ ရောက်လာကာ တဲများဖျက်ပြီး ပစ္စည်းများ ကားပေါ် တင်ကြပါတော့သည်။ ထွက်ခါနီးတွင် ဗိုလ်ချုပ်ထံ အပြေးသွားကာ ..

"ဗိုလ်ချုပ် ကျွန်တော်တို့တော့ ရန်ကုန်ပြောင်းရ တော့မယ်" ဟု ပြောလိုက်မိပါသည်။ ဗိုလ်ချုပ်သည် အံ့အားသင့်သည့် အမူအရာနှင့် ကျွန်တော့်ကို စိုက်ကြည့် ကာ "ရဲဘော် ...'လမ်းမှာ ရန်မအေးသေးဘူး။ ဂရုသာ

www.burmeseclassic.com

www.burmeseclassic.com



စိုက်သွားပေတော့ ... သေားရန်ကင်းပါစေ" ဟု ပြောလိုက်ပါသည်။

ဗိုလ်ချုပ်တောင်းလိုက်သည့်ဆုကို ကြားရ၍ ကျွန်တော့်စိတ်ထဲတွင် လှိုက်လှိုက်လှဲလှဲ ပီတိဖြစ်သွားပါသည်။ တစ်ဖန် သူက တပ်မပြောင်းနိုင်သေးပါဟု ဆိုသော်လည်း လက်တွေ့မှာ ကျွန်တော်တို့ ပြောင်းကြရပါတော့မည်။ "ဒီတစ်ခါ တို့ဗိုလ်ချုပ်တော့ အတွက်မှားပြီ" ဟု စိတ်ထဲတွင် တွေထင်မိရင်း ပြုံးလိုက်မိပါသည်။ ဗိုလ်ချုပ်နှင့်တကွ အခြားဗမာစစ်ဗိုလ်များကို နှုတ်ဆက်ပြီး ကားပေါ်ခုန်တက်ကာ မိတ္ထီလာနယ်မြေမှ ထွက်ခွာခဲ့ကြရပါတော့သည်။ ဗိုလ်ချုပ်နှင့် အခြားဗိုလ်များသည် လက်ပြရင်း ကျန်ရစ်ခဲ့ကြပါသည်။

ကျွန်တော်တို့၏ ကားတပ်ကြီးမှာ အရှေ့သို့ကြည့်လိုက်လျှင်လည်း မဆုံးပါ။ နောက်သို့ကြည့်ပြန်ကလည်း အဆုံးကို မမြင်ရလောက်အောင်ပင် များပြားလှ၏။ ရှေ့ပြေးကင်းပင်လျှင် ဂျစ်ကားအစီး ၅၀ ဖြစ်သည်။ ရှေ့ပြေးကင်းတပ်ဖွဲ့ဝင်အားလုံးသည် မောင်းပြန်သေနတ်များ(တော်မီဂန်းများ)ကိုသာ ကိုင်စွဲထားကြသည်။

ကျွန်တော်တို့ကားတပ်ကြီးသည် လမ်းတွင် တစ်ညအိပ်၍ နောက်တစ်နေ့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ထွက်၍မကြာမီ ရှေ့မှ ဆက်သားရဲဘော်များ မော်တော်ဆိုင်ကယ်များဖြင့် ရောက်လာကာ တပ်ရပ်ရန် ပြောလာ၏။ ရှေ့တွင် တိုက်ပွဲဖြစ်နေကြောင်း သိရ၏။ ကျွန်တော်လိုက်ပါလာသည့် ကားနှင့်မူ အတော်အလှမ်းဝေးသဖြင့် မော်တာသံလိုလို တစ်ခါနှစ်ခါလောက် ကြားရပြီး စက်သေနတ်သံကိုမူ သဲ့သဲ့မျှသာ ကြားရလေသည်။

နှစ်နာရီခန့် ရပ်နားနေပြီး ဆက်လက်ချီတက်ခဲ့ကြ
သည်။ တိုက်ပွဲဖြစ်သောနေရာသို့ရောက်၍ လှမ်းကြည့်
လိုက်၏။ လမ်းကွေ့ ကုန်းမြင့်ထိပ်တွင် မြေပြင်
အမြောက်ငယ်တစ်ခုကို တွေ့ရသည်။ လမ်းဘေးသို့
ထိုးကျနေသည့် ဗြိတိသျှရှေ့ပြေးကင်းမှ ဂျစ်ကားတ
စီးကိုလည်း တွေ့ရသည်။ ဂျပန်အလောင်း ၂လောင်း
၃လောင်းကိုလည်း လမ်းဘေးခပ်လှမ်းလှမ်းတွင် မြ
လိုက်ရသည်။

ရန်ကုန်ရောက်၍ ရှေ့ပြေးကင်းအဖွဲ့မှ ရဲဘော်
နှင့်တွေ့တော့မှ အကြောင်းစုံ သိရလေသည်။ ဂျပန် အ
ယောက်ခန့်သည် အမြောက်ငယ်တစ်လက်၊ စက်
နတ်တစ်လက်ဖြင့် လမ်းထိပ်မှ ဆီးပစ်ရာ ဂျစ်ကားတ
စီးမှောက်၍ ဗြိတိသျှစစ်သားများ သေသူသေ၊ ဒဏ်
ရသူရ ဖြစ်ကုန်၏။ ကျန်ဗြိတိသျှစစ်သားများက အတ
ဝိုင်းညှပ်ပစ်ခတ်မှ သေသည့် ဂျပန်များ အလောင်း
ထားခဲ့၍ အတင်း ထွက်ပြေးကြောင်း သိရ၏။ ဤ
လောက် များပြားသည့် ဗြိတိသျှတပ်မတော်ကားတပ်
ကို ဆယ်ယောက်မျှလောက်နှင့် ခံတိုက်ဝံ့သည့် ဂျ
စစ်သားများ၏သတ္တိကို ဗြိတိသျှစစ်သားများက မဲ့
ရွဲ့ကာဖြင့် အသိအမှတ်ပြုကြရလေသည်။

ကျွန်တော်တို့ ဗိုလ်ချုပ်၏ "တပ်မပြောင်းနိုင်
ပါဘူး"ဟူသည့်အတွေးသည် မှားခဲ့သော်လည်း အ
ထဲမှ အမှန်တစ်ကွက်မှာ "လမ်းမှာ ရန်မအေးသေး
ဂရသာ စိုက်သွားပေတော့" ဟု ကြိုတင်၍ အန္တရာ
ကို သတိပေးလိုက်နိုင်ခြင်း ဖြစ်ပါတော့သတည်း။

မြဝတီ၊ အတွဲ ၁၇၊ အမှတ် ၅ (မတ်

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်၏တော်လှန်ရေးအဆင့်ဆင့်

## ရဲဘော်သုံးကျိပ်ဝင်တစ်ဦး

ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၃၆ ခုနှစ်၊ ကျောင်းသားခေါင်းဆောင်အဖြစ်မှစ၍ သိခဲ့ပါသည်။

ရေစကြာဆုံ၍ ဟိုင်နန်ကျွန်းတွင် ပြန်တွေ့ရသည်။ သူနှင့် စကားလက်ဆုံကျချိန်တိုင်း သူဝါသနာပါသည့် နိုင်ငံရေးကိုသာ စကားဖောင်လောက်အောင် ပြောတတ်သည်။ သူ့အပြောများကို ကျွန်တော် မှတ်မိသမျှ တင်ပြရလျှင် "ဟော့ ယာမ တို့တိုင်းပြည်ရဲ့ လွတ်လပ်ရေး တိုက်ပွဲအတွက် ဗမာ့အာဇာနည်သူရဲကောင်းများဟာ မတွန့်မဆုတ် မကြောက်မရွံ့နှင့် တိုင်းပြည်အတွက် တိုက်ခိုက်ပြီး အသက်ပေးခဲ့ကြရုံမကဘူး... တို့ကိုလည်း စံနမူ ယူလောက်အောင် သင်ခန်းစာတွေလည်း ပေးခဲ့တယ်ကွဲ့"

"သူတို့ပေးခဲ့တဲ့ စံနမူနာတွေကို မင်း ဘယ်လိုရယူသလဲကွ" ဟု မေးသည်။

ကျွန်တော်ကတော့ တရားနာခံပီပီ နားထောင်ရင်း "အစ်ကိုကြီးသဘောသာ ပြောပါ... ကျွန်တော်တို့ ဗဟုသုတ ရတာပေါ့" ဟု ပြန်ပြောလိုက်ရာ ...

"အေး ... ငါ့အတွက်တော့ တို့အာဇာနည်ခေါင်းဆောင်တွေ တိုင်းချစ်ပြည်ချစ်စိတ် ရာလုံးပြည့်နှင့်လုပ်တာတော့ မှန်တယ်။ ဒါပေမဲ့ သူတို့အချိန်တုန်းက ပြည်သူလူထု စည်းရုံးမှုဟာ လိုနေချိန်မှာ ပုန်ကန်တိုက်ခိုက်တော့ မအောင်မြင်ဘူးပေါ့။ ဒီထဲ အချင်းချင်း မညီညွတ်၊ ဒါ့ထက် ဆိုးဝါးတာက တုံးခုန်တက်တဲ့ အလိုတော်ရိ သူလျှိုတွေလည်းပေါတော့ အသက်မသေသင့်ဘဲ သေကုန်ကြတာပေါ့။ ဒါကြောင့်လည်း ငါ့အဘိုး ရွှေလရောင်ဘွဲ့ခံ ဗိုလ်မင်းရောင်လည်း ကျဆုံးခဲ့တာပါပဲ။ ဒါတွေကို စံနမူနာယူပြီး တို့ယခုနယ်ချဲ့အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ရာမှာ ညီညွတ်ခြင်းသည်အင်အား၊ ပြည်သူလူထု၏ စိတ်ရောကိုယ်ပါ ထောက်ခံမှုသည် အောင်မြင်မှုတစ်ရပ်" ဆိုတာကို အသည်းထဲမှာစွဲပြီး စည်းကမ်းရှိရှိ သေသေဝပ်ဝပ်နှင့် ဖွဲ့ရှိရှိလုပ်မှ အောင်မြင်မယ်၊ သို့မဟုတ်ရင် တို့လည်း ရှေ့က အာဇာနည်တွေရဲ့ သွားရာလမ်းအတိုင်း ဖြစ်ကုန်ကြမှာပဲ"ဟု စိတ်ရှည်လက်ရှည်ပြောခဲ့သည်။

ထိုအချိန်ကား ရဲဘော်သုံးကျိပ်ဝင် ပထမအသုတ်နှင့် ဒုတိယအသုတ်တို့သာ ဟိုင်နန်ကျွန်းသို့ ရောက်ချိန်ဖြစ်သည်။ ဗမာလူဦးရေအားဖြင့် (၁၁)ဦးသာ ရှိသေးသည်။ ထို့ကြောင့် ညနေပိုင်း နားချိန်တွင် စကားလက်ဆုံကြသည်။ ရံဖန်ရံခါလည်း နိုင်ငံရေးခရီးတစ်လျှောက်တွင် "ဂုဏ်တုဂုဏ်ပြိုင်" ပေါ်များခြင်း၊ ရာထူးမက်ခြင်း၊ ငွေမက်ခြင်းတို့ကြောင့် အချင်းချင်း သွေးကွဲသတ်ဖြတ်မှုများကို စက်ဆုပ်ရွံရှာဖွယ်ကောင်းကြောင်းကို သူ ပြော

www.burmeseclassic.com



ခဲ့သည်။

သူပြောသော စကားများက ငယ်ရွယ်သူ ကျွန်တော့်အဖို့ မှတ်စရာ၊ လိုက်နာစရာ သင်ခန်းစာ ရရှိသကဲ့သို့ လူငယ်ပီပီ သူ့ကိုလည်း အပြောနှင့်အဟော ညီသူမှ ဟုတ်ပါလေစဟု စောင့်ကြည့်လိုသော ဆန္ဒရှိနေသည်။

ကျွန်တော်၏ စူးစမ်းမှုကို ဦးစွာဆုံဆည်း ဆန္ဒပြည့်ဝလာသည့်အချိန်ကား ရဲဘော်သုံးကျိပ်စလုံး ဟိုင်နန်ကျွန်းသို့ စုံညီရောက်ရှိချိန်ဖြစ်ပါသည်။

ရဲဘော်သုံးကျိပ်ဝင်များသည် တို့ဗမာအစည်းအရုံး သခင်အဖွဲ့မှ သဘောချင်း မတိုက်ဆိုင်သည့် သခင်နှစ်ဖွဲ့ဖြစ်ပါသည်။ တစ်ဖွဲ့မှာ သခင် ဗစိန်အဖွဲ့နှင့် ကျန်အဖွဲ့မှာ ဆရာကြီး ကိုယ်တော်မှိုင်း ကြီးမှူးသည့် သခင်အဖွဲ့တို့ဖြစ်ကြသည်။

နိုင်ငံခြားတိုင်းပြည်တွင် ဗမာပြည်တွင်းမှာကဲ့သို့ အချင်းချင်း ကွဲပြားနေလျှင် လူပုံအလယ်တွင် ရှက်ဖွယ်လိလိဖြစ်ကြောင်းကို ဗိုလ်ချုပ် တွေးမိသည်။

လွတ်လပ်ရေးအတွက် အသက်ပေးဆောင်ရွက်ကြမည့် လူငယ်မျိုးချစ်များဖြစ်လျက် ညီညွတ်မှု မရှိလျှင် လုပ်ငန်းကြီး မြင့်မြတ်သလောက် စိတ်ထားသေးသိမ်ရာ ရောက်မည်ကိုမြင်သော ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်အားလုံး ညီညွတ်စွာဖြင့် ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်စွာလုပ်ဆောင်နိုင်ရန် ထိုနှစ်ဖွဲ့၏ ညီညွတ်ရေးအတွက် ဆွေးနွေးပြီး တစ်ဖွဲ့တည်းသော ခေါင်းဆောင် ဦးစီးကို ရွေးချယ်ခဲ့လေသည်။

ထိုအချိန်၌ ဂျပန်ပြည်ရောက် ရဲဘော်များတွင် ဆရာကြီးကိုယ်တော်မှိုင်းအဖွဲ့မှ လူများစုဖြစ်သော်လည်း "ညီညွတ်ရေး"ကိုသာ အဓိကထားသော ဗိုလ်ချုပ်အောင်ဆန်းသည် လူနည်းစု၏ဦးစီးမှူး "သခင်ထွန်းအုပ်"ကို ခေါင်းဆောင်အဖြစ် တင်မြှောက်၍ သူကမူ စစ်ကျောင်းသားများ၏ စစ်ရေးတာဝန်ခံအဖြစ် လုပ်ဆောင်ခဲ့သည်။ ဤအပြုအမူမျိုးကို သိရသော ကျွန်တော့်အဖို့ သူ၏ "ရာထူး မမက်ခြင်း" စည်းရုံးရေး ညီညွတ်ရေးကိုသာ အာရုံပြုသူအဖြစ် စိတ်ထဲတွင် မှတ်တမ်းတင်လိုက်ရပါသည်။

ဤအပြုအမူကို တွေ့ရှိရသည့်နေ့မှစ၍ သူ၏ ခေါင်းဆောင်မှုဖြင့် နယ်ချဲ့အား တော်လှန်ရာ၌ အောင်မြင်နိုင်မည်ဟု ကျွန်တော် ယုံကြည်လာပါသည်။

သူ့အနေအားဖြင့်လည်း ရဲဘော်သုံးကျိပ်ဝင်များ စစ်ရေး၊ အုပ်ချုပ်ရေး၊ ပြည်သူလူထုနှင့် ဆက်ဆံရေးများအတွက် မကြာခဏ စကားစပ်မိတိုင်း သိသင့်သိထိုက်သည်များ ပြောကြားဆုံးမခဲ့သည်။ သူ့အနေနှင့် ကျွန်တော်တို့လူငယ်များ ဇာတိမာန်ကြွလာအောင် သုံးလေ့ပြောလေ့ရှိသောစကားမှာ "မင်းတို့ဟာ နေမဝင်တဲ့ အင်ပိုင်ယာကို ဖြိုမယ့်လူတွေ၊ ဒီတော့ ဇွဲရှိရှိနှင့် ပညာကို ဆည်းပူးရမယ်။ ခံနိုင်ရည်ရှိအောင် လုပ်ရမယ်"ဟူ၍ အမြဲနားသွင်းခဲ့သည်။ သူ့စကားကြောင့် ရဲဘော်တိုင်းသည် သင်ယူအပ်သော စစ်ပညာကို အထူးကြိုးစား သင်ကြားလုပ်ဆောင်ကြလေသည်။

ရံဖန်ရံခါလည်း "တို့တပ်တွေဟာ တိုင်းပြည်ရောက်ရင် စစ်ရေး အုပ်ချုပ်ရေးကို လုပ်ရမယ်၊ ဒီတော့ မင်းတို့အမြဲမှတ်ထားဖို့က ဗမာလူမျိုးဟာ စည်းကမ်းပျော့ရင်လည်း မလေးစားဘူးကွ၊ စည်းကမ်းတင်းကျပ်ရင်လည်း ဖိရင်ကြွတဲ့အမျိုး။ ဒါကြောင့် မင်းတို့ လူကြီးလုပ်ပြီး အုပ်ချုပ်တဲ့အခါမှာ ...

ဟောဒီလို အုပ်ချုပ်ရမယ်" ဆိုပြီး လက်သီးကို တင်းကျပ်စွာဆုပ်လျက် ဖွလိုက်ဆုပ်လိုက် လုပ်ပြပါသည်။ သူ ပြောခဲ့သည့်စနစ်အတိုင်းပင် မတင်းလွန်း မလျော့လွန်းသောစနစ်ဖြင့် ကျွန်တော်တို့လူသိုက်အား စစ်ကျောင်းနေစဉ် အုပ်ချုပ်သည်ကို တွေ့ရပါသည်။

သူကား အပြောနှင့်အဟောကို ကိုက်ညီအောင် ကျင့်ကြံအားထုတ်လုပ်ကိုင်သည်။ အသက်အားဖြင့် ထိုအချိန်ဝယ် (၂၆)နှစ်အရွယ်ပင် ရှိလင့်ကစား တကယ့်လူကြီးကဲ့သို့ နေထိုင်ပြောဆိုသည်။ စကားပြောရာတွင်လည်း သူ၏စိတ်ရင်းတိုင်းကို ပရိယာယ်မပါ ကျွန်တော်တို့အား ဖောက်သည်ချတတ်ပါသေးသည်။

"တို့တစ်တွေ ပြည်သူလူထုနှင့် ဆက်ဆံတဲ့နေရာမှာရော၊ စည်းရုံးတဲ့နေရာမှာရော၊ စကားပြောတဲ့အခါ ရိုးရိုးသားသား ရှင်းရှင်းလင်းလင်း ဘွင်းဘွင်းပြောတတ်ဖို့လိုတယ်။ တို့ဗမာလူမျိုးတွေဟာ လိမ်တာ၊ ကောက်ကျစ်တာတွေ သိပ်မကြိုက်ဘူး၊ ငါ့စိတ်ကတော့ ပြောင်ပြောင်ကြိုက်တယ်" ဟူ၍ မကြာခဏ ပြောခဲ့သည်။

ဤအတိုင်းပင် ဗမာ့ လွတ်လပ်ရေး တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်း၍ တပ်မတော်သားများ ဘန်ကောက်မြို့တော်မှ စစ်ထွက်ခါနီးတွင် သူ့မိန့်ခွန်းသည် ရှင်းလင်းသည်၊ တိကျလှသည်။ စိတ်ဓာတ်သာ မတက်ကြွသည့် အချိန်အခါမျိုး၌ ဗိုလ်ချုပ် ထိုစကားကိုပြောလျှင် စစ်ထဲဝင်၍ တိုင်းပြည်အတွက် တိုက်မည့်သူပင် ရှိလိမ့်မည်ဟု ကျွန်တော် မထင်ပါ။

သူ့မိန့်ခွန်း မည်မျှပွင့်လင်းသည်ကို လေ့လာကြည့်ပါက ...

"ရဲဘော်တို့ ... ယခု စစ်တိုက်ထွက်ရမယ်၊ မိမိရဲ့သားမယား၊ အသက်စည်းစိမ် အိုးအိမ်ကို စွန့်လွှတ်နိုင်ရမယ်၊ မစွန့်လွှတ်နိုင်ရင် မလိုက်ကြနဲ့။ မလိုက်နိုင်တဲ့လူတွေ အခုကတည်းက ထွက်နေနိုင်တယ်။ အခုစစ်ပွဲဟာ အင်္ဂလိပ်နှင့် ဂျပန် စစ်ကြေညာပြီး တိုက်တဲ့စစ်ပွဲဖြစ်တယ်။ ဂျပန်က အင်္ဂလိပ်ကိုမိရင် စစ်သုံ့ပန်းအဖြစ်နှင့် ထားမယ်၊ အင်္ဂလိပ်ကလည်း ဂျပန်ကိုမိရင် မသတ်ဘူး၊ သုံ့ပန်းအဖြစ်ထားရမယ်။ ကျွန်ုပ်တို့ကတော့ သူပုန်တွေဖြစ်တယ်။ ကျွန်ုပ်တို့ကို အင်္ဂလိပ်က မိရင် သူပုန်တွေအနေနှင့် ကြိုးစင်တင်ပြီး သတ်မယ်။ ဒါမှမဟုတ်ရင် တစ်ကျွန်းပို့မယ်၊ စစ်တိုက်တယ်ဆိုတာ ရှုံးမယ်၊ နိုင်မယ်ဆိုတာ မသိ၊ သေမည် ရှင်မည်ဆိုတာလည်းမသိ၊ ကံကောင်းလို့ လွတ်လပ်ရေးရရင် ရာထူးဌာနန္တရနှင့် သူဌေးဖြစ်မယ်ဆိုပြီး မျှော်လင့်ကြီးနှင့်တော့ မလိုက်နဲ့။ တိုင်းပြည်လွတ်လပ်ရေးရလို့ တိုင်းပြည်ထူထောင်တဲ့အခါ လုပ်အားပေးရမယ်၊ ဒီလုပ်အားပေါ်မူတည်ပြီး အရည်အချင်းအလိုက် နေရာမြင့်မယ်ဆိုတဲ့ အာမခံချက်ကလွဲလို့ ရဲဘော်တို့အတွက် ကတိမပေးနိုင်ဘူး"

ဟူ၍ ပွင့်လင်းစွာ ပြောခဲ့သည်။ ဤသို့ ပြောကြားခဲ့သည့်အတွက် ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် စတင် ဝင်ရောက်ခဲ့သည့် ရဲဘော်များမှာ အခွင့်အရေးကို ငဲ့ မစိုက်ဘဲ တိုင်းပြည်အတွက် စွမ်းအားရှိသလောက် အသက်ပေး၍ ကြိုးစားဆောင်ရွက် တိုက်ခိုက်ပေးခဲ့ကြသည်။

ဤကဲ့သို့ ရဲဘော်များ၏လုပ်အားကို ပွင့်လင်းစွာဖြင့် ရယူနိုင်သကဲ့သို့ပင် ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူလူထု၏လှိုက်လှဲစွာ ထောက်ခံမှုကိုလည်း အစဉ်အမြဲ သတိပြုသည်။ လူထုအုံကြွမှုမရှိဘဲ တော်လှန်ရေးတစ်ခုသည် အောင်မြင်ရန် လမ်းစမရှိဟု သူ့စိတ်ထဲက အမြဲစွဲနေသည်။ ထို့ကြောင့်ပင် ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက် တိုက်ခိုက်ရာတွင် ပြည်သူလူထုက ထောက်ခံမှုရရှိလာအောင် "ဗိုလ်ချုပ်ကလေး ဗိုလ်တေဇ" အမည်ဖြင့် ကြေညာချက်များကို ထုတ်လျက် ပြည်သူလူထုကို ဆွဲဆောင်ပုံမှာ "ရဲဘော်ပြည်သူအပေါင်းတို့ တို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ချီတက်လာလေပြီ ... ကြိုကြ ဆိုကြလော့ ... သုံးရောင်ခြယ်နှင့် ဒေါင်းအလံကို လွှင့်တင်ကြလော့။ အနှစ်ငါးဆယ်ကျော် တစ်ရာမျှ မှေးမှိန်နေသည့် ဗမာ့ရာဇဝင်ကို ပြန်လည်ထွန်းတောက်စေလော့။ မြန်မာ့မေတ်သစ် လွတ်လပ်သော မြန်မာပြည်တည်ထောင်ကြလော့။ ဗမာ့သတ္တိသွေးကို လေးလေးနက်နက် တစ်ခဲနက်ပြလော့" ဟူသော ထုတ်ပြန်ကြေညာချက်အမျိုးမျိုးတို့ကြောင့် လွတ်လပ်ရေးကို လိုချင်နေကြသော ပြည်သူလူထုသည် အုံကြွ၍ ဗိုလ်ချုပ်နှင့်တကွ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ထောက်ခံလာကြသည်။

ဤသို့ ပြည်သူလူထု ထောက်ခံအားပေးလာသည်နှင့်အမျှ ပြည်သူလူထုနှင့် တပ်မတော် နီးစပ်အောင်လည်း ဗမာ့လွတ်လပ်ရေး တပ်မတော်အကြောင်းကို ကြေညာချက်ထုတ်ပြန်သည့်အထဲမှ ကောက်နုတ်တင်ပြရသော် ...

"ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံအားလုံး နိုင်ငံရေးအားလုံး ညီညွတ်အောင်လုပ်ရမည့် တကယ့်လွတ်လပ်ရေးကို လိုလားသူတို့သည် တစ်စည်းတစ်လုံးတည်းရှိအောင် လုပ်ရမည်" ဟူ၍လည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရှမ်း၊ ကချင်၊ ချင်း၊ ကရင် စသော တိုင်းရင်းသားတို့နှင့် တစ်သွေးတည်း၊ တစ်စိတ်တည်းရှိ၏။ မြန်မာပြည်အတွင်းရှိ တိုင်းရင်းသားအားလုံး ဗမာအပေါင်းတို့သည် အခွင့်အရေးတန်းတူရှိစေရမည်ဟူသော ကြေညာချက်များဖြင့် ပြည်သူလူထုအား အသိပေး စည်းရုံးခဲ့ရာ ပြည်သူလူထုများ သဘောပေါက်နားလည်ကြသည့်အတွက် အင်္ဂလိပ်နယ်ချဲ့အားအင်တိုက်အားတိုက် တိုက်ခိုက်မောင်းနှင်ထုတ်ကြသည်။ ထို့အတွက် နေမဝင်အင်ပိုင်ယာကြီး ဖြိုခွင်းပွဲသည် အောင်မြင်မှုပန်းတိုင်သို့ရောက်၍ ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



၏ပထမတော်လှန်ရေးအဆင့် အောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့လေသည်။

ထို ပထမတော်လှန်ရေးတွင် အောင်ပန်းဆင်နွှဲနိုင်ခဲ့သလို တော်လှန်ရေး၏ အတွေ့အကြုံ ဗဟုသုတများကိုလည်း ရခဲ့ပေသည်။ ထိုအတွေ့အကြုံများ တော်လှန်ရေးလုပ်ငန်းကြီးတစ်ခုတွင် လုပ်ဆောင်ရာ၌ (၁)ကေဒါကောင်းများလိုခြင်း၊ (၂) ပြည်သူနှင့် ဆက်ဆံရာတွင် တဖက်ဖက်မှ ပြည်သူနှင့် စိတ်သဘော တိုက်ဆိုင်အောင် လုပ်ဆောင်တတ်ခြင်း၊ (၃) သစ္စာရှိခြင်း၊ (၄) တာဝန်ပေးအပ်သည့်အတိုင်း လုပ်ဆောင်ခြင်းများဖြစ်သည်ကို လက်တွေ့ တွေ့ရသည်။

ဤပဟာကွက်များကို ဘီအိုင်အေ အုပ်ချုပ်ရေးလုပ်ငန်းများတွင် လိုနေခဲ့ပုံများကို လက်တွေ့ဆည်းပူးခဲ့ရပေသည်။

ထိုသို့ ရရှိခဲ့သော အတွေ့အကြုံသင်ခန်းစာများအရ ဗမာ့ကာကွယ်ရေးတပ်မတော် အချိန်အခါတွင် ကေဒါသစ်များကို မွေးထုတ်သည့် ဗိုလ်လောင်းများ သင်တန်းဝယ် ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်များ၏အသည်းနှလုံးထဲသို့ သွေးသစ် အမြင်သစ်ကို လောင်းထည့်ပေးခဲ့လေသည်။ ထို ဗိုလ်လောင်းများ၏သင်တန်းဆင်းမိန့်ခွန်းများထဲမှ အချို့ကို ကောက်နုတ်တင်ပြရလျှင် ...။

"ပထမဆုံး ရဲဘော်တို့ကို မှာချင်တာက ငါတို့ အခု ဗမာနိုင်ငံဟာ ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံဖြစ်တယ်။ ဒီနိုင်ငံဟာ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးရဲ့အကျိုးအတွက် ဖြစ်တယ်။ ဒါကြောင့် ဒီနိုင်ငံ ဒီအကျိုးကို ကာကွယ်ရမယ့် ဗမာ့တပ်မတော်ဟာလည်း ဗမာတစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတွက်ဖြစ်တယ်ဆိုတာ နားလည်ရမယ်။ ဒါကြောင့် ဒီတပ်မတော်ဟာ နိုင်ငံနှင့် အမျိုးကို သစ္စာအမြဲစောင့်သိရှိသေရမယ်။ တခြားမှာကြားလိုတဲ့အချက်ကတော့ ပြောနေကြစကားပဲ။ ဒါပေမဲ့ ထပ်ပြီး အဓိပ္ပာယ်လေးနက်အောင် ပြောပြဦးမယ်။ ငါတို့စစ်တပ်ဟာ နိုင်ငံသူနိုင်ငံသားတွေကို ညှဉ်းဖို့မဟုတ်၊ လက်နက်အားကိုးတန်ခိုးပြဖို့မဟုတ်၊ စစ်တပ်ဟာ နိုင်ငံ့အခြေခံဖြစ်ရမယ်။ နိုင်ငံဟာ စစ်တပ်ရဲ့ အစေခံမဖြစ်ရဘူး။ ဒါဟာ စကားရှိုင်းရှိုင်းနှင့် နားလည်အောင် ပြောပြတာပဲ ... ဒီစကားကျုပ်ပြောတာဟာ စစ်တပ်ကို ပြန်နှိမ်ဖို့မဟုတ်ဘူး။ ငါတို့တပ်ဟာ လက်နက်ရှိလူတွေဖြစ်ကြသော်လည်း မတရားမလုပ်၊ နိုင်ငံရဲ့ ရန်သူတွေမဟုတ်၊ နိုင်ငံမိတ်ဆွေဆိုတာအားလုံး သဘောပေါက်အောင် ပြောပြခြင်းပဲ။ နောက်တစ်ချက် မှာချင်တာက ရှေ့ကို ရဲဘော်တို့ လူကြီးဖြစ်ပြီ၊ လူကြီးဆိုတာ ဘာလဲ ... အသက်ကြီးတာကို ဆိုသလား၊ မဟုတ်ဘူး၊ အသက်မကြီးပေမဲ့ လုပ်တဲ့ အလုပ်ကြီးရင် လူကြီးပဲ။ ယခု ငါတို့ရဲ့အလုပ်ဟာ ငါတို့နိုင်ငံရဲ့လွတ်လပ်ရေး၊ ငါတို့နိုင်ငံရဲ့ နယ်မြေ၊ ငါတို့နိုင်ငံရဲ့အချုပ်အခြာအာဏာတွေကို ငါတို့ ရင်မြေကတုတ် လုပ်ပြီး ကာကွယ်ဖို့ပဲ။ ဒီထက် အလုပ်ကြီးနိုင်ပါဦးမလား" ဟူ၍လည်းကောင်း ...။

"ရဲဘော်တွေကို ငါ ကတိပြုမယ် ... နိုင်ငံနှင့်အမျိုးအကျိုးနှင့်သစ္စာကို ကျုပ် ဘယ်တော့မှ မဖောက်၊ ရဲဘော်ထဲကဖြစ်ဖြစ်၊ ဒီတပ်ထဲကဖြစ်ဖြစ် ကျုပ်ထက်တော်တဲ့လူထွက်ပြနိုင်ပါစေ ... ကျုပ်ဖယ်ပေးဖို့ အသင့်ပဲ။ နောက်ဆုံး မှာချင်တာကတော့ ငါတို့သာ နိုင်ငံကိုချစ်တယ်ဆိုတဲ့ စိတ်ဓာတ်မထားကြဖို့ပဲ။ ဒီနိုင်ငံမှာဖြစ်ဖြစ်၊ ဒီပြင်နိုင်ငံမှာဖြစ်ဖြစ် စစ်သားတွေချည်း နိုင်ငံချစ်တဲ့လူရှိတာမဟုတ်ဘူး။ တခြားစစ်သားမဟုတ်ပေမဲ့ နိုင်ငံအတွက် အမျိုးမျိုးအနစ်နာခံတဲ့လူတွေလည်း ရှိတာပဲ။ ဒါတွေကို နားလည်ထားစေချင်တယ်။ ကျုပ်တို့ စစ်တပ်ကို မတရားနှိမ်မယ်၊ စစ်တပ်ရဲ့ အခွင့်အရေးများကို ချိုးဖျက်မယ့်လူဆိုရင် ကျုပ်အနေနှင့် အစွမ်းကုန် ကြိုးစားတိုက်ဖျက်မယ်ဆိုတာ ရဲဘော်တို့ သိထားစေချင်တယ်..." စသော မိန့်ခွန်းအမျိုးမျိုးတို့ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်လောင်းနှင့် ရဲဘော်အပေါင်းတို့အား သွေးသစ်လောင်းခဲ့သည်။

ထို့ကြောင့်ပင် ဗမာ့တပ်မတော်သားများအား ဂျပန်ဖက်ဆစ်ကို တွန်းလှန်ရန် တိုင်းအသီးသီးရှိ ရွာများသို့ စေလွှတ်၍ တာဝန်ချထားချိန်၌ ဗိုလ်ချုပ်၏ အမှာစကားကို အသည်းနှလုံးတွင် စွဲထားသူများပီပီ မိမိတို့နေထိုင်သည့် တာဝန်ကျအိမ်များတွင် အိမ်သားများနှင့်အတူ ထင်းခွေ ရေခပ် မောင်းထောင်း စသော အိမ်တာဝန်များအပြင် တောင်ယာခုတ်၊ လယ်ယာလုပ် စသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ အားလုံးကိုပါ ရဲဘော်များသည် အိမ်သူအိမ်သားများနှင့်အတူ လက်တွေ့ကူညီပြနိုင်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြည်သူလူထု၏ ချစ်ခင်လေးစားမှုကို ရယူနိုင်ခဲ့သည်။

ဤသို့ ဗမာ့တပ်မတော်များ၊ ရဲဘော်များ၏ တိုင်းပြည်အပေါ် သစ္စာရှိရှိ ပြည်သူလူထုနှင့် မကင်းကွာမှုတို့ကြောင့် ပြည်သူလူထုသည် ရဲဘော်များအား သားရင်းပမာ ချစ်ခင်လေးစားလျက် လိုအပ်သော အကူအညီများကို ပြည်သူလူထုသည် အသက်ပေး၍ လက်တွဲလျက် အတူဆောင်ရွက်ခဲ့သည့်ပြင် သမီးပေး ဆွေမျိုးတော်စပ်သည်အထိ လုပ်ဆောင်လာကြသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသည့် ဖက်ဆစ်တော်လှန်ရေးကြီးသည် တစ်ပြည်လုံး အုံကြွထောက်ခံမှုကို ရရှိလာပြီးလျှင် ဖက်ဆစ်ဂျပန်များကို ဗမာပြည်မှ လွယ်ကူစွာပင် မောင်းနှင်ထုတ်နိုင်ခဲ့လေသည်။

ဖက်ဆစ်ဂျပန်များအား ဗမာ့မြေမှ မောင်းထုတ်ခဲ့သည့် ပြည်သူလူထု၏လှိုက်လှဲစွာ ထောက်ခံမှုအရှိန်ကို ကောင်းစွာ သဘောပေါက်သော ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးအတွက် ဦးလည်မသုန် တိုင်းပြည်၏တာဝန်ကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ပြန်လေသည်။

ထိုထမ်းဆောင်ရာ၌ တိုင်းရင်းသားညီညွတ်ရေးသည်သာ အဓိကအင်အားအဖြစ် ယုံကြည်သည့်အားလျော်စွာ ၉၁ ဌာနအုပ်ချုပ်ရေးက တောင်တန်းနယ်များမှ တိုင်းရင်းသားများနှင့် ဗမာလူမျိုးတို့ ရင်းနှီးမှုများ မဖြစ်စေအောင် ပင်လုံမှ စတင်၍ ညီညွတ်မှုအုတ်မြစ်ချလျက် လွတ်လပ်ရေးကို တစ်နှစ်အတွင်း ရရမည် ဟူသော ကြွေးကြော်သံဖြင့် တော်လှန်ရေးခရီးကို ဆက်လက်ဆောင်ရွက်ရင်း ပြည်သူလူထုအား ...

“လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးကို ရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ။ လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းကြပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ”ဟူ၍လည်းကောင်း ...

“နိုင်ငံရေးလုပ်တဲ့နေရာမယ် ... အထူးသဖြင့် ခေါင်းဆောင်တဲ့လူဟာ နောက်လိုက်လူတွေထက်ပိုပြီး အမြင်ကျယ်ရမယ်၊ ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး ယောင်ချာချာလုပ်ရင် ခေါင်းဆောင်မဟုတ်ဘူး။ ကျုပ်ကတော့ မေတ္တာနှင့် သစ္စာကို ရှေ့ထားပြီး အုပ်ချုပ်မယ်၊ ကောင်းတယ်၊ မှန်တယ်ထင်လို့ရှိရင် အသက်စွန့်ရဲတဲ့ ခေါင်းဆောင်ပီပီ ရှေ့က ခေါင်းဆောင်ဟာ ရှေ့က မခိုမကပ်လုပ်ရင် အောင်မှာပဲ” ... စသော ပြည်သူလူထုကိုလည်း သူ၏ ပြတ်သားစွာ ခေါင်းဆောင်မှုကို တင်ပြ၍ ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံမှုကို ရရှိလာအောင် လုပ်ဆောင်ခဲ့လေသည်။

ထိုသို့ အမြင်ကျယ်စွာ ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးပမ်းမှုကြောင့် ပြည်သူလူထုသည် လှည်းနေလှေအောင်း မြင်းဆောင်းမကျန် တစ်ခဲနက် ထောက်ခံလာသည်။ သူ ယုံကြည်နေသော “ပြည်သူလူထု၏ အားသာ အဓိက” ဟူသော အပိုင်းကို ထိရောက်စွာ လုပ်ဆောင်သွားနိုင်ခဲ့သဖြင့်လည်း လွတ်လပ်ရေးတိုက်ပွဲကြီးတွင် တစ်နှစ်အတွင်း လွတ်လပ်သော ပြည်ထောင်စု ဗမာ နိုင်ငံကြီးအဖြစ်သို့ ရောက်ရှိလာနိုင်ခဲ့လေသည်။

ယနေ့ ၂၇ နှစ်မြောက် တော်လှန်ရေးနေ့ကြီးတွင် ကျွန်ုပ်တို့၏ဖခင် တိုင်းပြည်၏ခေါင်းဆောင်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း ရှေ့ပိုင်းမှ သွန်သင်ပြသွားသည့် နမူနာအဖြစ် ထားခဲ့အပ်သော သင်ခန်းစာတို့ကို မျက်ခြည်မပြတ်၍ လူမှုတော်လှန်ရေးကြီးတွင်လည်း အောင်ပန်းဆင်နိုင်ရန် ပြည်သူတစ်ရပ်လုံးသည် “ညီညာမှ ပြည်သာမည်” ဟူသော ဆောင်ပုဒ်ကို နှလုံးတွင်ပိုက်လျက် တိုင်းပြည်အကျိုး၊ လူမျိုးအကျိုးအတွက် သစ္စာရှိစွာ လုပ်ဆောင်သွားရန် သင့်အပ်လှကြောင်း တင်ပြအပ်ပါသတည်း။ ။

ရွှေတူဂျာနယ်၊ အတွဲ ၂ အမှတ် ၄ (၁-၄-၁၉၇၂)

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း ဆင်နွှဲခဲ့သည့် ပြည်သူ့ဆန္ဒပြပွဲကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် မြန်မာတိုင်းရင်းပြည်သူများ၏အမြင်

ရဲထွန်း (စစ်ပညာ)





အရှေ့တောင်အာရှဒေသသို့ ဒုတိယကမ္ဘာစစ်မီးကြီး ကူးစက်တောက်လော
လာပြီးနောက် ၁၉၄၂ ခုနှစ်၊ မေလ ဒုတိယအပတ်တွင် မြန်မာနိုင်ငံမှ ထွက်
ပျောက်ကွယ် သွားသော(ဘုရင်ခံ ဆာရယ်ဂျီနယ် ဒေါ်မန်စမစ် အမှူးပြုသည့်
မြန်မာပြည် စစ်ပြေးအစိုးရသည် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံသို့ ပြန်ရောက်လာသောအခါ စက္ကူဖြူစာတမ်းကို မိမိတို့နှင့် တစ်ပါတည်း ဆောင်ယူလာခဲ့ကြလေသည်။ မြန်မာနိုင်ငံအား ဆက်လက် ကျွန်ပြုအုပ်စိုးရေးစီမံကိန်းဖြစ်သော အဆိုပါ စက္ကူဖြူစာတမ်း၌ အချုပ်အားဖြင့် "အစိုးရသည် မြန်မာနိုင်ငံကို ၁၉၃၅ ခုနှစ်၊ အက်ဥပဒေပုဒ်မ ၁၃၉ အရ ဘုရင်ခံတစ်ဦးတည်း၏သဘောဖြင့် တိုက်ရိုက်အုပ်ချုပ်မည်။ ဘုရင်ခံ၏ တိုက်ရိုက် အုပ်ချုပ်ချိန်သည် ၃ နှစ် ကြာမည်။ ထိုကာလကုန်ဆုံးပြီးနောက်တွင်မူကား ရွေးကောက်ပွဲတစ်ခုကျင်းပ၍ ၁၉၃၅ ခုနှစ် အက်ဥပဒေတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များနှင့်အညီ ၉၁ ဌာနမင်း တိုင်ပင်လွှတ်တော်(ဥပဒေပြုလွှတ်တော်)ကို ထူထောင်ပေးလိမ့်မည်။ ထို့နောက်တွင် နိုင်ငံရေးပါတီပေါင်းစုံမှ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံကို ဗြိတိသျှဓနသဟာယအတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိနိုင်ရန် ဥပဒေများကို ပါလီမန်၌ တင်သွင်းရယူရမည်။

သို့သော် ကချင်၊ ကရင်၊ ချင်း၊ ရှမ်း အစရှိသည်တို့နေထိုင်သော တောင်တန်းဒေသများကိုမူ ယင်းဒေသသားများက မိမိတို့နေထိုင်ရာ ဒေသများကို မြန်မာပြည်မကြီးနှင့် ပူးတွဲပေါင်းစပ်လိုပါသည်ဟု ထုတ်ဖော်မပြောမချင်း သီးသန့်ခွဲခြားအုပ်ချုပ်ထားမည်" ဟူသည့်အချက်များ ဖော်ပြပါရှိလေသည်။

ဤအချိန်တွင် မြန်မာနိုင်ငံ၌ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုဖြင့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး(ဖတပလ) အဖွဲ့ချုပ်ကြီးက ဦးစီး ကျင်းပသည့် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ နေသူရိန်ပြည်သူ့စည်းဝေးပွဲကြီးတွင် (က) ဗမာ့တပ်မတော်အဆို (ခ) တိုင်းပြုပြည်ပြုလွှတ်တော်အဆိုနှင့် (ဂ) တစ်နိုင်ငံညီညွတ်ရေးအဆိုတို့ကို တင်သွင်းဆုံးဖြတ်ထားပြီးဖြစ်၏။ နေသူရိန်ပြည်သူ့စည်းဝေးပွဲကြီးက ဆုံးဖြတ်အတည်ပြုထားသည့် ဗမာ့တပ်မတော်အဆိုကို မြန်မာတစ်နိုင်ငံလုံး ဝိုင်းဝန်းထောက်ခံခဲ့သည့်အတွက်ကြောင့်လည်း ဗြိတိသျှစစ်အာဏာပိုင်များသည် ဗမာ့တပ်မတော်(မျိုးချစ်ဗမာ့တပ်မတော်) မိမိတို့အလိုကျ တစ်ဖက်သတ်ဖျက်သိမ်းနိုင်တော့ဘဲ အရှေ့တောင်အာရှ မဟာမိတ်စစ်သေနာပတိချုပ် လော်ဒ် လူဝီ မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို သီဟိုဠ်ကျွန်း ကန္ဒီမြို့သို့ ဖိတ်ခေါ်၍ (နောက်ဆုံး၌) ဗမာ့တပ်မတော်ကိစ္စကို ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် နှစ်ဖက်သဘောတူ ဖြေရှင်းပေးခဲ့ရပြီး ဖြစ်ပေ၏။ ဗိုလ်ချုပ်အောင်ဆန်း၏ ဆန္ဒအရ မြို့ပြရေးရာ စစ်အုပ်ချုပ်ရေးအဖွဲ့ကို ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တရားဝင် ဖျက်သိမ်းပေးခဲ့သည်။

အစကနဦးက ဖဆပလအဖွဲ့ချုပ်သည် နေသူရိန် အစည်းအဝေး ဆုံးဖြတ်ချက်ကို အဓိကထား၍ ဘုရင်ခံ၏အမှုဆောင်ကောင်စီထဲသို့ ဝင်ရန် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဘုရင်ခံနှင့် တွေ့ဆုံ ဆွေးနွေးခဲ့လေသည်။ ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ ကိုယ်စားလှယ်များက နေသူရိန် အစည်းအဝေး ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်မည့် ယာယီအမျိုးသားအစိုးရကို ရည်မျှော်၍ ပွင့်လင်းဖြောင့်စင်းစွာ ဆွေးနွေးခဲ့ကြသလောက် ဘုရင်ခံက နိုင်ငံခြားရေးအပါအဝင် ကာကွယ်ရေး၊ တောင်တန်းဒေသများအရေး၊ ပြည်ထဲရေးနှင့် ဘဏ္ဍာရေးဝန်ကြီး(၄)နေရာနှင့် စပ်လျဉ်း၍ စကားအရိပ်အမြွက်မျှပင် မပြောကြားခဲ့ချေ။ ဖဆပလ ကိုယ်စားလှယ်များက ဘုရင်ခံသည် အမှုဆောင်ကောင်စီ ဝန်ကြီးရာထူးများကို သူ၏ကောင်စီဝန်ကြီးများနှင့် တိုင်ပင်၍ ခွဲဝေသင့်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးရာထူးကိုမူ လွန်ခဲ့သည့် ၃နှစ်ကတည်းကပင် တိုင်းပြည်အခြေအနေကို ကောင်းစွာသိ၍ မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာ စည်းရုံးနိုင်မည်လည်းဖြစ်သော ဖဆပလ ကိုယ်စားလှယ်တစ်ဦးကို ပေးအပ်သင့်ကြောင်း တင်ပြခဲ့ကြပေသည်။

ဘုရင်ခံသည် ဤဖဆပလ၏ ကျိုးကြောင်း သင့်မြတ်သောတင်ပြချက်ကို မငြင်းဆို၊ မချေပနိုင်ပါဘဲလျက်နှင့် တိကျသောအဖြေကို မပေးခဲ့ချေ။ အောက်တိုဘာလ ၂၃ ရက်နေ့ ဖဆပလ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ အောက်တိုဘာလ ၂၄ ရက်နေ့တွင် တင်သွင်းခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ပုဂ္ဂိုလ် ၁၁ ဦးကိုလည်း အောက်တိုဘာလ ၂၅ ရက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံက အကြောင်းအမျိုးမျိုးပြ ငြင်းပယ်ခဲ့သဖြင့် ထိုနေ့မှာပင် ဗဟိုဦးစီးအဖွဲ့သည် ဘုရင်ခံထံ တင်သွင်းထားသော အမည်စာရင်းကို ပြန်လည်ရုတ်သိမ်းခဲ့လေသည်။ မြန်မာနိုင်ငံသို့ ပြန်ရောက်မလာမီ ၁၉၄၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ရန်ကုန်မြစ်တွင်း "ကမ်းဘားလင်း စစ်သင်္ဘောပေါ် ဆွေးနွေးပွဲ" နှင့် မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီးနောက် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သော မြို့တော်ခန်းမ ဧည့်ခံကြိုဆိုပွဲတို့၌ ဘုရင်ခံက "မြန်မာပြည်၏ လွတ်လပ်ရေးတိုက်ပွဲသည် ပြီးဆုံးခဲ့ပါပြီ" ဟု ဝင့်ကြွားစွာ ကြေညာခဲ့သော်လည်း ယခုအခါ ဘုရင်ခံ၏ သဘောတရား မပြောင်းလဲသေး၍ လွတ်လပ်ရေးတိုက်ပွဲလည်း မပြီးဆုံးသေးကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွသော ဖဆပလအဖွဲ့ချုပ်က ထင်ရှားစွာ သိမြင်သဘောပေါက်သွားခဲ့လေပြီတည်း။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလအဖွဲ့ချုပ်က ဗြိတိသျှအစိုးရ၏ စက္ကူဖြူစာတမ်းကို ပြတ်ပြတ်သားသား ငြင်းပယ်၍ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော "ဆာပေါ်ထွန်းအစိုးရ" ကို စတင်တိုက်ဖျက်ခဲ့သည်။ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွှေတိဂုံ အလယ်ပစ္စယံ လူထုအစည်းအဝေးပွဲကြီး၌ ဘုရင်ခံ၏ ဖက်ဆစ်ဆန်သော အပြုအမူကို ရှုတ်ချခဲ့သည်။ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၌ ကျင်းပခဲ့သည့် ရွှေတိဂုံ အလယ်ပစ္စယံ ဖဆပလညီလာခံတွင် (၁) အင်္ဂလိပ်တို့ မြန်မာပြည်ကို သိမ်းပိုက်သောအခါက ရှမ်းပြည်ကိုပါ တစ်ပါတည်း သိမ်းပိုက်ခဲ့ကြောင်း၊ ယခုမြန်မာပြည်ကို လက်လွှတ်ရမည့်အခါသို့ ရောက်လာသောအခါ ရှမ်းပြည်ကို ချန်မထားဘဲ တစ်ပါတည်း လက်လွှတ်သင့်ကြောင်း၊ (၂) မြန်မာပြည်နှင့် ရှမ်းပြည်လွတ်လပ်ရေး ကိစ္စကြီးတွင် ရှမ်းပြည်ခေါင်းဆောင်များနှင့် မြန်မာပြည် ခေါင်းဆောင်များသာ ဆွေးနွေးသင့်ကြောင်း၊ တတိယပါတီ မပါဝင်သင့်ကြောင်း၊ (၃) ရှမ်းပြည်ခေါင်းဆောင်များနှင့် မြန်မာပြည်ခေါင်းဆောင်များ မတွေ့နိုင်အောင် ပြုလုပ်ထားသော နယ်နှင့် ဥပဒေကို ဖျက်သိမ်းသင့်ကြောင်း စသည် သဘောအချုပ်ပါဝင်သော အဆိုတစ်ရပ်ကို တင်သွင်းဆုံးဖြတ်နိုင်ခဲ့၍ ဖဆပလ အလံတော်အောက်သို့ မြန်မာတိုင်းရင်းပြည်သူအားလုံး စုရုံးရောက်ရှိလာခဲ့၏။

နောက်ဆုံး၌ ဘုရင်ခံ ဒေါ်မန်စမစ်ကိုယ်တိုင် ကျန်းမာရေးကို အကြောင်းပြ၍ ၁၉၄၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် အင်္ဂလန်နိုင်ငံသို့ အပြီးအပိုင် ထွက်ခွာသွားခဲ့ရတော့သည်။

၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် (ကတ်စဘီစစ်အုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးသော) ဘုရင်ခံသစ် ဆာ ဟူးဘတ်ရန့်စ်သည် မြန်မာနိုင်ငံသို့ ရောက်လာသောအခါ ကောင်းစွာ စီမံထားရှိပြီးဖြစ်သော အထွေထွေသပိတ်ကြီးနှင့် ရင်ဆိုင်တိုးနေခဲ့လေသည်။

သို့ကြောင့် ရန့်စ်မှာ သပိတ်များ လှုန်သည်အထိ စောင့်မနေနိုင်တော့ဘဲ ဗိုလ်အောင်ဆန်းခေါင်းဆောင်သော အမှုဆောင်ကောင်စီ "ကြားဖြတ်အစိုးရ" ကို ၁၉၄၆ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့ရလေသည်။

ရန့်စ်က ဖဆပလအဖွဲ့ချုပ်အား အမှုဆောင်ကောင်စီဝန်ကြီး ၁၁ ဦးအနက် ၆ ဦး၏ အမည်စာရင်းကို တင်သွင်းရန် ဖိတ်ခေါ်သည်တွင် ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနများမှာ အမှုဆောင်ကောင်စီ ဒုတိယ သဘာပတိ (လက်တွေ့အားဖြင့် ဝန်ကြီးချုပ်)အဖြစ် တင်မြှောက်ခြင်းခံရသည့် ဗိုလ်အောင်ဆန်း၏ လက်ဝယ်သို့ ရောက်ရှိသွားခဲ့လေသည်။

ပြည်သူအား ကိုယ်စား မပြုသော "ဆာပေါ်ထွန်းအစိုးရ" အား ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ပြည်သူ့ကိုယ်စားလှယ်အစိုးရဖြင့် အစားထိုး ဖွဲ့စည်းခြင်းကား "စက္ကူဖြူစီမံကိန်း"ကို ဖျက်သိမ်းလိုက်ခြင်းပင်တည်း။

ဖဆပလသည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝန်ကြီးအဖွဲ့ထဲသို့ ဝင်ရောက်ပြီးနောက် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ခဲ့သည်။ ဖဆပလအနေဖြင့် အမှုဆောင်ကောင်စီဝန်ကြီးအဖွဲ့အား ကာလအတန်ကြာက ပေါ်ပေါက်နေသော နိုင်ငံရေးပြဿနာကို ဖြေရှင်းပေးနိုင်မည့် "ကြားဖြတ်အစိုးရ" အဖြစ် သတ်မှတ်ပြီး ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနများ လက်ခံရရှိခြင်းကိုလည်း ကြိုဆိုကြောင်း၊ သို့သော် ဖဆပလသည် "ကြားဖြတ်အစိုးရ" မှုဖြင့် မကျေနပ်သေးဘဲ နေသူရိန်အစည်းအဝေး ဆုံးဖြတ်ချက်အရ လုံး

www.burmeseclassic.com



လွတ်လပ်သော မြန်မာနိုင်ငံကို ဖွဲ့စည်း တည်ထောင်နိုင်စေမည့် "ယာယီ" အမျိုးသားအစိုးရ ဖွဲ့စည်းနိုင်ရေးကို ဆက်လက်ကြိုးပမ်းမည်ဖြစ်ကြောင်း စသည်ဖြင့် ကြေညာခဲ့လေသည်။

သို့နှင့် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖဆပလသည် ရန်နှစ်နှင့် သဘောတူညီချက် မရမီကပင် ကျင်းပရန် စီစဉ်ထားခဲ့သည့် ပြည်လုံးကျွတ် "စက္ကူဖြူစီမံကိန်း" ကန့်ကွက်ပွဲကြီးကို မဖျက်သိမ်းဘဲ ဆက်လက် ကျင်းပကာ ဗိုလ်အောင်ဆန်းကိုယ်တိုင် ရှေ့တန်းမှ ပါဝင်ချီတက်၍ ဆန္ဒပြခဲ့လေသည်။ ဤပြည်သူ့ဆန္ဒပြပွဲကြီးကား မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကြီးမှူး၍ ပါဝင်ဆင်နွှဲခဲ့သည့် ပထမဆုံးသော ပြည်သူ့ဆန္ဒပြပွဲကြီး ပေတည်း။ ။

ရွှေတူရူနယ် အတွဲ ၂ အမှတ် ၅ (၁၅-၄-၁၉၇၂)

## ဗိုလ်ချုပ်အောင်ဆန်းအပေါ် မြန်မာတိုင်းရင်းပြည်သူများ၏အမြင်

ကမ္ဘာ့သမိုင်းတွင် ကျော်စောထင်ရှားသော အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီးများသည် အချိန်အခါ၊ နေရာဌာနနှင့် အခြေအနေများ၏ လိုအပ်တောင်းဆိုချက် အလျောက် ပေါ်ထွန်းလာတတ်ကြပြီး မိမိတို့တာဝန်ကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံးလုံးလျားလျားဖြစ်စေ ဖြည့်တင်း ဆောင်ရွက်ပြီးသည်နှင့် တစ်ပြိုင်နက် ရွေ့လျားပျောက်ကွယ်သွားတတ်ကြပေသည်။

ခေါင်းဆောင်ကြီးများသည် အသက်သွေးခဲ အမြဲမရှိသောဖြင့်သော်လည်းကောင်း၊ လူသတ်သမားများ၏လုပ်ကြံသတ်ဖြတ်မှုဖြင့်သော်လည်းကောင်း ရွေ့လျားပျောက်ကွယ်သွားတတ်ကြပေ၏။ ဤသို့ဖြင့် ကမ္ဘာကျော် အမျိုးသားခေါင်းဆောင်ကြီး အများအပြား ကွယ်လွန်သွားခဲ့ပြီးဖြစ်ပေရာ ကျွန်တော်တို့မြန်မာနိုင်ငံ၏ ကမ္ဘာကျော် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာမူ အမေရိကန်သမ္မတကြီး လင်ကွန်း၊ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး ဂန္ဒီတို့နည်းတူ လူသတ်သမားများ၏လက်ချက်ဖြင့် ကွယ်လွန်သွားရရှာသူ ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းကား တစ်ကမ္ဘာလုံး၏ အသိအမှတ်ပြုထားခြင်းကို ခံရသည့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ရှေ့ဆောင် လမ်းပြကြီး၊ ဗမာ့ လွတ်လပ်ရေးဗိသုကာကြီး၊ ဗမာ့နိုင်ငံရေးသုခမိန်ကြီးနှင့် ဗမာ့တပ်မတော်၏ ဖခင်ကြီးဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကွယ်လွန်ချိန်၌ အသက် ၃၃ နှစ်သာ ရှိသေး၍ ဤမျှသော အသက်အရွယ်တွင် ဤလိုကြီးမြင့်သော ဘာအဆင့်အတန်းသို့ရောက်ခဲ့ခြင်းကိုကပင် ထူးခြားလှပါသည်။ ထို့ကြောင့်လည်း "အောင်ဆန်း" ဟူသော နာမည်ကို ကြားရုံမျှဖြင့် ကျွန်တော်တို့သည် တစ်ကိုယ်လုံး သိမ့်သိမ့်တုန် ကြက်သီးမွေးညှင်းထကာ ဂုဏ်ယူမဆုံး၊ အမျိုးသားအားမာန် တက်ကြွမဆုံး ဖြစ်ကြရပါတော့သည်။

ကျွန်တော်တို့သည် မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ယူစရာ၊ အားမာန်တက်ကြွစရာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သောအခါမှ မေ့နိုင်ကြမည်မဟုတ်။ အာဇာနည်နေ့တွေ ရောက်လာတိုင်း ရောက်လာတိုင်း တိုး၍ တိုး၍ အောက်မေ့တသ သတိရနေကြဦးမည်သာ ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော်တို့၏ စိတ်အာရုံ၌ ဘာ့ကြောင့် ဤမျှ မပျောက်မပျက် စွဲထင်ကျန်ရစ်နေပါသနည်း။ ဤတွင် စာရေးသူ၏ အမြင် မဖက်သော မြန်မာတိုင်းရင်းပြည်သူများ၏ ဗိုလ်ချုပ်အောင်ဆန်းအပေါ် အမြင်သက်သက်ကို ဖော်ထုတ် တင်ပြလိုပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းနှင့် စပ်လျဉ်း၍ ကချင်အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဆမားဒူးဝါး ဆင်ဝါးနောင်က "ဗိုလ်ချုပ်၏ ကရုဏာ သဘောထား ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော်ပြောဖို့တော့ မလိုပါဘူး။ သို့သော် ကျွန်တော် လိုက်လိုက်လှဲလှဲ ဝမ်းနည်းတဲ့အချက်တစ်ခုကိုတော့ မပြောဘဲ မနေနိုင်သဖြင့် ထုတ်ဖော်ပြောရပါလိမ့်မည်။ ဗိုလ်ချုပ်ဟာ ကျွန်တော်တို့ကို ပြောကြားရန်ရှိတဲ့အကြောင်းကိစ္စများကို ဆွေးနွေးတိုင်ရှင်းရှင်းပဲ ပြောတယ်။ ကျွန်တော်တို့ကလည်း ဘာမဆို

www.burmeseclassic.com



ရှင်းရှင်းပြောနိုင်ခွင့်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ ကချင်နယ်ကိုသွားတုန်းက ဗိုလ်ချုပ်အကြောင်းကို ပြောကြရာတွင် "ဗိုလ်ချုပ်ဟာ ကချင်ပဲထင်တယ်၊ ကချင်တွေနဲ့ သဘောထား သိပ်တူညီတယ်။ ဘာမဆို ဖြောင်ဖြောင်ပြောတတ်တယ်" အစရှိသည်ဖြင့် အမျိုးသားများ ပြောနေတာကို ကြားရတယ်။

"ဗိုလ်ချုပ်၏ဂုဏ်များကို ပြောဆိုနေခြင်းဖြင့် ကုန်နိုင်မည့်အကြောင်း မရှိသော်လည်း မပြောလျှင် စိတ်မချမ်းသာသဖြင့် ထပ်ပြောဦးမည်။ ဗိုလ်ချုပ်ဟာ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ မြန်မာပြည်မနှင့် တောင်တန်းသားများပေါင်းပြီး ရှေ့သို့တိုး၍ ဆောင်ရွက်နိုင်အောင် ပေါင်းစည်းထားခဲ့တယ်။ ရှေးရာဇဝင်အရ တကယ်အဖြစ်အမှန်အရဆိုလျှင်လည်း ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားအားလုံး၊ မြန်မာပြည်ရှိ လူအားလုံးဟာ တစ်အိမ်သားများသာ ဖြစ်တဲ့အတိုင်း မူလအခြေမှန်ကို ရောက်အောင် ဗိုလ်ချုပ်ပေါင်းစည်းထားခဲ့ပေတယ်။"

"ဗိုလ်ချုပ်ကို လိုက်လိုက်လှဲလှဲ မချီးကျူးဘဲ မနေနိုင်သည့်အချက်တစ်ခုမှာလည်း သူများတွေ နန်းရင်းဝန်တို့ ဘာတို့လုပ်တယ်ဆိုလျှင် အိမ်ဝင်းတံခါးပေါက်တွင် ပုလိပ်အစောင့်တို့၊ ဘာတို့ ထားရှိတယ်ဆိုတာ သိရတယ်။ သို့သော် ဗိုလ်ချုပ်က ဘာမှ မထားချင်ဘူး။ အကုန်ပြောရမည်ဆိုလျှင် မည်သည့် ဆင်းရဲသားမဆို မိမိတို့၏အရေးပြဿနာများကို ဗိုလ်ချုပ်ထံ အလွယ်တကူ ဝင်ရောက်ပြောဆိုနိုင်ခွင့်ရှိတယ်။ သည်လို အချက်တွေကို ထောက်ရှုခြင်းအားဖြင့် ဗိုလ်ချုပ်ဟာ တိုင်းပြည်ဆင်းရဲသားများကို မည်သို့ ကရုဏာရှိပြီး မည်ကဲ့သို့ လွတ်လပ်ခွင့်ပေးတယ်ဆိုတာကို အလွယ်တကူ ကျနစွာ သိသာနိုင်ပါတယ်" ဟု ပြောဆိုခဲ့လေသည်။

ကရင် အမျိုးသား ခေါင်းဆောင်တစ်ဦးဖြစ်သူ စောစံဘိုးသင်က "ကျွန်တော်တို့ ၁၉၄၂ ခုနှစ်က ဖြစ်ပျက်တဲ့ ကရင်-ဗမာ အဓိကရုဏ်းမှာ ကျွန်တော်လည်း ပါဝင်တယ်။ ခေါင်းဆောင်ခဲ့တယ်။ အဲဒီအချိန်အခါမှာ အဲသည် ဘီအိုင်အေ၊ ဗိုလ်ချုပ်ခေါင်းဆောင်တဲ့ ဘီအိုင်အေကို ကျွန်တော်က ရန်သူဖြစ်ခဲ့တယ်။ ကျွန်တော် အခုပြောချင်တာက ဗိုလ်ချုပ်ဟာ ရန်သူကို ဘယ်လို မိတ်ဆွေဖြစ်အောင် ပြန်လုပ်တတ်သလဲဆိုတာ အင်မတန်ထူးကဲတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ အဲသည် ၁၉၄၃ ခု၊ ဩဂုတ်လ (၁)ရက်နေ့ ဗမာပြည်ဟာ လွတ်လပ်ပြီဆိုတာ ကြေညာတယ်။ ကြေညာတော့ ကျွန်တော် ရန်ကုန်ဆင်းလာတယ်။ ဆင်းလာတော့ ကျွန်တော့်မိတ်ဆွေများက ရန်ကုန်မသွားနဲ့၊ သခင်တွေ ခင်ဗျားကို သတ်မယ်လို့ ပြောတယ်။ သို့သော် ကျွန်တော်က သွားရမည်လို့ပြောပြီး ထွက်လာခဲ့တယ်။ ကျွန်တော်ရောက်လာတော့ ပထမဦးဆုံး သခင်ဗိုလ်နှင့် တွေ့တယ်။ ပြီးတော့ သခင်မောင်ကြီး ... သူတို့နှင့်တွေ့ပြီးသကာလ ကျွန်တော်က ပြောတယ် ... အဲသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်တော် တွေ့ချင်တယ်။ ဒါနှင့် ဟိုကတစ်ဆင့် သူတို့ရဲ့ သခင်သန်းထွန်းဆီ ခေါ်သွားတယ်။ ဟိုကတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သွားတွေ့တယ်။ သွားတွေ့တော့ ကျွန်တော်က သူ့ကို ပြောပြတယ်။ 'ကျွန်တော်ဟာ စောစံဘိုးသင်ပဲ ... ခင်ဗျားရဲ့ ရန်သူဖြစ်ပါတယ်' သူက ကျွန်တော့်ကိုကြည့်ပြီး ဘယ်လိုပြောသလဲဆိုရင် "A brave enemy is a good friend" သည် စကားကို ကျွန်တော်ကြားပြီးတော့ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော့်ကိုတော့ သတ်မှာမဟုတ်ဘူးဆိုပြီး နောက်တဖြည်းဖြည်း ကျွန်တော်တို့ ဗမာ့တပ်မတော်ထဲမှာ ဝင်ပြီးတော့ ဆော[illegible]ရွက်တယ်။"

"ကျွန်တော်တို့ ကရင်တစ်မျိုး[illegible]းကလည်း အဲသည် ဗိုလ်ချုပ်အောင်ဆန်းကို အားကိုးပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ကျွန်တော့်ကို အကြံတစ်ခု ပေးခဲ့တယ်။ အဲသည် ကျွန်တော်တို့ ကရင်လူမျိုးများက Electional Boy Cott လုပ်မည့်အခါမှာ သူ့ဆီသွားပြီးတော့ ကျွန်တော် တောင်းပန်တဲ့အခါ သူက ပြောလိုက်တယ်။ ခေါင်းဆောင်က ခေါင်းဆောင်မည်လား၊ သို့မဟုတ် လူထုက ခေါင်းဆောင်မည်လား။ ခေါင်းဆောင် ခင်ဗျားလုပ်မည်ဆိုလျှင် ခင်ဗျား ခေါင်းဆောင်ပါ။ အဲသည်လို သူ အကြံပေးတာနှင့် ကျွန်တော်ကလည်းပဲ အဲသည် ခေါင်းဆောင်ဖို့ ကြိုးစားဖို့ ကျွန်တော့်စိတ်ထဲမှာ ချထားပြီးတော့ ကျွန်တော် အင်မတန်ခင်တဲ့ မိတ်ဆွေများက ကျွန်တော့်ကို ဆဲဆိုလုပ်တော့လည်း ကျွန်တော် မရတော့ပါ။ မိန်းမကိုယ်တိုင်က ငိုပြီးတော့ မလုပ်ပါနှင့်လို့ ပြော[illegible]သော်လည်း မရတော့ဘူး။ နောက်ဆုံး ကျွန်တော့်ကို ကွာလိုက်ဦးမည်လို့ဆိုတောင် ကျွန်တော်ကတော့ မလျှော့

www.burmeseclassic.com



ဘူး။ ယခုတွင်က ပြောခဲ့တဲ့အတိုင်း ရန်သူကနေပြီးတော့ အခု မိတ်ဆွေ၊ မိန်းမ ပစ်တာ ပဓာနမထားဘဲနှင့် အဲသည် လို ကျွန်တော် ချစ်ချစ်ခင်ခင် ဗိုလ်ချုပ်နှင့် ချစ်လာတာ။ အဲသည်လို သံလိုက်လို လူဟာ ကျွန်တော်တို့ ဗမာပြည်မှာ မရှိခဲ့ပါဘူး" ဟု ပြောကြားခဲ့သည်။

ချင်း အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဝမ် ကိုဟော က "ကျွန်တော်သည် ပင်လုံအစည်းအဝေးကြီး ချင် ပထမဆုံး မြန်မာပြည်နဲ့ တောင်တန်း အမျိုးသား များ ဆက်ဆံရေးအတွက် ချင်းများ၏ ကိုယ်စားလှယ် အဖြစ် လာစဉ်အခါ ဗိုလ်ချုပ်ကို ပထမဆုံး တွေ့ရခြင်း ဖြစ်ပါသည်။

အကျဉ်းအားဖြင့် မေတ္တာ ကရုဏာနှင့် သူ၏ ဆောင်ပေါ်သားများကို မွတ်မြတ်သည့်သဘောထားဖြင့် မိမိ၏ သွေးရင်းသားရင်းအဖြစ် နှီးနှောတိုင်ပင်သည့် အတွက်လည်း ချင်းကိုယ်စားလှယ်တော်များ၏ ချစ်ခြင်း မေတ္တာနှင့် ကြည်ညိုလေးစားခြင်းကို အောင်မြင်ခဲ့ပါ တယ်။ သူ၏ အကျင့်စာရိတ္တ ဝီရိယနှင့် ရိုးသားဖြောင့် ဖော်ခြင်းအားဖြင့် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုနိုင်ပါသည် ဟု ကျွန်တော် ဆိုလိုပါသည်။ သူ၏ ရိုးသားဖြောင့်မတ် ခြင်းသည် လူတိုင်း၏ ယုံကြည်ခြင်းဖြစ်စေသည့် အလျောက် ဗိုလ်ချုပ်၏ မိန့်ခွန်းသည် ကတိစာချုပ်ဖြစ် သည်ဟု ယုံကြည်စိတ်ချပါသည်။

"လယ်သမား၊ ကျောင်းသူ ကျောင်းသားများနှင့် အရပ်ရပ် ဥပဒေများ ကျွမ်းကျင်သော ပုဂ္ဂိုလ်များကို လျှပ်စစ်ဓာတ်အားသဖွယ် ထောက်ခံ အားပေးလျက် Sorrento Villa ခန်းမ၌ တစ်ပြည်လုံးအတွက် လော ကာဆယ် အရေးအကြီးဆုံး ဖြစ်သော ပြန်လည် ထူထောင်ရေးကိစ္စကို အမြန်ဆုံးနည်းနှင့် ဖြစ်မြောက်ရန် ဦးစီးခဲ့သူဖြစ်ပါသည်။ တိုးတက်မှုတွင် ချို့တဲ့သည့် တောင်တန်းနယ်များတွင် လမ်းပန်းဆိုင်ရာနှင့် ကျောင်း များ၊ ဆေးရုံများ ဖွင့်လှစ်ထူထောင်ရန်ကိစ္စတွင် သူက စိတ်ရောကိုယ်ပါ ဆောင်ရွက်ရန် စေတနာ အမြဲရှိပါ သည်" ဟု ပြောကြားခဲ့သည်။

နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကျော်ငြိမ်း က "ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျောင်း သားခေါင်းဆောင် ဘဝကနေပြီး သခင်ခေါင်းဆောင် တစ်ဦးအဖြစ်နှင့် ဆောင်ရွက်တဲ့အခါကျတော့လည်း ကျွန်တော် သူ့ကို လေးစားခဲ့ပါတယ်။ အဲသည်နောက်မှ တစ်ခါ အသက်ကို စွန့်ပြီးတော့ အင်္ဂလိပ်တွေနှင့် ဂျပန် စစ်ဖြစ်တဲ့အခါမှာ လွတ်လပ်ရေးဟာ ထောင်ကျရုံနှင့် အင်္ဂလိပ်ကို ဆဲရုံနှင့်မရဘူး။ တိုက်မှရမည်ဆိုပြီးတော့ ကာ ကြံစည်ပြီးတော့ သက်ဆိုင်ရာ သက်ဆိုင်ကြောင်း၊ စပ်မိရာစပ်မိကြောင်း၊ ယုံကြည်ရာ ယုံကြည်ကြောင်း လူ ၄–၅–၁၀ ယောက်လောက် တိုင်ပင်ပြီး ငါတို့တော့ ထချ မှပဲဆိုပြီး ကြံစည်ကြတုန်းမှာ ကျွန်တော် သိရပါတယ်။ သည်အချိန်အခါတုန်းကဆိုလို့ရှိရင် တော်တော့လူတွေ ဆိုလို့ရှိရင် သူပုန်ထဖို့ အိပ်မက်တောင် မမက်ရဲပါဘူး။ ကျွန်တော်တို့ ဗမာလူမျိုးတွေဆိုလျှင် လက်နက်ဆိုလို့ ဓားမတိုတစ်ချောင်းထက် ပိုပြီး မရှိပါဘူး။ သည့်လောက် တောင် လေယာဉ်ပျံတပ်၊ စက်သေနတ်တပ်တွေများတဲ့ အင်္ဂလိပ်အစိုးရကို ဟိုအချိန်အခါတုန်းက လက်နက် ဘာမှမရှိဘဲနှင့် သူပုန်ထဖို့ ကြံစည်ရဲတဲ့လူ၊ သူပုန်ထဖို့ စိတ်ဓာတ်ကြီးဖြစ်လာအောင် ဆောင်ရွက်ရဲတဲ့လူဟာ အင်မတန် ရှားပါတယ်။ အဲသည်လို ဆောင်ရွက်ဖို့၊ သူပုန်ထဖို့၊ တိုင်းပြည်အတွက် သေချင်သေပေစေဆိုပြီး ထပြီးတိုက်ဖို့ အကြံဉာဏ်ပေးတာ၊ ကျန်တဲ့လူတွေကို အားပေးတာ၊ သတ္တိ မရှိတဲ့လူတွေကို သတ္တိရှိလာအောင် လုပ်ရဲတာ၊ မသေရဲတဲ့လူတွေကို သေရဲအောင်လုပ်ရဲတာ၊ ဟိုအချိန်အခါတုန်းက သည်လိုဆောင်ရွက်တဲ့ပုဂ္ဂိုလ်ဟာ ကျွန်တော်တို့ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါတယ်"

"ကျွန်တော်တို့ အင်္ဂလိပ်ကို သူပုန်ထမည်လို့ ရည် ရွယ်တုန်းက ပိုက်ဆံကလည်း တစ်ပြားမှမရှိ၊ စားစရာက လည်း မရှိ၊ လက်နက်ဆိုလို့ ဝေးလို့၊ အဲသည်အထဲကနေ ပြီး နိုင်ငံခြားအကူအညီရအောင်ဆိုပြီးတော့ ရတဲ့နည်းနှင့်၊ ရတဲ့သဘောနှင့် အသက်စွန့်ပြီး ဘယ်တော့မှ ရန်ကုန် အပြင်ဘက်ကို တစ်မိုင်နှစ်မိုင်တောင် မရောက်ဖူးတဲ့ ပုဂ္ဂိုလ်ဟာ နိုင်ငံခြားကိုစွန့်ပြီး ထွက်သွားတယ်။ နိုင်ငံခြား မှာလည်း ရန်သူတွေက အမျိုးမျိုးသတ်မယ်လို့ ကြံကြ တယ်။ အဲသည်လိုကစပြီး ဗမာ့တပ်မတော်ကြီးဖြစ်အောင် တည်ထောင်လာတယ်။ ဗမာ့တပ်မတော်ကြီးဖြစ်ပြန်တော့ လည်း ဂျပန်တွေရဲ့ ညစ်ပတ် မလိမ္မာတဲ့ ဖက်ဆစ်စနစ် ကြောင့် ဂျပန်ကို ပြန်ချရတဲ့ အခြေအနေမျိုးရောက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲသည်အချိန်အခါတုန်းက ကျွန်တော် မှတ်မိသေးတယ်။ မနက်ဖြန်ခါကို ကျွန်တော်တို့ လူစုပြီး သန်ဘက်ခါကို ကျွန်တော်တို့ ဗမာတစ်ပြည်လုံးမှ ဂျပန်စစ်တပ်တွေကိုတိုက်ဖို့ ကြံစည်တယ်။ သန်ဘက်ခါလိုမှာ တိုက်ရအောင် မနက်ဖြန်မနက် လူစုခွဲ၍ သည်နေ့ညနေလိုမှာ ကျွန်တော်တို့ နောက်ဆုံးတွေ့ကြတယ်။ ကျွန်တော် မှတ်မိသေးတယ်။ ဗမာ့တပ်မတော်ထဲမှာ စစ်ဗိုလ်မှူးတစ်ဦးဖြစ်နေတဲ့ ကရင် လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကာနယ် စောကြာဒိုးလည်း ရှိတယ်။ ဗိုလ်ဇေယျလည်း ရှိတယ်။ ခင်ဗျားတို့ ကျုပ်တို့ မနက်ဖြန်ခါ ထွက်မယ်။ အခုနောက်ဆုံး နှုတ်ဆက်တာပဲ။ သည်တစ်ခါတော့ သေလျှင်လည်းသေ၊ မသေလျှင် ဗမာပြည်ကြီးလွတ်လပ်ဖို့ သေချာအောင် လုပ်ရမည်ဆိုပြီး မျက်နှာပြုံးပြုံးနှင့် ပြောသွားတယ်" ဟု ပြောကြားခဲ့သည်။

စာရေးဆရာ ဦးသိန်းဖေမြင့်က "စက်တင်ဘာလ ၄ ရက်နေ့ညနေတွင် ဗိုလ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်လှဖေ(ဗိုလ်လက်ျာ)တို့ ကျွန်တော်တို့ဆီ ရောက်လာကြလေသည်။ ဦးဘဖေလည်း ပါလာခဲ့၏။ သူတို့သည် ကာလကတ္တားမှတစ်ဆင့် ကန္ဒီသို့ သွားကြရန်ဖြစ်၏။ ကိုညိုထွန်းလည်း သူတို့နှင့် လိုက်ပါသွားရန်ဖြစ်သည်။ ကန္ဒီမြို့တွင် မောင့်ဘက်တန်နှင့် တွေ့ဆုံပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဘားမားရိုင်ဖယ်တို့အား တစ်ခုတည်းသော ဗမာ့တပ်မတော်အဖြစ်သို့ ပေါင်းပစ်ရန် အစီအစဉ်များ ရေးဆွဲရန်ဖြစ်ပေသည်။ အရေးအကြီးဆုံးသော ကွဲလွဲချက်မှာ ကျွန်တော်တို့ဘက်က ဗမာ့ လွတ်လပ်ရေး တပ်မတော်နှင့် ဘားမား ရိုင်ဖယ်ကို တန်းတူအခြေခံတွင်ထားပြီး ပေါင်းပစ်လိုသည်။ မောင့်ဘက်တန်နှင့် အင်္ဂလိပ်အာဏာပိုင်များက ဘားမားရိုင်ဖယ်ထဲသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ထည့်သွင်းလိုသည်။ အင်္ဂလိပ်အာဏာပိုင်တို့ ကျေနပ်သောစည်းမျဉ်းနှင့် လွတ်လပ်ရေးတပ်မတော်မှ လူများကို စစ်ဆေးကာ လက်ခံရန်သာဖြစ်၏။ ဤအခြေခံကွဲလွဲမှုပေါ်တွင် အမှီပြုပြီး အခြား အသေးကွဲလွဲမှုများ ပေါ်လာသည်။ ကန္ဒီတွင် ကျွန်တော်တို့ဘက်က ကျွန်တော်တို့ ဖြစ်စေချင်သော မူအရ ပါအောင်ကြိုးစားပြီး အင်္ဂလိပ်တို့ကလည်း သူတို့လိုချင်သောမူအရ ဆွဲဆောင်လိမ့်မည်ဖြစ်သည်။ ကျွန်တော်တို့ဘက်တွင် ဘယ်သူမှ လွတ်လပ်ရေး တပ်မတော်နှင့် ဘားမားရိုင်ဖယ်ကို ပေါင်းပစ်ရန်မူအားဖြင့် သဘောတူသူ မရှိ။ သခင်သန်းထွန်းသည်လည်းကောင်း၊ ဂိုရှယ်သည်လည်းကောင်း၊ ကျွန်တော်သည်လည်းကောင်း၊ ဗိုလ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဦးဘဖေစသည်တို့နှင့် ထပ်တူပင် ဤမူတွင် ယုံကြည်ကြလေသည်။

ကျွန်တော်တို့ကြားတွင် အငြင်းပွားစရာ ပြဿနာတစ်ရပ် ပေါ်လာလေသည်။ ပူးပေါင်းပစ်လိုက်သော ဗမာ့တပ်မတော်တွင် ဗိုလ်အောင်ဆန်းပင် ဆက်လက် ဗိုလ်ချုပ်လုပ်မည်လော၊ သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဘက်မှထွက်ပြီး နိုင်ငံရေးထဲသို့ ဝင်ရမည်လော။

ဗိုလ်ချုပ်အောင်ဆန်း စစ်ထဲမှာ ဆက်လက် အမှုထမ်းရေးနှင့် နိုင်ငံရေးဝင်ရေးပြဿနာကို ကျွန်တော်တို့သည် အမြင်နှစ်မျိုးဖြင့် ဆွေးနွေးကြသည်။ တစ်မျိုးမှာ ရှေ့အဖို့ နိုင်ငံရေးတိုက်ပွဲက ပိုအရေးကြီးတော့မည်။ နိုင်ငံရေးအင်အားစုအမျိုးမျိုးကို စုစည်းနိုင်သော ခေါင်းဆောင်လိုနေသည်။ ထိုနေရာနှင့် ဗိုလ်အောင်ဆန်း သင့်လျော်သည်။ အခြားတစ်မျိုးမှာ နိုင်ငံရေးတိုက်ပွဲက ပိုအရေးကြီးသည်ဆိုသောအချက်ကို မငြင်း။ သို့သော် စစ်ရေးအခန်းမှာလည်း မသေးဟု ဆိုသည်။ ဗိုလ်အောင်ဆန်းမှာ နိုင်ငံရေးခေါင်းဆောင်အနေနှင့် အရည်အချင်းမပြည့်၊ ဆက်ဆံမှုညံ့သည်၊ ပရိယာယ် မတတ်၊ ဗိုလ်အောင်ဆန်းသည် စစ်ဗိုလ်ချုပ်အဖြစ်ဖြင့် ပိုအသုံးဝင်မည်။ ပထမအမြင်နှင့်ဆိုက စစ်ဘက်တွင် အခြား ထမ်းရွက်နိုင်သူများ ရှိသည်။ နိုင်ငံရေးဘက်တွင် အင်အားစု အမျိုးမျိုးဆုံစည်းရန်နှင့် အမျိုးသားညီညွတ်ရေး တည်ဆောက်ရန်တာဝန်ကို ဗိုလ်အောင်ဆန်းသာလျှင် အကျေပွန်ဆုံး ထမ်းရွက်နိုင်မည်ဟု ဖြေရှင်းကြလေသည်။

ထိုကိစ္စကို ကျွန်တော်တို့သည် ဗိုလ်အောင်ဆန်းတို့ ကန္ဒီအသွားတွင်လည်း ဆွေးနွေးကြ၏။ ပြန်အလာမှာလည်း ဆွေးနွေးကြ၏။ ဗိုလ်အောင်ဆန်းနှင့် ပတ်သက်၍ ဘယ်လို ယူဆထားသလဲဟု ကျွန်တော်က သခင်သန်းထွန်းအား မေးကြည့်ရာ "သူကတော့ ကျုပ်တို့နှင့် သူတို့ တစ်ဘက် တစ်ဘက် ကစားပြီး ကြားက ဗက်ထိုင်မှာပဲ" ဟု တိတ်ဟိတ် ကျိတ်ဖြေလေသည်။ ကျုပ်တို့

သည်မှာ ကွန်မြူနစ်များဖြစ်၍ သူတို့ဆိုသည်မှာ ဆို ယ်လစ်များဖြစ်လာမည့် လူတစ်စုကို ဆိုလိုလေသည်။ ဤကား သခင်သန်းထွန်း၏ ဗိုလ်အောင်ဆန်းနှင့် ပတ် သက်သော အခြေခံအမြင်ပင်တည်း။ ဗိုလ်အောင်ဆန်း ထဲ ဆက်နေမလား၊ နိုင်ငံရေးထဲ ဝင်မလားဟူသော ပြဿနာကို အတိအလင်း ဆွေးနွေးကြရာ၌ သခင်သန်း ထွန်း ကား တိကျသောအဖြေကို မပေးပေ။ မြုံနေသည်။ ရှယ်ကား ဗိုလ်အောင်ဆန်း နိုင်ငံရေးသို့ မဝင်ထိုက်၊ တက်မှာသာ ခေါင်းဆောင်ထိုက်သည်ဟု ဆိုလေ သည်။ ခိုင်ခိုင်မာမာ သူ့လိုအင် ကို တင်ပြသည်။

ညောင်ရွှေစော်ဘွားကြီးက "ဗိုလ်ချုပ်အောင်ဆန်း သည်ပင်လျှင် မြန်မာပြည်၏ ရှေ့ဆောင်လမ်းပြ မီးရှူး တိုင် ဖြစ်ခဲ့ပါသည်။ ၎င်း၏ပညာစွမ်း၊ လုံ့လစွမ်းတို့ဖြင့် ထွန်းမှောင်လျက်ရှိသော စစ်ဒုက္ခကျရောက်နေသည့် ဗမာ ပြည်ကြီးကို အလင်းရောင် ပေးခဲ့ပါသည်။ လွန်ခဲ့သည့် (၁၀)နှစ်ကျော်ကာလ ကျောင်းသားဘဝမှစ၍ လူထု အကျိုးသက်ရေးလုပ်ငန်းများတွင် ခေါင်းဆောင်ခဲ့သည်သာ ဖြစ်ခဲ့ပါသည်။ ကျောင်းသားလောက၊ နိုင်ငံရေးလောက၊ အုပ်ချုပ်ရေးလောက အစရှိသောနေရာဌာနအသီးသီးတို့၌ ဗိုလ်ချုပ်အောင်ဆန်းကို မသိသူ အလွန်ရှားလိမ့်မည်။ သည်ကြည်မှု၊ ရိုးဖြောင့်မှု၊ အမြင်ကျယ်မှုတို့ဖြင့် လူထု လုပ်ငန်းများ၌ ရှေ့ဆောင်ခဲ့ပါသည်။ တိုင်းရင်းသား ညီညွတ်ရေး၊ လူထုညီညွတ်ရေး၊ အာရှတိုက်နိုင်ငံများ ညီညွတ်ရေး စသည်ဖြင့် အဆင့်ဆင့်သော ညီညွတ်မှု တို့ကို အမြဲထာဝရ လုံးပန်းခဲ့သူ ဖြစ်ပါသည်။ ဗိုလ်ချုပ် အောင်ဆန်း၏ လုံ့လ ဉဿဟကြောင့်ပင်လျှင် မြန်မာ နိုင်ငံတွင် ကြုံကြိုက်ခဲလှစွာသော တိုင်းရင်းသားလူမျိုး ပေါင်းစုံ၏ ညီညွတ်မှုကို ယခု ရရှိလျက်ရှိပါသည်။ အထူးသဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားများ အား အကိုးကြီးကိုးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရ သဖြင့် နယ်စပ်ဒေသတိုင်းရင်းသားများဟာ ယူကျုံးမရ၊ တွေးမိတိုင်း ဆွေးမြည့်ရသည့်အခြေသို့ ရောက်ရပါတော့ သည်" ဟု ပြောကြားခဲ့သည်။

ဤသို့လျှင် ကချင်၊ ကရင်၊ ချင်း၊ မြန်မာ၊ ရှမ်း အစရှိသော မြန်မာတိုင်းရင်းသား ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းနှင့်စပ်လျဉ်း၍ မိမိတို့၏ သဘောထားအမြင်ကို အသီးသီး ဖော်ထုတ် ပြောဆိုခဲ့ကြပါသည်။

ဤ မြန်မာတိုင်းရင်းပြည်သူများ၏ ဗိုလ်ချုပ်အောင် ဆန်းအပေါ် သဘောထားအမြင်သည် ပြီးပြည့်စုံသည် မဟုတ်သော်ငြားလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ထူးခြား ချက်များ (Personality) နှင့် ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော်တို့၏ စိတ်အာရုံ၌ ဘာ့ကြောင့် ဤမျှ မပျောက် မပျက် စွဲထင်ကျန်ရစ်နေသည်ဟူသော အချက်တို့ကိုကား တစ်စိတ်တစ်ဒေသအားဖြင့် ထင်ဟပ် ဖော်ညွှန်းနိုင် စကောင်းသည်ဟု ယူဆမိပါသတည်း။ ။

*(မှတ်ချက်။ ။ မြန်မာနိုင်ငံတော် တိုင်းပြည်ပြု လွှတ်တော် ဒုတိယညီလာခံ မှတ်တမ်း၊ ဒေါက်တာ မောင်မောင်၏ "Aung San of Burma" နှင့် သိန်းဖေ မြင့်၏ "စစ်အတွင်းခရီးသည်" တို့ကို အခြေခံ၍ ရေးသား ပါသည်)*

ရှေ့သို့ အတွဲ ၁၇၊ အမှတ် ၄ (၁၅-၇-၁၉၇၀)

www.burmeseclassic.com



# ဗဟိုနှင့်နယ်ခေါင်းဆောင် အပြန်အလှန်လေးစားချစ်ကြည်မှု ဗိုလ်ချုပ်က လက်တွေ့ပြသွားသည်

ဗိုလ်အောင်နိုင်

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့၌ နယ်ချဲ့လက်ချက်ကြောင့် ဗိုလ်ချုပ်သည် ကျဆုံးခဲ့ရ၏။ ထိုအချိန်မှစ၍ ကျွန်တော့်ရှေ့တွင် မြင်းမိုရ်တောင်ကြီး ပြိုလဲသွားပြီးဖြစ်ပါ၏။ သို့သော် မြင်းမိုရ်တောင်ကြီး၏ ဂုဏ်ကျေးဇူးကိုကား လွမ်းဆွတ် တမ်းတ အောက်မေ့သတိရလျက်ရှိပါ၏။

အချိန်ကား ၁၉၄၆ ခု။ အခြေအနေကား ဖဆပလ တပ်ပေါင်းစုနှင့် ကွန်မြူနစ်ပါတီတို့ အကွဲတွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့မှ ကွန်မြူနစ်အနွယ်များသည် "တပ်နီ" ဟု အမည်တပ်ကာ ထူထောင်နေသော အခြေအနေ။တိုက်ပွဲကား ဗိုလ်ချုပ်ရှေ့ဆောင်ဦးစီးနေသည့် ဖဆပလမှ "တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေး အရယူရေး"ပါတည်း။

ထိုကာလတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ သေနာပတိလည်းဖြစ်၊ ဖဆပလအဖွဲ့ချုပ်၏ ဥက္ကဋ္ဌလည်းဖြစ်ကာ အင်္ဂလိပ် နယ်ချဲ့သမားအား နိုင်ငံရေးထိုးစစ်ဆင်ရင်း"စစ်ရေးအသင့်ပြင်"အနေအထားဖြင့် လူထုအား စည်းရုံးလျက် လွတ်လပ်ရေး တိုက်ပွဲကို ရှေ့ဆောင်နေသော ကာလဖြစ်ပါ၏။

ပြည်သူ့ရဲဘော် တပ်ဖွဲ့မှ တပ်နီများအဖြစ် ခွဲခွာကြရာတွင် ပြည်သူ့ရဲဘော် တပ်ဖွဲ့ ဗဟိုဌာနချုပ်တွင် ဗိုလ်မှူးအောင်၊ ဗိုလ်မှူးထွန်းလင်း၊ ဗိုလ်လှအေး၊ ဗိုလ်ဘတင်၊ ဗိုလ်အောင်ဒင်၊ ဗိုလ်စောမောင်၊ ဗိုလ်ခင်စိုး၊ ဗိုလ်သိုးထိန်းတို့သာ ကျန်ရစ်ခဲ့ကြသည်။ ထို့ကြောင့် ဗိုလ်မှူးစိန်မှန်အား စစ်တပ်မှ နုတ်ထွက်စေကာ တပ်ဖွဲ့အား အင်အားဖြည့်ခြင်း၊ ဗိုလ်တိုက်စိုးအား ဗဟိုသို့ ခေါ်ယူ အားဖြည့်ခြင်းဖြင့် ဗဟိုယန္တရားကို လည်ပတ်စေခဲ့သည်။

တပ်ဖွဲ့နှင့် ဖဆပလ၏ တိုက်ပွဲ ကြွေးကြော်သံများကို ပြည်သူတို့အား ကျယ်ပြန့်စွာ သိစေရန် "ပြည်သူ့ရဲဘော်ဂျာနယ်"ကို တည်ထောင်၍ ဗိုလ်မှူးအေးမွေ (ဒဂုန်မြတ်လေးနွယ်) ဗိုလ်မှူးထွန်းအုံတို့အား ဦးစီးစေသည်။ ထို့နောက် ဗိုလ်အောင်စိန်အား တာဝန်ယူစေခဲ့သည်။

အင်းစိန်ခရိုင်အခြေအနေကို တွက်ချက်၍ ဗဟိုဌာနချုပ်သည် ကျွန်တော့်အား အင်းစိန်ခရိုင်တစ်ခုလုံးပြည်သူ့ရဲဘော်တပ်ဖွဲ့များ ပြန်လည်ပေါ်ပေါက်ရေးအတွက် ခရိုင်စည်းရုံးရေးတာဝန်ကို ပေးအပ်ခဲ့သည်။ ကျွန်တော်သည် တပ်ဖွဲ့များပေါ်ပေါက်ရေးနှင့်အတူ တစ်နှစ်အတွင်းလုံးဝလွတ်လပ်ရေးတိုက်ပွဲ အလံတော်အောက်တွင်ပြည်သူတို့အား စည်းရုံးလျက် အနယ်နယ်အရပ်ရပ် လိုက်လံ ဟော

www.burmeseclassic.com

www.burmeseclassic.com



ပြောလျက် ရှိပါသည်။

ဤသို့နယ်ဆင်း တရားဟောရာတွင် တစ်ခါတစ်ရံ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဗဟိုနှင့် ဖဆပလ ဗဟိုတို့မှ ခေါင်းဆောင်တို့သည်လည်း ကြွရောက် ဟောပြော ရှင်းလင်းကြပါသည်။ ဤသို့ဖြင့် အင်းစိန်မြို့နယ် သိမ်ချောင်းကျေးရွာ၌ တရားဟောရန် အလှည့်သို့ ရောက်လာပါသည်။ ထိုတရားပွဲ၌ ဗိုလ်ချုပ်အား ဖိတ်ခေါ်ဟောပြောစေလည်း စီစဉ်ထားကြသည်။ သိမ်ချောင်းကျေးရွာ၏ တရားပွဲမှာ ဗိုလ်ချုပ်ဟောမည့် တရားပွဲဖြစ်သဖြင့် အခြားကျေးရွာများကလည်း အားတက်သရော တက်ရောက်ရန် ကြိုတင်လှုံ့ဆော်စိုင်းပြင်းထားရပါသည်။ ဟောပြောပွဲကျင်းပမည့်အချိန်သည် နံနက် ၈ နာရီခွဲဟု သတ်မှတ်ထားပြီး ကျွန်တော်က ပထမဦးစွာ ဟော၍ ဗိုလ်ချုပ်က ဒုတိယနောက်ဆုံးဟောမည်ဟုလည်း ကျေးရွာများအား ကြိုတင်ကြေညာထားပါသည်။

ဤသို့ဖြင့် ဟောပြောမည့်နေ့သို့ရောက်သောအခါ ကျွန်တော်သည် အင်းစိန်မြို့မှ ရန်ကုန်မြို့သို့ ဖြတ်လျက် သိမ်ချောင်းကျေးရွာသို့ ဂျစ်ကားဖြင့် သွားခဲ့ပါသည်။ သို့သော် လမ်းက ပျက်စီးကြမ်းတမ်းနေခြင်းနှင့် ကားက ဓာတ်ဆီပိတ်ခြင်းတို့ကြောင့် ၉ နာရီခွဲကျော်လောက်တွင် ရွာတွင်းသို့ ရောက်ပါတော့သည်။

ရွာတွင်းတရားပွဲရှိရာ ဘုန်းကြီးကျောင်းကွက်လပ်သို့ လှမ်းကြည့်လိုက်ရာ ပရိသတ်ကြီးသည် ရုတ်ရုတ်သဲသဲမရှိ၊ တုတ်တုတ်မျှ မလှုပ်၊ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြလျက် ... တစ်ဖန် တရားဟောစင်မြင့်ပေါ် လှမ်းကြည့်လိုက်ရာတွင် ဗိုလ်ချုပ်သည် အံ့သြဖွယ် ကုလားထိုင်တွင် တည်ငြိမ်စွာထိုင်နေလျက် ...တရားပွဲ သဘာပတိလုပ်သူ ကျေးရွာလူကြီးမှာလည်း သဘာပတိ နေရာတွင်ပင် ငြိမ်သက်စွာထိုင်နေလျက် ...

ကျွန်တော်သည် အံ့သြခြင်း၊ လှုပ်ရှားခြင်းကြီးစွာဖြင့် တရားဟောစင်မြင့်ပေါ်တက်ရန် စင်မြင့်အနီး ချဉ်းကပ်လာစဉ်တွင် ဗိုလ်ချုပ်၏ ကိုယ်ရံတော် ဗိုလ်မင်းလွင်က "ဟေး ဗိုလ်အောင်နိုင်၊ ဗိုလ်ချုပ်တရားဟောပြီးသွားပြီ။ ခင်ဗျားနောက်ကျနေလို့ စောင့်နေတယ်"

ဗိုလ်မင်းလွင်၏ နှုတ်ဆက်စကားဖြင့် ကျွန်တော် အချိန်နောက်ကျသော ချွတ်ယွင်းချက်ကို သိလိုက်ပါ၏။ ကျွန်တော်သည် ဗိုလ်ချုပ်ရှိရာ စင်မြင့်ပေါ်သို့ ခေါင်းငိုက်စိုက်နှင့် တက်သွားပါ၏။ ဗိုလ်ချုပ်နားရောက်လျှင် ခြေစုံရပ် အလေးပြုလိုက်၏။

ကျွန်တော့်တွင် ချွတ်ယွင်းချက် ရှိပါကြောင်း၊ ဗိုလ်ချုပ် ဟောပြီး၍ ကျွန်တော် ဟောရန် မလိုတော့ပါကြောင်း သတင်းပို့၍ သတိအနေအထားဖြင့် ကျွန်တော်သည် ရပ်နေ၏။

ထိုအချိန်တွင် စင်မြင့်အောက်ရှိ ပရိသတ်ကြီးသည် ကျွန်တော်၏ လှုပ်ရှားမှုကို ပွဲကြည့် ပရိသတ်အလား တိတ်ဆိတ်စွာ စောင့်ကြည့်နေ၏။ အသံချဲ့စက်မိုက်ခွက်ကလည်း အနီးအနားတွင် ရှိနေသဖြင့် ကျွန်တော်၏ သတင်းပို့ချက်ကို ပရိသတ်အတိုင်းသား ကြားနေ၏။ ကျွန်တော်၏သတင်းပို့ အစီရင်ခံချက်အပေါ် ဗိုလ်ချုပ်က မည်သို့ တုံ့ပြန်မည်ကိုလည်း ကျွန်တော် ငံ့မျှော်သလို ပရိသတ်ကြီးကလည်း စိတ်ဝင်စားစွာ ငံ့မျှော်နေ၏။

ဗိုလ်ချုပ်သည် မျက်မှောင်ကုတ်လိုက်ပြီး "ငါ့တာဝန်ပြီးပြီ၊ မင်းတာဝန် မင်းဆက်လုပ်" ဟု တည်ငြိမ်စွာပင် အမိန့်ချလိုက်တော့၏။

ကျွန်တော်သည် ဆုတ်ဆိုင်းခြင်းမရှိ မိုက်ခွက်နားကပ်ရန် ဗိုလ်ချုပ်ကို ကျော်ပေးကာ ပရိသတ်ဘက် မျက်နှာမူလိုက်ပါသည်။ ဗိုလ်ချုပ်အမိန့်အတိုင်းကျွန်တော် ဟောရမည့်အခန်းကို ၁၀ မိနစ်ခန့် ဟောလိုက်ပါ၏။ တရားဟောပြီး၍ နောက်ဘက်သို့ လှည့်လိုက်ရာ ဗိုလ်ချုပ်သည် စိုက်၍ နားထောင်နေကြောင်း သတိပြုမိလိုက်ပါသည်။ တရားပွဲ ရုပ်သိမ်းကြောင်း သဘာပတိကြေညာပြီးဆုံးသွားသောအခါမှသာ ဗိုလ်ချုပ်သည် ထ ပြန်သွားပါတော့သည်။

ဤသိမ်ချောင်းတရားပွဲတွင် ကျွန်တော်သည် ဗိုလ်ချုပ်အား ထပ်လောင်းကြည်ညိုလေးစားမိပါ၏။ တရားပွဲအစီအစဉ်တွင် ကျွန်တော်က ပထမ၊ ဗိုလ်ချုပ်က ဒုတိယ ဟောရမည်ဖြစ်၏။ ယခု ကျွန်တော်က အချိန် အဆမတန် နောက်ကျ၍ ဗိုလ်ချုပ်သည် သတ်မှတ်သည့်အချိန်တွင် ရောက်ရှိပြီး ကျွန်တော် မလာရောက်နိုင်သဖြင့် ဦးစွာဟောခဲ့၏။ တရားဟောပြီး၍လည်း ထပြန်မသွားဘဲ ကျွန်တော်အား စင်မြင့်ပေါ်တွင် ထိုင်စောင့်နေ၏။ ဗိုလ်ချုပ်က ထိုင်စောင့်နေသဖြင့်လည်း ပရိသတ်ကြီးသည် ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်စောင့်နေသည်ကို သိမြင်၍ ထပြန်ခြင်းမရှိဘဲ ငြိမ်သက်စွာပင် ထိုင်စောင့်နေကြ၏။ ဗိုလ်ချုပ်အား ဤမျှ လေးစားကြသော လူထုဖြစ်ပါ၏။

ဗိုလ်ချုပ် တရားဟောပြီး၍ ဗိုလ်ချုပ်က ထပြန်သွားမည်ဆိုလျှင် လူထု ပရိသတ်ကလည်း ထပြန်ကြမည်သာဖြစ်၏။ ဤအချက်ကို ဗိုလ်ချုပ်သည် ကောင်းစွာသိ၏။ ထို့ကြောင့် ဗိုလ်ချုပ်သည် "ပရိသတ်ကို ထိန်းထားရင်း ထိုင်စောင့်သည်ကို ကျွန်တော် ချက်ချင်းပင် နားလည်လိုက်မိ၏။ ဤ နယ်ကား ကျွန်တော် စည်းရုံးရေး ဆင်းနေသော နယ်ဖြစ်ကြောင်း ဗိုလ်ချုပ် သိ၏။ ထို့ကြောင့် ဗိုလ်ချုပ်သည် ကျွန်တော်၏နယ်လူထု ရှေ့မှောက်တွင် ကျွန်တော်၏တာဝန်ကို ကျေစေရန်နှင့် နယ်လူထုရှေ့မှောက်၌ပင် ဗဟိုခေါင်းဆောင်နှင့် နယ်ခေါင်းဆောင်အကြား အပြန်အလှန် လေးစားချစ်ကြည်မှု၏ အခန်းကဏ္ဍကို စကားဖြင့် မဟုတ်ဘဲ လက်တွေ့ကျင့်စဉ်အားဖြင့် ဤသို့ ပြုလုပ်ကြောင်း ကျွန်တော် နားလည်မိပါ၏။

ဤတရားပွဲ ခဏမျှသာ အချိန်ကလေးမှာပင် ကျွန်တော်သည် ဗိုလ်ချုပ်အား ...

* အချိန်ကို လေးစားသော ဗိုလ်ချုပ်
* ရဲဘော်၏ ချွတ်ယွင်းချက်ကို စကားအားဖြင့် မဟုတ်ဘဲ အလိုအလျောက် သိရှိလာအောင် ပဲ့ပြင်ဆုံးမ သွားနိုင်သော ဗိုလ်ချုပ်။
* ခေါင်းဆောင်နှင့် နောက်လိုက်တာဝန်ကို တိကျစွာ ခွဲခြားပေးပြီး လူထုရှေ့မှောက်မှာပင် တာဝန်ယူခိုင်း သော ဗိုလ်ချုပ်
* နယ်လူထုရှေ့မှောက်၌ပင် နယ်ခေါင်းဆောင်အား အလေးထား အရေးပေးသော ဗိုလ်ချုပ်
* စိတ်ရှည်သည်းခံခွင့်လွှတ်နိုင်စွမ်းသော ဗိုလ်ချုပ် ချစ်ကြောက်ရိုသေ လေးစားအပ်သော ဗိုလ်ချုပ် တကား ဟု တွေးတောမိပါတော့သည်။ ဤသို့ သော ဗိုလ်ချုပ်အား ကျွန်တော်သည်လည်းကောင်း ပြည်သူတို့သည်လည်းကောင်း အဘယ်မှာလျှင် မေ့နိုင်ပါတော့မည်နည်း။

ဗိုလ်ချုပ်သည် ကျဆုံးခဲ့ချေပြီတကား ... ကျွန်တော် ၏ရှေ့တွင် မြင်းမိုရ်တောင်ကြီးသည် ပြိုလဲသွားပြီး ဖြစ် ၏။ ။

ပြည်သူ့ကြယ် အမှတ် ၂၁ (၁၉-၇-

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းသာ မကျဆုံးခဲ့လျှင်

## ဗိုလ်ဘုန်းမြင့် (ရဲဘော်သုံးကျိပ်)

ဗိုလ်ချုပ်အောင်ဆန်းကို နယ်ချဲ့လက်ပါးစေတို့ လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ကျဆုံးခဲ့သည်မှာ ၂၁ နှစ်ကျော် ၂၂ အတွင်းသို့ ချင်းနင်း ဝင်ရောက်လာလေပြီ။ ထိုအချိန်က မွေးဖွားခဲ့သော ကလေးမှာ ယနေ့ လူလားမြောက်၍ တိုင်းပြည်တာဝန်ကိုပင် ထမ်းဆောင်နိုင်လောက်အောင် ကြီးပြင်းနေပေလိမ့်မည်။

ယနေ့ဖြစ်ပေါ် တိုးတက်နေသော နိုင်ငံရေးအခြေအနေ အရပ်ရပ်ကို ကြည့်၍ ဗိုလ်ချုပ်အောင်ဆန်းသာ မသေခဲ့လျှင်ဆိုသော တွေးခေါ်မျှော်မြင်မှု အမျိုးမျိုးရှိခဲ့ကြပါ၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့် နီးနီးကပ်ကပ် အထိုက်အလျောက်နေခဲ့ကြရသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ အနေအထိုင်၊ အတွေးအခေါ်၊ အဆိုအမိန့်တို့ကို မှတ်သားနာခံခဲ့ဖူးကြပါ၏။

ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော် စ၍ တွေ့သောနေရာမှာ ဟိုင်နန်ကျွန်း၊ စံငရှာ လေ့ကျင့်ရေးစခန်းတွင် ဖြစ်ပါ၏။ တိုင်ဝမ်းကျွန်းမှ တောက်လျှောက် လေယာဉ်ဖြင့် ခြောက်နာရီကျော်စီးခဲ့ရသဖြင့် ငြီးစီစီနှင့် ဖျားချင်သလို နာချင်သလိုလိုနှင့် စစ်မော်တော်ယာဉ်မှ စစ်တန်းလျားထဲသို့ မြန်မာလူငယ် ခုနှစ်ဦးဝင်ရောက်လာသည့်အချိန်၌ ဝမ်းသာအားရဖြင့် "တို့ဗမာဟေ့... တို့ဗမာဟေ့" ဟု အပြန်အလှန် ကြွေးကြော်နှုတ်ဆက်ပြီး နေရာထိုင်ခင်း ချထားပေးသည်။

ဗမာပြည်မှ အခြေအနေများနှင့် တို့ဗမာ အစည်းအရုံးမှ ခေါင်းဆောင်များအကြောင်းကိုလည်းကောင်း၊ ကျောင်းသားသမဂ္ဂအကြောင်းကိုလည်းကောင်း၊ ကိုစောလွင် (ဗိုလ်မင်းခေါင်)အား မေးမြန်းပါ၏။ ကျွန်တော်တို့ လူသိုက်အား သေချာစွာ ကြည့်ပြီးနောက် စစ်ပညာသင်ကြားရန်အတွက် ရဲဘော်များကို မှာရာတွင် တောင့်တင်းသန်မာသော ရဲဘော်များကို ပို့ပြီး အလိုရှိနေသူအဖို့ ကျွန်တော်တို့လို ဆယ့်ကိုးနှစ်၊ နှစ်ဆယ်ပတ်ဝန်းကျင် ပိန်ပိန်ရှည်ရှည်ကလေးများကို ကြည့်ပြီး စိတ်မောနေဟန်ရှိပါ၏။

သခင်အောင်ဆန်းကို တို့ဗမာအစည်းအရုံးတွင် လူကြီးတစ်ယောက်အဖြစ်နှင့် သာမန်တွေ့မြင်ခဲ့ဖူးပါ၏။ ယခု မြင်ရသည့်အမြင်မှာ ယခင်ကနှင့်မတူ၊ လုံးဝ ခြားနားနေပြီး ရုတ်တရက်ပင် မှတ်မိစရာမရှိ။ သူ၏ပြုံးရွှင်သော မျက်နှာသည်သာ အမိက အမှတ်အသားဖြစ်နေတော့၏။

သူ့ဘိုကေမှာ လက်နှစ်သစ်ကျော်ကျော် ရှည်ထွက်လျက်ရှိ၏။ ဂျပန်နေဗီဘောင်းဘီတို ခေါ်သွား၊ စက

www.burmeseclassic.com

www.burmeseclassic.com



ခေါ်မလားမသိ၊ ကာကီရောင် ခပ်ပွတတ ဘောင်းဘီတိုမှာ ဒူးခေါင်း လက်လေးသစ်အထိ ကျလျက်ရှိပြီး ပိုးစွပ်ကျယ် လက်ရှည်ကို လက်မောင်းရင်းအထိ လိပ်လျက်သားနှင့် သူက ကျွန်တော်တို့ တစ်သိုက်အား နှုတ်ဆက်ရှာသည်။

ကျွန်တော်တို့ကလည်း သူ့ရုပ်သွင်ကို ခပ်ငေးငေး ကြည့်ပြီး ပြန်လှန်နှုတ်ဆက်ကြပါ၏။

စိတ်မောနေဟန် ရှိသောသူကား သခင်အောင်ဆန်း ပင် ဖြစ်ပါ၏။

စခန်းသို့ရောက်ပြီး တစ်ရက်နား၍ အရင်ရောက်နှင့်နေသော သခင်ဘဂျမ်း (ဗိုလ်လရောင်)၊ သခင်အေးမောင် (ဗိုလ်မိုး)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)နှင့် ဂျပန်ရဲဘော်များ၊ ကျွန်တော်တို့ အစုဖြစ်သော ကိုရွှေ (ဗိုလ်ကျော်ဇော)၊ ကိုစောလွင် (ဗိုလ်မင်းခေါင်)၊ သခင်ထွန်းရွှေ (ဗိုလ်လင်းယုန်)၊ သခင်သန်းတင် (ဗိုလ်သန်းတင်)၊ ကိုစိုး (ဗိုလ်မြင့်အောင်)၊ သခင်အောင်သိန်း (ဗိုလ်ရဲထွဋ်)နှင့် ကျွန်တော် အပါအဝင် လူပေါင်း နှစ်ဆယ်ခန့်ကို တပ်စု (၃)စုဖွဲ့၍ လေ့ကျင့်ခန်းများ စတင်၍ ယူကြရပါ၏။

အစပိုင်းတွင် သက်သက်သာသာ လေ့ကျင့်ခန်းများ ဆင်းခဲ့ရပြီး၊ တဖြည်းဖြည်းနှင့် ပြင်းပြင်းထန်ထန် လေ့ကျင့်လာရပါ၏။ ထိုသို့ လေ့ကျင့်သည့်အချိန်တွင် မကျန်းမာသည့်အခါနှင့် စိတ်အားငယ်သည့်အခါတွင် သခင်အောင်ဆန်းက စိတ်ဓာတ်တက်ကြွဖွယ်များကို ပြောကြားလေ့ရှိပါ၏။ သင်တန်းဖြုတ်၍ စားသောက်ပြီးကြလျှင် သူ့အနားဝိုင်း၍ ထိုင်ပြီး သူပြောသမျှ မှတ်သားကြ၍ မသိသည်ကို မေးလေ့ရှိပါ၏။ သူ့စကားမှ မမေ့နိုင်ဖွယ်များကတော့...။

"ကျုပ်ရဲ့အဘိုးကတော့ ဗိုလ်မင်းရောင်တဲ့၊ ဗမာပြည်ကို အင်္ဂလိပ်သိမ်းတုန်းက သူ့ကျွန်မခံဘဲ လက်နက်နဲ့ စွဲကိုင်ပြီး သေသည့်အထိ တော်လှန်ခဲ့တာပဲ၊ ကျုပ်အနေနဲ့တော့ ဘယ်သူတွေ ဘယ်ပြောပြော၊ ဘယ်သူတွေ ဘာလုပ်လုပ်၊ နယ်ချဲ့အင်္ဂလိပ်ကိုတော့ ဖြစ်တဲ့နည်းနဲ့ တော်လှန်မှာပဲ လွတ်လပ်ရေးကို အရယူမှာပဲ"

"ဗမာပြည် လွတ်လပ်ပြီးတဲ့အခါမှာ ဗမာပြည်ထီးတည်းနေလို့မရဘူး၊ အင်ဒိုချိုင်းနား ကျွန်းဆွယ်မှာပါတဲ့ တိုင်းပြည်တွေစုပေါင်းပြီး မဟာမိတ် ဖွဲ့ရမယ်၊ သူတို့ လွတ်လပ်ရေးကိုလည်း အားပေးရမယ်၊ လက်တွဲရမယ်၊ ဒါမှ ကျုပ်တို့လွတ်လပ်ရေးလည်း တည်တံ့မယ်"

"ဗမာပြည် လွတ်လပ်ရေး ရပြီးလျှင် စက်မှုလက်မှုတွေထောင်မယ်၊ မြေတွင်းမြေပေါ် သယံဇာတ ပစ္စည်းတွေပေါတော့၊ မြန်မြန်ဖြစ်နိုင်မယ်၊ တိုးတက်ကြီးပွားနေတဲ့ တိုင်းပြည်ကြီးတွေနဲ့ ရင်ပေါင်တန်း တိုးတက်အောင်လုပ်မယ်" ဟူ၍ ဖြစ်ပါ၏။

ကျွန်တော် မှတ်သားမိသလောက်ဆိုရလျှင် သခင်အောင်ဆန်းဘဝတွင် ပျော်စရာပါးစရာရယ်လို့ တွေးမှ တွေးမိပါလေစ။ အချိန်ရှိသရွေ့ မြန်မာပြည်ကို ဘယ်လို လွတ်လပ်အောင်လုပ်မယ်၊ ဘယ်လို ထူထောင်မယ်ဆိုသည့် စကားသာ သူ့ထံမှ တစ်ရံမပြတ်သာ ကြားနာခဲ့ရပါ၏။ ကျွန်တော်တို့ လူငယ်အထဲမှာဆိုလျှင် နောက်ကြပြောင်ကြ ရယ်စရာလုပ်ကြ၏။ ရယ်စရာလုပ်လျှင် သူက ပြုံးရုံသာ ပြုံး၏။ ဟက်ဟက်ပက်ပက် ရယ်သည်ကို တွေ့ခဲလှ၏။ သူ့ခေါင်းထဲမှာ အချိန်ရှိသရွေ့ တိုင်းပြည်နှင့် လူမျိုးအတွက်သာ တွေးတောနေခဲ့ပုံရပါသည်။

ဟိုင်နန်သင်တန်းနှင့် တိုင်ဝမ်းကျွန်း သင်တန်းပြီး၍ ဗမာပြည်ထဲသို့ ဝင်ရန် ဆိုင်ဂုံမှ ဖြတ်ပြီး ဘန်ကောက်သို့ ရောက်ခဲ့ကြ၏။ ဘန်ကောက်မြို့ ဘော်နီယို သစ်ကုမ္ပဏီဝင်းထဲ၌ ဗမာ့လွတ်လပ်ရေးတပ်မတော်အတွက် ရဲဘော်များ စုဆောင်း၍ သင်တန်းပေးပြီး၊ ဗမာ့လွတ်လပ် ရေးတပ်မတော် ဖွဲ့စည်းသည့်အခါ၌ အားလုံး လက်မောင်းသွေးများ ဖောက်ကာ ငွေဖလားတွင် ထည့်၍ သစ္စာပြုသောက်ပြီး ပြောခဲ့သည်မှာ ...

"ရဲဘော်တို့... အဘတိုင်းပြည် လွတ်လပ်ရေးအတွက် ငါတို့တိုက်ပွဲဝင်ရန် ပေါ့ပေါ့တန်တန်နဲ့ ပြီးမြောက်မယ်၊ အောင်မြင်မယ်လို့ မယူဆနဲ့၊ ခက်ခဲကြမ်းတမ်းတဲ့ လမ်းကို ဖြတ်သန်းကြရမယ်၊ သေကြမယ်၊ အနာတရဖြစ်ကြမယ်၊ သင်တို့စားစရာအတွက် သစ်ရွက်နဲ့ ကျောက်ခဲဟာ အဆင်သင့်ဖြစ်လိမ့်မယ်၊ အိပ်ရာကတော့ မြေကမ္ဘာနဲ့ ဆူးမွေ့ရာဖြစ်လိမ့်မယ်၊ အခက်အခဲကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားကြ" ဟု မိန့်ကြားခဲ့လေသည်။

အမှန်ကိုထောက်ပြ၍ စိတ်ကူးယဉ် မျှော်လင့်ချက် မပေးဘဲ တည့်တည့်မှန်မှန် ပွင့်ပွင့်လင်းလင်းသာ ပြောခဲ့လေသည်။ မည်သည့်မက်လုံး မြူလုံးမျှ မပေးခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဗမာပြည်ထဲဝင်ပြီး ဧရာဝတီမြစ် အနောက်ဘက်ကမ်းကို သီးခြားတာဝန်ယူ၍ အင်္ဂလိပ်တို့အား တိုက်ခိုက်ခဲ့ပြီး၊ ဗမာ့ပြည်မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့၏။ ကျွန်တော်ဦးစီးသော တပ်မဟာအမှတ် (၆)မှာ ကောလင်းမြို့၌ ခေတ္တနားနေခိုက် ဗိုလ်ချုပ်အောင်ဆန်း အခေါ်လွှတ်၍ သွားရောက် သတင်းပို့ပြီးသောအခါ "မင်းတပ် ထမံသီကို ချီတက်ရမယ်"ဟု အမိန့်ပေးပါ၏။ ရှေ့တွင်ချထားသော မြေပုံကြီးတွင် လှလာသောအခါ၌ လူနေကျေးရွာ ခေါင်းပါးသော ဒေသကို ဖြတ်သန်းချီတက် ရမည်ဖြစ်သည်ကိုတွေ့ရသဖြင့် ရိက္ခာအခက်အခဲတွေ့မည့်အကြောင်း တင်ပြရာ၊ ည်သို့အခြေသို့ ဆိုက်ဆိုက် ထမံသီသို့ အရောက်ချီတက်ရမည်။ စစ်ချီစစ်တက်၏ ရည်ရွယ်ချက်ကို ပြည့်စွမ်းနိုင်မှသာ၊ စစ်အောင်နိုင်မှုကို ဖြည့်စွမ်းနိုင်မည်ဖြစ်သည်ဟု အမိန့်ရှိပါ၏။ ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မည်ဖြစ်ကြောင်း အလေးပြုသတင်းပို့ပြီး အသေးစိတ် ညွှန်ကြားချက်များကို လက်ခံ၍ ထမံသီသို့ ချီတက်ရန် ထွက်ခဲ့ပါ၏။

မိုးကောင်းသို့ မီးရထားဖြင့် ထွက်ခွာခဲ့ပြီး မိုးကောင်းမှ လုံခင်းနမ်းယားကို ဖြတ်၍ ကသိုင်းတောင် ကျော်ပြီး တောင်ပါးရွာသို့ ဆိုက်ရောက်ခဲ့ပါ၏။ ထိုတောင်ပါးရွာတွင် ရောက်နှင့်ပြီးသော ဂျပန်တပ်နှင့် တာဝန်လွှဲယူပြီး ဆက်လက်၍ ရေကော်မီး၊ နန်းဥဇူချောင်းမှ ဖြတ်၍ တုံဟဲရွာသို့ ချီတက်ခဲ့ကြပါ၏။ ၎င်းရွာမှတစ်ဆင့် ထမံသီသို့ရောက်ခဲ့သည်။ (ဤလမ်းခရီး၏ခက်ခဲမှုများ၊ သေကျေကျဆုံးမှုများကို ယခုဆောင်းပါးနှင့် မပတ်သက်၍ မဖော်ပြတော့ပါ) ထမံသီသို့ရောက်သောအခါတွင်မူ ရဲဘော်အားလုံးနီးနီး မကျန်းမာကြ။ ငှက်ဖျားရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါတို့ အပြင်းအထန် နှိပ်စက် ကုန်တော့သည်။ ကျွန်တော်တို့ အထက်ပိုင်း၌ ဖွဲ့ထားသော တရုတ်တပ်မကြီးမှာလည်း ကာလဝမ်းရောဂါကြောင့် တစ်နေ့ လူနှစ်ဆယ် နှစ်ဆယ့်ငါးယောက်ခန့် မှန်မှန်သေလျက် ချင်းတွင်းမြစ်အတွင်း အထက်မှ ရေမျှောလွှတ်နေကြရပေ၏။

ဗိုလ်ချုပ်၏ အမိန့်အရ ထမံသီသို့ ရောက်ရပါပြီ။ တစ်လမ်းလုံး ... တရုတ်ပြောက်ကျားတို့ဒဏ်၊ ရောဂါဘယတို့ ဒဏ်ကြောင့် တပ်အင်အားမှာ ယုတ်လျော့လျက်ရှိပြီးလက်ကျန်တပ်ကိုပင် ရပ်ရွာဒေသမှလုံလောက်အောင် မကျွေးနိုင်။ ပြည်သူတို့မှာလည်း စစ်ဒဏ်ကို အလူးအလဲ ခံနေရသည်မဟုတ်လော၊ ဒါ့ထက်ဆိုးသည်မှာ ကုစရာ ဆေးမရှိသည့်အချက်ပင်ဖြစ်သည်။ တစ်ရွာလုံး မြန်မာဆေးဆရာကြီးတစ်ဦးသာ ရှိပြီး ဆေးမှာလည်း လက်သီးဆုပ်ခန့် စေတီပုံ ဆေးတစ်တောင့်သာ ရှိသည်။ ရောဂါမျိုးစုံကို ရေလဲနှင့် ကုသပေးရာသဖြင့် မသေကျန်ရှိသော ဗိုးသက်ပြင်းများအား အသက်ဆက်ပေးလိုက်ရာပေသည်။ ဤသို့ ခဲရာခဲဆစ်များနှင့် ရင်ဆိုင်ရင်းဖြင့် မမျှော်လင့်နိုင်သော အမိန့်ပေးမှုတစ်ရပ် ရောက်ရှိလာပါ၏။

ကျွန်တော်တို့စခန်းချထားသော စစ်တန်းလျားကို လေယာဉ်တစ်စင်းသည် ပတ်ချာလှည့်၍ ဝဲလျက်ရှိ သဖြင့် ပစ်ခတ်ရန် နေရာယူပြင်ဆင်ပြီး သေချာစွာ ကြည့်လိုက်ရာတွင် ဂျပန်လေယာဉ်ပုံဖြစ်နေသည်ကို တွေ့ရ၍ အောက်မှ အလံဖြင့်ပြန်လှန်အချက်ပြသောအခါ အထုပ်နီနီ တစ်ထုပ်ကို ပစ်ချပေးခဲ့ပါ၏။ ဝမ်းသာအားရ ကောက်၍ ဖြေကြည့်သောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်စာ ပါလာ၏။ မန္တလေးမြို့သို့ ယခု အမိန့်ရလျှင်ရချင်း တပ်ခေါက် ဆင်းလာရန် ဖြစ်၏။ အမိန့်အရ တပ်များ ခေါက်၍ မန္တလေး မြို့သို့ ပြန်ခဲ့ကြပါ၏။

ဘီအိုင်အေကို ဖျက်၍ ဗမာ့ကာကွယ်ရေး တပ်မတော်ကို ဖွဲ့စည်းပါပြီ။ ကျွန်တော်လည်း ချင်းတွင်းမြစ်ဖျားမှ ရလာသော ငှက်ဖျားရောဂါကြောင့် ရန်ကုန်တွင် ဆေးရုံတက်၍ ကုသရပြန်ပါသည်။ ဆေးရုံမှာ ယခု စစ်ရုံးချုပ် လုပ်ထားသော နေရာဖြစ်ပြီး ဆရာဝန်ကြီး ဦးဘသန်းနှင့် အဖွဲ့ဝင်များက အုပ်ချုပ်လျက်ရှိပါသည်။

ထိုဆေးရုံကြီး၌ ဗိုလ်ချုပ်အောင်ဆန်းလည်း တက်ရောက်ကုသလျက်ရှိပြီး နာလန်ထခါစဖြစ်၏။ ကျွန်တော်လည်း ဆေးဝါးကုသ၍ ရက်အသင့်အတင့် ရလာသောအခါ အနီးအနားသို့ လျှောက်ကြည့်ရင်း ဗိုလ်ချုပ်အောင်ဆန်း အခန်းသို့ရောက်သွားပါ၏။ သူ၏အခန်းမှာ ထည်ထည်ဝါဝါ မရှိ၊ သာမန်သာဖြစ်ပြီး သူပိုင် အဝတ်အစားမှအပ အပိုပစ္စည်းဘာမျှမရှိ။ ကျွန်တော့်ကိုတွေ့လျှင် ဗမာပြည် နောင်ရေး၊ ကမ္ဘာ့အရေးများသာ ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



မိန့်ကြားပါ၏။

ညပိုင်း၌ ဆရာဝန်ကြီး ဦးဘသန်းတို့အခန်းသို့ သွားရောက်၍ လည်ပတ်ရန် ကျွန်တော့်ကို အဖော်အဖြစ် ခေါ်၍ လိုက်ပါသွားရသည်။ အိမ်ရှင်များက ကျွေးမွေးဧည့်ခံကာ တီးမှုတ် ဖျော်ဖြေကြပါ၏။ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ကျွေးသရွေ့ ကြိုက်ရာစား၏။ နားထောင်၏။ ပြုံးပြုံးနှင့် စကားအသင့်အတင့်သာ ပြော၏။ သူ့အလှည့်ရောက်သောအခါ ကမ္ဘာ့အရေးအခင်းများ၊ မြန်မာ့နောင်ရေးများကို ညဥ့်နက်သည်အထိ ပြောပြလျက်ရှိပါ၏။ အိမ်ရှင်များရော ကျွန်တော်ပါ ငိုက်မျဉ်းစပြုလာပါ၏။ နောက်ဆုံး အသာလစ်၍ ပြေးခဲ့ရပါ၏။

ဗိုလ်ချုပ်နှင့် တွေ့ရသရွေ့အချိန်တွင် နိုင်ငံရေးမှအပ ဘာမျှမပြော၊ ဘာမှ စိတ်မဝင်စား။ သူ စိတ်ဝင်စားသမျှကို ပြောပြနေသည်သာ တွေ့ရပါ၏။ သူ့ဘဝတစ်လျှောက်တွင် ပျော်ပျော်ပါးပါးနေရသည့် ရက်များ ရှိမှရှိပါလေစဟု တွေးမိပါ၏။

ဤသို့ဖြင့် ဗမာ့ကာကွယ်ရေး တပ်မတော်သက်တမ်းတစ်လျှောက် ဖြတ်သန်း၍ ဖက်ဆစ်တော်လှန်ရေးကာလ နီးကပ်သောအခါ၌ ဗိုလ်သိန်းတန် (ယခုပါတီဥက္ကဋ္ဌနချုပ်)နှင့်အတူ သူ၏အိမ်သို့ ရောက်ခဲ့ကြပြန်ပါသည်။ ထိုအချိန်တွင် သူ့တစ်ကိုယ်တည်း မဟုတ်တော့ဘဲ ဒေါ်ခင်ကြည်နှင့် အိမ်ထောင်ကျလျက် ... အောင်ဆန်းဦး ပင်လျှင် မွေးဖွားပြီးချိန်ဖြစ်ပါသည်။ ယခင်ကထက် သူ့ဘဝမှာ စိုစိုပြည်ပြည် ရှိလာလိမ့်မည်ဟု ထင်မှတ်မိခဲ့ပါ၏။

ကျွန်တော်တို့ လာရင်းအကြောင်းရင်းဖြစ်သော ဖက်ဆစ်တော်လှန်ရေး ကိစ္စနှင့်ပတ်သက်ပြီး တပ်မတော်တွင်းမှ လူငယ်တစ်သိုက်၏သဘောထားကို တင်ပြရန်ဖြစ်ပါ၏။ ဗမာပြည်တွင် တိုင်းကြီး ခုနစ်တိုင်း ဖွဲ့၍ တော်လှန်ရေး စတင်ရန် တင်ပြသော စာတမ်းပါ တင်ပြဆွေးနွေးရန် ဖြစ်သည်။ ကျွန်တော်တို့ တင်ပြသော စာရွက်ကို ဖောက်၍ ဖတ်ကြည့်ပါသည်။ ဒေါ်ခင်ကြည်က လက်ဖက်ရည်၊ မုန့်စသည်များ လာချပေးပြီး ထွက်သွားပါသည်။ အချိန်မှာ နံနက် ရှစ်နာရီခန့်ဖြစ်ပြီး ထိုအချိန်မှစ၍ ချပေးထားသော လက်ဖက်ရည်နှင့် မုန့်ကိုမျှ မတို့မထိတော့ဘဲ ဥရောပစစ်မျက်နှာ အခြေအနေ၊ အာရှစစ်မျက်နှာ အခြေအနေနှင့် ကမ္ဘာ့နိုင်ငံရေး၊ ဗမာ့နိုင်ငံရေးများကို တောက်လျှောက်ပြောဆိုလာခဲ့သည်မှာ ညနေ သုံးနာရီကျော် လေးနာရီအထိ ရောက်ခဲ့ပါ၏။

အဆုံးသတ်၌ "အိမ်း ... မင်းတို့တင်ပြချက်ကို ထပ်ပြီး ဖတ်ဦးမယ်၊ မင်းတို့လူငယ်တွေလည်း စုစည်းထားသိပ်သိပ်သည်းသည်းရှိပစေ၊ ငါတို့မကြာခင် အလုပ်စကြမှာပဲ" ဟု နိဂုံးသတ်လိုက်ပါ၏။

အစာမစား၊ အပေါ့ပင် ထမသွားဘဲ ဤမျှ တောက်လျှောက် ပြောနိုင်သည်မှာ အံ့ဩဖွယ်ပင် ဖြစ်ပါသည်။

သူ့ဘဝတစ်လျှောက်တွင် သူ့အပြုအမူ၊ သူ့အကြံအစည်၊ သူ့စေတနာကို လေ့လာလျှင် မည်သူတစ်ဦးတစ်ယောက်မျှ သူ့စေသမျှ၊ ခိုင်းသမျှ၊ တောင်းသမျှတို့ကို ငြင်းကြမည်မဟုတ်။ အသက်ကိုပင် ပေးလှူကြလိမ့်မည်ဟု ထင်မိသည်။

ဖက်ဆစ်တော်လှန်ရေး ပြီးသည့်နောက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မြွက် ပြောဆိုချက်များကို မှတ်တမ်းတင်ထားခဲ့ကြပါ၏။ ကျွန်တော်တို့လည်း နိုင်ငံရေးသံသရာမျိုးစုံ ကျင်လည်လျက် . . .။ ∎

ပြည်သူ့ကြယ်၊ အမှတ် ၃ (ရှုလိုင်ဘျ
ကောက်နုတ်ချက်)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ် ထောင်ထဲလာရောက်တွေ့စဉ်က

## ရဲဘော် နေအောင်

ဗိုလ်ချုပ်အောင်ဆန်းသည် ဘိလပ် အစိုးရနှင့် အင်္ဂလန်သို့ ဗမာ့လွတ်လပ်ရေးအတွက် သွားရောက် ဆွေးနွေးပြီး ဗမာပြည်သို့ ပြန်ရောက်ပြီးနောက် 'တစ်နှစ်အတွင်း လွတ်လပ်ရေးရမည်' ဟူသော ကြွေးကြော်သံဖြင့် ပြည်သူ၏ဆန္ဒကို ရယူပြီး တိုင်းပြုပြည်ပြုလွှတ်တော်ခေါ် ဆိုနိုင်ရေးကို ရှေ့ရှုကာ ဗမာတစ်ပြည်လုံးသို့ လှည့်လည် တရားဟောနေချိန်ပင် ဖြစ်ပါသည်။

၁၉၄၇ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့၊ ည ၆ နာရီအချိန်လောက်တွင် (ဗိုလ်ချုပ် အာလံမြို့မှတစ်ဆင့် သရက်မြို့သို့ရောက်လာပြီး ည ၇နာရီအချိန်တွင် သရက်ဘိုအကျဉ်းထောင်ကြီးအနီးရှိ သတ္တဋ္ဌာန ဘုရားကွင်းပြင်တွင် ဗိုလ်ချုပ်၏ လူထုတရားပွဲရှိသည်)ဟု သရက်မြို့နယ် ပြည်သူ့ရဲဘော်တပ်ဖွဲ့ဥက္ကဋ္ဌထံမှ ထောင်တွင်းသို့ လျှို့ဝှက်ပေးပို့သော စာတစ်စောင်ကို ကျွန်တော် ရရှိတော့ စာ အတိုင်းထက်အလွန် ဝမ်းသာမိသည်နှင့်အမျှ ဝမ်းနည်းကြီး နည်းမိပြန်တော့သည်။

ဝမ်းသာမိခြင်းမှာကား တော်လှန်ရေးရဲဘော်တို့၏ ခေါင်း ဗိုလ်ချုပ်အား ထောင်အတွင်းရောက်နေကြသော ကျွန်တော်တို့ ရဲဘော်များက မမြင်ရ၊ မတွေ့ရသည်မှာ တစ်နှစ်ခန့်ပင် ရှိပေပြီ။ ယခု ဗိုလ်ချုပ်လာပြီး လူထုတရားပွဲလုပ်မည်ဟု သိလိုက်ရသောအခါတွင် ဗိုလ်ချုပ်ကို မမြင်ရ မတွေ့ရသည့်တိုင်အောင် တရားပွဲမှာ ထောင်နားတွင် ကပ်နေသဖြင့် ဗိုလ်ချုပ်၏အသံကိုတော့ ကြားနိုင်သေးသည်ဖြစ်၍ ရသေ့စိတ်ဖြေနှင့် ဝမ်းသာသွားမိသေးသည်။

ဝမ်းနည်းခြင်းဖြစ်ရသည်ကား ဗမာပြည်သို့ ပြန်လည်ဝင်ရောက်လာသော ဗြိတိသျှအစိုးရသည် အိန္ဒိယပြည်တွင် စစ်ပြေးဘဝနှင့်နေစဉ်က ဗမာပြည်ကို ပြန်လည်သိမ်းပိုက်ပြီးသောအခါ ဗြိတိသျှ၏ လက်အောက်ခံ ဗမာပြည်အဖြစ်မျိုးပင် ဆက်လက်ထားရှိရေးအတွက် (ဆင်းမလား စီမံကိန်း)ကို ရေးဆွဲ ယူဆောင်လာပြီးနောက် ဗြိတိသျှစစ်အုပ်ချုပ်ရေးဖြင့် အုပ်စိုးချိန်တွင် မျိုးချစ် ဗမာ့တပ်မတော်မှ တော်လှန်ရေးရဲဘော်ဟောင်းမှန်သမျှကို အပြစ်အမျိုးမျိုးရှာ၍ နှိပ်ကွပ်ညှဉ်းဆဲ ထောင်ချ သတ်ဖြတ်နေပေတော့သည်။ ထိုသို့ဖြင့် ဓားပြမှု၊ လူသတ်မှု စသော အမှုအမျိုးမျိုးဆင်ကာ ဗြိတိသျှအစိုးရ၏ လက်ပါးစေ တရားရုံးများမှ ထောင်ဒဏ်အပြစ်ပေးခြင်း၊ ကြိုးမိန့်ပေးခြင်း စသော အပြစ်ဒဏ်များဖြင့် ဗမာပြည် ထောင်အသီးသီးတွင် ရဲဘော်ပေါင်း တစ်ထောင်မျှမက ထောင်သွင်းအကျဉ်းချထားခြင်း ခံရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြားသိရသလောက် သရက်ခရိုင်အတွင်းရှိ မင်းတုန်းနယ်၊ ဆင်ပေါင်ဝဲနယ်များတွင် တော်လှန်ရေးရဲဘော်အချို့ကို ဓားပြမှုနှင့် ဆင်ဖမ်းပြီး လမ်းတွင် ထွက်ပြေး၍ သေနတ်နှင့် ပစ်ဖမ်းရာမှ သေသွားသည်ဟူသော အဓိပ္ပာယ်မရှိ ဆင်ခြေပေးကာ အကြောင်းမဲ့ ပစ်သတ်ခြင်းခံကြရသော ရဲဘော်များမှာ ဆယ်ယောက်ထက် မနည်း ရှိပေသည်။

ဤမျှလောက် တော်လှန်ရေးရဲဘော်များအပေါ် ရက်စက်ယုတ်မာလှသော ဗြိတိသျှအစိုးရ၏ လက်ပါးစေများ လက်ချက်ဖြင့် သရက်ထောင်ကြီးတွင် ကျွန်တော်အပါအဝင် ရဲဘော်ပေါင်း ၂၀၀ နီးပါးခန့်မှာ အကျဉ်းခံနေကြရရှာတော့သည်။ ထိုအထဲတွင် ကျွန်တော်နှင့် ရဲဘော် ၆ ယောက်မှာ ဖက်ဆစ်တော်လှန်ရေးအတွင်းက လူသတ်မှုများ ကျူးလွန်ခဲ့သည်ဟု ဆိုကာ သူတို့တရားရုံးမှ "မသေမချင်း လည်ပင်းကြိုးကွင်းတပ် သတ်စေ" ဟူသော အမိန့်ချမှတ်ခြင်းခံရသဖြင့် ကျွန်တော်တို့ရဲဘော် ၇ ဦးမှာ ကျဉ်းကျပ်လှသော ကြိုးတိုက်ခန်းများတွင် တစ်ဦးလျှင် တစ်ခန်းကျစီ နေကြရပါသည်။

ထိုအချိန်က ဗမာပြည်၏ဘုရင်ခံမှာ ဆာဒေါ်မန်စမစ်ဖြစ်၍ နန်းရင်းဝန်မှာ ဆာပေါ်ထွန်းဖြစ်သည်။ အမျိုးသားတပ်ပေါင်းစုကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ဖဆပလအဖွဲ့ချုပ်ကြီးမှာ လူမျိုးရေးအဖွဲ့အစည်းများ၊ လုပ်သားအဖွဲ့အစည်း အသီးသီးများအပြင် အစိုးရလခစားများနှင့် ပုလိပ်အဖွဲ့ကြီးပင် ပါဝင်စည်းရုံး၍ ဗမာ့လွတ်လပ်ရေးအတွက် အုံကြွအရေးဆိုနေကြသည်နှင့်အမျှ ဗြိတိသျှအစိုးရကလည်း တစ်ဖက်တွင် သွေးမြေကျ ထန်းတစ်ပင်သေနတ်ပစ်မှုကြီးနှင့်တကွ အမျိုးမျိုးသော ဖိနှိပ်ရက်စက်မှုများဖြင့် အဓမ္မအုပ်စိုးနေချိန်ဖြစ်ရာ အမှုဆင်၍ ထောင်ချခံနေရသောရဲဘော်များ၏ လွတ်မြောက်ရေးမှာ မျှော်လင့်ချက် ကုန်ဆုံးနေတော့သည်။ အထူးသဖြင့် ကြိုးမိန့်သေဒဏ်အပေးခံနေရသော ကျွန်တော်နှင့်တကွ ရဲဘော် ၆ ယောက်အဖို့တွင် ဟိုက်ကုတ်တရားရုံးသို့ အယူခံဝင်ရာတွင် ကျွန်တော်မှအပ ကျန်ရဲဘော် ၆ ဦးကိုသာ သေဒဏ်အပြစ်မှလွတ်ကာ တစ်သက်တစ်ကျွန်း အနှစ် ၂၀ ထောင်ဒဏ်သို့ လျှော့ချအပြစ်ခံစေပြီး ကျွန်တော်၏အယူခံကို ပယ်လိုက်ကာ အောက်ရုံးအမိန့်အတိုင်း သေဒဏ်ကိုသာ အတည်ပြုလိုက်ပါသည်။

ကျွန်တော် ကျခံရသော အပြစ်ဒဏ်မှာ လူသတ်မှု ၂ မှုဖြင့် စွဲဆိုခံရခြင်းဖြစ်၍ တစ်မှုအတွက် သေဒဏ်ကြိုးမိန့်နှင့် နောက်တစ်မှုအတွက်လည်း သေဒဏ်ကြိုးမိန့်ပင်ဖြစ်ရာ လူတစ်ယောက်ကို ၂ ခါသတ်၍ မရနိုင်သဖြင့် အမှု ၂ မှုပေါင်း၍ ကြိုး ၂ကြိုးကို တစ်ပါတည်းခံစေဟု အမိန့်ချလိုက်သဖြင့် ကျွန်တော့်အဖို့ မျှော်လင့်ချက်မရှိသလောက် ဖြစ်နေပါတော့သည်။

ကျွန်တော်၏ အယူခံလွှာကို ဟိုက်ကုတ်တရားရုံးမှ ပယ်ချလိုက်ပြီးနောက် ကြိုးတိုက်ခန်းကလေးထဲတွင် ၃ လခန့်နေပြီးအချိန်တွင် ဖဆပလ တပ်ပေါင်းစုကြီး၏ အုံကြွအရေးဆိုမှုကို ထိတ်လန့်လာသော ဗြိတိသျှ အစိုးရသည် အသွင်တစ်မျိုးပြောင်းလဲကာ ဗိုလ်ချုပ်အမှူးပြုသော ဖဆပလခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး... မည့် အခြေအနေအထိ လင်းရောင်ခြည်ကလေး ပေါ်... တော့သည်။ ဤအချိန်တွင် ဘုရင်ခံ ဒေါ်မန်စမစ်လည်း ဝမ်းကိုက်ရောဂါရှိသည်ဆိုကာ ခွင့်ယူ၍ အင်္ဂလန်သို့ ပြန်သွားတော့ရာ စစ်ဗိုလ်ချုပ်တစ်ဦးဖြစ်သူ မေဂျာ... နရယ်ဆာဟူးဘတ်ရန့်(စ်)မှာ ဘုရင်ခံအဖြစ် ရောက်... ပြီး ဗိုလ်ချုပ်အောင်ဆန်းကို ခေါ်ယူကာ ဆွေးနွေး... ရတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ဖဆပလအဖွဲ့ချုပ်... အမှုဆောင်များနှင့် ဆွေးနွေးတိုင်ပင်ပြီးနောက် ဖဆပလ... ၏သဘောတူညီချက်အရ ဘုရင်ခံ၏ အုပ်ချုပ်ရေး... အတိုင်ပင်ခံကောင်စီတွင် ပါဝင်ဆောင်ရွက်ရန် လက်... လိုက်သည့်အချိန်မှစပြီး ဗြိတိသျှနယ်ချဲ့လက်ပါးစေ... ၏ ဖိနှိပ်ချုပ်ချယ်မှုများ အနည်းငယ် လျော့ပါးလာတော့သည်။

ဘုရင်ခံ၏ အတိုင်ပင်ခံကောင်စီတွင် ဗိုလ်ချုပ်... ပါဝင်ဆောင်ရွက်နေချိန်အတွင်း ဟိုက်ကုတ်တွင် အယူခံ... ရှုံးသော ကျွန်တော်၏အမှုအတွက် သခင်မြ၊ ဦးဗဆွေ... ဦးဝင်း၊ ဗိုလ်မှူးအောင်၊ ဦးကျော်မြင့်ကလေး စသော... ခေါင်းဆောင်များ၏ ကြိုးပမ်းမှုဖြင့် နောက်ဆုံး ဘုရင်... ထံ အသနားခံစာ တင်သွင်းရတော့သည်။ တစ်ဖက်တွင်လည်း နိုင်ငံရေး အုံကြွအရေးဆိုမှုအနေဖြင့် ရန်ကုန်...

www.burmeseclassic.com



ဝန်တော်ကြီး နေသူရိန်ရုံကြီးတွင် လည်းကောင်း၊ ဆူးလေဘုရားရင်ပြင်ပေါ်တွင် လည်းကောင်း ဦးဝင်း၊ ဦးတင်ညွန့်၊ ဒေါ်ခင်လှတို့ ခေါင်းဆောင်၍ လူထုအစည်းအဝေးများ ကျင်းပကာ ကျွန်တော့်လွတ်မြောက်ရေးအတွက် "ဗိုလ်နေအောင်ကို ကြိုးမိန့်မှ အမြန်လွတ်ပေး" ဟူသော ကြွေးကြော်သံတို့ဖြင့် အရေးဆိုကြတော့သည်။

ကျွန်တော် အဖမ်းခံရသည့်အချိန်မှာ တပ်မတော်မှထွက်ပြီး ဆိုရှယ်လစ်ပါတီလက်အောက်ခံ ရန်ကုန်ခရိုင် ပကာသအဖွဲ့ အတွင်းရေးမှူးနှင့် ဗဟိုဈေးအစည်းအရုံး အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေချိန်ဖြစ်ရာ အဖမ်းခံရသည့်အခါတွင် ကျွန်တော်၏ လွတ်မြောက်ရေးအတွက် ရှေ့တန်းမှ ဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များတွင် အထူးသဖြင့် ဆိုရှယ်လစ်ပါတီ ဌာနချုပ်ခေါင်းဆောင်ကြီးများကိုယ်တိုင် ပါဝင်ဆောင်ရွက်ပေးတော့သည်။

ကျွန်တော်၏ သေဒဏ်မှ လွတ်မြောက်ရေး အသနားခံလွှာ ဘုရင်ခံထံ ရောက်သွားရာတွင် ဗမာပြည် နိုင်ငံရေးလှုပ်ရှားနေချိန်ဖြစ်၍ ဘုရင်ခံက ကျွန်တော်၏ အသနားခံလွှာကို စိစစ်ရန် အချိန်မရ၍ သူ၏အတွင်းဝန် မစ္စတာနက်(ရှ်) အိုင်စီအက်စ်အား တာဝန်လွှဲလိုက်ရာ ထိုအတွင်းဝန်က ကျွန်တော့်အမှုတွင် ဆိုင်ရာနယ်အရေးပိုင်နှင့် ရာဇဝတ်ဝန်တို့၏ မှတ်ချက် ပထမအမိန့်ချသော အထူးတရားသူကြီး၏စီရင်ချက်နှင့် ဟိုက်ကုတ်လွှတ်တော်တရားဝန်ကြီးချုပ်နှင့် တရားဝန်ကြီး (အင်္ဂလိပ်လူမျိုးတရားဝန်ကြီးများဖြစ်သည်)တို့၏ စီရင်ချက်များအပေါ် မူတည်၍ ...

"ဗိုလ်နေအောင်သည် အလွန်တရာ ကြောက်စရာကောင်းသူတစ်ယောက်ဟု ယုံကြည်သည်။ ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးစက်ယန္တရားကိုလည်း အထူးပင် အနှောင့်အယှက်ပေးနိုင်သူဟု ထင်မြင်သည်။ ထို့ကြောင့် သူ့အား သေဒဏ်မှအပ အခြားအပြစ်ဒဏ်သို့ လျှော့ပေါ့ပေးရန် အကြောင်းမရှိပါ" ဟု ဘုရင်ခံထံ အစီရင်ခံစာတင်သွင်းလိုက်တော့သည်။

ကျွန်တော်၏ အသနားခံလွှာကို ပယ်၍ သေဒဏ်သာ အတည်ပြုပါရန် အတွင်းဝန်က ဘုရင်ခံထံသို့ အစီရင်ခံချက်ကို သိရှိသွားသော ဗိုလ်ချုပ်မှာ ဒေါသထွက်ကာ မခံနိုင် မရပ်နိုင်ဖြစ်ပြီး ဘုရင်ခံနှင့် အရေးဆိုတော့၏။

"ခင်ဗျားတို့နဲ့ အုပ်ချုပ်ရေးမှာ လက်တွဲပြီး ဗမာ့လွတ်လပ်ရေးအတွက် ဆောင်ရွက်နေချိန်မှာ ကျုပ်ရဲ့ရဲဘော်တွေကို လူသတ်မှုနဲ့ ကြိုးမိန့်ပေးပြီး သတ်မယ်ဆိုရင် ကျုပ် မခံနိုင်ဘူး။ ဖက်ဆစ်တော်လှန်ရေးမှာ ကျုပ်ဟာ စစ်သေနာပတိဖြစ်တယ်၊ ကျုပ်အမိန့်အတိုင်း ကျုပ်လက်အောက်က စစ်ဗိုလ်စစ်သားတွေဟာ လိုက်နာရတယ်။ ဖက်စစ်တော်လှန်ရေးမှာ ရန်သူအားပေးတဲ့လူတွေ၊ ဘိုင်းပြည်သစ္စာဖောက်တွေမှန်ရင် စစ်အမိန့်အရ သတ်ရမှာပဲ။ ခင်ဗျားလည်း စစ်ဗိုလ်ချုပ် လုပ်လာတာ အထူးပြောစရာမလိုပါဘူး။ ကျုပ်အမိန့်အတိုင်း ဆောင်ရွက်တဲ့ ကျုပ်လက်အောက်က စစ်ဗိုလ်တွေ၊ စစ်သားတွေကို အရေးယူမယ်ဆိုရင် သူတို့ကို အရေးယူစရာမလိုဘူး။ အမိန့်ပေးတဲ့ ကျုပ်ကိုသာ အရေးယူနိုင်တယ်။ ကျုပ်စကားကို လက်မခံနိုင်ဘူးဆိုရင် ဘုရင်ခံရဲ့ အုပ်ချုပ်ရေးအတိုင်ပင်ခံကောင်စီမှာ ကျုပ်တို့ ပါနေလို့လည်း အပိုပဲဖြစ်မယ်" ဟု ဗိုလ်ချုပ်က ဘုရင်ခံအား အရေးဆိုတော့သည်။

ထိုအချိန်တွင် ဘုရင်ခံ၏ အနား၌ ဘုရင်ခံ၏ အတွင်းဝန်ဖြစ်သူ မစ္စတာနက်ရှ်က သူ၏ဘုရင်ခံထံ အစီရင်ခံချက်အတိုင်း ကျွန်တော့်အား ဘယ်နည်းနှင့်မျှ သေဒဏ်မှ ပြောင်းလွှဲနိုင်စရာအကြောင်း မမြင်ပါဟု နှုတ်ဖြင့် ဘုရင်ခံအား အစီရင်ခံပြန်တော့ရာ ...

ဗိုလ်ချုပ်မှာ ဒေါသ ပိုထွက်သွားပြီး အတွင်းဝန် မစ္စတာနက်ရှ်ဘက်သို့ လှည့်၍ "ဒီမှာ မစ္စတာနက်ရှ် ... ကျုပ်က ဘုရင်ခံနဲ့စကားပြောနေတာကို ခင်ဗျား ကြားကဘာမှ ဝင်ပြောစရာအကြောင်းမရှိဘူး။ ကျုပ်ဟာ ဘုရင်ခံအတိုင်ပင်ခံကောင်စီမှာ ဒုတိယသဘာပတိဖြစ်လို့ ကျုပ်က ခင်ဗျားထက် ရာထူးကြီးတယ်ဆိုတာ နားလည်ထားပါ" ဟု အော်ဟစ်ပစ်လိုက်မှ အတွင်းဝန် ငြိမ်သွားတော့သည်။

ထို့နောက် ဗိုလ်ချုပ်မှာ ဘုရင်ခံဘက်သို့ ပြန်လှည့်ပြီး "ဗိုလ်နေအောင်ရဲ့ အသနားခံလွှာကို လက်ခံပြီး သေဒဏ်မှ ထောင်ဒဏ်ကို ပြောင်းလဲပေးစေချင်တယ်။ ထောင်ဒဏ်တော့ ဘယ်နှနှစ်ချချ ကိစ္စမရှိဘူး။ နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဟာကျုပ် ကြည့်လုပ်မယ်။ ခု ကျုပ်တင်ပြတဲ့ အကြံပေးချက်ကို လက်ခံမယ်ဆိုရင် ခုပဲ ခင်ဗျားရဲ့ အတွင်းဝန်မှတစ်ဆင့် တရားဌာနအတွင်းဝန်ဆီ အမိန့်ထုတ်ပေးစေချင်တယ်" ဟု ဗိုလ်ချုပ်က ခပ်တင်းတင်းပင် အရေးဆိုလိုက်ရာ ဘုရင်ခံမှာ ချက်ချင်းပင် သူ့အတွင်းဝန်အား သေဒဏ်မှ ထောင်ဒဏ်သို့ ပြောင်းလဲလိုက်ကြောင်း တရားဌာနသို့ အမိန့်ထုတ်ရန် ညွှန်ကြားတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်ကြီးများနှင့် ပြည်သူ့ရဲဘော် ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်ပေးမှုကျေးဇူးကြောင့်သာလျှင် ယနေ့ထိ ကျွန်တော် အသက်ရှင်လျက် ဤသို့သော 'ကိုယ်တွေ့အဖြစ်အပျက်တစ်ရပ်'ကို ရေးသားတင်ပြနိုင်ပေတော့သည်။

(ဤအထက် ဖော်ပြပါအကြောင်းခြင်းရာများကို ကျွန်တော် ထောင်မှ လွတ်လာပြီးနောက် ရန်ကုန် ပြန်ရောက်သောအခါ ဆိုရှယ်လစ်ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကျော်မြင့်ကလေးက ဗိုလ်ချုပ်၏ပြောပြချက်ကို ကျွန်တော့်အား ပြန်ပြောင်းပြောပြ၍ သိရှိရခြင်းဖြစ်ပါသည်)

ဗိုလ်ချုပ်မှာ သူ၏စိတ်တွင် မှန်သည်ထင်သော ကိစ္စတစ်ရပ်ကို မဖြစ်မနေ သတ္တိရှိရှိနှင့် ပြောရဲလုပ်ရဲသော ပုဂ္ဂိုလ်ကြီးဖြစ်၍ တိုင်းပြည်နှင့် လူမျိုးအတွက် ဆောင်ရွက်ကြိုးပမ်းခဲ့သော လုပ်ရပ်များသည် ဗိုလ်ချုပ်ကျဆုံးပြီးသည့်တိုင်အောင် ကမ္ဘာပင် ကျေသော်လည်း ဥဒါန်းကား ကျေလိမ့်မည်မဟုတ်ပါပေ။

× × ×

ကျွန်တော်က ကြိုးတိုက်ခန်းကလေးထဲတွင် ကြိုးပေးသတ်မည့်ရက်ကိုသာ စောင့်မျှော်ရင်းနှင့် ဗိုလ်ချုပ်၏ ဆောင်ရွက်ချက်များကို ဘာမှ မသိနိုင်ဘဲ ဖြစ်နေပါသည်။ သေဒဏ်ကြိုးမိန့်ပေးခံရသော တရားခံအား ဟိုက်ကုတ်မှ အယူခံပယ်လိုက်သည်ဆိုသည်နှင့် တစ်ပြိုင်နက် ဘုရင်ခံထံ နောက်ဆုံး အသနားခံလွှာတစ်ချက် ရှိသေးသည်မှန်သော်လည်း ထိုရက်အတွင်း ပထမအမိန့်ချလိုက်သော အထူးစက်ရှင်တရားသူကြီးက ထိုကြိုးဒဏ်ခံရမည့် တရားခံအား ဘယ်နေ့ ကြိုးမိန့်ပေးရမည်ဆိုသော ရက်ပိုင်းအချိန်ကို သတ်မှတ်ရပေသည်။ နောက်မှ ဘုရင်ခံ ထံ အသနားခံလွှာကြောင့် ထောင်ဒဏ်သို့ အပြစ်ပြောင်း လွှဲလိုက်သည်ဆိုသော အမိန့်ရောက်မှသာ ကြိုးဒဏ်ပေး ရန် သတ်မှတ်ထားသောရက်ကို ပယ်ဖျက်လိုက်ခြင်း ဖြစ်ပေသည်။

ကျွန်တော်နေရသော ကြိုးတိုက်ခန်းကလေး အပြင်ဘက် အဝင်သံတံခါး၏ ထိပ်နားတွင် ထော ဥပဒေအတိုင်း တရားခံ၏အမည်၊ အဘအမည်၊ ကို ပေါ်ရှိ အမှတ်အသား၊ အမှုတွဲနံပါတ်နှင့် အမိန့်ချလို သော အပြစ်ဒဏ်များကို ရေးမှတ်ထား၍ ဟိုက်ကု အယူခံ ရှုံးသွားသည့်အခါ ကြိုးပေးမည့်ရက်ကို နော ထပ်ဖြည့်စွက်ရေးထားသော ကပ်ပြားတစ်ခုကို ချိတ် ထားပါသည်။

ကျွန်တော် အပြင်ထွက် ရေချိုးရချိန်တွင် ထို ပြားကို ဖတ်ကြည့်လိုက်ရာ ကျွန်တော့်အား ကြိုး သတ်မည့်ရက်မှာ (၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၆ ရ နေ့)ဖြစ်ကြောင်းကို သိရှိရပါတော့သည်။ ထိုသို့ သေ မည့်ရက်ကို သိရှိပြီးသော အချိန်မှစ၍ ကျွန်တော် သူတို့၏လက်ချက်နှင့်တော့ အသတ်မခံ၊ တစ်နည် နည်းဖြင့် ကြိုးတိုက်ခန်းမှထွက်၍ ထောင်ဖောက်ထွ ပြေးရန် အကြံပေါ်လာရာမှ တော်လှန်ရေးရဲဘော် အပေါ် လေးစားကြင်နာသော အမည်မဖော်လိုသ ထောင်မှူးကလေးတစ်ဦး၏ ထောင်တွင်းအကူအညီ လည်းကောင်း၊ ထောင်ပြင်ဘက်ရှိ ရဲဘော်များ၏ ထော ပြင်မှအကူအညီကိုလည်းကောင်း ရယူပြီး ထော လွတ် မြောက်ရန် တိတ်တဆိတ် ကြိုးစားရတော့သည

× × ×

၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၉ ရက်နေ့၊ နေ့လ နာရီ အချိန်ခန့်ဖြစ်ပါသည်။

ထောင်မှူးကြီးမှာ ကြေးနန်းစာတစ်စောင် ကျွန် ဆီ ယူလာပြီး "ကိုယ့်လူ ... ဟောဒီစာရွက်ပေါ် လ မှတ်ထိုးပါ" ဟု သံတိုင်တံခါးကြားမှ စာရွက်ကို ပေးသောကြောင့် စာရွက်ကို လှမ်းယူပြီး ဖတ်ကြည့်လို ရာ ဝမ်းသာလုံးဆို့သွားသဖြင့် ချက်ချင်း လက်မှတ် နိုင်သေးအောင် ဖြစ်နေမိတော့၏။ ဟုတ်မှ ဟုတ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ထင်လိုက်မိသေး၏။ ထောင်မှူးကြီးက ထပ်
ပြီး လက်မှတ်ထိုးရန် သတိပေးလိုက်တော့မှ လက်မှတ်
ထိုးပြီး စာရွက်ကို လှမ်းပေးကာ ကျေးဇူးတင်ကြောင်း
ပြောလိုက်ရ၏။ သံကြိုးစာထဲမှ အမိန့်စာမှာ (ဗိုလ်နေ
အောင် အား သေဒဏ်ကြိုးမိန့်မှ တစ်သက်တစ်ကျွန်း
အနှစ် ၂၀ အပြစ်ဒဏ်သို့ ပြောင်းလဲလိုက်သည်)ဆိုသော
ထောင်မင်းကြီးထံမှ အမိန့်စာပင်ဖြစ်ပါသည်။ ထို့နောက်
ကြိုးတိုက်ခန်းမှထွက်၍ ဘီကလပ်စ်(အထူးတန်း)သို့
ပြောင်းရွှေ့၍ တစ်သက်တစ်ကျွန်းစံအဖြစ် အကျဉ်းသား
ဘဝတွင် နေရစဉ်အတွင်း ကျွန်တော်၏အသက်သခင်
ကျေးဇူးရှင်နှင့် ရဲဘော်တို့၏ဖခင်ကြီး ဗိုလ်ချုပ်အောင်
ဆန်းမှာ သရက်မြို့သို့ ရောက်လာပါလျက်နှင့် ကျွန်တော်
တို့က ဗိုလ်ချုပ်ကို တွေ့ချင် မြင်ချင်ပါသော်လည်း သံတိုင်
နှင့် အုတ်တံတိုင်းကြီး ခြားနေသဖြင့် မတွေ့မြင်နိုင်သော
အကျဉ်းသားဘဝမျိုးကြောင့် ဝမ်းနည်းပက်လက်ဖြစ်ကြ
ရပါတော့သည်။

ဗိုလ်ချုပ်အား တစ်နည်းနည်းဖြင့် တွေ့နိုင်အောင်
အကြံထုတ်ရတော့သည်။ ကျွန်တော်နှင့်တကွ ရဲဘော်
တွေ သရက်ထောင်ထဲတွင် ရှိနေသည်ဆိုသောအကြောင်း
ကို ဗမာ့လွတ်လပ်ရေးအတွက် တိုင်းပြည်အဝန်း လှည့်
ပြီး တရားဟောနေရသော ဗိုလ်ချုပ်အဖို့ သတိထားမိ
ကောင်းမှ ထားမိပေလိမ့်မည်။ တို့ရဲဘော်တွေ ထောင်ထဲ
ရှိသည်ဟု ဗိုလ်ချုပ်က သိပြီး တို့ကလည်း ဗိုလ်ချုပ်ကို
တွေ့ပါရစေလို့ ခွင့်ပန်စာပေးပို့လျှင်ကား ရဲဘော်တွေကို
တကယ်ချစ်သော ဗိုလ်ချုပ်မှာ ဘယ်နည်းနှင့်မဆို တို့ဆီ
လာတွေ့လိမ့်မည် ထင်သည်ဟု အကြံပေါက်မိကာ
ကျွန်တော်၏အိပ်ခန်းဘေးရှိ အခန်းမှ ကျွန်တော်ကဲ့သို့
လူသတ်မှုဖြင့် အနှစ် ၂၀ ထောင်နန်းစံနေရသော ဗိုလ်
လှဆွေ(ဂျပန်ခေတ်၊ ဗမာ့ကာကွယ်ရေး တပ်မတော်၊
ကျွန်တော်၏ တပ်ခွဲမှ တပ်စုမှူးဖြစ်ခဲ့သူ)အား လှမ်း၍
တိုင်ပင်ရာ ...

"ဟာ ... ဗိုလ်ချုပ်နဲ့တွေ့ရမယ်ဆိုရင် သိပ်ဝမ်းသာ
တာပေါ့ အစ်ကိုကြီးရာ ... မြန်မြန်တွေ့ဖြစ်အောင် ကြိုးစား
စမ်းပါ" ဟု တိုက်တွန်းပြန်သဖြင့် လူယုံတော် ထောင်
ဗြာတာမှတစ်ဆင့် ဗိုလ်ချုပ်၏အပါးတော်မြဲ ဗိုလ်ထွန်းလှ
ထံ ညတွင်းချင်း စာရေး၍ လျှို့ဝှက်စွာ ပေးလိုက်ပါတော့
သည်။

ထိုအချိန်က ထောင်ကျရဲဘော် ၂၀၀ ခန့်ကို စုစည်း
ကာ (သရက်အကျဉ်းထောင် ပြည်သူ့ရဲဘော်တပ်ဖွဲ့)ကို
ဖွဲ့စည်းပြီး ဌာနချုပ် ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် တရားဝင်
ဆက်သွယ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်
က အကျဉ်းထောင် ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ စစ်ခေါင်း
ဆောင်အနေဖြင့် ဗိုလ်ချုပ်ထံ စာရေး အစီရင်ခံလိုက်ပါ
တော့သည်။

မှ

*ဗိုလ်နေအောင်*<br>
*စစ်ခေါင်းဆောင်*<br>
*သရက်အကျဉ်းထောင်၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့*<br>
*နေ့စွဲ ၂၆-၃-၄၇*

သို့

*သေနာပတိ*<br>
*ဌာနချုပ် ပြည်သူ့ရဲဘော်တပ်ဖွဲ့*<br>
*ခေတ္တ သရက်မြို့*

*ခင်ဗျား ...*

*ကျွန်တော် ဗိုလ်နေအောင်နှင့် ရဲဘော် ၂၀၀ ခန့်မှာ
ပြစ်မှုအမျိုးမျိုးနှင့် သရက်အကျဉ်းထောင်ထဲတွင် အကျဉ်း
ခံနေကြရသည်မှာ တစ်နှစ်နီးပါးခန့် ရှိကြပါပြီ။ ကျွန်
တော်တို့မှာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ထုတ်ခဲ့
ကြသော တပ်မတော် ရဲဘော်ဟောင်းများဖြစ်လျက်နှင့်
ဗြိတိသျှနယ်ချဲ့လက်ပါးစေတို့က အပြစ်မရှိ အပြစ်ရှာကာ
သူတို့၏ တရားရုံးများမှ လူသတ်မှု၊ ဓားပြမှုများဖြင့်
အနည်းဆုံး ထောင် ၅ နှစ်မှ တစ်သက်တစ်ကျွန်း အနှစ်
၂၀ ထိ အပြစ်ဒဏ်ပေးခြင်း ခံနေကြရပါသည်။*

*ကျွန်တော်တို့ရဲဘော်များမှာ ယခုအချိန်တွင်
အကျဉ်းသားဘဝမျိုးတွင် ပင်ပန်းဆင်းရဲစွာ ဖိနှိပ်ညှဉ်းဆဲ
မှုဒဏ်များကို ခံနေရသဖြင့် ကြိတ်မနိုင် ခဲမရနှင့် ဒေါသ
ထွက်ခြင်း၊ ဝမ်းနည်းမိခြင်းများ ဖြစ်ရသော်လည်း ဖခင်
ဗိုလ်ချုပ်အား တစ်ခဏလောက်ပင်ဖြစ်စေ တွေ့ရ၊ မြင်ရ
ပြီး ဗိုလ်ချုပ်၏ဆုံးမဩဝါဒကို ခံယူရလျှင် ကျွန်တော်*

www.burmeseclassic.com

www.burmeseclassic.com



*တို့၏အကျဉ်းသားဘဝကို နှစ်သိမ့်နိုင်စရာ အကြောင်းရှိပါသဖြင့် ကျွန်တော်တို့ထံ လာရောက်တွေ့ဆုံပါမည့် အကြောင်း လေးစားစွာ အစီရင်ခံရပါသည် ဗိုလ်ချုပ်ခင်ဗျား ...။*

*လေးစားစွာဖြင့်*
*(ပုံ)ဗိုလ်နေအောင်*

× × ×

အထက်ပါစာအတိုင်း လူယုံတော် ထောင်ပြာတာမှတစ်ဆင့် ဗိုလ်ထွန်းလှထံသို့ ချောချောမောမော ရောက်သွားပြီးနောက် တရားပွဲ အပြီးတွင် ဗိုလ်ထွန်းလှက ကျွန်တော်၏ပေးစာကို ဗိုလ်ချုပ်လက်သို့ ပေးအပ်လိုက်ရာ ဗိုလ်ချုပ်က စိတ်မြန်သူတစ်ယောက်ပီပီ ညတွင်းချင်း ထောင်ထဲသို့သွား၍ ကျွန်တော်နှင့် ရဲဘော်များကို တွေ့မည်ဟု အရေးပိုင် မစ္စတာ မလ္လိုင်း၊ အိုင်စီအက်စ်အား အကြောင်းကြားတော့သည်။

ဗိုလ်ချုပ်၏ စိတ်ဓာတ်ကို သိရှိထားပြီးဖြစ်သော အင်္ဂလိပ်အရေးပိုင်မှာ မျက်လုံးပြူးသွားပြီး "ယခုည အချိန်မှာ ထောင်ပိတ်ထားချိန်ဖြစ်ပါသည်။ ရဲဘော်တွေက များ၍ ထောင်အိပ်ခန်း ဖွင့်ပေးလျှင် ရဲဘော် မဟုတ်သော တခြား အကျဉ်းသားများပါ ရောယောင်ပြီး ထွက်လိုက်လျှင် အုပ်မနိုင် ထိန်းမရ ဖြစ်မည်စိုးပါသည်။ ဗိုလ်ချုပ်က ညတွင်းချင်း တွေ့မှဖြစ်မည်ဆိုလျှင်လည်း ဘီကလပ်စ်တွင် တစ်ဦးတည်းနေသော ဗိုလ်နေအောင် တစ်ယောက်သာ တွေ့နိုင်မည်ဖြစ်ပါသည်။ အကောင်းဆုံးနည်းမှာ အကျဉ်းသားအားလုံးပါ တွေ့နိုင်ရန် နံနက်စောစော နာရီဝက်လောက် တင်ကြိုပြီး ရဲဘော်အကျဉ်းသား အားလုံးကို အိပ်ခန်းတံခါး ဖွင့်ပေးပါမည်" ဟု တောင်းပန်သောအခါမှ ဗိုလ်ချုပ်က လက်ခံလိုက်ပြီး ဗိုလ်ထွန်းလှကို ခေါ်ကာ...

"မနက်စောစော ၅ နာရီအချိန်မှာ ထောင်ထဲခဏသွားပြီး ရဲဘော်တွေနဲ့တွေ့မယ်။ ငါ မနက် ထောင်ထဲ လာကြည့်မယ်ဆိုတာကို ဗိုလ်နေအောင်ဆီ ခုည စာရေးပေးလိုက်။ ပြီးတော့ မနက် ၆ နာရီမှာ အာလံဘက်ကူးရဦးမှာဆိုတော့ ရဲဘော်တွေကို တွေ့ဖို့ အချိန် သိပ်ရမှာမဟုတ်ဘူး။ ဒီတော့ နေအောင်ဆီ စာရေးရင် အချိန်မရလို့ အလွန်ဆုံး နာရီဝက်လောက်ပဲ တွေ့နိုင်မယ်။ ရဲဘော်တွေရဲ့ အမှုတွေကို တစ်ယောက်စီ လိုက်မေးမနေနိုင်ဘူး ... စာရွက်နဲ့ရေးထားပြီး ငါနဲ့တွေ့တော့ ဖတ်ပြရင် အချိန်နည်းနည်းနဲ့ ကိစ္စပြီးပြတ်နိုင်မယ်။ ငါ ပြောတဲ့အတိုင်း ခုည ထောင်မှူးတစ်ယောက်ယောက်က တစ်ဆင့် နေအောင့်ဆီကို စာရေးလိုက်"

အထက်ပါ ဗိုလ်ချုပ် အမိန့်အတိုင်း ည ၁၁ နာရီလောက်တွင် ထောင်မှူး ဦးသူကြွယ် (ယခု ဒုတိယ ထောင်ပိုင်ဝန်ဖြစ်နေသူ)က ဗိုလ်ထွန်းလှထံမှ စာကို ယူလာပြီး ကျွန်တော့်အား ပေးပါတော့သည်။

ထောင်မှူး၏နှုတ်မှလည်း "ဗိုလ်နေအောင်တို့တော့ ကုသိုလ်ကောင်းတာပဲ။ မနက် ၅ နာရီမှာ ခင်ဗျားတို့ရဲဘော်တွေကို ဗိုလ်ချုပ် လာတွေ့မတဲ့။ ခု ဗိုလ်ထွန်းလှက ပေးလိုက်တဲ့စာလည်း ဒီအကြောင်းဖြစ်မှာပါပဲ" ဟု ပြောပြောဆိုဆိုနှင့် နှုတ်ဆက်ပြန်သွားတော့သည်။

"ဗိုလ်ချုပ် ထောင်ထဲ လာတွေ့မတဲ့" ဟူသော သတင်းကို ကြားလိုက်ကတည်းက ကျွန်တော့်မှာ ဝမ်းသာလိုက်မိကာ စာကိုပင် ချက်ချင်းမဖောက်နိုင်သေးဘဲ တစ်ဖက်ခန်းရှိ ဗိုလ်လှဆွေအား မနက် ဗိုလ်ချုပ်လာမည့် အကြောင်းကို လှမ်းပြောလိုက်ရာ သူကလည်း ဝမ်းသာသွားတော့သည်။

ထို့နောက် ကျွန်တော်က မှန်အိမ်နားသွားပြီး ဗိုလ်ထွန်းလှစာကို ဖောက်ဖတ်လိုက်ရာ ဗိုလ်ထွန်းလှအား ဗိုလ်ချုပ်အမိန့်ပေးသည့် အထက်ဖော်ပြပါ စကားအတိုင်း ဗိုလ်ထွန်းလှ၏စာတွင် ပါရှိရာ ကျွန်တော်က ရဲဘော်တပ်ဖွဲ့ မှတ်တမ်း ဖိုင်ထဲမှ ထောင်ကျရဲဘော်များ၏ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် တရားစွဲခံရသော ပုဒ်မ အပြစ်ဒဏ်များကို ဗိုလ်ချုပ်အား ဖတ်ပြရန် စာရွက်တစ်ရွက်ပေါ်တွင် ကူးယူရေးမှတ်ရတော့သည်။

တစ်ဖက်ခန်းမှ ဗိုလ်လှဆွေကိုလည်း လှမ်း၍ နက်ဖြန် နံနက် ၅ နာရီ အိပ်တန်းဖွင့်လျှင် ရဲဘော်အားလုံး ထောင်ယူနီဖောင်းဝတ်စေပြီး အထူးသဖြင့် ရှေ့ဆုံးတန်းမှ သံခြေချင်းခတ် အကျဉ်းသား ရဲဘော်များကို တန်းစီစေရမည်။ (အကြောင်းမှာ သံခြေချင်း ခတ်ထားသော ရဲဘော်တွေကို ဗိုလ်ချုပ်မြင်လိုက်လျှင် ရဲဘော်တွေကို ပိုသနားပြီး ဗိုလ်ချုပ်စိတ်မှာ စွဲသွားလိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ယူဆတွက်ချက်မိ၍ ဤပုံ စီစဉ်စေခြင်း ဖြစ်ပေသည်)

ထောင်ဘူးဝအဝင်မှ တတိယအတွင်း သံတိုင်တံခါး ကြီး၏ ရှေ့မျက်နှာစာ ကွက်လပ်တွင် တပ်ဖွဲ့ဝင် ရဲဘော် အားလုံး တန်းစီစေပြီးနောက် တပ်မတော်တွင် အမှုထမ်း စဉ်ကအတိုင်း ညာညီ၊ နေမြဲ၊ သတိ၊ သက်သာနှင့် သေနာပတိကို အလေးပြုပုံ ပြုနည်းများကို ၂ခါ ၃ခါ လောက် လေ့ကျင့်ထားရမည်။ သေနာပတိဗိုလ်ချုပ်အား အလေးပြုပြီး စာနှင့် ရေးထားသော ရဲဘော်များ၏အမှု ကို ဖတ်ပြအစီရင်ခံမည်။

ထို့နောက် ဗိုလ်ချုပ်က မိန့်ခွန်းစကားမှာကြားမည်။ မိန့်ခွန်းပြောပြီးနောက် ဗိုလ်ချုပ်ကို အလေးပြုပြီး တန်း ဖြုတ်လိုက်ရမည်ဟု စစ်ခေါင်းဆောင်ဖြစ်သော ကျွန် တော်က ဒုတိယစစ်ခေါင်းဆောင်ဖြစ်သော ဗိုလ်လှဆွေ အား အသေးစိတ် ညွှန်ကြား ပြောဆိုရတော့သည်။

ထောင်အိပ်တန်းလျားအသီးသီးတွင် ရှိကြသော ရဲဘော်များအားလည်း ဗိုလ်ချုပ် လာတွေ့မည်ဖြစ်၍ ဤအစီအစဉ်အတိုင်း လုပ်ရမည်ဟု ညတွင်းချင်းပင် ထောင်ပြာတာများမှတစ်ဆင့် အကြောင်းကြားလိုက်ရ တော့သည်။

ဗိုလ်ချုပ်နှင့် မနက်တွင် တွေ့ရတော့မည်ဖြစ်၍ မင်းအသာကြီးသာကာ ရဲဘော်တွေ၏ ကိုယ်ရေးရာဇဝင် အကျဉ်းနှင့် မှုခင်းကိစ္စများကို ရေးမှတ်ရသည်ပင် မပြီး နိုင်အောင် ဖြစ်နေပေသည်။

ဤသို့ဖြင့် လင်းအားကြီး ၃ နာရီ ထောင်သံချောင်း ခေါက်ချိန်မှ ရေးမှတ်ပြီးစီးတော့ရာ အိပ်ရာပေါ်တွင် ခါး ဆောင်းဆန့်လိုက်ရင်း ဗိုလ်ချုပ်နှင့်တွေ့ရမည်ကို တွေး တွေးပြီး ဝမ်းသာနေသဖြင့် နံနက် ၄ နာရီ သံချောင်း ပင် ခေါက်သွားတော့သည်။ ဖွတ်မိတ်၍ တစ်ရေးလောက် အိပ်ကြည့်ရာ အိပ်ပျော်သလို မပျော်သလိုနှင့် ၅ နာရီ သံချောင်းခေါက်ပြီးနောက် ထောင်မှူး ဦးသူကြွယ်က သံတံခါးလာဖွင့်ပေးသဖြင့် ကျွန်တော်လည်း အိပ်ရာမှ ထကာ မျက်နှာသစ်၊ ဇွင်အဖြူရုပ်လက်ရှည်၊ ဖင်အဖြူ ဒိတ်လုံချည်ကိုဝတ်ကာ ထောင်မှူးများထံမှ ဖော့ဦးထုပ် ၂ လုံးကို ချက်ချင်းငှားပြီး ကျွန်တော်နှင့် ဗိုလ်လှဆွေ တို့ ဆောင်းကြပါသည်။

ဗိုလ်လှဆွေမှာ တပ်ဖွဲ့တန်းစီမည့်နေရာသို့ အရင် သွားနှင့်ပြီး ကျွန်တော်၏ ညွှန်ကြားချက်အတိုင်း ရဲဘော် များကို တန်းစီကာ လေ့ကျင့်နေတော့သည်။ ၁၀ မိနစ် လောက်အကြာတွင် ကျွန်တော်က တပ်ဖွဲ့ကို သွားရောက် စစ်ဆေးရာ ဗိုလ်လှဆွေက ကျွန်တော့်ကို တပ်အပ်ပါ သည်။ ကျွန်တော် တပ်ဖွဲ့ကို စစ်ဆေးချိန်တွင် အစုအဝေး လိုက် တပ်ဖွဲ့ရဲဘော်များကိုကြည့်ပြီး၊ အထူးသဖြင့် ရှေ့ ဆုံးတန်းမှ သံခြေချင်းကြီးများနှင့် တန်းစီနေသော ရဲဘော်များကိုမြင်လိုက်ရသည့်အခါတွင် ကျွန်တော်၏ ရင်တွင်းမှ တလှပ်လှပ်ဖြစ်လာပြီး ဝမ်းနည်းသွားမိတော့ သည်။ ရဲဘော်တွေကို အကျဉ်းသားဘဝနှင့် နေ့စဉ် မြင်တွေ့နေရသော ကျွန်တော်သည်ပင်လျှင် ဤမျှ စိတ် ထိခိုက်မိသေးလျှင် ယခုအခါမှ ပထမဆုံး မြင်လိုက်ရ သော ဗိုလ်ချုပ်အဖို့ဆိုပါမူ အဘယ်မျှ စိတ်ထိခိုက်သွား ပေမည်နည်းဟု ကျွန်တော်က တွေးကြည့်လိုက်မိသည်။

၅ နာရီခွဲရန် ၅ မိနစ်လောက်အလိုတွင် "ဗိုလ်ချုပ် လာနေပြီ" ဟု ထောင်မှူးကလေးတစ်ယောက်က အပြေး လာပြောရှာသည်။ ကျွန်တော်က "ဗိုလ်ချုပ်လာနေပြီ" ဟု သတိပေးလိုက်ပြီးနောက် ထောင်ဘူးဝဘက်ဆီသို့ အာရုံစူးစိုက်နေမိတော့သည်။

မကြာမီ မိနစ်ပိုင်းအတွင်း ပထမ သစ်သား တံခါးမ ကြီး ပွင့်လာပြီး ထောင်မှူးတစ်ယောက်နှင့်အတူ ဗိုလ်ချုပ် ၏ကိုယ်ရံတော် လက်ဖတင်နှင့် ဗိုလ်သန်းဝင်း (ယခု ဗမာ့တပ်မတော် ဗိုလ်မှူးဖြစ်နေသူ)ဝင်လာပြီး ထောင်မှူး၊ ထောင်ပိုင်ရုံးခန်းများသို့ဝင်၍ ကြည့်ရှုစစ်ဆေးပြီးနောက် ပြန်ထွက်သွားပါသည်။

နောက်မကြာခင် ထိုတံခါးမကြီး ပြန်ပွင့်လာပြီး ထောင်ပိုင်၊ အရေးပိုင်နှင့် ကိုယ်ရံတော်တို့ ရှေ့ဆောင် လမ်းပြဖြင့် ဗိုလ်ချုပ် ဝင်လာပါတော့သည်။ ဗိုလ်ချုပ် နောက်ဆွယ်မှ ဦးကျော်မြင့်ကလေး၊ ဌာနချုပ် ဖဆပလ မှ လူကြီး ၂ဦး၊ သရက်မြို့ ဖဆပလမှ ဥက္ကဋ္ဌ ဦးကျော် ညွန့်(ရေ့နေ)၊ ဗိုလ်ချုပ်အပါးတော်မြဲ ဗိုလ်ထွန်းလှနှင့် ရာဇဝတ်ဝန် ထောင်မှူးများပါ လိုက်ပါလာကြတော့ သည်။

ဒုတိယ သံတိုင်တံခါးကြီး ပွင့်လာပြန်တော့သည်။ ဗိုလ်ချုပ်ကို တွေ့မြင်ရသည်မှာ မျက်နှာမှာ ပင်ပန်း နွမ်းရိ

www.burmeseclassic.com

www.burmeseclassic.com



နေပုံရသည်။ ဗိုလ်ချုပ်ဝတ်ထားသော ကာကီယူနီဖောင်းမှာလည်း လျော့ရဲရဲနှင့် အနည်းငယ် ညစ်ထေးနေသည်။ ရဲဘော်တွေကို တွေ့မြင်ရတော့မည်ဖြစ်၍ ဖျော့တော့နေသော မျက်နှာမှာ အနည်းငယ် ပြုံးလာဟန်ရသည်။ တတိယ သံတံခါးကို ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်က တပ်ဖွဲ့ကို အမိန့်ပေးလိုက်တော့သည်။

"တပ်ဖွဲ့ သတိ"

"သေနာပတိအား အလေးပြုရန် ညာ ကြည့်"

"နေမြဲ"

"နေအောင်ပါ၊ ရဲဘော် ၂၀၀ တို့ တန်းစီပြီး အသင့်"

ဗိုလ်ချုပ်အား တပ်ဖွဲ့အပ်လိုက်ပြီးနောက် လိုက်လံစစ်ဆေးရာတွင် ရှေ့တန်းမှ သံခြေချင်းခတ် ရဲဘော်များကို မြင်တွေ့လိုက်ရသော ဗိုလ်ချုပ်၏မျက်နှာမှာ ရုတ်ခြည်း ညှိုးသွားတော့သည်။

တပ်ဖွဲ့ကို သက်သာ အနေအထား ပေးပြီးနောက် ညက ရေးထားသော အကျဉ်းသားရဲဘော်များ၏ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် မှုခင်းကိစ္စများစာရင်းစာရွက်ကို ဗိုလ်ချုပ်အား ပေးအပ်လိုက်ပါသည်။ ဗိုလ်ချုပ်မှာ စာကို ဖတ်ပြီးနောက် ဗိုလ်ထွန်းလှလက်သို့ စာရင်းစာရွက် ပေးလိုက်ပါသည်။ ထို့နောက် ဗိုလ်ချုပ်က ရဲဘော်များအား မိန့်ခွန်းစကား ပြောပါသည်။

"ရဲဘော်တွေနဲ့ ခုလို မမျှော်လင့်ဘဲ တွေ့ရတာ ငါ့အဖို့ ဝမ်းသာဝမ်းနည်းဖြစ်မိသလို ရဲဘော်တွေကလည်း ငါ့ကို တွေ့လိုက်ရတော့ ဝမ်းသာ ဝမ်းနည်းဖြစ်မှာပဲ။ မင်းတို့ခေါင်းဆောင် ဗိုလ်နေအောင်ဆီက ထောင်ထဲက ရဲဘော်တွေက ဗိုလ်ချုပ်ကို တွေ့ချင်မြင်ချင်၊ ဆုံးမစကား ကြားချင်ကြတဲ့အတွက် ဗိုလ်ချုပ်လာတွေ့ဖို့ အစီရင်ခံစာရတော့ ညတွင်းချင်း တရားဟောပြီးတဲ့အချိန်မှာ မင်းတို့ဆီလာဖို့ ငါ စိတ်ကူးလိုက်တယ်။ ဒါနဲ့ အရေးပိုင်မေးကြည့်တော့ ထောင်အိပ်တန်းဖွင့်ရင် တခြားထောင်သားတွေပါ ရဲဘော်တွေနဲ့ ရောယောင်ပြီးလိုက်ရင် မထိန်းနိုင် မသိမ်းနိုင်ဖြစ်မှာ စိုးရိမ်ရတယ်လို့ အရေးပိုင်က ပြောတာနဲ့ပဲ ခု မနက်စောစောလာတွေ့တာပဲ။ မင်းတို့နဲ့တွေ့တုန်း စကားများများပြောချင်ပေမယ်လို့ ငါ့မှာ အားချိန်ကို မရဘူး။ ၆ နာရီခွဲဆိုရင် အာလံအရောက် ကူးရဦးမယ်။ ဒီတော့ မင်းတို့ကို ငါ ခပ်တိုတိုပဲ မှာခဲ့မယ်။ ရဲဘော်ဆိုတာ ဘယ်ဘဝမျိုးမှာရောက်ရောက် ရဲဘော်စိတ်မွေးရမယ်။ ရဲဘော်ကျင့် ကျင့်ရမယ်။ ရဲဘော်တွေဟာ ထောင်သားအားလုံးရဲ့ စံနမူနာပြဖြစ်စေရမယ်။ ထောင်စည်းကမ်း ဥပဒေတွေကို လိုက်နာရမယ်။ ထောင်ကျခံနေရတာမျိုးကတော့ ကောင်းတာမဟုတ်ဘူး။ ဒါပေမဲ့ မင်းတို့ ခံလက်စနဲ့ သည်းခံနေကြဦး။ ငါတို့ လွတ်လပ်ရေးရဖို့ မနားမနေလုပ်နေတယ်။ အလွန်ဆုံးကြာရင် တစ်နှစ်ပဲ ...အဲ... လွတ်လပ်ရေးရတာနဲ့ မင်းတို့ကိုလည်း ပြန်စစ်ဆေးပြီး မတရားခံရတဲ့ ရဲဘော်တွေမှန်ရင် အားလုံး လွတ်ပစ်မှာပဲ၊ ဒီတော့ ထောင်ထဲမှာ ဆူဆူပူပူမလုပ်နဲ့။ ထောင်အာဏာပိုင်တွေက မတရားဖိနှိပ်ရင် အရေးပိုင်ကတစ်ဆင့် ငါ့ဆီကို စာနဲ့ရေးပြီး လှမ်းတိုင်နိုင်တယ်။ ငါ အချိန်မရဘူး ... ဒီလောက်ပဲ ပြောခဲ့မယ်။ နေအောင်က ဘာပြောချင်သေးသလဲ"

ကျွန်တော်က ထောင်သားတွေအပေါ် အထူးသဖြင့် ရဲဘော်တွေအပေါ်မှာ ထောင်အာဏာပိုင်တချို့က ဖိနှိပ်ချုပ်ချယ်ပုံ၊ မတရားအလုပ်ခိုင်းပုံ၊ လူလိုမစားရ မသောက်ရပုံ၊ ထောင်ဟာ အကျဉ်းသားတွေရဲ့ ပျက်စီးနေတဲ့ အကျင့်စာရိတ္တတွေကို ပြုပြင်ပေးရမည့်အစား ပိုပြီး ပျက်စီးဆိုးသွမ်းအောင် ဖန်တီးပေးနေပုံ၊ လာဘ်ပေးလာဘ်ယူလုပ်ပုံများကို တိုင်ကြားလိုက်ရာ ထောင်ပိုင်၊ ထောင်မှူးများမှာ မျက်စိမျက်နှာ ပျက်ကုန်ကြတော့သည်။

ဗိုလ်ချုပ်က "မင်းတို့အကျဉ်းသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို စာနဲ့ရေးပြီး ငါ့ဆီပို့လိုက်" ဟု မှာကြားပြီးနောက် "ဒါပဲလား .. နောက် ဘာပြောစရာရှိသေးလဲ" ဟု မေးပြန်ရာ ...

အခွင့်အရေးသင့်ခိုက် အားလုံးဖွင့်ချ တိုင်တန်းလိုက်မည်ဟု စဉ်းစားပြီး "ဒီခရိုင်က ရာဇဝတ်ဝန်ကြီးဟာ တော်လှန်ရေးရဲဘော်ဟောင်းတွေကို အမှုဆင် ဖမ်း၊ ထောင်ချ၊ တချို့ကို ထွက်ပြေးတယ်ဆိုပြီး ပစ်သတ်ခံရကြောင်း များကိုပါမကျန် တိုင်ကြားလိုက်ရာ ရာဇဝတ် ဝန်ကြီးသာမက အရေးပိုင်ပါ မျက်နှာပျက်ကုန်ကြတော့သည်။

"အေး ... ဒီကိစ္စတွေကို တဖြည်းဖြည်းတော့ စုံစမ်း

www.burmeseclassic.com



ရေးယူမှာပဲ။ မင်း ခုနတင်ပြတဲ့ ထောင်ကျရဲဘော် ရင်းထဲမှာ မိန်းမမှုနဲ့ ရဲဘော်တစ်ယောက်တွေ့လိုက် ယ်။ ကိုယ်သောက်ကမြင်းထလို့ ခံရတာမျိုးတော့ ဘော်ဖြစ်နေပစေ၊ ငါလုပ်မပေးနိုင်ဘူး။ ကိုယ့်မိုက်ပြစ်နဲ့ ယ် ခံရရုံပဲရှိတယ်"

ဗိုလ်ချုပ်မှာ ပြောစရာရှိသမျှကို အချိန်လုပြီး ရှင်း နဲ့ ပြောင်ပြောင်ပြောပြီးနောက် တပ်ဖွဲ့၏အလေးပြုကို ကာ ပြန်သွားတော့သည်။

ကျွန်တော်လည်း ဗိုလ်ချုပ်နောက်မှ လိုက်သွားပြီး ထွန်းလှ၊ ဗိုလ်သန်းဝင်းနှင့် ဦးကျော်မြင့်ကလေး အား နှုတ်ဆက်ရတော့သည်။ နောက်ဆုံး သစ်သား ါးကြီးပွင့်သွားပြီးနောက် ဗိုလ်ချုပ်နှင့်တကွ မိတ်ဆွေ မှာ ကားများပေါ်သို့ တက်ပြီး ကျွန်တော်တို့အား ခွဲခွာသွားပါတော့သည်။ ကျွန်တော်က တစ်မျှော်ကြီး လှမ်းကြည့်နေရင်းမှ သစ်သားတံခါးကြီးက ပိတ်သွား တော့ရာ ရင်ထဲမှာ ဆို့နင့်ရင်းနှင့် ဘီကလပ်စ် အိပ်ခန်း သို့ မလှမ်းချင် လှမ်းချင်နှင့် ပြန်ခဲ့ရတော့သည်။

ဗိုလ်ချုပ် ထောင်ထဲလာတွေ့သောနေ့မှာ ၁၉၄၇ ခု၊ မတ်လ ၂၇ ရက် (ဖက်ဆစ်တော်လှန်ရေးနေ့)ကြီးဖြစ်၍ ထောင်အာဏာပိုင်များထံ ခွင့်ပန်ပြီး ထောင်အလယ်ဘူးဝ မျှော်စင်ထိပ်ရှိ အင်္ဂလိပ်ယူနီယံဂျက်အလံ လွှင့်ထူနေကျ အလံတိုင်တွင် တော်လှန်ရေးအလံကို လွှင့်ထူလိုက်ပြီး နောက်နေ့ ၁၂ နာရီအချိန်တွင် ထောင်သားအားလုံး စုဝေးစေကာ ဖက်ဆစ်တော်လှန်ရေးနေ့ အထိမ်းအမှတ် ကို ကျင်းပရပါတော့သတည်း။ ။

မြဝတီ၊ အတွဲ ၈၊ အမှတ် ၅ (မတ်-၁၉၆၀)

www.burmeseclassic.com

www.burmeseclassic.com



# ဘဝတစ်ကွေ့

## မုန်တိုင်း ဗိုလ်ရဲဒင်

ကြယ်ရောင်လေးများကား မှိတ်တုတ်မှိတ်တုတ်နှင့် လဆန်းခါစရက် ဖြစ်သည့်အလျောက် လရောင်၏ အလင်းရောင်ကလည်း စိတ်ထင်သလောက် မပေးစွမ်းနိုင်။

ဝါးပင်များကား တစ်ပင်နှင့်တစ်ပင် ထိကပ်လျက် ပေါက်နေကြသည့် လျှိုမြောင်နှင့် သစ်ပင်ဝါးပင်ကြီးများ ချုံပုတ်ကြီးများကား နဂိုက အလင်းရောင်နည်းသည့် အလျောက် ပို၍ မှောင်အောင် ဖန်တီးနေသကဲ့သို့ ရှိပေသည်။ ထိုမှောင်ရိပ်တော မျက်မည်းထဲတွင် လှုပ်လှုပ်ရွရွနှင့် ခြေသံလုံအောင် လျှောက်နေကြသည့် လူသဏ္ဍာန်တစ်အုပ်ကား တစ်တောဝင်၊ တစ်လျှိုဆင်းနှင့် မရပ်မနားတမ်း တက်နေကြသည်။

ခြေသံကို သိပ်သည်းစွာ လျှောက်နေကြရ၏။ ၎င်းတောင်စောင်း တောင်ခါးပန်း အဟက်များတွင်လည်း ကောင်း၊ မမြင်မစမ်း ဂရုစိုက် လျှောက်နေကြရ၏။ ပင်ပန်းလှသည်။ ညနာရီပြန် ၂ နာရီခန့်ရှိသော်လည်း ထိုသူတို့ကား မရပ်နားသေးပါ။ ည၏ အေးမြသော အချိန်ဖြစ်သော်လည်း သူတို့မျက်နှာမှာ ဖုန်အလိမ်းလိမ်း ချွေးတွေစိုပြီး ကျောပြင်မှ အကျီအပြင်သို့ပင် စိမ့်ထွက်နေသည်။ တစ်ချက် တစ်ချက် ခပ်ဝေးဝေးအရပ်ဆီမှ ချေဟောက်သံသည် ည၏ တိတ်ဆိတ်မှုကို ဖြိုခွင်းသွ… သည်။ လူ၏ခြေသံကြောင့်လန့်၍ ထပြေးသော … ကြွက်ကြီးများ၏ အသံများ၊ ထ၍ပျံကြသည့် မြေ… ငှက်များ၏ အသံများကလည်း တိတ်ဆိတ်ခြင်းကို ဖြို… နေသည်။

လေပယူရာတိမ်းရင်း တကျွိကျွိမြည်နေသည့် ဝါး… ချင်း ပွတ်တိုက်သံကား ပျင်းရိငြီးငွေ့ဖွယ်ကောင်းလေ… ဝါးပင်ချင်း ပွတ်တိုက်မှုကြောင့် တောမီးများကား အ… အပြား တောက်လောင်လျက် ...။ ထိုမီးရောင်ကပင် … လူစုအား လူသွားလမ်း လွယ်ကူအောင် သဘာ… အလျောက် အလင်းရောင် ဖန်တီးပေးနေပါသည်။

ထိုလူစုကား သူများ အိပ်ကောင်းသော်လည်း မ… နိုင်ပါ။ ခန့်မှန်းခြေအားဖြင့် လူ၁၅၀ ကျော်ခန့်ရှိသည်… သူတို့ကား ဗမာတစ်မျိုးလုံး ကျွန်တွင်းမှ လွတ်မြောက်… အဓမ္မ စနစ်ဖြင့် ဖက်ဆစ်ဆန်ဆန် ဗမာတစ်မျိုးလုံး… နှိပ်စက်ညှင်းပန်းနေသည့် ဖက်ဆစ်ဂျပန်အား တော်… ရင်း လွတ်လပ်ရေးရရှိရေးအတွက် ချစ်သူသက်ထား … မယား၊ သားသမီး၊ ဆွေမျိုး၊ အိုးအိမ်ပစ္စည်း… စွန့်ခွာ၍ တိုင်းပြည်အတွက် ထွက်လာခဲ့သော ဗိုလ်… အောင်ဆန်း ဦးစီးသော တော်လှန်ရေးသမားများ…

www.burmeseclassic.com



စာရေးသူ အပါအဝင် ရဲဘော်ရဲဘက်များသည် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော စစ်ဌာနချုပ်သည် တိုင်း (၇) ဗိုလ်မှူးအောင် ဦးစီးသော အနောက်တိုင်း တော်လှန်ရေး နယ်မြေတွင် သွားရောက်ပူးပေါင်း စစ်ရေးဆင်နွှဲရန် ရောက်ရှိလာကြသည်။

ကျွန်တော်တို့ အစုကို ဗိုလ်မှူးကြီးဝင်း (ယခု) ဂျပန် စစ်သံမှူးက ဦးဆောင်ခဲ့သည်။ ကျွန်တော်တို့တစ်တွေမှာ အရက်မြို့တပ်ရင်း (၆) နယ်မြေမှ ညနေ ၅ နာရီမှစပြီး အရက်နယ်မြေနှင့် မင်းဘူးနယ်မြေကြားသို့ ချီတက်ကြသည်။ ချီတက်ရာတွင် လမ်းကောင်းကို ဖဲ့ကာ တောလမ်းခရီးဖြင့်သာ အပြင်းချီတက်ခဲ့ကြသည်။ ငလှိုင်ချုံရွာသို့ တောင်ကုန်းများကို ကျော်လွှားကာ ရောက်ရှိခဲ့ကြသည်။ မနေ့ညကလည်း အောင်လံမှ သီတုန်း၊ စအိုင်းဘက်ကမ်းသို့ ကူးပြီး တပ်ရင်း (၆)ဝင်း အပြင်ဘက် မြို့ရာလမ်းဘေးမြောင်းထဲတွင် အိပ်ခဲ့ကြရသည်။

ရန်ကုန်မှ ခရီးကြမ်း အချိန်မီချီတက်၍ လမ်းတစ်လျှောက်လုံး အိပ်ပျက်ခဲ့ရ၊ စားပျက်၊ ဖုန်နှင့် ချွေးစေးများ ပေကာ တစ်ကိုယ်လုံး ပေကျံနေကြသည်။

ရေလည်း မချိုးရ၊ ယခု ငလှိုင်ချုံရွာကို ည ၉ နာရီ ခန့်ရောက်သည်။ အိပ်ချင်လိုက်သည့်ဖြစ်ခြင်း။

ဗိုလ်ချုပ်အောင်ဆန်းမှာ ရွှေတောင်မြို့တွင် ဗိုလ်မှူးထွန်းအုံ(မြူမင်းကြီးဟောင်း)နှင့်အတူ တွေ့ရပြီး ရွှေတောင်မှ ပန်းတောင်းဘက်ကို ဖြတ်ကူးကာ သတ်မှတ်ထားသော နေရာသို့ ကြိုတင်သွားနှင့်ပြီ။

ဗိုလ်ချုပ်အောင်ဆန်းအား ရွှေတောင်တွင် တွေ့စဉ် က မည်သူနှင့်မျှစကား ဟက်ဟက်ပက်ပက် မပြော၊ မျက်နှာတေနှင့် ...။ သူ၏တာဝန်ကား တိုင်းပြည်တစ်ခုလုံး၏ သေရေးရှင်ရေးပါတကား။

ငလှိုင်ချုံရွာမှ ည ၁၀ နာရီခန့်တွင် ဆက်လက်ချီတက်ကြရသည်။ အိပ်ပျက်ဖနိများ၍ တောတစ်ခွင်လုံး ဆယ်ပြင်လို ရေပြင်လို ဖြစ်နေသည်။ တစ်ယောက်၏ နောက်ကိုတစ်ယောက်ကိုင်ရင်း မျက်စိမှိတ်လျှောက်ရင်း အိပ်ငိုက်သည်။ ခြေထောက်က လျှောက်လျက် မျက်စိမှိတ်ရင်း အိပ်ပျော်သည်။ မယုံမရှိနှင့် ကိုယ်တွေ့။

လမ်းခရီးတွင် ချင်းအမျိုးသားတစ်စုကို ဖမ်းဆီးနှိပ်စက်နေသော ဂျပန်တစ်စုနှင့် တွေ့၍ တိုက်ပွဲကလေး ဖြစ်ပွားရာ ကျွန်တော်တို့ဘက်မှ ဗိုလ်စိန်ထွန်း သေနတ်ဒဏ်ရာရလာသည်။ ထီးရိုးရွာအရောက် ခေတ္တအနားယူရင်း ဗိုလ်စိန်ထွန်း ကျဆုံးသွားခဲ့သည်။ ကျွန်တော်တို့မှာ ထန်းပင်ကိုမှီကာ မတ်တတ်ရပ်ရင်း သေနတ်ကို ပေါင်ကြားညှပ်ကာ ထိုင်ရင်း အိပ်ပျော်ခဲ့သည်။

ခရီးပြင်းကား ပင်ပန်းလှဘိ၏။ လမ်းခရီးတွင် လူသွားလမ်းကောင်းကလေးတွေ တွေ့ရသလို ဝါးရုံတွေကို ဖဲ့ချိုးခုတ်ထွင် လမ်းရှာ၍လည်း သွားခဲ့ရသည်။ တစ်ခါတစ်ရံ ရွာကလေးတစ်ရွာ အနားသို့ရောက်လျှင် ရွာတွင် ရန်သူ ရှိ မရှိ ကင်းထောက်စေလွှတ်သည့်အချိန် ရွာပြင်တွင် ခေတ္တနားခိုက် ခြေထောက်ကို တောင်နံရံကို ကန်၍ လူက ပက်လက်လှန်ပြီး နေရသည်။ လျှောက်ရဖန်များ၍ ခြေထောက်များ သွေးကျပြီး ရောင်ကိုင်းနေသည်။ စီးထားသော ဝက်ရည်နှင့် ချုပ်ထားသည့် ဂျပန်စစ်ဖိနပ်သည် ကြိုးပြတ်ပြီး ကွဲထွက်သည်။ ဒါကြောင့်ပဲ သွေးပြန်ကျစေရန် ခြေထောက်ကို အပေါ်သို့ ထောင်ထားရသည်။ ပင်ပန်းလွန်း၍ စစ်မြင်းကြီးပင် လူမစီးဘဲ အမော ဆို့ကာ လမ်းတွင် သေဆုံးခဲ့သည်။

အဆက်မပြတ် ချီတက်ရလွန်း၍ ဗိုလ်သာဒွန်းဦး (ယခု) ဒုဗိုလ်မှူးကြီး (ကုန်သွယ်ရေး) စိတ်တိုနေသည်။ သေနတ်ကို ဆောင့်ချလိုက်သည်။ အရပ်က ရှည်ရှည်၊ လူကပိန်ပိန်ပါးပါး၊ မောလွန်းတော့ စိတ်မရှည်နိုင်။ ဗိုလ်တင် (နှုတ်ခမ်းမွှေး) ယခု (ဒု) ဗိုလ်မှူးကြီးတင် (ဟိုတယ်နှင့် ပျော်ပွဲစားရုံ)က ဖျောင်းဖျသမား၊ ဗိုလ်ပါလေး၊ ယခု ဗိုလ်ကြီးပါ (စစ်ရုံး) ဒီကြားထဲ ဖျားပြီး သူ့မိန်းမ ဒေါ်မေစီ ရှိလျှင် ဘယ်လောက်ကောင်းမလဲတဲ့၊ ကျွန်တော်တို့ပြုံစုနေတဲ့ကြားက ညည်းညူနေသေးသည်။

နေ့ခင်းဘက် နေပူလွန်း၍ တောင်ပေါ်က တောမီးရှိန်ကြောင့် အခိုးတွေနဲ့ တံလျှပ်တွေ မျက်စိကျိန်းအောင် ရှိလှသည်။ ဒီကြားထဲ တောမီးလောင်တဲ့ ကြားတွေထဲက ဖြတ်သွားရတော့ မူးကလည်းမူး၊ မီးခိုးတွေကလည်း မျက်စိစပ်၊ တော်တော်ဒုက္ခကြီးပါပေသည်။

ကျွန်တော်နှင့်အတူ အသက်ကြီးရင့်သော အဘိုးကြီးများလည်း ပါကြသည်။ အဘမောင်မောင် (ဗိုလ်မှူး) (ဆေးတပ်) ဗိုလ်ကြီးဘကျော်၊ ဗိုလ်မှူးထွန်းအုံ၊ ဗိုလ်ထွန်းစိန်(အဆောက်အဦးမှ ဒုအင်ဂျင်နီယာ)စသော အဘိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



များလည်းပါကြသည်။ ထိုကဲ့သို့ ခရီးပြင်း နှင်ရင်း ဗိုလ်ချုပ်အောင်ဆန်း၏ ဌာနချုပ်တည်ရာ သရက်ချောင်းရွာ (မင်းတုန်းသရက်နှင့်) မင်းဘူးခရိုင်ကြားသို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်အောင်ဆန်းကား သရက်ချောင်းရွာ တောစပ် စမ်းချောင်းကလေးဆေးတွင် ကနားဖျင်းတဲယ် ကလေးတစ်လုံးနှင့် နေရှာသည်။ သူ၏အနီးတွင် ဗိုလ်မှူးစမိုက် (ယခု) ဗိုလ်မှူးကြီးလှအောင် (တောင်တက်) ဗိုလ်မှူးမင်းခေါင်၊ ဗိုလ်မှူးဇေယျ၊ ဗိုလ်မှူးခင်မောင်ကလေးတို့ ရှိကြသည်။ မကြာခဏ ဗိုလ်မှူးစိန်ဝင်း (ယခုမှူးချုပ် ပ-လ-က)၊ ဗိုလ်မှူးစိန်မှန် (ကွယ်လွန်)၊ ဗိုလ်မှူးအောင်တို့ လာရောက်ဆွေးနွေးကြသည်။ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးဗလတို့လည်း လာရောက်ကြသည်။

ကျွန်တော်တို့နှင့် အနီးကပ်ဆုံး အတူတကွ နေထိုင်ကြဆောင်ရွက်ကြရသူများမှာ ဗိုလ်မှူးဘသန်း (ဓမ္မိက) ဗိုလ်တိုက်စိုး (ပ-လ-က)၊ ဗိုလ်ခင်အောင်တင် (ဆိပ်ကမ်းဝန်) ဗိုလ်မောင်မောင်ကြီး (ရေ) (ဗိုလ်မှူး)၊ ဗိုလ်ပန်းသီး (ယခု) ဗိုလ်မှူးပန်းသီး (ပ-လ-က)၊ ဗိုလ်သာဒွန်းဦး (ကုန်သွယ်ရေး ဒုမှူးကြီး)၊ ဗိုလ်တင် (ယခုကုန်သွယ်ရေးဟိုတယ်) ဒုမှူးကြီး၊ ဗိုလ်မှူးကြီးဝင်း (စစ်သံဂျပန်)၊ ဗိုလ်မင်းလွင်(ပ-လ-က)၊ ဗိုလ်တင်ထွန်း (ဒုမှူးကြီးဟောင်း ပ-လ-က)၊ ဗိုလ်ရီအေး (ဒုမှူးကြီးပင်စင်)၊ ဗိုလ်သိန်းအောင် (စစ်ပြန်ရဲဘော်ဟောင်း အတွင်းရေးမှူး)၊ ကုန်သွယ်ရေး ကိုအုံးမောင် (ယခု ဒုမှူးကြီး၊ ကုန်သွယ်ရေး)၊ ဗိုလ်ထိန်ဝင်း (ကင်းတပ်) ဗိုလ်စောနောင်၊ ကုန်သွယ်ရေး ဗိုလ်ပါ (ယခုဗိုလ်ကြီးပါ) စစ်ရုံး၊ ဗိုလ်ထွန်းစိန်(အဆောက်အဦး အင်ဂျင်နီယာဌာန) စသည်ဖြင့် လူတော်တော်များများ ပါဝင်ကြလေသည်။

ဗိုလ်ချုပ်သည် အညာစောင် (ခေါ်) ဂျပ်ခုတ်စောင် တစ်ထည်ကို ခေါင်းထိအောင် ခြုံပြီး ဝါးဆစ်ပိုင်းကို ခေါင်းအုံးအိပ်ရင်း စဉ်းစားနေတတ်သည်။ ထိုအချိန်အခါက ဗိုလ်ချုပ်မှာ ဦးနောင်ချိုဟု အမည်ပြောင်းထားသည်။

ဗိုလ်ချုပ်အောင်ဆန်းကား မည်သည့်အခါမျှနေမှု စားမှုကိုမရွေး ကျွေးသမျှဖြစ်သလို သံပန်းကန်ပြားနှင့် စားသည်။ အိပ်ရာတွင် ခြင်ထောင်မရှိ၊ စောင်ကို ခေါင်းမြီးခြုံကာ ဝါးဆစ်ပိုင်းကို ခေါင်းအုံးအိပ်ရင်း စဉ်းစားနေ

တတ်သည်။ အတော် စိတ်ဓာတ်ရင့်သန်သည့် ပုဂ္ဂိုလ် ပါပေ။ ကျွန်တော်တို့လူစုမှာ ဗိုလ်ချုပ်၏ လုံခြုံမှုအတွက် ကင်းစောင့်ကြရ၏။

ကျွန်တော်တို့နှင့် မကြာခဏကင်းကျသူများမှာ ဗိုလ်မှူးကြီးဘသန်း၊ ကိုခင်အောင်တင်၊ ကိုစိန်တင်၊ ဗိုလ်ထ… မြင့်၊ ကိုတင်ရွှေတို့ အတူအကျများသည်။ တစ်ခါတစ်ရံ ရွာပြင် သချိုင်းတွင် ကျသည်။ ည လူခြေတိတ်၊ ရွာပြင်ကလည်း မှောင်မည်း၊ တောအလယ် မြွေကြောက်ရ… တောတိရစ္ဆာန်ကြောက်ရ၊ ရန်သူကို သတိထားရနှင့် အလစ်မပေးရဲပေ။

အချိန်မှာလည်း တဖြည်းဖြည်း ကုန်ဆုံးလာခဲ့သည်။ မေလ အလယ်ပိုင်းလောက်ရောက်သည်နှင့် မိုးက တရကြမ်း ရွာချတော့သည်။ တစ်ခါတစ်ရံ သစ်ပင်ကြီးများအောက်တွင် ခိုက်ခိုက်တုန်အောင် ချမ်းနေသော်လည်း တာဝန်အရ ချုံပုတ်ထဲမှ မထွက်ဘဲ စောင့်ရသည်။ တစ်ဦးနှင့်တစ်ဦး ကင်းအလှည့် လဲလှယ်ရာတွင် ဤ… မှောင်မည်းနေသော အချိန်ကာလတွင် နာရီကိုမမြင်နိုင်တော့ပါ။ မီးထွန်းကြည့်ရန်လည်းမဖြစ်၊ ရန်သူလက်ချက်နှင့် တွေ့မည်။ လိုလျှင်ကြံဆ နည်းလမ်းရဆိုသည့် အတိုင်း အနားတွင် တလက်လက်နှင့် ပျံသန်းနေသော ပိုးစုန်းကြူးကလေးများကို ဖမ်း၍ ဒိုင်ခွက်ပေါ် တင်လိုက်သည်။ နာရီဒိုင်ခွက်ပေါ်တွင် ပိုးစုန်းကြူးကလေးက … ကနဲ တောက်လိုက်သည့်အချိန် နာရီကို ကြည့်ရသည် ဒီနည်းဖြင့် ကင်းလဲကြရသည်။

ကင်းလဲပြီးသော်လည်း ကင်းတာဝန်မဲ့ သူ… အိပ်ရန်စီစဉ်ကြပြန်သည်။ ချုံပေါ်တွင် လွှမ်း၍တင်ထား… သည့် မိုးကာအင်္ကျီအောက်တွင် ရေစီးကြောင်းကလေး… တွေ့ရှိနေသည်။ မည်ကဲ့သို့ အိပ်၍ရပါမည်နည်း… ကျောက်တုံးကြီး အနည်းဆုံး ၃-၄ လုံးကို ရှာထား… သည်။ ခြေထောက်တွင်တစ်လုံး၊ ခါးတွင်တစ်လုံး၊ ခေါင်း… တွင်တစ်လုံး အနည်းဆုံး ၃ လုံးလောက်ခံ၍ အိပ်ပါ… မရဘဲနေမည်လား၊ အိပ်ပျက်လျှင် မတ်တတ်ရပ်လျှ… ပင် အိပ်၍ပျော်သေးသည်။

တော်လှန်ရေးအတွင်း အနည်းအများ ဆို… ဆင်းရဲခံရခြင်း၊ တိုက်ပွဲများ ရင်ဆိုင်တိုးရခြင်းကာ… တော်လှန်ရေးသမားအနေဖြင့် မဆန်းလှ…။ ရည်ရွ…

www.burmeseclassic.com

www.burmeseclassic.com



ချက်က မွန်မြတ်လှသော လွတ်လပ်ရေးပင်တည်း။ ဒါကြောင့်လည်း အဆင်းရဲခံရလည်း မဖြုံ၊ ဒဏ်ရာရ ဆော်လည်း ဝမ်းမနည်း၊ သေသော်မှမဆန်းလှ၊ ဒါက ထင်ရှင်းစေတနာ။

တိုက်ပွဲများ အကြောင်းနှင့် ကြုံတွေ့ရမှု ဆင်းရဲ ဆါင်းစုံကို ရေးသားက ရှည်အံ့မည်ထင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက ရဲဘော်တို့ ဒီယုန်မြင်၍ ဒီချုံ မထွင်ပါနဲ့။ ဒီ ချုံထွင်၍ ဒီယုန်ကို ရပါစေဟု မိန့်ကြားခဲ့ဖူးသည်။

စကား၏အဓိပ္ပာယ်အတိုချုပ်မှာ မင်းတို့တစ်တွေ ကိုယ်ရေးကိုယ်တာ မျှော်ကိုးပြီးတော့ နိုင်ငံအတွက်မလုပ်ပါနဲ့၊ နိုင်ငံအတွက် စေတနာသန့်သန့်နဲ့ လုပ်ကိုင်ရင်း ရရှိတဲ့အကျိုးခံစားခွင့်တော့ ရှိပါစေဟူသတည်း။ ။

ပြည်သူ့ကြယ်၊ အမှတ် ၂
ကောက်နုတ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ကျိုးမမက် တိုင်းပြည်အတွက် ကြိုးပမ်းခဲ့သူ သူလိုလူ နှင့် ဗမာ့တပ်မတော်၏ အုတ်မြစ်

## ဗိုလ်မှူး ဗိုလ်မင်းခေါင် (ရွှေတူ)



ဇူလိုင်လ (၁၉) ရက်နေ့ မရောက်မီ အကြို ၂ ရက် လောက်ကပင် ကျွန်တော်တွင် နေ့စဉ်နှင့်အမျှ စိတ်၏ မချမ်းသာမှု နှမြောတသမှုများနှင့် တွေ့ထိ ခံစားရပါ သည်။

ဤသို့ဖြစ်ရခြင်းကား ...

တခြား အကြောင်းတော့ မဟုတ်ပါ။ ရေတိမ်တွင် သိလျက်နှင့် နစ်ရှာခဲ့ရသည့် ကျွန်တော်၏အစ်ကိုကြီး တိုင်းပြည်၏ဖခင်ဗိုလ်ချုပ်အောင်ဆန်းကြောင့်ပင် ဖြစ်ပါ သည်။

အတိတ်ကားချပ်ကို ပြန်ပြောင်းတင်ပြရသော် ...

ဂဠုန်ဦးစောသည် နယ်ချဲ့လက်ပါးစေများနှင့် ပူး ပေါင်း၍ ဖဆပလခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း နှင့်တကွ အပေါင်းအပါများကို လုပ်ကြံရန်နှင့် တိုင်းပြည် တွင် သူပုန်ထရန် ကြံစည်နေကြသည့် သတင်းကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ ခေါင်းဆောင်များ ရရှိထားပြီး ဖြစ်လေသည်။

ထို့ကြောင့်ပင် ဂဠုန်ဦးစော၏အိမ်နှင့် သူပုန်ထရန် ကြံရာပါများအား ရှာဖွေရန် ၁၈–၇–၄၇ ခုနေ့ ညပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်တွင် အစီအစဉ်များ လုပ်ကြသည်။ နောက်နေ့ရှာဖွေရာ၌ ရဲအဖွဲ့ဝင်များအ အကူအညီပေးနိုင်ရန် ရန်ကုန်ခရိုင်အတွင်းရှိ "ပြည်သူ့ ရဲဘော်" အဖွဲ့ဝင် ရဲဘော်များအား ၁၉–၇–၄၇ နေ့ နံနက် ၈ နာရီတွင် အရန်သင့် စောင့်ဆိုင်းနေစဉ် ထိုစဉ်အ ရန်ကုန်ပြည်သူ့ရဲဘော် အဖွဲ့၏ စစ်ခေါင်းဆော ကျွန်တော် (ဗိုလ်မင်းခေါင်)အား တာဝန်ပေးထားသည် ပေးထားသည့်တာဝန်ကို ကြိုတင်ပြင်ဆင်မှုများပြုလုပ် ကျွန်တော်သည် ၁၈–၇–၄၇ နေ့ ညပိုင်းကပင် တိုက်န အသီးသီးသို့ ကွင်းဆင်း၍ ညွှန်ကြားထားပြီးဖြစ်သည်

၁၉–၇–၄၇ နေ့၌ ဗိုလ်ချုပ်အောင်ဆန်းကို ဝန်ကြ များ အစည်းအဝေးရှိ၍ ၎င်းတို့၏ လုံခြုံမှုအတွက်လည် ပြည်သူ့ရဲဘော်ဌာနချုပ် (ဒု)ခေါင်းဆောင် ဗိုလ်မှူးအော ၏ ညွှန်ကြားချက် အရ စစ်ရဲတပ်စိတ် ၂ စိတ်ကိုလည် သက်ဆိုင်ရာ ပြည်ထဲရေးဌာနဝန်ကြီး ဦးမြ ထံမှ အ ခံယူလျက် ဗိုလ်ချုပ်နှင့်အတူ သွားလေရာတွင် အ နေရန် ဗိုလ်ချုပ်အောင်ဆန်းနေအိမ် တာဝါလိန်းသို့ ပို့ ထားလိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉-၇-၄၇နေ့တွင် ရန်ကုန်ခရိုင် ပြည်သူ့ရဲတပ်ဖွဲ့ရုံးမှရောက်လာမည့် ညွှန်ကြားချက် စကားပြောကြေးနန်းကို စောင့်မျှော်စောင့်ဆိုင်းနေခဲ့သည်။

ထိုနေ့ ၁၉-၇-၄၇ နံနက်၏ ၁၀နာရီ ၄၅ မိနစ် အချိန်ခန့်တွင် မျှော်လင့်နေသည့် အမိန့်ညွှန်ကြားချက်က ရောက်မလာဘဲ "ဗိုလ်ချုပ်နှင့် ဝန်ကြီးများ အတွင်းဝန်ရုံးတွင် စက်သေနတ်များဖြင့် လုပ်ကြံခံရသည်။ အမြန်လိုက်လာပါ"ဟူသော စကားပြော တယ်လီဖုန်းသံသာ ကြားလိုက်ရသည်။

ကျွန်တော်လည်း စကားပြော တယ်လီဖုန်းကို နားထောင်နေရင်း"အသက်မှ မီပါဦးမလား"ဟု လွှတ်ခနဲ နှုတ်ဖျားမှ ထွက်သွားသည်။

ပတ်ဝန်းကျင်ရှိ ရဲဘော် ရဲမေများတို့က "ဘာဖြစ်လို့လဲဟင် ... ဘာသတင်းထူးသလဲ"ဟု ပျာယီးပျာယာ မေးကြရာ ...

"အတွင်းဝန်ရုံးမှာ ဗိုလ်ချုပ်တို့ လုပ်ကြံခံရလို့"ဟုသာ တိုတိုတောင်းတောင်း ဖြေရင်းပင် ... ကားရှိရာသို့ အပြေးသွားရင်း အတွင်းဝန်ရုံးသို့ အမြန်လိုက်ပါသွားပါသည်။

အတွင်းဝန်ရုံးတွင် ပျားပန်းခတ်မျှ ရှုပ်ထွေးနေသည်။ အဝင်အထွက်များလည်း ရှုပ်ယှက်ခတ်နေသည်။ ကျွန်တော်၏ အထူးဝင်ခွင့် လက်မှတ်ကိုပြရင်း ဗိုလ်ချုပ်ရုံးခန်းဆီသို့ ပြေးခဲ့ပါသည်။

ဗိုလ်ချုပ်ရုံးခန်း၏ နံဘေးစည်းဝေးခန်းမကြီးတွင် သွေးချင်းချင်းနီလျက် ...။

ရဲဘက်စုံစမ်းရေး အရာရှိများ၊ ထောက်လှမ်းရေး အရာရှိများလည်း စစ်ဆေးကြည့်ရှုမှုများ လုပ်ကိုင်နေကြသည်။

ကျွန်တော်လည်း ဗိုလ်ချုပ်တို့ဘယ်မှာလဲဟု စုံစမ်းရာ ဆေးရုံကြီးသို့ သယ်ယူသွားပြီဟု သိရသဖြင့် ဆက်၍ လိုက်သွားသည်။

အချိန်ကားနောက်ကျနေခဲ့ပါပြီ။

အဝတ်ဖြူဖြင့် ပတ်၍ မျက်နှာကို ဖုံးအုပ်ထားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ အလောင်းကိုသာ မြင်တွေ့ရပါတော့သည်။

ကျွန်တော်၏အားထားရာ မှီခိုရာ အစ်ကိုကြီးကား သူချစ်သော တိုင်းပြည်နှင့် ရဲဘော် ရဲမေများအား စွန့်ခွာသွားပါပြီ။

ဗိုလ်ချုပ်၏ အလောင်းနံဘေးတွင် ထိုင်နေရင်း ငိုင်နေမိသည့် ကျွန်တော်၏ နှလုံးသွေးများရပ်နေသည်လား ထင်မိပါသည်။

တသွင်သွင်စီးဆင်းနေသည့် မျက်ရည်များကိုလည်း မသုတ်မိ...။ ဗိုလ်ချုပ်၏ မျက်နှာဖုံး အဝတ်ကို လှန်၍ ထားသော ကျွန်တော်၏ လက်သည်လည်း မလှုပ်မရှား ဖြစ်နေသည်။

နောက်ပိုင်းမှ ... ဗိုလ်မှူး ... ပြည်သူ့ရဲဘော်ဌာနချုပ်မှာ ဖဆပလနှင့် အဖွဲ့ချုပ်များ၏ အလုပ်အမှုဆောင် ပူးပေါင်း အစည်းဝေးရှိလို့ ဗိုလ်မှူးကို အခေါ်လွှတ်လိုက်လို့" ဟု ...

ဗိုလ်သိန်းဝင်း (ကွယ်လွန်သူ)က ပခုံးကိုင်လျက် လှုပ်၍ ခေါ်မှပင် သတိပြန်လည်ကာ ဗိုလ်ချုပ်၏မျက်နှာဖုံး အဝတ်ကို ပြန်လည်၍ ဖုံးအုပ်လျက် ပြည်သူ့ရဲဘော်ဌာနချုပ်သို့ ပြန်လာခဲ့ပါတော့သည်။

ပြည်သူ့ရဲဘော်ဌာနချုပ်သို့ ရောက်သောအခါ သခင်နု၊ ကိုကျော်ငြိမ်း၊ ဗိုလ်မှူးအောင်၊ ကိုဗဆွေ၊ ဖဆပလ ခေါင်းဆောင်များ အဖွဲ့ချုပ်အသီးသီးတို့၏ ခေါင်းဆောင်များရောက်နေကြပါပြီ။

ကျွန်တော်လည်း အစည်းအဝေး စားပွဲဝိုင်းတွင် နေရာယူလိုက်ပါသည်။ မကြာသော အချိန်ပိုင်းတွင် အစည်းအဝေး စတင် ကျင်းပပါသည်။

အစည်းအဝေး၏ သဘာပတိ သခင်နုက "ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံးသွားသည့်အတွက် အထူးပင် တုန်လှုပ်ချောက်ချားပြီး စိတ်မကောင်းကြောင်းကို ဘုရင်ခံဆာဟူးဘတ်(စ)ရန့်(စ်)က ပြောကြားကြောင်း " စကားပလ္လင်ခံပြီးနောက် တိုင်းပြည်၏မပြီးပြတ်သေးသော လုပ်ငန်းစဉ်များကို ဆက်လက် လုပ်ကိုင်ရန် ဖဆပလမှ တာဝန်ယူ ထမ်းဆောင်မည့်ပုဂ္ဂိုလ်များစာရင်းကို ယနေ့ညနေ (၁၉-၇-၄၇)နေ့တွင် ကြေညာနိုင်ရန် စဉ်းစားဆွေးနွေးရန် တင်ပြသည်။

အတွင်းရေးမှူး ကိုဗဆွေက အစိုးရအဖွဲ့ခေါင်းဆောင်ကို ရွေးချယ်ရန်တင်ပြသောအခါ တညီတညွတ်တည်းလိုပင် လက်ရှိ တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



ကြီး သခင်နုအား ရွေးချယ် တင်မြှောက်လိုက်ကြသည်။ လစ်လပ်နေသည့် ဝန်ကြီးများနေရာအတွက် အဖွဲ့ချုပ် အသီးသီးမှ ဝန်ကြီးများ စာရင်းပေးရန် ဆွေးနွေးသည့် အခါ တစ်ယောက်တစ်ပေါက် ကိုယ့်ဆန္ဒများတင်ပြနေ သည့် အသံများ ဆူညံနေသည်။

ကျွန်တော့်မှာမူ ဤအသံများ ကြားမှ ...

"ဟေ့ ငါတော့ ... တိုင်းပြည် လွတ်လပ်ရေး ရပြီး ရင်တော့ ... နိုင်ငံခေါင်းဆောင်တဲ့နေရာက အနားယူမယ် ကွ" ဟူသော ဗိုလ်ချုပ်အသံများသာ ဝင်လာလျက် ...

ရှုတည်သော သူ၏မျက်နှာသာ ကျွန်တော့်စိတ် ဝယ် ထင်လာသည်။ ဗိုလ်ချုပ်၏အသံများသည် နားထဲမှ ကြားယောင်လာရာမှ နောက်ကြောင်း ကားချပ်တို့သည် တရေးရေး ပေါ်လာသည်မှာ ...

ကျွန်းဟိုင်နန်၏ စစ်ကျောင်းဝယ် ရဲဘော်သုံးကျိပ် ဝင် ပထမသုတ်နှင့် ဒုတိယသုတ် ရဲဘော် ၁၁ ဦးနှင့် ဂျပန်ရဲဘော်ကျောင်းသား အချို့သာ စစ်ပညာသင်ကြား နေချိန်ဖြစ်ပါသည်။

သင်တန်းပြီးဆုံး၍ ခေတ္တရဲဘော်များ ဝိုင်းဖွဲ့ထိုင်နေ စဉ် ဗိုလ်ချုပ်သည် ထမင်းချက် တာဝန်ပြီးဆုံးသဖြင့် ဝိုင်းဖွဲ့ရာသို့ ဝင်ထိုင်ရင်းပင် ...

"ဟေ့ ဘာတွေများ စကားလက်ဆုံကျနေတာလဲကွ" ဟု မေးလိုက်ပါသည်။

ကျွန်တော်ကပင် "တခြားတော့ မဟုတ်ပါဘူး၊ ဒီနေ့ သင်ကြားခဲ့ရတဲ့ သင်တန်းအကြောင်း စားမြုံ့ပြန်နေတာ ပါ ကိုကြီး ..."

"အေး ...ဒါကောင်းတဲ့ ဉာဉ်ပဲကွ၊ ဒါနဲ့ စကားမစပ် မင်းတို့ကို မေးရဦးမယ် ... ဗမာ့လွတ်လပ်ရေးရအောင် တိုက်နိုက်လို့ပြီးရင် မင်းတို့ တိုင်းပြည်အတွက် ဘာ တာဝန်တွေ ဆက်ယူမလဲ ..." ဟု မေးလိုက်ရာ ...

ရဲဘော်အချို့က စစ်တပ်တွင် ဆက်လက် အမှုထမ်း သွားမည်ဟု ဖြေ၍ တချို့ကလည်း နိုင်ငံရေး၊ တချို့က လည်း အုပ်ချုပ်ရေးပိုင်းများတွင် ဝင်ရောက်လုပ်ကိုင်ကြ မည်ဟု အသီးသီး ပြန်လည်ဖြေကြားကြသည်။

အားလုံးအဖြေများ ဆုံးသွားသည့်အခါ သူက ပြုံး လိုက်သည်။ ရဲဘော်များကို အကဲခတ်လိုက်ရင်း ...

"အေး ... အလုပ်လုပ်ရမှာတော့ စိတ်အား ထက် သန်ပြီး ဝါသနာပါတဲ့အလုပ်ကတော့ အကောင်းဆုံးပေါ့" ဟု စကားကို နိဂုံးချုပ်လိုက်ကာ အတွေးနယ်ချဲ့နေလေ သည်။

ရဲဘော်များ သူ့ကို ကြည့်၍ သဘောကျနေသည်။ ကျွန်တော်လည်း ကျွန်တော်တို့ကို ဘာလုပ်မလဲဟု မေး ခွန်းတော့ မေးသည်။ သူ့အလှည့်ကျ မဖြေဘဲ တွေးနေ သည့် သူ့အမူအရာကို မကျေနပ်၍ ကောက်ကာငင်ကာ မေးခွန်းထုတ်လိုက်မိပါသည်။

"ဒီမှာ ... ကိုကြီး ... ကိုကြီးရော လွတ်လပ်ရေး ရပြီးရင် ဘာလုပ်မလဲ"

"အေး ဟုတ်သားပဲ ... သူများမေးပြီး၊ ငါ့အလှည့် မရောက်ခဲ့ဘူး... ငါ့တာဝန်ကတော့ စစ်မှန်တဲ့ လွတ်လပ် ရေးရအောင် လုပ်ပေးမယ်၊ တိုင်းပြည်လွတ်လပ်သွားရင် အနားယူ၊ စာရေး၊ ခြံ ယာစိုက်ပျိုးပြီး အေးအေးပဲ စာဖတ် နေတော့မယ်။ဒါအကောင်းဆုံးပဲ မဟုတ်လား"ဟုဖြေရင်း မေးခွန်းဆက်လာသည်။

'ဟာ မဟုတ်တာဘဲ ...'

ဟူသော အာမေဍိတ်သံများ ဝိုင်းထဲမှ ထွက်လာပြီး နောက် ...။

ဗိုလ်လရောင် (ကွယ်လွန်သူ) က "တိုင်းပြည်ထူ ထောင်ရေးအတွက် လုပ်စရာတွေ အများကြီးကျန်သေး တာပဲ ဟု" စကားဝင်ထောက်လိုက်ရာ...

သူက "ဒါတော့ မှန်တယ် ... လွတ်လပ်ရေးကြိုး ပမ်းပြီးရင် ကိုယ်ရမယ့် အခွင့်ထူး၊ အခွင့်အရေး ခံစားနိုင် တဲ့ ကိုယ်ကျိုးများကို စွန့်နိုင်တဲ့ စိတ်ဓာတ်ကိုလည်း ခေတ်လူငယ်များအတွက် သင်ခန်းစာအဖြစ် ကျွန်တော် ပေးခဲ့ချင်တယ်။

ဒါကြောင့် လွတ်လပ်ရေးရပြီးရင် ကျွန်တော် အနား ယူမယ်လို့ ယတိပြတ် ဆုံးဖြတ်ထားတယ်"

သူ၏အဖြေကြောင့် ...

အားလုံးဆိတ်ငြိမ်သွားကြသည်။

ကျွန်တော့်တွင်မူ "ကိုယ်ကျိုးမမက် တိုင်းပြည် အတွက်သာ သူလုပ်မည်"ဟူသော ဆောင်ပုဒ်သည် အသည်းတွင် ပထမဦးဆုံး နှစ်မြုပ်ခြင်းခံလိုက်ရပါသည်။

ခေါင်းဆောင်သစ် ရွေးပွဲနှင့် ဝန်ကြီးရွေးပွဲ၏အသံ များလည်း မစဲသေးသည့် ကြားမှပင် ထင်မြင်လာသည်

www.burmeseclassic.com

www.burmeseclassic.com



ရုပ်လုံးများကား ...

ဖက်ဆစ်တော်လှန်ရေး စစ်ထွက်ချိန် ...။ ခေတ္တကြို့ပင်ကောက်မြို့၌ ရန်သူလေယာဉ်ပျံအားမှ ကင်းဝေးစေရန် မြို့၏အရှေ့ဘက်၊ ရှမ်းစုရွာ ... ကျွန်တော်၏မိဘများ တိမ်းရှောင်ပုန်းအောင်းနေသည့် ဒေသသို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးထွန်းအုံ (မြူနီစီပယ်မင်းကြီးဟောင်း)နှင့် ကျွန်တော်ပါ သုံးဦး ခေတ္တ ဝင်ရောက်နားနေခိုက် ကျွန်တော်၏ယောက်ဖ ဦးလှကျော်က ဗိုလ်ချုပ်အောင်ဆန်းကို ၎င်းသိလိုသည့် အကြောင်းခြင်းရာများကို မေးသည်မှာ ...

"ဗိုလ်ချုပ်တို့ ဂျပန်တော်လှန်ပြီးရင် လွတ်လပ်ရေးရဖို့ သေချာပြီလား ..." ဟု မေးလိုက်သည်နှင့် တစ်ပြိုင်နက်

စိတ်ရှည်စွာဖြင့် ဗိုလ်ချုပ်က "ဂျပန်တော်လှန်ရေးပြီးရင် မဟာမိတ်တွေ (အင်္ဂလိပ်)က ချက်ချင်းတော့ လွတ်လပ်ရေးပေးမယ် မဟုတ်ဘူး၊ ဆက်ပြီး အရေးဆိုရဦးမှာပဲ၊ အေးအေးဆေးဆေး အရေးဆိုလို့ မရလည်း တစ်ခါထပ်ပြီး တိုက်ဖို့၊ ယခုတည်းက ပြင်ထားရမှာပေါ့" ဟု ပြောလိုက်ရာ ...

ဦးကျော်လှက "ဟုတ်ကဲ့ နားလည်ပါပြီ၊ ဒါနဲ့ ဗိုလ်ချုပ်ကော လွတ်လပ်ရေးရပြီးရင် တိုင်းပြည်တာဝန်ကို ဆက်လက်ထမ်းဆောင်ဦးမလား" ဟု မေးသည့်အခါ

"ကျွန်တော် ... ရာထူးရာခံကြီး ဣန္ဒြေနဲ့ လုပ်ရတဲ့ အလုပ်ကို ဝါသနာ မပါဘူး၊ အေးအေးထိုင်ပြီး စာရေးမယ်၊ ဒီခြံမျိုးပဲ စိုက်စားမယ်။ မင်းသားကြီးလုပ်ပြီး ခေါင်းပေါင်းစ ထောင်ချင်သူတွေ ဆက်လုပ်ကြပါစေ" ဟု သူ၏စိတ်တွင် ရှိသည့် မူလရည်ရွယ်ချက်ကို ဖြေလိုက်ပြန်သည်။

ကျွန်တော့်စိတ်တွင် ဘာမှန်းမသိသော ဝေဒနာခံစားရပြန်ပါသည်။ မှတ်ချက်လည်း ချမိသည်။ သူကားကိုယ်ကျိုးမမက် တိုင်းပြည်အတွက်သာ စွန့်ခဲ့သူပါတကား...

နောက်အတိတ်၏ အရိပ်များ ထင်လာမှုကြောင့် ဗို၍ စိတ်၏ဆွေးမြည့်မှုများ ခံစားနေရသည့်အထဲမှပင် နောက်အရိပ်တစ်ခုလည်း ပေါ်လာပြန်ပါသည်။

တိုင်းပြည်ပြုလွှတ်တော်အတွက် ပဏာမ ညီလာခံကြီးကျင်းပနေဆဲအချိန် ရန်ကုန်ခရိုင်၊ ဖဆပလကိစ္စတစ်ခုဖြင့် ဗိုလ်ချုပ်၏နေအိမ်သို့ ကျွန်တော်ရောက်သွားခဲ့ပြန်သည်။ အလုပ်ကိစ္စများပြီး၍ ကျန်ပုဂ္ဂိုလ်များ ပြန်သွားသည့်အခါ ...

"ဟေ့ မင်းခေါင်... ခဏနေရစ်ခဲ့ဦး" ဟူသည့် သူ့အသံကြောင့် ကျွန်တော်တစ်ယောက် သူ့အိမ်တွင် ကျန်ရစ်ခဲ့သည်။

နံနက်စာ စားချိန်ရောက်နေ၍လည်း သူနှင့် ထမင်းစားရင်း စကားလက်ဆုံ ကျမိပြန်ရာ ဗိုလ်ချုပ်က စတင်ခနဲ့လိုက်သည်။

"ဘယ်နဲ့ အမတ်မင်း ...

ရှေ့ကို ဆက်ပြီး နိုင်ငံရေးပဲ လုပ်ဦးမလား၊ တိုင်းပြည့် ဝန်ထမ်းတစ်ယောက် လုပ်မလား" ဟု မေးလိုက်သည်။

**မှတ်ချက်** ။ ။ ထိုအချိန်က ကျွန်တော်သည် ကြည့်မြင်တိုင်နယ်မှ တိုင်းပြည်ပြုလွှတ်တော် အမတ်တစ်ဦးဖြစ်ပါသည်။

ကျွန်တော်က ပြုံးရင်း ...

"ကိုကြီးကလည်း လူကို မခနဲ့ပါနဲ့။

ခါတိုင်းလိုပဲ ပြောရောပေါ့"

"သြော် ...ငါက မင်းအမတ်ဖြစ်နေတော့ ကိုယ့်ရည်ရွယ်ချက်နဲ့ဘဝဟောင်းများ မေ့နေပြီလားလို့ စိတ်ကို စမ်းကြည့်တာပါ"

"ကျွန်တော့် စိတ်က တစ်သမတ်တည်းပဲ ထားပါတယ်... ကျွန်တော်ဟာ တိုင်းပြည်အတွက် မွေးလာတဲ့ သူလို့ အမြဲရင်ဝယ်ပိုက်ထားပါတယ်"

"အေး ... ငါ ဒါကို သတိပေးဖို့ ခေါ်ထားတာ၊ တက်စအရွယ်ဟာ နိုင်ငံရေးနေရာ အဆင့် ရလာရင် ဘဝင်မြင့်ပြီး လူထုနဲ့ကင်းကွာတတ်တယ်၊ ကိုယ်ကျိုးရှာတတ်တယ်... ဒါတွေမဖြစ်အောင် ကြပ်ကြပ် သတိပြု" ဟု ဆုံးမရာ ...

"စိတ်ချပါ ကိုကြီး ... ကျွန်တော် ဘဝတစ်လျှောက်လုံး အောက်ခြေ မလွတ်အောင် ကြိုးစားပါ့မယ်" ဟု ထပ်မံ၍ ကတိပေးလိုက်ပါသည်။

သူက ဝမ်းသာစွာဖြင့် ကြည့်လိုက်ရင်း ထမင်းဆက်လက်စားနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကို သေချာစွာ ကြည့်မိသည်။ သူ့ကို မေးခွန်း နှစ်ခွန်းမေးရန် စိတ်ကူးမိသည်။

သူက ထမင်းစားရင်း ကျွန်တော့်ကို အကဲခတ်သည်။ "ဘာမေးချင်လို့လဲ" ဟု လမ်းဖွင့်ပေးလိုက်သဖြင့် ...

"ကိုကြီး ... ဒီတစ်ခါ လွတ်လပ်ရေးစစ်စစ် ရပ့်မလား။ ဂျပန်ခေတ်တုန်းကလို ရွှေရည်စိမ်နဲ့ ကြုံနေဦးမှာလား" ဟု မေးလိုက်သည့်အခါ ...

သူက ထမင်းလုတ်ကို အစသတ်လိုက်ကာ "တိုတိုနဲ့ လိုရင်းဖြေရရင် လွတ်လပ်ရေးစစ်စစ်ရမယ်လို့ တွက်ထား တယ်။ မင်း စဉ်းစားကြည့်ပေါ့၊ ခုဆို တို့စိတ်ကြိုက် ဖွဲ့စည်းအုပ်ချုပ်ပုံတွေ ရေးဆွဲထားမှ လွတ်လပ်ရေး မစစ်ရင် ဘယ်ဟာကို လွတ်လပ်ရေးစစ်တယ်လို့ မင်း ပြောမလဲ" ဟု မေးလိုက်ရာ ...။

အဖြေ၏ တိကျမှုကြောင့် ငြင်းချက်ပင် ထုတ်ရန် မရှိပါ။ ကျွန်တော် လက်ခံလိုက်ပါသည်။ ထို့နောက် ကျွန်တော်ကပင် ဆက်လက်၍ ...

"ကိုကြီး .. လွတ်လပ်ရေးရပြီးရင် ကိုကြီး နိုင်ငံရေး ဆက်လုပ်မလား" ဟု မေးမိသည်။

သူကျွန်တော့်ကို စိမ်းစိမ်းဝါးဝါး ကြည့်သည်။ အတန်ကြာမျှ အကဲခတ်နေသည်။

ပြီးမှ "ဘာလဲ ... မင်းက အခုတို့အဖွဲ့ဟာ အာဏာတွေ တန်ခိုးတွေပြည့်စုံတဲ့ အခြေအနေမှာ ငါ ရာထူးရာခံတွေ လက်ခံပြီး နိုင်ငံရေးဆက်လုပ်မယ်လို့ မင်းယူဆသလား။ ဝေးပါသေးတယ်ကွာ... မင်းလည်း သိပြီးသားပါ။ ငါ စာရေးမယ်၊ ခြံစိုက်မယ်၊ နိုင်ငံရေး အနားယူမယ်၊ တိုင်း ပြည်ထူထောင်မှုကို ကျန်တဲ့လူတွေ ဆက်လုပ်ကြပေါ့၊ ငါပြမယ့် စံနမူနာတော့ ငါ ယတိပြတ်ပဲ။ ဘာဖြစ်လို့ ထပ်မေးရတာလဲ"

"ကိုကြီး ပြောခဲ့တာတွေ မယုံလို့ မဟုတ်ပါဘူး။ လက်ရှိ အခြေအနေက ကိုကြီးကို တစ်ပြည်လုံးက ဗိုလ်ချုပ်မှ ဗိုလ်ချုပ်ဖြစ်နေတုန်း... ကိုကြီးက သစ်စိမ်းချိုး ချိုးသွားရင် လူထုစိတ်ဓာတ်တွေ ကျကုန်မှာစိုးလို့ပါ"

"သူ့ရဲကောင်း ကိုးကွယ်တဲ့ ဝါဒမျိုးရှိလို့ ဘယ်ကောင်းမလဲ .... ငါရှိမှ တိုင်းပြည် တည်ဆောက်မှု လုပ်ငန်းတွေ အောင်မြင်ရမယ်ဆိုတဲ့ အယူအဆတော့ မင်းတို့ မထားနဲ့၊ တစ်ဗိုလ်တက် တစ်ဗိုလ်ဆင်း ... ငကန်းသေ ငစွေပေါ်တာမျိုးသာ ဖြစ်ရမယ်။ ဒါမှလည်း တိုင်းပြည်မှာ လူတော်လူကောင်းတွေ ပေါ်ထွန်းလာမှာပေါ့ ...။

ငါ့အနေနဲ့ လွတ်လပ်ရေး ရပြီးရင် ကိုယ်ကျိုး အားလုံးစွန့်ပြီး နေမယ်ဆိုတာ မှတ်ထားပေရော့"ဟု ပြောရင်း ထမင်းဆက်စားနေလေသည်။

ကျွန်တော်လည်း သူ၏စကားကြောင့် ထမင်းဝင် မစားနိုင်တော့ပါ။

သူ့ကိုကြည့်ရင်းသာ "ကိုယ်ကျိုးမမက် တိုင်းပြည် တွက်သာ စိတ်ထားတဲ့သူ"ဟု နှုတ်မှ တဖွဖွရွတ်မိတော့သည်။

ဗိုလ်ချုပ်မျက်နှာသာ မြင်ယောင်နေဆဲ ..."ပြည်သူ ရဲဘော်အဖွဲ့ကလည်း အခုဖွဲ့စည်းမယ့် အစိုးရအတွက် ကိုယ်စားလှယ်ပေးပါ" ဟူသော သခင်နု၏ စကားသံ ကြားမှ ပြန်၍ သတိရပါတော့သည်။

ကျွန်တော့် အသည်း၊ တိုင်းပြည်၏ အချစ်တော် ဗိုလ်ချုပ်တစ်ယောက် အမြဲတမ်းအနားယူသွားပါပြီ။

သူ့စကားအတိုင်း တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက် ဖြစ်နေပါပြီ ... ဗိုလ်ချုပ်ကဲ့သို့ "ကိုယ်ကျိုးမမက် တိုင်းပြည်တွက် သူလိုလူမျိုး" ထွန်းကားပါစေ။ ။

ပြည်သူ့ကြယ်၊ အမှတ် ၂၁ (၁၉-၇-၁၉...

## ဗမာ့တပ်မတော်၏ အုတ်မြစ်

ကမ္ဘာ့အနောက်ဘက်ခြမ်းတွင် စစ်မီးကြီးသည် တစ် ရှိန်ထိုး တောက်လောင်လာသည်။ နာဇီ –ဂျာမန်များသည်လည်း တစ်နိုင်ငံပြီး တစ်နိုင်ငံ ချဉ်းနင်း ဝင်ရောက် သိမ်းပိုက်ဆဲ ဖြစ်သည်။

ဗြိတိသျှအင်ပါယာတွင် ဘယ်တော့မှ နေမဝင်... ဝင့်ကြွားခဲ့သော နေမဝင် ဗြိတိန်နိုင်ငံ၏ နန်းရင်... ချိန်ဘာလိန်သည် နာဇီ ဂျာမန်တို့နှင့် အကြိမ်ကြိမ်ဖြေ... ပေး စေ့စပ်ခဲ့သော်လည်း နောက်ဆုံး စစ်ပိုလားသူ...

www.burmeseclassic.com

www.burmeseclassic.com



အား လိုက်လျောလွန်းလျှင် မီးခိုးမဆုံး ဖြစ်မည်ကို ရိပ်မိလာသဖြင့် ဂျာမန်တို့အား ၁၉၃၉ ခု စက်တင်ဘာလ ၃ ရက်နေ့တွင်စစ်ကြေညာ တိုက်ခိုက်ရတော့သည်။

စစ်ကြီးနှင့် ရင်ဆိုင်လာပြီဖြစ်သော ဗြိတိသျှတို့သည် လက်အောက်ခံ ကိုလိုနီနိုင်ငံများတွင် စစ်အတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ လူအကူအညီများကို နည်းမျိုးစုံဖြင့် ကြိုက်လုံးပေးကာ အကူအညီရရှိအောင် လုပ်ဆောင်ရတော့သည်။

ထိုအတွင်း ဗြိတိသျှနှင့် အမေရိကန်တို့သည် အတ္တလန္တိတ် ကြေညာချက်ကို ရေးဆွဲလျက် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ကြသော နိုင်ငံငယ်များအား လွတ်လပ်ရေးပေးမည်ဟု ကမ္ဘာသိ ပဋိညာဉ်ပေးခဲ့ကြသည်။ သို့ရာတွင် ထိုကြေညာချက်သည် ဗြိတိသျှလက်အောက်ခံ အတွင်းရှိ နိုင်ငံများနှင့် မသက်ဆိုင်ဟု ရှင်းလင်းလာပြန်သည်။

ထိုသောအခါ မြန်မာနိုင်ငံသည်လည်း အမျိုးသား စည်းလုံးရေး စိတ်ဓာတ်၊ နယ်ချဲ့ကို တော်လှန်လိုသော စိတ်ဓာတ်များသည် ပိုမိုပြင်းထန်နေချိန်ဖြစ်လေသည်။

မြန်မာနိုင်ငံ ပြည်သူတို့၏ လိုအင်ဆန္ဒသည် "လွတ်လပ်ရေး" ဖြစ်သည်။ ... သို့သော်လည်း ...

နှစ်ပေါင်း ၁၂၀ ကျော်မျှ ထင်သလို ခြယ်လှယ်ခြင်း ခံရသော မြန်မာနိုင်ငံအား ဗြိတိသျှ ကိုလိုနီသမားများက လက်လွှတ်ပေးရန် မည်သို့မျှ မစဉ်းစားခဲ့ပေ။

မြန်မာနိုင်ငံ၏သမိုင်းတစ်လျှောက်တွင် အကြမ်းဖက်နှိပ်ကွပ်ခြင်းသာ ခံစားရသော မြန်မာပြည်သားများအဖို့ စေတနာကောင်းဖြင့် လွတ်လပ်ရေးရမည် မဟုတ်ဟု ယတိပြတ် ယုံကြည်နေကြသည်။ ထိုအတွင်း အတ္တလန္တိတ် စာချုပ်၏ ရှင်းလင်း ကြေညာချက်သည် မျှော်လင့်ကြီးစွာဖြင့် စောင့်မျှော်နေသော မြန်မာလူထုအတွက် လွတ်လပ်ရေးဆောင်ရွက်ရမည့် လမ်းစဉ်သစ် ချမှတ်ရန် ဖြစ်လာသည်။

ရင်ဆိုင်တိုက်ပွဲသာလျှင် လွတ်လပ်ရေး၏ လမ်းစဉ်သစ်ဟု ချမှတ်လိုက်ပြီးနောက် ...

လွတ်လပ်ရေးတိုက်ပွဲ၏ ရှေ့ပြေး တိုက်ပွဲအဖြစ် ၁၃၀၀ ပြည့် အလုပ်သမား အရေးတော်ပုံကြီးနှင့် ကျောင်းသား အရေးတော်ပုံကြီးသည် နယ်ချဲ့အား ပြင်းထန်စွာ ယှဉ်ပြိုင်တိုက်ခိုက်ရင်း ဗိုလ်အောင်ကျော်မှအစ မြန်မာ့သားကောင်းများသည် ရှေ့တန်းမှ တိုင်းပြည်၏ လွတ်လပ်ရေးတိုက်ပွဲအတွက် အသက်များကို ပေးလှူစတေးခြင်းဖြင့် အမိတိုင်းပြည်အား ကျေးဇူးဆပ်ခဲ့ကြလေသည်။

ထို့ကြောင့်လည်း ... ဤအရေးတော်ပုံကြီးများသည် ပြည်သူတို့၏ နိုင်ငံရေးနိုးကြားမှု အထွတ်အထိပ်သို့ ပို့ဆောင်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ ရင်ဆိုင်တိုက်ပွဲသည် လူထုဆန္ဒပြပွဲဖြင့်သာ ခရီးဆုံး မရောက်နိုင်ဟု အမြော်အမြင်ရှိသော ပုဂ္ဂိုလ်များသည် ထိုစဉ်က လွတ်လပ်ရေးတိုက်ပွဲကို ရည်စူး၍

(၁) အမ်အေ ဦးမောင်ကြီး ဖွဲ့စည်းသည့် မြန်မာပြည် ရဲတပ်။

(၂) တို့ဗမာအစည်းအရုံးမှ ကြီးမှူးဖွဲ့စည်းထားသည့် လက်ရုံးတပ်ဖွဲ့နှင့်

(၃) ကျောင်းသားသမဂ္ဂမှ ဦးစီး ဖွဲ့စည်းထားသည့် "သံမဏိ"တပ်တို့သည် စစ်ပညာများကို လက်တွေ့ဆည်းပူး၍ ရင်ဆိုင်ရမည့် တိုက်ပွဲကို စောင့်မျှော်ငံ့လင့်နေသည်။

စစ်ပညာ နည်းပရိယာယ်ကို ထိုတပ်ဖွဲ့တို့သည် သင်အံ လေ့လာဆည်းပူးနိုင်ကြသော်လည်း လက်တွေ့ လက်နက်ကိုင်ဆောင် အသုံးပြုနည်းများကိုကား အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ ထိုသို့ အသုံးပြုနည်းများကို ဆောင်ရွက်နိုင်ရန် ဗြိတိသျှ လက်အောက်ခံ မြန်မာတပ်သားတို့ထံမှ အကူအညီဖြင့် ရသမျှ အခွင့်အရေးကို နည်းမျိုးစုံဖြင့် အသုံးပြုနေကြရလေသည်။

မြန်မာနိုင်ငံ ခေါင်းဆောင်များသည် ပြည်သူတို့၏ တက်ကြွလာသည့် နိုင်ငံရေးနိုးကြားမှု၏ အခွင့်ကောင်းကို လက်မလွှတ်စေခြင်းငှာ စုရုံးတိုင်ပင် ဆွေးနွေးလာကြသည်။

တို့ဗမာ အစည်းအရုံးကြီးမှ သခင်များ၏အမှုဆောင် အစည်းအဝေးကြီးတွင်လည်း ဗမာ့လွတ်လပ်ရေးအတွက် အရှေ့တစ်လွှားတွင် အင်္ဂလိပ်၊ အမေရိကန်တို့အား တိုက်ခိုက်မည်။ မည်သည့်နိုင်ငံနှင့်မဆို ပူးပေါင်း၍ လက်နက်ဖြင့် လွတ်လပ်ရေးကို တိုက်ခိုက်လိုသော လူတစ်စု၊ ဗြိတိသျှတို့နှင့် ပူးပေါင်း၍ အုပ်ချုပ်မှု အဆင့်အတန်း တိုးတက်ကောင်းမွန်အောင် တောင်းဆိုလိုသည့်

www.burmeseclassic.com

www.burmeseclassic.com



လူတစ်စုဟု နှစ်စုကွဲပြားရလေသည်။

လက်နက်ဖြင့် လွတ်လပ်ရေးကို တိုက်ခိုက်ရယူလိုသော လူစု၏ခေါင်းဆောင် သခင်မြ၏ ညွှန်ကြားမှုဖြင့် သခင်အောင်ဆန်း (ဗိုလ်ချုပ်)၊ သခင်လှမြိုင် (ဗိုလ်ရန်အောင်)တို့သည် လက်နက်အကူအညီပေးနိုင်မည့် မဟာမိတ် နိုင်ငံကို ရှာဖွေရန် တရုတ်ပိုင် ဟိုင်လီ သင်္ဘောဖြင့် မြန်မာပြည်မှ ၁၉၄၀ ခု ဩဂုတ်လ ၈ ရက်နေ့၌ ထွက်ခွာလာရာ အမွိုင်တွင် သောင်တင်နေရင်း ဂျပန်တောင်ပိုင်း စစ်ဌာနချုပ်၏ ဌာနမှူးတစ်ဦးဖြစ်သော ဗိုလ်မှူးကြီး ဇူစူကီး (ဗိုလ်မိုးကြိုး)တို့ တွေ့ဆုံရာမှ ဗြိတိသျှနှင့် အမေရိကန်တို့အား စစ်မက်ပြိုင်မည့် ဂျပန်၏ အကူအညီကို ရယူနိုင်လေတော့သည်။

သခင်အောင်ဆန်းနှင့် ကာနယ်ဇူစူကီး(ဗိုလ်မိုးကြိုး)တို့သည် မြန်မာပြည် လွတ်လပ်ရေး တိုက်ပွဲအတွက် အစီအစဉ်များ ရေးဆွဲပြီးနောက် ဂျပန်ပြည် စစ်ဘက်အုပ်ချုပ်ရေးတပ်များသို့ တင်ပြပြီး သဘောတူညီချက်ကို ရယူသည့်အခါ "ဗမာ့လက်နက်ကိုင်" တပ်မတော်တစ်ခုကို တည်ထောင်နိုင်ခြင်းငှာ မြန်မာပြည်သို့ သခင်အောင်ဆန်းသည် တိတ်တဆိတ် ဂျပန်ပြည်မှ ပြန်ဝင်လာကာ သခင်မြ အမှူးရှိသော နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များကို အသေးစိတ် ရှင်းလင်းပြသည်။

ဂျပန် - မြန်မာ ၂ ဦးတို့၏ သဘောတူညီချက်အရ မြန်မာနိုင်ငံမှ ရဲဘော် (၃) ကျိပ်တို့အား ထုတ်ဆောင်နိုင်အောင် သခင်ခေါင်းဆောင်များသည် အစီအစဉ်ပြုလုပ်လျက် ဗမာလူငယ်များကို ဂျပန်ပြည်သို့ ပို့ဆောင်ကြတော့သည်။

သခင်အောင်ဆန်းလည်း မြန်မာပြည်မှ စေလွှတ်သော မြန်မာလူငယ် ပထမ အသုတ်နှင့်ပင် ဂျပန်ပြည်သို့ ပြန်လည်ထွက်ခွာခဲ့လေသည်။ ဤသို့ဖြင့် တစ်သုတ်ပြီး တစ်သုတ် ကုန်းလမ်း၊ ရေလမ်းခရီးတို့နှင့် ဂျပန်ပြည်သို့ ပို့ဆောင်ခဲ့ရာ "ရဲဘော် သုံးကျိပ်" တို့သည် ဂျပန်သို့ ချောမောစွာ ရောက်ရှိသွားနိုင်ခဲ့သည်။

ထို ရဲဘော်သုံးကျိပ်သည် ကျွန်းဟိုင်နန်း၏ စန်းငရွာတွင် စစ်ပညာများကို လေ့လာဆည်းပူးရင်း မြန်မာနိုင်ငံသို့ ပြန်၍ ဗမာ့တပ်မတော်ဖွဲ့စည်းရေးကို တွေးတောကြံဆလျက် အစီအစဉ်များ ပြုလုပ်ရေးဆွဲနေခဲ့လေသည်။

လုပ်ငန်း ဟူသည် အမြဲ အဆင်မပြေ ဆိုသည့်အတိုင်း ရဲဘော်များ ပညာစုံ၍ ပြည်တော်ပြန်ရန် နီးလာသည့်အခါ ကမ္ဘာ့စစ်ရေး၊ နိုင်ငံရေးဇာတ်ခုံသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသည်မှာ ဂျာမနီနိုင်ငံသည် အပွဲပွဲတို့တွင် အောင်လာနိုင်သည်နှင့်အမျှ ၎င်းအား ကူညီရန် မဟာမိတ်အဖြစ် ဂျပန်၊ စပိန် (ဂျနရယ် ဖရန်ကို သူပုန်အစိုးရ) အီတလီတို့သည် မဟာမိတ်အဖြစ် ရပ်တည်လာသဖြင့် အင်အားတောင့်တင်းလာသည်နှင့်အမျှ နယ်ချဲ့ဗြိတိသျှသည်လည်း အကျပ်အတည်းမျိုးစုံဖြင့် ရင်ဆိုင်လျက် ဂျာမန်တို့၏ တိုက်ခိုက်မှုအောက်တွင် ပြားပြားဝပ်နေလေသည်။

ထိုအချိန်တွင် အရှေ့တစ်လွှား၌ ဂျပန်၏စစ်ရေးပြင်ဆင်မှုသည် မျှော်လင့်သည်ထက် ပိုမို အခွင့်အရေးကောင်းလာရာ ဂျပန်သည် မူလက မြန်မာလူငယ်များ၏ အကူအညီဖြင့် မြန်မာပြည်အား တိုက်ခိုက်ရန် အစီအစဉ်ကို စစ်ဘက်ဆိုင်ရာမှ စိတ်ဓာတ်ပြောင်းလာသဖြင့် "ရဲဘော်သုံးကျိပ်၏ ပြည်တော်ပြန်ခန်း"သည် အိပ်မက်အသွင်သို့ ဆိုက်ရောက်ရတော့သည်။

မူလ အဆက်အသွယ်ပြုလုပ်၍ လုပ်ငန်းများကို ဦးစီး ထမ်းဆောင်ရသော "ကာနယ်ဇူစူကီး"သည် ၎င်း၏ လုပ်ငန်းမှာ အရာမထင်၊ သဲထဲရေသွန်သလိုဖြစ်ရမည့် အရေးကို သိရှိသည့်အခါ ချစ်ခင်ရင်းနှီးခဲ့သော မြန်မာလူငယ်များဘက်မှ မားမားရပ်လျက် ဂျပန်အစိုးရ၏ စစ်ဘက်၊ နိုင်ငံရေးဘက်နှင့် နယ်ဘက်ဆိုင်ရာတို့တွင် အပြင်းအထန်အရေးဆိုတော့သည်။

## သတ်ဖြတ်သည်ထိ

ထိုသို့အရေးဆိုသောအခါ၌ ရင်ဆိုင်တွေ့ကြုံရသည့် ခလုတ်တံသင်းတို့အား လိုအပ်လျှင် သတ်ဖြတ်ခြင်းနည်းပါမရှောင် လုပ်ကိုင်ဆောင်ရွက်လာသည့် အချိန်မှ "ရဲဘော်သုံးကျိပ်အား ပြည်တော်ပြန်ရန် ဂျပန်အစိုးရက သဘောတူခဲ့လေသည်။ သို့ရာတွင် စစ်တပ်ဖွဲ့စည်းရေး လက်နက်၊ ရိက္ခာပစ္စည်း ထောက်ပံ့ရေး ကိစ္စများသည် ရုပ်လုံး မဖော်နိုင်ခဲ့သေးပေ။

ရုပ်လုံး မပေါ်သေးသည့် စစ်တပ် ဖွဲ့စည်းရေး လက်နက် ခဲယမ်း မီးကျောက်များကို ရရှိစေနိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဇူစူကီးသည် ဂျပန်တပ်မ (၁၀)၏ ဗိုလ်ချုပ်ကြီးဒါ၊ မေဂျာဂျင်နရယ် အီစယာနှင့် တပ်မ၏အုပ်ချုပ်ဆိုင်ရာ ကာနယ် နကာတာ စသော ပုဂ္ဂိုလ်များနှင့် ကြိမ်ဖန်များစွာ ဆွေးနွေးရလေသည်။

ကာနယ်ဇူစူကီး ကြိုးစားမှု၏ ရလဒ်ကြောင့်ပင် ဝိုင်ဝမ်ကျွန်း တမာသာတိုမြို့၌လည်းကောင်း၊ အင်ဒိုနီးနားဆေးဂုံမြို့၌လည်းကောင်း၊ ဘန်ကောက်မြို့များ သောင်မတင်ရေမကျ ဖြစ်နေရသော ဗမာ့ရဲဘော်သုံးကျိပ်အား ဘန်ကောက်မြို့တော်သို့ စုရုံးစေနိုင်သည့်ပြင် ဗမာ့လွပ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းနိုင်ရန် လိုအပ်သော ပြင်ဆင်မှုနှင့် ယိုးဒယားတွင်ရှိ မြန်မာအမျိုးအနွယ်များထဲမှ စစ်သားစုဆောင်းရန်ကို ၁၉၄၁ခုနှစ်ဒီဇင်ဘာလ ၂၆ရက် နေ့စွဲဖြင့် အမိန့်ထုတ်ဆင့်နိုင်သည့်အခြေသို့ ရောက်ခဲ့ရသည်။

ထိုအမိန့် ရရှိသည်နှင့် တစ်ပြိုင်နက် ဗိုလ်ချုပ်အောင်ဆန်းသည် ယိုးဒယား ဘန်ကောက်မြို့ရှိ မျက်စိကုဆရာဝန်ကြီး ဦးလွန်းဖေ နေအိမ်တွင် မြန်မာပြည်သို့ ချီတက်တိုက်ခိုက်မည့် ရဲဘော်များ၏ သွေးစည်းပွဲ (ဝါ) သွေးအကြိမ် သွေးသောက်ပွဲကြီးကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက် စနေနေ့တွင် ကျင်းပလေသည်။

၂၇-၁၂-၄၁ နေ့ကား ဗမာ့တပ်မတော်ကို စတင်ဖွဲ့စည်းပြီးနောက် တပ်မတော်၏ စစ်သူရဲကောင်းများ ထုတ်သည့်နေ့ ...

ဗမာ့တပ်မတော်၏ အခြေခံ ပထမ အုတ်ချပ်၏အုတ်မြစ်ကို တည်ဆောက်ခဲ့သည့်နေ့ ...

၁၉၄၁ ဒီဇင်ဘာလ ၃၀ ရက် အင်္ဂါနေ့သို့ ရောက်သောအခါ အာရှက အရှေ့တစ်လွှားရှိ ဒေသအသီးသီးတွင် သောင်တင်နေကြသော ရဲဘော်သုံးကျိပ်တို့သည် ဘန်ကောက်မြို့သို့ အရောက်ညီကြပြီဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ဒုတိယ သွေးသောက်ပွဲကျင်းပလျက် တပ်မတော်ကို စတင်အုတ်မြစ်ချခဲ့သည့် ပုဂ္ဂိုလ်များအဖြစ် တာဝန်များကို ပေးအပ်လိုက်ခြင်းဖြင့် ဒုတိယအုတ်ချပ်ကို ချထားလိုက်လေသည်။

ရဲဘော်သုံးကျိပ်လည်း ပေးအပ်ထားသည့် တာဝန်ကို ဦးဆွေးဆံမြည့်ထမ်းဆောင်ကြမည်ဟု သစ္စာအဓိဋ္ဌာန်ပြုလိုက်ကြသည်။

မြန်မာပြည်တွင်းသို့ ချီတက် တိုက်ခိုက်နိုင်ရေးအတွက် ရဲဘော်သုံးကျိပ်တို့သည် ရဲဘော်တပ်သားများ စုဆောင်းရန် (၁)ဘန်ကောက်မြို့၊ (၂)လမ်းပန်၊ (၃) မဲဆောက်၊ (၄)ကမ်းဘူရီ၊ (၅) ဇင်းမယ် စသောဒေသများသို့ သွားရောက်စုဆောင်းနိုင်ခဲ့လေသည်။

ထိုနောက် ရဲဘော်များအား ရန်သူနှင့် ယှဉ်ပြိုင်နိုင်ရန် လိုအပ်သော စစ်ပညာများကို သင်ကြားပေးပြီး 'ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး"ကို **၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်** နေ့တွင် စစ်ရေးပြ အခမ်းအနားပွဲ ကျင်းပလျက် ဖွဲ့စည်းတည်ထောင်ပြီးလျှင် **စစ်ကြောင်းကြီး ၅ ကြောင်း** ဖြစ်သော ...

၁။ ကော့သောင်းဝိတိုရိယစစ်ကြောင်း

၂။ ထားဝယ်စစ်ကြောင်း

၃။ မြဝတီစစ်ကြောင်း

၄။ ဖာပွန်စစ်ကြောင်း

၅။ ပြည်တွင်းသူပုန်အဖျက် စစ်ကြောင်းတို့ဖြင့် ချီတက်တိုက်ခိုက်ရန် အမိန့်ထုတ်ပြန်လိုက်လေသည်။

ထိုအခမ်းအနားပြီးသည့်နောက်ပိုင်းတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြင့်မားသော၊ တောတောင်ထူထပ်သော တောကြီးမျက်မည်းနက်ရှိုင်းလှသည့်မြစ်အသွယ်သွယ်တို့ကို ဖြတ်သန်း၍ သမိုင်းပေးတာဝန်အရချင်းနင်းဝင်ရောက်တိုက်ခိုက်ခဲ့တော့သည်။

ယိုးဒယားပြည်ပေါက် မြန်မာမျိုးချစ်သူရဲကောင်းများသည် မြန်မာ့လွတ်လပ်ရေးအတွက် ရာပေါင်းများစွာသော အသက်ကို ပူဇော်ခြင်းအားဖြင့် ဗမာ့တပ်မတော်၏ အုတ်မြစ်ချပွဲတွင် ပါဝင်ခဲ့လေသည်။

ဤမျှ တိုင်းပြည်အတွက် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ မိမိအသက်သွေးဖြင့် ရင်းနှီးခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည်ပင်။

မြန်မာ့မြေပေါ်ဝယ် အောင်ပွဲအဆင့်ဆင့်ရရှိလာမှုကို မကြည့်ရက်နိုင်သော မြန်မာ မျိုးဖျက်များသည်၎င်း၊ ခေါင်းပေါင်းစ ထောင်လိုသော အာဏာရူးများသည်လည်းကောင်း၊ ဂျပန်အလိုတော်ရိ သစ္စာဖောက်တို့သည် တပ်မတော်ကို ပျက်စီးအောင် ကြံဆောင်လာကြတော့သည်။

ထိုကြံဆောင်မှုများကြောင့် မြန်မာ့လွတ်လပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်နှင့် ဂျပန်ဘုရင်၏ တပ်မတော်တို့သည် တစ်ဦးပေါ်တစ်ဦး ယုံကြည်မှု ကင်းလာကြသည်။

ဂျပန်အစိုးရနှင့် ဂျပန်တပ်မတော်သည် မူလက ထားရှိခဲ့သော လွတ်လပ်ရေးကို ဆောလျင်စွာ ပေးမည့် ကတိကို မတည်သည့်အပြင် မြန်မာ့ လွတ်လပ်ရေး တပ်မတော်ကိုပင် ဖျက်သိမ်းပစ်ရန် ကြိုးစားလာတော့သည်။

တိုင်းပြည်လွတ်လပ်ရေးအတွက် စေတနာသန့်သန့်ဖြင့် တည်ဆောက်ခဲ့သည့် တပ်မတော် ...။

ပြည်သူထဲမှ ပေါက်ဖွားလာသည့် ပြည်သူ့ တပ်မတော် ...။

ကိုယ်ကျိုးမငဲ့၊ တိုင်းပြည်အတွက်သာ ဟူသော အဓိက ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့သည့် တပ်မတော်ဖြစ်၍ ဖျက်သိမ်းပစ်ရန် မလွယ်ကူဘဲ ရှိနေစဉ် ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးစားမှုကြောင့် ...

၁၉၄၂ ခု ဩဂုတ်လ ၂၆ ရက်နေ့တွင် မြန်မာပြည်အား ကာကွယ်နိုင်ရန်အတွက်ဟူသော အဓိပ္ပာယ် သက်ရောက်သည့် "ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) ကြီးကို ဖွဲ့စည်းတည်ဆောက်နိုင်ခဲ့ပြန်သည်။

ဤသို့ဖြင့် ပြိုလုဆဲဆဲ ဗမာ့တပ်မတော်ကို ခိုင်ခဲ့သော တတိယအုတ်ချပ်၏ အုတ်မြစ်သည် ထပ်ဆင့်ခြင်းဖြင့် ခိုင်မြဲလာရပြန်သည်။

ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲလာသည့်အခါ ပြည်သူတို့သည် ဝမ်းမြောက်စွာ ကြိုလင့်သည်။

မြန်မာ အမျိုးသားများသာ ဦးစီး တည်ထောင်အုပ်ချုပ်ခဲ့သည့် တပ်မတော်မျိုးကား ဤတစ်ကြိမ်သာ မျက်မှောက်ခေတ်တွင် မြင်ဖူးကြလေသည်။

အများပြည်သူ၏ ချစ်ခြင်းမေတ္တာကို ခံယူနိုင်ခဲ့သော်လည်း တပ်မတော်ရှင်သန်ကြီးထွားမှုကို မလိုလားကြသည့် နိုင်ငံရေးသမားများသည် ဝါဒမှိုင်းမျိုးစုံကို မြန်မာ့ကာကွယ်ရေးတပ်မတော်ထဲသို့ ပို့ဆောင်လျက် တပ်တွင်းညီညွတ်ရေးကို ဖျက်ခဲ့ကြသည်။

သို့ရာတွင် "တပ်မတော်သည် တိုင်းပြည်အတွက်ဖြစ်ရမည်" ဟူသော ဆောင်ပုဒ်သည် ရဲဘော်တိုင်း၏ အသည်းနှလုံးတွင် အစဉ်ကိန်းအောင်းနေပြီဖြစ်၍ မလိုသူများ၏ လုပ်ဆောင်မှုသည် မအောင်မြင်ခဲ့ပေ။

၁၉၄၃ ခု စက်တင်ဘာလ ၁၆ ရက်နေ့တွင် မြန်မာပြည်အား ဂျပန် တိုကျိုအစိုးရသည် မလွဲမရှောင်သာ အကြောင်းများကြောင့် "လွတ်လပ်ရေး အတု အယောင်" ကို ပေးအပ်ခဲ့ရလေသည်။

ဗမာ့ကာကွယ်ရေး တပ်မတော်သည်လည်း လွတ်လပ်သော ဗမာနိုင်ငံ၏ တပ်ဖြစ်ခြင်းကြောင့် မြန်မာ့ကာကွယ်ရေး တပ်မတော်"မှ "ဗမာ့တပ်မတော်"အသွင်သို့ ကူးပြောင်းလာသည်။

တပ်မတော်၏ အရည်အသွေးနှင့်ပြည့်စုံလုံလောက်အောင် အဘက်ဘက်မှ ပြုစုပျိုးထောင်လာသည်နှင့်အမျှ တပ်မတော်၏ အုတ်မြစ်သည် ပိုမို၍ ခိုင်မာလာသည်။

"တပ်မတော်"သည် ဖက်ဆစ် လွတ်လပ်ရေးအဖွဲ့ချုပ်တွင် တစ်တပ်တစ်အားအနေနှင့်ပါဝင်ကာ ဂျပန်ဖက်ဆစ်တို့အား ၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့မှစ၍ မြန်မာ့မြေပေါ်မှ တိုက်ထုတ်ခြင်းဖြင့် သမိုင်း၏ တာဝန်တစ်ရပ်ကို ထမ်းဆောင်ခဲ့လေသည်။

ဤသို့တော်လှန်ချိန်၏ ဇူလိုင်လ ၂၃ ရက်နေ့တွင် "ဗမာ့တပ်မတော်" ကို "မျိုးချစ်တပ်မတော်" ဟူ၍ အမည်ဖြင့် အုတ်မြစ်ကို ချခဲ့ပြန်သည်။

မြန်မာ့လွတ်လပ်ရေးသည်လည်းကောင်း၊ တပ်မတော်တစ်ရပ်တည်ရေးသည်လည်းကောင်း၊ မရေရာမသေချာသော ဘဝတွင်ပင် ရှိနေသေးသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် သရက်ချောင်း သရက်ချောင်းရှာ တော်လှန်ရေးဌာနချုပ်မှ ကိုယ်ရံတော် တပ်မှူး ဗိုလ်မှူးမင်းခေါင်၊ ဌာနချုပ်အရာရှိ ဗိုလ်မှူး လှအောင်နှင့်အတူ မိတ္ထီလာတွင် တပ်စခန်းချနေသော (၁၄) နံပါတ်တပ်မတော်၏ ဗိုလ်ချုပ်ကြီး ဆလင်းထံသို့ သွားရောက်အရေးဆိုခဲ့လေသည်။

ထို အရေးဆိုပွဲသည် မအောင်မြင်ခဲ့သည့်ပြင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်သိက္ခာကိုပင် ပျက်ရယ်သော ပြုခံခဲ့ရသေးသည်။

ဗိုလ်ချုပ်အောင်ဆန်းကား တပ်မတော် အုတ်မြစ် ခိုင်ခဲ့ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်၍ အပြုံးမပျက် မတုန်မလှုပ်ခဲ့ပေ။

နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်တပ်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့၏ စွမ်းအား

နိုင်ငံသမိုင်းတစ်လျှောက်၌ မကြုံဖူးသော ပြည်သူ ထု၏ ညီညွတ်သွေးစည်းမှုအင်အား

တပ်မတော်ရဲဘော်များ၏ ဆန္ဒဒီလှိုင်းများကြောင့် ၁၉၄၅)ခု၊ စက်တင်ဘာလ (၆)ရက်နေ့များတွင် မဟာ မိတ် စစ်သေနာပတိချုပ် လော့ဒ် မောင့်ဘက်တန်နှင့် ိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့သည် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့၌ ွေးနွေးပြီးနောက် မျိုးချစ်တပ်မတော်အတွက် "နောင် ရေးကို ဖန်တီးမည့် အောက်ပါ အချက်အလက်များပါ သော ကန္ဒီ စာချုပ်" ကို ချုပ်ဆိုနိုင်ခဲ့သည်။

(၁) မျိုးချစ် ဗမာ့တပ်မတော်ကို တစ်ကွဲတစ်ပြားစီ ဖျက် သိမ်း၍ တစ်ဦးစီစစ်တပ်အတွင်းသို့ သိမ်းသွင်းရန် ဟူသော ဗြိတိသျှအစိုးရ၏ မူလရည်ရွယ်ချက်ကို ရုပ်ဆိုင်းထားမည်။

(၂) ဗမာ့တပ်မတော်တွင်း၌ ဆက်လက် အမှုထမ်းရွက် လိုသူ ကျန်းမာရေးနှင့် ပြည့်စုံသည့်တပ်သား ၅၂၀၀ နှင့် အရန် ၃၀၀၀ ကို လက်ခံရန်။

(၃) ဗမာ့တပ်မတော်အား မြန်မာနိုင်ငံစစ်တပ်အတွင်း သို့ ပူးပေါင်းရန်။

(၄) တပ်မတော် ဗိုလ် (၂၀၀)၊ အရန်ဗိုလ် (၂၀၀) ကို လက်ခံရန်။

(၅) တပ်မတော်သားများနှင့် သက်ဆိုင်သော ကိစ္စအဝဝ ကိုစုံစမ်းရန်အတွက် မဟာမိတ်ကိုယ်စားလှယ်၊ တပ်မတော် ကိုယ်စားလှယ်တို့ ပူးတွဲကာ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်။

(၆) တပ်မတော်သားများသည် လစာ၊ ခွင့်ရက်၊ဆေးဝါး ကုသမှု စသော ရသင့်ရထိုက်သည့် အခွင့်ရေးများ ကိုလည်း ရရှိစေရန်။

ထိုစာချုပ်ပါ အချက်အလက်များအရ မျိုးချစ် ပ်မတော်သည် အသွင်းပြောင်း၍ ဗြိတိသျှတို့ လက် အောက်ရှိ မြန်မာနိုင်ငံ၏စစ်တပ်သို့ ဝင်ရောက်ခဲ့သည်။

"ဗမာ့တပ်မတော်" ၏ ကြီးထွား ခိုင်မာမှုသည် ရှင်သန်နေဆဲ ...။

**၁၉၄၈ – ခု ဇန်နဝါရီလ ၄ရက်တွင် မြန်မာနိုင်ငံ** သည် ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးပမ်းမှုကြောင့် အချုပ် အခြာ အာဏာနှင့် ပြည့်စုံသော မြန်မာနိုင်ငံဖြစ်လာ သည်။ တပ်မတော်သည်လည်း ဗြိတိသျှစစ်တပ်အောက် မှ ကင်းလွတ်ကာ "ဗမာ့တပ်မတော်" ကြီး အဖြစ်သို့ ရောက်ရှိခဲ့ရလေသည်။

"ဗမာ့တပ်မတော်" ၏ အုတ်မြစ်ချရာ၌ အမြင် အကြား ကဏ္ဍအားဖြင့် လွယ်ငြားသော်လည်း ဖြတ်သန်း လာရသော ခရီးလမ်းတစ်လျှောက်၏ ခလုတ်တံသင်း အပျက်အစီးများသည်လည်းကောင်း၊ အခက်အခဲ ပေါင်း စုံတို့ကား များပြားလှသည်များကို စာဖွဲ့၍ပင် မဖြစ်ပေ။

တပ်မတော်၏ အုတ်မြစ်ကား ခိုင်မာလာပြီဖြစ် သည်။

တပ်မတော်သည် ပြည်သူ၏ ရင်သွေး အစစ်ဖြစ် သည်။ ပြည်သူမှပေါက်ဖွားလာသည်ကိုလည်း ရဲဘော် တို့ အစဉ်မမေ့အပ်။

ပြည်သူ့တပ်မတော်ပီပီ ပြည်သူကြည်ဖြူ၍ ပြည်သူ အသည်းအဖြစ် အစဉ်ထာဝရ ရပ်တည်ရန်လိုသည်။

တိုင်းပြည်၏ ကာလအားလျော်စွာ ပေးအပ်သည့် သမိုင်းပေးတာဝန်ကို ထမ်းဆောင်ရာ၌ အမြဲအစဉ် ပြည်သူတို့နှင့် လက်တွဲညီညီ ချီတက်မှသာ လုပ်ငန်းများ အောင်မည်ကို သတိချပ်ရာသည်။

ဗမာ့တပ်မတော်ကြီး အစွန့်ရှည်စွာ တည်မြဲအောင် အားသွန်ကြိုးပမ်းကြပါစို့ ....။ ။

**"တိုင်းပြည်သည် ရဲဘော်အတွက်မဟုတ်"**
**"ရဲဘော်သည် တိုင်းပြည်အတွက်ဖြစ်သည်"**

ပြည်သူ့ကြယ်၊ အမှတ် ၂၁ (၁၉-၇-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ မှာတမ်း၊ သခင်အောင်ဆန်း၏ လွတ်လပ်သော မြန်မာပြည်

မောင်နေဝင်း

## ဗိုလ်ချုပ်အောင်ဆန်း၏ မှာတမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဖန်တီးတည်ဆောက်သည့် ဗိသုကာလည်းဖြစ်၊ လွတ်လပ်ရေး တိုက်ပွဲကို ဦးဆောင်သူလည်းဖြစ်၊ နယ်ချဲ့ဆန့်ကျင်ရေး သူရဲကောင်းကြီးလည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံရကာ ကျဆုံးသွားခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးတိုက်ပွဲ၏ လမ်းခုလတ်၌ ကျဆုံးရစဉ်အခိုက်အတန့်တွင် အသက် ၃၂ နှစ်သာ ရှိသေးသည်။ လူ့ဘဝ၏ ငယ်ရွယ်သေးသော ပျိုမျစ်သေးသော အရွယ်ဖြစ်သည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပြန်လည်ဖွဲ့စည်းလိုက်သော ကြားဖြတ်ယာယီအစိုးရအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများကိုလည်းကောင်း၊ ဦးစီးတာဝန်ယူလျက်ရှိလေသည်။ ယင်းနှစ် မေလတွင် ဖဆပလအဖွဲ့ချုပ်၏ ကြိုတင်ပြင်ဆင်ရေးအစည်းအဝေး တစ်ရပ်ကို ကျင်းပကာ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်သွင်းရမည့်အဆိုတွေကို ဦးဆောင်ဆွေးနွေးချမှတ်ခဲ့သည်။ တစ်ဖန် ဇွန်လတွင် ဆိုရှယ်လစ်ဗီလာ စီမံကိန်း... အမည်တွင်သော ၂နှစ် စီမံကိန်းတစ်ရပ်ကို ဦးဆော... ရေးဆွဲခဲ့ပြန်သည်။ ယင်းလ ၁၀ ရက်နေ့၌ ကျင်းပ... တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဗိုလ်... အောင်ဆန်းက လွတ်လပ်သည့် အချုပ်အချာအာ... ပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်း... ချုပ်ပုံအခြေခံဥပဒေနှင့် ပတ်သက်သော လမ်းညွှန်ပြ... ချက်အဆိုတစ်ရပ်ကို တင်သွင်းခဲ့သည်။

ယင်းအဆိုတင်သွင်းရင်း ဗိုလ်ချုပ်အောင်ဆန်း... လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်... ကိုသာ လိုလားသည်။ အချုပ်အခြာအာဏာမှာ လူ... ဆင်းသက်သည်ဟု ယုံကြည်သည် စသည်ဖြင့် နိုင်... တစ်နိုင်ငံ၏အချုပ်အခြာအာဏာ သဘောသကန်... အဓိပ္ပာယ် ဖွင့်ပြခဲ့လေသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင် လဆန်းတွင် စစ်ပ... ထောက်ပံ့ရေးတပ်မှ ဘရင်းဂန်းအလက် ၂၀၀ နှင့်... ဆန်များ ပျောက်ဆုံးသည်။ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်... ရေးအရ လုပ်ကြံကြတော့မည်စသော သတင်း...

www.burmeseclassic.com



ပေါ်ထွက်လာသည်။ စစ်ပစ္စည်းထောက်ပံ့ရေးတပ်ကို ဦးစီးအုပ်ချုပ်နေသူများမှာ ဗြိတိသျှစစ်အရာရှိများသာဖြစ်ကြောင်း လူတိုင်းသိကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့၏ နိုင်ငံရေးရန်သူမှာ မည်သူမည်ဝါဖြစ်သည်ကိုလည်း လူတိုင်း သိကြသည်။ "ဗမာပြည်ကို လွတ်လပ်ရေး ပေးလိုက်ရင် သွေးချောင်းစီးလိမ့်မည်" ဟု ဗြိတိသျှနယ်ချဲ့ ကိုလိုနီသမားတို့၏ ဦးစီးပွဲ့ကိုင်ကြီး ဝင်စတန်ချာချီက နိမိတ်ဖတ်ထားသည်မှာလည်း ပူပူနွေးနွေးပင် ရှိနေသေးသည်။

ထို့ကြောင့် အခြေအနေမှာ ရှင်းနေ၏။

ဗိုလ်ချုပ်အောင်ဆန်းကို လူပုဂ္ဂိုလ်အရ အစတုံးဖျောက်ဖျက်လျက် နိုင်ငံရေး လုပ်ကြံသတ်ဖြတ်မှုကြီး တစ်ရပ်ကို ကျူးလွန်ရန်အတွက် ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်များနှင့် နယ်ချဲ့သမားများ လက်ဝါးရိုက်ထားကြပြီးလေပြီ။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားသစ္စာဖောက်တစ်စုနှင့် နယ်ချဲ့သမားတို့ကို ကြောက်ရွံ့တုန်လှုပ်ပါသလော၊ မကြောက်ပါ၊ မတုန်လှုပ်ပါ။ သူ့ကိုယ်ပိုင် အနာဂတ်၏မည်းမှောင်သော အလားအလာကို မြင်ရုံဖြင့် နောက်ဆုတ်ပါသလော။ မဆုတ်ပါ။ သူ့အသက်နှင့် သားမယားကို ခင်တွယ်သည့်အတွက် သွားနေသောလမ်းမှ ဖယ်ရှား ရှောင်ခွာပါသလော၊ မဖယ်ရှား မရှောင်ခွာပါ။

ဤသို့အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားသစ္စာဖောက်များနှင့် နယ်ချဲ့သမားတို့၏ ပူးပေါင်းလုပ်ကြံမှုဖြင့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျဆုံးခဲ့ရပါသည်။

နိုင်ငံတကာမှ များစွာသော ခေါင်းဆောင်တို့သည် မိမိအသက်ကို စွန့်လွှတ်ရခါနီးတိုင်း သူတို့ ချစ်မြတ်နိုးသော တိုင်းပြည်နှင့် လူမျိုးအတွက် အမှာစကား ပြောကြားလေ့ရှိခဲ့ကြသည်။ သေတမ်းစာအဖြစ် ပြောကာ ရေးကာ ထားခဲ့ကြသည်။ ထူးဆန်းသော အိပ်မက်ကို မြင်မက်သည့်အတွက် မိမိနှင့်တကွ အမေရိကန်တစ်ပြည်လုံးတွင် ထူးခြားသော အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်လိမ့်မည်ဟု နောက်ဆုံးပြောခဲ့သော အမေရိကန်သမ္မတ လင်ကွန်း၏စကားသည် လင်ကွန်း၏သေတမ်းစာပင် ဖြစ်လေသည်။ ဒေါက်တာဆွန်ယက်ဆင်က သေအံ့ဆဲဆဲမှာကြားခဲ့သောစကားများသည် တရုတ်တစ်မျိုးသားလုံး၏ ဝံသာနုရက္ခိတ တရားများဖြစ်လာကြသည်။ ဦးဝိစာရကိုယ်တော်ကြီး၏ "လိမ္မာရစ်ကြပါ" ဟူသော အဆိုအမိန့်သည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို လှုပ်နှိုးခဲ့သော နောက်ဆုံးမှာတမ်းပင် ဖြစ်လေသည်။

အလားတူစွာပင် ဗိုလ်ချုပ်အောင်ဆန်းသည် လုပ်ကြံ မခံရမီ (၆) ရက်အလို၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၏ မြို့တော်ခန်းမ၌ ကျင်းပသော ရန်ကုန်နယ်လုံးဆိုင်ရာ နိုင်ငံရေးရှင်းလင်းပွဲကြီးတွင် နောက်ဆုံးဖြစ်သော မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။ အဆိုပါမိန့်ခွန်းတွင် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြုလွှတ်တော်တွင်း၌ သူ ဘာတွေ လုပ်သည်၊ တိုင်းပြုပြည်ပြုလွှတ်တော်၏အခြေအနေမှာ မည်သို့ရှိသည်၊ ဖဆပလအဖွဲ့ချုပ်၏ ရှေ့ခြေလှမ်း မည်သို့ လှမ်းမည် စသော တိုင်းပြည်က သိသင့် သိထိုက်သည့် အကြောင်းကိစ္စမှန်သမျှကို ဖွင့်ဟရှင်းပြခဲ့သည်။

"တိုင်းပြုပြည်ပြုလွှတ်တော်ဟာ အချုပ်အခြာအာဏာကို ရအောင်လုပ်တဲ့နေရာတွေလည်း ရှိပါသေးတယ်။ ဥပဒေသဘောပြောရင် အချုပ်အခြာအာဏာ မရသေးဘူး။ အချုပ်အခြာအာဏာသဘောဖြစ်တဲ့ အဆင့်အတန်းကိုတော့ ရတယ်" ဟု တိုင်းပြုပြည်ပြုလွှတ်တော်၏အနေအထားအမှန်ကို ဖွင့်ပြောလေသည်။

မြန်မာပြည်သူတို့၏ တစ်ခုတည်းသော ဦးတည်ချက်နှင့် မယိမ်းယိုင်သောဆန္ဒမှာ အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ ထူထောင်ရေးသာဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းက ... "ဗမာပြည်ဟာ လုံးဝလွတ်လပ်ရေး လိုချင်တယ်၊ ဘယ်လိုအဆင့်အတန်းမှ မလိုချင်ဘူးလို့ ဆုံးဖြတ်ခဲ့တာ သိတဲ့အတိုင်းပဲ လွန်ခဲ့တဲ့ မေလက ဖဆပလ ပြင်ဆင်မှု ပဏာမ ညီလာခံသဘင်မှာ အချုပ်အခြာအာဏာနှင့် ပြည့်စုံတဲ့ သမ္မတနိုင်ငံ ထူထောင်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ကျွန်တော်ကိုယ်တိုင် တင်သွင်းဆုံးဖြတ်ခဲ့တဲ့ အချုပ်အခြာအာဏာနဲ့ ပြည့်စုံတဲ့ သမ္မတနိုင်ငံ ထူထောင်ဖို့ ဆုံးဖြတ်ပြီးပြီ" ဟု အတိအလင်း ထုတ်ဖော်

www.burmeseclassic.com

www.burmeseclassic.com





ပြောဆိုခဲ့သည်။

"ကျွန်တော်တို့ အစိုးရဟာ တိုင်းပြည်လူထုက ထောက်ခံလို့ဖြစ်လာတဲ့ အစိုးရဖြစ်တယ်။ တိုင်းပြည်လူထုက မကြည်ညိုဘူးလို့ သိလာတဲ့တစ်နေ့မှာ တွယ်ကပ်မနေဘူး၊ ထွက်ပေးမယ်။ သို့သော် တစ်နှစ်လောက်စောင့်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ ဘယ်လိုလူစားလဲဆိုတာ သိလိမ့်မယ်။ ရာဇဝင်မှာ အဆဲခံရမယ့် လူစားမဟုတ်ဘူးဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိမယ်" ဟု သူ ရာထူး မမက်၊ အစိုးရဖြစ်ရေးကို မခင်တွယ်၊ ရာဇဝင်တွင် အဆဲ မခံလိုပုံကို ရိုးရိုးသားသားပင် ဝန်ခံပြောဆိုပါသည်။

ဤနေရာတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူလူထုအပေါ်၌ အဘယ်မျှ ယုံကြည်ကိုးစား စေတနာထားသည်ကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်နိုင်လေသည်။

ပြည်သူလူထုကို ယုံကြည်သလောက် အမျိုးသားသစ္စာဖောက်များနှင့် နယ်ချဲ့သမားကို သူ မကြောက်။ သူ့ကို ယုတ်မာကောက်ကျစ်စွာ နိုင်ငံရေးအရ လုပ်ကြံတော့မည့် ရက်ပိုင်းအလို၌ပင် သူသည် နယ်ချဲ့ဖောက်ပြန်ရေးသမားများနှင့် မစေ့စပ်၊ နယ်ချဲ့ဖောက်ပြန်ရေးသမားတို့ရှေ့မှောက်၌ ဒူးမထောက်၊ နယ်ချဲ့ဖောက်ပြန်ရေးသမားတို့၏ ရန်စနက်ဘေးမှ လွတ်ကင်းအောင် ထွက်မပြေး၊ ခေါင်းအေးအေး၊ သတ္တိရှိရှိဖြင့် ရင်ဆိုင်ကာ စိန်ခေါ်ခဲ့ပါသည်။

လွတ်လပ်ရေးကို "နောက်ဆုံးနည်းအေးအေးနဲ့ မရရင် ရတဲ့နည်းနဲ့လုပ်ရမယ်" ဟု ရာဇသံ ပေးလိုက်ပါသည်။ ဤရာဇသံသည် နယ်ချဲ့ဖောက်ပြန်ရေးသမားများအတွက် သေမင်းတမန် ခေါင်းလောင်းသံလည်း ဖြစ်ပါသည်။

"လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးရတဲ့ စည်းကမ်း ညီညွတ်မှုတွေကို ထိန်းထားပါ။ ထူထောင်မှုကို လုပ်ကြပါ။ ဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေး အရသာကိစ္စအတွက် အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိဖို့၊ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ ခင်ဗျားတို့ × ကျင့် တွေ ပြင်ဖို့လိုနေပြီလို့ ကျွန်တော်ပြောခဲ့မယ်"

မှန်၏။ × ကျင့်တွေ ပြင်ဖို့လိုနေပြီဟု ဗိုလ်ချုပ် က ပြောခဲ့လေသည်။ စကားလုံး ကြမ်းသော်လည်း သူ့ ရင်တွင်း နှလုံးသားတွင်း၌ ရှိသမျှစိတ်စေတနာကို လုံး ဥသံ ပုံအောကာ ဖွင့်ချမှာကြားသွားခြင်းဖြစ်သည်။ ယင်း သို့လျှင် နယ်ချဲ့သမားကို ရာဇသံပေးသော တိုင်းပြည်၏ နောင်ရေးအတွက် တဖွဖွ မှာကြားသော အထက်ပါ မိန့်ခွန်းသည် လွတ်လပ်ရေးအတွက် သူ့အသက်နှင့် ခန္ဓာကိုယ်ကို သွေးစိမ်းရှင်ရှင်တို့အကြား၌ ယစ်တင် စွန့်လွှတ်ပူဇော်ရင်း အသေခံသွားသည့် အမျိုးသားခေါင်း ဆောင်ကြီး၏ မှာတမ်းဟူ၍ပင် ဆိုရပါတော့မည်။

မြဝတီ၊ အတွဲ ၁၆၊ အမှတ် ၉ (ဇူလိုင်-ချွန်

## သခင်အောင်ဆန်း၏ လွတ်လပ်သော မြန်မာပြည်

လွန်ခဲ့သော ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား နယ်ချဲ့လက်ပါးစေတို့က လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ရေးအတွက် တစ်မျိုးသားလုံးကို စုစည်းဦးဆောင်ကာ ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ရင်း နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကျဆုံးရသည့်အချိန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ အသက်မှာ ၃၂ နှစ်သာ ရှိသေးသည်။

၃၂ နှစ်ဟူသော သက်တမ်းမှာ ရာဇဝင်မျက်စိ ကြည့်သောအခါ အလွန်တရာ တိုတောင်းလှသော မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှ ကာလသာဖြစ်သည် သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ၃၂ နှစ် သက်တမ်း အတွင်း လုပ်ဆောင်ချက်များကား ကြီးကျယ်ခမ်းနား ပေ၏။ ပြည်ထောင်စုမြန်မာနိုင်ငံ၏သမိုင်းတွင် တော ပြောင်သော စာလုံးများ၊ စာမျက်နှာများအဖြစ် ထိုးကာ ထားရစ်ရမည့် လုပ်ဆောင်ချက်တွေ ဖြစ်

ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



ဘဝ၊ နိုင်ငံရေးသမားဘဝ၊ လက်နက်ကိုင်တော်လှန်ရေး တပ်သားဘဝ၊ လူထုလှုပ်ရှားမှုဦးစီးကြိုးကိုင်ဘဝ စသည့် ခြင်း ဘဝမျိုးစုံ၊ အတွေ့အကြုံအဖုံဖုံနှင့် အခက်အခဲ အထွေထွေကို ရင်ဆိုင်ကာ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် တာဝန်ကို ရောက်ရာနေရာမှ ထမ်းဆောင်ခဲ့၏။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် နယ်ချဲ့လက်ကိုင်ဒေတို့၏လုပ်ကြံသတ်ဖြတ်ခြင်း ခံရချိန်အထိ ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်ရေးကိုယ်တာဟူသမျှ၊ ကိုယ်ကျိုးစီးပွားဟူသမျှကို ပစ်ပယ်ကာ သူချစ်မြတ်နိုးသော တိုင်းပြည်အတွက် အလုပ်လုပ်သွားလေသည်။

နိုင်ငံရေးနယ်သို့ စဝင်ချိန်မှ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ကျဆုံးချိန်အထိ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်စေတသိက်သည် "မြန်မာနိုင်ငံလွတ်လပ်ရေး" စိတ်စေတသိက်သာ ဖြစ်၏။ သွားရာမှာလည်း ဤစိတ်၊ စားရာမှာလည်း ဤစိတ်ဟု ဆိုလောက်အောင် နိုင်ငံလွတ်လပ်ရေးအတွက် သူ စွာန်ဝင်စားခဲ့သည်။

မြန်မာနိုင်ငံ၏ အနာဂတ်အရေးကို သူ တွေးသည်။ တစ်နေ့တစ်ချိန်တွင် လွတ်လပ်လာရမည့် မြန်မာပြည်၏ ပုံစံကို စိတ်ကူး ထုတ်ကြည့်သည်။ မြန်မာနိုင်ငံအား ဗြိတိသျှနယ်ချဲ့သမားတို့၏ ကျွန်ပြု စိုးမိုးမှုအောက်မှ လွတ်မြောက်စေရန်အလို့ငှာ ဂျပန်ပြည်သို့ သွားရောက်ကာ စစ်ပညာအရပ်ရပ်ကို ပြင်းထန် သဲမဲစွာ ကြိုးစားသင်ကြားနေရစဉ်ကလည်း တစ်နေ့သောအခါ၌ မြန်မာနိုင်ငံ လွတ်လပ်လာရတော့မည်ဖြစ်ရာ ယင်းသို့ လွတ်လပ်လာရမည့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စနစ်များကို အကြမ်းသဘော ရေးခြစ်ကြည့်သည်။

၁၉၄၁ ခုနှစ်အတွင်း ဂျပန်ပြည်သို့ ရောက်နေစဉ်အခါက သခင်အောင်ဆန်းမှာ အသက် ၂၆ နှစ်မျှသာ ရှိသေးသည်။ နေ့မအား၊ ညမအား ပင်ပန်းဆင်းရဲကြီးစွာဖြင့် စစ်ပညာတွေကို သင်ယူမှတ်သားနေရသော ကာလဖြစ်သည်။

ယင်းပတ်ဝန်းကျင်၊ ယင်းကာလ အခိုက်အတန့်မှာပင် သခင်အောင်ဆန်းသည် ရသမျှ အားလပ်ချိန်၌ မြန်မာနိုင်ငံ၏ အနာဂတ်အရေးနှင့် ပတ်သက်၍ အလျဉ်းသင့်သလို ဆွေးနွေးလေ့ရှိသည်။ စိတ်ကူးထုတ်လေ့ ရှိသည်။

၁၉၄၁ ခုနှစ်၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလလောက်တွင် သခင်အောင်ဆန်းသည် မြန်မာပြည်၏ အနာဂတ်အရေးအတွက် သူ့စိတ်ကူးများကို အမှတ်မထင် ရေးခြစ်ထားခဲ့ဖူးလေသည်။

သခင်အောင်ဆန်းသည် မြန်မာပြည်၏ အနာဂတ်အရေးကို အကြမ်းအားဖြင့် အချက် ၆-ချက် ခွဲ၍ ရေးသားထားခဲ့သည်။ အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံဖြစ်လာလျှင် သူ ဘာတွေလုပ်ချင်သည်၊ အဘယ်ကဲ့သို့သော နိုင်ငံပုံစံမျိုး ဖြစ်စေချင်သည်၊ ယင်း လွတ်လပ်သော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝများအား အဘယ်ကဲ့သို့ ရှိစေချင်သည် စသော သခင်အောင်ဆန်း၏ စိတ်ကူးများမှာ ယနေ့ နိုင်ငံရေးအမြင်ဖြင့် ပြန်လည်သုံးသပ်သည်ရှိသော် များစွာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။

"လွတ်လပ်သော မြန်မာနိုင်ငံတော်ကို တည်ထောင်ရန်အတွက် ကျွန်ုပ်တို့ ဖြတ်သန်းရမည့် အဆင့် ၃-ဆင့် ရှိသည်ဟု အကြမ်းအားဖြင့် ဆိုရပါမည်။ ယင်းအဆင့် ၃-ဆင့်မှာ ပြင်ဆင်ရေးကာလ၊ အခိုင်အမာ စုစည်းရေးကာလနှင့် စစ်ပြီးခေတ် ပြန်လည် တည်ဆောက်ရေးကာလတို့ပင် ဖြစ်ပေသည်" ဟု သခင်အောင်ဆန်းက နိဒါန်းပျိုးထားလေသည်။

သခင်အောင်ဆန်း စိတ်ကူးထုတ်ခဲ့သော ယင်း "လွတ်လပ်သည့် မြန်မာနိုင်ငံ၏ အနာဂတ်ရေး" ပုံစံ၏ အချက် ၆ ချက်အနက် ပထမအချက်တွင် ...

(၁) "ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ကျွန်ုပ်တို့၏ အခြေအနေများ၊ လိုအပ်ချက်များအရ လွတ်လပ်သော မြန်မာနိုင်ငံတစ်ရပ်ကို တည်ထောင်ရန်ပင် ဖြစ်သည်။ ပြန်လည်ပေါ်ထွန်းလာအံ့သော မြန်မာနိုင်ငံအတွက် မင်းဧကရာဇ် စိုးမိုးအုပ်ချုပ်မှုစနစ်သည် သင့်လျော်ပါသလော ဟူသော မေးခွန်းပေါ်လာသည်။ မြန်မာနိုင်ငံ၏ အတိတ်ရာဇဝင်က အထင်အရှားပြပြီးဖြစ်သည့်အတိုင်း မင်းဧကရာဇ် စိုးမိုးအုပ်ချုပ်မှုစနစ်မှာ စဉ်းစားရန်ပင် မလိုတော့သော ပြဿနာဖြစ်သည်။ ကျွန်ုပ်တို့ကဲ့သို့သော နိုင်ငံမျိုးတွင် မင်းဧကရာဇ် စိုးမိုးအုပ်ချုပ်မှုပုံစံ၏ အားနည်းပုံမှာ များစွာ ထင်ရှားလှလေပြီ" ဟု ဆိုထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်း ပထမ အချက်တွင် သခင်အောင်ဆန်းသည် တည်ဆောက်အံ့သော မြန်မာနိုင်ငံအတွက် မင်းဧကရာဇ် စိုးမိုးမှုစနစ် အဘယ်ကြောင့် မလိုအပ်၊ မသင့်လျော်သည့် အကြောင်း၊ မင်းဧကရာဇ် စိုးမိုးအုပ်ချုပ်မှုစနစ်သည်သာ မက အခြေခံအုပ်ချုပ်ရေးဥပဒေအရ မင်းဧကရာဇ်က စိုးမိုးသော ကွန်စတီကျူးရှင်နယ် မိုနာခီ စနစ်ကိုပါ မလိုအပ်ကြောင်း အကိုးအကားနှင့်တကွ ရှင်းပြထားလေသည်။ မြန်မာလူမျိုးတို့သည် "ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော် နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်" သော လူမျိုးဖြစ်သည်။ ခိုင်မာသော၊ ပိုင်းပြတ်သော၊ ခေါင်းဆောင်မှုကို အမြဲတမ်း လိုအပ်နေသည့် လူမျိုးဖြစ်သည်။ ထို့ကြောင့် ယင်းခေါင်းဆောင်မှုမျိုးအောက်တွင် လွတ်လပ်သော မြန်မာနိုင်ငံကို တည်ထောင်ရမည်ဟု ဆိုပါသည်။

ဒုတိယအချက်၌ သခင်အောင်ဆန်းက "အထက်ပါ နိုင်ငံပုံစံမျိုး ဖန်တီးရန်အတွက် အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးမှာ မလုပ်လျှင် မဖြစ်သော အခြေခံ လိုအပ်ချက်ဖြစ်သည်" ဟု ဖော်ပြပေသည်။ ဗြိတိသျှအုပ်ချုပ်ရေးယန္တရားကြောင့် ကျန်ရှိနေခဲ့သည့် မြန်မာလူမျိုးများနှင့် တောင်တန်းဒေသလူမျိုးများအကြား ကွဲပြားခြားနားမှုတွေကို ပပျောက်အောင် လုပ်ဆောင်ရမည်။ ဗြိတိသျှအုပ်ချုပ်ရေးယန္တရားက ထားရစ်ခဲ့သော နယ်ပယ်ဒေသ ခွဲခြားအုပ်ချုပ်မှု အကြွင်းအကျန်တွေကို ဖျက်သိမ်းရမည်။ ပြည်နယ်ပြည်မအကြား သဘာဝ အတားအဆီးတွေကို ဖယ်ရှားလျက် ခေတ်မီ ကူးလူးဆက်ဆံရေးအတွက် ရထားလမ်းများ၊ ကားလမ်းများ ဖောက်လုပ်မည်။ ယင်းအခြေခံပေါ်တွင် အမျိုးသားစည်းလုံးရေး တည်ဆောက်သွားရမည်ဟု သခင်အောင်ဆန်းက လျာထားလေသည်။

ကောင်းပြီ၊ လွတ်လပ်သော မြန်မာနိုင်ငံဟူ၍ ပေါ်လာချေပြီ။ လွတ်လပ်သော မြန်မာနိုင်ငံဟူ၍ ပေါ်လာရုံမျှဖြင့် လုပ်ငန်းမပြီးသေး။ ယင်းနိုင်ငံတွင် ပြည်တွင်းပြည်ပ ပေါ်လစီ ရေးရာများ ရှိရပေဦးမည်။ စီးပွားရေး၊ လူမှုရေးအခြေခံလမ်းစဉ်များ ရှိရပေဦးမည်။

ပြည်တွင်း ပေါ်လစီ ရေးရာများနှင့် ပတ်သက်၍ သခင်အောင်ဆန်း စိတ်ကူးထုတ်ခဲ့သော အချက် ၆ ချက်အနက် တတိယအချက်တွင် ...

"ပေါ်ထွန်းလာသည့် လွတ်လပ်သော မြန်မာနိုင်ငံသစ်တွင် ကျွန်ုပ်တို့၏ ပေါ်လစီမှာ ပျော်ရွှင်ခိုင်မာ၊ ခေတ်မီသော နိုင်ငံ တစ်နိုင်ငံအဖြစ် ဖန်တီးရန်ပင်ဖြစ်သည်။ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးမည်။ လူတစ်ဦးစီ၏ ဝင်ငွေတိုးပွားစေရမည်။ လူဦးရေကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ တိုးပွားစေရမည်။ ပြည်သူလူထု၏ ပညာရေး၊ စည်းစနစ်ရေး၊ ကျန်းမာရေး စသည်တို့ကို မြှင့်တင်ပေးမည်။ ကြိုးနီစနစ်ဖြင့် ခေါင်းပိုင်း လေးနေသော အုပ်ချုပ်မှုပုံစံကို ပြောင်းလဲရမည်။ လက်ရှိ တရားဥပဒေ၊ ပေါ်လစီရေးရာနှင့် စနစ်များကို ပြုပြင်ပြောင်းလဲပစ်မည်" ဤသည်ကား နိုင်ငံရေးဘက်ဖြစ်သည်။

စီးပွားရေးဘက်ကဆိုသော် ဗြိတိသျှထံမှ သိမ်းပိုက်သော ငွေပင်ငွေရင်းများအား အုပ်ချုပ်ရေးအတွက် ကျွန်ုပ်တို့ စဉ်းစားရမည်။ ပြည်တွင်းကြွေးမြီအားလုံး လျော်ပစ်ရမည်။ မြေမဲ့များအတွက် မြေယာ ဝေခြမ်းပေးရမည်။ မြေရှင်စနစ်ကို ဖျက်သိမ်းရမည်။ ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်ကို ဖန်တီးရမည်။ စက်မှုလက်မှု ထွန်းကားရေးအတွက် တိကျသော ပေါ်လစီတစ်ရပ်ကို ရေးဆွဲရမည်။ ကုန်ကြမ်းပစ္စည်းများ ရရှိရေး၊ အသေးစား စက်မှုလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ရေး၊ တိုးတက်သော ကူးသန်းရောင်းဝယ်မှု ပေါ်လစီရေးရာများ ချမှတ်ရေးအတွက်လည်း လုပ်ဆောင်ရမည်" ဟု သခင်အောင်ဆန်းက အကြမ်းအားဖြင့် လျာထားခဲ့သည်။

သခင်အောင်ဆန်းသည် နိုင်ငံစီးပွားရေးအတွက် အလေးအနက် စဉ်းစားပြန်၏။ ထွက်ကုန်များကို ထိန်းချုပ်ရန်၊ သွင်းကုန်များကို ကန့်သတ်ရန်၊ ဈေးနှုန်းနှင့် ရောင်းဝယ်မှုကို ကန့်သတ်ရန်၊ ဆင်းရဲသားများအပေါ်၌ အနှောင်အဖွဲ့ ကင်းလွတ်စေလျက် ကြေးရတတ် ဓနရှင်များအပေါ်၌သာ အခွန်အတုတ်တိုး၍ ကောက်ခံသော စနစ်ကို တီထွင်ရန်၊ ငွေကြေး တည်ငြိမ်ရန် စသည့် အစီအစဉ်တွေကိုလည်း ထည့်သွင်း ကြံဆထားသေးသည်။

စတုတ္ထနှင့် ပဉ္စမ အချက်တွင်ကား နိုင်ငံ ကာကွယ်ရေးကို ဖော်ပြသည်။ "လွတ်လပ်သော မြန်မာနိုင်ငံကို ထိန်းသိမ်း တည်ဆောက်သွားရန်အလို့ငှာ ခိုင်မာသော ကာကွယ်မှုလုပ်ငန်းမရှိဘဲ မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



ခင်အားကြီးမားသော တပ်မတော်၊ ရေတပ်နှင့် လေတပ်များအား တည်ဆောက်ရပေမည်။ အာရှတိုက်တစ်တိုက်လုံး၏ ကာကွယ်ရေး ပေါ်လစီ တစ်ရပ်ကို အာရှတိုက်နိုင်ငံများက ညှိနှိုင်း ချမှတ်သင့်သည်" ဟု ဖော်ပြထားသည်။

နောက်ဆုံးဖြစ်သော ဆဋ္ဌမအချက်တွင်မူ သခင်အောင်ဆန်းက စီးပွားရေးနှင့် ကာကွယ်ရေးကိစ္စရပ်များတွင်သာ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်သာမက နိုင်ငံအချင်းချင်း ညီရင်းအစ်ကိုပမာ ပူးပေါင်းစုစည်းသာမည့်အချိန်ကို စောင့်စားလျက်ရှိသည်။ ဤအချိန်သို့ တစ်နေ့တွင် ရောက်ရမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားလေသည်။

အချုပ်ဆိုရသော် သခင်အောင်ဆန်း "စိတ်ကူးခဲ့သော မြန်မာပြည်"၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပုံစံများမှာ လွန်ခဲ့သော ၂၅ နှစ်ခန့်က တွေးခဲ့သော အတွေးများဖြစ်ငြားသော်လည်း တိုးတက်သော ခေတ်သစ်နိုင်ငံရေးအတွေးအခေါ်များ လွှမ်းမိုးလျက်ရှိသော သခင်အောင်ဆန်း၏စိတ်ကူးမှာ သာဓကေ ပြထားခြင်းဖြစ်သည်ဟု ယူဆသော် မှားအံ့မထင်ပေ။ ။

မြဝတီ အတွဲ ၁၄၊ အမှတ် ၉ (ဇူလိုင်-၁၉၆၆)

www.burmeseclassic.com

www.burmeseclassic.com



# စိုးမိုးလျက်ရှိသော ဝိညာဉ်

## ညောင်တုန်း သခင်ချစ်

ပြည်ထောင်စုနေ့သို့ ရောက်လေတိုင်း ပို၍ပင် သူ့ကို သတိရကြသည်။ သူ့အသက်ထင်ရှားရှိစဉ်က သူ့အား လူထုတစ်ရပ်လုံးက လေးစားကြသည်။ ယုံကြည်ကိုးစားကြသည်။ သူ၏ သက်မဲ့ဘဝတွင် ပြည်ထောင်စုသားတိုင်းက တိုး၍ပင် လေးစားသမှုပြုကြသည်။ သူပြောကြားခဲ့သော မိန့်ခွန်း၊ ချမှတ်ခဲ့သော လမ်းစဉ်၊ စီမံခဲ့သော ရည်မှန်းချက်များကို ပြည်ထောင်စုတစ်ခုလုံးက မြတ်နိုးကြသည်၊ နာယူလက်ခံကြသည်။ သူ၏ဝိညာဉ်ကား ရှင်သန်လျက် ပြည်ထောင်စုတစ်ဝန်းလုံးသို့ စိုးမိုးလျက်ရှိသည်၊ လမ်းညွှန်လျက်ရှိ၏။

သူကား နှစ်ပေါင်း တစ်ရာကျော်အတွင်း တစ်ယောက်သာ ပေါ်ထွန်းလာသော လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းပင် မဟုတ်ပါလော။ ဗိုလ်ချုပ်ချစ်သော ပြည်ထောင်စုသားတို့၏ ဘဝသမိုင်းကို အခါအားလျော်စွာ ပြန်လည်၍ အမှတ်တရ ဖော်ထုတ်ရန်လိုအပ်လာပါသည်။

### တိုင်းရင်းသား

တောတောင်အထပ်ထပ်မှ ဖြတ်သန်းစီးဆင်းလျက်ရှိသော စမ်းရေများသည် ကွေ့ကာဝိုက်ကာ လျှိုမြောင်အကြားတို့မှ တောင်ဘက်သို့ တစ်ဟုန်တိုး စီးဆင်းလျက်ရှိ၏။ အကွဲကွဲအပြားပြား စီးဆင်းလာသော ရေအယဉ်ကလေးများသည် ပေါင်းယှက်ကာ ချောင်း အဖြစ်သို့ ရောက်ပြန်သည်။ ယင်းမှတစ်ဖန် ဆက်လက်စီးဆင်းပြန်သော် မေခနှင့် မေလိခတို့ ပေါင်းဆုံ၍ ဧရာဝတီဖြစ်လာပြန်သည်။ အလယ်ပိုင်းသို့ရောက်သော် ချင်းတွင်းမြစ်သည် တောင်ဘက်သို့ စီးဆင်း၍ ဧရာဝတီမြစ်နှင့် ပေါင်းဆုံကာ သမုဒ္ဒရာပင်လယ်ပြင်သို့ စီးဝင်သွား၏။

ထို့အတူပင် မြန်မာနိုင်ငံသားတို့သည် အာရှတိုက်ကုန်းမြေအမြင့်အရပ်မှ တောင်ဘက်ဒေသသို့ ဆင်းသက်လာကြခြင်းဖြစ်၏။ မည်သည့်အရပ်မှ ဆင်းသက်လာ[illegible]ကာမူ မြန်မာနိုင်ငံနယ်မြေအတွင်းသို့ ရောက်ရှိကြသောအခါတွင် ချင်းတွင်းမြစ်နှင့် မေခ မေလိခ၊ ဧရာဝတီ၊ ရွှေလီမြစ်တို့ ပေါင်းဆုံ၍ မြစ်ကြီးမြစ်ငယ်ဖြစ်လာသကဲ့သို့ တိုင်းရင်းသားတို့သည် အချင်းချင်း ပေါင်းဆုံဖွဲ့ယှက်လျက် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သော ညီရင်းအစ်ကို မောင်နှမစစ်စစ်များ ဖြစ်လာကြ၏။

သို့ရာတွင် တိုင်းရင်းသားတို့သည် ရေမြေ[illegible] ခြားနားသယောင်ရှိ၍ တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံး[illegible] စကား[illegible] များ ခြားနားလာကာ လူမှုရေးတွင် အနည်းနှင့်အများ

www.burmeseclassic.com



ကွဲပြားလာစေကာမူ မျိုးနွယ်တူများဖြစ်ကြ၍ အရေးကြီး သွေးနီးကြသည်များကို ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်ခန့် ကပင် ရှိခဲ့၏။ ဘုရင် အနော်ရထာခေတ်၊ ဘုရင့်နောင် ခေတ်၊ အလောင်းဘုရားခေတ်၊ ဆင်ဖြူရှင်မင်း လက် ထက်များတွင် တိုင်းရင်းသားညီအစ်ကိုတို့ ကျောချင်း ကပ်လျက် တစ်စုတစ်ဝေးတည်း ရှိနေကြသည်ကို နိုင်ငံ သမိုင်းတို့၌ အထင်အရှားတွေ့မြင်နိုင်သည်။ ယင်းတို့ကို အကြောင်းပြု၍ ဗိုလ်ချုပ်အောင်ဆန်းသည် လူမျိုးရေး ကိစ္စအား အောက်ပါအတိုင်း မိန့်ကြားခဲ့၏။

## တိုင်းရင်းသား စည်းလုံးရေး

"လူမျိုးရေးအကြောင်းကို ပြောလိုပါတယ်။ လူမျိုး ရေး ဆိုတာမှာလည်း ရှေးခေတ်က ဟာစ်အော်လာကြတဲ့ အမျိုးဘာသာ သာသနာ ပညာ ဆိုတဲ့ စကားမျိုးကို ဆက်သုံးပြုလို့ မလုံလောက်တော့ဘူး။ အမျိုးဆိုရာမှာ ဘယ်လိုအမျိုးတို့ တည်ရမလဲ... ဗမာ၊ ကရင်၊ ကချင်၊ ချင်းနှင့် အခြားအမျိုးများလည်း ရှိသေးတယ်။ တခြား နိုင်ငံများကို ကြည့်လိုက်လျှင် ဗမာပြည်မှာလို တိုင်းရင်း သားလူမျိုးအများရှိတာကို တွေ့နိုင်ပါတယ်"

"တရုတ်၊ ဂျပန်ပြည်နှင့် ရုရှားပြည်တို့မှာလည်း သည်အတိုင်းပဲ။ အမေရိကန်ပြည်လည်း အင်္ဂလိပ်စကား ကို ပြောကြသော်လည်း အင်္ဂလိပ်၊ အီတလီ စတဲ့ လူ အမျိုးမျိုးတို့ စုပေါင်းပြီး၊ သူတို့ကိုယ်ကို လူတစ်မျိုးဖြစ် အောင် ထူထောင်ပြီး အမေရိကန်ဟု ဆိုကြတာပဲ။ ဒါကြောင့် လူမျိုးရေးအားဖြင့်ကြည့်လျှင် လူမျိုးတစ်မျိုး တည်းကို လိပ်ခဲတည်းလည်းစွဲပြီး ယူဆလို့မဖြစ်နိုင်ဘူး"

## ဘာသာစကားကွဲသော်လည်း

"ဘာသာစကားပင် တူသော်လည်း လူမျိုးခြားနားမှု သည်း ရှိပါတယ်။ ဘာသာပင် မတူသော်လည်း လူမျိုး သီးခြားဖြစ်နေတာလည်း ရှိပါတယ်။ ရုရှားပြည်မှာဆို လျှင် ဘာသာစကားအမျိုးပေါင်းများစွာ ကွဲသော်လည်း လူမျိုးကတော့ ထစ်မျိုးတည်းဖြစ်ပါတယ်"

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသား ညီအစ်ကို တွေ စည်းလုံးရေးအတွက် ၁၁-၂-၄၇ ခုနှစ်ည ပင်လုံ ဆော်ဘွားများ ထမင်းစားပွဲတွင် ကမ္ဘာ့လူမျိုးရေးကိစ္စကို ထည့်သွင်းမြွက်ကြားသွားသောအားဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားများသည် ရေကြည်ရာ မြက်နုရာသို့ လှည့် လည်နေထိုင်ကြရင်း ကာလကြာသော် ရေမြေဒေသ အလိုက် ဓလေ့ထုံးစံစကားများ ခြားနားလာခဲ့ကြ၍ တော တောင်ကြီးများ ကာဆီးနေသဖြင့် ကူးလူးဆက်ဆံမှု ကင်းကွာလာကြကာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသော ရှေး စကားမျှသာဖြစ်၍ အမျိုးအနွယ် ကွဲပြားမှု မရှိကြောင်း ထင်ရှားပါသည်။

## ဗြိတိသျှနယ်ချဲ့

သို့ရာတွင် မြန်မာနိုင်ငံသည် ဗြိတိသျှလူမျိုးတို့နှင့် သုံးကြိမ်တိုင်တိုင် စစ်ကြီးဖြစ်ပွားလျက် မြန်မာတစ်နိုင်ငံ လုံး တစ်ပါးသူလက်အောက်သို့ ကျရောက်သောအချိန် ကစ၍ တိုင်းရင်းသားတို့သည် ရှေ့ကကဲ့သို့ အချင်းချင်း စည်းလုံးခွင့်မရခဲ့ကြ။ နယ်ချဲ့တို့၏နည်းပရိယာယ်အမျိုး မျိုးနှင့် သွေးခွဲမှုကို ခံရကာ တိုင်းရင်းသားတို့သည် တစ်ဦး နှင့်တစ်ဦး ယုံကြည်မှုကင်းကွာလျက် ကွဲပြားမှုရှိလာပြန် ၏။ သို့ရာတွင် ဂျပန်တို့၏ ဖက်ဆစ်အန္တရာယ်ဆိုးကြီး မြန်မာနိုင်ငံအတွင်းသို့ ဆိုက်ရောက်လာသောအချိန်တွင် မူ တိုင်းရင်းသားတို့သည် ကျောချင်းကပ်လျက် အရေး ကြီး သွေးနီးကာ ညီအစ်ကိုတွေ စည်းလုံးသော အင်အား ဖြင့် ဖြိုဖျက်ခဲ့နိုင်ကြသည်များမှာ နိုင်ငံသမိုင်းတွင် မြင့်မား ထင်ရှားလျက်ရှိ၏။

## ကမ္ဘာစစ်ကြီးအပြီး

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား လက်လွှတ်လိုက်ရလိမ့်မည်ဟု အိပ်မက် ပင် မက်မည်မဟုတ်။ ထို့ကြောင့် မြန်မာနိုင်ငံကို ပြန်လည် သိမ်းပိုက်ပြီးသောအခါ စိုးမိုးရန်အတွက် အုပ်ချုပ်ရေး နှင့် စပ်လျဉ်း၍ စက္ကူဖြူစာတမ်းကို ထုတ်ပြန်ကြေညာ လိုက်လေသည်။ ယင်းကြေညာစာတမ်းအရ ၁၉၃၅ ခုနှစ် အက်ဥပဒေကိုအခြေခံလျက် မြန်မာနိုင်ငံအား ဘုရင်ခံ တစ်ဦးတည်းသဘောဖြင့် အုပ်ချုပ်သွားရန်ပင် ဖြစ်၏။

သို့ရာတွင် စစ်ကြီးကား ပြီးလေပြီ။ ယင်းသို့ မျှော် လင့်ချက်သည် မှန်းချက်နှင့် မကိုက်တော့ပေ။ မြန်မာ နိုင်ငံသည် ဗြိတိသျှတို့ ၁၉၄၂ ခုနှစ်က ထွက်ခွာသွားစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကလို မဟုတ်တော့ပြီ။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်မှုဖြင့် ဖဆပလအဖွဲ့ချုပ်ကြီး၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံသားတို့သည် တစည်းတလုံးတည်း ရပ်တည်လျက် ထူးထူးခြားခြား ညီညွတ်စည်းလုံးနေသည်ကို အံ့သြစွာ မြင်တွေ့ကြရ၏။ ထိုတွင်မက မြန်မာတိုင်းရင်းသားများသည် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကြီးကို အမြန်ဆုံးရရန် တစ်ခဲနက် တောင်းဆိုလိုက်ကြသည်။

မြန်မာနိုင်ငံတွင် မကြုံစဖူး ထူးကဲစွာ စည်းလုံးညီညွတ်နေသည်ကို တွေ့ရသော ဗြိတိသျှတို့သည် မြန်မာပြည်မကို မတတ်သာ၍ လက်လွှတ်ပေးရစေကာမူ တောင်တန်းဒေသကို ဆုပ်ကိုင်ထားနိုင်ရေးအတွက် နည်းပရိယာယ်အမျိုးမျိုးဖြင့် သွေးခွဲရန် စီမံဖန်တီးကြပြန်သည်။

## တောင်တန်းဒေသနှင့် ဗိုလ်ချုပ်

ဗြိတိသျှတို့၏ နည်းပရိယာယ်ကို ကြိုတင်တွက်ဆပြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်များသည် တောင်တန်းဒေသများ၌ ဗြိတိသျှတို့၏ ဝါဒဖြန့်မှုတို့ကြောင့် တွေဝေနေသော ရှမ်းအမျိုးသားတို့အား အခြေအနေ အရပ်ရပ်နှင့် မှန်ကန်သည့် သဘောထားများကို သွားရောက် ရှင်းလင်းပြကြ၏။ ၁၉၄၆ ခုနှစ်၊ နှစ်ဦးလောက်တွင် ရှမ်းပြည် ပင်လုံမြို့၌ ပထမအကြိမ် စည်းဝေးသော စော်ဘွားများညီလာခံ၌ ရှမ်းပြည်စည်းလုံးမှုကြီးကို ရခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသား လူမျိုးစုများအား ဗြိတိသျှတို့၏ သဘောထားရှိပုံကို အောက်ပါအတိုင်း ရှင်းလင်းမြွက်ကြားခဲ့၏။

## မြန်မာများ စိုးမိုးလို၍မဟုတ်

"ဗြိတိသျှတို့က တောင်တန်းနယ် လူမျိုးများသည် အောက်ကျနောက်ကျဖြစ်နေသေးသဖြင့် လွတ်လပ်ရေးနှင့်မတန်ဟု ထင်ကြောင်း၊ ထိုသို့ ထင်မြင်ချက်ကို မြန်မာများက သဘော မတူကြောင်း၊ မြန်မာပြည် လွတ်လပ်ရေးရသည်နှင့်တစ်ပြိုင်နက် တောင်တန်းနယ် လွတ်လပ်ရေးရမည်ဟု မြန်မာများက ထင်မြင်ကြောင်း၊ မြန်မာများသည် တောင်တန်းဒေသအတွက်ပြောဆိုခြင်းမှာ အုပ်ချုပ်စိုးမိုးလို၍ မဟုတ်၊ သို့ရာတွင် တောင်တန်းနယ်များသည် မြန်မာပြည်နှင့် တန်းတူအဆင့်အတန်း အခွင့်အရေး ရစေလိုသောကြောင့်ပင်ဖြစ်ကြောင်း၊

မြန်မာများသည် ဗြိတိသျှ၏ကျွန် မဖြစ်လိုကြောင်း၊ ထိုနည်းတူစွာ တောင်တန်းလူမျိုးများလည်း ဗြိတိသျှကျွန်များအဖြစ် မရောက်စေလိုကြောင်း၊ ထို့ပြင် တောင်တန်းလူမျိုးများသည် မြန်မာ့ကျွန်အဖြစ် မဖြစ်စေလိုကြောင်း"

၈-၂-၄၇ ခုနှစ်၊ ပင်လုံမြို့တွင် ကျင်းပသော တောင်တန်းဒေသ ညီလာခံကြီး၌ ဗိုလ်ချုပ်အောင်ဆန်းသည် လူမျိုးစုများအပေါ်တွင် မိမိနှင့် မြန်မာညီအစ်ကိုများ၏ မွန်မြတ်သော စေတနာ သဘောထားများကို အကွင်းလိုက် အကွက်လိုက် ပေါ်လွင်ထင်ရှားစွာ မြွက်ကြားခဲ့၏။

## ဒုတိယ ပင်လုံညီလာခံ

နယ်ချဲ့ဗြိတိသျှတို့သည် နည်းပေါင်းစုံဖြင့် တိုင်းရင်းသား စည်းလုံးမှုအင်အားကို အစွမ်းကုန် ဟန့်တားဖျက်ဆီးခဲ့ကြသော်လည်း သဲထဲရေသွန်သကဲ့သို့မျှ ရှိ၏။ တိုင်းရင်းသား ညီအစ်ကိုတို့သည် စုပေါင်းရပ်တည်ခြင်း အင်အား၏ စွမ်းအားကို ကောင်းစွာ သဘောပေါက်ကြသည်နှင့်အမျှ တိုင်းရင်းသားအားလုံးတို့သည် စည်းလုံးညီညွတ်သော မြန်မာပြည်ထောင်သစ်ကြီး တည်ဆောက်ရာတွင် ပူးပေါင်း ဆောင်ရွက်ကြရန် သဘောတူညီကြပြီး၍ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တောင်တန်းဒေသမှ ကိုယ်စားလှယ် ၂၂ ဦးတို့သည် ၁၉၄၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ စာချုပ်လက်မှတ် ရေးထိုးလိုက်ကြသည်။

## တိုင်းရင်းသားညီညွတ်ရေး

ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်ထောင်စုဗိမာန်ကြီး တည်ဆောက်ပြီး၍ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့ ... လုပ်ကြံမခံရမီ ရက်ပိုင်းအတွင်း ရန်ကုန်မြို့ မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ တိုင်းရင်းသား ညီညွတ်ရေးအတွက် မိန့်ခွန်းကို ပြောကြား... မိန့်ခွန်းအဖြစ် အောက်ပါအတိုင်း ထည့်သွင်းမြွက်ကြား...

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။

## ဗိုလ်ချုပ်

"အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး ... စားဖားသမားတွေ ညီညွတ်တာ ကျွန်တော် မလိုချင်ပါဘူး။ တိုင်းရင်းသား အချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး ... အဲဒီညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် ဖာသည် တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်"

"အဲဒီတော့ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့၊ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်"

ပြည်ထောင်စု ဗိသုကာ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မရှိမဖြစ်သော ပြည်ထောင်စု တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု စိတ်ဓာတ် ထာဝစဉ်ရှင်သန်ရေးတို့ကို အလေးအနက်ထား၍ ပြည်ထောင်စုသားတိုင်း မှတ်သားရန် တိကျပုံကို မြွက်ကြားခဲ့ပေသည်။

ပြည်ထောင်စုသားတိုင်းသည် ဗိုလ်ချုပ်အား ချစ်မြတ်နိုးသည်နှင့်အမျှ ဗိုလ်ချုပ်အနှစ်သက်ဆုံးဖြစ်သည့် တိုင်းရင်းသားစည်းလုံးရေးမဏ္ဍိုင် မပြိုလဲ မပျက်စီးစေရန် စောင့်ရှောက်ကာကွယ်ပါမည်ဟု အဓိဋ္ဌာန်ပြုကြပါစို့။ ။

ရွှေတုဂျာနယ်၊ အတွဲ ၂ အမှတ် ၁ (၁၅-၂-၁၉၇၂)

www.burmeseclassic.com

www.burmeseclassic.com



# လူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း

## တက္ကသိုလ် နေဝင်း

အတိတ်ကတော့ ဝေးကွာ၍ ကျန်ရစ်နေခဲ့ပါပြီ။ သို့ရာတွင် အတိတ်၏ပန်းချီကားချပ်ထဲမှ အချို့သောရှုခင်းတို့ကိုမူ လွယ်လွယ်နှင့် မေ့ပျောက် မရနိုင်အောင် ရှိနေပါသေးသည်။

လွန်ခဲ့သည့် ၁၉၄၇ခုနှစ်၊ နွေဦးကာလဆီကဖြစ်ပါသည်။

မညှာမတာ ပူပြင်းလျက်ရှိသော အညာနေ၏ အပူရှိန်အောက်ဝယ် မကွေးမှ နတ်မောက်မြို့သွား မော်တော်ကားလမ်းမှာ ဖုန်တထောင်းထောင်းထလျက်ရှိလေသည်။

ရှေ့မှ သွားနှင့်သော ဂျစ်ကားနောက်မှ မလှမ်းမကမ်းတွင် စတေရှင်ဝက်ဂွမ်း အမျိုးအစား မော်တော်ကားတစ်စီးသည် ခပ်မှန်မှန်မောင်းနှင်လျက် ရှိလေသည်။

ကားအတွင်း၌ ကာကီရောင် ယူနီဖောင်းဝတ်ပြီးနေရောင်ကာ မျက်မှန်နက် တပ်ကာ တစ်စုံတစ်ခုကိုလေးနက်စွာ စဉ်းစားနေဟန်ဖြင့် ငြိမ်သက်စွာ လိုက်ပါလာသူကား ဖဆပလ အဖွဲ့ဌာနချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်လေသည်။

ထိုအခိုက် ခပ်လှမ်းလှမ်းတွင် တစ်စုံတစ်ခုကို မြင်လိုက်ရသဖြင့် ကျွန်တော်က ...

"ဗိုလ်ချုပ် .. ရှေ့မှာတော့ လူတွေစုပြီး ကျွန်တော်တို့ကားကို တားနေကြပြီ။ ဘယ့်နှယ်လုပ်ကြမလဲ"ဟု မေးလိုက်ရာ ဗိုလ်ချုပ်သည် ချက်ချင်း ခေါင်းထောင်လာပြီး မူလကျွန်တော်တို့အစီအစဉ်အရ လမ်းတွင် ရပ်နားရန် အစီအစဉ်ရှိ မရှိ ပြန်မေးပါသည်။ ကျွန်တော်က မရှိကြောင်း ပြောသောအခါ ဗိုလ်ချုပ်သည် လက်ပတ်နာရီကို တစ်ချက်လှမ်းကြည့်ပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

"ဘာပဲဖြစ်ဖြစ်ကွာ ... အစီအစဉ် မရှိပေမဲ့ ဒီလောက်နေပူကြီးထဲ တပင်တပန်း လာစောင့်နေတဲ့သူတွေကိုတော့ ငဲ့ရမှာပဲ။ ကားရပ်လိုက်စမ်း ...."

ဟု အမိန့်ပေးပြီး ကျွန်တော့်ကား လမ်းဘေးတွင်ဆေးလိပ်၊ သောက်ရေများနှင့် စောင့်နေသူ လူထုထံသို့ဆင်း၍ နှုတ်ခွန်းဆက် စကားစမြည် ပြောလေသည်။

အမှန်မှာ ထိုနေ့က ကျွန်တော်တို့ အချိန်ကို လု၍နတ်မောက်မြို့သို့ သွားနေကြခြင်းဖြစ်သည်။ ကျွန်တော်နှင့် ဗိုလ်ချုပ်က မန္တလေး၊ စစ်ကိုင်းမှ ရွှေဘို၊ မုံရွာ၊ ပခုက္ကူမြို့များဆီသို့ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲအတွက် ခရီးလှည့်လည် တရားဟောရင်း အပြန်တွင်ညောင်ဦး၊ ချောက်၊ ရေနံချောင်း၊ မကွေးမြို့များကိုဖြတ်ပြီး သူ၏ဇာတိချက်ကြွေ နတ်မောက်မြို့သို့ လာကြသည်။ ထိုအချိန်မှာပင် နတ်မောက်သို့ မရောက်ဘူးသေး

www.burmeseclassic.com



သော ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နှင့် သားသမီးများက ပြည်၊ အာလံ၊ တောင်တွင်းကြီးမှတစ်ဆင့် ခရီးထွက်လာပြီး ဗိုလ်ချုပ်နှင့် နတ်မောက်မြို့တွင် လာဆုံကြရန်ဖြစ်သည်။ ထိုသို့ အတိအကျ အစီအစဉ်ဖြင့် နတ်မောက်သို့ တစ်ချိန်တည်း ရောက်ရန်ရှိရာ လမ်းခရီး၌ မူလအစီအစဉ် မရှိဘဲ လူထုက စုရုံးပြီး ဗိုလ်ချုပ်၏ကားကို အားကြွတိုင်း ရပ်ပေးမည်ဆိုလျှင် အချိန်များစွာ လစ်ဆင်းတော့မည်ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်ကို လူထုက တားပြီး ရပ်ခိုင်းတိုင်း ရပ်၍ ဆင်း နှုတ်ဆက်ခဲ့လေသည်။ အဘယ်ကြောင့်နည်း။

ဗိုလ်ချုပ်သည် အညာဒေသအရပ်သားတစ်ယောက် ဖြစ်သော်လည်း များစွာသော လူထုကြီးက ဗမာ့လွတ်လပ်ရေးကို ရှပ်ရှပ်ချွံချွံ ကြိုးပမ်း အရယူနေသော အမျိုးသားခေါင်းဆောင်ကြီးအား နီးကပ်စွာ မမြင်ဖူးခဲ့ကြ။ ယခုလို အခွင့်ကြုံတုန်းမြင်ဖူးတွေ့ဖူးလိုကြသည်။ ဗိုလ်ချုပ်ကလည်း စိတ်ရှည်ရှည်နှင့် တွေ့ဆုံအားပေးခဲ့၏။

ကျွန်တော်တို့ နတ်မောက်ရောက်သွားသော အချိန်အား ဒေါ်ခင်ကြည်နှင့် သားသမီးများသည် ရောက်နှင့်၍ ရေမိုးချိုးပြီးနေကြသည့်ပြင် သားလတ်(အောင်ဆန်းလင်း)မှာ အမေစု(ဗိုလ်ချုပ်မိခင်)၏ရှေ့မှာပင် ကစား၍နေပါပြီ။

ဗိုလ်ချုပ်ကား သူ၏ ချစ်ဇနီး၊ သားသမီးတည်းဟူသော အိမ်ထောင်စုထက် ပြည်သူလူထုကြီးအား ပိုမိုအားပေးတတ်သူ၊ လူထုအား အခါခပ်သိမ်း လေးစားသူ၊ တကယ့်ခေါင်းဆောင်ပီသသော နိုင်ငံရေးသမားတစ်ဦးပင် ဖြစ်ပါသတည်း။

## လူထုအပေါ် ယုံကြည်အားကိုးမှု

ဗိုလ်ချုပ်နှင့် ဗမာပြည်သူလူထု ခွဲခြား၍ မရအောင် ထိကပ်ဆက်စပ်နေသော ခိုင်မာမှုနှင့်ပတ်သက်၍ ၁၉၄၅ခု၊ ဧပြီလဆန်း ဖက်ဆစ်တော်လှန်ရေးကာလအတွင်း သရက်မြို့အနောက်ဘက် သရက်ချောင်းရွာကလေးတွင် ဌာနချုပ် စခန်းပြုနေကြခိုက် ဗိုလ်ချုပ်ပြောခဲ့သော စကားများကိုလည်း ပြန်လည် အမှတ်ရစရာပင် ဖြစ်ပါသည်။

လူအင်အား လက်နက်၊ ခဲယမ်းအင်အား တောင့်တင်းလှသော ဂျပန်စစ်တပ်ကြီးတစ်ခုလုံးကို တိုက်ခိုက်ချေမှုန်းရမည့် ဖက်ဆစ်တော်လှန်ရေးကြီး၏ စစ်ရေးခေါင်းဆောင်အဖြစ် ဦးစီးကွပ်ကဲခဲ့ရသော ဗိုလ်ချုပ်၏ တာဝန်ကား ကြီးလေးလှခဲ့ပေသည်။ သို့သော် ဗိုလ်ချုပ်၏စိတ်တွင် စိုးရွံ့တုန်လှုပ်ခြင်း၊ ဖြစ်ပါ့မလားဟူသော သံသယစိတ်ရှိခြင်းများ လုံးဝ မပေါ်ခဲ့ပေ။ တော်လှန်ရေးအတွက် သူ အဓိကထား အားကိုးသည်ကား ဗမာပြည်သူလူထုကြီးပင်ဖြစ်ခဲ့လေသည်။

ဟေ့ ... ငါတို့ရဲ့ အဓိက အားကိုးရာ အင်အားကတော့ ပြည်သူလူထုကြီးပဲ။ လူထုအပေါ် သစ္စာရှိပြီး လူထုက တို့ကို အားပေးကူညီနေသမျှ တို့ရဲ့ တော်လှန်ရေးကြီးက ဘယ်တော့မှ မကျဆုံးနိုင်ဘူး။ မုချ အောင်မြင်ရမှာပဲ။ ဒါကြောင့် ငါတို့ ရဲဘော်တွေအားလုံးဟာ လူထုကို သစ္စာရှိရမယ်၊ အရေးကြုံတိုင်း လူထုထံကိုပဲ ချဉ်းကပ်ရမယ်။

ထိုအချိန်က ဗိုလ်ချုပ် ဤသို့ပြောဆိုခဲ့ခြင်းမှ လတ်တလောဖြစ်ပွားနေသော ဖက်ဆစ်တော်လှန်ရေးသမားမဟုတ်၊ ဂျပန်ပြေးပြီးနောက် ဗြိတိသျှတို့က ဗမာ့လွတ်လပ်ရေး မပေးခဲ့ပြန်သော် ဆက်ပြီး လက်နက်ကိုင်တိုက်ရ ဦးမည့် ဗြိတိသျှနယ်ချဲ့တော်လှန်ရေးကိုပါ ရည်ရွယ်၍ ပြောခြင်းဖြစ်ပေသည်။

သူပြောခဲ့သည့်အတိုင်းလည်း ဗိုလ်ချုပ်သည် ကိုယ်တိုင် လူထုအင်အားအပေါ် ယုံကြည်ကိုးစားမှုထားရှိသည်နှင့်အမျှ ကိုယ်ကျိုးမငဲ့မှု၊ နိုင်ငံရေးသန့်ရှင်းမှုများဖြင့် တည်ဆောက်အပ်သော ပြည်သူလူထုကြီး၏ ပြန်လည်အားကိုးမှု၊ တစ်ခဲနက် ထောက်ခံမှုများကို ရရှိခဲ့လေသည်။

မှတ်မိပါသေးသည်။ ၁၉၄၆ ခုနှစ်၊ မတ်လက ဗိုလ်ချုပ်သည် ဖဆပလ စည်းရုံးရေးအတွက် ဦးအောင်ဇံဝေ၊ ဟသ်ာတဦးမြ၊ သခင်မြတို့နှင့်အတူ ရခိုင်ပြည်ဘက်သို့ ခရီးထွက်ခဲ့ရလေသည်။ ပြည်တစ်ဖက်ကမ်း ပန်းတောင်းမြို့မှ တောင်ကုတ်မြို့သို့ မော်တော်ကားဖြင့် အသွားလမ်းတွင် ဦးအောင်ဇံဝေက ရခိုင်ပြည်ကျရင် လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ကျေးလက်မြို့နယ်များသို့ အသွားအလာ ဆင်းရဲ ခက်ခဲမည်ဖြစ်ကြောင်း၊ သို့သော် ဗိုလ်ချုပ်ကို ရခိုင် ကျေးလက်လူထုက အထူးမျှော်လင့်တောင့်တနေကြောင်း စသည်ဖြင့် ပြောပြရာ ဗိုလ်ချုပ်က လမ်းပန်းခရီး ခက်ခဲ ဆင်းရဲပါစေ၊ လူထုကသာ လက်ခံလျှင် ဘယ်အရပ်ကိုမဆို သွားမည်ဟု မဆိုင်းမတွ ပြန်ပြောခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## စက်ဘီးကိုယ်စီဖြင့်

တကယ်လည်း ရခိုင်ပြည်ဘက် ရောက်သောအခါ ကျွန်တော်တို့ ဆင်းရဲပင်ပန်းစွာ ခရီးသွားခဲ့ရသည်။ ဖဆပလအစိုးရ မဖြစ်သေးချိန်ကာလဖြစ်၍ အစိုးရဘက် မှလည်း ဘာ အကူအညီမှ မရ။ ဖြစ်သလို ခရီးသွားခဲ့ရသည်။ မင်းပြား၊ မြေပုံဘက်တွင် စက်ဘီးကိုယ်စီဖြင့် စီးသွားကြရပြီး ဗိုလ်ချုပ်က စက်ဘီး မစီးတတ်သဖြင့် ကျွန်တော်ကိုယ်တိုင်ပင် သူ့ကိုတင်ပြီး စက်ဘီးနင်းပို့ခဲ့ရပါသေးသည်။

သို့ရာတွင် ရောက်လေရာအရပ်မှ ရခိုင် တိုင်းရင်းသား လူထုကြီးက ဗိုလ်ချုပ်အား သောင်းသောင်းဖြဖြ လက်ခံကြိုဆိုခဲ့ကြသည်။ ဗိုလ်ချုပ်၏လွတ်လပ်ရေး တိုက်ယူရေး တရားများကို စိတ်ပါဝင်စားစွာ တက်ရောက်ကြားနာခဲ့ကြလေသည်။ ဗိုလ်ချုပ်ကား လူထုထောက်ခံမှု ရသည်ကိုပင် ခရီးပန်းသည့်ကြားမှ နှစ်သိမ့် ကျေနပ်စွာ ပြုံးနေပါတော့သည်။

ရခိုင်တိုင်းရှိ တကယ့်လူများစု ဆင်းရဲသား လူထုကြီးကား ဗိုလ်ချုပ်ကို ကြည့်ပြီး ရာဇဝင်မြောက် ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်သည်အထိ ခေါင်းဆောင်မှု ပေးခဲ့သော ဤပုဂ္ဂိုလ်သည်ပင်လျှင် ဗမာ့လွတ်လပ်ရေးကို မရ ရအောင် ရှေ့ဆောင် ယူပေးနိုင်စွမ်းရှိကြောင်း ယုံကြည်သွားကြပေသည်။

## အမျိုးသားခေါင်းဆောင်

ဗိုလ်ချုပ်မှာ ပြည်သူလူထုကြီး၏ စည်းလုံးညီညွတ်မှုအင်အားကို အကြွင်းမဲ့ယုံကြည်အားကိုးသူ တစ်ဦးဖြစ်လေသည်။ သူ၏ နိုင်ငံရေးလက်တွေ့က လှုပ်ရှားမှု ပထမပိုင်း (တို့ဗမာအစည်းအရုံးဝင် သခင်ဘဝ)က ချွတ်ယွင်းချက်များကို ပြန်လည်ဝေဖန် သုံးသပ်ရင်း စစ်ကြိုခေတ် ဗြိတိသျှနယ်ချဲ့တော်လှန်ရေး စည်းရုံးလှုံ့ဆော်မှုနှင့်ပတ်သက်၍

"ကျွန်ုပ်တို့ အပါအဝင် ဗမာလူငယ် နိုင်ငံရေးသမားတို့မှာ အရင်းရှင်ပေါက်စ လူတန်းစားဘဝမှ လာသူများပီပီ အတွေးအခေါ် ပြတ်သားမှု မရှိခြင်း၊ ပြည်သူလူထုကြီးအား လှုံ့ဆော်စည်းရုံးမှုနှင့် လူထုအင်အားအပေါ် ယုံကြည် အားကိုးမှု ကင်းမဲ့ခြင်းများ ရှိခဲ့ပေသည် ...

ဟု ၁၉၄၅ ခုနှစ်က ဖွင့်ဟဝန်ခံခဲ့ဖူးလေသည်။

ဗိုလ်ချုပ် တကယ် အားကိုးသော လူထု အင်အားဆိုသည်မှာ ပြည်မမှ ဗမာအမျိုးသားများသာမက ပြည်နယ်အသီးသီးမှ လူမျိုးစု တိုင်းရင်းသား လူနည်းစုများကိုပါ ဆိုလိုသည်။ ဘီအိုင်အေ ခေတ်က အဖြစ်အပျက်ကြောင့် ဆက်ဆံမှု တင်းမာနေသော ကရင်အမျိုးသားများကို စစ်အတွင်းကပင် နားလည် ညီညွတ်မှု ရအောင် စည်းရုံးခဲ့၏။ ၁၉၄၅ ခု၊ ဒီဇင်ဘာလကစပြီး ဆမားဒူးဝါးကြီးကို စတင်ဆက်သွယ်ရန် ကချင်ပြည်နယ် လူထုထံ ရင်းနှီးစွာ ချဉ်းကပ်ခဲ့၏။ ပင်လုံ ကွန်ဖရင့် (၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်)မတိုင်မီကပင် ရှမ်းပြည်နယ်တစ်ခွင်သို့ ကိုယ်တိုင်လှည့်လည်၍ ရှမ်းအမျိုးသားများလည်း စည်းရုံးခဲ့လေသည်။

ဤသို့လျှင် ဗိုလ်ချုပ်သည် စေတနာ သန့်ရှင်းမှု၊ နိုင်ငံရေးအတွေးအခေါ် မှန်ကန်မှုတို့ကြောင့် ဗမာပြည် နိုင်ငံရေးသမိုင်းတွင် မကြုံဘူးအောင် ပြည်သူလူထုကြီး တစ်ရပ်လုံး၏ အကြွင်းမဲ့ထောက်ခံယုံကြည်မှုကို ရရှိကာ တကယ့် အမျိုးသားခေါင်းဆောင်အဖြစ် မော်ကွန်းတင်ရ လောက်သော အောင်မြင်မှု ရရှိခဲ့လေသည်။

ဗမာပြည်မှ အောင်ဆန်းသည် ဗမာတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု၏ အမှတ်အသား လက္ခဏာ တစ်ခုပင် ဖြစ်သည် ...

ဟု လူမျိုးခြား နိုင်ငံရေးအကဲခတ်များကပင် မှတ်ချက်ချခဲ့ဖူးပေသည်။

ရာဇဝင်သမိုင်းအရ အနှစ် ၁၀၀ တွင် တစ်ကြိမ် ပေါ်ပေါက်ရန် ခဲယဉ်းသော သူလို အဖိုးတန်ခေါင်းဆောင်ကြီးမျိုး၊ လွတ်လပ်ရေးပန်းတိုင် ရောက်လုဆဲကာ ရေတိမ်နစ်ခဲ့ရသည်မှာ ယူကျုံးမရဖြစ်ဖွယ်ကောင်းလှပါသည်။

ဗိုလ်ချုပ်တို့ ကျဆုံးခဲ့ရာ ၂၂ နှစ် တင်းတင်း ပြည့်သော ယနေ့(အာဇာနည်နေ့)တွင် အထူးအမှတ်ရမိကာ ဗိုလ်ချုပ်အား ဤဆောင်းပါးဖြင့် လိုက်လှဲစွာ အလေးပြုလိုက်ရပါသတည်း။ ။

ပြည်သူ့ကြယ် အမှတ် ၁၃ (၁-ဂ-၁၉

www.burmeseclassic.com



# ရင်တမမနေရသော ဘိလပ်ဆွေးနွေးပွဲ

## ဦးဗဆွေ

**သည်းထိတ်ရင်ဖိုလာချိန်**

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် နေ့သည်ကား ဗမာပြည်အနာဂတ်အတွက် အရေးကြီးလှသော တွေ့ဆုံဆွေးနွေးပွဲကို စတင်သည့်နေ့ဖြစ်လေသည်။ ဘိလပ်အစိုးရကိုယ်စား ဝန်ကြီးချုပ် (ထိုစဉ်က နန်းရင်းဝန်ခေါ်သည်) မစ္စတာအက်တလီနှင့် နိုင်ငံရေးဝန်ကြီး မစ္စတာအီဘင် တို့က ခေါင်းဆောင်သည်။ ဗမာပြည်ကိုယ်စားလှယ်အဖွဲ့ကိုမူ ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်လေသည်။

ဤအချိန်ကား ဗမာပြည်တစ်ပြည်လုံး သည်းထိတ်ရင်ဖိုနေရသောအချိန်ဖြစ်ပါသည်။ လူတိုင်း နားတစွင့်စွင့်နှင့် ဘိလပ်ဆွေးနွေးပွဲကို စိတ်ဝင်စား အာရုံစိုက်လျက်ရှိကြသည်။ လူချင်းဆုံလျှင် ဤအကြောင်းပဲ ပြောကြဆွေးနွေးကြသည်။ ဖဆပလ ဌာနချုပ်နှင့် လက်အောက်ခံအဖွဲ့အစည်းအသီးသီးမှ တာဝန်ခံခေါင်းဆောင်များမှာသည်း တကျိတ်ကျိတ်နှင့် အလုပ်များလျက်ရှိကြသည်။ အဘယ့်ကြောင့် ပြည်သူလူထုတစ်ရပ်လုံး ဤမျှ စိတ်ဝင်စား အာရုံစိုက်နေရပါသနည်း၊ ဘာကြောင့်များ ခေါင်းဆောင်တွေ ဤမျှ တကျိတ်ကျိတ်ဆွေးနွေးပြီး အလုပ်ရှုပ်နေကြရပါသနည်း။

ဘိလပ်ဆွေးနွေးပွဲ မအောင်မြင်က ဖဆပလသည် အစိုးရအဖွဲ့မှ နုတ်ထွက်ကြရမည် မဟုတ်လော။ နုတ်ထွက်ရုံတွင်လော ... မဟုတ်ပါ။ ဖဆပလသည် ဥပဒေဘောင်အတွင်း တရားနည်းလမ်းရှိသမျှ လွတ်လပ်ရေးအတွက် ကြိုးပမ်းမည်၊ မရသည့်အဆုံးတွင် ရနိုင်သည့် နည်းလမ်းကို သုံးမည်၊ လုပ်မည်ဟု ကြေညာထားပါသည်။ ဤဘိလပ်ဆွေးနွေးပွဲကား ဥပဒေဘောင်အတွင်း အေးချမ်းစွာဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု၏ နောက်ဆုံးစခန်းပင် မဟုတ်ပါလော။

**သည်းထိတ်ရင်ဖိုရဆုံး**

ကျုပ်တို့ အတိအလင်း ကြေညာထားတဲ့ ရည်ရွယ်ချက်တွေကို တရားနည်းလမ်း၊ စည်းကမ်းများအရ ရယူနိုင်မည့် အခွင့်အရေးများရှိရင် အဲဒီအခွင့်အရေးများကို ပထမ ရှေ့ဦးစွာ ကုန်အောင် အသုံးပြုရမယ်ဟု ဗိုလ်ချုပ်အောင်ဆန်းက ဆိုခဲ့သည်။ ဤဘိလပ်ဆွေးနွေးပွဲသည် ထို တရားနည်းလမ်း စည်းကမ်းများအတွင်း နောက်ဆုံးကြိုးပမ်းမှု၊ နောက်ဆုံးပွဲဖြစ်လေသည်။ လက်ကုန် တက်ကုန် အစွမ်းကုန်ကြဲရမည့်ပွဲလည်း ဖြစ်ပေသည်။ ဤပွဲတွင် မအောင်မြင်က ကြားကာလဟူ၍မရှိတော့။ အချိန်

www.burmeseclassic.com



ဆွဲနေ၍မဖြစ်တော့။ လူထုအုံကြွမှုနှင့် လက်နက်ကိုင်တော်လှန်ရေးကို ပူးပေါင်း၍ လွတ်လပ်ရေးတိုက်ပွဲ၏ နောက်ဆုံးအဆင့်သို့ ချက်ချင်း ကူးပြောင်းရမည်ဖြစ်လေသည်။ ဤအချိန်ပိုင်းသည် အင်မတန်မှ အရေးကြီးလှသော အချိန်ပိုင်းဖြစ်ခဲ့သည်။ တစ်ဖက်တွင် ဘိလပ်ဆွေးနွေးပွဲ အောင်မြင်မှုအတွက် အစွမ်းကုန် ကြိုးပမ်းရသလိုတစ်ဖက်တွင်လည်း တိုက်ပွဲ၏ နောက်ဆုံးအဆင့်အတွက် အစွမ်းကုန် မောင်းတင်၊ အစွမ်းကုန် ပြင်ဆင်ခဲ့ကြရသည်။ လွတ်လပ်ရေးတိုက်ပွဲသမိုင်းတစ်လျှောက်တွင် ဤအပိုင်းသည် သည်းထိတ်ရင်ဖိုရဆုံးသော အပိုင်းဖြစ်လေသည်။ သို့သော် ရုပ်လုံးဖော်နိုင်သူများက ယနေ့တိုင် မဖော်ခဲ့ကြသဖြင့် မြုပ်ကွက်လို ဖြစ်ခဲ့သည်။ ထိုအချိန်တွင် ဦးကျော်ငြိမ်းမှာ နိုင်ငံခြားဆက်သွယ်ရေးကိစ္စဘိလပ်သို့ ဖဆပလကိုယ်စားလှယ်အဖြစ်ဖြင့် သွားရရေးကိစ္စ၊ နောက်လည်း အစိုးရအဖွဲ့တွင် ဝင်၍ တာဝန်ယူရရေးကိစ္စများကြောင့် ဖဆပလ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို စာရေးသူက ဝင်ရောက် တာဝန်ယူနေရသည့်အချိန်ဖြစ်ပါသည်။ ထိုစဉ်က မိမိတို့ဆိုင်ရာအခန်းများမှ အသီးသီး တာဝန်ယူထမ်းဆောင်ရသည့် ပုဂ္ဂိုလ်များ၊ တာဝန်ခံများ မြောက်မြားစွာ ရှိကြပါသည်။ တာဝန်ပေးချက်အရ ကျွန်ုပ်နှင့် အများဆုံး ပူးပေါင်း၊ အများဆုံး လက်တွဲလုပ်ခဲ့ရသူများမှာ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန် (ကွယ်လွန်)၊ ဗိုလ်မင်းခေါင်တို့ ဖြစ်ကြပါသည်။ ဤအရေးကြီးလှသော အချိန်ပိုင်းမှ သည်းထိတ်ရင်ဖိုစရာ မြုပ်ကွက်များရှိပါက ထိုပုဂ္ဂိုလ်များက ဖြည့်စွက်ပေးစေလိုပါသည်။ ပထမဆုံး ဘိလပ်ဆွေးနွေးပွဲ အောင်မြင်မှုအတွက် မဲတင်းပေးသည့် လုပ်ငန်းရပ် လှုပ်ရှားမှုများကို တင်ပြလိုပါသည်။

## ခေတ်စားခဲ့သည်မှာ

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့ကို လွတ်လပ်ရေးဆန္ဒပြ၊ အင်အားပြ ရက်သတ္တပတ်အဖြစ်ဖြင့် သတ်မှတ်၍ ရန်ကုန်နှင့်တကွ တစ်ပြည်လုံးတွင် ချီတက်သံများ၊ ကြွေးကြော်သံများဖြင့် ပွဲတင်ထပ်စေခဲ့ပါသည်။ ထိုဆန္ဒပြပွဲ၊ အင်အားပြပွဲများတွင် ကျွန်ုပ်တို့ကိုယ်တိုင် 'ရရင်ရ၊ မရရင် ချမယ်' ဟု ရဲရဲတောက်ကြွေးကြော်သံကို အတိအလင်း ကြွေးကြော်ခဲ့ကြသည်။ အဓိပ္ပာယ်မှာ ရှင်းပါသည်။ ဘိလပ်ဆွေးနွေးပွဲတွင် ကျွန်ုပ်တို့ လိုလားချက်များ ရလျှင်ရ၊ မရလျှင် လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲတော့မည်ဟု ဆိုလိုပါသည်။ ထိုစဉ်က လူချင်းတွေ့လျှင် 'ရရင်ရ၊ မရရင်ချမယ်' ဟူသော ကြွေးကြော်သံဖြင့် နှုတ်ဆက်ကြသည်အထိ ရေပန်းစားခဲ့သည်။ ခေတ်စားခဲ့သည်။

ကျွန်ုပ်တို့သည် ဤကြွေးကြော်သံကို အကြောင်းမဲ့ အဓိပ္ပာယ်မဲ့ ကြွေးကြော်ခဲ့ကြသည်မဟုတ်။ မိမိတို့တကယ်လုပ်တော့မည့်အလုပ်ကို နယ်ချဲ့အား သတိပေးလို၍တစ်ကြောင်း၊ လူထုအား နောက်လာမည့် တကယ့်တိုက်ပွဲအတွက် မောင်းတင်လို၍တစ်ကြောင်း ဤသို့ပြောင်ပြောင်တင်းတင်း ကြွေးကြော်ခဲ့ခြင်းဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းက 'အင်္ဂလိပ်အစိုးရဟာ ဗမာပြည်မှာ ဒီလို လွတ်လပ်ရေး တိုက်ပွဲမျိုး ထပ် မြင်ချင်သေးသလား၊ မမြင်ချင်ဘူးလားဆိုတဲ့ မေးခွန်းအပေါ်မှာ တည်တယ်။ လွတ်လပ်ရေးတိုက်ပွဲဖြစ်ရေး မဖြစ်ရေးဟာ ကျွန်ုပ်တို့လက်မှာ မရှိဘဲနဲ့ သူတို့လက်ထဲမှာပဲ ရှိတယ်' ဟု ဆိုခဲ့သည်မဟုတ်ပါလော။ ယခု ဘိလပ်ဆွေးနွေးပွဲတွင်သည်လို မေးခွန်း၏အဖြေကို ဘိလပ်အစိုးရက ပေးရမည့်အခါပင်ဖြစ်လေသည်။ ဤအခါမျိုးတွင် ကျွန်ုပ်တို့သည် ပရိယာယ်ဝေ့စ်ဖြင့် လှည့်ပတ်မှုကို မခံတော့။ အချိန်သတ်အချိန်ဆွဲမှုကို မခံတော့။ နှစ်နိုင်ငံချစ်ကြည်မှုအတွက် အေးချမ်းသောနည်းဖြင့် မိမိတို့ လွတ်လပ်ရေးကို ရလျှင်ရ၊ မရလျှင် ရသည့်နည်းဖြင့် ရယူတော့မည်ကို ပြရတော့မည်၊ ပြောရတော့မည်မဟုတ်ပါလော။ အမှန်ကိုသိပြီး ဆုံးဖြတ်ရန်မှာ ဘိလပ်အစိုးရ၏ တာဝန်သာဖြစ်လေသည်။

## မောင်းတင်ပေးသောအခါ

ထို့ပြင် ဖဆပလသည် ပြည်သူလူထုတစ်ရပ်လုံး၏ ထောက်ခံမှုကို ရရှိသည်။ ဖဆပလ လက်အောက်တွင် လူထု၊ လူတန်းစား၊ လူမျိုးရေး အဖွဲ့အစည်းများ ဆက်သွယ်လျက်ရှိကြသည်ဆိုသော်လည်း စည်းကမ်းနှင့်ညီသော နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းကြီးများသာ ဖြစ်ကြလေသည်။ စည်းကမ်းနှင့် မညီ၍ မဆက်သွယ်ပါရ၊ မပါဝင်ရသော လူထု၊ လူမှုရေး၊ လူမျိုးရေးအဖွဲ့အစည်းများ

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း များစွာကျန်လျက်ရှိကြသည်။ ထို အဖွဲ့အစည်းများမှာ စည်းကမ်းအရ အဖွဲ့လိုက် ဆက်သွယ်ခွင့်၊ ပါဝင်ခွင့် မရကြသော်လည်း အဖွဲ့ဝင် အများစုမှာ ဖဆပလသို့ တစ်ဦးချင်း ပါဝင်၍ တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ ယခုလို အရေးကြီးနေသော အချိန်တွင် ဖဆပလ တစ်ခုတည်းက ဦးစီး၍ ဆန္ဒပြနေ၊ အင်အားပြနေရုံနှင့် မလုံလောက်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူလူထု တစ်ရပ်လုံးက လွတ်လပ်ရေးအတွက် အသက်မဆို စွန့်လွှတ်ဖို့၊ စွန့်စားဖို့ အဆင်သင့်ဖြစ်ကြသည် ကို ပြရမည်မဟုတ်ပါလော။ နောက်ဆုံးတိုက်ပွဲအဆင့် အတွက် ဖဆပလအဖွဲ့ဝင်များကိုသာ မဟုတ်၊ ပြည်သူ လူထုတစ်ရပ်လုံးကို အစွမ်းကုန် မောင်းတင်ပေးရမည့် အခါ မဟုတ်ပါလော။ (မောင်းတင်သည်ဆိုသော စကား မှာ လူထုစိတ်ဓာတ်ကို မြှင့်တင်ပေးသည့်ကိစ္စ၊ ဆုံးဖြတ် ချက် သန္နိဋ္ဌာန်ကို ခိုင်မာအောင် လုပ်ပေးသည့်ကိစ္စကို ဆိုလိုသည်။ ထိုစဉ်က အင်မတန်မှ ခေတ်စားလှသည့် ကွန်မြူနစ်တို့ လက်သုံးစကားဖြစ်ပါသည်)

## လှည်းနေလှေအောင်း မြင်းဇောင်းမကျန်

ထို့ကြောင့် လွတ်လပ်ရေးတိုက်ပွဲတွင် ဖဆပလနှင့် လက်တွဲ၍ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လို ကြသည့်အဖွဲ့အစည်းများ စာရင်းသွင်းကြရန် ဆင့်ခေါ်ခဲ့ ကြသည်။ အစိုးရဌာနအသီးသီးမှ အမှုထမ်း၊ အရာထမ်း အဖွဲ့အစည်းများ၊ မီးသတ်၊ သူနာပြု အစရှိသည့် လူမှု ရေးအဖွဲ့အစည်းများသာမက ကျောင်းဆရာ၊ ဗမာဆေး ဆရာ အစရှိသည့် လူထုအဖွဲ့အစည်းများ၊ မွန်၊ မြေပြန့် ကရင်၊ မြေပြန့် ချင်း အစရှိသည့် လူမျိုးစုအဖွဲ့အစည်းများ၊ မော်တော်ဘဉ်၊ ကုန်းယာဉ်(ကား)၊ မြင်းလှည်း၊ ဆိုက်ကား အစရှိသည့် သယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းများ၊ နောက်ဆုံး ဂျော်ကီ အစည်းအရုံးများ အပါအဝင် အဖွဲ့ အစည်းပေါင်း သုံးရာကျော်မျှ စာရင်းသွင်းခဲ့ကြသည်။ ထိုအဖွဲ့အစည်းများကို လွတ်လပ်ရေးပဋိညာဉ်ခံ အဖွဲ့ များအဖြစ်ဖြင့် ဖဆပလက လက်ခံခဲ့လေသည်။

## ပြီးအောင် ဟိန်းခဲ့ပုံက

ထိုပဋိညာဉ်ခံ အဖွဲ့အစည်းများ၏ ပဋိညာဉ်ပေး သစ္စာခံပွဲကို ဗန္ဓုလပန်းခြံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပဋိညာဉ်ခံ အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်တို့သည် အိုးစည်ဗုံမောင်း များ တီးမှုတ်၍ ဇာတိမာန်တက်ကြွဖွယ် သံချပ်များ ထိုး၍ တစ်မျိုး၊ ရဲရဲတောက် ကြွေးကြော်သံများ ကြွေးကြော်ရာ တစ်မျိုး ချီတက်ခဲ့ကြရာ ဗန္ဓုလပန်းခြံကြီး ပြည့်လျှံမျှ စုရုံးမိကြသည်။ ထိုအခမ်းအနားတွင် ပဋိညာဉ်ခံအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်များက လွတ်လပ်ရေးအတွက် ပေးအပ်သည့်တာဝန်ကို အသက်ပေး၍ ဆောင်ရွက်ကြ ပါမည်ဟု သဘောသက်ရောက်သည့် ပဋိညာဉ်ခံစာတမ်း တွင် လက်မှတ်ရေးထိုးကြသည်။ ထို့နောက် ပဋိညာဉ်ခံ စာတမ်းကို တညီတညွတ်တည်း လက်ရုံးလက်မောင်း တန်းကာ တိုင်ဆို သစ္စာပြုကြသည်။ စိတ်မာန်တက်ကြွ စွာဖြင့် တိုင်ဆိုကြသည့်သစ္စာပြု တိုင်ဆိုသံကား မိုးထိ အောင် ဟိန်းခဲ့လေသည်။

## မဲတင်းလိုက်ခြင်း

ဤကား ဘီလပ်ဆွေးနွေးပွဲအတွက် မဲတင်းပေး သည့် လုပ်ငန်းရပ်၊ လှုပ်ရှားမှုများမှ တချို့တစ်ဝက်ဖြစ်ပါ သည်။ ထို့ပြင်လည်း ဘီလပ် ဆွေးနွေးပွဲ မပြီးမချင်း လှုပ်ရှားမှုများကို မနားတမ်း တောက်လျှောက်လုပ်ခဲ့ကြ ပါသည်။ ယခု ဆက်လက်၍ ဘီလပ်ဆွေးနွေးပွဲပျက်က ပြုလုပ်မည့် ပြင်ဆင်မှုများကို အနည်းငယ် တင်ပြပါမည်။ လူထုအုံကြွမှုလုပ်ငန်းများနှင့်ပတ်သက်၍ အတိုချုံး၍ ဆိုရသော် ...

(က) ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား များ၊ အစည်းအရုံးများအဖွဲ့ချုပ်က လယ်သိမ်းတိုက်ပွဲ များ၊ ထွန်တုံးတိုက်ပွဲများ၊ သစ်တောဥပဒေဖီဆန်ရေး တိုက်ပွဲများကို ဗမာပြည်တစ်ပြည်လုံး ဆင်နွှဲရန် စနစ် တကျ စီမံကိန်းများ ရေးဆွဲ၍ ခရိုင်မြို့နယ်များသို့ ညွှန် ကြားပြီးဖြစ်လေသည်။ ခရိုင်၊ မြို့နယ်များကလည်း အသေးစိတ်လုပ်ငန်းများ ချမှတ်ပြီး အထက်မှ အချက်ပြ အမိန့်ပေးသည်နှင့်တစ်ပြိုင်နက် တိုက်ပွဲဝင်ရန် တာစူ လျက်ရှိကြသည်။

(ခ) အလုပ်သမားများကလည်း အထွေထွေ သပိတ်ကြီး မှောက်ရန် အဆင်သင့်ပြင်ဆင်၍ အချိန်ကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်လျက်ရှိကြသည်။

(ဂ) ဌာနဆိုင်ရာ အစိုးရအမှုထမ်း အရာထမ်းများကလည်း အုပ်ချုပ်ရေးစက်ယန္တရားကြီးတစ်ခု လုံးဝ ရပ်စဲပစ်ရန် အရာရာ ပြင်ပြီးဆင်ပြီးဖြစ်ကြသည်။

(ဃ) ခရိုင်မြို့နယ် ဖဆပလ အဖွဲ့များနှင့် လူထုအဖွဲ့အစည်းများကလည်း ခလုတ်နှိပ် အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ရိက္ခာတိုက်ပွဲများ ဆင်နွှဲကာ အစိုးရ ပြည်သူ့ထောက်ပံ့ရေး ဂိုဒေါင်များ၊ ရိက္ခာဂိုဒေါင်များကို သိမ်းပိုက်ရန် စီစဉ်ပြီးဖြစ်ကြသည်။

ဤကား လူထုအုံကြွမှုအတွက် ပြင်ဆင်ထားသည့် တချို့တစ်ဝက်မျှသော လုပ်ငန်းရင်းများဖြစ်ကြပါသည်။

**တော်လှန်ရေးအတွက် ပြင်ဆင်ခြင်း**

လက်နက်ကိုင်တိုက်ပွဲ၊ လက်နက်ကိုင် တော်လှန်ရေးနှင့်ပတ်သက်၍ အနည်းငယ်ဆိုရသော် ...

(က) ဗမာ့တပ်မတော်အတွင်း ရောက်နေပြီးဖြစ်ကြသော ဗမာမျိုးချစ်တပ်မတော်များကလည်း မိမိတို့ဆိုင်ရာ တပ်ရင်းတပ်ခွဲအလိုက် မိမိတို့ လုပ်ဆောင်ရမည့် လုပ်ငန်းနှင့် တာဝန်များကို ရေးဆွဲ၍ ခန့်ခွဲပြီးဖြစ်ကြသည်။ အချက်ပေးလက်ပြလိုက်ရုံနှင့် မိမိတို့ဆိုင်ရာ တပ်ရင်းတပ်ခွဲများမှ အင်္ဂလိပ်စစ်ဗိုလ်များ၊ အလိုတော်ရိ စစ်ဗိုလ်များကို ဖမ်းဆီးပြီး လက်နက်ခဲယမ်း မီးကျောက်များကို သိမ်းပိုက်ရန် အဆင်သင့်ဖြစ်ကြသည်။ မိမိတို့ယူရမည့် နေရာများကို ရွေးပြီး သတ်မှတ်ပြီးဖြစ်ကြသည်။

(ခ) ဗမာ့ရေတပ်မတော်နှင့် ပတ်သက်လျှင်လည်း တပ်တွင်းရဲဘော်များနှင့် ပြည်သူ့ရဲဘော်များ ပူးပေါင်းကာ တော်လှန်ရန် အချက်ပေးသည်နှင့်တစ်ပြိုင်နက် စစ်ယာဉ်၊ စစ်သင်္ဘောများနှင့် လက်နက်တိုက်၊ ခဲယမ်းမီးကျောက် ဂိုဒေါင်များကို အပြီး သိမ်းပိုက်နိုင်ရန် စီစဉ်ပြီး တာဝန်ခန့်ခွဲပြီးဖြစ်ကြသည်။

(ဂ) ခရိုင်နှင့် မြို့နယ်များတွင်လည်း ပြည်သူ့ရဲဘော်နှင့် ဆိုရှယ်လစ်များ ပူးပေါင်း၍ မိမိတို့ဆိုင်ရာနယ်များအတွင်း လိုင်စင်ဖြင့် ထုတ်ပေးထားသည့် လက်နက်စာရင်းများနှင့် ကိုင်ဆောင်သူ ပုဂ္ဂိုလ်တို့၏ နေရပ်လိပ်စာအပြည့်အစုံကို ကောက်ယူပြီးဖြစ်ကြသည်။ အချိန်ရောက်ပြီဆိုသည်နှင့် ထိုပုဂ္ဂိုလ်များထံမှ သေနတ်နှင့် ယမ်းတောင့်များကို နားလည်မှုဖြင့် ယူနိုင်သည်ကို ယူ၍ အတင်း သိမ်းရမည်ကို သိမ်းရန် အသေးစိတ် စီစဉ်ခန့်ခွဲပြီးဖြစ်ကြသည်။

(ဃ) ကျွန်ုပ်တို့သည် ပထမနယ်ချဲ့တော်လှန်စဉ်ကလည်းကောင်း၊ ထို့နောက် ဖက်ဆစ်တော်လှန်စဉ်ကလည်းကောင်း လွတ်လပ်ရေးတိုက်ပွဲအတွက် လိုလျှင် သုံးနိုင်ရန် ဗမာပြည်အနှံ့အပြား ကျေးရွာတိုင်းလိုလိုတွင် လက်နက်ပုန်းများကို ဖြန့်ထားခဲ့ကြသည်။ ထိုလက်နက်ပုန်းများကိုလည်း စာရင်းကောက်နိုင်သမျှ ကောက်ယူပြီး တိုက်နယ်အုပ်စုအလိုက် ခွဲဝေပေးပြီးဖြစ်ကြသည်။ ထို့ပြင် ဆိုရှယ်လစ်ပါတီဖြစ်ဖြစ်၊ ပြည်သူ့ရဲဘော်ဖြစ်ဖြစ် ကွန်မြူနစ်ဖြစ်ဖြစ် အဖွဲ့တိုင်းတွင် မိမိတို့ပိုင် လက်နက်ပုန်းများ ခရိုင်၊ တိုင်း၊ မြို့နယ်တိုင်းတွင် အနည်းနှင့်အများရှိကြသည်သာဖြစ်လေသည်။ ထို မိမိတို့ပိုင် လက်နက်ပုန်းများကိုလည်း ဖြန့်သင့်သည်ကို ဖြန့်၍ မိမိတို့ အခိုင်အမာ စခန်းပြုလုပ်မည့်နေရာများသို့ ရွှေ့သင့်သည်ကို ရွှေ့ပြီးဖြစ်ကြသည်။ ။

(င) ဂျပန် တော်လှန်ရေးအပြီး အင်္ဂလိပ်စစ်အုပ်ချုပ်ရေးကာလတွင် လက်နက်မျိုးစုံ ကိုင်ဆောင်သည့် ဓားပြဂိုဏ်းကြီးများ ဗမာပြည်အနှံ့အပြားတွင် ပေါ်ပေါက်ခဲ့သည်။ အချို့ဂိုဏ်းများတွင် စစ်ပြန်တော်လှန်ရေးရဲဘော်များလည်း ပါဝင်လျက်ရှိကြသည်။ ကျွန်ုပ်တို့သည် နိုင်ငံရေးပညာ၊ နိုင်ငံရေးအသိပေး၍ လွတ်လပ်ရေး တိုက်ပွဲအတွင်းသို့ ထိုသူများကို သိမ်းသွင်းခဲ့ရာ များစွာအောင်မြင်ခဲ့လေသည်။ (ထိုပုဂ္ဂိုလ်ထံမှ အချို့မှာ အသိမှန် အမြင်မှန်ရကာ တိုင်းပြည်နှင့် ပြည်သူလူထု အကျိုးကို ရိုးသားစွာ သယ်ပိုး လုပ်ဆောင်ကြခြင်း နိုင်ငံရေးလောကတွင် အောင်မြင်နေသူများရှိသလို အချို့လည်း တရားရကာ သာသနာရေးဘက်တွင် နာမည်ကြီးသူများ ဖြစ်လာကြသည်ကို တွေ့ရသည်)

(စ) ဗမာပြည်အနှံ့အပြား ရဲဌာနများ၊ ကင်းဂါတ်များနှင့် ဆိုရှယ်လစ်တို့ကို ပူးတွဲတာဝန်ပေးခဲ့ရာ ခရိုင် အလိုက်၊ မြို့နယ်အလိုက် အသေးစိတ် အစီအစဉ်များ ပြုလုပ်ပြီးဖြစ်ကြသည်။

ရဲများမှာလည်း ပြည်သူ့ခေတ်တွင် ပြည်သူ့ရဲများ ဖြစ်နေပြီးဖြစ်၍ စည်းရုံးရန်၊ နားလည်မှုယူရန် မခဲယ

www.burmeseclassic.com

www.burmeseclassic.com



ပါပေ။ ခပ်များများမှာ နားလည်မှုဖြင့် ထိုးအပ်၍ ၎င်းတို့ကိုယ်တိုင် ပြည်သူ့ဘက်သို့ ကူးပြောင်းရန် ဆုံးဖြတ်ပြီးဖြစ်ကြသည်။ ထိုသို့ စည်းရုံး၍ မရသဖြင့်၊ နားလည်မှုယူ၍ မရသဖြင့် အတင်းတိုက်၊ အတင်း သိမ်းယူရမည့် ရဲဌာနများ၊ ကင်းဂါတ်များမှာ ပြောပလောက်အောင် ရှိမည်မဟုတ်ပါပေ။

## တကယ့်အမြောက်သံ

ဤကား ဘီလပ်ဆွေးနွေးပွဲပျက်လျှင် လုပ်ဆောင်ရန် အဆင်သင့်ပြင်ဆင်ခဲ့သည့် အရေးကြီးသော လုပ်ငန်းရပ်များမှ တချို့တစ်ဝက်ဖြစ်ပါသည်။ လုပ်ငန်းစဉ်အားဖြင့် လွတ်လပ်ရေးကို တစ်ဖက်သတ် ကြေညာပြီး လွတ်လပ်ရေးအစိုးရ ထူထောင်ရေးမှစ၍ များစွာ ကျန်ပါသေးသည်။

ထို့ကြောင့် ပြည်သူလူထုတို့သည် ဘီလပ်ဆွေးနွေးပွဲကို နားစွင့်ရင်း သည်းထိတ်ရင်ဖိုဖြစ်ခဲ့ကြသည်မှာ အထူးအဆန်းမဟုတ်ပါပေ။

'ရရင်ရ၊ မရရင်ချမယ်' ဟု ကျွန်ုပ်တို့ ကြွေးကြော်ခဲ့သည်။ ကြွေးကြော်သံသည် အဆန်မပါသည့် သင်္ကြန်အမြောက်သံမဟုတ်၊ အသံနောက်တွင် အဆန်ပါသည့် တကယ့်အမြောက်သံဖြစ်သည်ကို သိသူတိုင်း အသည်းထိတ် ရင်ဖိုရမည်ဖြစ်လေသည်။ ကျွန်ုပ်တို့သည် စစ်ရေးနှင့်ပတ်သက်သော အချို့ကိစ္စများကိုသာ ထိပ်တန်းလျှို့ဝှက်ထား၍ ပြင်ဆင်မှု ခပ်များများကို ဗြောင်ပြောပြောင်ဆိုကာ ပြောင်ပြောင်တင်းတင်းပဲ လုပ်ခဲ့ကြ၏။ ပြည်သူလူထုမှာ မသိချင်မှအဆုံးဖြစ်ကြသည်။ နယ်ချဲ့တို့လည်း သိတန်၊ ရိပ်မိတန်သင့်သလောက် သိကြ၊ ရိပ်မိကြသည်။

ဤသည်လည်း အခြေအနေအရ တမင် ကျင့်သုံးသည့် နည်းပရိယာယ်တစ်ရပ်ဖြစ်လေသည်။

## နိုင်ငံရေးရာသီဥတု

ထိုစဉ်က ပြည်သူလူထု၏ စိတ်ဓာတ်တက်ကြွမှု၊ ပြင်းပြမှုမှာ အထွတ်အထိပ်သို့ ရောက်နေသည်ဟု ဆိုရပေမည်။ ဥပမာအားဖြင့်ဆိုရသော် ထိုအချိန်မတိုင်မီက ပြည်သူ့ရဲဘော်အဖွဲ့ချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဥက္ကဋ္ဌဖြစ်ခဲ့သော်လည်း တစ်ပြည်လုံးတွင် ရဲဘော်၊ ရဲမေ လေးသိန်းခန့်သာ ရှိခဲ့သည်။ ထိုပြင်ဆင်မှု အချိန်ပိုင်း၌ကား စိတ်ဓာတ်တက်ကြွကာ လွတ်လပ်ရေးတိုက်ပွဲအတွက် စာရင်းသွင်းကာ အလုအယက်ဝင်ကြရာ အဖွဲ့ဝင် ရဲဘော် ရဲမေများမှာ ဆယ်သိန်းကျော်သည်အထိ ဖြစ်ခဲ့လေသည်။

ထိုအတွင်း ဘီလပ်ဆွေးနွေးပွဲမှာလည်း လွန်ဆွဲပွဲလိုဖြစ်လျက်ရှိလေသည်။ ဘီလပ်အစိုးရက လျှော့လိုက်၊ တင်းလိုက်လုပ်နေရာ နိုင်ငံရေးရာသီဥတုမှာ ကောင်းတစ်ခါ ဆိုးတစ်လှည့်ဖြစ်လျက်ရှိလေသည်။

တစ်ခါတလေ ဆွေးနွေးပွဲပင် ပျက်လုနီးနီး အခြေအနေသို့ ရောက်ခဲ့သည်။ ဤသို့ ဆိုးရွားရာမှ ဘီလပ်အစိုးရက ဗမာအလိုသို့ လျှော့လိုက်ပြန်ရာ မှောင်ရာမှ လင်းသလိုဖြစ်လာပြန်သည်။ ဤသို့ လင်းလိုက်၊ မှောင်လိုက်၊ အကောင်းတစ်ခါ အဆိုးတစ်လှည့် အမျိုးမျိုးဖြစ်နေသည့် သတင်းမျိုး နားစွင့်နေရသည်မှာလည်း သည်းထိတ်ရင်ဖိုဖွယ်ပင် မဟုတ်ပါလော။ ရင်တမမနှင့် လေရှည်ကြီး ရှူလိုက်၊ သက်ပြင်းကြီးချလိုက်၊ ရင်မောစရာလည်း ကောင်းလှပါသည်။

## ကျားမြီးဆွဲရချိန်

ဤသို့ အမှောင်တစ်ခါ၊ အလင်း တစ်လှည့် မရေမရာဖြစ်နေသောအချိန်တွင် အစွမ်းကုန် မောင်းတင်ထားသော လူထု၊ သွေးကြွ လက်ရွနေသည့် လူငယ်ရဲဘော်များကို ထိန်းရ သိမ်းရသည်မှာ လွယ်ကူလှသည့်အလုပ်မဟုတ်ပါပေ။ ကျားမြီးဆွဲရသည်ကမှ လွယ်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ပြင်ဆင်မှုများလုပ်စဉ်ကပင် အချိန်မရောက်မီ တပ်ကျုံမှုများမဖြစ်ဖို့၊ မလုပ်ဖို့ အကျပ်အတည်း အထပ်ထပ် ညွှန်ကြားခဲ့သည်။

ဤအထဲမှ တပ်ကျုံမှုများ များစွာဖြစ်ခဲ့သေးသည်။ အချို့ဒေသများတွင် တော်လှန်ရေးစိတ်ဇောကာ လိုင်စင်နှင့် ထုတ်ပေးထားသည့် သေနတ်များကို လိုက်သိမ်းကြသည်။ အချို့နေရာများတွင် ရဲများနှင့် နားလည်မှုယူကာ ကင်းဂတ်များကို စီးကြသည်။ အချို့ခရိုင်များတွင် ရိက္ခာဂိုဒေါင်များကို စီးကြ၊ လုကြသည်။ ဗိုလ်မြသွေးတို့ မြောင်းမြခရိုင်တွင်ကား လက်နက်များလည်း သိမ်း၊

www.burmeseclassic.com

www.burmeseclassic.com



ရဲဌာန၊ ကင်းစခန်းများကိုလည်း စီးခဲ့ကြသည်အထိ တပ်ကျုံမှုများဖြစ်ခဲ့ကြသည်။ ရဲဘော်အချို့လည်း တောခိုကြသည်။ နောက်ပိုင်းတွင် ဤတပ်ကျုံမှုများကို အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ပေး၍ ဖြေရှင်းရလေသည်။

## နိုင်ငံရေးရာသီ

ဤသို့အချိန်မရောက်မီ တော်လှန်ရေးစိတ်ဓာတ်စော၍ လုပ်မှုကိုင်မှု၊ တပ်ကျုံမှုများကို အချိန်မီ ထိန်းနိုင်၊ သိမ်းနိုင်ရန် အပြင်းအထန် အနိုင်အနင်း လုပ်ခဲ့ကြရသည်။

ဘိလပ်ဆွေးနွေးပွဲမှာလည်း လင်းလိုက် မှောင်လိုက်ဖြင့်သာ တစ်ပတ်ကုန်ဆုံး၍ ဆယ်ရက်ထဲ ရောက်ခဲ့ပြီး အခြေအနေအထား သိပ် မထူးလှသေး။ ဆယ်ရက်ကျော်၍ နှစ်ပတ်သို့ ချဉ်းကပ်လာမှ အောင်မြင်မည့် အရိပ်အယောင် သန်းလာသည်။ နိုင်ငံရေးရာသီဥတု သာယာသလို ဖြစ်လာသည်။ လိုလားချက်များရသဖြင့် ဇန်နဝါရီလ (၂၇)ရက်နေ့တွင် သဘောတူ စာချုပ်လက်မှတ်ရေးထိုးတော့မည်ဆိုရာ လူတိုင်း သက်ရှုချောင်ပြီး ရယ်နိုင်မောနိုင်ဖြစ်လာသည်။

## အသားထဲက လောက်ထွက်

ဗိုလ်ချုပ်အောင်ဆန်းက 'အကယ်၍ ကျုပ်တို့ လွတ်လပ်ရေးကို အေးအေးဆေးဆေးနဲ့ ရရင်လည်း ကောင်းတာပဲ မဟုတ်လား ... အေးအေးဆေးဆေးနဲ့ ရမယ်ဆိုရင် ဘယ်သူမလိုချင်ဘဲ ရှိမလဲ။ မလိုချင်ဘူးဆိုတဲ့သူဟာ အရူးပဲ' ဟု ဆိုခဲ့သည်။

ကျွန်ုပ်တို့သည်လည်းကောင်း၊ ပြည်သူလူထု တစ်ရပ်လုံးသည်လည်းကောင်း သွေးဆာနေသူများမဟုတ်၊ အေးအေးချမ်းချမ်းနဲ့ လွတ်လပ်ရေးရက လိုချင်ကြသည်၊ ဝမ်းမြောက်ကြမည်ဖြစ်ကြသည်။ သို့သော် ကျွန်ုပ်တို့ ဝမ်းမြောက်ဖို့ ချိန် မရမီပင် ဘိလပ်တွင် ပြဿနာပေါ်လေပြီ။ ဝမ်းမြောက်ရမည့်အစား ရင်ဖိုကြရပြန်သည်။ ဘိလပ်အစိုးရက လိုက်လျောသဖြင့် ချောချောမောမောဖြစ်၍ သဘောတူစာချုပ် ရေးထိုးကြမည်ဆိုမှ အသားထဲက လောက်ထွက်မှုပေါ်ခဲ့သည်။

ဗမာပြည်ကိုယ်စားလှယ်အဖွဲ့တွင် အတိုက်အခံမှ ဦးစောနှင့် သခင်ဗစိန်တို့ ပါခဲ့ရာ သဘောတူ စာချုပ်တွင် သူတို့ လက်မှတ် မထိုးနိုင်ဟု ပြဿနာလုပ်တော့သည်။ သို့သော် ဘိလပ် အစိုးရက သူတို့ မပါဘဲ ဖဆပလ ကိုယ်စားလှယ်များနှင့် သဘောတူ စာချုပ်ကို လက်မှတ် ရေးထိုးခဲ့သဖြင့် ဆွေးနွေးပွဲမှာ မပျက်၊ အောင်မြင်စွာဖြင့် ပြီးဆုံးခဲ့လေသည်။

## ဆန်ကောလောက်မှ ဖောက်မနက်

ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း... လွတ်လပ်ရေးနှင့်ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ တောင်... ဆိုချက်တွေကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့... နောက်ဆုံးထားပြီး မရလျှင် ဖဆပလ ဝန်ကြီးရာထူး... နုတ်ထွက်ပြီး လူထုတိုက်ပွဲဆင်နွဲမယ်ဆိုတဲ့ ဖဆပလ... ဆုံးဖြတ်ချက်ကို တိုင်းပြည်လူထု သိတယ်မဟုတ်လား... အဲဒီတုန်းက စော၊ စိန်၊ မော်တို့ရဲ့ ခြေလှမ်းဟာ တခြ... ဟာမဟုတ်ဘူး ... ကျွန်တော်တို့ရာထူးက နုတ်ထွက်... သွားရင် သူတို့တက်ယူမယ်ဆိုတဲ့ ခြေလှမ်းပဲ။ အဲဒီ... တိုတိုပြောရမယ်ဆိုရင် ဘိလပ်အစိုးရက ဆွေးနွေး... တစ်ရပ် ကျင်းပရအောင် ဖိတ်လိုက်တယ်။ အဲဒီအထဲ... စောနဲ့ စိန်တို့လည်း ပါလာကြတယ်။ သူတို့ရဲ့အကြံ... ကတော့ နှစ်ခုရှိတယ်၊ ကျွန်တော်တို့ လိုတာတွေ မရ... ဆွေးနွေးပွဲ ပျက်နိုင်တယ်။ ပထနည်းနဲ့ ဆွေးနွေးပွဲ မပျ... ရင် ဘယ်နည်းနဲ့မဆို ဒုတိယနည်းနဲ့ ဆွေးနွေးပွဲကို ပျ... အောင် သူတို့စီစဉ်ထားကြတယ်။ အဲဒီတော့ သူ... သဘောတူညီချက်ရကြလို့ လက်မှတ်ထိုး ဆိုတော့ သူ... မထိုးကြတော့ဘူး။ သူတို့ရဲ့အကြံက သူတို့ လက်မှ... မထိုးရင် ဆွေးနွေးပွဲ ပျက်မယ်၊ ဆွေးနွေးပွဲပျက်... ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ကျွန်တော်တို့ ရာထူး... နုတ်ထွက်ကြရမယ်။ ကျွန်တော်တို့ နုတ်ထွက်မှ သူ... က တက်ယူမယ်ဆိုတဲ့ အကြံပဲ' ဟု ဘွင်းဘွင်းကြီး ရှင်း... ခဲ့လေသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အော... ဆန်းအက်တလီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြ...

ရွှေတူ အတွဲ ၁၊ အမှတ် ၁၄+၁၅+၁၆ (၁-၉-၅၁၊ ၁၅-၉-... ၁-...

www.burmeseclassic.com

www.burmeseclassic.com



# ဖအေတူသား
## ပြည်သူ့ ဟစ်တိုင် တင့်ဆွေ

ဓာတ်မင်းသား (တေဇ) ကို ဂျပန်ခေတ်ကပင် ရန် ဝရီသတ်ကြီး အထူး သဘောကျနှစ်ခြိုက်ကြ၏။ ခါတစ်ရံ "ဆိုကာ– မိုယ်ား" သားကြီးနှင့် အကြိတ် ယ် ကလေ့ရှိခဲ့၏။ ထိုသို့ မင်းသားနှစ်လက် ပြိုင်တူ လေ၊ မင်းသား တေဇ တော်ကြောင်း လူသိများ လေ ဖြစ်လာ၏။ တေဇ၏နာမည်မှာ ဗမာပြည် အနှံ့ သို့ပင် ဟိုးလေးတကျော် ဖြစ်လာပြန်သည်။ တော တ်များတွင် ထိုစဉ်ကို တေဇကို အသံကြားရုံနှင့် ကြည့်ချင်ကြကုန်သည်။ လေသံကြားလောက်နှင့် အချို့တောရွာက လူတို့သည် "အင်း မင်းသား တေဇ တစ်ခါလောက်မြင်ဖူးရင်ဖြင့် သေပျော်ပါပြီ" ဟူ၍ပင် တ်ခြင်းပြုလာကြလေသည်။ ဤမျှလည်း မင်းသား ား ကုသိုလ်ထူးပါပေ၏။

အင်္ဂလိပ်များ ဗမာပြည်သို့ ပြန်ရောက်လာသည်နှင့် သည် ဖစကလပ်ဓာတ်သဘင်အဖွဲ့ကြီး၏ ခေါင်း င်မင်းသား အဖြစ်ဖြင့် ဗမာပြည်တစ်ပြည်လုံးကို တော်ခံလေတော့၏။ တစ်ခါက ထိုဓာတ်သဘင် ကြီးသည် ရွှေတိဂုံစေတီအလယ်ပစ္စယံ၌ အစမ်း ာကပြရာ လူပေါင်းတစ်သိန်းကျော် နေ့စဉ်လိုလို ကြည့်ကြရုံမကသေး၊ နိုင်ငံခြားသတင်းထောက်များ ပင်လျှင် တေဇ၏ခြေစ လက်စ အကဲခတ်သဘောဖြင့် လာရောက်ကြည့်ရှုရသည်အထိ ဖြစ်လေသည်။

ထိုစဉ်က အစိုးရရုံးတော်ကြီးတွင် ဓာတ်ကန်ထရိုက် မယ်ဒေါ်မန်က (ဆားပေါ့ကျွန်း) မင်းသားကို ငှားရမ်း လျက် တေဇကို အပြိုင်ချိုးစေသည်။ သို့သော် ဆားပေါ့ ကျွန်းမင်းသားကြီးက "ငါ လူမိုက်ဥက္ကဋ္ဌ ဆယ်နှစ်လုပ်ခဲ့ တယ်" ဟူသော သီချင်းကို ဆိုမိသဖြင့် သူ၏ဓာတ်ရုံသို့ လူကြည့်သူမရှိဖြစ်ကာ နောက်ဆုံးကန်ထရိုက် မယ်ဒေါ် မန်သည် သူ့ရွာသို့ ပြန်ပြေးရသောအဖြစ်နှင့် ရင်ဆိုင်ရ လေတော့သည်။

သို့သော် ဆားပေါ့ကျွန်းမင်းသားကို လက်မလျှော့ ကြသေးဘဲ၊ ကန်ထရိုက်တာ ဟင်နရီက တစ်ကြိမ်၊ ကို ရင်ဟူးဘတ်က တစ်ကြိမ် ကြိုးစားပြီး အစိုးရရုံ၌ သွင်း ကြသေး၏။ ထိုသို့ တစ်ဖက်က ကြိုးစားလေလေ "ဖစ ကလပ်ဓာတ်သဘင်အဖွဲ့ကြီး" ကို လူကြိုက်များလေလေ ဖြစ်လေသည်။ နောက်ဆုံးအစိုးရရုံက အလုပ်သမားမျိုး စုံတို့ကပါ ဓာတ်မင်းသားတေဇ၏ ဓာတ်ပွဲကို သွား ရောက်ကြည့်နေကြပြန်သောကြောင့် ဤအတိုင်းသာ ဆက်ကနေလျှင် အစိုးရက ကန်ထရိုက်များ မရှုမလှ မွဲ ပြာကြမည့်အရေးကို မြင်လာသည်နှင့် ဆားပေါ့ကျွန်း

www.burmeseclassic.com



မင်းသားကို ဖြုတ်ပြီး တေဇကိုပင် ငွေများများပိုပေး၍ ငှားရမ်းရလေသည်။

တေဇတွင် ထိုအချိန်၌ "ငဘော်" ဆိုသော သားနှင့် "ငမေ" ဆိုသော သမီးထွန်းကားလျက် ရှိလေပြီ။ ထိုသို့ အစိုးရရုံတော်ကြီးတွင် တက်ကရသည်ဆိုခြင်းမှာလည်း တေဇမင်းသားတစ်လက်တည်း မကရပေ။ တေဇတို့ "ဖစကလပ်ဇာတ်သဘင်အဖွဲ့ကြီး"က လက်ထောက်မင်းသား ခြောက်လက်နှင့် ကန်ထရိုက်တာ ကိုရင်ဟူးဘတ်အကြိုက် မင်းသားလေးလက်တို့နှင့် တွဲကရပေသည်။ မည်သို့ပင်ဖြစ်စေ တေဇ၏အကြံမှာ ဤကဲ့သို့ အစိုးရရုံတော်ကြီး၌ တက်ကနေရင်းက အခွင့်အရေးပေါ်လာတိုင်း ဘိလပ်ကရုံပိုင်ကြီး ကြားလောက်အောင် "လွတ်လပ်ရေး ချက်ချင်းပေး" ဟူသော သီချင်းကို သီဆိုရန်ဟု ကြိတ်၍ ကြံထားသူဖြစ်၏။

"လွတ်လပ်ရေး ချက်ချင်းပေး" ဆိုသော သီချင်း၏ အဓိပ္ပာယ်လိုရင်းသည် အစိုးရရုံကြီးတစ်ခုလုံးကို ဗမာလူထုပိုင် လွတ်လွတ်လပ်လပ် အသုံးပြုဖို့ ပြန်ပေးဟု တောင်းခြင်းပင် ဖြစ်လာသည်။ ထိုသို့ တောင်းယူမှုလည်း ဗမာလူထုကြီး၏အလိုဆန္ဒနှင့် ကိုက်ညီမည်။ လူထုပိုင်ရုံကြီးဖြစ်ခြင်းကြောင့်လည်း ပွဲအလွန်ကြိုက်နှစ်သက်သော ဗမာလူထုကြီးအဖို့ သက်သက်သာသာနှင့် ပွဲကြည့်နိုင်မည်။ ရုံဝင်ခများမှာ ဗမာလူထုကြီး၏အကျိုး မှန်သမျှအတွက် ပြုလုပ်ပေးနိုင်မည် စသည်ဖြင့် တွက်ကိန်းလည်း ချလာခဲ့သူဖြစ်လေသည်။

တေဇတွင် ဤသို့ အစိုးရရုံကြီးပေါ်သို့ တက်ကရလင့်ကစား "လွတ်လပ်ရေး ချက်ချင်းပေး" ဟူသော သီချင်းကို ဆိုမိ၍ အကျဉ်းအကျပ်နှင့် ရင်ဆိုင်လာလျှင် အစိုးရရုံကြီးကို ပိုင်ရှင်က အနုနည်းအရမပေးသော်၊ အကြမ်းနည်းကို အသုံးပြုရလိမ့်မည်ဖြစ်သောကြောင့် တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်ရန် လူရှာတော့၏။အကယ်၍များ ငါသေသွားလျှင်ဟုလည်း သူတွေး၍ပူပန်သည်။ ထို့ကြောင့်လည်း သူလူရှာ၏။ သူ့လက်အောက် မင်းသားများကို သူပြန်ကြည့်သည်။ သူသိပ်စိတ်တိုင်းကျမဟုတ်သည်ကို တွေ့ရပြန်၏။

ဤကိစ္စအတွက် မင်းသားတေဇ အတော်စိတ်ရှုပ်ရလေသည်။ သူ၏သား "ငဘော်" နှင့် သမီး "ငမေ" တို့

ကို ပြေးကြည့်ပြန်၏။ သူတို့ လူမမယ်ကလေးတွင်ဖြစ်
ရုံမက၊ အကယ်၍ အကြမ်းဖက်ပြီး အစိုးရရုံးကို ပြန်လု
လျှင် အားကိုးအားထားပြုရန်ဆိုပြီး အက–အဆိုကို သင်
မပေးဘဲ၊ အလုအယက် အရိုက်အနှက်နည်းတွေသာ သင်
ကြားပေးမိရက်သားဖြစ်နေပြန်၏။ "သားရေ ... တို့တော
အနုနည်းနဲ့ အစိုးရရုံကို ပြန်တောင်းလို့ မရဘူးကွယ်
ကဲ ချကြစို့လား" ဟု တေဇက ပြောလျှင် သားတင်မက
သမီးပါ "အဖေ အသာကလေးနေ ကျွန်တော်တို့ ချမယ်
ကျွန်မတို့ ချမယ် ... စသည်ဖြင့် လွယ်လွယ်နှင့်အဖြေ
ပေးကြသည်မှာ တေဇအတွက် အထူးအားရစရာပင်ဖြ
ပေသည်။ သို့သော် သူ့လို ခေါင်းဆောင်မင်းသားအနေ
ပြုလုပ်ဖို့ရာ (ဝါ) ဖအေ့ခြေရာလိုက်နင်းနိုင်ဖို့ အရေး
ဘယ်နည်းနဲ့မဆို သူလို အကရော အဆိုပါ ပညာတတ်
မြောက်မှ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဤကိစ္စ၌ တေ
အလွန်အခက်တွေ့ရရှာ၏။ "ငါများ သေသွားခဲ့လျှင်"
ဟူသော အတွေး၊ တေဇ၏ဦးနှောက်ထဲ ပေါ်လာတဲ့
အချိန်က စပြီး တေဇသည် နောက်ဆုံးအကြံရကာ သား
ကြီး 'ငဘော်' ကို သူနှင့်ပူးပူးကပ်ကပ် နေစေပြီးလျှ
နောက်ထပ် မွေးသော သားငယ်များကိုသာ အကြမ်းနည်
များကို လေ့ကျင့်စေခိုင်းခြင်း ပြုလာတော့သည်။ ထိုအချိ
က စတင်လျက် တေဇ၏သားကြီး ငဘော်ကို လ
ထောက်ဇာတ်မင်းသားအဖြစ် မမြင်နိုင်သော်လည်း ဇာ
ခုံပေါ်၌ ကားဆွဲနေရာတွင် တွေ့လာရလေသည်။

လောကတွင် တစ်မျိုးသားလုံးအရေးထက် ကို
ရေးကိုယ်ဖက်ကြသည်သာ များတော့၏။ တေဇ၏အ
သည် တစ်မျိုးသားလုံးအရေးဖြစ်၏။ သူ ယခုလို အ
ရရုံတော်ကြီးထဲ၌ ခေါင်းဆောင်မင်းသားအဖြစ် ကနေ
သည် ထိုအစိုးရရုံတော်ကြီးကို ဗမာဆင်းရဲသားလူထု
ပိုင်ရန်ဟု ရည်ရွယ်ချက်ရှိခြင်းကြောင့် ကနေ၏။ သို့
တစ်ခါက အစိုးရရုံတော်ကြီး၌ပင် ခေါင်းဆောင်မင်းသ
အဖြစ် ကခဲ့ဖူးသော မင်းသား ယုဂန်ဒါးသည် သူ
လျှင် ခေါင်းဆောင်မင်းသားအဖြစ် လုပ်ချင်စိတ်များနေ

မင်းသား ယုဂန်ဒါးသည် ကိုယ့်ရေးထက် တိုင်း
ရေးကို မငဲ့နိုင်ပေ။ အကယ်၍သာ ရွှေတိဂုံစေတီ
ရွှေပြားများကို လာဘ်ထိုးမှ အစိုးရရုံခေါင်းဆောင် ဇာ
မင်းသားလုပ်ရမည်ဟု ရုံပိုင်ရှင်က ကြေညာခဲ့လျှင် ယု

www.burmeseclassic.com

www.burmeseclassic.com



ဒါးသည် ဘုရားရှေ့ပြားကို အမှန်တကယ်ချလျက် လာဘ်ထိုးပေးလိမ့်မည်ဟု သူ၏ဆိုင်းဆရာဟောင်း ဟသ်ာတဦးဝကိုယ်တိုင်က ထုတ်ဖော်ပြောဖူး၏။ ယုဂန်ဒါးခေါင်းဆောင် မင်းသားဖြစ်စဉ်က မယားတွေ မှိုလိုပေါက်အောင် ယူဖူးသည်။ ဤသို့ မယားမှိုလိုပေါက်အောင် ယူရခြင်းသည်ပင် ယုဂန်ဒါးအဖို့ နိဗ္ဗာန်နှင့်မလဲနိုင်သော လောကီချမ်းသာဖြစ်၏။

နောက်ဆုံး ယုဂန်ဒါးသည် ရာထူးစိန်နှင့် ပူးပေါင်း၍ အတွင်းကြိတ်ကြံ၏။ တစ်နေ့သော် တေဇတို့ ဇာတ်အဖွဲ့ကြီး ဒေါင်းနင်းစီနီးမားရုံသို့ သွားကရလေတော့သည်။ တေဇလည်း အကွက်ကောင်းဆိုက်ပြီဟုဆိုကာ အကယ်၍ ဒေါင်းနင်းလမ်း စီနီးမားတွင် 'လွတ်လပ်ရေးချက်ချင်းပေး' ဟူသော သီချင်းကို ရဲရဲတင်းတင်းဆိုပြီးအပြ၍မှ ဘိလပ်ရုံပိုင်ရှင်က ဗမာပြည်ရှိအစိုးရရုံကြီးကို ပြန်မပေးလျှင် အကြမ်းနည်းကို သုံးမည်ဟု ဆုံးဖြတ်ကြ၏။ သူ မသွားခင် သူ၏သားကြီး 'ငဘော်' နှင့် သားငယ်များကိုပါ တိုးတိုး ကြိတ်မှာခဲ့၏။

ဒေါင်းနင်းလမ်းစီနီးမားရုံတွင် တေဇသည် 'လွတ်လပ်ရေးချက်ချင်းပေး' သီချင်းကို ဆို၍ ကရာ ဘိလပ်ရုံပိုင်ရှင်ကြီး မျက်လုံးပြူးနေ၏။ ဗမာပြည်တွင်လည်း တေဇ၏သား 'ငဘော်' တို့သည် တောအောင်းလျက် ခြေလွန်လက်လွန်ဖြစ်ကုန်ကြ၏။ ယုဂန်ဒါးနှင့် ရာထူးစိန်တို့က တေဇကို အရွဲ့တိုက်ပြီး 'လွတ်လပ်ရေး ချက်ချင်းပေး' သီချင်း၏သံပြိုင်ဆိုရမည့်နေရာတွင် လုံးလုံးပါးစပ်ပိတ်နေကြ၏။ လူမညီသဖြင့် နောက်ဆုံး ဘိလပ်ရုံပိုင်ရှင်က "ခင်းတို့လိုချင်တဲ့အစိုးရရုံကို ပြန်ပေးပါ့မယ်။ ဒါပေမဲ့ အယ်လိုလူထုပိုင်ရုံကြီး လုပ်ပြီး ကမယ်ဆိုတဲ့ ရုံစည်းမျဉ်းရေးဆွဲပြီး ဘိလပ်သို့ ပို့ပါ" ဟူ၍သာ နောက်ဆုံးလိုက်ပြောပေးလိုက်သည်။ ဤမျှနှင့် တေဇလည်း ကျေနပ်စွာ ပြန်ခဲ့ရရှာသည်။

ဗမာပြည်ပြန်ရောက်ပြန်သောအခါ တေဇ၏သား 'ငဘော်' တို့ ခြေလွန်လက်လွန်ဖြစ်ကုန်ကြသည့်ကိစ္စကို ပြန်၍ အဖတ်ဆယ်နေရပြန်၏။ ထိုကြားထဲက မင်းသား ယုဂန်ဒါးနှင့် ရာထူးစိန်တို့က လူထုကို အမျိုးမျိုး တေဇအပေါ် အထင်မြင်လွဲမှားအောင် လုပ်ကြသေးသည်။ မည်သို့ပင်ဖြစ်စေကာမူ လူထုအပေါ်သစ္စာရှိပြီး ကိုယ်ကျိုးကိုစွန့်ပယ်သော တေဇအပေါ်၌ လူထုက စိတ်ကွက်ခြင်း မရှိပေ။ ပို၍ ယုံကြည်အားထား၏။ ထို့ကြောင့် မင်းသား ယုဂန်ဒါးနှင့် ရာထူးစိန်တို့ အစိုးရရုံက အပယ်ခံရသည့်အပြင် ယုဂန်ဒါးကို အယုံကြည် ကင်းနေသည့် လူထုအချို့က ချောင်း၍ သေနတ်နှင့် ပစ်တော့သည်။

မင်းသား ယုဂန်ဒါး သေနတ်ပစ်ခံရ၍ မသေဘဲ မျက်စိ၌သာ ဒဏ်ရာရခြင်းကိုပင် တေဇအတွက် ကံဆိုးမိုးမှောင်ကျခြင်းပင် ဖြစ်သည်ဟု မည်သူမျှမသိကြသေးပေ။ ထိုသို့ ဖြစ်ပွားပြီး များမကြာမီ ရုံစည်းမျဉ်းရေးဆွဲရန်အတွက် လူရွေးပွဲလုပ်ရသည်။ ထိုလူရွေးပွဲတွင် တေဇ၏သား 'ငဘော်' မှာ သူဘာသာ လွတ်လွတ်လပ်လပ် အရွေးခံရသော်လည်း အချို့ ဖစကလပ်ဇာတ်အဖွဲ့ဝင်များကို တေဇကိုယ်တိုင် နယ်လှည့်ပြီး သီချင်းဆိုပြ၊ ကပြမှ အရွေးခံကြရ၏။ ဤတုန်းကပင် တေဇအတော်ကြီး စိတ်ပျက်မိပေသည်။

စိတ်ပျက်ရုံတွင်မဟုတ် ပို၍လည်း စိုးရိမ်ပူပန်ခြင်းဖြစ်လာ၏။ ထို့ကြောင့် ဤတစ်ကြိမ်တွင် သူ၏ သား 'ငဘော်' ကို အစိုးရရုံတွင် ကားဆွဲနေရာ၌ မထားနိုင်တော့ဘဲ လက်ထောက်မင်းသားငယ်အဖြစ် အသုံးပြုလာရပြန်သည်။ သူ၏ယုံကြည်ချက်တွင် သူ၏သားလျှင် သူ၏ခြေရာကို နင်းပေလိမ့်မည်။ လူထုအပေါ်၌ သစ္စာရှိပေမည်၊ ကိုယ်ကျိုးကိုပင် ပယ်ပေလိမ့်မည် စသည်ဖြင့် စွဲလမ်းထား၏။ ထို့ကြောင့် တေဇကို တစ်ဖက်က အစိုးရရုံကြီးကို လူထုပိုင်ဆိုင်ရေး လုပ်ငန်း၊ အခြားတစ်ဖက်က သူ၏သား 'ငဘော်' နှင့် သားငယ်များကို အစွမ်းကုန်မြေတောင်မြှောက်ပေးလျက်ရှိလေသည်။

ဤနေ့ကား (၁၉၄၇) ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ပင်တည်း။ တေဇသည် ဇာတ်ရုံသို့ သွားရန် အဝတ်အစားများ လဲနေ၏။ မောကြီး ပန်းကြီးနှင့် လှေခါးမှပြေးတက်လာသော သား 'ငဘော်' ကို ဆီးကြိုပွေ့ဖက်ရင်း "ဘာများလဲ ငါ့သားကြီးရဲ့ ရေးကြီးသုတ်ပျာ ရှိလိုက်တာ" ဟု မေးလိုက်သည်။

"ဟာ ... ဖေဖေ ဒီလို ဘာမှ အစောင့်အရှောက် မထားဘဲ သွားလာ ကခုန်နေတာ သားစိတ်မချဘူး။ ဖေဖေကို တစ်ယောက်ယောက်ကတော့ ဟစ်နေ့ ချောင်းပစ်သတ်လိမ့်မယ်လို့ သားစိတ်မှာစွဲနေတယ်၊ ဖေဖေသေသား

www.burmeseclassic.com



ရင် ခက်မယ်နော် ... ဖေဖေရှိရက်နဲ့တောင် သားကိုကို စော်ကားခံရသေးတယ်မဟုတ်လား ... ဖေဖေအစောင့်ထားပါ" ... ဟု ငဘော်က ခရားရေလွှတ်သလို စိုးရိမ်တကြီးနှင့် ပြောနေ၏။

"ဒါလောက်လည်း မစိုးရိမ်ပါနဲ့ သားရယ် ... ယောကျ်ားဆိုတာ သတ္တိရှိရတယ် ... ရန်သူကို ရင်ဆိုင်ဝံ့ရတယ် ... မှန်တာကို လုပ်ရဲ ပြောရဲ ရေးရဲရတယ် ... နောက်ပြီး ဖေဖေဟာ လူထုခေါင်းဆောင်ပါ ... ဖေဖေအစိုးရရုံမှာ ကနေပေမယ့် ဖေဖေကတဲ့ အစိုးရရုံဟာလည်း လူထုကြိုက်အစိုးရရုံပါ ... ဘာမှလက်နက်နဲ့ ကာကွယ်စရာမလိုပါဘူး ... လက်နက်နဲ့ ကာကွယ်နေရတယ်ဆိုကတည်းက လူထုခေါင်းဆောင်ဆိုတာ အဓိပ္ပာယ်မရှိတော့ဘူး။ ဒီလိုနေလို့မှ သတ်ချင်တဲ့ လူက သတ်လည်းသေပေစေ သားရယ် ... ဖေဖေသေပေမယ့်လို့ ငါ့သားကြီးတွေ ရှိသေးသားပဲ ... မဟုတ်ဘူးလား။ ဖေဖေ့နေရာကို တက်ရုံပေါ့ကွယ် ..." ဟု တေဇက ကျောရင်သပ်၍ နှစ်သိမ့်စေ၏။

သားလုပ်သူက ဤကဲ့သို့ စကားဦးသန်းလိုက်သည်နှင့် ဇနီးလုပ်သူက တေဇကို အစိုးရရုံမဆင်းရန် တားသေး၏။ သို့သော် ဥပစ္ဆေဒကမ္မိုဃ်းသည် တေဇနှင့် အပေါင်းပါတစ်စုအပေါ် သွန်အံ့ဆဲအချိန်ဖြစ်ခြင်းကြောင့် မည်သူမျှ တား၍မရ။ တေဇ ထွက်သွား၏။ နံနက် ၁၀ နာရီခွဲသည်နှင့် တေဇနှင့် လက်ထောက် မင်းသားတစ်စု သေနတ်နှင့် အပစ်ခံရ၍ သေဆုံးကြပါပြီဟု ဗမာတစ်ပြည်လုံးသတင်းပြန့်လွင့်လာ၏။ တေဇအပေါ် အထူးချစ်ကြည်အားကိုးကြသော ဗမာလူထုကြီး၏မျက်ရည်တို့ကို စု ပေါင်းလိုက်လျှင် ပင်လယ်သမုဒ္ဒရာကြီးတစ်ခုသဖွယ် ဖြစ် ရမည်မှာ မုချဖြစ်၏။ လူတိုင်းငိုကြွေးကြ၏။ လူတိုင်း ဒေါသဖြစ်ကြ၏။ လူတိုင်းအားငယ်ကြသည်။

တေဇသည် ဤအရေးကို ရှေးဦးမဆွကပင် မြင်ထားခဲ့၏။ ထို့ကြောင့် 'ငါသေခဲ့လျှင်' ဟု သူတွေးခဲ့၏။ တွေးခဲ့သလောက်လည်း သူ့နေရာ၌ သူ့အစားသွင်းရမည့် သူကို ရှာခဲ့ပေသည်။ သူ၏ဇာတ်အဖွဲ့ထဲ၌လည်း သူမ တွေ့။ ထို့ကြောင့် သူ၏သား 'ငဘော်' ကို ကြိုတ်၍ သင်ကြားပေးခဲ့သဖြင့် 'ငဘော်' သည် သူရှိစဉ်က လက် ထောက်မင်းသားအဖြစ်ပင် ကပြခဲ့လေသည်။ သူသာ သေခဲ့လျှင် သူ့သား 'ငဘော်' ကို သူ့ခြေရာနင်းစေချင် ၏။ သူမသေမီကလည်း သူ့သားကို သူ့လိုဖြစ်စေချင် လွန်း၍ သူ၏လမ်းစဉ်ကို ကြိုတ်၍ သင်ကြားပေးခဲ့သည်။

ယခု 'တေဇ' တည်းဟူသော ဗမာလူထု အသဲ မင်းသားကြီးက သေလွန်လေပြီ။ ဗမာလူထုကြီးလည်း ဆွေးတသိမ့်သိမ့်နှင့် အားငယ်လျက်နေချေပြီ။ တေဇ အလွန်အားကိုးသော သား၊ 'တေဇ' ကြိုတ်၍ သူ့လမ်း ကို ပြခဲ့သော သား၊ ဖအေတူသား ငဘော်ကား ယ အဘယ်ချောင်ကပ်နေဘိသနည်း။ လူထုကြီးက ရှာ ၍ ကုတ်နှင့်ကော် စင်ပေါ်တင်ရမည်လော ...။ 'ငဘော် ကိုယ်တိုင် ထွက်ကရမည်လော။ ။

[လူထု စဉ်းစားတွေးတောကြပေတော့]


၁၉၄၇ခု၊ မတ်လ၊ ဗိုလ်ချုပ်လမ်းဆွဲ (

www.burmeseclassic.com

www.burmeseclassic.com

# အော်… ဗိုလ်ချုပ်… ဗိုလ်ချုပ်

၁၁-၃-၄၇ နေ့ ဗမာပြည်ထောင်စုသမ္မတ အိမ်တော် ညစာထမင်းစားပွဲတွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန် မိန့်ခွန်းစကားမှ ဖော်ပြချက်



ဗိုလ်ချုပ်အောင်ဆန်း တကယ်တန်းလိုချင်သော အချက်တစ်ချက်ကို အခါများစွာ မိမိတွေ့ရှိခဲ့ရာတွင် ထိုအချက်မှာ တိုင်းပြည်လွတ်လပ်ရန် တစ်ခုတည်းသော ရည်ရွယ်ချက် အောင်မြင်ရေးအတွက် ညီသည့်နည်းကို မဆို အသုံးပြုရန် အသင့်ရှိသည်ကို မိမိတွေ့ခဲ့ရပါကြောင်း။ ထိုအချက်ကို သတိပြုမိ၍ပင်လျှင် ဗိုလ်ချုပ်က ဗမာ့မျိုးချစ်တပ်မတော်ကို မိမိလက်အောက်၌ထားရန် ချက်ချင်းသဘောတူသောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် အဆက်အသွယ်ပြု၍ ဆောင်ရွက်ရန် ဗြိတိသျှစစ်ဌာနချုပ်မှာ အာဏာ ဆောင်းခဲ့ကြောင်း။

မိမိ လူကဲခတ်မှန်သည်ကို ဖြစ်ပျက်ခဲ့သည့်အကြောင်းများက သက်သေခံနေကြောင်း လွန်ခဲ့သည့် နှစ်က ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသည့်သတင်းကို ကြားရသောအခါ မိမိတုန်လှုပ်မိကြောင်း၊ မိမိတို့ ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီအတွက် စိတ်ပူဆွေးသကဲ့သို့ ဗိုလ်ချုပ်အတွက် မြန်မာပြည်က ပူဆွေးသောက ဖြစ်မည်ကို မိမိသိရှိကြောင်း။ သို့ရာတွင် ဗိုလ်ချုပ်မှာ မြန်မာပြည် ဂျပန်လက်မှ လွတ်သည်ကို မြင်ရလျှက် ရှေ့အဖို့တွင် မြန်မာပြည်မှာ လွတ်လပ်ရေးနှင့် မဝေးတော့ပြီဟူသော အချက်ကို သိသွားကြောင်း၊ မိမိသည် ၎င်းနှင့် ကန်ဒီမြို့တွင် တွေ့သည်များကို လည်းကောင်း၊ လန်ဒန်တွင် တွေ့ခဲ့ရသည်များကိုလည်းကောင်း သတိရနေပါသေးကြောင်း….။ ။



www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်ကတော်၏ ပထမဆုံး တိုင်းပြည်သို့ မှာကြားချက်

### ချဲ့ထွင်ပြီး မပြောလို

ကျွန်မ၏ ခင်ပွန်းသည်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလတ်မှာပဲ အခုတော့ ကျဆုံးသွားရှာပါပြီ။ ဒီတော့ကာ ကျဆုံးသွားရတဲ့ လူတွေလည်း ကျဆုံးသွားကြပြီဖြစ်တဲ့အတွက် ချဲ့ထွင်လို့လည်း မပြောလိုတော့ပါဘူး။

### ရည်ရွယ်တဲ့ပန်းတိုင်

ကျဆုံးတဲ့ ပုဂ္ဂိုလ်များကို ချစ်ကြည်လေးစားကြရင်ဖြင့် သူတို့ရည်ရွယ်ထားခဲ့တဲ့ ပန်းတိုင်အဝင်ရောက်အောင် ချမှတ်ခဲ့တဲ့ လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ကြပါလို့ ပြောပါရစေတော့။

### ဖခင်လိုဖြစ်ထွန်းအောင်

ကျွန်မမှာတော့ ကြီးလေးတဲ့တာဝန်တွေကို ရှေ့ဆောင်ရှေ့ရွက်အဖြစ်နဲ့ မလုပ်နိုင်သေးလို့ နောက်ကနေပြီးတော့ပဲ ဗိုလ်ချုပ် ချမှတ်ခဲ့တဲ့ လမ်းစဉ်များကို တစ်နည်းတစ်ဖုံ ပြုစုအားပေးပြီး သူ့ရဲ့ ရင်နှစ်ဖြစ်တဲ့ ကလေးများကို သူတို့ရဲ့ ဖခင်သွေးပီပီ ဖခင်လို ဖြစ်ထွန်းလာစေဖို့ ပြုစုပျိုးထောင်ပေးတော့မယ်လို့ ဆုံးဖြတ်ပြီးပါပြီ။

### တကယ်ချစ်ရိုးမှန်ရင်

ကျွန်မနည်းတူ ကျွန်မနှင့် ကံတူအကျိုးပေးဖြ ရတဲ့ ကျဆုံးသွားကြတဲ့ ခေါင်းဆောင်ကြီးများရဲ့ သည်များမှာလည်း ဝမ်းနည်းပက်လက်ဖြစ်ကြ မယ်လို့ သိပါရဲ့၊ ဒါပေမဲ့ ကျွန်မ ပြောလိုတာက သူတို့ကို တကယ်ချစ်ရိုးမှန်ရင်ဖြင့် သူတို့ချမှတ်ထာ လမ်းစဉ်ကို လိုက်ကြစေလိုပါတယ်။ ဒါမှပဲ သူတို့ ချစ်ရာခင်ရာရောက်ပါလိမ့်မယ်။

### အကောင်အထည်ပေါ်အောင်

ဒီတော့ ကျွန်မတို့က အကောင်အထည်ပေါ် ဝိုင်းဝန်းကြီး အားပေးကြဖို့လိုပါတယ်။ ကျွန်မတို့ သူပြည်သားများကလည်း ကျဆုံးသွားတဲ့ ပုဂ္ဂိုလ်ကြီး ကို လေးစားတဲ့အနေနဲ့ ဒေါသရှေ့ထားပြီး စိတ် မာန်ပါ မလုပ်ကြဘဲ ကွယ်လွန်တဲ့ပုဂ္ဂိုလ်များရဲ့ ထားခဲ့တဲ့ လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လို ဆောင်ရွက်ဖို့ လိုပါတယ်။

### လုံးဝလွတ်လပ်ရေးသို့

ဖဆပလ အဖွဲ့ကြီးနဲ့ ဖဆပလ အစိုးရအ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးထောက်ခံကြပြီး ကွယ်လွန်ရှာကြတဲ့ ခေါင်းဆောင်ကြီးများရဲ့ ရည်မှန်းချက်ဖြစ်တဲ့ 'လုံးဝ လွတ်လပ်ရေး' မရမနေ ကြိုးစားအားထုတ်ကြပါလို့သာ တိုင်းပြည်အား အပြီးသတ် မှာကြားခဲ့ပါတယ်။ ။

[ဇူလိုင်လ ၂၅ ရက်၊ သောကြာနေ့ ညဦးအချိန်တွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏ တိုင်းသူပြည်သားများအား ပြောကြားချက်]

လူထုသတင်းစာ (၂၆-၇-၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



# သေနာပတိ

## ရွှေတူဂျာနယ်

သေနာပတိကား တိုင်းပြည်လူထု၏ဖခင် ကျေးဇူးရှင် လွတ်လပ်ရေးဗိသုကာကြီး၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်လေသည်။

ဤကဲ့သို့ တိုင်းပြည်၏အစဉ်မမေ့နိုင်သည့် ကျေးဇူးရှင်ဖြစ်ရန်မှာ မလွယ်ကူလှပေ။ တိုင်းပြည်အတွက် မည်သို့ပင် စေတနာထား၍ ဆောင်ရွက်စေကာမူ ကာလ၊ ဒေသနှင့် မကိုက်ညီ၍လည်းကောင်း၊ လုပ်နည်းလုပ်ဟန် ချွတ်ယွင်း၍လည်းကောင်း၊ နောက်ပိုင်း ရိုးသားမှု ချို့ယွင်းချက်များ ရှိ၍လည်းကောင်း၊ လုပ်ငန်းများ မအောင်မြင်ခဲ့သော ပုဂ္ဂိုလ်များလည်း မြန်မာပြည်၌ အများအပြားပင် ရှိလေသည်။

**ရိုးသားစွာ ဝတ်ဆင်ခြင်း**

ဗိုလ်ချုပ်အောင်ဆန်းအနေနှင့်မူ တိုင်းပြည်အတွက် လုပ်ဆောင်ရာတွင်

၁။ တိုင်းပြည်၏လွတ်လပ်ရေး

၂။ တိုင်းပြည်၏ ဒီမို[illegible]ရေစီ တည်တံ့ရေးများကိုသာ အဓိကထား၍ မိမိကိုယ်ရေးကိုယ်တာဖြစ်သော ခေါင်းဆောင်အဖြစ် ရပ်တည်နိုင်မှု၊ စည်းစိမ်ရှိမှု၊ ကျန်းမာမှု၊ အသက်ရှည်စွာ နေမှုတို့ကို လုံးဝ လျစ်လျူရှု၍ တိုင်းပြည်အတွက်သာ သဲသဲမဲမဲ ဆောင်ရွက်ခဲ့သည်[illegible]

ထို့ကြောင့် နိုင်ငံတော်၏ ခေါင်းဆောင်ကြီး နို[illegible] တော်၏ အစိုးရ ဒုဥက္ကဋ္ဌကြီးအဖြစ် လုပ်ဆောင်ခဲ့[illegible] လည်း အနေကုပ်၍ စစ်ဝတ်နှစ်စုံ၊ အရပ်ဝတ်နှစ်စုံ[illegible] ရှိသော ခေါင်းဆောင်ကြီးဖြစ်လေသည်။

(မှတ်ချက်) ဖော်ပြထားသော ဓာတ်ပုံများကိုကြ[illegible] လျှင် ဗိုလ်ချုပ်၏ ရိုးသားစွာ ဝတ်ဆင်နေထိုင်သွား[illegible] တွေ့မြင်နိုင်လေသည်။

သူကား တိုင်းပြည်အတွက် ဆောင်ရွက်ရာတွင် [illegible] ခေါင်းဆောင်လုပ်ရမှ၊ ရာထူးကြီးကြီးရမှ လုပ်ဆော[illegible] မဟုတ်ပေ။ ကျရာတာဝန်မှာ ထမ်းဆောင်ခဲ့သူ ဖြ[illegible] သည်။

သာဓက တင်ပြရသော် ရဲဘော်သုံးကျိပ်ဝင်[illegible] ဂျပန်ပြည်တွင် စုံလင်စွာ ရောက်ရှိနေချိန်ဖြစ်သည်[illegible]

ရောက်နေသော ရဲဘော်သုံးကျိပ်ဝင်များမှာ သ[illegible] အဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင်များ ဖြစ်ကြသည်။

တစ်ဖွဲ့မှာ သခင်ကိုယ်တော်မှိုင်းဦးစီးသော သ[illegible] အဖွဲ့နှင့် ကျန်တစ်ဖွဲ့မှာ သခင်ဗစိန်ဦးစီးသော သခ[illegible] တို့ ဖြစ်ကြလေသည်။

ထိုနှစ်ဖွဲ့မှာ မြန်မာပြည်တွင်း၌ [illegible]ယူအဆ[illegible]

www.burmeseclassic.com

www.burmeseclassic.com



…ညီကြ၍ နှစ်ခြမ်းကွဲနေသော်လည်း ဂျပန်ပြည်သို့ …ောက်သောအခါ လူကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ (သခင်ကိုယ်တော်မှိုင်းအဖွဲ့)၊ သခင်ထွန်းအုပ်၊ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်စကြာ(သခင် …န်)တို့ ညီညွတ်ရေးကို ဆွေးနွေးကြသည်။

ထိုအခါ ရဲဘော်သုံးကျိပ်၏ ခေါင်းဆောင်ရွေးချယ်…ာ ဗိုလ်ချုပ်အောင်ဆန်းသည် သဘောထားကြီးစွာနှင့် …င် သခင်ထွန်းအုပ်အား နိုင်ငံရေးခေါင်းဆောင်အဖြစ် …င်မြှောက်၍ ၎င်းသည် သာမန်စစ်ရေးတာဝန်ခံအဖြစ် …မ်းဆောင်လျက် စေ့စပ်မရသော နှစ်ခြမ်းကွဲ သခင် …ွဲ့တို့ ဂျပန်ပြည်တွင် **တိုင်းပြည်၏ လွတ်လပ်ရေး၊ ညီညွတ်ရေးသည်သာ အဓိကဟူသော ခံယူချက်ဖြင့်** …ေါင်းဆောင်မှုကို မမက်မောဘဲ ညီညွတ်ရေးကိုသာ အဓိကထား၍ တည်ဆောက်ခဲ့သူဖြစ်သည်။

## …အား သိက္ခာချသော်လည်း

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ဂျပန်များ၏ …တိ မတည်မှုကို တွေ့ရှိရသော ဗိုလ်ချုပ်အောင်ဆန်း …ည် ဂျပန် ဖက်ဆစ်စနစ်ကို တွန်းလှန်ရမည်ဟု ဆုံးဖြတ်၍ ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A)ကပင် …ော်လှန်ရေးကို စတင်တာစူခဲ့လေသည်။

သို့ရာတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ …ကွယ်ရေးတပ်မတော်အပြောင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏သဘောထားကြီးမှုကို မမြင်ဘဲ စစ်တပ်ရာထူး …နေ့တားရေးတွင် မကျေနပ်ကြသည့်သူများသည် **ဗိုလ်ချုပ်သည် ရာထူးစည်းစိမ် ယစ်မူး၍ ဖက်ဆစ်ဂျပန်တို့အား တော်လှန်ရန် စိတ်မကူး** ဟူသော …ဝါဒဖြန့်မှုများ တပ်တွင်းတွင်လည်းကောင်း၊ ပြင်ပတွင်လည်းကောင်း ဝါဒဖြန့်၍ တိုက်ခိုက်လာကြသည်။

မည်သို့ပင် ၎င်းအား တိုက်ခိုက်လာကြသော်လည်း **ညီညွတ်ရေးသည် အင်အား၊ ညီညာမှ ပြည်သာယာ** ဟု ယုံကြည်နေသော ဗိုလ်ချုပ်သည် ၎င်းတို့၏ …ိုက်မှုတို့ကို ဂရုမစိုက်ဘဲ လုပ်ငန်းအားဖြင့် ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံ ပါတီ၊ တပ်မတော် (၃)ခုကို …တည်၍ တိုင်းရင်းသား လူမျိုး အဖွဲ့အစည်းပေါင်းစုံ …ဖြင့် ၁၉၄၅ ခု၊ ဩဂုတ်လ၌ မြေအောက်တော်လှန်ရေးအဖွဲ့ကြီးဖြစ်သော ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်ကြီးကိုလည်းကောင်း ကိုယ်တိုင်စီမံရေးဆွဲ၍ တည်ထောင်နိုင်ခဲ့လေသည်။

## ဗိုလ်ချုပ်- ဆာဝီလီယံဆလင်းနှင့် တွေ့ဆုံစဉ်က

ထိုမျှမကသေး … ဖက်ဆစ်ဂျပန်တော်လှန်နေချိန်တွင် (၁၄)နံပါတ် တပ်မတော်ဗိုလ်ချုပ်ကြီး ဆာဝီလီယံဆလင်းက ဖက်ဆစ်ဂျပန်များအား တိုက်ခိုက်ရန် အသေးစိတ် အစီအစဉ်များ ရေးဆွဲရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းအား ၎င်းတပ်စခန်းချသော မိတ္ထီလာမြို့သို့ လာရောက်ရန် တစ်လကျော်ကြာမျှ ဆက်သွယ်၍ ဖိတ်ခေါ်ခဲ့သည်။

ထိုဖိတ်ခေါ်မှုကို လက်ခံ၍ ရန်သူများ ပတ်လည်ဝိုင်းပြီး ၃ ရက်ကြာမျှ တိုက်ခိုက်ခံနေရသော မိမိတပ်စခန်းမှ ရန်သူတို့မျက်စိအောက်က အလွတ်ရုန်းထွက်၍ သရက်မြို့သို့ လာခဲ့သည်။

ထိုမှတစ်ဆင့် မိတ္ထီလာမြို့သို့ စစ်လေယာဉ်ဖြင့် သွားရောက်ခဲ့၏။ ဗမာ့မျိုးချစ်တပ်မတော် ဗိုလ်ချုပ်တစ်ဦးအား ဆက်သွယ်ရေးအရာရှိ ဒုဗိုလ်မှူးကြီးအဆင့် ပုဂ္ဂိုလ်တစ်ဦးက လာရောက်ကြိုဆို၍ မိတ္ထီလာတပ်စခန်းသို့ ရောက်သောအခါ သာမန်စစ်သားများ နေထိုင်သည့် မိုးကာတဲငယ်တစ်ခုတွင် ဗိုလ်ချုပ်နှင့်ရဲဘော် ၂ဦး (ဗိုလ်မင်းခေါင်နှင့် ဗိုလ်မှူးလှအောင်)တို့အား နေထိုင်စေသည်။

စားနပ်ရိက္ခာလည်း တောင်း၍ယူမှသာ ရခဲ့လေသည်။

ဗိုလ်ချုပ်သည် ရသည့်ရိက္ခာထဲမှ စီးကရက်တစ်လိပ်ကို သောက်၍ **တိုင်းပြည်ရေး လုပ်ရတာ ဒီလိုပေါ့** ဟု မကျေနပ်သော်လည်း ကျန်ရဲဘော်နှစ်ဦးအား နှစ်သိမ့်ဖော်ရပေသည်။

နောက်နေ့ ဗိုလ်ချုပ်ကြီးဆလင်းနှင့် တွေ့ဆုံသည့်အခါ၌လည်း လက်ဆွဲနှုတ်မဆက် ကုလားထိုင်မပေးဘဲ ရိုင်းပျစွာ ဆက်ဆံမှုကို ခံရသည်။ သူ အတော် မကျေနပ်မည်ဖြစ်သည်။

သို့သော် လွတ်လပ်ရေးတိုက်ပွဲဆိုတာ ဇွဲနှင့် သည်းခံစိတ်ရှိရမယ်လို့ ဆုံးမစကားကို ပြောကြားခဲ့သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းစာဖြင့် လိုအပ်သော အချက်အလက်များကို မေးမြန်းရာ၌လည်း ဗိုလ်ချုပ်အား နှိမ့်ချသော အနေဖြင့် ဗိုလ်ချုပ်အမည်ခံ (Styled Major General Aung San) ဟူ၍ ခေါင်းစဉ်တပ်လျက် ဖိတ်ကြားသော ဧည့်သည်တော်အား စော်ကားခဲ့လေသည်။

သူကား သာမန်လူသားဖြစ်၍ ဒေါသဖြစ်ခဲ့လေသည်။

သို့ရာတွင် "ငါလုပ်သမျှသည် တိုင်းပြည်အတွက်ဟူသော ခံယူချက်" ကြောင့် လုပ်ငန်းဟူသမျှကို ပြေလည်အောင် သည်းခံ၍ ဆောင်ရွက်နိုင်ခဲ့လေသည်။

## သူ၏ ရည်မှန်းချက်

ဤမျှမကသေး ... တိုင်းပြည်အတွက် ဆောင်ရွက်မှုများတွင် သူကား အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသော်လည်း သူ့နှလုံးသားထဲတွင် ကိန်းအောင်းနေသော စိတ်ဓာတ်မှာ

"တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုဟာ လူတစ်ဦးထဲက ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲနှင့် အဖွဲ့နှင့် ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။ အဖွဲ့ရဲ့ ဆန္ဒမဟုတ်ဘဲ ငါ့ဆန္ဒ ငါ့သဘောလုပ်တဲ့ ခေါင်းဆောင်မျိုးမဟုတ်ဘဲ အဖွဲ့ဆန္ဒရယူပြီး အဖွဲ့ရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။

လူမျိုးရေးတရားဟာလည်း ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လူမျိုးလောက် မမြတ်၊ ငါ့လူမျိုးသာ ကမ္ဘာကို ကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်း သေးသိမ်တဲ့ လူမျိုးရေးတရားမဟုတ်ဘဲ ကိုယ့်လူမျိုး ကိုယ်ချစ်ခင်သော်လည်း တခြားလူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်းမဖြစ်ဘဲ ကမ္ဘာမှာ တိုင်းပြည် အချင်းချင်း သင့်မြတ်စွာ တစ်ဦးအကျိုးတစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားဖြစ်ရမယ်။

ဂျပန်ပြည်မှာလို စစ်ဘက်က လက်ဝါးကြီးအုပ်ပြီး တိုင်းပြည်လွှတ်တော်က ဘာမှ အစိုးမရတဲ့ စစ်အာဏာရှင်ဝါဒမျိုး မရှိရအောင် စစ်ဘက်ကို တိုင်းပြည်လွှတ်တော်က အုပ်စိုးနိုင်ခွင့်ရှိရမယ်။

နောက် လွတ်လပ်စွာ ဖော်ပြခွင့်၊ စည်းရုံးခွင့်၊ အစည်းအဝေးခေါ်ခွင့်နှင့် စီတန်းလမ်းလျှောက်ခွင့်၊ လွတ်လပ်စွာ တွေးတောခွင့်၊ ကိုးကွယ်လိုရာ ဘာသာကို ကိုးကွယ်ခွင့်၊ တရားနှင့်မညီသော အဖမ်းအဆီး၊ အချုပ်အနှောင်မှ ကင်းလွတ်ခွင့်၊ ကိုယ်ရေး လွတ်လပ်ခွင့်၊ ကိုယ့်အိမ် ကိုယ့်ရာနှင့် နေထိုင်ခြင်းကို မတရားသဖြင့် နှောင့်ယှက်ခြင်းမှ ကင်းလွတ်ခွင့်၊ လူတိုင်း ပညာသင်ကြားနိုင်ခွင့်၊ အခမဲ့ ဆေးဝါးအကူအညီရရှိခွင့်၊ မတရားသဖြင့် စီးပွား ချုပ်ချယ်မှုများမှ လွတ်ကင်းချမ်းသာခွင့်၊ အလုပ်သမား လယ်သမားများရဲ့ အနည်းဆုံး အခွင့်အရေးများကို အစိုးရက စောင့်ရှောက်ပေးခြင်း၊ လူနည်းစု တိုင်းရင်းသားများ၏ အနည်းဆုံး အခွင့်အရေးများကို အစိုးရက စောင့်ရှောက်ပေးခြင်း၊ တိုင်းပြည်တွင် တိုင်းရင်းသား လူမျိုးတိုင်း ကိုယ့်ဘာသာ၊ ကိုယ့်ဓလေ့၊ ကိုယ့်ယဉ်ကျေး[illegible] အတိုင်း ဆောင်ရွက်နိုင်ခွင့်၊ အိုစာနာစာ၊ အထိအခိုက် လျော်ကြေး၊ ရန်ပုံငွေ အစရှိသည်တို့ကို အစိုးရက ထား[illegible] အိုမင်း၍လည်းကောင်း၊ နာဖျား၍လည်းကောင်း၊ ထိခိုက် နာကျင်၍လည်းကောင်း၊ အလုပ်လုပ်ချင်သော်လည်း အလုပ် မရနိုင်၍သော်လည်းကောင်း၊ အသက်မွေး[illegible] ကျောင်း မပြုစွမ်းနိုင်သူများသည် အစိုးရ၏ အထော[illegible] အပံ့ကို ရရှိခွင့်၊ ဒီမိုကရေစီအခွင့်အရေးမျိုးတွေလည်း ရှိရမယ်။"

(ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း[illegible]

ဟူသော သူ့ဆန္ဒပြင်းပြနေမှုကြောင့် လုပ်[illegible] ဆောင်ရွက်ရာ၌ အခက်အခဲအားလုံးကို သူသည် သည်းခံလျက် တိုင်းပြည်အတွက် အသက်စတေး[illegible] ပြည်သူများ၏ 'သေနာပတိ'ဘွဲ့ကို ခံယူနိုင်ခြင်း ဖြစ်[illegible] သတည်း။ ။

ရွှေတုဂ္ဂနိယ်၊ အတွဲ ၁၊ အမှတ် ၁၁ (၁၅-၃-[illegible]

www.burmeseclassic.com

www.burmeseclassic.com



# ပြန်လည်ထူထောင်ရေးနှင့် အမျိုးသားခေါင်းဆောင်ကြီး

ဒေါ်ရီရီကြိန်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ အာဇာနည် မျိုးချစ်ပုဂ္ဂိုလ်ကြီးများ ကျဆုံးသွားခဲ့သည်မှာ ယခု ဇူလိုင်လ ၁၉ ရက်နေ့တွင် ၂၃ နှစ် တင်းတင်း ပြည့်ခဲ့လေပြီ။

တိုင်းပြည်အတွက် အသက်ပေးသွားသူများဖြစ်၍ လွမ်းဆွတ်တသ အောက်မေ့ရတိုင်း အမျိုးသားခေါင်းဆောင်ကြီး အသက်ရှင်စဉ်က တိုင်းပြည်အတွက် ပြောခဲ့၊ ဟောခဲ့၊ စီမံကြံစည်ခဲ့ပုံများမှာ ဘယ်ခေတ်၊ ဘယ်အခါမှ မေတိမ်ကောနိုင်သော အဖိုးတန်စကားများ၊ ခေတ်တိုင်းခေတ်တိုင်း မှန်ကန်နေသော စကားများ၊ အမြဲဆန်းသစ်နေသော ကြံစည်ဆောင်ရွက်မှုများသာ ဖြစ်သည်ကို တွေ့ရှိရပေသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး လွတ်လပ်ရေး ရပြီးသည့်အချိန်မှစ၍ နိုင်ငံတွင် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ လုပ်ခဲ့ကြရပေသည်။ တိုးတက်ဖွံ့ဖြိုးနေသော ကမ္ဘာနိုင်ငံအသီးသီးနှင့် ရင်ပေါင်တန်းနေနိုင်ရန် ကြိုးပမ်းနေရခြင်းသည်ပင်လျှင် ထူထောင်ရေးလုပ်ငန်းများဟု ခေါ်ရပေမည်။

မြန်မာနိုင်ငံတွင် ပြည်တွင်း ပြည်ပရန်များ မကင်းသေးသရွေ့ အဖျက်အဆီးများလည်း မကင်းနိုင်၊ အဖျက်အဆီးတို့ကြောင့် ပျက်စီးသွားသမျှကို အမြဲ ပြန်လည်တည်ထောင်နေကြရပေသည်။

အမျိုးသားခေါင်းဆောင်ကြီးနှင့် အပေါင်းပါ အာဇာနည်တို့ ကျဆုံးသည့်ကာလတွင် အမျိုးသားခေါင်းဆောင်ကြီး ကိုယ်တိုင် ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ ပေးခဲ့သော မိန့်ခွန်းကို ပြန်လည်လေ့လာပါက အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိသော စကားများကို တွေ့ရပါသည်။

ရှေ့ဖြစ်ဟောဆရာများဖြစ်သော ဗေဒင်ဆရာများသည် မိမိတို့ထံ ချဉ်းကပ်လာသူများအား ဘယ်အရပ်မသွားနှင့် ဖျားလိမ့်မည်၊ ဘယ်ထောင့်နေလျှင် သွေးထွက်သံယိုဖြစ်မည် စသည့် ဟောကိန်းထုတ်သကဲ့သို့ အမျိုးသား ခေါင်းဆောင်ကြီးသည် သူ့အတွေ့အမြင်၊ သူ့ပညာဗဟုသုတ အမြော်အမြင်တို့ဖြင့် ရှောင်ရန်၊ ဆောင်ရန် ဟောကိန်းများ ထုတ်ခဲ့ခြင်းဖြစ်သည်။ ခေါင်းဆောင်ကြီး၏ ရှောင်ရန်၊ ဆောင်ရန်ဟောကိန်းများ မှန် မမှန် လေ့လာဆန်းစစ်နိုင်ရန် ဖော်ပြလိုက်ရပါသည်။

၁၉၄၇ ခု၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ (ယခုစာပေဗိမာန်အဆောက်အဦ) ဆိုရှယ်ကို ဗီလာ၌ မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ကွန်ဖရင့်အစည်းအဝေးတွင် အမျိုးသားခေါင်းဆောင်ကြီးက အောက်ပါအတိုင်း ဟောကိန်းများ ထုတ်ခဲ့သည်။

* လှေ့နံဓားထစ်အစီအစဉ်မျိုးမှာ များသောအားဖြင့် ကောင်းသော အစီအစဉ်မျိုးမဟုတ်၊ တိုင်းပြည်၏ ပေါ်ပေါက်ဆဲ၊ ပေါ်ပေါက်လတ္တံ့သော အကြောင်းတရားအမျိုးမျိုးနှင့် သင့်လျော်ပြေပြစ်အောင် ရေးဆွဲသော အစီအစဉ်မျိုးသာလျှင် ကျေနပ်လောက်သော အစီအစဉ်ဖြစ်ပါသည်။

* အဆိုးအကောင်း ဝေခွဲတတ်သော သာမန်လူစားတို့ အတွေ့အကြုံ၊ အကြံဉာဏ်ဗဟုသုတများကလည်း ကျွန်တော်တို့လုပ်ရမည့် အမှုကိစ္စတွေအတွက် အရေးကြီးပါသည်။

* ရှေးဦးလုပ်သင့်သည့် လုပ်ငန်းကို ရှေးဦးလုပ်ကိုင်သွားသော နည်းစနစ်ကို လိုက်နာရန်၊ ကိစ္စအမြောက်အမြားကို တစ်ကြိမ်တည်း စဉ်းစားဆွေးနွေးသည့် အလုပ်ကို မပြုလုပ်ရန် သတိထားရပါလိမ့်မည်။ အရေးမကြီးလှသော ကိစ္စများကို အရေးကြီးသောကိစ္စများအလျှင် တင်ကူး၍ ဆောင်ရွက်ခြင်း မပြုအပ်ပါ။

* မိမိကိုယ်တိုင် တင်ကူး နှစ်ခြိုက်လျက်ရှိနေသော အကြောင်းခြင်းရာများကို ပထမရှေးဦးစွာ အရေးယူလိုသော ဆန္ဒများ ပေါ်ပေါက်လာတတ်ပါသည်။ သို့ရာတွင် ဤသို့ မဖြစ်စေရန် သတိမူရန် လိုပါသည်။

* အရေးကြီးသောကိစ္စများတွင် တတ်စွမ်းနိုင်သမျှ တစ်ခုပြီးမှတစ်ခု လုပ်ရပေလိမ့်မည်။ တစ်ပြိုင်နက် အကြံအစည် များလွန်းက ဘေးဥပါဒ်အန္တရာယ် ဆိုက်ရောက်တတ်ပေသည်။

* မိမိတို့တိုင်းပြည်အတွင်း အစွမ်းကုန် ဆောင်ရွက်လိုသော စိတ်ဆန္ဒထက်သန်ခြင်းကြောင့် စီမံချက်များ ပြုလုပ်ရာတွင် လိုဘကြီးလွန်းသော စီမံကိန်းများ မပြုလုပ်မိရန်အတွက် ဂရုပြုရပေလိမ့်မည်။

* နေထိုင်ရေး စရိတ်စက လျော့ကျဖို့ကိစ္စနှင့်ပတ်သက်၍ ဆိုလျှင် ယခုကဲ့သို့ စရိတ် ကြီးမြင့်နေရသည့်အကြောင်းရင်း ပထမအချက်မှာ အရေးမကြီး၊ မရှိလည်း ဖြစ်နိုင်သော ကုန်စည်များကို ဈေးကြီးပေး၍ ဝယ်နေရခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့ အရေး မကြီးလှသော ကုန်စည်များကို နိုင်ငံခြားမှ အတင်အသွင်းလျှော့ရန်၊ သို့မဟုတ် လုံးဝ ရပ်စဲပစ်ရန် လိုပါသည်။

* နေထိုင်ရေးစရိတ် လျော့ပေါ့သွားစေလိုလျှင် တိုင်းပြည်အုပ်ချုပ်ရေးဘက်တွင် တတ်နိုင်သမျှ ခြိုးခြံချွေတာရန် လိုပါသည်။ ယခုလက်ရှိ အုပ်ချုပ်ရေးမှ တိုင်းပြည်က စရိတ် မတတ်နိုင်လောက်သော အုပ်ချုပ်ရေးဖြစ်နေပါသည်။ ထို့ကြောင့် ချက်ချင်းလက်ငင်းပင် အသုံးစရိတ်ကို လျှော့ပစ်ရပါမည်။ ... ထို့ပြင် အရေးကြီးသော ကုန်စည်များ ဝေငှရေးစနစ်ကိုလည်း ကောင်းသည်ထက် ကောင်းလာအောင် စီမံပေးရန် လိုပါသည်။ ဖြုန်းတီးမှုများနှင့် တံစိုးလက်ဆောင် စားမှုများကိုလည်း နှိပ်ကွပ်ရပါလိမ့်မည်။

* အရေးမကြီး၊ မရှိလည်းဖြစ်နိုင်သော ကုန်စည်များသွင်းယူမှုဆိုလျှင် ကျွန်တော်တို့မှာ မရှိမဖြစ် အရေးကြီးသည့် ကုန်တွေ အကြီးအကျယ် ရှားပါးနေသည့်အခါတွင် စည်းစိမ်ခံကုန်၊ အရေးမကြီးသည့်ကုန်များကို သွင်းယူ စည်းစိမ်ခံနေကြရန် မလိုပါ ဟု ဆိုသည့် အချက်ပင်ဖြစ်ပါသည်။

အထက်ပါစကားတို့ကား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အသက်ရှင်စဉ်အခါက နိုင်ငံ၏ အခြေအနေအရ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် မည်သို့ကြိုးပမ်းရမည်ကို ပြောဆိုခဲ့ခြင်း ဖြစ်ပေသည်။ ခေါင်းဆောင်ကြီး ကွယ်လွန်ပြီးသည့်နောက် နိုင်ငံတွင် အမျိုးမျိုးပြောင်းလဲခဲ့ပြီဖြစ်သော်လည်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများကား လုပ်ရဆဲ ရှေ့လည်း လုပ်ဆောင်ရဦးမည်ဖြစ်လေသည်။

ခေါင်းဆောင်ကြီး ဟောပြောခဲ့သမျှတို့တွင် စေတနာအပြည့် ပါရှိရုံမျှမက အလေးအနက် လေ့လာထားသည့် အမြော်အမြင်ကြီးကြီးနှင့် ပြောခဲ့သည်ချည်းသာ ဖြစ်ပါသည်။

အထက်ပါ ကောက်နုတ်ချက်များကို တစ်ဖတ်တစ်ဝါကျစီ၊ တစ်လုံးစီ လုံးစေ့ပတ်စေ့ ဖတ်ရှုလေ့လာ

www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုပါက ယခုအချိန်ထိ အသုံးဝင်ရုံမက တိုင်းပြည်တည်သရွေ့ အသုံးချ စံထားနိုင်သော စကားများပင် ဖြစ်ပေ၏။

နိုင်ငံအတွက်သာမက အိမ်ထောင်စုတစ်စု ဦးစီးနေသူတစ်ယောက်အတွက်သော်လည်းကောင်း၊ မိမိ ကောင်းစားရေးအတွက် ကြိုးပမ်းနေသူ အတွက်သော်လည်းကောင်း မှတ်သား လေ့လာ ကျင့်သုံးထိုက်သော စကားများပင် ဖြစ်ပေသည်။

လွတ်လပ်ရေးအတွက် ခေါင်းဆောင်ကြီး ကြိုးပမ်းခဲ့သမျှကို တန်ဖိုးထား၍ ခေါင်းဆောင်ကြီး၏ ကျေးဇူးကို မမေ့သူဖြစ်အံ့။ ခေါင်းဆောင်ကြီး ချမှတ်ထားသော လမ်းစဉ်ကို မသွေမဖည် လိုက်နာကျင့်သုံးလိုသူ ဖြစ်အံ့၊ ကျွန်ုပ်တို့ ခေါင်းဆောင်ကြီးပြောခဲ့သော ဆောင်ရန်၊ ရှောင်ရန်များကို ဆောင်ပါ၏လော၊ ရှောင်ပါ၏လော...။ ခေါင်းဆောင်တိုင်း၊ ပြည်သူပြည်သားတိုင်းက ပြန်လည်ဆန်းစစ်ရပေမည်။

တိုင်းပြည်ကိုချစ်၍ တိုင်းပြည် စည်ပင်ဝပြော ဖွံ့ဖြိုးနေလိုသူဖြစ်လျှင် အမျိုးသားခေါင်းဆောင်ကြီး၏ ပြန်လည် ထူထောင်ရေးနှင့်ပတ်သက်သော ဩဝါဒများကို ကျင့်သုံးရပေမည်။

ဇူလိုင်လ ၁၉ ရက်နေ့ကား အမျိုးသားခေါင်းဆောင်ကြီးသည် နိုင်ငံအတွက် အသက်သွေးခဲ စွန့်လွှတ်ခဲ့ရသောနေ့ပေတည်း။ နိုင်ငံကောင်းစားအောင် ဆောင်ရွက်နေပါသည်ဟု ကြွေးကြော်နေသူတိုင်း ဗိုလ်ချုပ်ဖြစ်စေလိုသော နိုင်ငံဖြစ်အောင် ဗိုလ်ချုပ် နည်းပေး လမ်းပြခဲ့မှုများကို မိမိတို့ ဆောင်ရွက်ချက်များနှင့် ချိန်ထိုးပြီး စံ ကိုက် မကိုက် ဆန်းစစ်သင့်ကြပါသတည်း။ ။

ရှေ့သို့ အတွဲ ၁၇ အမှတ် ၄ (၁၅-၇-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအမြင်

## မောင်ညွန့်အုံး

ဗိုလ်ချုပ်အောင်ဆန်း၏ သက်တမ်း(အသက် ၃၂ နှစ်၊ ၅ လ၊ ၆ ရက်)အတွင်း ရေးသားပြောဟောခဲ့သော တရားများ၊ မျှော်မှန်းခဲ့သော ရည်ရွယ်ချက်ကြီးများနှင့် လက်တွေ့ အကောင်အထည်ဖော်ခဲ့သော လုပ်ငန်းကြီးများကိုကြည့်ပါလျှင် ကမ္ဘာတွင် ထူးကဲသော ပုဂ္ဂိုလ်ကျော်ကြီးတစ်ဦးဖြစ်ကြောင်း တွေ့မြင်ကြမည်သာ ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားလှုပ်ရှားမှု၊ တို့ဗမာ သခင်လှုပ်ရှားမှု၊ ဗမာ့ထွက်ရပ်ဂိုဏ်းနှင့် မြေအောက်လှုပ်ရှားမှု၊ တပ်မတော်လှုပ်ရှားမှုနှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ ဖဆပလနှင့် လွတ်လပ်ရေးလှုပ်ရှားမှု အဆက်ဆက်တွင် တစ်သမတ်တည်း ပါဝင်ရှေ့ဆောင်ခဲ့သူ ဖြစ်ပေသည်။ တစ်နည်းဆိုသော် ဗိုလ်ချုပ်အောင်ဆန်းသည် လူထုထဲမှ ပေါ်ထွက်လာသော အမျိုးသားခေါင်းဆောင်ကြီးဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အသက် တစ်ဝက်သည် နိုင်ငံနှင့် လူမျိုးတို့၏ လွတ်လပ်ရေးအတွက် ပေးလှူခဲ့သော နှစ်များ ဖြစ်ပေသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ မျိုးဆက်အနွယ်အားလုံးသည် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ကျိုးစွန့် ဆောင်ရွက်မှုများကို လေးစားစွာ အမြဲ သတိတရ ဖြစ်နေကြမည်သာ ဖြစ်သည်။

အောက်ပါတင်ပြချက်မှာ အမျိုးသားခေါင်းဆော[illegible] ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအမြင်တစ်ခု[illegible] မဟုတ်ပေ။ နိုင်ငံရေး၊ ဝါဒရေး၊ တော်လှန်ရေးဆိုင်[illegible] အခန်းများထဲမှ ကောက်နုတ်၍ စီစဉ်ဖော်ပြထားခြင်း [illegible] ပါသည်။

### နိုင်ငံရေး

"ကျွန်တော့် အယူအဆတွင်ကား နိုင်ငံရေး[illegible] လောကဓာတ်အရ မြင်မှ ထင်မှ ဟုတ်သည်ဟု ထင်[illegible] နိုင်ငံရေးဆိုသည်မှာ လူအဝှန့်နှင့် ပေါင်းသင်း ဆက်[illegible] ကူးလူး အုပ်ချုပ်သော ကိစ္စပင် ဖြစ်၏။ ထို့ကြောင့် နို[illegible] ရေးကို (ဆိုရှယ်ဆိုင်းယင့်) ပေါင်းသင်း ဆက်[illegible] လောကဓာတ်ပညာဟု ယူဆရမည်။ ထို လူအချင်း[illegible] ဆက်ဆံမှုမှ ပေါ်ပေါက်လာသော ပြဿနာအရပ်ရပ်[illegible] အကြောင်းနှင့်အကျိုးတရားကို အမှီထား၍ ရှာဖွေ [illegible] စစ်ဆေးဝေဖန် ခွဲခြားစီမံအုပ်ချုပ်မှုပင် ဖြစ်၏။ ဤ[illegible] ကို အကျဉ်းအားဖြင့် နိုင်ငံရေးဝါဒတိုင်း တစ်နိုင်င[illegible] အရေးဟု ယူကြ၏။ သို့သော် ယခုအခါ နိုင်င[illegible] အဓိပ္ပာယ်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ တစ်ပြည်[illegible]

www.burmeseclassic.com

www.burmeseclassic.com



လောက်သာ မဟုတ်တော့။ တစ်ကမ္ဘာလုံးကိစ္စ ဖြစ်လာ၏"

နိုင်ငံရေးသည် လူမှုသူမှုကိစ္စအားလုံးပင် ဖြစ်၏။ လူ၏ အသိဉာဏ်ဖြင့် လူ၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ကြရာ ပိုမိုများပြား ရှုပ်ထွေးလာသောအခါ နိုင်ငံရေးတည်းဟူသော လူ့ပင်မတရား ပေါ်ပေါက်လာ၏။ စတိတ်ဆိုတဲ့ နိုင်ငံရေးအဆောက်အအုံကြီးဖြစ်လာတော့ အမှန်မှာတော့ တစ်တန်းစားက တစ်တန်းစားကို အုပ်စိုးချုပ်ချယ်သည့်စနစ် အရင်းခံပင် ဖြစ်လေသည်။ ယခုဆိုလျှင် လူတစ်ဦးက တစ်ဦး၊ တစ်တန်းစားက တစ်တန်းစား နှိမ်ရုံတင်မဟုတ်ဘဲ တစ်တိုင်းပြည်က တစ်တိုင်းပြည်ကို နှိမ်၍လာ၏။

ထို့ကြောင့် ဗမာပြည်မှာဆိုရင် အုပ်စိုးကြတဲ့သူများ နိုင်ငံရေးကတစ်မျိုး၊ နယ်ချဲ့စနစ်ဆိုတာကို အမြိုပြုနေ၏။ အလှည့်ခံရသည့် ဗမာလူမျိုးတွေ၏ နိုင်ငံရေးကတစ်မျိုး၊ လွတ်လပ်ရေးအခြေခံထားလျက်ရှိ၏။ ထို့ကြောင့် နိုင်ငံရေးတွင် သူ့အကျိုး၊ သူ့အမြင်နှင့် ဝါဒတွေ မိုးမွှန်နေခြင်းပင်။ အချို့ကတော့ ဝါဒဆိုတာ မလိုပါဘူး၊ ဗမာပြည် ဗမာပြန်ရပြီး ဗမာ့အကျိုး ဆောင်ရွက်ရလျှင် ပြီးတာပဲဟု ပြောကြ၏။ ပြောကြတဲ့လူတွေကိုယ်တိုင်က သူတို့ရဲ့ အကျိုး၊ သူတို့ရဲ့ အမြင်အရဖြစ်တဲ့ ဝါဒကို ယောနေမှန်း၊ လုပ်နေမှန်း မသိကြပေ။ သိလျှင်လည်း လိမ်ခြင်းပင် ဖြစ်၏။

အမှန်မှာ နိုင်ငံရေးမှာ လောကီရေးပင် ဖြစ်၏။ နိုင်ငံရေးမှာ နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ပေ။ သို့သော်လည်း လောကီမှာလည်း လောကုတ်ရှိနိုင်၏။ လောကီတည်နိုင်၏။ အူမတောင့်မှ သီလ စောင့်နိုင်၏။ ထို့ကြောင့် နိုင်ငံရေးကား ပင်မတည်း။ သူ့ကို လက်လွှတ်၍ မဖြစ်၊ အားလုံးနှင့် ဆိုင်၏။

စင်စစ် နိုင်ငံရေးမှာ တိုးတက်လိုသည့် ပင်မ တရားကြီးတစ်ရပ်ပင် ဖြစ်၏။ ထိုအရာကား လောကီနိဗ္ဗာန်ကို နောက်ဆုံး ရည်မှန်းလေသည်။ နိုင်ငံရေးသည် လူတိုင်းနှင့် သက်ဆိုင်၏။ လူတိုင်း လုပ်မှဖြစ်မည်။

**ဝါဒရေး**

နိုင်ငံရေးအကြောင်း တွေးလျှင် ဝါဒ ပါစမြဲဖြစ်၏။ ဝါဒ မရှိသည့် နိုင်ငံရေးဟူ၍ ဘယ်ကမ္ဘာတွင်မှမရှိ။ ဝါဒ မလိုဘူး။ ဗမာဆိုလျှင် ဗမာစိတ်ရှိတာပဲ၊ ဗမာ ကောင်းစားဖို့ဆိုလျှင် လူတိုင်း လိုချင်တာပေါ့။ ဝါဒဆိုတာပေါ့ ဘာ ဓနရှင်ဝါဒ၊ ဘာဝါဒနှင့် ဓာချဲ့နေစရာလိုသလဲ စသည်ဖြင့် ပြောကြ၏။ တစ်ရံရောအခါ ပဲခူးမြို့တွင် ဓနရှင်ကြီးတစ်ယောက် ပြောသည်ကို မှတ်လိုက်ရဖူး၏။ အမှန်မှာ နိုင်ငံရေး နားမလည်၍ တစ်ကြောင်း၊ သူ၏ အတန်းအစား စိတ်အမြင်နှင့် ဆန့်ကျင်၍တစ်ကြောင်း၊ ဝါဒမလိုဟု ပြောလိုက်ခြင်းပင်ဖြစ်၏။ ဝါဒ မရှိလျှင် ဘယ်နိုင်ငံရေးမျိုး လုပ်နိုင်မလဲ။ ... မိမိကိုယ်ကို နာမည်ကြီးအောင်၊ ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင် လုပ်တတ်မှ နိုင်ငံရေးဖြစ်၏။

တိုင်းပြည်ရဲ့ အနာက ဘာလဲ။ တိုင်းပြည်ရဲ့ လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ လောကနိဗ္ဗာန်လမ်းဟာ ဘယ်လိုရှိသလဲဟု စိတ်ကူးမှာ မကူးတတ်။ စိတ်ကူးတတ်ရန်မှာ ဝါဒအရင်းခံဖြစ်၏။

နိုင်ငံရေးနှင့် ဝါဒ ခွဲလို့မရ။ ဝါဒရှိမှ ရမည်။ ဝါဒဆိုသည်မှာလည်း မိုးပေါ်က ကျမလာ။ ဘယ်ကျောက်စာ၊ ဘယ် သိုက်ကမှ တူးဖော်၍ ကြည့်စရာမလို။ ထာဝရဘုရားသခင်ကလည်း ဖန်ဆင်းမပေး။ ဝါဒဆိုသည်မှာ သူ့ခေတ် သူ့ဒေသ၊ သူ့ကိန်းအလျောက် ပေါ်လာရ၏။

ကမ္ဘာ့ရာဇဝင် အစီအစဉ်တွင် ရုပ်နှင့် နာမ် ပြောင်းလွဲဖောက်ပြန်မှုကြောင့် ရုပ်နှင့် နာမ် အပြန်လှန် ဆက်ဆံမှုကြောင့် ဝါဒဆိုသည့် စကား ကြားရ၏။ ဝါဒဆိုသည့် အကြံ လုပ်ရ၏။ ယခု ကမ္ဘာတွင် အထင်အရှားအားဖြင့် ဝါဒကြီး ၃ မျိုးရှိ၏။ တစ်မျိုးကား ဓနရှင်ဝါဒ၊ တစ်မျိုးကား ဘုံဝါဒ (နောက် ဆိုရှယ်လစ်၊ ကွန်မြူနစ်ဝါဒ)၊ တစ်မျိုးကား ဖက်ဆစ်ဝါဒ၊ သုံးမျိုးသုံးစား အထင်အရှားရှိ၏။ ကြားဝါဒများလည်း ရှိသေး၏။ [ ၁ ]

... ဖက်ဆစ်ဝါဒ ဆိုတာ ဘာလဲဟု မေးစရာရှိ၏။ ဖက်ဆစ်ဝါဒဆိုသည်မှာ အရင်းရှင်ဝါဒ၏ အဆိုးအသွမ်းဆုံးသော ဘဝသို့ ရောက်ခြင်းပင်ဖြစ်၏။

"အရင်းရှင်ဝါဒဆိုသည်မှာ ငွေပင်ငွေရင်း အမြောက်အမြား စိုက်ထုတ်နိုင်သော သူတို့သည် ကမ္ဘာပေါ်တွင် ကြီးနိုင်ငယ်ညှဉ်းဆဲလိုသည့် ယုတ်မာညစ်ဆိုး အသား

www.burmeseclassic.com

www.burmeseclassic.com



စား ဘီလူးမျိုးနှင့် နယ်ချဲ့၍ နှိပ်စက်ကလူ ရန်မူသော တစ်ကိုယ်ကောင်း အယူဝါဒကို ယူသူများ၏ ဝါဒ ဖြစ်ပေသည်”

“အရင်းရှင်ဝါဒသမားတို့သည် တစ်ဦးနှင့်တစ်ဦး၊ တစ်စုနှင့်တစ်စု၊ တစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တုပ ယှဉ်ပြိုင်သောကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ပပဉ္စတရား ၃ ပါး တွင်တွင်ကြီး နယ်ချဲ့လေတော့၏။ နောက်ဆုံး၌ အရင်းရှင်နှင့် အလုပ်သမား၊ နယ်ချဲ့သမားနှင့် လက်အောက်ခံနိုင်ငံများ၊ အရင်းရှင်အချင်းချင်း၊ နယ်ချဲ့သမားအချင်းချင်း၊ ရန်သူခပင်း တိုးပွား၍ ကမ္ဘာ တစ်ခုလုံး ကိုးရိုးကားရား ကမောက်ကမ ဖြစ်လာလေတော့၏။

“ဤ အရင်းရှင်ဝါဒ ကမ္ဘာပေါ် ပျံ့နှံ့နေသရွေ့ ကာလ ပတ်လုံး ... တစ်နည်းအားဖြင့်ဆိုသော် ဤအရင်းရှင်ဝါဒ ပပျောက်ပြီးလျှင် ဗြဟ္မာစိုရ်တရားတို့ အခြေပြုသော ဆိုရှယ်လစ်ဇင်း ခေါ် လူအများကောင်းစားရေးဝါဒ၊ လူထု ကောင်းစားရေးဝါဒ မပြန့်ပွား မစည်ကားသရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့ ကမ္ဘာမြေပြင်ဘွင် အထွေထွေသော ကပ်ကြီးများ ဆိုက်ရောက်လျက်ပင် ရှိကြပေလိမ့်မည်။[ ၂ ]

အခုခေတ် အခါမှာတော့ ကားလ်မာ့က္စဆိုတဲ့ ပုဂ္ဂိုလ်က စတဲ့ မာ့က္စဝါဒတွေရဲ့ သဘောတရားဟာ တဖြည်းဖြည်း ခေတ်စားလာတယ်။ အဲဒီဝါဒဟာလည်း အဆုံးစွန်တရား မဟုတ်သေးဘူး။ ရှာတုန်း ဖွေတုန်း တိုးတက်တုန်းပဲ။ အဲဒီလို သဘောအမျိုးမျိုးဆိုပေမဲ့ နိုင်ငံရေးဟာ စီးပွားရေးအုတ်မြစ်ပေါ်မှာ တည်တယ်ဆိုတာကိုတော့ ဘယ်သူမှ မငြင်းနိုင်တော့ပါဘူး။

## တကယ့် ဒီမိုကရေစီ

...လူတွေက တင်မြှောက်ပြီး လူတွေရဲ့ အကျိုးကို လုပ်တဲ့ လူတွေရဲ့ အစိုးရသာလျှင် ဒီမိုကရေစီဖြစ်နိုင်မယ်။ အခြားဟာတွေဟာ ဒီမိုကရေစီအစစ် မဖြစ်နိုင်ဘူး၊ အတုတွေသာ ဖြစ်တယ်။

ဒီမိုကရေစီတိုင်း ဒီမိုကရေစီတာ မဟုတ်ဘူး။ ဒီမိုကရေစီ ခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြတာတွေလည်း အများကြီးပဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာ ဘာလဲ။ လူလူချင်း၊ လူတန်းစား အချင်းချင်း၊ လူမျိုး အချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေး တန်းတူ ကျပ်ပြည့်တင်းပြည့် မရှိသမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး။

အခု ဒီမိုကရေစီတွေ ခေါ်နေတဲ့ တိုင်းပြည်တွေ အများဟာ တကယ့်ဒီမိုကရေစီ မဟုတ်သေးဘူး။ ငါးမူး သုံးမူး၊ တစ်ပဲလောက်ပဲ ဒီမိုကရေစီတွေ ဖြစ်ကြသေးတယ်။ အဲဒီ ဒီမိုကရေစီတွေဟာ အရင်းစစ်လိုက်တော့ အရင်းရှင်ခေါ်တဲ့ ပစ္စည်းရှင်၊ အရင်းရှင်တွေ စီးပွားရေး ချယ်လှယ်တဲ့ စနစ်အခြေခံတဲ့ ဒီမိုကရေစီတွေ ဖြစ်တယ်။ တစ်နည်းအားဖြင့် အရင်းရှင်တွေရဲ့ အာဏာရှင်စနစ် အုပ်ချုပ်ရေးကို ဒီမိုကရေစီကို ဇန်းပြပြီးထားတဲ့ အုပ်ချုပ်ရေးပဲ။

တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေး သဘောတရား အရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့၊ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ စီးပွားအဆင့်အတန်း... အခွင့်အရေး တန်းတူ ရနိုင်တဲ့ အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။

...ကျုပ်တို့လုပ်ချင်တာကတော့ (Greatest Happiness of Greatest Number) လူအများဆုံး အကောင်းဆုံး ချမ်းသာသုခရအောင်၊ အဲဒီလို အများဆုံးက ကြီးကိုင်တဲ့ အာဏာရှင်လုပ်တဲ့ ဒီမိုကရေစီမျိုးကို... လိုချင်တာပဲ။ အကုန်လုံး အကျိုးရှိတဲ့ ဒီမိုကရေစီဆို...တော့ ခုလို အရင်းရှင်၊ အလုပ်သမား၊ လယ်ရှင် အစရှိ... လူတန်းစား ကွဲပြားမှုတွေ ရှိနေသမျှ ကာလပတ်လုံး မ... နိုင်သေးဘူး။ လယ်ရှင် အကျိုးရှိတိုင်း လယ်သမား အကျိုးမရှိနိုင်ဘူး။ အရင်းရှင် အကျိုးရှိတိုင်း အလုပ်သမား အကျိုးမရှိနိုင်ဘူး။ သူတို့အချင်းချင်း အကျိုးတွေဟာ တစ်ခါတလေ စေ့စပ်လို့မရနိုင်ဘဲ တစ်ဦးအကျိုးရှိရင် တစ်ဦးထိမယ်ဆိုတဲ့ အခြေမျိုး ဖြစ်လာတဲ့အခါ အ... ဟာ တစ်ဘက်ဘက်က ပင်းမှ ဖြစ်နိုင်မယ်။ အဲဒီ... ကာ ဒီမိုကရေစီစနစ်သစ်ဆိုတာ အစိုးရက လူများစု... လူဆင်းရဲတွေဘက်က ထုံးစံအတိုင်းတော့ ... ဆိုတဲ့ သဘောပဲ။ [ ၃ ]

www.burmeseclassic.com

www.burmeseclassic.com



ဆော်လှန်ရေး

ကျုပ်တို့ဟာ တော်လှန်ရေးသမားပဲ။ ဒါပေမဲ့ ကျုပ်တို့ဟာ ရည်ရွယ်မှန်းထားချက် မရှိဘဲ မျက်ကန်းလိုလုပ်တဲ့ တော်လှန်ရေးမျိုးကိုတော့ မကြိုက်ဘူး။ အမှန်စင်စစ်ဆော်လှန်ရေးဆိုတာ ဘာလဲ။ ကျုပ်အမြင်ပြောရမယ်ဆိုရင် တော်လှန်ရေးဆိုတာ အကြမ်းပတမ်း တိုက်ခိုက်တဲ့ဟာစွကိုမှ တော်လှန်ရေးလို့ ဆိုလိုတာမဟုတ်ဘူး။ လက်ရှိအနေစ်ပဟောင်းကို တော်လှန်ပြီး စနစ်သစ် ဘွားခနဲ ပေါ်ပေါက်လာတာကို ဆိုလိုတာပဲ။ အဲဒီတော့ တော်လှန်ရေးဆိုတာ တစပ်တည်းဖြစ်နေတာပဲ။ [ ၄ ]

... တော်လှန်တယ်ဆိုတာ အဓိပ္ပာယ် ဘာလဲ။ များသောအားဖြင့် ယူဆနေကြတာက သွေးထွက်သံယို ဖြစ်တဲ့ တော်လှန်ရေးကိုသာ တော်လှန်ရေးလို့ ယူဆနေကြတယ်။ ဒါဟာ လုံးဝ မမှန်ဘူး။ တော်လှန်ရေးဟာ သွေးထွက်သံယိုရှိတဲ့ တော်လှန်ရေး၊ သွေးထွက်သံယို မရှိတဲ့ တော်လှန်ရေးရယ်လို့ ၂ မျိုးရှိတယ်။ ... မည်သည့်တိုင်းပြည်မှာမဆို သူ့တိုင်းပြည်မှာ သူ့အကြောင်းနှင့် တော်လှန်ရေးဖြစ်စဉ်များ ရှိကြတာပဲ။ [ ၅ ]

... တော်လှန်ရေးဆိုတာ လူထုက လူထုရဲ့ ကံကြမ္မာကို အခြေခံကနေပြီး ဖန်တီးရာမှာ ဘယ်လိုပဲဖြစ်ဖြစ်ဆိုပြီး လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်တယ်။ ရာဇဝင်ကြောင်းအရ မလွဲမရှောင်သာလို့ဘဲ လိုအပ်လို့ဖြစ်တယ်။ ဖြစ်ပျက်ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေ အချက်အလက်တွေနဲ့ အခြားတစ်လမ်းဖြစ်တဲ့ အခြောက်တိုက် စိတ်ကူးစီမံကိန်းမျိုးနဲ့တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ မျက်စိစုံမှိတ်ပြီး အကန်းလို ရမ်းလို့တော့ မဖြစ်ဘူး။ တစ်ဖက်တွင်သာ လုပ်တဲ့အလုပ်၊ အလိုအလျောက် လူထုထကြွမှုပျက်စီးရုံအလုပ်ကိုလည်း လက်မခံနိုင်ဘူး။ အဲဒါတွေကြောင့် တော်လှန်ရေးဆိုတာ အကြီးကျယ်ဆုံး ပြုပြင်ဖန်တီးတတ်တဲ့ သတ္တိရှိပါတယ်။ တော်လှန်ရေးရဲ့ အခြေခံ ရည်ရွယ်ချက်ကြီးကတော့ လုပ်စားကိုင်စား လူထုကြီး လွတ်လပ်မှုဖြစ်ပါတယ်။ တော်လှန်ရေးရဲ့ အခြေခံအုတ်မြစ်ကတော့ လူထုပါဝင်အောင် ဆောင်ရွက်ရေး ဖြစ်ပါတယ်။ တော်လှန်ရေးအောင်မြင်ဖို့ အခြေခံကတော့ လူထုကြီးရဲ့ နိုးကြားထကြွမှု၊ တစ်နည်းအားဖြင့် လူထုကြီးဟာ ဘယ်အထိ ဖွဲ့ဖွဲ့စည်းစည်းရှိလို့ ဘယ်အထိ မိမိရဲ့ တာဝန်နဲ့ တန်ခိုးအာဏာကို သိရှိနားလည် နိုးကြားသလဲဆိုတဲ့အပေါ်မှာတည်ပါတယ်။ [ ၆ ]

* ဂဏန်းသင်္ကေတ အညွှန်းများ

(၁) နိုင်ငံရေးအမျိုးမျိုး ဒဂုန်မဂ္ဂဇင်း (၁၉၄၀)မှ။

(၂) ရွှေတိဂုံအလယ်ပစ္စယံ၊ ဖဆပလညီလာခံ မိန့်ခွန်း (၁၉၄၆)မှ။

(၃) ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံ မိန့်ခွန်း (၁၉-၅-၄၇)မှ။

(၄) အသံလွှင့်မိန့်ခွန်း (၁-၁-၄၇)မှ။

(၅) တော်လှန်ရေးနေ့မိန့်ခွန်း၊ အောင်လံ(၂၈-၃-၄၈)မှ။

(၆) ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ မိန့်ခွန်း (၁၉-၅-၄၇)မှ။

ရှုထောင့်၊ အမှတ် ၈ (၁၅-၇-၁၉၆၉)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ဘဝနှင့် အမြင်

## မြဝတီမဂ္ဂဇင်း အယ်ဒီတာအဖွဲ့

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဇူလိုင်လအတွင်း၌ ကျဆုံးခဲ့ရလေသည်။ မြန်မာပြည်သူ ပြည်သားများ အပေါင်းတို့သည် မိုးနှင့်အပြိုင် မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းခဲ့ကြရလေသည်။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးရသည်မှာ မြန်မာနိုင်ငံအတွက်သာ ဆုံးရှုံးရခြင်း မဟုတ်။ အာရှတိုက်အတွက်ပါ၊ ကမ္ဘာကြီးအတွက်ပါ ဆုံးရှုံးရခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းကို ကြည်ညိုလေးစား အားထားကြသော မြန်မာလူထုသည် ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝကို လေ့လာနမူနာယူခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ အမြင်ကို သုံးသပ်ဝေဖန် လက်ခံယူကာ လုပ်ငန်း လမ်းညွှန်အဖြစ် ကျင့်သုံးခြင်းတို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ကျေးဇူးကို ပေးဆပ်ရာရောက်ပေလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်း၏ဘဝကိုကြည့်လျှင် အရွယ်ရောက်ကတည်းက နိုင်ငံ၏လွတ်လပ်ရေး၊ လူမျိုး၏ ကြီးပွားရေးကိုသာ အာရုံစိုက်၍ တစ်ဆက်တည်း အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်နိုင်ပေသည်။ ကျောင်းသားဘဝ၊ ဒို့ဗမာအစည်းအရုံးဝင် သခင်ဘဝ၊ စစ်သားဘဝ၊ နိုင်ငံရေးခေါင်းဆောင်ဘဝ စသည်တို့ကို ကျင်လည်ခဲ့ရာတွင် ဘဝအထွေထွေ အားလုံး၌ပင် နိုင်ငံလွတ်လပ်ရေး၊ လူမျိုးကြီးပွားရေးကို ကြိုးပမ်းလျက်ချ... သာ ဖြစ်ပေသည်။

မည်သည့်ဘဝ၌ ကျင်လည်နေရသည်ဖြစ်စေ နိုင်... တာဝန်ကို မအားမလပ်နိုင်အောင် ထမ်းရွက်နေရသ... ကြားမှပင် နိုင်ငံအကျိုးပြုစာပေများကို ရေးသားဖြစ်အော... ရေးသားခဲ့ပေသေးသည်။ ဗိုလ်ချုပ်အောင်ဆန်း... နိုင်ငံနှင့် ပြည်သူလူထုအပေါ် မေတ္တာစေတနာ ကြီး... လွန်းလှသူဖြစ်ချေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဟောပြောချက်၊ အ... အသားနှင့် ကြိုးပမ်းဆောင်ရွက်မှုတို့သည် အမြဲတ... ခေတ်မီနေကာ လမ်းညွှန်အဖြစ် လက်ခံ ကျင့်သုံး... သည်နှင့်အမျှ အကျိုးသက်ရောက်မှု ဖြစ်ထွန်းနေ... သာ ဖြစ်ပေသည်။ ဤနေရာတွင် ၁၉၄၇ ခုနှစ်၊ ဇွန်... ၇ ရက်က ဆိုရန်တိုဗီလာ (ယခုပြည်လမ်းစာပေဗိမာန်)... ကျင်းပသည့် 'ပြန်လည်ထူထောင်ရေးလုပ်ငန်းကွန်ဖ... တွင် မိန့်ကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အမြင်... လမ်းညွှန်ချက်များကို ထုတ်နုတ်ဖော်ပြလိုပေသည်။

"ယခုခေတ်၌ တကယ့် အချုပ်အခြာအာဏာ... တိုင်းသူပြည်သား လူအများတို့လက်တွင် ... ရှိသ... ဆိုသည့်အချက်ကို နေရာတကာတွင် ... ထား...

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ယခု ကျွန်တော်တို့ တွေ့ကြုံနေရတဲ့ လက်ငင်း ပြဿနာများနှင့်ပတ်သက်၍ ကျွန်တော်တို့ နိုင်ငံမှာ ပေါ်ပေါက်နေသည့် ပြဿနာများကို ထောက်ရှု၍ဆိုရလျှင် ကျွန်တော်တို့ ချက်ချင်းလက်ငင်း ဖြေရှင်းရေး လုပ်ကြရမည့် ကိစ္စကြီးရှစ်ရပ်ရှိသည်ဟု ဆိုနိုင်ပါသည်။ ထိုကိစ္စများမှာ ...

၁။ နေထိုင်ရေး စရိတ် လျှော့ပေါ့ရန်၊ တိုင်းသူပြည်သားများ၏ နေထိုင်ရေးစရိတ်ကို နဂိုအခြေသို့ ပြန်ရောက်အောင် ပြုပြင်ပေးရန်။
၂။ အလုပ်လက်မဲ့များ လျော့သွားအောင်၊ တတ်နိုင်လျှင် အလုပ်လက်မဲ့ လုံးဝ ပပျောက်သွားအောင် ပြုပြင်ပေးရန်။
၃။ လမ်းပန်း အဆက်အသွယ်များကို ပြန်လည်ထူထောင်၍ တိုးချဲ့ပေးရန်။
၄။ အိုးခြေအိမ်ခြေ ယူထောင်နိုင်အောင် စီစဉ်ပေးရန်။
၅။ ပညာရေး ပြန်လည်ထူထောင်ရန်။
၆။ ပြည်သူလူအများ ကျန်းမာရေးအတွက် စီစဉ်ပေးရန်။
၇။ နိုင်ငံအုပ်ချုပ်ရေးကို စေတနာ ကောင်းစွာနှင့် သန့်ရှင်း ကျေပွန်စွာ ထမ်းရွက်ခြင်းရှိအောင် ပြုပြင်ပေးရန်။
၈။ နိုင်ငံ ငြိမ်းချမ်း သာယာလာအောင် ဆောင်ရွက်ပေးရန်။

အထက်ပါပြဿနာကြီးများကို ချက်ချင်းလက်ငင်း ရှင်းလင်းရေးအတွက် ကျွန်တော်တို့ လက်ဦးပထမ အားသွန် ကြိုးပမ်းဆောင်ရွက်ကြရန် အဓိကဖြစ်သည်" ဟု ထင်မြင်ပါသည်။

"ထို့ပြင် အရေးကြီးသော ကုန်စည်များ ဝေငှရေး စနစ်ကိုလည်း ကောင်းသည်ထက် ကောင်းလာအောင် စီမံပေးရန်လိုပါသည်။ ဖြန်းတီးမှုများနှင့် တံစိုးလက်ဆောင် စားမှုများကိုလည်း နှိပ်ကွပ်ပစ်ရပါလိမ့်မည်။ ကျွန်တော်တို့ တိုင်းပြည်အတွင်းမှာပဲ အရေးကြီးသည့် ကုန်စည်များကို စိုက်ပျိုးလုပ်ကိုင်နိုင်ရန် စီမံကိန်းတစ်ရပ်လည်း ပြုလုပ်ရပါလိမ့်မည်။ ကျွန်တော်တို့ စီးပွားရေးအတွက် နိုင်ငံခြားများနှင့် ဆက်ဆံမှုနှင့် ပတ်သက်၍ ဆိုလျှင် ကျွန်တော်တို့ ထွက်ကုန်ဘက်က ငွေပိုရအောင် အားထုတ်ကြိုးပမ်းကြရပါလိမ့်မည်။ နိုင်ငံငြိမ်သက်သာယာရေး ကိစ္စကလည်း ရှိပါသေးသည်။ နေထိုင်ရေးစရိတ် လျှော့ပေါ့ သက်သာရေးကိစ္စကြီးကို ရွက်ဆောင်ကြရာ၌ ဆောင်ရွက်သင့် ဆောင်ရွက်ဖွယ်ဖြစ်သော အခြားကိစ္စများလည်း ဧကန်ပင် ပေါ်ပေါက်လာပါလိမ့်မည်။ နေထိုင်ရေးစရိတ် လျှော့ပေါ့ သက်သာရေးကိစ္စနှင့် စပ်လျဉ်း၍ ထည့်သွင်းပြောပြခဲ့ပြီးဖြစ်သော အဆိုပါကိစ္စများကို ကျွန်တော် အကျယ်ချဲ့၍ ပြောရမည်ဆိုလျှင် အရေး မကြီး၊ မရှိလည်း ဖြစ်နိုင်သော ကုန်စည်များ သွင်းယူမှုဆိုလျှင် ကျွန်တော်တို့မှာ မရှိမဖြစ် အရေးကြီးသည့်ကုန်တွေ အကြီးအကျယ် ရှားပါးနေသည့်အခါတွင် စည်းစိမ်ခံ ကုန်၊ အရေးမကြီးသည့် ကုန်များကို သွင်းယူစည်းစိမ်ခံနေကြရန် မလိုဘူး ဆိုသည့်အချက် ဖြစ်ပါသည်။ တိုင်းသူပြည်သားများမှာ မရှိမဖြစ် အရင်းခံလိုအပ်သည့် ကုန်ပစ္စည်းများ ပြည့်စုံမှု လိုပါသည်။ အဆိုပါ ကုန်ပစ္စည်းမျိုးကိုသာ ကျွန်တော်တို့က ရအောင်စီမံပေး၍ စည်းစိမ်ခံ ကုန်များကို လုံးဝ ထုတ်ပစ်ဖို့ လိုပါသည်"

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်ကို မြန်မာနိုင်ငံသားတိုင်း မိမိအခန်းကဏ္ဍအလိုက်၊ လက်တွေ့ ကျင့်သုံးသွားကြမည်ဆိုလျှင် မည်သည့်အခက်အခဲမျိုးကိုမဆို ကျော်လွှား၍ အောင်ပွဲဆင်နိုင်မည်မှာ သေချာလှပေသတည်း။ ။

(မှတ်ချက် ။ ။ မြဝတီမဂ္ဂဇင်း အယ်ဒီတာအဖွဲ့၏ ကောက်နုတ်ချက် ဖြစ်ပါသည်)

မြဝတီ၊ အတွဲ ၂၃၊ အမှတ် ၉ (ဇူလိုင်လ-၁၉၇၅)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းကို မှတ်မိကြသေးရဲ့လား

**မောင်ထင်**

ရိုးသားဖြောင့်မတ်ခြင်း၏ တန်ဖိုးကို မဖြတ်တတ်သော နိုင်ငံသည် ကြီးပွား တိုးတက်သောနိုင်ငံဖြစ်ဖို့ရာ ဝေးသေးသည်။

ဤလောက လူ့ဘောင်ကို တည်ဆောက်ရာ၌ လူတိုင်း လူတိုင်း အေးချမ်းသာယာစွာဖြင့် မိမိအလုပ်ကို မိမိ အနှောင့်အယှက်မရှိ လုပ်ကိုင်၍ နေထိုင်စားသောက်ကြရန် အလိုရှိကြသည်။ ဤအလိုကို ပြည့်ဝအောင် ရိုးသား ဖြောင့်မတ်ခြင်းကို အခြေခံရမည် ဖြစ်သည်။ သို့သော် ယနေ့ ကမ္ဘာသူ ကမ္ဘာသားတို့၏ လုပ်ပုံကိုင်ပုံကို ကြည့်လျှင် လွတ်လပ်ခြင်း၊ တရားမျှတခြင်းဟူသော စကားတို့ကို တဖွဖွပြောနေကြသော်လည်း ရိုးသားဖြောင့်မတ်သည့် စေတနာချို့ငဲ့ခြင်းကြောင့် လွတ်လပ်ခြင်းနှင့် တရား မျှတခြင်းတို့သည် အဘယ်အရပ်၌ ချောင်ခိုနေကြသည်ကိုပင် ကျွန်ုပ်တို့ မသိနိုင် ရှိချေသည်။

ရိုးအသားဖြောင့်မတ်ခြင်း လမ်းစဉ်သည်သာလျှင် အောင်မြင်ကြောင်း လမ်းစဉ်ဖြစ်သည်။

ရှေးခေတ်က ကျွန်ုပ်တို့သည် လွတ်လပ်ရေး ကြိုးပမ်းမှု အမျိုးမျိုးတို့ကို ဆောင်ရွက်ခဲ့ကြသည်။ မြန်မာတို့သည် လွတ်လပ်မှုကို အလွန်ကြိုက် နှစ်သက်သော လူမျိုးဖြစ်သည်။ ထို့ကြောင့် ရှေးခေတ်လွတ်လပ်ရေး ကြိုးပမ်းမှုများ၌ 'တို့မြန်မာတစ်တွေ လွတ်လပ်ဖို့ဟေ့' ... ညာသံပေးလိုက်လျှင် လှည်းနေလှေအောင်း မြင်းစော... မကျန် ဝိုင်း၍လာကြသည်။ မြန်မာ့စည်းလုံး ညီညွတ်... သည် တစ်ခဲနက် ဖြစ်လာကြသည်။

သို့သော် စည်းလုံးညီညွတ်မှုအင်အား အထွ... အထိပ်သို့ ရောက်လာသောအခါ စည်းဖောက်လာ... သည်။ ထိုအင်အားကိုယူ၍ ဆက်ကြေးဗုန်းသော... ကုမ္ပဏီ အစုရှယ်ယာ အပျောက်ရိုက်သူ၊ ရာထူးရအော... ကြံဆောင်သူ၊ လူစုပြီးလျှင် အခွင့်အရေးရှာသူတို့ ... ပေါက်လာခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းရန် စည်း... တို့သည် တစ်ကိုယ်ကောင်းသမားများကို မတော်လှ... ကြချေ။ ထို့ကြောင့် ၎င်းတို့လည်း လုံးပါး ပါးလာပြီး... အများတကာနှင့် ရောနှော၍ ဆက်ကြေးစားလာ... သည်။ ကုမ္ပဏီဖွဲ့ကာ အစုရှယ်ယာ အပျောက်ရို... သည်။ ရာထူးရာခံရဖို့ကိုသာ ရည်ရွယ်လာကြသ... အခွင့်အရေးတို့ကို လူစု၍ ဝိုင်းအုပ်ကြသည်။

လွတ်လပ်ရေးကြိုးပမ်းမှုတွင် သမိုင်းကို ပြန်... လျှင် ဤအခြင်းအရာတို့ကြောင့် မြန်မာတစ်မျိုး... နယ်ချဲ့ပရိယာယ်ထဲသို့ သက်ဆင်းခဲ့ကြရသည်... ဖြစ်သည်။ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု ပေါ်...

www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ ဟူမွရူး၊ ဒိုမီနီယံ၊ ကိုယ်ပိုင်အုပ်ချုပ်ရေး အစရှိသဖြင့် အပြောကြီးခဲ့သူတို့သည် ဒိုင်အာခီခေါ် ဒွိသန္တက အုပ်ချုပ်ရေး အမြစ်တွယ်အောင် နယ်ချဲ့အား အထောက်အပံ့ပြုခဲ့ကြသည်။ မြန်မာနိုင်ငံအတွက် အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုများ ပေါ်လာသောအခါ ၉၁ ဌာန အုပ်ချုပ်ရေးကိုပင်လျှင် နယ်ချဲ့အကြိုက် ထောက်ခံလာကြရသည်။ လွတ်လပ်ရေးကြီးပမ်းမှုသဘောကို မျက်ခြည် ပြတ်လာကြသည်။

ဤသည်တွင် မရိုးမဖြောင့်သော နိုင်ငံရေးသည် မြန်မာ့လူ့ဘောင်ကို လှိုက်၍လှိုက်၍စား လာလေသတည်း။

ထိုကဲ့သို့သော အချိန်အခါမျိုးတွင် ရွေးကောက်ပွဲ တစ်ခု လုပ်တော့မည်ဟုဆိုလျှင် ရပ်ထဲ ရွာထဲတွင် ပိုက်ဆံကြောင့် လူရာဝင်နေသော သူ၊ ကာလသားခေါင်းလုပ်နေ၍ အများက ကြောက်ရွံ့နေရသူ၊ စွာကျယ် စွာကျယ် လုပ်တတ်၍ လူတွင်ကျယ်ဖြစ်ရသောသူ၊ မင်းကပ် စိုးမြှောင်လုပ်၍ ထမင်းစားနေရသောသူ၊ ဤသူ ထိုသူ တည်းဟူသော လူ့ဗာလ၊ လူ့အန္ဓ၊ လူ့သုည တို့သည် လူထုကို တလိမ့်ခေါက်ကွေးလိမ့်အောင် လိမ့်ကြသည်။ အချို့က တိုင်းပြည်အတွက် မည်မျှလောက် ချစ်ပါသည်ဟု ဆို၍ ငိုပြကြသည်။ လူထုသည် နိုင်ငံရေးဇာတ်သမား အလွမ်းသယ်သည်ကို အဟုတ်မှတ်၍ လွမ်းကြသည်။ အချို့က တိုင်းပြည်အတွက် မည်မျှလောက် ချစ်ပါသည်ဟုဆို၍ လက်သီးလက်မောင်းတန်းကာ နယ်ချဲ့ကို ဆဲဆိုကြိမ်းမောင်းသည်။ လူထုသည် နိုင်ငံရေး ဝဿက ပုဏ္ဏားကို အာဇာနည်ဟု ထင်မှတ်၍ ရောယောင်ကာ ရေရွတ်ဆဲရေးကြသည်။ နောက်ဆုံး၌ အလွမ်းသယ်မိသော လူထုသည် နိုင်ငံရေးဇာတ်သမားက အုပ်စားသွားသောကြောင့် တကယ်ပင် ငိုရသောကိန်းသို့ ဆိုက်ခဲ့သည်။ နိုင်ငံရေးဝဿကပုဏ္ဏား မြှောက်ပင့်ပေးသည်ကို လိုက်၍ လုပ်မိသော လူထုသည် နယ်ချဲ့သမား နံပါတ်တုတ်ကြောင့် ထိပ်ပေါက်၊ ခေါင်းကွဲ ဖြစ်ရပြီးလျှင် ဆေးရုံကိုမျှပင်လျှင် မတက်နိုင်သောကြောင့် ထုံးနှင့်နှင်းနှင့် အနာကို သိပ်ပြီး ကျိတ် ကုရသည်။ ငိုပြသော ခေါင်းဆောင်နှင့် ဖိန့်ဖိန့်တုန်အောင် ကြိမ်းမောင်းသော ခေါင်းဆောင်တို့အား နယ်ချဲ့ထံပါးတွင် ပြားပြားဝပ်ကာ လခကို ယူကြသည်။

ဤကဲ့သို့ မရိုးမဖြောင့်သောသူတို့ နိုင်ငံရေး နယ်ပယ်ထဲတွင် လူတွင်ကျယ်လုပ်လာခြင်းကြောင့် မြန်မာ့လူ့ဘောင်လောကထဲတွင် အလုပ်သမား၊ လယ်သမား ပြည်သူနာတို့သည် ထွင်း၍ ထွင်း၍ စားလာသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တစ်စတစ်စရအောင် တိုက်ပွဲဆင်မည်ဟု အသံဗလံပေးနေချိန်တွင် ချစ်တီးတို့သည် မြန်မာ့လယ်ယာ ချောင်းမြောင်းတို့ကို တစ်ခုပြီးတစ်ခု သိမ်းနေသည်။ ဗြိတိသျှအရင်းရှင်တို့သည် မြန်မာ့သယံဇာတပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်နုတ်ယူနေသည်။ ထို့ကြောင့် လယ်ခွန်တော်မပေးရေး၊ လူမျိုးရေးအဓိကရုဏ်း၊ အလုပ်သမားသပိတ်၊ တောင်သူလယ်သမား သူပုန်ဟူ၍ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသည်။ ဤသို့ ပေါ်ပေါက်လာရပါသော်လည်း အုပ်ချုပ်သူ ဗြိတိသျှတို့သည် နယ်ချဲ့အတွက် မသာခေါင်းလောင်းထိုးသံကို မကြားမိချေ။ ကြက်မကြီးသည် ကြက်ကလေးကို လုည့်စားဘိသကဲ့သို့ မရိုးမဖြောင့်သူတို့၏ အကြားဝယ် လှည့်စားခြင်းကိုသာလျှင် ဖိ၍လုပ်နေသည်။

ဤအခြေတွင် နိုင်ငံရေး ရေစုန်မျောလာပြီကို သိရှိသော ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် နိုင်ငံချစ်လူငယ်တစ်သိုက် ပေါ်ထွန်းလာခဲ့သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် ကိုယ်ထိလက်ရောက် ဆောင်ရွက်ရသော တော်လှန်ရေးကြီးသည် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏ ။

ဗိုလ်ချုပ် ကိုယ်ထိလက်ရောက်လုပ်ခဲ့သော တော်လှန်ရေးသည် အောင်မြင်ခဲ့သည်။ ယနေ့ ကျွန်ုပ်တို့သည် ဗိုလ်ချုပ်၏အောင်မြင်မှုကို အရင်းအနှီးပြု၍ စားသောက်နေကြသည် မဟုတ်လော။ ဗိုလ်ချုပ်သည် တော်လှန်ရေးမှထွက်သော အမြတ်တို့ကို တစ်ပြားတစ်ချပ်မျှ မခံစားခဲ့ရ၊ မခံစားရသည့်အပြင် လူ့ဗာလတို့၏ လုပ်ကြံခြင်းကိုပင် ခံလိုက်ရသေးသည်။ သို့သော် ကျန်ရစ်ခဲ့သော ကျွန်ုပ်တို့သည် ဗိုလ်ချုပ် မစားဘဲ ချန့်သွားသောအရာတို့ကို ရေရှည်၌ ဝဝလင်လင် စားနိုင်ဖို့ရာ ဗိုလ်ချုပ်၏ လုပ်ပုံလုပ်နည်းတို့ကို နားလည်အောင် လေ့လာသင့်သည်။

ဗိုလ်ချုပ်၏ တော်လှန်ရေးသည် အထမြောက်ခဲ့သည်။ အဘယ့်ကြောင့် အထမြောက်ခဲ့သနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် လူထုက အလွမ်းကြိုက်သောအခါ လူထု လွမ်းရအောင် ငိုပြခြင်းကြောင့် အောင်မြင်ခဲ့သလော။ လူထုက အကြမ်းကြိုက်သည့်အခါ နိုင်ငံ ရေပတ်ကြမ်းတိုက်၍ ပြခြင်းကြောင့် အောင်မြင်ခဲ့သလော။

ရှေးက နာမည်ကျော် နိုင်ငံရေးခေါင်းဆောင်တို့ အများပင် ထွန်းကားခဲ့၏။ ထိုခေါင်းဆောင်တို့သည် လူထုကို ငိုအောင်၊ ရယ်အောင် လက်သီးလက်မောင်း တန်းအောင်၊ ပုဏ္ဏကတိုက်အောင်၊ အမျိုးမျိုးဖန်တီးနိုင်သော အရည်အချင်း ရှိ၏။ ဖွင့်ပြော၍ မကောင်းသောကြောင့်သာ ကျွန်တော် မပြောလို။ ကျွန်တော် ငယ်စဉ်က လူထုကို တစ်ထိုင်တည်းတွင် ငိုအောင် ရယ်အောင် လုပ်ခဲ့သော နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးကို တွေ့ဖူးသည်။ ထိုခေါင်းဆောင်ကြီးသည် မီးရထားတွဲတစ်ခုတွင် သူ၏ နောက်လိုက်နောက်ပါ ကပ်ပါးရပ်ပါးတို့နှင့်အတူ စားလား သောက်လား ပျော်ပျော်ရွှင်ရွှင် ခရီးသွားနေစဉ် မီးရထားသည် သူ၏ မဲဆန္ဒရှင် လူထုရှိရာ ဘူတာသို့ ဆိုက်ရောက်လာသည်။ ထိုအခါ တဟားဟားနှင့် ရယ်မောနေသော ခေါင်းဆောင်ကြီးအား လက်ပါးစေတစ်ဦးက ခေါင်းဆောင်ကြီး၏ မဲဆန္ဒနယ်ထဲသို့ ရောက်လာပါပြီဟုသတိပေးသည်။ ထိုခေါင်းဆောင်ကြီးသည် ရယ်မောရာမှ ရုတ်တရက် ရပ်၍ မီးရထားထဲမှ ခေါင်းပြူထွက်ပြီးလျှင် ၎င်း၏ မဲဆန္ဒရှင်များအား သူ၏ လွတ်လပ်ရေးကြိုးပမ်းမှုခရီး ကြမ်းတမ်းလှသည်နှင့် မျက်ရည်ပင် ကျမိကြောင်း ဟောပြောရင်း နှုတ်ဆက်သည်။ ခေါင်းဆောင်ကြီး၏ မျက်စိထဲမှ မျက်ရည်တို့သည် ပုလင်းထဲမှ လက်ကျန်ဝီစကီ တောက်တောက် တောက်တောက် ကျဆင်းဘိသကဲ့သို့ ကျဆင်းလာလေ၏။ ဤနည်းဖြင့်လျှင် ခေါင်းဆောင်ကြီးသည် ရွေးကောက်ပွဲ၌ အောင်မြင်မှုကို ရခဲ့သည်။

တော်လှန်ရေး၌ ဗိုလ်ချုပ် အောင်မြင်သည်မှာ ဤသမားရိုးကျနည်းဖြင့် ရခဲ့ပါသလော။

စင်စစ် ကျွန်တော်သည် တက္ကနယ်ဖြင့် ဗိုလ်ချုပ်၏ လုပ်ငန်းကို ဆန်းစစ်နေခြင်းဖြစ်၍ ဤသို့ မေးရခြင်းဖြစ်၏။ ယခု ကျွန်တော် ဤသို့ မေးလိုက်သည်ကိုပင်လျှင် ဗိုလ်ချုပ်အား ချစ်မြတ်နိုးသူတို့က ကျွန်တော်သည် ဤကဲ့သို့ မနှိုင်းယှဉ်အပ်သော နှိုင်းယှဉ်ချက်တို့ဖြင့် ဤစာကို ရေးနေရသလောဟု စိတ်ဆိုးမိကြပေလိမ့်မည်။

ဗိုလ်ချုပ်၏ တော်လှန်ရေးအောင်မြင်သည်မှာ အခြားကြောင့်မဟုတ်။ ဗိုလ်ချုပ်သည် လူထုအား လှည့်ဖြားသော မရိုးမဖြောင့်သည့် ဆောင်ရွက်ပုံ ဆောင်ရွက်နည်းတို့ကို တော်လှန်နိုင်ခြင်းကြောင့်ဖြစ်သည်။

ဗိုလ်ချုပ်သည် ဗြိတိသျှကို ဂျပန်ဖြင့် တော်လှန်၏။ ဂျပန်ကို ဗြိတိသျှဖြင့် တော်လှန်၏။ ဤသည်ကို အချို့က ဂျပန်အား ပင့်ဖိတ်ခေါ်ဆောင်လာခြင်းကြောင့် ဗိုလ်ချုပ် မှားသည်ဟု ဆိုသည်။ ဗြိတိသျှတို့က ဗိုလ်ချုပ်ကို သစ္စာဖောက် ဟူ၍ပင် ရေရွတ်ကြသေးသည်။

ဗိုလ်ချုပ် သစ္စာဖောက်သည်ဟုဆိုရအောင် ဗိုလ်ချုပ်သည် အဘယ်မည်သောဗြိတိသျှကို သစ္စာခံခဲ့ပါသနည်း။ အဘယ်မည်သော ဂျပန်ကို သစ္စာခံခဲ့ပါသနည်း။

ဗိုလ်ချုပ်သစ္စာခံသည်မှာ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံကိုသာ ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်တို့၏ လုပ်နည်း လုပ်ဟန်ကို အပြစ်ဆိုဖွယ်ရာ မမြင်။ နယ်ချဲ့အောက်မှ လွတ်မြောက်အောင် တော်လှန်သည့်အရာတွင် အဘယ်မည်သော နယ်ချဲ့ကို သစ္စာစောင့်ရပါမည်နည်း။

သို့သော် ဤနေရာ၌ ကျွန်တော်သည် စွပ်စွဲချက်တို့ကို ခွန်းထောက်ခံ၍ ဖြေရှင်းဖို့ရာ ရည်ရွယ်ရင်းမဟုတ်။ ဗိုလ်ချုပ်ကို မှားသည်ဟုဆိုဆို၊ မှန်သည်ဟုဆိုဆို၊ ဆိုချင်ရာဆိုကြစေ။ သို့သော် ဗိုလ်ချုပ်သည် သူ့အမှားတို့ကို ဖုံးကွယ်ရန် လည်းကောင်း၊ သူ့အမှန်တို့ကို ပုံကြီးချဲ့ကြစေရန် လည်းကောင်း၊ လူထုကို လှည့်ဖြား၍ မရိုးမဖြောင့်သော နိုင်ငံရေးအလုပ်ကို မလုပ်ခဲ့သည်မှာ အများသိပင် ဖြစ်သည်။

ဗိုလ်ချုပ်သည် ဂျပန်ကို ခေါ်ထုတ်လာသောအခါ သူခေါ်ထုတ်နိုင်ရန်အလို့ငှာ လူထုအား လှည့်ပတ်ခြယောင်းခြင်းမပြု။ ရိုးရိုးပင် ယုံယုံကြည်ကြည်နှင့် ခေါ်ဆောင်လာသည်။ ထို့ကြောင့်လည်း တော်လှန်ရေးကို ယုံကြည်သော မြန်မာတစ်မျိုးသားလုံးက ဗိုလ်ချုပ် ဂျပန်ကို ပင့်လာသဖြင့် ငါတို့ဆွေမျိုးတစ်တွေ ပစ္စည်းဆုံး ပါးရပါသည်၊ အသက် သေရပါသည်ဟူ၍ မပြောကြချေ။ လွတ်လပ်ရေးအလို့ငှာ တော်လှန်ရေး ယဇ်ပူဇော် ဗိုလ်ချုပ်ကိုပင် အမှူးထား၍ အသက်သွေးခဲ့ခြင်းကို ပူဇော်ခဲ့ကြသည်။ တစ်စုံတစ်ရာမျှ မညည်းတွား၊ တစ်စုံတစ်

ဖျှ မတုန်လှုပ်ခဲ့။

ထို့နောက် ဗိုလ်ချုပ်သည် သူခေါင်းဆောင်လာသော ဂျပန်ဖက်ဆစ်တို့သည် မြန်မာ့အပေါ် သစ္စာမဲ့လာသည်ကို တွေ့ခဲ့သည်။ ထိုအခါ၌လည်း ဗိုလ်ချုပ်သည် သူကြီးပွားတိုးတက်၍ ကျော်စောကိတ္တိ ရှိပါစေဟူသော စေတနာနှင့် သူ့အမှားကို လူထုက လက်ခံလာအောင် ဝရိယာယ် မဆင်ခဲ့ချေ။ မလှည့်ဖြားခဲ့ချေ။ ပတ္တီးမရိုက်ခဲ့ချေ။

"ကိုယ့်လူတို့၊ ဂျပန်ဖက်ဆစ်ကတော့ ငါတို့ တစ်နိုင်ငံလုံးကို ပါးရိုက်လာပြီ၊ ငါတို့ ဂျပန်ကို တော်လှန်မှဖြစ်မယ်"ဟု ရိုးရိုးဖြောင့်ဖြောင့် ပြော၍ ဂျပန်ဖက်ဆစ်ကို တော်လှန်ခဲ့သည်။ ဂျပန်ဖက်ဆစ်ကို တော်လှန်နေစဉ် ဗြိတိသျှနယ်ချဲ့ကိုလည်း တော်လှန်မှဖြစ်မည်ဟု နှလုံးသွင်း ရှိရင်းအတိုင်း ဗြိတိသျှတော်လှန်ရေးကိုလည်း ယုံယုံ ကြည်ကြည် ရိုးရိုးဖြောင့်ဖြောင့်နှင့်ပင် လုပ်ခဲ့၏။

သူ့အလုပ်ကိုသူ ရိုးရိုးဖြောင့်ဖြောင့် လုပ်ခဲ့ခြင်းကြောင့်လည်း တော်လှန်ရေးပြီးသွားသောအခါ ဂျပန်အမျိုးသားတို့ကလည်းကောင်း၊ ဗြိတိသျှအမျိုးသားတို့ကလည်းကောင်း သူ့ကို လေးစားကြသည်။ ဂျပန်ဖက်ဆစ်နှင့် ဗြိတိသျှနယ်ချဲ့တို့သည် ရန်သူဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကို အမုန်းပင် အစိမ်းလိုက် ဝါး၍ စားလိုကြသည်။ သို့သော် ရိုးဖြောင့်မှုကို တန်ဖိုးထားတတ်သော ဂျပန်အမျိုးသားတို့နှင့် ဗြိတိသျှအမျိုးသားတို့သည် ဗိုလ်ချုပ်ကို မည်သည့်နည်းနှင့်မျှ အထင်မသေးကြချေ။

ဗိုလ်ချုပ်သည် တော်လှန်ရေးလုပ်ငန်းအတွက် မြန်မာတစ်မျိုးသားလုံးအား ရာထူးနှင့် လည်းကောင်း၊ အခွင့်အရေးနှင့်လည်းကောင်း၊ အမတော်ကြေးနှင့်လည်းကောင်း၊ ပြည်တော်သာနှင့်လည်းကောင်း၊ သွင်းကုန်လိုင်စင်နှင့်လည်းကောင်း ဖြားယောင်းခြင်းကို မပြုချေ။ ဗိုလ်ချုပ်လုပ်ခဲ့သမျှ မှန်သည်လည်း ရှိ၏။ မှားသည်လည်း ရှိ၏။ သို့သော် မှန်သည့်အခါ ဗိုလ်ချုပ်သည် 'ငါ့ကြောင့်'ဟု ဝင့်ဝါခြင်းမပြု၊ မှားသည့်အခါ 'ငါ့ကြောင့်မှားတာမဟုတ်ဘူး၊ ဘယ်သူ့ကြောင့်ပဲ၊ ဘယ်ဝါ့ကြောင့်ပဲ' ဟု လိုးလွှဲ၍ မပြော။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ တော်လှန်ရေးလမ်းကြောင်းကို ဖြောင့်ဖြောင့် မတ်မတ် လျှောက်သည်။ စကားကိုလည်း ဝေ့လည်ကြောင်ပတ်မပြော။ အလုပ်ကိုလည်း လိမ်လည်လှည့်ဖြား၍ မလုပ်။

ထို့ကြောင့်လည်း ဗိုလ်ချုပ်ကို လူထုက အသည်းစွဲခြင်း ဖြစ်၏။ ထို့ကြောင့်လည်း ဗိုလ်ချုပ်၏ထံဝါးဝယ်ကြီးစွာသော အဆောက်အအုံ ရှိသည်။ လူထုစည်းရုံးခြင်းသည် မတ်မတ်မားမား ရပ်တည်နိုင်ခြင်းပင် ဖြစ်သည်။

လူထုကို တစ်ခါလိမ်သော် ရကောင်း၏။ နှစ်ခါလိမ်သော် ရကောင်း၏။ သို့သော် လူထုသည် ကြိမ်ဖန်များစွာ လိမ်သောသူကို ပြန်၍ ဒဏ်ခတ်လေ့ရှိသည်။

ယနေ့အဖို့ လူထုသည် နိုင်ငံရေး လိမ်ကောက်မှုဟူသမျှတို့ကို ဒဏ်ခတ်ရန် အရိပ်အကဲကို ကြည့်နေကြသည်။

သို့သော် ဗိုလ်ချုပ်၏ တော်လှန်ရေးအမြတ်ကို စား၍နေကြသော ခေါင်းဆောင်အခေါ်ခံသူ အချို့တို့သည် ဗိုလ်ချုပ်၏ လုပ်နည်းလုပ်ဟန်တို့ကို မေ့လျော့၍ နေကြပြီ။ ၎င်းတို့ လူထုခေါင်းဆောင် ဖြစ်လာရသည်မှာ ဘုန်းကြောင့် ကံကြောင့်ဟု အောက်မေ့လာကြပြီးလျှင် လူထုအား ဤကွေ့ကျလျှင် ဤတက်နှင့်လှော်ရန်၊ ထိုကွေ့ကျလျှင် ထိုတက်နှင့်လှော်ရန် သညာပေးနေကြသည်။ အလုပ်ကို ရိုးရိုးဖြောင့်ဖြောင့်လုပ်သွားရန် မတွေးကြသေးချေ။ မိမိတို့ ရာထူးနှင့် အခွင့်အရေး မြဲမြဲစွာရနေဖို့ရာ လူထုကို လှည့်ဖြားသော နိုင်ငံရေးစည်းရုံးမှု၌သာ မွေ့လျော်ရန် ရည်သန်နေကြသည်။

နိုင်ငံရေးလုပ်ငန်းစဉ်သဘောကို ပြောရလျှင် ကျွန်ုပ်တို့သည် ပြည်သူ့ပိုင်ဟုဆိုလျှင် ပြည်သူ့ပိုင်စနစ်ကို ရိုးရိုးဖြောင့်ဖြောင့် လုပ်သွားလျှင် မအောင်မြင်နိုင်စရာမရှိ။ ဒီမိုကရေစီဟု ပြောကြလျှင် ဒီမိုကရေစီကို ရိုးရိုးဖြောင့်ဖြောင့် လုပ်သွားကြလျှင် မအောင်မြင်နိုင်စရာမရှိ။

သို့သော် ပြည်သူ့ပိုင်ဟုဆိုသောသူသည် သူတစ်ပါးလုပ်ငန်းကို ငါတို့ အပိုင်တက်စီးရန်ဟူသော မရိုးဖြောင့်သည့် မနသိကာရကို နှလုံးသွင်းသည်။ ဒီမိုကရေစီဟု အော်ဟစ်သူကလည်း ဘာမဆို သူ့သဘောနှင့်သူ လုပ်သွားဖို့ဟူသော မရိုးဖြောင့်သည့် မနသိကာရကို နှလုံးသွင်းသည်။ ဤလုပ်နည်း လုပ်ဟန်အတိုင်း လုပ်နေကြမည်ဆိုပါက မဝေးသောကာလတွင် စီးပွားရေး ရည်မှန်းချက်နှင့် ဒီမိုကရေစီ နိုင်ငံရေး ရည်မှန်းချက်တို့သည် မုချ ကျဆုံးရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးနေ့ရောက်ပြီဟုဆိုလျှင် ကျွန်ုပ်တို့အားလုံးသည် ဗိုလ်ချုပ်အောင်ဆန်းဟု နှုတ်ခမ်းဖျားတွင် တင်၍ ပြောကြသည်။ ယနေ့တိုင် ဗိုလ်ချုပ်အောင်ဆန်းနာမည်ကို အများကပင် မှတ်မိနေသည်မှာ ကျေးဇူးတင်စရာပင်ဖြစ်၏။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအခေါ်နှင့် လုပ်နည်းလုပ်ဟန်တို့ကိုမူကား ကျွန်ုပ်တို့မှတ်မိချင်မှ မှတ်မိလိမ့်မည်။ များသောအားဖြင့် မေ့ကုန်ကြပြီ။ နက်ဖြန်လောက်ဆိုလျှင် ဗိုလ်ချုပ်၏နာမည်ကိုမှ မှတ်မိကြပါဦးမည်လော။

မှတ်မိပါသေးတယ်ဟု ဆိုသူရှိအံ့။ ထိုသူသည် မ[illegible] မဖြောင့်သော သဘောတရားတို့ကို ရိုးသားဖြောင့်မတ်မှုနှင့် တော်လှန်နိုင်မှသာ တကယ်မှတ်မိပါသေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်နိုင်မည်ဖြစ်သည်။ ။

မြဝတီ၊ အမှတ် ၆၂ (ဇ[illegible]

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်လမ်းစဉ်

ဇဝန

သင်သည် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကိုင်ဆောင်ရွက်သွားခဲ့သမျှတို့ကို ယုံကြည်လေးနက်စွာ ထောက်ခံပါသလော။ ဗိုလ်ချုပ်အောင်ဆန်းအား ကြည်ညိုလေးစားသူဖြစ်ပါသလော။ သို့ဖြစ်လျှင် သင်သည် ဗိုလ်ချုပ်အောင်ဆန်းအား မည်သို့သော နည်းဖြင့် ဂုဏ်ပြုပါအံ့နည်း။ အဖြေကို ကျွန်ုပ်တို့ရှာကြစို့။

မြန်မာရာဇဝင်ကို ကြည့်လျှင် မြန်မာပြည်သည် ထာဝရလွတ်လပ်သော နိုင်ငံကြီးအဖြစ်ဖြင့် ရာဇဝင်တစ်လျှောက်လုံး မနေခဲ့ရ။ မကြာခဏ တိမ်ဖုံးသော လပမာကဲ့သို့ တိုင်းတစ်ပါးသားတို့၏ လွှမ်းမိုးခြင်းခံခဲ့ရ၏။ ထိုသို့ သူတစ်ပါးလက်အောက်ရောက်သည့်အခါတိုင်း လူစွမ်းကောင်းများ ပေါ်လာကာ လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ယူခဲ့ကြ၏။

ကျွန်ုပ်တို့သည် မြန်မာပြည်၏လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းပေးကြသော သူရဲကောင်းများကို မမေ့နိုင်ကြသကဲ့သို့၊ အင်္ဂလိပ်လက်အောက်သို့ ရောက်ခဲ့ရသော မြန်မာပြည်ကြီး၏လွတ်လပ်ရေးကို နောက်ဆုံးတိုက်ခိုက်အရယူလိုက်သော ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ဘယ်အခါမှ မေ့နိုင်ကြလိမ့်မည် မဟုတ်ပေ။ မေ့လည်း မမေ့အပ်ပေ။

ထိုသို့ မမေ့ထိုက် မမေ့အပ်သည့်အားလျော်စွာ ဗိုလ်ချုပ်အောင်ဆန်းအား အစဉ်အမှတ်တရ ဖြစ်စိမ့်သောငှာ လမ်းများကို ဗိုလ်ချုပ်လမ်းဟု မှည့်ခြင်း အထိမ်းအမှတ်ကျောက်တိုင်စိုက်ထူခြင်း စသည်တို့ ပြုလုပ်ရန် တစ်နိုင်ငံလုံး စီမံစိုင်းပြင်းလျက်ရှိကြလေသည်။ သို့သော် ဤသို့ပြုလုပ်ကြခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား အမြဲသတိရခြင်းကို ဖြစ်စေနိုင်မည်လော။ ဗိုလ်ချုပ်အား ဂုဏ်ပြုခြင်းကို ကြပ်ပြည့်ဒင်းပြည့် ဖြစ်စေနိုင်မည်လောဟု စဉ်း စားကြရပေလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သခင်အောင်ဆန်းအဖြစ်ဖြင့် နိုင်ငံရေးနယ်ပယ်ထဲသို့ စတင်ဝင်ရောက်သည့်အခါက မိမိတို့နေထိုင်သော ရေကျော်ရပ်ရှိ ဒို့ဗမာ အစည်းအရုံးမှ ဈေးသစ်ကြီးသို့ နံနက်တိုင်း သွားလေ့ရှိ၏။ မကျန်းမမာခွန်အားနည်းပါးသဖြင့် ဆန်းကာဖေးတွင် ကြက်ဥပေါင်းစားလေ့ရှိ၏။ ဆင်းရဲလှသော သခင်ဘဝတွင် စေတနာကြီးရင့်သော ဦးထွန်းရင်၏ အခါခပ်သိမ်း အကြွေးပေးနေခြင်းဖြင့် ဗိုလ်ချုပ်၏အသက်သည် ရှည်၍လာခဲ့ရ၏။ ထိုသို့ သခင်အောင်ဆန်း လျှောက်လေ့ရှိသော လမ်းကို ဗိုလ်ချုပ်လမ်း၊ ဈေးသစ်ကို ဗိုလ်ချုပ်ဈေးဟု မှည့်ခေါ်ကြ၏။ သို့ပြုလုပ်ရုံမျှဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုရာ ရောက်ပြီလော။

ရန်ကုန်မြို့တွင် လူနာမည်ဖြင့် လမ်းအမျိုးမျိုးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကို အုပ်စိုးသွားခဲ့သော ဘုရင်ခံများ စစ်ဗိုလ်ချုပ်များ၏ အမည်ဖြင့် မှည့်ခေါ်ထားသော လမ်းအမျိုးမျိုးရှိ၏။ လမ်းထဲတွင် နေထိုင်သူတို့အနက်၊ ထင်ရှားသောသူတို့ကို စွဲ၍ ဦးအုံးခိုင်လမ်း၊ ဒေါ်ဒွေးလမ်း၊ မူတူးဆာမိလမ်း စသည်တို့ရှိ၏။ များသောလမ်းတို့မှာ ဂုဏ်ပြု၍မှည့်သည်ဟု မဆိုနိုင်။ အမှတ်အသားလွယ်ကူစိမ့်သောငှာ မှည့်ထားခြင်းသာ များလေသည်။ အချို့အချို့ နာမည်တပ်၍ မှည့်ထားသော လမ်းတို့မှာ– အမည်ရှင်ကိုပင် ဂုဏ်ပျက်လောက်အောင် မတော်တရော် လုပ်ကိုင်နေထိုင်ကြသူတို့ အများပင်ရှိပေတော့သည်။

နိုင်ငံရေးကား တစ်နည်းအားဖြင့်ဆိုသော် လောကီကျိုးအတွက်ဖြစ်သော ဘာသာရေးတစ်မျိုးပင် ဖြစ်လေသည်။ အတုမရှိ မနှိုင်းယှဉ်အပ်သော မြတ်စွာဘုရား၏ ဗုဒ္ဓဘာသာဝင်တရားတော်ကို ယုံကြည်သက်ဝင်သူတို့သည် ဘာသာရေးကိုစွဲဆောင်ရွက်ကြသည့် နည်းမျိုးနှင့် မခြား၊ နိုင်ငံရေးဝါဒ ယုံကြည်သူတို့၏ အပြုအမူများသည် များစွာခြားနားလှခြင်းမရှိပေ။

BURMESE CLASSIC

ဗုဒ္ဓမြတ်စွာဘုရားကို ရည်မှန်း၍ ဥဒ္ဒိဿစေတီများ တည်ထားကြသကဲ့သို့ နိုင်ငံရေးတွင်လည်း ခေါင်းဆောင်များ၏ ကျောက်တိုင်များ စိုက်ထူကြလေသည်။ စေတီများတွင် ရှိခိုးကြသကဲ့သို့ ကျောက်တိုင်များကို အလေးပြုကြသည်။ မြတ်စွာဘုရား၏ ဆင်းတုတော်များ ထုလုပ်ကိုးကွယ်ကြသကဲ့သို့ ခေါင်းဆောင်များ၏ ကျောက်ရုပ်၊ ကြေးရုပ် သွန်းလုပ် တည်ထားကြလေသည်။ တစ်ခုတည်းသော ခြားနားချက်မှာ ခေါင်းဆောင်များ အမည်နှင့် လမ်းများသာ ရှိကြ၏။ မြတ်စွာဘုရားအား အထိမ်းအမှတ်ရစိမ့်သောငှာ – ကောဏ္ဍညလမ်း၊ ဂေါတမလမ်း စသည်တို့ မရှိခြင်းပင် ဖြစ်ပေသည်။ ထိုသို့ မှည့်ခြင်းဖြင့် မြတ်စွာဘုရား၏ဂုဏ် ၉ ပါးကို ချီး ကျူးရှိသေခြင်းပြုရာ မရောက်သည့်အတွက်ကြောင့်ပင် ဖြစ်ပေသည်။

မြတ်စွာဘုရားအား ရည်မှန်း၍ စေတီပုထိုးတည်ခြင်း၊ ဆင်းတုပြုလုပ်ကိုးကွယ်ခြင်းဖြင့် မြတ်စွာဘုရားအား လေးစားကြည်ညိုခြင်း (ခေတ်သုံးစကားဖြင့်ဆိုသော်) ဂုဏ်ပြုချီးကျူးခြင်းသည် ပြည့်စုံပြီဟု မဆိုနိုင်။

စေတီပုထိုးတည်ပြီးနောက် အမြဲပြုပြင် မွမ်းမံခြင်းမရှိ။ ပြီးပြီးပစ်ပစ် ထားခဲ့ကြခြင်းဖြင့် ပျက်ယိုယွင်း ပျောက်ကွယ်ကုန်သော စေတီပုထိုးများ၊ ဆိတ်တက် နွားတက် ရှုရက်စရာမကောင်းသော ဘုရားငုတ်တိုများကို မြန်မာပြည်အနှံ့အပြားတွေ့နေရခြင်းသည် မြတ်စွာဘုရားအား မေ့လျော့မှုတို့ကြောင့် ဖြစ်ရာ စေတီပုထိုးတည်ထား... တည်ထား၍ အမြဲဝေယျာဝစ္စပြုလုပ်ရန် ပေါ့လျော့ခြင်းကြောင့်ပင် ဖြစ်ပေသည်။

တစ်ခေတ်တစ်ခါတွင် ပေါ်ပေါက်သော ခေါင်းဆောင်ကို သူ့ခေတ်ရှိစဉ် ပြုလုပ်စိုက်ထူသော ကျောက်ရုပ် ကျောက်တိုင်များနှင့်မတူ။ သာသနာတည်မြဲသ... ဘုရားဒကာများပေါ်ပေါက်လျှက် တည်ထားကြသည့် စေတီပုထိုးများကို မေ့လျော့တတ်ကြ၏။ ဘုရားအနီး... ဖြတ်သန်းသွားလာလျှက် လက်အုပ်ချီကန်တော့ရန် ... ကြသေး၏။ ကျောက်ရုပ် ကျောက်တိုင်တို့ကား ဆိုဖွယ်ရာ မရှိပြီ။ တစ်ဦးတစ်ယောက်က တစ်နှစ် တစ်ကြိမ် အထိမ်းအမှတ်ပွဲပြုလုပ်ရန် ဆော်ဩသည့်အခါမှ သတိရ... ပြီး ထိုတစ်ရက်တွင် အလေးပြုကြပြီး ကျန် (၃၆၄) ရက်လုံးလုံးမေ့ပစ်ကြစမြဲဖြစ်သည်။ နိုင်ငံရေးဝါဒအား... ဆန့်ကျင်သူတို့ တန်ခိုးအာဏာတက်လာသည်။ ပုဂံပြည်တွင် စေတီပုထိုးများ ဖျက်ဆီးခံရသကဲ့သို့ ထိုကျောက်တိုင် ကျောက်ရုပ်များကို ဖျက်ဆီးခံရပေသေးသည်။ ... လက်ထက်တွင် ဂျော့ဘုရင်၏ကြေးရုပ်မှာ အမြော... ဆံဘဝသို့ ကူးပြောင်းခံရရှာတော့သည်။

ကျွန်ုပ်တို့သည် မြတ်စွာဘုရားကို လေးစားယုံကြည်ကြရာ၌ မြတ်စွာဘုရား ဂုဏ်တော် (၉) ပါး၊ တရားဂုဏ် (၆)ပါး၊ သံဃာဂုဏ် (၉) ပါးကို အမြဲသတိရပြီး ဟော... ကြားတော်မူခဲ့သောတရားတို့ကို ထာဝရစိတ်မှာ ထည့်သွင်းလိုက်နာကျင့်ဆောင်ခြင်း၊ သာသနာတော် ပြန့်ပွား... အောင်ပြုလုပ်ခြင်းဖြင့်သာလျှင် မြတ်စွာဘုရားအား အမြဲသတိရခြင်း၊ ချီးကျူး ပူဇော်ခြင်းကို ဖြစ်စေနိုင်ပေ... သည်။

သင်သည် ဗိုလ်ချုပ်ကို ကြည်ညိုသလော၊ ဗိုလ်ချုပ်၏လုပ်ငန်းကို ယုံကြည်သလော၊ သို့ဖြစ်လျှင် (ဗိုလ်ချုပ်၏လမ်းစဉ်) ကို လိုက်ခြင်းဖြင့်သာလျှင် ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုချီးကျူးရာ ရောက်နိုင်လိမ့်မည် ဖြစ်... သတည်း။ ။

၁၉၄၇၊ ဗေဒတ်ဝါရီလ၊ ဗိုလ်ချုပ်လမ်းစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်လမ်းစဉ်မှ ဒီမိုကရေစီသို့

ဦးထွန်းဖေ
(ဟံသာဝတီနေ့စဉ် သတင်းစာအယ်ဒီတာချုပ်- ယာယီပါလီမန်အမတ်)

### သတင်းစာဆရာ အသင်းဥက္ကဋ္ဌ

ယနေ့ နိုင်ငံရေးဝေါဟာရတို့သည် အဖန်တလဲလဲ သုံးဖန်များသဖြင့် အချို့မှာ စာအဓိပ္ပာယ်လုံးလုံး ပျက်နေချေပြီ။ အင်္ဂလိပ်ကဗျာဆရာကြီး ရှိတ်စပီးယား ရေးသော လင်္ကာတစ်ပုဒ်ကို ပြေး၍ တွေးမိသည်။ နှင်းဆီပန်းကလေးအကြောင်းကို ရေးရာ နာမည်ကို ပဓာန မထားပါရစေနှင့်တော့၊ ပန်းကလေးကို ရှူရှိုက်ကြည့်သည့်အခါ မွှေးတဲ့သဘောပါတာပါပဲ ဟူသော စကားကို ပြေး၍ သတိရပေသည်။ နိုင်ငံရေးစကားလုံးများတွင် ဒီမိုကရေစီ ဟူသော စကားသည် အသုံးများ၍ အဓိပ္ပာယ်အပျက်ဆုံး ဖြစ်လေသည်။ ဂရိတ်တိုင်းပြည်၏မြို့တော် အေသင်မြို့တော်ကောင်းစားစဉ်ကပင် ထိုစကားပေါ်သည်ဖြစ်စေ၊ မဟာဝင်တြီးအရ သင်္ဂါယနာတင်စဉ်က ဤသဘောပေါ်သည်ပင်ဖြစ်စေ၊ ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေး၍ လုပ်ကိုင်သော စနစ်သည် ဒီမိုကရေစီစနစ်ပင် ဖြစ်သည်ဟု ကျွန်တော် ယူဆပါသည်။

သတင်းစာဆရာဘဝတွင် နေရခြင်းသည် ကောင်းသည့်နေရာတွင် ကောင်း၏။ ဆိုးသည့်နေရာများကား ရှိသေး၏။ ကိုယ်နှင့်မည်မျှပင် ချစ်ကျွမ်းတဝင်ဖြစ်သော်လည်း အမြင်ချင်းမတူလျှင် အတိုက်အခံ ရေးရသောသဘောသို့ မကြာမကြာ ဆိုက်ရောက်တတ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကိုကား အခါတပါးက ကျွန်တော် ကြည့်၍မရ ဖြစ်ခဲ့သည်။ အသင်သည် ဖက်ဆစ်ကြီးပဲဟု သတင်းစာတွင် ရေးသားသည်ကအစပြု၍ ရန်ကုန် တာဝါလိမ်း နံပါတ် – ၅၊ ဗိုလ်ချုပ်၏ အိမ်အောက်ထပ်၌ နှစ်ယောက်ချင်း ဆွေးနွေးကြရသည့် ဘဝသို့ ရောက်သွားခဲ့ဖူးသည်ကို သတိရမိသေးသည်။

မြန်မာပြည်က ထွက်ပြေးစဉ် တရုတ်ပြည်သို့ ရည်မှန်း၍ သွားရခြင်း၊ မတော်တဆ ဂျပန်ပြည်သို့ ရောက်သွားရခြင်း၊ ဂျပန်တို့နှင့်ပါလာစဉ် ဒီမိုကရေစီသဘောတရားကို သစ္စာရှိရခြင်း၊ ဤသဘောတရားကို ယုံကြည်၍ တော်လှန်ခဲ့ရခြင်း၊ ယနေ့ ဤသဘောကိုပင် သစ္စာထိန်းရခြင်းကို ဗိုလ်ချုပ်က ပြောပြရာ သူဟာ တကယ် ဒီမိုကရေစီဘက်သို့ ရှေ့ရှုပါတကားဟု ယုံကြည်လာခဲ့သဖြင့် သူ့ကို ဤလောက် ထောက်ခံ ရေးသားခဲ့ရပေသည်။

ဒီမိုကရေစီဟူ၍ ယနေ့ခေါ်ဝေါ်နေသော သဘောမှာ ပညာရေးတည်းဟူသော ရေသောက်မြစ်အပေါ်တွင် တည်နေပါသည်။ ထိုပြင် ဆက်လက်ဖော်ပြရသော် ကိုယ်လူမျိုး၏ယဉ်ကျေးမှုအပေါ်တွင် တည်နေပါသည်။

www.burmeseclassic.com



မြန်မာတိုင်းရင်းသားတို့သည် မင်းနှင့်ငါနှင့် သဘောချင်း မတူဘူးကွာဟု ပြောဆိုပြီး လည်ပင်းကို ဖက်နိုင်လောက်သောအခြေသို့ ရောက်ဖို့ရန်လိုပါသည်။

သဘောချင်းမတူယုံမျှနှင့် သူလျှိုလွှတ်စုံစမ်းစေသော အပြုအမူ၊ ပရိယာယ်ဆင်၍ ဆော်ချသော အပြုအမူများကား ဖက်ဆစ်ဖြစ်ပါသည်ဟု မည်သူက မည်သို ပင်ဆိုစေကာမူလည်းကောင်း၊ ဘယ်အစိုးရအဖွဲ့ပင် တည် စေကာမူလည်းကောင်း ဤသဘောနှင့် ဒီမိုကရေစီဗိမာ ဆောက်လုပ်ကြပါစို့။ ။

၁၉၄၇၊ ဖေဖော်ဝါရီလ ဗိုလ်ချုပ်လယ်မောင် (

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်၏နည်းပရိယာယ် ခေါ် ဗိုလ်ချုပ်၏ ဒီပလိုမေစီ

**ဦးယုမောင်**

**(အယ်ဒီတာ၊ ရန်ကုန်နေ့စဉ်သတင်းစာ)**

ဗိုလ်ချုပ်အောင်ဆန်း အသက်ရှိစဉ်ကပင် အချို့သော အပေါင်းအဖော်များက ဗိုလ်ချုပ်သည် ဒီပလိုမေစီကို အသုံးပြုခြင်းမရှိဟု အယူရှိကြလေသည်။ ကျွန်ုပ်၏ အယူအဆမှာ ဗိုလ်ချုပ်အောင်ဆန်းသည် ဒီပလိုမေစီ အလွန်နားလည်သော သူတစ်ယောက်ဖြစ်သည်ဟု ယူဆထား၏။ ဤနေရာ၌ အခြားသူများ၏ အယူအဆမှာ စကားပရိယာယ်ကို အသုံးပြုခြင်း၊ မှန်တာကို တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်၍ ပြောခြင်း၊ လူများသည် မိမိတို့အပြစ်ကို အထက်လူကြီး အရာရှိကြီးများ၊ နာမည်ကြီးသူများက တိုက်ရိုက်ပြောခြင်း သို့မဟုတ် ကိစ္စတစ်ခုနှင့် ပတ်သက်၍ တိုက်ရိုက်ပြောဆိုမှုတို့ကို ခံရရာ၌ နားဝင်မချိဘဲ ရှိတတ်ခြင်း များကြောင့် သွယ်ဝိုက်လှည့်ပတ်၍ ပြောခြင်း၊ စကားပရိယာယ်ဖြင့် ပြောခြင်းကိုပင် ဒီပလိုမေစီဟူ၍ အဓိပ္ပာယ်ကောက်ယူဟန် ရှိသည်ဟုပင် ရပေသည်။ ထို့ကြောင့်ပင်လျှင် ဗိုလ်ချုပ်သည် ဒီပလိုမေစီကို မသုံးဟု ပြောဆိုနေကြခြင်းများ ဖြစ်ပေါ်လာခဲ့ပေသည်။ ၎င်းအပြင် မဟုတ်တာကို ဟုတ်သယောင်ယောင် ဖြစ်အောင် ပြောဆိုမှုကိုလည်း ဒီပလိုမေစီဟု အချို့က စွဲမှတ်ကြောင်း မှတ်ထင်ပေလိမ့်မည်။

ဤသို့ဖြစ်ရာ ကျွန်ုပ်သည် ဗိုလ်ချုပ်နှင့် တက္ကသိုလ်သို့ ၁၉၃၂ ခုနှစ်တွင် တစ်နှစ်တည်း ရောက်ရှိလာသော ကျောင်းနေဘက်ဖြစ်သဖြင့် ဒီပလိုမေစီကိစ္စကို တစ်နေ့တွင် ၎င်း၏အိမ်၌ ပြောဆို ဆွေးနွေးဖူးလေသည်။ ဗိုလ်ချုပ်အားလည်း ခင်ဗျားလို ဒဲ့ဒိုးပြောတတ်လွန်းအားကြီးသည်ဆိုကာ ဒီပလိုမေစီ နားလည်ဖူးဟု အချို့သူများ ပြောလျက်ရှိကြောင်းဖြင့် ဘွင်းဘွင်းပြောခဲ့၏။

ထိုအခါတွင် ဗိုလ်ချုပ်က ကျွန်ုပ်အား ပြန်လည်ဖြေကြားသည်မှာ ဒီပလိုမေစီဆိုတာ အင်အားရှိမှ ပြုလုပ်နိုင်တဲ့ ကိစ္စပဲ ခု ကျုပ်နောက်မှာ လူအင်အားစုပြီပါ၊ လက်နက်အင်အားအမျိုးမျိုးရှိနေပါ။ ကျုပ်ဒီပလိုမေစီကို သုံးပြပါမည်။ မသုံးတတ်လို့တော့ မဟုတ်ပါဘူး။ အားမရှိသေးလို့ မသုံးခြင်းဖြစ်ပါသည်ဟု ပြောပြလေသည်။ ဤကဲ့သို့ ပြောဆိုသော အချိန်သည် အင်္ဂလိပ်ဝင်ပြီး ဘုရင်ခံဆာဒေါ်မံစမစ် အုပ်စိုးစဉ်နှင့် ဆာပေါ်ထွန်းတို့ ဝန်ကြီးဖြစ်သောအခါနှင့် ပုလိပ်သပိတ် အထွေထွေသပိတ်များ မှောက်ခြင်းမရှိသေးသောအခါပင် ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာလည်း ထိုစဉ်အခါက ဖဆပလဥက္ကဋ္ဌ ဖြစ်လျက်ရှိနေသော အချိန်ပင် ဖြစ်လေသည်။

ဤသို့ ဗိုလ်ချုပ်ပြောစကားမှန် မမှန်နှင့် ဗိုလ်ချုပ်သည် နောက်လိုက်အင်အားတောင့်လာသောအခါ ဒီပလို

www.burmeseclassic.com

www.burmeseclassic.com



မေစီကို သုံးမသုံး စိစစ်ရန်လိုပေလိမ့်မည်။ ထိုသို့ မစိစစ်မီ ရှေးဦးစွာ ဒီပလိုမေစီဆိုသောစကားကို ကောင်းမွန်စွာ အဓိပ္ပာယ်ဖော်ရန် လိုပေလိမ့်မည်။ ဒီပလိုမေစီဆိုသော စကားမှာ လက်တင်ဘာသာအားဖြင့် ဒီပလိုမာတာ ဟူသော စကားမှ ဆင်းသက်လာ၍ အင်္ဂလိပ်ဘာသာအားဖြင့် ဒီပလိုမာဟူသော စကားမှ ဆင်းသက်လာသည်ဟု ယူဆရန် ရှိလေသည်။ ရာဇဝင်အရဆိုသော် ရောမရာဇဝင်တွင် ဒီပလိုမာ၏အဓိပ္ပာယ်မှာ ဘုရင်က ပုဂ္ဂိုလ်တစ်ဦးဦးအား အခွင့်အရေးတစ်ခုခုကို သတ်မှတ်ပေးသော အနေဖြင့် စာချွန်တော်အမိန့်ပင် ဖြစ်လေသည်။ ဤသို့ ပေးရာ၌ သတ္တုပြားတစ်ခုကို နှစ်ဖက်ခေါက်ချိုးကာ ၎င်းသတ္တုပြားပေါ်၌ ဤသူကား ဤမည်သော အခွင့်အရေးပေးသည်ဟု ရေးသားပြီးလျှင် လက်မှတ်ထိုး၊ တံဆိပ်ခတ်ပေးခြင်းပင် ဖြစ်သည်ဟု ကြားသိရဖူးလေသည်။ မဈိမခေတ်တွင် ဒီပလိုမာဟူသောစကားကို စာချုပ်စသည်တို့ကို ခေါ်ဝေါ်အသုံးပြုသည်ဟု လေ့လာဖူးလေသည်။ ဂရိစ်စာပေကျမ်းဂန်တို့၌ နှစ်ခေါက် ခေါက်ထားသော ပစ္စည်းကို ဒီပလိုမာဟု ခေါ်ဝေါ်သုံးစွဲခဲ့ပေသည်။ ယခုခေတ်တွင် ဒီပလိုမာဆိုသည်မှာ တက္ကသိုလ် သို့မဟုတ် ကျောင်းတစ်ခုခုက အသက်မွေးဝမ်းကြောင်း ပညာရပ်အဖြစ်ဖြင့် လုပ်ကိုင်နိုင်သော အရည်အချင်း သို့မဟုတ် ထိုကဲ့သို့ ပြုလုပ်နိုင်ခွင့်ရှိသော စာမေးပွဲကို အောင်မြင်ခြင်း၏ သက်သေအထောက်အထားဖြစ်စေရန် ပေးသော လက်မှတ်ကို ဒီပလိုမာဟု ခေါ်ဝေါ်အသုံးပြုနေကြပေသည်။

သို့ရာတွင် ဒီပလိုမေစီဟူသော စကားမှာ လူမျိုးအချင်းချင်းကို နိုင်ငံခြားရေးဆောင်ရွက်မှုဖြင့် ဆက်သွယ်မှုတို့ကို စေ့စပ်တတ်ကျွမ်းမှုအလေ့အထကိုလည်းကောင်း၊ ပညာကိုလည်းကောင်း ခေါ်ဝေါ်သုံးစွဲသော အဓိပ္ပာယ်ပင် ဖြစ်သည်။

ထိုအဓိပ္ပာယ်အရ ဗိုလ်ချုပ်သည် ဒီပလိုမေစီကို အင်အား တောင့်တင်းလာသောအခါ နိုင်နင်းစွာသုံးသည်ကို တွေ့ရလေသည်။

အမှန်အားဖြင့်ဆိုသော် ဗြိတိသျှတို့အား အလွန်ပင် မုန်းတီးနေသော မြန်မာများနှင့် ဗြိတိသျှလူမျိုးတို့ ဆက်ဆံရေးကို ချောချောမောမောနှင့် သွေးထွက်သံယို မဖြစ်ဘဲ ယခုကဲ့သို့ လွတ်လပ်ရေးရရန် ကြိုးပမ်းမှုတွင် ဗိုလ်ချုပ်သည် ဒီပလိုမေစီကို အစွမ်းကုန်သုံးသောကြောင့်သာ ရရှိသည်ဟု ကျွန်ုပ် တထစ်ချ ပြောနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် စစ်ပြီးသောအခါတွင် မြန်မာများသည် အင်္ဂလိပ်တို့က ချက်ချင်းပင် လွတ်လပ်ရေးပေးမည်ဟု ထင်ခဲ့ကြ၏။ မျှော်လင့်ခဲ့ကြ၏။ ထိုသို့ မမျှော်လင့်မိကလည်း အင်္ဂလိပ်သည် မြန်မာပြည်ကို လုယက်တိုက်ခိုက်ယူရုံသာမက ရှေးမြန်မာလူကြီးများအချင်းချင်းကို သွေးကွဲအောင် ပြုလုပ်ခဲ့သည်ကို အခဲမကြေဘဲ မုန်းသောစိတ်ထားများ ထားခဲ့ကြ၏။ ဒုတိယ ကမ္ဘာစစ်ပြီးသောအခါတွင် လွတ်လပ်ရေးကို မရရှိဘဲ နိုင်ငံတစ်ဦးဖြစ်သော ဖဆပလနှင့် စေ့စပ်ရာ၌ ပထမတွင် အောင်မြင်ခြင်းမရှိချေ။ ထို့အပြင် အင်္ဂလိပ်ကုမ္ပဏီကြီးများမှာ မြန်မာ့စီးပွားရေးကို လက်ဝါးကြီးအုပ်လျက်ရှိသည်ကို မြန်မာလူထုအမြင်ကျယ်လာမှုနှင့်တကွ အမျိုးသားစိတ်ဓာတ်တက်ကြွမှုများပါ ပေါင်း၍ ဗြိတိသျှတို့အား အလွန်ပင် မုန်းတီးသော စိတ်ဓာတ်ရှိခဲ့ပေသည်။ ဤမျှ ဗြိတိသျှကို မုန်းတီးနေသော မြန်မာလူမျိုးများကို ဗိုလ်ချုပ်သည် ဗြိတိသျှတို့နှင့် စေ့စပ်ရာ၌ အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိခြင်းမှာ ဒီပလိုမေစီကို မသုံးတတ်ဘဲ နားမလည်ဘဲ ရှိလျှင်မူ မည်သို့မျှ ဖြစ်မြောက်ဖွယ်ရာအကြောင်းမရှိပေ။ ဘိလပ်သို့ သွားရောက်စဉ်က သတင်းစာဆရာများက မေး၍ဖြေပုံ၊ လွတ်လပ်ရေး မရလျှင် သူပုန်ထမလား ဟု မေးသည်ကို ဖြေပုံတို့မှာ ဒီပလိုမေစီကို အသုံးပြုခြင်းပင် ဖြစ်လေသည်။ ဤမျှမကသေး ဘိလပ်မှ ပြန်လာသောအခါတွင် နိုင်ငံရေးရှင်းပွဲ ပြုလုပ်လေသည်။ ထိုအခါက နားထောင်သော လူထုစိတ်ကျေနပ်သွားအောင် ပြောပြနိုင်ခြင်းတို့မှာလည်း ဒီပလိုမေစီကို အသုံးပြုသွားပေသည်။

ဗိုလ်ချုပ်၏ ဒီပလိုမေစီ၏ နောက်ခံအားပေးလျက်ရှိသော အထောက်အပံ့များမှာ ဒဲ့ဒိုးပြောခြင်း၊ ဖြောင့်ဖြောင့်ခြင်း၊ မှန်ရာလုပ်၍ လုပ်တိုင်းမှန်သမျှကို ရလျှင်ရသည်၊ ဖြစ်လျှင်ဖြစ်သည်၊ လုပ်နိုင်လျှင်လုပ်မည်၊ မလုပ်နိုင်လျှင် မလုပ်ဘူး စသဖြင့် ပြောဆိုခြင်းများ၊ ၎င်းအပြင် မှန်ရာကို ပြောဆိုသည်နှင့်အမျှ ကိုယ်ကျင့်တရားစောင့်ထိန်းခြင်း၊ နိုင်ငံရေး ရိုးသားမှုရှိခြင်း၊ နိုင်ငံအကျိုးကိုသာ ကြည့်၍ ဆောင်ရွက်ခြင်း၊ သွေးမကြီးဘဲ ရိုးရိုးနေတတ်ခြင်းတို့ပင်

www.burmeseclassic.com

www.burmeseclassic.com



အထောက်အပံ့အဖြစ် အကူအညီရရှိခဲ့လေသည်။

အပယူအားဖြင့် ရှမ်း၊ ချင်း၊ ဂျိန်းဖော၊ ကရင် စသော တိုင်းရင်းသားအားလုံးတို့ကို ညီညွတ်စွာ စုပေါင်းရန် စကားအပြောအဆို အပြုအမူ အဆက်အသွယ် အပေးအယူပြုလုပ်ရာတို့၌ ဗိုလ်ချုပ်သည် ဒီပလိုမေစီကို မှောက်ချီတစ်ခါ လှန်ချီတစ်လှည့်၊ စောင်းချီတစ်ဖုံဖြင့် အမျိုးစုံအောင် သုံးသွားခြင်းကြောင့်ပင်လျှင် ယခုကဲ့သို့ လွတ်လပ်သော မြန်မာပြည်တွင် တိုင်းရင်းသားတို့၏ညီညွတ်မှုကို မြန်မာရာဇဝင်တစ်လျှောက်လုံး မကြုံစဖူး၊ ထူးထူးကဲကဲ ရရှိခြင်း ဖြစ်ပေသည်။ ဗိုလ်ချုပ်သည် ယခုထက်တိုင် အသက်ရှင်လျက်ရှိနေခဲ့ပါလျှင် ကမ္ဘာရှိကွဲပြားနေသော လူထုကို သွေးစည်းညီညွတ်အောင် ပြုလုပ်နိုင်သော ကမ္ဘာ့ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်လာမည်မှာ မလွဲပင်ဖြစ် ပေသည်။ ဤကဲ့သို့ အသက်ငယ်ငယ်နှင့် သေမင်းနောက် သို့ လိုက်ပါသွားရသော ဗိုလ်ချုပ်အား ကျွန်ုပ်တို့သည် ဆုံးရှုံးခြင်းမက ဆုံးရှုံးရလေပြီ။

ဖော်ပြခဲ့ပြီးသော အကြောင်းများကြောင့်ပင်လျှင် ဤဆောင်းပါးကို နောင်လာနောင်သားနှင့် ယခုခေတ်လူများ အသိဉာဏ်ပိုမိုရှိလာရန်လည်းကောင်း၊ ဗိုလ်ချုပ်ကျဆုံးသည်မှာ ၇ လ ပြည့်သောအထိမ်းအမှတ်အားဖြင့်လည်းကောင်း ဖြစ်စေလိုသော အာသီသဖြင့် ဤဆောင်းပါးကို ရေးသား၍ ဗိုလ်ချုပ်အား အလေးပြုလိုက်ရပါသတည်း။

၁၉၄၈၊ ဖေဖော်ဝါရီလ၊ ဗိုလ်ချုပ်လမ်းစဉ် (၁)

www.burmeseclassic.com



# ဗိုလ်ချုပ်လမ်းစဉ် ကျွန်ုပ်အမြင်

ဦးဘသန်း
(အတွင်းရေးမှူး မြန်မာနိုင်ငံသတင်းစာဆရာအသင်း)

လုပ်ကြံခြင်းခံရ၍ ကျွန်ုပ်တို့၏အမျိုးသားခေါင်းဆောင်ကြီး ကွယ်လွန်လေပြီးသောအခါတွင် ခေတ်စားလာသော စကားတစ်ခွန်းကို ကျွန်ုပ်တို့ သတိပြုမိသည်။ ထိုစကားက ... "ဗိုလ်ချုပ်လမ်းစဉ်အရ" ဟူသော စကားဖြစ်ပေသည်။ ထိုစကားကို ပုဂ္ဂလိကသမားများကလည်း သုံးစွဲကြသည်။ ဖဆပလကလည်း သုံးစွဲလေသည်။ ကွန်မြူနစ်တို့ကလည်း ထိုစကားကိုပင် ပြောဆို၍ ဆိုရှယ်လစ်တို့ ထိုစကားကိုပင် မကြာခဏသုံးစွဲနေသည်ကို မြင်ရ၏။ အချုပ်ဆိုရလျှင် တစ်တိုင်းတစ်ပြည်လုံးကပင် သုံးစွဲနေကြပြီဖြစ်၏။

## ဘယ်လိုလမ်းစဉ်လဲ

ဗိုလ်ချုပ်လမ်းစဉ်သည် မည်သို့ လမ်းစဉ်ဖြစ်သနည်း။ ဘာကြောင့် လူတိုင်း၊ ပုဂ္ဂိုလ်တိုင်း၊ အဖွဲ့အစည်းတိုင်းသည် ဗိုလ်ချုပ်လမ်းစဉ်ကို နှစ်သက်ထောက်ခံနေကြသနည်း။

ဗိုလ်ချုပ်သည် ရိုးသား၍ ရဲဝံ့စွန့်စားသောသတ္တိရှိလျက် နိုင်ငံရေးရာ၌ အစားထိုး၍ မရနိုင်သော သွေးစည်းရေးခေါင်းဆောင်ကြီးစင်စစ်ဖြစ်၏။ ကြီးကျယ်ထည်ဝါသော စကားလုံး ထီးသုံးနန်းသုံးအားဖြင့် ယဉ်ကျေးသော အသုံးအနှုန်းမပါဘဲ၊ စိတ်ရင်းမှရှိသမျှ လူကြီးက က... ငယ်အား သွန်သင်ဆုံးမရိုက်နှက်သလို (ဖာသယ်နိုင်... ဖြစ်သွားမယ် ... ချစရာရှိရင် ခေါင်းဆောင်က စပြီး ... မယ် ...) စသော လူထုထဲမှ လူများအား လူတစ်ယော... ၏စကားမျိုးဖြင့် လူတိုင်းနားလည်လွယ်သော စကား... ပြောလေ့ပြောထရှိသော ခေါင်းဆောင်ကြီးဖြစ်၏။

လူတို့၏ပင်ကိုယ်ဇာတိကို နှုတ်ကပြသည်ဆို... စကားတစ်လုံးကို ယုံကြည်လျှင် ဗိုလ်ချုပ်၏နှုတ်သံ... ကို ကျွန်ုပ်တို့ အကဲခတ်သင့်ပေသည်။

လူတစ်ဦးတစ်ယောက်အား ကြည်ညိုလေးစား... (ဂုဏဂုဏ်) (ဝယဂုဏ်) အားဖြင့်လည်းကောင်း၊ (... ဂုဏ်) (ဉာဏဂုဏ်) အားဖြင့်လည်းကောင်း တစ်မျိုး... မျိုး၌ အကျုံးဝင်ကာ ကြည်ညိုလေးစားလေ့ရှိကြ... ဗိုလ်ချုပ်အား ကြည်ညိုလေးစားခြင်း၌ကား ... အထူး... ဆုံးသော သတ္တိဗျတ္တိဂုဏ်ကြောင့် ဖြစ်ကြောင်းကို ... တို့ ဝန်ခံရပေမည်။ ပြောသမျှစကားများသည် ပရိယာ... မရှိ။ ဘွင်းဘွင်းနှင့် ရှင်းရှင်းကြီးများသာ ဖြစ်ခဲ့လေ... ဗိုလ်ချုပ်၏ပင်ကိုယ်ဇာတိမှာလည်း ပရိယာယ်မရှိ... ရှင်းရှင်းနှင့် ဘွင်းဘွင်းသာလျှင် ဖြစ်ချိမ့်မည်ကား...

ဗိုလ်ချုပ်သည် တော်လှန်ရေးခေါင်းဆောင်တို့...

www.burmeseclassic.com

www.burmeseclassic.com



အစဖြစ်၍ ခေါင်းဆောင်ပီသရာ၌ အဆုံးဖြစ်၏။ ကျွန်ုပ်တို့ အစားရှာဖွေ၍ မရ။ ထိုအကြောင်းကို ကျွန်ုပ်တို့နှင့်တကွ လူထုသည် သိရှိခဲ့ရာ၊ ထိုဗိုလ်ချုပ်၏လမ်းစဉ်ကို (ဝါ) လူကြိုက်များခဲ့သော ဝါဒကို အဘယ်မှာ မလိုက်ဘဲ နေကြမည်နည်း။

သို့သော် ခေတ်စားသော သီချင်းတစ်ပုဒ်ကို လူတိုင်း နှုတ်တတ် ဆိုရွတ်နိုင်လင့်ကစား ထိုသီချင်း၏အဓိပ္ပာယ်ကို သိသူကား ရှားပါးလှသကဲ့သို့ ဗိုလ်ချုပ်လမ်းစဉ်ကို နှုတ်တတ်တဖွဖွ ပြောဆိုနေကြလင့်ကစား ဗိုလ်ချုပ်လမ်းစဉ်မှာ ဘာဖြစ်သည်ကို တိကျသော ဆောင်ရွက်မှုအားဖြင့် မသိကြဘဲ၊ လူကြိုက်များရာနောက်သို့ ခေတ်စားရန် အလို့ငှာ လိုက်နေကြသော လူများလည်း ရှိကောင်းရှိပေလိမ့်မည်။ ရှင်းရှင်းပြောရလျှင် ဗိုလ်ချုပ်လမ်းစဉ်ဆိုသော စကားတစ်လုံးကို ယူ၍ ဗိုလ်ချုပ်လမ်းစဉ်အား တက်လှေကားသဖွယ် အသုံးပြုရန် ကြံရွယ်သူများလည်း ရှိကောင်း ရှိပေလိမ့်မည်။

## ဗိုလ်ချုပ်လမ်းစဉ်ကား

ဗိုလ်ချုပ်လမ်းစဉ်ကား သဘောတရားတွေ အကြီးအကျယ် သုံးသပ်ဆင်ခြင် ဝေဖန်နေရသော လမ်းစဉ်ကြီးကြီးကျယ်ကျယ်ကြီး မဟုတ်။ ထိုသို့မဟုတ်ကြောင်းကို ဗိုလ်ချုပ်ပြောခဲ့သော စကားကို ပြန်လည်စစ်ဆေးလျှင် သိနိုင်လေသည်။ အဆုံးစွန်အားဖြင့်ကား ဗိုလ်ချုပ်လမ်းစဉ်သည် တကယ့်လက်တွေ့လမ်းစဉ် ...။

- အခြေအနေအရ လုပ်ကိုင်သောလမ်းစဉ်
- အပြောနည်းသောလမ်းစဉ်
- အမျိုးသားတပ်ပေါင်းစုညီညွတ်ရေးလမ်းစဉ်
- အဖြစ်ကို ဦးတည်သောလမ်းစဉ်

များသာဖြစ်၏။ အမျိုးသားပြည်ထောင်စုသားတွေ ညီညွတ်အောင် လက်တွေ့လုပ်ခဲ့၏။ အခြေအနေအရ ဘိလပ်အစိုးရနှင့် စာချုပ်များ ချုပ်ဆိုခြင်း ပြုလုပ်၏။ အလုပ်လုပ်၍ရသမျှ ပထမတစ်နှစ်အတွင်း လွတ်လပ်ရေး ရစေမည်ဟု တိတိကျကျပြော၏။ ပြောသမျှဖြစ်၏။ ဖြစ်အောင်လည်း လုပ်၏။ ညစ်ပတ်လိုစိတ်ကား ဗိုလ်ချုပ်၌ မရှိ။

## ဤသို့ဖြစ်ခဲ့လျှင်

ဤသို့ဖြစ်ခဲ့လျှင် ဗိုလ်ချုပ်လမ်းစဉ်အား လိုက်နေကြသော ပုဂ္ဂလိကဝါဒပါတီ အလီလီသော ပုဂ္ဂိုလ်စုတို့သည် မိမိတို့နှစ်သက်သော ဗိုလ်ချုပ်လမ်းစဉ်အတွင်း–

လက်တွေ့လုပ်ကြရန်သာရှိပေသည်။ လက်တွေ့လုပ်နေကြပါသည်၊ လုပ်ပါမည်ဟု သန္နိဋ္ဌာန်ချထားပြီးလျှင်လည်း–

"ခင်ဗျားတို့ ပြေနေအောင် ကြိုးစားပါမှ အလုပ်ကို လုပ်ပါမှ ခင်ဗျားတို့ရဲ့ နလန်ထူမှုဟာ ဒင်ပြည့်ကြပ်ပြည့် ရနိုင်မယ်"

"တာဝန်ကို မလိုချင်ဘူး၊ ပျင်းနေမယ်၊ အလဟဿ စကားသာများနေမယ်ဆိုရင် အင်္ဂလိပ်ကပေးတဲ့ လွတ်လပ်ရေး မပြောနဲ့ ခင်ဗျားတို့ရဲ့ သိကြားမင်းကြီးက ဆင်းပေးတဲ့လွတ်လပ်ရေးဖြစ်ပစေ အလကား ပါနီဝါလား လွတ်လပ်ရေးလို့ မှတ်ကြပါ"။

ဟူသော ဗိုလ်ချုပ်စကားကလေးတစ်ခွန်းကို အိတ်ဆောင် ခါးပိုက်ဆောင်အဖြစ် ထားကြပါဟု နောက်ဆုံး သတိပေးရေးသားလိုက်ပါသတည်း။ ။

၁၉၄၇ခု၊ ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com



# သခင်လို နေချင်လို့

## တက္ကသိုလ် ထင်ရှား

ကျွန်ဖြစ်ဖူးသူတို့သည် ကျွန်၏အရသာကို သိ၏။ ကျွန်၏ဘဝအခြေအနေ အဆင့်အတန်းကို ခံစားခဲ့ကြဖူးပေမည်။ အကျွန်တို့ ဗမာနိုင်ငံကြီးသည် တစ်ရံရောအခါက သူတစ်ပါးနိုင်ငံ၏ နင်းပြားဖြစ်ခဲ့ရဖူး၏။ ဤမျှလောက် ဝေးကွာသော ရေခြား မြေခြား အနေခြားသည့် သူတစ်စုက အကျွန်တို့နိုင်ငံကို လက်ဝါးကြီးအုပ်ကာ မင်းမူခဲ့ပုံတွေကို စဉ်းစားကြည့်ကာ ထူးဆန်းသလိုလို ဖြစ်နေလေသည်။ အကျွန်လူ့ဘဝသို့ သက်ဆင်းလာသည်မှစ၍ ကျွန်ဘဝနှင့်ပင် ဇာတ်လမ်းဆင်ခဲ့ရပြီး မကြာခင်ကမှ သခင်ဟူသော ဘဝသစ်ကို ကင်ပွန်းတပ်ရပြန်သဖြင့် အသက်တစ်သက်တည်းနှင့် နှစ်ဘဝတွေ့ကြုံခံစားရလေရာ၊ အကျွန်သည် သခင်ဘဝ၏အရသာသည် မည်သို့မည်ပုံဖြစ်သည်ကို မသိရသေးသော်လည်း ကျွန်ဘဝနှင့်မွေးကတည်းက ခံစားခဲ့ရသော ဒဏ်ရာ ဒဏ်ချက်တွေကိုကား မမေ့နိုင်ပါ။ ဗမာနိုင်ငံကို အင်္ဂလိပ်များ သိမ်းစဉ်အခါက မည်ကဲ့သို့သော အခြေအနေများ ပေါ်ပေါက်မည်ကို မသိရသေးသော်လည်း အကျွန်လူ့ဘဝသို့ ရောက်လာသောအချိန်တွင် တွေ့ကြုံရသော အင်္ဂလိပ်၏ ဖိနှိပ်ချုပ်ချယ်မှုများကား မနည်းပေ။ မခံနိုင်အောင် ဆိုးဝါးသောအချက်များလည်း ဒုနဲ့ဒေးရှိလေသည်။ သို့ပင် ဖြစ်လင့်

ကစား ကျွန်မှိုင်းမိနေသော အကျွန်တို့ လူမျိုးကား ထို
သို့ ခံစားခဲ့ရသော ကျွန်ဘဝကိုပင် လားလားမျှမဖြစ်
ဖွဲ့ကြီးကြီးနှင့် ငုံ့ခံခဲ့ကြ၏။ မဖြစ်စလောက် တော်လှန်
မျိုးများကား ပေါ်ပေါက်ခဲ့ပါသည်။ သို့သော်လည်း
ကျွန်ဘဝကို မြေလှန်မပစ်နိုင်ကြခြင်းကြောင့် နှစ်ပေါ
တစ်ရာကျော်မျှ ထိုဘဝ၏စက်ကွင်း၌ ဆုံလည်
နွားပမာ တဝဲဝဲတလည်လည်နှင့် နေခဲ့ကြရ၏။

ထိုကဲ့သို့ လွတ်မြောက်ရေးကို မတွေးတောကြ
ငို့ဘသမားများ တိုင်းပြည်ခေါင်းဆောင်ဖြစ်လာ
အချိန်၌လည်း လူထုသည် ကျွန်ဘဝနှင့် သခင်ဘ
မခွဲခြားတတ်ဘဲ၊ ငို့ဘသမားကြီးများ၏ လှည့်ပတ်
များကို ယုံကြည်ကာ၊ တစ်နေ့ချမ်းသာနိုးနိုးနှင့် စောင့်
ရင်းသာ အချိန်ကုန်ခဲ့ရ၏။ တကယ့်လွတ်မြောက်
လိုလားသော တကယ့်အချိန်ကား ဂျပန်ကြီးစိုးသော
က ဖြစ်၏။ ရှေးအင်္ဂလိပ်လက်ထက်ကဆိုလျှင်
လပ်ရေး ချက်ချင်းပေးဟု အော်နေသောသူများမှာ
တွေကလွဲ၍ အခြားမည်သူမျှ မအော်ဝံ့။ ထိုသခင်
ထဲ၌လည်း ရောင်တော်ပြန် ခါတော်မီ သခင်တွေ
အသချေနှင့် အနန္တ၊ တစ်နည်းဆိုရသော် ရှေးအင်္ဂ
လက်ထက်ကဆိုလျှင် လူအပေါင်းတို့သည် ကျွန်

ဖြစ်နေသည့်တိုင်အောင် ပျော်ရွှင်စွာနှင့်ပင် မိမိတို့ဘဝကို နှစ်သိမ့်ကြ၏။ ထိုအခါက ကျွန်ုပ်တို့ဗမာလူမျိုးတို့သည် လွတ်လပ်လိုသည် လွတ်လပ်ရေးကို ဘယ်တော့မှ မစဉ်းစား၊ ဘယ်တော့မှ အိပ်မက်ပင် မမက်ခဲ့ပေ။ ရှေးဗမာနိုင်ငံရေး ခေါင်းဆောင်ကြီးများသည် နိုင်ငံတော်ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ဘီလပ်သွားကာ အရေးဆိုခဲ့ကြ၏။ တစ်နည်း လွတ်လပ်ရေးအတွက် ဆောင်ရွက်ကြ၏။ ထို့ပြင်လည်း အခြားသောပုဂ္ဂိုလ်များလည်း ဤမည်သော အမည်နာမဖြင့် အသီးသီး အသက–အသက စသော “ပါတီ” အသင်းအဖွဲ့မျိုးများကို ထောင်ကာ နိုင်ငံရေးကို ဆောင်ရွက်ကြ၏။ ထို ရှေးယခင် အင်္ဂလိပ်များလက်အောက်က နိုင်ငံရေးအသင်းအဖွဲ့များသည် နိုင်ငံရေး၊ တိုင်းပြည်ရေးထက် မိမိတို့ကိုယ်ရေးလောက်ကိုသာ ကြိုးစားအားထုတ်ခဲ့ကြသည်ကိုလည်း မည်သူမျှ ငြင်းလို့မရ။ ဤမည်သော ပါတီမှ ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ပါတီ၏ ပိုက်ဆံအင်အား တောင့်တင်းမှုကြောင့် ဝန်ကြီးဖြစ်လာသောအခါ ရှေးခေတ်ဝန်ကြီးများ၏ ဖြစ်စဉ်သဘောတရားအတိုင်း အရက်သောက်၊ မကောင်းသော မိန်းမများနှင့် ပျော်ခဲ့ပုံတွေ ကျွန်ုပ်မျက်စိနှင့် တတ်အပ်မြင်တွေ့ခဲ့ရသဖြင့် ယခုတိုင် မျက်စိထဲက မထွက်သေး။ ဤကဲ့သို့သော တိုင်းပြည်ခေါင်းဆောင်ကြီးများ၏ လက်အောက်တွင် ရှိနေသော လူထုသည် သခင်ဘဝကို မတွေးလို မမြင်လိုကြဘဲ၊ ကျွန်ဘဝနှင့်သာ ကျေးနေကြသည်မှာလည်း အံ့သြစရာမရှိ။ ထို့ကြောင့်ပင် အင်္ဂလိပ်တစ်ခေတ်လုံး(စစ်မဖြစ်မီ)က မိမိကိုယ်ကို မိမိနိုင်ငံရေးခေါင်းဆောင်၊ တိုင်းပြည်ခေါင်းဆောင် စသော စကားများဖြင့် ဟိန်းဟောက်ကာ အသားယူခဲ့သော ဤမည်သောခေါင်းဆောင်ကြီးများကား နိုင်ငံအတွက် ဆန်ကုန်မြေလေးသည့် မနုဿသတ္တဝါကြီးတွေသာ ဖြစ်တော့၏။

အထက်က ဆိုခဲ့သည့်အတိုင်းပင် “သခင်လိုနေချင်သော” စိတ်မျိုး ကျွန်ုပ်တို့စိတ်ထဲသို့ ဝင်ရောက်တွယ်ကပ်ခဲ့သည်မှာ မကြာသေးဟု ဆိုက မမှားနိုင်။ အဘယ်ကြောင့်ဆိုသော် သခင်လိုနေချင်သောစိတ်သည် ဂျပန်များ ဗမာနိုင်ငံကို ဝင်ရောက်အုပ်စိုးမှ ဖြစ်ပေါ်လာသောစိတ်ဖြစ်လေသည်။ ထိုအချိန်က လူထု၏စည်းရုံးမှုသည် ရာခိုင်နှုန်းအားဖြင့် ၉၉ ဆိုလျှင် မှားမည်မထင်။ အသက် ၁၀ နှစ်အရွယ်မှ စ၍ သက်ကြားအိုကြီးအရွယ် အထိ ထိုအချိန်က မေးကြည့်လိုက်လျှင် ဂျပန်ကိုနှင်ချင်သည်သာ များနေသည်ကို တွေ့ရလေသည်။ ထို့ကြောင့် ဂျပန်အောက်တွင်လည်းကောင်း၊ အင်္ဂလိပ်အောက်တွင်လည်းကောင်း ကျွန်သဘောက်သဖွယ် ဖြစ်နေသော ကျွန်ုပ်တို့ဗမာတစ်တွေသည် မည်ကဲ့သို့သော ဒုက္ခစရိယာတွေ ခံစားလာရသည်ကို အကျယ်ချဲ့ရေးလျှင် ကျယ်သွားပေလိမ့်မည်။ ခံစားခဲ့ရသော ဖိနှိပ်ချုပ်ချယ်မှုများမှာကား အလှူးအလဲပင်။ ထို့ကြောင့်ပင် သခင်လိုနေချင်လွန်းလို့ သခင်ဖြစ်ရန်အကြောင်းရင်း ရှာကြသောအခါတွင် ဂျပန်တစ်ခေတ်လုံးတွင် ခေါင်းဆောင်လာသော ဗိုလ်ချုပ်အောင်ဆန်း ပေါ်ပေါက်လာ၏။ တစ်ချက်လည်း နိုင်ငံအတွက် အိမ်ခြွေမပျက် အစမှ အဆုံးအထိ စခန်းသွားခဲ့သော ဒေါက်တာဘမော်လည်း ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပါသည်။ သို့သော် လူငယ်ကြိုက် ဗိုလ်ချုပ်လောက်ခံတွင်းမတွေ့ခဲ့ပေ။ ဗိုလ်ချုပ် အမြဲတမ်း ပြောလေ့ရှိသော သခင်လိုနေချင်ရင် သခင်လိုကျင့်ကြပါ။ သခင်လိုအဘယ်ကဲ့သို့သော ကျင့်စဉ်များကို သုံး၍ ကျင့်ရမည်များကိုလည်း လက်တွေ့လုပ်ပြသွားသော ဗိုလ်ချုပ်ကြီးကား မရှိတော့ပြီ။ သူမရှိသော်လည်း သူ့လမ်းစဉ်ကို အခြေအနေအရ စဉ်းစားကြည့်၍ လျှောက်သွားလျှင် သူညွှန်ပြသွားသော တကယ့်လွတ်လပ်ရေး ဗိမာန်ကြီးသို့ ရောက်မည်မှာ မုချတည်း။ ဗိုလ်ချုပ်စကားအရပင် ချုပ်ချယ်မှုမကင်းသော သူသည် မိမိဘဝမှ တစ်ဆင့်တက်၍ လွတ်လပ်ရေး (ဝါ) သခင်ဘဝသို့ တက်လှမ်းသောအခါတွင် ထိုသူသည် သခင်လိုနေရန်အတွက် တော်လှန်ရေး သုံးမျိုးကို တော်လှန်ရမည်ဟု ဆိုထား၏။ ထိုတော်လှန်ရေးသုံးမျိုးကား (၁) နိုင်ငံရေးတော်လှန်ရေး၊ (၂) စီးပွားရေးတော်လှန်ရေး၊ (၃) တစ်ဦး၏ယဉ်ကျေးမှုအားဖြင့် နိုင်ငံချင်းသွေးစီးမှုတော်လှန်ရေး စသော တော်လှန်မှုကြီးသုံးခု ဖြစ်လေသည်။

ဗိုလ်ချုပ်သာရှိခဲ့လျှင် သူသည် အထက်က သူ့လမ်းစဉ်အတိုင်း သူလုပ်မည်ဖြစ်သော်လည်း သူ့အဖြစ်ကား ဆိုးလှတော့၏။ ပထမတော်လှန်ရေးဖြစ်သော နိုင်ငံရေးတော်လှန်ရေးကြီး အပြီးမသတ်ခင်ပင် မသမာလူစုကြောင့် သေပွဲဝင်ခဲ့ရလေပြီ။ ယခုကား ပထမတော်လှန်

www.burmeseclassic.com

www.burmeseclassic.com





ရေးဟု ဆိုအပ်သော နိုင်ငံရေးတော်လှန်ရေးကြီး ပြီးဆုံးသွားလေပြီ။ ကျွန်ုပ်တို့၏နိုင်ငံတော်ကြီးသည် လွတ်လပ်သော သမ္မတနိုင်ငံကြီးဖြစ်လာလေပြီ။ ထို့ကြောင့်ပင် ဒုတိယတော်လှန်မှုဖြစ်သော စီးပွားရေးတော်လှန်မှုကြီး စရပေတော့မည်။ တော်လှန်ရေးဟူသော ဝေါဟာရ၏အနက်အဓိပ္ပာယ်ကား ပြောင်းလဲခြင်းကို ဆိုလိုသည်။ ဥပမာ– စနစ်ဟောင်းကို စနစ်သစ်ဖြစ်အောင် ပြောင်းလဲပစ်ခြင်းကို တော်လှန်သည်ဟု ဆိုလေသည်။ ထိုကဲ့သို့ ပြောင်းလဲရာတွင် (ဝါ) တော်လှန်ရာတွင် သွေးထွက်သံယိုမှုဖြစ်ပွားကာ သူပုန်ထခြင်းအားဖြင့်သာ ဆောင်ရွက်နိုင်သည် မဟုတ်ဘဲ အခြားနည်းအမျိုးမျိုးကို အခြေအနေအရကြည့်၍ ဆောင်ရွက်သွားရလေသည်။ ဥပမာဆိုရသော် ဗိုလ်ချုပ်သည် ပထမအဆင့်ဖြစ်သော နိုင်ငံရေး (ဝါ) နိုင်ငံအာဏာရရေးအတွက် တော်လှန်ခဲ့ရာတွင် အကြမ်းနည်းကို မသုံးဘဲ နိုင်ငံတကာ၏ရေးရာ၊ ကမ္ဘာ၏ရေးရာ အဖြစ်အပျက် အခြေအနေကို စုံစမ်းဆန်းစစ်ပြီးမှ တော်လှန်ခဲ့ရာ (ဝါ) ပြောင်းလဲပစ်ခဲ့ရာ ဗမာနိုင်ငံသည် ယခုအခါတွင် နောက်ထပ်၍ ပစ်ခတ်မှုမဖြစ်ပွားရဘဲ လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ခဲ့လေပြီ။ သို့သော်လည်း ယခုတိုင် နိုင်ငံရေးအာဏာလုပွဲများကို ကျင်းပနေသော လူတစ်စုလည်း ရှိပေသေးသည်။ ထိုကဲ့သို့သော ချိုးဖောက်မည့်သူများကား ဓမ္မတာအတိုင်းရှိရမည်။ မြတ်စွာဘုရားသော်မှ ဒေဝဒတ်နှင့် မာန်နတ်မင်းတို့၏ တော်လှန်မှု (ဝါ) အာခံတုံ့ပြန် ရန်ပြုသူများကို ခံခဲ့ရသေးသည်။ မည်သို့ပင်ဖြစ်စေကာမူ အကျွန်ုပ်တို့ကား "သခင်လိုနေချင်ကြသဖြင့်" သခင်ကျင့်စဉ်လမ်းမကြီးကို ဦးလည်မသုန်ဘဲ အခြေအနေအရ ဝေဖန်ပြီး ချီတက်သွားရပေမည်။

ယခုသော်ကား အထက်က ဆိုခဲ့သော စာပိုဒ်ကဲ့သို့ပင် ဒုတိယအဆင့်ဖြစ်သော စီးပွားရေးတော်လှန်ရန် အချိန်သို့ ရောက်လာလေပြီ။ လွတ်လပ်သော နိုင်ငံတစ်ခုသည် စီးပွားရေးဘက်၌ ချို့တဲ့နေလျှင် ဗိုလ်ချုပ်ပြောသွားသောစကားကဲ့သို့ပင် ဖာနိုင်ငံကြီးဖြစ်သွားလိမ့်မည်။ ထိုစီးပွားရေး (ဝါ) စီးပွားကုန်သွယ်ရေး လွတ်လပ်မှုနှင့်ပတ်သက်၍ နိုင်ငံခြားသားပိုင်ပစ္စည်းများကို အမျိုးသားပိုင်ပစ္စည်းအဖြစ် အကုန်ပြောင်းလဲပစ်ရန် ဦးစွာပထမ အရေးကြီးသောအချက်တစ်ရပ် ဖြစ်လေသည်။ ထို့ပြင်

လည်း နိုင်ငံ၏အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သော
ဆန်စပါး၊ သစ်၊ ရေနံ၊ သတ္တု စသော အလုပ်ကြီး အကိုင်
ကြီးများကိုလည်း အမြန်ဆုံး ပြည်သူပိုင်လုပ်ငန်းများဖြစ်
စေရန် ဖန်တီးပေးရမည်။ ဝင်ကုန် ထွက်ကုန်၌လည်း
သေးငယ်သော အပ်ချောင်းလေးမှ စ၍ ကြီးမားသော
ကျောက်ဆူးကြီးအထိ သွင်းကုန်လုပ်ရာတွင်လည်း ဗမာ
နိုင်ငံပိုင် ဖြစ်ရပေမည်။ ယခုသော်ကား အရေးကြီးသော
ဒုတိယအဆင့်သို့ ရောက်နေပေပြီ။ ဘဏ္ဍာရေး တော
တင်းမှုသည် နိုင်ငံတော်၏အဓိက လုပ်ငန်းဖြစ်စေရမည်
ဘဏ္ဍာရေးမတောင့်တင်းလျှင် ဘာမှ လုပ်ကိုင်၍ရမည်
မဟုတ်တော့ပေ။ ယခုအခါတွင် နိုင်ငံတော်အစိုးရသည်
ထိုဒုတိယအဆင့်ကို အသက်သွင်းနေပေပြီ။ နိုင်ငံခြား
သားပိုင်ပစ္စည်းများကို လျော်ကြေးပေး၍ သိမ်းယူသော
ကိစ္စသည် အကျွန်ုပ်စိတ်တွင် အလွန်ဖီလာကျ၍ အော
သက်သက်ခံရသော အဖြစ်ပင် ဖြစ်သော်လည်း နိုင်
တော်အစိုးရ၏အခြေအနေအရ ပြောင်းလဲ၍ ဆောင်ရွ
မှုကို များစွာ အလေးပါ၏၊ အားပေးပါ၏။ သို့သော
ယခုတလော ကြွက်စီကြွက်စီနှင့် ဂယက်ရိုက်လာသော
ကိစ္စတစ်ချက်ကား လယ်ရှင်နှင့်လယ်သမားများအရေး
ပင် ဖြစ်တော့၏။ ဤအရေးကိစ္စကို ဆန်းစစ်ကြည့်သော
အခါ တွင် နိုင်ငံတော်အစိုးရ၏ ပေါ်လစီ (ဝါ) ဝါဒသ
အလွန်မွန်မြတ်သော ရည်ရွယ်ချက်ကြီးဖြစ်ကြောင်း
လေ့လာရသောအခါ သာဓုခေါ်မိပါသည်။ သို့သော်
ကဲ့သို့ ကိစ္စမျိုးကား အခြေအနေအရဆိုလျှင် လုပ်
မသင့်သေးဟု ကျွန်တော်ထင်မြင်မိပါသည်။ လယ်ရှင်
အား အခွန်တော်၏နှစ်ဆသာ သီးစားခ ပေးရသည်
အစိုးရ၏ပြောင်ကျကျ ဖွတ်လုပ်လိုက်သောကိစ္စဖြစ်
ထင်သည်။ မြေရှင်စနစ်ကို ဖြိုခွဲမည်၊ ဓနရှင်စနစ်ကို
လှန်မည် စသော ဝါဒများသည် အလွန်ကောင်းသော
ဝါဒများဖြစ်ပါသည်။ သို့သော် ဗမာနိုင်ငံသည် ဓန
အလွန်နည်းသော နိုင်ငံဖြစ်ပါသည်။ မြေရှင်ဆို
လည်း ပျမ်းမျှခြင်းတွက်ကြည့်မည်ဆိုလျှင် လူတစ်သော
တွင် လယ်ဧက ၅၀ ကို တစ်ဦးတည်းပိုင်သော သူ
တစ်ယောက်လောက်သာရှိမည်။ ထိုသူကိုလည်း
ရှင်ပင် ခေါ်လေသည်။ ထိုလယ်ဧက ၅၀ လောက်
သောမြေပိုင်ရှင်အဖို့ကား၊ ယခု အစိုးရက ထုတ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



သော ဥပဒေအရဆိုလျှင် မစဉ်းစားဝံ့အောင် ဖြစ်နေချေပြီ။ အချို့ဇကာ ၅၀ ဆ၊ ၁၀၀ ဆ ပိုင်ကြသော မြေပိုင်ရှင်လေးများသည် ထိုလယ်များပေါ်တွင် မှီတင်းနေထိုင်ခဲ့ရာမှ စစ်ဖြစ်နေသောအခါသမယတစ်လျှောက်လုံးတွင် လယ်မှ ပိုက်ဆံတစ်ပြားတစ်စိမှ မရသည့်ပြင် အရင်းစိုက်ထားရသော ကျွဲ၊ နွား၊ လှည်း၊ လှေ၊ ထွန်တုံး၊ စပါးကျီ စသော လယ်လုပ်ကိရိယာများပင် ဆုံးရှုံးခဲ့ရလေသည်။ ဂျပန်ခေတ်တစ်ခေတ်လုံး မြေပိုင်ရှင်လေးများမှာ လယ်များမှ စပါးမထွက်သဖြင့် ပရိယေသန ဝမ်းစာအတွက် မရှက်မကြောက်ဘဲ ရောင်းဝယ်ဖောက်ကား၍ တစ်လီ၊ ကုန်သည်ပွဲစားအဖြစ်တစ်တန် မိမိဝမ်းရေးအတွက် စခန်းသွားခဲ့ရပုံများကို နိုင်ငံတော်အစိုးရ မြင်စမ်းစေချင်တော့သည်။

လယ်လုပ်သူ လယ်ပိုင်ရမည်၊ လယ်သမားတွေ ဘဝအသွင် ပြောင်းကြရမည်ဆိုသော နိုင်ငံတော်အစိုးရ ဝါဒသည် အလွန်ပင် လျော်ကန်မွန်မြတ်သောဝါဒကြီး ဖြစ်သည့်တိုင်အောင် မွဲနေသောလူထုကို ထပ်လောင်း၍ ဖိထောင်းမည့်ကိစ္စကြီးဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရမင်းများ စဉ်းစားရန်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြေပိုင်ရှင်ငယ်လေးများသည် လယ်သမားများနှင့် ဘာမျှဘဝမခြားနားပါ။ သို့သော် အချို့အချို့သော မြေပိုင်ရှင်များရှိချေသေး၏။ ထိုမြေပိုင်ရှင်များကား အကျယ်အကျယ် မငြိမ်းဖွယ်ကိစ္စများကို ထပ်မံ၍ မကြားလို မမြင်လိုကြတော့သည့်အတိုင်း ကိုင်း ... ဒီလောက်တောင်မှ ဖြစ်ရင်လည်း မထူးပါဘူးဟာ လယ်မပိုင်ရရင်လည်း နေပါစေတော့ အသက်လေးဆက်မိအောင် စားသောက်ဖို့အတွက် အစိုးရကို တို့လယ်တွေကို တန်ရာတန်ဖိုးပေးပြီး ယူသင့်တယ် စသည်ဖြင့် ညည်းတွားကြသည်ကိုလည်း ကြားရ ပြန်တော့၏။

ထိုအချက်ကို အစိုးရမင်းများ စဉ်းစားဖို့သင့်လေသည်။ အချို့သော လယ်ပိုင်ရှင်လေးများမှာ အစိုး၏စီမံကိန်းများကို မနှစ်မြို့သည့်တိုင်အောင် ဖီလာလုပ်ချင်ဟန်မရှိကြဘဲ မိမိတို့၏ဘိုးဘွားစဉ်ဆက် ပိုင်လာခဲ့သော လယ်မြေများကို တန်ရာတန်ဖိုးဖြင့် ရောင်းချရန်အဆင်သင့်ရှိကြလေသည်။ သို့မှသာ ထိုအရင်း ငွေကလေးကို မတည်ကာ၊ ရောင်းဝယ်ဖောက်ကား၍ တသက်တာအတွက် နေထိုင်နိုင်သွားပေလိမ့်မည်။ သို့တည်းမဟုတ် တစ်ဖက်သတ်ကျသွားမည့် အစိုးရဝါဒကြောင့် တိုင်းပြည်၌ ဆူပူမှုများဖြစ်ပွားမည်ကို သတိရှိနေရပေမည်။ ထို့ကြောင့် စီးပွားမှုတော်လှန်ရေးသည် နိုင်ငံခြားသားများနှင့် ယဉ်ပြိုင်၍ မတော်လှန်ရဘဲ ကိုယ့်ဘက်သားခြင်း တော်လှန်နေရမည်ဆိုလျှင် ကောင်းနိုင်မည့်လမ်းစဉ် မဟုတ်နိုင်ပေ။ အမှန်စင်စစ်အားဖြင့်ဆိုရသော် ဗမာနိုင်ငံ၌ သခင်လိုနေချင်ကြသူတွေ အတော်ပေါများလာပေသည်။ ထိုသို့ ပေါများလာသော သခင်တုကိုအခြေအနေအရ အချိုးကျစီမံပေးသွားနိုင်သော အစိုးရ (ဝါ) အသင်းအဖွဲ့ကို လူထု အားပေးမည်မှာ သေချာလှတော့၏။ စစ် ပြီးစ နိုင်ငံတိုင်းတွင် လူတိုင်း ဒုက္ခရောက်ရလေသည်။ ထိုဒုက္ခရောက်လာသော လူထုကို တတ်နိုင်သမျှ ကြိုးစား ဆောင်ရွက်ပေးရမည့် ဝတ္တရားမှာ နိုင်ငံခေါင်းဆောင်တို့၏ဝတ္တရား ဖြစ်ပေသည်။ ထိုသို့မဟုတ်ဘဲ မိမိတို့၏ အာဏာတည်မြဲရေးလောက်ကိုသာ အဓိကထားပြီး သူ့တော့သာစေ သူ့တော့နာစေ ဟူသော သဘောထား၍ ဆောင်ရွက်မည်ဆိုချေသော် ထိုအစိုးရအပေါ်၌ စေတနာ မေတ္တာတရား ပျက်ကွက်တော့မည် အဘယ်ကဲ့သို့ပင် သခင်လိုနေချင်သည့်တိုင်အောင် မိမိတို့၏ ဝမ်းရေးမလုံလောက်ပါက စောင့်စည်းအပ်သော ကျင့်စဉ်နှင့်တကွ စိတ်ဓာတ်များလည်း ပျက်ပြားဖွယ်ရာ ရှိပါသည်။ သို့သော်လည်း နိုင်ငံတော်အစိုးရသည် ဤကဲ့သို့သော ကိစ္စများကို မပေါ့ဘဲ အရေး ယူစုံစမ်းကာ မကြာမီပင် သမစိတ္တမျှတသော စီမံကိန်းကို ကြေညာတော့မည်ဟုလည်း ယူဆနေရပါသည်။ မျှော်လင့် တောင့်တနေရပါသည်။ ယခု လောလောဆယ်တွင် တိုင်းပြည်အစိုးရအဖို့ ကြီးမားကျယ်ဝန်းလှသော ပြန်လည်ထူထောင်ရေး လုပ်ငန်းကြီးမှာ များပြားလှသဖြင့် ကသီလင်တနိုင်ကာ အရာရာတွင် လူထုကျေနပ်မှုများ ရှိချင်မှရှိပေလိမ့်မည်။ အပြောလွတ်လပ်ရေးမဟုတ်ဘဲ တကယ့် လွတ်လပ်ရေးရလာပြီဖြစ်သည့်အတိုင်း နိုင်ငံတော်အစိုးရကလည်း နိုင်ငံကောင်းစားမှုအတွက် တကယ်ပင် နဖူးတွေ့ ဒူးတွေ့ ဆောင်ရွက်နေပေပြီ။ ယခုဆောင်ရွက်နေကြသော တိုင်းပြည်ဦးဆောင် ခေါင်းဆောင်ကြီးများသည် နိုင်ငံတော်ကို ဘယ်ဈေးနှင့် သစ္စာဖောက်ကျမည့် သူများမဟုတ်ချေ။ သို့ပင်ဖြစ်လို့

www.burmeseclassic.com



ကစား ပညာရှိသတိဖြစ်ခဲ့ဆိုသော စကားပုံကဲ့သို့ပင် အချို့နေရာအတွေးလွန်နေကြသည့်အတိုင်း တိမ်းပါး ချွတ်ချော်သွားလျှင် စောင့်ကြည့်နေသော လူထုက ရှေးက ကဲ့သို့ ချောက်မတွန်းတဲ့ အဆိုးနှင့်အကောင်းကို ဝေဖန် ကာ နိုင်ငံကို ကူညီကြလျှင် နှစ်ဦး နှစ်ဝအကျိုးဖြစ်ထွန်း ဖွယ်သာ ရှိချိမ့်မည်။ ရှေးကအစိုးရသည် အကျွန်တို့၏ တကယ် အားကိုးဖွယ်ရာ အစိုးရမဟုတ်သည့်အတိုင်း ချက်ဆိုနားခွက်က မီးတောက် ထစ်ခနဲဆို အစိုးရကို ဝိုင်း နှံခြင်းသည် ရှေးကအကျိုးရှိလေသည်။ အဘယ်ကြောင့် ဆိုသော် ရှေးယခင်က အစိုးရသည် တိုင်းတစ်ပါးသား အင်္ဂလိပ်၏ ခေါင်းဆောင်ချက်နှင့်တကွ အလိုတော်ရိ အချို့တို့ ပူးပေါင်းကာ တိုင်းပြည်ကို အုပ်ချုပ်ခြင်းကြောင့် မတရားသောကိစ္စများ ပေါ်လာသောအခါ လူထုက တရားသော တော်လှန်ခြင်းကို ပြုလုပ်ဆောင်ရွက်ခြင်း သည် အဆင်ပြေသောလုပ်ငန်းများ ဖြစ်လေသည်။ သို့ သော် ယခုအကျွန်တို့ နိုင်ငံတော်ကြီးသည် အကြွင်းမရှိ လွတ်လပ်သော သမ္မတနိုင်ငံကြီးဟု ကမ္ဘာအမျိုးသားစစ် စစ် အစိုးရပေါ်လာလေပြီ။ ထိုအမျိုး သားအစိုးရသည် အကျွန်တို့ အမျိုးသားတွေကို နစ်နာအောင် ဘယ်တော့မှ ကျင့်ကြံမည်မဟုတ်။ သို့သော် တစ်ခါတစ်ရံသာ စမ်းတ ဝါးဝါးနှင့် စတည်ထောင်ရသော ကိစ္စဖြစ်ခြင်းကြောင့် သာ မှားလျှင်မှားတော့မည်။ အကျွန်တို့ တစ်တွေအားလုံး သည် "သခင်လိုနေချင်လို့" ဟု ရည်ရွယ်ကာ ကမ္ဘာကို လွတ်လပ်ရေး ကြေညာပြီးခဲ့လေပြီ။ သခင်ဟူသော အဆင့်အတန်းသည် မြင့်လှပါပေသည်။ သခင်လို မိမိ ကိုယ်ကို မိမိကင်ပွန်းတပ်ထားသော အကြင်ဗမာလူမျိုး တို့သည် သခင်ပီပီသဘောထားကြီးကြစေလိုသည်။ သဘောထားကြီးကြီး ထားဖို့ရာသည် ယခုအချိန် ရောက် လာလေပြီ။ အစိုးရများတိုင်းသာ ဝိုင်းတွယ်ရမည်ဆိုလျှင် တစ်လလျှင်တစ်ခေါက်လေစက် အစိုးရပြောင်းမည်မှာ

သေချာလှတော့၏။ ထိုကဲ့သို့သော အဖြစ်မျိုးများမှာ
ကမ္ဘာကို ကိုယ့်အရှက်ကိုယ်ဖော်ထုတ်သည်နှင့် တူ
ပေမည်။ ထို့ကြောင့် ယခုလယ်ရှင်နှင့် လယ်သမားများ
ကိစ္စမှ အစိုးရရှိသည့်အခြေအနေအရ မှားနေသည်ကို လူ
ထုက ဖေးဖေးမမနှင့် အစိုးရကို အကျိုးအကြောင်းပြ
အရေးဆိုသင့်လေသည်။ အစိုးရလုပ်ငန်းမှန်သမျှကို ဝေ
ဖန်ရန်မှာ လူထု၏တာဝန်ဖြစ်၏။ ထိုကဲ့သို့ ဝေဖန်သည်
ဆိုသော်လည်း မိမိဝေဖန်ချက်မှာ (Construelie) ဆော
တည်ရေး (ဝါ) အကျိုးဖြစ်ထွန်းရေးသာ ဖြစ်စေ
(Destruetive) ချုပ်ငြိမ်းရေး (ဝါ) ဖျက်ဆီးရေးမဖြ
စေရာ။ သို့သော် ယခုတိုင် ဝေဖန်နေပုံမှာ နိုင်ငံတွင်
နောက်ထပ် နောင်ဂျိမ်ဇာတ်ခင်းရမလို ဖြစ်နေပေသည်
ထို့ကြောင့် ယခုပေါ်ထွက်လာမည့် "အောင်ဆန်းလီ (ဂ)
(ဝါ) အောင်ဆန်းအဖွဲ့သည် "သခင်လိုနေချင်လို့" ဟု
ကမ္ဘာကို ကြေညာခဲ့သော နိုင်ငံတော် သမ္မတအစိုး
တရားသော ဝေဖန်ခြင်းအားဖြင့် လမ်းမှန်သို့ရောက်
လျှင် ကွဲပြားနေသော နိုင်ငံရေးအသင်းအဖွဲ့များကိုလည်
ကောင်း စိတ်စနောင့်စနင်းဖြစ်နေသော ဘာသာလူမျိုး
များကိုလည်းကောင်း၊ တတ်အားသမျှ စေ့စပ်ရေးကို
ကို အလျင်အမြန်ဆောင်ရွက်နိုင်လိမ့်မည်ဟု ထင်
ကြောင်း၊ ထို့ကြောင့် နောက်ဆုံးအဖြစ် အမျိုးသားအပေါ
အား သတိပေးလိုက်သည်မှာ လွတ်လပ်ရေးကမ္ဘာ
ကြေညာသည်မှာ ကမ္ဘာပေါ်ရှိ လူအပေါင်းတို့အား ငါ
တစ်တွေ "သခင်လိုနေချင်ပြီလို့" ဟူသော အဓိပ္ပာယ်
သက်ရောက်စေသဖြင့် ကျွန်ဘဝမှ သခင်ဘဝကို
လှမ်းလာကြသော အကျွန်တို့တစ်တွေသည် ကျွန်
ကျင့်ကြံခဲ့သော သေးသိမ်သော အကြံအစည်အားလုံး
ဖျောက်၍ သခင်ပီပီ အမြော်အမြင်ကြီးကြီးနှင့် အ
ကျယ်ကျယ်ကို မြင်နိုင်ကြပါစေသတည်း။ ။

၁၉၄၇၊ ဖေဖော်ဝါရီလ၊ ဗိုလ်ချုပ်လယ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်၏နိုင်ငံရေး သဘောတရား

ဗိုလ်သိမ်းဆွေ

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးသား၍ ကိုယ်တိုင်ဟောကြားသည့် ဖဆပလအဖွဲ့ချုပ် ဗမာနိုင်ငံလုံးဆိုင်ရာညီလာခံသဘင် ဥက္ကဋ္ဌ မိန့်ခွန်းကို ၁၉၄၆– ခု ဇန်နဝါရီလ ၂၀ ရက်နေ့ ရွှေတိဂုံစေတီအလယ်ပစ္စယံ၌ ဟောကြားခဲ့သည်တို့မှ ထုတ်နှုတ်ဖော်ပြလိုက်ပါ၏။ ဤမိန့်ခွန်းထဲမှ နိုင်ငံရေးသဘောတရားကို သေချာစွာရှင်းလင်းပိုင်းခြားသုံးသပ်ဝေဖန်ထားသည်ကို မျက်ဝါးထင်ထင် လူထုဖတ်ရှုနားလည်ဆင်ခြင်စေရန်နှင့် ရေးသားတင်ဆက်လိုက်ရပါကြောင်း။

"အမျိုးသားရေး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ဆက်သွယ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကြီးပွားရေး၊ ယဉ်ကျေးရေး၊ ဘာသာရေး၊ အကျင့်ကောင်းရေး စသော ထိုထိုသော အရေးတို့သည် စင်စစ်မှာ ဤရောထွေးယှက်နွယ်လျက်ရှိသော ကမ္ဘာ့ပြဿနာကြီး၏အစိတ်အပိုင်းများသာဖြစ်သည့်အားလျော်စွာ ခေတ်ကာလနှင့်လိုက်၍ အစဉ်တစိုက်သဘောသဏ္ဌာန်ပြောင်းလျက်ရှိကြပေသည်။ ထိုသို့ပြောင်းလဲလျက်ရှိသောကြောင့် ကျွန်ုပ်တို့သည် ဤအရေး၊ ဤကိစ္စများကို အသီးသီး အသက တစ်ခုနှင့်တစ်ခု မဆိုင်ဘိသကဲ့သို့ စဉ်းစားခြင်းငှာ မဖြစ်နိုင်တော့ပေ။ ဤအရေး၊ ဤကိစ္စ ဥဿုံအလုံးစုံကို ဆင်ခြင်စဉ်းစားသောအခါ၌လည်း ကျွန်ုပ်တို့သည် ခေတ်မမီသော အတွေးအဆ၊ ခေတ်နောက်ကျ ကျန်ရစ်ခဲ့သော ဥပဒေတို့ကို လေ့နံ့မားထစ်လိုက်နာခြင်းငှာ မဖြစ်နိုင်တော့ချေ။ ကျွန်ုပ်တို့နိုင်ငံတွင် ယခုအချိန်အခါ၌ ခေတ်ပြောင်း ခေတ်လွှဲအငြင်းမရှိဘဲလျက် သဲသဲမဲမဲ ရှေးက အတွေး အဆမျိုး ထားသူများ ရှိကြပေသေး၏။ အချို့သော သူများသည် ယခုထက်ထိပင် ယုတ်မာညစ်ထေး ရှေးက နိုင်ငံရေးမျိုးကို သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ လိုက်စားလျက်ရှိကြသေး၏။

နိုင်ငံရေးမည်သည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည်လော။ စင်စစ်မှာ နိုင်ငံရေးသည် ယုတ်မာ ညစ်ထေးသည်မဟုတ်၊ နိုင်ငံရေးကို ညစ်ထေးအောင်လုပ်သူကိုသာလျှင် ယုတ်မာခြင်းသာဖြစ်ပေ၏။ နိုင်ငံရေးဆိုတာ ဘာလဲဟု မေးဖွယ်ရာရှိပြန်၏။ ကျွန်ုပ်တို့သည် သာမာန်ပုထုဇဉ်များ ဖြစ်သောကြောင့် နိုင်ငံရေးကို မလုပ်သင့်၊ နိုင်ငံရေးသည် အလွန်မြင့်မြတ်သည့်အတွက် ကျွန်ုပ်တို့နှင့် မတန်မရာလေးမြတ်စွာ မျှော်ရှုရန်သာလျှင် ရှိသည်ဟူ၍ ဆိုရမည်လော၊ သို့တည်းမဟုတ် နိုင်ငံရေးသည် အချို့သော လူညာ လူလိမ်တို့သည် တောအုံကနား ကျေးတောသား လူရိုး လူအတို့ကို အတိုတ်, တအောင်, စနည်း, သဘောတို့ကို တွင်တွင်ကြီး ဟောပြော၍ ထိုသူတို့၏ မနောအကြိုက်ကို လိုက်

www.burmeseclassic.com



၍ အငိုက်ကိုဖမ်းပြီးနောက် စားပေါက်ထွင်ကြသည့် ကိစ္စဟု ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကန္တာရခရီးပမာ ကြောက်မက်ဖွယ်သော အန္တရာယ်များစွာရှိသော အရေးကိစ္စဖြစ်သောကြောင့် ကျွန်ုပ်တို့သည် မတတ်သာလျှင် ရှောင်ရှားသင့်သည်ဟု ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကျွန်ုပ်တို့ ပြောလေ့ပြောထရှိသည့်အတိုင်း အမျိုးဘာသာ သာသနာရေးဟူ၍ပင် ဆိုရဦးမည်လော။ **နိုင်ငံရေးသဘောအမှန်မှာ** ကျွန်ုပ်တို့ လူသားတို့နှင့် မတန်မရာ မြင့်မြတ်လွန်းသည် မဟုတ်နိမ့်ကျလွန်းသည်လည်းမဟုတ်၊ မျက်လှည့်ဗေဒင်လည်းမဟုတ်၊ အဂ္ဂိရပ်လည်းမဟုတ်၊ ကြောက်မက်ဖွယ်ကောင်းသော ကန္တာရခရီးလည်းမဟုတ်၊ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်နှင့်လုပ်သော အရေးကိစ္စလည်း မဟုတ်။ **ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စသာလျှင် ဖြစ်ပေ၏။** အတိုချုပ်ဆိုရလျှင် နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ လူလောကတွင် တွေ့ကြုံနေကြရသော ကိစ္စပင်ဖြစ်ပေသည်။

တစ်နည်းအားဖြင့်ဆိုသော် **နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟုဆိုရပေမည်။** ကျွန်ုပ်တို့ စားမှု သောက်မှု နေမှု ထိုင်မှု သွားမှု လာမှု အစုစုသည် နိုင်ငံရေးပင် ဖြစ်၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို မဆင်ခြင် မတွေးတောမိစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့နှင့်အမြဲတစေ ဆက်သွယ်နေ၏။ ကျွန်ုပ်တို့သည် နိုင်ငံကိုရှောင်ရှားစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့အိမ်၊ ရုံး၊ အလုပ်ရုံ စသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။ ဤဌာနများ၌ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးကိုပင် လုပ်နေကြရပေသည်။ အလုပ်သမားသည် အခကြေးငွေအတွက် အလုပ်လုပ်ရ၏။ အခကြေးငွေကို တိုးတက်၍ ရပြီးလျှင် စားသာသောက်သာသော အခြေအနေကို ရလို၏။ တောင်သူလယ်သမားသည် မိမိ၏လယ်မြေကို တိုးတက်ကောင်းမွန်စေ၍ သက်သာချောင်ချိလာလို၏။ စာရေး စာချီ အမှုထမ်းသည်လည်း လစာငွေအတွက် အလုပ်လုပ်ရ၏။ ကုန်သည်ပွဲစားသည် အသီးသီးဝင်ငွေရရန် လုပ်ကြရ၏။ အချုပ်မှာ စားသောက် နေထိုင်ရေးအတွက်ပင် ဖြစ်၏။ အလုပ်သမားသည်လည်း ရုံး၌ တကုတ်ကုတ် လုပ်နေ ရသော ဘဝထက် လွတ်လွတ်လပ်လပ် ချောင်ချောင် လည်လည်ရှိသော အခြေအနေကို ရောက်လိုကြ၏။ ကုန်သည်ပွဲစားတို့လည်း လွယ်လွယ်ကူကူ တိုးခဲ့၍ ကူးသန်းရောင်းဝယ်လိုကြ၏။

**ဤကဲ့သို့ လူတိုင်းလူတိုင်း မိမိတို့၏ အခွင့်အရေးကို ရယူလိုက်ခြင်းသည် နိုင်ငံရေးဖြစ်၏။** သို့ရာတွင် ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော နေထိုင်စားသောက်မှုသည့် ပြောင်းလဲလျက်ရှိသည့် အ... လျော်စွာ ကျွန်ုပ်တို့နိုင်ငံရေးသည်လည်း ပြောင်းလဲလျက် ရှိ၏။ ကျွန်ုပ်တို့အားလုံး သက်သက်သာသာ ချောင် ချောင်ချိချိ လူတန်းစေ့နေနိုင်ရန်အတွက် အခွင့်အရေးများ ပိုမိုရရှိနိုင်အောင် ကျွန်ုပ်တို့ လွတ်လပ်ရေးကို တောင့်... ကြပေသည်။ လွတ်လပ်ရေးဆိုရာ၌ နေရေးထိုင်ရေး လွတ် လပ်မှု၊ လူတစ်ဦး တစ်ယောက်အနေနှင့်လည်းကောင်း တစ်မျိုးလုံးအနေနှင့်လည်းကောင်း တိုးတက်ကြီးပွား အောင် စီမံဆောင်ရွက်နိုင်အောင် လွတ်လပ်မှု ကျွန်ုပ်... ၏ကာယ၊ ဉာဏ၊ စိတ္တ အဆင့်အတန်း တိုးမြှင့်အောင် ဆောင်ရွက်နိုင်ရန် လွတ်လပ်မှု စသည်တို့ကို ဆိုလို... သည်။ **ဤလွတ်လပ်မှု ရယူလိုမှုသည်ပင်လျှင် နိုင်ငံရေးဖြစ်၏။** သို့ဖြစ်ရကား နိုင်ငံရေးသည် လူ... မျှသာ ဖြစ်၏။ နိုင်ငံရေးကို ကျွန်ုပ်တို့ နားမလည်နိုင်... အကြောင်းမရှိချေ။ သို့ပါလျက်ကယ်နှင့် အချို့သော... များသည် နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်ဟု... ကြ၏။ အချို့ကလည်း နိုင်ငံရေးသည် ကိုးကွယ်ရာ... သာတရားတမျှ မြင့်မြတ်လှ၏ ဟူ၍ ဆိုကြပြန်၏။ ထို... တို့၏အယူတို့မှာ အလွဲလွဲအမှား အကွဲကွဲအပြား... ရှိကြကုန်၏။ နိုင်ငံရေးကို ဘာသာတရားတမျှ ပြော... ကြသောသူများမှာ ယုတ်မာညစ်ထေးသော နိုင်ငံ... သမားပင်လျှင် ဖြစ်ပေ၏။ ထိုသူတို့၏ ရည်ရွယ်ချက်... ဤကဲ့သို့ ကြီးကြီးကျယ်ကျယ် လီဆည်၍ ပြောဆို... အားဖြင့် ပြည်သူတို့၏စိတ်ကို ရှုပ်ထွေးစေ၍ အကြော... အကျိုး အကောင်းအဆိုးကို ဝေဖန်ခြင်းငှာ မစွမ်း... အောင် လုပ်ခြင်းမျှသာ ဖြစ်ပေ၏။ အမှန်မှာ ထို... ပြုလုပ်မှုသည် နိုင်ငံရေးမဟုတ်၊ မိမိတို့ အကော... ကိုသုံး၍ မိမိတို့ ကြီးပွားရေးပင်ဖြစ်ပေ၏။ ကိုးကွယ်...

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးမှာ လူအသီးသီးတို့၏ သက်ဝင်ယုံကြည်မှုဖြစ်၏။ **နိုင်ငံရေးမှာကား လူအသီးသီးတို့၏ ပေါင်းသင်းဆက်ဆံမှု သိပ္ပံအတတ်သာလျှင် ဖြစ်၏။** သိပ္ပံအတတ်အနေအားဖြင့် နိုင်ငံရေးသည် လူအသီးသီးတို့၏အခွင့်အရေးကို စောင့်ရှောက်ရပေလိမ့်မည်။ ဤအခွင့်အရေးများတွင် လွတ်လပ်စွာ ဘာသာကိုးကွယ်နိုင်မှုလည်း ပါဝင်လေ၏။ ဤအခွင့်အရေးပေးရာ၌ပင် ကျွန်ုပ်တို့သည် နိုင်ငံရေးနှင့်ကိုးကွယ်သည့်ဘာသာရေး နှစ်ဌာနစပ်ကြားတွင် စည်းတားရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးနှင့်ဘာသာရေးမှာ သဘောမတူအမှုကွဲပြား တခြားစီဖြစ်သောကြောင့်တည်း။ ဘာသာရေးနှင့် နိုင်ငံရေးကို ရောစပ်ပါမူ ဘာသာရေး၏ သဘောတရားကို ဆန့်ကျင်ရာ ရောက်ပေ၏။ အကြောင်းမူကား ဘာသာရေးသည် နောင်တမလွန်ဘဝများကို (ဝါ)လောကုတ္တရာကို ရှေ့ရှုသည်ဖြစ်သဖြင့် လောကအရေးနှင့်များစွာ မသက်ဆိုင်ချေ။ နိုင်ငံရေးမှာမူကား လောကီရေးရာသာဖြစ်ပေ၏။

လုပ်ငန်းသဘောမှာ လူမှုတိုးတက်ရေးနှင့် ဘာသာရေးသည် အခြေခံသဘောအားဖြင့် ဆန့်ကျင်စရာအကြောင်းမရှိဟု ယူဆမိပေသည်။ ဘာသာတရားက သစ္စာ မေတ္တာနှင့် သမ္မာအာဇီဝ သမ္မာကမ္မန္တ စသည်တို့ကို ဓမ္မအနေနှင့် ဟောကြားခဲ့ရာ လူမှုတွင်လည်း ဤဓမ္မတို့ကို လေးစားကြပေသည်။ သို့ပါလျက်လည်း ဘာသာတရား၏ နာမတို့ကို အလွဲသုံးစားပြုကြပြီးလျှင် လူတစ်ဦးသည် တစ်ဦး၏ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းကို အကြောင်းပြု၍ မတရားမှုကို လျစ်လျူရှုခြင်း ဘယ်နည်းနှင့်မှပြုနိုင်မည်မဟုတ်ပေ။ အကယ်၍ ဘာသာကို အမှီပြုလျက် အသက်မွေးသူသည် ဘာသာ၏အမည်ကို သုံးလျက်တရားဓမ္မဖြစ်လေဟန် ဟောပြောချက်တစ်ခုကို ပြုလျှင် လူအများကို နစ်နာစေမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် လူ့ချမ်းသာကို လိုလားသည့်အားလျော်စွာ တားမြစ်ရပေလိမ့်မည်။ ဤဥပဒေသည် ကျွန်ုပ်က ထွင်လိုက်သော ဥပဒေမဟုတ်ချေ။ အကျွန်ုပ်တို့၏ ရာဇဝင်တွင် အလွန်ကျော်ကြား ထင်ရှားသော အနော်ရထာဘုရင်မင်းမြတ်သည် ဤဥပဒေသကို ထိထိရောက်ရောက် လိုက်နာဆောင်ရွက်ခဲ့ဖူးလေသည်။ ရာဇဝင်ကိုကြည့်မူ ဘာသာတရားကို မှီ၍ အသက်မွေးကြကုန်သောသူများကို ခွဲခြား၍ သိနိုင်ကြပေလိမ့်မည်။ ကျွန်ုပ်တို့ လူမှုကို ဘာသာတရားသည် ရှုပ်ထွေးစေမည်မဟုတ်။ ဘာသာတရားကိုမှီ၍ အသက်မွေးကြကုန်သော သူတို့သာလျှင် ရှုပ်ထွေးစေကြ၏။ ဘာသာတရားကို ကြည့်ပြန်မူ ဤကဲ့သို့သော သူမျိုးကို အားပေးခြင်း မရှိသည်ကို တွေ့ရမြင်ကြရပေလိမ့်မည်။ သို့သော်လည်း အသီးသီးသော ဘာသာတရားတို့ကို မှီ၍ အသက်မွေးကြကုန်သော သူများရှိခဲ့ဖူးလေပြီ။ ဥရောပတိုက်၌ ရဟန်းမင်းကြီးများနှင့် ဧကရာဇ်မင်းတို့ အချင်းချင်းဖြစ်ပွားခဲ့ပုံ၊ ကျွန်ုပ်တို့နိုင်ငံ၌ အရည်းကြီးများနှင့် အနော်ရထာမင်းမြတ်အရေးတွေ့ရပုံ၊ အနောက်နိုင်ငံကြီးများ နယ်ချဲ့ရာတွင် သမ္မာကျမ်းစာကိုင်သူတို့က ရှေ့သွားလုပ်၍ အလံကိုင်သူနှင့်ကုန်သည်တို့က နောက်မှလိုက်ရပုံ အကြောင်းစုံတို့ကို ထောက်ထားလျက် မည်သည့်ကာလ ဒေသ၌မဆို ဘာသာတရားကို မှီ၍ အသက်မွေးကြသူများရှိခဲ့ဖူးကြောင်းကို ကျွန်ုပ်တို့ သတိရကြပေလိမ့်မည်။

စင်စစ်မှာ နိုင်ငံရေးတို့မည်သည်ပြီးဆုံးခြင်းကို ရောက်ပြီဟူ၍ မရှိနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သံသရာ၌ ကျင်လည်နေရပေ၍ ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်အတိုင်း အကြောင်းနှင့်အကျိုး၊ အတိတ်နှင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဆက်စပ်၍ မရပ်မနားရှည်လျားလှသော ခရီးကို တသွားတည်း သွားနေရပေပြီ။

**ဤကဲ့သို့ အကြောင်းတရား အကျိုးတရား အမျိုးအစားကို လိုက်၍ ဖြစ်ပျက်နေခြင်းကိုပင်လျှင် နိုင်ငံရေးဖြစ်၏။**

ထို့ကြောင့် ယုတ်မာညစ်ထေးသောနိုင်ငံရေး ယခုခေတ် ခြေထိုးတတ်သော နိုင်ငံသမားမျိုးမှ ကင်းလွတ်ကြစေသတည်း။ ဘာသာရေးနှင့်လည်း မရောထွေးစေဘဲ လူကိစ္စ လူအသီးသီးတို့၏ ပေါင်းသင်းဆက်ဆံမှု သိပ္ပံအတတ် လူတိုင်းလူတိုင်း မိမိတို့၏အခွင့်အရေးကို ရယူလိုခြင်း လွတ်လပ်မှု ရယူလိုမှုအကြောင်းတရား အကျိုးတရားအမျိုးအစားကို လိုက်၍ဖြစ်ပျက်နေခြင်းကို နိုင်ငံရေးဟု ခေါ်ဆိုလေသည်။ (ဤဗိုလ်ချုပ်လမ်းစဉ် နိုင်ငံရေးအမြင်) အရ ကျွန်ုပ်တို့၏ (ဗိုလ်ချုပ်အောင်ဆန်းအဖွဲ့ချုပ်ကြီး) ကို တည်ဆောက်ရပေမည်မလွဲတည်း။

၁၉၄၇ခု၊ မတ်လ ဗိုလ်ချုပ်အောင်ဆန်း (၂)

www.burmeseclassic.com

www.burmeseclassic.com



# စီးပွားရေး သတင်းစာခေါင်းကြီး

## ဦးစံမြင့် (ဘီအေ)

(၁၆-၁-၄၈ နေ့ထုတ် ခေါင်းကြီးမှ ထုတ်နုတ်ဖော်ပြချက်)

**ဗိုလ်ချုပ်၏လမ်းစဉ်**

မြန်မာပြည် မလွတ်လပ်သေးမီအချိန်တွင် လွတ်လပ်ရေး ရရှိရန် ရည်ရွယ်၍ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေး လမ်းစဉ်များကို ရေးဆွဲသတ်မှတ်၍ လက်တွေ့လုပ်ကိုင်ခဲ့၏။ အဆိုပါ လွတ်လပ်ရေးလမ်းစဉ်တွင် (ဖဆပလ) လုပ်ငန်းအားဖြင့် တိုင်းပြည်လူထုအား စည်းလုံးရန်လည်းကောင်း၊ မြန်မာပြည်တိုင်းရင်းသားများအားလုံး ညီညွတ်ရန်လည်းကောင်း အေးချမ်းသော အနုနည်းလမ်းဖြင့် လွတ်လပ်ရေးကို ကြိုးပမ်းရန်လည်းကောင်း၊ လုပ်ငန်းစဉ်များကို ပါဝင်စေခဲ့၏။

ထိုလုပ်ငန်းစဉ်တွေ စီးစီးနင်းနင်း ဆောင်ရွက်ခြင်းအားဖြင့်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးကို တစ်နှစ်အတွင်း ရစေမည်ဟူသော ၎င်း၏ဂတိကို ဖြည့်စွမ်းတည်မြဲစေ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရရှိမှုတစ်ခုတည်းကိုသာ အာရုံပြုထားသည် မဟုတ်သေး၊ လွတ်လပ်ပြီးနောက် တိုင်းပြည်အား ပြန်လည်ထူထောင်ရာတွင် စနစ်တကျရှိစေရန် ပြန်လည်ထူထောင်ရေး'ကွန်ဖရင့်' တစ်ရပ်ကို ကျင်းပ၍ စီမံကိန်းများကို ရေးဆွဲစေခဲ့၏။ ဤနည်းအားဖြင့် လွတ်လပ်သောမြန်မာနိုင်ငံတော်အား အင်အားပြည့်ဖြိုး၍ လွတ်လပ်ရေးတည်မြဲစေရန် ရည်ရွယ်ခဲ့၏။

အင်အားပြည့်ဖြိုးတောင့်တင်းသော မြန်မာပြည်တွင် ကုန်းတပ်၊ ရေတပ်၊ လေတပ်များ မည်သို့ မည်ပုံဖြစ်[illegible] ရမည်။ တိုင်းပြည်အစိုးရ၏တိုးတက်သော ချမ်းသာ[illegible] ကြွယ်ဝမှုကို မှီငြမ်းပြု၍ လွတ်လပ်သော မြန်မာနိုင်ငံတော်၌ ကုန်းတပ်အင်အားမည်မျှ၊ ရေတပ်အင်အားမည်မျှ [illegible] တပ်အင်အားမည်မျှ စသည်ဖြင့် ထားရှိ၍ ကာကွယ်[illegible] အတွက် တိုင်းသူပြည်သားများအား (၁၀) နှစ်အတွင်[illegible] သို့မဟုတ် (၁၅) နှစ်အတွင်း မည်မျှခရီးရောက်အော[illegible] လေ့ကျင့်ပေးနိုင်မည်ဟူသော တွေးတောပုံမျိုး[illegible] ဗိုလ်ချုပ် အောင်ဆန်းမှာ များစွာစိတ်ကူးယဉ်ခဲ့၏။

အထက်ဖော်ပြပါနည်းအားဖြင့် စိတ်ကူးယဉ်[illegible] ကို ဗိုလ်ချုပ်သည် ၎င်း၏နောက်ဆုံးပိတ် မိန့်ခွန်းကို[illegible] တော်ခန်းမကြီး၏ဆင်ဝင်ပေါ်မှ မိန့်ကြားရာတွင် [illegible] ဖော်ခဲ့၏။ သို့ဖြစ်လေရာ မြန်မာပြည်၏ကာကွယ်ရေး[illegible] အစဉ်များကို အခြေတည်၍ စဉ်းစားသင့်ပေမည်။ ၎င်း[illegible] စိတ်ကူး၌ ကာကွယ်ရေးလမ်းစဉ်ကြီးတစ်ရပ် တွေး[illegible] ရေးဆွဲပြီးပင် ဖြစ်သည်ဟု ပြောဆိုနိုင်လောက်[illegible]

ထိုမှတစ်ပါး လွတ်လပ်သော မြန်မာပြည်[illegible] လွတ်လပ်ပါသည်ဟု မည်မျှပင် ပြောနိုင်စေကာမူ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြည်၏အင်အားနှင့် ထိုက်တန်ရုံမျှသော လွတ်လပ်ရေး အခွင့်အရေးများကို ကမ္ဘာပေါ်တွင် ခံစားခွင့်ရရှိမည်ဖြစ်လေရာ ထိုအချက်ကို ဂရုအထူးပြုမိသော ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေး ကြေညာနိုင်ရုံမျှသော အဆင့်အတန်းမျိုးကို ကျေနပ်နှစ်သက်ခဲ့သည် မဟုတ်ချေ။

အနောက်နိုင်ငံတိုင်းပြည်များသည် ပစ္စည်းအင်အား၊ သက်နက်အင်အားနှင့် လောကဓာတ်ပညာအင်အားတို့တွင် အရှေ့တိုင်းပြည်များထက် ကြီးမားကြသည့်အလျောက် ထိုသို့ အင်အားကြီးနေသမျှ ကာလပတ်လုံး အရှေ့တိုင်းနိုင်ငံများပေါ်၌ သင့်ရာသင့်ရာ ကြီးစိုးလွှမ်းမိုး၍ နေကြသည်ကို ဗိုလ်ချုပ်တွေးမိခဲ့၏။

ထိုလွှမ်းမိုးမှုကို အရှေ့အာရှတိုက်ရှိ တိုင်းငယ်ပြည်ငယ်တိုင်း အမည်အားဖြင့် လွတ်လပ်ပြီးစေကာမူ ဆက်လက်၍ ခံစားနေကြရဦးမည်ဖြစ်၏။ ထိုဘေးရန်ကို တွန်းလှန်ပယ်ဖျက်နိုင်မည့် နည်းမှာလည်း အာရှတိုက်ပြည်ထောင်ကလေးများ စည်းလုံးညီညွတ်ခြင်းနည်းလမ်းသာဖြစ်သည့်အလျောက် ဗိုလ်ချုပ်သည် ဗမာပြည်၏လွတ်လပ်ရေးကို စာတွေ့ရော လက်တွေ့ရော အထမြောက်စေရန် ရည်သန်လျက် အရှေ့အာရှပြည်ထောင်များ၏စည်းလုံးရေးကို မလွတ်လပ်သေးမီကပင် မျှော်မှန်းခဲ့၏။

မြန်မာပြည်အား တကယ် လွတ်လပ်စေလိုသော ဗိုလ်ချုပ်၏စေတနာသည် မြန်မာပြည် တစ်ပြည်တည်းအတွက်သာ တည်ခဲ့သည်မဟုတ်။ မြန်မာပြည်နှင့်နီးစပ်သော တိုင်းငယ် ပြည်ငယ်အားလုံး၏ လွတ်လပ်ရေးအတွက်ကိုပါ ပျံ့နှံ့၍ တည်ခဲ့၏။မြန်မာပြည်အား အမည်အားဖြင့် လွတ်လပ်ရေးရရှိစေရန် ကြိုးပမ်းရာ၌ မြန်မာအမည်ခံသူများအတွက်သာ မဟုတ်ဘဲ တိုင်းရင်းသားဟူသမျှ၏ လွတ်လပ်ရေးအတွက်ကိုပါ စေတနာထားခဲ့သည့်အတိုင်းပင် ဖြစ်၏။

မြန်မာပြည်၏အကျိုးစီးပွားအတွက် အနာဂတ်ကို ထိုးထွင်း၍ မျှော်မှန်းခဲ့သော ဗိုလ်ချုပ်၏လမ်းစဉ်များကား ကြီးမားနက်နဲလှလေသည်။

ဗိုလ်ချုပ်၏လမ်းစဉ်အရ ဟူ၍ ပြောဆိုလုပ်ကိုင်ကြသူများသည် ထိုလမ်းစဉ်အတိုင်း တကယ်ဆောင်ရွက်ကြရန် ရည်မှန်းလျက် ကြီးမားလေးလံလှသော တာဝန်များရှေ့၌ ဆောင်ရွက်ရန်များစွာ ကြွင်းကျန်၍ နေသည်ကိုသာ သတိပြုသင့်ကြ၏။

လွတ်လပ်ရေး ရပြီဟုဆိုကာ ရပြီးသော လွတ်လပ်ရေးအတွက် အထင်ကြီးနေကြလျှင် မုချမှားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်လိုက်ရပေသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# တိုးတက်ရေးသတင်းစာခေါင်းကြီး

## ဦးဘတင်

(၂၁-၁-၄၈ နေ့ထုတ်တိုးတက်ရေးသတင်းစာခေါင်းကြီးမှ ထုတ်နှုတ်ဖော်ပြချက်)

### ဗိုလ်ချုပ်လမ်းစဉ်နှင့် စီးပွားရေးဆောင်ရွက်မှု

ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်းကို တစ်တိုင်းတစ်ပြည်လုံးက ရှိသေလေးစားရာတွင် ကျွန်ုပ်တို့လည်း အပါအဝင်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဗိုလ်ချုပ်သည် နိုင်ငံရေးတွင်သာလျှင် အမြင်ကျယ်ကျယ်နှင့် ကြည့်ပြီးလျှင် ဆောင်ရွက်တတ်ရုံမျှမကဘဲ စီးပွားရေးတွင်လည်း ရှေ့အဖို့တွင် မည်သို့မည်ပုံ ဆောင်ရွက်မှသာလျှင် တိုးတက်ကြီးပွားမည်ကို မြင်သောပုဂ္ဂိုလ်ဖြစ်ပေသည်။

ဤသို့သော အမြင်မျိုးဖြင့် ဗိုလ်ချုပ်မကွယ်လွန်မီ အချိန်အနည်းငယ်အတွင်းတွင် ရန်ကုန်ပြည်လမ်း (ဆိုရှန်တို) အဆောက်အဦးတွင် အစိုးရဝန်ကြီးများ၊ အစိုးရအရာရှိများ၊ သတင်းစာဆရာများနှင့် အရပ်သား ကုန်သည်ကြီးငယ်တို့ကို ဖိတ်ကြားပြီးလျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ်များပြုလုပ်သည့် အစည်းအဝေးကြီးတစ်ရပ်ကို ကျင်းပပြီးလျှင် စီမံကိန်းများကို ရေးဆွဲခဲ့လေသည်။

ထိုသို့ စီမံကိန်းများရေးဆွဲရာတွင် တိုင်းပြည်အတွက် ပထမဦးဆုံး အရေးတကြီး ထား၍ ဆောင်ရွက်ရမည့်လုပ်ငန်းသည် စီးပွားရေးဖြစ်သည်ဟူ၍ ဗိုလ်ချုပ်မိန့်ကြားသည်ကို ကျွန်ုပ်တို့ ကောင်းစွာ သတိပြုမိပေသည်။

ယခုအခါ ဗိုလ်ချုပ်လည်း ကွယ်လွန်သွားပြီးနော
ဗိုလ်ချုပ်ချမှတ်ထားသည့် လမ်းစဉ်တစ်ရပ်ဖြစ်သော
ပွားရေးစီမံကိန်းများသည် မည်သို့သော အခြေအနေ
ဆိုက်ရောက်နေသည်ကို ကျွန်ုပ်တို့ မသိရချေ။

မည်သို့ပင်ဖြစ်စေ ယခုအချိန်သည် မနှောင်းသေး
အစိုးရအဖွဲ့က ကွယ်လွန်သူ ဗိုလ်ချုပ်ချမှတ်ထားသော
လမ်းစဉ်အတိုင်း ဆောင်ရွက်သွားပါမူ တိုင်းပြည်မှာ
ပွားရေးဘက်တွင် တိုးတက်ကြီးပွားဖွယ်ရာ လမ်းများ
ရှိပေသေးသည်။

ဤတွင်မကြာမီက ဘင်္ဂလားအနောက်ပိုင်း ဘုရ
(စီရာချာဂိုပါလ်ချယ်ရီ) က စီးပွားရေးကွန်ဖရင့်တစ်
တွင် ပြောဆိုသွားချက်များကိုလည်း အစိုးရတို့အား ကျွ
တို့ ထပ်မံသတိပေးလိုသည့်အပြင် ဝန်ကြီးရာထူးမှ နု
ထွက်သွားသော ဟသ်ာတ ဦးမြအား အမျိုးသားစီမံ
အဖွဲ့ အကျိုးဆောင်ဥက္ကဋ္ဌ အဖြစ်ဖြင့် ခန့်ထားခြင်းသ
သခင်နုအစိုးရ၏ အမြင်ကျယ်မှုပင် ဖြစ်သည်ဟု ဆို
မည်။

သို့ရာတွင် စီးပွားရေးနှင့်လည်း သက်ဆိုင်
လုပ်ငန်းများတွင် ထိရောက်စွာ ဆောင်ရွက်နိုင်သော
အစိုးရနှင့်တကွ တိုင်းပြည်မှာ ပို၍ အကျိုးများမည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ယူဆသဖြင့် ဇန်နဝါရီလ (၁၆) ရက်နေ့က အိန္ဒိယပြည် အမျိုးသားကုန်သည်ကြီးအသင်း အစည်းအဝေးကြီးတစ်ရပ်တွင် ဥက္ကဋ္ဌ (ဒီစီဒရိုင်ဘာ) ပြောဆိုချက်ကို အောက်တွင် အကျဉ်းချုပ်၍ ဖော်ပြလိုပေသည်။

အစိုးရတို့သည် ပြည်တွင်းလုံခြုံမှုနှင့်တကွ တိုင်းသူ ပြည်သားတို့၏အသက်နှင့် စည်းစိမ်ကို ကာကွယ်ပေးရုံမျှနှင့် မပြီးစီးသေးဘဲ၊ အစိုးရ၏ ပထမဦးဆုံး အဓိကဆောင်ရွက်ရမည့် လုပ်ငန်းသည် စီးပွားရေးတိုးတက်မှုဖြစ်လေသည်။ ထိုသို့ စီးပွားရေးလုပ်ငန်း တိုးတက်စေရန် ထွက်ကုန်များ ပို၍တိုးတက်စေခြင်းငှာ လိုအပ်သောအချက်များကို တိုးတက်ဆောင်ရွက်ပြီးလျှင် ထွက်သည့်ထုန်ပစ္စည်းများကိုလည်း ညီတူညီမျှဖြစ်အောင် ခွဲဝေ အသုံးချတတ်စေရမည်။

အထက်ပါ အိန္ဒိယအမျိုးသား ကုန်သည်ကြီးအသင်းအစည်းအဝေးတွင် ပြောဆိုသောစကားများနှင့် ဗိုလ်ချုပ်၏ရည်ရွယ်ချက်မှာ ထပ်တူထပ်မျှဖြစ်လျက်နေသောကြောင့် ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အား ကြည်ညိုလေးစားပြီးလျှင် ၎င်းချမှတ်သွားသောလုပ်ငန်းစဉ်များကို အောင်မြင်စေရန် အစိုးရအဖွဲ့အား အကြံဉာဏ်အားဖြင့် ကူညီလျက်နေခြင်းဖြစ်ပေသည်။

စီးပွားရေးတိုးတက်ကြီးပွားမှုနှင့် စပ်လျဉ်း၍ အစိုးရတို့က (၂ နှစ်) စီမံကိန်းရေးဆွဲထားသည်ဟု ကျွန်ုပ်တို့ကြားသိရာ ယခုအခါ တိုင်းပြည်သို့ ထုတ်ပြန်ကြေညာခြင်း မရှိသေး၍ မည်ကဲ့သို့ အစီအစဉ်မျိုးပြုလုပ်ထားသည်ကို ကျွန်ုပ်တို့ မသိရသေးချေ။

မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်၏လမ်းစဉ်အတိုင်း စီးပွားရေးလုပ်ငန်း တိုးတက်ကြီးပွားရေး အစီအစဉ်များကိုလည်း အစိုးရအဖွဲ့သည် မမေ့မလျော့ဘဲ ဆောင်ရွက်သွားရန် အရေးကြီးသည်ကို အချိန်မီသတိပေးရပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ကျန်နေသေးသော တော်လှန်ရေး

## ဗိုလ်အောင်နိုင်

## (ရဲဘော်ဂျာနယ် အမှုဆောင် အယ်ဒီတာ)

* ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ် ဘယ်လို လိုက်နေကြသလဲ။
* နိုင်ငံရေးလှုပ်ရှားမှုတွင် အဘယ်သူတွေ အများဆုံး ပါဝင်၍ ထိထိရောက်ရောက် ဆောင်ရွက်ကြသလဲ။
* ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ် ဘယ်လိုလဲ။

"ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားတာ တိုင်းပြည် ငါးပါးမှောက်လုမတတ်ရှိနေပြီ" ဟု နိုင်ငံရေးရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ တပည့်ကျော် လူငယ်သွေးသောက်ဗိုလ်တို့ မကြာခဏ ညည်းညူသံကို နားလျှံအောင် ကြားရသည့်အပြင် ...။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားတာ အချောင်သမားနဲ့ ဖော်လံဖားသဘောတရားသမားတွေ ငေါက်တောက် ထထိုင်ရဖို့နဲ့ တန်ခိုးအာဏာပြည့်ဝဖို့ ဖန်တီးလာတာပဲ။ ကြည့်ပါလား ဗိုလ်ချုပ်တို့တစ်တွေ လုပ်ကြံခံရတယ်ဆိုရင်ပဲ လက်ဝဲသဘောတရားတွေကို လူရှေ့သူရှေ့မှာ ဆီမန်း မန်းသလို မန်းကိုယ့်ကိုယ်ကိုကိုယ် တော်လှန်ရေးလုပ်နေတဲ့ လက်ဝဲသွေဖီသမားအဖြစ်နဲ့ နိုင်ငံရေးစာတ်ခုံပေါ်မှာ Social Chauvinist လက်ဝဲ သဘောတရား အရောင်ပြ ဖောက်ပြန်ရေးသမားတွေ ထကြွသောင်းကျန်းဖို့ ဖြစ်လာတော့တာပဲ။

ဒီအတိုင်းဆိုရင် တိုင်းပြည်ကံဆိုးမိုးမှောင်ကျချင် လားလို့ တွေးကြရတော့မယ်။

ဤကဲ့သို့သော အသံတွေကို နေ့တိုင်း နေ့တိုင်း ကြားနေရသည်။ သတင်းစာတွေကလည်း အမျိုးမျိုး အခု လက်ရှိ အစိုးရကို ဝေဖန်နေကြသည်။

ဖ–ဆ–ပ–လ မှာ အမျိုးသားညီညွတ်ရေးကို ရှခြင်း မရှိတော့သည့်အပြင် ပါတီအရေးတွေကို အား နေပြန်သည်။ ပါတီအရေးများကို အားပေးရာတွင် ပြည်မှာ ပေါ်ပေါက်နေသည့် လက်ဝဲပါတီတွေ အ ကိုပင်မဟုတ် ဖ–ဆ–ပ–လ အထဲမှာသာရှိသော အ အရုံးများကိုသာ အားပေးနေသည်။

ဗိုလ်ချုပ်မှာ လွန်ခဲ့သည့် တစ်နှစ်ခန့်က ကွန်မြူ ပါတီကို ဖ–ဆ–ပ–လ ထဲမှ ထုတ်လိုက်ရာတွင် ကွ နစ်ပါတီကိုသော်လည်းကောင်း ကွန်မြူနစ်ဝါဒကိုသော် လည်းကောင်း ဗမာပြည်ပေါ်မှာ ဆုံးဆုံးမြုပ်သွားအော တိုက်ဖျက်လိုက်ခြင်းမဟုတ်ဆိုသည်ကို လက်ဝဲ သမားများ လက်ဝဲဝါဒကို သက်ဝင်ယုံကြည်နေသ ဗိုလ်ချုပ်၏ စိတ်ထားကို စိစစ်ခြင်းအားဖြင့် ဗိုလ်ချု အပြုအမူများမှာ မည်မျှလောက်သာ အဓိပ္ပာယ် သည်ကို နားလည်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အသက်ရှိစဉ်က ဖ–ဆ–ပ–လ အစိုးရကို ဖွဲ့စည်းပြီးစလောက်မှာ ပြောသွားဖူးသည့် စကားတစ်လုံးကို သတိရကြလေဦးမည်။ Revolutiionary Phrase Mongering တော်လှန်ရေး ဗန်းပြသွားတဲ့လူတွေ တော်လှန်ရေးဗန်းသမားတွေကို တိုက်ပစ်နိုင်မှ ဒီမိုကရေစီ၏ အလားအလာကို တည်ဆောက်နိုင်မည်ဟု မိန့်ထားခဲ့ဖူးသည်။

ယခု မည်သူတို့မှာ တော်လှန်ရေး ဗန်းပြသမားတွေဆိုသည်ကို လူထုရှေ့မှားမှားမတ်မတ်နှင့် ရုပ်လုံးကြီးပေါ်လာပေပြီ။

တော်လှန်ရေးကို ကစားသလို လုပ်၍မရကြောင်းကို ကမ္ဘာ့တော်လှန်ရေးသမားခေါင်းဆောင်များ၏ မှာတမ်းအပြင် ဗိုလ်ချုပ်ကြီး၏ပါးစပ်မှလည်း အဖန်တလဲလဲ ပြောခဲ့ဖူးသည်ကို တွေ့ဖူး၊ ကြားဖူးပါ၏။ သို့သော် ယခုလူတစ်စု မည်သို့သောလမ်းစဉ်ကို လိုက်နေသလဲ။ နိုင်ငံရေးမှာ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်၏။ တော်လှန်ရေးလမ်းစဉ်ကို လုပ်ရမည်ဟု ဗိုလ်ချုပ်အမိန့်ရှိခဲ့ရာ၊ ယခုငင်းတို့ မည်သို့သော တော်လှန်ရေးလမ်းစဉ်ကို လိုက်နာဆောင်ရွက်နေကြသနည်း။ ကျွန်ုပ်တို့ မြင်ရသမျှမှာ ဗိုလ်ချုပ်၏ တော်လှန်ရေးလမ်းစဉ်နှင့် ကိုက်ညီပါ၏လား?။

ဗိုလ်ချုပ်ချပေးထားသည့် လမ်းစဉ်အတိုင်းလိုက်ရန်အတွက် ဖ–ဆ–ပ–လကြီးကို တစ်တိုင်းတစ်ပြည်လုံးမှ ထောက်ခံအားပေးလျက် ရှိသေးသည်။

ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးမှ ဗိုလ်ချုပ်လမ်းစဉ်အတိုင်း ဆောင်ရွက်သည်ဆိုအံ့၊ မည်သည့်လမ်းစဉ်ကို လိုက်ရမည်ဟု ညွှန်ကြားခဲ့ခြင်းရှိသည်ကို မတွေ့ရသေးချေ။ ပါတီအရေးလို လုပ်နေသည်ကိုသာ တွေ့ရ၏။ ဘယ်လိုဖြစ်သနည်း။ ဖ–ဆ–ပ–လ အဖွဲ့ချုပ်ရှိ ခေါင်းဆောင်နေရာတွေကို ပါတီခေါင်းဆောင်တွေက အကုန်လုံး သိမ်းကျုံးပြီး ယူထားသည်ကို တွေ့ရသည်။ ကျန်ရဲဘော်နှင့် လူငယ်တို့မှာ လူနည်းစုခေါင်းဆောင်များအဖြစ် ပါရှိသည်ကို တွေ့ရသည်။

ဗိုလ်ချုပ်လမ်းစဉ်အရ အမျိုးသားရေး တော်လှန်ရေးမှာ ဗမာနိုင်ငံ ကျွန်ဘဝက လွတ်မြောက်လာအောင် တော်လှန်တိုက်ခိုက်လာကြသည့်အချိန်တုန်းက အမျိုးသားရေး တော်လှန်ရေးအသွင်ကို အပြင်သဏ္ဌာန်အားဖြင့် ဆောင်လာခဲ့ကြသော်လည်း အတွင်း အနှစ္တသဏ္ဌာန်ကို ဝင်ကြည့်လိုက်လျှင် ဒီမိုကရက်တစ် တော်လှန်ရေးဆိုသည့် ပြည်သူ့စစ်ကို ခင်ခဲ့ကြသည်ကို **နားလည်ကြရမည်။** လွန်ခဲ့သော တော်လှန်ရေးများမှာ **အမျိုးသားတော်လှန်ရေး** ဖြစ်ခဲ့၏။ ပြည်သူ့စစ်ကို အုတ်မြစ်ချသွားခဲ့ပြီး **ဖြစ်၍** အမျိုးသားရေးမှ ဒီမိုကရေစီသဘောသို့ **တက်လှမ်းသည်** ဖြစ်သည့်အတိုင်း တော်လှန်ရေးလုပ်ငန်းများ **ကျန်ရှိနေ** လေသေးသည်။

လွန်ခဲ့သော တော်လှန်ရေးပထမပိုင်းတွင် **ပါဝင်** တိုက်ခိုက်ခဲ့ကြသည့် လူတန်းစားတွေကို **ကြည့်ကြပါ။** မည်သူများနည်း။ အများအားဖြင့် တောသူ **တောင်သား** လယ်သမားတွေ အများဆုံးပါဝင်ခဲ့ကြသည်။

လူငယ်လူရွယ်ကျောင်းသားတွေ ကျောင်း**စာသင်** ခန်းမကြီးထဲမှ ထွက်ပြီး လွတ်လပ်ရေးကြွေးကြော်သံ အမျိုးမျိုးနှင့် တိုက်ပွဲဝင်နွှဲခဲ့ကြသည်။ သေနတ် ခဲယမ်းမီးကျောက်တွေ ကိုင်ပြီး စစ်မြေပြင်ဆင်းခဲ့ကြသည်။ သွေးမြေကျခဲ့သည်။ သွေးတွေ ယနေ့အထိ မခမ်းခြောက်သေး။ အရိုးတွေ တောင်လိုပုံခဲ့သည်။ ယနေ့အထိ ထိုအရိုးများ မကြေမမွရှိသေးသည်။

ဤလူတန်းစားများ မည်သည့်အတွက် တိုက်ပွဲဝင်နွှဲခဲ့ကြသနည်း။ လွတ်လပ်ချင်သည်။ လူချင်းတူတူ သူချင်းမျှမျှ နေချင်ကြသည်။ သူတို့တစ်တွေ ထကြွလာခဲ့ကြခြင်းမှာ မည်သူ့ကိုမျှ အားမကိုးခဲ့။ လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးအတွက် ဖြစ်ခဲ့ကြသည်။ ဤသို့ အခွင့်အရေးများ ဖြစ်မြောက်ရန်လည်း ဗိုလ်ချုပ်လမ်းစဉ်ချမှတ် သည်၊ အစပျိုးခဲ့သည်။ ရှေ့ဆောင်ခဲ့သည်။

ယခု ဗိုလ်ချုပ်ကျဆုံးပြီ၊ သူတို့ အားကိုးစရာမရှိ။ ဗိုလ်ချုပ်ကျဆုံးသည်နှင့် ဗိုလ်ချုပ်လမ်းစဉ် ဘယ်မှာမှန်း မသိဖြစ်နေ၏။

အထူးသဖြင့် ရဲဘော်တွေမှာ သာ၍ဆိုးဝါးခဲ့သည်။ ရဲဘော်များမှာ ဗိုလ်ချုပ်နောက်မှ မကွဲမကွာ တိုက်ပွဲဝင်ခဲ့သည်။ ဗိုလ်ချုပ် မရှိသည်နှင့် ရဲဘော်များ ဖရိုဖရဲဖြစ်ရန် ကြိုးပမ်းသူများ မရှားတော့ချေ။ တွေ့နေရသည်။ မြင်နေရသည်။ ကြားနေရသည်။ သို့သော် ရဲဘော်တွေ လိမ်မာသဖြင့် ပါးနပ်သဖြင့် အဖက်ဆယ်နိုင်ခဲ့သေးသည်။

ရဲဘော်တွေ စေတနာကောင်းနှင့်တိုင်းပြည်**အကျိုး** လုပ်ရာမှ ပါတီအကျိုးမပါ၍ တိုက်ဖျက်ခံခဲ့ကြ**ရ**

www.burmeseclassic.com



ဥပမာတင်ရသော် ရဲဘော်ဗိုလ်သိမ်းဆွေကို ကြည့်အံ့၊ ဗိုလ်သိမ်းဆွေမှာ တက္ကသိုလ်ကျောင်းသားဘဝမှာ တော်လှန်ရေးတွင် ဝင်ရောက်လာရာ တော်လှန်ရေးလမ်းစဉ်တစ်လျှောက်တွင် သူ့ရာဇဝင် ပါဝင်ချိတက်ခဲ့၏။

သို့သော် နောက်ဆုံးဘယ်သူတွေ တိုက်ဖျက်ခြင်းကို ခံလိုက်ရသည်ကို လူထုမျက်မြင်ဖြစ်၍ ထပ်ပြီး ရှည်ရှည်လျားလျား ရေးနေရန် မလိုတော့ပေ။

အရင်းစစ်လိုက်သော် တိုင်းပြည်အတွက် ရဲရဲ–တော်လှန်လိုက်၍ အချောင်သမားတို့ တစ်သိုက်က အာဏာလက်နက်ဖြင့် တိုက်ထုတ်လိုက်ခဲ့သည်။ သို့သော် ရဲဘော် ဖွဲ့ကား အာဇာနည်ဗိမာန်ဝင်မှသာ အဆုံးရှိမည်ဖြစ်ကြောင်း အားပေးတိုက်တွန်းလိုက်သည်။

သူ့ကဲ့သို့ ခံလိုက်ရသော ရဲဘော်တွေအများအပြားရှိသေး၏။ တိုင်းပြည်တစ်ပြည်လုံးလည်း သူ့နည်းနှင်နှင်ခံနေကြရသည်။ လက်ဝဲနိုင်ငံဘဝသစ် အစစ်ကို မရရှိသမျှ လောကပတ်လုံး အချောင်သမား ဝါဒစိတ်ဓာတ်များ မကျသေးသ၍၊ သို့သော် အပြုအမူများ ပပျောက်မည်မဟုတ်ကြောင်းကို ယုံကြည်သည်။

ဒီမိုကရေစီခေတ်ဖြစ်သော နိုင်ငံသစ်ကို ကျွန်ုပ်တို့ တစ်ဖန် ဖန်တီးသွားကြရဦးမည်မှာ ဆုံးခန်းတိုင်အောင် မရောက်ရှိကြသေးရကား ကမ္ဘာ့ရာဇဝင်ကို ပြန်ပြောင်းကြည့်ခြင်းအားဖြင့် ၁၇၀၇ ခုနှစ်လောက်က ပြင်သစ်ပြည်တွင် ပြင်သစ်အရေးတော်ပုံ ပေါ်ပေါက်လာခဲ့ကြရာတွင် ထိုအရေးတော်ပုံမှာ ဆင်းရဲသား တောသူလယ်သမား အတန်းစားတို့၏ တော်လှန်ရေးကို တွေ့ခဲ့ရသည်။ သို့သော် ထိုတော်လှန်ရေးကို ခေါင်းဆောင်ခဲ့သူတို့ ဖြစ်သော (Danton and Robespiere) ဒန်တန်နှင့် ရိုဗက်စပီး အရ်တို့သည် ဂျက်ကိုဗင် ဂိုဏ်းသားများ၏ ရက်စက် ကြမ်းကြုတ်စွာသော အပြုအမူတို့ကြောင့်လည်းကောင်း ပြည်သူ့လုံခြုံရေးကို ကောင်းစွာမပြုလုပ်ပေးနိုင်သဖြင့် လည်းကောင်း၊ ခေတ္တမျှသောအချိန်ကလေးအတွင်း တည် တံ့ခဲ့ဖူးသော ပြင်သစ်သမ္မတနိုင်ငံအစိုးရအဖွဲ့မှာ မည်သို့ ပင် လူထုက စိတ်အားထက်သန်စွာ အစပထမက အား ပေးမှုကို ပြုခဲ့သော်လည်း လူထုလက်သို့ အခွင့်အရေးများ ထိရောက်စွာ မထည့်ပေးနိုင်ခဲ့ကြ၍ ပြုတ်ကျခဲ့ဖူးသည် သတိမူကြရမည်ဖြစ်သည်။

ဤဗမာပြည်တွင် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲ စဉ်က ဗိုလ်ချုပ်ဦးစီး၍ လူထုအုံကြွလာခဲ့ကြသည်။ ဗိုလ် ချုပ်ဆွဲထားသော လမ်းစဉ်ကိုလည်း တသဝေမတိမ်း လိုက်နာကြသည်။

ကျွန်နိုင်ငံဘဝမှ လောကနိဗ္ဗာန်သို့ ချီတက်ကြ မည့် ဗမာ့လူထုကား တော်လှန်ရေးလမ်းစဉ်အစကို ထင် ထင်ရှားရှား တွေ့မြင်ခဲ့ပြီ၊ ပါဝင်ခဲ့ရပြီ။ သို့သော် တကယ့် ဒီမိုကရေစီသစ်နိုင်ငံတော်ကြီးအဖြစ် ဖန်တီးရန်အတွက် တော်လှန်ချီတက်ကြရန် လုပ်ငန်းများကား ကျန်ရှိနေ သေးတော့သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# လူထုအကျိုး

## (ကိုယ်တွေ့ ဗိုလ်ချုပ်လမ်းစဉ်)

## လှသမိန်

အချိန်ကား မြန်မာပြည်လုံးကျွတ် ဖ–ဆ–ပ–လ ညီလာခံကြီး ကျင်းပသော ၁၉၄၆ ခု ဇန်နဝါရီလ ၂၁ ရက်နေ့ည ဖြစ်လေသည်။

နေရာကား ရွှေတိဂုံစေတီတော်အလယ်ပစ္စယံ ညီလာခံမဏ္ဍာပ်ကြီးအနီးရှိ ဒိုက်ဦးဇရပ်တွင် ဖြစ်လေသည်။ ထိုအချိန် ထိုနေရာတွင် ဗိုလ်ချုပ်လမ်းစဉ် တစ်ခုကို သိရှိခဲ့ရလေသည်။

ထိုစဉ်က ညီလာခံကြီးကျင်းပရန် မြန်မာပြည်ခရိုင်မြို့နယ်အသီးသီးမှ ကိုယ်စားလှယ် အချိုးကျတက်ရောက်ရန် ဖဆပလဌာနချုပ်မှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားခဲ့လေသည်။ ထိုအချိန်တွင် ညီလာခံသို့ ကိုယ်စားလှယ်များ တက်ခွင့်ရရန် နယ်များတွင် ဖဆပလ အတွင်းရှိ ပါတီများ အကြိတ်အနယ် ကြိုးစားကြသော အချိန်ဖြစ်လေသည်။

ဌာနချုပ်မှ ကြေညာချက်များမှာ အချို့နယ်များသို့ ညီလာခံရက်နီးကပ်မှ ရောက်ရှိလာလေသည်။ ထိုသို့ ရောက်ရှိလာရာတွင် အချိန်မီပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးကောက်စေလွှတ်ရန် မဖြစ်နိုင်တော့သဖြင့် အလျဉ်းသင့်သလို ကိုယ်စားလှယ်များ ရွေးကောက်ကြရလေသည်။ အချို့ခရိုင်များ နယ်များတွင်လည်း ပါတီရေးများကြောင့် ကြေညာချက်နောက်ကျသည်ဟုအကြောင်းပြကာ လက်သင့်ရာ ကိုယ်စားလှယ်အချို့ ရွေးခဲ့ကြလေသည်။ အချို့လည်း ဖြစ်ကတတ်ဆန်း အစည်းအဝေးဖြင့် အဆိုသွင်း၍ ရွေးခဲ့ကြလေသည်။ သို့ရာတွင် ထိုသို့မညီမညွတ်သော ခရိုင်များမှာ အနည်းငယ်မျှ မဆိုစလောက်သာဖြစ်၍ ပြည်လုံးကျွတ်ကိုယ်စားလှယ်များသာ များပြားခဲ့လေသည်။

ထိုစဉ်က ကိုယ်စားလှယ်ရရှိရေးအတွက် ပါတီများ ကြိုးစားကြခြင်းမှာ ညီလာခံတွင် ဦးစီးအဖွဲ့ဝင်များ ရွေးချယ်မည်ဖြစ်သဖြင့် ဦးစီးအဖွဲ့တွင် ပါတီအင်အားများပြားစေရန် အကြိတ်အနယ်ပြိုင်ကြခြင်းဖြစ်လေသည်။ ထိုစဉ်က ပါတီချင်းပြိုင်မှုရှိစေကာမူ လူထု၏ အဆုံးအဖြတ်သာ လျှင် ပဓာနဖြစ်၍လည်းကောင်း ဦးစီးအဖွဲ့တွင် ပါတီအနေနှင့်ကိုယ်စားလှယ်သွင်းမည် မဟုတ်သဖြင့်လည်းကောင်း (ဖဆပလ) အပြင်မှ ပါတီများနှင့် လူထုကိုပါ ကိုယ်စားလှယ်တက်ခွင့်ပေးထားခဲ့သဖြင့်လည်းကောင်း ပါတီရေးအနည်းငယ်မျှ ပေါ်ပေါက်ခဲ့စေကာမူ တညီတညွတ်တသံတည်း ထွက်သော ပြည်သူ့ညီလာခံကြီးအဖြစ် ထွက်ပေါ်လာခဲ့ပေသည်။

ဤတွင် ဗိုလ်ချုပ်သည် ပါတီရေးထက် လူထုရေးကို

www.burmeseclassic.com



သာ ရှေ့ရှု၍ (ဖဆပလ) ကို ဗမာပြည် လူဦးရေ (၁၇) သန်းလက်ဝယ်သို့ ပုံအပ်ခဲ့လေသည်။

ထိုသို့ ညီလာခံအတွက် ကိုယ်စားလှယ်များ ဆိုက်ရောက်လာကြရာတွင် ခရိုင် ၃ ခုမှ ဦးစီးအဖွဲ့ဝင်ရွေးချယ်ရေးနှင့် ပတ်သက်၍ မကျေမနပ်မှုများ ထွက်ပေါ်လာခဲ့လေသည်။ ထိုခရိုင်များအနက် မကျေမနပ်ဖြစ်ပွားမှု တစ်ခုမှာ ပါတီရေးများကြောင့် ဖြစ်ရာ တစ်ဖက်နှင့်တစ်ဖက် ငြင်းခုံရာမှ အတွင်းရေးများလည်းအပြင်သို့ ပေါ်ထွက်လုနီးပါးဖြစ်ခဲ့လေသည်။

ထိုမကျေနပ်မှုများမှာ သာမန်ပါတီရေးမျှဖြစ်သော်လည်း ညီလာခံကြီးတစ်ခုလုံးကို ပျက်စီးစေနိုင်သောအကြောင်းရှိလေသည်။ ဦးစီးအဖွဲ့ဝင်များကို နောက်တစ်နေ့ ညီလာခံတွင် ကြေညာရမည်ဖြစ်ရာ ညအချိန်အထိ ထိုခရိုင်သုံးခု မှအဆုံးအဖြတ်မရောက်နိုင်ဘဲ ပွစိပွစိဖြစ်နေခဲ့ရာ နောက်ဆုံးတွင် ဗိုလ်ချုပ်ရှေ့မှောက်တွင် အဆုံးအဖြတ်ခံရန် စခန်း သို့ ရောက်လေတော့သည်။

ကျွန်ုပ်သည် မကျေနပ်မှုများပေါ်ပေါက်သည့် ခရိုင်တစ်ခုမှ မည်သည့်ပါတီမှ မဟုတ်သော လူထုကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရ၏။

ထိုနေ့ညနေတွင် ဗိုလ်ချုပ်သည် မပြီးပြတ်သော (၃) ခရိုင်ကို ဆင့်ခေါ်လိုက်၏။ တစ်ခရိုင်ပြီး တစ်ခရိုင် မကျေနပ်မှုများကို တံခါးပိတ်၍ ဖြေရှင်းပေးလိုက်၏။ ကျွန်ုပ်တို့ခရိုင် (၃၀) ကျော်ပြီး နောက်ဆုံးအလှည့်ကျသွား၏။

လူတိုင်းဗိုလ်ချုပ်မည်သို့ ဆုံးဖြတ်မည်ကို သိလိုနေကြ၏။ ပြီးစီးသွားသော ခရိုင်များကို လိုက်လံမေးမြန်းသော်လည်း မကျေနပ်မှုအကြောင်းခြင်းမတူသဖြင့် ကျွန်ုပ်တို့ကိစ္စကို မည်သို့အဆုံးအဖြတ်ပေးမည်ကို မသိနိုင်ကော့ပေ။

ဒုတိယခရိုင်ပြီး၍ တံခါးဖွင့်ထွက်လာကြသောအခါ ကျွန်ုပ်တို့ခရိုင် ကိုယ်စားလှယ်များမှာ ဗိုလ်ချုပ်အကဲကို ကြည့်၍ ရင်တထိတ်ထိတ်နေကြ၏။ ပါတီဝင်များကား ၎င်းတို့ တိုက်ရိုက်အရေးဖြစ်၍ မိမိတို့အရေးသာမှု အတွက် စိတ်စောကြ၏။ ကျွန်ုပ်ကား ဗိုလ်ချုပ်မှာ လူဖြောင့် စိတ်တို သမားတစ်ဦး ဘွင်းဘွင်းသမားတစ်ဦးဖြစ်ကြောင်း သိ ထားသဖြင့် ကြိမ်းမောင်းဆူပူတော့မည်ကိုသာ ကြောက် နေ၏။

ဆွယ်တာလက်ပြတ်နှင့် လည်ပင်းတွင် လည်ပတ် ကို ကပိုကရိုပတ်ကာ လက်တွင် စိတ်ပုတီးစိပ်ရင်း ခေါက် တုန့်ခေါက်ပြန် လျှောက်နေသော ဗိုလ်ချုပ်ကိုတွေ့ရသော အခါ ထင်သလို စိတ်ဆိုးပုံမပေါ်သဖြင့် အတော်စိတ် သက်သာရာရမိ၏။

နောက်ဆုံးတွင် သခင်ဝတင်က လာခေါ်၍ ကျွန်ုပ် တို့တစ်စု လိုက်သွားကြ၏။ ဗိုလ်ချုပ်ရှေ့တွင် အရှုပ်တော် ပုံကို ဖွင့်ချပြ၏။ အားလုံးငြိမ်သက်ကာ အဆုံးအဖြတ်ကို နာခံနေကြ၏။

"ခက်တယ်ဗျာ ခင်ဗျားတို့ဟာ ကြည့်လုပ်ကြပါဦး" ဟု ဗိုလ်ချုပ်အသံထွက်လာသောအခါ လူတိုင်းနားစွင့်ကြ ၏။

"ကျုပ်ဆုံးဖြတ်တာ နာခံမလား" ဟု နောက်ဆုံး စကားတစ်ခွန်း ထွက်ပေါ်လာသောအခါ အားလုံးကတိ ဝန်ခံလိုက်ကြ၏။

"ကဲ ဒါဖြင့် ခင်ဗျားတို့ လူများစု ဆုံးဖြတ်ရာကို နာခံကြဖို့ပဲရှိတယ်။ ပါတီနဲ့တွက်လို့ မပြီးဘူး လူထုကိုယ် စားလှယ်ဖြစ်ဖို့ပဲ အရေးကြီးတယ်" ဟူသော စကားအဆုံး တွင် ကျွန်ုပ်တို့ခရိုင်မှ လူများစုရွေးချယ်တင်မြှောက်လိုက် သည့်အတိုင်းပင် အတည်ပြုလိုက်လေတော့သည်။

ထိုအချိန်တွင်မှ ဗိုလ်ချုပ်မှာ ပါတီရေးထက် လူထု ရေးကို ရှေ့ရှုသောလမ်းစဉ်တစ်ရပ်ကို လိုက်နာစောင့်ထိန်း ပါပေတကားဟု နှလုံးသွင်းမိပေတော့သည်။

ဤကား ကိုယ်တွေ့ဗိုလ်ချုပ်လမ်းစဉ်သာ ဖြစ်လေ သည်။ ။

ဗိုလ်ချုပ်လမ်းစဉ် တည်မြဲပါစေ

၁၉၄၇ခု၊ မတ်လ၊ ဗိုလ်ချုပ်လမ်းစဉ် (

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြည်ထောင်စုညီညွတ်ရေး၏ အခြေခံတရားများ

ဝိဓူရ သခင်ချစ်မောင်

ရှေးပဝေသဏီကာလမှစ၍ မြန်မာနိုင်ငံသည် လူမျိုးစု ပေါင်းစုံ နေထိုင်ရာ တိုင်းပြည်ဖြစ်ခဲ့သည်။ မြောက်ဘက်စွန်းတွင် ဟိမဝန္တာတောင်တန်းကြီး၏ ဆောင်စွယ်၊ တောင်ခါးပန်းများ၊ တိဘက်ကုန်းမြင့်ကြီးများ၊ အနောက်နှင့် အရှေ့ဘက်တွင် ကြီးမားလှသော အိန္ဒိယ ပြည်ကြီးနှင့် တရုတ်ပြည်ကြီး၊ တောင်ဘက်တွင် မိုင် ပေါင်းများစွာ ရှည်လျားလှသော အရှေ့တောင်အာရှ ကျွန်းဆွယ်ကြီး၏ ပင်လယ်ကမ်းရိုးတန်း ... ဤသို့သော ပတ်ဝန်းကျင်အခြေအရံအတွင်းတွင် မြန်မာပြည်သည် လူမျိုးစု ပေါင်းစုံဆင်းသက် အရည်ပျော် စုဝေးရာဒေသ ဖြစ်ပေသည်ဟု ကမ္ဘာက သမုတ်ထားပေသည်။

အိန္ဒိယပြည်အစိုးရ၏ ၁၉၁၇ ခုနှစ်၊ မြန်မာပြည် လူမျိုးစုများ လေ့လာရေး စစ်တမ်းအရလည်းကောင်း၊ ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအရလည်းကောင်း၊ မြန်မာပြည်တွင် လူမျိုးစုကြီး ၁၁ မျိုး၊ လူမျိုးအနွယ်အား ဖြင့် ၅၅ မျိုး၊ ဘာသာစကားငယ်ပေါင်း ၁၃၁ မျိုးရှိသည် ဟု ဆိုလေသည်။ ထို့အတူ ဘာသာပေါင်းစုံကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသော နိုင်ငံဖြစ်လေသည်။ ဗုဒ္ဓဘာသာ ၈၄ ရာခိုင်နှုန်း၊ နတ် ၅.၂ ရာခိုင်နှုန်း၊ ဟိန္ဒူ ၃.၉ ရာခိုင်နှုန်း၊ မူဆလင် ၄ ရာခိုင်နှုန်း၊ ခရစ်ယာန် ၂.၃ ရာခိုင်နှုန်း၊ ကွန်ဖြူးစီးယာ့(စ်) ၀.၂ ရာခိုင်နှုန်း၊ ရေဝတီ ၀.၀၀၈ ရာခိုင်နှုန်း၊ ဆစ် ၀.၀၇ ရာခိုင်နှုန်းနှင့် ဂျိန်းဘာသာ ၀.၀၀၅ ရာခိုင်နှုန်း ဟူ၍ ဖြစ်ပေသည်။ ယခုခေတ် နောက်ဆုံးသုတေသနပြုချက် တရားဝင်စာရင်းအရ ဆို လျှင် မြန်မာပြည်တွင် တိုင်းရင်းသားလူမျိုးစုပေါင်း (၆၇)မျိုး ရှိလေသည်။

ဤသို့ဖြင့် မြန်မာပြည်သည် လူမျိုးစုပေါင်းစုံနေ ထိုင်ရာ၊ ဘာသာပေါင်းစုံ ကိုးကွယ်ရာ တိုင်းပြည်ဖြစ် ကြောင်း ထင်ရှားပေသည်။ တိုင်းရင်းသား အမျိုးအနွယ် အားဖြင့် ထိုသို့ ကွဲပြားစုံညီရုံသာမက နိုင်ငံကြီးနှစ်ခု အကြားတွင် နယ်ချဲ့နိုင်ငံကြီးတစ်ခု၏ ကျွန်သပေါက် အဖြစ် နှစ်ပေါင်းတစ်ရာကျော် ခံစားခဲ့ရပြန်ရကား နိုင်ငံ ခြားသားပေါင်းစုံ လွတ်လပ်စွာ ပျော်မြူးသွေးစုပ်ခဲ့ရာ နိုင်ငံလည်း ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် မြန်မာပြည်တွင် လူမျိုးစုပြဿနာများကို ဖြေရှင်းရာ၌လည်းကောင်း၊ နိုင်ငံ ခြားသားပေါင်းစုံ လွှမ်းမိုးခံရမှုပြဿနာများကို ဖြေရှင်း ရာတွင်လည်းကောင်း၊ အလွန်နက်နဲ ခက်ခဲ၍ ရှုပ်ထွေး သော အခြင်းအရာများ ရှိနေရကား တိုင်းပြည်ခေါင်း ဆောင်တို့သည် ကြီးမားသော အမြော်အမြင်၊ နက်နဲသော သတိသမ္ပဇဉ်တို့ဖြင့် ဖြေရှင်းရမည်သာ ဖြစ်ပေသည်။

www.burmeseclassic.com



ပြည်ထောင်စုညီညွတ်ရေး(ဝါ)လူမျိုးစုအားလုံး သွေးစည်း ညီညွတ်ရေး ပြဿနာကို ဖြေရှင်းရာတွင် အောက်ပါ ထူးခြားသော အခြင်းအရာကြီး ၅ ရပ်ကို အစဉ် အလေးမူရမည်ဟု ယူဆပေသည်။ ၎င်းတို့မှာ

(က) များစွာသော လူမျိုးစုများသည် ပြည်မကြီးကို ဝိုင်းရံထားသော ဒေသများ၊ တံခါးပေါက်ကြီးများကို အစဉ် စောင့်ထိန်း နေထိုင်ကြသည်ဟူသော အချက်။ (လူမျိုးစုများ ဝိုင်းရံနေထိုင်ရာ တောင်တန်းဒေသများသည် တိုင်းပြည်ဧရိယာ၏ ၄၃ရာခိုင်နှုန်း ရှိသည်)

(ခ) မြန်မာလူမျိုးစုမှာ အရေအတွက်အားဖြင့်လည်းကောင်း၊ အရည်အချင်းအားဖြင့်လည်းကောင်း နှိုင်းယှဉ်လျှင် များစွာ သာလွန်ကွာဟမှုရှိ၍ အခြားသော လူမျိုးစုမှာ ပဒေသရာဇ်စနစ်နှင့် နယ်ချဲ့စနစ်တို့၏ နှစ်ပေါင်းများစွာ သွေးခွဲညှဉ်းပန်းထားခဲ့မှုကြောင့် လွန်စွာ အောက်တန်းကျသည့်ဘဝတွင် ကျန်ရစ်ခဲ့သည်ဟူသောအချက်။

(ဂ) တစ်ပြည်ထောင်လုံးရှိ စီးပွားရေးအခြေအနေများ၊ သယံဇာတ ပစ္စည်းဝတ္ထုထုတ်လုပ်နိုင်မှုအနေအထားများသည် တစ်ပြည်ထောင်လုံးရှိ လူမျိုးစုများ သွေးစည်းညီညွတ်မှု၊ စုပေါင်းအားထုတ်မှသာ စုစည်းဖြစ်မြောက်နိုင်သည်ဟူသောအချက်။ တစ်နည်းအားဖြင့် ဆန်ရေစပါး၊ လမ်းပန်းအဆက်အသွယ်၊ ပင်လယ်ဆိပ်ကမ်း၊ လူထုလုပ်အား သာလွန်သော မြန်မာမျိုးစုံနှင့် သစ်တော၊ သတ္တု၊ ကျောက်သံပတ္တမြား စသည့် သယံဇာတပစ္စည်းများ ကြွယ်ဝလှသည်။ အခြားလူမျိုးစုများသည် ဘောဂဗေဒနည်းအရ မည်သည့်နည်းနှင့်မျှ ကင်းကွာ ဆန့်ကျင်၍မဖြစ်၊ စုစည်းအားထုတ်မှသာ တိုးတက်နိုင်သည်ဟူသော အချက်။

(ဃ) ပထဝီနှင့် သမိုင်း အစဉ်အလာအရ များစွာသော လူမျိုးများသည် ရှေးပဒေသရာဇ်ခေတ်မှာရော၊ ကိုလိုနီခေတ်မှာရော လွတ်လပ်စ ပြည်ထောင်စုခေတ်မှာရော သူ့ဒေသနှင့် သူ့ယဉ်ကျေးမှု ဓလေ့ထုံးစံများအရသာ သီးသီးခြားခြား အေးအေးလူလူ နေထိုင်လာခဲ့ကြသည်ဟူသောအချက်။ (ဤအချက် များစွာအရေးကြီးပါသည်)

(င) လူမျိုးစုကြီး တစ်စုတစ်စုအတွင်းတွင် အနွယ်တူ မျိုးကွဲအုပ်စုငယ်များဖြင့်သာ မြောက်မြားစွာ ဖွဲ့စည်းနေထိုင်ကြသည်ဟူသောအချက်။

ပြည်ထောင်စုညီညွတ်ရေးပြဿနာကို ဖြေရှင်းရန် စဉ်းစားတိုင်း အထက်ဖော်ပြပါ အခြင်းအရာကြီး ၅ရပ်ကို အထူးတလည် ထည့်သွင်း အခြေခံရမည်၊ စဉ်းစားရမည်ဟု ယူဆပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအခြင်းအရာကြီး ၅ရပ်သည် မြန်မာပြည်လူမျိုးစုများအတွင်းတွင် အစဉ်အလာများအရ တကယ်ရှိနေ၊ ဖြစ်နေသော အမှန်တရားများ ဖြစ်နေသောကြောင့်ပေတည်း။

ထို့နောက် လူမျိုးစုပေါင်းစုံနေထိုင်ရာ မြန်မာနိုင်ငံအတွက် သွေးစည်းညီညွတ်နိုင်ရာ အခြေခံမှုကြီးများသည် မည်သည်တို့ဖြစ်သင့်သနည်းဟု ဆက်လက်ရှာဖွေရန် ဖြစ်ပေသည်။ နိုင်ငံတကာအတွေ့အကြုံများ အထူးအားဖြင့် လူမျိုးစုပေါင်းစုံနေထိုင်ရာ ဆိုရှယ်လစ်နိုင်ငံများ၏အတွေ့အကြုံများကိုလည်း စိစစ်လေ့လာသင့်ပေသည်။ ထို့နောက် မြန်မာပြည်၏အထက်ပါ ထူးခြားသော အခြင်းအရာကြီး ၅ ရပ်နှင့် ဆက်စပ် အခြေခံနိုင်ရမည်ဖြစ်ပေသည်။

ဤနေရာတွင် လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေး၏အခြေခံမှုကြီး ၃ရပ်ကို တွေ့ရှိရပေသည်။ ၎င်းတို့မှာ (၁) တန်းတူညီမျှဖြစ်ရေး၊ (၂) ညီရင်းအစ်ကို သွေးစည်းညီညွတ်စွာ ဖွဲ့နှောင်နေထိုင်ရေးနှင့် (၃) အပြန်အလှန် ပူးပေါင်းကူညီရေးဟူ၍ ဖြစ်ပေသည်။ ထိုအခြေခံမှုကြီးတစ်ခုတစ်ခုကို အကျယ်ဝိတ္ထာရပြု၍ ဆွေးနွေးစိစစ်ကြည့်ပါက များစွာ စိတ်ဝင်စားဖွယ်ဖြစ်သည့်အပြင် ကျယ်ဝန်းသော အနက်အဓိပ္ပာယ်ကြီးများကိုလည်း ဆောင်ကြဉ်းနေလေသည်။

သာဓကအားဖြင့် လူမျိုးစုများအားလုံး နိုင်ငံတော်ဖွဲ့စည်းပုံအရ တန်းတူညီမျှဖြစ်ရေးပြဿနာ ဆိုပါစို့။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို တန်းတူညီမျှဖြစ်ရန် မည်သူတို့ လက်ထဲတွင် မည်သို့ ထားမည်နည်း၊ နိုင်ငံတော်ကို မည်သို့ ဖွဲ့စည်းမည်နည်း၊ နိုင်ငံတော်ကို တစ်ခုတည်းပုံစံဖြင့် ဖွဲ့စည်းမည်လော၊ ပြည်ထောင်စု ဖက်ဒရယ်ပုံစံဖြင့် ဖွဲ့စည်းမည်လော၊ တန်းတူညီမျှဖြစ်ရ မည်ဆိုသောကြောင့် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်ပြည်နယ်များဖြင့်သာ ပြည်ထောင်စုကို ဖွဲ့စည်း မည်လော၊ သို့မဟုတ် အရေအတွက်အရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အရည်အချင်းအရသော်လည်းကောင်း၊ နှိုင်းဆဉ်လျက် များစွာသာလွန်ကွာဟနေသော မြန်မာလူမျိုးစုကြီးနှင့် အခြားလူမျိုးစုများကို တစ်လုံးတစ်စုတည်းသော နိုင်ငံတော်ပုံစံအတွင်းတွင် ရောမွှေကာ တန်းတူညီမျှမှုကို ရောနှော အကောင်အထည်ဖော်မည်လော စသည်... သည်... အစွန်းထွက်ပြဿနာများသည် မြောက်မြားစွာ ရှိနေပေသည်။

မည်သို့ပင်ရှိစေ လူမျိုးစုပေါင်းစုံနေထိုင်ရာ နိုင်ငံတစ်နိုင်ငံအတွက် တကယ်တမ်း သွေးစည်းညီညွတ်မှု၊ တိုးတက်ကြီးပွားမှု ရယူတည်ဆောက်လိုပါက လူမျိုးစုတိုင်းသည် တန်းတူညီမျှအခွင့်အရေးကို သဘောတရားရော၊ လက်တွေ့တွင်ပါ ခံစားခွင့်ရှိနေမည်မှာ မုချဖြစ်ပေသည်။ တန်းတူညီမျှ အခြေခံပေါ်တွင် ဖွဲ့စည်းနေထိုင်မှု မပြုနိုင်ပါက မည်သည့်လူမျိုးစုကြီးငယ်မျှ ကျေနပ်ပြေလည်နိုင်မည်မဟုတ်ပေ။ လက်ဝါးကြီးအုပ် လူမျိုးကြီးဝါဒ၊ ကျဉ်းမြောင်းသော လူမျိုးငယ်ဝါဒတို့၏ ပဋိပက္ခများဖြင့် သာ ညီညွတ်မှုအားလုံး၊ တိုးတက်မှုအားလုံးတို့ကို ကြီးစွာ အတားအဆီးပြုနေမည်မှာ အမှန်ပင်ဖြစ်ပေသည်။ အတိတ် မြန်မာနိုင်ငံပြည်ထောင်စုဖွဲ့စည်းပုံ၏ တန်းတူညီမျှ မဖြစ်မှု၊ သဘောတရားနှင့် လက်တွေ့ များစွာ ကွာဟခဲ့မှု တို့သည် ကြီးစွာသော သွေးကွဲမှုနှင့် သွေးထွက်သံယိုမှုများကို ဖြစ်စေခဲ့ပေပြီ။ ယနေ့ ကမ္ဘာတွင် အနည်းငယ်သော ကွာဟမှုရှိရုံမျှနှင့် အကြီးအကျယ် သပ်လျှိုး၍ ခွဲစိတ်ပစ် လိုက်မည့် နယ်ချဲ့ပယောဂများသည် များလှပါဘိတောင်း။

ထို့ကြောင့်လည်း ကွယ်လွန်သူ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လူမျိုးစုများ သွေးစည်းညီညွတ်ရေးတွင် "တန်းတူညီမျှ အခြေခံ တရား"သည် မည်မျှအရေးကြီးကြောင်း အောက်ပါ အတိုင်း မိန့်ကြားခဲ့ပေသည်။

"ဗြိတိသျှတို့က တောင်တန်းနယ် လူမျိုးများသည် အောက်ကျနောက်ကျဖြစ်နေသေးသဖြင့် လွတ်လပ်ရေးနှင့်မတန်ဟု ထင်ကြောင်း၊ ထိုသို့ ထင်မြင်ချက်ကို မြန်မာများက သဘောမတူကြောင်း၊ မြန်မာပြည်လွတ်လပ်ရေး ရသည်နှင့်တစ်ပြိုင်နက် တောင်တန်းနယ် လွတ်လပ်ရေး ရမည်ဟု မြန်မာများ ထင်မြင်ကြောင်း၊ မြန်မာများသည် တောင်တန်းဒေသအတွက် ပြောဆိုခြင်းသည် စိုးမိုးအုပ်ချုပ်လို၍မဟုတ်၊ သို့ရာတွင် *တောင်တန်းနယ်များသည် မြန်မာပြည်နှင့်တန်းတူ အဆင့်အတန်း အခွင့်အရေး ရစေလိုသောကြောင့်ပင်ဖြစ်ကြောင်း၊* မြန်မာများသည် ဗြိတိသျှကျွန် မဖြစ်လိုကြောင်း၊ ထိုနည်းတူစွာ တောင်တန်းလူမျိုးများသည်လည်း ဗြိတိသျှကျွန်များအဖြစ် မရောက်စေလိုကြောင်း၊ *ထို့အပြင် တောင်တန်းလူမျိုးများသည် မြန်မာ့ကျွန်အဖြစ်လည်း မဖြစ်စေလိုကြောင်း*။ (၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ပင်လုံတောင်တန်းဒေသညီလာခံ မိန့်ခွန်းမှ)

ထို့အတူ မြန်မာပြည်လွတ်လပ်ရေးကြေညာစာတမ်း အပိုဒ်(၆)တွင်လည်း "ငါတို့၏ မူလအပိုင်ဖြစ်သော လုံးဝလွတ်လပ်ရေးကို ငါတို့ပြန်ယူကြပြီး *တိုင်းရင်းသားအပေါင်းတို့ သွေးစည်းညီညွတ်ကြလျှင် အခွင့်အရေး အဆင့်အတန်း တူညီသည့်* ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီးကို တည်ထောင်ပြီး ငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန် ကြားသိစေသတည်း" ဟူ၍ ဖော်ပြကြေညာခဲ့လေသည်။

ထို့ကြောင့် အနာဂတ်ဆိုရှယ်လစ်ပြည်ထောင်စု မြန်မာနိုင်ငံတွင် လူမျိုးစုများအားလုံး သွေးစည်းညီညွတ်မှု၏ ပထမအခြေခံ တရားကြီးဖြစ်သော "တန်းတူညီမျှဖြစ်မှု" ကို မည်သို့သော နိုင်ငံတော်ဖွဲ့စည်းပုံမျိုးဖြင့် သရုပ်ဖော်ကြမည်နည်း၊ မည်သို့သော သဘောတရားနှင့် လက်တွေ့ပေါင်းစပ် အကောင်အထည် ဖော်ကြမည်နည်း။ ဤပုစ္ဆာသည် ယနေ့ ဆိုရှယ်လစ်လမ်းကြောင်းချီ မြန်မာနိုင်ငံအတွက် များစွာ အရေးကြီးလှပါသည်။ လူမျိုးပေါင်းစုံနေထိုင်သော တိုင်းပြည်တစ်ပြည်အဖို့ လူမျိုးတိုင်း တန်းတူညီမျှ (Equality of Political Status) အခွင့်အရေး ရစေနိုင်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ ပြဿနာဖြေရှင်းရေးသည် ပြဿနာအားလုံး၏ သော့ချက်ပင် ဖြစ်ပါသည်။ ဤပထမအခြေခံမှုကြီးကို ထူထောင်နိုင်ပါမှ ဒုတိယအခြေခံမှုကြီးဖြစ်သော ညီရင်းအစ်ကို သွေးစည်းညီညွတ်စွာ (Fraternal Bond) ဖွဲ့နှောင်နေထိုင်ရေးသည် အတိအကျ အကောင်အထည် ပေါ်လာမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံရေး အခြေခံရပ်တည်မှုပြေလည်ပါမှ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့် အခန်းကဏ္ဍများ ကိုယ်စီကိုယ်င ပြေလည်ရှင်းလင်းနိုင်မည်ဖြစ်ပါသည်။ သို့မှသာ

www.burmeseclassic.com

www.burmeseclassic.com



တတိယ အခြေခံမှုကြီးဖြစ်သော အပြန်အလှန် ပူးပေါင်းကူညီရေး (Mutual Co-operation)ဟူသော လုပ်ငန်းများမှာ ဆိုရှယ်လစ်စီးပွားရေး စီမံကိန်းစနစ်ပေါ်တွင် တကယ်တမ်း လက်ညီတက်ညီ လှိုက်လှိုက်လှဲလှဲ ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

ထိုအကြောင်းများကြောင့်လည်း အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံသစ်အုတ်မြစ်ချပွဲကြီးဖြစ်သော ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံကြီးတွင် ၁၉၄၇ ခု၊ မေလ ၂၃ ရက်နေ့စွဲ၌ ရာဇဝင်ကျော်အဆိုကြီး ၁၄ ရပ်ကို ခေါင်းဆောင်ချမှတ်ခဲ့လေသည်။ ဤအဆိုကြီးများအတွက် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အခြားသော နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့်တကွ ရှမ်း၊ ကချင်၊ ကရင်၊ မွန်၊ ချင်း၊ ရခိုင် စသော လူမျိုးစုခေါင်းဆောင်ကြီးများနှင့်ပါ ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းပြီးမှ ချမှတ်ခဲ့သော လမ်းစဉ်ဖြစ်ပေသည်။ အမျိုးသားညီညွတ်ရေးတည်ဆောက်မှု အနှစ်သာရ၏ အထွတ်အထိပ်ပင် ဖြစ်တော့သည်။ အကယ်၍သာ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးခဲ့ရသော မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စသော ခေါင်းဆောင်ကြီးများ ဆက်လက်အသက်ရှင်နေခဲ့ပါမူကား မြန်မာနိုင်ငံစုစည်းပုံသည် ပြည်ထောင်စုဖွဲ့စည်းပုံဖြစ်ရုံသာမက ထိုပြည်ထောင်စုအတွင်းတွင်လည်း လူမျိုးစုတိုင်း တန်းတူညီမျှ အခြေခံအခွင့်အရေးမှုကြီးသည် တကယ်ပင် တိတိကျကျ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပေလိမ့်မည်။ ထိုအခါ၌လည်း အခြားအခြေခံမှုကြီးနှစ်ရပ်ဖြစ်သော ညီရင်းအစ်ကို သွေးစည်းဖွဲ့နှောင်ရေးနှင့် အပြန်အလှန် ပူးပေါင်း ကူညီရေးတို့သည်လည်း အပြည့်အဝ ရှင်သန် လန်းဆန်းလာခဲ့မည်မှာ စိုးစဉ်းမျှ ယုံမှားဖွယ်ရာမရှိခဲ့ပေ။

အဘယ့်ကြောင့်ဆိုသော် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်အတွက် အနာဂတ်နိုင်ငံရေးလမ်းကြောင်းသည် ဆိုရှယ်လစ်လမ်းကြောင်းသာ ဖြစ်သည်ဟူသော ယုံကြည်ချက်နှင့် လူမျိုးပေါင်းစုံနေထိုင်ရာမြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံး ဖွဲ့စည်းအုပ်ချုပ်ရမည့်ပုံစံသာ ဖြစ်ရမည်ဟူသော ယုံကြည်ချက်ကို အခိုင်အမာ ပေါင်းစပ် လက်ခံထားပြီးဖြစ်သော ပုဂ္ဂိုလ်ကြီးဖြစ်သောကြောင့်ပေတည်း။

ခေါင်းဆောင်ကြီးများ ကျဆုံးပြီးသော နောက်ပိုင်းကာလတွင်မူကား အချို့သော မရိုးသားသော ခေါင်းဆောင်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ "ပြည်ထောင်စုပုံစံ"ကိုယူ၍ အနှစ်သာရအားဖြင့်မူ "တစ်နိုင်ငံတည်း ကျင့်သုံးပုံ သဘောကို အလေးပေး ကျင့်သုံး" ခဲ့ရကား ပုံစံနှင့် အနှစ်သာရတို့မဟပ်ဘဲ ပဋိပက္ခဖြစ်ကာ အမျိုးမျိုး အဖုံဖုံ ကွဲပြဲ၍ ပြည်ထောင်စုသားချင်း စစ်ခင်းသတ်ဖြတ်ခံရသည့်အခြေသို့ ဆိုက်ရောက်ခဲ့ရလေသည်။ ဤသို့သောအခြေသို့ ရောက်ခဲ့ရသောအခါ "မျက်ဖြူဆိုက်သော ဆရာကြိုက်လေ" ဆိုသော စကားအတိုင်း နယ်ချဲ့ပယောဂတို့သည် လူမျိုးရေးတိုက်ပွဲကြီးများအပေါ်တွင် မြိန်ရေရှက်ရေ အမြတ်ထုတ်နိုင်ခဲ့ကြလေသည်။ ဤသည်မှာ မြန်မာပြည်နှောင်ရေးအတွက် ကြီးစွာ တန်ဖိုးပေးခဲ့ရသော သင်ခန်းစာကြီးပေတည်း။

ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အရင်းခံယုံကြည်ချက်ဖြစ်သော ပြည်ထောင်စုဖွဲ့စည်းပုံ မျှော်မှန်းခြင်းကို အဆိုပါ ဖဆပလ ပဏာမညီလာခံ ဆုံးဖြတ်ချက် အမှတ်(၂)နှင့် အမှတ်(၈)တွင် ထင်ထင်ရှားရှား တွေ့ရပေမည်။ အမှတ်(၈) ဆုံးဖြတ်ချက်ဖြစ်သော ပြည်ထောင်စု အာဏာခွဲဝေရေးပုံသဏ္ဌာန်ကို အောက်ပါအတိုင်း ချမှတ်ထားခဲ့ပေသည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် 'ပြည်ထောင်စု ပြည်နယ်'၊ 'ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်'၊ 'လူမျိုးစုပြည်နယ်' တို့အား ပိုင်းခြား ခွဲဝေ လွှဲအပ်ထားသော အာဏာများမှတစ်ပါး လွှတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေပြုအာဏာကိုလည်းကောင်း၊ အုပ်ချုပ်မှုအာဏာကို လည်းကောင်း၊ တရားစီရင်မှုအာဏာကိုလည်းကောင်း စိုးပိုင်ရမည်။ ထိုအာဏာတို့ကို နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တည်ထောင်ထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဌာနများကသော်လည်းကောင်း၊ ထိုဌာနများ၏ အမိန့်အရသော်လည်းကောင်း သုံးစွဲနိုင်ရမည်" ဟူ၍ ချမှတ်ခဲ့ပေသည်။

ထိုသဘောထားအတိုင်းပင် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခု၊ နိုဝင်ဘာလ ၂

www.burmeseclassic.com



ရက်နေ့စွဲဖြင့် မြစ်ကြီးနားမြို့၊ ကချင်ခေါင်းဆောင်များနှင့် ပထမဆုံးအကြိမ် သွေးစည်း နှီးနှောပွဲကြီးတွင်လည်း အောက်ပါအတိုင်း အတိအလင်း ပြောကြားခဲ့ပြီးဖြစ်ပေသည်။ ကချင်အမျိုးသား၊ အမျိုးသမီးထုကြီး၏ ထောက်ခံမှုကြီးကို ရယူခဲ့ပြီး ဖြစ်ပေသည်။ သူ၏မိန့်ခွန်းတစ်နေရာတွင် ကချင်နယ်ကို ကချင်များသာ အုပ်ချုပ်ရမည်ဖြစ်မည်မဟုတ်ကြောင်း၊ ကချင်တောင်တန်းနယ်ကို ကချင်များသဘောကျ အုပ်ချုပ်နိုင်ကြောင်း။ သို့ရာတွင် တစ်ပြည်ထောင်လုံးနှင့် သက်ဆိုင်သော ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ နိုင်ငံခြားရေး စသည်တို့ကိုမူကား ကချင်ခေါင်းကြီးများပါဝင်သော အစိုးရအဖွဲ့က တိုင်ပင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘာသာရေး၌လည်း လွတ်လပ်စွာ ကိုယ်ကြိုက်နှစ်သက်ရာ ယုံကြည်သော ဘာသာဝါဒကို ကိုးကွယ်နိုင်ကြောင်းဟူ၍ ပါရှိခဲ့ပါသည်။

ထို့ကြောင့် ခြုံလိုက်လျှင် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ရဲဘော်ကြီးများ၏ ပြည်ထောင်စုညီညွတ်ရေးအခြေခံတရားမှာ ဆိုရှယ်လစ်စနစ် ထူထောင်ရေးလမ်းကြောင်းနှင့် ပြည်ထောင်စုဖွဲ့စည်းရေးပုံစံပင် အမှန်ဖြစ်ပါသည်။

သို့သော် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ကျဆုံးဖက် ရဲဘော်ကြီးများသည် ထိုလမ်းကြောင်းနှင့် ထိုဖွဲ့စည်းရေးပုံစံကို နယ်ချဲ့လက်ပါးစေများ၏လက်ဦးချက်ကို ခံလိုက်ရမှုကြောင့် ပြည့်ပြည့်ဝဝ တိတိကျကျ အကောင်အထည် မဖော်လိုက်နိုင်ရှာခဲ့ပေ။ ပွဲဦးထွက်မှာပင် အသက် သွေးမြေကျ ဖြစ်ခဲ့ရလေသည်။

ပြည်သူ့ကြယ်၊ အမှတ် ၂၁ (၁၉-၇-၁၉၇၀)
ကောက်နုတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



# တပ်မတော်

## တပ်မတော်သမိုင်းစာစောင်

**ဗိုလ်ချုပ်စာတမ်း**

"ကျွန်ုပ်သည် ဗမာနိုင်ငံတော်မှ တရုတ်သင်္ဘောသားများ စီမံခန့်ခွဲမောင်းနှင်သည့် နော်ဝေးပိုင် သင်္ဘောပေါ်တွင် တိတ်တဆိတ် ပုန်းအောင်းထွက်ခွာ လိုက်ပါသွားရလေသည်။ ကျွန်ုပ်၏ခရီးအဆုံးဌာနမှာ အမွိုင်မြို့ဖြစ်၍ ထိုမြို့မှနေ၍ ကျွန်ုပ်၏ကိစ္စများကို ခန့်ခွဲစီမံရမည်ဖြစ်၏။ ကျွန်ုပ်၏အဖြစ်ကား သန်းခေါင်လကွယ် တောအုပ်အလယ်၌ ရောက်သူပမာရှိတော့သည်။ ကျွန်ုပ် သွားရမည့်နေရာနှင့်ပတ်သက်၍ ဘာတစ်ခုမှမသိ၊ ဆွေလည်းမရှိ။ ကမ္ဘာ့အရှေ့ပိုင်းအကြောင်း အတုအယောင်မျှလောက်သာ သိ၏။ သိသမျှလည်း မရေရာလှ၊ ဆိုးရွားလှလေစွ။ လူငယ်တို့၏ တစ်ရှူးထိုး(တုံးတိုက်–ကျားကိုက်)စိတ်၏လှုံ့ဆော်မှုကြောင့်သာ ထွက်မိခဲ့ခြင်းဖြစ်သတည်း။ အလုပ်အစီအစဉ်ဟူ၍ အတိအကျ ဘာမျှရှိသည်မဟုတ်ချေ။ ကျွန်ုပ်၏ မျှော်မြင်တတ်သမျှ ဉာဏ်ဖြင့်သာ ကြုံရမည့်အရေးဟူသရွေ့ကို စီမံဆောင်ရွက်ရန်ကျွန်ုပ်၏ရဲဘော်များက အာဏာကုန် လွှဲအပ်လိုက်ခြင်းဖြစ်လေသည်။ အဘယ်သို့ပင်ဖြစ်စေ ငါသေသွားသည့်တိုင်အောင် မြတ်သောသေခြင်း၊ နိုင်ငံအတွက် သေခြင်းသာဖြစ်သည်ဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်ရတော့၏" ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက ဗမာ့လွတ်လပ်ရေး အရေးတော်ပုံစာတမ်းတွင် ရေးသားခြင်းကို ထောက်ချင့်၍ ထိုစဉ် လက်နက်နိုင်ငံတစ်ခုခု၏၏အကူအညီရရှိရန် ဆက်သွယ်ရေးမှာ ဖြောင့်ဖြူးလွယ်ကူလှသည်မဟုတ်

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့မှာ အမွိုင်တွင်ပင် ဂျပန်စစ်ဘက်နှင့် အဆက်အသွယ်ရပြီး တိုကျိုသို့ ရောက်သွားကာ ဗမာ့လွတ်လပ်ရေးအတွက် ယခင်က ဂျပန်စစ်ဌာနချုပ်၏အစီအစဉ်များကိုပါ လေ့လာဆွေးနွေးကြသည်။

၎င်းတို့သည် ဂျပန်ပြည်သို့ ရောက်ရှိစဉ်အတွင်း ဗမာပြည်လွတ်လပ်ရေးအတွက် အကူအညီပေးရန် စည်းထားသည့် "မီးနားမီးချိကန်" အဖွဲ့နှင့် ဗမာ့လွတ်လပ်ရေးကိစ္စများကို အကြိမ်ကြိမ် ဆွေးနွေးကြသည်။ သခင်အောင်ဆန်း၏အကြံပေးချက်အရ မြန်မာလူငယ်များအား ဂျပန်ပြည်သို့ လျှို့ဝှက်ခေါ်ယူပြီး စစ်ပညာ သင်ကြားရန်ကို စီစဉ်ကြပြန်သည်။

ထိုကိစ္စအတွက် မစ္စတာစုဂီးနှင့် သခင်အောင်ဆန်း တို့သည် ၁၉၄၁ ခု၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ "ရှန်ဘိန်–မရူး"သင်္ဘောနှင့် ဂျပန်ပြည်မှ ထွက်ခွာ ကြ၏။ ၎င်းသင်္ဘောသည် ပုသိမ်တွင် ဆိုက်ကပ်

www.burmeseclassic.com



သခင်အောင်ဆန်းကမူကား ရုပ်ဖျက်လျက် ရန်ကုန်သို့ ဆက်လက်ထွက်ခွာလာရာ ၎င်းနှစ် မတ်လ ၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ကောင်းစွာ ဆိုက်ရောက်သည်။ ရန်ကုန်တွင် သခင်မြတို့လူသိုက်နှင့် တွေ့ဆုံပြီး ဂျပန်သို့ ခေါ်ဆောင်သွားရန် လူစာရင်းများကို စိစစ်ဆွေးနွေးကြသည်။ ထို့နောက် သခင်အောင်ဆန်းသည် ၎င်းနှင့်အတူ မျိုးချစ်မြန်မာလူငယ်အချို့ကို ခေါ်ဆောင်လျက် ၁၉၄၁ ခု မတ်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားကြရာ ဂျပန်ပြည်သို့ မတ် ၂၇ ရက်နေ့တွင် ဆိုက်ရောက်သွားကြလေသည်။ ဤနည်းအားဖြင့် "မီးနားမီးချိုကန်း" ဆိုနှချုပ်သည် မြန်မာပြည်မှ မျိုးချစ်လူငယ်ရဲဘော်သုံးကျိပ်တို့အား သင်္ဘောဖြင့် ၄ ကြိမ်တိတိ လာရောက်ပြီး လျှို့ဝှက်စွာ ခေါ်ဆောင်သွားကြလေသည်။ ၎င်းတို့နောက် သခင်အောင်သန်းနှင့် သခင်သန်းတင်(၂)တို့မှာ ကုန်းလမ်းဖြင့် ယိုးဒယားမှတစ်ဆင့် လေယာဉ်ပျံနှင့် ဂျပန်သို့ ရောက်သွားကြသည်။

၁၉၄၁ ခု၊ ဧပြီလဆန်းတွင် ဂျပန်တို့သိမ်းပိုက်ထားသော တရုတ်ပြည် ကန်တုန်နယ်နှင့် မျက်နှာချင်းဆိုင် ဟိုင်နန်ကျွန်းပေါ်ရှိ "ဂိုရှိ" တောင်ခြေ စခန်းတစ်နေရာတွင် သစ်လွင်သော စစ်စခန်း တဲလျားကလေးများသည် အစီအရီ တည်ဆောက်ပြီး ရှိနေသည်ကို တွေ့ရှိရ၏။ ထိုစခန်း ဝင်းခြံမြေအဝင်ဝ တွင် ကြီးမားသော စာလုံးကြီးများဖြင့် (Special Farmer Training Place) လယ်သမားသင်တန်းကျောင်းဟူ၍ ရေးထားသည်ကို တွေ့ရမည်ဖြစ်သော်လည်း အမှန်စင်စစ်မှာမူ ထိုနေရာသည် ဗမာ့မျိုးချစ်ရဲဘော်သုံးကျိပ်တို့ ပညာလျှို့ဝှက်သင်ကြားရာစခန်းပင် ဖြစ်လေသည်။ ဤသို့ သူတို့အား ဗမာ့မြေမှ မောင်းနှင်ထုတ်ရန် အင်အား မွေးမြူရာ အောင်မြေဌာနလည်းဖြစ်ပေသည်။

၁၉၄၁ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ရဲဘော်သုံးကျိပ်တို့သည် စစ်သင်တန်းကို စတင်လေသည်။ သခင်အောင်ဆန်း ရေးဆွဲတင်ပြထားသော "ဗမာ့လွတ်လပ်ရေးစီမံကိန်း" စာတမ်းအရ ထိုစစ်သင်တန်းကို အမြန်ဆုံးအပြီးအစီး သင်ကြားလေ့ကျင့်ရမည်၊ သူတို့သည် စစ်စခန်း၌ အစားအသောက်ဆင်းရဲ၊ အနေဆင်းရဲ၊ ကြမ်းတမ်းသော လေ့ကျင့်ခန်းများကို ရင်ဆိုင်ရသော်လည်း ဗမာ့လွတ်လပ်ရေးအတွက် အားတက်သောစိတ်ဓာတ်ကြောင့် အပြုံးမပျက်ကြ။

စားသောက်ရသော အစားအသောက်များမှာ များစွာ ညံ့ဖျင်းသည်။ ဆန်ကို ဂျုံစေ့နှင့်ရောပြီး ချက်ကျွေးသဖြင့် ဂျုံစေ့နပ်အောင် ကြာကြာထားပြန်လျှင်လည်း ဆန်စေ့မှာ ပျော့ပြဲသွား၏။ ဆန်စေ့ ပျော့ပြဲမသွားရအောင် အဆင်သင့်တွင် ထမင်းအိုးချလိုက်ရာ ဂျုံစေ့ကမနပ်၊ စိမ်းဆတ်ဆတ်ဖြစ်ပြီး ဝမ်းရောင်၍ ဝမ်းသွားကုန်ကြရသည်။ သို့သော် ကောင်းသည်ဆိုးသည် မညည်းညူကြ။

စစ်ပညာလေ့ကျင့်ခန်းများနှင့်ပတ်သက်၍ အခက်အခဲများစွာ တွေ့ရ၏။ အစပထမတွင် တစ်ဦး၏ ဘာသာစကားကို တစ်ဦးက နားမလည်နိုင်ကြ၍ ကိစ္စများ ကြန့်ကြာလေ့ရှိသည်။ နောင်သောအခါတွင်မူ အသားကျ၍သွားသဖြင့် အခက်အခဲများ တဖြည်းဖြည်း နည်းပါးသွားသည်။

စစ်လေ့ကျင့်ခန်းတွင် ကိုင်တွယ်ရသော လက်နက်များမှာ ရှေးဟောင်းစစ်ပြတိုက်တစ်ခုမှ ငှားရမ်းခဲ့လေသလောဟု တွေးထင်၍ယူရလောက်အောင် သေနတ်အမျိုးအစား စုံလင်လှသည်။ မီးကျိုး၊ မောင်းပျက်၊ ပုံပန်းပျက်နေသော တရုတ်သေနတ်များ၊ ဂျာမနီ၊ ရုရှား၊ ဘယ်လ်ဂျီယံ၊ ချက်ကိုစလိုဗေးကီးယား စသော တိုင်းပြည်များမှ ပြုလုပ်သည့် သေနတ်အမျိုးမျိုး ပါဝင်လေသည်။

ဂျပန်တို့သည် ၎င်းသေနတ်များကို တရုတ်ပြည် စစ်မြေပြင်မှ သိမ်းဆည်းရမိပြီး အသုံးမပြုဘဲထားသော သေနတ်များဖြစ်သည်။ ရဲဘော်သုံးကျိပ်တို့မှာ ဤသို့သောလက်နက်များကို ကိုင်ဆောင်နေရသဖြင့် ညည်းညူခြင်းမရှိ၊ စိတ်ပျက်ခြင်းမရှိ၊ ဖြစ်သလို ပြင်ဆင်၍ ကိုင်ဆောင်နေကြသည်။ ခရီးရှည်တိုက်ပွဲများနှင့် တောင်တက်တိုက်ပွဲများကို ပင်ပန်းလွန်း၍ လမ်းတစ်ဝက်မှာပင် မူးမေ့လဲကျကျန်ရစ်သူက ကျန်ရစ်ခဲ့သည်။ ဤမျှအထိ ဖွဲ့သတ္တိကြီးမားစွာဖြင့် စစ်ရေးလေ့ကျင့်ခန်းများကို လေ့ကျင့်ခဲ့ကြသည်။

၁၉၄၁ ခု၊ အောက်တိုဘာလ ကုန်ခါနီးလောက်တွင် သင်တန်းမှာ ပြီးစီး၍သွားသည်။ သင်တန်းမှ ဂျပန်နည်းပြဆရာများနှင့် ရဲဘော်သုံးကျိပ်တို့သည် ဟိုင်နန်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမှ တိုင်ဝမ်ကျွန်း (Pamarato) စခန်းသို့ ပြောင်းရွှေ့ပြီး ကမ္ဘာ့အခြေအနေများကို စောင့်ဆိုင်း အကဲခတ်ကြရသည်။ ထိုစခန်းတွင် နေစဉ်အတွင်း ဂျပန်တပ်မတော်မှ ခေတ်မီ၍ ကောင်းမွန်သော လက်နက်များကို ကိုင်ဆောင်ကာ စစ်ရေးလေ့ကျင့်ခန်းများကို ဆက်လက်လေ့ကျင့်ခဲ့သည်။

ဤသို့ လေ့ကျင့်နေစဉ်အတွင်း ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် အရှေ့အာရှစစ်ပွဲကြီး စတင်ဖြစ်ပွားလာလေရာ တိုင်ဝမ်ကျွန်းမှ မကာအိုမြို့သို့လည်းကောင်း၊ ၎င်းမြို့မှတစ်ဆင့် မီးနားမီးချိကန်အဖွဲ့ချုပ်တည်ရှိရာ ယိုးဒယားပြည် ဘန်ကောက်မြို့သို့ ခရီးထွက်ခွာလာကြသည်။

ယိုးဒယားသို့ ရောက်ရှိကြပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းရန် အစီအစဉ်များကို အဆောတလျင်ဆောင်ရွက်စီစဉ်နေကြရလေသည်။

ဂျပန်သည် စစ်ကြေညာပြီးသည်နှင့် မရှေးမနှောင်းအင်ဒိုချိုင်းနားတွင်ရှိသော တပ်မကြီးများနှင့် ယိုးဒယားနယ်ထဲသို့ ဖွတ်ထိုးဝင်သွားပြီးနောက် ကရား (Kara) ကျွန်းဒေသအထိ ချီတက် တပ်ဖြန့်၍ ထားလိုက်လေသည်။ ဂျပန်ကပ်များ ဤကဲ့သို့ ချီတက်လှုပ်ရှားနေစဉ် ဗမာ့လွတ်လပ်ရေးအတွက် စိုင်းပြင်းနေကြသော မီးနားမီးချိကန်းအဖွဲ့နှင့် ရဲဘော်သုံးကျိပ်တို့မှာလည်း ဘန်ကောက်တွင် ရုံးစိုက်လျက် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိကြသည်။

ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ မီးနားမီးချိကန်အဖွဲ့ဝင်များမှာ ယိုးဒယားပြည်ထဲတွင် မနားမနေ သွားလာဆောင်ရွက်နေကြသည်။ ဒီဇင်ဘာလ ၂၆ ရက်နေ့နံနက်တွင် သခင်အောင်ဆန်း၊ ကပ္ပတိန် ကာဝါရီးမား၊ ဆာဂျင်ကီဆာကိုးတို့သည် အင်ဒိုချိုင်းနားပြည် ဆေဂုံမှတစ်ဆင့် ဘန်ကောက်မြို့တော်သို့ ဆိုက်ရောက်လာကြသည်။

ဘန်ကောက်မြို့တော်မှာ တိုကျိုမြို့တော်နှင့် ရန်ကုန်မြို့အကြား အရေးကြီးသော နေရာဌာန အချက်အခြာတစ်ခုဖြစ်ခဲ့လေသည်။ ဂျပန်က ဗြိတိသျှ–အမေရိကန်တို့အား စစ်ကြေညာသောအခါ ဘန်ကောက်မြို့တွင်ရှိသော မြန်မာများနှင့် မြန်မာသမဂ္ဂအသင်းကြီးမှာ လှုပ်လှုပ်ရှရှဖြစ်လာကြသည်။ မြန်မာ့လွတ်လပ်ရေးအတွက် မည်သို့ ဆောင်ရွက်ကြရမည်နည်းဟူသော နည်းလမ်းများကို လျှို့ဝှက်အစည်းအဝေးများ ခေါ်ဆို၍ မကြာခဏ ကျင်းပကြလေသည်။ များမကြာမီ ယိုးဒယားလူကုံထံ တစ်ဦးဖြစ်သော လွင်ကျစ်ထကန်က ဘန်ကောက်မြို့ရှိ မြန်မာလူကြီးများအား ယိုးဒယားပြည် မြဘုရားကျောင်းတော်အနီးရှိ ကပွဲရုံကြီးတစ်ရုံသို့ ဖိတ်ခေါ်၍ အစည်းအဝေးတစ်ရပ်ကို ကျင်းပသည်။ ထိုအစည်းအဝေးသို့ ယိုးဒယားရှိ မြန်မာများနှင့် မြန်မာ့လွတ်လပ်ရေး စိတ်ပါဝင်စားသော ယိုးဒယား အမျိုးသားများ၊ အိန္ဒိယ အမျိုးသားများပါ တက်ရောက်ကြလေသည်။

ယင်းအစည်းအဝေးတွင်ပင် မြန်မာ့လွတ်လပ်ရေး အသင်းကို တည်ထောင်၍ ရဲဘော်သုံးကျိပ်တို့နှင့် ပူး ပေါင်းလာလေသည်။

၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကာနယ် စူဆူကီးနှင့် သခင်အောင်ဆန်း စသောသူများနှင့်တကွ ယိုးဒယားရှိ မြန်မာလူမျိုးတို့သည် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို စတင်တည်ထောင်ကြသည်။ ရဲဘော် သုံးကျိပ်ဝင် မျိုးချစ်သူငယ်များသည် စစ်ဘက်ဆိုင်ရာ ဗိုလ်အမည်များကို ခံယူလျက် လက်မောင်းသွေးဖောက်သောက်ပြီး ဗမာ့လွတ်လပ်ရေးအတွက် နောက် မဆုတ်တမ်း သစ္စာဆိုကြလေသည်။ ထို့ကြောင့် ဗမာ့ လွတ်လပ်ရေးတပ်မတော်အား စတင်တည်ထောင်သည့် နေ့ကို ပြောပြဆိုလျှင် ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ သည် ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်ပေါက်ဖွား သောနေ့ဟု ဖြေဆိုရပေလိမ့်မည်။

## ကမ္ဘာသို့ အသံလွှင့်ပြီ

ထိုအချိန်အခါမှစ၍ တိုကျိုအသံလွှင့်ရုံနှင့် ဘန် ကောက်အသံလွှင့်ရုံများမှနေ၍ ရဲဘော်အပေါင်းတို့ အင်္ဂလိပ်တို့အား ကျူပြင်ခုတ် ကျူငုတ်မကျန် တော်လှန် ပစ်မည့် ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက် လာတော့မည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ဆီးကြိုကြ၊ အားပေးကြ၊ ရန်သူအင်္ဂလိပ်တို့အား ... နေလေ့အောင်း မြင်းခေါင်းမကျန် ထ၍ တော်လှန်ကြ ဟူသောအသံလွှင့် လှုံ့ဆော်သံများ ... နှံ့၍ ဟိန်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာကြလေသည်။

**စစ်ကြောင်းကြီး ၃ ကြောင်း**

ယိုးဒယားပြည်ဝယ် ဖွဲ့စည်းလိုက်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် စစ်ကြောင်းကြီး ၃ကြောင်းဖြန့်ခွဲ၍ ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှ စတင်ချီတက်၍ လာကြသည်။

မော်လမြိုင်စစ်ကြောင်းချီ တပ်မကြီးကို ဗိုလ်မှူးကြီး ကေတာဂျီမား ဦးစီး၍လည်းကောင်း၊ ထားဝယ်ကြောင်းချီ တပ်ဖွဲ့ကို ဒုဗိုလ်ချုပ်ကြီး ကာဝါရှီးမားဦးစီး၍လည်းကောင်း၊ ရေကြောင်းချီ စစ်တပ်ကို ဗိုလ်မှူးကြီး ဟီးယာရာမ ဦးစီး၍လည်းကောင်း၊ အတွင်းသူပုန်တော်လှန်ရေးတပ်ဖွဲ့ကို ဗိုလ်မှူးကလေး ဗိုလ်နေဝင်း (ယခု ဗိုလ်ချုပ်ကြီး)တို့က ကြီးမှူး၍လည်းကောင်း၊ အခြား ဆူဇူကီးတပ်ဖွဲ့နှင့် တာနာ့က တပ်ဖွဲ့များမှာ အမှတ် ၅၅ တပ်မကြီးနှင့် ဂျပန်အိုဟိတပ်ရင်းတွင် တွဲဖက်၍လည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ဗဟိုစစ်ဌာနချုပ်ရုံးအဖွဲ့သည် ဗိုလ်မှူးကြီးကေထာဂျီးမား၏တပ်မကြီးနှင့် ပူးပေါင်း၍ အသီးသီး ချီတက်လာခဲ့ကြသည်။

၎င်းတပ်များသည် ယိုးဒယားပြည်မှ ဒီဇင်ဘာလ ၃၁ ရက်နှင့် ၁၉၄၂ ခု၊ ဇန်နဝါရီလ ၁၁ ရက်နေ့အတွင်း စတင်၍ ချီတက်လာကြသည်။ အမျိုးမျိုးသော တောတောင်လျှိုမြောင် မြစ်ချောင်းခရီး အတက်တက်ကို ကျော်လွှားလျက် ယိုးဒယားမြန်မာ နယ်စပ်ဒေသကို ဖြတ်ကျော်ချီတက်လာကြသည်။ (ဘီအိုင်အေ)ထားဝယ်ကြောင်းချီ တပ်မကြီးသည် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဝိတိုရိယမှတစ်ဆင့် ထားဝယ်မြို့ကို စတင်သိမ်းပိုက်လိုက်လေသည်။ ထိုအချိန်တွင် (ဘီအိုင်အေ) စစ်ဗဟိုဌာနချုပ်ရုံးအဖွဲ့သည် ဇင်းမယ်မှတစ်ဆင့် မြန်မာပြည်တွင်းသို့ ချီတက်လာလျက် ရှိနေသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗိုလ်မှူးကြီး တိုကူနာဂါး အုပ်ချုပ်သော တပ်ဖွဲ့သည် ဇန်နဝါရီလ ၁၆ ရက်နှင့် ၃၁ ရက်နေ့အတွင်းတွင် မြိတ်နယ်နှင့် ရေးနယ်များရှိ မြို့ရွာများကို တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီးတစ်ရွာ ချီတက်သိမ်းပိုက်လျက်ရှိကြလေသည်။ ထို့နောက် ဗိုလ်မှူးကြီး ဟီရာယာမ၊ ဗိုလ်မင်းခေါင်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်တောက်ထိန်တို့ ကြီးမှူးသော ရေကြောင်းချီ တပ်မနှင့် ဗိုလ်မှူးကြီး တိုကူနာဂါး၏တပ်တို့ ပူးပေါင်း၍ ကျိုက္ခမီအထိ ချီတက်သိမ်းပိုက်ထားလေသည်။

ထိုအချိန်တွင် ဗိုလ်မှူးကြီး ကေတာဂျီးမား အုပ်ချုပ်သော မော်လမြိုင်ကြောင်းချီတပ်မကြီးမှာ ဘီအိုင်အေ ဗဟိုစစ်ဌာနချုပ်နှင့်အတူပူးပေါင်းလျက် ဇင်းမယ်မှ မော်လမြိုင်ဘက်ဆီသို့ ဦးတည်လျက် အပြင်းချီတက်လာနေချိန်ဖြစ်သည်။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ၎င်းတပ်များသည် ဂျပန် ၁၅ တပ်မတော်မှ အမှတ် ၅၅ တပ်မကြီးကို ဘားမှပန်းတက်ရုံမှသာမက ရှေ့တန်းစစ်မျက်နှာဆီသို့ အလျင်အမြန် ချီတက်၍နေသော အမှတ် ၃၃ ဂျပန်တပ်မကြီးအား ဖြတ်ကျော်ချီတက်ကာ စစ်တောင်းမြစ်ဝှမ်းဒေသတွင် ရန်သူ့စစ်ဦးကို စတင်ချီတက်တိုက်ခိုက်လေသည်။ (ဘီအိုင်အေ)၏စစ်ချီမှုမှာ ယန္တရားများ မပါဝင်လင့်ကစား ဂျပန်တပ်မကြီးများထက် ပိုမိုလျင်မြန်ခဲ့သည်။

(ဘီအိုင်အေ)ရေကြောင်းချီတပ်သည် မုတ္တမမှတစ်ဆင့် ကျိုက္ခမီစခန်းမှနေ၍ ရန်ကုန်သို့လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသသို့လည်းကောင်း ဂျပန်တပ်မကြီးထက် စောစွာချီတက်၍သွားသည်။ ဗိုလ်နေဝင်း ဦးစီးသော အတွင်းသူပုန်တပ်ဖွဲ့သည် ရန်ကုန်သို့ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် လျှို့ဝှက်စွာ ရောက်ရှိလာသည်။

(ဘီအိုင်အေ)တပ်များ မြန်မာပြည်သို့ ချီတက်မလာမီကပင် ဗမာပြည် ပြည်တွင်းတော်လှန်ရေးအဖွဲ့ (U.G) သည် တော်လှန်ပုန်ကန်ရေးအတွက် အစီအစဉ်များကို ချမှတ်ဆောင်ရွက်နေပြီးဖြစ်သည်။ အနယ်နယ်အရပ်ရပ်၌ ထိုပြည်တွင်းတော်လှန်ရေးအဖွဲ့ကို ခေါင်းဆောင်ကြသူများမှာ တို့ဗမာအစည်းအရုံးဝင် သခင်အမည်ခံယူသော မျိုးချစ်ပုဂ္ဂိုလ်များနှင့် ကျောင်းသားသမဂ္ဂအသင်းများမှ ကျောင်းသားခေါင်းဆောင်များတို့ပင် ဖြစ်လေသည်။ ပြည်တွင်းတော်လှန်ရေးတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်နေဝင်း မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် ၎င်းအတွင်း သူပုန်တပ်၏လုပ်ငန်းများမှာ ပိုမို၍ လှုပ်ရှားလာခဲ့လေသည်။ အတွင်းသူပုန်တော်လှန်ရေးဌာနချုပ်အား ရန်ကုန်တွင် ဖွင့်လှစ်ထားပြီး အချို့ခေါင်းဆောင်များက ပဲခူးတွင် နေလျက် လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ နောင်အခါတွင် အခြေအနေအရ ဌာနချုပ်

www.burmeseclassic.com

www.burmeseclassic.com





စခန်းကို ပဲခူးတွင် ခေတ္တဖွင့်လှစ်ထားခဲ့သေးသည်။

ထိုစဉ်က တိုင်းအလိုက်၊ ခရိုင်နယ်များအလိုက် တိုင်းပြည်တွင်း တော်လှန်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်နေသူများမှာ ရှာဖွေတွေ့ရှိရသမျှ အောက်ပါအတိုင်းဖြစ်သည်။

**အထက်ဗမာပြည်**

ဦးကျော်ငြိမ်း၊ သခင်သာခင်၊ ဗိုလ်မိုဃ်းညို၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်သိန်းမောင်၊ သခင်သိန်းဖေ (တက်ဘုန်းကြီး)၊ ကိုသိန်းအောင်၊ ကိုသိန်းတန် (စစ်ကိုင်း)၊ သခင်မြကလေး။

**ပျဉ်းမနား၊ တောင်ငူ၊ ပဲခူးခရိုင်များ**

သခင်ချစ်၊ ဗိုလ်တာရာ၊ သခင်တင်ထွန်း (ပျဉ်းမနား)၊ သခင်တင်၊ သခင်လင်း၊ သခင်ကြီးမြင့်၊ သခင်သန်းဖေ၊ သခင်ပါ (ဝေါ)။

**မင်းဘူး၊ မကွေး၊ သရက်၊ တောင်တွင်းကြီး**

သခင်ဗအေး၊ သခင်မင်းကျော်၊ ကိုဘုန်းကျော် (နတ်မောက်)၊ သခင်မြဆိုင် (တောင်တွင်းကြီး)။

**ဟင်္သာတ၊ ပြည်၊ သာယာဝတီ**

ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီး၊ သခင်ဟန်ထွန်း၊ ဗိုလ်လင်းယုန်၊ သခင်ဟန်ညွန့်။

**မြစ်ဝကျွန်းပေါ်**

ဗိုလ်မောင်မောင်၊ ဗိုလ်ဝင်း၊ သခင်ထိန်ဝင်း (နဂါးနီ)၊ သခင်သိန်းဖေ (ဝါးခယ်မ)။

**တနင်္သာရီတိုင်း**

ဦးဗဆွေ၊ သခင်တင်ထွန်း(ထားဝယ်)၊ ဗိုလ်တင်ထွန်း။

**အင်းစိန်၊ ရန်ကုန်၊ ဟံသာဝတီ**

သခင်မြ၊ သခင် ခင်မောင်၊ သခင်ကျော်ဒွန်း၊ ဦးလှမောင်၊ ဗိုလ်သုရ။

၎င်းပြည်တွင်း သူပုန်အဖွဲ့သည် ဆုတ်ခွာလျက်ရှိသော အင်္ဂလိပ်တို့၏တပ်များအား လမ်းမှဖြတ်၍ ပြောက်ကျား ပစ်ခတ် နှောင့်ယှက်ခြင်း၊ အင်္ဂလိပ်တပ်များအတွင်းသို့ ဝင်၍ စိတ်ဓာတ်ပျက်ပြားအောင် ဝါဒဖြန့်ခြင်း၊ မီးရထားလမ်း၊ မော်တော်ကားလမ်းများအား ကြိုတင်ဖျက်ဆီးထားခြင်း၊ ရန်သူ၏ ဆုတ်ခွာရာလမ်းတစ်လျှောက်ရှိ တံတားများအား ဖျက်ဆီးခြင်း၊ ကြေးနန်းကြိုးများအား ဖြတ်တောက်ထားခြင်း အစရှိသော လုပ်ငန်းများကို ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့လေသည်။ ၎င်းအဖွဲ့၏ဆောင်ရွက်မှုများမှာ ဆုတ်ခွာလျက်ရှိသော ဗြိတိသျှတပ်များအား များစွာ ထိခိုက်ဒုက္ခရောက်ရှိစေ ကြောင်းကို (The Retreat From Burma) ထောက် ထားခြင်း အစရှိသော စစ်သမိုင်းကျမ်းတွင် ဗြိတိသျှ တို့က ဖော်ပြဝန်ခံထားသည်။

အချို့ (ဘီအိုင်အေ)တပ်များသည် ဂျပန်တပ်မကြီး ထက် အချိန်စောစွာ ရန်ကုန်သို့ ဆိုက်ရောက်လာကြ သည်။ ဗဟိုစစ်ဌာနချုပ်နှင့် ဗိုလ်မိုးကြိုး၊ ဗိုလ်တော ဗိုလ်မှူးကြီး ကေတာဂျီမား စသည်တို့၏တပ်ဖွဲ့များသည် ၃ ရောင်ခြယ် ဒေါင်းအလံကို ကိုင်ဆောင်လျက် ၁၉၄၂ ခု၊ မတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ ထပ်မံ ဆိုက်ရောက်လာပြီး ယခု လက်နက်ကိုင် ရဲအဖွဲ့တည် ရှိရာနေရာရှိ စစ်တန်းလျားများနှင့် ဂေါ်ရာကုန်း စစ်တန်း လျားများကို တက်ရောက်သိမ်းပိုက်တပ်စွဲထားလိုက်ကြ လေသည်။

ရန်ကုန်မြို့ကို သိမ်းပိုက်ပြီး ဘီအိုင်အေတပ်မတော် သည် အနားယူရင်း အင်အားဖြည့်တင်းလျက်ရှိနေသည်။ ဗိုလ်မိုးကြိုးသည်လည်း ဘီအိုင်အေတပ်မတော်ကြီးအား စစ်ရေးအခမ်းအနားဖြင့် အရိုအသေပြုခြင်းကို ခံယူ သည်။ ဗမာ့မျိုးချစ်သားကောင်း ဘီအိုင်အေတပ်သား ၏ကျေးဇူးကား ကြီးမားပါပေ၏။ ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကား ဗမာတို့အတွက် အားတက်ရွှင်လ သွားစေသည်။ လွတ်လပ်ရေးရယူလိုသော စိတ်ဓာ များမှာ တဖွားဖွား တက်ကြွလျက်ရှိလေသည်။

၁၉၄၂ ခု၊ ဇန်နဝါရီလမှ စတင်တိုက်ခိုက်လာ စစ်ပွဲမှာ မေလအလယ်လောက်တွင် ဗမာ့မြေပြင်၌ ရန်သူ ဟူ၍ ပြောပလောက်အောင် မရှိသည်အထိ တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ပြီးစီးခဲ့လေသည်။ ထိုအချိန်အခါသို့ ဆိုက်ရောက်သောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ကံကြမ္မာနှင့် အသွင်အပြင်အခြေအနေတို့မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍လာရန်အကြောင်း ဖန်တီး၍လာသည်။

ဂျပန်တပ်မတော်ကြီးများသည် ယိုးဒယားမှ မြန်မာပြည်အထိ လျင်မြန်စွာ ချီတက်လာနိုင်ခြင်း၊ လမ်းခရီး၌ ရန်သူတပ်များနှင့် တိုက်ခိုက်ရသည်မှတစ်ပါး အနှောင့်အယှက်များ မတွေ့ရခြင်း၊ မြန်မာပြည်သူ မြန်မာပြည်သားတို့က ဝမ်းသာအားရ လိုက်လံစွာ ဆီး၍ကြိုဆိုကြခြင်း၊ စစ်အောင်နိုင်ရေးအတွက် အမျိုးမျိုးသော အကူအညီပေးခဲ့ခြင်း စသည့် အကျိုးတရားများမှာ (ဘီအိုင်အေ)တပ်မတော်နှင့် (အတွင်းသူပုန်အဖွဲ့)၏ လှုံ့ဆော်မှု၊ ကူညီမှုအကြောင်းတရားများကြောင့် ဖြစ်ထွန်းခံစားရခြင်းကို မည်သည့်ဂျပန်စစ်မှူးကြီးများကမျှ ငြင်းပယ်နိုင်ကြချေ။

(ဘီအိုင်အေ)သည် ဤစစ်ပွဲတွင် နာမည်ကြီးသော ဂျပန် အမှတ် ၃၃၊ အမှတ် ၁၅ တပ်မကြီးများနှင့် ရင်ပေါင်တန်း ရဲဝံ့စွာ တိုက်ခိုက်ခဲ့ကြောင်းကိုလည်း ဝန်ခံကြသေးသည်။ သို့ရာတွင် ဗမာပြည်တွင်းရှိ စစ်ပွဲများကို အောင်နိုင်ပြီးကြသောအခါ၌ကား ဂျပန်စစ်အာဏာပိုင်များသည် (ဘီအိုင်အေ)အား အဖက်မလုပ်ကြတော့ချေ။ (ဘီအိုင်အေ)နှင့်တကွ မျိုးချစ်ဗမာဟူသမျှတို့ကလည်း ဗမာ့လွတ်လပ်ရေးကို ချက်ချင်း မကြေညာသဖြင့် ဂျပန့်အပေါ်၌ မကျေမနပ်ကြချေ။ အခြေအနေမှာ တစ်ဖက်နှင့်တစ်ဖက် တင်းမာ၍နေသည်။

ဤသို့ အခြေအနေမပြေမလည်ဖြစ်ပျက်နေကြစဉ်အတွင်း ဂျပန်ပြည်၊ တိုကျိုမြို့ရှိ ဗဟိုစစ်ဌာနချုပ်မှ ချမှတ်လိုက်သော အစီအစဉ်ကြောင့် ပိုမို၍ ဆိုးရွားသွားလေသည်။ ၎င်းအစီအစဉ်မှာ အခြားမဟုတ်၊ မူလ ပထမက ဂျပန်သည် တရုတ်–မြန်မာ လမ်းမကြီးကို ပိတ်ပင်ဖြတ်တောက်ရန်နှင့် မြန်မာပြည်တွင်းရှိ စစ်နယ်မြေကို မီးနားမီးချိကန်းအဖွဲ့ (သို့မဟုတ်) ဗမာ့လွတ်လပ်ရေးတပ်မတော်အား တာဝန်ပေးထားရန်သာ ဖြစ်သည်။ ၎င်းစစ်နယ်မြေတွင် (ဘီအိုင်အေ)က တိုက်ခိုက်သိမ်းယူပြီး မိမိတို့၏အမျိုးသားအစိုးရတည်ထောင်လိုက တည်ထောင်နိုင်ခွင့်ကိုလည်း စာချုပ်စာတမ်းဖြင့် မချုပ်ဆိုကြစေကာမူ သိပ်သည်း နိုင်မြဲစွာ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိထားကြသည်။ ဗမာပြည်စစ်တပ်ဖွဲ့များကို အောင်မြင်ပြီးသောအခါ၌မူကား ဗမာပြည်တွင်းရှိ ဂျပန်တပ်များက (ဘီအိုင်အေ)တပ်မတော်၏ အပေါ် မတရားပြုမူရုံမျှမက ဂျပန်ဗဟိုစစ်ဌာနချုပ်ကပါ ယခင်က လျာထားချက်များကို ချိုးဖောက်လျက် ဗမာပြည်အား သိမ်းပိုက်ထားရန်နှင့် အခိုက်အတန့်အတွင်း စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရန် ကြေညာလိုက်သည်။ ဤတွင် (ဘီအိုင်အေနှင့်တကွ မျိုးချစ်ဗမာမှန်သမျှမှာ အသည်းဆတ်ဆတ်ခါ နာကြည်းကြရလေသည်)

တရားမျှတမှုလည်းမရှိ၊ မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်သို့မရောက်မီ လည်လှီးခံရမည်ကဲ့သို့ဖြစ်သောအခါ မီးနားမီးချိကန်အဖွဲ့နှင့် (ဘီအိုင်အေ)က ဂျပန်စစ်တပ်ကို စိတ်နာကြသည်။ ထ၍ တော်လှန်ရန် စီစဉ်ကြသည်။ သို့သော် အချိန်အခါ မဟုတ်သေးကြောင်းကို ပြောပြ နားချသော ဗိုလ်မိုးကြိုးကြောင့် တော်လှန်ရန်အကြံကို ရွှေ့ဆိုင်းရပြန်သည်။ တိုင်းပြည်တိုင်းတွင် လူကောင်းချည်းလည်း ရှိကြသည်မဟုတ်။ တိုင်းပြည်နှင့်လူမျိုးကို မြတ်နိုးလေ့ရှိသော မျိုးချစ်ပုဂ္ဂိုလ်တွေချည်းလည်း ရှိကြမည်မဟုတ်။ ဆန်စေ့များထဲ၌ စပါးလုံးများရောနှောနေတတ်သကဲ့သို့ မျိုးဖျက်များ၊ အာဏာရူးများ၊ မျက်နှာလိုအားရပြုလေ့ရှိသည့် ကိုယ်ကျိုးရှာသမားများလည်း ရောနှောနေလေ့ရှိသည်မှာ ဓမ္မတာဖြစ်သည်။ ဤဓမ္မတာအတိုင်းပင် ဗမာမျိုးချစ်တို့က ဓွဲ၊ သတ္တိ၊ ဝီရိယကြီးစွာဖြင့် တည်ဆောက်လာရသော (ဘီအိုင်အေ)တပ်မတော်အား ဗမာမျိုးချစ်၊ ဗမာမျိုးဖျက်များ၊ အာဏာရူးများ၊ မျက်နှာလိုအားရလုပ်လေ့ရှိသူများက မလိုလားကြချေ။ (ဘီအိုင်အေ)၏ကောင်းသတင်းကို မကောင်းသတင်း ဖြစ်အောင် ပြောကြသည်။ (ဘီအိုင်အေ)၏ စေတနာဖြင့် မှားယွင်းသော အပြစ်များကို တစ်စိတ်တစ်အိတ်ဖြစ်လေအောင် ချဲ့ထွင်ဝါဒဖြန့်ကြသည်။ ဂျပန်တို့အား တွန်းခြင်း၊ တိုက်ခြင်း၊ တိုင်ခြင်းတည်းဟူသော တ (၄)လုံးဝါဒကို ယုတ်မာစွာ ကျင့်ဆောင်ကြသည်။ ထို့ကြောင့် ဂျပန်စစ်အာဏာပိုင်များအဖို့ (ဘီအိုင်အေ) သည် ခေါင်းကိုက်စရာ ပြဿနာခဲကလေး ထင်မြင်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ၁၉၄၂ ခု၊ ဩဂုတ်လထဲတွင် (ဘီအိုင်အေ)တပ်မတော်အား ဖျက်သိမ်းလိုက်လေသည်။ (ဘီဒီအေ)တပ်မတော် (ဝါ)ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဩဂုတ်လ ၂၆ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းတည်ထောင်လိုက်ကြသည်။

(ဘီဒီအေ)ကို စတင်တည်ထောင်သောအခါတွင် ၎င်းတို့၏အင်အားမှာ တပ်ရင်းကြီး ၄ရင်းနှင့် အခြားဆေးတပ်ဖွဲ့၊ မြင်းတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့၊ သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့ကလေးများပါ ပါဝင်လေသည်။ လူအင်အားစုစုပေါင်း ၅၀၀၀ ပါဝင်သည်။ ၎င်းတပ်များသည် ရန်ကုန်၊ ပျဉ်းမနား၊ ပဲခူး၊ မင်္ဂလာဒုံ အစရှိသောနေရာများတွင် တပ်များဖြန့်ထားကြပြီး စစ်လေ့ကျင့်ခန်းများကို ဆက်လက်လေ့ကျင့်နေသည်။ ပင်ရင်းအဓိကရည်ရွယ်ချက်မှာ ဂျပန်တပ်မကြီးက စစ်မြေပြင်သို့ဆက်လက်ချီတက်သောအချိန်တွင် ဘီဒီအေသည် ပြည်စောင့်တပ်အဖြစ် တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

၎င်းတပ်များအား ဦးစီးရန် အရာရှိ ဗိုလ်သင်တန်းကျောင်းတစ်ခုကို မင်္ဂလာဒုံစစ်မြေပြင်၌ ၁၉၄၂ ခု၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားလေသည်။ ဗိုလ်သင်တန်းသားပေါင်း ၃၀၀ တက်ရောက်သင်ကြားလေ့ကျင့်ကြသည်။ ၎င်းတို့သည် ၁၉၄၃ ခု၊ မတ်လ ၃၁ ရက်နေ့တွင် ဘွဲ့နှင်းသဘင်ခံယူပြီးနောက် ဖြန့်ချထားသော တပ်အသီးသီးသို့ တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားကြသည်။ ၎င်းမင်္ဂလာဒုံဗိုလ်သင်တန်း ပထမပတ် ကျောင်းဆင်းအရာရှိများ ဘီဒီအေ၏ကျောရိုးများအဖြစ် တပ်များကို အပြင်းအထန် စစ်ရေးလေ့ကျင့်၍ ပေးကြလေသည်။

ထိုအချိန်က ဘီဒီအေတပ်မတော်မှ တပ်ရင်း (၁) သည် ပန်းတောင်း တောင်ကုတ်လမ်းတွင် တာဝန်ယူနေပေသည်။ တပ်ရင်း(၂)သည် ရန်ကုန်မြို့တွင် မြို့စောင့်အဖြစ်လည်းကောင်း၊ တပ်ရင်း(၃)သည် အထက်ဗမာပြည် စစ်မြေပြင်တွင် ဂျပန်တပ်မကြီးများနှင့် ပူးပေါင်းတိုက်ခိုက်၍လည်းကောင်း၊ တပ်ရင်းအမှတ် (၄)၊ အမှတ် (၅)၊ အမှတ် (၆) စသည်တို့မှာ ပျဉ်းမနားစခန်းတွင် တပ်ချလျက် တာဝန်ထမ်းဆောင်နေကြလေသည်။ တပ်အင်အားကို ၂၅,၀၀၀ အထိ တိုးချဲ့ရန် သတ်မှတ်ထားသည့်အတိုင်း စစ်သားများကို ထပ်မံစုဆောင်း၍ တိုးချဲ့လိုက်ရာ ဘီဒီအေ၏အင်အားမှာ တစ်နေ့တခြား အင်အားတိုးတက်လာလေသည်။ တပ်များမှာလည်း စနစ်ကျန၍ စည်းကမ်းသေဝပ်သော တပ်မတော်ကြီး ဖြစ်၍လာသည်။

၁၉၄၃ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဤအင်အားကောင်းလှသော ဗမာ့ကာကွယ်ရေးတပ်မတော်သည် ဂျပန်ပေးသော လွတ်လပ်ရေးအတုအယောင်နှင့် တစ်ချိန်တည်း (ဗမာ့တပ်မတော်)ဟူ၍ နာမည်ပြောင်းလဲလိုက်လေသည်။

ဗမာ့တပ်မတော်ဟူ၍ နာမည်ပြောင်းလဲပြီးနောက် စက်မှုလက်မှုတပ်ရင်းများ၊ သယ်ယူပို့ဆောင်ရေးတပ်များ အမျိုးသမီးတပ်ဖွဲ့များနှင့် အခြား ဒေသဆိုင်ရာ ပြောက်ကျားတပ်ဖွဲ့များကိုပါ တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ဤအချိန်၌ ဗမာ့တပ်မတော်၏အင်အားမှာ ၁၀,၀၀၀ နှင့် ၁၅,၀၀၀ အတွင်း၌ ရှိသည်။ တပ်မတော်လက်အောက်ခံ ဒေသဆိုင်ရာ ပြောက်ကျားတပ်ဖွဲ့များမှာ ရခိုင်တိုင်း၊ မြစ်ကြီးနားနှင့် ကျွန်းပေါ်တိုင်းနှင့် သရက်ခရိုင်တို့တွင် ဖွဲ့စည်းထားရှိရာ ၎င်းပြောက်ကျားစုစုပေါင်းအင်အားမှာ ၈၀,၀၀၀ ကျော်မျှရှိသည်ကို တွေ့ကြရသည်။ ဤမျှသော အင်အားဖြင့် ဗမာ့တပ်မတော်သည် ဗမာ့ရန်သူဟူသမျှအား ရင်ဆိုင်ရန် စစ်သွေးကြွကြွနှင့် အသင့်ပြင်ပြီးဖြစ်နေလေသည်။ ထိုစဉ်က ဗမာ့တပ်မတော်မှ ရဲဘော်များကို လူထုက ကြည်ညိုမှု၊ ယုယမှု၊ ချစ်ခင်လေးစားမှု၊ ကြင်နာမှုများမှာ စာဖွဲ့၍ပင် ကုန်ဆုံးနိုင်ဖွယ်မရှိ။ တပ်မတော်နှင့် လူထု၊ လူထုနှင့် တပ်မတော်အား ခွဲခြား၍မရချေ။

တိုင်းပြည်၏အခြေအနေကား ချည့်နဲ့ဆိုးရွားလှသည်။ ကင်ပေတိုင်ဟုခေါ်သော ဂျပန်စစ်ဗိုလ်နှင့် ဂျပန်စစ်သားတို့၏ ရမ်းကားယုတ်မာမှုများဒဏ်ကို မရှုမလှ အံကြိတ်ကာ ခံနေကြရဆဲဖြစ်သည်။ ဂျပန်အရင်းရှင်များဖြစ်သော ကာနီတို၊ ရီရို၊ မစ်ဆုဘီရှိ စသော ကုမ္ပဏီကြီးများကလည်း စစ်၏ဒဏ်ချက်ကို မရှုမလှခံစားနေရသော ဗမာ့စီးပွားရေးကို သွေးစုပ်လျက်ရှိကြသည်။ ဆီ၊ ဝါဂွမ်း၊ ရေနံ၊ ရော်ဘာနှင့် ဆန်စပါးများကို ၎င်းကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်ထားကြသည်။ လွတ်လပ်ရေးလည်း အတုအယောင်၊ အမျိုးသမီးနှင့် ဘုန်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com





ရှောင်၊ ရက်စက်ယုတ်မာမှုကလည်း တင်းကျမ်း။ ဗမာ့စီးပွားရေးနှင့် အုပ်ချုပ်ရေးမှန်သမျှ ဂျပန်တို့ ပြုသမျှ နှစ်ခုကြရလေသောဘဝကို ဗမာ့တပ်မတော်နှင့် မျိုးချစ်ဗိုလ်မှန်သမျှက မခံမရပ်နိုင်ဖြစ်လာကြသည်။

ထို့ကြောင့် ၁၉၄၅ ခု၊ မတ်လ ၁၇ ရက်နေ့၌ ဗမာ့တပ်မတော်သည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအနောက်ဘက်ရှိ ကွင်းပြင်ကြီး(ယခု ကပ္ပလီကွက်သစ်နေရာ)တွင် စစ်ရေးပြ အခမ်းအနားနှင့် တပ်ထွက်ပွဲအခမ်းအနားကို ကျင်းပကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဗမာ့တပ်မတော်သည် ဂျပန်တို့အား ထ၍ချရန် အတွင်းကျိတ်ကြံစည်လျက် အင်အားမွေးလာခဲ့သည်။ အထက်ဗမာပြည်တွင် ဗြိတိသျှတို့က အင်အားနှင့် ထိုးဖောက်တိုက်ခိုက်လာသော ဤအခြေအနေကို အခွင့်ကောင်းယူကာ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော တပ်မတော်က စစ်မျက်နှာသတ်သတ်ဖွင့်၍ တိုက်ပေးမည်ဟု ဂျပန်တို့အား အယုံသွင်းလျက် ချက်ကောင်းကို ယူလိုက်ပြန်လေပြီ။

တပ်များသည် ဗမာ့တပ်မတော်မှ ရှေ့တန်းစစ်မျက်နှာဟူ၍ သတ်မှတ်ထားသော ရေနံချောင်းဒေသ၊ သရက်ခရိုင်ဒေသနှင့် ပျဉ်းမနားဒေသများဆီသို့လည်းကောင်း၊ မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီတိုင်းသို့လည်းကောင်း တပ်များအသီးသီး ချီတက်၍သွားပြီး တပ်ဖျောက်၍ထားလိုက်ကြရာ ဂျပန်တို့မှာ ထိပ်ချမှ အောင်မလေး တနေကြရသောအခါကြီးဖြစ်လေသည်။

၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့တွင် ဗမာ့တပ်မတော်သည် ပြည်သူ့တပ်မတော်ဟူသောအမည်ကို ခံယူကာ ဂျပန်တို့အား စစ်ကြေညာ၍ စတင်တိုက်ခိုက်လိုက်ကြလေသည်။ ဗမာတစ်ပြည်လုံးတွင်ကား ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ပြည်သူ့တပ်မတော်၏ ဖက်ဆစ်ဂျပန်တို့အား တိုက်ခိုက်ချေမှုန်း၍နေသော သေနတ်သံ၊ ဗုံးသံတို့ ဆူညံစွာ မြည်ဟည်းထွက်ပေါ်လျက်ရှိသည်။ ပြည်သူ့တပ်မတော်သည် ရခိုင်ဘက်မှ ဖြတ်၍ ဆုတ်ခွာလာသော ဂျပန်တို့အား သရက်ခရိုင်နှင့် ပြည်ခရိုင်အတွင်းများမှလည်းကောင်း၊ အထက်မန္တလေး၊ မိတ္ထီလာဘက်မှ ဆင်းလာသော ဂျပန်တပ်များအား ပျဉ်းမနား၊ တောင်ငူ၊ ပဲခူးခရိုင်နယ်မြေများ၊ ကြွင်းကျန်သော တပ်ကျန်များကို မြစ်ဝကျွန်းပေါ်နှင့် ရခိုင်တိုင်းဒေသများတွင်လည်းကောင်း၊ ယိုးဒယားလမ်းမကြီးမှနေ၍ ခံစစ်ကြောင်း တည်ဆောက်စပြုနေသော ဂျပန်တပ်များကို တနင်္သာရီနယ်အတွင်းရှိ တိုင်းအမှတ် ၅ တို့ကလည်းကောင်း အသီးသီး ပြင်းပြင်းထန်ထန် တိုက်ခိုက်လျက်ရှိလေသည်။ ဤတိုက်ပွဲများနှင့်ပတ်သက်၍ မဟာမိတ်စစ်ဗိုလ်ချုပ် မောင့်ဘက်တန်က ...

"မတ်လ ၂၇ ရက်နေ့တွင် (ပြည်သူ့တပ်မတော်) ဗမာပြည်အမျိုးသားတပ်မတော်ဟူသော နာမည်ကို ယူထားသည့် ဘီဒီအေတပ်များသည် ဗမာပြည်အလယ်ပိုင်းနှင့် တောင်ပိုင်းနေရာအများအပြားတွင် ဂျပန်အား လက်နက်ကိုင် တော်လှန်ပုန်ကန်ကြပေတော့၏။ အမှတ် ၂၂၁ ကြောင်း တပ်မဟာသည် အမှတ် ၁၃၆ တပ်ဖွဲ့ မျိုးချစ်ဗမာ့တပ်မတော်နှင့် ပူပေါင်းတိုက်ခိုက်ခဲ့၏။ မြန်မာ အမျိုးသားတပ်မတော်ကို ဇူလိုင်လ ၂၃ ရက်နေ့တွင် မျိုးချစ်ဗမာ့တပ်မတော်ဟု အမည်ပြောင်းခဲ့သည်။ ယခုအခါ၌ ဗမာပြည်တောင်ဘက်ပိုင်းဒေသရှိ ရွာတိုင်းလိုလိုပင် ပြောက်ကျားတပ်များရှိနေကြ၏။ အဖွဲ့ငယ်ကလေးများဖွဲ့ပြီး ဂျပန်တပ်မှန်သမျှ ၎င်းပြောက်ကျားများ၏ ခြုံခိုတိုက်ခိုက်မှုများကို ခံကြရ၏။ လူစုလူဝေးကောင်းကောင်းနှင့် ထွက်ပြေးသော ဂျပန်တပ်များဆိုလျှင် ဗမာပြည်တော်လှန်ရေးအင်အားစုများ၏ဘေးမှ ကင်းလွတ်စရာအကြောင်းမရှိပေ" ဟူ၍ ရေးသားခဲ့ဖူးလေသည်။ ထိုအချိန်အခါက မျိုးချစ်တပ်မတော်၏ တပ်ဖြန့်ထားပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဤသို့ တပ်ဖြန့်တိုက်ခိုက်ရာတွင် မျိုးချစ်ဗမာ့တပ်မတော်သည် ရန်သူဂျပန်တို့အား ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့သည်။ ရန်သူဘက်၌ ကျဆုံးသူ ၁၀,၈၂၆ ယောက်၊ ဒဏ်ရာရသူ ၂,၃၀၄ ယောက်၊ သုံ့ပန်း ၂၀၅ ယောက်တို့ အဖမ်းခံရသည်အထိ တိုက်ခိုက်ခဲ့၏။ ရန်သူ့ထံမှ ခဲယမ်းမီးကျောက် လက်နက်ပေါင်းမြောက်မြားစွာတို့ကိုလည်း ဖမ်းဆီးသိမ်းယူနိုင်ခဲ့လေသည်။ စစ်တောင်းဒေသမြစ်ဝှမ်းတိုက်ပွဲ (ဇူလိုင်လ ၂၀ ရက်နေ့မှ ဩဂုတ်လ ၄ ရက်နေ့ စပ်ကြားကာလ)တွင် ရန်သူ ဂျပန်ပေါင်း ၆၂၇၂ ယောက် ကျဆုံးခဲ့ရာ ထိုအထဲမှ ၃၂၀၀ခန့်မှာ မျိုးချစ်ဗမာ့တပ်မတော်၏တိုက်ခိုက်မှုကြောင့် ဤမျှ ကျဆုံးသွားရကြောင်း မော

www.burmeseclassic.com



ဘက်တန်က အထက်စစ်ဌာနချုပ်သို့ အစီရင်ခံခဲ့သည်။

မျိုးချစ်ဗမာ့တပ်မတော်သည် မဟာမိတ်တို့ထက် ရှေးဦးစွာ မေလ (၁)ရက်နေ့တွင် ရန်ကုန်မြို့ကို သိမ်းပိုက်မိကြသည်။ မေလ (၁)ရက်နေ့ကျခါမှ မဟာမိတ်တပ်များ ရန်ကုန်တွင်းသို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် မျိုးချစ်ဗမာ့တပ်မတော်အား ဆက်လက်ထားရှိရေး၊ မထားရှိရေး ပြဿနာမှာ ဗြိတိသျှစစ်အုပ်ချုပ်ရေးအာဏာပိုင်များရပ်ကွက်တွင် အငြင်းဖြစ်ပွားလာသည်။ မြန်မာလူမျိုးအချို့ အပါအဝင် စစ်အုပ်ချုပ်ရေးအရာရှိများက ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းအပါများအား စစ်တရားခံများအဖြစ် ဖမ်းဆီးရန် တိုက်တွန်းကြသော်လည်း မောင့်ဘက်တန်က ၎င်းအကြံပေးချက်ကို လက်မခံခဲ့ချေ။

× × × လောလောဆယ်အားဖြင့် ဒုက္ခပေးနိုင်သူများမှာ (ဖဆပလ)အဖွဲ့နှင့် မျိုးချစ်ဗမာ့တပ်မတော်အပါအဝင် နိုင်ငံရေးနိုးကြားသော ပါတီများသာဖြစ်သောကြောင့် ၎င်းတို့နှင့် အဓိကထားပြီး ဆွေးနွေးရန် လိုပေသည်။ × × × ဂျပန်အား ခုခံတိုက်ခိုက်သူဟူသမျှအားလည်း သိမ်းသွင်းထားသင့်သည်ဟု ယူဆမိ၏။ ထိုသို့မှ မဟုတ်လျှင်လည်း မျိုးချစ်ဗမာ့တပ်မတော်ကို မတရားအဖွဲ့အစည်းအဖြစ် ကြေညာရန် တစ်လမ်းတည်းသာ ရှိတော့သည်။ ဤတွင် ကျွန်ုပ်သည် သူ့အရာရှိနှင့် သူ့တပ်ခွဲများ၊ တပ်ရင်းများအဖြစ် ဖွဲ့စည်းထားသော လက်နက်ကိုင်ဗမာလူမျိုး ၁၀,၀၀၀ ခန့်မျှနှင့် ရင်ဆိုင်ကြရပေလိမ့်မည်။ ဗိုလ်ချုပ်ကြီး လိစ်၏ခန့်မှန်းချက်အရ မျိုးချစ်ဗမာ့တပ်မတော်သည် လက်နက်မချသေးသော ဂျပန်များနှင့် ပူးပေါင်းတိုက်ခိုက်နေခဲ့ပါက တပ်မကြီး ၂ တပ်မျှဖြင့် နှိမ်နင်းပေးရန် လိုလာလိမ့်မည်ဟု ဆိုပါသည်။ တပ်မ ၂ တပ်ဆိုသည်မှာ လောလောဆယ်အားဖြင့် ဗမာပြည်တွင် ကျွန်ုပ်တို့ စစ်ဆင်ရန် လုပ်ငန်းစဉ်ချထားသော တပ်များထက် အင်အားကြီးမားနေပေသောကြောင့် ဗမာ့အမျိုးသားတပ်မတော်ကို နှိမ်နင်းနေရလျှင် ကျွန်ုပ်တို့အဖို့ လွန်စွာ ထိခိုက်နစ်နာဖွယ်ရာရှိပေ၏ × ×

ဟူ၍ မဟာမိတ်တပ်ပေါင်းစုစစ်သေနာပတိချုပ် လော့ဒ်လူးဝစ္စမောင့်ဘက်တန်က ရှင်းလင်းရေးသားခဲ့သည်။

ဤအတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ ခေါင်းဆောင်များသည် မျိုးချစ်ဗမာ့တပ်မတော် ဆက် လက်တည်တံ့ရေးအတွက် အမျိုးမျိုး ကြိုးပမ်းဆောင်ရွ ခဲ့ကြလေသည်။

"× × × နောက်ဆုံး မတ်လ ၂၇ ရက်နေ့မှ တစ်ပြည်လုံးမှာ ကျွန်ုပ်တို့တပ်မတော်က ကြီးမှူးပြီး ဂျ ကို တော်လှန်ခဲ့တယ်။ × × × ရခိုင်အမျိုးသားမျာ မဟာမိတ်များပေးထားတဲ့ လက်နက်များနဲ့ ဂျပန်ကို ပု ကန်ခဲ့သည်။ ကျွန်တော်တို့ တိုင်းရင်းသားများဖြစ် ကချင်တို့၊ ချင်းတို့ကလည်း ဂျပန်ကို တိုက်ခဲ့တ ကရင်အမျိုးသားများကလည်း ဒီကိစ္စမှာ စိုင်းပြင်းခဲ့သ နောက်ဆုံး သူတို့ဟာ တောင်ငူနယ်မှာ အထူးသ အောင်အောင်မြင်မြင်နှင့် ဂျပန်ကို တိုက်ခိုက်ခဲ့တ ကျွန်တော်တို့တပ်မတော်မှာရှိတဲ့ ကရင်တပ်ရင်းကလ မြစ်ဝကျွန်းပေါ်အနောက်ပိုင်းကို တာဝန်ယူတိုက်ခို တယ်။ နောက် အထက်ဗမာပြည် မန္တလေးတစ်ဝိုက် ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီးဗထူး ကြီးမှူးပြီး ကျ တပ်မတော်က ဂျပန်ကို တိုက်ခိုက်ခဲ့တယ် × × မိတ္ထီလာမှာရှိတဲ့ တပ်ရင်း ၅ ကလည်း ဂျပန်ကို တိုက် ခဲ့တယ်။ တစ်ပြည်လုံးမှာတော့ မတ်လ ၂၇ ရက်နေ့က တိုက်ခဲ့တယ်× × × ကျုပ်တို့ တပ်မတော်နဲ့ ပြောက်ကျ တပ်တွေ တိုက်လိုက်တဲ့အတွက် ဂျပန်ပေါင်း ၂၀,၀ ထက်မနည်း ကျဆုံးခဲ့တယ်။ သုံ့ပန်းပေါင်း ၂၀၀၊ ၃ ခန့် ဖမ်းမိခဲ့တယ်။ ဂျပန်သုံ့ပန်း ဒီလောက် ဖမ်းနိုင်တ ဆိုတာ တော်တော်ကို ထူးခြားတယ်။ တခြားလူမျိုးတွေ စစ်တိုက်တဲ့အခါ သုံ့ပန်းရဖို့လွယ်သလောက် ဂျပ သုံ့ပန်းရဖို့ မလွယ်ဘူး"

"× × × ကျွန်ုပ်တို့ တပ်မတော်ကြီးတစ်ခုလုံး အခုအခါ ကြိမ်မီးအုံးသလို ပူပန်နေတယ်။ စစ်တိုက် မယ့်ဆဲဆဲမှာ၊ စစ်တိုက်လို့ ကျည်ဆန်သင့်မယ့်ဆဲဆဲ 'တို့တိုက်တာတွေ လွတ်လပ်ရေးမှ ရပ့ါမလား ဟော့– ကျ တော့ဖြင့် သွားပြီ၊ တိုင်းပြည်မှာ ကျန်ရစ်မယ့်၊ ခေါ် ဆောင်မယ့် လူကြီးတွေကို ပြောလိုက်ပါ။ ကျုပ် တာဝန်ကျေပြီ။ ခင်ဗျားတို့ တာဝန်ကျေအောင်လုပ် မလုပ်ရင်တော့ ကျုပ်တို့ ဘဝဆက်တိုင်းဆက် ဘာလုပ်မယ်၊ ညာလုပ်မယ်" အစရှိသဖြင့် မြည်တမ်း တာတွေဟာ ကျန်ရစ်နေတဲ့ ရဲဘော်တွေနဲ့ ကျုပ်တို့အ

www.burmeseclassic.com

ုံး စိတ်ကို အင်မတန်ထိခိုက်အောင်ဖြစ်တယ်× × × ”

“× × နိဂုံးမချုပ်မီ တပ်မတော်ကိစ္စကိုလည်း ပြောချင်ပါသေးတယ်။ အခု ကျွန်တော်တို့တပ်မတော်ကို အသည်းသာရှိတဲ့ ဗြိတိသျှအစိုးရရဲ့ မြန်မာပြည်တပ်မတော် ဆိုတာလည်း သိမ်းသွင်းမယ်လို့ သာမန်ဆိုထားတယ်။ ဒါကို ကျွန်တော်တို့ မရှင်းတဲ့အချက်တွေ အများကြီး ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ လိုလားချက်များ အတိုင်း အဖွဲ့ချုပ်ကြီးက ဒီအစည်းအဝေးပွဲကြီးမှာ တပ်မတော်နှင့်ပတ်သက်ပြီး တောင်းဆိုချက်တွေ တင်ပြ ထားမယ်။ ဒီအတိုင်း တိုင်းပြည်က ထောက်ခံမယ်ဆိုရင် ကျွန်တော်တို့ တပ်မတော်သားတွေဟာ ကျိတ်မှိတ်ပြီး ရောက်နိုင်မယ့်အခြေအနေကို ရနိုင်မယ်လို့ ယုံကြည်တယ်။ ဒါပေမဲ့ (မလွတ်လပ်တဲ့ ဗမာပြည်ရဲ့) တပ်မတော် ကို တပ်မတော်မှာရှိတဲ့လူ ၁၀၀ မှာ ၉၉ ယောက်က နိုင်ရင် အမှုမထမ်းလိုကြဘူးဆိုတာလည်း လေးလေး နက် ခင်ဗျားတို့ကို သိစေချင်တယ်။ ဒါကြောင့် လွတ်လပ်တဲ့တိုင်းပြည်အောက် တပ်မတော် အမြန်ပြန် ရောက်နိုင်အောင် ခင်ဗျားတို့က လွတ်လပ်ရေးကို အေး ချမ်းချမ်း ရယူပေးနိုင်တဲ့ တိုင်းပြည်ညီညွတ်ရေးကို ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးမှာ ဝင်ရောက်ပြီး ဆောင်လုပ်ပေးကြပါဦးလို့ နောက်ဆုံး မှာချင်တယ်”

ဤသို့သောနည်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူတို့၏ဆန္ဒ၊ ပြည်သူ့တောင်းဆိုချက်များကို ထောက်ခံမှုယူကာ ဗမာ့တပ်မတော် တည်တံ့ရေးအတွက် မနေ ကြိုးစားခဲ့ရှာသည်ကို လူတိုင်းက သိကြပြီး ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ ခေါင်းဆောင် တို့၏ကြိုးပမ်းမှုကြောင့် ၁၉၄၅ ခု၊ ဇူလိုင်လ ၁၁ ရက် နေ့တွင် ဗြိတိသျှအာဏာပိုင်များနှင့် မျိုးချစ် ဗမာ့ တပ်မတော်မှ ကိုယ်စားလှယ်များသည် အမှတ် ၁၂ ဗြိတိသျှ တပ်မတော်ဌာနချုပ်ရုံး၌ ဗမာ့တပ်မတော် ဆက်လက် ထားရှိရေးကိစ္စကို ဆွေးနွေးကြလေသည်။ ထိုအစည်း အဝေးမှ စတင်၍ တပ်မတော်၏ ဦးစီးခေါင်းဆောင်များ သည် ဗြိတိသျှတို့နှင့် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြရသည်။ တစ်ဖက်မှလည်း ဖဆပလအဖွဲ့ချုပ်ကြီးက နိုင်ငံရေး စည်းရုံးမှုများကို လက်ဝယ်ထားပြီး တပ်မတော် ပြန်လည် ဖွဲ့စည်းရေးအတွက် ပြင်းပြင်းထန်ထန် ထောက်ခံတောင်း ဆိုနေလေသည်။ ဤသို့သော ပြည်သူ့ဆန္ဒ၊ ပြည်သူ့ လှုပ်ရှားမှုများသည် ဆွေးနွေးပွဲများ၌ အောင်မြင်စေသော အကြောင်းအချက်များတွင် အရေးကြီးသော အချက်တစ် ချက်အဖြစ် ပါဝင်ခဲ့လေသည်။ အထူးသဖြင့် နေသူရိန် ဆုံးဖြတ်ချက်သည် အရေးကြီး၏။

ဇူလိုင်လ ၁၅ ရက်နေ့ ညနေ ၆ နာရီတွင် ဘုရင်ခံ အိမ်၌ အရှေ့တောင်အာရှတောင်ပိုင်း မဟာမိတ်တပ် ပေါင်းစု စစ်သေနာပတိ လော့ဒ်မောင့်ဘက်တန်နှင့် ဗိုလ် ချုပ်အောင်ဆန်းတို့ ထပ်မံ ဆွေးနွေးကြပြန်သည်။ ထိုဆွေးနွေးပွဲ၌ ဗမာ့တပ်မတော် ဆက်လက် ထားရှိရေး ကို ဗိုလ်ချုပ်အောင်ဆန်းက တင်ပြတောင်းဆိုရာ မောင့် ဘက်တန်က လက်ခံလိုက်သည်။ မေဂျာဂျင်နရယ်စတော့ ဖို့ဒ်အား မောင့်ဘက်တန်က “ဗိုလ်ချုပ်အောင်ဆန်း အလိုရှိသော ကိစ္စမှန်သမျှအား အကူအညီ အထူးပေးရ မည်” ဟု ညွှန်ကြားထားလိုက်လေသည်။

နောက်ဆုံး၌ ၁၉၄၅ ခု၊ စက်တင်ဘာလ ၇ ရက်၊ သောကြာနေ့တွင် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့ရှိ လော့ဒ်မောင့် ဘက်တန်နှင့် တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်း အမှူး ရှိသော ကိုယ်စားလှယ်များ အစည်းအဝေး ကျင်းပသည်။ ထိုအစည်းအဝေးမှ အချက်ကြီး ၉ ချက် ပါဝင်သော သဘောတူညီချက်ကို ပြဋ္ဌာန်းဆုံးဖြတ်ကြကာ မျိုးချစ် ဗမာ့တပ်မတော်အား အမြဲတမ်း စစ်တပ်ကြီးတစ်တပ် အဖြစ် ဆက်လက်ထားရှိရေးကို အားလုံး သဘောတူညီ ခဲ့သည်။ ။

*(တပ်မတော်သမိုင်း စာစောင်မှ)*

ပြည်သူ့ကြယ်၊ အမှတ် ၁၇ (၁-၄-၁၉၇၀)

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော်
## ပြည်သူ့ကြယ် အယ်ဒီတာအဖွဲ့ဝင်တစ်ဦး

၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့က ဂျူဗလီဟော တွင် မိန့်ကြားခဲ့သော ဂျပန်ပေးသည့် လွတ်လပ်ရေး နှစ်ပတ်လည် အခမ်းအနားမိန့်ခွန်းမှာ ဗိုလ်ချုပ်အောင် ဆန်း၏ အဘောက်ပြောင်ဆုံး၊ အရဲရင့်ဆုံးမိန့်ခွန်းဖြစ်မည် ထင်ရပါသည်။ ယင်းမိန့်ခွန်းတွင် ဗိုလ်ချုပ်အောင်ဆန်း က ... ယခုရရှိထားသော လွတ်လပ်ရေးသည် စာပေါ်က လွတ်လပ်ရေးသာ ဖြစ်ကြောင်း၊ တိုင်းပြည်တစ်ပြည် တွင် စစ်တပ် အင်အားမတောင့်တင်းလျှင် လွတ်လပ်ရေး မရနိုင်၊ လွတ်လပ်ရေးရလျှင်လည်း စစ်အင်အား (ကာ ကွယ်ရေး) မတောင့်တင်းလျှင် ရပြီးသော လွတ်လပ်ရေး ကို ကြာရှည်ထိန်းသိမ်း မထားနိုင်ကြောင်း၊ လွတ်လပ် ရေးလိုချင်လျှင် ယခုရှိနေသော ဗမာ့ကာကွယ်ရေးတပ် မတော်ကို တောင့်တင်းအားရှိအောင် တိုင်းပြည်က ဝိုင်းဝန်း အားပေးကြဖို့လိုကြောင်း၊ ဗမာ့ကာကွယ်ရေး တပ်မတော် သည် မည်သို့သော တပ်မတော်ဖြစ်ကြောင်းကို ...

"အခုရထားတဲ့ လွတ်လပ်ရေးဟာ ဒင်ပြည့်မဖြစ် သေးသော်လည်း ကျွန်ုပ်တို့မှာ ရှေးကလို လက်နက်မဲ့၊ အင်အားမဲ့ လုံးလုံးတော့ မဟုတ်ဘူး။ ကျွန်ုပ်တို့မှာ အင် အားရှိတန်သလောက်ရှိတယ်။ အဲဒီ ရှိတန်သလောက်ရှိ တဲ့ စစ်တပ်ဟာလည်း ပြည်သူ့စစ်တပ်လို့ခေါ်နိုင်တဲ့ စစ်တပ်ပါပဲ။ ရှေးကလို ကြေးစားတပ်သဘောမျိုး မဟုတ် ဘူး"

ဟု ထည့်သွင်း ရှင်းသွား၏။ သူ၏ဆိုလိုချက် ဗမာ့ကာကွယ်ရေးတပ်မတော်သည် ရှေးယခင် ဗြိတိ ခေတ်ကရှိခဲ့သော တိုင်းပြည်အကျိုးထက် မိမိကိုယ် ကို ဦးစားပေးသည့် လစာကြေးငွေ ရရှိခံစားရေးကို အဓိကထားသောသူများ ပါဝင် ဖွဲ့စည်းထားသ ကြေးစားတပ်မျိုးမဟုတ်၊ မျိုးချစ်စိတ်ကို အဓိကမူ ပြီးလျှင် တိုင်းပြည်လွတ်လပ်ရေးအတွက် (ဝါ) ပြည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မည့်ပြည်သူ့တပ်မ ဖြစ်ကြောင်း သရုပ်ဖော်သွားခဲ့၏။ "ပြည်သူ့တပ်မ ဟူသည် မိမိတို့အကျိုးထက် ပြည်သူ၏အကျိုးကို အ ထားရသော တပ်မတော်၊ လစာကြေးငွေကို အဓိကမ သော (ကြေးစားမဟုတ်သော) တပ်မတော် ဟု အဓိ ထွက်လာလေသည်။

၁၉၄၄ခု၊အောက်တိုဘာလ ၁၅ ရက် (တနင်္ဂနွေ နံနက် ၈ နာရီအချိန်တွင် ကန်တော်ကြီး၊ ရန်ကုန် ရပ် မြို့မိ မြို့ဖများ၏ မြို့လုံးကျွတ် အစည်းအဝေးကြီး ကြ၏။ အဆိုပါ မြို့လုံးကျွတ် အစည်းအဝေးသည် တပ်မတော်အား ငွေကြေးပစ္စည်းများ ထောက်ပံ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆွေးနွေးရန် ခေါ်ထားသည့် အစည်းအဝေးကြီး ဖြစ်၏။ အစည်းအဝေးတွင် ဗမာ့တပ်မတော်သီချင်း ဆန်းကို နိုင်ငံတော် တူရိယာအဖွဲ့မှ တီးမှုတ်ဖြေဖျော် ၏။ ထို့နောက် စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဗိုလ်ချုပ် အောင်ဆန်းက တပ်မတော်နှင့် စပ်လျဉ်း၍ မိန့်ခွန်း ပြောကြားသွားလေရာ အောက်ပါအတိုင်းဖြစ်လေသည်။

"ယနေ့ လူကြီးလူကောင်းများကို ဖိတ်ခေါ်ပြီး စည်းဝေးရခြင်းမှာ တိုင်းပြည်အတွက် ကာကွယ်ရေးနဲ့ ဗမာ့တပ်မတော်အတွက် ထိထိရောက်ရောက် ကူညီကြ ရန်အတွက် ဖြစ်ကြောင်း၊ အချုပ်ကတော့ ဆွယ်တရား ဟောဖို့ပါပဲ။

လွတ်လပ်ရေးရတဲ့နိုင်ငံဟာ အင်အားမရှိက အဘက် ဘက်က လွှမ်းမိုးခြင်း ခံရတတ်တယ်။ အားရှိမှ လုပ်နိုင် ။ လွတ်လပ်ရေးကို ရမယ်။ ဗမာများ တကယ်ကြီးပွား ဆိုလျှင် အားရှိ ဂုဏ်ရှိအောင် လုပ်မှ စိတ်ကိုင်းကျ ဖြစ် မယ်"

"ဗမာ့တပ်မတော်ဟာ တိုင်းသူပြည်သားများအတွက် ကာကွယ်ရမယ်။ တိုင်းသူပြည်သားများက အားပေးသမျှ ကာကွယ်ပေးနိုင်လိမ့်မယ်"

ယင်းမြို့လုံးကျွတ် အစည်းအဝေးသို့ မရောက်ရှိ နိုင်ခဲ့သော မြို့သူမြို့သား ပရိသတ်များ၏ သတင်းစာ များမှ ရေးသား မေတ္တာရပ်ခံချက်အရ နောက်ထပ် မြို့ လုံးကျွတ် အစည်းအဝေးတစ်ခုကို အောက်တိုဘာလ ၂၉ ရက် တနင်္ဂနွေနေ့တွင် ကန်တော်ကြီး၊ အေးကျွန်းရိပ်သာ (အလယ်ကျွန်း) မြက်ခင်းပြင်တွင် ထပ်မံကျင်းပခဲ့ကြပြန် ၏။ ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက —

"ဗမာ့လွတ်လပ်ရေးရန်သူကို ဖြိုဖျက်နိုင်မှ ဗမာ့ လွတ်လပ်ရေး တည်တံ့ပြီး အားရှိမယ်၊ ဗမာ့တပ်မတော် ဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် ရင်ကိုမြေကတုတ် လုပ် ပြီး ကာကွယ်ပေးဖို့ အဆင်သင့်ရှိပါတယ်။ တပ်မတော် အင်အားရှိအောင် တိုင်းပြည်က မြေတောင်မြှောက်ပေးရန် တာဝန်ရှိတယ် "

"ဗမာ့တပ်မတော်ဟာ တိုင်းပြည်ရဲ့ တပ်မတော်ဖြစ် တယ်။ ကြေးစား တပ်မတော် မဟုတ်ဘူး။ ဗမာပြည်မှာ တပ်မတော်ဟာ လက်နက်အကြီးဆုံးဖြစ်တယ်။ ဒီလက် နက်ဟာ ဗမာတွေရဲ့ အကြီးဆုံး ကာကွယ်ဖို့လက်နက်ကြီး ပဲ"ဟု မိန့်ကြားသွားခဲ့လေသည်။ မြို့လုံးကျွတ် အစည်း အဝေးနှစ်ကြိမ်လုံးတွင်ပင် ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်သည် ပြည်သူတို့အထဲမှ (ပြည်သူ့လူပ်ရှားမှု များမှ) ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ် ကြောင်း၊ တိုင်းပြည်၏ တပ်မတော်ဖြစ်ကြောင်း၊ လစာ ရိက္ခာထောက်ပံ့မှုတို့ မက်မောနေသည့် ကြေးစားတပ်မျိုး မဟုတ်ကြောင်း၊ တိုင်းပြည်နှင့် လူမျိုး အကျိုးကျေးဇူး အတွက် ကာကွယ်ပေးမယ့် တပ်မတော်ဖြစ်ကြောင်းများ ကို ရှင်းလင်း မိန့်ကြားသွားခဲ့သည်။

တပ်မတော်နှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်း ၏ ဂျပန်ခေတ်အတွင်း ပြောကြားချက်များထဲမှ ၁၉၄၄ ခု၊ မတ်လ ၁၃ ရက်နေ့၊ စစ်တက္ကသိုလ် ကျောင်းဆင်းပွဲ ပြောကြားသော မိန့်ခွန်းမှာ အထူးပင် ပြည့်စုံကောင်းမွန် သော မိန့်ခွန်းရှည်တစ်ခုဖြစ်ကြောင်းတွေ့ရ၏။ ယင်း မိန့်ခွန်းမှ သက်ဆိုင်ရာအချက်များကို ထုတ်နုတ်၍ အောက်တွင် ဖော်ပြလိုက်ပါသည်။

"ပထမဆုံး ရဲဘော်တို့ကို မှာချင်တာက ငါတို့ အခု ဗမာနိုင်ငံဟာ ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံဖြစ် တယ်။ ဒီနိုင်ငံဟာ တစ်နိုင်ငံ တစ်မျိုးသားလုံးရဲ့ အကျိုးအတွက်ဖြစ်တယ်။ ဒါကြောင့် ဒီနိုင်ငံရဲ့ အကျိုးကို ကာကွယ်ရမယ့် ဗမာ့တပ်မတော်ဟာ လည်း ဗမာ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးအတွက် ဖြစ်တယ် ဆိုတာ နားလည်ရမယ်"

"ဒီတပ်မတော်ဟာ လူတစ်ဦးတစ်ယောက် အတွက် တည်ထောင်ထားတာ မဟုတ်၊ တစ်နိုင်ငံ လုံး၊ တစ်မျိုးသားလုံးအတွက် ဖြစ်တယ်၊ ဒီတပ်မ တော်ဟာ တစ်ဖွဲ့တစ်ပါတီလူတစ်စုအတွက်တည် ထောင်ထားတာမဟုတ်၊ တစ်နိုင်ငံလုံးတစ်မျိုးသား လုံးအတွက် ဖြစ်တယ်"

"ဒီတပ်မတော်ဟာ ရှေးအင်္ဂလိပ်လက်ထက်က လို ကြေးစားတပ်မဟုတ်၊နိုင်ငံနဲ့အမျိုးကို ကာကွယ် စောင့်ရှောက်ဖို့၊ နိုင်ငံနဲ့အမျိုးကို (မ)တင်ပေးဖို့ဖြစ် တယ်။ ဒါကြောင့် တပ်မတော်ဟာ နိုင်ငံနဲ့အမျိုး ရဲ့ သစ္စာကို အမြဲ စောင့်ရမယ်။ ရှေးတုန်းကလို (ဗြိတိသျှခေတ်က ကြေးစားတပ်လို) တခြားနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



အခြားလူမျိုးကို သစ္စာ စောင့်သိရတာ မဟုတ်၊ အဲဒီလို စောင့်တဲ့သစ္စာဟာ ဝတ်ကျေတမ်းကျေ စောင့်တဲ့ သစ္စာဖြစ်တယ်။ အခု ငါတို့ဟာ ငါတို့ လူမျိုး၊ ငါတို့နိုင်ငံကို သစ္စာစောင့်ရမယ်။ ဒါကြောင့် ငါတို့စောင့်တဲ့သစ္စာဟာ တကယ့်သစ္စာဖြစ်ရမယ်။ အပေါ်ယံသစ္စာမဖြစ်ရဘူး"

"× × တခြား မှာကြားလိုတဲ့ အချက်ကတော့ ပြောနေကျစကားပဲ။ ဒါပေမဲ့ အဓိပ္ပာယ်လေးနက်အောင် ထပ်ပြီးပြောပြလိုက်ဦးမယ်။ ငါတို့စစ်တပ်ဟာ နိုင်ငံသူနိုင်ငံသားတွေကို ညှဉ်းဆဲဖို့မဟုတ်၊ လက်နက်အားကိုး တန်ခိုးပြဖို့မဟုတ်၊ စစ်တပ်ဟာ နိုင်ငံရဲ့ အစေခံဖြစ်ရမယ်။ နိုင်ငံဟာ စစ်တပ်ရဲ့ အစေခံ မဖြစ်ရဘူး။ ဒါက စကားရိုင်းရိုင်းနဲ့ နားလည်အောင် ပြောပြတာပဲ။ ဒီစကားကို ကျုပ်ပြောတာဟာ စစ်တပ်ကို ပြန်နှိမ်ချင်တဲ့ သဘောနဲ့ ပြောတာ မဟုတ်ဘူး။ ငါတို့ဟာ လက်နက်ကိုင်ရှိကြတဲ့ လူတွေဖြစ်သော်လည်း မတရားမလုပ်၊ နိုင်ငံရဲ့ရန်သူတွေမဟုတ်၊ နိုင်ငံရဲ့ မိတ်ဆွေဆိုတာ အားလုံး သဘောပေါက်အောင် ပြောပြခြင်းပဲ။ အမှန်ပြောရရင် လူတွေဟာ ပုထုဇဉ်တွေပဲ။ အားရှိတဲ့အခါအားနည်းတဲ့သူကို ညှဉ်းချင်စိတ်ရှိတယ်။ အားနည်းတဲ့ လူတွေကလည်း ကိုယ်အားနည်းတဲ့ အခါတုန်းကတော့ အားကြီးနေတဲ့လူကို လက်နက်အားကိုး၊ အာဏာအားကိုး လုပ်ချင်တယ် ပြောကြတာပဲ။ မိမိတို့ကိုယ်တိုင် အားကြီးတဲ့နေရာ အာဏာရှိတဲ့နေရာမှာရောက်တဲ့အခါကျတော့ အရင်တုန်းက ပြောထားတာတွေ မေ့ပြီး တစ်မျိုးလုပ်ကြတာပဲ။ ဒါ ထုံးစံပဲ"

"ငါတို့က ဒီလိုမဟုတ်၊ အားနည်းတဲ့အခါလည်း အားကြီးတဲ့လူကို မတရားရင် မကြောက်၊ အားကြီးတဲ့အခါမှာလည်း အားနည်းတဲ့လူကို မတရားမလုပ်ဆိုတဲ့အတိုင်း လုပ်ချင်တယ်။ ပြချင်တယ်။ ဒါ့ကြောင့် စစ်တပ်ဟာ နိုင်ငံရဲ့ အစေခံဖြစ်တယ်လို့ ပြောရတာပဲ၊ နောက်ဆုံးတစ်ခု မှာချင်တာက ငါတို့သာ နိုင်ငံချစ်တယ်ဆိုတဲ့ စိတ်ဓာတ်မထားကြဖို့ပဲ။ ဒီနိုင်ငံမှာပဲဖြစ်ဖြစ်၊ ဒီပြင်နိုင်ငံမှာဖြစ်ဖြစ် စစ်သားတွေချည်း နိုင်ငံချစ်တဲ့ လူရှိကြတာမဟုတ်ဘူး။ တခြားစစ်သားမဟုတ်ပေမဲ့ နိုင်ငံအတွက် အမျိုးမျိုးအနစ်နာခံ၊ အမျိုးမျိုး စွန့်စားလုပ်ကြတဲ့ လူတွေလည်း ရှိတာပဲ။ အဲဒါကြောင့်စစ်သားမှ စစ်သားဆိုတဲ့ စိတ်သဘောထားကို ပြောင်းကြရမယ်။ သို့ပေမဲ့ တစ်ခု နားလည်ထားစေချင်တယ်၊ တစ်ဦးတစ်ယောက်ဟာ စစ်တပ်ကို မတရားနှိမ်မယ်၊ လူလည်လုပ်မယ်၊ စစ်တပ်ရဲ့ အခွင့်အရေးကို မတရားသဖြင့် ချိုးဖျက်မယ်ဆိုရင် ကျုပ် အစွမ်းကုန် ကြိုးစားတိုက်ဖျက်မယ်ဆိုတာ ရဲဘော်တို့ သိစေချင်တယ်"

ဗိုလ်ချုပ်အောင်ဆန်း၏ အထက်ပါမိန့်ခွန်းမှာ ရှင်းလှပါသည်။တပ်မတော်သည် ပြည်သူ့အကျိုးပြု တပ်မတော်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် တစ်သားတည်းနေကြရမည့် ပြည်သူ့တပ်မတော်ဖြစ်ကြောင်းကို ထောက်ပြသွားခြင်းပင်ဖြစ်၏။ ဖက်ဆစ်ဂျပန်များကို တော်လှန်ပြီးနောက် ၁၉၄၅ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော နေသူရိန် အစည်းအဝေးကြီး၌လည်း တပ်မတော်နှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း မိန့်ကြားခဲ့ပြန်သေး၏။

"ကျုပ် ခေါင်းဆောင်နေတဲ့ တပ်မတော်သား တွေက အခု ဒီလောက် အပင်ပန်းခံ တိုက်နေတာ လခလည်း တစ်ပြားမှမရသေးဘူး၊ အဝတ်အစား လည်း ချို့တဲ့တယ်၊ ဆေးဝါးလည်း ကောင်းကောင်း မလုံလောက်ဘူး။ လက်နက်ခဲယမ်း မီးကျောက် လည်း မပြည့်စုံဘူး။ အနားဆိုလို့လည်း မရဘူး။ မဟာမိတ်တွေဆီက အကူအညီဆိုတာလည်း ရသင့်သလောက် မရဘူး။ ဒီ့ပြင်ဆိုရင်လည်း လူငယ်တွေလုပ်ရင် အထင်သေးချင်တဲ့ တချို့ လူကြီးတွေရဲ့ မသိမသာ နှောင့်ယှက်မှု၊ သိသိသာသာနှောင့်ယှက်မှုကိုလည်း ခံရသေးတယ်။ အသက်လည်း စွန့်ရသေးတယ်။ သေတဲ့လူတွေ သေကုန်ပြီ၊ လူစဉ်မမီတဲ့လူတွေ မမီတော့ဘူး"

"ဒီလောက်အပင်ပန်းခံပြီး ကျုပ်တို့တစ်တပ် တိုက်နေတာဟာ တစ်နေ့က ကျုပ်တို့တပ်ခေါင်း ခေါင်းဆောင်တွေရဲ့ ကြေညာချက်အတိုင်း ...

www.burmeseclassic.com



တစ်စုတည်း ကောင်းစားဖို့လည်းမဟုတ်ဘူး။ ကျုပ်တို့ ကိုယ်ရေးကိုယ်တာကောင်းစားမှုအတွက် လည်း မဟုတ်ဘူး၊ ကျုပ်တို့တိုက်နေတာဟာ တိုင်းပြည်ရဲ့ လွတ်လပ်ရေးနဲ့ တိုင်းပြည်လူထုကြီး တစ်ရပ်လုံး ကောင်းစားရေးကို ရှေးရှုပြီး ရည်ရွယ်ပြီး တိုက်နေ တယ်ဆိုတာကို တထစ်ချ သိစေချင်တယ်"

ဟု မိန့်ကြားသွားခြင်းကို တွေ့ကြရ၏။ ယင်း နေ့သူရိန်မိန့်ခွန်း၌ တပ်မတော်၏ကဏ္ဍနှင့် တပ်မတော် ၏ ဝါဒဖြစ်သော (တစ်ဖွဲ့၊ တစ်ပါတီ၊ လူတစ်စု ကောင်းစားရေးအတွက် မဟုတ်ဘဲ) လွတ်လပ်ရေးနှင့် လူထုကောင်းစားရေးအတွက်သာ ဖြစ်ကြောင်းကို ရှင်းလင်းပြီး ဖော်ပြထားလေသည်။

ဤဆောင်းပါးကို နိဂုံးချုပ်လိုက်သော် ... သူ၏ မိန့်ခွန်းများအရ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော် နှင့် စပ်လျဉ်း၍ လုပ်ငန်းနှင့် မူဝါဒ ငါးချက်မျှ သတ်မှတ် ပေးခဲ့ကြောင်း တွေ့ရှိရ၏။ ယခုအခါ ဗမာ့တပ်မတော် သည် ပြည်သူ့တပ်မတော်အဆင့်သို့ ကူးပြောင်းနေလေ ရာ လက်ရှိတပ်မတော်မှ ရဲဘော်ညီနောင်များသည် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြား သတ်မှတ်ပေးခဲ့သော အချက်များကို သိရှိထားလျှင် ပိုမိုအကျိုးဖြစ်ထွန်းလိမ့် မည်ဟု ကျွန်ုပ်တို့ ယုံကြည်ထားပါသည်။ အဆိုပါ ယုံကြည်ချက်အရ ရှားပါးလှသော ဗိုလ်ချုပ်အောင်ဆန်း ၏ မိန့်ခွန်းများကို သုတေသနပြုလုပ်ဖော်ပြပေးရခြင်း ဖြစ်ပါကြောင်း။ အနှစ်သာရကိုမူကား မိမိဘာသာ စူးစမ်း ထုတ်ဖော်ယူကြစေလိုပါကြောင်း တင်ပြပါသည်။ ။

ပြည်သူ့ကြယ်၊ အမှတ် ၂၂ (၁-၈-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# တစ်နှစ်တစ်ခါ ဆုံကြရာဝယ်

## ကျောက်ဆည်-မောင်မောင်

**ရဲဘော်တို့....**

အကျယ်ချဲ့ပြီး ရှည်ရှည် မပြောချင်ဘူး။ အခု စစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြရမယ်၊ ဗမာပီပီ ဗမာ့သွေးကို ပြပါ။ အထက် ဗိုလ်များရဲ့အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်။

ဗမာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံး ရန်သူကို ရှာပြီးတိုက်ကြ၊ ဒါပဲ။

**[ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများစာအုပ်မှ]**

× × ×

မတ်လ (၂၇)ရက်နေ့သို့ ရောက်သည့်အခါတိုင်း ကန်တော်ကြီး၊ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်၏ နောက်ဘက်ရှိ အလယ်ကျွန်းဟုခေါ်သော ကျွန်းငယ်တစ်ခုတွင် ပွဲတော်တမျှ စည်ကားလှသော လူစုလူဝေးများကို တွေ့မြင်ကြရပေမည်။

အဆိုပါ စည်ကားလှသည့် လူစုလူဝေးကြီးများသည်ကား ပွဲတော်ကြောင့်လည်းမဟုတ်၊ ရုပ်ရှင်မင်းသားမင်းသမီးများ၏ မြေပဒေသာပြဇာတ်ကြောင့်လည်း မဟုတ်ဘဲ တစ်ချိန်က တိုင်းပြည်တာဝန်ကို အသက်ပေးကာ ထမ်းဆောင်ခဲ့ရာမှ မသေ၍ ကျန်ရစ်ခဲ့ကြသည့် ရဲဘော်ဟောင်းများ၏ မိတ်ဆုံ ထမင်းစားပွဲကြီးကြောင့်ပင် ဖြစ်လေသည်။ ထမင်းစားပွဲကြီးဆိုသော်လည်း စားပွဲကြီးများပေါ်တွင် စားကောင်းသောက်ဖွယ်တို့ကို ထင်ကာ အကျအန စားသောက်ခြင်းမျိုးမဟုတ်။ မြေကြီးပေါ်တွင် ဖက်ခင်းကာ စေတနာရှင် ရဲဘော်ဟောင်းများ၏ ဇနီး၊ သားသမီးများက ကျွေးမွေးသော ထမင်းဟင်းနှင့် အချိုယမကာများကို စကားပြောကြရင်း တပျော်တပါး စားသောက်ကြသော ထမင်းလက်ဆုံစားပွဲကြီးသာလျှင် ဖြစ်လေသည်။

ထမင်းစားပွဲသို့ တက်ရောက်ရန် မည်သူကများလည်း ဖိတ်ကြားခြင်း မရှိ၊ မိမိတို့အသိဖြင့် မတ်လ(၂၇)ရက်နေ့သို့ ရောက်တိုင်း ဤနေရာတွင် စုရုံးလေ့ရှိသည့် အသိဖြင့်သာ လာရောက်ကြခြင်းဖြစ်၏။ အစဉ်အလာကဲ့သို့ပင် ဖြစ်နေတော့၏။ ယင်းကဲ့သို့ လာရောက်ကြရာတွင်လည်း ဇနီး၊ သားသမီး၊ မြေး၊ မြစ်များနှင့်အတူ စားသောက်ဖွယ်ရာများကိုပါ ယူဆောင် လာလေ့ရှိကြ၏။ ရဲဘော်ဟောင်းများ ပြန်လည်ဆုံစည်းမိကြသည့်

www.burmeseclassic.com



အခါ ရှေ့ဖြစ်ဟောင်းများကို အောက်မေ့ဖွယ်ရာ အားပါးတရ စကားပြော၍ မဝအောင် ရှိကြ၏။ မိမိတို့၏ အသက်များသည် နှစ်ပေါင်း (၃၀)ခန့် ပြန်၍ ငယ်သွားသည်ဟု ထင်မြင်လာ၏။ အတိတ်သည်လည်း အရိပ်များပမာ ထင်ဟပ်လာပေတော့သည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော်

၁၉၄၁–ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့ အရှေ့အာရှစစ်ပွဲ စတင်ဖြစ်ပွား၏။ ဂျပန်နိုင်ငံ ဟိုက်နန်ကျွန်းတွင် စစ်သင်တန်း တက်နေသော သခင်အောင်ဆန်း ခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်သည် မီနာမီကီကန်း အဖွဲ့နှင့်အတူ ယိုးဒယားပြည်၊ ဘန်ကောက်မြို့သို့ ရောက်လာ၏။ မကြာမီ ဒီဇင်ဘာလ (၂၆)ရက်နေ့တွင် သခင်အောင်ဆန်းသည် ကာနယ်ဆူဇူကီးနှင့်အတူ၊ ယိုးဒယားရှိ မြန်မာအမျိုးသားများကို စုစည်းကာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင် တည်ထောင်ကြသည်။ ရဲဘော်သုံးကျိပ်ဝင်တို့သည် စစ်ဘက်ဆိုင်ရာ ဗိုလ် အမည်ခံယူလျက် လက်မောင်းသွေး ဖောက်ကာ သစ္စာရေသောက်ခဲ့ကြ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဒီဇင်ဘာလ (၃၁)ရက်နေ့မှစ၍ စစ်ကြောင်း သုံးကြောင်း ခွဲဖြန့်ကာ မြန်မာနိုင်ငံသို့ ချီတက်ခဲ့၏။

မော်လမြိုင်စစ်ကြောင်းကို ဗိုလ်မှူးကြီး ကေတာ ဒိုးမား ကွပ်ကဲ၍လည်းကောင်း၊ ထားဝယ်စစ်ကြောင်းကို ဒု–ဗိုလ်ချုပ်ကြီး ကပါရှီးမား ကွပ်ကဲ၍ လည်းကောင်း၊ ရေကြောင်းချီတပ်အား ဗိုလ်မှူးကြီး ဟီရာယာမ ကွပ်ကဲ၍ လည်းကောင်း၊ အတွင်းသူပုန် တော်လှန်ရေးတပ်ဖွဲ့ကို ဗိုလ်မှူးကလေး ဗိုလ်နေဝင်းက ကွပ်ကဲ၍လည်းကောင်း အသီးသီး ချီတက်ခဲ့၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာ့မြေ အတွင်းသို့ ချင်းနင်း ဝင်ရောက်မိသည်နှင့်တစ်ပြိုင်နက် ကြိုတင်စီမံထားချက်အရ ပိုမိုအင်အား ကြီးထွားလာ၏။ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ပညာတတ် မျိုးချစ်လူငယ်များသည် သားပစ်၊ မယားပစ်၊ အိုးပစ်၊ အိမ်ပစ်နှင့် လုပ်ငန်းများကို ပစ်ခွာလျက် ရရာ လက်နက် ဆွဲကိုင်ကာ ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ဝင်ရောက်ခဲ့၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ပင်ပန်း ဆင်းရဲခြင်းကြီးစွာ တော အထပ်ထပ်၊ တောင် အသွယ်သွယ်ကို ဖြတ်ကျော်ကာ နယ်ချဲ့ ဗြိတိသျှတို့အား တိုက်ထုတ်ခဲ့၏။ ဆင်းရဲတော်ပြတ်ခဲ့၏။ အသက်ပေါင်းများစွာဖြင့် စတေးခဲ့ရ၏။

မြန်မာနိုင်ငံအနှံ့အပြားကို သိမ်းယူထားပြီးနောက် ဆင်ကြဲ ကြဲနေသော ဂျပန် စစ်အာဏာရှင်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်အား မရှုစိမ့် မနာလို ဖြစ်လာကြ၏။ မြန်မာပြည်သိမ်းစစ်ပွဲတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် နာမည်ကြီးလှသော ဂျပန်အမှတ် (၁၅) တပ်မတော်မှ အမှတ်(၃၃)နှင့် အမှတ် (၅၅) တပ်မကြီးများနှင့် ရင်ပေါင်တန်း၍ ရှေ့တန်းမှ ပါဝင်တိုက်ခိုက်ခဲ့သည်ကို ဂျပန်စစ်အာဏာပိုင်များ သိထားကြ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဆက်လက် ခွင့်ပြုထားလျှင် ဂျပန်တို့အဖို့ မြွေပွေးကို ခါးပိုက်ထဲ ထည့်ထားသကဲ့သို့ ဖြစ်ချိမ့်မည်ကို သိလေသဖြင့် အကြောင်းအမျိုးမျိုးပြကာ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်အား ဖျက်သိမ်းလိုက်၏။

## ဗမာ့ကာကွယ်ရေး တပ်မတော်

ဗမာ့ကာကွယ်ရေး တပ်မတော်ကို ၁၉၄၂ ခု၊ ဇူလိုင် ၂၇ ရက်နေ့မှာပင် ခြေလျင်တပ်ရင်းကြီး (၃)ရင်း၊ စစ် ဌာနချုပ်(၁)နှင့် ဗိုလ်သင်တန်းကျောင်း (၁)ခုတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ မကြာမီ တပ်များကြီးထွားလာကာ ဗမာ့ ကာကွယ်ရေးတပ်မတော်မှ တပ်ရင်း(၁)သည် ပန်းတောင်း–တောင်ကုတ် လမ်းတွင်လည်းကောင်း၊ တပ်ရင်း(၂)သည် ရန်ကုန်မြို့စောင့်တပ် အဖြစ်လည်းကောင်း၊ တပ်ရင်း(၃)သည် အထက်မြန်မာပြည် စစ်မြေပြင်တွင် ဂျပန်တပ်မကြီးများနှင့်အတူ ပူးတွဲ၍ စစ်ဆင်လျက်လည်းကောင်း တာဝန်ပေးပြီး နောက် တပ်ရင်း (၄) (၅) (၆) စသည်တို့ကို တိုးချဲ့ ဖွဲ့စည်းကာ ပျဉ်းမနားတွင် သင်တန်းပေးခြင်းဖြင့်လည်းကောင်း၊ ထို့နောက် စက်မှုလက်မှုတပ်ရင်း (၁)ကို တိုးချဲ့ဖွဲ့စည်းပြန်ကာ အင်ဖာ စစ်မြေပြင်သို့ ဂျပန် ရှေ့တန်းတိုက်ခိုက်ရေး အမှတ်(၁၅) တပ်မလက်အောက်တွင် တွဲဖက် တိုက်ခိုက်ရန် တာဝန်ပေးအပ်ခြင်းဖြင့်လည်းကောင်း၊ ထိုနောက် စက်မှုလက်မှုတပ်ရင်း(၂)၊ ထောက်ပို့နှင့် လေ့ကျင့်ရေး တပ်ရင်းများ

www.burmeseclassic.com

www.burmeseclassic.com





စသည်တို့ကို တိုးချဲ့ဖွဲ့စည်း၏။ ထိုအချိန်အတွင်းမှာပင် ဂျပန်တို့ပေးသော အတုအယောင်လွတ်လပ်ရေးကို ရရှိသည့်အခါ ဗိုလ်ချုပ်အောင်ဆန်းမှာလည်း စစ်ဝန်ကြီးနှင့် စစ်သေနာပတိ တာဝန်ကို ယူခဲ့ရ၏။ တစ်ချိန်တည်းမှာပင် ဗမာ့ကာကွယ်ရေးတပ်မတော်၏ အမည်ကိုလည်း ဗမာ့တပ်မတော် ဟူသော အမည်သို့ ပြောင်းလဲခဲ့၏။

ဗမာ့ ကာကွယ်ရေးတပ်မတော်သည် စနစ်ကျ၍ စည်းကမ်းရှိ၏။ စစ်ရေး လေ့ကျင့်မှု ပေးပြီးဖြစ်၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် တစ်ဆက်တည်းဖြစ်သော ဗမာ့ကာကွယ်ရေးတပ်မတော်သည် ပို၍ ပို၍ စစ်ပွဲအတွေ့အကြုံ တိုက်ခိုက်ရေး စွမ်းရည် ပြည့်စုံလာ၏။ ဗမာ့ကာကွယ်ရေး တပ်မတော်သည် ဂျပန်နှင့်လက်တွဲ၍ ရခိုင် အင်ဖာ စသည့် စစ်မြေပြင်များတွင် ဗြိတိသျှနှင့် မဟာမိတ်တို့အား တိုက်ခိုက်ခဲ့ရသဖြင့် စစ်ပွဲအတွေ့အကြုံ ရရှိခဲ့၏။ ဆင်းရဲပင်ပန်းခဲ့၏။ ငတ်ပြတ်ခဲ့၏။ အသက်ပေါင်းများစွာ ပေးလှူခဲ့ရ၏။

## မျိုးချစ် ဗမာ့တပ်မတော်

ဖက်ဆစ်ဂျပန်၏ ဆိုးရွား ယုတ်မာမှု၊ ကတိမတည်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အမျိုးသမီးများအား မတရားကျင့်မှု စသည်တို့ကို မြန်မာတို့ အတောမသတ်ကြုံခဲ့ရဆုံခဲ့ရဖူးပြီဖြစ်၏။ ထို့ကြောင့် ၁၉၄၅ ခု၊ မတ်လ (၂၇)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ပါတီအဖွဲ့အစည်းများနှင့်တကွ မျိုးချစ်စိတ် ထက်သန်သော လုပ်သားပြည်သူ တစ်ရပ်လုံးကိုပါ စည်းလုံးညီညွတ်မှုကို ရယူကာ တပ်မတော်က ဦးဆောင်ပြီး ဂျပန်တို့အား စစ်ကြေညာကာ တိုက်ခိုက်၏။ အထက်မြန်မာပြည်တွင် ဗြိတိသျှနှင့် မဟာမိတ်တို့က အင်အားနှင့် ထိုးဖောက်ဝင်ရောက်လာသည်ကို အကြောင်းပြ၍ စစ်မျက်နှာ သစ်ဖွင့်၍ တိုက်ပေးမည်ဟု ဂျပန်တို့အား အယုံသွင်းကာ တပ်များကို မကွေး၊ ရေနံချောင်းနှင့် သရက်ခရိုင်များတို့လည်းကောင်း၊ မြစ်ဝကျွန်းပေါ် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနားနှင့် တနင်္သာရီစသည်နယ်များဆီသို့ အသီးသီးချီတက်သွားစေပြီး တပ်များ ဖျောက်ထားလိုက်၏။

ထိုသို့တပ်များ မထွက်ခွာမီ **ဗိုလ်ချုပ်အောင်ဆန်းသည် ဆောင်းပါး အဖွင့်တွင် ဖော်ပြထားသည့် ရဲရဲတောက် မိန့်ခွန်းကို ပေးခဲ့၏။** ဗမာ့
တပ်မတော်တစ်ခုလုံး ဂျပန်အား မတော်လှန်မီ ၁၉၄၅
ခု၊ မတ်လ (၈)ရက် နေ့တွင် မန္တလေးတွင်ရှိသော ဗိုလ်မှူး
ဗထူး ဦးစီးသည့် အနောက်မြောက်တိုင်းလက်အောက်ရှိ
တပ်ရင်း တပ်ဖွဲ့များသည် အထက်ဗမာပြည်တွင် ဂျပန်
တို့အား တော်လှန်တိုက်ခိုက်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်း
၏ ညွှန်ကြားချက် ရယူ၍ တော်လှန်ခဲ့ခြင်းဖြစ်သော်
လည်း ဂျပန်တို့မရိပ်မိစေရန် ဗမာ့တပ်မတော်မှ ခွဲထွက်၍
တောခိုသွားလေဟန်ဆောင်ခဲ့၏။ ထိုဟန်ဆောင်ကောင်း
မှု ပိရိသေသပ်မှုကြောင့်သာလျှင် မတ်လ(၂၇)ရက်နေ့
တွင် တပ်မတော်တစ်ရပ်လုံး ဂျပန်တို့အား အောင်မြင်စွာ
တော်လှန်နိုင်ခဲ့ခြင်းဖြစ်၏။ ဤကား ဗိုလ်မှူးကြီးဗထူး၏
ထူးချွန်သော ဂုဏ်သတ္တိနှင့် အကြံဉာဏ်များပင် ဖြစ်၏။

မြန်မာတစ်နိုင်ငံလုံးတွင်ကား ဗိုလ်ချုပ်အောင်ဆန်း
ဦးစီးသော မျိုးချစ် ဗမာ့တပ်မတော်၏ သေနတ်သံ
အမြောက်၊ ဗုံးသံတို့ဖြင့် ပွက်ပွက်ညံလေတော့သည်။
မျိုးချစ် ဗမာ့တပ်မတော်သည် ရခိုင်ကိုဖြတ်၍ ဆုတ်ခွာ
သော ဂျပန်များအား သရက်ခရိုင်နှင့် ပြည်ခရိုင်အတွင်း
လည်းကောင်း၊ အထက်မန္တလေး မိတ္ထီလာဘက်မှ ဆင်း
လာသော ဂျပန်တပ်များအား ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး
ခရိုင် နယ်မြေများမှလည်းကောင်း၊ ကြွင်းကျန်သော
တပ်ပျက်များကို မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ဒေသများ
လည်းကောင်း၊ ယိုဒယား လမ်းမကြီးမှနေ၍ ခံစစ်
တည်ဆောက်နေသော ဂျပန်တပ်များကို တနင်္သာရီ
အတွင်းရှိ တိုင်းအမှတ်(၅)တို့ကလည်းကောင်း၊ အသီးသီး
အပြင်းအထန် တိုက်ခိုက်လျက်ရှိလေသည်။ ဂျပန်
အား ဦးစွာ တော်လှန်ခဲ့သော ဗိုလ်မှူးကြီးဗထူး ဦးဆောင်
သော အနောက်မြောက်တိုင်းသည် ရှမ်းပြည်ဘက်
ချီတက်ပြီး အောင်ပန်းနှင့် ကလောဒေသတို့မှ ဂျပန်
အား ထိရောက်စွာ တိုက်ခိုက်ခဲ့၏။

မျိုးချစ် ဗမာ့တပ်မတော်သည် ဂျပန်တို့အား ပြင်း
ပြင်းထန်ထန် တိုက်ခိုက်ခဲ့သည်။ ယင်းစွမ်းဆောင်
မှုအား မဟာမိတ်တပ်ပေါင်းစု စစ်သေနာပတိချုပ်
လူးဝီ မောင့်ဘက်တန်ကပင် အသိအမှတ်ပြု မှတ်
တင်လာ၏။ မျိုးချစ်ဗမာ့တပ်မတော်၏ လက်ချက်ဖြင့်
ဂျပန်(၁၀၈၂၆)ယောက် ကျဆုံးခဲ့သည်။ (၂၀၄)ယော

www.burmeseclassic.com

www.burmeseclassic.com



ဆာက်ရာရပြီး၊ သုံ့ပန်းအဖြစ် (၂၀၅) ယောက် ရရှိခဲ့သည်။ ာက်နက်ခဲယမ်း မီးကျောက်ပေါင်း မြောက်မြားစွာကို ည်း သိမ်းပိုက်နိုင်ခဲ့သည်။ **(ဗိုလ်ချုပ်အောင်ဆန်း ိန့်ခွန်းများစာအုပ် စာမျက်နှာ–၁၆)**

ဗိုလ်မှူးကြီးနေဝင်း(ယခုတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး နေဝင်း) ဦးစီးသည့် စစ်ကြောင်းမှ န်ကုန်မြို့ကို မဟာမိတ်တို့ထက် ၃ ရက် စော၍ သိမ်း ပြီး ရန်ကုန်မြို့အား မျိုးချစ် ဗမာ့ တပ်မတော်က ိမ်းပိုက်ပြီဖြစ်ကြောင်း ကမ္ဘာသို့ အသံလွှင့် ကြေညာ ခဲ့၏။

ဂျပန်များ ဆုတ်ခွာထွက်ပြေးလက်နက်ချပြီး ာက် မျိုးချစ်ဗမာ့ တပ်မတော်ဆက်လက် တည်ရှိနိုင် အတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်များသည် လုံးပန်းလျက် ကြ၏။ နောက်ဆုံး ၁၉၄၅ ခု၊ စက်တင်ဘာလ ၇ ရက်နေ့တွင် သီဟိုဠ်ကျွန်း ကန္ဒီမြို့၌ မဟာမိတ် စစ်သေနာ ိချုပ် လော့ဒ်လူးဝီ မောင့်ဘက်တန်နှင့် ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သော နိုင်ငံရေး၊ စစ်ရေးခေါင်း ဆောင်များ အစည်းအဝေး ပြုလုပ်ကြပြီး ဗမာ့မျိုးချစ် တပ်မတော်အား စစ်သည်အင်အား၊ အရာရှိ ၂၀၀ နှင့် ခြားအဆင့် ၅၂၀၀ အထိသာ ပြန်လည် ဖွဲ့စည်းမည့် တပ်မတော်တွင် ဆက်လက်ပါဝင်ရန် သဘောတူညီမှု ခဲ့သည်။ အကယ်၍ နောက်ထပ် လိုအပ်မှသာ အရာရှိ ဆတ်သူ ၂၀၀ မှ ၃၀၀ အထိနှင့် အရာရှိ ၅၀ ခန့် ယောက်ကို အနိုင်နိုင် လက်ခံ ခန့်ထားနိုင်မည့် အခြေ အနေတွင် ရှိခဲ့ပါသည်။ ယင်းဖွဲ့စည်းမည့် တပ်မတော် ၌ ဗြိတိသျှ သစ္စာတော်ခံ သေနတ်ကိုင် တပ်ရင်းများမှ အရာရှိအရာခံ၊ အကြပ်၊ တပ်သား အားလုံးတို့ ထည့်သွင်း ရလေသည်။ ထို့ကြောင့် မျိုးချစ်ဗမာ့တပ်မတော် များ အားလုံးအတွက် နေရာ မရလိုက်ဘဲ ရှိခဲ့ရလေ ည်။

## သံသရာ ကြုံခဲ့ရာဝယ်

ဂျပန်ကို တော်လှန်ခဲ့သော ဗမာ့မျိုးချစ်တပ်မတော် အမာခံ တပ်ဖွဲ့ဝင် အင်အား (၁၂၀၀၀)ကျော်ခန့် ၏။ ထိုအထဲတွင် ဦးညိုထွန်း ခေါင်းဆောင်သော ရခိုင်ပြောက်ကျား၊ တောင်ငူခရိုင်မှ ဗိုလ်မြခေါင်းဆောင် သော ပြောက်ကျားနှင့် ဌာနေပြောက်ကျားတပ်ဖွဲ့များ မပါဝင်သေးချေ။

ယင်းအင်အား ၁၂၀၀၀ ကျော်ထဲမှ ကန္ဒီစာချုပ် အရ မျိုးချစ်ဗမာ့ တပ်မတော်မှ အရာရှိမဟုတ်သော တပ်မတော်သား ၅၂၀၀ နှင့် အရာရှိ ၂၀၀ အထိကိုသာ အသစ်ပြန်လည်ဖွဲ့စည်းသော တပ်မတော်တွင် လက်ခံခန့် ထားနိုင်သည့်အတွက် ထက်ဝက်ကျော်မျှသာ မျိုးချစ် ဗမာ့တပ်မတော်မှ အရာရှိ၊ အကြပ်တပ်သားတို့မှာ အပြင် သို့ ရောက်သွားရ၏။ ထို့ကြောင့် ဗမာ့တပ်မတော်တွင် ပါဝင်သင့်ပါလျက် မပါဝင်ကြရသော အရာရှိ၊ အကြပ်နှင့် တပ်သားတို့မှာ ဝမ်းနည်းပက်လက် မျက်ရည်စက်စက် ကျခဲ့ကြရ၏။

ယင်းကဲ့သို့ တပ်မတော်သစ်တွင် ပြန်လည်ပါဝင် ခွင့် မရသော တပ်ဖွဲ့ဝင်များမှာ အပြင်လောကတွင် ယောင်ချာချာဖြစ်သွားကြရ၏။ သို့ရာတွင် အမြော်အမြင် ကြီးလှသော ဗိုလ်ချုပ်အောင်ဆန်းသည် များမကြာမီ ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ထူထောင်ကာ ရဲဘော်ဟောင်း များကို သိမ်းသွင်းဖွဲ့စည်းခဲ့၏။ အပြင်မှ နိုင်ငံရေး တက် ကြွမှုဖြင့် မျိုးချစ်စိတ် ထက်သန်သော လူငယ် လူရွယ် များကိုလည်း ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် လက်ခံသိမ်း သွင်းကာ တိုးချဲ့နေချိန်တွင် ဗမာပြည် တစ်ပြည်လုံး၌ ပြည်သူ့ရဲဘော်အင်အား တစ်သိန်းခန့်အထိရှိပြီး စစ် အတွင်းက ရရှိထားသော လက်နက်အများအပြားကို ကိုင်ဆောင်ထားကြသည်။ အကယ်၍သာ အလွယ်နှင့် လွတ်လပ်ရေး မပေးပါက လက်နက်ကိုင် တိုက်ပွဲဝင်ရန် အတွက် ဖွဲ့စည်းထားခြင်း ဖြစ်၏။ အသင့်လည်း ဖြစ်နေ ကြ၏။

ယင်းအခြေအနေကို ရိပ်မိသော နယ်ချဲ့ဗြိတိသျှ တို့က မတတ်သာ၍သာ လွတ်လပ်ရေးကို အသာ တကြည်နှင့် ပေးအပ်ရန် ဗိုလ်ချုပ်အား ကတိပေးလိုက်ရ ခြင်းဖြစ်၏။ ဤကား ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်း ဆောင်မှုနှင့် နောက်လိုက်များ ညီညွတ်မှု၏ အင်အား ကြောင့်ပင်ဖြစ်၏။ စည်းရုံးညီညွတ်မှု၏ အကျိုးပင်ဖြစ်၏။ ထိုအချိန်တိုင်အောင် နယ်ချဲ့တို့၏ အိမ်တော်ပါ လက်ပါး စေ ကျွန်တော်ရင်းအစိုးရက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်ဗမာ့ တပ်မတော်မှ တပ်ဖွဲ့ဝင်တို့အား စစ်ရာဇဝတ်ကောင်အဖြစ်နှင့်လည်းကောင်း၊ လူသတ်မှု၊ ဓားပြမှု၊ ကျူးလွန်သူများအဖြစ်နှင့် လည်းကောင်း၊ ဖမ်းဆီးအရေးယူရန် ကြံစည်ကြိုးပမ်းလျက်ရှိကြဆဲပင် ဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ရေးတွင်သာမက နိုင်ငံရေး ပရိယာယ်များကိုပါ ကျင့်သုံးပြီး အထွေထွေ သပိတ်ကြီး ပေါ်ပေါက်လာသည်အထိ နိုင်ငံရေး လှုပ်ရှားမှု များပြုလုပ်ခဲ့ရာ နယ်ချဲ့တို့ကို မော်၍ပင် မကြည့်ဝံ့ခဲ့သည့် လက်ပါးစေ ပုလိပ်တပ်ဖွဲ့များကပါ သပိတ်မှောက်လာသည့်အတွက် နယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့်မနေသာတော့ဘဲ ဗိုလ်ချုပ်ကိုပင် အစိုးရဖွဲ့ပြီး ဆောင်ရွက်ပါရန် ထိုး၍အပ်ကာ အညံ့ခံလာသည့်အချိန်တွင်မှ ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့ကို တာဝန်ခံ၍ ဖွဲ့စည်းရန် လက်ခံလိုက်တော့သည်။ ယင်းကဲ့သို့ ဗိုလ်ချုပ်အာဏာရသည်နှင့်တစ်ပြိုင်နက် ရဲဘော်ဟောင်းစစ်စစ်ကို မူတည်ပြီး ၁၉၄၇–ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် ဗမာပြည်သောင်းကျန်းမှု နှိမ်နင်းရေး တပ်ရင်း(၁)ကို စတင်ဖွဲ့စည်းခဲ့လေသည်။ ထို တပ်ရင်းတွင် တပ်ရင်းမှူးမှာ ဗိုလ်မှူးအေးငွေဖြစ်ပြီး၊ တပ်ရေးဗိုလ်ကြီးလှမောင်နှင့် တပ်ထောက်ဗိုလ်ကြီးထွန်းတင်တို့ပါဝင်ကြ၏။ အဆိုပါ ဗမာပြည် သောင်းကျန်းမှု နှိမ်နင်းရေး တပ်ရင်း(၁)ကို ဖွဲ့စည်းခဲ့ပြီးနောက် များမကြာမီ ဗိုလ်ချုပ် အောင်ဆန်းကိုယ်တိုင် ရွှေတိဂုံဘုရားအနောက်ဖက်မုခ် ကွက်လပ်တွင် မိန့်ခွန်းပြောကြားခဲ့လေသည်။ ဗိုလ်ချုပ် မိန့်ခွန်းအကျဉ်းချုပ်ကောက်နုတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"မိမိသည် သီဟိုဠ်နိုင်ငံ ကန္ဒီမြို့ မျက်နှာစုံညီ အစည်းအဝေးတွင် တက်ရောက်ဆွေးနွေးခဲ့ရာ မျိုးချစ်မြန်မာ့တပ်မတော်မှ အရာရှိ မဟုတ်သော အရေအတွက် ၅၂၀၀ အထိသာ မြန်မာနိုင်ငံကပ်မတော်သစ်တွင် စာရင်းသွင်း လက်ခံရန် အတိအလင်း သဘောတူညီချက် ရှိခဲ့ပါသည်။ သို့သော် ထိုအရေအတွက်ထက် ပိုပြီး မြန်မာနိုင်ငံတပ်မတော်အတွင်းသို့ စာရင်းသွင်း ဝင်ရောက်လိုသူ မျိုးချစ် မြန်မာ့ တပ်မတော်သားများအား ကျန်းမာရေး အောင်မြင်၍ အရည်အချင်းနှင့်ပြည့်စုံပါက နောက်ထပ် ၂၀၀ မှ ၃၀၀ အထိကိုသာ လက်ခံနိုင်ပြီး ထိုသူများကို လေ့ကျင့်ရေးစခန်းတစ်ခုကို ပို့ထားရမည်ဖြစ်ကြောင်း၊

"အရာရှိများနှင့်ပတ်သက်ပြီး ယခုလောလော ဆယ်အတွက်လည်းကောင်း၊ နောက် ၂ နှစ်၊ ၃နှစ် အတွင်း၌ လိုအပ်သော နေရာများတွင် ဖြည့်စွက် ခန့်ထား ရန်အတွက် လည်းကောင်း၊ မြန်မာနိုင်ငံတပ်မတော်တွင် မျိုးချစ်မြန်မာ့တပ်မတော် အရာရှိ ၂၀၀ အထိသာ လက်ခံ မည်။ အခြားတိုင်းရင်းသားတပ်ရင်းများနှင့် ပတ်သက်၍ ထိုတပ်ရင်းများတွင် အရာရှိခန့်ထားရန် ဘုရင်ခံ၏ ပြ တမ်းဝင် (ဂျီစီအို)များရှိသည်ကို ထောက်၍ ထိုတပ်ရင်း များတွင် လိုအပ်သောနေရာများကို ဖြည့်စွက်ခန့်ထားရန် နောက်ထပ် ၅၀ ခန့် အထိသာ နေရာရရှိမည်ဖြစ် တယ်။ ဤအတိုင်းဆိုသော် လွတ်လပ်သော အချိန် ကာလ၌ အလွန်သေးငယ်သော တပ်အင်အားသာဖြစ် အမြောက်အမြား တိုးချဲ့ရန်လိုကြောင်း လွတ်လပ်ရေး ရသည့် အခြေရောက်မှ တိုးချဲ့မည်ဆိုလျှင် အရည်အချင်း အလွန်နောက်ကျနေပြီဖြစ်ကြောင်း။ သို့ဖြစ်၍ ယခု ပြင်ဆင်ထားရန်လိုကြောင်း၊ မိမိအနေဖြင့် ကာကွယ်ရေး လက်အောက်မှ ရှိသည့် မြန်မာ့ကာကွယ်ရေးကို တိုးချဲ့ အာဏာ မရရှိသေးကြောင်း၊ ပြည်ထဲရေးဌာန လက် အောက်မှာရှိသည့် ပြည်တွင်းလုံခြုံရေးအတွက် လက် နက်ကိုင်များ ဖွဲ့စည်းနိုင်သည့် အာဏာသာ ရှိ ကြောင်း။ သို့ဖြစ်၍ ရဲဘော်တို့၏ တပ်ဖွဲ့ကြီးကို ရှေ့ အနေဖြင့်ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ထို့နောက် အခါ လျော်စွာ အလားတူတပ်ဖွဲ့များ အမြောက်အမြားတိုး ဦးမည်ဖြစ်ကြောင်း၊ ရွေးမည့်ပုဂ္ဂိုလ်အမျိုးအစားများ လက်ရှိခရိုင် အသီးသီး၊ မြို့နယ် အသီးသီးရှိ ပြည်သူ့ ရဲဘော်တပ်ဖွဲ့ဝင်ထဲမှ ရဲဘော်ဟောင်းများကို အဓိက ၍ ရွေးရမည်ဖြစ်ကြောင်း။ ဘာကြောင့် ၎င်းတို့အား အဓိက ထားရသနည်းဆိုမူ သွေးပြီးသော စစ်ရည်ရှိ က တစ်ကြောင်း၊ မြင့်တင်ပြီးသော ရဲဘော်စိတ်ဓာတ် တစ်ကြောင်း၊ လောလောဆယ်အားဖြင့် ရပ်ရွာနယ် များတွင် စေတနာ့ဝန်ထမ်း ကာကွယ်စောင့်ရှောက် ရှိကြ၍ တစ်ကြောင်း၊ ထိုထက် အရေးကြီးဆုံး တွေးဆချက်မှာ ၎င်းတို့၏ စားဝတ်နေရေး တာဝန် ကြရသော ရပ်သူရွာသားများသည် ရေရှည်၌ တတ် မည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ အခြေအနေ ၎င်းတို့ ပြဿနာကိုပါ ဖြေရှင်းပေးရမည်ဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



"ထိုကဲ့သို့ အချိန်မီ ဖြေရှင်း မပေးနိုင်ပါက မူလ ရည်ရွယ်ထားသော မိမိတို့အစီအစဉ်များလည်း ပျက်ပြီး င်းတပ်ဖွဲ့ကြီးသည်လည်း ဖရိုဖရဲဖြစ်ကာ အဆိုးဆုံး သော အခြေအနေ ရောက်သွားနိုင်ကြောင်း။ ထို့ကြောင့် ရှေ့အတွက် အစီအစဉ်ရော ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီး၏ ပြဿနာပါ ဖြေရှင်းရန်အတွက် ရဲဘော်တို့အား ယခုကဲ့သို့ စုစည်းရခြင်းသည် ရှေ့ပြေးအစီအစဉ်သာဖြစ်ကြောင်း။ ရဲဘော်တို့၏ စိတ်ဓာတ်ရော လေ့ကျင့်ဆောင်ရွက်ရေးက ကျေနပ်ဖွယ်ရာ ရှိမည်ဆိုလျှင် ပြောဆိုသည့်အတိုင်း ခရိုင်အသီးသီး၊ မြို့နယ်အသီးသီးရှိ ထို သွေးထားပြီး ဖြစ်သော အရည်အသွေးရှိသည့် ပြည်သူ့ရဲဘော်များအား သိမ်းသွင်း၍ အလားတူလက်နက်ကိုင်တပ်ဖွဲ့များ တိုးချဲ့ ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း။ သို့ဖြင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီးသည် ဖရိုဖရဲဖြစ်ခြင်းမှ လွတ်မြောက်ကာ အစိုးရအတွက်လည်း တောင့်တင်း ကျင်လည်သော လက်နက်ကိုင်တပ်ဖွဲ့များ၊ ဒေသအရပ်ရပ်တွင် အလွယ်တကူ အဆင်သင့်ရပြီး လွတ်လပ်ရေး ရသည့်အချိန်၌ တပ်မတော် အသွင်ပြောင်းကာ ပြည်တွင်း၊ ပြည်ပ ကာကွယ်ရေး၊ တောင့်တင်းသော နိုင်ငံကြီး တစ်နိုင်ငံ တစ်မုဟုတ်ခြင်းဖြစ်လာနိုင်စေကြောင်း။ သို့ဖြစ်၍ ရဲဘော်တို့သည် စည်းကမ်း သေဝပ်စွာဖြင့် သင်ကြားမည့် စစ်ပညာ အရပ်ရပ်ကို ဆည်းပူးကာ အစွမ်းကုန်ကြိုးစားကြစေလိုကြောင်း" စသည်ဖြင့် သောင်းကျန်းမှု နှိမ်နင်းရေး တပ်ရင်း(၁) အဖွင့် မိန့်ခွန်းကို ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် မိန့်ကြားခဲ့လေသည်။ ။

ကောက်နုတ်ချက်

www.burmeseclassic.com



# ဗိုလ်ချုပ်၏ စိတ်ထား

မောင်သုတ

ဗိုလ်ချုပ်အောင်ဆန်း၏ လူကြီးသူကြီးစိတ်ထားနှင့် စပ်လျဉ်း၍ သာဓကနှစ်ခုကို တင်ပြလိုပါသည်။ ၁၉၄၅ ခုနှစ်တွင် ပါတီအဖွဲ့ပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ ပါဝင်၍ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (နောင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၊ ဖဆပလ)သည် ဗြိတိသျှမဟာမိတ်တို့နှင့် ပူးပေါင်း၍ ဂျပန်စစ်သည်တို့ကို မြန်မာ့မြေပေါ်မှ တော်လှန်တိုက်ထုတ်ခဲ့လေသည်။ ထို့နောက် မြန်မာ့မြေပေါ်တွင် ခြေချလာသော ဗြိတိသျှစစ်အုပ်ချုပ်ရေးနှင့် ပထမ ပြည်ပြေးဘုရင်ခံ (ဆာဘွဲ့ရ) ဒေါ်မန်စမစ်၏ မြို့ပြအုပ်ချုပ်ရေးနှင့် ဒုတိယ ရင်ဆိုင် အရေးဆိုရပြန်သည်။ ဖဆပလ၏ ရည်မှန်းချက်ကား တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်ရေး၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးရေးဖြစ်၏။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဖဆပလနောက်တွင် ရပ်တည်လျက်ရှိ၏။

ဒေါ်မန်စမစ်သည် ဖဆပလ၏ အင်အားကို ရိပ်စားမိလေသည်။ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေပုဒ်မ (၁၃၉)အရ တစ်ချက်လွှတ်အာဏာဖြင့် သူ အုပ်ချုပ်ရန် စီမံရာတွင် ဆာ(ဘွဲ့ရ)ပေါ်ထွန်း၊ ဆာ(ဘွဲ့ရ)ထွန်းဝိုက် ... စသော နောက်လိုက်များသာမ[illegible] ဖဆပလ ကိုယ်စားလှယ်များပါ ပါဝင်စေရန် အတိုင်[illegible] အမှုဆောင်(ဝန်ကြီးအဖွဲ့) ဖွဲ့ရန် လိုလားပေသည်။ ရာ[illegible] ကမ်းလှမ်းချက် စကား စသည်။

ဖဆပလသည် ဘုရင်ခံ၏စကားကို စည်း[illegible] ချက်ဖြင့် လက်ခံရန် ဆုံးဖြတ်လေသည်။ ပြည်ထဲ[illegible] ရာထူးအပါအဝင် ရာထူး ၁၁ နေရာနှင့် ဝန်ကြီးစာ[illegible] ကို တင်သွင်းလိုက်သည်။ ဤတွင် ပြည်ထဲရေးဌာန[illegible] ဆာပေါ်ထွန်းအား ပေးရန် ဘုရင်ခံက လျာထားပြီး[illegible] ၏။ တစ်ဖန် ဖဆပလက တင်သွင်းသော ဝန်ကြီးဦး[illegible] ကို လျှော့သည့်အပြင် ဝန်ကြီး အမည်တစ်ခုကိုလ[illegible] ပယ်ချ၏။ ဖဆပလသည် မိမိ၏ တင်သွင်း အဆိုပြု[illegible] ကို ပြန်လည်ရုပ်သိမ်းလေသည်။ ဘုရင်ခံလည်း နော[illegible] တော်ပါများနှင့် နိုင်ငံရေးသမားဟောင်းအချို့ကို [illegible] ကြိုက်ရွေးယူ၍ အစိုးရ ဖွဲ့လေသည်။

၁၉၄၆ ခုနှစ် အစတွင် အရပ်ရပ် ကိုယ်စားလှ[illegible] ပေါင်း (၁၂၀၀)ကျော်၊ လူထု သုံးသိန်းကျော် တက်[illegible] ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီးက ဗိုလ်ချုပ်[illegible] ဆန်းကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ပြန်သည်။

ဖဆပလနှင့် အစိုးရ နိုင်ငံရေးတိုက်ပွဲ စခဲ့လေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



စစ်အတွင်း သထုံနယ်ဘက်တွင် ရွာသူကြီးတစ်ယောက်ကို ဗိုလ်ချုပ် သတ်ခဲ့သည်ဟု အစွပ်အစွဲလုပ်လာသည်။ ဘုရင်ခံကလည်း ဗိုလ်ချုပ်ကို အစိုးရအိမ်တော်သို့ ဖိတ်ခေါ်မေးမြန်းသည်။ ဗိုလ်ချုပ်၏အဖြေကား ဘီအိုင်အေခေတ်လွတ်လပ်ရေး တပ်မတော် အုပ်ချုပ်ရေးအဖွဲ့က ရွာသားများအပေါ် ရက်ရက်စက်စက် ပြုခဲ့သော ရွာသူကြီးအား စစ်ဆေး သေဒဏ်ပေးသည်ကို မိမိ လက်ခံခဲ့သည်။ ဤကိစ္စကို ယခု မိမိ လုံးဝ တာဝန်ယူသည်ဟူ၍ ဖြစ်လေသည်။ တစ်ခုရှိသည် ဗိုလ်ချုပ်အောင်ဆန်းကို အရေးယူခဲ့သော် တစ်ပြည်လုံး ထကြွကြလိမ့်မည်။ စစ်တပ်က နိမ်နင်းရန် အင်အား မလုံလောက်၊ ပြည်ပမှ နောက်ထပ် စစ်ကူရန်လည်း မလွယ်ဟု မြန်မာနိုင်ငံရှိ ဗြိတိသျှစစ်ဘက်က ကန့်ကွက်လေသည်။ ထို့ကြောင့် အစိုးရ ပြည်ထဲရေးဌာနက မဖမ်းရဲ။

နိုင်ငံရေးတိုက်ပွဲကား ဆက်လက်ဖြစ်ပွားနေ၏။ အစိုးရသည် ကာကွယ်ရေးပုဒ်မ သုံး၍ အရပ်ရပ်တွင် နိုင်ငံရေးသမားများကို ဖမ်းဆီး တရားစွဲဆို၏။ ဘီလပ်အစိုးရထံ သွားရောက်အရေးဆိုရန် ဖဆပလ၏ ကြိုးပမ်းချက်ကို အလိမ္မာသုံး၍ ဖျက်၏။ ထန်းတပင်ဘက်၌ ဆန္ဒပြနေသော ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များနှင့် လယ်သမားများကို သေနတ်နှင့် ပစ်ခတ်နှိမ်နင်း၏။ တစ်ပြည်လုံး အုံကြွကာ နောက်ဆုံးတွင် အမှုထမ်းပေါင်းစုံ အထွေထွေ သပိတ်ကြီး ပေါ်ပေါက်လာတော့သည်။

အခြေအနေမှန်ကို သိလာသော ဘီလပ်အစိုးရသည် ဘုရင်ခံ ဒေါ်မန်စမစ်နေရာ၌ ဆာ(ဟွဲ့ရ)ဟူးဘတ်ရန့် ကို အစားထိုးရလေသည်။ ဘုရင်ခံ ရန့် ကလည်း အမှုဆောင် (ဝန်ကြီး)အဖွဲ့ဟောင်းကို ဖျက်ပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ ကိုယ်စားလှယ်အများစုနှင့် သခင်ဗစိန်၊ ဂဠုန်ဦးစော ပါဝင်သော အစိုးရသစ် ဖွဲ့လေသည်။ ဤတွင် ရာထူးလက်ခံရေးသည် ဖဆပလ၏ပန်းတိုင်မဟုတ်။ ပန်းတိုင်သို့ သွားရာ လမ်းစသာ ဖြစ်သည်။ လောလောဆယ်တွင်ကား သပိတ်ကိစ္စ ဖြေရှင်းရသည်။ တိုင်းပြည်အတွက် အလုပ်လုပ်နေကြသူ အချင်းချင်းအပေါ် ညီညွတ်ရေးပျက်ပြားအောင် လုပ်ဆောင်နေသော မြန်မာပြည် ကွန်မြူနစ်ပါတီကို အဖွဲ့ချုပ်မှ ထုတ်ပစ်ရသည်။ ထို့နောက် တစ်နှစ်အတွင်း လွတ်လပ်ရေး ပေးရေးအတွက် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ ပြန်ကြားရန် ဘီလပ်အစိုးရကို ရာဇသံပေးလေသည်။ နန်းရင်းဝန် (ဝန်ကြီးချုပ်) အက်တလီ ခေါင်းဆောင်သော ဘီလပ်အစိုးရသည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်သို့ ဖိတ်ခေါ်ဆွေးနွေးရလေသည်။ ထို့နောက် သဘောတူညီချက်ရ၍ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်းအက်တလီစာချုပ်(ဟု အမည်တွင်သော စာချုပ်)ကို နှစ်ဦးနှစ်ဖက် ချုပ်ဆိုကြလေသည်။

စာချုပ်သဘောအရ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်နေသော အမှုဆောင် ဝန်ကြီးအဖွဲ့သည် အမျိုးသားကြားဖြတ်အစိုးရအဆင့်သို့ ရောက်လာတော့မည်။ တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပနိုင်တော့မည်။ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနကို အုပ်ချုပ်နိုင်တော့မည်။ နိုင်ငံခြားသို့ သံတမန် စေလွှတ်ခွင့် ရတော့မည်။

သံတမန် စေလွှတ်ရေးနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်း၏ သမစိတ္တ သဘောထားကို ဤနေရာတွင် မြင်လာရ၏။ ဗိုလ်ချုပ်သည် ဘီလပ်သို့ သံတမန် စေလွှတ်ရေးတွင် သင့်လျော်မည့်ပုဂ္ဂိုလ်ကို စဉ်းစားကြည့်သည်ဆို၏။ ထိုသူကား အခြားမဟုတ်၊ ဆာပေါ်ထွန်းတည်း။ ဆာပေါ်ထွန်းသည် ဒေါ်မန်စမစ်၏ အမှုဆောင်ဝန်ကြီးအဖွဲ့တွင် ပြည်ထဲရေးဌာနကို ကိုင်၍ သူ့ကို ဖမ်းဆီးရန် ကြံခဲ့သေးသည်မှန်၏။ သို့ရာတွင် ဆာပေါ်ထွန်းသည် ရှေးယခင် ဒိုင်အာခီ အုပ်ချုပ်ရေးခေတ်က ဝံသာနနိုင်ငံရေးသမားဟောင်းကြီးလည်း ဖြစ်ခဲ့ဖူး၏။ ၉၁ ဌာန (၁၉၃၅ ခုနှစ် အုပ်ချုပ်ရေး)ခေတ်တွင်လည်း ပြည်ထဲရေးဝန်ကြီး၊ အခွန်တော်ဝန်ကြီး၊ နန်းရင်းဝန်(ဝန်ကြီးချုပ်) အဆင့်ဆင့် လုပ်ခဲ့ဖူး၏။ ထို့ပြင် အင်္ဂလန်ပြည်၌ ဥပဒေပညာသင်ခဲ့၍ အင်္ဂလိပ် ဓလေ့ထုံးစံကို သိ၏။ နိုင်ငံရေးဗဟုသုတ၊ ပြည်ပ ဗဟုသုတ ကြွယ်ဝသော မြန်မာတစ်ဦးကို ပြန်လည်တာဝန်ပေး၍ မဖြစ်နိုင်ပါသလော။ မဖြစ်နိုင်ဟု ကန့်ကွက်သူက ကန့်ကွက်လေသည်။ ဗိုလ်ချုပ်အစိုးရကို မကြည်ညိုသူအား ယုံကြည်အားထား၍ မဖြစ်ဟု ကန့်ကွက်လေသည်။ ထို့ကြောင့် ဗိုလ်ချုပ်သည် မူလ

www.burmeseclassic.com

www.burmeseclassic.com



အကြံကို စွန့်လွှတ်ခဲ့ရသည်ဟူ၏။ (နောင်အခါ သံအမတ်ဖြစ်လာသူမှာ ဆာ(ဘွဲ့ရ)အမ်အေမောင်ကြီးဖြစ်သည်)

အောင်ဆန်း–အက်တလီစာချုပ်ကိစ္စကို ဆက်ရဦးမည်။ ထိုစာချုပ်ကို မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ခဲ့သော သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့က လက်မှတ်မရေးထိုးခဲ့ပေ။ တစ်ဖန် မြန်မာပြည်ကွန်မြူနစ်ပါတီကလည်း ဗမာ့လွတ်လပ်ရေးသို့ ပို့နိုင်မည်မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှနယ်ချဲ့လက်ကိုင်တုတ် ဖြစ်သွားပြီဟု အပြင်းအထန် ဝေဖန်ခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဖဆပလ အဖွဲ့ချုပ်သည် လိုအပ်သော လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လေသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလထဲတွင် ရှမ်း၊ ကချင်၊ ချင်း စသော တောင်တန်းဒေသသားများနှင့် စည်းလုံးရေး ပင်လုံစာချုပ် ချုပ်ဆိုခဲ့၏။ ဧပြီလထဲတွင် တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ရွေးကောက်ပွဲ လုပ်ခဲ့ရာ သခင်ဗစိန် စသူများက သပိတ်မှောက်၏။ ဖဆပလ ကိုယ်စားလှယ်များက အမတ်ပေါင်း ၂၅၅ ဦးအနက် ၁၇၀ အများစု ရခဲ့၏။ ရွေးကောက်ပွဲဝင်သော မြန်မာပြည် ကွန်မြူနစ်ပါတီက (၆)နေရာ ရခဲ့၏။ မေလထဲတွင် ဂျူဗလီဟောရုံ၌ ပဏာမ ညီလာခံ ကျင်းပ၍ အခြေခံမူကြမ်းကို ရေးဆွဲခဲ့၏။

ထို့နောက် ဇွန်လ ၆ ရက်နေ့တွင် ဆိုရှယ်ကို ဗီလာ အဆောက်အအုံ၌ စစ်ဒဏ်ကြောင့် ပြာပုံဘဝ ကျခဲ့သော မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအစည်းအဝေး ကျင်းပခဲ့၏။ ရည်ရွယ်ချက်မှာ လူအများ နေထိုင်ရေး စရိတ်နှင့် အလုပ်လက်မဲ့ဦးရေ လျော့ပါးရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ပြန်လည် ထူထောင်ရေး တိုင်းပြည်ငြိမ်းချမ်းရေးဆိုင်ရာ စီမံကိန်းများ ဝိုင်းဝန်း ရေးဆွဲရန် ဖြစ်သည်။ ထိုအစည်းအဝေးသို့ အစိုးရဌာန အသီးသီးမှ ပုဂ္ဂိုလ်များ၊ ပါရဂူများ၊ နိုင်ငံရေးသမားများကို ဖိတ်ခေါ် ဆွေးနွေးစေခဲ့သည်။ ထိုအထဲတွင် အတိုက်အခံ သမားများဖြစ်ကြသော သခင်ဗစိန်နှင့် ကွန်မြူနစ်အမတ်များ တက်ရောက်စေရန် ဗိုလ်ချုပ်ကိုယ်တိုင်က ညွှန်ကြားခဲ့သည်ဆို၏။ (သခင်ဗစိန်နှင့် ကွန်မြူနစ်အမတ်များက မတက်ကြ) ဤသည်မှာလည်း ဗိုလ်ချုပ်အောင်ဆန်း၏ သမစိတ္တ သဘောထားဖြစ်လေသည်။ ။

(၅၃)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်စာစောင်
(၂၀၀၀ ပြည့်နှစ်၊ ဇူလိုင် ၁၉)

www.burmeseclassic.com

www.burmeseclassic.com



# ကိုင်း-ကျွန်းမှီ ကျွန်း-ကိုင်းမှီ

မိုးကြိုးဦးအုန်းခင်

ကျွန်း–ကိုင်းမှီ။ ကိုင်း–ကျွန်းမှီဆိုတဲ့စကားဟာ အင်မတန်လှတဲ့စကားပဲ ခင်ဗျ။ တစ်ဦးကိုတစ်ဦး အမှီသဟဲ ပြုခြင်း၊ အားကိုးအားထားပြုခြင်းကို အဓိပ္ပာယ်လေးနက်အောင် တင်စားခိုင်းနှိုင်းပြောခြင်းဖြစ်တယ်။ ကျောချင်းကပ်တယ်ဆိုတဲ့ စကားမျိုးပဲခင်ဗျ။

ကျွန်းဆိုတာက ဇရာဝတီမြစ်မျိုးထဲမှာ နှစ်စဉ် နှစ်တိုင်း ပေါ်လေ့ရှိတဲ့ သောင်၊ ကျွန်းကို ဆိုလိုတယ်။ ကိုင်းဆိုတာကတော့ ကိုင်းပင်မျိုးဖြစ်တယ်။ ကျွန်းပေါ်လာတဲ့အခါ ကိုင်းပင်ပေါက်လာတယ်။ ကိုင်းပင် ဒီလိုပေါက်လာတဲ့အတွက် ကျွန်းဟာ အလွယ်တကူနဲ့ မပျက်စီးဘဲ အရှည်တည်တံ့ခိုင်မြဲလာရတယ်။ ဒါကြောင့် ကျွန်းရဲ့ အရှည်တည်တံ့ခိုင်မြဲရေးဟာ ကိုင်းပင်ကို အမှီသဟဲပြုရသလို အပြန်အလှန် ကိုင်းပင်ရဲ့ တည်တံ့ခိုင်မြဲမှုဟာလည်း ကျွန်းကို အမှီသဟဲပြုရတယ်ခင်ဗျ။

တချို့က ကျွန်းပင်နဲ့ ကိုင်းပင်၊ တစ်ခုကိုတစ်ခု အမှီ ပြုပြီး ပေါက်တာကို တင်စားပြောတယ်လို့ ဆိုတယ်ခင်ဗျ။ ကြိုက်သလို ယူကြပေါ့ခင်ဗျာ။

ကျွန်း–ကိုင်းမှီ။ ကိုင်း–ကျွန်းမှီ ဆိုတဲ့သဘောအတိုင်း ဒီမိုကရေစီအနယ်ထိုင် အသားသေပြီးတဲ့ နိုင်ငံများမှာ အစိုးရနဲ့ သတင်းစာဟာ တစ်ဦးကိုတစ်ဦး အမှီသဟဲပြုပြီး တိုင်းပြည်ရဲ့ တာဝန်ကို ဦးပွဲထမ်းကာ ဆောင်ရွက်နေကြတာကို တွေ့ရတယ်ခင်ဗျ။

ရံဖန်ရံခါလည်း အစိုးရနဲ့ သတင်းစာဟာ စကားများကြတာ ရန်ဖြစ်ကြတာကို တွေ့ရတယ်။ လင်နဲ့မယား လျှာနဲ့သွားလိုပေါ့ ... ဟဲဟဲဟဲ။ ဒါပေမဲ့ တစ်ဦးကိုတစ်ဦး အာဃာတ မထားကြဘူး။ အထင်မသေးကြဘူးခင်ဗျ။

ဒီမိုကရေစီအခွင့်အရေးထဲမှာ (၁) ကိုယ်ကြိုက် နှစ်သက်တဲ့အမတ်ကို လွတ်လွတ်လပ်လပ် မကြောက်ရ မလန့်ရဘဲ လျှို့ဝှက်မဲပေးပြီး ရွေးကောက်ရခြင်းနဲ့ (၂) လွတ်လပ်စွာ သတင်းစာများက ရေးသားတင်ပြနိုင်ခွင့်ရခြင်းဟာ အဆီအနှစ်ဖြစ်တဲ့ အခွင့်အရေးနှစ်ရပ်ပဲ ဖြစ်တယ်ခင်ဗျ။

(၁) မဲဆန္ဒရှင်များက မိမိတို့ ကြိုက်နှစ်သက်တဲ့ အမတ်လောင်းကို လွတ်လွတ်လပ်လပ် မကြောက်ရ၊ မလန့်ရဘဲ လျှို့ဝှက်မဲပေးခြင်းနဲ့ တင်မြှောက်လိုက်ပြီး အမတ်ဦးရေ အများဆုံးရတဲ့အဖွဲ့က အစိုးရဖွဲ့ရတယ်။

(၂) ထိုအစိုးရအဖွဲ့ဟာ မဲဆန္ဒရှင်များထံက မဲတောင်းစဉ်က ဘာလုပ်ပေးပါ့မယ်၊ ဘာကိုင်ပေးပါ့မယ်နဲ့ ကတိဝန်ခံချက်တွေကို မစားရ ဝခမန်း၊ ရှမ်းရှမ်း

www.burmeseclassic.com

www.burmeseclassic.com



ဝေအောင် ပေးပြီး အစိုးရဖြစ်လာတဲ့အခါမှာ ထိုအဖွဲ့ဟာ မိမိတို့ပေးခဲ့တဲ့ ကတိအတိုင်း လုပ် မလုပ်။ လုပ်ခဲ့ရင် ချီးမွမ်းဖို့တာဝန်။ မလုပ်ဘဲ ကတိပျက်ရင် ဆော်တီးပေးဖို့တာဝန်။ ယမထာ ရွှေကြိမ်လုံးနဲ့ တို့ပေးဖို့ ... ဟဲဟဲဟဲ။ တာဝန်ဟာက တာဝန်သိသိနဲ့ ရဲဝံ့တဲ့ သတင်းစာများရဲ့ လုပ်ငန်းပဲဖြစ်တယ်ခင်ဗျာ။

သတင်းစာများဟာ လွတ်လပ်စွာ ရေးသားခွင့်မရှိရင် အစိုးရရဲ့ အမှားကို မဲဆန္ဒရှင်များဟာ ဘယ်နည်းနဲ့မှ သိနိုင်မယ်မဟုတ်ဘူးခင်ဗျာ။

ဒါကြောင့် ဒီမိုကရေစီ အခွင့်အရေးထဲမှာ သတင်းစာရဲ့ လွတ်လပ်စွာ ရေးသားခွင့်ဟာ အရေးကြီးတယ်လို့ ဆိုခြင်းဖြစ်တယ်ခင်ဗျာ။

ထို့ပြင် စစ်ဖြစ်နေတဲ့အခါမျိုးမှာ နိုင်ငံခြား ရန်သူများ သိသွားပါက ကိုယ့်တိုင်းပြည်နစ်နာစရာရှိတဲ့ သတင်းမျိုးကလွဲရင် ဒီမိုကရေစီအစိုးရတို့ လုပ်သမျှ လုပ်ငန်းအားလုံးကို တိုင်းသူပြည်သား မဲဆန္ဒရှင်အားလုံးဟာ သိရမယ်၊ သိခွင့်ရှိတယ်ခင်ဗျာ။

ဒါနဲ့ မိုးကြိုးတင်ပြချင်တာက ဗိုလ်ချုပ်အောင်ဆန်းနဲ့ မိုးကြိုး စကားများခဲ့တဲ့အဖြစ်အပျက် ရေးဖြစ်ဟောင်းတစ်ခုပဲဖြစ်တယ်ခင်ဗျာ။

အချိန်ကတော့ ၁၉၄၅ ခု၊ စစ်ပြီးစနှစ်၊ ဩဂုတ်လကုန်ခါနီးဖြစ်တယ်။ အကြောင်းကတော့ အင်္ဂလိပ်နဲ့ ဗမာ သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့မှာ ချုပ်ဆိုရမယ့် ကန္ဒီစာချုပ်နဲ့ သက်ဆိုင်တာဖြစ်တယ်ခင်ဗျာ။

ကန္ဒီစာချုပ်ကို ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာ ချုပ်ဆိုခဲ့တယ်။

ထို ကန္ဒီစာချုပ်နဲ့ ပတ်သက်တဲ့ သတင်းအနံ့ကို ရတော့ မိုးကြိုးရဲ့ ညီငယ်တမျှ ချစ်ခင်လှတဲ့ သခင်ဗဟိန်းနေတဲ့ မြေနုလမ်းကို မိုးကြိုးနဲ့ ဦးကိုကိုလေးတို့ သွားပြီး သတင်းအောက်ကြတယ်။ သခင်ဗဟိန်း ဒီသတင်းဟာ အင်မတန်အရေးကြီးပါတယ်။ ပြီးပြီးပြတ်ပြတ်လည်း မဖြစ်သေးပါဘူး။ ဒီတော့ ဒီသတင်းကို ဗမာ့ခေတ်က မထည့်ဘဲထားဖို့ ပြောတယ်။ မိုးကြိုးက ဒီလိုဆိုရင် တို့ မထည့်ဘူး။ ဒါပေမဲ့ ဒီကိစ္စ ပြီးပြတ်တဲ့အခါမှာတော့ မင်းတို့ကို သတင်းပေးရမယ်လို့ ပြောတယ်။ သခင်ဗဟိန်းက ‘စိန်’ ခေါ်လိုက်တယ်ခင်ဗျာ။

ဒီလိုနဲ့ ၁၀ ရက်လောက်ကြာတော့ သခင်ဗဟိန်းဟာ ဗမာ့ခေတ်ကို ပေါက်လာပြီး သတင်းစုံပေးတယ်။ သူပေးတဲ့ သတင်းအတိုင်း ဗမာ့ခေတ်က မျက်နှာဖုံးကြီးမှာ စာလုံးမည်းကြီးတွေနဲ့ ထည့်လိုက်တယ်ခင်ဗျာ။

ထို ဗမာ့ခေတ် ထွက်တဲ့နေ့၊ နေ့လယ် ၁၁ နာရီလောက်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့ နှစ်ယောက် ၂၂၁၊ ရွှေဂုံတိုင်လမ်း၊ ဗမာ့ခေတ်တိုက်ဟောင်းကို ရောက်လာတယ်။ ဗိုလ်ချုပ်ဟာ အတော်ဒေါပွလာပုံရတယ်ခင်ဗျာ။

ဗိုလ်ချုပ်နဲ့ မိုးကြိုး တွေ့ကြပါရောခင်ဗျာ ... ဟဲဟဲဟဲ။ ဗိုလ်ချုပ်က ‘ခင်ဗျားတို့ သတင်းစာဆရာတွေဟာ သတင်းထူးတယ်၊ သတင်းထူးတယ်ဆိုရင် ပြီးရော ဘာမှမစဉ်းစားဘဲ သတင်းစာထဲ ထည့်လိုက်ကြတာပဲ။ ခု ဒီကန္ဒီသတင်းကြီးကြောင့် ကျွန်တော်တို့နဲ့ အင်္ဂလိပ်ဘက် စကားပြောနေတာ ပျက်သွားနိုင်တယ်’ လို့ ဗိုလ်ချုပ်ပြောနေကျအတိုင်း မိုးကြိုးကို ဒေါနဲ့မောနဲ့ ဟောက်ပါလေရော ခင်ဗျာ။ ဒီအချိန်မှာ သခင်သန်းထွန်းဟာ စကားတစ်လုံးမှမပြောဘဲ နားထောင်နေတယ်။ (အမှန်က ထိုသတင်းဟာ သူ့သဘောတူလို့ သခင်ဗဟိန်းက ပေးတဲ့သတင်းဖြစ်တယ်) မိုးကြိုးလည်း ဘာမှပြန်မပြောဘဲ နားထောင်နေတယ်ခင်ဗျာ။

‘ခင်ဗျား ဒီသတင်း ဘယ်ကရသလဲ’ လို့ ဗိုလ်ချုပ်က ဆက်ပြီးမေးတော့မှ မိုးကြိုးက ‘သတင်းစာရဲ့ လုပ်ငန်း၊ သတင်းစာရဲ့ တာဝန်ကို ခင်ဗျား အသိသားနဲ့ ဒီမေးခွန်းကို မေးတာကတော့ နေရာမကျဘူး။ ကျွန်တော်ကလည်း ခင်ဗျားကို ပြောမှာမဟုတ်ဘူး’ လို့ ပြန်ပြောတယ်ခင်ဗျာ။

ဒီမှာတင် အချေအတင် ပြောနေကြစဉ်မှာ ဆိုရှယ်လစ်ပါတီရဲ့ ခေါင်းဆောင်တစ်ဦးဟာ ဆိုရှယ်လစ်ပါတီဖွင့်တဲ့ သတင်းပေးဖို့၊ ဗမာ့ခေတ်ထဲသို့ ကံမကောင်းစွာ ဟဲဟဲဟဲ၊ ကုတ်ကုတ်ကုတ်ကုတ်နဲ့ ဝင်လာတယ်။ ဒီတော့ ဗိုလ်ချုပ်က ‘ဟာ ... ဒီကောင်ဟာ ဗမာ့ခေတ်နဲ့ အဆက်ရှိနေတယ်၊ ဒီကောင်ပဲ ပြောမှာပဲ’ လို့ ခရီးရောက်မဆိုက် ဖမ်းပြီး ဟောက်ပြန်တယ်။ ဒီလိုဟောက်တော့ ထိုခေါင်းဆောင်ဟာက ... ‘ဟာ ... ကျွန်တော် ဘာမှ မသိပါဘူးဗျာ’ လို့ ပြောပြောဆိုဆို သူ ယူလာတဲ့ သတင်း

www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကလေးကို စားပွဲပေါ်တင်ပြီး ပျာယီးပျာယာ ထွက်သွားတယ်ခင်ဗျ။

ဗိုလ်ချုပ်ဟာ ဒီလိုနဲ့ ဒေါအပွနည်းနည်းပြေသွားပြီး 'တော်ပါသေးရဲ့ဗျာ ... ကန္တိသွားမယ့်လူစာရင်းဟာက တစ်ယောက် မှားနေသေးလို့' ဟု ပြောတယ်။ မိုးကြိုးက 'ဘမင် မှားထည့်လိုက်တာ၊ အမှန်အမည်က ဘယ်သူဘယ်ဝါပဲ' လို့ ပြန်ပြောလိုက်တယ်။ ထိုအခါမှာ ဗိုလ်ချုပ်ဟာ အံ့အားသင့်နေတယ်။ ဒီလို အံ့အားသင့်နေချိန်မှာ မိုးကြိုးက ဆက်ပြီး ... 'ဒီမှာ သခင်အောင်ဆန်း (မိုးကြိုးနဲ့ ဗိုလ်ချုပ်မှာ သခင်ဘဝကပင် ခင်မင်ရင်းနှီးပါသည်) ခင်ဗျားတို့က ဗမာပြည်မှာ သတင်းစာဆရာနဲ့ တူတာရှိဘူးထင်ပြီး ပြောသင့်ဆိုသင့်၊ တိုင်ပင်သင့်တာကို တိုင်ပင်ဘူးမဟုတ်လား။ ဒီတော့ ကျွန်တော်တို့ကလည်း သတင်းစာဆရာ ရှိမရှိတော့ မပြောချင်ဘူး။ သတင်းရအောင် လိုက်တတ်တဲ့ သတင်းလိုက် ခွေးကောင်းကောင်းတော့ ရှိတယ်ဆိုတာကို ပြလိုက်တာပဲ။ ခင်ဗျားတို့ကသာ ကျွန်တော်တို့ကို လေးစားယုံကြည်ပြီး ဒီသတင်းမျိုးကို မထည့်ပါနဲ့လို့ ကြိုတင်မေတ္တာရပ်ထားလို့၊ ကျွန်တော်တို့က ထည့်ရင် ကျွန်တော်တို့ အဆိုးပေါ့' လို့ သူဟောက်သလို မိုးကြိုးကလည်း နဂိုသံကျယ်ကျယ်နဲ့ ပြန်ဟောက်တဲ့အခါမှာ ဗိုလ်ချုပ်ဟာ သဘောကျသွားပြီး ပြုံးလာတယ်။ အဲဒါဟာ ဗိုလ်ချုပ်ရဲ့ ချစ်စရာအကောင်းဆုံးအင်္ဂါတစ်ပါးပဲ ခင်ဗျ။

ဒါနဲ့ သခင်သန်းထွန်းကို လှမ်းပြီး 'ဟေ့ ... သခင်သန်းထွန်း ဖြေရှင်းချက်ရေးစမ်း' ဆိုပြီး သခင်သန်းထွန်းကို ရေးဖို့ ဖြေရှင်းချက်ကို သူကိုယ်တိုင် အနည်းငယ်ပြင်ထားခဲ့ပြီး ဗမာ့ခေတ်ထဲက ထွက်သွားတယ်ခင်ဗျ။

ထိုအချိန်ကစပြီး မိုးကြိုး သိလိုသမျှကို ဗိုလ်ချုပ်ကို သွားမေးရင် ပြောတယ်။ သတင်းစာထဲမှာ မထည့်သင့်တာကို သူက မထည့်ဖို့ မေတ္တာရပ်တယ်။ ထည့်သင့်ပြီဆိုတော့ သူကပဲ ပြည့်ပြည့်စုံစုံ ပြောပြ အထည့်ခိုင်းတယ်။ ဒီလို နောက်ခံကားကို သိထားတဲ့အတွက် သတင်းဟာလည်း တန်ဖိုးရှိတယ်။ ဒီလို မိုးကြိုးနဲ့ ဗိုလ်ချုပ်ရဲ့ ဆက်ဆံမှုဟာ သူသေသည်အထိပါပဲခင်ဗျ။

လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးနဲ့ ဒီမိုကရေစီ ထွန်း ကားရေးမှာ ဗိသုကာနဲ့တူတဲ့ နိုင်ငံရေးခေါင်းဆောင်ကောင်းများ ပေါ်ထွန်းဖို့ဟာ အရေးကြီးသလို တိုင်းပြည်တစ်ပြည် ကောင်းစားရေးမှာလည်း သတင်းစာကြီးများ၊ သတင်းစာဆရာကောင်းကြီးများ ပေါ်ထွန်းဖို့ဟာ ညီတူညီမျှ အရေးကြီးတယ်ဆိုတာကိုလည်း သတိပြုသင့်ကြတယ်ခင်ဗျ။

ထို့ပြင် ဒီမိုကရေစီ အစိုးရတို့ဟာ သတင်းနဲ့ ပတ်သက်ရင် လိုက်နာသင့်တယ်လို့ မိုးကြိုးထင်မြင်ယူဆတဲ့ အယူအဆတစ်ခုကို တင်ပြလိုတယ်ခင်ဗျာ။ မိကျောင်းမင်းကို ရေခင်းပြတယ်။ ဆရာလုပ်ချင်တဲ့ ဝါသနာအတိုင်း ... ဟဲဟဲဟဲ။ ဆရာလုပ်တယ်လို့တော့ မထင်စေချင်ဘူးခင်ဗျ။

မိုးကြိုးတင်ပြချင်တာက မိုးကြိုးဘာသာ သိတာမဟုတ်ပါဘူး။ အိန္ဒိယပြည်ကြီးရဲ့ ဝန်ကြီးချုပ် မစ္စတာနေရူးက သူ့သမီးကလေး အင်ဒီရာ ငယ်စဉ်က ဆုံးမတာကို ဖတ်ဖူးလို့ စကားလက်ဆောင်ပါးခြင်းမျိုးပဲ ဖြစ်ပါတယ်။

ချစ်သမီး ... မည်သည့်အရာမှာမဆို ကောင်းသလား၊ မကောင်းဘူးလား၊ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလားဆိုတာ မဆုံးဖြတ်တတ်ပြီး စိတ်ဒွိဟဖြစ်နေရင် မိမိလုပ်လိုတဲ့ အလုပ်ကို အလင်းရောင်အောက်မှာ လုပ်ရဲသလား မလုပ်ရဲဘူးလား ဆိုတာကို ဆုံးဖြတ်ပါ။ အလင်းရောင်အောက်မှာ လုပ်ဝံ့ရင် ထိုအလုပ်ဟာ မှန်သည့်၊ ကောင်းသည့်အလုပ်ပင် ဖြစ်လိမ့်မည် ... လို့ မစ္စတာ နေရူးက ဆုံးမတယ်ခင်ဗျ။ ဆိုလိုတာက လူသိရှင်ကြား လုပ်ရဲတဲ့ လုပ်ငန်းဟာ အမှားနည်းတယ်ဆိုတာပဲ ခင်ဗျ။

ဒီတော့၊ ဒီမိုကရေစီ အစိုးရတို့ဟာ မိမိတို့ လုပ်တဲ့ လုပ်ငန်းမှန်သမျှကို သတင်းစာထဲမှာ စာလုံးမည်းမည်းကြီးများနဲ့ ပါရဲသလား၊ မပါရဲဘူးလားဆိုတာ မိမိတို့ဘာသာ မေးပြီး ပါရဲရင် မှန်တာ ကောင်းတာများမယ်၊ အမှားနည်းမယ်လို့ တစ်ထစ်ချ မှတ်ယူသင့်တယ်ခင်ဗျ။

တစ်ဖန် ဝန်ကြီးချုပ်တို့၊ ဝန်ကြီးတို့ဟာ သတင်းစာ စည်းဝေးပွဲများ လုပ်တဲ့အခါမှာ သတင်းစာဆရာများရဲ့ အမေးကို တတ်နိုင်သမျှ စိတ်ရှည်လက်ရှည် ဖြေဆိုသင့်တယ်ခင်ဗျ။ သတင်းစာ ဆရာမေးနေတာဟာ မဲဆန္ဒရှင်များရဲ့ ကိုယ်စား မေးနေခြင်းဖြစ်တယ်ခင်ဗျ။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာဆရာရဲ့ အမေးကို မထီလေးစားပြုရင် မဲဆန္ဒရှင်များကို မထီလေးစားပြုရာရောက်တယ်ခင်ဗျ။ သတင်းစာဆရာရဲ့ အမေးကို လူပေါ်လူဇော်လုပ်ပြီး ကွေ့လည်ကြောင်ပတ် ဖြန်းကာ သန်းကာ ဖြေခြင်းမျိုးဟာ မဲဆန္ဒရှင်များကို မလိမ့်တပတ်လုပ်ခြင်းပဲ ဖြစ်တယ်ဆိုနေတာ ဝန်ကြီးချုပ်တို့၊ ဝန်ကြီးတို့ လုပ်စားနေတဲ့ ပုဂ္ဂိုလ်များဟာ သိပြီးဖြစ်နေလို့ မိုးကြိုးက လူတွင်ကျယ်လုပ်ကာ သတိမပေးလိုဘူးခင်ဗျ ... ဟဲဟဲဟဲ။

အာဏာရနိုင်ငံရေး ပါတီဝင်များနဲ့ ထိုပါတီရဲ့ ခေါင်းဆောင်များဟာလည်း သတင်းစာများကို ခုတုံးသဖွယ် ဘုရားပြီးရင် ဖျက်ပစ်ရတဲ့ ငြမ်းမျိုးလို သဘောမထားသင့်ဘူးခင်ဗျ။ အတိုက်အခံ သတင်းစာသုံးစောင်ဟာ စစ်တပ် သောင်းတပ်၊ သိန်းတပ်ထက် အင်အားကြီး တန်ခိုးကြီးတယ်ဆိုတဲ့ လက်နက်အားကိုးပြုခဲ့တဲ့ နပိုလီယံ ဘုရင်ရဲ့ လက်သုံးစကားကိုလည်း ဂရုထားသင့်တယ်ခင်ဗျ။ မကြားဖူးသူများမှတ်ထားကြပေါ့ ခင်ဗျာ ... ဟဲဟဲဟဲ။

သတင်းစာလုပ်ငန်းဟာ ဝန်ကြီးလုပ်ရတာလောက် မလွယ်ဘူး။ ဝန်ကြီးရဲ့ အမှားဟာ နေ့စဉ် ပေါ်မနေဘူး။ သတင်းစာရဲ့ အမှား အမှန်ဟာသာ နေ့စဉ်နဲ့အမျှ ပေါ်နေပြီး လူထုရဲ့ အဆုံးအဖြတ်ကို နေ့စဉ်ခံယူနေရတယ် ခင်ဗျ။

ဒီတော့ အစိုးရနဲ့ သတင်းစာဟာ ကျွန်း–ကိုင်းမှီ ကိုင်း–ကျွန်းမှီ သဘောမျိုးနဲ့ အာဃာတ မထားကြဘဲ တိုင်းပြည်ရဲ့ အကျိုးကို ဦး–ပဲ့ ထမ်းဆောင်သွားနိုင်ကြပါစေလို့ ဆုတောင်းဆုယူပြုလိုက်ပါတယ်ခင်ဗျား — ဟဲ ဟဲဟဲ။ ။

မိုးကြိုးနေ့စဉ်၊ ၁၉၆၁-ဇူလိုင်

www.burmeseclassic.com

www.burmeseclassic.com



# အောင်ဆန်းနှင့်တွေ့စဉ်က

## ဟာယုဂျင်းကင်း

ထိုနေ့က ကျွန်ုပ်၏ ရုပ်အင်္ကျီအောက်တွင် ခြောက်လုံးပြူးသေနတ်တစ်လက်ကို ဝှက်၍ ယူလာခဲ့မိသည်။ ခြောက်လုံးပြူးကြီးကလေး ရသည့်တွင် ချွေးများရွှဲ၍ အသားနှင့်ကပ်နေသောကြောင့် အနေရခက်လှဘိ၏။ ကျွန်ုပ်က ကားမောင်း၍ ဦးဘဂျမ်းက ထိုင်လိုက်လာသည်။ ကျွန်ုပ်တို့ သွားရောက် တွေ့ဆုံမည့်သူကား ဗြိတိသျှ စစ်ဘက်ဌာနနှင့် ဗြိုရိုကရက် အရာရှိတို့က ကွန်မြူနစ် ဓားပြများ၊ လူဆိုးများ၏ ခေါင်းဆောင်တစ်ယောက်သာသာ ယူဆထားသူတစ်ဦးဖြစ်၏။

ကျွန်ုပ်သည် အောင်ဆန်း၏ မိန့်ခွန်းတစ်ခုကို ဖတ်ရှု၍ သူ့ကို အတော်လေးစားခဲ့မိသည်။ ထို့ကြောင့် ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့မှ ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဦးဘဂျမ်းမှတစ်ဆင့် အောင်ဆန်းထံသို့ စာတစ်စောင် ပေးပို့ခဲ့ပေသည်။ ယခုအဆိုပါ ဦးဘဂျမ်းက ကျွန်ုပ်အား အောင်ဆန်းနှင့် တွေ့ဆုံရန် ခေါ်ခဲ့ခြင်းဖြစ်၏။ ဗြိတိသျှတို့ ဖော်ပြသည့်အတိုင်းဆိုလျှင် အောင်ဆန်းမှာ တောကြီးမျက်မည်းထဲတွင်သာ တွေ့နိုင်သော ကြောက်စရာ့ ဓားပြဗိုလ်ကြီးတစ်ယောက် ဖြစ်တန်ရာ၏။

သို့သော် ကျွန်ုပ်ရောက်ရှိသွားသည့်နေရာမှာ ရန်ကုန်မြို့ ဆင်ခြေဖုံးရှိ သပ်ရပ်သော အိမ်ကြီးတစ်လုံးဖြစ်ရာ ကျွန်ုပ်တွင် အူကြောင်ကြောင်ကြီးဖြစ်သွားမိသည်။ ဂျစ်ကားပေါ်မှ အဆင်းတွင် ကျွန်ုပ်ယူလာခဲ့သော ခြောက်လုံးပြူးသေနတ်ကို ဖင်ထိုင်ခုံအောက်တွင် ကြံဖန်၍ ထားပစ်ခဲ့ရလေသည်။

ကျွန်ုပ်တို့ အိမ်အပေါ်ထပ်သို့ တက်သွားကြ၏။ အိမ်ထဲတွင် အစောင့်အရှောက်များ မရှိသောကြောင့် စကားဝှက်နှင့် ဝင်ခွင့် တောင်းမနေရချေ။ ဤသို့ အစောင့်အရှောက် အကာအကွယ်များ မရှိခြင်းမှာ အမှန်ပင် ဝမ်းနည်းစရာဖြစ်ခဲ့၏။ အကယ်၍သာ ကိုယ်ရံအစောင့်အရှောက်များ ပြည့်စုံခဲ့ပါမူ မြန်မာပြည်ကို သူ ယခုတိုင် ခေါင်းဆောင်လျက်ပင် ရှိချေဦးမည်။ သူသာ အသက်ထင်ရှားရှိနေခဲ့လျှင် ယနေ့ကမ္ဘာရေးရာတွင် သူသည် အမှန်မုချ ကောင်းကျိုးဖြစ်အောင် ပါဝင် ဆောင်ရွက်နိုင်ချေဦးမည်။

ကျွန်ုပ်တို့အား လူတစ်ယောက်က တံခါး ဖွင့်ပေးသဖြင့် အခန်းထဲသို့ ဝင်၍သွားရာ အောင်ဆန်းနှင့် တွေ့ရလေသည်။ ကျွန်ုပ်သည် သူ့လက်ကို ဆွဲ၍ နှုတ်ဆက်လိုက်သည်။ ဦးဘဂျမ်းက သူနှင့်မိတ်ဆက်ပေးရာတွင် ကျွန်ုပ်မှာ ရန်ကုန် အသံလွှင့်ဌာန၊ အင်္ဂလိပ်ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍကို ခေတ္တ ကြီးကြပ်စီစဉ်နေသော လေတပ်အရာရှိတစ်ဦးဖြစ်ကြောင်း၊ ကျွန်ုပ်၏ ကိုယ်ကို ကျွန်ုပ်က ဆိုရှယ်လစ်တစ်ယောက်ဟု ဆိုကြောင်းနှင့် ပြောပြလေသည်။

မေဂျာဂျင်နရယ် အောင်ဆန်း၏ခေါင်းတွင် ဘွတ်ခေါ်နင်းကြီးများ မရှိ။ ကိုယ်တွင် တံဆိပ်တွေလည်းမရှိ၊ ယူနီဖောင်းလည်း မရှိချေ။ သာမန် အရပ်သားတစ်ဦးကဲ့သို့ပင် လုံချည်၊ ရှပ်အင်္ကျီနှင့် ပိန်းတန်းဖိနပ်ကလေးများသာလျှင် သူ့ကိုယ်ကို တန်ဆာဆင်ထားချေသည်။ သူ့ကို ကြည့်ရသည်မှာ မြန်မာလူမျိုးတစ်ဦးအနေနှင့်ပင် အရပ်အတော်ပုသော လူတစ်ယောက်ဖြစ်သည်။ မျက်နှာ အနည်းငယ် ချောင်၍ ဆံပင်တိုတို ညှပ်ထားသောကြောင့် သူ့မေးရိုးကြီးတွေမှာ ထင်ထင်ရှားရှားကြီး ပေါ်လွင်နေ၏။ သူက အနည်းငယ်ပြုံးပြီး ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။ ဘာစကားမျှ မပြောချေ။

ကျွန်ုပ်က ကျွန်ုပ်သည် လေဘာအစိုးရကိုထောက်ခံသူတစ်ဦးဖြစ်ကြောင်း၊ သူ့မိန့်ခွန်းနှင့် စပ်လျဉ်း၍ ပြောရမည်ဆိုလျှင် ဗြိတိသျှအစိုးရ ပြောင်းလဲသွားသဖြင့် သည်းညည်းခံ၍ စောင့်နိုင်ပါက အခြေအနေ တစ်မျိုး ပေါ်ပေါက်လာလိမ့်မည်ဖြစ်ကြောင်းနှင့် ပြောပြလိုက်လေသည်။

သူ့မေးရိုးကြီးများ ရှေ့သို့ ထွက်လာသည်။ မျက်မှောင်လည်း ကုပ်လျက် ....

"ဒီလိုအခြေအနေ ပြောင်းမယ်ဆိုတာ ဘာမှ သက်သေပြစရာမရှိဘူး"ဟု ဆို၏။

ကျွန်ုပ်က "ဟာ... ခင်ဗျားအမှုအရာ ဒါလောက် ခက်ခက်ထန်ထန် မလုပ်ပါနဲ့ဗျာ၊ ကျုပ် မှုဆိုလီနီကို သတိရလွန်းလို့"ဟု ပြောလိုက်ရာ ပထမသော် သူက ရှိုးတိုးရှန့်တန့်ဖြစ်သွား၏။ နောက် ဟက်ဟက်ပက်ပက်ကြီး ရယ်ချလိုက်ရာ ကျွန်ုပ်လည်း မနေနိုင်တော့ဘဲ သူနှင့်ရော၍ ရယ်ရတော့သည်။ ထို့နောက် သူနှင့် စကားပြောရသည်မှာ အဆင်ပြေသွားလေသည်။

"ကျုပ် ဆိုရှယ်လစ်ဝါဒကို ယုံကြည်ပါတယ်။ တစ်ချိန်တုန်းကဆိုရင် ကျုပ် ကွန်မြူနစ်ပါတီဝင်တစ်ယောက်တောင် ဖြစ်ခဲ့ဖူးတယ်။ ကျုပ် ဆိုဗီယက် ယူနီယံရဲ့ စေတနာကိုလည်း ယုံကြည်ပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ ဆိုရှယ်လစ်တွေကိုတော့ မယုံ့တယုံပဲ" ဟု သူကပြော ပြလေသည်။

နောက် တစ်နှစ်ကြာသောအခါ လန်ဒန်မြို့တော်တွင် အောင်ဆန်းအက်တလီ စာချုပ်ကြီးကို လက်မှတ်ထိုး ချုပ်ဆိုလိုက်ကြလေသည်။ ကျွန်ုပ်သည် အောင်ဆန်းအား သွားတွေ့၏။

"အခုထက်ထိ မယုံ့တယုံပဲလား" ဟု ကျွန်ုပ်က မေးသောအခါ သူက ...

"အင်း... အရင်ကလောက် မယုံမရှိတော့ပါဘူး ခင်ဗျားတို့ ဆိုရှယ်လစ်ဝါဒကို ယုံကြည်တာဟာ မှန်ကောင်းမှန်ပါလိမ့်မယ်"ဟု ပြန်ပြောပါသည်။

"ခင်ဗျား ယုံကြည်တာကကော"

"ဒါကတော့ ယုံကြည်တယ်၊ မယုံကြည်ဘူးဆိုတာနဲ့ သိပ်မဆိုင်တော့ဘူးဗျ။ ခင်ဗျားတို့ အစိုးရက ကျုပ်တို့ကို လက်ပေးပြီး လိုက်လျောခဲ့တာကိုး၊ ဒီလိုမလိုက်လျောဘဲ အင်ဒိုချိုင်းနားမှာ ပြင်သစ်တွေလုပ်သလို ဥရောပတိုက်သားတွေကပဲ စိုးမိုးအုပ်ချုပ်ရေးကို ဆက်လက်ပြီး တည်မြဲနေစေမယ်ဆိုပါတော့ ... အဲဒီလိုဆိုရင် ကျုပ်တို့ဟာ ဟိုချီမင်းရဲ့လမ်းစဉ်ကို အမှန်ပဲလိုက်ရမှာပဲ"

"အင်း ... ဗြိတိသျှက ခြောက်လလောက်သာ စောပြီး လိုက်လျောခဲ့ရင် ခင်ဗျားတို့ဟာ ဓနသဟာယထဲက ထွက်ခဲ့မှာ မဟုတ်ဘူးနော်။ အခုတောင် တစ်နေ့နေ့ ခင်ဗျားတို့ ပြန်ဝင်ချင် ဝင်လာမှာပဲလား"ဟု ကျွန်ုပ်က မေးသောအခါ...

"အို၊ ဒီကိစ္စကတော့ အကြောင်းအမျိုးမျိုး ရှိတယ်။ ခင်ဗျားတို့နဲ့ ပိုပြီး ဆိုင်ကောင်းဆိုင်နေလိမ့်မယ်ဗျ။ ဗြိတိသျှအစိုးရဟာ အခုထက်ထိ အင်ပီရီယယ်(နယ်ချဲ့)အစိုးရပဲ ဖြစ်နေသေးတယ်။ ခင်ဗျားတို့ တကယ်ကို ဓနသဟာယ အစစ်အမှန် လုပ်နိုင်ပါ့မလား။ ဆိုရှယ်လစ် ဓနသဟာယမျိုးကို ပြောတာလေ"ဟု သူက ပြန်မေးနေပြန်၏။

ကျွန်ုပ်က "မသိပါ" ဟု အဖြေ ပေးလိုက်သည်။ ယခုထက်တိုင်အောင်လည်း ကျွန်ုပ် မသိသေးပါ။ သို့သော် ကျွန်ုပ်အမှန်သိသည်ကား အကယ်၍ ထိုစဉ်က ကွန်ဆာဗေးတစ် အစိုးရသာ အာဏာရှိနေခဲ့ပါမူ ယခုထက်တိုင်အောင် မြန်မာပြည်တွင် ဗြိတိသျှစစ်တပ်များ

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုင်၍ စိုးမိုးနေဦးမည်ဟူသော အချက်ပင်တည်း။

(အထက်ပါ ဆောင်းပါးတိုကလေးမှာ လန်ဒန်မြို့၊ ဗြိတိသျှနှင့် အာရှဆိုရှယ်လစ် သဟာယ အသင်း "British Asian Socialist Fellowship Transport" မှ ထုတ်ဝေသည့် "အရှေ့နှင့် အနောက်"ခေါ် ဂျာနယ်တွင် ဟယုဂျင်းကင်း ဆိုသူတစ်ဦး ရေးသားသော ဆောင်းပါးကလေး ဖြစ်ပါ၏။ သွားလေသူ ဗိုလ်ချုပ်နှင့် ပတ်သက်၍ လေ့လာချက် ဖြစ်သောကြောင့် ဆီလျော်အောင် ဘာသာပြန် ဖော်ပြလိုက်သော စာပေဗိမာန်မဂ္ဂဇင်းမှ တစ်ဆင့် ပြန်လည် ဖော်ပြလိုက်ရပါသည်)

စာတည်းအဖွဲ့

မြည်သူ့ကြယ်၊ အမှတ် ၃ (ဇူလိုင်လ-၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်

## သခင်နု

ကျဆုံးသွားတဲ့ ခေါင်းဆောင်ကြီးများရဲ့ အတ္ထုပ္ပတ္တိကို ကျွန်တော် ရှင်းပြချင်ပါသေးတယ်။ ရှေးဦးစွာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ကျွန်တော်နှင့် ယူနီဗာစီတီကောလိပ်ကျောင်းမှာ ၁၉၃၄–၃၅ ခုနှစ်က စပြီး တွေ့ရပါတယ်။ အဲသည်အချိန်က ဆိုလျှင် ဗိုလ်ချုပ်ဟာ ကိုအောင်ဆန်းလို့ပဲ နာမည်တွင်ပါသေးတယ်။ ကျွန်တော်တို့ တွေ့ကြပုံက အဲသည်အချိန်မှာ ကိုအောင်ဆန်းက အိုင်အေ အတန်းမှာ သင်တုန်းပါပဲ။ ကျွန်တော်ကတော့ ဘီအေ အောင်ပြီး ဥပဒေတန်း တက်ပြီး တတိယအကြိမ် ကျောင်းပြန်ရောက်သွားတဲ့အခါ ဖြစ်ပါတယ်။ သည်တော့ ကျွန်တော် ပြန်ရောက်သွားတဲ့အချိန်အခါမှာ ကောလိပ်ကျောင်းမှာ နောင်ရာဇဝင်တွင်မည့် ပုဂ္ဂိုလ်သုံးယောက် ရောက်နေတာ ကျွန်တော် သတင်းကြားရပါတယ်။ အဲသည်ပုဂ္ဂိုလ်တွေရှိတဲ့အကြောင်းကို ယခု ဖ ဆ ပ လ ရဲ့ ကိုယ်စားလှယ်အဖြစ် ဘိလပ်မှာဆောင်ရွက်နေတဲ့ ကိုအုန်းက ပြောပါတယ်။ သည် လူသုံးဦးယောက်ဟာ လူထူးလူဆန်းတွေ၊ ခင်ဗျားနဲ့ မိတ်ဆွေဖွဲ့ပေးချင်တယ်။ လာပါဆိုပြီး လူထူးလူဆန်းတွေရဲ့ အခန်းကို ခေါ်သွားတာနှင့် ကျွန်တော်လည်း သွားပြီး တွေ့ပါတယ်။ တွေ့တဲ့အခါ ဘယ်သူနှင့်တွေ့ရသလဲဆိုတော့ ယခု ကျွန်တော်ရဲ့ ခေါင်းဆောင်ကြီး ။ ထိုအခါက ကိုအောင်ဆန်းဆိုတဲ့ လူရယ်၊ ယခု ပြည်ထဲရေးလုပ်နေတဲ့ ဦးကျော်ငြိမ်း၊ နောက် တိုင်းပြည်မှာ တက်ဘုန်းကြီး သိန်းဖေလို့ နာမည်ကျော်တဲ့ ကိုသိန်းဖေ၊ အဲသည်ပုဂ္ဂိုလ်တွေ တွေ့ရပါတယ်။ အဲသည်လိုတွေ့ရတဲ့အခါမှာ ကိုအောင်ဆန်းဟာ သူများနှင့်မတူအောင် ထူးခြားတဲ့ အမူအရာတွေကို စပြီး တွေ့ရတာပဲ။

ဥပမာ စပြီးတွေ့ကြတယ်ဆိုလျှင် တစ်ယောက်နှင့် တစ်ယောက် ဟက်ဟက်ပက်ပက် နှုတ်ဆက်ကြတယ်၊ ပြောဆိုကြတယ်။ သူတစ်ယောက်တည်းကပဲ ဘာမှ မပြောဘဲ ငုတ်တုတ်ထိုင်နေတယ်။ သည်တော့ ကျွန်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲလို့ အောက်မေ့ပြီး အဲသည်နေ့အချိန်ကုန်ပြီး ပြန်ခဲ့ရပါတယ်။ အဲသည်မှာ တွေ့တဲ့အကြောင်းကို ပြုပြီး လမ်းမှာတွေ့တဲ့အခါ ဘယ်သွားမလို့လဲ၊ ဘယ်လာကြမလဲ၊ ဘာလုပ်မလို့လဲဆိုပြီး နှုတ်ဆက်ကြတယ်။ နှုတ်ဆက်တဲ့အခါမှာ ကိုအုန်း၊ ကျွန်တော်၊ ကိုသိန်းဖေ၊ ကိုကျော်ငြိမ်းတို့ကသာ အဲသည်လို နှုတ်ဆက်ကြတယ်။ ကိုအောင်ဆန်းကတော့ နှုတ်ဆက်ပေမည့် လှည့်မကြည့်ဘဲ လျှောက်သွားချင် သွား

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ပြန်ပြောချင်မှ ပြောတယ်။ ရပ်ကြည့်ပြီး လျှောက်သွားချင် သွားတာပဲ။ သူ မပြောဘူးဆိုပြီး သူ့ကို ဘာသိဘာသာ နေလိုက်ပေမည့် အဲသည်အခါမှာ အပိုမပါဘဲ ပြောစရာ ရှိတာလာပြီး ပြောတာပဲ။ ကျွန်တော်ကလည်း အကြောင်း မသိဘူး။ တွေ့တာလည်း နောက်ကျနေတယ်။ တစ်နေ့ကျတော့ ကိုသိန်းဖေကို အဲသည် ကိုအောင်ဆန်းဆိုတဲ့လူဟာ ဘယ်လို လူစားလဲ၊ လမ်းတွေ့လျှင် နှုတ်ဆက်လို့လည်း မရဘူး။ ပြုံးလို့လည်း မရဘူး။ သူ့ကို လူထူးလူဆန်း တစ်မျိုးပဲလို့ အဲသည်လို အမှတ်သညာ ထားလိုက်တယ်။ နောက် ၆ လ လောက်ကြာတော့ သူနှင့် ရင်းရင်းနှီးနှီး ပေါင်းကြည့်လိုက်တဲ့အခါကျတော့ ကိုအောင်ဆန်းဟာ အပိုတွေဆိုလျှင် ဘာမှလုပ်ချင်ဘူး။ လောကွတ်ဆိုတာ သူသာပြီး အယုံအကြည် မရှိသေးတယ်။ လောကွတ်ပြောနေတဲ့ လူတွေဟာ တစ်ယောက်နှင့်တစ်ယောက် ညာနေတဲ့လူတွေပဲ။ သည်တော့ကာ တစ်ယောက်နှင့်တစ်ယောက် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းရမည့်လူတွေဟာ လောကွတ်တွေဘာတွေ အပိုအလုပ်တွေ ပြောနေဖို့မလိုဘူး။ ပြောစရာရှိတာတွေ ပြော၊ ဆိုစရာရှိတာတွေ ဆို၊ အရေးရှိတဲ့အခါမှ ပြောဆိုဖို့၊ ဆွေးနွေးစရာရှိတာတွေ ဆွေးနွေးဖို့ ဒါပဲ။ အဲသည်အခါမှာ သွားတွေ့တော့ ကိုအောင်ဆန်းဟာ ကျွန်တော်တို့ ထင်တဲ့အတိုင်း ကတ်သီးကတ်သတ် လူတစ်မျိုးလိုမဟုတ်ဘဲ အတိအကျကို လိုလားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုပြီး ကျွန်တော်တို့ တွေ့ရပါတယ်။

(တိုင်းပြည်ပြုလွှတ်တော် ဒုတိယညီလာခံမှတ်တမ်း၊ ဇူလိုင်လ ၂၉ ရက်နေ့ အစည်းအဝေးတွင် သခင်နု၏ ချီးကျူးထောပနာပြု၍ ဗိုလ်ချုပ်၏ ဂုဏ်ပုဒ် ဖော်ပြပြောဆိုပြီး ဝမ်းနည်းကြောင်းအဆိုသွင်းသည့် စကားရပ်များကို ဖော်ပြလိုက်ရပါကြောင်း။)

ဗိုလ်ချုပ်လမ်းစဉ် အမှတ် (၂)၊
ကောက်နုတ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



# လွတ်လပ်ရေး နောက်ခံကား

## ဒဂုန်တာရာ

(က)

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၇ရက်နေ့တွင် ဗန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်ဝင်များ (ထိုအခါကတော့ ရဲဘော်သုံးကျိပ်ဟု မခေါ်သေး) ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းလိုက်သည်ဟူသော အကြောင်းကို သူတို့ ပြန်ရောက်လာသောအခါ ကျွန်တော် ကြားလိုက်ရသည်။ သူတို့သည် ငွေဖလားထဲတွင် လက်မောင်းသွေး ဖောက်ကာ သစ္စာရေ သောက်ကြသည်ဟု ကြားဖူးသည်။

ဤဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းခြင်း၏ အဖြစ်အပျက်ကိုတော့ ကျွန်တော်ကိုယ်တိုင် တွေ့ရသည် မဟုတ်၊ ကြုံတွေ့ရသည်မဟုတ်၊ အကြားမျှသာဖြစ်သည်။ ကျွန်တော့်ကို 'အရေးတော်ပုံ ရာဇဝင်' ဟူသော စာအုပ်ကို ရေးရန် ကိုဘဟိန်းနှင့် တွဲဖက်၍ တာဝန်ပေးသော အခါ ကျွန်တော် သူတို့ထံမှ အဖြစ်အပျက်များကို ကြိုးကြားကြိုးကြား ကြားလိုက်ရသည်။ သို့သော် ကျွန်တော် ကိုယ်တိုင် သိသည်ကတော့ လွတ်လပ်ရေးအတွက် ဆောင်ရွက်ကြရန် ကိုအောင်ဆန်းတို့ နိုင်ငံခြားထွက်သွားသည့် အဖြစ်အပျက်များမှ တချို့တစ်ဝက် ပုံကားချပ်များကို ကျွန်တော်ကိုယ်တိုင် သိနေသည်။

သခင်အောင်ဆန်းသည် တရုတ်ပြည်သို့ နိုင်ငံခြား လက်နက် အကူအညီရယူရန် ထွက်ခွာသွားရင်း အကြောင်းကြောင်းကြောင့် ဂျပန်ပြည်သို့ ရောက်ရှိသွား ကာ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်သည်အထိ သ အဖြစ်အပျက်များက မမျှော်လင့်သော အဖြစ်အပျက် ဖြစ်ကြသည်။ ထို့ကြောင့်ပင်လျှင် ဂျပန်ဝင်စခေတ် က 'ဗမာ့လွတ်လပ်ရေးအတွက် … တပ်မတော်ဖွဲ့ဖို့ ပြည်မှာကွယ် … တကယ်ပဲ အသက်နဲ့လဲလို့ ဆ ဒုက္ခခံကာ ကြံစည်တယ် … သူရဲကောင်းတဲ့ ဗိုလ် ဆန်းနဲ့ အာဇာနည်တွေရယ် …' အစရှိသော သီချ ထွက်ပေါ်လာခဲ့ရသည်။

ယင်းသည် ဗမာ့လွတ်လပ်ရေး တပ်မတော် သမိုင်းကို ထင်ဟပ်ထားသော သီချင်းဖြစ်သည်။ တိုင်ပင် ခေတ်စားနေသော သီချင်းတစ်ပုဒ်ဖြစ်သည် ကျွန်တော်ကိုယ်တိုင် သိသည့် လွတ်လပ်ရေးအ ကြိုးပမ်းဆောင်ရွက်ကြသော ခေတ်ကာလ နောက်ခံ လည်း ဖြစ်သည်။

ကျွန်တော်၏ ပထမဆုံးသော လုံးချင်းဝတ္ထု နှင့်လည်း ဆက်စပ်နေသည်။ ကိုလိုနီခေတ် ဆန် ရေးအတွက် လျှို့ဝှက် နေထိုင်ကြသော ကျွန်တော် ကိုဘဟိန်းထံသို့ 'မေ' ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com





သွားရာရသည်။ ပုန်းအောင်းနေသောနေရာ လိပ်ကန် …န်းခြံရှေ့ရှိ အိမ်တစ်အိမ်တွင်ဖြစ်သည်။

ထိုအိမ်မှာ ဂျပန်ပြည်သို့ လျှို့ဝှက်စေလွှတ်သော …ဘော်သုံးကျိပ်ဝင်များ စခန်းချရာ နေရာဖြစ်သည်ကို …နောင် ကျွန်တော် သိသွားသည်။ ကျွန်တော်ရေးသည့် …စာ စာအုပ်စာတမ်းများ၊ အထောက်အထား မပါဘဲ ကျွန် …တော် မှတ်မိသရွေ့ အမှတ်တရ မှတ်တမ်းသဘောသာ …ရှင် ရေးခြင်းဖြစ်သည်။ ဂျပန်များ ဝင်လာသောအခါ ကျွန်တော် ရန်ကုန်သို့ ရောက်သွားသည်။ ဗမာ့လွတ် …လပ်ရေး တပ်မတော်၏ ရုံးတည်ရာသို့ ရောက်သွား …သည်။ ရဲဘော်သုံးကျိပ်ဝင်များမှာ ကျောင်းသားသမဂ္ဂ၊ …အနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂနှင့် တက္ကသိုလ် …ကျောင်းသားသမဂ္ဂမှ မိတ်ဆွေများ၊ တို့ဗမာအစည်းအရုံး …မိတ်ဆွေများ ဖြစ်နေကြသည်ကို ကျွန်တော် တွေ့ရ …သည်။ တချို့မှာ ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက်များ၊ …တက္ကသိုလ်သမဂ္ဂတွင် တစ်နှစ်တည်း အဖွဲ့ဝင်အဖြစ် လုပ် …ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။

ထို့ကြောင့် ကျွန်တော်က ဗမာ့လွတ်လပ်ရေး တပ် …မတော်ကို နိုင်ငံရေးအဖွဲ့အစည်းအဖြစ် မြင်နေခြင်းဖြစ် …သည်။ သူတို့ကို တစ်ခါမျှ ကျွန်တော် ကျောင်းသားဘဝက …တွေ့ရဖူးသော၊ သူတို့လည်း ဝတ်ဆင်စရာ အကြောင်း …ရှိသော စစ်ဝတ်စစ်စားနှင့် တွေ့ရသောအခါ တစ်မျိုး …ထားရသည်။ သူတို့ မည်သို့ပင် ရာထူးအဆင့်အတန်း …များ၊ စစ်ဝတ်တန်ဆာများနှင့် ဆင်ယင်ထားစေကာမူ …ကျွန်တော့်မျက်စိထဲတွင်ကား ကျောင်းသားသမဂ္ဂမှ မိတ် …ဆွေများအဖြစ်သာ မြင်နေမိသည်။

ထို့နောက် ကျွန်တော်သည် ရွှေတောင်ကြားသို့ …သွားရောက် နေထိုင်မိသည်။ အမြဲတမ်းနေသည်ကား …မဟုတ်။ ထိုအခါက ရွှေတောင်ကြားမှာ ဗမာ့လွတ်လပ် …ရေး တပ်မတော်မှ စစ်ဗိုလ်များနေထိုင်ရာ ရပ်ကွက်ကဲ့ …သို့ ဖြစ်နေသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ စစ် …ဗိုလ်များအပြင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင် …… သခင်လေးမောင်၊ သခင်တင်ထွန်း၊ ကိုဘဟိန်း၊ …ကျော်ငြိမ်း၊ ကိုတင်မောင်၊ ကိုလှမောင်၊ သခင်သန်း …ထွန်း၊ သခင်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ …ခင်နု စသော ကျောင်းသားသမဂ္ဂနှင့် ဒို့ဗမာအစည်း အရုံးမှ မိတ်ဆွေများ နေထိုင်ကြသည်ကို တွေ့နေရသည်။ သူတို့နှင့် ကျွန်တော် သိကျွမ်းခင်မင်ရသည်မှာ စစ်ဗိုလ်များအဖြစ် လုံးဝမဟုတ်။ အမျိုးသားလွတ်မြောက်ရေးအတွက် ဆောင်ရွက်ကြသော လူပုဂ္ဂိုလ်များအဖြစ်သာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က ဗမာ့လွတ်လပ်ရေးတပ်မတော်၏ နောက်ခံကားကို ရေးဖွဲ့သောအခါ လွတ်လပ်ရေးရရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြသူများနှင့် အထိအတွေ့ကိုပါ ရေးဖွဲ့မိခဲ့ရသည်။

[ ခ ]

သူတို့ကို ကျွန်တော် အရင်ကျောင်းသားဘဝက အတိုင်းပင် မြင်သည်။ ၁၉၄၃ ခုတွင် ဂျပန်စစ်အာဏာပိုင်တို့က မြန်မာပြည်ကို လွတ်လပ်ရေးပေးသည်ဟု ကြေညာသည်။ ထိုအခါ ကျွန်တော်တို့၏ မိတ်ဆွေများမှာ တပ်မတော်တွင် တချို့၊ အစိုးရအဖွဲ့ထဲတွင် တချို့ ဆောင်ရွက်ကြသည်ကို တွေ့ရသည်။ ဝန်ကြီးများ၊ စစ်ဗိုလ်ကြီးများ ဖြစ်သွားသည်ကို တွေ့ရသည်။ သူတို့ မည်သို့ပင် ရာထူးရာခံနှင့် ရှိနေကြသော်လည်း ကျွန်တော်က ယခင်ကျောင်းသားဘဝက အတိုင်းပင် လွတ်လပ်ရေး ဆောင်ရွက်သောသူများအဖြစ်သာ မြင်နေသည်။

ဂျပန်ပေးသော လွတ်လပ်ရေးက လွတ်လပ်ရေးအစစ် မဟုတ်သည်ကို ကျွန်တော်တို့ သိနေကြသည်။ အဆောင်အယောင်အားဖြင့်တော့ လွတ်လပ်ရေး။ ယခင်အင်္ဂလိပ်ဘုရင်ခံများ နေထိုင်သွားသော အရင်က အိမ်တော်တွင် ဂျပန်ဘုရင်၏ စစ်သေနာပတိက နေထိုင်လျက်ရှိနေသည်။ ယင်းအစိုးရအဖွဲ့တွင် စစ်ဝန်ကြီးနှင့် စစ်သေနာပတိက ဗိုလ်ချုပ်အောင်ဆန်း ...။

ထိုအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ထို့နောက် ဗမာ့တပ်မတော် စသည်ဖြင့် အမည်များပြောင်းကာ ဖွဲ့စည်းလျက် ရှိနေကြသည်။ လွတ်လပ်ရေးအတွက် ဆောင်ရွက်လိုသူများ တပ်မတော်သို့ ဝင်ကြသည်။ လွတ်လပ်ရေးတိုက်ပွဲ မပြီးဆုံးသေးသည်ကိုတော့ အားလုံး သိနေကြသည်။ ထို့ကြောင့်ပင် ဆက်လက်၍ ဂျပန်ဖက်ဆစ်များကို တော်လှန်ကြရသည်။ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကြီး ဖွဲ့စည်းလိုက်ကြသည်။

အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်ပြီး လွတ်လပ်ရေးရယူ…

www.burmeseclassic.com

www.burmeseclassic.com



ရန် ဂျပန်ပြည်သို့ စစ်ပညာတော်သင်အဖြစ် သွားခဲ့ကြသည်။ ထို့နောက် တစ်ဖန် ဂျပန်ဖက်ဆစ်ကို ဆန့်ကျင်ခုခံရန်အတွက် မဟာမိတ် စစ်ဌာနချုပ်ရှိရာ သီဟိုဠ်ကျွန်းကန္ဒီသို့ သွားရောက်၍ လေထီးအတတ်သင်ရန် သွားကြသူများ ပေါ်ပေါက်လာရသည်။ ဂျပန်ခေတ်တွင် ကျွန်တော် သူတို့နှင့် အတူရှိနေစဉ် သူတို့ ဘယ်လိုနေထိုင်စားသောက်ရသည်ကို ကျွန်တော် သိနေသည်။ ဂျပန်၏ဖောင်းပွသော ငွေစက္ကူ လခဖြင့် လုံလောက်ကြသည်မဟုတ်။ ကြံဖန်၍ နေကြရသည်။ ဇနီးဖြစ်သူများ၏ ရွှေငွေ အဝတ်အထည်များ ရောင်းစားကြသူများ ရောင်းစားကြသည်။ ကျောင်းသားသမဂ္ဂခေတ်၊ ဒို့ဗမာအစည်းအရုံးခေတ်ကဲ့သို့ပင် ကိုယ်ကျိုးမဖက်ဘဲ နေထိုင်ကြသည်မှာ အထင်အရှားပင် ဖြစ်သည်။ သူတို့သည် ဂျပန်ဖက်ဆစ်များ၏ ရှေ့မှောက်တွင်ပင် ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် နောက်ဆုံး ထိတွေ့ရသည်ကား သူ လက်မထပ်ခင်ကလေးတွင် ဖြစ်သည်။ ကျွန်တော် ဗိုလ်လကျာ၏ ဧည့်ခန်းတွင် စန္ဒရား တီးနေစဉ်သူ ကားနှင့်ရောက်လာသည်။ သူက ကိုဘဟိန်းကိုလည်းမေးသည်။ ကိုဘဟိန်း မရှိ၍ တွေ့မသွား။ ကျွန်တော့်ကို မဂိုလမ်းရှိ ပလာတာဆိုင်သို့ သွားစားကြရန် ခေါ်ရင်းသူ လက်ထပ်တော့မည့်အကြောင်းကို တတွတ်တွတ်ပြောနေသည်။ ထို့နောက် ဟိုအကြောင်း သည်အကြောင်း။ တော်လှန်ရေးမှာလည်း အနုပညာ ART ရှိကြောင်း ပြောရင်း ပြုံးနေသည်။

စစ်ပြီးစ ရွှေတိဂုံအလယ်ပစ္စယံတွင် ကျင်းပသော ပထမဆုံးသော ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်ကြီး၏ ညီလာခံသို့ ရောက်သွားသည်။ ခပ်လှမ်းလှမ်းမှ သူ့ကို မြင်လိုက်ရသည်။ သူက ဖဆပလ ဥက္ကဋ္ဌ စားပွဲတွင် ထိုင်နေသည်။ သူနှင့် စကားမပြောခဲ့ရ။ ပြောရန် အခန့်မသင့်။ သူက အလုပ်ရှုပ်နေသည်။ ယင်းသည် သူ၏ ပုံကားချပ်ကို အဝေးမှ လှမ်းမြင်ရသော ပုံကားချပ်ဖြစ်ပေသည်။ ထိုအခါက ကန္ဒီစာချုပ်လက်မှတ်ထိုးပြီးကြပြီးနောက် အင်္ဂလိပ်အစိုးရလက်ထက်တွင် သူ့အား ဒုတိယစစ်သေနာပတိ D.I.G ခန့်ထားသည်ကို သူက မလုပ်။ နိုင်ငံရေး ဆက်လုပ်မည်ဆိုကာ

တပ်မှ ထွက်လိုက်သည့်အကြောင်းကို ကြားသိနေရသည်။

ဒါကိုတော့ ကျွန်တော်ကြိုက်သည်။

[ ဂ ]

စစ်ပြီးစခေတ်ကာလတွင်ကား ကျွန်တော်... ဂျာနယ်မဂ္ဂဇင်း ထုတ်ဝေရေးအတွက် စိုင်းပြင်းနေသည်။ သူတို့နှင့် မတွေ့ရတော့။ သူတို့က သူတို့အလုပ်နှင့် သူတို့ ရှုပ်နေသည်။ လွတ်လပ်ရေးအတွက် ဆောင်ရွက်... သော ဗမာ့လွတ်လပ်ရေးတပ်မတော်မှ မိတ်ဆွေများ... ကြေညာချက်ကို ဖတ်ရသည်။ ကြေညာချက်သည် ကျွန်တော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဆို... တော့) နှင့် နောက်ဆုံးအားဖြင့် ဆက်သွယ်မှုအသံ ကြား... ရခြင်းသာ ဖြစ်သည်။ သည့်နောက် လွတ်လပ်ရေးရပြီး နောက် ကျွန်တော့်စာပေအလုပ်နှင့် ကျွန်တော်၊ သူတို့ နှင့် အထိအတွေ့ပင် မရှိတော့။ ကြေညာချက်မှာ ဆော... ပြပါအတိုင်းပင် ဖြစ်သည်။

### ဗမာ့တပ်မတော် ခေါင်းဆောင်အရာရှိကြီးများအစည်းအဝေးက ထုတ်ပြန်ကြေညာချက်

၁၂-၈-၄၅

ယခုအခါ ဂျပန်ဖက်ဆစ်များသည် ကျွန်ုပ်တို့ တပ်... မတော်နှင့် နိုင်ငံပေါင်းစုံ မဟာမိတ်တပ်မတော်များ ... ဝန်းတိုက်ခိုက်သည်ကို ဖက်ပြိုင်ခြင်းငှာ မစွမ်းနိုင်တော့... ဘဲ လက်နက်ချရန် စကားများပင် ကမ်းလှမ်းလေပြီ...

ကမ္ဘာစစ်ကြီးကား ပြီးတော့မည်။ သို့ရာတွင် ကျွန်ုပ်... တို့ နိုင်ငံသူ နိုင်ငံသားများ၏ အရေးကား မပြီးသေး... ကျွန်ုပ်တို့ နိုင်ငံ၏ အရေးတစ်ခုလုံးသည် ကျွန်ုပ်တို့ တပ်... မတော်နှင့် လွတ်လပ်ရေး လိုချင်သူအားလုံး သက်... ကြိုးပမ်းထမ်းဆောင်လာခဲ့ရသည်နှင့်အမျှ ထိရောက်... အောင်မြင်ရန်အတွက် မြန်မာနိုင်ငံကို ခေါင်းဆောင်... ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းတို့သည် လူ... မရွေး၊ ဘာသာမရွေး၊ တညီတညွတ်တည်း ဆက်လ... ဆောင်ရွက်ရန် အထူးလိုပေသည်။

ကျွန်ုပ်တို့ တပ်မတော်သားအားလုံးသည်... ကောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စွန့်စွန့်...

www.burmeseclassic.com

အား ဆောင်ရွက်ခဲ့သူအပေါင်းတို့သည်လည်းကောင်း၊ ညီမျှ အပင်ပန်းခံ အဆင်းရဲ အနစ်နာ အသေအကြေ ခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ လက်တစ်ဆုပ်မျှ ရှိသော လူတစ်စု၏ ကောင်းစားမှုကိုသာလည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာ တိုးတက်မှုကိုသာလည်းကောင်း ရည်မှန်းလျက် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသည် မဟုတ်ဘဲ မြန်မာနိုင်ငံလူထုအပေါင်း လွတ်လပ်ရေးအတွက် ရည်စူးလျက် လုပ်ကိုင်ခဲ့ကြသည့် အကြောင်းကို ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံသူနိုင်ငံသားအပေါင်းတို့အား အထူးလေးနက်စွာ ဖော်ပြလိုပေကြောင်း။

ထို့ကြောင့် ကျွန်ုပ်တို့ တပ်မတော်ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးက မြန်မာနိုင်ငံအတွင်းခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းက စိတ်ဝမ်းကွဲပြားခြင်း အလျဉ်းမရှိဘဲ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်အတွင်းသို့ ထိရောက်စွာ ဝင်ရောက်လုပ်ကိုင်ကာ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအရပ်ရပ်ကို တညီတညွတ်တည်း နှောင့်နှေးဆိုင်းငံ့ခြင်း အလျဉ်းမရှိဘဲ ဆောင်ရွက်ကြရန် ပြင်းထန်စွာ တိုက်တွန်းလိုက်ပါကြောင်း။

(၁) ဗိုလ်ချုပ်အောင်ဆန်း စစ်သေနာပတိ

(၂) ဗိုလ်မှူးကြီးလက်ျာ ဒုတိယစစ်သေနာပတိ

(၃) ဗိုလ်မှူးကြီးဇေယျ စစ်ဦးစီးမှူး

(၄) ဗိုလ်မှူးကြီးနေဝင်း ရှေ့တန်းစစ်ဌာနချုပ်မှူး

(၅) ဗိုလ်မှူးမောင်မောင် တိုင်းအမှတ်(၁)မှူး

(၆) ဗိုလ်မှူးအောင်ကြီး မြစ်ဝကျွန်းပေါ်တိုင်းမှူး

(၇) ဗိုလ်မှူးကျော်ဇော တိုင်းအမှတ်(၄)မှူး

(၈) ဗိုလ်မှူးရဲထွဋ် တိုင်းအမှတ်(၆)မှူး

(၉) ဗိုလ်မှူးအောင် တိုင်းအမှတ်(၇)မှူး

(၁၀) ဗိုလ်ကြီးအာဠာဝက အထက်ပြည်တိုင်းမှူး

× × ×

[ ဃ ]

လွတ်လပ်ရေးမရမီနှစ်က ကျွန်တော် ထုတ်ဝေလျက်ရှိသော တာရာမဂ္ဂဇင်းကို ဗမာ့တပ်မတော်မှ အုပ်ရေ ၁၀၀ ဝယ်ယူသည်။ လစဉ်ဝယ်သည်။ ကျွန်တော်က ကိုယ်စားလှယ်နှုန်း ပေးရသည်။ လာရောက်ယူသူမှာ ကျွန်တော်နှင့် သမဂ္ဂလုပ်ဖော်ကိုင်ဖက် ဗိုလ်ကြီးချစ်မြိုင်။ ယင်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် နောက်ဆုံး ထိတွေ့မှုဟု ဆိုရပေမည်။ ကျွန်တော်ကတော့ မြန်မာ့လွတ်လပ်ရေးအတွက် အဖွဲ့အစည်းဖြစ်သည်ဟုသာ ခံစားမိသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ဟူသော ခံစားမှုဖြင့် ဖော်ပြလိုက်ရပေသည်။ ။

ရတနာသစ် မဂ္ဂဇင်း (၁၉၉၅ ခုနှစ်၊ မေ)၊ ကောက်နုတ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ခဲ့တုန်းက

## အဘိုးကြီး

ဗိုလ်ချုပ်လမ်းစဉ် မဂ္ဂဇင်း ထုတ်ဝေမည်ဟု သိရသောအခါ ဝမ်းသာ၊ ဝမ်းနည်းဖြစ်၏။ ဝမ်းသာခြင်းမှာ ဗိုလ်ချုပ်လမ်းစဉ်ကို ပြောသာပြောကြသည်၊ မည်သည့်လမ်းစဉ်ဟူ၍ မည်သူမျှ တကယ်မသိချေ။ ကျွန်ုပ်လည်း မသိပါ။ သို့သော် သူ၏လမ်းစဉ်ကို ဖော်ပြမည်ဆို၍ ကျွန်ုပ်ဝမ်းသာသည်။ သူ၏လမ်းစဉ်ကို ဖော်ပြမည့်မဂ္ဂဇင်းကို ဝတ္တရားအတိုင်း ကူညီရမည်။ ကျွန်ုပ်မှာ အဘယ်ဝတ္တရားရှိသနည်း။ ဤမဂ္ဂဇင်းကို စီမံစီစဉ်သော သူတို့အား ကျွန်ုပ်ပြုရန်ဝတ္တရားမရှိ။ ဗိုလ်ချုပ်သာလျှင် ကျွန်ုပ်ပြုရမည့်ဝတ္တရားရှိပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်ုပ်နှင့် ချစ်ကျွမ်းဝင်သော ပုဂ္ဂိုလ်ဖြစ်သည်။ မဟာမိတ်ဖြစ်သည်ကား အရေးမကြီး ကျွန်ုပ်အား ကျွန်ဘဝမှ လွတ် မြောက်စေသော လုပ်ငန်းကို တည်ထောင်ခဲ့ရာယခုအခါ ကျွန်ဘဝမှ လွတ်ပြီ၊ သူ၏ကျေးဇူးသည် ကြီးပေသည် တကား။

ကျေးဇူးကို ထောက်၍ ကျွန်ုပ်ကလည်း တုံ့ပြန်အပ်သော ဝတ္တရားမရှိပေသလော။ ဤသို့ ဝတ္တရားကို ကျေပွန်စေရသည့်အတွက် ကျွန်ုပ်ဝမ်းသာသည်။ ကျွန်ုပ်ဝမ်းနည်းခြင်းကား သူဆောင်ရွက်ခဲ့သော၊ အပင်ပန်းခံခဲ့သော အသက်သွေးနှင့် လဲခဲ့သော လွတ်လပ်ရေးအကျိုးကို သူမခံစားရလေ။ မြင်ပင် မမြင်လိုက်ရ။

အော် ... ဗိုလ်ချုပ်အောင်ဆန်း သင်၏ဖြူစင်သော စိတ်ထားကို ငါကြည်ညို၏။ သင်၏ သူရသတ္တိကို ငါ လေးစား၏။ သင်၏ အမြင်ကျယ်ခြင်းကို ငါချီးကျူး၏။ သင်၏ သေခြင်းကို ငါနှမြော၏။ သင်၏ ဖြူစင်သော စိတ်ထားသည် သင့်အား မမြင်ဖူး၊ မကြားဖူးသော သူတို့၏ချစ်ခင်ယုံကြည်လေးစားခြင်းကို ဖြစ်စေ၏။ သင်၏ ဖြူစင်သော စိတ်၏အရောင်ကြောင့် ထိုသူတို့သည် ည ညွှတ်ခြင်း၏အကျိုးကို မြင်နိုင်ကြလေသည်။ သင်၏ဖြူ စင်သော စိတ်၏အရှိန်သည် ထိုသူတို့နှလုံးတွင်း၌ သော အမှိုက်များကို လောင်ကျွမ်းစေလေသည်။ သင်၏ သူရသတ္တိသည် ရန်သူတို့အား တုန်လှုပ်စေ၍ ထိုသူ သတ္တိ ထိခိုက်လေသမျှမှာ ရန်သူ၏လက်နက်တို့သည် ကြေမွသွားကြရလေသည်။ သင်၏ အမြင်ကျယ်ခြင်း ရန်သူတို့ မပေါ်ပေါက်ဘဲ နူးနူးအေးအေးနှင့်ပင် လွတ်လ ရေးကို ရခြင်းက သက်သေခံလေပြီ။ ဤအကြောင်းများ ကိုထောက်ထားလျှင် သင်၏သေခြင်းသည် နိုင်ငံအတွ မတိုင်းထွာနိုင်ကာ ဆုံးရှုံးခြင်းဖြင့် ဆုံးရှုံးရလေသ အော် ... ဗိုလ်ချုပ်အောင်ဆန်း သူပြုလုပ်ခဲ့သမျှကို မိတိုင်း ကျွန်ုပ် ဝမ်းနည်းလျက်ပင်၊ အသည်းနာလျက်

www.burmeseclassic.com



ရှိပေတော့သည်။

အောင်ဆန်းသည် ကျွန်ုပ်၏ငယ်ပေါင်း ကြီးဖော် မဟုတ်ပေ။ ရံဖန်ရံခါ တွေ့ကြသော မိတ်ဆွေသာ ဖြစ်၏။ နှစ်ဦးနှစ်ဖက်မှာ ဘွင်းဘွင်းပြောတတ်သူများချည်း ဖြစ်ရာ၊ တစ်ယောက်ကိုတစ်ယောက် နားလည်ကြ၏။ အဘယ်ကိစ္စတွင်မဆို သဘောတူခြင်းသို့ ဆိုက်ရောက်ကြလေသည်။

အခါတပါး၌ ကျောင်းသားသပိတ်ကိစ္စတစ်ခုတွင် ဖိုးအောင်ဆန်းသည် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ်ဖြင့် ရောက်လာ၏။

"ဦး ကျွန်တော်အကြောင်းစုံ သိချင်ပါတယ်"

ဟူသော တုံးတိအပြောမျိုးနှင့် မေးသည်။ ကျွန်ုပ်က အဖြစ်အပျက်အလုံးစုံကို ရှင်းလင်းပြသောအခါ သူသည် ကောင်းစွာနားလည်၍ ကျွန်တော့်ကျောင်းသားများကို ကျောင်းသို့ ပြန်သွင်းခဲ့ပါမည်။ ဦးကလည်း ချထားသော အမိန့်ကို တစ်နည်းနည်းနှင့် အဆင်ပြေအောင် ပြုပါဟု ပြောပြီးလျှင် ကျောင်းသားများနှင့် တစ်ည သွားခဲ့သည်။ နံနက်၌ ကျောင်းသားများကို ကျောင်းသို့ပို့၍ သူပြန်သွားသည်။ ကျွန်ုပ်လည်း နှစ်ယောက်တူညီသောနည်းနှင့် အားလုံးအဆင်ပြေအောင် စီမံလိုက်သည်။ အားလုံး အေးချမ်းသွားသည်။ ထိုအကြိမ်သည် ကျွန်ုပ်နှင့် ဖိုးအောင်ဆန်း ပထမတွေ့ခြင်းဖြစ်၏။ ထိုမှစ၍ ဖိုးအောင်ဆန်းသည် အကြောင်းအကျိုးကို ကောင်းစွာစဉ်းစားလျက် "ငါ့အယူ မှန်သည်" ဟူသော တစ်ဖက်သတ်ဆုံးဖြတ်ချက် ချတတ်သောသူ မဟုတ်ကြောင်းကို ကျွန်ုပ်ယုံကြည်လေသည်။

အခါတပါးစဉ်းစားရာတွင် ...

"ဖိုးအောင်ဆန်း စစ်သေနာပတိအဖြစ်ဖြင့် စီမံခန့်ခွဲမှာ ကျွမ်းကျင်ကြောင်းကိုတော့ အားလုံးဝန်ခံပါတယ်။ နိုင်ငံရေးကိုတော့ ကမ္ဘာလှည့်ပြီး သင်ယူဖို့ ကောင်းတယ် ထင်တယ်" ဟု ကျွန်ုပ်က ပြောသည်။

"ဘာဖြစ်လို့လဲ" ဟု သူက ပြန်မေးသည်။

နိုင်ငံရေးမှာ ဗဟုသုတရှိကြတဲ့ လူတွေက လှည့်ကြားရင် မျက်စိမလည်အောင်ပေါ့ဟု ကျွန်ုပ်ပြောသည်။ သူသည် ပြန်မပြောခင် ဟက်ဟက်ပက်ပက် ရယ်မောသေးသည်။ ဦးဟာ နိုင်ငံရေးကို ဘာမှနားမလည်ဘူး၊ ကျွန်တော်လည်း နားမလည်ဘူး။ ခင်ဗျားပြောတဲ့ ဗဟုသုတရှိတယ်ဆိုတဲ့လူတွေက ကလေးလို ခြေထိုးတမ်းကစားရင်တော့ ကျွန်တော် မှောက်ရက် လဲချင်လဲမယ်။ ဒါပေမဲ့ ဒါကလည်း နိုင်ငံရေးပဲ။ နိုင်ငံရေးအစစ်အမှန်ကို နားလည်တဲ့လူ ဗမာပြည်မှာ မရှိပါဘူး။ ဒါကြောင့် ကျွန်တော် မကြောက်ပါဘူး။ ကမ္ဘာလှည့်တယ် ဆိုတာက အသိပညာတိုးမယ်ပေါ့လေ။ ဒါပေမဲ့ ကိုယ့်နိုင်ငံကို ကိုယ်ကောင်းကောင်းနားလည်ဖို့ အရေးကြီးတယ် ဟု စိတ်ပါလက်ပါ ပြောသည်။ နောက်တစ်ဖန် ကျွန်ုပ်က လက်ရှိအစိုးရအဖွဲ့မကောင်းရင် မင်းတို့ဝင်လုပ်မှ ကောင်းမယ် မဟုတ်လားဟု ပြောပြန်ရာ သူက ကျွန်တော့်ကို အာဏာအပ်ရင် ဝင်လုပ်ဖို့ အဆင်သင့်ပဲ။ အာဏာမအပ်ဘဲ သူများ ခိုင်းတာလုပ်နေရရင် ဘာနိုင်ငံရေးအတွက် အသုံးကျမှာလဲ" ဟု ပြန်ပြောသည်။

ဖိုးအောင်ဆန်းကို အာဏာအပ်ရလေသည်။ အာဏာရသောအခါ သူဘယ်အရာကို ဘယ်နည်းလုပ်ကိုင်ဆောင်ရွက်သည်ကို နိုင်ငံက သိပေသည်။

အာဏာရပြီးနောက် တွေ့ကြသောအခါ ကျွန်ုပ်က အပြောကြမ်း စိတ်ကြမ်းများကို လျှော့သင့်ကြောင်း၊ လူထုကိုလည်း ပညာသင်ရန်အချိန်ရောက်ပြီဖြစ်ကြောင်းများကို ပြောသည်။ သူက ဤသို့ ပြန်ပြော၏။ "ဦးဟာ လူထုအကြောင်းမသိသေးဘူး ...။ သူတို့ကို စိတ်ခတ်ကြွအောင် မလုပ်ရင် ဘယ်ကိစ္စမှပြီးမှာ မဟုတ်ဘူး။ ဒါကြောင့် တစ်ခါတစ်ခါ ဆဲဆဲပေးရတယ်။ ကျုပ်ကိုချည်း အားကိုးကြတယ်။ ကျုပ်တစ်ယောက်တည်း လုပ်လို့ မပြီး နိုင်တာကို ပြောပေမယ့် မရဘူး။ သူတို့ မလုပ်တတ်ရင် သင်ပေးရမယ်။ မလုပ်နိုင်ရင် ကူရမယ်။ အဲ ... မလုပ် ချင်ရင်တော့ လုပ်အောင် လုပ်ရမှာပဲ" ဟု ပြန်ပြောသည်။ သူ၏သည်းခံပုံ၊ သူ၏ရှေ့ဆောင်ပုံ၊ သူ၏ဖွဲ့ကြိုးပုံကို ဤ စကားများနှင့်သိသာနိုင်ပေသည်။

အထက်ပါအချက်များကား ကျွန်ုပ်နှင့်တွေ့သော အချိန်များမှာ ပြောကြားဆွေးနွေးကြသော အချက်များမှ ကောက်နုတ်ချက်များ ဖြစ်ပေသည်။ ဖိုးအောင်ဆန်း၏ ဂုဏ်ပုဒ်များ ဖော်ပြသော ရည်ညွှန်းချက်များ ရှိပါသည်။ သို့သော် သေသူကို ချီးကျူးသဖြင့် ကျွန်ုပ်မှာ အရသာ မတွေ့ပါ။ ဝမ်းနည်းခြင်းသာ ဖြစ်ပေါ်ပါသည်။ ထိုမှတစ်

www.burmeseclassic.com

www.burmeseclassic.com



ပါး အရုပ်သားပြော ပြောရမည်ဆိုလျှင် ကျွန်ုပ်ကို "ဖော်လံဖား" စားရင်းသို့ သွတ်သွင်းလိုက်မည်ကို ကျွန်ုပ်စိုးရိမ်မိပါသည်။

ကျွန်ုပ်ကား သူသေပြီးနောက် သူ၏ရုပ်ကလာပ်ကို သွားရောက် အလေးမပြုပေ။ သို့သော် ဖိုးအောင်ဆန်းပြုခဲ့သမျှတို့သည် ကျွန်ုပ်၏ဦးနှောက်ထဲတွင် လူးလာဆန်ခတ်ရှိလျက်ပင်။ သူ၏မျက်နှာသည် ကျွန်ုပ်၏မျက်စိထဲမှာ လျှပ်လျက်ပင်။ သူ၏အသံသည် ကျွန်ုပ်၏နားကိုရိုက်လျက်ပင် ရှိလေသည်။

ဗိုလ်ချုပ်အောင်ဆန်းကား သူမတူသော ဗိုလ်ချုပ်အောင်ဆန်း ဖြစ်သတည်း။ ။

၁၉၄၇၊ ဇေယျာဝတီဂျာနယ်၊ ဗိုလ်ချုပ်လမ်းစဉ် (၁)

www.burmeseclassic.com

www.burmeseclassic.com



# စာရေးဆရာ ဦးအောင်ဆန်း

## လှမြင့် (ရန်ကုန်တက္ကသိုလ်)

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ၏ စစ်ရေးခေါင်းဆောင်ကောင်း၊ နိုင်ငံရေးခေါင်းဆောင်ကောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သောခေါင်းဆောင်ကောင်း၊ ကမ္ဘာကပင် လေးစားချစ်ကြည်မှုရှိသော ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်ကြောင်း လူတိုင်းအသိဖြစ်သည်။ ဗိုလ်ချုပ်သည် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေး၊ လွတ်လပ်ရေး ရရှိရေးတို့အတွက် စိတ်ရောကိုယ်ပါ နေ့မအား ညမနား ဆောင်ရွက်ခဲ့သည်။ နိုင်ငံနှင့်လူမျိုးအတွက် ပြည်သူလူထု တစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ရုံမျှနှင့် အားမရသေး။ ပြည်သူလူထုအား စစ်ရေး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာကမ္ဘာ့ဗဟုသုတများ၊ မြန်မာ့ဗဟုသုတများ သိစပ်မြင်နှံ့စေရန်အတွက်လည်း ဗိုလ်ချုပ်သည် လေ့လာထားသမျှစာများမှလည်းကောင်း၊ တွေ့ကြုံနေသမျှ အဖြစ်အပျက်များမှလည်းကောင်း၊ ကောင်းနိုးရာရာများကိုဆောင်းပါး၊ စာတမ်းများ ပြုစုရေးသားလျက် အသိအတွေး ပြည့်စုံစေရန် တစ်တပ်တစ်အား ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ တစ်သက်တာခရီးကိုလေ့လာလျှင် နိုင်ငံချစ်စိတ်ဓာတ် ပြည့်ဝ ရင့်ကျက်မှုနှင့်အတူ စာပေရေးသားခြင်းကို မွေ့လျော်သော စာပေစိတ်ဓာတ် အပြည့်အဝရှိသူဖြစ်ကြောင်း အထင်အရှား တွေ့နိုင်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရေနံချောင်းမြို့ အမျိုးသားကျောင်းသားဘဝ ငယ်ရွယ်စဉ်အချိန်မှ စတင်၍ စာပေတွင် ပျော်မွေ့သူဖြစ်၏။ ကျောင်းသားအရွယ်ကပင် အပေါင်းအဖော်များနှင့် နေထိုင်ခြင်းထက် စာရေး စာဖတ်မှုဖြင့် တစ်ဦးတည်း အေးအေးဆေးဆေးနေခဲ့၏။ ၁၉၃၂ ခုနှစ်တွင် ရေနံချောင်းမြို့ အမျိုးသားကျောင်းမှ ဆယ်တန်းစာမေးပွဲ အောင်မြင်ခဲ့သောကြောင့် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိလာ၏။ စာပေရေးရာတွင် စိတ်ပါဝင်စားသူပီပီ ၁၉၃၅–၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ စာစောင်ဖြစ်သော "အိုးဝေမဂ္ဂဇင်း" ၌ အယ်ဒီတာအဖြစ် တာဝန်ယူ လုပ်ဆောင်ခဲ့၏။ ထိုအချိန်မှာပင် တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းသည် "ဂန္ထလောက မဂ္ဂဇင်း"တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ၊ မြန်မာဘာသာ ဆောင်းပါးများကို ရေးသားလျက်ရှိသည်။ ၎င်း၏ဆောင်းပါးတွင် ကျောင်းသားများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာ ဝေဖန်ချက်များ၊ ဗုဒ္ဓဘာသာတရားတော်နှင့်ဆိုင်သော အယူ

www.burmeseclassic.com



အဆ၊ အတွေးအခေါ် ဆောင်းပါးများ၊ ခေတ်စနစ် ပြုပြင်ရေး ဝေဖန်ချက် ဆောင်းပါးများ ပါဝင်သည်။

"အိုးဝေ မဂ္ဂဇင်း" တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်နေချိန်တွင် "Hell Hound at Harge" အမည်ရှိ ဆောင်းပါးတစ်စောင်ကို ထည့်သွင်းဖော်ပြခဲ့၏။ ယင်းဆောင်းပါးသည် နယ်ချဲ့ကျောင်းသား အာဏာပိုင်လောကကို သိမ့်သိမ့်တုန်မျှ ဂယက်ထစေခဲ့သောကြောင့် အယ်ဒီတာ ကိုအောင်ဆန်းအား စာရေးသူအမည်ကို ထုတ်ဖော်ပေးရန် တောင်းဆိုခဲ့၏။ သို့သော် ကိုအောင်ဆန်းသည် အယ်ဒီတာတို့၏ ထားရှိအပ်သော၊ စောင့်စည်းအပ်သော စည်းကမ်းနှင့်အညီ ဆောင်းပါးရေးသူအမည်ကို ထုတ်ဖော်ခြင်း မပြုခဲ့ပေ။ ထို့ကြောင့် နယ်ချဲ့အာဏာပိုင်တို့က ကိုအောင်ဆန်းကို ကျောင်းမှ ထုတ်ပစ်သည်။ စာရေးဆရာဖြစ်လိုသော ကိုအောင်ဆန်းသည် နိုင်ငံရေးလောကကို ခြေစုံပစ်ဝင်ကာ သခင်အောင်ဆန်းဖြစ်လာပြီး ထိုမှတစ်ဆင့် နိုင်ငံနှင့် လူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်မှုများ တိုး၍ တိုး၍ ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ဖက်တွင် နိုင်ငံနှင့် လူမျိုးအတွက် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ဦးဆောင်ကာ ရွက်ဆောင်နေသကဲ့သို့ ကျန်တစ်ဖက်မှလည်း ဝါသနာပါ၍ မြတ်နိုးသော စာရေးမှုကို အချိန်အားရသည်နှင့်အမျှ ရသမျှ အချိန်ကို လု၍ ဆောင်းပါးစာတမ်းများကို ရေးသားမှု ပြုခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝမှသည် နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်ရန် ဆုံးဖြတ်ချက်ချမှုကို ဗိုလ်ချုပ်ကိုယ်တိုင် ဗမာ့ခေတ်သတင်းစာ (၁၉၄၃ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ထုတ်) ၌ ရေးသားခဲ့သော "ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ" ဆောင်းပါး၌ ဤသို့ အတိအလင်း ဖော်ပြထား၏။

"၁၉၃၈ ခု၊ အောက်တိုဘာလတွင် တို့ဗမာအစည်းအရုံးသို့ သခင်အဖြစ် စာရင်းသွင်းခဲ့၏။ ဥပဒေတန်း၌ စခန်းကုန် သင်ရန်ကိစ္စကိုလည်းကောင်း၊ ကျွန်ုပ်၏ ရေးအလားအလာများကိုလည်းကောင်း တစ်ပါတည်း အပြီးသတ် စွန့်လွှတ်လိုက်သော ကျွန်ုပ်သည် ဩဂုတ်လအတွင်း နှစ်ဝက်ကျောင်းပိတ်ရက်ရသည့်အခါမှစ၍ တက္ကသိုလ်ကျောင်းတော်ကြီးမှ ထွက်ခဲ့၏။ "ငါ့အတွက် ဖြစ်လိုရာဖြစ်စေတော့၊ နိုင်ငံရေး ဂယက်ဝဲအတွင်းသို့ ခြေစုံပစ်၍ ဖွတ်ဆင်းကာ ငါ၏နိုင်ငံလွတ်လပ်ရေးအတွက် မနေမနား စွန့်စား လုံးပန်းတော့အံ့" ဤ အဓိဋ္ဌာန်ကို သန်သန်ကြီး ပြု လိုက်မိ၏"

ကျောင်းမှထွက်ပြီးနောက် သခင်အောင်ဆန်း[illegible] တွင် "ဒဂုန်မဂ္ဂဇင်း" ၌ "နိုင်ငံရေးအမျိုးမျိုး" ဆောင်း[illegible] တို့ကို ရေးသားခဲ့သည်။ နိုင်ငံရေးအမျိုးမျိုး ဆောင်း[illegible] များတွင် သခင်အောင်ဆန်း၏ နိုင်ငံရေးအမြင် ရှင်း[illegible] မှု၊ အတွေးအခေါ်မြင့်မားမှုများကို တွေ့ရ၏။ နိုင်ငံ[illegible] ကို လောကဓာတ်နည်း (Scientific Method) [illegible] ထင်မြင်လာရမည်ဟူ၍လည်း ဆိုထားခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့သော ဆောင်း[illegible] စာတမ်းများတွင် စာပေရေးရာ အတွေးအခေါ် ဆော[illegible] ပါးများကိုလည်း တွေ့ရ၏။ ၁၉၄၄ ခုနှစ်၊ ဗျ[illegible] စစ်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေချိန်တွင် "[illegible] သုတ (ဗိုလ်ကြီးဘသောင်း)" တည်းဖြတ်သော "[illegible] ဗျူဟာ စစ်သမိုင်းနှင့် ဗျူဟာစက္ကိပျို့" ၌ အမှာစာ [illegible] သားခဲ့၏။ ယင်းအမှာစာတွင် ဗိုလ်ချုပ်အောင်ဆန်း[illegible] မြန်မာ့စာပေ ဗဟုသုတ ကုံလုံမှု၊ ကမ္ဘာ့စာပေ ဗဟု[illegible] ပြည့်ဝမှု၊ မြန်မာ့သေနင်္ဂဗျူဟာ၊ ကမ္ဘာ့သေနင်္ဂဗျူ[illegible] အမြင်သစ်၊ အတွေးသစ်တို့ကို ပွင့်ပွင့်လင်းလင်း [illegible] ဖော်ရေးသားခဲ့၏။ မြန်မာ့စာပေနှင့် မြန်မာ့သေနင်္ဂဗျူ[illegible] ၏ အဆင့်အတန်းမြင့်မားမှုကို...

"စစ်သူကြီး မဟာဗန္ဓုလအား အင်္ဂလိပ်[illegible] ရန်သူများကပင် 'စစ်ပါရဂူ စစ်တေဒဂ်[illegible] (Military Genius)' ရသူ ခေါ်ခဲ့သည်[illegible] မဟုတ်လော။ မဟာဗန္ဓုလ စစ်သူကြီး၏[illegible] ရခိုင်ပြည်အစွန်အဖျား ရာမူးမြို့ (ပန်းဝါ)မှ[illegible] သားရဲတိရစ္ဆာန်တို့ဖြင့် ထူပြောသော တော[illegible] တောင်အတန်တန်တို့ကို လမ်း မရှိ ပန်း မရှိ[illegible] ရန်ကုန် အရောက် ကျော်ဖြတ်ချီတက်လာခဲ့[illegible] မှာ ရန်သူများ လက်ဖျားခါ၍ ကမ္ဘာ့ရာဇ[illegible] ရောမတိုင်း စစ်သူကြီး ဟန်နီဘော၏ စစ်ချီ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကဲ့သို့ မော်ကွန်းတင်ထိုက်ပေသည် မဟုတ်လော။ ဗန္ဓုလ စစ်သူကြီး၏ ခနေဖြူ ခံတပ်မှာ ချီးမွမ်းအပ်သော စစ်အင်ဂျင်နီယာ အတတ်အဖြစ် မော်ကွန်း မထိုးအပ်ပါလော" စသည်ဖြင့် ဗဟုသုတ အကိုးအကား စုံစုံ လင်လင်ဖြင့် ဖော်ထုတ်တင်ပြခဲ့၏။

ဗိုလ်ချုပ်၏ ကမ္ဘာ့စာပေနှင့် ကမ္ဘာ့သေနင်္ဂဗျူဟာ ...င်ရာ ဗဟုသုတ အထွေထွေကိုလည်း အောက်ဖော်ပြ ... ရေးသားထားချက်များကို လေ့လာခြင်းဖြင့် မည်မျှ ...လုံ ပြည့်ဝကြောင်း သိနိုင်သည်။

"နိပွန်နိုင်ငံတွင် စစ်ဘက်ဆိုင်ရာ စာအုပ် အချို့ကို အင်္ဂလိပ်ဘာသာဖြင့် တွေ့၍ ဖတ် ကြည့်၏။ ထိုစာအုပ်များအနက် "Roots Strategy" ခေါ် စာအုပ်တွင် ကမ္ဘာ့အရပ်ရပ် မှ ထိပ်သီးစစ်သူကြီးနှင့် စစ်ပါရဂူတို့၏ မှတ် သားဖွယ်ရာ စစ်ဗျူဟာအကြောင်း ရေးသား ချက်များကို ဖတ်ရပေသည်။ ထိုစာအုပ်မှာ နှစ်ပေါင်း ၃၀၀၀ ကျော်က တရုတ်နိုင်ငံ 'ဆွန်ဇူး (Suntzu)' ခေါ် စစ်ပါရဂူကြီး၏ မိန့်မှာချက်များမှ အစပြု၍ ခေါမ၊ ရောမ၊ ဥရောပနိုင်ငံများ၏ စစ်ပါရဂူတို့ အဆိုအမိန့် များနှင့်တကွ နပိုလီယန်စစ်သူကြီး၏ ဥပဒေသများဖြင့် အဆုံးသတ်ထားသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဟာသစာပေ၊ ဟာသ ...တို့၏အနှစ်သာရ၊ အဓိပ္ပာယ်၊ အဆင့်အတန်းမြင့် ... ဟာသတို့၏ အရည်အသွေး စသော ဟာသပညာ၊ ...သစာပေနှင့်ဆိုင်သည့် သိသင့် သိထိုက်သော ဗဟု ... အချက်အလက်များကို 'ဓဝနဂျာနယ်၊ အတွဲ ၁၊ ...တ် (၁)'တွင် ဤသို့ အကျယ်တဝင့် ရှင်းလင်း ရေး ...ခဲ့သည်။

"ဟာသပညာသည် လူမျိုးတစ်မျိုး၏ ဘဝတွင် အရေးပါ အရာရောက်သော ပညာ ရပ်တစ်ခုဖြစ်သည်။ သို့သော် ဟာသပညာ အစစ်နှင့် အတုကို ခွဲခြားရန် လိုသည်။ ဇာတ် ပွဲများတွင် ပါဝင်သော လူရွှင်တော်တို့၏ ပြက်လုံးများသည် အခါခပ်သိမ်း ဟာသ ပညာ မဟုတ်။ ကျွန်တော်နားလည်သော ဟာသပညာကား လောကီလူ့ဘဝ လူ့ဇာတ်ခုံ တွင် ရှေ့နောက် မညီ၊ အဆင်မပြေသော အချက်အလက်များကို ထုတ်ဖော်၍ ရှင်လူ အပေါင်းတို့ကို ရယ်စရာသဘောဖြစ်စေရ မည်။ ဤသို့ဖြစ်စေရာတွင် စာရေးဆရာ၏ စိတ်ကူးဉာဏ်စွမ်းအလိုက် အသွင်အမျိုးမျိုး ထင်နိုင်လေသည်။ အချို့ ဟာသဆရာများ ကား မိမိတို့ပတ်ဝန်းကျင် ကမ္ဘာကြီးကို ဟက် ဟက်ပက်ပက် ရယ်မောကြသည်။ ပြောင် လှောင်ကြသည်၊ ခနဲ့ကြသည်၊ ရွဲ့ကြသည်၊ စောင်းမြောင်းကြသည်။ ဤသို့လျှင် ဟာသ ပညာသည် အသွင်အမျိုးမျိုး ဆောင်ကာ လောကီလူသားတို့၏ ကြီးကျယ်မှု၊ ဟန် ဆောင်မှု၊ ဝင့်ဝါပလွှားမှု အရပ်ရပ်ကို ပြက် ရယ်ပြုနေကြသည်"

ဂျပန်ခေတ် စစ်ဝန်ကြီးဘဝတွင် ရေးသားခဲ့သည့် "ကျွန်ုပ်အကြောင်း" ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် စာမှ သိသော ပညာနှင့် လူ့ဘဝတွင် တွေ့ရှိ ထိတွေ့ရသော ပညာတို့သည် အပြောကျယ်လှကြောင်း၊ ပညာဟူသည် သင်၍လေ့လာ၍ မကုန်ဆုံးနိုင်ကြောင်း စသည်ဖြင့် ပညာ၏ သရုပ်နှင့် အနက်ကို ဘဝအတွေ့အကြုံနှင့်ယှဉ်ကာ

"ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟု မဆိုပေ။ ပညာသည် အတိုင်းအဆမထင် အလွန်ကျယ်ပြော နက်နဲ သည်။ ကမ္ဘာရှိ အလုပ်သမား အားလုံးပင် လျှင် ပညာအားလုံးကို လောကပြင်ကျယ် တည်း ဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့ သည် ပုခက်တွင်းမှ မြေကြီးထဲသို့ ရောက် သည်အထိ ပညာသင်သားများ ဖြစ်နေကြ ပေသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် လူ၏တစ်သက်တာ တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်" ဟူ၍ လမ်း ညွှန်ခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းသည် အတွေးအခေါ်ဆိုင်ရာ ဆောင်းပါးများ၊ ဗဟုသုတပေး စာတမ်းဆောင်းပါးများ

www.burmeseclassic.com

www.burmeseclassic.com



အပြင် စစ်ရေး၊ နိုင်ငံရေးဆိုင်ရာ ဆောင်းပါးများကိုလည်း မန္တလေး သူရိယသတင်းစာ၊ မျိုးညွန့်မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ ပညာစာစောင်၊ ဗမာ့ခေတ်သတင်းစာ၊ မြန်မာ့အလင်း သတင်းစာ၊ သူရိယသတင်းစာ၊ လက်ရုံးဂျာနယ်၊ သံတော်ဆင့်သတင်းစာ၊ ရဲဘော်စာစောင်၊ စီးပွားရေး သတင်းစာ၊ ပြည်သူ့အသံသတင်းစာ၊ သတင်းစုံဂျာနယ်၊ လွတ်လပ်ရေးသတင်းစာ စသည့် စာနယ်ဇင်းများတွင် အခါအခွင့်သင့်သည်နှင့်အမျှ ရေးသားခဲ့သည်။ ထိုသို့ ရေးသားနေသည့်ကြားမှပင် ဗိုလ်ချုပ်အောင်ဆန်းသည် အပေါင်းအသင်းများကိုလည်းကောင်း၊ သတင်းစာ ဆရာများကိုလည်းကောင်း၊ မဟာမိတ် စစ်ဘက်အရာရှိ များကိုလည်းကောင်း လွတ်လပ်ရေးရလျှင် နိုင်ငံရေးမှ ထွက်ပြီး စာတွေရေးမယ်၊ နိုင်ငံရေး၊ ရာဇဝင်၊ အိမ်ထောင် ပြုပြင်ရေး၊ သားသမီးစောင့်ရှောက်ရေး၊ အချစ်ပြဿနာ တွေနှင့် ပတ်သက်သော အယူအဆ သဘောထားများ ရေးသားမယ်ဟူ၍ မကြာခဏ ထုတ်ဖော်ပြောဆို ကြောင်း သိရ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် စာရေးဆရာဘဝကို နှ သက်မြတ်နိုးသူပီပီ နိုင်ငံနှင့်လူမျိုးအတွက် မအားမလ တာဝန်များပြားနေသော်လည်း ရသမျှအချိန်ကိုလု စာများ ရေးသားခဲ့သည်။ ဗိုလ်ချုပ်ကား နိုင်ငံရေးခေါ် ဆောင်တစ်ဦးအဖြစ် အောင်မြင်မှုရပြီး စာရေးဆ ဦးအောင်ဆန်းအဖြစ်နှင့် လွတ်လပ်ရေးရလျှင် ရပ်တ မည်ဟူ၍ ဆန္ဒရှိခဲ့သော်လည်း သူ ချစ်မြတ်နိုး၍ မြင် လှသော လွတ်လပ်ရေးကိုမူ မြင်မသွားခဲ့ရပေ။ သူ မြ နိုးသော စာရေးမှုကို ပြည့်ပြည့်ဝဝ လုပ်ကိုင်ခြင်း ပြုမသွ နိုင်ခဲ့ပေ။ ။

မြဝတီ အတွဲ ၂၃၊ အမှတ် ၉ (ဇူလိုင်-

www.burmeseclassic.com



# စာရေးဆရာ ဦးအောင်ဆန်း

## မောင်ကျော်သာ

သူ၏မျက်နှာသွင်ပြင်မှာ အပူပိုင်းဒေသ အီကွေတာ ါ်ရှိ ကျွန်းစုများတွင် နေထိုင်သော မွန်ဂိုလီယံအနွယ် ၏မျက်နှာနှင့် တူသည်။ သို့မဟုတ် ချင်းတောင်မှ ောင်ပေါ်ချင်းတစ်ယောက်နှင့်လည်း တူပြန်လေသည် ဟု မှတ်တမ်းတင်ကြကုန်၏။

သူသည် လူမှုဆက်ဆံရေး၌လည်း ပြေပြစ်သိမ်မွေ့ ခြင်း ကင်း၍၊ နည်း၍၊ ရိုင်း၏၊ ကြမ်း၏။ သူသည် နိုင်ငံရေးကိုသာ တစ်ခုတည်းလုပ်သောသူတစ်ဦး ဖြစ်၏။ တစ်ခုတည်းသော ယုံကြည်ချက်နှင့် တစ်ခုတည်းကိုသာ လုပ်သော နိုင်ငံရေးသမားဖြစ်၏။

သူ့ကို အများက မှတ်တမ်းတင်ခဲ့ကြသည်။

ယေဘုယျအားဖြင့် ကွယ်လွန်သူ အမျိုးသားလွတ် မြောက်ရေးခေါင်းဆောင် ဦးအောင်ဆန်းကို ဤသို့ မြင် ကြ၏။

သို့သော် ဦးအောင်ဆန်းကမူ ဤသို့ဆို၏။

"လွတ်လပ်ရေးရပြီးရင် ... ငါတော့ နိုင်ငံရေးက ထွက်ပြီး စာတွေရေးမယ်။ နိုင်ငံရေးတွေ၊ ရာဇဝင်တွေ အပြင် အိမ်ထောင်ပြုရေး၊ သားသမီးစောင့်ရှောက်ရေး၊ ငြင်ရေး၊ အချစ်ပြဿနာ၊ လိင်ပြဿနာ (Sex) နဲ့ ပတ်သက်လို့ ငါ့အယူအဆ သဘောထားတွေကိုပါ စာအုပ်ရေးဦးမှာပဲ ..."

၁၉၄၇ ခု၊ ဧပြီလ၊ မေမြို့တွင် အနားယူစဉ်က သူ၏ ကိုယ်ရံတော် ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) အား ပြောခဲ့၏။

၁၉၄၅ ခုနှစ်၊ စစ်ပြီးစက တော်လှန်ရေး မျိုးချစ် ဗမာ့တပ်မတော် သေနာပတိ ဂျင်နရယ်အောင်ဆန်းအဖြစ် ၌လည်း နိုင်ငံခြားသတင်းစာဆရာများ၊ မဟာမိတ် စစ် ဘက်အရာရှိကြီးများနှင့် တွေ့ဆုံသည့်အခါတိုင်း ..

"ခင်ဗျား ရှေ့ကို ဘယ်လိုကြံစည်စိတ်ကူးပါသလဲ၊ စစ်တပ်ကိုပဲ ဆက်လက်ဦးစီးမလား၊ သို့မဟုတ် နိုင်ငံ ရေးကိုပဲ တစ်ရှိန်တည်း လုပ်သွားမလား" စသည့် အကဲ ခတ် မေးခွန်းများ မေးကြလေသည်။

"ကျုပ်တော့ အခု စစ်လည်းပြီးပြီမို့ စစ်တပ်ကို ဆက်လက်ဦးစီးရှေ့ဆောင် မလုပ်တော့ပါဘူး။ လွတ်လပ် ရေးအတွက် နိုင်ငံရေးပါတီကိုပဲ ထိထိရောက်ရောက် ဝင်လုပ်လိုက်ဦးမယ်။ လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးက ထွက်ပြီး အေးအေးဆေးဆေး စာအုပ်လေးဘာလေးရေး ဖို့ကြံတာပဲဗျာ ..." စသည့် သူ မစိုးပိုင်နိုင်သည့် အနာဂတ် ကာလ စာရေးဆရာဘဝကို တမ်းတမက်မော စိတ်ကူး ယဉ်သောအတွေးဖြင့် ဖြေဆိုခဲ့လေ့ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောဘုယျအားဖြင့် အများကထင်သလို နိုင်ငံရေး တစ်ခုတည်းကိုသာ လုပ်လိုသူမဟုတ်။

ပြည်ထဲရေးထက် ဝမ်းရေးခက်၏။

ဝမ်းရေးထက် လွမ်းရေးခက်၏။ စာဆိုဆိုသည့် အတိုင်း နိုင်ငံရေးထက် နက်နဲသိမ်မွေ့၍ နက်ရှိုင်းကျယ်ပြန့်သော လူမှုရေးရာ ပြဿနာများကိုပါ လေ့လာဖြေရှင်းပေးချင်သည့်ဆန္ဒဖြင့် စာရေးဆရာဘဝကိုတောင့်တမက်မောခဲ့ရှာပေသည်။ ထို့ကြောင့် သူ့ဘဝ ခရီးလမ်းဝယ် စာရေးဆရာဘဝကို ရယူရန်အတွက် ကြိုးပမ်းချက်များကိုလည်း တွေ့ရှိနိုင်ပေသေးသည်။

သူ့အား လူမှုဆက်ဆံရေး၌ ရိုင်း၏၊ ကြမ်း၏ဟု မှတ်တမ်းတင်သော စာရေးဆရာ ဒဂုန်တာရာ၏ တာရာ မဂ္ဂဇင်းကိုပင် မအားလပ်သော နိုင်ငံရေးလှုပ်ရှားမှုများကို ဦးဆောင်နေသည့်ကြားမှ အချိန်ကို ဖဲ့ယူကာ ဖတ်ရှုလေ့လာခဲ့ပေသည်။ ထို့ကြောင့်ပင် ဒဂုန်တာရာ၏ "အောင်ဆန်း၊ သို့မဟုတ် အရိုင်း" ဆောင်းပါးနှင့် ပတ်သက်ပြီး ကိုယ်ရံတော် ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)၊ ဇနီး ဒေါ်ခင်ကြည်တို့နှင့် စကားစပ်မိကြရာမှ ...

"ဌေးမြိုင် (ဒဂုန်တာရာ)ကတော့ ငါ့ကို အရိုင်းတဲ့ကွာ ... ဒါတော့ ကြမ်းလွန်းတယ်ထင်တာပဲ။ ငါ့မှာ မရိုင်းတဲ့အချက်အလက်တွေလည်း အများကြီးရှိပါသေးတယ်ကွာ မဟုတ်လား (What do you say?)"

... ဟူ၍ ဇနီးသည် ဒေါ်ခင်ကြည်ကို အပြုံးနှော၍ အသောကလေးများပင်ဖောက်ကာ မေးခွန်းထုတ်ခဲ့ဖူးလေသည်။

ဤအချက်များကိုထောက်၍ သူသည် မရိုင်းလှ၊ ချစ်စဖွယ်သော ဟာသရှိပါသေး၏။ စာပေလောကကိုလည်း အလစ်မပေး၊ လေးစားသော သဘောရှိသည်ကို တွေ့ရ၏။ အမျိုးသားလွတ်မြောက်ရေး ပြည်သူ့အရေးတော်ပုံကြီးကို ဦးဆောင်ကြိုးပမ်း ထမ်းဆောင်နေရရှာသောကြောင့်သာလျှင် စာပေအနုပညာလောကနှင့် လက်ပွန်းတတီး ရင်းရင်းနှီးနှီးမနေခဲ့ရ။ ထို မနေရသည့်ကြားမှပင် ဂျပန်ခေတ် ဗမာ့တပ်မတော်တွင် စစ်ပန်းချီဌာနဟူ၍ သီးခြားဖွင့်လှစ်ကာ ဆရာကြီးဦးငွေကိုင် စသူတို့ကို ဦးစီးခန့်ထားစေခဲ့သည်များကို တွေ့ရပြန်သော် သူ၏ အနုပညာအပေါ် မြတ်နိုးလေးစားသော သဘောမှာ စောကြောစစ်ဆေးဖွယ်ရာပင် လိုမည်မထင်မိပေ။

စာပေအနုပညာလောကနှင့် တစ်ဆက်တည်း ပေါင်းကူးရောယှက်နေသည့် တေးဂီတသဘင်လောက… လည်း သူသည် စွဲလမ်းခုံမင်သည်ကို တွေ့ရပြန်… သည်။ သူသည် ဘိုင်သခင်ဘဝမှစ၍ ရုပ်ရှင်မှန်… မလွတ်တမ်းကြည့်သူဖြစ်၏။ ဂျပန်ခေတ် စစ်ဝန်ကြီး… တွင်လည်း ဗမာပြဇာတ်ဟူသရွေ့ ဗိုလ်ချုပ် မကြည့်… သော ပြဇာတ်ဟူ၍မရှိသလောက် ဆိုရပေမည်ဟု ရင်း… သူများက ပြောကြ၏။ ရုပ်ရှင်ပြဇာတ်များ၏ သော… များတွင် ဘေးလူများ ဝိုင်းကြည့်ရသည်အထိ ကျ… လောင် ပွင့်လင်းစွာ ရယ်မောတတ်၏။ တေးဂီတ၌ တ… တာ စွဲလမ်းတတ်ပုံကလေးများ၌လည်း စာရေးဆ… အနုပညာသည် ဘဉ်ဟုပင် တင်စားနိုင်လောက်ပြန်… သည်။

၁၉၄၇ ခုနှစ်ဆန်းက လွတ်လပ်ရေးအတွက် … ဆိုရန် သွားကြသော ဗမာကိုယ်စားလှယ်အဖွဲ့ဝင်… အား ဆွေးနွေးပွဲများအပြီး ဗမာပြည် မပြန်မီညတွင် … ချက်စတာဟိုတယ်၌ ညစာစားပွဲ ကျင်းပဧည့်ခံလေသ… ထိုပွဲသို့ ဘီလပ်၌ ရောက်ရှိနေထိုင်လျက်ရှိသော … သန်းအေး၊ ဗမာအဆိုကျော် (ဘီလပ်ပြန်သန်း)ပါ … ရောက်ဧည့်ခံလေသည်။ ထမင်းစားပွဲအပြီး ထုံးစံအ… ဒိုရာသန်းအေးအား သီချင်းဆိုရန် ဝိုင်း၍ပွဲတောင်း… လေသည်။ ဒိုရာက သူ၏ဖေးဘရိတ်သီချင်းမျာ… သော (မြပန်းခွေ)× × × (မိဖုရားစော)× × × (… နန်း)တို့ကို သီဆိုပြ၍ ပြီးဆုံး အနားယူမည်ကြံသော… ရုတ်တရက် တစ်နေရာမှ အသံဝါကြီးဖြင့် "ဒိုရာ… သီချင်းဟာလေ × × × ရွှံ့ကြယ်မြေမှာခကြွေ… အဲ-အဲ- သက်ဝေ သီချင်းဆိုစမ်းပါဦး" တိုက်တွ… တောင်းသံ ပေါ်လာသဖြင့် ဒိုရာက သက်ဝေ ဆို… ၏။ သက်ဝေသီချင်း ဆိုရင်း ရွှံ့ကြယ် မြေမှာ… အပိုဒ်သို့ရောက်လျှင် စောစောက ပွဲတောင်းတိုက်တွ… အသံဝါကြီးပိုင်ရှင်ကိုယ်တိုင်ပင် ရွှံ့ကြယ် မြေမှာ… ဟူ၍ သံပြိုင်ဝင်၍ဆိုလေရာ ဗမာ့ကိုယ်စားလှယ်… လုံး မပြုံးဘဲမနေနိုင်အောင် ဝါးလုံးကွဲ ပွဲကျ ရယ်… ကြရပေသည်။ ထိုအသံဝါကြီး၏ပိုင်ရှင်မှာ… သီချင်းကို အသေအလဲ အသည်းစွဲ …

www.burmeseclassic.com

www.burmeseclassic.com



…န်တော်တို့အချစ်တော် စာရေးချင်သူ ဦးအောင်ဆန်းပင် …ဖြစ်လေသည်။ ဤအဖြစ်အပျက် သောကွက်၊ ရွှင်ကွက် …လေးများသည်ပင်လျှင် သူ၏အတွင်းစိတ်၌ စာရေး …ရာ အနုပညာဝိညာဉ် အတွယ်အတာကလေးများသည် …အား စိုးမိုးဖုံးလွှမ်းထားသည့် တိုင်းရေးပြည်ရေးကြီး …ကြားမှ အစဉ်ပေါက်ဖွား ပွင့်လျှံအန်ထွက် ယိုဖိတ် …ကျရင်း သက်သေသာဓကေ တင်ခဲ့ကြသည်ဟု ဆိုရပါ …မည်။

အတွင်းစိတ်၌ စာပေအနုပညာ ဝိညာဉ်တွယ်လျက် …သော ဦးအောင်ဆန်း၏ စာရေးချင်သူဘဝ စာရေးဆရာ …ဖြစ်ရန် ကြိုးစားနေသော ဘဝကလေးများကို သူ၏ …ဗ္ဗတ္တိ မှတ်တမ်းများ၌ ဖတ်ရှု၍လည်းကောင်း၊ သူ …ရင်းနှီး ခင်မင်သူများမှလည်းကောင်း၊ ကြားနာ …ဆောင်း၍လည်းကောင်း တွေ့ရှိသိမြင်နိုင်ပြန်လေသည်။ …ရေးချင်သူ အောင်ဆန်းကလေးသည် ကျောင်းသား …ဝမှစ၍ အပေါင်းအဖော် သူငယ်ချင်းများနှင့် နေလေ့ …ထ မရှိလှဘဲ အချိန်အားရလျှင် စာဖတ်၊ စာရေး၊ …စ်ကိုယ်တော် အတွေးသမား၊ အငေးသမားကလေး …စ်ယောက်ဖြစ်၏။ ထို တစ်ကိုယ်တော် အတွေးသမား၊ …ငေးသမား အောင်ဆန်းကလေးသည် ၁၉၃၆ ခု၊ …ာလိပ်သပိတ် အရေးတော်ပုံကြီး၏ မီးခိုးအူခါနီး …လက တက္ကသိုလ်သမဂ္ဂအသင်း၏ ကြွေးကြော်သံ …သော အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာ ကိုအောင်ဆန်း …လာလေသည်။ ထိုအချိန်ကာလများအတွင်း ဂန္ထ …ာကမဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့် သူရေးသား …ာ ဆောင်းပါးများကို လူကြိုက်များလျက်ရှိချေပြီ။ …စဉ်ကပင် သူသည် ဗုဒ္ဓဘာသာတရားတော်နှင့် ပတ် …က်သော ဆောင်းပါးများ၊ ကျောင်းသားများ အဝတ် …စား ဝတ်ဆင်ရေးပြဿနာ စသည့် ပြုပြင်ရေးစာမျိုးကို …သားခဲ့ပေသည်။

ထို့နောက် ကျောင်းမှထွက်ပြီး ဒဂုန်မဂ္ဂဇင်းတွင် "နိုင်ငံရေးအမျိုးမျိုး" စသော ဆောင်းပါးများ ရေးခဲ့ပေ …ည်။ တက္ကသိုလ်အိုးဝေမဂ္ဂဇင်းအယ်ဒီတာဘဝသည် …် စာရေးချင်သူ အောင်ဆန်းအား နိုင်ငံရေးသမား …ောင်ဆန်းဘဝသို့ ပို့ဆောင်လိုက်သည်ဟု ဆိုနိုင်ပါပေ …ည်။ အဘယ်ကြောင့်ဆိုသော် ကိုအောင်ဆန်း အယ်ဒီတာအဖြစ် တာဝန်ခံထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတွင် (Hell Hound at Large) ခေါ် "ခွေးရူးကြီးလွတ်နေသည်" ဆိုသော ဆောင်းပါးတစ်စောင် ပါလာ၏။ ထိုဆောင်းပါးသည် ထိုစဉ်က တက္ကသိုလ် နယ်ပယ်တွင် သိမ့်သိမ့်တုန်ခဲ့၍ ကျောင်းအာဏာပိုင်များက ဆောင်းပါးရှင်ကို အရေးယူရန် ကိုအောင်ဆန်းအား အကျပ်ကိုင်၏။ တာဝန်ခံစာတည်းဖြစ်သူ ကိုအောင်ဆန်းကလည်း စာတည်းလုပ်သူတို့ တာဝန်အတိုင်း ရေးသူကို ထုတ်ဖော်မပြောဘဲ မှုန်တေတေနှင့်ပင် နေခဲ့၏။ အာဏာပိုင်တို့ကလည်း အလျှော့မပေး၊ သမဂ္ဂနှင့် ကျောင်းအုပ်ကြီးအရေးဆိုပွဲအဆင့်သို့ရောက်အောင် ပြင်းထန်လာခဲ့ရာမှ ကိုအောင်ဆန်းအား ကျောင်းမှ ထုတ်ပယ်လိုက်၏။ သမဂ္ဂဥက္ကဋ္ဌ ကိုနုကိုလည်း အရေးယူလိုက်၏။ ထိုမှစ၍ မီးပုံကို ဓာတ်ဆီလောင်းလိုက်သည့်အလား ၁၉၃၆ ခု၊ သပိတ်ကြီးမှောက်သည်အထိ ရောက်ခဲ့ကြ၏။ သပိတ်ကြီးမှ အစပြု၍ တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၊ စာရေးချင်သူ ကိုအောင်ဆန်းသည် တို့ဗမာအစည်းအရုံးသို့ ကူးပြောင်း၍ သခင်အောင်ဆန်းဘဝကို ခံယူကာ အမျိုးသားလွတ်မြောက်ရေးခေါင်းဆောင် ဦးအောင်ဆန်းအဖြစ် ရောက်လာခဲ့ရပေသည်။

ဘဝမှ ပေးအပ်လာသော အခြေအနေအရ တိုင်းပြည်၏အထွတ်အထိပ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအဖြစ်သို့ ရောက်ရှိအောင်မြင်၍ လာသည့်တိုင်အောင် သူဖြစ်ချင်သော လိုလားတောင့်တသော စာရေးဆရာ ဦးအောင်ဆန်းဘဝကိုသာ အဘယ်မျှ ခုံမင်တွယ်တာမြတ်နိုးကြောင်း သူပြောခဲ့သော "လွတ်လပ်ရေးရပြီးရင် ငါတော့ နိုင်ငံရေးကထွက်ပြီး စာတွေရေးမယ်။ နိုင်ငံရေးတွေ၊ ရာဇဝင်တွေအပြင် အိမ်ထောင်ပြုရေး၊ သားသမီးစောင့်ရှောက်ရေး၊ ပြုပြင်ရေး၊ အချစ်ပြဿနာ၊ လိင်ပြဿနာ (Sex) နဲ့ပတ်သက်လို့ ငါ့အယူအဆ သဘောထားတွေကိုပါ စာရေးဦးမှာပဲ" ဟူ၍ အံခဲပြီး ကြုံးဝါးပုံကလေးများကိုသာ ထောက်ရှု၍ သိသာနိုင်ပေတော့သည်။

ဆန္ဒသာလျှင် ရှိခဲ့ပြီး အကောင်အထည်ဖော်မသွားနိုင်ရှာသည့် စာရေးဆရာ ဦးအောင်ဆန်းရေးမည့် နိုင်ငံရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ သားသမီးပြုပြင်ရေး

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များတွင် သူ ရည်ရွယ်ထားသည့် အကြမ်းဖျင်း မှတ်စုကလေးများဟုပင် တင်စားနိုင်မည့် အိမ်ထောင်ရေး၊ သားသမီးပြုပြင်ရေးများအပေါ် သူ့ယူဆထင်မြင်ချက်ကလေးကို တတ်အားသမျှ လက်လှမ်းမီသရွေ့ စုဆောင်းရှာဖွေတင်ပြခြင်းဖြင့် စာရေးချင်သူ ဦးအောင်ဆန်းအဖြစ် ထင်ရှားစေလိုပါသည်။

## သူနှင့် အိမ်ထောင်ရေး

"အဲဒီတုန်းက မိန်းမယူဖို့အရေးကို ဗိုလ်ချုပ် အကြာကြီး စဉ်းစားပြီးမှ ဆုံးဖြတ်လို့ရသလား ..."

ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၆ ခု၊ ဒီဇင်ဘာလက ရှမ်းပြည်သွားရင်း မိတ္ထီလာမှ တောင်ကြီးသွား ကားလမ်းခရီးတွင် ချစ်ဇနီးဒေါ်ခင်ကြည်ပါ ခေါ်လာသည့်အခေါက် ဗိုလ်ထွန်းလှ(စာရေးဆရာ တက္ကသိုလ်နေဝင်း)က ဗိုလ်ချုပ်အား မေးခွန်းထုတ်နေခြင်း ဖြစ်လေသည်။

"ဘယ်ဟုတ်မလဲကွာ ... ငါက ကျောင်းနေတုန်းကတော့ ကိုယ်ယူမယ့် စံပြမိန်းမလောင်းကို အကြီးအကျယ် စိတ်ကူးယဉ်ပြီး တွေးခဲ့သားပေါ့။ ကျန်းမာရမယ်၊ သဘောထားကြီးရမယ်၊ ရုပ်ရည်အသင့်အတင့် ချောမောရမယ်၊ မျိုးရိုးဇာတိကောင်းရမယ်၊ ငါ့မိဘဆွေမျိုးများနဲ့ သင့်တင့်ရမယ်၊ ဘာညာနဲ့ စုံလို့ပေါ့လေ။ ဒါပေမဲ့ အဲဒီအချိန်ကတော့ ခေါင်းကလည်းရှုပ်ရှုပ်နဲ့၊ တခြားလူပျိုကြီးတွေလို ဟိုတယ်တွေတက်လည်း မပျော်ချင်တာ တစ်ကြောင်း၊ (ဟယ် တတ်နိုင်ပါဘူး ... နောင်ခါကျမှ ကွဲခါမှကွဲရော ... ခုတော့ မိန်းမယူမှပဲ)ဆိုပြီး ဖွတ်ယူလိုက်တာပါပဲကွာ ... လူချင်းကြိုက်ပုံကလည်း မင်းတို့ကောင်တွေလို သံသရာရှည်ကြီးလုပ်နေတာမဟုတ်ဘူး။ တိုတိုတုတ်တုတ် လိုရင်းသဘော ရောက်တဲ့ (Very Business Like) နည်းပဲကွ" ဟု သူ့လက်ဝဲဘက်ရှိ ချစ်ဇနီး ဒေါ်ခင်ကြည်အား ပြုံးကြည့်ရင်း မြိန်ရေရှက်ရေ ပြောပြလေသည်။

၁၉၄၅ ခု၊ ဒီဇင်ဘာလ။

ဗိုလ်ချုပ်သည် မဟာမိတ်သေနာပတိချုပ် မောင့်ဘက်တင်က ပေးအပ်သော စစ်ဗိုလ်တပ်မင်းကြီးရာထူးကို လက်မခံဘဲ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဗမာ့လွတ်လပ်ရေးတပ်ဦးကို ပဲ့ကိုင်လျက်ရှိလေသည်။ သူ၏ကိုယ်ရံတော် ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)တို့မှာ ဗိုလ်မှူးအောင် ဦးဆောင်လျက် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီးကို တပင်တပန်း တည်ဆောက်နေကြဆဲဖြစ်သည်။ တစ်နေ့သောနံနက် ဗိုလ်ထွန်းလှသည် ဗိုလ်ချုပ်အိမ်သို့ ရောက်သွားလေသည်။

"ဟေ့ကောင် ... မင်း ငါ့အိမ်လာနေပါလား"

"မဖြစ်ဘူးထင်တယ် ဗိုလ်ချုပ် ..."

"ဘာဖြစ်လို့လဲ ..."

"ကျွန်တော် အခု မိန်းမရနေပြီ"

"ဟေ ...ဟုတ်လား၊ ငါ့လခွေး မင်းဟာက မြန်လှချည်လား ... ဘယ်တုန်းက ရလိုက်တာလဲ။ တို့တောင်မသိဘူး။ ဘယ်မှာလက်ထပ်သလဲ"

"လက်ထပ်တာမဟုတ်ဘူး ... ခိုးပြေးတာ"

စင်စစ် ဗိုလ်ထွန်းလှမှာ မိန်းမယူသည့်အတွက် ဗိုလ်ချုပ်က ကြိမ်းမှာကြောက်နေသည်။ လွန်ခဲ့သော ဖြေ ကပင် သာယာဝတီ၊ နတ္တလင်းမြို့ဝယ် ဗိုလ်ချုပ်သည် လူပျိုရဲဘော်တွေ မိန်းမ မယူကြသေးဖို့ ပြောခဲ့သည်။ ၏။

"မင်းအသက် ဘယ်လောက်ရှိပလဲ"

"၂၆ နှစ် ..."

"ဟာ ... ဒါဖြင့် အောရိုက်ပဲ၊ အမှန်ကတော့ စောစောအိမ်ထောင်ပြုတဲ့ (Early Marriage) စနစ်ဟာ ကိုယ့်မှာ အလုပ်အကိုင် အတည်တကျနဲ့ ဝင်ငွေမရှိဘဲ လို့ ဘိုင်ကျတာကလွဲရင် အဘက်ဘက်က ကောင်းတာ ချည်းပဲ။ တို့မြို့ကြီး ပြကြီးတွေမှာသာ ခွကျနေတာ အရပ်ဒေသတွေမှာဆိုရင် ရှေးစနစ်အတိုင်း စောစော အိမ်ထောင်ပြုကြတာချည်းပဲ။ အဲဒါ သိပ်ပြီး ကျန်းမာ သန့်ရှင်းပြီး အစစအရာရာ ကောင်းတဲ့နည်းပဲကွ။ မြို့ လူတွေမှာသာ အင်္ဂလိပ်ပညာသင်လို့ အချိန်ကုန်နေ အထဲ အလုပ်အကိုင်နေရာကျဖို့ စောင့်ရ၊ ဟိုငဲ့ရ ဒီငဲ့ရ အချိန်တွေ ကုန်သထက်ကုန်ပြီး လူလည်းဟိုင်းသွား မဟုတ်တာဖြစ်ချင်တဲ့လူလည်း ဖြစ်ကုန်တော့ ဒါကြောင့်လည်း ငါလည်း သိပ်ရှည်ရှည်ဝေးဝေး မနေဘဲ ဖွတ် မိန်းမယူလိုက်တာပဲ၊ ဟား ...ဟား

www.burmeseclassic.com

www.burmeseclassic.com



ရယ်ရယ်မောမောနှင့် ဗိုလ်ချုပ်သည် အိမ်ထောင်ပြုတရား ဟောခဲ့လေသည်။

"နောက်ပြီး ... ငါမကြိုက်တာရှိသေးတယ်၊ ဗမာ့ဆုံးစံဆိုပြီး မင်္ဂလာဆောင်အခမ်းအနား အကြီးအကျယ်လုပ်ပြီး ငွေတွေ နင်းကန်ဖြုန်းတာဟာ အပိုပဲ။ လက်ထပ်တယ်ဆိုရင် ဘယ်သူမှ ရှီးရှီးနဲ့ကျဉ်းကျဉ်း မလုပ်ချင်ကြဘူး။ ပိုက်ဆံဖြုန်းပြီးမှ လက်ထပ်မှ ဟုတ်တယ်ထင်ကြတယ်။ ဒါကြောင့် ငါတော့ ခိုးယူတာ အကောင်းဆုံးလို့ထင်တယ်။ ဘာမှ သိပ်မကုန်ဘဲ လိုရင်းရောက်တာပဲဟုတ်လား"

"ဒါတော့ဟုတ်ပါတယ် ဗိုလ်ချုပ်၊ ဒါပေမဲ့ လူတွေက ဒါလောက် ခေတ်မမီသေးတော့ ခက်တာပါပဲ။ အခုဘွန်တော် မိန်းကလေးအိမ်ကို လူကြီးများနဲ့ ပြန်အပ်ဖို့စီစဉ်နေတယ်"

"ဟ ... ဒီပြန်အပ်တာလည်း ငါတော့ ပိုတယ်ထင်တာပဲ။ မိန်းမနဲ့ ယောကျ်ား နှစ်ဦးသဘောတူကြရင် လူသိနတ်ကြား လင်မယားအဖြစ် နေလိုက်ရင် ပြီးရောပေါ့ကွ" ဟု ဗိုလ်ချုပ်တအားမှတ်နေသည်ကို သူ့ချစ်ဇနီး ဒေါ်ခင်ကြည်က ပြုံးရင်း နားထောင်နေခဲ့ရပေသည်။

× × ×

## သူ၏သားသမီးပြုပြင်ရေး

တစ်ခါသော် တာဝါလိန်းလမ်းရှိ ဦးအောင်ဆန်းအိမ်တွင် သူ၏သားများဖြစ်သည့် အောင်ဆန်းဦးနှင့် အောင်ဆန်းလင်းတို့ တစ်ယောက်နှင့်တစ်ယောက် ဆော့ကစားကြရာမှ ကစားစရာလုကြရင်း ဆူညံစွာငိုယိုကြသည့်အခါ စိတ်မရှည်နိုင်သော မိခင်တို့ဘာဝ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က "တယ်ဆိုးတဲ့ ကောင်လေးတွေပဲ" ဟု ညည်းမိရာ ခုတင်ပေါ်တွင် လှဲရင်း စာဖတ်နေသော ကလေးများအား ဖခင် ဦးအောင်ဆန်းက "ငါ့သားလေးတွေ ဆိုးချင်ဆိုးပါစေကွာ။ အရေးကြီးတာက ကလေးဆိုတာ (Character) စိတ်ဓာတ်ကောင်းရှိဖို့ရယ်၊ (Love of Truth) တည်ကြည်ဖြောင့်မတ်ခြင်းလိုလားတဲ့စိတ် ရှိဖို့ရယ်၊ ဒါပဲ အရေးကြီးတယ်" ဟူ၍ မိန့်ကြား မှတ်ချက်ချခဲ့သည်ဆို၏။

× × ×

## သူနှင့် အတတ်ပညာ (Art)

၁၉၄၂ ခုနှစ်၊ စာရေးဆရာ ဒဂုန်တာရာနှင့် ဦးအောင်ဆန်းတို့ တွေ့ကြသည့်အချိန်က ဖြစ်၏။ သူတို့သည် အတတ်ပညာ(Art)အကြောင်း စကားစပ်မိရာမှ ဦးအောင်ဆန်းက သူ၏ထင်မြင်ယူဆပုံကို ပြော၏။ "အတတ်ပညာဆိုတာ ရှိတာပဲ။ လင်မယားဘဝမှာလည်း အတတ်ပညာမြောက်အောင် လုပ်ရတာပဲ။ အတတ်ပညာမဲ့ရင် လင်မယားကွဲမှာပေါ့ ... ဒီလိုပဲ တော်လှန်ရေးမှာလည်း အတတ်ပညာရှိတာပဲ၊ အတတ်ပညာမြောက်မှ တော်လှန်ရေးဟာလည်း တကယ့် တော်လှန်ရေးအစစ် ဖြစ်မှာပဲ" ဟူ၍ အတတ်ပညာနှင့် သူ့ထင်မြင်ယူဆပုံကို ဖွင့်ဟခဲ့ပေသည်။

ဤသို့ စာရေးချင်သူ ဦးအောင်ဆန်းရေးမည့် လူမှုရေးရာပြဿနာရပ်များအပေါ် ထားရှိသည့် ထင်မြင်ချက်များကို အပြည့်အစုံဖော်ပြရလျှင်ကား မဂ္ဂဇင်းစာမျက်နှာမပေးနိုင်မည်စိုး၍ ကောင်းနိုးရာရာ လက်လှမ်းမီသမျှဟိုမှသည်မှ ဆွဲယူစုဆောင်းဖော်ပြရင်း ၁၉၄၇ ခု၊ ဇူလိုင် ၁၉ ရက်နေ့တွင် လက်နက်ကိုင် အာဏာလုသမားတို့လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗမာနိုင်ငံတော်အနေဖြင့် တစ်ခေတ်တစ်ခါမှ ပေါ်လာတတ်သည့် စံပြမျိုးချစ်အာဇာနည် ခေါင်းဆောင်ကြီးတစ်ဦး ဆုံးရှုံးရသည်သာမက စာပေလောကအတွက်လည်း စာရေးဆရာကောင်းဖြစ်မည့် စာရေးဆရာလောင်းတစ်ဦးလည်း ဆုံးရှုံးခဲ့ရချေပြီဟူ၍သာ တမ်းတဝမ်းနည်းစွာဖြင့် မှတ်တမ်းတင်ရပါသတည်း။ ။

မြဝတီ၊ အတွဲ ၆၊ အမှတ် ၉ (ဇူလိုင်-၁၉၅၇)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းနှင့် ဓာတ်သဘင်

## ငွေးမောင်

ဒုတိယကမ္ဘာစစ် ပြီးစီးချိန် မြန်မာနိုင်ငံ၌ ဖက်ဆစ်တော်လှန်ရေး ပြီးစီးသည့်နောက်ပိုင်းတွင် စစ်ရေးဆိုင်ရာ တိုက်ပွဲခိုက်ပွဲများ ရပ်စဲသွားသော်လည်း နိုင်ငံရေးလှုပ်ရှားမှုများ၊ စည်းရုံးရေးလုပ်ငန်းများကား အရှိန်အဟုန်ကြီးမားစွာဖြင့် ပေါ်ပေါက်လာခဲ့လေသည်။

အမျိုးသား တပ်ပေါင်းစုကြီးဖြစ်သည့် ဖဆပလ အဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလ အဖွဲ့ ဥက္ကဋ္ဌ ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ စစ်ခေါင်းဆောင်အဖြစ်နှင့် နိုင်ငံရေး၊ စည်းရုံးရေးလုပ်ငန်းများကို မြန်မာနိုင်ငံအနှံ့ မနားမနေ သွားလာလျက် နေ့ရောညပါ အချိန်မရွေး လုပ်ကိုင်ဆောင်ရွက်နေရပါသည်။ တိုင်းရင်းသားလူမျိုးများနှင့် ချစ်ကြည်စည်းရုံးမှုရရှိရေး၊ လူထုလူတန်းစားအသီးသီး၏ စည်းရုံးခိုင်မာသော အားကို ရရှိရေးအတွက် အပြင်းအထန် ဆောင်ရွက်နေရချိန်ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် နိုင်ငံရေးဆိုင်ရာ လူထုအစည်းအဝေးပွဲကြီးများ ကျင်းပဟောပြောရရုံမျှမက၊ သတင်းစာဆရာများအသင်း၊ ကုန်သည်ကြီးများအသင်း၊ ကျောင်းဆရာကြီးများညီလာခံ၊ မီးသတ် အစည်းအရုံးညီလာခံ စသည်တို့၌ မိန့်ခွန်းပြောကြားရခြင်း၊ ရွှေတိဂုံဘုရားအနောက်မုခ် စက်မှုလက်မှုပြပွဲ၊ ယဉ်ကျေး... ပြပွဲ၊ မြန်မာ့ရုပ်ရှင် ၂၅ နှစ်မြောက် အထိမ်းအမှတ်... စသည်တို့ ဖွင့်လှစ်သည့် မိန့်ခွန်းပြောရခြင်း၊ ကျဆုံးသော... ရဲဘော်များ ကျောက်တိုင်စိုက်ပွဲမိန့်ခွန်း၊ စစ်အတွင်း ... ဆုံးခဲ့ကြရသည့် ချွေးတပ်သားများအတွက် သံဖြူ... မိန့်ခွန်းပြောကြားခြင်းအပြင် သရက်၊ မြင်းခြံထောင်... အတွင်းမှ ထောင်ကျရဲဘော်များကိုပါ ဝင်ရောက်တွေ့... ဩဝါဒပေးခြင်းများ ရှိခဲ့လေသည်။

ဤသို့ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်း... အဘက်ဘက်မှ ထောင့်စုံအောင် စည်းရုံးနေသည့်အတွင်း... မှ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်သဘင်နှင့် ထိတွေ့ခဲ့... ဓာတ်သဘင် အပေါ်၌ သဘောထားရှိခဲ့ပုံတို့ကို ဖော်... ပါဦးမည်။

အချိန်မှာ ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ကုန်... ဖြစ်ပါသည်။ ရန်ကုန်မြို့၊ မြို့မကျောင်းရှေ့ မိုင်ဒါ... ကြီးတွင်းရှိ ဓာတ်ရုံတွင် ဘုရားဒကာ ဦးဖိုးစိန်ကြီး... စိန်မဟာသဘင်ပွဲ ကပြလျက်ရှိသည်။ နံနက်... ပိုင်းမှာပင် ထိုဓာတ်ရုံထဲ၌ ဗိုလ်ချုပ်အောင်ဆန်း၏ ... တရားပွဲ ရှိလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်နု၊ ဗိုလ်...

www.burmeseclassic.com



ဗိုလ်စကြာ၊ ဗိုလ်လရောင်နှင့် ဗိုလ်ရန်နိုင်တို့လည်း ပါကြသည်။ ညလုံးပေါက် ကပြအသုံးတော်ခံထားကြသော်လည်း ဇာတ်သူဇာတ်သားတို့မှာ မအိပ်နိုင်ကြဘဲ လူထုတရားပွဲကို စိတ်ဝင်စား နားစွင့်နေကြသည်။

ဗိုလ်ချုပ်အောင်ဆန်းမှာ ထိုနေ့က ဟောပြောခြင်းအလုပ်တစ်ခုတည်း ပါလာသည်မဟုတ်၊ အခြားအလုပ်တစ်ခုပါ ရှိနေသေးသည်။ ထိုအတွင်း ဗိုလ်ရန်နိုင်က ဗိုလ်ချုပ်အောင်ဆန်းက ပွဲကြည့်ချင်သေးတယ်ဟု ဦးဖိုးစိန်ကြီးကို ပြောပြသည်။ ဇာတ်ဆရာ ဦးဖိုးစိန်ကလည်း ဝမ်းပန်းတသာဖြင့် ကပြမည်ဟု ကတိပေးသည်။ ထိုစကားကို ဗိုလ်ချုပ်အောင်ဆန်း ကြားရသောအခါ "ဦးဖိုးစိန်လို ဇာတ်ဆရာကြီးက ကပြမည်ဆိုလျှင် ဝမ်းမြောက်ဝမ်းသာ ကြည့်မှာပေါ့" ဟု ပြောသည်။

လူထုအစည်းအဝေး ပြီးသွားသောအခါ ဗိုလ်ချုပ်အောင်ဆန်းတို့လူစုကို ဇာတ်ဆရာ ဦးဖိုးစိန်က နှစ်ပါးသွားတစ်ခွင် တစ်နာရီကြာခန့် ကပြသည်။ သည့်နောက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ငန်းပိုင်း စတင်လာသည်။

မကြာမီ ရွှေတိဂုံဘုရားအနောက်မုခ်၌ ယဉ်ကျေးမှုပြပွဲ ခင်းကျင်းဖွင့်လှစ်မည်ဖြစ်သည်။ ထိုပွဲနှင့် ပတ်သက်၍ ပြင်ဆင် ဆောင်ရွက်သင့်သည်များ ဆွေးနွေးကြသည်။ ဦးဖိုးစိန် ကြွရောက်မိန့်ခွန်းပြောကြားဖို့လည်း ဖိတ်ကြားသည်။ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာပြည်မှာ မကြာမီ လွတ်လပ်ရေး ရတော့မည်ဖြစ်ကြောင်း၊ လွတ်လပ်သောနိုင်ငံတွင် ယဉ်ကျေးမှု ကျယ်ပြန့်မြင့်မားရမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှု သုခုမအနုပညာများမှာ ဇာတ်သဘင်တို့တွင် များစွာ ဟည်ကြောင်း၊ ဇာတ်သဘင်တို့က ယဉ်ကျေးမှုတာဝန်ပိုင်းကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောပြသည်။

ရုံမှအထွက်တွင် ဗိုလ်ချုပ်အောင်ဆန်းက အဝင်ဝရှိဆိပ်မှ ဆိုင်းဘုတ်နှင့် ဘေးနံရံအပြင်အဆင်များကို ဂရုတစိုက် ကြည့်ရှုပြီး ဇာတ်ရုံ၊ ဇာတ်ခုံ ပြင်ဆင် မွမ်းမံမှုများ ခေတ်မီတိုးတက်အောင် လုပ်ဆောင်ကြိုးစားရမည့်အကြောင်းကို အကြံပေး ပြောပြသွားသေးသည်။

အနောက်မုခ် ယဉ်ကျေးမှုပြပွဲ အခမ်းအနား ဖွင့်လှစ်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဇာတ်ဆရာ ဦးဖိုးစိန်အား ရင်းရင်းနှီးနှီး လက်မောင်းကိုင်၍ စင်မြင့်ပေါ်သို့ ဂရုတစိုက် ပို့ပေးသည်။ ဦးဖိုးစိန်က ယဉ်ကျေးမှုဆိုင်ရာ အကြောင်းရပ်များကို အဖွင့်အမှာစကား ပြောကြားခဲ့လေသည်။

စိန်မဟာသဘင်သို့ ဗိုလ်ချုပ်အောင်ဆန်း ဒုတိယအကြိမ် ရောက်လာချိန်မှာ ထိုနှစ်ထဲ မေလတွင် ဖြစ်ပါသည်။ စိန်မဟာသဘင်က ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီဟော၌ ကပြခိုက် မိုးကျတော့မည်ဖြစ်၍ မိုးမကျမီ ဤပွဲခွင်မှာ နောက်ဆုံးအစီအစဉ်ဖြစ်သည်။ ဂျူဗလီဟော၌ ခြောက်ည ကပြရာတွင် ဗိုလ်ချုပ်အောင်ဆန်းတို့ လာရောက်သည်မှာ ဒုတိယည ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မန္တလေးပိုးလုံချည်အစိမ်းရောင်နှင့် အယ်လ်ပါကား အပေါ်အင်္ကျီအနက် ဝတ်ဆင်ထားသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဒီးဒုတ်ဦးဘချို၊ သခင်နု၊ ဦးဘဝင်း၊ ဦးတင်ထွတ်နှင့် ဗိုလ်ထွန်းလှတို့ ပါလာကြသည်။

ရုံဝင်ပေါက်တစ်လျှောက်တွင် တန်းစီနေရာယူထားကြသည့် ပြည်သူ့ရဲဘော်များကို တွေ့ရသောအခါ ဗိုလ်ချုပ်အောင်ဆန်းက "ရဲဘော်တွေကို တာဝန်ချထားသလား၊ ကိစ္စမရှိပါဘူး ... လွတ်လွတ်လပ်လပ် နေကြပါစေ။ သူတို့ကို ကျွေးလိုက်မွေးလိုက်ကြပါဦး" ဟု ပြောလိုက်ကာ သက်သောင့်သက်သာ နေစေလိုက်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လူကြီးများအတွက် ပွဲကြည့်ဖို့ ထိုင်စရာ ဆိုဖာများ ချထားပေးသည်။ သို့သော် ဆိုဖာနှင့်မကြည့်ကြ၊ ပွဲခင်းထဲမှ ဖျာနှင့်ပင် အများနည်းတူ ထိုင်ကြည့်ကြလေသည်။

ပွဲဦးပိုင်း မောရစကြာ ဒေါင်းအော်ပရာအက ပြီးသောအခါ ဦးဖိုးစိန်က ပွဲကြည့်ပရိသတ်ကြီးအား ယခုပွဲသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပုဂ္ဂိုလ်ကြီးများ လာရောက်ကြည့်ရှုကြောင်း၊ ယဉ်ကျေးမှုကို ထိန်းသိမ်းအားပေးခြင်းဖြစ်ကြောင်း၊ မင်းသားကနက်စိန်ကိုလည်း ရွှေတံဆိပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ ကနက်စိန်အမည်ကို အချို့က အင်္ဂလိပ် အမည်ဟု ထင်မှတ်နေကြသည်မှာ မှားယွင်းကြောင်း၊ ပလ္လင်ရုစ်ခန်း၌ပါသော ကနက္ကဒဏ်ထီးကို အစွဲပြု မှည့်ခေါ်ပါကြောင်း ရှင်းလင်းပြောပြလေသည်။

ဇာတ်ခုံ၏တစ်ဖက်တွင် ဦးဖိုးစိန်၊ မင်းသား

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အဆင်နှင့် ကနက်စိန်၊ စိန်ကြိုင်၊ တင်မြင့်စိန်တို့ လေးဦး စီလျက် ရပ်နေကြသည်။ အခြားတစ်ဖက်တွင် မင်းသမီးများဖြစ်ကြသည့် ရွှေခြေကျင်း မမြညွန့်၊ ကမ္ဘောဇစိန်ကြည်၊ သူရိယ မတင်ကြည်နှင့် ရွှေဘိုစိန်တို့ ရပ်နေကြသည်။ ဇာတ်ခုံနောက်ဘက်ပိုင်း၌ကား ကိုသန်းစိန် ခေါင်းဆောင်သည့် ယိမ်းမင်းသား လေးဦး။

ဗိုလ်ချုပ်အောင်ဆန်းက ရှေ့မှ ဗိုလ်ထွန်းလုက နောက်မှ ဇာတ်ခုံပေါ်သို့ တက်လာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဦးဖိုးစိန်ကို ဖက်လှဲတကင်း နှုတ်ဆက်သည်။ ပြီး၍ ကနက်စိန်ရှေ့အရောက်၌ လက်ဆွဲနှုတ်ဆက်ရန် ကနက်စိန်က လက်ကမ်းလိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းက လက်ဆွဲ နှုတ်မဆက်သည့်အပြင် သူ့ လက်ကို ကျောဘက်ရပ်ထားလိုက်ရာ ကနက်စိန်မှာ ရုတ် တရက် ကြောင်အမ်းအမ်းဖြစ်သွားလေတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းက ကနက်စိန်ကို ရင်းရင်းနှီးနှီး ပြုံးပြပြီး ပခုံးဖက်၍ ဇာတ်ခုံရှေ့ပိုင်း တွဲလာခဲ့ကြသည်။ အမှန်တော့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကနက်စိန်မှာ သိကျွမ်း ရင်းနှီးပြီးသားဖြစ်သည်။ ဘီအိုင်အေခေတ်၌ ကနက်စိန်သည် စစ်မှုထမ်းခဲ့သေးသည်။ ထိုစဉ်က အမည်မှာ ဗိုလ်ငသမာဓိ။

ဇာတ်ခုံပေါ်မှ ထူးခြားသော မြင်ကွင်းကို စူးစိုက်ကြည့်နေကြသော ပရိသတ်ကြီးအား ဗိုလ်ချုပ်အောင်ဆန်းက ဤသို့ပြောကြားလေသည်။

"လူမျိုးတိုင်းအဖို့ ယဉ်ကျေးမှုဟာ အရေးကြီးပါတယ်။ လွတ်လပ်တော့မယ့် မြန်မာပြည်အဖို့လည်း ယဉ်ကျေးမှုတိုးတက်ဖို့ လိုပါတယ်။ ယဉ်ကျေးမှုဆိုတာဟာ ဇာတ်သဘင်မှာ အများကြီး တည်ရှိပါတယ်။ ဇာတ်သဘင်ကို မြင်ရ၊ ကြားရတာနဲ့ ယဉ်ကျေးမှုသဘော သိနိုင်ပြန့်ပွားနိုင်ပါတယ်။ အခု မြန်မာ့ဇာတ်သဘင်ပညာစစ်စစ်ကို ဆက်ခံထိန်းသိမ်းပြီး တီထွင်ကြိုးစားနေတဲ့ ကနက်စိန်ကို ရွှေတံဆိပ် ချီးမြှင့်ပါမယ်။ ကျွန်တော်က ရွှေတံဆိပ် ချီးမြှင့်လိုက်လို့ ကနက်စိန်ဟာ နာမည်ပိုကြီးသွားဖို့၊ ဝင်ငွေပိုကောင်းသွားဖို့ မဟုတ်ပါဘူး။ သူ့ပညာအတွက် ချီးမြှင့်တာပဲဖြစ်ပါတယ်။ ပြီးတော့ ကနက်စိန်ဟာ ခေတ်ပညာ အင်္ဂလိပ်စာ ကောင်းစွာ တတ်လျက်သားနဲ့ အစိုးရဝန်ထမ်း မလုပ်ဘဲ ဇာတ်သဘင်ပညာကိုပဲ ထိန်းသိမ်းလုပ်ကိုင်တဲ့အတွက်လည်း ချီးကျူးစရာကောင်းပါတယ်။ မြန်မာ့ဇာတ်သဘင် အနုပညာကို ဆက်လက်ထိန်းသိမ်းပါလို့ ကနက်စိန်ကို ပြောကြားလိုပါတယ်။ ဒါပါပဲ"

ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ထွန်းလု၏ လက်ထဲရှိ ကပ်ဘူးကလေးထဲမှ ဖဲပြားစ အပြာနှင့် ရွှေတံဆိပ်ကို ထုတ်ယူလိုက်သည်။ ရွှေပြား၌ ပြည်သူ့ရဲဘော် ခေါင်းစဉ် ထွင်းဖော်ထားလေသည်။ ကနက်စိန်က အလိုက်သင့် ခေါင်းညွတ်ပေးသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဖဲကြိုးကွင်းကို စွပ်ပေး ချီးမြှင့်လိုက်သည်။ ပရိသတ်ထံမှ သြဘာသံကား တစ်ခဲနက်ပင်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဇာတ်သဘင်၏အရေးကြီးသော အခန်းကဏ္ဍကို ကောင်းစွာ သိမြင်လေသည်။ ဇာတ်သဘင်၏ အနုပညာဖြင့် တိုင်းပြည်နှင့်လူမျိုး အဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်နိုင်ကြောင်း ထောက်ပြခဲ့သည်။ ထို့ဖက်မှလည်း ဇာတ်သဘင်များ ခေတ်မီ တိုးတက်အောင် ဆန္ဒရှိခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဧပြီလအတွင်းက ပြုလုပ်ခဲ့သော နတ်မောက်မြို့ လူထုတရားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်း ဟောပြောရာတွင် "ဖိုးစိန်ပွဲထဲက ဗေဒါကြီး ပြက်လုံး ထုတ်သလို" ဟု ထည့်သွင်းပြောကြားသွားခဲ့သည်။ ဇာတ်သဘင်၏ အက၊ အပြ အပြောအဆိုတို့မှာ လူထုနှင့် ရင်းနှီးပြီးဖြစ်ကြောင်း၊ လူထုက သဘောပေါက်ပြီးဖြစ် ကြောင်း သိရှိ၍ ယခုလို လွယ်ကူထိရောက်စွာ ပြောကြား သွားခြင်းဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးကွယ်လွန်ခဲ့ရသည်မှာ နှစ် ၄၀ အတွင်း ချဉ်းနင်း ဝင်ရောက်ခဲ့လေပြီ။ ဗိုလ်ချုပ်အောင်ဆန်း ဆန္ဒပြင်းပြသလို မြန်မာနိုင်ငံ လွတ်လပ်ခဲ့ ခဲ့ထည်စွာ တည်ရှိနေပြီကို ဗိုလ်ချုပ်အောင်ဆန်း မမြင် တွေ့ရတော့၊ ဗိုလ်ချုပ်အောင်ဆန်း လိုလားခဲ့သည့် ဆိုရှယ်လစ်လူ့ဘောင် တစ်ခဲနက် ထူထောင်နေသည်ကို ဗိုလ်ချုပ်အောင်ဆန်း မသိနိုင်တော့။ ယဉ်ကျေးမှု မဏ္ဍိုင်ကြီးဖြစ်သော ဇာတ်သဘင်ကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်တွင် ပန်းတျာအနုပညာကျောင်း ခုံညှစ်စွာ ရှိနေ ပြီ။ ယဉ်ကျေးမှု ကဇာတ်ဌာန ပေါက်ပွား၍ ရှိနေ

www.burmeseclassic.com

www.burmeseclassic.com





ဉ်ကျေးမှုအမွေအနှစ်များကို ဆက်ခံထိန်းသိမ်းရင်း ပ်သားပြည်သူများကို တစ်တပ်တစ်အား အကျွေးပြု ပြီ။ အစဉ်အလာရှိသော ဓာတ်သဘင်ပညာရှင်ကြီးတို့ လည်း တန်ဖိုး မဖြတ်နိုင်သော ဓာတ်သဘင်ပညာကို းစဉ်မြေးဆက် လက်ဆင့်ကမ်း၍ လမ်းရိုးဟောင်းတွင် င့်ကာ ထွင်လျက် အစဉ်တိုးတက်အောင် ကြိုးပမ်း အားထုတ်နေကြသည်ကို ဗိုလ်ချုပ်အောင်ဆန်းသာ မြင် သိနိုင်ခဲ့ပါလျှင် အဘယ်မျှ နှစ်သိမ့်ကြည်နူးဖြစ်ရှာလေ မည်နည်း။ ။

*(ဝိုင်းတော်တီး စိန်လှမြိုင်၏ အမှတ်အသားပေါ် အခြေပြု ရေးသားပါသည်)*

ငွေမောင်

www.burmeseclassic.com

www.burmeseclassic.com



# ဖေဖေမှတ်မိသေးတဲ့ မန္တလေးမနပ် ကိုအောင်ဆန်း

## လူထု ဦးလှ

သားတို့၊ သမီးတို့ ...

ဗိုလ်ချုပ်အောင်ဆန်းကို သားကြီး ကိုစိုးဝင်းကတော့ ကောင်းကောင်းမှတ်မိမှာပဲ။ အကြိမ်ကြိမ်လည်း တွေ့ခဲ့ဖူးသားပဲ။ မင်းတို့မေမေနဲ့ ကျောင်းနေဖက် သူငယ်ချင်းပဲ။ အသက်လည်း အတူတူလောက်ပဲ။ ဖေဖေနဲ့ မေမေ အိမ်ထောင်ကျခါစ မန္တလေးရောက်ရင် ဖေဖေတို့ဆီ ကိုဗဟိန်းနဲ့ လာလေ့ရှိတယ်။ အဲဒီအခါတုန်းကတော့ သခင်အောင်ဆန်း၊ သခင်ဗဟိန်းပေါ့ကွယ်။ ဖေဖေတို့ကလည်း ထမင်းဖိတ်ဖိတ်ကျွေးလေ့ ရှိတယ်။ သူငယ်ချင်း မိတ်ဆွေဟောင်းတွေနဲ့ ဆုံမိပြီး စကားပြောရမယ်၊ အဲဒါထက် ထမင်း အတူစားပြီး စကားပြောကြရမယ်ဆိုရင် ဖေဖေက သာ သဘောကျတာ။ ညှို့သည်လာရင် မေမေတို့က သာ ပင်ပန်းတာကလား၊ ဖေဖေတို့ကတော့ စတိုင်နဲ့ စားရုံပဲ။ ညှို့သည်လာရင် ခါတိုင်းထက် ဟင်းလည်း ပိုကောင်းတာချည်းပဲ။

### မင်းတို့ မေမေလည်း ပါတယ်

၁၉၃၇ ခုနှစ်တုန်းက ကိုအောင်ဆန်းက တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှာ ဥက္ကဋ္ဌ ဖြစ်တယ်။ မင်းတို့ မေမေမာတို့ကလည်း ကျောင်းသူခေါင်းဆောင် အစွာတွေ ပေါ့။ အဲဒီနှစ် အမျိုးသားနေ့ဟာ အစည်ကားဆုံး လူ ဆန္ဒပြပွဲတစ်ရပ်ပဲ။ မျိုးချစ်စိတ် အလွန် ပြင်းထန်နေ ကာလလို့ ဆိုရမှာပဲ။ ရွှေတိဂုံဘုရား အနောက်ဘ ကွက်လပ်ကြီးမှာ အသင်းအဖွဲ့တွေ၊ ကျောင်းသူ ကျော သားတွေ စုံကြတယ်။ နောက်ပြီး ဘုရားလမ်းအတိုင်း ဒါလဟိုဇီ(မူရင်း) လမ်းဘက်ချိုးပြီး ဆူးလေဘုရားအ လှည့်ကြတယ်။ မင်းတို့ မေမေလည်း ပါတာပေါ့။ မလွ လပ်သေးတဲ့ အဲဒီခေတ်က တော်တော်ကို ပျော် ကောင်းတယ်။

### ဖေဖေ့အလှည့်

အဲဒီနေ့ည ၇ နာရီ ဗန္ဓုလပန်းခြံထဲမှာ ဖေဖေ တ ဟောရတယ်။ ဒီနောက် ရန်ကုန်တက္ကသိုလ်ကို ဘ ကားနဲ့ ပြေးရပြန်တယ်။ ကိုအောင်ဆန်းက သဘာ အဖြစ် ဆောင်ရွက်ပြီး၊ ကျောင်းသားသမဂ္ဂ အဆော အအုံထဲမှာ ဟောပြောပွဲ စ နေပြီ။ အဲဒီနှစ် အမျိုးသာ ညနေ နှစ်ဌာန တရားပွဲမှာ ဖေဖေ ဟောပြောခဲ့ အကြောင်းကတော့ "အရှေ့တိုင်းသားတို့ရဲ့ ဓာတိ တဲ့။ အမျိုးသားနေ့ ကော်မတီက ဒီအကြောင်းအ တော်တယ်ဆိုပြီး ရွေးချယ်ပေးလို့ အချက်အလက်

www.burmeseclassic.com



ရှာဖွေပြီး ဟောပြောရတာပဲ။ မင်းတို့ဘကြီး စာရေးဆရာကြီး မဟာဆွေကတောင် ဖေဖေ့ ပြောပြချက်ကို သူ့အယ်ဒီတာလုပ်ပြီး ထုတ်နေတဲ့ ရဲသတင်းစာထဲမှာ ထည့်သေးတယ်။

## တော်တော်ခက်တဲ့လူ

မင်းတို့ မေမေတို့ကိုလည်း နောက်တော့ ဖေဖေ မေးကြည့်တယ်။ ပုဂ္ဂိုလ်ခင်လို့ တရားမင်တာလားတော့ မပြောတတ်ဘူး၊ အချက်အလက်တွေ စုံတယ်။ ပြောဟောတာလည်း ကောင်းတယ်လို့ ပြောတာပဲ။ အင်း – ဖေဖေကလည်း မဟာဗန္ဓုလ ပန်းခြံကြီးထဲ ကြဲခဲ့ရတာတွေ၊ ဘာတွေလည်း ဂရု မစိုက်ဘူး။ မောတယ်၊ ပန်းတယ်လည်း သဘော မထားဘူး။ ရင်နှစ်ခြမ်း ဖြန်းခနဲကွဲသွားပစေဆိုပြီး မေမေတို့ဆီမှာလည်း အစွမ်းကုန် ကြိုးလိုက်တာပဲ။ ဥက္ကဋ္ဌကြီး ကိုအောင်ဆန်းကလည်း ခေါင်းပေါင်းကြီးနဲ့ လုံချည် ခဏခဏ ပြင်ဝတ်ရသေးသကိုး။ စကားပြောရင်း လုံချည်ပြင်ဝတ်တာ ကိုအောင်ဆန်းရဲ့ နုနယ်သေးတဲ့ဘဝကို ပြနေခြင်းတစ်မျိုးပဲလို့ ဖေဖေတို့လည်း ကြီးလာတော့ ဆင်ခြင်မိတယ်။ ဒါ ဘာဟုတ်သေးသလဲ။ အဲဒီနှစ်မှာပဲ မစ္စတာနေရူးနဲ့ သူ့သမီးကလေး အင်ဒီရာ ဗမာပြည် လာတယ်။ မန္တလေးကို တက်သွားတော့ ကိုအောင်ဆန်းတို့လည်း သွားကြရတယ်။ အမျိုးသား ကျောင်းကြီးပေါ်မှာ အိန္ဒိယ ခေါင်းဆောင်ကြီး မစ္စတာ နေရူးလည်း စကားပြောတယ်။ အဲဒီတုန်းက လုံချည်ပြင်ဝတ်တာမှ ကံကောင်းလို့ ချောက် မကျတယ်။ သူ စကားပြောတာ ဘာတွေပြောပါလိမ့် ဆိုတာထက် လုံချည်ပြင်ဝတ်နေတဲ့ဆီကိုပဲ ဖေဖေတို့လည်း စိတ်ရောက်ပြီး ပူနေမိတယ်။ တော်တော့်ကို ခက်တဲ့ လူပါပဲ။

## နုနပ်လာပြီ

ဂျပန်တော်လှန်ရေးကြီး ပြီးလို့ ဖဆပလ ညီလာခံဆွေမှာ ဖေဖေတို့နဲ့ ဆုံမိတော့ဖြင့် ကိုအောင်ဆန်းဟာ ဟိုကျောင်းသားဘဝတုန်းကလို နုနုနယ်နယ် မနူးမနပ် လူစားမျိုး မဟုတ်တော့ဘူး။ ဗိုလ်ချုပ်အောင်ဆန်းအဖြစ် လည်း ရောက်နေပြီ။ စစ်အတွေ့အကြုံ၊ တော်လှန်ရေး အတွေ့အကြုံ၊ အိမ်ထောင်ကျခြင်း စတဲ့ လူ့လောက အတွေ့အကြုံတွေနဲ့ တိုင်းပြည်အတွက် ထမ်းဆောင်နေရ၊ ထမ်းဆောင်ရဦးမယ့် တာဝန်တွေကြောင့် တော်တော့်ကို ရင့်ကျက်နေပြီ။ အစိမ်းကလေး ကိုအောင်ဆန်း မဟုတ်တော့ဘူး။ စစ်ဝတ်စစ်စား ဘောင်းဘီပဲ ဝတ်နေတော့တဲ့အတွက် စကားပြောရင် လုံချည်ပြင်ဝတ်နေတဲ့ အကျင့်လည်း မတွေ့ရတော့ဘူး။

အင်္ဂလိပ် ပြန်ဝင်ခါစ ရန်ကုန်မှာ ဖဆပလ ကို ကျယ်ကျယ်ပြန့်ပြန့် စတင် ဖွဲ့စည်းတော့မယ်ဆိုတော့ ဆရာကြီး ရာဇတ်နဲ့ ဖေဖေ့ကို အမြန်လာခဲ့ဖို့ လှမ်းမှာတာနဲ့ ဖေဖေတို့ ပြန်လာကြရတယ်။ မီးရထားလမ်းလည်း ပြန် မပေါက်သေးဘူး။ ကားတောင်မှ စစ်ကားတွေလောက်ပဲ သွားနိုင်ကြသေးတယ်။ ဗမာ့တပ်မတော် တော်လှန်ရေးစစ်တပ်တွေထံက အဆင့်ဆင့် အကူအညီတောင်းပြီး ရန်ကုန်အရောက် ဖေဖေတို့ လာကြရတာပဲ။ ဆွေးနွေးပွဲတွေ နေ့စဉ် လုပ်နေရာက တစ်နေ့တော့ ဗိုလ်ချုပ်အောင်ဆန်းက တာဝါလိမ်းက သူ့အိမ်ကို အဝေးဆုံးက ဧည့်သည် နှစ်ယောက်ဖြစ်တဲ့ ဆရာကြီး ရာဇတ်နဲ့ ဖေဖေ့ကို ထမင်းဖိတ်ကျွေးတယ်။ ဖေဖေတို့ အညာက အခြေအနေတွေကို ရင်းရင်းနှီးနှီး မေးလို့ ဖေဖေတို့က လည်း ပြောပြတယ်။ ဒေါ်ခင်ကြည်နဲ့လည်း မိတ်ဆက်ပေးတယ်။ ကလေးတွေကိုလည်း ပြတယ်။

## စာရေးဆရာ လုပ်စားမယ်တဲ့

အဲဒီတုန်းက သူ ရေးနေတဲ့ သူ့အတ္တုပ္ပတ္တိကိုလည်း အပေါ်ထပ်မှာ လက်ဖက်ရည်သောက်ရင်း ဖတ်ပြသေးတယ်။ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတယ်။ မိဘမျိုးရိုးဇာတိ၊ ဇာတာခွင်တွေပါ စုံအောင်ပါတယ်လို့ ဖေဖေ မှတ်မိတယ်။ လွတ်လပ်ရေးရပြီးရင် အေးအေးဆေးဆေး နေပြီး စာရေးဆရာ လုပ်စားမယ်လို့လည်း ပြောသေးတယ်။ စစ်တပ်ပြန်လည်ဖွဲ့စည်းရာမှာလည်း ပြန် မပါနိုင်၊ မပါချင်။ အလုပ်အကိုင်လည်း မရှိဖြစ်နေတဲ့ တပ်မတော်ရဲဘော်ဟောင်းတွေကို စနစ်တကျ ပြန်လည် စည်းရုံးပြီး "ပြည်သူ့ရဲဘော်တပ်" ဖွဲ့စည်းဖို့ ရည်ရွယ်ထားတဲ့ အကြောင်း၊ အဲဒီရဲဘော်တွေကို စောင့်ထိန်းကူညီဖို့ သူ့မှာ အများဆုံး တာဝန်ရှိနေကြောင်း၊ အလုပ်အကိုင် သင့်တော်ရာများ ရသလို ရှာကြံပြီး သွင်းပေးရမယ်။ ဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေ လုပ်စေရမယ်။ ဒါမှ သူခိုးဓားပြဘဝ မရောက်ကြဘဲ တိုင်းပြည်တာဝန် ထမ်းနိုင်ကြမယ် စသည်ဖြင့် သူ့စေတနာနဲ့ သူ့စီမံကိန်းကို ပြောပြပါတယ်။ ဖေဖေတို့နဲ့လည်း အဆိုးဘက်က ဘယ်လို၊ အကောင်းဘက်က ဘယ်လို ဆိုတာတွေကို ဆွေးနွေးကြပါသေးတယ်။ နိုင်ငံရေးအသိပညာ အရေးကြီးတဲ့အကြောင်းလည်း ဆွေးနွေးကြရမှာ ပါပါတယ်။

## ရောမ ပုဂ္ဂိုလ်ကြီး

ကဲ ... ကဲ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးမယ်ဆိုရင် ဘယ်ကုန်နိုင်မလဲ သားတို့ သမီးတို့ရယ်။ ရိုးပုံ၊ အပုံ၊ ဘုကျဘောက်ပြောပုံ အရည်အသွေးလည်း တစ်ပုံတစ်ခေါင်းကြီးပဲ။ ဘယ်လို ဘုကျ၊ ဘောက်ကျ ပြောပေမဲ့ ရာဇဝင်ကြောင်း နောက်ခံကလည်း ကောင်း၊ ရိုးသားခြင်း၊ စေတနာကောင်းခြင်းတွေကိုလည်း ပြည်သူတွေက ယုံကြည်တော့ နှစ်ပေါင်း တစ်ထောင်အတွင်း မြန်မာပြည်မှာ ပေါ်ပေါက်ခဲ့သမျှ ခေါင်းဆောင်ကြီးတွေထဲမှာ အမြင့်ဆုံးအတန်းက တစ်ဦးအဖြစ်နဲ့ အသိအမှတ်ပြုခြင်းခံခဲ့ရတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်လာခဲ့တယ်။ ဘုကျဘောက်တော အပေါက်ဆိုး မှတ်တိုင်း ဗိုလ်ချုပ်အောင်ဆန်းလို ဖြစ်တယ်၊ ခေါင်းဆောင်မှုရတယ်လို့တော့ မမှတ်လေနဲ့။ အဲဒါက ဗိုလ်ချုပ်မို့ရတာ။ တခြားလူတွေက ဗိုလ်ချုပ်တု တုပြီး ဗိုလ်ချုပ်စတိုင် လုပ်ကြတော့ ကွယ်ရာကနေပြီး ပြည်သူတွေက ဆဲနေကြတော့တာပဲ။ ဘယ်သူတွေကမှ သြဘာ မပေးဘူး။

ဗိုလ်ချုပ်အောင်ဆန်း သခင်ဘဝက ဘောက်ကျပုံကလေး ဖေဖေ့ကိုယ်တွေ့ ပြောရဦးမယ်။ အဲဒီအခါက ၁၉၃၈-၃၉ ခုနှစ်လောက် ဖြစ်လိမ့်မယ် ထင်တယ်။ တို့ဗမာအစည်းအရုံး ဌာနချုပ်မှာ သူ အထွေထွေ အတွင်းရေးမှူး လုပ်နေတယ်။ ဌာနကတော့ ရေကျော်ထဲမှာပဲ။ ညဦးမှာ ဖေဖေနဲ့ စကော့ဈေး(မူရင်း) အနောက်ဘက်တန်းက မင်းတို့ဘကြီး ဦးထွန်းရင်တို့၊ ဦးတင်ပွတို့ရဲ့ ဆန်းကဖီးမှာ ဆုံမိတယ်။ ဖေဖေက ဆန်းကဖီးမှာ အကြွေးလည်း ရတယ်၊ အလကားလည်း စားရတယ်။ ဆွေမျိုးလို ခင်နေတာကိုး။ သူငယ်ချင်းတွေ မင်္ဂလာဆောင်ရင် ရေခဲမုန့်တို့၊ ကိတ်မုန့်တို့ အကြွေးယူပေးရသေးတယ်။ အချို့လည်း အဲဒီအကြွေးကို ခုထိ ပြန်မဆပ်ကြသေးဘူး။ သခင်အောင်ဆန်းတို့ကိုလည်း ဦးထွန်းရင်နဲ့ သူ့အစ်ကို ဦးတင်ပွတို့က အင်မတန် ဂရုစိုက်ပါတယ်။ တစ်ခါတလေလည်း ထမင်းစားတဲ့အတွက် မယူလိုက်ဘူး။ တစ်ခါတလေလည်း အပိုအမိုတွေ ထည့်ပေးလိုက်တယ်။ တစ်ခါတလေလည်း ပိုက်ဆံ လျှော့ယူပါတယ်။ အဲဒီခေတ်က လူငယ် လူရွယ်တွေ၊ နိုင်ငံရေးသမားပေါက်စတွေဟာ ဆန်းကဖီး ကျေးဇူးနဲ့ တယ် မကင်းကြဘူး။

## ကပ်နှိပ်တဲ့လူ

တစ်နေ့တော့ ဖေဖေ ထမင်းမှာထားတုန်း ကိုအောင်ဆန်း ဆန်းကဖီးထဲကို ဝင်လာတယ်။ ဖေဖေက လှမ်းခေါ်ပြီး သူ ဘာဟင်းနဲ့ စားမလဲလို့ မေးပြီး ထပ်မှာလိုက်တယ်။ ဟိုစကား ဒီစကား ပြောနေရင်းက "ခင်ဗျား ထမင်းကျွေးတာ ကျေးဇူးတင်စရာ မလိုဘူးနော်။ ကျွန်ုပ် ခင်ဗျားက ဝတ္ထုရေး၊ ကျွန်တော်က နိုင်ငံရေးလုပ်နေတာ တိုင်းပြည်အတွက် တာဝန် ထမ်းနေတာ" လို့ ပြောတယ်လေ။ ဖေဖေက သူ့အကြောင်း သိနေလို့ မအံ့သြပါဘူး။ "ဘာပြောဖို့ လိုသလဲဗျာ" လို့ပဲ ပြန်ပြောလိုက်တယ်။ သူက ရယ်သကိုး။ နောက်ပြီး မိုးကလေးတဖွဲဖွဲကြောင့် လန်ချား လုံအောင်ပိတ်ပြီး အရှေ့ကို ပြန်ကြတယ်။ ... လမ်းမှာ ဖေဖေ့ကို ဝင်ချခဲ့ပြီး သူက ရေကျော်ကို ဆက်ပြန်တယ်။ လန်ချားခလည်း ပေးလိုက်ရတယ်။ အဲဒီ... နှစ်ယောက်ချင်းတောင် ကပ်နှိပ်တဲ့လူပဲ။

ဂျပန်တစ်ခေတ်လုံး ဖေဖေနဲ့ ကိုအောင်ဆန်း မတွေ့ကြဘူး။ ဂျပန်ခေတ်ဦးမှာ စာရေးဆရာကြီး အရှိဟောဆီ... နီး ရေးတဲ့ "ရွှံ့နှင့် စစ်သား"၊ "ပန်းနှင့် စစ်သား" စာအုပ်တွေကို ဘာသာပြန်ပြီး ဖေဖေတို့ ပုံနှိပ်ရောင်းချလို့ရတဲ့ အမြတ်ငွေထဲက ထက်ဝက်ကို တပ်မတော်ကို ဖေဖေတို့က လှူတယ်။ အဲဒီငွေများ ရတဲ့အခါတုန်းက သူ ... တစ်စောင် ပြန်လိုက်တာပဲ ရဖူးပါတယ်။

အာဏာမရမီအချိန်က အထက်မြန်မာပြည် မြို့... တော်တော်များများမှာ ဖဆပလ စည်းရုံးရေး... ဖေဖေပါ လိုက်ပြီး အတူတူ လုပ်ဖူးပါတယ်။ အဲဒီ... အရှိန်အဝါက တော်တော်ကောင်းနေပြီ။ ဖေဖေတော့...

www.burmeseclassic.com



သူ ကြီးပွားမှု တွေ့ရတဲ့ အခြေအနေတွေ၊ လုပ်ဟန် ပြောဟန်တွေကို ဒီလောက် သတိ မရလှပါဘူး။ ငယ် ငယ်က လုပ်ဟန် ပြောဟန်တွေကိုပဲ လွမ်းမိပါတယ်။

## ဗိုလ်ချုပ်ရှိရင် ကောင်းမယ်

ဗိုလ်ချုပ်အောင်ဆန်းသာ နယ်ချဲ့သမားတို့ရဲ့ အလိုကျ လက်ပါးစေကြီး ဦးစောရဲ့ ပက်စက်တဲ့ လုပ်ကြံမှုကြောင့် သေရဘဲ ယနေ့တိုင် နေရသေးရင် ဖေဖေတို့ တိုင်းပြည် ရဲ့ အခြေအနေဟာ အခုထက်တော့ အများကြီး ကောင်း မှာပဲလို့ ဖေဖေ ထင်တယ်။ ပြည်တွင်းစစ်ကြီးလည်း အခု လိုဖြစ်မှာ မဟုတ်ဘူး။ စစ်ဆိုတာ တကယ်ဆိုတော့ ဘယ် စစ်မှမကောင်းပါဘူး။ စစ်ပွဲလည်းမကောင်းဘူး။ စစ်အေး လည်း မကောင်းဘူး။ ကမ္ဘာစစ်လည်း မကောင်းဘူး။ တိုင်းပြည်တစ်ပြည်နဲ့ တစ်ပြည်၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုး တိုက်တာလည်း မကောင်းဘူး။ တိုင်းပြည်ငယ်တွေကို နယ်ချဲ့သမားတွေက သွေးစုပ်အဆီစုပ်ဖို့ တိုက်တဲ့ နယ်ချဲ့ စစ်၊ အခု မလေးကျွန်းဆွယ်မှာ တိုက်နေတဲ့ စစ်မျိုးက တော့ အဆိုးဆုံးထဲက အဆိုးတစ်ခုပဲ။

## ပြည်တွင်းစစ် ဆိုးဝါးပုံ

ပြည်တွင်းစစ်ဆိုတာလည်း ဖွတ်ဖွတ်ညက်ညက် အကြေဆုံး စစ်မျိုးမို့ အဆိုးဆုံးပဲ။ ပြည်တွင်းစစ်ဖြစ်နေ ရင် နယ်ချဲ့သမားတွေရဲ့ အာဏာစက် ရေစီးကြောင်းဟာ တစ်နည်းနည်းနဲ့ စိမ့်ဝင်တော့တာပဲ။ ဖေဖေတို့ မြန်မာ ရာဇဝင်အရပ်ရပ်မှာပဲ ကြည့်ကြည့်၊ အခြားနိုင်ငံတွေရဲ့ ရာဇဝင်မှာပဲ ကြည့်ကြည့် ဒီအဖြစ်မျိုးဟာ ထပ်တူပဲ။ အထင်ရှားဆုံးကတော့ တရုတ်ပြည်ကြီးပေါ့ကွယ်။ တိုင်း ပြည်ကြီးကလည်း ကြီး၊ လူအားကလည်း ကောင်း၊ ဒေသရာဇ်စနစ်၊ မြေရှင်စနစ်ကလည်း ခြေကုပ်ခိုင်တော့ ဆီးပြိုင်နန်းပြိုင်တွေ ပေါ်ပြီး ရာဇဝင်တစ်လျှောက်လုံးမှာ ရုန်းရုံခါသာ နားသလိုလိုရှိပြီး ပြည်တွင်းစစ်ကို အမြဲ အမ်း တိုက်နေ ခိုက်နေကြတာပဲ။ ဒီတော့ကာ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဂျပန် စတဲ့ နယ်ချဲ့ သမားမျိုးစုံဟာ ဝင်တိုးပြီး တရုတ်အချင်းချင်း ပိုမို သွေး ကွဲအောင် လုပ်တယ်။ တိုက်ပွဲ သတ်ပွဲတွေကြီးအောင် လက်နက်တွေ ရောင်းကြတယ်။ သူတို့ပိုင် နယ်မြေတွေ သတ်မှတ်ပြီး ခြေကုပ်ယူ အခြေစိုက်တယ်။ စီးပွားရေး မှာ ထိုးဖောက်လာပြီး လက်ဝါးကြီး အုပ်ထားကြတယ်။ တိုင်းရင်းသားတို့ရဲ့ ယဉ်ကျေးမှုကို သူတို့ ယဉ်ကျေးမှု တွေနဲ့ ဖုံးလွှမ်း ဖျက်ဆီးကြတယ်။ ကိုယ့်လူမျိုးကို ကိုယ် အထင်သေးစေပြီး သူတို့ကို အထင်ကြီးစေတဲ့ ပညာရပ် တွေကို ပေးကြတယ်။ တခြားမကြည့်နဲ့ ... တရုတ်ပြည်မ ကြီးနဲ့ ဖော်မိုဆာက ချန်ကေရှိတ်တို့ အခုတိုင် ပြည်တွင်း စစ် ဖြစ်နေသေးလို့ အမေရိကန်နယ်ချဲ့သမားဟာ ပြောင် ကျကျ မတရား ဝင်စွက်နေသေးတာပေါ့။ ပြည်တွင်းစစ် သာ မရှိရင် တစ်မျိုးသားလုံးက နယ်ချဲ့ဆန့်ကျင်ရေးမှုနဲ့ သွေးစည်းရင် နယ်ချဲ့သမားတွေ သပ် ဝင်မလျှိုနိုင်ပါဘူး။

## ဒါကြောင့် ငြိမ်းချမ်းရေးလုပ်တာ

ဒုတိယကမ္ဘာစစ်ကြီး စ ဖြစ်တော့ သားကြီး ကိုစိုး ဝင်းဟာ မွေးစကလေးပဲ ရှိသေးတယ်။ မေမေနဲ့ ဘွားဘွား တို့က ကလေးတွေနဲ့ တောရွာမှာ ပြောင်းနေ၊ အဘိုးနဲ့ ဖေဖေက မြို့မှာ အလုပ် လုပ်ရ။ ဂျပန်ဗုံးတွေကြဲချလို့ တစ်မြို့လုံး သောက်သောက်လဲ သေကြတော့မှ ဖေဖေနဲ့ အဘိုး တောကို ပြေးခဲ့ကြရတယ်။ ဂျပန်တစ်ခေတ်လုံး လည်း တောမှာပဲ နေခဲ့ကြရတယ်။ သမီး သန်းရင်မာကို မန္တလေးမြောက်ဘက် ၆ မိုင်ကွာ၊ ကပိုင်၊ တောင်ငူစု ဘုန်းကြီးကျောင်းထဲက သရဖီပင်ကြီးအောက်မှာ မေမေ မျက်နှာမြင်ရတယ်။ မင်းတို့ အဘွားတစ်ယောက်ဖြစ်တဲ့ မမရှေ ...အဲဒီကျောင်းထဲမှာပဲ ဆုံးတယ်။ အတူနေ အလုပ် သမားတွေလည်း ပလိပ်ရောဂါဖြစ်လို့ သေကြရသေး တယ်။ ဂျပန်ကို တော်လှန်ကြတော့ တောကောင်းတဲ့ ရွာငယ်တွေမှာ ပုန်းနေကြရပြန်တယ်။ သေသူတွေ အနန္တထဲက ဖေဖေတို့ ကံကောင်းလို့ ကျန်နေတာပဲ။ ဒါကြောင့် စစ်တားဆီးရေး ငြိမ်းချမ်းရေးလုပ်ငန်းတွေကို မေမေရော ဖေဖေပါ အဆင်းရဲခံ အမုန်းခံ အသက်ပေး ပြီး ဆောင်ရွက်နေကြတာပဲ။ ။

သင့်ဘဝမဂ္ဂဇင်း (ဇူလိုင်-၁၉၅၅)

www.burmeseclassic.com

www.burmeseclassic.com



# ရိုးရိုးကုပ်ကုပ်နေတတ်တဲ့ဗိုလ်ချုပ် သူ့ပတ်ဝန်းကျင်ကို ကြည့်ရုံနှင့်သိနိုင်သည်

## ဗလာရိကူဒီနော့

နာမည်ကျော် ဆိုဗီယက် အမျိုးသမီး သတင်းစာဆရာနှင့် လူထုခေါင်းဆောင်ဖြစ်သူ အော်(လ်)ဂါချီချက်ကီနာ သည် ၁၉၄၇ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခဲ့ရဖူးလေသည်။

"ကျွန်မ မြန်မာနိုင်ငံကို ပထမအကြိမ် ရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ခဲ့တဲ့ အချိန်ဟာ နှစ်ပေါင်းအတော်ကြာသွားပါပြီ။ ဒါပေမဲ့ မနေ့တစ်နေ့က ဖြစ်ခဲ့သလိုပဲ အမှတ်ရနေမိပါတယ်"ဟု ချီချက်ကီနာက ပြန်ပြောပြလေသည်။

ဒေလီမှာ ကျင်းပတဲ့ ပထမအကြိမ် အာရှပြည်သူများရဲ့ ယဉ်ကျေးမှု ကွန်ဂရက်ကို ကမ္ဘာ့ဒီမိုကရက်တစ်လူငယ်အဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ ကျွန်မတက်ခဲ့ပါတယ်။ အဲဒီကွန်ဂရက်မှာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့နဲ့ တွေ့ဆုံခဲ့ရပြီး သူတို့က ကျွန်မတို့ကို မြန်မာနိုင်ငံလာလည်ဖို့ ဖိတ်ကြားကြပါတယ်။

ပြည်သူတွေရဲ့ စိတ်ဓာတ်တက်ကြွမှု အမျိုးသားလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေမှုတို့ဟာ အဲဒီခေတ်က ရန်ကုန်မြို့ ထူးခြားတဲ့အသွင်လက္ခဏာလို့ပဲ ထင်ပါတယ်။

### ဗိုလ်ချုပ်က တွေ့ချင်လို့

ရန်ကုန်ကို ကျွန်မတို့ ရောက်တော့ ဖဆ
အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်မတို့
တွေ့ချင်နေတယ်လို့ သိရှိရပါတယ်။ ကျွန်မတို့အ
ဝမ်းသာသွားပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံ
နိုင်ငံတကာ အဆက်အသွယ် ယူစပြုနေတဲ့ အချိန်
အဲဒီကိစ္စကို ဗိုလ်ချုပ်က အလေးထားပုံရပါတယ်။
အနည်းငယ်ကြာတော့ ကျွန်မတို့ကို ဗိုလ်ချုပ်က သ
လာဖို့ အကြောင်းကြားပါတယ်။

ဗိုလ်ချုပ်အိမ်ဟာ ရန်ကုန်မြို့လယ်မှာ ရှိပါတ
သပ်သပ်ရပ်ရပ်ပါပဲ၊ အစိုးရအစည်းအဝေးတွေ အဲ
ကျင်းပပါတယ်။ ကျွန်မတို့ မရောက်ခင်မှာဘဲ အ
အဝေးပြီးလို့ပဲလားမသိပါ။ ချက်ချင်းဆိုသလိုပဲ ဗိုလ်
က ကျွန်မတို့ကို လက်ခံတွေ့ဆုံပါတယ်။ ဝန်ကြီး
အပါအဝင် အဲဒီခေတ်က နိုင်ငံရေးခေါင်းဆောင်အ
လည်း ကျွန်မတို့ကို မိတ်ဆက်ပေးပါတယ်။ ဗိုလ်
ကျွန်မတို့ကို အခန်းတစ်ခန်းခေါ်သွားပြီး အဲဒီမှာ
ပြောကြပါတယ်။ အဲဒီအခန်းဟာ ခမ်းခမ်းနားနား
ဘူး၊ ရိုးရိုးသန့်သန့်ပါပဲ။ ကုလားထိုင်နဲ့ ခုံ
ချထားပါတယ်။ ပြတင်းပေါက်တွေမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တပ်ဆင်ထားပါတယ်။ ဖြစ်နိုင်သမျှလေးနဲ့ သပ်သပ်ရပ်ရပ်လုပ်ထားတဲ့ သဘောပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းဟာ ရိုးရိုးကုပ်ကုပ် နေထိုင်သူဖြစ်မှန်း သူ့ပတ်ဝန်းကျင်ကို ကြည့်ရုံနဲ့ သိသာပါတယ်။

## ဖော်ရွေတဲ့ဗိုလ်ချုပ်

ဗိုလ်ချုပ်ဟာ ဖော်ရွေပါတယ်၊ ရင်းနှီးပွင့်လင်းပါတယ်။ စကားပြောလို့ အလွန်ကောင်းတဲ့ လူမျိုးပါပဲ။ ကျွန်မတို့ကို လက်ဖက်ရည်၊ အချိုယမကာများနဲ့ ဖော်ဖော်ရွေရွေ ဧည့်ခံပါတယ်။

## နိုင်ငံသစ်တည်တာ ဗိုလ်ချုပ်

ကျွန်မတို့ လူငယ်အကြောင်းကို ဆွေးနွေးကြပါတယ်။ ကျွန်မကလည်း ကမ္ဘာ့ဒီမိုကရက်တစ် လူငယ်အဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်၊ ဗိုလ်ချုပ်ကလည်း တစ်ချိန်တုန်းက ကျောင်းသားလှုပ်ရှားမှုကို ခေါင်းဆောင်လာခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုရဲ့ ခေါင်းဆောင်ကြီးက သူ့လူငယ်တွေအပေါ် ဘယ်လောက်အရေးထားကြောင်း ပြောပြပါတယ်။ မြန်မာနိုင်ငံသစ်ကို တည်ဆောက်မယ့်သူတွေဟာ လူငယ်တွေဖြစ်ကြောင်း ဗိုလ်ချုပ်က ပြောပြပါတယ်။ အခု မြန်မာနိုင်ငံသစ်ကို တည်ဆောက်နေသူတွေဟာပဲ ဗိုလ်ချုပ်ပြောခဲ့တဲ့ လူငယ်တွေပါပဲ။ အလုပ်သမားလူငယ်၊ လယ်သမားလူငယ်နဲ့ တိုးတက်တဲ့ ဒီမိုကရေစီစိတ်ဓာတ်ရှိတဲ့ ကျောင်းသားလူငယ်တွေကို လေ့ကျင့်ပညာပေးဖို့ အရေးကြီးပုံကို ဗိုလ်ချုပ်က အလေးအနက် ပြောပါတယ်။ ဒါ့အပြင် လှုပ်ရှားမှုမှာ တစ်ယူသန်ဖြစ်လျှင် အန္တရာယ်ရှိကြောင်းလည်း ဗိုလ်ချုပ်က သတိပေးပါတယ်။ အတွေ့အကြုံရှိတဲ့ လူကြီးများရဲ့ ညွှန်ပြမှုကို လူငယ်များက နာယူဖို့ ပြောပါတယ်။ လူငယ်တွေဟာ စိတ်အားထက်သန်မှု ရိုးသားမှုရှိပေမဲ့ လူကြီးတွေလို အတွေ့အကြုံ မရှိသေးဘူးလို့ ဗိုလ်ချုပ်က ပြောပြပါတယ်။

## နှစ်နိုင်ငံဆက်ဆံရေး

ဗိုလ်ချုပ်က ဆိုဗီယက်ယူနီယံနဲ့ မြန်မာနိုင်ငံရဲ့ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ဖို့ကိစ္စကိုပဲ ပြောခဲ့ပါတယ်။ အဲ့ဒီအချိန်က မြန်မာနိုင်ငံဟာ လုံးဝလွတ်လပ်ရေးမရသေးတော့ ကျွန်မတို့ နှစ်နိုင်ငံကြားမှ ဆက်ဆံမှုမရှိသေးပါဘူး၊ မြန်မာနိုင်ငံတိုးတက်ရေးဟာ အဓိကအားဖြင့် ဆိုဗီယက်ယူနီယံ အပါအဝင် နိုင်ငံတကာနဲ့ သံတမန်အရ ကူးလူးဆက်ဆံနိုင်ရေးအပေါ်မှာ တည်တယ်လို့ ဗိုလ်ချုပ်က ပြောပြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆိုဗီယက်ယူနီယံရဲ့ အတွေ့အကြုံတွေကို ရယူဖို့လိုကြောင်း ဗိုလ်ချုပ်က ပြောပြပါတယ်။ ဒါကြောင့် မြန်မာလူငယ်တွေနဲ့ဆွေးနွေးတဲ့အခါမှာ ဆိုဗီယက်ယူနီယံရဲ့အကြောင်း၊ ဆိုဗီယက်ယူနီယံမှာ ဆိုရှယ်လစ်စနစ်တည်ဆောက်နေတဲ့အကြောင်းတွေကို များများပြောပေးဖို့ ဗိုလ်ချုပ်က ကျွန်မတို့ကို တိုက်တွန်းပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာ–ဆိုဗီယက် သံတမန်ဆက်ဖို့ အဲ့ဒီအချိန်က လုံးပန်းနေပါပြီ။ ကျွန်မတို့နဲ့ တွေ့တဲ့အချိန်မှာ ဗိုလ်ချုပ် အင်္ဂလန်က ပြန်လာပါပြီ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့အခါ သံတမန်ဆက်ဖို့ လန်ဒန်မှာ ဗြိတိန်ဆိုင်ရာ ဆိုဗီယက်သံအမတ်ကြီး ဇာရူဘင်နဲ့ ဗိုလ်ချုပ်ဟာ ဆွေးနွေးခဲ့ပြီးပါပြီ။ ယခု ကျွန်မတို့ရဲ့ ထိုမျက်စိရှေ့မှာပဲ ကျွန်မတို့ နှစ်နိုင်ငံဟာ ဘက်ပေါင်းစုံ ဆက်သွယ်နေကြပါပြီ။ ယနေ့မြန်မာတွေက ဆိုဗီယက်ယူနီယံသွား၊ ဆိုဗီယက်တွေက မြန်မာနိုင်ငံ သွားနေကြတာဟာ အဆန်းမဟုတ်တော့ပါဘူး။ ဒါဟာ ကျွန်မတို့ နှစ်နိုင်ငံ တကယ့်ရင်းနှီးချစ်ကြည်နေတာကို ပြသတဲ့ ထင်ရှားတဲ့ သာဓကတစ်ခုပဲလို့ ထင်ပါတယ်။ ။

ပြည်သူ့ကြယ် အမှတ် ၂၀၊ (၁-၇-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# သူတို့မြင်သော ဗိုလ်ချုပ်အောင်ဆန်း

မောင်နေညွန့်

ဗိုလ်ချုပ်အောင်ဆန်းကို ပြည်ထောင်စုမြန်မာနိုင်ငံသားများသာမက အာရှတိုက်သား၊ ဥရောပတိုက်သားတို့ကပါ လေးစားကြည်ညိုကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံလိုက်ရသည့်အတွက် လူတိုင်းပင် နှမြောတသ ယူကျုံးမရဖြစ်မိကြပေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ကြုံသိကျွမ်းဖူးသူ၊ ရင်းနှီးစွာ ပေါင်းသင်းဖူးသူနိုင်ငံခြားသားတို့သည် ဗိုလ်ချုပ်အောင်ဆန်းကို သူတို့မည်မျှလေးစားကြောင်း၊ ကြည်ညိုကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအပေါ် မည်သို့ ထင်မြင်ယူဆမိကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်ပြီး သူတို့ရေးသားခဲ့ကြသော စာအုပ်စာတမ်းများတွင် "သူတို့အမြင်" ကို ထင်ရှားစွာ ဖော်ပြခဲ့ကြပေသည်။

ဂျပန်ခေတ်က ရန်ကုန်မြို့ရှိ "ယိုမိယူရိ" ဂျပန်သတင်းစာတိုက်တွင် သတင်းထောက်ဟန်ဆောင်ကာ လာရောက်အလုပ်လုပ်ရင်း ရဲဘော်သုံးကျိပ်အား ဂျပန်ပြည်တွင် စစ်ပညာသင်ကြားရေးအတွက် အကူအညီပေးခဲ့သည့် "ဗိုလ်မိုးကြိုး" ခေါ် ဂျပန်လူမျိုး ကေဂျီဆူဇူကီ၏ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သော မှတ်ချက်ကို ဦးစွာ တင်ပြလိုပါသည်။

"အောင်ဆန်းသည် တကယ့်ကို ဖြောင့်မတ်သောသူဖြစ်၏။ သူသည် ရဲရင့်သတ္တိရှိသော၊ ကျွမ်းကျင်မှုလည်းရှိသော စစ်ခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ သူသည် မျိုးချစ်စိတ် ပြင်းထန်သူတစ်ဦးတည်း။ ထို့ကြောင့် သူ့ကို ဂျပန်ပြည်သို့ လာရောက်စဉ်ကလည်း လေးစားရသည်၊ တော်လှန်ရေးအတွက် အတူချီတက်စဉ်ကလည်း လေးစားရလေသည်" ဟူ၍ ချီးကျူးပြောကြားခဲ့ဖူးသည်။

ဒုတိယကမ္ဘာစစ်ပြီးနောက် "ဗိုလ်မိုးကြိုး" ခေါ် "ဆူဇူကီး" ကို အင်္ဂလိပ်တို့က ဖမ်းပြီး ရန်ကုန်ထောင်သို့ ပို့ထားလိုက်လေသည်။ ဆူဇူကီး ရန်ကုန်ထောင်တွင်ရှိစဉ် ဗိုလ်ချုပ်အောင်ဆန်းသည် ဆူဇူကီးထံ တစ်ခေါက်သွား၍တွေ့ပြီး "ခင်ဗျားကို တတ်နိုင်တဲ့ဘက်က အကူအညီပေးပါ့မယ်။ နောက်တစ်ခေါက် လာတွေ့ပါဦးမယ်" ဟု ကတိပေးသွားသည်ဟု ဆို၏။ ဆူဇူကီးလည်း ဗိုလ်ချုပ်အောင်ဆန်း နောက်တစ်ကြိမ် ပေါ်လာနိုးနှင့် မျှော်နေမိလေသည်။ သို့သော် ရက်အတော်ကြာသော်လည်း ပေါ်မလာခဲ့ပေ။ ဆူဇူကီးက ဗိုလ်ချုပ်အောင်ဆန်း ကတိ ပြောသွားပြီလားဟုပင် ထင်မိလေသည်။

သို့သော် ဗိုလ်ချုပ်သည် လိမ်တတ်သူမဟုတ်ကြောင်း ကောင်းစွာသိထား၍ "ဘာဖြစ်လို့ပေါ်မလာ

www.burmeseclassic.com



...မိန့်" ဟူ၍ တွေးနေမိလေသည်။ မကြာမီ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံလိုက်ရသည်ဟု ကြားသိရမှ သူ...မလာသည့် အဖြေမှန်ကို သိရှိရပေတော့သည်။ ...ကြီးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်းရင်းနှီးနှီး ...ထိုင်ခဲ့ဖူးသူတစ်ဦးပီပီ ဗိုလ်ချုပ်အောင်ဆန်းသည် ...စွာ ကတိ တည်ကြည်ကြောင်း မှတ်ချက်ချခဲ့လေသည်။

× × ×

ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး "ဝီလီယံစလင်း" ကလည်း ဗိုလ်ချုပ်အောင်ဆန်းသည် ဖြောင့်မတ်တည်ကြည်သူတစ်ဦးဖြစ်၍ သူသည် ဗိုလ်ချုပ်နှင့်အတူ တွဲလုပ်၍ ဖြစ်...သည်ဟူ၍ မှတ်ချက်ချခဲ့လေသည်။ ဗိုလ်ချုပ် ဝီလီယံစလင်း၏စစ်တပ်သည် မိတ္ထီလာမြို့တွင် တပ်စွဲနေစဉ် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ရေးကိစ္စနှင့် ဝီလီယံစလင်း...ထံ သွားရောက်တွေ့ဆုံလေသည်။ ထိုသို့ ဗိုလ်ချုပ်အောင်ဆန်း သွားရောက်ရာတွင် ဗိုလ်ချုပ်စလင်းက ဗိုလ်ချုပ်အောင်ဆန်း၏ပုံပန်းကို ...

"ဂျပန်စားရှည်ကိုလွယ်ကာ ဂျပန်ဗိုလ်ချုပ် စစ်...တော်စုံကိုဝတ်ဆင်လျက် ဝင်လာသော ဗိုလ်ချုပ်အောင်ဆန်းကို တွေ့ရသောအခါ ဗိုလ်ချုပ်လာမည်ကို ကြိုတင်အသိမပေးထားမိသော ကျွန်ုပ်၏ ရဲဘော်အချို့သည် ...တော် လန့်ဖျပ်သွားကြသည်။ သို့သော် သူသည် ...ယဉ်ကျေးဆုံးသောအမူအရာနှင့် ကျွန်ုပ်တို့ကို ဆက်ဆံသည်။ သူသည် ကျွန်ုပ်တို့ထက် အရပ် ပုသည်၊ ကိုယ်...ကြံခိုင် တောင့်တင်းသည်၊ သန်မာဖျတ်လတ်သော ...လတ်ပိုင်းဖြစ်သည်။ သူ၏ရုပ်ရည်သည် စစ်သားမာန်...ပြီး ဝတ်စားထားပုံမှာ သေသပ်သည်။ သူသည် အကင်း...သူဖြစ်ပြီး မြန်မာတို့ဓလေ့အတိုင်း ရယ်စရာ မောစရာ...ည့်၍ စကားပြောတတ်သည်" ဟူ၍ ဖော်ပြခဲ့သည်။

ထိုမျှမက "သူသည် ဂျပန်ကိုသာ တော်လှန်လိုသည်မဟုတ်၊ ဂျပန်ဖြစ်စေ၊ ဗြိတိသျှဖြစ်စေ မြန်မာ့လွတ်လပ်ရေးအတွက် အနှောင့်အယှက်ဖြစ်လျှင် အားလုံးကို တော်လှန်မည့်သူဖြစ်သည်" "သူသည် စိတ်ထဲကရှိသည့်အတိုင်း ရဲရဲရင့်ရင့် ပြောဆိုတတ်သည်။ ၎င်းအပြင် ဖြောင့်မတ်တည်ကြည်သည်။ ထို့ကြောင့် အောင်ဆန်းနှင့် ကျွန်တော်တွဲပြီး အလုပ်လုပ်၍ ဖြစ်ပါသည်" ဟူ၍ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေသဘောထားကို ချီးကျူးခဲ့လေသည်။ သူ၏စိတ်ဓာတ်ကို နှစ်သက်ကြောင်းလည်း ဖော်ပြခဲ့လေသည်။

× × ×

မြန်မာပြည်တွင် လာရောက်နေထိုင်သွားပြီး မြန်မာပြည်အကြောင်း အင်္ဂလိပ်ဘာသာဖြင့် ဝတ္ထုစာအုပ်များ ရေးသားခဲ့သည့် အင်္ဂလိပ်စာရေးဆရာကြီး "မောရစ်ကောလစ်" သည်လည်း ဗိုလ်ချုပ်အောင်ဆန်းကို လွန်စွာ လေးစားသူဖြစ်လေသည်။ သူရေးသားသော "နောက်ဆုံးနှင့် ပထမဆုံးမြန်မာပြည်ဝယ်" စာအုပ်တွင် ...

"မြန်မာနိုင်ငံသမိုင်းတွင် ၁၉၂၀ ခုနှစ်လောက်၌ နိုင်ငံရေးနိုးကြားမှု ဖြစ်ပေါ်ခဲ့သည်။ အကယ်၍သာ ဤသို့ နိုင်ငံရေးနိုးကြားမှု မဖြစ်ပေါ်ခဲ့သော် မြန်မာပြည်သည်လည်း လွတ်လပ်ရေးရလိမ့်မည်မဟုတ်၊ ယခုကဲ့သို့ နိုင်ငံရေးနိုးကြားမှု ဖြစ်ပေါ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ပေါ်ထွန်းလာခြင်းသည်ပင်လျှင် မြန်မာ့သမိုင်းတွင် ပြောင်းလဲမှုဖြစ်မည့် လက္ခဏာ ဖြစ်ခဲ့သည်" ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းအား ချီးကျူးထားလေသည်။

× × ×

ဗြိတိန်နိုင်ငံမှ နာမည်ကြီး ဘုန်းတော်ကြီးတစ်ပါး ဖြစ်သော "ဂျီအက်ပယ်လ်တန်" ကမူ သူသည် ဗိုလ်ချုပ်အောင်ဆန်း၏ တရားပွဲတစ်ခုတွင် ကိုယ်တိုင် တက်ရောက် နားထောင်ခဲ့ရဖူးကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် စကားပြောကောင်းသူတစ်ဦးဖြစ်ကြောင်း ချီးကျူးလေသည်။ ၁၉၄၈ ခု၊ ဇူလိုင်လထုတ် "အေးရှားတစ်ရီဗျူး" စာစောင်တွင် ရေးသားဖော်ပြခဲ့သော ဘုန်းတော်ကြီး အက်ပယ်လ်တန်၏ဆောင်းပါးတွင် ...

"အောင်ဆန်းသည် ကြီးမားသော ခံယူချက်ရှိသည့် ခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ သူဖြစ်လိုသည့် ရည်ရွယ်ချက်များကို တိုင်းပြည်သို့ တင်ပြသော လူထုအစည်းအဝေးပွဲတစ်ခုတွင် သူ မိန့်ခွန်းပြောသည်ကို ကျွန်ုပ် ကြုံခဲ့ဖူးလေသည်။ ၁၉၄၆ ခု၊ ဇန်နဝါရီလတွင် ရွှေတိဂုံစေတီတော်၌ ကျင်းပသည့် လူထုအစည်းအဝေးပွဲတစ်ခုတွင် လူနှစ်သောင်းခန့် တက်ရောက်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



အနက် ကျွန်ုပ်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ အစည်းအဝေးတွင် မိန့်ခွန်းပြောရန် စင့်မြင့်ကို ခမ်းနားစွာ ပြင်ဆင်ထားလေသည်။ တရားဟောပွဲ စတင်ရန် အချိန်ကျရောက်လာသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် လူထုကြားမှပင် မထင်မရှား ထွက်လာကာ စင်မြင့်ပေါ်သို့ တက်သွားပြီး စကား စတင်ပြောကြားလေတော့သည်။ သူသည် လူများ အထင်ကြီးခံရအောင်၊ သူ့ကို လူများ လိုက်လှဲစွာ ထောက်ခံလာအောင် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားပြီးမှ ဟောပြောပုံမရပေ။ သူ့စိတ်ထဲက ရှိသည့်အတိုင်း အသံခပ်မှန်မှန်နှင့် ပြောဆိုသွားခြင်းပင် ဖြစ်သည်။ သူ့မိန့်ခွန်းသည် သုံးနာရီခွဲခန့် ကြာလေသည်။ သူ့မိန့်ခွန်းတွင် သမိုင်းဟောင်းကို ပြန်လည်လေ့လာတင်ပြချက်၊ မျိုးချစ်စိတ် နိုးကြားလာအောင် လှုံ့ဆော် တိုက်တွန်းချက်နှင့် ဆိုရှယ်လစ်ဝါဒ အတွေးအခေါ်များ ပါလေသည်။ မကြာမကြာဆိုသလို အောင်ဆန်းသည် သူဖတ်ပြောနေသည့် စာရွက်ကို ဘေးသို့ ဖယ်ကာ ဖယ်ကာ စိတ်အားထက်သန်စွာ အလွတ်ပြောတတ်လေသည်” ဟူ၍ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားခဲ့ပုံ သူ့ကိုယ်တွေ့မျက်မြင်တို့ကို မှတ်တမ်းတင်ဖော်ပြခဲ့လေသည်။

× × ×

ဗိုလ်ချုပ်အောင်ဆန်းနှင့် သိကျွမ်းသော “မစ္စတာဒွန်နစ်ဆင်” ဆိုသူ စစ်ဘက် အုပ်ချုပ်ရေးအရာရှိတစ်ဦးကမူ ဗိုလ်ချုပ်အောင်ဆန်းအား “မြန်မာပြည်ကို စည်းရုံးပေးသူ” ခေါင်းဆောင်တစ်ဦးအနေနှင့် မြင်လေသည်။ ဒွန်နစ်ဆင်က ...

“သူ၏ လုပ်ရည်ကိုင်ရည်ကြောင့်လည်းကောင်း၊ မြန်မာ့တပ်မတော်ကို စ င် စည်းရုံးဖွဲ့စည်းနိုင်ခဲ့သောကြောင့်လည်းကောင်း၊ စစ်ရေးစွမ်းဆောင်ချက်များအရလည်းကောင်း ဗိုလ်ချုပ်အောင်ဆန်းသည် မာနရှိသော မြန်မာလူထု၏ ကြည်ညိုလေးစားခြင်းကို ခံရခြင်းဖြစ်သည်။ မြန်မာလူမျိုးများအဖို့ အောင်ဆန်းသည် မျိုးချစ်သူရဲကောင်းဖြစ်သည်။ မြန်မာလူမျိုးများ အမျိုးသားစိတ်နိုးကြားရေး၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေး စသည်တို့သည်သာ သူ၏ တစ်ခုတည်းသော ရည်ရွယ်ချက်ဖြစ်သည်။ အောင်ဆန်းသည်သာ ပြည်သူလူထုကို စည်းရုံးနိုင်သော၊ ပြည်သူလူထုကိုယ်စား စကားပြောရဲသောသူဖြစ်ပြီး နှစ်ပေါင်း နှစ်ရာလောက်က အလောင်းဘုရားကဲ့သို့သော စည်းရုံးနိုင်သည့် အရည်အချင်းမျိုးရှိသူဖြစ်လေသည်” ဟူ၍ ဖရိုဖရဲဖြစ်နေသော မြန်မာနိုင်ငံကို စည်းရုံးကာ ပထမ ကုန်းဘောင်ခေတ်ကို ထူထောင်ခဲ့သည့် အလောင်းဘုရားနှင့် ဗိုလ်ချုပ်အောင်ဆန်းအား တင်စားကာ ချီးကျူးရေးသားခဲ့လေသည်။

× × ×

ထို့ပြင်မက ဗြိတိသျှပါလီမန်အမတ်တစ်ဦးဖြစ်သော “တွမ်ဒရိုင်ဘာ့ဂ်”က ဗိုလ်ချုပ်အောင်ဆန်းအား မျိုးချစ်စလားဗီးယားနိုင်ငံ လွတ်လပ်ရေးအတွက် တော်လှန်ရန်းကန်ခဲ့သော ခေါင်းဆောင်ကြီး မာရှယ်တီးတိုးနှင့် တင်စားကာ ချီးကျူးပြောဆိုခဲ့ဖူးလေသည်။ “ဒရိုင်ဘာ့ဂ်”က ဗြိတိသျှအောက်လွှတ်တော် ပါလီမန်အစည်းအဝေးတစ်ခုတွင် စကားပြောကြားရာ၌ ...

“ယနေ့ မြန်မာပြည်တွင် တိုင်းပြည်က မျှော်လင့်အားထားရမည့် အလားအလာရှိသော လူငယ် နိုင်ငံရေးသမားများ ထွက်ပေါ်နေပေပြီ။ ၎င်းတို့အထဲတွင် အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ဖော်ပြလိုသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို စတင်တည်ထောင်သော၊ တပ်မတော်ကိုခေါင်းဆောင်နေသော ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ပြီး ‘ဗမာပြည်တီးတိုး’ ဟုပင် တင်စား ခေါ်ဆိုထိုက်သည်။ သူသည် ခေတ်ပညာတတ်၊ စစ်ပညာတတ် အသက် သုံးဆယ်၊ သုံးဆယ့်တစ်နှစ်ခန့်သာ ရှိသေးသူ လူလတ်ပိုင်းဖြစ်သည်။ ကျွန်ုပ်သည် လွန်ခဲ့သော တစ်နှစ်လက မြန်မာပြည်သို့ ရောက်ရှိပြီး အနယ်နယ် အရပ်ရပ်သို့ သွားရောက်လေ့လာကြည့်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကို တိုင်းပြည်ခေါင်းဆောင်တစ်ဦးအနေနှင့် တစ်ပြည်လုံးက လက်ခံ အားကိုးနေကြသည်ကို တွေ့ရသည်။ မြန်မာပြည်အတွက် လွတ်လပ်သော ကိုယ်ပိုင်အစိုးရနှင့် အုပ်ချုပ်ခွင့်ပေးရေးကို စီစဉ် စဉ်းစားရပေပြီ’ ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းကို မြန်မာပြည်သူ ချစ်ခင်ကြ၍ သူ၏ ဦးဆောင်မှုနောက်သို့ စည်းလုံး

www.burmeseclassic.com



ရှိနေကြောင်း 'ဒရိုင်ဘာ့ဂ်' က လှိုက်လှိုက်လှဲလှဲ ချီးကျူး ပြောဆိုခဲ့လေသည်။

× × ×

ဤကဲ့သို့ မြန်မာလူထုသာမက နိုင်ငံခြားသားများ အပေါ် ချစ်ခင်ကြည်ညို လေးစားခြင်းခံရသော ဗိုလ်ချုပ် အောင်ဆန်း လုပ်ကြံခံခဲ့ရသည်မှာ ၂၃ နှစ်ပင် ကြာခဲ့ပြီ ဖြစ်သော်လည်း မြန်မာပြည်သားများ အမြဲသတိရ နှမြော တသလျက်ရှိကြပါသည်။ သို့ဖြစ်၍ မြန်မာပြည်ထောင်စု သားများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်း ဆောင်ကြီးများ၏ အသက်သွေးတို့ဖြင့် လဲ၍ အရယူပေး ခဲ့သော "လွတ်လပ်ရေး" ကို အသက်နှင့် ထပ်တူ မြတ်နိုး ထိန်းသိမ်းလျက်ရှိကြပါသည်။ လွတ်လပ်ရေးကို ထိပါး စေမည့် အန္တရာယ်ဟူသမျှကိုလည်း ဆန့်ကျင်တွန်းလှန် ပစ်ရမည်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်း သော၊ လူမှုဒုက္ခများမှ ကင်းသော၊ သာယာဝပြောသည့် ဆိုရှယ်လစ်နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် ပြည်သူလူထု သည် ညီညွတ်သော အင်အားနှင့် အောင်မြင်သည်အထိ တည်ဆောက်ကြမည်ဖြစ်သတည်း။ ။

မြဝတီ၊ အတွဲ ၁၉၊ အမှတ် ၉ (ဇူလိုင်-၁၉၇၁)

www.burmeseclassic.com

www.burmeseclassic.com



# တော်လှန်ရေး ဗိုလ်ချုပ်

## ဂျာနယ်ကျော် ဦးချစ်မောင်

မြန်မာများသည် ဂျပန်တို့၏လက်အောက်၌ အလွန့်အလွန် အနေအထိုင်၊ အစားအသောက်၊ အပြုအမူ ကျဉ်းမြောင်း ကျပ်တည်းကာ ဂျပန်တို့လက်အောက်မှ လွတ်မြောက် ရန်းကန်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော်ကြီး၏ ခြေလှမ်းကိုသာ ကြည့်ရှု မျှော်ကိုးနေကြ၏။

တစ်ပြည်လုံး၏ မျက်စိသည် ဗိုလ်ချုပ်အောင်ဆန်း၏ အပေါ်တွင်သာ စူးစိုက်ကျရောက်လျက်ရှိ၏။ တစ်ပြည်လုံး၏ နားသည် ဗိုလ်ချုပ်အောင်ဆန်း၏ စကားများ အစွန်းနိမိတ်တွင် တွဲလဲ မှီခိုလျက်ရှိ၏။

ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့တပ်မတော်ကြီးသည် ၁၉၄၂ ခုနှစ်က အင်္ဂလိပ်နယ်ချဲ့စနစ်ကို တိုက်၍ ထုတ်ခဲ့ဖူးသလို ယခုလည်း ဂျပန်ဖက်ဆစ်ဝါဒဆိုးကြီးကို တိုက်ထုတ်ပေးလိမ့်မည်ဟု အစဉ်အပြတ် ယုံကြည် ကိုးစားခဲ့ပြီးဖြစ်သည့်အားလျော်စွာ ဗိုလ်ချုပ်အောင်ဆန်း၏ အရိပ်အခြည်ကိုသာ မပြတ် ကြည့်ရှုအကဲခတ်လျက်ရှိနေခဲ့ကြ၏။

ဤအတွင်းတွင် ဂျပန်တို့က လိုချင်ရာကို ယူချင်သလို အဆီးအတားမရှိ ယူငင်နေကြ၏။

ဗမာ့တပ်မတော်၏ ခြေလှမ်းကို လိုက်၍ ကြိုကြိုကြားကြားမကျန် စုံစမ်းထောက်လှမ်းနေကြ၏။ ... လှန်ရေးအတွက် ပြင်ဆင်နေသည်ဟူ၍ သတင်းအ... ရသော ကွန်မြူနစ်ပါတီကို သဲလွန်စ လိုက်၍ ... နေကြ၏။

'မီးလျှင် အသတ်' ဟု ဆိုခြင်းကို လူတိုင်းသိကြ...

× × ×

သို့သော် အနည်းငယ်မျှလောက်သော လူတ... တစ်ပါး အများသော တိုင်းသူပြည်သားတို့ကမူ ... အောင် တောရွာ ကျေးလက်များမှ မကျန်စေရဘဲ ... ထက်သန်သော စိတ်နှင့် မည်သည့်အရိပ်အခြည်မှ ... ထွက်၊ မပေါက်ကြားရအောင် ကူညီဖုံးဖိပေးလျက် ... ကြပေ၏။ တော်လှန်ရေးလုပ်ငန်းကြီးသည် အောက်... မှစ၍ ခိုင်မြဲစွာ တစ်ရှိန်တည်း ထိုးထွက်လာရန် ... ယူလျက် စီစဉ်လျက်ရှိခဲ့၏။

ဂျပန်တို့သည် မြန်မာလူမျိုးဟုဆိုက စား... မတတ်၊ ဝါးတော့မတတ် ကြည့်ရှုအကဲခတ်နေ... အချိန်ဖြစ်ခဲ့၏။

ထိုသို့ မပြတ်မလတ် ကြည့်ရှုစောင့်ကြပ်အကဲ... နေသည့် အကြားမှပင် ဗမာ့တပ်မတော် ဗိုလ်ချုပ်ကြီး...

www.burmeseclassic.com

www.burmeseclassic.com



အမိန့်အရဖြင့် မတ်လ ၂၇ ရက်နေ့ညတွင် ဂျပန်တို့ကို တွေ့ရာနေရာ၌ ဗမာ့တပ်မတော်သားများ၊ ပြောက်ကျား တပ်သားများ၊ စစ်သားများသည် ရှိရာလက်နက်နှင့် တစ်ချိန်တည်း ထကြွတော်လှန်ပစ်ခတ်ခြင်းဖြင့် မြန်မာပြည်၏ ရွာများ၊ မြို့၊ မြစ်ချောင်း၊ တောတောင်များ၊ လယ်ယာသစ်တောများကို ဖက်ဆစ်ဂျပန် သင်္ချိုင်းများ အဖြစ်သို့ တစ်ရှိန်ချင်း ရောက်စေလျက်ရှိခဲ့၏။

၁၉၄၄ ခုနှစ်အကုန်တွင် ရခိုင်ပြည်၌ ဦးပညာသီဟ ခေါင်းဆောင်လျက် ဖက်ဆစ်ဂျပန်ကို တော်လှန်ခြားနားခဲ့ပြီးသည့်နောက် ၁၉၄၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် တစ်ဖန် မြန်မာပြည်အတွင်း မန္တလေးမြို့ကြီးမှနေ၍ ဗိုလ်မှူးကြီး ဗိုလ်ဗထူးက ဦးဦးဖျားဖျား ခြားနား တော်လှန်လိုက်သည်ကစ၍ ကျန်နေရာဒေသများ၌ ခြားနားထကြွရန် တရှူရှူဖြစ်နေကြသော တိုင်းချစ်ပြည်ချစ် ရဲဘော်ရဲခေါင် ပြောက်ကျားများသည် ဤ မတ်လ ၂၇ ရက်နေ့ည ၇ နာရီအချိန်မှစ၍ ဂျပန်တို့ကို စိတ်ရှိသလို ဖိနှိပ်ပစ်ခတ်ခွင့်ရသောအခါ ဆင်းရဲဒုက္ခကို မဆိုထားဘိ၊ အသက်ကိုပင် ပမာမထားဘဲ တိုင်းသားပြည်သူတို့ ဖက်ဆစ်မင်းမူခြင်းမှ ကင်းလွတ်အောင် အသေခံ အရဲစွန့် သဲသဲမဲမဲကြီး တိုက်ခိုက်ခြင်း ပြုနေခဲ့၏။

ဂျပန်က လက်ဦးသွားသဖြင့် သေဆုံးသွားရသော ရဲဘော်များလည်း အများပင်ရှိ၏။ ဂျပန်တို့ကို အင်အားကြီးမားသည်ကို သိလျက်နှင့်ပင် ရင်ဆိုင်ရှေ့တိုး အတင်းဝင် အတင်းတိုက်စစ်ထိုး၍ ဂျပန်တို့က ရန်ငြိုးကြီးစွာဖြင့် ပစ်ခတ်သတ်ဖြတ်ကျဆုံးသော ရဲဘော်များလည်း အများပင် ရှိနေခဲ့၏။

### ဂျပန် အောင်ဆန်းခေါ်လာသည်ဆိုသော စွပ်စွဲချက်

မှန်သလား၊ မှားသလား၊ တရားခံအစစ်ပြည်သူများနည်း။

ခေါင်းစဉ်နှင့် ဆောင်းပါးရေးရာတွင် လိုရင်းနောက်ဆုံးအချက်ကို ဖော်ပြရာ။

၁၉၄၅ ခုနှစ်တွင် မြန်မာ့တော်လှန်မှုကြောင့် ဂျပန်ကို မြန်မြန်ပြို၍ မဟာမိတ်တို့ စောစောအောင်နိုင်သကဲ့သို့ ၁၉၄၂ ခုနှစ်က မြန်မာ့တော်လှန်မှုကြောင့် အင်္ဂလိပ်တို့ မြန်မြန်ထွက်ပြေးရ၍ ဂျပန်စောစော ဝင်နိုင်ခဲ့၏။ ထို တော်လှန်မှုမရှိလျှင် ထိုအခါက ဂျပန်အဝင်နှေးရုံသာ ရှိ၏။ ဝင်မည်ကား မုချဖြစ်၏။

အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်တို့သည် စင်ကာပူကျတည်းက မြန်မာပြည်ကို အချိန်အခါကြည့်ပြီး လက်လွှတ်၍ အိန္ဒိယမှနေပြီး ခုခံရန် စိတ်နှလုံး ဒုံးဒုံးချပြီးဖြစ်သောကြောင့် ဖြစ်၏။

သို့ဖြစ်ရာ အချုပ်မှာ ဂျပန်ကို မြန်မာပြည်သို့ ရောက်အောင် ခေါ်လာခြင်းအတွက် အပြစ်ရှိသူကို ရှာလျှင် အင်္ဂလိပ်တို့တွင်သာ တရားခံအဖြစ် တွေ့ရှိရမည်ဖြစ်ပေသတည်း။

### ဂျပန်ကို ထပြီး တော်လှန်ကြခြင်းသည်

**အင်္ဂလိပ် နိုင်ခါနီး၍သာဟု ဆိုခြင်းမှာ ဟုတ်သလော၊ လုံးဝမဟုတ်ဟူသော ဆောင်းပါးတွင် အောက်ပါအချက်ဖြင့် ရှင်းအံ့။**

**ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း**

ထိုသို့ ခင်းကျင်းလျက်ရှိရာ၌ ပြီးခဲ့သည့် ပြည်လုံးကျွတ် ဖဆပလ ညီလာခံသဘင်ကြီးတွင် ဥက္ကဋ္ဌအဖြစ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းစကား မြွက်ကြားသွားသည့်အတိုင်း 'နောက်ဆုံး၌ ကျွန်ုပ်တို့ အနိုင်ရမည်မှာ သေချာသည်ကို ကျွန်ုပ်တို့ သိသည်။ ကျွန်ုပ်တို့၏ အင်အားကို ကျွန်ုပ်တို့ သိသည်။ ကျွန်ုပ်တို့၏ ခြေလှမ်းများအောင် ဆွဲ၍ မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့၏အချိန်ကို ရွေး၍ ကျွန်ုပ်တို့၏ လူထုမကြိုးပမ်းသင့်သော နေရာတွင် မကြိုးပမ်းစေဘဲ ဖြောင့်ဖြောင့်တန်းတန်း လွတ်လပ်ရေးပန်းတိုင်စခန်းသို့ ဆက်လက်ချီတက်မည်။ ကျွန်ုပ်တို့သည် လွတ်လပ်ရေးရဖို့ ကြိုးစားရာ၌ သတိပြုရမည်မှာ လွတ်လပ်ရေးသည် အကျိုးတရားမဟုတ်။ လွတ်လပ်ရေးသည် ကျွန်ုပ်တို့၏ ဆန္ဒအတိုင်း ကျွန်ုပ်တို့၏ ကံကြမ္မာကို ဖန်တီးနိုင်သော အကြောင်းတရားသာ ဖြစ်ချေသည်။ ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို ဟန်ပြအနေဖြင့် အလိုမရှိ။ ကျွန်ုပ်တို့ကိုယ်တိုင် တန်ခိုးအာဏာ အခွင့်အရေးမရှိသော (ဝါ) အနှစ်မရှိ၊ အကာအတိသာ ဖြစ်သော လွတ်လပ်ရေးကို ကျွန်ုပ်တို့ကိုယ်တိုင် ကြုံတွေ့ဖူးသည်ဖြစ်၍ ၎င်း လွတ်လပ်ရေးအတုမျိုးအတွက် ကျွန်ုပ်တို့ ထပ်မံ ကြိုးပမ်းလိမ့်မည်မဟုတ်ချေ။ ရဲဘော်တို့-

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးဆိုသည့် ဝေါဟာရကိုသာ မကြည့်ရှုပါနှင့်၊ ဤလွတ်လပ်ရေးကို ရသောအခါ လွတ်လပ်ရေးကို အကြောင်းပြု၍ လွတ်လပ်မှုအကျိုးတရားများကို ခံစားနိုင်အောင် ယခုကပင် ဤလွတ်လပ်ရေးကို ပရိယာယ်အမျိုးမျိုးဖြင့် မသိမသာ ချုပ်ချယ်မှုတို့ကို ကြီးစွာသော သတိနှင့် ကန့်ကွက်ရပေလိမ့်မည်။ ဤပြဿနာများကို ကျုပ်တို့ ယခုအခါ၌ တိုင်ပင်ဆွေးနွေး စဉ်းစားလျက် ရှိကြပေသည်။ သို့အတွက် ဘုရင်ခံသည် အဖြစ်သနစ် အစစ်ကို ရှောင်ရှား၍ ကျွန်ုပ်တို့၏ အဖွဲ့ချုပ်ကို နိုင်ငံရေး ပြောက်ကျားတိုက်ပွဲနည်းစနစ်ဖြင့် စစ်ဆင်လိုက ဆင်ပါစေ။ စီးပွားရေးဖက်ဆစ်ဝါဒတိုက်နည်းကို သုံးလိုက သုံးပါစေ၊ သို့သော်လည်း ကျွန်ုပ်တို့မှာ မတုန်လှုပ် စိတ်ဓာတ်ခိုင်မြဲစွာနှင့် လွတ်လပ်ရေးပန်းတိုင်သို့သာလျှင် ရှေးရှုပြီး ချီတက်လျက် ရှိကြသည်။ ကျွန်ုပ်တို့သည် ဘုရင်ခံ၏ ပြောက်ကျားတိုက်ပွဲများ ရှုံးမည်ကို သေသေချာချာ သိပြီးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ပြောက်ကျားတိုက်ပွဲနည်းစနစ်ကို လူထုက သောင်းသောင်းဖြဖြ အားမပေးဘဲ အောင်မြင်စွာ အသုံးမပြုနိုင်ချေ။ ဘုရင်ခံ၏ နောက်၌ လူမရှိ၊ ကျွန်ုပ်တို့၏ အဖွဲ့ချုပ်နောက်၌သာ လူထုရှိသည်ကို သတိပြုကြလော့' ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက သတိပေးခဲ့လေသည်။

**မှန်သည်၊ လူထုကြီးသည် ယခုသာမဟုတ်၊ မြန်မာပြည်သို့ ဂျပန်မဝင်မီကလည်း ဘုရင်ခံ၏ နောက်၌ မရှိခဲ့ကြ။ အင်္ဂလိပ်နယ်ချဲ့စနစ်ဖြင့် အုပ်စိုးခြင်းကို မလိုလားခဲ့ကြချေ။**

အင်္ဂလိပ်နယ်ချဲ့စနစ်မှ လွတ်၍ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တစ်သမတ်တည်း လိုလားခဲ့ကြ၏။ တော်လှန်ရေးလူငယ်များ၏ လုပ်ငန်းသည် ထို လိုလားချက်ကို ရအောင် တစ်သမတ်တည်း လုပ်ကြသော လုပ်ငန်းပင် ဖြစ်၏။

**အင်္ဂလိပ်ကို မလိုလားခဲ့ခြင်းမှာ မြန်မာများအပြစ်လား မဟုတ်**

**မဟုတ် အနည်းငယ်မျှမဟုတ်၊ အင်္ဂလိပ်တို့၏အပြစ်သာ။ ဆောင်းပါးကို ဤ နောက်ဆုံးအပုဒ်ဖြင့် ဖြေဆိုထား၏။**

အင်္ဂလိပ်တို့၏ အပြောကောင်းခြင်းသည် အလုပ်ကောင်းခြင်းစခန်းသို့ မရောက်ခဲ့။ ရောက်မည့်လက္ခဏာ မရှိခဲ့။ ၁၉၄၁ ခုနှစ်၊ ၁၉၄၂ ခုနှစ် ဂျပန် မြန်မာပြည် မဝင်မီက မြန်မာများ အင်္ဂလိပ်တို့အပေါ်တွင် လိုလားမှု မပြသခဲ့ခြင်းမှာ လိုလားမှု မရှိခဲ့ခြင်းကြောင့်ပင် ဖြစ်၏။ လိုလားမှု မရှိခဲ့ခြင်းမှာ လိုလားချင်အောင် လုပ်ဖို့ အင်္ဂလိပ်တို့ ကိုယ်တိုင်ကပင် ပျက်ကွက်ခဲ့သောကြောင့် ဖြစ်၏။ ထို့ကြောင့် အင်္ဂလိပ်ကို ဂျပန်မဝင်မီက မလိုလားခဲ့ကြခြင်းမှာ မြန်မာများ၏ အပြစ်မဟုတ်၊ အင်္ဂလိပ်တို့၏ အပြစ်သာဖြစ်၏။

**တော်လှန်ရေးလူငယ်များက**

**အာဏာကျပ်ပြည့် ရယူလိုခြင်းမှာ အဆန်းလောဟူသော ဆောင်းပါးကို ဤစာစုဖြင့်ပင် ဖြေလည်လောက်အောင် ရေးသားဖော်ပြခဲ့ရာတွင်**

မြန်မာပြည်ကို ထူထောင်ရာ၌ ပြည်သူပြည်သားများ ကျပ်ပြည့် အာဏာရမှ ထိုအာဏာဖြင့် ထိရောက်ပေါက်မြောက်စွာ ထူထောင်ရမည်ဖြစ်၏။ ထို့ကြောင့် ဖဆပလ သည် ကျပ်ပြည့်အာဏာကို ရဖို့ လုံးပန်း၏။

ဗိုလ်ချုပ်အောင်ဆန်း နှိုးဆော်သကဲ့သို့ 'ရဲဘော်တို့ ခြေလှမ်းမှန်မှန်နှင့် သွားနိုင်ရန် စိတ်ရာကိုယ်ပါ ပူးပေါင်း ဆောင်ရွက်ကြလော့- ကျွန်ုပ်တို့၏လွတ်လပ်ရေးကို ကျွန်ုပ်တို့ မကြာမြင့်မီ ရရှိမည်ဟု တထစ်ချ ယုံကြည်ကြလော့'

(ဦးချစ်မောင်၏ မသေခင် ၁၉၃၆ ခု၊ မတ် ၂၇ ရက်နေ့ တော်လှန်ရေး အထူးစာစောင်အဖြစ် ဂျာနယ်ကျော်တစ်အုပ်လုံးကို အားရပါးရ ဒိုင်ခံရေး ဖော်ပြသည့် ဆောင်းပါးမှ ကောက်နုတ်ဖော်ပြချက်များ ဖြစ်ပါကြောင်း)

ဗိုလ်ချုပ်လမ်းစဉ် အမှတ် (၂

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်

## ဒေါက်တာမြင့်ဆွေ

ဗိုလ်လက်ျာ နာလံထစပြုလာပြီးနောက် တစ်နေ့သောအခါတွင် ဗိုလ်ချုပ်ကြီးအောင်ဆန်း အသည်းအသန်များနေသဖြင့် တပည့် စစ်ဗိုလ်များက ဆရာကြီးဦးဘသန်းအား လာခေါ်ကြပါသည်။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းမှာ ယခု အင်္ဂလိပ်သံရုံးဖွင့်ထားသည့် အလံပြဘုရားလမ်းရှိ တိုက်တွင် နေထိုင်ပါသည်။ ဗိုလ်လက်ျာနာလံထစ ပြုလာသည့် အချိန်ပိုင်းမှာပင် ယခင်က ချာချီလမ်းတွင်နေပြီး ဆေးရုံသို့ နေ့စဉ် အလုပ်ဆင်းလေ့ရှိသည့် ဒေါ်ခင်ကြီးနှင့် ဒေါ်ခင်ကြည်တို့ ညီအစ်မမှာလည်း ဘီ–အိုင်–အေ ဆေးရုံကြီးအပေါ်ဆုံးထပ်သို့ ပြောင်းရွှေ့လာကြပါသည်။ ဒေါ်ခင်ကြည်တို့ ညီအစ်မနှင့် ခင်မင်ရင်းနှီးသည့် ဆရာမ မတင်ထွေးမှာလည်း ပြည်မြို့မှရောက်လာပြီး သူတို့ညီအစ်မနှင့်အတူပင် ဘီ–အိုင်–အေဆေးရုံကြီးတွင် ဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းထံမှ အခေါ်ရောက်လာသည့်အခါ ဆရာကြီးဦးဘသန်းသည် ဒေါ်ခင်ကြည်နှင့်အတူ လိုက်သွားပြီး ကြည့်ရှုပါသည်။ ထိုအချိန်က ဗိုလ်ချုပ်မှာ အပြင်းဖျားလျက်ရှိရာ အပူရှိန်မှာ ၁၀၃ အထိဖြစ်နေပါသည်။ ဆရာကြီးသည် ဗိုလ်ချုပ်အား စမ်းသပ်ကြည့်ရှု၍ ဆေးရုံသို့ ပြန်လာပြီးနောက် အပူရှိန်များစွာရှိနေသည့် ဗိုလ်ချုပ်အား အနားတွင် စောင့်ကြပ်ကြည့်ရှုရန်အတွက် ဆရာမ မတင်ထွေးအား အထူးသူနာပြုဆရာမအဖြစ် ဗိုလ်ချုပ်ထံ လွှတ်လိုက်ပါသည်။ အများသိရှိပြီးဖြစ်ကြသည့်အတိုင်း ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာ မည်သည့်အမျိုးသမီးနှင့်မှ အရောတဝင်ပြုံးရွှင်ရယ်မော၍ မနေတတ်ဘဲ အမျိုးသမီးများနှင့် ဆက်ဆံရာတွင် မျက်နှာထားတည်လွန်း တင်းလွန်းသဖြင့် ငယ်ရွယ်သေးသူ ဆရာမ မတင်ထွေးမှာ ကြောက်ကြောက် လန့်လန့်နှင့်ပင် ဗိုလ်ချုပ်အား ပြုစုခဲ့ရပါသည်။ အပူရှိန်များသည့် ဗိုလ်ချုပ်မှာ ချွေးများ အဆမတန် ထွက်နေသည့်အတွက် အိပ်ရာတွင် ကန့်လန့်အောက်မှခံရန် "Draw-Sheet" [၁] လိုလာပါသည်။ "Dear Dr. Myint, Draw-Sheet ပေးလိုက်ပါ' ဆိုသည့် စာတိုလေးတွင် အောက်မှ 'အထွေး' ဟု လက်မှတ်ထိုးလျက် ကျွန်တော့်လက်ထဲသို့ ရောက်လာပါသည်။ ထိုစာလေးရောက်လာသည့်အချိန်တွင် ကျွန်တော်သည် ဗိုလ်

---

၁။ Draw-Sheet ပိတ်အဖြူရှည်စကြီး လူနာအိပ်ရာပေါ်တွင် သွေး၊ ဆီး၊ ဝမ်း မပေကျံအောင် ဖရောင်းပုဆိုးနှင့်အတူ ခင်းပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



လှသမိန်၊ ကိုကျော့မောင်တို့နှင့်အတူ အို–ပီ–ဒီ အခန်းတွင် ရှိနေကြရာ ဗိုလ်လှသမိန်နှင့် ကိုကျော့မောင်တို့က လည်း ဆရာမ မတင်ထွေးထံမှစာကို ဝိုင်းဖတ်ကြပါ သည်။ စာဖတ်ပြီး ကျွန်တော်က စာလာပေးသူလက်သို့ Draw-Sheet ပေးမည်လုပ်ခိုက် ဖိုးကျော့မောင်က 'ဗို့– ကိုမြင့်ဆွေ ... ဒီစာကို သေသေချာချာ ဖတ်စမ်း။ ဒီးယား ဒေါက်တာမြင့် ...တဲ့။ အောက်ကလည်း အထွေးလို့ လက်မှတ်ထိုးထားတယ်။ အဲဒါ ဘာသဘောလဲ။ ဒါဟာ ဘယ်နည်းနဲ့မှ ရိုးမှာမဟုတ်ဘူး။ ဒီလိုအချိန်ကြီးမှာ လာ စွံနေပါလား' ဟု ဝိုင်းစကြပါတော့သည်။ ကျွန်တော် လည်း Draw-Sheet ကို ပေးလိုက်ပြီးနောက် အထွေး ရေးလိုက်သည့်စာကို အပြန်ပြန်အလှန်လှန်ဖတ်ရင်း ကျန်ရစ်ခဲ့ပါသည်။ ထိုနေ့မှစပြီး အလုပ်လုပ်ရင်း အထွေးအကြောင်းမှာ မကြာခဏ ကျွန်တော်၏ခေါင်း ထဲသို့ ပေါ်လာလေ့ရှိပြီး အထွေးမှာ မျက်နှာချပ်စူစူရှိ သဖြင့် မျက်နှာကြော မတည့်သည့် စိတ်များလည်း တဖြည်းဖြည်း လွင့်ပါးပျောက်ကွယ်လာပါတော့သည်။

အထွေးသည် ဆရာကြီးဦးဘသန်းကိုလည်း ကောင်း၊ အစ်မသဖွယ်ဖြစ်သည့် ဒေါ်ခင်ကြည်ကိုလည်း ကောင်း မလွန်ဆန်ဝံ့၍သာ ဗိုလ်ချုပ်အိမ်သို့ သွားရောက် ပြုစုနေရသော်လည်း ဗိုလ်ချုပ်၏ မျက်နှာထားကိုလည်း ကြောက်ရွံ့သဖြင့် အနားသို့ မကပ်ရဲဘဲဖြစ်နေရာ သို့နှင့် ပင် ညနေပိုင်းတွင် အထွေး ဆေးရုံသို့ ပြန်လာပါတော့ သည်။ အထွေးက ဆရာကြီးအား 'ဆရာ ... ဗိုလ်ချုပ် ကို ဆေးရုံခေါ်ထားရင် ပိုကောင်းပါတယ်။ အိမ်မှာဆို တော့ ဆေးရုံမှာလို အစစ ပြည့်စုံတာမဟုတ်လို့ လုပ်ရ တာလည်း အဆင်မပြေပါဘူး။ ဆရာတို့၊ မမကြည်တို့ အနားမှာထားပြီး ကုသရင် ပိုကောင်းတာပေါ့' ဟု ပြော သဖြင့် ဆရာကြီးက ဗိုလ်ချုပ်အား ဘီအိုင်အေ ဆေးရုံ ကြီးသို့ တင်လိုက်ပါတော့သည်။ ဆေးရုံသို့ ရောက်ရှိပြီး ကြပ်ကြပ်မတ်မတ် ပြုစုကုသသည့်အခါ ဗိုလ်ချုပ်၏ ဝေဒနာမှာ သိသိသာသာကြီးပင် သက်သာပါသည်။ အဖျားကျသွားပြီး သက်သာလာသော်လည်း အားအင် ပြည့်တင်းရန် လိုနေသေးသဖြင့် ဆေးရုံမှ ဆင်းခွင့်မပေး သေးဘဲ ဆက်လက်ပြုစု၍နေခဲ့ပါသည်။ အားရှိရန် ကြက်ဥ၊ နွားနို့ စသည့် အာဟာရများကို ကျွေးမွေးခြင်း၊ ရေပတ်တိုက်ပေးခြင်း စသည့် ကိစ္စများကို လုပ်ဆောင် ရန်အတွက် မျက်နှာထားတည်လွန်းသည့် ဗိုလ်ချုပ်အား အခြားဆရာမများ လုပ်ကိုင်၍ မပေးရဲကြသဖြင့် လူကြီး ဖြစ်သူ ဒေါ်ခင်ကြည်ကိုယ်တိုင် တာဝန်ယူကာ ပြုစုပေးခဲ့ ရပါသည်။ ဒေါ်ခင်ကြည်ကိုယ်တိုင်မှာလည်း ဆရာမ ကောင်းတို့၏ စိတ်ထားပြည့်ဝစွာထားပြီး စိတ်တိုတတ် သူ ဗိုလ်ချုပ်အား စိတ်ရှည်ရှည်နှင့် အတော်ပင် သည်းခံ ပြုစုခဲ့ရခြင်းဖြစ်ရာ မိခင်စိတ်အပြည့်အဝရှိသည့် ဒေါ်ခင် ကြည်၏ ပြုစုယုယမှုအောက်တွင် ဗိုလ်ချုပ်၏ သံမဏိ စိတ်ဓာတ်မှာ ဖော့ဖယောင်းပမာ ပျော့ပျောင်း၍ လာပါ တော့သည်။ ယခင်က အမြဲတမ်း မျက်နှာထားတင်းနေ ခဲ့သည့် ဗိုလ်ချုပ်မှာ ယခုအချိန်တွင် ပြုံးရိပ်သန်းလာ သည်ကို တွေ့မြင်လာရပါသည်။ ဗိုလ်ချုပ် နာလံထ အချိန်တွင် ဦးကျော်ငြိမ်း (ဖဆပလ ခေါင်းဆောင်ဟောင်း) သည်လည်း သွေးအားနည်းရောဂါဖြင့် ဆေးရုံသို့ ရောက် ရှိလာပြန်ပါသည်။ ဦးကျော်ငြိမ်းမှာ ဗိုလ်လကျာအခန်း တွင်ပင် အတူနေ၍ ဗိုလ်ချုပ်မှာမူ တစ်ဦးတည်း အခြား အခန်းတွင် နေပါသည်။

တစ်ညတွင် ကျွန်တော်သည် လရောင်အောက်တွင် ဝရန်တာသို့ထွက်ပြီး တယောလေးကိုထိုးရင်း 'စိန်ခြူး ကြာညောင်၊ လရောင်တွေလင်းပါလို့၊ မှန်ရွှေဖြူတင်းကာ မယ်ခုမျှော် ...၊ သုံးချက် စည်တော် စည်တော်၊ ရိုက်ဆော် ညှင်းတယ်လေး ...၊ လင်းမယ်ခုမျှော်' ဆိုသည့် စိန်ခြူး ကြာညောင်သီချင်းကို ဆိုနေမိပါသည်။ သံမဏိအသည်း ပိုင်ရှင်ဘဝမှ ဖော့ဖယောင်းပမာ ပြောင်းလဲစပြုလာသည့် ဗိုလ်ချုပ်သည် ကျွန်တော်၏ သီချင်းသံတွင် နစ်သီမွေ့ ကြည်နူးသွားဟန်တူပါသည်။ နောက်နေ့ ဗိုလ်ချုပ် ... အိမ်သို့ ခဏပြန်ရန် အောက်ထပ်သို့ ဆင်းလာသည် အခါ ကျွန်တော့်အား ပြုံးပြသွားပါသည်။ ဗိုလ်ချုပ်၏ အပြုံးကို မြင်ရသည့် ကျွန်တော်သည်လည်း 'ထူးဆန်း တည့် အံ့ရာသော်' ဖြစ်သွားမိပါတော့သည်။

မှတ်မိပါသေးသည်။ အချိန်မှာ ည ၇ နာရီ လကလည်း အလွန်သာနေပါသည်။ ဝရန်တာတွင် ... ပြီး တယောလေးကို စမ်းနေခိုက် ဗိုလ်ချုပ်သည် ... ဗိုလ်စကြာနှင့်အတူ ပြန်လာပြီး ကျွန်တော်၏အခန်း တံခါးကို ခေါက်ကာ 'ဒေါက်တာမြင့်ဆွေ ... တယော

www.burmeseclassic.com



ချပြီး လိုက်ခဲ့စမ်းဗျာ။ ဟို ဆရာမ မခင်ကြည်တို့ဆီ အလယ်သွားရအောင်' ဟု ပြောသဖြင့် ကျွန်တော်လည်း အချစ်တော် တယောလေးနှင့်အတူ လိုက်သွားရပါတော့သည်။ ကျွန်တော်တို့ သုံးဦးသားသည် ဆေးရုံကြီး အပေါ်ဆုံးထပ်ရှိ ဒေါ်ခင်ကြည်တို့ အခန်းသို့ တက်လာကြပါသည်။ အပေါ်ဆုံးထပ် ကော်ရစ်ဒါတွင် လရောင် ကျနေပါသည်။ လေအေးလေးမှာလည်း သစ်ပင်များကို လှုပ်ရှားစေပြီးနောက် မြက်ခင်းပြင်ကို ကျော်ဖြတ်ကာ ကျွန်တော်တို့အား ဆီးကြိုနှုတ်ဆက်လိုက်ရာတွင် ကျွန်တော်တို့မှာ လွန်စွာမှ ချမ်းမြေ့ကြည်နူးနေမိပါသည်။ ဗိုလ်ချုပ်သည် အစဉ်သဖြင့် တင်းမာခက်ထန်သော မျက်နှာထားရှိရာ ဗိုလ်ချုပ်ကို မြင်ဖူးသူများမှာ ထိုသို့ တင်းမာခက်ထန်သော သွင်ပြင်ကိုသာ မြင်ဖူးကြပါလိမ့်မည်။ အေးမြကြည်သာလှသည့် မျက်နှာပေးကို မြင်ဖူးသူ ရှိလိမ့်မည်မဟုတ်ဟု ကျွန်တော် ထင်မိပါသည်။ ညကမူ ဗိုလ်ချုပ်၏ မျက်နှာမှာ နူးညံ့ပျော့ပျောင်း သိမ်မွေ့စွာဖြင့် နှစ်သိမ့်ကြည်နူးစွာ ပြုံးနေသည်ကို ကျွန်တော် ကောင်းစွာ သတိထားခဲ့မိပါသည်။ ဗိုလ်ချုပ်၏ ထိုမျက်နှာပေးမျိုးကိုလည်း ကျွန်တော်တစ်ယောက်သာ မြင်ဖူးလိမ့်မည်ထင်ပါသည်။ ဗိုလ်ချုပ်၏ မျက်နှာထားကို အစဉ်တင်းမာစေခဲ့သည့် တိုင်းပြည်နှင့် လူမျိုးအတွက် သေရေးရှင်ရေးကိစ္စများမှာ ထိုည ထိုအချိန်က ဗိုလ်ချုပ်ထံမှ အခိုက်အတန့်အားဖြင့် ရှောင်ခွာနေပေလိမ့်မည်ဟု ကျွန်တော် ယူဆမိခဲ့ပါသည်။

ဘီအိုင်အေ ဆေးရုံကြီးအပေါ်ဆုံးထပ် အနောက်ထောင့်ထောင့်ရှိ အခန်းလေးတွင် ဒေါ်ခင်ကြည်၊ ဒေါ်ခင်ကြီးနှင့် ဆရာမ မတင်ထွေးတို့ နေထိုင်ကြပါသည်။

'ဆရာမ ... ဧည့်သည်လာတယ်' အခန်းဝတွင် ရပ်ပြီး ဗိုလ်ချုပ်က အသံပြုလိုက်ပါသည်။ ဗိုလ်ချုပ်အသံကြားသည်နှင့်တစ်ပြိုင်နက် ဒေါ်ခင်ကြီးနှင့် ဆရာမ မတင်ထွေးတို့သည် ဧည့်ခန်းတွင် ထိုင်နေရာမှ အိပ်ခန်းထဲသို့ ဝင်သွားကြပါတော့သည်။ ဒေါ်ခင်ကြည်ကမူ ပြုံးရွှင်စွာဖြင့်

'ဗိုလ်ချုပ်တို့ အလည်လာကြသလား ... ထိုင်ကြပါ ထိုင်ကြပါ။ ဧည့်ခန်းထဲက အိုက်ပါတယ်၊ ဝရန်တာ ထွက်ကြရအောင်'

ဒေါ်ခင်ကြည်က ပြောပြောဆိုဆိုနှင့် ဧည့်ခန်းထဲမှ ကုလားထိုင်နှစ်လုံး ဆွဲထုတ်ပြီး ဝရန်တာတွင် ရှိနေသည့် စားပွဲဝိုင်းလေးကို ဝိုင်းပြီးချလိုက်ပါသည်။ ကျွန်တော်လည်း အခြားကုလားထိုင်တစ်လုံး ဆွဲထုတ်ပြီး စားပွဲလေးနားသို့ ပို့လိုက်ပါသည်။ လေးယောက်သား အသီးသီးနေရာယူပြီး စကားစပြောကြပါသည်။ ကျွန်တော်၏ အချစ်တော် တယောလေးကိုမူ ဧည့်ခန်းတွင်းရှိ ခုံရှည်လေးတစ်ခုပေါ်တွင် တင်ထားလိုက်ပါသည်။ ဗိုလ်ချုပ်က စတင်၍

'ဘယ့်နှယ်လဲ ဆရာမ ... အလုပ်လုပ်ရတာ ပျော်ရဲ့လား၊ အမှုထမ်းက နည်း၊ လူနာက တဖြည်းဖြည်း များလာ။ ဆေးရုံကလည်း နေသားတကျမဟုတ်သေးတော့ ပင်ပန်းမှာပေါ့။ ရွှေတောင်တိုက်ပွဲက ဒဏ်ရာရလာတဲ့ လူနာတွေ ဘယ်အခန်းမှာ ထားသလဲ'

'အခုအချိန်မှာ အလုပ်လုပ်ရတာက ပင်ပန်းတော့ ပင်ပန်းတာပါပဲ။ ဒါပေမဲ့ ပင်ပန်းတာကိုချည်း ကြည့်လို့တော့လည်း မဖြစ်ဘူးပေါ့။ ကျွန်မတို့ သူနာပြုဆရာမတွေလည်း ကိုယ်တတ်နိုင်တဲ့အပိုင်းကနေပြီး ကိုယ့်တိုင်းပြည်အတွက် ဝင်ရောက်ကူညီဖို့ရာက ကျွန်မတို့ရဲ့ တာဝန်ပါပဲ။ ရွှေတောင်တိုက်ပွဲတွင် ဒဏ်ရာရလာတဲ့ လူနာတွေတော့ အခန်းနံပါတ် (၂)မှာ ရှိပါတယ်။ အဲဒီလူနာတွေကို ဒေါက်တာမြင့်ဆွေတို့ စောင်ရှောက်နေတာပါပဲ'

'ဆရာမ ... ကျွန်တော်တို့တတွေဟာ လွတ်လပ်ရေးရဖို့ ကြိုးပမ်းတဲ့ ခရီးတစ်လျှောက်မှာ ဆရာမတို့လို ကြင်နာယုယစွာ ပြုစုခြင်းကို တကြိမ်တစ်ခါမျှ မခံစားခဲ့ရပါဘူး။ ဒီဆေးရုံရောက်မှ အခုလို ပြုစုယုယတဲ့ ဆရာမတို့နဲ့တွေ့တော့ စိတ်ထဲမှာ ချမ်းမြေ့ကြည်နူးမိတယ်ဗျာ။ ကိုင်း ... ဆရာမ၊ သီချင်းတစ်ပုဒ်လောက် ဆိုစမ်းပါ။ ဒေါက်တာမြင့်ဆွေက တယောကိုင်ဗျာ'

'အို ... ဗိုလ်ချုပ်ကလည်း ရှက်စရာကြီး။ ဘယ်ဆိုတတ်ပါ့မလဲ'

'ဆိုသာဆိုပါ ... ရှက်စရာမရှိပါဘူး။ ကျွန်တော်တို့ချည်းပဲရှိတာပါ'

ကျွန်တော်သည် တယောလေးကို ထယူပြီး တို့ထိလျက် အသံပေါ်အောင် ဖြည်းညှင်းစွာ ဆွဲလိုက်ပါသည်။ ဗိုလ်စကြာက ကြားဝင်၍ 'ခင်ဗျား ... စိန်ခြူးကြာညောင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတတ်သားပဲ' ဟု ဒေါ်ခင်ကြည်အား ပြောလိုက်ပါသည်။ ဒေါ်ခင်ကြည်သည် ထိုအချိန်က ကြီးကျယ်ထင်ရှားလှသည့် ပုဂ္ဂိုလ်ကြီးနှစ်ဦး၏ ခိုင်းစေမှုကို မလွန်ဆန်နိုင်တော့ဘဲ သီချင်းဆိုရန် ပြင်ပါတော့သည်။ ကျွန်တော်လည်း စိန်ခြူးကြာညောင်ကို ဘောလယ်ကွက်ဖြင့် စပြီး အသံပေးလိုက်ပါသည်။ ကျွန်တော် အသံပေးလိုက်သည့် ဘောလယ်ကွက်မှာ ဒေါ်ခင်ကြည်ဆိုမည့် စိန်ခူးကြာညောင်မဟုတ်ပါ။ ဒေါ်ခင်ကြည်ဆိုမည့် စိန်ခြူးကြာညောင်မှာ စစ်ကြိုခေတ် နာမည်ကျော် ရုပ်ရှင်မင်းသမီး မေရှင်ဆိုခဲ့သော 'မယ်ခုမျှော်' သီချင်းဖြစ်ပါသည်။ ထိုအကြောင်းကို သိလိုက်သည့် ကျွန်တော်မှာ ဘောလယ်ကွက် တီးနေရာမှ သံဆန်းသို့ ပြောင်းလိုက်ပါသည်။ ဒေါ်ခင်ကြည်၏ အသံမှာ သာယာချိုအေးစွာ ထွက်ပေါ်လာခဲ့ပါသည်။

(မှန်ရွှေဖြူပြတင်းငယ်နော် ... ရော်ကာရမ်းလို့ ရွှေးမျှော် ... အရဏ်တော်ကျူးလို့ လင်းသော်၊ ပျိုမေ စောင့်လို့သာမျှော်)၂ (သန်းခေါင်ယံထဲက နော် ... ပေါ်လာမယ် စောင့်လို့မျှော်၊ တွန်ချိန်သံ ရောက်လို့ ပျို ဆွမ်းကပ်ချိန်ရောက်သော်၊ ကြက်ဖ တွန်ကျူးကျော်)၂

(စိန်ခြူးကြာညောင် လရောင်လင်းသော်၊ မှန်ရွှေဖြူပြတင်းကနော်၊ သန်းခေါင်ဦး မယ်ခုမျှော်)၂ သုံးချက် စည်တော်စည်တော်၊ ရိုက်ဆော်ညှင်းသော်၊ လင်းအောင် မယ်ခုမျှော်။

(စိမ်းကားလွန်းသော်၊ ဖိုးရွှေလကို ပြောလိုက်ပါနော်၊ ချစ်မိတဲ့သူ့အပေါ်၊ ဘယ်ဆီမှာမျှော်)၂ ခေါ်ပေးပါလားလို့နော်၊ တွေ့ရမှရွှင်ပျော်၊ စိတ်သက်သာမနော်။

(စိန်ခြူးကြာညောင် **လရောင်**လင်းသော်၊ မှန်ရွှေဖြူပြတင်းကနော်၊ သန်းခေါင်ဦး မယ်ခုမျှော်)၂ သုံးချက်စည်တော် စည်တော်၊ ရိုက်ဆော်ညှင်းသော်၊ လင်းအောင် မယ်မှမျှော်။

နာမည်ကျော် အဆိုတော် မေရှင်၏ မယ်ခုမျှော် သီချင်းမှာ ဗိုလ်ချုပ်၏ နားထဲသို့ သာယာကြည်နူးစွာ စိမ့်ဝင်သွားစေခဲ့ပါသည်။ **တောင်ဘက်မှ** တိုက်ခတ်လာသည့် လေနုအေးလေးအရသာနှင့် သီချင်းသံ၏ အရသာမှာ မည်သည်က သာလွန်သည်ကို ကျွန်တော် မဆုံးဖြတ်နိုင်ပါ။ ကျွန်တော်နှင့် ဗိုလ်ချုပ်သည် မျက် ချင်းဆိုင် ထိုင်လျက်ရှိကြရာ ကျွန်တော်သည် တ ထိုးရင်း ဗိုလ်ချုပ်ကို စူးစိုက်ကြည့်ပြီး အမျိုးမျိုး အ ခပ်နေမိပါသည်။ ထိုအခိုက် သီချင်းသံမှာ ရပ်သွ တော့သည်။ သိပ်ကောင်းတာပဲဗျာ ... တစ်ခေါက်ထ ဆိုပြပါဦး။ ဗိုလ်ချုပ်က ခိုင်းသဖြင့် ဒေါ်ခင်ကြည် ထပ်မံဆိုရပြန်ပါသည်။ တယောသံမှာလည်း ဒေါ် ကြည်၏အသံကို မှေးလျက် အကွက်ကျ ဖြစ်နေပါ သည်။ 'ကိုင်း ... တော်ပါတော့' ဗိုလ်ချုပ်က ပြေ ကျွန်တော်တို့ ရပ်လိုက်ကြပါသည်။ ထို့နောက် ဒေါ် ကြည် ဧည့်ခံသည့် ကော်ဖီနှင့် မုန့်များကို စားသော ပြီး ကျွန်တော်တို့ ပြန်လာကြပါသည်။

ဤသို့ တစ်စတစ်စနှင့် ဗိုလ်ချုပ်သည် ဒေါ် ကြည်နှင့် ရင်းနှီးခဲ့ပါသည်။ ဗိုလ်ချုပ်၏ စိတ်ဓာတ် ပြောင်းလဲလာသကဲ့သို့ပင် ဒေါ်ခင်ကြည်သည်လ ပြောင်းလဲလာသည်ကို ကျွန်တော် အကဲခတ်မိပါသ အစ ပထမတွင် ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည်နှင့် ဆုံရန်သွားတိုင်းလိုလို ကျွန်တော် လိုက်ပါခဲ့ရသော နောက်ပိုင်းတွင်မူ ကျွန်တော် လိုက်ပါသွားရန် အ မပေါ်ပေါက်တော့ပါ။ သို့သော် တစ်နေ့ ညနေ ၅ ခန့်တွင် ကျွန်တော်၏ လုပ်ငန်းတာဝန်များ ပြီ ကျွန်တော်၏ အခန်းသို့ ပြန်ပြီး အနားယူနေခိုက် ချုပ်သည် ရွှေပေါက်ပင် ဦးဘသိန်း (ယခုကွယ်လွ နှင့်အတူ ကျွန်တော်၏ အခန်းဝတွင် ပေါ်လာပါသ

'ဗျို့ ... ဒေါက်တာမြင့်ဆွေ၊ လာဗျာ။ မိန်းမ တောင်းမလို့ လိုက်ခဲ့စမ်းပါ' ဟု ဆိုင်းမဆင့် ဗုံမ ဗြုန်းခနဲ ပြောလိုက်သဖြင့် ကျွန်တော့်မှာ လွန်မ အံ့အားသင့်သွားမိသော်လည်း ဗိုလ်ချုပ်က ခေါ်နေ ကိုမူ မငြင်းနိုင်ဘဲ လိုက်သွားခဲ့ပါသည်။ ဒေါ်ခင် တို့၏ အခန်းဝသို့ ရောက်သည့်အခါ ဗိုလ်ချုပ်က တောင်းရအောင် လာတယ်' ဟု အော်လိုက်ပါသ ဗိုလ်ချုပ်၏ အသံကို ကြားသည်နှင့်တစ်ပြိုင်နက် ဒေ ကြည်သည် ရှက်ကိုးရှက်ကန်းနှင့် အခန်းထဲသို့ သွားပါသည်။ သို့သော် ကြာရှည်စွာ ပုန်း ဗိုလ်ချုပ်က အော်ခေါ်နေသဖြင့် ဒေါ်ခင်ကြည်

www.burmeseclassic.com

www.burmeseclassic.com





အခန်းထဲမှ ထွက်လာရပါသည်။ ဗိုလ်ချုပ်က 'ကျွန်တော် ပြောတာ တခြားအဟုတ်ဘူး။ မိန်းမတောင်းရအောင် ပြောတာ' ဟု ထပ်မံပြောလိုက်ပြန်ရာ ရွှေပေါက်ပင် ဦးဘ သန်းနှင့် ကျွန်တော်မှာ ကြောင်နေကြပါသည်။ ဒေါ်ခင် ကြည်ကမူ ပြုံးနေပါသည်။ ဒေါ်ခင်ကြည်ခမျာ နှင်းဆီ ပွင့်လို့ ဖြန်းနေသည့် မျက်နှာကို အောက်သို့ချလျက် ခေါင်းမဖော်ဘဲ ရှက်ပြုံး ပြုံးနေရှာပါသည်။ ဒေါ်ခင်ကြည် က မည်သို့မှ မပြောသဖြင့် ဗိုလ်ချုပ်မှာ ထိုနေ့က သူလို ချင်သည့်အဖြေကို မရရှိဘဲ အခြားစကားများကို ပြောပြီး ကျွန်တော်တို့တတွေ ပြန်လာခဲ့ကြပါသည်။

ထိုနေ့မှစပြီး ဗိုလ်ချုပ်လာတိုင်း ဒေါ်ခင်ကြည် ပုန်း ရှောင်နေလေ့ရှိသည်ကို ကျွန်တော် တွေ့ရပါသည်။ မကြာမီ မှာပင် ဗိုလ်ချုပ်မှာ ရောဂါများ ပျောက်ကင်း၍ ဆေးရုံမှ ဆင်းသွားပါသည်။ ဆေးရုံမှ ဆင်းပြီးနောက် တိုင်းပြည် အတွက် ကြီးလေးလှသည့် တာဝန်များကို ဆက်လက် ထမ်းဆောင်နေရသည့် ဗိုလ်ချုပ်နှင့် ဆေးရုံမှာ အတော် ကြာ အဆက်ပြတ်သွားပါသည်။ ထိုအချိန်က ကျွန်တော် တို့ ဆေးရုံအမှုထမ်းများမှာလည်း တစ်နေ့တခြား များ ပြားလာသည့် လူနာများအား ပြုစုကုသရန် တာဝန် ပိုမို များပါသည်။ သို့သော် ကျွန်တော်တို့တတွေမှာ မည်မျှ ပင်ပန်းနေစေကာမူ ပျော်ရွှင်စွာဖြင့်ပင် လူနာများအား စိတ်အားသမျှ အစွမ်းကုန် ပြုစုစောင့်ရှောက်ခဲ့ကြပါ သည်။ ဤသို့ ရှိသမျှ ဆရာဝန်၊ ဆရာမများနှင့် မနိုင် မနင်းဖြစ်နေခိုင် ဘီအိုင်အေ ဆေးရုံကြီးသို့ ဆရာမ တော် တော်များများ ဝင်ရောက်လာကြပါသည်။ ယခု BMH ဆေးရုံကြီးတွင် ဆက်လက်လုပ်ကိုင်လျက်ရှိကြသော သူနာပြုမှူး ဗိုလ်မှူး ဒေါ်ခင်စီ၊ ဒုသူနာပြုမှူး ဗိုလ်မှူး ဒေါ်တင်ကြည်၊ ဗိုလ်မှူး ဒေါ်ရင်နု၊ ဒေါ်ကယ်လီရား (ယခု ဗိုလ်မှူးကြီး မောင်မောင်သန်း၏ ဇနီး)၊ ဗိုလ်ကြီး ဒေါ်မြနှင့် ၎င်း၏ညီမဖြစ်သူ ဒေါ်ခင်ညွန့်၊ ဗိုလ် ဒေါ်တင် ၊ ဒေါ်ချစ်စီ (ယခု ရန်ကုန်ဆေးရုံကြီး)၊ ဒေါ်မေမေစု၊ ဒေါ်ရီရီဝင်း၊ ဒေါ်ခင်ခင်ရွှေ၊ ဒေါ်ထွေးတင်၊ ဒေါ်ရှာလီ၊ ဒေါ်သန်းစိန်၊ ဒေါ်လှစီ၊ ဒေါ်ခင်ညွန့် (ယခု အာရ်အေ) သည်တို့ ဝင်ရောက်လုပ်ကိုင်လာကြပါသည်။

တစ်နေ့ ညနေ ၅ နာရီအချိန်ခန့်တွင် ဗိုလ်ချုပ် အောင်ဆန်းက ဒေါ်ခင်ကြည်အား ညစာထမင်းစားရန် ဖိတ်ပါသည်။ ထို ထမင်းစားပွဲသို့ ဒေါ်ခင်ကြည်နှင့် အတူ ဆရာမ မတင်ထွေး လိုက်ပါသွားရန် ဖြစ်သော် လည်း အကြောင်းတစ်ခုကြောင့် မတင်ထွေး မလိုက်ဖြစ် ဘဲ ဆရာမ မမြ လိုက်ပါသွားပါသည်။ ထိုညက ဗိုလ်ချုပ် ၏ ထမင်းစားပွဲမှာ သူ၏ဘဝကြင်ဖော် ရွေးချယ်သည့် ပွဲပင်ဖြစ်ပါသည်။ ထမင်းစားပွဲအပြီးတွင် ဗိုလ်ချုပ်က ဒေါ်ခင်ကြည်အား သူ၏ဘဝခရီးဖော်အဖြစ် လက်တွဲ ရန် ခွင့်ပန်တော့ရာ ဒေါ်ခင်ကြည်လည်း မငြင်းသာတော့ ဘဲ လက်ခံလိုက်ရပါတော့သည်။

နောက်တစ်နေ့ နံနက် ၇ နာရီအချိန်ခန့်တွင် ဒေါ် ခင်ကြည်သည် Pantry[၁] ထဲတွင် ဆရာကြီး ဦးဘသန်း နှင့်တကွ ဆရာဝန်များ သောက်ရန် ကော်ဖီဖျော်နေပါ သည်။ ကျွန်တော် ကော်ဖီသောက်ရန် Pantry ထဲသို့ ဝင်သွားသည့်အခါ ဒေါ်ခင်ကြည်က 'ဒေါက်တာမြင့်ဆွေ ညက ထမင်းစားပွဲမှာ ဗိုလ်ချုပ်က သူနဲ့ လက်ထပ်ဖို့ ပြောလို့ ကျွန်မတော့ ကတိပေးခဲ့ပါပြီ။ အဲဒါ ဒေါက်တာ မြင့်ဆွေ ဘယ်လိုသဘောရသလဲ' ဟု မေးပါတော့ သည်။ 'ဘယ်လိုသဘောရရမလဲ။ ဒီလို ပုဂ္ဂိုလ်ကြီးမျိုးကို ကြင်ဘက်အဖြစ်ရတာ ဆရာမအတွက် အင်မတန် ကုသိုလ်ထူးပါတယ်။ နောင်တစ်ခေတ်မှာ ဆရာမဟာ အင်မတန် ထင်ရှားတဲ့ အမျိုးသမီးကြီး ဖြစ်လာမှာပဲ' ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။ ကော်ဖီသောက် ပြီးနောက် ကျွန်တော်၏ အလုပ်ရှိရာ အောက်ဆုံးထပ် Basement Surgical ward သို့ ဆင်းလာခဲ့ပါသည်။ ၁၀ နာရီခွဲ အချိန်ခန့်တွင် ကျွန်တော့်ထံသို့ သူနာပြု လက်ထောက် မောင်သန်းထွန်း ရောက်လာပြီး ဆရာကြီး ဦးဘသန်းက ခေါ်နေကြောင်း ပြောသဖြင့် ဆရာကြီး အခန်းထဲသို့ ဝင်သွားပါသည်။ အခန်းထဲတွင် ဒေါ်ခင် ကြည်မှာ ဗိုလ်ချုပ်နှင့် လက်ထပ်တော့မည်ဖြစ်ကြောင်း နှင့် လက်ထပ်ခွင့်ပေးပါရန် ဆရာကြီးအား ခွင့်ပန်နေ သည်ကို တွေ့ရပါသည်။ ကျွန်တော့်အား မြင်သည်နှင့် တစ်ပြိုင်နက် ဆရာကြီးက 'မောင်မြင့်ဆွေ ... ဆရာတို့ တတွေ အခုအချိန်မှာ ဆေးရုံကြီးအတွက် အင်မတန်

---

၁။ Pantry အစားအသောက်များ၊ ပန်းကန်များထားသည့် အခန်း။

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်နေတဲ့ ဆရာမကောင်းတစ်ယောက် ဆုံးရှုံးရဦးတော့မယ်။ 'ရှင်နည်းရတဲ့အထဲ အင်္ဂလူထွက်ပြန်တာပေါ့'၊ မခင်ကြည် လက်ထပ်တော့မယ်လေ။ ဒါပေမဲ့ သူ့တစ်သက်တာ နောင်ရေးအတွက်မို့ ဆရာတို့ ခွင့်ပြုရမှာပေါ့'၊ 'ကဲ ... မခင်ကြည် ... ဆရာခွင့်ပြုပါတယ်။ မင်းလုပ်စရာရှိတဲ့ အစီအစဉ်သာ လုပ်ပေတော့'။ 'မောင်မြင့်ဆွေ ... မင်းဟာ ဆရာ့ရဲ့ညီဆိုလည်း ဟုတ်တယ်၊ တူဆိုလည်း ဟုတ်တယ်' ခုလိုအချိန်ကြီးမှာ မခင်ကြည်လို ဆရာမတစ်ဦးကို လက်လွှတ်ရတာဟာ ဆရာတို့ ဆေးရုံအတွက် ဆုံးရှုံးမှုတစ်ရပ်ပဲ။ ဒါပေမဲ့ ဆရာတို့ ဝမ်းနည်းနေကြလို့ မပြီးသေးဘူး။ ဆရာတို့မှာ တာဝန်တွေအများကြီးရှိတယ်။ ကျန်ရစ်တဲ့လူနဲ့ ဖြစ်အောင်လုပ်ရမှာပဲ။ မောင်မြင့်ဆွေလည်း အားမငယ်ပါနဲ့။ အခုအချိန်မှာ ဆရာ့အနေနဲ့ မင်းရယ်၊ ဗိုလ်လှသမိန်ရယ်၊ မောင်စံမြင့်ရယ်၊ ဒီသုံးယောက်ကို အားကိုးနေရတာပဲ' ဟု ပြောပြီး ကျွန်တော့်အား လုပ်ရန်ရှိသည့် တာဝန်များ ဆက်လက်ထမ်းဆောင်ရန် ပြောလိုက်သဖြင့် ကျွန်တော်လည်း ဆရာကြီး၏ အခန်းတွင်းမှ ဖြည်းညင်းစွာ ထွက်လာခဲ့ပါသည်။ ဆရာကြီးမှာ ဆရာမကောင်းတစ်ဦး လက်လွှတ်ရတော့မည်ဖြစ်၍ မျက်နှာမကောင်းလှဘဲ ကျန်ရစ်ရှာပါသည်။

ဆရာကြီးပြောသွားသည့်အထဲမှ 'မောင်စံမြင့်' ဆိုသူမှာ စစ်မဖြစ်မီက ဆေးပညာသင်တန်းနောက်ဆုံးနှစ်တွင် သင်ကြားနေစဉ် စစ်ဖြစ်၍ 'ဆင်ပြောင်ကြီး အမြီးကျမှ တစ်' ဆိုသလိုဖြစ်ပြီး ကျွန်တော်တို့အား ဂျပန်များဖမ်းဆီးသွားပြီးနောက် မကြာခင်မှာပင် ဘီအိုင်အေဆေးရုံကြီးသို့ ရောက်ရှိလာသူဖြစ်ပါသည်။ ကိုစံမြင့်မှာ စိတ်သဘောထား နူးညံ့သိမ်မွေ့လှပြီး အလုပ်ကို ရိုးရိုးနှင့်မှန်မှန်လုပ်၍ လောကွတ်မလုပ်တတ်ရှာသူတစ်ဦး ဖြစ်ပါသည်။ ။

မှတ်မိသေးတယ် ဂျပန်ခေတ် ဆေးရုံကြီး
ကောက်နုတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ မင်္ဂလာဆောင်

## သခင်အောင်ကြီး (ပေါင်းတည်)

အဲဒီနေ့ကိုတော့ ကောင်းကောင်း မှတ်မိပါပြီ။ ကျွန်တော် သတိရှိလို့ မှတ်ဉာဏ်ကောင်းလို့တော့ မဟုတ်ပါ။ သွားပြီးမေးလို့ ရဲရဲကြီးရေးဝံ့တာ ဖြစ်ပါတယ်။ ကျွန်တော် မှတ်မိတာကတော့ စက်တင်ဘာလ နေသာသော နေ့တစ်နေ့လို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဇနီးမောင်နှံရောက်တဲ့အချိန်မှာတော့ ဗိုလ်ချုပ်ကတော်ဟာ ပန်းခြံထဲက သစ်သားခေါက်ကုလားထိုင်ကလေးပေါ်မှာ ထိုင်လျက်။ ခြံထဲမှာ ပေါင်းသင်နေတဲ့ မာလီအိုကြီးကို လိုအပ်သလို လမ်းညွှန်မှုပေးနေပါတယ်။ ဗိုလ်ချုပ်ကတော်ရဲ့ ကျန်းမာရေးအခြေအနေဟာ နိုင်ငံတော်အစိုးရရဲ့ ကောင်းမှုကြောင့် အများကြီး ကောင်းမွန်လာပါတယ်။ မနှစ်ကထက် တမြန်နှစ်ကထက် ကောင်းပါတယ်။ ဘီလပ်ကိုသွားပြီး မျက်စိနှစ်ဖက်စလုံး အောင်မြင်စွာ ခွဲစိတ်ကုသခဲ့တာ ကောင်းစွာအောင်မြင်ခဲ့ရုံမက အခြားအထွေထွေရောဂါတွေပါ စစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။ အစားအသောက်တော့ ဂရုစိုက်ဆင်ခြင်ရပါတယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန်မှာတော့ မျက်မှန်တပ်မထားပါ။ စာဖတ်တာတို့၊ ရုပ်မြင်သံကြားကြည့်တာတို့၊ ဇာပန်းထိုးတာတို့တော့ ခေတ္တရပ်ထားပါတယ်။

ဆေးကုလာပြီးတဲ့နောက် တစ်စတစ်စ ခြံကြီးကို တဖြည်းဖြည်း ရှင်းရှင်းလာရာ ကျွန်တော်တို့ ရောက်တဲ့အချိန်မှာတော့ အိမ်ပတ်ဝန်းကျင်မှာ တော်တော် လေးရှင်းလာစပြုပါပြီ။ ပန်းမျိုးစုံလည်း တော်တော်များများ ပွင့်လျက်ရှိနေပါပြီ။ ဗိုလ်ချုပ်ကတော် ဆန္ဒကတော့ ပန်းတိုင်း ပွင့်စေချင်ပါတယ်။ သူ့ခြံအတွင်းက ပန်းကလေးတွေသာ မဟုတ်။ တစ်ပြည်လုံးက ပန်းတိုင်း ပွင့်စေချင်ပါတယ်။ တစ်ပြည်လုံးသာမဟုတ်၊ တစ်ကမ္ဘာလုံးက ပန်းတိုင်းလည်း ပွင့်စေချင်ပါတယ်။ နှစ်ဟောင်းကြွေတဲ့အချိန်၊ လာမည့်နှစ်သစ်မှာ ပန်းကလေးတွေ တဝေဝေနှင့် မြင်ချင်ဟန်တူပါတယ်။ သူ့ထံ ရောက်လာတဲ့ ခရစ္စမတ်နှင့် နှစ်သစ်မင်္ဂလာ ဆန္ဒပြု ဆုတောင်းကတ်ပြားကလေးတွေကို ပြည်တွင်းက လာတာကလေးတွေကို သတ်သတ်၊ ပြည်ပက လာတာကလေးတွေကို သတ်သတ် လှပစွာရက်ထားတဲ့ ဝါး လင်ဗန်းကလေး နှစ်ခုမှာ ခွဲခြားထည့်ထားပြီး တစ်ဦးစီထံကို သူ့လက်ရေးကလေးတွေနှင့် မေတ္တာဆန္ဒ ပြန်လေ့ရှိပါတယ်။ ခရစ်ယာန်အဖွဲ့အစည်းတွေကလည်း ကိုယ်တိုင်ကိုယ်ကျ လာရောက်ပြီး မင်္ဂလာမေတ္တာ ဆန္ဒပြုကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သားကြီး သမီးကြီးတွေဟာ နိုင်ငံခြားမှ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြတဲ့အတွက် ကျွန်တော်တို့မိသားစုနှင့် ရင်းနှီးတဲ့ ရဲဘော်ရဲဘက်တစ်စုဟာ သူ့အတွက် သားကြီး သမီးကြီးများ ဖြစ်နေကြပါတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ ကြီးလာလေ ကြီးလာလေ မေတ္တာစိတ်၊ ကြင်နာတရားစိတ်တွေ၊ စာနာစိတ်တွေ များများလာတယ်လို့ ထင်မိပါတယ်။ ဗိုလ်ချုပ်ကတော်ရဲ့ ပြောစကားတိုင်းဟာ မေတ္တာလွှမ်းတဲ့ စကားတွေသာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ သားကြီးတို့ သမီးကြီးတို့ သားငယ်တို့ဟာ ကန်တော့ပြီးတိုင်း ပြီးတိုင်း ဗိုလ်ချုပ်ကတော်ရဲ့ နီရောင်သမ်းနေတဲ့ သွေးကြောကလေးတွေနဲ့ ပါးနီကလေးနှစ်ဖက်ကို တစ်ဖက် တစ်ချက်စီ နမ်း၊ နဖူးကျယ်ကျယ်ပြန့်ပြန့်ကြီးကို တစ်ခါထပ်နမ်းတဲ့အချိန်မျိုးမှာ ပီတိတွေဖြာသွားပြီး မျက်ရည်တွေ ဝေ့လာကာ ဆုတွေ တသီကြီး ပေးလေ့ရှိပါတယ်။ အဲဒီလို အခါတိုင်းအခါတိုင်း သူ့သားကြီး၊ သမီးကြီးတွေနဲ့ မြေးကလေးတွေကို ဖျတ်ခနဲဖျတ်ခနဲ သတိရမှာ မုချဖြစ်ပါတယ်။ ဒါပေမဲ့ အင်မတန် က္ခန္တီ သိမ်းဆည်းနိုင်ပါတယ်။ သူ့စိတ်ထဲမှာ ဘယ်လိုရှိရှိ ကျွန်တော်တို့ကိုတော့ လုံးဝ မသိစေခဲ့ပါ။ သူ့တစ်ယောက်ထီးတည်း လုံးဝ မညည်းမတွား အေးချမ်းခြင်းကို မရအရရှာပြီးနေပါတယ်။

ယခုနှစ် လွတ်လပ်ရေးဟာ အနှစ် လေးဆယ်မြောက်လွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ ဒီလိုဆိုတော့ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးတာဟာ နှစ်ပေါင်းလေးဆယ့်တစ်နှစ်တိုင်ပြီပေါ့ခင်ဗျာ။ အဲဒီ နှစ်ပေါင်းလေးဆယ့်တစ်နှစ် ကာလပတ်လုံး ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ဟာ လွတ်လပ်ရေးဖခင်ကြီးဖြစ်တဲ့၊ ဗမာ့တပ်မတော်(မြန်မာ့တပ်မတော်) ရဲ့ ဖခင်ကြီးလည်း ဖြစ်တဲ့ နိုင်ငံတော်ခေါင်းဆောင်ကြီး သခင်အောင်ဆန်းရဲ့ဇနီးပီသစွာ ဂုဏ်သိက္ခာရှိရှိ ရိုးသားစွာနေပြီး နောက်လာ နောက်သား ခေါင်းဆောင်ကတော်များကို သင်ခန်းစာပေးလျက်ရှိပါတယ်။ သူ့မှာ ကားမရှိပါ။ ဘာ စိန်လက်ကောက်၊ ဘာစိန်နားကပ်၊ ဘာစိန်ဆွဲကြိုးမှ မရှိပါ။ သူ့အိမ်မှာ ဘာပစ္စည်းမှ ကြီးကြီးကျယ်ကျယ် မရှိပါ။ ယခင်ကဆိုလျှင် လုပ်သက်ပင်စင်ကိုပင် စွန့်လွှတ်၍ (တိုင်းပြည်စီးပွားရေးအခြေအနေအရဟု ဆိုသည်) နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးပင်စင်ငွေ တစ်ထောင်ကျပ်သာ ယူပြီး ခြိုးခြံစွာနေပါတယ်။ ခြံထဲတွင် ပန်းပင်စိုက်၍ ရောင်းပါတယ်။ ပန်းပင်စိုက်တယ်ဆို၍ အထင်မကြီးစေချင်ပါ။ (နိုင်ငံခြားမှ မှာသည့် သစ်ခွမျိုး လုံးဝ မရှိပါ။ ရခိုင်ဘက်မှ အထူးမှာယူပြီး စိုက်ကြသည့် သဇင်မျိုးမပါပါ။) သာမန် ဘိသိက်ပန်းနှင့် နှင်းဆီပန်းမျိုးမျှသာ ဖြစ်ပါတယ်။

ကျွန်တော့်စိတ်သည် ဗိုလ်ချုပ်ကတော်နှင့် စကားပြောရာ ဤအင်းလျားကန်စပ် တစ်နေရာမှ ဝေးကွာသော တခြားအင်းလျားကန်စပ်တစ်နေရာသို့ ဗိုလ်ချုပ်တို့နေခဲ့သည့် အိမ်ကလေးကို အမှတ်ရမိပါတယ်။ ဗိုလ်ချုပ်တို့နေခဲ့သည့် ထိုအိမ်ကလေးမှာ တစ်ထပ် တိုက်အိမ်သေးသေးကလေး ဖြစ်ပါတယ်။ ထိုအိမ်က လေးမှာ ပြည်လမ်း တစ်နေရာက မြေနီလမ်းကလေးအတိုင်း နှစ်ထပ်တိုက်ကလေး သုံးတိုက်ကိုကျော်လျှင် ရောက်ပါတယ်။ အိမ်မှာ အင်းလျားကန်စပ်ဆိုပေမယ့် ကျွေ့ကလေးတစ်ကွေ့အတွင်းမှာရှိပြီး ရေမျက်နှာပြင်၏ မျက်နှာစာတွင် ကျွန်းကလေးတစ်ခု ခံနေ၍ လှပသော ရှုခင်းကျယ်နှင့် အင်းလျားကန်ကြီးကိုတော့ မမြင်နိုင်ရှာပါ။ သို့ပေမဲ့ အေးချမ်းဆိတ်ငြိမ်သော အရသာကိုတော့ ခံစား၍ ရပါတယ်။ အိမ်ကလေးမှာ ခေါင်းရင်းဘက်တွင် အိပ်ခန်းနှစ်ခန်းရှိ၍ ခြေရင်းဘက်တွင် အိပ်ခန်းတစ်ခန်းနှင့် မီးဖိုခန်း၊ အလယ်တွင် ရှေ့နောက်တိုးလျှိုပေါက် ထမင်းစားခန်းကလေးတစ်ခုနှင့် ဧည့်ခန်းငယ်တစ်ခု ရှိပါတယ်။ အလှအပဆို၍ အိမ်ခန်းကလေးနှစ်ခန်းအနက် တစ်ခန်းမှာသာ ဇာခန်းဆီးကလေး တပ်ထားတာကလွဲပြီး ဘာမှ မည်မည်ရရ မရှိပါဘူး။ အဲဒီအိပ်ခန်းဟာ ဗမာ့ကာကွယ်ရေး တပ်မတော်ရဲ့ ဖခင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အိပ်ခန်း ဖြစ်ပါတယ်။ မှန်တင်ခုံကလေးတစ်ခုလည်း ရှိပါတယ်။ သစ်သားဗီရိုတစ်ခုလည်း ရှိပါတယ်။ အဲဒီဗီရိုက နဂိုကရှိနေတဲ့ ဗီရိုဖြစ်ပါတယ်။

အဲဒီ အိမ်ကလေးရော နောက်က တိုက်သုံးလုံးရောဟာ ကျွန်တော်တို့၊ ဗိုလ်မောင်မောင်တို့ ထားတဲ့ တိုက်တွေ ဖြစ်ပါတယ်။ ဂျပန်ခေတ် ဘီအိုင်အေ ဖျက်သိမ်းပြီး ဘီဒီအေ (Burma Defence Army ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းချိန်လောက်မှာ

www.burmeseclassic.com



ရန်ကုန်ပြည်လမ်းမှာ ဌာနချုပ်တစ်ခု ဖွင့်ပါတယ်။ ဖွင့်ချိန်က ဂျပန်စစ်ဘက် အကြံပေး အရာရှိများနှင့် ဗမာ့ကွယ်ကွယ်ရေး တပ်မတော်ဌာနချုပ်ကို ပူးတွဲထားပါတယ်။ ယခင် စိန့်ဖလိုမီနာကျောင်းနှင့် ဓားလွယ်ခုတ်၊ စိန့်ဗင်းဆင့် ကျောင်းနေရာ ကုန်းမြင့်ကလေးမှာ ဖြစ်ပါတယ်။ ဘေးမှာတော့ ထမင်းစားရုံကို တဲတိုးထားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ထိုစဉ်က ကာနယ်အဆင့်ပဲ ပေးထားတဲ့အတွက် ကာနယ်အောင်ဆန်းလို့ပဲ ဂျပန်တွေက ခေါ်ပါတယ်။ ဂျပန်ဘက်က အကြံပေးအရာရှိချုပ်မှာလည်း ကာနယ် အဆင့်ဖြစ်တဲ့ ဂျပန်စစ်ဦးစီးမှူး ကာနယ်ဖူးကွီးဆိုသူ ဖြစ်ပါတယ်။ ကာနယ်အောင်ဆန်းအောက် လက်ဖတင် နင်ကာနယ်များအဖြစ် ဗိုလ်စကြာနှင့် ဗိုလ်လက်ျာတို့ ဖြစ်ကြပါတယ်။ ရဲဘော် သုံးကျိပ်ထဲက သဲကုန်းသား ဗိုလ်မြင့်ဆွေ (ဗိုလ်ကြီးအဆင့်) တစ်ဦးသာ ရှိပါတယ်။ ကျန်အရာရှိတွေထဲကတော့ ဗိုလ်မှူးအဆင့်တစ်ယောက် ဗိုလ်မှူးသိန်းဟန် ဆိုတာ ရှိပြီး ဗိုလ်ကြီးမောင်မောင်တို့၊ ဗိုလ်ကြီးခင်မောင်ကလေးတို့၊ လက်နက်ဘက်က ဗိုလ်သူရိန်၊ မြင်းဘက်က ဗိုလ်တင့်ဆွေ၊ ဗိုလ်အေးငွေ စသည်တို့ ရှိကြပါတယ်။ စောစောပိုင်းက ဗိုလ်ကြီး မောင်ဝင်းကို ဘဏ္ဍာရေးမှူး၊ (နောက်ပိုင်း ထောက်ပံ့ ရေးဌာနကြီးမှူး)အဖြစ် ထားရှိပြီး သူ့လက်အောက်မှာ ဗိုလ်ဗတင် (သံတွဲသား ကွန်မြူနစ်ပေါက်စ ကိုသိန်းဖေကြောင့် ကင်ပေတိုင် အဖမ်းခံရသူ သခင်ဗတင်) စတဲ့ သူတွေနဲ့ ဗမာ့တပ်မတော်ဌာနချုပ်ကို ကြေတာဖြစ်ပါတယ်။ စောစောပိုင်းမှာ ဘီအိုင်အေနှင့်အတူ ပါလာတဲ့ ကပ္ပတိန်ဆဝါရှိမားဟာ ဦးစီးဌာနအကြံပေးအဖြစ် ဆောင်ရွက်ရာက ခဏအကြာမှာ မင်္ဂလာဒုံ ဗိုလ်သင် တန်းကျောင်းအုပ်အဖြစ် ရွှေ့ပြောင်းသွားပြီး နောက် ကပ္ပတိန်အော့စဘူဟာ ဦးစီးဌာနမှူးအဖြစ် ဆက်လက် ဆောင်ရွက်ပါတယ်။ ယခင် ဘီအိုင်အေမှ ပါလာသော ဂျပန်များကို အကြံပေးအရာရှိအဖြစ် ခြလျင်တပ်ရင်းတွေမှာ တပ်ရင်းလေ့ကျင့်ရေးပြီးသည် ထိထားပြီး တစ်စတစ်စ ရုပ်သိမ်းသွားပါတယ်။

ဗိုလ်မောင်မောင်ဟာ ကာနယ်အောင်ဆန်းရဲ့ ကိုယ်ရံတော်လည်း ဟုတ်၊ အတွင်းရေးအတွင်းဝန် (သို့မဟုတ်) စက္ကတေရီလည်း ဟုတ်သည့် တာဝန်ယူရပါတယ်။ တော်လှန်ရေးလုပ်သည့်အချိန်ထိ တောက်လျှောက် ထိုတာဝန်ယူခဲ့ရပါတယ်။ ထိုစဉ်က ကျွန်တော်ဟာ ပျဉ်းမနားရှိ တပ်ရင်း (၁) မှာ ဘဏ္ဍာရေးမှူးတာဝန်ယူရန် ဖြစ်သော်လည်း ခေတ္တရန်ကုန်တွင် နေနေရပါတယ်။ သင်တန်းလား၊ လစ်နေတာလားတော့ မမှတ်မိတော့ပါ။ ကျွန်တော် ဗိုလ်မောင်မောင်နှင့် အတူတူ အလံပြဘုရားလမ်း ခုဗြိတိသျှ သံအမတ်ကြီးအိမ်မှာနေချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ တော်တော်လေးဖျားတဲ့အတွက် ဆေးရုံတင်ရတဲ့ အခြေအနေ ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ နေခဲ့ရတဲ့ အလံပြဘုရားလမ်းက အိမ်ကြီးဟာ ရန်ကုန်မှာ အကောင်းဆုံးသော ဗြိတိသျှလူမျိုးများပိုင် အိမ်များအနက် အကောင်းဆုံးတစ်ခုဖြစ်ပါတယ်။

အလွန်ကျယ်သော ပန်းခြံနှင့် ဝင်းခြံကြီးအလယ်တွင် အိမ်ထောင်ပရိဘောဂ အပြည့်အစုံ နဂိုအတိုင်းကျန်ရစ်ခဲ့ပါတယ်။ ဧရာဝတီသင်္ဘောကုမ္ပဏီ မန်နေဂျာချုပ်၏အိမ် ဖြစ်ပါတယ်။ အလွန်ကျယ်သော ဖဲကတ္တီပါကြီးတွေနှင့် ခန်းဆီးကြီးများ တစ်အိမ်လုံးမှာ တပ်ထားပါတယ်။ ဧည့်ခန်းတွင် ခန်းလုံးပြည့် ကော်ဇောကြီးများ ခင်းထားပြီး ပန်းဆိုင်းကြီးများ၊ ပိုးသားကုလားထိုင်ကြီးများ ရှိနေပါတယ်။ ဧည့်ခန်းနှင့်ကပ်လျက် စာကြည့်ခန်းကြီးမှာ စာအုပ်အပြည့် မှန်ဗီရိုကြီးများ ထားရှိပြီး သားရေဆိုဖာကြီးများဖြင့် ဆင်ယင်ထားပါတယ်။ ထမင်းစားခန်းမှာလည်း ဖိတ်ဖိတ်တောက်နေသော ကျွန်းစာပွဲခုံကြီးနှင့် ၂၄ ယောက်စာလား၊ ၁၂ ယောက်စာလား မမှတ်မိသော ကုလားထိုင်များ၊ ပန်းချီကားချပ်ကြီးများ၊ ငွေအစစ်လား၊ ငွေရောင်တင်တွေလား မမှတ်မိတော့သော ဇွန်းခက်ရင်း ငွေထည်များ၊ ကြွေထည်များ၊ ပန်းအိုးကြီးများနှင့် အလွန်ခမ်းခမ်းနားနား ရှိပါတယ်။ ကျွန်တော် မှတ်မိတာကတော့ ကျယ်ပြန့်လှသော ကျွန်းသားအနက် လှေကားထိပ်တွင် လူတစ်ရပ်ကျော်ကျော် မြင့်သော ဖန်ပေါင်းချောင်ကြီးနှင့်ထားရှိသော ချိန်သီးနှင့် နာရီကြီး ဖြစ်ပါတယ်။

အိမ်အပေါ်ထပ်ခန်းတွင် အိပ်ခန်း လေးခန်းလား၊ ငါးခန်းလားမသိ ရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခန်းကျယ်ကြီး အလယ်ကောင်တည့်တည့်မှာ နှစ်ယောက်အိပ်ခုတင်ရှိပြီး ခြင်ထောင်မှာ သံကြိုးသေးသေးကလေးများနှင့် ကြိုးတန်းဆွဲပြီး နံရံကပ်ထားရပါတယ်။ ခြင်ဆန်ခါရှိသော်လည်း ခြင်ထောင်ကိုတော့ ရှေးပိုင်ရှင် သုံးခဲ့ပုံ ပေါ်ပါတယ်။ ကျွန်တော်တို့ ရဲဘော်တစ်စုက နောက်ဖေးဘက်ခန်းမှာ အိပ်ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း မရောက်မီ ဗိုလ်မှူးကြီးကိုယ်တိုင် ဤအိမ်ကြီးမှာ တခမ်းတနား နေခဲ့ပါတယ်။ အဲဒီလို အိမ်ကြီးမျိုးမှာ မနေလို။ အေးအေးဆေးဆေး အိမ်ငယ်ကလေး (Cottage) ကလေးတစ်ခုနှင့် နေလိုပါသည်ဆို၍ ကိုမောင်မောင်နှင့် ကျွန်တော်တို့နှစ်ယောက် ရန်ကုန်တစ်ခွင် ပြပြစင် အိမ်လိုက်ရှာကြပါတယ်။ ထိုစဉ်က ရန်ကုန်ရှိ အိမ်ကြီးအိမ်ကောင်းများမှာ မြန်မာပိုင်အိမ် ဟူ၍ မရှိသလောက်ဖြစ်ပါတယ်။ အထူးသဖြင့် မျက် နှာဖြူပိုင်ကုမ္ပဏီများမှ အရာရှိများ၊ မျက်နှာဖြူအစိုးရ အရာရှိများ၊ တရုတ်သူဌေးအချို့ပိုင် အိမ်များသာ များပါတယ်။ အင်းလျားကန်စောင်းရှိ အရာရှိအိမ်များမှာ ဂျပန်အရာရှိများက နေနှင့်ကြပြီးဖြစ်ပါတယ်။ ပြည်လမ်း ၆ မိုင်ပတ်ဝန်းကျင်တွင် ကိုမောင်မောင်နှင့် ကျွန်တော်တို့ နေရာဦးလိုက်ကြပြီး ဂျပန်အကြံပေး အရာရှိချုပ်ထံမှ စာရွက်များယူ၍ ထိုနေရာတစ်ဝိုက်ကို ယူလိုက်ကြပါတယ်။ အဲဒီ မြေနီလမ်းကလေးအဆုံးရှိ တစ်ထပ်တိုက်ကလေးကို ဗိုလ်ချုပ်အောင်ဆန်း၊ နောက် ဖေးကပ်လျက်တိုက်ကို ဗိုလ်မောင်မောင်၊ နောက်တစ် တိုက်ကို ဗိုလ်ရှိန်း၊ နောက်တစ်တိုက်ကို ဂျပန်ပြန် ဗိုလ်မြင့်ဆွေတို့ နေကြပါတယ်။ ထိုလမ်းနီကလေးထိပ် ဝင်ပေါက်ဝတိုင်တွင် ဂရပ်စ်မေယာအဲနင်းဗယူးလို့ အင်္ဂတေမှာ ရေးထားတာကို ယခုထိ တွေ့နိုင်ပါတယ်။

ထိုလမ်းနှင့်ကပ်လျက် နောက်ကျောဘက်တွင် အခြားလမ်းနီကလေးတစ်ခုရှိပြီး ပထမတစ်ထပ်အိမ်ကလေးတွင် တစ်ဦးနေပြီး ဒုတိယအိမ်တွင် ဗိုလ်လင်းယုန် (ရဲဘော်သုံးကျိပ်) တို့ နေပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းအိမ်နှင့် ဗိုလ်လင်းယုန်အိမ်ကြားတွင် သစ်သားနှစ်ထပ်အိမ်ကြီးပဲရှိ၍ နောက်ပိုင်း ဗိုလ်မောင်မောင်၏ မိဘများဖြစ်သော ဦးကြို့နှင့်အိမ်သားများ ရောက်လာသောအခါ ကျွန်တော်တို့က သစ်သားအိမ်ကြီးသို့ ပြောင်းရွှေ့နေကြပါတယ်။ ထိုလမ်းနီကလေးအဆုံးတွင် သစ်သားဘန်ဂလိုလေးရှိ၍ အင်းလျားကန်စပ် ရောက်သွားပါပြီ။ ထိုအိမ်တွင် ဗိုလ်ခင်မောင်ကလေး နှင့် နှမများ နေကြပါတယ်။

အဲဒီလမ်းနှင့်ကပ်လျက် လမ်းတစ်လမ်းမှာတော့ မည်သည့်အိမ်မျှ မရှိဘဲ ကန်စပ်ရောက်မှ အလွန်လှပသောရှုခင်းနှင့် အိမ်တစ်လုံး ရှိပါတယ်။ ပန်းဥယျာဉ်နှင့် ဖြစ်ပါတယ်။ ရဲဘော်သုံးကျိပ် ဗိုလ်စကြာနေသော အိမ်ကြီးမှာ ရှေးဟောင်းအိမ်ပုံစံမျိုးဖြစ်ပြီး ဧည့်ခန်း အလယ်လောက်တွင် အလွန်ကြီးမားသော စန္ဒရားကြီး ရှိပါတယ်။ ဗိုလ်စကြာမှာ ထိုစဉ်ကပင် တခမ်းတနား နေလေ့ရှိပါတယ်။

ကျွန်တော်တို့အနေနှင့် ဗိုလ်ချုပ်အောင်ဆန်းဆန္ဒကို လိုက်လျောတာဆိုရင်လည်း ဟုတ်တယ်။ တမင် ရွဲ့ကြတာဆိုရင်လည်း ဟုတ်ပါတယ်။ ရွဲ့တဲ့အကြောင်းကတော့ ဆေးရုံတက်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းမှာ ငှက်ဖျားရောဂါနှင့်အတူ မိန်းမယူလိုသောရောဂါပါ တွဲကပ်လာပါတော့တယ်။ ဂျပန်ခေတ်ဆေးရုံမှာ ယခု စစ်ရုံးချုပ်နေရာမှာ ဖြစ်ပါတယ်။ ယခု ဆင်ဝင်နှင့်အပေါ်ဆုံးတည့်တည့်တွင် အခန်းတစ်ခုရှိ၍ တစ်ခန်းတွင် မှန်ဖြင့် ကာရံထားပါတယ်။ ထိုအခန်းတွင် ဗိုလ်ချုပ်အောင်ဆန်း တက်ရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ပြုစုရန် တာဝန်ကျသူကတော့ ဒေါ်ခင်ကြီး (သခင်သန်းထွန်း၏ ဇနီးဟောင်း) ဖြစ်ပါတယ်။ အလွန်မျက်နှာထားချိုသာပြီး လူနာကို အလွန် အလိုလိုက် ချော့မော့လေ့ရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းမှာ ကလေးဆိုးကြီးသဖွယ် နွဲ့ဆိုးဆိုးလေ့ရှိပါတယ်။ နှုတ်ခမ်းစူထားပြီး ဆေးမသောက်ဘဲ ငြင်းဆန်လေ့ရှိပြီး ဒေါ်ခင်ကြည် (ဗိုလ်ချုပ်ကတော်လောင်း) တိုက်မှ သောက်မည်ဟု ဂျစ်ကန် ဂျစ်ကန် လုပ်လေ့ရှိပါတယ်။ ဤသည်ကို ဗိုလ်မောင်မောင်တို့၊ ကျွန်တော်တို့နှစ်ယောက် အထူးမကျေမနပ် ဖြစ်ကြရပါတယ်။ ဒီလောက် မိန်းမ ပိုးထရန်ကောဟု ပွစိပွစိ လုပ်ကြပါတယ်။ လုပ်သည့် အခါတိုင်း ဗိုလ်ချုပ်အောင်ဆန်းက ရယ်ဖြဲရယ်ဖြဲ လုပ် လေ့ရှိတယ်။ ကျွန်တော်တို့ကိုလည်း "ဟေ့ ... မင်းတို့ ရော မိန်းမ မယူသေးဘူးလားကွ။ ယူကွ ဝဝဖြိုးဖြိုး

www.burmeseclassic.com

www.burmeseclassic.com



ယူ။ ဒါမှ ဖက်လို့ကောင်းတယ်" ဟု ပြောလေ့ရှိပါတယ်။ ဒါကိုပဲ ကျွန်တော်တို့ မကျေမနပ် ဖြစ်ရပြန်ပါတယ်။ အဲဒီအချိန်ထိ သူဟာ သိပ်ပြီး လူပျိုမသိုးသေးပါ။ အသက် ၂၇ နှစ်လောက်ပဲ ရှိပါသေးတယ်။ အောင့်လို့ရသေးတယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့တစ်တွေဟာ မလိမ်မိုး မလိမ္မာ လူပျိုမပေါက်တပေါက်အရွယ်မှာ ကျောင်းသားသမဂ္ဂကနေပြီး နိုင်ငံရေးထဲ အူကြောင်ကြောင် ရောက်လာကြသူတွေ ဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးအတွက် အသက်အသေခံ အသက်ပေးပြီး လုပ်ကြရမယ်ဆိုလို့ အကယ် လိုက်လုပ်ကြတဲ့သူတွေ ဖြစ်ပါတယ်။ ဘီအိုင်အေတွေ ရန်ကုန်ဝင်စ ရှိပါသေးတယ်။ ခေါင်းဆောင်တစ်ယောက် ဖြစ်တဲ့ ကိုလှမောင်ဟာ ဖျာပုံသွားပြီး သေန်းရင်ဆိုတဲ့ ကျောင်းသူဟောင်းတစ်ယောက်ကို ယူလာပါတယ်။ လွတ်လပ်ရေးဟာ ဘယ်မှာနေမှန်း မသိသေးဘူး။

အဲ ... သူမိန်းမယူပြီး ဂိုးဒင်းဗယ်လီဆိုတဲ့ ရွှေတောင်ကြားရပ်ကွက်မှာ ညှော်ခံပွဲလုပ်ပါတယ်။ မြို့ထဲက ဖောက်လို့ရတဲ့ အရက်တွေ မိုးမွှန်အောင် သောက်ကြ ပျော်ကြနှင့် ဘီအိုင်အေတပ်တွေက အညာတောင် မတက်ရသေးဘူး။ ဟော ... မြန်းဆို ခေါင်းဆောင်ဆရာချစ်က ကျောင်းသူတပည့်မလေး မသန်းညွန့်ကိုယူပြီး အဲဒီအိမ်နှင့် ဓားလွယ်ခုတ်တိုက်တစ်လုံးမှာ ညှော်ခံကြပြန်ပါတယ်။ ကျွန်တော်တို့ ဘီအိုင်အေတပ်တွေက အထက်ချီတက်ဖို့ စတုန်းရှိပါသေးတယ်။ နောက်ကြောခင် သခင်လူအေးဆိုတဲ့ ဒုတိယပိုင်းတစ်ယောက်မိန်းမ ထပ်ယူပြန်ပါတယ်။ နောက် တပ်တွေတက်ပြီးအပြန် မန္တလေးမှာ ဘီအိုင်အေတပ်တွေ ဖျက်ကြရပါတယ်။ ငိုကြ ယိုကြနှင့်၊ ဂျပန်တပ်တွေကလည်း ဗမာတွေကို ညှဉ်းပန်း၊ ကင်ပေတိုင်တွေကလည်း နိုင်ငံရေးသမားတွေ၊ ဘီအိုင်အေတွေဖမ်း၊ ကျွန်တော်တို့လူငယ်တွေ အံတကြိတ်ကြိတ် ဖြစ်နေချိန်မှာ ရဲဘော်သုံးကျိပ် ဗိုလ်ဇေယျဟာ မန္တလေး ဘီအိုင်အေရုံးနေရာ ဂူရုတီကျောင်းမှာ မန္တလေးက ကျောင်းသူ မခင်တင့်နှင့် လက်ထပ်၊ အငြိမ့်တွေ ဘာတွေနှင့် ရဲဘော်သုံးကျိပ်တွေက ကြည့်ကြ၊ မူးကြ၊ ရူးကြမို့ ကျွန်တော်တို့ လူလတ်ပိုင်းတစ်စုဟာ ကြိတ်မနိုင်ခဲမရ ဆဲကြ ဆိုကြနှင့် ဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးက ဘယ်မှာနေမှန်းမသိ၊ ခေါင်းဆောင်ပိုင်းက မိန်းမတွေယူ၊ တိုက်ကြီးတွေပေါ် တက်နေကြ၊ ဇိမ်ယူကြနှင့်နေရမလားဟု အမျက်အကျကြီး ကျခဲ့ပါတယ်။

စိတ်ပျက်လက်ပျက်နှင့် ကျွန်တော်တို့တစ်တွေ ရန်ကုန်တပ်ခေါက်ပြီး လာကြလို့ ရန်ကုန်ရောက်တဲ့အချိန်မှာ ကိုကျော်ငြိမ်းတစ်ယောက် မော်လမြိုင်သွားပြီး တက္ကသိုလ်ကျောင်းသူ မနွယ် (နောင် ဒေါ်နွဲ့ရီ)ကို လက်ထပ်ပြန်လာခဲ့တယ်။ နောက် အဲဒီ ဂိုးဒင်းဘယ်လီတိုက်တစ်တိုက်မှာ အဖွဲ့သားနေနေတာ တွေ့ရပြန်ပါတယ်။ ဟော ... အခုတော့ ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက် သူနာပြုဆရာမကြီး မခင်ကြည်ကို မရလျှင် မနေနိုင်ဖြစ်နေပြန်တော့ ကိုမောင်မောင်တို့ ကျွန်တော်တို့ လူသိုက်အနေနှင့် သည်းမခံနိုင်လောက် အောင်ဖြစ်တာကို အဆိုးမဆိုသင့်ဘူးလို့ ဆိုပါတယ်။

ဘယ်လောက်ပဲ နိုင်ငံကို အသက်နှင့် လဲပါမည်ဆိုဆို ဇနီးသံယောဇဉ်၊ သားသမီးသံယောဇဉ်တွေ ပါလာတော့ ငွေစရာတွေဖြစ်လာပြီး ထိုသံယောဇဉ်တွေကို ဂျပန်က ကိုယ့်ရှေ့မှာ လက်သည်းခွံခွာ၊ အရေပြား တွေ လှီးလျှင်တော့ ဇာမဏီစိတ်ထားနိုင်မည့်သူ ရှားမည်ဟု ယုံကြည်တယ်။ ကိုယ့်အနေနှင့် မည်မျှလောက် ခံနိုင်ရည်ရှိပါစေ။ ဇနီးသားသမီးများ ကိုယ့်ရှေ့မှာ အညှဉ်းဆဲခံရတာ မြင်နေလျှင်တော့ ခံနိုင်စွမ်းရှိဖို့ မလွယ်။ သို့အတွက် တော်လှန်ရေးသမားတွေ လွတ်လပ်ရေး မရမီတော့ မိန်းမမယူဘဲ အောင့်ထား တောင့်ထားရမည်ဟု ကျွန်တော်တို့ လူသိုက်က ယူဆထားတယ်။

သို့အတွက် ဗိုလ်ချုပ်အောင်ဆန်းအတွက် အိမ်ရာစဉ်က အိမ်ထောင်ပရိဘောဂတွေ အိမ်ဟောင်းက တစ်ခုမှ မယူခဲ့ဘဲ အရွဲ့တိုက်သည့်အနေဖြင့် စမ်းချောင်း မင်္ဂလာလမ်း အိမ်နံပါတ် ၄၆ မှ ခုတင်ဟောင်းတစ်လုံး၊ သစ်သားလက်ရန်းနှင့် ဆိုဖာဟောင်းသုံးခုကို အဲဒီ မင်္ဂလာလမ်းမှာရှိတဲ့ ဒေါ်ဂျမ်းစိန်(ရုပ်ရှင်ပညာသည်)ရဲ့ ခင်ပွန်း၊ ဦးလှဖေ(သတင်းထောက်)ရဲ့ စီစဉ်ပေးမှုအရ ငွေတစ်ရာ့တစ်ဆယ်နှင့် ဝယ်ပြီး ထားရှိခဲ့ပါတယ်။ ချက်ဗလက် (ဗီလပ်စ်) ကား အနီကြီးကို ဗိုလ်မိုးကြိုး

www.burmeseclassic.com

www.burmeseclassic.com



က ပေးခဲ့သော်လည်း ဂျပန်အကြံပေးအရာရှိများက ဂျပန်အကြံပေးအရာရှိချုပ် ကာနယ်ဖူဂျီကို ပေးရန် တောင်းသည်ကို ကိုမောင်မောင်နှင့် ကျွန်တော်တို့က မပေးသဖြင့် လာတောင်းသူ ဗိုလ်ရန်နိုင်တပ်မှ အကြံပေးအရာရှိ အီနာမူရာနှင့် အကြီးအကျယ် စကားများပြီး ယခု ဗြိတိသျှသံအမတ်ကြီးလမ်းကြားရှိ ဆက်သွယ်ရေးရုံးတွင် အကြံပေးဦးစီးများနေရာသို့ သွားရောက်ရင်ဆိုင်ခဲ့ရသည့် အခြေအနေပင် ရောက်ခဲ့ရပါတယ်။ ထိုစဉ်က ဂျပန်အရာရှိကြီးကပွတိန်ကာဒဝါးရှိမားက ကျွန်တော်တို့ဘက်မှလိုက်ပြီး 'ဟုတ်တာပေါ့၊ သူတို့လည်း သူတို့ ဗိုလ်ချုပ်စီးတဲ့ကားကို ဘယ်ပေးချင်ပါ့မလဲ' ဟု ဖျန်ဖြေသောကြောင့် ထိုကားနီကြီးကို ကျွန်တော်တို့ ပြန်ရခဲ့ပါတယ်။

နောက်ဆုံးတော့ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူနာပြုအမျိုးသမီးကြီး မခင်ကြည်တို့ မင်္ဂလာပွဲကို ပြည်သူ့ဆေးရုံကြီးတွင် ဒေါက်တာဘသန်းက ကမကထပြုလုပ်ပြီး လက်ထပ်တော့မည့်အကြောင်း သိကြသောအခါ ကျွန်တော်တို့ လူငယ်တစ်စု ယမ်းပုံမီးကျ မျောက်မီးခဲကိုင် ပွစိပွစိ ဖြစ်ကြပါတယ်။ ထိုကိစ္စကို အလွန်လျင်သည့် ဗိုလ်စကြာက ချော့သည့်အနေနှင့် ရေညှိစိမ်းရောင် သက္ကလတ်စအပါးများကို စစ်ဝတ်စုံချုပ် ရန် ဗိုလ်ရဲထွဋ်၊ ဗိုလ်လင်းယုန်၊ ဗိုလ်မိုးညို၊ ဗိုလ်မောင် မောင်၊ ဗိုလ်ဝင်းနှင့် ကျွန်တော်တို့ကို တစ်စုံစာစီပေး ချော့ခဲ့ပါတယ်။

မင်္ဂလာဆောင်ကိစ္စကိုတော့ ကျွန်တော့်ဆောင်းပါးတစ်စောင်တွင် အကြမ်းဖျင်းရေးခဲ့ပြီးပြီ ထင်ပါတယ်။ ကျွန်တော်တို့ လူငယ်ပိုင်းတစ်စု မသွားစတမ်း သပိတ်မှောက်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ တကယ်တော့ ကျွန်တော်တို့တစ်စု သွားကြသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ ထူးတော့ထူးမည် မဟုတ်ပါ။ မင်္ဂလာဆောင်ကတော့ ဆောင်မြဲဆောင်မည် ဖြစ်ပါတယ်။ ဗိုလ်စကြာကတော့ ချော့ပါသေးတယ်။ ကိုမောင်မောင်တို့ ကျွန်တော်တို့ကတော့ မပျော့ပါ။ မင်္ဂလာဆောင်နေ့မှာ တော့ ကပျက်ယပျက် တစ်ခုခုတော့ လုပ်ကိုလုပ်မည် ဟု ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အင်္ဂလိပ်လိုတော့ (ဆပ်ကောကပ်ချ်)ပေါ့ခင်ဗျာ။ အနည်းဆုံး လက်သည်းကလေးနှင့်ဖြစ်စေ ခြစ်လိုက်ရမှ ကျေနပ်မှာ ဖြစ်ပါတယ်။

မင်္ဂလာဆောင်နေ့ ရောက်ပါပြီ။ ဗိုလ်မောင်မောင် တစ်ယောက် သံစူး၍ အိပ်ရာက မထနိုင်ပါ။ ကျွန် တော်တို့နှစ်ယောက် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း လုပ်၍ ဂျပန်ထံမှ ရန်ဖြစ်ပြီး ရယူထားသည့် ချက်ခ လက် ဆလွန်းကားနီကြီးကို ဆေးကြောရန်နှင့် ပြင် ဆင်ရန်ဆိုပြီး ကားပြင်ဆိုင်သို့ လွှတ်လိုက်ပါတယ်။ သုံးနာရီခွဲ လေးနာရီမှ ပြန်လာရမည်ဟု တိတိကျကျ အမိန့်ထုတ်လိုက်ပါတယ်။ အိမ်မှ ထမင်းချက် မောင်သန်း ကြီး၊ ဒုအရာခံဗိုလ်မင်းအောင် (အငြိမ်း) ကိုလည်း အပြင်ဘက်သို့ လျှောက်လည်ခိုင်းပြီး ညဘက်မှ ပြန် လာခိုင်းပါတယ်။ ဗိုလ်ချုပ်အိမ်တွင် ဗိုလ်ချုပ်အောင် ဆန်းပဲ ရှိ၍ ကျွန်တော်တို့ နောက်ဖေးဘက်အိမ်တွင် ကိုမောင်မောင်နှင့်ကျွန်တော်သာ ရှိတယ်။ မင်္ဂလာ ဆောင် နီးလေလေ ဗိုလ်ချုပ်အောင်ဆန်း ဖင်တကြွကြွ ဖြစ်လေလေ။ ကျွန်တော်တို့နှစ်ယောက် ကျိတ်ဝမ်းသာ လေလေဖြစ်ပြီး ကျေနပ်နေကြပါတယ်။ တော်တော် ကြာ ဗိုလ်ချုပ်က ကားမလာသေးဘူးလားဟု ကင်းစောင့် ရဲဘော် လွှတ်မေးပါတယ်။ ကျွန်တော်တို့ကလည်း မလာ သေးဘူးဟုသာ ဖြေလိုက်ပါတယ်။

မင်္ဂလာဆောင် အခမ်းအနားကျင်းပသည့် သူများ လည်း သတို့သား ဗိုလ်ချုပ်အောင်ဆန်း ရောက်မလာ ၍ တမျှော်မျှော်၊ ဘာများဖြစ်ကြပါလိမ့်ဟု စိုးရိမ်သူ စိုးရိမ်နေဟန် တူပါတယ်။ နောက်ဆုံး မနေနိုင်သည့် အဆုံး ဗိုလ်စကြာက စက်ဆန်း သခင်အောင်ကြီး စေလွှတ်ပြီး လိုက်ကြည့်စေခိုင်းပါတယ်။ သခင်အောင် ကြီး သူ့ဘေဘီအော်စတင် ကားစုတ်ကလေးနှင့် ရှ ချက်ဖွတ်ချက် ရောက်လာပါတယ်။ ဗိုလ်ချုပ်အောင် ဆန်းလည်း ရဲဘော်တစ်ယောက်အား ကျွန်တော့် လွှတ်ပြီး အခေါ်ခိုင်းပါတယ်။ ကျွန်တော် လိုက်သွား တော့ 'မင်္ဂလာဆောင် လိုက်ခဲ့' ဟု ဆိုပါတယ်။

ကျွန်တော်က 'အဝတ်အစား မဝတ်ရသေးဘူး' ဆိုတော့ သူက 'သွားဝတ်ချေ' ဟု ဆိုပါတယ်။ ကျွန်တော်က 'ဟုတ်ကဲ့' ဟု ဆိုကာ အိမ်ပြန်လာ စစ်ဝတ်စုံဝတ်ပြီး ပြန်လာပါတယ်။ ဗိုလ်စကြာ ပေး နောက်ဆုံး ရေညှိစိမ်းဝတ်စုံ အသစ်စက်စက်ကြီး မြင်းစီးဘွဲတ်ဖိနပ်ရှည်၊ မြန်မာလုပ် ဂျုန်တားရှည်

www.burmeseclassic.com

www.burmeseclassic.com



ဂိုက်ကျကျ၊ ဗိုလ်ချုပ်အောင်ဆန်း ဘေးမှာကပ် လျက် သတို့သားရဲ့ လူပျိုရံ ကိုယ်ရံတော်အဖြစ် ပြုံးစေ့စေ့ကြီးနဲ့ ပါသွားတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ ခပ်တည် တည်ပဲ ဖြစ်ပါတယ်။ ကိုမောင်မောင်နှင့် ကျွန်တော်တို့ နှစ်ယောက် သက်သက်ပညာပြကြမှန်း သူသိပါတယ်။ လုံးဝမသိဘိသကဲ့သို့ ဣန္ဒြေဆောင်လျက် ဖွတ်ချက်ဖွတ် ချက်နှင့် ကားကလေးခေါ် ဆောင်ရာကို ပါခဲ့ကြပါတယ်။ သခင်အောင်ကြီး မလာမလာနှင့် ကြာနေသည့်အတွက် ဗိုလ်စကြာက နောက်ထပ် သူ့ကားကြီးနှင့် လူတစ် ယောက်ကို ထပ်လွှတ်လိုက်ပြန်ပါတယ်။ သူ့ကားကြီးကို ဟတ်ဆင်ကားကြီးလို့ပဲ မှတ်မိပါတယ်။ ဦးဝိစာရလမ်း မော်ကွန်းတိုက် အကွေ့ထောင့်တွင် ကျွန်တော်တို့ ကားနှင့် ဆုံမိပြီး 'ဟ ... ဘယ်လိုဖြစ်လာကြတာတုံး' ဟု ဆိုကာ ကားချင်း လဲလှယ်စီးရန် ပြောပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက 'နေပါစေ' ဟု တစ်ခွန်းတည်း ပြော၍ သခင်အောင်ကြီး(စက်ဆန်း) အား ဆက်မောင်း ခိုင်းပါတယ်။ ဆုံဆည်းပုံကတော့ သခင်အောင်ကြီးတစ် ယောက်က ကားမောင်း။ ဗိုလ်သခင်အောင်ကြီးတစ် ယောက်က လူပျိုရံလုပ်ပြီး သတို့သားကြီး ဗိုလ်ချုပ် အောင်ဆန်းခေါ် ကာနယ်အောင်ဆန်းဟာ မင်္ဂလာဆောင် ရာ ဆေးရုံနေရာ မင်္ဂလာဂေဟာ (ယခု စစ်ရုံးချုပ်) သို့ ဆာဘီအော် စတင်ကားစုတ်ကလေးကိုစီးကာ နောက်ပါ ဟတ်ဆင်ကားကြီးက အရန်အဖြစ် လိုက်ပါလျက် ဖွတ်ချက် ဖွတ်ချက်နှင့် ကားနှစ်စီးပေါ်တီကိုအောက် ဆိုက်ရောက်လာသောအခါ လည်ပင်းတရှည်ရှည်နှင့် ဧည့်သည်များမှာ 'ဟယ် ... ဘယ်လိုဖြစ်လာပါလိမ့်' ဟူသော အာမေဋိတ်နှင့်အတူ သူတို့မျက်စိအောက်တွင် အပေါက်ဝမှ စည်တန်းထားသည့် ရွှေကြိုးကို ဗိုလ်ချုပ် သည် ခါးမှာ ချိတ်ထားသော ဂျပန်ဓားစစ်စစ်ကြီးကို ချွတ်ကာ ဓားအိမ်နှင့်ရိုက်ချပြီး ဆောင့်ဆောင့်နှင့် တက်သွားသည်ကို တွေ့လိုက်ရပါတယ်။

ထိုနေ့ကိုတော့ ကောင်းကောင်းမှတ်မိပါတယ်။ ၁၉၄၂ ခု၊ စက်တင်ဘာလဆန်း တစ်ရက်ရက်တွင် ဖြစ် မှန်းတော့ သိနေပါတယ်။ သို့အတွက် ကျွန်တော်၏ စိတ်ကူးနှင့်အတူ အင်းလျားကန် ရေပြင်ပေါ်သို့ ကျော် ပြီး မြင်ယောင်နေသော တောင်ထန်းပင်ကလေး သုံး ပင်နှင့် တစ်ထပ်တိုက်ဟောင်းကလေးဆီမှ ပွဲ့လွင့်နေ သောစိတ်ကို ပြန်ခေါ်လိုက်ပြီး ဗိုလ်ချုပ်ကတော် ဒေါ်ခင် ကြည်ကို မေးမိပါတယ်။ 'ဗိုလ်ချုပ်တို့ လက်ထပ်တဲ့ ရက်က ဘယ်ရက်လဲ' ဟု ဖြစ်ပါတယ်။ စက်တင်ဘာ လ ၆ ရက်ပါတဲ့ ခင်ဗျား။

နောက်ဆက်တွဲကလေး တစ်ခုလောက်တော့ ထပ် ရေးချင်လိုက်ပါတယ်။ အဲဒီည ထမင်းချက် မောင်သန်း ကြီးကို တခြားလွှတ်ထားတဲ့အတွက် 'ညစာချက်ထား ပြီးသား မရှိ' ဆိုတာ ဖြစ်ပါတယ်။ မောင်သန်းကြီးဟာ ယခုတော့ မြေနီကုန်းဈေးနားမှာ အငြိမ်းစား အရာခံ ဗိုလ်မင်းအောင်အဖြစ် အငြိမ်းစားလျက်ရှိပါတယ်။

အဲဒီညစာကိုတော့ ဗိုလ်စကြာကပဲ လသာလမ်း တရုတ်တန်းကို ချိုင့်တွေနှင့်လွှတ်ပြီး ဝယ်ခိုင်းက ပျား ရည်ဆမ်း ဇနီးမောင်နှံသစ်နှင့်အတူ လိုက်လံပို့ကြသူ များကို ကျွေးမွေးပြုစုပါသတဲ့ ခင်ဗျား။

'စားပါစေ၊ စားပါစေ'

ဗိုလ်ချုပ်အောင်ဆန်းက ချဉ်ပေါင်ကြော်တို့၊ ပဲ ကြီးအိုးကပ်တို့ စတဲ့ အညာစာတွေ ကြိုက်ပါတယ်။ အိမ်ထောင်မကျမီအထိ သူ့ရဲ့နေရေးထိုင်ရေး၊ စားရေး သောက်ရေး၊ အဝတ်အစားတွေကအစ ဘာကိုမှ ဂရု စိုက်ခဲ့သူ မဟုတ်ပါ။ ကိုမောင်မောင်တို့၊ ကျွန်တော်တို့ က ကြည့်ရှုဝယ်ပေး၊ ဆင်ပေးရသူ ဖြစ်ပါတယ်။ ကို မောင်မောင်နှင့် ကျွန်တော်တို့နှစ်ယောက်မှာလည်း ကျွန်တော်က ကုန်သည်သားသမီး၊ ကိုမောင်မောင်က အစိုးရအရာရှိ သားသမီးဖြစ်နေတော့ ကျွန်တော်ကပဲ ဝယ်ခြမ်းပေးရပါတယ်။

ဂျပန်ခေတ်တစ်လျှောက်လုံး မြန်မာစစ်ဗိုလ်တွေ မှာ ဂျပန်စစ်ဗိုလ်တွေနည်းတူ စစ်ဝတ်စုံတစ်စုံ၊ သက္ကလတ်ရေညှိရောင် အစိမ်းတစ်စုံ၊ ရှပ်အင်္ကျီအဖြူ လက် တိုတစ်ထည်၊ စွပ်ကျယ်နှစ်ထည်၊ သုံးထည်သာ ရှိကြ ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းမှာလည်း လက်ထပ် သည်အထိ ၎င်းအတိုင်းသာ ရှိပါတယ်။ ပိုပြီး တိတိကျ ကျ ပြောရလျှင် ယူနီဖောင်း ရေညှိရောင်တစ်စုံ၊ ရှပ် အင်္ကျီနှစ်ထည်၊ စွပ်ကျယ်လက်စက သုံးထည်၊ ချည် လုံချည်နှစ်ထည်လောက်ပဲ လက်ထပ်ခါနီးမှာ ရှိပါ တယ်။ အသေရရ အရှင်ရရ မိန်းမယူကိုယူတော့မယ်

www.burmeseclassic.com

www.burmeseclassic.com





ဖြစ်လာတဲ့အခါမှာတော့ သတို့သားအတွက် ပိုးလုံချည်လေး၊ တိုက်ပုံအင်္ကျီလေး လိုလာပါတယ်။

ကျွန်တော်ကိုယ်တိုင် ကိုမောင်မောင်နှင့် ရန်ကုန်နိုင်ဈေး (ယခု ဗိုလ်ချုပ်ဈေး) သွားပြီး သတို့သားအတွက် ဘန်ကောက်ပိုးလုံချည်တစ်ထည် ဝယ်ပါတယ်။ အရောင်ရွေးတဲ့အခါမှာ ထော်လော်ကန့်လန့်အဖြစ်ဆုံး ဖြစ်မေ့ဆိုတဲ့ အရောင်ရှာပြီး သင်္ကန်းရောင် ဝါဝါထိန်ကြီးတစ်ထည်၊ ကတ္တီပါ ပိန်းတန်းဖိနပ်သစ်နက်ပြာရောင်တစ်ရံနှင့် အဲဒီ ရန်ကုန်နိုင်ဈေးထဲမှာပဲ စက်ချုပ်တဲ့ သူကို သူတို့ဆိုင်နားက ခပ်ပိန်ပိန်၊ အရပ်မနိမ့်မမြင့် တစ်ယောက်ကို ရှာပြီး ဗိုလ်ချုပ်နှင့်ရွယ်တူလောက်ဆိုပြီး ရုပ်အင်္ကျီ ကော်လာမပါတစ်ထည်နှင့် တိုက်ပုံတစ်ထည် ချုပ်ပေးခဲ့ပါတယ်။ ဘန်ကောက်လုံချည်ကို ဆယ့်တစ်ကျပ်တိတိ ပေးခဲ့ရပါတယ်။ အဲဒီလုံချည်ကို တာဝါလိန်းပြတိုက်မှာ တွေ့နိုင်မည် ထင်ပါတယ်။ သူက အဲဒီအရောင်ကို မြိန်ရည်ရှက်ရည်သဘောကျပုံပေါ်ပါတယ်။

နောက် သူ ချဥ်ပေါင်ရွက်ကြော် ကြိုက်တယ်ဆိုပြီး မင်္ဂလာဆောင်ပြီးတဲ့အချိန်ကစပြီး နေ့စဥ်လိုလို မောင်သန်းကြီးကို ချဥ်ပေါင်ရွက်ကြော်ချည်း ဆက်တိုက် ချက်ပို့ခိုင်းပါတယ်။ ကျွန်တော်တို့လည်း မသက်သာပါ။ ချဥ်ပေါင်ကြော်ပဲ ကိုယ်ပါ စားရပါတယ်။ ကျွန်တော်မှတ်မိသလောက်တော့ သုံးလေးရက်လောက်ပဲ ကြာတယ်ထင်ပါတယ်။ ဗိုလ်ချုပ်ကတော်က ထမင်းအိုး၊ ဟင်းအိုးတွေ ဝယ်ပြီး ကိုယ့်ဘာသာ ကိုယ်ချက်ပါတယ်။ ဗိုလ်ချုပ်ကတော်ကတော့ အမှတ်ရချင်မှ ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ကိုယ်ကိုယ်တိုင် တမင်လုပ်တာဖြစ်လို့ မေ့မရပါ။

ကျွန်တော်တို့ကိုယ်တိုင်က အဲဒီလို အရွဲ့တိုက်လုပ်လေတော့ တစ်နှယ်ငင် တစ်စင်ပါ ဆိုသလို အိမ်စောင့် ရဲဘော်တွေရော၊ ထမင်းချက်တဲ့ ရဲဘော်က မကျန် ဗိုလ်ချုပ်ကတော့ ဒေါ်ခင်ကြည် ခိုင်းလျှင် ကလန်ကဆန် တော်တော်လေး လုပ်လေ့ရှိတယ်ဆိုတာကို နောက်ပိုင်း ဒေါ်ခင်ကြည်ကိုယ်တိုင် အကျပ်ကိုင်ပြီး ခပ်တင်းတင်း တပ်ပြန်ခိုင်းတာတွေထိဖြစ်ပြီး ဗိုလ်ချုပ်ကိုယ်တိုင် စိတ်မချမ်းမသာဖြစ်သလောက် ဖြစ်ခဲ့ရဖူးတယ်ဆိုတာ အနှ နှစ်ပေါင်းလေးဆယ်လောက် ရောက်မှသိရပြီး ကျွန်တော်တို့ဘာသာ ကျိတ်ပြီး နောင်တရမိပါတယ်။ အဲဒါကြောင့် တတ်နိုင်သမျှ ကြိုးစားပြီး ကိုယ်ပြုမိတဲ့ အကုသိုလ်ကို ပြေလည်လို ပြေလည်ငြား သဘောထားကာ စောင့်ရှောက်နိုင်သမျှ စောင့်ရှောက်ခြင်းဖြင့် ကိုယ့်စိတ်ကို ကိုယ်ကျိတ်ပြီး ဖြေရပါတယ် ခင်ဗျား။

မိခင်ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် သက်တော်ရာကျော် ရှည်ပါစေလို့လည်း ဆုတောင်းကြပါတယ်။ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ကို တိုက်ရိုက်တွေ့ခွင့် မကြုံနိုင်သေးသူများအတွက် အလွမ်းပြေ ကြည့်ရှုနိုင်ရန် ဗိုလ်ချုပ်ကတော် လက်ရေးနှင့် စာကလေးကို နောက်ဆက်တွဲလိုက်ပါတယ်ခင်ဗျား။

ပေထူးလှ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်မသိသော ဗိုလ်ချုပ်

## ငွေဥဒေါင်း

[ ၁ ]

ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်မသိပါ။ ကျွန် ...ကြ မသိခဲ့လျှင် ကျွန်တော်လို ပါချည်ပါချဲ့အကောင် ...ကောင်က ဗိုလ်ချုပ်လို ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ် ...က်က အဘယ်ပုံ သိနိုင်ပါအံ့နည်း။

သို့ရာတွင် ဗိုလ်ချုပ်ကို ကျွန်တော်သိပါသည်။ ... ဖူးပါသည်။ အမှတ်မထင်သော ကိစ္စကလေးတစ်ခု ...ငှ့်ပတ်သက်၍ ဗိုလ်ချုပ်အား သိမှတ်ခဲ့ရဖူးပါသည်။ ... ကိစ္စကလေးများမှာ ဗိုလ်ချုပ်အဖို့ ဘယ်လောက်မျှ ...း မကြီးသော သာမန်ကိစ္စ အသေးအမွှားကလေး ... ဖြစ်သော်လည်း ကျွန်တော့်အဖို့မှာမူ ဘဝတစ်သက် ...အဖို့ မေ့ပျောက်၍ မရနိုင်သော ကိစ္စကြီးများဖြစ် ...ကြောင့် မှတ်တမ်းတင်လိုက်ရပါသည်။ မိတ်ဆွေ ...ာများကိုမူကား ပြောပြရပေါင်းများပါလေပြီ။ ။

[ ၂ ]

၁၉၃၈ ခုနှစ် ဗိုလ်အောင်ကျော်ကိစ္စ၊ ကျောင်း ... အရေးတော်ပုံ မီးတောက်နေချိန်ဖြစ်၏။

ထိုအချိန်က ကျွန်တော်သည် ဆူးလေဘုရားစာအုပ် ...ားနှင့် မျက်နှာချင်းဆိုင် ၃၂ လမ်း၊ အခန်းတစ်ခန်းတွင် ဘားမားအေဂျင်စီ ဟူသောအမည်ဖြင့် ဆိုင်းဘုတ်တပ်ကာ တွေ့ကရာ ကုန်များ ရောင်းချနေ၏။ မြန်မာအဆွေ တိုက်နောက်ဖေး ရှေးက နာမည်ကျော် အဒေါ်ကြီး ထမင်းဆိုင်အောက်ထပ်ရှိ လန်ဘားလက်ဖက်ရည်ဆိုင်မှာ ပုလိပ်ရုံး၊ ဟိုက်ကုတ်၊ မြန်မာ့အလင်း သတင်းစာတိုက် စသော ရုံးပေါင်းစုံ၊ တိုက်ပေါင်းစုံမှ စာရေးစာချီများတို့ နေ့လယ် လက်ဖက်ရည်သောက်ဆိုလျှင် စုရုံးဆုံစည်းရာ နေရာဖြစ်၏။

တစ်နေ့ခင်း လက်ဖက်ရည်သောက်နေချိန်တွင် ဆိုင်တွင်းသို့ ကျောင်းသားတစ်သိုက်ဝင်လာ၏။ သူတို့လက်ထဲတွင် တချို့ငွေဖလား၊ တချို့ ကွမ်းအစ်ဖုံး၊ တချို့ လက်ကိုင်ပဝါများကိုင်ကာ ကျောင်းသားအရေးတော်ပုံ ရန်ပုံငွေအတွက် ပိုက်ဆံ အလှူခံကြ၏။ ထိုကျောင်းသားများအနက် အခြားသူများမှာ ရိုးရိုးဝတ်စားထားသည်ဖြစ်သော်လည်း မြင်လျှင်မြင်ချင်း မျက်စိစပါးမွေးစူးချင်စရာ ကိုးရိုးကားရား လုပ်၍ လာသော ကျောင်းသားတစ်ယောက်ပါ၏။ ထိုကျောင်းသားမှာ ပုဆိုးတိုတိုနှင့် ဦးခေါင်းတွင် ဂန္ဓီဦးထုပ်၊ ယခုအခါ နေရှူးတို့ဆောင်းသော ကုလားဦးထုပ်ကလေးကို ခပ်စောင်းစောင်းဆောင်းထား၏။ သူ့ရည်ရွယ်ချက်တွင် မည်သို့ရှိမည်မသိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မျက်စိတွင်မူ အတော် ကလန့်ကျ၏။ အကြောင်းမူကား ကုလား–ဗမာ ရိုက်ပွဲမှ ဆူခဲ့သောသွေးမှာ မအေးသေးသောကြောင့် ဖြစ်ပေသည်။

အချို့သောသူများက ၂ ပြားစီ တစ်ပဲစီ ထည့်ကြပြီးနောက် ကျွန်တော့်ဆီသို့ ရောက်သောအခါ ... ကျွန်တော့်မှာ ဦးထုပ်ကို ချဉ်နေသော်လည်း သူ့ခေါင်းပေါ်တွင် သူ့သဘောအတိုင်း လွတ်လွတ်လပ်လပ် လုပ်ချင်ရာလုပ်လာခြင်းဖြစ်သောကြောင့် ပြောပိုင်ခွင့် မရှိသဖြင့် နှုတ်လျှာပေါ့သူပီပီ ဦးထုပ်ကို ပြုံးကာ ... "ခင်ဗျားတို့ အလှူခံတာက ပုံးကလေး ... ဘာကလေးနဲ့ ခိုင်ခိုင်လုံလုံလည်း မဟုတ်ပါလား၊ ထည့်တဲ့လူ ယုံကြည်အောင်လည်း လုပ်ကြဦးမှပေါ့ဗျ" ဟု ပြောလိုက်၏။

ထိုအခါ ကုလားဦးထုပ်ဆရာက သူ၏သုံးခေါက်ချိုးမျက်နှာဖြင့် ဆတ်ခနဲ ကျွန်တော့်ကို မော့ကြည့်ပြီးလျှင် "ခင်ဗျား မယုံရင် မထည့်ဘဲ နေနိုင်တယ်။ ကျုပ်တို့မှာ ပုံးရှာနေဖို့အချိန် မရှိဘူး။ ပြီးတော့ နိဗ္ဗာန်မင်္ဂိုလ်အတွက် အလှူခံနေတဲ့ နိဗ္ဗာန်ဆော် မဟုတ်ဘူးဗျ၊ ကျုပ်တို့ကျောင်းသားတွေ သုံးဖို့ပါလို့ ပြောပြီး အလှူခံတာ ထည့်ချင်လည်း ထည့်နိုင်တယ်၊ မထည့်ချင်လည်း နေနိုင်တယ်" ဟု ဘုကျကျပြန်ပြောလေရာ သူ့ပြောပုံမှာ ဟုတ်နေသဖြင့် ပိုက်ဆံတစ်ပဲ ထည့်ကာ ပြုံးနေရတော့၏။

ထိုကုလားဦးထုပ်ကျောင်းသားမှာ မည်သူမည်ဝါမှန်း ထိုစဉ်က မသိခဲ့ရ။ ကိုအောင်ဆန်းမှာ ထိုအချိန်က မထင်ပေါ်လှသေးပေ။ နောက်အတန်ကြာမှ အိုးဝေမဂ္ဂဇင်းတွင် ကုလားဦးထုပ်မောင်မောင်၏ဓာတ်ပုံကို ကျောင်းသားများ ပိုက်ဆံ ခံစဉ်အတိုင်း တွေ့ရလေရာ ထိုအခါကျမှ ကိုအောင်ဆန်း ဟူ၍ သိရတော့သည်။ ဒါက တစ်ခု။ အရေးမကြီးလှသေး။ ။

[ ၃ ]

ဂျပန်ခေတ်တွင် ရွှေတိဂုံဗဟန်းစောင်းတန်း၌ ကျွန်တော်က စာအုပ်ဆိုင်ရှင်ဖြစ်၏။

ထိုခေတ်က ထုတ်ဝေသော ဂျပန်အစိုးရ၏ အာဘော် 'ဂရိတ်တားအေးရှား' အင်္ဂလိပ် သတင်းစာတွင် ဗိုလ်အောင်ဆန်း ဓားသိုင်းလေ့ကျင့်နေသည့် ဓာတ်ပုံ၊ မြင်းစီးနေသည့် ဓာတ်ပုံ စသည်ဖြင့် ပုံအမျိုးမျိုးပါ၏။ တစ်ချိုတွင် (၄၃–ခုနှစ်ထင်၏) 'သားဦးကလေး အောင်ဆန်းဦး' ကို ဗိုလ်ချုပ်က ချိုင်းနှစ်ဖက်မှ ချီမြှောက်ထားရိုက်ထားသော ပုံတစ်ခုပါလာ၏။ ဓာတ်ပုံအောက်က (Like father like son) ဟု ရေးထား၏။ ထိုအချိန်ကျွန်တော့် စာအုပ်ဆိုင်တွင် ဂန္ထလောကမဂ္ဂဇင်း အဟောင်းများ ရောင်းချရန် ရရှိရာ မရောင်းချမီဝါသနာအတိုင်း အားရအောင် ဖတ်ဦးအံ့ဟု တစ်အုပ်ပြီးတစ်အုပ် ရောင်းရင်း ဖတ်နေရာ မဂ္ဂဇင်းတစ်အုပ်၏ စာသားမျက်နှာအလယ်တွင် ယခု မီးရထားဝန်ထောက် ဖြစ်သော ဓာတ်ပုံဆရာ ကဗျာဆရာ တက္ကသိုလ်ခင်မောင် ရေးသည့် ကဗျာတစ်ပုဒ်ပါလာ၏။

ထိုကဗျာမှာ အောက်ပါအတိုင်းဖြစ်လေသည်။

"ဖေဖေ့သား၊ ဖေဖေ့သား
ဒါမှ ဖေဖေ့သား။
ဖေဖေ့သားကြီး လူဖလံ
ကြောက်စိတ် မြူ မဆန်။
ဗမ္မူယံ တစ်ကောင်ဘွား
ဒါမှ ဖေဖေ့သား။

ထိုကဗျာကို ဖတ်မိသောအခါ စိတ်ကူးတစ်ခုလာ၏။ ပေါ်လာသည့်အတိုင်း 'မောက်' စက္ကူကြီးတစ်ချပ်ကို ရှာ၍ အထက်ဖော်ပြပါ 'ဂရိတ်တားအေးရှား' မှ ဓာတ်ပုံကို ကတ်ကြေးနှင့် ကိုက်ဖြတ်ပြီးလျှင် အပေါ်ကပ်၏။ အောက်က အထက်ပါ ကဗျာကို လက်ရေးဝိုင်းနှင့် လှလှပပ ကူးရေးကာ 'တက္ကသိုလ်ခင်လေး' ဟု ဆိုင်းထိုးလိုက်၏။ ၎င်းအောက်မှ "ဝန်ကြီးဗိုလ်ချုပ် အောင်ဆန်း၏ သားဦးကလေး 'အောင်ဆန်းဦး' အတွက် ရွှေတိဂုံ ဗဟန်းစောင်းတန်း စာအုပ်သည် မောင်ကြီး ၏မင်္ဂလာလက်ဆောင်" ဟု ကမ္ပည်းထိုးလိုက်၏။ နောက် ပေါင်သွင်းရန်အတွက် မှန်ပေါင်ဆိုင်သို့ ပါသော်လည်း မှန်ပေါင်ဈေးမှာ အဆမတန်ဖြစ်နေကြောင့် လက်လျှော့လိုက်ရကာ ခဲတံအနီအပြာ လှမည်ထင်သလို ပေါင်ခတ်ပြီးလျှင် စက္ကူနှင့် ၍ စစ်ဝန်ကြီးရုံးသို့ လာခဲ့သည်။ ရုံးရောက်သော ဗိုလ်ချုပ်နှင့်မတွေ့ရဘဲ ဗိုလ်တစ်ယောက်က လ ထားလိုက်၏။

နောက်တစ်နေ့တွင် ဗိုလ်ချုပ်ထံမှ တစ်

www.burmeseclassic.com



သာရာ ကျွန်တော့်လက်ဆောင်အတွက် ဗိုလ်ချုပ်မှာ အဘယ်မျှလောက် ဝမ်းသာသည်ကို ကျွန်တော် ခန့်မှန်းနိုင်စေကာမူ ဗိုလ်ချုပ်၏ပြန်စာအတွက်မူကား ကျွန်တော့်မှာ ပီတိဖြစ်၍ မဆုံးဖြစ်ရတော့သည်။

စာ၏အဓိပ္ပာယ်မှာ "လူကြီးမင်းထံမှ ပေးပို့လိုက်သော ကျွန်တော့်သား အောင်ဆန်းဦးအတွက် မေတ္တာလက်ဆောင်ကို လက်ခံရရှိပါသဖြင့် များစွာ ကျေးဇူးဥပကာရတင်ရှိရပါကြောင်း။ အထူးဖော်ပြလိုသည်မှာ သား အောင်ဆန်းဦးအတွက် ရရှိသောမေတ္တာလက်ဆောင်များအနက် လူကြီးမင်း၏ လက်ဆောင်မှာ ကျွန်တော်အနှစ်သက်ဆုံးတစ်ခုဖြစ်ကြောင်း" ဟူ၍ ဖြစ်၏။ ဒါက တစ်ခုရှိစေဦး ...

[ ၄ ]

ကျွန်တော်နှင့်ဗိုလ်ချုပ်အောင်ဆန်းတို့ မေတ္တာလက်ဆောင် ကူးလူး ဆက်ဆံလိုက်ပုံကို အခြားစစ်ဗိုလ် စစ်မှူးများ သိသွားကြလေသလားမသိ။ ထိုလက်ဆောင်ပို့ပြီးသည့်နောက်တွင် စစ်ဗိုလ်၊ စစ်မှူးများ ကျွန်တော့်ဆိုင်တွင် အဝယ်အခြမ်းများလာ၏။ ကျွန်တော့်ဆိုင်တွင် မရနိုင်ဘဲ အခြားဆိုင်များတွင် ရနိုင်သော စာအုပ်စာတမ်းများကိုပင် ကျွန်တော့်ဆိုင်မှတစ်ဆင့် ဝယ်ယူကြ၏။ သို့ဖြစ်လေရာ စစ်ဝန်ကြီးရုံးနှင့် ကျွန်တော့်ဆိုင်မှာ ရင်းနှီး ဆက်ဆံမှု များသည်ထက် များလာ၏။

ဂျပန်ခေတ်က စာအုပ် ရောင်းရပုံမှာ ယခုခေတ်လို ထုတ်ဝေသူများထံမှတစ်ဆင့် ဖောက်သည်ခံ၍ရောင်းချရခြင်းမဟုတ်။ စက္ကူများ မင်များ ရှားချင်တိုင်းရှားနေသဖြင့် ထုတ်ဝေသူတွေ ပွဲစား လုပ်ကာ စာရေးဆရာတွေ အနှံ့ကြီးကျောင်း ကပ်နေရသည့်အချိန်ဖြစ်လေရာ စာအုပ်ဆိုင်ဖွင့်၍ ရောင်းချနိုင်လောက်အောင် စာအုပ်များရှာအတွက် သိမ်ကြီးဈေး၊ တရုတ်တန်း၊ ကြည့်မြင်တိုင် စသော တစ်မြို့လုံးရှိ ဖြစ်ချင်သလိုဖြစ်၊ ရောက်ချင်ရာရောက်နေသော စာအုပ်အဟောင်းအမြင်းများကို ရှာကြံ ဖိစော် စုဆောင်း၍ ရောင်းချရ၏။

တစ်ချိတွင် တရုတ်တန်းဘိန်းခန်းတစ်ခုအတွင်း ထုံထားသော စာအုပ်ပုံကြီးတစ်ခုအတွင်းမှ စာအုပ်ရွေးရင်း ဆင်းမလားမြို့၊ အင်္ဂလိပ်စစ်ရုံးမှ ထုတ်သည့် စစ်ဘက်ဆိုင်ရာတွင် များစွာအသုံးဝင်သော စာအုပ်စာတမ်းများ အတော်များများ ရရှိခဲ့ရာ ထိုစာအုပ်စာတမ်းများမှာ အရပ်သူ အရပ်သားများလက်သို့ ရောက်သည်ထက် အစစအရာရာတွင် ရှားပါးနေသော တည်ထောင်ခါစ ငါတို့စစ်ဝန်ကြီးရုံးသို့ ရောက်လျှင် အထူး ကျေးဇူးများဖွယ်ရှိသည်ဟု ယူဆပြီး ထိုစာအုပ် အကုန်လုံးကို စစ်ဝန်ကြီးရုံးသို့ ကိုယ်တိုင် သွားရောက် လှူဒါန်းလေသည်။ ထိုအချိန်ကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် မတွေ့ခဲ့ရပေ။ သို့ရာတွင် နောက်တစ်နေ့တွင် ဗိုလ်ချုပ်ထံမှ စာတစ်စောင်ရရှိရာ ထိုစာမှာ စာအုပ်များရရှိ၍ ကျေးဇူးတင်ကြောင်း ရိုးရိုးမျှမကဘဲ ကျွန်တော့်အဖို့ ထိုအချိန်က သိန်းထီပေါက်သည်ထက် အဖိုးတန်သော စာနှစ်တန်း ပါလာ၏။ ထိုစာနှစ်တန်း၏အဓိပ္ပာယ်မှာ 'မောင်ကြီးမောင် စာအုပ်ဆိုင်ပိုင်ရှင် ဦးကြီးမောင်သည် စစ်ဝန်ကြီးရုံးအတွက် ကျေးဇူးများစွာပြုသူဖြစ်သောကြောင့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များသည် ဦးကြီးမောင်အား အကူအညီပေးနိုင်သော ကိစ္စများ၌ အကူအညီပေးကြစေလိုကြောင်း" ဟူ၍ ဖြစ်၏။ ကျွန်တော့်မှာ ထိုစာရွက်ကြီးကို လူလာတိုင်းပြရသည်မှာ အမောဖြစ်တော့သည်။

ဗိုလ်ချုပ်၏အမည်မှာ ထိုအချိန်ကလည်း လျှမ်းလျှမ်းတောက် ပြောင်လက်ကျော်ကြား လူချစ်လူခင်များနေပြီဖြစ်လေသည်။ ဗိုလ်ချုပ်၏စာတစ်ကြောင်း လက်မှတ်တစ်ခု ရရှိထားခြင်းမှာ အဘယ်မျှကြီးကျယ်သော ဂုဏ်ထူးကြီးတစ်ခု ဖြစ်သည်ကို အထူးပြောဖွယ်မလိုပေ။ ဗိုလ်ချုပ် မြင့်တက်သလောက် ဗိုလ်ချုပ်၏လက်မှတ်ဂုဏ်မှာ မြင့်တက်လာရပေမည်မှာ ဓမ္မတာဖြစ်ပေရာ ဗိုလ်ချုပ်ကွယ်လွန်ပြီးနောက်မှ ဗိုလ်ချုပ်၏ လက်မှတ်တစ်ခုကို တစ်ရာနှင့်ဝယ်သည်၊ နှစ်ရာနှင့်ဝယ်သည် ဟူသော သတင်းများ ထွက်ပေါ်လာသည့်အထိ ဖြစ်၏။ ဗိုလ်ချုပ်အိုးဝေ မဂ္ဂဇင်း အယ်ဒီတာလုပ်စဉ်က စာမူတောင်းသော လက်မှတ်တစ်ခု စာရေးဆရာကြီး ဒဂုန်ရွှေမျှားထံတွင် တရိုတသေ သိမ်းဆည်းထားသည်ကို တွေ့ရပေရာ ကျွန်တော့်မှာ အင်မတန့်ကို မလွှဲမကင်းသာသဖြင့် စွန့်လွှတ်လိုက်ရသော ဗိုလ်ချုပ်လက်မှတ်များကို စဉ်းစားလိုက်တိုင်း ရင်ထုမနာဖြစ်၍ နှမြောတသမိပါတော့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

တော်လှန်ရေးနေ့ ၁၉၄၅ ခု မတ်လ ၂၇ ရက်။

ကျွန်တော်တို့မှာ အတွင်းလူ မဟုတ်သောကြောင့် ဟိုတုန်းကတော့ တော်လှန်ရေးနေ့မှန်း ဘာမှန်းမသိ။ မြေနီကုန်းကွင်းကြီးမှ ဗမာ့တပ်မတော်ကြီး စစ်ရေးပြ၍ ထွက်ကြသည်ကို ရိုးရိုးစစ်တိုက်ထွက်ကြတာပဲဟုသာ သိမှတ်ခဲ့ရ၏။ အချို့ မေတ္တာသက်ဝင် သံယောဇဉ်မကင်းကြသော အတွင်းသိ စစ်ဗိုလ်များကမူ အရိပ်နိမိတ်စကား ပြောကြားကြပါ၏။ ထိုစဉ်က ကျွန်တော့်မှာ နားရောဂါ အကြီးအကျယ် စွဲကပ်ကာ ဇနီးဖြစ်သူမှာလည်း ကိုယ်ဝန် အရင့်အမာနှင့် ဖြစ်ရာ တောပြန်နေဖို့ သင့်ကြောင်းသွယ်ဝိုက်၍ ပြောကြပါ၏။ ကျွန်တော်ကသာ လူအဖြစ်၍ အရိပ်ပြရုံနှင့် အကောင် မထင်ခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က တော်လှန်ရေးကို ကြိုတင်ခန့်မှန်းသူတို့၏အမြင်တွင် တော်လှန်ရေးနှင့် မရှေးမနှောင်းတွင်ပင် အင်္ဂလိပ်ရေတပ်က ရေကြောင်းမှ တရကြမ်းဝင်ပြီးလျှင် ရန်ကုန်ကို အမြောက်နှင့်ပစ်၊ ဗုံးနှင့်ကြဲလိမ့်မည်ဟူ၍ ဖြစ်၏။ တော်လှန်ရေးသမားများ၏ လျင်မြန်ကျွမ်းကျင်မှုကြောင့် ကံကောင်း ကံမ ထိုအခြေသို့ မရောက်ခဲ့ရခြင်းဖြစ်ပေသည်။

တော်လှန်တာတွေ ဘာတွေမသိ။ နားရောဂါအတွက် အနားယူရန်နှင့်ဇနီးကိုယ်ဝန်အတွက် လှေတစ်စင်းငှားကာ ဟင်္သာနယ်၊ ဇာတိရွာ အဖျောက်သို့ ပြန်ခဲ့ရ၏။ စာအုပ်များကို သေတ္တာနှင့်ရိုက်ကာ ချစ်ဆွေကြီးဦးရန်အောင်ထံတွင် ထားခဲ့ရ၏။ လှေပေါ်တွင် အလွယ်တကူ သုံးဖို့မလိုသော သေတ္တာနှင့် ပစ္စည်းအချို့ကို လှေဝမ်းထဲထည့်ကာ အပေါ်က ကပ်ခင်း၍ လူစီး၏။အလွယ်တကူ သုံးဖို့လိုသော ကျွန်တော့်အဝတ်အစား မိန်းအဝတ်အစားများကို ရောနှောကာ သားရေသေတ္တာတစ်လုံးတွင် ထည့်၍ အလွယ်တကူထား၏။ ဝါးရုံဆိပ်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ နေ့လယ်ပိုင်း ငှက်ပျောကျွန်းအရောက်တွင် ဒီရေကို စောင့်ရင်း ကုက္ကိုပင်ရိပ်တစ်ခုတွင် လှေဆိုက်ကာ ရေချိုးကြ၏။ ရေချိုးအပြီးတွင် လျှော်ထားသော ကာကီလက်တိုအင်္ကျီကိုထုတ်၍ ဝတ်လိုက်မိရာ ဘယ်ကဘယ်လိုပေါ်လာသည်မသိ၊ ကမ်းနားတွင် ဂျပန်စစ်သားလေးယောက်တန်းစီ၍ ရောက်နေကြသည်ကို တွေ့ရတော့၏။

ချက်ချင်းပင် လှံစွပ်တွေကို သေနတ်တွင် တပ်လိုက်၏။ သေနတ်မောင်း တင်လိုက်၏။ ထိုနောက်ကား ဂျပန်တို့၏ပုံသေမျက်နှာ ရုစ်ခေါက်ချိုးနှင့် ကျွန်တော်တို့အား (အထူးသဖြင့် ကျွန်တော့်အား) စူးစူးဝါးဝါး ကြည့်ကာ ဂျပန်နှစ်ယောက်က လှေဆီသို့ ဆင်းလာ၏။ ကျန်နှစ်ယောက်က ကုန်းပေါ်မှနေ၍ သေနတ်နှင့်ချိန်ထားသည်။

ခက်ကပြီ။ ဘာ မသင်္ကာကြတာပါလိမ့်။ ဘယ်လို နှောင့်ယှက်ကြမလို့လဲ။ ဒီကောင်တွေက နည်းနည်း စိတ်မချရ။ ကျွန်တော်တို့မှာလည်း တစ်ယောက်မှ ဂျပန်စကားမတတ်ကြ။ သူတို့မေးလျှင် ဘယ်လို ရေလည်အောင် ပြောရပါ့။ သူတို့ ထင်ရာ လုပ်သွားရင် ဒုက္ခ ထင်သလို အလုပ်ခံရပေါင်းလည်း များလှပြီမဟုတ်လော။ လှေသမားနှစ်ယောက်မှာ တုန်တုန်လှုပ်လှုပ် ဖြစ်နေ၏။ ဇနီးဖြစ်သူမှာကား မျက်လုံး အဝိုင်းသားနှင့် မျက်ရည် ကလေး စို့နေရှာတော့သည်။ ကျွန်တော်တစ်ယောက်သာ ဟန်ကိုယ့်ဖို့ လုပ်နေရသည်။ စိတ်ကတော့ တုန်လှုပ် လှုပြီ။

ဂျပန်များသည် ကာကီအင်္ကျီကို မသင်္ကာဟု တွေး၏။ ကာကီအင်္ကျီကို ဝတ်လိုက်မိသည်မှာ မှားလေပြီ ဟဲ ... ဟဲ နို့ပေမဲ့ ဘာကြောက်စရာရှိသလဲ။ ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ကြီးနဲ့ အကောင်ပဲ။ ငါ့ကို နယ် နယ်ရရမှတ်လို့၊ သင်းတို့ ယီးတီးယားတားလုပ်ရင် ငါ ဗိုလ်ချုပ် လက်မှတ်ကြီး ထုတ်ပြလိုက်မှာပေါ့။ သင်း ဆလံတိုက်ပြန်ရမယ့် အကောင်တွေ။

ဂျပန်တစ်ယောက်က ကျွန်တော့်ကို ကမ်းသို့ဆင်း ရန်ခေါ်၏။ ဆင်းသွား၏။ သူတို့ပြောတာတွေ နား လည်သဖြင့် အမူအရာဖြင့် ပြရသည်။ နားရောဂါကြော ခေါင်းတုံးဆံတောက်ရိတ်ထားရာ ခေါင်းတုံးဆံတော ကို လက်ညှိုးထိုးပြီး ပြော၏။ ကျွန်တော်က နားရော ရှိကြောင်း နားလည်အောင်ပြရ၏။ လက်ဖနောင့်ကို ကြည့်၏။ ပွတ်ကြည့်၏။ ထိုအခါ နည်းနည်းရိပ်မိ၏။ စစ်သားလူထွက်ဟု ထင်ဟန်ရှိသည်။ ကုန်း ဂျပန်နှင့် ကုန်းအောက်က ဂျပန်အပြန်အလှန် အော် စကားပြောကြသည်။ ထို့နောက် ကျွန်တော့်ဇနီးကို

www.burmeseclassic.com

www.burmeseclassic.com



ညှိုးထိုးမေးသည်။ ကျွန်တော်က လင်မယားဖြစ်ကြောင်း သရုပ်ပေါ်အောင် ပြရသည်။ လေ့သမားများကို မေးပြန်ရာ လေ့ခတ်ပြရသည်။ ဒါနှင့်မပြီးသေး။

သေတ္တာကို ယူပြရမည်ဟု လက်ညှိုးထိုးပြန်၏။ ထိုအခါ ကျွန်တော်က နည်းနည်း ရှည်ချင်သူဖြစ်ရုံမက ငါဘာကောင်လဲဆိုတာကို ဗိုလ်ချုပ်လက်မှတ်ဖြင့် ထုတ်ကြွားလိုက်ချင်သူဖြစ်ရာ လေ့ကပ်ကိုဖွင့်ပြီးလျှင် ခဲခဲယဉ်းယဉ်းထားသော ဗိုလ်ချုပ်လက်မှတ် ထည့်ထားသည့် သံသေတ္တာကို ထုတ်ရန် ကြိုးစားတော့၏။ သို့ရာတွင် လေ့ကပ်ကို ခဲခဲယဉ်းယဉ်း ဖွင့်ရမည်။ ဒီအောက်တွင် လေ့ပစ္စည်းများ၊ အခြားကုန်များ ရှိသေးသည်။ ထိုအောက်တွင်မှ သေတ္တာရှိရာ အပေါ်က ပစ္စည်းများကို ထုတ်၍ ကုန်းပေါ် ယူချရဦးမည်။

မည်သို့ပင် ခက်ခဲစေကာမူ ရအောင်ယူကာပြမည်ဟု ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် ကြိုးစားနေစဉ်မှာပင် ဂျပန်က အော်ဟစ်၍ အပေါ်က သေတ္တာကို ယူခဲ့ရမည်ဟု အတင်းခိုင်းသောကြောင့် ယူပေးလိုက်ရလေတော့ရာ သေတ္တာကို ဖွင့်ကြည့်သည့်အခါတွင် ကျွန်တော့်ပုဆိုး၊ ရှပ်အင်္ကျီ၊ မိန်းမထဘီ၊ ဘော်လီ၊ ပေါင်ဒါဘူး၊ မှန်နှင့် ကျွန်တော်တို့တွဲရိုက်ထားသော ဓာတ်ပုံတစ်ပုံတို့ကို တွေ့ရှိသောကြောင့် တစ်ခုပြီးတစ်ခု ထုတ်ရင်းအပေါ်က ဂျပန်တို့ပြကာ ပြကာ ဂျပန်လေးယောက်သား ရယ်ပွဲကြီးဖြစ်သွားလေတော့သည်။ 'ဘီလူးသွားကိုလဖြတ်သည်း။' (မောင်ထင်၏ 'ငဘ' ဝတ္ထုမှ)

ထို့နောက်ကား တစ်ခုပြီးတစ်ခု သေတ္တာထဲသို့ ပစ်၍ ထည့်ပြီးလျှင် ပေါင်ဒါဘူးနှင့် ဆေးတံကို ယူထားကာ သွားနိုင်ပြီဟု လက်ပြရင်း ပြန် တက်သွားပါလေတော့သည်။ စစ်ဝန်ကြီးရုံးတံဆိပ် ရိုက်နှိပ်ထားသော ဗိုလ်ချုပ်လက်မှတ်ကိုမှ မပြလိုက်ရပေ။

ကျွန်တော့်တို့လည်း ပျာပျာသလဲ လေ့ကိုပြင်ဆင်ကာ ရေတက်အောင်မှ မစောင့်နိုင်တော့ဘဲ အတင်းလှော်ခတ်၍ ထွက်ခဲ့ကြရ၏။ ဓနုဖြူသို့ ရောက်သောအခါမှ တော်လှန်ရေး သတင်းကို ပြည့်ပြည့်စုံစုံ ကြားရတော့လေရာ "အောင်ဆန်း မကောင်းဘူး၊ အောင်ဆန်း လူလိမ်၊ အောင်ဆန်း တွေ့ရင် သတ်မယ်" ဟူသော ဂျပန်တို့ပြောစကားများကိုလည်း ဂျပန်စစ်တပ်မှ ထွက်ပြေးလာကြသူများထံမှ ကြားရတော့၏။ ထိုအခါ "ငှက်ပျောကျွန်းတွင် ဗိုလ်ချုပ်လက်မှတ်စာရွက်ကို အလွယ်တကူ ထုတ်ပြလိုက်နိုင်ပါက ..." ဟု တွေးလိုက်တိုင်း ရှေ့ကို ဆက်မတွေးဝံ့လောက်အောင် ကြက်သီးမွေးညင်း ထမိပါတော့သည်။

အဖျောက်မှာ ဂျပန် စစ်လမ်းဖြတ်၍ ဖောက်ထားသည်ဟု သိရလေရာ လေ့သမားများမှာ အဖျောက်သို့ ရောက်အောင် မလိုက်ဝံ့ကြတော့သဖြင့် ဘာပဲဖြစ်ဖြစ် ကိုယ့်မိဘရပ်ရွာကို မသွားမဖြစ်သော ကျွန်တော်တို့မှာ အဆမတန် လေ့ခပေးပြီးလျှင် ဓနုဖြူမှ ထွက်ခဲ့ကြသည်တွင် ထိုအချိန်က အသက်အန္တရာယ်ကို အလွယ်တကူနှင့် ပေးနိုင်သော ဗိုလ်ချုပ်၏ စာရွက်နှစ်ရွက်ကို နမြောဝမ်းနည်းလှစွာပင် အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲကာ ရေသို့ မျှောခဲ့ရပါသတည်း။ ။

မြဝတီမဂ္ဂဇင်း၊ ၁၉၅၃၊ မတ်လ

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း

## ဗိုလ်အေးမောင်



### ဖွဲ့သတ္တိ

မြန်မာနိုင်ငံ မြေလတ်ဒေသရှိ နတ်မောက် ခေါ် မြို့ငယ်တစ်မြို့တွင် ဝင်းကြီးတစ်ခုအတွင်း၌ အိမ်တစ်ဆောင် ရှိလေသည်။ ထိုအိမ်ရှေ့တွင် အသက် ၄၀ ကျော် ၅၀ ခန့်ရှိပြီဟု ခန့်မှန်းရသော လူကြီးတစ်ယောက်သည် သားငယ်နှစ်ယောက်ကို ခေါင်းရိုက်ပေးနေလေသည်။ ခေါင်းရိုက်ဓားသည် သင်တုန်းဓားမဟုတ်။ ရိုးရိုးသာမန် ဓားသာဖြစ်သဖြင့် သင်တုန်းဓားလောက် မထက်လှချေ။ ထို့ကြောင့် ခေါင်းရိုက်ရာတွင် ခပ်ကြမ်းကြမ်းဖိ၍ရိတ်မှသာ ဆံပင်ပြတ်လေသည်။ တစ်ပန် ခပ်ကြမ်းကြမ်း ဖိ၍ ရိတ်ရသဖြင့် ခေါင်းရိတ်ခံသူမှာလည်း အလွန်နာကျင်စွာ ခံစားရလေ သည်။

ခေါင်းရိတ်သူ ဖခင်သည် ရှေးဦးစွာ သားကြီးကို ခေါင်းရိတ်ပေးလေသည်။ သားကြီးသည် နာကျင်လွန်းလှသဖြင့် တကျည်ကျည် အော်မြည်ကာ ငိုယို၍သာ နေလေသည်။ ပြီးသော အခါ ဖခင်သည် သားကြီးအား သ[illegible] နည်းရန်ကောက္ကာဟု ခေါင်းကို ပုတ်[illegible] မြည်တွန် တောက်တီးလေသည်။ ထို့နောက် သားငယ်ကို ခေါ်[illegible] ထိုဓားဖြင့်ပင်လျှင် ခေါင်း[illegible] ရိတ်ပေးပြန်လေသည်။ ဆံပင်ပြတ်[illegible] သဖြင့် ဓားကို ဖိ၍ဖိ၍ ရိတ်ပြန်လေသည်။ သို့ရာတွင် သားငယ်သည် သားကြီးကဲ့သို့ ငိုယိုခြင်းမပြု။ အံကြိတ်၍ ခံလေသည်။ ထိုသားငယ်သည် အခြားသူမဟုတ်[illegible] နောင်အခါတွင် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာသော ကိုအောင်ဆန်း ကလေးပင် ဖြစ်လေသည်။

### ရွှေလရောင်အဘိုး

ဗိုလ်ချုပ်အောင်ဆန်း၏ ဖခင်သည် ဦးဖာဖြစ်၍ အမိမှာ ဒေါ်စုဖြစ်သည်။ အဘိုးမှာကား နာမည်ကျော် [illegible] လရောင်ဘွဲ့ခံ မြို့လုလင်သူ[illegible]

www.burmeseclassic.com



ဦးမင်းရောင် ဖြစ်လေသည်။ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်သောအခါ ဦးမင်းရောင်သည် အင်္ဂလိပ်တို့၏ ကျွန် မခံလိုသဖြင့် ၃ နှစ်တိုင်တိုင် တောင်တွင်းကြီးနှင့် ပုပ္ပားမြောက်ဘက်တစ်ခွင်တွင် အင်္ဂလိပ်စစ်တပ်ကို အကြိတ်အနယ် တိုက်ခိုက်ခဲ့လေသည်။ ၃-၄ နှစ် ခန့်ကြာသောအခါ လက်နက်အင်အား နည်းသဖြင့် နတ်မောက်မြို့ဘက်သို့ ပြောင်း၍ နတ်မောက် အရှေ့ဘက် မိုင် ၂၀ ခန့်ခရီးရှိ မြင်းမဏိ တောင်တန်း၌ စစ်တပ်တည်ပြီးလျှင် အန်တုနေပြန်လေသည်။

အင်္ဂလိပ် စစ်တပ်များလည်း ထိုစစ်တပ်ရှိရာသို့ လာ၍ တိုက်ပြန်လေသည်။ လက်နက်အင်အားချင်း မမျှသဖြင့် ဦးမင်းရောင်၏ စစ်တပ်များသည် နတ်မောက်မြို့မှ ၂၂ မိုင် ခရီးတွင်ရှိသော လေးတိုင်စင်ရွာသို့ ပြောင်း၍ အန်တု နေပြန်လေသည်။ နောက်ဆုံးတွင် အင်္ဂလိပ် စစ်တပ်၏အင်အားက ကောင်းလာသဖြင့် ဦးမင်းရောင် သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ခိမိ၏ အသက် ကို ပေးလိုက်ရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ဖူးသော ဗိုလ်လရောင် ဘွဲ့ခံ ဦးမင်းရောင်၏မြေးဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၂၇၆ ခု၊ တပေါင်းလဆန်း ၁၁ ရက်(ခရစ်သက္ကရာဇ် ၁၉၁၅ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်) စနေနေ့တွင် ဖွားမြင်လာသူ ဖြစ်လေသည်။

## ကိုအောင်ဆန်း၏ကရုဏာ

ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်နာမည်မှာ မောင်ထိန်လင်း ဖြစ်လေသည်။ သို့ရာတွင် နောင်အခါ၌ မောင်အောင်ဆန်းဟု တွင်လာလေသည်။ ကိုအောင်ဆန်းသည် သုံးလေးနှစ်သား အရွယ်သို့ ရောက်လာ၍ စကားပြောတတ်ပြီ ဖြစ်သော်လည်း စကား အလွန်နည်းသူ ဖြစ်လေသည်။ ဣန္ဒြေကြီးနှင့် နေတတ်သူလည်း ဖြစ်လေသည်။

တနေ့သ၌ ဖခင်ဖြစ်သူ ဦးဖာသည် စာရင်းများကို ရေးမှတ်နေလေသည်။ မိခင်ဒေါ်စုသည် ကြွေးလာဆပ်သော ဧည့်သည်များနှင့် စကားပြောနေလေသည်။ မိခင်ဖြစ်သူ ဒေါ်စုက ကြွေးလာဆပ်သူများအား ကျန်ငွေများကို မြန်မြန် ပြန်ဆပ်ကြစေလိုကြောင်း၊ ပြန် မဆပ်လျှင် မိတ်ပျက်သွားစရာရှိကြောင်း ပြောလေသည်။ ထိုစကားကို ကြားသောအခါ စကားနည်းလှသော ကိုအောင်ဆန်းသည် "အစ်မရာ ... သူတို့မှာ ပိုက်ဆံရှိမှလည်း ပြန်ပေးနိုင်တော့မပေါ့ဗျာ"ဟု ကြားမှဝင်၍ ပြောဖူးလေသည်။

## ကိုအောင်ဆန်း၏သစ္စာ

တစ်ကြိမ်တွင် ကိုအောင်ဆန်းကလေး၏ အိမ်သို့ တောမှ စပါးဝယ်သူများ ရောက်လာကြလေသည်။ မိခင်ဒေါ်စုက စပါးလာဝယ်သူများအား "ကိုင်း... မင်းတို့ဝယ်ချင်ရင်လည်း ဝယ်သွားကြတာပေ့ါ။ ငါ ဝယ်တုန်းကခြောက်ဆယ်ဈေးနဲ့ ဝယ်ခဲ့ရတယ်။ မင်းတို့ယူချင်ရင် ငါးဆယ်ဈေးအထိ လျှော့ပေးမယ်"ဟု ပြောရာ အိမ်လှေကားအနီးတွင် ကစားနေသော ကိုအောင်ဆန်းသည် "အစ်မကလည်းဗျာ... မဟုတ်တာပြောရော့မယ်။ အစ်မစပါးကို ငါးဆယ်ဈေးနဲ့ဝယ်ထားတာ ကျုပ်လည်း အသိသားပဲ။ ဟုတ်တာပြောမှ ဥစ္စာပေါတော့မပေ့ါ။ လိမ်ပြောတာ မကောင်းပါဘူးဗျာ"ဟု ဝင်ပြောလိုက်လေသည်။

ထိုအခါ ကြားကြရသူအပေါင်းမှာ အံ့သြရယ်မောကြရလေသည်။

ဧည့်သည်များ ပြန်သွား၍ မိခင်ဒေါ်စုက ကိုအောင်ဆန်းအား ပေါင်တွင်းကြောကို ဆွဲလိမ်ကာ "လူကြီးတွေပြောတဲ့အထဲ မင်း ဘာဖြစ်လို့ ဝင်ပြောရတာလဲ"ဟု ဆိုရာ ကိုအောင်ဆန်းက "အစ်မတို့က လိမ်ပြောတာကိုးဗျ"ဟု ပြန်ပြောလေသည်။

## ပညာလိုလားသူ

ဒေါ်ဒေါ်စု၏ သားသမီးများအနက် ကိုအောင်ဆန်းသည် အထွေးဆုံး ဖြစ်လေသည်။ အစ်ကိုဖြစ်သူများကို ရှင်ပြုရန် ရှင်လောင်းအဝတ်အစားများ ဆင်ယင်ပေးနေခိုက်တွင် ကိုအောင်ဆန်းသည် အနီးသို့လာ၍ သူလည်း ရှင်လောင်းကဲ့သို့ ဆင်ချင်လှပါသည်ဟု ပူဆာလေသည်။ ထိုအခါ မိခင်ဒေါ်စုက ရှင်လောင်းဖြစ်လိုသူသည် ပညာတတ်မှဖြစ်နိုင်သည်ဟု ပြန်ပြောလိုက်လေသည်။ ထိုအခါမှစ၍ ကိုအောင်ဆန်းသည် ပညာသင်ချင်ပါသည်ဟု ပူဆာ လာလေရာ ရှစ်နှစ်သားအရွယ်တွင် ကျောင်းနေခွင့်ရလေသည်။

www.burmeseclassic.com



ကိုအောင်ဆန်းသည် ဉာဏ်ကောင်းသူ ဖြစ်လေသည်။ အသက် ၁၂ နှစ်သားအရွယ်တွင် မြန်မာ လေးတန်းသို့ ပေါက်ခဲ့၏။ ထိုအခါ အင်္ဂလိပ်– မြန်မာစာသင်ကျောင်း၌ စာသင်နေကြပြီဖြစ်သော အစ်ကိုများကို အားကျလာပြန်လေသည်။ ထို့ကြောင့် ကိုအောင်ဆန်းအား အင်္ဂလိပ်–မြန်မာ စာသင်ကျောင်းသို့ ပို့ရလေသည်။ ကျောင်းတွင် လေးတန်း စကောလားရှစ်ကို ဝင်ရောက်ဖြေဆိုရန် ကြိုးစားလေသည်။ သို့ရာတွင် အသက်မမီသောကြောင့် စာမေးပွဲ ဝင်ခွင့်မရခဲ့ချေ။

## ထမင်းမစားဘဲနေသူ

ကိုအောင်ဆန်း၏ အစ်ကိုအကြီးဆုံးဖြစ်သူ ဦးဘဝင်းသည် ရေနံချောင်းမြို့ အမျိုးသားကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ဆောင်ရွက်နေလေသည်။ တစ်နေ့သ၌ ဦးဘဝင်းသည် ရေနံချောင်းမြို့မှ နတ်မောက်မြို့သို့ ခေတ္တပြန်လာလေသည်။ ထိုအခါ ကိုအောင်ဆန်းသည် ဦးဘဝင်းရေနံချောင်းသို့ အပြန်တွင် တစ်ပါတည်းလိုက်၍ အမျိုးသားကျောင်း၌ နေချင်သည်ဟု အမိအဘတို့အား ပူဆာလေတော့သည်။

အမိအဘတို့သည် အထွေးဆုံးသားဖြစ်သူ ကိုအောင်ဆန်းနှင့် မခွဲလိုကြသဖြင့် ရေနံချောင်းမြို့သို့ ယခု မလိုက်သင့်သေးကြောင်း၊ အသက်အရွယ်ကြီးလာမှသာ သူများရပ်ရွာ၌ စာသင်ခွင့်ပေးမည်ဖြစ်ကြောင်း ချော့တစ်ခါ၊ ခြောက်တစ်လှည့် ပြောကြလေသည်။ ကိုအောင်ဆန်းကလည်း ရေနံချောင်းမြို့ အမျိုးသားကျောင်း၌ နေလိုကြောင်း မရမနေ ပြောပြန်လေသည်။ နောက်ဆုံး မိဘထံမှ ခွင့်မရသောအခါ ကိုအောင်ဆန်းသည် သုံးရက်တိုင်တိုင် ထမင်းမစားဘဲ ဆန္ဒပြလေတော့သည်။ ထိုအခါကျမှ အမိနှင့်အဘတို့သည် ကိုအောင်ဆန်း၏ ဇွဲကို မခံနိုင်သဖြင့် ခွင့်ပြုကြလေသည်။ ထိုအခါကသော် ကိုအောင်ဆန်းသည် တစ်ဆယ့်လေးနှစ်သား အရွယ်၌သာ ရှိသေး၏။

## ရေနံချောင်းမြို့ အမျိုးသားကျောင်းတွင်

ကိုအောင်ဆန်းသည် ရေနံချောင်းမြို့ အမျိုးသားကျောင်း၌ စာသင်နေစဉ် အစ်ကိုကြီး ဦးဘဝင်း၏ အိမ်၌နေထိုင်၍ ကျောင်းတက်လေသည်။ ပညာလိုလားသူဖြစ်သောကြောင့် အတန်းထဲတွင် ထူးချွန်သည်။ ခုနစ်တန်းစာမေးပွဲတွင် အမှတ်အများဆုံးရသဖြင့် တံဆိပ် ချီးမြှင့်ခြင်း ခံရလေသည်။ ကိုအောင်ဆန်းသည် အတန်းထဲမှာပင် ဖြစ်စေ၊ အိမ်မှာပင်ဖြစ်စေ၊ စာအုပ်နှင့် မျက်နှာ မခွာဘဲ စာဖတ်၍သာ နေတတ်လေသည်။ ကိုအောင်ဆန်း ဖတ်လေ့ရှိသော စာအုပ်များမှာ မြန်မာနိုင်ငံသမိုင်းနှင့် ပျို့ကဗျာ လင်္ကာ စသည်တို့ ဖြစ်လေသည်။ အချို့အချို့သော ပျို့ကဗျာ၊ လင်္ကာများကို အာဂုံဆောင်ထားတတ်လေသည်။ တစ်ခါတစ်ရံ ကိုအောင်ဆန်းသည် မည်သူနှင့်မျှ စကားမပြော တစ်ယောက်တည်း တွေ၍ နေတတ်လေသည်။

တစ်နေ့သ၌ ကျောင်းသားအစည်းအဝေးတစ်ခုတွင် ကိုအောင်ဆန်း ထ၍ ကျွန်ဘဝသို့ ရောက်နေရသော မိမိတို့၏ တိုင်းပြည် လွတ်မြောက်ရေးအတွက် စဉ်းစားရန် အချိန်တန်ပြီဟု ပြောရာ ကျောင်းသား အားလုံးပင် နှစ်သက် သဘောကျကြလေသည်။ ရေနံချောင်းမြို့ အမျိုးသားကျောင်း၌ စာသင်နေတုန်းမှာပင် ကိုအောင်ဆန်းသည် လုံချည်အနီ၊ ပင်နီအင်္ကျီတို့ကို ရေနံချောင်းအမျိုးသားကျောင်းဝတ်စုံအဖြစ် တီထွင်ခဲ့လေသည်။

## တက္ကသိုလ်ကျောင်းသားဘဝ

ကိုအောင်ဆန်းသည် ဆယ်တန်း စာမေးပွဲအောင်၍ ၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်လာလေသည်။ သူနေထိုင်သော ကျောင်းဆောင်သည် ပဲခူးကျောင်းဆောင် ဖြစ်လေသည်။ ထိုအခါကသော် တက္ကသိုလ်ကျောင်းသားများသည် ကြော့ကြော့မော့မော့ဝတ်စားကာ နေတတ်ကြလေသည်။ သို့ရာတွင် ကိုအောင်ဆန်းမှာကား ပင်နီအင်္ကျီ၊ ပိန်းတန်းဖိနပ်၊ ခေါင်းစုတ်များနှင့် ရိုးရိုးသားသား ဝတ်စားနေထိုင်ခဲ့သည်။ ခေါင်းငိုက်စိုက်နှင့် လမ်းလျှောက်တတ်သည်။ တစ်စုံတစ်ခုကိုစဉ်းစားနေတတ်လေသည်။

တက္ကသိုလ်ကျောင်းတွင် ကိုအောင်ဆန်းသည် ကျောင်းစာသက်သက်ကိုသာ လေ့လာ ကျက်မှတ်သူမဟုတ်။ ဗဟုသုတပေးနိုင်သော အခြားစာများကိုလည်း ဖတ်ရှုလေ့လာသူ ဖြစ်လေသည်။ အထူးသဖြင့် သူ့အခန်းထဲတွင် နိုင်ငံရေးကျမ်းများကို တွေ့မြင်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဆန်းသည် ထို နိုင်ငံရေးကျမ်းများကိုဖတ်၍ မြန်မာနိုင်ငံသည် လွတ်လပ်ရေးကိုရမှသာ တိုင်းသူ ပြည်သားအားလုံး အကျိုးခံစားခွင့်ရကြမည်ဟု ယူဆခဲ့လေသည်။ ထို့ကြောင့် ကိုအောင်ဆန်းသည် အခန်းနီးချင်း မိတ်ဆွေများအား လွတ်လပ်ရေးတရားများကို ဟောစပြုလာလေသည်။

ကျောင်းဆောင်တွင်ဖြစ်စေ၊ တက္ကသိုလ် သမဂ္ဂတွင်ဖြစ်စေ၊ ဟောပြောပွဲ တရားပွဲများ ရှိလျှင် ကိုအောင်ဆန်းသည် ထိုဟောပြောပွဲ တရားပွဲများသို့ မလွတ်တမ်း တက်ရောက် နားထောင်လေ့ ရှိလေသည်။ တရားပွဲပြီး၍ တရားပွဲ သဘာပတိက ပရိသတ်အား စကားပြောခွင့်ပေးတိုင်း ကိုအောင်ဆန်းသည် မိမိနေရာမှ ထကာ မိမိ၏ ထင်မြင်ချက်ကို ပရိသတ်အား တင်ပြလေ့ ရှိလေသည်။ စကားပြောရာတွင် စကားကို မှန်မှန်လေးလေး တစ်လုံးစီ တစ်လုံးစီ စဉ်းစား၍ပြောလေ့ရှိလေသည်။ ပရိသတ်က ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မိမိ၏ ယုံကြည်ချက်ကို ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ ဖွင့်ပြောလေ့ ရှိလေသည်။ ထို့ကြောင့် ကိုအောင်ဆန်းကို မကြိုက်သော ပရိသတ်ပင် ဖြစ်စေကာမူ ထိုပရိသတ်သည် ကိုအောင်ဆန်း၏ စကားကို ဂရုပြု၍ နားထောင်ကြလေသည်။

## အိုးဝေတာဝန်ခံ

၁၉၃၄–၃၅ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂ အမှုဆောင်လူကြီးများ အတွက် ရွေးကောက်ပွဲကျင်းပရာ ကိုအောင်ဆန်းသည် အရွေးခံရလေသည်။ ထို့နောက် တက္ကသိုလ်သမဂ္ဂ၏ မဂ္ဂဇင်းဖြစ်သော အိုးဝေမဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်ရလေသည်။ မဂ္ဂဇင်း အယ်ဒီတာအဖြစ်ဖြင့် မိမိ အနှစ်နှစ် အလလက လေ့လာမှတ်သားခဲ့သော နိုင်ငံရေး စာပေဗဟုသုတများကို အိုးဝေမဂ္ဂဇင်းတွင် ဆောင်းပါးများ ရေးသားခြင်းဖြင့် ဖြန့်ချိလေတော့သည်။ ကိုအောင်ဆန်းသည် အိုးဝေမဂ္ဂဇင်း ဆိုင်ရာ လုပ်ငန်းအမြောက်အမြားကို လုပ်ဆောင်ရသဖြင့် ကျောင်းစာကို လေ့လာရန် အချိန်နည်းသွားသော်လည်း ထိုနည်းသွားသော အချိန်ကို စနစ်တကျ အသုံးပြုတတ်သဖြင့် ကိုအောင်ဆန်းသည် အတန်းထဲ၌လည်း လူတော် တစ်ယောက်သာ ဖြစ်ခဲ့လေသည်။

## တာဝန်ခံတို့၏ သတ္တိ

တစ်ခါသော် တာဝန်ခံအယ်ဒီတာအဖြစ်ဖြင့် ကိုအောင်ဆန်းကိုယ်တိုင် တည်းဖြတ် ထုတ်ဝေလိုက်သော အိုးဝေမဂ္ဂဇင်းစာစောင်တစ်ခုတွင် ဆောင်းပါးတစ်စောင် ပါလာခဲ့လေသည်။ ထိုဆောင်းပါးတွင် ကျောင်းအုပ်ချုပ်ရေးအပေါ်၌ မကျေမနပ် ပုတ်ခတ် ရေးသားချက် ပါလေသည်။ ထိုရေးသားချက်ကြောင့် ကျောင်းအုပ်ကြီးက ထိုဆောင်းပါးရှင်၏အမည်ကို ထုတ်ဖော်ပြောဆိုရန် ကိုအောင်ဆန်းအား တောင်းဆိုလေသည်။ ထုတ်ဖော်ပြောဆိုခြင်းမပြုလျှင် အရေးယူမည်ဟုလည်း ပြောလေသည်။ ကိုအောင်ဆန်းသည် တာဝန်ခံ အယ်ဒီတာပီပီ ဆောင်းပါးရှင်၏အမည်ကို ထုတ်ဖော်ခြင်းမပြုဘဲ ကျောင်းမှ ထုတ်ပစ်ခြင်းကို ခံယူလိုက်လေသည်။ ထို့နောက် ၁၉၃၆ ခုနှစ်တွင် တက္ကသိုလ်သပိတ်ကြီး ဖြစ်ပေါ်လာလေသည်။ သပိတ်ပြန်လှန်သောအခါ ကိုအောင်ဆန်းသည် ဝိဇ္ဇာအထက်တန်း၌ ပညာဆက်လက် သင်ကြားခွင့်ကို ပြန်၍ ရလေသည်။ ထိုနှစ်၌ပင် ကိုအောင်ဆန်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂကို တည်ထောင်နိုင်လေသည်။

## သခင်အောင်ဆန်း

ကိုအောင်ဆန်းသည် နိုင်ငံလွတ်လပ်ရေးကို မျှော်မှန်းသူဖြစ်သဖြင့် ကျောင်းထွက်သောအခါ တို့ဗမာအစည်းအရုံးသို့ဝင်၍ သခင်အမည်ကိုယူကာ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းလေတော့သည်။ ထိုအခါကသော် တို့ဗမာ အစည်းအရုံးသည် အခြားအခြားသော နိုင်ငံရေးပါတီ အသင်းအဖွဲ့များလောက် အင်အားတောင့်တင်းခြင်း မရှိချေ။ အခြားအသင်းများတွင် အချို့အသင်းများသည် ခေတ်ပညာတတ်များဖြစ်၍ အချို့လည်း လူလတ်တန်းစား ကုန်သည်ပွဲစားများသာ ဖြစ်လေသည်။ ငွေကြေး အင်အားလည်း တောင့်လေသည်။ တိုင်းပြည်၌ သြဇာ ရှိသင့်သလောက်လည်း ရှိလေသည်။ တို့ဗမာအစည်းအရုံး၌ကား အများအားဖြင့် လူငယ်လူရွယ်တို့သာ များလေသည်။ ထိုလူငယ် လူရွယ်များမှာလည်း အများအားဖြင့် မိဘအိုးအိမ်ကို စွန့်လွှတ်၍ အနေ ဆင်းရဲခြင်း၊ အစားဆင်းရဲခြင်းစသော ဒုက္ခများကိုလည်း ကောင်း၊ ဗြိတိသျှ နယ်ချဲ့အစိုးရ၏ နှိပ်ကွပ်ခြင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဘေးကို လည်းကောင်း ရင်ဆိုင်ကာ နိုင်ငံလွတ်လပ်ရေးအတွက် ဆောင်ရွက်နေကြသူများ ဖြစ်လေသည်။ ကိုအောင်ဆန်းသည် တို့ဗမာအစည်းအရုံးသို့ ဝင်လျှင် ဆင်းရဲပင်ပန်းမည်ကို သိလေသည်။ သို့ရာတွင် တို့ဗမာ အစည်းအရုံးသာလျှင် လွတ်လပ်ရေးအတွက် တကယ်ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော အစည်းအရုံး ဖြစ်သည်ဟုလည်း သိသဖြင့် တို့ဗမာအစည်းအရုံးသို့သာ ဝင်လိုက်ခြင်း ဖြစ်လေသည်။

## အထွေထွေ အတွင်းရေးမှူး

အစည်းအရုံးသို့ ဝင်ပြီးနောက် သခင်အောင်ဆန်းသည် အထွေထွေအတွင်းရေးမှူး ဖြစ်လာလေသည်။ ထိုအခါမှစ၍ သခင်အောင်ဆန်းသည် အစည်းအရုံး အင်အားကောင်းလာအောင် ဆောင်ရွက်လေတော့သည်။ တောင်သူလယ်သမားများကို စည်းရုံးပေးနိုင်ခဲ့သည်။ အလုပ်သမားများကို စည်းရုံး ပေးနိုင်ခဲ့သည်။ ဤသို့ဖြင့် လူများစု ပြည်သူလူထု၏အင်အားသည် တစ်စတစ်စ တောင့်တင်းလာလေသည်။ ဗြိတိသျှ နယ်ချဲ့အစိုးရနှင့် နယ်ချဲ့ ကြိုးကိုင် ဓနရှင်များ၏ မတရားပြုမှုများကိုလည်းကောင်း၊ မျှမျှတတ မပြုဘဲနေမှုများကိုလည်းကောင်း၊ တော်လှန်လိုသဖြင့် ရေနံမြေ အလုပ်သမားတပ်ကြီးကို ရန်ကုန်မြို့သို့ ချီတက်စေခဲ့လေသည်။ ထိုအခါမှစ၍ တို့ဗမာ အစည်းအရုံး၏ အင်အားသည် ယခင်အခါများကထက် ပို၍ တောင့်တင်းလာလေသည်။ နိုင်ငံလွတ်လပ်ရေးပန်းတိုင်နှင့်လည်း နီးသည်ထက် နီးလာလေသည်။

ထိုအခါကသော် သခင်အောင်ဆန်းသည် အစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူးပင် ဖြစ်သော်လည်း သူ့ဘဝတွင် အဆင်းရဲအခံနိုင်ဆုံး ဖြစ်လေသည်။ ရန်ကုန်မြို့ ပုဇွန်တောင် ရေကျော်လမ်းရှိ တို့ဗမာ အစည်းအရုံး ဌာနချုပ်တွင် အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းသည် အခန်းငယ်တစ်ခုတွင် နေလေသည်။ ထိုအခန်းငယ်တွင် ဖျာတစ်ချပ်၊ မှို့ပေါက်ထွက်နေသော ခေါင်းအုံးတစ်လုံး၊ အညာစောင်တစ်ထည်နှင့် နေထိုင်လေသည်။ အိပ်ရာပတ်လည်တွင် စာအုပ်များ ဝိုင်းရံလျက် ရှိလေသည်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် နေသည်။ မစားရတစ်နပ်၊ စားရတစ်နပ် ထမင်းဝယ်စား၍ နေသည်။ ခေါင်းစုတ်ဖွားနှင့်နေသည်။ နယ်ကိုယ်စားလှယ်များ ရောက်လာသောအခါ စည်းရုံးရေး အစရှိသော အလုပ်ကိစ္စများကို ဆွေးနွေး၍ ညွှန်ကြားချက်များကို ပေးသည်။ ပြီးလျှင် စာတစ်အုပ်နှင့်သာ နေလေတော့သည်။

သခင်အောင်ဆန်းသည် တောင်အမေရိကတိုက်ရှိ မက္ကဆီကိုနိုင်ငံ၏ လွတ်လပ်ရေးကို အဆင်းရဲခံကာ အရယူပေးနိုင်ခဲ့သော ဟွာရက် ခေါ် မက္ကဆီကို လူမျိုး ခေါင်းဆောင်ကြီးကို အားကျခဲ့လေသည်။ လွတ်လပ်ရေးအတွက် ထိုခေါင်းဆောင်ကြီး ကြိုးပမ်းပုံ၊ အဆင်းရဲခံပုံ၊ သစ္စာသမာဓိနှင့် ပြည့်စုံပုံ၊ ပြည်သူလူထု နင်းပြားများအတွက် သနားတတ်ပုံ၊ အသက်စွန့်ပုံတို့ကို ရိုက်ကူးထားသော ရုပ်ရှင်ကားတစ်ကားသည် ရန်ကုန် ရုပ်ရှင်ရုံတစ်ရုံ၌ ပြခဲ့ရာ သခင်အောင်ဆန်းသည် ထိုရုပ်ရှင်ကားကို နှစ်ကြိမ် သုံးကြိမ်မက ထပ်ကာ ထပ်ကာ ကြည့်လေသည်။ ထိုကဲ့သို့သော ရုပ်ရှင်ကားမျိုးတွင် သခင် အောင်ဆန်းသည် စိတ်ဝင်စား၍ နှစ်သက်လေသည်။

## ဒုတိယကမ္ဘာစစ်ကြီး

၁၉၃၉ ခုနှစ်တွင် ဥရောပ၌ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလေသည်။ ထိုစစ်ကြီးတွင် အစကနဦး၌ ဗြိတိသျှနှင့် ပြင်သစ်တို့ကတစ်ဘက်၊ ဂျာမနီနှင့် အီတလီတို့က တစ်ဘက် တိုက်ခိုက်ကြလေသည်။ ထိုအခါ မြန်မာနိုင်ငံရှိ အချို့ ခေါင်းဆောင်များသည် စည်းဝေးတိုင်ပင်၍ မြန်မာနိုင်ငံကို ဗြိတိသျှလက်မှ လွတ်မြောက်အောင် ဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက် ချပြီးလျှင် "ဗမာ့ထွက်ရပ်ဂိုဏ်း" ဟုခေါ်သော နိုင်ငံရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လေသည်။ လွတ်လပ်ရေးကိုသာ တောင့်တနေသော သခင်အောင်ဆန်းသည် မည်သို့ပြုမူမည်နည်း။

ထူးထူးထွေထွေ တွေးတောနေစရာ မလိုပါ။ သခင်အောင်ဆန်းသည် ထို ဗမာ့ထွက်ရပ်ဂိုဏ်းတွင် အထွေထွေ အတွင်းရေးမှူးအဖြစ်ဖြင့်ပင် ဆောင်ရွက်လေတော့သည်။ သခင်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အသက်စွန့်ရမည်ဟူသော စိတ်တစ်ချောင်းတည်းကိုသာ ထားရှိသူလည်းဖြစ်၍ ရဲရင့်သူလည်းဖြစ်ရာ ဒုတိယကမ္ဘာစစ်တွင် ဗြိတိသျှနယ်ချဲ့အား မြန်မာတို့က

www.burmeseclassic.com

www.burmeseclassic.com



အကူအညီမပေးသင့်ကြောင်း တရားဟောတော့သည်။ ထိုအခါ ဗမာ့ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်အချို့ကို ဗြိတိသျှအစိုးရက ဖမ်းဆီး၍ ထောင်ချလေသည်။

သခင်အောင်ဆန်းသည် အဖမ်းခံရသည့်ဘေးမှ မလွတ်ခဲ့ချေ။ သို့ရာတွင် မကြာမီ ပြန်လွတ်လာလေသည်။ ပြန်လွတ်လာသော်လည်း သခင် အောင်ဆန်းသည် နောက်မဆုတ်ဘဲ နောက်တစ်ကြိမ် ဟင်္သာတမြို့၌ တရား ဟောပြန်လေသည်။ ထို့ကြောင့် ဟင်္သာတရာဇဝတ်ဝန်က သခင်အောင်ဆန်းကို ဖမ်းဆီးပေးလျှင် ဆုငွေ ငါးကျပ် ပေးမည်ဟု ပြက်ရယ်ပြုကာ ကြေညာလိုက်လေသည်။ သခင်အောင်ဆန်းသည် မိမိအား ဖမ်းဦးတော့မည်ဟု ဧကန် သိလေသည်။ မိမိ အဖမ်းခံရလျှင် ထွက်ရပ်ဂိုဏ်း၌ ခေါင်းဆောင်ရှိ တော့မည်မဟုတ်ဟုလည်း သိလာသည်။ ခေါင်းဆောင်မရှိလျှင် လွတ်လပ်ရေးလုပ်ငန်း အရှိန်ပျက်သွားစရာ အကြောင်းရှိသည်ဟုလည်း သိလာလေသည်။ ထို့ကြောင့် သခင်အောင်ဆန်းသည် ယာယီအားဖြင့် တိမ်းရှောင်ခဲ့လေသည်။ သို့ရာတွင် လွတ်လပ်ရေးအတွက် အငြိမ်နေသည်တော့မဟုတ်။ ကုပ်၍ ကြံနေလေသည်။

## သခင်အောင်ဆန်း၏ခြေလှမ်း

၁၉၄၀ ပြည့်နှစ် သြဂုတ်လဆန်းလောက်တွင် တရုတ်ဘောင်းဘီ တရုတ်အင်္ကျီတို့ကို ဝတ်ဆင်ထားသဖြင့် တရုတ်နှင့် အလွန်တူသော လူငယ်တစ်ဦးသည် ရန်ကုန်မြို့ဆိပ်ကမ်း၌ ကပ်ထားသော ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းပေါ်သို့ တက်သွားလေသည်။ ထို့နောက် သင်္ဘောထွက်လေသည်။ လူငယ်သည် အခြားသူမဟုတ်၊ သခင်အောင်ဆန်းပင် ဖြစ်လေသည်။ သခင်အောင်ဆန်း ဘယ်သို့သွားရန် ကြံစည်သနည်း။ အကူအညီပေးရန် လက်ကမ်းလာသော ဂျပန်နိုင်ငံသို့ သွားရန်ကြံစည်ခြင်း ဖြစ်လေသည်။ ဂျပန်နိုင်ငံသို့ ရောက်လျှင် စစ်အတတ်သင်၊ စစ်လက်နက်အမြောက်အမြား ရရှိရေးကိုဆောင်ရွက်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်း၊ ထို့နောက် မြန်မာပြည်သို့ ဝင်လာကာ ဗြိတိသျှအစိုးရကို တော်လှန်ရန် ဖြစ်လေသည်။

သခင်အောင်ဆန်းသည် ရှေးဦးစွာ တရုတ်နိုင်ငံသို့ ရောက်သွားသည်။ ထို့နောက်မှ ဂျပန်နိုင်ငံသို့ ရောက်လေသည်။ ဂျပန်နိုင်ငံတွင် သက်ဆိုင်ရာ ဂျပန် စစ်ဘက်နှင့် တိုင်ပင်ပြီးနောက် မြန်မာပြည်သို့ ပြန်လာ၍ အဖမ်းမခံရသေးသော သခင်ခေါင်းဆောင်များနှင့် တိုင်ပင် ပြန်လေသည်။ ထိုနောက် ရုပ်ဖျက်ကာ ဂျပန်သင်္ဘောနှင့်ပင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပြန်လည် ထွက်ခွာသွားပြန်လေသည်။ သခင်အောင်ဆန်း ပြန်လည်ထွက်ခွာသွားပြီးနောက် ပြည်တွင်းတွင် ကျန်ရစ်ခဲ့သော သခင်ခေါင်းဆောင်များသည် သခင်လူငယ်များထဲမှ သင့်တော်သူများကို ရွေး၍ တစ်သုတ်ပြီးတစ်သုတ် ဂျပန်နိုင်ငံသို့ စေလွှတ်တော့သည်။

## ရဲဘော်သုံးကျိပ်

ထို သခင်လူငယ် ဦးရေသည် သခင်အောင်ဆန်းအပါအဝင် သုံးဆယ်ဖြစ်သဖြင့် နောင်အခါတွင် ရဲဘော်သုံးကျိပ်ဟု တွင်လေသည်။ သခင်အောင်ဆန်းနှင့် ရဲဘော်တို့သည် ရှေးဦးစွာ ဟိုက်နန်ကျွန်း၌ ဂျပန်စစ်ဗိုလ်များထံမှ စစ်ပညာကို သင်ကြားကြလေသည်။ ထိုနောက် ယိုးဒယားနိုင်ငံသို့လာကြ၍ ယိုးဒယားနိုင်ငံ၌ နေထိုင်ကြသော မြန်မာများ၏ အကူအညီဖြင့် ဘီ-အိုင်-အေ ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းကြတော့သည်။ ၁၉၄၂ ခုနှစ်တွင် ဂျပန်စစ်တပ်က မြန်မာနိုင်ငံရှိ ဗြိတိသျှအစိုးရကို တိုက်ခိုက်ရန် မြန်မာနိုင်ငံတွင်းသို့ ဝင်လာသောအခါ သခင်အောင်ဆန်းဦးစီးသော ဗမာ့လွတ်လပ်ရေးတပ်မတော်သည်လည်း စစ်ကြောင်းလေးကြောင်းဖြန့်၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်လာခဲ့သည်။ သခင်အောင်ဆန်းကို ထိုအခါက ဗိုလ်တေဇဟု ခေါ်ကြလေသည်။ စစ်ကြောင်းတစ်ကြောင်းသည် ဟင်္သာတအထိ ရေကြောင်းချီခဲ့သည်။ စစ်တစ်ကြောင်းသည် မြိတ်နယ်ကို သိမ်းသည်။ စစ်တစ်ကြောင်းသည် မြစ်ဝကျွန်းပေါ်ဒေသကို သိမ်းသည်။ ကျန်စစ်တစ်ကြောင်းသည် အထက်မြန်မာနိုင်ငံသို့ ချီတက်နိုင်ခဲ့လေသည်။

## အောင်ဆန်း နှင်းဆုတ် အင်္ဂလိပ်ပြွတ်

ဗိုလ်ချုပ်အဖြစ်ဖြင့် သခင်အောင်ဆန်း ခေါင်းဆောင်လာသော ဗမာ့ လွတ်လပ်ရေး တပ်မတော်သည် မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတွင်းသို့ မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်တွင် ဝင်လာလေသည်။ အောင် ဟူသော စကားသည် တနင်္ဂနွေနံ ၁ ဖြစ်လေသည်။ ဆန်း ဟူသော စကားသည် အင်္ဂါနံ ၃ ဖြစ်လေသည်။ နင်း ဟူသော စကားသည် စနေနံ ၀ ဖြစ်လေသည်။ ဆုတ် ဟူသော စကားသည် အင်္ဂါနံ ၃ ဖြစ်လေသည်။ ၁၃၀၃ ခုနှစ်တွင် သခင်အောင်ဆန်း ဝင်လာ၍ အင်္ဂလိပ်အစိုးရ ပြုတ်သွားသည်ဖြစ်ရာ မြန်မာနိုင်ငံရှိ ကလေး လူကြီးတို့သည် "အောင်ဆန်း နင်းဆုတ်၊ အင်္ဂလိပ်ပြုတ်" ဟူသော တဘောင် စကားကိုပင် ဆိုခဲ့ကြလေသည်။ ထို့ကြောင့် မြန်မာတိုင်းသူပြည်သားများသည် သခင်အောင်ဆန်းအပေါ် ထိုအခါမှ စ၍ ထိုမျှပင် ကြည်ညိုခြင်း၊ အားကိုးခြင်း ရှိလာကြသည်မှာ ထင်ရှားလေသည်။

## စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း

ဗမာ့လွတ်လပ်ရေး တပ်မတော်၏ အကူအညီဖြင့် ဂျပန်စစ်တပ်သည် ဗြိတိသျှအစိုးရကို မြန်မာနိုင်ငံမှ မောင်းထုတ်နိုင်သောအခါ၌ မြန်မာနိုင်ငံကို အုပ်ချုပ်လေသည်။ မြန်မာဝန်ကြီးများသာ ပါသော မြန်မာအစိုးရအဖွဲ့ကိုကား ဖွဲ့စည်းခွင့် ပေးပါ၏။ သို့ရာတွင် ဂျပန်စစ်တပ်ကသာလျှင် အာဏာကုန် ယူထားလေသည်။ သခင်အောင်ဆန်းနှင့်တကွ မြန်မာ ခေါင်းဆောင်များသည် ဂျပန်စစ်တပ်အပေါ်တွင် ကျေနပ်ခြင်း မရှိကြချေ။ သို့ရာတွင် ဂျပန်စစ်တပ်၏ ခြေလှမ်းကိုသာ စောင့်ကြည့်နေကြလေသည်။ ထိုအတောအတွင်းတွင် ဗမာ့လွတ်လပ်ရေး တပ်မတော် အမည်ကို ရုပ်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော်အမည်ကို ပြောင်းမည့်လိုက်လေသည်။ သခင်အောင်ဆန်းသည် မိမိ၏ တပ်မတော်နှင့် မခွဲချင်သဖြင့် မြန်မာ အစိုးရအဖွဲ့တွင် စစ်ဝန်ကြီးရာထူးကို လက်ခံ၍ ဗမာ့ကာကွယ်ရေး တပ်မတော်ကို ဦးစီးကာ ဆောင်ရွက်လေသည်။

သခင်အောင်ဆန်းသည် စစ်ဝန်ကြီးပင် ဖြစ်လင့်ကစား တပ်မတော်သားကလေးများအား ကိုယ်နှင့်ထပ်တူ ချစ်ခင်တတ်သူ ဖြစ်လေသည်။ ထို့ကြောင့် တပ်မတော်သားတိုင်းသည် ဗိုလ်ချုပ်အောင်ဆန်းကို ဖခင်ကြီးပမာ ချစ်ကြောက် ရိုသေကြလေသည်။ တပ်မတော်သားများကသာမက မြန်မာနိုင်ငံသူ နိုင်ငံသား ကလေး၊ လူကြီး ကျား၊ မ မဟူ လူတိုင်းကလည်း ဗိုလ်ချုပ်အောင်ဆန်း၏ သစ္စာ၊ သမာဓိ၊ သတ္တိ တို့ကို ယုံကြည်၍ အားကိုးကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း မူ မပြောင်း။ ရိုးရိုးနေ၊ ရိုးရိုးစား၊ ရိုးရိုးဝတ်၊ ရိုးရိုးကျင့်၊ ရိုးရိုးကြံလျက်သာ နေထိုင်လေသည်။ သူနေသော အိမ်တွင် ခုတင် ဟူ၍လည်း မရှိ။ အိပ်ရာခင်းဟူ၍လည်းမရှိ။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး စသည်တို့ပင် မရှိသောကြောင့် အမြင်မတော်သူများသည် နီးရာ အိမ်များမှ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး စသည်တို့ကို ရှာဖွေပေးကြရလေသည်။

တစ်ကြိမ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အပြင်းအထန် ဖျားသဖြင့် အလံပြ ဘုရားလမ်းရှိ စစ်ဆေးရုံသို့ တက်ရောက်ကုသရလေသည်။ ထိုစဉ်က စစ်ဆေးရုံ၌ နောင်အခါ ဗိုလ်ချုပ်ကတော်ဖြစ်လာသော ဒေါ်ခင်ကြည်သည် ပြည်သူ့ဝန်ထမ်းတာဝန်များကို ဆောင်ရွက်လျက် ရှိနေလေသည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဒေါ်ခင်ကြည်၏ စိတ်ဓာတ်ကို နှစ်ခြိုက်လာသည့်အပြင် နဖူးစာ ရွာလယ်ဟူသော စကားအတိုင်း ဒေါ်ခင်ကြည်နှင့် ချစ်ကျွမ်းဝင်ကြလေသည်။ နောင်အခါ ဒေါ်ခင်ကြည် ဗိုလ်ချုပ်ကတော်ဖြစ်လာသောအခါ၌ တပ်မတော်သားများသာမက တစ်တိုင်း တစ်ပြည်လုံးကပင် နှစ်ခြိုက်ဝမ်းမြောက်ကြလေသည်။

## ဖက်ဆစ်ဝါဒကိုမုန်းသူ

ဂျပန်စစ်တပ်များ မြန်မာနိုင်ငံအတွင်းသို့ဝင်လာ၍ ဖက်ဆစ်အာဏာရှင်ဆန်ဆန် မင်းမူသည့်အခါမှ စ၍ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ဖက်ဆစ်ကို တော်လှန်ရန် ကြံစည်ရပြန်လေသည်။ ဗိုလ်ချုပ်၏ စိတ်ထဲတွင် ဗြိတိသျှ လက်မှ လွတ်မြောက်သွားသော်လည်း ဂျပန်ဖက်ဆစ် လက်တွင်း၌ ကျရောက်နေသော မိမိ၏ နိုင်ငံအတွက် အမြဲတွေးနေလေသည်။ ထို့ကြောင့် စစ်ဝန်ကြီးအဖြစ်ဖြင့် ဆောင်ရွက်နေစဉ် ဗမာ့ကာကွယ်ရေးတပ်မတော်ကို စနစ်တကျ ဖွဲ့စည်း၍ ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်မှုများကို ပြုလျက်နေလေသည်။ ဂျပန်စစ်တပ်ကလည်း ဗိုလ်ချုပ်၏ ခြေလှမ်းကို အမြဲ စောင့်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့၊ ပိပိပြားပြား ဆောင်ရွက်လေသည်။ တပ်မတော်သားများနှင့် တိုင်းသူပြည်သားများကလည်း ဗိုလ်ချုပ်၏သစ္စာနှင့်သတ္တိတို့ကို ယုံကြည်သဖြင့် ဗိုလ်ချုပ်အား အကူအညီပေးခဲ့ကြသည်။

ဤသို့ဖြင့် ၁၉၄၄ ခုနှစ်အတွင်းသို့ ရောက်လာသောအခါ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဖ–ဆ–ပ–လ ခေါ် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို တိတ်တဆိတ် ဖွဲ့စည်းပြီးမြောက်လေသည်။ ထို့နောက် တော်လှန်ရေးလုပ်ငန်းများကို လျှို့ဝှက်စွာ ဆက်လက် ဆောင်ရွက်ပြန်လေသည်။ ထိုလုပ်ငန်းမှာ အခြားမဟုတ်။ ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်းကာ ဂျပန်ဖက်ဆစ်ကို လက်နက်ကိုင်တော်လှန်၍ မြန်မာနိုင်ငံတွင်းမှ မောင်းထုတ်ရန် စီစဉ်သော လုပ်ငန်းများပင် ဖြစ်လေသည်။

## ဗိုလ်ချုပ်၏အမြော်အမြင်

ထိုအခါမှ စ၍ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖ–ဆ–ပ–လ အဖွဲ့ချုပ်သည် ဂျပန်ကိုပြန်တိုက်ရန် အိန္ဒိယနိုင်ငံ၌ ပြင်ဆင်မှုများပြုနေသော ဗြိတိသျှ စစ်ဘက်အရာရှိကြီးနှင့် တိတ်တဆိတ် ဆက်သွယ်၍ လက်နက်ကောင်းများကို ရအောင် ယူလေသည်။ ထိုအခါကသော် ဂျပန် ဖက်ဆစ်ကို တိုက်ထုတ်ရာ၌ ဖ–ဆ–ပ–လ က အကူအညီပေးမည်ဟု စကား ကမ်းလှမ်းသော်လည်း စစ်ကြီးပြီးသောအခါ မြန်မာနိုင်ငံအား အခွင့်အရေးပေးမည်ဟူသော ကတိကို ဗြိတိသျှတို့က မပေးချေ။ ထို့ကြောင့် ဗြိတိသျှအပေါ်၌ သံသယ ဖြစ်နေကြသေးလေသည်။ သို့ရာတွင် ဗိုလ်ချုပ်က "အို ... ဘာပဲဖြစ်ဖြစ်ဗျာ မဟာမိတ်တွေဆီက ဘာ အခွင့်အရေးမှ မရချင်နေပါစေ။ ကျုပ်တို့ဟာ ကျုပ်တို့ ဂျပန်ဖက်ဆစ်ကို တော်လှန်ကြမယ်။ ဒါမှလည်း ကမ္ဘာက ကျုပ်တို့ကို တကယ့် ဖက်ဆစ်ဆန့်ကျင်ရေးသမားတွေဆိုတာ သိလာလိမ့်မယ်"ဟု ပြတ်သားစွာ ပြောလေသည်။ ထိုအခါ ဗိုလ်ချုပ်၏ အမြော်အမြင်ကြီးပုံကို ယုံကြည်ကြသဖြင့် ဗြိတိသျှနှင့် ပူးပေါင်းကာ တော်လှန်ရေးကိစ္စတို့ကို ဆက်လက်၍ အင်တိုက်အားတိုက် ဆောင်ရွက်ကြလေသည်။ ၁၉၄၅ ခုနှစ် မတ်လသို့ ရောက်သောအခါ ဂျပန်ဆက်ဆစ်ကို တော်လှန်ရန် အချိန်ရောက်ပြီဖြစ်သဖြင့် ဗမာ့ကာကွယ်ရေး တပ်မတော်သားများနှင့် ပြည်သူလူထုသည် ဖ–ဆ–ပ–လ အဖွဲ့ချုပ်၏ ညွှန်ကြားချက်အတိုင်း ဂျပန်ဖက်ဆစ်ကို မြန်မာနိုင်ငံအတွင်းမှ တော်လှန် မောင်းထုတ်နိုင်ခဲ့ကြလေသည်။

## ဗိုလ်ချုပ်နှင့် နောက်တစ်ကွေ့

လွတ်လပ်ရေးပန်းတိုင်သို့ ဦးချီနေသော ခရီးတွင် အကွေ့တစ်ခုကိုကား ကျော်ခဲ့လေပြီ။ သို့ရာတွင် နောက်တစ်ကွေ့ ကျန်ပေသေးသည်" ထို နောက်တစ်ကွေ့မှာ အခြားမဟုတ်။ ၁၉၄၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော စစ်ပြေး ဗြိတိသျှအစိုးရ ဖြစ်လာလေသည်။ ထိုအစိုးရသည် မြန်မာနိုင်ငံ ပြည်သူလူထု၏ ဆန္ဒအရ ရွေးချယ်ကောက်တင်မြှောက်ခြင်း ခံရသော အစိုးရမဟုတ်ချေ။ သို့ရာတွင် ထိုအစိုးရကပင် မြန်မာနိုင်ငံကို သုံးနှစ်မျှ မိမိ၏ သဘောအတိုင်း စီမံ အုပ်ချုပ်ချင်သေးသည်။ ထိုနောက်မှ ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် တစ်စတစ်စ ဆောင်ရွက်ရန် ဖြစ်လေသည်။ ကိုယ်ပိုင်အုပ် ချုပ်ရေးအတွက် ဆောင်ရွက်ရာမှာလည်း ချင်း၊ ကချင်၊ ရှမ်း အစရှိသော တောင်တန်းသားများနှင့် ခွဲထားချင်သေးသည်။ ထိုအကွေ့သည် ယခင်က လက်နက်လက်ရုံး သုံး၍ ဂျပန်ဖက်ဆစ်ကို တော်လှန်ရသော အကွေ့ထက်ပင် ပို၍ ခက်ခဲလေသည်။ ထိုအကွေ့ကို ကျော်နိုင်လျှင် လွတ်လပ်ရေး ရမည်မှာ သေချာလေသည်။ ထိုအကွေ့ကို ဗိုလ်ချုပ်အောင်ဆန်းသည် မည်သို့ ကျော်ခဲ့ပါသနည်း။

## ဉာဏ်၊ ခန္တီ၊ သစ္စာ၊ သမာဓိ

ဗိုလ်ချုပ်အောင်ဆန်းသည် ဖ–ဆ–ပ–လ အဖွဲ့ချုပ်၏ အင်အားကို စနစ်တကျ ပြန်လည် ဖွဲ့စည်းလေသည်။ ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကလည်း ဗိုလ်ချုပ်ကို ယုံကြည်သဖြင့် ဥက္ကဋ္ဌအရာကို ပေး၍ ဆောင်ရွက်စေလေသည်။ တိုင်းပြည်က ထိုမျှ ယုံကြည်ကြခြင်း၏အကြောင်းရင်းနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်က "ကျွန်ုပ်မှာ (၁) ငွေကြေးကိုလည်း ကောင်း၊ (၂) ရာထူးနှင့် အာဏာကိုလည်းကောင်း၊ (၃)

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးကိုယ်တာ ဘဝစည်းစိမ်ကိုလည်းကောင်း လုံးဝ မက်မော သာယာခြင်း မရှိသောကြောင့် ကျွန်ုပ်အား လေးစားကြဟန်တူပေသည်"ဟု သူ၏ မှတ်တမ်း၌ ရေးခဲ့ဖူးလေသည်။

ဖ–ဆ–ပ–လ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ငန်းစဉ်တွင် အရေးကြီးသော လုပ်ငန်းနှစ်ခု ရှိလေသည်။ တစ်ခုမှာ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရ၍ ဒီမိုကရေစီဝါဒအရ (ဝါ)ပြည်သူလူထုများ ရာစု၏ဆန္ဒအရ အုပ်ချုပ်ခွင့်ရသော နိုင်ငံတစ်ခု ဖြစ်လာအောင် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်လေသည်။ ကျန်တစ်ခုမှာ မွန်–မြန်မာ–ရခိုင်–ရှမ်း–ချင်း–ကရင်–ကချင်–ကယား အစရှိသော မြန်မာနိုင်ငံ တိုင်းရင်းသားတို့ စည်းစည်းလုံးလုံးရှိ၍ တရားမျှတသော အခွင့်အရေးများကို ခံစားနိုင်သည့် ပြည်ထောင်စုနိုင်ငံကြီးဖြစ်လာအောင် ဆောင်ရွက်ရမည့် လုပ်ငန်း ဖြစ်လေသည်။

ထိုလုပ်ငန်းနှစ်ခုသည် ဗိုလ်ချုပ်၏ အသည်းစွဲ လုပ်ငန်းများပဲ ဖြစ်လေသည်။ အသည်းစွဲ လုပ်ငန်းဖြစ်သည့်အတိုင်းလည်း ဗိုလ်ချုပ်သည် မနားမနေ ဆောင်ရွက်လေသည်။ မြို့တကာ ရွာတကာသို့ လှည့်လည်၍ လွတ်လပ်ရေးတရားကိုလည်းကောင်း၊ စည်းလုံးရေး တရားကိုလည်းကောင်း ဟောကာ ပြည်သူလူထု၏ အင်အားကို စည်းရုံးလေသည်။ ထိုအခါ ရှမ်း– ချင်း–ကရင်–ကချင်–ကယား စသော တိုင်းရင်းသားတို့သည်လည်း ဗိုလ်ချုပ် ၏ စေတနာကို ယုံကြည်လာကြ၍ မြန်မာနိုင်ငံ လွတ် လပ်ရေးအတွက် ပူးပေါင်းလာကြလေသည်။ ဤသို့ဖြင့် လွတ်လပ်ရေးကို လိုလားကြသော ပြည်မလူထုနှင့် တောင်တန်း လူထုတို့သည် ဖ–ဆ–ပ–လ အလံအောက်တွင် သွေးစည်းမိလာကြလေသည်။

## နိုင်ငံတော်ခေါင်းဆောင်ကြီး

ထိုအခါ ဗိုလ်ချုပ် ဦးစီးသော ဖ–ဆ–ပ–လ အဖွဲ့ချုပ်သည် လွတ်လပ်ရေးပေးရန် အင်တင်တင် လုပ်နေသော ဗြိတိသျှ အစိုးရကို ၁၉၄၆ ခုနှစ်တွင် သပိတ်မှောက်ခိုင်းရာ ထိုနှစ်တွင် အထွေထွေအစိုးရ အမှုထမ်းတို့သည် ဗြိတိသျှအစိုးရကို သပိတ်မှောက်လိုက်ကြလေတော့သည်။ ထို့နောက် ရဲအဖွဲ့အမှုထမ်းများကလည်း ထိုနည်းတူစွာ သပိတ်မှောက်လိုက်ကြရာ ဗြိတိသျှ အစိုးရသည် ကိုင်းပြည်၏ဆန္ဒအပေါ်သို့ လိုက်လျောလာရတော့သည်။ ထို့ကြောင့် ဗိုလ်ချုပ်သည် တိုင်းပြည်လူထု၏ ခေါင်းဆောင်ကြီးအဖြစ်ဖြင့် ဗြိတိသျှ(ဘိလပ်) နိုင်ငံသို့ သွား၍ လွတ်လပ်ရေးအတွက် အစီအစဉ်များကို ဗြိတိသျှ အစိုးရနှင့် ဆွေးနွေးခွင့် ရခဲ့လေသည်။

## ပြည်ထောင်စုဗိသုကာ

ဗြိတိသျှနိုင်ငံမှ ပြန်လာသောအခါ ဗိုလ်ချုပ်သည် အထူးသဖြင့် တောင်တန်းဒေသရှိ တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး၍ စည်းလုံးမှုကို ဆောင်ရွက်လေသည်။ တောင်တန်းသားများသည် ဗိုလ်ချုပ်၏ စေတနာ၊ သစ္စာ၊ သမာဓိ၊ သတ္တိ တို့ကို ယုံကြည်ရင်းစွဲရှိကြသူများ ဖြစ်သဖြင့် ပြည်မ နှင့်ပေါင်း၍ လွတ်လပ်ရေးကို ယူမည်ဟု ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပသော တောင်တန်းသား ပေါင်းအစည်းအဝေးကြီးတွင် ကတိပေးလေသည်။ ဤသို့ဖြင့် "ပြည်ထောင်စု" ဟူသော နိုင်ငံတော် ဘဝသစ်လမ်းသည် ပေါ်လာလေတော့သည်။

## လွတ်လပ်ရေးဗိသုကာ

ထို့နောက် ဗိုလ်ချုပ်သည် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးခဲ့သော လွတ်လပ်ရေးအစီအစဉ်များကို မနားမနေ ဆောင်ရွက်လေသည်။ မြန်မာနိုင်ငံ လွတ်လပ်သောအခါ တိုင်းပြည်ကို ဖွဲ့စည်း အုပ်ချုပ်ရန် ဖွဲ့စည်း အုပ်ချုပ်ရေး စနစ်တစ်ခုရှိရမည် ဖြစ်လေသည်။ ထိုစနစ်သည် ပြည်မသား၊ တောင်တန်းသားအားလုံး နှစ်ခြိုက်လက်ခံနိုင်မည့် စနစ်မျိုး ဖြစ်သင့်လေသည်။ ထိုစနစ်မျိုးကို ရရှိနိုင်ရန် ဉာဏ်ကြီးခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ မျှတတတ်ခြင်း၊ သည်းခံတတ်ခြင်းတို့ လိုလေသည်။ ဗိုလ်ချုပ်တွင် ဤအရည်အချင်း လေးမျိုးစလုံး ရှိလေသည်။ တိုင်းသူပြည်သား အားလုံး၌လည်း ထိုအရည်အချင်း လေးမျိုးစလုံး ရှိကြရန် ဗိုလ်ချုပ်သည် ဖ–ဆ–ပ–လအဖွဲ့ချုပ် ဥက္ကဋ္ဌ အဖြစ်ဖြင့် တိုင်းပြည်အား သင်ပြ ဟောပြောခဲ့လေသည်။

ထို့နောက် အများနှစ်ခြိုက်လက်ခံနိုင်မည့် ဖွဲ့စည်း

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးစနစ်ကို တီထွင်ရန် ၁၉၄၇ ခုနှစ် ဧပြီလတွင် ပြည်မ၌လည်းကောင်း၊ တောင်တန်း ဒေသများ၌လည်းကောင်း တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ကျင်းပစေလေသည်။ ရွေးကောက်ပွဲပြီးသောအခါ တိုင်းပြည် ပြုလွှတ်တော်၏ ပထမ ညီလာခံ အစည်းအဝေးကို ထိုနှစ် ဇွန်လထဲ၌ ကျင်းပစေလေသည်။ ထို တိုင်းပြည်ပြု လွှတ်တော်၌ ဗိုလ်ချုပ်သည် ပြည်မ ကိုယ်စားလှယ် အမတ်များနှင့် တောင်တန်းဒေသ ကိုယ်စားလှယ်အမတ်တို့၏ မျက်နှာစုံညီတွင် အနာဂတ် ဖွဲ့စည်းအုပ်ချုပ်ရေး စနစ်အတွက် လမ်းစဉ်များ ချပေးခဲ့လေသည်။ ထိုလမ်းစဉ်များကို ကိုယ်စားလှယ်အမတ်အားလုံးက သဘောကျ ထောက်ခံ၍ ထိုလမ်းစဉ်များနှင့် ညီညွတ်သော အခြေခံ ဥပဒေ ရေးဆွဲရေးကိစ္စများကို ဆောင်ရွက်စ ပြုလာတော့သည်။

၎င်းကိစ္စများကို ဗိုလ်ချုပ်ကိုယ်တိုင် ဦးစီးဦးကိုင်ပြု၍ ဆောင်ရွက်ဆဲတွင် ထိုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အပေါင်းပါ ဝန်ကြီးတချို့သည် လူမသမာတို့၏ လက်ချက်ဖြင့် အသက် ဆုံးရှုံးကြရလေသည်။ ဤသို့ဖြင့် ပြည်ထောင်စု ဗိသုကာလည်းဖြစ်၍ လွတ်လပ်ရေး ဗိသုကာလည်းဖြစ်သော နိုင်ငံတော် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံအတွက် အသက်စွန့်သွားခဲ့ရ၍ ကျွန်ုပ်တို့၏ မျက်မှောက်မှ ကွယ်သွားရရှာလေသည်။

## သို့ရာတွင်

သို့ရာတွင် ဖ–ဆ–ပ–လ အဖွဲ့ချုပ်သည် ဗိုလ်ချုပ်၏ လမ်းစဉ်အတိုင်း ဆက်လက် ဆောင်ရွက်သွား၍ တိုင်းပြည်ကလည်း ဗိုလ်ချုပ်၏ လမ်းစဉ်ကို ဆက်လက် ထောက်ခံကြသည်ဖြစ်ရာ အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကြီးသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကမ္ဘာ့ပွဲလယ်၌ တင့်တင့်တယ်တယ် ဖြစ်ထွန်းပေါ်ပေါက်လာလေသည်။

## ဗိုလ်ချုပ်မသေ

ဗိုလ်ချုပ်အောင်ဆန်းသည် လူလားမြောက်သည့် အရွယ်မှစ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးကိုသာ အာရုံစိုက်၍ ဆောင်ရွက်ခဲ့သူ ဖြစ်လေသည်။ သခင်ခေါင်းဆောင်အဖြစ်ဖြင့် လွတ်လပ်ရေး၏ ရန်သူဖြစ်သော နယ်ချဲ့တို့နှင့် အကြိတ်အနယ်အား ပြိုင်ခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် ဗိုလ်ချုပ် ဗိုလ်တေဇအဖြစ်ဖြင့်လည်း လွတ်လပ်ရေး၏ ရန်သူဖြစ်သော ဖက်ဆစ်တို့နှင့် အကြိတ်အနယ် အားပြိုင်ခဲ့သည်။ နောက်ဆုံးတွင် လွတ်လပ်ရေးနှင့် စည်းလုံးရေးတို့ကို ရတော့မည်ဟု မိမိကိုယ်တိုင် သိ၍ တိုင်းပြည်အကျိုးရှိရာ ရှိကြောင်းတို့ကို ငြိမ်းချမ်းစွာ ဆက်လက် ဆောင်ရွက်ရန် အားယူနေဆဲတွင် အသက်ခန္ဓာ စဲသွားရရှာလေသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်သည်ကား စဲသွားသည် မဟုတ်ချေ။ ရှင်လျက်ပင် ရှိလေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံသည် ဤကမ္ဘာမြေပေါ်၌ ရှိနေသမျှကာလပတ်လုံး ထိုစိတ်ဓာတ်သည် ရှင်လျက်သာ နေမည် ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ မိန့်ခွန်းများတွင် သူ၏စိတ်ဓာတ်ကို အောက်ပါအတိုင်း ထုတ်ဖော်ခဲ့လေသည်။

"ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်"

"ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီ(ကယား)တို့က တခြား ... အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်"

ထိုစိတ်ဓာတ်သည် ကျွန်ုပ်တို့၏ ပြည်ထောင်စုတွင် တစ်ခါတစ်ရံ မိုးဟိန်းသကဲ့သို့ ဟိန်းလျက် တစ်ခါတစ်ရံ တူရိယာ တေးဂီတကဲ့သို့ သာသာယာယာ မြည်လျက်နေမည်မှာ မုချဖြစ်လေသည်။ ။

စာပေဗိမာန်ဘာသာပြန်စာပေအသင်း၏
၁၉၅၆ ခုနှစ်ထုတ် ပြည်တော်သာစာစဉ် စာအုပ်ငယ်မှ

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်ဆန္ဒနှင့် ဆရာ့ဝါသနာ

## မင်းသုဝဏ်

လွတ်လပ်တော့မည်။ ကျွန်တော်တို့ မြန်မာနိုင်ငံ လွတ်လပ်တော့မည်။ ကျွန်တော်တို့ တိုင်းသားများ လွတ်လပ်တော့မည်။ သည်တစ်ခါ တကယ်ပင် လွတ်လပ်တော့မည်။ ကျွန်တော်တို့ မျက်မှောက်တွင်ပင် လွတ်လပ်တော့မည်။ ကျွန်တော်တို့ ကံကောင်းလေစွ။

ကျွန်တော်၏ မိဘကာဘဘက် အဘိုးအဘွား လေးဦးတွင် တစ်ဦးသော အဘိုးသာလျှင် လွတ်လပ်သောဘဝတွင် မွေးဖွားခဲ့သည်။ ကျန်သုံးဦးကား ကျွန်ဘဝတွင် မွေးဖွား၍ ကျွန်ဘဝတွင်ပင် အရိုးထုတ်ကြရရှာသည်။ သို့သော်လည်း ကျွန်တော့်မိဘများကား သခင်ဘဝကို တွေ့ကြရတော့မည်။ ကျွန်တော်နှင့်တကွ ကျွန်တော့် သားမယားတို့သည်လည်း သခင်ဘဝကို တွေ့ကြရတော့မည်"

ဤအတွေးမျိုးကို ကျွန်တော် နေ့စဉ်လိုလိုပင် တွေး၍ပီတိဖြစ်မိသည်။ ပီတိဖြစ်သောအခါတိုင်း ဝမ်းနည်းချက်တစ်ခုဖြင့် အဆုံးသတ်ရသည်။ ထိုဝမ်းနည်းချက်မှာကား ကျွန်တော်နှင့် ခင်မင်ရုံတွင်မျှမက ကျွန်တော် ယုံကြည်ကိုးစားသော ဗိုလ်ချုပ်နှင့် ဆရာတို့အပြင် အခြားခေါင်းဆောင်တို့သည် ခါးတောင်းကျိုက်မှ မဖြုတ်ရသေးခင် အသေဆိုးဖြင့် အာဇာနည်ဗိမာန်သို့ ကူးပြောင်းသွားရသည်ကို သတိရမိသောအချက်ပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အကြောင်းကို တွေးမိလိုက်လျှင် ရယ်လည်း ရယ်ချင်မိသည်။ အားလည်းကိုးမိသည်။ ကြည်လည်း ကြည်ညိုမိသည်။ သူ့ကို စ၍သိရစဉ်အခါက သူ့မှာ ကျောင်းသား။ ကျွန်တော်က နည်းပြဆရာ ပေါက်စ။ တက္ကသိုလ်ကျောင်းတိုက် ပဲခူးကျောင်းဆောင်တွင် အတူနေကြသည်။ သူက နိုင်ငံရေးဝါသနာပါသော ကျောင်းသား။ ကျွန်တော်က စည်းကမ်း ရှိသေသော ကျောင်းဆရာ။ တစ်နေ့သောအခါတွင် သူနှင့်ကျွန်တော် တွေ့ကြရတော့သည်။

တစ်ညတွင် စာကြည့်ခေါင်းလောင်း ထိုးပြီးနောက် ကျွန်တော်သည် အခန်းစေ့ ကျောင်းသားများ ရှိမရှိ လိုက်ကြည့်စစ်ဆေးရသည်။ ကိုအောင်ဆန်းကား သူ့အခန်းတွင် မရှိ။ ထို့ကြောင့် မရှိသည့်အကြောင်းကို ဒုတိယအဆောင်မှူးထံသို့ အစီရင်ခံလိုက်သည်။ နာရီဝက်ခန့်ကြာသောအခါ ဒုတိယအဆောင်မှူး ဦးခင်ဇော်သည် ကျွန်တော့်အခန်းသို့ အူယားဖားယား ပြေးလာသည်။

"ဟော့ ... မောင်အောင်ဆန်းတစ်ယောက် ပျောက်သွားလား" ဟု သူက မေးသည်။ ကျွန်တော်လည်း စာကြည့်

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့်ပစ္စုပ္ပန်)

မသိ၍ဆို၊ မလို၍ပြော။
သူ့စိတ်မှာ အလွန်ယဉ်လို့
သူ့ညာဉ်မှာ အလွန်သန့်တယ်
ထူးချွန်သဘော။
မသိ၍ထင်၊ မမြင်၍ပြော။
သူ့ဝိညာဉ် မသေပျောက်ပါဘူး
မိုးပေါက်လို အစဉ်ကြည်လို့
နေခြည်လို အစဉ်လန်းကာ
ဖျန်းဆွတ်စိတ်စော။ ။

ဗိုလ်ချုပ်အောင်ဆန်းကဗျာများ (၁၉၆၄ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com



စားပွဲမှထ၍ မလာကြောင်း ပြောသည်။ "အေး ... ကောင်းပါလေရဲ့ကွာ။ သူရှိလျက် မရှိဘူးလို့ မင်းက အစီရင်ခံတယ်ဆိုပြီး ဒေါ်တွေ မောင်တွေနဲ့ထွက်သွားလို့ မင်းကိုများ လာပြီး ထိုးနေမလားလို့ဆိုပြီး လိုက်လာခဲ့တာ။ လမ်းမှာတင် စိတ်ကျေသွားဟန်တူပါတယ်" ဆို၍ ဒုတိယအဆောင်မှူး ပြန်သွားလေသည်။

အမှန်အားဖြင့်ကား ကိုအောင်ဆန်းမှာ ထိုအခါက ကျောင်းဆောင်တွေကိုလှည့်၍ နိုင်ငံရေး ဆွေးနွေးနေလေ့ရှိသဖြင့် အချိန်လွန် ညဥ့်နက်မှ အခန်းသို့ ပြန်လာလေ့ရှိသည်။

ထို့နောက် ကျွန်တော်လည်း ဘိလပ်သွား၍ ပညာသင်သည်။ ကိုအောင်ဆန်းလည်း သခင်ဖြစ်၍ ခေါင်းဆောင်ဖြစ်လာလေသည်။ ကျွန်တော် တက္ကသိုလ်သို့ ပြန်ရောက်သောအခါ သူသည် တက္ကသိုလ်ကျောင်းတိုက် အုပ်ချုပ်ရေးအဖွဲ့တွင် လူကြီးတစ်ဦး ဖြစ်နေလေပြီ။ ထိုအခါက ကျွန်တော့်အိမ် (ပုဂံလမ်း၊ အမှတ် ၁၄) တွင် သခင်သိန်းအောင် လာနေလေသည်။ သခင် သိန်းအောင်ကို အကြောင်းပြု၍ ကျွန်တော့်အိမ်သို့ နိုင်ငံရေးသမား မိတ်ဆွေများ အတော် အဝင်အထွက်လုပ်ကြသည်။

ကျွန်တော်နှင့်ကား စာမူပေမူ ယဥ်ကျေးမှုလောက်ကိုသာ ပြောကြ၍ သူတို့အချင်းချင်းကား ဘာတွေပြောနေကြမှန်းမသိ။ ကိုသိန်းအောင်အခန်းတွင် တကျိတ်ကျိတ် ရှိနေကြသည်။ ကျွန်တော်လည်း သူတို့ ခေါင်းချင်းရိုက်သောအခါ ရှောင်၍သာပေးလိုက်သည်။ တစ်ညသောအခါ သခင်အောင်ဆန်း ရောက်လာသည်။ ကောလိပ်အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးက ပြန်လာသည်ဟု ပြောကာ ကိုသိန်းအောင်နှင့်သာလျှင် တတိုးတိုး တိုင်ပင်တော့သည်။

ကျွန်တော်လည်း ကျွန်တော့်ဘာသာ အိပ်ရာဝင်လေသည်။ မနက်ကျမှ သခင်အောင်ဆန်း ပြန်သွားလေသည်။ ထိုအခါက ဂျပန်စစ်ဖြစ်ခါနီးနေပြီ။ ကျွန်တော်နှင့် ဘိလပ်တွင် ကျောင်းအတူတူနေဘက်ဖြစ်သော အင်္ဂလိပ် မိတ်ဆွေတစ်ဦးမှာ ဘုရင်ခံအိမ်တော်တွင် အရေးပါသော အရာရှိတစ်ဦး ဖြစ်နေသည်။ သူလည်း မကြာခဏ ကျွန်တော့်ဆီ အလည်လာသည်။ ထို့ကြောင့် တစ်နေ့သောအခါ ကိုသိန်းအောင်က ထိုအရာရှိနှင့် သူ့ကို မိတ်ဆက်ပေးရန် ခိုင်းသည်။

မိတ်ဖြစ်လိုသောအကြောင်းကတော့ နိုင်ငံရေးပင် ဖြစ်သည်။ သခင်လူငယ်ကလေးများကို အရေးပေးလျှင် ဖက်ဆစ်ဂျပန်ကို အင်နှင့်အားနှင့် ခုခံတိုက်ခိုက်ပေးမည်ဟူသော အရောင်းအဝယ်ကိစ္စဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ အိမ်တော်သို့ သွား၍ စကား အရောင်းအဝယ်လုပ်ကြသေးသည်။ သို့သော်လည်း မအောင်မြင်ချေ။ သခင်လူငယ်ကလေးတွေကို အစိုးရက ဝေးလို့ မြန်မာလူကြီးပိုင်းကပင် အယုံအကြည်မရှိချေ။ ဤအကြံပျက်၍ မကြာမြင့်မီပင် သခင်အောင်ဆန်း ပျောက်သွားပြီဆိုသော သတင်းကို သတင်းစာတို့တွင် တွေ့ရလေ သည်။

"ဘယ့်နှယ်လဲ ကိုသိန်းအောင် ... ကိုအောင်ဆန်း တစ်ယောက် ဘယ်ရောက်သွားသလဲ" ဟု ကျွန်တော်က မေးသောအခါ "မသိပါဘူး ဆရာ" ဟု ကိုသိန်းအောင်က ပြန်ပြောသည်။ သူတို့ကား ဤမျှ လျှို့ဝှက်ကြသည်။

ဤသို့ သခင်အောင်ဆန်းအကြောင်းများကို တွေးလိုက်လျှင် တစဥ့်တတန်းကြီး ပေါ်လေ့ရှိသည်။ ဆရာဦးဘချိုအကြောင်းကို တွေးလိုက်ပြန်လျှင်လည်း ဤသို့ပင် တစဥ့်တတန်းကြီး ပေါ်လေ့ရှိသည်။ သို့သော်လည်း နောက်ဆုံးအကြိမ် သူတို့နှင့်တွေ့လိုက်ရသည့်အကြောင်း မျှကိုသာ ကျွန်တော် ပြောပါအံ့။

ဗိုလ်ချုပ်တို့တစ်တွေမှာ ဇူလိုင်လ ၁၉ ရက်နေ့တွင် အနိစ္စရောက်ကြရသည်။ ၁၄ ရက် တနင်္လာနေ့က ကျွန်တော်သည် ဆရာနှင့် ဗိုလ်ချုပ်ကို တွေ့သေးသည်။ တစ်နာရီကျော်ကျော်ခန့် ဟိုဟိုသည်သည် ပြောဆို ဆွေးနွေးကြသေးသည်။ ထိုနေ့က ကျောင်းဆင်းသော အခါ ဦးခင်ဇော်၊ ကိုထင်ဖတ်နှင့် ကျွန်တော် ၃ ယောက်သား အတွင်းဝန်များရုံးသို့ သွားကြသည်။ အကြောင်းမှာ စစ်မဖြစ်ခင်က ကျွန်တော်တို့ ရှာဖွေစုဆောင်းထားသော စာပေဗဟုသုတဆိုင်ရာပစ္စည်းများ စစ်အတွင်းတွင် ပျောက်ဆုံးခဲ့ရာ အတွင်းဝန်ရုံးရှိ မိတ်ဆွေတစ်ဦးက သဲလွန်စ ရထားသည်ကြား၍ လိုက်သွားကြခြင်းဖြစ်ပါသည်။

တိုင်းပြည်ပြု လွှတ်တော်ရှေ့သို့ ရောက်သောအခါ ဝရန်တာတွင် ဆရာနှင့် ဗိုလ်ချုပ်တို့ ၂ ယောက် စကား ပြောနေကြသည်ကိုတွေ့၍ ကျွန်တော်တို့လည်း ဝင်စွက်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုကြပါသည်။ ထိုအခါက ဗိုလ်ချုပ်မှာ ဘန်ကောက် လုံချည် နံ့သာရောင်နှင့် ပိုးအင်္ကျီရင်စေ့ ဝတ်ထားသည်။ ညှပ်ဖိနပ်စီးထားသည်။ ဥပုသ်တစ်ပတ်သားခန့် မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲကို ဆင်မြန်းထားသည်။ လုံချည်ကို ပင့်ကာ မကာ တစ်မျိုး၊ ပါးလွှာသော နှုတ်ခမ်းတို့ကို စူကာ ထော်ကာတစ်မျိုး စကားပြောသည်။ ကောလိပ်ကျောင်းရောက်ခါစ ကျောင်းသားနှင့် အလွန်တူသည်။

လွန်ခဲ့သောနေ့(တနင်္ဂနွေ)က သူပြောသော မိန့်ခွန်းကို အသံလွှင့်ရုံက တစ်ဖန်လွှင့်သည်နှင့်စပ်၍ စကားစ ပြောကြသည်။ သူ လက်တန်းပြောသမျှတွင် ထိုနေ့က ပြောသောစကားကို သူ အကြိုက်ဆုံးဖြစ်သည်ဟု ပြောသည်။

"ကျွန်တော်က လိုရမယ်ရ မှတ်သားထားတဲ့ ဖိုင်တွဲတွေကို ဆွဲလာပြီးပြောတာကို စီစဉ်ပြီးသားစကားကို ပြောတယ်လို့ ထင်ကြမှာပဲ။ အလုပ်ရှုပ်နေလို့ မစီစဉ်အားပါဘူး။ ရေးဖို့တော့ဝေးရော။ပြောချင်တဲ့ အချက်ကလေးတွေကိုသာ တွေးပြီးယူလာခဲ့ရတယ်။ ဒါပေမဲ့ မနေ့က စကားကို ကျွန်တော် လက်တန်းပြောသမျှမှာ အကောင်းဆုံးလို့ထင်တာပဲ။ ခင်ဗျားတို့ ဘယ်လို အသံလွှင့်ကြသလဲ "ဟု ကိုထင်ဖတ်ကို ဗိုလ်ချုပ်ကမေးသည်။ "ကြမ်းတဲ့ အပိုင်းတွေကိုဖြတ်ပြီး ကောင်းတာတွေကို လွှင့်ပါတယ်" ဟုပြန်ဖြေသောအခါ ဗိုလ်ချုပ်က "အို... အဆီအသားတွေကို ချန်ခဲ့တာကိုး။ ဟိုဟာတွေမှ အဆီအသားတွေပဲ။ ဒီလိုပြောမှ သိတယ်၊ မိတယ်"ဟု ဆိုကာ သူငယ်စဉ်က တရားဟောခဲ့ရပုံတွေကို ပြောပြလေသည်။

"တစ်ခါတော့ ဆရာကြီးရယ် (ကိုယ်တော်မှိုင်း)၊ သခင်စိုးရယ်၊ ကျွန်တော်ရယ် မန္တလေးမှာ တရားဟောကြတယ်။ မန္တလေးသဘောကိုလည်း ကျွန်တော်တို့က မသိဘဲကိုး။ သည်တော့ ကျွန်တော်တို့က အသံချဲ့စက်ကြီးနဲ့ ဟောတာပေါ့။ ဆရာကြီးတို့ သခင်စိုးတို့ ဟောပြီးမှ နောက်ဆုံးမှ ကျွန်တော်က ဟောရတယ်။ ကျွန်တော်လည်း စိတ်ရှိလက်ရှိဟောတာပေါ့။ ပြီးခါနီးလို့ ပရိသတ်ကိုကြည့်လိုက်တော့ ကျိုးတိုးကျဲတဲ နည်းနည်းပဲ ရှိတာကို တွေ့ရတယ်။ နောက်မှ မန္တလေးသားတစ်ဦးက ပြောလို့ မန္တလေးသဘောကို သိရတယ်။ မန္တလေးမှာ တရားပွဲစလျှင် အသံချဲ့စက်နဲ့ မစရဘူး။ ရိုးရိုးပဲ ပြောရသတဲ့။ သည်တော့မှ ပရိသတ်တွေက တရားဟောတဲ့ လူနားကိုစုပြီး ဝိုင်းလာကြတယ်။ ဝိုင်းလာတဲ့အခါကျမှ အသံချဲ့စက်နဲ့ ဖိပြီး ဟောရသတဲ့။

"စ စချင်း အသံချဲ့စက်နဲ့ ဟောလျှင် နေရာတကာက ကြားရတော့ အဝေးကို ထွက်သွားပြီး အိမ်ကြို အိမ်ကြား အိမ်ပေါ်အိမ်တွင်းမှ နားထောင်ကြတော့ တရားပွဲမှာ လူမစည်ဘူးတဲ့။ အဲသည်တုန်းက ဆရာကြီးကတော့ စီကာပတ်ကုံးနဲ့ ဖွဲဖွဲနွဲ့နွဲ့ ပြောသွားတော့ ပွဲသိပ်ကျတာပေါ့။ သခင်စိုးနဲ့ ကျွန်တော်ကတော့ လေ့လာထားတဲ့ အချက်တွေကို ရိုးရိုးပဲပြောကြတော့ ပွဲမကျပါဘူး။ တရားပွဲပြီးတော့ လူတစ်ယောက် လာပြောသတဲ့။ သခင်အောင်ဆန်းတို့ သခင်စိုးတို့ ကောင်းတယ် ကောင်းတယ် ဆိုပြီး ဘာများ ကောင်းတာပါလိမ့်လို့ ပြောသတဲ့။ အဲဒါနဲ့ နောက်တစ်နေ့တော့ မန္တလေးနားက ခပ်ခေါင်ခေါင် အရပ်တစ်ခုကိုသွားပြီး တရားဟောကြပြန်တယ်။ ကျွန်တော့် အလှည့်ကျတော့ ပရိသတ် ငြိမ်ချက်သား ကောင်းလွန်းလို့ ပျင်းနေပြီထင်ပြီး ကျွန်တော်က ပျက်လုံးထုတ်လိုက်တယ်။ ဘယ့်နှယ်လဲဆိုတော့ ကျွန်တော်ဟာ သည်အရပ်ကို မရောက်တာ အတော်ကြာသွားပါပြီ။ ဘယ်လောက်ကြာပလဲဆိုရင် မွေးကတည်းကပါပဲလို့ ပြောပြီး ပွဲကျမလားလို့ ပရိသတ်ကို ကြည့်ပါတယ်။ ဘယ်သူမှ ရယ်ဖော်မရပါဘူး" ဟု ဗိုလ်ချုပ်က ပြောသည်။

ဤတွင် ဆရာဦးဘချိုက ဝင်၍ "ဗိုလ်ချုပ် ပျက်လုံးထုတ်တာက ကျင်ခဲပြောသလိုများ ဖြစ်နေပါလား။ ရွာတစ်ရွာမှာ အရပ်သားတွေဟာ အင်မတန်ဆိုးသတဲ့။ ပွဲကလျှင် ဆူကြ ပူကြ လုပ်တာနဲ့ ပွဲပျက်သွားသတဲ့။ အဲသည်ရွာကို ကိုကျင်ခဲတို့ အငြိမ့်ရောက်သွားတော့ကို ကျင်ခဲက ကာလသားခေါင်းကို ပြေးကပ်ပြီး ပွဲကို ငြိမ်အောင် ထိန်းပေးဖို့ တောင်းပန်သတဲ့။ ကာလသားခေါင်းကလည်း အရပ်သားတွေကို မင်းတို့ ပွဲကြည့်တဲ့အခါ တုတ်တုတ်မျှ မလှုပ်ကြနဲ့။ လှုပ်လျှင် ငါ့အကြောင်းကို သိရမယ်လို့ ကြိမ်းထားသတဲ့။ ညကျတော့ လူပျက်တွေက ပျက်ကြတာပေါ့။ တစ်ခါပျက်လည်း မရယ်ကြဘူးတဲ့။ နှစ်ခါပျက်လည်း မရယ်ကြဘူးတဲ့။ တစ်ညလုံး တစ်ချက်မှ မရယ်ကြဘူးတဲ့။ ဒါနဲ့ အငြိမ့်အဖွဲ့လည်း စိတ်ပျက်ပြီး မနက်ကျတော့ စုံစမ်းကြည့်တော့ ကာလသားခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကြောက်တာနဲ့ ရယ်ချင်လျက် အောင့်ထားရတယ်လို့ ပြောကြသတဲ့။ ဗိုလ်ချုပ် ပျက်လုံးထုတ်တုန်းကလည်း ဒီလိုများ ဖြစ်နေရော့သလား" ဟု ပြောရာ ဗိုလ်ချုပ်က ပြုံးနေလေသည်။

ထို့နောက် ဆရာက ဗိုလ်ချုပ်ကို ရှေးရှု၍ "ဆရာလည်း နိုင်ငံရေးကထွက်ပြီး ပညာရေးတို့၊ ယဉ်ကျေးမှုတို့ကို လိုက်စားချင်ပါတယ်။ (ကျွန်တော်တို့ကို လက်ညှိုးထိုး၍) သူတို့ တစ်တွေနဲ့ အာရှအရှေ့တောင်ပိုင်းမှာ လှည့်ပြီး ယဉ်ကျေးမှုလေ့လာချင်ပါတယ်"ဟု နှုတ်ဖြင့် ထွက်စာတင်ရာ ဗိုလ်ချုပ်က နှုတ်ခမ်းထော်၍ လက်ကာပြသည်။ ယဉ်ကျေးမှုကို မနှစ်သက်၍များ လက်ကာလေရော့သလားဟု တွေးမိခိုက် ဗိုလ်ချုပ်က ဆက်၍ "ကျွန်တော်လည်း နိုင်ငံရေးက ထွက်မှာပါပဲဆရာ။ ထွက်ပြီးတော့ စာရေးမယ်ကြံတယ်။ ကျွန်တော် ကျောင်းမှာနေတုန်းက ပါဠိရော မြန်မာစာကိုပါ ယူခဲ့တယ်။ မြန်မာစာမှာ ကျွန်တော် အမှတ်ကောင်းကောင်းရတယ်။ ကျွန်တော် ကြိုးစားလျှင် ဒစ်စတင်းရှင်းတောင် ရမှာပဲ။ ဒါပေမဲ့ ဟိုတုန်းကတော့ အိုင်စီအက်တို့ ဘာတို့ မှန်းနေတာမို့ အင်္ဂလိပ်စာကိုပဲ ဖတ်တာပဲ။ ကျွန်တော်လည်း စာပေပညာကို ဝါသနာပါပါတယ်။ အရိုင်းသက်သက် မဟုတ်ပါဘူး"(ထိုအခိုက်တွင် တာရာရေးသော ဆောင်းပါးကို သူ တွေးမိဟန်တူသည်)ဟုဆိုကာ သခင်ဘသောင်း၏ ပန်းသာ မစာဥ၊ မောင်ထင်၏ ငဘ၊ ရွှေဥဒေါင်း၏ ရတနာသိုက် စသည်တို့အကြောင်းကိုပြော၍ ချီးမွမ်းလေသည်။ နောက် "ကျွန်တော်တို့ဆီမှာ ဘာသာပြန်တွေ အများကြီးလိုတယ်၊ ဘိုင်အိုဂရပ်ဖီ (အတ္ထုပ္ပတ္တိ) တွေလည်း လိုတယ်၊ ဘာကြောင့် မရေးကြသလဲ မသိဘူး"ဟု ဗိုလ်ချုပ်က ပြောရာ ဆရာက ဝင်၍ "ဗမာ ခေတ်တာက ဘုန်းကြီးတွေ ပျံတော်မူရင် ထေရုပ္ပတ္တိရေးရတယ်၊ သည်တော့ ဘိုင်အိုဂရပ်ဖီဆိုရင် လူသေမှ ရေးရတယ်လို့ အထင်ရောက်နေကြတယ်" ဟု ပြောလေသည်။

ထိုအခါ ဗိုလ်ချုပ်က "ကျွန်တော့် အကြောင်းကို ရေးကြတာ အလွဲချည်းပဲ၊ အေးမီလ်လုဒ္ဒစ်တို့လို ရေးတတ်တဲ့လူများရှိလျှင် သိပ်ကောင်းမှာပဲ" ဟုဆိုကာ အနောက်နိုင်ငံ၏ အတ္ထုပ္ပတ္တိများအကြောင်းကို ဆွေးနွေးကြလေသည်။

ထိုအခိုက် ဦးသိန်းဟန်နှင့် အမတ် ဦးဘသီတို့ ရောက်လာကြသည်။ ဦးဘသီက ဆရာ ဦးဘချိုဘက်သို့ လှည့်၍ "အစ်ကိုကြီးမှာလိုက်တဲ့ လုံချည်ကို အိမ်က ရက်ပေးလိုက်ပြီ၊ ကိုဘချိုကြိုက်တဲ့ မတ်တတ်စင်းပဲ" ဟုပြောရာ ဆရာက ကျွန်တော့်ဘက်သို့လှည့်၍ "ဆရာက အသက်ကြီးတော့ ငယ်ငယ်က ကြိုက်တတ်တဲ့ အဆင်ကလေးတွေကို ပြန်ပြီးအောက်မေ့တယ်။ အနက် မတ်တတ်စင်းမှာ ဘေးကအဖြူ စင်းကလေးတွေညှပ်ပြီး ရက်တာကို ဆရာက အင်မတန်ကြိုက်တယ်"ဟု ပြောလေသည်။

ထို့နောက် ဗိုလ်ချုပ်က "သည်နေ့ ထမင်းစားပြီးတော့ ဂျာနယ်ကျော်မှာပါတဲ့ မန်းတင်ရဲ့ ဆောင်းပါးကို ဖတ်ရလို့ သဘောကျနေတယ်၊ ဖဆပလအမတ်တစ်ယောက် တောကို ပြန်ရောက်တော့ မြို့အုပ် မောင်ပြုံးချိုက မေးသတဲ့၊ သည်တော့ အမတ်က ကြီးကျယ်ခမ်းနားတွေကို လျှောက်ပြောသတဲ့။

နောက်ပြီး ဥက္ကဋ္ဌကလည်း မိန့်ခွန်းပြောတယ်သားဆိုတယ်၊ စာကို ဖတ်ပြတာပဲလို့ ပြောသေးသတဲ့။ အဲဒါနဲ့ မောင်ပြုံးချိုက ဘာတွေများ ဆုံးဖြတ်လိုက်သလဲလို့ မေးတော့ ဒါတွေကို ကျုပ်မသိဘူး။ ဟောသည်က စာရွက်စာတမ်းတွေသာ ဖတ်ကြည့်ပေတော့လို့ ပြန်ပြောသတဲ့" ဟု ဆိုကာ လုံချည်ကို မ၍ ရယ်လေသည်။ ထိုအခိုက် ဆရာဦးဘချိုက ဦးခင်ဇော်ဘက်သို့ လှည့်၍ "ဗိုလ်ချုပ်အိမ်က ရေဒီယိုက ပျက်နေလို့ ကောင်းကောင်း မကြားရဘူးတဲ့။ ရေဒီယိုတစ်လုံးလောက်တော့ပေးမှပဲ" ဟု ပြောလေသည်။

မိုးလည်း သည်းလာလေသည်။ ခဏ အကြာတွင် ဝန်ကြီးပျော်ဘွယ်ဦးမြ ကားနှင့်ပေါက်လာ၍ ဗိုလ်ချုပ် အနားသို့ကပ်ကာ "ပြောစရာရှိတယ်"ဟု ပြောသဖြင့် လိုက်သွားလေသည်။ နောက်အခန်းထဲမှ ထွက်လာ၍ "သခင်နု ရှိသလား"ဟု မေးသည်။ သခင်နုမှာ ဘိလပ်က ပြန်ရောက်ခါစ နေမကောင်းသဖြင့် ရုံး မတက်နိုင်၊ ထို့ကြောင့် ဗိုလ်ချုပ်လည်း ကားစီးကာ ထွက်သွားလေသည်။ ကျွန်တော်တို့လည်း လူစုခွဲလိုက်ကြတော့သည်။

၁၉၆၀ ခုနှစ်၊ ဇူလိုင်လ၊ အမှတ် ...
ဂ နှစ်မြောက် ငွေတာရီ မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်နှင့် ဗိုလ်ချုပ်

## တက္ကသိုလ်ဘော

၁၉၄၇ ခုနှစ်ဦးက ဗိုလ်ချုပ်အောင်ဆန်းတို့ ဘိလပ်သို့ သွားရောက်အရေးဆိုကြစဉ် ဗြိတိသျှ သတင်းဖြန့်ချိရေးဌာနမှ သတင်းထောက် C. Harcourt Robertson 'စီ–ဟာကုတ် ရော်ဘတ်ဆန်' သည် ဗိုလ်ချုပ် တည်းခိုရာ ဒေါ်ချက်စတာဟိုတယ်သို့လာ၍ ဗိုလ်ချုပ်နှင့် တွေ့ဆုံအကဲခတ်ပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်အာဖရိကသမဂ္ဂနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်စမတ်နှင့် နိုင်ငံရေးလုပ်ငန်းချင်း၊ ထင်ရှားကျော်စောလာပုံချင်း တူကြောင်းနှင့် နှိုင်းယှဉ်ချီးကျူးကာ ကမ္ဘာသို့ သတင်းပို့လိုက်၏။ ထိုနှိုင်းယှဉ် ချီးကျူးချက်ကို စာပဒေသာ ပရိသတ်တို့ လွယ်လင့်တကူ လေ့လာနိုင်စေရန် ရည်ရွယ်၍ ဤ 'ဗိုလ်ချုပ်နှင့် ဗိုလ်ချုပ်' နှိုင်းယှဉ်ချက် ဆောင်းပါးကို 'တက္ကသိုလ်ဘော' အား အထူး ရေးသားစေ၍ ထည့်သွင်းဖော်ပြပါသည်။

*စာပဒေသာအဖွဲ့*

× × ×

ဤဆောင်းပါးမှာ နှိုင်းယှဉ်ချက်သက်သက်သာဖြစ်၍ အပိုအလိုမရှိ တိကျစွာရှိစေရန် ရေးသား ရာတွင် လိုအပ်သော အချက်အလက်များကို (၁) မြဒေါင်းညိုရေး 'ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ' (ရဲဘော်သုံးကျိပ်)၊ (၂) ဒဂုန်တာရာရေး 'အောင်ဆန်း သို့မဟုတ် အရိုင်း' ဆောင်းပါး (တာရာမဂ္ဂဇင်း)၊ (၃) 'ဗိုလ်ချုပ်စမတ် အတ္ထုပ္ပတ္တိ' (ဗြိတိသျှစွယ်စုံကျမ်း)၊ (၄) နိုဝယ်ဘွက်(ချ်)ရေး 'တောင်အာဖရိကနိုင်ငံပြု သုခမိန်ကြီး' ဆောင်းပါး (လိုက်ဖ်မဂ္ဂဇင်း)၊ (၅) 'ဗိုလ်ချုပ်စမတ် အတွင်းရေး' (ပွန်ဘူးမဂ္ဂဇင်း) နှင့် (၆) ဝီလျံဆန်ရေး 'ဗြိတိသျှ စီးပွားဖက်နိုင်ငံစု' သမိုင်းများကိုမှီး၍ စုဆောင်း ရေးသားပါသည်။ ဤဆောင်းပါးမှာ ဝေဖန်ချက်ဆောင်းပါး မဟုတ်ပါကြောင်း။

*တက္ကသိုလ် ဘော*

× × ×

ဗိုလ်ချုပ်အောင်ဆန်းသည် နတ်မောက်မြို့ ဒုတိယတန်းရှေ့နေ 'ဦးဖာ'၏ သားရတနာတစ်ဦးဖြစ်၍ ၁၉၁၅ ခုနှစ်တွင် ဖွားမြင်သည်။ အဘိုးဖြစ်သူမှာ မြို့လုလင်သူကြီး 'ဦးမင်းရောင်' ဖြစ်၍ သီပေါမင်း ပါတော်မူပြီးစ အခါက သုံးနှစ်တိုင်တိုင် နတ်မောက်၊ ပုပ္ပါး အစ ရှိသော တောင်တွင်းကြီး မြောက်ဘက်တစ်ခွင်၌ 'ရွှေလရောင်မင်းသား' ဘွဲ့ခံကာ အင်္ဂလိပ်များကို ခုခံ တိုက်ခိုက်နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ဆုံးတွင် အတွင်းလူများ၏ စနက်မီးကြောင့် မြန်မာ့ဦးစွန်း ပြန်၍လုခွင့် မရတော့ဘဲ ပျက်စီးစေရလေသည်။

ဗိုလ်ချုပ်စမတ်ကို ၁၈၇၀ ပြည့်နှစ်၊ မေလ ၂၄ ရက်နေ့တွင် တောင်အာဖရိကတိုက် ကိပ် ကိုလိုနီနယ် မယ်ဗက်စ် ဗြူရီ ဒေသတွင် ဖွားသည်။ အမည်အပြည့်အစုံမှာ Jan Christian Smuts 'ဂျန်ခရစ္စယန် စမတ်စ်' ဖြစ်၏။ ဖခင်မှာ 'ဂျေ–အေ–စမတ်' ဆိုသူ မြေပိုင်ရှင်ဖြစ်၍ မိခင်မှာ 'ကက်သရင်းနာဒီဗရိုင်းစ်' ဖြစ်သည်။ မျိုးရိုးအားဖြင့် ဟော်လန်ပြည်သား ဒတ်ချ်လူမျိုးအနွယ် ဘိုးဝါးလူမျိုးဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းတွင် ပညာသင်ကြား အောင်မြင်ပြီးနောက် ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရသည်။ မဟုတ်မခံစိတ်ကို မွေးသဖြင့် 'မီးခဲ' ဟု တွင်ခဲ့သည်။ ၁၉၃၆ ခုနှစ်၊ ကျောင်းသားသပိတ်ကြီးတွင် ကြိုးကိုင် ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့၏။ ၁၉၃၆–၃၇ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၃၇–၃၈ ခုနှစ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဖြစ်လာပြီးလျှင် ကမ္ဘာ့ကျောင်းသားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခဲ့သည်။ အမျိုးသားနေ့၊ ပါတော်မူနေ့ စသည်တို့ကို ခေါင်းဆောင်ကျင်းပခဲ့သည်။ ရိုးရိုးကျင့်၍ မြင့်မြင့်ကြံသူတစ်ယောက် ဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် ဥပဒေပညာ သင်ကြားနေရာမှ ကျောင်းထွက်ခဲ့သည်။ ဌာနချုပ် ဒို့ဗမာ အစည်းအရုံး၏ တွဲဖက်အတွင်းရေးမှူး ဖြစ်လာကာ သခင်အမည် တပ်ခဲ့သည်။

ဗိုလ်ချုပ်စမတ်သည် ရှေးဦးစွာ စလာတင်တော့ချ်မြို့၊ ဝိတိုရိယတက္ကသိုလ်သို့ဝင်၍ စာသင်သည်။ ထို့နောက် စကောလားရှစ် ဆုရ၍ အင်္ဂလန်ပြည် ကင်းဘရစ်ချ် တက္ကသိုလ်သို့ တက်၍ ပညာသင်ကြားရာ ၂ နှစ်သင်တန်းကို တစ်နှစ်တည်းနှင့် အပြီးအပြတ် ဖြေဆို အောင်မြင်သည်။ ဥပဒေ သင်ကြား တတ်မြောက်သောအခါ ၁၈၉၅ ခုနှစ်တွင် တောင်အာဖရိကတိုက် ကိပ်တောင်းမြို့သို့ ပြန်လာပြီးလျှင် ရှေ့နေလိုက်ရင်း နိုင်ငံရေးတွင်ဝင်စပြုသည်။ (ဤအချိန်၌ တောင်အာဖရိကတိုက်တွင် ကိပ်ကိုလိုနီ၊ နေတယ်၊ အော့ရိန့်ချ် ဖရီးစတိတ်နှင့် ထရန်ဆဗာ(လ်) ခေါ် ပြည်ကြီး လေးပြည်ရှိသည်။ ထိုပြည်များကို ဒတ်ချ်လူမျိုးအနွယ် ဘိုးဝါးတို့က စတင်တည်ထောင်၍ နေထိုင်လာခဲ့ကြသည်။ ထို့နောက် ဗြိတိသျှတို့က တိုက်ခိုက်သိမ်းယူသောကြောင့် ကိပ်ကိုလိုနီနှင့် နေတယ်ပြည်နှစ်ပြည်သည် ဗြိတိသျှ လက်အောက်ခံ ဖြစ်သွားသည်။ အော့ရိန့်ချ် ဖရီးစတိတ်နှင့် ထရန်ဆဗာလ်ပြည်များကိုမူ ဘိုးဝါးလူမျိုးတို့က သမ္မတနိုင်ငံများအဖြစ်ဖြင့် လွတ်လပ်စွာ အုပ်စိုးနေကြသည်) ဗိုလ်ချုပ်စမတ်သည် နိုင်ငံရေးဝင်ကာစ၌ ဗြိတိသျှနှင့် ပူးပေါင်းဆက်ဆံရေး ဆန္ဒရှိသည်။ သို့သော် ၁၈၉၆ ခုနှစ်တွင် ဗြိတိသျှတို့က အော့ရိန့်ချ်ဖရီးစတိတ်နှင့် ထရန်ဆဗာလ် သမ္မတနိုင်ငံများကိုပါ တိုက်ခိုက်သိမ်းယူရန် ကြံစည်သောကြောင့် ဗိုလ်ချုပ်စမတ်သည် စိတ်ထားပြောင်း၍ ဗြိတိသျှ... မုန်းကာ ထရန်ဆဗာလ်နိုင်ငံ၊ ဂျိုဟန်နက်စဘတ်မြို့သို့ ပြောင်းရွှေ့နေထိုင်ကာ ရှေ့နေလိုက်ရင်း ထရန်ဆဗာလ် နိုင်ငံသမ္မတ Paul Kruger 'ပေါလကရုဂါ' နှင့် တွဲဖက်ကာ နိုင်ငံရေးကို ဆောင်ရွက်သည်။ ၁၉၀၀ ပြည့်နှစ်တွင် ထရန်ဆဗာလ်နိုင်ငံအစိုးရရှေ့နေချုပ်ကြီး ဖြစ်လာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းအား ဗြိတိသျှ အစိုးရ... ဝန်ထောက် ရာထူးပေးကာ နိုင်ငံရေးနယ်မှ ထွက်စေ... ဖြားယောင်းသော်လည်း မရချေ။ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန် အရေးတကြီး လုံခြုံရေး အက်ဥပဒေအရ ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းဆီး၍ ထောင်ဒဏ် ... ရက် ကျခံရလေသည်။ ရန်ကုန်တွင်လည်း လှုပ်ရှား... သွား၏။ ၁၉၃၉ ခုနှစ်၊ မော်လမြိုင် သခင်ညီလာခံ... တာဝန်ယူ ဆောင်ရွက်ပေးခဲ့၍ တိုင်းပြည်အတွက် စွန့်... ရန် ရည်ရွယ်ကာ မီးတုတ်ဗိုလ်သင်တန်းများ ဖွင့်လှစ်... လေသည်။ ထို့နောက် အကယ်၍ စစ်ဖြစ်လာခဲ့လျှင် ဗြိတိသျှကို မြန်မာတို့မကူညီဘဲ ဗြိတိသျှထမ်းပိုးကို ... လှန်ပစ်ရန် ဆော်ဩခဲ့သည်။ ဒို့ဗမာအစည်းအရုံး... ဆင်းရဲသား ဝံသာနုအဖွဲ့များပါဝင်သော ဗမာ့ထွက်ရပ်ဂိုဏ်းကို ဖွဲ့စည်းသောအခါတွင် နိုင်ငံရေးကို ... အထန် ဝင်ရောက်ဆောင်ရွက်သည်။ အိန္ဒိယအမျိုးသား... ကွန်ဂရက် ညီလာခံသို့လည်း ၁၉၄၀ပြည့်နှစ်တွင် တ...

www.burmeseclassic.com



သေးသည်။ ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးအဖြစ်လည်း ရွေးချယ်ခြင်း ခံရသည်။ ထို့နောက် ၁၉၄၀ ခုနှစ် ဇွန်လတွင် ဇလွန်မြို့၌ ဟောပြောမှုကြောင့် အစိုးရက ပုဒ်မ ၁၂၄ (က) အရ ဖမ်းဆီးရန် စိုင်းပြင်းရာ ဗိုလ်ချုပ်အောင်ဆန်းမှာ ပျောက်သွားလေသည်။

ဗိုလ်ချုပ် စမတ်သည် ရှေ့နေချုပ်ကြီး ဖြစ်၍ မကြာမီ ဘိုးဝါးလူမျိုးတို့၏ အောရိန်းဖရီး စတိတ်နှင့် ထရန်ဆဗာလ် သမ္မတနိုင်ငံများကို ဗြိတိသျှက သိမ်းယူရန် ကြိုးစားပြန်ရာ ၁၈၉၉ ခုနှစ်၌ ဘိုးဝါးလူမျိုးတို့နှင့် ဗြိတိသျှစစ်ဖြစ်၏။ ဤစစ်အတွင်း၌ ဗိုလ်ချုပ်စမတ်သည် ပြောက်ကျားစနစ်ဖြင့် ဗြိတိသျှတပ်များကို အကြီးအကျယ် ဖျက်ဆီးနိုင်ခဲ့သည်။ နိုင်ငံတွင်လည်း သူရဲကောင်းတစ်ဦး အဖြစ်ဖြင့် ထင်ရှားလာခဲ့တော့သည်။ ၁၉၀၂ ခုနှစ်တွင် ဘိုးဝါးလူမျိုးတို့ စစ်ရှုံး၍ ပြေငြိမ်းရလေရာ အောရိန်းဖရီး စတိတ်နှင့် ထရန်ဆဗာလ်သမ္မတ နိုင်ငံများကို ဗြိတိသျှက သိမ်းယူသည်။ သို့သော် ပြည်တွင်း ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးထား၏။ ဤတွင် ဗိုလ်ချုပ် စမတ်သည် Het Volk ခေါ် နိုင်ငံရေးအဖွဲ့ကို တည်ထောင်သည်။ နောက် ထရန်ဆဗာလ်ပြည် အစိုးရအဖွဲ့တွင် အတွင်းဝန် ဖြစ်လာသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၀ ပြည့်နှစ် အောက်တိုဘာလတွင် တိုင်းပြည်အတွက် အသက်စွန့်ကာ တရုတ်ပြည်သို့ ထွက်သွားရာ ဂျပန်များနှင့် ဆက်သွယ်မိ၍ ၁၉၄၁ ခု၊ မတ်လတွင် မြန်မာပြည်သို့ တိတ်တဆိတ် ပြန်လာသည်။ နောက် ရဲဘော်သုံးကျိပ်တို့ ဂျပန်သို့ သွား၍ စစ်ပညာများ သင်ကြားကြသည်။ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျပန်က ဗြိတိသျှအမေရိကန်တို့ကို စစ်ကြေညာတိုက်ခိုက်ရာ ၁၉၄၂ ခုနှစ်ဦးတွင် မြန်မာမြေကို ချဉ်းနင်း ဝင်ရောက်နိုင်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်တေဇ အမည်ခံ၍ ယိုးဒယားတွင် စတင်ဖွဲ့စည်းခဲ့သော ဗမာ့တပ်မတော်ကို ဦးစီးကာ ပါ၍လာခဲ့သည်။ စစ်ပွဲများတွင် ရှေ့ဆောင်ခဲ့ပြီးနောက် ၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဗမာ့ကာကွယ်ရေး တပ်မတော် ပေါ်ပေါက်လာရာ ဗိုလ်တေဇသည် ဗိုလ်ချုပ်ကလေး ဖြစ်လာသည်။ ထို့နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ အစိုးရဖွဲ့စည်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဝန်ကြီးနှင့် ဗမာ့တပ်မတော်၏ စစ်သေနာပတိလည်း ဖြစ်လာသည်။

ဗိုလ်ချုပ်စမတ်သည် အစိုးရအဖွဲ့ဝင်တစ်ဦး အဖြစ်ဖြင့် ဘိုးဝါးလူမျိုးတို့ကို သွေးစည်းပေးခဲ့သည်။ ဗိုလ်ချုပ်စမတ်၏ ကြိုးစားမှုကြောင့် ၁၉၁၀ ခုနှစ်တွင် ကိပ်ကိုလိုနီ၊ နေတယ်၊ အောရိန့်ချ် ဖရီးစတိတ်နှင့် ထရန်ဆဗာလ် လေးပြည်ထောင်ကို ပူးပေါင်းကာ တောင်အာဖရိက သမဂ္ဂနိုင်ငံဟူ၍ နိုင်ငံကြီးတစ်နိုင်ငံ တည်ထောင်နိုင်ခဲ့သည်။ ဗြိတိသျှ အစိုးရကလည်း ဒိုမီနီယံ အုပ်ချုပ်ရေးစနစ် ပေးအပ်လာရသည်။ ၁၉၁၂ ခုနှစ်၌ ဗိုလ်ချုပ်စမတ်သည် ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီး ဖြစ်လာသည်။ ကာကွယ်ရေးတပ်များ ဖွဲ့သည်။ ၁၉၁၄ ခုနှစ်၌ ပထမကမ္ဘာစစ်ကြီး ဖြစ်လာရာ ပြည်တွင်းသူပုန်များကိုလည်းကောင်း အာဖရိက အရှေ့ပိုင်းရှိ ဂျာမန်နယ်ပယ်များကိုလည်းကောင်း၊ ကိုယ်တိုင် ဦးစီး၍ တိုက်ခိုက်နှိမ်နင်းခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော်ကို ဖွဲ့စည်း အင်အားဖြည့်ပြီးလျှင် ဖက်ဆစ်ဂျပန်တို့အား ၁၉၄၅ ခုနှစ်တွင် စတင် တော်လှန်လိုက်ရာ ဂျပန်တို့ဆုတ်ခွာပြေးရ၍ ဗြိတိသျှတို့ မြန်မာနိုင်ငံတွင်းသို့ ပြန်ဝင်လာနိုင်ခဲ့သည်။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှစစ်အာဏာပိုင်တို့နှင့် စေ့စပ်၍ ဗမာ့တပ်မတော်ကြီးကို ဖရိုဖရဲ မဖြစ်စေရန် ကြိုးပမ်းခဲ့သည်။ စစ်ဘက်တွင် အမှု မထမ်းသော ရဲဘော်များကို ပြည်သူ့ရဲဘော်တပ် ဖွဲ့စည်းပေးခဲ့သည်။ ထို့နောက် ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးကို တည်ထောင်၍ နိုင်ငံကို သွေးစည်းပြီးလျှင် ဗမာ့လွတ်လပ်ရေးအတွက် ဗြိတိသျှနှင့် အရေးဆိုတော့သည်။ ဗြိတိသျှတို့ အလျှော့ပေးရကာ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့၌ ဖ-ဆ-ပ-လ အဖွဲ့အား အုပ်ချုပ်ရေးအာဏာများကို တိုးချဲ့ကာ အပ်နှင်းရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည်။

ဗိုလ်ချုပ်စမတ်အား ၁၉၁၆ ခုနှစ် ကမ္ဘာစစ်ကြီး ဖြစ်နေဆဲ၌ ဗြိတိသျှအစိုးရက အင်္ဂလန်သို့ ဖိတ်ခေါ်၍ စစ်ဦးစီးအဖွဲ့တွင် ပါဝင်စေကာ တိုင်ပင် နှီးနှောသည်။ စစ်အပြီး၌ ဗိုလ်ချုပ်စမတ်သည် နိုင်ငံပေါင်းချုပ်အသင်းကြီး တည်ထောင်ရေးအတွက် အထူးတလည် ကြိုးပမ်းခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရာထူး လက်ခံသော်လည်း ဗမာ့လွတ်လပ်ရေးအတွက် အပြင်းအထန် အရေးဆိုရာ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဗြိတိသျှအစိုးရက လန်ဒန်သို့ ဖိတ်ခေါ် ဆွေးနွေးရ၏။ ထို့နောက် 'အောင်ဆန်း–အက်တလီ' စာချုပ်ကို ချုပ်ဆို၍ ၁၉၄၇ ခု၊ ဧပြီလတွင် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက် ဖွဲ့စည်းကာ မြန်မာ့ကံကြမ္မာကို မြန်မာတို့ ဆုံးဖြတ်ခွင့်ပေးရတော့၏။

ဗိုလ်ချုပ်စမတ်သည် ၁၉၁၉ ခုနှစ် တောင်အာဖရိကသမဂ္ဂနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ၁၉၃၉ ခုနှစ်အထိ နိုင်ငံရေးသံသရာတွင် နိမ့်တုံမြင့်တုံ ကျင်လည်နေခဲ့၏။ ၁၉၃၉ ခုနှစ် ဦး ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရာ ဗိုလ်ချုပ်စမတ်သည် ဝန်ကြီးချုပ် ဖြစ်လာပြန်ပြီးလျှင် ဗြိတိသျှတို့အား ထိရောက်စွာ ကူညီခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသား ဘဝက အစ ယခုအထိ စာ အလွန်ဖတ်သည်။ ၁၉၃၈ ခုနှစ်တွင် နယူးဘားမား သတင်းစာ အယ်ဒီတာအဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ဖူးသည်။ မျိုးညွန့်၊ ဂန္ထလောက၊ ဒဂုန် စသောမဂ္ဂဇင်းများတွင်လည်း ဆောင်းပါးများ ရေးခဲ့ဖူးသည်။

ဗိုလ်ချုပ်စမတ်သည် နိုင်ငံရေးအဘိဓမ္မာနှင့် ရုက္ခဗေဒ၊ သတ္တဗေဒများတွင် ဝါသနာပါသည်။ ၁၉၂၆ ခုနှစ်က Holism and Evolution ခေါ် အဘိဓမ္မာကျမ်းတစ်ကျမ်းကို ရေးခဲ့သည်။ မြက်အမျိုးမျိုးကို စမ်းသပ်စိုက်ပျိုးလေ့ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပြုံးခဲသည်။ အစဉ်လိုပင်နိုင်ငံရေးကို တွေးနေဟန်တူသည်။ ဗမာ့လွတ်လပ်ရေးအတွက် စိတ်ပူပုံရသည်။ သူ့တွင် သိမ်မွေ့ခြင်းမရှိ။ အလှအပ ယဉ်ကျေးခြင်း ထုံးစံများကို ဂရုမထား။ သူ၏နိုင်ငံရေးဝိညာဉ်ကား ပြင်းထန်လှ၏။ တစ်ခုတည်းကိုသာလုပ်သော နိုင်ငံရေးသမားသက်သက်ဖြစ်သည်။

ဗိုလ်ချုပ်စမတ်သည် အမြဲ သုန်မှုန်နေတတ်သည်။ အဘိဓမ္မာဆန်သော ဥပေက္ခာတရား လက်ကိုင်ထားပုံရသည်။ ကစားခုန်စားမှုကိုလည်း ဂရုမထား။ ညှိနှိုင်းမိတ်ဆက်ပွဲများကို ရှောင်နိုင်သမျှ ရှောင်၏။ မတတ်သာ၍ သွားရလျှင် စိတ်နှင့်မတွေ့က တုံဏှိဘာဝေနေတတ်၍ စကားပြောရမှ ထ သွားတတ်သည်။ သွားလာနေထိုင်ပုံကား ခပ်ကြမ်းကြမ်းပင်ဖြစ်သည်။ တစ်ခါတစ်ရံ ရယ်စရာ မောစရာပြောတတ်သည်။ သို့သော် သူ့ ရယ်စရာများ၏အောက်တွင် နက်နဲသော ပြောင်လှောင်ချက်များ ပါလာတတ်သည်။ ကိစ္စကြုံလျှင် ဖွဲ့နှင့်လုပ်ကိုင်တတ်သည်။ လူရွေး ကောင်းသည်။ နိုင်ငံအတွက်ဆိုလျှင် မည်သူမျှ မကြိုက်သော်လည်း ဖွတ်လုပ်တတ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၂ ခုနှစ်၊ မြန်မာနိုင်ငံအထက်ပိုင်းမှ ဗြိတိသျှတို့ကို မောင်းထုတ်ရာမှအပြန်တွင် ငှက်ဖျားရောဂါရ၍ ဆေးရုံတက်ရသည်။ ကျန်းမာလာသောအခါ ဆေးရုံ ဆရာမကြီး ဒေါ်ခင်ကြည်နှင့် လက်ထပ်ခဲ့သည်။ ယခု သားသမီး ၃ ယောက် ရှိနေလေပြီ။

ဗိုလ်ချုပ်စမတ်သည် စတယ်လင်ဘော့ချ်မြို့ ဝိတိုရီယာ တက္ကသိုလ်သို့ ဝင်စက လူတောမတိုးဝံ့အောင် ရှက်တတ်၏။ သူနေသော ကျောင်းဆောင်နှင့် လမ်းတစ်လမ်းသာ ခြားသော အိမ်တွင်နေသူ 'စီဘယ်လာ မာဂရက်သာ ကရိုက်' ဆိုသူ အမျိုးသမီးကလေး၏ အားပေးမှုကြောင့် စင်မြင့်ပေါ်သို့ တက်ဝံ့လာသည်။ စကားရည်လုပွဲများတွင် ဗိုလ်စွဲခဲ့သည်။ ၁၈၉၆ ခုနှစ်လောက်က ထိုအမျိုးသမီးကလေးနှင့် အိမ်ထောင်ပြုခဲ့ရာ ယခု သားသမီး ၆ ယောက်၊ မြေး ၁၂ ယောက် ရှိနေလေပြီ။ ။



www.burmeseclassic.com

www.burmeseclassic.com



# သူ့အကြောင်း ကျွန်တော် မှတ်မိသမျှကလေး

တက်တိုး

တစ်ပတ်လည်လာပြန်ပြီ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ကြီးများ ကျဆုံးရသောအကြောင်းများကို ပြန်ပြောင်း သတိရကြလေပြီ။ လုပ်ကြံမှုကြီး ဖြစ်ခဲ့သည်မှာ နှစ်ဆယ့်နှစ်နှစ် ရှိသွားလေပြီ။ နှစ်လည်တိုင်း ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းများနှင့် အခြားပုဂ္ဂိုလ်ကြီးများအကြောင်းတို့ကို ရေးသား ဖော်ပြကြသည်။ ကျွန်တော့်အဖို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကြုံတွေ့ရသည့် အခိုက်အခါကလေး အချို့ကို မမေ့နိုင်ဖြစ်ခဲ့ရသော်လည်း ရေးသားဖော်ပြမှု မပြုခဲ့မိချေ။

တစ်နေ့က အိုးဝေတွင် ဗမိုးက ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်စာလေ့လာမှုနှင့် ပတ်သက်၍ ရေးသော ဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသို့ ရောက်စက ကျောင်းသား သမဂ္ဂအသင်းတွင် ကျင်းပသော စကားရည်လုပွဲတစ်ပွဲ၌ ထ၍ အင်္ဂလိပ်လိုပြောရင်း ပါဠိရွတ်ပုံကို ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း၏ စာအုပ်မှ ကောက်နုတ်ချက်ဟာစ်ခုကို ထုတ်ပြထားသည်။

အောင်ဆန်းက ပရိသတ်ထဲတွင် အင်္ဂလိပ်လို ပြောပြီး ပါဠိအညွှန်းကလေးတစ်ခုကို ရွတ်ပြလိုက်သောအခါ ပရိသတ်က ရယ်မောကြသည်။ ထိုပရိသတ်ထဲတွင် ရှေ့ဆုံး၌ထိုင်နေသော ပုဂ္ဂိုလ်တို့ကား အခြားသူများ မဟုတ်ပေ။ ဒေါက်တာဘမော်၊ ဒေါက်တာဘဟန် အမျိုးပြုသော 'တွဲရေးသမား'နှင့် ဦးဘဘောအမျိုးပြုသော 'ခွဲရေးသမားများ' ဖြစ်ကြသည်။ ၁၉၃၂ ခုနှစ်ဟု ထင်မိပါသည်။ သမဂ္ဂဥက္ကဋ္ဌသစ်၏ ကတိသစ္စာ ခံယူပွဲကျင်းပလေ့ရှိရာ ထိုပွဲတွင် ဥက္ကဋ္ဌသစ်က ရာထူးလက်ခံ မိန့်ခွန်း ပြောကြားပြီးသည့်နောက် အခမ်းအနားတစ်ရပ်အနေဖြင့် စကားရည်လုပွဲတစ်ပွဲကျင်းပလေ့ရှိသည်။ ထိုနှစ်အတွက် အခမ်း အနားဝင် စကားရည်လုပွဲ၌ ပြောဆို ချေပကြရမည့် အကြောင်းအရာကို သမဂ္ဂလူကြီးများက ရွေးကြရသည်။ ပြီးလျှင် ပြောဆိုချေပမည့်သူများကို ရွေးကြရသည်။

ထိုနှစ် ထိုအခိုက်တွင် အဓိကရ အဖြစ်အပျက်ကြီး တစ်ခု ဖြစ်လေသည်။ ယင်းသည်ကား ဂျူဗလီဟောခန်းမဆောင်တွင် ခွဲရေးတရားဟောပွဲတစ်ခု ကျင်းပနေစဉ် ပရိသတ်ထဲမှ စင်မြင့်ပေါ်သို့ ပျံတက်ရောက်ရှိလာသော အရာသည်ကား ဘုန်းကြီးဖိနပ်တစ်ဖက် ဖြစ်လေသည်။ ထိုအခါက ဗြိတိသျှတို့က အုပ်ချုပ်ပုံ ပြုပြင်ပြောင်းလဲရေးပြုရန် စီစဉ်နေကြသည်။ မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်၍ သီးသန့် အုပ်ချုပ်ရေးစနစ် ပေးသင့်သလော။ သို့တည်းမဟုတ် မြန်မာပြည်သည် အိန္ဒိယပြည်နှင့်အတူ ပူးတွဲ၍ အိန္ဒိယပြည်အတွက် ပေး

www.burmeseclassic.com

www.burmeseclassic.com



သော အုပ်ချုပ်ရေးစနစ်အတိုင်း ခံယူသင့်သလော။ ဤမေးခွန်းပြဿနာသည် မြန်မာ့နိုင်ငံရေး လောကတွင် အကြီးမားဆုံး ဖြစ်နေလေသည်။

မြန်မာ့နိုင်ငံရေးသမားများတွင် 'ခွဲရေးသမား' နှင့် 'တွဲရေးသမား' ဟူ၍ အုပ်စုကြီးနှစ်ခု ဖြစ်ပေါ်လာ၏။ ဒေါက်တာဘမော်သည် ဆရာစံ၏အမှုကို လိုက်ပေးသော ရှေ့နေအဖြစ် လူထုက အသိများလာသည် အလျောက် နိုင်ငံရေးအကွက်ဆိုက်နေသဖြင့် နိုင်ငံရေးခေါင်းဆောင်အသွင်ကိုယူကာ တွဲရေးဘက်မှ လှုပ်ရှားနေလေသည်။ သမားရိုးကျ ခေါင်းဆောင်ကြီးများဖြစ်သော ဦးဘဘေ၊ ဦးပု၊ ဦးသိမ်းမောင် စသည်တို့သည် ခွဲရေးဘက်မှ လှုပ်ရှားကြသည်။

ထိုပဋိပက္ခဂယက်သည် တစ်နိုင်ငံလုံး အနှံ့အပြား ရိုက်ခတ် ပျံ့နှံ့လေရာ တစ်အိမ်ထဲ၌ အိမ်သူအိမ်သားများတွင် အချို့က ခွဲရေး၊ အချို့က တွဲရေးဟူ၍ ကွဲနေကြပြီးလျှင် ကတောက်ကဆ ဖြစ်ကြသည်ဟူ၍လည်း ကြားဖူးလိုက်ရလေသေးသည်။ တက္ကသိုလ်ကျောင်းတွင်လည်း ခွဲရေး တွဲရေး အငြင်းပွားကြသည်။ များစွာသော ဘုန်းတော်ကြီးတို့သည် ဒေါက်တာဘမော် အပြောကောင်းမှုကြောင့် တွဲရေးဘက်သို့ လိုက်ကြသည်။ အချို့မှာ အတော်ပြင်းထန်ကြသည်။

ဂျူဗလီဟော ခန်းမဆောင်တွင် ခွဲရေးတရားပွဲ ကျင်းပခိုက် ဘုန်းကြီးဖိနပ်တစ်ဖက် စင်မြင့်ပေါ်သို့ ပျံတက်လာခြင်းသည် သတင်းထူးတစ်ရပ်ဖြစ်သည့်အလျောက် နောက်တစ်နေ့တွင် သတင်းစာများက ဖိနပ်ပျံကြီး၏ ဓာတ်ပုံနှင့်တကွ သတင်းကို ဝေဝေဆာဆာရေးကြသည်။ နောက်နေ့များတွင် ဘုန်းကြီးများ နိုင်ငံရေးနှင့် သက်ဆိုင်သင့် မသက်ဆိုင်သင့် ဟူသောအချက်ကို သတင်းစာများတွင် ရေးလာကြသည်။ ထိုအခိုက် 'ရန်ကုန်ဂေဇက်' အင်္ဂလိပ် သတင်းစာတွင် 'ဘုန်းကြီးများ နိုင်ငံရေးတွင် မပါဝင်သင့်' ဟူသော ခေါင်းစဉ်တပ် 'အယ်ဒီတာထံ ပေးစာ' တစ်စောင် ပါလာသည်။ နောက်နေ့များတွင် ထိုသတင်းစာ 'အယ်ဒီတာ ထံပေးစာ'ကော်လံတွင် အချေအတင် ရေးကြသည်။

ကျောင်းဆောင်တွင်လည်း တက္ကသိုလ်ကျောင်းသားအချို့သည် ထိုအကြောင်းကို ငြင်းကြ ခုံကြသည်။ ထိုစဉ်က ကျွန်တော်သည် ပုဂံဆောင်မှ ပြောင်း၍ အင်းဝဆောင်တွင် နေလျက်ရှိ၏။ ကျွန်တော့်အနီးအနားတွင် ကိုအောင်သန်း(ဗိုလ်ချုပ်အစ်ကို)၊ ကိုဘတင်(ယခု ရှေ့နေကြီး ဒေါက်တာဘတင်)၊ ကိုဟန်ထော် (အငြိမ်းစား အတွင်းဝန်)၊ မစ္စတာရာရှစ်၊ ကိုအေးချို (အငြိမ်းစားတိုင်း ပညာဝန်)နှင့် အခြား မိတ်ဆွေများ အခန်းအသီးသီး၌ နေကြသည်။ ညစာစားပြီး အခန်းသို့ပြန်လာပြီးနောက် ဝရန်တာတွင် ထိုင်လျက် ထလျက် အမျိုးမျိုးနေရင်း ထိုအကြောင်းကို ထင်ရာမြင်ရာ ပြောဆိုငြင်းခုံနေကြသည်။

ထိုသို့ ငြင်းခုံနေကြရာ နှစ်ရက် သုံးရက်လောက် ကြာသောအခါ ကိုဟန်ထော်က "ဒီ အကြောင်းကို ယူနီယံမှာ ဒီဗိတ်လုပ်လိုက်ရင် ကောင်းမယ်" ဟု အကြံပြုသည်။ ထိုအကြံကို သဘောကျကြသဖြင့် သမဂ္ဂအမှုဆောင်အဖွဲ့ဝင် ကျောင်းသားအချို့ကို ပြောပြကြလေရာ သူတို့လည်း နှစ်သက်ကြသဖြင့် သမဂ္ဂဥက္ကဋ္ဌသစ် ကတိသစ္စာခံယူပွဲတွင် အခမ်းအနားဝင် စကားလုပွဲအတွက် ထိုအကြောင်းအရာကို ရွေးချယ်လိုက်ကြသည်။

ရွေးချယ်ရာ၌ ထူးခြားသည့် အချက်ကလေးတစ်ခု ရှိသည်။ စကားရည်လုပွဲများတွင် အဆိုဘက်က 'သင့်သည်' ဟူသော ဖြောင့်ချက်အဖြစ် ထားပြီးလျှင် အချေဘက်က 'မသင့်' ဟူသော ငြင်းချက်အဖြစ် ထားလေ့ရှိကြသည်။ ယခု၌မူ ပြောင်းပြန်ပြု၍ 'ဘုန်းကြီးများ နိုင်ငံရေးတွင် မပါဝင်သင့်'ကို အဆိုအဖြစ်ထားကာ 'ပါဝင်သင့်သည်'ကို အချေအဖြစ် ထားလိုက်ခြင်းဖြစ်သည်။

ပြောမည့်သူများကို ရွေးချယ်မှုမှာ မခက်ခဲလှပေ။ 'ကိုယ်ဖော်တဲ့ဆေး ကိုယ်အရင်စား' ဆိုသလို အကြံပြုသူများထဲမှ ရွေးလိုက်ကြသည်။ အဆိုရှင်များအဖြစ် ကိုအောင်သန်းနှင့် ကျွန်တော်။ အချေရှင်များအဖြစ် ကိုဘတင်နှင့် ကိုအေးချိုတို့ဖြစ်ကြလေသည်။ အင်္ဂလိပ်လို ပြောကြရမည်ဖြစ်သည်။ သဘာပတိ၊ သမဂ္ဂဥက္ကဋ္ဌသစ်မှာ ကိုစံဖော်အောင် ဖြစ်သည်။

နိုင်ငံရေးသမားတို့သည် တက္ကသိုလ်ကျောင်းသားများ၏အားကို ယူလိုကြသည့်အလျောက် တက္ကသိုလ်၌ ဖြစ်ပေါ်သော ကိစ္စများတွင် သူတို့အမြဲတမ်း ဂရုစိုက်၍ ကြသည်။ ပါဝင်ကြသည်။ ကျောင်းသားခေါင်းဆောင်များကို အကျွမ်းတဝင်ဖြစ်အောင် နည်းအမျိုးမျိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းကြသည်။ တက္ကသိုလ် သမဂ္ဂတွင် ထိုအကြောင်းကို စကားရည်လုပွဲ ကျင်းပမည် ဆိုလိုက်သည်နှင့် နိုင်ငံရေးသမား အုပ်စုများသည်သမဂ္ဂအဆောက်အဦသို့ စုပြုံတက်ရောက်ကြလေသည်။ ထိုအကြောင်းအရာမှာ စင်စစ်အားဖြင့် ခွဲရေးတွဲရေး ပြဿနာပင်ဖြစ်လေရာ အုပ်စုနှစ်ခုလုံးက အင်အားပြဖို့ ပြင်ဆင်ထားကြသည်။ ပရိသတ်ထဲမှ ဝင်ရောက်ပြောဆိုခွင့်ကိုယူ၍ သူတို့၏ဝါဒကို ဖြန့်ဖို့ အသင့်ရှိကြသည်။ ထိုနေ့ည အစည်းအဝေးပွဲသည် အလွန် လူစည်လေတော့သည်။

ထိုပွဲတွင် ပရိသတ်ထဲမှ ကတုံး(ခေါင်းတုံး) ဆံတောက်နှင့် လူငယ်တစ်ယောက် ထ၍ အင်္ဂလိပ်လို အနည်းငယ်ပြောပြီး ဘုန်းကြီးများမှာ အမှုကိစ္စ မများအပ်ဟူသော 'အပ္ပကိစ္စောစ' ပါဠိပိုဒ်ကို ရွတ်ပြလေသောအခါ နိုင်ငံရေး ခေါင်းဆောင်များက ထိပ်တန်းက နေ၍ ရယ်မောကြလေသည်။ သူတို့သည် ထိုစဉ်က 'ဒီကောင်လေး' သည် တစ်နေ့သောအခါတွင် မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဖြစ်လာလိမ့်မည်ဟု ယောင်၍ပင် မတွေးမိကြချေ။ ထိုသူငယ်၏စကားကို ဂရုမထားမိသော်လည်း သူ ပါဠိရွတ်ပြပုံကိုကား မှတ်မိကောင်း မှတ်မိကြပေလိမ့်မည်။ အင်္ဂလိပ်လို ပဏ္ဍာမချီစဉ်က ထစ်ထစ်ငေါ့ငေါ့ဖြစ်သလောက် ပါဠိ ရွတ်ရာတွင် မြန်သောကြောင့် ထူးခြားမှု ပေါ်လွင်လာလေသည်။

အောင်ဆန်းသည် ထိုအချိန်အခါမှစ၍ တက္ကသိုလ်တစ်ခွင်တွင် ခပ်ဆန်းဆန်းလူတစ်ယောက်အဖြစ် အသိအမှတ်ပြုခြင်း ခံရသည်ဟု ဆိုနိုင်ပါသည်။ ထို့နောက် အောင်ဆန်း၏အကြောင်းကို ပို၍ ပို၍ သိလာကြ၏။

ကျွန်တော် သိရသလောက်မှာ အောင်ဆန်းသည် အင်္ဂလိပ်လို ပြောရာတွင်သာ ထစ်ထစ်ငေါ့ငေါ့ ရှိသော်လည်း အရေးအသားတွင် တော်ပေသည်။ ဂန္ထလောကမဂ္ဂဇင်းတွင် ပန်းတနော်ဦးသန့် (ယခုကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်)နှင့် ကျောင်းဝတ်စုံအကြောင်းကို အချေအတင် အင်္ဂလိပ်လို ရေးသည်။ အင်္ဂလိပ်စာကိုလည်း များစွာဖတ်ကြောင်း သိရပါသည်။

အောင်ဆန်းနှင့်ပတ်သက်သည့် အခြားအကြောင်းရပ်ကလေးတစ်ခု ပြောပြချင်ပါသေးသည်။ အောင်ဆန်းသည် တို့ဗမာအစည်းအရုံးတွင် အထွေထွေအတွင်းရေးမှူးအဖြစ်ဆောင်ရွက်နေစဉ် ကျွန်တော်သည် ကိုထွန်းတင် ('တိုလီမိုလီ ထွန်းတင်' ဗိုလ်မှူးဟောင်း) နှင့်အတူ သမဂ္ဂအဆောက်အဦ အောက်ထပ် ဦးကံသိန်း၏ ဆံပင်ညှပ်ဆိုင် အခန်းနှင့် ကပ်လျက်အခန်းတွင် ခိုကပ်နေသည်။ ကိုထွန်းတင်၏ ဦးလေးနှင့် အဒေါ်တို့က ကျွန်တော်တို့ကို ထမင်းဟင်း ချက်ကျွေးသည်။ ကျွန်တော်တို့ အခန်းသည် ကျောင်းသားခေါင်းဆောင်များ မကြာခဏလာ၍ လေကန်သော နေရာဖြစ်သည်။ တစ်ခါတစ်ရံ ကြုံကြိုက်သလို စားစရာ သောက်စရာရှိလျှင် ဝင်စားကြ သောက်ကြသော နေရာလည်း ဖြစ်သည်။ အောင်ဆန်းသည် မြို့ထဲတွင်နေသော်လည်း ကျွန်တော်တို့အခန်းသို့ မကြာခဏ ဝင်လာတတ်သည်။

တစ်နေ့တွင် အောင်ဆန်းသည် ည ၁၀နာရီလောက် ရောက်လာသည်။ ရောက်ရောက်ချင်းပင် "ဟော့... ထမင်းစားချင်တယ်၊ ကျန်သေးသလား" ဟု ဆိုသည်။ ကျွန်တော်နှင့် ကိုထွန်းတင်တို့က မရှိတော့ကြောင်း ပြောပြသည်။ "ကျန်တာပဲပေး" ဟု သူက ဆိုပြန်လေသောအခါ ကိုထွန်းတင်၏ ဦးလေးက အိုးထဲမှ ကျန်သော ထမင်းခဲကလေးနှင့် ပစ်လိုက်ဖို့ထားသော ငါးဟင်းအကျန် အရိုးအရင်းတို့ကို ထုတ်ပြသည်။ ကျွန်တော်က သမဂ္ဂဆိုင်မှာ ခေါက်ဆွဲဝယ်ကျွေးမည် ကြံလိုက်သေး၏။ အချိန်က နှောင်းနေပြီ။ သို့သော် အောင်ဆန်းက "ဝယ်မနေပါနဲ့" ဟုဆိုကာ ထမင်းကျန် ဟင်းကျန်တို့ကိုပင် အားလုံး စားပစ်လိုက်သည်။ စားပြီးနောက် ဘယ်သူ့ကိုမျှ ဘာမျှမပြောဘဲ ကျွန်တော့် ခေါက်ခုတင်စုတ်ကလေးပေါ်တွင် လှဲလိုက်သည်။ နောက် မိနစ်ပိုင်းတွင် အိပ်မောကျသွားလေသည်။

ကျွန်တော့်အဖို့ ထိုညတွင် အိပ်ရာပြဿနာ ပေါ်လေတော့သည်။ တစ်ဖက်ခန်းက ဆံပင်ညှပ်မှန်တင်ခုံ တစ်ပေလောက်အကျယ်တွင် လိမ့်မကျအောင် သတိထား၍ ခြင်ကိုက်ခံရင်း မှေးခနဲမျှသာ ပျော်ရလေသည်။ နံနက် မိုးလင်းစတွင် ကျွန်တော်သည် ကျွန်တော်တို့အခန်းဘက်သို့ ကူးဝင်လာပြီးလျှင် ကျွန်တော့်ခုတင်ကို လှမ်းကြည့်လိုက်ရာ ဟာလာဟင်းလင်း ဖြစ်နေသည်ကို တွေ့ရတော့သည်။ ။

မြဝတီမဂ္ဂဇင်း အတွဲ ၁၇၊ အမှတ် ၉ (ဇူလိုင်လ၊ ၁၉၆၉ ခု)

www.burmeseclassic.com



# ဝါရိဝေဂဗျူဟာ
## တက္ကသိုလ်မောင်မောင်ကြီး

### (၁) ဒွိဇာဓိပ

ဂဠုန်တောင်ကဲ့သို့ စစ်ထိုးခြင်းကို ဆိုသည်။ အလယ်တပ်မဥ္ဇ ဘုရင်နေလျက် လက်ဝဲလက်ျာ ဂဠုန်တောင်ဖြန့်သကဲ့သို့ ဖြန့်၍ တိုက်ခြင်းကို ဆိုသည်။




### (၂) ဝါရိဝေဂ

ရေယဉ်ဆင်းသကဲ့သို့ စစ်ထိုးခြင်းကို ဆိုသည်။ ရန်သူစစ်တပ်ရှိရာသို့ လေ၏လျင်ခြင်းဖြင့် တစ်လုံးတစ်ခဲတည်း မကွဲမပြား ဖိဖိစီးစီး ထိုးခြင်းကိုဆိုသည်။




### (၃) ဥသဘ

နွား လား ဥသဘကဲ့သို့ စစ်ထိုးခြင်းကို ဆိုသည်။ နွား လား ဥသဘသည် ဦးတည်မိရာ တစ်ဟုန်တည်းလိုက်၍ ဖွေ့သကဲ့သို့ စစ်ဦးတည်မိရာသို့သာ တစ်ဟုန်တည်း မရပ်မဆိုင်း လိုက်၍ စစ်ထိုးခြင်းကို ဆိုသည်။



တစ်နည်း



www.burmeseclassic.com

www.burmeseclassic.com



(၄) မနက

လေးပြင်းထန် လေးညှို့ ဖြန်းသကဲ့သို့ စစ်ထိုးခြင်းကို ဆိုသည်။ လေးကိုင်းများ ညွတ်သည့်သဏ္ဌာန်စစ်ထိုးခြင်းကို ဆိုသည်။



(၅) မကရ

မကန်းကွက်ကဲ့သို့ စစ်ထိုးခြင်းကို ဆိုသည်။ မကန်းကွက်ကဲ့သို့ လေးတောင့်လေးစု အလယ်တွင် တပ်မပြုပြီးလျှင် စစ်ထိုးခြင်းကို ဆိုသည်။



တစ်နည်း



(၆) ဘုဇင

မြွေတွားသကဲ့သို့ စစ်ထိုးခြင်းကို ဆိုသည်။ မြွေများသည် ကောက်ကောက်ကွေ့ကွေ့ တွားသကဲ့သို့ စစ်ထိုးခြင်းကို ဆိုသည်။



ကျွန်တော့်တူမ ဆန်းဆန်းဦးသည် နံနက်စောစောစီးစီး ကျွန်တော့်အိမ်သို့ ပေါက်လာပါသည်။ သူ့လက်ထဲတွင် ပင်ရင်းစကားပြေလက်ရွေးစင်စာအုပ် ကိုင်လာသည်ကို မြင်ကတည်းက စာမေးရန်လာကြောင်းကို ကျွန်တော် အတတ်သိပါသည်။ သူ့အကျင့်အတိုင်း စကားဖောင်ဖွဲ့ပြောဆိုပြီးသည်နှင့်တစ်ပြိုင်နက်။

အန်ကယ်။ ။ ဝါရိဝေဂ ဗျူဟာဆိုတာ ဘာလဲဟု တိုက်ရိုက်မေးပါတော့သည်။ သူမေးသော အမေးသည် ဗမာ့ကာကွယ်ရေးတပ်မတော် သေနာပတိဗိုလ်ချုပ်အောင်ဆန်း ဥယျောဇဉ် ရေးခဲ့သော သေနင်္ဂဗျူဟာ စစ်သမိုင်းမှ ဖြစ်ကြောင်းကို သိပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုဥယျောဇဉ်ကို ၁၃၀၅ ခု၊ ဝါဆိုလဆန်း ၆ ရက်နေ့က ရေးခဲ့ပါသည်။

ကျွန်တော်လည်း မသိကျိုးကျွန်ပြု၍ နင်တို့ဆရာက ဗျူဟာတွေ သင်မပေးဘူးလားဟု သူ့ကို မေးပါသည်။ သူကလည်း တဟဲဟဲ ရယ်လျက် ဆရာမက အန်ကယ့်ကို အမေးခိုင်းလို့ လာမေးတာပါဟု ရိုးရိုးသားသားပင် ဖြေပါသည်။ ကျွန်တော်လည်း ဘာမျှ ထပ် မရှည်တော့ပါ။

ဗိုလ်ချုပ်အောင်ဆန်းက စစ်ဗျူဟာအကြောင်းတွေ ရေးခဲ့တာ မှတ်သားစရာကောင်းတယ်။

အထူးသဖြင့် ကမ္ဘာ့စစ်ဗျူဟာနှင့် ဗမာ့စစ်ဗျူဟာကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်းယှဉ်ပြတာပိုပြီး မှတ်သားစရာကောင်းတယ်။ စစ်သူကြီး မဟာဗန္ဓုလကို ရန်သူများကပင် စစ်ပါဂူလို့ ခေါ်ခဲ့ပုံကို ဗိုလ်ချုပ်အောင်ဆန်း ရှင်းပြတာ ဂုဏ်ယူစရာ၊ အားတက်စရာတွေ။ ခနေဖြူခံတပ်ကို ချီးမွမ်းအပ်သော စစ်ဗိသုကာအတတ်အဖြစ် မော်ကွန်းထိုးသင့်ကြောင်း ဗိုလ်ချုပ် တင်ပြတာလည်း ဂုဏ်ယူစရာပေါ့ကွယ်။

ဘုရင့်နောင် စိတ်ဓာတ်နဲ့ ဆင်ဖြူရှင်တို့ရဲ့စိတ်ဓာတ်တွေကို ဖော်ပြတာလည်း ဗမာ့စစ်ဓာတ် ကြွခိုင်ပုံ၊ ရဲရဲတောက်ပုံတွေပေါ့ကွယ်။

သူ့ဥယျောဇဉ်ရဲ့ အနှစ်ကတော့ တိုက်ပွဲတွေနဲ့ စစ်ဆင်ပုံတွေပေါ့ကွယ်။

မြေကတုတ် (Trench) တိုက်ပွဲတွေကို ဗမာက စတင်ခဲ့တယ်လို့ ရေးခဲ့တာဟာ အားတက်စရာပေါ့ကွယ်။

ဗိုလ်ချုပ်ဟာ ကမ္ဘာ့စစ်ပညာအရပ်ရပ်ကို ဖတ်ရှုလေ့လာသည်နှင့်အမျှ သုခနေဇာတ်၊ ဟိတောပဒေသ ဘာသာပြန်၊ သေနင်္ဂဗျူဟာ၊ ဗျူဟာစက္ကိပျို့တွေကိုလည်း ဖတ်ကြောင်း သိရတာအားကျစရာမကောင်းဘူးလား။

နင်တို့တစ်တွေ နင်တို့ကျောင်းစာအပြင် ဘာစာများဖတ်သလဲဟု ကျွန်တော့်တူမကို စေတနာဒေါသောဖြင့် မေးပါသည်။

သူလည်း ကြောက်ချင်ယောင်ဆောင်လျက် ခေါင်းငုံ့နေပါသည်။ နီရဲအောင်ဆိုးထားသော သူ့ကြောင်လက်သည်း အရှည်ကြီးဖြင့် ကုလားထိုင် လက်ရန်းကို ခြစ်နေပါသည်။ ကျွန်တော်လည်း ထပ် မမေးတော့ပါ။ စာအကြောင်းသာ ဆက်ပြောပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက ဗမာ့စစ်လျင် စစ်ဖျားချီတက်နည်းကို လေတပ်၊ စက်ယန္တရား အပေါ့စား၊ မော်တော်ကား မြင်းတပ် စတဲ့ စစ်ချီတက်နည်းတွေနဲ့ ယှဉ်ပြတယ် မဟုတ်လား။ အခုခေတ် အခြေခံစစ်ထိုးပုံကို ဂဠုန်တောင်စစ်ထိုးပုံနဲ့ ယှဉ်ပြတယ် မဟုတ်လား။ ဟစ်တလာတို့သုံးခဲ့တဲ့ (Infiltration Tactics) တိုက်နည်းကို ဥသဘ ဗျူဟာနဲ့ ယှဉ်ပြတယ်မဟုတ်လား။

ကဲ နင်မေးတဲ့ ဝါရိဝေဂဗျူဟာကို ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ဘယ်လိုရှင်းပြထားသလဲ ... ဖတ်စမ်းဟု ပင်ရင်းစကားပြေလက်ရွေးစင်စာအုပ်ကို သူ့ထံ ထိုးပေး၍ အဖတ်ခိုင်းပါသည်။

ယခု ဟစ်တလာ အသုံးပြုနေသည့် (ကလစ်(ဇ)ခရီ) လျှစ်စစ်ကဲ့သို့ လျင်မြန်စွာ စစ်ထိုးခြင်းမှာ အမည်ဆန်း၍ နည်းကောင်းလာသော်လည်း ရှေးက ရှိရင်း စစ်ဗျူဟာ တစ်မျိုးပင် ဖြစ်ပါသည်။ ဝါရိဝေဂဗျူဟာနှင့်သဘောဆင် ပေသည်ဟု ဖတ်ပါသည်။

ကဲ ဒါဖြင့်ရင် ... ဝါရိဝေဂဗျူဟာဆိုတာ ဘာလဲ ဟု သူ့ကိုပင် ပြန်မေးပါသည်။

လျှပ်စစ်ကဲ့သို့ လျင်မြန်စွာ စစ်ထိုးခြင်းပေါ့ အန် ကယ်ဟု ပြုံးလျက် ဖြေပါသည်။

ဒါနဲ့များ နင့်ဆရာမက ငါ့ကို အမေးခိုင်းရသေးလား နင်ကိုယ်တိုင်စာဖတ်ပြီး ဖြေလိုက်ပြီးရောပေါ့ ဟု သူ့ကို ချီးမွမ်းလိုက်ပါသည်။

သူလည်း ခိခနဲ အသံထွက်အောင် ရယ်ပါသည်။

အန်ကယ်က ချည်တုပ်ပြီးညှစ်မေးမှ ဖြေနိုင်တာပဲ ဟု ကျွန်တော့်ဘက်ကို စကားပြန်လွှဲလိုက်ပါသည်။

ကျွန်တော်လည်း သူ့ကို ပြန် မချေတော့ပါ။ ဗိုလ် မှူးဘသောင်း ပြုစုခဲ့သော သေနင်္ဂဗျူဟာ စစ်သမိုင်းကို ထုတ်ပေးပြီးနောက် စစ်ထိုးခြင်း ခြောက်ပါးကို အကူးခိုင်း ပါသည်။

သူလည်း ကူးပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်တော့် ကို နှုတ်ဆက်ပြီးလျှင် ပြန်သွားပါသည်။ သူပြန်သွားသော် လည်း သူကဲ့သို့ ဗဟုသုတ ဆည်းပူးလိုသော ကျောင်း သားများအတွက်လည်းကောင်း၊ ဆရာများ ဖတ်ချင် ဖတ် နိုင်ရန်အတွက်လည်းကောင်း စစ်ထိုးခြင်းခြောက်ပါးကို ဤဆောင်းပါးတွင် ဖော်ပြလိုက်ပါသည်။ ။

အသုံးချမြန်မာစာ စာပေဆောင်းပါးများ (၁၂-၁၁-၁၉

www.burmeseclassic.com



# ဗိုလ်ချုပ်ဆုံးဖြတ်သော ရဲဘော်၏တန်ဖိုး

မောင်ယဉ်ခန့်

တစ်ကြိမ်က ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းအား အကြည်ညိုလျော့သွားခဲ့ဖူးသည်။ အကြည်ညိုပျက်ခြင်းနှင့် အကြည်ညိုလျော့ခြင်းမှာ မတူကြပါ။

အကြည်ညိုလျော့ခြင်းမှာ ခါတိုင်းလောက် မကြည်ညိုတော့သော်လည်း ကြည်ညိုမှုကား ရှိသေးသည်။ အကြည်ညိုပျက်သည်ဆိုခြင်းမှာ လုံးဝ ကြည်ညိုလို့ မရတော့ခြင်းပင် ဖြစ်သည်။

၁၉၄၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံရေးခေါင်းဆောင်များအနက် ဗိုလ်ချုပ်ကို လူငယ်အများက အမျိုးသားခေါင်းဆောင်ကြီး အစစ် ဟု ယုံကြည်သည်။ နိုင်ငံရေးတွင်သာမက စစ်ရေးတွင်ပါ ခေါင်းဆောင်နိုင်သော ပုဂ္ဂိုလ်မှာ အင်္ဂလိပ် ကျွန်တစ်ခေတ်တွင် ဗိုလ်ချုပ်တစ်ဦးသာရှိသည်ဟု ပို၍ ကြည်ညိုလေးစားခဲ့ကြသည်။

၁၉၃၅ ခု နောက်ပိုင်းက ကမ္ဘာ့အရပ်ရပ်တွင် မလွတ်လပ်သော နိုင်ငံများ လွတ်လပ်ရေးကြိုးပမ်းရာ၌ အင်္ဂလိပ်ကိုမုန်းသောကြောင့် ဂျာမနီကို ကြည်ညိုအားကိုးခဲ့ကြသည်။ ထိုအခါက ဟစ်တလာ၏ ဝါဒကို ဖက်ဆစ်ဝါဒ၊ အာဏာရှင်ဝါဒဟု ဝေဖန်ခြင်းထက် အမျိုးသားလွတ်မြောက်ရေးကို လုပ်ပေးနိုင်သော အာဇာနည်ဟု ဝါဒရေးထက် ပုဂ္ဂိုလ်ရေးအရသာ ကယ်တင်နိုင်လျှင် လူစွမ်းကောင်းဟု နားလည်ခဲ့ကြ၏။

အနောက်တွင် ဂျာမနီကို အားကျကြည်ညိုသလို အရှေ့ဘက်တွင် အင်္ဂလိပ်စသော ဥရောပသားများမှာ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး၊ အာဏာမြင့်တက် ထောင်လွှားနေသော ဂျပန်၏တိုးတက်မှုမှာ နဂါးနက်ဂိုဏ်းခေါင်းဆောင်ကြီးကြောင့်ဟု ယူဆခဲ့ပေသည်။

နဂါးနက်ခေါင်းဆောင်ကြီး ကိုယ်ကျိုးမဖက်သလို စည်းစိမ် မခံသလို၊ သတ္တိကောင်းသလို ကျွန်တော်တို့ ဗိုလ်ချုပ်ကိုလည်း ကိုယ်ကျိုးမဖက်သူ၊ အမျိုးအတွက် အသက် ပေးရဲသူအဖြစ် ကြည်ညိုခဲ့ရာ စစ်ဝန်ကြီးအဖြစ် ခန့်ခန့်ညားညား သွားလာနေခြင်း၊ ကန်တော်ကြီးစောင်းရှိ သူ့အိမ်တွင် အစောင့်များ ချထားခြင်းတို့ကြောင့် တို့ဗိုလ်ချုပ်လည်း အရင်ကလို မဟုတ်တော့ဘူး၊ စည်းစိမ်ယစ်သွားပြီဟု အကြည်ညိုလျော့ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော့်ထံသို့ ညီအစ်ကိုတစ်မျှ ချစ်ခင်၍ အချိန်ရလျှင် ဝင်ထွက်နေသော ရိုးရိုးရဲဘော်ကလေး ဘလှိုင်သည် မြေအောက်တော်လှန်ရေး စာရွက်စာတမ်းများကို ယူ၍ ကျွန်တော်နေသော ဗဟန်းရှိ တဲကလေးသို့ ပေါက်လာသည်။

"ဟ ...' မင်းတို့က တစ်ခါ ဂျပန်ကို တော်လှန်ဦး

www.burmeseclassic.com



မယ်လား" ဟု အတူနေဦးကြီးက မေးရာ "မတော်လှန်ရင် အင်္ဂလိပ်ကျွန်ဘဝထက် ဂျပန့်ကျွန်ဘဝက ပိုဆိုးသွားမှာပေါ့ ဦးကြီး ... အင်္ဂလိပ်က စီးပွားရေးမှာ ရေနံ၊ သစ်တောလောက် ချုပ်ကိုင်တာ၊ ဂျပန်က ငါးပိရော၊ မရမ်းသီးဆားစိမ်ပါ လက်ဝါးကြီးအုပ်နေပြီ" ဟု ပြောပါသည်။

"အေးလေကွာ ... မင်းတို့ခေတ်ကိုး ... ဂျပန်ကို ခေါ်လာတော့လည်း မင်းတို့ပဲ၊ ခုတစ်ခါ ဂျပန်ကို မောင်းချင်တော့ အင်္ဂလိပ်ကို မဟာမိတ်တဲ့။ ငါဖြင့် မျက်စိများလည်သွားပါပြီကွယ်" ဟု ဦးကြီးသည် ခေါင်းကိုကုတ်၍ ထွက်သွားပါသည်။

"ကဲ ... အစ်ကို၊ ဒီလိုနေလို့တော့ မဖြစ်ဘူး ... ခင်ဗျား တစ်နေရာရာက ပါမှဖြစ်တော့မယ်" ဟု ဘလှိုင်က ဆိုရာ

"မင်းတို့လည်း မင်းတို့အထက်က အရာရှိကြီးတွေ၊ ခေါင်းဆောင်ကြီးတွေ ကောင်းစားဖို့ ဓားစာခံလို့ မပြီးသေးဘူးလားကွာ ... ငါ့ကို ဆွဲထည့်မနေပါနဲ့"

"အစ်ကို ဘယ်သူ့တွေအပေါ် ဘယ်လိုမြင်သလဲ၊ ကျွန်တော်တို့ဟာ တိုင်းပြည်အတွက်သာ စတေးခံမှာပါ။ အထက်တန်းစားတွေ ကောင်းစားဖို့လုပ်တာ မဟုတ်ပါဘူး"

"ဟ ... အဓိပတိကြီးဆို အခမ်းအနားရှိရင် ထွက်စည်ဝင်စည်နဲ့၊ စမျှောင်ကတိတ်စေအော်ပြီး ရှေးတုန်းက ဘုရင်မင်းမြတ် ကြွတော်မူလာပြီ၊ ဝပ်ခစားကြ ဆိုတာမျိုး ကျနေတာပဲ။ ဗိုလ်ချုပ်တို့ သိပ် စမတ်ကျနေတာ ... ကားကြီးမှာ အလံကြီးထိုး၊ ဓားကြီးကိုင်၊ ကန်တော်ကြီးနားက အကောင်းဆုံးအိမ်မှာ ဇိမ်နဲ့ဗျား ... မင်းတို့က ဒီလူတွေအတွက် ဓားစာခံကြမှာ၊ သူတို့က မင်းတို့ ရှိမှန်းတောင် သိမှာမဟုတ်ပါဘူး။ ငါတော့ စိတ်မပါဘူး ရဲဘော်ရာ ..." ဘလှိုင်သည် အားရပါးရ ရယ်ပါလေတော့သည်။ ပြီးမှ "အစ်ကို .. ဗိုလ်ချုပ်အိမ် ဘယ်နှခါ ရောက်ဖူးသလဲ"

"တစ်ခါမှလည်း မရောက်ဖူးဘူး၊ သွားလည်း မသွားချင်ဘူး။ အဆောင်အယောင် အခမ်းအနားတွေထဲ ဝင်လို့လည်း ရမှာမဟုတ်ဘူး"

"အစ်ကိုက မရောက်ဖူးဘူးလည်းဆိုရဲ့ ... အဆောင်အယောင် အခမ်းအနားတွေထဲ မဝင်ချင်ဘူးလည်း ပြော ရဲ့ ... ဘာ အဆောင်အယောင်ရှိလို့လဲ"

"မြင်ဘူးလားကွ .. သူ့အိမ်ဝမှာ ရဲဘော်တွေ သေ နတ်ထမ်းပြီး နေ့ညမပြတ် စောင့်နေတာ။ အိမ်ထဲမှာ ဘယ်လောက် ဟိတ်ဟန်များမယ်မှ မသိဘဲ"

"သြော် ... အစ်ကိုကလည်း နိုင်ငံရဲ့တာဝန်ကို ဒါလောက်ကြီးကြီးထမ်းနေရတဲ့ စစ်ဝန်ကြီးရဲ့ လုံခြုံရေး တော့ တပ်က လုပ်ပေးရမှာပေါ့။ ဗိုလ်ချုပ်ကတော့ ဘာမှ မလိုချင်ဘူး ... ဝင်ချင်တဲ့လူ ဝင်၊ ထွက်ချင်တဲ့လူ ထွက်၊ သူက ဒီလိုပဲ လွတ်လပ်တာကြိုက်တယ်။ ဒါပေမဲ့ သူ့ သေရေးရှင်ရေးဟာ တိုင်းပြည်ရဲ့ ကံကြမ္မာမို့ ဒါကို ထိန်းသိမ်းနေရတာပါ"

"ဒါဖြင့် အထဲမှာ အဆောင်အယောင် ရှိ မရှိကော မင်းက ဘယ်နှခါများ ရောက်ဖူးလို့ သိတာလဲ"

"ကျွန်တော်လား ... ဝင်ချင်တဲ့အခါ ဝင်နိုင်တယ်၊ ညဥ့်အိပ်ချင်လည်း အိပ်နိုင်တယ်။ စားချင်တာရှိရင် ဝင်စားနိုင်တယ်"

"ဒါကတော့ မင်းတို့ရဲဘော်ကလေးအချင်းချင်း သိနေကြတော့ ဝင်ရ ထွက်ရမှာပေါ့။ အထက်က စစ်ဝန် ကြီးကတော့ မင်း ဘာလုပ်နေတယ် သိမှာမဟုတ်ပါဘူး"

"အစ်ကိုကလည်း ကြာလေခက်လေဖြစ်နေပါပြီ၊ ကျွန်တော်ပြောတာက ဗိုလ်ချုပ်ကိုယ်တိုင်က ကျွန်တော် တို့ကို သဘောတရားရေးနဲ့ နိုင်ငံချစ်လို့ စစ်ထဲဝင်လာ တဲ့ ဓာတ်သိရဲဘော်ဆိုရင် သူနဲ့ တစ်တန်းတည်း သဘောထားတယ်။ စစ်ဘက်တာဝန်အရသာ တာဝန် ကြီးသူကို တာဝန်ငယ်သူက လေးစားရတာကိုး — သဘောတရားရေးအရတော့ အလုပ်ချိန်မဟုတ်တဲ့အခါ ရဲဘော်နဲ့ ဗိုလ်ချုပ်ဟာ ကွန်မရိတ်တွေချင်းပဲလို့ အမြဲ တမ်း နေရာပေးတယ်"

"ဒါဖြင့် မင်း ဗိုလ်ချုပ်အိမ်တော့ ခဏခဏရောက်မှာ ပေါ့ ... တိုင်းသူပြည်သားတွေ မဝတ်ရလို့ အစုတ်စုတ် အပြတ်ပြတ်ဖြစ်နေတဲ့ ဒီအချိန်မျိုးမှာ ဗိုလ်ချုပ်တို့ အိမ်မျိုးမှာတော့ မလိုချင်အဆုံး အဝတ်တွေ ပေါမှာပေါ့ ကွာ"

"ခက်ပြီ ... အစ်ကိုဟာ လူတစ်ယောက်ကို နီးနီး ကပ်ကပ် မလေ့လာဘဲနဲ့ အရမ်း အထင်လွဲနေပြီ။ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ဟာ တိုင်းပြည်နဲ့ လူမျိုးအရေးကို နေ့ရော ညရော အိပ်တဲ့အချိန်ကလွဲရင် ဒါပဲစဉ်းစားတယ်၊ ကျွန်တော် သူနဲ့ ခဏခဏ ဆွေးနွေးတယ်။ ဗိုလ်ချုပ်မှာ ကျွန်တော်တွေ့ တိုင်း စွပ်ကျယ်နှစ်ထည်ကို တစ်လှည့်စီ ဝတ်နေတာဗျ"

"ဟော ... တကယ်လားကွ"

"မယုံမရှိပါနဲ့အစ်ကို ... တကယ်ပါ။ ဟန်မဆောင်တတ်ဘူး၊ ပြတ်သားတယ်။ သူ့ကိုယ်ရေးထက် တိုင်းပြည်ရေးကို ဦးစားပေးတဲ့ ပုဂ္ဂိုလ်မို့ ကျွန်တော်တို့ရဲဘော်တွေ ဗိုလ်ချုပ်က မင်း ဒီလမ်းသွားဆိုရင် သေမယ့်လမ်းတောင် ကျွန်တော်တို့ မငြင်းဘူး။ ဗိုလ်ချုပ်ကို ကျွန်တော် မနေ့ကပဲ ဆွေးနွေးခဲ့သေးတယ်။ ကျွန်တော်တို့တပ်မတော်ဟာ ရဲဘော်တွေကို အထက်အရာရှိက ပါးချည်းချနေတာ ဒီလိုပဲသွားတော့မလားဆိုတော့ ...

'ငါကိုယ်တိုင်လည်း ဒါကိုမကြိုက်ဘူး၊ အခြေအနေအရ တစ်နေ့တော့ ဒါကို လုံးဝ ပြောင်းလဲပစ်ရမယ်။ အရာရှိတွေကလည်း ဒီလိုပဲ သဘောရတယ်'လို့ ပြောပါတယ်"

"ရဲဘော်တွေကို ဗိုလ်ချုပ်က ဘယ်လောက်များ တန်ဖိုးထားပြီး ဆက်ဆံသလဲကွာ ... မင်းကိုယ်တွေ့ ပြောစမ်းပါ"

"တစ်ခါက သူ့ဆွေမျိုးမကင်း အမျိုးသမီးကို အိမ်စောင့်ရဲဘော်ကလေးက စာပေးသတဲ့။ ဒီတော့ စိတ်ဆိုးပြီး ဗိုလ်ချုပ်ကို သွားတိုင်တာပေါ့။ ကျွန်တော်လည်း စောင့်ကြည့်နေတယ်၊ ဗိုလ်ချုပ်ဘာလုပ်မလဲလို့။ နောက်တော့ ရဲဘော်က စာပေးတယ်ဆိုတာ ဂုဏ်ယူစရာကြီးဟ၊ လူတစ်ထောင်မှာတစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက်လောက် တိုင်းပြည်ကိုချစ်ပြီး အသက်စွန့်တဲ့ ရဲဘော်အလုပ်လုပ်တာ ... ဒီလူတွေမှာ ရှေ့ကို ဝမ်းသာဖို့ မျှော်လင့်ချက်လည်းမထားနိုင်ဘူး၊ သေမင်းကို သစ္စာခံရတဲ့အလုပ်ကို လုပ်ရဲတာ သူရဲကောင်းကွဲ့။ သူရဲကောင်းရဲ့အချစ်ခံရတယ်ဆိုတာ ဂုဏ်ယူစရာကြီးလို့ ပြောသတဲ့။ အစ်ကို့နှမကို ရဲဘော်က စာပေးရင် အစ်ကို ဒီလိုသဘောထားနိုင်မလား"

ရဲဘော်ဘလှိုင်၏ စကားများသည် ကျွန်တော်၏ နှလုံးသားကို ကြည်နူးခြင်းဖြင့် တိုးဝှေ့သွားရာ ခေတ္တမျှ ငိုင်နေလိုက်မိပါသည်။ ကျွန်တော်သည် စည်းစိမ်ယစ်နေပြီဟု ထင်ခဲ့သော ပုဂ္ဂိုလ်ကား ... ကိုယ်ကျိုး မရှာသည့် တကယ့်မျိုးချစ်အာဇာနည်ပါကလားဟု နှောင်တရမိကာ ပို၍ ကြည်ညိုလာပြီး

"ကဲ ... ဘလှိုင်၊ ငါ နားလည်ပါပြီကွာ။ ဗိုလ်ချုပ်က ချမှတ်ပေးတာဆိုရင် မင်းခိုင်းချင်တာ ငါ့ကို တာဝန်ပေးပါတော့" ဟု ကျွန်တော်သည် မိမိ၏အမှားကို အလုပ်ဖြင့် အကြွေးဆပ်လိုက်ရပါသတည်း။ ။

မြဝတီ၊ အတွဲ ၉၊ အမှတ် ၅ (မတ်-၁၉၆၁)

www.burmeseclassic.com



# အောင်ဆန်း၏ ကမ္ဘာ့အမြင်

မင်းနွယ်ဆွေ

ဗိုလ်ချုပ်အောင်ဆန်းသည် အသက်အရွယ်အား ဖြင့် ငယ်သေးသော်လည်း နိုင်ငံရေး အတွေးအခေါ် ယူဆပုံများသည် နိုင်ငံရေးသမားလက်ဟောင်းများကို ကိုယ်တိုင်လက်ဖျား ခါရလောက်အောင် ရင့်ကျက်ပြည့်ဝမှု ရှိသူဖြစ်သည်။

လက်ဟောင်း နိုင်ငံရေးသမားကြီးများသည် "ဟုမ္မရူး"(ခေါ်) ကိုယ်ပိုင်အုပ်ချုပ်ရေးလောက်နှင့် မြန်မာပြည်ကို အုပ်ချုပ်ရန် ကျေနပ်ခဲ့ကြသော်လည်း သခင်အောင်ဆန်း (ခေါ်) အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် (မြန်မာပြည် လုံးဝလွတ်လပ်ရေးနှင့် ကာယဉာဏ အလုပ်သမား၊ လယ်သမား)တို့၏ ဘဝလွတ်မြောက် လွတ်လပ်ရေးကိုပါ အဓိကထားသူဖြစ်သည်။

၁၉–၈–၁၉၄၅ ရက်နေ့တွင် "နေသူရိန်" ရုံတွင် ကျင်းပခဲ့သော ရန်ကုန်မြို့လုံးကျွတ် အစည်းအဝေးကြီးတွင် ပြောကြားသည့် သူ၏မိန့်ခွန်းကို ပြန်လှေလာပါက

"ကနေ့ မြို့လုံးကျွတ် အစည်းအဝေးခေါ်ရတဲ့ အကြောင်းကတော့ ကျွန်တော်တို့ ဗမာ့တပ်မတော် အပါအဝင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်ကြီးအကြောင်းကို မြို့သူမြို့သားများနှင့် တိုင်းသူပြည်သားများအား ရှင်းလင်းပြောပြချင်လို့ပဲ။ ပထမဆုံး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးနဲ့ ပတ်သက်ပြီး ရှင်းလင်းချင်တဲ့ အချက်ကတော့ ဒီအဖွဲ့ချုပ်ဟာ သခင်အဖွဲ့လို့ အများသိနေတဲ့ တို့ဗမာအစည်းအရုံးနဲ့လည်း မတူ ဘူး။ တို့ဗမာ အစည်းအရုံးက တို့ဗမာအစည်းအရုံး သက်သက်။အရင်တုန်းက တို့ဗမာအစည်းအရုံးထဲ ကျွန်တော်တို့ပါခဲ့တယ်။ ကျွန်တော် အခု မပါတော့ဘူး။

ဒုတိယ ကျွန်တော် ပြောချင် ရှင်းပြချင်တဲ့ အကြောင်းကတော့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးဟာ "ကွန်မြူနစ်ပါတီ" မဟုတ်ဘူး။ ကွန်မြူနစ် ပါတီက လူတွေဟာ ဒီအဖွဲ့ချုပ်ကြီးမှာ ဝင်လုပ်နေတာ မှန်တယ်။ ဒါပေမဲ့ သူတို့ပိုင် အဖွဲ့မဟုတ်ဘူး။ ဒီအဖွဲ့ချုပ်ကြီးကို ဂျပန်လက်ထက်မှာ ဂျပန်တွေက တိုင်းသူပြည်သားတွေအပေါ် အမျိုးမျိုး စော်ကား၊ အမျိုးမျိုးနှိပ်စက်ပြီး ဘာမှ အဆီအသား မရှိတဲ့ လွတ်လပ်ရေးကို ဗန်းပြ သွေးစုပ်နေတော့ ကျုပ်တို့က တကယ့် လွတ်လပ်ရေးကို ရအောင် တကယ် လိုချင်တဲ့သူတွေ၊ တကယ်တိုက်ချင်တဲ့ လူတွေကို ပါတီ မရွေး၊ လူမျိုး မရွေး၊ ဘာသာ မရွေး တစ်တိုင်းတစ်ပြည်လုံး သွေးစည်းပြီး လုပ်မယ်ဆိုတဲ့

www.burmeseclassic.com



ရည်ရွယ်ချက်နဲ့ ၁၉၄၄ခု၊ ဩဂုတ်လ အစလောက်မှာ တည်ထောင်လာခဲ့တယ်။ အဲဒီလို အဖွဲ့ချုပ်ကြီး မဖွဲ့ခင်ကတော့ ဟိုတစ်စု ဒီတစ်စု ကျုပ်တို့က ကျုပ်တို့ချည်း၊ ကွန်မြူနစ်တွေက ကွန်မြူနစ်တွေချည်း၊ ပြည်သူ့တော်လှန်ရေးအဖွဲ့က ပြည်သူ့တော်လှန်ရေးအဖွဲ့ချည်း သက်သက်ဆောင်ရွက်နေကြလို့ ကျုပ်က စတင်ပြီး အကြံပေးတဲ့အတိုင်း အားလုံး စည်းလုံးပြီး ဂျပန်ကို တိုက်ကြရအောင်လို့ နှိုးဆော်လို့ ဒီအဖွဲ့ကြီးဖြစ်ပေါ်လာခဲ့တယ်။ ဒီအဖွဲ့ကြီးကို ဘယ်လိုဖွဲ့စည်းရမယ်၊ ဘာရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းရမယ်ဆိုတဲ့ အချက်တွေကို ကျုပ်ကပဲ စတင် စီမံပေးခဲ့တာပဲ။ အဲဒီအဖွဲ့ကြီးကို လုပ်တဲ့အခါ ဘယ်အဖွဲ့၊ ဘယ်ပါတီရဲ့ မူပိုင်သဘောမျိုးအဖြစ်နဲ့မှ ဖွဲ့ခဲ့တာမဟုတ်ဘူး။ တစ်တိုင်းပြည်လုံးရဲ့ လွတ်လပ်ရေးကို အဓိကထားပြီး သွေးစည်းဖို့အတွက် ဖွဲ့စည်းခဲ့တာပဲ။ သို့ပေမဲ့ တစ်ခုတော့ ရှိတယ်။

ကွန်မြူနစ်ပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် အလုပ်လုပ်ရင် အလုပ်လုပ်တဲ့ လူ တွင်ကျယ်မယ်ဆိုတာကိုတော့ အားလုံးနားလည်ဖို့လိုတယ်။

ဒါဖြင့် ဒီအဖွဲ့ကြီးဟာ ဘာလုပ်ခဲ့သလဲ ...။ အိန္ဒိယပြည်၊ တရုတ်ပြည်မှာရှိတဲ့ တချို့ မျိုးချစ် လူငယ်တွေနဲ့ ကျွန်တော်တို့ အဆက်ရပြီး မဟာမိတ်တွေနဲ့ အဆက်ရနိုင်သမျှရအောင် လုပ်တယ်။ ပြီးတော့ ဘာ နိုင်ငံခြားအဆက်အသွယ် ရရ မရရ၊ ဂျပန်ဖက်ဆစ်ကို အမြန်ဆုံးတိုက်နိုင်အောင် စီမံစိုင်းပြင်းခဲ့တယ်။ နောက်ဆုံး မတ်လ (၂၇)ရက်နေ့ကစပြီး တစ်ပြည်လုံးမှာ ကျုပ်တို့တပ်မတော်က ကြီးမှူးပြီး ဂျပန်ကို တော်လှန်ခဲ့တယ်။ အဲဒီအရင်ကလည်း ရခိုင်ပြည်မှာရှိတဲ့ အရင် ၁၉၃၆ခုနှစ်၊ ကျောင်းသား သပိတ်တုန်းက သပိတ်မှောက်အဖွဲ့ချုပ်ရဲ့ လူကြီးတစ်ဦးဖြစ်ခဲ့တဲ့ ကိုညိုထွန်းက ကမကထ လုပ်လို့ ဦးပညာသီဟ က ခေါင်းဆောင်ပြီး ရခိုင်ပြည်အမျိုးသားများက မဟာမိတ်များပေးတဲ့ လက်နက်များနဲ့ ဂျပန်ကို ပုန်ကန်ခဲ့ကြတယ်။

ကျွန်တော်တို့ တိုင်းရင်းသားများဖြစ်တဲ့ ကချင်တို့၊ ချင်းတို့ကလည်း ဂျပန်ကို တိုက်ခဲ့တယ်။ ကရင်အမျိုးသားများကလည်း ဒီကိစ္စမှာ စိုင်းပြင်းခဲ့တယ်။ နောက်ဆုံး သူတို့ဟာ တောင်ငူမှာ အထူးသဖြင့် အောင်အောင်မြင်မြင်နဲ့ ဂျပန်ကို တိုက်ခဲ့ကြတယ်။ ကျွန်တော်တို့ တပ်မတော်မှာရှိတဲ့ ကရင်တပ်ရင်းကလည်း မြစ်ဝကျွန်းပေါ် အနောက်ပိုင်းကို တာဝန်ယူ တိုက်ခဲ့တယ်။

နောက် အထက်ဗမာပြည် မန္တလေးတစ်ဝိုက်မှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီး ဗထူးကြီးမှူးပြီး ကျုပ်တို့တပ်မတော်က ဂျပန်ကို တိုက်ခဲ့တယ်။ ဗိုလ်မှူးကြီး ဗထူး တိုက်ပေးတဲ့အတွက် မန္တလေးတိုက်ပွဲဟာ လျင်မြန်စွာ အောင်မြင်ရတယ်ဆိုတာကို ဟိုတုန်းက ဗမာ့တိုက်ခိုက်ရေးကို ကြီးမှူးအုပ်ချုပ်ရတဲ့ မဟာမိတ် တပ်မတော် အမှတ် (၁၄) တပ်မှူး၊ လက်(ဖ်)တင်နင်ဂျင်နရယ် ဆာဝီလျံ ဆလင်းကိုယ်တိုင် ရေဒီယိုက ချီးကျူးပြောခဲ့တယ်။ နောက်ကိုလည်း ဗိုလ်မှူးကြီး ဗထူးဟာ မြို့တွေ ရွာတွေ အမြောက်အမြားကို သိမ်းပြီး ရှမ်းပြည်ဘက် တက်တိုက်ခဲ့တယ်။ ဗိုလ်မှူးကြီးဗထူးကို မဟာမိတ် ဒီဗီဇီ တပ်မှူးတိုင်းလိုလို သိကြတယ်။ ချီးကျူးကြတယ်။

၄ နံပါတ် တပ်ကြီးမှူးဖြစ်တဲ့ လက်(ဖ်)တင်နင်ဂျင်နရယ်မက်ဇာဗီက ဗိုလ်မှူးကြီး ဗထူးရဲ့အကြောင်း (Despatches) လန်ဒန်ဂေဇက် (ဘိလပ်အစိုးရဂေဇက်)ထဲမှာ ထည့်ပြီး ကြေညာမယ်လို့ ပြောခဲ့တယ်။ နောက်မိတ္ထီလာမှာ ရှိခဲ့တဲ့ တပ်ရင်း (၅)ကလည်း ဂျပန်ကို တိုက်ခဲ့တယ်။ တစ်ပြည်လုံးမှာတော့ မတ်လ ၂၈ ရက်နေ့ကစပြီး တိုက်ခဲ့တယ်။ အဲဒီလို တိုက်တဲ့အခါ တောင်ငူဘက်မှာ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ခွဲနှင့် ကျုပ်တို့တပ်မဟာက ဗိုလ်အကြွမ်(၁၀) လောက် ကြီးမှူးပြီး ပြောက်ကျားတပ်များ သီးခြားဖွဲ့ပြီး တိုက်ခဲ့တယ်။ ကျုပ်တို့ တပ်မတော်နှင့် ပြောက်ကျားတပ်တွေ တိုက်ခဲ့တဲ့အတွက် ဂျပန်နှစ်သောင်းထက်မနည်း ကျဆုံးခဲ့တယ်။ သုံ့ပန်းပေါင်း နှစ်ရာ သုံးရာလောက် ဖမ်းမိခဲ့တယ်။ ဂျပန်သုံ့ပန်းဒီလောက် ဖမ်းနိုင်တယ်ဆိုတာ တော်တော်ထူးခြားတယ်။ တခြား လူမျိုးတွေနဲ့ စစ်တိုက်တဲ့အခါ သုံ့ပန်းရဖို့ လွယ်သလောက် ဂျပန် သုံ့ပန်းရဖို့ မလွယ်ကူဘူး။ ဒီ အချက်ကို မဟာမိတ်တွေ ကိုယ်တိုင်က အသိအမှတ်ပြုကြတယ်။ နောက် ကျွန်တော်တို့တပ်တွေသိမ်းတဲ့ မြို့တွေ ရွာတွေ တိုက်ပွဲတွေ အကြောင်းအစုံအလင်ကိုတော့ နောက်မှ စာအုပ်စာတမ်း ကျကျနန ထုတ်တဲ့အခါ ခင်ဗျားတို့ သိကြမှာပဲ။ ထူးခြားတဲ့ အချို့အချက်အလက်တွေ ဖော်ပြရရင် ဂျပန်လက်(ဖ်)

www.burmeseclassic.com

www.burmeseclassic.com



တင်နင်ဂျင်နရယ်တစ်ယောက်၊ မေဂျာဂျင်နရယ် နှစ်ယောက်နဲ့ အခြားအရေးကြီးတဲ့ ဂျပန်အရာရှိ အမြောက်အမြားကို သတ်ဖြတ်ခဲ့တယ်။ တောင်ငူနယ်မှာ ပြောက်ကျားတပ်များက ကူညီတိုက်ခိုက်ခဲ့တဲ့အတွက် မဟာမိတ်တပ်များ ရန်ကုန်အရောက်မြန်ခဲ့တယ်ဆိုတာကိုလည်း မဟာမိတ်တပ်များက အသိအမှတ်ပြုခဲ့တယ်။ မှော်ဘီလေယာဉ်ပျံကွင်းမှာ ဂျပန်လေယာဉ်ပျံ သုံးစီးကို ဖျက်ဆီးခဲ့တယ်။ ဂျပန်တွေသိမ်းထားတဲ့ စပါးအမြောက်အမြား၊ ပစ္စည်းအမြောက်အမြားတွေကို အပြေးမြန်တဲ့အတွက် မီးမရှို့နိုင်ဘဲ ထားပစ်ခဲ့ရတယ်။ ဒါတွေထဲက အမြောက်အမြား ပစ္စည်းတွေကို စနစ်တကျ နယ်သူနယ်သားတွေကို ဝေပေးနိုင်ခဲ့တယ်။ ပေါင်းတည်ဘက်မှာ ဒွေးတပ် ရှစ်ထောင်လောက်ကို ဂျပန်တွေဆီက ထွက်ပြေးသွားနိုင်အောင် လုပ်ခဲ့တယ်။ ရန်ကုန်မှာဆိုရင်လည်း ထောင်ကိုဖောက်၊ ဖမ်းထားတဲ့ ရဲဘော်တွေလွှတ်ပစ်လုပ်ခဲ့တယ်။ ကျွန်တော်တို့ထတိုက်တဲ့အတွက်၊ ရန်ကုန်မြို့က ဂျပန်တွေ အပြေးမြန်ပြီး ဂျပန် အဖျက်အဆီးနည်းသွားတယ်။ နောက်ဆုံး စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်မှာ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ကြတယ်။ ဒီလို ကျွန်တော်တို့ တိုက်တာတွေကို ဘိလပ်မှာရှိတဲ့ သတင်းစာကြီးတွေက ရော၊ ဥရောပတိုက်၊ အမေရိကန်၊ အိန္ဒိယ၊ တရုတ်ပြည်မှာ ရှိတဲ့ သတင်းစာကြီးတွေကရော ချီးကျူးရေးသားရတယ်။

အထူးဖြင့် ဘိလပ်မှာရှိတဲ့ နာမည် အကြီးဆုံး လန်ဒန်တိုင်းသတင်းစာကြီးက ခေါင်းကြီးပိုင်းကနေပြီး ကျကျနနရေးသားရတယ်။ အရင်တုန်းက ဗမာပြည်ရဲ့ အကြောင်းကို ဒီသတင်းစာခေါင်းကြီးပိုင်းက သာမည လောက်ရေးသားဖူးရုံပဲရှိတယ်။ ဒီတစ်ခါပဲ ကျွန်တော်တို့ တပ်မတော်ကို ကျကျနန ချီးကျူး ရေးသားတယ်။ ဘိလပ်ပါလီမန်မှာ သူတို့ထုတ်တဲ့ စက္ကူပြာတို့၊ စက္ကူဖြူတို့မှာရော ကျုပ်တို့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးနဲ့ တပ်မတော်တို့အကြောင်းကို အရေးတယူ ရေးသားပြောဆိုရတယ်။ ဒါတောင် သူတို့ ... ကျုပ်တို့ တိုက်ခဲ့တာတွေ အကုန်မပြောသေးဘူး၊ ထိန်းနိုင်သလောက် ထိန်းထားသေးတယ်။

"ဒါဖြင့် ... ကျုပ်တို့ ဘာအမြတ်ရသလဲဆိုရင် မူလအစ ကျုပ်တို့ ဂျပန်ကို ထ ချတုန်းက ဘာကတိမှ ဗြိတိသျှအစိုးရဆီက မရခဲ့ဘူး။ ဒါပေမဲ့ ကျုပ်တို့က ဘာမှ ဈေး မဆစ်ဘဲ မှန်တယ် ထင်တဲ့ဘက်က ထွက်တိုက်ခဲ့တယ်။ ထင်တဲ့အတိုင်းလည်း ဟုတ်တယ်ဆိုတာ အခုဖြစ်တဲ့ အဖြစ်အပျက်များက သက်သေခံနေတယ်။

ကမ္ဘာကြီးတစ်ခုလုံး ဒီလို ကျုပ်တို့ ဂျပန်ကိုတိုက်တဲ့ အကြောင်း သိတော့ ကမ္ဘာမှာရှိတဲ့ မဟာမိတ်နိုင်ငံပေါင်း အကြည်ညိုလည်း မပျက်ရအောင်၊ ဘိလပ်တိုင်းသူ ပြည်သားတွေကလည်း အပြစ် မတင်နိုင်အောင်၊ ပြီးတော့ ဗမာပြည်ကိုလည်း လုပ်ချင်တိုင်းလုပ်လို့ မရဘူးဆိုတာ သိတော့ ဗြိတိသျှအစိုးရက ခင်ဗျားတို့ချင်းသာ ညီညွတ် ပြီပြောကြ၊ လွတ်လပ်ရေးလိုချင်ရင်တောင် ပေးမယ် တဲ့စကားမျိုးတွေ ပြောနေရပြီ။ အခု ကမ္ဘာကြီးရဲ့ အခြေ အနေဟာ သိပ်ကောင်းနေတယ်။ ကမ္ဘာကြီးဟာ အများ ပြည်သူတို့ဆန္ဒအရ တိုင်းပြည်တိုင်း တိုင်းပြည်တိုင်း ကိုယ် အရေး ကိုယ်ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေးကို အရင် စစ် ကြီး ပြီးစကထက် ပိုခရီးရောက်ရောက်နဲ့ အသိအမှတ်ပြု နေရတယ်။ လမကြာခင် ဆန်ဖရန်စစ္စကိုကွန်ဖရင့်မှာ ရုရှား က လက်အောက်နိုင်ငံဟူသမျှ လုံးဝ လွတ်လပ်ရေး ရမယ်၊ မပေးနိုင်သေးတဲ့ တိုင်းပြည်တွေကို နိုင်ငံပေါင်း သမဂ္ဂအဖွဲ့တစ်ဖွဲ့က အုပ်ချုပ်ရမယ် အစရှိသဖြင့် ပြော ခဲ့တယ်။

အင်္ဂလိပ်၊ အမေရိကန်တို့က ဒီလောက် မလုပ်ပါနဲ့ လုံးဝ ကိုယ်ပိုင် အုပ်ချုပ်ရေးလောက်ပဲ လုပ်ပေးပါလို့ လိုက်လျောပြောရတယ်။ ဘာပဲဖြစ်ဖြစ် အရင်ကမ္ဘာစစ် ကြီးတုန်းက နိုင်ငံပေါင်းချုပ် အသင်းကြီးတုန်းက ဒီစကား မျိုး မပါဘူး။ အခုပါလာရပြီ။ ဆန်ဖရန်စစ္စကိုကွန်ဖရင့်မှာ တရုတ်ပြည်က ကိုယ်စားလှယ်များက ဗမာပြည်ရဲ့အရေး ကို ထောက်ခံအားပေးစကား ပြောကြားတယ်လို့ သိရ တယ်။ အရင်နိုင်ငံပေါင်းချုပ်အသင်းထက် အခုနိုင်ငံ ပေါင်းချုပ်အသင်းက လုံးဝ ခိုင်မာတယ် မဆိုနိုင်တောင် ပိုခိုင်မာတယ်ဆိုတာ ကမ္ဘာ့သတင်းစာကြီးများက ရေးကြ ပြောကြတယ်။ အရင်က အမေရိကန်ပြည်ဟာနိုင်ငံပေါင်း ချုပ်အသင်းမှာ မပါဘူး၊ အခုပါတယ်။ အရင်က ပထ ရုရှားကို ဝိုင်းပယ်ထားတယ်။ ယခုမပယ်နိုင်တော့ဘဲ ... လူစွာတစ်ဦး အကြီးအကျယ်ဖြစ်နေတယ်။ အရင်က နိုင်ငံ ပေါင်းချုပ်အသင်းကြီးကို ပြင်သစ်နဲ့ အင်္ဂလိပ်က အုပ်စား

www.burmeseclassic.com



ယ်ဆိုတဲ့ သဘော လုပ်ထားတယ်။ အခု ဘယ်သူမှ အုပ်စားချင်ပေမဲ့ အုပ် မစားနိုင်အောင် အားချင်းမျှနေတယ်။ ရုရှားကလည်း အားတောင့်တာပဲ။ အမေရိကန်ကလည်း တစ်မျိုးတောင့်တာပဲ။ အင်္ဂလိပ်နှင့် အမေရိကန်ပေါင်းပြီး အုပ်စားမယ်စိတ်ကူးတောင် ရုရှားနဲ့ နိုင်ငံကလေးပေါင်းများစွာက ထ ပေါင်းပြီး ဖျက်လိုက်ရင် တစ်ဦးအပေါ်တစ်ဦး လွှမ်းမိုးဖို့ အင်မတန်ခဲယဉ်းမယ်။ ဘိလပ်မှာ ရှိတဲ့လူတွေ၊ ဥရောပတိုက်မှာရှိတဲ့လူတွေ၊ ကမ္ဘာမှာရှိတဲ့ လူတွေကလည်း အားလုံးနိုးကြားပြီး ရှေးက ညာစားကြတဲ့လူတွေ အကုန်လုံး ဖြုတ်ချပြီး ဥရောပတိုက်မှာဆိုရင် ပိုလန်ပြည်မှာပိုလန်ပြည်သူ ပြည်သားများအတွက် တကယ်လုပ်တဲ့သူတွေဟာ တွယ်ကျယ်နေတယ်။

အစတုန်းကတော့ ဘိလပ်ကို ပြေးသွားတဲ့ ပိုလန်ပြည်သူပြည်သားတွေကို အုပ်စားတဲ့ လူညာအစိုးရ (ပိုလန်ပြည်မှာ ဒီပြင်လူတွေက တိုက်နေတုန်း သူတို့က ဘိလပ်မှာထိုင်နေပြီး ညာနေကြတာပဲ) အဲဒီ လူညာအစိုးရကို ဖျက်ပြီး တကယ်လုပ်တဲ့လူတွေနဲ့ ပေါင်းပြီး အစိုးရသစ်ဖွဲ့ရတယ်။

ဘယ်(လ်)ဂျီယန်မှာဆိုရင် လူတွေဟာ ရှင်ဘုရင်ဆိုတဲ့ မျောက်ပြဆန်တောင်းတဲ့စနစ်ကို မကြိုက်တော့ဘဲ၊ အရေးကျတော့ ရှင်ဘုရင်တွေက ဘာမှ ခေါင်းဆောင်ခေါင်းရွက် မလုပ်နိုင်တော့ ရှင်ဘုရင်စနစ်ကို ဖြုတ်ချပစ်မယ်လို့ ယူဆတယ်။ ဂရိတ်ပြည်မှာလည်း အဲဒီအတိုင်းပဲ။ ယူဂိုဆလပ်ပြည်မှာတော့ မုချပြုတ်မှာပဲ။ အဲဒီမှာ မာရှယ်တီးတိုးဆိုတဲ့ ပုဂ္ဂိုလ်ကြီးက လူမျိုးပေါင်းစုံကို ခေါင်းဆောင်ပြီး ဂျာမန်တွေကို အင်မတန် အောင်အောင်မြင်မြင် တိုက်နိုင်တဲ့အတွက် ဒီပုဂ္ဂိုလ်ကြီးနဲ့အဖွဲ့တွေပဲ တက်မှာပဲ။ ပြင်သစ်ပြည်မှာဆိုရင် လက်ဝဲဂိုဏ်းသားတွေ တက်နေကြပြီ။ မြူနီစီပယ်ရွေးကောက်ပွဲတွေမှာဆိုရင်လည်း သူတို့က အားများတယ်။ ဘိလပ်မှာတော့ ခင်ဗျားတို့ သိပြီးတဲ့အတိုင်း လေဘာပါတီက တက်တယ်။ အရင်တုန်းက တိုင်းပြည်အုပ်စားပြီး သူတို့ဖျင်းလို့ ဂျာမန်နာဇီဂိုဏ်းတို့ အီတလီဖက်ဆစ်ဂိုဏ်းတို့ အားကြီးသွားခဲ့တယ်။ နောက်ဆုံး သူတို့မွေးတဲ့မျောက်က သူ့ဘို့ကို ပြန်ခြောက်ခဲ့တယ်။ အဲဒီတော့တောင် ပထမ ကောင်းကောင်း မတိုက်ဘူး။ ဒါကြောင့် ပထမ အကြီးအကျယ်ရှုံးခဲ့တယ်။ စစ်မရှည်သင့်ဘဲ ရှည်ခဲ့တယ်။ အဲဒီလို ညာစားခဲ့တဲ့ ကွန်ဆာဗေးတစ်ပါတီ ပြုတ်သွားပြီး လေဘာပါတီဟာ အင်္ဂလိပ် ရာဇဝင်မှာ ဒီတစ်ကြိမ်ပဲ အပြတ်အသတ်ရွေးကောက်ပွဲနိုင်ဖူးတယ်။ အရင်တုန်းက နှစ်ခါနိုင်ဖူးပါရဲ့၊ ပြတ်ပြတ်သတ်သတ် မနိုင်လို့ ကောင်းကောင်း မလုပ်နိုင်ခဲ့ဘူး၊ ကြာကြာ မခံဘူး။ အခုတော့ အပြတ်အသတ်နိုင်တယ်။ ဒါတင်မကဘူး... ရှေ့ကို လေဘာပါတီက လူကြီးတွေ သိပ်မရှော်ရင် တစ်တက်တည်းတက်ဖို့လမ်းပဲ မြင်တယ်။ အလားအလာရှိတယ်။ အဲဒီလို ... ကမ္ဘာကြီး အခြေအနေက သိပ်ကောင်းနေတယ်။

ဗမာပြည် အခြေအနေကတော့ ကျုပ် အခုနက ပြောခဲ့သလိုပဲ ... ကျုပ်တို့လုပ်ငန်းတွေဟာ ခြေရာလက်ရာ အကောင်အထည်ရှိပြီးသားပဲ။ ကျုပ်တို့ဟာ ဘယ်သူ့ဘယ်သူမှ ပုတ်ခတ်တာလည်း မဟုတ်ဘူး။ ကိုယ်ရည်သွေးပြောတာလည်း မဟုတ်ဘူး။ ကျုပ်ပြောရဲတယ်။

"ဒီဗမာပြည်မှာ ... တိုင်းပြည်အတွက် ပိုလုပ်တဲ့လူ အနစ်နာခံဟဲ့လူ မရှိဘူးဆိုတာ ကျုပ်ပြောရဲတယ်"

ကျုပ်ဆိုလို့ရှိရင် ... ဂျပန်လက်ထက်မှာပဲဖြစ်ဖြစ်၊ အခုဖြစ်ဖြစ်၊ ကျုပ်လိုချင်ရင် လိုချင်တဲ့ရာထူးရဖို့ မခဲယဉ်းပါဘူး။ ဂျပန်ခေတ်တုန်းက မင်းတောင် ရှင်ဘုရင်ဖြစ်နိုင်သားပဲဆိုတဲ့ စကားမျိုး အပြောခံရတာပဲ။ ဒါပေမဲ့ ကျုပ်ဒီလို ရာထူးတွေကိုသာ ရည်ရွယ်ပြီး နိုင်ငံရေး လုပ်ချင်ရင် အစကတည်းက ဒီလောက် ခဲယဉ်းပင်ပန်းတဲ့ နိုင်ငံရေး မလုပ်ဘူးမှတ်ပါ။ အခုလောက် ခဲယဉ်းပင်ပန်းပြီး ဘေးများတဲ့အလုပ် (အခုဟန်လို့သာ အသက်ရှင်နေတာ၊ မဟန်ရင် ကြာပြီ ကျုပ်သေတာ။ အဲဒီလိုဆိုရင် ခင်ဗျားတို့ ကျုပ်နာမည်တောင် ကောင်းကောင်း ပြောရဲမှာ မဟုတ်ဘူး)

ကျုပ် လုပ်တယ်ဆိုတာ တိုင်းပြည် လွတ်လပ်ရေးကို လိုချင်လို့ပဲ။ ကျုပ်တင်လား... ကျုပ်ခေါင်းဆောင်နေတဲ့ တပ်မတော်သားတွေကအစ ဒီလောက် အပင်ပန်းခံတိုက်နေတာ လခလည်း တစ်ပြားမှ မရသေးဘူး။ [illegible] အစားလည်း ချို့တဲ့တယ်။ ဆေးဝါးလည်း [illegible] ကောင်း မလုံလောက်ဘူး။ လက်နက်ခဲယမ်း [illegible] လည်း မပြည့်စုံဘူး။ အနားဆိုလို့လည်း မရဘူး။ [illegible] မိတ်တွေဆီကအကူအညီဆိုတာလည်း ရသင့်သလောက်

www.burmeseclassic.com



မရဘူး။ ဒီပြင့်ဆိုရင်လည်း လူငယ်တွေလုပ်ရင် အထင်သေးချင်တဲ့ အချို့လူကြီးတွေရဲ့ မသိမသာ နှောင့်ယှက်မှု၊ သိသိသာသာ နှောင့်ယှက်မှုကိုလည်း ခံရသေးတယ်။

အသက်လည်း စွန့်ရတယ်။ သေတဲ့လူလည်း သေကုန်ပြီ။ လူစဉ်မမီတဲ့လူတွေလည်း ရှိကြတယ်။ အဲဒီလောက် အပင်ပန်းခံပြီး၊ ကျုပ်တို့တစ်တပ်လုံး တိုက်နေတာဟာ တစ်နေ့ ကျုပ်တို့တပ်ခေါင်းဆောင်တွေရဲ့ ကြေညာချက်အတိုင်း လူတစ်စုတည်းကောင်းစားဖို့ မဟုတ်ဘူး။ ကျုပ်တို့တိုက်နေတာဟာ တိုင်းပြည်ရဲ့ လွတ်လပ်ရေးနဲ့ တိုင်းပြည်လူထုကြီး ကောင်းစားရေးကိုသာ ရည်ရွယ်ပြီး တိုက်နေတယ်ဆိုတာ တထစ်ချ သိစေချင်တယ်။

အခု ကျုပ်တို့ တိုင်းမှူး၊ တပ်မှူးအချို့ကလည်း စစ်မြေပြင်မှာ စစ်သားတွေစိတ်ထားကို ကျုပ်တို့ထက်ပို စုံစုံလင်လင် ပြောပြပါလိမ့်မယ်။ ကျုပ်တို့တပ်မတော် တစ်ခုလုံးဟာ အခုအခါ ကြိမ်မီးအုံးသလို ပူပန်နေတယ်။ စစ်တိုက်တော့မယ့်ဆဲဆဲ စစ်တိုက်လို့ ကျည်ဆန်သင့် သေမယ့်ဆဲဆဲမှာ တို့ တိုက်တာလွတ်လပ်ရေးရမှရပါ့မလား ဟော့ ... ကျုပ်တော့ဖြင့် သွားပြီ၊ တိုင်းပြည်မှာ ကျန်ရစ်မယ့် ခေါင်းဆောင်မယ့် လူကြီးတွေပြောလိုက်ပါ။ ကျုပ်တို့ တာဝန်ကျေပြီ။ ခင်ဗျားတို့တာဝန်ကျေအောင် လုပ်ပါ။ မလုပ်ရင်တော့ ကျုပ်တို့ဘဝအဆက်ဆက် တိုင်းက ဘာလုပ်မယ်၊ ညာလုပ်မယ် အစရှိသည်ဖြင့် မြည်တမ်းသွားတာတွေဟာ ကျန်ရစ်နေတဲ့ ရဲဘော်တွေနဲ့ ကျုပ်တို့ အားလုံးစိတ်ကို အင်မတန်ထိခိုက်အောင် ဖြစ်တယ်။ ဒါကြောင့် တစ်နေ့က ပဲခူးနဲ့ရန်ကုန်မှာလုပ်တဲ့ တိုင်းမှူးတွေနဲ့ ကျုပ်တို့ရန်ကုန်စစ်ဌာနချုပ်မှာရှိတဲ့ အရာရှိကြီးတွေ အစည်းအဝေးက ကျုပ်တို့တိုင်းပြည် ညီညွတ်ရေးကို အလုပ်ထင်ရှားဖြစ်နေပြီ။ ကမ္ဘာကသိတဲ့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို ဗဟိုပြုပြီး ညီညွတ်ရေးရအောင် လုပ်ပါဆိုတဲ့အတိုင်း ဒီအဖွဲ့ချုပ်မှာလည်း အခု ကျုပ် ဥက္ကဋ္ဌဖြစ်တဲ့အတိုင်း အခု ဒီအစည်းအဝေးခေါ်တာပဲ။ အင်္ဂလိပ်ကလည်း အလိမ္မာစကားသုံးထားတယ်။

"ခင်ဗျားတို့သာ ပြောကြ... ပြောကြဆိုတာက ညီညီညွတ်ညွတ် ပြောဖို့ဆိုလိုတာ။ ခင်ဗျားတို့လွတ်လပ်ရေး လိုချင်သပဆိုရင် ရစေမယ်လို့ ဆိုထားတယ်"

ဒါဟာ အလိမ္မာစကားပဲ။ သူတို့တိုးချင်ရင် တိုးနိုင်ပြီး လျော့ချင်ရင် လျော့နိုင်တဲ့စကားပဲ။ ဒါကြောင့် အခု အစည်းအဝေးခေါ်ပြီး ဒီရန်ကုန်မြို့မှာရှိတဲ့ တိုင်းသူပြည်သားတွေကစပြီး တိုင်းပြည်တစ်ပြည်လုံးကို ဘယ်သူကမှ ယုံမှားသံသယမရှိအောင် ကမ္ဘာလည်းသိ အလုပ်အားဖြင့် ထင်ရှားဖြစ်နေတဲ့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို တညီတညွတ်တည်း ဝင်ရောက်လုပ်ကိုင်ပြီး ကျုပ်တို့ရဲ့ ပြင်းပြတဲ့ ဆန္ဒဖြစ်တဲ့ လွတ်လပ်ရေးနဲ့ လူများစုကောင်းစားရေးကို ဖြစ်မြောက်အောင် ကူညီ လုပ်ကိုင်ပေးပါလို့ တိုက်တွန်းတာပါပဲ။

ဒီပြင်လည်း တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာကိုယ့်အစွမ်းကို အားမကိုးဘဲ လူတွေက ကြည်ညိုတန်ကောင်းရဲ့ ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြပြီး လာစေကာမူ ဘယ်နည်းနဲ့မှ အားမပေးကြပါနဲ့။ ခင်ဗျားတို့ လည်ပင်း ခင်ဗျားတို့ ကြိုးတပ်ချင်ရင်ဖြင့် ကျုပ်ဘာမှမပြောလိုတော့ဘူး။ သို့သော်လည်း ခင်ဗျားတို့ ဒါမျိုး အလုပ်မခံချင်ရင် ခင်ဗျားတို့အကျိုးဖြစ်စေချင်ရင် ဒီလူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေကို ရှောင်ရှားကြပါ။ တိုင်းပြည်လွတ်လပ်ပြီး ခင်ဗျားတို့အကျိုးတွေကို ထင်ထင်ရှားရှား ဘယ်သူမှ လက်တစ်လုံးခြား မလိမ်နိုင်အောင် စီမံနိုင်မှ ခင်ဗျားတို့အကျိုးရှိနိုင်မှာပဲ။ ကျုပ်နောက်ဆုံး သတိပေးချင်တာက ...

"တိုင်းပြည်မှာ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် ဘယ်လိုလူမှ စိတ်မချပါနဲ့။ သူတို့မလိမ်နိုင်အောင် ကြိုးချည်ထားပါလို့ ပြောချင်တယ်"

အထက်ပါ မိန့်ခွန်းပြောစဉ်က သခင်အောင်ဆန်းခေါ် ဗိုလ်ချုပ်အောင်ဆန်း၏ အသက်သည် ၃၀လောက်ပင်ရှိသေးသည်။ အောင်ဆန်း အသက်ငယ်သော်လည်း အသိဉာဏ်ကြွယ်ပြီး ဗမာ့အရေးနှင့် ကမ္ဘာ့အရေးကို တင်ပြ၍ လူညာများကိုစွက် အပုပ်ချခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ့်ဆွေမျိုး၊ ကိုယ်အုပ်စု ချမ်းသာရေးကို မကြည့်ဘဲ တိုင်းပြည်ချမ်းသာကြွယ်ဝ လွတ်လပ်နိုင်ရေးကိုသာ ဦးစားပြုပြီး ဆင်းရဲဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ခဲ့သူ တစ်ဦးဖြစ်သည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်လူထုက ကြည်ညိုလေးစားခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့်လည်း စစ်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ် (Sir Reginald Dorman Smith) က အိန္ဒိယပြည်နှင့် မြန်မာပြည်ဆိုင်ရာ ဝန်ကြီး ပက်သစ်လောရင့် (Baron Pethick Lowrence) ထံ ရေးသည့် အစီရင်ခံစာတစ်စောင်တွင် ...

"ယနေ့မြန်မာပြည်တွင် အောင်ဆန်းသည် အရေးကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သည်ကို ကျွန်ုပ်တို့လက်ခံရပေမည်။ လူတိုင်းက သူ့ကို ယုံကြည် လေးစားသည်။ သူ၏တပ်သားများသည် သူ့ကို အလွန်ကြည်ညို၍ သူခိုင်းသမျှကို လုပ်ရဲကြသည်။ သူသည် ရာထူး စည်းစိမ် ဂုဏ်ကို မက်မောသူ မဟုတ်။ သူ၏ရိုးသားမှုသည် ဘမော်၏ မရိုးသားမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ယနေ့ မြန်မာပြည် ရွေးကောက်ပွဲ ကျင်းပလျှင် အောင်ဆန်းခေါင်းဆောင်သော ပါတီက အပြတ်အသတ်နိုင်ပေမည်" ဟူ၍ ရေးထားသည်။ ။

သုခိတာဟောထ၊ ဒုက္ခာမုဥ္စထ။

ရွှေသွေး တွဲ၁၃။ အမှတ် ၄ (၁၅-၇-၁၉၆၈)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံတော်တရား

## မောင်မောင်ကျော်

ဗမာစကားတွင် အစိုးရဟူ၍ နိုင်ငံရေးစကား ရှိ၏။ အစိုးရဆိုသည်မှာ ဆယ်အိမ်ခေါင်းမှအစ ရှင်ဘုရင်အထိ အုပ်ချုပ်သူများဟုသာ သိကြ၏။ အစိုးရမဟုတ်သည့် တိုင်းသူပြည်သားများမှာအကြောင်း သေသေချာချာ မသိပင် မသိလင့်ကစား အစိုးရဆိုတာ သူတို့မဟုတ်ဟုကား သိကြမည်ပင်ဖြစ်၏။

"အစိုးရသည် ပြည်သူတို့၏ကိုယ်စားလှယ်၊ ပြည်သူ့ဆန္ဒအရ ဖြစ်ရသည်" ဆိုသော သဘောမှာ ကြာလေ ပျောက်လေ ဖြစ်လာသည်။

"လူတို့စိတ်တွင် သူ့အမျိုးနှင့်သူမှ ဖြစ်နိုင်သည်ဟု ထင်မှတ်၏။ သာကီဝင်တွေမှ မင်းမျိုးဟုထင်မှတ်၏။ ဤကား စသည့်လူတွေတုန်းက နားလည်နည်းမျိုးမဟုတ်တော့။

စသည့်အခါတုန်းက အစိုးရမှာအကျိုးခံစားရသော အတန်းအစားက မခံစားရသော အတန်းအစားကို သူမသိ ငါမသိ လှည့်ပတ်လိုက်သော အလိမ်မှာ သေသေချာချာကြည့်လျှင် ပေါ်ပေမည် ..."

### ကန်နီးအာဏာ

"ဤသို့လျှင် လူတွေပေါ်လာပြီး လူ့ကိစ္စတွေ တွေ့လာတော့ နိုင်ငံရေးဆိုတာ ဖြစ်လာ၏။ စတိတ်ဆိုတဲ့ နိုင်ငံရေး အဆောက်အအုံကြီး ဖြစ်လာတော့ အမှန်မှာ တော့ တစ်တန်းစားက တစ်တန်းစားကို အုပ်စိုးချုပ်ချယ်သည့် စနစ် အရင်းခံပင် ဖြစ်လေသည်။

သို့ပင်ဖြစ်သော်လည်း မောဟတွေ ဖုံးလွှမ်းနေတဲ့ ဤလောကကြီးမှာ လူတွေအများမှာ မသိနိုင်၊ မမြင်နိုင် လွန်းတော့ စတိတ် ဆိုတာပဲ အကောင်းချည်းထင်ကြ တယ်။

ထင်ကြတော့ သည် စတိတ်ဆိုတဲ့ တန်ခိုး အာဏာ ကိရိယာကြီးကို သူ့အတန်းအစားလက်က ကိုယ့် အတန်း အစားလက် ရောက်အောင်၊ ကိုယ့် အတန်းအစားအချို့ အတွက် လုယူလာလိုက်တာ ယခုဆိုလျှင် လူတစ်ဦးက တစ်ဦး၊ တစ်တန်းစားက တစ်တန်းစား နှိမ်ရုံတင် မဟုတ် ဘဲ တစ်တိုင်းပြည်က တစ်တိုင်းပြည် နှိမ်၍လာ၏ —"

"အစိုးရဆိုတာကို လူတွေက တင်မြှောက်တယ်၊ တင်မြှောက်တုန်းကတော့ လူတွေကပဲ၊ ဒါပေမဲ့ နောက် ကျတော့ လူ့အထက် ရောက်သထက် ရောက်သွားပြီး လူတွေအထဲက ပေါ်ခဲ့တဲ့ဟာ၊ မိုးကျရွှေကိုယ်ဘဝ ရောက် သွားတယ်။ အဲဒီဘဝကစပြီး အစိုးရဆိုတာ လူတွေက အာဏာအပ်လို့ ဖြစ်တာပါလားဆိုတဲ့ သဘာဝဟာ လုံးလုံးပျောက်သွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



**ဘုရင်စနစ်အစိုးရ**

"ရှင်ဘုရင်စနစ်လို၊ သားစဉ်မြေးဆက် ဆက်ခံခဲ့တဲ့ အစိုးရမျိုးကြတော့လည်း ဘာပြောစရာ ရှိတော့မလဲ။ တစ်ခါတည်း အစိုးရဆိုတာ ဘုန်းကံကြောင့် (Divine Rights of King) ဆိုပြီးတောင် တစ်ခါတုန်းက အယူဖြစ်တဲ့အထိ အစိုးရဘဝဟာ ပျောက်ခဲ့တာပဲ။

အဲဒီမှာ ပြောချင်ကြလိမ့်ဦးမယ်။ ဒါက ရှေးဘုရင်တွေပါ။ အခု ရှင်ဘုရင်တွေကတော့ အာဏာလည်း မရှိတော့ပါဘူး။ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအတိုင်း အုပ်ချုပ်တာပါလို့ ပြောကြလိမ့်မယ်။

ကောင်းပြီ ... ရှင်ဘုရင်ဆိုရင် သားစဉ်မြေးဆက် ဆက်ခံရလိမ့်မယ်။ အဲဒီတော့ မှူးတွေမတ်တွေ ရှိရလိမ့်မယ်။ အင်္ဂလန်မှာဆိုရင် ဒီအတိုင်းပဲမဟုတ်လား။

မှူးတွေ မတ်တွေဆိုပြီး အချောင် ပွနေသလောက် ပွနေကြတာ။ House of Lords မှူးတွေ၊ မတ်တွေ(ရဲ့) လွှတ်တော်ဆိုပြီး အဆာကျယ်နေကြတာ။ သူတို့တစ်တွေပဲ၊ အာဏာ ရှိတာ၊ မရှိတာကို အပထားပြီး သူတို့တစ်တွေ ဒီလိုရှိတာဟာ လူလူချင်း အတူတူပဲဆိုတဲ့ သဘောတရားကို ဖုံးလွှမ်းနိုင်သမျှ ဖုံးလွှမ်းအောင်လုပ်ပြီး နောက်ဆုံးကျတော့ လူတွေက ပေးထားတဲ့ အစိုးရအာဏာကို အချောင် ကော်နိုင်အောင် စီစဉ်ထားတာတွေပဲ။

အာဏာဆိုတာလည်း မရှိဘူးမဟုတ်ပါဘူး၊ ဖြောင်သာ သိပ်မရှိတယ်။ သွယ်ဝိုက်သောနည်း၊ စီးပွားရေးနည်း၊ ဟိတ်လုံး ဟန်လုံးနည်းတွေနဲ့ အများကြီးပဲ။ သူတို့အာဏာရှိနေကြတာပဲ။ ပြီးတော့ ဒီရှင်ဘုရင်စနစ် ဆိုတာမျိုးဟာ အချောင် တိုင်းပြည် ပိုက်ဆံကုန်တဲ့ ရာထူးတွေ တော်တော်ပဲရှိတယ်။

**အစိုးရဆိုတာ**

ဒီတော့ လူတွေက တင်မြှောက်တဲ့အစိုးရ ဆိုတာဟာ လူတွေရဲ့အစိုးရ၊ ပြည်သူတွေရဲ့ အစိုးရ၊ ပြည်သူတွေနဲ့ အလှမ်းမဝေးဘဲ အမြဲလက်တွဲနေတဲ့ အစိုးရ ဖြစ်မှသာလျှင် သဘောတရားအတိုင်း ကိုက်ညီမယ်လို့ ကျွန်တော် ထင်တယ် ...."

"အစိုးရဆိုတဲ့အာဏာဟာ အင်မတန် အဖိုးတန်အသုံးဝင်တယ်၊ အဲဒီအာဏာကိုလည်း ပစ္စည်းအင်အားကောင်းတဲ့ လူတွေ အချင်းချင်း လုကြတယ်။ ရရင်လည်း လက်မလွှတ်ချင်ဘူး။

တိုင်းသူပြည်သားတွေ ဆိုတာကတော့ အဲဒီအထဲမှာ ငုတ်တုတ် အရိုက်ခံရမယ့်အခါကျမှ ပါရတာပဲ။ ဒီလိုအာဏာလုကြတဲ့အခါ ဒီမိုကရေစီဆိုပြီး ပြည်သူ့ဆန္ဒ၊ ပြည်သူ့အာဏာလို့ ကြွေးကြော်ပြီး ညာတဲ့စနစ်တွေလည်း ရှိတယ်။

လူတွေက ... တိုင်းသူပြည်သားတွေက ... အစိုးရအာဏာ အပ်လိုက်တုန်းက ကျုပ်တို့အတွက် ကောင်းအောင်လုပ်ပေးပါဆိုပြီး အာဏာအပ်လိုက်တာပဲ၊ ဒါပေမဲ့ ကျုပ်တို့ကို ခင်ဗျားတို့ အုပ်စိုးတဲ့လူတွေအတွက် နှိပ်ကွပ်အုပ်ချုပ်ပါဆိုတဲ့အချက်ဘာ ဖြစ်နေတာပဲ။

လူတွေက တင်မြှောက်ပြီး လူတွေရဲ့အကျိုးကို လုပ်တဲ့ လူတွေရဲ့အစိုးရသာလျှင် ဒီမိုကရေစီ ဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ် မဖြစ်နိုင်ဘူး၊ အတုတွေသာ ဖြစ်တယ် ..."

**အရင်းရှင်အစိုးရ**

"အခု ဒီမိုကရေစီတွေလို့ ခေါ်နေတဲ့ တိုင်းပြည်တွေ အများဟာ တကယ့်ဒီမိုကရေစီ မဟုတ်သေးဘူး။ ငါးမူး၊ သုံးမူး၊ တစ်ပဲလောက်ပဲ ဒီမိုကရေစီတွေ ဖြစ်ကြသေးတယ်။

အဲဒီ ဒီမိုကရေစီတွေဟာ အရင်းစစ်လိုက်တော့ အရင်းရှင်ခေါ်တဲ့ ပစ္စည်းရှင်၊ အရင်းရှင်တွေ စီးပွားရေးခြယ်လှယ်တဲ့စနစ် အခြေခံတဲ့ ဒီမိုကရေစီတွေ ဖြစ်တယ်။ တစ်နည်းအားဖြင့် အရင်းရှင်တွေရဲ့ အာဏာရှင်စနစ်အုပ်ချုပ်ရေးကို ဒီမိုကရေစီဆိုပြီး ဖန်းပြပြီးထားတဲ့ အုပ်ချုပ်ရေး"

"အခု အချို့နိုင်ငံတွေမှာ ကျုပ်တို့ ကြားသိ တွေ့မြင်ရတဲ့ ဒီမိုကရေစီဆိုတာတွေဟာ အမှန်ကတော့ Oligarchy ခေါ်တဲ့ အရင်းရှင်ဖြစ်ဖြစ်၊ အရင်းရှင် လူတန်းစားတွေဖြစ်ဖြစ် လူတစ်စုလောက်သာ ကြိုးကိုင်ထားတဲ့ အာဏာရှင်လုပ်နေတဲ့ စနစ်တွေဖြစ်တယ်"

**ပြည်သူ့အစိုးရ**

"ကျုပ်တို့ လိုချင်တာကတော့ Greatest Happiness of Greatest Number လူ အများဆုံး

www.burmeseclassic.com



အကောင်းဆုံး၊ ချမ်းသာသုခ ရအောင်၊ အဲဒီလို အများဆုံးက ကြိုးကိုင်တဲ့ အာဏာရှင် လုပ်တဲ့ ဒီမိုကရေစီမျိုးကိုသာ လိုချင်တာပဲ။

အကုန်လုံး အကျိုးရှိတဲ့ ဒီမိုကရေစီဆိုတာတော့ ခုလို အရင်းရှင် အလုပ်သမား၊ လယ်ရှင် လယ်သမား အစရှိတဲ့ လူတန်းစား ကွဲပြားမှုတွေ ရှိနေသမျှ ကာလပတ်လုံး မဖြစ်နိုင်သေးဘူး။

လယ်ရှင် အကျိုးရှိတိုင်း လယ်သမား အကျိုး မရှိနိုင်ဘူး။ အရင်းရှင် အကျိုးရှိတိုင်း အလုပ်သမား အကျိုး မရှိနိုင်ဘူး။

သူတို့အချင်းချင်း အကျိုးတွေဟာ တစ်ခါ တစ်ခါ စေ့စပ်လို့မရနိုင်ဘဲ တစ်ဦးအကျိုးရှိရင် တစ်ဦးထိမယ်ဆိုတဲ့ အခြေမျိုး ဖြစ်လာတဲ့အခါကျတော့ အစိုးရဟာ တစ်ဘက်ဘက်က ပင်းမှ ဖြစ်မယ်။

အဲဒီတော့ကာ ဒီမိုကရေစီစနစ်သစ်ဆိုတာ အစိုးရက လူများစုဖြစ်တဲ့ လူဆင်းရဲတွေဘက်က --- အတိုင်းတော့၊ ပင်းမယ်ဆိုတဲ့သဘောပဲ"

## လူများစု အာဏာပိုင်ရမည်

"ဒီမိုကရေစီသစ်အရ လုပ်မယ့် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမျိုးဟာ ဘယ်လိုဖြစ်ရမလဲဆိုရင် တိုင်းသူပြည်သား လူအများစုတွေ အာဏာပိုင်အဖြစ် အုပ်ချုပ်နိုင်အောင်၊ သူတို့ ရွေးကောက်တဲ့ ကိုယ်စားလှယ်တွေဟာ အောက်ကနေပြီး ထိပ်အထိ၊ တိုင်းပြည်အုပ်ချုပ်ရေး တိုင်းပြည် အစိုးရအာဏာကို ကိုင်ထားရမယ်။

သူတို့ ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ်တွေကို မကြိုက်လို့ရှိရင် ပြန်ခေါ်နိုင်ရမယ်။

ဒီတော့ အခု ဗမာပြည်မှာရှိနေတဲ့ ဗျူရိုကရက် အုပ်ချုပ်ရေးမျိုး မရှိနိုင်တော့ဘူး။ တိုင်းပြည် သစ္စာ မဖောက်တဲ့ တိုင်းကြီး ပြည်ကြီးသားတွေဟာ ပြည်သူ့ လွှတ်လပ်ခွင့်တွေကို အများ အကျိုးအတွက် လုပ်မယ့် နေရာတွေမှာ ရရှိလိမ့်မယ်။

ဒီနေရာမှာ လူများစုလို့ဆိုတာဟာ ပစ္စည်း အခြေ အနေ၊ ရာထူး အခြေအနေကို အကြောင်းပြုပြီးသား လူများစု၊ လူနည်းစုဖြစ်ကြတဲ့ လူတွေကိုသာ ဆိုလိုတယ်။ လူမျိုးရေး ကွဲပြားနေတဲ့လူများစု လူနည်းစု ကိစ္စတွေမှာ တော့ လူများစု လူမျိုးများက လူနည်းစု လူမျိုးတွေအပေါ် လွှမ်းမိုးမှု မရှိစေမှ ဒီမိုကရေစီ မှန်မယ်"

## အမိက ပြဿနာ

"တော်လှန်ရေးရဲ့ နောက်ဆုံးအဆင့်ဟာ အာဏာ လက်ရ သိမ်းပိုက်မှုပဲ၊ အာဏာလက်ရ သိမ်းပိုက်မှုဆိုတာ လည်း ကနေ့အာဏာရပြီး နက်ဖြန် ပြန်လွှတ်သွားတာမျိုး မဟုတ်ဘူး၊ ရပြီးတဲ့အာဏာကို ထိန်းထားနိုင်အောင် စီစဉ် ပြီးသိမ်းပိုက်မှ တကယ့်အာဏာသိမ်းပိုက်ရာရောက်မယ်"

"ကျွန်တော်တို့အဖို့မှာ ဘယ်သူ ဘာပဲပြောပြော အကြမ်း မကိုင်ဘဲနဲ့ လွတ်လပ်ရေး အာဏာ သိမ်းနိုင် အောင် လုပ်မှာပဲ။ သို့ပေမဲ့ ဒီလို မဖြစ်နိုင်ဘူးဆိုရင်တော့ ချရမှာပဲ"

ရှုထောင့်ဂျာနယ်၊ အမှတ် ၂၂ (ဖေဖော်ဝါရီလ-ဒု...

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအတွေးအခေါ်များ

ထက်ဇော်

ဗိုလ်ချုပ်၏ဘဝသည် တော်လှန်ရေးဘဝ။ ပကတိရိုးသားဖြောင့်မတ်၍ ဖြူစင်ပွင့်လင်းလှသည်။ ပြည်သူတို့၏ရှေ့မှောက်ဝယ် အချိန်မရွေး အစစ်အဆေးခံရဲသည်။ လိပ်ပြာသန့်သူပီပီ တိုင်းပြည်အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွားအတွက် တွေးရဲ၊ လုပ်ရဲ၊ စွန့်စားရဲသည်။ "ရဲဘော်မသေ–သေသော် ငရဲမလား" ကို အရင်းတည်ထားပါသည်။

စိတ်ကူးယဉ်သမား မဟုတ်မူ၍ လှပသောဘဝရည်မှန်းချက်အတွက် အရုပ်ဆိုးသောဘဝကို ဖျက်သိမ်းပစ်ရမည်ဟု ခံယူသော တိုက်ပွဲဝင်သူရဲကောင်း ဖြစ်ချေသည်။ သို့ဖြစ်၍ ဘဝကို မြင်ရဲသည်၊ ရင်ဆိုင်ရဲသည်။ "အကောင်းဆုံးကို မျှော်လင့်ထားသလို အဆိုးဆုံးအတွက်လည်း အသင့်ပြင်ထားသည်" ဟူသော ဗိုလ်ချုပ်၏စကားသည် တိုက်ပွဲဝင်သူရဲကောင်း၏ စိတ်ဓာတ်ကို ထင်ထင်ရှားရှားကြီး ပြဆိုသည်။ လုံ့လ ဥဿာဟ ထုတ်ရာတွင် ဗိုလ်ချုပ်သည် သားကောင်ငယ်သည်၊ ကြီးသည် မရွေး တူညီသောလုံ့လ စိုက်ထုတ်သည့် ခြင်္သေ့ကို စံထားသည်။

တိုက်ပွဲဝင်နည်းနာနိသျှအနေဖြင့်မူ ပြည်သူ့အကျိုးစီးပွား၊ တိုင်းပြည်အကျိုးစီးပွားအတွက် တရားသော နည်းလမ်းမှန်သမျှ မီးကုန်ယမ်းကုန် သုံးမည်သာ ဖြစ်၏။ နုလျှင် နုသည့်အလျောက်၊ ကြမ်းလျှင် ကြမ်းသည့်အလျောက်ပင်တည်း။ သို့သော် ဤအယူအဆသည် "တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ခြံဝင်နွားပါလျှင် ပြီးစတမ်း" ဟူသော အယူအဆမျိုး မဟုတ်ပါချေ။ ပြည်သူတို့အတွက် စစ်မှန်သော၊ တရားသော အကျိုးစီးပွားနှင့် ယှဉ်၍ သုံးသည့် နည်းဗျူဟာသာတည်း။

အကြောင်းမူ ... ဗိုလ်ချုပ်သည် ပကတိဖြူစင်သော သစ္စာတရားကိုသာ ခံယူသည်၊ ကိုယ်တိုင်ကျင့်သုံးသည်။ "ကိုယ့်ကိုယ်ကိုယ် ရိုးသေသောသူ သစ္စာမပျက်" ဟု ဗိုလ်ချုပ်က အခိုင်အမာဆိုထား၏။

လူ့ဘဝနှင့်ပတ်သက်၍လည်း ဗိုလ်ချုပ်၏အမြင်မှာ ကြည်လင်လှသည်။ လူ့ဘဝကို တန်ဖိုးထားသည်။ လူသားတို့၏ စွမ်းဆောင်နိုင်မှုစွမ်းပကားနှင့် လူသားတို့၏ ပဓာနကျသော အခန်းကို အလေးအနက် ခံယူသည်။ ဖန်ဆင်းရှင် တန်ခိုးရှင်ဝါဒ၊ ကံယုံဝါဒ၊ ပြဋ္ဌာန်းခံဝါဒတို့ကို မခံယူပါချေ။ ဗိုလ်ချုပ်သည် သင်္ခါရနိယာမကို ခံယူသည့်အားလျော်စွာ တန်ဖိုးထားလှသောဘဝ၌ ဘဝနှင့် ကိုက်ညီသည့် မွန်မြတ်သော လုပ်ငန်းများကိုသာ အစဉ်တစိုက် ပြုလုပ်စေလိုပါသည်။ မပျင်းမရိ၊ မရှု

www.burmeseclassic.com



မလျော့သော သတိဖြင့် ဘဝ၏ရည်မှန်းချက် ပြည့်ဝအောင် ကြိုးပမ်းနေစေလိုပါသည်။

ထို့ကြောင့် "အပ္ပမာဒေန သမ္ပာဒေထ"ဟူသော စကား ဗိုလ်ချုပ်သည် နှစ်နှစ်ခြိုက်ခြိုက်ကြီး ရွတ်ဆိုလေ့ရှိပါသည်။ သူကိုယ်တိုင်လည်း ထိုအချိန်က မြန်မာနိုင်ငံ၏ ဘဝရည်မှန်းချက် ပြည့်ဝရေးအတွက် ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်သွားခဲ့သည် မဟုတ်ပါလော။

အပြောနှင့်အလုပ် ညီညွတ်လှသော ဗိုလ်ချုပ်သည် ဘယ်အရာကိုပဲကြည့်ကြည့်၊ ဘယ်အရာကိုပဲလုပ်လုပ် သိပ္ပံနည်းကျမှု (ဗိုလ်ချုပ်တို့ခေတ်က အသုံးအနှုန်းအတိုင်းဆိုလျှင် "လောကဓာတ်နည်း" ကျမှု)ကိုသာ အခြေပြုပါသည်။ ပုံသေကျသော ဆင်ခြင်မှု၊ လုပ်ဆောင်မှုတို့ကို ပယ်၍ အကြောင်းအကျိုးတို့ အပြန်အလှန်ဆက်စပ်လျက် ရှင်သန်တိုးတက်ဖြစ်ပေါ်နေရသည်ဟူသော ခံယူချက်ကိုသာ အခိုင်အမာ ပြုထားပါသည်။

ဗိုလ်ချုပ်၏ အတွေးအမြင်တို့သည် မည်မျှ ရိုးသားရှင်းလင်း၍ သစ်လွင်ထက်မြက်ပါသနည်း။ ဤသို့သော တွေးခေါ်ရှင် ဗိုလ်ချုပ်အောင်ဆန်းသည် ...

× × ×

မြန်မာနိုင်ငံ၏သမိုင်းရေးလိုအပ်ချက်အရ ထက်မြက်သော တော်လှန်ရေးခေါင်းဆောင်တစ်ဦးအဖြစ် ပေါ်ထွက်လာရသူပီပီ လူ့သမိုင်းစဉ်တရားကိုလည်း အနှစ်သာရသို့ ပေါက်အောင် ထိုးဖောက်မြင်နိုင်စွမ်း ရှိချေသည်။

လူ့သမိုင်းစဉ်၏ ဧကန်သဘောဆောင်မှုကို ပကတိတရားအဖြစ် ပြက်ပြက်ထင်ထင် ခံယူပါသည်။ ဤတရားကို တားဆီး၍မရ၊ သို့သော် လူသား၏လုံ့လဝီရိယ ပယောဂစွမ်းပကားဖြင့် မိမိတို့ တည်ဆောက်လိုသည်ကို တည်ဆောက်နိုင်စွမ်းရှိသည်ဟု ယုံကြည်၏။ လူသားတို့၏ ဖန်တီးရာ၌လည်း အရမ်းမဲ့ ဖန်တီးခြင်းကို မဆိုလို။ နိယာမသဘောကို အမှန်အတိုင်း သိမြင်ပြီး နိယာမတရားအတွင်းမှ လွတ်မြောက်ခြင်းကို ဆိုလိုသည်။

အရာခပ်သိမ်းကုန်သည် ပြောင်းလဲ၏။ ထို့ကြောင့် လူ့သမိုင်းလည်း ပြောင်းလဲ၏။ မည်သို့ ပြောင်းပါသနည်း။ သည်အခါ ဗိုလ်ချုပ်က လူ့သမိုင်းအဆင့်ဆင့် ပြောင်းလဲလာခဲ့ရမှုကို ခေါင်းပုံဖြတ်သူနှင့် ခေါင်းပုံအဖြတ်ခံတို့၏ အချင်းများလာမှု (လူတန်းစား ပဋိပက္ခ)ဟူသော လူတန်းစားအမြင်ဖြင့် သုံးသပ်ပြခဲ့သည်။

ဤသို့ဖြစ်ရသည်မှာလည်း "မူလတရားတည်းဟူသော စီးပွားရေးစနစ်အခြေခံကြောင့် ဖြစ်၏။ စီးပွားဖြစ်သည့်နည်းပြောင်းလျှင် စီးပွားရေးစနစ်လည်း ပြောင်း၏။ စီးပွားရေးစနစ်ပြောင်းလျှင် လူမှုဆက်ဆံရေး၊ နိုင်ငံရေး ရာဇဝင်အဆင့်အတန်းပါ ပြောင်းလဲလာပေ၏။ ဤသို့လျှင် တစ်ခုနှင့်တစ်ခု အညမညပစ္စည်း ဆက်သွယ်နေ၏" ဟူ၍ သိပ္ပံနည်းကျသော ဆိုရှယ်လစ်ဝါဒအမြင်ကို ပီပြင်စွာ ခံယူခဲ့၏။

ဗိုလ်ချုပ်သည် ဤအခြေခံအမြင်များဖြင့် သူ့ခေတ်က တိုင်းပြည်နှင့်၊ ကမ္ဘာနှင့်ချီ၍ ရင်ဆိုင်နေရသော နယ်ချဲ့ အရင်းရှင်စနစ်နှင့် ဖက်ဆစ်စနစ် စသည့် လူမှုစီးပွားရေး စနစ်ဆိုးများကို ဝေဖန်ဆန်းစစ်ပြခဲ့သည်။ လူ့လောကကြီးတွင် အနိဋ္ဌာရုံများ ဖြစ်ပွားနေရခြင်းသည် "ဤအဓမ္မမှုကြောင့်'၊ 'ဝါဒဆိုးကြောင့်' ဟု တရားခံအစစ်အမှန်ကို ထောက်ပြပြီး ဤစနစ်များ မလွဲမသွေ ကျဆုံးရမည်။ "ထို မတရားမှုအတွက် အပြစ်ဒဏ်ခတ်မှုကို မုချ မလွဲ ခံရစမြဲ" ဖြစ်သည်။ ဤစနစ်ဆိုးများကို မလိုလားရုံနှင့်မပြီး၊ ပျောက်ကွယ်ပါစေဟူ၍ ဆုတောင်းနေရုံနှင့်မပြီး၊ "ကမ္ဘာမြေပြင်ပေါ်က အမြစ်ပါမကျန် ပျောက်ပျက်သွားအောင် တော်လှန်တိုက်ဖျက်" ပစ်ရမည်ဟု အလေးအနက် ညွှန်ပြခဲ့ပါသည်။

လူသားတို့၏ စွမ်းပကားဖြင့် လူမှုအနိဋ္ဌာရုံများ ကင်းရှင်းသော သမိုင်းသစ်၊ လောကသစ်၊ လူနေမှုစနစ်သစ်ကို တည်ဆောက်နိုင်သည်ဟု ယုံကြည်သည်။ ဤသို့သော လူမှုစီးပွားရေးစနစ်မျိုးကား အဘယ်နည်း။ ဗြဟ္မစိုရ်တရားကို အခြေပြုသော "ဆိုရှယ်လစ်ဇင်း" ခေါ် လူအများကောင်းစားရေးဝါဒကို ကျင့်သုံးတည်ဆောက်မည့် လူနေမှုစနစ်ဖြစ်သည်။ ဤစနစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်မှသာလျှင် "အဇ္ဈတ္တသန္တာန် မြင့်မြတ်မှု နှင့် ဗဟိဒ္ဓသန္တာန် တိုးတက်မှုတို့ ကိုက်ညီသော ခေါ်ကျွန်ုပ်တို့ မျှော်မှန်းရာဖြစ်သော ကမ္ဘာ့အိမ်ထောင်စု ဖြစ်လာမည်မှာ မလွဲဧကန်" ဟု တိတိပပ ညွှန်းဆိုထား

www.burmeseclassic.com



ခဲ့ပါသည်။

ပဒေသာပင်ခေတ်ကို အလုပ်လုပ်မှ ရနိုင်မည်ဟု ခံယူထားသော ဗိုလ်ချုပ်အဖို့ တော်လှန်ရေးဘဝနှင့် အလွန် ဓာတ်သားကျနေပါသည်။ သည်အခါ ဗိုလ်ချုပ်က လူ့သမိုင်းအမြင်ကို အခြေခံ၍ တော်လှန်ရေး သဘောတရားကို ဖော်ထုတ်ခဲ့ပါသည်။

တော်လှန်ရေးဆိုသည် အဘယ်နည်း။ အကြမ်းပတမ်းလုပ်တိုင်း တော်လှန်ရေးလော၊ မဟုတ်။ တော်လှန်ရေး၏ နိယာမများရှိသည်၊ ပသို့နည်း။

တော်လှန်ရေးဟူသည် "အကြောင်းအကျိုးဆက်ပြီး အရေအတွက် အသေးစိတ်သဘောက အရည်အချင်း အစိုင်အခဲသဘောသို့ ပြောင်းလဲနေတာပဲ"၊ "...ဘွားခနဲ ဘွားခနဲ အရေအတွက်ကနေပြီး အရည်အချင်းပြောင်းလဲမှုကြီးတွေ ဖြစ်တာကို တော်လှန်ရေးလို့ ဆိုတာပဲ..." "လက်ရှိစနစ်ဟောင်းကို တော်လှန်ပြီး စနစ်သစ် ဘွားခနဲ ပေါ်ပေါက်လာတာကို ဆိုတာပဲ .."ဟူ၍ အလေးအနက် ဖွင့်ဆိုပြခဲ့သည်။ တော်လှန်ရေးဟူသည် အလိုအလျောက် ဖြစ်။ လူသား၏ ပယောဂနှင့်ယှဉ်၍ ပြင်ဆင်လုပ်မှ အောင်မြင်မည်ဟု ခံယူသည်။

လူသား၏ပယောဂဟု ဆိုရာ၌လည်း "တော်လှန်ရေး"၏အခြေခံရည်ရွယ်ချက်သည် ပြည်သူလူထု၏ လွတ်လပ်မှု၊ တော်လှန်ရေးအောင်မြင်ဖို့ အခြေခံသည့် ပြည်သူလူထု၏ နိုးကြား ထကြွမှုအပေါ် တည်သည်သေဖြင့် လုပ်သားပြည်သူတို့၏ ပဓာနကျသော အခန်းနှင့်ယှဉ်၍ သုံးသပ်ထားခြင်းဖြစ်သည်။ တော်လှန်ရေးဆင်နွှဲရာတွင် အကျိုးစီးပွားခြင်း ဆန့်ကျင်သော လူတန်းစားတို့အကြား ရင်ကြားစေသော ပြုပြင်ပြောင်းလဲရေးသမားတို့၏လုပ်နည်းလုပ်ဟန်ကို မခံယူပါချေ။

ပြည်သူ့အကျိုးစီးပွားနှင့် ယှဉ်၍ တော်လှန်ရေးဆင်နွှဲရာတွင် ဗိုလ်ချုပ်သည် သမိုင်းကို တရားသူကြီးအဖြစ် ပြုထားပြီး ဖောက်ပြန်သော သမိုင်းပေးတာဝန် မကျေသူတို့သည် "ရာဇဝင်တည်း ဟူသော မည်သာတမ်း တရားသူကြီး၏ မပျက်နိုင်သော အပြစ်ပေးမှု" ကို ခံရမည်ဟု အလေးအနက် သတိပေးခဲ့သည်။ "ရာဇဝင်ကို အိုးမည်းသုတ်တဲ့၊ အောက်တန်းကျတဲ့ အညှံ့စားတွေ အဖြစ်ခံလား" ဟု တပ်လှန့်ခဲ့သည်။ ပြည်သူနှင့် ခေါင်းဆောင်တို့၏ အပြန်အလှန် အညမည သဘောကို ခံယူပြီး သမိုင်းပေးတာဝန် ကျေပွန်သော ခေါင်းဆောင်များ၊ ပြည်သူများအဖြစ် မှတ်ကျောက်တင်ခံနိုင်အောင် အချိန်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်သွားရမည်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးလျက် လမ်းညွှန်ပြခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ လူ့သမိုင်းစီးကြောင်းကြီးထဲဝယ် ကျွန်တော်တို့ လူသားများ၏ လှုပ်ရှားဆောင်ရွက်မှု အစုစုမှန်သမျှသည် ...

× × ×

တစ်နည်းဆိုသော် နိုင်ငံရေးဘဝကြီးပေတည်း။ သို့ဖြစ်လျှင် နိုင်ငံရေးဟူသည် အဘယ်နည်း ... ဗိုလ်ချုပ်သည် ဖြူစင်သန့်ရှင်းသော နိုင်ငံရေးဘဝကို တည်ဆောက်လို၏။ ထို့ကြောင့် "နိုင်ငံရေး"၏ တရားကိုယ်သဘော၊ အနှစ်သာရသဘောကို ရှာဖွေဖော်ထုတ်သည်။

"နိုင်ငံရေးဆိုတာ အင်မတန်ညစ်ပတ်တဲ့အလုပ်"၊ "နိုင်ငံရေးဆိုတာ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ" စသည့် အတွေးအခေါ်တို့ကို ဗိုလ်ချုပ် လက်မခံ။ "အမည်ခံနိုင်ငံရေးသမားများ"၊ "ဖောက်ပြန်သော နိုင်ငံရေးသမားများ" နှင့် ယင်းတို့၏အတွေးအခေါ် အယူအဆများ၊ လုပ်နည်းလုပ်ဟန်များကို အလွန် ရွံမုန်းသည်။ သူယုံကြည်ကိုးစားသော ပြည်သူတို့အား အမြင်ကြည်လင်စေချင်သည်။

သို့ဖြစ်၍ ဖြူစင်သန့်ရှင်းသော နိုင်ငံရေးနှင့် "ယုတ်မာညစ်ထေးသော" နိုင်ငံရေးတို့ကို ပြတ်သားစွာ စည်းခြားခဲ့သည်။ လိမ်ခြင်း၊ စားပေါက်ထွင်ခြင်း၊ နေရာရဖို့အတွက် အကွက်ထွင်ခြင်း၊ မသိနားမလည်သူတို့၏ အားနည်းချက်ကို နင်းလျက် အပေါ်ယံ သကာလောင်းသောစကားလုံးများ၊ အနှစ်မပါသော ဟန်ရေးပြမှုများဖြင့် မိမိကောင်းစားရေးကိုသာ လုပ်ခြင်းသည် နိုင်ငံရေးမဟုတ်။ လူပြိန်းကြိုက် အပေါစားအလုပ်မျိုးဟု ပယ်ပယ်နယ်နယ် ထောက်ပြခဲ့သည်။

"ပြည်ထဲအရေး၊ ပေါက်နှင့်ကျေး၊ ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်ရေးကျယ်" ဟူသော အစဉ်အလာ ဆိုရိုးစကားကို "ကောင်းလည်း ကောင်း၏၊ ဆိုးလည်း ဆိုး၏။ ကောင်းပုံကား နိုင်ငံရေး၏ ခက်ခဲ နက်နဲသော

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်၊ ကျယ်ဝန်းသောအဓိပ္ပာယ်၊ သိမ်မွေ့သော အဓိပ္ပာယ်တို့ကို ဆောင်၏။ ဆိုးပုံက ကြားရသူများအား လမ်းစရှာမတွေ့စေဘဲ လူများများ ဆိုင်းတွင်တီးလိုက်တိုင်း မြည်သည့်စည်ကြီးကဲ့သို့ ပညာရှိကြီးသဖွယ် လူများ အထင်ကြီးအောင် ပြောကောင်းပြောလို့ရသည့် စကားလည်းဖြစ်၏" ဟု ကွက်ကွက်ကွင်းကွင်း ဆန်းစစ်ပြခဲ့သည်။

တစ်ဖန် နိုင်ငံရေးသည် လောကီရေး၊ ဘာသာရေးသည် လောကုတ္တရာအရေးဟူ၍ ပြတ်သားစွာ စည်းခြားထားသော ဗိုလ်ချုပ်သည် ဘာသာရေးနှင့် နိုင်ငံရေး ရောထွေးယှက်တင်ပြုလုပ်မှုကို လုံးဝလက်မခံ။ ယင်းသို့ ရောထွေးမှုပြုခြင်းသည် "ယုတ်မာ ညစ်ထေးသော နိုင်ငံရေးသမားများ" ကျင့်သုံးသည့် "တစ်နပ်စားနိုင်ငံရေး" ပင် ဖြစ်သည်ဟု အတိအလင်းဆိုခဲ့၏။

တကယ်တွင်မူ နိုင်ငံရေးကို သန့်ရှင်းအောင် ညစ်ထေးအောင်လုပ်ကြသည်မှာ လူတို့၏အမှုပင် ဖြစ်သည်။ တရားကိုယ်သဘောမှာ နိုင်ငံရေးဟူသည် လူသားတို့၏ "မတန်မရာ" မဟုတ်။ လူသားတို့နှင့် မကင်းကွာနိုင်သော လူအသီးသီးနှင့်လည်း ပတ်သက်၊ လူ့အဖွဲ့အစည်းနှင့်လည်း စပ်ယှက်နေသည့် "လူမှုရေးဘဝ"၊ "လူ့ကိစ္စ" ပင် ဖြစ်သည်ဟု ဗိုလ်ချုပ်က ဆိုသည်။

လူသားတို့၏ စစ်မှန်သော "လွတ်လပ်မှု ရယူလိုခြင်း" သည်ပင် နိုင်ငံရေးဖြစ်ပါ၏။ ပကတိ ရိုးရိုးရှင်းရှင်းလေး ရှိနေသော အရှိတရားသာဖြစ်၏။ ဤတရားကို ရှုပ်ထွေးအောင်၊ စွန်းထင်းအောင်လုပ်သူတို့သည် "ယုတ်မာညစ်ထေးသော နိုင်ငံရေးသမားများ" သာလျှင် ဖြစ်ဘိ၏။ သည်လိုလူမျိုး၊ သည်လိုလုပ်နည်း လုပ်ဟန်မျိုးကို ဆက်လက်ခွင့်ပြုထားမည်လော။

ဤတွင် ဗိုလ်ချုပ်က 'ဒါကြောင့် နိုင်ငံရေးဟာ ဒီလိုပဲ အင်မတန် မွန်မြတ်ပါတယ်။ ဒီအဆောက်အဦကြီးပေါ်မှာ ခွေးတက်အိပ်သလို လူယုတ်မာတွေလည်း အလစ်မှာ နိုင်ငံရေးလောကထဲ ဝင်လာတတ်ပါတယ်။ အဲဒီလို ဝင်လာတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံရေးသမားစစ်စစ်တွေက ဒီလူယုတ်မာတွေကို မျက်ခြည်မပြတ် ဟန့်တား ပိုင်းပယ်နိုင်သည်နှင့်အမျှ နိုင်ငံရေးလောကကြီးဟာ သန့်ရှင်းစင်ကြယ် မွန်မြတ်လာပါလိမ့်မယ်' ဟူ၍ "နိုင်ငံရေးဆိုတာ လူယုတ်မာတို့၏ ခိုကိုးရာဒေသဖြစ်တယ်" ဟူသော အဆိုကို ထိမိစွာ ထိုးနှက်လိုက်ရင်း သူ၏အတွေးအခေါ်ကို ပီပြင်စွာ ဖော်ပြခဲ့ပါသည်။

ထို့ကြောင့် ပကတိရှိနေသော နိုင်ငံရေးအနှစ်သာရသဘောကို တကယ်ပေါက်ရောက်ပြီး ထမြောက်အောင်မြင်အောင် နိုးကြားတက်ကြွသော အသိနှင့်ယှဉ်၍ ဖြူစင်စွာလုပ်ဆောင်စေချင်သည်မှာ ဗိုလ်ချုပ်၏ဆန္ဒပေတည်း။ သူကိုယ်တိုင်လည်း ကျင့်သုံးခဲ့၏။ ထို့အတူ သူ အားထားသော ပြည်သူတွေကိုလည်း "တစ်တိုင်းပြည်လုံးမှာရှိတဲ့ လူတွေဟာ နိုင်ငံရေးသမားတွေဖြစ်လာအောင် နိုင်ငံရေး စိတ်ဝင်စားလာအောင်" ဟူသော ခံယူချက်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ပေသည်။

ဤသို့ ပကတိဖြူစင်သော နိုင်ငံရေးအသိ၊ နိုင်ငံရေးအလုပ်ဖြင့် ဗိုလ်ချုပ်သည် လွတ်လပ်သော နိုင်ငံတော်တည်ဆောက်ရေး၊ လွတ်လပ်သော ပြည်သူတို့အတွက် သာယာဝပြောသော လောကသစ်တည်ဆောက်ရေးတို့ကို ပြုစုပျိုးထောင်ရန် လုံ့လစိုက်ထုတ်သည့်အခါ—

× × ×

နိုင်ငံတော်(သို့မဟုတ်) နိုင်ငံတော်အာဏာ ဟူသည် အဘယ်နည်း။ မည်သို့သော နိုင်ငံတော်မျိုးကို တည်ဆောက်မည်နည်း၊ မည်သို့ တည်ဆောက်မည်နည်း ဟူသော ပြဿနာများနှင့်ပတ်သက်၍ အဖြေမှန်များကို ထုတ်ပြသွားခဲ့ပါသည်။

ဗိုလ်ချုပ်သည် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သော အချုပ်အခြာ အာဏာပိုင်သော သမ္မတနိုင်ငံတော်အဖြစ် တည်ဆောက်လိုသည်။ "တပည့်ကျွန်" နိုင်ငံတော်မျိုး "နယ်နိမိတ်ခြားပေးရုံလောက်ဖြစ်တဲ့" နိုင်ငံတော်မျိုးကို မလိုချင်။

ထို့ကြောင့် နိုင်ငံတော်အာဏာ၏သဘောကို ဖော်ထုတ်ရာ၌ နိုင်ငံတော်အာဏာ၏ မူလအစပြဿနာမှစ၍ ရှင်းလင်းတင်ပြခဲ့သည်။ နိုင်ငံတော်အာဏာဟူသည် 'ဘုန်းကံကြောင့်' ဖြစ်ရသည်၊ 'မိုးကျရွှေကိုယ်' တို့၏ ပိုင်စိုးမှုဖြစ်သည်ဟူသော အယူအဆကို လက်မခံ။ နိုင်ငံတော်အာဏာသည် လူတို့၏ ပယောဂကြောင့်သာ ပေါ်လာရခြင်းဖြစ်သည်။ လူ့သမိုင်းအရ 'ပုံပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂလိကပစ္စည်းသို့ ပြောင်းလဲမှုကြောင့်၊ 'လူတန်းစား ခြားနားလာခြင်းကြောင့်၊ ယင်းသို့ ခြားနားလာရာမှ အကျိုးချင်း ကွဲပြားပြီး ပဋိပက္ခဖြစ်မှုကြောင့်' နိုင်ငံတော်အာဏာ ပေါ်ပေါက်လာရသည်ဟု ခံယူပါသည်။

ဤသို့ ပေါ်ပေါက်လာရာတွင် သူ့အကျိုး ကိုယ့်အကျိုးညှိရန်အတွက် အများသဘောတူ တင်မြှောက်ခြင်းဟူသော အကျိုးတူ လူနေမှုဘဝ အယူအဆ သဘောကိုလည်း တွေ့ရသည်။ သို့သော် ကြာလာသောအခါတွင် "အစိုးရသည် ပြည်သူတို့၏ ကိုယ်စားလှယ်၊ ပြည်သူ့ဆန္ဒအရ ဖြစ်ရသည်ဆိုသော သဘောမှာ ကြာလေပျောက်လေဖြစ်လာသည်" "အစိုးရမှာ ပြည်သူတို့နှင့် အလှမ်းကွာနေ၏" "အကျိုးခံစားရသော အတန်းအစားက မခံစားရသော အတန်းအစားကို သူမသိ၊ ငါမသိ လှည့်ပတ်လိုက်သော အလိမ်ကြီးဖြစ်လာသည်။ ထို့ကြောင့် အကျိုးခံစားရသည့် မင်း၊ သူဌေးသူကြွယ်တို့မှာလည်း ထိုကုသိုလ်ကြောင့်ဖြစ်သည်ဟု ပြောလာ၏။ အကျိုးမခံစားရသောသူတို့ကလည်း ခင်ဗျားတို့ ကုသိုလ်ကြောင့်မဟုတ်ဘဲ ခင်ဗျားတို့ စီမံလာသော အစမ္မစနစ်ကြောင့်ဟု မသိဘဲ ငါတို့ကံကြောင့်ဟု ထင်လာ၏" ဟု ဗိုလ်ချုပ်က ဆိုသည်။

ထို့ကြောင့် ဤအစဉ်ကို အသေအချာကြည့်လျှင် အများပြည်သူတို့ အကျိုးစီးပွားကို ဖော်ဆောင်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် "တိုင်းသူပြည်သားတွေသာ အစိုးရဖြစ်တယ်" "တိုင်းသူပြည်သားတွေသာလျှင် အရင်းခံမူလ ဘူတဖြစ်တယ်" "နိုင်ငံတော်သူ နိုင်ငံသားတို့ဟာ အဲဒီနိုင်ငံမှာရှိတဲ့ အချုပ်အခြာ အာဏာကို ပိုင်ဆိုင်တဲ့လူတွေ" "အဲဒီလို ပိုင်ဆိုင်တဲ့လူတွေက နေပြီး လွှဲပေးလို့သာ နိုင်ငံတော်အာဏာဖြစ်ရသည်။ သူတို့ မလိုချင်လျှင် မလိုသည့်အလျောက် တားဆီးနိုင်သည့်အခြေအနေရှိရမည်" စသဖြင့် ဖွင့်ဆိုပြ၍ ဤသို့သော အရည်အချင်းများနှင့် ပြည့်စုံမှ စစ်မှန်သော အကျိုးတူ လူနေမှုဘဝကို တည်ဆောက်နိုင်မည့် နိုင်ငံတော်မျိုးဖြစ်မည်ဟု ယုံကြည်သည်။

ဤသို့သော နိုင်ငံတော်မျိုးကို မည်သို့ တည်ဆောက်မည်နည်း။ ဒီမိုကရေစီကျင့်စဉ်ကိုသုံး၍ တည်ဆောက်မည်။ သို့သော် ဗိုလ်ချုပ်က အမည်ခံဒီမိုကရေစီနှင့် စစ်မှန်သော ဒီမိုကရေစီတို့ကို ခွဲခြားသုံးသပ်ပြခဲ့ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်က "ဒီမိုကရေစီကို ကျင့်သုံးရာတွင် တိုင်းသူပြည်သားတွေသာလျှင် အာဏာပိုင် အစစ်ဖြစ်တယ်ဆိုတဲ့ သဘောတရားကို ခိုင်ခိုင်မာမာဖြစ်အောင် စီစဉ်ရမည်"ဟု ဆိုခဲ့ပါသည်။

သို့သော် ဗိုလ်ချုပ်သည် "ဒီဗမာပြည်မှာ လူတန်းစားမရှိတဲ့ အခြေအနေရောက်အောင်လုပ်မှ" ဟု ဆိုခဲ့သည့်အတိုင်း လူတန်းစားအမြင် ပီပြင်သူရှိသည့်အလျောက် သူတည်ဆောက်လိုသော နိုင်ငံတော်အာဏာ၊ ကျင့်သုံးမည်ဖြစ်သော ဒီမိုကရေစီပုံစံနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြတ်ပြတ်သားသား လူတန်းစားလက္ခဏာဆောင်၍ ညွှန်ပြသွားခဲ့ပါသည်။

"ကျုပ်တို့ လုပ်ချင်တာကတော့ လူ အများဆုံး အကောင်းဆုံး ချမ်းသာသုခရအောင်၊ အဲဒီလို လူအများက ကြီးကိုင်တဲ့ အာဏာရှင်လုပ်တဲ့ ဒီမိုကရေစီမျိုးကိုသာ လိုချင်တာပဲ။ အကုန်လုံး အကျိုးရှိတဲ့ ဒီမိုကရေစီဆိုတာကတော့ ခုလို အရင်းရှင်၊ အလုပ်သမား၊ လယ်ရှင် အစရှိတဲ့ လူတန်းစားကွဲပြားမှုတွေ ရှိနေသမျှကာလပတ်လုံး မဖြစ်နိုင်သေးဘူး။ လယ်ရှင်အကျိုးရှိတိုင်း လယ်သမား အကျိုးမရှိနိုင်ဘူး။ အလုပ်ရှင်အကျိုးရှိတိုင်း အလုပ်သမား အကျိုး မရှိနိုင်ဘူး။ အဲဒီတော့ ဒီမိုကရေစီသစ်ဆိုတာဟာ အစိုးရက လူများစုဖြစ်တဲ့ လူဆင်းရဲတွေဘက်က ထုံးစံတော့ ပင်းမယ်ဆိုတဲ့သဘောပဲ"

× × ×

ဤကား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အနှစ်သာရကျသော နိုင်ငံရေးအတွေးအခေါ်များပေတည်း။

ဗိုလ်ချုပ်လက်ဆင့်ကမ်းပေးခဲ့သော သမိုင်းပေးတာဝန်ကြီးသည် ကျွန်တော်တို့၏ စွမ်းရည်သတ္တိကို တည်ကြည်လေးနက်စွာ မှတ်ကျောက်တင်နေပြီဖြစ်ပါသတည်း။ ။

မြဝတီ၊ အတွဲ ၂၃၊ အမှတ် ၉ (ဇူလိုင်-၁၉၇၃)

www.burmeseclassic.com

www.burmeseclassic.com



# IS AUNG SAN A GENIUS?

## Theippan Soe Yin

Many books have been written on Bogyoke Aung San and many articles come out in the Papers and periodicals yearly on Independence Day, Resistance Day and Union Day. Many more will be written in days to come. Most of them art threadbare and mere repetitions on the same theme. A penetrating and serious study of Bogyoke is long overdue. One is tempted to entertain the notion that a great biographer is yet to be born to tackle the life of our beloved Bogyoke.

As a matter of fact it is a difficult task to delineate the character of Bogyoke and to bring out the significance of his achievements: his personality also demands a pen which is not only able but deep and understanding.

It is my unshakeable belief that Aung San is a genius in the highest sense of the word. I have been at pains to delve into his life and works, his mode of thinking, his ideas, his thoughts, his attitude to life etc. so as to substantiate my claim that he is truly a genius. From what could be gathered from the available sources I can say without bias, national or ot- erwise, that he is above all other Asian leade in mental and moral calibre. The other Asia leaders in the wake of World War II had n doubt succesfully wrenched their countri from foreign dominations. But the subseque life histories of most of them show that th had come down in the public estimation aft their ascendency to political power. Bogyok fight for freedom was unique in that he had t tackle both the Asian Fascist and Weste dominance, His *modus operandi* is not st- reotype nor is it based on any rules of the Boo It is entirely the product of his brilliant brai

He is the national leader and liberator o his mother country. More than that he is th great architect of modern Burma.

In the later phase of his fight for freedo he has shown his political sagacity and me acumen by prefering to fight the topflight po ticians of the British government in their c sen field of politics. He refuses to mak re course to the common, easy expedient of fo

www.burmeseclassic.com

www.burmeseclassic.com



He has shown himself to be a leader of unbounded confidence in himself and in his people. The people has also implicit faith in their leader's ability, courage and integrity. He has exalted the position of the Eastern leaders in the estimation of the west. That is no mean achievement.

One of the finest grains in his character is the absence of animosity towards his adversaries with whom he can associate on warm and sincere terms. He knowns that if he fails he cannot expect any quarter and yet he is able to evince. Friendly feelings towards them and it is not mere gestures put on for show but genuine as is shown by the reciprocal friendliness and respect demonstrated by the opposite camp. Bogyoke's faith in human dignity and integrity is invigorating.

Genius is the combination of exalted ability with a great deal of drive and energy. The brilliant man, whose mind is twice as good as the average, may be a potential genius, but he will never be a real one unless he had sufficient energy to force him on to great achievement. That is the consensus of opinions of the great thinkers and eminent psychologists.

It is common knowledge that our Bogyoke has been an indefatigable worker; he can be completely lost in his work forgetting others and himself. While working in the Dobama Asiayone he would go without meals for days, forgetting even to brush his teeth. He has nothing in his mind except the work in hand which is to find ways and means to fight the mighty British Raj. His capacity to concentrate is terrific.

He has no longyi and shirt which he can call his own. He takes any dress he finds on the clothline in the room. His preoccupation is reading all relevant political literature on the subject of resistance and thinking deeply. Since he is a man of action intent to rebel he cannot keep copious notes like Karl Marx. And he can be completly detached, forgetting himself. A detached man is a genius. Look at Einstein, Jesus, and Gautama.

There are many instance in his life where he has shown non-attachment. He went out into the totally unknown when he needed assistance for his mission, without any consideration for himself. At the time he went out of the country he knew not where and to whom he was going. It was a leap in the dark but the leap was very necessary. He was the pioneer who had to strike a trail for others to follow in comparative safety.

Again, when the British came back and when Bogyoke had successfully repulsed the machination of the British officers to incarcerate him, he was offered a high post in the Army. Bogyoke promptly turned it down. To those who knew him it was no surprise at all because while a student leader involved in the freedom movement he was offered a post in the much coveted. I.C.S but, he had refused it pointblank. He had set himself the task of liberating the motherland from the yoke of the British and personal gains could never distract him from his self-imposed work. He was completely engrossed in it. He dedicated his life to the service of the people and the country. That is the mark of a detached man.

As president of the AFPFL Bogyoke worked untiringly hard. It is evident from his diary of activities. Almost all the days in the week were crowded with meetings, interviews, discussions which could cause a lesser man fall down on the job. His capacity to work is really astounding. One wonders from where he could summon this monumental energy and drive.

According to the findings of modern psychology we can trace all the energy that motivates a person to the basic instincts, particu-

www.burmeseclassic.com

www.burmeseclassic.com



larly the sexual instinct. This instinct can energize one to undertake great work if properly sublimated. Sir Isaac Newton was known to have completely obstructed the sexual outlet and he came out the great genius of science. In the case of Bogyoke Aung San from what we have known regarding his sex life we believe that he had completely suppressed the sexual outlet till his marriage. We are told in his autobiography that when he was in Nippon negotiationg with the Nippon Army officials for assistance in his mission, one day he was asked if he would like to have a woman. Bogyoke was very bashful when the Nippon official explained that it was not a matter for shame but that it was quite natural and common to have a woman. Bogyoke resolutely refused the offer. This suppression of sexual outlet had the effect of energizing him to enable to work with terrific drive and efforts.

One of the traits of character of a genius is the bulldog tenacity in the pursuance of his objective and his implicit faith in the set purpose. It may take years or his lifetime to realize his aim but he never wavers; there is no place in his mind for any doubt as regards the justice or success of the cause.

Aung San had set himself the task of liberating the mother country and he was dead earnest about it. He never looked over his shoulder once he was set on the trail. He forged ahead.

The eminient Polish Psychologist Zbigniew Pietrasinski has observed: "Genius is the highest grade of creative ability. Those people are regarded as geniuses whose works have an exceptional historical value for society. A genius usually opens a new era in his field. The basic criterion of a genius is the social utility of his works. Works of genius usually require an enermous amount of labour. That is why one is inclined to regard as a genius only that individual endowed with great qualities of character, as well as high qualities of mind."

Now if we apply this description of a genius to Bogyoke Aung San we will find that it completely fits him. His work was the creation of the Union of Burma. He has opened a new era in the history of Burma: more than that he has entirely brought about a new, different entity out of the old feeble downtrodden backward subject colony. That work of creation entailing high qualities of mind and character is of no mean magnitude. It is comparatively common that a subject nation has been liberated but it requires enormous amount of labour, great qualities of mind and character to breathe a new life into and regenerate a people.

Bogyoke Aung San is truly a genius.

***The Guardian (July-1972)***

www.burmeseclassic.com

www.burmeseclassic.com

# AUNG SAN: HERO OF BURMA'S VICTORY

**Dr. Maung Maung**



ADULATION of Aung San has almost become a habit in Burma, but will a clam assessment of him ever be attempted? Assessment cannot be easy when understanding him was itself so difficult. The one bronze monument raised to his memory in Rangoon shows him raising a hand of caution-or is it admonition?- and controversy has been raging as to whether

www.burmeseclassic.com

www.burmeseclassic.com



that could be the real Aung San. For he neither cautioned nor admonished, some people say, but marched mightily on, a general leading his troops to victory. None, however, will challenge Aung San's title of "architect of Burma's freedom." Every nation which has travelled the long and painful road of servitude and struggle to be free must have had its leaders and heroes, but when the moment of fulfilment rises there comes one leader, one hero, who concentrates in him the hopes and aspirations and sacrifices of the nation and reaches out to claim the cherished prize for all. That one man in Burma's contemporary history was Aung San.

Born in February 1915 in a small village of Natmauk of a family which had the tradition of resistance to British rule, Aung San grew up as an intelligent and honest boy. He loved to learn and went to school early. He was inclined to be silent and morose, but was not incapable of flashes of wit and humour. He was determined, and would with deliberate effort, try to force himself to take part and excel in school social activities. He arrived at the Rangoon University when he was 16 and worked for an arts degree. He liked to read on serious subjects and political science had special fiscination for him. He wrote many essays on politics which he managed to get published but few were read, and fewer registered. He lived simply, a self-sufficient student. Among his contemporaries were students like Thein Pe, Ko Ohn, Kyaw Nyein, and M.A Raschid; Ko Nu was senior student and a big brother. These few young men were to change the life at the University and stir up the political life of the country. They discovered each other and teamed up; they easily captured the control of the hitherto tranquil and respectable club of the Student's Union and made it a nerve centre of student's extra-curricular activities. And there too by discussion and debate ne throughts were born and nourished, new va ues and goals were set.

The group engineered the students' str of 1936 now looked upon as distinct la mark on the road to independence. Ko N led and the rest organized. Aung San at t strikers' camp on the Shwedagon Pagoda ternated between fits of energy and outbu of temperament including tears. On the pag the future leaders of Burma spent their ti organizing a movement which daily grew b ger than they ever dreamed, reading and ta ing politics, making poses to the camera f the benefit of posterity. Some loved and em lated Mussolini, some Hitler; some call themselves Fabians, some Socialists a Marxists; Aung San admired Mustapha Ke of Turkey, Armstrong's "Grey Wolf". But th all loved Burma and yearned for her freed

After the strike Aung San took his d gree and read law for a year. But politics h already got him and soon he left to take a le ing part in the young radical "Thakin" (Our O Masters) movement. He soon became sec tary of the Dohbama Asiayone. He was a ways poor and hungry, shabby and uncou but in the shifting, sharp world of politics, h sincerity and dedication shone. When w broke out, the young Thakins decided th "Britain's difficulty was Burma's opportun and some of them played with the idea of i viting foreign military aid. Young students b gan to form "Steel corps" and train and dr with bamboo staffs. Aung San was active in the "Freedom Bloc" which strived to b united front of nationalism. The British br the Bloc by liberally jailing the leaders, a Aung San was soon in hiding with a rewa five kyats for his arrest. He decided b not do much in jail and an emergency co of the "Burma Revolutionary Party" - the g

www.burmeseclassic.com

www.burmeseclassic.com



of Thakins who wanted to fight the British-decided that he should slip out of the country and seek military aid abroad.

Aung San smuggled himself out and reached Amoy in China. His objectives were vague, the available contacts were uncertain. Some of the BRP had wanted to contact the Communist Chinese Eighth Route Army of whose exploits they had dimly heard; some looked to the Japanese rising sun for hope. Aung San wandered about in Amoy for some time and was finally found by Japanese army officers who had received word from Rangoon. He was taken to Tokyo to meet the "Minami Kikan," a semi-offical group of Japanese militarists who were secretly preparing for war. Aung San was tested thoroughly. He was tempted with women and wealth: neither moved him. Tests were made to find out if he was a Communist, results were negative. He was asked to write a blue print for free Burma, and that he did, writing forcefully, pouring out his heart, gathering together the dreams he had always dreamt. His plan for Burma's government was an enlightened but absolute rule by one or a few for the good of the many; he had not much hopes for democracy. But he meant well, and the Japanese grew to believe in him and respect his patriotism and his truth.

Aung San came back to Burma to smuggle out with him to Japan some young men who would train and lead a freedom army home. There were boys who went with him, and politicians; they were thirty odd; and these "thirty comrades" led back into Burma the Burma Independence Army which they gathered on the march from Thailand. The army swelled on its northward march. It was a revolutionary army in its typical form: patriots and bad hats, politicians and schoolboys, all joined under one banner, carrying assortments of weapons, dragging useless cannon over dusty roads for prestige.

General Aung San was unexcited all along the march. He saw much and kept his silence. The Japanese had promised to launch the BIA into Burma and stay out; now they were behaving as conquerors. The Burmese themselves were confused. Most of the "Thakins" wanted jobs on the administration committees in order to show off and bully, to settle old scores and fill their pockets. Many of the politicians were prepared to wait on the Japanese hoping for small gifts. Here and there on the road Aung San broke out in anger to urge "Thakins" to march with him, to rough it and learn to fight, for the war for freedom was just begun. Some came, some stayed behind. Aung San himself was no brilliant or dashing field commander. War swept him along and he went, wearing the same dust-covered green tunic all through; he did not bathe sometimes for weeks on end.

The Japanese cut the BIA to 3,000 strong, renamed it the "Burma Defence Army" and made Aung San its commander with the rank of colonel. Dr Ba Maw, the dashing ex-Premier, was brought out from Mogok jail and installed as chief administrator, later "Head of State".

Aung San went his way, building the army, raising a family. For he was now a respectable married man, having found his mate in a nurse, Daw Khin Kyi, who looked after him in hospital when he was sick. He loved, and could neither woo nor wait and proposed while he was yet half-recovered. The family was successful; children arrived yearly, and Aung San who had always flung the accusation of disloyalty to those of his comrades who chose to marry now went about recommending marriage to all.

General Aung San gradually became a hero to the people without having to perform heroic deeds. People were looking for a hero

www.burmeseclassic.com

www.burmeseclassic.com



on whom they could place their hopes in those gloomy war years, and Aung San with his patent sincerity and his utter lack of pomp was the ideal choice. But Aung San was the patient planner, not the bold and reckless hero who dashed about breathing fire and fury. He tried to forge unity among the peoples, bringing the suspicious and sulky Karens into the army. He tried to keep calm the young red-blooded officers who were crying out for a war against the Japanese. Sometimes, to keep those restless boys out, he had to lock his bedroom door and post a sign outside: "Do not disturb; husband and wife are in bed".

The resistance further enhanced Aung San's prestige, but it was just the beginning of his glory. His era really began after the liberation. Then, impatient nationalism stood poised against the old regime which returned in the person of the old refugee British Governor who brandished the old formula of guided gradual steps to ultimate dominion status within the British Common wealth. Just as the Governor personified the old regime, Aung San personified the new unity of the peoples and the resurgent nationalism. He rose to his full stature then, and the peoples united behind him. He became president of the Anit- Fascist People's Freedom League; he grew larger than that: he was "the" national leader. At tender 29, he was hero, leader, unifier, statesman. His fame spread into the remote hill areas which had always been kept apart from the Burmese; now the Kachins, Chins and Shans heard about Aung San, came to meet and believe in him and to pledge themselves to the Union of Burma. Older colleagues like U Nu willingly served as his lieutenants. Senior civil servants unreservedly gave him their allegiance. Rivals found it more profitable to go along behind him than to oppose him. Aung San was unique. People poured their wealth at his feet and at the great meetings where tens of thousands came to hear him drone endlessly on his pet political theories, girls took off their gold and gave them to him.

Aung San rode the rising tide and swept everything that stood in the way, including the British Governor and his ancient counsellors. Soon a new Governor came to work with Aung San and prepare for Burma's freedom; soon Aung San as Burma's Premier in effect though not yet his name was in London to negotiate and sign a treaty with Labour Government's Clement Attlee. Thus a young man of 30 unschooled in diplomacy and statecraft, did seal a solemn document which returned to his peoples their lost nationhood.

With that the era ended. The rest could be but an anticlimax, and of that Aung San was mercifully spared. On July 19, 1947, assassins blasted for him a brave exit, and he went, his duty done.

*The Guardian (Feb-*

www.burmeseclassic.com

www.burmeseclassic.com



# A HUMBLE ACT OF MEMORY TO AUNG SAN THE WILD

**Thakin Hla Kun**

We were appealing for the revival of the national united front of communists and the AFPFL at a political meeting for the ward of Lethmatgon area, a suburb of Yenangyaung, when the news came over the radio.

On the way back from the meeting sponsored by the district organizing committee of the Communist Party of Burma, we were asked by U Hla Maung, one of our friends then serving in the Yenangyaung Police Force as a detective SIP, if we had heard the news.

He shouted out the question from his house by the roadside with a voice apparently hoarse with grief. We were perplexed and could not make out what he meant. So, we asked him for a clarification.

He was on the verge of breaking down when he tried to give us the answer. "The radio... news came about ... assassination of our... our ... Bogyoke ... and some other ... leaders," were his words mingled with sobs.

So the builder of the national united front had died while we were making our appeal and after he had held preliminary talks with communist representatives for a possible reunification with the latter within the united front.

* * *

The person who broke the tragic news to us was a member of the Police Union which had played an important role in the general strike of September 1946. That strike had opened his eyes and awakened in him a faith in the power of national unity led by the Bogyoke. He held on to the idea that a revived unity between the communists and the AFPFL would give the people more political successes. He was unhappy for his role of shadowing the communists, especially when the secretary of his own union was a known communist and a devoted freedom fighter.

Despite his wishes, the communists and the AFPFL were locked in a violent political conflict, and as a result, the national political forces were weakened. A vacuum was created for the saboteurs and conspirators who

www.burmeseclassic.com

www.burmeseclassic.com



would resort to the vilest means without any scruples to serve the alien masters and preserve their vested interests. The reactionary sections of British imperialism were out for the earliest opportunity to drown the country in a blood bath in an attempt to salvage what little colonial loot they could out of the catastrophe.

Sir Dorman Smith was shedding crocodile tears then. He went so far as to make veiled threats to the effect that they the so called friends of Burma would do something to prevent us hurting the landlords and captalists in our effort to build a socialist state.

Tullochs and Campbells, those past masters in conspiracy were moving in the dark, hatching plots and causing bad blood among brother racial groups of the Would be Union.

The stage was set for a national tragedy. Villains were not lacking for the black conspiracies, ready to play their desperate parts as befit the left-overs of the system that had gone to the point of no return.

* * *

We raced down the road towards downtown area. People were milling round in groups in front of the tea-shops with radios blaring out condolences or governmental orders or some other things.

They wore anger and frustration on their faces. Heavy sighs and occasional sobs betrayed their pent-up feelings. They tried to ease their suffering by resorting to all kinds of comments. A few of them directly accused the communists as murderers.

The atmosphere was unbearably tense. Some among the crowd turned fierce eyes towards us. Something must be done on our part or else our silence would surely lend credence to their accusations and cause explosion of one kind or another as the climax of the situation.

"Blood brothers who fought shoulder to shoulder against the British imperialist and Japanese fascist rulers would never think of doing such a dastardly act. Communists would be the last persons to stab in the back fellow fighters for independence in the midst of a life-and- death struggle against the common enemy. Wait and see the culprits who would be exposed by the people's anger and the mass sympathy for the beloved martyrs. Their crimes will come to light in no time."

I let out these words in a rush, with firm conviction in my statement and out of imperative necessity to break the tension.

My words might be more of a sentimentality than a statement of hard facts. Nevertheless, they produced results. Fierce eyes turned into under-standing stares. Taut faces relaxed. Quiet reappraisal overwhelmed the minds of these people.

An unhappy situation filled with rancour which needed only an impetuous reaction stuffed with sectarianism to touch off a mob lynching ended in a silent dispersal.

It was really an irony of fate. I can say that, through marriage, I am related to the now Immortal Bogyoke. Yet, destiny had placed me on the brink of nearly being lynched as one involved in the assassination. And that in the very town where he went to school and where, some years later, I attended the same school from where he matriculated. God forbid such a catastrophe befalling me in my future lives ever!

* * *

Image of the Bogyoke lying dead in a pool of blood brought back to my memory his portraits as a student revolutionary, a Thakin nationalist agitator, a young commander-in-chief of the national liberation army, a unifier of the nation, and a seasoned statesman. These por-

www.burmeseclassic.com

www.burmeseclassic.com



traits came to life in quick succession in my imagination with their eternal powers to fire in all his compatriots an urge for freedom; mirth in labour and spirit of sacrifice in struggle.

Even though these portraits belong to the dead, I do not think it is a sad thing to recall them. As a matter of fact, Bogyoke as the father of the nation has never died. No bullet of an assassin could take such a powerful life as his. He lives for ever in the heart of the nation.

His portraits will serve as a source of inspiration for all eternity. An inspiration to unite to achieve the consummate victory the victory of Socialism he cherished and laid the foundation.

* * *

His name on the horoscope signified 'bright light' and his name in everyday, life meant 'new with victory'. His name itself attracted one and all.

His name made an indelible imprint on our young minds when he was punished by the Rangoon University authorities for his refusal to identify the author of a satirical article published in the Students' Union's magazine 'Oway' (The Call of the Peacock). His name was struck off from the register. He acted as a truly responsible editor of the English language section of the magazine and he let it be known that he shared the views of the author who made a scathing criticism of a bureaucrat on the University staff.

That act of responsibleness in defense of the interests of the student body and of journalist ethics earned our respect and admiration. Nay, it earned him the love and faith of his nation for the first time.

* * *

The period of widespread national awakening coming in the wake of the Great Peasant Uprising, and the nation-wide Student's Strike found Ko Aung San engaged in national politics as the General-Secretary of the popular 'Dobama Asiayone', after founding the secret Communist Party of Burma while on the campus.

His influence soared and put him at the helm of a wider national united front- a coalition of Thakins and Damas, followers of Dr. Ba Maw, and so called because their organizational insignia was peasants' all-purpose knife.

Clouds of a new world war gathered on the horizon. Nazism had stretched its paws and began to strike down its first preys. John Bull was sacrificing small nations in Europe in an attempt to avert the threat against his colonial possessions as if the insatiable tiger could be pacified. Rising Sun of Asia was generating its hellishly scorching heat to cover the British colonies. The first workers' state in the world, the Soviet Union, had been earmarked by the Nazis as their final target of pillage and plunder, to trample down all traces of the idea of a workers' state, once and for all.

Ordinary people in the island imperialist country were begining to be disillusioned with the policy of appeasement vis-a-vis the German Nazism. The need for a united stand in face of the barbarians of modern times had begun to dawn on them. Their leaders were clinging to the idea of defending the colonial empire with the conscript Army of the enslaved peoples. In the military stratigies of these imperial generals the colossal mass of land under their heels must form a rear to fall back upon in their 'successful retreats', to draw inexhaustible resources and man-power for the counter-offensive and to serve as a base for an eventual victory through all-out offensive.

Men like Aung San do not count in their plans. People behind national leaders like him

www.burmeseclassic.com

www.burmeseclassic.com



were just only innumerable pawns in the game of manoeuvres for the maintenance of their empires.

Naturally, the interests-of the imperialists on the one hand and those of the people led by Aung San on the other-clashed.

Our Bogyoke raised the slogan 'the woe of the British is our promise of happiness'. This slogan, although it did not correspond with the wider interests of a universal people's war against international fascism, was a natural product of patriotism and bitterness against age-old slavery, It was essentially correct in the early part of the new world war. The phenomenon of universal people's war was yet to take shape.

With this slogan Thakin Aung San sought foreign contacts. He slipped out to join hands with the communists in China. His self-assigned mission took him to Amoy, a Chinese port, already an occupied territory in the hands of the Japanese. There the Japanese military intelligence traced him through the good offices of one of their agents back in Burma. Circumstances compelled him to play a co-operator, in spite of his knowledge about the Japanese.

He became the head of the 'Liberation Mission' and leader of the 'Thirty Comrades'.

* * *

He arrived in Amarapura, the seat of the Upper Burma Headquarters of the Burma Independence Army, one day towards the middle of May, 1942.

The C.O of the UB Command, Maj-Gen. Let Ya, detailed an officers' team to welcome him and I was included in that team. It was then that I met him for the first time.

He came in an unpretentious car. He wore a crumpled uniform. He was sunk in the thoughts of military plans to be carried out. So he was unmindful of a detail of welcoming officers, tense with all sorts of imaginations about a general coming to inspect the advancing troops, and in a flurry, checking and rechecking the preparations for his comfort and convenience.

He did not wait for an officer to open the door to alight from the car, as light as a feather after a long journey on war-scarred roads. He did not care who gave him the salute. He had no pleasantries to exchange. But his mien betrayed an unsuppressable joy over the reunion with his comrades and his troops after separation for some time.

He asked where the latrine was, in a shout.

It was apparent that he wanted to relieve himself before doing anything else. That done at the rest house, he plunged into lively discussions with his comrades. Severse frown and sharp pout on his face that distinguished him from all other men I knew in my whole life were conspicuous by their absence when he was in a lively mood the conversation had generated. His face was lighted up with hearty laugh and youthfulness and enthusiasm radiated from his gestures.

Next morning he set out for the fronts up north.

* * *

The second time I saw him was on the day he married Daw Khin Kyi. The gaunt look with sunken eyes was no more on his face. The unique pout and the ever-present frown gave way to radiant smiles. With mixed with contenment dominated his exchange of words with his comrades. True love had worked wonders and changed the tiger into a lamb, infinitely adorable.

I am quite certain that the satisfaction for winning the love of Daw Khin Kyi was as great as a military success for General Aung San. I have more than sufficient reasons to say this.

www.burmeseclassic.com

www.burmeseclassic.com



In about the early part of 1944, my god-mother Daw Khin Gyi went to his house to meet her younger sister, Mrs. Aung San. I accompanied my god-mother on that visit. At about five o'clock in the afternoon, having stayed with Daw Khin Kyi the whole afternoon, my god-mother and her companion Ma Tin Htwe came out of the drawing room and were ready to board the car I was wheeling round to head for the gate.

Instantly, Bogyoke Aung San arrived in his car and joined his family and his sister-in law under the portico. Apparently, the gathering of sisters, including the youngest sister of Daw Khin Kyi had affected him with mirth. Collecting his son to his breast, he called out to me, "Hey, Thakin Hla Kun, don't go yet, I have a lesson to share with you."

I came down from the car and stood ready to receive his sermon.

He was beaming profusely when he said, "Why are you remaining single when your god-father Thakin Than Tun and myself have learnt the advantages of being married to sweet nurses like your Ma Ma Khin and Ma Ma Kyi? All men should have nurses as wives if they want to be successful in life. Now, you take my words, they are so sweet that you must be careful not to let those nightingales catch you alone at corridor corners. They will rub their noses on your cheeks. To avoid such a sweet annoyance, you take Ma Tin Htwe as your companion. I, as her Akogyi, give her away to you now."

The womenfolk blushed and laughed. Bogyoke Aung San's uncontrolled laughter rang out and filled the air.

And he ended his joke with "Now dismiss, you young dandy with your Florence personified in Ma Tin Htwe".

No finer tribute to our nurses in the medical profession could be made by any other man on earth!

No greater gratitude to and love for the noble mistress of the household could be shown by any other thing than his little joke!

* * *

World War II ended and established the sway of Bogyoke Aung San over the national liberation forces. The whole nation followed him to a man in the struggle for national identity. Thakin Soe was replaced as leader of the national united front by his own narrow sectarianism.

Thakin Than Tun remained co-leader of the gigantic national organization by virtue of being a leader of a party that fought valiantly with other forces in the anti-Japanese Resistance. But he and his party had also begun to succumb to the affliction of that 'infantile disorder' of which V.I Lenin had said much with scorn.

Governor Hubert Rance, sensing the change of wind that obviously denied favour to the British White Paper for Dominion status of Burma, has invited the AFPFL to form an interim government. The EC of the League, Thakin Than Tun included, had already agreed to it. An instrument of instructions to the representatives of the League to be followed by those EC members joining the Interim Government had even been adopted.

On the next day after the adoption of that Instrument the EC members were in assembly at the AFPFL Head quarters to which Thakin Than Tun must come in his capacity as the League's Secretary-General. But, at seemed, a PB resolution adopted the previous night demanded his absence at the assembly of EC members who would go to the Governor to form the interim government.

Thakin Than Tun Sent me to tell Bogyoke that he was unable to be together with the lat-

www.burmeseclassic.com

www.burmeseclassic.com



ter.

I met Bogyoke with other leaders on the stairway of the Headquarters, waiting impatiently for Thakin Than Tun. When I conveyed Thakin Than Tun's message, Bogyoke fumed.

"What has gone wrong with this Thakin Than Tun? Such a sudden change! What had caused it? Really, it is hard to understand," he complained.

"Never mind, we continue our work according to the resolution," he decided.

Yes, he continued on his set course until the assassins of the die-hard imperialists took his life.

He could not understand his brother-in-law who took a twist-and-turn course until a disenchanted follower ended his (Thakin Than Tun's) life.

* * *

My pen carries a rich store of reminiscences of the olden days. But I have yet to arrange them in order and be content with this humble act of memory to the immortal martyr- Aung San the Wild, as one poet friend of his had called him.

***The Guardian (August-19***

www.burmeseclassic.com

www.burmeseclassic.com



# THAKIN AUNG SAN
## Commander-in-Chief, Burma Defence Army
**Mya Doung Nyo**

Froth crested waves rolling rhythmically in frothy Yellow Sea keep lashing the rocky coast line of China. The Black Kirosibo Stream that comes circling around the Japanese Islands roars on with its own inner turbulence. The moon and the stars have begun to fade out of the night sky with its bluish mantle. Huge fish and sea reptiles keep frolicking run and chase amidst huge ocean swells under the fading moon-light. Dawn is breaking.

A Chinese ship is seen swiftly skimming the sea in the direction of Amoy on the Chinese coast. In the eastern sky, the Red Star, the herald of the Sun, keeps radiating its brilliance in full dignity. A silhouette of a man can be seen faintly on the bow of the ship's deck. The man whose heart is apparently thumping in time with the ship's engines, keeps pacing up and down the deck with his head bent in some deep concentration. The glow that accompanies the Red Star has now turned bright yellow. The sun begins to rise out of the eastern horizon awakening the whole natural world.

The man on the ship is now bathed in the first rays of the sun. He is a man of about five feet five inches, dressed in shabby Chinese clothes. His strong jaw bones and bright eyes indicate him to be a man of iron will and a firm determination. He does not appear to be a common man: he look like some one who is prepared to wilt or wither or get his bones crushed in pursuit of his lawful objectives. The north wind comes teasingly through the billowing waves and ruffles the unkempt hair falling on the person's brow. Who is he?

He is Thakin Aung San, whose arrest wherever found has been ordered by the British tyrant, a revolutionary leader and a political refuge, the Number Five on the CID Wanted List.

Thakin Aung San was born in 1916 in Natmauk, Magwe district. His father was Second Grade Pleader U Phar. His grand father was no ordinary person: he was U Min Yaung, headman of Myo Lulin, a true Myanmar Hero. When in 1247 Myanma Era, King Thibaw was

www.burmeseclassic.com

www.burmeseclassic.com



exiled by the British, loathing to become a slave, U Min Yaung collected brave patriots, took the title of Prince Shwe La Yaung, opened a White Umbrella, made himself King of Natmauk and Poppa in the northern stretches of Taungdwin and defied the British for three years.

After three of four years of active resistance Prince Shwe La Yaung exhausted his store of provisions and ammunition. His force withdrew to the Myin Mani Mountain range in the Bago Yomah, built a stockade there and stood firm. As they were planning an attack on the British Post, Shwe La Yaung had a dream one night. In his dream he saw his head-scarf exploding into flames and he saw himself re- designating the Nga Myet Hnar Pagoda as the Nga Marn Aung Pagoda.

But the English, with a superior force and superior armament, attacked and destroyed the stockade. Prince Shwe La Yaung on his royal elephant withdrew towards the west of Taungdwingyi and came to Laydaingzin village twenty miles away from Taungdwingyi where, as a result of lack of provisions and a betrayal from inside he was captured and decapitated.

Thakin Kodaw Hmaing, in his "Thakin Tikar" has composed the following Laycho verse in praise of Shwe La Yaung:

"မြို့လုလင်သာတဲ့ကွန်းဆီသို့၊ တို့သခင် စာဖွဲ့လို့
ညွှန်းလိုက်တဲ့ (ကေသာရယ်) ဒါနဲ့ လွမ်းကြပေ
တော့ကွာ။ ဩော် ... မြို့သူကြီးရယ်လို့၊ တို့ ထီး
'နေ' တမျှပေပ၊ ရွှေလရောင် ဘွဲ့သတင်းရယ်နဲ့၊
'ဦးမင်းရောင်' ဗိုလ်ဝင်ခံလို့ မို့၊ ဟိုအရင် ယမန်စစ်
အင်ကျင်းတယ်ကွယ်၊ ခင်းတဲ့ဗျူဟာ။ ။ မြတ်
လောကီ သဘာဝတွင်ဖြင့်၊ ဓာတ်ကောလီ ခါမရ
တာမို့၊ မြန်မာများ ဘုန်းသမ္ဘာ။ အို ရှုံးမှာပေါ့ ကံ
တစ်မျိုး။ ။ မန်းပျက်မှာ စန်းလဂ်မသာမယာဖို့၊
ဗမာ ဗမာချင်းတောင်မှ အတင်းရန်မူလို့၊ ရန်သူ
ရန်သူဟူ၍ မမှတ်တဲ့ပြင်၊ ကိုယ့်တပ်ကိုယ်ပြန်နင်း
ကြတယ်၊ ဖျင်းလှတဲ့ ကမြင်းမကောင်တချို့ရယ်
ကိုယ်ဖို့ အလွတ်ရုံးတော့မလို့၊ တောင်ကုန်း
သာယာယာ၊ မြင်းမဏိစခန်းဆီက၊ တရှောင်
ပုန်းကာအတွင်းသိတဲ့၊ မင်းအမိဖမ်းချင်ကြတဲ့အ
ပရမ်းပတာ တော်ရာပျော်ရာပြေးကြတော့၊ အ
ရှင် အကြံသာသနှင့်၊ ကံကြမ္မာ ရှေးဝဋ်ကြွေ
ထင့်၊ လေးတိုင်စင်ရွာအတွင်းတွင်ဖြင့်၊ အ
တွေကို အတင်းကြိတ်မလေလို့စမ်းတဲ့၊
တဖောင်ဖောင်သတင်းတွေနဲ့၊ တပြောင်
လင်းခဲ့တယ်၊ တောင်တွင်းက သခင်ကို၊
တြင်းမရခင် ဖမ်းတဲ့ပြင်၊ အကြမ်းပတမ်း
ကောင်းသော်လည်း၊ ဥက္ကောင်းဖြတ်ကာ
သတ်ကြသတဲ့၊ မကျေနပ်ရှာသူ ချောင်တပည့်
တို့ရဲ့၊ ပြည်ရပ်မှာ တဘောင်နှင့်လွမ်းရပါ
(အမယ်မင်း) ... တောင်တမန်မြို့၊ နေလနှစ်
အညိုးတွင်ဖြင့်၊ ပြေမြန်မာဘောင်မစိုးရ
ဩော် အခေါင်မမြန်း၊ အမှောင်သန်းသမို့၊ အောင်
ညို့ခဲ့တဲ့၊ အောင်ဆန်းတို့ ရွှေလရောင်အဘိုး။

Thakin Aung San matriculated from the Yenangyaung National High school and gra- ated in Arts in 1938 from the Yangon Univer- sity. At the University he was nicknam Meekhe for his love of justice. He always side with students when they were mistreated by University authorities. He led the 1936 (Sec- ond) Student's Strike in cooperation with Thakin Nu. He was elected Vice-president of the Rangoon University Student's Union in 1936-37: and was elected President of the *All Burma Student's Union* in 1937-38 and in this capacity gained contacts with stude unions from England, Switzerland, Belgium and France. He also came into contact with Thakin Organization that was gaining prominence in Myanma Politics. He and his student orga- zations took active part in National Day Cel- ebrations, and Commemorations of the Exi of King Thibaw and in meeting protesting the

www.burmeseclassic.com

www.burmeseclassic.com



new constitution. He coined the slogan "Dare Devils Wanted". At public meetings he made denunciations of imperialism and capitalism.

At the University, Thakin Aung San lived an honest, simple and austere life in keeping with the Motto "Live honest, aim high." He was very simple in his dress and in his conduct. At one time, we visited him in his room at the hostel and found him absorbed in a book. His hair was dishevelled, his cotton vest was gaping at the neck, his cotton longyi was in tatters. It was as if he took no notice of his environment. Unlike the rooms of other hostel students, his room was undecorated though his book rack placed at one corner of the room was heaped with books on politics. I still remember the title of one of the books: it was "The Republic" authored by Plato, the Greek Philosopher.

On $31^{st}$ September 1938 Thakin Aung San left the Law Class where he was reading after his graduation and he also resigned as President of the All Burma Students Union.

In a statement sent to the press on this occasion he said he left the University because he wanted to devote day and night to politics.

In fact he left the campus to become a politician under the teachings of Thakin Kodaw Hmaing. He became Joint Secretary of the Doh Bama Asi Ayon headquarters. In 1938 he was elected General Secretary. He began to take the title of 'Thakin'.

The British Government then offered him an appointment as an Extra Assistant Commissioner which post Thakin Aung San regarded as a mere blotch of spit. In 1938 he came to work for a short while with us in the editorial team of the New Burma published in English. In January 1939, the British Government detained him in custody for fifteen days under the Emergency Power Act and this caused a stir in Yangon.

Thakin Aung San took charge of all arrangements of an all-Myanmar conference of Thakin held in Mawlamyaing from $6^{th}$ to $9^{th}$ April 1939. He drafted and proposed resolutions were passed by the conference. A resolution of non-cooperation with the British in the event of war was proposed and passed. The same conference re-elected Thakin Aung San as General Secretary. One month after the conference, that is, in May, Thakin Aung San organized a leadership training course known as "Meedok Bo Training". The aim of the training course was to disseminate nationalism and instil patriotism.

After about a month, on $29^{th}$ June, Thakin Aung San in concert with Thakin Nu and Thakin Than Tun, called for cooperation with Dr Ba Maw's Sinyetha Wunthanu Party for the purpose of bringing down U Pu Administration on $14^{th}$ August he issued instructions to district branches to launch campaigns to topple U Pu Administration. On $17^{th}$ August he issued statements calling for non-cooperation with the British in the event of War and to overthrow the British rule.

At a meeting held on $29^{th}$ August at head- quaters, a resolution forbidding recruitment of Myanmars into the army was passed. Beginning September, Thakin Aung San concentrated his attention on formation of Bama Let Yon volunteer forces across the whole country.

Thakin Aung San was a leader of the 1300 ME Student's and peasants' Civil Disobedience Movement. Thakin Aung San took part in a national convention attended by Thakin Khin Maung, the Doh Bama Asi Ayon, the Sinyetha Wunthanu Party and the Nga Bwint Saing Party. This convention demanded British recognition of the right of Myanmars to govern their own country.

On $23^{rd}$ October, he attended a meeting of Myanma Freedom Bloc whose members

www.burmeseclassic.com

www.burmeseclassic.com



were Thakin Kodaw Hmaing and Doh Bama Asi Ayon. On 24th October the Freedom Bloc empowered Thakin Aung San, Thakin Nu, Dr Ba Maw and Mandalay U Ba Oo to write a constitution for the Free Burma.

From December 1940 to January 1941 Thakin Aung San went on a speaking tour during which he categorically stated that the "British difficulty was Myanma opportunity".

At the Peasants' Conference held on 13th and 14th January 1941, Thakin Aung San declared the main aim of the Doh Bama Asi Ayon was to achieve sovereign independence. From 26th to 30th January and 1st February Thakin Aung San attended the unity meetings of all sects of monks who came down from Mandalay. The Doh Bama Asi Ayon, not satisfied with the programme of this group, withdrew from it.

On 25th February Thakin Aung San attended a mass rally supportings the Freedom Bloc and read out a Charter exhorting the people to march forward from minor revolutions to a major revolution.

On 22nd March, Thakin Aung San, Thakin Than Tun, Thakin Khin Aung, Thakin Tin Maung, Thakin Sen Gupta and University student leaders Ko Tun Shein (now Bo Yan Naing) and Ko Ba Hein (later Thakin Ba Hein) attended the Ramgrah Conference of the Indian National Congress. After the conference, Thakin Aung San went on a speaking tour of India.

On 29th March, at the Hindu University in Benares, Thakin Aung San declared that he had come to India to coordinate with Indian leaders an India-Myanmar anti-imperialist programme. On 30th March, Thakin Aung San arrived at Peshawar, a major city in the North West Frontier Province of India and lauded the intense patriotism of Indians in eliminating Sir Michael O Dyer who had persecuted the Indian people. On 2nd April at Lahore, he called for sacrifice of blood for independence. On 1st May the whole Myanmar delegation returned to Yangon.

On 1st June, in a speech made in Zalun, Hinthada District, Thakin Aung San said that British imperialism had impoverished Myanmar, that the British were the true enemies of Myanmar, that Germans would win the war and that Funds were being collected 'to make hay while the sun shines'. For this speech, the British government opened a court case against Thakin Aung San under Section 124 A of the Penal Code. On 3rd June, at Daunggyi, he denounced the arrest of China patriots by the British government in Kanpetlet. On 5th June the Rangoon University Students' Union elected Thakin Aung San, unopposed, to the University Governing Body.

In connection with the transfer of the Black Dragon Society from Myingyan to Mandalay, Thakin Po Hla Gyi (Chauk) and Thakin May Aung (Myingyan) sent a note to Thakin Lay of Mandalay. In the note they stated: "We wanted a man prepared to give his life for the nation: we have been looking for such a man and have now found him: He is Thakin Aung San. Thakin Aung San guaranteed fifty student members for the society. When the British returned to Britain because of the War that would be the time for Myanmars to rise in rebellion."

On 29th June, Thakin Aung San issued instructions to district branches to organise protest meetings during the first week of July against the government arrest of Thakin leaders and also to recruit one thousand volunteers for the Tharrawaddy conference banned by the government. He also urged recruitment to the Bama Let Yon Force, to collect Independence Funds and to organise leadership training courses.

www.burmeseclassic.com

www.burmeseclassic.com



No. 76, Yegyaw Road, Yangon, was Thakin Aung San's political home. It was headquarters of Thakin Kodaw Hmaing's Faction of the Doh Bama Asi Ayon. On both sides, in front and at the back of that house lived Police Detectives, informers, spies and stooges. It was a spot for hectic Police activity where detectives kept noting down on what hour, which day, in what dress, which Thakin went in which direction in what gait and what strides. Time was when Thakin Aung San was practicing severe austerities, wearing the same longyi for fifteen days, leaving his hair untrimmed for months and eating at the roadside food stalls. Comrades would find him absorbed in his work in that guise, would drag him away to a barber shop, have his hair cut and chide him: "What, man, with flowing hair and unshaven chin?" Are you going into recluse?" His comrades also occasionally found him raging and fuming in Hitler or Mussolini fashion when he was in some sort of frustration.

He who spoke bluntly, curtly and frankly at headquarters meeting was Thakin Aung San: he who occasionally remained moping, mute and tongueless as a fish, putting his hands on his thighs, head dropped, absorbed in deep concentration whatever others might be saying or doing at that moment, was Thakin Aung San.

His closest comrades living in such half-starving condition were Thakin Nu (Chief of Headquaters of Doe Bama Sinyetha Asi Ayon) and Thakin Than Tun, now a minister.

Thakin Aung San was never seen dejected or in a state of despair. He was always active and spirited. Nobody must then have imagined that such a disorderly, unkempt, awkward and stern-looking Thakin Aung San would become commander-in-chief of the Burma Defence Army in two years' time. In those days only those young men who did not care getting on the Police List and who regarded prison as a mere mosquito net dared to visit 76, Yegyaw Road, Yangon.

Thakin Aung San did not go for fun but he went to movies when political, war and resistance films were being screened. At one time I saw Thakin Aung San, Thakin Than Tun and group in the four-anna stalls of a cinema house. Thakin Aung San was sitting on the front-most bench viewing the picture not caring a whit about others around him. I again ran into Thakin Aung San and group the next week at the same cinema hall viewing the same picture. The picture was "Juarez" that depicted the Mexican people's revolution, let by Juarez, against the Austrian usurper. The US President, Abraham Lincoln helped the rebels with men, money and materials. Rebels staged guerilla warfare against government forces. A train of hay carts skirted around an army post: In a lighting move farmers loitering nearby suddenly took arms out of the hay carts and attacked the army post. Thakin Aung San went and viewed this picture two or three times and he still wanted to see it again and again.

Thakin Tun Ok and Thakin Nyi (now Deputy Headquaters Assistant at the Doe Bama Sinyetha Asi Ayon) were also noticed coming to view the same film from their office on Pansodan. They also went to the four-anna stalls. How the thirty comrades founded the Burma Independence Army with Japanese help was exactly like that movie. Perhaps Thakin Aung San and Thakin Tun Ok were convinced even at that time that Myanmars would regain their independence only with outside help like Mexico.

Thakin Aung San looked like an impetuous man but where national politics was concerned he could go on speaking for hours without food or drink. For instance, he talked to me at the corner of Thwin Cinema Hall from 4

www.burmeseclassic.com

www.burmeseclassic.com



p.m. till it was dark and could see each other only under dim street lamp. Even then the talk was not properly concluded: the subject was the death of Bo Aung Gyaw.

On 28th June, the Hinthada district additional magistrate issued a warrant to arrest Thakin Aung San for the speech he gave at Zalun on 1st June. Thakin Aund San disappeared. Thakin Nu and Thakin Than Tun got arrested. Hinthada District Superintendent of Police offered a Reward of five kyats for capture of Thakin Aung San. An uproar at the University and in the whole country compelled the government to close the case. In November 1941 Thakin Aung San resigned from the University Governing Body. In a statement he sent to the press on 26th November, Thakin Aung San said he resigned because he was very busy with politics. Myama Police Detectives searched for Thakin Aung San during the whole of 1940. But they could not find him. On 6th November 1941, the Yangon Commissioner of Police reported to the government that he had gathered intelligence from Thakin circles that Thakin Aung San had been arrested by the Japanese at Amoy as a Chinese spy.

Soon after Thakin Aung San disappeared I learnt that he was in hiding somewhere in West Yangon. I called Thakin Hla Pe who was then living in Thakin Nu's house who was in jail and told Thakin Hla Pe that I got information from our men in the CID that the Police knew where Thakin Aung San was hiding. They moved Thakin Aung San from West Yangon to some other place the same day. Thakin Aung San had to stay in hiding at a house near Kyi-myindaing Zegyi Market.

How Thakin Aung San and Thakin Tun Ok tricked the Myanmar detectives was like how the Irish Michael Collins tricked the Irish Police. They lived in dingy attics of houses confined more rigorously than in a jail. They lived in fear of their lives. Their only companions were their books.

At about sun set on certain full-moon day of Kason I met Thakin Tin Maung (formerly President of Doe Bama Asi Ayon) coming in a rickshaw. On seeing me he stopped the rickshaw, asked me to get in and we proceeded to the Shwe Dagon Pagoda. We turned into the Pagoda Road at the corner of Yan Naing market and went along the tram line. It was getting dark but I saw a shadow lurking at the gate of the Jubilee Hall under a very brilliant full moon. "Wait a moment Thakin Tin Maung" a sharp and clear voice emerged from the gate. Thakin Tin Maung ordered the rickshaw man to stop as the owner of the voice, wearing a black blazer, came out puffing on a big cheroot for the glow it gave. He came sideways to avoid sparks flying out of his cheroot falling on his chest. He was Thakin Aung Than (Bo Setkya). We greeted him and talked with him about Thakin Aung San. He told us that Thakin Aung San was in Amoy and added rumours about his being arrested there by the Japanese as a Chinese spy and that the Thakin Group in Yangon was worried about him. He kept puffing his cheroot as he gave all the answers we asked. He did not show any worry on his face which was as bright and clear as the moon up above. He then hailed an empty rickshaw got into it and followed us to the pagoda.

Thakin Aung San and Thakin Hla Myaing (Bo Yan Aung) left Myanmar for Japan in October 1940 and returned to Myanmar in March 1941. Thakin Aung San left Myanmar to evade arrest and to seek foreign help for Myanma rebellion. Along with a Chinese opium smuggler he and Thakin Hla Myaing were in a Chinese ship bound for Amoy under the Nanking Administration.

www.burmeseclassic.com

www.burmeseclassic.com



As Myamar Thakin leaders became more and more worried about Thain Aung San, one day in March 1941, a bespectacled Chinaman with protruding teeth made his appearance in one of the Thakin quarters of Yangon. He was soon made out to be Thakin Aung San in disguise and there was jubilation all round. Thakin Aung San had lived starving in the town of Kulausi in China when he succeeded in contacting the Japanese. He had now come back to organize a rebellion. Not long afterwards he went back to Japan with the first batch of the thirty comrades.

Thakin Hla Pe (Bo Letya), Thakin Aye Maung (Bo Moe), Thakin Ba Gyan (Bo La Yaung) and Ko Tun Shein (Bo Yan Naing) went along with Thakin Aung San. Thakin Aung Than (Bo Setkya) and Ko Saung (Bo Htein Win) had already arrived in Japan as forerunners of thirty comrades.

In Tokyo, Thakin Aung San and his comrades had to move about in disguise. They were not kept for long in Tokyo but sent on to Taiwan and to Hainan. The Japanese were then not at war with the British and British agents and spies were still active in Japan. Should the British Ambassador in Tokyo find the Japanese harbouring fugitives from British territory that might lead to complications. They feared a premature discovery and had to secure military training in secrecy before War was declared. But Thakin Aung San and Thakin Tun Ok made a broadcast speech to the Myanmars from the Tokyo Broadcasting Service.

Thakin Aung San took arduous military training together with the thirty comrades in Taiwan and in Hainan. He was elected by the thirty comrades as their leader.

On 26th December 1941, the Burma Independence Army (BIA) was founded at the residence of a Myanma patriot U Lun Pe in Bangkok. Thakin Aung San, now Bo Teza (Japanese name Omoda) and the thirty comrades pledged to sacrifice their lives for independence and drank blood as an oath. Thakin Aung San, Thakin Tun Ok and Bo Moe entered Myanmar along the Myawaddy Papun road at the rear end of invading forces leaving Thailand.

With the help of the Japanese Army, the BIA drove the British out of Myanmar.

On 27th July 1942 the BIA was reorganized as the BDA (Burma Defence Army) with Colonel Thakin Aung San as its Commander-in-Chief. Within a month, the Commander-in-Chief of Japanese Forces in Myanmar promoted Thakin Aung San to the rank of a Major-General.

Major-General Thakin Aung San is now a member of the independence Preparatory Committee. It is now very obvious that the BIA facilitated the easy Japanese conquest of Myanmar.

Thakin Tin Maung, Secretary of Doe Bama Sinyetha Asi Ayon of Taikkyi Township told this writer how Thakin Aung San, leading the BIA fought to capture Taikkyi. Thakin Tin Maung, who played an important role in that engagement, said:

"On March 1942, a man with a top-knot came and gave me a note from Thakin Aung San asking me to come to him. I was then Commander of the Town Guards. I changed my uniform with blue pants, grey shirt, a silk longyi and went to the Leinmaw Chan (Organe Grove) on a bicycle. There, I was told that Thakin Aung San had gone to attack Taikkyi and I followed him that way. I caught up with him two miles away from Leinmaw Chan and told him I came in response to his call. Thakin Aung San was bearded, wearing khaki hat, khaki shirt and khaki breeches with two gold braids on his chest: there was a Japanese of-

www.burmeseclassic.com

www.burmeseclassic.com



ficer with him. He asked me my name and when I told him my name he asked me how many men from Taikkyi were going to join the BIA. I told him that a British troop train with 3110 troops would be coming into Taikkyi. He and the Japanese Officer asked me about location of bridges on the railway line to Pyay. I showed them where they were by scratching out a rough plan on the ground. A villager came driving a firewood cart and about forty or fifty of us had to hide ourselves in a ditch covered with bushes. The cart left only at about 6:30 or 7:30 p.m.

"It was pitch dark when Thakin Aung San and we went to the Min Kyaung bridge at the entrance to Taikkyi railway station. It was very dark and squad leader Bo Lun Tin, the Japanese Officer and four or five soldiers got separated from Thakin Aung San's group. We halted after about half an hour's cautious advance and waited for Thakin Aung San's group but it did not appear. The Japanese officer had only dynamite with him and no detonator. He asked me, Bo Lun Tin and two soldiers to go back to Leinmaw Chan and get detonators.

"By then Thakin Aung San's group had already tried to blow up the bridge at East Min Kyaung. One of Thakin Aung San's men went into Taikkyi swarming with enemy troops to buy a bottle of kerosene. They piled straw on the bridge, drenched it with kerosene. Put dynamite sticks on it and set it on fire. The dynamites shot up into the sky like flares. Thakin Aung San's group therefore came back. I went after his group but missed him on the way and had to come back. Soon after, Thakin Aung San's group appeared.

"Only then did we all go back to Min Kyaung Bridge with explosives fetched from Leinmaw Chan. It was then about 2 a.m. We blew up the bridge at 3 a.m. A Japanese taught a Myanmar soldier how to do it. The rail tracks were seriously damaged. I told Bo Lun Tin I would have to go back to town, and returned to Taikkyi by about 4:30 a.m. I had no difficulty entering the town as the guards were my own men.

On hearing the loud explosions the enemy fled from Taikkyi to Okkan.

"The next day, the English repaired the rail road. A Myanmar soldier in disguise came to me and told me that Thakin Aung San had asked me to collect men and provisions and to follow him. On that same day fifty Gurkha troops arrived in Taikkyi. In the early morning, Ko Chit Tin (now Land Records Department) came and told me that Gurkhas were having their meal and that we should attack them with grenades. I went to Thakin Aung San to take orders but on arrival at Leinmaw Chan I was told that he had gone to attack Phugyi. I returned to Taikkyi and found Thakin Aung San's note asking me to follow him to Phugyi. I went after him with four or five men but learnt that Thakin Aung San had gone on to Yangon. We came back. "In the meantime, some English spies went to English troops in Okkan and asked them to come to Taikkyi to arrest Japanese spies. A man from Pha-lon heard about this in Okkan and came to us the same night on horse back to warn us. Sixty eight of us with two rifles, two double-barrel guns and a lot of ammunition left the town at 11 p.m. after asking town elders to keep provisions ready. At 4 a.m. we arrived at Wantchaung where we were told Thakin Aung San had gone on to Yangon. We came to Yangon, met Thakin Aung San and received his orders to attack Taikkyi. We got eleven veteran soldiers, including Bo Lun Tin, from Bo Yan Naing and together with them the sixty eight of us returned to Taikkyi. We captured Taikkyi without firing a single shot. On March we hoisted the tri-colour flag at our office

www.burmeseclassic.com



building. I was appointed Township Officer and Defence Chief.

"Thakin Aung San did not talk very much. He was usually stern. His actions were resolute. He would endure hardships. He always stood in front of his company. He however conversed with me intimately and cordially ..."

The above is Thakin Tin Maung's reminiscences on his association with Thakin Aung San.

At the end of Upper Myanmar campaign Thakin Aung San had caught malaria and returned for treatment at the BIA Hospital (later General Hospital) in Yangon under the charge of Dr. Ba Than. He met Sister Ma Khin Kyi at the Hospital and fate decreed that Thakin Aung San should marry Daw Khin Kyi in the presence of elders after his discharge from the Hospital. This was another victory for Thakin Aung San.

At the invitation of the Japanese government, Thakin Aung San, Prime Minister Dr. Ba Maw, Minister Thakin Mya and Minister Dr Thein Maung went to Japan. He came back from Tokyo bringing back with him Orders and Decorations bestowed upon him by the Japanese Emperor, Tenno Haika. At a welcoming party given in their honour at 11 a.m. on 9th May at the Kandawmeik Clup, Maj-Gen Aung San gave a stirring speech. The Sun Daily reported his speech as follows:

> "I am not in the habit of attending dinners and receptions. I came here because I could not avoid it but I am still ashamed of myself. You have sponsored this reception in the belief that your national leaders had achieved outstanding success for this nation in Japan, but I have not yet done anything special for the nation and would not yet eat the food you offer. I would neither like to be praised as a hero or as a military leader. I belong to no party, my BDA belongs to no Party: we belong only to the whole nation."

This speech reflects Thakin Aung San's present policy and sentiments.

Subhas Chandra Bose has now become a very important person in the fight for Indian Independence. Thakin Aung San had met Mr. Bose during his tour of India and Thakin Aung San's assessment of Mr. Bose at this critical juncture is noteworthy. Writing in Greater Asia an English language newspaper, Maj-Gen Thakin Aung San had observed:

> "I studied Indian politics with interest and came to notice the Indian leader Subhas Chandra Bose. As a sophomore I studied Indian leader Mahatma Gandhi whose life story was absorbing for me. His story gave courage to face the world, a determination to pursue the right path and a desire to do what is correct and honourable. But I had my reservations on his policies of Satya Graha and Ahimsa.
>
> "I met S.C Bose the next year and I made honest enquiries about his policy, his programme and himself. I read his biography, his speeches and his writings, his views on Mahatma Gandhi and his "The Awakening and Striving of Indians", a book banned in India.
>
> " I admire S.C Bose's courage to speak out the truth. S.C Bose's Presidential Speech delivered at the Yaripura conference of the Indian National Congress was most militant throughout. He is a very militant revolutionary political worker. He kept planning only for a revolution. He is not interested in conducting protracted debates with western political ideologies, neither is he interested in communism, socialism or fascism. He is interested only in revolutionary theories and is a politician whose primary objective is freedom

www.burmeseclassic.com

www.burmeseclassic.com



and progress of India.

"Bose's policy is too radical and may therefore be unacceptable to some students and certain sections of Indians led by Nehru and his group. But a majority of Bengalis like his policy. Even Miss Sarojini Naidu has lauded his intense patriotism.

S.C. Bose is not a politician who, motivated by self-interest and self security, sits at a desk in an office and goes on issuing orders to others. He is a very manly leader, honest and courageous, with a strictly national outlook.

"I led a delegation of Thakins to the Ramgarh conference of the Indian National Congress in March 1940. Only Mahatma Gandhi and S.C Bose inspired me with their exemplary conduct. We had a discussion with S.C. Bose in Calcutta. I sought his view on the world situation in the context of attainment of high class independence for India and Myanmar. He did not want to waste time in doing politics with lengthy lectures and speeches and frequent meetings. He was dissatisfied and was very angry with the Congress Working Committee deliberating for twenty hours in the issue of a press statement.

"S.C. Bose is the only leader for Indians in South East Asia. May India prosper, may she be victorious in war, may she gain independence, may leader S.C. Bose's objectives be achieved."

On 13th June 1941 (1943?) a son was born to his wife of Maj-Gen Thakin Aung San. The father is now very happy saying very proudly that he has now a son who will follow his foot-steps.

*The Thirty Comrades (January -1992)*

www.burmeseclassic.com

www.burmeseclassic.com



# AUNG SAN'S EFFORTS: TO BUILD A NEW BURMA IN THE NEW WORLD

**by Ye Htun (Sitpyinnya)**

After the Third Anglo-Burmese War of 1885, Burma lost her right to shape her own destiny. Lord Dufferin's proclamation that "Burma has become a part of Her Majesty's Dominions, and during Her Majesty's pleasure be administered by such officers as the Viceroy and Governor-General of India may from time to time appoint" heralded the complete loss of her identity.

It was only 38 years after Lord Dufferin's proclamation that a start toward representative government was made in 1923. Under an Act passed in 1935 which separated Burma from India two Houses were set up and a Council of Ministers reponsible to them was instituted.

The 1935 Constitution which became operative in Burma on April 1, 1937 fell short of Burmese aspirations, for it lacked sovereign power. When the British declared war on Germany, Burma too was committed to war without her consent.

The man-in-the-street did not know much about the First World War but it wa a very different matter with regard to the Second World War. He knew what was happening to his country and the full implications of the war. Both the British and the Japanese used scorched earth policy when they retreated from Burma. Burma's mines, oil fields, and plantations were deliberately destroyed and the instruments of production both in agriculture and industry were completely ruined.

Productive capacity of Burma fell to about two-thirds. Burma's economic situation as described by Lord Louis Mountbatten in his Report to the Combined Chiefs of Staff was: "It was not until Rangoon had fallen, and the major part of Burma had been reconquered that we were able to appreciate the extent of the financial and economic collapse of the country".

The post-war Burma's immediate task was obvious. There was an urgent need to restore the productive capacity of the country. The increase of home production, and the re-

www.burmeseclassic.com

www.burmeseclassic.com



duction of imports that were not essential for boosting the production were required as part of a sound economic policy. For the task or rehabilitation and reconstruction, there was one fundamental condition of success: the cooperation of all sections of the community.

With these in mind, the AFPFL under the leadership of Bogyoke Aung San, evolved a plan of Naitonal Reconstruction just before the arrival of the British Burma Government from Simla.

The Plan known as "*Programme of National Reconstruction through National Service" consisted of ten parts. Under Organization of the Peasants' Union,* the programme was:

(a) Cultivation drive- especially co-operative farming of paddy;
(b) Cultivation of deficient crops-ground nuts, etc;
(c) Advising the cultivators in fixing the price of agricultural products:
(d) Collection of military supplies from agricultural products;
(e) Promotion of livestock breeding;
(f) Disemination of Agricultural Education with the help of Agricultural Officers.
(g) Seeking assistance from Goverment regarding agricultural loans, cattle loans, inplements, seeds, housing materials.
(h) Distribution of agricultural implements and other relief materials through this organization.

Under *Organization of Labour, the programme* was:

(a) The recruit labour for National Reconstruction Programme and Military Necessities.
(b) To educate the labourers on the supreme necessity and paramount importance of labour in National Reconstruction through reading-clubs, etc;
(c) To promote the interest of labour, regarding wages, working hours, etc.

There were also plans with regard to *Organization of Teachers and Students, Organization of Co-operative Associations, Organization of Technicians, Organization of Health Units, Hospital,* and so on.

When the Government in exile returned, Bogyoke Aung San, urged that nationalist forces, regular and irregular, be reorganised as Troops, Police, and Rehabilitation Brigades.

There was plenty of work to be done by organized efforts. But, the Government, intent on restoring capitalist interests under the White Paper, did not accept Bogyoke's suggestion.

Thus, both the Government's work of reha-bilitation and Bogyoke Aung San's Plan of Recon-struction suffered. It was only after the formation of the Interim or Provisional Government, that Bogyoke Aung San's effort to build New Burma in the New World could be started.

On 6 June 1947, Bogyoke Aung San, convened the first of a series of Rehabilitation and Planning Conferences at the Sorrento Villa in Rangoon. Discussing eight major economic and social problems, he advised the planners not to waste time and energy in attacking and blaming imperialism, but to try to solve the immediate problems through mutual co-operation.

The problems were:

(1) To reduce the cost of living back to normal;
(2) To reduce and, if possible, to eradicate unemployment;
(3) To restore and extend communications;
(4) To provide housing facilities;
(5) To rehabilitate education;
(6) To provide public health-facilities;
(7) To reorganise administration with a view to secure, clean, willing and efficient ad-

www.burmeseclassic.com

www.burmeseclassic.com



ministrative service;

(8) To restore law and order.

He urged the people to try and solve their own problems. For this he rightly pointed out co-operation, as the classic method of the people. Bogyoke Aung San, in the task of building a New Burma, mobilized all sections of the people to work. The people responded to the call, singing the Song of Rehabilitation.

But on 19 July, 1947, Burma's greatest tragedy was enacted in the Secretariat. At 10.37 a.m. Bogyoke Aung San and his colleagues were assassinated. The father of the country, Bogyoke Aung San, together with Thakin Mya, Sao San Htun, U Ba Cho, U Razak, Mahn Ba Khaing and U Ba Win - all great leaders of Burma, were killed.

It is now 28 years since our great leaders have fallen. We still recall that they were assassinated while they were discussing measures to re-construct the country and build a New Burma in a New World.

***The Guardian (September-1975)***

www.burmeseclassic.com

www.burmeseclassic.com



# AUNG SAN'S WAY TO NATIONAL UNITY

## Ye Htun (Sitpyinnya)

BOGYOKE AUNG SAN, the founding father of our country was also the founder of the Anti- Fascist People's Freedom League (A.F.P.F.L).

The two main aims and objects of the League now defunct were: (1) to fight Fascism with or without outside help, and (2) to win back Burmese independence.

After the conclusion of the Russo-Japanese War in 1905, Japan was, quite naturally, looked upon in the East as the champion of Asian countries. It was thought, not without good reason, that Japan would help Burma attain her cherished goal.

When the Second World War broke out in South-East Asia on 8th December 1941, the thirty burmese young men abroad started coming into Bangkok from October 1941. These young men popularly known as the Thirty Comrades formed the burma Independence Army which fought the British side by side with the Japanese Army.

TRUE FASCIST COLOURS

The Japanese, first of all, posed themselves as friends of the Burmese but no sooner had they occupied Burma, with the support of the Burmese, than they began to show their true Fascist colours. The Burmese independence recognized by Japan and other Fascist countries as also by their satellites was, to say the least, an eyewash.

So the whole Burmese people, whose cherished goal was complete national independence, began to resist the Japanese in numerous ways. The Burma National Army, the Communist Party, the Socialist Party, the East Asia Youth League, a considerable section of the Mahabama Organization, the Myochit Party, the Fabian Party, the Thakin Party, the Sangha Asiayone, and members of the Kachin, Chin, Arakan and other national groups began to struggle each in its own way against the Japanese Fascists.

UNITY OF ACTION

www.burmeseclassic.com

www.burmeseclassic.com



Bogyoke Aung San realized the necessity for unity of action among the parties and national groups. Bogyoke Aung San stated, "At the beginning of August, I think 4th to 7th August in Pegu, after months of exchange of views, the communist representatives and I met together, discussed and approved my proposal for the Anti-Fascist People's Freedom League and the draft of its first manifesto and evolved a plan of action together."

Thus, in August 1944, under Bogyoke's leadership, the Anti-Fascist People's Freedom League was formed and coordinated action against the Japanese became possible.

If we considered how the Anti-Fascist Forces of the whole country were organized into one Anti-Fascist People's Freedom League, we would clearly see the organizational skill and sense of unity of our fallen leader Bogyoke Aung San. It was with this organizational skill and sense of unity that Bogyoke Aung San led the Anti-Fascist Forces of our country to defeat the Japanese Fascists and to also get the whole nation poised for the coming struggle for independence against the British Imperialists.

The following proposal put forward by Bogyoke Aung San himself at the A.F.P.F.L Conference, held at the middle terrace of the Shwedagon Pagoda on January 23, 1946, will serve as an illustration of his leadership quality and qualifications:

## UNITY FOR COMMON GOAL

"For Burma, national unity is of paramount importance. It is through national unity that the people of Burma will be able to exercise their right of self-determination and determine their constitution by the convention of a Constituent Assembly. Unity can only be achieved on the basis of common interest, common 'goal' and common work or programme. The working people should unite themselves on the principles of unity. There should be only one organization for the workers here in Burma. All peasants and farmers of various hues, based on the aforesaid principles of unity, are to be united as members of the single organization of the peasants' union. Likewise, the people from all walks of life (for example, traders, brokers, clerks, technicians, pleaders, etc.) forming their respective organizations and cooperative societies, need to be united.

"All the indigenous racial groups of the country are also to be united with their respective communities.

## MERGER OF PARTIES

The Political parties of the same ideology and programme should be merged so as to enhance their political status and national unity. So also the racial and mass organizations of workers, peasants and so forth are to build up the national unity collectively.

"The above mentioned political parties, racial communities, mass organizations of workers and peasants that have common interest, common goal, common work or programme are now to join the A.F.P.F.L and strengthen the national unity in the noble task of liberating our country from the British colonial rule and win our birthright of freedom and independence."

The Conference accepted Bogyoke Aung San's proposal. Bogyoke explained his proposal in detail. He made it clear that the unity he wanted must not merely be of a party or racial group's unity. It must be the whole nation's unity. It was only through such unity that our national aspiration of complete independence for Burma could be accomplished.

## PERSONAL GROUPS

He made an impartial remark on the old

www.burmeseclassic.com

www.burmeseclassic.com



political parties of the past. He said these were not political parties, but personal groups. In future all political parties of the same ideology and programme should be merged so that only one political party of international standard could emerge here in Burma, Bogyoke emphasized.

If we now review Bogyoke Aung San's proposal, it will serve not only as an illustration of his great leadership but also as a clear indication of his way to national unity.

*The Guardian (Aug-197*

www.burmeseclassic.com

www.burmeseclassic.com



# BOGYOKE

## Maung Aung

Undoubtedly the greatest disaster that has befallen the nation is the passing away of U Aung San in the way he did. As yet, he is too near us in time for his true form to be perceived amidst the dazzle which our hopes and our fears have arrayed him. But even now, certain achievements of his stand out. He has, by his personal strength and integrity, achieved what no other leader of modern Burma has ever achieved-given coherence and direction to the confused mass of Burmese sentiment. This may not, at first sight, seem a very great achievement in a country where, traditionally, personalities rather than policies have dominated the political scene. But the appearance, perhaps for the first time in Burmese history, of parties dedicated to the pursuance of definite policies must have sent him the way of the high quavering prophets of old, if he had merely been one.

Moreover, he had become the symbol of Burmese freedom. Symbolism may have its detractors, and where their attacks may else where have been justified, there is no denying the fact that the first, though not necessarily the prime, need of society is for a symbol. This being so, Bogyoke's untimely death, disastrous to the nation in all other ways, may yet be utilised in the national interest, as no doubt he would have desired, so that where that dynamic personality and that hard worked brain have been laid to rest, his death-less spirit may still be guiding the helm of state. And it may well be that Bogyoke, dead, may even be more potent than Bogyoke, alive, divested as he now is of the frail vesture that clothes humanity.

Some people live long by dying late, but he he will live the life time of the Burmese nation.

ရန်ကုန်တက္ကသိုလ် နှစ် ၅၀ (၁၉၂၀-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# လွတ်လပ်မှုအရသာ ဗိုလ်ချုပ်နှင့် ကျွန်တော် မဂိုလမ်း ပလာတာဆိုင်မှာ

## ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင် (ရွှေတူ)

မှတ်မိပါသေးသည်။ ကန်တော်ကြီးစောင်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ် အပေါ်ထပ်ရုံးခန်းမှ ...

ကလင်... ကလင် ... ကလင် ဟူသော မြည်ဟည်းထွက်ပေါ်လာသည့် အရေးတကြီး ခေါင်းလောင်း အချက်ပေးသံသည် ကျွန်တော် (ဗိုလ်မင်းခေါင်)၏ ရုံးခန်းတွင်းသို့ ခုန်ပေါက်ဝင်လာသည်။

(၄) နာရီခွဲ ရှိနေပြီဖြစ်၍ ရုံးဆင်းရန် ရုံးခန်းတွင် အလုပ်များကို လက်စသတ် သိမ်းဆည်းနေဆဲဖြစ်သည်။

အားလပ်ချိန်ရောက်တော့မည်ဖြစ်၍ ပေါ့ပါးနေသော ကျွန်တော်၏စိတ်သည် အရေးပေါ်ခေါင်းလောင်းသံကြောင့် ခေါင်းနားပန်းကြီးသွားပါသည်။ ထိုခေါင်းလောင်းသည် အထူးအရေးကြီးမှခေါ်ရန်၊ အချက်ပေးရန် တပ်ဆင်ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် အခန်းဝတွင်ရှိနေသော "တပ်ကြပ်ကြီးမောင်ဖေ"ကို လိုအပ်လျှင် အဆင်သင့်ရှိနေစေရန် တပ်စိတ် (၂)စိတ်ကို အသင့်ပြင်ပြီး စောင့်နေပါဟူသော အမိန့်ကိုပေးရင်း ဗိုလ်ချုပ်ရှိရာ အပေါ်ထပ် ရုံးခန်းသို့ အပြေးအလွှားတက်သွားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းမှုကား အေးဆေးစွာဖြင့် လက်စ မပြတ်သေးသည့် အလုပ်များကို စိတ်ဝင်စားစွာဖြင့် လုပ်နေဆဲပင်ရှိနေသေးသည်။

အထူးအရေးကြီးခေါင်းလောင်းသံကြောင့် အပြေးတက်လာရသူ ကျွန်တော်ကား အမောမပြေ စိတ်အိုက်မောနေလင့်ကစား သူကတော့ လှည့်ကြည့်ပေါ်ပင် မ...သေးပါ။

ကျွန်တော်လည်း အကြောင်းမထူးတဲ့ "အထူးအချက်ပေး ခေါင်းလောင်း"ကို နှိပ်ပြီး အေးစက်လှုပ်...မကျေနပ်နိုင်၍ ဗိုလ်ချုပ်က စကားစသည်ကို မစောင့်နိုင်တော့ဘဲ ...

"ကိုကြီး ... ဘာများ အရေးကြီးလို့ အထူးအချက်ပေးခေါင်းလောင်းကို နှိပ်ရတာလဲ၊ ကိုကြီးကြည့်တော့လည်း ဘာအကြောင်းမှမရှိသလို အလုပ်လုပ်နေတာပဲ"

ထိုအချိန်မှ ကျွန်တော့်ကို မော့ကြည့်၍ ပြုံးပြီးလျှင်...

"အေး...ငါလည်း ရိုးရိုးခေါင်းလောင်း တီးလိုက်တာပဲ ... လက်က မှားပြီး အချက်ပေးခေါင်းလောင်းကို နှိပ်လိုက်မိလို့ကွ၊ ခေါ်ပြီးသားဖြစ်နေလို့ တယ်လီဖုန်းထပ်ပြီး မဆက်တာဘဲ ... မင်းအပြေးတက်လာတော့ အတော် မောသွားသလား" ဟုပြောရင်း ထပ်၍များများ ပြုံးလိုက်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ ... ခင်ဗျားကတော့ မေသွားသလား မေးတာပဲ၊ ကျွန်တော့်မှာတော့ မေရုံဘယ်ကမလဲ ... ဘာများဖြစ်ကုန်ပြီလဲလို့ ... အတော့်ကို စိတ်ပူသွားတာပဲ"

"ဆောရီးကွာ ... ဆောရီးပဲ"ဟု ပြောရင်း ကျွန်တော့်ကို စိုက်ကြည့်လိုက်ကာ ...

"ကဲ ... ကဲ အမောပြေ ထိုင်လိုက်ပါဦး၊ ငါလည်း အလုပ် လက်စသတ်လိုက်ဦးမယ်"ဟု ပြောရင်း အလုပ်ဆက်လုပ်နေပြန်သေးသည်။

ကျွန်တော်လည်း အမောထိုင်ဖြေရင်းက သူ့အလုပ်လုပ်ဟန်ကို ငေးကြည့်နေမိသည်။

ဗိုလ်ချုပ်လည်း အလုပ်ကို အစ သတ်လိုက်ပြီးနောက် ...

'ဟေ့ ... ဒီညနေ မင်းမှာ ချိန်းထားတာများ ရှိသေးသလား'ဟု ပြုံးရင်းမေးသည်။

'ဘာမှ ချိန်းထားတာတော့ မရှိပါဘူး။ ဒီနေ့အားလို့ လျှောက်ပြီး မိတ်ဆွေတွေအိမ်လည်မလားလို့'

'အေး ... ငါလည်း ဒီနေ့ဘာမှ မလုပ်ဘဲ နားမလို့ စိတ်ကူးထားတယ်၊ ကောင်းတဲ့အစားအစာတစ်ခုလည်း ထွက်ပြီးစားရင်း မြို့ထဲလျှောက်ငေးမလို့ ... မင်းလိုက်ခဲ့ပါလား"

'ကိုကြီးသွားရင်တော့ ... ကျွန်တော့်ဝတ္တရားပဲ လိုက်ရမှာပေါ့'

'ဒါတော့ ဒါပေါ့ကွာ ...

လူကြီးဆိုတာ ကိုယ့်လူငယ်အတွက်လည်း အလိုက်သိစွာ လွတ်လပ်ခွင့်တော့ ပေးဦးမှပေါ့'

'ဒီလိုစိတ်ထားရှိလို့ ဝမ်းသာပါတယ်ဗျာ ... ဒါပေမဲ့ ကိုကြီးတစ်ယောက်တည်း စိတ်မချတော့ ဒီပြင်လူတွေနဲ့ မလွှတ်ချင်ဘူး"

'ဟုတ်ပြီဟေ့ ... မင်းအပြောလေးကြိုက်သွားပြီ၊ ကဲ ... အဆင်သင့် လုပ်ထားကွ၊ အရပ်ဝတ် အရပ်စားနဲ့ အပြင်သွားမှာ ... ယူနီဖောင်းချွတ်ခဲ့'ဟု ပြောပြောဆိုဆို သူလည်း သူ့အိပ်ခန်းဘက်သို့ ကူးသွားလျက် အဝတ်များ လဲနေသဖြင့် ...

ကျွန်တော်လည်း ရုံးခန်းသို့ ပြန်ဆင်းလာကာ အသင့်ရှိပြီးသော ရှပ်လက်တို၊ ချည်လုံချည်များကို လဲလိုက်သည်။

အပြင်ထွက်သည့်အခါ အရေးတကြီး လိုလျှင် သုံးနိုင်ရန် မောင်းပြန် မော်ဇာသေနတ်ကို လက်ဆွဲအိတ်တွင်းထည့်၍ ပြင်ဆင်လိုက်ပြီးနောက် ...

ကျွန်တော်နှင့် အဖော်အဖြစ်အတူ လိုက်ပါရန် တပ်ကြပ်မောင်ဖေနှင့် ရဲဘော်ချစ်လှိုင်အား အရပ်ဝတ်များ လဲခိုင်းလိုက်သည်။

ဗိုလ်ချုပ် ကား၏အလံတိုင်ကိုလည်း ဖြုတ်လိုက်သည်။ အဆင်သင့်လိုလျှင် သုံးနိုင်ရန် ကားနောက်ပိုင်းတွင် စက်သေနတ်ငယ်(၂) လက်ကို ယူဆောင်ရန် ရဲဘော် ၂ ဦးအား အမိန့်ပေးလိုက်ပါသည်။

များမကြာမီ ရှပ်အင်္ကျီလက်ရှည်ကို လက်ခေါက်လျက် မန္တလေးပိုးလုံချည်တစ်ပတ်နွမ်းကို ဝတ်၍ ပြုံးရွှင်စွာ ဆင်းလာသည့် ဗိုလ်ချုပ်က ...

'ဟေ့... ဗိုလ်မင်းခေါင်ရေ... အဆင်သင့်ဖြစ်ပြီလား'

'ဟုတ်ကဲ့ ကိုကြီး...သွားနိုင်ပါပြီ'ဟု ပြန်ဖြေလိုက်ကာ သူ့အား လှေကားမှ ကြိုဆိုလိုက်သည်။

ဆင်ဝင်အောက်တွင် ရပ်ထားသည့် သူ၏ကားနီကြီးပေါ်သို့တက်ရန် ကားတံခါးကို ဖွင့်ပေးလိုက်သည်။ သူသည် ပေါ့ပါးစွာ ကားတွင်းသို့ ဝင်ထိုင်လိုက်သည်။ ကျွန်တော်လည်း သူ၏ဘေးဘက်တွင် ဝင်ထိုင်လိုက်ပါသည်။ ကျွန်တော် နေရာယူပြီးသည့်အခါ...

'ရဲဘော်တွေ ဘာလို့ခေါ်လာတာလဲ ...'ဟု ကျွန်တော့်ဘက်သို့ လှည့်၍မေးလိုက်ပါသည်။ ရဲဘော်များပါလာသည်ကို သူ ကြိုက်ဟန် မတူပါ။ သူ လွတ်လပ်စွာ သွားလိုစိတ်ရှိပုံရပါသည်။ သူ့သဘောကို သိသော်ငြားလည်း သူ၏လုံခြုံမှုမှာ ကျွန်တော်၏ တာဝန်ဖြစ်နေ၍ သူ့ကို ပြုံး၍ကြည့်လိုက်ပြီး ...

'ကိုကြီးကလည်း ... ဒါ ကျွန်တော့်တာဝန်ပဲဟာ၊ ကိုကြီး စိတ်ကြိုက်သလိုနေပါ၊ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့'

'အေးလေ .. ဒီလိုဆိုလည်း ပြီးရောပေါ့၊ ငါကတို့နှစ်ယောက်တည်းဆိုပိုပြီး လွတ်လပ်မလားလို့ပါ'

'လွတ်လွတ်လပ်လပ်ဆိုတာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ လုံခြုံမှုရှိမှ ကောင်းတာပေါ့ ကိုကြီး'

'အေး ... ဒါကတော့ မင်းက ဆရာပဲဟာ .. ဒဲ

www.burmeseclassic.com



သွားစို့၊ကားကို ကန်တော်ကြီးတစ်ပတ်လျှောက်မောင်းပြီးတော့ ... အင်းလျားတစ်ပတ်၊ အဲဒီကမှ မဂိုလမ်း ဗလီကြီးအောက် သွားရအောင်ဟု သူ့စိတ်အလိုကျ ဖွင့်ဟလိုက်ပါသည်။

ကားမောင်းရဲဘော်သည် သူ့စိတ်ကြိုက်အတိုင်း ကားကို ဖြည်းညင်းစွာ မောင်းလျက် အပန်းဖြေပွဲကြီး စတော့သည်။

သာယာသော ညနေခင်း၏ ဤတိမ်လိပ်တို့သည် ကန်တော်ကြီးအား လွှမ်းမိုးခါ၊ အုပ်ဆိုင်းပြေးလွှားနေဆဲ ဗိုလ်ချုပ်သည် လေညင်းခံရင်း အသက်ကို မှန်မှန် ရှူရှိုက်လုပ်ကာ သူ့ခေါင်းကို နောက်ပိုင်း ကူရှင်ပေါ်မှီရင်း ... တစ်နေ့လုံး စိတ်မောလက်မောဖြစ်နေခဲ့ရသည်ကို ဖြေနေဟန်ရှိသည်။

ထို့ကြောင့် သူ့အား စိတ်အနှောင့်အယှက် မဖြစ်စေရန် သူ၏စိတ်ကြိုက်အတိုင်း လွှတ်ပေးထားလိုက်သည်။

သွားလိုရာခရီး ပတ်ဝန်းကျင်၏ ရန်ကင်းရှင်းမှုရှိအောင်သာ ကျွန်တော်တို့၏ မျက်စိ နားများကို အလုပ်ပေးထားကြပါသည်။

ကားနီကြီးလည်း များမကြာသော အချိန်ပိုင်းတွင် ဆူးလေဘုရားကြီးကို ပတ်လျက် မဂိုလမ်းရှိ ဗလီကြီးအောက် ကုလားဆိုင်ကြီးသို့ ဆိုက်ရောက်သွားပါသည်။

ကျွန်တော်ကားပေါ်မှ အရင် ဆင်းလိုက်ပြီးလျှင် သူ့အား တံခါးဖွင့်ပေးလိုက်သည်။

သူလည်း ကားပေါ်မှ ဆင်းရင်း "တို့ ငါးယောက် အတူတူ စားနိုင်မယ့် ချောင်ကျတဲ့ စားပွဲတစ်ခုရွေးကွ..."

သူက ရဲဘော်စိတ် ပီသသည့် အမူအရာကို ပြလိုက်သည်။ ဗိုလ်ချုပ်စိတ်ကြိုက်နှင့် ကိုက်ညီအောင် သင့်လျော်သောနေရာစားပွဲတစ်ခုကို ကျွန်တော် ရွေးလိုက်ပါသည်။

ကျွန်တော်တို့ရဲဘော်ငါးဦးဝိုင်းထိုင်လိုက်ချိန်၌ စားသောက်ဖွယ် စာရင်းကို ယူသော ကုလားလေးသည် ရောက်လာသည်။ စားသောက်ဖွယ် စုံလင်စွာ ငါးဦးအတွက် လောက်အောင် ကျွန်တော် မှာလိုက်သည်။

ဗိုလ်ချုပ်သည် သူ၏ဆန္ဒအလျောက် လွတ်လပ်မှု ရရှိပြီး သူစားသောက်လိုသည့်ဆိုင်တွင် လွတ်လပ်စွာ ရောက်ရှိနေသဖြင့် အတော်ပီတိဖြစ်နေဟန်ရှိသည်။

သူ ကျေနပ်နေဟန် ပီတိဝေဖြာ နေပုံများကြောင့် ကျွန်တော်တို့ ရဲဘော် ၄ ဦးမှာလည်း ဝမ်းသာမဆုံး ရှိနေဆဲမှာပင် ...

မှာယူထားသော စားကောင်းသောက်ဖွယ်များသည် အစီအရီ စားပွဲပေါ်သို့ရောက်ရှိလာသည်။

ကျွန်တော်တို့ ၅ ဦးလည်း စိတ်၏ပျော်ရွှင်မှု၊ လွတ်လပ်မှု၊ သဘာဝ ပတ်ဝန်းကျင် အေးချမ်းမှုတို့ကြောင့် စားသောက်ဖွယ်တို့သည် ပိုလို့ပင် အတော်ခံတွင်းတွေ့စွာနှင့် စားသောက်မိကြသည်။

ရဲဘော် ၃ ဦးလည်း ဗိုလ်ချုပ်၏စိတ်ရင်းကို သိပြီးဖြစ်သဖြင့် ရှက်ဟန် ကြောက်ဟန် မရှိကြဘဲ ရဲဘော်ပီပီ စားနေသည်ဟု ယူဆထားကြပြီးဖြစ်၍ သူတို့လည်း ရဲရဲရင့်ရင့် အားမနာ၊ လက်မရှက် စားသောက်ကြပါသည်။

ဗိုလ်ချုပ်သည် ရဲဘော်တို့၏ ကျေနပ်ပျော်ရွှင်စွာ စားသောက်ပုံများကို တွေ့နေရ၍ ပိုလို့ပင် စိတ်ကျေနပ်နေသည်။ သူလည်း အားပါးတရ တဝစားရုံတင်မက လိုအပ်နေသော အစားအစာများကို ထပ်မံ၍ပင် ကျွန်တော့်အား မှာခိုင်းပါသည်။

စားပွဲထိုး ကုလားငယ်ကို လှမ်း၍ ခေါ်လိုက်ပါသည်။

ကုလားငယ်ရောက်လာသည့်အခါ လိုအပ်သော စားသောက်ဖွယ်များကို ထပ်မံ မှာယူလိုက်သည်။

စားဖွယ်များ စားပွဲတွင် ပြည့်သွားပြန်သည်။

ဗိုလ်ချုပ်က ကြက်ကင် ရင်အုပ်သားကို ဖဲ့ရင်း — "ဟော့ ... အဝသာစားကြ၊ အိမ်ကြ ထမင်းလွတ်ပေါ့ကွ" ဟု ပြောရင်းပင် ဆက်လက်စားသောက်နေသည်။

ရဲဘော်များဖြစ်ကြသည့်အလျောက် လက်ကျည်းလှပါသည်။ မကြာသောအချိန်တွင် မှာယူထားသော စားသောက်ဖွယ်များ ကုန်ပါပြီ။

'ကဲ ... ဖာလူဒါ ကောင်းကောင်းလေးများလည်း မှာဦးမှပေါ့ဟု ...' ဗိုလ်ချုပ်အသံကြောင့် နံဘေးရှိ ဖာလူဒါဆိုင်သို့ စပါယ်ရှယ် ဖာလူဒါကို မှာပေးရန် ကုလားလေးကို ပြောလိုက်သည်။

ကုလားလေး ယူဆောင်လာသည့် လက်ဆေးရေများဖြင့် ဆေးကြော သုတ်သင်ပြီးလျှင် လာလတ္တံ့သော ဖာလူဒါကို စောင့်မျှော်နေကြသည်။

ဖာလူဒါလည်း စပါယ်ရှယ်မှာခိုင်းသဖြင့် ရိုးရိုး

www.burmeseclassic.com

www.burmeseclassic.com



အလှူဒါထက်ကောင်းလှသည်။ ထို့ကြောင့်ပင် နောက်တစ်ခွက်စီလောက်မှ ဗိုက်ပြည့်သွားမှာ ဗိုလ်မင်းခေါင်ရဟု ဗိုလ်ချုပ်၏ ရေလာမြောင်းပေး စကားကြောင့် ထပ်မံမှာယူရလေသည်။

စားသောက်ပြီး၍ အားလုံးတော့ အဆီယစ်ကုန်ကြပါပြီ။

ပျော်ရွှင်မှု၊ လွတ်လပ်မှု၊ ပတ်ဝန်းကျင်၏ သွားလာလှုပ်ရှားမှုများကြောင့်လည်း စိတ်ချမ်းသာဆဲပင်ဖြစ်ပါသည်။

စားသောက်ပြီးသောအခါ ဗိုလ်ချုပ်လည်း ဆိုင်ရာမှ ထ၍ ...

'ကဲ ... ဒီလောက်ဆို တော်ပြီ၊ ကမ်းနားဘက်က လှည့်ပြီး အိမ်ပြန်ကြစို့ ...'ဟု ပြောပြောဆိုဆို ထိပ်ချွန်လေးကို ပွတ်ရင်း ကားဘက်သို့ လျှောက်သွားသည်။

ရဲဘော် အောင်ဖေ၊ ရဲဘော်ချစ်လှိုင်နှင့် ကားမောင်းရဲဘော်တို့လည်း ကပ်၍ လိုက်ပါသွားသည်။

ကျွန်တော်သာ စားပွဲတွင် ကျန်ရစ်ခဲ့သည်။

ဗိုလ်ချုပ်ကို လှမ်း၍ ကြည့်မိသည်။ ကားမောင်းရဲဘော်သည် ရှေ့မှ အပြေးလေးသွား၍ တံခါးဖွင့်ပေးသည်။

ရဲဘော်အောင်ဖေနှင့် ရဲဘော်ချစ်လှိုင်လည်း ကားတစ်ဖက်စီမှ ရပ်စောင့်နေသည့် ရှကွင်းကို မြင်တွေ့ရသည်။ ထိုဖက် ရှကွင်းမှ ဆိုင်ဘက်တူရှုသို့ လှည့်ကြည့်လိုက်စဉ် ...

အေးနေသော ခေါင်းသည် ပူလာသည်။ တခြားတော့ မဟုတ်ပါ။

ကျွန်တော် အိပ်ကပ်ကို စမ်းကြည့်မိ၍ ဖြစ်ပါသည်။ အိပ်ကပ်တွင် ပိုက်ဆံအိတ် မတွေ့၊ အသပြာများလည်း တစ်ချပ်မှ မစမ်းမိ။ ပိုက်ဆံပေးချေဖို့ အခက် တွေ့နေ၍ ဖြစ်ပါသည်။

စားသောက်ထားသည့် ကျသင့်ငွေ ဘယ်လိုပေးရမလဲ မသိ ...၊ ဗိုလ်ချုပ်တွင်လည်း ပိုက်ဆံပါလာဟန်မတူ၊ ထို့ကြောင့် ကျွန်တော့်အား မပေးခဲ့ခြင်းဖြစ်သည်။

ခေါင်း ပို၍ ပူလာသည်။ မျက်လုံး ကစားရင်း ဥဏ်နီ ဥဏ်နက် ထုတ်နေရသည်။

ဗိုလ်ချုပ်လည်း 'ကျွန်တော်ဘာများလုပ်နေသလဲ' ဟု လှမ်းကြည့်နေသည်။

'သူကတော့ ဘာမျှမသိရ အေးအေးပင်'

စားပွဲထိုး ကုလားငယ်က ကျသင့်ငွေစာရင်း စာရွက်ကို ယူလာပါသည်။

သူ့အတွက် ဘောက်ဆူးပါ များများပေးဖို့ စကားစ လိုက်သည်။

'သူပေးလာသည့် ငွေစာရင်းကို ယူ၍ စားပွဲတွင် ထိုင်နေသော ဝဝဖိုင့်ဖိုင့် ငွေသိမ်းသည့် အရာကြီးနားကပ်၍ ...'

'ကျွန်တော့်နာမည်ကို ပြောပြလိုက်ပြီးနောက် ငွေမေ့ကျန်ရစ်သည့်အတွက် စိတ်မရှိဖို့ တောင်းပန်လျက် ...' လက်တွင်ပတ်ထားသည့် 'အိုမီဂါ' နာရီကို အရာကြီး၏ ကောင်တာပေါ်သို့ တင်လိုက်ကာ ...'

'ခဏ ... ယူထားလိုက်ပါ"ဟု တောင်းပန်ရင်း ကားဆီသို့ လာခဲ့ပါသည်။ ဆိုင်ထိုင် အရာကြီးသည် ကျွန်တော် 'ဗိုလ်မင်းခေါင်'ပါဟု ပြောခဲ့သဖြင့် သူ့နံဘေးရှိ ဆိုင်ပိုင်ရှင်အား လှမ်း၍ အကျိုးအကြောင်း ပြောပြလိုက်ရာ ...

ဆိုင်ပိုင်ကုလားကြီးသည် ကျွန်တော့်ကို သိဟန်တူပါသည်။ ကျွန်တော် ထားခဲ့သော နာရီကို ယူ၍ ကားဆီသို့ လိုက်လာပါသည်။

ကားနားသို့ရောက်သောအခါ လှမ်း၍နာရီကို ပေးရင်း ...

"ကိစ္စမရှိပါဘူး ဗိုလ်ကြီး၊ လမ်းကြုံတော့လည်း ပေးပေါ့ ... ကျွန်တော် ဆပ်ကို သိပါတယ်" ဟု ပြောလာသည်။

ကြာနေမည်စိုး၍ စကားကြော မရှည်တော့ဘဲ နာရီကို လှမ်းယူလိုက်ပြီးနောက် ကားကို ကမ်းနားလမ်းဘက်ဆီသို့ မောင်းရန် ရဲဘော်အား ပြောလိုက်ပါသည်။

ဗိုလ်ချုပ်ကား ဖြစ်ရပ်များကို ကြည့်လျက် တွေးနေဆဲ ငေးနေတုန်းပင် ... ကျွန်တော်လည်း ကြုံတွေ့ဖြစ်ခဲ့ရပုံကို ကျိတ်၍ ဝမ်းထဲတွင်ပင် ရယ်နေမိသည်။

ဗိုလ်ချုပ်သည် ကျွန်တော်ကို လှည့်ကြည့်လိုက်ရာမှ ...

'ဟေ့ ... ဗိုလ်မင်းခေါင် မင်း ပိုက်ဆံပေးခဲ့ရဲ့လား' ဟု မေးပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကား ရီးသားသည်။ သူများလောက် အရိပ်အကဲကို ဂရုမစိုက်။

ကျွန်တော်က ပြုံးရယ်ရင်း ... 'ဘယ် ပေးခဲ့ရမလဲ ကိုကြီး ... ကိုကြီးကလည်း ပိုက်ဆံမပေး၊ ကျွန်တော်ကလည်း အကျီလဲခဲ့တော့ ပိုက်ဆံအိတ်ကို စားပွဲပေါ်တင်ထားခဲ့မိတယ်။ ဒါကြောင့် ခုနက နာရီကို အပေါင်အဖြစ်ပေးခဲ့တာပေါ့ ...'

'ဟုတ်လား ... မင်းကတော့ လုပ်ကရော့မယ်၊ ငါကလည်း မင်း ပိုက်ဆံ ယူလာမလားဆိုပြီး ဒီအတိုင်း ထွက်လာတာကွ'

'ကဲပါ ... ဒါတွေ မေ့လိုက်ပါတော့၊ ပြီးမှ ကျွန် လာရှင်းပါ့မယ်။ ကောင်းတဲ့ ညနေခင်း အရသ ခံစားမှုတွေ ပျက်ကုန်ပါဦးမယ်' ဆိုမှ မအောင့်နိုင် သော ရယ်ခြင်းဖြင့် အားလုံးသည် ရယ်မောလိုက်ကြ သည်။

ကားနီကြီးကား တာဝန်သိသိ ကမ်းနားဘ မောင်းနှင်နေတုန်းပင်။ ။

ပြည်သူ့ကြယ်၊ အမှတ် ၂၂ (၁-

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းနှင့် ဓနသဟာယ

ဗိုလ်ဥတ္တမကျော်

ဗိုလ်ချုပ်အောင်ဆန်းနှင့် စပ်လျဉ်း၍ "လော့ဒ်အက်တလီ" ၏ ပြောကြားသော စကားတစ်ခွန်းကို ကျွန်တော် အနည်းငယ် သံသယရှိမိပါသည်။ "လော့ဒ်အက်တလီ" က သူ၏ "ဓနသဟာယအဖွဲ့မှ နိုင်ငံများ" စာအုပ်တွင် သူ၏လေဘာအစိုးရ တက်လာပြီးနောက် မြန်မာပြည်အား လွတ်လပ်ရေး ပေးရတော့မည်ဖြစ်၍ မြန်မာ့နိုင်ငံရေးခေါင်းဆောင်များကို ထိုကိစ္စအတွက် ဆွေးနွေးရန် ဗြိတိန်သို့ ဖိတ်ကြားခဲ့ကြောင်း၊ ထို့နောက် သူက မြန်မာကိုယ်စားလှယ်များအား မြန်မာပြည်သည် ဗြိတိသျှဓနသဟာယပြည်ထောင်စုအတွင်းမှာ နေလိုသည်ဖြစ်စေ၊ (သို့မဟုတ်) လုံးဝလွတ်လပ်ရေးကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားလိုသည်ဖြစ်စေ ကြိုက်နှစ်သက်သလို ပြုကြရန် လမ်းဖွင့်ပေးထားပါသည်ဟု ပြောဆိုခဲ့ပါကြောင်း၊ ကိစ္စပြီးစီး၍ မြန်မာကိုယ်စားလှယ်များ ပြန်သွားကြကြောင်း၊ ထို့နောက် သူတို့၏ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးအဖွဲ့တစ်ဖွဲ့လုံးနီးပါး လုပ်ကြံသတ်ဖြတ်ခံကြရကြောင်း၊ ဘုရင်ခံက ချက်ချင်း နောက်အစိုးရသစ်ဖွဲ့၍ ငြိမ်ဝပ်ပိပြားရေးရအောင် ထိန်းသိမ်းခဲ့ကြောင်း စသည်များကို ဖော်ပြပြီးနောက် အောက်ပါသံသယရှိဖွယ်ကောင်းသော စကားကို ဆက်လက်ရေးသားဖော်ပြထား၏။

"သို့ရာတွင် အစိုးရအဖွဲ့မှာ အတွေ့အကြုံနည်းပါးပုံရသူများလက်တွင်း ရောက်ရှိသွားသဖြင့် မြန်မာပြည်သည် ဗြိတိသျှဓနသဟာယအဖွဲ့မှ ခွဲထွက်၍ လွတ်လပ်သော သမ္မတနိုင်ငံ ထူထောင်ရန် ဆုံးဖြတ်လိုက်ကြလေသည်။ အောင်ဆန်းသာ အသက်ရှင်နေသေးမည်ဆိုလျှင် (ထိုကိစ္စ) အဖြစ်အပျက်များသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားဖွယ်ရာအကြောင်းများစွာ ရှိသည်ဟု ကျွန်ုပ် ထင်ပါသည်"

အထက်ပါ "လော့ဒ်အက်တလီ" ၏ ဖော်ပြချက်ကို တွေ့ရသောအခါ "အောင်ဆန်းသာ အသက်ထင်ရှားရှိနေသေးမည်ဆိုလျှင် အခြေအနေတစ်မျိုးတစ်ဖုံ ပြောင်းလဲဖွယ်ရာရှိသည်" ဆိုသောစကားကို ကျွန်တော်တို့ စဉ်းစားဆင်ခြင်မိပါသည်။ သူ့စကားအတိုင်းဆိုလျှင် "ဗိုလ်ချုပ်အောင်ဆန်းသာ မသေဆုံးခဲ့လျှင် မြန်မာပြည်သည် ဓနသဟာယအဖွဲ့ထဲမှ ခွဲထွက်မည်မထင်" ဟု တိတိလင်းလင်း မဆိုလိုက်သော်လည်း ဆိုဘိသကဲ့သို့ ရှိနေသောကြောင့် သွားလေသူ ဗိုလ်ချုပ်အောင်ဆန်းအတွက် စိတ်မကောင်းဖြစ်သွားမိပါသည်။ သို့ရာတွင် လော့ဒ်အက်တလီ၏ ရေးသားဖော်ပြချက်၌ ထိုသို့ ယူဆ

www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်အောင် အထောက်အထားသက်သေတစ်ခု ကိုမျှ မတင်ပြနိုင်ကြောင်း တွေ့မိပြန်သဖြင့် စိတ်အေးရ ပြန်ပါသည်။ ဤအယူအဆ ဖော်ပြချက်သည် ပေါ့ပေါ့ တန်တန်ကိစ္စ မဟုတ်ခြင်းကြောင့် လက်လှမ်းမီသမျှ အထောက်အထားများကို ရှာဖွေ၍ ဟုတ်နိုင်၊ မဟုတ်နိုင် ကို စူးစမ်းဆင်ခြင်ကြရန် လိုလာပါသည်။

ပထမဦးစွာ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော (ဖဆ ပလ)အဖွဲ့ချုပ်ကြီး၏ ၁၉၄၆ ၊ ဇန်နဝါရီလ အလယ် ပစ္စယံညီလာခံ ဆုံးဖြတ်ချက်များကိုလည်းကောင်း၊ အဆို ပါ ညီလာခံ၏ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းကို လည်းကောင်း လေ့လာကြည့်လျှင် မြန်မာပြည်သည် ဒိုမီနီယံအုပ်ချုပ်ရေးကို လုံးဝ လက်မခံနိုင်ကြောင်း ဖော်ပြ ထားခြင်းကို တွေ့ရ၏။ ထို့နောက် ၁၉၄၆ ခု၊ ဒီဇင်ဘာ လ ၈ ရက်နေ့၊ မြို့တော်ခန်းမတွင် ကျင်းပသော အင်္ဂလိပ် မြန်မာ ကပြားများအသင်းအစည်းအဝေး၌ ပြောကြား သော ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းပါ စကားအချို့ကို လည်း သက်သေထူရန် လိုပါသည်။ ယင်းအစည်း အဝေး၌ ဗိုလ်ချုပ်အောင်ဆန်းက ...

"လွတ်လပ်သော ဗမာပြည်သည် အကျိုးတူ ကောင်းစားရေး၊ အကျိုးတူ လုံခြုံရေးအတွက် အခြား တိုင်းပြည်များနှင့် ပူးပေါင်းစီစဉ်ရန် အသင့်ရှိပါသည်။ ဤစီစဉ်ရာ၌ ဗမာပြည်သည် ဗြိတိသျှ ဓနသဟာယ အတွင်းသို့ပါရန် သင့်၊ မသင့် ဆိုသည့်ပြဿနာမှာ ပထမ ဆုံးစဉ်းစားရမည့် ပြဿနာတစ်ရပ်အဖြစ် ပေါ်ထွက်လာ မည်ဖြစ်သည်။ ဗြိတိသျှဓနသဟာယ ဆိုရာ၌ ယနေ့ တည်ရှိနေသော ဓနသဟာယမျိုးကို ကျွန်တော် ဆိုလိုခြင်း မဟုတ်ဘဲ ပြောင်းလဲနေသော အခြေအနေများနှင့် အံဝင် ခွင်ကျဖြစ်နိုင်သည့် ပိုမိုကျယ်ပြန့်စွာ တည်ဆောက်ထား သော ဓနသဟာယကို တွေးမြင်၍ ပြောခြင်းဖြစ်ပါသည်" ဟု ပြောသွားလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စကား၌ လွတ်လပ်သောဗမာပြည်သည် ဗြိတိသျှဓန သဟာယထဲသို့ မုချပါဝင်မည်ဟု ဆိုထားသည်ကို မတွေ့ ရပါ။ စဉ်းစားသင့်သည်ဟု နိုင်ငံရေးပရိယာယ်အနေဖြင့် စကားကြိုတင်ပစ်ထားကြောင်း တွေ့ကြရ၏။ သူဆိုလို သော ဗြိတိသျှ ဓနသဟာယအဖွဲ့ ဆိုသည်မှာလည်း လက်ရှိအချိန်ကာလက တည်ရှိနေသော ဓနသဟာယ အဖွဲ့ကို ဆိုလိုသည် မဟုတ်ဟု ဆုတ်သာတက်သာ အောင် ချင့်ချိန်ပြောဆိုသွားကြောင်း တွေ့ရ၏။

ထိုစကားကို ပြောဆိုသောအချိန်တွင် ဗိုလ်ချ အောင်ဆန်း ဦးဆောင်သော (ဖဆပလ)ခေါင်းဆော အချို့သည် အစိုးရအဖွဲ့ထဲ ဝင်ရောက် တာဝန်ယူ ဆော ရွက်နေပြီဖြစ်၏။ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဗိုလ်ချ အောင်ဆန်း ကြီးမှူးသော အစိုးရအဖွဲ့သည် "ဗြိတိ အစိုးရအဖွဲ့က မြန်မာ့လွတ်လပ်ရေးနှင့် စပ်လျဉ် ကွဲကွဲပြားပြားကြေညာရန်၊ မကြေညာပါက ၁၉၄ ဇန်နဝါရီလ ၁ ရက်နေ့တွင် အစိုးရတစ်ဖွဲ့လုံး နုတ်ထ မည်" ဟူသော ကြေညာချက်ကို (ဖဆပလ)အဖွဲ့ချု ညွှန်ကြားချက်အရ ထုတ်ပြန်လိုက်ပါသည်။

ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ဗြိတိသျှအစိုးရ ဝန်ကြီးချုပ် လော့ဒ်အက်တလီသည် ဗြိတိသျှပါလီ အောက်လွှတ်တော်အစည်းအဝေး၌ "မြန်မာပြည် ဗြိတိသျှဓနသဟာယအတွင်းတွင်ဖြစ်စေ၊ အပြင်တွင် စေ လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုမည်" ကြေညာလိုက်ရပါသည်။ ထိုလွတ်လပ်ရေးကိစ္စအတွ အသေးစိတ် ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းတို့အ လန်ဒန်သို့လာရန် လော့ဒ်အက်တလီ က ဖိတ်ခေါ် လေသည်။ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆော သော ဘိလပ်သွား ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝ လ ၂ ရက်နေ့တွင် မြန်မာပြည်မှ စတင်ထွက်ခွာသွ ၏။

လန်ဒန်သို့ မထွက်ခွာမီ ဇန်နဝါရီလ ၁ ရက်နေ့ တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အသံလွှင့်ရုံမှ ပြည်သူလူထုအား အောက်ပါအတိုင်း အသံလွှင့် ကြားသွားသေး၏။

"အဲဒီလိုမြင်လို့ အကြည်အသာနဲ့ အာဏာ ပြောင်းနိုင်ကြတယ်ဆိုရင် နှစ်ပြည်တစ်ပြည် ရွှေလ လမ်းဖောက်နိုင်မှာမို့ သူတို့(ဗြိတိသျှ)အတွက် တောင် ကောင်းသေးတယ်။ ဒါကြောင့် သူတို့ (ဗြိတိ လည်း အကြည်အသာနှင့် ကျုပ်တို့လက်ကို အာ လွှဲအပ်တန်ကောင်းရဲ့လို့ အောက်မေ့ရတာပဲ။ လည်း ယခုတော့ ကျုပ်တို့ ဗြိတိသျှအင်ပိုင်ယာ ဝဲလ်နိုင်ငံစုထဲမှာ မနေချင်တဲ့ ဘယ်လူမျိုးကိုမဆို အ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ထားဖို့ မရည်ရွယ်ပါဘူးလို့ ပြောထားတယ်။ ဒီပြောဆိုချက်ဟာ ဘာမှမဟုတ်ဘူးလို့ ဆိုချင်လည်း ဆိုနိုင်တာပဲ။ တကယ်လက်တွေ့ကြတော့ လက်နဲ့ရေး၊ ခြေနဲ့ဖျက်သလိုလုပ်မှာပဲလို့ တွေးထင်နိုင်တာပဲ"

အထက်ပါ ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားချက်၌ ဗြိတိသျှဓနသဟာယအဖွဲ့ထဲမှ ခွဲထွက်၊ ခွဲမထွက်ဆိုသော ပြဿနာကို အထူးအလေးအနက် မထားကြောင်းနှင့် ကွန်မွန်းဝဲ့လ်(ဓနသဟာယ)ထဲမှာ မနေချင်ရင် ဆက်မထား၊ ခွဲထွက်နိုင်တယ်ဟုပြောသော ဗြိတိသျှတို့၏စကားကို သံသယဝင်နေကြောင်း သိသာနိုင်၏။

တစ်ဖန် ဘိလပ်သို့အသွား ဗိုလ်ချုပ်အောင်ဆန်းသည် အိန္ဒိယတွင် တစ်ထောက်နားပြီး ပဏ္ဍိတ်နေရူးနှင့် ဆွေးနွေး၏။ ဇန်နဝါရီလ ၅ ရက်နေ့တွင် ဒေလီအသံလွှင့်ဌာနမှနေ၍ အသံလွှင့် ပြောကြားသည်။ သူ၏ပြောကြားချက်၌ "ဒိုမီနီယံ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ဘာမှ ပြဿနာဖြစ်စရာမရှိ။ ဗမာပြည်သည် လုံးဝ လွတ်လပ်ရေးကိုသာ အလိုရှိသည်" ဟု အတိအလင်း ပြောသွားခြင်းကိုထောက်လျှင် ဗြိတိသျှ ဓနသဟာယထဲတွင် နေရန်ကိစ္စကို ဗိုလ်ချုပ်အောင်ဆန်းနှင့် (ဖဆပလ)အဖွဲ့ချုပ်က အမိကထား၍ မစဉ်းစားကြသေးဟု ယူဆနိုင်စရာရှိနေ၏။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်သို့ ၁၉၄၇ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့ညတွင် ရောက်ရှိသွား၏။ ၁၃ ရက်နေ့တွင် ဆွေးနွေးပွဲ စတင်ကြ၏။ ဆွေးနွေးပွဲတွင် လော့ဒ်အက်တလီက "မြန်မာပြည်ကို အမြန်ဆုံး လွတ်လပ်ရေးပန်းတိုင်သို့ အရောက်ပို့ဆောင်ပေးရန်မှာ မိမိတို့အစိုးရ၏ ရည်ရွယ်ချက်ပင်ဖြစ်ကြောင်း၊ မြန်မာပြည်သည် ဗြိတိသျှဓနသဟာယအဖွဲ့အတွင်းမှာ နေလို၊ မနေလို ဟူသောကိစ္စမှာ မြန်မာတို့၏သဘောအတိုင်းပင် ဖြစ်ကြောင်းဟူသော ဒီဇင်ဘာလ ၂၀ ရက်နေ့က ပါလီမန်တွင် မိမိပြောကြားခဲ့သော စကားကို ထပ်မံ သတိပြုကြစေချင်ကြောင်း၊ ဗြိတိန်နှင့် မြန်မာပြည်၏ နောင်အရှည် ဆက်ဆံနိုင်မည့် ချစ်ကြည်ရေးကို မိမိလိုလားပါကြောင်း" ဟု ပြောကြားလေ၏။ လော့ဒ်အက်တလီ၏ စကား၌ ဗြိတိသျှ ဓနသဟာယအတွင်း နေရန် အတိအလင်း မဆွဲဆောင်သော်လည်း အဖွဲ့အတွင်း၌ပင် နေစေလိုသော အရိပ်လက္ခဏာများ သက်ဝင်နေပုံရသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ပြန်ကြားချက်တွင် "ဝန်ကြီးချုပ်က ဒီဇင်ဘာ ၂၀ရက်နေ့ ပါလီမန် အောက်လွှတ်တော်တွင် ပေးခဲ့သည့်ကတိကို ထပ်လောင်းကြေညာသည်ကို ကြားရသည့်အတွက် ကျွန်ုပ်တို့ အားရ ဝမ်းမြောက်ပါသည်။ မြန်မာပြည်အား ဗြိတိသျှဓနသဟာယ အတွင်းတွင်ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ မိမိသဘော အတိုင်း လွတ်လပ်ရေးကို ရွေးချယ်ခွင့် ပေးရန်လည်းကောင်း၊ ကျွန်ုပ်တို့၏ လိုလားချက်များကို လျင်မြန်စွာ ရရှိရေးအတွက် ကူညီရန်လည်းကောင်း ကြံရွယ်ကြောင်း ပြောဆိုသည့်အတွက် ဘုရင်မင်းမြတ်၏အစိုးရကို ကျွန်ုပ်တို့က ကျေးဇူးတင်ပါသည်။ အမြင့်မြတ်ဆုံးသော ရည်ရွယ်ချက်များနှင့် ကျယ်ပြန့်သော ကျင့်စဉ်များပင်လျှင် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ရာ၌ တစ်ခါ တစ်ရံ မအောင်မြင်တတ်သည်ကို သမိုင်းတွင် တွေ့မြင်ရပါသည်" ဟု ပြောဆိုလေသည်။

ဗိုလ်ချုပ်အောင်ဆန်းက "မြင့်မြတ်သော ရည်ရွယ်ချက်နှင့် ကျယ်ပြန့်သော ကျင့်စဉ်များပင်လျှင် လက်တွေ့ဆောင်ရွက်ကြသောအခါ၌ တစ်ခါတစ်ရံ မအောင်မြင်တတ်ပါ" ဟု ဗြိတိသျှတို့က မြန်မာပြည်အား ကွန်မွန်းဝဲ့လ်(ဓနသဟာယ)ထဲတွင် နေစေလိုသောဆန္ဒသည် လက်တွေ့တွင် ဖြစ်မြောက်ရန်ခဲယဉ်းကြောင်း စောင်းပါးရိပ်ခြည်ပြောကြားလိုက်၏။ တိုက်ရိုက် မငြင်းဆိုသော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏စကားမှာ ဓနသဟာယအဖွဲ့ထဲတွင် ဝင်ရန် အလေးအနက် ယတိပြတ် စဉ်းစားခြင်းမရှိသေးကြောင်း ပေါ်လွင်နေ၏။ ဓနသဟာယထဲသို့ ဝင်မည်လည်း မပြော၊ မဝင်ဟုလည်း မဆိုဘဲ လှည့်ပတ်၍ စကားသုံးနှုန်းပြောဆိုလိုက်ပုံမှာ အလွန်"တာ"သွားကြောင်း တွေ့ရလေသည်။

ဆွေးနွေးပွဲမှာ အပေးအယူ သင့်မြတ်ကြပြီးလျှင် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အင်္ဂလိပ်မြန်မာစာချုပ်ကို လော့ဒ်အက်တလီနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ လက်မှတ်ရေးထိုးပြီးစီးသွားလေ၏။ ဇန်နဝါရီ ၂၈ ရက်နေ့တွင် ဗြိတိသျှစာရေးဆရာကြီး (မြန်မာပြည်အရေးပိုင်ဟောင်းတစ်ဦး) မောရစ်ကောလစ်သည် ဗိုလ်ချုပ်နှင့်အတူ ပါရှိသူ ဦးတင်ထွတ်က ဖိတ်ကြားသဖြင့် ဗိုလ်ချုပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆန်း တည်းခိုနေသော "ဒေါ်ချက်စတာ" ဟိုတယ်သို့ ရောက်ရှိလာပြီး ဗိုလ်ချုပ်နှင့် ညစာအတူစားကြ၏။ ညစာ စားနေစဉ် မောရစ်ကောလစ်က "မြန်မာပြည်သည် ဗြိတိသျှဓနသဟာယထဲမှာ နေမှာလား၊ မနေဘူးလား" ဟု မေးမြန်းကြည့်၏။

ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော်တစ်ဦးတည်း အနေနဲ့ပြောရရင် ဗြိတိသျှဓနသဟာယ အဖွဲ့ထဲနေရင် အကျိုးအမြတ်ရှိနိုင်မယ်လို့ မြင်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စမှာ မြန်မာလူထုက တခြားလမ်းကို ရွေးကြလိမ့်မယ်။ မြန်မာလူထုက အင်္ဂလန်ကို ဒိုမီနီယံနိုင်ငံများ ပြုမူသလို ကိုယ့်အမိနိုင်ငံလို့ သဘောထားကြမယ်မဟုတ်ဘူး။ ဗြိတိသျှအင်ပိုင်ယာထဲ နေရခြင်းကြောင့် လုံခြုံစိတ်ချမှု အတွက် အာမခံချက်မရှိဘူးဆိုတာက မြန်မာပြည်ကို ဂျပန် ဝင်တိုက်ခဲ့ခြင်းက သက်သေထူနေတယ်။ ဓန သဟာယထဲနေဖို့ မနေဖို့ဆိုတာကတော့ တိုင်းပြုပြည်ပြု လွှတ်တော်က ဆုံးဖြတ်ပေးပါလိမ့်မယ်" ဟု ပြန်ပြော လေသည်။

ဤနေရာတွင် ပရိယာယ်မရှိ တဲ့တိုးပြောတတ်လေ့ ရှိသော ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှအမျိုးသား တစ်ဦးဖြစ်သူ မောရစ်ကောလစ်၏ ခံစားရချက်ကို ထောက်ထားစာနာ၍ စကားကို ခံသာအောင် ဆင်ဆင် ခြင်ခြင်ပြောကြောင်း ထင်ရှား၏။ ဗြိတိသျှအုပ်စိုးမှုလက် အောက်မှ ရုန်းကန်ထွက်နေသော နိုင်ငံတစ်ခု၏ ခေါင်း ဆောင်တစ်ဦးအနေအားဖြင့် ထိုကိစ္စအတွက် ဗြိတိသျှ လူမျိုးတစ်ယောက်အား စိတ်ထိခိုက်ခြင်းမရှိအောင် ပြော ကြားရသည်မှာ လွယ်ကူလှသည်မဟုတ်ပါပေ။ လော့ဒ် မောင့်ဘက်တန်ကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ သောအခါ ဤမေးခွန်းမျိုးပင် မေး၏။ ဗိုလ်ချုပ်အောင် ဆန်းကလည်း သူတစ်ဦးတည်းအနေဖြင့် လိုက်လျော လိုကြောင်းမျှသာ အဆင်ပြေလည်အောင် ပြောခဲ့၏။ လူထုက ဒိုမီနီယံကို လက်ခံစေရန် မိမိ သွေးဆောင် ဖျောင်းဖျခဲ့လျှင် မိမိအား မိမိ၏(ဖဆပလ)အစိုးရက ဆန့်ကျင်လာပေလိမ့်မည်ဟု ပြောပြ၏။

ခြုံ၍ စဉ်းစားလိုက်သောအခါ လော့ဒ်အက်တလီ ထင်မြင်ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ အတိအကျ ကတိပေးမှုကို ရရှိထားခြင်း (ဝါ) ရရှိခဲ့ခြင်းမဟုတ် ကြောင်း သိသာနိုင်ပါသည်။ ထိုထက်ပို၍ သေချာစေ ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်မှ ပြန်လာပြီးနောက်တွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သော (က)ဖေဖော်ဝါရီ လ ၃ ရက်သတင်းစာ ရှင်းလင်းပွဲ (ခ) ဖေဖော်ဝါရီလ ၄ ရက် ဘိလပ်ပြန်မိန့်ခွန်း (ဂ) ဖေဖော်ဝါရီလ ၂၈ ရက် မြို့တော်ခန်းမ ဧည့်ခံပွဲမိန့်ခွန်း (ဃ) ဧပြီလ ၁၇ ရက် နှစ်သစ်ကူးမိန့်ခွန်းများနှင့် ဂျူဗလီပဏ္ဍာမညီလာခံမိန့် ခွန်းများကို ဆက်လက် လေ့လာသောအခါ၌ ဗြိတိသျှ ဓနသဟာယထဲနေရန်ထက် လွတ်လပ်သော သမ္မတနိုင်ငံ ထူထောင်ရန်ကိုသာ ပြောသွားကြောင်း တွေ့ရလေသည်။ သူသည် ထိုပြောကြားချက်များကို (ဖဆပလ)ဥက္ကဋ္ဌ အနေဖြင့် (ဖဆပလ)လမ်းစဉ်များအရ ပြောကြားခြင်း ဖြစ်သည်ဟု ယူဆရပါမည်။

ထိုပြောကြားချက်များတွင်ပင် လွတ်လပ်သော မြန်မာ ပြည်သည် မိမိ အထီးတည်းရပ်နေနိုင်ဖို့ ခဲယဉ်းကြောင်း အင်အားကြီးနိုင်ငံတစ်နိုင်ငံနှင့် မိတ်ဆွေဖြစ်ထားရန် လို ကြောင်း၊ ပေါင်းချင်းပေါင်းလျှင် အင်္ဂလိပ်နှင့် ပေါင်းချင် ကြောင်း ... စသည်များကိုလည်း ပြောကြားခဲ့ခြင်းကို တွေ့ရပါသည်။ ယင်းသို့သော ပြောဆိုချက်များ၌ မိတ် ဆွေဖြစ်ရန် ပေါင်းသင်းခြင်းဟုသာ ဆိုထားပြီး ဗြိတိသျှ ဓနသဟာယထဲ ဝင်ကြဟု အတိအလင်း တိုက်တွန်း ချက် မရှိသည်ကိုလည်း ဆင်ခြင်စဉ်းစားကြရန် ရှိပါ သည်။

မောရစ်ကောလစ်က ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများအရ (ဖဆပလ)သည် လွတ်လပ် သော သမ္မတနိုင်ငံထူထောင်ရန် အစဉ်တစိုက် ဆုံးဖြတ် ထားခြင်းကို မိမိတို့တွေ့ရကြောင်း၊ ဗြိတိသျှနိုင်ငံရေး သမားများက မြန်မာများ ဓနသဟာယအတွင်း နေနိုင် ရန် စောစောစီးစီးက သင့်မြတ်အောင် မဆက်ဆံသည့် အတွက် အခွင့်အရေး ဆုံးရှုံးရကြောင်းများကို ရှင်းလင်း ရေးသားခဲ့သည်ကိုလည်း တွေ့ရ၏။

ထို့ကြောင့် မူလစကားကို ပြန်ကောက်ရလျှင် ကျွန်တော်တို့ ရှာဖွေသိရသမျှ အထောက်အထားများအရ လော့ဒ်အက်တလီ၏ "ဗိုလ်ချုပ်အောင်ဆန်းသာ အသက် ရှိနေသေးလျှင် အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲ လာမည်" ဟု ထင်မြင်ခြင်းမှာ ကျွန်တော်တို့ ကြားဖူးသော

www.burmeseclassic.com

www.burmeseclassic.com



တိကျမှန်ကန်ရန် ခဲယဉ်းသည်ဟု ထင်မိပါသည်။ ထိုပြဿနာအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ဖော်ကိုင်ဖက် ရဲဘော်များသည် အတွင်းရေးအနေဖြင့် သိတန်သလောက် သိကြမည်ဖြစ်ရာ နောင်လာနောက်သားများအတွက် ဖြေရှင်းပေးခဲ့ကြပါရန် မေတ္တာရပ်ခံပါကြောင်း၊ အထူးသဖြင့် ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဘိလပ်သို့ ပါရှိကြသော ဘကြီးဘဘော၊ ဦးကျော်ငြိမ်း၊ ဦးအုန်း(သံအမတ်ဟောင်း)တို့သည် ယခုအခါ အသက်ထင်ရှား ရှိနေကြရာ မိမိတို့ သိရှိသမျှကို တိုင်းပြည်သို့ တင်ပြကြပါရန် ဤစာရေးသူက အနူးအညွတ် မေတ္တာရပ်ခံပါကြောင်း။ ။

ရှုထောင့် အမှတ် ၃၂ (၁၅-၇-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# အောင်ဆန်း၏ ခေါင်းဆောင်မှု

### ဗိုလ်ဥတ္တမကျော်

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ပြန်လှန် စဉ်းစားလျှင် သူ၏အံ့သြလောက်သော ခေါင်းဆောင်မှုကို တွေ့ကြရလိမ့်မည်။ အသက် ၂၅ နှစ်သာသာတွင် လက်နက်ကိုင် တော်လှန်ပုန်ကန်ရေးအတွက် နိုင်ငံခြား အကူအညီရနိုင်ရန် မြန်မာပြည်မှ တိတ်တဆိတ် ထွက်ခွာသွားခဲ့၏။ ထို့နောက် သူ့ရဲဘော်များနှင့်အတူ စီစဉ် စရာရှိသည်များကို စီစဉ်ပြီး နိုင်ငံခြားတွင် စစ်ပညာ သင်ကြားကြသည်။ ဗြိတိသျှတို့ကို တိုက်ခိုက်ရန် "ဗမာ့လွတ်လပ်ရေး တပ်မတော်" ကို စစ်ဦးစီး ဗိုလ်ချုပ် အဖြစ် ခေါင်းဆောင်ကွပ်ကဲ၍ မြန်မာပြည်တွင်း ချီတက်လာချိန်တွင် သူ့အသက်မှာ ၂၆ နှစ်ရှိပြီ။ ဖက်ဆစ်ဂျပန်များကို တပ်မတော်နှင့် ပြန်၍ တော်လှန်တိုက်ခိုက်စဉ်က သူ့အသက် ၃၀ ရှိပြီ။

မြန်မာ့နိုင်ငံရေးလောကတွင် မကြုံစဖူးသော အမျိုးသားညီညွတ်ရေးတပ်ဦးဖြစ်သည့်(ဖဆပလအဖွဲ့ချုပ်ကြီး) ကို တောင့်တင်းကြီးမားအောင် တည်ဆောက်စည်းရုံးခဲ့၏။ သူ့တိုင်းပြည် လွတ်လပ်ရေးအတွက် နိုင်ငံရေးနယ်တွင် ကမ္ဘာ့ဝါရင့်နိုင်ငံရေးသမားကြီးများ ဖြစ်သော ဗြိတိသျှအစိုးရအဖွဲ့၊ ဗြိတိသျှ ဘုရင်ခံတို့နှင့် ဉာဏ်ကစားကြစဉ်က သူ့အသက် ၃၁ နှစ်၊ ဗြိတိသျှတို့နှင့် အကြိတ်အနယ် အင်အားပြိုင် အရေးဆိုခဲ့ပြီးနောက် "တစ်[illegible] အတွင်း လုံးဝလွတ်လပ်ရေး ရရမယ်" ဟု ကြုံးဝါး[illegible] ပေးစဉ် ...

သူ့အသက် ၃၂ နှစ်၊ ပထမဆုံး တိုင်းပြု[illegible] လွှတ်တော်ခေါ်ယူ ကျင်းပပြီးလျှင် လွတ်လပ်[illegible] သမတ မြန်မာနိုင်ငံကို စတင် အုတ်မြစ်ချပေးခဲ့[illegible] သူ့အသက် ၃၂ မျှသာ ရှိသေး၏။ လွတ်လပ်ရေး[illegible] ကြီးကို အုတ်မြစ်ချတည်ဆောက်ပေးပြီး၍ မသမာသူ[illegible] ၏ လုပ်ကြံမှုခံရသဖြင့် သူကျဆုံးသွားရချိန်၌အောင်ဆ[illegible] ၏ အသက်မှာ ၃၃ နှစ်မျှသာရှိချေ၏။ ဤအသက်[illegible] ဖြင့် သူလုပ်သွားခဲ့သော ...

ဆောင်ရွက်သွားခဲ့သော လုပ်ငန်းများကို ကြည့်[illegible] အောင်ဆန်းသည် ဘယ်လိုလူဖြစ်သည် ... ဘ[illegible] ခေါင်းဆောင်မှု ပေးသွားသည်တို့ကို ရိပ်မိတန်[illegible] ပါသည်။

အောင်ဆန်း၏ ခေါင်းဆောင်မှုကားအဘယ်[illegible]

ခေါင်းဆောင်ကောင်း ဆိုသည်မှာ ပြော[illegible] တိကျပြတ်သားရမည်။ ပွင့်လင်းရမည်။ "မောင်[illegible] ကျားကိုက်စေတော့" ဟူသော နားထောင်ရ[illegible] လည်စေမည့် စကားမျိုး မပြောသင့်။ ပြ[illegible]

www.burmeseclassic.com



ဆွေးနွေးရာတွင် "ဟုတ်တယ်၊ မဟုတ်ဘူး"တိုတိုတုတ်တုတ် ကွဲပြားရ၏။

အောင်ဆန်းသည် စကားကို ဝေ့လည်ကြောင်ပတ် မပြော၊ ရှင်းရှင်းပြတ်ပြတ် ပြောတတ်၏။ ထို့ကြောင့် သူ့စကားကို ပညာရှိရော၊ ပညာမဲ့သူရော၊ လယ်သမား၊ အလုပ်သမား၊ လမ်းပေါ်က လူများကအစ ရှင်းရှင်းကြီး နားလည်ကြ၏။

(ဂျပန်ခေတ် တစ်ခေတ်လုံး ရက်စက်ကြမ်းကြုတ်သော ဂျပန်စစ်ပုလိပ်၊ ဂျပန်စစ်သားများကို ကြောက်ရွံ့နေရချိန် ဂျပန်ဓားကို လူတိုင်းကြောက်နေကြရချိန်။ ထိုအချိန်တွင် သူများ မပြောရဲသော စကားကို အောင်ဆန်းပြော၏။ ရှင်းရှင်းပြတ်ပြတ် ပြော၏။ ဂျပန်ပေးသော လွတ်လပ်ရေး နှစ်ပတ်လည်နေ့တွင် ဂျူဗလီဟော လွတ်လပ်ရေး အခမ်းအနားပွဲ၌ အောင်ဆန်းက ...

(လွတ်လပ်ရေးရတယ်ဆိုပေမဲ့ ကျုပ်တို့ဝန်ကြီးတစ်တွေနဲ့ ကပ်ပါးရပ်ပါးတွေလောက် လူတစ်စုလောက်သာ လွတ်လပ်ရေး အရသာကို နည်းနည်း ခံစားရတယ်။ လူထုကြီးမှာ ဘာမှ မခံစားရသေးဘူး။ ခင်ဗျားတို့က စိတ်ပျက်လှတယ်လို့ ညည်းညူနေကြတယ်။ လာပါလိမ့်ဦးမယ် စောင့်နေပါ၊ ဒီထက် စိတ်ပျက်စရာကောင်းတာတွေ ...)

ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်၏။ ထိုအခါ လူထုကြီးက တို့ရထားတဲ့ လွတ်လပ်ရေးဟာ "အတုကြီးပဲ" ဟု နားလည်သွားကြလေ၏။

ဂျပန်တော်လှန်နေစဉ်အတွင်း ဗြိတိသျှ စစ်သူကြီး ဆာဝီလျံဆလင်းနှင့် အောင်ဆန်းတို့ မိတ္ထီလာတွင် တွေ့ဆုံစကားပြောကြ၏။ နှစ်ဦးစလုံး စစ်သားပီပီ စကားပြောရာ၌ ဖြောင့်ကျကျ ပွင့်လင်းကြ၏။

"အောင်ဆန်းရာ ... ဒီစစ်ပွဲမှာ တို့အောင်မြင်နေတာတွေ့လို့ မင်း တို့ဆီလာတာပါ" ဟု ဗိုလ်ချုပ်ဆလင်းက ခနဲ့၏။ အောင်ဆန်းသည် ပရိယာယ်မနှော ရှင်းရှင်း ပြောတတ်သော သူ့ဝသီအတိုင်း ပြန်ပြောလိုက်၏။

"ခင်ဗျားတို့ မအောင်မြင်ဘဲနေရင် ကျုပ်လာလို့ကော ဘာအကျိုးရှိမှာမို့လဲ"

ပွင့်လင်း ရိုးသား မှန်ကန်လွန်းသော ထိုစကားကြောင့် ဗိုလ်ချုပ်ကြီး ဆလင်းသည် ဗိုလ်ချုပ်အောင်ဆန်းကို နှစ်သက်လေးစားသွားကြောင်း ဝန်ခံထားလေသည်။ "ကျုပ်အောင်ဆန်းနဲ့ တွဲလုပ်နိုင်ပါတယ်" ဟု ဆလင်းက သူ့အထက် စစ်ဦးစီးချုပ်များထံသို့ အစီရင်ခံလိုက်လေသည်။

၁၉၄၆ ခု ဖေဖော်ဝါရီလ အတွင်းတွင် ဗိုလ်ချုပ်အောင်ဆန်းအပေါ် သူ၏ ရဲဘော်ရဲဘက် တစ်ဦးက လူသတ်မှုတစ်ခုဖြင့် စွဲချက်တင်၏။ မြန်မာဘုရင်ခံ ဆာဒေါမန်စမစ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံပြီးလျှင် ထိုကိစ္စ ဟုတ် မဟုတ် နှစ်ကိုယ်ကြားမေး၏။ အောင်ဆန်းက မဟုတ်ပါဘူးလို့လိမ်ပြောသလား။ အောင်ဆန်းလိမ်ညာမပြောတတ်ပါ။"ဟုတ်တယ်၊ အဲဒီတုန်းက ကျုပ်စစ်သေနာပတိဖြစ်တယ်။ ဒီကိစ္စ ကျုပ် တာဝန်ယူတယ်" ဟု ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ရာ ဆာဒေါမန်စမစ်ကိုယ်တိုင်ဗိုလ်ချုပ်အောင်ဆန်း၏ပွင့်လင်းမှုနှင့်ဖြောင့်မတ်မှု နှလုံးရည်ကို ချီးကျူး လေးစားမိကြောင်း ဝန်ခံခဲ့ရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ စစ်မဖြစ်မီမှ ဂျပန်ခေတ်ပြီးဆုံးကာနီးအချိန်အထိ အတူပူးတွဲလုပ်ကိုင်လာခဲ့သူ တစ်ဦးဖြစ်သော နိုင်ငံ ခေါင်းဆောင်ကြီးဟောင်း ဒေါက်တာ ဘမော်က သူ၏ "ဗမာ့ထွက်ရပ်လမ်း"ခေါ် စာအုပ်၌ "အောင်ဆန်းသည် လူတစ်ဖက်သား ကျေနပ်အောင် ပရိယာယ်နှော၍ ပြောလေ့ရှိတတ်သူ မဟုတ်၊ ပွင့်ပွင့်လင်းလင်းပြောတတ်သူဖြစ်သည်"ဟု ဖော်ပြထားခြင်းကို တွေ့ရ၏။ အောင်ဆန်းကိုယ်တိုင်ကလည်း ...

(ကျွန်တော်ကတော့ ယုံကြည်တဲ့အတိုင်း လုပ်မှာပဲ၊ (နောက်လိုက်တွေကို) ထိန်းလို့ရရင်ရ မရရင် ကျွန်တော့်ရဲ့ ခေါင်းဆောင်မှု ရှုံးတာပဲ။ ကျွန်တော့်လို လူမျိုးဟာ နိုင်ငံရေးသမားတော့ ဖြစ်မှာမဟုတ်ဘူး။ နိုင်ငံရေးသမားဆိုတာက ဝမ်းထဲမှာ ဘယ်လောက်စိတ်ဆိုးပေမဲ့ ဖုံးထားနိုင်ရမယ်။ ကျွန်တော်တို့က စိတ်ဆိုးလျှင် ဆိုးတဲ့အလိုက် ဖုံးလို့မရဘူး ...)

ဟု ပြောခဲ့၏။ ဟန်မဆောင်တတ်ဘူး၊ ပွင့်ပွင့်လင်းလင်းပြောတတ်တယ် ဟု ဝန်ခံလိုက်ခြင်း ဖြစ်သည်။ လွတ်လပ်ရေးကိစ္စအတွက် ဘိလပ်သို့ သွားရောက် စကားပြောပြီး ရွေးကောက်ပွဲလုပ်ရန် စီစဉ်ကြရသည်။ ထိုရွေးကောက်ပွဲအတွက် ၁၉၄၇ခု မတ် ၁၇ရက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်မြို့၌ လူထုတရားပွဲ ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းသည် ...

(လူထုကြီးဟာ ညီပြီး တောင့်ခံထားမယ်ဆိုရင် ဒီကောင်တွေ (ဗြိတိသျှ)နဲ့ ကျုပ်တို့စေ့စပ်လို့ မရတဲ့နေ့မှာ တခြားလမ်းတော့ မရှိဘူး။ ဂျပန်ကို ချသလို "ချ' ဖို့ပဲ ရှိတော့တယ်...)

သူ့ဝသီအတိုင်း ပွင့်ပွင့်လင်းလင်း လူထုနားလည်အောင် ပြောပြလိုက်လေသည်။ ဘိလပ်သို့အသွား အိန္ဒိယတွင် ခေတ္တနားနေစဉ် သတင်းထောက်တစ်ဦးက "လွတ်လပ်ရေးကိစ္စအတွက် ဘိလပ်သွားပြီး ဆွေးနွေးတာ ကျေနပ်လောက်သည်အထိ ခရီးမရောက်ဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ"ဟု မေးရာ ဗိုလ်ချုပ်အောင်ဆန်းက "ကျုပ်တို့အကောင်းဆုံး မျှော်လင့်ထားပါတယ်။ ဒါပေမဲ့ အဆိုးဆုံးအတွက်လည်း ပြင်ဆင်ထားပါတယ်"ဟု ဖြောင့်ကျကျ ဖြေကြားလိုက်၏။ ထိုကဲ့သို့ ပရိယာယ်မရှိ ပွင့်လင်းမှုအတွက် ကြားရသူတိုင်းက ဗိုလ်ချုပ်အောင်ဆန်းကို လေးစားကြလေ၏။ ဤကား ပရိယာယ် မနှော၊ မှန်ကန်ပွင့်လင်းစွာပြောတတ်သည့် အောင်ဆန်း၏ခေါင်းဆောင်မှု ဂုဏ်အင်္ဂါတစ်ရပ်။

ဆင်မြူရယ် စမိုးလ်က "ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား လေးစားတဲ့သူဟာ အခြားလူတွေကိုလည်း တန်ဖိုးထား လေးစားလေ့ရှိမြဲဖြစ်တယ်"ဟု ရေးသားခဲ့၏။ အောင်ဆန်းသည် သူကိုယ်တိုင်လည်း တန်ဖိုးထား၏။ လူထုကြီးကိုလည်း တန်ဖိုးထား၏။ ဗိုလ်ချုပ် အောင်ဆန်း... ဗိုလ်ချုပ်အောင်ဆန်းဟူ၍ ကျော်ကြားထင်ရှားနေရခြင်းမှာ လူထုအင်အားကြောင့် "ဗိုလ်ချုပ်အောင်ဆန်း" ဖြစ်နေရသည်ကို သူသိပါသည်။ အောက်ခြေ မလွတ်ပါ။ မာန်မာန နှိမ်ချတတ်၏။

"ပညာတတ်သည် ထောင်လွှား၏။ ပညာရှိသည် နှိမ့်ချလေ့ရှိ၏" ဟု ဝီလျံကူးပါးဆိုသူ ပညာရှိကြီးက မိန့်ကြားခဲ့သည်။ အောင်ဆန်းသည် ထောင်လွှားသူလား နှိမ့်ချသူလား ...။

ပြည်သူ့ လွတ်လပ်မှု ချုပ်ချယ်ခြင်း ကန့်ကွက်ပွဲ မိန့်ခွန်း၌ ...

"ကျုပ်တို့ခေါင်းဆောင်တဲ့အချိန်မှာ ကျုပ်တို့ရဲ့ ညွှန်ကြားချက်ကို လိုက်နာ ဆောင်ရွက်ကြပါ။ ဒါမှ မကျေနပ်ရင် ခင်ဗျားတို့သဘောကျသူကို ခေါင်း[illegible] တင်ပြီး ခိုင်းကြပါ။ ကျုပ်ဖယ်ပေးပါ့မယ်"

ဟူ၍လည်း ကောင်း ...

အစိုးရအဖွဲ့ထဲ ဝင်၍ ဝန်ကြီးရာထူး လက်[illegible] ခြင်းအကြောင်းကို ပြောရာ၌ ...

"အခု လောကီ ရာထူးနဲ့ အာဏာတွေ ရလာ[illegible] တောင် ခင်ဗျားတို့အင်အားအရှိန်အဝါ တန်ခိုး[illegible] ဖြစ်လာရတာပဲ"

ဟူ၍လည်းကောင်း။

(ကျုပ်အကြောင်းကို ခင်ဗျားတို့နည်းနည်း [illegible] ချင်တယ်၊ ကျုပ်ဟာ ဘုရားလည်းမဟုတ်၊ မှော်[illegible] မျက်လှည့်ဆရာလည်းမဟုတ်၊ နတ်လည်းမဟုတ် [illegible] လူလောက်ပဲ အစွမ်းရှိမှာပဲ၊ ကျုပ်အသက်ဟာ အင်[illegible] ငယ်တယ်။ ကျုပ်ထမ်းရတဲ့ တာဝန်ဟာလည်း တစ်[illegible] တစ်ပြည်လုံးရဲ့ တာဝန်ကို ရှေ့ဆုံးကနေပြီး ထမ်း[illegible] တယ်။ ကျုပ်ကိုယ်ကို ဒီတာဝန်တွေ ထမ်းနိုင်[illegible] အရည်အချင်းပြည့်စုံတယ်လို့ မယူဆဘူး။ ပြီး[illegible] ကျုပ်စိတ်တိုတတ်တယ်ဆိုတာလည်း လူအများ သိ[illegible] တာပဲ၊ ဒါ ကျုပ်နဂို အလုပ်ရှုပ်ပြီး အနှောင့်အယှက်[illegible] စိတ်တိုတတ်တယ်။ ဒါကို ပြုပြင်နိုင်သမျှ ပြုပြင်ဖို့ [illegible] ကြိုးစားမယ်) ...

ဟူ၍လည်းကောင်း

(အမှန်စင်စစ် အခုအချိန်အထိ လူထုကြီး၏ [illegible] တွင် ကျွန်တော် မားမားမတ်မတ် ရပ်နေနိုင်ခြင်းမှာ[illegible] ကျွန်တော် တော်လွန်းလှလို့မဟုတ်ပါ) ဟူ၍[illegible] ကောင်း။

ဤသို့ပြောကြားခဲ့သော သူ၏မိန့်ခွန်းများကို [illegible] လျှင် အောင်ဆန်းသည် ခေါင်းဆောင်နာမည်ခံ[illegible] ဘဝင်ကိုင်နေသူမဟုတ်၊ သူ့ကိုယ်သူ လူထုထဲက [illegible] ကြောင်း သိမြင်ထားသူဖြစ်သည်မှာ ထင်ရှား[illegible] ထိုကြောင့် လူထုကြီးသည် အောင်ဆန်းကို တမ်း[illegible] ချစ်မြတ်နိုးကြခြင်း ဖြစ်တန်ရာ၏။ အောင်ဆန်းနှင့် [illegible] လူထုနှင့်အောင်ဆန်း ခွဲခြား၍မရ၊ တစ်သားတည်း[illegible] ၏။ ဒါကိုမှ လူထုခေါင်းဆောင် မခေါ်လျှင် ဘယ်[illegible] ကို "ခေါင်းဆောင်"ဟု ခေါ်ရပါမည်နည်း။

ကဲ ... တခြားသူတွေ ပြောတာထား[illegible]ဦး။ သူ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပြောခဲ့တဲ့ "ခေါင်းဆောင်မှု"အကြောင်းကလေး ပြောကြဦးစို့။

ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူ့လွတ်လပ်မှု ချုပ်ချယ်ခြင်း ကန့်ကွက်ပွဲ အစည်းအဝေး၌ ...

"ကိုယ့်နောက် လိုက်လာတဲ့သူ ထမင်းဝအောင် မကျွေးနိုင်ရင် ဒီခေါင်းဆောင်ဟာ အလကားပဲ"

ဟူ၍လည်းကောင်း။

၁၉၄၇ ခု ဖေဖော်ဝါရီ ၂၈ ရက်နေ့က မြို့တော်ခန်းမ ဂုဏ်ပြုထမင်းစားပွဲတွင် ပြောကြားသော သူ၏ မိန့်ခွန်း၌ ...

(ကျွန်တော်တို့ နိုင်ငံရေးလုပ်ကြတဲ့နေရာမယ် အထူးသဖြင့် ခေါင်းဆောင်လုပ်တဲ့လူဟာ နောက်လိုက်လူတွေထက် ပိုပြီး အမြင်ကျယ်ရမယ်၊ ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး၊ ယောင်ချာချာ လုပ်ရင် ခေါင်းဆောင်မဟုတ်ဘူး)

(ခေါင်းဆောင်လုပ်တဲ့လူတွေဟာ ကိုယ်ယုံကြည်တဲ့ ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်။ ရှင်းပြနိုင်ရမယ်။ အသက်စွန့်သင့်တဲ့နေရာမယ် စွန့်ရဲရမယ်။ အများယောင်လို့ ယောင်ရတယ်၊ အမှောင် တောင်မှန်းမြောက်မှန်းမသိဆိုရင် ခေါင်းဆောင်မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို မယုံတဲ့လူဟာ တိုင်းသူပြည်သားကိုလည်း မယုံဘူး။ ကျွန်တော့်အဖို့ ကျွန်တော့်ကိုယ်ကျွန်တော် ယုံတယ်။ ခင်ဗျားတို့လည်း ယုံကြည်တယ်" ...။

၁၉၄၇ ခု၊ ဧပြီလ ၅ ရက်နေ့ညက အသံလွှင့်ရုံမှနေ၍ တိုင်းပြည်သို့ ပြောကြားသော အသံလွှင့်မိန့်ခွန်း၌ ...။

("ခပ်ရှင်းရှင်းပြောရရင်...ယနေ့အထိ ကျွန်တော်တို့တစ်တွေ 'ဖဆပလ ခေါင်းဆောင်များရဲ့' လုပ်ပုံကိုင်ပုံတွေဟာ ဘာမှ ကျေနပ်စရာမရှိသေးဘူး၊ အတိအကျ ဆုံးဖြတ်ဖို့ အရေးကြီးနေတဲ့အခါ တွေဝေနေကြတယ်၊ ပြတ်ပြတ်သားသား လုပ်စရာရှိတဲ့အခါ ချီတုံချတုံ ဖြစ်နေကြတယ်။ ဒါတွေထက် ဆိုးဝါးတာက မှန်တယ်ထင်ရာကို မလုပ်ရဲတာပဲ၊ ကိုယ့်စိတ်ထဲက အလုပ်တစ်ခုဟာ ဘယ်လောက်ပင် မှန်တယ်လို့ ထင်နေပေစေ၊ ဘယ်သူက ဘယ်လိုထင်မလဲ၊ ဘာပြောကြမလဲ ... ဆိုတာတွေ တွေးပြီး ယုံကြည်တာကတစ်မျိုး၊ လုပ်တာကတစ်မျိုးဖြစ်နေကြတယ်။ အဲဒါတွေဟာ ခေါင်းဆောင်လုပ်ရမယ့်လူတွေနဲ့တော့ ပြဒါးတစ်လမ်းသံတစ်လမ်းပဲ ...)

(အဲဒီတော့ ... ကျုပ်တို့ဟာ လူထုရဲ့ ခေါင်းဆောင်လုပ်မယ်ဆိုရင် လူထုရဲ့ အကျိုးကို တကယ်တမ်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရပေလိမ့်မယ်။ ပြတ်ပြတ်သားသား လုပ်ရဲကြရပေလိမ့်မယ်၊ ချီတုံ ချတုံအဖြစ်မျိုးကို စွန့်ပစ်ကြရလိမ့်မယ်၊ နိုင်ငံရေးဆောင်ရွက်တယ်ဆိုတာ ကြောက်လွှဲ၊ ရဲ မင်းဖြစ်ဆိုတဲ့အတိုင်း ရဲနိုင်မှ ဖြစ်မယ်။ ကျွန်တော်တို့တော့ ရှေ့အဖို့ကို ရဲရဲကြီးလုပ်တော့မယ်၊ ပြတ်ပြတ်သားသားလုပ်တော့မယ်၊ ဟိုအကြောင်းထောက်၊ ဒီအကြောင်းထောက်ပြီး ချီတုံချတုံဖြစ်နေမှုကြောင့် လူထုမနစ်နာစေချင်တော့ဘူး" ဟူ၍လည်းကောင်း)

၁၉၄၇ ခု မေလ ၃၀ ရက်နေ့က ကျင်းပသော သတင်းစာဆရာများနှင့် တွေ့ဆုံရှင်းလင်းပွဲ၌ ...

("လွတ်လပ်ရေးရတဲ့ အချိန်အထိ ကျုပ် နိုင်ငံရေးလုပ်ဦးမှာပဲ၊ လွတ်လပ်ရေးရပြီးလို့ ပါတီတိုက်ပွဲတွေဖြစ်တဲ့အချိန်မှာ ကျုပ်က မပါချင်ဘူး။ ဘေးဖယ်နေမယ်၊ သူများတွေ လုပ်တာထိုင်ကြည့်ပြီး စာအုပ်ရေးမယ်။ ကျုပ် 'ခေါင်းဆောင်' လုပ်နေတဲ့ အချိန်အတွင်းမှာတော့ ကျုပ်တို့ရဲ့ ယုံကြည်ချက်အတိုင်း အနိုင်မခံ အရှုံးမပေးဘဲ နောက်ဆုံးအထိ လုပ်မှာပဲ ...")

ဟူ၍လည်းကောင်း ပြောကြားသွားခဲ့လေသည်။

ဤဆောင်းပါး တစ်ခုလုံးကို ခြုံ၍ အောင်ဆန်းနှင့်လူထု၊ လူထုနှင့်အောင်ဆန်းကို ဘာကြောင့် ခွဲခြားမရသနည်း၊ အောင်ဆန်းသွားလေရာ အဘယ်ကြောင့် လူထုရှိရသနည်း။ အောင်ဆန်း ခိုင်းစေရာ ကိစ္စကို လူထုက ဘာကြောင့် အသက်စွန့်၍လုပ်ကြသနည်း။ အောင်ဆန်းကို လူထုကြီးက ဘာကြောင့် ယနေ့တိုင် လွမ်းဆွတ်တမ်းတနေကြပါသနည်း။ အောင်ဆန်းကို လူထုကြီးက ဘာကြောင့် ယုံကြည်မြတ်နိုးကြသနည်း။ သနည်း သနည်း သနည်းပေါင်းများစွာကို လေးလေးနက်နက် စဉ်းစားကြပါလေ။

အဖြေကား တစ်ခုတည်း ရမည်။ ထိုတစ်ခုတည်းသော အဖြေမှာ အခြားမဟုတ် "အောင်ဆန်း၏ ခေါင်းဆောင်မှုဆိုတာ ဒါပဲ" ဟူသတည်း။ ။

ပြည်သူ့ကြယ်၊ အမှတ် ၂၁ (၁၉-၇-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



# မျက်ရည်မိုးဖွဲ မစဲသောနေ့
## ဗိုလ်ဉတ္တမကျော်

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့

နံနက်ခင်းအချိန်မှစ၍ ရန်ကုန်မြို့၏ မိုးကောင်းကင်မှာ ညို့မှိုင်းအုံ့ဆိုင်းလျက်ရှိနေလေသည်။ မိုးသေးမိုးဖွားများလည်း ရွာလိုက်၊ စဲလိုက်ဖြင့် ရှိနေသည်။ မိုးသားမိုးရိပ်များ အုံ့ဆိုင်းနေသဖြင့် နေရောင်မှာ မှုန်ပျပျသာ လင်းနေလေသည်။ ကောင်းကင်တစ်ခုလုံး၌ပင် သာသာယာယာ မရှိလှချေ။

နံနက် ၈ နာရီခွဲခန့်အချိန်တွင် စစ် တာလပတ်စများ မိုးထားသည့် နံပါတ် အာရ်အေ ၃၁၂၃ ဖို့ဒ်ဆင် သုံးတန်ကားကြီးတစ်စီးသည် အင်းယားကန်စောင်း၊ အေဒီလမ်းရှိ ခြံဝင်းကျယ်ကြီးတစ်ခုထဲမှ ရုတ်တရက် ထွက်လာပြီးနောက် ပြည်လမ်းမကြီးအတိုင်း ရန်ကုန်မြို့ထဲဆီသို့ မောင်းနှင်သွားလေသည်။ အဆိုပါခြံဝင်းနှင့် ကပ်လျက်ရှိသော လမ်းတစ်ဖက်ရှိ ခြံအတွင်း ရေတွင်းပေါင်ကို မှီရပ်နေသည့် အရပ်သားဝတ် ဝတ်ဆင်ထားသော စုံထောက်ရဲတပ်ကြပ်တစ်ဦးသည် ထရပ်ကားနံပါတ်နှင့် ကားပေါ်ပါ လူစာရင်းကို စာရွက်လွတ်တစ်ခုတွင် ရေးမှတ်ထားလိုက်လေသည်။ စုံထောက်တပ်ကြပ်သည် ဖွဲ့ကောင်းကောင်းဖြင့် တစ်ဖက်ခြံဝင်းမှ အဝင်အထွက်များကို စောင့်ကြည့်မြဲ စောင့်ကြည့်လျက်ပင် ရှိနေသည်။

နံနက် ဆယ်နာရီ ငါးမိနစ် အချိန်တွင် နံပါတ် အာ… ၁၈၁၄ အစိမ်းရောင်ဂျစ်ကားတစ်စီးသည် ထိုခြံဝင်း… မှပင် ထွက်လာပြန်ကာ ပြည်လမ်းမကြီးပေါ်သို့ … ရောက်ပြီး မြို့ထဲဘက်ဆီသို့ ခပ်သုတ်သုတ် မော… သွားပြန်သည်ကို တွေ့ရပြန်သည်။ ထိုဂျစ်ကား… စစ်မိုးကာ အင်္ကျီစိမ်းကြီးများ ခြုံထားသည့် လူငါး… တို့သည် လက်နက်ကိုယ်စီဖြင့် စီးနင်းလိုက်ပါသွား… သည်။ ဤဂျစ်ကားပေါ်တွင် ပါရှိသွားသော လူ… သည် မြန်မာပြည်သူပြည်သားတို့အား အကြီးဆုံး… ပရိဒေဝမီး မွှေးပေးမည့်သူများဖြစ်ကြောင်းကိုလည်း… စုံထောက်ခမျာ မသိရှာသေးချေ။

မကြည်မလင် အုံ့ဆိုင်း သုန်မှုန်နေသော မိုး… ကင်သည် မကြာမီကာလအတွင်း ဖြစ်ပွားမည့် တ… ပြည်လုံး၏ အသည်းနှလုံးကို ယူကျုံးမရ အပူလုံး… မည့် ဖြစ်ရပ်ကြမ္မာဆိုးကို ကြိုတင်၍ သိမြင်နေ… ရော့သလားမသိ။ သူ၏ မည်းမှောင်နေသော … တိုက်များမှ မိုးမျက်ရည် တဖွဲဖွဲကို မစဲအောင် … ငိုကြွေးနေရှာလေသည်။

ထိုအချိန်တွင် … အတွင်းဝန်များရုံးရှိ … အဝေးခန်းမကြီးအတွင်း၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် …

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင်ကြီးတစ်စုတို့သည် တိုင်းပြည်အတွက် အရေးကြီးသော ကိစ္စရပ်များကို ဆွေးနွေးနေကြလေသည်။ စားပွဲရှည်ကြီးထိပ်တွင် ဗိုလ်ချုပ်အောင်ဆန်းက ထိုင်နေ၏။ ဘေးတစ်ဖက် ကုလားထိုင်တန်းတွင် ဦးအောင်ဇံဝေ၊ ဦးဘဂျမ်း၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီးတို့ ထိုင်နေကြသည်။ ကျန် မျက်နှာချင်းဆိုင်နေရာများ၌ သခင်မြ၊ မစ္စတာရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်းနှင့် မန်းဘခိုင်တို့ ထိုင်နေကြလေသည်။

နံနက် ဆယ်နာရီခွဲခန့်တွင် ယခင်က ဖော်ပြခဲ့သည့် လူငါးယောက် စီးလာသော ဂျစ်ကားစိမ်းသည် စပတ်လမ်းဘက်ရှိ အပေါက်မှ အတွင်းဝန်များ ရုံးဝင်းထဲသို့ အပြေးမောင်းနှင် ဝင်ရောက်လာလေသည်။ အတွင်းဝန်များရုံးအနောက်ဘက် မုခ်ဝလှေကားအနီးတွင် ဂျစ်ကားရပ်သွားပြီး တော်မီစက်သေနတ်များနှင့် စတင်းဂန်း စက်သေနတ်သမား ၄ ဦးတို့သည် အဆိုပါ ဂျစ်ကားပေါ်မှ ခုန်ဆင်းပြီးလျှင် လှေကားမှ ခပ်သုတ်သုတ် ပြေးတက်သွားပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ စည်းဝေးနေသည့် စည်းဝေးခန်းမဆီသို့ အထက်ထပ်စင်္ကြံအတိုင်း ပြေးသွားကြ၏။ ထို့နောက် အစည်းအဝေးခန်းမကြီး၏ တံခါးကို ဖွတ်အတင်း တွန်း၍ ဖွင့်လည်းဖွင့်၊ သေနတ်များဖြင့်လည်း ဆက်တိုက် ပစ်ခတ်လိုက်လေသည်။ အခန်းထဲသို့ သေနတ်ဖြင့်ပစ်ရန် ရှေ့က လူနှစ်ယောက်က သေနတ်များကို မြှောက်၍ ချိန်လိုက်သည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်အောင်ဆန်းသည် ကုလားထိုင်မှ မတ်တတ်ထရင်း လက်ကာလျက် 'ဟေ့ ... နေကြဦး... ငါပြော...' ဟူ၍ ပြောဆိုစဉ်မှာပင် ရှေ့ဆုံးမှ လူနှစ်ဦးက ပစ်လိုက်သည့် စက်သေနတ်ကျည်များ ထိမှန်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားရှာလေသည်။ စက်သေနတ်သမားနှစ်ဦးသည် ဗိုလ်ချုပ်အောင်ဆန်းကိုပင် နောက်တစ်ခါ ထပ်မံချိန်ရွယ် ပစ်ခတ်ပြီးလျှင် ကျန်ဝန်ကြီးများကိုပါ လျှပ်တစ်ပြက်အတွင်း ဆက်တိုက် ပစ်ခတ်လိုက်လေရာ ဝန်ကြီးများမှာ သွေးအလူးလူးဖြင့် ကြမ်းပြင်ပေါ်သို့ အတုံးအရုံး လဲကျသွားကြလေကုန်၏။ ဤအဖြစ်အပျက်မှာ စာဖြင့် ရေးပြနေသည်လောက် အချိန်ကြာသည်မဟုတ်။ တစ်မိနစ်ခန့်အတွင်းမှာ တဒုံးဒုံး တဒိုင်းဒိုင်း သေနတ်သံများ ဆူညံသွားပြီးလျှင် အခန်းတစ်ခုလုံးတွင်လည်း ယမ်းငွေ့များ ဖုံးလွှမ်းသွားလေ၏။

ယမ်းခိုးယမ်းငွေ့များ ဖုံးလွှမ်းလျက်ရှိသော အခန်းထဲ၌ သွေးအိုင်များထဲဝယ် ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ ရဲဘော်ရဲဘက်များဖြစ်ကြသော သခင်မြ၊ မန်းဘခိုင်၊ ဦးဘဝင်း၊ ဦးရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်တို့မှာ လူသတ်သမားများ၏ လက်ချက်ကြောင့် ကျဆုံးသွားလေတော့သည်။ ဒီးဒုတ်ဦးဘချိုနှင့် မိုင်းပွန်စော်ဘွားကြီးတို့မှာ သတိရတစ်ချက်၊ မရတစ်ချက်ဖြင့် ဆေးရုံကြီးသို့ တင်ပို့ခံအပြီး နေ့လယ်ပိုင်းတွင် သေဆုံးသွားကြရပြန်တော့သည်။ သက်တော်စောင့်ကိုထွေးမှာလည်း လူသတ်သမားများလက်ချက်ဖြင့် ကျဆုံးခဲ့ရရှာသည်။ လွတ်လပ်ရေး မဝေးတော့သည့် အချိန်ကလေးမှာ တိုင်းပြည်အတွက် အသက်ကို အစတေးခံသွားကြရရှာလေသည်။

သွေးအိုင်များကြားထဲတွင် မရှုမလှ ဖရိုဖရဲ လဲကျနေကြသော ခေါင်းဆောင်ကြီးများအား ရှင်လိုရှင်ငြား မျှော်ကိုးချက်ဖြင့် ပြည်သူ့ဆေးရုံကြီးသို့ အချိန်မီ သယ်ဆောင် တင်ပို့ခဲ့သော်လည်း ဆေးရုံအထိ အသက် မပါခဲ့ကြရှာပေ။ အပစ်ခံရသော အခန်းတွင်းမှာကတည်းက အသက်ပျောက်ခဲ့ကြပြီးဖြစ်လေသည်။ ဤနည်းဤပုံဖြင့် ပင်လျှင် 'ငါ့မှာ ရန်သူ မရှိ'ဟု အစွဲအမြဲ ယုံကြည်နေခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများမှာ ရေတိမ်တွင် နစ်မွန်းခဲ့ရှာလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရ၍ ကျဆုံးသွားကြရှာပြီဟူသော သတင်းမှာ တောမီးပမာ အဆင့်ဆင့် ပြန့်ပွားသွားလေ၏။ သက်ဆိုင်ရာပုဂ္ဂိုလ်တို့က ကြပ်ကြပ်တည်းတည်း ဖုံးဖိထားသည့်အကြားမှပင် သတင်းမှာ ပျံ့နှံ့သွားပြီးလျှင် ကြက်ပျံမကျ စည်ကားလှသော ရန်ကုန်မြို့မှာ ရုတ်တရက် တိတ်ဆိတ်သွားလေတော့၏။ သယ်ယူပို့ဆောင်ရေးအတွက် သွားလာပြေးဆွဲနေကြသော ဘတ်စ်ကား၊ မြင်းရထား၊ ဆိုက်ကား၊ လန်ခြား စသည့် ယာဉ်များမှာ ဝမ်းနည်းတိတ်ဆိတ်စွာ ရပ်စဲထားကြလေ၏။ အရောင်းအဝယ်ဈေးဆိုင်ဟူသမျှ ပိတ်၊ ပျော်ပွဲရွှင်ပွဲ ရုပ်ရှင်ရုံများလည်း အလိုလို ပိတ်လိုက်ကြလေရကား တစ်မြို့လုံးမှာ လမ်းသွားလမ်းလာမျှပင် မရှိတော့ဘဲ ခြောက်ကပ် ငြိမ်သက်၍ သွားလေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးများ ကျဆုံးသွားသည်ကို ဝမ်းနည်း နမြောသည့် အလား အုံ့ဆိုင်းသုန်မှုန်နေသည့် မိုးနတ်သားသည် မိုးမျက်ရည်ပေါက်များကို တဖြောက်ဖြောက် ကျဆင်းစေလျက် ငိုပွဲဆင်နေတော့၏။ တစ်မြို့လုံးရှိ အိမ်တိုင်း၊ တိုက်တိုင်း၊ အခန်းတိုင်းရှိ ပြည်သူလူထုကြီး၏ ပူဆွေးကျိတ်ငိုနေသော ငိုသံ ရှိုက်သံများသည် တဖြောက်ဖြောက် ကျဆင်းနေသော မိုးမျက်ရည်ကျဆင်းသံတို့ဖြင့် ရောထွေးသွားလေ၏။

ဗိုလ်ချုပ်၏ဇနီး ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို တာဝါလိန်းရှိ နေအိမ်သို့ ယူဆောင်လာခဲ့ပြီးလျှင် အသုဘ ထုံးစံအတိုင်း ပြင်ဆင်ထားလေသည်။ ဗိုလ်ချုပ်အောင်ဆန်းခမျာ လူသေသော်လည်း စိတ်မသေသေးသို့ပုံနှယ်၊ လွတ်လပ်ရေးပန်းတိုင်အရောက် ချီတက်ရန် အဓိဋ္ဌာန်ချမှတ်ထားသည့် မျက်နှာထားမျိုးဖြင့် အိပ်ပျော်နေသယောင် ထင်မှတ်ကြရလေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ သားငယ် သမီးငယ်များမှာ သူတို့ချစ်လှသည့် သူတို့၏ဖခင်ကြီးသည် သူတို့ကို အပြီးတိုင် စွန့်ခွာသွားလေပြီဖြစ်ကြောင်းကို မသိ နားမလည်ရှာကြ။ သတင်း လာရောက်မေးမြန်းကြသည့် ဧည့်သည်များကိုပင် 'ဖေဖေ မောလို့ အိပ်နေပါတယ်' ဟု မပီကလာ ပီကာလနှင့် စီကာရီကာ ဆီးကြိုပြောကြရှာလေသည်။ ထိုအဖြစ်ကို မြင်ကြရသူတိုင်းမှာ မျက်ရည်မထိန်းနိုင်ဘဲ ငိုပွဲဆင်ကြရပြန်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရ၍ ကျဆုံးသွားပြီ ... ဟု သတင်းသေချာ သိရှိသွားသည့်အချိန်ဝယ် ပျော်ပွဲရွှင်ပွဲ မစဲစည်ကား ဈေးဆိုင်ကန္တား အသွားအလာ ဟူသမျှ ရပ်ဆိုင်းသွားပြီးလျှင် သုသာန်တစပြင်ကြီးပမာ သေ့ခြောက်တိတ်ဆိတ်နေလေ၏။ အိမ်တိုင်းအိမ်တိုင်းနှင့် ဘုန်းတော်ကြီးကျောင်းများပါမကျန် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် အလံနက်ကို တိုင်တစ်ဝက်နှင့် လွှင့်ထူထားကြသည်မှာ တစ်မြို့လုံး မည်းနက်၍နေလေသည်။ အိမ်တိုင်း အိမ်တိုင်းမှ ကျိတ်၍ ငိုရှိုက်နေကြသံများကိုလည်း တဖြောက်ဖြောက် ကျဆင်းနေသော မိုးသံများအတွင်းမှပင် ညင်သာစွာ ကြားနေရလေသည်။ ဘုန်းတော်ကြီးများလည်း ဝမ်းနည်းခြင်းကြောင့် သင်္ကန်း

ခေါင်းမြီးခြုံ၍ အိပ်ရာထဲတွင် လျောင်းနေကြရကား ဘုန်းတော်ကြီးကျောင်းတိုင်းမှာပင် အခါတိုင်းကဲ့သို့ စာတတ်စာအံကြသံများကိုပင် မကြားရဘဲ တိတ်ဆိတ်နေသ၏။

ဇူလိုင်လ ၁၉ ရက်နေ့ ညဥ့်ဦးတွင် နိုင်ငံတော်အသံလွှင့်ဌာနမှ 'ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရ၍ ကျဆုံးသွားပြီဖြစ်ကြောင်း' သတင်းကို ဝမ်းနည်းစွာ ကြေညာလိုက်၏။ မြန်မာပြည်တစ်ဝန်း မြို့တိုင်းရွာတိုင်းရှိ ပြည်သူလူထုကြီးမှာ ခေါင်ခေါင် မိုးကြိုးပစ်ခံရသကဲ့သို့ အံ့ဩချောက်ချား သွားကြကုန်သည်။ ဝမ်းနည်းပူဆွေးခြင်းကြောင့် ပျော်ပွဲရွှင်ပွဲများ ရပ်ဆိုင်းသွားကြပြီးလျှင် မြို့တိုင်းရွာတိုင်း ငြိမ်သက်တိတ်ဆိတ်သွားကြလေတော့၏။

မိမိတို့ ဖခင်ကြီး လုပ်ကြံခံရ၍ ကျဆုံးသွားကြောင်း ကြားသိရသောအခါ အမြို့မြို့ရှိ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင် အပေါင်းတို့သည် မိမိတို့နားကိုပင် မယုံနိုင်ကြ။ ကြား သည့်အဖြစ်ဆိုးကြောင့် ခိုကိုးရာမဲ့ဖြစ်ပြီးလျှင် ပြင်း စွာ ငိုကြွေးပူဆွေးကြလေသည်။ လောင်းဝစ္စလမ်း (ယ မင်းကွန်းဝိဟာရလမ်း)ရှိ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဌာန တွင်လည်းကောင်း၊ အမြို့မြို့ရှိ ပြည်သူ့ရဲဘော်တပ်ဖွဲ့ များတွင်လည်းကောင်း ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်များ သည် မည်သို့သော အခြေအနေဆိုးကိုမဆို ပြတ်သား ရင်ဆိုင်နိုင်စေခြင်းငှာ လက်နက်များကို ကိုင်စွဲကြလျက် 'အသင့် အနေအထား' ပြင်ဆင်ထားကြလေသည်။ လူအများတို့သည် တစ်တိုင်းပြည်လုံး၏ ချစ်ခင်မြတ်နိုး ခြင်းကို ခံရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင် ကြီးများ လုပ်ကြံခံရသည်ဆိုခြင်းအတွက် ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားကြရသည်။ ထို့ကြောင့် ပြည်သူ့ရဲဘော်တို့သည် ရန်သူကို ကလဲ့စားချေမည်ဟူ သော လူငယ်စိတ်ဖြင့် လက်နက်များကို ပြင်ဆင်နေကြ ခြင်းဖြစ်လေသည်။ သို့သော် နိုင်ငံရေးအခြေအနေ မျက်ခြည်မပြတ် လေ့လာနေသော ပြည်သူ့ရဲဘော် တပ် ဌာနချုပ်သည် နယ်ရှိရဲဘော်များ ခြေလွန်လက်လွန် ဘာမျှ မပြုလုပ်နိုင်စေရန် အချိန်မီ ညွှန်ကြားချက် ကို ထုတ်ပြန်ခဲ့၏။ လှည်းနေလှေအောင်း မြို့ အောင် မကျန် အမြို့မြို့အရွာရွာရှိ လူကြီးလူငယ်များသည် ကြ

www.burmeseclassic.com

www.burmeseclassic.com



ကြိုဟ်ဆိုး ကြုံခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများကို တန္တမ်းလျှလျှ တမ်းတကာဖြင့် မအိပ်နိုင်၊ မစားနိုင် ငိုပွဲကြီးဆင်၍ နေကြရှာလေသည်။

ဇူလိုင်လ ၂၀ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို တာဝါလိန်းရှိ နေအိမ်မှ နိုင်ငံတော်ပြည်သူ့ရှာပနအဖြစ် ကျင်းပသကြိုဟ်နိုင်ရန် ဂျူဗလီဟောသို့ ရွှေ့ပြောင်းထားရန်အတွက် သယ်ယူခဲ့ကြလေသည်။ ရန်ကုန်မြို့ရှိ မြန်မာ၊ တရုတ်၊ ကုလား စသော လူမျိုးမရွေး လူထုကြီးသည် ထိုအကြောင်းကို သိရှိရသောအခါ သူတို့ချစ်မြတ်နိုးသော ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ် ရွှေ့ပြောင်းရာတွင် ကြိတ်ကြိတ်တိုးမျှ လိုက်လံပို့ဆောင်ကြကုန်၏။ ဇူလိုင်လ ၂၀ ရက်နေ့၏ နေရောင်ခြည်သည် မိုးကောင်းကင်ထက်ရှိ မိုးတိမ်များအကြားမှ မလင်းတစ်ချက် လင်းတစ်ချက်ဖြင့် ညှိုးချုံးပူဆွေးနေဟန်ရှိလေသည်။ ရန်ကုန်မြို့တစ်မြို့လုံးသည် တိတ်ဆိတ်လျက်ရှိနေ၏။ လူတိုင်းလူတိုင်း၏ မျက်နှာများ၌ ကြေကွဲဝမ်းနည်းသောအသွင်ကို ဆောင်နေကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်သယ်ယူလာမည့် လမ်းတစ်လျှောက်တွင်လည်း ဗိုလ်ချုပ်အောင်ဆန်းကို စောင့်ဆိုင်း အလေးပြုရန် အသင့်စောင့်ဆိုင်းနေကြသည့် လူထုပရိသတ်ကြီးမှာ လမ်းတိုင်းလမ်းတိုင်း၌ ကြိတ်ခဲ ပြွတ်သိပ်လျက်ရှိနေ၏။

ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို တာဝါလိန်းလမ်းရှိ သူ၏နေအိမ်မှ ဂျူဗလီဟောသို့ သယ်ယူလာခဲ့ရာတွင် ရုပ်ကလာပ်၏ရှေ့မှ အသံချဲ့စက် တပ်ဆင်ထားသော ကားတစ်စီးက လမ်းရှင်းရင်း နှိုးဆော်လာလေသည်။ အသံချဲ့စက်မှ တစ်ခွန်းချင်း ကြေကွဲပြတ်သားစွာ ထွက်ပေါ်လာသည့် နှိုးဆော်သံသည် လမ်းတစ်လျှောက်လုံးသို့ ပျံ့နှံ့လွှမ်းမိုးသွား၏။

'လူထုပရိသတ်ကြီးခင်ဗျား ... ခင်ဗျားတို့ချစ်မြတ်နိုးတဲ့၊ ခင်ဗျားတို့ အသက်ပေးပြီး ကြည်ညိုလေးစားတဲ့ ခင်ဗျားတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ကလာပ်ကို ယူလာခဲ့ပါပြီ။ ကျေးဇူးပြုပြီး ဦးထုပ်များကို ချွတ်ထားကြပါ၊ ထီးများကို ပိတ်ထားကြပါ။ ခင်ဗျားတို့ ချစ်ခင်မြတ်နိုးတဲ့ ခေါင်းဆောင်ကြီးကို နောက်ဆုံး အလေးပြုခြင်းအဖြစ်နဲ့ လေးလေးနက်နက် အလေးပြုကြပါ။ ခင်ဗျားတို့ရဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လာနေပါပြီ'

ဟူသော အသံသည် လူထုပရိသတ်ကြီးကို လွှမ်းခြုံ၍သွားလေသည်။ ထိုအခါ လိုက်ပါပို့ဆောင်နေသူများ၊ လမ်းဘေးမှ စောင့်ဆိုင်းကြိုဆိုနေကြသူများ၊ အိမ်များ၊ တိုက်များပေါ်တွင် ကျိတ်၍ ပူဆွေးနေကြသူများပါ မကျန် မျက်ရည်များ ကျဆင်းကြပြီးလျှင် ရှိုက်၍ရှိုက်၍ ငိုကြွေးကြလေတော့၏။ နှိုးဆော်ထားသည့်အတိုင်း ဗိုလ်ချုပ်ကို အလေးပြုသောအားဖြင့် လူထုပရိသတ်ကြီးသည် မိုးရွာနေသော်လည်း ဦးထုပ်များချွတ်၊ ထီးများကို ပိတ်ကာ ခေါင်းညွတ်အလေးပြုကြရှာသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များက ပခုံးပေါ်ထမ်းဆောင် သယ်ယူလာကြသည်။

ဗဟန်းလမ်းမကြီးသို့ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ် ရောက်ရှိလာချိန် တွေ့မြင်ရသော ရှုမြင်ခင်းတစ်ခုမှာ ရယ်ဖို့လည်းကောင်း၏၊ ကြေကွဲဖွယ်လည်းကောင်း၏။ သို့သော် ... ထိုရှုမြင်ခင်းကြောင့် မည်သူမျှ မရယ်နိုင်ကြ၊ စိတ်ထိခိုက်ကြရပြန်သည်။

လမ်းဘေးရှိ သစ်ပင်ထက်သို့တက်၍ ကြည့်ရှုနေသော ဦးပဥ္စင်းငယ်အချို့သည် အနီးသို့ ရောက်ရှိလာနေသော ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို လှမ်းမျှော်ကြည့်နေရင်းမှ စိတ်မထိန်းနိုင်ကြဘဲ ချုံးချငိုကြပါလေတော့သည်။ လက်မောင်းတွင် 'တာဝန်' လက်ပတ်ပတ်ထားသူ ပြည်သူ့ရဲဘော်တစ်ဦးသည် သစ်ပင်ခြေရင်းလမ်းမပေါ်မှနေ၍ 'အရှင်ဘုရားတို့ ... သင်္ကန်းကြီးနဲ့ ငိုနေလို့ မတော်ပါဘူး ဘုရား ...' ဟု လှမ်းလျှောက်ထားလိုက်၏။ ထိုအခါ ငိုနေသော ဦးပဥ္စင်းတစ်ပါးမှာ အရှိက်ကို အထိုးခံလိုက်ရသကဲ့သို့ အခံရခက်သွားပုံရလေသည်။

'ဟေ့ ... မင်းက ဘာကောင်လဲ။ ဘုန်းကြီးမို့ မငိုရဘူးလို့ မင်းအမေလင်က ပြောသလား။ အမယ်လေး ... ဗိုလ်ချုပ်အောင်ဆန်းရယ် ... ရေတိမ်နစ်ပါပေါ့လား' ဟု ဟစ်၍ ငိုလိုက်ပြန်လေရာ အောက်က အော်၍ပြောမိသူရဲဘော်မှာလည်း သူပါရောၡ ငိုကြွေးနေသည်ကို တွေ့မြင်ကြရလေသည်။ လမ်းဘေး တစ်ဖက်တစ်ချက်စီမှ ကြည့်နေကြသည့် လူထုကြီးအတွင်း၌လည်း စိတ်မထိန်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ ငိုကြ၊ ရင်ထဲကြ၊ မူးမေ့လဲကျသွားကြသူများကို စိတ်ထိခိုက်စရာ၊ ဟိုနားဒီနားတွင် မကြာခဏ တွေ့မြင်နေကြရလေသည်။

ဤသို့နှင့်ပင် တရွေ့ရွေ့ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ကလာပ်မှာ ဂျူဗလီခန်းမသို့ ရောက်ရှိခဲ့ရလေသည်။

အာကာတခို၊ ပြာပြာညို၊ ဘယ်မှန်းမာန်ပိုလို့ ... ရွာမလိုဟန်ဘဲနှင့် ထန်သည်းစွေဖြိုး၊ မင်းလွင်ကပျိုး .. အို... ညှိုးအောင်ဖန်လာသကိုလေး ... မှိုင်းအုံ့ဖွဲ့မိုး ...။

မပြန်လမ်းသို့ မြန်းကြရရှာသော ခေါင်းဆောင်ကြီးများရှိရာ ဂျူဗလီဟောသို့ လာရောက် အလေးပြုကြသူများသော ပရိသတ်လူထုကြီးသည် တဖွဲဖွဲနှင့် မစဲဘဲ ရောက်ရှိနေကြလေသည်။

ကံမခိုင်၊ သံတိုင်ကို အိမ်ဆောက်တော့၊ ကံမှောက်လျှင် ကျိုးရတတ်ပါသေးသည်။ ခံကြရသူများလည်း ကြမ္မာဆိုး၊ ပြုကြရသူများမှာလည်း ကြမ္မာဆိုး၊ ခိုကိုးစရာ ဘယ်မမြင်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်မှုကြောင့် ဂဠုန်ဦးစောနှင့် အပေါင်းပါတို့သည် ပြည်သူလူထု၏ တုံ့ပြန်ချက်အရ အထူးခုံရုံးတင်၍ စစ်ဆေးအပြစ်ပေးခြင်းကို ခံသွားကြရလေသည်။

ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်ကို ဂျူဗလီဟော ခန်းမကြီးတွင် တခမ်းတနား ပြည်သူ့ဈာပနအဖြစ် ထားရှိစဉ်အတွင်း မြန်မာပြည်အရပ်ရပ်မှ လာရောက် အလေးပြုလျက် လွမ်းသူပန်းခွေများ ချကြသည်မှာလည်း ဈာပနအချိန် ၁၀ လကျော်အတွင်း နေ့စဉ် ကြိတ်ကြိတ်တိုး စည်ကားနေသည်သာ ဖြစ်လေသည်။

**၁၉၄၈၊ ဧပြီလ ၁၁ ရက်၊ တနင်္ဂနွေနေ့**

နံနက်ပိုင်းတွင် ကျဆုံးသွားလေပြီးသော ခေါင်းဆောင်ကြီးများကို ရည်မှန်း၍ ဂျူဗလီဟောတွင် သံဃာတော်အပါး ၁၀၀ တို့အား ဆွမ်း ခံဖွယ် ဘောဇဉ်တို့ကို ကပ်လှူပူဇော်ပြီး ၉ နာရီတွင် သရဏဂုံတင်ကာ အမျှ ပေးဝေကြ၏။ နေ့လယ် ၁ နာရီ ၁၅ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်များကို ဂျူဗလီဟောမှ အာဇာနည်ကုန်းသို့ ရွှေ့ပြောင်းရန် စတင် ထွက်ခွာ ပို့ဆောင်ကြသည်မှာ လူထုပရိသတ် ၅ သိန်းကျော် လိုက်ပါပို့ဆောင်ကြလေသည်။

နေ့လယ် ၂ နာရီ ၁၅ မိနစ်အချိန်တွင် အာဇာနည်ကုန်းသို့ ရောက်ရှိကြလေသည်။ ညနေ ၄ နာရီခွဲအချိန်တွင် ခေါင်းဆောင်ကြီးများအား နောက်ဆုံးအလေးပြုသောအားဖြင့် 'နောက်ဆုံးအချိန်' သီချင်းကို စစ်တီးဝိုင်း စစ်ခရာသံများက ငြိမ့်ညောင်းညင်သာစွာ ဆွဲဆွဲငင်ငင် တီးမှုတ်အလေးပြုလိုက်ရာ ပရိသတ်များ၏ စိတ်မထိန်းနိုင်ကြဘဲ အုတ်အုတ်ကျက်ကျက် ငိုကြွေးကြသံများသည် အာဇာနည်မြေပြင်ဝယ် တသိမ့်သိမ့် လွှမ်းခြုံသွားလေတော့သည်။ ရုပ်ကလာပ်များကို ညနေ ၄ နာရီ ၃၅ မိနစ်တွင် အသီးသီး ဂူသွင်းလိုက်ကြလေသည်။ ဤနည်းဖြင့် ပြည်သူတို့ ချစ်မြတ်နိုးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများမှာ လွတ်လပ်ရေး ယာဉ်ပလ္လင်ဝယ် သူတို့၏အသက်ကို အစတေးခံ၍ သွားရရှာလေတော့သတည်း။ ။

ရွှေသွေး အတွဲ ၁၃၊ အမှတ် ၄ (၁၅-၇-...

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်တို့ မမေ့နိုင်သော ခေါင်းဆောင်ကြီးများ

## ပြည်သူ့ကြယ်အယ်ဒီတာအဖွဲ့

၁၃၀၉ ခု၊ ဝါခေါင်လဆန်း ၂ ရက်၊ စနေနေ့။

ကြည် မမေ့နိုင်ဘူး၊ သည်အဖေ့တွက်တာ၊ သည်ယနေ့ ရက်ခါဝယ်၊ ပြည်ထွက်ကာ တောင်ခြေသို့၊ ချောင်ရွှေ့ လှမ်းချင်တော့တယ်လေး။

ဩော် ... လမြတ်ဝါခေါင်၊ မျှော်ယောင်သာ ပန်းတော့၊ သောင်ကမ်းတဲ့ပြည့်လျှံ၊ နဒီငယ်ခြံသည်၊ ပြည်မင်းစံရွှေဘုံက၊ အကုန်ကူးတဲ့ လပေပ။

နေမိန္ဒရ၊ ဝါခေါင်လမို့၊ ခါသမယ သည်ချိန်ခါမှာ၊ ပန်းခတ္တာခိုင်ညှာပွင့်တို့သည်လည်း ဖူးကြလေပြီ။

တိုင်းပြည်သူတို့ လှူစာရေးတံ သဘင်စုံခံဆဲမို့ လွမ်းရန်ပွဲ သည်အချိန်ကို ဒေဝရိန်ပဇ္ဇုန်မှူးကလည်း မြူးလှပါပေ၏။

ရာသီဘာဝ၊ ထူးလှ ဖူးကြွ မြူးကြွအားသော်လည်း၊ နှောင်းခဲ့သည် ဆယ့်နှစ်နှစ်က ဗမာတစ်မျိုးလုံးမီးအုံးကြိမ်အသွင်သို့၊ ဖြေမရှင်ဆီးစေဖို့၊ အရေးတော်ကြုံခဲ့ရပေသည်။

ခရစ်သက္ကရာဇ်အားဖြင့် ဆိုသော် ၁၉၄၇ ခု နှစ်၊ ဇူလိုင်လ ၁၉ ရက် ဖြစ်၏။ ထိုနေ့သည်ကား ဗမာ့သမိုင်းစဉ်တွင် နေလုံးကွယ်ပျောက် အမှောင်ကြီး ဆိုက်ရောက်သော နေ့ပေတည်း။

နံနက်ခင်းအချိန်မှစ၍ ရန်ကုန်မြို့၏ အထက်ကောင်းကင် အာကာဘုံမှာ သုန်မှုန် အုံ့ဆိုင်းလျက်ရှိနေလေသည်။ မိုးရေပေါက်များကလည်း မကြည်တစ်လှည့်၊ ကြည် တစ်လှည့်နှင့် ရွာလိုက်စဲလိုက် ရှိချေသည်။

နံနက် ရှစ်နာရီခွဲအချိန်ခန့် အင်းလျားကန်စောင်း (အေဒီ) လမ်းရှိ ခြံဝင်းတစ်ခုထဲမှ စစ်တာလပတ်များမိုး၍ထားသည့် နံပါတ် (အာရ်အေ ၃၁၂၃) သုံးတန်ထရပ်ကားတစ်စီး ရုတ်တရက်ထွက်လာကာ ပြည်လမ်းမကြီးပေါ်သို့ မောင်းနှင်သွားလေသည်။ ထိုခြံဝင်းနှင့်ကပ်လျက်ရှိသော တစ်ဖက်ခြံအတွင်းရှိ ရေတွင်းပေါင်တွင် မှီရပ်နေသော အရပ်ဝတ်နှင့် စုံထောက်အရာရှိတစ်ဦးမှာ ထိုသုံးတန် ထရပ်ကားပေါ်တွင် လမ်းလျှောက်ရင်း စကားပြော သတင်းပို့သည့် ဝိုင်ယာလက်စက်အငယ်စားလေးတစ်ခုနှင့် ဝိုင်ယာလက်သမားနှစ်ဦးပါသွားသည်ကို ရိပ်မိသိရှိလိုက်ခြင်း မရှိရှာပါပေ။

စုံထောက်အရာရှိကား ဖွဲကောင်းကောင်းနှင့် စောင့်ကြည့်မြဲ စောင့်ကြည့်နေ၏။ နံနက် ၁၀း၀၅ မိနစ် အချိန်တွင် နံပါတ် အာရ်စီ ၁၈၁၄၊ အစိမ်းရောင် ဂျစ်ကားတစ်စင်းသည် ထိုခြံထဲမှပင် ထွက်လာပြန်ကာ ပြည်လမ်းမကြီးပေါ်သို့ တက်ရောက်ပြီး မြို့ထဲဘက်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com





ခပ်သုတ်သုတ် မောင်းနှင်သွားသည်ကို တွေ့ရလေသည်။ ထိုဂျစ်ကားပေါ်တွင်ကား မိုးကာအင်္ကျီများကို ခြုံထားသည့် လူငါးယောက်တို့ ပါရှိသွားလေသည်။ ဤဂျစ်ကားနှင့် လူတစ်စုသည် မြန်မာပြည်တစ်ပြည်လုံးအား အကြီးဆုံးသော ပရိဒေဝမီးမွှေးသည့်သူများဖြစ်သည်ကိုလည်း ထိုစုံထောက်များ မသိရှာသေးချေ။

နံနက် ၁၀ နာရီ ၃၅ မိနစ်ရှိလေပြီ။ အတွင်းဝန်များရုံး၊ ဒုတိယထပ်၊ အနောက်ဘက် မျက်နှာစာဘက်မှ သေနတ်သံတို့သည် တဒက်ဒက်၊ တဒိုင်းဒိုင်းနှင့် ပဲ့တင်ထပ်သွားတော့၏။ သေနတ်သံတို့၏ နောက်ကွယ်၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရဲဘော်ရဲဘက် ဝန်ကြီးများဖြစ်ကြသော သခင်မြ၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားကြီး၊ ဒီးဒုတ်ဦးဘချိုအပြင် ဦးအုန်းမောင်၊ ကိုထွေးတို့သည် လကွယ်နေ့၌ ညဉ့်နက် သန်းခေါင်ကျင်းခုနစ်တောင် နက်အောင်တူး၍ မိုက်ငွေ့လူလူ၊ ဖွားတော်မူသည့် ငစောတိရစ္ဆာန် ငရမန် အကြံပက်စက်၊ ဆန်ကောလောက်မှ ဖောက်မနက်သော၊ မသမာညာဏ်၊ အယုတ်တမာ အကြံကြောင့် လွတ်လပ်ရေးတိုက်ပွဲ ယဇ်ပလ္လင်တွင်၊ အသက်သွေးတို့ဖြင့် အစတေးခံသွားရရှာလေသည်။

ယမ်းခိုး ယမ်းငွေ့များ ဖုံးလွှမ်းလျက်ရှိသော အခန်းထဲ၌ သွေးအိုင်များအကြားဝယ် ဖရိုဖရဲ လဲကျနေသော ခေါင်းဆောင်ကြီးများအား ရှင်လိမ့်နီးနှင့် မျှော်ကိုးကာပင် ဝိုင်ပွဲဆင်လျက် မပစ်ရက်စွာ မခွာရက်ဘဲ တအားခဲကာ ဆေးရုံကြီးသို့ သယ်ဆောင်ခဲ့ကြသော်လည်း မရဏ ရှင်သေမင်းရယ်က ကိုယ်ချင်းမှ မစာနာ မျိုးမြန်မာ အပူပွားအောင် ဖန်အားလေတော့သည်။ ကဝိတစ်ဆူ ဆေးပါရဂူများကလည်း မကူနိုင်ဘဲ မချိတင်ကဲ အံကိုခဲ၍ ဝမ်းနည်းနမြောတသစွာနှင့်ပင် လက်လွှတ်ကြရရှာပေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များမှာလည်း ဘဝနိဂုံးချုပ်သည်နှင့်။

× × ×

ကြက်ပျံမကျ စည်ကားလှသော ပြည်မ ရိပ်မြုံ၊ မြို့ရွှေဂုံလည်း သဇီဝသဘောမှ နိဇီဝသဘောသို့ ရွေ့လျောသည့်အလား မြို့၏နှလုံးသွေးကြောများ ရပ်တန့်သွားတော့၏။

အုံ့မှိုင်းသန်းယှက် လူးလျှောက်ခက်လိမ့်၊ မိုး... လွှာလည်း၊ နဘဲချာမှ မှောင်လာဆင့်ပိုင်း၊ ရင့်ရင့်... လျက်၊ သင်တိုင်းပမာ လွှမ်းခြုံရှာတော့၏။

ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့်... နေဝန်းလည်း ထွန်းလင်းခြင်းငှာ မကြည်သာဘဲ... တိမ်မိုး နောက်ကွယ်လျှိုးသည့် ညှိုးသည့်မှုရာ ဖြ... ၏။

မိုးနတ်ရှင် စည်တော်နှိုးပါလို့ ငွေမိုးတွေ ဖြိုင်... လည်း ပူမီးကဖြာ၊ လူမီးစာ မအေးနိုင်ဘဲ သော... လှိုင်လျက်ရှိတော့၏။

ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို ... လိမ်းနေအိမ်သို့ ယူဆောင်ကာ ပြင်ဆင်ထားသည့်... ဗိုလ်ချုပ်ခမျာမှာ လူသေသော်လည်း စိတ်မသေ... သကဲ့သို့ လွတ်လပ်ရေးပန်းတိုင်ကို မှန်းမျှော်နေသ... အလား ထင်မှတ်ရ၏။

လူမမည် သားသမီးကလေးများမှာ သူတို့၏... ကြီးသည် သူတို့အား အပြီးတိုင် စွန့်ခွာသွားပြီဖြစ်... ဟို မသိနားမလည်ရှာဘဲ သတင်းမေး လာရောက်... သည့် ဧည့်သည်များအား "ဖေဖေ မောလို့ အိပ်နေတ..." ဟု တီတီတာတာ ပီကလာနှင့် စိကာရီကာ ဆီး... ကြရှာလေသည်။ ဖခင်ကြီးကား သည်းချာရင်နှစ်... သမီးချစ်တို့အား မျက်ကွယ်ပြု၍ သွားချေပြီတ...

ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီး... လုပ်ကြံခံရ၍ 'ဆုံးပြီ' ဟူသော သတင်းကို မည်သို့... လျှို့ဝှက်ထားသော်လည်း လျှို့ဝှက်မရဘဲ တော... တစ်မဟုတ်ချင်း ပျံ့နှံ့သွားသည်။ ခြိမ့်ခြိမ့်အုန်း... ရှင်ပြုံးသာယာ၊ ကျက်သရေဖြာသည့် မြို့ရွှေဂုံ... တုန်ရင် ငေးမှိုင်၊ အဆွေးလှိုင်၍ သွားတော့၏။ ... လုံးလည်း ဝမ်းနည်းပက်လက် အလံနက်ကို တို... ထက်ထူ၊ ပူပုံနယ်ပန်း၊ သဲကြွေကျွမ်းတော့၏။ ... လူအပေါင်းတို့သည် ကြီးငယ်မဟူ ဆင်းရဲချမ်းသာ... ရင်သွေးတစ်ယောက်၏ ယူကျုံးမရ ပူလုံးကြွမို့၊ ... မလှ ဖြစ်ရမည့်အရေး အတွေးနှင့်မို့ အငိုနှင့်လ... ရှိက်ငင်လိုက်ကြသည့် အသံမှာ နဘဲတက်၍ ... တော့၏။ ဇူလိုင်လ ဆယ့်ကိုးရက် ညဉ့်ဦးအခါ နိုင်ငံ...

www.burmeseclassic.com

www.burmeseclassic.com



အသံလွှင့်ဌာနမှ 'ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါတို့ လုပ်ကြံခံရပြီဖြစ်ကြောင်း' အမင်္ဂလာသတင်းကို အသံလွှင့် ကြေညာချက် ကြားလိုက်သည့် အဆုံး၌ ဗမာပြည် တစ်ဝန်းလုံး မချုန်းဘဲရွာလိုက်သည့် မိုးကဲ့သို့ မှောင်အတိ ကျသွားလေတော့၏။ အာကာတစ်ခွင် သာယာပြင်လည်း ကြင်နာသနား မရှုအား၍ တိမ်သားနောက်ဝယ် ပုန်းကွယ်တော့၏။

ဖခင်ဗိုလ်ချုပ် လုပ်ကြံခံရကြောင်း ကြားရသည့် သားလှမျက်ဖျော် ရဲဘော်အပေါင်းတို့သည် နားကိုပင် မယုံ၊ ကြုံရသည့် အခင်းကြောင့် ပြင်းစွာငိုကြွေး ပူဆွေးဗျာပါ ပွားရရှာ၏။ အချို့မှာမူ ဘယ်ရန်သူကို ကျူငုတ်မကျန်၊ ခုတ်လိုဟန်ဖြင့်၊ ဓားလှံကိုဆွဲ၊ သေနတ်ဆွဲလျက်၊ မျက် မဲမှောင်မိုက်၊ လိုက်၍ရှာ၏။ ကိုယ့်အရိပ်ကိုပင် ရန်သူထင်လျက် တအင်တအား ခုတ်များခုတ်မိ ကြောက်ဖွယ်လိ၏။

အချို့မှာမူ တိုင်ကို ခေါင်းနှင့် မချင့်မရဲ တိုက်ကာခွဲ၏။ အချို့မှာမူ ဘဇာလူကို ရန်သူဟူ၍ ငြူစူခြင်းငှာ ခွမ်းသာတိုင်း မျက်ရည်ဝိုင်းလျက် ဖြိုင်ဖြိုင်မျက်ရည်ကျရှာ၏။ လူကြီးပိုင်းလည်း မဆိုင်းမတွ အုပ်ထိန်းကြလျက် ဒေါသလောင်မီး ချုပ်တီးပေးကြလေသည်။

လောက၌ ဘုရားပြီးမှသာ ငြိမ်းဖျက်သည်ဟု ကြားဖူးပါ၏။ သို့သော် ယခုမူ ဘုရားမပြီးမီ ငြိမ်းဖျက်သကဲ့သို့ လွတ်လပ်ရေးရခါနီးမှ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းအား ဆိုးယုတ်ညစ်ပတ် အဇာတသတ် ဇာတ်ခင်းလိုက်သဖြင့် လူထုကြီးမှာ အပူမီးဝိုင်း အရှုးတစ်ပိုင်းဖြစ်ကာ ကျန်ခဲ့ရလေသည်။

ဇူလိုင်လ နှစ်ဆယ်ရက်နေ့၊ နံနက်ခင်းကား နေမင်းသည် မိလ္လာရီဆိုင်း၊ အုံ့ပြာမှိုင်းလျက် ရှစ်တိုင်းနယ်တစ်ခွင်ရှုရေးငင်လျက် ရှိတော့၏။

မိုးနတ်သျှင်လည်း ဝဠာခွင်ဝယ် ဟန်ပင်ခုပျိုး ရွာတော့မည်လို မညိုတညိုနှင့် ဆို့ကာငိုင်ကာ မှိုင်နေရှာ၏။

တိမ်တောင်တိမ်လိပ်တို့သည်လည်း တရိပ်ရိပ်နှင့်ချိတ်ကာ မိုတ်ကာ အပူမီးဖြာလျက်ရှိသော လူထု၏ အသည်းနှလုံးကြားမှ အဆွေးဓာတ်နှင့်အတူ တလိပ်လိပ်တက်လျက်ရှိတော့၏။

သာမျိုးစုံသည့် မြို့ရန်ကုန်လည်း သုသာန်တစသချိုင်းဝသို့ ခြောက်ကပ်တိတ်ဆိတ်လျက် ရှိ၏။

ထိုအချိန်ဝယ် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်အလောင်းကို တာဝါလိန်းဂေဟာမှ ပြည်သူ့ရှုပနဲ ဂျူဗလီဟောဆီသို့ သယ်ယူရွှေ့ပြောင်းခဲ့လေရာ စခန်းမထောက်၊ လမ်းတစ်လျှောက်လုံး လူထုပရိသတ်တို့သည် သည်းအူပျက်မျှ အပူဓာတ်ဖြင့် မြတ်နိုးသဒ္ဓါ ချစ်သဲညှာကို လွမ်းသူ့မျက်ရည်ဖြင့် အရိုအသေပြုကြသည်မှာ မြင်ရသူနှလုံးပြုန်းမတတ် ရှိတော့၏။

အသံချဲ့စက် တပ်ဆင် ထားသော ဂျစ်ကားပေါ်မှ တစ်ခွန်းချင်း ကြေကွဲပြတ်သားစွာ ပေါ် ထွက်လာသော "လူထုပရိသတ်ကြီးခင်ဗျား ... ခင်ဗျားတို့ မြတ်နိုးတဲ့၊ ခင်ဗျားတို့ ကြည်ညိုတဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ကလာပ်ကို ယူလာပါပြီ။ ဦးထုပ်များ ချွတ်ထားကြပါ၊ ထီးများ ပိတ်ထားကြပါ။ နောက်ဆုံး အလေးပြုခြင်းအနေနဲ့ အလေးပြုကြပါ" ဟူ သော ဟစ်ကြွေးသံသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော လောကဓာတ်ကြီးကို ထိုးဖောက် တုန်ဟည်းစေကာ လူထုမိဘအပေါင်းအား မချိနှလုံး မပြုံးမျက်ရည် ဖြေမဆည်နိုင် မှိုင်ကာငေးလို့ ဆွေးစေတော့၏။

မင်းလွင်က ဖြိုး၊ အို ... ညိုးအောင် ဖန်လာသကိုလေး၊ မှိုင်းအုံ့ဖွဲ့မိုး။

မှိုင်းတဖွဲ့ဖွဲ့၊ သိုင်းချုံ့ချုံ့နှင့် ငိုမလို၊ ရယ်မလို၊ ယောင်ကာမှဲ့သည့်၊ အမှုန်မိုးသည်၊ တဖွဲဖွဲ ရွာလေပြီ။

ဒေါသကို ချုပ်၊ မာန်ကို အုပ်လျက် ဦးထုပ်ကို ချွတ်၊ ထီးကိုပိတ်ကာ အလေးပြုရှာသူတို့သည် ငွေမိုးနှင့်ပြိုင် မျက်ရည်ဖြိုင်၏။

မပြန်လမ်းသို့ မြန်းကြရရှာသော ခေါင်းဆောင်ကြီးများအား ဂျူဗလီဟောအတွင်း၌ လာရောက် အလေးပြုကြသော ပရိသတ်တို့သည် မိုးနှင့်အတူ တဖွဲဖွဲနှင့် မစဲဘဲ ရှိလေသည်။

သေသူကို ရှင်သူက တရိုး အတိုင်း ခေါင်းဆောင်ကြီးများ ရေတိမ်တွင် နစ်၍ ကျဆုံးသွားရသည့်နောက် မြန်မာပြည်တစ်လွှားဝယ် မြို့တိုင်း ရွာတိုင်း ဆွမ်းသွတ် အမျှဝေခြင်း၊ ချီးကျူးပွဲများ ကျင်းပခြင်းပြုကြသည်မှာ လွတ်လပ်ရေး ပန္နက်သဲကို ခိုင်မြဲစေသကဲ့သို့ ရှိတော့၏။

"နိုင်ငံရေးတွင် မိတ်ဆွေမရှိ" ဟူသော ဆိုရိုးစကား

www.burmeseclassic.com

www.burmeseclassic.com



သည်ပင် မှားယွင်းသကဲ့သို့ ခေါင်းဆောင်ကြီးတို့၏ တိုင်းပြည်ရေးတွင်ကား မိတ်ဆွေပေါ်များကြောင်း ကွယ်လွန်မှ တွေ့ရ၏။

သို့သော် တရားကို နတ်စောင့်ပါ၏။ "ခွေးရူး ကောင်းစားလျှင် တစ်မွန်းတည့်" ဟူ၍ပင် ရှိငြားလည်း တစ်မွန်းတည့်မျှပင် မကောင်းစားလိုက်ရသော ခွေးရူးများလည်း လောကသမိုင်းတွင် ရှိပါ၏။

ဂြိုဟ်ဆိုးကြမ္မာ မွှေသောခါမူ လူသူခပင်း ခန္ဓာယွင်းတတ်၏။ သို့သော် ပလ္လင်ဟူသည် ခွေးတက်ရိုး ထုံးစံမရှိရကား တိုင်းပြည်အတွက် ရက်စက်ယုတ်မာ ဗလာကိုယ်ကျိုး မျှော်ကိုးစီမံ လုပ်ကြံသတ်ဖြတ် အဇာတသတ် ငပွန်ဦးစောနှင့် ကြံရာပါ နောက်ပိတ်ခွေးတို့သည် လူထုမေတ္တာ၏ စူးရှချက်ကြောင့် ရုံးတင်စစ်ဆေး အပြစ်ပေးကာ စတေးခံရလေသည်။

ဝဋ်ကြွေးငယ်တင်၊ လွတ်သေးတယ် ပျိုမထင်နှင့်၊ ကိုယ်ကျင့်တရား။ ။ မသိသူ၊ သတိကလေးတစ်ခါမူတော့၊ ဝိဋ္ဋုဋ္ဋသာကီ သတ်စဉ်က၊ စောမြတ်စွာ ကိုယ်တော်တိုင်ပ၊ မကယ်နိုင် ထုံးရှိထားတယ်၊ (ကွယ်) ဘုန်းအသိသား။

ဝဋ်ကြွေးတင်မည်ဆိုမှဖြင့် ဘုရားရှင်တော်မှ မကယ်နိုင်၊ ရှင်မောဂ္ဂလာန် ရဟန်းသည်ပင်လျှင် ခိုးသားငါးရာ၏ လက်ချက်ဖြင့် အသက်ထွက်ခဲ့ရသည်ကို သိပါ၏။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးတို့အား တိရစ္ဆာန်လောက်မှ ကျေးဇူး မသိတတ်သော အသိဉာဏ် ကင်းမဲ့သည့် မသေခင် အရှင်လတ်လတ်က သရဲသဘက်ဖြစ်နေသော လူ့ပြိတ္တာ ချေးပိုးထိုးတို့၏ မသတီစရာ လက်ချက်ဖြင့် အသက်ပေးသွားရသည်ကိုကား ကမ္ဘာပင် ကြေသော်လည်း ဥဒါန်းကား မကျေနိုင်ပါ။

၁၉၄၈ ခု၊ ဧပြီလ ၁၁ ရက်နေ့သည်ကား ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများအား နိုင်ငံတော် ဈာပနအဖြစ်ဖြင့် အာဇာနည်တို့ ကိန်းအောင်းရာ အာဇာနည်ကုန်းဘက်သို့ ငါးသိန်းကျော်မျှ လူထုကြီးက လိုက်လံ ပို့သသောနေ့ပေတည်း။

အာဇာနည်ကုန်းသို့ ရောက်ပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အပေါင်းပါ ခေါင်းဆောင်ကြီးတို့အား ကောင်းရာသုဂတိသို့ လားပါစေသော် စိတ်မနောဖြင့် သရဏဂုံတင်ကာ အမျှအတန်းဝေသည်နှင့် တစ်ပြိုင်နက် ဝမ်းနည်းပက်လက် စက်လက်မျက်ရည် လွမ်းမိုးစွေစေတော့၏။ တကြုကြု ရှိုက်ငို၊ လှိုက်သလည်း အာဇာနည်ကုန်းဝယ် သောသောကြွယ်၏။

ဗိုလ်ချုပ်အောင်ဆန်းတို့အား စစ်အခမ်းအနားနှင့် သေနတ်ပစ်ဖောက်၍ နောက်ဆုံး အလေးပြုသည့်အခါ ရင်တွင်းနှလုံး ဖုံး၍ ထားသမျှ ပူလုံးကြွကာ ပရိသတ်ခများမှာ မျက်ရည်ဖြာကြရတော့၏။ သာရကာကျေးငှက်ကလေးများပင် ပင်ထက်ပျော်မြူး ပလူးရာမှ ဂါဝရပြုပင်မှဆင်းသက်ကာ ဝဲကာအလေးပြုရှာကြ၏။

လွမ်းသူ့ခရာသံများ သာယာညှင်းပျောင်း ကြေကွဲဖွယ်ရာ နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် လေးလေးတွဲ့တွဲ့ သဲ့သဲ့သံသာ ကျူးရင့်သည့်အခါဝယ် ရစ်ခွင်တိုင်းမှာ ညို့ညို့ငယ်မှိုင်းပြာ ညိုရွှေတိမ်ခြေဆိုင်းလို့ ဗိုင်းအုံ့မှောင်၍ လာပါတော့သည်။ သည်းဘဝင်ဖိုလှိုက် ငိုရှိုက်သံတို့ကား လွမ်းခရာသံနှင့် ပြွမ်းရောတော့၏။

ရုပ်ကလာပ်တို့ကား ဂူအတွင်းသို့ သွတ်သွင်းပြီးချေပြီ။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသည် အာဇာနည်ကြီးများအား မိမိ၏ အရိပ်တော်အောက်ဝယ် ပိုက်ထွေးယုယ ဘဝခြားမို့ ထိန်းသိမ်းထားလိုက်ရှာလေသည်။ လွမ်းသူ့ပန်းခွေတို့သည်လည်း ဂူအထက်ဝယ် ဝက်ဝက်ကွဲမျှ ပုံလျက်ရှိ၏။

ပြည်သူ့ခပင်းလည်း ရှိုက်ဖိုငိုရင်း သံသာညှင်းလွင်မိမင်းမြန်မာ ကြမ္မာရိုင်းမှ တိုင်တည်ခြင်းပြုသည်မှာ နားဝယ်ပြည့်လုခမန်းပင်။

ပြည်သူခပင်း ပြည်သူ့ဈာပနကဏ္ဍ၏ အဆုံးသတ်နိဂုံးရောက်ချေပြီ။

ပြည်ပေါ်ကျော်ကြား၊ သြရသများနောင် ဗိုလ်ချုပ်ခေါင်ချုပ်၊ သားဗိုလ်ချုပ်၏ သိမ်းအုပ်မြန်ပြည်၊ ဇာနည်ထူးသည့်၊ မြေလူးသွေးအိုင်၊ ခန္ဓာယိုင်ပြီ၊ သည်းဆိုင်ကြွေလုတဲတဲတည်း။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးသည်မှာ နှစ်ဆယ်တစ်နှစ်ပင် တိုင်ခဲ့သော်လည်း နှစ်ဆယ့်တစ်စက္ကန့်မျှ မကြာသေးဟု ထင်ယောင်မိ၏။ ပြန်ကာလှန်ကာ နောက်တွေး၊ ရေးရေးခုဖြင့် ရွှင်ပါနိုင်ပြီဘဲ ဟူသော

www.burmeseclassic.com

www.burmeseclassic.com



တေးသံသည် လေဟုန်ထဲတွင် ဝဲ၍ ဝဲ၍ ငြိမ့်ညောင်းသာယာ ပေါ်လာပါသည်။ စေ့စေ့တွေး ရေးရေးပေါ် ဆိုသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းအား ရော်ရမ်း မျှော်မှန်း အလွမ်းတွေပို ရင်၌ဗိုလျက် ဆိုငိုမှိုင်ငေး ဆွေးခဲ့ရပါသည်။

အောင်ဆန်းကြိုက်ကြိုက်၊ တေဇပင်ဆိုဆို၊ နောင်ချိုလို့ပင် သမုတ်သမုတ်၊ ဖိုးတုတ်ပင် ချီးချီး၊ ငမိုးပင် ဟူဟူယနေ့တိုင် မမေ့နိုင်သူကား ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်ပေသည်။ ထိုထက် မိုးနှင့် မျက်ရည်ရောသောနေ့၊ သွေးနှင့်မျက်ရည် ရောသောနေ့ကိုကား ပို၍ပင် မမေ့နိုင်ပါပြီ။

သွေမဖီ မျိုးချစ်တစ်ခါညီလို့၊ အတည်တည်လျှင်၊ လူများငယ်သို့၊ လိုလားအာသီကြောင့်၊ ရဲဇာနည် ခေါင်ကြငှန်းပါဘဲ၊ မိုက်မှောင်ကို တန်ဆောင်ထွန်းသည့်နယ်၊ အောင်ဆန်းအမည်ပြောင်လို့ ဗိုလ်မင်းရောင် သူ့အဘိုးလိုပ၊ မြန်ပြည်ကို ပြန်လည်ကြိုးသော်ကြောင့်၊ လူဆိုးမသမာ မှန်တဲ့၊ မိန်းမညာဏ်တစ်ခါမှီးပါလို့၊ ဝန်ကြီးတွေအသက်ဆုံးခဲ့ရ၊ မြန်ပြည်လူထုအလုံးမှာဖြင့်၊ ယူကျုံးဖွယ်မရသည့်ပြင်၊ သည်းဆွ ဗလောင်ဆူ၍၊ ကိုးစားသူ လူအများမှာဖြင့်၊ နှမ်းချွေကာ မှန်းခြေနှင့် မကြွားနိုင်ဘူး၊ မတစ်ထောင်တစ်ကောင်ဘွားတို့ကြောင့်၊ ဂုဏ်ရောင်ကို ပုံဆောင်ပြေးပေမဲ့၊ ရှည်လျား ဘယ်မဆုံးမှာကြောင့်၊ မြန်ဗဟို သံချိုနှင့်နှုန်းလိုက်ရတယ်(ကွယ်) ချုံးချကြေကွဲ။ ။

(တပ်မတော်မော်ကွန်းတိုက်မှ ကျေးဇူးပြုပါသည်)

ပြည်သူ့ကြယ်၊ အမှတ် ၃ (ဇူလိုင်လ၊ ၁၉၆၈)

www.burmeseclassic.com

www.burmeseclassic.com



# မိုးသက်မုန်တိုင်း ကျသည့်နေ့

## ဦးဗဆွေ

**သခွတ်ပင်က မီးတကျီကျီ**

ပင်လယ်ထဲတွင် လှိုင်းလေငြိမ်ချက်သားကောင်းနေလျှင် လေပြင်းမုန်တိုင်းဆင်၍ လှိုင်းလေထန်မည့်နိမိတ်ဟု ယူဆကြသည်။ မမျှော်လင့်ဘဲ မိုးသက်လေပြင်းကျပြီး လှိုင်းလေထန်တတ်သည်။ အန္တရာယ်ဖြစ်ပေါ်တတ်သည်ဟု ဆိုလိုသည်။

ဗမာပြည် နိုင်ငံရေး ရာသီဥတုကို ဆန်းစစ်လျှင် ပင်လုံကွန်ဖရင့်အထိ နယ်ချဲ့တို့၏ခြေရှုပ်မှု၊ ခြေထိုးမှုများ ပြင်းထန်ခဲ့သည်။ နောက်ပိုင်းတွင် အလံနီကွန်မြူနစ်ပါတီက ရိက္ခာလုပွဲ၊ သီးစားခတိုက်ပွဲ၊ အမတော်ကြေးပြန်မဆပ်ရေးတိုက်ပွဲများကို ပြောက်ကျားပြောက်ကျားဆင်နွှဲလျက်ရှိသည်။ သိန်းသန်း ကွန်မြူနစ်ပါတီက တစ်ဘက်တွင် ညီညွတ်ရေးကို ကြွေးကြော်၍ တိုင်းပြည်ပြု လွှတ်တော်အတွင်း အခြေခံဥပဒေရေးဆွဲရာတွင် အပြုသဘောပါဝင်သလိုပြုပြီး တစ်ဘက်တွင် တောခိုလူသတ်လုပ်ငန်းများကို ဟိုနေရာဒီနေရာလုပ်လျက်ရှိသည်။ စော-စိန်-မော် ဂိုဏ်းကလည်း တရားပွဲများ ကွက်ကြားကွက်ကြားလုပ်၍ ဖဆပလကို ဆဲရေးပုတ်ခတ်လျက်ရှိသည်။ နယ်ချဲ့တို့၏ တိုက်ရိုက် လှုပ်ရှားမှုများကိုကား မမြင်ရ၊ မတွေ့ရ၊ ငြိမ်ချက်သားကောင်းလျက်ရှိသည်။ မမျှော်လင့်ဘဲ မိုးသက်မုန်တိုင်းကျမည့် နိမိတ်ပင်လော။

**ရန်သူ့ခြေလှမ်း**

ဖဆပလ အဖွဲ့ချုပ်ကြီးသည် နယ်ချဲ့ကို ဆန့်ကျင်၍ လွတ်လပ်ရေးတိုက်ပွဲများကို ပြင်းပြင်းထန်ထန် ဆင်နွှဲလျက်ရှိသည့်အတိုင်း ရန်သူ၏ ခြေလှမ်းလှုပ်ရှားမှုများကို မျက်ခြည်မပြတ်လေ့လာနိုင်ရန် ကိုယ်ပိုင်ထောက်လှမ်းရေးအဖွဲ့ ထားရှိပါသည်။ ထို့အတူ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်သော ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်များကလည်း သီးခြား ထောက်လှမ်းရေးအဖွဲ့များ ထားရှိကြပါသည်။ အရေးကြီးသော သတင်းများကို ဖဆပလ အဖွဲ့ကချုပ်သို့ တင်ပြ အစီရင်ခံကြရပါသည်။ ဖဆပလ ထောက်လှမ်းရေးအဖွဲ့မှာ နယ်ချဲ့ကိုသာ ဦးတည်၍ထား ရှိသော်လည်း ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်တို့က တခြားနိုင်ငံရေးအဖွဲ့အစည်းများနှင့် အန္တရာယ်ပြုနိုင်သော ပုဂ္ဂိုလ်များကိုပါ မျက်ခြည်မပြတ် ထောက်လှမ်းမှု ပြု ပါသည်။

တိုင်းပြည်ပြုလွှတ်တော် ကျင်းပ၍ အစည်းအဝေးထိုင် ခိုက်အချိန်များတွင် ဆိုရှယ်လစ်ပါတီနှင့်ပြည်သူ့ရဲဘော်

www.burmeseclassic.com



များက ဂဠုန်ဦးစောနှင့်ပတ်သက်၍ လှုပ်ရှားမှုများကို အဆက်မပြတ် တင်ပြလာကြသည်။ သတင်းများကို စုပေါင်းဆက်စပ်လိုက်က 'ဂဠုန်ဦးစောသည် အင်္ဂလိပ် အရာရှိတစ်ဦးနှင့် အဆက်အသွယ်ပြုလျက်ရှိသည်။ နယ်မှ မျိုးချစ် လူငယ်များကို ရန်ကုန်သို့ ခေါ်ယူ၍ လျှို့ဝှက်လက်နက်သင်တန်း၊ နိုင်ငံရေးသင်တန်းများ ပေးလျက်ရှိသည်။ ပုလိပ်အရာရှိဟောင်း ထိပ်တင်မောင် လေးကလည်း ရဲအဖွဲ့မှ မိမိ၏တပည့်ဟောင်း လူယုံများ ကို စည်းရုံးလျက်ရှိသည်။ 'ဖဆပလ ထိပ်တန်းခေါင်း ဆောင်များကို လုပ်ကြံ၍ ဆူပူမှုများ ဖန်တီးမည့် လက္ခဏာရှိသည်' ဟု ဖော်ပြကြသည်။ ကျွန်တော်လည်း ထိုသတင်းများမှာ အရေးကြီးသည်ဟု ယူဆသည့်အတိုင်း ဗိုလ်ချုပ်ကိုလည်းကောင်း၊ ဦးနုကိုလည်းကောင်း တစ်ဦး ချင်း တင်ပြသည်။ အလုပ်အမှုဆောင်အဖွဲ့တွင်လည်း အစီရင်ခံသည်။ သို့သော် ပုဂ္ဂိုလ်ခပ်များများက အလေး အနက် သဘော မထားကြ။ ယခုလိုအချိန်မျိုးတွင် 'ဤသို့ မိုက်ရူးရဲအကြံ၊ မိုက်ရူးရဲအလုပ်မျိုးကို မည်သူမှ ကြံရဲ လုပ်ရဲမည်မဟုတ်။ အင်္ဂလိပ်ကလည်း လက်ခံမည် မဟုတ်၊ အင်္ဂလိပ်က ညစ်ချင်လျှင် သူတို့ ပါလီမန်သို့ အခြေခံဥပဒေရောက်မှ ညစ်လိမ့်မည်' ဟု ပေါ့ပေါ့ယူဆ ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း 'ဒီသတင်းတွေ ဟာ မဖြစ်နိုင်ပါဘူး။ ခင်ဗျားလူတွေ သတင်းမရှိ၊ သတင်း လုပ်ကြံ ပေးကြတာဖြစ်မှာပဲ' ဟု ခါးခါးသီးသီး ဆိုခဲ့ သည်။

## မီးကိုရှာခြင်း

သို့သော် မီးခိုးတွေ့က မီးကိုရှာရမည်မဟုတ်ပါ လော။ သတင်းထွက်လာမှ ဟုတ် မဟုတ်၊ မှန် မမှန် အထင်ဖြင့် ဆုံးဖြတ်ခြင်းထက် ရှာကြည့်၊ တိုက်ကြည့် သင့်သည်မဟုတ်ပါလော။ အပြင်မှလိုက်၍ ထောက်လှမ်း ခြင်းထက် အတွင်းသို့ ဝင်နိုင်က ပို၍ခရီးရောက်၊ ပို၍ တိကျသော သတင်းများကို ရနိုင်မည် မဟုတ်ပါလော။ ထို့ကြောင့် ဟုတ်သည် မဟုတ်သည် အပထား၍ မီးခိုး တွေ့မှ မီးကိုရှာရမည့် ဝတ္တရားအတိုင်း ထောက်လှမ်းရေး အဖွဲ့များကိုလည်း ထိုသတင်းကို ဆက်၍လိုက်ကြရန် ညွှန်ကြားခဲ့သည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ထိပ်တင် ဦးမောင်ကလေး၏ လူရင်းများထဲမှ ကျွန်ုပ်တို့အတွက် စိတ်ချယုံကြည်ရသူ ရဲအရာရှိများကို ရှာဖွေ၍ အတွင်း သို့ ဝင်နိုင်ရန် စီစဉ်လုံးပန်းခဲ့သည်။

## ဦးစော

ဤတွင် စာဖတ်သူတို့ သိရှိထားရန်လိုသော ဦးစော နှင့်ပတ်သက်သည့် နောက်ကြောင်းဖြစ်ရပ်တစ်ခုကို တင်ပြဖို့ လိုသည်။

ဒေါက်တာဘမော်၊ ဂဠုန်ဦးစော၊ သခင်ဗစိန် အစ ရှိသော အဝေးရောက် နိုင်ငံရေးသမားများ၊ လွတ်ငြိမ်း ချမ်းသာခွင့်ရ၍ ဗမာပြည်သို့ ပြန်ရောက်လာကြသော အခါ စော၊ စိန်၊ မော် ဂိုဏ်းဟူ၍ ဖဆပလနှင့် အတိုက် အခံဂိုဏ်းတစ်ခု ပေါ်ခဲ့သည်။ သို့သော် ထိုအဖွဲ့တွင် ဒေါက်တာဘမော်၊ ဗိုလ်ရန်နိုင်၊ သခင်ဗစိန်တို့သာ ရွေး တန်းထွက်၍ တရားပွဲများ ကျင်းပခြင်း၊ အတိုက်အခံ လုပ်ခြင်းများ လုပ်ကြသော်လည်း ဂဠုန်ဦးစောမှာ ရွေး တန်းသို့မထွက်ဘဲ သူရိယသတင်းစာကို ဦးစီး၍ သတင်း စာမှသာ အတိုက်အခံ လုပ်ခဲ့သည်။

ထိုအတောအတွင်း တစ်နေ့သော ညနေပိုင်းတွင် ဦးစောသည် သူရိယသတင်းစာတိုက်မှ မိမိနေအိမ်သို့ ကားနှင့်အပြန် ပြည်လမ်းမကြီးပေါ်တွင် နောက်မှ ကား တစ်စင်းက လိုက်၍ သေနတ်နှင့် ပစ်ခတ်ခံရပါသည်။ ကံအားလျော်စွာ ကားမှန်များ တင်ထားသဖြင့် ကျည်ဆန် များမှာ မှန်ကိုသာ ထိမှန်ပြီး ထိုမှန်ကွဲအစအနများ လွင့် စင်၍ မျက်လုံးတစ်ဖက်ကိုသာ ထိခိုက်ခြင်းခံရလေသည်။ လူတွင်ကား ဘာမှ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ပေ။ ထိုကိစ္စ နှင့် ဆေးရုံသို့ တက်ရသည်။ မျက်စိ ခွဲစိတ်ကုသရသည်။

ထိုသတင်းကို ကြားသိသောအခါ ဖဆပလခေါင်း ဆောင်များကိုယ်တိုင် သတင်းမေးသည်။ ဗိုလ်ချုပ်အောင် ဆန်း၊ သခင်မြတို့ကိုယ်တိုင် ဆေးရုံသို့ သွား၍ ကြည့်ရှု ကြသည်။ ထိုအချိန်တွင် ဖဆပလမှာ ဘာ အာဏာမှ မရှိ သေး။ နယ်ချဲ့တို့နှင့် ပွဲကြီးပွဲကောင်းကို အပြင်းအထန် ဆင်နွှဲနေတုန်းအခါသာ ဖြစ်လေသည်။

နောက်ပိုင်းတွင် ဖဆပလမှ ဘုရင်အမှုဆောင်အဖွဲ့ သို့ ဝင်ရောက်သည့်အခါ ဦးစောနှင့် သခင်ဗစိန်တို့ အစိုးရ အဖွဲ့တွင်ထည့်ရန် ဘုရင်ခံက အရေးဆိုသည်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



အသာတကြည်ပင် လိုက်လျောခဲ့ကြသည်။ ဘိလပ်သို့ ကိုယ်စားလှယ်လွှတ်သောအခါလည်း ဦးစောနှင့် သခင် ဗစိန်ပါဝင်မှုကို သဘောတူခဲ့ကြသည်။ အောင်ဆန်း အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးရာတွင်မှ ၎င်းတို့က အတိုက်အခံလုပ်ခဲ့ကြသဖြင့် နောက် ကြားဖြတ် အမျိုးသားအစိုးရဖွဲ့စည်းရာတွင်သာ ၎င်းတို့ကို ဖြုတ်ထားခဲ့ရလေသည်။

ဂဠုန်ဦးစောကား မိမိအား လုပ်ကြံသူများမှာ ဖဆပလမှဖြစ်သည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ခဲ့သည်။ ထိုအတွင်း ဖဆပလ ခေါင်းဆောင်များနှင့် ဆက်ဆံခြင်းမှာ ဟန်ဆောင်သာဖြစ်သည်။ လက်စားချေရေးအတွက် သဲသဲမဲမဲ အခဲမကျေ အမြဲကြံစည်လျက်ရှိသည်မှာ နောက်ပိုင်းတွင် ထင်ရှားလာပါတော့သည်။

*

## တာဝန်သိသိ

ကျွန်ုပ်တို့သည် ၁၉၄၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီးကို ကျင်းပ ပြီးစီးခဲ့သည်။ သို့သော် ထိုနေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ဖြစ်ပေါ်လာသည် မဟုတ်သေး။ ထိုတိုင်းပြုပြည်ပြုလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးပွဲသာဖြစ်သည်။ ထိုကိုယ်စားလှယ်များ စုံစုံညီညီ ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀ ရက် စုဝေးပြီးမှ တိုင်းပြုပြည်ပြုလွှတ်တော်ဆိုတာ တရားဝင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်လေသည်။ ယခုအခါ ပထမဆုံးအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်ကို တရားဝင် ကျင်းပ၍ အခြေခံ ဥပဒေရေးဆွဲရေးအတွက် အရေးကြီးသည့် လမ်းညွှန်မှုများကို ဆွေးနွေးပြဋ္ဌာန်းပြီး ဖြစ်ကြသည်။ အခြေခံဥပဒေရေးဆွဲရေးအတွက် ဗဟိုကော်မတီကြီးနှင့် ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းပြီးဖြစ်ကြသည်။ ထိုကော်မတီများ အလုပ် လုပ်နေချိန်တွင် လွှတ်တော်ကိုလည်း ခေတ္တရွှေ့ဆိုင်းထားချိန်ဖြစ်လေသည်။

ဤသို့ အခိုက်အတန့် ရရှိသောအချိန်ကလေးကိုပင် ဖဆပလသည် အလဟဿ အကုန် မခံနိုင်ပေ။ အချိန်ကို လု၍လုပ်နေကြသည်မဟုတ်ပါလော။ နောက်ဆုံးအဆင့်၊ နောက်ဆုံးအပိုင်းအတွက်လည်း ပြင်ရ ဆင်ရပေဦးမည်။ ပြည်သူလူထုသို့လည်း လုပ်ပြီးသမျှ အသိပေးရ၊ အစီရင်ခံရပေဦးမည်။ လွှတ်လပ်ရေး၏ နောက် [illegible] ဆုံးအဆင့်အတွက် ပြင်ဆင်သည့်သဘော၊ လမ်း [illegible] သည့်သဘောဖြင့် ဦးနုအမှူးပြုသော မိတ်ဆက်အဖွဲ့ [illegible] ဘိလပ်သို့ စေလွှတ်ခဲ့သည်။ နယ်ကိုယ်စားလှယ်အ [illegible] များကိုလည်း မိမိတို့ဆိုင်ရာ နယ်ပယ်သို့ တစ်လ [illegible] ပြန်၍ အခြေအနေ အရပ်ရပ်နှင့် လုပ်ပြီးသမျှ လုပ်ငန်း [illegible] များ၊ ရင်ဆိုင်ရမည့် ပြဿနာများကို လူထုသို့ အစီရင် ခံရန် ညွှန်ကြားခဲ့သည်။ နယ်ကိုယ်စားလှယ်အသီးသီး [illegible] တို့လည်း မိမိတို့ဆိုင်ရာ နယ်ပယ်များသို့ပြန်ကာ နိုင်ငံ [illegible] ရေး ရှင်းလင်းပွဲများလုပ်လျက်ရှိကြသည်။ ဖဆပလ [illegible] အဖွဲ့ချုပ်အနေဖြင့်လည်းကောင်း၊ ရန်ကုန်မှ ရွေးကောက် [illegible] ခံရသော ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း [illegible] တိုင်းပြည်နှင့် ရန်ကုန်လူထုသို့ အစီရင်ခံရန် တာဝန် [illegible] လျက်ရှိသည်။

## နောက်ဆုံးမှာတမ်း

ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ တွင် ရန်ကုန်မြို့တော်ခန်းမ၌ ဖဆပလမှ ကြီးမှူး၍ နိုင်ငံ [illegible] ရေးရှင်းလင်းပွဲကြီးတစ်ရပ်ကို ကျင်းပခဲ့လေသည်။ လူ [illegible] ကလည်း ဝက်ဝက်ကွဲမျှ စည်ကားလှသည်။ ထိုတရား [illegible] ၌ ဗိုလ်ချုပ်အောင်ဆန်းက *'ယနေ့ ကျွန်တော်တို့ရဲ့ နိုင်ငံ [illegible] ရေးရှင်းတမ်းက ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌအနေဖြင့် [illegible] မဟုတ်ဘဲနဲ့ ဒီရန်ကုန်မြို့နယ် တစ်နယ်ကနေပြီး [illegible] တင်မြှောက်လိုက်တဲ့ တိုင်းပြုပြည်ပြု လွှတ်တော်အ [illegible] အနေနဲ့ ဒီတိုင်းပြုပြည်ပြု လွှတ်တော်ထဲမှာ ဘာ [illegible] လုပ်နေလို့၊ ဘာတွေလုပ်ခဲ့တယ်ဆိုတာတွေကို န [illegible] နယ်သားတွေ ပြန်သိအောင် အစီရင်ခံဖို့ ရည်ရွယ် [illegible] က အဓိက ရည်ရွယ်ချက်အဖြစ်နဲ့ ထားပြီးတော့ [illegible] ကျွန်တော် အခုစကားပြောဆိုပါတယ်'* ဟု ဆိုခဲ့ [illegible] လည်း တိုင်းပြုပြည်ပြုလွှတ်တော်ရေးရာ တစ်ခု [illegible] သက်သက်လို့သာ ရှင်းလင်းခဲ့သည်မဟုတ်ပေ။ လွတ် [illegible] လပ်ရေးနှင့် ပတ်သက်သည့်ရေးရာများ၊ လွတ်လ [illegible] တည်မြဲမှုနှင့် ပတ်သက်သည့် ရေးရာများ၊ နိုင်ငံထူ [illegible] ရေးနှင့်ပတ်သက်သည့် ရေးရာများ၊ နိုင်ငံထူထောင် [illegible] နှင့်ပတ်သက်သည့် ရေးရာများကိုပါ အက [illegible] တင်ပြခဲ့သည်။ ပြည်သူလူထုကိုလည်း လု [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်သော လူမျိုးပီသရန်၊ စိတ်ဓာတ်နှင့် အကျင့်ပြုပြင်ရေး၊ စည်းကမ်းရှိရေးများကိုလည်း မညှာမထောက် ဆဲဖန်ညွှန်ကြားခဲ့လေသည်။

ထိုနေ့ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကား အဘက်ဘက်မှ အပြည့်စုံဆုံး၊ ဗမာနှင့် ပြည်သူတို့အတွက် ဘယ်တော့မှ မရိုးနိုင်ဆုံး မိန့်ခွန်းတစ်ရပ်ဟု ဆိုရပေမည်။ ကျွန်ုပ်တို့အား သင်ခန်းစာ ယူစရာ၊ လိုက်နာ ကျင့်ကြံစရာအမြဲညွှန်ကြားနေမည့် မှာတမ်းကြီးလည်း ဆိုနိုင်သည်။ ဤမိန့်ခွန်းမှ သိစရာ၊ မှတ်စရာ၊ လိုက်နာကျင့်သုံးစရာများကို ကောက်ချက်ထုတ်လျှင် မကုန်နိုင်၊ မခန်းနိုင် မြားမြောင်လှသည်။ ဗမာတွေ စိတ်ဓာတ်ပြုပြင်ရေးနှင့်ပတ်သက်၍ အနည်းငယ်မျှ ကောက်နုတ်ပြရသော် ...

*'ဗမာတွေ စိတ်ထက်သလေး ဘာလေးနဲ့ တလွဲဆံပင်ကောင်းနေကြတယ်။ ဗမာပြည်လွတ်လပ်ရေးရအောင် လုပ်ရမယ့်တိုက်ပွဲမျိုးမယ် အသုံးမချဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးမှာ အသုံးမချဘူး။ ဗမာချင်း ချဖို့မှာ လုပ်ချင်တယ်။ ဒါမျိုးတွေလုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး'* ဟူ၍လည်းကောင်း၊

*'ဒီတော့က ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေး အရသာကို ခံစား စံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ ကိုယ့်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ယနေ့ ပြောခဲ့ချင်တယ်'* ဟူ၍လည်းကောင်း ပြောစရာရှိသည်များကို ဘွင်းဘွင်းရှင်းရှင်း တိတိလင်းလင်းပဲ ဆိုခဲ့လေသည်။

ဤမိန့်ခွန်းကို ကြားနာရစဉ်က မည်သူတစ်ဦးတစ်ယောက်မျှ ဤမိန့်ခွန်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းဖြစ်လိမ့်မည်ဟု မမျှော်လင့်ခဲ့၊ မမှတ်ယူခဲ့။ သို့သော်လည်း ယနေ့အဖို့ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းကြီးဖြစ်လျက်ရှိလေပြီ။ မမျှော်လင့်ဘဲ ဗမာပြည်နှင့် ဗမာလူထုအတွက် အဘက်ဘက်မှ ပြည့်စုံလှသော နောက်ဆုံးမှာတမ်းကြီးဖြစ်လျက်ရှိလေပြီ။ ကြည်ညိုအပ်သည့်၊ လေးစားအပ်သည့် ပုဂ္ဂိုလ်ကြီးများ၏ နောက်ဆုံးစကား၊ နောက်ဆုံးမှာကြားချက်များကို လေးလေးနက်နက်ထား၍ လေးစားကြမြဲဖြစ်သည်။ ဗိုလ်ချုပ်၏ ဤနောက်ဆုံးမိန့်ခွန်းကို နောက်ဆုံးမှာတမ်းအနေဖြင့် ကျွန်တော်တို့ဗမာပြည်သူလူထုတစ်ရပ်လုံး အလေးအနက်ထား၍ လေးစားလိုက်နာ ကျင့်သုံးအပ်လှသည်မဟုတ်ပါလော။

## ဝိပါက်ရယ် ကြမ္မာငင်တော့

လေပြင်းမုန်တိုင်းကျရောက်ပါပြီ။ ယခု ဆက်လက်၍ ရင်နာဖွယ်၊ တရားရ သံဝေဂယူဖွယ်ကောင်းလှသည့် သမိုင်းဖြစ်ရပ်ကြီးတစ်ခုကို တင်ပြရပါတော့မည်။ 'သီလျက်ကယ်၊ ဝိပါက်ရယ် ကြမ္မာငင်တော့' ဟူသည့် တေးသွားအတိုင်း ယူကျုံးမရဖြစ်ရသည့် ဖြစ်ရပ်ကြီးလည်းဖြစ်သည့် ဗမာပြည်တည်သမျှ မေ့မရသည့်ဖြစ်ရပ်ကြီးလည်းဖြစ်သည်။ ကိုယ်တွေ့ကြုံခဲ့ရသူများ ယနေ့တိုင် တွေးမိတိုင်း အံကြိတ်ရ၊ မျက်ရည်ကျရသည့် ဖြစ်ရပ်ကြီးလည်းဖြစ်လေသည်။ လွတ်လပ်ရေးရောင်ခြည်သန်းချိန်တွင် ပြည်သူ့အသည်းစွဲ၊ တစ်ခေတ်တွင် တစ်ယောက် ရခဲလှသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ နိုင်ငံ့နောင်တော်ကြီးတချို့ကို လူမသမာတစ်စုက ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်လိုက်လေပြီ။

ဤဖြစ်ရပ်ကြီးကား လွတ်လပ်ရေးသမိုင်း၊ ဗမာ့နိုင်ငံရေးသမိုင်းတွင် သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ရှိအပ်၊ မှတ်တမ်း တင်အပ်သော ဖြစ်ရပ်ကြီးဖြစ်ပါသည်။ သို့သော် မည်သူမျှ ယနေ့တိုင် ပြည့်ပြည့်စုံစုံဖြင့် တစ်ကဏ္ဍဖွဲ့၍ မှတ်တမ်းမတင်သေး။ ကျွန်ုပ်လည်း ဤဆောင်းပါးတွင် တင်ပြနိုင်မည် မဟုတ်ပေ။ ဤဆောင်းပါးမှာ သမိုင်းစစ် သမိုင်းမှန်ကို ကွက်ဆက်မှတ်မှန်ဖြင့် ပုံကြမ်းသွန်း၊ ပုံကြမ်းလောင်းပေးနေခြင်းသာဖြစ်ရာ ဖော်သင့်သလောက် အနည်းအကျဉ်းသာ ဖော်ပြနိုင်မည်ဖြစ်လေသည်။ (ဤဖြစ်ရပ်ကို သမိုင်းတွင် တစ်ကဏ္ဍဖော်နိုင်ရန် ပြည့်ပြည့်စုံစုံ ရေးသားဖို့ သီးခြားကြီးစားပါ

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ကတိပြုပါသည်) ဤဖြစ်ရပ်နှင့်ပတ်သက်၍ ပြင်ပအမြင်၊ ပြင်အသိဖြင့် များစွာ ရေးသားခဲ့ကြပါပြီ။ သင်ခန်းစာယူဖွယ်၊ တရားရဖွယ်၊ အတွင်းမှ မြင်ရသိရပုံကို တိုတိုပဲ တင်ပြပါရစေ။

လောကတွင် လူတိုင်းကို မိမိနှင့် နှိုင်း၍ စဉ်းစားခြင်းမှာ မမှန်ပေ။ မိမိမကြံ မိမိမလုပ်ဆိုသည်ကို ကြံမည့်လူတွေများစွာ ရှိလေသည်။ မိမိကိုယ်ကို အထင်ကြီးလွန်း၊ ရန်သူကို အထင်သေးလွန်းခြင်းသည် များပါသည်။ မိမိကိုယ်ကို အထင်ကြီး၍ ပျက်စီးရခြင်း၊ ရန်သူကို အထင်သေး၍ ဆုံးရှုံးရခြင်းများလည်း သာဓကများစွာ ရှိလေသည်။ ဝဋ်နှင့် ကြမ္မာ ငင်လာက သိလျက်နှင့် မတားနိုင်၊ မဆီးနိုင် ခံလိုက်ရသည့်ထုံးများလည်း ရာဇဝင်တွင် ဒုနဲ့ဒေး၊ မျက်မြင်လောကတွင်လည်း အမြဲတွေ့နေရလေသည်။ ဤသင်ခန်းစာများသည် ဤဖြစ်ရပ်ကြီးတွင် တစ်စိတ်တစ်ဒေသ အကျုံးဝင်လျက်ရှိလေသည်။

## ဆင်ကြံကြံခံရခြင်း

ကျွန်ုပ်တို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အချိန်မီပြီးစီးရန် ကြိုးပမ်းရ၊ လွတ်လပ်ရေးနောက်ဆုံးအဆင့် နောက်ဆုံးအပိုင်းအတွက် ပြင်ရဆင်ရ လမ်းခင်းရဖြင့် အချိန်လု၍ အလုပ်ရှုပ်နေချိန်တွင် မသမာသူ အကြံသမားတစ်စုက ဆင်ကြံကြံလျက်ရှိခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ဒုတိယပါတ်အတွင်း ရဲထောက်ပံ့ရေးဌာန (ဘီအိုဒီ)လက်နက်ဂိုဒေါင်မှ ရဲဝန်လက်မှတ် အတုဖြင့် ဘရင်းဂန်း ၂၀၀ နှင့် ကျည်ဆန်များ ထုတ်ယူမှုတစ်ခုဖြစ်ခဲ့သည်။ ၁၅-၇-၄၇ နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် ထိုသတင်းကို အကျယ်တဝင့် ဖော်ပြခဲ့သည်။ မူလက ဂဠုန်ဦးစောတို့လူသိုက် အကြံပက်ပက်စက်စက် ကြံစည်နေပုံရသည်ဟု သတင်းပေးစဉ်က မယုံမကြည် ခါးခါးသီးသီးဖြစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းက 'ကိုဗဆွေ ... ခင်ဗျားသတင်း မှန်နေပြီထင်တယ်' ဟု ပြောကြားခဲ့သည်ကို ကြားယောင်မိသေးသည်။

ကျွန်ုပ်တို့သည် ဂဠုန်ဦးစော၏ လျှို့ဝှက်လှုပ်ရှားမှုများနှင့်ပတ်သက်၍ သတင်းရရှိသည့်အချိန်မှစ၍ ရဲအဖွဲ့သို့လည်း မျက်ခြည်မပြတ် စောင့်ကြည့်ရန် ညွှန်ကြားစေခဲ့သည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း အတွင်းကျကျ သိ ရန် လူသွင်းဖို့လည်း စီစဉ်ခဲ့သည်။ ဦးစောအထိ ရောက်နိုင်အောင် လူယုံမသွင်းနိုင်သေးသော်လည်း ထို က ဦးစောအတွက် စည်းရုံးရေး လုပ်နေသော ထိ ဦးမောင်ကလေး၏ အသိုင်းအဝိုင်းသို့ကား လူသွင်း နိုင်သည့်အဆင့်သို့ ရောက်ခဲ့ပါသည်။ အင်္ဂလိပ်အ ကြီးအချို့နှင့် ဆက်သွယ်၍ အကြံကြီးတစ်ခု ကြံ လုပ်ဆောင်နေသည်ကို သေချာသလောက် သိရှိ သည်။

## အခါတောင်းပြီးသော်

ဤအတောအတွင်း ဂဠုန်ဦးစောက ဗေဒင်ဆရာ တစ်ဦးကို ခေါ်၍ အခါ တောင်းသည်။ ဗေဒင်ဆရာ ဇူလိုင်လ ၁၉ ရက်နေ့၊ နံနက်ပိုင်း ၁၀ နာရီ မိနစ် နောက်ပိုင်းကို အခါပေးသည်။ ထိုနေ့ ထိုအချိန် တစ်ခုခုတော့ လုပ်လိမ့်မည်ဟု ယူဆသည်ဟု အတွ ရောက်နေသူများက သတင်းပေးကြသည်။ (ထို ဆရာနှင့် သတင်းပေးသူများကို ထိုပုဂ္ဂိုလ်တို့၏ ဆ ကြိုတင်ရယူခြင်း မရှိသေးသဖြင့် ဤဆောင်းပါး မဖော်ပြလိုသေးပါ) ဤသတင်းနှင့်ပတ်သက်၍ အ ဖြစ်နိုင်၊ လုပ်နိုင်မည်ကို ဆန်းစစ်ကြသည်။ သတင်း သူများရော၊ ဌာနချုပ်မှ ပုဂ္ဂိုလ်အချို့ကပါ ထိုနေ့ ထိုအချိန်တွင်း အတွင်းဝန်များရုံး၌ အစိုးရအဖွဲ့ ဝန် များအစည်းအဝေးရှိသဖြင့် လုပ်ကြံမှုတစ်ခု ဖြစ်နိုင် ဟု ယူဆကြသည်။ ကျွန်ုပ်သည် ဗိုလ်ချုပ်ဆီ သွား ချက်ချင်း တင်ပြသည်။ ဗိုလ်ချုပ်အောင်ဆန်းက လောက် ဖြောင်ကျ အတင့်ရဲတဲ့ အကြံမျိုး၊ အလုပ်မျိုး ဒီအချိန်မှာ မကြံရဲ၊ မလုပ်ရဲပါဘူး' ဟု ဆိုခဲ့သည်။

## မိုးမှောင်ကျချိန်ဝယ်

ထိုအချိန်တွင် ဦးနုတို့လည်း ဘိလပ်ပြန်ရောက် ပါပြီ။ ကံဆိုးချင်၍လားမသိ၊ ထိုစဉ်က ပြည်ထဲရေး ကြီးဖြစ်သူ ဦးကျော်ငြိမ်းနှင့်အဖွဲ့မှာ နောက်ပိုင်း မပြီးပြတ်သေး၍ ကျန်နေခဲ့သည်။ ပျော်ဘွယ်ဦး ပြည်ထဲရေးဌာနကို ယာယီ ကိုင်ထားရသည်။

၁၉၄၇ ခုနှစ်တွင် ဇူလိုင်လ ၁၈ ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ဖဆပလ အဖွဲ့ချုပ် အလုပ်အမှုဆောင် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ကျင်းပသည်။ ဘိလပ်မှ ပြန်ရောက်လာသော ဦးနုက မိမိတို့အတွေ့အကြုံနှင့် ဆောင်ရွက်ချက်များကို တင်ပြ အစီရင်ခံသည်။ ဦးနု၏အစီရင်ခံချက်များကို ဆွေးနွေးပြီးသောအခါ ကျွန်တော်က အထက်ပါ သတင်းကို အလုပ်အမှုဆောင်သို့ တင်ပြသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကြိုတင်ကာကွယ်သည်ကား မမှားနိုင်။ ဒါကြောင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် အတွင်းဝန်ရုံးတွင် ချိန်းဆိုထားသော ဝန်ကြီးများအစည်းအဝေးကို ဗိုလ်ချုပ်နေမကောင်း၍ဟု အကြောင်းပြ၍ ရွှေ့ဆိုင်းပါ၊ ဒါမှမဟုတ် ဗိုလ်ချုပ်၏အိမ်သို့ ပြောင်း၍လုပ်ပါဟု အကြံပေး တိုက်တွန်းခဲ့သည်။ ဗိုလ်ချုပ်က ထိုအကြံပေးချက် နှစ်ခုစလုံးကို လက်မခံ။ 'ခင်ဗျားက ဒီလူတွေကို ဒီလောက်ပဲ အထင်ကြီးနေသလား။ ဒီလောက် အတင့်ရဲ၊ ဖြောင်ကျတဲ့ အလုပ်ကို မလုပ်ရဲပါဘူး။ ကျုပ်က ခင်ဗျားအကြံပေးသလိုလုပ်ရင် သူတို့ကို ကြောက်ရာ ရောက်မှာပေါ့'ဟု ဆိုခဲ့သည်။ ကျန်လူများကလည်း တစ်ယောက်တစ်ပေါက် ပြောကြဆိုကြသေးသော်လည်း မရခဲ့ပေ။

## ကြိုတင်ကာကွယ်ခဲ့သော်လည်း

ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးပြီးဆုံးသောအခါ ပြည်သူ့ရဲဘော်ခေါင်းဆောင်များနှင့် ကျွန်ုပ်တို့ အမှုဆောင်အချို့ ထိုင်၍ ဆက်လက်တိုင်ပင်ဆွေးနွေးကြသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကြိုတင်ကာကွယ်မှုတော့ လုပ်သင့်လုပ်ထိုက်တာ လုပ်ထားသင့်သည်ဟု ယူဆကြသည်။ ထို့ကြောင့် (၁) ယာယီပြည်ထဲရေးဝန်ကြီး ပျော်ဘွယ်ဦးမြကြ အတွင်းဝန်များလုံခြုံရေးကို တာဝန်ယူ၍ ရဲဝိုင်ယာလက်ကားကို ခေါ်ထားရန်။ (၂) ပြည်သူ့ရဲဘော်ဌာနချုပ်က (က) လက်ရွေးစင်အသေခံရဲဘော်နှစ်ဦးကို ရွေးချယ်၍ ဗိုလ်ချုပ်နှင့်အတူ ထည့်ပေးရန်။ (ခ) ထိုနေ့ ဝန်ကြီးများအစည်းအဝေးချိန်တွင် အတွင်းဝန်များရုံး ပတ်ဝန်းကျင်တွင် အရပ်ဝတ်အရပ်စားဖြင့် ရဲဘော်များ စေလွှတ်၍ စောင့်ကြပ်ရန် တာဝန်ခွဲယူကြသည်။ (ထိုစဉ်က အတွင်းဝန်များရုံးတွင် အစောင့်အကြပ် အတားအဆီးမရှိ။ လူတိုင်းလွတ်လွတ်လပ်လပ် ဝင်ထွက်နိုင်သည်။ ဝန်ကြီးများတွင်လည်း သက်တော်စောင့် မထား၊ အပါးတော်မြဲတစ်ယောက်နှင့်သာ သွားလာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ ကိုယ်ရံတော်အစောင့်အရှောက်ရှိသော်လည်း ဘယ်တော့မှ သွားရာကို ခေါ်သွားလေ့မရှိချေ။ အပါးတော်မြဲ ဗိုလ်ထွန်းလှတစ်ဦးသာ လိုက်ပါရသည်)

## မမေ့နိုင် ဇူလိုင် ၁၉

ဇူလိုင်လ ၁၉ ရက်နေ့သို့ ရောက်ပါပြီ။ ထိုနေ့နံနက် ၉ နာရီကျော်ကျော်လောက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အတွင်းဝန်များရုံးသို့ ထွက်ခွာရန် အိမ်ပေါ်မှဆင်းလာသည်။ ကားပေါ်တွင် ပြည်သူ့ရဲဘော်ဌာနချုပ်မှ စေလွှတ်ထားသော ရဲဘော်နှစ်ဦးကိုတွေ့သော် 'မင်းတို့ဘာကောင်တွေလဲ၊ ဘာလာရှုပ်တာလဲ'ဟု ကြိမ်းမောင်းတော့သည်။ ဗိုလ်ထွန်းလှနှင့် ရဲဘော်များက ရှင်းပြသော်လည်း 'မလိုချင်ဘူး ... ဆင်းခဲ့ကြ' ဆို၍ ရဲဘော်များဆင်းနေခဲ့ကြရသည်။ အတွင်းဝန်များရုံးသို့ ရောက်လေပြီ။ ရုံးအတက်အဆင်းတွင် ရဲဝိုင်ယာလက်ကား ရပ်ထားသည်ကို တွေ့ရသည်။ 'ဒီမှာမင်းတို့ အလုပ်မရှိဘူး၊ သွားကြ'ဟု နှင်လွှတ်ပြန်သည်။ အစည်းအဝေးခန်းမကြီးတွင် ရန်ကုန်ရှိ ဝန်ကြီးများ စုံစုံညီညီ ရောက်လျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်း ရောက်ပြီး မကြာမီပင် စည်းဝေးပွဲလည်း စတင်ပါပြီ။ ပြည်သူ့ရဲဘော်ဌာနချုပ်တွင် စုရုံးထားသော ရဲဘော်များမှာလည်း ကားအခက်အခဲ၊ လူမစုံသေးသည့် အခက်အခဲများဖြင့် အချိန်မီမရောက်ရှိကြသေး။

ထိုနေ့နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗမာပြည်နိုင်ငံရေးသမိုင်းတွင် မိုးသက်မုန်တိုင်းကြီး ကျရောက်ခဲ့ရလေပြီ။ ဗမာပြည်တစ်ပြည်လုံး ယူကျုံးမရဖြစ်ရသည့် ဖြစ်ရပ်ကြီး၊ တစ်ကမ္ဘာလုံး တုန်လှုပ်သွားရသည့် ဖြစ်ရပ်ကြီး ဖြစ်ပေါ်ခဲ့လေပြီ။ လူမဆန် ရက်စက်ကြမ်းကြုတ်သည့် လူသတ်ကောင် (မောင်စိုး၊ သက်နှင်း၊ စိန်ကြီးနှင့်ရန်ကြီးအောင်)တို့၏လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်ကြီးများ ရေတိမ်နစ်ခဲ့ကြလေပြီ။ 'သိလျက်ကယ်-ဝိပါက်ကြမ္မာငင်ရသည့်ကိန်း' ကြုံခဲ့ရလေပြီ။ ထိုနေ့ထိုအဖြစ်အပျက်၊ ထိုလုပ်ကြံမှုကြီးနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



ရေးသူများပြီး လူတိုင်းသိနေပြီဖြစ်၍ မရေးသားလိုတော့။

(၁) ဗိုလ်ချုပ်အောင်ဆန်း၊ (၂) သခင်မြ၊ (၃) ဒီးဒုတ်ဦးဘချို၊ (၄) ဦးဘဝင်း၊ (၅) မန်းဘခိုင်၊ (၆) ဦးရာဇတ်၊ (၇) မိုင်းပွန်စော်ဘွားကြီး၊ (၈) အတွင်းဝန်ဦးအုန်းမောင်နှင့် (၉) ရဲဘော်မောင်ထွေးတို့မှာ မသမာလူတစ်စု၏ လုပ်ကြံမှုနှင့် ကျဆုံးခဲ့ရလေသည်။ အစည်းအဝေးပွဲတွင် ရှိနေသူများမှ သေကံမရောက် အသက်မပျောက် ကျန်ခဲ့သူများမှာ (၁) ဝန်ကြီးဦးဘဂျမ်း၊ (၂) ဝန်ကြီးပျော်ဘွယ်ဦးမြ၊ (၃) ဝန်ကြီးဦးအောင်ဇံဝေ၊ (၄) အတွင်းဝန်ဦးရွှေဘော်တို့ ဖြစ်ကြလေသည်။ ဝန်ကြီးဦးကျော်ငြိမ်းမှာ နိုင်ငံခြားရောက်နေ၍လည်းကောင်း၊ ဝန်ကြီးဦးဝမ်းကိုယော၊ ဝန်ကြီး ဆမားဒူးဝါးဆင်ဝါးနော်နှင့် ဝန်ကြီး စောစံဖိုးသင်တို့မှာ နယ်ထွက်နေကြသဖြင့် ကံကောင်းသူများဖြစ်ခဲ့ကြလေသည်။ ဇူလိုင်လ ၁၉ ရက်နေ့ကား ဗမာပြည်နိုင်ငံရေးသမိုင်းတွင် အမည်းကွက်ကြီးစွန်းထင်းသည့်နေ့၊ မိုးသက်မုန်တိုင်းကျသည့်နေ့ကြီးဖြစ်ခဲ့လေပြီ။ ။

ရှေ့တူ အတွဲ ၁၊ အမှတ် ၂၁ (၁၅-၁၂-

www.burmeseclassic.com



# ဗိုလ်ချုပ်နှင့် ဆုငွေ ၅ ကျပ်

သခင်တင်မြ

နောက်တစ်နေ့။

ညက မိုးတဖွဲဖွဲ ရွာခဲ့သဖြင့် လူထုအစည်းအဝေးကြီးအား မိုးဖျက်မည်ကို စိုးရိမ်နေခဲ့ရသည်။ သို့သော် မိုးနတ်သားက အလိုက်သိလှသည်။ အမျိုးသား လှုပ်ရှားမှုသမိုင်းတွင် အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ရမည့် ဤ သာယာဝတီညီလာခံ၏ 'စစ်ဆန့်ကျင်ရေးနှင့် လုံးဝလွတ်လပ်မှုအရယူရေး' ဆုံးဖြတ်ချက်ကို လူထုအစည်းအဝေးကြီးတွင် တိုင်းပြည်သို့ ထုတ်ဖော်တင်ပြမည့် အရေးအခင်းကို မိုးနတ်သား သည် ရိပ်စားမိဟန်တူသည်။ ညက ကောင်းကင် တပြင်လုံးသို့ လွှားတင်ဖြန့်ကျက်ထားခဲ့သော မိမိ၏ မိုးဝတ်ရုံကို တစ်စတစ်စ ရုတ်သိမ်းယူပြီး နေမင်းအား လက်တို့ခဲ့သဖြင့် အရှေ့ဆီက နေဝန်းပြူထွက်လာခဲ့ပြီဖြစ်၏။

နံနက်ပိုင်းတွင် ပြင်ကြဆင်ကြနှင့် အားလုံး အလုပ်များကြသည်။ နေ့လယ်တစ်နာရီတွင် လူထုအစည်းအဝေးကြီးကို တို့ဗမာသီချင်းဖြင့် ဖွင့်လိုက်သည်။ မျက်နှာတွင် ကျောက်ပေါက်မာ ထူသလောက် အသံသြဇာကောင်း၍ အဆိုတွင် စည်းဝါးကိုက်လှသော မြင်းခြံသခင်မင်းခေါင်သည် 'အရှေ့ကနေဝန်း ထွက်သည့် ပမာပ ဒို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ... ဒို့ဗမာဟော့ ဒို့ဗမာ' ဟူသော တို့ဗမာသီချင်းဖြင့် သာယာဝတီညီလာခံလူထုအစည်းအဝေးကြီးကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပေသည်။

ညီလာခံမဏ္ဍပ်ကြီးအပြင်သို့ ရောက်သည့်တိုင် အံထွက်နေသော လူထုကြီးသည် ကြိတ်ကြိတ်ခဲနေသည်။ သုံးရောင်ခြယ်အလံများဖြင့် ဝိုင်းရံထားသော တရားဟောစင်မြင့်သည် မဏ္ဍပ်အလယ်တွင်ဖြစ်သည်။ စင်မြင့်တွင် သခင်လေးမောင်၊ သခင်အောင်ဆန်း၊ သခင်မြ၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်နု၊ သခင်လှဘော်ကြီး စသော ဌာနချုပ်ခေါင်းဆောင်များနှင့်အတူ နိုင်ငံလုံးဆိုင်ရာ အမှုဆောင်များ ရှိကြသည်။

ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့၏ ဥပဒေပြုလွှတ်တော်အမတ် သခင်မြသည် လူထုအစည်းအဝေးကြီး၏ သဘာပတိအဖြစ် ဆောင်ရွက်သည်။ သခင်လေးမောင်၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်လှဘော်တို့သည် တစ်ယောက်ပြီး တစ်ယောက် တရားဟောပြောကြသည်။ ခေါင်းဆောင်များ၏ ဟောပြောချက်များကိုအားလုံးပေါင်း၍ ကျွန်တော်သည် အောက်ပါအတိုင်း အကြမ်းဖျင်း နားလည်မှတ်သားခဲ့ရပေသည်။

[ယခုကျင်းပနေသော သာယာဝတီညီလာခံကို

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွား၍ ရှစ်လအကြာတွင် ကျင်းပနေခြင်းဖြစ်သည်။ ၁၉၃၉ ခုနှစ်၊ စက်တင် ဘာလ ၁ ရက်နေ့မှစ၍ နယ်ချဲ့နိုင်ငံအချင်းချင်း ဒုတိယကမ္ဘာစစ်ကို စတင်ခဲ့ကြသည်။ အင်္ဂလိပ်၊ ပြင်သစ် နယ်ချဲ့သမားတို့သည် ဗမာပြည်အပါအဝင် မိမိတို့၏ ကျွန်နိုင်ငံများနှင့် စီးပွားရေးလွှမ်းမိုးရာ နယ်ပယ်များကို ကာကွယ်ထိန်းသိမ်းထားရန်အတွက် စစ်ထဲဝင်ခြင်းဖြစ်သည်။

နာဇီဂျာမနီသည် ပထမကမ္ဘာစစ်က မိမိဆုံးရှုံးခဲ့သော ကိုလိုနီများကို ပြန်လည်ရယူရန်နှင့် အင်္ဂလိပ်နယ်ချဲ့နှင့် ပြင်သစ်နယ်ချဲ့လက်အောက်မှ ကျွန်နိုင်ငံများကို လုယူရန် ဤနယ်ချဲ့စစ်ပွဲကြီးကို စတင်မီးမွှေးခဲ့ခြင်းဖြစ်သည်။ အမေရိကန်အစိုးရက နယ်ချဲ့သမားအချင်းချင်း ဖြစ်ပွားနေသည့် စစ်တွင် ကြေလည်ပြေအေးကြရန် ကြားဝင်စေ့စပ်မှုလည်း ပျက်ပြားသွားသည်။ စစ်ကြီးသည် အီလည်နေရာမှ ပြင်းထန်လာတော့မည်။ ယခု (မေလ–၁၉၄၀) အတွင်းပင် ဗြိတိသျှအင်ပါယာ၏ အကျိုးစီးပွားများကို ကာကွယ်ရာတွင် ပျော့ညံ့လွန်းသော ချိန်ဘာလိန်အစိုးရအား ဘိလပ်ပါလီမန်က ဖြုတ်ချပြီး ဗြိတိသျှအင်ပါယာ ကာကွယ်မှုတွင် နယ်ချဲ့သူရဲကောင်းကြီးဖြစ်သည့် မစ္စတာချာချီ ခေါင်းဆောင်သော အစိုးရအဖွဲ့ တက်လာတော့မည်။ တစ်ဖက်နှင့်တစ်ဖက် မီးကုန်ယမ်းကုန် တိုက်ကြတော့မည်။ စစ်ကြီးသည် ဥရောပတိုင်းငယ် ပြည်ငယ်ကလေးများ၏ နယ်မြေအပေါ်တွင် ဆင်ယင်နေကြ ရာမှ ပြင်သစ်၊ အင်္ဂလန်၊ ဂျာမနီနယ်မြေများပေါ်သို့ ပြောင်းလဲဖြစ်ပွားလာတော့မည်။

မြန်မာပြည်သည် ဤနယ်ချဲ့စစ်ပွဲတွင် မိမိနှင့် မည်သို့မျှ မသက်ဆိုင်ဘဲ ဆွဲသွင်းခြင်း ခံနေရသည်။ ဗမာပြည်သူတို့ဆန္ဒ လုံးဝမပါဘဲ ဘိလပ်ဘုရင်အစိုးရ၏ ညွှန်ကြားချက်အရ မြန်မာပြည်ဘုရင်ခံ ဆာအာခီဘော(လ်)ကော့ကရိန်းသည် မြန်မာပြည်နှင့် ဂျာမနီ စစ်ဖြစ်နေပြီဟု ကြေညာခဲ့သည်။ ဤကြေညာချက်ကို တို့ဗမာအစည်းအရုံးက မထောက်ခံနိုင်ပါ။ လက်ရှိအခြေအနေသည် ဗမာပြည်အတွက် အရေးအကြီးဆုံး အချိန်အခါဖြစ်သည်။ ဗမာပြည်၏ လုံးဝလွတ်လပ်ရေးအရယူရမည့် အချိန်အခါဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့သမားလက်အောက်မှာ လုံးဝ လွတ်မြောက်မှုရရှိရေးတိုက်ပွဲတွင် ဗမာပြည်တစ်ပြည်လုံး အထီးတည်းမဟုတ်။ အိန္ဒိယပြည်ကြီးသည်လည်း လုံးဝ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြပြီဖြစ်သည်။ မတ်လအတွင်းက အိန္ဒိယပြည် ကွန်ဂရက်အသင်းကြီး၏ ရန်ဂါညီလာခံကြီးသို့ တို့ဗမာအစည်းအရုံးမှ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်ခင်အောင်၊ သခင်အုန်းဖေတို့ ဧည့်သည်အဖြစ် တက်ရောက်ကြသည်။ ကွန်ဂရက်ခေါင်းဆောင်ကြီးနေရူးတို့နှင့် လွတ်မြောက်ရေး တိုက်ပွဲတွင် ပူးတွဲဆောင်ရွက်ကြရန် သဘောတူညီမှု ရခဲ့ကြသည်။

ဗမာပြည်တွင်လည်း အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများကို တို့ဗမာအစည်းအရုံးက အားသွန်စည်းရုံးနေသည်။ ဤခွန်အားဖြင့် လုံးဝ လွတ်မြောက်ရေးကို အရယူမည်။ ကွဲပြားနေသည့် နိုင်ငံရေးအဖွဲ့အစည်းများကို စုစည်းညီညွတ်စေရန် ဒေါက်တာဘမော် ခေါင်းဆောင်သည့် ဆင်းရဲသား ဝံသာနုအဖွဲ့နှင့် ပူးပေါင်း၍ 'ဗမာ့ထွက်ရပ်ဂိုဏ်း' ကြီးကိုလည်း ဖွဲ့စည်းထားပြီးဖြစ်သည်။ ဤသို့ တစ်မျိုးသားလုံးက မြန်မာပြည်လုံးဝလွတ်လပ်ရေးအတွက် ချီတက်ကြိုးပမ်းနေ[illegible] ၁၃၀၀ ပြည့် အရေးတော်ပုံ ကျောင်းသားပြည်သူ ရဟန်းရှင်လူတို့၏ သွေးချွေးတို့ကို ခုတုံးလုပ်၍ ရာထူးတ[illegible] ယူခဲ့သော ဦးပုနှင့် ဦးစောတို့ ပူးပေါင်းဖွဲ့ထားသည့် [illegible] ဌာန အုပ်ချုပ်ရေးအစိုးရ၏ ဝန်ကြီးတစ်ဦးဖြစ်သူ ဦးဘ[illegible] က မတ်လ ၁၉၄၀ အတွင်း ကျင်းပခဲ့သော ဥပဒေ[illegible] လွှတ်တော်တွင် 'ဒိုမီနီယံအုပ်ချုပ်ရေး အဆင့်အတ[illegible] ပေးပါ' ဟု တောင်းဆို ဆုံးဖြတ်ခဲ့ခြင်းကို တို့[illegible] အစည်းအရုံးကြီးက လက်မခံနိုင်ပါ။ ဗမာပြည်သူ[illegible] ကြီးကလည်း လက်ခံမည်မဟုတ်ပါ။

တို့ဗမာအစည်းအရုံးကြီးနှင့် 'ဗမာ့ထွက်ရပ်ဂို[illegible] ၏ တောင်းဆိုဆုံးဖြတ်ချက်မှာ 'မြန်မာပြည် လုံးဝ [illegible] လပ်ရေး' ပင် ဖြစ်သည်။ ဤအတွက် မရမနေ [illegible] အမျိုးမျိုးဖြင့် တိုက်ပွဲဝင်ကြရမည်ဖြစ်သည်။]

ခေါင်းဆောင်အသီးသီး ထိုသို့ ဟော[illegible] နောက် ဌာနချုပ်အလုပ်အမှုဆောင်တစ်ဦးဖြစ်သူ [illegible] သည် အောက်ပါအဓိပ္ပာယ်ရှိသော အဆိုတစ်ရပ်ကို [illegible]

www.burmeseclassic.com

www.burmeseclassic.com





အစည်းအဝေးကြီးတွင် တင်သွင်းလေသည်။

'အင်္ဂလိပ်နယ်ချဲ့သမားများက ယခု ကမ္ဘာစစ်ကြီး အတွင်းသို့ ဝင်ရောက်ရခြင်းမှာ တိုင်းကြီးပြည်ကြီး အချို့က လက်နက်အားကိုးနှင့် တိုင်းငယ်ပြည်ငယ် ကလေးများကို နိုင်ထက်စီးနင်းလုပ်ကြသည့်အတွက် တိုင်းငယ်ပြည်ငယ်များ၏ လွတ်လပ်ရေးအတွက် ကာကွယ်ပေးရန် ဝင်ရောက်ရခြင်းဖြစ်သည်ဟု ကြေ ညာခဲ့သည်။ ဤကြေညာချက်အတိုင်း မှန်ပါက မြန်မာနိုင်ငံသည်လည်း တိုင်းငယ်ပြည်ငယ်ကလေး မျှသာဖြစ်သဖြင့် မြန်မာပြည်အား လုံးဝ လွတ်လပ် ရေး ရှေးဦးစွာပေးပါ။ ယခုစစ်အတောအတွင်း ပေးရန် ခက်သည်ဆိုပါက စစ်ကြီးပြီးဆုံးသည်နှင့် ပေးမည်ဟု ကြေညာပါ။ ဤသို့ကြေညာပါက တိုင်းငယ်ပြည်ငယ် ကလေးများ၏ လွတ်လပ်ရေးကို ချိုးဖဲ့ဖျက်ဆီးရန် စတင်တိုက်ခိုက်လာမည့် ဖက်ဆစ်ဓားပြများကို အင်္ဂလိပ်နှင့် မဟာမိတ်များဘက်မှ ဒို့ဗမာအစည်းအရုံး က ကူညီတိုက်ခိုက်ပေးပါမည်။ ဤသို့ လုံးဝလွတ် လပ်ရေး ပေးမည်ဟု ကြေညာခြင်းမပြုပါက ဒို့ဗမာ အစည်းအရုံးကြီးသည် အင်္ဂလိပ်အစိုးရ၏ စစ်တိုက် ခိုက်မှုများကို တတ်နိုင်သည့်နည်းများဖြင့် အနှောင့် အယှက်ပေးသွားမည်။ လုံးဝလွတ်လပ်ရေးကိုလည်း ရနိုင်သည့် နည်းများကို ကျင့်သုံး၍ အရယူသွားမည်'

ဤ 'စစ်ဆန့်ကျင်ရေး' 'လုံးဝလွတ်လပ်ရေး' အဆိုကို နယ်ကိုယ်စားလှယ်အသီးသီးက ဟောပြော ချက်များနှင့် ထောက်ခံကြသည်။ ရဟန်းသံဃာတော် များ၏ ကိုယ်စား ညီလာခံ ကိုယ်စားလှယ်ဖြစ်သော အရှင် ဦးသုမနကလည်း ထောက်ခံကြောင်း ဟော ပြောပြီး လူထုကြီး၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အဆို ကို အတည်ပြုလိုက်လေသည်။ သာယာဝတီညီလာခံ က ချမှတ်ပေးလိုက်သော ကြွေးကြော်သံဆောင်ပုဒ်ကား 'အင်္ဂလိပ်အခက် ဗမာ့အချက်' ဟူသတည်း။

ဤဆောင်ပုဒ်ကို ဦးထိပ်ထက်ပန်ဆင်၍ ညီလာခံ ကိုယ်စားလှယ်များ မိမိတို့နယ်အသီးသီးသို့ တက်ကြွ စွာဖြင့် ပြန်ကြသည်။ ညီလာခံတွင် ခနဖြူ၊ အဖျောက်၊ ဇလွန်တို့မှ တက်ရောက်လာကြသော ညီလာခံကိုယ် စားလှယ်အားလုံးမှာ ပြန်စရိတ်ပင် မရှိကြတော့ပြီဖြစ် ၍ မီးရထား၊ သင်္ဘောတို့ဖြင့် သက်သက်သာသာ မပြန် နိုင်ကြတော့။ ကျွန်တော်တို့အားလုံး စံရွှေးဖိုးခေါင် ဘက်မှတစ်ဆင့် အဖျောက်သို့အရောက် ခြေလျင် လျှောက်၍ ပြန်ခဲ့ကြရသည်။ အဖျောက်တွင် ညအိပ် ပြီး နောက်တစ်နေ့တွင် ခနဖြူအရောက် ခြေလျင် လျှောက်ရပြန်သည်။

## သခင်အောင်ဆန်းနှင့် ဆုငွေ ၅ ကျပ်

မြို့ ပြန်ရောက်သည်နှင့် မြို့နယ်ညီလာခံကျင်းပ နိုင်ရန် ကြိုးစားကြ၏။ သို့ရာတွင် ငွေကြေးက မပြည့် စုံသဖြင့် ညီလာခံမလုပ်တော့ဘဲ သာယာဝတီ ညီလာခံ ဆုံးဖြတ်ချက်များကို ပြန်လည်အစီရင်ခံ အစည်းအဝေး လုပ်ရန်သာ စီစဉ်ရတော့၏။

ငွေကြေးတတ်နိုင်သော ဇလွန်ကမူ မြို့နယ် ညီလာခံကို မကြာမီပင် ပြုလုပ်လေသည်။ မေလ တတိယပတ်တွင် ပြုလုပ်သော ဇလွန်မြို့နယ် ညီလာခံ သို့ ဌာနချုပ်အထွေထွေအတွင်းရေးမှူး သခင်အောင် ဆန်း၊ ဌာနချုပ် လယ်သမားအစည်းအရုံးမှ တရား ဟောရာတွင် နာမည်ကြီးလှသော ကျုံမငေးသခင် တင်မောင်နှင့် ရုံးအဖွဲ့ဝင် သခင်တင်အောင်တို့ တက် ရောက်ကြသည်ဟု ကြားရသည်။

တစ်ညနေတွင် ဟင်္သာတ–ရန်ကုန် သင်္ဘောဖြင့် သခင်အောင်ဆန်းတို့ ရန်ကုန်ပြန်ကြမည်ဟု သတင်း ကြားရသဖြင့် အစည်းအရုံးဥက္ကဋ္ဌ သခင်ဗဟိန်းနှင့် ကျွန်တော် သင်္ဘောဆိပ်သို့ ဆင်းစောင့်ကြသည်။ ၇ နာရီခွဲလောက် ဟင်္သာတသင်္ဘော ဆိုက်ကပ်လာ၍ သင်္ဘောပေါ်သို့ တက်ကြရာ ကုန်းပတ်တစ်နေရာရှိ သခင်တင်အောင် ထိုင်နေသည်ကို တွေ့ရသည်။ သူ့ဘေးတွင် မဲညစ်ညစ် ခရီးဆောင်အိပ်ရာလိပ်တစ်ခု ပေါ်တွင် ခွေခွေကလေး အိပ်နေသော သခင်အောင် ဆန်းကို တွေ့ရသည်။

သခင်တင်အောင်က ပိုက်ဆံလည်းမပါ။ ညစာ ထမင်းလည်းမစားရသေးဟု ပြောသဖြင့် ကျွန်တော် သည် ကုန်းပေါ်သို့ အမြန်ပြန်တက်ပြီး သင်္ဘောဆိပ်ရှိ အသိထမင်းဆိုင်မှ ထမင်းနှစ်ထုပ်ကို အကြွေးဝယ်ယူ၍ ပြန်ပြေးလာခဲ့သည်။ သခင်အောင်ဆန်းကား အိပ်

www.burmeseclassic.com



နေတုန်းပင်။ သခင်တင်အောင်နှင့် သခင်ဗဟိန်းတို့ တတွတ်တွတ် စကားပြောလျက်နေရာမှ ကျွန်တော့်အား သခင်တင်အောင်က 'ခင်ဗျားတို့ သခင်မြသန်းလည်း ဇလွန်ညီလာခံမှာ တရားဟောပြီးတာနဲ့ ပုလိပ်က ဝင်ဆွဲသွားပြီ။ ကျုပ်တို့လည်း လက်မတင်ကလေး လွတ်လာတယ်။ အကြောင်းစုံတော့ သခင်ဗသိန်း မေးကြည့်ပေါ့'

ဤသို့ပြောနေဆဲ သင်္ဘောထွက်ရန် အချက်ပေးသဖြင့် သခင်တင်အောင်ကို နှုတ်ဆက်ပြီး ဆိပ်ခံပေါ်သို့ ပြန်တက်ခဲ့ကြသည်။ လမ်းတွင် သခင်ဗဟိန်းက ဇလွန်ညီလာခံနှင့် ဒေါင့်ကြီးတရားပွဲအကြောင်းကို ပြန်လည်ဖောက်သည်ချသည်။

ဇလွန်ညီလာခံသို့ လူထု တော်တော်ကလေး တက်ရောက်လာကြသည်။ သခင်မြသန်း အဖမ်းခံရပေမယ့် ညီလာခံ အောင်မြင်သည်။ ဒေါင့်ကြီးရွာက သခင်အောင်ဆန်းတို့ကို တရားလာဟောဖို့ ဖိတ်သည့်အတွက် မနေ့ညက ဒေါင့်ကြီးမှာ သခင်အောင်ဆန်းတို့ တရားသွားဟောသည်။ ဒေါင့်ကြီးတရားပွဲတွင် သခင်အောင်ဆန်း တရားဟောနေစဉ် ဟင်္သာတ ရာဇဝတ်ဝန် ဇေဗီ;ယားက ချင်းတောင် ချင်းအမျိုးသားများ၏ လှုပ်ရှားမှုအကြောင်းကို မဟောပြောရန် တားမြစ်သည့် စာကို သခင်အောင်ဆန်းထံ ပေးသည်။ သခင်အောင်ဆန်းက ထိုစာ ရကာမှ ချင်းတောင်တွင် အုံကြွနေသော ဦးဝမ်းသူမောင် ခေါင်းဆောင်သည့် ချင်းအမျိုးသားလှုပ်ရှားမှုများကို တရားနာလူထုအား အသေးစိတ် ရှင်းပြသည်။ မနက်က ပုလိပ်များ သခင်အောင်ဆန်းကို လိုက်ရှာနေသည့်အတွက် ယခု ပုလိပ်တွေကို တစ်ပတ်ရိုက် မျက်ခြည်ဖြတ်ပြီး ထွက်လာခြင်းဖြစ်ကြောင်းများ ပြောပြလေသည်။

ကျွန်တော်က သခင်ဗသိန်းအား 'ဘယ့်နှယ် — သခင်အောင်ဆန်းကလည်း အိပ်လုချည့်လားဗျ။ ဘာလို့လဲ နေမကောင်းလို့လား' ဟု မေးရာ သခင်ဗဟိန်းက 'မဟုတ်ပါဘူး ... သူ့ခမျာ ကောင်းကောင်းမအိပ်ရတာ နှစ်ညရှိပြီတဲ့' ဟု ပြန်ရှင်းပြသည်။

၃ ရက်ခန့်အကြာတွင် ရန်ကုန်မှ ပြန်လာသော သခင်တစ်ယောက်က 'ဌာနချုပ်တွင် သခင်အောင်ဆန်းကို ဒေါင့်ကြီးတရားပွဲအတွက် ဖမ်းရန် ပုဒ်မ ၁၂၄ (က) အစိုးရအကြည်ညိုပျက်မှု ဝရမ်းဖြင့် လိုက်နေသည့်အတွက် ရှောင်တိမ်းပြီး အလုပ်ဆက်လုပ်နေကြောင်း ကြားသိခဲ့ရသည်' ဟု ပြောသည်။ ထို့နောက် မရှေးမနှောင်းပင် သခင်အောင်ဆန်းအား ဟင်္သာတ ရာဇဝတ်ဝန် ဇေဗီးယားက ဖမ်းဆီးရမိရန်အတွက် ဆုငွေ ၅ ကျပ် ထုတ်လိုက်ပြီဟု သတင်းစာများတွင် သတင်းကြေညာချက် ပါလာလေတော့သည်။ ။

သခင်တင်မြ၏ ဘုံဘဝမှာဖြင့် ကောက်နုတ်ချက်

## ဘုံဘဝမှာဖြင့် သမိုင်းအတုပြဿနာ

**အလုပ်တွေကမှ္**

'စောင့်ကြည့်' ဂျာနယ် ၆–၁–၂၀၀၈ နှင့် ၁၃–၁၁–၂၀၀၈ နေ့ထုတ်နှစ်စောင်တွင် ကိုသက်ပြင်း (ရမည်းသင်း)၏ 'ဘုံဘဝမှာဖြင့်နဲ့ သမိုင်းအတု ခြေရာခံတွေ့ပြီ' ဆောင်းပါးနှစ်စောင်ကို ကျွန်တော် ဖတ်ရသည်။ ဟောင်ကောင်ခရီးပတ်(စ်)ကိစ္စ အလုပ်များနေသဖြင့် ယခုမှ ဤဆောင်းပါး ရေးနိုင်ပါတော့သည်။

ပထမကိစ္စဖြစ်သည့် ရမည်းသင်း ကိုစိုးသိင် အမည်ကို 'ဘုံဘဝမှာဖြင့်' တွင် ကျွန်တော် မှားရေးခဲ့မိကြောင်း ယခင်ဆောင်းပါးများတွင် ဝန်ခံခဲ့ပြီးဖြစ်သဖြင့် ဤကိစ္စမှာ ကိုသက်ပြင်း (ရမည်းသင်း)ရေးသလို ပြီးပြတ်ပြီးဖြစ်ပါသည်။

ဒုတိယကိစ္စမှာ သခင်အောင်ဆန်း ရောဝတီသင်္ဘောဖြင့် ပါလာခြင်း ဟုတ် မဟုတ် ပြဿနာဖြစ်သည်။ **'သခင်အောင်ဆန်းတို့ ရန်ကုန်ပြန်မည်ဟု ကြားရသဖြင့်'** ရောဝတီသင်္ဘောပေါ်တွင် သခင်တင်အောင် (ဌာနချုပ်ရုံးအဖွဲ့ဝင်) ထိုင်နေသည်ကို တွေ့သဖြင့် စောင်ခေါင်းမြီးခြုံ အိပ်နေသူမှာ သခင်အောင်ဆန်းဖြစ်မည်ဟု ကျွန်တော် မှန်းရေးခဲ့ခြင်းဖြစ်ပါသည်။

**'သခင်အောင်ဆန်း ရန်ကုန်ပြန်မည်ဟု ကြား**

www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့်' ဤသတင်းပြောသူကို မလိုဟုထင်သောကြောင့် ကျွန်တော် တမင်ချန်ထားခဲ့ပါသည်။ ဤသတင်းပြောသူမှာ ဇလွန်ညီလာခံမှ ပြန်လာသူ ဓနုဖြူ တို့ဗမာအစည်းအရုံး အတွင်းရေးမှူး သခင်အေးငြိမ်း ဖြစ်ပါသည်။

ထို့ကြောင့် ထိုင်နေသူမှာ သခင်တင်အောင်ဖြစ်သဖြင့် စောင်ခေါင်းမြီးခြုံအိပ်နေသူမှာ သခင်အောင်ဆန်း ဖြစ်မည်ဟု အတပ်တွေးပြီး ကျွန်တော် ရေးလိုက်ခြင်း ဖြစ်ပါသည်။

### ကိုသက်ပြင်း၏ မှန်းဆချက်

ကိုသက်ပြင်း၏ အခန်းဆက် ဆောင်းပါးနှစ်စောင်ကို အသေအချာဖတ်ကြည့်ရာ သခင်အောင်ဆန်းမဟုတ်ဘဲ လူတစ်ယောက်က သခင်အောင်ဆန်း အယောင်ဆောင်ခဲ့သည်ဟု ရေးထားသည်ကို တွေ့ရသည်။

ကိုသက်ပြင်း၏ မှန်းဆချက်ကို အောက်ပါ သူ၏ အရေးအသားက ထင်ရှားစေပါသည်။

*'ဒီဇာတ်လမ်းကို တီထွင်သူက သခင်တင်အောင် တစ်ယောက်တည်း မဟုတ်ဘူးထင်ပါတယ်။ သခင်အောင်ဆန်း၊ သခင်တင်မောင် (ကျုံမငေး)နဲ့ H.Q.A ရာဇဝတ်ဝန်ထောက် ဦးလှတောတို့က D.S.P ရာဇဝတ်ဝန် သံသယမဝင်ရန်နှင့် သခင်အောင်ဆန်း ထွက်သွားတဲ့ လမ်းကြောင်း အပိတ်ဆို့မခံရအောင် လမ်းလွှဲဝါဒဖြန့်ရန် စီစဉ်ပေးသမျှကို* ***'သခင်တင်အောင်က လက်တွေ့ လုပ်ရပုံရပါတယ်'*** *ဟု သက်ပြင်း (ရမည်းသင်း)* က ရေးခဲ့ပါသည်။

***သခင်တင်အောင်က လုပ်ရပုံရပါတယ်*** ဟု ကိုသက်ပြင်း ရေးခဲ့သဖြင့် မှန်းဆချက်ဖြစ်သည်ဟု ကျွန်တော် ယူဆပါသည်။

### သခင်အောင်ဆန်း၏ ပုလိပ်များကို မမှုပုံများ

ကျွန်တော်၏ ယခင်ဆောင်းပါးတွင် သခင်အောင်ဆန်း ပုလိပ်များကို မမှုပုံအကြောင်း ၁၉၄၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် သခင်အောင်ဆန်း ဂျပန်ပြည်မှ အပြန် ပုသိမ်မှတစ်ဆင့် ရန်ကုန်ပြန်လာပုံ၊ သခင်မြနှင့် သမ်းမတော်မြို့နယ်၊ လှည်းတန်း အိမ်အမှတ် ၅၇ ၌ နေ့လယ်တွင် တွေ့ဆုံစဉ် သခင်မြက စိုးရိမ်ပြီး 'သခင်အောင်ဆန်း အတင့်မရဲပါနဲ့' ဟု ပြောရာ သခင်အောင်ဆန်းက 'ပုလိပ်တွေ ဒီလောက် မလည်ပါဘူး ဆရာ' ဟု ကျွန်တော် ရေးခဲ့ပါသည်။ ဦးဘဆွေ (ထားဝယ်)၏ သား နေညွန့်ဘဆွေ၏ ဘွဲ့ယူစာတမ်းကို ကျွန်တော် အထောက်အထားပြု ရေးခဲ့ခြင်းဖြစ်ပါသည်။

အထောက်အထား နောက်တစ်ခုမှာ ၁၉၄၀ ခုနှစ်၊ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း သခင်အောင်ဆန်း တိတ်တဆိတ် သူ့မိခင်ရှိရာ နတ်မောက်သို့ ရောက်ခဲ့သည်။ မိခင်အိမ်တွင် မတည်းဘဲ နတ်မောက်မြို့ အရှေ့ဘက် အသိယာတဲတွင် တည်းပြီး ညမှောင်ကာမှ နတ်မောက်မြို့တွင်းဝင်၊ မိခင်ကို တွေ့ခြင်းဖြစ်သည်ဟု သခင်အောင်ဆန်း၏ ဝမ်းကွဲအစ်မ ဒေါ်ညွန့်ကြည်က ပြောပြကြောင်း၊ သခင်အောင်ဆန်း အတ္ထုပ္ပတ္တိရေးရန် အချက်အလက်များ ရှာဖွေစဉ် ကျွန်တော် ဖတ်ရသည်။

ဤအချက်မှာလည်း သခင်အောင်ဆန်း ပုလိပ်များကို အရေးမထားပုံတစ်ချက်ဖြစ်ပါသည်။ ဤတွင် ကိုသက်ပြင်း၏ မှန်းဆချက်ကို စာဖတ်ပရိသတ်က ယုံမယုံ အဆုံးအဖြတ်ပေးရန် ရှိပါတော့သည်။

### ကိုသက်ပြင်း၏ ပထမအမှား

'ဘုံဘဝမှာဖြင့်နဲ့ သမိုင်းအကုခြေရာခံတွေ့ပြီ' ဆောင်းပါးတွင် ကိုသက်ပြင်းက အောက်ပါအတိုင်း ရေးခဲ့သည်။

'ကိုလိုနီခေတ် ပုလိပ်အဖွဲ့မှာ မြန်မာလူမျိုးကို ရာထူးအကြီးဆုံးပေးထားတာ ရာဇဝတ်ဝန်ထောက် ရာထူးပါ'

ကိုလိုနီခေတ် (၁၉၄၀ ခုနှစ်မှ ၄၂ ခုနှစ်၊ မေလ) အင်္ဂလိပ်နယ်ချဲ့ ဘုရင်ခံ ဒေါ်မန်စမစ် အိန္ဒိယပြည်သို့ ထွက်ပြေးသွားသည်အထိ ဘုရင်ခံနှင့်အတူ လိုက်ပါမသွားသူ လက်ထောက်ပုလိပ်မင်းကြီး (Assistant Police Commissioner A.P.C) မြန်မာလူမျိုးတစ်ဦး ရှိခဲ့ပါသည်။ ညောင်းတုန်းမြို့ဇာတိ၊ တို့ဗမာအစည်းအရုံး ခေါင်းဆောင် သခင်ဗိုလ်၏ ဦးလေး ဦးအုန်းကျော်ဖြစ်သည်။ ဘုရင်ခံ ဒေါ်မန်စမစ်နှင့် ရင်းနှီးသူဖြစ်သည်။ ဦးအုန်းကျော်သည် အင်္ဂလိပ်လူမျိုး ပုလိပ်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



(Chief Police Commissioner) ပရက်စကော့၏ လက်အောက်တွင် အမှုထမ်းခဲ့သူဖြစ်သည်။ ပရက်စကော့က ဦးအုန်းကျော်အား ရာထူးတိုးပေးမည်ဟု ဆွယ်သော်လည်း စစ်ပြေးအစိုးရနှင့်အတူ အိန္ဒိယနိုင်ငံသို့ လိုက်မသွားဘဲ နေခဲ့သူဖြစ်သည်။ ဦးအုန်းကျော်သည် ဟသ်ာတမှ ရာဇဝတ်ဝန်ထောက် ဦးလှတောထက် ရာထူးကြီးမြင့်သူ ဖြစ်ပါသည်။

**ဒုတိယအမှား**

ကိုသက်ပြင်းက 'ဒါကြောင့် ရာဇဝတ်ဝန်ထောက် ဦးလှတော အကူအညီဟာ လွတ်လပ်ရေးတိုက်ပွဲမှာ **ပုလိပ်သပိတ်လောက် အရေးကြီးပါတယ်လို့ သက်ပြင်း ထင်မိပါတယ်'** ဟု ရေးခဲ့သည်။

ကိုသက်ပြင်း ညွှန်ပြခဲ့သော ပုလိပ်သပိတ်မှာ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် စတင်ခဲ့သော ရာဇဝတ်အုပ် ဦးဝမ်းမောင် ဦးဆောင်ခဲ့သည့် ပုလိပ်သပိတ် ဖြစ်ပါသည်။

ဤပုလိပ်သပိတ် အရေးတော်ပုံတွင် ကရောင်း (ဗြိတိသျှနယ်ချဲ့ဘုရင်၏ အမှတ်အသား) ပုလိပ်မှ ဒေါင်း (လွတ်လပ်သော မြန်မာတို့၏တံဆိပ်) ပုလိပ်သို့ ပြောင်းခဲ့သည့် လှုပ်ရှားမှု၊ ဤလှုပ်ရှားမှုကို အရင်းခံ၍ အတွင်းဝန်ရုံးစာရေးများ၊ မီးရထားအလုပ်သမားများ၊ သန်လျင်မှ ဘီအိုစီ ရေနံချက်အလုပ်သမားများ၊ ဒလ သင်္ဘောကျင်း အလုပ်သမားများ၊ ဗိုလ်တထောင်နှင့် အလုံရှိ သစ်စက်အလုပ်သမားများ ပါဝင်သည့် အထွေထွေ သပိတ်ကြီး ပေါ်ပေါက်ခဲ့သည်။ သို့ဖြင့် အင်္ဂလိပ်နယ်ချဲ့သမား၏ အုပ်ချုပ်ရေးယန္တရားကြီး မောင်းမရ၊ ရပ်စဲသွားတော့သည်။ အင်္ဂလိပ်နယ်ချဲ့သမား၏ ကိုယ်စားလှယ်၊ ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)သည် အခက်ကြုံကာ ဖျားနေသော ဗိုလ်ချုပ်အောင်ဆန်းအိမ် (တာဝါလိန်း ယခု ဗိုလ်ချုပ်ပြတိုက်) သို့ နှစ်ညတိုင် လူမမာမေး[illegible] ဆောင်၍ အစိုးရဖွဲ့နိုင်ရန် ညှိနှိုင်းခဲ့ကြသည်။ [illegible] ပြန်သွားခဲ့သော ဘုရင်ခံ ဒေါမန်စမစ် မလိုက်လျော[illegible] သည့် ဖဆပလ အဖွဲ့ချုပ်၏ တောင်းဆိုချက်များ[illegible] လိုက်လျောခဲ့ရပြီး ဗိုလ်ချုပ်အောင်ဆန်း ဒုဥက္ကဋ္ဌ [illegible] ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနကို ပူးတွဲတာဝန်ယူ[illegible] သည့် ဘုရင်ခံအမှုဆောင်ကောင်စီအစိုးရ ဖွဲ့စည်း[illegible] ပါသည်။

ဤအောင်ပွဲကို ပုလိပ်သပိတ်မှစတင်ခဲ့သော [illegible] တင်ဘာ အထွေထွေသပိတ်ကြီးကို အကြောင်းပြု၍ [illegible] ခဲ့ခြင်းဖြစ်သည်။

သမိုင်းတွင် လူပုဂ္ဂိုလ်တစ်ယောက်၏ အခန်း[illegible] သည်။ လူတစ်ယောက်၏အခန်း မည်မျှကြီးကျယ်[illegible] ကာမူ လူအများပါဝင်သော လူထုလှုပ်ရှားမှုအခန်း[illegible] နှိုင်းစာပါက သေးငယ်သွားပါသည်။

ထို့ကြောင့် ဟသ်ာတရာဇဝတ်ဝန်ထောက် (H[illegible] Quater Assistant H.Q.A) ဦးလှတော၏ သ[illegible] အောင်ဆန်းကို ပေးခဲ့သော အကူအညီသည် လွတ်[illegible] ရေးတိုက်ပွဲတွင် အထောက်အကူမျှသာဖြစ်ပြီး [illegible] ခုနှစ် အထွေထွေသပိတ်ကြီးတွင် တက်ကြွစွာ [illegible] ဆင်နွှဲခဲ့ကြသော ပုလိပ်သပိတ်သည် အင်္ဂလိပ်[illegible] သမားက မြန်မာတို့၏ လွတ်လပ်ရေးတိုက်ပွဲကို [illegible] ပေးခဲ့ရခြင်းဖြစ်၍ ဟသ်ာတ ရာဇဝတ်ဝန်ထောက် ဦး[illegible] တော၏ သခင်အောင်ဆန်းအား ပေးခဲ့သည့် အကူအ[illegible] မှာ လွတ်လပ်ရေးတိုက်ပွဲကို အထောက်အကူသာ [illegible] စေခဲ့ပါသည်။ ပုလိပ်သပိတ်သည်သာ လွတ်လပ်[illegible] တိုက်ပွဲကို အဆုံးအဖြတ်ပေးသည့် (Determining [illegible] tor) အရာဖြစ်ကြောင်း တင်ပြအပ်ပါသည်။

စောင်းကြည့်ဂုဏ်ယှဉ် ([illegible])

www.burmeseclassic.com

www.burmeseclassic.com



# တော်လှန်ရေးသို့

## နတ်မောက်ဘုန်းကျော်

[၁]

"စည်နှယ်ရှမ်းပြောက်၊ ရဲမာန်ပေါက်က
လမ်းထောက်မလပ်၊ အထပ်ထပ်လျှင်
ကြာချပ်အသွင်၊ မွမ်းမွမ်းဖြင့်မျှ
စစ်လျှင် စစ်မ၊ ချီလတ်ကြ၍ ..."

– သံဝရပျို့ –

၁၉၄၄ ခု၊ ဩဂုတ်လအတွင်းဝယ် ...

စုံခြေမြင့်ကန္တာဝယ်၊ ရွှေယင်းမာလှိုင်မွှေး၍ ငှက်ကျေးမောင်နှံ၊ ချစ်တုံ့ပြန်သည့်၊ ကန်ရာသီ တော်သလင်းမှ၊ ကြာငါးပွင့်မုံလျှံတွင်၊ ကုံကုမံကြိုင်ဆွတ်သည့်၊ သီတင်းကျွတ်လဆီသို့ ပြောင်းလုလုကာလဖြစ်လေသည်။

ကန်တော်ကြီးအရှေ့ဘက်ကျွန်းစွယ်ရှိ သရက်ပင်အုပ်များတွင် မိုးရေဖျန်းသဖြင့် စိမ်းလန်းစိုပြည် ရွက်သစ်တွေ တဝေဝေနှင့် တစ်တောလုံး မြရည်လိမ်းလျက်နေလေပြီ။ ကန်တော်ကြီးရေပြင်မှ ရှပ်တိုက်ပြေးဝင်လာသောလေညင်းနွဲ့နွဲ့တွင် ပျားရည်လှဲ့နေသော သရက်ပင်နံ့မှာသင်းပျံ့ကြိုင်လှိုင်လျက် ရှိပေသည်။ အနောက်ဘက်ဆီသို့ စောင်းမျှော်ကြည့်လိုက်လျှင် ပြာမှိုင်းသော ကောင်းကင်ယံ၏နောက်ခံဝယ် ရွှေသင်္ကန်းရောင်တပြောင်ပြောင်ဖြင့် တည်ငြိမ်ရင့်ကျက်စွာ စံပယ်၍နေသော တိဂုံဆံတော်ရှင်မြတ်ကြီးအား ဖူးတွေ့ရပေသည်။ ထို ဖော်ပြခဲ့သော ကြည်နူးအေးဆေးစရာ ရှုခင်းတို့သည် ပတ်ဝန်းကျင်တစ်ဝိုက်အား လွှမ်းခြုံ၍ထားဟန်ရှိ၏။

သို့သော် ယင်းသို့သော ကြည်နူးအေးငြိမ့်ဖွယ်ရာကောင်းလှသည့် ပတ်ဝန်းကျင်လောင်းရိပ်အောက်တွင် မကြည်နူးနိုင်၊ အေးဆေးစွာ မနေနိုင်သော လူတစ်စုကိုကား လူတိုင်း သတိမမူမိကြမည်မထင်ပေ။ ထိုလူတစ်စုကား အခြားမဟုတ်၊ ကန်တော်ကြီးပတ်လမ်း (ယခု နတ်မောက်လမ်း)နှင့် ဦးထွန်းမြတ်လမ်းထောင့် ခြံဝင်းကျယ်ကြီးတစ်ခုထဲရှိ နှစ်ထပ်အိမ်ကြီး၏အပေါ်ထပ်တွင် စုဝေးလျက်ရှိပြီး လေးနက်စွာ တွေးတောဆွေးနွေးနေကြသောသူများပင်ဖြစ်သည်။ သုံးလိုင်းကြယ်တစ်ပွင့် ရာထူးတံဆိပ်ကို တပ်ဆင်ထားသည့် ဗမာ့တပ်မတော်မှ အရာရှိတစ်ဦးသည် အသင့် မောင်းတင်ထားသော ပစ္စတိုသေနတ်ကို ခါးတွင်ထိုးလျက် အိမ်မကြီး၏ ဆင်ဝင်အောက်တွင် အရှေ့နှင့်အနောက် လူးလားပြန်ခေါက် လမ်းလျှောက်ရင်း အိမ်ပေါ်ထပ်ရှိ လူတစ်စုအတွက် ကင်းစောင့်၍နေခြင်းကိုထောက်လျှင် ထိပ်တန်းလျှို့ဝှက်ဆွေးနွေးပွဲ ကျင်းပနေကြောင်း ရိပ်မိတန်လောက်ပေ၏။ ထို

www.burmeseclassic.com



လူတစ်စု ဆွေးနွေးပွဲကျင်းပနေသောအိမ်ကား စစ်ဝန်ကြီးနှင့် စစ်သေနာပတိ 'ဗိုလ်ချုပ်အောင်ဆန်း' ၏ အိမ်ပင်ဖြစ်ပေသည်။

ထိုသို့ အပူတပြင်း လျှို့ဝှက် ဆွေးနွေးပွဲ ကျင်းပနေသူများကား အောက်ပါပုဂ္ဂိုလ်များဖြစ်ကြောင်း တွေ့ရှိရပေမည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း
(စစ်ဝန်ကြီးနှင့် စစ်သေနာပတိ)

| | |
|---|---|
| ၂။ ဗိုလ်နေဝင်း | ၁၀။ ဗိုလ်ကျော်ဇော |
| ၃။ ဗိုလ်လက်ျာ | ၁၁။ ဗိုလ်ရန်အောင် |
| ၄။ ဗိုလ်ဇေယျ | ၁၂။ ဗိုလ်မှူးအောင် |
| ၅။ ဗိုလ်အောင်ကြီး | ၁၃။ ဗိုလ်ဗထူး |
| ၆။ ဗိုလ်မောင်မောင် | ၁၄။ သခင်သန်းထွန်း |
| ၇။ ဗိုလ်ခင်မောင်ကလေး | ၁၅။ သခင်စိုး |
| ၈။ ဗိုလ်ကြာဒိုး | ၁၆။ သခင်ချစ် |
| ၉။ ဗိုလ်ဖိုးကွန်း | ၁၇။ ဦးကျော်ငြိမ်း |

၎င်းတို့ ဆွေးနွေးနေကြသော ကိစ္စမှာ ဗမာတစ်မျိုးသားလုံးအပေါ် ရက်စက်စွာ ညှဉ်းပန်းအုပ်စိုးနေသော ဂျပန်တို့အား အမြစ်မှ တွန်းဖြိုတော်လှန်ပစ်ရန်အရေးကို ဆွေးနွေးနေကြခြင်းပင်ဖြစ်သည်။

ဂျပန်တို့၏ ရက်စက်ယုတ်မာမှုများကို မခံမရပ်နိုင်သော မြန်မာမျိုးချစ်မှန်သမျှတို့သည် ၎င်းဂျပန်တို့အား လက်နက်ဖြင့် တော်လှန်တိုက်ခိုက်ရန် အသီးသီး စိုင်းပြင်းခဲ့ကြလေသည်။ ထိုသို့တော်လှန်ရန် စိုင်းပြင်းကြရာတွင် ရှိသမျှ မျိုးချစ်အဖွဲ့အစည်းများသည် မိမိတို့ဘာသာ အတွင်းကျိတ်စီမံနေကြသည်မှတစ်ပါး တစ်စုတစ်ပေါင်းတည်း ခိုင်မာသောလမ်းစဉ်၊ လုပ်ငန်းစဉ်များ မရှိကြသေးချေ။ ဤသို့ တသီးတခြားစီ ဆောင်ရွက်နေကြမည့်အစား ရှိသမျှအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြလျှင် ကောင်းမည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏အကြံပေးချက်ကို အားလုံးက လက်ခံပြီး ဤသို့ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်လေသည်။

ထိုစဉ်က ဂျပန်ကို တော်လှန်ရန် လျှို့ဝှက်ဖွဲ့စည်းထားကြသော အဖွဲ့အသီးသီးမှာ

(၁) ဗမာ့တပ်မတော်

(၂) ပြည်သူ့အရေးတော်ပုံပါတီ
(ယခုဆိုရှယ်လစ်ပါတီ)

(၃) ကွန်မြူနစ်ပါတီ ဟူ၍ သုံးစုသုံးမည်ဖြစ်

၏။ ထိုသို့ ကွဲပြားနေသော မျိုးချစ် အင်အားစု သုံး
သည် ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်တွင် အထ
အတိုင်း တွေ့ဆုံ ဆွေးနွေးကြပြီးသည့်နောက် "ဖက်
တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး"
စတင်ပေါင်းစည်း တည်ထောင်လိုက်ကြလေတော့သ

ဗမာ့တပ်မတော်အတွင်းရှိ ဗိုလ်ချုပ်အောင်ဆ
၎င်း၏တပ်မတော်အရာရှိများမှာ ဂျပန်နှင့် နဖူးတွေ့
တွေ့ ရင်းရင်းနှီးနှီး ဆက်ဆံရသူများဖြစ်၍ ဂျပ
ယုတ်မာရက်စက်မှုများကို အတွင်းကျကျ သိရှိရသူ
ပီပီ ဂျပန်ကို တော်လှန်တိုက်ခိုက်ရန် စိတ်ဓာတ်အ
ထန်ဆုံး ရှိကြသူများဖြစ်လေသည်။

ဗမာ့တပ်မတော်မှာ လူထု၏ရှေ့မှ မားမားမတ်
ရပ်လျက် ဖက်ဆစ်ဂျပန်တို့၏ယုတ်မာရက်စက်မှု
အမြဲတမ်း ခုခံကာကွယ်ပေးလျက်ရှိကြသဖြင့် ပြည်
လူထု၏ချစ်ကြည်မှုကို အများဆုံး ခံယူခဲ့ရလေသ
စည်းစနစ်ကျနပြီး လူထု၏ချစ်ခင်ကြည်ညိုမှုကို ခံယူ
ရသော ဗမာ့တပ်မတော်အား ဂျပန်တို့က မယုံကြည်
ပေ။ ဗမာ့တပ်မတော်က ၎င်းတို့အား တော်လှန်တို
ခြင်းမပြုနိုင်စေခြင်းငှာ ဂျပန်အကြံပေးအရာရှိများ
စေလျက် တပ်များကို တစ်နေရာနှစ်နေရာ စသ
တွင် စုစည်း၍ မထားရှိစေဘဲ နေရာအနှံ့အပြား
တစ်ကွဲတစ်ပြားစီ တပ်စွဲထားနေစေခဲ့သည်။ ဤသို့
များအား တကွဲတပြားစီ ထားရှိခြင်းအတွက် အစီ
ကောင်း မကောင်း ဗိုလ်ချုပ်အောင်ဆန်း၏ သ
ထားကို သိရှိလို၍ ဂျပန်တို့က တီးခေါက်စုံစမ်း
လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော်အရာရှိ
ကမူ မိမိတို့၏ဝမ်းတွင် အကြံအစည်ကို ဂျပန်တို့
စေရန် ကျစ်လျစ်သိပ်သည်းစွာ ဆက်ဆံပြောဆို
ရလေသည်။ ဗမာ့တပ်မတော်မှ အရာရှိကြီးငယ်
ဂျပန်တို့အား တစ်ဖက်သတ် အယုံသွင်းကာ စ
များစွာမပြော၊ အလုပ်ကိုသာ ကုပ်၍လုပ်ကိုင်နေ
သည်။

ထိုအခါက ဗမာ့တပ်မတော်၏အင်အားမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်သောင်းငါးထောင်ခန့် ရှိသည်။ တပ်မတော်၏ လက်အောက်ခံဒေသဆိုင်ရာ ပြောက်ကျားတပ်ဖွဲ့များကိုလည်း ရခိုင်တိုင်း၊ မြစ်ဝကျွန်းပေါ်နှင့် သရက်ခရိုင်တို့တွင် ဖွဲ့စည်းထားခဲ့လေရာ ၎င်းပြောက်ကျားတပ်ဖွဲ့များ၏ စုစုပေါင်းအင်အားမှာ (၈၀၀၀၀) ရှစ်သောင်းကျော်ရှိကြောင်း တွေ့ရှိရလေသည်။ လက်နက် အသင့်အတင့်တပ်ဆင်ပြီးဖြစ်သည့် ဤမျှ အင်အားရှိနေသော ဗမာ့တပ်မတော်သည် ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရန် အသင့် ပြင်ဆင်ထားခဲ့ပြီးဖြစ်ချေသည်။

အခြားသော အဖွဲ့အစည်းများဖြစ်သည့် ပြည်သူ့အရေးတော်ပုံပါတီ (ယခုဆိုရှယ်လစ်ပါတီ)၊ ကွန်မြူနစ်ပါတီ၊ အာရှလူငယ်များ အစည်းအရုံး စသော အဖွဲ့အစည်းများကလည်း မိမိတို့၏ အဖွဲ့အစည်းအလိုက် လူထုအား တော်လှန်ရေးခရီးလမ်းပေါ်သို့ ရောက်ရှိလာစေရန် စည်းရုံးသိမ်းသွင်းလျက် ရှိကြပေသည်။ အထူးသဖြင့် ဗမာ့တပ်မတော်၏နောက်ပိုင်းမှနေ၍ "ဒုတိယတပ်မတော်" ဟုပင် ခေါ်နိုင်လောက်သည့် ဦးဘဂျမ်းကြီးမှူးသော "အာရှလူငယ်များအစည်းအရုံး" သည် ဂျပန်တော်လှန်ရေးအတွက် လျှို့ဝှက် စည်းရုံးရာတွင် အထက်မြက်ဆုံး၊ အလှုပ်ရှားဆုံးအပိုင်း ဖြစ်ခဲ့ဖူးသည်။

ဤသို့ တသီးတခြားစီဖြစ်နေသော တော်လှန်ရေးအင်အားစုများသည် ၁၉၄၄ ခုနှစ်၊ အထက်ပါ ဆွေးနွေးပွဲမှ စတင်၍ ဖဆပလအဖွဲ့ချုပ်ကြီး၏ အလံတော်အောက်တွင် စုရုံးပေါင်းစည်းမိကြလေသည်။ တော်လှန်ရမည့်အချိန်အခါကိုသာ အသင့်စောင့်ဆိုင်းရင်း ကြိုတင်ပြင်ဆင်မှုများကိုသာ ဆက်လက် ဆောင်ရွက်နေကြပေ၏။

ဆွေးနွေးနေကြသော အထက်ပါလူတစ်စု၏ မျက်နှာများတွင်ကား လေးနက်တည်ငြိမ်သော အသွင်များဖြင့် ၎င်းတို့၏မျက်လုံးများမှာလည်း ဇာတိမာန်ကြောင့် စူးရှတောက်ပြောင်လျက်ရှိကြလေသည်။

ပတ်လမ်းမကြီးဘက်နှင့် ကန်တော်ကြီးတစ်ဝိုက်တွင်ကား လဆန်း (၆)ရက် လကလေး၏ မှုန်မွှားမွှားအလင်းရောင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ဤသို့သော အချိန်တွင် ထိပ်တွင် အလံကလေးများ တပ်ဆင်ထားသည့် မော်တော်ကားကလေး လေးငါး စီးခန့်သည် အဆိုပါ အိမ်ဝင်းကြီးထဲမှ တစ်စီးပြီးတစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်လာကြကာ ပတ်လမ်းမတစ်လျှောက် အနောက်ဘက်ဆီသို့ တစ်ရှိန်ထိုး မောင်းနှင်သွားကြလေသည်။

× × ×

[၂]

"တိုက်ရိုက်မပြေး၊ မြေဝေးမရွေ့
ရှေ့နှင့်နောက်တည်း၊ အုပ်စည်းမပျက်
ရဲမက်မယို၊ ကိုယ်လွတ်ရာရှာ
ဘေးမဲ့ခွာသည်၊ သေနာပတိ၊ စစ်စွဲချိသို့"
– စတုဓမ္မသာရပျို့ –

တစ်ပြည်လုံး တစ်ပြိုင်တည်း တော်လှန်ရန် ပြင်ဆင်နေကြရင်းနှင့်ပင် ၁၉၄၅ ခုနှစ်အတွင်းသို့ ချင်းနင်းရောက်ရှိလာခဲ့ပေသည်။ မဟာမိတ်တို့၏ မြန်မာပြည်ထိုးစစ်မှာလည်း တဖြည်းဖြည်း ပြင်းထန်၍လာလေပြီ။ မြစ်ကြီးနား၊ ကသာ၊ ဗန်းမော်နှင့် ရခိုင်ကမ်းရိုးတန်းဘက်စစ်မျက်နှာများတွင် မဟာမိတ်တို့၏တပ်များ ဝင်ရောက်တပ်စွဲနေကြချေပြီ။

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်ကြီးသည် စစ်အခြေအနေနှင့် မိမိတပ်များအစီအစဉ်၊ စည်းရုံးရေးအင်အားတို့ကို တွက်ချက်၍ ဂျပန်တို့အား စတင်တော်လှန်ရန်အချိန်ကို မူလ ၁၉၄၅ခု၊ ဧပြီလ ၄ ရက်နေ့ဟု သတ်မှတ်ပြီး အခြေအနေအရ ၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့ဟု အတိအကျ သတ်မှတ်ထားလိုက်လေ၏။

ရခိုင်ပြည်ဘက်၌မူကား အခြေအနေအရ ဦးပညာသီဟနှင့် ကိုညိုထွန်းတို့ ကြီးမှူး၍ အဆိုပါ မတ်လမတိုင်မီကပင် ဂျပန်တို့အား အတိအလင်း တော်လှန်လျက် ရှိကြလေသည်။ ဤအတွင်း မဟာမိတ်တို့၏ထိုးစစ်မှာ ရွှေဘိုခရိုင်ကို သိမ်းယူပြီး စစ်ကိုင်း၊ မန္တလေးနယ်မြေများဆီသို့ လိုမ့်ဆင်းခါစ ပြုနေကြသည်။ ဗိုလ်မှူး သောင်းကြည် ဦးစီးသော အမှတ်(၅) ခြေလျင်တပ်ရင်း (မိတ္ထီလာ)မှာလည်း ၂၈–၂–၄၅ နေ့ကပင် အခြေအနေအရ ကြိုတင်၍ တော်လှန်ခဲ့သည်။ အထက်ဗမာ

www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်ရှိသော ဗိုလ်မှူးဗထူး ကြီးမှူးသည့် ဗမာ့တပ်မတော်မှ တပ်ရင်းတပ်ခွဲများမှာ (ဖဆပလ)ဗဟိုဌာနချုပ်မှ သတ်မှတ်ထားသော ဧပြီလ ၄ ရက်နေ့အထိ စောင့်ဆိုင်းနေလျှင် မဟာမိတ်နှင့် ဂျပန်တို့စစ်ကြားတွင် ၄တ်တုတ် ခံလိုက်ရတော့မည့် အခြေအနေသို့ ရောက်ရှိနေသည်။ ဤသို့မဖြစ်စေရန် ဗိုလ်မှူးဗထူးသည် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းထံ အခြေအနေကို အစီရင်ခံပြီး နားလည်မှုဖြင့် မတ်လ ၈ ရက်နေ့တွင် ဂျပန်တို့အား စစ်ကြေညာ၍ စတင် တိုက်ခိုက်ခဲ့၏။

ဤရက်များအတောအတွင်းတွင် မဟာမိတ်တို့ ထိုးစစ်မှာ ပိုမိုပြင်းထန်လျင်မြန်လာလေသည်။ အခြေအနေအရ ရန်ကုန်တစ်ဝိုက်ရှိ ဗမာ့တပ်မတော်မှ တပ်များအား တပ်ဖျောက်ထားရန် လိုအပ်လာလေ၏။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော်အရာရှိကြီးအချို့တို့သည် ဂျပန်အကြံပေးအရာရှိများ၏ အကူအညီဖြင့် အင်္ဂလိပ်–အမေရိကန် တပ်များအား ခုခံတိုက်ခိုက်ရန် စစ်မျက်နှာတစ်ခု သီးသန့်ဖွင့်ပေးရန် ဂျပန်စစ်ဌာနချုပ်သို့ တောင်းဆိုကြလေသည်။

အရှေ့မီးဝိုင်းပမာ ကြုံတွေ့နေရသော ဂျပန်စစ်ဌာနချုပ်ကလည်း ဗမာ့တပ်မတော် အကူအညီကို ဝမ်းသာအားရ လက်ခံခဲ့သည်။ လိုအပ်သော လက်နက်ခဲယမ်းမီးကျောက်များကိုလည်း အလွယ်တကူပင် ထုတ်ပေးကြပြီး စစ်မြေပြင်သို့ ချီတက်ခါနီး ချီးကျူးဂုဏ်ပြုပွဲများပင် ကျင်းပရန် စီစဉ်ပေးလေသေးသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော်အရာရှိကြီးများမှာလည်း ဂျပန်တို့ထံမှ နားလည်မှုတစ်မျိုး ရရှိပြီးနောက် တပ်များထွက်ခွာရန်နှင့် စစ်နယ်မြေများ ခွဲခြားရန်အတွက် မြေပုံများကို ရှေ့ချထားလျက် အလုပ်များပြားနေကြလေ၏။ ထို့နောက် တော်လှန်ရေးအတွက် စစ်နယ်များကို အောက်ပါအတိုင်း ခွဲဝေနေရာချထားလိုက်ကြသည်။

**တိုင်း (၁)** ။ ပြည်–သာယာဝတီ–အင်းစိန်။

ငင်းတိုင်းကို ဗိုလ်လွန်းတင်က အုပ်ချုပ်၍ ဗိုလ်သိန်းတုတ်၊ ဗိုလ်သိန်းမောင်၊ ဗိုလ်သီဟန်၊ ဗိုလ်အောင်မင်းတို့ ပါဝင်သည်။ ၎င်းတပ်များကို "မင်းလုစည်သူတပ်ဖွဲ့" ဟု ခေါ်တွင်စေသည်။

**တိုင်း (၂)** ။ ဟံသာဝတီ–ဖျာပုံ–မအူပင်။

ငင်းတိုင်းကို ဗိုလ်မှူးကြီးနေဝင်းက အုပ်ချုပ်၍ "ကျော်ခေါင်ဗလတပ်ဖွဲ့" ဟု သတ်မှတ်ထား၏။ ၎င်းတပ်ဖွဲ့တွင် ဗိုလ်မှူးအောင်ကြီး၊ ဗိုလ်တင်ဖေ၊ ဗိုလ်ကြည်ဝင်း စသူများ ပါဝင်သည်။

**တိုင်း (၃)** ။ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ။

ငင်းတိုင်းကို ဗိုလ်မှူး စောကြာဒိုးက တာဝန်ယူ၍ပြီး "ရဲကျော်သူရတပ်ဖွဲ့" ဟု ခေါ်စေသည်။ ဗိုလ်စောထွန်းစိန်နှင့် ဗိုလ်စောစံဖိုးသင်တို့ ပါဝင်သည်။

**တိုင်း (၄)** ။ ပဲခူး၊ ရွှေကျင်၊ သထုံ။

ငင်းတိုင်းကို ဗိုလ်မှူးကျော်ဇောက ဦးစီး၍ "လက်ျာကျော်ထင်တပ်ဖွဲ့" ဟု ခေါ်တွင်စေသည်။ ၎င်းတိုင်းတွင် ဗိုလ်မှူးအောင်ရွှေ၊ ဗိုလ်အေးမောင်၊ ဗိုလ်သိန်းတန် စသူများ ပါဝင်သည်။

**တိုင်း (၅)** ။ မော်လမြိုင်၊ ထားဝယ်၊ မြိတ်။

ငင်းတိုင်းကို တပ်မှူးတင်ထွန်းက ဦးစီး၍ "ဇေယျကျော်သူတပ်ဖွဲ့" ဟု သတ်မှတ်လိုက်သည်။ ၎င်းတိုင်းတွင် ဗိုလ်လှဖေကြီး၊ ဗိုလ်ကျော်ထွန်းတင်တို့ ပါဝင်သည်။

**တိုင်း (၆)** ။ ပျဉ်းမနား၊ တောင်ငူတောင်ပိုင်း၊ ရှမ်းပြည်။

ငင်းတိုင်းကို ဗိုလ်မှူးရဲထွဋ်က ဦးစီး၍ "ဘယကျော်ထင်တပ်ဖွဲ့" ဟု ခေါ်တွင်စေသည်။ ဗိုလ်တောထိန်၊ ဗိုလ်တာရာ၊ ဗိုလ်မှူးသောင်းကြည်၊ ဆေးမှူးကြီးဗိုလ်လွင်၊ ဗိုလ်ထွန်းမြိုင် စသူများ ပါဝင်သည်။

**တိုင်း (၇)** ။ သရက်၊ အာလံ၊ မကွေး၊ မင်းဘူး။

ငင်းတိုင်းကို ဗိုလ်မှူးအောင်က ဦးစီး၍ "သီရိကျော်ထင်တပ်ဖွဲ့" ဟု ခေါ်တွင်စေသည်။ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်မောင်ကလေး၊ ဗိုလ်စိန်ဝင်း၊ ဗိုလ်မိုးညိုစသူများ ဦးစီးသည့်တပ်များ ပါဝင်သည်။ ဗိုလ်မှူးရဲအောင်က ရှေ့တန်းစစ်ဌာနမှူးအဖြစ် တာဝန်ယူရသည်။ ငင်းတိုင်း (၇)နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဌာနချုပ် ပူးတွဲပါရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ စစ်နယ်မြေအလိုက် တာဝန်ယူထားသော တပ်များသည် မတ်လ ၂၇ ရက်နေ့မတိုင်မီ မိမိတို့ တာဝန်ယူထားသည့် နယ်မြေသို့ ကြိုတင်ရောက်ရှိနေစေရန် လိုလေသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်တို့အား အယုံသွင်းထားကာ စစ်မြေပြင်သို့ တပ်များထွက်ခွာရမည့်နေ့ကို သတ်မှတ်၍ ဂျပန်စစ်ဌာနချုပ်သို့ အကြောင်းကြားလိုက်လေသည်။

ဂျပန်တို့ဘက်မှလည်း စစ်မြေပြင်သို့ထွက်၍ ဗမာ့တပ်မတော်က တိုက်ခိုက်မည်ကို ချီးကျူးနှုတ်ဆက်ပွဲများ ကျင်းပရန်ကိုပင် စီစဉ်၍နေကြပေသည်။

× × ×

[၃]

၁၉၄၅ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့။

ဦးဝိစာရလမ်းရှိ စစ်ဝန်ကြီးရုံးတစ်ဝိုက်မှ မရမ်းပင်များနှင့် ဥနဲပင်ကလေးများမှ ရွက်ဝါများသည် နွေဦး၏ လေပြည်ထဲတွင် ဝဲကာလွန့်ကာနှင့် လိုက်ပါ၍နေကြလေသည်။ ကုက္ကိုပင်၊ သစ်တိုပင်ကြီးများဆီမှလည်း ဥသြငှက်များသည် လေးလေးတွဲ့တွဲ့ဖြင့် တွန်ချီကြွေးကာ နွေဦး၏တေးကိုသီ၍ပင် နေကြပါလေပြီ။ ဦးဝိစာရလမ်းတစ်လျှောက်ရှိ သဘော်တည်ပင်များမှာ ရွက်နုကလေးများပင် စီရရီထွက်ပြူနေကြလေပြီ။

ထိုမျှ သာယာကြည်နူးဖွယ်ကောင်းသော ရာသီ၏ နံနက်ခင်းဝယ် ဘောင်ဒရီလမ်းနှင့် ဦးဝိစာရလမ်းတို့ ဆုံရာထောင့် (ယခုတော်လှန်ရေးပန်းခြံ)တွင် ရှိသော ကွင်းပြင်ကြီးတွင်ကား စစ်မြေပြင်သို့ ချီတက်မည့် ဗမာ့တပ်မတော်များ၏ တပ်ထွက်အခမ်းအနားကို ကျင်းပ၍နေလေ၏။

ရန်ကုန်တစ်ဝိုက်တွင် စခန်းချထားသော ဗမာ့တပ်မတော် တပ်များသည် နံနက်စောစော ဝေလီဝေလင်းကပင် အဆိုပါကွင်းပြင်ထဲသို့ တစ်တပ်ပြီးတစ်တပ် ချီတက်၍ လာကြသည်။ ဗိုလ်မှူးမောင်မောင် ဦးစီးသော စစ်ဝန်ကြီးရုံး၊ ဗိုလ်မှူးတင် ဦးစီးသောတပ်ရင်း (၁)၊ ဗိုလ်မှူးသိန်းမောင်ဦးစီးသော တပ်ရင်း (၄)၊ ဗိုလ်မောင်ကလေးဦးစီးသော တပ်ရင်း(၇)၊ ဗိုလ်စောတီဖိုးကျော်နှင့် ဗိုလ်မှူးထွန်းစိန်တို့ဦးစီးသော ကရင်အမျိုးသားတပ်ရင်း (၁)နှင့် (၂)၊ ဗိုလ်သိန်းတန်ဦးစီးသော စစ်လေ့ကျင့်ရေးတပ်၊ ဗိုလ်လွန်းတင်ဦးစီးသော စစ်သားစုဆောင်းရေးတပ်၊ ဗိုလ်မှူးခင်မောင်ကလေး ဦးစီးသော စစ်ပစ္စည်းတပ်၊ ဗိုလ်မှူးကြီးမောင်မောင်ကြီးဦးစီးသော စစ်ဆေးရုံတပ်၊ ဗိုလ်မှူးရှိန်းဦးစီးသော အချက်ပြ ဆက်သွယ်ရေးတပ်၊ ဗိုလ်မှူးဝင်းဦးစီးသော ထောက်ပံ့ရေးတပ်၊ ဗိုလ်အေးမောင်ဦးစီးသော အင်ဂျင်နီယာတပ်နှင့် လားတပ်၊ ဗိုလ်မှူးခင်ညို ဦးစီးသော အမြောက်ကြီးတပ်နှင့် စက်အမြောက်တပ်၊ စစ်ဝန်ကြီးရုံးကင်းတပ်၊ ဗိုလ်မှူးအောင်ရွှေ ဦးစီးသော စစ်ဦးစီးဌာနချုပ်ရုံး အစရှိသော တပ်များမှာ ကွင်းပြင်ထဲတွင် အသီးသီး အရှေ့ဘက်သို့ မျက်နှာမူ၍ နေရာယူထားကြလေသည်။

တပ်တိုင်း တပ်တိုင်း၏ထိပ်တွင် ဆိုင်ရာတပ်ဗိုလ်များမှာ ဓားလွတ်ကိုယ်စီကိုင်ထားလျက်ရှိကြပြီး ရဲဘော်များမှာ သေနတ်ကို မြေတွင်ထောက်၍ "သက်သာ" အနေအထားဖြင့် ရပ်လျက်ရှိကြ၏။ ကွင်းပြင်တစ်ခုလုံးကား တပ်များဖြင့် ပြည့်နှက်သွားတော့၏။ ကွင်း၏အရှေ့ဘက်အလယ်လောက်တွင် စားပွဲတစ်လုံးကို စင်မြင့်သဖွယ်အသုံးပြုရန် ချထားလေသည်။ စားပွဲတစ်ဖက်တစ်ချက်တွင်ကား ဗမာ့တပ်မတော်၏ သုံးရောင်ခြယ် ကဒေါင်းအလံနှင့် ဂျပန်တို့၏ တက်နေတံဆိပ်အလံကို ပြိုင်တူလွှင့်ထူထားလေသည်။

ကွင်း၏ပတ်ပတ်လည်နှင့် ဦးဝိစာရလမ်းပေါ်တွင်လည်းကောင်း၊ ၎င်းမှ ချိုးသွားသော ထရန်စပို့လမ်းမပေါ်တွင်လည်းကောင်း တပ်ထွက်ပွဲ အခမ်းအနားမှ ရဲဘော်များအား လာရောက်အားပေးသည့် ပရိသတ်များမှာ နှစ်သောင်းကျော်မျှ ရှိလေ၏။

လာရောက်ကြည့်ရှုနေသော ပရိသတ်တို့၏မျက်နှာများတွင်ကား ဇာတိမာန်စိတ်လျှမ်း ကြည်လင်လန်းဆန်းလျက်ရှိလေ၏။

နံနက် ၇ နာရီခန့်တွင် အဓိပတိ ဒေါက်တာ ဘမော်၊ ဂျပန်အကြံပေးအရာရှိချုပ် မေဂျာဂျင်နရယ် ဆကူရိုင်း၊ စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းတို့ ရောက်ရှိလာကြသည်။ နိုင်ငံတော်အဓိပတိကြီး ဒေါက်တာဘမော်နှင့် မေဂျာဂျင်နရယ်ဆကူရိုင်းတို့က အင်္ဂလိပ် အမေရိကန်တို့အား ဗမာ့သတ္တိကိုပြ၍ ရဲရင့်စွာ ချေမှုန်း

www.burmeseclassic.com

www.burmeseclassic.com



ကြရန် စစ်ထွက်သည့် ဗမာ့တပ်မတော်အား မှာကြားပြီးလျှင် စစ်ထွက်ဗမာ့အောင်လံတော်ကို ဗိုလ်ချုပ်အောင်ဆန်း လက်သို့ အပ်လေသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း မိန့်ခွန်းပြောကြားပြန်သည်။

"ရဲဘော်တို့ ...

*အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး၊ အခု စစ်မြေပြင်ကို ထွက်ရမယ်၊ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်။ ဗမာပီပီ ဗမာ့သွေးကို ပြပါ။ အထက်ဗိုလ်များရဲ့အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်။*

*ဗမာ့ရန်သူကို ချေမှုန်းကြ။*

*အနီးကပ်ဆုံး ရန်သူကို ရှာပြီးတိုက်ကြ၊ ဒါပဲ...*"

ဗိုလ်ချုပ်မိန့်ခွန်းပြောပြီးသည်နှင့်တစ်ပြိုင်နက် ဘေးမှ ရပ်ပြီးနားထောင်နေသော လူထုပရိသတ်ကြီး၏ အားရကျေနပ်သော လက်ခုပ်တီးသံများ၊ အရေးတော်ပုံ အောင်ပါစေ ဟူသော ကြွေးကြော်သံများမှာ ဆူညံ မြည်ဟည်း၍ ပွဲတင်ထပ်လျက် ရှိနေလေသည်။

မိန့်ခွန်းပေးပြီး စစ်ထွက်မည့်တပ်များသည် ရွှေတိဂုံစေတီတော်မြတ်အား တစ်ပတ်ပတ်၍ ချီတက်အလေးပြုရန် အစီအစဉ်အတိုင်း ချီတက်ကြလေသည်။ ပထမတွင် ဘေးမှပရိသတ်ကြီးမှာ ရင်ထဲတွင် ဝမ်းသာခြင်း၊ အံ့အားသင့်ခြင်း၊ အားရတက်ကြွခြင်းတို့ဖြင့် ပြည့်နေပြီး အသံ မထွက်နိုင်ဘဲ ငိုင်၍ကြည့်နေရာမှ ရုတ်ခြည်း အသက်ဝင်လာသကဲ့သို့ "တို့ဗမာဟေ့ -တို့ဗမာ" ဟူသော ကြွေးကြော်သံများဖြင့် ဆူညံစွာ အော်ဟစ် အားပေးကြသည်မှာ ဟိန်း၍သွားလေသည်။

ချီတက်ရာလမ်းတစ်လျှောက်၌ အမျိုးသမီးများက အောင်သပြေပန်းများကို ရဲဘော်များ၏အင်္ကျီအိတ်ကပ်တွင်လည်းကောင်း၊ ဦးထုပ်များတွင်လည်းကောင်း စိုက်ပေးပြီး "စစ်ပွဲကို နိုင်အောင်တိုက်ခဲ့ပါ" ဟု နှုတ်ခွန်းဆက်ကြလေသည်။ အချို့ကလည်း ချီတက်နေသော ရဲဘော်များအပေါ်သို့ ပန်းပွင့်ပန်းကုံးများ ကြဲချကာ ဝမ်းသာအားရ ချီးကျူးကြ၏။ အဘိုးအို အဘွားအိုများကလည်း ရေချမ်းအိုးထဲမှရေကို သပြေခက်ဖြင့် ပက်ဖျန်းကာ အောင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းဆိုရင်း ဝမ်းသာလုံးဆို့ပြီး မျက်ရည်များပင် ကျသည်ကို တွေ့ရ၏။

ဗမာတစ်မျိုးသားလုံး၏ ဂုဏ်ယူအားထားစရာ ဤရဲဘော်များပါဝင်နေသည့် ဗမာ့တပ်မတော်ကြီးသာ ဖြစ်သည်ဟူသော အသိတရားမှာ လူထုကြီး၏ အသည်းနှလုံးတွင် စွဲမြဲသိရှိ၍နေသည်။ ထို့ကြောင့် လူထုကြီးမှာ စစ်မြေပြင်သို့ ချီတက်မည့် ဤရဲဘော်များအား သွေးရင်းသားရင်းပမာ ကြင်နာစိတ်၊ ခင်မင်တွယ်တာစိတ်များ တဖွားဖွားဖြစ်ပေါ်နေလေသည်။

တပ်များ ဤသို့ ချီတက်၍နေစဉ် ဂျပန်ဗုံးကြဲ [illegible] ယာဉ်တပ်စုနှင့် တိုက်လေယာဉ်တပ်စုမှ လေယာဉ်ပျံ [illegible] စင်းတို့က ဗမာ့တပ်မတော်၏ ချီတက်ရာ လမ်းတစ်လျှောက်ပေါ်မှ ပန်းများ ကြဲချခြင်း၊ ကျွမ်းထိုး၍ အ[illegible] ပြခြင်းများကို ပြုလုပ်ချီးကျူးကြလေသည်။ ဂျ[illegible] ရေတပ်မတော်၏ ကင်းစောင့် တိုက်သင်္ဘောအချို့နှင့် မြို့စောင့်အမြောက်တပ်များ၊ ဂျပန်လေယာဉ်ပစ်အမြောက်ကြီးတပ်များကလည်း စစ်ထွက်မည့် ဗမာ့တပ်မတော်အား အရိုအသေပြုသည့် အမြောက်ပစ်ဖောက်သံများ တဒိန်းဒိန်းမြည်ဟည်း၍နေလေသည်။

ချီတက်လှည့်လည်လာသော တပ်ထိပ်တွင် [illegible] တပ်မတော်ကြီး၏ အောင်လံတော်မှာ စစ်တီးဝိုင်းတပ်[illegible] မှ ဘင်သံ၊ ခရာသံများနှင့်အတူ လေထဲတွင် တ[illegible] ဖျတ် လွင့်၍ ဝင့်၍နေလေ၏။ ၎င်းနောက်မှ စစ်ဝတ်[illegible] ဖြင့် စစ်မြင်းကြီးများကို စီးနင်းလိုက်ပါလာသော တပ်[illegible] ကြီးများ၊ ၎င်းတို့၏နောက်မှ ကျောပိုးလွယ်အိတ်[illegible] ဝတ်စုံကို ဝတ်ဆင်၍ သေနတ်များကိုထမ်းကာ ချီတ[illegible] လာသော တပ်များမှာ တစ်တပ်ပြီးတစ်တပ် [illegible] တတန်းကြီး မဆုံးနိုင်၊ မပြီးနိုင် ရှိလေသည်။ ရဲ[illegible] များ၏မျက်နှာထားများမှာလည်း တောင့်တင်းကြေ[illegible] ၍ နေပေသည်။ ဗမာ့ရန်သူမှန်သမျှကို ရင်မြေက[illegible] လုပ်၍ ချေမှုန်းသုတ်သင်မည်ဟူသော မျက်နှာထ[illegible] ယနေ့တိုင် မမေ့နိုင်အောင်ပင် ရှိတော့သည်။

ဗမာ့တပ်မတော်ရဲဘော်များ၏ စစ်ချီသံမှာ ချီ[illegible] ရာလမ်းတစ်လျှောက်၌ မိုးလုံးပွဲတင်ထပ်တော့၏။ ဤ[illegible]

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၈ နာရီကျော်ခန့်မှ စတင်၍ ရွှေတိဂုံစေတီတော် မြတ်ကြီးအား လက်ျာရစ် တစ်ပတ်ပတ် ချီတက် အရှိ အသေ ဦးခိုက်ကြသော တပ်များမှာ နံနက်(၁၁)နာရီ ကျော်ခန့်ကျမှ ဘုရားကြီးအား ဂါရဝပြုပြီး မိမိတို့ တပ်စခန်းများဆီသို့ အသီးသီးပြန်သွားကြလေသည်။

× × ×

၁၉၄၅ ခု၊ မတ်လ (၂၃) ရက်နေ့။

တိတ်ဆိတ်နေသော အရဏ်ဦးဝယ် ပတ်လမ်းနှင့် ဦးထွန်းမြတ်လမ်းထောင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အိမ်မှ ဝက်(စ်)လေ နက်ပြာရောင် ဆလွန်းကား(ခ– ၂၇၈၄) သည် အိမ်ဝင်းထဲမှလိမ့်ထွက်လာပြီးလျှင် ပိတုန်းကလေး ပမာ ပတ်လမ်းမကြီးတစ်လျှောက် အနောက်ဘက်ဆီသို့ မောင်းနှင်သွားလေသည်။ ပတ်လမ်းမှတစ်ဆင့် ကိုယ့်မင်း ကိုယ်ချင်းလမ်း၊ ကုက္ကိုင်းလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း များအတိုင်း တောက်လျှောက်ပြေးသွားနေရာမှ ပြည်လမ်း မကြီးပေါ်သို့ ရောက်ရှိသွားလေ၏။ ကမာရွတ်ဂတ်တဲ အနီးမှ အသင့်စောင့်ဆိုင်းနေသော အော်စတင် ကားနက် ကလေးနှင့် ဗမာ့တပ်မတော်ရဲဘော်များပါရှိသော သုံး တန် ကားကြီးတစ်စီးတို့သည် ရောက်ရှိလာကာ အလံဝါ နှင့် ဝက်(စ်)လေကားကို စောင့်ကြိုနေကြ၏။ ထို့နောက် အော်စတင်ကားကလေးက ရှေ့ဆုံးမှ လမ်းပြရင်း စတင် ထွက်ခွာသွားလေရာ ၎င်းနောက်မှ အလံဝါ ဆလွန်းကား ရောက်လာသည်နှင့် အော်စတင်ကားကလေးက ရှေ့ ဆောင်ကာ ရဲဘော်များ ပါရှိသော နစ်ဆန်း သုံးတန်ကား ကြီးနှင့်ညှပ်လျက် ပြည်လမ်းမအတိုင်း မြောက်အရပ် ဆီသို့ စက်ကုန်နှင်၍ မောင်းသွားကြခြင်းကို တိတ်ဆိတ် သောနံနက်ခင်းအချိန်ဖြစ်သည့်အားလျော်စွာ လူတိုင်း သတိမထားမိလိုက်ကြချေ။

နံနက် ၉ နာရီခန့်တွင် ဗမာ့တပ်မတော်ကြီး၏ ဂျပန် အကြံပေးအရာရှိချုပ် ဗိုလ်ချုပ်ကလေး ဆက္ကူရိုင်း တိုကူ တာရိုသည် စစ်ရေးအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေး ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း၏အိမ်သို့ ရောက်ရှိ လာလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏အိမ်တွင်ကား အိမ်စောင့်ရဲဘော်ကလေး ၃ဦးမှလွဲ၍ မည်သူ့ကိုမျှ မတွေ့ ရတော့ပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ၎င်း၏ကိုယ်ရံ တော်တပ်တစ်ခုလုံး ပျောက်နေသည်ကို တွေ့ရှိသွားသော အခါ ခေါင်းမီးလောင်သကဲ့သို့ ထူပူ၍သွားလေသည်။ အကျိုးအကြောင်းကို အိမ်စောင့်ရဲဘော်ကလေးများအား မေးမြန်းသော်လည်း ၎င်းတို့ ဘာမျှမသိဟူသောအဖြေကို သာ ရရှိ၏။

နောက်ဆုံး၌ ဗိုလ်ချုပ်အောင်ဆန်း အာလံ(ယခု အောင်လံ)ဘက်ဆီသို့ ထွက်သွားကြောင်း သတင်းအစ အနရရှိသဖြင့် ဗိုလ်ချုပ်ကလေး ဆက္ကူရိုင်းသည် ဗိုလ်ချုပ် အောင်ဆန်း၏နောက်သို့ ထက်ကြပ်လိုက်သွားလေသည်။ မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းကို ကျော်လွန်သွားသော အခါ ၎င်း၏မော်တော်ကားမှာ အမည်မသိသူများက လမ်းကို ဒိုင်းနမိုက်ဗုံးနှင့် ခွဲဖျက်ထားခဲ့သဖြင့် ရှေ့သို့ ဆက်လက် မသွားနိုင်တော့ဘဲ ဗိုလ်ချုပ်အောင်ဆန်းအား မျက်ခြည်ပြတ်၍သွားလေသည်။

ဂျပန်စစ်ဌာနချုပ်သည် ဤသတင်းကို ရလျှင်ရချင်း အခြေအနေကို ထိန်းသိမ်းနိုင်ရန်အတွက် "ဗိုလ်မှူးကြီး ဆာကီး"အား တပ်ပျောက် အရှာလွှတ်လိုက်လေသည်။ ဆာကီးသည် ဂျပန်စစ်ပုလိပ် ကင်ပေတိုင် အကူအညီဖြင့် ပျောက်ကွယ်သွားသော ဗမာ့တပ်မတော်အား လိုက်လံ ရှာဖွေပြန်လေသည်။ သို့သော်လည်း တပ်များ၏အစအန ကိုပင် ခြေရာခံ၍မရတော့ချေ။ ဤအတွင်း ဗမာ့တပ် မတော်က ၎င်းတို့အား တော်လှန်လိမ့်မည် ဟူသော သတင်းကိုကား ခိုင်မာစွာ ရရှိလိုက်လေသည်။ ထို့ကြောင့် ဆာကီးသည် ပျောက်သွားသော ဗမာ့တပ်များအား ဆက် လက်၍ လိုက်မရှာတော့ဘဲ စစ်ဌာနချုပ်သို့ ပြန်လာခဲ့၏။

မီးနားမီး–ခိကန်း အဖွဲ့ဝင် ဂျပန်အကြံပေးအရာရှိ များကမူကား "ဗမာ့တပ်မတော် တော်လှန်လိမ့်မည်" ဟူ သော သတင်းကို မယုံကြည်ကြချေ။ ထို့ကြောင့် ၎င်းတို့ သည် ဂျပန်စစ်ဌာနချုပ်၏ သဘောတူခွင့်ပြုချက်ကို ရယူ ကာ ဗမာ့တပ်မတော် ချီတက်သွားခဲ့သည့် ရှေ့တန်းစစ် မျက်နှာများသို့ ဖျောင်းဖျသိမ်းသွင်းရန် လိုက်ပါသွားကြ ပြန်လေသည်။

မတ်လ ၂၅ ရက်နေ့တွင် ဂျပန်အကြံပေးအရာရှိ ချုပ် ဗိုလ်ချုပ်ကလေး ဆက္ကူရိုင်းသည် အာလံမြို့ ဗမာ့ တပ်မတော်အနောက်တိုင်း စစ်ဌာနချုပ်လက်အောက်ရှိ တပ်များကို စစ်ဆေးပြီး ရန်ကုန်သို့ ပြန်လာခဲ့၏။ သို့

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဘက်ဆီသို့ ပြန်၍လာစဉ်မှာပင် ၎င်းဗမာတပ်များမှာ ဧရာဝတီမြစ်တစ်ဖက်ကမ်း သရက်ဘက်သို့ ကူးသွားကြပြီး တပ်ဖျောက်ပစ်လိုက်ကြခြင်းကို လုံးဝ မရိပ်မိလိုက်ရှာပေ။ ဗိုလ်ချုပ်ကလေး ဆကူရိုင်းက ဂျပန်စစ်ဌာနချုပ်သို့ သတင်းပေးပို့ရာ၌ "ကျုပ် စစ်ဆေးတွေ့ရှိခဲ့သမျှတော့ဖြင့် တော်လှန်ရေးလုပ်မယ်ဆိုတာ ယုတ္တိမရှိဘူး။ တပ်တွေလည်း အစုံအလင်ရှိနေတာကို တွေ့ခဲ့ရတယ်" ဟု ပြောပြလေသည်။ သူပြောဆို၍မျှ အသံမတိတ်သေးမီ မတ်လ ၂၇ ရက်နေ့ ညဦး ၇ နာရီအချိန်တွင် "ဗမာ့တပ်မတော်က ဂျပန်ကို တော်လှန်နေပြီ" ဟူသော သတင်းသည် ပေါက်ကွဲထွက်ပေါ်၍ လာခဲ့လေသည်။

မတ်လ ၂၇ ရက်နေ့ညတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဗမာ့တပ်မတော်သည် "ပြည်သူ့လွတ်လပ်ရေးတပ်မတော်" ဟူသည့်အမည်ကို ခံယူကာ ဖက်ဆစ်ဂျပန်တို့အား စစ်ကြေညာခဲ့၏။

စစ်ကြေညာ၍ တော်လှန်ရေး စတင်သော ညတွင် ဗမာ့တပ်မတော် အနောက်တိုင်းစစ်ဌာနချုပ်လက်အောက်တွင်ရှိသော တပ်များသည် အာလံ(ယခု အောင်လံမြို့) နှင့် ပြည်မြို့အကြားတွင်ရှိသော ဂျပန်တို့(ဆာကူဘူတိုက်) တပ်မ ဌာနချုပ်ကိုလည်းကောင်း၊ ဓာတ်ဆီ စက်ဆီ၊ ခဲယမ်း မီးကျောက် သိုလှောင်ရာ စခန်းများကို လည်းကောင်း၊ အာလံမြို့အနီးရှိ လေယာဉ်ပျံကွင်းနှင့် ဂျပန်စစ်တန်းလျားများကိုလည်းကောင်း ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးပစ်ကြလေသည်။ တကွဲတပြားစီ ကွဲပြားနေသော ၎င်းတို့နှင့် နီးစပ်ရာ တပ်စခန်းများကိုလည်း ဗမာတပ်များက ဝင်ရောက်တိုက်ခိုက်သွားကြသေးသည်။

မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းသားများနှင့် ရန်ကုန်မြို့ပေါ်တွင် တပ်ဖျောက်ထားသော ဗိုလ်ကြီးခင်ညိုဦးစီးသည့် လေယာဉ်ပစ်အမြောက်ကြီးတပ်၊ ဗိုလ်ဘုန်းကျော်ဦးစီးသော ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရံတော်တပ်၊ အင်းစိန်အနီးတစ်ဝိုက်ရှိ မင်းလှစည်သူတပ်မှ အချို့သော တပ် အစရှိသည့် တပ်များသည် ထိုညမှစတင်၍ ရန်ကုန်ပတ်ဝန်းကျင်တစ်ဝိုက်တွင် လှုပ်ရှားတိုက်ခိုက်၍နေကြသည်။

ကျွန်တိုင်းအသီးသီးတွင်ရှိ အခြားသောတပ်များလည်း ထို မတ်လ (၂၇)ရက်ညမှစတင်၍ လက်လှမ်းမီရာ ဂျပန်တပ်များကိုလည်းကောင်း၊ အထက်စစ်မြေပြင်မှ ဆုတ်ခွာလာသော ဂျပန်တပ်များကိုလည်းကော အသီးသီး လိုက်လံတိုက်ခိုက်ချေမှုန်းလျက်ရှိလေသည် တစ်ပြည်လုံးရှိ တော်လှန်ရေးအင်အားစုကိုကား သ ခရိုင်အတွင်းသို့ ရောက်ရှိနေသော ဗိုလ်ချုပ်အောင်ဆန်း ၎င်း၏စစ်ဦးစီးဌာနချုပ်က ကြိုးကိုင် အုပ်ချုပ်လေသည်

ဤတော်လှန်ရေးတွင် ဂျပန်အကြံပေးအရာရှိ သုတ်သင်ခြင်းကို ခံကြရသည်။ ဗမာ့တပ်မတော်အ တွင် အလွန် သံယောဇဉ်ရှိသူများကိုမူကား မသ ဗမာ့တပ်များက ခေါ်ဆောင်သွား၍လည်းကောင်း၊ နှင့်ခွဲထုတ်၍လည်းကောင်း သက်ညှာခွင့်များကို သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မတ်လ (၂၅) ရက်နေ့ ထုတ်ပြန်သောအမိန့်အရ အနောက်တိုင်းစစ်ဌာန လက်အောက်တွင်ရှိသော တပ်ရင်းအမှတ်(၆)၊ တပ် အမှတ် (၂)၊ စက်မှုလက်မှုတပ်ရင်း အမှတ် (၂)၊ ဗိုလ် မြင့်အောင် ဦးစီးသော စက်အမြောက်တပ်ခွဲ၊ တပ် အမှတ် (၇)တို့သည် မတ်လ (၂၇)ရက်နေ့ဦးမှ စ လှုပ်ရှားတိုက်ခိုက်ကြသည်။

အချို့တပ်များမှာ မတ်လ (၂၇)ရက်နေ့တွင် ကြေညာထားသော်လည်း တပ်ဖျောက်ခြင်း၊ န စည်းရုံးခြင်း စသည်တို့ကို ဆောင်ရွက်နေ၍တစ်ကြော မိမိတို့တပ်ဖျောက်ရာဒေသအနီးတွင် ရုတ်တရက် ခိုက်ရန် ဂျပန်တပ်စခန်းများ မရှိ၍တစ်ကြောင်း၊ (၃၀) ရက်နေ့လောက်မှ စတင် စစ်ဆင်ရလေသည်။

တပေါင်း၊ တန်ခူး ပိတောက်တွေဖူးလျှင် ကြားရလေပြီ။ ဤလ ဤအချိန်အခါ ရောက်ရှိ တစ်မျိုးသားလုံး ညီညွတ်စွာ စုရုံးတော်လှန်ခဲ့ရ "ဖက်ဆစ်တော်လှန်ရေး အရေးတော်ပုံ" ကို အ နှလုံးကြားမှ တစိမ့်စိမ့်ဖြင့် ပြန်ပြောင်းအောက်မေ့ တော့သတည်း။ ။

*ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ*
*ကျဆုံးသွားလေပြီးသော ရဲဘော်များအား*
*ဦးညွှတ်ပါ၏။*

**နတ်မောက်ဘုန်း**



www.burmeseclassic.com

www.burmeseclassic.com



# အာရှနှင့် အောင်ဆန်း

မောင်ထင်

အနောက်ဥရောပနိုင်ငံသားတို့သည် နယ်သစ်ရှာဖွေရေးအတွက် အာရှတိုက်နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအရပ်ရပ်တို့သို့ ရောက်ရှိလာကြသည်။ ထို့နောက် နယ်ချဲ့လောဘဇော ထကြွလာပြီးလျှင် နယ်သစ်ရှာဖွေသူတို့အချင်းချင်း ဗိုလ်လုပွဲများကို ဆင်နွှဲကြလေသည်။ ထိုဗိုလ်လုပွဲတွင် နှစ်ဖက်သော အပြိုင်အဆိုင် နယ်ချဲ့နိုင်ငံတို့သည် နယ်ချဲ့ခံရသော တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံအချင်းချင်းကို ရန်တိုက်ပေးသော ဗေဒဥပါယ်ကို သုံးကြသည်။ နောက်ဆုံးတွင် နယ်ချဲ့သူများအသီးသီး အသက အသက နယ်မြေများကို ရကြသောအခါ သူ့ဩဇာနယ်ပယ်၊ ငါ့ဩဇာနယ်ပယ်ဟု ပိုင်းခြားပြီးလျှင် အနိုင်နှင့်ပိုင်း၍ သူတို့ချင်း သင့်မြတ်ကြလေသည်။ အာရှဒေသတို့၏ သမိုင်းကား နယ်ချဲ့သမားတို့ ဝေစားမျှစားလုပ်ကြသော သမိုင်းဖြစ်သတည်း။

အာရှတိုက်သားမှန်လျှင် ဤနယ်ချဲ့တို့၏ ဗေဒဥပါယ်ထဲ၌ ကျရောက်ဖူးခဲ့သူချည်းဖြစ်သည်။ ကျွန်တော်သည် အာရှအကြောင်းကို ပြောချင်၍ အာရှဟုသာ ဆိုပါသည်။ စင်စစ် နယ်ချဲ့ခံရသော နိုင်ငံများမှာ အာရှနိုင်ငံများအပြင် အာဖရိက၊ တောင်အမေရိက စသော နိုင်ငံများလည်း ပါဝင်၏။

ပေါ်တူဂီ၊ ဒတ်ချ်၊ ပြင်သစ်၊ အင်္ဂလိပ်တို့ မြန်မာနိုင်ငံသို့ မရောက်မီ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသည် အာရှတိုက်၏ သဘာဝအတိုင်း တည်ခဲ့သော နိုင်ငံဖြစ်သည်။ ထိုခေတ်က အာရှတိုက်သည် အလယ်ခေတ် ဥရောပတိုက်ကဲ့သို့ ပဒေသရာဇ်စနစ်မှ မကင်းလွတ်သေးသောဒေသဖြစ်သည်။ ရှေးခေတ်က အိန္ဒိယ နိုင်ငံသည် သောဠသတိုင်း (ဝါ)တိုင်းကြီး ၁၆ တိုင်း တည်ရာ မဇ္ဈိမဒေသဟု ကျွန်တော်တို့ အသိအမှတ်ပြုခဲ့ကြ၏။ တိုင်းကြီး ၁၆ တိုင်းကို အုပ်စိုးကြသော သင်းတို့သည် အချင်းချင်း စစ်ထိုးခဲ့ကြ၏။ မြန်မာနိုင်ငံတွင်လည်း ဤသဘာဝ ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘိုးဘွားအစဉ်အဆက်တို့သည်လည်း အမျိုးမျိုးသော မင်းနေပြည်များကို တည်ထောင်ကာ ပြည်ထောင်အချင်းချင်း စစ်ထိုးခဲ့ကြ၏။

အလားတူပင် ယနေ့ ထိုင်းနိုင်ငံဟု ဖွဲ့စည်းထားသော နေရာဒေသ၌လည်း ယိုးဒယားပြည်၊ ဇင်းမယ်ပြည်၊ ယွန်းပြည် စသည်ဖြင့် ပြည်ထောင်ချင်းချင်း အကွဲကွဲရှိ၍ ကျွန်ုပ်တို့ကဲ့သို့ပင် စစ်ထိုးခဲ့ကြ၏။ ယခု မလေးရှားပြည်ထောင်စုတည်ရာ၌လည်း မာလာယုဒေသ လူမျိုးပေါင်းများစွာတို့သည် မိမိတို့၏ ပဒေသရာဇ်နယ်ပယ်

www.burmeseclassic.com

www.burmeseclassic.com



များတည်တံ့ရေးအတွက် စစ်ထိုးခဲ့ကြ၏။

ဤကဲ့သို့ မိမိဒေသအတွင်း မိမိတို့သည် အချင်းချင်း စစ်ထိုးခဲ့ကြသည်မှာ ဤမျှနှင့် မပြီးခဲ့ချေ။ အိန္ဒိယ တောင်ပိုင်းသည် သီဟိုဠ်ကျွန်းနှင့် မကြာခဏ စစ်ထိုး၏။ အိန္ဒိယ အနောက်မြောက်တွင် အိန္ဒိယဘက်၌ရှိသော မဟာရာဇာတို့သည် အာသံ၊ မဏိပူ၊ ဂျိန္တိမာတောင်တန်း၊ ဆိလဟပျက် တောင်တန်းဒေသရှိ မဟာရာဇာတို့နှင့် စစ်ထိုးခဲ့ကြ၏။ မလေးကျွန်းဆွယ်သမိုင်းကို ကျွန်တော် နားမလည်၍ မည်သည့်လူမျိုးများ၊ မည်သူနှင့် စစ်ထိုးမည်ကို မပြောတတ်ပါ။ သို့သော် ထိုဒေသမှာလည်း ပဒေသရာဇ်၏ သဘာဝအတိုင်း စစ်ပွဲအမျိုးမျိုးရှိခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။

သို့သော် ထိုကဲ့သို့ တိုက်ခဲ့ကြသော စစ်ပွဲများသည် နယ်ချဲ့စစ်ပွဲများ မဟုတ်ချေ။ အာရှတိုက်သားတို့၏ အတွေးအခေါ်အတိုင်း မိမိတို့၏ ဘုန်းတန်ခိုး အာဏာကို အသိအမှတ်ပြုစေခြင်းငှာ အကြောင်းပြုကြသော စစ်ပွဲများဖြစ်သည်ဟု ဆိုနိုင်သည်။ တစ်ခါတစ်ရံ ဆင်ဖြူတော်ကို အကြောင်းပြု၍ စစ်တိုက်ကြသည်လည်း ရှိ၏။ သို့သော် ဆင်ဖြူတော် ဆိုသောအမည်နာမတွင် ကပ်လျက် ပါနေသော တန်ခိုးတေဇော်အာနုဘော်သည် စစ်ဖြစ်ခြင်းအကြောင်း၏ အရင်းခံဖြစ်သည်။

တစ်ခါတစ်ရံ သမီးရည်းစားကိစ္စ၊ လင်ခန်းမယားခန်းကိစ္စဟူသည်တို့ကို အကြောင်းပြု၍လည်း စစ်တိုက်ခဲ့ကြ၏။ တစ်ခါတစ်ရံ အိမ်တော်ပါကျွန်တို့အချင်းချင်း မသင့်မတင့်ဖြစ်ရာမှ ရှင်ဘုရင်ကပါ ရန်ပွဲထဲဝင်၍ စစ်တိုက်ကြသည်လည်းရှိ၏။ သို့သော် မည်သို့တိုက်တိုက်၊ နယ်ချဲ့တည်းဟူသော လောဘအရင်းခံ မရှိသောကြောင့် ရန်ဖြစ်ပြီးလျှင် ပြန်၍သင့်ကြ၏။ အချင်းချင်း သမီးကညာ အလဲအလှယ်ပေးကြ၏။ ဥရောပတိုက်၏ ခေတ်ဖြစ်သော သြဇာနယ်ပယ်သတ်မှတ်ခြင်းကိစ္စမျိုးသည် အာရှနိုင်ငံရေးတွင် တွေ့ရခဲဘိခြင်း။

ထိုခေတ် သမယက အာရှတိုင်းနိုင်ငံတို့သည် တစ်ဦးက တစ်ဦးကို နယ်မြေကျူးကျော်စရာအကြောင်း အလွန်နည်းပါးသည်။ အာရှတိုက်ကြီးသည် အလွန်ကျယ်ဝန်းသည်။ လူနေအိမ်ခြေ ကျပ်တည်းကျဉ်းမြောင်းမှုမရှိခြင်းကြောင့် သူတစ်ပါးတိုင်းပြည်များတွင် ဝင်ရောက်ကျူးကျော်နေထိုင်ရန်အကြောင်း မရှိချေ။ အာရှတိုင်းနိုင်ငံတို့တွင် လူဝင်လူထွက်ဥပဒေတို့ဖြင့် ဟန့်[illegible] ထားသော အကြောင်းကိစ္စများလည်း မရှိချေ။ အာရှ[illegible] နိုင်ငံတို့တွင် သယံဇာတပစ္စည်းများလည်း ပေါ[illegible] သည်။ အာရှတိုင်းနိုင်ငံတို့တွင် မှီတင်းနေထိုင်ကြ[illegible] သည် ရုပ်ဝတ္ထု၌ ကပ်ငြိသော စိတ်ဆန္ဒ၌ အနော[illegible] တိုင်းနိုင်ငံသားတို့ကဲ့သို့ ပြင်းပြခြင်းမရှိချေ။

ဤအခြေအနေတွင် အာရှတိုက်နိုင်ငံသားတို့[illegible] မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်သော[illegible] သို့ မရောက်ခဲ့ကြချေ။ ဤအတွင်း အနောက်တိုင်း[illegible] တို့ ဝင်ရောက်ချင်းနင်း၍ တစ်မြေရပ်ခြား အင်ပိုင်[illegible] များ ထူထောင်ခဲ့ကြသည်။ ထိုအင်ပိုင်ယာနိုင်ငံသား[illegible] သည် မိမိအား လာရောက် စိုးမိုးသူတို့ကို အဖေ [illegible] လည်း မခေါ်နိုင်။ မိမိ၌လည်း အဖေအရင်းဟူ၍ [illegible] တော့ပြီ။ မိသားစုချင်းမှာလည်း အဆက်အစပ် မ[illegible] ကြောင့် အင်္ဂလိပ်စိုးမိုးရာ၌ အင်္ဂလိပ်စနစ် တစ်ဝက်[illegible] ပျက်ကိုလည်းကောင်း၊ ပြင်သစ်စိုးမိုးရာ၌ ပြင်သစ်[illegible] တစ်ဝက်တစ်ပျက်ကိုလည်းကောင်း၊ ဒတ်ချ်တို့ စိုးမိုး[illegible] ဒတ်ချ်စနစ် တစ်ဝက်တစ်ပျက်ကိုလည်းကောင်း ခံယူ[illegible] လျှင် မိမိတို့၏ ပင်ရင်းဇာတိ ယဉ်ကျေးမှု အတွေးအ[illegible] အမြော်အမြင်တို့၌မူကား ခိုင်ခိုင်မာမာ မရှိဖြစ်ကြ[illegible] သည်။

ဤအချက်သည် နယ်ချဲ့တို့အတွက် ရောမအ[illegible] ကောင်းကြီးဖြစ်ခဲ့သည်။ ယနေ့တိုင် နယ်ချဲ့စနစ်ကို [illegible] လှန်ဖြိုဖျက်လိုက်ပြီဟု ဆိုရငြားသော်လည်း အာရှ[illegible] နိုင်ငံတို့တွင် နယ်ချဲ့ခေတ်က အမူအကျင့်တို့ မ[illegible] သေးချေ။ ထို့ကြောင့် ယခုအခါ ကျွန်ုပ်တို့က န[illegible] ဗေဒဥပါယ်ကို နောက်ကြောင်းပြန်၍ မကြာမကြာ [illegible] ပေး နှိုးဆော်နေကြသော်လည်း ထိုဗေဒဥပါယ်ကို [illegible] သော နိုင်ငံတို့သည် ရှောင်ကွင်း၍မရနိုင် ဖြစ်၍[illegible] သည်။

ဤအကြောင်းကြောင့် ယနေ့ အရှေ့တောင်[illegible] နိုင်ငံငယ်များတွင် လူသတ်ပွဲကြီး ဆင်နွှဲနေသည်[illegible] ကျွန်ုပ်တို့ မချိတင်ကဲမြင်နေကြရခြင်းဖြစ်သည်။ [illegible] နမ်၊ လော၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ နေ့စဉ်သ[illegible] ကို နားထောင်လိုက်လျှင် လူသတ်စာရင်းကိုမျည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ရာတွင် ကျွန်ုပ်တို့နိုင်ငံကား သူတစ်ပါး၏ အကုသိုလ်ထဲတွင် အဆစ်ပါလိုကြသည်မဟုတ်။

၁၇ ရာစုနှစ်ကစ၍ မွေနှောက်ခဲ့သော နယ်ချဲ့၏ ဗေဒဥပါယ်သည် ယနေ့တိုင် လွတ်မြောက်စ အမျိုးသား နိုင်ငံများကို ဒုက္ခပေးနေသည်။ ဤသို့ ဒုက္ခပေးနေသည်ကို မသိကြသည်လည်း မဟုတ်။ သိလျက်နှင့်ပင် ခံနေကြရသည်။ အဘယ်ကြောင့်ပါနည်း။

အတိုချုံး၍ပြောရလျှင် ကျွန်ုပ်တို့ အာရှအစရှိသော နယ်ချဲ့ခြင်းခံရသည့် နိုင်ငံများတွင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအရ ပေါင်းစည်းထားသောဝါဒဟူ၍ မရှိခြင်းကြောင့်ဖြစ်သည်။ ယခု လွတ်မြောက်သောအခြေသို့ ရောက်သည့်တိုင်အောင် အာရှတိုက်သားတို့အတွက် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဝါဒဟူ၍ အခိုင်အမာ မရှိကြချေ။ ဥရောပတိုက်၌ ဥရောပလူမျိုးများ၏ အခြေခံအရ ကြိုးပမ်းခဲ့သော ဝါဒကိုသာ ကျွန်ုပ်တို့ ခံယူ၍နေကြရ၏။ ဝါဒကောင်း ဝါဒမြတ်မှန်လျှင် ကမ္ဘာသူကမ္ဘာသားတို့ ပိုင်အပ် ဆိုင်အပ်သည်ဖြစ်ခြင်းကြောင့် ဒုက္ခအပေါင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဝါဒကို ကျွန်ုပ်တို့ ခံယူရခြင်းသည် မသင့်လျော်ဟု မဆိုလို။ သို့ရာတွင် ကျွန်ုပ်တို့၌ အာရှတည်းဟူသော အစည်းအပေါင်း သဘောတရားဓာတ်ခံမရှိဖြစ်သောအခါ ကျွန်ုပ်တို့မှာ မူလဝါဒရှင်တို့၏ ကြိုးဆွဲရာကိုသာ ခံကြရန် ရှိလေသည်။

ဤသဘောတရားတို့ကြောင့် ဝါဒကို လက်ခံကျင့်သုံးသည့်နေရာ၌ မိမိတို့၏ ရေမြေဓာတ်ကိုလိုက်၍ ကျင့်သုံးကြရန် ယနေ့ ကျွန်ုပ်တို့ ကြိုးပမ်းနေကြခြင်းဖြစ်၏။ ဤကြိုးပမ်းခြင်း၌လည်း ကျွန်ုပ်တို့နိုင်ငံအဖို့ဆိုလျှင် သမိုင်းအထောက်အထားရှိနေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအခေါ် အမြော်အမြင်တို့ကိုပြန်ကြည့်လျှင် တို့ဗမာအစည်းအရုံးခေတ်ကစ၍ လေ့လာစဉ်းစား တွေးတောကြံဆလာသော ဆိုရှယ်လစ် သဘောတရားတို့ကို မြန်မာဓာတ်နှင့် ကိုက်ညီအောင် ဖန်တီးမည်ဆိုသောအချက်တို့ကို တွေ့ကြရပေလိမ့်မည်။ ယခုခေတ်၌ ဤအချက်တို့သည် ထူးဆန်းသည်မဟုတ်တော့ချေ။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွသော ခေတ်လူငယ်တို့၏ ဦးနှောက်ထဲတွင် ကလလရေကြည် တည်လာသည့်အတွေးအခေါ်တို့သည် အနည်ထိုင်စပြုပြီဖြစ်၍ ယခုခေတ်၌ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အလုပ်လုပ်ကြရမည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဟု ပေါ်လာခဲ့လေပြီ။

ဤအကြောင်းကြောင့် မျက်မှောက်ခေတ်အကြောင်းကို ပြောကြသောအခါ ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို သတိရကြခြင်းပင်ဖြစ်၏။ ဗိုလ်ချုပ်သည် လွတ်လပ်ရေးဖခင်လည်း ဖြစ်၏။ လွတ်လပ်ပြီးသော ကာလအတွက် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအတွေးအခေါ်တို့ကိုလည်း အုတ်မြစ်ချခဲ့သူလည်း ဖြစ်၏။ ဤအကြောင်းခြင်းရာတို့ကို မြန်မာတိုင်းရင်းသားအပေါင်းတို့ နှစ်စဉ်နှစ်စဉ် ဟောကြ ပြောကြ၊ ရေးသားကြသဖြင့် ကျွန်တော်က အထူးအကျယ်တဝင့် ပြောရန်ပင်လျှင် မရှိချေ။

သို့သော် ဗိုလ်ချုပ် မကွယ်လွန်မီက ရှေ့သို့မျှော်၍ ကြည့်ထားသော အချက်တစ်ရပ်ကို ကျွန်တော်ပြန်၍ သတိရမိသည်။ ထို့ကြောင့် ဤအချက်ကို စဉ်းစားရန် တင်ပြလိုပါသည်။

၁၉၄၇ ခုနှစ်က လွတ်လပ်ရေးတစ်နှစ်အတွင်း ရရမည်ဟူသော ကြွေးကြော်သံဖြင့် ဗိုလ်ချုပ်အမှူးပြုသော ခေတ်လူငယ်တို့ ကြိုးပမ်းကြရာတွင် လွတ်လပ်ရေးလမ်းစကို မြင်လာသည်။ ထိုအချိန်တွင် ဗြိတိသျှနှင့် မြန်မာတို့ နှစ်ဦးသဘောတူ စာချုပ် ချုပ်ဆိုရန် အရေးလည်း ပေါ်လာခဲ့ပြီ။ ထို့ကြောင့် ဗိုလ်ချုပ်သည် လန်ဒန်မြို့သို့ ခရီးထွက်ရန် စီစဉ်လေသည်။

ဤအခိုက်အတန့်တွင် ဗိုလ်ချုပ်သည် အာရှ ကွန်ဖရင့် ခေါ်ရန်အလို့ငှာ အိန္ဒိယအမျိုးသားခေါင်းဆောင် ရှရီနေရူးနှင့် တိုင်ပင်လေသည်။ ဤသို့ တိုင်ပင်ရာမှာ အာရှယဉ်ကျေးမှု နီးနှောဖလှယ်ပွဲကြီးကို နယူးဒေလီမြို့၌ကျင်းပသောအခြေသို့ ဆိုက်ရောက်ခဲ့သည်။

ထိုစဉ်က ဗိုလ်ချုပ်သည် ဒီးဒုတ်ဦးဘချိုနှင့်တကွသော အပေါင်းအသင်း၊ ရောင်းရင်းများကိုခေါ်၍ တိုင်ပင်သည်။ ဤသို့ တိုင်ပင်ရာ၌ ယဉ်ကျေးမှုတည်းဟူသော အဆောက်အအုံကြီးကို အမှီပြု၍ အာရှတိုက်သားတို့အချင်းချင်း အတွေးအခေါ် အမြော်အမြင်တို့ကို ညှိနှိုင်းပြီးလျှင် ညီညွတ်ရေး တည်ဆောက်ရန်ဟူသော ရည်ရွယ်ချက်ကို ပြောပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်၏အမြင်မှာ အာရှတိုက်သားအားလုံးတို့၏ ယဉ်ကျေးမှုအခြေခံကိုကြည့်လျှင် အဆင်အမျိုးမျိုး ရှိမည်ဖြစ်သော်လည်း အသားမှာ တစ်သားတည်းဟု မြင်သည်။ ဘန်ကောက်လုံချည်ဆိုသည်မှာ ရွှေဖလားရောင်၊ နံ့သာရောင်၊ ရေနံရောင် အမျိုးမျိုးရှိမည်။ ကွက်စိတ်၊ ကွက်ကျဲဟူ၍လည်း အမျိုးမျိုးရှိမည်။ သို့သော် အသားမှာကား ဘန်ကောက်ပိုးပင် ဖြစ်သည်။

ဤသဘောကြောင့် ဤယဉ်ကျေးမှုအခြေခံမှအစ ပြု၍ကြိုးပမ်းလျှင် အာရှညီညွတ်ရေးဟူ၍ ဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိသည်။ ထိုခေတ် ထိုအခါက အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာ စသည်တို့၏ လွတ်လပ်ရေးသည်ပင်လျှင် တိုင်းရင်းသားတို့၏ လက်ထဲ မရောက်သေး။ လွတ်လပ်ရေးရလျှင် မည်သည့်အုပ်ချုပ်ရေးပုံစံဖြင့် စခန်းသွားရမည်ဆိုသည်ကိုပင်လျှင် မပိုင်းဖြတ်နိုင်ကြသေး။ မြန်မာ၊ အိန္ဒိယ လွတ်လပ်သော်လည်း ဗီယက်နမ်၊ မလေး၊ အင်ဒိုနီးရှား စသည့်နိုင်ငံတို့မှာ တိုက်ပွဲဝင်ဆဲပင်ဖြစ်နေသေးသည်။ ဤကဲ့သို့သော အချိန်အခါမျိုးတွင် အာရှညီညွတ်ရေးကို လှမ်း၍ကြည့်သည်မှာ နိုင်ငံရေး အမြော်အမြင်ကြီးမား၍သာလျှင် လှမ်း၍ကြည့်ခြင်းပင်ဖြစ်သည်။

သို့ရာတွင် ဗိုလ်ချုပ်သည် များမကြာမီ မသမာသူတို့လက်ချက်ကြောင့် သူချစ်သော မြန်မာနိုင်ငံကြီးကို မျက်နှာလွှဲခဲ့လေသည်။ ဗိုလ်ချုပ်ကွယ်လွန်ပြီး မကြာမီ အိန္ဒိယတွင် မဟတ္တမဂန္ဒီလည်း လုပ်ကြံခံလိုက်ရလေသည်။ ဤတွင် မြန်မာနိုင်ငံ၌လည်း အရေးအခင်းများ ရှုပ်ထွေးပွေလီဘိသကဲ့သို့ အိန္ဒိယနိုင်ငံ၌လည်း အရေးအခင်းများ ရှုပ်ထွေးပွေလီလာသည်။ ဤကြားထဲမှာပင် တစ်ခါတစ်ခါ ရှရီနေရူးက အာရှညီညွတ်ရေးဟု လေသံပေးခဲ့ပါ၏။ သို့သော် မလေးကျွန်းဆွယ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ် စသော နိုင်ငံများရှိ ခေါင်းဆောင်များသည် သူတို့၏အရေးအခင်းနှင့် သူတို့ ချာလည်လျက်ရှိနေကြလေသည်။

ကျွန်တော်တို့မှာ မျက်မှောက်သမိုင်းကို ကိုယ်တွေ့မြင်ကြရသောအခါကျမှပင်လျှင် ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင်ကို သဘောပေါက်မိကြသည်။ အကယ်၍သာ လွတ်မြောက်စ အာရှနိုင်ငံတို့ လွတ်မြောက်ပြီးလျှင် လွတ်မြောက်ချင်း အာရှညီညွတ်ရေး မမျှော်မှန်းနိုင်သေး သည့်တိုင်အောင် အရှေ့တောင်အာရှ ညီညွတ်ရေး တည်ဆောက်နိုင်ခဲ့ကြပါလျှင် အရှေ့တောင်အာရှဒေ ထဲ၌ မဆိုင်သူ ဝင်သည်တို့ကို တညီတညွတ်တည်း ကာကွယ် တိုက်ခိုက်နိုင်ကြမည်ဖြစ်သည်။

ယခုမှာမူ အာရှတိုက်သားတို့သည် ရာဇဝင်က ခဲ့သော သင်ခန်းစာဟုဆို၍ ဗေဒဥပါယ်ကို မကြာ ရွတ်ချပြောဆိုနေကြသော်လည်း ယင်းသို့ ရွတ်ချပြော သူတို့ကပင်လျှင် နိုင်ငံခြားစစ်တပ်များကို ဝင်တော်မူ ချည်း ဖိတ်ခေါ်နေဘိသကဲ့သို့ ပြုကျင့်နေကြသည် တစ်ခါသေဖူးလျှင် ပျဉ်ဖိုးနားလည်ဖို့ ကောင်းပါ၏ သို့သော် အာရှတိုက်သားအများစုသည် ဗေဒဥပါယ် မမှတ်ကြသေး။ ပါးစပ်က အနုလုံပဋိလုံ မြည်တမ်း နှင့်ပင် ထိုဗေဒဥပါယ်ကြီးကို ငှက်ပျောပွဲအုန်းပွဲနှင့် ဖိတ် ခေါ်နေကြသည်။

ပြောမယုံ ကြုံဖူးမှ သိဟူသော စကားရှိ၏။ ကြောင့် ကျွန်ုပ်တို့မှာ ခံဖူးမှ သိကြလိမ့်မည်။ ရာဇဝင် ပြန်ကြည့်လျှင် ကျွန်ုပ်တို့ အာရှတိုက်သားများသည် ပေါင်း များလှပါပြီ။ သို့သော် မေ့လွယ်လွန်းသည် ၏။

သို့ရာတွင် ကျွန်ုပ်တို့သည် မျှော်လင့်ချက်ကို လက်ထားကြရပေဦးမည်။ တစ်နေ့သောအခါ တိုက်သည် ဗိုလ်ချုပ်စဉ်းစားခဲ့သော အာရှညီညွတ် သဘောတရားသို့ ပြန်၍ စိတ်လည်လာစရာအကြောင်း ရှိသည်။ အာရှညီညွတ်ရေးဆိုရာမှာလည်း အာရှတိုက် သားတို့၏ နှလုံးသည်းပွတ်ထဲမှထွက်လာသော ညီညွတ် ရေးမှသာ မှုမှန်မည်။ မိမိတစ်နိုင်ငံတည်းက ခြယ်လှယ် ဖို့ရာ နိုင်ငံအများကို ညီညွတ်ပါဟု တိုက်တွန်းနေ မှုကား ဘာမျှအရာရောက်လိမ့်မည်မဟုတ်။ အ သဘောတူရာ အခြေခံကိုရှာကြလျှင် ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သည့်အတိုင်း အာရှယဉ်ကျေးမှုကိုအခြေခံ၍ ညီညွတ် ရေးကို တည်ဆောက်ရန်သာရှိသည်။ ထို့ကြောင့် ဗိုလ်ချုပ် အောင်ဆန်း၏ အာရှညီညွတ်ရေးသဘောတရား ကျွန်ုပ်တို့ အစဉ် မျက်မှန်းတန်းကြရလိမ့်မည်။

မြဝတီ (

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်၏ စိတ်ကူးနှင့် လက်တွေ့

မောင်ထင်

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးဗိသုကာဖြစ်သည်။ လွတ်လပ်ရေးဗိမာန်ကို တည်ဆောက်ပေးသူဟု ဆိုလိုသည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးဗိမာန်ကို တည်ဆောက်ပေးရုံမျှသာ ပေးခဲ့သည်မဟုတ်။ ထိုဗိမာန်ကြီး အခွန့်ရှည်စွာ တည်မြဲစေရန်အလို့ငှာ အနာဂတ်ကိုမျှော်၍ လူမှုရေး၊ စီးပွားရေးစနစ်တို့ကိုပါ ချမှတ်ပေးခဲ့သူဖြစ်သည်။ ယခုခေတ်ပြောင်းတော်လှန်ရေးတွင် လူမှုရေး၊ စီးပွားရေးတို့ကို တည်ဆောက်နေကြသည်ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင် မည်သို့ရှိသည်ကို ဆင်ခြင်၍ ဗိုလ်ချုပ် တီထွင်ပေးခဲ့သော လမ်းစဉ်ကို ကောင်းစွာ လိုက်နာရန် နှလုံးသွင်းကြရဖို့ ရှိနေလေသည်။

တစ်ရံရောအခါက ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုရှယ်လစ်ဗီလာ စီမံကိန်းဟု မကြာခဏ ပြောခဲ့ကြ၊ ဆိုခဲ့ကြသည်။ ထိုစီမံကိန်း၏ အစဉ်ကို လိုက်၍ လေးနှစ်စီမံကိန်း၊ ငါးနှစ်စီမံကိန်း စသည်တို့ကိုလည်း ချမှတ်ခဲ့ကြပါ၏။ သို့ရာတွင် ကိုယ်ထိ လက်ရောက်ဆောင်ရွက်ကြသောအခါ စီမံကိန်း၏ ရည်ရွယ်ချက်က တခြား၊ မိမိတို့ လုပ်ချင်ရာက တခြားနှင့်မို့ ငါးသိုင်းများ ဟင်းဟုံ ဖြစ်ကုန်ကြရသည်သာမက နောက်ဆုံး၌ ဝိဝါဒ အမျိုးမျိုး ပေါ်ပေါက်၍ ပြည်ထောင်စုတည်းဟူသော အစုအပေါင်းကြီးမှာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်ရတော့မည်သို့ ရှိခဲ့လေသည်။

ယင်းအဖြစ်အပျက်ကို ကောင်းစွာ ဆင်ခြင်၍ ယခုအခါ ရည်မှန်းချက်တို့ကို အခိုင်အမာ ချမှတ်ပြီးလျှင် စီးပွားရေး၊ လူမှုရေးတို့ကို ပြန်လည်ထူထောင်လျက်ရှိနေပေရာ ဗိုလ်ချုပ်၏ အမြော်အမြင်တို့သည် ကျွန်ုပ်တို့၏ လုပ်ပုံလုပ်နည်းများ စနစ်ကျအောင် လမ်းညွှန်လိမ့်မည်ဟု ယုံကြည်ပါသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ယခု ပြည်လမ်း စာပေဗိမာန်တည်ရာ ဆိုရှယ်လစ်ဗီလာ အဆောက်အဦ၌ ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရ အရာရှိများနှင့် အရာရှိမဟုတ်သူ လူထုခေါင်းဆောင်များကို ဖိတ်ကြား၍ မြန်မာနိုင်ငံ ပြန်လည် ထူထောင်ရေးအတွက် အစည်းအဝေးကြီးတစ်ခုကို ဦးဆောင်ပြီးလျှင် ကျင်းပခဲ့လေသည်။ ထိုအစည်းအဝေးကြီးကို ခေါ်ရခြင်းအကြောင်းမှာ လွတ်လပ်စ မြန်မာနိုင်ငံကို နှစ်နှစ်တာ ကာလအတွင်း မူလအခြေအနေသို့ ပြန်ရောက်လေအောင်၊ နိမ့်ကျသော စီးပွားရေးအခြေအနေကို မည်သို့ မြှင့်တင်ရမည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကို စဉ်းစားကြဖို့ဖြစ်သည်။ ယင်းပြဿနာကို စဉ်းစားရာ၌ ရှေးဦးစွာ ...

(၁)မြန်မာနိုင်ငံ စီးပွားရေးအခြေအနေကို တိတိကျကျ သိရှိရလေအောင်၊ စာရင်းအင်း အချက်အလက်များ ရှာဖွေရန်။ (၂) ထိုအချက်အလက်များကို မှီ၍ အကြံဉာဏ်ပေးသော စီးပွားရေးစီမံကိန်းများကို ရေးဆွဲရန်။ (၃) စီမံကိန်းများတွင် သုံးစွဲဖို့ရာ ဘဏ္ဍာ ငွေကြေး ရှာဖွေရန်။ (၄) စီမံကိန်းဖြစ်မြောက်စေဖို့ရာ နည်းလမ်းများကို ရှာဖွေရန်။ (၅) ထိုထိုသော စီမံကိန်းများကို စုပေါင်းစစ်ဆေးညှိနှိုင်း၍ အတည်ပြုဆုံးဖြတ်ရန် ဆိုင်ရာ ဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းကြမည်ဟု သဘောတူကြလေသည်။

ဗိုလ်ချုပ်အား သူ၏ ကျောင်းနေဖက် သူငယ်ချင်းများက အတွေးသမား၊ အငေးသမား ဟုသာ ယူဆခဲ့ကြသည်။ သို့ရာတွင် ဗိုလ်ချုပ်သည် ၁၉၄၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးကို ရည်စူး၍ တော်လှန်ရေးလုပ်ငန်းကြီးကို ကိုယ်ထိလက်ရောက် တီထွင်ဆောင်ရွက်လာခဲ့လေရာ ဗိုလ်ချုပ်၏ အတွေ့အကြုံတို့သည် ဗိုလ်ချုပ်အား လက်တွေ့သမားကြီးဖြစ်အောင် ဖန်တီးခဲ့လေပြီ။ ထို့ကြောင့် ထိုနေ့ ထိုရက်က နှစ်နှစ် စီမံကိန်းကြီးအတွက် ဇိတ်အားထက်သန်စွာဖြင့် စကားအချီးများကို ပြောဆိုနေသော ဗိုလ်ချုပ်သည် လက်တွေ့သမားကြီးဖြစ်၍နေချေပြီ။

ကျွန်တော် ယခု သတိရသမျှ ပြန်၍ တွေးကြည့်လိုက်သောအခါ အစည်းအဝေးစရန် လူစုံပြီဟု ဆိုသည်နှင့်တစ်ပြိုင်နက် ဂျပန်ခေတ်အတွင်းက အခက်အခဲမျိုးစုံကို ကြုံတွေ့ခဲ့ရဖူးသော အရာရှိကြီးငယ်အပေါင်းတို့မှာ ခဲမှန်ဖူးသော စာသူငယ်ကဲ့သို့ ရှိကြလေရာ နောက်ထပ်တွေ့ကြုံရမည့် အခက်အခဲများကို မည်သို့ ခုန်ပျံကျော်လွှားနိုင်ပါမည်နည်းဟု တွေးတောနေကြပုံရပါသည်။ ခါချဉ်ကောင် မာန်ကြီး၍ တောင်ကြီးဖြိုမည့်ကြံ၊ ခါးက မသန် ဟူသော စကားကို လက်သုံးစကားပြု၍ ပြောဆိုနေကြသည်။

ဂျပန်ခေတ်အတွင်း ဗိုလ်ချုပ်နှင့်အတူ ဆက်ဆံ၍ အလုပ်လုပ်ခဲ့ကြသူ အရာရှိကြီးများသည် ဗိုလ်ချုပ်၏ လုပ်ရည်ကိုင်ရည်ကို များစွာ လေးစားကြသည်။ သို့သော် အချို့ အချို့မှာမူကား ဂျပန်ခေတ်အတွင်းက ဗိုလ်ချုပ်လုပ်ပုံကိုင်ပုံကို ကိုယ်တွေ့ တွေ့ရသူများ မဟုတ်ချေ။ အချို့ကား ဂျပန်ခေတ်အတွင်း ဆင်းမလားမြို့၌သာ နေ ထိုင်ခဲ့ကြသည်ဖြစ်ရာ မြန်မာ့ဒုက္ခဟူသည်ကို တစ်ဆင့် စကားသာ ကြားဖူးကြသည်။ ဂျပန်ခေတ်၌ ကျွန်တော်တို့ ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ်နှင့် အန္တရာယ်အသွယ်သွယ်အကြားတွင် စွန့်စွန့်စားစား လုပ်ခဲ့ရပုံကို သူတို့ သည် ဒဏ္ဍာရီစကားကဲ့သို့သာ အောက်မေ့နေကြပါလိမ့် မည်။ အချို့ကလည်း ဗိုလ်ချုပ်သည် သူတို့မျက်စိ အောက်၌သာ ကြီးပြင်းလာသူဖြစ်၍ ရုတ်တရက်အားဖြင့် အထင်မကြီးနိုင်ကြပါ။ ဤအခြင်းအရာများကို ထောင် ကြားမှနေ၍ အကဲခတ်နေရသူ ကျွန်တော့်အဖို့မှာ သည် ထိတ်ဖိုလှိုက် ရိုက်ကူးထားသော ရုပ်ရှင် ဇာတ်လမ်း တစ်ခုကို ကြည့်နေရသူကဲ့သို့ ဤတစ်ခန်းပြီးလျှင် နောက် တစ်ခန်း မည်သို့လာလိမ့်မည်ကို တထင့်ထင့်နှင့် စောင့် မျှော်နေပါသည်။ သို့သော် ယေဘုယျ ပရိသတ်မှာကား ဗိုလ်ချုပ်အပေါ် မျှော်လင့် အားကိုးလျက် ရှိကြသည်မှာ အမှန်ပင်။

ဗိုလ်ချုပ်က ရှေ့ဦးမိန့်ခွန်းကို ပြောကြားလိုက်သော အခါ၌မူကား အရာရှိကြီးငယ်မရွေးတို့သည် လှုပ်လှုပ် နှင့် စိတ်အားတက်ကြွလာသော အမူအရာကို ပြလာ ပါသည်။ စောစောပိုင်းက သို့လော သို့လောဖြစ်နေသော စိတ်တို့သည် လွင့်ပါးသွားခဲ့ဟန် တူပါသည်။ ကျွန်တော် လည်း ခင်မင်သူ အရာရှိကြီးငယ်တို့အား ချဉ်းကပ်၍ သူတို့၏ သဘောထားကို မေးမြန်းမိသည်။ လော စကားပင် မပြောတတ်သူတစ်ဦးက သူ၏ ပကတိ ငြိမ်သော အမူအရာဖြင့် "ကျုပ်တို့ဟာ ဗိုလ်ချုပ်ရဲ့ အမြင်တွေကို အထင်သေးစရာလို့ သဘော မထား ဘူး။ ဗိုလ်ချုပ်ဟာ ငယ်ပင်ငယ်သော်လည်း အတွေ့အကြုံ က ကျုပ်တို့ထက် စုံတယ်။ ဒါကြောင့် သူ့ကို လက်တွေ့ သမားတစ်ဦးရယ်လို့ဆိုပြီး လေးစားပါတယ်။ သူ့ ပုဂ္ဂိုလ်မျိုးကို ရှေ့က ထားပြီး လုပ်ရရင် ကျုပ်တို့ အားရှိပါတယ်" ဟု ပြောပါသည်။ အစ ပထမက အားလျှော့တော့မည်ကဲ့သို့ ဖြစ်နေကြသော အမူ တာဝန်ရှိသူ ပုဂ္ဂိုလ်များသည် စိတ်အားထက်သန် အမူအရာဖြင့် လန်းဆန်းလာကြပါသည်။ မျက်နှာ လတ်လတ် ရှိလာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဗိုလ်ချုပ်ပြောစကားထဲတွင် ထိုထိုသော အရာရှိ ကြီးငယ်တို့အား မြှောက်ထိုးပင့်ကော်နှင့် ပြောသွားသည့် စကားမျိုး မပါပါ။ မည်သူအား မည်သို့ ချီးမြှင့်မည်ဆိုသော ဘဝင် လေဟပ်စေမည့် စကားများလည်း မပါပါ။ ဗိုလ်ချုပ် နိဒါန်းချီသော စကားမှာ လွတ်လပ်ရေးရပြီးလျှင် ခေတ္တ အနားယူဦးမည်ဟု စိတ်ကူးထားသူများကိုပင်လျှင် အနားမယူကြပါနှင့်ဦး၊ လုပ်စရာရှိသည်တို့ကို လုပ်ကြပါဦး၊ ခွင့်စာ တင်ထားမိသော် ထိုခွင့်စာများကို နုတ်သိမ်းပေးကြပါဦး၊ ယခုအချိန်ဟာ သေရေးရှင်ရေးကဲ့သို့ အရေးကြီးနေပါသည် ဟူသော ဖုတ်ပူမီးတိုက် စကားမျိုးသာ ဖြစ်ပါသည်။

သို့သော် သူတို့ အထူးသဘောကျမိသော စကားများစွာ ပါပါသည်။ ဗိုလ်ချုပ်က ပါရဂူတို့နှင့် စပ်လျဉ်း၍ "ပါရဂူဆိုတိုင်း ဘယ်တော့မှ မမှားနိုင်ဘူးလို့လည်း မထင်ပါနဲ့၊ ပါရဂူဆိုတာလည်း ကျုပ်တို့လို လူတွေပါပဲ။ ကျုပ်တို့ကြည့်ရမှာက သာမန်လူတွေရဲ့ အခြေအနေကို ကြည့်ရမှာဖြစ်ပါတယ်။ ပါရဂူတို့ရဲ့ ထင်မြင်ချက်ကို လေးစားရပါတယ်။ သာမန်လူတွေ ဆိုတာကလည်း သူတို့ရဲ့ ထင်မြင်ချက်ကို အများကြီး အထင်ကြီးကြပါတယ်။ ဒါပေမဲ့ လက်တွေ့က အရေးကြီးတယ်။ သာမန်လူတွေရဲ့ အကျိုးတရားနဲ့ ကိုက်ညီတဲ့ လက်တွေ့လုပ်ငန်းကိုသာ ကျုပ်တို့ ဦးစားပေးရဖို့ ရှိပါတယ်" စသဖြင့် အဓိပ္ပာယ်ရှိသော စကားတို့ကို ပြောကြားပါသည်။ ထို့နောက် စာရင်းအင်းများကောက်ရန် ကိစ္စ၌လည်း စာရင်းအင်း၌ တွေ့ရှိချက်တိုင်းသည် လက်တွေ့နှင့် ညီညွတ်ချင်မှ ညီညွတ်ပါသည်။ စာရင်းအင်းဆိုသည်မှာ များသောအားဖြင့် ပျမ်းမျှကြေးကို ရာလေ့ရှိသည်။ ပျမ်းမျှကြေးအားဖြင့် စာရင်းမှန်ပင် မှန်မည်ဖြစ်သော်လည်း လက်တွေ့၌မူကား ပျမ်းမျှကြေးထဲ၌ ပါနေသည့်အတိုင်း ဖြစ်ချင်မှ ဖြစ်တတ်သည်ဆိုသော အချက်ကိုလည်း ပြောဆိုသွားလေသည်။

ကျွန်တော်၏ အတွေ့အကြုံမှာ ဗြိတိသျှခေတ်၌ စိုက်ပျိုးရေး ပါရဂူတို့သည် ခရစ်နှစ် ၁၈၉၀ လောက်မှ စ၍ တောင်သူလယ်သမားဘဝ အခြေအနေ တိုးတက်စေဖို့ရာ ကြံဆကြသည့် သဘောတရားအမျိုးမျိုးတို့ကို စာရင်းအင်း ဇယားများ၌လည်းကောင်း၊ အစီရင်ခံစာများ၌ လည်းကောင်း၊ စာရွက်စာတမ်းများ၌လည်းကောင်း၊ ကျမ်းကြီးကျမ်းခိုင်များ၌လည်းကောင်း ရေးသား တင်ပြခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်တို့၏ စေတနာအရင်းခံကို ကျွန်တော် ယုံမှား သံသယ မဖြစ်မိပါ။ သို့သော် ထိုထိုသော ပါရဂူတို့ ပေးသွားကြသည့် အကြံအစည်တို့မှာ အင်္ဂလိပ်ပြေးသော ၁၉၄၂ ခုနှစ်အထိ လက်တွေ့အားဖြင့် အကောင်အထည် မပေါ်ခဲ့ပါ။ ထိုခေတ်က နိုင်ငံခြား အရင်းရှင်၊ မြေရှင်တို့၏ အတိုက်အခံ အင်အားကြောင့် ပါရဂူတို့၏ အကြံ မအောင်သည်လည်း ရှိပေမည်။ သို့သော် တောင်သူလယ်သမားတို့ သက်သာချောင်ချိရေးအတွက် ပါရဂူတို့ စီစဉ်ခဲ့သော အမတော်ကြေး အက်ဥပဒေ၏ သဘောသွားတို့မှာ ကျွန်တော်တို့ကဲ့သို့ လက်တွေ့ ဆောင်ရွက်ပေးနေရသော မှုထမ်းရာထမ်းတို့အဖို့ ရည်ရွယ်ရင်းရောက်အောင် ဘာမျှ လုပ်၍ မရသည်ကို ကိုယ်တွေ့ တွေ့ခဲ့ရပါသည်။ ထို့ကြောင့် ပါရဂူတို့ ကြံဆတိုင်း လုပ်၍ ကိုင်၍ ရပြီဟု မဆိုနိုင်သည်ကို ကျွန်တော် ကောင်းစွာ နားလည်ခဲ့ရပါသည်။ အရာရှိပိုင်းတွင် မိမိလုပ်ငန်းကို မိမိနားလည်ကြသော ပုဂ္ဂိုလ်တို့ များစွာရှိသည်။ ထိုပုဂ္ဂိုလ်တို့သည်လည်း ပါရဂူတို့၏ အကြံဉာဏ်ဆိုသည်မှာ တုတ်ပြီးဆေး၊ ဓားပြီးဆေးများကဲ့သို့ အရေးကျလျှင် ထိပ်ကွဲ ခေါင်းပြဲတတ်သော သဘောကို ကောင်းစွာ ရိပ်စားမိကြပါသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့က ဗိုလ်ချုပ်၏ အဆိုကို အလွန်သဘောကျကြပါသည်။

သို့သော် ဗိုလ်ချုပ်သည် ပါရဂူတို့ကို ပြက်ရယ်ပြုနေသည်လည်း မဟုတ်ပါ။ ရှုတ်ချနေသည်လည်း မဟုတ်ပါ။ ဖယ်ထုတ်နေသည်လည်း မဟုတ်ပါ။ တကယ့်အခြေအနေကို ပြဆိုသော စာရင်းအင်းနှင့်တကွ အကြောင်းခြင်းရာများကို ဗိုလ်ချုပ်သည် မထီလေးစား မပြုတတ်ပါ။ တတ်သိနားလည်သော ပုဂ္ဂိုလ်တို့၏ အကြံဉာဏ်ကို ဗိုလ်ချုပ်သည် ဖယ်ရှားလေ့ မရှိပါ။ ဗိုလ်ချုပ် ပြောဆိုနေသော အဓိပ္ပာယ်မှာ သဘောတရားနှင့် လက်တွေ့ ကိုက်ပါစေဟူသော သဘောအဓိပ္ပာယ် ဖြစ်ပါသည်။ အစိုးရအရာရှိဆိုသည်မှာ အောက်သက်ကျေသူလည်း ရှိပါသည်။ မကျေသူလည်း ရှိပါသည်။ အချို့ အောက်သက် မကျေသူတို့သည် သဘောတရားရေးရာ

www.burmeseclassic.com

www.burmeseclassic.com



ကို ခြုံ၍ မကြည့်တတ်ပါ။ သစ်တောကို ကျွမ်းကျင်သည် ဆိုသော်လည်း သစ်ပင်တစ်ပင်စီ တစ်ပင်စီကိုသာလျှင် မြင်တတ်ကြသည်။ သစ်ပင်အပေါင်းအစုတည်းဟူသော အဖြစ်သနစ်ကို မမြင်တတ်ကြချေ။ အချို့ အောက်သက် မကျေသူတို့ကား ကံအားလျော်စွာ ရာထူးကြီးတို့ကို ရရှိနေကြပါသော်လည်း အုပ်ချုပ်ရေးသဘောတရား အဆီအနှစ်တို့ကို နားလည်ကြသူများ မဟုတ်ပါ။ အချို့မှာ မိမိတို့ လက်ဝယ်ရရှိနေသော အုပ်ချုပ်ရေး အာဏာဆိုသည်မှာ မည်သည်က ဆင်းသက်လာသည်ကို မသိပါ။ မိဘ၊ ယောက္ခမ၊ ညာတိ၊ အပေါင်းအသင်း အရှိန်အစော်တို့ကြောင့် အာဏာရနေသည်ဟုသာ ယူဆတတ်ကြပါသည်။

ဤကဲ့သို့ အထွေထွေ အထူးထူးသော သဘောရှိသည့် အရာရှိလောကတွင် ရုံးတွင်းစာ အမှတ်ဖြင့်သာ စက္ကူပေါ်တွင် အမိန့်ချ၍ စီမံကိန်း ထုတ်တတ်လာသော သူတို့လည်း ရှိပါသည်။ ထိုပုဂ္ဂိုလ်တို့သည် သူ့ထံ တက်လာသော အစီရင်ခံစာများကို ကြည့်၍ အားလုံး လုပ်ငန်းချောမောစွာ အောင်မြင်နေပြီဟုသာ ယူဆတတ်ပါသည်။ ဤကား သဘောတရားနှင့် လက်တွေ့ကို ဟပ်၍ မကြည့်တတ်ခြင်း သာဓကတစ်ရပ်ပင် ဖြစ်သည်။ ယင်းသဘာဝတို့ကို ဗိုလ်ချုပ်သည် ကောင်းစွာ ရိပ်စား နားလည်ပါသည်။ ထို့ကြောင့် အချို့က ဗိုလ်ချုပ်အား ကပ်၍ မရဘူးဟု ပြောကြသည်။ ဗိုလ်ချုပ်သည် ပုဂ္ဂလမိဋ္ဌာန်ကို မကြည့်ဘဲ၊ ဓမ္မမိဋ္ဌာန်ကိုသာ ကြည့်တတ်သည်။ လုပ်ငန်းနေရာ မကျလျှင် ဗိုလ်ချုပ်အား မည်သို့မျှ ကျလောက်အောင် နှုးသော်လည်း မရနိုင်ချေ။ ဤသည်ကို ရည်၍ ထိုသို့ဆိုကြခြင်းဖြစ်သည်။ အလုပ်ကို မှန်မှန်ကန်ကန် ရိုးရိုးတန်းတန်း လုပ်တတ်သူတို့ကား ထိုအကြောင်းကြောင့်ပင် ဗိုလ်ချုပ်ကို ကြည်ညိုလေသည်။

ဂျပန်ခေတ်၌ အတွင်းဝန်ရုံးတွင် အလုပ်လုပ်ခဲ့ဖူးသူတို့က မကြာခဏ အတွင်းဝန်ရုံး လုပ်ထုံး (Secretariat Procedure) ဆိုသည်ကို ပြောလေ့ပြောထရှိကြသည်။ ထိုသူတို့တွင် အချို့သည် လုပ်ထုံးလုပ်နည်း ရုံးထုံးစံတို့ကို သူတစ်ပါးအား ရစ်ပတ်ချည်နှောင်၍ လူမလှုပ်နိုင်အောင် ခြေမန်းကွင်းစွပ်သလို စွပ်ပေးတတ်ကြသည်။ လူက မလှုပ်နိုင်သောအခါ အလုပ်လည်း ဘာမျှ မဖြစ်ပါ။ ထို့ကြောင့် လုပ်သမျှမှာ ရေဖြစ်ရသည်သာ များပေသည်။ ဤသဘောတရားတို့ကို ဗိုလ်ချုပ် နားလည်သည်။ ထို့ကြောင့် ရုံးလုပ်ထုံးလုပ်နည်းဆိုသည်မှာ လုပ်ငန်းတွင်အောင် တီထွင်ခြင်းဖြစ်ပါသည်။ သို့သော် ၎င်းရုံးထုံးစံများသည် လုပ်ငန်းတွင်ကျယ်မှုကို နှောင့်ယှက်နေပါလျှင် ပယ်ရပါမည်ဟု ပြောဆိုခဲ့သော သည်။ ထိုအချိန်ကစ၍ ကြိုးနီစနစ် ဆိုသော စကားကို အရာရှိ အရာခံလောကထဲတွင် အတော်များများ ပြောလာကြသည်။

ဗိုလ်ချုပ်က လုပ်ငန်း လောဘ မကြီးဖို့ရာလည်း ပြောဆိုခဲ့သည်။ ကျွန်ုပ်တို့ အလုပ်လုပ်ရာ၌ တစ်ဆင့်ပြီး တစ်ဆင့် လုပ်သွားကြရပေလိမ့်မည်။ စိတ်အားထက်သန်ပါသည်ဆို၍ လောဘတကြီး လုပ်လျှင် တွင်ကျယ်နိုင်မည် မဟုတ်ချေ။ ကျွန်ုပ်တို့စီမံသော ကိစ္စမှန်သမျှသည် လက်တွေ့နှင့်ညီ၍ အလုပ်လုပ်ရာ၌လည်း လွယ်ကူပေလိမ့်မည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ရှေ့သို့ တစ်လှမ်းမှ နှစ်လှမ်း သုံးလှမ်းတိုး၍ ချီတက်ရပေမည်။ သို့သော် ယင်းသို့ ခြေလှမ်းများများလှမ်းတိုင်း လှမ်းတိုင်း ခြေလှမ်းတစ်လှမ်းမှ လဲ မကျရလေအောင် မြေပေါ်၌ အခိုင်အမာ စိုက်ထူထားသော ခြေလှမ်းမျိုး ဖြစ်ရပေလိမ့်မည်။ ဤကဲ့သို့သော စကားကိုလည်း ဗိုလ်ချုပ်ပြော[illegible] သည်။ ဗိုလ်ချုပ်ပြောစကားကို မှီး၍ နှစ်နှစ်စီမံကိန်း နိဒါန်းတွင် ဤသို့ ဆိုထားသည်။

> “ဤစီမံကိန်းသည် ခါချဉ်ကောင် မာန်ကြီး[illegible] တောင်ကြီးဖြိုမယ့်ကြံ၊ ခါးကမသန် ဆိုသ[illegible] လောဘကြီး စိတ်ကူးယဉ်ပြီး ရေးဆွဲထားသော စီမံကိန်းမဟုတ်။ မြန်မာပြည်၌ရှိသော လူအင်အား[illegible] မြေ၊ လယ်ယာ၊ သတ္တုပစ္စည်းအင်အားတို့ကို သူ့[illegible] သူ့ဆန် တန်ရုံနှိုင်းချိန်ပြီး ရေးဆွဲထားသည်။ လွတ်လပ်ရေးရပြီးနောက် ၂ နှစ်အတွင်းတွင် အကျိုး[illegible] ထွန်းနိုင်သမျှ ဖြစ်ထွန်းစေမည့်အပြင် နောင်အ[illegible] လူမွဲများ ကောင်းစားဖို့ မြန်မာပြည်၏ စီးပွား[illegible] အခြေအနေကို အမြန်ဆုံး ပြောင်းလဲပစ်ရန်လည်း ကြံရွယ်ထားသည်။ ထို့ပြင် မြန်မာပြည် စီးပွား[illegible] အတွက် စီမံကိန်းများကို တစ်ခုမကျန် အား[illegible] ထည့်သွင်းပြီး စေ့စေ့စပ်စပ် အပြီးသတ်ထား[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း မဆိုသာပေ။ ကြွင်းကျန်ချက်များ အများပင် ရှိပါသေးသည်။ ဤကြွင်းကျန်ချက်များမှာ ပြဆိုခဲ့သော လူ့အင်အား၊ ပစ္စည်းအင်အား ချို့တဲ့ခြင်းနှင့် မြန်မာနိုင်ငံ စီးပွားရေးနှင့်ပတ်သက်သော အကြောင်းအရာများ၊ အချက်အလက်များကို ဂဃနဏ ရှာဖွေစုံစမ်းသော သုတေသနလုပ်ငန်းများကို ယခုမှစ၍ လုပ်ကိုင်ရသောကြောင့် ဖြစ်သည်။ ဤသုတေသနလုပ်ငန်းများ ကျကျနန ပြီးဆုံးနိုင်ရန် လုပ်ဖို့အချိန် အတော်ကြာပေဦးမည်။ သို့သော် လွတ်လပ်သော မြန်မာနိုင်ငံကြီးသည် အားကြိုးမာန်တက်နှင့် လက်ထိလက်ရောက်လုပ်ဖို့ အားခဲနေစဉ် ဤမျှလောက် အချိန်ကြာကြာကြီး မစောင့်နိုင်။ လက်ရှိ လူ၊ ပစ္စည်း၊ ပညာအင်အားများနှင့် ဖြစ်နိုင်သမျှ ဖြစ်အောင် လောလောဆယ် လုပ်မည်"

(မူအတိုင်း)

ထိုကဲ့သို့ နိဒါန်းတွင် သန္နိဋ္ဌာန်ချမှတ်ခဲ့သည့်အတိုင်း ဗိုလ်ချုပ်ကွယ်လွန်ခဲ့သည့်တိုင်အောင် ကျန်ခေါင်းဆောင်ပုဂ္ဂိုလ်တို့က အဖွဲ့ပေါင်း ငါးဖွဲ့ဖွဲ့၍ ၁၉၄၇ ခု၊ နိုဝင်ဘာတွင် စီးပွားတိုးတက်ရေး စီမံကိန်းကို စတင်ရေးဆွဲလေသည်။ အချောရေးဆွဲပြီးသော စီမံကိန်းကို အစိုးရအဖွဲ့က ဒီဇင်ဘာလအတွင်းတွင် သဘောတူညီခဲ့လေသည်။

အဆိုပါ ၂နှစ် စီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထား၍ စက်မှုလက်မှု ထူထောင်ရေးကို ရှေ့ရှုခဲ့သည်။ ယနေ့ ကျွန်တော်တို့ တောင်သူလယ်သမား၊ အလုပ်သမား အခြေခံလူထုကြီးကို ဦးတည်၍ စီမံကိန်းထုတ်ကာ လုပ်ဆောင်နေကြသည်မှာ ဗိုလ်ချုပ်၏ အမြော်အမြင်အတိုင်း လိုက်နာလုပ်ဆောင်နေကြခြင်းဖြစ်သည်။ ယနေ့အဖို့၌ ကျွန်ုပ်တို့သည် လက်တွေ့ဗဟုသုတများ တိုးပွားလျက်ရှိပြီ။ မူဝါဒနှင့် စပ်လျဉ်း၍လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ မူဝါဒဟူ၍ အတိအကျရှိနေပြီ။ ၂ နှစ် စီမံကိန်းတွင် "လုပ်ငန်း စကြစို့" ဟု ဆိုထားသည့်အတိုင်း လုပ်ငန်းကိုလည်း စ၍ လုပ်နေကြပြီ။ ဗိုလ်ချုပ် ကြိုတင် တွက်ဆထားသော အခက်အခဲဟူသမျှတို့ကို ကျွန်ုပ်တို့က မြင်အောင်ရှု၍ မြန်မာတို့၏ ဒိဋ္ဌဓမ္မ အခြေအနေတို့ကို သိရှိနားလည်အောင် ကြိုးစားဆောင်ရွက်ကာ "လက်တွေ့" အတိုင်း လုပ်ဆောင်သွားကြမည်ဆိုလျှင် ရက်တိုတိုနှင့် လိုရာခရီးသို့ ရောက်ရဖို့သာ ရှိပေလိမ့်မည်။ အကယ်၍ အထစ်အငေါ့များ ရှိနေသည်ဆိုပါလျှင် ဗိုလ်ချုပ်၏ အတွေးအခေါ်တို့နှင့် ညှိနှိုင်း၍ ထို ထစ်ငေါ့နေသော အကြောင်းတရားတို့ကို ဖယ်ရှားကြရဖို့ ရှိသည်။

ထို့ကြောင့် ဗိုလ်ချုပ်တို့ ကျဆုံးသော အထိမ်းအမှတ်ဖြစ်သည့် ဤ အာဇာနည်နေ့တွင် ဗိုလ်ချုပ်၏ စိတ်ဓာတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံကြီး၏ ကြီးပွားတိုးတက်ကြောင်းကို ရည်စူး၍ လုပ်ဆောင်နေကြသော တောင်သူလယ်သမား၊ အလုပ်သမားလူထုကြီးနှင့်တကွ မကွဲမပြား တစ်သားတည်းရှိသော အမျိုးကောင်းသားတို့ အပေါ်၌ ပျံ့နှံ့၍ တည်ပါစေသတည်း ဟု ဆုတောင်းလိုက်ပါသတည်း။ ။

မြဝတီ အတွဲ ၁၅ အမှတ် ၉ (ဇူလိုင်-၁၉၆၇)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ လက်ထပ်ပွဲ

## ဒေါက်တာမြင့်ဆွေ

၁၉၄၂ ခု၊ စက်တင်ဘာလ ၆ ရက်နေ့၊ နေ့လယ် ၂ နာရီအချိန် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ လက်ထပ်ပွဲ ကျင်းပပါတော့သည်။ ညက လူသိုက်မှာ မည်မျှလောက်ကြာအောင် အိပ်ပျော်သွားသည်မသိရပါ။ ကျွန်တော် အိပ်ရာမှ နိုး၍ မျက်လုံးဖွင့်ပြီး လက်မှ နာရီကို ကြည့်လိုက်သည့်အခါတွင် နံနက် ၉ နာရီထိုးနေပေပြီ။ ကျွန်တော်လည်း အိပ်ရာမှ လူးလဲထကာ ရေချိုး အဝတ်အစားလဲရပါတော့သည်။ မျက်လုံးများကား ကျိန်းစပ်နေပါသည်။ ကျွန်တော် ဆာဂျင် ကိုကျော့မောင်နှင့်တကွ ဆေးရုံရှိ သူနာပြု ဆရာမများ၊ အလုပ်သမားများလည်း ဆေးရုံကြီး အရှေ့မြောက်အစွန်ဆုံးရှိ အခန်းကျယ်ကြီးထဲတွင် စားပွဲ၊ ကုလားထိုင်များ ခင်းကျင်းပြင်ဆင်ကြပါသည်။ စင်မြင့်ပေါ်တွင် ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည်တို့အတွက် နှစ်ယောက်ထိုင် ဆိုဖာကြီးတစ်လုံး ခင်းထားပါသည်။ စင်မြင့်၏ အောက်နားတွင် စစ်ဗိုလ်ကြီးများ၊ ထင်ရှားသော နိုင်ငံ၏ ခေါင်းဆောင်ကြီးများအတွက် နေရာသီးသန့် ထားလိုက်ပါသည်။ အလယ်ပိုင်းနှင့် နောက်ပိုင်းမှာ ဆေးရုံအလုပ်သမားများနှင့် ပြင်ပမှ မိတ်သင်္ဂဟများအတွက် ဖြစ်ပါသည်။ ကျွန်တော် မှတ်မိသလောက်ဆိုလျှင် ထိုစဉ်က ခင်းကျင်းထားပုံမှာ ယနေ့ ထင်ရှားသော မင်္ဂလာဧည့်ခံပွဲများအတွ... စထရင်းဟိုတယ်ကြီး၌ ခင်းကျင်းပြင်ဆင်ထားပုံများ... အသွင်သဏ္ဌာန် တူပါသည်။

ဆေးရုံအလုပ်သမားများအတွက် ထိုနေ့မှာ အ... ရွှင်ဆုံးသော နေ့တစ်နေ့ဖြစ်ခဲ့ပါသည်။ ယခုခေတ်... ထင်ရှားသော ဗိုလ်မှူးများ၊ ဗိုလ်ကြီးများဖြစ်နေကြသ... (ထိုစဉ်က) သူနာပြုဆရာမလောင်းလေးများမှာလ... မမောနိုင် မပန်းနိုင် မင်္ဂလာအခမ်းအနားကို မ... အောင်၊ မယဉ်ယဉ်အောင် အမျိုးမျိုး ပြုပြင်မွမ်းမံနေ... ပါသည်။ စင်မြင့်ပေါ်၌ မဟော်ဂနီရောင် ပြောင်လက်... သည့် စန္ဒရားတစ်လုံးနှင့် ခန်းမကြီး၏ အနောက်ဘ... နံရံ၌လည်း စန္ဒရားတစ်လုံး ပြင်ဆင်ထားပါသည်။ လ... ထပ်ပွဲအတွက် ဆေးရုံအလုပ်သမားအားလုံးလိုလို အ... များနေကြသော်လည်း ကျွန်တော်နှင့် ကိုစံမြင့်တို့... ဝတ္တရားမပျက်ရအောင် လူနာများအား လိုအပ်သလို ... ကုသပေးနေကြရပါသည်။ အထွေးမှာမူ ဒေါ်ခင်... ဖီးလိမ်းဝတ်စား ပြင်ဆင်ရာတွင် ကူညီလုပ်ကိုင်... ပါသည်။ နေ့လယ် ၁ နာရီခွဲအချိန်၌မူ ကား... ငယ် အသွယ်သွယ်တို့ အလံပြဘုရားလမ်း... မှ ဆေးရုံရှိရာသို့ ရောက်လာကြပါသည်။ သ...

www.burmeseclassic.com

www.burmeseclassic.com



တောက်ပြောင်သည့် ဝတ်ကောင်းစားလှများနှင့် ဧည့်သည်တော်များမှာလည်း ကားများပေါ်မှဆင်းကာ မင်္ဂလာဧည့်ခန်းမသို့ အသီးသီး ဝင်ရောက်နေရာယူကြပါသည်။ လှပခန့်ငြားသည့် စစ်ဝတ်စုံများကို ဝတ်ဆင်ထားသည့် စစ်ဘက်ပုဂ္ဂိုလ်ကြီးများမှာလည်း သတို့သမီးနှင့် သတို့သားတို့၏ ရှေ့နားတွင် နေရာယူပြီးကြပါပြီ။

(သစ္စာမဏ္ဍိုင် မြဲခိုင်ခဲ့ပေ၊ မေတ္တာမိုးတွေ သွန်းဖြိုး ရွာဆွေ၊ အသည်းမှာစွဲမက် အသက်ကို ပုံတယ်လေ)၂ တစ်ကိုယ်လုံး သိမ်းကျုံးလိုရာသုံး သက်ဝေ၊ အပြုံးမပျက်ပေါင် စိတ်လက်ရှည်ရှည်၊ အချစ်အတွက်ဖြင့် အသက်ပင်သေသေ၊ အသွေးယူ၊ အသားကိုလှူလှူ စိတ်တူတယ်၊ ရယ်ရယ်ပြုံးပြုံး မဒ္ဒီဒေဝီ ဝေဿန်ထုံးလို နှလုံးပြုကာ ကြည်ဖြူမှာတွေ၊ သက်ဝေ အလိုကျ ဆိုသမျှ ကိုယ်ရောစိတ်ပါ လိုက်လျောရပါမယ်လေ။

(ရွှဝံကြယ် မြေမှာခကြွေ၊ ကောင်းကင်မှာနေလတွေ ကွယ်စေ၊ မြမြင်းမိုရ် ပြိုအက်ကာကြေ၊ သွေကွက်မယ် စိတ်ဝယ်မသွေ)၂ ချစ်တဲ့သူ အမူတုံးကလေးက တိမ်စင်လနှယ် အလှကြွယ်ရှာပေ၊ ကြာကြာလေ မရိုးတဲ့အပြင် ဆတပိုး တိုးမယ့်အချစ်တွေ၊ ကမ္ဘာမြေ အသချေ်လဲတောင် မကွဲအောင် တောင်းဆုကိုချွေ၊ သက်ဝေ ချစ်မက်မပြေတယ်လေ။

ခိုင်းတော့ သက်ဝေ၊ အချစ် စမ်းချင်စမ်း၊ မစမ်းချင်နေ၊ ထူးတဲ့ ခင်မင်တာတွေ၊ အသက်ကို စွန့်ရတောင်ပင် မငြိုငြင်ဘူးရှင့် အသင့်လိုရာစေ။

မခိုင်းရက်ဘူးကွယ် ဒီကိုယ့်လည်ဆွဲ ပုလဲသွယ်ရေ၊ ရှေ့က မောင်သာ အစဉ်နေ၊ အသက်နဲ့ ထပ်တူ ကြင်မလေ၊ ရင်ကိုခွဲလို့ အသည်းကင်ပါစေ၊ ချစ်သက်ဝေနှမ စိတ်တိုင်းကျကျ ပျော်သလိုနေ၊ လှသထက် လှမယ်ဆိုရင် ဆေးဘက်ဝင်ပါသလားလို့ မောင့်အသားတွေ၊ မောင့်အသွေးတွေ၊ မောင့်အသည်းတွေ၊ မောင့်နှလုံးတွေ အသုံးပြုပါလေ၊ ကြည်ဖြူပါတယ် လိုရာကိုယူစေ။

(ရွှဝံကြယ် မြေမှာခကြွေ၊ ကောင်းကင်မှာနေလတွေ ကွယ်စေ၊ မြမြင်းမိုရ် ပြိုအက်ကာကြေ၊ သွေကွက်မယ် စိတ်ဝယ်မသွေ)၂ ချစ်တဲ့သူ အမူတုံးကလေးက တိမ်စင်လနှယ် အလှကြွယ်ရှာပေ၊ ကြာကြာလေ မရိုးတဲ့အပြင် ဆတပိုး တိုးမယ့်အချစ်တွေ၊ ကမ္ဘာမြေ အသချေ်လဲတောင် မကွဲအောင် တောင်းဆုကိုချွေ၊ သက်ဝေ ချစ်မက်မပြေတယ်လေ။

စစ်မဖြစ်မီခေတ်က အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ နာမည်ကျော် အဆိုတော် ပြည်လှဖေနှင့် မေရှင်တို့ သီဆိုခဲ့ပြီး လူတိုင်းနှုတ်ဖျားတွင် သီး၍ ရေပန်းစားခဲ့သည့် 'သက်ဝေ' သီချင်းသံလေးသည် ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည်တို့၏ မင်္ဂလာလက်ထပ်ပွဲတွင် သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာခဲ့ပါသည်။ သီဆိုသူကား အခြားသူမဟုတ်။ ကျေးဇူးရှင် ဆရာကြီး ဦးဘသန်းကိုယ်တိုင်ပင် ဖြစ်ပါတော့သည်။ သီချင်းဆုံးသွားလျှင် ဩဘာလက်ခုပ်သံများ ခန်းမကြီးတစ်ခုလုံး ဆူညံသွားပါတော့သည်။ ထိုအခိုက်တွင်ပင် ခမ်းနားလှသည့် စစ်ဝတ်စုံကို ဝတ်လျက် ဂျပန်စစ်ဦးထုပ်ကို ဆောင်းထားသည့် သတို့သား ဗိုလ်ချုပ်အောင်ဆန်းသည် သတို့သမီး ဒေါ်ခင်ကြည်နှင့် ယှဉ်တွဲကာ အပျိုရံ လူပျိုရံများ ခြံရံလျက် အခန်းဝတွင် ပေါ်လာပါတော့သည်။

ဧည့်ပရိသတ်များလည်း အားလုံးထပြီး သတို့သားနှင့် သတို့သမီးတို့အား အရိုအသေ ပြုကြပါသည်။

အခန်းဝတွင် ရပ်လာသည့် သတို့သားနှင့် သတို့သမီးတို့အား အခန်းထဲသို့ မဝင်မီ ဆေးရုံမှ ကိုကျော့မောင်နှင့် အခြားတစ်ဦးက အပေါက်ဝမှ ဆီးပြီး ရွှေကြိုးဖြင့် တားတော့သည်။ ဖြစ်ပျက်ပုံမှာ လျင်မြန်လွန်းလှပါသည်။ တိုင်းပြည်လွတ်လပ်ရေးအတွက် အစဉ်တစိုက်အာရုံပြုပြီး အခြားဘာကိုမှ စိတ်မဝင်စားခဲ့သည့် ဗိုလ်ချုပ်၊ လောကဝတ်ထုံးတမ်းအမှုများများကို လုံးဝ ဂရုမစိုက်ခဲ့သည့် ဗိုလ်ချုပ်၊ တိုင်းပြည်လွတ်လပ်ရန် အရေးကလွဲပြီး အခြားသော အမှုကိစ္စများကို အာရုံမပြုနိုင်ခဲ့သည့် ဗိုလ်ချုပ်သည် သူ့ရှေ့တွင် တားလာသည့် ရွှေကြိုးကို သူ၏ညာလက်ဖြင့် ဆောင့်ဆွဲယူလိုက်ကာ ဘေးသို့ လွှင့်ပစ်လိုက်ပါတော့သည်။ ဗိုလ်ချုပ်၏ အပြုအမူကို အားလုံး အံ့အားသင့်ပြီး ကြည့်ရှုနေမိကြသော်လည်း ဗိုလ်ချုပ်မှာမူ ဘာမျှမဖြစ်သလိုပင် သတို့သမီး၏လက်

www.burmeseclassic.com



ကို ဆွဲပြီး တည်ကြည်သော မျက်နှာပေးနှင့် ဣန္ဒြေရရ ခြေလှမ်းမှန်မှန်နှင့်ပင် စင်မြင့်ဆီသို့ ဆက်လက်လျှောက်သွားပါသည်။ ဗိုလ်ချုပ်တို့ စင်မြင့်ပေါ်တွင် နေရာယူပြီးသည့်နောက်မှာမှ ဧည့်ပရိသတ်များလည်း အသီးသီး ပြန်ထိုင်ကြပါသည်။

ကစ်တီဘာသန်း (ယခု ဗိုလ်ချုပ်ကြီး နေဝင်း၏ ဇနီးဒေါ်ခင်မေသန်း) သည် စင်မြင့်ပေါ်ရှိ စန္ဒရားရှေ့တွင် ထိုင်ရင်း တီးကွက်စမ်းကာ ဖခင်ဖြစ်သူ ဆရာကြီး ဦးဘသန်း၏ သီချင်းသံကို စောင့်နေပါသည်။ စင်မြင့်ပေါ်ရှိ သတို့သား ဗိုလ်ချုပ်မှာ တည်ငြိမ်စွာဖြင့် ရှေ့သို့သာ အာရုံစိုက်ပြီး ကြည့်နေပါသည်။ ကျွန်တော် အပါအဝင် ဧည့်ပရိသတ်အပေါင်းမှာကား ဒုတိယအကြိမ် ပြန်လည်သီဆိုနေသည့် ဆရာကြီးနှင့် သမီးဖြစ်သူ ကစ်တီတို့၏ 'သက်ဝေ' သီချင်းသံကို အာရုံစိုက်နေမိကြပါသည်။ ဘီအိုင်အေ ဆေးရုံကြီးနှင့် ဆေးရုံအမှုထမ်းများကိုသာမက လူနာများအားလုံးအပေါ်တွင်လည်း သံယောဇဉ်ကြီးလှသည့် သူနာပြုဆရာမကောင်း၊ သတို့သမီ ဒေါ်ခင်ကြည်မှာမူ ငေးမော တွေးတောနေဟန်ရှိပါသည်။ 'ငါတော့ ဒီနေ့ကစပြီး ဘီအိုင်အေ ဆေးရုံကြီးနှင့်တကွ ရဲဘော်ရဲဘက်တွေကို ခွဲခွာရတော့မယ်' ဆိုသည့် ဆွေးစိတ်ကလေးများ ဝင်ရောက်နေမည်လား မသိပါ။

ကျွန်တော်ကိုယ်တိုင်မှာလည်း သတို့သမီးဖြစ်သူ ဒေါ်ခင်ကြည်၏ မျက်နှာကို ငေးမောကြည့်ရှုနေမိရင်း ယခင်က ကျွန်တော်တို့သည် မောင်နှမအရင်းသဖွယ် သွားလာလုပ်ကိုင်နေထိုင်ခဲ့ကြပုံများကို မျက်စိထဲတွင် တရေးရေး မြင်ယောင်လာခဲ့ပါသည်။

တစ်ကြိမ်က ဗိုလ်လက်ျာ၏ ဖခင်ကြီး ပဋ္ဌင်းတက်ရာတွင် လိုအပ်သည့် ပစ္စည်းများ ဝယ်ခြမ်းရန် ကျွန်တော်နှင့် ဒေါ်ခင်ကြည်တို့ တာဝန်ယူခဲ့ကြရပါသည်။ ထိုနေ့က ဘီအိုင်အေ ဆေးရုံကြီးမှ ထွက်လာကြပြီး ဆင်းဒဝစ် လမ်းတစ်လျှောက်မှ လျှောက်လာကြကာ စကော့ဈေး ကုန်းတံတားလေးကို ကျော်ပြီး ထိုစဉ်က စကော့ဈေး (ယခု ဗိုလ်ချုပ်ဈေး) ဘက်ဆီသို့ လျှောက်လာကြပါသည်။ ထိုမှတစ်ဖန် သိမ်ကြီးဈေးသို့ ကူးသွားကြပါသေးသည်။ သိမ်ကြီးဈေးမှတစ်ဆင့် မြင်းလှည်းလေးတစ်စီး ငှားပြီး ကြည့်မြင်တိုင်ဘက်သို့ ခရီးဆက်ကြရပြန်ပါသည်။ လမ်းတွင် မိုးရွာလာသဖြင့် မြင်းလှည်းပေါ်တွင် မိုးလွတ်ရာနေရာတွင် တိုးကာဝှေ့ကာ ထိုင်လိုက်သွားကြရပါသည်။ ကြည့်မြင်တိုင်ရောက်သည့်အခါ ကိုသိန်း မပု သင်္ကန်းပရိက္ခရာဆိုင်မှ သင်္ကန်းတစ်စုံ ဝယ်ယူကြပါသည်။ သင်္ကန်းဆိုင်မှ ထွက်လာသည့်အခါ လမ်းဘေးတွင် ချရောင်းနေသည့် လက်သုပ်စုံသည်ကို တွေ့သည့်အခါ ဒေါ်ခင်ကြည်က လက်သုပ်စုံစားရန် ပြောပါသည်။ ကျွန်တော်က ဒီလိုနေရာမျိုးတွင် မထိုင်ချင်၍ မစားရန် ကန့်ကွက်ခဲ့သော်လည်း မရပါ။ ဒေါ်ခင်ကြည်သည် ပတ်ဝန်းကျင်ကို လျစ်လျူပြုကာ စားချင်သည့် လက်သုပ်စုံကို ငရုတ်သီးစပ်စပ်ထည့်ပြီး ဟင်းချိုလေးသောက်လိုက်၊ လက်သုပ်စပ်စပ်လေးစားလိုက်နှင့် တရှူးရှူးတရှဲရှဲနှင့် မြိန်ရေရှက်ရေ စားနေပုံများ။

ဘီအိုင်အေ ဆေးရုံအတွက် လိုအပ်သည့် ရိက္ခာများကို ဂျီအက်စ်အို ရုံကြီးသို့ ကျွန်တော်တို့နှစ်ယောက် သွားရောက်ထုတ်ယူခဲ့ရပုံများ။

ဒေါ်ခင်ကြည်မှာ တာဝန်ကျေပွန်လှသည့် ဆရာမ ကောင်းတစ်ဦးဖြစ်ရာ ဒေါ်ခင်ကြည်၏ လုပ်ကိုင်ဆောင် ရွက်ပုံများကို သဘောကျလှသဖြင့် ဆရာကြီးဦးဘသန်းက ဆုချသည့်အနေနှင့် ဒေါ်ခင်ကြည်အတွက် ရှမ်း လုံချည်ဝယ်ရန် ငွေ ၃၀ ပေးပြီး ကျွန်တော့်အား ဝယ်ခိုင်း ခဲ့ပုံများ။

ထိုဖြစ်စဉ်များကို တွေးတောရင်း ကျွန်တော်ကိုယ် တိုင်မှာလည်း ဒေါ်ခင်ကြည်ကို နှမြောသယောင် ခွဲခွာ ကြရတော့မည်ကို ဝမ်းနည်းသယောင်နှင့် စိတ်လှုပ်ရှား နေမိပါသည်။

တပည့်မ၏ မင်္ဂလာပွဲကို ချီးမြှင့်သည့်အနေနှင့် သက်ဝေသီချင်းကို ကိုယ်တိုင်သီဆိုနေသည့် ဆရာကြီး မျက်နှာမှာလည်း မသာယာလှဘဲ ရှိနေသည်ကို ကျွန် တော် သတိထားလိုက်မိပါသည်။ ကျွန်တော်ပင်လျှင် ဒေါ်ခင်ကြည်နှင့် ခွဲရမည်ကို နှမြောသယောင်၊ ဝမ်းနည်း သယောင်ဖြစ်နေသေးရာ ဒေါ်ခင်ကြည်အပေါ်တွင် သံယော ရင်းပမာ ခင်တွယ်အားထားခဲ့သည့် ဆရာကြီးအဖို့ ကျွန်တော့်ထက်ပိုမို၍ ဒေါ်ခင်ကြည်ကို နှမြောနေ မည်။ ပို၍ စိတ်ထိခိုက်ပေလိမ့်မည် မလွဲပင်။

ကစ်တီ၏ စန္ဒရားသံနှင့် ဆရာကြီး၏ သီချင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ကိုမူ ညော့်ပရိသတ်အပေါင်းက ဆူညံစွာ သြဘာပေး လျက် ရှိနေကြပါသည်။

ဤသို့နှင့်ပင် ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည်တို့၏ လက်ထပ်ပွဲကား ပြီးဆုံးခဲ့ပါသည်။ ။

မှတ်မိသေးတယ် ဂျပန်ခေတ် ဆေးရုံကြီးဝယ်မှ ကောက်နုတ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအခေါ်များ

မြတ်မော်

**နိုင်ငံရေးအတွေးအခေါ်များ**

နိုင်ငံရေးသည် လူမှု–သူမှုကိစ္စအားလုံးပင် ဖြစ်၏။ လူဟူ၍ ကမ္ဘာတွင် ဖြစ်လာသည့်အခါမှစ၍ လူ၏ အတန်းအစားအလျောက် လူလိုနေ၊ လူလိုဝတ်၊ လူလိုစား၊ လူလိုသောက် လူလို လုပ်လာ၏။ လူလိုလုပ်ချင်လာ၏။ လူလိုလုပ်ရန် ကြိုးစားလာ၏။ အထမြောက်လာ၏။ ပိုမိုကျယ် ပြောလာ၏၊ လူနှင့် တိရစ္ဆာန်ကွဲပြား မှုမှာ လူက တီထွင်တတ်သည့် အစွမ်း၊ မြင်တတ်သည့် အရည်အချင်းရှိခြင်း ဖြစ်၏။ ထိုအရည်အစွမ်းမှာ အသိဉာဏ်ပင်ဖြစ်၏။ ထိုလူ၏ အသိဉာဏ်ဖြင့် လူ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ကြရာ ပိုမိုများပြားရှုပ်ထွေးလာသောအခါ နိုင်ငံရေးတည်းဟူသော လူ ပင်မတရား ပေါ်ပေါက်လာ၏။ ဥပမာအားဖြင့် ဂဏန်းသင်္ချာတွင် အပေါင်းအနုတ်က အမြှောက်အစားထက်၊ အမြှောက်အစားက ဘုံညီတိုင်းတို့ ဘုံသုံးကိန်းတို့ထက် ကွာသည်။ တတ်၍တတ်၍ သွားသည့်အခါ ရိုးရိုးဂဏန်းမှ ဆန်းဆန်း၊ ဆန်းဆန်းမှ ရှုပ်ရှုပ်ဖြစ်လာသကဲ့သို့ပင် ထိုအတိုင်း အက္ခရာသင်္ချာ အစရှိသဖြင့် ပေါ်ပေါက်လာသကဲ့သို့ဖြစ်၏။ အမြှောက်အစားသည် အပေါင်းအနုတ်မှ တစ်ဆင့်တက်ခြင်းဖြစ်သကဲ့သို့ အမြှောက်သည် အပေါင်းများစွာ လုပ်ရသည်ကို အလွယ်နည်း၊ ပိုမိုကောင်းသောနည်း [illegible] သကဲ့သို့၊ အစားသည် အနုတ်များစွာ လုပ်နေရ[illegible] ကိစ္စကို ပြုပြင်သကဲ့သို့ လူမှုကိစ္စများမှာလည်း ဗ[illegible] အရ ပဒေသာပင်ခေတ်မှ သမ္မတမင်းခေတ် (အစိုးရ [illegible] သည့်ခေတ်)တည်းဟူသော နိုင်ငံရေးဘဝ ရောက်[illegible] ၏။ အခြား အက္ခရာတွေ အယူအဆမှုကား လူ[illegible] လူယဉ်ခေတ်ရောက်လာသည့်အခါ နိုင်ငံရေး ပေါ်[illegible] ဟု ဆို၏။ မည်သို့ပင်ဖြစ်စေ လူဟူသောအချက်[illegible] လူမှု–သူမှုကိစ္စများ ထွေပြားနက်နဲလာသည့်အခါ [illegible] တစ်ဦးတည်း၊ တစ်အိမ်ထောင်တည်း၊ တစ်မျိုး[illegible] ဘာသာတည်း တစ်နိုင်ငံလုံးဆိုသည့်ကိစ္စမျိုးမရှိ[illegible] တစ်ဆင့်ထက် တစ်ဆင့် တက်လာ၏။ ထိုသို့[illegible] အတန်းမှ နိုင်ငံရေးတည်း ဟူသော ပင်မသည် ပေါ်[illegible] ၏။

*(၁၉၄၀–ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဒဂုံ[illegible]*

× × ×

လူတွေပေါ်လာပြီး လူကိစ္စတွေ တွေ့လာ[illegible] နိုင်ငံရေးဆိုတာ ဖြစ်လာ၏။ (စတိတ်)ဆိုတဲ့[illegible] အဆောက်အအုံကြီးဖြစ်လာသည်။ အမှန်တော့ တ[illegible]

www.burmeseclassic.com

www.burmeseclassic.com



စားက တစ်တန်းစားကို အုပ်စိုး ချုပ်ချယ်သည့်စနစ် အရင်းခံပင်ဖြစ်လေသည်။ သို့ပင်ဖြစ်သော်လည်း မောဟတွေ ဖုံးလွှမ်းနေတဲ့ ဤလောကကြီးမှာ လူတွေအများမှာ မသိနိုင်၊ မဖြစ်နိုင်လွန်းတော့ စတိတ်ဆိုသမျှပဲ အကောင်းချည်း ထင်ကြလေသည်၏။ ထင်ကြတော့သည်။ (စတိတ်) ဆိုတဲ့ တန်ခိုး အာဏာ စက်ကိရိယာကြီးကို သူ့အတန်းအစား လက်က ကိုယ့် အတန်းအစားလက်ရောက်အောင် ကိုယ့်အတန်းအစားအဖို့အတွက် လုယူကြလာလိုက်တာ ယခုဆိုလျှင် လူတစ်ဦးကတစ်ဦး၊ တစ်တန်းစားက တစ်တန်းစား နှိမ်ရုံတွင်မဟုတ်ဘဲ တစ်တိုင်းပြည်က တစ်တိုင်းပြည် နှိမ်လာ၏။

*(၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

အမှန်မှာ နိုင်ငံရေးမှာ လောကီရေးပင် ဖြစ်၏။ နိုင်ငံရေးမှာ နိဗ္ဗာန်ရောက်ကြောင်း တရား မဟုတ်ပေ။ သို့သော်လည်း လောကီမှာလည်း လောကုတ်ရှိနိုင်၏။ လောကီ တည်နိုင်၏။ အူမတောင့်မှ သီလစောင့်နိုင်၏။ ထို့ ကြောင့် နိုင်ငံရေးကား ပင်မပင်တည်း။

*(၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီလ ဒဂုံမဂ္ဂဇင်း)*

× × ×

အများအားဖြင့် စင်မြင့်ပေါ်တက်၊ အသံကျယ်ကျယ်အော်၊ ဟိုဆဲ၊ သည်ဆဲဆိုလျှင် နိုင်ငံရေးဟုထင်၏။ ဤအရာမျိုးကား နိုင်ငံရေးမဟုတ်၊ ဒစ်(ခ်)ကွန်တက်စီခေါ် လူပြိန်းကြိုက် လူ အပေါစား အလုပ်မျိုးဖြစ်၏။

*(၁၉၄၀–ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

နိုင်ငံရေးသည် လူတိုင်းနှင့်ဆိုင်၏။ လူတိုင်းလုပ်မှ ဖြစ်မည်။ မင်းလောင်း မျှော်နေစရာမဟုတ်။ ဘယ်နေရာကမှ မင်းလောင်းပေါ်မည် မဟုတ်။ (စကြာမင်း) ဆိုသော်လည်း မရှိ၊ လာမည်မဟုတ်၊ ပေါ်လျှင်လည်း သူလိုငါလိုထဲမှ ရာဇဝင် ကိန်းခန်းအလျောက် (ဝါ) အရေးပေါ်ပေါက်သည့်အခါ အခါအလျောက် ဆောင်ရွက်ရန် စွမ်းရည်သတ္တိရှိသူသည် မုချဆက်ဆက်တကယ့် ခေါင်းဆောင်ဖြစ်မည်။ ထိုသူသည် သင်လည်းဖြစ်နိုင်၏။ ထို့ကြောင့် သင်၏စိတ်ဝယ် ကိန်းအောင်းနေသော လူညံ့စိတ်ကို ဖျောက်ပြီး နိုင်ငံရေးကို လိုက်စားလိုက်စမ်းပါ။ "ယောကျ်ားတံခွန်လူရည်ချွန် ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်း" ဒါဟာ ဒါမျိုးကို ဆိုတာပဲ။

*(၁၉၄၀–ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

နိုင်ငံရေးအကြောင်းတွေးလျှင် ဝါဒ ပါစမြဲဖြစ်၏။ ဝါဒမရှိသည့် နိုင်ငံရေးဟူ၍ ဘယ်ကမ္ဘာတွင်မှ မရှိ၊ ဝါဒမလိုပါဘူး၊ ဗမာဆိုလျှင် ဗမာစိတ်ရှိတာပဲ။ ဗမာကောင်းစားဖို့ဆိုလျှင် လူတိုင်း လိုချင်တာပေါ့၊ ဝါဒဆိုတာ ဝါဒပဲပေါ့။ ဘာ ခနရှင်ဝါဒ၊ ဘာဝါဒနှင့် ဇာချဲ့နေစရာလိုသလဲ စသည်ဖြင့် ပြောကြ၏။ တစ်ရံရောအခါ ပဲခူးမြို့တွင် ဓနရှင်ကြီးတစ်ယောက် ပြောသည်ကို မှတ်လိုက်ရဖူး၏။ အမှန်မှာ နိုင်ငံရေး နားမလည်၍တစ်ကြောင်း၊ သူ၏အတန်းစား စိတ်အမြင်နှင့် ဆန့်ကျင်၍တစ်ကြောင်း၊ ဝါဒမလိုဟု ပြောလိုက်ခြင်းပင်ဖြစ်၏။ ဝါဒ မရှိလျှင် ဘယ်နိုင်ငံရေးမျိုး လုပ်နိုင်မလဲ။

*(၁၉၄၁ ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

မိမိကိုယ်ကို နာမည်ကြီးအောင်၊ ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင် လုပ်တတ်မှ နိုင်ငံရေးဖြစ်၏။

*(၁၉၄၁ ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်ဟုဆိုရမည်လော ... စင်စစ်မှာ နိုင်ငံရေးသည် ယုတ်မာ ညစ်ထေးစမြဲမဟုတ်၊ နိုင်ငံရေးကို ယုတ်မာ ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းသာ ဖြစ်ပေ၏။

*(၁၉၄၆–ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ*
*အဖွဲ့ချုပ်ညီလာခံ၌ မိန့်ကြားသော မိန့်ခွန်း။)*

× × ×

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးဆိုတာဘာလဲဟု မေးဖွယ်ရာရှိပြန်၏။ ကျွန်ုပ်သည် သာမန်ပုထုဇဉ်များဖြစ်သောကြောင့် နိုင်ငံရေးကို မလုပ်သင့်။ နိုင်ငံရေးသည် အလွန် မြင့်မြတ်သည့်အတွက် ကျွန်ုပ်တို့နှင့် မတန်မရာ၊ လေးမြတ်စွာ ရှမျှော်ရန်သာလျှင် ရှိသည်ဟူ၍ဆိုရမည်လော။ သို့တည်း မဟုတ် နိုင်ငံရေးသည် အချို့သော လူညာလူလိမ်တို့သည် တောအုံနားက ကျေးတောသား လူရိုးလူအ တို့ကို အတိတ်၊ တဘောင်၊ စနည်း၊ ဘဝ တို့ကို တွင်တွင်ကြီး ဟောပြော၍ ထိုသူတို့၏ မနောအကြိုက်ကိုလိုက်၍ အငိုက်ကို ဖမ်းပြီးနောက်၊ စားပေါက်ထွင်ကြသည့်ကိစ္စဟု ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကန္တာရခရီးပမာ ကြောက်မက်ဖွယ်သော အန္တရာယ်များစွာ ရှိသော အရေးကိစ္စဖြစ်သောကြောင့် ကျွန်ုပ်တို့သည် မတတ်လျှင် ရှောင်ရှားသင့်သည်ဟု ဆိုရပေမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကျွန်ုပ်စသည့် ကျွန်ုပ်တို့ ပြောလေ့ပြောထ ရှိသည့်အတိုင်း အမျိုး၊ ဘာသာ သာသနာရေးဟူ၍ပင် ဆိုရဦးမည်လော။ နိုင်ငံရေး သဘောအမှန်မှာ ကျွန်ုပ်တို့ လူသားတို့နှင့် မတန်မရာ မြင့်မြတ်လွန်းသည် မဟုတ်၊ နိမ့်ကျလွန်းသည်လည်း မဟုတ်၊ မျက်လှည့်ဗေဒင်လည်းမဟုတ်၊ အဂ္ဂိရတ်လည်း မဟုတ်၊ ကြောက်မက်ဖွယ်ကောင်းသော ကန္တာရခရီး လည်း မဟုတ်၊ ဘယ်သူသေသေ ငတေမာပြီးရော စိတ် ဓာတ်နှင့် လုပ်သော အရေးကိစ္စလည်းမဟုတ်၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေ အနေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စသာလျှင် ဖြစ်ပေ၏။ အချုပ်ဆိုရလျှင် နိုင်ငံ ရေးဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေကြရသောကိစ္စပင် ဖြစ်ပေသည်။ တစ်နည်း အားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေ မည်။ ကျွန်ုပ်တို့စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားလာမှု အစုစုသည် နိုင်ငံရေးပင် ဖြစ်၏။

*(၁၉၄၆–ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ် ညီလာခံ၌ မိန့်ကြားသောမိန့်ခွန်း။)*

× × ×

ကျွန်ုပ်တို့သည် နိုင်ငံရေးကို မဆင်ခြင် မတွေးတော မိစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့နှင့် အမြဲတစေ ဆ[illegible] သွယ်နေ၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို ရှောင်ရှား[illegible] စေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့၏အိမ်၊ ရုံး၊ အလု[illegible] စသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။ ဤဌာနများ၌ ကျွ[illegible] တို့သည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးကိုပင် လုပ်နေကြ[illegible] သည်။ အလုပ်သမားသည် အခကြေးငွေအတွက် အ[illegible] လုပ်ရ၏။ တောင်သူလယ်သမားသည် အခကြေး[illegible] ဝမ်းစာ အတွက်အလုပ်လုပ်၏။ စာရေးစာချီ အမှုထ[illegible] သည်လည်း လစာငွေအတွက် အလုပ်လုပ်ရ၏။ [illegible] သည်ပွဲစား စသည်တို့သည်လည်း အသီးသီးပင် ဝင်[illegible] ရရန် အလုပ်လုပ်ကြရ၏။ အချုပ်မှာ စားသောက်နေ[illegible] ရေးအတွက်ပင် ဖြစ်၏။ အလုပ်သမားသည် အခကြေ[illegible] ငွေကို တိုးတက်၍ ရပြီးလျှင် စားသာသောက်သာ[illegible] အခြေအနေကို ရလို၏။ တောင်သူလယ်သမားသည် [illegible] လယ်မြေတို့ကို တိုးတက်ကောင်းမွန်စေ၍ သက်[illegible] ချောင်ချိလို၏။ စာရေး စာချီ အမှုထမ်းတို့သည်လ[illegible] ရုံး၌တကုပ်ကုပ်လုပ်နေရသည်ထက် လွတ်လွတ်လ[illegible] ချောင်ချောင်လည်လည်ရှိသော အခြေအနေသို့ [illegible] လိုကြ၏။ ကုန်သည် ပွဲစားတို့သည်လည်း လွယ်[illegible] ကူကူ တိုးချဲ့၍ ကူးသန်းရောင်းဝယ်လိုကြ၏၊ ဤ[illegible] လူတိုင်းလူတိုင်း မိမိတို့၏ အခွင့်အရေးကို ရယူလို[illegible] သည် နိုင်ငံရေးပင် ဖြစ်၏။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့၊ [illegible] အဖွဲ့ချုပ်ညီလာခံ၌ မိန့်ကြားသောမိန့်[illegible]*

× × ×

လွတ်လပ်ရေးဆိုရာ၌ နေရေး ထိုင်ရေး လွတ်လ[illegible] လူတစ်ဦးတစ်ယောက်အနေနှင့်လည်းကောင်း၊ တစ်[illegible] လုံးအနေနှင့်လည်းကောင်း တိုးတက်ကြီးပွားအောင် [illegible] ဆောင်ရွက်နိုင်အောင် လွတ်လပ်မှု၊ ကျွန်ုပ်တို့၏ [illegible] ဉာဏ၊ စာရိတ္တအဆင့်အတန်း တိုးမြင့်အောင် ဆောင်[illegible] နိုင်ရန်အတွက် လွတ်လပ်မှု စသည်တို့ကို ဆိုလိုပေ[illegible] ဤလွတ်လပ်မှု ရယူမှုသည်ပင်လျှင် နိုင်ငံရေးဖြ[illegible] သို့ဖြစ်ရကား နိုင်ငံရေးသည် လူမှုရေးမျှသာ [illegible] နိုင်ငံရေးကို ကျွန်ုပ်တို့ နားမလည်စရာအကြော[illegible] သို့ပါလျက်နှင့် အချို့သော သူများသည် နိုင်ငံရေး[illegible]

www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာညစ်ထေးသည်ဟု ဆိုကြ၏။ အချို့ကလည်း နိုင်ငံရေးသည် ကိုးကွယ်ရာ ဘာသာတစ်ရပ် ဖြစ်သကဲ့သို့ ဆိုကြပြန်၏။ ထိုသူတို့၏ အယူအဆတို့မှာ အလွဲလွဲ အမှားမှား အကွဲကွဲ အပြားပြား ရှိကြပေ၏။ နိုင်ငံရေးကို ဘာသာတရားဖြစ်သကဲ့သို့ ပြောဆိုကြသော သူများမှာ ယုတ်မာညစ်ထေးသော နိုင်ငံရေးသမားများပင် ဖြစ်ပေသည်။ ထိုသူတို့၏ ရည်ရွယ်ချက်မှာ ဤကဲ့သို့ ကြီးကြီးကျယ်ကျယ် လီဆယ်၍ ပြောခြင်းအားဖြင့် ပြည်သူလူထု၏ စိတ်ကို ရှုပ်ထွေးစေ၍ အကြောင်းအကျိုးအကောင်းအဆိုးကို ဝေဖန်ခြင်းငှာ မစွမ်းဆောင်နိုင်အောင် လုပ်ဆောင်နေသည့် လက်ချက်မျှသာ ဖြစ်ပေ၏။ အမှန်မှာ ထိုသူတို့ ပြုလုပ်သမျှသည် နိုင်ငံရေးမဟုတ်။ မိမိတို့အကောက်ဉာဏ်သုံး၍ မိမိတို့ ကြီးပွားရေးအတွက် လုပ်သော တစ်နပ်စား နိုင်ငံရေးပင် ဖြစ်၏။

*(၁၉၄၆–ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ်ညီလာခံ၌ မိန့်ကြားသောမိန့်ခွန်း။)*

× × ×

ကိုးကွယ်သည့် ဘာသာရေးမှာ လူအသီးသီးတို့၏ သက်ဝင်ယုံကြည်မှုဖြစ်၏။ နိုင်ငံရေးမှာကား လူအသီးသီးတို့၏ ပေါင်းသင်းဆက်ဆံမှု သိပ္ပံအတတ်သာ ဖြစ်၏။

*(၁၉၄၆–ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ်၏ညီလာခံ၌ မိန့်ကြားသော ဥက္ကဋ္ဌမိန့်ခွန်း။)*

× × ×

နိုင်ငံရေးသည် လူအသီးသီးတို့၏ အခွင့်အရေးကို စောင့်ရှောက် ရပေလိမ့်မည်။ အခွင့်အရေးများတွင် လွတ်လပ်စွာ ဘာသာကိုးကွယ်နိုင်မှုလည်း ပါဝင်လေသည်။ ဤအခွင့်အရေးပေးရာ၌ပင်လျှင် ကျွန်ုပ်တို့သည် နိုင်ငံရေးနှင့် ကိုးကွယ်သည့်ဘာသာရေး နှစ်ဌာနစပ်ကြားတွင် စည်းတားရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံရေးနှင့် ဘာသာရေးမှာ သဘောမတူ တစ်မူကွဲပြား တခြားစီ ဖြစ်သောကြောင့်တည်း။ ဘာသာရေးနှင့် နိုင်ငံရေးကို ရောစပ်ပါမူ ဘာသာရေး၏သဘောတရားကို ဆန့်ကျင်ရာ ရောက်ပေ၏။ အကြောင်းမူကား ဘာသာရေးသည် နောက်တမလွန်ဘဝများကို (ဝါ) လောကုတ္တရာကို ရှေးရှုသည်ဖြစ်သောကြောင့် လောကအရေးများနှင့် များစွာမသက်ဆိုင်ချေ။ နိုင်ငံရေးမှာမူကား လောကီရေးရာသာ ဖြစ်ပေ၏။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ် ညီလာခံ၌ မိန့်ကြားသောမိန့်ခွန်း။)*

× × ×

စင်စစ်မှာ နိုင်ငံရေးမည်သည် ပြီးဆုံးခြင်းသို့ ရောက်ပြီဟူ၍ မရှိနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သံသရာ၌ လည်နေရ၍ ပဋိစ္စ သမုပ္ပါဒ် တရားတော်မြတ်အတိုင်း အကြောင်းနှင့် အကျိုး၊ အတိတ်နှင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့်အနာဂတ် ဆက်စပ်၍ မရပ်မနား ရှည်လျားလှသောခရီးကို တစ်သွားတည်း သွားနေရပေမည်။ ဤကဲ့သို့ အကြောင်းတရား၊ အကျိုးတရား အမျိုးအစားကို လိုက်၍ ဖြစ်ပျက်နေခြင်းသည်ပင်လျှင် နိုင်ငံရေး ဖြစ်၏။

(၁၉၄၆–ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ် ညီလာခံ၌ မိန့်ကြားသောမိန့်ခွန်း)

× × ×

နိုင်ငံရေးနှင့် ဝါဒ ခွဲလို့မရ။ ဝါဒ ရှိမှရမည်။ ဝါဒဆိုသည်မှာလည်း မိုးပေါ်က ကျမလာ။ ဘယ်ကျောက်စာ ဘယ်သိုက်ကမှ တူးဖော်၍ ကြည့်စရာ မလို။ ထာဝရဘုရားသခင်ကလည်း ဖန်ဆင်း မပေး။ ဝါဒဆိုသည်မှာ သူ့ခေတ် သူ့ဒေသ သူ့ကိန်းအလျောက် ပေါ်လာရ၏။

*(၁၉၄၀–ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

လောကမှာ လွတ်ရာလွတ်ကြောင်း အရင်းခံ၍ ဘာသာ အမျိုးမျိုးရှိ၏။ သူ့ဝါဒ သူ့အယူနှင့်ရှိ၏။ သည်ဝါဒအယူတွေအနက် ဘယ်သင်းလိုက်မလဲ။ ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒကြိုက်သူ ဗုဒ္ဓဘာသာလိုက်။ မဟာမေဒင်ဘာသာ၊ မဟာမေဒင်ဝါဒကြိုက်သူ မဟာမေဒင် လုပ်ကြ။ ဤအတိုင်း နိုင်ငံရေးတွင် ထပ်တူဖြစ်၏။ ဝါဒတူနှင့် ဘာကြောင့် နိုင်ငံရေးဂိုဏ်းတွေ ကွဲနေစရာ လိုနေသလဲ။ ဝါဒမတူလို့သာ ကွဲသည်ဟုမှတ်။

*(၁၉၄၀–ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

www.burmeseclassic.com

www.burmeseclassic.com



လူတွေသည် ပြုပြင်၍ရ၏။ ပြုပြင်လို၏။ တိုးတက်လို၏။ ဤအချက်မှာ ထင်ရှားနေပေပြီ။ စင်စစ် နိုင်ငံရေးမှာ တိုးတက်လိုသည့် ပင်မတရားကြီး တစ်ရပ်ပင် ဖြစ်၏။ ထိုတရားကား လောကနိဗ္ဗာန်ကို နောက်ဆုံးရည်မှန်းလေသည်။

(၁၉၄၀–ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဒဂုံမဂ္ဂဇင်း။)

× × ×

အစိုးရမှာမှုဖြစ်ပေါ်လာစဉ်ကပင် လူတွေ တရားမစောင့်နိုင်၍ ဖြစ်၏။ လူတွေသာ တရားစောင့်နိုင်လျှင် အစိုးရဟူ၍ ရှိတော့မည်မဟုတ်။ ဤကား ဗမာကျမ်းဂန်တွေ၌ ရှိ၏။ လူတွေက တရား မစောင့်သောအကြောင်းမှာလည်း လောဘကြောင့် ဖြစ်၏။ လောဘတရား ဖြစ်လာရခြင်းမှာလည်း ပုဂ္ဂလိကပစ္စည်း ဖြစ်ပေါ်လာသဖြင့် ငါ့ဟာ၊ ငါ့အိမ်၊ ငါ့ခြံ စသည်ဖြင့် ငါ တည်းဟူသော သက္ကာယဒိဋ္ဌိ အရင်းခံသည့် လောဘ၊ ထိုလောဘကြောင့် ဖြစ်သော ဒေါသ၊ ထိုလောဘ ဒေါသမီးတို့ကြောင့် မောဟတည်းဟူသော မသိ မလိမ္မာ မိုက်မဲမှု ဖြစ်လာ၏။ ထိုအခါ လူများမှာ အကျိုးချင်း မတူသော အမျိုးများကြောင့် အချင်းဖြစ်ရ၏။

(၁၉၄၀–ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဒဂုံမဂ္ဂဇင်း။)

× × ×

စစ်ဖြစ်ခြင်း၏အကြောင်းရင်းကို စဉ်းစားလျှင် လူတစ်ဦးကတစ်ဦး၊ တစ်တန်းစားက တစ်တန်းစား၊ တစ်နိုင်ငံက တစ်နိုင်ငံကို အနိုင်ကျင့်နေသော သွေးစုပ်နေသော ဝါဒ(ဝါ)ခေနရှင်ဝါဒ လွှမ်းမိုးသမျှ စစ် ဖြစ်မြဲဖြစ်မည်ပင်။

(၁၉၄၀–ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)

× × ×

ဗမာပြည်ရဲ့ ကာကွယ်ရေးဟာ ဗမာပြည်သစ်ထူထောင်ရေးစနစ်မှာ ဗဟို အချက်အချာဖြစ်ရမည်။ ဖြစ်မှလည်း ဗမာပြည်ဟာ တကယ် ကြီးပွားနိုင်မည်။ ကာကွယ်ရေးအတွက် နှစ်စဉ် ဗမာပြည်အစိုးရရဲ့ ဝင်ငွေထွက်ငွေ ခန့်မှန်းချက်တွင် အများဆုံး ပေးရမယ့်အပြင် ကာကွယ်ရေးကို အထောက်အပံ့ ဖြစ်စေဖို့ တခြားဌာနများကို စီစဉ်လုပ်ကိုင်ရမယ်။ ဥပမာ ...ဗမာပြည်ရဲ့ ကာကွယ်ရေးအတွက် လူဦးရေ လိုတယ်။ လူဦးရေများမှသာ စစ်သားများများ ရနိုင်မည်။

(၁၃၀၄ ခုနှစ်၊ သီတင်းကျွတ် လဆုတ် ၈ ရက်နေ့ မြို့တော်ခန်းမ၌ ကျင်းပသော ခေတ်သစ် ဆရာ သင်တန်းတွင် ဗမာ့ ကာကွယ်ရေးတပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်း၏ သေနင်္ဂဗျူဟာစစ် ဟောပြောချက်)

× × ×

တိုင်းပြည်တစ်ပြည်မှာ ပထမဆုံး လွတ်လပ်ရေး ရဖို့ဟာ ဒါလောက် မခဲယဉ်းဘူး၊ လွတ်လပ်ရေးရပြီး ရတဲ့လွတ်လပ်ရေးကို ထိန်းသိမ်းဖို့ပဲ ခဲယဉ်းတယ်။

(၁၃၀၄ ခုနှစ်၊ သီတင်းကျွတ် လဆုတ် ၈ ရက်နေ့ မြို့တော်ခန်းမ၌ ကျင်းပသော ခေတ်သစ်ဆရာ သင်တန်းတွင် ဗမာ့ ကာကွယ်ရေး တပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်း၏ သေနင်္ဂဗျူဟာ စစ် ဟောပြောချက်)

× × ×

နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံအား သိမ်းပိုက် စိုးခြင်းသည် မည်သည့်နည်းနှင့်မှ တရားနည်းလမ်း မကျ

(ဖက်ဆစ်တော်လှန်ရေးသ

× × ×

ကျွန်ုပ် ကိုယ်တိုင်၏ သဘောအရ ဆိုလျှင် ဗမာ့ လွတ်လပ်ရေးအတွက် နိုင်ငံခြား အကူအညီ ဗမာပြည်ပသို့ ဝါဒဖြန့်ရေး လိုအပ်သည်မှာ မှန် လည်း တကယ့် အဓိက လုပ်ငန်းဖြစ်သော ပြည်သူ အား လွတ်မြောက်ရေး လှုပ်ရှားမှုအတွက် စနစ် စည်းရုံးရေးကိုမူ ဗမာပြည်တွင်းမှာ အင်တိုက်အား လုပ်ကြရမည်ဟု ထင်မြင်ခဲ့မိလေသည်။

(ဖက်ဆစ်တော်လှန်ရေး

× × ×

အကြောင်းမူကား ကျွန်ုပ်အနေနှင့် သဘောဦး

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်အုပ်စိုးခြင်းစနစ်ကို မည်သည့်နည်း၊ မည်သည့်နည်း ပုံမျိုးပင်ဖြစ်စေ လုံး၀ နှစ်သက် သဘောကျခြင်း မရှိသော ကြောင့်ပင်တည်း။

*(ဖက်ဆစ်တော်လှန်ရေးသမိုင်း)*

× × ×

ခင်ဗျားဟာ ကွန်မြူနစ်တစ်ယောက်လား ဟူသော မေးခွန်းကိုမူ ကျွန်ုပ်က နိုင်ငံခြားမှ နည်းစနစ်ပုံစံတစ်ခုကို အခြားနိုင်ငံတစ်ခု၌ တိုက်ရိုက် ကူးယူ အသုံးချခြင်းကို ကျွန်ုပ် မယုံကြည်၊ ကမ္ဘာပေါ်ရှိ နိုင်ငံ အသီးသီးမှ နည်းစနစ်မျိုးစုံကို သေချာစွာ လေ့လာ သုံးသပ်ပြီးမှ ကျွန်ုပ်တို့ တိုင်းပြည် အခြေအနေနှင့် ဆီလျော်အောင် ပြုပြင်သုံးယူ သင့်ကြောင်း၊ ကွန်မြူနစ်ဝါဒနှင့် ပတ်သက်၍ ကျွန်ုပ်တို့ မနှစ်သက်စရာ အချက်အလက်တွေ ရှိစေကာမူ ကွန်မြူနစ်တို့၏ စနစ်ကျသော စီးပွားရေးစီမံမှုမှာ တကယ် ချီးကျူးစရာ ကောင်းကြောင်း၊ ထို့ကြောင့် (ဂျပန်အပါ အ၀င်) အခြားနိုင်ငံများကပင် ထိုစနစ်ကို အတုယူပြီး ကျင့်သုံးနေကြောင်း စသည်ဖြင့် ဖြေကြားခဲ့ပါသည်။

*(ဖက်ဆစ်တော်လှန်ရေးသမိုင်း)*

× × ×

လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ကြ၊ ကျုပ်တို့မှာ ရေးကလို လက်နက်မဲ့ အင်အားမဲ့ လုံးလုံးတော့မဟုတ် ဘူး။ ကျုပ်တို့မှာ အင်အား လက်နက် ရှိတန်သလောက် ရှိတယ်။ အဲဒီ အင်အား လက်နက်ရှိတန်သလောက်ရှိတဲ့ စစ်တပ်ဟာလည်း ပြည်သူ့စစ်တပ်လို့ခေါ်နိုင်တဲ့စစ်တပ် ပါပဲ။ ရေးကလို ကြေးစားစစ်တပ်သဘောမျိုး မဟုတ်ဘူး။ ဒါတွင်လားဆိုရင် မဟုတ်သေးပါဘူး၊ ကျွန်တော်တို့ ရှေးတုန်းက တိုင်းရင်းသားစုဖြစ်ကြတဲ့ ဗမာ၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း အစရှိတဲ့အမျိုးသားများဟာ တစ်ဦးနှင့် တစ်ဦး တွေ့ဆုံ ရင်းနှီး ပေါင်းသင်း ဆက်ဆံဖို့ အခွင့် အလမ်း သိပ်မရခဲ့ကြဘူး။ တစ်ဦးနှင့်တစ်ဦး သွေးစည်းဖို့ အခွင့်အရေး မရကြဘူး။ ခုတော့ ဒီအခွင့်အရေးတွေ ရလာ ကြပြီ၊ ဒီဟာ အင်မတန် အဖိုးတန်တဲ့ အချက်တစ်ချက်ပဲ။

*(၁၉၄၇-ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့၊ ဗမာ့လွတ်လပ်ရေးနေ့၊ စစ်ဝန်ကြီး၏မိန့်ခွန်း)*

အဲဒီ နန်းရင်းဝန်ကြီး တိုဂျို၏ ကတိအတိုင်း မြန်မာ ပြည်တော့ လွတ်လပ်တော့မယ်ပဲဆိုကြပါစို့။ လွတ်လပ်ပြီ ကိုင်း...ဘာက ကျုပ်တို့ တိုင်းပြည် စကြမလဲ။ ဘယ်လို တိုင်းပြည်အသစ် ထောင်မလဲ၊ ယခုအစိုးရအဖွဲ့က အတော် အတန် မြန်မာပြည် ခေတ်သစ် ထူထောင်ရေးအတွက် လုပ်ငန်းအစီအစဉ်တွေ ပြောဆိုတာကြားလိုက်ပါရဲ့။ ဒါပေမဲ့ ဒီ အစီအစဉ်တွေကို လုပ်ဖြစ်ပါပြီတဲ့ ... တစ်နေ့ ဒီဟာတွေကို ကာကွယ်ဖို့ အား မရှိရင် ဘယ်မှာ အသုံးကျ တော့မလဲ။ ဒါကြောင့် မြန်မာပြည်ရဲ့ ကာကွယ်ရေးသည် ပထမ၊ မြန်မာပြည်ရဲ့ လွတ်လပ်ရေးသည် မြန်မာကာ ကွယ်ရေးအပေါ် တည်၏။ ထို့ကြောင့် မြန်မာ့ ကာကွယ် ရေးသည် မြန်မာ့လွတ်လပ်ရေးနှင့် ညီမျှ၏။ ဒီအချက်ကို ဘယ်သူမှ မငြင်းနိုင်ဘူး။ မြန်မာ့ အဓိက ပြဿနာဟာ မြန်မာ့ကာကွယ်ရေးပဲလို့ တထစ်ချ မှတ်လိုက်ပါ။

*(မြန်မာပြည်ကာကွယ်ရေးတပ်မတော်သို့ ဝင်ရောက် စစ်မှုထမ်းရန်ကိစ္စနှင့်ပတ်သက်၍ တန်ဆောင်မုန်း လဆုတ် ၂ ရက်နေ့က မြန်မာပြည် အသံလွှင့်ရုံမှ နေ၍ မြန်မာ့ကာကွယ်ရေးတပ်မတော် သေနာပတိကြီး ကာနယ်အောင်ဆန်း၏အသံလွှင့်ချက်)*

× × ×

ယခုလက်ရှိအချိန်ဟာ အတိတ်ကာလက ရက်တွေ နဲ့ မတူဘူး။ နိုင်ငံအားလုံးဟာ ဆက်စပ်နေကြတယ်၊ နိုင်ငံတစ်နိုင်ငံဟာ သီးခြား ကင်းလွတ်ပြီး မနေနိုင်ဘူး။ နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ တစ်လမ်းမဟုတ် တစ်လမ်း၊ တစ်ခုမဟုတ် တစ်ခု၊ ဆက်စပ်နေတယ်။ တစ်နိုင်ငံဟာ ဒီအကြောင်းကို နားမလည်ရင် တခြားနိုင်ငံတွေ အရင် ပျက်စီးမှာပဲ။

*(၁၉၄၄ ခုနှစ်ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည် ကာကွယ်ရေးသည် အရှေ့အာရှ ကာကွယ်ရေးဖြစ် သည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့် ပြောကြားချက်)*

× × ×

ကျွန်တော်တို့ ဘာကြောင့် ဗြိတိသျှအောက်ကို ကျရောက်ခဲ့ရသလဲ။ ကျွန်တော်တို့ဟာ တစ်ကိုယ်တည်း

www.burmeseclassic.com

www.burmeseclassic.com





တစ်ဦးတည်း နေခဲ့တဲ့အကြောင်းကြောင့်ပဲ။ ကျွန်တော်တို့ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တွေဟာ ဒီအကြောင်းကို တွေးလည်း မတွေးခဲ့ဘူး၊ လုပ်လည်း မလုပ်ခဲ့ဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့ နိုင်ငံဟာ ဗြိတိသျှအောက်ကို ကျရောက်ခဲ့ရတာပဲ။

*(၁၉၄၄ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်၏ ကာကွယ်ရေးသည် အရှေ့အာရှ ကာကွယ်ရေးဖြစ်သည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်ဟောကြားချက်)*

× × ×

ငါတို့ စစ်တပ်ဟာ နိုင်ငံသူ နိုင်ငံသားတွေကို ညှဉ်းဖို့မဟုတ်။ လက်နက် အားကိုး တန်ခိုးပြဖို့ မဟုတ်။ စစ်တပ်ဟာ နိုင်ငံရဲ့ အစေခံဖြစ်ရမယ်။ နိုင်ငံဟာ စစ်တပ်ရဲ့ အစေခံ မဖြစ်ရဘူး။

*(၁၉၄၄ ခု၊ မတ်လ ၁၃ ရက်နေ့၊ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းဆင်းပွဲ၌ ဗမာတပ်မတော်စစ်သေနာပတိနှင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်း)*

× × ×

ဗမာပြည်ရဲ့ အဓိက လုပ်ငန်းဟာ ကာကွယ်ရေး ပထမ၊ ကာကွယ်ရေး ဒုတိယနဲ့ ကာကွယ်ရေး နောက်ဆုံး ဖြစ်တယ်။ ကာကွယ်ရေးကို အခြေခံပြီး ကျွန်တော်တို့ တစ်တွေ ဗမာနိုင်ငံတော်သစ်ကို တည်ဆောက်ကြရမယ်။ အဲဒီ နောက်ဗမာပြည်ဟာ တောင့်တင်းခိုင်မာတဲ့ ပထမတန်းစား နိုင်ငံတစ်နိုင်ငံ ဖြစ်လာမယ်၊ ဒီအကျိုးကျေးဇူးတွေနဲ့ ကျွန်တော်တို့ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် ခံစားနေနိုင်ကြမယ်။

*(၁၉၄၄ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်၏ကာကွယ်ရေးသည် အရှေ့အာရှ ကာကွယ်ရေးဖြစ်သည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်ဟောပြောချက်)*

× × ×

လွတ်လပ်ရေး ရတနာသည်ကား လူတစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း၊ လူစွမ်းကောင်း အကြမ်းပတမ်း သဘော အားဖြင့် ရရှိရိုးထုံးစံမရှိ။ လွတ်လပ်ရေး ရတနာသည်ကား တိုင်းပြည် လူ အားလုံး(ဝါ)လူထု တစ်ခုလုံး၏ လူ အခွင့်အရေး (လူ့စည်းစိမ်)ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်သာ လျှင်ဖြစ်ရာ ငါတို့တစ်မျိုးလုံး တစ်ပြည်လုံးက တော် လှန်မှုတွင် ပါဝင်ဆင်နွှဲ၍ လူထုကိုယ်တိုင် ဖန်တီးရမည့် လုပ်ငန်းပင် ဖြစ်သည်ဟု ငါတို့ ယုံကြည်ကြသည်။

*(၁၉၄၅ ခုနှစ်၊ မတ်လအတွင်း ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်တွင်ကျင်းပသော လျှို့ဝှက်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း ဖတ်ကြားသော လွတ်လပ်ရေး ကြေညာချက်)*

× × ×

ယခုခေတ်အခါ၌ ကမ္ဘာသူ ကမ္ဘာသားတို့ ရင်ဆိုင် တွေ့ကြုံနေရသော ပြဿနာအပေါင်းတို့သည် တစ်ခုနှင့် တစ်ခု ရောထွေးယှက်တင် ခွဲခြားခြင်းငှာ မစွမ်းနိုင်သော အခြေအနေသို့ ရောက်ရှိလျက်နေပေသည်။ တစ်နည်း အားဖြင့်ဆိုသော် ကမ္ဘာကြီးတစ်ခုလုံးသည် ရန်းရင်းဆန် ခတ် နေရာမလပ်အောင် လှုပ်ရှားပြောင်းလဲလျက်ရှိနေ သည်။ အမျိုးသားရေး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ဆက် သွယ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကြီးပွားရေး၊ ယဉ်ကျေး ရေး၊ ဘာသာရေး၊ အကျင့်ကောင်းရေးစသော ထိုထိုသော အရေးတို့သည် စင်စစ်မှာ ဤရောထွေးယှက်သန်းလျက် ရှိသော ကမ္ဘာ့ပြဿနာကြီး၏ အစိတ်အပိုင်းများရှိသည် အားလျော်စွာ ခေတ်ကာလနှင့် ကိုက်ညီ၍ အစဉ်တစိုက် သဘော သဏ္ဌာန်ပြောင်းလဲလျက် ရှိကြပေသည်။ သို့ ပြောင်းလဲလျက်ရှိသောကြောင့် ကျွန်ုပ်တို့သည် ဤအရေး ဤကိစ္စများကို အသီးသီး အသက အသက တစ်ခုနှင့် တစ်ခု မဆိုင်သကဲ့သို့ မဆင်ခြင် မစဉ်းစားခြင်းငှာ မဖြစ် နိုင်တော့ချေ။ ဤကိစ္စဥဿုံ အလုံးစုံကို ဆင်ခြင် စဉ်းစား သောအခါ၌လည်း ကျွန်ုပ်တို့သည် ခေတ် မမီသော အတွေးအခေါ် နောက်ကျ ကျန်ရစ်ခဲ့သော ဥပဒေတို့ကို လေ့နံ့ဓားထစ် လိုက်နာခြင်းငှာ မဖြစ်နိုင်တော့ချေ။

*(၁၉၄၆–ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ ဖဆပလ အဖွဲ့ချုပ် ညီလာခံ၌ မိန့်ကြားသော မိန့်ခွန်း)*

× × ×

www.burmeseclassic.com

www.burmeseclassic.com



အရင်းရှင်ဝါဒီတို့သည် မိမိတို့ တစ်ကိုယ်ကောင်း အတွက် တိုးတက်၍ အမြတ်များများကို နည်းအမျိုးမျိုး၊ ပရိယာယ် အသွယ်သွယ်တို့ဖြင့် ရယူဖို့ကိုသာ ရှေ့ရှု လုံးပန်းနေကာ အများ ကောင်းစားရေး၊ ကမ္ဘာကောင်းစား ရေးကို မလိုလားနိုင်ကြချေ။ သို့အတွက် မိမိတို့ဝါဒ အဆောက်အဦ ယိုင်လဲပြိုပျက်လျက် ရှိသည်ကို ဉာဏ်နီ ဉာဏ်နက်တို့ဖြင့် ကျားကန်လျက် ရှိနေကြပေပြီ။ ဤသို့ စိုင်းပြင်းမှုကို ကျွန်ုပ်တို့က နယ်ချဲ့ဝါဒဟူ၍လည်းကောင်း၊ ဖက်ဆစ်ဝါဒ ဟူ၍လည်းကောင်း အမည်နှစ်မျိုး ခေါ်ရိုး ရှိကြပေသည်။ သို့စဉ်လျက် ဒုတိယကမ္ဘာစစ်ကြီးတွင် အဘယ်ကြောင့် နယ်ချဲ့ဝါဒီတို့နှင့် ဖက်ဆစ်ဝါဒီ တို့သည် ရင်ဆိုင်၍ ယှဉ်ပြိုင်တိုက်ခိုက်ကြပါသနည်းဟု မေးဖွယ် ရာရှိပေ၏။ ဤအချင်းချင်း စစ်မက်ဖြစ်ပွားခြင်းပင်လျှင် အရင်းရှင်ဝါဒ သဘောအတိုင်းပင် ဖြစ်၏။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ် ညီလာခံ၌ မိန့်ကြားသောမိန့်ခွန်း)*

× × ×

နယ်ချဲ့ဝါဒသည် ဖက်ဆစ်ဝါဒကို လူထုအင်အား နှင့် ဖြိုဖျက်ခဲ့၏။ ထိုသို့ဖြိုဖျက်ရာတွင် မိမိလည်း ယိမ်း ယိုင်တော့၏။ လူထုဒီမိုကရက် အင်အားမှာကား ကမ္ဘာ ပေါ်တွင် တစ်နေ့တခြား ဒီရေအလား တိုးတက်ကြီးမား လာပေတော့၏။ လူထုတို့သည် စစ်ကိုသာ နိုင်အောင် တိုက်ခိုက်သည်မဟုတ်၊ ငြိမ်းချမ်းရေးအကျိုး ကျေးဇူးများ ကိုလည်း ခံစားရန် လုံးပန်းလျက်ရှိကြပေသည်။ ဤ သည်ကား ဒုတိယကမ္ဘာစစ်ကြီးပြီးသောအချိန်တွင် တွေ့မြင်ရသော အခြေအနေပင်တည်း။

ဖက်ဆစ်ဝါဒတို့သည် ဤစစ်ကြီးတွင် ဆုံးရှုံးကြ ကုန်၏။ သို့သော်လည်း ဖက်ဆစ်ဝါဒသည် အမြစ်တွယ် လျက် ရှိသေးသောကြောင့် အသက်ရှင်လျက်ပင် ရှိသေး ၏။ ဖက်ဆစ်ဝါဒသည် စပိန်ပြည်တွင် ခိုင်မြဲလျက်ပင် ရှိသေး၏။ အခြားအခြားသောနိုင်ငံများတွင်လည်း ဖက် ဆစ်ဝါဒ၏ အရိပ်နိမိတ်များသည် ပေါ်လွင်လျက်ပင် ရှိသေး၏။ ဒီမိုကရေစီ စတင်ပေါ်ထွန်းလာရာ ဗြိတိသျှ နိုင်ငံ၌ပင် ဆာအော်စဝပ်မိုစလီ ခေါင်းဆောင်လျက်ရှိသော ဖက်ဆစ်ဝါဒသမားများ ရှိသေး၏။ အတိုင်းတိုင်း အပြည် ပြည် စီးပွားရေး လက်ဝါးကြီးအုပ်သောသူများအဖြစ်ဖြင့် လည်းကောင်း၊ မြောက်မြားစွာသော အသားညို၊ အသား မည်းလူမျိုးတို့ကို ဖိနှိပ်ချုပ်ချယ်သူများအဖြစ်ဖြင့်လည်း ကောင်း တွေ့ရပြန်လေသည်။

စင်စစ်မှာ ဖက်ဆစ်ဝါဒ၏ ရေသောက်မြစ်များကို လုံးဝ မသုတ်သင်နိုင်သေးသရွေ့ကာလပတ်လုံး(ဝါ)ကမ္ဘာ ပေါ်တွင် အားလုံးသော လူမျိုးတို့သည် လွတ်လပ်စွာ နေထိုင်ပူးပေါင်း ဆက်ဆံမှု မပြုနိုင်သရွေ့ကာလ ပတ်လုံး ငြိမ်းချမ်းရေးကို တည်မြဲအောင်လုပ်နိုင်ခြင်းငှာ စွမ်းဆောင် နိုင်ကြမည် မဟုတ်ချေ။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ် ညီလာခံ၌ မိန့်ကြားသော မိန့်ခွန်း)*

× × ×

အမျိုးသား ညီညွတ်ရေးဆိုတာ ဘယ်ကဲ့သို့သော ညီညွတ်ရေးကို ခေါ်ပါသနည်းဟု မေးရပေလိမ့်မည်။ အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား လူထုတစ်ခုလုံး အပြောမဟုတ်၊ အလုပ်နှင့်တကွ အမျိုး သားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသား တို့၏လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ် ညီလာခံ၌ မိန့်ကြားသောမိန့်ခွန်း)*

× × ×

ပါတီဝင်များ၏လုပ်ငန်းသည် ပါတီသဘောနှင့် ပါတီကိစ္စလုပ်ရန် မဟုတ်၊ ဝါဒပြန့်ပွားမှုကိုသာ ပြုသင့်ပေ ၏။

*(၁၉၄၆–ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ် ညီလာခံ၌ မိန့်ကြားသောမိန့်ခွန်း)*

× × ×

နယ်ချဲ့ဝါဒ၊ အရင်းရှင်ဝါဒတို့ကို လိုက်နေသရွေ့ ကာလပတ်လုံး အလုပ်လက်မဲ့ ပြဿနာ၊ နေထိုင်စား

www.burmeseclassic.com

www.burmeseclassic.com



သောက်မှု၊ ချောင်ချိရေးပြဿနာစသော စီးပွားရေး၊ ကြီးပွားရေးပြဿနာတို့ကို ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ချေ။

*(၁၉၄၆ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသော ဥက္ကဋ္ဌမိန့်ခွန်း)*

× × ×

ကျွန်ုပ်တို့၏ ကံကြမ္မာကို ကျွန်ုပ်တို့ ဖန်တီးဖို့အရေးသည် ကျွန်ုပ်တို့၏ လက်တွင်းမှာပင် ရှိ၏။ ကျွန်ုပ်တို့ အင်အားကို ကျွန်ုပ်တို့ ယုံကြည်လျှင် ကောင်းကင်တမွတ် ကြယ်ပင်ဆွတ်နိုင်ကြပေမည်။ ကြယ်ကိုပင် ဆွတ်နိုင်ကြလျှင် ကမ္ဘာမြေပေါ်မှာ အဘယ်ကြောင့် လွတ်လပ်ရေး အောင်ပန်းကို မဆွတ်နိုင်ဘဲ ရှိအံ့နည်း။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသော ဥက္ကဋ္ဌမိန့်ခွန်း)*

× × ×

အလုပ်သမားတွေ သပိတ် မှောက်ကြရတာက ကြောင်းကျိုး မဆီလျော်တဲ့ တောင်းဆိုချက်ကို ဖန်တီးပြီး တောင်းချင်လို့မဟုတ်ပါဘူး။ သူတို့အဖို့ စားရေး၊ နေရေး ဖူလုံစေမည့် လုပ်ခတွေ၊ ထောက်ပံ့ကြေးတွေရဖို့အတွက် အကျပ်ကိုင်နိုင်တဲ့ တစ်ခုတည်းသော လက်နက်ကို အားကိုးအားထားပြုတာပဲ ဖြစ်တယ်။ ဒါကြောင့် အလုပ်သမားတွေဘက်က အကြောင်းအကျိုး မဆီလျော်ဘူးဆိုတဲ့ ပြဿနာဟာ မရှိပါဘူး။

*(၁၉၄၆ ခုနှစ်၊ မေလ ၁၆ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ်၏ ဒုတိယမြောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်း)*

× × ×

ဒါပေမဲ့ တတိယ ကမ္ဘာစစ်ကြီးဟာ မရှောင်မလွှဲသာဘဲ ဖြစ်လိမ့်မယ်လို့တော့ မဆိုလိုပါဘူး။ အခုရက်အနည်းငယ်အတွင်းမှာ တရုတ်ပြည်မှ ရောက်လာတဲ့ ဆိုးဝါးတဲ့ လက္ခဏာရှိတဲ့သတင်းတွေနဲ့ရော၊ သဘောထားအချို့နဲ့ပါ ကျုပ်အနေနဲ့ ဗီလာဖြစ်နေတယ်။ ကြီးကြီးကျယ်ကျယ် တိုက်ကြမယ့် စစ်ပွဲမျိုးဟာ တော်တော်နဲ့ ဖြစ်လာမယ် မဟုတ်ပါဘူးလို့ ကျုပ် အခိုင်အမာ ယူဆတယ်။ အနုမြူဓာတ်အားကို လက်ကိုင်ပြုပြီး၊ စားနပ်ရိက္ခာ စီးပွားရေးကို လက်ကိုင်ပြုပြီး ပုတ်ခတ်တာကို လက်... လုပ်ပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ သံတမန်နည်းအရ ဆက်... ခြင်းအားဖြင့် ယေဘုယျအနေနဲ့ ငြိမ်းချမ်းရေးအတွက် သစ်လွင်ပြီး အဓိပ္ပာယ်ပိုလေးနက်တဲ့ နိုင်ငံရေးပရိယာယ်တွေ၊ စည်းရုံးသိမ်းသွင်းမှုတွေသာ ရှိနေလိမ့်မယ်လို့ ကျုပ်အခိုင်အမာ ယူဆနေပါတယ်။ ဒါပေမဲ့ ကျုပ်ကိုယ်... ကျုပ် ကြိုတင် နိမိတ်ဖတ်နိုင်တဲ့ လူရယ်လို့တော့ မဆို... ဘူး။ နိုင်ငံတကာအရေးကိစ္စတွေမှာ ဒီအတိုင်း ဖြစ်လိမ့်မယ်လို့လည်း အာမ မခံနိုင်ပါဘူး။ ဒါပေမဲ့ ကျုပ်အမြင်... မြင်နိုင်တဲ့ဟာကတော့ ဒီသဘောပဲ ဖြစ်ပါတယ်။

*(၁၉၄၆ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော ဖဆပလ ဦးစီးအဖွဲ့အစည်းအဝေး၌ ပြောကြား... မိန့်ခွန်း)*

× × ×

နယ်ချဲ့စနစ်ရဲ့ သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်တွေဟာ ဘာဖြစ်မလဲ၊ တိုးတက်လာနေတဲ့ ကမ္ဘာ့ ... ကရေစီအသစ်ကို ဖျက်ဆီးပစ်ဖို့ မျှော်မှန်းထားပါသလား... မထားတာ အမှန်ပါပဲ။ နယ်ချဲ့ဂိုဏ်းထဲမှာရှိတဲ့ ချီ... နေတဲ့ တချို့နယ်ချဲ့သမားတွေကသာ ဒီလို စိတ်ကူး... အတိုင်း စခန်းသွားကြလိမ့်မယ်။ ဒါပေမဲ့ နယ်ချဲ့သမား... အတော်များများကတော့ ဒီလိုလုပ်ဖို့ မမျှော်မှန်းကြဘူး... ဒီလမ်းကြောင်းအရ အနိုင်ယူဖို့ မမျှော်မှန်းကြဘူးလို့ ကျုပ်... ယုံကြည်တယ်။ ဒါဖြင့်ရင် နယ်ချဲ့စနစ်ရဲ့ တကယ့်မျှော်... မှန်းချက်နဲ့ အဓိကရည်မှန်းချက်က ဘာလဲ။ အဓိက ရည်... မှန်းချက်ကတော့ တခြား မဟုတ်ပါဘူး ... ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်း ကာကွယ်ဖို့ပဲ ဖြစ်တယ်။ ရှေးက... အတိုင်း မပျောက်မပျက် ထိန်းသိမ်းထားဖို့ပဲ ဖြစ်တယ်... ကမ္ဘာလွှမ်းမိုးရေးကို ဆက်လက်ရှည်လျားအောင် ... ပဲဖြစ်တယ်။ နောက်ပြီးတော့ ကမ္ဘာ့ရှုးထိုး အကျ... သွေးထွက်သံယိုအဖြစ်ဆုံး စစ်၊ သေခြင်းနှင့် ရင်ဆိုင်... စစ်မျိုးကို တိုက်ရတဲ့အထိ ဒီကမ္ဘာကြီးမှ လုံးဝ... ပျောက် မသွားဖို့အတွက် နယ်ချဲ့စနစ်အနေနဲ့ ... နဲ့ဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ခုခံ ကာ...

www.burmeseclassic.com

www.burmeseclassic.com



ဖို့ပဲ ဖြစ်တယ်။ နယ်ချဲ့စနစ်ဟာ ကမ္ဘာကြီးကို ဆက်လက်လွှမ်းမိုး နေသေးရေးဆိုတဲ့ မျှော်မှန်းချက်ကို သဘောကျလက်ခံနေတယ်။ ဘာကြောင့်လဲဆိုတော့ ဝါဒဖြန့်ချိရေး လက်နက်ဖြစ်တဲ့ အကြီးဆုံးလက်နက်ကို လက်ဝယ် ရရှိထားလို့ပဲ ဖြစ်တယ်။ အဲဒီ လက်နက်ကိုကိုင်ပြီး ကမ္ဘာကြီးရဲ့ ကြီးမားတဲ့အစိတ်အပိုင်းနဲ့ သူ့ရဲ့ တိုင်းသူပြည်သားတွေကို ယာယီအားဖြင့် အနည်းဆုံးအနေနဲ့ တစ်စုံတစ်ရာ ကာလအထိ လမ်းမှားလိုက်မိအောင် လုပ်နိုင်လိမ့်မယ်လို့ နယ်ချဲ့စနစ်က မျှော်လင့်ထားလို့ပဲ။ အနုမြူနဲ့ အကျပ်ကိုင်တာတို့၊ အစားအစာနဲ့ အကျပ်ကိုင်တာတို့၊ စီးပွားရေးနဲ့အကျပ်ကိုင်တာ တို့ကို လုပ်မယ်။ တစ်ဆက်တည်းမှာပဲ ကမ္ဘာအရပ်ရပ်မှာရှိကြတဲ့ ဖောက်ပြန်ရေးသမားတွေ၊ သတ္တိမရှိတဲ့လူတွေ၊ တွေဝေယိမ်းယိုင်နေတဲ့ အစိတ်အပိုင်းတွေ၊ အထူးထူးသော တိုင်းရင်းသား အရင်းရှင်တွေနဲ့ အပြည်ပြည်ဆိုင်ရာ အရင်းရှင်တွေရဲ့ ဂိုဏ်းအတွင်းမှာ ရှိတဲ့ မဟာမိတ်အသစ်တွေ ပိုများလာအောင် ရှာဖွေတာတွေလုပ်မယ်။ ဒီလိုလုပ်တဲ့အတွက် ကာလအပိုင်းအခြားနဲ့ အားထားစရာ အင်အားသစ်တွေ ထပ်ပြီးရလာမယ်လို့ နယ်ချဲ့စနစ်က မျှော်မှန်းထားပြန်တယ်။ အထူးသဖြင့် ဖြစ်နိုင်တဲ့နေရာဆိုရင် ဘယ်မှာပဲဖြစ်ဖြစ် သွေးခွဲ အုပ်ချုပ်တဲ့ နည်းဟောင်းကြီးကိုပဲ ပြန်သုံးဖို့ မျှော်မှန်းထားတယ်။

ဒီလိုနဲ့ ပုံသဏ္ဌာန်အမျိုးမျိုးကိုဆောင်ပြီး သူ့ကိုယ်သူ ထိန်းသိမ်းကာကွယ်ဖို့ မျှော်မှန်းထားတယ်။ ပုံသဏ္ဌာန်အနေနဲ့ အနည်းအကျဉ်းတော့ လစ်ဘရယ် ဖြစ်လာမယ်။ ဒါပေမဲ့ နယ်ချဲ့စနစ်ရဲ့ အခြေခံကျတဲ့ ဒါမှမဟုတ်၊ မရှိမဖြစ် အရေးကြီးတဲ့ အကျိုးစီးပွားနဲ့ အနေအထားကို ထိခိုက်စေမယ့် အတိုင်းအတာအထိ လစ်ဘရယ်ဖြစ်မှာ မဟုတ်ဘူး။

*(၁၉၄၆ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသည့် ဖဆပလဦးစီးအဖွဲ့ အစည်းအဝေး၌ ပြောကြားသော မိန့်ခွန်း)*

× × ×

ကျုပ်တို့ သတိပြုမှတ်သားဖို့ကတော့ နယ်ချဲ့စနစ်ဟာ ကွယ်ပျောက်စရာရှိရင် အားကြီးမာန်တက် ခုခံတိုက်ခိုက်ပြီးမှ ကွယ်ပျောက်သွားမှာ ဖြစ်တယ်။ ခုချိန်ဟာ နယ်ချဲ့စနစ် အနေနဲ့ ချက်ချင်းလက်ငင်း သေဘေးနဲ့ ခြိမ်းခြောက်ခံနေရတာမဟုတ်သေးဘူးဆိုတဲ့အချက်ပဲ။

*(၁၉၄၆ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသည့် ဖဆပလဦးစီးအဖွဲ့ အစည်းအဝေး၌ ပြောကြားသည့် မိန့်ခွန်း)*

× × ×

ကမ္ဘာကြီးကို ဆက်လက်စိုးမိုးရေးအတွက် ကြီးကျယ်တဲ့ စစ်ရေး တိုက်ပွဲကို နယ်ချဲ့စနစ်ဟာ မဆင်နွှဲဘဲ နေလိမ့်မယ်ဆိုတာ ဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတော့ ဆင်နွှဲနိုင်တဲ့ အခြေအနေမှာ မရှိလို့ဘဲ။ အပြင်ပန်း အနေနဲ့ စီးပွားရေးအရ အင်အားရှိတယ်လို့ ဆိုရတဲ့တိုင်အောင် (ကျုပ်ဆိုတာက အထူးသဖြင့် ဗြိတိသျှနယ်ချဲ့စနစ်ကို ပြောတာမဟုတ်ဘူး၊ ယေဘုယျအားဖြင့် နယ်ချဲ့စနစ်ကို ပြောနေတာပဲ ဖြစ်တယ်) ယခုအခါမှာ နယ်ချဲ့စနစ်ဟာ စစ်ပြီးကာလရဲ့ အတိုက်အခံဖြစ်မှုတွေ၊ ကိုက်ညီအောင် မညှိနိုင်မှုတွေ၊ အံချော်မှုတွေ အစရှိတဲ့ ဖြေရှင်း မရနိုင်တဲ့ ဝဲဂယက်ထဲကျနေတယ်။ နယ်ချဲ့စနစ်ဟာ အမှန်အားဖြင့် ဆိုရရင် စီးပွားရေးအရ သေနေရတဲ့အကြားမှာ လူးလွန့်အသက်ရှင်နေရတယ်။ တစ်နည်းဆိုရရင် ချူချာနေတဲ့ ဘဝမှာ ရှိနေတယ်။ ဒါပေမဲ့ အထူးသဖြင့် ... အဆုံးစွန်ပြောရရင် သူ့ တိုင်းပြည်တွင်းမှာရှိတဲ့ ပြည်သူတွေနဲ့ ကမ္ဘာ့ပြည်သူတွေဟာ သူ့ကို အကြီးအကျယ်ဆုံး အဆီးအတားပြုနေကြတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူတွေဟာ ယခုအခါမှာ စစ်ကြောင့် ပင်ပန်း နွမ်းနယ်ပြီး စစ်ကို ငြီးငွေ့နေကြလို့ပဲ။ အပြိုင်အဆိုင် ရန်ပြုတာကို ငြီးငွေ့နေကြလို့ပဲ။ ရတ်ရတ်သဲသဲ ဆူဆူပူပူဖြစ်တာကို ငြီးငွေ့နေကြလို့ပဲ။ ငြိမ်းချမ်းရေးကို လိုချင်ပြီး ငြိမ်းချမ်းရေး ရမယ်ဆိုရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် ရယူချင်နေကြလို့ပဲ။ ကမ္ဘာဟောင်းကို ထိန်းသိမ်းထားဖို့ လုံးဝ စိတ်မဝင်စားဘဲ သူတို့ကို အကျိုးဖြစ်ထွန်းစေမယ့် (ဒါမှမဟုတ်) သူတို့ကို လူလူသူသူ ပြန်ဖြစ်အောင် မျှော်လင့်ချက်ပေးနိုင်ဖို့ပဲ။ ကမ္ဘာဟောင်းနဲ့ ပတ်သက်ပြီး သွေးထွက်သံယို မဖြစ်လိုကြတော့ဘူး။ ဒီတော့ အနုမြူဓာတ်အား အစရှိသည်တို့ကို ရှာဖွေတွေ့ရှိနေပေမဲ့ နယ်ချဲ့စနစ်ဟာ မိမိတည်မြဲဖို့အတွက် ကြီးမားတဲ့ စစ်ရေးတိုက်ပွဲကို မဆင်နိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆင်မှာလည်း မဟုတ်ဘူး။ နယ်ချဲ့စနစ်ဟာ အထက်က ဖော်ပြခဲ့တဲ့ အထူးထူးသော ပရိယာယ်တွေနဲ့ တိုင်းပြည် အချင်းချင်းဆက်ဆံပြောဆိုမှု ပုံသဏ္ဍာန်တွေအရ ဆောင် ရွက်သွားနိုင်စွမ်းရှိတယ်ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် လိမ်လည် နေတဲ့ ဘဝင်မြင့်မှုအပေါ်မှာ အဓိကအားဖြင့် မျှော်လင့် အားကိုးပြုနေတယ်။ တစ်နည်းဆိုရရင် တတိယကမ္ဘာစစ် ဖြစ်လာဖို့ မသေချာပါဘူး။ ဘယ်နည်းနဲ့ဖြစ်ဖြစ် အဝေး ကြီး ဝေးပါသေးတယ်။

ဒါပေမဲ့ သမိုင်းကတော့ နယ်ချဲ့စနစ်ကို ဒဏ်ခတ် လိုက်ပြီ။ နယ်ချဲ့စနစ်ရဲ့ကံကြမ္မာကို မပြုပြင်သာ၊ မပြောင်း လဲသာအောင် ချိပ်တံဆိပ် ခတ်နှိပ်လိုက်ပါပြီ၊ ဒီအလား အလာကို ဆင်ခြင်မိတဲ့အတွက် (လောလောဆယ်ဖြစ် မယ့် အလားအလာတော့ မဟုတ်ဘူး) နယ်ချဲ့သမားဟာ ကြောက်ဒူးတုန် နေရတယ်။ သွေးလေ ချောက်ချားလာ တယ်။ တစ်ခါတစ်ခါ မတွေးတော မဆင်ခြင်နိုင်အောင် ဖြစ်ပြီး မိုက်မဲမှုတွေ ကျူးလွန်လာတယ်။ အားလွန်ပြီး ကိုယ့်ဟာကိုယ် မထိန်းနိုင်ဖြစ်လာတယ်။ ဒီလိုနဲ့ သူ အလွန် ကြောက်လန့် စိုးရွံ့နေတဲ့၊ သူ့ဇာတ်သိမ်းရမယ့် အချိန်ကို မြန်ဆန်အောင် လုပ်နေတာ ဖြစ်နေတယ်။ ဒါပေမဲ့ ဒါဟာ ပုံကားချပ်ရဲ့ မျက်နှာတစ်ဘက်သာ ဖြစ် တယ်။ တခြားဘက်မှာတော့ တိုးတက်လာနေတဲ့ တိုက်ပွဲ ဝင် ကြိုးပမ်းနေတဲ့ ကမ္ဘာ့ဒီမိုကရေစီသစ်တွေဟာလည်း အမှားလုပ်နေကြတယ်။ တစ်ခါတစ်ခါ ကြီးမားတဲ့ အမှား တွေကိုလည်း လုပ်နေကြတယ်။ ဒါဟာ သူတို့ကို နယ်ချဲ့ အလစ် ဝင်ဖမ်းနိုင်အောင် အခွင့်အလမ်း ဖန်တီးပေးနေ တာပဲ။ ဒီလိုနဲ့ နယ်ချဲ့စနစ်ဟာ တည်ငြိမ်မှု၊ ဒါမှမဟုတ် စိတ် မချွတ်ယွင်းမှုကို ပြန်ရလာတယ်။ ဒါကြောင့်မို့ နယ်ချဲ့စနစ်ဟာ သူ့ဉာဏ်ပညာအမြော်အမြင်ရဲ့ ကြီးမား တဲ့ အစိတ်အပိုင်းကို ဆက်လက် ကိုင်ဟားနိုင်သေးတာ ကို တွေ့ရတယ်။

*(၁၉၄၆ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသည့် ဖဆပလဦးစီး အဖွဲ့အစည်းအဝေး၌ ပြောကြားသော မိန့်ခွန်း)*

× × ×

ယခုအခါမှာဆိုရင် ဒီမိုကရေစီသစ်တွေအဖို့ ကိုယ့် ဘာသာကိုယ် အကြောင်းညီညီညွတ်ညွတ်နဲ့ ...လျင်လျင် မြန်မြန်နဲ့ ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ဖို့ ဖြစ်နိုင်စရာ ရှိနေတယ်။ ဒီမိုကရေစီသစ်တွေအဖို့ မိုက်မဲတဲ့ အမှား အယွင်းတွေ မကျူးလွန်မိရင် ... ဘယ်နည်းနဲ့ဖြစ်ဖြစ် ရှုံး နိမ့်စရာ မရှိပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ပြည်တွင်း ပြည်ပ နိုင်ငံရေးစည်းရုံးရေး အခြေအနေတွေဟာ ကိုယ့် ဘာသာကိုယ် ပြည့်ဝတဲ့ (ဒါမှမဟုတ်) လျင်မြန်တဲ့အောင် ပွဲတွေကို ရနိုင်စေတဲ့အခြေခံများဖြစ်ပြီး တကယ်လို့ ဒီလို အောင်ပွဲတွေကို ရနိုင်စွမ်း မရှိသေးတဲ့တိုင်အောင် အရေး နိမ့်မှုကို ရှောင်တိမ်းနိုင်မှာ ဖြစ်လို့ပဲ။ အရေးနိမ့်မှုကို ရှောင်နိုင်၊ မရှောင်ဆိုတဲ့ကိစ္စဟာ တခြားသူအပေါ် မတည် ဘဲ ကိုယ့်အပေါ်မှာ တည်လို့ပဲဖြစ်တယ်။

*(၁၉၄၆ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသည့် ဖဆပလ ဦးစီးအဖွဲ့အစည်းအဝေးတွင် ပြောကြား သော မိန့်ခွန်း။)*

× × ×

ကျုပ်နိုင်ငံရေးလုပ်တာဟာ ကြွားချင်လို့ ထ လုပ်နေ တာမဟုတ်ဘူး။ ဗမာပြည် လွတ်လပ်ရေး ရစေချင်လို့၊ ဗမာတွေကောင်းစားစေချင်လို့ လုပ်တာပါ။ ကျုပ်က နိုင်ငံရေးမလုပ်ရလို့ ထမင်းငတ်သွားမယ့်လူမျိုး မဟုတ် ပါဘူး။ နိုင်ငံရေးလုပ်တာ ကျုပ်အဖို့မယ် မြတ်တယ်လို့ကို မထင်ဘူး၊ အရှုံးကြီးနဲ့ချည်း လုပ်နေရတာပဲ။

*(၁၃၀၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် နေ့၊ နံနက် ၈ နာရီခွဲ အချိန်တွင် ရွှေတိဂုံစေတီတော် အနောက်ဘက် ခြေတော်ရင်း၌ ပြောကြားသော မိန့်ခွန်း)*

× × ×

ကျုပ်ကတော့ ခင်ဗျားတို့ကို မလိမ်ဘူး၊ ရှေးက လည်း မလိမ်ဘူး၊ အခုလည်း မလိမ်ဘူး၊ နောင်ကိုလည်း မလိမ်ဘူး။ သခင်စိုးတို့လို ဘုရားငဆောင် ကျင့်နည်း သူများ သားပျို သမီးပျိုတွေလည်း မဖျက်ဆီးဘူး။ ရွှေ ငွေ၊ စိန်ကျောက်တွေလည်း ကျုပ်တို့ရအောင် မလုပ်ဘူး၊ နိုင်ငံရေးနဲ့ စီးပွားရှာဖို့ မလုပ်ဘူး။ လုပ်ဖော်လုပ်ဖက် အချင်းချင်းကိုလည်း ရန်သူ့လက် ဘယ်တော့မှ မအပ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေကို ကွန်မြူနစ်တွေက လုပ်တယ်။ ကွန်မြူနစ်တွေဟာ တိုင်းပြည်အပေါ်၊ အလုပ်လုပ်တဲ့ လူအချင်းချင်းအပေါ် ညီညွတ်ရေးပျက်ပြား ရာပျက်ပြားကြောင်း၊ လွတ်လပ်ရေး ကြန့်ကြာရာ ကြန့်ကြာကြောင်းလုပ်ခဲ့တယ်။ သဘောတူ ဆုံးဖြတ်ခဲ့တဲ့ အချက်တွေကို သစ္စာဖောက်ဖျက်ပြီး အတွင်းဆွေးနွေးတာတွေအပြင် ထုတ်ပြော၊ မဟုတ်မမှန်တာတွေ လုပ်ပြော၊ အချင်းချင်း ပေါ်ပုတ်ခတ်၊ သူတို့ခေါင်းဆောင်ဖြစ် ပြီးရောဆိုပြီး သူတို့ပါတီ ကြီးစိုးရေးကိုသာ ပထမ လုပ်တယ်။ ကျုပ်တို့က (ဖဆပလ)ဟာ ညီညွတ်ရေး အင်အားစုကြီး၊ ဒီ အင်အားစု ကြီးတည်တံ့မှ၊ တိုးတက်မှ ဗမာပြည် လွတ်လပ်ရေးမြန်မြန်ရမယ်၊ ကောင်းကောင်းရမယ်၊ အဲဒီလို ကျုပ်တို့ယူဆတယ်။ သူတို့ အကြိမ်ကြိမ်အဖန်ဖန် သူတို့ရဲ့ အယူအဆတွေကို မလျှော့ဘူး။ ဘာဆုံးဖြတ်ချက်ရှိတယ်လို့ သူတို့သဘောတူထားထား၊ သူတို့လုပ်ချင်ရာ လုပ်တယ်။ အဲဒီတော့ ကျုပ်တို့က သူတို့ကို ထုတ်ပစ်ရုံကလွဲလို့ တခြား ဘာနည်းလမ်းမှ မရှိတော့ဘူး။

*(၁၃၀၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့၊ နံနက် ၈ နာရီခွဲအချိန်တွင် ရွှေတိဂုံစေတီတော် အနောက်ဘက်ခြေတော်ရင်း၌ ပြောကြားသော မိန့်ခွန်း)*

× × ×

လူအချင်းချင်း ဖိနှိပ်မှု၊ သွေးစုပ် ချယ်လှယ်မှု၊ လူမဆန်မှုစသည့် အဖြစ်မျိုးကို တည်မြဲစေမယ့် ဖက်ဆစ်စနစ်ဆိုးဟာ မည်သို့သော အသွင်မျိုးနဲ့ပဲ ရှိသည်ဖြစ်စေ၊ ကမ္ဘာမြေပြင်ပေါ်က အမြစ်ပါမကျန် ပျောက်ပျက်သွားအောင် တော်လှန်တိုက်ဖျက်ကြဖို့ အလေးအနက် အဓိဋ္ဌာန်ပြုကြပါစို့။

*(၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့၊ ကျိုက္ကမီခရိုင်၊ သံဖြူဇရပ် စစ်သချိုင်းဖွင့်ပွဲ၌ ပြောကြားသော မိန့်ခွန်း)*

× × ×

ငါတို့ရသော လွတ်လပ်ရေးသည် ခိုင်ဝေ ပြည့်ဝမှ သာလျှင် ယခု ငါတို့ ခံစားနေရသော အဝတ်အစားမရှိသော ဆင်းရဲ၊ အစစအရာရာ ချို့တဲ့သော ဆင်းရဲ၊ ရောဂါအန္တရာယ်ထူပြောသော ဆင်းရဲ၊ ပညာ မသင်ရ၊ ပညာ မတိုးတက်ရသော ဆင်းရဲ စသည်ဖြင့် ဒုက္ခဆင်းရဲအပေါင်းမှ ကျော်နင်းနိုင်၍၊ ငါတို့လိုရာလောက နိဗ္ဗာန်စခန်းသို့ ရောက်နိုင်ပေမည်။

*(စစ်တက္ကသိုလ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားချက်)*

× × ×

လောကတွင် ရှိရှိသမျှသော ဝတ္ထုပစ္စည်းတို့တွင် လူတည်းဟူသော ဝတ္ထုပစ္စည်းသာလျှင် အဖိုးအတန်ဆုံးဖြစ်ပေသည်။ လက်နက်ခဲယမ်းရိက္ခာ တို့သည် လူက ဖန်တီး၍ လူက ပြုပြင်လုပ်ထားသော ပစ္စည်းများ ဖြစ်၏။ လူသုံးရန်အတွက် ပစ္စည်းများ ဖြစ်၏။ လူ၏ အရှင်သခင်များ မဟုတ်၊ လူ၏ အခိုင်းအစေကျေးကျွန်များသာ ဖြစ်၏။

*(စစ်တက္ကသိုလ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားချက်)*

× × ×

တိုင်းပြည်လွတ်လပ်ရေး လက်ဆုပ်လက်ကိုင်ရရန် ငါတို့ဗမာနိုင်ငံနဲ့ လူမျိုးတို့ ဒီစစ်ကြီးကို ငါတို့ အနိုင်ရအောင် တိုက်ရမယ်။ ဤကဲ့သို့ ငါတို့ အနိုင်ရရှိအောင် တိုက်နိုင်ရန် ငါတို့အားရှိမှ ဖြစ်မယ်။ အားရှိမယ်ဆိုရာ၌ ငါတို့သည် အများအစားအရေအတွက်ကို အဓိက မထား၊ အများအစား အရေအတွက်သည် ခိုင်ခိုင်မာမာ ရနိုင်ကကောင်းသော်လည်း၊ မခိုင်မမာ၊ မထိန်းနိုင် မသိမ်းနိုင် ရှိသော အများအစား အရေအတွက်မှာ တကယ်အားကို ဆုတ်ယုတ်ပျက်ပြားစရာအကြောင်းပင် ဖြစ်သည်။ လူများ ပွဲမစည်ဆိုသည့် ဗမာစကားကို သတိပြုကြလေ။ ငါတို့ဆိုလိုသော အားမှာ အမျိုးအစားအားဖြင့် ခိုင်မာတောင့်တင်း အဆင့်အတန်းမြင့်သော အင်အားများကို ဆိုလိုပေသည်။

*(စစ်တက္ကသိုလ်တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားချက်)*

× × ×

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မှာ ကြည့်ရင် တိုင်းပြည်တစ်ပြည်က အခြားတိုင်းပြည်တစ်ပြည်ကို သိမ်းပိုက်ထားတာဟာ စေတနာရှိလို့ မဟုတ်ဘူး၊ လိုချင်လို့ သိမ်းပိုက်ထားတာ ဖြစ်တယ်။

*(၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ ညောင်ရွှေမြို့၌ ကျင်းပသော လူထုတရားပွဲကြီး၌ ပြောကြားချက်)*

× × ×

တော်လှန်ရေးဆိုတာ ဘာလဲ ... ကျုပ်အမြင် ပြောရမယ်ဆိုရင် ... တော်လှန်ရေးဆိုတာ အကြမ်းပတမ်း တိုက်ခိုက်တဲ့ ကိစ္စကိုမှ တော်လှန်ရေးလို့ ဆိုလိုတာ မဟုတ်ဘူး။ လက်ရှိ စနစ်ဟောင်းကို တော်လှန်ပြီး စနစ်သစ်ဘွားခနဲ ပေါ်ပေါက်လာတာကို ဆိုလိုတာပဲ။ အဲဒီတော့ တော်လှန်ရေးဆိုတာ တစ်စပ်တည်း ဖြစ်နေတာပဲ။ တစ်ချက်တစ်ချက်ကျမှ ဘွားခနဲ ဘွားခနဲ အရေးအတွက်ကနေပြီး အရည်အချင်း ပြောင်းလဲမှုကြီးတွေ ဖြစ်တာကို တော်လှန်ရေးလို့ ဆိုတာပဲ။

*(၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ အသံလွှင့် ဟောပြောချက်)*

× × ×

နယ်ချဲ့သမားကို တကယ် တိုက်မယ်ဆိုတဲ့ လူအချင်းချင်းဟာ အချင်းချင်းတိုက်ခိုက်နေဖို့ မလိုဘူး။ တစ်ဦးနှင့်တစ်ဦး ဘယ်လိုပဲ သဘောကွဲလွဲပေမဲ့ နယ်ချဲ့သမား တိုက်ခိုက်တဲ့တပ်ဦး ဟိုဘက်လွန်ပြီး နယ်ချဲ့သမား ထောက်ခံတဲ့လမ်းတွေ မလိုက်ရန် သတိပြုဖို့လိုတယ်။ ကွန်မြူနစ်၊ အလံနီ၊ အလံဖြူတို့ဟာ နယ်ချဲ့သမားတွေကို ထိထိရောက်ရောက် တိုက်ခိုက်မယ့်အစား၊ အချင်းချင်းကို ခြိမ်းခြောက်အကြမ်းပတမ်း ကိုင်တာဟာ အင်မတန်ပဲ ဝမ်းနည်းစရာ ကောင်းတယ်။

*(၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ တွင်ရေဒီယိုမှ အသံလွှင့်ဟောပြောချက်)*

× × ×

တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်း မလွဲအောင် ကြိုးစားဖို့လိုတယ်။

*(၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ည ၇ နာရီ၊ မိနစ် ၄၀ တွင် ရေဒီယိုမှ အသံလွှင့်ဟောပြောချက်)*

× × ×

အချင်းချင်း သဘောကွဲလွဲမှုမျိုး ဆိုတာကတော့ နည်းနည်းပါးပါးတော့ ရှိမှာပဲကို ဒါပေမဲ့ သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက် စော်ကားလို့ အသက်စွန့်ပြီး မလျှော့တမ်း ကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့ သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ။

*(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည၊ ပင်လုံစော်ဘွားများ ထမင်းစားပွဲတွင် မိန့်ကြားချက်)*

× × ×

ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲ အပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိကြောင်း သိနိုင်တယ်။

*(၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည၊ ပင်လုံမြို့၊ စော်ဘွားများ ထမင်းစားပွဲတွင် မိန့်ကြားချက်)*

× × ×

တောင်သူလယ်သမားတွေဟာ ဗမာပြည်မှာ လူများစုဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့ရဲ့ လွတ်လပ်ရေး ပါလာမယ်။ တောင်သူလယ်သမား လူများစုရဲ့ အခွင့်အရေး မပါဘဲ လွတ်လပ်ရေးဟာ အဓိပ္ပာယ် မရှိဘူးလို့ ယူဆတယ်။

*(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့၊ တောင်သူလယ်သမားညီလာခံတွင် မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

နိုင်ငံရေး လုပ်ကြတဲ့ နေရာမယ် ... အထူးသဖြင့် ခေါင်းဆောင်လုပ်တဲ့ လူဟာ နောက်လိုက် လုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူထက် ပိုပြီး အမြင်ကျယ်ရမယ်။ စစ်တိုက်တဲ့ နေရာမှာ စစ်သားတွေ နေရာတကာ ပြုလုပ်ပေမဲ့ စစ်ဗိုလ်က စစ်သားလုပ်တိုင်း မဖြစ်ဘူး။ ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး ယောင်ချာချာ လုပ်ရင် ခေါင်းဆောင် မဟုတ်ဘူး။

*(၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ မြွက်ကြားသည့်မိန့်ခွန်း)*

× × ×

စစ်ကြီးပြီးတော့ နယ်ချဲ့သမား အားနည်းလာပြီး၊ လက်အောက်ခံ နိုင်ငံတွေ အားတောင့်လာကြတယ်။ ကမ္ဘာ့သူ ကမ္ဘာ့သားတွေ နိုးကြားလာတယ်။

*(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ မြွက်ကြားသည့်မိန့်ခွန်း)*

× × ×

လွတ်လပ်ရေးဆိုတာ တောင်းလို့ မရဘူး။ လုပ်ယူမှ ရမယ်။ တိုက်ယူတန်တဲ့အခါ တိုက်ယူရမယ်။ အင်အားကို အမှီအခွဲပြုပြီးမှ ရနိုင်တယ်။

*(၁၉၄၇ခု၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော နိုင်ငံရေး ရှင်းလင်းပွဲ၌ မြွက်ကြားချက်)*

× × ×

အင်အား မရှိဘဲနဲ့ စာရွက်စက္ကူပေါ်မှာ အချုပ်အခြာ အာဏာပိုင်နှင့် လွတ်လပ်သောနိုင်ငံကို ဘယ်လိုကြီး ရေးထားပေစေ၊ ကိုယ့်နောက်မှာ အင်အားကောင်း မရှိလျှင် ဘာမှ အဓိပ္ပာယ်မရှိဘူး။

*(၁၉၄၇ ခု၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော နိုင်ငံရေး ရှင်းလင်းပွဲ၌ မြွက်ကြားချက်)*

× × ×

မည်သည့်တိုင်းပြည်မဆို၊ တိုင်းသူပြည်သားတို့က တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ် ပုဂ္ဂိုလ်ပီပီ ဤအခြေခံ ပြည်သူ့ဝတ္တရားဖြစ်သော အကောက်အခွန် ပေးဆောင်ရေး တာဝန်ကို ထမ်းရွက်ချင်စိတ် မရှိလျှင် ထိုတိုင်းပြည်သည် လွတ်လပ်ရေး မရနိုင်။ တည်တံ့သော ဘဏ္ဍာရေး တည်းဟူသော ခိုင်လုံသည့် အုတ်မြစ်ပေါ်တွင် မတည်ဆောက်ဘဲလည်း မည်သည့်လွတ်လပ်ရေးမျှ မြဲနိုင်မည် မဟုတ်ပေ။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ည ၈ နာရီခွဲ အချိန်တွင် ရေဒီယိုမှ အသံလွှင့်မိန့်ခွန်း)*

× × ×

မိမိတိုင်းပြည်၏ အခွန်ဘဏ္ဍာငွေကို အားမကိုးဘဲ နိုင်ငံခြားသားတို့၏ ထောက်ပံ့ချေးငှားမှုကို အားကိုး အားထားပြုနေသမျှ ကာလပတ်လုံး မည်သည့်နိုင်ငံမျှ တကယ့် လွတ်လပ်ရေးကို မရရှိနိုင်ပေ။ ကျပ်ပြည့် တင်းပြည့် လွတ်လပ်ရေးကို လိုချင်လျှင် ကျွန်ုပ်တို့ငွေနှင့် ကျွန်ုပ်တို့ ကိုယ်တိုင်ကသာ အားထုတ်ကြရပေမည်။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ည ၈ နာရီခွဲ အချိန်တွင် ရေဒီယိုမှ အသံလွှင့်မိန့်ခွန်း)*

× × ×

တော်လှန်ရေးဟာ ယခုမှသာ ဖြစ်တာ မဟုတ်ဘူး။ စစ်ကြီး မဖြစ်ခင်ကလည်း တော်လှန်ရေးဖြစ်တဲ့သဘော တရားတွေ ဖြစ်နေတာပဲ။ ယခု စစ်ကြီးဖြစ်ပြီးမှ တော်လှန်ရေးဟာ သိသိသာသာကြီး ပြောင်းလဲနေတယ်။ လူတွေက သတိ မထားဘဲ အမှတ်မဲ့နေကြလို့ တော်လှန်ရေးသဘောတရားများဟာ အရေအတွက် အသေးစိတ် သဘောက အရည်အချင်း အစိုင်အခဲ သဘောသို့ ပြောင်းနေတာကို မမြင်ကြဘူး။

ခေတ်ကြီးတစ်ခေတ် ခြားပြီး အစိုင်အခဲဖြစ်ပြီး ဖြစ်ပေါ်လာတော့မှသာ မြင်ကြတယ်။ ဥပမာ–ကိုယ့်ရွာမှ လူပျိုပေါက် ကလေးတစ်ယောက် ကြီးထွားလာသော်လည်း အမှတ်တမဲ့နေကြလို့ ကြီးလာတယ် မထင်ကြဘူး။ ဒီလို လူပျိုပေါက်ကလေးဟာ တခြားတစ်မြို့တစ်ရွာသို့ သွားနေပြီး ရွာပြန်လာတဲ့အခါ တယ်ကြီးပါကလားလို့ ထင်ကြ၊ ပြောကြတယ် ။ ဒီသဘောအတိုင်းပဲ ... နေ့စဉ် မျက်မြင်လို သတိ မထားကြဘူး။ အမှန်တော့ တော်လှန်ရေး သဘောတရားများဟာလည်း အကြောင်းအကျိုး ဆက်ပြီး အရေအတွက် အသေးစိတ်သဘောက အရည်အချင်း အစိုင်အခဲ သဘောသို့ ပြောင်းလဲနေတာပဲ။ တော်

www.burmeseclassic.com

www.burmeseclassic.com



လုန်ရေးဟာ သွေးထွက်သံယိုရှိတဲ့ တော်လှန်ရေး၊ သွေးထွက်သံယို မရှိတဲ့ တော်လှန်ရေးရယ်လို့ ၂ မျိုးရှိတယ်။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ အာလံမြို့၌ ကျင်းပသော တော်လှန်ရေးနေ့ အခမ်းအနားတွင် မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

တော်လှန်ရေး သဘောအားဖြင့်ကြည့်လျှင် တော်လှန်ရေး သဘောတရားများ အသေးစိတ် သဘောက အစိုင်အခဲသဘောသို့ ပြောင်းလဲပြီး ပေါက်ကွဲလာတာ အမျိုးမျိုးတွေ့ရတယ်။ ဥပမာ– ရှေးအခါက ပြင်သစ်ပြည်ဟာ လယ်ရှင်စနစ်အရ၊ စီမံပုံ ဆိုးဝါးလွန်းလို့ တိုင်းသူပြည်သားတွေဟာ အမျိုးမျိုး ညှဉ်းပန်းမှုခံကြရတယ်။ ဒီအခါမှ တိုင်းသူပြည်သား၏ မကျေနပ်မှု၊ မခံနိုင်မှု အသေးစိတ်သဘောတရားများသည် အစိုင်အခဲသဘောသို့ ပြောင်းလဲပြီး တော်လှန်ရေးပေါက်ကွဲလာတယ်။ ရုရှားပြည်မှာလည်း ဇာဘုရင်၏ အုပ်ချုပ်ပုံစနစ်ကို အလုပ်သမားတွေရော၊ တောင်သူလယ်သမားတွေရော၊ ပညာတတ်တွေရော နောက်ဆုံးစစ်တပ်ကပါ မကျေနပ်မှု အစိုင်အခဲကြီး ဖြစ်လာတဲ့အတွက် အကြီးအကျယ် ပေါက်ကွဲခဲ့တယ်။ ပထမတော့ သွေးထွက်သံယို မရှိတဲ့ တော်လှန်ရေးဖြစ်သော်လည်း နောက်ဆုံးတော့ သွေးထွက်သံယို တော်လှန်ရေးဖြစ်လာတယ်။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ အာလံမြို့၌ ကျင်းပသော တော်လှန်ရေးနေ့ အခမ်းအနားတွင် မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ဥပမာ ... စီးဆင်းလျက်ရှိတဲ့ ရေအလျဉ်ကို ဟန့်တားပိတ်ဆို့လိုက်တဲ့အခါ ပြန်စီးလာတဲ့ရေဟာ အတင်းရင်လည်း တိုးထွက်ရမယ်... (သို့မဟုတ်) ပြည့်လျှံအန်ထွက်ပြီး ဆီးမနိုင်၊ တားမရရင်လည်း ဖြစ်ရမယ်။ တစ်နည်း ရေနွေးငွေ့များကို ထွက်နေကြ မထွက်စေဘဲ ပိတ်ထားလိုက်လျှင် ပေါက်ကွဲ သွားရတယ်။ ဒီသဘောအတိုင်း နိုင်ငံရေးအားဖြင့် တော်လှန်ရေးသဘောတရားများဟာလည်း မပြတ်အစဉ်အဆက် ဖြစ်နေကြတယ်။ ဒီလို အဖြစ်အစဉ်ကို ဟန့်တားလျှင် ပေါက်ကွဲလာမှာပဲ။ မည်သည့်တိုင်းပြည်မှာမဆို သူ့တိုင်းပြည်မှာ သူ့အကြောင်းနှင့်တော်လှန်ရေးဖြစ်စဉ်များ ရှိကြတာပဲ။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ အာလံမြို့၌ ကျင်းပသော တော်လှန်ရေးနေ့ အခမ်းအနားတွင် မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ဗြိတိသျှ အင်ပါယာရဲ့ အခြေအနေကို ဆန်းစစ်ကြည့်လိုက်လျှင် စစ်နိုင် တိုင်းပြည်ဖြစ်နေပေမဲ့ တုတ်ပြီး၊ ဓားပြီးသမားတွေ အတွင်းကြေ ကြေသလို စီးပွားရေးအားဖြင့် အတွင်းကြေ ကြေနေတယ်။ စစ်ကြီးမဖြစ်ခင်က အင်္ဂလိပ်က မြီရှင်၊ အိန္ဒိယက မြီစား၊ စစ်ကြီးပြီးတော့ အိန္ဒိယက မြီရှင်၊ အင်္ဂလိပ်က မြီစားဖြစ်လာရတယ်။ စစ်ကြီးမဖြစ်ခင်က အီဂျစ်က မြီစား၊ အင်္ဂလိပ်က မြီရှင်၊ စစ်ကြီးပြီးတော့ အီဂျစ်က မြီရှင်၊ အင်္ဂလိပ်ကမြီစား ဖြစ်လာရတယ်။ သူတို့ အားနည်းနေတဲ့အခါမှာ ကိုယ်က အားကြီးအောင် လုပ်ရမယ်။ နယ်ချဲ့သမားတွေချင်း ပေါင်းပြီး အာရှတိုက်ကို မနှိမ်နင်းနိုင်အောင် ကြိုးစားကြရမယ်။ သူက အားနည်းပြီး ကိုယ်က အားကြီးတဲ့အခါမျိုး ဖြစ်လာရင် လွတ်လပ်ရေး လွယ်လွယ်နဲ့ ရနိုင်မယ်။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ အာလံမြို့၌ ကျင်းပသော တော်လှန်ရေးနေ့ အခမ်းအနားတွင် မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

လွတ်လပ်ရေးကိုရအောင် ကျွန်တော်တို့ ကြိုးပမ်းနေကြတာဟာ ဗမာတွေ လွတ်လပ်ပြီဟေ့လို့ ပြောကောင်းရုံကလေးအတွက် ကြိုးပမ်းနေကြတာ မဟုတ်ပါဘူး။ ခပ်တိုတိုပြောရရင် ဗမာတွေ လူတန်းစေ့စေ့ နေနိုင်အောင် လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ။ အဲဒီတော့ ဗမာတွေ လွတ်လပ်ပြီးတဲ့နောက် လူတန်းစားစေ့စေ့ နေနိုင်ဖို့ အလုပ်တွေကို မလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေနဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေး ရတာဟာ အဓိပ္ပာယ်ကိုရှိမှာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



*(၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ည ၆ နာရီ၊ ၃၃ မိနစ် အချိန်တွင် ရေဒီယိုမှ အသံလွှင့်ချက်)*

× × ×

ကျုပ်တို့ဟာ လူထုရဲ့ ခေါင်းဆောင် လုပ်မယ်ဆိုရင် လူထုရဲ့အကျိုးကို တကယ်တမ်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရပေလိမ့်မည်။ ပြတ်ပြတ်သားသား လုပ်ရဲကြရပေလိမ့်မယ်။ ချီတုံချတုံအဖြစ်မျိုးကို စွန့်ပစ်ကြရလိမ့်မယ်။ နိုင်ငံရေးဆောင်ရွက်တယ်ဆိုတာ "ကြောက်လွဲ-ရဲမင်းဖြစ်" ဆိုတဲ့အတိုင်း ရဲနိုင်မှ ဖြစ်မယ်။

*(၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ည ၆ နာရီ၊ ၃၃ မိနစ် အချိန်တွင် ရေဒီယိုမှ အသံလွှင့်ချက်)*

× × ×

အစိုးရဆိုတာ လူပဲ၊ လူတွေဖြစ်နေတော့ မကျေနပ်ချက်တွေတော့ ရှိမှာပဲ။ အစိုးရ အရာရှိဘက်ကနေ မကြည့်ဘဲနဲ့ ပြည်သူဘက်ကနေ ကြည့်မယ်ဆိုလျှင် အများကြီး ပြောစရာတွေ ရှိတာပဲ။

*(၁၉၄၇ ခုနှစ်၊ ဧပြီလအတွင်း နတ်မောက်မြို့၌ ပြောကြားသော မိန့်ခွန်း)*

× × ×

လွတ်လပ်ရေးရပြီး ရတဲ့လွတ်လပ်ရေးကို ဆက်လက် တည်တံ့အောင် လုပ်နိုင်ရမယ်။ ရတဲ့လွတ်လပ်ရေး အရသာကို မြန်မြန်ခံစားရအောင် လုပ်ရမယ်။

*(၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့၊ နှစ်သစ်ကူး မိန့်ခွန်း)*

× × ×

လူတွေက တင်မြှောက်တဲ့ အစိုးရ ဆိုတာဟာ လူတွေရဲ့ အစိုးရ၊ ပြည်သူတွေရဲ့အစိုးရ၊ ပြည်သူတွေနဲ့ အလှမ်းမဝေးဘဲ အမြဲလက်တွဲနေတဲ့ အစိုးရဖြစ်မှသာလျှင် သဘောတရားအတိုင်း ကိုက်ညီမယ်လို့ ကျွန်တော်ထင်တယ်။ အဲဒီသဘောတရားနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့ သားစဉ်မြေးဆက် ဆက်ခံသွားတဲ့ ရှင်ဘုရင်စနစ်ကို မလိုချင်ဘူး။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပသည့် ဖဆပလပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

ဒီမိုကရေစီဆိုတာဘာလဲ။ လူလူချင်း၊ လူတန်းစား အချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေး တန်းတူ ကျပ်ပြည့်တင်းပြည့် မရှိသမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပသည့် ဖဆပလပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

အခု ဒီမိုကရေစီတွေခေါ်နေတဲ့ တိုင်းပြည်တွေ အများဟာ တကယ့် ဒီမိုကရေစီ မဟုတ်သေးဘူး၊ ငါးမူး၊ သုံးမူး၊ တစ်ပဲလောက်ပဲ ဒီမိုကရေစီ ဖြစ်ကြသေးတယ်။ အဲဒီ ဒီမိုကရေစီတွေဟာ အရင်းစစ်လိုက်တော့ အရင်းရှင်ခေါ်တဲ့ပစ္စည်းရှင်၊ အရင်းရှင်တွေ စီးပွားရေး ချယ်လှယ်တဲ့စနစ်အခြေခံတဲ့ ဒီမိုကရေစီတွေ ဖြစ်တယ်။ တစ်နည်းအားဖြင့် အရင်းရှင်တွေရဲ့ အာဏာရှင် စနစ်အုပ်ချုပ်ရေးကို ဒီမိုကရေစီဆိုတဲ့ ဇန်းပြပြီးထားတဲ့ အုပ်ချုပ်ရေးပဲ။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပသည့် ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေကလည်း စီးပွားရေးသဘောတရားတွေနှင့်ကင်းလို့ မဖြစ်နိုင်ဘူး။ အရင်းရှင် ဒီမိုကရေစီသမားသက်သက် မျက်စိနဲ့ ကြည့်ပြောရင်တော့ ဒါမမှန်ဘူးလို့ ပြောရမှာပဲ။ ဒါပေမဲ့ ကမ္ဘာအရပ်ရပ်မှာရှိတဲ့နိုင်ငံ အသီးသီးဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတွေကို အတွင်းကျကျ လေ့လာရင် စီးပွားရေးသဘောတရားတွေ မူတည်ပြီး လုပ်တာကို တွေ့ရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



အရင်းရှင် ဒီမိုကရေစီသမားတွေအဖို့ဆိုရင် အရင်းရှင်စနစ်သာလျှင် စီးပွားရေးစနစ်မှန် ဖြစ်တယ်။ ဒီစနစ်သာလျှင် တည်တံ့ရမယ်။ အဲဒီစနစ်ဟာ အမြဲတည်တံ့သလိုလို ယူဆပြီး အလုပ် လုပ်ကြတယ်။ အမှန်မှာတော့ ဘယ်နိုင်ငံရေး၊ စီးပွားရေးစနစ်မှ အမြဲတမ်းတည်တံ့တာ မရှိဘူး။ သူ့အချိန် သူ့အခြေအနေအလိုက် ဖြစ်လာကြတာပဲ။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ စီးပွားရေး အဆင့်အတန်းကို အခွင့်အရေး တန်းတူ ရနိုင်တဲ့အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

အဲဒီ ဒီမိုကရေစီ အဆင့်အတန်းရောက်အောင် ဘယ်လို အခြေခံတွေ ချရမလဲ။

၁။ အရေးကြီးတဲ့ စက်မှုလက်မှုပစ္စည်း လုပ်ငန်းတွေကို အစိုးရက သိမ်းနိုင်ရမယ်။ သို့မဟုတ် သိမ်းနိုင်အောင် အခြေခံမျိုးထားရမယ်။

၂။ အလုပ်သမားတွေရဲ့ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ စည်းရုံးရေး၊ အိုနာစာအရေး အစရှိသဖြင့် အခွင့်အရေးတွေ ရှိရမယ်။

၃။ လယ်လုပ်တဲ့လူတွေရဲ့လက်ထဲ လယ်ရောက်အောင် စီစဉ်နိုင်ရမယ်။ လယ်အမြောက်အမြားကို တစ်သီးပုဂ္ဂလပိုင်ဆိုင်တဲ့စနစ်ကို ပယ်ဖျက်နိုင်ရမယ်။

၄။ လူမျိုးအသီးအသီးဟာလည်း သူတို့ ရထိုက်တဲ့ အခွင့်အရေးတွေရအောင် စီစဉ်ထားရမယ်။

၅။ တိုင်းသူပြည်သားတွေသာလျှင် အာဏာပိုင်အစစ်ဖြစ်တယ်ဆိုတဲ့ သဘောတရားကို ခိုင်ခိုင်မာမာဖြစ်အောင် စီစဉ်တတ်ရမယ်။

၆။ လူမျိုး ဘာသာမရွေး၊ လိင်မရွေး၊ တိုင်းပြည်ကြီးသားတိုင်း ရသင့် ရထိုက်တဲ့ အခွင့်အရေးတွေ ပါရမယ်။

၇။ တိုင်းပြည် ကာကွယ်ရေးဟာ ပြည်သူ့အစိုးရတာဝန်ဖြစ်တယ်။ အခု ကျွန်ဘဝမှာလိုရှေးကလည်း ရဲအဖွဲ့အစရှိတဲ့ အခုပြည်သူ့ရဲဘော်တပ်ဖွဲ့ဆိုတဲ့အဖွဲ့တွေကို တစ်သီးတခြား တည်ထောင်ရတဲ့ အခြေအနေမျိုး မရှိစေရဘူး။

၈။ တိုင်းပြည် ဥပဒေတရားရုံး စနစ်ဟာလည်း ပြည်သူတွေရဲ့အကျိုး ရှေ့ရှုမယ့် ပြည်သူ့တရားရုံးစနစ်မျိုး ဖြစ်ရမယ်။

အဲဒီအချက်တွေ ပါမှသာလျှင် တကယ့် ဒီမိုကရေစီအခြေခံတွေ ချရာရောက်မယ်။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

အကုန်လုံး အကျိုးရှိတဲ့ ဒီမိုကရေစီ ဆိုတာကတော့ ခုလို အရင်းရှင်၊ အလုပ်သမား၊ လယ်ရှင် အစရှိတဲ့ လူတန်းစား ကွဲပြားမှုတွေရှိနေသမျှကာလပတ်လုံး မဖြစ်နိုင်သေးဘူး။ လယ်ရှင်အကျိုးရှိတိုင်း လယ်သမား အကျိုးမရှိနိုင်ဘူး။ အရင်းရှင်အကျိုးရှိတိုင်း၊ အလုပ်သမားအကျိုးမရှိနိုင်ဘူး။ သူတို့ အချင်းချင်း အကျိုးတွေဟာ တစ်ခါတစ်ခါ ဈေးစပ်လို့မရနိုင်ဘဲ တစ်ဦးအကျိုးရှိရင် တစ်ဦးထိမယ်ဆိုတဲ့အခြေမျိုးဖြစ်လာတဲ့အခါ အစိုးရဟာ တစ်ဖက်ဘက်က ပင်းမှ ဖြစ်နိုင်မယ်။ အဲဒီတော့ကာ ဒီမိုကရေစီစနစ်သစ်ဆိုတာ အစိုးရက လူများစုဖြစ်တဲ့ ဆင်းရဲသားတွေဘက်က ထုံးစံအတိုင်းတော့ ပင်းမယ် ဆိုတဲ့သဘောပဲ။

www.burmeseclassic.com

www.burmeseclassic.com



*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလလပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

လူမျိုးအရ၊ ဘာသာအရ၊ လိင်အရ အခွင့်အရေး ခွဲခြားမှု၊ နှိမ့်ချမှုတွေကို ဥပဒေအရ ပယ်ဖျက်ပြီး၊ ဒီလို နှိမ်နင်းတာမျိုးတွေ့ရင် ဥပဒေအရ အပြစ်ပေးတာ မျိုး ထောင် စီမံရမယ်။ ဒါမှ ဒီမိုကရေစီ ပီသမယ်။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလလပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

ဖက်ဆစ်စနစ်ဆိုတာ ဘာလဲ ... ကြမ်းသင့်လို့ ကြမ်းတာကို ဖက်ဆစ်စနစ်လို့ မခေါ်ဘူး။ ကိုယ်နှင့် စိတ် မသင့်တာ လုပ်သမျှကို ဖက်ဆစ်စနစ်လို့ ခေါ်တာ မဟုတ်ဘူး။ ငွေပင် ငွေရင်းရှင် (Finance Capital) ကြီးတွေက လက်ကိုင်တုတ် လုပ်ထားတဲ့ တပည့်တွေနဲ့ တိုင်းသူပြည်သား လူအများကို အကြမ်းပတမ်း ဖိနှိပ်ပြီး အင်မတန် ကျဉ်းမြောင်း မှားယွင်းတဲ့ လူမျိုးရေး တရား လက်ကိုင်ထားတဲ့ဝါဒဟာ ဖက်ဆစ်ဝါဒပဲ။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလလပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

ဘာလဲ တော်လှန်ရေး ... အကြမ်းပတမ်း လုပ်တာ တိုင်း တော်လှန်ရေးလား မဟုတ်ဘူး။ အဖျက်လုပ်ငန်းဆို တာတိုင်း တော်လှန်ရေးလား ... မဟုတ်ဘူး။ လုပ်ချင် တိုင်း လုပ်လို့ရသလား ... မဟုတ်ဘူး။ ဘာရည်ရွယ် ချက်နဲ့လဲ၊ ဘယ်လိုလဲ၊ လဲ–လဲ–လဲ၊ အဲဒီလို လဲတွေ အမျိုးမျိုးနဲ့ ကျွန်တော်တို့ စဉ်းစားကြစို့။ တစ်ခါတစ်ရံ အခါက ဒီမေးခွန်းတွေကို ကျွန်တော် ဒီလိုဖြေခဲ့တယ်။

Revolution is direct participation of masses themselves to shape their own destiny fundamentally by all possible means, historically inevitable and necessary and inadmissable of all forms of dry schematisation unrelated to given historical conditions, and of blind, negative, spontaneous, destructive character, and therefore reative in the highest degree.

Its fundamental object is the emancipation of all toilers, its basis mass participation, its guarantee of victory mass consiousness. (In other words, the degree to which the toiling mass in organised and those consionsness of its role and power.)

တော်လှန်ရေးဆိုတာ လူထုက လူထုရဲ့ ကံကြမ္မာကို အခြေခံကနေပြီး ဖန်တီးရာမှာ ဘယ်လိုပဲ ဖြစ်ဖြစ်ဆိုပြီး၊ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်း ဖြစ်တယ်။ ရာဇဝင်ကြောင်းအရ မလွဲမရှောင်သာလို့ဘဲ လိုတယ်။ ဖြစ်ပျက် ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေ အချက် အလက်တွေနဲ့ အခြား တစ်လမ်းဖြစ်တဲ့ အခြောက်တိုက် စိတ်ကူး စီမံကိန်းမျိုးနဲ့တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ မျက်စိစုံမှိတ်ပြီး အကန်းလို ရမ်းလို့ မဖြစ်ဘူး။ တစ်ဖက် တွင်သာ လုပ်တဲ့အလုပ်၊ အလိုအလျောက် လူထု ထကြွမှု ပျက်စီးရုံ အလုပ်ကိုလည်း လက်မခံနိုင်ဘူး။

အဲဒါတွေကြောင့် တော်လှန်ရေး ဆိုတာ အကြီး အကျယ်ဆုံး ပြုပြင်ဖန် တီးတတ်တဲ့ သတ္တိရှိပါတယ်။ တော်လှန်ရေးရဲ့ အခြေခံ ရည်ရွယ်ချက်ကြီးကတော့ လုပ်စားကိုင်စား လူထုကြီး လွတ်လပ်မှု ဖြစ်ပါတယ်။

တော်လှန်ရေးနဲ့ အခြေခံအုတ်မြစ်ကတော့ လူထု ပါဝင်အောင် ဆောင်ရွက်ရေး ဖြစ်ပါတယ်။ တော်လှန် ရေးအောင်မြင်ဖို့ အခြေခံကတော့ လူထုကြီး နိုးကြား ထကြွမှု တစ်နည်းအားဖြင့် လူထုကြီးဟာ ဘယ်အထိ ဖွဲ့ဖွဲ့စည်းစည်းရှိလို့ ဘယ်အထိ မိမိရဲ့တာဝန်နှင့် တန်ခိုး အာဏာကို သိရှိနားလည် နိုးကြားသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်။ အဲဒီလို ကျွန်တော်ဖြေခဲ့တယ်။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံ၌ မိန့်ကြား သည့် မိန့်ခွန်း)*

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ အခုလုပ်နေတာ အားလုံးတွေဟာ ဘာကို လုပ်နေတာလဲ ... ကျုပ်တို့တိုင်းပြည်ကြီးကို တော်လှန် ပြောင်းလဲနေကြတာပဲ မဟုတ်လား။ အဲဒီလို တော်လှန် ပြောင်းလဲနေတဲ့အခါ ကြမ်းသင့်တဲ့အခါလည်း ကြမ်းခဲ့ တယ်။ ကြမ်းစရာ လိုသေးရင်လည်း ကြမ်းရဦးမှာပဲ။ သို့သော်လည်း ကြမ်းရမယ်ဆိုတာတော့ ကျွန်တော် နား လည်သလောက် တကယ့်တော်လှန်ရေး သဘောတရား မဟုတ်ဘူး။

အမိက ဖွားမြင်လာသော ကလေးဟာ မမွေးခင်က ပဋိသန္ဓေ တည်ရတယ်။ နေ့ရက်စေ့မှ မွေးဖွားရတယ်။ အဲဒီမတိုင်မီ မွေးဖွားရင် သေရင်လည်းသေမယ်၊ လျှောရင် လည်း လျှောမယ်၊ ချည့်နဲ့ရင်လည်း ချည့်နဲ့မယ်၊ အင်မတန် ကောင်းခဲတယ်။ ပြီးတော့ မွေးဖွားတဲ့အခါမှာလည်း ပြင်းပြင်းထန်ထန်နဲ့ ဖွားရတာရှိတယ်၊ သက်သက် သာသာနဲ့ ဖွားရတာရှိတယ်။ အမေ အဖေရဲ့ ကျန်းမာ ရေး၊ လက်သည်လုပ်တဲ့သူ ကျင်လည်မှု အစရှိတဲ့ အခြေ အနေတွေအရပဲ ဖြစ်တာပဲ။

အခုလည်းပဲ ဒီအတိုင်း တော်လှန်ရေးကို စဉ်းစား မယ်ဆိုရင် တချို့လူတွေက ကြမ်းမှ အာဏာသိမ်းရ မယ်ဆိုပြီး ပြောကြတယ်။ ကိုင်း...ရုရှားပြည်မှာ တော် လှန်ရေးဖြစ်တုန်းက အာဏာသိမ်းယူတဲ့အခါ ကြမ်းခဲ့ရ သလား၊ ချိန်ကြည့်ရင် မကြမ်းခဲ့ရဘူး။ သိမ်းပြီးအာဏာကို နောက်ကျတော့မှ ပြန် ကာကွယ်တဲ့အခါမှာ ကြမ်းတာ တွေလုပ်ရတယ်။ ဘာဖြစ်လို့ အာဏာသိမ်းတဲ့ နေရာမှာ မကြမ်းခဲ့ရသလဲ။

တော်လှန်ရေးလုပ်တဲ့လူတွေက ကြမ်းချင်လို့လည်း မဟုတ်ဘူး။ မကြမ်းချင်လို့လည်း မဟုတ်ဘူး၊ ကြမ်းစရာ ကို မလိုလို့ မကြမ်းရတာဘဲ။ တော်လှန်ရေးရဲ့ နောက်ဆုံး အဆင့်ဟာ အာဏာ လက်ရ သိမ်းပိုက်မှုပဲ။ အာဏာ လက်ရ သိမ်းပိုက်မှုဆိုတာလည်း ကနေ့အာဏာရပြီး၊ နက်ဖြန် ပြန် လွှတ်သွားတာမျိုး မဟုတ်ဘူး။ ရပြီးတဲ့ အာဏာကို ထိန်းထားနိုင်အောင် စီစဉ်ပြီး သိမ်းပိုက်မှ တကယ့်အာဏာ သိမ်းပိုက်ရာ ရောက်မယ်။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

လွတ်လပ်ရေးရတယ်ဆိုတဲ့ ကိစ္စဟာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ လွတ်လပ်ရေး ရရုံနှင့် ကျုပ်တို့ ပြဿနာ တွေ ပြေရှင်းသွားကြရမှာ မဟုတ်ဘူး။ အဲဒီအခါကျမှ တကယ့်ပြဿနာတွေ ပေါ်လာလိမ့်မယ်။ လွတ်လပ်ရေး ဟာ လမ်းဆုံး မဟုတ်ဘဲ လူတွေရဲ့ ကောင်းစားရေးကို ရောက်စေမယ့် လမ်းကြောင်းသာ ဖြစ်တယ်။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ၌ မိန့်ကြား သည့် မိန့်ခွန်း)*

× × ×

တိုင်းပြည်ကာကွယ်ရေးမှာ စစ်တပ်က လူတွေနဲ့ လုံလောက်အောင် ကာကွယ်နိုင်တဲ့ခေတ် မဟုတ်ဘူး။ တိုင်းပြည် ပြန်လည် ထူထောင်ရေး လုပ်ငန်းမှာလည်း အစိုးရဘက်က လူတွေနဲ့ မလုံလောက်ဘူး။ ယခု ခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေး လုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ်၊ တိုင်းပြည်လူထုနှင့် ယှဉ်၍ ကိုယ်ထိ လက်ရောက်ပါဝင်ကူညီဖို့ သဘောတရား တစ်နေ့တခြား ပိုမို ထင်ရှားလာတယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လဆန်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် မိန့်ကြားချက်)*

× × ×

အခြား တစ်တိုင်းတစ်နိုင်ငံက နိုင်ငံရဲ့ စနစ် လွှမ်းမိုးခြင်း ခံရလျှင် မည်သည့် နိုင်ငံမျိုးမှ အဟုတ် တကယ် မကြီးပွားနိုင်ပါဘူး။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာ ပြည် ပြန်လည် ထူထောင်ရေး ကွန်ဖရင့် အစည်း အဝေးတွင် မြွက်ကြားသည့်မိန့်ခွန်း)*

× × ×

ကျွန်တော်တို့ အခုဖြစ်နေတဲ့ ဗမာပြည်ရဲ့ အခြေ အနေတွေကို ထောက်လို့ ကြည့်လျှင် ကျွန်တော်တို့နိုင်ငံ ကို ပြည်ထောင်စုနိုင်ငံအဖြစ်နှင့် ဖွဲ့စည်း တည်ထောင်မှ

www.burmeseclassic.com

www.burmeseclassic.com



သာလျှင် သင့်လျော်လျောက်ပတ်ပါလိမ့်မယ်လို့ ယူဆတဲ့ အတိုင်း သည့် အခြေခံသဘောကို သည်အဆိုထဲမှာ ထည့်သွင်းပြီး သည်လွှတ်တော်ကြီးမှာ တင်သွင်းခြင်း ဖြစ်ပါတယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

ဘယ်နိုင်ငံဘက်မှာဖြစ်ဖြစ်၊ ယခုခေတ်မှာ ဘယ်တိုင်းနိုင်ငံမှကမ္ဘာကြီးမှာ ဖြစ်နေတဲ့ ဝါဒနှင့် ကမ္ဘာကြီးမှာ ဖြစ်နေတဲ့အရေးကိစ္စတွေရဲ့ ဂယက်အရိုက်ကို မခံရတဲ့ နယ်ရယ်လို့ ရှိမှာမဟုတ်ဘူး။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

ဒီမိုကရေစီဝါဒ၊ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီ သဘောတရားတွေ ခေတ်စားနေတဲ့ သည်ကမ္ဘာကြီးမှာ ဒီမိုကရေစီသဘောထား မထားနိုင်တဲ့ နယ်ဟာ အနေးနှင့်အမြန် အဲသည်နယ်မှာရှိတဲ့လူတွေ နိုးကြားထကြွလာပြီး သည်လို ကမ္ဘာကြီးရဲ့ သဘောတရားတွေနှင့် ဖြစ်ပျက်နေတဲ့ ခေတ်သဘောတရားတွေနှင့် ဆန့်ကျင်ဘက် သဘောတရားတွေကို တွန်းလှန်ပစ်ကြမှာပဲဆိုတာ ကျွန်တော် နိမိတ်ဖတ်ထားချင်တယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့် တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

ကျွန်တော်တို့ လိုချင်တာကတော့ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာ နယ်နိမိတ် ခြားပေးရုံလောက်ဖြစ်တဲ့ (Buffer State) မျိုးလို နယ်ခြားနိုင်ငံကလေးမျိုးလည်း မဖြစ်ချင်ဘူး။

နောက်ပြီးတော့ နိုင်ငံကြီး တစ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှု အထူးတလည် ခံရတဲ့ (Vassal State) မျိုးလည်း မဖြစ်ချင်ဘူး။ ကျွန်တော်တို့ဖြစ်ချင်တာကတော့ ဆန်မရှိ စောက်စားကြီးပဲ ခေါ်ခေါ်(ရယ်သံများ)၊ ကျွန်တော် တို့ ဖြစ်ချင်တဲ့နိုင်ငံကတော့ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတော် ဖြစ်စေချင်တယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေနှင့် ပတ်သက်သော လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်း အားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည်။ ဒါကတော့ ကျွန်တော် ယခုတွင်က ပြောခဲ့တဲ့အတိုင်း လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတော်လို့ ဖွဲ့စည်းလိုက်တဲ့အခါမှာ အဲသည် နိုင်ငံတော်ပိုင်တဲ့၊ အဲသည် နိုင်ငံတော်လက်ထဲမှာရှိတဲ့ အချုပ်အခြာအာဏာဟာ ဘယ်သူတွေရဲ့ လက်ထဲမှာ ဘယ်သူတွေက သာလျှင် ပိုင်ဆိုင်သင့်တယ်ဆိုတဲ့ ပြဿနာ သဘောတရားကို ကျွန်တော်တို့ ဖြေရမယ်ဆိုလို့ရှိလျှင် တိုင်းသူပြည်သားတွေသာလျှင် မူလဘူတအားဖြင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်တဲ့ လူတွေဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆတယ်၊ ယုံကြည်တယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့် ပတ်သက်သော လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

ရာဇဝင်အကြောင်းကိုပဲကြည့်ကြည့်၊ ဘယ်လိုပဲကြည့်ကြည့်၊ နိုင်ငံတော် အချုပ်အခြာအာဏာတွေဆိုတာ မူလဘူတလိုက်ကြည့်မယ်ဆိုလျှင် တိုင်းသူပြည်သားတွေလက်ထဲမှာ ရှိတယ်ဆိုတာကို တွေ့ရပါလိမ့်မည်။ ကျွန်တော်တို့ အယူအဆမှာဆိုလျှင် ကမ္ဘာအစ သမ္မတမင်းကဆိုတဲ့အတိုင်း သမ္မတမင်းကို လူတွေကတင်မြှောက်ခဲ့တာပဲ၊ အဲသည်အတိုင်း ရှေ့လျှောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမှာပဲ။ အဲသည်အတိုင်း ကျွန်တော်တို့ဟာ အချုပ်အခြာအာဏာပိုင် လွတ်မြောက်သော သမ္မတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရ အဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည်လို့ ဆိုခြင်းဖြစ်ပါတယ်။ အဲသည်တော့ သည်သဘောကို ကျွန်တော်တို့ ချထားလိုက်တဲ့အခါ မြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲတဲ့အခါမှာ တိုင်းသူပြည်သားတွေဆီက အခွင့်အာဏာရတယ် ဆိုတဲ့ မူအတိုင်းသာလျှင် အချက်အလက်တွေ ပါရလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့် ပတ်သက်သော လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

နိုင်ငံရေးမှာ ဆိုလို့ရှိလျှင် ဘယ်သူကတော့ဖြင့် မဲ မရထိုက်ဘူး၊ ဘယ်သူကတော့ဖြင့် မဲ ရထိုက်တယ် စသည်ဖြင့် နိုင်ငံရေးညှဉ်းဆဲမှုတွေ၊ ချုပ်ချယ်မှုတွေ မရှိစေရဘူး။ နောက်ပြီးတော့ ဘယ်သူဟာ ဘယ်လို ရာထူးမျိုးကို မရစေရဘူး၊ ဘယ်သူသာလျှင် ရရမယ်ဆိုတဲ့ အဲသည်လို ချုပ်ချယ်မှု တွေဟာ နိုင်ငံရေး တရားမျှတမှုကို ထိခိုက်တယ်။ အဲသည်တော့ နိုင်ငံရေးမှာ နိုင်ငံသူ နိုင်ငံသားဖြစ်တဲ့လူတိုင်း မိမိအရည်အချင်းကြောင့် အခွင့်အရေး ရသွားနိုင်ဖို့ပါပဲ။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့် ပတ်သက်သော လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင် မြေက မပေါက်နိုင်ဘူး ဆိုတာကို ... ခင်ဗျားတို့စိတ်ထဲမှာ လွတ်လပ်ရေး ရတော့မယ်ဆိုလို့ရှိရင် ... စိတ်ကူးက ဘယ်လို စိတ်ကူးကြသလဲဆိုလို့ရှိရင် ပဒေသာပင်ကြီး ချက်ချင်း နေ့ချင်း ညချင်း ပေါက်လာကြတော့မလို ခင်ဗျားတို့ ထင်ကြတဲ့ လူတွေများကြတယ်။ တချို့လည်းပဲဟာ... လွတ်လပ်ရေး ရပြီ ဆိုပြီးတော့ ဘာလုပ်ချင်သလဲဆိုတော့ ကျွန်တော် အရင်တစ်ခါတုန်းက တွေ့ခဲ့တယ်။

ဂျပန်ခေတ်တုန်းက၊ ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး ဘုရားစူးစေ့ ဗမာ့လွတ်လပ်ရေးတုန်းက ... အဲသည်တုန်းက ဆိုလို့ရှိလျှင် လွတ်လပ်ရေးရပြီ ဆိုတော့ကာ ... ဟင်္သာတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။ ဘာတွေ တွေ့ခဲ့သလဲဆိုရင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ... လွတ်လပ်ရေးရပြီကွဆိုပြီးတော့ လူတကာသွားတဲ့ လမ်းမပေါ်မှာ ထွက်ပြီး ဆေးတွေလှန်းတယ်။ အဲသည်တော့ လမ်းသွားလမ်းလာလုပ်တဲ့လူတွေ အတော်ခွကျသွားတယ်။

အဲဒါဟာ လွတ်လပ်ရေးမဟုတ်ဘူး။ လွတ်လပ်ရေး ဆိုတဲ့အဓိပ္ပာယ်က ဘာလဲ၊ လွတ်လပ်ရေးဆိုတာဟာ တစ်ဦးတစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦး တစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့် တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ။

ဥပမာ–ခင်ဗျား စီးပွားရေးဖြစ်ထွန်းအောင် လုပ်တဲ့ နေရာမှာ အနှောင့်အယှက်မရှိစေရဘူး။ အခြားလူတွေနဲ့ အကျိုးကို မထိခိုက်လို့ရှိလျှင် အနှောင့် အယှက်မရှိစေရဘူး။ တိုင်းပြည်တစ်ပြည်လုံးရဲ့ အကျိုးကို မထိခိုက်စေရဘူး။ အားလုံးလူတွေရဲ့ အကျိုးကို မထိခိုက်စေရဘူး။ ခင်ဗျားလွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်တဲ့အခြေအနေ ရှိရမည်။ သို့သော်လည်း အခြားနိုင်ငံရဲ့ လွတ်လပ်ရေးကို သွား နှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးလို့ မဟုတ်ဘူး။ ရမ်းကားမှုမျှသာ ဖြစ်တယ်။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော် ခန်းမကြီး၌ နောက်ဆုံးမိန့်ကြားသည့်မိန့်ခွန်း)*

× × ×

လွတ်လပ်ရေး အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေး ဆိုတာ ရှိနိုင်တယ်။ အဲသည်တော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာလည်း နားလည်ရအောင် ငါတို့ တိုင်းပြည်ဟာ ပိုပြီး စည်းကမ်းရှိဖို့လိုတယ်။ ငါတို့ တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိရှိနဲ့ လုပ်ရမည်။ အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရတယ်။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံးမိန့်ကြားသည့်မိန့်ခွန်း)*

× × ×

လွတ်လပ်ရေးရတဲ့အခါမှ လွတ်လပ်ရေး အခွင့်အရေးတွေ ရတယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့အခွင့်အရေးတွေ ပိုရတာလည်း ရှိတယ်။ အခွင့်အရေးတွေ ပိုရသလိုပဲ တာဝန်တွေလည်း ပို လာလိမ့်မယ်။ ဘယ်လိုတာဝန်တွေ ပို လာမလဲဆိုလျှင် ဒီတိုင်းပြည်ကို အင်္ဂလိပ်က အုပ်ချုပ်နေတုန်းက ဒီဗမာပြည်ကို ကာကွယ်ဖို့ တာဝန်ဟာ အင်္ဂလိပ်ရဲ့တာဝန်သာ ဖြစ်တယ်။ သို့သော်လည်း ဒီဗမာပြည်ကို ကျုပ်တို့ လွတ်လပ်ရေးရတဲ့အခါမှာ ကျုပ်တို့ဗမာတွေကသာလျှင် ဗမာပြည်ကို ကာကွယ်ရမယ့် တာဝန်ဟာ အဓိက ဖြစ်တယ်။ ဒီတော့ အရင်တုန်းကလို ခင်ဗျားတို့ အေးအေးဆေးဆေးနေလို့ မဖြစ်နိုင်တော့ဘူး။ ကျုပ်တို့ တိုင်းပြည် အစိုးရလုပ်တဲ့ လူတွေက တိုင်းပြည် ကာကွယ်ဖို့အတွက် ဗမာပြည်မှာ စစ်သားတွေ နည်းနေတယ်ဆိုလို့ရှိရင် ဗမာတိုင်း ဗမာတိုင်း အရွယ်ရောက်တဲ့လူမှန်သမျှ၊ ကျန်းမာတဲ့လူမှန်သမျှ စစ်မှုမထမ်း မနေရ ဆိုပြီးတော့ အတင်းဥပဒေနဲ့စစ်ထဲကို ထည့်ရလိမ့်မယ်။ အဲဒါမျိုးတွေ လုပ်တန် လုပ်ရလိမ့်မည်။ နှစ်နှစ်တန်သည် သုံးနှစ်တန်သည် စစ်ထဲ ဝင်ရမယ်။ ဝင်ပြီးတဲ့နောက် စစ်ဖြစ်တဲ့အခါမှာ ဝင်တိုက်ရမယ်ဆိုတာ ခင်ဗျားတို့ တိုက်ချင်တိုက်ချင်၊ မတိုက်ချင် မတိုက်ချင် ဝင်တိုက်ရမှာပဲ။ အဲဒါကလည်း တာဝန်ပဲ။ ဒါဟာ လွတ်လပ်ရေးရတဲ့အခါမှာ ဖြစ်ရမယ့် တာဝန်မျိုးပဲ။ လွတ်လပ်ရေးရတဲ့အခါမှာ ဖြစ်ရမယ့် တာဝန်တွေပဲ၊ အဲဒီအတိုင်းပဲ။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံးမိန့်ကြားသည့်မိန့်ခွန်း)*

× × ×

ကျွန်တော်တို့ ဒီတိုင်းပြည်မှာ လွတ်လပ်တဲ့အခါမှာလည်း ယိုးဒယားပြည်လို ဖြစ်ချင်သလား၊ တူရကီပြည်လို ဖြစ်ချင်သလား၊ အိုင်ယာလန်ပြည်လို ဖြစ်ချင်သလား၊ ယူနိုက်တက်စတိတ် အမေရိကန်ပြည်လို ဖြစ်ချင်သလား၊ အင်္ဂလိပ်ပြည်လို ဖြစ်ချင်သလား၊ ဆိုဗီယက်ယူနီယံလို ဖြစ်ချင်သလား၊ ဖြစ်ချင်တာတွေအပေါ်မှာ မှီပြီးတော့ ခင်ဗျားတို့ အလုပ်မလုပ်ဘဲနဲ့တော့ဖြစ်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော်ပြောပြချင်တယ်။ အလုပ်မလုပ်ဘဲနဲ့ မဖြစ်ဘူး။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံးမိန့်ကြားသည့်မိန့်ခွန်း)*

× × ×

ဆိုဗီယက်ယူနီယံဆိုတဲ့ တိုင်းပြည်ကြီးဟာ တော်လှန်ရေးတွေဖြစ်ပြီးတဲ့နောက် ပထမရှေးဦးစွာ စစ်အတောအတွင်းမှာတော့ ဝါးကွန်မြူနစ်ဇင် War Communism ဆိုတာ ဒီအတောအတွင်းမှာလုပ်တဲ့ ကွန်မြူနစ်ဆိုပြီးတော့ လုပ်တယ်။ အဲဒီပြီးတဲ့နောက် စစ်ပြီးတဲ့အခါမှာလည်း (New Economic Policy) ခေါ်တဲ့ စီးပွားရေးစနစ်သဘောမျိုးပဲ လုပ်နေတယ်။ အဲဒီလို လုပ်ပြီးတဲ့နောက်မှ တစ်ခါ ၅ နှစ်စီမံကိန်းတွေဆိုပြီးတော့ ဆိုဗီယက်ယူနီယံမှာ လုပ်ခဲ့တယ်။

အဲဒီလို ၅ နှစ် စီမံကိန်းတွေ ပထမစီမံကိန်းတွေ လုပ်စဉ်အခါတုန်းက ဒီတစ်နိုင်ငံလုံးရဲ့ အခြေအနေအားလုံးကို ခြုံကြည့်ပြီးတော့ တစ်တိုင်းတစ်ပြည်လုံးကောင်းဖို့၊ အမြဲတမ်းကောင်းဖို့ကို ရှေ့ရှုကြည့်ပြီးတော့ လုပ်ရတဲ့အခါ ဖြစ်တဲ့အတွက် လူတွေဟာ စားချင်တိုင်း ပထမ မစားရဘူး၊ ဝတ်ချင်တိုင်း မဝတ်ရဘူး၊ နေချင်တိုင်း မနေရဘူး။ အဲဒီလို ဖြစ်ရတယ်၊ ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြမယ်ဆိုလို့ရှိရင်လည်း (National Planning) ခေါ်တဲ့ အဲဒီစီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး။ မထူထောင်နိုင်ဘူးဆိုတာ ခင်ဗျားတို့ သတိရှိစေချင်တယ်။ အဲဒီတော့ ပဒေသာပင်ဟာ မြေက ပေါက်လာမှာ မဟုတ်ပါဘူး။

ပဒေသာပင်ပေါက်အောင်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီတော့ လွတ်လပ်ရေးပင် ရသော်ငြားလည်း လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ကာ တခြားလက်ပြန်ပါသွားမှာပဲ ဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။ ဒီတော့ အဲဒီ လွတ်လပ်ရေးရတဲ့အခါမှာ ကျွန်တော်တို့ အခုတင်က စီမံကိန်း အမျိုးမျိုးနဲ့ လုပ်ဆောင်မှ အနှစ် ၂၀ လောက်၊ ကျွန်တော်တို့ စကား ခပ်ရိုင်းရိုင်းပြောရရင် ... စကား ခပ်ရိုင်းရိုင်း ပြောရတယ်ဆိုတာ စကားခပ်ရိုင်းရိုင်းပြောမှ လူတွေက မှတ်မိတယ်။ စကားခပ်ရိုင်းရိုင်းဆိုရင် အတော့်ကို ပြအောင် ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ အဲဒါအတော့်ကို ကုန်းလုပ်နိုင်မှ ... ရုန်းလုပ်နိုင်မှ အနှစ် ၂၀ လောက်ရှိတဲ့ အခါမှာ တော်ကာကျမယ်။

အဲဒီလိုမဟုတ်ဘဲ ... ခင်ဗျားတို့ အလုပ်မလုပ်ဘဲနေမယ်ဆိုလို့ရှိရင် ယိုးဒယားပြည်ရဲ့ အဆင့်အတန်းတောင် မီမှာ မဟုတ်ပါဘူး။ ယိုးဒယားပြည်ဆိုလို့ရှိရင် လွတ်လပ်တဲ့ နိုင်ငံတည်းမှ ညံ့ညံ့ပဲ။ ညံ့ညံ့ပင်ဖြစ်ပေမဲ့ ကျွန်တော်တို့ ဗမာပြည်နဲ့ စာလိုက်ရင်တော့ ကျွန်တော်တို့ ဗမာပြည် လွတ်လပ်ရင် လွတ်လပ်ချင်းပဲ ယိုးဒယားပြည်က ကျွန်တော်တို့ထက်တော့ သာတာပဲ။ ဘယ်လိုသာမလဲဆိုရင် စစ်တပ်တွေဆိုလို့ရှိရင်လည်း ကောင်းကောင်းရှိတယ်။ ရေတပ်တွေလည်း ရှိတယ်။ လေတပ်တွေလည်း ရှိတယ်။ အခြားစစ်တပ်တွေလည်း တော်တော်များများရှိတယ်။ အဲဒီလိုအားဖြင့် ယိုးဒယားက ရှိတယ်။

ကျွန်တော်တို့မှာ အဲဒီလို မရှိသေးပါဘူး။ ဒီတော့ ကျွန်တော်က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ ကျွန်တော်တို့က အခြားနိုင်ငံတွေကခြေလှမ်း တစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄–၅–၁၀ လှမ်း လှမ်းလိုက်နိုင်မှ၊ အဲဒီလိုလိုက်နိုင်တဲ့အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလို တန်းတူညီတူဖြစ်သွားမယ်။ တန်းတူညီတူ မဖြစ်သမျှကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမဲ့ ဟိုလူမြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူမြင်တဲ့အခါမှာ မျက်နှာချိုသွေးရနဲ့ ဖာသည်လိုနိုင်ငံမျိုး ဖြစ်နေမှာပဲဆိုတာ ခင်ဗျားတို့ အတိအလင်း နားလည်ထားချင်တယ်၊ (ဩဘာသံများ)။ အားမှ မရှိသေးတော့ အဲဒီလိုပဲ ဖြစ်နေမှာပဲ။ အဲဒီတော့ကာ အင်မတန်ကို ကျွန်တော်တို့ တစ်ခါတည်း ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ လူတွေ စည်းစည်းရုံးရုံးနဲ့ ရှိပါမှ ဖာသည်သဘောမျိုး နိုင်ငံမဖြစ်ဘဲ နေမှာ...။

အဲဒီတော့ တိုင်းရင်းသား အချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော် မလိုချင်ပါဘူး။ တိုင်းရင်းသား အချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထု ညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရ လုပ်လုပ်၊ ဖာသည် တိုင်းပြည် ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့၊ ဘယ်သူကဘာလုပ်လုပ် မပျက်ပါစေနဲ့၊ အဲဒါ အင်မတန် အရေးကြီးပါတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံးမိန့်ကြားသည့် မိန့်ခွန်း)

× × ×

ယခုဖြစ်နေတဲ့ အခြေအနေမှာဆိုရင် လွတ်လပ်ရေးဟာ ရဖို့အခြေအနေကတော့ တော်တော်ကလေး များပါတယ်ဆိုတာ ကျွန်တော် ပြောချင်ပါတယ်။ သို့ပေမယ့်လည်း ကျွန်တော်တို့ ဗမာစကားလည်း ရှိတယ်။ အင်္ဂလိပ်စကားလည်းရှိတယ်။ အင်္ဂလိပ်စကားကတော့ (Don't follow till you are out of the Wood) အရင်တစ်ခါလည်း ကျွန်တော်ပြောသွားပြီးပါပြီ။ စစ်ပွဲကြီးအတွင်းက တောကြီးမျက်မည်း အတွင်းက မထွက်မီခင် ငါတော့ ဘေးလွတ်ပြီလို့ မအော်ပါနဲ့ဆိုတဲ့သဘောမျိုးပဲ။ အဲဒီအတိုင်းပဲ ကျွန်တော်က တစ်ခါ ခြင်္သေ့မင်း ဥပမာကို ပြောရမယ်ဆိုရင် ... ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာန မထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးစံအတိုင်းပဲ၊ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့ တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို

www.burmeseclassic.com



လျှော့လို့ မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့ မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့ လိုတယ်။

ကျွန်တော်တို့ ဗမာတွေမှာ စောက်ကျင့် တစ်ခုရှိတယ်။ ဘာစောက် ကျင့်တစ်ခုရှိသလဲဆိုရင် ဒါကလည်း ကျွန်တော်တို့ ကျွန်ဖြစ်ခဲ့ကြရတဲ့အတွက် ဖြစ်ချင်ဖြစ်မယ်။ ဘာလဲဆိုတော့ ကျွန်တော် ဂျပန်ခေတ်တုန်းက ပုသိမ်ဘက်ကို သွားတဲ့အခါ လှေပြိုင်ပွဲတစ်ခုရှိတယ်။ လှေပြိုင်ပွဲလုပ်ခဲ့တယ်။ လှေပြိုင်ပွဲလုပ်တဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့ လှေတွေ ပြိုင်လိုက်တာ ၂ စင်းပြိုင်တဲ့အခါ နိုင်တဲ့အစင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကို နည်းနည်းရောက်တယ်ဆိုရင်ပဲ တက် ထောင်တယ်၊ ကြွားတယ်၊ တစ်ခါရှုံးတဲ့ နောက်ကနေတဲ့ လှေကလည်းပဲ ပန်းတိုင်မရောက်သေးဘူး။ ကြိုးစားချင် ကြိုးစားနိုင်သေးတယ်။ မကြိုးစားချင်တော့ဘူး၊ ရှုံးတော့မှာပါပဲကွာဆိုပြီး ခြေပစ်လက်ပစ်နဲ့ တက်မခတ်ချင်တော့ဘူး။

ဒါဟာ ဘာလဲဆိုရင် တကယ်တိုင်းပြည်ထူထောင်တဲ့နေရာမှာ လွတ်လပ်တဲ့လူမျိုးနဲ့ ထိုက်တန်တဲ့ စိတ်ဓာတ်မျိုးမဟုတ်ဘူး။ အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ရဲ့စိတ်ဓာတ်မျိုး။ အဲဒီစိတ်ဓာတ်မျိုးရှိနေသမျှ ကာလပတ်လုံး ကျုပ်တို့ ဗမာတွေ ကျွန်ဖြစ်နေမှာပဲ။ လွတ်လပ်ရေးရရင်လည်း မြန်မြန်ပြန် ကျွန်ဖြစ်မှာပဲ။ နောက်ဆုံးတစ်နေ့ မရှုံးတဲ့တိုင်အောင်၊ ကျွန် မဖြစ်တဲ့တိုင်အောင် ခုနကလို ဖာသည်လွတ်လပ်ရေးဖြစ်နေမှာပဲ။ ဘယ်လိုလဲဆိုရင် အကျင့်က အဲဒီလိုနည်းနည်းလေး နိုင်လာတယ်၊ ရှေ့က သာလာတယ်ဆိုရင် တက်ထောင်ချင်တဲ့ အကျင့်ရှိတယ်။ လှေတစ်စင်းဟာ အဲသည်လို ရှေ့ကသာလာလို့ တက်ထောင်မိတာနဲ့ ပွဲတစ်ပွဲမှာ ရှုံးကို သွားတယ်၊ အဲဒီလို ဖြစ်တယ်။

ပြီးတော့ ဘောလုံးပွဲကိုကြည့် ... ကျွန်တော်တို့ ဗမာတွေ ဘောလုံးပွဲမှာ ကန်ကြတဲ့အခါမှာဆိုရင် ကိုယ်က ပထမ စဂိုးသွင်းရတယ်ဆိုရင် အတော် အားတက်လာတယ်။ အားတက်လာတာနဲ့၊ ကန်တာနဲ့၊ ပြုတာနဲ့ နောက်တစ်ခါ အဲဒီလိုဖြစ်တဲ့အခါမှာ တော်တော်လေး ဂိုးလေးများ လာတယ်ဆိုရင် လျှော့လျှော့ပေါ့ပေါ့ ကန်ချင်လာတယ်။ ငါနိုင်မှာပဲဆိုပြီး အဲဒါနဲ့နေပြီး တစ်ဖက်ကနေပြီး နောက်ဆုံး အပြီးသတ်မှာ ကပ်ပြီး ပြန်ပြီးတော့ ဂိုးသွင်းသွားလို့ သရေဖြစ်ဖြစ်၊ ရှုံးတာဖြစ်ဖြစ်၊ ဖြစ်သွားတာမျိုးလည်း ကျွန်တော်တို့ ဘောလုံးရာဇဝင်မှာ ခင်ဗျားတို့ ပြန်စဉ်းစားရင်တော့ တွေ့မှာပဲ။

ဒါတင်မကသေးဘူး ... ဒီ ရှုံးသွားတဲ့လူကလည်း ဘောလုံးကန်လို့ရှိရင် ပထမပိုင်းမှာ နာရီဝက်မှာ ကန်လို့ ရှုံးသွားရင်တော့ တော်သေးရဲ့၊ ကျန်သေးတဲ့ ဒုတိယနာရီဝက်မှာ ကန်လို့ ၁၀ မိနစ်လောက်ကြာတော့ ကိုယ့်ဘက်က စ ဂိုးမသွင်းဘူးဆိုရင် အဲဒီအခါကျရင် လူကိုချတယ်။ ဒါကို ကျွန်တော်တို့ ဗမာ ဘောလုံးကန်တဲ့ ဘောလုံးပွဲအကျင့်ပဲ။ အဲဒါ (Sporting Spirit) မရှိဘူး။ ဒါ ဘာလဲဆိုလို့ရှိရင် ဗမာတွေစိတ်ထဲမှာ ဗမာတွေဟာ စိတ်ဓာတ်ထက်တယ်၊ ဘာညာနဲ့ တလွဲ ဆံပင်ကောင်းနေတယ်ဆိုတာနဲ့ အတူတူပဲ။

ဒီစကားဟာ ဒီနေရာမှာ သုံးဖို့ဟာတွေပဲ။ ဗမာတွေ စိတ်ဓာတ်က မဟုတ်တဲ့နေရာမှာ သွားပြီး ကောင်းနေတယ်။ တကယ့်နေရာတွေကျတော့ အသုံး မကျဘူး။ ဗမာပြည်လွတ်လပ်ရေးရအောင်ဆိုတာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာပြည် ပြန်လည် ထူထောင်ရေးလုပ်တဲ့ နေရာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာ–ဗမာချင်း ချဖို့မှာ လုပ်ချင်တယ်။ အဲဒါမျိုးတွေ လုပ်ချင်တယ်။ ဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုး မရှိဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ မလွတ်လပ်နိုင်ဘူး။ လွတ်လပ်ရင်လည်း ဘယ်တော့မှ ကျကျနန လွတ်လပ်ရေးမဖြစ်နိုင်ဘူး။

အဲဒီတော့ကာ ကျွန်တော်တို့ အဲဒီစိတ်ဓာတ်မျိုးကို လုံးဝ ဖျောက်ပစ်ဖို့လိုတယ်။ ကျွန်တော်တို့ဟာ ဘာအလုပ်ပဲ လုပ်လုပ်၊ နောက်ဆုံးတစ်နေ့ ပြီးတဲ့အချိန်မှာ ရှုံးမယ်ထင်တယ်ဖြစ်စေ၊ နိုင်မယ်ထင်တယ်ဖြစ်စေ၊ မလျှော့ တမ်းခွဲနဲ့လုပ်သွားရမယ်၊ စစ်တိုက်တဲ့နေရာမှာလည်း ဒီအတိုင်းသွားရမယ်။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံးမိန့်ကြားသည့်မိန့်ခွန်း)*

× × ×

ကျွန်တော် တိတိလင်းလင်း ပြောထားစမ်းမယ်၊ ဗမာပြည်မှာ လူထုညီညွတ်ရေး၊ တိုင်းရင်းသားညီညွတ်ရေးတွေဟာ မပြိုကွဲဘဲနဲ့ ဘယ်သူမှ ဖောက်ထွင်းလို့

www.burmeseclassic.com

www.burmeseclassic.com



မရလို့ရှိရင် ... နောက်ပြီးတော့ကာ လက်ဝဲသမားဆိုတဲ့ လူငယ် နိုင်ငံရေးသမားတွေ ညီညွတ်သည်ထက် ညီညွတ်ရင် ... အဲဒီဟာ ကြီး ကြီးသလောက် ခင်ဗျားတို့ လွတ်လပ်ရေးဟာ ပို ကောင်းလာမယ်။ အဲဒီဟာ ငယ် ငယ်သလောက် ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးဟာ ရတယ်ဆိုပေမဲ့ နည်းနေမယ်။ အခွင့်အရေး နည်းနေမယ်။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံးမိန့်ကြားသည့်မိန့်ခွန်း)*

× × ×

တိုင်းပြည်ပြန်လည်ထူထောင်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော် အနည်းငယ် ပြောပြချင်ပါသေးတယ်။ ဒီတိုင်းပြည် ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်ပြီးတော့ကာ ယခု ကျွန်တော်တို့ ရှိနေကြတဲ့အခြေအနေမှာ အင်မတန်ပဲ ဆိုးနေတယ်။ ကျွန်တော်တို့ ဗမာပြည်ဟာ ဒီစစ်ကြီးပြီးတဲ့နောက်၊ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေထဲမှာ မိအေး နှစ်ခါနာဖြစ်တဲ့ ဗမာနိုင်ငံလို မရှိသေးပါဘူး။ ကျွန်တော်တို့ တိုင်းပြည်ဟာ ဂျပန်ဝင်လာတုန်းကလည်း စစ်မြေပြင်ပဲ၊ အင်္ဂလိပ်ပြန်ဝင်လာတော့လည်း စစ်မြေပြင်ပဲ၊ အဲဒီလို မိအေး နှစ်ခါနာဖြစ်တဲ့ ဗမာပြည်ဟာ အင်မတန်ပဲ စီးပွားရေးမှာ ပျက်စီးတယ်။ အင်္ဂလိန်ပြည်မှာလည်းပဲ စီးပွားပျက်စီးတယ်။

အင်္ဂလန်ပြည်မှာ စီးပွားရေးပျက်စီးတော့ အင်္ဂလိပ်လူမျိုးတွေကတော့ စီမံကိန်းတွေ ဘာတွေနဲ့ သိပ်ပြီးတော့ ကျကျနနတော့ မဟုတ်ဘူးပေါ့လေ ... ဒါပေမဲ့ ကျွန်တော်တို့ တိုင်းပြည်နဲ့စာလျှင် အင်မတန်ကို စနစ် ပိုကောင်းတယ်။

အဲဒါတွေလုပ်ပြီး ချွေချွေတာတာနဲ့ နောင် ၄-၅-၁၀ နှစ်ကြာတဲ့အခါမှာကျလို့ရှိရင် တကယ်ချောင်လည်လာအောင်ဆိုပြီး ကြိုးစားနေကြတယ်။ အဆင့်အတန်းမြင့်သထက်မြင့်အောင် ကြိုးစားနေကြတယ်။ ဆိုဗီယက်ယူနီယံဆိုရင် စစ်ကြီးပြီးလျှင်ပြီးချင်း ၅ နှစ် စီမံကိန်းဆိုတာ လုပ်ပြီးတော့တာ။ တစ်ခါတည်း ယခု ခြိုးခြံမှုတွေ လုပ်နေကြတယ်။ ဆိုဗီယက်ယူနီယံမှာ ရေးကလို စားရ၊ သောက်ရ၊ နေရ၊ ထိုင်ရတာ မရှိတော့ဘူး။ ဘာဖြစ်လို့လဲ ဆိုရင် စစ်ကြောင့် အင်မတန်ပဲ ပျက်စီးတဲ့အတွက် ပြန်ပြီးတော့ ချွေတာရတဲ့အခြေအနေမျိုး ပြန်ရောက်လာတယ်။ အဲဒီလို ဖြစ်နေတယ်။

ကျွန်တော်တို့ ဗမာပြည်မှာတော့ ဒါနိုင်ငံခြားထွက်ကြည့်၊ ခင်ဗျားတို့ သိမယ်။ စစ်ဖြစ်နေတုန်းက ကျွန်တော် ဂျပန်ပြည်ရောက်ဖူးတယ်။ ဂျပန်ပြည် ရောက်ဖူးလို့ ဂျပန်ပြည်က လူတွေဟာ ကျွန်တော်တို့ ဗမာပြည်လို ဝလင်လင် ပေါပေါများများ မစားရဘူး။ အဝတ်အထည်တွေမှာလည်း ပေါပေါများများ မဝတ်ရဘူး။ အစားစားတဲ့နေရာမှာလည်း ဝလင်လင်၊ ပေါပေါများများ မစားရဘူး။ နေရတဲ့ နေရာမှာတော့ သပ်သပ်ရပ်ရပ် နေရတယ်။ ဒါတော့မှန်တယ်၊ ဒါတော့ နှစ်ရှည်လများ လုပ်ထားတဲ့အတွက် သပ်သပ်ရပ်ရပ် နေရတယ်။

ကျွန်တော်တို့ပြည်ကတော့ အဲသည်လို မဟုတ်ဘူး။ ဖုံးပေါလအေး စားသောက် နေထိုင်နေကြတာပဲ။ ကျပ်ကျပ်တည်းတည်းဆိုတဲ့အထဲကနေ...၊ ပြီးတော့ အဲဒီလို နေကြတာပဲ၊ ဟိုတုန်းက ဂျပန်ပြည်ဟာ စနစ်မကောင်းလို့ ဒီလိုကျပ်တည်းနေရတယ် ထင်တယ်လို့ ကျွန်တော် စိတ်ထဲမှာ အောက်မေ့နေတယ်။ အခု ဒီစစ်ကြီးပြီးတော့ ကျွန်တော်လိုက်ကြည့်တယ်။ စာထဲမှာလည်း ဖတ်ရတယ်၊ ကိုယ်တိုင်လည်း မြင်ရတဲ့နိုင်ငံတွေလည်း ရှိတယ်။

အိန္ဒိယပြည်ကို သွားကြည့်ပါ၊ ဥပမာ ... ဟိုတယ်ခေါ်သွားရင် ကိုယ့်မိတ်ဆွေတွေခေါ်ပြီး ကျွေးချင်တိုင်း မကျွေးနိုင်ဘူး။ တစ်ခါဆို ၂၄ ယောက်ထက် ပိုပြီး မကျွေးနိုင်ဘူး။ ပေါင်မုန့်မရဘူး၊ အာလူးတစ်ခုပဲရတယ်၊ ထမင်း အလျှင်းမရဘူး။ နောက်ပြီးတော့ တစ်ခါတည်း ဟင်းလည်း တစ်မည်ထက် ပိုမရဘူး။ ကျွန်တော်တို့ ဆန်းကဖေးကို သွားစားတဲ့လူတွေက ဟင်းတစ်မည်မကဘူး၊ နှစ်မည် မကဘူး၊ သုံးမည်မကဘူး၊ လေးမည် မကဘူး ... စားချင်သလောက်စား၊ ဘာအကန့်အသတ်မှ မရှိဘူး။ ကျွန်တော်တို့ တိုင်းပြည်မှာ ဖြစ်နေတယ်။ ပေါင်မုန့်ဆိုရင် အရင်ကထက် လျှော့ရတယ်။ အခြား တိုင်းပြည်တွေမှာ အဲဒီလို ချွေချွေတာတာကြိုးပမ်းပြီးတော့ အခုနေအခါမယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်နေကြတယ်။

ကျွန်တော်တို့တိုင်းပြည်က ကျပ်ကျပ်တည်းတည်း နေရတဲ့အထဲက ဒီလို ဖုံးပေါလအေးသုံးကြတုန်း၊ စွဲကြ

www.burmeseclassic.com



တုန်းပဲ။ အဲဒီတော့ ကျွန်တော်တို့ ဗမာတွေက ဆီမရှိ မစားနိုင်ဘူးလို့ ပြောတယ်။ ဆီမရှိ မစားနိုင်တာကတော့ မှန်ပါတယ်၊ သို့သော် ဒီဆီတွေဟာ ဘာအတွက် သုံးနေကြတာလဲ၊ ဖုံးပေါလအောသုံးသလား၊ မသုံးဘူးလား ဈေးတွေသွားကြည့်စမ်းပါ၊ အိမ်တွေသွားကြည့်ပါ၊ ဖုံးပေါလအောသုံးသလား၊ မသုံးဘူးလား။ တခြား တိုင်းပြည်တွေ သွားကြည့်ပါ။ ဆီကို ဒီလို ဖုံးပေါလအောသုံးနိုင်သလား မသုံးနိုင်ဘူးလား၊ ခင်ဗျားတို့ ဆီတွေကို ဖုံးပေါလအောသုံးနေတာ ခင်ဗျားတို့စိတ်ထဲမှာ ဘာမှ အရေးမကြီးဘူးလို့ ထင်တယ်။ အဲဒီ ဖုံးပေါလအော သုံးတဲ့အတွက် ကုလားပြည်ကနေပြီးတော့ ကျွန်တော်တို့ တိုင်းပြည်ဟာ နှစ်စဉ်နှစ်စဉ် ဆီတွေအမြောက်အမြား သွင်းပြီးနေရတယ်။

အဲဒါကြောင့် ခင်ဗျားတို့ ဈေးကြီးတယ်၊ ကြီးတယ်ဆိုတာ အကြောင်းပြချက်မှာ ခင်ဗျားတို့ ဖုံးပေါလအောသုံးနေလို့ ဒီဆီတွေကို တခြားနိုင်ငံက သွင်းနေရတဲ့အတွက် အပိုသွင်းနေရတဲ့အတွက် ဈေးကြီးတဲ့နေရာမှာ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ ဥပမာတစ်ခု–အကြောင်းတစ်ရပ်ကိုတော့ ကျွန်တော်ပြောပြမယ်။ ငရုတ်၊ ကြက်သွန်ကြည့်၊ ဗမာပြည်မှာ ငရုတ်၊ ကြက်သွန်က ကိုယ့်ဘာသာကိုယ်စိုက်ရင် မရနိုင်ဘူးလား… ကျွန်တော်ဆိုရင် ကျွန်တော့်အိမ်မှာ ကျွန်တော် စိုက်ထားတယ်။

အဲဒီကိုယ့်ဘာသာ ကိုယ့်အိမ်ရာ ကွက်လပ်ရှိတဲ့လူတွေက စိုက်ကြပါလား၊ မစိုက်ကြဘူး။ ဈေးမှာ ကိုယ်တော်မြတ်တွေက ဝယ်စားချင်ကြတယ်။ ဈေးမှာဝယ်စားတော့ အဲဒီငရုတ်၊ ကြက်သွန် ဘယ်ကလာတယ် မှတ်သလဲ၊ အိန္ဒိယပြည်က လာတယ်။ အိန္ဒိယပြည်ကလာတော့ ခင်ဗျားတို့ အိန္ဒိယပြည်ကို ခင်ဗျားတို့ ပိုက်ဆံပေးနေရတယ်။ အဲဒီလို ပေးရတဲ့အတွက် ဒီတိုင်းပြည်မှာ ရနိုင်တဲ့ပစ္စည်းကို တခြားနိုင်ငံက ဝယ်နေရတဲ့အတွက် ခင်ဗျားတို့မှာ အခု ဈေးကြီးကြီးတယ်ဆိုတာတွေ ဖြစ်တာပဲ။

အကြောင်းတစ်ရပ်က ဆန်စားတဲ့နေရာမှာ ကျွန်တော်တို့ ဆန်စားတဲ့အနေနဲ့ ဒီအာဟာရဓာတ်ကျမ်းတွေကို နားလည်တဲ့လူတွေနဲ့ သေသေချာချာကြည့်မယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်မှာ စားရတဲ့အာဟာရဟာ အကုန် ပျမ်းမျှခြင်းတွက်ကြည့်မယ်ဆိုရင် တခြားနိုင်ငံတွေထက် ပိုနေတယ်။ ပိုနေတော့ အခု ကျွန်တော်တို့ပြည်မှာ ဆန်ကတော့ လုံလောက်တယ်၊ လုံလောက်ရုံတင်မကဘူး ပိုနေတယ်။ နိုင်ငံခြားတင်ရတယ်၊ တင်ရောင်းရတယ်။ နိုင်ငံခြားရောင်းပေမဲ့ ကျွန်တော်တို့ စစ်မဖြစ်ခင်ကလောက် မပိုဘူး။ ပိုပိုလျှံလျှံ မရှိဘူး။ အဲဒီမှာ ကျွန်တော်တို့ ကုန်တွေစားတာကလည်း ရေးကထက် လျှော့လည်း မစားဘူး၊ အရင်ကလိုပဲ ဖုံးပေါလအော စားတုန်းပဲ၊ အပိုတွေ အများကြီးရှိတုန်းပဲ။

အဲဒီတော့ကာ ယခုဖြစ်နေတာက စစ်မဖြစ်ခင်ကလောက် ဆန် မထွက်ဘူး။ ဆန် မထွက်၊ ဆန် မထွက်တဲ့အထဲမှာ ကျွန်တော်တို့ လျှော့စားကြသလားဆိုတော့ လျှော့မစားဘဲ ဖုံးပေါလအော စားနေကြတုန်းပဲ။ အဲဒီအထဲမှာ ဆန်လုတဲ့အတွက် ငွေတစ်ကုဋေကျော်ဖိုးလည်း ဆုံးသေးတယ်။ ကျွန်တော်တို့ တိုင်းပြည်က ဝင်ကုန်နဲ့ ထွက်ကုန်မယ်၊ ထွက်ကုန်မှာ အရင် စစ်မဖြစ်ခင်တုန်းက များတယ်။ အဲဒီများတဲ့နေရာမှာလည်း ဆန်ကုန်ကူးတဲ့အတွက် အမြတ်အများဆုံးရတယ်။

ယခု ဆန်ကိုသာလျှင် ကျွန်တော်တို့ အများဆုံး အားကိုးရတယ်။ အဲဒီလို ဗမာတွေရဲ့ အသက်သခင်ဖြစ်တဲ့ ကိစ္စမှာ စစ်ပြေးတော့ ပျက်စီးနေတဲ့အတွက် နွားတွေလုသွား၊ နောက်ပြီးတော့ သူခိုး၊ ဓားပြတွေ သောင်းကျန်းမှုတွေကြောင့် လယ်ယာတွေ ကောင်းကောင်းမလုပ်ရတဲ့အတွက်ကြောင့် ရေးကလောက်လည်း မထွက်ဘူး၊ ရေးကလောက်လည်း မလုပ်နိုင်ဘူး။ အဲဒီအထဲမှာမှ ခင်ဗျားတို့က ဖုံးပေါလအော စားတုန်းပဲ၊ အဲဒီအထဲမှာ ဆန်လုတဲ့လူက လုကြတယ်၊ ငွေတစ်ကုဋေကျော်ဖိုး ဆုံးသွားတယ်။

အဲဒီလိုဖြစ်တော့ကာ ဒီလိုဖြစ်နေတာတွေ ခင်ဗျားတို့ ကျပ်တယ် … ကျပ်တယ်ဆိုတာ၊ ဒါ ဘာအံ့သြစရာရှိသလဲ၊ ကျပ်မှာပဲလို့ ကျွန်တော်တို့က ပြောချင်တယ်။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံး မိန့်ကြားသည့်မိန့်ခွန်း)*

× × ×

အလုပ်မလုပ်ဘဲနဲ့တော့ လွတ်လပ်ရေးရပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနှင့်မှ ခင်ဗျားတို့ လွတ်လပ်ရေးအရသာကို ကျပ်ပြည့် တင်းပြည့် စံစား၊ ခံစားရမှာ မဟုတ်ဘူးဆိုတာ ဘယ်လိုအစိုးရပဲတက်တက်၊ ကွန်မြူနစ်အစိုးရပဲ တက်တက်၊ ဆိုရှယ်လစ်အစိုးရပဲတက်တက်၊ ဘာအစိုးရပဲ တက်တက်၊ အဲဒီအလုပ်မလုပ်ဘဲနဲ့တော့ ခင်ဗျားတို့ မဖြစ်ဘူးဆိုတာကို ကျွန်တော် တထစ်ချ ရဲရဲကြီးပြောရဲတယ်။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံး မိန့်ကြားသည့်မိန့်ခွန်း)*

× × ×

ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေး ရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်တဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစား၊ စံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ အကျင့်ဆိုးတွေ၊ အကျင့်ပျောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့ လိုပြီဆိုတာ ကျွန်တော်ကနေ့ ပြောခဲ့ချင်တယ်။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံးမိန့်ကြားသည့် မိန့်ခွန်း)*

× × ×

တောင်တန်းဒေသဆိုင်ရာ ကိုယ်စားလှယ်များအား မိတ်ဆွေသဘောမျိုးသာမက၊ သွေးချင်းသားချင်းများ အနေနှင့်ပြောလိုတာက ကျွန်တော်တို့ဟာ တောင်တန်းဒေသ ဗျားနှင့်ဆိုင်လို့ လွန်ခဲ့တဲ့ ၄–၅ လကတည်းက အခြေအနေကျအောင်လုပ်ခဲ့ပြီး၊ ကူညီခဲ့ပြီး အမှောင်ထဲက အလင်းရောက်အောင် ဝတ္တရားရှိတဲ့အတိုင်း ကျေပြွန်အောင် လုပ်ခဲ့ပြီ။

အဲဒီအထဲမှာ နယ်တစ်နယ်က အင်္ဂလိပ် လက်အောက်နေချင်တယ်လို့ ကြားရတယ်။ ကျွန်တော်တို့ အဖို့မှာ အင်္ဂလိပ် လက်အောက်မှာလည်း မနေချင်၊ ဘယ်သူ့လက်အောက်မှာလည်း မနေချင်၊ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်။ အဲဒီတော့ အလင်းရောင်ထဲက အမှောင်ထဲ သွားချင်တဲ့လူများရှိလျှင် ကျွန်တော်တို့အဆိုကို မထောက်ကို မထောက်ခံဘဲ နေနိုင်ခွင့်ရှိပါတယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့၊ လုံးဝလွတ်လပ်ရေးအဆိုကို တင်သွင်းရာ၌ မိန့်ကြားသည့်မိန့်ခွန်း)*

× × ×

**စီးပွားရေးအတွေးအခေါ်များ**

တိုင်းပြည် ကောင်းစားအောင် အပြောကား လွယ်၏။ အလုပ်ကား ခက်၏။ ဥပမာ–ဆင်းရဲသားတွေ လယ်မဲ့နေတယ်၊ လယ်ရအောင် လုပ်ပေးမယ်ဆိုလျှင် ပထမ ဗမာပြည်မှာ ဘယ်နှစ်ယောက် လယ်ယာမဲ့နေတယ်ဆိုတာကို သိရမည်။ ဒုတိယ– လိုသလောက် လူတွေကို ပေးစရာမြေ မရှိ၊ ရှိလျှင်လည်း ဘယ်လိုလုပ်၍ ဘယ်လောက်စီ ဝေပေးရမည်ကို သိရမည်။ သစ်တောတွေထွင်၍ပဲ မြေရအောင် လုပ်မလား၊ ချစ်တီးတွေလက်ထဲကပဲ အတင်း လုမလား၊ လုပါပြီတဲ့ ချစ်တီးတွေ မရှိလို့ လယ်သမားတွေလက် စိုက်ဖို့၊ ပျိုးနုတ်ဖို့၊ လယ်စရိတ်တွေ မရှိလျှင် ဘယ်သူက ပေးမလဲ၊ လယ်တွေဖွံ့ဖြိုးအောင် ခေတ်သစ်နည်းတွေနှင့် လုပ်ဖို့ ဘယ်သူတွေက လာသင်ပေးမလဲ၊ ဘယ်လိုကိရိယာမျိုး ဘယ်ကယူမလဲ၊ ဝယ်ယူမလား၊ နိုင်ငံခြားက လယ်ယာစိုက်ပျိုးရေးအတတ် ကျွမ်းကျင်တဲ့လူတွေ ခေါ်ယူမလား၊ သည်လိုဆိုလျှင် ငွေတွေ တက်တက်စင်ကုန်မည်။ ကုန်လျှင် ဘယ်က ရမလဲ၊ တိုင်းပြည်က ရတဲ့ အခွန်တွေကလည်း သုံးစရာတွေများလွန်းလို့ မလောက်ဘူးတဲ့။ ဘယ်သူ့ဆီက ချေးမလဲ။ ဗမာတွေဆီကလား၊ နိုင်ငံခြားအစိုးရတွေနှင့် မဟာမိတ်လုပ်ပြီး သူတို့ဆီက ချေးရမလား၊ ချေးတယ်ဆိုရင်ပဲ အလကားရမှာမဟုတ်။ အခုဟာ သူတို့လိုချင်တဲ့ စီးပွားရေး၊ နိုင်ငံရေး အဆက်ဆက်တွေကို ပေးရလိမ့်မယ်၊ ဤကဲ့သို့ တမျှော်တခေါ်ကြီး စဉ်းစားရ၏။ ငှက်ပျောသီးအခွံနွှာစား ရသလို မလွယ်။

*(၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

ဗမာနိုင်ငံသည် သဘာဝအလျောက် တည်ရှိနေသော ဥစ္စာရတနာ အပေါင်းတို့နှင့် ပြည့်စုံသည့်နိုင်ငံ

www.burmeseclassic.com



ဖြစ်လေသည်။ ရာသီဥတု အခြေအနေကလည်း ထိုဥစ္စာ ရတနာအပေါင်းတို့ကို တိုးတက်အောင် ဖြည့်စွမ်းနိုင်သော အခြေအနေဖြစ်သည်။ ထို့ကြောင့် အသင်တို့သည် အထွေထွေပညာရေးနှင့်တကွ စက်မှုလက်မှုပညာတို့ကို အားပေးအရေးယူသင့်လေသည်။ သို့မှသာ ဗမာအပေါင်းတို့သည် ထိုဥစ္စာရတနာအပေါင်းတို့ကို တိုးတက်အောင် ဆောင်ရွက်ရာတွင် မိမိတို့ တတ်သိသော ပညာတို့ကို စူးဆောက်ပမာ အသုံးချနိုင်မည်ဖြစ်သည်။ တစ်ဖန် အလုပ် လုပ်လိုသော စိတ်ဓာတ်ကို သွင်းပေးခဲ့သော်၊ ဗမာ့ဥစ္စာရတနာအပေါင်းတို့သည် တိုးတက်မည် အမှန်ဖြစ်သည်။ ထိုသို့တိုးတက်လျှင် ဗမာတစ်မျိုးလုံး ချမ်းသာ၍ ဗမာတစ်မျိုးလုံး၏ အင်အားလည်း ကြီးမားလာလိမ့်မည် ဖြစ်သည်။

*(ဂျပန်ခေတ် လွတ်လပ်ရေး ကြေညာသော အခမ်းအနားသို့ မိန့်ဆိုသော စစ်သေနာပတိမိန့်ခွန်း)*

× × ×

ဖက်ဆစ်ဝါဒ ဆိုသည်မှာ အရင်းရှင်ဝါဒ၏ အဆိုးသွမ်းဆုံးသော ဘဝသို့ ရောက်ခြင်းပင် ဖြစ်၏။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသော မိန့်ခွန်း)*

× × ×

အရင်းရှင်ဝါဒဆိုသည်မှာ ငွေပင်ငွေရင်းအမြောက်အမြား စိုက်ထုတ်နိုင်သော သူတို့သည် ကမ္ဘာပေါ်တွင် ကြီးနိုင် ငယ်ညှဉ်းဆဲလိုသည့် ယုတ်မာ ညစ်ဆိုးအသားစားဘီလူးမျိုးနှင့် နယ်ချဲ့၍ နှိပ်စက်ကလူ ရန်မူသော တစ်ကိုယ်ကောင်း အယူဝါဒကို ယူသူများ၏ ဝါဒ ဖြစ်ပေသည်။

အဘယ်ကြောင့် ဤကဲ့သို့ ယုတ်မာညစ်ဆိုးဝါဒမျိုးသည် ကျွန်ုပ်တို့ လူ့လောကတွင် ပေါ်ပေါက်လာရပေသနည်းဟု မေးဖွယ်ရာရှိ၏၊ အဖြေမှာကား အရင်းရှင်တို့၏ ဝိသမလောဘ လှုံ့ဆော်မှုကြောင့် စီမံဖန်တီးသော အဓမ္မ မတရားမှုများကြောင့်ဟု ဆိုလိုပေသည်။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာလောကတွင် ကမ္ဘာသူကမ္ဘာသားတို့သည် သက်သာချောင်ချိ လွတ်လပ်စွာ နေထိုင်စားသောက်နိုင်အောင် ပစ္စည်းဥစ္စာ ရတနာ အမျိုးမျိုးရှိပါလျက်နှင့် ဝေနေယျတို့၏ ချမ်းသာသုခကို မထောက်မထား၊ စီးပွားလာဘ်လာဘ တို့ကို မိမိတို့ ချည်းသာ အဓမ္မ ယူလိုကြသောကြောင့် ဆူကြုံနိမ့်မြင့် အစဉ်အသင့် မပေါ့တ်ဘဲ မိုးနှင့်မြေထဲ ခြားနားကွဲလွဲလျက် ရှိပေသည်။

နောက်ဆုံး၌ မှောက်ပြန် ကျွမ်းထိုး အမျိုးမျိုးသော ပြဿနာများ ပေါ်ပေါက်လာပြီးလျှင် မရှုနိုင်မရိုက်နိုင် ဟိုက်ယိုင်၍ ပြိုလဲတော့၏။ ဤအဓမ္မ ဝါဒကြောင့်သာ ကမ္ဘာပေါ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်စုနှင့် တစ်စု၊ နိုင်ငံတစ်ခုနှင့်တစ်ခု မေတ္တာဓာတ် မကူးနိုင်ဘဲ၊ လောဘ၊ ဒေါသ၊ မောဟ၊ ဟေတုတရားတို့ကိုသာ ပွားများ၍ လာကြသည်။ ဤဝါဒဆိုးကြောင့် တစ်ဖက်က ကြည့်ပြန်လျှင် လောကဓာတ်ပညာတိုးတက်လာခဲ့၏။ လောကဓာတ်ပညာ တိုးတက်လေလေ၊ ဤယုတ်မာသော ဝါဒကို လက်ကိုင်ထားသူတို့ အလွဲသုံးစားပြု၍ ယုတ်မာလေလေဖြစ်လေသည်ကို မြင်တွေ့ရပေ၏။ အရင်းရှင်ဝါဒသမားတို့သည် တစ်ဦးနှင့်တစ်ဦး၊ တစ်ခုနှင့်တစ်ခု၊ တစ်မျိုး နှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တုပယှဉ်ပြိုင်သောကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ပ ပဥ္စတရားသုံးပါး တွင်တွင်ကြီး ချဲ့လေတော့၏။ နောက်ဆုံး၌ အရင်းရှင်၊ အလုပ်သမား၊ နယ်ချဲ့သမားနှင့် လက်အောက်ခံ နိုင်ငံများ၊ အရင်းရှင် အချင်းချင်း၊ နယ်ချဲ့သမားအချင်းချင်း၊ ရန်ခပင်းတိုးပွား၍ ကမ္ဘာတစ်ခုလုံး ကိုးရိုးကားရား ကမောက်ကမ ဖြစ်လေတော့၏။

ဤသို့သောအကြောင်းတရားကြောင့် ကျွန်ုပ်တို့ ကမ္ဘာပေါ်တွင် ဤခေတ်ဆိုးကြီး၌ မကြာခဏလှုပ်လှုပ်ရှားရှား စစ်မက်များပွားများလျက် ရှိနေရပေ၏။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသော မိန့်ခွန်း)*

× × ×

ဤအရင်းရှင်ဝါဒ ကမ္ဘာပေါ်ပြန့်နှံ့နေသရွေ့ ကာလပတ်လုံး တစ်နည်းအားဖြင့်ဆိုသော် ဤအရင်းရှင်ဝါဒ ပပျောက်ပြီးလျှင် ဗြဟ္မစိုရ်တရားတို့ အခြေပြုသော ဆိုရှယ်လစ်ဇင်းခေါ် လူအများ ကောင်းစားရေးဝါဒ၊ လူထု

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစားရေးဝါဒ မပြန့်ပွား မစည်ကားသရွေ့ကာလ ပတ်လုံး ကျွန်ုပ်တို့ ကမ္ဘာမြေပြင်တွင် အထွေထွေသော ကပ်ကြီးများ ဆိုက်ရောက်လျက်ပင် ရှိကြပေလိမ့်မည်။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသော မိန့်ခွန်း)*

× × ×

နယ်ချဲ့ဝါဒ၊ အရင်းရှင်ဝါဒတို့ကို လိုက်နေသမျှ ကာလပတ်လုံး အလုပ်လက်မဲ့ပြဿနာ၊ နေထိုင် စားသောက်မှု ချောင်ချိရေး ပြဿနာစသော စီးပွားရေး၊ ကြီးပွားရေး ပြဿနာတို့ကို ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ချေ။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသော ဥက္ကဋ္ဌမိန့်ခွန်း)*

× × ×

စီးပွားရေးလွတ်လပ်မှု မရှိရင် နိုင်ငံရေးလွတ်လပ်မှု ဆိုတာဟာ ပြက်ရယ်ပြုစရာဖြစ်မယ်။ အသားလွတ် ဟန်ပြတာဖြစ်မယ်။ ဒါ့အပြင် တခြားမဖြစ်နိုင်ဘူး။

*(၁၉၄၆ ခုနှစ်၊ မေလ ၁၆ ရက်နေ့၊ ဖဆပလအဖွဲ့ချုပ်၏ ဒုတိယမြောက်ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်း)*

× × ×

ဒုတိယ ကမ္ဘာစစ်ကြီး အပြီးမှာ တစ်ကမ္ဘာလုံး အထင်ကရ ရရှိလိုက်တဲ့ သင်ခန်းစာ တစ်ရပ်ကတော့ 'ဘယ်နယ်ချဲ့ကျူးကျော်ရေးသမား' နိုင်ငံကမှ စစ်နိုင်အောင် တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး၊ ငြိမ်းချမ်းရေးရအောင် လုပ်နိုင်မှာ မဟုတ်ဘူး၊ ငြိမ်းချမ်းရေးရအောင် လုပ်နိုင်ဖို့ဆိုရင် ပိုဝေးလိမ့်မယ်ဆိုတဲ့ အချက်ပဲ။ နောက်ပြီး တိုင်းပြည်ကြီးတစ်ခုခု၊ ဒါမှမဟုတ် တိုင်းပြည်ကြီး တချို့ရဲ့ အကူအညီ အထောက်အမ တစ်ခုခုကို မရဘဲ၊ (ဒါမှမဟုတ်) တိုင်းပြည်ကြီးတချို့ကြားနေမယ်ဆိုတာကို မသိရဘဲ ဘယ်တိုင်းပြည်ကမှ စစ်ပြုတာကို အားကိုးအားထားပြုမှာ မဟုတ်ဘူးဆိုတာဟာလည်း သင်ခန်းစာ တစ်ရပ်ပဲ။ ဘာကြောင့်လဲဆိုတော့ ဒီလိုအချက်တွေမရှိဘဲ စစ်တိုက်မိရင် အဲဒီ စစ်တိုက်တဲ့တိုင်းပြည်ဟာ စစ်ရေးအရရော၊ နိုင်ငံရေးအရပါ ကိုယ့်ကိုယ်ကိုယ် သတ်သေတာမျိုး ဖြစ်မှာကြောင့်ပဲ။ တကယ်တော့လည်း တိုင်းငယ်ပြည်ငယ်ကလေးတွေ အချင်းချင်း စစ်ဖြစ်တာမျိုးကတော့ သူ့အချိန်နဲ့သူ မှန်မှန်ရှိနေမှာပဲ။ ဒီလို စစ်ဖြစ်ရတာဟာလည်း တိုင်းပြည်ကြီးတစ်ပြည်ပြည်ရဲ့ အလိုကျ လိုက်လုပ်တာပဲ ဖြစ်ရမယ်၊ ကြားဝင်ဖျန်ဖြေတာကို ခွင့်ပြုကြရလိမ့်မယ်။

ကမ္ဘာ့ကုလသမဂ္ဂ နာမည်ကိုခံပြီး ဒိုင်လူကြီးလုပ်လာဖွယ်ရာရှိပါတယ်။ အားနည်းတဲ့ တိုင်းပြည် တစ်ပြည်ပြည်ရဲ့ နယ်စပ်ဒေသကို ဝင်တိုက်တဲ့ စစ်လုပ်ကြံမှုမျိုး ရှိချင်လည်း ရှိလိမ့်မယ်။ ဒါပေမဲ့ ဒီလို ဝင်တိုက်တာဟာ အရေးကြီးတဲ့စစ်ရေးကိစ္စထက် အတိုက်အခံရတဲ့ တိုင်းပြည်ထံမှ (ဒါမှမဟုတ်) တခြားတိုင်းပြည်ထံမှ လိုက်လျောချက်တစ်ခုခုရရှိဖို့အတွက် နိုင်ငံရေးလှည့်ကွက် ပုံသဏ္ဌာန်တစ်ခုအနေနဲ့ တွက်ချက်တာက ပိုကဲပါလိမ့်မယ်။ အမှန်ကတော့ ကျုပ်တို့ဟာ ဒီလို"ကြံကြိုက်မှု"မျိုးကို တိုက်ဖျက်ပစ်ဖို့ အသင့်ပြင်ထားရလိမ့်မယ်။

*(၁၉၄၆ ခုနှစ်၊ မေလ ၁၆ ရက်နေ့၊ ဖဆပလအဖွဲ့ချုပ်၏ ဒုတိယမြောက်ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်း။)*

× × ×

တိုင်းပြည်အနှံ့အပြားမှာ သမဝါယမလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အချိန်သင့်နေပါပြီ။ လုံးလုံးလျားလျား လျော်ကန်နေပါပြီ။ ဒီလုပ်ငန်းဟာ ကျုပ်တို့ ပြည်သူတွေရဲ့ နှလုံးသားထဲကို ပူးပေါင်းဆောင်ရွက်လိုစိတ်၊ စည်းစည်းလုံးလုံး နေထိုင်လုပ်ကိုင်လိုစိတ်တွေ သွင်းပေးပါလိမ့်မယ်။ ဒါတွင် မကသေးဘူး၊ ကျစ်ကျစ်လျစ်လျစ် သုံးစွဲတတ်မှု၊ ကိုယ်ထူကိုယ်ထလုပ်မှု၊ တီထွင်ဖန်တီး ကြံဆနိုင်တတ်မှုတွေ ရှိလာအောင်လည်း အားပေးအားမြှောက် ပြုပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ တိုင်းပြည်မှာ အရင်းအနှီး သိပ် ရှားပါးနေချိန်မှာ သမဝါယမလုပ်ငန်းဟာ တိုင်းပြည်ရဲ့ သာယာဝပြောရေးကို မြှင့်တင်ဖို့အတွက် အကောင်းဆုံးနည်းလမ်းပဲ ဖြစ်တယ်လို့ အကြောင်း ... အဆုံးမှာတော့ အရင်းအနှီးကို ဖန်တီးပေးတဲ့နေရာဟာ လုပ်အားပဲ ... တို့ရဲ့လုပ်အားပဲဖြစ်တယ်

www.burmeseclassic.com



ဆိုတဲ့ အကြောင်းတွေကို ပြည်သူတွေဟာ အလုပ်လုပ်ရင်း သိလာ နားလည်လာမှာ ဖြစ်လို့ပါပဲ။

*(၁၉၄၆ ခုနှစ်၊ မေလ ၁၆ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ်၏ ဒုတိယမြောက်ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားသောမိန့်ခွန်း)*

× × ×

လူကို လူက ကျွန်ပြုမှု၊ ခေါင်းပုံဖြတ်မှုတို့ ဘယ်လိုပုံစံမျိုးနဲ့မှ ကမ္ဘာ ပေါ်မှာ နောက်ထပ် ပေါ်မလာပါစေနဲ့လို့ ကျွန်ုပ်တို့အားလုံး ဆန္ဒပြုကြဖို့လိုပါတယ်။

*(၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့၊ ကျိုက္ကမီခရိုင်၊ သံဖြူဇရပ် စစ်သင်္ချိုင်းဖွင့်ပွဲ၌ ပြောကြားသောမိန့်ခွန်း)*

× × ×

မြန်မာပြည်၌ အရေးကြီးသော စက်မှုလုပ်ငန်းအရပ်ရပ်ကို ပြည်သူပိုင်လုပ်ရန် ကျွန်ုပ်ကြံရွယ်ကြောင်း၊ ထိုသို့ပြုလုပ်မှသာ လူတို့ စိတ်ကျေနပ်၍ ပျော်ရွှင်စွာ နေနိုင်သော အဆင့်အတန်းကို ရရှိမည်ဟု ကျွန်ုပ် စွဲမြဲစွာ ယုံကြည်ကြောင်း။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် မြွက်ကြားသည့်မိန့်ခွန်း)*

× × ×

အရင်းရှင်ဝါဒသည် အခါခပ်သိမ်း လိုလားအပ်သည်ဟု ကျွန်ုပ် မထင်ကြောင်း။ အချိန်ကာလအားဖြင့် ကျွန်ုပ်တို့မှာ ရှေ့သို့ တစ်လှမ်းမတက်နိုင်မီ ထိုအရင်းရှင်ဝါဒထဲမှ ဝင်လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း။ သို့သော် အရင်းရှင်စနစ်ကို အခြားအနောက်နိုင်ငံများကဲ့သို့ တရားလွန် တိုးတက်ဖွံ့ဖြိုးလာရန် မလုပ်သင့်ကြောင်း။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့၊ မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် မြွက်ကြားသည့်မိန့်ခွန်း။)*

× × ×

ကျွန်ုပ်တို့၏ နိုင်ငံရေးရောဂါမှာ ဆေးချက်မှန်ပြီဖြစ်သော်လည်း စီးပွားရေးလောကမှာကား ကုသရန်ကျန်ပေသေးသည်။ စီးပွားရေး မကောင်းသမျှ ကာလပတ်လုံး ကျွန်ုပ်တို့ မြန်မြန်ဖြစ်စေချင်သော ငြိမ်းချမ်းသာယာရေး မရနိုင်။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့၊ မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် မြွက်ကြားသည့်မိန့်ခွန်း)*

× × ×

အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့ မပေးဘဲငြင်းဆန်ခြင်းသည် တိုင်းပြည်နိုင်ငံ၏ စီးပွားရေးကို အစိတ်စိတ်အမြွာမြွာဖြစ်အောင် ဖြိုခွဲ ဖျက်ဆီးပစ်ခြင်းပင်ဖြစ်၍ ဤသို့ နိုင်ငံစီးပွားရေးပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံး အနစ်နာခံရမည့်သူတို့မှာ တိုင်းသူပြည်သားလူထုပင်ဖြစ်သည်။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ည ၈ နာရီခွဲအချိန်တွင် ရေဒီယိုမှ အသံလွှင့်မိန့်ခွန်း)*

× × ×

ဆိုရှယ်လစ်ဝါဒ မထူထောင်နိုင်သမျှကာလပတ်လုံး လယ်ရှင်နဲ့ လယ်သမားဆိုတာ ရှိနေဦးမှာပဲ။ အဲဒီလိုရှိနေသမျှ လယ်သီးစားခပေးတဲ့ ကိစ္စမျိုးဟာ ရှိနေဦးမှာပဲ၊ ပေါ်နေဦးမှာပဲ။

*(၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့၊ နှစ်သစ်ကူးမိန့်ခွန်း)*

× × ×

(Monopoly) လက်ဝါးကြီးအုပ် အရင်းရှင်ကုမ္ပဏီကြီးများဖြစ်ကြတဲ့ (Cartels, syndicate, Trusts) အစရှိတဲ့ တစ်သီးပုဂ္ဂလပစ္စည်းလုပ်ငန်းကြီးတွေကိုတော့ ကျုပ်တို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ အတိအလင်း ပိတ်ပင်ထားရလိမ့်မယ်။

*( ၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပသည့် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့်မိန့်ခွန်း)*

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြား ကုန်သန်းရောင်းဝယ်ရေး ကိစ္စဆိုရင် အစိုးရ အုပ်ချုပ်နိုင်အောင် စီစဉ်ရမယ်။ ဒီဟာတွေကို ဘာပြုလို့ အခြေခံချမလဲဆိုရင် ပြည်သူတွေအများအကျိုး ရှိနိုင်ဖို့ပဲ။ ဒီလိုမဟုတ်ရင် အရင်းရှင်တွေက ချယ်လှယ်ချင် တိုင်း ချယ်လှယ်တဲ့အဖြစ်မျိုးရောက်ပြီး၊ တိုင်းသူပြည် သားတွေအပေါ် အရင်းရှင်တွေက လက်ဝါးကြီးအုပ် သွေးစုပ်နိုင်တဲ့ အခြေအနေမျိုး ရောက်သွားမယ်။ အဲဒီလို အရင်းရှင်တွေ ကြီးစိုးရုံတင်မက တစ်သီးပုဂ္ဂလ အရင်းရှင် ပိုင် ကုမ္ပဏီကြီးတွေ (Mono poly) တစ်ဦးတည်းပိုင် သဘောမျိုးဖြစ်သွားပြီး၊ ဈေးနှာ အရပ်ရပ်နဲ့ နိုင်ငံစီးပွားရေး အရပ်ရပ်ကို သူတို့စီမံရာ ခံရမယ်ဆိုတဲ့စနစ်မျိုး လာမယ် ဆိုရင် …ကျွန်တော်တို့ ဒီကမ္ဘာကြီးဟာ တစ်နေ့မနေ့က အလွန်အော့နှလုံးနာပြီး ရွံမုန်းစရာဖြစ်တဲ့ ဖက်ဆစ်စနစ် ကြီး ပြန်ပေါ်လာဖို့ စီးပွားရေး အခြေခံကြီးကို ခွင့်ပြုရာကျ တယ်။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ကျင်းပသည့် ဖဆပလပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြား သည့် မိန့်ခွန်း)*

× × ×

အရင်းရှင်စနစ်ထက် နောက်တစ်ဆင့်ကျတဲ့ စီးပွား ရေးစနစ်မှာ ကျုပ်တို့ ရောက်နေတယ်။ ဒီတော့ ကျုပ်တို့ ဟာ အရင်းရှင်စနစ်ကို မလွှဲမရှောင်သာလို့ ခွင့်ပြုသင့် သလောက် ခွင့်ပြုရမှာပဲ။ အရင်းရှင်စနစ်ကို ခွင့်ပြုထား တော့ ကိုယ်ပိုင် တစ်သီးပုဂ္ဂလ ပစ္စည်းကိုယ်ပိုင်လုပ်ငန်း တွေ ရှိဦးမှာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ဟာ အရင်းရှင် စနစ်ကို မတတ်သာလို့ ခွင့်ပြုပေမဲ့ တတ်နိုင်သမျှ ချုပ် ချယ်ရလိမ့်မယ်။ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်လုပ်ငန်းတွေ ဆိုရင် အများအကျိုးကို မထိခိုက်စေရဘူး။ ကိုယ်ပိုင် ပစ္စည်း၊ ကိုယ်ပိုင် လုပ်ငန်းတွေကို လိုတဲ့အခါ အစိုးရက တိုင်းပြည်ကိုယ်စား သိမ်းနိုင်မယ့် အခြေခံမျိုးတွေ ဖွင့် ထားရလိမ့်မယ်။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ရက်နေ့တွင် ကျင်းပသည့် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြား သည့် မိန့်ခွန်း)*

× × ×

လယ်ယာမြေပိုင်ဆိုင်မှုကိစ္စဆိုလည်း လယ်ယာမြေ လုပ်တဲ့လူတွေ လယ်ယာမြေရအောင် အခြေခံတွေချရ လိမ့်မယ်။ လယ်မြေဇာက အမြောက်အမြားပိုင်တဲ့ လယ်ရှင် ကြီးစနစ်ကိုတော့ ဥပဒေအရ ကန့်သတ်ချုပ်ချယ် ပယ် ဖျက်ရလိမ့်မယ်။ နောက်ပြီး ဘယ်လို ကိုယ်ပိုင်လယ်ယာ မြေမျိုးဖြစ်ဖြစ် ဘယ်နဇာထက် မပိုစေရ အစရှိသည် အားဖြင့် ဥပဒေအရ ကန့်သတ်ရလိမ့်မယ်။ ဒီလိုမှ မလုပ် ရင် လယ်ပိုင်ရှင်စနစ်ကြီးဟာ ရှိနေတာကို မပယ်ဖျက် နိုင်ရုံတင်မဟုတ်ဘူး၊ ပြန်ဖြစ်အောင်လုပ်တာ ဖြစ်လိမ့် မယ်။ လယ်ယာမြေများကို အမှန်အားဖြင့်ဆိုရင် နောက် ဆုံး တိုင်းပြည်ပိုင်(အစိုးရနှင့် သမဝါယမအဖွဲ့ပိုင်) လုပ် နိုင်ရင် ကောင်းမှာပဲ။ သို့သော်လည်း အဲဒီဟာ မလုပ်မီ လယ်ယာမြေလုပ်သူတိုင်း မြေ လက်ရှိရအောင် လုပ်နိုင် ရမယ်။ ဒီအခါမျိုးမှာ အစိုးရက အလယ်အလတ်တန်းနှင့် အောက်တန်းကျတဲ့ တောင်သူလယ်သမားကို တတ်နိုင် သမျှ ကူညီရလိမ့်မယ်။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ရက်နေ့တွင် ကျင်းပသည့် ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

လူကြီးမင်းတို့ ရေးဆွဲပြုလုပ်မည့် အစီအစဉ်သည် လွန်မင်းစွာ ကျပ်တည်းခြင်းသော်လည်းကောင်း၊ လေ့နံ့ ဓားထစ်သော်လည်းကောင်း မဖြစ်စေရ။ ဖြစ်ပေါ်လာ သောအကြောင်းတရားအားလျော်စွာ ပြုပြင်ပြောင်းလဲ၍ ရနိုင်သော အစီအစဉ်ဖြစ်ရပါမည်။ လေ့နံ့ဓားထစ် အစီ အစဉ်မျိုးမှာ များသောအားဖြင့် ကောင်းသော အစီအစဉ် မျိုးမဟုတ်။ တိုင်းပြည်၏ပေါ်ပေါက်ဆဲ ပေါ်ပေါက်လတ္တံ့ သောအကြောင်းတရားအမျိုးမျိုးနှင့် သင့်လျော်ပြေပြစ် အောင် ရေးဆွဲသော အစီအစဉ်မျိုးသာလျှင် ကျေနပ် လောက်သော အစီအစဉ်ဖြစ်ပါသည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း၊ ဆိုရန် တိုဗီလာအဆောက်အအုံ၌ မြန်မာပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

www.burmeseclassic.com

www.burmeseclassic.com



လူကြီးမင်းတို့၌ ရှေ့မှောက်သို့ ရောက်လတ္တံ့သော ပြဿနာအရပ်ရပ်တို့ကို ကျွမ်းကျင်သူ အနေမျိုးမဟုတ်ဘဲ သာမန်လူစားအနေမျိုးဖြင့် စစ်ဆေး စောကြောစေလိုပါသည်။ ကျွမ်းကျင်သူ၏ ထင်မြင်ချက်ဆိုလျှင် လူအများမှာ မလွန်ဆန်ဝံ့ဖြစ်နေတတ်ကြပါသည်။ လုပ်ငန်းအမျိုးမျိုးဆိုင်ရာဘက်က ကျွမ်းကျင်သူများစွာကို ကျွန်တော် တွေ့ဖူးပါသည်။ ထိုပုဂ္ဂိုလ်များဟာ များစွာပင် အသုံးကျပါသည်။

တိုင်ပင်လည်း တိုင်ပင်ထိုက်သည့် ပုဂ္ဂိုလ်တွေဖြစ်ပါသည်။ သို့သော်လည်း လူကြီးမင်းတို့ကို သတိပေးလိုသည်မှာ ထိုပုဂ္ဂိုလ်တွေရဲ့ ထင်မြင်ယူဆချက်ဟာ အမှားမရှိနိုင်ဘူးဟု မထင်ကြစေရန် ဖြစ်ပါသည်။ လူထုကို စကားပြောတိုင်း ပြောတိုင်း ကျွန်တော် ဤကဲ့သို့ သတိပေးဖူးပါသည်။ ယခုလည်း ထပ်မံ သတိပေးရန် လိုပါသည်။

ထိုပုဂ္ဂိုလ်များဟာလည်း သာမန် ပုဂ္ဂိုလ်တွေပါပဲ။ ထို့ကြောင့် သူတို့ ထင်မြင်ယူဆချက်တွေဟာ အမှားဖြစ်ချင်ဖြစ်မှာပဲ။ အမှန်ကတော့ အဆိုးအကောင်း ဝေခွဲတတ်သော သာမန်လူစားတို့၏ အတွေ့အကြုံ အကြံဉာဏ်၊ ဗဟုသုတများသည်လည်း ကျွန်တော်တို့ လုပ်ရမည့် အမှုကိစ္စအတွက် အရေးကြီးပါသည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရှယ်တိုဗီလာ အဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ကျွန်တော်တို့ သတိထားရမည့်အချက်မှာ ကျွန်တော်တို့ဟာ အကြောင်းတစ်ခုကို စာရင်းအင်းနှင့် အမြင်အားဖြင့် အခိုင်အမာ သဘောသက်ရောက်အောင် ပြောလာပြီဆိုရင် ယုံလွယ်တတ်ကြသည့် အန္တရာယ်ဖြစ်ပါသည်။ စာရင်းအင်းများကို ကျွန်တော်လေ့လာခဲ့ဖူးသည်။ ကိုယ်တွေ့ဗဟုသုတအရ ပြောရမည်ဆိုလျှင် ၎င်းတို့ကိုကြည့်၍ များစွာနားလည် အကူအညီရသော်လည်း ပထမက ထင်မြင် စိတ်ကူးထားချက်တွေ အခိုင်အမာဖြစ်အောင် စုဆောင်းပြုလုပ်ထားသည့် စာရင်းအင်းမျိုးနှင့် တွေ့ကြုံနေကြရမည့် အချက်ကို သတိပြုထားကြဖို့ လိုပါသည်။

ကျွန်တော် ပြောခဲ့သည့်အတိုင်း စာရင်းအင်း အထောက်အထားနှင့် ပြောဆိုခြင်းဟာ အကျိုးရှိသည့် အလေ့အထမျိုးဖြစ်သော်လည်း ထို စာရင်းအင်းနှင့် အထောက်အထား ပြုလုပ်ထားသည့် ရည်ရွယ်ချက် သဘောလက္ခဏာများကို စောကြောစစ်ဆေးဖို့ရန် အလွန်အရေးကြီးပါသည်။ သို့သော်လည်း အရေးကြီးဆုံးမှာကား ကျွန်တော်တို့သည် ၎င်းတို့ကို အထောက်အထားပြု၍ လမ်းမှန်အတိုင်း ထင်မြင်ယူဆနိုင်ဖို့ရန် အရေးကြီးပါသည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း ဆိုရှယ်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ရှေးဦးစွာ လုပ်သင့်သည့် လုပ်ငန်းများကို ရှေးဦးစွာ လုပ်ကိုင်သွားသော နည်းစနစ်ကို လိုက်နာရန်အကြောင်းပင် ဖြစ်ပါသည်။ ကိစ္စ အမြောက်အမြားကို တစ်ကြိမ်တည်း စဉ်းစား ဆွေးနွေးသည့်အလုပ်ကို မပြုလုပ်ရန် သတိထားရပါလိမ့်မည်။ အရေးမကြီးလှသော ကိစ္စများကို အရေးကြီးသော ကိစ္စများအလျှင် တင်ကူး၍ ဆောင်ရွက်ခြင်း မပြုအပ်ပါ။ မိမိကိုယ်တိုင် တင်ကူး နှစ်ခြိုက်လျက်ရှိသော အကြောင်းခြင်းရာများကို ပထမဦးစွာ အရေးယူလိုသော စိတ်ဆန္ဒများ ပေါ်ပေါက်လာတတ်ပါသည်။ သို့ရာတွင် ဤသို့ မဖြစ်စေရန် သတိမူရန်လိုပါသည်။ မည်သည့်ကိစ္စသည် ပထမဦးဆုံးဆောင်ရွက်အပ်သည့်ကိစ္စ စသည်ကို သဘောတူညီချက် ရယူပြီးလျှင် ထိုကိစ္စများကို ဆောင်ရွက်သွားရပေလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရှယ်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

www.burmeseclassic.com

www.burmeseclassic.com





အရိုးအစဉ် လုပ်နည်းကိုင်နည်း၊ အရိုးအစဉ် ယူနည်းဆနည်းတို့ကို လိုက်နာလိုသောစိတ်များလည်း ပယ်ဖျောက်ပစ်ကြစေလိုပါသည်။ တစ်နေရာတွင် သုံးရန် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း စည်းကမ်းချက်မျိုးမှာ လုံးဝခေတ်နောက်ကျနေရသော လုပ်ထုံးလုပ်နည်း ဖြစ်နေတတ်ပါသည်။ လုပ်ရိုးလုပ်စဉ်သတ်မှတ်ရခြင်းမှာ အလုပ်ကို လျင်မြန် တွင်ကျယ်စေရန် ဖြစ်ပါသည်။ သို့ဖြစ်ငြားသော်လည်း လုပ်ထုံးလုပ်နည်းသည် အကျိုးကျေးဇူး မဖြစ်ရုံတွင်မက အလုပ်မတွင်ကျယ်ဘဲ အလုပ်ကို လေးလံနှောင့်နှေးစေမည်ဖြစ်လျှင် ထိုထုံးနည်းကို ဖျက်ပယ်ပစ်ရန်သာ သင့်တော့သည်။ အချို့သော အစိုးရဌာနရုံးများနှင့် ပတ်သက်၍လည်း ဤနည်းပင် ပြောရပေလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ယခု လုပ်ဆောင်ရမည့်လုပ်ငန်းနှင့် စပ်လျဉ်း၍ ပြောကြားလိုသော အခြားအကြောင်းတစ်ရပ်မှာ တစ်ကြိမ်လျှင် ကိစ္စတစ်ခုကိုသာ ဆောင်ရွက်၍ ဆောင်ရွက်ရာ၌လည်း မကြောက်မရွံ့ ရဲဝံ့စွာဖြင့် လုပ်ကိုင်ကြရန် တိုက်တွန်း လိုပါသည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းကို ရေးဆွဲရာ၌ အရှုပ်အထွေး မရှိ၊ လုပ်ကိုင်၍ ဖြစ်နိုင်သော စီမံချက်တို့ကို ပြုလုပ်ရန်လိုပေသည်။ သို့ရာတွင် တကယ်ဖြစ်ထွန်းမည်ကို ရှေ့ရှုမြော်မြင်နိုင်သော စိတ်ကူးဉာဏ် ရှိရပေလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာ အဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

အရေးကြီးသောကိစ္စများတွင် တတ်စွမ်းသမျှ တစ်ခုပြီးတစ်ခု လုပ်ရပေလိမ့်မည်။ တစ်ပြိုင်နက် အကြံအစည်များလွန်းက ဘေးဥပါဒ်အန္တရာယ်များ ဆိုက်ရောက်တတ်ပေသည်။ မိမိတို့တိုင်းပြည်အတွင်း အစွမ်းကုန် ဆောင်ရွက်လိုသော စိတ်ဆန္ဒထက်သန်ခြင်းကြောင့် စီမံချက်များပြုလုပ်ရာတွင် လိုဘ ကြီးလွန်းသော စီမံကိန်းများ မပြုလုပ်မိရန်အတွက် ဂရုပြုရပေလိမ့်မည်။ အစီအမံကောင်းသူ မှန်လျှင် တစ်စခန်းပြီးမှ တစ်စခန်းသို့ တက်လှမ်းကြမြဲဖြစ်သည်။ ဆိုလိုသောအချက်မှာ တစ်ကြိမ်တစ်ခါတည်းတွင် တစ်လှမ်းတည်းသာ လှမ်းရမည်ဟူ၍ မဟုတ်ပေ။ လိုအပ်၍ ဖြစ်နိုင်လျှင် တစ်ကြိမ်တည်း တစ်လှမ်းတွင်မက နှစ်လှမ်း၊ သုံးလှမ်း တက်လှမ်းရန် အသင့်ရှိရမည့်အပြင် သို့ပြုလုပ်ရန် အရည်အချင်းလည်း ရှိရပေလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ပထမဦးဆုံးလိုအပ်သည့်အချက်က စီးပွားရေးဘက်မှ အခြေခံကောင်းကောင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းစဉ် ရေးဆွဲထားဖို့ဖြစ်ပါသည်။ အချို့က စီးပွားရေးအခြေခံ ကောင်းကောင်းပြန်လည်ထူထောင်သလို နိုင်ငံရေးဘက်ကလည်း အခြေခံကောင်းကောင်းနှင့် ပြန်လည် ထူထောင်ရန် လိုသည်။ စီးပွားရေးနှင့် နိုင်ငံရေးမှာ အချင်းချင်း အညမည ဆက်သွယ်နေသည့်အတွက် တစ်ခုနှင့်တစ်ခု သီးခြားခွဲခြားထား၍ မရနိုင်ပါ။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

နေထိုင်ရေး စရိတ်စက လျှော့ကျဖို့ ကိစ္စနှင့် ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်၍ဆိုလျှင် ယခုကဲ့သို့ စရိတ် ကြီးမြင့်နေရသည့် အကြောင်းရင်း ပထမအချက်မှာ အရေးမကြီး၊ မရှိလည်း ဖြစ်နိုင်သော ကုန်စည်များကို ဈေးကြီးကြီးပေး၍ ဝယ်နေရခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့ အရေးမကြီးလှသော ကုန်စည်များကို နိုင်ငံခြားမှ အတင်အသွင်း လျှော့ရန်၊ (သို့မဟုတ်) လုံးဝ ရပ်စဲပစ်ရန် လိုပါသည်။ နိုင်ငံခြားမှ အဆိုပါကုန်ပစ္စည်းတွေကို ဝယ်ယူနေရသည်မှာ နိုင်ငံ၏ငွေကြေးဘဏ္ဍာ မကုန်သင့်ဘဲ အလဟဿ ကုန်နေရပါသည်။

ဤကဲ့သို့ စီးပွားရေးဘက်က ကျွန်တော်တို့ နစ်နာဆုံးရှုံး၊ ဖြုန်းပြီးနေသည့်အချက်ကို ရပ်စဲ ဖြတ်တောက်ပစ်ရန် နည်းလမ်းများကို ရှာကြပါလိမ့်မည်။ ကျွန်တော်တို့ ငွေတွေ ကျွန်တော်တို့ တိုင်းပြည် အပြင်ဘက်ကို ထွက်နေရပါသည်။ ဤကဲ့သို့ ထွက်နေရခြင်းကို ကျွန်တော်တို့ စစ်ဆေးကြည့် ရှုရပါလိမ့်မည်။ ယခုလက်ရှိ အုပ်ချုပ်ရေးမှာ တိုင်းပြည်က စရိတ်မတတ်နိုင်လောက်သော အုပ်ချုပ်ရေးဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော်တို့က ချက်ချင်း လက်ငင်းပင် အသုံးစရိတ်ကို လျှော့ပစ်ရပါသည်။ ထိုနောက် နေထိုင်ရေး လျှော့ပေါ့ သက်သာလာစေအောင် ရာရှင်ပေးနည်းကို သုံးသင့်၊ မသုံးသင့် စဉ်းစားရပေလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

နေထိုင်ရေးစရိတ်လျှော့ပေါ့ သက်သာရေးကိစ္စနှင့် စပ်လျဉ်း၍ ထည့်သွင်းပြောပြခဲ့ပြီးဖြစ်သော အဆိုပါကိစ္စများကို ကျွန်တော် အကျယ်ချဲ့ ပြောရမည်ဆိုလျှင် ကျွန်တော်တို့မှာ မရှိမဖြစ်၊ အရေးကြီးသည့် ကုန်တွေ အကြီးအကျယ်ရှားပါးနေသည့်အချိန်တွင် စည်းစိမ်ခံကုန်၊ အရေးမကြီးသည့်ကုန်များကို သွင်းယူ စည်းစိမ်ခံနေကြရန် မလိုဘူးဆိုသည့်အချက် ဖြစ်ပါသည်။ တိုင်းသူပြည်သားများမှာ မရှိမဖြစ်၊ အရင်းခံလိုအပ်သည့် ကုန်ပစ္စည်းများ ပြည့်စုံမှု လိုပါသည်။ အဆိုပါကုန်ပစ္စည်းမျိုးကိုသာ ကျွန်တော်တို့က ရအောင် စီမံပေး၍ စည်းစိမ်ခံကုန်များကို လုံးဝ ထုတ်ပစ်ဖို့ လိုပါသည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ကျွန်တော်တို့ တိုင်းပြည်အတွင်း အကြီးအကျယ် ဖြုန်းတီးမှုများကို လူကြီးမင်းများ ကိုယ်တွေ့ မျက်မြင် ဖြစ်ပါလိမ့်မည်။ ရာရှင်စနစ်ကို အသုံးပြုနေသည့် အခြားအခြားသော တိုင်းပြည်များမှာ ဆိုခဲ့သည့် ဖြုန်းတီးမှုများ အပေါ်သိကံဖြစ်မှုများ မရှိပါ။ ရာရှင်ပေးမှု၏ ရည်ရွယ်ချက်တစ်ရပ်မှာ တိုင်းသူပြည်သားအားလုံး ညီညီမျှမျှ ရကြစေရန် ဖြစ်ပါသည်။

ရာရှင်ပေးခြင်းအားဖြင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်အတွက် အဖိုးတန်ပစ္စည်းများ ကုန်ခန်းခြင်းမှလည်း သက်သာစေပါသည်။ ကျွန်တော်တို့ တိုင်းပြည် နဂို အခြေအနေသို့ပြန်လည်ရောက်ရှိရေးအတွက် တိုင်းပြည်၏ မနအင်အား စီးပွားရေးအင်အား ပြန်လည်ဖြည့်တင်းစေရန်မှာ ထွက်ကုန်တစ်ခုသာလျှင် ရှိပါသည်။ စီးပွားရေးအခြေအနေမှာ မြန်မာပြည်ထက် များစွာ ကောင်းမွန်တောင့်တင်းသော တိုင်းပြည်ကြီး များစွာတို့မှာ ရာရှင်စနစ်ကို သုံးနေဆဲပင်ဖြစ်ပါသည်။ ထိုတိုင်းပြည်ကြီးမှာ ခြိုးခြံချွေတာရတုန်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့ တိုင်းပြည်မှာကား ခြိုးခြံခြင်း မရှိသလောက်ဖြစ်ရာ စီးပွားရေးတောင့်တင်းမှုအတွက် အနည်းငယ်မျှ ခြိုးခြံမှုကို မပြုနိုင်ရန် အကြောင်း မရှိပါ။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဆီ၊ ငရုတ်၊ ကြက်သွန် အစရှိသည်တို့ကို ဝယ်ယူသုံးစွဲကြရသဖြင့် ကျွန်တော်တို့ ငွေအလွန် ကုန်ကျနေပါသည်။ ၎င်းကုန်ပစ္စည်းများမှာ မိမိတို့ တိုင်းပြည်၌ မိမိတို့ စိုက်ပျိုးနိုင်ပါလျက် ဤကဲ့သို့ အခြားနိုင်ငံများမှ မှာယူသုံးစွဲရသည်ဆိုသည်မှာ ကျွန်တော်တို့ ငြင်းဆိုခြင်း မပြုနိုင်သည့် စွပ်စွဲချက်ဖြစ်၍ များစွာရှက်ဖွယ် ကောင်းလှ၏။ ထိုနည်းတူစွာ လူတို့၏ အရေးကြီးလှသော အသုံးအဆောင်ဖြစ်သည့် နွားနို့ကိုလည်း သွင်းယူလျက်ရှိ၏။

ကျွန်တော်တို့ လုံ့လပြုလုပ်လျှင် ထိုပစ္စည်းကိုလည်း နိုင်ငံတွင်းမှာ လိုသလောက်ရနိုင်ပါသည်။ ယခင်က စီးပွားရေးအခြေအနေကို ပြန်လည် ရရှိစေရန်အတွက် ကျွန်တော်တို့သည် ဤကဲ့သို့ ကြက်သွန်၊ ငရုတ်၊ ဆီ အစရှိသော ပစ္စည်းများ တန်ချိန်မည်ရွေ့မည်မျှသာ ဝင်လာစေသင့်သည်ကို ကြီးကြပ်အုပ်ချုပ်ရန် လို၊ မလိုကို စဉ်းစားရန် လိုပေသည်။ ၎င်းကုန်များ ဝယ်ယူ သုံးစွဲခြင်းကို မရပ်ဆိုင်းဘဲနေခဲ့ပါက ကျွန်တော်တို့သည် ၎င်းအသီးအနှံများကို လိုသလောက် ရအောင် စိုက်ပျိုးဖြစ်ကြတော့မည် မဟုတ်ပါ။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

စုပေါင်းရောင်းဝယ်ရေးအဖွဲ့များလိုလည်း ဖြစ်နိုင်သည့် နေရာတိုင်းတွင် ဖွဲ့စည်းရန်လိုပါသည်။ ရှေးက မြန်မာပြည်မှာ စုပေါင်းရောင်းဝယ်ရေး အသင်းများ ပျက်ပြားခဲ့ရသည်မှာ ထိုအဖွဲ့အသင်းများကို တိုင်းသူပြည်သားတို့က စေတနာဖြင့် ပူးပေါင်းဆောင်ရွက်မှု အပေါ်တွင် ခိုင်မြဲအောင် မ တည်ခဲ့ကြခြင်းကြောင့် ဖြစ်ပါသည်။

တိုင်းသူပြည်သားတို့က ထိုအဖွဲ့များ၏ အကျိုးသည် ငါတို့၏အကျိုးပင်ဖြစ်ပါတကားဟု သဘောပိုက်ကြသည့်အရပ်များတွင်ကား ထိုအဖွဲ့များမှာ စည်ပင်ဖွံ့ဖြိုးလျက် ရှိကြပါသည်။ ကျွန်တော်တို့ တိုင်းပြည်မှာဆိုလျှင် စုပေါင်းရောင်းဝယ်ရေး မရှိသည့် အရပ်များ၌ ကုန်စည်များ ဝေငရေးကို စီမံပေးမှုအတွက် အစည်းအရုံးအမျိုးမျိုး ပါဝင်သည့် တိုင်းသူပြည်သား ကော်မတီများ ဖွဲ့စည်းထားရန် ဖြစ်နိုင်မည့်အရေးကို စဉ်းစားကြည့်ရန် လိုပါသည်။ စုပေါင်းရောင်းဝယ်ရေးအဖွဲ့များအတွက် စစ်ဆေးကြည့်ရှုရေးအဖွဲ့များ လိုမည်ဖြစ်ရာ ထိုအဖွဲ့မျိုး ထားရှိရေးကိစ္စကိုလည်း စုံစမ်းကြည့်ရန် လိုပါသည်။ အချင်းချင်း စုပေါင်းပြီး သတင်း အပြန်အလှန် ရယူရေးနှင့် စုံစမ်း ရှာဖွေရေးသည်လည်း လိုပါသည်။ ဤကိစ္စအတွက် အသင်းအဖွဲ့များက လိုသော သတင်းများကို ပေးနိုင်ပါလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ငွေရင်း နိုင်ငံအပြင်ဘက်သို့ ထွက်မသွားစေရန် အချို့သောနိုင်ငံများ၌ တတ်နိုင်သမျှကာကွယ်ရန် ကြိုးစားထားကြပါသည်။ ငွေရင်းနိုင်ငံပြင်ပသို့ ထွက်သွားလျှင် ကျွန်တော်တို့၏ ဝယ်အားကို စွန့်ပစ်လိုက်သကဲ့သို့သာ ဖြစ်ပေမည်။ ကျွန်တော်တို့ နိုင်ငံခြားမှ ငွေချေးယူရခြင်းကို တတ်နိုင်သမျှ လျော့ပေါ့ သက်သာသွားအောင် ငွေစုရေးကို အားပေးရပေလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

အလုပ်လက်မဲ့ပြဿနာနှင့် ပတ်သက်၍ဆိုလျှင် ယခုလို စီးပွားရေး၏ အလိုက်အထိုက် အခြေအနေများအတိုင်းဆိုလျှင် အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းသွားလိမ့်မည်ဟု ကျွန်တော်တို့ မြင်နိုင်ရန် အကြောင်းမရှိ။ တိုင်းပြည်နှင့် အစိုးရက ကူညီရပေလိမ့်မည်။ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



လက်မဲ့ဖြစ်ခြင်းသည် တိုင်းပြည်အတွက် အကြီးဆုံး ကံဆိုးမိုးမှောင်ဖြစ်လျက် စက်မှုလက်မှုလုပ်ငန်းနှင့် တကွ တိုင်းပြည်တွင် မကောင်းကျိုး ဖြစ်ပေါ်စေတတ်သည့် အလုပ်လက်မဲ့ ဖြစ်ခြင်းကြောင့် လုပ်သားများ၏ ကျွမ်းကျင်မှုကို ယုတ်လျော့စေပြီး ၎င်းတို့၏ နေရေးထိုင်ရေး အဆင့်အတန်းကို ညှဲ့ဖျင်းစေပါသည်။ အလုပ်လက်မဲ့ ပြဿနာသည် အမျိုးသားအတွက် ဂြိုဟ်ဆိုးဖြစ်သည့် အလျောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို စီမံပြုလုပ်ရာတွင် ကျွန်တော်တို့သည် သေချာကျနစွာ ပြုလုပ်မှသာလျှင် အခြေအနေတိုးတက်လာပြီး အလုပ်လက်မဲ့ ပြဿနာ ဖြေရှင်းသွားနိုင်လိမ့်မည်။ လူတစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ အိမ်ထောင်စုတွင် ပါဝင်သောသူများအတွက်သော်လည်းကောင်း အလုပ်ရနိုင်စေရန် ကျွန်တော်တို့ နည်းလမ်းများကို ရှာဖွေရပေလိမ့်မည်။

ထိုသို့ပြုလုပ်ရာ ကျွန်တော်တို့သည် အချို့သောသူများကို အလုပ်မှ ရပ်စဲရန်လိုလျှင် ရပ်စဲရလိမ့်မည်။ ပြဿနာကို ဖြေရှင်းသွားနိုင်စေရန် နည်းလမ်းကောင်းမှာ နိုင်ငံတော်အစိုးရသည် အရေးပါ၍ အပြောကျယ်သော လုပ်ငန်းများကိုသာ လက်ထဲ၌ အဆင်သင့်ရှိစေရမည်။ ထိုအလုပ်များမှာလည်း လုပ်သားပေါင်း အရေအတွက်ကို လိုက်၍ မြန်လိုက မြန်နိုင်သော၊ နှေးလိုက နှေးနိုင်သော အလုပ်မျိုးဖြစ်စေရမည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရှယ်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

လမ်းပန်းဆက်သွယ် ချဲ့ထွင်ရေးကိစ္စမှာဆိုလျှင် မြန်မာပြည်သည် စစ်မဖြစ်မီကပင် သယ်ယူပို့ဆောင်ရေးများစွာ မရှိခဲ့ချေ။ ယခုအခါ မည်သည့် နေရာမဆို လူများအသုံးပြုနိုင်သည့် လမ်းပန်းဆက်သွယ်မှုများမှာ နည်းပါး ဆိုးဝါးသည်ဟုသာ ဆိုနိုင်သည်။ ယခုတိုင်းပြည်တွင် ရင်ဆိုင်တွေ့နေရသော ပြဿနာအရပ်ရပ်တို့တွင် သယ်ယူပို့ဆောင်ရေး လုံလောက်စွာ မရှိမှုလည်း ပါဝင်နေလေသည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကို အမြန်ဆုံး ပြန်လည် ထူထောင်ရန် လိုနေသည့်ကိစ္စကို အထူးဖော်ပြရန်မလို။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရှယ်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ယခုအိမ်ရာ ပြဿနာနှင့် ပတ်သက်ပြီး ပြောလိုပါသည်။ အရိပ် အာဝါသရဖို့ လိုနေသည့် လူတွေ၊ ကိုယ်ပိုင် အိမ်ဆောက်နိုင်သည့် လူတွေကို ကျွန်တော်တို့က ခိုကိုးနေထိုင်စရာ ပေးရမည်။ ပြီးတော့ အုပ်ချုပ်ရေးရုံးတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ အစရှိသဖြင့် ဤကဲ့သို့ ရုံးတွေအတွက်လည်းပဲ အဆောက်အဦးတွေ ရှာဖွေပေးရဦးမည်။ လိုအပ်တဲ့ကိစ္စတွေကို ဖြည့်စွမ်းပြီးမှသာ အိမ်ရာတွေ ဆောက်ဖို့ကိစ္စအတွက် လှမ်းနိုင်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရှယ်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

ကျွန်တော်တို့ တိုင်းပြည်၏ အခြေခံထွက်ကုန်သည် ဆန်စပါးပင် ဖြစ်ပါသည်။ ရှေးဦးစွာ လယ်ယာ ကိုင်းကျွန်း ဆန်စပါး စိုက်ပျိုးမှုတွင် စက်ကိရိယာ အသုံးပြုရေးကို တီထွင်ရမည်။ ထိုကိစ္စအတွက် စုပေါင်းဆောင်ရွက်ရေးစနစ်ကို သုံးရန်လိုလျှင် သုံးရလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရှယ်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

www.burmeseclassic.com

www.burmeseclassic.com



ကုန် အထွက်တိုးတက်လာအောင်ပြုလုပ်ခြင်းသည် ဆင်းရဲခြင်းအတွက် မလွဲနိုင်သော ဆေးမျိုး မဟုတ်သည်ကို ကျွန်တော်သိပါသည်။ မလိုသည့် ကုန်ထွက်ပစ္စည်းများကို တိုးတက်ထွက်အောင် လုပ်ခြင်းလည်း အရေးကြီးသော ပစ္စည်းများ လိုနေသူများအတွက် အကျိုးမများသည့်ပြင် အဆိုးပင် ဖြစ်တတ်ပါသည်။ ကျွန်တော် ဆိုလိုသည်မှာ အများအပြား ထွက်အောင် လုပ်သည့် ပစ္စည်းသည် ကောင်းမွန်ဖို့လည်း အရေးကြီးပါသည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရှန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

လယ်ယာစိုက်ပျိုးရေးကို သင့်မြတ်စွာ ထွက်ရှိမှုသဘောဖြင့် စီမံသင့်ပါသည်။ လယ်ယာစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးအဖြစ်ဖြင့် လယ်သမားများ ကြွေးမြီ ပြဿနာနှင့် အတိုးနှုန်းသက်သာစွာဖြင့် လယ်ယာ လုပ်ကိုင်ရေးအတွက် ငွေချေးငှားနည်း စနစ် စသည်တို့ကို စဉ်းစားရပါလိမ့်မည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရှန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း)*

× × ×

**လူမှုရေးအတွေးအခေါ်များ**

ငါ့အားဖုံးလွှမ်းထားသော လကွယ်သန်းခေါင် ဤမှောင်မိုက် အတွင်းမှနေ၍ အနိုင်မခံ၊ အရှုံးမပေးတတ်သော ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါကျေးဇူးဆိုပါ၏။ လောကဓံတရား၏ လက်ဆုပ်တွင်းသို့ ဘယ်လိုပင် ကျရောက်နေရသော်လည်း၊ ငါမူကား မတုန်မလှုပ်၊ မငိုကြွေး။ (ကံ)တရား၏ ရိုက်ပုတ်ခြင်း ဒဏ်ချက်တို့ကြောင့် ငါ၏ ဦးခေါင်းသည် သွေး၊ သံတို့ဖြင့် ရဲရဲနီ၏။ ညွတ်ကားမညွတ်။ ဤလောဘ၊ ဒေါသတို့၏ ကြီးစိုးရာဌာန၏ အခြားမဲ့၌ကား သေခြင်းတရားသည် ကြောက်မက်ဖွယ်ရာ ငုံ့လင့်လျက်ရှိ၏။ သို့ပင်မူ ငါ့အား မတုန်လှုပ်သည်ကိုသာ တွေ့ရအံ့။ နောင်ကိုလည်း ဘယ်တော့မျှ မကြောက်သည်ကိုသာ တွေ့ရအံ့။ သုဂတိသွားရာ တံခါးဝသည် မည်မျှပင် ကျဉ်းမြောင်းသည်ဖြစ်စေ ယမမင်း၏ ခွေးရေပုရပိုက်၌ ငါ၏ အပြစ်တို့ကို မည်မျှပင် မှတ်သားထားသည်ဖြစ်စေ၊ ငါကား ဂရုမပြု၊ ငါသာလျှင် ကံ၏ အရှင်သခင်ဖြစ်၍ ငါသာလျှင် ငါ့စိတ်၏ အကြီးအကဲ ဖြစ်တော့၏။

*(အိုးဝေမဂ္ဂဇင်း အယ်ဒီတာဘဝက ရေးသည်)*

× × ×

ဤလောကတွင် (ဝါ) ကျွန်တော့်အယူအရ ဤမနုရှင်လောကတွင် အမှန်ကိုပြောလျှင် မခံချင်ကြ။ ဘုရားတရား ကြည်ညိုကြသည်ဆိုသော ဤ မနုရှင်လောကသားတို့သည် စကားကြီးခြောက်ခွန်းအနက် စကားကြီး နှစ်ခွန်းကို နှုတ်များအားဖြင့်သာ သဘောတူကြ၏။ တကယ်ကြားလျှင် မခံချင်။ သူ့သာလျှင် မှန်၏။ ဒီအကောင် တယ်ဘုကျတာပဲ။ ဒီအကောင် စကားပြောတာ တကယ်မိုက်ရိုင်းတာပဲ ... ဒီအကောင် တကယ် အာကျယ်တာပဲ၊ ဒီအကောင်က ဘာလဲ၊ မျက်နှာပေါက် ဆိုးဆိုး အောက်သိုးသိုးနဲ့ သူ့ကိုယ်သူ ဟာစ်တလာထင်နေလို့လား၊ ဘာလားနှင့် မအီသံမအဲ့သံများ ကြားရဖူး၏။ အဆိုးကို အဆိုး ထင်ကြသည်ကား အရေးမကြီးလှ။ အကောင်းပြောကြသည်ကို အဆိုးထင်ကြခြင်းသည်ကား ဆိုး၏။ အမှန်ဆိုလျှင် အကောင်းပင် ပြောစေ အဆိုးထင်ကြသည်ကားများ၏။ ပါးစပ်က ဘယ်လောက် အမှန်ကြားချင်တယ်ပြောပြော၊ ဘယ်သူမှ ကိုယ်နှင့်ဆိုင်လျှင် အမှန်မကြားချင်ကြချေ။ ကျွန်တော်လည်း အပါအဝင်၊ ကျွန်တော် မငြင်း၊ မကြားချင်။ သို့သော် ကြားရမည့် အချိန်တွင် ကြားရ၏။ ဝန်ခံသင့်သည်ထင်လျှင် ဝန်ခံရ၏။ ဦး မလေး။ ထို့အတူ ပြောချိန်တန်လျှင် ပြောရ၏။ လူမှန်းမှာ မကြောက်။

*(၁၉၄၀ ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဤရာဇဝင်ဆိုသော စကားပင် အဓိပ္ပာယ် မပြည့်စုံ။ ရာဇဝင်၊ ရာဇဝံသ၊ ဤအဓိပ္ပာယ်စင်စစ်မှာ မင်းဆွေမင်းမျိုး ဇာတ်ကြောင်းကို ကြည့်ခြင်းဖြစ်၏။ ဤကဲ့သို့ ဗမာစကားလာသည်မှာလည်း မထူးဆန်း၊ ဗမာ့ဇာတ်ကြောင်းတစ်လျှောက်တွင် ရာဇဝင်ကို(မင်း)ကသာ စီရင်၏။ နိုင်ငံရေးကို (မင်း)ပိုင်၏။ ဆင်းရဲသားများ မပိုင်ခဲ့။ သို့ဖြစ်ရကား ရာဇဝင်ဆိုသည်မှာ လူ့ဇာတ် လူ့အတ္ထုပ္ပတ္တိ အကြောင်းစဉ်ဟု မခေါ်ခဲ့။ ရာဇဝင်အကြောင်းကို ကြည့်လျှင် ရှေးလူတွေ ဘယ်လိုနေသည်၊ ထိုင်သည်၊ ဘာလုပ်ကြသည်၊ ဘယ်လိုကြီးပွားလာကြသည် စသည်ဖြင့် ကျကျနန မတွေ့ရ။ ဘယ်မင်းလက်ထက်၊ တိုင်းပြည်သာယာဝပြောသည်။ ဘုန်းတန်ခိုးကြီးသည်၊ ဘယ်နှနှစ် နန်းစံ၊ အိမ်နိမ့် ဘယ်နှနှစ်၊ သက်တော်ဘယ်လောက်မှာ ကံကုန်သည်၊ ကံတော်ကုန်သည့်အခါ နန်းတော်ထိပ်တွင် ကျီးအာသည်၊ တော်လဲသည် စသည်ဖြင့် သာမညတို့ကိုသာ တွေ့ရသည်သာ များသည်။ တိုတိုနှင့်ရေး၍ အဓိပ္ပာယ်ပေါ်မည်ကို ရှည်ရှည်ဝေးဝေး အတွန့်အတက်တွေနှင့် ရေးစရာ မရှိတိုင်း ချဲ့ထွင်ထားလေသည်။

*(၁၉၄၀ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

ကျွန်တော် သက်ဝင်ယုံကြည်သော ဝါဒအရ၊ နည်းအရဆိုလျှင် ရာဇဝင်ဆိုသည်မှာ လူ့ဇာတ် လူ့အတ္ထုပ္ပတ္တိ အကြောင်းမျှသာမဟုတ်။ ဤကား သာမညသာ ရှိသေး၏။ ယခု အများဖတ်ကြသော ခေတ်ရာဇဝင် စာအုပ်များသည်ပင်လျှင် ရာဇဝင်သဘော မဟုတ်လှ။ ကျောင်းစာအုပ်ဖတ်ပြီး အထင်ကြီးကြသော ခေတ်ပညာတတ်များသည် ရာဇဝင်စာအုပ်ကြီးကိုင်ပြီး၊ ရာဇဝင် သဘောတရားကို အရိပ်အမြွက်မျှ သိကြသူများမှာ ရှားသည်ကို တွေ့ရပေသည်။ စာအုပ်ထဲပါသည့်အချက်အလက်တွေကိုကား သွက်သွက်ကြီးပြော နိုင်ရေးနိုင်ကြပါပေသည်။ သို့သော်လည်း ရာဇဝင်သင်ပြီး ရာဇဝင် သဘောပေါက်ပြီးလျှင် ရာဇဝင်စိတ်ကူး ကူးတတ်မှ အနာဂတ်ရာဇဝင်ကို ဖန်တီးမည့် ခေတ်လူငယ်တွေ (ဝါ) တက်လူတွေ ပီသပေမည်။

*(၁၉၄၀ ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

မည်သည့် ကျမ်းဂန်စာပေမဆို ရာဇဝင်ဖြစ်စေ၊ တခြားစာပေပင် ဖြစ်စေ၊ ထိုစာပေကို သင်အံလေ့လာရင်း အကြောင်းရင်းသည် (ဝါ)ပရမတ် တရားသည် ထိုစာပေ၏ အနက်၊ အနက်အဓိပ္ပာယ်သဘောကို ပေါက်မြောက်ရန်ပင် ဖြစ်လေသည်။ သို့မှသာ သင်အံလေ့လာရကျိုးနပ်ပေမည်။ စာအုပ်တစ်ခုကိုဖတ်လျှင် စာအုပ်ကို ကျော်လွန်၍ မြင်နိုင်ရမည်။ သို့မှသာ ပညာတည်း ဟူသော အဆီအနှစ်ကို ရပေမည်။

*(၁၉၄၀ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

ပညာတတ်တာနှင့် စာတတ်တာဟာ တခြားစီဟူ၍ ဗမာများ ပြောလေ့ ရှိလေသည်။ ပိဋကတ်သုံးပုံကို နှုတ်ငုံ၍ ဘယ်လောက်တတ်ထားသော ပထမကျော် ဘိုးအေဖြစ်စေကာမူ သဘောမပေါက်လျှင် ပရမတ်မခွဲတတ်လျှင် ရပ်လမ်းမမြင်၊ ဝိမုတ္တိရသကိုလည်းမတွေ့၊ သံသရာကျင်လည်သကဲ့သို့ ရာဇဝင်စာအုပ်တွေ တစ်ပုံတစ်ခေါင်းကြီး လေ့လာထားသည့် ရာဇဝင် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီပင် ဖြစ်လင့်ကစား၊ သာမညရာဇဝင် ပညတ်နှင့် ရာဇဝင်ဖြစ်ကြောင်း တရားဖြစ်တဲ့ ပရမတ်ကို ခွဲခြားမသိခဲ့လျှင် ရာဇဝင်သင်ရကျိုးမနပ်။ ထိုသူသည် လောက၏ ပြဿနာများကို မဖြေရှင်းနိုင်။ ထိုသူသည် ရာဇဝင်ဖြစ်အောင် မစီမံတတ်။ ရာဇဝင်မှာ အတိတ်က ဖြစ်ခဲ့သည့် အကြောင်းအရာ ဖြစ်ရကား၊ အတိတ်ရာဇဝင် သိကာမျှနှင့် အကျိုးအလျှင်းမရှိ။ အချိန်ကုန်လူပန်းဖြစ်သည်။ ရာဇဝင် သင်သည်မှာ အတိတ်ကြောင်း သိလောက်ရုံ သင်သည်ဆိုလျှင် မသင်ဘဲ နေသည်က ကောင်းပေသည်။ အချိန်အချည်းအနှီး ဖြစ်ရုံသာရှိ၏။

*(၁၉၄၀ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

ယခု ကမ္ဘာပေါ်မှာရှိသည့် စာအုပ်အားလုံးသည် အရင်းစစ်လျှင် လောက၏ အကြောင်းကို အမျိုးမျိုးမှတ်သားချက်များသာ ဖြစ်ပေသည်။ ထိုမှတ်သားချက်များကို ရေးသူ၏အာဘော်၊ ၎င်းတို့ရေးရာဒေသ၊ ရေးသည့်အချိန်ကာလ စသည်တို့ကို ကြည့်၍ ဝေဖန်ပြီးလျှင် လောက

www.burmeseclassic.com

www.burmeseclassic.com



အလုပ် ဝတ္တရားတွင် သုံးစွဲတတ်မှသာ စာတတ် အမှန် ဖြစ်ပေသည်။

*(၁၉၄၀ ခုနှစ်၊ မတ်လထုတ် ဒဂုံမဂ္ဂဇင်း)*

× × ×

ဗမာပြည်တွင် ဘုန်းကြီးများနှင့် ရှေးလူကြီးများ၏ အချို့အယူအဆများကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်သင့်ပေသည်။ သို့မဟုတ်လျှင် ဗမာပြည်နှင့် ဗမာလူမျိုးတို့ အခြေအနေသည် တိုးသင့်သလောက် တိုးတက်မည် မဟုတ်ချေ။

*(ဗိုလ်ချုပ်အောင်ဆန်းပင်ကိုရေးအတ္ထုပ္ပတ္တိ)*

× × ×

လူတစ်ယောက်၏ သက်တမ်းတွင် အစ ပထမက သိမြင်လာသော စိတ်နေစိတ်ထား ဝါဒတို့သည် အမှန် ချည်းမဟုတ်၊ ပြုပြင်ပြောင်းလဲရမည့်သာတည်း။

*(ဗိုလ်ချုပ်အောင်ဆန်း ပင်ကိုရေးအတ္ထုပ္ပတ္တိ)*

× × ×

သမာဓိဆိုသည်မှာ လောက၏ အကောင်းအဆိုး၊ အကျိုး၊ အဖြစ်အပျက် သနစ်စုံကို ပိုင်းခြားထင်ထင် သိမြင်၍ ဆင်းရဲလည်း ဝမ်းမနည်း၊ ချမ်းသာလည်း ဝမ်းမသာ၊ ပကတိစိတ်ထား ဉာဏ်အမြင်အရ လူ့ချီးမွမ်း၊ လူကဲ့ရဲ့မှု ဘေးဒုက္ခ အန္တရာယ်တို့ကို မထိတ်မလန့်၊ တစ်သမတ်တည်း တည်ငြိမ်စွာရှိခြင်းကို ဆိုလိုလေသည်။ ဘုရားအစ ရှိသော သူတော်ကောင်းတို့၏ စိတ်တည်နေပုံမျိုးတည်း။

*(ဗိုလ်ချုပ်အောင်ဆန်း ပင်ကိုရေး အတ္ထုပ္ပတ္တိ)*

× × ×

အမှားသိမှ အမှန်မြင်လေသည်။ အမှားတစ်ခါ လုပ်မိလျှင် အမှားနှစ်ခါ လုပ်မိသောအခါ မှန်လာပေလိမ့်မည်။

သို့သော်လည်း မှားပင် မှားစေကာမူ မိမိဉာဏ်အမြင်အလျောက် ပြောင်းလဲမှုမှာ ရှိသင့်သည်သာတည်း။ လေ့နံ့စားထစ်ဆိုသော အလုပ်၊ အပြော၊ အတွေးတို့မှာ ပညာ၏ အဓိပ္ပာယ် ဆန့်ကျင်ဘက်ပေတည်း။

*(ဗိုလ်ချုပ်အောင်ဆန်း ပင်ကိုရေးအတ္ထုပ္ပတ္တိ)*

ပညာရေး ဘက်တွင်လည်း ကာကွယ်ရေးကို ထောက်ပံ့စေရန် ကျောင်းသားများအား အလုပ်မရှေး တတ်သောနည်း၊ ရိုးရိုးကျင့်၊ ရိုးရိုးနေ၊ ကျဉ်းကျဉ်း လုပ်တတ်သော စိတ်၊ ခံရဲစံရဲစိတ်၊ တိုက်ရဲခိုက်ရဲသတ္တိ၊ အနိုင်မခံသော ဖွဲ့၊ တိုင်းပြည်ကိုချစ်သောစိတ်၊ တာဝန်ကို နားလည်သောစိတ်ဓာတ်၊ တိုင်းပြည်၏တာဝန်ကို ထမ်းရာ၌ မိမိကိုယ်ကို ထောက်ခံလိုသော စိတ်၊ တာဝန် မကျေပွန်က မိမိကိုယ်ကို သတ်သေလောက်အောင် ရှက်သည့်စိတ်မျိုးကို မွေးကတည်းက သင်ပေးရမည်။

*(၁၃၀၄ ခုနှစ်၊ သီတင်းကျွတ် လဆုတ် ၈ ရက်နေ့၊ မြို့တော်ခန်းမ၌ ကျင်းပသော ခေတ်သစ်ဆရာဖြစ် သင်တန်းတွင် ဗမာ့ကာကွယ်ရေး တပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်း၏ သေနင်္ဂဗျူဟာ စစ်ပညာ ဟောပြောချက်)*

× × ×

လူဦးရေတိုးအောင်လုပ်ရမယ်။ ယောက်ျားမှန်သမျှ အသက် ၁၈ နှစ် ကစပြီး ဘယ်နှစ်အထိ စစ်မှုထမ်းရမယ်။ ကျောင်းတွေမှာ စစ်စိတ် မွေးရမယ်။ ရေဒီယိုတို့၊ ပြဇာတ်တို့၊ ဇာတ်ပွဲတို့နဲ့ ဝါဒဖြန့်ရမယ်။ ဥပဒေလုပ်ရမယ်။ လူတွေကို ဥပဒေနဲ့ချည်း အုပ်ချုပ်ရင်လည်း မဖြစ်နိုင်ဘူး။ လူတွေနားလည်အောင် ပညာနဲ့ အမျိုးမျိုးအုပ်ချုပ်ရမယ်။

*(၁၃၀၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်နေ့၊ မြို့တော်ခန်းမ၌ ကျင်းပသော ခေတ်သစ်ဆရာဖြစ် သင်တန်းတွင် ဗမာ့ကာကွယ်ရေး တပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်း၏ သေနင်္ဂဗျူဟာ စစ်ပညာ ဟောပြောချက်)*

× × ×

လူဦးရေ တိုးဖို့ (၁) ဗမာပြည်ရှိ ယောက်ျားတိုင်း၊ မိန်းမတိုင်း ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်း ရှိကြရမယ်။ (၂) ဗမာပြည်ရှိ၊ မိန်းမ၊ ယောက်ျားတိုင်း လူ့ဇာ သက်စေ့ အရွယ်ရောက်သည်နှင့် အိမ်ထောင်ပြုစေရမယ် ဒီအချက် ၂ ချက်ကို ဆောင်ရွက်ဖို့အတွက် ...

(က) ဗမာပြည်ရှိ လူငယ်လူရွယ်များကို ကောင်း တဲ့ ရောဂါမျိုးမှ ကာကွယ်နိုင်ဖို့ နည်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



များ ရှာပေးရမယ်။

(ခ) ရှိသူများကိုလည်း ပျောက်ကင်းရန် စီမံပေးရမယ်။

(ဂ) နောက် မရှိသေးသူများနဲ့ ပျောက်ပြီးသူများကို ယခုထက် ပိုမို သန့်စွမ်းအောင် လေ့ကျင့်စေရမယ်။ ဒီဟာလည်း မကောင်းတဲ့ မိန်းမရောဂါ(ဝါ)ပြည်ပျက်ရောဂါများ ပျောက်ကင်းဖို့အတွက် အာဏာနဲ့လည်း ကွပ်၊ စီးပွားရေးနဲ့လည်း လိုက်၊ ပညာရေးဘက်ကလည်း လုပ်၊ ကျန်းမာရေးဘက်ကလည်း ပြုပြင်ပေးရမယ်။

*(၁၃၁၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်နေ့၊ မြို့တော်ခန်းမ၌ ကျင်းပသော ခေတ်သစ် ဆရာဖြစ်သင်တန်းတွင် ဗမာ့ ကာကွယ်ရေးတပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်း၏ သေနင်္ဂဗျူဟာ စစ်ပညာဟောပြောချက်)*

× × ×

ပြည်သူ့တပ်မတော်သည် ပြည်သူများတွင် အခြေခံထား၍ ပြည်သူများနှင့်အဆက်မပြတ်၊ ကွဲပြားခြားနားခြင်း မရှိ၊ အမြဲဆက်စပ်နေ၍ ပြည်သူတို့နှင့် တစ်သားတည်းရှိသည့် ပြည်သူ့တပ်မတော်သည် ပြည်သူတို့နှင့် တစ်သားတည်းရှိသည်။ ပြည်သူ့တပ်မတော်သည် ပြည်သူတို့ လက်ရုံး လက်သီး၊ ပြည်သူများ၏ ဓားသွားဖြစ်စေရမည်။ ထိုလက်သီး၊ လက်ရုံး၊ ဓားသွားသည် ပြည်သူများ၏ ရန်သူကို တွန်းလှန်ရန် ဖြစ်သည်။ ထိုလက်ရုံး၊ လက်သီး၊ ဓားသွားသည် ပြည်သူများ၏ အကျိုးကို ကာကွယ်ရန် ဖြစ်သည်။

(၂၄-၁၂-၄၄ နေ့စွဲဖြင့် စစ်ဝန်ကြီးရုံးတော်မှ ထုတ်ပြန်ချက်)

× × ×

ကျွန်တော်တို့ဟာ ဂျပန်ရဲ့စိတ်ဓာတ်ကို အတုယူရမယ်။ အင်္ဂလိပ်ရဲ့ အလေ့အလာကို အတုယူရမယ်။ ကျွန်တော်တို့ သေသေချာချာ တတ်စွမ်းတဲ့ အရည်အချင်းနှင့် ပြည့်စုံအောင် လုပ်ကြရမည်။ အဲဒီတော့ ကျွန်တော်တို့ လူငယ်တွေ အားကိုးရမယ်။ လူငယ်တွေ ဘယ်မလဲ၊ လူငယ်တွေ ထိပ်က ထွက်စမ်းပါ။ တောကြိုတောင်ကြားတွေထဲ သွားရမယ်။ မိန်းမတော့ ရချင်မှရမယ်။ တိုင်းပြည်တော့ အမှန်ကောင်းစားမှာပဲ။ ဘယ်သူ စွန့်စားရဲတဲ့ လူတွေ ရှိသလဲ။ ခေါင်းဆောင်တွေ အများကြီးလိုတယ်။ အရည်အချင်းရှိရမယ်၊ စိတ်ဓာတ်နိုင်မာရမယ်၊ အလုမ်းကျော်တဲ့အလုပ်တွေ မလုပ်ဘဲနဲ့ လှမ်းတဲ့ခြေ လှမ်းနေးချင်နေးပါစေ ... အလှမ်းကျယ်ကျယ် လှမ်းပါ။ အလှမ်းကျော်တဲ့အလုပ်တွေ မလုပ်ပါနဲ့။

*(ရန်ကုန်နေပြည်တော် အရှေ့အာရှတိုက်လူငယ်များအစည်းအရုံး၌ာနတွင် ၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် (၁၈-၁၁-၄၄)နေ့က စစ်သေနာပတိနှင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့်မိန့်ခွန်း)*

× × ×

လွတ်လပ်ရေးရတဲ့အချိန်အထိတော့ ကျုပ်နိုင်ငံရေး လုပ်ရဦးမှာပဲ။ လွတ်လပ်ရေးရပြီးလို့ ပါတီတိုက်ပွဲတွေ ဖြစ်တဲ့အချိန်မှာ ကျုပ်က မပါချင်ဘူး။ ဘေးဖယ်နေမယ်။ သူများတွေလုပ်တာ ထိုင်ကြည့်ပြီး စာအုပ်ရေးမယ်။ ကျုပ်လုပ်နေတဲ့ အချိန်အတွင်းမှာတော့ ကျွန်တော်ရဲ့ ယုံကြည်ချက်အတိုင်း အနိုင်မခံ အရှုံးမပေးဘဲ နောက်ဆုံးအချိန်အထိ လုပ်မှာပဲ။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၀ ရက်နေ့၊ သတင်းစာဆရာများ အစည်းအဝေးတွင် ပြောကြားချက်)*

× × ×

ဤနေရာတွင်လည်း ကျွန်ုပ် အထက်တွင် ဖော်ပြခဲ့ပြီးသလို ကျွန်ုပ်တို့၏ အရင်းရှင်ပေါက်စ လူတန်းစားဉာဏ်က ကျွန်ုပ်တို့၏အတွေးအခေါ်ကို လွှမ်းမိုးဆွဲဆောင်လျက် ရှိလေသည်။ လူတန်းစားအတွေးအခေါ်ကြောင့် ကျွန်ုပ်တို့သည် ဘာကိစ္စမဆို သေချာမှ လုပ်ချင်ကြသည်။ မသေချာဘဲ ချွတ်ယွင်းပျက်စီးနိုင်မည့် အလားအလာ ဟူသမျှကိုလည်း တတ်နိုင်သမျှ ရှောင်ကြဉ်ကြလေသည်။

*(ဖက်ဆစ်တော်လှန်ရေးသမိုင်း)*

www.burmeseclassic.com

www.burmeseclassic.com



ဟာသပညာသည် လူမျိုးတစ်မျိုး၏ ဘဝတွင် အရေးပါ အရာရောက်သော ပညာရပ်တစ်ခု ဖြစ်သည်။ သို့သော် ဟာသပညာအစစ်နှင့် အတုကို ခွဲခြားရန် လိုသည်။ ဇာတ်ပွဲများတွင် ပါဝင်သော လူရွှင်တော်များ၏ ပြက်လုံးများသည် အခါခပ်သိမ်း ဟာသပညာမဟုတ်ပေ။

ကျွန်တော် နားလည်သော ဟာသပညာကား၊ လောကီ လူ့ဘဝ၊ လူ့ဇာတ်ခုံတွင် ရှေ့နောက်မညီ အဆင်မပြေသော အချက်အလက်များကို ထုတ်ဖော်၍ ရှင်လူအပေါင်းတို့အား ရယ်စရာသဘော မြင်စေရမည်။

*(ဓနဂျာနယ်)*

× × ×

ပညာဆိုသည်မှာ စာအုပ် စာတမ်းဖတ်၍ စာသိမှုကို ပညာဟု မဆိုပေ၊ ပညာသည် အတိုင်းအဆ မထင်၊ အလွန် ကျယ်ပြော နက်နဲလှပေသည်။ လောကပြင်ကျယ် တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲသို့ ရောက်သည်အထိ ပညာသင်သားများ ဖြစ်နေကြသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် သူ၏ တစ်သက်ပန်တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိ အရာရာကို အခွင့်အလမ်းလိုက် ဆင်ခြင် သုံးသပ်နိုင်စွမ်းသော ဉာဏ်အားကို လည်းကောင်း၊ မိမိဉာဏ်အမြင်အရ စိတ်နေစိတ်ထား စိတ်ဓာတ်တို့ကိုလည်းကောင်း၊ ပြုပြင်ပြုစုစီမံထားခဲ့သူသာလျှင် ဖြစ်သည်။ ဘီ–အေပင် အောင်စေကာမူ၊ ပါရဂူဘွဲ့ကြီးပင်ရစေကာမူ၊ ပထမကျော်ကြီးပင် ဖြစ်စေကာမူ၊ အသက် အရွယ် မည်မျှပင်ကြီးရင့်စေကာမူ ပညာဆိုသော သဘာဝအဓိပ္ပာယ်ကို ကောင်းစွာ သုံးသပ် နားလည်ခြင်း မရှိခဲ့သော် တကယ် အရာမရောက်၊ အသုံး မဝင်နိုင်ပေ။

ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်၊ စာအုပ်များကို ကျော်၍ မြင်စွမ်းနိုင်ခြင်းကို ဆောင်ရွက်နိုင်ရပေမည်။ ပညာသည် လူ၏ ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်၊ လူ၏စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ လူထု၏ဆန္ဒအား၊ လုပ်အားကို နှုးညွှတ် စေရမည်။ ရာဇဝင်သိရုံသာမဟုတ်၊ ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။

လောကဓာတ်ပညာကို တိုးချဲ့နိုင်စေရမည်။ ပထမပညာကို သိရုံသာမဟုတ်၊ မြေသစ်၊ ရေသစ်၊ တောတောင်တို့ကို ရှာဖွေ စုံစမ်းနိုင်စွမ်း ရှိစေရမည်။ လောကအကြောင်းကို နားလည်စေရုံသာ မဟုတ်၊ သည်ထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကားပညာ၏ သရုပ်အကျဉ်းမျှပင်တည်း။

*(ဗိုလ်ချုပ်အောင်ဆန်း ပင်ကိုရေးအတ္ထုပ္ပတ္တိ)*

× × ×

ပညာသည် ကာလ၊ ဒေသ၊ ပယောဂနှင့် ယှဉ်ရမည်။ ပညာတွင် သညာလည်းပါသည်။ ဉာဏ်နှင့်လည်း ယှဉ်ရမည်။ ဉာဏ်ချည်းသာ တိုးတက်၍ "သညာ" မရှိပါမူလည်း ဤမျှ ပိုမိုဆန်းကျယ် အပြောကျယ်လှသော ခေတ်သစ် အကြောင်းကို နား မလည်နိုင်ပေ။ လောကဓာတ်ပညာကို မတတ် မသိဘဲ လောကဓာတ်ပညာဉာဏ်ကိုသာလျှင် လောကဓာတ်ပညာ၏ တန်ဖိုးကို တင်ပြည့်မသုံးနိုင်ပေ။ တိုင်းပြည်အခြေအနေ ပြဿနာ၊ ခေတ်၏အခြေအနေနှင့် မယှဉ်ပါမူ တိုင်းပြည်ထောင်ခြင်း၊ ခေတ်ပြင်ခြင်း မပြုနိုင်ပေ။ မွေးကတည်းက သေသည်အထိ အယူဝါဒ အပြောင်းအလဲ မရှိသူသည် ပညာတတ်ဟု မဆိုနိုင်ပေ။

*(ဗိုလ်ချုပ်အောင်ဆန်း ပင်ကိုရေးအတ္ထုပ္ပတ္တိ)*

× × ×

လူတစ်ယောက်၏ သက်တမ်းတွင် အစ ပထမ သိမြင်လာသော စိတ်နေစိတ်ထားဝါဒတို့သည် အမှန်ချည်းမဟုတ်၊ ပြုပြင်ပြောင်းလဲရမည်သာတည်း။

ယနေ့ အယူအဆနှင့် နက်ဖြန်အယူအဆ တို့မှာ တူချင်မှ တူပေမည်။ အမှန်ကား လူတစ်ဦး၏ ဘဝတွင် ကျွန်ုပ်တို့သည် အယူဝါဒပြောင်းလဲခြင်းများကို တွေ့သောအခါ ထိုလူသည် သမာဓိ မတည်၊ ရှေ့နောက် မညီဟု ထင်မှတ်မှားလေသည်။ သမာဓိ မတည်ခြင်းသည် ကိုယ်ကျင့်တရား ဖောက်လွဲဖောက်ပြန်ခြင်းပင်တည်း။ ဝါဒပြောင်းမှုမှာ ဉာဏ်အမြင်၏ ပြောင်းလဲမှုကြောင့် သမာဓိ မတည်ခြင်းမဟုတ်ပေ၊ တစ်နည်း တိုးတက်ခြင်းပင်တည်း။

*(ဗိုလ်ချုပ်အောင်ဆန်း ပင်ကိုရေးအတ္ထုပ္ပတ္တိ)*

www.burmeseclassic.com

www.burmeseclassic.com



သမာဓိဆိုသည်မှာ လောက၏ အကောင်းအဆိုး အကျိုးအပြစ် အပျက်သနစ်စုံကို ပိုင်းခြားထင်ထင် သိမြင်၍ ဆင်းရဲလည်း ဝမ်းမနည်း၊ ချမ်းသာလည်း ဝမ်းမသာ၊ ပကတိစိတ်ထားဉာဏ်အမြင်အရ လူ့ချီမွမ်း၊ လူကဲ့ရဲ့မှု သောဒုက္ခအန္တရာယ်ကို မထိတ်မလန့်၊ တစ်သမတ်တည်း တည်ငြိမ်စွာရှိခြင်းကို ဆိုလေသည်။

*(ဗိုလ်ချုပ်အောင်ဆန်း ပင်ကိုရေးအတ္ထုပ္ပတ္တိ)*

× × ×

အင်္ဂလိပ်တို့၏ စိတ်နေစိတ်ထား၊ နေနည်းထိုင်နည်းတို့သည် အသင်တို့၌ ကိန်းအောင်းနေသေးသမျှ ကာလပတ်လုံး ဗမာနိုင်ငံ၏ ကြီးပွားတိုးတက်ရေးကို မျှော်မှန်းနိုင်မည် မဟုတ်ချေ။

*(ဂျပန်ခေတ် လွတ်လပ်ရေးကြေညာသော အခမ်းအနား၌ မိန့်ဆိုသော စစ်သေနာပတိ၏ မိန့်ခွန်း)*

× × ×

ထကြွလုံ့လရှိသောစိတ်၊ သူရသတ္တိရှိသောစိတ်၊ အလုပ်၌ စိတ်ဝင်စားသောစိတ်၊ အကျိုးဆောင်လိုသော စိတ်တို့ကို ပြုစုပျိုးထောင်၍ အားပေးကြရမည်။

*(ဂျပန်ခေတ် လွတ်လပ်ရေးကြေညာသော အခမ်းအနား၌ မိန့်ဆိုသော စစ်သေနာပတိ၏ မိန့်ခွန်း)*

× × ×

ဗမာတို့သည် ပင်ကိုကပင် သူရသတ္တိနှင့် ပြည့်စုံသော လူမျိုးဖြစ်သည်။ ထကြွလုံ့လရှိ၍ တိုးတက်ကြီးပွားလိုသောလူမျိုးလည်း ဖြစ်သည်။ လူတစ်မျိုးတစ်မျိုး၏ တိုးတက်ခြင်း၊ လျော့ကျခြင်းတို့သည် ထိုလူမျိုး၏ ပစ္စည်းအင်အားအပေါ်မှာသာ တည်ရှိနေသည်မဟုတ်၊ စိတ်ထားအင်အား အပေါ်မှာသာတည်ရှိနေသည်။ ဗမာ့သမိုင်းကို ပြန်လှန်၍ ကြည့်လျှင် ဗမာတို့၏ စိတ်ဓာတ်အင်အားကြီးမားကြောင်းကို ထင်ရှားစွာ တွေ့မြင်ရလိမ့်မည်။ အသင်တို့သည် ဗမာတို့သတ္တိကို ပြန်လှန်၍ ခေါ်ပါလော့။ ပေါ့ပေါ့ဆဆ မနေဘဲ၊ ပျင်းရိစွာ မနေစေဘဲ၊ အကျိုးဆောင်လိုသော စိတ်ဓာတ်၊ အလုပ် လုပ်လိုသော စိတ်ဓာတ်တို့ကို သွင်းပေးသင့်လေသည်။ ယင်းသို့ စိတ်ဓာတ်သစ် သွင်းပေးနိုင်လျှင် ဗမာနိုင်ငံသည် အမှန်မုချကြီးမားတိုးတက်မည်ဖြစ်သည်။

*(ဂျပန်ခေတ် လွတ်လပ်ရေး ကြေညာသော အခမ်းအနား၌ မိန့်ဆိုသော စစ်သေနာပတိ၏ မိန့်ခွန်း)*

× × ×

ဗမာပြည်ကို တည်ဆောက်နေတာ အုန်းပင်၊ ထန်းပင်စိုက်တာနဲ့ တူတယ်လို့ ကျွန်တော်တို့ နားလည်ကြရမယ်။ အုန်းပင်က အချိန်အကြာကြီး ပင်ပင်ပန်းပန်းလုပ်ပြီးတဲ့နောက်မှ အကျိုးခံစားရမယ်။ ကျွန်တော်တို့ အလုပ်ဟာ ငှက်ပျောပင်စိုက်သလို အချိန်တိုတိုလေးနဲ့ အသီးစားရတာမျိုး မဟုတ်ဘူးဆိုတာလည်း ကျွန်တော်တို့ နားလည်ကြရမယ်။ ကျွန်တော်တို့ အလုပ်ဟာ ကျွန်တော်တို့ ဘဝသက်တမ်းအတွင်း အကျိုးခံစားရမှာ မဟုတ်ဘူးလို့ ထင်ရင်၊ လွယ်လွယ်ချောင်ချောင်ကလေး ဆက်နေကြမယ်ဆိုရင် ကျွန်တော်တို့ ရာဇဝင်ကြွေးမကျေဘဲ ကျန်ရစ်မှာပဲ။ ဒီအတိုင်း လုပ်ရင်တော့ ဒုစရိုက် ၅ ပါး ကျူးလွန်သူများ ကမ္ဘာတည်သရွေ့၊ နောက်ဆုံးအချိန်အထိ အကုသိုလ် အပြစ်ဒဏ် ခံနေကြရသလို ရာဇဝင်က ကျွန်တော်တို့ကိုလည်း ဒဏ်ခတ်မှာပဲ။ ကျွန်တော်တို့လည်း ဘယ်လိုလဲ ... ကျွန်တော်တို့ကိုလည်း အဂတိ မလိုက်စားတဲ့ ရာဇဝင် တရားခုံရုံးက ပြည်သူတွေကို ကျဆုံးပျက်စီးအောင် လုပ်တယ်ဆိုတဲ့ စွဲချက်နဲ့ အကုသိုလ် အပြစ်ဒဏ်ပေးတာ ခံရမှာပဲ။ ဒီတော့ ရာဇဝင်မှာ ရဲရင့်တဲ့ ဗမာအမျိုးသားကြီးတွေအဖြစ် ခံယူနိုင်တဲ့ ဒီလို အောက်တန်းကျတဲ့လူတွေအဖြစ်ခံမလား၊ ရာဇဝင်ကို အိုးမည်းသုတ်တဲ့ အောက်တန်းကျတဲ့ အညံ့စား လူတွေအဖြစ်ခံမလား၊ ဗမာအမျိုးသားတို့ ဒါကို စဉ်းစားကြပါ။

*(၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်၏ ကာကွယ်ရေးသည်အရှေ့အာရှ ကာကွယ်ရေးဖြစ်သည် ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်ဟောပြောချက် )*

× × ×

လူမျိုးရေးတရားဆိုတာဘာလဲ ... ကိုယ့်အမျိုးသာ ချစ်ပြီး၊ ဒီပြင် လူမျိုးတွေကို မုန်းထားတာ လူမျိုးရေး

www.burmeseclassic.com



တရားပဲလား... မဟုတ်ဘူး။ ကိုယ့်အမျိုး ချစ်ရုံနှင့် ဒီပြင်လူမျိုးကိုလည်း မုန်းဖို့ မလိုဘူး။ သို့သော်လည်း ကိုယ့်အမျိုး အကျိုးကို လာထိတဲ့လူတွေကိုတော့ အတွင်းကလူဖြစ်ဖြစ်၊ အပြင်ကလူဖြစ်ဖြစ် တိုက်ခိုက် နှိမ်နင်းရမှာပေါ့။ ဒါက ငါတို့အမျိုးရဲ့ ရန်သူအဖြစ်ဖြင့်သာ နှိမ်နင်းခြင်း ဖြစ်တယ်။

*(၁၉၄၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့၊ မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းဆင်းပွဲ၌ ဗမာ့တပ်မတော် စစ်သေနာပတိနှင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသောမိန့်ခွန်း)*

× × ×

ပညာဟာ ဘယ်တော့မှ ကုန်တယ်မရှိဘူး။ လူမျိုးဖြစ်ဖြစ်၊ နိုင်ငံဖြစ်ဖြစ်၊ လူတစ်ဦးတည်းဖြစ်ဖြစ် တိုးတက်မှုဟာ လက်ရှိအခြေအနေနှင့် အားမရဘဲ၊ တင်း မတိမ်နိုင်ဘဲ ရှေ့ဆက်လက် ကြိုးစားမှသာ တိုးတက်မှုဖြစ်နိုင်တယ်ဆိုတာ ရာဇဝင်သမိုင်းတွေက ကောင်းကောင်းပြထားသတယ်။ ကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားကြည့်လည်း သိနိုင်တာပဲ။ ဒါကြောင့် ဘယ်ဟာကိုမှ လှေနံဓားထစ် မယူပါနဲ့။ အဆင်မကြီးပါနဲ့။ ဒီထက် တိုးတက်အောင် လုပ်ကြပါ။

*(၁၉၄၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့၊ မင်္ဂလာဒုံ၊ ဗိုလ်သင်တန်းကျောင်းဆင်းပွဲ၌ ဗမာ့တပ်မတော် စစ်သေနာပတိနှင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်း)*

× × ×

ကျွန်တော်တို့ အမြင်အရဆိုရင် တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုဟာ လူတစ်ဦးတည်းက ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲနှင့် အဖွဲ့နှင့်ခေါင်းဆောင်မှုမျိုး ဖြစ်ရမည်၊ အဖွဲ့ရဲ့ဆန္ဒ မဟုတ်ဘဲ၊ ငါ့ ဆန္ဒ၊ ငါ့ သဘော လုပ်တဲ့ ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲ၊ အဖွဲ့ရဲ့ဆန္ဒယူပြီး အဖွဲ့ရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ ခေါင်းဆောင်မှုမျိုးဖြစ်ရမယ်။

*(၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စတုတ္ထ အကြိမ်မြောက် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်း)*

လူမျိုးရေးတရားဟာလည်း ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လောက် မမြတ်၊ ငါ့လူမျိုးသာ ကမ္ဘာမှာ ကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရား မဟုတ်ဘဲ၊ ကိုယ့်လူမျိုးကိုယ်ချစ်ခင်သော်လည်း တခြားလူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်း မဖြစ်တဲ့ ... ကမ္ဘာမှာ တိုင်းပြည်အချင်းချင်း သင့်မြတ်စွာ တစ်ဦးအကျိုးတစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်။

*(၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်း)*

× × ×

ဘုရင်ကို ဘုရားလိုကြည်ညိုဖွယ်ရာ ပုဂ္ဂိုလ်ထူး ဖြစ်တယ်လို့ ဂျပန်တွေယုံကြည်သလို ကျုပ်အနေနဲ့ မယုံကြည်ဘူး။ ဘယ်လိုပုံသဏ္ဌာန်မျိုးနဲ့ပဲရှိရှိ၊ ဘုရင်စနစ်ကို ကျုပ်မကြိုက်ဘူး။

*(၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသော ရန်ကုန်မြို့ရှိ၊ မဟာမိတ်တပ်သားတို့၏ အရှေ့နှင့် အနောက် အသင်းအစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်း,*

× × ×

လူတစ်ဦးတစ်ယောက်သည် မိမိ၏ သတ္တိ ဗျတ္တိကို သော်လည်းကောင်း၊ သူတစ်ပါး၏ သတ္တိဗျတ္တိကိုလည်းကောင်း၊ ယုံကြည်အားကိုးမှသာလျှင် ကြီးကျယ်ခမ်းနားအကျိုးများအောင် ပြုလုပ်ဆောင်ရွက်နိုင်သည်ကိုလည်း သိရှိနားလည်ပါ၏။ သို့သော်လည်း သတ္တိဗျတ္တိရှိသူကို အရမ်းမဲ့ ဘုရားတစ်ဆူ ဂူတစ်လုံးလုပ်ကာ အားထားလေးစားကိုးကွယ် မြှောက်စားသည့်အဖြစ် ရောက်ရှိစေခဲ့လျှင် ဘုရားအတုများ ပေါ်ပေါက်စေတတ်သည်။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသော မိန့်ခွန်း)*

× × ×

www.burmeseclassic.com



ယခုအခါ၌ လွတ်လပ်ရေးပန်းတိုင်သို့ မရောက်သေးချေ၊ ပန်းတိုင်သို့အရောက် ကျွန်ုပ်တို့သွားကြရပေလိမ့်မည်။ ရဲဘော်တို့သည် ကျွန်ုပ်အား ဤခက်ခဲသောလမ်းတွင် ရှေ့ဆောင်စေလိုကြ၏။ ကျွန်ုပ်ကို ဤကဲ့သို့ယုံကြည်အားထားမှုကြောင့် ကျွန်ုပ်ကျေးဇူးတင်ပါ၏။ သို့သော်လည်း မကွယ်မထောက် ဖြောင့်မတ်စွာ ပြောရမည်ဆိုလျှင် ကျွန်ုပ်ရှေ့ဆောင်မှုကြောင့် မြန်မြန်ထက်ထက်ပင် လွတ်လပ်ရေးပန်းတိုင်သို့ နီးကပ်ခြင်းကို ရောက်လိမ့်မည်ဟု ကတိပေးခြင်းကို မပြုလိုပေ။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးတစ်ယောက်သည် မည်မျှလောက်စွမ်းပကားရှိစေကာမူ လူထု၏ အားပေးရိုင်းပင်းမှု မရှိဘဲလျက် ရာဇဝင်တွင်လောက်သော လုပ်ငန်းမျိုးကို ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်၏။ ကမ္ဘာရာဇဝင်တွင် အလွန်ထက်မြက်သော ပုဂ္ဂိုလ်ထူးများရှိခဲ့ဖူးပါသည်။ သို့ရာတွင် အနည်းငယ်သော လူတစ်စုကရာဇဝင်ကို မပြောင်းလဲ မပြုပြင်နိုင်ခဲ့ချေ။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသည့်မိန့်ခွန်း)*

× × ×

လုပ်ငန်းသဘောမှာ လူမှုတိုးတက်ရေးနှင့် ဘာသာရေးတို့သည် အခြေခံသဘောအားဖြင့် ဆန့်ကျင်စရာအကြောင်းမရှိဟုယူဆမိပေသည်။ ဘာသာတရားက သစ္စာ၊ မေတ္တာနှင့် သမ္မာအာဇီဝ၊ သမ္မာသမ္ဗုဒ္ဓစသည်တို့ကို ဓမ္မအနေနှင့်ဟောကြားခဲ့ရာ လူမှုတွင်လည်း ဤဓမ္မတို့ကို လေးစားကြပေသည်။ သို့ပါလျက်လည်း ဘာသာတရား၏နာမကို အလွဲသုံးစားပြုကြပြီးလျှင် လူတစ်ဦးသည် တစ်ဦး၏ ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းကို အကြောင်းပြု၍ မတရားသောအမှုတို့ကိုပြုသည်ရှိသော် ပတ်ဝန်းကျင်ရှိ လူစုသည် ထိုမတရားမှုကို လျစ်လျူရှုခြင်း ဘယ်နည်းနှင့်မျှ ပြုမည်မဟုတ်ပေ။ အကယ်၍ ဘာသာကို အမှီပြု၍ အသက်မွေးသူတို့သည် ဘာသာ၏ အမည်ဟုသုံးလျက် တရားဓမ္မဖြစ်လေဟန် ဟောပြောချက်တစ်ခုကိုပြုလျှင် လူအများကို နစ်နာစေမည် ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် လူအများချမ်းသာမှုကို လိုလားသည့်အားလျော်စွာ တားမြစ်ရပေလိမ့်မည်။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသည့်မိန့်ခွန်း)*

× × ×

ဘုန်းကြီးပဲ ခေါ်ခေါ်၊ ရဟန်းပဲ ခေါ်ခေါ် နှစ်မျိုးနှစ်စားရှိ၏။ တစ်မျိုးမှာ ဘာသာတရားကို မှီ၍ အသက်မွေးသူများသာဖြစ်၍ ဘာသာတရား ပြန့်ပွားတိုးတက်မှုကို သတိပြုခြင်း၊ အားထုတ်ခြင်း မရှိချေ။ ဘာသာတရားနှင့် ဆန့်ကျင်သော အမှုမျိုးကိုပင် ပြုကြ၏။ တစ်မျိုးမှာကား ဘာသာတရား တိုးတက်ပြန့်ပွားမှုကို လေးစား၍လောကီသားတို့၏ အမှုကို ရှေ့ရှုခြင်း မရှိချေ။ ကျွန်ုပ်တို့တိုင်းပြည်တွင် သံဃာတော် အရှင်သူမြတ်များသည်ရာဇဝင်တစ်လျှောက်လုံး ကျွန်ုပ်တို့ လူမျိုး၏ ရှေ့ကမားမားမတ်မတ်ရပ်လျက် မြင့်မြတ်သော အမှုမျိုးကိုသာပြုခဲ့ကြပေသည်။ ရှေးခေတ်များ၌ သံဃာတော် အရှင်သူမြတ်များသည် ကျွန်ုပ်တို့ တစ်မျိုးသားလုံးကို ပညာသင်ပေးရန် တာဝန်ကို ထမ်းဆောင်ခဲ့ကြပေသည်။ ယခုခေတ်၌ပင် တောရွာများတွင် သံဃာတော် အရှင်သူမြတ်များ ပညာသင်ပေးလျက် ရှိသောကြောင့် မြောက်မြားစွာသော အမျိုးသားတို့သည် စာပေတတ်မြောက် ကြပေ၏။ အချုပ်မှာ သံဃာတော်အရှင်သူမြတ်များ၏ စေတနာလုံ့လကြောင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်မြင့်မြတ်မှု၊ အသွင်အပြင် ယဉ်ကျေးမှု တို့သည် အထူးသဖြင့် တိုးတက်ခဲ့ဖူးလေသည်။ ထိုအကြောင်းများကြောင့် ကျွန်ုပ်တို့၏ သံဃာတော် အရှင်သူမြတ်များသည် ကျွန်ုပ်တို့၏ ထူးကဲသော ကျေးဇူးဥပကာယများကို ခံတော်မူထိုက်ကြပါပေ၏။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ ဥက္ကဋ္ဌမိန့်ခွန်း)*

× × ×

လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ်အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လားစွာတစ်မျိုးတစ်စားတည်းဟုပင် စိတ်ထားရှိသူတို့ကို တစ်ခုတည်း ပေါင်း၍ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပေါင်းဖော်လျက်နေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသည့်မိန့်ခွန်း)*

× × ×

ဘယ်လို ဥပဒေခြောက်လုံးတွေနှင့်ဖြစ်ဖြစ်၊ ဘယ်လို မြှုလုံး မက်လုံးတွေနှင့်ဖြစ်ဖြစ် ကျွန်ုပ်၏ စိတ်ကား နကမ္ဗတိ မတုန်လှုပ်။ ကျွန်ုပ်တို့အဖို့ဆိုလျှင် ကျွန်ုပ်၏ တစ်ခုတည်းသော ဝတ္တရားအဖြစ် အမှုတော်ထမ်းရွက်နေသည့် တိုင်းသူပြည်သားတွေ၏ တရားရုံး အစီအရင်ကိုသာလျှင် တရားသည်၊ မှန်သည်ဟု ယခု ကျွန်ုပ် ယူဆသည်။ နောက်အခါတွင် ကျွန်ုပ် တကယ်ရလိုသော အစီအရင်ကား ရာဇဝင်တည်းဟူသော ခုံသမာဓိ၏အစီအရင်ပင်တည်း။ အခြားအစီအရင်ဆုံးဖြတ်ချက်တွေကို တကယ့်အစီအရင် ဆုံးဖြတ်ချက် မဟုတ်ဟု ကျွန်ုပ်ယူဆသည်။

*(၁၉၄၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ထုတ် သတင်းစဉ်ဂျာနယ်တွင် ရေးသားခဲ့သည့် "ကျွန်ုပ်၏လိပ်ပြာမှာ အမြဲသန့်ရှင်းလျက်" ဆောင်းပါးမှ)*

× × ×

ဗမာပြည်ကဲ့သို့သော လက်အောက်ခံ ကျွန်နိုင်ငံမျိုးတွင် ဥပဒေနှင့် ညီညွတ်တိုင်း တရားမှန်ကန်သည်ဟု မဆိုနိုင်။ တကယ့်တရားကိုသဘောနှင့် ပြောရမည်ဆိုလျှင် ကျွန်ုပ်၏ "လိပ်ပြာ"ကား အမြဲရှင်လျက်နေ၏။ ကျွန်ုပ်သည် မည်သူ့ကိုမျှ တမင်သက်သက် မတရားမလုပ်ခဲ့။ ကျွန်ုပ်သော်လည်းကောင်း၊ ကျွန်ုပ်ဦးစီး ခေါင်းဆောင်ခဲ့သော အဖွဲ့အစည်း(ဝါ)ခေါင်းဆောင်လျက်ရှိသော အဖွဲ့အစည်းသည်လည်းကောင်း၊ မတရား မမျှတဘဲ အမှုကြီးများကို မှောက်မှားခဲ့ခြင်း မရှိကြောင်းဖြင့် တိုင်းသူပြည်သားများကိုပင် တိုင်တည်ရပေလိမ့်မည်။ ဤတွင် ဗြိတိသျှ နယ်ချဲ့အုပ်ချုပ်ရေး ဗမာပြည်သို့ လာပြီးမှပင် မမှန်ကန်သော တရားစီရင်မှုများ မလုပ်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်၏ "လိပ်ပြာ"ကား လုံးဝ သန့်ရှင်းလျက်ရှိသည်။

*(၁၉၄၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ထုတ် သတင်းစဉ်ဂျာနယ်တွင် ရေးသားခဲ့သည့် "ကျွန်ုပ်၏လိပ်ပြာမှာ အမြဲသန့်ရှင်းလျက်" ဆောင်းပါး)*

× × ×

ဖြစ်နိုင်စရာရှိခြင်းဆိုတာဟာ ဖြစ်ရန်ရှိခြင်းမဟုတ်ဘူး။ သူ့ဘာသာ သူ တကယ်ဖြစ်လာဖို့ သေချာမှာမဟုတ်ဘူး။ ဖြစ်နိုင်စရာရှိခြင်းအပေါ်မှာ ကျွန်ုပ်တို့ရဲ့ မျှော်မှန်းချက်ကို အခြေပြုနိုင်မှာ မဟုတ်ဘူး။ ကျုပ်တို့ရဲ့ အောင်ပွဲအတွက်သာမက ကျုပ်တို့ကိုယ်တိုင် အရေးနိမ့်မယ့်အရေးကို ရှောင်ရှားနိုင်ဖို့အထိပါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားကိုးရမယ်။ ကျုပ်တို့ရဲ့ လုပ်ရည်ကိုင်ရည်နဲ့ ကြိုးပမ်းအားထုတ်မှု၊ ကျုပ်တို့ရဲ့ အင်အားနဲ့ အဆင်သင့် ပြင်ဆင်ထားမှုတွေကို ယုံကြည်အားကိုးရမယ်။ အမျိုးသားရေးနဲ့ နိုင်ငံတကာရေးအရ ကမ္ဘာပိုင်းနဲ့ ကတ္တားပိုင်းအရ ကိုယ့်လုပ်ငန်းတာဝန်တွေဟာ ဘာ ဖြစ်သင့်တယ်၊ ကိုယ့်အင်အား ဘယ်လောက်ကြီးတယ်၊ ကိုယ့် အင်အား ဘယ်လောက် ပျော့ညံ့တယ်ဆိုတာကို ကြီးမားတဲ့အသိတရားနဲ့ သိရှိနားလည်ပြီး ကိုယ့်အင်အားကြီးမားမှုနဲ့ ချို့တဲ့မှု ဘယ်လောက်ရှိတယ်၊ ကိုယ့်ကိုယ် ဆန့်ကျင်မယ့် အကြောင်းခြင်းရာ၊ ထောက်ကူမယ့် အကြောင်းခြင်းရာ၊ ဘာတွေရှိတယ်ဆိုတာကို သိရှိနားလည်ရုံသာမက အဲဒီလို သိရှိနားလည်သမျှကို အကောင်းဆုံး အကျိုးဖြစ်ထွန်းအောင် အသုံးချတဲ့ တကယ့် လက်တွေ့နဲ့ စိတ်အား ထက်ထက်သန်သန် အသုံးချတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီပုဂ္ဂိုလ်တွေသာလျှင် အရေးနိမ့်မှာကို ရှောင်နိုင်ရည်ရှိပြီး အောင်ပွဲအတွက် အဆင်သင့်ပြင်ဆင်ထားနိုင်ရည် ရှိကြမှာပဲ ဖြစ်တယ်။ ဒါဟာ ကျုပ်တို့ပြောဆိုနေကြ'ပါရမီထူးကဲ သူ'ဆိုတာရဲ့ အဓိပ္ပာယ်အစစ်ပဲ။ ဒါနဲ့ပတ်သက်လို့"သဘာဝအလျောက်" ဖြစ်တဲ့ ထူးကဲတဲ့ အရည်အချင်းမျိုး (ဒါမှမဟုတ်) "နတ်သိကြားပေးတဲ့"ထူးကဲတဲ့ အရည်အချင်းမျိုးဆိုတာ မရှိပါဘူး။ ကျုပ်တော့ မယုံကြည်ဘူး။

ဒီမဂ်လာနဲ့ပြည့်စုံတဲ့ မျက်လှည့် စကားလုံးနဲ့ ပတ်သက်ပြီး အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ထားကြတယ်။ "အတိုင်းအဆမရှိ ဒဏ်ခံနိုင်တဲ့အား"လို့ ဆိုတာလည်း ရှိတယ်။

www.burmeseclassic.com



ပါရမီထူးကဲတယ်ဆိုတာဟာ တခြားလူတွေ အမှတ်မဲ့ဖြစ်နေတာကို မြင်တတ် တွေ့တတ်တာလို့ ဆိုတာလည်း ရှိတယ်။

*(၁၉၄၆ ခု၊ ဩဂုတ်လတွင် ကျင်းပသည့် ဖဆပလ ဦးစီးအဖွဲ့အစည်းအဝေးတွင် ပြောကြားသည့်မိန့်ခွန်း)*

× × ×

လူရဲ့ ဖန်တီးရေးစွမ်းအားက သာလျှင် သူ့ကိုယ်သူ၊ သူ့နက္ခတ် တာရာတွေ၊ သူ့သမိုင်း၊ သူ့ကမ္မတွေဖြစ်အောင် ဖန်တီးပေးတာပဲ ဖြစ်တယ်။ ဒါပေမဲ့ သူ့အနေနဲ့ သူ့ပတ်ဝန်းကျင်မှာ ရှိနေတဲ့ အကြောင်းခြင်းရာတွေရဲ့ အင်အားစုတွေကိုတော့ ပစ်ပယ်လို့မရ၊ ထည့်တွက်ရမယ်ဆိုတာကတော့ သံသယ ရှိစရာမလိုပါဘူး။ အလုပ်၊ လုပ်လုပ်၊ လှုပ်ရှား၊ လှုပ်ရှား။ ကိုယ့်အားကိုယ်ကိုး။ ဒါဟာ လူ ဖန်တီးလို့ ပေါ်ထွက်လာတဲ့ ဘယ်လိုအောင်ပွဲအတွက် မဆို ရှိအပ်တဲ့ တင်းကျပ်တဲ့၊ အဖိုးတန်တဲ့၊ အချိန်မရွေး မှန်ကန်တဲ့ ဥပဒေပဲ ဖြစ်တယ်။ တစ်နည်းအားဖြင့် ဆိုရရင် ကိုယ့်ကိုယ်ကိုယ် အားကိုးသူကိုသာ ဘုရားသခင်က ကူညီမစပါလိမ့်မည်။

*(၁၉၄၆ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသည့် ဖဆပလ ဦးစီးအဖွဲ့အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်း)*

× × ×

လူတစ်ဦးတစ်ယောက်ဟာ အခြားလူတစ်ဦး တစ်ယောက်အပေါ် နှိပ်စက်ကလူပြုတယ်၊ သွေးစုပ်ချယ်လှယ်တယ်၊ တရားမျှတမှုကို မျက်ကွယ်ပြုတယ်ဆိုရင် (ဒါမှမဟုတ်) နိုင်ငံတစ်ခုအပေါ် ဖိနှိပ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ တရားမျှတမှု အဝဝကို ချိုးဖောက်ခြင်း ပြုမယ်ဆိုရင် ထိုလူ (သို့မဟုတ်) ထိုနိုင်ငံဟာ ထိုမတရားမှုအတွက် အပြစ်ဒဏ်ခတ်မှုကို မုချမလွဲ ခံရစမြဲပဲ ဖြစ်ပါတယ်။

*(၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ ကျိုက္ကမီခရိုင်၊ သံဖြူဇရပ် စစ်သချိုင်းဖွင့်ပွဲ၌ ပြောကြားသော မိန့်ခွန်း)*

× × ×

လူတစ်ဦးက တစ်ဦးအပေါ်မှာဖြစ်စေ၊ နိုင်ငံတစ်ခုက နိုင်ငံတစ်ခုအပေါ်မှာပဲ ဖြစ်စေ၊ ဖိနှိပ်ချယ်လှယ်မှုတွေ၊ ခေါင်းပုံဖြတ်မှုတွေ ပြုလုပ်ခဲ့ကြလို့လည်း ဒီကမ္ဘာကြီးမှာ ဒုက္ခတွေ ပင်လယ်ဝေခဲ့တာဟာ အကြိမ်ကြိမ်ရှိပါပြီ။ တရားမဲ့ခြင်း၊ ဖိနှိပ်ချယ်လှယ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ ဆက်လက် တည်ရှိနေသရွေ့ တုံ့ပြန်လက်စားချေမှုဟာ ကမ္ဘာပေါ်မှာ မကြာခဏပေါ် ပေါက်နေဦးမှာပါပဲ။ ဒီအချက်ဟာဆိုရင် ကမ္ဘာ့ရေးရာ အဖြစ်အပျက် အတွေ့အကြုံများထဲမှ ပေါ်ထွက်လာတဲ့ လောကပါလတရားလို့ ကျွန်ုပ်တို့အနေနဲ့ မှတ်သား ခံယူပါတယ်။

*(၁၉၄၆ ခု ဒီဇင်ဘာလ ၁၈ ရက်နေ့ ကျိုက္ကမီခရိုင် သံဖြူဇရပ် စစ်သချိုင်းဖွင့်ပွဲ၌ ပြောကြားသော မိန့်ခွန်း)*

× × ×

သာသူ စံ၊ ညံ့သူ ခံ ဖြစ်နေသော ဒီကမ္ဘာလောကကြီးတွင် ငါတို့အစွမ်းဖြင့် ငါတို့အားကို ငါတို့မွေး၊ ငါတို့လုပ်မှသာလျှင် ငါတို့အောင်ပန်းကို ရရှိနိုင်မည်ဆိုသည်ကို မမေ့မလျော့၊ အမြဲအမှတ်ရ၍ ရဲဘော်တို့၏ စစ်လေ့ကျင့်ခန်းများကို နေ့ရောညဉ့်ပါ အပြင်းအထန်ပေးသည့်အခါ မညည်းမညူ ဗမာပီပီ၊ ယောကျ်ားပီပီ၊ စစ်သားပီပီ၊ အာဇာနည်ပီပီ၊ သူရဲကောင်းပီပီ ကြိုးစားကြရမည့်အကြောင်း နောက်ဆုံး မှာကြားလိုက်သည်။

*(စစ်တက္ကသိုလ်တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်း)*

× × ×

ကျုပ်တို့ အားရှိမှ အခွင့်အရေး ရမယ်၊ အား ပိုရှိလေလေ အခွင့်အရေး ပိုရလေလေပဲ။

*(၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ညရ၇နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ အသံလွှင့် ဟောပြောချက်)*

× × ×

ခေါင်းဆောင်လုပ်တဲ့ လူတွေဟာ ကိုယ်ယုံကြည်တဲ့ ကိစ္စကို ဘိုင်းသူပြည်သားတွေကို ပြောရဲရမယ်၊ ရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရမယ်၊ အသက်စွန့်သင့်တဲ့နေရာမယ် စွန့်ရဲရမယ်၊ ပရိယာယ်သုံးသင့်တဲ့နေရာမယ် သုံးရမယ်၊ အချိန်အခါလိုက်ပြီး လုပ်ရမယ်၊ အများယောင်လို့ ယောင်ရတယ် အမောင်တောင်မှန်းမြောက်မှန်း မသိဆိုရင် ခေါင်းဆောင်မဟုတ်ဘူး။

*(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ပြောကြားသည့်မိန့်ခွန်း)*

× × ×

ကိုယ့်ကိုယ်ကိုယ် မယုံကြည့်တဲ့လူဟာ ဘယ်အခါမှ တခြားလူကို မယုံဘူး။ ကိုယ့်တိုင်းသူပြည်သားကိုလည်း မယုံဘူး။ ကျွန်တော်အဖို့ ကျွန်တော့်ကိုယ် ကျွန်တော်ယုံတယ်။ ခင်ဗျားတို့ကိုလည်း ယုံကြည်တယ်။ ဗမာ့လွတ်လပ်ရေးလည်း ယုံကြည်တယ်။

*(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ပြောကြားသည့်မိန့်ခွန်း)*

× × ×

ဘယ်ကိစ္စမဆို လုပ်ရင် မှားတယ်။ မှန်တယ်ဆိုတာ ရာဇဝင်က ဆုံးဖြတ်လိမ့်မယ်။

*(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ပြောကြားသည့်မိန့်ခွန်း)*

× × ×

ကျားနှင့် ရင်ဆိုင်တွေ့နေရသည့် အခါမျိုးတွင် တစ်ဦးကိုတစ်ဦး စိတ်ကောက်ပြီး ထိုင်နေ၍ မဖြစ်သကဲ့သို့ ဗမာ့ သေရေး၊ ရှင်ရေးကြီးနှင့် ရင်ဆိုင်တွေ့နေသည့် အခါတွင်လည်း မကျေနပ်မှု အသေးအဖွဲကလေးတွေကို ရှိုးမယ်ဖွဲ့၍မနေကြနှင့်။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့ည ၆ နာရီ၊ ၃၈ မိနစ်အချိန်တွင် ရေဒီယိုမှ အသံလွှင့်ချက်)*

× × ×

လူထုကိုနားလည်အောင်ပြောဖို့ဟာ ကျုပ်တို့ ဝတ္တရားပဲ။ စစ်မရောက်ခင် မြားကုန်တဲ့စကားမျိုးပြောတဲ့ လူတွေဟာ တော်လှန်ရေးသမားတွေမဟုတ်ဘူး။ ဘယ်လို ခက်ခဲခက်ခဲ မလျှော့တမ်း၊ ကျုပ်တို့ နိုင်အောင်တိုက်မယ်။ လူမိုက် လုပ်မယ်ကြံတဲ့ရန်သူတွေကို လူမိုက်နည်းနဲ့ တုံ့ပြန်တိုက်ရမယ်။ လူလိမ္မာလုပ်ပြီးလိမ်မယ့်ရန်သူတွေကို လူလိမ္မာနည်းတွေနဲ့ပဲ ပြန်တိုက်ရမယ်။ နိုင်ငံရေးဟာ နိုင်ငံရေးပဲ၊ နိဗ္ဗာန်ရောက်အောင် လုပ်နေကြတာမဟုတ်ဘူး။ သို့သော် ငါတို့ကစပြီး မညစ်ပတ်ပါနဲ့၊ မမိုက်ကြပါနဲ့၊ မမှုလောက်တဲ့ နေရာမှာလည်း အရေးမစိုက်နဲ့...လျစ်လျူရှုထားကြဖို့လိုတယ်။

*(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့၊ ည ၇ နာရီ၊ မိနစ် ၃၀ အချိန်တွင် ရေဒီယိုအသံလွှင့်ချက်)*

× × ×

အစိုးရ အမှုထမ်း အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင်ထမ်းဖို့ပဲ။ ဟိုလူ့ကို ကြောက်သလိုလို၊ ဒီလူ့ကို ကြောက်သလိုလို ဟိုလူ့မျက်နှာချို သွေးချင်သလိုလို၊ ဒီလူ့ကို မျက်နှာချိုသွေးသလိုလို ဒီလိုလုပ်လို့မရဘူး။ ကိုယ့်ဝတ္တရားကိုယ်ကျေပွန်ရင် ဘယ်သူ့မှလည်း ကြောက်ဖို့မလိုဘူး။ ဘယ်သူကမှလည်း လက်ဖျားနဲ့မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ။

*(၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ည ၆ နာရီ၊ ၃၃ မိနစ်အချိန်တွင် ရေဒီယို အသံလွှင့်ပြောကြားချက်)*

× × ×

နိဗ္ဗာန်ရောက်စေချင်လျှင် နိဗ္ဗာန်ရောက်ကြောင်းတရားကိုကျင့်၊ လွတ်လပ်ရေးလိုချင်လျှင် လွတ်လပ်ရေးရရာရကြောင်း ကျင့်ထားကြပါ။

*(၁၉၄၇ ခုနှစ်၊ ဧပြီလအတွင်း နတ်မောက်မြို့၌ ပြောကြားသောမိန့်ခွန်း)*

× × ×

ကျုပ်ဟာ လူထုထဲကထွက်လာတဲ့လူဖြစ်လို့ ဒီနယ်မှာ ဘာဖြစ်တယ်ဆိုတာ ကျုပ်နားလည်သလို ဒီနယ်က အရာရှိတွေ နားမလည်နိုင်ဘူး။ ဘာပြုလို့ နားမလည်နိုင်သလဲ၊ လူထုဘဝနှင့်မနေခဲ့ရလို့ လူထုအမြင်ကို မမြင်နိုင်ဘူး။

*(၁၉၄၇ ခုနှစ်၊ ဧပြီလအတွင်း နတ်မောက်မြို့၌ ပြောကြားသောမိန့်ခွန်း)*

× × ×

www.burmeseclassic.com

www.burmeseclassic.com



ရဲရဲရင့်ရင့် သစ္စာသမာဓိနှင့် လုပ်လျှင် အောင်မြင်မှာပဲ။ ခေါင်းဆောင်ပီပီ၊ ရှေ့က ခေါင်းဆောင်ဟာ မခိုမကပ်ဘဲ လုပ်မယ်ဆိုလျှင် အောင်မှာပဲ။ ကိုယ့်တပ်လုံလျှင် တခြားက လာ မတိုက်နိုင်ဘူး။

*(၁၉၄၇ ခုနှစ်၊ ဧပြီလအတွင်း နတ်မောက်မြို့၌ ပြောကြားသောမိန့်ခွန်း)*

× × ×

လွတ်လပ်မယ့် ဗမာပြည်ကြီးမှာ အခု အစိုးရအရာထမ်း၊ အမှုထမ်းတွေ၊ လောကဓာတ်ဆရာ၊ ပညာသည်၊ စက်ဆရာ၊ ဆေးဆရာအစရှိတဲ့လူတွေကို မလိုလားတော့ဘူးလားဆိုရင် သူတို့ကို လိုလိမ့်မယ်။ သူတို့အထဲက Technicians ခေါ်တဲ့အထူး သင်ကြားမှုတတ်တဲ့ လူတွေဆိုလို့ရှိရင် အစိုးရက ကောင်းကောင်းမြှောက်စားရမှာပဲ။

ဒါပေမဲ့ သူတို့ဟာ ပြည်သူ့အစိုးရ၊ ပြည်သူ့မိတ်ဆွေတွေ ဖြစ်ရမယ်။ ပြည်သူတွေကို ဂရုမစိုက်ဘဲ အထက်လူကြိုက်ပြီးရောလုပ်တဲ့ လူစားတွေ မဖြစ်ရဘူး။ တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ သစ္စာကို စောင့်ထိန်းတဲ့လူတွေ ဖြစ်ရလိမ့်မယ်။ အဲဒီလူတွေ အမှန်မှာတော့ တချို့လခတွေ၊ ဘာတွေမှာ နည်းချင် နည်းလာနိုင်ပေမဲ့ လွတ်လပ်မယ့် ဗမာပြည်မှာ ပိုပြီး အခွင့်အရေးတွေ ပေးလာနိုင်ပါလိမ့်မယ်။ ယခုအခါ အင်္ဂလိပ်တွေသာ လုပ်နေရတဲ့ နေရာမျိုးတွေ၊ ကျွန်နိုင်ငံ ဖြစ်နေလို့ သခင်နိုင်ငံလုပ်ရတဲ့နေရာမျိုးတွေမှာ သူတို့ဝင်ခွင့်လုပ်ခွင့်ရှိလာကြမှာပဲ။ သို့သော်လည်း ရှေးက အရာရှိစနစ်အတိုင်း ပြည်သူတွေနှင့်တခြားစီနေလို့ မဖြစ်နိုင်ဘူး။

*(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပသည့် ဖဆပလပဏာမညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)*

× × ×

လူမျိုးများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ သဘောထားကို အကျဉ်းအားဖြင့် ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ မည်သူမဆို ဘာသာ၊ သာသနာ၊ တရား အရေးတွင် လွတ်လပ်စွာ မိမိတို့ ကိုးကွယ်လိုရာ ဘာသာကို ကိုးကွယ်ခွင့် ရှိရမည်။ နိုင်ငံတော်အစိုးရသည် ဘာသာရေးတွင် ကြားနေရမည်။

၂။ လူမျိုးကွဲပြားမှုကိုလည်းကောင်း၊ ဘာသာကွဲပြားမှုကိုသော်လည်းကောင်း၊ ယောကျာ်း၊ မိန်းမကွဲပြားမှုကိုသော်လည်းကောင်း အကြောင်းပြု၍ နိုင်ငံတော်အတွင်း ရာထူးဌာနန္တရ အလုပ်အကိုင်များ ရရှိရေးတွင် ချုပ်ချယ်မှုများ မရှိစေရ။

၃။ အလုပ်သမားများသည်လည်းကောင်း၊ လယ်သမားများသည်လည်းကောင်း၊ အင်းသမားများသည်လည်းကောင်း၊ လူမျိုးဘာသာမရွေး အခွင့်အရေးတန်းတူရရှိရမည်။ အလုပ်သမားများသည် ကျန်းမာရေးနှင့်ညီညွတ်သော အလုပ်ချိန်ကိုသာ လုပ်ရ၍ နားခွင့်ရက်များ အသက်မွေးဝမ်းကြောင်းလုံလောက်သော အခကြေးငွေများ စသည်တို့ ရရမည်။ လူမျိုးဘာသာကွဲပြားသူများအတွက် နေ့ထူးနေ့မြတ်များကို အစိုးရက ရုံးပိတ်ရက်အဖြစ် အသိအမှတ်ပြုရမည်။ လယ်သမား၊ အင်းသမားများတွင်လည်း သီးစားခပေးခြင်းကိစ္စ၊ နွားစားကျက်နေရာများ အခမဲ့သုံးစွဲခွင့်ကိစ္စ၊ အိမ်သုံးထင်းဝါး အိမ်ရာဆောက်လုပ်မည့် သစ်ဝါးများ အခမဲ့ရရှိခွင့်ကိစ္စ၊ အိမ်သုံးစားရန် သားငါး ဖမ်းဆီးနိုင်ခွင့် ကိစ္စတို့အတွက် ဆင်းရဲသား၊ လယ်သမား၊ အင်းသမားများသည် လူမျိုးမရွေး ရရှိရမည်။

၄။ ပညာများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျားမ မရွေး သင်ကြားပိုင်ခွင့် ရရှိရမည်။

၅။ လူမျိုးကွဲပြားသူများသည် မိမိတို့ သီးသန့်ယဉ်ကျေးမှုကိုသာ ပိုင်ခွင့်ရှိရမည်။ ဥပမာ– ကရင်အမျိုးသားများအတွက် ကရင်ကျောင်းများ၊ ရှမ်းများအတွက် ရှမ်းကျောင်းများ၊ ကရင်များအတွက် ကရင်နေ့များ၊ ရှမ်းများအတွက် ရှမ်းနေ့များ၊ ကရင်များအတွက် ကရင်ဘာသာကို အစိုးရသုံး၊ ရုံးသုံး၊ ကျောင်းသုံးဘာသာအဖြစ် အသိအမှတ်ပြုခြင်း၊ ကရင်အမျိုးသားအဝတ်၊ ကရင် စရိုက်ဓလေ့ ထုံးစံကို အသိအမှတ်ပြုခြင်း၊ ကရင်စာပေယဉ်ကျေးမှုများကို အသိအမှတ်ပြုခြင်းအစ ရှိသည်တို့ပင် ဖြစ်ပါသည်။

၆။ လူမျိုး၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေး (Social) နှင့် ပတ်သက်သော အခွင့်အရေးများကို တတ်နိုင်သမျှဥပဒေအားဖြင့် အသိအမှတ်ပြုရမည်။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဗမာများထက် အဆင့်အတန်းနိမ့်သော လူမျိုးများ၏ အဆင့်အတန်းကို မြှင့်တင်ရန် အထူး ကြိုးစား ဆောင်ရွက်ပေးပြီးလျှင် ဗမာများနှင့်အတူ ကမ္ဘာ့ အဆင့်အတန်း (World Level) သို့ အမြန်ဆုံး တက်လှမ်းနိုင်ရမည်။ လူမျိုးအချင်းချင်း နှိမ့်ချသည့် အသုံးအနှုန်း၊ အခေါ်အဝေါ်၊ စာပေအမှတ်အသား၊ အထိမ်းအမှတ်၊ အလံ အစရှိသည်တို့ကို အစိုးရက ဥပဒေဖြင့် တားမြစ်ပေးရမည်။ လူမျိုးများ ညီညွတ်မှုကိုသာ ရှေ့ရှုသော အမှတ်အသား အထိမ်းအမှတ် စာပေများကိုသာ သုံးရမည်။

*(၁၉-၂-၄၅ နေ့စွဲဖြင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လူမျိုးရေးနှင့်ပတ်သက်၍ လိုက်နာရန် ကရင်အမျိုးသား ရဲဘော်အပေါင်းထံ ပေးပို့သော သဝဏ်လွှာ)*

× × ×

ကျွန်တော်တို့ လက်မှုပညာသင် ကျောင်းတွေ များလာအောင် ပိုပြီး ကြိုးစားရလိမ့်မယ်။ အသက်မွေးဝမ်းကြောင်းပညာ၊ အထွေထွေ လက်မှုပညာတွေကို ပိုပြီးအားပေးရမယ်။ စာအုပ်တွေ ထုတ်တဲ့နေရာမှာလည်း လူအများအတွက် အရေးတကြီး လိုအပ်သည့် စာအုပ်တွေ၊ အသုံးကျမည့် စာအုပ်တွေကို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေဖို့ကို စိတ်ထဲမှာ စွဲထားရမယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် မြွက်ကြားသည့်မိန့်ခွန်း)*

× × ×

ဘာသာပြန် ဌာနကြီးကြီး တစ်ခုကို ဖွင့်ရမယ်။ နိုင်ငံခြားကို ပညာတော်သင်တွေ လွှတ်ရမယ်။ သို့သော်လည်း ၎င်းတို့ပြန်လာလျှင် တိုင်းပြည် ပြန်လည် ထူထောင်ရေးအတွက် လုပ်နိုင်ကိုင်နိုင်အောင် အသုံးကျတဲ့ ပညာမျိုးတွေကို ကျကျနန ယူလာနိုင်အောင် လုပ်ရမယ်။ အဆိုပါ ပညာတော်သင် ..ွအတွက် သင်ကြားဖို့ရာ ပညာရပ်တွေ ရွေးချယ်သည့်နေရာမှာ တိုင်းပြည် ပြန်လည် ထူထောင်ရေး အသုံးကိုကြည့်ပြီး ရွေးချယ်ရမယ်။ အသုံးကျမည်မဟုတ်သော ပညာရပ်တွေကို ယခုအခါမှာ ချန်ပစ်ခဲ့ရလိမ့်မယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် မြွက်ကြားသည့်မိန့်ခွန်း)*

× × ×

လူထုကျန်းမာရေးကိစ္စအကြောင်းကို ပြောရတော့မယ်။ မီးကို မလောင်ခင်က တားရမည်ဆိုတဲ့ စကားသည် ဆိုရိုးစမြဲစကားပါပဲ။ သို့သော်လည်း ကျွန်တော်တို့၏ နေ့စဉ်အရေးတွေထဲမှာ ဒီစကား၏ မှန်ကန်ချက်ကို မမြင်ခဲ့ကြသည်မှာ များပါမယ်။ ကာယဗလ ဖွံ့ဖြိုးရေး၊ သန့်ရှင်းရေး၊ ကျန်းမာရေးနဲ့ ညီညွတ်စွာ နေထိုင်ရေးတွေအတွက် စီမံကိန်းတွေ ထုတ်ရမယ်။ ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ကိုယ်လက်လှုပ်ရှားရေး ဆရာများ သင်တန်းဖွင့်ဖို့ကိုလည်း ဆောင်ရွက်ရလိမ့်မယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတွင် မြွက်ကြားသည့်မိန့်ခွန်း)*

× × ×

ယခုလက်ရှိ အုပ်ချုပ်ရေးကို လူကြိုက်များလာအောင် ဗျူရိုကရက်တစ်စနစ်က အများကြိုက် စနစ်သို့ ပြောင်းဖို့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြောရမည်ဆိုလျှင် အစိုးရက နောက်ဆုံး ဒီစတြိတ်နှင့် မြို့နယ်ဆိုင်ရာ အကြံပေး အဖွဲ့တွေဖွဲ့ဖို့ တင်သွင်းထားတယ်။ ဤကဲ့သို့သော အဖွဲ့မျိုးတွေကို ဖွဲ့ခြင်းအားဖြင့် အုပ်ချုပ်ရေးမှာ ပိုမိုကောင်းမွန်လာရမယ်။ အုပ်ချုပ်ရေးကို အခြေခံ ကျယ်ဝန်းစွာ ဖွဲ့စည်းထား၍ တိုင်းသူပြည်သားများ ပါဝင်သည့် အဖွဲ့တွေကို အာဏာတွေ ဖြန့်ဝေလွှဲအပ်ပြီး တစ်နေရာတည်းမှာ အာဏာ စုနေခြင်းကို ဖျက်ရမယ်။ နောက်ပြီး တစ်ဦးနှင့်တစ်ဦး ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံခြင်း၊ ဆွေးနွေးပွဲတွေ ခေါ်ခြင်းများဖြင့် အုပ်ချုပ်မှုသည် ပိုမိုကောင်းလာမယ်။ အကုန်အကျလည်း သက်သာလာလိမ့်မည်ဟု မျှော်လင့်ရတယ်။ ထို့အပြင် အစိုးရရုံးတွေမှာ ကြိုးနီစနစ်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပြီး အဟုတ်တကယ် ကျကျနန မျက်ဝါးထင်ထင် ပြဿနာအရပ်ရပ်တွေကို ရှင်းကြ၊ လင်းကြ၊ လုပ်ကြ၊ ကိုင်ကြ ဖြစ်လာကြမယ်လို့လည်း မျှော်လင့်ရပါတယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြန်မာပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကွန်ဖရင့် အစည်းအဝေးတွင် မြွက်ကြားသည့်မိန့်ခွန်း)*

× × ×

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌လည်းကောင်း၊ စီးပွားရေးရာ၌လည်းကောင်း၊ နိုင်ငံရေး၌လည်းကောင်း တရားမျှတမှုရှိစေလျက် အဆင့်အတန်းအခွင့်အရေးနှင့် ဥပဒေသက်ရောက်မှုတို့တွင် ဆူကြဲနိမ့်မြင့်မရှိ ပကတိ တူညီစေရမည့်ပြင် တရားဥပဒေနှင့်သော်လည်းကောင်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရား ကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားရှိစေရမည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

အဆင့်အတန်းမှာတူညီရမယ်ဆိုတဲ့ သဘောကတော့ ကာ၊ သူဌေးရယ်၊ ဆင်းရဲသားရယ်၊ ဘာရယ် အစရှိသည်ဖြင့် သည်လိုကွဲပြားထားတာမရှိဘဲနှင့် သူဌေးရယ်၊ ဆင်းရဲသားရယ်ဆိုတာက ပစ္စည်း အခြေအနေအလျောက်၊ ရှိတန်ရှိနေပေမည့်အဆင့်အတန်းမှာဆိုလို့ရှိလျှင် တူညီစေရမယ်။

အဆင့်အတန်းမှာ တူစေရမယ်ဆိုတဲ့ သဘောဟာ ကျွန်တော်တို့ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ သူဌေးဆိုလျှင်တော့ ဘယ်လိုပိုပြီးတော့ အခွင့်အရေးရမယ်၊ ဆင်းရဲသားဆိုလျှင်တော့ ဘယ်လိုမရဘူး စသည်ဖြင့် သည်လို မရှိစေရဘဲနှင့် အဆင့်အတန်းတွင် အားလုံး၊ ဆူကြဲနိမ့်မြင့် မရှိ၊ ပကတိတူညီစေရမယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။

*(၁၉၄၇ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

အခွင့်အရေး(Equality of opportunity)မှာလည်း တန်းတူရမယ်ဆိုတဲ့ အဓိပ္ပာယ်က ပညာသင်ကြားကြတဲ့ နေရာမှာ ဥပမာဆိုလျှင် ဉာဏ်အရည်အချင်းချင်း အတူတူ ဖြစ်လို့ရှိလျှင် ဉာဏ်ရှိသလောက် သူ့ပညာအလိုက် ရဖို့ဆိုတဲ့သဘောမျိုးပဲ။ ဆင်းရဲတဲ့လူတော့ ဆင်းရဲတယ်ဆိုတယ်လို့ အခွင့်အရေး မရဘူး၊ ချမ်းသာတဲ့လူသာလျှင် အခွင့်အရေးရမယ်ဆိုတဲ့ သည်လို သဘောမျိုး မဟုတ်ဘဲနဲ့ အားလုံး အခွင့်အရေးရမှာ (Opportunity) အခွင့်အရေးပေးတဲ့နေရာမှာ မယူတတ်လျှင်၊ ယူတတ်တဲ့လူမှန်သမျှ အချုပ်အချယ် မရှိဘဲနှင့် ယူနိုင်တဲ့ အခွင့်အရေး ရှိရမယ်ဆိုတဲ့သဘောတရား ဖြစ်ပါသည်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

ဥပဒေသက်ရောက်မှု (Before the Law) ဥပဒေသက်ရောက်မှုမှာ ညီတူရမယ်ဆိုတဲ့ သဘောကတော့ ဥပဒေရှေ့မှောက်၌ ဘယ်သူမဆို သမ္မတပဲ ဖြစ်ဖြစ်၊ တောသားပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်၊ ဥပဒေစည်းမျဉ်းကို ဖောက်ဖျက်လို့ရှိရင် ဖောက်ဖျက်တဲ့အလျောက် အပြစ်ဒဏ်ခံရလိမ့်မယ်။ ကောင်းတာလုပ်လျှင်လည်း ကောင်းတဲ့အလျောက် ဥပဒေရဲ့ ချီးမြှင့်ခြင်းခံရမယ်။ အဲသည်လို ဥပဒေ ရှေ့မှောက်မှာဆိုလျှင် ဘယ်သူမဆို မင်း ဖြစ်ဖြစ်၊ ဆင်းရဲသား ဖြစ်ဖြစ်၊ သူဌေးဖြစ်ဖြစ် အားလုံးဟာ တန်းတူဖြစ်ရမယ်ဆိုတဲ့ သဘောပဲ။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဦးအောင်ဆန်း အမည်ဖြင့်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်)*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လူ့တုံးစံမှာ မလုပ်သင့် မလုပ်အပ်တဲ့ သဘောတရားတွေ ရှိသေးတယ်။ အများပြည်သူတို့ စောင့်စည်း အပ်သော အကျင့်သိက္ခာနှင့် သော်လည်းကောင်း၊ မဆန့်ကျင်သမျှ ဥပမာဆိုလို့ရှိလျှင် လွတ်လပ်ရေး ရပြီဆိုပြီးတော့ကာ လွတ်လပ်စွာ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ကို ရရှိတယ်ဆိုပြီးတော့ လူတစ်ယောက်က နေပြီး ကိုယ်တုံးလုံးနှင့် လမ်းမမှာ သူလျှောက် ပြီးတော့ ပြေးချင်တိုင်းပြေးလို့ မဖြစ်နိုင်ဘူး။ ဒါဟာ အများပြည်သူတို့ စောင့်စည်းအပ်တဲ့အကျင့်သိက္ခာနဲ့ ဆန့်ကျင်နေတယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ဦးအောင်ဆန်း အမည်နှင့်တင်သွင်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

နောက်ဆုံးတစ်နေ့မှာ ကျွန်တော်တို့ရဲ့ စိတ်စေတနာအရင်းနဲ့ လုပ်ကိုင်သွားတာကို ရှုပ်ချင်တဲ့လူတွေ ရှိလျှင် သဘောအတိုင်း ရှုပ်နိုင်တယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့ သဘောအရ ပြဋ္ဌာန်းထားတဲ့အတိုင်း သွားမှာပဲ။ အဲဒီလိုသွားတဲ့အခါမှာလည်း ဘယ်လို အခက်အခဲတွေနဲ့ တွေ့တွေ့၊ အခက်အခဲတွေကို ကျော်နင်းပြီး သွားမယ်၊ ခြောက်လျှင် ကျွန်တော်တို့ မကြောက်ဘူး။ မြှောက်လျှင်လည်း မမြောက်ဘူး။ ချော့လျှင်လည်း မပျော့ဘူး။ လမ်းမှန်အတိုင်း မှန်မှန်သွားမယ်။ ကျွန်တော်တို့ လိုလားတဲ့ပန်းတိုင်ထိအောင် ကျွန်တော်တို့သွားမယ်။

*(၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ဦးအောင်ဆန်း အမည်နှင့်တင်သွင်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်)*

× × ×

**စစ်ရေးအတွေးအခေါ်များ**

ကျွန်တော်တို့ တိုင်းပြည် ကာကွယ်ရေးအတွက် လေတပ်၊ ရေတပ်၊ ကုန်းတပ် တည်ထောင်ရလိမ့်မယ်။ အမှန်ကတော့ တညီတညာတည်း တည်ထောင်လို့ မဖြစ်နိုင်ဘူး။ တစ်ခုတော့ ချန်ထားရလိမ့်မယ်။ အကုန်လုံး အကောင်းချည်းလုပ်ရင် မရဘူး။ ဘယ်တိုင်းပြည်မှ အကုန်လုံး အကောင်းမရှိဘူး။ ဥပမာ ... အင်္ဂလိပ်ရေတပ်၊ ဂျာမနီကုန်းတပ်၊ လေတပ် ... ဒီလိုဟာမျိုး အားကိုးရတယ်။ ဂျပန်ပြည်ကတော့ ရေတပ်၊ ကုန်းတပ် တောင့်တင်းတယ်။ ဘယ်တိုင်းပြည်မှ အကုန်လုံး သူတို့စိတ်တိုင်းကျ မထားနိုင်ဘူး။ အင်္ဂလန်ပြည်မှာ ကုန်းတပ် ဘာမျှ မတောင့်တင်းဘူး။ ရေတပ်ကိုသာ အားကိုးတယ်။ ကျွန်းဖြစ်နေတော့ ရေတပ်နဲ့မှ ကာကွယ်နိုင်တယ်။ ခုထက်ထိ ခံနေနိုင်တာ ရေတပ်ကလေးကြောင့်ပါပဲ။ ဒီတော့ ကိုယ့်တိုင်းပြည် အခြေအနေ အရပ်ရပ်ကို ကြည့်ပြီး စီမံရမယ်။ ဒီတော့ အရေးကြီးဆုံး ကတော့ ကုန်းတပ်၊ ရေတပ်၊ လေတပ် ရှိရမယ်။

*(၁၃၀၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်နေ့၊ မြို့တော်ခန်းမ၌ ကျင်းပသော ခေတ်သစ်ဆရာဖြစ်သင်တန်းတွင် ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်း၏ သေနင်္ဂဗျူဟာ စစ်ပညာဟောပြောချက်)*

× × ×

ဒီအထဲမှာ အရေးကြီးဆုံးကတော့ ကုန်းတပ်ဟာ အရေးကြီးဆုံးပဲ။ ရေတပ်ရှိပေမဲ့ တိုင်းပြည်ကို သွားမသိမ်းနိုင်ဘူး။ သူ့အလုပ်က စစ်သားတွေ ပို့မယ်၊ ရန်သူ သင်္ဘောတွေဖျက်ရမယ်၊ ကိုယ့်တိုင်းပြည်မှာ စစ်သားတွေ သုံး နိုင်အောင် ရိက္ခာတွေ ပို့ရမယ်။ နောက် လေတပ်ဟာ လည်း ကုန်းတပ်နဲ့ ရေတပ်တို့ကို အကူအညီ ပေးတာပဲ။ လေတပ်ကသွားပြီး တိုင်းပြည်ကို မသိမ်းနိုင်ဘူး။ အရေးကြီးဆုံးက ကုန်းတပ်ပဲ။

*(၁၃၀၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်နေ့၊ မြို့တော်ခန်းမ၌ ကျင်းပသော ခေတ်သစ်ဆရာဖြစ်သင်တန်းတွင် ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်း၏ သေနင်္ဂဗျူဟာစစ်ပညာ ဟောပြောချက်)*

× × ×

ယခုအခါ စစ်တိုက်ခိုက်ကြခြင်းတွင် ရှေးကကဲ့သို့ စစ်မျက်နှာတွင် စစ်ပြင်ရသော စစ်သည်တော်များသာမက စစ်နောက်ပိုင်း နိုင်ငံသူနိုင်ငံသားများပါ အနည်းနှင့် အများ ပါဝင်လာရပြီဖြစ်သဖြင့် ဗမာနိုင်ငံကဲ့သို့ လက်နက် စစ်အင်အား ချို့တဲ့နေ၍ လူဦးရေနည်းသော နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



အဖို့မှာ စစ်ရေးကိစ္စတွင် ရှေ့တန်း စစ်သည်တော်တို့နှင့်သာ လွှဲအပ်မထားဘဲ နိုင်ငံသူ နိုင်ငံသားများ ပါဝင်ရောက်ဆောင်ရွက်နိုင်ရန် အသင့်ရှိသင့်ကြပေသည်။

*(သေနင်္ဂဗျူဟာ စစ်ပညာဆောင်းပါး)*

× × ×

တို့ဗမာတိုင်း ကိုယ့်အတွက် တာဝန်ကိုလည်းကောင်း၊ ကိုယ့်ရွာအတွက် တာဝန်ကိုလည်းကောင်း၊ ကိုယ့်နိုင်ငံနှင့်ဆိုင်ရာ တာဝန်ကိုလည်းကောင်း၊ ကိုယ့်ဘာသာတွေးဆထားပါလေ။ အရေးကြုံလျှင် ကိုယ့်တာဝန်ကိုကျေပွန်ရန် အသင့်ရှိပါစေ။

ဤသို့ စည်းလုံးမှု၊ ကူညီရိုင်းပင်းမှုရှိသော လူမျိုးသည် ဓားပြဘေးရန်လောက်ကိုသာမဟုတ်။ ကိုယ့်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်မည့် ရန်သူများကိုသော်မှ ခုခံနိုင်စွမ်းရှိမည်ဖြစ်ကြောင်းကို နယ်တစ်နယ်ကို တိုက်ခိုက်သိမ်းယူရန် လွယ်ကူသော်လည်း၊ လူမျိုးတစ်မျိုးကို သိမ်းသွင်းရန်မလွယ်ကူ ဟူသော သေနင်္ဂပရိယာယ်ကျမ်းတွင် အတိအလင်းပါရှိသည့် ဆိုရိုးစကားတစ်ခုက ထင်ရှားစေလေပြီ။

*(၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ထုတ် အစိုးရသတင်းစာတွင် ရေးသားသည့်"ဗမာ့လွတ်လပ်ရေးအရေးတော်ပုံ" ဆောင်းပါး)*

× × ×

ယခုခေတ် စစ်ပွဲက ရှေးခေတ်က စစ်ပွဲနဲ့ မတူဘူး။ ရှေးခေတ်ကတော့ လူတစ်ထောင်လောက် စစ်မြေပြင်ဆင်းပြီး အမိန့်အတိုင်း တိုက်ရုံပဲ။ ဒီခေတ်ကတော့ ရှေ့တန်းစစ်မျက်နှာလွှတ်ဖို့ ကျွန်တော်တို့ လူတွေအမြောက်အမြားရှိရမည်။ လူသန်းပေါင်းများစွာ ရှိရမယ်၊ ပြည်သူလူထုကလည်း နောက်ပိုင်းကနေပြီး စစ်အသိ၊ စစ်သတိနဲ့ စစ်နိုင်ဖို့ ကိုယ်နဲ့သက်ဆိုင်တဲ့ တာဝန်ကို ထမ်းဆောင်တဲ့တာဝန်တွေကို ထမ်းဆောင်ကြရမယ်၊ ဒီလို အခြေအနေကို ကျွန်တော်တို့ ကြိုက်တာ မကြိုက်တာက အကြောင်းမဟုတ်ဘူး။ ဒီအခြေအနေကြည့်ပြီး ကျွန်တော်တို့ တွေးရမယ်၊ လုပ်ရမယ်။ ဒါမှ ကျွန်တော်တို့ အသက်ရှင်နေနိုင်မယ်။ ဒါကို ကျွန်တော်တို့ အမြဲသတိရှိနေရမယ်။

*(၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်၏ ကာကွယ်ရေးသည် အရှေ့အာရှကာကွယ်ရေးဖြစ်သည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်ဟောပြောချက်)*

× × ×

ဗမာပြည်ဟာ ဘာကြောင့် အရှေ့အာရှမှာ အရေးကြီးသလဲ။ ဘာကြောင့်လဲဆိုတော့ ဗမာပြည်ဟာ အနောက်ဘက်တံတိုင်းဖြစ်လို့ပဲ၊ ဗမာပြည်ဟာ စစ်ပရိယာယ်အားဖြင့် အရေးကြီးတဲ့ လမ်းတွေ၊ ရေတပ် အခြေခံစခန်းတွေနဲ့ ဆက်သွယ်နေတယ်။ တကယ်လို့ ဗမာပြည်ကျသွားရင် ကျန်တဲ့ အရှေ့အာရှနိုင်ငံတွေ ထိခိုက်ကုန်လိမ့်မယ်။ ဒါကြောင့် တောင့်တင်းတဲ့ဗမာပြည် ဖြစ်ဖို့လိုတယ်။ ဗမာပြည်ဟာ မကြာခင် ဒီအဆင့်ကိုရောက်အောင် လုပ်ရမယ်။ ဒီလိုဖြစ်ဖို့ ကျွန်တော်တို့ တခြားနိုင်ငံတွေထက် နှစ်ဆသုံးဆ ကြိုးစားကြရလိမ့်မယ်။ ကျွန်တော်တို့ ရှုံးရင် ကျွန်တော်တို့ အကုန်လုံး ပျက်သုဉ်းမှာပဲ။

*(၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်၏ ကာကွယ်ရေးသည် အရှေ့အာရှ ကာကွယ်ရေးဖြစ်သည် ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်ဟောကြားချက်)*

× × ×

ဒီခေတ်ကြီးမှာ စစ်ပွဲတွေဟာ ရုတ်တရက် ပေါက်ကွဲလာနိုင်တယ်။ ထုံးစံအတိုင်း စစ်ကြေညာမှုတွေဟာ မရေရာဘူး။ ဒီတော့ လူ၊ လက်နက်၊ ခဲယမ်းမီးကျောက်နဲ့ အခြားစစ်နဲ့သက်ဆိုင်တဲ့ ပစ္စည်းတွေ အသင့်ရှိကြရမယ်၊ ငြိမ်းချမ်းတဲ့အချိန်မျိုးမှာတောင် ဒါတွေဟာ အသင့်ရှိထားဖို့ လိုတယ်။ စစ်ဖြစ်နေတဲ့အချိန်မှာဆိုရင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်၊ ကျွန်တော်တို့ ဖြစ်နိုင်သလောက် ကြိုးပမ်းအားထုတ်ပြီး ဒါတွေလုပ်ကြရမယ်။ ငြိမ်းချမ်းတဲ့ ကျွန်တော်တို့ကာလမှာတောင် အေးအေးဆေးဆေး၊ ချောင်ချောင်ကလေး မနေနိုင်ဘူး။ ဒါအမှန်ပဲ။ အချမ်းသာဆုံးဖြစ်တဲ့ အမေရိကန်နဲ့ အကြီးဆုံး အင်ပိုင်ယာရှင်ဖြစ်တဲ့ ဗြိတိန်တို့ဟာ အေးအေးဆေးဆေး၊ လွယ်လွယ်ချောင်ချောင်ကလေး နေခဲ့ကြလို့ လွန်ခဲ့တဲ့ ၂ နှစ်အတွင်း ကျဆုံးခဲ့ကြရတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ လက်တွေ့အားဖြင့် စက်မှုလက်မှု လုပ်ငန်းမရှိ၊ လူဦးရေ နည်းနည်းကလေးရှိတဲ့ ဗမာနိုင်ငံလို နိုင်ငံငယ်ကလေးအဖို့ ကျွန်တော်တို့ အစွမ်းရှိသလောက် ကြိုးပမ်းအားထုတ်ကြရမယ်ဆိုတာ ကျွန်တော်တို့ နားလည်ကြရမယ်။ ဒီလိုမှ မဟုတ်ရင်တော့ ကျွန်တော်တို့ဟာ တစ်နည်းနည်းနဲ့ ကျဆုံးပျက်စီးခြင်းနဲ့ ရင်ဆိုင်ကြရမှာပဲ။

*(၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်၏ကာကွယ်ရေးသည် အရှေ့အာရှကာကွယ်ရေးဖြစ်သည် ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်ဟောပြောချက်)*

× × ×

ပြောက်ကျားတိုက်ပွဲနည်းစနစ်ကို လူထုက သောင်းသောင်းဖြဖြအားမပေးဘဲ အောင်မြင်စွာအသုံးမပြုနိုင်ချေ။

*(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ဖဆပလ ညီလာခံ၌ မိန့်ကြားသော ဥက္ကဋ္ဌမိန့်ခွန်း)*

× × ×

ဒီနေရာမှာ ကျုပ်တို့အနေနဲ့ နားလည်ထားဖို့ကတော့ ဒီအနုမြူခေတ်မှာ စစ်ဖြစ်လာမယ်ဆိုရင် ကြေညာပြီးမှ တိုက်တဲ့စစ်မျိုးဖြစ်မှာမဟုတ်ဘူး ဆိုတာပဲ။ စစ်ဟာ မရေမရာဖြစ်လာလိမ့်မယ်။ ဖြစ်လာပြီးမှ ကြေညာရတာမျိုးပဲဖြစ်မယ်။

*(၁၉၄၆ ခုနှစ် မေလ ၁၆ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ်၏ ဒုတိယအကြိမ်မြောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်း)*

× × ×

ခေါင်မငာန်ခေတ်မီတိုးတက်နေတဲ့ တိုက်ပုံတိုက်နည်းတွေ ပေါ်ပေါက်နေတဲ့ အခုလို ကာလမှာ ဗြိတိန်ပြည်ပဲဖြစ်ဖြစ်၊ မြန်မာပြည်ပဲဖြစ်ဖြစ်၊ ဘယ်တိုင်းပြည်ပဲဖြစ်ဖြစ်၊ ဘယ်သဘာဝပုံသဏ္ဌာန်ဆောင်တဲ့ ခံတပ်မျိုးကိုမှ မှီခိုအားထားလို့ မရနိုင်ပါဘူး။ နောက်ဆုံးမှာတော့ သဘာဝအတားအဆီးကို ဖြတ်ကျော်လို့မရဘူးဆိုတာဟာ မဟုတ်ပါဘူး။ လူတွေရဲ့ ခုခံတိုက်ခိုက်အားဟာ သဘာဝအတားအဆီးတွေထက် ပိုပြီး အားကောင်းတယ်လို့ ဆိုထားတဲ့ စစ်သေနင်္ဂဗျူဟာနဲ့ ပတ်သက်တဲ့ လူတိုင်းသိဆိုရိုးစကားတစ်ခုတောင် ရှိတယ်မဟုတ်ပါလား။

*(၁၉၄၆ ခုနှစ်၊ မေလ ၁၆ ရက်နေ့၊ ဖဆပလ အဖွဲ့ချုပ်၏ ဒုတိယ အကြိမ်မြောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားသောမိန့်ခွန်း)*

× × ×

တကယ်လို့သာ တတိယကမ္ဘာစစ်ဖြစ်လာပြီး၊ အာရှတိုက်ဟာ အထူးသဖြင့် တရုတ်ပြည်ဟာ စစ် စတင်ရာ အဓိက စစ်မြေပြင်ဖြစ်လာမယ်ဆိုရင် ကျုပ်အဖို့ အံ့သြစရာရှိမယ် မဟုတ်ပါဘူး။ အာရှတိုက်သာ မဟုတ် အထူးသဖြင့် တရုတ်ပြည်ဟာ ဒုတိယကမ္ဘာစစ်ကြီးရဲ့ အစဖြစ်တယ်။ ဒီတစ်ခါဆိုရင်တော့ စစ် စတင်တဲ့နေရာမှာသာဖြစ်မှာ မဟုတ်တော့ဘူး။ အဓိက စစ်မြေပြင်တောင်ဖြစ်ချင်ဖြစ်လာလိမ့်မယ်။

*(၁၉၄၆ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် ကျင်းပသည့် ဖဆပလဦးစီးအဖွဲ့အစည်းအဝေး၌ ပြောကြားသော မိန့်ခွန်း)*

× × ×

ယခုစစ်မျိုးတွင် ရှေးကကဲ့သို့ မလှုပ်ရှားနိုင်သော အမှားကြီးများ တိုက်လို့မဖြစ်တော့။ ထထကြွကြွ လှုပ်လှုပ်ရှားရှား တိုက်နိုင်သော စစ်သူကြီးတပ်မှူးမျိုးနှင့်သာ သင့်လျော်လေသည်။ ထို့ပြင်မက ယခုစစ်မျိုးတွင် အငယ်ဆုံး တပ်မှူးကအစ စည်းကမ်း အဆင့်အတန်းမြင့်ကာ ကိုယ်ပိုင်ဉာဏ်ဖြင့် ဦးဆောင်တတ်သော အရည်အချင်း ရှိရန် အထူးလိုလာလေပြီ။ အမှန်စင်စစ်အားဖြင့် တပ်သားများပင်လျှင် ထိုအရည်အချင်းများ ရရှိနိုင်က အကောင်းဆုံးပင် ဖြစ်သည်။ ရှေးကလို ဆင်ကန်းတောတိုး ခိုင်းရာလုပ်တတ်သောတပ်မျိုးနဲ့ ယခုစစ်မျိုးတိုက်လို့မဖြစ်တော့။

*(စစ်တက္ကသိုလ်တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်း)*

၁၉၇၀၊ ပွင့်လင်းစာပေထုတ်၊ ပထမအကြိမ် [illegible]


× × ×

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏
# ဓာတ်ပုံအထူးပြခန်း



www.burmeseclassic.com

www.burmeseclassic.com



[ပထမပိုင်း]


# နိုင်ငံရေးဘဝ



မိခင် ဒေါ်စု

## ငယ်စဉ်ဘဝ (၁၉၁၅-၃၂)

မောင်အောင်ဆန်းသည် ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ စနေနေ့တွင် ဖွားမြင်သည်။ ဇာတာအမည်မှာ မောင်ထိန်လင်း ဖြစ်သည်။ နတ်မောက်ဇာတိဖြစ်သည်။ ဖခင်မှာ ရှေ့နေ ဦးဖာဖြစ်၍၊ အမိမှာ ဒေါ်စု ဖြစ်သည်။ ၁၉၃၂ ခုနှစ်တွင် ရေနံချောင်း၊ အမျိုးသားကျောင်းမှ ဆယ်တန်း အောင်မြင်လေသည်။ ငယ်စဉ်ကတည်းက နိုင်ငံရေးစိတ်ဓာတ်လည်း ရှိသည်။



မောင်အောင်ဆန်း၏ ဇာတာ


www.burmeseclassic.com

www.burmeseclassic.com





နတ်မောက်နေအိမ်



ရေနံချောင်း အမျိုးသားကျောင်း

www.burmeseclassic.com

www.burmeseclassic.com






အိပ်စာကြည့်ခန်း

## တက္ကသိုလ်ရောက်သော် (၁၉၃၂-၃၈)

ကိုအောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်တွင် စာဆက်လက်သင်လေသည်။ သူနေထိုင်ခဲ့သော ကျောင်းဆောင်မှာ ပဲခူးကျောင်းဆောင် ဖြစ်သည်။ ဤတွင် အများကျောင်းသားများထက် ထူးခြားစွာ တိုင်းပြည်လွတ်လပ်ရေးနှင့် နိုင်ငံသားရေးစိတ်သာ ဝင်စားနေတတ်သည်။ ကျောင်းစာသာမက အပြင် ဗဟုသုတစာပေ အများအပြားကိုလည်း ဖတ်ရှုလေ့လာလေ့ ရှိသည်။ တက္ကသိုလ်သမဂ္ဂ လုပ်ငန်းများ၌ အလွန်တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။ ၁၉၃၅-၃၆ ခုနှစ်တွင် သမဂ္ဂထုတ် "အိုးဝေ" မဂ္ဂဇင်း အယ်ဒီတာ ဖြစ်လာသည်။ ထိုမဂ္ဂဇင်းပါ ဆောင်းပါးတစ်ခုနှင့် စပ်လျဉ်း၍ တက္ကသိုလ်အာဏာပိုင်များက ဆောင်းပါးရှင်အမည်ကို ဖော်ထုတ်ပေးရန် တောင်းဆိုသည်ကို မလိုက်လျောသဖြင့် ကျောင်းထုတ်ခံရသည်။ ထိုအရေးမှစတင်၍ တက္ကသိုလ်သပိတ်လည်း ဖြစ်ပေါ်လာလေသည်။ သပိတ်တိုက်ပွဲပြီးသောအခါ တက္ကသိုလ်




ပဲခူးကျောင်းဆောင်

www.burmeseclassic.com


www.burmeseclassic.com



အာဏာပိုင်များက ကိုအောင်ဆန်းကို ကျောင်းပြန်နေခွင့် ပေးရသည်။ ကိုအောင်ဆန်းသည် ၁၉၃၇-၃၈ ခုနှစ်၌ တက္ကသိုလ်သမဂ္ဂတွင် ဒု-ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာတန်း အောင်မြင်သည်၊



အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ (၁၉၃၅-၃၆)



တ-က-သ အစည်းအဝေး (၁၉၃၆)

www.burmeseclassic.com

www.burmeseclassic.com





ပ-က-သ ဥက္ကဋ္ဌ (၁၉၃၇-၃၈)

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဆန်းသည် ၁၉၃၈ ခုနှစ်တွင် ကျောင်းမှ ထွက်၍ တို့ဗမာအစည်းအရုံးသို့ ဝင်သည်။ သခင်အောင်ဆန်း အမည်ဖြင့် အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းလည်း ခံရသည်။ အထွေထွေအတွင်းရေးမှူးအဖြစ်ဖြင့်၊ အလုပ်သမား လယ်သမားများကို စည်းရုံးနိုင်ခဲ့သည်။ ရေနံမြေ အလုပ်သမားတပ်ကြီးကို ရန်ကုန်သို့ ချီတက်စေခဲ့သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံကို ခေါင်းဆောင်မှု ပေးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာချိန်၌ မြန်မာ့လွတ်လပ်ရေးကို မျှော်မှန်း၍ တည်ထောင်သော "ဗမာ့ထွက်ရပ်ဂိုဏ်း"၌လည်း အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်လေသည်။ ဗြိတိသျှ အာဏာပိုင်များလည်း နိုင်ငံရေးတွင် ခေါင်းဆောင်မှုရရှိကာ တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသော သခင်အောင်ဆန်းကို ဖမ်းဆီးရန် ဝရမ်းထုတ်လေသည်။



*Photographed in —1940.*

**No. 5**

*(Date of issue—1st January 1942.)*

**Adden.** **the History Sheet of Burma List No. 5.**

**Thakin Aung San.**

Thakin Aung San's whereabouts cannot yet be ascertained although there have been persistent rumours that he is in Japan.

( 2 )

*Names of Officers who can identify.*—U Soe Myint, Inspector ... ng Nga, Sang, E Fred, Maung Maung Thit and Maung Hla ... Su... Inspectors of Police and Maung Than Nyunt, Head Constable, C.I.D. ... oon.

*...latives and friends.*—Maung Hla Shway, Maung Ba Hein, Thakin Nu and Thakin Kyaw Sein.

*...hort History.*—Thakin Aung San, son of U Pha, Lower Grade P... born in 1916 at Natmauk, Magwe District. He graduated from U... ege, Rangoon, in 1938. While he was studying in the University, ... ad the students in agitations against the authorities. He was su... ected to have engineered the strike of the University in 1936. He ... t Vice-President of the University Students' Union for 1936-37 and Pre... of the All Burma Students' Union in the following year. During ... office he got into touch with students' organizations in Engla... and, Belgium, France, etc., and came into close contact with ... s with whom he co-operated in many political demonstrations such as ... al Day and Anti-Constitution Day. Condemnation of Imperialism a... ...alism was the usual subject of his speeches.

...n the 30th September 1938, he left University College where he ... law and resigned the Presidentship of the All-Burma Students' Un... H... a press statement to the effect that he left the University ... ng effectively in the interests of the country. He ...

သခင်အောင်ဆန်းအတွက် စုံထောက်မှတ်တမ်း

www.burmeseclassic.com



ရန်ကုန်မြို့ အမှတ် ၇၆၊ ရေကျော်လမ်းရှိ တို့ဗမာအစည်းအရုံး



အစည်းအရုံးဝင်သက်သေခံ၊
ဗမာပြည်လုံးဆိုင်ရာ

တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးလက်မှတ်

www.burmeseclassic.com





ရေနံမြေသပိတ်

## မြေအောက်တော်လှန်ရေး (၁၉၄၀-၄၂)

သခင်အောင်ဆန်းသည် အဖမ်းအဆီးမခံ။ မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီ ယူနိုင်ရန် ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင်





ဟိုင်လီသင်္ဘော

ရန်ကုန်မှ တိတ်တဆိတ် တရုတ်နိုင်ငံသို့ ရှေးရှု ထွက်ခွာလာလေသည်။ သို့ရာတွင် အခြေအနေအရ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ရပြီး မြန်မာမျိုးချစ်များကို စစ်ပညာသင်နိုင်ရန် အစီအစဉ်ပြုလုပ်သည်။

ထိုအစီအစဉ်အရ သခင်အောင်ဆန်းသည် တိတ်တဆိတ် မြန်မာနိုင်ငံသို့ ပြန်လာပြီး လူငယ်မျိုးချစ်များကို တစ်သုတ်ပြီးတစ်သုတ် ဟိုင်နံကျွန်းနှင့် ဖော်မိုဆာကျွန်းတို့၌ စစ်ပညာ သင်ကြားစေသည်။ သခင်အောင်ဆန်း အပါအဝင် ရဲဘော်သုံးကျိပ်သည် ယိုးဒယားနိုင်ငံသို့လာ၍ ယိုးဒယားနိုင်ငံ၌ နေထိုင်ကြသော မြန်မာများကို စုစည်းလျက် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဘီ-အိုင်-အေ (ခေါ်) ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့လေသည်။ ထိုအချိန်ကစ၍ သခင်အောင်ဆန်းသည် ဗိုလ်တေဇ အမည်ကို ခံယူပြီးနောက် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ခေါင်းဆောင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com






ကီမိုနိုဝတ်ဆင်ထားသော သခင်အောင်ဆန်း



သွားတုတပ်၍ ရုပ်ဖျက်ထားသော သခင်အောင်ဆန်း



ဟိုင်နံကျွန်းတွင် စစ်ပညာသင်နေကြသော မျိုးချစ်လူငယ်များ

www.burmeseclassic.com

www.burmeseclassic.com





ရဲဘော်သုံးကျိပ်ဝင်များ



ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ရှေ့ပြေးအလံကိုင်အဖွဲ့

## စစ်အတွင်း (၁၉၄၂ - ၄၅)

၁၉၄၂ ခုနှစ်တွင် ဂျပန်စစ်တပ်က မြန်မာနိုင်ငံရှိ ဗြိတိသျှအစိုးရကို တိုက်ခိုက်ရန် မြန်မာနိုင်ငံတွင်းသို့ ဝင်လာသောအခါ ဗိုလ်ချုပ်တေဇ ဦးစီးသော ဘီ-အိုင်-အေ တပ်လည်း စစ်ကြောင်းလေးကြောင်းဖြန့်၍ မြန်မာနိုင်ငံတွင်းသို့ ဝင်လာသည်။ ဗြိတိသျှအစိုးရသည်လည်း မြန်မာနိုင်ငံမှ ဆုတ်ခွာရလေတော့သည်။ မြန်မာအစိုးရ ဖွဲ့စည်းချိန်၌ ဘီ-အိုင်-အေ အမည်ကို ရုပ်သိမ်းကာ ဗမာ့ကာကွယ်ရေးတပ်မတော်ဟု အမည်ပြောင်း၍ ဖွဲ့စည်းသည်။

www.burmeseclassic.com


www.burmeseclassic.com





ဗိုလ်တေဇ

ထိုအချိန်မှစ၍ ဗိုလ်ချုပ်တေဇသည် မူလနာမည်ရင်းဖြစ်သော ဗိုလ်အောင်ဆန်းအမည်ဖြင့် စစ်သေနာပတိအဖြစ် ဆောင်ရွက်သည်။ ၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။ သို့ဆောင်ရွက်ရင်း ဂျပန်ဖက်ဆစ်ကို တော်လှန်နိုင်ရန် ပြင်ဆင်သည်။ ၁၉၄၄ ခုနှစ်အတွင်း၌ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် (ဖ-တ-ပ-လ)ကို လျှို့ဝှက်စွာ ဖွဲ့စည်းသည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ၍ တော်လှန်သည်။



ဗိုလ်ချုပ်အောင်ဆန်း၊ ပျဉ်းမနားမြို့ရှိ တပ်ရင်း ၁ ကို စစ်ဆေးနေစဉ်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






ဖက်ဆစ်တော်လှန်ရေးအတွက် တပ်မတော်စစ်ထွက်ပုံ

## တော်လှန်ရေးအပြီး ဆက်လက်ကြိုးပမ်းမှု (၁၉၄၅ - ၁၉၄၆)

ဖက်ဆစ်ဂျပန် တော်လှန်ရေးအပြီးတွင် ဗြိတိသျှ အစိုးရသည် မြန်မာနိုင်ငံသို့ ပြန်လည်အုပ်စိုးသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးအတွက် ဆက်လက် ကြိုးပမ်းရပြန်သည်။



နယ်ချဲ့ အင်္ဂလိပ်တို့ကို အထင်မကြီးသော်လည်း အင်္ဂလိပ်စာ ကျွမ်းကျင်စွာ ရေးနိုင်သူ ဗိုလ်ချုပ်အောင်ဆန်း

၁၉၄၅ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ဖ-ဆ-ပ-လ က ကြီးမှူး၍ ရန်ကုန်မြို့၊ နေသူရိန်ရုံကြီး၌ ကျင်းပသော ညီလာခံတွင် လွတ်လပ်ရေး တောင်းဆိုချက် အဆိုကို တင်သွင်းဆုံးဖြတ်ခဲ့လေသည်။ လူထုတစ်ရပ်လုံးကို ကြည်ညိုလေးစားသော ဗိုလ်ချုပ်သည် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပသော ဖ-ဆ-ပ-လပြည်လုံးကျွတ် ညီလာခံကြီး၌ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။ ဗိုလ်ချုပ်ဦးစီးသော ဖဆပလသည် အထွေထွေအစိုးရအမှုထမ်းများနှင့် ပုလိပ်အဖွဲ့ အမှုထမ်းများ သပိတ်မှောက်မှု အပါအဝင် ဗြိတိသျှဆန့်ကျင်ရေး လှုပ်ရှားမှုများဖြင့် ဗြိတိသျှ အစိုးရကို အရေးဆိုလေသည်။ ၁၉၄၆ ခု စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်သည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဒု-သဘာပတိအဖြစ်ဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းသည်။ ဖွဲ့ပြီး၍ မကြာမီ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ကာ လန်ဒန်ရှိ အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးလျက် လွတ်လပ်ရေး၏အကြိုဖြစ်သော အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com





လူထုအစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com





ဘုရင်ခံ၏ အမှုဆောင်ကောင်စီ



ဗိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း



ဗိုလ်ချုပ်အောင်ဆန်းနှင့် လော့ဒ်ပါတစ်လောရန့်စ်တို့အား လန်ဒန်၌ အတူတကွ တွေ့မြင်ရပုံ


www.burmeseclassic.com

www.burmeseclassic.com





အိန္ဒိယခရီးစဉ်အတွင်း ဝန်ကြီးချုပ် နေရူးနှင့်အတူ တွေ့ရသည့် ဗိုလ်ချုပ်အောင်ဆန်း



မေယု အခမ်းအနားဌ် တပ်မှူးများဖြစ်သော ဗိုလ်မှူး ခင်မောင်ဘို၊ ဗိုလ်ထွန်းလှတို့နှင့်အတူ တွေ့ရသည့် ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com





ပင်လုံစာချုပ် လက်မှတ်ရေးထိုးနေသော ကိုယ်စားလှယ်တစ်ဦး

## ပြည်ထောင်စု စည်းလုံးရေး

ဗိုလ်ချုပ်သည် အင်္ဂလန်နိုင်ငံ ဆွေးနွေးပွဲမှ ပြန်ရောက်လာပြီးသည့်နောက် ဗမာ၊ ကရင်၊ ကချင်၊ ချင်းစသောတိုင်းရင်းသားများ မပါဝင်သည့် နိုင်ငံ လွတ်လပ်ရေးသည် အချည်းနှီးဟူ၍ ယုံကြည်ချက်ရှိသည့်အတိုင်း တစ်နိုင်ငံလုံး၏ စည်းလုံးမှုကို ကြိုးပမ်းလေသည်။

ယင်းကဲ့သို့ ကြိုးပမ်းသည့်အတိုင်း တောင်တန်းသားများသည် ပြည်မနှင့် တစ်စည်းတစ်လုံးတည်း ပေါင်း၍ လွတ်လပ်ရေးကို ယူမည်ဟု ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း၊ ပင်လုံမြို့၌ ကျင်းပသော ပင်လုံညီလာခံတွင် ကတိပြုကြသည်။ ဤသို့ဖြင့် ပြည်ထောင်စုလမ်းစ ပေါ်လေသည်။



ပင်လုံညီလာခံ၌ ဗိုလ်ချုပ်ကို မစ္စတာ ဘော်တွန်လေနှင့်အတူတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com






ညီညွတ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com





ပင်လုံကျောက်တိုင်

## နောက်ဆုံးခရီး

ဗိုလ်ချုပ်သည် လွတ်လပ်တော့မည့် မြန်မာနိုင်ငံအတွက် ဖွဲ့စည်းအုပ်ချုပ်ရေးစနစ်ကို ပြင်ဆင်လေတော့သည်။ ၁၉၄၇ ခု၊ ဧပြီလတွင် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ကျင်းပစေသည်။ ရွေးကောက်ပွဲပြီးသောအခါ တိုင်းပြည်ပြုလွှတ်တော်၌ အနာဂတ်အုပ်ချုပ်ရေးအတွက် လမ်းစဉ်ချပေးကာ အခြေခံဥပဒေကို ရေးဆွဲသည်။ ထိုသို့ ဗိုလ်ချုပ်ကိုယ်တိုင် တိုင်းပြည်အတွက် ဦးစီး ဆောင်ရွက်နေစဉ်ကာလအတွင်းတွင် ဇူလိုင်လ ၁၉ ရက်နေ့၌ ဗိုလ်ချုပ်နှင့် အပေါင်းပါ ဝန်ကြီးအချို့သည် မသမာသူတို့၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးကြရလေသည်။

ဂျူဗလီဟော၌ ကျင်းပသော ဖ-ဆ-ပ-လ ပဏာမ ညီလာခံကြီး





www.burmeseclassic.com

www.burmeseclassic.com





အခြေခံဥပဒေ ရေးဆွဲနေကြပုံ



ပြန်လည်ထူထောင်ရေးလုပ်ငန်း ပထာမကွန်ဖရင့်ကျင်းပရာ ဆိုရန်တိုဗီလာ

www.burmeseclassic.com

www.burmeseclassic.com





၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့က
အမျိုးသားကွန်ဂရက်မှာ မိန့်ခွန်းပြောစဉ်




မြို့တော်ခန်းမ တရားပွဲ


www.burmeseclassic.com

www.burmeseclassic.com





ဂျူဗလီဟောတွင် အလောင်းများ ပြင်ဆင်ထားပုံ



အာဇာနည်ဗိမာန်

www.burmeseclassic.com

www.burmeseclassic.com



[ဒုတိယပိုင်း]

# အိမ်ထောင်ရေးဘဝ

## အိမ်ထောင်ရှင် ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်သည် ၁၉၄၂ ခု၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်ခဲ့သည်။ ၁၉၄၃ ခုနှစ်၌ အောင်ဆန်းဦးကို လည်းကောင်း၊ ၁၉၄၄ ခုနှစ်၌ အောင်ဆန်းလင်း (၁၉၅၃ ခုနှစ်က ကွယ်လွန်)ကို လည်းကောင်း၊ ၁၉၄၅ ခုနှစ်၌ သမီး အောင်ဆန်းစုကြည်ကို လည်းကောင်း ထွန်းကားခဲ့သည်။ (၁၉၄၆ ခုနှစ်တွင် စတုတ္ထသမီးကလေး မွေးဖွားခဲ့သည်။ ၅ ရက်အကြာတွင် သေဆုံးရှာသည်)။



ဒေါ်ခင်ကြည်နှင့် လက်ထပ်စဉ်က

www.burmeseclassic.com

www.burmeseclassic.com






ဒေါ်စုနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ အိမ်သားတစ်စု

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်အောင်ဆန်း၏ အိမ်သားတစ်စု

www.burmeseclassic.com

www.burmeseclassic.com






ရန်ကုန်မြို့ တာဝါလိမ်းရှိ နေအိမ် (ယခု ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်)


www.burmeseclassic.com

www.burmeseclassic.com





မိသားစုဝင်နဲ့ ဧည့်သည်များအတွက် ထမင်းစားခန်း




စာသင်ခန်း


www.burmeseclassic.com

www.burmeseclassic.com





အထူးအစည်းဝေးခန်း



ဗိုလ်ချုပ်အောင်ဆန်း စာကြည့်ခန်းရှိ
လူမှုရေး စီးပွားရေးနှင့် စစ်ရေး
မှီငြမ်းစာအုပ်များ


www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်အောင်ဆန်းရဲ့ စစ်ဝတ်စုံများ ခင်းကျင်းထားပုံ



ဗိုလ်ချုပ်အောင်ဆန်း အဝတ်အစားဗီရို





ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဗီရိုတစ်လုံး


www.burmeseclassic.com

www.burmeseclassic.com





လုပ်ကြံခံရပြီးနောက် ဗိုလ်ချုပ်ရုပ်ကလာပ်ထားရှိရာ အိပ်ယာ



ကလေးများ အိပ်ခန်း

ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံအထူးပြပွဲတွင်စာအုပ်ငယ်နှင့် ပုံများကို ဆရာစိုးမြင့်လတ်မှ ကျေးဇူးပြုပါသည်။


www.burmeseclassic.com

www.burmeseclassic.com





အာဇာနည်နေ့က အာဇာနည်ကုန်း လွမ်းသူ့ပန်းခွေချအခမ်းအနား၌ စစ်ခရာသံပေး၍အလေးပြုစဉ်
ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်သည် ပုံပါအတိုင်း မျက်ရည်များမဆည်နိုင်ဘဲ ငိုကြွေးနေစဉ်




လုပ်ကြံခံရချိန်အထိ စီးနင်းခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မော်တော်ကား

www.burmeseclassic.com

www.burmeseclassic.com





တပ်မတော်ပြတိုက်ရှိ ဗိုလ်ချုပ်ဘဝဖြစ်စဉ် ပြခန်းသို့ ဒေါ်ခင်ကြည် သွားရောက်ပြီး
ဗိုလ်ချုပ်ကြေးရုပ်ထုလုပ်ခဲ့သော ပုံစံဟောင်း ဖယောင်းစာတ်ပုံကို ကြည့်ရှုနေစဉ်



တာဝါလိန်းလမ်း ဗိုလ်ချုပ်ပြတိုက်သို့ ဒေါ်ခင်ကြည် လာရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပစ္စည်းများကို
အသက်ရှိစဉ်ကကဲ့သို့ ပြင်ဆင်ထားရှိစေရန် ညွှန်ပြပေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com





# ဂန္ဒီမြင်သော ဂျင်နရယ်အောင်ဆန်း

## ပါရဂူ

"မြန်မာနိုင်ငံလည်း အိန္ဒိယကဲ့သို့ လွတ်လပ်ရေး ရတော့မည်။ မြန်မာနိုင်ငံခေါင်းဆောင် ဂျင်နရယ်အောင်ဆန်းသည် ခေတ်သစ်မြန်မာနိုင်ငံကို မွေးဖွားသူဖြစ်ပြီးလျှင် မြန်မာနိုင်ငံကို လွတ်လပ်ရေးတံခါးဝသို့ ထားပစ်ခဲ့သည်။ ဂျင်နရယ်အောင်ဆန်းသည် သူရဲကောင်းလုလင်ဖြစ်သည်။ သူ့ကြောင့် ယနေ့ မြန်မာနိုင်ငံလွတ်လပ်ရေး ရတော့မည်။ လက်နက်ကိုင်တစ်စုက သူနှင့် သူ့ရဲဘော်များကို လုပ်ကြံသတ်ဖြတ်လိုက်သည်။ ယင်းမှာ သေးငယ်သောအဖြစ်အပျက်မဟုတ်ပေ။ မြန်မာနိုင်ငံသည် ကျွန်ုပ်တို့နှင့် ဘယ်လောက်ပင်ဝေးဝေး ယင်းအဖြစ်အပျက်သည် ကျွန်ုပ်တို့အတွက် စိတ်မချမ်းမြေ့ဖွယ်ပင် ဖြစ်သည်။ အကယ်၍ ယင်းအဖြစ်အပျက်မျိုး ဖြစ်ပျက်နေခဲ့သော် ကမ္ဘာကြီး၏ အခြေအနေ ဘယ်လိုဖြစ်သွားမည်နည်း။ မြန်မာနိုင်ငံတွင် ကျွန်ုပ် အတော်ကြာအောင် နေခဲ့ဖူးသည်။ ရန်ကုန်၊ မန္တလေးမြို့များ အားလုံးလိုလို ကျွန်ုပ် ရောက်ဖူးသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသည့်နိုင်ငံဖြစ်သည်။ မြန်မာပြည်သူပြည်သားတို့သည် များသောအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများဖြစ်သည်။ ဗုဒ္ဓဘာသာ ထွန်းကားသည့်နိုင်ငံ၌ ဘာကြောင့် ယခုလို သွေးထွက်သံယိုအဖြစ်မျိုး ပေါ်ပေါက်လာရသနည်း။ လွတ်လပ်ရေးတံခါးဝ၌ ခြေချနေစဉ် ယခုလိုဖြစ်ရသည်မှာ အလွန်တရာဝမ်းနည်းဖွယ်ကောင်းသည်။

"အိန္ဒိယသည် မြန်မာနိုင်ငံတွင် ဖြစ်ပျက်သော အဖြစ်အပျက်မှ သင်ခန်းစာယူလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ အကြောင်းမူကား ယင်းအဖြစ်အပျက်သည် မြန်မာနိုင်ငံအတွက်မျှသာမက အာရှတိုက်တစ်ခုလုံးအတွက် ကြေကွဲဝမ်းနည်းဖွယ် အဖြစ်ဆိုးတစ်ရပ်ဖြစ်သောကြောင့်တည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့ကဲ့သို့ပင် လွတ်လပ်ရေးအတွက် ဗျာများနေသော မြန်မာပြည်သူပြည်သားတို့အား ယခုလို ပူဆွေးဒုက္ခရောက်နေချိန်၌ နှစ်သိမ့်မှုပေးပါစေရန် လည်းကောင်း၊ ကွယ်လွန်သူ ခေါင်းဆောင်များ၏ မိသားစုများအား သောကပရိဒေဝ ခံနိုင်စွမ်းရှိအောင် စွမ်းရည်သတ္တိပေးပါစေ ဟူ၍လည်းကောင်း ကျွန်ုပ်တို့ ဆုတောင်းပတ္ထနာပြုလိုက်ပါသည်"

၂၀-၇-၄၇ တွင် ပြုလုပ်သော

**ဆုတောင်းပတ္ထနာပွဲ၌ ဂန္ဒီ၏ ဆုတောင်းစကား**

ကျွန်ုပ်၏ ခေတ်ပြိုင်များ...

ပြီး

www.burmeseclassic.com